www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

BURMESE CLASSIC

# သရဏဂုံ

မဂ္ဂဇင်း

အတွဲ (၁၇) အမှတ် (၆) ၂၀၁၇ ခုနှစ် ဇွန်လ

www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဆောင်းပါးများ


၅ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသော
လမ်းပြရိုပ်
(ပကိဏ္ဏကလေခကျမ်းဂုဏ္ထကထာ)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၀ လယ်တီဆရာတော်ဘုရားကြီး
အမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၇ ကသာမြို့ စိန်စေတီနှင့်
ဘိုးမင်းခေါင်၏ကမ္ဘာ့မဏ္ဍိုင်စေတီ
တည်ရှိရာကုန်းတော်မှ
ထူးခြားဖြစ်စဉ်များ
**ကသာသင်းမြွေး**

|၇ သဘာဝဓမ္မ
**ချောင်းဆုံအုန်းသွင်**

|၉ ဗြိတိသျှဘုရင်ခံကြည်ညိုသွားသော
အောင်မြေကိုးနဝင်း
ဆုတောင်းပြည့်စေတီ
**မောင်စိမ်းမွေး(ထားဝယ်)**

၃ ထန်းပင်ကွင်းတောရသို့
**ဦးကိုကိုကြီး(စစ်ဆေးရေး)**
**ထစစ(၁၂)၊ ထုံးဘို**

၃၉ ဗုဒ္ဓမြတ်စွယ်တော်ပွားရှိရာ
ပေါင်းတည်မြို့နှင့်
မင်းလက်ျာသီရိ၊
မင်းလက်ဝဲသီရိစေတီတော်များ
**စိုးရာဇာကျော်**

၄၃ ခင်ပွန်းကြီးဆယ်ပါး
ဘိုးရာဇာလျှောက်ထုံးနှင့်
သိမှတ်ဖွယ်ရာအဖြာဖြာ
**သစ္စာဝါဒီ-ဦးမြင့်အောင်**

၄၇ ရွှေကံကူရုပ်ရှင်တော်မြတ်နှင့်
စီပိဿသေဂီဂါထာတော်
**မိမိဌေး(ပုဂံတယ်/ခရီး)**

၄၉ ရွှေကျင်သံနိပ်
ဆုတောင်းပြည့်ကိုးနဝင်းစေတီတော်
**ကံဝင်း**

၅၇ ကျေးဇူးရှင်
ရွှေဥမင်ဆရာတော်ဘုရားကြီး
ဘဒ္ဒန္တကောသလ္လမဟာထေရ်မြတ်၏
ဆုံးမဩဝါဒ(လက်ရေးမူမှ)
**ဆရာဦးစိန်လှိုင်**
**(ကျိုက်ထတ်)**

၅၉ မပြီးသေးသောပန်းချီကားတစ်ချပ်
(သို့) ရွှေကံကူမိသားစုမှ
ဒုတိယမြောက်
တည်ထားကိုးကွယ်မည့်
ရွှေကံကူဆံတော်ရှင်၊ စွယ်တော်ရှင်၊
ပြဒါးရှင်ဆုတောင်းပြည့်စေတီတော်
**ဘိုဘို(ရွှေကံကူ)**

၇၂ ဗာလာနံလူမိုက်ကိုရှောင်သွေလွှဲလို့
ရဟန္တာဖြစ်သွားရသောဝင်္ဂီသ
**အောင်မြင့်ထွန်း**
**(မသုံးထုံး)**

၇၇ ချောင်းဦးမြို့နယ်
တောကျောင်းကြီးရွာ ရွှေဂူကြီးဘုရား
**စေးထာနှယ်**

၈၇ ရေးမင်းအဆက်ဆက်
ကိုးကွယ်လာသော
ဓာတ်ပေါင်းစုံပျော်
ရွှေယင်မျှော်စေတီတော်
**အာကာသ(သာစည်)**

၁၀၃ ခုနစ်ရက်သားသမီးများ
အားလုံးအတွက်
ကံဖွင့်ကံပွင့်ကံမြင့်စေမည့်
ဂါထာတော်များ
**ဆရာဦးစိန်လှိုင်(ကျိုက်ထတ်)**

၁၀၅ ဗုဒ္ဓဂုဏ်တော်ပွားများပူဇော်
သာခုခေါ်စေ
**ခိုင်ခိုင်ထွန်း(ဟသာတ)**

၁၂၁ အလောင်းမင်းတရားကြီး
ဦးအောင်ဇေယျ၏ရာဇအောင်မြေ
**သန်းဆွေ(ရွှေဘို)**

၁၃၇ အဓိဋ္ဌာန်မှန်ပုတီးစိပ်ရန်ဂါထာတော်
**နတ်မောက်မင်းသန့်နိုင်**

၁၅၂ တောင်တန်းဆရာတော်ဘုရားကြီး
ဦးဥတ္တမသာရ၏
ပဌာဝီမြေပြင်နိမိတ်ကောက်တရား
**မြဝင်း(အဿနှ)**

၁၉၆ ပုဂ္ဂိုလ်ထူးဆရာတော်ကြီးနှင့်
မေတ္တာသုတ်တော်အစွမ်း
**ရောမြေကျော်ဇေ**

၂၇၃ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၂၀)
**ကံဝင်း**

၃၃၂ မြတ်စွာဘုရား၏
အံ့ဖွယ်တော်(၁၈)ပါး
**ဆရာဦးစိန်လှိုင်(ကျိုက်ထတ်)**


## သုတရသဆောင်းပါး


၅၃ မာန
**ချောင်းဆုံအုန်းသွင်**

၈၄ "နလုံးလှုပ်ခုံးမခဲ့သည်" ဖတ်ပြီးနောက်
**ဦးစန္ဒိမာ(စထင်း)**

၉၅ မြန်မာနိုင်ငံ၏
အထင်ကရ
ဝိပဿနာအားထုတ်မှု
တရားစခန်းများ
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၉၈ နီးလျက်နှင့်မဝေးစေချင်
**အဏ္ဏဝါလှိုင်း(ခေတ္တ-ပြင်ဦးလွင်)**

၁၀၇ ပါရမီရှင်တို့၏မြင့်မြတ်သော
လူမှုကိစ္စအဝဝ
ပရဟိတအလုပ်များ
**ဆရာဦးစိန်လှိုင်(ကျိုက်ထတ်)**

၁၀၉ လျှောင်ဒဏ်သင့်ခဲ့ရတဲ့
ဂျပန်-ကမာကုရကြေးဆင်းတုတော်ကြီး
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု)**

၁၃၁ ဘုရားကြီးအပြီးမသတ်နိုင်ခဲ့ပေမယ့်
မှဆိုးသုညကပ်ကိုရောက်ခဲ့ရ
**အဌုန်(မန္တလေး)**

၁၃၃ တစ်ပိုင်တစ်နိုင်သာသနာပြုကြပါစို့
**ချစ်ဖို(မော်ကျွန်း)**

၁၄၇ သုတစ်ပါးပါးစပ်တွင်
လမ်းဆုံးနေသူများ
**ချောင်းဆုံအုန်းသွင်**


www.burmeseclassic.com

www.burmeseclassic.com

၁၇၈ ယက္ခကုမ္ဘဏ်
**ရွှေမိုး**
၂၀၆ ဝင်းမနားပိဋကတ်တိုက်
**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**
၂၃၀ နတ်ကိုးကွယ်မှုအစ
နတ်တို့စံပျော်ရာ အိုအေစစ်မှ
**ကိုရွှေမြသန်း(သမိုင်း)**
၂၃၇ သက်ကြီးစုထားသိမှတ်စရာများ
သက်ငယ်သုံးစားအကျိုးပွား
**မှခိတာ(ကျိုက်လတ်)**
၂၈၆ နိုင်းမြစ်ကမ်းမှလွမ်းရိပ်သာ
**လှမိုး(ပညာရေး)**
၃၀၈ ပထမဆုံး
အင်္ဂလိပ်-မြန်မာ
အဘိဓာန်ရေးသားသူ
မက္ခရာမင်းသားကြီး
**တိုက်ကြည်(စဉ့်ကိုင်)**
၃၂၂ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုထ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၂၇)
**ပထမံဆရာဦးအေးရွှေ**
၃၃၈ ကင်ဆာနဲ့မွှားဗျာများခဲ့စဉ်က
**စိုးထွန်း(ဥပဒေ)**
၃၄၂ မြန်မာတို့၏လွန်ဆွဲခြင်းအလေ့အထ
**ပန်းအောင်ကိုသန်း**
၃၅၂ မြန်မာဘုရင်များလက်ထက်
သတ်မှတ်တော်မူခဲ့သော
နတ်တို့အပိုင်စား
ရွှေကြိုးသတ်နယ်များနှင့်
အဓိကနတ်ပွဲများ
**မောင်သန်းဆွေ(ထားဝယ်)**
၃၇၁ ဘဝနေ့ဝင်ရေးစိတ်အေးစေမယ့်
နည်းလမ်းကောင်းများ
**ဦးကောဝိဒ(မြိတ်)**
၃၈၃ မီနယ့်ဗ်၏ခိုင်ယာရီထဲက
ပါတော်မူပြီးစ
မြန်မာနိုင်ငံအခြေအနေ(၁)
**ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)**
၃၉၆ စာပို့သမိုင်းဝါသနာ
**ကြည်ထွန်း**

**သုရဋ္ဌတိုင်းရင်းဆေး**

၄၆ ချွေးမိတ်နဲ့သနပ်ခါးမြစ်
**နေပြည်တော်ကျော်ကျော်စိုး**
၅၆ နင်းခွရောဂါတိုင်းရင်းကုထုံးသစ်
**ဇန်းမော်ညိုညို**
၅၈ ဆီးမသွားနိုင်သူကုသနည်း
**ရှာယီ**
၁၂၀ တောဖရုံဆေးရွက်နှင့်လေးဖက်နာ
**နေဝင်းဝင်း(ထွန်းဆေး)**
၁၄၁ အစာအိမ်အူလမ်းကြောင်းရှင်း
ဆီးချိုပျောက်ဆေးနည်း
**မိုးနောင်(ကောလင်း)**
၁၄၉ သမျှားဥအစွမ်း
**စိုးမင်း(မြောက်ဥက္ကလာ-ရွာသစ်)**
၁၆၀ ခူလာနှင့်ဆောင်းနှင်း
**နေပြည်တော်ကျော်ကျော်စိုး**
၁၉၄ ဝါးနွယ်ကွင်းထိုးပုံနှင့်
သွေးတိုးကျဆေး
**ဦးကိုကိုကြီး(စစ်ဆေးရေး)**
**ကစစ(၁၂)၊ ထုံးဘို**
၂၂၉ လက်တွေ့ဆေးနည်း
**ဒေါ်ခနေနိုင်ရည်**
**(တိုင်းရင်းဆေးပညာ)**
၂၃၅ ချွေးအောင်ချွေးထုတ်ခြင်းအကြောင်း
သိကောင်းစရာ
**ဒေါ်ခနေနိုင်ရည်**
**(တိုင်းရင်းဆေးပညာ)**
၂၄၉ အဖောရောဂါ
တိုင်းရင်းဆေးဖြင့်ကုသပါ
**ဝတီထွန်း(ကျောက်မြို့)**
၃၂၁ သွေးဆုံးမီးယပ်၊ ထုံနာစိုနာနှင့်
ဝမ်းတွင်းအပူနာများအတွက်
ဆေးနည်းကောင်းတစ်လက်
**စနေသား(မြောင်းမြ)**
၃၂၇ ကျွဲနွားပေါင်ပုပ်လက်ပုပ်ရောဂါ
**ဆလိုင်းငွန်သိန်း(ရမည်းသင်း)**
၃၄၄ ကြွက်နို့ကြောင့်စိတ်ညစ်နေပါသလား
**စိုးမင်း(မြောက်ဥက္ကလာ-ရွာသစ်)**
၃၄၉ သင့်ဆီမှာကျိုးပေါင်းရှိသလား
အားမငယ်နဲ့ ဆေးရှိတယ်
**ဇန်းမော်ညိုညို**
၃၆၇ ဝက်သက်ရောဂါဆိုတာ
ဘာကိုခေါ်တာလဲ
ပြောင်းဖူးရိုးဟာ ဘာကြောင့်
ဝက်သက်ကိုနိုင်တာလဲ
**ဇန်းမော်ညိုညို**

**သုရဋ္ဌဝတ္ထုတို**

၁၃၈ မိထုး
**အောင်သိန်းဝင်း(ပွင့်ဖြူ)**
၁၄၂ ဖုတ်ဝင်ကြောင်
**ထွန်းတောက်**
၁၅၄ ကျွန်ုပ်၏အဘိုးနှင့်
အင်းဝိဇ္ဇာကြီးဦးသာပို
**သန့်ဇင်**
၁၅၈ ကျောက်ပျဉ်နတ်နှင့်
အနာဂတ်ဖြစ်ရပ်များ
**စိုးသင်းအောင်(မြန်အောင်)**
၁၆၂ ထွန်ပြန်ကုန်းမှာ
တောမျောက်တဲ့ဖြစ်ရပ်ဆန်း
**အောင်ဆန်းထင်း(တီ-အေ)**
၁၆၆ မမေ့နိုင်သောခရီးတစ်ကြောင်း
**နန္ဒာစိုး(ဆင်ဖြူကျွန်း)**
၁၈၆ ကျောက်ရေထွက်ကဆင်သေလှ
**မင်းနန္ဒိန်**
၁၉၀ တောဓါးဒဏ်ခတ်ခြင်း
**အေးမင်း(ကျိုင်းတုံ)**
၂၀၂ တရားရုံးမှ ဂရှိရဆန်သော
ထူးဆန်းသည့်စီရင်ချက်
မိန်းမလိုသူက ငွေငါးသောင်းလျော်စေ
**ဓာတ်ပုံမောင်မောင်အေး**
၂၁၀ အရောင်လွှင့်ပြယ်သွားသော
အင်္ကျီတစ်ထည်
**မောင်ထွမ်းမိုး(ရွှောင်းဆုံ)**
၂၁၄ ပုထုဇဥ်မေမေ
**မောင်သာမန်(ဇီးကုန်း)**
၂၂၀ သေချိန်တန်ကသေကြရ
**မင်းသန့်ကျော်(ဇီးကုန်း)**
၂၂၆ ဘာသာကွဲကိုအိမ်ထောင်ပြုမိရှာတဲ့
အမေ့သူငယ်ချင်း
**စိုးမင်း**
**(မြောက်ဥက္ကလာ-ရွာသစ်)**
၂၃၈ နာနာဘာဝမော်ပညာရှင်နှင့်
ရိုးမတောင်ခြေကရွာလေး
**ကိုအောင်းဦး**
**(အလိန်လည်ကျေးရွာ)**
၂၅၀ တကယ်ခြောက်သော်
ကြောက်လေ၏
**ရွှေပြည်စိုး(မိုးကုတ်)**
၂၆၂ ကံကြီးထိုက်သူ
တစ်ယောက်အကြောင်း
**ကြည်ပြာမောင်(သဗင်ချေ)**
၂၆၆ အရက်သမားကိုဘဲနှောင်း
လူကောင်းဖြစ်ပြီ
**မောင်မောင်မိုးအောင်**
**(တပေဗီမာန်စာမူဆုရ)**
၂၈၀ သုရာနတ်ဆိုး
**ကိုထွန်း(မင်းလှ)**
၂၉၈ ပြကျောက်(၁၅)
**နေပြည်တော်ကျော်ကျော်စိုး**

www.burmeseclassic.com

www.burmeseclassic.com




၃၀၄ ကျွမ်းရစ်သေနင်
**မောင်သာကျော်**

၃၁၀ ရခိုင်ရိုးမကြောပေါ်မှ
ဂျပန်တို့၏ရတနာသိုက်
**မောင်ထင်နိုင်**

၃၁၄ သုခိုးနည်းပြ၏တစ်မျိုးတည်းဟာသည့်
အကျိုးကြီးရမည့်စကား
**နေဝင်းဦး(ပြည်)**

၃၃၄ ကျွန်ုပ်နှင့်မရထာလမ်းညွှန်စာအုပ်
**ရိုရိုမြေ**

၃၄၆ တူသောအကျိုး
**မေအေးချမ်းအောင်(ရမည်းသင်း)**

၃၅၀ ခြံစောင့်သရဲ
**ရှစ်ခွင်ကျော်-မောင်တော်သီ**

၃၅၄ ည ဉ်ခိုးပါတဲ့ကား
**တင်မောင်ကျော်(မောင်ထံ)**

၃၆၂ လျှောက်ထားခြင်း
**ရဲမြတ်တင်**
**(အမျိုးသားစာပေဆုရ)**

၃၆၈ စဏ္ဍိတ္တံဘုရားမှသိုက်စောင့်များ
**ရေနံ့သာ-ခင်မေသး**

၃၈၆ ဘုန်းကြီးတာကော့
တာကော့ဘုန်းကြီး(၂-ဇာတ်သိမ်းပိုင်း)
**မောင်စကြာ-အရှင်သုမေဓာသာရ**

## သုရဿအခန်းဆက်ဝတ္ထုရှည်

၃၇၄ ပညာရှင်
**ဆရာဦးမောင်မောင်သန်း**
**(ရှင်ကိုအေးမြစေသား)**

## သုရဿ ပညာရပ်

၂၅၈ မိုးသို့ပျံ့ချီဗ္ဗါရာဝတီ၏
သံသယပုစ္ဆာများ
**မင်းရှိန်အောင်**

၂၈၄ သွပ်သေတစ်ပဲရွှေတစ်လုညီး
ဖမ်းတိုင်းမရ လွှန်ခက်လှ၏(၂)
**မင်းချမ်းမြေ့(ပုသိမ်)**

၂၉၃ နေ့စဉ်သုံးသင်္ကေတပညာ
**ဦးအောင်မင်း**

၃၂၈ ဝိဇ္ဇာရေမြန်မာ့အင်္ဂရတ်ပညာ(၇၅)
**ဆရာဦးဆက်ထွန်းထင်း**
**(အာယုဗွေဒ)**

၄၀၄ ခုနစ်ဆယ့်ကိုး ရေရှူးနှင့်ငလျင်
စိုးစိတ်မဝင်ဖို့ပြင်ဆင်စို့
**ထင်ကျော်ဗွာ**
**(ဂမ္ဘီရရွာစု)**

## သုရဿလက်တွေ့အသုံးချ

၇၆ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရှင်ကိုအေးမြစေသား)**

၁၂၉ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက်
နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၁၃၀ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**

၂၀၁ ပြည်မြန်မာ၏
၂၀၁၇ ခုနှစ်၊ ပြဿဒါးရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**

၂၂၄ သုဌေးကြီးဇောတိကလက်ဗွပ်စမ
အဆောင်ထားရအောင်
**ဘုန်းခေါင်**

၂၇၉ ရှေးထုံးလည်းမပယ်နှင့်
**ဆရာဦးစိန်လှိုင်(ကျိုက်ထော်)**

၂၉၇ ၂၀၁၇ခုနှစ်ဇွန်လအတွက်
အတွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဗေယား
**ဦးအောင်စောလှိုင်(ပုသိမ်)**

၃၅၉ နာနတ်ပင်အမြန်သီးစေရန်
**နေပြည်တော်ကျော်ကျော်စိုး**

၄၀၇ ၂၀၁၇ ခုနှစ်၊ ဇွန်လ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၄၁၀ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရှင်ကိုအေးမြစေသား)**

၄၁၄ မြင်အောင်ကြည့်ကြည့်ပေးဖို့
သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရှင်ကိုအေးမြစေသား)**

၄၁၉ ၂၀၁၇ ခုနှစ်၊ ဇွန်လ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**



နာယက
ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
ရုံးချုပ်မှုစာတည်း
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
စာတည်းအဖွဲ့
ကျော်မင်းထွဋ်
မေလှဲလှဲထွန်း

ထုတ်ဝေသူ
ဗုဓလှိုင်၊ ချမ်းမြေ့ကျော်၊
အိမ့်မွန်ထွန်း၊ နှင်းသဉ္ဇာကျော်၊
ဆန်းထွန်းမြင့်
ရုံးအဖွဲ့
အေးအေးမန်း၊ ဇုမ္မန်၊ ဝေ့အေးမျာ
စိုးစုမ်၊ နန္ဒ၊ သဝင်ဦး၊ မြတ်စုမွန်၊ လဲ့စုမွန်
မြန်မာ့ရေးဖွဲ့
အောင်မြင့်သန်း
စာတည်းအဖွဲ့ရုံးနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁- ၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၈၈၃၁၈

မျက်နှာဖုံးနှင့် အတွင်းပန်းချီ
ဖိုးအောင်
ကွန်ပျူတာစာစီ
ကိုကျော်မင်းမောင်
အတွင်းဖောင်
color king
ထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၀၀၄)
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (၀၀၀၈၂)
သန့်ထိုက်ရတနာ့အော့ဖ်ဆက်
အမှတ်(၇၅၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

မျှဝေသူ
တင်ဦးထည်၊ ကိုယ်စားလှယ်
ထွန်းဦးစာပေ
နေပြည်တော်ချွင်မများ-
သော်တာစန်း၊ သရဖူ၊ ရွှေစည်ဝင်း၊
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကြီး-ဂမ်နီး၊ မိတ်ဆွေ
ပဲခူး- သဇင်စာပေ
ပုသိမ်-တာတေးမောင်၊ ရွှေမောင်၊
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြိတ်အောင်-သုတမေတ္တာ
ရုပ်ရေ ၁၀၀၀
ထက်တာဖြန့်ဈေး ( ၃၀၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

ရေးသားတော်မူသော

# လမ်းပြရိပ်

## (ပကိဏ္ဏက လေခက္ခန္ဓကထာ)

ကထာစာပေါင်းသိုက်

□ ဗဟုလ္လာ မမ သန္တိကေ၊ တက္က ၀စရ ၀တ္ထုနိ။
တေသွိဒမ္ပိ ၀တ္ထုဇေကံ၊ ဘ၀တု ဓမ္မ ရသာဒံ။ ။

**မမသန္တိကေ** - ငါ့ထံမှာ. . .

**တက္က၀စရ ၀တ္ထုနိ** - အတွေးဖြင့် ခေါ် ပေါ်လာသည့်အကြောင်းအရာတို့သည်ကား၊ **ဗဟုလ္လာ** - စာပေါင်းသိုက်အလား တွေးလိုက်တိုင်းပွားတည်း။

**တေသု** - ထိုအတွေးစု များစွာတို့တွင် -

**ဣဒမ္ပိ** - လမ်းပြရိပ်ဆိုသော ဤစကားတစ်ခွန်းကလည်း၊ **၀တ္ထု ဧကံ** - အကြောင်းတစ်ပါး။ **တေံ**-ထိုအကြောင်းက၊ **ဓမ္မရသာဒံ** - တရားအရသာပေးဆက်ခြင်းသည်၊ **ဘ၀တု** - ဖြစ်ပါစေသတည်း။

□ **ရဟန်းတစ်ပါး၏ရှေ့ပြေးနိမိတ်များ**

ရဟန်းတစ်ပါးအတွက် မကျင့်မနေရ တာ၀န်နှစ်ပါးရှိ၏။ ယင်းမှာ ကျမ်းစာသင်လျှင်သင်၊ မသင် တရားကျင့်။ ထိုသည့် တာ၀န်နှစ်ပါး တစ်ပါးပါးထမ်းဆောင်စဉ်အတွင်း မဖြစ်မနေ ပြုကျင့်ရသည့် ပလိဗောဓငယ်လေးများရှိရာတွင် အောက်ပါတို့သည် လမ်းပြအရိပ်ရှေ့ပြေးနိမိတ်ပမာဆင်၏။

ထိုစဉ် ငါသည် ပိဏ္ဍပါတ်ဓုတင်အဖြစ် ဆွမ်းခံ၀တ်ကို ဖြည့်ကျင့်၏။ တစ်နေ့လျှင် တစ်ကြိမ် ဆွမ်းခံထွက်ရပြီး တစ်ကြိမ်မျှပင် စားသုံး၏။ ပြီးသော် . . . စာကြွင်းများကိုလည်းစွန့်၊ သပိတ်ကိုလည်း ပြောင်စင်စွာ ဆေးကြောပေးရပါသည်။ သို့ ဆေးကြောနေလျက်က ငါ့စိတ်၀ယ် အတွေးစတစ်ခု တက်လာလေ့ရှိခဲ့၏။

ယင်းသည်. . . ငါ့အား တစ်ဖက်ပုံရိပ် အာရုံငါးပါး အပိုင်းအစိတ်များက ဆိုင်ရာအကြည်ခွက်ထဲသို့လောင်းထည့်ပေးလိုက်တိုင်းခံယူခဲ့ရသည်ချည်း။ ယင်းကို တစ်ခါခံယူပြီးစီးတိုင်း တစ်ခါပင် သတိဖြင့် ဆေးကြောသုတ်သင်ပေး၍ သင်သည် ရဟန်း၏အဓိကပန်းတိုင်ဖြစ်သော တစ်ဘ၀စံတစ်လမ်းသွားအကျင့်ရှက်ကုန်ကျင့်ပါလော့၏ရှေ့ပြေးနိမိတ်ပေလားတွေးမိခဲ့ခြင်းတည်း။

သည့်အတူ နောက်ထပ် ပလိဗောဓငယ်လေးများလည်းရှိကြသေး၏။ ယင်းတို့မှာ. . .

၁။ ငါ့၌ မုတ်ဆိတ်ကျင်စွယ်တို့ကို ၅-ရက်တစ်ကြိမ်ကျ ရိတ်ပယ်ပေးနေရ၏။

၂။ လက်သည်းက ၁၀-ရက်တစ်ကြိမ်။

၃။ ဆံပင်က ၁၅-ရက်တစ်ကြိမ်။

၄။ ခြေသည်းက ၂၀-ရက်တစ်ကြိမ်ကျ။

သည့်အပြင် ၁၅-ရက်လျှင် တစ်ကြိမ်ကျ ဆန်းပက္ခ၊ ဆုပ်ပက္ခပတ်လှည့်ထား၍ ပါတိမောက်ဓုအာရုံပြုပေးရခြင်းကလည်း ပင်မနေရာမှနေ ပါ၀င်နေခဲ့၏။

ထိုစဉ် . . . ငါ၌ မုတ်ဆိတ်ကျင်စွယ်တစ်ခါရိတ်ပယ်ပေးပြီးသည်နှင့် ၅-ရက်မျှသာခံ၏။ ထိုအတွင်း တစ်စတစ်စ ကိုယ်တွင်းက ထိုးထွက်လာကြတော့ရာ နောက် ၅-ရက်ဆို ရိတ်ပယ်ပေးရမြဲ။ သို့-ပယ်ပေးရတိုင်းလည်း ကိလေသာမည်သည် "ငယ်သည်ကော" ဟုလည်း အမှတ်မဲ့လက်သပ်မွေးမထားနှင့်။ မွေးထားမိခဲ့သော်. . . တစ်စတစ်စ ပွား သံသရာရှည်အထိကြီးပွားလာတတ်၏။ တစ်ခါတည်းပဲဟုလည်း မလိုက်လျောမိစေနှင့်။ လိုက်လျောမိခဲ့သော် အစရှိ အနှောင်နှောင် ရှောင်စရာနေရာပင်မရှိလောက်အောင် ပိတ်လှောင် ခိုင်းစားနေတတ်၏။ သို့ကြောင့်. . .

ထိုသည့် သင်သည် . . . ဤမုတ်ဆိတ်ကျင်စွယ်များကို လက်သပ်မွေးမထားဘဲ ထွက်လာသည်နှင့် အရှည်မခံ ၅-ရက်ပြည့်က ရိတ်ပယ်လှန်၍ ပြန်ပို့လိုက်သည့်ပမာ. . . အစွဲမှနေ အတွေးဖြင့် ထွက်ပေါ်လာသော ကိလေသာ



www.burmeseclassic.com

www.burmeseclassic.com

များကိုလည်း ၅-ရက်၏ ရွှေ့သယ်မလာတော့ဘဲ ပေါ်တိုင်းမှတ် မှတ်တိုင်းပြတ်တို့ဖြင့် အပြတ်ဖြတ်တောက်ခဲ့ရန် ငါ့အား ရှေ့ပြေးနိမိတ်ပေပဲလား. . . တွေးမိခဲ့သည်ချည်း။

တစ်ဖန် ငါ့လက်ဖျားဖွားလက်သည်းများကလည်း အချိန်ဖြင့်စက်တစ်ရက်နည်းနည်းချင်းထွက်လာနေကြတော့ရာ. . . ငါးရက်လောက်ဆို ဆွမ်းစားရာ၊ အညစ်ကြေးသုတ်သင်ရာတို့၌ လက်သည်းကြား ရေများဝင်လာတတ်ကြ၏။ သည်လောက်နှင့် ကိစ္စမရှိ။ ဆပ်ပြာနှင့်ဆေး၍ ဖြေရှင်းပေးက ရနိုင်ကြသေး၏။

ထို့ထက်အလွန် ၁၀-ရက်ဘက်ခရီးကျွံထွက်လာပါသော်ကား ဆွမ်းစားရာတွင် လက်သည်းတို့အကြား အဖတ်များပါ ဝင်နိုင်၏။ အညစ်ကြေးသုတ်သင်ရာတွင်လည်း အဆီအနည်များပါဝင်နိုင်၏။ သို့ဆိုသော် . . . ၁၀-ရက်လျှင် တစ်ကြိမ်နှုန်း လက်သည်းကတုံးတုံးပစ်ရပါတော့မည်။ ထို လက်သည်းလှီးဖြတ်နေတိုင်းလည်း ငါ့၌ အတွေးဝင်လာသည်ချည်း။ ယင်းအတွေးက ငါ့သို့ရာဂအတိ မစွက်ဖက် ကာမမျှ စွက်ဖက်လာကြသော အာရုံတို့တွင် အတွေ့သည် ဦးခေါင်းနေရာ၌တည်ပြီး . . . အမြင်နှင့်အကြားတို့သည် လက်နှစ်ဖက်အရာဝင်နေ၏။ တစ်ဖန် အနံ့ခံနှင့်အရသာခံတို့ကား သွားရောက်ပေးရာခြေများနှင့်တူလှ၏။

သို့ဖြစ်ရာ ငါသည် လက်နှစ်ဖက်တို့အရာ အမြင်၊ အကြားတို့ဖြင့် ခံစားမိပါသော် လက်သည်းကြား အသားတင်ပမာ ဖြစ်မည့်တာကြောင့် ယင်းတို့ကိုမြင်တိုင်းမှတ် ကြားတိုင်းမှတ်တို့ဖြင့်ဖြတ်တောက်ပေးနေရ၏။ သို့ဖြင့် ၅-ရက်တွင် အဖတ်စင်၊ ၁၀-ရက်တွင် အရည်ပါ စင်စေရမည်။ ယင်းသည် အမြင်၊ အကြားမှပွား မီးတားလေများလား ငါတွေးမိခဲ့၏။ သို့မဟုတ် အမြင်၊ အကြား ၁၀-ရက်ထက်ပို၍ မီးကြွင်းမထားနှင့် ပြောသလိုလို. . .။

မျက်စိဖြင့် ကြည့်မိသော် အရည်များ ဝင်လေသလား တွေးမိခဲ့၏။

နားဖြင့်ပါ ကြားသိက အရည်ဝယ် အနည်ပါလေသလား တွေးမိခဲ့၏၊ စင်စစ် မျက်စိ၊ နားတို့သည် ရှေ့ပြေးအရာဝင်ဖြစ်နေသောကြောင့် ကာမမှ ရာဂသို့ဆင်းသက်ရာ အခြေခံဖြစ်နေရာခြေနှစ်ခုအဖြစ်လည်း တင်စားလိုက ရသည်သာ။

တစ်ဖန် ငါသည် မြင်ပြီး၊ ကြားပြီးတိုင်း သွား၍ သူ့အာရုံပျံ့ကို အနံ့ခံ၊ အရသာခံတို့ဖြင့် တုံ့ပြန်ဖို့ စီမံရာတွင် အသုံးပြုပေးရသော နှာနှင့်လျှာတို့ကိုကား ဖဝါးနှစ်ဖက်ထိပ်မှ ခြေချောင်းအစိတ်ဆယ်စိတ်ပမာ စိတ်မှာထားမိခဲ့၏။

တစ်ဖန် တစ်ဖက်အာရုံထားနှင့်ထို နှာ၊ လျှာများ တွေ့ပေးမိတိုင်းလည်း . . . ငါသည် မြင်ရုံ၊ ကြားရုံထက် ခက်ထန်သည့် အနံ့တွေ့၊ အရသာတွေ့များနှင့်တိုးမိခဲ့၏။ ယင်းတို့သည် အဆင်းငွေ့၊ အသံငွေ့များထက် ရမ္မက်ကိုထန်စေ၏။ သို့ကြောင့် ယင်းတို့ကို ၁၀-ရက်ဖြင့် မပြတ် ၂၀- ရက်အတွင်း အပြီးဖြတ်မှ. . .



www.burmeseclassic.com

www.burmeseclassic.com



သည်ဘဝမှာလည်း တစ်ချိုပြီး တစ်ချို သံသရာအလည် သက်သာမည်။

နောင်နောင် ဘဝများစွာတို့မှာလည်း တစ်ဘဝပြီး တစ်ဘဝ အလှည့်ချ သက်သာမည်။

ထို ခြေသည်းလှီးက ဤသံသရာခရီးအတွက် လမ်းပြရိပ်လုပ်နေသလားမသိ။ ခြေသည်းလှီးတိုင်း ဤအတွေးကလည်း ပြေးဝင်လာလေ့ရှိခဲ့သည်။ ငါ့ထံရှိ ခြေသည်းတို့သည် မုတ်ဆိတ်တို့လောက် အားမကောင်း။ လက်သည်းများလောက်လည်း အားထွက်မမြန်လှသောကြောင့် ရက်ပေါင်း ၂၀-ခန့်ကြာလေမှ တစ်ကြိမ်တစ်ကြိမ်ဖြတ်တောက်ပေးရ၏။ သို့ကြောင့် ယင်းခြေသည်းများသည် ညဉ့်၊ စရိုက်များ သွေးမတောင်းသောအာရုံတို့မှ အတွေ့ကြာ အာသာဖြစ် ကိလေသာ အမျိုးအစားများနှင့် အလားတူ၏။ ထမင်းမှ ထဖြစ်သော ကိလေသာနှင့် အလားတူပြီး ဟင်းမှထဖြစ်သော ကိလေသာများကဲ့သို့ အထ



www.burmeseclassic.com

www.burmeseclassic.com

မကြမ်းသောအရာဟု ဆိုသင့်၏။

ယင်းကို သေးငယ်သောသစ်ခေါင်း အောင်းပျားငယ်ရယ်လို့ အမှတ်မဲ့မလုပ်သင့်။ ယင်းတို့၏ အဆိပ်ကလည်းစုမိသွားက ရောဂါဖြစ်ပွားတတ်၏ပမာ. . . ဤသေးနုပ်သောပြစ်စုလေးများကလည်း အမှတ်ဖြင့်မဆေးဘဲ ဝန်မလေးသောအရာလေးတွေပဲဆိုကာပြုကျင့်နေမိသော် . . . တစ်စွဲက တစ်ဘဝကျဖြင့်လည်း သံသရာဆွဲဆန့်ပေးနေတတ်ကြ၏။တစ်စွဲလမ်း တန်းကျဘဝဖြင့်လည်း အောက်သံသရာဘက် ယက်ပို့ပေးနေတတ်ကြ၏။ သို့ကြောင့် ထိုအသေးစားပြစ်စုလေးများကိုလည်း ၂၀-ရက်အတွင်း ရှင်းပြီးသား ဖြစ်စေရ၏။ သေးသော်မှ အငွေ့ကကြမ်းတမ်းနေကြ၍။

အနံ့သည် အမြင်၊ အကြား အငွေ့များထက် ဆွဲအားသာ၏။

အရသာသည် အတွေ့ဖြစ်နေသဖြင့် မြင်၊ ကြား၊ နံများထက် အားသာ၏။

ထိုစဉ်. . . မိမိသို့ လာရောက်ထိပါးနေကြသည့် တစ်ဖက်အာရုံများကို ပထမကြည့်ပေး၊ ကြားပေး. . . သည့်နောက် အနံ့ခံကြည့်၊ အရသာမြည်းကြည့်တို့ဖြင့် တုံ့ပြန်ထိ ထည့်ပေးကြရမြဲဖြစ်ရာ. . . ခြေ၊ လက်ပမာ ထိုလေးဖြာတို့သည် ကိုယ်ချင်းတွေ့၏။ ရှေ့ပြေးခန္ဓာ၏ အစာရှာဖွေပေးနေသူများဖြစ်ကြ၍ မကင်းသော်မှ ကွာရန် သတိကြားခံပေးရသည်။

**□ ဘို့အတက် ဖျက်ချပေးသည့် ဤပက္ခ**

သက်တမ်းတိုခေတ် ရဟန်းဖြစ်ခွင့်ရ ထို့အတွက် ပက္ခသည် အရေးကြီး၏။ ခန္ဓာကိုယ်၌ ကိလေသာ အခို၊ အယို၊ အစိမ့်များသောခေတ်ဖြစ်နေ၍. . .

ပက္ခသည် အဘို့ ဟူ၍ ဘာသာပြန်ရသည်။ သို့ကြောင့် . . . လဆန်းပက္ခဆိုလျှင် လဆန်းဖို့ ၁၅-ရက်တွင်းက အညစ် သည်နေရာ ဖွပ်ပစ်ခဲ့ဖို့၊ လဆုတ်ပက္ခဆိုလျှင် လဆုတ်ဖို့ (သို့မဟုတ် ငါ့ဖို့) မဖြစ်မနေ ပြုကျင့်ရမြဲ ကိစ္စဖြစ်ရာ (၁၅-ရက်တစ်ကြိမ် ဥပုသ်ပြုရမြဲဖြစ်ရာ). . .

သည်သို့ မပြုမီ ရှေးဦးစွာ. . . ရေချိုး၍ ကိုယ်ပသို့ ၁၅-ရက်လုံး ကပ်ငြိနေသည့် ကြေးညှော်များကို သုတ်သင်ပစ်ရ၏။ ဆံ၊ မုတ်ဆိတ်ပယ်၍ ၁၅-ရက်လုံး အညွန့်တက်နေသည်များကိုလည်း ရှင်းပစ်ရ၏။ သက်န်းများဖွပ်လျှော်၍လည်း ၁၅-ရက်လုံး ပေကျံထားသည်များကို သန့်ဖြူစေရ၏။ သည်သို့ ပြင်ပအစီအမံများ ပြုလုပ်ပြီးသည့်နောက် ညနေ နေမဝင်မီ ငါတစ်ပါးတည်းဖြစ်သော အဓိဋ္ဌာန်ဒေသနာကြား၍ အဓိဋ္ဌာန်ဥပုသ်ပြုရ၏။ တစ်ဖန် နှစ်ပါး၊ သုံးပါး စုဝေးမိပါက အချင်းချင်း ဒေသနာကြား၍ ဂဏဉပုသ်ပြုရ၏။ တစ်ဖန် လေးပါးမှ အများစုဝေးမိက အချင်းချင်း ဒေသနာကြား သံဃာ့ဥပုသ်ပြုရ၏။

ယင်းသည် ပက္ခအစမှနေ တစ်စစတို့၍၊ ပို့၍ ဘို့တင်ထားသော စိတ်အညစ်အကြေးများကို ပက္ခဆုံးသည်နှင့် ဘို့တုံးလုံးထားပေးခြင်းပင်။

ပက္ခသည် တစ်လအတွက် ဘို့နှစ်ဘို့ထား ရေတွက်ခြင်းကို ဆို၏။

ပက္ခသည် တစ်ဘို့တက် ကိလေသာ ထိုတစ်ဘို့မှာပင် ဖျက်ဆီးပစ်ခဲ့ခြင်းကိုဆို၏။ ယင်းတို့ကို ငါပြုကျင့်လေတိုင်း အတွေးများဝင်မိခဲ့၏။ ထိုစဉ်. . . ဦးခေါင်းသည် အာရုံဖမ်း၊ ပို့ ပြုလုပ်ရာ၏ ပင်မ ဖြစ်နေချေရာ. . . ပြင်ပအာရုံများ အတွင်းမနေသို့ ပို့ရာ၌လည်း ဦးခေါင်းပိုင်းနေ ဆိုင်ရာအကြည်ဓာတ်ခွက်များမှတစ်ဆင့်. . . တစ်ဖန်. . . အတွင်းမနေက ဆုံးဖြတ်ချက်ချပေးပြီးသမျှတို့ကို ပြင်ပသို့ ပြန်လည် ပို့လွှတ်ပေးရာ၌လည်း ဦးခေါင်းပိုင်းသည်သာ အဓိက။

သို့ဖြစ်ရာ . . . အာရုံဖမ်း လွှတ်ပေးရာ၌ လိုင်းဇရိယာတိုင်ပမာသော ဆံပင်များနှင့် ဆံပင်စိုက်ထူထားရာ ဦးခေါင်းပြင်သည် ကြေးနှင့်အညစ်များ ပေကျံနေကြမည်။ ယင်းကို တပက္ခအဆုံး တုံးလုံးလှဲချပစ်ခြင်းဖြင့် သန့်ရှင်းစေ၏။ သို့အတိုင်း တပက္ခဖြစ်စိတ်အညစ်ကိုလည်း ငါသည် သိက္ခာသုံးဆင့်မဂ္ဂင်အကျင့်တို့ဖြင့် အချိန်နှင့်စက်၍ ရိတ်ဖျက်၊ ချိုးဖျက်ချထားခဲ့နိုင်လျှင်. . .

ငါ့၌ တပက္ခတက် ကိလေသာ ထိုတပက္ခမှာပင် ပျက်ကျခဲ့ရာ၏။ ယခုသော်. . .

ငါ၌ တပက္ခထမ်းဝန်ထုပ် ထိုတပက္ခ၌ပင် ပြုတ်ကျခဲ့ရာ၏။ ယခုသော် . . .

လမ်းပြရိပ်ကို လမ်းပြရိပ်အဖြစ်မသိ၊ မမြင်မိခဲ့သောကြောင့် လပြည့် (လကွယ်) ဥပုသ်နေ့တိုင်း ဆံချသည်။ ဆံချနှင့်ပင် ပြီးခဲ့၏။ ရေချိုးကလည်း ထို့အတူ . . . တစ်ဖန် ဆံချ၊ ရေချိုး ထိုပြရိုးများ ပြုလုပ်ပြီးသည်နောက်. . . ထိုလပြည့် (လကွယ်) ညနေတွင် အခြေအနေ အချိန်အခါနှင့်လျော်စွာ ဥပုသ်ပြုရရာ . . .

တပက္ခဖြစ် အာဏာတော် လွှန်ဆန်ပြစ်၊ ဤတပက္ခအဆုံး၌ပင် ဗုန်းဗုန်းကျခဲ့စေ၏။ နောက် တပက္ခ အာဏာတော် လွှန်ဆန်သောအပြစ် ဆက်မဖြစ်စေ့။ ယခုသော်. . .

တစ်ဖန်လည်း ဉာဉ်၊ စရိုက်၊ သွေးဖျစ်ညှစ်ခံရသဖြင့် ဘုရားအာဏာတော်ကိုပစ်၍ အညစ်ဘက် ရွက်တိုက်လှော်သည်များကို ဉာဉ်ကပေးသောအတွေ့ အရေးဆိုမခံဘဲ ဘုရားရှင်လမ်းပေးထားသော မဂ္ဂင်လမ်းအတိုင်း စိတ်ကို သတိဖြင့်တွဲခေါ်သွားပါသော် ငါသည် တပက္ခဆို ဆိုသလောက် ခရီးပေါက်ခဲ့ရာ၏။ ယခုသော် ၁၅- ရက်တစ်ကြိမ်ကျပြုကျင့်ရသော ဥပုသ်ကိုလည်း လမ်းပြရိပ်သွင်ဉာဏ်မဝင်ဆံ့နိုင်တာကြောင့် . . . ပက္ခများသာဆုံး ကိလေသာကား ဗုန်းဗုန်းမကျ၊ အရှယ်သာ ဗုန်းဗုန်းကျဖြစ်လာနေ၏။ ပါတိမောက် အရွတ်ဖတ်မျှသာ လမ်းဆုံး အသားဖတ်ကား လုံးလုံး မစားရသေး။

အကယ်တိတိ . . . ဆိုခဲ့ပြီး လမ်းပြရိပ်များကို လမ်းပြရိပ်အထိ ငါရိပ်မိခဲ့သော်. . . တစ်ခါက ကလမ္ဗ ဆိပ်ကမ်းအနီးဝယ် ရဟန်းတော် ၅၀-တို့ နေပါသတဲ့။ သို့နေကြရာတွင် ထို ၅၀-သောရဟန်းများ ကတိကဝတ်ထားကြဆို၏။

“ငါ့ရှင်တို့. . . ငါတို့သည် ကြွေးမြီအရပ်ရပ် မဆပ်နိုင်ကြ၍ တောထွက်လာကြသည်လည်း မဟုတ်။ ငါတို့သည် ပျင်းလို့ ရဟန်းဝတ်လာကြသူတွေလည်း မဟုတ်။ အတည်ပြောရပါမူ ရဟန်းအကျင့်ကျင့်ချင်၍ ရဟန်းဝတ်တောထွက်လာကြ၏။ ဘုရားအဆုံးမ ခံယူချင်ကြ၍ ရဟန်းဝတ် တောထွက်လာသူများဖြစ်ကြ၏။ အရိယာများ ခံစားလေ့ရှိကြသော ဓမ္မရသ၊ ဝိမုတ္တိရသ ခံစားလိုကြ၍ တောထွက်လာသူများ ဖြစ်ကြ၏။ သို့ဖြစ်ရာ. . . ငါတို့သည် အကြောင်းမရှိဘဲ တစ်ပါးနှင့်တစ်ပါး စကားမပြောစတမ်း။ ငါတို့သည်. . . သည်နေရာကဖြစ်သော ကိလေသာ သည့်နေရာမှာပင် အပြီးသတ်ကြစတမ်း. . .”

ယင်းကို အားလုံးက ဝမ်းမြောက်ဝမ်းသာ လက်ခံတော်မူကြ၏။ လက်ခံသောအတိုင်း တစ်ဝါတွင်း အဓိဋ္ဌာန်ဖြင့် စိတ်စစ်တမ်း စခန်းဝင်ကြသည် ဆို၏။ ဆွမ်းခံသွားရာ၌ပင်စကားပြောမိကြမည်စိုးသောကြောင့် ရေငုံသွားကြသည်ဆို၏။ အကယ်တိတိ ဒကာတစ်ဦးတင်ယောက်က “သည်နေ့ ဘာနေ့ပါလဲ” မေးလေမှ ရေငုံကို ထွေးချပစ်ပြီး “ဒေါ်နေ့” စသည် ပြောကြသည် ဆို၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန်. . . ၅၀-သော ရဟန်းတန်းကြီး ရွာသို့မှန်း၍ လမ်းအတိုင်း ဆွမ်းခံကြွနေကြစဉ်. . . ဆိုပါစို့. . . ရှေ့ဆုံးနေ ခေါင်းဆောင်မထေရ်ကြီး၌ ဝိတက်ဆိုး သုံးမျိုး တစ်မျိုးက စိတ်သို့ လာရောက် ထိုးကျင့်ခံနေရသည် ဆိုပါအံ့။ ထိုစဉ် ထိုခေါင်းဆောင်မထေရ်ကြီးသည် "ဤဝိတက်ဆိုးများဖြင့် ငါ ခရီးမသွား။ ဤဝိတက်ဆိုးများနှင့်တွဲဖက်၍ ငါ ဆွမ်းခံမထွက်။" သို့ ဆင်ခြင်ကာ ရပ်မြဲအတိုင်း ရပ်တန့်လျက်က သတိဖြင့် စိတ်နှင့် ဝိတက် အဆက်ဖြတ်ပေး၏။ မရသော် ထိုနေရာမှာပင် ထိုင်လျက်က အဆက်ဖြတ်. . . ။

သည်သို့ ခေါင်းဆောင်နှင့်ဝိတက် အပြန်အလှန် ခတ်ဖက်လုပ်နေကြစဉ် . . . ၄၉-ပါးသော နောက်ပါတို့သည် စီတန်းရပ်လျက်ကပင် စောင့်နေကြရ၏။ ယင်း ရပ်စောင့်နောက်လိုက်များကိုအာရုံပြု၍ မထေရ်ကြီးသည် သူ့ကိုယ်သူ ဆုံးမပေးရတော့သည် ဆို၏။

"ကြည့်စမ်း . . . နင့်ကြောင့် သံဃာများ ဆွမ်းခံချိန် ဖင့်ကုန်ကြပြီ။ အများရှေ့ သည်လိုကြီး ဝိတက် အနှိပ်စက်ခံနေရသည်ကို နင်မရှက်ဘူးလား" ထိုအခါ စိတ်နှောင့်ယှက်နေသောဝိတက်တို့ အရှက်က ခါထွက်ပစ်ပေးပြီး အရှက်သည် ထိုဝိတက် တစ်တုန့်လှည့်၍ စိတ်၌ လာရောက် မတွဲဖက်မိစေရန် စိတ်နှင့်အရှက် ဂဟေဆက်ကာ ရှက်စိတ်အဖြစ်ထားပေးလိုက်တော့ရာ. . . . . . ထိုခေါင်းဆောင် မထေရ်မြတ်ကြီးသည် ရှက်ရှက်နှင့်ပင် နေရာမှထ၍ ဆွမ်းခံရွာသက် ခရီးဆက်တော့သည်ဆို၏။ သည့်အတူပင်. . .

အလယ်ရဟန်းတစ်ပါးပါးက ဝိတက်နှင့် တွေးတမ်း ပေးတမ်း ကစားမိနေခဲ့သော်. . . သူ့ရှေ့နေ ရဟန်းတော်များက သွားမြဲအတိုင်း ဆက်လက်သွားကြ၍ သူ့နောက်ရှိ ရဟန်းတော်များကား ရပ်စောင့်နေရစ်ကြရ၏။ "ထိုစဉ် ထိုရဟန်းလည်းပဲ ရှေ့မထေရ်ကြီးနည်းတူ ကိုယ့်ကိုယ်ကိုယ်ဆုံးမ၊ ဝိတက်နှင့်ဖက်အိပ်နေသော ကိုယ့်စိတ်က ကိုယ့်စကားနားထောင်မှ ဆက်ကြွ. . .။

တစ်ဖန်. . . နောက်ဆုံးက ရဟန်းငယ်လေး၏စိတ်ကို ဝိတက်ဖမ်းစားခံထားရသော် . . . ထိုရဟန်းငယ်လေး တစ်ပါးတည်းပင် ရပ်နေရစ်ခဲ့ပြီး ကိုယ့်ကိုယ်ကိုယ် ဆုံးမရ၏။ မရသော်တိုင် ဆုံးမ။ မရသော် ကိုယ့်ကိုယ်ကိုယ် ရှက်လာအောင် ပြောပြ၍ ကယ်တင်။

ဤ ရှေ့၊ လယ်၊ နောက်တို့၏ ဖြစ်စဉ်အတိုင်း ကျန်ရဟန်းများထဲက တစ်ပါးပါး ဝိတက်ဖမ်းစားခံရလျှင်လည်း ဤကုထုံးအတိုင်းပင် ကုကြရ၏။ အများနှင့်မှမဟုတ်။ တစ်ပါးတည်းဖြစ်ခဲ့လျှင်လည်း ဖြစ်သောကိစ္စနှင့်ယှဉ်၍ ကိုယ့်ကိုယ်ကိုယ် စိတ်သို့ ဉာဉ်အလျှင်ဝင်သတိပညာဖြင့် ပယ်ဖျောက်ပစ်ရသည်ချည်း။

သို့ဖြင့် ထို ရဟန်းတော် ၅၀-ပါးတို့သည် ဝါကျွတ်သည်နှင့် ငါပါ ကျွတ်တော်မူကြ၏။ ငါပါ ကျွတ်သည်နှင့် သူပါ ကျွတ်တော်မူကြ၏။ ငါရော သူပါ ကွာသည်နှင့် မာန်တွာ၊ အတေးခံအတွေးများပါ စိတ်နှင့် ကွဲသွားကြလေပြီ။ သို့ဖြင့် ထိုရဟန်းတော်များ ဝိသုဒ္ဓိပဝါရဏာပွဲနွှဲကြလေပြီ။

ဤရဟန်းတော်များသည် လမ်းပြရိပ်ကို လမ်းပြရိပ်အဖြစ် ရိပ်မိတော်မူကြ၏။ ရိပ်မိသည့်အလျောက်လည်း ရိတ်ဖြတ်ပစ်တော်မူနိုင်ကြ၏။

ကိလေသာကား အခု မလာနှင့်ဆို အခုမလာဘဲ နေပြ၏။ သတိကို မလွန်ဆန်တတ်။

ကိလေသာကား သတိက နေရာမပေးလျှင် ဘယ်တော့မှ သူမဝင်။ သို့ကြောင့်ပင်. . . ရိပ်မိ၍ ရိတ်ဖြတ်ပစ်သော ထိုအရှင်ကောင်းများ၌ ဘယ်တော့မှ ကိလေသာဝင်မနှား။ ငါသည်လည်း သည်သို့သာရိပ်မိ၍ ရိတ်မိခဲ့ပါသော် ကိလေသာကိုယ်စားပြုသော အတွေးများ ပြတ်တောက်သလောက် ခရီးပေါက်ခဲ့ရာ၏။ ခရီးဆုံးသော် အတွေးလုံးလုံးမပြု ဓာတ်သဉ်းဘဝသို့ လှုလှုကြီးရခဲ့ရာ၏။ ယခုသော်. . . ငါသည် လမ်းပြရိပ်ကို လမ်းပြရိပ်များလေလား တွေးကြည့်ရုံသာရှိသေး၏။ တွေးကြည့်မှ အတွေးမိအထိ မရောက်သေး။ ထစ်ဖန် အတွေးမိမှ အတွေးသိ အထိကား ဝေးလာဝေး။

အတွေးသိအထိ မရောက်သေးသမျှလည်း ရိပ်မိမှ ရိတ်မိအထိ အားပြည့်ရန် သံမှာအရာဝင် နေက္ခမ္မဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသဝိတက် သုံးပါး ငါ့စိတ်ကြား တားခွင့်ရလေဦးမည် မဟုတ်သေး။

သို့ကြောင့်. . . ငါ့စိတ်များသည် ငါ့ကိုယ်ငါ့ဘဝ၏ ယနေ့ယခုလို ကျေးဇူးမပြုသေး။ ယနေ့ယခုရှိ ငါ့စိတ်များသည် မနေ့၊ တစ်မြန်နေ့ စသည် နောက်နောက်နောက်နောက်လွန်သောကာလ ဘဝတို့ရှိ ဉာဉ်၊ ဝါသနာ၊ စရိုက်များ၏ ကိုယ်စားပြုမျှသာရှိကြသေး၏။ ဓာတ်သက်ဝင်တို့၏ ဓာတ်ငင်ရာအတိုင်း လိုက်ပါပြုကျင့်နေရဆဲသာရှိကြသေး၏။

လူဆိုသော်မှလည်း လူအရာမဝင်သေး။

ရဟန်းဆိုသော်မှလည်း စစ်ဝန်ထမ်းမလုပ်သေး။

သည်အတိုင်းသာ ရှေ့ဆက် ခရီးသွားနေသော် . . . အတိုမှ ရှည်တက်လာသော မုတ်ဆိတ်ကို ၅-ရက်ဆို ရိတ်ပစ် သို့သော် မုတ်ဆိတ်သာဖြတ်၍ အကြမ်းဓား၊ အနုဓား ဝဋ်မြစ်များကား ဖားဖားကြီး၊ ထွားထွားကြီးအတိုင်းပင်။

၁၀-ရက် တစ်ကြိမ် လက်သည်းလှီးလည်း သည့်အတူပဲ. . .။

၁၅-ရက် တစ်ကြိမ် ဆံပယ်လည်း သည်အတိုင်းပဲ. . . ။

၂၀-ရက်တစ်ကြိမ် ခြေသည်းဖြတ်လည်း ထိုနည်းရင်းပဲ. . . ။ သို့သော် . . .

ထို မုတ်ဆိတ်၊ ဆံ၊ ခြေသည်း၊ လက်သည်းများကား ငါသေလျှင် ဆက်တက်မလာကြတော့ပါ။ ဓာတ်ဉာဉ်၊ ဓာတ်သက်၊ ဝဋ်မြစ်မှ အတက်ပေါက်လာကြသော အတေးဝိတက်နှင့်စပ်ဖက် ကိလေသာများကား ငါသေတိုင်း သူဆုံးလိမ့်မည် မဟုတ်သေး။

□ ဗဟုလ္လာ မမ သန္တိကော၊ တက္က ဝစရ ဝတ္ထုနိ။
တေသွိဒမ္မိ ဝတ္ထုဧကော၊ ဘဝတု မမ္မ ရသာဒ်။ ။

**မမသန္တိကော** - ငါ့ထံမှာ. . .

**တက္ကဝစရ ဝတ္ထုနိ** - အတွေးဖြင့် ခေါ် ပေါ်လာသည့်အကြောင်းအရာတို့သည်ကား၊ **ဗဟုလ္လာ** - စာပေါင်းသိုက်အလား တွေးလိုက်တိုင်းပွားတည်း။

**တေသု** - ထိုအတွေးစု များစွာတို့တွင် -

**ဣဓမ္မိ** - လမ်းပြရိပ်ဆိုသော ဤစကားတစ်ခွန်းကလည်း၊ **ဝတ္ထု ဧကော** - အကြောင်းတစ်ပါး။ **ဧကော**-ထိုအကြောင်းက. . . ၊ **ဓမ္မရသာဒ်** - တရားအရသာပေးဆက်ခြင်းသည်၊ **ဘဝတု** - ဖြစ်ပါစေသတည်း။

၁၃၇၄- ခုနှစ်၊ နှောင်းတာကူးလဆန်း
(တန်ခူးလဆန်း) ၃-ရက်၊
တနင်္ဂနွေနေ့။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

## တင်အောင်(စက်မှုတက္ကသိုလ်)

# လယ်တီဆရာတော်ဘုရားကြီး

## အတ္ထုပ္ပတ္တိ

လယ်တီဆရာတော်ဘုရားကြီးကို ကျွန်တော်၏ဖခင် စာရေးဆရာကြီး ဦးရန်အောင်သည် အလွန်လေးစား ကြည်ညိုသည်။ အဖေ့ထံတွင် လယ်တီ ဒီပနီပေါင်းချုပ်ကိုဝယ်ထားပြီး နေ့စဉ်ဖတ် လေ့ရှိသည်။

အဖေပြောခဲ့သည်မှာ -

"ဆရာတော်ကြီးက စာရေးလည်း ကောင်းတယ်။ တရားအကြောင်းရေးရာ မှာလည်း ကွက်ကွက်ကွင်းကွင်းရှင်းလင်း တယ်။ အဖေရဲ့အဘိုးအဘွားလက်ထက် ကတည်းက တစ်နိုင်ငံလုံး နွားသား၊ ကျွဲ သားမစားရအောင်အလှူခံတော်မူတယ်။ နွားတွေ၊ ကျွဲတွေက စပါးစိုက်လို့ရအောင် လုပ်ပေးလို့ ထမင်းရှင်တွေပဲတဲ့။ တကယ့် စံနမူနာပြဆရာတော်ကြီးပဲ"

လယ်တီဆရာတော်ဘုရားသည် အေဒီ ၁၈၄၆ ခုနှစ် (မြန်မာနှစ် ၁၂၀၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်) အင်္ဂါနေ့ နံနက်(၁)ချက်တီးကျော်အချိန် တွင် ဒီပဲယင်းမြို့နယ် စိုင်ပြင်ရွာ၌ဖွားမြင် တော်မူခဲ့၏။ ခမည်းတော် ဦးထွန်းသာနှင့် မယ်တော်မှာ ဒေါ်ကြံ့ ဖြစ်သည်။

ဦးထွန်းသာနှင့် ဒေါ်ကြံ့တို့တွင် သားသမီးခြောက်ဦးထွန်းကားခဲ့လေရာ ယင်းတို့မှာ (၁) ပထမအကြီးဆုံးသား (ငယ်စဉ်က ကွယ်လွန်)၊ (၂) ဒုတိယသား မောင်တက်ခေါင် (လယ်တီဆရာတော်)၊ (၃) တတိယသား မောင်တက်စွာ (လူဝတ် ကြောင်)၊ (၄) စတုတ္ထသား မောင်တက်ပွား (ပထမပြန် ဦးကုမာရ)၊ (၅) ပဉ္စမသား မောင်တက်ထွား (ဆရာတော် ဦးတိတ္တိ)၊ (၆) ဆဋ္ဌမသမီးမမြလေးတို့ဖြစ်ကြသည်။

အေဒီ ၁၈၅၆ ခုနှစ် (၁၂၁၈ ခုနှစ်) မောင်တက်ခေါင် (၁၀) နှစ်သားအရွယ် တွင် စိုင်ပြင်ရွာ ကျောင်းမကျောင်းဆရာ တော်အရှင်နန္ဒထံ ပညာသင်ကြားရန် ကျောင်းအပ်နှံခဲ့သည်။

အေဒီ ၁၈၆၁ ခုနှစ် (၁၂၂၃ ခုနှစ်) အသက်(၁၅)နှစ်အရွယ်၌ ရှင်သာမဏေ ပြုရာ ဘွဲ့အမည်မှာ ရှင်ဉာဏဓဇ ဖြစ် ပါသည်။


မုံရွာလယ်တီတောရပ်မှီ မထေရ်ဉာဏဓဇ ဟူသော ပရမတ္ထသံခိပ်နိဂုံးမှ ဉာဏဓဇ ဟူသော စကားရပ်ဖြင့် ဆရာ တော်ကြီးကိုယ်တော်တိုင် ၊ ယင်း၏ဘွဲ့ အမည်မှာ ဉာဏဓဇဖြစ်ကြောင်း ဖော်ထုတ်သွားခဲ့၏။

အေဒီ ၁၈၆၄ ခုနှစ် (၁၂၂၆ ခုနှစ်) (၁၈) နှစ်သားအရွယ်တွင် ရဲထွက်ရွာ အရှေ့ဘက် ဝေဒပါရဂူဆရာတော် အရှင်ဂန္ဓမာအထံ၌ ဗေဒင်ဘက်ဆိုင်ရာ ပညာရပ်များကို သင်ယူခဲ့သည်။ ယင်းသို့ သင်ယူရင်း ကြည့်ကန်ကိုရင်ကြီး၏ လင်္ကာကို နည်းယူပြီးလျှင် ဗိုလ်၊ သုဇာတာ၊ ဗျဂ္ဃတာ၊ ဇာတာဖွဲ့၊ သကြိန် တွက်လက်ရိုး၊ လင်္ကာများကို ဖွဲ့ဆို ရေးသားတော်မူခဲ့သည်။

သာမဏေဘဝဖြင့်ပင် မဟော် ဇာတ်ထုပ်နှင့် မဟော်ကျေးစေခန်းရတု၊ ရှင်ယောင်းလှည့်(သျှိုးလိုက်)ရတု၊ ကဗျာ များကိုလည်း ဖွဲ့ဆိုရေးသားတော်မူခဲ့ သည်။ ထို့ပြင် သဒ္ဒါဘက်ဆိုင်ရာ သဒ္ဒါ ကျမ်းငယ်များကို သင်ယူရင်း ဝစ္စဝါစက အကောက်ကျမ်းဟောင်းကို အားမရ သဖြင့် ဝစ္စဝါစကအကောက်ကျမ်းသစ် ကိုလည်း သာမဏေဘဝ ဆယ်ကျော် သက်ကပင် ရေးသားပြုစုခဲ့သည်။

အေဒီ ၁၈၆၆ ခုနှစ်၊ ဧပြီလ ၁၉ ရက် (သက္ကရာဇ် ၁၂၂၈ ခုနှစ်၊ ကဆုန် လဆန်း ၆ ရက်) ကြာသပတေးနေ့တွင် သာမဏေရှင်ဉာဏဓဇသည် စိုင်ပြင်ရွာ ကျောင်းမကျောင်းခန္တာသိမ်၌ ဆရာတော် အရှင်နန္ဒကို ဥပဇ္ဈာယ်ပြုကာ မြင့်မြတ် သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူ သည်။

အေဒီ ၁၈၆၇ ခုနှစ်၊ ဧပြီ ၁၉ရက်





www.burmeseclassic.com

www.burmeseclassic.com

(သက္ကရာဇ် ၁၂၂၉ ခုနှစ်၊ နယုန်လဆန်း ၅ ရက်) နေ့တွင် ပညာသင်ယူရန် မိမိ ရပ်ရွာမှနေ၍ မန္တလေးနေပြည်တော်သို့ ထွက်ခွာတော်မူသည်။ ထိုမိန့်မှာပင် စိုင်ပြင်ရွာမှ ခြေလျင်ခရီးဖြင့်ကြွတော်မူလေသည်။ ဝါဆိုအမီ မန္တလေး မဟာဇောတိကာရာမကျောင်းတိုက်သို့ရောက်တော် မူလေသည်။

အရှင်ဉာဏဇောသည် အေဒီ ၁၈၈၀ ပြည့်နှစ် (၁၂၄၂ ခုနှစ်) (၁၄)ဝါ အရတွင် စံကျောင်းဆရာတော်ကြီး၏ အမေးပုစ္ဆာ (၂၀) ထွက်ပေါ်လာသည်။ နိကာယ်ငါးရပ်ပိဋကတ်ကို မွှေနှောက်ချောက်ချားပြီး ယင်းအမေးပုစ္ဆာ (၂၀)ကို ပါဠိလို ရေးသားဖြေဆိုကာ စံကျောင်းဆရာတော်ကြီးအား ဆက်ကပ်လိုက်သည်။

ထို့နောက် အေဒီ ၁၈၈၆ ခုနှစ် (၁၂၄၈ ခုနှစ်) တွင် မုံရွာမြို့အနီး လယ်တီတောအုပ်ကြီး၌ ကျောင်းတိုက်တည်ထောင်ကာ တပည့်တပန်းရဟန်းသာမဏေများအား စာပေသင်ကြားပို့ချခဲ့ရာ ထိုအခါမှစ၍ လယ်ဆီဆရာတော်ဟူသောအမည်ဖြင့် ထင်ပေါ်ကျော်ကြားလာလေသည်။

ယင်းသို့ လယ်တီတိုက်တွင် စာပေပို့ချတော်မူနေသည့်ကြားမှ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဖွင့်ဖြစ်သော ပရမတ္ထဒီပနီဋီကာကို ပါဠိဘာသာဖြင့် အေဒီ ၁၈၉၈ ခုနှစ် (၁၂၅၉ ခုနှစ်) တွင် အပြီးရေးသား ပြုစုတော်မူသည်။

သို့ဖြင့် လယ်တီဋီကာပုံနှိပ်စာအုပ်အဖြစ်ထွက်ပေါ်လာသောအချိန် အေဒီ ၁၉၀၀ ပြည့်မှ ၁၉၃၅ ခုနှစ် (၁၂၆၂ ခုမှ ၁၂၉၇ ခုနှစ်လောက်အထိ) (၃၅) နှစ်တိုင်တိုင် မြန်မာနိုင်ငံ၌ ဋီကာစစ်ပွဲကြီးဖြစ်ပွားခဲ့လေသည်။ ယင်း (၃၅) နှစ်တာအချိန်ကာလအတွင်း ထွက်ပေါ်လာသော ဋီကာကျမ်းများမှာ (၄၀)ခန့်ရှိလေသည်။

လယ်တီဆရာတော်ဘုရားသည် အေဒီ ၁၈၉၅ ခုနှစ် (၁၂၅၇ ခုနှစ်) မှစတင်ကာ မြန်မာနိုင်ငံအရပ်ရပ်ဆီသို့ လှည့်လည်ကြွရောက်တော်မူပြီး ဝါဆိုသင့်သောအရပ်ဒေသများတွင် ဝါဆိုလျက် တွေ့ထိုက်သူဝေနေယျများတို့အတွက် နိယျာနိကာအစစ် ဗုဒ္ဓဘုရားရှင်အလိုလားဆုံးလည်းဖြစ်၊ အနှစ်သာရလည်းဖြစ်သော ဝိပဿနာရေအေးအမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော်မူခဲ့သည်။

ဆရာတော်ကြီး ကြွရောက်သီတင်းသုံးကာ တရားဟောရာဒေသများနှင့် ဝါဆိုရာဌာနများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အေဒီ ၁၈၉၅ ခုနှစ် (၁၂၅၇ ခုနှစ်) အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ ကြွရောက်တော်မူသည်။ မဟာဗောဓိမှအပြန်တွင် အမြို့မြို့အနယ်နယ်သို့ လှည့်လည်ကာ တရားဟောတော်မူ၏။ အေဒီ ၁၈၉၆ ခု၌ ဟံသာဝတီနယ် တွံတေးတောကြီးတန်း ဆပဂံတောရ၌ လည်းကောင်း၊ အေဒီ ၁၈၉၇ ခုနှစ်တွင် မုံရွာမြို့ လယ်တီတိုက်၌ လည်းကောင်း သီတင်းသုံးတော်မူသည်။

အေဒီ ၁၈၉၈ ခုနှစ် (၁၂၆၀ ပြည့်နှစ်) တွင် သေကျွတောင်ဆရာ[illegible]တော် အရှင်တိလောက၏ ပင့်လျှောက်ချက်အရ ကျိုက်ထိုမြို့နယ် သေကျွတောင်တွင် တစ်လခန့် သီတင်းသုံးတော်သည်။

အေဒီ ၁၈၉၉ ခုနှစ်တွင် မုံရွာမြို့ လယ်စဉ်ရွာ ဓမ္မိကာရုံကျောင်းတိုက်၊ ဓမ္မနန္ဒကျောင်း၌ လည်းကောင်း၊ အေဒီ ၁၉၀၀ ပြည့်နှစ်တွင် ဒီပဲယင်းမြို့မြောက်ဘက် မဟာမြိုင်တောကြီး၌လည်းကောင်း၊ အေဒီ ၁၉၀၀ ခုနှစ် သလ္လာဝတီမြစ်၏ အနောက်ဘက်၊ အလုံမြို့၏အနောက်ဘက်ရှိ ရွှေတောင်ဦး ကျောက်ဂူ၌ လည်းကောင်း ဝါဆိုတော်မူခဲ့သည်။

အေဒီ ၁၉၀၄ ခုနှစ်တွင် မုံရွာမြို့ အနောက်ဘက် လက်ပံတောင်းတောင် စကြာကျောင်း၌ လည်းကောင်း၊ အေဒီ ၁၉၀၆ ခုနှစ်တွင် မြင်းခြံမြို့ ရေကန်ကြီးအနီး၌ လည်းကောင်း ဝါဆိုတော်မူပြီးနောက် ရန်ကုန်မြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည် အေဒီ ၁၉၀၇ ခုနှစ်တွင် ပြည်မြို့ ဝိပဿနာကုန်းတောရ၌ ဝါဆိုတော်မူပြီးနောက် မန္တလေးမြို့သို့ ကြွရောက်ကာ မစိုးရိမ်တိုက်မှစတင်၍ တရားပွဲများ စဉ်ဆက်မပြတ် ကျင်းပဟောပြောတော်မူသည်။

အေဒီ ၁၉၀၈ ခုနှစ်တွင် မင်းလှမြို့ ပတ်တန်းတောရ၌ ဝါဆိုတော်မူပြီးနောက် စစ်တွေမြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။ အေဒီ ၁၉၀၉ ခုနှစ်တွင် မော်လမြိုင်မြို့ ကျိုက်သန်လန်တောင်တန်းရှိ အလံတိုင်တောင်ထိပ် ဝါဆိုကျောင်း၌ ဝါဆိုတော်မူပြီးနောက် ပုသိမ်မြို့သို့ကြွရောက်ကာ တရားဟောတော်မူသည်။

အေဒီ ၁၉၁၀ ပြည့်နှစ်တွင် သာပေါင်းမြို့၌ လည်းကောင်း၊ အေဒီ ၁၉၁၁ ခုနှစ်တွင် မုံရွာမြို့ မဟာလယ်တီတိုက်၌ လည်းကောင်း၊ ဝါဆိုတော်မူပြီးနောက် စစ်ကိုင်းမြို့၊ ရွှေဘိုမြို့၊ မန္တလေးမြို့၊ မိတ္ထီလာမြို့များသို့ ကြွရောက်ကာ တရားဟောတော်မူသည်။ ပလိပ်ရောဂါ ပပျောက်ရန် စီမံတော်မူသည်။

အေဒီ ၁၉၁၂ ခုနှစ်တွင် ရန်ကုန်မြို့ ညောင်တုန်းတိုက်၊ အေဒီ ၁၉၁၃ ခုနှစ်တွင် စစ်ကိုင်းမြို့၊ အေဒီ ၁၉၁၄ ခုနှစ်တွင် မန္တလေးမြို့ လယ်တီစံကျောင်း၊ အေဒီ ၁၉၁၇ ခုနှစ်တွင် ပျဉ်းမနားမြို့ အင်ကြင်းမြိုင်တောရ၊ အေဒီ ၁၉၁၈ ခုတွင် မုံရွာမြို့ မဟာလယ်တီတိုက်တို့၌ အသီးသီး ဝါဆိုတော်မူခဲ့သည်။

အေဒီ ၁၉၁၉ ခုနှစ်တွင် မြစ်သားမြို့၊ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ကျောက်ဝိုင်းကျောင်းတို့၌ ဝါဆိုတော်မူပြီးနောက် ပုသိမ်မြို့သို့ ကြွရောက်ကာ သိမ်သမုတ်တော်မူသည်။ ပုသိမ်မှအပြန်တွင် သာယာဝတီခရိုင် မင်းလှမြို့တွင် မန်လည်ဆရာတော်ဘုရားကြီးနှင့် ပထမဆုံးအကြိမ်တွေ့ဆုံတော်မူ၏။ ထို့နောက် ဆရာတော်ကြီးနှစ်ပါးသည် ရန်ကုန်မြို့သို့ ကြွရောက်ကာ တရားပွဲကြီးများ ကျင်းပဟောကြားတော်မူကြသည်။

အေဒီ ၁၉၂၁ ခုနှစ်တွင် ကတ္တန်သတ္တုတွင်း၊ အေဒီ ၁၉၂၂ ခုနှစ်တွင် စစ်ကိုင်းမြို့ ဇေတဝန်တိုက်၊ အေဒီ ၁၉၂၃ ခုနှစ်တွင် ပျဉ်းမနားမြို့ လယ်တီစံကျောင်း၌ နောက်ဆုံးဝါတော်မူသည်။

၇-၁၁-၁၉၁၅(တနင်္ဂနွေနေ့)တွင် မြန်မာနိုင်ငံအစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လျှုဒါန်းတော်မူသည်။ အေဒီ ၁၉၀၃ ခုတွင် နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်းကြီးကို ကြီးမှူးတည်ထောင်ပြီးလျှင် လန်ဒန်မြို့တွင်ရှိ ဘရိတ်ဘရိတန်အိုင်ယာလန်ဗုဒ္ဓဘာသာသာသနာပြုအသင်းကြီးနှင့်လည်းကောင်း၊ လန်ဒန်ပါဠိစာပေအသင်းကြီးနှင့်လည်းကောင်း ဆက်သွယ်ကာ နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ ဗုဒ္ဓသာသနာတော်ပျံ့နှံ့ရောက်ရှိရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းတော်မူခဲ့၏။ အေဒီ ၁၉၂၀ ခုနှစ်၊ နတ်တော်လတွင် ရန်ကုန်တက္ကသိုလ်ကျောင်းကြီးဖွင့်လှစ်သည့်အထိမ်းအမှတ်အဖြစ်ဖြင့် တက္ကသိုလ်အဓိပတိဖြစ်သူ မြန်မာပြည်ဘုရင်ခံက စာပေပါရဂူ(ဒီလစ်)ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းသည်ကို ခံယူရရှိတော်မူသည်။

**□ လယ်တီဆရာတော်ဘုရားကြီး ငယ်စဉ်အခါက သာသနာ့ရေးကြိုးပမ်းမှုများ**

လယ်တီဆရာတော်ဘုရား ဟူ၍



www.burmeseclassic.com

www.burmeseclassic.com

ဟိုးဟိုးကျော်စောတော်မူသောအခါတွင် ပစ္စေကဗုဒ္ဓါလောက်နီးနီး တန်ခိုးကြီးသည်ဟူ၍ပင် ကြည်ညိုစွာ တင်စားကြပါသည်။ ထိုသို့မဖြစ်မီ ငယ်စဉ်ကာလ ကြိုးပမ်းမှုတို့ကို ဖော်ပြပါမည်။

လယ်တီဆရာတော်ဘုရားသည် နှစ်ပေါင်း (၂၀) လုံးလုံး နံနက်တိုင်း (၄) နာရီတွင် လယ်တီတစ်တိုက်လုံး တံမြက်စည်းလှည်းသည်ဟူသောအချက်ကြီးကလည်း အံ့ဖွယ်ဖြစ်သည်။ ဆရာတော်သည် နှစ်ပေါင်း (၂၀) လုံးလုံး နံနက် (၃) နာရီတွင် သံဃာတော်များ ချိုးရန်၊ သုံးရန်ရေကိုခပ်တော်မူသည်ဟူသော ပါရမီတော်ကြီးမှာ အံ့ဖွယ်ဖြစ်၏။ ဆရာတော်သည် နှစ်ပေါင်း (၂၀) လုံးလုံး တစ်မြို့လုံးဆွမ်းခံခြင်းဖြင့် စာသင်သားအပေါင်းတို့အား ဆွမ်းခံကျွေးခြင်း တည်းဟူသော ပါရမီတော်ကြီးမှာ အံ့ဖွယ်ဖြစ်၏။ ဆရာတော်သည် နှစ်ပေါင်း (၂၀) လုံးလုံး ဆွမ်းခွက်ပန်းကန်တို့ကို ကိုယ်တော်တိုင်ဆေးတော်မူသည်ဟူသော ပါရမီတော်ကြီးမှာ အံ့ဖွယ်ဖြစ်၏။ သံဃာ့ကိစ္စ၊ သံဃာ့ဝန်၊ သံဃာ့ကျွန်များ၊ ကျေပွန်အောင် ထမ်းဆောင်ရခြင်းသည် လွန်စွာမွန်မြတ်လှသောလုပ်ငန်းကြီးဟု မကြာမကြာ မိန့်မြွက်တော်မူသည်။

လယ်တီဆရာတော်ကြီး၏ပညာပါရမီတော်ကိုသိသာရန် ရထားပေါ်တွင်ပင် အပြီးရေးတော်မူသော ပဋိစ္စသမုပ္ပါဒ်ဖျို့လင်္ကာ (၁၃) ပုဒ်ကို ကြည့်ခြင်းအားဖြင့် သိသာနိုင်ပါသည်။

အေဒီ ၁၈၉၅ ခု၊ ဇန်နဝါရီ ၃၁၊ သောကြာနေ့တွင် မဟာဗောဓိသို့ဖူးမြော်သွားရာ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ အထွက် မီးရထားထက်တွင် -

- *ဗောဓိရတနာ၊ ယာဉ်စကြာဖြင့်၊ သစ္စာလေးရပ်၊ လေးကျွန်းပတ်သား၊ နတ်ဝိသုဒ္ဓိ၊ တုမရှိသား၊ ကြိဒ္ဓါရုံ ရှိန်း ဦးခလျက်၊ ဘဝသုံးပါး၊ ဟုန်းဟုန်းသွားသည်။ ရထားသံသရာ၊ ယာဉ်စကြာ၏၊ ခြင်းရာထုပ္ပတ်၊ သမုပ္ပါဒ်ကို၊ အဓာပ်သိရန်၊ နိဒါန်းပြန်ပိမ့်၊ အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျလျက်။*

အစရှိသော ပဋိစ္စသမုပ္ပါဒ်ဖျို့လင်္ကာ (၁၃) ပုဒ်ကို စီရင်ရေးသားလာရာ ရန်ကုန်မြို့သို့ဆိုက်လျှင် လင်္ကာပြီးစီးလေသည်။

သင်္ဘောကိုတက်စီး၍ ဘင်္ဂလားမြို့သို့ကူးရာ လေးညဥ့်ငါးရက်ပတ်လုံး ကမ်းမမြင်သောပင်လယ်ပြင်မှာရေးသားသော ဂုဏ်းလင်္ကာ(၁၃)ပုဒ်အဖြေ ဘင်္ဂလားမြို့မှ မဟာဗောဓိပင်နှင့်တကွ ကုသိနာရုံ ဗာရာဏသီ စသောတိုင်းကြီးပြည်ကြီးများကိုလှည့်ပတ်ရာ လမ်းစဉ်တစ်လျှောက်မှာရေးသားသောအဖြေ၊ ဂုဏ်းအဖြေတို့ကို စုပေါင်း၍ ပဋိစ္စသမုပ္ပါဒ်ဒီပနီအမည်ဖြင့် စာအုပ်ထွက်ပေါ်လာခဲ့လေသည်။

မဟာဗောဓိသို့ရောက်၍ ဖူးမြော်ပူဇော်ရာ မြတ်စွာဘုရား၏ ဂုဏ်တော်တွေ တဖွားဖွားပေါ်ပေါက်လာသည်။ ထိုအခါ မြတ်စွာဘုရားကိုယ်စားပြု၍ သတ္တဝါများကို ဆင်းရဲဒုက္ခမှကယ်ဆယ်လိုသောစိတ်ဖြစ်ပေါ်လာသည်။ ဤသို့ဖြစ်ပေါ်လာသည့်အတိုင်း ကယ်တင်နိုင်ရပါစေသားဟု ဆုတောင်းပတ္ထနာပြုလျက် အလွန်ကြည်ညိုလှသောစိတ်ဖြင့် ကုန်းသတ္တဝါတို့၏အသားများကို မဟာဗောဓိအားလှူတော်မူလေသည်။ ထိုနှစ်သည် အေဒီ ၁၈၉၅ ခုနှစ် (သက္ကရာဇ် ၁၂၅၇) ဖြစ်လေသည်။

မဟာဗောဓိမှအပြန် သက္ကရာဇ် ၁၂၅၇ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်နေ့တွင် ရန်ကုန်တစ်ဖက်ကမ်း ဒလတောကြီးတန်း ဆပဂံတောရကျောင်းတွင် အောင်မြေအဖြစ်သတ်မှတ်ကာ အာနာပါနကမ္မဋ္ဌာန်းလုပ်ငန်းကြီးကို ဆက်လက်ထူထောင်တော်မူပြန်သည်။ သက္ကရာဇ် ၁၂၅၈ ခုနှစ်၊ တပေါင်းလတွင် ဒလတောကြီးတန်းမှ ပြန်ကြွလာတော်မူသည်။

သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်တွင် မုံရွာမြို့ လယ်တီတိုက်ကြီးအတွင်း အတောင်မြောက်ဆယ်ရှိ စကြိန်ကျောင်းကြီး၌ ဝါကပ်နေထိုင်စဉ် လက္ခဏာဒီပနီ၊ ပုဂ္ဂလဝါဒကမ္မဋ္ဌာန်းကျမ်းများ ရေးသားပြုစုခဲ့သည်။

သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလ၌ ကျိုက်ထိုမြို့ သေက္ခုတောင်တပည့် ဦးတိလောက ပင့်လျှောက်ချက်အရ လယ်တီတောရကျောင်းမှ နေ၍ ကျိုက်ထို သေက္ခုတောင်အထိ ရေကြောင်း၊ ကုန်းကြောင်းတို့ဖြင့် အပင်ပန်းခံကာ ကြွတော်မူသည်။ ထိုသေက္ခုတောင်တွင် တရားအားထုတ်တော်မူခိုက် ထူးခြားသောအချက်တစ်ခုမှာ ညနေစောင်း (၄) နာရီတွင် ကပ္ပိယဒါယကာ မောင်စမုံသည် အဖျော်ရည်ကပ်ရန်အတွက် ဆရာတော်ကြီးကမ္မဋ္ဌာန်းအားထုတ်သော သစ်ခက်သစ်မ်းကျောင်းသို့လာရာ ဝါးတစ်ရိုက်အနီးသို့ရောက်၍ ဆရာတော်ကြီးအားလှမ်းကြည့်လိုက်ရာ မြေပြင်မှနှစ်တောင်ခန့်အကွာ ကောင်းကင်တွင် တင်ပျဉ်ခွေလျက် မျက်လွှာချကာ သီတင်းသုံးနေသည်ကို တွေ့မြင်၍ အံ့အားသင့်ကာ ဖျော်ရည်ခွက်ကြီးကိုင်ပြီး ရှေ့မတိုးဝံ့ဘဲ နောက်ဆုတ်ပြီး ဦးနန္ဒမာလာ၊ ဦးဝိသုဒ္ဓ၊ ဦးဇဝနတို့အား ယင်းအကြောင်းကို လျှောက်တင်ရာ ထိုတပည့်ကြီးများကလည်း မနီးမဝေးက တစေ့တစောင်းကြည့်ရှုကြသည်။ ကပ္ပိယပြောသည့်အတိုင်း မှန်ကန်စွာ တွေ့မြင်ရ၍ သေက္ခုတောင်ဆရာတော်ဦးတိလောကအား လျှောက်ကြပြန်ရာ ကျေးဇူးရှင်ဆရာတော်ကြီးသက်တော်ထင်ရှားရှိနေသမျှ ကာလပတ်လုံး တခြားမည်သူ့ကိုမျှမပြောရဟု နှုတ်ပိတ်စကားပြောကြားလေသည်။

သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်တွင် ကျိုက်ထိုသေက္ခုတောင်မှ ဘီလင်းမြို့နယ်ရှိ ကုသိနာရုံ ဆံတော်ရှင်စေတီသို့ အဖူးအမြော်ရောက်သောအခါ ထိုကုသိနာရုံ ရှိသေ့ဆရာ၏လျှောက်ထားချက်ကြောင့် သက္ကာယဒိဋ္ဌိဟုဆိုအပ်သော အတ္တဝါဒ ပါဒန်ဖြိုဖျက်ရသော ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းကို ရေးသားတော်မူသည်။

အေဒီ ၁၉၀၀ ပြည့်တွင် မဟာမြိုင်တောကြီး၌ ဝါကပ်နေထိုင်တော်မူသည်။ ထိုမဟာမြိုင်ကြီးသည် ဒီပဲယင်းမြို့၏ မြောက်စွန်းမှ ဟိမဝန္တာတောင်အရှေ့စွန်းနှင့် ကပ်လျက်တည်ရှိသည်။ ထိနမိဒ္ဓကို နိုင်နင်းအောင် ငါသည် အိပ်မှုက္ကရိယာပုတ်ကြီးကို နိုင်နင်းအောင် ဖျက်ဆီး၍ပစ်အံ့ဟု တစ်ညလုံးမအိပ်ဘဲ ကျောက်နံရံကိုမှီ၍ ကျင့်ကြံအားထုတ်ခဲ့သည်မှာလည်း ထူးခြားသောပါရမီဖြည့်ဆည်းခြင်းပင်။ တစ်ဝါတွင်းလုံး အားထုတ်တော်မူသည်။

အေဒီ ၁၉၀၁ ခုတွင် သလ္လာဝတီမြစ်အနောက်ဘက်ကမ်းရှိ ရွှေတောင်ဦးကျောက်ဂူ၌ဝါကပ်တော်မူစဉ် အာဟာရဒီပနီ၊ အနတ္တဒီပနီကျမ်းတို့ကိုပြုစုတော်မူလေသည်။ ထိုတောင်၌နေတော်မူစဉ် သလ္လဟုကဝုတ္တိ၊ သဏ္ဌိဂုဏ်တို့နှင့် အထူးပြည့်စုံစွာ နေထိုင်အားထုတ်တော်မူသည်။

ရွှေတောင်ဦး၌ သီတင်းသုံးတော်မူစဉ် အံ့ဩဖွယ်ကောင်းသောအချက်ကား ဂုဏ်းတောင်ကျောက်ဂူထဲတွင် ငါးလတာမျှ တစ်ပါးတည်းနေတော်မူလျက် အားထုတ်တော်မူနေစဉ် အဖျားရောဂါ

www.burmeseclassic.com

ကြီးနှိပ်စက်၍လာသည်။ ဆရာတော်၌ စွဲကပ်နေသောဝေဒနာကို လူမှန်းမသိ တစ်ချက်သိတစ်ချက်နှင့်သည်းခံတော်မူရ၏။ ထိုအခါ ကျောက်ဂူ၏တစ်ခုသော ထောင့်ကွေ့တွင် ဖြူစင်သောအဝတ်နှင့် နတ်လား၊ လူလားမသိသူတစ်ယောက် ဆရာတော်ကြီးကို စောင့်ရှောက်နေသည်။ နံနက်လင်း၍ ဆွမ်းခံချိန်ရောက်သောအခါ ဆွမ်းခံရွာမှဒါယကာများလာ၍ အကြောင်းခြင်းရာကိုမေးမြန်းပြီးလျှင် ရွာ၌ကုသဖို့ လျှောက်ထားကြသည်။ ထိုလျှောက်ထားချက်ကိုပယ်တော်မူ၍ မုံရွာသို့ရောက်အောင်ပို့ကြပေတော့ဟု မိန့်တော်မူ၏။ ဒါယကာတို့လည်း ထမ်းစင်ကုလားထိုင်နှင့်ထမ်းကြရာ ကုလားထိုင်ပေါ် ရောက်သည်နှင့် သတိမေ့လျက် အိပ်ပျော်သွားရာ သလ္လာဝတီမြစ်အရှေ့ဘက်ကမ်း ဦးစံချိန်ကျောင်းရောက်မှ သတိရ၍နိုးလာပြီး ညဥ့်က ဂူထဲကလူဖြူကလိုက်၍ စောင့်ရှောက်နေသည်ဟု မိန့်တော်မူလေသည်။

သလ္လာဝတီမြစ်ကမ်းခြေရှိ လက်ပံတောင်းတောင်သည် ဆရာတော်ကြီး အောင်မြေ ဖြစ်ပါသည်။ အေဒီ ၁၉၀၄ခု၊ လက်ပံတောင်းတောင် အတောင် (၆၀) ရှိသော စကြံန်ကျောင်းကြီးတွင် ဝါကပ်တော်မူစဉ် သမ္မာဒိဋ္ဌိဒီပနီ၊ စတုသစ္စဒီပနီ၊ ကမ္မဋ္ဌာနဒီပနီကျမ်းတို့ကို ပြုစုတော်မူသည်။ (လက်ပံတောင်းတောင်သည် မုံရွာမြို့၏အနောက်ဘက် သုံးမိုင်ခန့်ကွာသော သလ္လာဝတီမြစ်ကမ်းနားတွင် တည်ရှိလေသည်။)

အဆိုပါတောင်ခြေ သလ္လာဝတီမြစ်ကမ်းစပ်၌ နေ့သန့်စင်ရန် ယာယီဆောက်လုပ်ထားသောကွပ်ပျစ်ခေါ်တွင် ညနေအေးအချိန် ရေကသိုဏ်းရှုပြီး၍ ခေတ္တအနားယူနေစဉ် ဟောင်းနွမ်းသော အဝတ္ထနှင့် လူတစ်ယောက်သည် ဆရာတော်ကြီး၏ ခြေတော်ရင်းသို့လာ၍ ရှိခိုးဝတ်ချပြီးလျှင် လွယ်အိတ်ထဲမှတစ်စုံတစ်ခု ထည့်ထားသောပုလင်းကိုထုတ်၍ ဆရာတော်ကြီးသည် တစ်ကမ္ဘာလုံးသာသနာပြုမည့်ပုဂ္ဂိုလ်ဖြစ်လာလိမ့်မည်။ ထိုအခါ အနာရောဂါကင်းရှင်းမှသာ သာသနာပြုလုပ်ငန်းတွင်ကျယ်လာမည်။ သို့အတွက် ဆရာတော်အား ပြာများလှူလိုပါသည် ဘုရားဟု လျှောက်ရာ ဆရာတော်က ဝရုမထားသလို မင့်ပြာက စားဖို့လယ်ပြာလားဟု မိန့်လိုက်သောအခါ • ၎င်းလူသည် ဆရာတော် ငါ့ကို အထင်သေးလှချေလားဟု မိမိအစွမ်းကိုပြလို၍ ဆရာတော်ကြီးရှေ့မှောက်တွင် တင်ပျဉ်ခွေပြီး သလ္လာဝတီမြစ်ရေပြင်သို့ ခုန်ချလိုက်ရာ ရေပြင်ပေါ်တွင် တင်ပျဉ်ခွေဖြင့်ပေါလောပေါ်လျက် အောက်သို့ မစုန်ဆင်းဘဲ အထက်သို့ဆန်တက်၍ မျက်စိတစ်ဆုံးကြည့်ရင်းနှင့် ကွယ်ပျောက်သွားလေသည်။

ထိုအကြောင်းကို ဆရာတော်ကြီးက တပည့်ဦးပဏ္ဍိတ၊ ဦးနာဂနှင့် ကပ္ပိယမောင်ရွှေအောင်တို့အား မိန့်ကြားရာ တပည့်များက သာမညပုဂ္ဂိုလ်ဟုတ်မည်မထင်။ နတ်သော်လည်းကောင်း၊ စိဇ္ဇာသော် လည်းကောင်း၊ ဇော်ဂျီသော်လည်းကောင်း၊ တန်ခိုးကြီးသောပုဂ္ဂိုလ်လည်းကောင်းဖြစ်ပါလိမ့်မည်ဟုလျှောက်ကြားကြလေသည်။

သက္ကရာဇ် ၁၂၆၅ ခုနှစ်၊ တပေါင်းလတွင် မန္တလေးမြို့သို့ ကင်းဝန်မင်းကြီး၏ပင့်လျှောက်ချက်အရ လက်ပံတောင်းတောင်မှထွက်ကြွတော်မူပြီး နန်းမြို့တော်အတွင်း ကင်းဝန်မင်းကြီး၏ အိမ်ဦး၌ တရားသဘင်ဆင်ယင်ကျင်းပတော်မူလေသည်။ လယ်တီဆရာတော်ကြီးသည် ယောအတွင်းဝန်ဦးဖိုးလှိုင်၏ လမ်းညွှန်ချက်များကိုရယူ၍ စကားပြေအရေးအသားတွင် ထူးချွန်ပြောင်မြောက်ခဲ့ကြောင်း ကိုယ်တော်တိုင် ဖွင့်ဟဝန်ခံခဲ့ပါသည်။ ကင်းဝန်မင်းကြီး၏အိမ်ဦးတွင်ပင် အာနာပါနဒီပနီကျမ်းကို ရေးသားတော်မူသည်။

သက္ကရာဇ် ၁၂၆၆ ခု၊ ကဆုန်လ၌ ပျဉ်းမနားမြို့၏မြောက်အရပ်၌ရှိသော အင်းကြင်းမြို့တောအုပ်၌ သီတင်းသုံးစဉ် ဘာဝနာဒီပနီကျမ်း၊ ဗောဓိပက္ခိယဒီပနီကျမ်း၊ သဒ္ဒသံခိပ်ကျမ်းတို့ကို ရေးသားတော်မူသည်။ သက္ကရာဇ် ၁၂၆၇ ခုနှစ်၊ ဝါခေါင်လတွင် မြင်းခြံမြို့ ရေကန်ကြီးအနီး၌ ဝါကပ်သီတင်းသုံးတော်မူနေစဉ် ပရမတ္ထသံခိပ်အသင်း၊ ဗုဒ္ဓစသမုပ္ပာဒ်အသင်းစသော ဝိပဿနာအသင်းများ ထူထောင်တော်မူ၍ အဘိဓမ္မာတရားတော်ကြီးများကို ဟောကြားတော်မူလေသည်။

သက္ကရာဇ် ၁၂၆၈ ခုနှစ်တွင် သီရိခေတ္တရာမည်သော ပြည်မြို့ဝိပဿနာကုန်းတောရ၌ ဝါဆိုတော်မူ၏။ ၎င်းနှစ်တော်သလင်းလ ဟင်္သာတနယ်တွင် နောက်မိုးကြီးခေါင်၍ လယ်သမားများ အခက်ကြုံတွေ့နေရ၏။ အစိုးရရုံးတော်များ၌ လယ်ပျက်လျှောက်လွှာများ ပလုံပုံသလိုရောက်ရှိသလာသဖြင့် ရေဝတီတိုင်းဒေသကြီး မင်းကြီးမက်ကာဆွဲသည် ဟင်္သာတမြို့သို့ရောက်လာ၏။ ဟင်္သာတနယ်တွင် နောက်မိုးကြီးပြတ်၍ စပါးပင်များ သေကျေပျက်စီးမည့်ကိန်းဆိုက်နေသဖြင့် မင်းကြီးက အရေးပိုင်၊ နယ်ပိုင်မှစ၍ မြို့ရွာရှိ လူကြီးလူကောင်းတို့အား ဖိတ်ကြားပြီး လယ်တီဆရာတော်ကြီးကို ပင့်၍ တရားပွဲပြုလုပ်ရမည်ဟု အမိန့်ရှိ၏။

အချို့က တီးတိုးစကားပြောဆိုကြသည်မှာ လယ်တီဆရာတော်နှင့် မိုးခေါင်တာ ဘာဆိုင်လဲ၊ သူ့ရာသီနှင့်သူ ဖြစ်တာဟု ဆိုကြသည်။ မင်းကြီးအမိန့်ကို မလွန်ဆန်နိုင်၍ တချို့လူကြီးများက ပြည်မြို့သို့သွား၍ ဆရာတော်ကြီးကိုပင့်ကြသည်။ ဆရာတော်ကြီးအထံတော်သို့ရောက်ကြ၍ ဟင်္သာတမြို့သို့ တရားဟောကြွတော်မူရန် လျှောက်ထားကြရာ ဆရာတော်ကြီးက မိန့်တော်မူသည်မှာ-

“မင်းတို့အပင့်လာတာက ဝါတွင်းကြီးပါလားကွယ့်။ ဝါများကျွတ်၍ခြေခင်းလက်ခင်းသာမှ တရားပွဲပြုလုပ်လျှင် မသင့်တော်ပေဖူးလားကွယ့်”

“မှန်လှပါဘုရား၊ တရားပွဲဆိုသော်လည်း မိုးရွာဖို့ကအရေးကြီးနေပါသည်ဘုရား။ ယခုနှစ် ဟင်္သာတနယ်မှာ မိုးခေါင်သဖြင့် လယ်သမားများ အခက်ကြုံနေရပါသည်။ နောက်တစ်ပတ်မျှ ရေမတွေ့ရလျှင် စပါးပင်များဆုတ်ယုတ်၍ လူတွေငတ်မွတ်ခေါင်းပါးခြင်းနှင့်တွေ့ကြုံရပါတော့မည်ဘုရား။ ယခုအခါ ငါး၊ ဖား၊ ပုစွန်များလည်း ရေပြတ်ငတ်မွတ်၍ သေကျေပျက်စီးကုန်ပါပြီ။ ဤအကြောင်းများကြောင့် ဧရာဝတီမင်းကြီးက ဆရာတော်ကြီးကိုမပါပါအောင်ပင့်ကြရမည်ဟု အမိန့်ရှိ၍ ဆရာတော်ကြီးအထံရောက်ကြရပါသည်ဘုရား”

ဟု ရှိခိုးလျှောက်ထားကြ၏။

ဆရာတော်ကြီးက လူ၊ သတ္တဝါ၊ တိရစ္ဆာန်တို့သေကျေပျက်စီးမည့်ဘေးမှ လွတ်ကင်းအောင်ကာကွယ်စောင့်ရှောက်လိုသောကြောင့် ဟင်္သာတသို့ကြွသည်။ ထိုညမှစတင်ပြီး အနှစ်နှစ်ဆယ်ကျော် ရေဝတ်ကြီးကို အောက်မေ့ဆင်ခြင်တော်မူခြင်း၊ ငါးရံ့မင်းပရိတ်တော်ကြီးကို ပုတီးစိပ်တော်မူခြင်း၊ နတ်ကောင်းနတ်မြတ်တို့အား အထူးမေတ္တာပို့ခြင်းတို့ကို ပြုလုပ်တော်မူသည်။ ဆရာတော်ကြီးကို ပင့်လာသော မီးသင်္ဘောသည် ဟင်္သာတမြို့သို့ ဆိုက်ကပ်ခါနီးတွင် ကောင်းကင်တစ်ခုလုံးသည် ရုတ်တရက်အုံ့ဆိုင်းအနေ



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းပြီး မိုးတိမ်တွေအုံ့ဆိုင်းကာ မိုးကြီးသည်းထန်စွာဖြင့် ရွာသွန်းချလိုက်ရာ တစ်နာရီခွဲမျှကြာလေသည်။ ဆရာတော်ကြီး၏မေတ္တာတော်ကား ကြီးမားလှပေစွ။

တစ်နေ့ ယိုးဒယားနယ်စပ်တွင်နေသော ရသေ့ဆရာသည် ဆရာတော်ကြီးခြေတော်ရင်းကို ဖူးမြော်ရန်ရောက်လာသည်။

ရသေ့ဆရာလျှောက်ထားပုံမှာ -

"ဆရာတော်ကြီးသည် ပလိပ်ရောဂါကိုကာကွယ်ရန် ရောဂနိဒ္ဒါနပနီကျမ်းကို စီရင်တော်မူပါသည်။ ဆရာတော်ကြီးအား အက္ခရာ (စ-မ) တံဆိပ်လှူဒါန်းပါရစေ"

ဆရာတော်ကြီးက -

"ဆရာရသေ့ရဲ့ အက္ခရာ (စ-မ) တံဆိပ်အကျိုးသွားနဲ့ အကြောင်းအရာကို စုံလင်စွာ ပြောပြစေလိုတယ်"

ဟု အမိန့်တော်ရှိရာ ရသေ့ဆရာက -

"တစ်နေ့သ၌ တပည့်တော်ဆွမ်းခံမနေသောတော်ရွာမှာ ပလိပ်ရောဂါဖြစ်ပါသည်။ ညဦးအခါ အိပ်မက်မြင်မက်သည်မှာ တပည့်တော်၏ကျောင်းသင်္ခမ်းသို့ ဝတ်ဖြူစင်ကြယ်နှင့် လူ (၁၀) ယောက် ရောက်လာပါသည်။ အကြီးအမှူးလုပ်သူက တပည့်တော်အားပြောသည်မှာ -

'ဆရာရသေ့၏အပေါ်၌ ကျေးဇူးများနေသောရွာ၌ ပလိပ်ရောဂါဖြစ်နေသည်ကို အဘယ်ကြောင့်လျစ်လျူရှုနေသနည်း'

တပည့်တော်က -

'ထိုအန္တရာယ်ကို ပျောက်ငြိမ်းအောင်မတတ်နိုင်ပါ'

'ဒါဖြင့် ထိုအန္တရာယ်ကို ပျောက်ငြိမ်းရန် နည်းကောင်းပေးပါမည်။ ခဲတံနှင့် စက္ကူပေးပါ'

ဟုတောင်းရာ တပည့်တော်က -

'တောထဲမှာ ခဲတံနှင့်စက္ကူဘယ်ရှိမှာလဲ'

ထိုအခါ အကြီးအမှူးက နောက်ပါ လူတစ်ယောက်အား သစ်ရွက်တစ်ခုကို အခူးခိုင်းလိုက်ပါသည်။ ကျောင်း၏လှေကားရင်းတွင်ရှိသော ငှက်ပျောရွက်ကိုခူးယူခဲ့ပါသည်။ ၎င်းငှက်ပျောရွက်ပေါ်တွင် တစ်ကြောင်းဆွဲကာ အက္ခရာ **(စ-မ) တံဆိပ်ကိုရေးဆွဲပြီး အဲဒီအက္ခရာတံဆိပ်သည် ပလိပ်ရောဂါကို ပျောက်ငြိမ်းစေတတ်သည်ဟု ပြောပြီးပျောက်ကွယ်သွားကြပါသည်။**

နံနက်မိုးလင်းသောအခါ အနားတွင်ချထားသောငှက်ပျောရွက်ကိုကြည့်ရာ အက္ခရာ (စ-မ)တံဆိပ်ကိုတွေ့ရ၍ ထန်းရွက်၊ ပေရွက်၊ စက္ကူရွက်တို့တွင် စ-မရေးပြီး ရေတွင်စိမ်၍တိုက်ခြင်း၊ ပက်ဖျန်းခြင်း၊ လည်၌ဆွဲထားခြင်းတို့ကိုပြုလုပ်စေရာ နေ့ချင်းညချင်းပင် ရောဂါပျောက်ကင်းသွားပါကြောင်း၊ သို့ပါ၍ ဆရာတော်ကြီးသည် တစ်နိုင်ငံလုံး၏ ကျေးဇူးရှင်ကြီးဖြစ်တော်မူသည့်အတိုင်း ဤအက္ခရာ (စ-မ) တံဆိပ်ကို အသုံးပြုတော်မူပါဘုရား"

ဟု လျှောက်ထားသွားပါသည်။

ဆရာတော်ကြီးသည် (စ-မ) တံဆိပ်ကို မီးခြစ်၊ စည်သွပ်ပြားတွင်ရေး၍ လက်ဖွဲ့ပြုလုပ်ပြီးလျှင် ဘုရားရှေ့တော်တွင် ဂုဏ်တော်ကိုးပါးနှင့် ပဋ္ဌာန်း ၂၄-ပစ္စည်းတို့ကို ရွတ်ဖတ်မန်းမှုတ်ပြီးလျှင် နွားသား၊ ကျွဲသားရှောင်သူတို့အား တစ်လုံးစီ ချီးမြှင့်တော်မူသည်။

ဆရာတော်ကြီးသည် စာရေးတော်မူသောအခါ မင်ကိုမသုံး၊ ခဲတံကိုသာ တွင်တွင်ကြီးအသုံးပြုခဲ့ကြောင်း လေ့လာ တွေ့ရှိခဲ့ရပါသည်။ လယ်တီတိုက်ကြီးတွင် သီတင်းသုံးတော်မူစဉ် နေ့အခါ စာချခြင်းလုပ်ငန်း၊ ညဦးအခါ စာရေးခြင်းလုပ်ငန်းကို ပြုလုပ်တော်မူသည်။ ခဲတံချွန်ရန် ဦးပဉ္စင်းဦးရေဝတအား ခဲတံဝန်ခန့်ထားတော်မူသည်။ ခဲတံဝန်သည် နံနက်တိုင်း ခဲတံချောင်းရေ တစ်ရာကျော်နှစ်ရာခန့် အမြဲချွန်ပေးတော်မူရသည်။ ဆရာတော်ကြီးသည် စာရေးတော်မူသောအခါ ရေနံဆီမီးခွက်ကသေးသဖြင့် ရေနံဆီပုံးကြီးကို မီးခွက်အဖြစ်သုံးတော်မူခဲ့ကြောင်း အံ့ဖွယ်ဝိရိယတော်ကို လေ့လာတွေ့ရှိရပါသည်။

လယ်တီဆရာတော်ကြီးသည် သာသနာပြုကြွတော်မူရာ လမ်းခရီးစဉ်များမှာ -

မန္တလေးမြို့၊ အမရပူရမြို့၊ မြို့ဟောင်း၊ မြစ်ငယ်၊ ကျောက်ဆည်၊ မြစ်သား၊ ကူမဲ၊ သဲတော၊ ဝမ်းတွင်း၊ အင်းမကြီး၊ သိမ်တောင်၊ သာစည်၊ မိတ္ထီလာ၊ တောင်သာ၊ မလှိုင်၊ ပန်းအိုင်၊ ရှုံးစည်ကြီး၊ မြင်းခြံ၊ နွားထိုးကြီး၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ပျဉ်းမနား၊ လယ်ဝေး၊ တောင်တွင်းကြီး၊ တောင်ငူ၊ ဖေယျဝတီ၊ ဖြူး၊ ကညွတ်ကွင်း စသော ရန်ကုန်-မန္တလေး မီးရထားလမ်းတစ်လျှောက်၊ ရန်ကုန်-ပြည်မီးရထားလမ်းတစ်လျှောက်၊ ပျဉ်းမနား - တောင်တွင်းကြီး မီးရထားလမ်းတစ်လျှောက်၊ ဟင်္သာတ - ပုသိမ်မီးရထားလမ်းတစ်လျှောက်၊ ပဲခူး - မော်လမြိုင်မီးရထားလမ်းတစ်လျှောက်၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြို့ကြီးမြို့ငယ်များမှာ တရားပွဲမဏ္ဍပ်သဘင်တို့ကို ခင်းကျင်းစီမံပြုလုပ်ကြသည်မှာ နတ်ဘုံနတ်နန်းတမျှ အလွန်ထူးကဲကြီးကျယ်လှပေသည်။

အေဒီ ၁၉၁၇ ခု၊ အောက်တိုဘာ ၁၄ ရက်၊ (၁၂၇၉ ခုနှစ်၊ သီတင်းကျွတ် လကွယ်နေ့) တနင်္ဂနွေနေ့တွင် မုံရွာလယ်တီတိုက်မှထွက်တော်မူ၍ ၎င်းနေ့ ညနေ (၅) နာရီအချိန်တွင် တွင်းကြီးတောရသို့ ဆိုက်ရောက်တော်မူသည်။ အေဒီ ၁၉၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် (၁၂၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်) တနင်္လာနေ့မှစတင်၍ တစ်နေ့နှင့်တစ်ည (၂၄ နာရီ)လျှင် ဗုဒ္ဓမဟာသရဏဂုံတော်ကြီး၊ ဓမ္မမဟာသရဏဂုံတော်ကြီး၊ သံဃာ့မဟာသရဏဂုံတော်ကြီး အကြိမ်ပေါင်း (၁၄၄၀၀) နေ့စဉ်မစဲ အမြဲမပြတ် ပုတီးစိပ်ပြီးပြုလုပ်တော်မူရာ တပေါင်းလကွယ်အထိ ငါးလတိုင်တိုင် ဖြစ်ပါသည်။ မဟာသရဏဂုံတော်ကြီးအကြိမ်ပေါင်း နှစ်သန်းတစ်သိန်းတစ်သောင်းခြောက်ထောင်ရှစ်ရာဖြစ်ပါသည်။

ဤကဲ့သို့ (၅) လတိုင်တိုင် ကြံ့ခိုင်သောဝီရိယာဓိပတိစိတ်ဓာတ်တော်ဖြင့် ကျေးဇူးဆပ်ပုတီးစိပ်ပြီး ဆုံးခန်းတိုင်ပြီးစီးခြင်းသို့ရောက်တော်မူသောအခါ တွင်းကြီးတောရမှ လယ်တီတိုက်သို့ပြန်ကြွတော်မူခဲ့ပါသည်။ ဗုဒ္ဓသစ္စဝဏ္ဏနာပဏာမမဟာသရဏဂုံတော်ကြီး ၁၈၆၊ သမုဒယသစ္စဝဏ္ဏနာပဏာမမဟာသရဏဂုံတော်ကြီး ၈၇၊ နိရောဓသစ္စဝဏ္ဏနာပဏာမမဟာရဏဂုံတော်ကြီး ၄၂၊ မဂ္ဂသစ္စဝဏ္ဏနာပဏာမ မဟာရဏဂုံတော်ကြီး ၁၀၅၊ နိဗ္ဗာနဝဏ္ဏနာပဏာမ မဟာသရဏဂုံတော်ကြီး ၆၁၊ စုစုပေါင်း ၄၈၁။ ၎င်းမဟာသရဏဂုံတော်ကြီး ၄၈၁ ကို စုပေါင်း၍ ကျေးဇူးဆပ်နည်းနိဿယ ဟူသောအမည်ဖြင့် စာအုပ်ထွက်ပေါ်လာလေသည်။

မဟာသရဏဂုံအောင်မြေ ဟူ၍ ယခုအခါ လူသိများသောနေရာမှာ အလုံမြို့အရှေ့ရှိနေရာဖြစ်လေသည်။

□ **မြေလျှောင်လှူပ်ခြင်း**

ဆရာတော် နာမကျန်းဖြစ်၍ (၇) ရက်အကြာ လက်ဖက်ရည်ကြမ်းဘုဉ်းပေးနေစဉ် မြေလျှင်လှုပ်သဖြင့် လူပြည်လောကမှာ တရားဟောရတာအားရလောက်ပါပြီ။ နတ်တွေ၊ ဗြဟ္မာ



www.burmeseclassic.com

www.burmeseclassic.com

တွေကို တစ်လှည့်ပေးရန် အချိန်တန်ပေပြီဟု ဆရာတော်ကြီး အမိန့်ရှိတော်မူသည်။ ပျံလွန်တော်မူခါနီးတွင်လည်း ဒုတိယအကြိမ်မြေငလျင်လှုပ်ပြန်သည်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ယခုအချိန်တွင် ဖြုဟ္မာ့ပြည် ဝေဟာပျိုလ်ဘုံ၌ ရောက်နေသည်ဟု ဆိုလျှင် ယုံကြည်နိုင်သူဦးရေများမည် မဟုတ်ပေဟု လက်တီဦးလှပိုင်၏စာအုပ်တွင် တွေ့ရပေရာ အံ့ဩမိသည်။

ဆရာတော်ဘုရားပျံလွန်တော်မူပြီးနောက် (၇)ရက်မြောက်သောနေ့တွင် ပျဉ်းမနားမြို့ ဦးလန်းတိုက်မှ ရန်အောင်ကုန်းမြင့်ရှိ(ယခု ဆရာတော် ဦးဌေး ယျ သီတင်းသုံး နေထိုင်တော်မူသော ဒုတိယစံကျောင်းကုန်းမြေ) စံကျောင်းသို့ ပင့်ဆောင်သည်တွင်လည်း တတိယအကြိမ် မြေငလျင်လှုပ်ပြန်လေသည်။

□ သက်မဲ့ဝတ္ထုကိုပူဇော်ကြခြင်း

ထူးခြားချက်တစ်ရပ်မှာ အလောင်းတော် စံကျောင်းရောက်ပြီး (၇) ရက်အကြာတွင် ကျောင်းအတက်အဆင်းလှေကားအနီးရှိ အခေါက်ပင်မရှိသည့် သရက်ပင်ခြောက်မှ ရုတ်တရက် ရွက်နုများ ဖြာထွက်လာပြီး အန္တိမသဘင် ဆင်ယင်ကျင်းပသည့် တပေါင်းလအတိ အဖူးအပွင့်အသီးများနှင့်ဝေဆာလျက်ရှိခြင်းပင် ဖြစ်သည်။

ဆရာတော်ကြီး၏ ရုပ်အလောင်းတော်သည် ကျိန်းစက်နေသည့်အလား မပုပ်မသိုးဘဲ တည်ရှိနေသည်။ ဆရာတော်၏ ရုပ်အလောင်းကို ရယ်ယူလိုကြသော မုံရွာမှတပည့်များနှင့် ပျဉ်းမနားမှတပည့်များ တရားဖြစ်နေ၍ စံကျောင်းတော်၌ အလောင်းတော်အပူဇော်ခံထားစဉ် ရဲများအစောင့်ချထားရသည်။

အမှုတွင် ပျဉ်းမနားကနိုင်သဖြင့် ထိုနှစ် တပေါင်းလ၌ အဂ္ဂိအန္တိမဈာပနကို စည်ကားသိုက်မြိုက်စွာ ကျင်းပ၏။ ဈာပနသဘင်သို့ ရသေ့ကြီး ဦးခန္တီနှင့် ဆရာတော်ကြီးများ မျက်နှာဖြူလူမျိုး စစ်ကိုင်းတိုင်းမင်းကြီး၊ ပဲခူးတိုင်းမင်းကြီး လယ်တီပဏ္ဍိတဦးမောင်ကြီး အပါအဝင် လူပုဂ္ဂိုလ်ကြီးများ ကြွရောက်လာကြသည်။

(၇) ရက်တိုင်တိုင် အခမ်းအနားကိုကျင်းပပြီး တပေါင်းလပြည့်နေ့တွင် အထက်ပါစံကျောင်းကုန်းမြေနှင့်အသင့်ပြုလုပ်ထားသောအုတ်ဂူဘေးတွင် နံ့သာထင်းများဖြင့် မီးသင်္ဂြိုဟ်ရန်စီမံကြသည်။ ဆရာတော်ဦးဌေး ယျနှင့် ဆရာတော်အများစုက မီးမသင်္ဂြိုဟ်ဘဲ ဂူသွင်းရန် ဆုံးဖြတ်တော်မူကြ၏။ တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ဆရာတော်ကြီး၏ ရုပ်အလောင်းတော်ကို ရဟန်းရှင်လူပရိသတ်များရှေ့မှောက် မှန်စီရွှေချခေါင်းထဲသို့ လွှဲပြောင်းထည့်ပြီးနောက် အုတ်ဂူအတွင်းရှိသောပလ္လင်ပေါ် သို့တင်သည်။ ထို့နောက် ဂူပေါက်မှသံတံခါးကို အာမခံသော့များဖြင့်ခတ်ပြီး ထိုဂူပေါက်ကို အုတ်အင်္ဂတေဖြင့်အသေပိတ်လိုက်လေသည်။ အုတ်ဂူအတွင်းမှ သံတံခါးသော့ကို အရေးပိုင်နှင့် နယ်ပိုင်တို့ထံတွင် တစ်ချောင်းစီထားသည်။ ထိုညတွင် အုတ်ဂူနှင့်မလှမ်းမကမ်းရှိ မဏ္ဍပ်တွင်း ဝယ် ဝေဠုဝန်ဒွါရဂိုဏ်းဆရာတော်များ၊ စစ်ကိုင်းရွှေကျင်ဂိုဏ်းဆရာတော်များသည် လယ်တီဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်များကို ထုတ်ဖော်ချီးကျူးဆွေးနွေးတော်မူကြသည်။ ညဉ့်သန်းခေါင်ယံကျော်၌ မြေငလျင်သုံးကြိမ်လှုပ်သည်။ နံနက်အရုဏ်တက်၌ ဆရာတော်ဦးဌေး ယျကိုယ်တော်တိုင် အာဂန္တုဆရာတော်များ၏ ဆွမ်းကွမ်းကိစ္စများ ဆောင်ရွက်နေစဉ် ဘုရားအရုဏ်ဆွမ်းလာကပ်ကြသောဒကာမကြီးအချို့သည် ဆရာတော်ဦးဌေး ယျထံ မောပန်းတကြီးရောက်လာကြပြီး ဆရာတော်ကြီး၏ အုတ်ဂူမှအုတ်အချို့ပြိုကျနေကြောင်း လျှောက်ကြသည်။

၎င်းတို့၏လျှောက်ကြားချက်အရ ဆရာတော်ဦးဌေး ယျ သွားရောက်ကြည့်ရှုရာ အနောက်ဘက်မှ အုတ်ဂူပေါက်နေသည်ကိုတွေ့ရသော်လည်း အတွင်းသံတံခါးမှသော့လည်းမဖျက်၊ ရုပ်ကလာပ်ထည့်ထားသည့်ခေါင်းမှာလည်း ပလ္လင်ပေါ်တွင် မူလအတိုင်းတွေ့ရှိရသဖြင့် စိတ်အေးသက်သာစွာဖြင့် ပြန်လာကာ ညက မြေငလျင်လှုပ်၍ ဂူပေါက်သွားသည်ထင်ကြောင်း ဆရာတော်ဦးဌေး ယျက ဆရာတော်ကြီးများအား လျှောက်ကြားသည်။

ဤတွင် ဆရာတော်ကြီးများက -

"တစ်ညလုံး အုတ်ဂူပတ်လည်မှာ ဖယောင်းတိုင်မီးလို မှိတ်ချည်လင်းချည်နဲ့မီးတွေ့ရတယ်။ လူတွေထွန်းညှိပူဇော်တဲ့မီးဆိုရင်လည်း တစ်နာရီဆိုရင်ငြိမ်းသွားရမယ်။ ခုတော့ ငလျင်လှုပ်ပြီးလည်း မီးမငြိမ်းဘူး။ တို့လည်း အဲဒီမီးကို အကဲခတ်ကြည့်ရှုနေတာပဲ"

ဟု အမိန့်ရှိကြသည်။

မြို့ထဲမှလူအချို့ကလည်း မြေငလျင်လှုပ်ပြီးချိန်တွင် ကောင်းကင်မှ တူရိယာသံများကြားရကြောင်းပြောလာကြသည်။

□ တေဇောဓာတ်လောင်ကျွမ်းခြင်း

ဆရာတော်ဦးဌေး ယျသည် အရေးပိုင်၊ ရာဇဝတ်ပိုင်နှင့် ဒကာကြီးဦးလန်းတို့အား အကြောင်းကြား၍ အရေးပိုင်တို့ လိုက်လာပြီး သံတံခါးသော့ကိုဖွင့်ကြည့်ရာ ရုပ်ကလာပ်ကိုမတွေ့ရဘဲ တေဇောဓာတ်လောင်ကျွမ်းထားသည့်ပြာများကိုသာ တွေ့ရလေသည်။ မုံရွာသားတွေကလာရောက်ဖျက်ဆီးသွားလေသလားဟု သံသယရှိသဖြင့် ရဲကိုအကြောင်းကြားရာ မန္တလေး၊ စစ်ကိုင်း၊ မုံရွာသို့ စုံထောက်များ စေလွှတ်စုံစမ်းစေသည်။ ပျဉ်းမနားဘူတာမှာလည်း မုံရွာသို့သွားသည့်ခရီးသည်များကို စုံစမ်းစစ်ဆေးသော်လည်း တရားခံမပေါ်ခဲ့ပေ။

ထိုသို့ဖြစ်ပြီး (၃) ရက်အကြာတွင် သတင်းစာများ၌ လယ်တီဆရာတော်ကြီး၏ရုပ်ကလာပ်မှာ အလိုအလျောက် တေဇောဓာတ်လောင်သွားကြောင်းပါလာသည်။

□ လက်သည်မည်သူနည်း

ထိုကိစ္စတွင် လက်သည်မပေါ်၍ ဆရာတော်ကြီးများလည်း ပြန်မကြွနိုင်ကြဘဲ ဆက်လက်သီတင်းသုံးကာ စုံစမ်းခြင်းအမှုကိုပြုကြ၏။ အရေးပိုင်၊ နယ်ပိုင်တို့လည်း တစ်ပတ်တစ်ခေါက် ကျောင်းတိုက်သို့လာရောက်ကာ အုတ်ဂူကိုကြည့်ရှုပြီး စုံစမ်းမှုပြုလုပ်ကြသည်။

ယင်းသို့ဖြစ်ပြီး (၃) လအကြာတွင် ဈာပနကော်မတီဥက္ကဋ္ဌများဖြစ်ကြသော သူဌေးဦးလန်းနှင့် သူဌေးဦးထွန်းလှိုင်တို့အား အရေးပိုင်က -

"ဒီကိစ္စကို ခင်ဗျားတို့ပေါ် အောင်ဖော်ရမယ်။ လက်သည်ကိုရှာပေးရမယ်။ မပေးနိုင်ရင် ထိုက်သင့်တဲ့ပြစ်ဒဏ်ကိုပေးမယ်"

ဟု ရဟန်းရှင်လူပရိသတ်များရှေ့ဝယ်ပြောကြားသည်။

ခေတ္တမျှငြိမ်သက်နေစဉ် ပရိသတ်ထဲမှ ဘုန်းကြီးဦးနုသည် ဖြုန်းခနဲ မတ်တတ်ရပ်လိုက်သဖြင့် အားလုံးက ၎င်းအား စူးစိုက်ကြည့်နေကြသည်။

ထိုစဉ် -

"ဒီကိစ္စနဲ့ပတ်သက်ပြီး အပြစ်မရှိတဲ့သူကို အပြစ်ယူလို့ဖြစ်နိုင်ပါ့မလား။ ဦးလန်းနဲ့ ဦးထွန်းလှိုင်တို့မှာ အပြစ်မရှိလို့ အရေးမယူသင့်ဘူး။ တကယ်လုပ်သူကိုသာ အပြစ်ပေးသင့်တယ်"

ဟု ဘုန်းကြီး ဦးနုကပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

အရေးပိုင်က -

"လက်သည်အစစ်ကိုသိရင် ထုတ်ဖော်မိန့်ကြားပါ။ မပေါ်ရင်တော့ ဦးလန်းနဲ့ ဦးထွန်းလှိုင်တို့ကို အရေးယူအပြစ်ပေးရပါလိမ့်မယ်"

"ကဲ - ဒါဖြင့် လက်သည်အစစ်ကကျွဲပဲ"

ဟု ဘုန်းကြီးဦးနုက ရဲရင့်တင်းမာစွာပြောချလိုက်လေသည်။ ၎င်း၏ပြောကြားချက်ကြောင့် ဆရာတော် ဦးဥေယျနှင့်တကွ အားလုံးအံ့အားသင့်သွားကြကာ ဆရာတော်ဦးဥေယျက -

"ကိုယ်တော်ဘယ်နှယ့်လုပ်တာလဲ၊ ဘယ်သူမှမပြောဘဲ ဘာဖြစ်လို့မီးသဂြိုဟ်ပစ်ရသလဲ"

ဟု မေးလေသည်။

"ငါပျံတော်မူလို့ (၇)ရက်ပြည့်ရင် မီးသဂြိုဟ်။ ဘယ်သူ့ကိုမှမတိုင်ပင်နဲ့။ မင်းတစ်ဦးတည်းလုပ်လို့ ဆရာတော်ဘုရားကြီးက မှာကြားခဲ့လို့လုပ်လိုက်ရတာပဲ။ (၇) ရက်ပြည့်တဲ့နေ့ကတည်းက လုပ်မလို့ကြံစည်သေးတယ်။မအောင်မြင်တာနဲ့ နောက်မှလုပ်လိုက်ရတာပဲ"

ဟု ဘုန်းကြီးဦးနုက ပြောကြားသည်။

"မီးသဂြိုဟ်ရာမှာ ကိုယ်တော်နဲ့အတူ ဘယ်သူတွေပါသေးသလဲ"

ဟု အရေးပိုင်က လျှောက်ကြားမေးမြန်းရာ -

"ဘယ်သူမှမပါဘူး၊ မိမိတစ်ဦးတည်း သမ္မာဒေဝနတ်များအကူအညီနဲ့ လုပ်လိုက်တာပဲ"

"ကိုယ်တော်ဘယ်လိုလုပ်လိုက်သလဲ။ လုပ်တဲ့အချိန်က ဘာဖြစ်သေးသလဲ"

ဟု ထပ်မံလျှောက်ကြားမေးမြန်းရာ ဆရာတော်ကြီး အလိုဆန္ဒပြည့်ဝစေရန် ဆုတောင်းပြီး ဂူတံခါးတည့်တည့်မှ ပိတ်ထားသောအင်္ဂတေအုတ်ကို တူးရွင်းဖြင့်ထိုးလိုက်သည်။ ထိုးလိုက်သည်နှင့် တစ်ပြိုင်နက် မြေငလျင်လှုပ်၍ အုတ်များပြိုကျပြီး တံခါးပွင့်သွားလေသည်။

ထိုစဉ် နေ့ခင်းက မီးသဂြိုဟ်ရန် ဂူဘေးတွင်ပုံထားသော နံ့သာထင်းများဖြင့် ပလ္လင်ပေါ်မှာပင် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်ပါသည်။ မီးတင်ချိန်တွင် မြေငလျင်တစ်ကြိမ်၊ ပြာကျချိန်တွင် မြေငလျင်တစ်ကြိမ်လှုပ်ပါသည်။ ဒီကိစ္စကို ထုတ်ဖော်မပြောရသေးသဖြင့်၊ ဘုန်းကြီးအခြားသို့မသွားသေးခြင်း ဖြစ်သည်။ ယခုလက်သည်ပေါ်ပြီဖြစ်၍ ဘုန်းကြီးကိုပဲအပြစ်ပေးပါဟု ဘုန်းကြီးဦးနုက ပြောကြားလေသည်။

ထိုအခါတွင် ၎င်းအား အပြစ်မပေးလိုကြောင်း ပြောကြားသည်နှင့် တစ်ပြိုင်နက် သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံးကိုလွယ်ပြီး ကြွသွားတော်မူသည်မှာ ဘယ်နေရာသို့ရောက်ရှိနေကြောင်းကို မသိရဟု ဆရာတော်ဦးဥေယျက ရှင်းပြသည်။

ကျားကူးဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်မှာ ဘုန်းကြီးဦးနုသည် ပျဉ်းမနားမှထွက်လာပြီး ရေစကြိုနယ်တွင် လှည့်လည်သီတင်းသုံးနေကြောင်း၊ ဂျပန်လက်ထက်တွင် ရေစကြိုတောရကျောင်း၌ ပျံလွန်တော်မူကြောင်း၊ ၎င်းပျံလွန်တော်မမူမီ အထက်ပါအကြောင်းအရာကို မိမိအားပြောကြားခဲ့သဖြင့် မှတ်သားထားကြောင်း အမိန့်ရှိလေသည်။

ရေစကြိုနယ်တွင် ဦးနုတောရကျောင်း (၄) ခုရှိသည်။ ဆရာတော်ဦးပညာသီဟ (ဘုန်းကြီးဦးနု)၏ဇာတိမှာ ရေစကြိုမြို့နယ် သပြေမင် ခွေးမြုပ်ရွာဖြစ်သည်။ ဘုန်းကြီးဦးနုသည် လယ်တီဆရာတော်ကြီး၏ အဆုံးအမမိန့်ကြားချက်များကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်သူ ဖြစ်၏။ ရဟန္တာဟုလည်း ကျော်ကြားခဲ့သည်။

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး သာသနာတော်အတွက် ကြိုးပမ်းခဲ့ပုံမှာ -

၁။ မန္တလေးမြို့ စံကျောင်းတိုက်ကြီးမှာ ပထမစာချအဖြစ်နှင့်နေစဉ်အခါ အတူနေသမဂ္ဂများ မကျန်းမမာရှိစဉ် တပည့်တော်အား ပြောကြားကြပါ။ တပည့်တော် ဂိလာနုပဋ္ဌာကအလုပ်အကျွေးပြုလုပ်ပါမည်ဟု ဖိတ်ကြားထားသည်။

၂။ မကျန်းမာသူပေါ်ပေါက်လာ၍ ဆေးအခွင့်ရှိလျှင် ဆေးဖြင့်မငြိုမငြင်လုပ်ကျွေး၏။ ဓာတ်စာအခွင့်ရှိလျှင် ဓာတ်စာဖြင့် လုပ်ကျွေးတော်မူသည်။ လူမမာရှိသောကျောင်းကို အုန်းသီးရှိလျှင် အုန်းသီး၊ ငှက်ပျောသီးရှိလျှင် ငှက်ပျောသီးကို ရောက်အောင်ပို့၏။ လူမမာမစားနိုင်ပါက လူမမာပြုစုသူတို့ ပေါပေါများများစားပါစေဟု ရည်ရွယ်တော်မူသည်။ အချို့လူမမာတို့အား ဆေးဖိုး၊ အနှိပ်သည်ဖိုးငွေဖြင့် ထောက်ပံ့လုပ်ကျွေးသည်။ အချို့သောလူမမာတို့အား ကိုယ်တိုင်စောင့်ရှောက်လုပ်ကျွေး၏။ မိမိနှင့်အကျွမ်းဝင်သောသူ၊ အကျွမ်းမဝင်သောသူဟု ရွေးချယ်ခြင်းကိုမပြု၊ လူမမာတွေ့လျှင် ချမ်းသာစေချင်သော ဆန္ဒရှေ့ထားလျက် ဘယ်လိုနည်းနှင့်ပြုစုထောက်ပံ့ရပါ့မလဲဟုအောက်မေ့ကြံစည်ကာ လူမမာ၏တာဝန်အတီတေဇကို အလွန်ခံတော်မူ၏။ လူမမာ၌ ဘယ်လိုအလုပ်မျိုးကို သူများမလုပ်ချင်သလဲ။ သူများမလုပ်ချင်၊ မလုပ်ဆောင်နိုင်သော အလုပ်ကိုငါလုပ်မည်။သူများမလုပ်ဆောင်နိုင်သောနေရာကနေ၍ဆောင်ကြဉ်းမည်ဟူသောဝီရိယကို အမြဲထားတော်မူသည်။

ဤသို့အားဖြင့် လယ်တီဆရာတော်ဘုရားကြီး၏ ရုပ်ပုံလွှာကို အံ့ဩကြည်ညိုစဖွယ် လေ့လာတွေ့ရှိရပါ၏။

မြန်မာ့သာသနာဝင်တွင် နေတစ်ဆူလတစ်ဆူပမာ ထင်ရှားကျော်ကြားတော်မူသော ပရိယတ်၊ ပဋိပတ်အကျော်လယ်တီဆရာတော်ဘုရားသည် အေဒီ ၁၉၂၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ (၁၂၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်) ဗုဒ္ဓဟူးနေ့ (၂) နာရီ (၃၀) မိနစ်တွင် ပျဉ်းမနားမြို့၌ သီတင်းသုံးတော်မူစဉ် စုတိကမ္မဇရုပ်ချုပ်ငြိမ်းတော်မူသည်။

ဤဆောင်းပါးဖြင့် လယ်တီဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်တို့အား ဦးခိုက်လျက်။

တင်အောင်(စက်မှုတက္ကသိုလ်)

ကျမ်းကိုး -

၁။ လယ်တီမဟာထေရုပ္ပတ္တိကထာ၊ ဟံသာဝတီပုံနှိပ်တိုက် (လယ်တီဦးဝဏ္ဏိတ၊ နယ်လှည့်မဓမ္မကထိက၊ နိုင်ငံခြားဗုဒ္ဓသာသနာပြု ပြုစုသည်)

၂။ လယ်တီဂန္ထဝင်ကျော်များသမိုင်း၊ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်၊ သုခဝတီပုံနှိပ်တိုက် (လယ်တီဦးလှပိုင် ပြုစုသည်)

၃။ ပရမတ္ထသံခိပ် (လယ်တီပဏ္ဍိတဦးမောင်ကြီး ပြုစုသည်။)

၄။ မြန်မာနိုင်ငံရဟန္တာနှင့်ရဟန်းထူးများပထမတွဲ (မောင်ပန်းမွှေး ပြုစုသည်)

၅။ သာနသာ့တန်ဆောင် ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ (တင်အောင်သွင်) (တိုးတက်စီစဉ်၍ ရန်အောင်စာပေမှ ထုတ်ဝေသည်)




www.burmeseclassic.com


www.burmeseclassic.com




စိန်စေတီ (ခေါ်) အေးစေတီ၏တောင်ဘက်မျက်နှာစာတွင် 'ဋ' ဟု ထင်ရှားစွာရေးထားသည်




စိန်စေတီ (ခေါ်) အေးစေတီ၏ မြောက်ဘက်မျက်နှာစာတွင် 'ည' ဟု ထင်ရှားစွာရေးထားသည်



စိန်စေတီ (ခေါ်) အေးစေတီ၏အနောက်ဘက်မျက်နှာစာတွင် 'က' ဟု ထင်ရှားစွာရေးထားသည်



ကမ္ဘာ့မဏ္ဍိုင်စေတီ (ခေါ်) ကပ်ကျော်ဘုရားပရဝုဏ်အတွင်း၊ အရှေ့မြောက်ထောင့်တွင်ရှိသော ရှင်ဥပဂုတ်အဆောင်



စိန်စေတီ (ခေါ်) အေးစေတီ၏အရှေ့ဘက်မျက်နှာစာတွင် 'သ' ဟု ထင်ရှားစွာရေးထားသည်

ရပ်ကွက်ကြီးဖြစ်လာပါသည်။ ဇရစ်ချောင်းမှ ဇရစ်ချောင်ဟု လည်းကောင်း ပြောင်းလဲခေါ်ကြပါသည်။ တောင်ဟုဆိုသော်လည်း အမြင့်ကြီးမဟုတ်ပါ။ ကုန်းမြင့်သာသာဖြစ်ပါသည်။ သစ်ပင်များ ထူထပ်စွာပေါက်လျက်ရှိသည်။

ကုန်းမြင့်ပေါ်တွင် စေတီတည်ထားရန် ရှေးလူကြီးများက စိတ်ကူးရပြီး သဲပုံစေတီကို တည်ကြပါသည်။ သဲပုံစေတီတည်ပြီးနောက် သဲပုံစေတီပေါ်သို့ ကျားတက်ဖူးသည့် ကျားခြေရာကိုတွေ့ရာ တန်ခိုးကြီးမည့် အတိတ်နိမိတ်ဟု ကောက်ယူ၍ စေတီတည်ရန် ဆုံးဖြတ်ကြပြီး စေတီကိုတည်ကြပါသည်။ ဘယ်အချိန်ဘယ်တုံးကဟု တိတိကျကျမပြောနိုင်ပါ။ ဦးစောမောင်မြင့်သည် ကသာ/ထီးချိုင့်သမဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။ ဘိုးမင်းခေါင်၏ ကပ်ကျော်ဘုရား(ခေါ်) ကမ္ဘာ့မဏ္ဍိုင်ဘုရားသည် သူမွေးပြီးနောက်မှတည်သော်လည်း ကောင်းကောင်းမမှတ်မိပါ ဆိုပါသည်။ စာသင်ကျောင်း (အစိုးရကျောင်း) မှာသာနေခဲ့ရပြီး တောင်ပေါ်

www.burmeseclassic.com

သို့ ကလေးသဘာဝ တက်ဆော့ကြခြင်းသာဖြစ်၍ အဘိုးအဘွားတို့ပြောခဲ့သည်ကိုသာမှတ်ထားမိခြင်း ဖြစ်ပါသည်။

ဇေယျာချောင်တောင်ပေါ်ကျောင်းသို့ (ဦး)ညိုကိုနိုင်နှင့်အတူ သွားပြီး မှတ်တမ်းဓာတ်ပုံများရိုက်ယူကြသည်မှာ ၂၇-၂-၂၀၁၇ ရက်နေ့က ဖြစ်ပါသည်။ ထိုစဉ် တောင်အရှေ့ဘက်တွင် စောင်းတန်း



ကသာမြို့ ဇေယျာချောင်တောင်ပေါ်ကျောင်းရှိ
ကပ်ကျော်ဘုရားနှင့်ကပ်လျက် အောင်မြေကို နှင်းနေပုံ



မျာစီတ်ပေး ရုပ်တော်မှုဘုရားကြီး (သုမေဓာနှင့် သုမိတ္တာတို့ ဆုပန်နေကြပုံ)



ကမ္ဘာ့မဂ္ဂဇိုင်စေတီ (ခေါ်) ကပ်ကျော်ဘုရား ပြီးစီးသည့် ခု၊ နှစ်၊ လကို တွေ့ရသည်

ဆောက်လျက်ရှိရာ ကြီးကြပ်နေသူ ဦးဖိုးဆေးနှင့် တွေ့ပါသည်။ သူ၏ဆက်သွယ်ပေးမှုအရ ဦးဆောင်ဦးရွက်ပြုနေသူ ဦးစောမြင့်သိန်းထံ ၂၈-၂-၂၀၁၇ တွင် ဦးသာထွေး(သာဂဒူး-ကသာ)နှင့် သွားတွေ့ကြပါသည်။ ဦးစောမြင့်သိန်းသည် စစ်မှုထမ်းဟောင်းဖြစ်၍ လွန်ခဲ့သော (၁၀) နှစ်ခန့်ကမှ ကသာ ဇေယျာချောင်အရှေ့ကုန်းသို့ ရောက်လာခြင်းဖြစ်၍ ကျောင်းကိစ္စအဝဝကို စေတနာအလျောက်လုပ်နေခြင်းသာ ဖြစ်၏။ သူပြောလူပြောမျှသာသိပါသည်။ သူ၏ယောက်ဖ (ဇနီး၏အစ်ကို) ဦးချစ်ဝင်းနှင့် မိတ်ဆက်ပေးပါသည်။

ဦးချစ်ဝင်းသည် ကျောင်းနေအရွယ် (ထိုစဉ်က အသက် (၆) နှစ်ပြည့်မှ လက်ခံသည်) တွင် အစ်ကိုများနှင့် ဆရာကြီးဦးမော်ကျောင်းဟု လူသိများသော ဇေယျာချောင်ကျောင်းသို့လိုက်နေသည်။ သီတင်းကျွတ်လတွင် ဇေယျာချောင်တွင်ရှိသော အောင်ဇေယျာကျောင်းသို့ ရောက်သွားရာ ဘုန်းကြီးဦးဂန္ဓက

"မင်း ငါ့ကျောင်းမှာနေမလား။ စာလည်းသင်ရမယ်။ မုန့်လည်းစားရမယ်။ ဦးမော်ကျောင်းမှာနေရင် မုန့်စားရတာမဟုတ်ဘူး"

ဟုပြောရာ နေမည်ဟုပြောလိုက်ပါသည်။

အိမ်ရောက်တော့ ဘုန်းကြီးကျောင်းမှာနေချင်သည်ဟု မိဘများကို ပူဆာရာ မိဘများက ဘုန်းကြီးဦးဂန္ဓထံအပ်ထားလိုက်ပါသည်။ ကျောင်းသားဘဝနှင့်နေပြီး နောက်နှစ် (၂၀) ခန့်ကြာတော့ ကိုရင်ဝတ်ပါသည်။ ကိုရင်ဝတ်ခါစက ငယ်သေးသဖြင့် ဆွမ်းခံမလိုက်ရပါ။ ဘုန်းကြီးနှင့် ဦးပဥ္စင်းတစ်ပါးကို ဆွမ်းခံထွက်လျှင် ကျောင်းစောင့်အဖြစ် ဆော့နေရပါသည်။

အရှေ့ဘက်တွင် ဘုံ (၁၀) ဆင့်ဘုရားနှင့် အနောက်ဘက်ကပ်လျက်ဘုရားနှစ်ဆူရှိရာ ဘုံ (၁၀) ဆင့်ဘုရားကို ဘိုးမင်းခေါင်၏ကပ်ကျော်ဘုရားဟုလည်းကောင်း၊ အနောက်ဘက်ကပ်လျက်ဘုရားကို ဦးစံပျော်ဘုရားဟုလည်းကောင်း သိရပါသည်။ ဘုန်းကြီးဦးဂန္ဓခေါ်သည့်အတိုင်းခေါ်ခြင်း ဖြစ်ပါသည်။ ဦးစံပျော်ဟုအမည်ရှိသောလူကြီးတစ်ဦးက ဦးဆောင်၍တည်ခဲ့ခြင်းဖြစ်ပါမည်။ ကပ်ကျော်ဘုရားကို ဘိုးမင်းခေါင်ကတည်ခိုင်းသဖြင့် ကသာမြို့မြောက်ရပ်



www.burmeseclassic.com


www.burmeseclassic.com



အောင်ဇေယျာကျောင်းဆရာတော် ဦးသုဝဏ္ဏ



ကသာမြို့ ဇေယျာချောင်တောင်ဝေါ်ကျောင်းဝင်းတွင်ရှိ တရုတ်စကားပင်ကြီးနှင့် တံခွန်တိုင်



ရုပ်တော်မှဘုရားကြီး၏အရှေ့မြောက်ထောင့် ယခင်က သိုက်တူးခဲ့သောနေရာကို ဆရာတော်ဦးသုဝဏ္ဏမှ စာရေးသူအား ပြနေပုံ



ဗောဓိညောင်ပင်ကြီးနှင့် အနောက်ဘက်တွင် နတ်နန်းကို တွေ့ရသည်



ရှေးဟောင်းလက်ရာ ခြင်္သေ့ရုပ်များ


(ယခု ရပ်ကွက် ၁) နေ ဦးပိုက်နှင့် ဒေါ်သိန်းညွန့် (လူပျိုကြီး၊ အပျိုကြီး မောင်နှမ) တို့ကအလှူခံပြီးတည်ခဲ့သည် ဖြစ်၍ ဦးပိုက်ဘုရားဟုလည်း ခေါ်ကြသည်။ ကိုလူပျိုကြီး၊ အပျိုကြီးမောင်နှမ တို့အိမ်သည် ယခု ရပ်ကွက် (၁) အောင်သပြေလမ်း၊ (ယခင် ရှမ်းတန်းလမ်း) တွင်ရှိ၏။ ယခု ငွေဆုဆိုင်နေရာတွင် ဖြစ်သည်။ ကိုရင်ကြီးဘဝတုန်းက ကပ်ကျော်ဘုရားတွင်ရှိသော လျှပ်စစ်မီးသီးကျွမ်းသွားသဖြင့် ဘုန်းကြီးဂန္ဓကျပ်ကို ဦးပိုက်ဆီကိုသွားပြီး ဘုရားမီးသီးကျွမ်းလို့ဝယ်ပေးပါလို့ပြောခိုင်းလို့သွားခဲ့ရသေးသည်ဟု ဦးချစ်ဝင်းက ဆိုပါသည်။ ဦးချစ်ဝင်းက စိန်စေတီဟုမခေါ်ဘဲ ဦးစံပျော်ဘုရားဟုခေါ်ခဲ့သလို ကမ္ဘာ့မဏ္ဍိုင်စေတီမခေါ်ဘဲ ဘိုးမင်းခေါင်၏ ကပ်ကျော်ဘုရားဟုသာ ခေါ်ခဲ့ပါသည်။

၃-၃-၂၀၁၇ ရက်နေ့က ဦးသာထွေး (သာဂဒူး-ကသာ) စုံစမ်းသိရသဖြင့် ဇေယျာချောင်တောင်၏အနောက်ဘက်တောင်ခြေစောင်းတန်းအနီးတွင် နေထိုင်သော ဒေါ်ကြင် (၈၅) နှစ်ထံ သွားတွေ့ကြပါသည်။ ဒေါ်ကြင်၏ အဘိုးသည် ဝန်သိုစော်ဘွားဦးအောင်မြတ်နှင့် အ[...] တော်သည်ဟုဆိုပါသည်။ သူငယ်[...]က ဘုရားထီးတင်သည်ကိုသိပါသည်။ ထို




www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်တက်လမ်းအပေါက်နှင့် ဆုတ်ယောဂ်ကားစောင်းတန်း ပြုလုပ်နေပုံ



ဝုတ္တဦးကုမာရ (ခေါ်) ဦးကျော်နီ လှူဒါန်းခဲ့သော ဇေယျာချောင်တောင် တောင်ဘက်စောင်းတန်း



ကသာမြို့ ဇေယျာချောင်တောင်ပေါ်ကျောင်းတွင်ရှိ ခေါင်းလောင်း

ဘုရားကို အေးစေတီဟုပင်သိခဲ့ပါသည်။ ခေါ်ကြင်သည် ယနေ့တိုင် ဥပုသ်နေ့တိုင်း တောင်ပေါ်တက်၍ ဘုရားပန်းလဲတန်း ဖြစ်ပါသည်။ မိဘဘိုးဘွားတို့ပြောခဲ့သည်မှာ အေးစေတီမတိုင်ခင် သဲပုံစေတီရှိခဲ့ပြီး ထိုစဉ်ကတည်းက သဲပုံစေတီသည် ရောင်ခြည်တော်ကွန့်မြူးခြင်းနှင့် ကျားတက်ဖူးခဲ့ခြင်းကြောင့် တန်ခိုးကြီးခဲ့ပါသည်။ သဲပုံစေတီတွင် ပွဲလုပ်စဉ် အဖေအပါအဝင် လူကြီးများက မဏ္ဍပ်ထိုးပြီး ဝိုင်း၍အိပ်နေကြစဉ် ဘယ်အချိန်က ကျားတက်ဖူးသွားသည် မသိ။ နံနက်ရောက်၍ ကျားခြေရာတွေ့မှ သိကြရသည်။ ထို့အတူ ရောင်ခြည်တော်ကွန့်မြူးစဉ်ကလည်း သဲပုံစေတီဖြစ်သည့်အတွက် ထီးကို ဝါးဖြင့်ယက်လုပ်ပူဇော်ထားသည်ဖြစ်၍ ထီးတော်ကိုမီးလောင်သည်အထင်ဖြင့် တောင်ပေါ်သို့တက်ကြည့်ရာ ဘာမှမတွေ့ရတော့ပေ။

ခေါ်ကြင် ငယ်စဉ်က လယ်လုပ်အခင်းလုပ်သူများ ကျားကို မကြာမကြာတွေ့ကြရသည်။ သူသည် ငယ်စဉ်ကပင် ခွားမတိုတစ်ချောင်းကိုင်လျက် တောင်၏အရှေ့ဘက်နှင့် မြောက်ဘက်တွင်ရှိသောလယ်သို့သွားမြဲ ဖြစ်သည်။ သူကိုယ်တိုင်တော့ ကျားကို တစ်ခါမျှမတွေ့ခဲ့ရပါ။ ငယ်စဉ်က သီချင်းလုပ်ဆိုခဲ့ကြသည်မှာ 'ဘာဘူစောင်အနားစုတ်နဲ့ ကျားကုတ်တဲ့ဘရင် ဘရင်' ဟူ၍ ဖြစ်သည်။ ဦးဘရင်သည် ဆောင်းကာလဖြစ်၍ နံနက်ဝေလီဝေလင်း လယ်တောသို့သွားရာ ကျားကခုန်အုပ်လိုက်သည်။ ဘာဘူစောင်ခြုံထားသဖြင့် ဘာဘူစောင်ကို ဆွဲကုတ်မိသွားသည်။ သူကလည်း ကိုင်လာသောခွားမကြီးဖြင့် ကျားကို လန့်ခုတ်ခုတ်ကိုက်ရာ ကျားလည်း ကြောက်ပြေးပြေးပါလေတော့သည်။ ထို့နောက် လူတိုင်း သီချင်းလိုလုပ်ဆိုကြခြင်း ဖြစ်သည်။

ဇရစ်ချောင်ကျောင်း (ယခု ဇေတဝန်ချောင်ကျောင်း) သည် ကသာမြို့မြောက်ကျောင်းနှင့် နှစ်ကိုယ်တစ်စိတ်နေခဲ့ကြသောကျောင်းဖြစ်၍ ဇေယျာချောင်အမည်ပေါက်လာပြီး တစ်ကျောင်းတည်းသာရှိ၍ ယခုမူ ကျောင်းများတိုးလာသည့်အတွက် ကွဲပြားအောင် ဇေယျာချောင်တောင်ပေါ်ကျောင်းဟု ခေါ်လာကြပါသည်။ ကျောင်း၏ အမည်မှန်မှာ အောင်ဇေယျာကျောင်း ဖြစ်ပါသည်။ မြောက်ကျောင်းဆရာတော်ဦးဇာရိန်က ဦးဂန္ဓကို အောင်ဇေယျာကျောင်းတွင် ကျောင်းထိုင်စေသည်။ ဦးဂန္ဓသည် စိတ်တိုလွယ်သည်။ ဒေါသဖြစ်လျှင် မင်းတို့ကောင်တွေဟာ နွားဖင်ထုတဲ့ကောင်တွေဟုပြောသည်။ ထိုသို့ပြောဖန်များလာသောအခါ လူကြီးများကလည်း အရှင်ဘုရားတို့လည်း ငါးခေါင်းထုတာပဲ ပြန်ပြောလေ၏။ ထိုအခါ ဦးဂန္ဓသည် သဘောကျသဖြင့် ရယ်သော ဟူ၏။ အဘယ်ကြောင့်ဆိုသော် ဦးဂန္ဓသည်




www.burmeseclassic.com


www.burmeseclassic.com




စိန်စေတီ (ခေါ်) အေးစေတီ၏မြောက်ဘက်လှည့်ရုပ်ပွားတော်၏ အထိုင်ပလ္လင်တွင် ရေးထိုးထားသောစာ



လွန်ခဲ့သော နှစ်ပေါင်း (၁၃၀) ကျော်ကစပြီး ရေးသားခဲ့သော ကသာမြို့ ခရိုင်ရုံးစာရေးကြီး ဦးစာ၏ မှတ်တမ်းနိုင်ယာရီတွင် ကသာမြို့ ဇရစ်ချောင်မှ ဇေယျာချောင်ဟု အမည်ပြောင်း၍ စေတီတော်ထီးတင်သည်ဟု ရေးသားထားသည်ကို တွေ့ရသည်



စိန်ခုစေတီ (ခေါ်) အေးစေတီ၏တောင်ဘက်လှည့်ရုပ်ပွားတော်၏ အထိုင်ပလ္လင်တွင် ၁၂၅၇ ခုနှစ်၊ တပေါင်းလဟု ရေးထိုးထားသောစာ



အရှင်ကဝိန္ဒ (ပုပ္ပား)၏ ဘိုးမင်းခေါင် ကမ္ဘာမရှိုင်စေတီတည်ကြောင်း ရေးသားထားသောစာ

သဖန်းကိုင်းသား (ယခု ရပ်ကွက်ကြီး ၁၀) ဖြစ်သောကြောင့်ပင်။

ဦးသာထွေး (သာဂဒူး-ကသာ) သည် ဗမာဆေးဆရာဖြစ်၏။ ရပ်ကွက်စုံ ရွာစုံရောက်ပြီး အကြောင်းစုံသိရသူ ဖြစ်ပါသည်။ ယခုလည်း နတ်ကြီးကုန်း ရပ်ကွက်တွင်နေသူ ဒေါ်ကြည်လင် (၉၈ နှစ်) နှင့် တွေ့ပြန်ပါသည်။ ဒေါ်ကြည်လင်၏ ပြောပြချက်အရ ဇရစ်ချောင်ကျောင်းဘုရားထီးတင်စဉ်တုန်းက သူသည် အသက်ဆယ့်လေးငါးနှစ်ရွယ် ရှိပြီဖြစ်၍ မှတ်မိနေပါသည်။ သူကတော့ စိန်စေတီ၊ အေးစေတီ ဟူ၍ မသိပါ။ ဇရစ်ချောင်ကျောင်းကဘုရားဟူ၍သာ အလွယ်ခေါ်ပါသည်။ ထိုစေတီဘုရား မတိုင်ခင်က သဲပုံစေတီရှိ၍ သဲပုံစေတီသည် ရောင်ခြည်တော်လွှတ်ခြင်း၊ ကျားတက်ဖူးခြင်းကြောင့် တန်ခိုးကြီးသဖြင့် သဲပုံစေတီကိုငုံပြီး ဘုရားတည်သည်ဟု သိရပါသည်။ ထို့နောက် ဘိုးမင်းခေါင်ရောက်လာပြီး ကပ်ကျော်စေတီတည်ရန် ဘိုးမင်းခေါင်အမိန့်ချသဖြင့် အလှူငွေကောက်ခံပြီးတည်သည်ဟုသိရပါသည်။ ထိုကပ်ကျော်ဘုရားထီးတင်စဉ်ကလည်း ဇရစ်ချောင်တောင်ပေါ်သို့ရောက်ဖြစ်ခဲ့ပါသည်။ ဒေါ်ကြည်လင်သည် နတ်ကြီးကုန်းရပ်ကွက် (ယခုရပ်ကွက် ၈) တွင် သက်ရှိထင်ရှားရှိပါသည်။

စာရေးသူနှင့် ဦးသာထွေး (သာဂဒူး-ကသာ) တို့သည် စေတီနှစ်ဆူ အထူးသဖြင့် စိန်စေတီအကြောင်း ဂဃနဏသိမိသူများရှိလေမလားဟု လေ့လာခြင်းဖြစ်သော်လည်း စိန်စေတီကို မသိကြသူများပါသည်။ အေးစေတီဟု လည်းကောင်း၊ ဇရစ်ချောင်ကျောင်းစေတီဟုလည်းကောင်း၊ ဦးစံပျော်ဘုရားဟုလည်းကောင်း၊ နောက်ပိုင်း – ဇေယျာချောင် တောင်ပေါ်ကျောင်းကဘုရားဟုသာ အလွယ်သိ အလွယ်ခေါ်သာရှိကြပါသည်။ စိန်စေတီဟုသိရသည်မှာလည်း ရှင်ဇာဝိန္ဒ (ပုပ္ပား) ၏ 'ပုပ္ပားတောင်မှ ကျွန်ုပ်တို့သိသော ဘိုးမင်းခေါင်နှင့် သာသနာတွင်းသာသနာပဝိဋ္ဌာမိုရ်များ' စာအုပ်၌ ဘိုးမင်းခေါင်သည် ၁၂၈၈တွင် ကသာမြို့၌ အဖမ်းခံရပြီး ၁၂၉၉ တွင် ကသာသို့ပြန်ရောက်လာသည်။ ကသာမြို့အနီးတွင် စိန်စေတီရှိသည်ဟု ဆိုသည်။ထိုစေတီ၏အနီးတွင် ကမ္ဘာ့မဏ္ဍိုင်ဘွဲ့တော်ဖြင့် စေတီတည်ထားကိုးကွယ်ရန် တပည့်များအား အမိန့်ချမှတ်သောဟူ၏။ ယင်းအမိန့်အရ တပည့်များသည် ဘိုးမင်းခေါင်နှင့်အတူ အထက်ပါစေတီကို တည်ထား ကိုးကွယ်၍အပြီးတွင်



www.burmeseclassic.com

www.burmeseclassic.com



ဇေယျာချောင်အနောက်ကုန်းတွင်နေသော
ဦးစောမောင်မြင့် (၇၈) နှစ်



ဆရာတော်ဦးကန္တသက်ထက်က ကျောင်းသား။
ကိုရင်ဝတ်ခဲ့သော ဦးချစ်ဝင်း (၆၉) နှစ်



ဇေယျာချောင်တောင်ပေါ်ကျောင်း၏
အရှေ့ဘက်တောင်ဘက်စောင်းတန်း
ဆောက်လုပ်ရာတွင် ကြီးကြပ်နေသော
ဦးစောမြင့်သိန်း



ဇေယျာချောင်းတောင်ပေါ်ကျောင်း၏တောင်ဘက်စောင်းတန်းအနီးတွင်နေထိုင်သော
ဒေါ်ကြင် (၈၅ နှစ်) နှင့် သိလိုသည်များကိုမေးနေသော ဦးသာထွေး (သာဂရူ-ကသာ)

ခြေကျင်ခရီးဖြင့် မြို့ရွာနယ်ပယ်အသီးသီးသို့ လှည့်လည်ဝင်ထွက်ကာ ပုပ္ပားသို့ ပြန်လေသောဟု ရေးသားထားသည်ကို ဖတ်ရ၍ ဘိုးမင်းခေါင်ပေးထားသော အမည်ဖြစ်မည်ဟု ခန့်မှန်းရပါသည်။ ဘိုးမင်းခေါင်သည် ကသာမြို့သို့ အကြိမ်ကြိမ်လာ၏။ ဘိုးမင်းခေါင်သည် ထိုဇရစ်ချောင်တောင်ပေါ်ရှိ ဘုန်းကြီးကျောင်းတွင်ဖိုထိုး၏။ ဘိုးမင်းခေါင်၏အောင်မြေရှိသည်။ ယခုပြန်လည်ဖော်ထုတ်ထားပါသည်။ အမှန်မှာ ဇေယျာချောင်တောင်ပေါ်ကျောင်းဟူ၍ ကွဲပြားအောင်ခေါ်သော်လည်း 'အောင်ဇေယျာကျောင်း' ဖြစ်ကြောင်းကိုလည်း ဦးချစ်ဝင်းက ဆိုပါသည်။ သို့သော် အများခေါ်သလို အလွယ်ပင်ခေါ်လိုက်ခြင်း ဖြစ်သည်။

(ဦး)ညိုကိုနိုင်နှင့်အတူ စိန်စေတီနှင့် ကမ္ဘာ့မဏ္ဍိုင်စေတီရှိရာ ဇေယျာချောင်တောင်ပေါ်ကျောင်းသို့ ၂၇-၂-၂၀၁၇ ရက်နေ့လယ်တွင် ရောက်သွားကြပါသည်။စိန်စေတီသည် အုတ်ပုံစေတီကဲ့သို့မဟုတ်ပါ။ လေးဖက်အပေါက်ဖွင့် ကျောင်းဆောင်ပေါ်တွင် စေတီငယ်တစ်ဆူတည်ထားခြင်းဖြစ်၏။မုခ်ဆောင်၏အထက်စေတီကို မနုဿီဟအကောင်လေးကောင်က ထောင့်လေးထောင့်တွင် ထမ်းထားသည်။ စေတီ၏အောက်ခြေ အရှေ့ဘက်တွင် 'သ' ဟုလည်းကောင်း၊ တောင်ဘက်တွင် 'ဠ' ဟုလည်းကောင်း၊ အနောက်ဘက်တွင်'က'ဟုလည်းကောင်း၊ မြောက်ဘက်တွင် 'ည'ဟုလည်းကောင်း စာလုံးကြီးကြီးရေးသားထားပါသည်။ ခေါင်းလောင်းမောက်နေရာတွင်လည်း (စာလုံးများ၏အထက်တွင်ရှိ) ဘီလူးရုပ်များမှာလည်း တစ်ရုပ်နှင့်တစ်ရုပ်မတူကြပါ။

ကျောင်းဆောင်အတွင်းဝင်ကြည့်ရာ လေးမျက်နှာသို့ မျက်နှာမူသော ထိုင်ရုပ်ပွားတော်များရှိသည်။ မြောက်ဘက်မျက်နှာလှည့်လျက်ရှိသော ရုပ်ပွားတော်၏အောက်ခြေတွင် 'မိုင်းဒါးအစီရင်ကြီး မောင်မွေးသမီးခင်ပွန်းကောင်းမှု' ဟုလည်းကောင်း၊ တောင်ဘက်မျက်နှာမူသောရုပ်ပွားတော်၏ အောက်တွင် ၁၂၅၇၊ တပေါင်းလ 'ဦးထွန်း၊ မမိမျိုး၊ သား မောင်ကျော်အေး၊ သမီးကောင်းမှု' ဟု လည်းကောင်း ရေးထားသောစာကို ဖတ်ရပါသည်။ သို့ဖြစ်ပါ၍ ဇဝေဇဝါ စဉ်းစားစရာဖြစ်လာပါသည်။ ၁၂၅၇ ဖြစ်၍ နှစ်ပေါင်း (၁၂၁) နှစ်ကြာခဲ့ပါသည်။ စိန်စေတီကို ထီးတင်သည်မှာ ၁၉၃၅ ဟု ကသာခရိုင် အရေးပိုင်ရုံးစာရေးကြီး ဦးစာ၏မှတ်တမ်းအရ သိရပါသည်။ ဦးစာ၏ မှတ်တမ်းတွင် ၁၇-၂-၃၅၊ တပို့တွဲလဆန်း ၁၅ ရက်၊ တနင်္ဂနွေနေ့ ဘိုးနွားနှင့် ဘဒင်တို့ မန်လည်ပြန် ကသာမြို့ ဇရစ်ချောင်ကို ဇေယျာချောင်ဟုနာမည်တပ်၍ စေတီတော်ထီးတင်သည်ဟု ဖော်ပြထားပါသည်။ သို့ဖြစ်၍ ၂၀၁၇ ခုနှစ်တွင် (၈၂) နှစ် ကြာခဲ့ပါပြီ။ သို့ဖြစ်လျှင် ထိုရုပ်ပွားတော်နှစ်ဆူမှာ ကသာမြို့ပေါ်ရှိ ကျောင်းတစ်ကျောင်းကျောင်းမှ ပင့်ဆောင်ထားခြင်း ဖြစ်မည်။ မြောက်ကျောင်းဆရာတော်၏ တပည့်လက်အောက်ခံကျောင်းဖြစ်၍ မြောက်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆရာတော်က အပူဇော်ခံရန်ပို့ထားလေသလားဟု တွေးထင်စရာဖြစ်ပါသည်။ မြောက်ဘက်နှင့် တောင်ဘက်ရုပ်ပွားတော်များ၏ သင်္ကန်းဝတ်ရုံထားသည်မှာ ယခုခေတ်ကဲ့သို့ သင်္ကန်းအတွန့်အတက်များမဟုတ်။ ပခုံးထက်မှ ရင်ဘတ်အထိဇာတာပုံအရေးအကြောင်းဆွဲထားပါသည်။ တောင်ဘက်လှည့်ရုပ်ပွားတော်၏ ရင်ဘတ်နေရာတွင် ပုံးဒဏ်ကြောင့်လား ပွန်းပဲ့နေပါသည်။ သင်္ကန်းများကိုထပ်ထားသည့်သင်္ဃာန်အတွန့်အလိပ်များမပါပါ။ အရှေ့ဘက်ရှိရုပ်ပွားတော်နှင့် အနောက်ဘက်ရှိရုပ်ပွားတော်၏အောက်ခြေ (အထိုင်နေရာ)ကို ခေါက်ကြည့်ရာ သတ္တုသံထွက်နေပါသည်။ ကြေးနှင့်ကျောက်ကို တွဲစပ်ထားသည်ဟု ထင်ရပါသည်။

စိန်စေတီအရှေ့ဘက်ကပ်လျက် ကမ္ဘာ့မဏ္ဍိုင်စေတီ(ကပ်ကျော်ဘုရား) ရှိပါသည်။ ဘုံ (၁၀) ဆင့်လုပ်ထားသည်။ အောက်ခြေပလ္လင်တွင် စေတီရံ (၈) ဆူကို နောက်ပိုင်းကျမှတည်ထားခြင်း ဖြစ်သည်။ ကမ္ဘာ့မဏ္ဍိုင်တည်စကမရှိသေးပေ။ အောက်ခြေပလ္လင်၏ တောင်ဘက်တွင် (၁၃၀၉ ခု၊ တကူးလပြည့်နေ့ပြီး) ဟု ကမ္ပည်းထိုးထားပါသည်။ ၁၂၉၉ခုနှစ်က ဘိုးမင်းခေါင်က ဘုရားတည်ရန် အမိန့်ချမှတ်ခဲ့ပြီး ၁၃၀၉ ခုနှစ်မှပြီးသည်ဖြစ်၍ (၁၀)နှစ်ကြာပါသည်။ ထိုစဉ်က ဂျပန်ခေတ်၊ ဂျပန်နှင့် အင်္ဂလိပ်စစ်ဖြစ်သောအချိန်၊ တိုင်းပြည်မငြိမ်သက်၍ကြာခြင်းဖြစ်ပါသည်။ ကမ္ဘာ့မဏ္ဍိုင်စေတီ၏ အရှေ့မြောက်ထောင့်နေရာတွင် အရှေ့ဘက်သို့လှည့်လျက် ရှင်ဥပဂုတ္တအဆောင်ရှိပါသည်။ ကမ္ဘာ့မဏ္ဍိုင်၏ ဝင်းအပြင်ဘက် ထောင့်လေးထောင့်တွင် ရှေးပုံစံခြင်္သေ့ရုပ်လေးရုပ်ရှိသည်။ ထိုခြင်္သေ့ရုပ်များသည် ယခုခေတ်ခြင်္သေ့များနှင့်မတူပါ။

ကမ္ဘာ့မဏ္ဍိုင်စေတီ (ကပ်ကျော်ဘုရား၏ မြောက်ဘက်ကပ်လျက်တွင် အောင်မြေရှိပါသည်။ ထန်းပင်ပေါက်ရှိသည်။ ယခင်ကရှိမည်မဟုတ်ပါ။ ငယ်သေး၍ဖြစ်ပါသည်။ (ဦး) ညိုကိုနိုင်တို့အဖွဲ့က အောင်မြေနေရာတွင် အုတ်ခုံလေးလုပ်ထားပါသည်။ အောင်မြေသည် ထိုအုတ်ခုံလေးသာမဟုတ်၊ ကျယ်သည်ဟုသိရသည်။ ကသာသို့ မင်းသားဝေဠုကျော်နှင့် လူရှင်တော်ဗေလုဝတို့ လာစဉ်က ထိုအောင်မြေကိုနင်းသွားကြသတဲ့။ တစ်ဦးကပြောတော့ ဗေလုဝတဲ့။ တစ်ဦးကပြောတော့ ဝေဠုကျော်တဲ့။ ဟုတ်၊ မဟုတ် သူတို့မှသိကြမည်ဖြစ်ပါသည်။

စိန်စေတီ၏ မြောက်ဘက်၊ အနောက်ဘက်ယွန်းယွန်း ပေငါးဆယ်ခန့်အကွာတွင် ဗောဓိညောင်ပင်ကြီးရှိသည်။ ဗောဓိညောင်ပင်၏ပင်စည်ကို ပတ်လျက် အုတ်ခုံလုပ်ထားပြီး ထောင့်ရှစ်ထောင့်တွင် ရုပ်ပွားတော်ထားသောအဆောင်များရှိသည်။ တောင်ဘက်သို့ လှည့်လျက် စိန်စေတီနှင့်မျက်နှာမူရာ ရုပ်ပွားတော်မှာ ကြီးလည်းကြီး၍ အဆောင်လည်းကြီးပါသည်။ ထိုသို့ ဗောဓိပင်ခြေကိုပတ်လျက် ရုပ်ပွားတော်များထားသည်မှာ မကြာသေးပါ။ ၂၀၁၄ သင်္ကြန်မတိုင်မီက အပြီးလုပ်ထားပါသည်။

ဗောဓိပင်၏အနောက်မြောက်ခန့် ခပ်ကွာကွာနေရာတွင် နတ်နန်းဆောင်ရှိသည်။ ဗောဓိပင်ခြေပတ်လည် ရုပ်ပွားတော်များထားပြီး မကြာခင် ဗောဓိပင်ရှိရုက္ခစိုးလား၊ အစောင့်လား သူ့ကို နတ်နန်းဆောင်ဆောက်ပေးပါ။ ဘုရားတွေ အထက်ကမနေနိုင်ပါဟု ပန်းရန်လုပ်သူတစ်ဦးအား အိပ်မက်လိုလိုလာပြောသည်ဟုဆိုသဖြင့် နတ်နန်းဆောင်ဆောက်ပေးထားခြင်း ဖြစ်၏။ ဝင်းခတ်ရန် တိုင်များစိုက်ထားသော်လည်း အပြီးမသတ်ရသေးပါ။

စိန်စေတီ၊ ဗောဓိမဏ္ဍိုင်စေတီတို့နှင့်ကပ်လျက် တောင်ဘက်ဖွင့် သိမ်တိုက်နှင့် ရပ်တော်မူရုပ်ပွားတော်ကြီးရှိသည်။ သိမ်တိုက်ကို တံခါးများပိတ်ထားသဖြင့် မဝင်ရသော်လည်း ရုပ်ပွားတော်ကြီးရှိရာအဆောင်သည် ဟာလာဟင်းလင်းဖြစ်၍ ရုပ်ပွားတော်ကြီးရှိရာသို့သွားကြသည်။ ရပ်တော်မူရုပ်ပွားတော်ကြီးအား သုမေဓာရှင်ရသေ့နှင့် သုမိတ္တာမိန်းမတို့က ဒီပင်္ကရာမြတ်စွာဘုရားအားဆုပန်နေကြဟန် ရုပ်တုနှစ်ခုရှိသည်။ သုမေဓာရှင်ရသေ့က ဘုရားဆုပန်သလို သုမိတ္တာမိန်းမက ပါရမီဖြည့်ဖက်ဖြစ်ရပါလို၏ဟု ဆုပန်ခဲ့ကြခြင်း ဖြစ်ပါသည်။ ရုပ်ပွားတော်ကြီး၏ ပလ္လင်တွင် ၁၃၇၀၊ တပေါင်းလပြည့်၊ ၁၀-၃-၂၀၀၉၊ ကသာမြို့ ရပ်ကွက် (၅) ရွာမရပ် ကွယ်လွန်သူ အဘိုး ဦးဘစိန်၊ အဘွားဒေါ်ငွေတင် တည်ထား ပူဇော်သည့် ရပ်တော်မူဗျာဒိတ်ပေးဘုရားကြီး၊ သာသနာ့အမွေဆက်ဖြစ်သူ ဦးစောထွေးဦး (မြို့နယ်မြေစာရင်းဦးစီးမှူး) ဇနီး ဆရာမဒေါ်ဝင်းမေတို့ ပြန်လည်ပြုပြင်သည်ဟု ရေးထားသောကျောက်ပြားကိုကပ်ထားပါသည်။ မူလလှူဒါန်းသည့်ရက်စွဲမပါပါ။

ရပ်တော်မူရုပ်ပွားတော်ကြီးရှိရာအဆောင်၏အရှေ့တောင်ထောင့်တွင် ခေါင်းလောင်းရှိသည်။ ဂုဏ်းနှင့်မလုမ်းမကမ်းတွင် တံခွန်တိုင်ရှိသည်။ တရုတ်စံကားပင်အကြီးကြီးရှိသည်။ နွေဦးဖြစ်၍ အရွက်များကြွေပြီးဖြစ်သည်။ စာရေးသူတို့သည် ရုပ်တော်မူရုပ်ပွားတော်ရှိရာအဆောင်ကြီးမှ အနောက်ဘက်တည့်တည့်သွားရာ ယခင်ကျောင်းဟောင်းမြေနေရာကိုဖြတ်ပြီးနောက် ယခုရှိနေသောအုတ်တိုက်ကျောင်းသို့ ရောက်သွားပါသည်။ ဘုန်းကြီးကျိန်းစက်နေသလားဟု အောက်ထစ်ရှိ ဒကာတစ်ဦးအားမေးရာ ကျောင်းပေါ်မှာရှိပါသည်။ ဘုန်းကြီးမကျိန်းစက်ပါဆိုသဖြင့် ကျောင်းပေါ်သို့ တက်သွားကြပါသည်။ ကျောင်းပေါ်ရောက်လျှင် ဦးသုံးကြိမ်ချ၍ စာရေးသူတို့ကိုယ်တိုင် မိတ်ဆက်ပေးပြီး လာရင်းကိစ္စကို လျှောက်ထားလိုက်ကြပါသည်။ ဆရာတော်၏ဘွဲ့မှာ ဦးသုဝဏ္ဏဖြစ်၍ ယခင်ဆရာတော် ဦးကေသရ လူထွက်သွားပြီးနောက် ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှစတင်၍ ကျောင်းထိုင်နေကြောင်း သာသနာဝင်မှတ်တမ်းကိုပြပါသည်။

ယခင်ဆရာတော်ကြီးများဖြစ်သော ဦးဂန္ဓ၊ ဦးဇာနိန္ဒ၊ ဦးသုမန၊ ဦးတေဇာသီရိ (ခြေတစ်ဖက်ဆာသည်)၊ ဦးကေသရတို့ အဆက်ဆက် ကျောင်းထိုင်ခဲ့ကြပြီး ဦးကေသရရှိစဉ်က ခန်းနေဦးပဉ္စင်းအဖြစ်နေခဲ့ရာ ဦးကေသရ လူထွက်သွားပြီးမှ ကျောင်းထိုင်ဖြစ်လာသည်ဟု မိန့်ကြားပါသည်။ ဦးသုဝဏ္ဏသည် သက်တော် (၇၃) နှစ်ရှိပြီ ဖြစ်သည်။ ကသာဇာတိမဟုတ်။ ကောလင်းဇာတိဖြစ်သည်။ ဦးကေသရသည်လည်း ကောလင်းဇာတိဖြစ်၏။ ဦးကေသရထံလာရောက်မှီခိုနေခဲ့ခြင်း ဖြစ်သည်။

ကျောင်း၏ဘုရားဆောင်ထဲတွင် ရုပ်ပွားဆင်းတုတော်များ တန်းစီလျက်ရှိသည်။ မြောက်ဘက်ပြတင်းပေါက်နှင့်ကပ်လျက်ရပ်တော်မူရုပ်ပွားတော်တစ်ဆူရှိသည်။ ကသာမြို့ရဲတပ်ဖွဲ့က လှူဒါန်းခဲ့ခြင်း ဖြစ်သည်ဟု ဆရာတော်က မိန့်ကြားပါသည်။ မည်သည့်ခုနှစ်ကလှူသည်ကမ္ပည်းမထိုးထား၍ မသိရပါ။ ရုပ်တော်ရုပ်ပွားတော်နှင့်ကပ်လျက် ကြေးဆင်းတုတော်တစ်ဆူရှိသည်။ လက်ဝဲပေါ်တွင်

www.burmeseclassic.com

ရှေးဟောင်းဆင်းတုတော်လေးတစ်ဆူတင်ထားသည်။ ထိုကြေးဆင်းတုတော်မှာ စိန်စေတီ၏အရှေ့ဘက် မျက်နှာလည့်တွင်ရှိခဲ့သော ဆင်းတုတော်ဖြစ်သည်။ ရှေးဟောင်းလည်းဖြစ်၊ ကြေးဆင်းတုတော်လည်းဖြစ်၍ သူခိုးခိုးမည်စိုးသဖြင့် ကျောင်းပေါ်သို့တင်ထားခြင်း ဖြစ်သည်။ ထို့နေရာတွင် ကျောက်ဆင်းတုတော်ကို အစားထိုးထားခြင်းဖြစ်သည်။ ထိုနေရာတွင် ကျောက်ဆင်းတုတော်များသည် ပြတင်းပေါက်နှင့်ဝေးသဖြင့် ဖုန်းကင်မရာနှင့်ရိုက်သော်လည်း ပုံများမထင်ရှားတော့ပါ။

အားလုံးကို ဖူးမြော်ကြည်ညိုပြီး ဆရာတော်နှင့် စကားပြောကြပါသည်။

စာရေးသူက -

"ဒီကျောင်းမှာ သရဲခြောက်တယ်လို့သိထားရတယ်ဘုရား။ ဟုတ်ပါသလား"

ဟု လျှောက်ထားရာ -

"ဒကာကြီးထင်သလိုမဟုတ်ပါဘူး။ ဒါပေမယ့် အစောင့်တော့ရှိတာမှန်တယ်"

ဟု ပြန်လည် မိန့်ကြားပါသည်။

စာရေးသူကလည်း -

"ပြောပြပါဦးဘုရား"

တောင်းခံလိုက်ပါသည်။

"ယခင်ဆရာတော် ဦးကေ့သရလက်ထက်က တစ်ခါဖြစ်ဖူးတယ်။ ကျောင်းကို အာဂန္တုဦးပဉ္စင်းတစ်ပါး ရောက်လာတယ်။ ကျောင်းမှာမအိပ်ဘဲ ရပ်တော်မူဘုရားကြီးဆီမှာသွားအိပ်တယ်။ မနက်လေးနာရီလောက်မှာ အိပ်နေတဲ့ ဦးပဉ္စင်းရဲ့ခြေထောက်ကိုလာဆွဲတယ်။ ထကြည့်တော့ ဘာမှမမြင်ရဘူး။ ဒါနဲ့ အဲဒီပဉ္စင်းလည်း အိပ်ရာကထလိုက်ရတယ်။ နောက်တစ်ခါကတော့ ကျုပ်ကျောင်းထိုင်ဖြစ်စကပါ။ အဲဒါတုန်းက ခုလိုကား၊ ရထားက အဆင်မပြေတော့ ကျောင်းကို ညဉ့်နက်မှရောက်လာတယ်။ ကျုပ်ကိုနှိုးရမှာအားနာလို့ဆိုပြီး ကျောင်းအောက်မှာပဲအိပ်နေတာ။ ခြေထောက်ကိုလာဆွဲလို့ထလာခဲ့တာလို့ပြောတယ်။ အမှန်က အိပ်ရာထချိန်မှာမထလို့ ခြေထောက်ကိုဆွဲပြီးနှိုးတာနေမှာပါ"

ဟု မိန့်ကြားပါသည်။

"နောက်ထပ်ဘာများထူးခြားတာရှိပါသေးလဲဘုရား"

ဟု မေးမြန်းလျှောက်ထားပြန်ရာ

"ဦးတေဇာသီရိရှိတုန်းကလို့ သိရတယ်။ ရပ်တော်မူဘုရားကြီးရဲ့ အရှေ့မြောက်ထောင့်၊ ကပ်ကျော်ဘုရားနဲ့ဆို အရှေ့တောင်ထောင့်မှာ သိုက်တူးတယ်လို့ သိခဲ့ရတယ်။ သုံးရက်လောက်တူးပြီးတော့ ဦးတေဇာသီရိက ဆက်မတူးကြနဲ့တော့။ မင်းတို့ အန္တရာယ်အကြီးအကျယ်ရောက်တော့မယ်။ မြေပြန်ဖို့လိုက်ကြလို့ မိန့်ကြားသတဲ့။ တူးနေတဲ့သူတွေက လိုဏ်ခေါင်းရောက်ဖို့နီးနေပြီတဲ့။ တူးနေရင်း လိုဏ်သံလိုလိုကြားရသတဲ့။ ဒါပေမယ့် ဘုန်းကြီးခွင့်မပြုတော့လည်း မဖို့ချင်ဖို့ချင်နဲ့ မြေပြန်ဖို့ထားခဲ့တာ။ ကျုပ်ရောက်တော့ ချိုင့်နေတဲ့နေရာကို တွေ့ရတယ်"

ဟု မိန့်ကြားပါသည်။

ထို့နောက် လိုက်ပြမည်ဟုပြောပြီး အောက်ဆင်းသွားသဖြင့် စာရေးသူနှင့် (ဦး) ညိုကိုနိုင်တို့လည်း ဆင်းလိုက်သွားပါသည်။ သိမ်တိုက်ကို သော့ဖွင့်ပြီး အထဲဝင်ရာ ရုပ်ပွားတော်ကြီးတစ်ဆူရှိပါသည်။ အရှေ့ဘက်တံခါးပေါက်ကိုဖွင့်ပြီးတော့ ရပ်တော်မူရုပ်ပွားတော်ကြီးရှိရာသို့သွားကြပါသည်။ ထို့နောက် သိုက်တူးခဲ့သောနေရာကိုပြပါသည်။ ရပ်တော်မူရုပ်ပွားတော်ကြီး၏ အရှေ့မြောက်ဘက်နေရာတွင် ဖြစ်သည်။ ယခင်က ရပ်တော်မူရုပ်ပွားတော်ကြီး၏ အဆောင်သည် ခပ်ကျဉ်းကျဉ်းဖြစ်မည်။ ယခုပြန်လည်ပြုပြင်သောအခါ အဆောင်ကိုလည်း ချဲ့ပြီး အုတ်သမံတလင်းခင်းလိုက်ခြင်းကြောင့် ယခင်သိုက်တူးခဲ့သော နေရာကျင်းဟောင်း မရှိတော့ပါ။ ဆရာတော်သုဦးဝဏ္ဏက စာရေးသူအား ဒီနေရာမှာဟု လက်ညှိုးထိုးပြပါသည်။

စိန်စေတီဘုရားနှင့်ကမ္ဘာ့မကျိုင်စေတီဘုရားတို့၏ သမိုင်းအကြောင်းက ဘာမှမသိဟုမိန့်ပါသည်။ ဒကာ၊ ဒကာမများပြောစကားအရသာသိရသည်ဟုမိန့်ပါသည်။ ယခင် ကျောင်းဟောင်းကို မိဿလင်းရွာသား ဦးကြာဖူးက ဆောက်လုပ်လှူဒါန်းခဲ့သည်။ ယခုတိုင်တောင်အောက်ခြေရှိ အရှေ့မြောက်ဘက်လယ်ကွင်းကြီးမှာ ဦးသာဖူးလယ်ဟုပြောနေကြသည်။ ယခု အုတ်တိုက်ကျောင်းမှာ အများပြည်သူကောင်းမှုလှူဒါန်းငွေဖြင့် ဆောက်ထားခြင်း ဖြစ်သည်။

ကျောင်းဝင်းအတွင်းအပင်များကလည်းစုံပါသည်။ သစ်ရာ၊ အင်ကြင်း၊ အင်၊ သစ်ဆိမ့်၊ ကံ့ကော်၊ တရုတ်စံကား၊ သရက်၊ ဥသျှစ် စသည်များစုံလှသည်။ စာရေးသူ လွန်ခဲ့သောနှစ်များစွာက ရောက်ဖူးခဲ့ရာ ယခုကဲ့သို့ ရှင်းလင်းခြင်းမရှိ။ သစ်ပင်များအုပ်ဆိုင်းလျက်ရှိသည်။ တောင်၏တောင်ဘက်စောင်းတန်းမှတက်ခဲ့သည်။ ဘေးပတ်လည်တွင် သစ်ပင်များကြောင့် တောကြီးသဖွယ်ဖြစ်နေသည်။ အရှေ့ဘက် ကပ်ကျော်စေတီနားတွင် အောက်သို့ဆင်းသောလူသွားလမ်းကျဉ်းလေးရှိသည်။ တောင်ပေါ်မှ အရှေ့ဘက်သို့မျှော်ကြည့်လျှင် ဧရာဝတီမြစ်ကိုမြင်ရသည်။ တောင်အောက်တွင် တောကဖုံးလွှမ်းထားသဖြင့် အိမ်များကိုမမြင်ရပါ။ ယခုမူ ရှင်းလင်းနေပြီး ရပ်ကွက်ကြီးတစ်ခုလိုဖြစ်နေပါပြီ။

အထက်တွင် စိန်စေတီ (ခေါ်) ဦးစံပျော်ဘုရားကိုလည်းကောင်း၊ ကမ္ဘာ့မကျိုင်စေတီ (ခေါ်) ကပ်ကျော်ဘုရားကိုလည်းကောင်း၊ ဇေယျာချောင်တောင်ပေါ်ရှိ ရပ်တော်မူ ရုပ်ပွားတော်ကြီး၊ ဗောဓိပင် စသည် တွေ့ရသည်တို့ကို ဖော်ပြပြီး ဖြစ်ပါသည်။ ဆက်လက်၍ ထူးခြားဖြစ်စဉ်များကိုဖော်ပြပါဦးမည်။

ဦးစောမြင့်သိန်း၏ ယောက်ဖဖြစ်သူ ဦးချစ်ဝင်း ပြောပြသည်ကို ပြန်လည်ဖော်ပြရလျှင် ဆရာတော်ဦးဂန္ဓလက်ထက် ဦးချစ်ဝင်း ကိုရင်ငယ်ဘဝက ဖြစ်သည်။ ဘိုသူတော်တစ်ပါး ရောက်လာသည်။ ဖိုးသူတော်သည် ကသာမြို့ ကမ်းနားလမ်းရှိမြစေတီဘုရားတွင် (၁၂)ရက်ပုတီးစိပ်သည်။ ထို့နောက် ကမ်းနားလမ်းရှိ ရွှေကူကြီးဘုရားတွင် (၁၅) ရက်ပုတီးစိပ်သည်။ အောင်ဇေယျာကျောင်း (ခေါ်) ဇေယျာချောင် တောင်ပေါ်ကျောင်းသို့ ရောက်လာသည်။ ထိုနေ့က ဘုရားဆွမ်းတော်တင်ရန်လည်း ပါလာခဲ့လေသည်။ ဘုန်းကြီးဦးဂန္ဓက ဆွမ်းတော်ကပ်ရန် ပန်းကန်ပြားသွားပေးချေဟု ပြောသဖြင့် ပန်းကန်ပြားသွားပေးရာ ဖက်ခွက်ထိုး၍ ဆွမ်းတော်ကပ်မည်ဟုပြောသဖြင့်ပြန်ယူလာခဲ့သည်။ ဆရာတော်ဦးဂန္ဓက ဆွမ်းခံကြွစဉ် သူ့အားစောင့်ကြည့်ရန်မှာထားခဲ့သည်။ ဦးချစ်ဝင်းလည်း မယောင်မလည်ဖြင့် ဂျင်လှည့်ကစားရင်း ထိုဘိုးသူတော်ကို ကြည့်နေသည်။ စိန်စေတီဘုရားတွင် တစ်ကြိမ်ပုတီးစိပ်၏။ အောင်မြေနေရာတွင် ပုတီးစိပ်နေစဉ် ကိုရင်ချစ်ဝင်းသည် ဂျင်လှည့်ကစားပြီးနောက်ကြည့်လိုက်ရာ ဘိုးသူတော်ပျောက်သွားသည်။ နေရာအနှံ့လိုက်ရှာသော်လည်း မတွေ့တော့ပေ။

ထို့အတူ ဤကျောင်းသို့ အောင်မြေနင်းရန် မယ်သီရှင်နှစ်ပါးကြွလာခဲ့ပုံကြောင်း ဆရာတော်ဦးသုဝဏ္ဏက မိန့်ကြားပါသည်။ ပထမအကြိမ်



www.burmeseclassic.com

www.burmeseclassic.com

မယ်သီလရှင်လာစဉ်က ကြာခဲ့ပါပြီ။ ဒုတိယအကြိမ်လာသော မယ်သီလရှင်က မကြာသေးပါ။ ယခင်နှစ်ကဟုဆိုပါသည်။ ထိုမယ်သီလရှင်က သီဟိုဠ်သို့သွား၍ စာသင်ရမည်ဖြစ်သဖြင့် အောင်မြေနင်းရန်လာပါသည်။ စာသင်ပြီးပြန်ရောက်လျှင် လာပါဦးမည်ဟုပြောသွားပါသည်။

ဤတောင်ပေါ်၌ အစောင့်သုံးဦးရှိသည်ဟုလည်း ဦးချစ်ဝင်းကပြောပါသည်။ ၂၀၁၄ ခုနှစ် သင်္ကြန်တွင်းတွင် ယောက်ဖဖြစ်သူဦးစောမြင့်သိန်း ဒုလ္လဘဝတ်စဉ်က ဖြစ်သည်။ သင်္ကန်းများဖွပ်ပြီး၍ သူညီမကိုယ်စား ဦးစောမြင့်သိန်းထံ ညနေပိုင်းသွားပေး၏။ သူက သိမ်တိုက်ထဲအဝင်၊ မိန်းကလေးသုံးယောက်က အထွက်ဖြစ်သည်။ မကြာလိုက်ပါ။ ထိုမိန်းကလေးသုံးယောက် ကြောက်အော်အော်ပြီး သိမ်ထဲပြေးဝင်လာကြသည်။ ဇောဓိညောင်ပင်အောက်တွင် မည်းမည်း၊ ပုပု လူကလေးက ရှည်ရှည်လာပြီးသူတို့ကိုကြည့်နေသည်ဟု ပြောပြပါသည်။ အမှန်မှာ ထိုမိန်းကလေး သုံးဦးတွင် ကိုယ်မသန့်သူပါသဖြင့်ခြောက်လှန့်ခြင်းဖြစ်မည်ထင်ကြောင်း ဦးချစ်ဝင်းက ပြောပါသည်။

စိန်စေတီ (ခေါ်) ဦးစံပျော်စေတီ၏ထူးခြားမှုမှာ ယခင်သဲပုံစေတီအဖြစ်တည်ရှိခဲ့စဉ်အခါက ကျားတက်ဖူးခြင်း၊ ရောင်ခြည်တော်များကွန့်မြူးခဲ့ခြင်း၊ ထိုးသင်္ကန်းကပ်လှူပြီးစဉ်ကတစ်ကြိမ်၊ ရွှေဆေးများကပ်လှူပူဇော်ပြီးစဉ်ကတစ်ကြိမ် ရောင်ခြည်တော်များကွန့်မြူးခဲ့ပါသည်။ စေတီနှစ်ဆူစလုံးကို ရွှေဆေးကပ်လှူချင်သေးသည်ဟု ဦးစောမြင့်သိန်းကဆိုပါသည်။

ဤဆောင်းပါးကို ရေးသားနေစဉ် စာရေးသူသည် ရပ်ကွက်တွင်ရှိသော မဟာလေးထပ်ကျောင်းဆရာတော်ကြီး ဦးကုသလထံသွားခဲ့ပါသည်။သွားရသည့်အကြောင်းမှာ ရပ်တော်မူရာတွင် ဆုပန်နေကြသူနှစ်ဦးအနက် သုမေဓာရှင်ရသေ့၏အမည်ကို မှတ်မိနေသော်လည်း သုမိတ္တာ၏အမည်ကိုမေ့နေသဖြင့် လျှောက်ထားမေးမြန်းလို၍ ဖြစ်ပါသည်။ ဗျာဒိတ်ပေးရပ်တော်မူဓာတ်ပုံကိုလည်း ပြပါသည်။

ထိုအခါ ဆရာတော်ဦးကုသလက မိန့်ကြားခဲ့ပါသည်။

"မင့်အဖေ ဘိုးရီ ဂေါပကဥက္ကဋ္ဌလုပ်တုန်းက ပုပ္ပားဦးကုမာရခေါ် ပုပ္ပားဦးကျော်နီ ကသာကို နှစ်တိုင်းလာပြီး ဒီမှာ ဂန္ဓကုဋိတိုက်ကြီးတည်တာ မင်းမှတ်မိသေးလား။ ဦးကျော်နီဆိုတာ အင်္ဂလိပ်လူမျိုးစစ်စစ်။ ဘုန်းကြီးဝတ်နဲ့ ပုပ္ပားမှာနေပြီး နယ်တကာလှည့်ပြီး ကျောင်းတွေမှာ လိုအပ်တာတွေကို အလှူခံရတဲ့ငွေနဲ့ ပြန်လှူသွားခဲ့တာ။ ကသာရောက်တော့ 'ကမ်းနဖူးရွာကျယ်ကျယ်၊ ကျားကူးမြို့နံမယ် (နာမည်)၊ ဖြေးစေလိုလို့ ဆုမွန်ကောင်း၊ ဇေယျာချောင်ကိုပြေးလို့တောင်း' ဆိုတဲ့အတိုင်း ဇေယျာချောင်ဆိုတာတွေ့ပြီး ကျုပ်ကိုလိုက်ပို့ကြဆိုလို့ မင့်အဖေတို့ ဂေါပလူကြီးတွေ လိုက်သွားကြရတာ။ ပြန်လာတော့ မင့်အဖေကို ဆရာတော်ကြီးက ဦးကျော်နီဘာလုပ်ခဲ့သလဲမေးတော့ တွေ့တဲ့ဘုရားတွေဖူးတာပါပဲဘုရားလို့ လျှောက်ခဲ့တယ်။ ဦးကျော်နီက ဇေယျာချောင်တောင်ဆောင်ဘက်တက်လမ်း စောင်းတန်းဆောက်ဖို့ငွေလှူထားခဲ့တယ်။ ဒီရပ်တော်မူဘုရားကြီးအနေကဇာတင်တော့ ငါသွားခဲ့ရသေးတယ်"

ဟု မိန့်ကြားခဲ့ပါသည်။

"ဘုန်းကြီးဦးဂန္ဓကို သိပါသလားဘုရား"

ဟု စာရေးသူမှလျှောက်ထားရာ-

"သိတာပေါ့။ မြောက်ကျောင်းဆရာတော် ဦးဇာရိန်က ဇေယျာချောင်တောင်ပေါ်မှာ တစ်ပါးတည်း အဓိဋ္ဌာန်ဝင်တရားထိုင်တယ်။ ဒကာတွေ၊ ဦးပဥ္စင်းက နေ့စဉ်သွားပြီးစောင့်ရှောက်ကြရတယ်။ အဓိဋ္ဌာန်ပြည့်လို့ ပြန်လာပြီး တပည့်ဖြစ်တဲ့ ဦးဂန္ဓကို ကျောင်းထိုင်ဖို့ ကျောင်းအပ်တယ်။ ဦးဂန္ဓက သဖန်းကိုင်းသား (ယခု ရပ်ကွက်-၁၀) ဖြစ်တယ်"

ဟု ဆရာတော် ဦးကုသလက ပြောကြားသည်မှာ ဦးချစ်ဝင်းနှင့် ဒေါ်ကြင်တို့ပြောသည်နှင့် အတူတူပင်ဖြစ်ပါသည်။

ဘိုးမင်းခေါင်သည် ၁၂၉၉ ခုတွင် ကသာသို့ပြန်လာပြီးနောက် တပည့်များထဲမှ မြောက်ရပ် (ယခုရပ်ကွက်ကြီး-၁)၊ ရှမ်းတန်း (ယခု အောင်သပြေလမ်း)တွင် နေသော လူပျိုကြီး ဦးပိုက်၊ အပျိုကြီး ဒေါ်သိန်းညွန့်တို့ မောင်နှမနှစ်ယောက်အား ကမ္ဘာ့မကျိုင်စေတီတည်ထားရန် (စိန်စေတီအနီး) ပြောရာ ဘုရားတည်နိုင်လောက်သောငွေကြေးအင်အားမရှိပါဟုဦးပိုက်ပြန်ပြောပါသည်။ ဘိုးမင်းခေါင်က ဟောဒီပေရွက်ကို အလှူခံဖလားမှာထည့်ပြီးအလှူခံဟုပြောပြီး လက်လေးလုံးခန့်ရှိ၏။ အင်းချထားသောပေရွက်ကို ပေးလေသည်။ ဦးပိုက်လည်း ဘိုးမင်းခေါင်၏ ပဋ္ဌာန်းဆက်များ၊ ရင်းနှီးသူ အသိမိတ်ဆွေများရှိသော ကသာမြို့နယ်အတွင်းလှည့်၍ အလှူခံလေသည်။ ရသောငွေဖြင့် မ,တည်၍ ဘိုးမင်းခေါင်ခိုင်းသည့်အတိုင်း စေတီတည်ပါသည်။ ထိုအချိန်က တိုင်းပြည်မငြိမ်သက်စဉ်ဖြစ်၍ ၁၃၀၉၊ တန်ခူးလမှ အပြီးသတ်ထီးတင်နိုင်ပါသည်။ ထီးမတင်မီ ဦးပိုက်ဇာ ညှော်ခံကျွေးမွေးရန်ငွေမလုံလောက်ဟု ဆိုပါသည်။ ဘိုးမင်းခေါင်က ကောက်ညှင်းဆန်နှစ်ပြည်နဲ့ အကြော်ငါးကျပ်ဖိုးတော့ တပ်နိုင်တယ်မဟုတ်လားပြန်ပြောသဖြင့် ထီးတင်သောနေ့တွင် ကောက်ညှင်းဆန် (၂) ပြည်ပေါင်းပြီး အကြော်ငါးကျပ်ဖိုးဝယ်၍ လာကြသော လူပရိသတ်အားကျွေးရာ ပြည့်စုံလေ၏။ ထိုခေတ်က (၁၆) ပဲတစ်ကျပ်ခေတ်ဖြစ်၍ တစ်ပဲချင် အကြော်တစ်ခုရပါသည်။ အကြော်တစ်ခုကလည်း ယခု တစ်ရာတန်အကြော်ထက်တောင်ကြီးပါသေးသည်။

ဇေယျာချောင်တောင်ပေါ်ကျောင်းဝင်းအတွင်း ဆရာတော်ဦးသုဝဏ္ဏနှင့် လှည့်ပတ်ကြည့်ရာ ဆရာတော်မှ ထူးခြားသောရွက်လှနှစ်ပင်ကိုပြပါသည်။ အကိုင်းကြီးတစ်ကိုင်းမှ ရွက်လှအရွက်ပြားများထွက်၍ ၎င်းမှခွဲထွက်သော အကိုင်းတွင် လက်ညှိုးလုံးခန့် အရွက်သေးသေးရှည်ရှည်များထွက်နေပါသည်။ ရုက္ခဗီဇပြောင်းလဲမှုဖြစ်စဉ်တစ်ခုဟုယူဆပါသည်။

ဇေယျာချောင်တောင်ပေါ်ကျောင်းသည် ယခင်က သစ်ပင်များထူထပ်စွာပေါက်နေသောတောကြီးအတွင်းမှာရှိခဲ့ပါသည်။ ယခုမူ ပတ်ပတ်လည်အိမ်များဖြင့် စည်ကားနေပြီး မြို့လည်ကောင်လိုဖြစ်လာပါလိမ့်မည်။ ဘိုးမင်းခေါင်၏ ပဋ္ဌာန်းဆက်ရှိသူများအားလည်းကောင်း၊ အောင်မြေနင်း၍ ဧ အောင်မြင်လိုသူများအား လည်းကောင်း ကသာမြို့ ဇေယျာချောင်ရပ်ကွက်ကြီး (ယခု ရပ်ကွက်-၅) တွင်ရှိသော အောင်ဇေယျာကျောင်းခေါ် ဇေယျာချောင်တောင်ပေါ်ကျောင်းသို့ လာရောက်လာကြပါရန် ဖိတ်ခေါ်ပါသည်။

အောင်မြေနင်း၍ အောင်မြင်သူများဖြစ်ကြပါစေသတည်း။

ကသာသင်းမွှေး

www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆိုအုန်းသွင်

## သဘာဝဓမ္မ

## တွေဝေဆုံးဝါဒ



"ရာဇဂြိုဟ်ပြည်က ဒိဋ္ဌိကြီး(၆)ဦး အကြောင်းကို ဆက်ကြရအောင်။ မနေ့က (၃) ဦးအကြောင်းပြောခဲ့တယ်။ ဒီနေ့ နောက်(၃)ဦးအကြောင်းထပ်ပြောမယ်"

နောက်နေ့တွင် ဦးအုန်းစိန်က ဤကဲ့သို့ စကားဝိုင်းကိုစတင်ပါသည်။ ဆက်ပြီး -

ဦးအုန်းစိန်က -

"(၄) ယောက်မြောက်ကတော့ ပကုဓကစ္စာယနပဲ ပကုဓ ဆိုတာ ဖောက်ကြွဲပင်ကို ပြောတာ။ အမည်က သစ္စာယန။ မုဆိုးမတစ်ဦးက သူ့ကိုမွေးပြီးနောက် ရှေ့ဆက်ပြီး ကျွေးမွေးစောင့်ရှောက်ဖို့ ဝန်လေးလို့ ဖောက်ကြွဲပင်အနီးမှာပစ်ထားခဲ့တယ်။ ပုဏ္ဏားတစ်ဦးက တွေ့ရှိပြီး ပကုဓကစ္စာယနအမည်ပေးပြီး ကျွေးမွေးထားခဲ့တယ်။ ကြီးပြင်းလာတော့ အသက်မွေးဝမ်းကျောင်းပြုဖို့ ဂိုဏ်းထူထောင်ပြီး ဝတ်လစ်စလစ်ဂိုဏ်းဆရာလုပ်ခဲ့တယ်။

သူ့ဝါဒသူ့တရားက -

အို-လူသားအပေါင်းတို့-လောကတွင် မြေအစု၊ ရေအစု၊ မီးအစု၊ လေအစု၊ ချမ်းသာအစု၊ ဆင်းရဲအစု၊ အသက်အစုဟူ၍ အစုကြီးခုနစ်စုရှိသည်။ ထိုအစုတို့ကား ပြုထားခြင်းလည်းမဟုတ်၊ ပြုထားစေခြင်းလည်းမဟုတ်။တောင်ထိပ်တောင်ထွတ်တို့သည် မည်သူမျှ ပြုပြင်ဖန်တီးထားခြင်းမဟုတ်ဘဲ သူ့အလိုလိုသဘာဝ အလျောက် တောင်ထိပ်တောင်ထွတ်ဖြစ်သကဲ့သို့ ထိုအစုကြီးခုနစ်ပါးသည်လည်း အလိုလိုဖြစ်နေကြသည်။

အသင်လူသားတို့-ယင်းအစုကြီးခုနစ်စုသည် မဖောက်မပြန်တည်ရှိ၏။ အချင်းချင်းအဆက်အစပ်မရှိ။ထို့ကြောင့် အချင်းချင်းလည်း ချမ်းသာအောင်မကူညီနိုင်၊ ဆင်းရဲအောင်မညှဉ်းဆဲနိုင်။

အို. . . အချင်းတို့ - သေချာစွာနားထောင်ပြီးစဉ်းစားကြလော့။ အကြင်သူတစ်ဦးသည် အခြားသူတစ်ဦးအား လှံဖြင့်ထိုးသည်ဆိုကြပါစို့။ လူကိုထိုးသည်မမည်။ ထိုအစုကြားသို့ လက်နက်ကျရောက်စေခြင်း သာမည်၏။ ထိုအစုတို့ကို သေအောင်၊ ရွေ့လျားအောင် မည်သူမျှမပြုနိုင်၊ မည်သူမျှသေအောင် မသတ်နိုင်။ ထို့ကြောင့် သတ်ခြင်းဟူသည် အဓိပ္ပာယ်မရှိ။

ထိုအစု ခုနစ်စုတို့ကား ဘာမှ မဖြစ်နိုင်သောအမြဲများ ဖြစ်ကြ၏။ မပြုလုပ်၊ မဖန်ဆင်း၊၊ မဖျက်ဆီးနိုင်။

နောက်တစ်ဦးကတော့ သဉ္စယ-ဗေလဋ္ဌပုတ္တတဲ့။ ခေါင်းပေါ်တွင် အဖုတစ်ဖုပေါက်သည်ကို အစွဲပြုပြီး သဉ္စယ လို့ခေါ်တယ်။ ဖခင်ကဗေလဋ္ဌဖြစ်တယ်။ ပုတ္တကား သား။ ဒါကြောင့် ဗေလဋ္ဌ၏ သားသဉ္စယလို့ အဓိပ္ပာယ်ရတယ်။ ကျွန်မျိုးရိုးဖြစ်ပြီး သိဉ္စည်းလို့အခေါ်များတယ်။ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့ရဲ့ လက်ဦးဆရာဖြစ်တယ်။

သူ့ဝါဒက -

တပည့်တို့ - အကယ်၍ တစ်စုံတစ်ဦးသောသူသည် ငါ့အား ငါ့ဝါဒနှင့်ပတ်သက်ပြီး အောက်ပါတိုင်းမေးလာသော် အောက်ပါအတိုင်းငါဖြေကြားအံ့။

မေး ။ ။ ဤလောကမှ အခြားတစ်ပါးသောလောကရှိသလော။

ဖြေ ။ ။ ရှိသည်ဟု ငါမယူဆ။

မေး ။ ။ ဒါဖြင့်မရှိဘူးလား။

ဖြေ ။ ။ မရှိဘူးလို့လည်း ငါမယူဆ။

မေး ။ ။ ဒါဖြင့်မရှိလည်းမဟုတ်၊ ရှိလည်းမဟုတ်လို့ ယူဆသလား။

ဖြေ ။ ။ ဒီလိုလည်းမယူဆဘူး။

မေး ။ ။ ဒါဖြင့် ဘာမှမယူဆတော့ဘူးလား။

ဖြေ ။ ။ ဒီလိုလည်း မယူဆဘူး။

မေး ။ ။ ဒါဖြင့် ဘာမှမယူဆတော့ဘူးလား။

ဖြေ ။ ။ ဘာမှမယူဆဘူးလို့လည်း ငါမယူဆဘူး။

မေး ။ ။ ဒါဖြင့် ယူဆသေးလား။

ဖြေ ။ ။ ယူဆသေးတယ်လို့လည်း ငါမယူဆဘူး။

လို့ ဖြစ်တယ်။

သူ့ဝါဒကို အဆုံးမရှိပစ်လွှတ်သောဝါဒလို့လည်း ခေါ်တယ်။

အဇာတသတ်ကတော့ 'အယုတ်ညံ့ဆုံး၊ ပညာအမဲ့ဆုံး၊ အတွေဝေဆုံးဝါဒ လို့ မှတ်ချက်ချထားတယ်။

နံပါတ် (၆) ကတော့ နိဂဏ္ဌနာဋပုတ္တပေါ့။လယ်သမားမျိုးရိုးကဆင်းသက်ပေါက်ဖွားလာတာဖြစ်ပြီး ဥပါလိသူကြွယ်၊ သီဟသေနာပတိ စတဲ့ ကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေရဲ့ကိုးကွယ်ခြင်းကိုခံရတယ်။ သူ့ဝါဒမှာ ယခုတိုင် ဂျိမ်းဘာသာအဖြစ် ထင်ရှားတယ်။

နိဂဏ္ဌဂိုဏ်းဝင်တို့ဟာ သူတို့ရဲ့ ခေါင်းဆောင် နိဂဏ္ဌနာဋပုတ္တကို နိဂဏ္ဌ (နှောင်ကြိုးကင်းပြီးသူ) ဇိန (အောင်ပွဲရသူ) မဟာဝီရ (ကြီးကျယ်မြင့်မြတ်သောအာဇာနည်) လို့ အမျိုးမျိုး တင်စားပြီး ခေါ်ကြတယ်။

သုတ်၊ ဝိနည်း၊ အဘိဓမ္မာကျမ်းများရှိပြီး ကျမ်းရင်းပေါင်း (၄၉) ကျမ်းရှိတယ်။ တရားကိုယ်အနှစ်ချုပ်က အတ္တဝါဒ (အာတပဟူသော လူ၏ခန္ဓာတွင်း သီးခြားတည်ရှိနေသည့်ဝိညာဉ်အကောင်လေးရှိကြောင်း ယုံကြည်သော) အဟိံသဝါဒ (သစ်ပင်၊ ကျောက်ဘုံးမှအစ



www.burmeseclassic.com

www.burmeseclassic.com

မည်သည့်သက်ရှိ၊ သက်မဲ့ကိုမျှ မညှဉ်းဆဲသော) ကမ္မဝါဒ (အာတပကို အရင်းခံကာ အတိတ်နှင့်အနာဂတ်ကိုအလေးပေးစဉ်းစားသော) တို့ ဖြစ်တယ်။

လူ၏ခန္ဓာကိုယ်အတွင်း သီးခြားတည်ရှိနေသော အကောင်ကလေးကို အာတပဟုခေါ်တယ်။ ယင်းအာတပသည် သွားရာဘုံရှိတယ်။ အာတပသန့်ရှင်းရေး၊ ရင့်ကျက်ရေးသည် အာတပကောင်းစားရေးအတွက် အလွန်အရေးကြီးတယ်။

ယင်းအာတပကောင်းစွာသန့်ရှင်းရေး၊ ရင့်ကျက်ရေးအတွက် ပြင်ပခန္ဓာကိုယ်ကို ကောင်းစွာ ညှဉ်းပမ်းနှိပ်စက်ရမည်ဟု ယူဆတယ်။

သစ်ပင်၊ ကျောက်ခဲ စသည့်ကျန်အရာဝတ္ထုတိုင်းတွင် ဝိညာဉ်ရှိသည်။ ထို့ကြောင့် ယင်းတို့ကို မညှဉ်းဆဲ၊ မဖျက်ဆီးရ၊ ဇီဝနှင့် အဇီဝပေါင်းစပ်မှု၊ လူစသည့် သတ္တဝါများ၌ ရုပ်နှင့် နာမ်ပေါင်းစပ်မှုသည် လောကကြီး၏ဒုက္ခဖြစ်ရခြင်းအကြောင်းရင်း ဖြစ်သည်။ လူစသည့် သတ္တဝါများမှာ ဒုက္ခတုံးကြီးဖြစ်သည်။ ယင်းဒုက္ခမှ လွတ်မြောက်ရန် အာတပသန့်ရှင်းစင်ကြယ်ရမည်ဟု ယူဆတယ်။ လူအများအတွက် ငါးပါးသီလရှိတယ်။ ယင်းမှာ-

၁။ သက်ရှိများအား ညှဉ်းပန်းနှိပ်စက်မှုမပြုခြင်း၊
၂။ မုသားစကားကိုမဆိုခြင်း၊
၃။ သူတစ်ပါးပစ္စည်းကို မခိုးဝှက်ခြင်း၊
၄။ မေထုန်အမှုကိုမပြုခြင်း၊
၅။ ရှိရှိသမျှ အရာဝတ္ထုများအပေါ် မတွယ်တာခြင်းတို့ဖြစ်တယ်။

ရဟန်းများအတွက် ခြောက်ပါးသီလရှိတယ်။

ယင်းတို့မှာ -

၁။ မကောင်းမှုဟူသမျှကို ရှောင်ကြဉ်ခြင်း၊
၂။ (၂၄) ပါးသော တီရိတထရ (ကြီးကျယ်မြင့်မြတ်သူ) တို့အား ကြည်ညိုမြတ်နိုးခြင်း၊
၃။ ဆရာသမားတို့အား ရိုသေစွာရှိခိုးခြင်း၊
၄။ ဖွင့်ဟဝန်ခံခြင်း၊
၅။ တစ်စုံတစ်ခုသောက္ကရိယာပုတ်ဖြင့် နေထိုင်မှုကိုဆောက်တည်၍ဒဏ်ခံခြင်း၊
၆။ ခံစားဖွယ် (ကာမဂုဏ်) အချို့ စွန့်လွှတ်ခြင်းတို့ ဖြစ်သည်။

မြတ်စွာဘုရားသည် ကျောက်ဖျာထက်၌ ကြာမြင့်စွာရပ်လျက် ဒုက္ခခံနေသော ၎င်း၏တပည့်အချို့ကိုတွေ့သဖြင့် နိဂဏ္ဌ၏ဝါဒကျင့်စဉ်နှင့်ပတ်သက်ပြီး မေးရာ -

သတ္တဝါတို့၌ ရှေးကပြုထားသော မကောင်းမှုကံသည်ရှိ၏။ ထိုကံ,ကံ၏ အကျိုးကို ယခုပြုနိုင်ခဲ့သောအကျင့်ဖြင့် ဖျက်ရန်လည်းကောင်း၊ ကိုယ်-နှုတ်-နှလုံး စောင့်စည်းခြင်းဖြင့် နောင်ဘဝအတွက် မကောင်းမှုကံကိုမပြုရန် လည်းကောင်း၊ ကံဟောင်းတို့ကို အကျင့်ဖြင့်ဖျက်ခြင်း၊ ကံသစ်ကိုထပ်မပြုခြင်းဖြင့် နောင်မတိုးပွားစေခြင်းဟု လည်းကောင်း၊ ကျွန်ုပ်တို့၏ဆရာသည် ဤသို့ကျင့်နိုင်ခဲ့သော အကျင့်ကိုကျင့်စေပါသည်။ ကံသစ်များ မတိုးပွားအောင် ဤသို့ကျင့်ခြင်းဖြင့် ကံတို့သည် ကုန်ဆုံးခြင်းသို့ရောက်ပါသည်။ ကံကုန်လျှင် ဒုက္ခကုန်ပါသည်။ ဒုက္ခကုန်သော် ဝေဒနာကုန်ပါသည်။ ဝေဒနာကုန်သော် ဆင်းရဲခပ်သိမ်းကုန်ပါသည်လို့ ပြန်လည် ဖြေကြားကြတယ်။

ကာမဂုဏ်ကို လိုက်စားခြင်းနဲ့ ပတ်သက်ပြီး -

အရိုးကို လျှာဖြင့်လျက်သော ခွေးတစ်ကောင်သည် ခြင်ဆီသို့မရောက်ပါဘဲလျက်၊ ခြင်ဆီကိုမရနိုင်ပါဘဲလျက် ရောက်တော့မည်၊ ရတော့မည်ဟု မိမိကိုယ်ကိုမိမိလှည့်စားကာ ဝမ်းသာအားရ ရှိနေပါသော်လည်း စင်စစ်အားဖြင့်မူ အာခြောက်ရုံမျှသာရှိနေခဲ့ပါသည်။

ထို့အတူပင် ကာမဂုဏ်လိုက်စားသောအကြင်ယောကျ်ားသည် မိန်းမများနှင့် ဆက်ဆံပေါင်းသင်း၍ ချမ်းသာသုခကို ခံစား၏။ ခံစားနေရသည်ထင်၏။ အမှန်စင်စစ် ထိုယောကျ်ားသည် အင်အားကုန်ခန်းခြင်းဖြင့် ပင်ပန်းနွမ်းနယ်မှုသာ အဖတ်တင်သတည်း ဟူ၍ ဥပမာပေးထားတယ်။

သေခြင်းတရားနှင့်ပတ်သက်ပြီး သေခြင်းတရားနှစ်မျိုးရှိသည်ဟုယုံကြည်ချက်ရှိသည်။

ယင်းတို့မှာ -

၁။ သူမိုက်တို့၏သေခြင်း၊
၂။ သူမြတ်တို့၏သေခြင်း

ဟူ၍ ဖြစ်သတည်း။

မသေလိုဘဲလျက် အကြောင်းအမျိုးမျိုးကြောင့် သေခြင်းကို သူမိုက်တို့၏သေခြင်းဟု ယုံကြည်ကြတယ်။ မမြတ်သောသေခြင်းဟု ယူဆကြတယ်။

လူဖြစ်က မိမိတို့၏အပြစ်ကို မိမိဝန်ခံပြီး သေခြင်း၊ ရဟန်းဖြစ်က သိက္ခာပုဒ်များကိုဆောက်တည် အပြစ်ကို ဝန်ခံ၊ ဒဏ်ခံပြီး အစာတော်ခံကာ အေးချမ်းစွာသေခြင်းသည် မြတ်သောသေခြင်းလို့ ယူဆကြတယ်။

ယင်းဂိုဏ်းဟာ နောက်ပိုင်းမှာ နှစ်ဂိုဏ်းကွဲသွားတယ်။ တစ်ဂိုဏ်းမှာ မူလဂိုဏ်း ဒိဂမ္ဗရဂိုဏ်းဖြစ်ပြီး အဝတ်မပါဗလာကိုယ်ထီးနေတဲ့လေဝတ်ရုံဂိုဏ်းလို့လည်း ခေါ်တယ်။ နောက်တစ်ဂိုဏ်းမှာ ပြုပြင်လိုက်သောဂိုဏ်းဖြစ်ပြီး သေတအမ္ဗရဂိုဏ်းလို့ ခေါ်တယ်။ ဝတ်ရုံအဖြူကို ဝတ်သဖြင့် ဝတ်ရုံဖြူဂိုဏ်းလို့ခေါ်တယ်။ ယင်းတို့ရဲ့ဝါဒမှာ ဗုဒ္ဓဝါဒ၊ ဗြာဟ္မဏဝါဒ၊ ဟိန္ဒူဝါဒ စသည်များမှ အချက်အလက်အယူအဆများရောနှောနေတယ်။ သုတ်အချို့မှာ ဗုဒ္ဓရဲ့သုတ္တန်ဒေသနာတော်နဲ့ ဆင်နေတယ်။ အနောက်နိုင်ငံသားများက ယင်းဂိုဏ်းကို ဗုဒ္ဓဘာသာဂိုဏ်းကွဲ တစ်ခုလို့ အတော်ကြာကြာထင်ခဲ့ကြတယ်။

ဗုဒ္ဓခေတ် ရာဇဂြိုဟ်ပြည်မှ တိတ္ထိကြီးခြောက်ဦးတို့ရဲ့ဝါဒများကို ဆန်းစစ်လိုက်သော် မိမိကိုယ်ကို ညှဉ်းဆဲသည့် အလွဲများတဲ့အကျင့်ဖြစ်သော်လည်း ဤနိဂဏ္ဌနာဋပုတ္တဝါဒဟာ အဆင့်အမြင့်ဆုံးဖြစ်တယ်လို့ ဆိုနိုင်တယ်။ ဒါကြောင့်လည်း အခုထက်တိုင်တည်တံ့နေနိုင်ခြင်းဖြစ်တယ်။

အဲဒီဝါဒတွေကိုချုပ်လိုက်ရင် -

(၁) အကျိုးမှန်သမျှ အကြောင်းမရှိဘဲ အလိုလိုဖြစ်တာဆိုတဲ့ အဟေတုကဝါဒ။

(၂) ဘာမှလုပ်ယူလို့မရဘူး။ သူဟာသူ ကန့်သတ်ပြီးသားအတိုင်းဖြစ်မှာဆိုတဲ့ အကိရိယာဝါဒ။

(၃) အကောင်းလုပ်ပေမယ့်လည်း အကောင်းမဖြစ်၊ အဆိုးလုပ်လည်းအဆိုးမဖြစ်၊ အရင်ဘဝလည်းမရှိ နောက်ဘဝလည်းမရှိဆိုတဲ့ နတ္ထိကဝါဒ။

(၄) ဝိညာဉ်ဝါဒတို့ပဲ နိဗ္ဗာန်တံခါးပိတ်ပြီး အပါယ်တံခါးဖွင့်တဲ့ဝါဒတွေပဲ။ သဘာဝတရားကိုပြောင်းပြန်ကြားနဲ့စိတ်ကူးနဲ့ရမ်းပြောပြီး ဝါဒလုပ်နေကြတာ။ သဘာဝတရားအစစ်အမှန်ကိုသိပြီး အကျင့်မှန်ကို လမ်းညွှန်နိုင်တဲ့ နိဗ္ဗာန်တံခါးဖွင့်ပေးနိုင်သူဟာ ဘုရားတစ်ဆူပဲရှိတာ။ ဒါဟာ အသင်္ချေ(၂၀)နဲ့ ကမ္ဘာတစ်သိန်းပါရမီဖြည့်ခဲ့လို့ရတာ"

"(၄) သင်္ချေနဲ့ ကမ္ဘာတစ်သိန်း မဟုတ်ဘူးလား"

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

# ဗြိတိသျှဘုရင်ခံကြည်ညိုသွားသော အောင်မြေကိုးနဝင်းဆုတောင်းပြည့်စေတီ

မောင်စိမ်းထွေး(ထားဝယ်)

မိုးမမည် ဆောင်းမပီ ဝိုးတဝါး နှင်းဝင်ဘာဝင်စအချိန်။ မိုးနှင်းမြူနဲ့ တောင်ခိုးငွေ့တို့ ဝေ့ဝဲဆိုင်းဆို့ မှိုင်းညို့ညို့အောက် စင်းစင်းကျောခင်းသော တောင်ရိုးတောင်ကြောတောင်မျော တောင်ပြတ်တောင်ပတ်တစ်လျှောက် ဘက်ချည်တစ်ခါ ဆင်းချည်တစ်လှည့် လမ်းကွေ့လမ်းကောက်မှာ ဟွန်းသံ တတီတီပေးရင်း မောင်းနှင်လာတဲ့ ကျွန်တော်တို့ ဆိုင်ကယ်ဟာ အရှေ့တောတောင်သုံးလုံးရောက်တော့ မနက် (၉) နာရီကျော်လုလုပေပြီ။ ခရီးတောက်လျှောက် မနားတမ်း မောင်းနှင်လာရာမှ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့က ပိတောက်ရိပ်အောက်မှာ အမောတကော အရှိန်သတ် ဝူးခနဲထိုးရပ်ပြီးအခါကျမှပဲ လူရော ဆိုင်ကယ်ပါ အေးအေးလူလူ အမောဖြေကြရပါတော့တယ်။


ထားဝယ်မြို့ရဲ့အရှေ့စူးစူး (အရှေ့တောခေါ်သည်) ၂၈-မိုင်ဝေးပြီး ရှေးလူတို့က ယိုးဒယားလမ်းလို့ခေါ်တဲ့ လမ်းမကြီးပေါ် ယခု ကျွန်တော်တို့ရောက်ရှိနေတဲ့ တောင်သုံးလုံးရွာဆိုတာ တစ်ခေတ်က သမိုင်းမှတ်တမ်းရေးထိုးသွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် ၁၉၄၂ ခုနှစ် ဂျပန်တပ်မတော်နဲ့အတူ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ပြည်တွင်းဝင် ထားဝယ်စစ်ကြောင်းချီတက်ရာလမ်းကြောင်းတည့်တည့်ကျတဲ့အပြင် အရေးအကြီးဆုံး အဲဒီစစ်ကြောင်းကြီးအတွက် လူသူလက်နက်ရိက္ခာရှာဖွေစုဆောင်းဖြည့်ဆည်း ထောက်ပံ့နိုင်ဖို့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဉာဏဦးစီးအဖွဲ့ နောက်ချန်စခန်းရုံးဖွင့်နေရစ်ခဲ့တာ ဒီတောင်သုံးလုံးရွာဖြစ်လို့ပါပဲ။

ဘီအိုင်အေအား တပ်ဆင်ပေးမယ့် လက်နက်ခဲယမ်းမီးကျောက်အမြောက်အမြားကို ယိုးဒယားဘွန်တီးစခန်းမှ တောတောင်ထူထပ်သားရဲပေါများ မြင့်မားမတ်စောက်လှတဲ့ တနင်္သာရီရိုးမတောင်တန်းကြီးကို နယ်စပ်ဖြတ်ကျော်လို့ ခဲယဉ်းပင်ပန်းစွာ အသက်စွန့်ဆံဖျား အခေါက်ခေါက်အခါခါ သယ်ယူဆောင်နိုင်ခဲ့တာရယ်၊ အချိန်အတိုအတွင်း တောင်သုံးလုံးအနီးပတ်ဝန်းကျင်မှ မိုင်းလုပ်သား၊ ရော်ဘာခြံအလုပ်သမား၊ ဂေါ်ရခါး၊ ဟိန္ဒူများအပါအဝင် ဘီအိုင်အေတပ်သား (၃၀၀) ခန့် နေ့ချင်းညချင်း စုဆောင်း သင်တန်းပေးနိုင်ခဲ့တာရယ်၊ ရှေ့တန်းဆက်လက်အလျှန်အမြန်ချီတက်သွားတဲ့ စစ်ကြောင်းကြီးအတွက် တောက်လျှောက်မပြတ်ရိက္ခာပို့ပေးနိုင်ခဲ့တာရယ်တွေဟာ ဒီတောင်သုံးလုံးရွာကို အခြေစိုက် လုံးပမ်း အောင်မြင်မှုရလဒ်တွေပဲဆိုတာ တွေ့ရပါတယ်။

တောင်သုံးလုံးဆိုတာကို စိတ်ဝင်စားလို့ ပြန်လည် စေ့ငုကြည့်ပါတယ်။ ထားဝယ်တောင်ဘက် သရက်ချောင်းမြို့နယ်အတွင်း ပဲဒက်ရွာ ရေပူစမ်းမနီးမဝေးမှာ ဖိုခုံလောက်ဆိုင် တောင်သုံးလုံးရှိပြီး အဲဒီတောင်တွေပေါ်မှာတော့ စေတီ



တောင်ဘက်မှ ဖူးမြော်ရပုံ



အောင်မြေကိုးနဝင်းဆုတောင်းပြည့်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်မှ ဖူးမြော်ရပုံ




ကမ္ပည်းကျောက်စာတိုင်



စေတီတော်ရှေ့မှ အတားအဆီးမဲ့ ရေနံမြောင်းအား တွေ့ရစဉ်



ဘီအိုင်အေတပ်သားကျော် ဦးစံအေး၏ အရေးတော်ပုံ ဂုဏ်ထူးဆောင်လက်မှတ်



ဌာပနာဖောက်ထွင်းနေရာ (ခေါင်းလောင်းတော်)

တစ်ဆူစီရှိပါတယ်။ စေတီသုံးဆူစလုံးဟာ ထူးထူးဆန်းဆန်း တောင်အရပ်ကို ကိုင်းညွတ်နေတယ်လို့ အဆိုရှိပါတယ်။ (ယခု အုတ်ပုံရေးရေးပင်မရှိတော့ဟု မေးမြန်းသိရှိရသည်။ စာရေးသူ)

တစ်ခါက အဲဒီတောင်သုံးလုံးတောင်ကြားရပ်နေ မုဆိုးတစ်စုဟာ သားကောင်အမဲလိုက်ရင်း မြောက်ဘက်တော်တော်ဝေးဝေးကို ရောက်သွားကြတယ်။ သူတို့ဟာ ရေအတွက် တောင်ကျချောင်းမြောင်း ရှာရင်းဖွေရင်း တစ်နေရာရောက်တော့ ချောင်းတစ်ခုလုံးရေမည်းနက်နက်ကိုတွေ့ရတယ်။ ခဲသတ္တုတွေကြောင့် ရေမည်းနက်နေတာကိုး။ ချောင်းဖျားဆန်တက်ကြည့်တဲ့အခါ သတ္တုသိုက်မနည်းမနောတွေ့ကြရပြန်တယ်။ အဲဒါနဲ့ အရင်နေရပ်ဒေသကနေပြီး မိသားစုအလိုက် ပြောင်းရွှေ့လာကြတော့တယ်။ တောလိုက်မုဆိုးအလုပ်ကိုစွန့်၊ ခဲမိုင်းတူးအသက်မွေးဝမ်းကျောင်းပြုကြတာပေါ့။ ဒီလို တောင်သုံးလုံးတောင်ကြားနေရပ်ကို စွန့်ခွာလာကြသူတွေ တစ်စုတစ်ရုံးနေထိုင်တာကို မူလအရပ်စွဲမှတ်ပြုပြီး တောင်သုံးလုံးရွာခေါ်စမှတ်ပြုလာတယ်လို့သိရပါတယ်။ ၁၉၄၅ ခု တောင်သုံးလုံးရွာ အိမ်ခြေ (၄၅) လုံးရှိပြီး ဧကဖျားပေါရာအရပ်လို့ စစ်တမ်းတစ်ခုမှာ




www.burmeseclassic.com


www.burmeseclassic.com

လေ့လာဖတ်ရှုရတယ်။ တောင်သုံးလုံး အရှေ့မြောက်ယွန်းယွန်း တောချောင်း တစ်ခုမှာ ခဲရင်းယူက ရွှေရလို့ ရွှေချောင်း၊ တောင်ဘက်ရှိ ဗိုလုံးတောင် (ဖိုလုံး တောင်) ဆွယ်မှာ မြန်မာရဲမက်များနဲ့ တိုက်ခိုက်ဖို့ ယိုးဒယားစစ်သူကြီး ဖြနဟိန် (ကျဆုံး) မား(ဒါး)၊ လုံ့အသင့်ပြင် စောင့်ဆိုင်းတဲ့နေရာကို ဟိန်ဒါးပြင် (ယခု ဟိန္ဒား) အမည်တွင်တယ်ဆိုတဲ့ အမှတ်သညာလေးတွေရှိပေ့ါ။

နယ်ခြဲ့ကိုလိုနီအစိုးရလက်ထက် ဗြိတိသျှဘုရင်ခံ ကြည်ညိုသွားသော အောင်မြေကိုးနဝင်းစေတီကို ဖူးမြော်ချင် တာမို့ ကျွန်တော်နဲ့ ကိုမျိုးမင်းဦး တကူး တကလာရောက်တာဖြစ်ကြောင်း နားစွန် နားဖျားကြားသွားဟန်တူတဲ့ ရွာခံ ဦးသန်းအောင်ဆိုသူက လိုက်ပို့ပေးမယ် ဆိုပါတယ်။ ဟိန္ဒားလမ်းခွဲအတိုင်း တစ်မိုင်လောက်အကွာ မြောင်းပြို့ရွာစွန် အနောက်ဘက်မှာ စေတီရှိတယ်လို့ပြော တယ်။ သူ့အဘိုးဦးစံအေးအိမ်ရှိတယ်လို့ လည်းပြောတယ်။ တစ်လောက ရွာသူ ရွာသားတွေ ကန့်ကွက်ဆန္ဒပြကြတဲ့ မြောင်းပြို့လားဆိုတော့ ဟုတ်တယ်တဲ့။ ဘာပဲပြောပြော ကျွန်တော်တို့အတွက် အဆင်ပြေတယ်ဆိုရမှာပါ။ ဖက်မိုးဝါး ယိုင်ကာ ဦးစံအေးအိမ် ခေတ္တဝင်နားစဉ် အလုပ်ကိစ္စဖုန်းဝင်လာလို့ ဦးသန်းအောင် တမန်းကတန်း ပြန်ပြေးသွားရတယ်။ ၁၉၉၉ ခုနှစ် အသက် (၈၈) နှစ်အရွယ် ကွယ်လွန်သွားရှာတဲ့ ဦးစံအေးဟာ ခေသူမဟုတ်ပါဘူး။ဘီအိုင်အေတပ်သား ကျော်တစ်ဦးပဲ။ ၁၉၄၅ ခုနှစ် အောက်တို ဘာလ ၅ ရက် နေ့စွဲနဲ့ ဗိုလ်ချုပ်၊ စစ်သေနာပတိ၊ မျိုးချစ်ဗမာ့တပ်မတော်၊ အရေးတော်ပုံဂုဏ်ထူးဆောင်လက်မှတ် ညစ်နွမ်းနွမ်းခေါက်ရိုးကျိုးလေး၊ အရေး တော်ပုံတံဆိပ် BIA၊ လွတ်မြောက်ရေး တံဆိပ် PBF၊ လွတ်လပ်ရေးမော်ကွန်း တံဆိပ် ဒုတိယဆင့် စတာတွေကို သား ဖြစ်သူ ဦးကြည်ညွန့်က ကျွန်တော်တို့ကို ထုတ်ပြပါတယ်။ ရာထူးအာဏာဥစ္စာ ဘာတစ်ခုမှ အရေးမစိုက် မမျှော်လင့်ဘဲ၊ ဘယ်သူ့တိုက်တွန်းမှုမပါဘဲ တိုင်းချစ် ပြည်ချစ် စိတ်ဓာတ်တစ်ခုတည်းနဲ့တင် ဘီအိုင်အေကိုဝင်ရောက်ကြတဲ့ ဦးစံအေး လို ထားဝယ်သားများ ဘယ်လောက်ရှိ မယ်၊ တိုက်ရင်းခိုက်ရင်းသေသူ၊ မထင် မရှားသေဆုံးသွားသူဘယ်လောက်ရှိမယ်၊ သက်ရှိထင်ရှား ဘယ်လောက်ကျန်ဦး မယ်ဆိုတာကို ဖျတ်ခနဲ အတွေးတသိ



ရေနီမြောင်းကြီးနှင့် နီးနီးကပ်ကပ်



မြောင်းပြို့မိုင်းတုပ်ကွက်တစ်နေရာ

တတန်းကြီးပြေးနေမိလေရဲ့။

ယခင် ခွေးလောင်ချောင်း (ထား ဝယ် - ခွီးလောန်ခွ္ဓန်း) ကနေ့ မြောင်းပြို့ (ထားဝယ်-ဗွ္ဂန်းပြို့) တစ်ဖြစ်လဲပြောင်း တာကို ဘာဘာညာညာစောကြောမနေ တော့ဘဲ ဦးကြည်ညွန့်ခေါ် ရာနောက် ကောက်ကာငင်ကာ ကျွန်တော်တို့ ထလိုက်ခဲ့တော့တယ်။ ရွာလယ်လမ်းကို ဖွဲ့ဆင်းပြီး ချောင်းစပ်စပ်က မျှော်ကြည့် လိုက်တော့ (၂) ဖာလုံကျော်ကျော် တောခင်တန်းနောက်ခံနဲ့ အောင်မြေ ကိုးနဝင်းစေတီတော်ကို ရွှေရည်ဝင်းဝါ တင့်တယ်စွာ ဖူးမြင်ရပေတယ်။ပေ(၁၀၀) နီးနီး ကုန်းမြင့်ကမူပေါ် တည်ဘုရားဖြစ် ပေမယ့်လို့ အခုတော့ မြန်မာ-ပွန်ပီပက် ဖက်စပ်သတ္တုကုမ္ပဏီရဲ့ ဘက်ဟိုးမြေထိုး စက်ယန္တရားကြီးများက ဝါးမျိုသွားလို့ မြေပြန့်ပြန့်ဖြစ်နေပါပြီ။ ရှိသမျှအပင် ကြီးငယ်ငုတ်တိုပါမကျန် မြေလှန်ခံရ တာမို့ တောင်တောရယ်မသာတော့ဘဲ လွင်တီးခေါင်နေပေပြီ။ ရေဆင်းမြောင်း

တိမ်တိမ်ကလေးတွေ ဟိုတစ်ကြောင်း ဒီတစ်ကြောင်း အမြွာမြွာအပြတ်ပြတ် နေရာအနှံ့ ကမူးရှူးထိုး တွေ့ရတယ်။ ရေနီမြောင်းမကြီးတစ်ခု ဘုရားအရှေ့ ဘက် နီးနီးကပ်ကပ်နေရာမှာ အတား အဆီးမဲ့ဖြတ်စီးနေတာက အဆိုးဆုံးဖြစ် တယ်။ မိုးတွင်းရေကြီးရေလျှံတဲ့အခါ ဘုရားဘက်ခြမ်း အောက်ခြေမြေသား တတိတိလိုက်စားပြီး ပြိုအိကျရင် ပြဿနာပါပဲ။ လောဘသားကောင်တွေ ရဲ့ မဆင်မခြင် အမြော်အမြင်ကင်းဆိတ် ငါတကောကောနေသမျှ တောလည်း ပျောက်၊ တောင်လည်းပျောက်၊ ဘုရား ပါပျောက်မှာပါကလားလို့ ကျွန်တော် အထိတ်တလန့် တုန်လှုပ်မိတာအမှန်ပါ။ ဒါတွေကြောင့် မြောင်းပြို့ရွာသူရွာသား တွေ မခံမရပ်ထပြီးဆန္ဒပြကန့်ကွက်သ ဆူညံကုန်တာဖြစ်မှာပေ့ါ။ ကျွန်တော်တို့ ရောက်တဲ့အချိန် သက်ဆိုင်ရာက တားမြစ်ထားတယ်လို့ သိရတယ်။ဟိုး ခပ်ဝေးဝေးမှာ မြေကြီးစားဘက်ဟိုးကြီး



www.burmeseclassic.com

www.burmeseclassic.com

တွေ အစွယ်ငေါငေါဘီလူးကြီးများ သဖွယ် ချောင်းနေသလားထင်ရတယ်။

ဗြိတိသျှခေတ် မိုင်းသူဌေး ဦးအုန်းညွန့်၊ ဒေါ်အေးမေ (ထားဝယ်မြို့) ဇနီးမောင်နှံဟာ မြောင်းပြို၊ သက်နွန်းတုံး၊ ပကာရီဆိုတဲ့ သူပိုင်မိုင်းလုပ်ကွက် (၃) နေရာမှာ ကိုးနဝင်းဘုရား (၃) ဆူတည်ခဲ့တယ်လို့ သိမီသူတွေပြောတာကြားဖူးပါတယ်။ ခရစ်နှစ် ၁၉၃၃ ခုနှစ် မြောင်းပြိုမှာ တစ်ဆူတည်တယ်။ မြောင်းပြိုလုပ်ကွက်ထဲမှာ ခဲသတ္တုအလွန်ထွက်ရှိတဲ့သတင်း ကျော်ကြားလာတဲ့အခါမှာတော့ အင်္ဂလိပ်လူမျိုး ဗြိတိသျှသတ္တုတွင်းကုမ္ပဏီက ခဲတူးသင်္ဘော (၂) စီး မပြောမဆို ဝင်ချလာတယ်။ အဲဒီမှာ ပြဿနာစတာပဲ။ မိုင်းလုပ်ကွက်နေရာလုပွဲ အကျယ်ကျယ် မငြိမ်းဖွယ်ဖြစ်ပြီး ဗြိတိသျှဘုရင်ခံအထိ ဒီကိစ္စရောက်ရှိသွားပါတော့တယ်။ ဒါနဲ့ ခရစ်နှစ် ၁၉၃၆ မှာ ဘုရင်ခံကိုယ်တိုင် လာရောက် ကြည့်ရှုစစ်ဆေးတယ်။ ဦးအုန်းညွန့်ဟာ သူ့မိုင်းလုပ်ကွက်ထဲမယ် ခဲ၊ ခဲမဖြူ အဖြိုက်နက်ကို သဲစုပ်စက်သုံးပြီး ရေပန်းထိုးတူးဖော်တာပါ။ ဘုရင်ခံလာတဲ့အခါ ခဲသတ္တုတွေ နေရာအနှံ့အပြား ကြဖြန့်ထားစေတဲ့အပြင် အလုပ်သမားတွေကိုလည်း သူ့ခေတ်သူ့အခါ ခေတ်စားကျော်ကြား တန်ဖိုးကြီး ဘန်ကောက်လုံချည် တစ်ယောက်တစ်ထည်စီ ရက်ရက်ရောရောပေးပြီး ဝတ်စေတယ်။ ပြီးတော့ ဘုရင်ခံရဲ့ ငွေစက္ကူကို မီးလောင်စာအဖြစ်သုံးကာ လက်ဖက်ရည်ကျိုက်ပြီး ဘုရင်ခံအား တည်ခင်းဧည့်ခံ သူဌေးဘွဲ့ခံတယ်လို့ဆိုပါတယ်။ အလုပ်သမားတစ်ယောက် တစ်နေ့လုပ်ခ (၅) ပဲ၊ ရွှေတစ်ကျပ်သား (၂၈)ကျပ်ခေတ်ကာလမှာ ထားဝယ်သား ဦးအုန်းညွန့်လုပ်ချလိုက်တာ ဘုရင်ခံလည်း တစ်ချီတည်း မျက်စိတောပြားသွားတယ်လေ။ နောက်တော့ ဦးအုန်းညွန့်ပဲ အနိုင်ရတယ်။ အဲဒီမှာ ဗြိတိသျှဘုရင်ခံဟာ ဦးအုန်းညွန့်-ဒေါ်အေးမေကောင်းမှု ထာဝရကုသိုလ် ကိုးနဝင်းစေတီတော်ကို ကြည်ညိုသွားခဲ့တာပါ။ စေတီတော်ကိုလည်း အောင်မြေကိုးနဝင်းဆုတောင်းပြည့်ရယ်လို့ ဘွဲ့တော်သအစဉ်အဆက် ပြောဆိုလာခဲ့ကြတယ်။

'အောင်မြေကိုးနဝင်းဆုတောင်းပြည့်စေတီတော်၊ ဦးအုန်းညွန့်-ဒေါ်အေးမေ (ထားဝယ်မြို့) ခရစ်နှစ် ၁၉၃၃ ခုနှစ်တွင် စတင် တည်ထားသည်။ ခရစ်နှစ် ၁၉၃၆ ခုနှစ်တွင် ဗြိတိသျှဘုရင်ခံလာရောက် ကြည်ညိုသည်'

ဟု ဘုရားကမ္ပည်းကျောက်စာဖတ်ရှုရပေမယ်လို့ ဗြိတိသျှဘုရင်ခံဘယ်သူဘယ်ဝါနာမည်ဖော်ပြမထားဘဲ အမှတ်အသား မပြည့်စုံတာကိုဖြင့် မချင့်မရဲဖြစ်မိပါရဲ့။ နှစ်ပေါင်း (၅၀) လောက်အကြာမှာတော့ မိုးကြိုးခပျက်စီးနေတဲ့ စေတီတော်ကို တောင်သုံးလုံးရွာသား မိုင်းလုပ်ငန်းရှင် ဦးနေဝင်း - ဒေါ်ခင်လှတို့ကို အိပ်မက်ပေးတာမို့ မြန်မာနှစ် ၁၃၄၂ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် (၁၈-၁-၁၉၈၁) တနင်္ဂနွေနေ့မှာ ပြန်လည် မွမ်းမံပြီး အများကောင်းမှု ထီးတော်တင်လှူပူဇော်ပါတယ်။ နောက်နှစ် (၂၀) ကျော် မြန်မာနှစ် ၁၃၆၃ ခုနှစ် တပို့တွဲလဆုတ် ၁၀ ရက် (၉-၃-၂၀၀၂) စနေနေ့ကျတော့ အများဒါယကာကောင်းမှုနဲ့ စေတီတော်ထပ်မံပြုပြင်ပြီး တစ်ဆူလုံး ရွှေသင်္ကန်းကပ်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲခြိမ့်ခြိမ့်သဲကျင်းပတယ်။ နှစ်စဉ် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကျင်းပလာတာ အခုထိပဲ။

စေတီတော်အတိုင်းအတာအနေနဲ့ ဉာဏ်တော် (၉) ပေ၊ ထီးတော် (၄) ပေ (၆) လက်မ၊ အရံစေတီများ ဉာဏ်တော် (၄) ပေ (၃) လက်မ၊ ထီးတော် (၃)ပေ (၆) လက်မစီ၊ ဖိနပ်တော် (၂၅) ပေ (၁၁) လက်မစတုရန်းလေးထောင့်စပ်စပ်၊ ရှစ်မြောင့်ပလ္လင်ခံပြီး အရပ်လေးမျက်နှာ မုခ်ဆောင်ငယ်လေးခု ပန်းတင်ခုံပေါ်ထွက်ထားတယ်။ လက်ရှိ အောင်မြေကိုးနဝင်းဆုတောင်းပြည့်စေတီတော်အား ထိန်းသိမ်းစောင့်ရှောက်နေသူ ဦးဝင်းလှိုင် (တောင်သုံးလုံး) ပြောတာက -

"အရင် နှစ် (၄၀) တုန်းက စေတီတော်ဌာပနာဖောက်ခံရဖူးတယ်။ ခေါင်းလောင်းတော်မှာ အခုထိဖောက်ထွင်းရာရှိပါတယ်။ မသမာသူတွေဟာ အထက်ဌာပနာပစ္စည်းရှာမရတော့ အကြံကြီးကြီး မြေအောက်လိုဏ်လမ်းတူးပြီး အောက်ဌာပနာတိုက်ဖောက်ဖို့ကြိုးစားပြန်တယ်။ ဟောဟို ထန်းနှစ်ပင်အောက်ကုန်းနေရာဟာလိုဏ်လမ်းအဝင်ပဲ။(၁၀)ပေလောက်အထဲရောက်နေပြီ။ တောတက်ထင်းခုတ်ဝါးခုတ်သူတွေ တွေ့သွားလို့ပေါ့ဗျာ။ ဘာသာခြား မိစ္ဆာကောင်တွေ နောက်မကြာဘူး ထွက်ပြေးရင်း အားလုံးလှေမှောက်သေကုန်ရော။ အဲဒါဘုရားရိုက်တာလေ"

ဟု ရှင်းပြတော့ ကျွန်တော်တို့ ခေါင်းနားပန်းကြီးမိပါတယ်။

ကျွန်တော်တို့ကို ဘုရားဆီလိုက်ပို့တဲ့ ဦးကြည်ညွန့်ကလည်း သူ့အမှတ်ထင်ထင်သိရှိတာကို အခုလိုပြောပြပါသေးတယ်။

"ဘုရားပွဲညတစ်ည ဗလာဇာတ်ပွဲကနေတုန်း အမျိုးသမီးနှစ်ယောက်၊ အမျိုးသားတစ်ယောက်တို့ ပွဲခင်းအပြင်ဘက်ခပ်လှမ်းလှမ်း အပေါ့အပါးသွားစဉ် ဝါးပင်ထိပ်ဖျားပေါ် မင်းသား၊ မင်းသမီးများ ယိမ်းကနေတာမြင်ရတယ်တဲ့။ အဲဒါနဲ့ တုန်တုန်ယင်ယင် ထိတ်လန့်တကြားအော်လို့ ကြားသူတွေ အပြေးအလွှားသွားကြည့်တော့ ပျောက်သွားတယ်လို့ဆိုတယ်။ ဘုရားကုန်းထက် ဇရပ်ပျက် (ယခု မရှိတော့ပါ) အနီးအနား မြွေကြီးတစ်ကောင်သွားလာနေတာ ကနေ့အထိ တစ်ခါတလေတွေ့သူတွေရှိတယ်။ထူးခြားတာက မဖဲဝါဇာတ်ကရင် အဲဒီမြေပွဲခင်းထဲရောက်ရောက်လာတတ်တာပဲ။ ရွာဘုန်းကြီးပင့်လျှောက်ပြီး မီးထွန်းတောင်းပန်ခယ ပြန်ပို့ရတာ ဒီဌလက်ငင်းကြုံဖူးတယ်။ ရွာကျောင်းဆရာတော်က မဖဲဝါဇာတ်မကဖို့မိန့်ထားပါတယ်။ ဒီအောင်မြေဘုရားမှာ အစောင့်အရှောက်အမှန်တကယ်ရှိတာတော့ အသေအချာပဲ။ ကိုယ်တိုင်မဖူးမတွေ့ရပေမယ့် အောင်မြေကိုးနဝင်းဘုရားမှ မြောက်ဘက် ရွှေချောင်းဘုရားဆီ ရောင်ခြည်တော်လွှတ်တယ်ဆိုတာကို သက်ကြီးရွယ်အိုပြောသံငယ်ငယ်ကကြားဖူးလေရဲ့"

❑

"အော့ . . . အော့ . . . အော့"

"အော့ . . . အော့ . . . အော့"

ရုတ်တရက်လေဟုန်စီးဝဲပျံရောက်လာသောကျီးမောင်နှံနှစ်ကောင် ထန်းပင်ညီနောင်ပေါ် နားခိုလျက် တစာစာသာလိုက်၏။

'ရွှေကျီးသာ ဧည့်သည်လာ' ဟူသော နိမိတ်ယူစကားရှိသည်။

ဤသို့ဆိုလျှင် -

ဧည့်သည်တော် ဗြိတိသျှဘုရင်ခံရောက်တုန်းအခါက ရွှေကျီးသာခဲ့လေသလား။

ယခု ကျွန်တော်တို့လည်း ဧည့်သည်ပါပဲ။

အမှန်ပင် -

သံသရာခရီးသွားဧည့်သည်ဖြစ်ပေသည်တမုံ့။ ။

မောင်စိမ်းထွေး (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

## ဦးကိုကိုကြီး(စစ်ဆေးရေး)
### ကဝေ(၁၂)၊ ထုံးဘို

# ထန်းပင်ကွင်းတောရသို့

၁၃၇၈ ခု၊ ပြာသိုလဆန်း ၁ ရက်နေ့မှသည် ပြာသိုလပြည့်နေ့အထိ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ထုံးဘိုတိုက်နယ် ထန်းပင်ကွင်းကျေးရွာ၏အရှေ့ဘက်ရှိ နှမလည်တောင်ကြီးပေါ်တွင် တည်ရှိသော ထန်းပင်ကွင်းတောရခေါ် သက္ကဗိမာန်ကန်သာတောရကျောင်းတွင် (၄၄) ကြိမ်မြောက် သံဃပရိဝါသ်ဆောက်တည်ပွဲကြီးကျင်းပပြုလုပ်ရာသို့ ဒီနှစ်မတော့ စာရေးသူ မရောက်ရောက်အောင်သွားဖို့ရန် သန္နိဋ္ဌာန်ချထားမိပါသည်။

အဘယ်ကြောင့်ဆိုသော် သူရဇ္ဇမဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ်များနှင့်ပတ်သက်၍ ဗဟုသုတတိုးပွားကြစေရန်အတွက် ရေးသား တင်ပြလိုသောစိတ်ကြောင့် ဖြစ်ပါ၏။

ပရိဝါသ်အကြောင်း ရေးသားရမည်ဆိုပါလျှင် ထန်းပင်ကွင်းတောရကိုတည်ထောင်သူ သာသနာ့ပရိဝါသ်ပွဲကြီးရဲ့ နာယကဆရာတော်ကြီးဦးကုန္ဒစက္ကအကြောင်း အနည်းငယ်မျှ ရေးသားရပါပေမည်။

ဆရာတော်ကြီးဦးကုန္ဒစက္ကသည် ထန်းပင်ကွင်းတောရတွင် ဝါးကျောင်းလေးဆောက်လုပ်၍ တစ်ပါးတည်းတောရဆောက်တည်နေတော်မူခဲ့လေသည်။

ကြာမြင့်လာသည်နှင့်အမျှ ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ၊ စရဏတို့၏စွမ်းအားတို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့မှ ကိုးကွယ်ဆည်းကပ် လှူဒါန်း ပူဇော်သမှု ပြုလုပ်လာကြကာ ယခုဆိုပါလျှင် တောရတွင်ဘုရားကျောင်းကန်၊ စေတီ၊ ဓမ္မာရုံ၊ သိမ်တို့ဖြင့် တောကြီးတောင်ကြီး၏အလယ်တောရိပ်တောင်ရိပ်အောက်တွင် ခမ်းနားထည်ဝါစွာဖြင့် တင့်တင့်တယ်တယ်သာသာယာယာရှိလှပါပေသည်။

သာသနာ့ပရိဝါသ်ပွဲကြီးရဲ့ဦးစီးနာယကဆရာတော်ကြီးဦးကုန္ဒစက္ကသည် ဤပရိဝါသ်ပွဲကို ထန်းပင်ကွင်းတောရတွင် စတင် လုပ်ဆောင်ခဲ့ကာ ယခု ၁၃၇၈ ခုနှစ်တွင် (၄၄) နှစ်ကြာခဲ့ပြီး (၄၄) ကြိမ်မြောက်သို့ပင် ရောက်လာခဲ့ပါပေသည်။

ပရိဝါသ်ပွဲတစ်ခုဖြစ်ဖို့ဆိုပါလျှင် -

၁။ ပရိဝါသ်ကို တာဝန်ခံပြုလုပ်မည့်ပုဂ္ဂိုလ်၊

၂။ ပရိဝါသ်ပွဲပြုလုပ်မည့်နေရာ၊

၃။ သံဃာအများစု စသည်တို့ ရှိဖို့ရန် လိုပါသည်။

ထို (၃) ချက် ပြည့်စုံမှသာလျှင် ပရိဝါသ်ဆောက်တည်လို့ရမည် ဖြစ်ပါသည်။

ပရိဝါသ်အကြောင်းရေးရမည်ဖြစ်သည့်အတွက် ပရိဝါသ်ဆိုသည်ကို စာရှုသူများသိရှိဖို့ရန် လိုအပ်ပါပေလိမ့်မည်။



သာသနာ့ပရိဝါသ်ပွဲကြီးရဲ့ ဦးစီးနာယကဆရာတော်ကြီး ဦးကုန္ဒစက္က



ထန်းပင်ကွင်းတောရကျောင်းထိုင် ဆရာတော်ဦးသီလက္ခန္ဓ



ကမ္မဋ္ဌာန်းကျောင်းလေးများ တည်ရှိနေပုံ



www.burmeseclassic.com


www.burmeseclassic.com



သံဃာတော်များ၏ သပိတ်များနှင့် နေ့ဆွမ်းဘုဉ်းပေးနေပုံ



သပိတ်နှင့်ဆွမ်းဘုဉ်းပေးနေခြင်းကို အနီးကပ်မြင်ရပုံ



တောင်အမြင့်ထက်မှ ရေကန်ကြီး

ပရိဝါသ် ဆိုသည်ကို ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများသည် မသိနားမလည်ကြတာတွေ့ကြရသလို အချို့သော သံဃာများသည်ပင်လျှင် စာရေးသူ၏ မေးမြန်းလျှောက်ထားမှုအပေါ် ဝယ် မဖြေကြားနိုင်သည်ကို တွေ့ရပါသည်။

ပရိဝါသ်အကြောင်း ရေးသားရမည်ဆိုရာမှာလည်း မြန်မာတစ်ပြည်လုံးပျံ့နှံ့သွားမည့်ဆောင်းပါးဖြစ်နေပါသဖြင့် စမ်းတဝါးဝါးရေး၍မဖြစ်ပါ။

သို့အတွက်ကြောင့် ပရိဝါသ်နှင့်ပတ်သက်၍ မိန့်ကြားနိုင်သည့် ပန်းတောင်းမြို့နယ် တုံးကင်းအုပ်စု ရွာထောင်ရွာရှိ မြနန်းရတနာပုံကျောင်း ဆရာတော် ဦးပဏ္ဍိတ သက်တော် (၇၁) နှစ်ထံသို့ ၁၃၇၈ ခုနှစ်၊ နတ်တော်လကွယ်နေ့က သွားရောက် လျှောက်ထား မေးမြန်းခဲ့ရာ ပရိဝါသ်အကြောင်း သိရှိခဲ့ရပါသောကြောင့် စာဖတ်ပရိသတ်များထံသို့ ရေးသား တင်ပြလိုက်ရပါသည်။

❑

ပရိဝါသ်ဆိုသည်မှာ ထက်ဝန်းကျင် စင်ကြယ်စွာကျင့်သုံးခြင်းဟု အဓိပ္ပာယ်ရပါ၏။

သံဃာတော်တစ်ပါးသည် သံဃာဒိသိသ်တစ်ပါးမျှ ကျူးလွန်မိရုံမျှနှင့်ပင် သံဃာဒိသိသ်အာပတ်သင့်ပါ၏။

ထိုအာပတ်များ ပြေပျောက်စေရန် သံဃာသည် ပရိဝါသ်ဆောက်တည်ရမည် ဖြစ်ပေသည်။

သို့အတွက်ကြောင့် ဤနေရာတွင် သံဃာဒိသိသ်အာပတ်ဆိုသည်မှာဘာလဲဆိုသည်ကို သိဖို့ရန်လိုပေလိမ့်ဦးမည်။

ထို့ကြောင့် သံဃာဒိသိသ်အာပတ်များနှင့်ပတ်သက်၍ ဘယ်ကဲ့သို့သော အချက်အလက်များလဲဆိုသည်ကိုမသိကြသေးသော သံဃာတော်များနှင့် စာဖတ်ပရိသတ်များအတွက် ဗဟုသုတရကြပြီး သိရှိသွားကြစေရန် ရေးသားဖော်ပြပေးလိုက်ရပါသည်။

၎င်းတို့မှာ -

သံဃာသည် -

၁။ သုက်လွှတ်အောင်အားထုတ်၍ သုက်လွှတ်သွားလျှင် သံဃာဒိသိသ်အာပတ်သင့်၏။

က။ လွှတ်လိုက်သောစေတနာရှိခြင်း။
ခ။ လုံ့လပြုခြင်း။
ဂ။ သုက်လွှတ်ခြင်း။

ဤသုံးပါးညီလျှင် သံဃာဒိသိသ်အာပတ်သင့်၏။

သံဃာသည် -

၂။ မာတုဂါမကို ရာဂစိတ်ကြောင့် ထိပါးသုံးသပ်လျှင် သံဃာဒိသိသ်အာပတ်သင့်၏။


က။ လူမိန်းမဖြစ်ခြင်း။
ခ။ မိန်းမမှန်းသိခြင်း။
ဂ။ ကာယသံသဂ္ဂရာဂရှိခြင်း။
ဃ။ ထိမိအောင်လုံ့လပြုခြင်း။

www.burmeseclassic.com

www.burmeseclassic.com




သံဃာတော်များ ဆွမ်းစားဇရပ်သို့ ဆွမ်းဘုဉ်းပေးရန်သွားကြပုံ



သံဃာတော်များ ခေတ္တနားနေကြစဉ်



ပဋ္ဌဝတ္တိရဟန်းတစ်ပါးအား နဂါးမောက်သင်္ကန်း ခြုံပေးနေပုံ



တောင်ပေါ်တက်ရာ ဆိုင်ကယ်လမ်း



တောင်အမြင့်ပေါ်သို့ စတင်တက်ရာလမ်းအစ



ကျောက်ကြိုကျောက်ကြားမှတက်နေရပုံ

င။ လက်စသည်တို့ကိုကိုင်မိခြင်း။

ဤအင်္ဂါငါးပါးညီလျှင် သံဃာဒိတ်သိသ်အာပတ်သင့်၏။

သံဃာသည် -

၃။ မာတုဂါမအား ညစ်ညမ်းစွာ ပြတ်ရယ်ပြောဆိုလျှင် သံဃာဒိသိသ် အာပတ်သင့်၏။

က။ လူဇာတ်ရှိသောမိန်းမဖြစ်ခြင်း။
ခ။ မိန်းမမှန်းသိခြင်း။
ဂ။ ညစ်ညမ်းစွာပြောဆိုလိုသောရာဂ ရှိခြင်း။
ဃ။ ထိုရာဂစိတ်ဖြင့် ယုတ်ယုတ်မာမာ ပြောဆိုခြင်း။
င။ ပြောလျှင်ပြောချင်းအပြောခံရသူ ကသိခြင်း။

ဤအင်္ဂါငါးပါးညီလျှင် သံဃာဒိသိသ်အာပတ်သင့်၏။

သံဃာသည် -

၄။ မာတုဂါမထံမှမေထုန်ကာမကို တောင်းလျှင် သံဃာဒိသိသ်အာပတ်သင့်၏။

က။ လူသားစစ်စစ်မိန်းမဖြစ်ခြင်း။
ခ။ လူမိန်းမမှန်းသိခြင်း။
ဂ။ မေထုန်မှုကို ထောက်ခံလိုသော ရာဂရှိခြင်း။
ဃ။ ဂုဏ်ကျေးဇူးကို ပြောဆိုတောင်းခံခြင်း။
င။ အတောင်းခံရသူမိန်းမကနားလည်ခြင်း။

ဤအင်္ဂါငါးပါးညီလျှင် သံဃာဒိသိသ်အာပတ်သင့်၏။

သံဃာသည် -

၅။ အောင်သွယ်စကား အသွားအပြန်ဆိုမိလျှင် သံဃာဒိသိသ်အာပတ်သင့်၏။

က။ မိန်းမ၊ ယောကျ်ားတို့ လူသားစင်စစ်ဖြစ်ခြင်း။
ခ။ အောင်သွယ်ထိုက်ခြင်း။
ဂ။ ဝန်ခံခြင်း။
ဃ။ စုံစမ်းခြင်း။
င။ ပြန်ပြောခြင်း။

ဤအင်္ဂါငါးညီလျှင် သံဃာဒိသိသ်အာပတ်သင့်၏။

သံဃာသည် -

၆။ ရဟန်းကိုမုန်းတီး၍ ပါရာဇိကအာပတ်ဖြင့် အကြောင်းမဲ့စွပ်စွဲလျှင် သံဃာဒိသိသ်အာပတ်သင့်၏။

က။ ရဟန်းအရေအတွက်၌ ပါဝင်



www.burmeseclassic.com

www.burmeseclassic.com

ခြင်း။

ခ။ ထိုရဟန်း၌ ပါရာဇိကအာပတ်မှ စင်ကြယ်သူဟုအမှတ်ရှိခြင်း။

ဂ။ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းဟူသော အခြေအမြစ်မရှိခြင်း။ (ရှိခြင်း)

ဃ။ သာသနာရွေ့လျောစေလိုသဖြင့် မျက်မှောက်၌စောဒနာခြင်း။

င။ အစွပ်အစွဲခံရသူက မိမိကိုစွပ်စွဲမှန်းချက်ခြင်း၊ သိခြင်း။

ဤအင်္ဂါငါးပါးညီလျှင် သံဃာဒိသိသ်အာပတ်သင့်၏။

သံဃာဒိသိသ်အာဖတ်သင့်သော သံဃာသည် **ပရိဝါသ်ဆောက်တည်သမှု** ပြုရတော့မည် ဖြစ်ပါသည်။

**□ ပရိဝါသ်ကျင့်ပုံ**

၁။ မပြောကြားလျှင် ဝါသ်ပျက်၏။

၂။ အတူအိပ်လျှင် ဝါသ်ပျက်၏။

၃။ ညဥ့်ကင်းလျှင် ဝါသ်ပျက်၏။

ပရိဝါသ်ရက်ပြည့်လျှင် 'မာနတ်' ကျင့်ရမည်။

**□ မာနတ်ခေါ်ပုံ**

ရဟန်းတော်များ မြတ်နိုးစိမ့်သော ဌာကျင့်ခြင်းသည် မာနတ်ကျင့်သည်မည်၏။

**□ မာနတ်ကျင့်ပုံ**

၁။ ပရိဝါသ်ဆောက်တည်ရမည်။

၂။ ပရိဝါသ်ပြောကြားရမည်။

၃။ မာနတ်တောင်းရမည်။

၄။ မာနတ်ကမ္မဝါဖတ်ရမည်။

၅။ မာနတ်ဆောက်တည်ရမည်။

၆။ မာနတ်ပြောကြားရမည်။

၇။ မာနတ်ပြန်ချရမည်။

**□ မာနတ်ကျင့်နေစဉ်**

၁။ ပကတတ်ရဟန်းလေးပါး (လေးပါးအောက်လျော့လျှင် ဝတ်ပျက်ခြင်း)

၂။ နေ့တိုင်း မာနတ်မပြောကြားလျှင် ဝတ်ပျက်ခြင်း။

၃။ အတူအိပ်လျှင် ဝတ်ပျက်ခြင်း။

၄။ ညဥ့်ကင်းနေလျှင် ဝတ်ပျက်၏။

မာနတ် (၆) ရက် ကျင့်ရမည်။ မာနတ်(၆)ရက်ပြည့်လျှင် 'အဗ္ဘာန်သွင်း' ရမည်။

**□ အဗ္ဘာန်ခေါ်ပုံ**

၁။ မာနတ်ဆောက်တည်ရမည်။

၂။ မာနတ်ပြောကြားရမည်။

၃။ အဗ္ဘာန်ကမ္မဝါဖတ်ရမည်။

အဗ္ဘာန်သွင်းပြီးပြီဆိုပါက ထိုသံဃာသည် အာပတ်သင့်မှုမှလွတ်ကင်း၍ သံဃာထု၏အလယ်တွင် သံဃာအစစ်အမှန်ဖြစ်သွားပေသည်။ (သံဃာဒိသိသ်အာပတ်သင့်သူ သံဃာသည် သံဃာထုအတွင်းတွင် နေထိုင်သွားလာပြောဆိုခွင့်မရှိပါ။)

အထက်ဖော်ပြပါ ရေးသားတင်ပြထားသည့်ပြုကျင့်ပုံတို့သည် ပရိဝါသ်ဆောက်တည်သည်မည်ပါပေသည်။

❑

ပရိဝါသ်အကြောင်းနှင့်ပတ်သက်၍ စာရှုသူတို့အား စာရေးသူရေးသားတင်ပြနိုင်ပြီဖြစ်ပါသဖြင့် ပရိဝါသ်ပွဲပြုလုပ်ကျင်းပရာ ထန်းပင်ကွင်းတောရသို့ ၁၃၇၈ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့က ထန်းပင်ကွင်းတောရ၏ တောတောင်လမ်းများကျွမ်းကျင်သူ ဆရာတော်ကြီးဦးကုန္ဒစက္က၏တပည့် ဦးတင်စိုး (ကိုယ်ထည်-ငြိမ်း) အား စာရေးသူကို လိုက်ပို့ပေးပါရန် အကူအညီတောင်းပြီး စာရေးသူ၏ဆိုင်ကယ်ဖြင့်နှစ်ယောက်သားသွားခဲ့ကြပါသည်။

ဆိုင်ကယ်ကို စာရေးသူမှန်မှန်လေးမောင်းနှင်လာရာ ဂုံညင်းတန်း (ချင်းရွာ) သို့ပင် ရောက်ရှိလာခဲ့ပါသည်။

ထို့နောက် ရွာနှစ်ရွာသည် ချောင်းကလေးသာခြားနေသော ဂုံညင်းတန်း (ဗမာရွာ) ကို ဖြတ်ကျော်လိုက်ရပြန်၏။ မြေသားလမ်းများဖြစ်သဖြင့် ဖြည်းဖြည်းချင်းမောင်းနှင်လာရာက ပုသိမ် - မုံရွာကတ္တရာလမ်းမကြီးပေါ်သို့ ရောက်ရှိလာခဲ့ပါလေသည်။

အနည်းငယ်မျှမောင်းပြီးသည်နှင့် လက်ယာဘက်သို့ချိုးကွေ့မည်အပြုတွင် ရွာထိပ်တွင် (၄၄) ကြိမ်မြောက် သံဃာပရိဝါသ်ဆောက်တည်ပွဲ(၇)ကြိမ်မြောက် ဝိနယာနုဂ္ဂဟာစာတော်ပြန်ပွဲအခမ်းအနားနှင့် (၆) ကြိမ်မြောက် သက်တော်ရှည်ဆရာတော်ကြီးများ၏ ဩဝါဒခံယူပူဇော်ပွဲအခမ်းအနား ဆိုသည်တို့ကို ရေးထားသည့်စာတမ်းပါဆိုင်းဘုတ်မုခ်ဦးကို တွေ့ရှိရပါသည်။

ထိုရွာသည်ကား ထန်းပင်ကွင်းရွာဖြတ်ပြီး သာသနာ့အလံများလည်း ရွာထဲလမ်းတစ်လျှောက်စိုက်ထူထားကြပါသည်။

သို့နှင့် စာရေးသူတို့နှစ်ယောက်သည် သာသနာ့အလံများထူထားသည့်လမ်းကြောင်းအတိုင်း ဆိုင်ကယ်ကိုမောင်းနှင်လာခဲ့ရာ ထန်းပင်ကွင်းတောရကျောင်းတည်ရှိရာ တောင်ခြေသို့ရောက်သည်နှင့် တောင်မှာ အနည်းငယ်မျှမတ်စောက်သောကြောင့် ဆိုင်ကယ်ကိုနံပါတ်ဝမ်းဂီယာထည့်၍ တောင်ပေါ်သို့ ခက်ခက်ခဲခဲနှင့် မောင်းနှင်တက်ခဲ့ရပါ၏။

တောင်ပေါ်သို့ ရောက်သည်နှင့် ဆိုင်ကယ်အား သင့်တော်သည့်နေရာတွင် ရပ်ထားလိုက်ပြီး ဆွမ်းစားဓမ္မာရုံပေါ်သို့တက်ကာ နှစ်ယောက်သား ဓမ္မာရုံပေါ်ရှိ ဘုရားရုပ်ပွားတော်မြတ်အား ဦးချကန်တော့လိုက်ကြပါသည်။

ဒီနှစ်တွင် ပရိဝါသ်ဆောက်တည်ရာ ဤတောရသို့ ဒေသခံသံဃာများနှင့် အနယ်နယ်အရပ်ရပ်မှ သံဃာတော်များ စုစုပေါင်း (၅၄) ပါး ကြွရောက်လာကြပါသည်။

ဆွမ်းစားဓမ္မာရုံပေါ်တွင် စတင်မြင်ရသည်ကတော့ ကြွရောက်လာကြသော သံဃာတော်များ နေ့ဆွမ်းဖုံးပေးသုံးဆောင်နိုင်ရန် ထမင်းစားပွဲများ အဆင်သင့်ပြင်ထားခြင်း၊ အချိုပွဲများကိုလည်း အဆင်သင့်ပြင်ဆင်ထားခြင်းတို့ကို သန့်ရှင်းစင်ကြယ်စွာ တွေ့လိုက်ရသဖြင့် အလှူရှင်၏ကိုယ်စား မုဒိတာများပွားလိုက်ရပါသည်။

ဤပရိပါသ်ပွဲ၏ ထူးခြားချက်မှာ (၁၅) ရက်တိုင်တိုင် ကျင်းပပြုလုပ်သည့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် အချိုပွဲတို့အတွက် အလှူရှင်တို့မှာ သူဆက်ငါဦးအောင် ဆွမ်းဒါနပြုဖို့ရာရရှိဖို့အတွက် နှစ်စဉ် ကြိုတင်၍ စာရင်းပေးထားကြရပါသည်။ ဆွမ်းအလှူတစ်ရက်ရဖို့ကိုပင် မလွယ်ကူလှပါ။ အရုဏ်ဆွမ်း၊ နေ့ဆွမ်းစာရင်းတို့တွင် အလှူရှင်နာမည်တို့ အမြဲစာရင်းပြည့်နေသဖြင့် အင်မတန်မှပင် လှူချင်သောသူက အလှူရက်ရထားသူအား တောင်းပန်တိုးလျှိုးကာ အလှူတစ်ရက်ရအောင် တောင်းခံလှူရပါလေသည်။ ရာသက်ပန်အလှူရှင်များကလည်းရှိနေပါသည်။ အလှူရှင်တို့မှာ ဒေသခံ အလှူရှင်များသာမက ရန်ကုန်၊ မန္တလေးနှင့် အခြားသောမြို့များကပင် လာရောက် ဆွမ်းဒါနပြုကြကြောင်း သိရပါသည်။ ဆွမ်းဒါနရက်မရ၍ပြန်ကြသူများလည်းရှိပါသည်။ ထို့မျှပင် ဆွမ်းအလှူရှင်များပေါကြွယ်ဝသောပရိဝါသ်ပွဲဖြစ် ပေသည်။

ဆွမ်းလှူဒါန်းလိုက်ရသည့်အကျိုးကျေးဇူးကလည်းထူးပါ၏။ နောင်အခါ အထိသာမက ယခုလက်ရှိဘဝတွင်ပင် အကျိုးကျေးဇူးများထူးကဲလှပါကြောင်း



www.burmeseclassic.com

www.burmeseclassic.com

အလှူရှင်တစ်ဦးမှ ပြောပြပါသည်။

ယနေ့ ဆွမ်းအလှူရှင်များမှာ အုပ်ဖိုကွင်းရွာမှ ဦးမြင့်စိုးမိသားစုဖြစ်ပြီး နေ့ဆွမ်းအလှူရှင်ကတော့ ဦးအေးမြင့်၊ ဒေါ်သန်းငွေ (လာဘ်မိုးဆွေ) ထုံးဘိုက လှူဒါန်းကြကြောင်း သိရှိရပါသည်။

ခဏအကြာတွင် ဆွမ်းစားဓမ္မာရုံ ပေါ်မှဆင်းခဲ့ကြရာ ဓမ္မာရုံ၏အရှေ့တွင် အလှူခံဌာနအသစ်ဖွင့်လှစ်ထားသည်ကို တွေ့မြင်ရပါသည်။

သည့်နောက် ကျောင်းလေးများရှိရာသို့ ထွက်ခဲ့ကြပါသည်။

စာရေးသူ မြင်တွေ့လိုက်ရသည့် ကမ္မဋ္ဌာန်းကျောင်းလေးများမှာ သံဃာတစ်ပါးတည်းသာ သီတင်းသုံးနိုင်သော တစ်ပါးကျောင်းလေးများသာဖြစ်ကြပြီး တော်ကြိုတောင်ကြား၊ ကျောက်ကြို ကျောက်ကြားထဲတွင်တည်ရှိနေသည်ကို မြင်တွေ့ရပါသည်။

ကမ္မဋ္ဌာန်းကျောင်းလေးများသည် တောရိပ်၊ သစ်ရိပ်၊ ဝါးရိပ်တို့ လွှမ်းခြုံသောနေရာတွင်ရှိနေသဖြင့် တရားအားထုတ်နေကြသူ သံဃာတော်များအတွက် အေးချမ်းသာယာစွာ တရားအားထုတ်နိုင်ကြသည်ဖြစ်သည့်အတွက် သံဃာတော်များ ပီတိသုခတို့နှင့် ပြည့်စုံနေကြလိမ့်မည်ဟု စာရေးသူ တွေးတောမိပါလေသည်။

ထိုစဉ် ကမ္မဋ္ဌာန်းကျောင်းလေးတစ်ကျောင်းဆီမှ အုန်းမောင်းခေါက်သံ တောက် တောက် တောက်ဟု အသံကြားလိုက်ရသဖြင့် နာရီကိုငုံ့ကြည့်လိုက်မိရာ (၁၀) နာရီခွဲနေပြီဖြစ်သဖြင့် ဆွမ်းစားဓမ္မာရုံသို့ ဆွမ်းစားကြွကြရန် သံဃာတော်များအားလုံးအား အချက်ပေးအုန်းမောင်းခေါက်ပေးလိုက်ခြင်းဖြစ်ကြောင်း သံဃာတစ်ပါးမှ မိန့်ပါသည်။

ထိုသည့်နောက် ကမ္မဋ္ဌာန်းကျောင်းများမှ သံဃာတော်များသည် အသျှိုအသျှိုထွက်လာကြပြီး သင်္ကန်းများကို သေသပ်စွာခြုံရုံကြပြီး သပိတ်ကိုယ်စီပိုက်ကာ ဝါစဉ်အလိုက်တန်းစီ၍ဆွမ်းစားဓမ္မာရုံရှိရာသို့ ကြွကြပါလေသည်။

စာရေးသူတို့နှစ်ဦးလည်း သံဃာတော်များနောက်မှ လိုက်ပါသွားခဲ့ကြပါသည်။

ဆွမ်းစားဓမ္မာရုံပေါ်သို့ သံဃာတော်များရောက်သည်နှင့် အသင့်ပြင်ဆင်ထားသော ဆွမ်းစားစားပွဲတို့၏ သတ်မှတ်ထားသောနေရာတို့တွင် ဝင်ရောက်ထိုင်လိုက်ကြပါသည်။

သံဃာတော်များအသင့်ထိုင်ပြီးသည်နှင့် အကျိုးတော်ဆောင်တစ်ဦးမှ သံဃာတော်များ၏ရှေ့တည့်တည့်တွင် မတ်တတ်ရပ်လက်အုပ်ချီလျက် ဆွမ်းအလှူရှင်မိသားစုတို့၏အမည်နာမတို့ကို လျှောက်ထားပါလေသည်။

သံဃာတော်များမှလည်း အကျိုးတော်ဆောင်၏လျှောက်ထားမှုအပေါ် ဝယ် ဂရုတစိုက်နားထောင်လိုက်ကြပြီးသည့်နောက် အလှူရှင်နှင့်တကွ နတ်၊ လူ၊ သတ္တဝါအပေါင်းတို့အား ဆုပေးမေတ္တာပို့ကာ သာဓုသုံးကြိမ်ခေါ်ဆိုကြပြီးတော့မှ ဆွမ်းတို့အားသပိတ်ထဲထည့်၍ ဘုဉ်းပေးသုံးဆောင်တော်မူကြပါလေသည်။

သံဃာတော်များ ဆွမ်းဘုဉ်းပေးသုံးဆောင်နေကြစဉ် ဦးတင်စိုးမှတောရပရိဝုဏ်အတွင်း လှည့်လည်ဘုရားဖူးကြရန် လက်တို့ကာခေါ်သဖြင့် ဆွမ်းစားဓမ္မာရုံပေါ်မှ ဖြည်းညင်းစွာဆင်းခဲ့ကြပါသည်။

ဆွမ်းစားဓမ္မာရုံအပြင်ဘက်ဆီသို့ရောက်သွားစဉ် ထန်းပင်ကွင်းတောရအနီးမှ ဒေသခံကျေးရွာအချို့မှ အမျိုးသမီးနှစ်ဦးသည် ကျေးရွာဓလေ့အတိုင်း ဆွမ်းလင်ပန်းများကို ခေါင်းပေါ်ရွက်ကာ သက်တော်ရှည်ဆရာတော်ကြီးများအား ဆွမ်းလာပို့သည့်ပုံကို မြင်တွေ့ရပြန်ရာ စာရေးသူ၏စိတ်အစဉ်မှာ ကြည်နူးခြင်းတို့ ဖြစ်ပေါ်လာရပြန်ပါတော့သည်။ သာဓု သာဓု သာဓုပါ။

ဆက်လက်ပြီးလျှောက်လှမ်းလာကြရာ ကျွန်းသစ်များဖြင့်ဆောက်လုပ်ထားသည့် တရားဟောဓမ္မာရုံကြီးအား ခံ့ညားတင့်ထယ်စွာ မြင်တွေ့ရပြန်ပါသည်။

ထို့ပြင် တရားဟောဓမ္မာရုံကြီး၏ ကျွန်းတိုင်ကြီးများကိုလည်း လှပစွာမွမ်းခြယ်သထားသည်ကိုပါ တွေ့မြင်ရပါသည်။

ထိုမှတစ်ဆင့် ဆရာတော်ကြီးဦးကုန္တစက္ကအား လွမ်းဆွတ်သတိရလျက်ရှိကြသည့် ဒကာ၊ ဒကာမများမှတည်ထားသော လွမ်းစေတီလေးတစ်ဆူအား ဖူးတွေ့ရပါသည်။

လွမ်းစေတီကို စာရေးသူတို့ ဖူးတွေ့လိုက်ရသဖြင့် စေတီနှင့်လိုက်ဖက်အောင် ဆရာတော်ကြီးအား လွမ်းဆွတ်ခြင်းနှင့်အတူ ဆရာတော်ကြီး၏မိန့်မှာချက်တရားများကို သတိရနေခြင်းများ ဖြစ်ပေါ်နေမိပါတော့သည်။

ထိုမှ တစ်ဖန်မြနန်းမုနိစေတီတော်နှင့် မြတ်စွာဘုရားဒက္ခိဏရစ်ရီယာကျင့်တော်မူနေပုံတို့အား ဖူးတွေ့ကန်တော့ကြပြီးကာ တောင်၏အမြင့်ထက်ပေါ်သို့ ကျန်ရှိနေသေးသောဘုရားများ ဖူးမြော်ကန်တော့နိုင်ရန် ထပ်မံတောင်တက်ရပြန်ပါပေသည်။

တောင်အမြင့်ထက်ဆီသို့တက်ရာ မြင့်မားမတ်စောက်သဖြင့် ဦးတင်စိုးမှ ရှေ့က ဦးဆောင်ကာတတ်လေ၏။ တောင်တက်လမ်းကိုတော့ အဆင်း၊ အတက်လွယ်ကူစေရန် ကွန်ကရစ်လှေကားထစ်များ ပြုလုပ်ထားသလို သံပိုက်လက်ကိုင်တန်းများကိုလည်းလုပ်ဆောင်ပေးထားသည်ကိုတွေ့ရပါသည်။ ထိုသို့ ကျောက်စိုင်ကြီးများအကြားတွင် ပြုလုပ်ပေးထားသော်လည်း ရှည်လျားလှသဖြင့် စာရေးသူဒူးကိုလက်နှင့်ဖိထိန်းရင်း တော်တော်ကိုကြိုးစားတက်ခဲ့ရပါသည်။

တောင်အမြင့်ထိပ်သို့ရောက်လျှင် အောင်မြင်တော်မူစေတီတော်အနားသို့ ရောက်ရှိသော်လည်း မောလွန်းလှသဖြင့် ခေတ္တအပန်းဖြေပြီးမှ စေတီတော်မြတ်အား ဦးချကန်တော့လိုက်ရပါတော့သည်။ ဖူးမြော်ကန်တော့လိုက်ရသည့် အရသာကား ရင်ကိုအေးမြသွားပြီး ခွန်အားများပြန်ရလိုက်သလို ခံစားရပါသည်။

အောင်မြင်တော်မူစေတီ၏အနီးတွင် ကျောက်ဖျာကြီးတစ်ခုတွေ့ရှိရသဖြင့် ဦးတင်စိုးအား မေးမြန်းကြည့်ရာ ဦးတင်စိုးမှပြောပြသည်မှာ ထိုကျောက်ဖျာကြီးသည် ဆရာတော်ကြီးရှိစဉ်က တရားထိုင်ခဲ့သောကျောက်ဖျာကြီးဖြစ်ကြောင်းပြောပြပါသည်။

ဆက်လက်ပြီး တောင်တန်းကြီးတစ်လျှောက်တွင်ရှိနေသည့်နဂါးရုံဘုရား၊ ဆင်စီးမြင်းရံဘုရား၊ ပဉ္စဝဂ္ဂီငါးပါးအား တရားထူးဟောနေပုံဘုရားနှင့်တောင်ပိုင်ကြီးရုပ်တုတို့အား သွားရောက်ကြည်ညိုကန်တော့ကြပါသည်။

ထို့နောက် စာရေးသူတို့သည် အရှေ့အရပ်ရှိ တောင်အောက်ဘက်သို့ (၁၅) မိနစ်ခန့်ကြာအောင် အောက်သို့ပြန်ဆင်းကြရပြီးသည်နှင့် ပေါ်တော်မူရုပ်ပွားတော်မြတ်ရှိရာသို့ ရောက်ရှိကြကာ ဘုရားကြီးအား ဦးချကန်တော့ကြရပါပေသည်။

ပေါ်တော်မူ မြတ်စွာဘုရားကြီးပေါ်မှ တောင်အောက်ဘက်သို့စာရေး



www.burmeseclassic.com

www.burmeseclassic.com

သူတို့ လှမ်းမျှော်ကြည့်ရှုလိုက်သောအခါ မြန်မာကျေးရွာများဖြစ်ကြသည့် မြောင်ရင်းရွာ၊ မြောင်ဖြားရွာဆိုသည့်ရွာတို့ကို ခပ်ရေးရေးမျှ တွေ့မြင်ခံစားလိုက်ရပါသည်။

ခေတ္တမျှ အမောဖြေပြီးသည်နှင့် တောင်မြင့်ပေါ်ရှိ နောက်ဆုံးဖူးမျှော်ရမည့် ပန်းပေါင်းစုံစေတီရှိရာဆီသို့ မြန်လည်ဦးမော့ကာ တက်လှမ်းကြရပြန်ပါသည်။

တက်ရသည်မှာ လမ်းကြမ်းတမ်းခြင်း၊ သစ်ပင်၊ ဝါးပင်များဖုံးလွှမ်းနေခြင်း၊ ချုံနွယ်များရှိနေခြင်းတို့ကြောင့် လမ်းပြ ဦးတင်စိုးပင်လျှင် လမ်းစရှာမရနိုင်ဘဲ လမ်းပျောက်နေခဲ့ပါသည်။

.တောတောင်ထဲတွင် (၁) နာရီကြာမျှ မျက်စိလည်နေကြပြီး ရောက်မှရောက်ပါ့တော့မလားဟု စိုးရိမ်စိတ်တို့နှင့်အတူ ဇောချွေးများပင်ရွှဲစိုနေပါတော့သည်။ဘယ်ကိုသွားလို့ဘယ်ကိုလာရမှန်းဖြစ်နေသည့်စာရေးသူတို့သည် လူသူမရှိသောတောထဲတွင် အားကိုးစရာကင်းမဲ့နေကြပါသည်။

သည့်နောက် စာရေးသူ၏ခေါင်းထဲတွင် လင်းခနဲအကြံပေါ်လာတာကတော့ တောင်ပိုင်ကြီးအား သတိရကာ စာရေးသူတို့ မျက်စိလည်လမ်းမှားနေကြောင်း လှမ်းမှန်တွေ့ရန် တိုင်တည်လိုက်ရပါသည်။

ခဏအကြာမှာပင် ဦးတင်စိုးမှ ပန်းပေါင်းစုံစေတီတော်၏ထီးတော်ဆီမှ နေရောင်၏စွမ်းအားကြောင့် လင်းခနဲလက်ခနဲဖြာထွက်လာသည်ကို မြင်လိုက်ရသဖြင့် -

"တွေ့ပြီဗျို့၊ တွေ့ပြီ"

ဟု ဆိုပြီး ဦးတင်စိုးမှ စာရေးသူအားပြော၍ ချုံနွယ်များကို နှစ်ယောက်သားတိုးဝှေ့၍ စေတီရှိရာသို့အရောက်သွားခဲ့ကြပါတော့သည်။

စေတီသို့အရောက်တွင် လူလည်း ပန်းစိတ်လည်းနွမ်းဖြစ်ကြကာ မောမောနှင့်စေတီ၏အနီးတွင် ထိုင်ချအမောပြေကြရပါတော့သည်။ ထိုင်နေသော်လည်း စေတီတော်မြတ်အား မျက်စိဖြင့်ဖူးမျှော်ရင်း စိတ်နှင့် ကြည်ညိုသဒ္ဓါပွားနေမိပါသည်။

အမောပြေလောက်မှ နှစ်ယောက်သား ပန်းပေါင်းစုံစေတီတော်မြတ်အား ရှိခိုးဦးချကန်တော့လိုက်ကြပြီး စေတီတော်မြတ်မှ စာရေးသူတို့အဝေးဆီသို့ လှမ်းမျှော်ကြည့်ရှုလိုက်ကြရာ ကျေးရွာလေးများတည်ရှိနေပုံနှင့် ထုံးဘိုမြို့ရှိ ဧရာဝတီမြစ်ကြီးတို့အား မှုန်ပျပျဝေဝေဝါးဝါးမြင်တွေ့ရသည်မှာကလည်း ဘယ်ဆီကိုလွင့်မျောရမှန်းမသိသောလွမ်းမောစရာလေးတစ်ခုကို ခံစားရပြန်ပါသည်။

သည့်နောက် စေတီတော်မြတ်အား လက်ယာရစ် လှည့်ပတ်ဖူးမျှော်ကန်တော့ကြပါသည်။

ပန်းပေါင်းစုံစေတီတော်မှ ပြန်လာရာတွင်မှာတော့ ဦးတင်စိုးသည် လမ်းကိုမှတ်မိသွားပြီဖြစ်သဖြင့် လမ်းမမှားတော့ဘဲ တောင်မြင့်ထက်မှပြန်ဆင်းလာကြရာ ဆရာတော်ကြီးသီတင်းသုံးခဲ့သည့်မစိုးရိမ်ကျောင်း၊ သောက်သုံးရန် တောင်ကြီးပေါ်တွင် ရေတွင်း၊ ရေကန်ကြီးများကိုလည်း ရေထွက်ရန်ခက်ခဲလှသည့်နေရာတွင် ထူးဆန်းစွာ ရေထွက်နေသည်ကို တွေ့ရပြန်ပါလေသည်။

ထို့နောက် တောင်အောက်သို့ ဆင်းလာကြရာ ဇီးကွက်နှစ်ကောင်စေတီနှစ်ဆူကို ဖူးမျှော်ကန်တော့လိုက်ကြပြီး ဆွမ်းစားမဏ္ဍပ်သို့ ပြန်ရောက်သွားကြပါသည်။

စာရေးသူတို့ သံဃာတော်များ ဆွမ်းဘုဉ်းပေးချိန် (၁၁) နာရီခန့်က သွားခဲ့ကြရာ ဆွမ်းစားမဏ္ဍပ်သို့ ယခုပြန်ရောက်ချိန်သည် (၂) နာရီတိတိဖြစ်နေသဖြင့် ဆွမ်းစားမဏ္ဍပ်ပေါ်တွင်လူများမရှိကြတော့။

ဘုရားများလည့်ပတ်ဖူးနေကြ၍ ထမင်းဆာရမှန်းမသိခဲ့ကြသော စာရေးသူတို့နှစ်ဦးသည် ဆွမ်းစားမဏ္ဍပ်ပေါ်တွင် မောမောနှင့်နားလိုက်ကြပါသည်။

ထိုစဉ် အမျိုးသမီးငယ်တစ်ဦး ဆွမ်းစားမဏ္ဍပ်ပေါ်သို့တက်လာပြီး-

"ဦးတို့၊ ဆွမ်းစားမဏ္ဍပ်ပေါ်ကို မနက်စရောက်လာကတည်းက မြင်ထားလို့ ထမင်းကျွေးဖို့လိုက်ရှာသေးတယ်။ မတွေ့တာနဲ့ ပြန်သွားပြီအောက်မေ့နေတာ။ အင်း - ခုတော့ မောမောနဲ့ ဦးတို့လည်း ထမင်းဆာနေကြရောပေါ့။ ဦးတို့စားဖို့ အဆင်သင့်ရှိပါတယ်"

ဟု ပြောဆိုပြီး ထမင်းစားပွဲဝိုင်းပြင်ကာကျွေးပါလေသည်။

ဘုရား၏ဂုဏ်ကျေးဇူးဟုပင် ဆိုရပေမည်။ ဒီအချိန်သည် ထမင်းဟင်းများ မရှိနိုင်သော်လည်း ထမင်း၊ ဟင်းကောင်းများနှင့် အချိုပွဲ၊ ရေနွေးကြမ်းတို့ဖြင့် သေချာစွာ တည်ခင်း ကျွေးမွေးသဖြင့် မြိန်ရှက်စွာစားသုံးရပါပေသည်။

❑

ပရိဝါသ်ဆောက်တည်နေကြသော သံဃာတော် (၅၄) ပါးတို့သည် ကွင်းလှ၊ ကမြိုင်၊ ထုံးဘိုနှင့် ကျားအို စသည့်နေရာဒေသများသို့လည်း အလှည့်ကျသည့်ရက်တို့တွင် ဆွမ်းဆန်စိမ်းအလှူခံထွက်ကြရပြန်ပါသည်။ပရိဝါသ်ဆောက်တည်သမှု(၁၅)ရက်ပြည့်ပြီးသည့်နောက် အချို့သံဃာတော်တို့ကလည်း မိမိတို့ဌာနေသို့ပြန်ကြသလို ကျန်ရှိနေသေးသောသံဃာတော်များကလည်း မပြန်ကြဘဲ ဆရာတော်ကြီးရှိစဉ်ကတည်းကမူအတိုင်း ရွာထောင်ရွာ မြနန်းရတနာပုံကျောင်းတွင် (၃) ရက်တာမျှ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်သရဇ္ဈာယ်ပူဇော်ကြပါသည်။

ပြီးသည့်နောက် သံဃာတော်များသည် သရက်စမ်းတောရ၊ မျက်မြင်တောင်တောရ၊ သက်ကယ်စမ်းတောရနှင့် ဂျုတ်စမ်းတောရ (ခေါ်) သဏ္ဌာဗိမာန်ကန်သာတောရ၏ သာသနာတော်ကြီး ထွန်းကားပြန့်ပွားစည်ပင်နေပုံတို့အားလည်းကောင်း တင်ပြပေးလိုက်ရသည်အတွက် များစွာမှ ကျေနပ်အားရပီတိတွေဖြစ်ရပါသည်။

စာဖတ်ပရိသတ်များအနေဖြင့်လည်း ဗဟုသုတရနေကြရုံဖြင့် ကျေနပ်နှစ်သိမ့်မနေကြဘဲ နှစ်စဉ်နှစ်တိုင်း ပြာသိုလဆန်း ၁ ရက်နေ့မှ ပြာသိုလပြည့်နေ့အထိ ပြုလုပ်ကျင်းပသည့် ပရိဝါသ်ပွဲနှင့်တကွ ဆရာတော်ကြီးဦးဣန္ဒစက္ကဆောင်ရွက်ခဲ့သည့် သာသနာပြုဖွံ့ဖြိုးရာနေရာဖြစ်သည့် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ထုံးဘိုမြို့အနီးက ထန်းပင်ကွင်းတောရစခန်းကြီးဆီသို့ ထူးခြားသောကုသိုလ်ထူးများရရှိကြပါစေရန် ကြွမြန်းခဲ့ကြပါဟု ဖိတ်ခေါ်လိုက်ရပါပေသည်။

ပရိဝါသ်နှင့်ပတ်သက်၍ မိန့်ကြားပေးပါသော ပန်းတောင်းမြို့နယ် ရွာထောင်ရွာ မြနန်းရတနာပုံကျောင်းမှ ဆရာတော်ကြီး ဦးပဏ္ဍိတအား ဦးဆောင်းပါးဖြင့် ဂါရဝပြုအပ်ပါသည်။

လိုက်လံ လမ်းပြပေးပါသော ဦးတင်စိုး၊ ယာဉ်ကိုယ်ထည် (ငြိမ်း) အားလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

*သူရဋ္ဌမဂ္ဂဇင်းကြီးနှင့်တကွ*
*စာဖတ်ပရိသတ်တို့အား*
*အစဉ်လေးစား ကန်ဖိုးထားလျက်*

**ဦးကိုကိုကြီး(စစ်ဆေးရေး)**
**ကစစ (၁၂)၊ ထုံးဘို**

www.burmeseclassic.com

www.burmeseclassic.com



စွယ်တော်မြတ်ပုံတော်

# ဗုဒ္ဓမြတ်စွယ်တော်ပွားရှိရာ ပေါင်းတည်မြို့နှင့် မင်းလက်ျာသီရိ မင်းလက်ဝဲသီရိစေတီတော်များ

စိုးရာဇာကျော်


ပဲခူးတိုင်းဒေသကြီး၏ အနောက်ခြမ်းဒေသသို့ရောက်ရှိခဲ့ရာ ပေါင်းတည်မြို့ အင်းမမြို့၊ ပုတီးကုန်းမြို့၊ သဲကုန်းမြို့၊ ရွှေတောင်မြို့များသို့ ရောက်ရှိခဲ့ပြီး ယင်းမြို့များမှ ထင်ရှားကျော်ကြားသော ထင်ရှားသေးသည့် သာသနိကများ များစွာကို တွေ့ရှိခဲ့ရပါသည်။ ထိုအထဲမှ ပေါင်းတည်မြို့မှ သာသနိကများကို ရေးသားလိုက်ရပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓမြတ်စွယ်တော်လှည့်လည်ကျင်းပရာမြို့များတွင် ပြည်မြို့၊ ပေါင်းတည်မြို့ စွယ်တော်လှည့်လည်အပူဇော်ခံပွဲများမှာ ခမ်းနားကြီးကျယ်လှပါသည်။ ပေါင်းတည်မြို့ရှိ မြတ်စွယ်တော် ဂန္ဓကုဋိတိုက်သို့ ရောက်ရှိပြီး ပွဲတော်ကျင်းပပုံနှင့် စွယ်တော်မြတ်ထိန်းသိမ်းထားရှိပုံ၊ စွယ်တော်မြတ်ကိန်းဝပ်ရာ ရွှေကျောင်းကြီးတိုက်အတွင်းရှိ မင်းလက်ျာသီရိနှင့် မင်းလက်ဝဲသီရိ စေတီတော်နှစ်ဆူတို့၏ ရာဇဝင်သမိုင်း ရွှေကျောင်းကြီးတိုက်နယ်မြေအတွင်းရှိ သာသနိကများကိုဖော်ပြလိုက်ရပါသည်။

ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော်ပွဲကို ကျင်းပပုံမှာ နှစ်စဉ် တော်သလင်းလဆန်း ၁၂ ရက်နေ့မှ တော်သလင်းလပြည့်နေ့အထိ လှည့်လည်ကျင်းပပူဇော်ပါသည်။

ကျင်းပပူဇော်ပုံမှာ -

တော်သလင်းလဆန်း ၁၂ ရက်နေ့ ညနေ (၅) နာရီတိတိအချိန်တွင် မြတ်စွယ်တော် ရတနာစိန်ကြုတ်ကို အပူဇော်ခံမည်။ 'ရွှေကျောင်းတော် ရွှေပလ္လင်' ပေါ်သို့ ပင့်ဆောင်ခြင်းဖြစ်သည်။



စွယ်တော်မြတ်ဂန္ဓကုဋိတိုက်တော်



www.burmeseclassic.com


www.burmeseclassic.com




အသစ်လှူဒါန်းဆက်ကပ်မည့်ထီးတော်များ




အသစ်လှူဒါန်းဆက်ကပ်မည့်ထီးတော်များ



စွယ်တော်ဂန္ဓကုဋိ မင်းလက်ျာစေတီ၊ မင်းလက်ဝဲစေတီမုခ်ဦး



တာပွန်လမ်း သိမ်ကြီးစေတီဝင်းအတွင်းမှ မင်းလက်ဝဲသီရိစေတီ (မူလ) ပြုပြင်ရန် ငြမ်းဆင်ထားပုံ



စွယ်တော်ဂန္ဓကုဋိတိုက်နှင့် မင်းလက်ျာသီရိ၊ မင်းလက်ဝဲသီရိစေတီတော်တို့အား ညအခါမြင်တွေ့ရပုံ

တော်သလင်းလဆန်း၁၃ရက်နေ့ နေ့လယ် (၁) နာရီအချိန်တွင် 'ဆင်ရတနာ' ပေါ်သို့ ပင့်ဆောင်ပြီး 'အရံဆင်ရတနာနှစ်စီး' ခြံရံလျက် (ဇာတ်တော်-နိပါတ်-ယိမ်း) အကမျိုးစုံဖြင့် မြို့တွင်းရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံပါသည်။


(ဤကဲ့သို့ ဦးစီးခေါင်းဆောင် ဆင်ကြီးအမည် အောင်ဝိဇ္ဇာ အသက် (၇၅) နှစ်သည် စွယ်တော်လှည့်လည်ပွဲတော်တွင် ဗုဒ္ဓစွယ်တော်မြတ်ကို (၂၇) ကြိမ်တိတိပါဝင်ခဲ့ပြီး အနားပေးထားခဲ့ရာ တစ်နှစ်အကြာကာလ ၆-၂-၂၀၁၇ ရက်နေ့တွင် ရုတ်တရက် သေဆုံးခဲ့ပါသည်။)

တော်သလင်းလဆန်း ၁၄ ရက် ဗုဒ္ဓမြတ်စွယ်တော်ကို စိန်ကြုတ်တော်မှ ဖွင့်လှစ်ပြီး 'ပကတိအတိုင်း' အပူဇော်ခံပါသည်။


တော်သလင်းလပြည့်နေ့တွင် ည (၁၀) နာရီတိတိအချိန်တွင် စွယ်တော်မြတ်ရတနာစိန်ကြုတ်ကို ပိတ်သိမ်းပြီး နှစ်လုံးပေါက် စံမြန်းရာ ဂန္ဓကုဋိရွှေတိုက်သို့ ပင့်ဆောင်ပြီးလျှင် မြတ်စွယ်တော်ပွဲတော်ကျင်းပပြီးစီးကြောင်း ကြေညာပြီး ရုတ်သိမ်းပါသည်။

(ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်တွင် အပြင်ဆုံခါး၊ သံဘာ


www.burmeseclassic.com



မင်းသားကြီးကန်တော်




စွယ်တော်ဂန္ဓကုဋိတိုက် အတွင်းတံခါး၊ အပြင်တံခါးများကို သော့ခတ်ထားပုံ



ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ



(၆-၂-၂၀၁၇) နေ့တွင် သေဆုံးသွားခဲ့သော (၇၅) နှစ်ရှိ ဆင်ကြီး 'အောင်ဝိဇ္ဇာ'

ဗျာတံခါးတွင် သော့ခလောက် (၆) လုံး ခတ်ထားပြီး အတွင်းကျွန်းတံခါးကြီးတွင် သော့ခလောက် (၂) လုံး ခတ်ထားပါသည်)

(ခတ်ထားသော သော့ခလောက်ကြီးများသည် အင်္ဂလန်နိုင်ငံထုတ် ရှေးဟောင်း သော့ခလောက်ကြီးများဖြစ်ကြပြီး စွယ်တော်တိုက်ကို အုပ်ချုပ်ကွပ်ကဲသော လူကြီးမင်း (၈) ဦးက တစ်ဦးလျှင် သော့တံတစ်ချောင်းစီကိုင်ထားပြီး စုံညီဖွင့်ပြီးမှ စွယ်တော်မြတ်၏ကြုတ်ကိုထုတ်ယူပင့်ဆောင်သည်ဟု သိရှိရပါသည်။)

ဗုဒ္ဓမြတ်စွယ်တော်ကို ဂန္ဓကုဋိတိုက်မှထုတ်ယူပြီး တော်သလင်းလဆန်း ၁၂ ရက်နေ့ နံနက် (၄း၃၀)နာရီတွင် ဗုဒ္ဓဘိသေသကအနေကဇာတင်တော်မူပြီး နေ့လယ် (၃) နာရီတွင် မင်္ဂလာဆိုင်း ဖြင့် ဧည့်ခံပါသည်။ (၄း၃၀) နာရီတွင် ပင့်ဆောင်မည်။ အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာပါသည်။

ပရိသတ်များက ငါးပါးသီလခံယူပြီး ရွှေပလ္လင်တော်သို့ ကြွရောက်ပါရန် ဂါထာတော်များဖြင့် ပင့်လျှောက်ခြင်း၊ ရတု၊ တေးထပ်များဖြင့် ရွတ်ဖတ်ပူဇော်ခြင်း၊ ကနက္ကဒဏ်ထီးဖြူ၊ ရွှေထီး၊ ရွှေယပ်၊ ရွှေကျိုင်း၊ ရွှေသိုင်းအဆောင်အယောင်များခြံရံပင့်ဆောင်ခြင်း ဤသို့ပင့်ဆောင်စဉ် မင်္ဂလာဆိုင်းအဖွဲ့မှ ဓမ္မတေးတို့ဖြင့် ပူဇော်ပြုလုပ်ကျင်းပပြီး လှည့်လည်မည့်ဆင်တော်အပေါ်သို့ ပင့်ဆောင်ပါသည်။

ဖော်ပြခဲ့သည်မှာ တော်သလင်းလပြည့်မတိုင်မီ ကျင်းပပြုလုပ်သည့် ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော်ကျင်းပသည့်အစီအစဉ် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွယ်တော်၏ သမိုင်းမှာ ပေါင်းတည်မြို့ တိုက်သူကြီး ဦးဖိုးမြ၊ ဇနီးဒေါ်နုတို့နှင့် မိတ်ဆွေတစ်စုတို့အား ရွှေကျောင်းကြီးတိုက်ဆရာတော်ဦးဝိမလ၏ တိုက်တွန်းချက်အရ မြန်မာနှစ် ၁၂၅၉ ခုတွင် ဗုဒ္ဓမြတ်စွယ်တော်အစစ်ကိန်းဝပ်ရာ သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) သို့ ထွက်ခွာခဲ့ကြပြီး ဗုဒ္ဓ၏ လက်ဝဲအောက်စွယ်တော်အစစ်နှင့်ပုံတော်၊ဉာဏ်တော်၊ လုံးပတ်တော်အတိုင်း ကြန်အင်လက္ခဏာအပေါင်းနှင့်ပြည့်စုံသောမင်္ဂလာဆင်တော်၏ လက်ဝဲအစွယ်ကိုရယူပြီး ပုံတူကူးပူဇော်၏။ စွယ်တော်မြတ်အစစ်နှင့်အတူ (၁၅) ရက် အပူဇော်ခံထားရှိပြီး မြန်မာနိုင်ငံသို့ ပင့်ဆောင်ခဲ့ရာ မြန်မာနှစ် ၁၂၅၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ရက်၊ ခရစ်နှစ် ၈-၉-၁၈၉၇ ရက်တွင် ရန်ကုန်မြို့မှတစ်ဆင့် ပေါင်းတည်မြို့သို့ ရောက်ရှိခဲ့ရာ ၈-၉-၁၈၉၇ ရက် နေ့လယ် (၂) နာရီအချိန်တွင် တဘတိ သာနတ်ပြည်မှ သက်သဟိုဠ်ပြည်ဆို့ မြတ်စွာဘုရား ကြွရောက်မှ့စဉ်ကာလ

www.burmeseclassic.com

အသွင် ပေါင်းတည်မြို့နေပြည်သူလူထုမှ စောင့်မျှော်ပူဇော်ကြပါသည်။ ဤကာလမှစတင်ပွဲတော်ကျင်းပခဲ့ရာ ယခုလာမည့် တော်သလင်းလတွင်လည်း စွယ်တော်လှည့်လည်အပူဇော်ခံပွဲကျင်းပဦးမည် ဖြစ်ပါသည်။

ပေါင်းတည်မြို့ ဗုဒ္ဓစွယ်တော်ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်ရှိရာ ရွှေကျောင်းတိုက်ကြီးသာသနာ့နယ်မြေအတွင်းတွင်-

ကုန်းဘောင်မင်းဆက်၊ ဘိုးတော်မင်းတရား (ဗဒုံမင်း) လက်ထက်တွင် တည်ထားခဲ့သော ရွှေဂူစေတီနှင့်အတူ တစ်ဆက်တည်း ကျိုက်ထီးရိုးစေတီ၊ ကျိုက်သဗ္ဗာန်စေတီ၊ အဃောင်းတော်ကဿပရုပ်ပွားတော်၊ သကျမုနိမိုယ်းကောင်းဘုရားကြီး၊ မင်းလကျ်ာသီရိ၊ မင်းလက်ဝဲသီရိ၊ တစ်ဝဂူဘုရား၊ ရွှေသာလျောင်းရုပ်ပွားတော်၊ မုစလိန္ဒာနဂါးရုံဘုရား၊ မဟာဗောဓိရွှေညောင်တော်၊ မင်းသားကြီးကန်တော်တို့ရှိကြပါသည်။

(မင်းသားကြီးကန်တော်မှာ မြန်မာနှစ် ၁၀၅၅ ခုနှစ်က တူးဖော်ခဲ့သောကန်တော်ကြီးဖြစ်ပြီး မြန်မာနှစ် ၁၃၇၃နှစ်၊ ခရစ်နှစ် ၂၀၁၂ ခုနှစ်တွင် မြို့လူထုက ပြန်လည် ပြုပြင် တည်ဆောက်ခဲ့ရာ ဓာတ်ပုံပါအတိုင်း လှပသာယာလျက်ရှိပါသည်)

မင်းလကျ်ာသီရိစေတီတော်မြတ်နှင့် မင်းလက်ဝဲသီရိစေတီတော်နှစ်ဆူမှာ ဗုဒ္ဓစွယ်တော်ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက် တောင်ဘက် သကျမုနိမိုယ်းကောင်းဘုရားကြီးပရိဝုဏ်အတွင်း၌ တည်ရှိပြီး ယခုအခါ ရွှေစင်ရွှေစစ်ရွှေသားသင်္ကန်းကပ်လှူဒါန်းရန်နှင့် ထီးတော်များ ပြုပြင်တပ်ဆင်ရန်ဆောင်ရွက်လျက်ရှိပါသည်။

**❑ မင်းလက်ဝဲသီရိနှင့်**
**မင်းလကျ်ာစေတီတော်များ၏သမိုင်း**

ကုန်းဘောင်ခေတ် မြန်မာနှစ် (၁၁၁၄-၁၂၄၇) ခရစ်နှစ် (၁၇၅၂-၁၈၈၅) အထိ မင်း(၁၁)ဆက် နန်းသက် (၁၃၃) နှစ်အတွင်းစိုးစံခဲ့သော ဘိုးတော်ဘုရား (မြန်မာနှစ် ၁၁၄၃-၁၁၈၁) ခရစ်နှစ် (၁၇၈၁-၁၈၁၉) ကုန်းဘောင်မင်းဆက်(၆)ဆက်မြောက်တွင် (၂၃၀)သော ရွှေဂူစေတီများကို ပြည်၊ ပေါင်းတည်၊ ရွှေတောင်၊ အင်းမ၊ ပန်းတောင်း၊ သူရဲတန်းကျွန်းဆုံ၊ သာယာဝတီမြို့များတွင် မြို့စား၊ မြို့ဝန်၊ စစ်ကဲသူကြီး၊ မြေတိုင်း၊ ကလန်သံဗျင်တို့ကိုအစီအမံပြု၍ လက်ခတော်များပေးအပ်ပြီးတည်ထားကိုးကွယ်



ခဲ့ရာမျက်မှောက်ကာလတိုင်ဖြစ်ပါသည်။

ရွှေဂူစေတီတော်များ တည်ထားကိုးကွယ်ပြီးနောက် သားတော်မင်းလကျ်ာ၊ မင်းလက်ဝဲတို့အား ဘကြီးတော်မင်းတရား မြန်မာနှစ် (၁၁၈၁-၁၁၉၉) ခရစ်နှစ် (၁၈၁၉-၁၈၃၇) ၏ ညီတော်အိမ်ရှေ့မင်းသား သာယာဝတီမြို့စား (နောင် သာယာဝတီမင်း) မြန်မာနှစ် (၁၁၉၉-၁၂၀၈) ခရစ်နှစ် (၁၈၃၇-၁၈၄၆) တွင် ပေါင်းတည်မြို့အား ထပ်မံပြုပြင်တော်မူပြီး စေတီပုထိုးများကိုလည်း တည်ထားကိုးကွယ်တော်မူသည်။

မင်းလကျ်ာသီရိစေတီတော်တွင် တပ်ဆင်ထားသော ခေါင်းလောင်းညောင်ရွက်များ၏ မှတ်တမ်းအရ ၁၂၀၀ ပြည့်၌ ထီးတော်တင်ခဲ့သော အထောက်အထားများ တွေ့ရှိခဲ့ရသည်။ မင်းလကျ်ာစေတီတော်အား မြန်မာနှစ် ၁၂၆၇-၁၂၇၈-၁၃၁၁ နှင့် ၁၃၁၉ ခုနှစ်များတွင် အကြိမ်ကြိမ်ပြုပြင်ခဲ့ကြောင်းကို ကမ္ပည်းမှတ်တမ်းများတွင် တွေ့ရှိရသည်။

မင်းလက်ဝဲစေတီတော်ကို သာယာဝတီမင်းလက်ထက်တွင် တည်ထားကိုးကွယ်ခဲ့ပြီး မြန်မာနှစ် ၁၂၇၈ ခုနှစ်မှ ၁၃၁၉ ခုနှစ်ကြားကာလများတွင် ပြုပြင်ခဲ့ရာ ခရစ်နှစ် (၁၉၈၆/၈၇) ခုနှစ်တွင် ကြေးဘောင်များကို မူလပုံစံအတိုင်း ဆောင်ရွက် ပြုလုပ်ခဲ့ပါသည်။

မင်းလကျ်ာစေတီမှာ ဉာဏ်တော်အမြင့် (၆၄) ပေ၊ (၇) လက်မရှိပြီး အောက်ခြေအချင်း(၆၄) ပေ(၄)လက်မ၊ ထီးတော်မှ စိန်ဖူးတော်အထိ (၁၇) ပေ (၃) လက်မ စုစုပေါင်း ဉာဏ်တော်မှာ (၈၁) ပေ (၁၀) လက်မ ရှိပါသည်။

မင်းလက်ဝဲစေတီ၏ ဉာဏ်တော်မှာ (၆၂) ပေ (၄) လက်မ အောက်ခြေအချင်း (၅၈) ပေ (၄) လက်မ ထီးတော်မှ စိန်ဖူးတော်အထိ (၁၂) ပေ အမြင့်ရှိပြီး စုစုပေါင်း ဉာဏ်တော်အမြင့် (၇၄) ပေ၊ (၄) လက်မ ဖြစ်ပါသည်။

ပေါင်းတည်ဗုဒ္ဓမြတ်စွယ်တော်ဂန္ဓကုဋိတိုက်၊ မင်းလကျ်ာစေတီတော်နှင့် မင်းလက်ဝဲစေတီတော်တို့အား ယခုအခါတွင် ထီးတော်အသစ်လှူဒါန်းခြင်း၊ ရွှေစင်ရွှေစစ်ရွှေသားသင်္ကန်းဆက်ကပ်လှူဒါန်းရန် ပြုပြင်လျက်ရှိပါသည်။

ရွှေကျောင်းကြီးတိုက် သာသနာ့နယ်မြေအတွင်းရှိ သာသနိကများကိုလည်း ပြင်ဆင်လျက်ရှိသောကာလ ဖြစ်၏။ ပေါင်းတည်မြို့သို့ ၂၅-၂-၂၀၁၇ ခုနှစ်မှ ၉-၃-၂၀၁၇ ခုနှစ်ကာလအထိရောက်ရှိခဲ့စဉ် စွယ်တော်ဂန္ဓကုဋိတိုက်နှင့် မင်းလကျ်ာစေတီ၊ မင်းလက်ဝဲစေတီဂေါပကအဖွဲ့မှ ဂေါပကလူကြီးမင်းများနှင့်တွေ့ဆုံခဲ့ပြီး -

ပေါင်းတည်ဗုဒ္ဓမြတ်စွယ်တော်၊ မင်းလကျ်ာစေတီတော်နှင့် မင်းလက်ဝဲစေတီတော်တို့၏ သမိုင်းဖြစ်စဉ်များ ခွင့်တောင်းရယူပြီး ရေးသားလိုက်ရပါသည်။

ဗုဒ္ဓစွယ်တော်၊ မင်းလကျ်ာစေတီနှင့် မင်းလက်ဝဲစေတီတို့မှာ ရန်ကုန်-ပြည်လမ်းမကြီး ပေါင်းတည်မြို့ မြို့လယ်တွင်တည်ရှိပြီး မူလမင်းလက်ဝဲစေတီသည် တာပွန်လမ်း နွယ်ချို(၂)ရပ်ကွက်ရှိ သိမ်းကြီးစေတီတော်မွှာရုံဝင်းအတွင်း တည်ရှိပါသည်။

ပေါင်းတည်မြို့သို့ ရောက်ရှိခဲ့ပါက ဝင်ရောက် ဖူးမြော် ကြည်ညိုနိုင်ရန် ဖော်ပြလိုက်ရပါသည်။

စိုးရာဇာကျော်



www.burmeseclassic.com

www.burmeseclassic.com

ခင်ပွန်းကြီးဆယ်ပါး ဟူသော ဝေါဟာရဆိုရိုးစကားကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်း အစဉ်အလာအားဖြင့် နားယဉ်လျက် ကြားဖူးနားဝရှိခဲ့ကြသည်။ ထိုခင်ပွန်းကြီးဆယ်ပါးတို့အား မပြစ်မှားအပ်ကြောင်း၊ ခင်ပွန်းကြီးဆယ်ပါးတို့ အပေါ်၌ ရှိသေလေးစားမှုခေါင်းပါး၍ မိုက်မဲတွေဝေသည့်အလျောက် လွန်ကျူးပြစ်မှားမိပါက နောင်သံသရာကိုမဆိုထား ဘိ ယခုမျက်မှောက်ဘဝမှာပင် လွန်စွာ မှုကြောက်မက်ဖွယ်ရာကောင်းလှသော ဒဏ်ဆယ်ပါးအနက် တစ်ပါးပါးသော် လျှင်လည်းကောင်း၊ ထို့ထက်ပိုလွန်၍ သော်လည်းကောင်း ကျရောက်တတ် ကြောင်းကိုလည်း လူကြီးသူမ မိဘဆရာ သမားတို့၏ အဆုံးအမလို နာကြားခဲ့ကြဖူးသည်ဖြစ်ပါသည်။

ခင်ပွန်းကြီးဆယ်ပါး ဟူသည် ရှေးရိုက်ဘုရားရှိခိုးမှုမှန်စာအုပ်၌လည်း ကျေးဇူးရှင် (၁၀) ပါးဟူသော ခေါင်းစဉ်ဖြင့် -

- သဗ္ဗညုတည့်၊ သုံးလူမြတ်စွာ၊ ပစ္စေကာနှင့်သယ်ာအများ၊ ထွဋ်ဖျား ရဟန္တာ၊ ဂုဏ်ဝါကွန့်မြူး၊ ကျေးဇူးကြီးလှ၊ မိနှင့်ဘတည့်၊ ပြသတတ်သင်၊ ပြုပြင်ဆုံးမ ဟောထတရား၊ စောင့်ထားသီလ၊ ဤဆယ်ဆဟု မူဂပက္ခဇာတ်တော်ပြသည်၊ ကြီးလှ ကျေးဇူး၊ ခေါင်အထူး. . .

ဟု ပြဆိုထားရာ မူဂပက္ခဇာတ် ဟူသည် တေမိဇာတ်ကိုဆိုခြင်း ဖြစ်ပါသည်။

လုံးထော်ဆရာတော်၏ ပဋ္ဌာပကိဏ္ဏကကျမ်း၌ကား -

- ဗုဒ္ဓါ ပစ္စေက ဗုဒ္ဓါ စ၊
  အရဟာ အဂ္ဂသာဝကာ။
  မာတာ ပိတု ဂရု သတ္တာ၊
  ဒါယကာ ဓမ္မဒေသကာ။

ဟူ၍ ပြဆိုပါ၏။

မင်းဘူးဆရာတော် ဦးဩဘာသ၏ တေမိယဇာတ်တော်ကြီးဝတ္ထု၌ အမြဲမပြတ် မေတ္တာပွားအပ်သူအဆွေခင်ပွန်း ဆယ်ယောက်ကို ဤသို့ ပြဆိုထားပါသည်။ ဤလောက၌ ချစ်ခြင်းမေတ္တာကို တစ်နေ့မခြား မေတ္တာပွားအပ်သောသူကား တစ်ကျိပ်အရေအတွက်ရှိ၏။

တစ်ကျိပ်ဟူသည်ကား -

၁။ သဗ္ဗညုမြတ်စွာဘုရား၊
၂။ ပစ္စေကဗုဒ္ဓါ၊
၃။ ကိလေသာကုန်ပြီးသော ရဟန္တာ၊
၄။ မြတ်စွာဘုရား၏ လက်ယာရံ၊ လက်ဝဲရံဖြစ်သော အဂ္ဂသာဝက အရှင်မြတ်၊
၅။ အမိ၊
၆။ အဖ၊
၇။ အရွယ်ကြီးခြင်း၊ အမျိုးမြတ်ခြင်း၊ ပညာကြီးခြင်း၊ သီလသမာဓိ အစရှိသော ဂုဏ်ကျေးဇူးတို့ကြောင့် အလေးအမြတ်ပြုအပ်သောသူ၊
၈။ အကျိုးအကြောင်းကို ဆုံးမ သွန်သင်ပဲ့ပြင်ပေးတတ်သောသူ၊
၉။ ထမင်းအဖျော်၊ အိပ်ရာနေရာ၊ အဝတ်ပုဆိုး စသည့် တစ်စုံတစ်ခု ပစ္စည်းအာမိသပေးဖူးသူ၊
၁၀။ သူခပ်သိမ်းတို့ကို ကုသိုလ်တရားပွားများစေခြင်းငှာ တရားဟော ပေးသောသူ။

ဤသို့အားဖြင့် တစ်ကျိပ်ကုန်သောသူတို့သည် အဖန်တလဲလဲမေတ္တာကိုသာပွားစေအပ်သောကြောင့် အဆွေခင်ပွန်းမည်ကုန်၏ ဟူ၍ပြထားပါသည်။

ထို့ပြင်လည်း ခင်ပွန်းကြီးဆယ်ပါးအား ပြစ်မှားမိသူတို့ ကျရောက်တတ်သော ဒဏ်ဆယ်ပါးကိုပြဆိုရာ၌ -

ယောဒဏ္ဍေန အဒဏ္ဍေသု၊
အပဒုဋ္ဌေသု ဒုဿတိ၊
ဒသန္န မညတရံ ဌာနံ၊
ခိပ္ပမေဝ နိ ဂစ္ဆတိ။

ဟု ဗုဒ္ဓမြတ်စွာဘုရားရှင်ဟောကြားတော်မူသော ဓမ္မပဒပါဠိတော်နှင့်အညီ မပြစ်မှားအပ်မပြစ်မှားထိုက်သူတို့အား ပြစ်မှားမိကုန်သောသူတို့သည်-

ဝေဒနံဖရုသံဟုဆိုအပ်သောကြမ်းတမ်းစွာ ဦးခေါင်းနာစသည်ရောက်ခြင်း၊

ဇာနိဟုဆိုအပ်သောဥစ္စာစည်းစိမ် စသည် ဆုတ်ယုတ်ဆုံးပါးခြင်း၊



# သစ္စာဝါဒီ-ဦးမြင့်အောင်

## ခင်ပွန်းကြီးဆယ်ပါး ဘိုးရာဇာလျှောက်ထုံးနှင့် သိမှတ်ဖွယ်ရာအဖြာဖြာ

သရီရဿစဝေဒနံဟုဆိုအပ်သော လက်ပြတ်ခြင်း စသည် ကိုယ်ခန္ဓာပျက်ခြင်း၊

ဂရုကံဝါပိအာဗာဓံဟုဆိုအပ်သော ကုဋ္ဌနာ၊ အပမာရနာ စသော ဆေးမကုနိုင်ရာလေးစွာအနာကပ်ရောက်ခြင်း၊

စိတ္တက္ခေပဥ္စဟု ဆိုအပ်သော ရူးသွပ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

ရာဇတောဝါဠပသင်္ဂဟု ဆိုအပ်သော မင်းဘေးမင်းဒဏ်သင့်ခြင်း၊

အဗ္ဘက္ခာနဥ္စဒါရုက်ဟုဆိုအပ်သော ရုန့်ကြမ်းလှစွာသောသူတစ်ပါးတို့အစွပ်စွဲခံရခြင်း၊

ပရိက္ခယဥ္စဉာတီနံဟုဆိုအပ်သော အဆွေအမျိုးပြုန်းတီးခြင်း၊

ဘောဂါနဥ္စပဘင်္ဂုနံဟုဆိုအပ်သော စည်းစိမ်အခြွေအရံပျက်စီးခြင်း၊

အာဂါရာနိအဂ္ဂိဒယှတိဟုဆိုအပ်သော အိမ်ကိုမီးသင့်ခြင်း ဟူသော ဒဏ်ဆယ်ပါးကျရောက်ခံရတတ်ဟု ပြဆိုထားပါသည်။

သို့ဖြစ်ရာ ခင်ပွန်းကြီးဆယ်ပါး ပြစ်မှားမိသူတို့၏ဒဏ်ဆယ်ပါးကျရောက်ခံစားရပုံကို ထုံးသာဓကထုတ်ဖော်ပြဆိုရာတွင် စာပေပညာရှင်သုတေသီတို့ ထောက်ရှုမှတ်ရာဖြစ်သော ကုန်းဘောင်ခေတ် မဟာဓမ္မရာဇာဓိပတိ စဥ့်ကူးမင်းတရားလက်ထက် ဇိနာလင်္ကာရ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ အရှင်စန္ဒလင်္ကာ ပြုစုသော ဘိုးရာဇာလျှောက်ထုံး ခေါ် မဏိရတနာပုံကျမ်းလာ သိမှတ်ဖွယ်ရာများကို သုတပညာပွားများနိုင်ရန် ဖွေရှာဖော်ထုတ်တင်ပြအပ်ပါသည်။

အင်းဝခေတ် (ပထမပိုင်း) ၌ထင်ရှားသော ဒုတိယမင်းခေါင် ၈၄၂-၈၆၃ လက်ထက်တွင် ထိုမင်းကြီးသည် သားတော်အကြီး အသက် (၇) နှစ်အရွယ်ရှိသောသူကို မဟာသီဟသူရ ဟူသော ကိုယ်တော်အမည်ဖြင့် အိမ်ရှေ့အရာထားတော်မူသည်။ သက္ကရာဇ် ၈၄၅ခုနှစ်တွင် ဒုတိယဘုရင်မင်းခေါင်သည် ရှေးသရောအခါ သာကီရမင်း၏ သားတော် ဗိမ္ဗိသာရမင်းသည် (၁၅) နှစ်အရွယ်သို့ ရောက်သောအခါ ချစ်လေးမြတ်တော်မူ၍ မင်းမြှောက်တော်မူဖူးလေသောစကားကို ကြားတော်မူ၍ သက်တော် (၁၅) နှစ်အရွယ်သို့ရောက်သောအခါ ချစ်လေးမြတ်တော်မူ၍ မင်းမြှောက်တော်မူ၍ မင်းပြိုင်ပြုတော်မူသည်။

ဘဝရှင် ဒုတိယမင်းခေါင်သည် ပညာရှိအမတ်ကြီး တွင်းသင်းမှူးမဟာသကြီးအား ငါ၏သားတော်ဘုရင် မဟာသီဟသူရကိုလည်း ထုံးပုံပြောဆိုပါဟု မိန့်တော်မူရာ မဟာသကြီးက ထုံးပုံတို့ကို လျှောက်တင်ခဲ့သည်။ သားတော်မဟာသီဟသူရကလည်း တွင်းသင်းမှူးမဟာသကြီး ငါ့အား သူတော်ကောင်းတို့ ပုံပြင်စကားကို နားတော်လျှောက်ဦးလော့ဟု မိန့်တော်မူရာတွင် ပညာရှိအမတ်ကြီး မဟာသကြီးက ခင်ပွန်းကြီးဆယ်ပါးအား ရိုသေလေးမြတ်အပ်ကြောင်းနှင့် ပြစ်မှားမိသူတို့အား ဘေးဒဏ်ကျရောက်တတ်ကြောင်း ထုံးသာဓကပြဆိုကာ ဤသို့ လျှောက်ထားခဲ့ပါသည်။

### ▫ ခင်ပွန်းကြီးဆယ်ပါး ဘိုးရာဇာလျှောက်ထုံး

အရှင့်သား၊ ခင်ပွန်းအပြားဆယ်ပါး ရှိသည်။ ဆယ်ပါးဟူသည်ကား ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝက၊ အမိ၊ အဘ၊ ဆရာ၊ အသက်ကြီးသသူ၊ တရားဟောတတ်သူ၊ အဝတ်အစားတန်ဆာ အသုံးအဆောင်ပေးသသူ ဤသည်ပင်လျှင် ဆယ်ပါးတည်း။

ထိုဆယ်ပါးတို့တွင် -

ဘုရားတည်း ဟူသော အဆွေခင်ပွန်းကောင်းကို ပြစ်မှားမိ၍ အကျိုးယုတ်ဖူးသည်ကား -

ရှင်ဒေဝဒတ်သည် မြတ်စွာဘုရားကို အကြိမ်ကြိမ်ပင် လေးသမားတို့ကို စေလွှတ်၍ပစ်စေသည်။ ကျောက်ကြီးဖြင့်လှိမ့်ချသည်။ ဘုရားနှင့်တကွ သံဃာတော်ကို သင်းခွဲသည်။ ဤသို့သော အခြင်းအရာဖြင့် ဘုရားတည်းဟူသော အဆွေခင်ပွန်းကို ပြစ်မှားသောကြောင့် ပစ္စုပ္ပန်၊ သံသရာကောင်းကျိုးမှယုတ်၍ အဝီစိငရဲ၌ခံရလေ၏။ ရှင်ဒေဝဒတ်၏ ခမည်းတော် သုပ္ပဗုဒ္ဓ၊ စိဉ္စမာဏဝိကာ ဤသူတို့သည်လည်း မပြစ်မှားအပ်သော အဆွေခင်ပွန်း တည်းဟူသော ဘုရားသခင်ကို ပြစ်မှားသောကြောင့် ပစ္စုပ္ပန်၊ သံသရာ အကျိုးယုတ်၍ ၎င်းအဝီစိငရဲ၌ ခံရဖူးလေ၏။

ပစ္စေကဗုဒ္ဓါတည်းဟူသောအဆွေခင်ပွန်းကို ပြစ်မှား၍ အကျိုးယုတ်ဖူးသည်ကား -

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း၏ သားတော် ဒုဋ္ဌကုမာရမင်းသားသည် အရှင်ပစ္စေကဗုဒ္ဓါ၏လက်မှ သပိတ်တော်ကိုလု၍ မြေ၌ပစ်ခွဲလျက် ထမင်းနှင့်တကွနင်းနယ်၍ မှုန့်မှုန့်ညက်ညက်ခြေသည်ကို ဤမင်းသားသည် ဖျက်ဆီးခြင်းပြင်းလှ၏တကားဟု မင်းသားမျက်နှာကို ကြည့်သည်ရှိသော် အဘယ်ကြောင့် ငါ့ကိုကြည့်သနည်း။ ဗာရာဏသီမင်းကြီးသားတော်ဒုဋ္ဌကုမာရမဟုတ်လော။ သင်ငါ့ကိုအမျက်ထွက်သဖြင့်ကြည့်၍ အဘယ်မူစအံ့နည်းဟုဆို၏။ အရှင်ပစ္စေကဗုဒ္ဓါလည်း နန္ဒမူလတောင်သို့ပြန်သောခဏ၌ ထိုမကောင်းမှု၏အကျိုးသည်ရောက်တည့်သဖြင့် ပူလှ၏၊ ပူလှ၏၊ လောင်လှ၏၊ လောင်လှ၏ဟု မြည်တမ်းလျက် ရေလောင်းငြားသော်လည်း ကန်ချောင်းအစရှိသော အလုံးစုံသောအရပ်၌ ရေဟူသမျှ ခန်းခြောက်၍ ရေမရသဖြင့် အသက်ကုန်ပြီးလျှင် အဝီစိငရဲ၌ဖြစ်၍ ကြီးစွာသောဆင်းရဲခြင်းသို့ရောက်ဖူးလေသည်။

ရဟန္တာ တည်းဟူသော အဆွေခင်ပွန်းကို ပြစ်မှား၍ အကျိုးယုတ်ဖူးလေသည်ကား -

ရှင်ဥပ္ပလဝဏ်၏ဦးကြီးတော်သားဖြစ်သော သူဌေးသားသည် လူဖြစ်စဉ်ကပင် ရှင်ဥပ္ပလဝဏ်ကို ကြိုက်နှစ်သက်သည်ဖြစ်၍ ရှင်ဥပ္ပလဝဏ်ရဟန်းပြု၍ ရဟန္တာဖြစ်လျှင် ထိုသူဌေးသားသည် ဥပ္ပလဝဏ်ရဟန္တာမနေရာဆီသို့သွား၍ ရှင်ဥပ္ပလဝဏ်အလိုမရှိဘဲ အနိုင်အထက်ကာယသံသဂ္ဂပြုချေပြီးလျှင် မျက်စိမမြင်ကောင်းသောအရပ်သို့ရောက်မှ သူဌေးသားသည် မြေမျို၍ အဝီစိငရဲ၌ခံရလေသည်။

အဂ္ဂသာဝက တည်းဟူသော အဆွေခင်ပွန်းကိုပြစ်မှားမိ၍ အကျိုးယုတ်ဖူးသည်ကား -

ရာဇဂြိုဟ်ပြည်တွင် ဝဿကာရ ပုဏ္ဏားသည် အရှင်သာရိပုတြာကို မျောက်နှင့်တူသည်ဟု ဆိုချေမိသောကြောင့် သေလျှင်မျောက်ဖြစ်ဖူးလေသည်။ သောရေယျသတို့သားလည်း ရှင်ကစ္စည်းမထေရ်ကိုမြင်လျှင် ငါ့မယားဖြစ်ပါလေသော်ကောင်း၏ဟု စိတ်ဖြင့်ပြစ်မှားမိ၍ ပစ္စုပ္ပန်တွင် မိန်းမဖြစ်ဘူးလေသည်။

အမိ တည်းဟူသော အဆွေခင်ပွန်းကို ပြစ်မှား၍အကျိုးယုတ်ဖူးသည်ကား-

ရှင်မောဂ္ဂလာန်အလောင်းတော်သည် မယားစကားကို နားထောင်မှား၍ အမိကိုသတ်ချေသောကြောင့် သေလျှင် အပါယ်ငရဲ၌ရှည်ကြာစွာခံရပြီးမှ ရဟန္တာဖြစ်သည့်တိုင်အောင် ခိုးသားငါးရာတို့ အရိုက်ခံရ၍ ပရိနိဗ္ဗာန်ပြုရချေသည်။ ရသေ့မြို့တွင် အတိတ္ထာမင်းသည် မယ်တော်ကို ပြစ်မှားသောစိတ်ဖြင့် မယ်တော်နေရာတိုက်ခန်းသို့သွားချေသောကြောင့် လူကိုယ်ပကတိပင် မျောက်ဖြစ်ဖူးချေသည်။

အဖတည်းဟူသော အဆွေခင်ပွန်းကို ပြစ်မှားမိ၍ အကျိုးယုတ်ဖူးသည်ကား -

အဇာတသတ်မင်းသည် ခမည်းပါင်း



www.burmeseclassic.com

www.burmeseclassic.com

ဖက်ရာသော ရှင်ဒေဝဒတ်နှင့်ပေါင်းဖော်၍ ခမည်းတော် ဗိမ္ဗိသာရမင်းကိုသတ်လျှင် ပစ္စက္ခဘဝတွင်ပင် ဆင်းရဲကြီးစွာ ဝေဒနာဖြစ်၍ အဆွေခင်ပွန်းကောင်းဖြစ်သော ဇီဝကခေါ် ဆောင်၍ ဘုရားသခင်အထံရောက်လျှင် ဘုရားသခင်သည် သာမညဖလသုတ်ကိုဟောတော်မူသဖြင့် ကြားနာရ၍ လည်းကောင်း၊ အဆွေခင်ပွန်းကောင်းဖြစ်သော မြတ်စွာဘုရားကိုတွေ့ကြုံရသောကြောင့်လည်းကောင်း အဝီစီသို့မရောက်ဘဲ လောကကုမ္ဘိငရဲတွင် သာခံရလေသည်။ မိမိထုံးကိုအမှီပြု၍လည်း နန်းစည်းစိမ်ကိုမက်မောသဖြင့် အဇာတသတ်၊ ဥဒယဘဒ္ဒ၊ အနုရုဒ္ဓ၊ မုဏ္ဍ၊ နာဂဒါသ ဤငါးယောက်တို့သည် အဆင့်ဆင့် အဖကိုသတ်သည်ဖြစ်၍ ပစ္စုပ္ပန်၊ သံသရာနှစ်ပါးရှုံး၍ အဝီစိငရဲ၌ ခံရဖူးလေသည်။

ဆရာ တည်းဟူသော အဆွေခင်ပွန်းကို ပြစ်မှား၍ အကျိုးယုတ်ဖူးသည်ကား -

ဘုရားလောင်း ဂုတ္တိလစောင်းသမား၏တပည့် ရှင်ဒေဝဒတ်အလောင်း မုသိလစောင်းသမားသည် စောင်းပြိုင်၍ မင်းရှေ့တွင်တီးမည်ဟူ၍ ဆရာကိုပြစ်မှားသဖြင့် တီးလေသော် ဆရာနှင့်တူနိုင်မည်ကိုထား၍နောက်တိုင်လျှင် မိမိစောင်းသည်အသံမထွက်အသောကြောင့် 'နင်ဆရာကို မရိုမသေပမာဏကိုမသိ ပြိုင်၍ တီးရာသလော' ဟု လူအများလည်း ခဲတစ်ယောက်တစ်လုံးစီနှင့်ပစ်၍ အနိစ္စရောက်ဖူးချေသည်။

ငါတို့ဘုရားအလောင်းတော်သည် ဒွန်းစဏ္ဍားအမျိုး၌ဖြစ်သောအခါ အခါမဟုတ်သောသရက်သီးကိုသီးစေတတ်သော မန္တန်ကိုတတ်၏။ ရှင်ဒေဝဒတ်လောင်း သဿတလုလင်သည် အတတ်သင်ပါမည်ဟု ရောက်လာ၏။ ဘုရားအလောင်းတော်သည် လူ၏လက္ခဏာကိုမြင်လျှင် အတတ်မမြဲသည်ကိုသိသောကြောင့် မသင်ဘဲနေ၏။ ဘုရားလောင်းမယားအား နှစ်သက်အောင်ပြု၍ ဘုရားလောင်းမယား တောင်းပန်လှမှ သင်၏။ ဘုရားအလောင်းတော်လည်း အတတ်သင်ပြီးလျှင် 'လုလင် ငါသည် ဒွန်းစဏ္ဍားအမျိုး၌ဖြစ်ချေသည်။ သင်သည် တစ်ရပ်တစ်ရွာသို့ရောက်၍ အတတ်ကိုပြသောအခါ ဘယ်သူ့ထံကသင်သနည်းဟု သူများကမေးလျှင် ရှက်သည်ဟူ၍လွဲ၍ မပြောလင့်။ ဟုတ်သည့်အတိုင်း ဒွန်းစဏ္ဍားအထံကသင်ခဲ့သည်ဟုပြောဟူ၍ မှာလိုက်၏။

ထိုသဿတလုလင်သည် ဗာရာဏသီပြည်သို့ရောက်၍ မင်း၏အထံမှာ အတတ်ကိုပြသော် အခါမဲ့သရက်သီးသီးသည်ကိုမြင်လျှင် မင်းသည် အားရဝမ်းသာ၍ ဘယ်သူ့ထံကသင်ခဲ့သနည်းဟု မေးသော် ရှက်သောကြောင့် ဒွန်းစဏ္ဍားထံကသင်ခဲ့သည်ဟုမပြောဘဲ မင်းသားအထံကသင်ခဲ့သည်ဟူ၍ပြော၏။ နောက်တစ်ကြိမ် ရေကိုမန်း၍သွန်းပြန်သော် မသီးမပွင့်ဘဲရှိလေ၏။ ဘုရားလောင်းထံသို့ပြန်၍ အတတ်သင်ပါဦးဟုဆိုပြန်လေသော် ဘုရားလောင်းက သင်၏လက္ခဏာသည် သင်သော်လည်း ကိုယ်၌အတတ်မမြဲချေဟူ၍ မသင်ဘဲနေလေ၏။ ထိုလုလင်သည် ကိုးကွယ်ရာမရှိသောကြောင့် ချုံထဲသို့ဝင်၍ အနိစ္စရောက်ဖူးလေ၏။

ရှေးသရောအခါ ဆရာတပည့်နှစ်ယောက်တို့သည် တောင်တစ်ခုတွင်နေကြသော် ကျောက်ကိုသာချက်၍စားကြ၏။ တစ်နေ့သ၌ စားကြစဉ်တွင် ယခုကျောက်ကိုကျို၍စားကြသည်။မောင်ရှင်တန်ခိုးလော၊ ငါ့တန်ခိုးလောဟုဆရာကမေးသော် ကျွန်ုပ်ကျို၍သာစားရသည်၊ ကျွန်ုပ်တန်ခိုးဟူ၍ဆို၏။ ထိုအခိုက်တွင် စားသောကျောက်သည် လည်တွင်မျက်၍ အနိစ္စဖြစ်လေသည်။ ထိုတောင်ကို ကျောက်မျက်တောင် ဟူ၍ အစဉ်တွင်လေသည်။

လူဖြစ်သောဆရာကို မဆိုထားဘိ ငှက်တစ်စုသည် သစ်သီးကိုမြောက်ကာမြောက်ကာဟပ်၍စားသည်ကို မြင်၏။ မင်းတစ်ဦးသည် ငှက်အတု သန်လျက်ကို ကစားလေသော် သည်အတတ်ကို အသူသင်သနည်းဟု မေးလေသည်။ ငါ့အလိုလိုပင်တတ်သည်ဆိုသောကြောင့် ထိုမင်းကို သန်လျက်စူး၍ အနိစ္စရောက်ချေ၏။ ဤသို့လျှင် ဆရာတည်းဟူသော အဆွေခင်ပွန်းကိုပြစ်မှား၍ ပစ္စုပ္ပန်၊ သံသရာနှစ်ပါးမှ ရှုံးဖူးချေသည်။

အသက်ကြီးသသူတည်းဟူသော အဆွေခင်ပွန်းကိုပြစ်မှား၍ အကျိုးယုတ်ဖူးသည်ကား -

ပါဋလိပုတ်ပြည်၌ သူအိုသက်ကြီးအို၍ ကျောက်ကုန်းသည်ကို သူငယ်တစ်ယောက်သည်လိုက်၍ အတုသင်သောကြောင့် ပစ္စက္ခတွင်ပင် ထိုသက်အိုသက်ကြီးကဲ့သို့ဖြစ်ဖူးလေ၏။ ပုဂံပြည်၌ အလောင်းစည်သူမင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းကိုလှည့်လည်သောအခါ အထူးထူးသောမမြင်ဘူးသောအရပ်ဌာနများကိုမြင်၍ ငါကဲ့သို့ ဘေးလောင်းတော်ဘိုးလောင်းတော်တို့သည် ဘုန်းတန်ခိုးမရှိ ယောင်တကားဟု စိတ်ကအောက်မေ့ကာမျှဖြင့် မျက်စိတော်နှစ်လုံးကွယ်ခဲ့၍ ဘေးလောင်းတော်၊ဘိုးလောင်းတော်တို့ အရုပ်လုပ်၍ပူဇော်ရာတွင်မှ မျက်စိပကတိရှိပြန်လေသည်။

တရားဟောသသူကိုတရားစကားကိုပြောဆိုဆုံးမတတ်သောအဆွေခင်ပွန်းကို ပြစ်မှား၍အကျိုးယုတ်ဖူးလေသည်ကား -

သိန်းခိုကျွန်း၌ သဃ်ဗောဓိမင်းလက်ထက် သဃ်ဗောဓိပင်သည် တရားနှင့်ညီစွာ ဆုံးမပြောဆိုနိုင်သော အမတ်တစ်ယောက်ကို တရားသူကြီးအရာ၌ထား၍ တရားစီရင်ဆုံးမလေသည်။ တစ်ယောက်သောအမျိုးသားသည် ဤတရားသူကြီးကဲ့သို့ ငါလည်းတတ်တော့သည်ဟု အကြိမ်များစွာဆိုသော စကားကိုကြားလေလျှင် သဃ်ဗောဓိမင်းအား လျှောက်ကြားလျှင် ထိုသူကိုခေါ်စေ၍ တရားသူကြီးအရာ၌ထား၍စီရင်စေသည်ကို တရားနှင့်အညီမစီရင်မဆုံးမနိုင်သောကြောင့် သက်ရှိသက်မဲ့ဥစ္စာတို့ကိုသိမ်းယူ၍ တရားသူကြီးအမတ်ကြီးအားပေး၍ ထိုသူကို မြို့မှနှင်ထုတ်လေသည်။

ရာဇဂြိုဟ်ပြည်၌ အရှင်သာရိပုတြာသည် အိမ်တွင်တရားဟောနေစဉ် အမျိုးသားတစ်ယောက်သည် ရှင်သာရိပုတြာ၏အသံတော်ကို ကျီးကန်း၏အသံကဲ့သို့ရှိ၏ဟု ပြစ်မှားမိသောကြောင့် ထိုသူ၏အသံသည် ကျီးကန်း၏အသံကဲ့သို့ရှိဖူးလေသည်။

အဝတ်တန်ဆာပေးသောအဆွေခင်ပွန်းကို ပြစ်မှား၍ အကျိုးယုတ်ဖူးသည်ကား -

ဝါရိရှုမြို့၌ ဝါရီရှုမင်းလက်ထက် အမတ်တစ်ယောက်သည် အရှင်ကျေးဇူးကို ပြစ်မှားသောကြောင့် မြို့ပြအမည်အရည်ဌာနမှ ယုတ်ဖူးလေသည်။ ပုဂံပြည်၌ နရသီဟပတေ့မင်းလက်ထက် အမတ်တစ်ယောက်ကို သူကောင်းပြု၍ အမှုထမ်းစေသည်။ ထိုအမတ်သည် လောဘရမ္မက်ကိုလိုက်၍ သည်မင်းတွင် ခစားထမ်းရွက်၍ အကျိုးမရှိ သူဆင်းရဲလုပ်၍ လုပ်ကိုင်စားသောက်မည်ဆိုဖူးသောကြောင့် ရှေးက သူကောင်းပြု၍ စားရသမျှ ကျေးရွာတို့ကိုယုတ်ဖူးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး
# သွေးမိတ်နဲ့သနပ်ခါးမြစ်

၂၅-၄-၂၀၁၆ မှာ မိုးကုတ်မှာရှိတဲ့ စာပေရောင်းရင်း ဇွဲမင်း (မိုးကုတ်) ဆီ ဖုန်းဆက်ဖြစ်ပါတယ်။ အဲဒီမှာ ရာသီဥတု အခြေအနေကိုမေးလာပါတယ်။

"ကိုကျော်စိုးတို့ နေပြည်တော်မှာ ပူသလား"

"အယ်လ်နီညိုဖြစ်နေတဲ့ ရာသီဥတုလေ။ ပူချက်ကတော့ ကမ်းကုန်တာပေါ့ဗျာ"

"ခင်ဗျားက နတ်ပြည်ကနေ ငရဲပြည်ခုန်ဆင်းသွားတာကိုးဗျ။ ပူမှာပေါ့"

"အေးဗျာ၊ ဘဝပေးအခြေအနေအရဆိုတော့မတတ်နိုင်ဘူးလေ။ မိုးကုတ်အခြေအနေကကော"

"မိုးကုတ်ကတော့ ထုံးစံမပျက်အေးမြအေးလျက်ပါပဲဗျာ"

"အေးဗျာ၊ ခင်ဗျားတို့ ကံကောင်းတာပေါ့"

"မိုးကုတ်ကိုလာနေပါလားဗျ"

"မဖြစ်သေးဘူး ကိုဇွဲမင်းရေ။ ကိုပြည့်စုံတို့ဘော နေကောင်းကြရဲ့လား"

"အားလုံးနေကောင်းကြပါတယ်။ ကိုကျော်စိုးရဲ့စာတွေလည်း လစဉ်သူရဋ္ဌမှာတွေ့နေရတော့ အလွမ်းပြေရတယ်ပေါ့ဗျာ"

စသည်ဖြစ်ပေါ့လေ ပြောဖြစ်ကြပါတယ်။ တစ်သက်လုံးနီးပါး အဲယားကွန်းတပ်ထားတဲ့ မိုးကုတ်မြေမှာနေနေခဲ့ရတော့ အပူဒဏ်ဆိုတာ မခံစားခဲ့ရတာအမှန်ပါ။ (၁၂) ရာသီအေးမြနေထည်နဲ့ ဝွမ်းဖုံးခြုံပြီး အိပ်ခဲ့ရတာတွေဟာ စည်းစိမ်ရှိလှပါတယ်။ ပိုက်ဆံမချမ်းသာတောင် လူကတော့ ချမ်းသာပါတယ်။

၂၀၁၁ မှာ နေပြည်တော်ပြောင်းရွှေ့ခဲ့တော့ကာ နေပြည်တော်ရဲ့ အပူဒဏ်ကို နွေမှာခံရစမြဲပါ။ ခံရတာမှ ကျောကော့အောင်ခံရပြီး ချွေးခန်းတဲ့အတွက် ချွေးမိတ်တွေတစ်ကိုယ်လုံး ထွက်ကာ ယားယံတဲ့ဝေဒနာကိုပါ အပူနဲ့အတူ ခံစားနေရပါတယ်။

ဒီနှစ်မှာ နွေအပူကို အယ်လ်နီညို ရာသီဥတုကပါ ဝင်ရောက်စွက်ဖက်လေတော့ အားလုံးအတွက် ကြီးမားတဲ့ အန္တရာယ်လို့ ဆိုနိုင်ပါတယ်။ ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် စိုးရိမ်ဖွယ်အခြေအနေပါ။

၂၆-၄-၂၀၁၆မနက်ပိုင်း ရပ်ကွက်ထိပ်ရှိ ဇီဇဝါပန်းအပိုင်းမှာ လမ်းလျှောက်ကြတော့ ဒေါ်ညိုညိုသောင်း (ရွှေရည်ဝင်းစာပေ) နဲ့ စကားခေတ္တဆုံဖြစ်ပါတယ်။မနက်အစောမှာတောင် ပူလောင်နေလေတော့ ပေါ့ပေါ့ပါးပါး ဘောင်းဘီတို၊ အကျီတို့နဲ့သာ ဝတ်ဆင်နိုင်ကြခြင်းပါ။

"ဆရာရယ် မနက်အစောတောင် ပူလိုက်တာနော်"

"ပူတာပေါ့ဗျာ။ ကျွန်တော်ဖြင့် ချွေးမိတ်တွေတစ်ကိုယ်လုံးနီးပါးပါပဲ"

"ဩော် - ပြောရဦးမယ်ဆရာရေ။ ကျွန်မတို့မိသားစု ပြီးခဲ့တဲ့သင်္ကြန်တုန်းက မန်းစက်တော်ဘုရားဖူးခရီးသွားကြတယ်။ ကျွန်မနဲ့ ကိုသောင်းစိန်က လူကြီးတွေဆိုတော့ ခေါင်းခန်းထဲကစီးကြရတာပါ။ ပူချက်ကတော့အတော်ရက်စက်ပါတယ်ဆရာရယ်။ ကျွန်မတို့က နတ်မောက်ဒေသဇာတိ အညာသူတွေပါ။ အပူဒဏ်ခံနိုင်ရည်ရှိပါတယ်။ ဒါပေမယ့် ကားခေါင်းထဲ ပိတ်လှောင်ပြီးခံရတဲ့ အပူဒဏ်နဲ့ကျတော့ ခံနိုင်ရည်မရှိဘဲ တစ်ကိုယ်လုံးချွေးမိတ်တွေအပြင်လိုက်ထွက်လာတာပဲဆရာရေ။ ယားလိုက်တာလည်း အလွန်ပါပဲ။ ဒါနဲ့ ကျွန်မအိမ်ပြန်ရောက်တာနဲ့ သနပ်ခါးမြစ်နဲ့ဆားနည်းနည်းထည့်သွေးပြီး တစ်ကိုယ်လုံးလူးပစ်လိုက်တယ်။ တစ်ခါတည်း အယားသက်သာသွားတယ်။ သုံးခါလောက်လည်းလူးလိုက်ကရော ချွေးမိတ်တွေ လုံးဝပျောက်သွားတော့တာပဲဆရာ။ အဲဒီကျမှ နေရထိုင်ရသက်သာသွားတော့တယ်"

လို့ ပြောပြပါတယ်။

ဒါက စကားစပ်မိလို့ပြောပြခြင်းပါ။ ကျွန်တော့်ချွေးမိတ်တွေပျောက်စေလိုတဲ့စေတနာပါ။ ဒါပေမယ့် ကျွန်တော့်မှာ သနပ်ခါးမြစ်၊ သနပ်ခါးတုံး၊ ကျောက်ပျဉ်၊ မှန် စတာတွေ ဘာတစ်ခုမှမရှိပါဘူး။ အလှပြင်ရမယ့်အရွယ်မဟုတ်တော့လို့ပါပဲ။

ဒါပေမယ့် အပူဒဏ်ခံစားရလို့ ချွေးမိတ်ထွက်နေတဲ့သူတွေအတွက်တော့ အသုံးဝင်နိုင်တဲ့ မြန်မာ့ရိုးရာ လူတိုင်းနဲ့နီးစပ်တဲ့ ဆေးနည်းလေးပါ။ သနပ်ခါးအမြစ်မရှိလည်း သနပ်ခါးတုံးနဲ့သွေးလိမ်းရင် အဆင်ပြေနိုင်လောက်ပါတယ်။

*ဒေါ်ညိုညိုသောင်း*
*(ရွှေရည်ဝင်းစာပေ) သို့*

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

---

အရှင့်သား၊ ဤဆယ်ပါးသော ခင်ပွန်းတို့ကို ပြစ်မှားသောသူတို့သည် ပစ္စုပ္ပန်ဘဝတို့၌လည်း ဘေးအန္တရာယ် ရောဂါဥပဒ်အစရှိသည်တို့ဖြင့် နှိပ်စက်ခြင်းကိုခံရချေသည်။ သံသရာဘဝ၌လည်း အပါယ်လေးပါးတွင် နစ်မွန်းခြင်းအစရှိသော ဆင်းရဲကိုခံရချေသည်။ ထိုခင်ပွန်းဆယ်ပါးတို့အား ရိုသေလေးမြတ်သောသူတို့ကား စည်းစိမ်ချမ်းသာအာဏာကျက်သရေ ဘုန်းတန်ခိုးအခြံအရံ ဥစ္စာရတနာများစွာ တိုးတက်ထွန်းပ၍ သူခပ်သိမ်းတို့အချီးအမွမ်းကိုလည်းခံရသည်။ သံသရာဘဝ၌လည်း လူ၊ နတ်နိဗ္ဗာန်ချမ်းသာတည်းဟူသော အကျိုးတို့ကိုဖြစ်တတ်သည်ဟု နားတော်လျှောက်၏။

ဤကား ကုန်းဘောင်ခေတ် စဉ့်ကူးမင်းတရားလက်ထက် ဇိနာလင်္ကာရ မဟာဓမ္မရာဇဂုရုတံဆိပ်တော်ရ အရှင်စန္ဒလင်္ကာ ပြုစုသော ဘိုးရာဇာလျှောက်ထုံးခေါ် မဏိရတနာပုံကျမ်းလာ ခင်ပွန်းကြီးဆယ်ပါးပြစ်မှားကျိုးတို့ကို ကောက်နုတ်တင်ပြခြင်း ဖြစ်ပါသည်။

ဖော်ပြပါ ခင်ပွန်းကြီးဆယ်ပါးသိမှတ်ဖွယ်ရာများနှင့် ခင်ပွန်းကြီးဆယ်ပါးပြစ်မှားကျိုးတို့ကို ထောက်ရှုဆင်ခြင်လျက် ကျေးဇူးရှင်ကြီးဆယ်ပါး (သို့) ခင်ပွန်းကြီးဆယ်ပါးတို့ကို ရိုသေလေးစား ဦးထိပ်ထားလျက် မပြစ်မှားမိအောင် ဆင်ခြင်လိုက်နာအပ်ကြောင်း ကောင်းမြတ်သောစေတနာဖြင့် တင်ပြအပ်ပါသည်။

သစ္စာဝါဒီ-ဦးမြင့်အောင်

**စာညွှန်း -**

ဘိုးရာဇာလျှောက်ထုံးခေါ် မဏိရတနာပုံကျမ်း



www.burmeseclassic.com

www.burmeseclassic.com



# မိမိငွေး
(ဟိုတယ်/ခရီး)

## ရွှေကံကူရုပ်ရှင်တော်မြတ်နှင့် စိပ်ဟ်သေဂံဂါကြာတော်

စာရေးသူ၏ မိခင်ကြီးသည် စာပေဝါသနာပါသူတစ်ဦး ဖြစ်ပါသည်။ စာဖတ်အားလည်းကောင်းမွန်ပါသည်။ သူရဇ္ဇမဂ္ဂဇင်း စတင်ပေါ် ပေါက်လာချိန်မှစ၍ ယနေ့အထိ လစဉ်မပြတ် ဝယ်ယူဖတ်ရှုနေသော အမာခံစာဖတ်ပရိသတ်တစ်ဦးလည်း ဖြစ်သည်။ သို့အတွက် အိမ်ရှိမိသားစုများအားလုံး သားသမီး မြေးမြစ်မှအစ သူရဇ္ဇ၏ စာဖတ်ပရိသတ်များဖြစ်ခဲ့သည်မှာ အဆန်းတော့မဟုတ်ပါ။

အသက်(၈၀)ရှိပြီဖြစ်သော မိခင်ကြီးမှာ မျက်စိအနည်းငယ်မှုန်သည်မှလွဲ၍ အမြဲလိုလိုစာဖတ်လေ့ရှိသည်။ စာရေးသူတို့မှာလည်း သူရဇ္ဇမဂ္ဂဇင်း၏ အစ၊ အလယ်၊ အဆုံး တန်ခိုးကြီးဘုရားစေတီပုထိုးများ၊ သာသနာပြုဆရာတော်ကြီးများ ဘာသာရေးဆိုင်ရာဆောင်းပါးများ၊ ဆေးနည်းအမျိုးမျိုး၊ ဝတ္ထုရှည် ဝတ္ထုတိုများကို စိတ်ဝင်တစား ဖတ်ရှုကြရပါသည်။

တန်ခိုးကြီးဘုရားစေတီတော်များအနက်မှ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့ရှိ သစ်လေပျံတော်၊ ရွှေကံကူဘုရားကြီး၏ ရာဇဝင်အစသမိုင်းကြောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်ပြီး လစဉ်ဖတ်ရှုပူဇော်မှုပြုခဲ့ပါသည်။ မိမိ၏စိတ်တွင်လည်း ရွှေကံကူ ရုပ်ရှင်တော်မြတ်ကို ကိုယ်တိုင်ကိုယ်ကျ အိမ်သို့ပင့်ဆောင်၍ ပူဇော်လိုသောဆန္ဒများ အမြဲမပြတ်ဖြစ်ခဲ့ရပါသည်။ သို့ပါ၍ သူရဋ္ဌမဂ္ဂဇင်းတွင် ရုပ်ရှင်တော်မြတ်၏ ပုံတော်များပါလာလျှင် ကတ်ကြေးနှင့်ညှပ်၍ ပလတ်စတစ်လောင်းကာ အိမ်ရှိ ဘုရားကျောင်းဆောင်တွင်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေသော စာရေးသူခင်ပွန်း၏မော်တော်ကားခေါင်းတွင် ထည့်သွင်းပူဇော်ကာ နေ့စဉ်မပျက် စံပယ်ပန်းများနှင့် ပူဇော်ထားရှိကိုးကွယ်ခဲ့ပါသည်။

ရွှေကံကူဘုရားရှင်ကို ရည်မှန်း၍ ဖူးတွေ့လိုသောစိတ်ဆန္ဒများ အမြဲဖြစ်ပေါ်သည့်အားလျော်စွာ ရွှေကံကူမယ်တော်ကြီးနှင့် ဆရာဘိုဘိုတို့ ရေးသားသော ဘုရားရှင်၏ဖြစ်စဉ်အကျဉ်းများ၊ ကိုးကွယ်ဖူးမြော်ပူဇော်ကြသောသူများ၏ ချက်ချင်းဒိဋ္ဌမမွအကျိုးပေးမှုများ၊ ထူးခြားဖြစ်စဉ်များကို လစဉ်မပြတ်ဖတ်ရှုရသော အခါ ကိုယ်တိုင်ကိုယ်ကျ အိမ်သို့ပင့်၍ ဖူးနိုင်ရပါစေဟု ဘုရားရှိခိုးတိုင်း အစဉ်ဆုတောင်းမိပါသည်။

စာရေးသူသည် အစိုးရဝန်ကြီးဌာနတစ်ခုမှ အရာထမ်းတစ်ဦးဖြစ်သည့်အားလျော်စွာ အလုပ်မအားလပ်သည့်ကြားမှ အချိန်ယူပြီး ဘာသာရေးနှင့် သက်ဆိုင်သောလုပ်ငန်းများ တတ်နိုင်သမျှ ကျင့်ကြံအားထုတ်မှုများပြုလုပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆ ခု နွေရာသီ၏ နေ့လယ်ခင်းမှာ အလွန်ပူပြင်းလှသောကြောင့် ရုံးထဲတွင်နေ၍မရတော့ဘဲ ရုံး၏အရှေ့ဘက် သစ်ပင်ရိပ်တွင်ထိုင်ကာ အပူဒဏ်ကိုရှောင်နေစဉ် ရှမ်း(ရှမ်းတရုတ်)ဟု ယူဆရသော အမျိုးသမီးကြီးတစ်ဦးမှ စာရေးသူ၏ရှေ့တည့်တည့်တွင်ရပ်ပြီး-

"ဒီမှာဘာထိုင်လုပ်နေလဲ။ ဘုရားသွားဖူးပါလား။ အချိန်ကုန်ခံမနေနဲ့၊ ဘုရားဖူးဖို့အချိန်ကျပြီ"

ဟု ပြောဆိုရာ ခပ်တွေတွေဖြစ်သွားပြီး -

"အစ်မ၊ ဘယ်သူ့ကိုပြောတာလဲ။ ဘယ်ဘုရားကိုဖူးရမှာလဲ"

ဟု မေးလိုက်ရာ ၎င်းအစ်မကြီးမှ ရွှေကံကူဘုရားဖူးရန်ဖြစ်ကြောင်း၊ အောင်ဆန်းကွင်းဂျူဒိုလေ့ကျင့်ရေးကစားကွင်းခန်းမတွင်အပူဇော်ခံနေပါကြောင်း၊ ယခုချက်ချင်းသွားရောက်ရန်ပြောရာ အတိုင်းမသိဝမ်းမြောက်သွားပြီး အနီးရှိ တပည့်နှစ်ဦးအားခေါ်၍ ကားငှားပြီးသွားရောက်ကြပါ သည်။

ရန်ကုန်မြို့တွင် ကားများပြည့်ကျပ်နေသည့်ကြားမှ ဘုရားရှင်၏တန်ခိုးတော်ကြောင့်လားမသိ။ အောင်ဆန်းကွင်းရှိ ဂျူဒိုအားကစားလေ့ကျင့်ရေးခန်းမကို လွယ်ကူစွာ ရှာဖွေတွေ့ရှိခဲ့ပါသည်။ခန်းမကျယ်အတွင်း စံပယ်သီတင်းသုံးနေသော ရွှေကံကူရုပ်ရှင်တော်မြတ်ကို အံ့မခန်းဖူးမြော်ခွင့်ရပါပြီ။ စာရေးသူ၏ ဆုတောင်းလည်းပြည့်ခဲ့ပါပြီ။ တပည့်မလေးများလည်း ဝမ်းမြောက်ဝမ်းသာ ဖူးမြော်ကြပြီး ဘုရားရှိခိုးကာ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်မေတ္တာပို့၊ အမျှဝေကာ ဓမ္မဒါနများလှူဒါန်း၍ ဘုရားရှင်၏ရှေ့မှောက်တွင် မိမိ၏ အိမ်ဂေဟာသို့ ကြွရောက်ဖူးမြော်နိုင်ပါစေရန် ဆုတောင်းခဲ့ပါသည်။

ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်များဝယ်ယူပြီး အသိမိတ်ဆွေများအားဝေငှ၍ဓမ္မဒါနပြုလုပ်ကာ အိမ်ရှိ ဘုရားကျောင်းဆောင်တွင် စံပယ်စေပြီး မိခင်ကြီးမှ နေ့စဉ် ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းများ၊ အမွှေးနံ့သာများဖြင့် အမြဲမပြတ်ပူဇော်ခဲ့ပါသည်။ ထူးခြားမှုမှာ အစစအရာရာ မည်သည့်ကိစ္စမဆို အဆင်ပြေမှုများကြုံတွေ့ခဲ့ရပါသည်။ မိမိနှင့်ပဋ္ဌာန်းဆက်ရှိ၍ ကိုယ်တိုင်ကိုယ်ကျဖူးမြော်ရသည်ဟုလည်း စိတ်တွင်ထင်မိပါသည်။ အလှူရှင်မိသားစုများမှလည်း နောင်နှစ်ယခုအချိန်တိုင်း ဤနေရာမှာပင် ပင့်ဆောင်ပူဇော်မည်ဖြစ်၍ လာရောက်ဖူးမြော်ရန် တစ်ခါတည်း ဖိတ်ကြားလိုက်ပါသည်။ ယခုအခါ မိမိ၏ ဆုတောင်းထက်ဝက်ခန့်ပြည့်ပြီဖြစ်၍ ယုံကြည်ကိုးကွယ်မှုစိတ်များ ပိုမိုပြင်းထန်လာပြီး လစဉ်မပြတ်ဆောင်းပါးများ မလွတ်တမ်းဖတ်ရှုခဲ့ရာတွင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လထုတ် သူရဋ္ဌမဂ္ဂဇင်းတွင်ပါရှိသည့် မယ်တော်ကြီး၏ ကျင့်စဉ်ဖြစ်သော -

□ စီ - ဝိဏ် - သေ - ဂိ

ဂါထာတော်ကို လေ့လာ ဖတ်ရှုခွင့်ရခဲ့ရပြန်ပါသည်။

ကျင့်စဉ်အရ အဓိဋ္ဌာန်ဝင်ရန်ဖြစ်သော်လည်း လုပ်ငန်းကိစ္စတာဝန်များများပြားနေ၍ အဓိဋ္ဌာန်မဝင်ဖြစ်ခဲ့ပါ။

ဂါထာတော်၏အဓိပ္ပာယ်မှာ -

**စီ** = **စီဝရံ** - သင်္ကန်း၊
**ဝိဏ်** = **ပိဏ္ဍပါတ** - ဆွမ်း၊
**သေ** = **သေနာသန** - ကျောင်း၊
**ဂိ** = **ဂိလာနပစ္စယာ** - ဆေးဝါး

တို့ကို ရည်ညွှန်းခြင်း ဖြစ်သည်။

သို့အတွက်ကြောင့် အဓိဋ္ဌာန်မဝင်နိုင်သော်လည်း နေ့စဉ်နေ့တိုင်း အချိန်ရတိုင်း ၎င်းဂါထာတော်ကို စိပ်ပုတီးတစ်ကုံးဖြင့် ရွတ်ဆိုပွားများပူဇော်ပါသည်။ ထူးခြားချက်မှာ စိတ်နှလုံးသန့်ရှင်းစင်ကြယ်ခြင်း၊ လုပ်ငန်းဆောင်တာမှန်သမျှ ပြုလုပ်၍ အဆင်ပြေမှုရခြင်း စသည့်အကျိုးတရားများကို ခံစားရပါသည်။ သို့ပါ၍ မိသားစုဝင်မောင်နှမများအား ရုပ်ရှင်တော်မြတ်၏ ပုံတော်များဖြန့်ဝေခဲ့ပြီး ကိုးကွယ်ပူဇော် စေပါသည်။

ထူးခြားမှုတစ်ခုမှာ စာရေးသူသည် အရာထမ်းတစ်ဦးဖြစ်သည့်အားလျော်စွာ တစ်ခါတစ်ရံ ငွေကုန်ကြေးကျများသောလများ၌ အသုံးစရိတ်ပြတ်သည့်အခါမျိုးတွင် တစ်နည်းမဟုတ်တစ်နည်းဖြင့် မိမိ၏ပြင်ပစီးပွားရေးလုပ်ငန်းများမှ ငွေဝင်မှုရှိလာခြင်း၊ လုပ်အားခငွေများ သန့်ရှင်းစင်ကြယ်သောနည်းများဖြင့်ရရှိခြင်းစသည့်အကျိုးတရားများ ခံစားရပါသည်။ သို့ပါ၍ အိတ်အတွင်းတွင်ပုတီးတစ်ကုံးထည့်၍ အဆင်ပြေသည့်အချိန်တိုင်း ၎င်းဂါထာတော်ကို ရွတ်ဖတ်ပူဇော်ခြင်းများ ပြုခဲ့ပါသည်။ မိမိ၏ခင်ပွန်းဖြစ်သူမှာလည်း ရုပ်ရှင်တော်မြတ်ကို နေ့စဉ် စံပယ်ပန်းများနှင့်ပူဇော်ပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ရာတွင် အောင်မြင်မှုများ ရရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဆုတောင်းလည်းပြည့်၊ အကျိုးပေးမြန်သော ဤကျင့်စဉ်ကို စာဖတ်သူများ အကျိုးများရစေလိုသောဆန္ဒဖြင့် ဤအဖြစ်အပျက်ကလေးများကို မျှဝေခံစားရခြင်း ဖြစ်ပါသည်။ မိမိ၏အကျိုးပေးကောင်းချိန်၊သဒ္ဓါတရားများထက်သန်ချိန်တို့တွင် ကုသိုလ်တရားများပွားများစေရန် ရည်ရွယ်၍ ဝေမျှခံစားခြင်းဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူပြည်သားများအားလုံး အကျိုးထူး၍ ကံကောင်းနိုင်ကြစေရန်နှင့် စာရေးသူအနေနှင့်လည်း ရွှေကံကူရုပ်ရှင်တော်မြတ်ကို မိမိအိမ်ဂေဟာသို့ ပင့်ဆောင်ဖူးမြော်နိုင်ရပါစေကြောင်း ဆုတောင်းမေတ္တာပို့ ရေးသားလိုက်ရပါသည်။

မိမိဌေး ([illegible]ဘယ်/ခရီး)



www.burmeseclassic.com


# ရွှေကျင်သံဒိပ်
# ဆုတောင်းပြည့်ကိုးနဝင်းစေတီတော်

**ကံဝင်း**

ဝင်းရတနာသည် နံနက်(၆)နာရီတွင် စတင်၍ထွက်ခွာပါတော့သည်။ အောင်မင်္ဂလာအဝေးပြေးဝင်းထိပ် အဝေးပြေးကားများထွက်ပေါက်ထိပ်တည့်တည့်မှာ တည်နေတော်မူသော 'ဇမ္ဗူဉသျှောင်မြတ်ဘုန်းခေါင်' စေတီတော်မြတ်ကား နံနက်ခင်းနေခြည်နုနုများ၏ ဦးတိုက်ဦးခိုက်ပူဇော်သော အလင်းရောင်များကြောင့် ဝင်းဝင်းလင်းလင်းနှင့် ရောင်တော်လျှံတက်နေသည်ကို ဖူးတွေ့ရပါသည်။

ဝင်းရတနာမှန်လုံယာဉ်သည် ၎င်းဦးတည်ရာခရီးကို စတင်ထွက်ပြီဆိုကတည်းက စေတီတော်မြတ်ကို ဦးတိုက်ဦးခိုက် ပူဇော်ခဲ့ပြီးလေပြီ။ ယာဉ်မောင်းဆရာကြီးကလည်း ဆယ်ဖြာလက်အစုံကြာပဒုံဖြင့် စီယာတိုင်ခွေပေါ် မှကန်တော့လေ၏။ ထို့အတူ ကားပေါ်ပါခရီးသွားအတော်များများကလည်း လက်အုပ်ချီမိုးမိုးသေစွာကန်တော့ကြပါသည်။ စာရေးသူအနေဖြင့်ကလည်း ဘယ်ခရီးသွားသွား တွေ့သမျှဘုရားအလိုလို လက်အုပ်ချီမိုးပြီး ဦးထိပ်ပန်ဆင် ကန်တော့နေကျဖြစ်ပါသည်။ ဘုန်းတန်ခိုးတော်ကြီးမားစေတီဘုရားများ ဦးထိပ်ပန်ဆင် ရိုကျိုးရှိခိုးရသောကုသိုလ်ကြောင့် သွားလာရသောခရီးအဖြာဖြာမှာ သွားလမ်းသာ၍ ပြန်လမ်းဖြောင့်ခဲ့ပါသည်။

စာရေးသူ၏စာဖတ်ပရိသတ်တစ်ဦးဖြစ်သူ ရွှေကျင်သံဆိပ် မင်းလမ်းရွာနေသူ ဦးမြင့်ဆွေ (အငြိမ်းစားစစ်မှုထမ်း)၏ တစ်ခုတ်တစ်ရ မေတ္တာအနန္တဖြင့် ဖုန်းနှင့်အကြိမ်ကြိမ်ဖိတ်ကြား၊ လူကိုယ်တိုင်ရန်ကုန်မြို့ရှိ စာရေးသူ၏အိမ်သို့လိုက်လာမှုကို အကြောင်းပြု၍ ဤခရီးကိုသွားဖြစ်ခဲ့ခြင်းဟုဆိုပါက မမှားချေ။ ဦးမြင့်ဆွေအနေနှင့်ကတော့ သီတင်းကျွတ်လပြည့်နေ့ထီးတော်တင်ပွဲအမီလာရန် ဖိတ်ကြားခဲ့သော်လည်း စာရေးသူ၏ကျန်းမာရေးကြောင့် လည်းကောင်း၊ ဘာသာသာသနာဆိုင်ရာလုပ်ငန်းဆောင်တာအခမ်းအနားများကြောင့် ထီးတော်



မူလ ကိုးနဝင်းဆုတောင်းပြည့်ဘုရား

တင်ပွဲအမီ မရောက်ဖြစ်ခဲ့။ အကယ်၍သာ ဦးမြင့်ဆွေဖိတ်ကြားသည့်အတိုင်း သီတင်းကျွတ်လပြည့်နေ့လာခဲ့မည်ဆိုပါက နိုင်ငံကျော်ကြားလူသိများသော ရွှေကျင်မီးမျှောပွဲပါဆင်နွှဲ စာတစ်စောင်ပေတစ်ဖွဲ့တော့ ရေးခွင့်ရမှာအမှန်ဖြစ်ပါသည်။

ရန်ကုန်မြို့မှ (၉၈) မိုင်ကွာဝေးသော ညောင်လေးပင်မြို့သို့ နံနက်(၉း၁၀) အချိန်မှာ ရောက်ရှိလာပါသည်။ ထိုမှ ရန်ကုန်-မန္တလေးလမ်းကိုနှုတ်ဆက်၍ အရှေ့အရပ်ဘက်သို့ ဆက်လက်ခရီးဆက်ခဲ့ရာ မကြာမီ ညောင်လေးပင်မြို့နှင့် (၁၂) မိုင်ကွာဝေးသော မဒေါက်မြို့



www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းဇော် + မတင်တင်ဝေ လှူသော နဂါးရုံဘုရား

သို့ ရောက်ရှိခဲ့ပါသည်။ မဒေါက် - စစ်တောင်းမြစ်ကူးတံတားပေါ်ဖြတ်သန်းစဉ် ကြည်လဲ့လဲ့မြစ်ရေပြင်ကြီးနှင့်အတူ စက်လှေများ၊ မော်တော်များဖြင့် ဆိုက်ကပ်ထားသော မဒေါက်ဆိပ်ကမ်းကို လှမ်းမြင်ရပါသည်။ ထိုမြစ်ဆိပ်ကမ်းမှနေ၍ မဒေါက်မြို့တောင်ဘက် စစ်တောင်းမြစ်ကမ်း အနီးအနားရွာများဖြစ်သော သရဲသမိန်၊ ဒုံဇရစ် ကွင်းဆိပ် ရွာစဉ်တန်းနှင့် သိမ်ဇရပ် အစရှိသော ဒေသများသို့ စက်တပ်ရေယာဉ်များဖြင့် နေ့စဉ်ပြေးဆွဲနေကြောင်း သိရပါသည်။ မဒေါက်မြို့မှ တစ်ခဏသာကြာပါသည်။ ဝင်းရတနာမှန်လုံယာဉ်သည် ရွှေကျင်မြို့သို့ ရောက်ရှိလာပါသည်။ မြို့အဝင် မုခ်ဦးအနီး ကားဂိတ်မှာ ကားရပ်လိုက်ပါသည်။

ဝင်းရတနာမှန်လုံယာဉ်ဆိုက်သည်နှင့် ကားအနီးသို့ ဆိုင်ကယ်ကယ်ရီများ ဝိုင်းအုံလာကြသည်ဖြစ်၍ မနည်းရှောင်၍ တိုးဝှေ့ကာ ကားပေါ်မှဆင်းရပါသည်။ ခရီးသည်ကြိုကြသော ဆိုင်ကယ်ကယ်ရီသမားများနှင့် အတန်ငယ်ဝေးသောနေရာ ခေတ္တခဏရပ်နေသော အခါ ဆိုင်ကယ်တစ်စီးဖြင့် ဦးမြင့်ဆွေ ရောက်လာပါသည်။ မိတ်ဆွေကောင်းပီသစွာ ခရီးဦးကြိုပြုပါသည်။ မိမိ၏ လက်ဆွဲအိတ်နှင့် လွယ်အိတ်ကိုကမ်းယူလျက် -

"ဆရာကံ၊ ဆိုင်ကယ်ပေါ်တက်"

ဟု ဆိုသဖြင့် စာရေးသူလည်း ဆိုင်ကယ်ပေါ်တက်ထိုင်လိုက်ပါသည်။

မကြာမီ ဆိုင်ကယ်သည် လေးညှို့



ဗိုလ်မှူးတင်ဦးလွင် ရိုက်ခဲ့သော အင်္ဂါထောင်မှ ဗောဓိပင်



www.burmeseclassic.com

www.burmeseclassic.com



ဦးစံထွန်း + ဒေါ်နီ မိသားစု လှူသော ခေါင်းလောင်း



မြသန္တာကျောင်းတိုက်

မှလွတ်သောမြားကဲ့သို့ တစ်ဟုန်ထိုး ထွက်ခွာပါတော့သည်။ 'ကျောက်ကြီးသို့' ဟု သောလမ်းခွဲမှ မြောက်ဘက်အရပ်ရှိ မင်းလမ်းသံဆိပ်ရွာသို့ ဆက်လက်ထွက်ခွာလာပါတော့သည်။ ရွှေကျင်-ကျောက်ကြီးကားလမ်းအတိုင်း ခရီးဆက်ခဲ့ရာ ရှမ်းရွာ၊ ခြေတော်ရာရွာ၊ သရက်ချောင်း၊ အင်္ဂါနီ၊ ကျောက်တန်း၊ မဲဇောင်းရွာ စသည်ဖြင့် ရွာစဉ်ရွာတန်းများကိုဖြတ်သန်းရင်း သပြေညိုတောင်တန်းကြီးများနှင့် စိမ်းညို့ညို့ရော်ဘာပင်တောများ ကိုငေးမောလာရာ ရွှေကျင်မြို့မှ (၁၁) မိုင်သာ ကွာဝေးသော မင်းလမ်းသံဆိပ်ရွာသို့ ဝင်ရောက်လာခဲ့ပြီဖြစ်ပါသည်။

မင်းလမ်းရွာ၏မြောက်ဘက်အစွန်မှ တောင်စောင်းတစ်လျှောက် တညင်းပင်၊ သရက်ပင်များ၊ ပိန္နဲပင်၊ ငှက်ပျောပင်များက အုပ်အုပ်ဆိုင်းဆိုင်းနှင့် လွန်စွာအေးချမ်း စိတ်ကြည်နူးဖွယ် ရွှင်လန်းမှုများဖြင့် သာယာသော ဥယျာဉ်လေး အတွင်းရှိ နှစ်ထပ်အိမ်တစ်လုံးရှေ့တွင် ဆိုင်ကယ်ရပ်လျက် စက်သတ်လိုက်ပါသည်။

"ဒါ ကျွန်တော့်အိမ်နဲ့ ဥယျာဉ်ခြံ"

ဆိုင်ကယ်ပေါ်မှဆင်းပြီးဟိုဘက်ကြည့်သည်ဘက်ကြည့်ဖြင့် (၃) ဧက ကျယ်ဝန်းသော ဦးမြင့်ဆွေ၏ ခြံကိုငေးမောကြည့်ရှုရင်း ပီတိတွေဖြစ်နေမိ၏။ သည်ခြံတွင်းမှာသာနေ၍ စာရေးလိုက်မည်ဆိုလျှင်ဖြင့် တွေးတောငေးမောနေမိပါတော့သည်။

အချိန်ရ အချိန်ပေး၍ အေးအေးဆေးဆေးနေနိုင်လျှင် လွန်စွာကောင်းသော၊ တွေး၍စာရေးကောင်းသော ဥယျာဉ်ခြံမြေတွင် ကြာကြာနေချင်သည်မှာ အမှန်ဆိုသော်လည်း ဘာသာသာသနာလုပ်ငန်းများစွာနှင့် ရန်ကုန်ရှိ စာပေဝန်ဆောင်မှုလုပ်ငန်းများက အချိန်ရက်ကြာစွာပေး၍မရ။ နောင်အချိန်ရမည်ဆိုလျှင်ဖြင့် သပြေညိုတောင်တန်းကြီးနောက်ခံထား ဥယျာဉ်ခြံမြေများနှင့် တိတ်ဆိတ် အေးချမ်းလှသော ရွှေကျင်သံဆိပ်ကိုလာ၍စာရေးမည်ဟု စဉ်းစားမိပါ၏။ ရွှေကျင်သံဆိပ်မင်းလမ်းရွာသားအငြိမ်းစားစစ်မှုထမ်း ဦးမြင့်ဆွေနှင့်မိသားစုများ၏ ဧည့်ဝတ်ကျေပွန်မှုများကလည်း အစဉ်ထာဝရ အမှတ်ရနေမိမှာအမှန်ဖြစ်ပါသည်။

နေ့လယ်စာစားပြီးချိန်မှာတော့ သာသနာ့မဏ္ဍိုင်ဆရာတော် မိန့်ကြားသြဝါဒစကားကို ပြန်လည်ကြားမိနေလေရဲ့။ 'ဆွမ်းစားပြီးတစ်မှေး . . . ဘုန်းကြီးဆေး' ဟူသောစကား။ ယခုစာရေးသူမှေးချင်နေမိ၏။ မနက်အစောကြီးထ၊ အောင်မင်္ဂလာအဝေးပြေးဂိတ်ကိုဆင်း၊ တစ်လမ်းလုံးကားစီးလာ၊ ရွှေကျင်ရောက် ဆိုင်ကယ်စီးနှင့် ပင်ပန်း၍ထင်ပါသည်။ ဦးမြင့်ဆွေကလည်း အလိုက်သိပါသည်။ ခေတ္တနားပြီးမှ ဘုရားသွားကြရန်ဆိုသဖြင့် အတော်ဖြစ်ပါသည်။ 'ထမင်းစားပြီးတစ်မှေး စာရေးသူဆေး' ဆိုပြီး အိပ်ပါတော့သည်။

ပင်ပန်း၍ထင်ပါသည်။ အချိန်ကြာကြာအိပ်မောကျသွား၏။တိတ်ဆိတ်အေးချမ်းမှုကလည်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေပါသည်။ အိပ်ရာမှနိုးနိုးချင်းလက်မှနာရီကြည့်တော့ နှစ်နာရီနှင့်သုံးဆယ်။ ဦးမြင့်ဆွေက ဇရလဲပုဆိုး၊ မျက်နှာသုတ်ပဝါနှင့် ရေချိုးရန် အနီးတွင်စောင့်နေ၏။

"ရေမိုးချိုးဗျာ။ ပြီးရင် နေလည်းအေးပြီဆိုတော့ ဘုရားဖူးသွားရအောင်"

အိပ်ရာကနိုးပြီး ခေတ္တခဏထိုင်ငိုင်နေသော စာရေးသူအား ဦးမြင့်ဆွေက ဘုရားဖူးရန်ကိစ္စထည့်ပြောလိုက်မှ လာရင်းကိစ္စကိုအမှတ်ရပြီး အားချင်းအိပ်ရာကထ၍ ရေချိုးခန်းသွား၊ မျက်နှာသစ်၊ ရေချိုးချလိုက်တော့ ခပ်နွမ်းနွမ်းမှ ခပ်လန်းလန်းလေးဖြစ်ခဲ့ရပါသည်။

ကိုးနဝင်းစေတီရင်ပြင်တော်ပေါ်ရောက်တော့ ဘုရားဖူး၍ကောင်းလှပါသည်။ (၄)နာရီဆိုသောအချိန် နေရောင်က ကျနေဆိုသော်လည်း မပူတော့ပါ။ ရေမိုးချိုးထားမှုများကြောင့် စိတ်မှာအေးချမ်းကြည်နူးစွာ ဘုရားဖူး၍ကောင်းလှပါသည်။ အာရုံပြု၍ အလွန်ကောင်းလှပါသည်။ ဘုရားရှိခိုးပြီးသောအခါ အလင်းရောင်လေးရခိုက်မှာ မှတ်တမ်းဓာတ်ပုံများရလောက်ရိုက်လိုက်ပါသည်။ ပြီးတော့ ဦးမြင့်ဆွေပြောကြား သမိုင်းများကို မှတ်စုစာအုပ်လေးသို့တိပြီး



www.burmeseclassic.com

www.burmeseclassic.com

အဓိကအကြောင်းအရာများကို လိုက်လံမှတ်သားထားရပါသည်။

### ▫ဆုတောင်းပြည့် ကိုးနဝင်းစေတီတော်သမိုင်းအကျဉ်း

သက္ကရာဇ် ၅၁၇ ခုနှစ်တွင် အလောင်းစည်သူမင်းကြီးသည် မာလာယုကျွန်းမှ ကံကော်သား (ကံ့ကော်) ဥဏ်တော်အမြင့်တစ်တောင်ရှိ ရုပ်ပွားဆင်းတုတော် (၅) ဆူ ထုဆစ်၍ ကိုးနဝင်းစေတီတော်ကြီးတွင် ဓာတ်တော်မွေတော်များနှင့်အတူ ဌာပနာတော်မူခဲ့သော စေတီတော်ကြီးဖြစ်ကြောင်း သမိုင်းကဆိုပါသည်။

ဘောသောနှင့် ဘောဂသူကြွယ်ညီနောင်မှ ဘုရားဒါယကာခံယူ၍ နန္ဒအမတ်ကြီးမှ ဦးစီးပြီး ဖရုဏာနှင့် ဖရုက္ကပန်းရန်သားအဖမှ တစ်ဖန်ပြန်လည်တည်တော်မူကြောင်းလည်း သမိုင်းကဆိုပြန်ပြီး ဘုရားတစ်ဆူသာတည်တော်မူကြောင်း ကြားသိရပါသည်။ မည်သို့ပင်ဆိုစေကာမူ နှစ်ပေါင်းရာထောင်ချီခဲ့သော သမိုင်းဝင် စေတီတော်ကြီးဖြစ်၍ နှောင်းလူတို့က အဆက်ဆက်မွမ်းမံ အသစ်တစ်ဖန် ပြန်လည် တည်ထားခဲ့ကြသည်ကိုလည်း မြင်တွေ့ကြရပါသည်။

ကျောက်ပန်းတောင်းမြို့ ဘုတာရပ်နေ ဦးဘသင်း၊ ဒေါ်အောင်ရတို့၏သား ဗိုလ်မှူးတင်ဦးလွင် ဒုတိယတပ်ရင်းမှူး၊ ခမရ (၃၅၀) ရွှေကျင်မြို့မှ ဦးစီး၍ တပ်ရင်းတပ်ဖွဲ့မှ တပ်မတော်သားများ၊ ရွှေကျင်မင်းလမ်း သံဆိပ်ကျေးရွာ ဂေါပကဥက္ကဋ္ဌ ဦးခင်မောင်ကြည်နှင့် ရွာသူရွာသားများ၊ ရပ်ဝေးရပ်နီးမှ ကုသိုလ်ရှင်များ စုပေါင်း၍ ၁၃၅၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့တွင် တတိယပစ္စယံ၊ အရံစေတီတော်(၄) ဆူ၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် အင်္ဂါနေ့တွင် ပင်မစေတီတော်ကြီး ဥဏ်တော် မူလ (၃၀) တောင်မှ (၃၃) တောင်မြင့်တင် ဥဏ်တော်မြင့်ပါသည်။

ခေါင်းလောင်းလုံးပတ်တော် (၂၉) တောင်မှ (၃၂) တောင်သို့ အချိုးအစားညီမျှစွာဖြစ်စေရေး ပြုပြင်မွမ်းမံဆောင်ရွက် အချိုးညီငုံပြီး တည်တော်မူခြင်း၊ ရင်ပြင်တော်ခင်းခြင်း၊ ထို့ပြင် တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ အင်္ဂါနေ့၌ ဒုတိယပစ္စယံ၌ အရံစေတီ (၄) ဆူ တည်တော်မူခြင်း၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်၊ အင်္ဂါနေ့၌ ပဌမပစ္စယံ၌ အရံစေတီ



နိုင်ငံတော်ဗဟိုဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တလက္ခဏ ပညာ့ဗိမာန်ဆရာတော် ဩဝါဒ မိန့်ကြား



မြသန္တာကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ

(၄) ဆူတည်တော်မူခြင်း၊ တန်ဆောင်းမုန်း လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၌ တတိယပစ္စယံ အရံစေတီ (၄) ဆူတည်တော်မူကြခြင်း၊ နတ်တော်လပြည့်၊ အင်္ဂါနေ့တွင် အရံစေတီ(၁၆)ဆူအားဌာပနာသွင်းတော်မူခြင်း၊ ၁၃၅၅ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ အင်္ဂါနေ့ (၁၀) နာရီ (၂၆) မိနစ် မင်္ဂလာအချိန်တွင် နိုင်ငံတော်ဗဟိုဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝရ (ပညာ့ဗိမာန်စာသင်တိုက်) အမှူးပြု၍ ဆရာတော်သံဃာတော် (၄၅) ပါးတို့မှ အရံစေတီတော် (၁၆) ဆူအား ထီးတော်တင်လှူ၍ ဗုဒ္ဓါဘိသေကအနေကဇာတော်တင်တော်မူပါသည်။

ဗောဓိမင်အား အင်္ဂါထောင့်နှင့် သောကြာထောင့်အရပ်တွင် စိုက်ထူလှူဒါန်းတော်မူကြပြီး ပြုခဲ့သမျှကောင်းမှုအစုစုတို့အား အလှူရှင်များမှ (၃၁) ဘုံသား ဝေနေယျတို့အား ရေစက်သွန်းချမျှတပေးဝေတော်မူကြပါသည်။

နတ်လူသာဓုခေါ်ကြပါစေသော်ဝ်

• • •

မေတ္တာများစွာဖြင့်

ကံဝင်း

**ကျေးဇူးတင်လွှာ**

(ဆုတောင်းပြည့် ကိုးနဝင်းစေတီတော်ဆောင်းပါး ရေးသားနိုင်အောင် သမိုင်းအကြောင်းအရာ အချက်အလက်များရှာဖွေပေးခြင်းနှင့် သမိုင်းဓာတ်ပုံများ ရှာဖွေအသုံးပြုခွင့်ပေးသော ရွှေကျင်မင်းလမ်း သံဆိပ်ကျေးရွာသား ဒေသခံ ဦးမြင့်ဆွေ (အငြိမ်းစား စစ်မှုထမ်း)အား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ဂုဏ်ပြုဖော်ပြအပ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

သံသရာမှာလှည့်ကျက်စား၊
တဏှာမာနဒိဋ္ဌိခြေထောက်များ။
သံသရာကိုရှည်စေသော တရား၊ သံသရာကို ချဲ့ထွင်သော တရားသည် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ ဖြစ်သည်။

သတ္တဝါတို့သည် ထိုတဏှာ၊ မာန၊ ဒိဋ္ဌိ တည်းဟူသော ခြေသုံးချောင်းဖြင့် သံသရာမှာ လှည့်လည်ပြေးလွှားနေကြသည်ဟု ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကမိန့်တော်မူပါသည်။

ထိုတရားများသည် ကိလေသာတရားများ ဖြစ်၏။ ကိလေသာ ဟူသည် ပူလောင်စေတတ်၏။ ထို့ကြောင့် မီးနှင့်တွဲပြီး 'ကိလေသာမီး' ဟူ၍ ခေါ်ဆိုကြခြင်း ဖြစ်ပေသည်။ သံသရာမှမထွက်နိုင်သေးသမျှ ကိလေသာမီး၏ လောင်မြိုက်ခြင်းကို မပြတ်ခံနေကြရမည်သာ ဖြစ်ပေသည်။ ဤတရားသုံးပါးတွင် မာနဆိုသောတရားကို ဗဟုသုတရှိသမျှဖြင့် ဆွေးနွေး တင်ပြလိုပါသည်။

မာနကိုထောင်လွှားခြင်းဟူ၍သာ ကျွန်တော်တို့ အသိများကြပါသည်။ 'ငါတော်တယ်၊ ငါတတ်တယ်၊ ငါ့မှာပစ္စည်းဥစ္စာရှိတယ်၊ ဆွေမျိုးတောင့်တယ်၊ ပညာတတ်တယ်၊ ရုပ်ချောတယ်၊ ရာထူးဂုဏ်ရှိတယ်၊ ငါ ဒီဂုဏ်တွေကို အထိမခံဘူး' သည်ဖြင့် ထောင်လွှားခြင်းမျိုးကို ဆိုလိုပါသည်။

သို့သော် မာနတွင် -

၁။ တက်သောမာန၊
၂။ အလယ်အလတ်မာန၊
၃။ နှံ့သောမာန

ဟူ၍ (၃) စားရှိကြောင်း သိရပါသည်။

စောစောက ဖော်ပြခဲ့သည့် 'ထောင်လွှားမာန' သည် 'တက်သောမာန' ဖြစ်ပါသည်။ 'ငါသူများထက်မည့်ဘူး၊ ငါ့ကိုမနှိမ်နဲ့' ဟူသည်မှာ 'အလယ်အလတ်မာန' ဖြစ်ပြီး 'ငါလူညံ့ပဲ။ ဘာမှလုပ်လို့အောင်မြင်မှာမဟုတ်ဘူး။ အပင်ပန်းခံပြီးမလုပ်တာကောင်းတယ်' ဟူသောစိတ်မှာ 'နှံ့သောမာန' ဖြစ်ပါသည်။

မာန ဟူသည် 'အကုသိုလ်တရား' ဖြစ်သောကြောင့် မည်သည့်မာနမျှ မကောင်းပါ။ ထောင်လွှားသူသည်လည်း ထောင်လွှားမှုကြောင့်၊ အလယ်အလတ်သူသည်လည်း အနှိမ်မခံရအောင် မာနကို အမြဲတမ်း ကာကွယ်နေရမှုကြောင့်၊ နှံ့သောသူသည်လည်း အရာရာကိုလက်လျှော့အရှုံးပေးတတ်ခြင်းကြောင့် 'ဆိုးကျိုး' ကိုသာ ရရှိကြရပေသည်။

ထို့ပြင် -


အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အလှဂုဏ်၊ မနဂုဏ်၊ ပညာဂုဏ်၊ ရာထူးဂုဏ်စသည်အားလုံးနှင့် မာနကို တန်းတူထားပြီး -

'ငါ့မှာ မာနကလွဲပြီး ဘာမှမရှိဘူး။ မာနကတော့အပြည့်ရှိတယ်။ ငါ့မာနကို လာမထိနဲ့၊ အထိမခံဘူး။ အသက်နဲ့လဲလိုက်မယ်'

ဟူသော 'မရှိမာန' မျိုးလည်းရှိသေးသည်။

ထိုမာနမျိုးသည် နှံ့သောမာနမှ ဖောက်ပြန် ပြောင်းလဲသွားခြင်းဖြစ်မည်ထင်ပါသည်။ အမှန်ဟု မဆိုလိုပါ။ အတွေ့အကြုံအရ ယောက္ခမအိမ်တွင်နေသောကျွန်တော့်မိတ်ဆွေတစ်ဦးသည် လူတကာနှင့်ဆက်ဆံရေးအလွန်သိမ်မွေ့နူးညံ့ပြေပြစ်ပါသည်။ တစ်ကြိမ်တွင် အကြောင်းမလှဖြစ်ပြီး အလုပ်ပြုတ်သွားပါသည်။ ထိုအခါ ဇနီးနှင့် ယောက္ခမမိသားစုနှင့်တကွ အပေါင်းအသင်းများက သူ့ကိုနှိမ်မည်စိုးသဖြင့် ကြမ်းကြမ်းတမ်းတမ်းဆက်ဆံပါသည်။ ဤအချက်ကို သူက ကျွန်တော့်ကိုပြောပြ၍သိရပါသည်။ တန်းတူရည်တူထက်နိမ့်ကျသွားသောအခါ သိမ်ငယ်ခြင်းကို ကာကွယ်သည့်မာနဖြစ်ဟန်တူပါသည်။

အမျိုးဂုဏ်၊ ရာထူးဂုဏ်၊ အလှဂုဏ်တို့ကြောင့် အမျိုးမာန်၊ ရာထူးမာန်၊



ချောင်းဆုံအုန်းသွင်

မာန



www.burmeseclassic.com

www.burmeseclassic.com

အလှမာန်တက်ပြီး ပင်ပန်းဆင်းရဲခြင်းကို မလွတ်တမ်း တစ်သက်လုံးခံသွားရသူ၊ အသက်ဆုံးရှုံးမက အစီစီအထိ ရေရဲကျ၊ ပျက်စီးဆုံးရှုံးသွားသူ (၃) ယောက်၏ အကြောင်းကို သင်ခန်းစာယူဖွယ် တင်ပြပါမည်။

ရှေးအခါက အိန္ဒိယနိုင်ငံတွင် အမျိုးလေးပါးခွဲခြားထားပါသည်။ ၎င်းတို့မှာ -

၁။ ဗြာဟ္မဏ (သူတော်စင်ပုဏ္ဏားမျိုး)
၂။ ခတ္တိယ (လယ်လုပ်သူ၊ မြေပိုင်သူ၊ ရေမြေ့ရှင်မင်းမျိုး)
၃။ ဝဿ(သူဌေးသူကြွယ်၊ ကုန်သည်၊ လူလတ်တန်းစားမျိုး)
၄။ သုဒ္ဒ (ဆင်းရဲသား၊ သူဖုန်းစားတို့နှင့် ကပ်ပါးခေါ် အခြားတစ်ပါးမှလာရောက် မှီခိုနေထိုင်သူမျိုး) တို့ ဖြစ်ပါသည်။

၎င်းတို့တွင် လူတို့ကို အသိပညာ၊ အတတ်ပညာပေးသည်ဆိုသောဗြာဟ္မဏမျိုးက အမြတ်ဆုံးဖြစ်၍ သူဖုန်းစားမျိုးက အနိမ့်ဆုံးဖြစ်သည်။ အသိမှတ်ပြုခံရသောအမျိုးကား (၄) ပါးသာရှိပါသည်။ ဤသို့အမျိုးခွဲခြင်းကို 'ဇာတ်ခွဲသည်' ဟုလည်းခေါ် သည်။ ဇာတ်မြင့်သူသည် ဇာတ်နိမ့်သူနှင့်မဆက်ဆံပေ။ ဇာတ်နိမ့်သူထိကိုင်သုံးစွဲသောပစ္စည်းမျိုးကို ဇာတ်မြင့်သူကရှောင်သည်။ သူတို့ပစ္စည်းကို သုံးစွဲမိလျှင်လည်း စွန့်ပစ်လိုက်ကြသည်။ ဗြာဟ္မဏများအစာစားနေရာကန့်သတ်နယ်အတွင်းသို့ ဇာတ်နိမ့်သူဝင်လာလျှင် စားဆဲအစာများကို ချက်ချင်းစွန့်ပစ်ကြသည်ဟု ဆိုသည်။ ယခုတိုင် အိန္ဒိယအချို့ဒေသများတွင်ရှိသေးသည်ဟု ဆိုသည်။ လူဆင်းရဲပေမယ့် ဇာတ်မြင့်နေသူများထံ အမျိုးအမည်မသိသော သူစိမ်းဧည့်သည်၊ ခရီးသည်များ ရေပင်တောင်းသောက်၍မရ၊ အရိပ်မခိုရဟု ဆိုသည်။

ထိုစဉ်က နွားများမွေးခြင်းဖြင့် အသက်မွေးသော ဗြာဟ္မဏမျိုး ပုဏ္ဏားတစ်ဦးသည် မြက်ရှားသောရွာတွင်နေ၏။ သူသည် နေ့စဉ် မြက်ပေါသော၊ ဝေးလံသည့်ဒေသမှ မြက်များရိတ်ပြီး ထမ်းပြန်လေ့ရှိသည်။ သူမြက်ထမ်းပိုးမှာ ထမ်းပိုးတစ်ဖက်တွင် မြက်စည်းကိုလျှိုလျက် ထမ်းပိုးတစ်ဖက်တွင် မြက်စည်းနှင့် အလေးချိန်ညီမျှသော ကျောက်တုံးတစ်တုံးကို ကြိုးဖြင့်ချည်ပြီးလျှိုလျက် ထမ်းလေ့ရှိသည်။

တစ်နေ့ သူသည် ခရီးတစ်ဝက်ရှိတစ်ခုသောသာလာယံဇရပ်တွင် အမောဖြေဝင်နားသည်။ ထိုဇရပ်တွင် သူ့အလျင်ရောက်နေသော ဒွန်းစဏ္ဍား(သူဖုန်းစား) တစ်ယောက်ရှိနေသည်။ သူဖုန်းစားသည် သူမြက်ထမ်းပုံကိုကြည့်ပြီး -

"အချင်းဗြာဟ္မဏ၊ အသင်သည် မြက်တစ်မျိုးတည်းကိုသာအလိုရှိသလော။ ကျောက်တုံးကိုပါ အလိုရှိသလော"

ဟု မေးသည်။

ထိုအခါ ပုဏ္ဏားက -

"ငါသည် ကျောက်တုံးကို အလိုမရှိ၊ ငါနေသောအရပ်မှာ မြက်မရှိ၊ ကျောက်ခဲတွေသာရှိသည်။ ငါမြက်ထမ်းပြန်တိုင်း ကျောက်တုံးတစ်တုံးပါမြဖြစ်လို့ ငါ့အိမ်ဘေးမှာ ကျောက်တုံးတောင်ကြီး ဖြစ်နေပြီ"

ဟု ပြန်ပြောသည်။

ထိုအခါ သူဖုန်းစားက -

"ဒါဖြင့် အဘယ်ကြောင့်ကျောက်တုံးကို အပင်ပန်းခံပြီးသယ်ရသနည်း"

ဟု မေးမြန်သည်။

ပုဏ္ဏားက -

"အသိဉာဏ်ကင်းမဲ့သော ဒွန်းစဏ္ဍား၊ မြက်ထုံးတစ်ဖက်တည်း ထမ်းပိုးတွင် မည်သို့ထမ်းရမည်နည်း။ တစ်ဖက်က သူနဲ့အလေးချိန်ညီမျှတဲ့အရာလိုအပ်သည် မဟုတ်လား"

ဟု ရွတ်ချသောလေသံဖြင့် ပြန်ဖြေလိုက်သည်။

ထိုအခါ သူဖုန်းစားက -

"အသင်ပုဏ္ဏား၊ သို့ဖြစ်က မြက်ထုံးကို နှစ်ထုံးခွဲထုံးပြီး ရှေ့နောက်ထမ်းလိုက်လျှင် အလေးချိန်တစ်ဝက်သက်သာသွားမည် မဟုတ်ပါလော"

ဟု ပြန်မေးလိုက်သည်။

ထိုအခါ ပုဏ္ဏားကြီး၏မျက်နှာမှာ ဝင်းထိန်သွားသည်။ သို့သော် ချက်ချင်းပြန်သုန်မှုန်သွားပြီး -

"အသင်ဒွန်းစဏ္ဍား၊ အသင့်စကားသည် အလွန်မှန်ကန်သင့်မြတ်သောစကားဖြစ်သည်။ ဤအကြံကို ငါစောစောကရလျှင် အလွန်သက်သာစွာထမ်းခဲ့ရမည်။ ယခုလည်းနောင်နှစ်ပေါင်းများစွာအတွက်သက်သာခွင့်ရမည်။ သင့်အကြံကား လျော်ကန်သင့်မြတ်ပေစွ။

သို့သော် ခက်သည်မှာ သင်က ဒွန်းစဏ္ဍားမျိုးဖြစ်ပြီး ငါက ဗြာဟ္မဏမျိုးဖြစ်သည်။ အယုတ်ညံ့ဆုံး အောက်ဆုံးအမျိုးကပေးသောအကြံကို အထက်ဆုံး၊ အမြတ်ဆုံးအမျိုးက လက်ခံ၊ လိုက်နာကျင့်သုံးလျှင် အမျိုးဂုဏ်ကိုထိခိုက်စေပါမည်။ ထို့ကြောင့် သင့်အကြံကို ငါလက်မခံနိုင်ပါ"

ဟု ပြန်ပြောပြီး ကျောက်တုံးတစ်ဖက်၊ မြက်ထုံးတစ်ဖက်ဖြင့် ပင်ပန်းကြီးစွာထမ်းသွားလေတော့သည်။

ဗြာဟ္မဏပုဏ္ဏားသည် အမျိုးဂုဏ်၊ အမျိုးမာန်၊ အမျိုးမာနကြောင့် ကောင်းမြတ်သောအကြံကိုအသုံးမချနိုင်ဘဲ တစ်သက်လုံး ပင်ပန်းကြီးစွာသော ဆင်းရဲဒုက္ခကိုခံသွားရသောဟူ၏။ ဤကား အမျိုးမာနကပေးသော ဆိုးကျိုးတည်း။

နောက်ပုဂ္ဂိုလ်တစ်ဦးက -

စေတီယမင်း။

ကမ္ဘာဦးကလူတို့သည် မုသာဝါဒတည်းဟူသော လိမ်လည်ပြောဆိုမှုကို အလွန်အပြစ်ကြီးသည်ဟုယူဆပြီးအထူးရှောင်ကြသည်ဟုဆိုသည်။ မုသားစကားပြောသူမရှိ။

စေတီယမင်း မုသားစကားပြောမည်။

ဤသတင်းသည် မင်းနေပြည်တော်အတွင်း တစ်မဟုတ်ချင်း ဖျံ့နှံ့သွားသည်။ ထိုသတင်းကို ကြားသောအခါတွင် ပြည်သူပြည်သားများသည် အလွန်အမင်း အံ့ဩတုန်လှုပ်သွားကြသည်။ 'ဘယ်နေ့ဘယ်အချိန် နန်းရင်ပြင်ရှေ့တွင်ပြောမည်'ဆိုသဖြင့် ထိုနေ့ထိုအချိန်တွင် နန်းရင်ပြင်တစ်ခုလုံး ပရိသတ်များဖြင့် ပြည့်နှက်နေသည်။

ဘုရင်ကြီး မုသားစကားပြောမည်ဆိုသည်ကိုလာကြည့်ကြခြင်း ဖြစ်သည်။

စေတီယမင်းသည် ခမည်းတော်နတ်ရွာစံသောအခါ မင်းဖြစ်လာသည်။ မင်းသစ်မင်းပျိုမင်းလွင်ဖြစ်၏။ သူသည် ဖခမည်းတော်ဘုရင်ကြီးလက်ထက်က ခန့်အပ်ခဲ့သော ပရောဟိတ်ကြီးနေရာတွင် ကျောင်းနေဖက်သူငယ်ချင်းဖြစ်သူအားခန့်အပ်လိုသောကြောင့် မုသားပြောရန်ကြံလာခြင်း ဖြစ်သည်။ မုသားပြောမှ တရားဝင်ခန့်နိုင်မည်ဖြစ်သောကြောင့်တည်း။

စေတီယမင်းသည် အလွန်ဖင်ဘုန်းတန်ခိုးကြီးသောမင်း ဖြစ်သည်။ ခြေနှင့် မြေပြင်မထိရဘဲ ရှာန်ပျံသကဲ့သို့သွားနိုင်သူ ဖြစ်သည်။ မျူးမတ်များက အတန်တန်တောင်းပန်၏။ နားမထောင်။ 'ငါဘုရင်ပဲပြောသလိုဖြစ်ရမှာပေါ့။ မုသားပြောတော့ ဘာဖြစ်သေးသလဲ' ဟု မင်းမာန်၊ ရာဇမာန် တက်ပြီး ဇွတ်ပြောရန်စီစဉ်သည်။ ချိန်းသည့်နေ့၊ ချိန်းသည့်အချိန်ကျသောအခါ မင်းကြီးသည် မင်း



www.burmeseclassic.com

www.burmeseclassic.com

ရှင်ပြင်ပရိသတ်များအလယ်၌ရပ်ပြီး -

"ခမည်းတော်ခန့်ခဲ့သော ပရောဟိတ်သည် ပရောဟိတ်ကြီးမဟုတ်"

ဟူသော မုသားစကားကိုဆိုသည်။

ထိုပရောဟိတ်သည် ပရောဟိတ်ကြီးဖြစ်ကြောင်း အားလုံးကသိသဖြင့် တုန်လှုပ်ချောက်ချားကုန်ကြသည်။

ထိုအခါ မြေပြင်အထက်ဝယ် ရှာန်ပျံ့သလိုတည်နေသော စေတီယမင်းသည် မြေပြင်သို့ကျလာသည်။

"အရှင်မင်းကြီး မုသားစကားကို ဆိုသည့်အတွက် မြေပြင်အထက်မှာ အမြဲတည်နေသော အရှင်မင်းကြီးသည် မတျစဖူး ထူးကဲစွာမြေပြင်သို့ကျလာပြီ။ အချိန်မီအမှန်ပြန်ပြောလျှင် မူလအခြေအနေကိုပြန်ရနိုင်ပါသည်။အမှန်ပြန်ပြောပါအရှင်မင်းကြီး"

ဟု မှူးမတ်များက တုန်လှုပ်စွာလျှောက်ထားကြသည်။

"မင်းတို့စကား မိုးကြိုးသွားပဲ။ မိုးကြိုးဟာ ပစ်ပြီးလျှင်-ပြန်မသိမ်းသလိုငါလည်းပြောပြီးတဲ့စကား ပြန်မပြင်နိုင်ဘူး"

ဟု မင်းမာန်မချဘဲ -

"ခမည်းတော်ကြီးလက်ထက်က ပရောဟိတ်ဟာ ပရောဟိတ်ကြီးမဟုတ်ဘူး"

ဟု ဒုတိယအကြိမ် ထပ်ပြောပြန်သည်။

ထိုအခါ စေတီယမင်းသည် ခြေမျက်စိမြုပ်သည်အထိ မြေထဲကျွံဝင်သွားသည်။ (မြေမျိုခံရသည်)။

မှူးမတ်များက ထိတ်ထိတ်ပျာပျာဖြင့် -

"အရှင်မင်းကြီး၊ အမှန်ကိုအမြန်ပြန်ပြောပါ။ ပြန်ပြောလျှင် မူလအခြေအနေပြန်ရနိုင်ပါသေးတယ်"

ဟု လျှောက်ထားကြသည်။ မရ။ စေတီယမင်းက မင်းမာန်၊ မင်းဖွဲ့မချ။ တတိယအကြိမ်ထပ်ပြောပြန်သည်။ ဒူးဆစ်မြုပ်သည်အထိ မြေထဲကျွံဝင်သွားပြန်လေသည်။ မှူးမတ်များကရှေ့အတိုင်းလျှောက်ကြပြန်၏။ မင်းကြီးကလည်း မရ။ ထပ်ပြောသည်။ ခါးဆစ်အထိ ကျွံကျသွားပြန်သည်။ သို့ဖြင့် လျှောက်လိုက်၊ ထပ်ပြောလိုက်ဖြင့် နောက်ဆုံး မြေလုံးလုံးအမျိုခံရကာ စုံးစုံးမြုပ်လျက်ငရဲကျသွား၏။ စေတီယမင်းသည် ဤလောကတွင် ပထမဦးဆုံး မုသားစကားပြောသူဟု ဆိုသည်။

ဤကား ရာထူးတာဝန်ကပေးသော ဆိုးကျိုးတည်း။

နောက်ဆုံး မာနရှင်ကား -

အလှဇကေရီ မာဂဏ္ဍီဖြစ်ပါသည်။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ဗေဒင်လက္ခဏာအတတ်တွင် တစ်ဖက်ကမ်းခပ် တတ်မြောက်သည့် 'မာဂဏ္ဍီ' အမည်ရှိသော ပုဏ္ဏားကြီးတစ်ယောက်ရှိသည်။ သူ့တွင် ကောင်းခြင်းလက္ခဏာကြန်အင်္ဂါနှင့်ပြည့်စုံသော အလွန်ချောမောလှပသည့် တစ်ဦးတည်းသောသမီးရှိသည်။ ,သမီး၏အမည်မှာလည်း 'မာဂဏ္ဍီ' ပင် ဖြစ်သည်။

ပုဏ္ဏားကြီးသည် သူ့သမီး၏ ကြန်အင်္ဂါလက္ခဏာကိုကြည့်ပြီး စကြဝတေးမင်း၏မိဖုရားပင်ဖြစ်နိုင်သည်။ထို့ကြောင့် သာမန်ယောကျ်ားနှင့်မတန်။ သူမနှင့်တန်သောယောကျ်ားကို ငါကိုယ်တိုင်ရှာမည်ဟု စိတ်ဆုံးဖြတ်ပြီး သမီးအတွက် ယောကျ်ားရှာပုံတော်ဖွင့်ခဲ့သည်မှာကား အတန်ကြာပြီ။ မတွေ့နိုင်သေး။

တစ်နေ့တွင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မာဂဏ္ဍီပုဏ္ဏားဇနီးမောင်နှံတို့ကျွတ်တမ်းဝင်မည်ကိုမြင်တော်မူသဖြင့် ပုဏ္ဏားကြီးသွားရာ လမ်းရှေ့တွင် ၁၀၈ ကွက်စက်လက္ခဏာနှင့်ပြည့်စုံသော ခြေတော်ရာကိုချခဲ့ပြီး အနီးအနားတောအုပ်တွင်သီတင်းသုံးနေလိုက်သည်။

မာဂဏ္ဍီပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ ခြေတော်ရာကိုမြင်သော် 'ဤခြေရာရှင်ကား စကြဝတေးမင်းဖြစ်နိုင်သူတည်း။ ထိုသူသည် ငါ့သမီးနှင့်ထိုက်တန်သူဖြစ်၏။ ခြေရာကိုကြည့်ခြင်းအားဖြင့် အနီးအနားတွင်ပင်ရှိဦးမည်။ ထိုသူကို အမြန်တွေ့အောင်ရှာရမည်ဟု အကြံဖြစ်ပြီးလိုက်ရှာရာ မြတ်စွာဘုရားကိုတွေ့လေသည်။ သူက မြတ်စွာဘုရားကို သိလည်းမသိ၊ မြင်လည်းမမြင်ဘူးသဖြင့် 'ယခုတွေ့ရသူမှာ ငါထင်ထားသည့်အတိုင်း စကြဝတေးမင်းဖြစ်နိုင်သော ဘုန်းတန်ခိုးနှင့်ပြည့်စုံသည့် ယောကျ်ားမြတ်ဖြစ်သည်' ဟု ဆုံးဖြတ်ပြီး မြတ်စွာဘုရားထံပါးသို့သွားကာ -

"ယောကျ်ားမြတ်၊ ဤနေရာတွင် ဆက်လက်နေပါဦး။ ဘယ်မှထွက်မသွားပါနှင့်။ ကျွန်ုပ်အမြန်ပြန်လာခဲ့ပါမည်"

ဟု ပြောကာ အိမ်သို့အပြေးပြန်လာခဲ့သည်။

အိမ်ပြန်ရောက်သော် ဇနီးနှင့်သမီးကို အကျိုးအကြောင်းပြောပြီး သမီးအား အမြန်ဝတ်စားဆင်ယင်စေကာ မြတ်စွာဘုရားထံသို့ သုံးဦးသား အမြန်ရောက်သွားကြသည်။ ဘုရားထံမှောက်ရောက်သော် ပုဏ္ဏားကြီးက -

"ယောကျ်ားမြတ်၊ ကျွန်ုပ်၏သမီးကား အသင်ကဲ့သို့သော ယောကျ်ားမြတ်တို့နှင့်သာထိုက်တန်သည့် ကြန်အင်္ဂါလက္ခဏာရှိပါသည်။ ထို့ကြောင့် သိမ်းပိုက်ပါလော့"

ဟု လျှောက်ထားလိုက်သည်။

မြတ်စွာဘုရားက -

"အသင်ပုဏ္ဏားကြီး၊ အသင့်သမီး၏ခန္ဓာသည် အပုပ်မျိုးစုံထည့်ထားသည့် အပုပ်အိုးကြီးတည်း။ ကျွန်ုပ်ခြေဖျားဖြင့်ပင်မတို့လို"

ဟု ပြန်လည်မိန့်ကြားလိုက်သည်။

ထိုအခါ အလှဘုရင်မာဂဏ္ဍီသည် ဆတ်ဆတ်ခါနာသွားသည်။ 'အလိုမရှိ' ဟုပြောလျှင်ရပါလျက် 'အပုပ်အိုး၊ ခြေဖျားနဲ့မတို့လို'ဟု နင့်နင့်သီးသီးဆိုသည်။ ငါသည်းမခံနိုင်။ အစွမ်းကုန်တုံ့ပြန်အံ့' ဟု အမျက်သိုလိုက်သည်။ မြတ်စွာဘုရားက မာဂဏ္ဍီအတွက် ကြောင့်ကြတော်မမူ။ ကျွတ်တမ်းဝင်မည့်ပုဏ္ဏားကြီးဇနီးမောင်နှံကိုသာ တရားဆက်ဟောတော်မူသည်။ တရားဆုံးသည်နှင့် ပုဏ္ဏားကြီးဇနီးမောင်နှံတို့သောတာပန်ဖြစ်သွားကြသည်။ သမီးမာဂဏ္ဍီကလည်း ရဟန်းဂေါတမ(မြတ်စွာဘုရား) ဟု သိသွားသည်။

ဘုန်းရှိသောယောကျ်ားနှင့်ထိုက်တိုက်သည့်လက္ခဏာရှိသောမာဂဏ္ဍီသည် မကြာမီပင် ဥဒေ့နီပြည့်ရှင်ဘုရင်ဥတေနမင်းကြီး မိဖုရားမြှောက်ခြင်းကိုခံရလေသည်။ မြတ်စွာဘုရား၏ အလှမာန်ချိုးခြင်းကိုခံခဲ့ရသော မာဂဏ္ဍီသည် မြတ်စွာဘုရားအပေါ် ထားရှိသောအငြိုးအတေးအတွက် အခွင့်ကောင်းရရန်အလွန်အလားအလာရှိသွားတော့သည်။ အလှမာနကိုချိုးနှိမ်ခဲ့သော မြတ်စွာဘုရားရှင်ကိုလက်တုံ့ပြန်ရန်အခွင့်အရေးကိုသာစောင့်နေတော့သည်။

ဥတေနမင်းကြီးတွင် 'သမ္မာဝတီ' အမည်ရှိသော အခြားမိဖုရားတစ်ပါးလည်းရှိသေးသည်။ သမ္မာဝတီသည် ရတနာသုံးပါးနှင့် သက်ဝင်ယုံကြည်သူ၊ မြတ်စွာဘုရားကို အလွန်ကြည်ညိုသူဖြစ်၏။

မြတ်စွာဘုရား ဥဒေ့နီတိုင်းပြည်သို့ နောက်ပါသံဃာတော်များနှင့် ကြွရောက်လာသောအခါ အခွင့်ကောင်းကိုစောင့်နေသော မာဂဏ္ဍီအတွက် အခွင့်



www.burmeseclassic.com

www.burmeseclassic.com

# နှင်းခူရောဂါတိုင်းရင်းကုထုံးသစ်

နှင်းခူ ဆိုတာ လူတိုင်းကြားဖူးတဲ့ ရောဂါတစ်မျိုးဖြစ်ပါတယ်။ အမှန်တော့ ဒီရောဂါဟာ ကျန်းမာရေးနဲ့ပတ်သက်ပြီး မသိတတ်တဲ့လူများရဲ့ ညစ်ပတ်မှု၊ မသန့်ပြန့်မှုကြောင့်ဖြစ်ရတဲ့ ရောဂါပါ။ နှင်းခူဟာ ပွေး၊ ယားနာလိုပဲ ပိုးတစ်မျိုးကြောင့်ဖြစ်ရတာပါ။ ဒါပေမယ့် ပွေး၊ ယားနာပိုးလို လူ့ခန္ဓာအရေပြားအပေါ်ယံမှာပျော်တဲ့ပိုးမျိုးမဟုတ်ဘူး။ အရေပြားအောက် အရေပြားနဲ့ အသားကြားမှာ ပျော်ပါးတဲ့ အစုအဖွဲ့နဲ့နေတဲ့ပိုးမျိုးဖြစ်ပါတယ်။ နှင်းခူပိုးဟာ ပွေး၊ ယားနာပိုးလိုပဲ အလွန်ယားတတ်ပါတယ်။ ပွေး၊ ယားနာပိုးဟာ အရေပြားအပေါ်ယံမှာနေတတ်လို့ ကုရတာလွယ်ကူပါတယ်။ ဒါကြောင့် ပွေးယားနာပိုးကိုသတ်တဲ့ဆေးအမျိုးမျိုးပေါ်ခဲ့တယ် မဟုတ်ပါလား။ (ဥပမာ နိုင်ငံခြားဆေး **Ketonal Cream, Skineal, Zema Lotion, Com; Miconazole** နဲ့ မြန်မာတိုင်းရင်းဆေးများကို လိမ်းပေးလိုက်ရင် တစ်ခါတည်းပျောက်သွားနိုင်ပါတယ်)

ဒါပေမယ့် နှင်းခူကျတော့မပျောက်တော့ဘူးဗျာ။ ဘာဖြစ်လို့မပျောက်တာလဲလို့ စာရေးသူစဉ်းစားပြီး သုတေသနလုပ်ကြည့်တယ်။ စာရေးသူကိုယ်တိုင်ကလည်း ခြေထောက်နဲ့ လက်မှာ နှင်းခူဖြစ်နေလို့ နိုင်ငံခြားဆေး၊ တိုင်းရင်းဆေးများနဲ့ကုကြည့်ခဲ့ပါတယ်။ ဒါပေမယ့် မပျောက်ခဲ့ပါဘူး။ ဒါကြောင့် ဒီရောဂါဘာကြောင့် မပျောက်ရသလဲလို့သုတေသနလုပ်ကြည့်တာပါ။ ဘာရယ်လို့တော့ မဟုတ်ပါဘူး။ နှင်းခူပိုးဆိုတာ အရေပြားအောက်နဲ့ အသားကြားမှာ အိမ်ဖွဲ့ပြီးနေပါတယ်။ သူတို့အိမ်ဖွဲ့ပြီးနေတဲ့နေရာ အရေပြားအပေါ်ယံအလွှာဟာ သပြေသီးမှည့်ရောင်မျိုးလို၊ နီညိုညို အရောင်မျိုးလိုဖြစ်နေပါတယ်။ နောက်တစ်ခုတင်ပြချင်တာက နှင်းခူပိုးဟာ အသားကိုအလွန်ကြိုက်တဲ့ပိုးမျိုးဖြစ်နေကြောင်းပါပဲ။ စာရေးသူတို့ အသားတစ်ခုခု (အမဲသား၊ ဆိတ်သား၊ ကြက်သား)စားမိလိုက်ပါက နှင်းခူပိုးဟာ အရမ်းအရမ်းလှုပ်ရှားလာပြီလေ။ ဘာဖြစ်လို့လဲဆိုတော့ အစာကြေညက်ပြီး သွေးမှာဖြတ်စီးနေတဲ့ အသားရဲ့အနံ့ကိုရနေလို့ပါပဲ။ ဒီအချိန်ဟာ နှင်းခူဖြစ်နေတဲ့သူများအတွက် အယားအယံဆုံး အချိန်ပေါ့ဗျာ။

ဒါကြောင့် နှင်းခူပိုးကို ဘယ်လိုတော်လှန်ရမယ်ဆိုတာကို စဉ်းစားမိလိုက်ပါတယ်။ အဲဒါကတော့ နှင်းခူပိုးတိုက်ပွဲရဲ့ ပရိယာယ်လို့ပြောရင်ရမယ်ထင်ပါတယ်။ အဲဒါကဘာလဲဆိုတော့ အမဲသားကို နုပ်နုပ်စဉ်းပြီး ငှက်ပျောရွက်ပေါ်မှာဖြန့်၊ အညိုရောင်ဖြစ်နေတဲ့အရေပြား (နှင်းခူကွက်) ပေါ်မှာအုပ်ပြီး ပတ်တီးစည်းထားလိုက်ပါ။ အမှန်အားဖြင့် ဒီလိုလုပ်ခြင်းဟာ လူ့ခန္ဓာအရေပြားအတွင်းမှာရှိတဲ့နှင်းခူပိုးများကို အမဲသားအတွင်း ရောက်ရှိလာအောင် မဲဆွယ်စည်းရုံးလိုက်တာပါပဲ။ (၂၄) နာရီ (၁) ရက် အချိန်ယူစည်းထားလိုက်ရင် နှင်းခူပိုးတွေဟာ အမဲသားဆီအားလုံးရောက်လာကြတယ်။ အမဲသားအလွန်ကြိုက်တဲ့ပိုးတွေကို အမဲသားနဲ့ (၂) ရက်၊ (၃) ရက် လောက်စည်းထားလိုက်ရင် အရေပြားနဲ့ အသားကြားမှာရှိနေတဲ့ နှင်းခူပိုးတွေဟာ ကုန်သွားပါတယ်။

(မှတ်ချက်။ ။ အနာကို အုပ်စည်းထားတဲ့ အမဲသားများကို မြေကြီးဝှူးပြီး မြှုပ်ပေးပါ။ နို့မဟုတ်ရင် လေထဲမှာပါပြီး ကူးစက်တတ်လို့ပါ။)

သပြေသီးအရောင်ပေါက်နေတဲ့ အရေပြားဟာလည်း ပိုးများမရှိတော့လို့ မူလအသွေးအသားအရောင်ဖြစ်သွားပါတယ်။ မယုံရင် စမ်းသပ်ကြည့်စေလိုပါတယ်။

ဒါကြောင့် စာရေးသူပြောလိုတာက နှင်းခူဖြစ်လာရင် ခေတ္တခဏသက်သာစေတဲ့ဆေးတော့ရှိပါတယ်။ အဲဒါကတော့ ယားယံနေတဲ့ နှင်းခူကွက်ကို လိမ်းကြည့်ပါ။ သက်သာသလိုလိုနဲ့ တအားပြန်ယားတတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကိုဆွပေးသလိုဖြစ်သွားလို့ပါ။ အမဲသားကျတော့ သူတို့အကြိုက်ကိုဗျ။ ဒါကြောင့် နှင်းခူဖြစ်လာရင် ဆေးမရှိဘူးမထင်ကြနဲ့။ နှင်းခူကို အမြစ်ဖြုတ်နိုင်တဲ့ အရေးကြီးဆုံး အမဲသားရှိကြောင်း တိုင်းရင်းဆေးကုထုံးတစ်ရပ်ကို တင်ပြလိုက်ပါတယ်။

ဗန်းမော်ညိုသူ

---

ကောင်းပေါ်လာတော့သည်။ ပေါ်လာသောအခွင့်ကောင်းကို လက်မလွတ်စေဘဲ မြတ်စွာဘုရားသံဃာတော်များနှင့် ဆွမ်းခံကြွတော်မူသောအခါ မာဂဏ္ဍီက လူမိုက်များကို ပိုက်ဆံပေးပြီး ဆဲရေးခိုင်းသည်။ ခဲဖြင့်ပေါက်ခိုင်းသည်။ သံဃာအချို့ ထိမှန်ဒဏ်ရာရကြသည်။ မြတ်စွာဘုရားက သံဃာတော်များအား သည်းခံရန် ဆုံးမတော်မူသည်။

မာဂဏ္ဍီသည် မြတ်စွာဘုရားအား ကြည်ညိုသည့် သမာဝတီမိဖုရားကိုလည်း အမျိုးမျိုးရန်လုပ်သည်။

နောက်ဆုံး ဥတေနမင်းကြီးမရှိခိုက် လူမိုက်များငှားကာ သမာဝတီမိဖုရားနှင့် နောက်ပါ (၅၀၀) တို့၏ အဆောင်ကို မီးတိုက်လေတော့သည်။ သမာဝတီတို့မှာ ရှေးဘဝက ပစ္စေကဗုဒ္ဓါကို မီးတိုက်ခဲ့ဖူးသော ဝဋ်ကြွေးကြောင့် ထိုမီးဘေးဖြင့်ပင် သေဆုံးကြရသည်။ မသေမီ တရားဘာဝနာပွားများရာ သောတာပန်ဖြစ်သွားကြသည်။

ဥတေနမင်းကြီးပြန်ရောက်လာပြီး အကြောင်းစုံသိသွားသောအခါ မာဂဏ္ဍီနှင့်တကွ တရားခံအားလုံးကို ကွပ်မျက်လိုက်သည်။ မာဂဏ္ဍီသည် ဘုရားကို ပြစ်မှားခြင်း၊ အရိယာ(သောတာပန်)ကို သတ်ခြင်း စသည့် ကြီးမားလှသော အကုသိုလ်ကံများကြောင့် အဝီစိသို့ ကျသွားတော့သည်။

ဤကား အလှမာနမှုရရှိသော 'ဆိုးကျိုး' ပေတည်း။ ဤသည်တို့မှာ ရှောင်အပ်၊ မမှီဝဲအပ်သောမာနပင်တည်း။ ဆောင်အပ်သော၊ မှီဝဲအပ်သော မာနလည်းရှိသေးသည်။ အကုသိုလ်စိတ်ဖြစ်သောမာနကို ကုသိုလ်အရာနှင့် အသုံးပြုခြင်းဖြစ်၏။

ပုံစံအားဖြင့် -

သူဒါနပြုနိုင်လျက် ငါဘာ့ကြောင့် မပြုနိုင်ရမည်နည်း။ သူသီလ (ဥပုသ်) စောင့်နိုင်လျက် ငါဘာ့ကြောင့်မစောင့်နိုင်ရမည်နည်း။ သူဘာဝနာပွားနိုင်လျက် ငါဘာ့ကြောင့်မပွားနိုင်ရမည်နည်း အစရှိသည်တို့မှာ မှီဝဲအပ်သောမာနတည်း။ မမှီဝဲအပ်သောမာနကိုရှောင်ပြီး မှီဝဲအပ်သောမာနကိုဆောင်နိုင်ကြပါစေကုန်သတည်း။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com



(ကျိုက်လတ်)

# ဆရာဦးစိန်လှိုင်

## ကျေးဇူးရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကောသလ္လမဟာထေရ်မြတ်၏ ဆုံးမသြဝါဒ (လက်ရေးမူမှ)

နံနက်ခင်း နေရောင်ခြည်ကလေးသည် တစ်နေ့လုံးရှိနေမည် မဟုတ်ပေ။ ထို့ကြောင့် အချိန်ရှိခိုက် လုံ့လစိုက်၊ လသာတုန်းဗိုင်းငင်။ သင့်ဘဝကိုချစ်မြတ်နိုးလျှင်အချိန် အချိန်ကိုအလကားမဖြုန်းတီးမကုန်ဆုံးပါစေနှင့်။ အချိန်သည် ဘဝ၏အသက်တာဖြစ်သည်။ ကုန်ဆုံးသွားသောအချိန်ကို ဘယ်တော့မှပြန်မရနိုင်ပေ။ အိပ်ရာထနေမြင့်သူသည် တစ်နေ့လုံးလမ်းသွားရတတ်၏။ သူများအတွက် အကောင်းဆုံးလုပ်တတ်သူသည် ကိုယ့်အတွက်လည်း အကောင်းဆုံးလူတစ်ယောက် ဖြစ်သည်။

လူအများ၏ ချီးမွမ်းပြောဆိုမှုကို ခံယူချင်လျှင် သိမ်မွေ့ယဉ်ကျေးသော စကားများကိုပြောပြီး ကောင်းမွန်အကျိုးရှိသောအလုပ်ကိုလုပ်ပါ။

လုံ့လဝီရိယရှိသူအတွက် မည်သည့်အလုပ်မျိုးမဆို လွယ်ကူသောအလုပ်ချည်းသာဖြစ်သည်။ ပျင်းရိသူအတွက် ဘယ်အလုပ်မျိုးမဆို ခက်ခဲသောအလုပ်ချည်းသာ ဖြစ်သည်။


အမြဲတမ်းရှေ့ကိုလှမ်းပြီးကြည့်ပါ။ သို့မဟုတ်လျှင် သင်သည်သူများနောက်တွင်ကျန်ရစ်လိမ့်မည်။

တိုးတက်သောလူမျိုးတိုင်းသည် စာဖတ်ကြ၍ စာဖတ်သောလူမျိုးသည် တိုးတက်ကြပေသည်။ ကမ္ဘာကျော်စာရေးဆရာကြီး ဘားနဒ်ရှောက 'ကျွန်ုပ်အသက် (၉၂) နှစ်ရှိသော်လည်း ယနေ့တိုင် စာဖတ်နေရ၊ သင်ယူနေရနေရတုန်းပဲ' ဟု ထုတ်ဖော်ပြောကြားခဲ့လေသည်။

- *သင်သင်အံအံ၊ <u>ကြံကြံကြည့်ကြည့်</u> ဉာဏ်စုံဖွင့် နန်းမြင့်နိဗ္ဗာန်တိုင်စေသော။*

### ◻(အပ္ပမာဒ) ဗုဒ္ဓ၏ပစ္ဆိမဝစန

လူ့ဘဝဖြစ်လာလျှင် အပ္ပမာဒတရားလက်ကိုင်ထားရမယ်။ အပ္ပမာဒတရားလက်ကိုင်ထားသောပုဂ္ဂိုလ်ဟာ ဒါနမှုလည်းပြုသွားနိုင်တယ်။ သီလလည်း လုံလုံခြုံခြုံ စောင့်စည်းသွားနိုင်တယ်။ သမာဓိဘာဝနာတွေလည်း ပွားများပြီးသားဖြစ်နေတယ်။ သိက္ခာသုံးပါးစလုံးပြည့်ပြီးနေတော့တယ်။





www.burmeseclassic.com

www.burmeseclassic.com

အပ္ပမာဒဟာ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်၊ အနှစ်ချုပ်လိုက်ပါလျှင် ဗောဓိပက္ခိယတရား (၃၇) ပါး။ ထပ်ချုပ်လိုက်တော့ မဂ္ဂင် (၈) ပါး၊ စုပေါင်းလိုက်တော့ သီလမဂ္ဂင် (၃) ပါး၊ သမာဓိမဂ္ဂင် (၃) ပါး၊ ပညာမဂ္ဂင် (၃)ပါး၊ ပေါင်းမဂ္ဂင် (၈) ပါးပြန်ရတယ်။ သီလ သမာဓိ ပညာ သိက္ခာ (၃) ပါးလို့လည်း ခေါ်တယ်။ သီလ သမာဓိ ပညာဖြစ်ဖို့ရာ သတိမဂ္ဂင်တစ်လုံးပဲ။ အပ္ပမာဒတရားဆိုတာ သတိပဋ္ဌာန်ရှိနေတဲ့အတွက် သမာဓိတွေလည်း ညီညွတ်မှုရနေတယ်။ သတိမရှိရင် သမာဓိက ဦးထောင်ပဲ့ထောင် အိုးနင်းခွက်နင်းဖြစ်နေတယ်။ သတိမရှိရင် ပညာဘာဝနာမဖြစ်နိုင်ဘူး။ သတိပဋ္ဌာန်ဆိုတာ အပ္ပမာဒပါပဲ။

**□ သူတော်ကောင်းတို့၏စံအိမ်**

သတိဟာ သူတော်ကောင်းတို့၏ စံအိမ်ပဲ။ လုံခြုံအေးချမ်းတဲ့စံအိမ်ပါပဲ။ သတိတရားက လောကီလောကုတ္တရာ ချမ်းသာကိုပေးတယ်။ နိဗ္ဗာန်ချမ်းသာကြီးအထိရစေတယ်။ သတိကင်းလွတ်ခြင်းက အဖန်တလဲလဲသေရခြင်းနဲ့ ဆင်းရဲခြင်းဝဋ္ဋဒုက္ခတွေပဲ။

**□ အပ္ပမာဒေန သမ္ပာဒေထ**

မမေ့မလျော့မပေါ့ဆတဲ့ အပ္ပမာဒတရားနှင့် ပြည့်စုံအောင်နေကြနော်။ မမေ့ဘူးဆိုတာက သတိ၊ မလျော့ဘူးဆိုတာက ဝီရိယ၊ မကောင်းတဲ့စိတ်တွေ မဖြစ်ရအောင် အမြဲတမ်း ဝီရိယရှိရမယ်။ မလျော့ရဘူး။ မပေါ့ရဘူးဆိုတာက သမာဓိပဲ။ မဆရဘူးဆိုတာက ဉာဏ်ပါ။ တွေးနေဆနေရင် ဉာဏ်အားမကောင်းဘူး။ ကြံစည်တဲ့ဉာဏ်၊ တွေးတောတဲ့ဉာဏ်ပဲဖြစ်မယ်။ တကယ်အနှစ်သာရရှိတဲ့ဉာဏ်၊ မမေ့မလျော့မပေါ့ဆတဲ့ဉာဏ်၊ တွေးတော ကြံဆမှုမရှိတဲ့ဉာဏ်မျိုးမှ အထက်တန်းကျသောဉာဏ်၊ အထွတ်အထိပ်ရောက်နိုင်တဲ့ဉာဏ်၊ အဲဒီဉာဏ်နဲ့ ပြည့်စုံရမယ်။

*(ရွှေဥမင်ဆရာတော်ကြီး)*

သူတော်စင်ပညာရှင်တို့၊ မိန့်ကျင့်စကား၊ တစ်ခွန်းကြားက၊ ပတ္တမြားဆံကျိုး၊ အဖိုးပြည်တန်၊ ဧကန်မှချ၊ တစ်လုံးရသို့၊ နဂ္ဂဖိုးမွန်၊ ကျိုးကဲလွန်၏ဟူသော ဆုံးမဩဝါဒသည် သူသူငါငါ လူတကာအတွက် အမှန်ပင်လိုအပ်သည်။ ဆရာတော်ကြီးများ၏ ဩဝါဒစကားများကို ဖတ်ရှုလိုက်နာကျင့်ပွားကြသူများမှာ အသိအမြင်တိုးပွား၊ ကုသိုလ်တရားပွားများပြီး ကိုးကွယ်ဆည်းကပ်မှုမှန်ကန်ခြင်းအကျိုးတရားများကို ရရှိစေနိုင်ပေသည်။

**□ အသုံးလုံးကြေပါစေ**

**(အ)** ဒကာ၊ ဒကာမတွေ အ-သုံးလုံးကြေဖို့လိုတယ်နော်။ အ-သုံးလုံးဆိုတာ အလောဘ၊ အဒေါသ၊ အမောဟ ဖြစ်ဖို့ပြောတာ။ လောဘက ရှိတာကို မပေးချင်လို့တွန့်တိုတယ်။ လူတစ်ယောက် ထမင်းဆာနေတယ်။ ပိုက်ဆံကအပြည့်ပါတယ်။ စားစရာရောင်းတဲ့ဆိုင်လည်းရှိတယ်။ ဒါပေမယ့် သူကမဝယ်စားဘဲ အငတ်ခံနေခဲ့တယ်။ အဲဒါလောဘပဲ။

လောဘကို တဒင်္ဂပယ်ဖြတ်နိုင်ရင် အလောဘပေါ့။ လှူကြတန်းကြ၊ ပေးကမ်းကြတဲ့ဒါနဟာ အလောဘ။

**(အ)** ကိုယ်နှိုက်မယ့်ဟင်းခွက်ကို သူများဦးသွားတော့ မကျေနပ်ချင်ဘူးမဟုတ်လား။ အဲဒါ ဒေါသပဲ။ လိုချင်တာမရလို့ မကျေနပ်တာ ဒေါသ။ ငါချမ်းသာတယ်၊ ငါ့မှာဂုဏ်ရှိတယ်လို့ လက်မထောင်နေကြတာလည်း ဒေါသပဲ။ ဒေါသကို အချိန်မီမငြိမ်းသတ်နိုင်လျှင် ကိုယ့်ကိုယ်ကိုယ် မီးလောင်သလိုလောင်ကျွမ်းစေတယ်။ ဒေါသကို အတစ်လုံးထည့်ပြီးငြိမ်းသတ်ရမယ်။ အဒေါသဖြစ်အောင် မေတ္တာပွားများကြရမယ်။ သီလဆောက်တည်ရင်းက မေတ္တာစိတ်တွေဖြစ်နေကြတော့ ဒေါသတွေလည်းမရှိသလောက်ပါးနေတယ်လို့ဆိုနိုင်တယ်။ ဒေါသမဖြစ်ရင်အဒေါသ။ ဒုတိယအတစ်လုံးကြေသွားပါပြီ။

**(အ)** လောဘဖြစ်မှန်း၊ ဒေါသဖြစ်မှန်းမသိတာ မောဟ၊ မသိမှုဆိုတဲ့ မောဟကြောင့်ပဲ။ မကောင်းတဲ့ လောဘဆိုး၊ ဒေါသဆိုးတွေဖြစ်ရပြန်တယ်။ မောဟပျောက်အောင် သတိတရားကိုလက်ကိုင်ထားမယ်။ နောက်ဆုံး အ-တစ်လုံးက ဉာဏ်နှင့်သတိယှဉ်နေတယ်။ တွေဝေမိုက်မှားခြင်းမရှိ၊ အကောင်းအဆိုးနဲ့ဖြစ်ပျက်သမျှသိနေအောင် တရားဘာဝနာရှုပွားမှတ်သားနေမှုဟာ အမောဟပါပဲ။

ဒါဆိုရင် အ-သုံးလုံးကြေသွားကြပါပြီ။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
ပူဇော်သည်

# ဆီးမသွားနိုင်သော ကုသနည်း

**ဈာယီ**

လူငယ်ဖြစ်စေ၊ လူကြီးဖြစ်စေ 'ဆီးဝမ်းသွေးလေ၊ ဤလေးထွေ ဓာတ်တွေမှန်ရ၊ ကျန်းမာရဟုသော ရှေးသူဟောင်းတို့စကားရှိပေသည်။ ဆီးမကောင်းသော် မျက်လုံးသည် ကြည့်ရှုမကောင်းဖြစ်တတ်သည်။ ဆီးပူညောင်းကျလည်း ရောဂါတစ်ပါးပင်။ အထူးသဖြင့် ယောကျ်ားလေးများက ပို၍ဂရုစိုက်သင့်လှပေသည်။

လူကြီးဆီးမသွားသည်က တော်သေး၏။ ကလေးဆီးမသွားနိုင်က မပြောမဆိုတတ်၊ မခံစားတတ်အောင်လည်း ဖြစ်တတ်ပေသည်။ ကျန်းမာအောင် အသိတရားနှင့်နေခြင်းက ပို၍သင့်တော်လှပေ။ သတိကြီးစွာထားပါက ဖြစ်လာသည်ထားဦး၊ အသည်းအသန်သဘောမဆောင့်ဘဲလွယ်ကူစွာကုသနိုင်ပေသည်။

ကျွန်တော့်သား (၅) နှစ်သား ဆီးမသွားနိုင်သဖြင့် မိခင်များကိုးကွယ်ခဲ့သော ကလေးကုမြန်မာဆရာကြီး ဦးကျော်မြင့်ကိုပြသရာ ဆရာကြီးက -

"လွယ်ပါသကောကွယ် မန်ကျည်းစေ့ကို ကျောက်ပျဉ်အိုသစ်မှာမကျဲတကျဲသွေး၊ ဆီးခုံအထက်က လက်နဲ့သပ်ချ အကြိမ်ကြိမ်ပေါ့။

ပါးစပ်ကလည်း ဆိုပေါ့ကွယ်။

'ရှေးဆရာတို့အလို ဖြိုးဖြိုးဖြောဖြော ရွှေပွန်ကရေသွန်ပါစေသောလို့ ဆိုကွယ့်။ မှတ်ထားကြားလား၊ အေး - အောင်မြင်ပါစေကွယ်"

မိခင်ကို ယတြာလာချေပေးရင်း ဆရာကြီးက ဆေးဝါးမကူပါဘဲ မိရိုးဖလာ သဘာဝပစ္စည်းလေးတွေသုံးပြီး ကုသခဲ့ရာ (ဆရာကြီးပြောတဲ့တစ်နေ့ (၂) ကြိမ်မှ (၃) ကြိမ်လိမ်းခိုင်းသည်မှာ (၂) ကြိမ်လောက်ကူးပြီးသော် ဖြိုးဖြိုးဖြောဖြောဆီးရှင်လူရှင်ဖြစ်လာတော့ပါသည်။

မိရိုးဖလာ တစ်ပွဲတိုးဆေးနည်းကလေးကို အထင်မသေးကြပါနှင့်ဟု အသိပေးလိုက်ချင်တော့သည်။

*ဆီးဝမ်းသွေးလေ ဤလေးထွေ*
*ဓာတ်တွေမှန်ကြ ကျန်းမာကြပါစေ*

ဈာယီ

www.burmeseclassic.com

www.burmeseclassic.com

ဘိုဘို(ရွှေကံကူ)

# မပြီးသေးသောပန်းချီကားတစ်ချပ် (သို့) ရွှေကံကူမိသားစုမှ ဒုတိယမြောက် တည်ထားကိုးကွယ်မည့် ရွှေကံကူဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင် ဆုတောင်းပြည့်စေတီတော်



၂၀၁၆ ခုနှစ် စင်ကာပူခရီးစဉ်၌ ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရပုံ

စာရေးသူတို့ရွှေကံကူသာသနာပြုမိသားစုသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်တောင်တော်ပေါ်တွင် ရွှေကံကူဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင် တြိဖလစေတီတော်ကို ၃-၁၂-၂၀၁၅ တွင် ပန္နက်တင်မင်္ဂလာပြုလုပ်၍ ၈-၈-၂၀၁၆ နေ့တွင် ထီးတော်တင်လှူ အောင်မြင်စွာ တည်ထားကိုးကွယ်နိုင်ခဲ့ပြီဖြစ်သည်။ စာရေးသူတို့သည် ရွှေကံကူတြိဖလစေတီတော် တည်ထား ကိုးကွယ် ပူဇော်ရခြင်းမှာ စာရေးသူတွင် တည်ထား ကိုးကွယ်ရန် အကြောင်းတရားများ ပေါ်ပေါက်ခဲ့ရသောကြောင့် ဖြစ်ပါ၏။

ယခု ဒုတိယမြောက် 'ရွှေကံကူဆံတော်ရှင် စွယ်တော်ရှင် ပြဒါးရှင်' စေတီတော် တည်ထား ကိုးကွယ် ပူဇော်ကြမည်မှာလည်း တည်ထားရန်အကြောင်းတရားများပေါ်ပေါက်ခဲ့ရပြီးသောကြောင့် ဖြစ်ပါသည်။ တည်ထား ကိုးကွယ်ပူဇော်မည့်နေရာဒေသမှာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်ရှိ အုန်းတကူး ဟူသော ကျေးရွာကလေးတွင် ဖြစ်ပါ၏။

မြန်မာနိုင်ငံတွင် မြို့ရွာများစွာရှိသည့်အနက် အဘယ်ကြောင့် အုန်းတကူးရွာကလေးသို့ ရွေးချယ်ရပါသနည်း။ စာရေးသူတို့၏ မွေးရပ်မြေ မြို့သာ (သို့) လက်ရှိနေထိုင်ရာ ရွှေကံကူလေပုံ့သစ်တော်ရုပ်ရှင်တော်မြတ်ကြီးပွင့်ထွန်းပေါ်ပေါက် သီတင်းသုံးစံပယ်တော်မူရာ စဉ့်ကိုင်မြို့တို့တွင် တည်ထားမည်ဆိုက သဘာဝကျပါသေးသည်ဟု ယူဆကြပေလိမ့်မည်။ သို့သော် စာရေးသူဆက်လက်ဖော်ပြမည့်အကြောင်းအရာတို့ကို စေ့စပ်သေချာစွာ ဖတ်ရှုပြီးပြီဆိုလျှင်တော့



www.burmeseclassic.com

www.burmeseclassic.com



ရွှေကံကူမိသားစုမှ တောင်ကြီးမြို့နယ် ထန်းဂူဘုရားပရဝဏ်အတွင်းရှိ ပြုပြင်ပြီးစီးသွားသော ရှေးဟောင်းစေတီတော်



အုန်းတကူး အမတော်တောင်ခြေ ခရီးလမ်းအစ

အုန်းတကူးရွာကလေးတွင် ဘုရားတည်သည်မှာသင့်တော်ပါပေ၏ဟုထောက်ခံကြမည်သာ ဖြစ်ပါသည်။

စာရေးသူ အုန်းတကူးကျေးရွာလေးနှင့်ပတ်သက်သော အကြောင်းအရာတို့နှင့်အတိတ်ဘဝပဋ္ဌာန်းအကြောင်းဆက်တို့သည် ဤသို့ဖြစ်ပါသတည်း။

စာရေးသူတို့ မိသားစုသည် လမ်းစဉ်ပါတီခေတ်က စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် ငါန်းဇွန်မြို့နယ်ရှိ မြို့သာ ဟူသော မြို့ကလေးတွင် မွေးဖွားကြီး ပြင်းခဲ့ပါသည်။ ၁၉၈၇ တွင် အစ်မအေး (ရွှေကံကူသာသနာပြု-အန်တီအေး) ကို အကြောင်းပြု၍ စဉ့်ကိုင်မြို့သို့ စာရေးသူတို့မိသားစုအပြီးတိုင်ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ယခုရွှေကံကူအောင်မြေနေရာမှာပင်ဖြစ်၏။ ထိုစဉ်က ဤနေရာသည် လယ်ကွက်များကို ကွက်သစ်ရိုက်၍ပေးခြင်းဖြစ်သော်လည်း တိုက်ရိုက်ရရှိခြင်းတော့မဟုတ်ပါ။ တစ်လက်ပြောင်းပြန်လည်ဝယ်ယူရခြင်းဖြစ်သည်။ ရောက်ရှိပြီးလပိုင်းအတွင်းမှာပင် နောက်ဖေးကပ်လျက်မြေကွက်ကိုလည်း ဝယ်ယူလိုက်၍ယခုကဲ့သို့ ရှေ့လမ်းနောက်လမ်းပေါက်နှစ်ကွက်တွဲဖြစ်သွားရခြင်း ဖြစ်ပါသည်။

၁၉၈၈ ခုနှစ်၊ (၈) လပိုင်းတွင် နိုင်ငံအဝန်း ဆူပူအုံကြွမှုနှင့် မင်းမဲ့စရိုက်လွှမ်းမိုးသော အရေးအခင်းကြီး ဖြစ်ပေါ်ခဲ့ပြီးနောက် လမ်းစဉ်ပါတီအစိုးရချုပ်ငြိမ်းသွားခဲ့သည်။ ၁၉၈၈ ခု၊ (၉) လပိုင်းတွင် ဗိုလ်ချုပ်ကြီးစောမောင်၏ တပ်မတော်အစိုးရလက်ထက်သို့ ရောက်ရှိလာကာ သမိုင်းတစ်ခေတ်သို့ ပြောင်းလဲခဲ့သည်။ အစ်မအေးသည် မြို့နယ်သမဝါယမအသင်းတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိရာမှ ပညာရေးဝန်ထမ်းကျောင်းဆရာမအဖြစ်သို့ ပြောင်းရွှေ့ခဲ့သည်။ မယ်တော်ကြီးသည်လည်း ၁၉၉၂ ခုနှစ်တွင် ပညာရေးဝန်ထမ်းကျောင်းဆရာမဖြစ်လာခဲ့သည်။

စာရေးသူသည် စဉ့်ကိုင်မြို့သို့ ပြောင်းရွှေ့ခဲ့ပြီးသည့်နောက် စဉ့်ကိုင်မြို့တွင်နေသည်ဟူ၍မရှိသလောက်ဖြစ်ပါသည်။ ဖားကန့်၊ ခန္တီး၊ မိုးကုတ်ဒေသတို့သို့ သွားရောက်ကာ စီးပွားဥစ္စာတို့ရှာဖွေခဲ့သည်။ ၁၉၉၂ ခုတွင် ဖခင်ကြီးအဖေဝင်းကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ထိုအခါ စာရေးသူသည် ရပ်ဝေးတွင်နေ၍မရပြီဖြစ်၍ စဉ့်ကိုင်မြို့သို့ ပြန်ခဲ့ရပါသည်။ မိသားစုနှင့်အတူနေ၍လုပ်ကိုင်နိုင်သော စီးပွားရေးလုပ်ငန်းကို စဉ်းစားရာ ထန်းလျက်လုပ်ငန်းကို တွေ့ရှိသည်။ စဉ့်ကိုင်ဈေးထဲတွင် ဆိုင်ခန်းဝယ်ယူပြီး မြို့သာမှထန်းလျက်များတင်၍ပြန်လည်ရောင်းချပါသည်။ အစောပိုင်းတွင်ရောင်းကောင်းသော်လည်း နောက်ပိုင်းတွင် အရောင်းအဝယ်မကောင်းပါ။ အဘယ်ကြောင့်ဆိုသော် ထန်းလျက်ကို အဓိကဖြန့်းသူတို့မှာ အရက်ချက်သူများသာဖြစ်ရာ စာရေးသူတို့သည် တစ်ချိန်တွင် သာသနာပြုမည့်သူများဖြစ်၍ အရက်ချက်သည့် အကုသိုလ်လုပ်ငန်းကို




www.burmeseclassic.com

www.burmeseclassic.com



အုန်းတကူးရွာ ဆရာဘိုဘို 'ရွှေကံကူ'ကျောင်းဆရာလုပ်ခဲ့သော စာသင်ကျောင်းနောက်ခံနှင့် အမတော်တောင်အား တွေ့ရစဉ်



အုန်းတကူးကျောင်းမှ ကိုရင်လေးများနှင့် ကျောင်းသားကလေးများမှ ထမ်းပြဲခေါ်ဆောင်စဉ်



အုန်းတကူးကျေးရွာ ရန်အောင်မြင်ဘုရားဝင်း အတွင်း 'ရွှေကံကူ'အောင်မြေမှ ပေါဓိပင်



ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့အဝင် စိန်ပန်းပြာပင်ကြီး

အားမပေးသည့်သူဘော ဖြစ်ပေမည်။

စဉ့်ကိုင်မြို့တွင် ထန်းလျက်ဆိုင် (၃) ဆိုင်ရှိသည့်အနက် အခြား (၂) ဆိုင်မှာ တစ်နေ့ ပိဿာချိန် (၅၀၀) ခန့် မရောင်းချနေကြရသော်လည်း စာရေးသူတို့ဆိုင်မှာ တစ်နေ့လျှင် (၅) ပိဿာမျှပင် မရောင်းရဘဲရှိသဖြင့် ထန်းလျက်ဆိုင်ကို ဖြုတ်လိုက်ပြီး နို့ဆီ၊ ထောပတ်ရောင်းချပါသည်။ လက်လီရောင်းချရာမှ စဉ့်ကိုင်၊ ပလိပ်၊ မြစ်ဇယ်၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး စသောမြို့များရှိ လက်ဖက်ရည်ဆိုင်များကိုပါ ပို့ပါသည်။

ထိုအခါ စာရေးသူသည် နေ့စဉ် မန္တလေးသို့သွားရသည်။ မြို့သာနို့ဆီစက်ရုံများမှ ရထားဖြင့်တင်ပို့လိုက်သော နို့ဆီပုံးများကို ပလိပ်ဘူတာ၊ ရှင်းစု (မန္တလေး) ဘူတာတို့မှ ကြိုစောင့်ပြီး လက်ဖက်ရည်ဆိုင်များသို့ပို့ရသည်။ ငွေကောက်ခံရသည်။ ရက်ဖတ်ဖြင့်လိုက်လာသော နို့ဆီပို့သူရှာသားများကိုစောင့်၍ငွေရှင်းရ၏။ ညနေစောင်းမှ စဉ့်ကိုင်သို့ပြန်ရောက်သည်။ (၁၀) ရက် တစ်ကြိမ်ခန့် မြို့သာသို့ လိုက်သွားပြီး နို့ဆီရုံများတွင် နို့ဆီအရည်အသွေး မကျဆင်းစေရန် စိစစ်ရသည်။ စာရေးသူသည် ထန်းလျက်လုပ်ငန်းကို ၁၉၉၂ မှ ၁၉၉၄ အထိ (၂) နှစ်လုပ်ကိုင်ခဲ့ပြီး နို့ဆီလုပ်ငန်းကို ၁၉၉၄ ခုနှစ်မှစတင်လုပ်ကိုင်ခဲ့ရာ ၁၉၉၈ ခုနှစ်သို့ ရောက်ရှိလာပြီး (၄) နှစ်ရာသီထဲသို့ ဝင်ရောက်လာခဲ့ပါသည်။

ထိုအချိန်တွင် စာရေးသူ၏ နို့ဆီလုပ်ငန်းမှာလည်း အရှိန်အဟုန်ကောင်းနေပြီ ဖြစ်ပါသည်။ ထိုအချိန်တွင် စာရေးသူသည် တစ်ခါတစ်ခါ၌ ဝမ်းနည်းသလိုလိုလွမ်းသလိုလို စိတ်တွင်ဖြစ်ပေါ်လာပါသည်။ ထိုသို့ဖြစ်ပေါ်ပြီး မကြာမီ စာရေးသူသည် ဝေးလံသောဒေသတစ်ခုသို့ သွားရောက်ကာ လူမသိသူမသိ ဇာတ်မြှုပ်နေထိုင်လိုသောစိတ်တို့လည်း ဖြစ်ပေါ်လာ၏။ ထိုစိတ်ထိုဆန္ဒတို့မှာ စာရေးသူ၏ လက်ရှိဘဝအခြေအနေတွင် မည်သို့မျှအကောင်အထည်ဖော်ရန် မဖြစ်နိုင်ပါ၍ ထိုအတွေးတို့ကို ဖျောက်ဖျက်ပစ်ရသည်။ အခြားအာရုံတို့နှင့် ပြောင်းလဲပစ်ရပါသည်။

အစောပိုင်းတွင် ထိုစိတ်အာရုံတို့သည် တစ်လလျှင် တစ်ကြိမ်မျှသာ ဖြစ်ပေါ်လာတတ်၍ အခြားအာရုံသို့ ပြောင်းလိုက်လျှင် မေ့ပျောက်သွားသည် ဖြစ်သော်လည်း နောက်ပိုင်းတွင် ထိုအာရုံတို့ မပြတ်တမ်းပေါ်ပေါက်လာပြီး

www.burmeseclassic.com

ဖျောက်ဖျက်၍မရအောင် ခိုင်မာလာခဲ့၏။ ထိုအခါ စာရေးသူသည် မိမိကိုယ်ကို ပြန်လည် ဆန်းစစ်ရပါတော့သည်။ စာရေးသူသည် စိတ်ဖောက်ပြန်နေပြီလား၊ ရူးသွပ်သွားပြီလား၊ ထိုသို့လည်း မဟုတ်ပါ။ ထိုစိတ်အာရုံတို့ ပေါ်ပေါက်လာခြင်း၊ ပေါ်ပေါက်နေခြင်းမှလွဲ၍ အခြားဘာမှမဖြစ်။ အားလုံးပုံမှန်အတိုင်းသာရှိနေပါသည်။ ထိုသို့ဘာကြောင့်ဖြစ်ပေါ်ပါသနည်း၊ ဘာကြောင့် စာရေးသူသည် အိမ်မှာမနေချင်ဘဲ အဝေးကို ထွက်သွားချင်ပါသနည်း။ ဘယ်ကိုသွားချင်တာပါလဲ အဖြေမရှိပါ။

အိမ်တွင် ယောကျ်ားသားမရှိ၍ စာရေးသူသည် အဝေးသို့သွားရောက်နေထိုင်ရန် မဖြစ်နိုင်ပါ၊ မရပါ။ သိပါ၏။ ထို့အပြင် စာရေးသူ၏ လုပ်ငန်းသည် နေ့စဉ်လုပ်ငန်းဖြစ်ပါ၍ (၃) ရက်ထက်ပိုပြီး ခရီးထွက်၍မရပါ။ သိပါ၏။ စာရေးသူသည် နို့ဆီလုပ်ငန်းကို ရပ်နားမည်ဆိုပါက နို့ဆီရုံတို့နှင့် လက်ဖက်ရည်ဆိုင်တို့ကို လုပ်ငန်းရပ်တော့မည်ဖြစ်ကြောင်း ဖောက်သည်ရှာကြရန် ကြိုတင်အသိပေးထားရမည်ဖြစ်သည်။ သို့သော် စာရေးသူသည် အိမ်ကိုပစ်၊ လုပ်ငန်းတို့ကိုပစ်ပြီး ဘယ်ကိုမှမသွားနိုင်ပါ။ သွားမဖြစ်ပါ။ သို့ဖြင့် စာရေးသူသည် အသိစိတ်နှင့် မသိစိတ်၏စေ့ဆော်ချက်ဆန္ဒတို့ အားပြိုင်လွန်ဆွဲလျက်ရှိရာ စာရေးသူသည် စိတ်ရှုပ်စိတ်ညစ်လျက် စိတ်ပင်ပန်းကာ မရှင်မပျနိုင်တော့ဘဲရှိပါ၏။

ထိုအခါ စာရေးသူ၏မရှင်မသာညှိုးနွမ်းသောမျက်နှာကို အမေက သတိပြုမိ၍-

"နေမကောင်းဘူးလား၊ အလုပ်အကိုင်အဆင်မပြေဘူးလား"

ဟု မေးပါသည်။

ဘာမှမဖြစ်ပါ နေပူသောကြောင့်ဖြစ်ပါသည်ဟုသာ လိမ်လွှဲဖြေလိုက်ရပါသည်။

သို့ဖြင့် ၁၉၉၈ ခုနှစ်၊ ဝါဆိုလအတွင်းသို့ ရောက်ရှိလာသည်။ နယုန်လပြည့်ကျော်ခန့်မှစ၍ မုတ်သုံလေတို့ ဝင်ရောက်လာပြီဖြစ်၍ စာရေးသူတို့ဒေသတွင် တောင်လေကြမ်းများတိုက်ခတ်လာပါသည်။ လေတို့သည် နေ့ရောညပါ မနားတမ်းတိုက်ခတ်၏။ စာရေးသူတို့ဒေသတွင် မိုးရွာသွန်းခြင်းတို့လည်း ရပ်နားသွား၏။ သို့သော် 'ဝါဆိုဝါခေါင် ရေဖောင်ဖောင်'ဟူသည့်အတိုင်း မြစ်ရေတိုး၍ ရေကြီးလေ့ရှိပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ စာရေးသူတို့ဒေသတွင် တိုက်ခတ်သောလေတို့သည် မိုးတိမ်တိုက်ကြီးများကိုမြောက်အရပ်သို့ဆောင်ယူသွား၍ တောင်ပေါ်ဒေသသို့ရောက်သောအခါ မိုးများအဆက်မပြတ်ရွာသွန်းသောကြောင့်ဖြစ်ပါသည်။

တောင်လေတို့ တဝေါဝေါတိုက်ခတ်နေသောအခါများတွင် တစ်ယောက်တည်းနေပါက လောကကြီးကို ပျင်းရိငြီးငွေ့သလိုလို၊ လွမ်းသလိုလို၊ ဆွေးသလိုလို၊ ငိုချင်သလိုလို စိတ်အစဉ်သည် ဂနာမငြိမ်လွင့်မျောတတ်၏။ ထို့ကြောင့်ဖြစ်မည်။ စာရေးသူတို့ မြို့သာတွင်ရှိစဉ်က စိတ်ရောဂါအခံရှိသူတို့သည် နွေဦးကာလ တပေါင်း၊ တန်ခူးလများနှင့် ဝါဆိုလတို့တွင်စိတ်ထတတ်ကြ၏။ ရွာရိုးလျှောက်ပြီး သီချင်းဆိုကြ၏။ ယခုလည်း စာရေးသူသည် ဝါဆိုလထဲသို့ရောက်သောအခါ စာရေးသူ၏ စိတ်အစဉ်သည် တောင်လေကြမ်းနှင့်အတူ တလွင့်လွင့်လူပ်ရှား၍ လာပါ၏။

ဘယ်ကိုသွားချင်မှန်းလည်းမသိ၊ ဘယ်သူ့ဆီသွားချင်မှန်းလည်းမသိပါ။ သွားတော့သွားချင်နေသည်သာဖြစ်သည်။ အသိစိတ်ကလည်း သွားလို့မဖြစ်မှန်း သိနေပါ၏။ သို့ဖြင့် တစ်နေ့တွင်တော့ စာရေးသူသည် ဒီကနေ့တော့ ခြေဦးတည့်ရာသွားတော့မည်ဟု ဆုံးဖြတ်လိုက်၏။ ထိုသို့ ဆုံးဖြတ်လိုက်သည့်အတိုင်း စာရေးသူသည် မန္တလေးမြို့ ဘုရားကြီးပြတိုက်အနီးတွင်ထိုင်လျက် စဉ့်ကိုင်-ကျောက်ဆည်ကားတို့ကို ရပ်ကြည့်နေပြီး တက်မလိုက်ဘဲနေပါသည်။ ထိုသို့ဖြင့် မိုးချုပ်၍ မှောင်ရီပျိုးလာပါသည်။ ထိုအခါ စာရေးသူသည် အမေ့ကို သတိရမိလိုက်၏။ အမေသည် စာရေးသူ အချိန်တန်၍မှ အိမ်ပြန်မရောက်လျှင် အိမ်ပေါက်ဝသို့ထွက်မျှော်၏။ ထိုထက်နောက်ကျလျှင် အိမ်ဝင်းပေါက်သို့ ထွက်မျှော်၏။ ထိုထက်ပိုနောက်ကျလျှင်တော့ လမ်းမထိပ်ထိတိုင်ထွက်ပြီး မယ်တော်ကြီး (ထိုစဉ်က သာမန်ကျောင်းဆရာမလေးတစ်ဦး) နှင့် မျက်စိတစ်ဆုံးထွက်၍ မျှော်နေတတ်ပါသည်။

ထို့ကြောင့် စာရေးသူသည် လည်တဆန့်ဆန့်နှင့်စိတ်သောကများဖြင့် စောင့်မျှော်နေမည့် အမေ့ကို မြင်ယောင်မိ၍ စာရေးသူ စိတ်မကောင်းဖြစ်မိလာ၏။ မိမိခံစားချက်ကိုမျိုသိပ်၍ အမေ စိတ်မဆင်းရဲစေရန် ကျောက်ဆည်ကားပေါ် တက်၍လိုက်ခဲ့ပါတော့သည်။ သို့ဖြင့် စာရေးသူအိမ်သို့ပြန်လာခဲ့ပါတော့သည်။ အတော်လေးနောက်ကျသွား၍ အမေသည် လမ်းထိပ်တွင်ထွက်၍ကြိုနေသည်ကို တွေ့ရပါသည်။ အမေသည် အတော်စိတ်ပူနေကြောင်းတွေ့ရ၍ စာရေးသူ ထွက်မသွားဖြစ်သည်မှာ တော်ပါသေးသည်ဟု တွေးမိပါသည်။ ထိုသို့ဖြင့် စာရေးသူလည်း တစ်ပတ်ခန့် ဤအတိုင်းနေလိုက်ပြန်ပြီး မကြာမီမှာပင် ထိုစိတ်တို့ ကပြန်လည်ပေါ်ပေါက်လာပြန်ပါသည်။ ရှေးနည်းတူပင် သွားရန်ပြင်ပြီးမှ အမေ့ကိုပြေးမြင်မိ၍ မသွားဖြစ်တော့ဘဲရှိပါ၏။ ထိုသို့ (၃) ကြိမ်တိတိ ကြံရွယ်ပြီးကာမှ အိမ်သို့သာပြန်လာဖြစ်ခဲ့ပါသည်။ သို့သော် စာရေးသူသည် သွားလိုသောဆန္ဒမကုန်ဘဲရှိနေ၍ စိတ်မပျော်ရွှင်နိုင်ဘဲရှိနေပါသည်။

သို့ဖြင့် ဝါဆိုလဆန်း ၁၄ ရက်နေ့သို့ ရောက်ရှိလာသည်။ ဤယနေ့တွင်တော့ စာရေးသူတကယ်ထွက်သွားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ယခင်အကြိမ်များတုန်းကလည်း ဤသို့ပင် ဆုံးဖြတ်ခဲ့သည်သာဖြစ်ပါ၍ တကယ်သွားဖြစ်၊ မသွားဖြစ်ကတော့ မသေချာသေးပါ။ မန္တလေးမြို့သို့ ရောက်ရှိပြီး နံနက် (၁၁) နာရီခန့်တွင် ဝေးသောအဝေးတစ်နေရာသို့ ထွက်ခွာသွားလိုသောဆန္ဒတို့ ပြင်းပြလာ၏။ အသိစိတ်က အေးချမ်းသာယာသောမိသားစုဘဝကလေးကိုပျော်မွေ့၍ မသွားချင်သော်လည်း မသိစိတ်က ထွက်ခွာသွားရန် တောင်းဆိုနေ၏။ ထို့ကြောင့် စာရေးသူသည် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးကို ဝင်ရောက် ဖူးမြော်ကန်တော့ပြီး မိမိစိတ်တွင် ခံစားနေရသောအဖြစ်တို့ကို ရှိသေစွာလျှောက်ထားပြီး 'တပည့်တော်၏ ဤအဖြစ်ဤသနစ်တို့သည် ဝဋ်ကြွေးဟူကကျေပါစေဘုရား' ဟု တောင်းဆုပြုကာ ကန်တော့ရင်း စာရေးသူသည် ဝမ်းနည်းကြေကွဲပြီး မျက်ရည်များကျလာမိသည်။

မန္တလေးတွင် မိုးချုပ်သည်အထိ နေမည်ဆိုပါက အမေ့ကိုသတိရ၍ အမေ့ကိုသနား၍ အဝေးသို့ထွက်ခွာမသွားဖြစ်ဘဲ အိမ်သို့ပြန်ဖြစ်မည်သာဖြစ်ပါ၍ ဤယနေ့ မန္တလေးမှ စောစောထွက်ခွာမှဖြစ်မည်ဟု တွေးမိသည်။ သို့သော် စာရေးသူသည် ဘယ်ကိုသွားရမည်၊ ဘယ်ကိုသွားချင်သည်မှန်းလည်း မသိ၍ ဘယ်ကားကိုစီးပါမည်လည်း မသိပါ။ မစဉ်းစားတတ်ပါ။ ထို့ကြောင့် ဘုရားကြီးအရှေ့မုခ်တွင် တွေ့ရသော

www.burmeseclassic.com

စစ်သည်မန်းဟိုင်းလတ်လိုင်းကားပေါ်သို့ တက်လိုက်သည်။ ဂိတ်ဆုံးထိလိုက်သွားရာ မန္တလေးတောင်ခြေသို့ရောက်သွား၏။ တကယ်သွားတော့မည်ဆိုသောအခါတွင်လည်း မသွားချင်ပြန်ဖြစ်၍ မန္တလေးတောင်ခြေမှ ထိုလိုင်းကားဖြင့်ပင် ပြန်လိုက်လာရာ ဘုရားကြီးအရှေ့မုခ်သို့ ရောက်ရှိ၏။ ထိုအခါ ပြန်လာမိသည်ကို နောင်တရမိပြန်ပြီး ကားပေါ်ပြန်တက်ပြန်ကာ မန္တလေးတောင်ခြေသို့ရောက်ရှိပြန်၏။ တစ်ဖန် မဖြစ်သေးပါဘူးဟုတွေးကာ ဘုရားကြီးသို့ ပြန်လိုက်ခဲ့ပြန်၏။ ဘုရားကြီးသို့ ရောက်ပြန်သောအခါ မသွားဖြစ်တာများလေခြင်းဟု စိတ်မချမ်းမသာဖြစ်ရပြန်ပြီး ကားပေါ်တက်ပြန်၍ မန္တလေးတောင်ခြေသို့ ရောက်ပြန်၏။ ထိုအခါ မဖြစ်သေးပါဘူး ငါ့အိမ်မှာက ငါမရှိရင်မဖြစ်ဘူးဟု တွေးမိပြန်ကာ လိုင်းကားပေါ်သို့ ပြန်တက်ခဲ့ပြန်၏။ လမ်း (၈၀) ကျုံးထောင့်မီးပွိုင့်နားသို့ အရောက်တွင် မှတ်တိုင်၌ကားရပ်လိုက်ရာ ခရီးသည်နှစ်ယောက်ဆင်းသွားသဖြင့် စာရေးသူတစ်ယောက်တည်းသာ ကားပေါ်မှာကျန်တော့၏။

ထိုအခါ စပယ်ယာက ဒရိုက်ဘာတို -

"ဆီတန်းရမှာမေ့နေတယ်။ ဒီကနေပြန်လှည့်ကြစို့"

(ထိုစဉ်က အစိုးရဆီဆိုင်များမှ ခွဲတန်းဖြင့်ပေးနေချိန်ဖြစ်ပြီး မန္တလေးတောင်ခြေ၏ အနောက်ဘက်တွင် ဆီဆိုင်ရှိပါသည်။) ဟု ဆိုကာ စာရေးသူအား နောက်ကားစောင့်ပြီးလိုက်ပါဟု ပြောပြီး ကားခ(၅)ကျပ်ပြန်ပေးပါသည်။ စာရေးသူလည်း ကားပေါ်မှဆင်းပြီးသည်နှင့် လမ်းတောင်ဘက်သို့ကူးကာ ကျုံးနံဘေးပလက်ဖောင်းတွင် ရပ်နေမိသည်။ အိမ်ပြန်ရမည်လား၊ ဘယ်ကိုသွားရပါမည်လဲ။ ထိုစိတ်နှစ်ခုလွန်ဆွဲလျက် နာကျင်ကြေကွဲလျက်ရှိပါသည်။

ထိုစဉ် စာရေးသူ ရပ်နေရာအနီးသို့ အထုပ်အပိုးများဖြင့် ခရီးသည်နှစ်ဦးရောက်ရှိလာပြီး အနောက်သို့မျှော်ကြည့်နေကြ၏။ (ကားလမ်းသည် အရှေ့အနောက်လမ်းဖြစ်ပြီး အနောက်မှလာသောကားသည် မြို့ပြင်ကိုထွက်မည်) မကြာလိုက်ပါ ဘတ်စ်ကားကြီးတစ်စီးလာနေသည်ကိုမြင်ရလျှင် ခရီးသည်နှစ်ဦးက ကားကိုတားကြသည်။ ကားရပ်သွားပြီး စပယ်ယာဆင်းလာသည်။ စာရေးသူလည်း ဘာရယ်မဟုတ်၊ ကားအတွင်းသို့လှမ်းကြည့်မိရာ စပယ်ယာက နေရာရှိတယ်၊ ခုံလုပ်ပေးပါ့မယ်ဟုဆိုကာ စာရေးသူ၏လက်ကိုဆွဲပြီး ကားပေါ်သို့ ခေါ်လိုက်၏။ စာရေးသူလည်း မငြင်းဆန်မိဘဲ ကားပေါ်သို့ရောက်ရှိသွား၏။ ဤသို့ဖြင့် စာရေးသူသည် အဝေးပြေးလိုင်းကားတစ်စီးဖြင့် မန္တလေးမြို့မှ ထွက်ခွာသွားဖြစ်ပါတော့သည်။

သို့တိုင် စာရေးသူ၏စိတ်သည် မပြတ်သားပါ။ လိုက်လာခဲ့မိတာမှားပြီဟု နောင်တရကာ စိတ်ဆင်းရဲလျက်ရှိနေပြီး အချိန်မှာလည်း ညနေ (၃) နာရီမျှရှိနေပြီဖြစ်ရာ ကားရပ်ခိုင်းပြီး ပြန်ဆင်းရကောင်းမလားဟု တွေးနေမိသည်။ ကြာနီကန်ကျော်သောအခါ စပယ်ယာက ငွေလာကောက်၏။ သပိတ်ကျင်းအထိလားဟုဆိုမှ ဤကားသည် သပိတ်ကျင်းသို့သွားသောကားဟု သိရကာ ကားခ (၄၀၀) ကျပ်ပေးလိုက်ရသည်။ ထိုသို့ဖြင့် ကားကြီးသည် တရွေ့ရွေ့ထွက်ခွာလာခဲ့၏။ မန္တလေးမြို့နှင့်ဝေးလေလေ ပို၍ဝမ်းနည်းမိလေဖြစ်ရသည်။ မတ္တရာသို့ရောက်သောအခါ ကားသည် ခေတ္တရပ်နားသည်။ သည်ကနေလှည့်ပြန်ရကောင်းလေမလားဟု တွေးမိသေးသော်လည်း မထူးတော့ပါဘူးလေဟု စိတ်ပိုင်းဖြတ်ကာ ဆက်လက်လိုက်ပါလာခဲ့သည်။

နွယ်ရှုံ၊ ချောင်းကြီး၊ လိတ်ကျု၊ ဇရပ်ကွင်းတို့တွင် ခရီးသည်များဆင်း၏။ ပစ္စည်းများချ၏။ စာရေးသူသည် ယခုတိုင် ဘယ်ကိုသွားမည်ဟု မသိသေးပါ။ ဒေသစိမ်းလာလေ ပို၍အားငယ်ဝမ်းနည်းလာမိလေဖြစ်ပါ၏။ စာရေးသူယခုထွက်လာသော ခရီးသည်ကားပန်းတိုင်မရှိသောခရီးဖြစ်ပြီး ဦးတည်ချက်မဲ့ကာ မရေရာသောစိတ္တဇခရီး၊ အိပ်မက်ခရီးသာဖြစ်ပါ၏။ ဆက်လက်ထွက်ခွာလာခဲ့ရာ ညနေ (၇) နာရီခန့်တွင် (၇)မိုင်ရွာသို့ ရောက်ပါသည်။ ခရီးသည်များအားလုံးဆင်းကုန်ကြပြီး စပယ်ယာက စာရေးသူအား -

"သပိတ်ကျင်းအထိသွားမှာလား။ ဒါဆိုရင် ခေါက်တိုကားတွေနဲ့ ပြောင်းလိုက်တာအဆင်ပြေမယ်။ ဒီကားကကုန်တွေချဦးမှာ။ ည (၁၀) နာရီလောက်မှ သပိတ်ကျင်းကို အိပ်ရုံ၊ ဂိတ်ထိုးရုံပဲသွားမှာ"

ဟု ပြောသည်။

စာရေးသူသည် ကားပေါ်မှဆင်းလိုက်ပြီး ခေါက်တိုကားနှင့် သပိတ်ကျင်းသို့လိုက်ရမလားစဉ်းစား၏။ သပိတ်ကျင်းသည် ကားလမ်းဆုံးဖြစ်၍ ကုန်းလမ်းဖြင့် မည်သည့်မြို့မှသွား၍မရတော့ကြောင်း သိရပြီး သပိတ်ကျင်းသို့ ရောက်လျှင် အဘယ်သို့ဆက်၍သွားရပါမည်နည်း၊ ဘယ်မှာတည်းခိုရပါမည်နည်း။ မြို့ဖြစ်၍ မသင်္ကာ၍ စစ်ဆေးမေးမြန်းခြင်းခံရနိုင်ပြီး မြို့အရပ်တွင် မည်သည့်အိမ်ကမျှ ခိုကပ်နေထိုင်ရန် လက်ခံမည်မဟုတ်ပါ။ စာရေးသူ နေထိုင်လိုသည်မှာလည်း ခဏတာမဟုတ်၊ မည်မျှဟုလည်းမသိ။ ထို့ကြောင့် သပိတ်ကျင်းသို့သွားလျှင် အဆင်မပြေနိုင်ပါ။

အချိန်ဆွဲမနေတော့ဘဲ ဤကားပေါ်မှဆင်းသွားသော ခရီးသည်များနောက်သို့ ခပ်အွက်အွက်လိုက်၏။ လမ်းခရီး၌ ကားပေါ်မှခရီးသည်တစ်ဦးဦးကို မိတ်မဖွဲ့မိသည့်အတွက် နောင်တရမိသည်။ ခရီးသည်တချို့သည် (၇) မိုင်ရွာလမ်းကြားများဆီသို့ ကြဖြန့်ဝင်ရောက်သွားကြသည်။ ၎င်းတို့နောက်သို့ လိုက်ရန်မဖြစ်တော့ပါ။ ခရီးသည်တချို့သည် တောလမ်းတစ်ခုသို့ ဝင်ရောက်သွားကြ၏။ စာရေးသူလည်း ၎င်းတို့နောက်လိုက်ခဲ့၏။ ဘယ်ကိုသွားကြသည်မသိပါ။ လှည်းလမ်းဖြစ်ပြီး မကြာမီတောအတွင်းသို့ ရောက်ရှိသွားသည်။ စာရေးသူမရောက်ဘူးသော ဒေသစိမ်းဖြစ်၍ စိတ်အားငယ်မိသည်။ သို့တိုင် စာရေးသူသည် ရှေ့မှခရီးသည်များကို မီအောင်လည်းမလိုက်၊ မိတ်ဆက်စကားလည်း မပြောမိပါ။

ထိုအချိန်တွင် အရှေ့ဘက်မိုးကောင်းကင်တွင် လမင်းကြီးထွက်ပြူလာပြီဖြစ်ပါ၏။ လေကလည်း တသုန်သုန်တိုက်ခက်လျက်ရှိပြီး ရာသီဥတုမှာလည်း အေးမြလျက်ရှိနေပါသည်။ ဘယ်လောက်သွားရဦးမည်မသိပါ။ စာရေးသူလည်း မောဟိုက်လျက် ချွေးများရွှဲနစ်နေပြီဖြစ်သည်။ မိုးမရွာသည်ကိုပင် ကျေးဇူးတင်ရဦးမည်။ အချို့နေရာများတွင် ရွံ့ဗွက်များကိုဖြတ်သန်းရ၍ ဖိနပ်ချွတ်သွားရ၏။ (၃) မိုင်ခန့် သွားပြီးသောအခါတွင်တော့ ရွာငယ်ကလေး၏ထိပ်သို့ ရောက်ရှိလာသည်။ ထိုအခါ ခရီးသည်တို့သည် နှစ်စုကွဲသွား၏။ ၀ စ်စုသည် ရွာတွင်းသို့၊ တစ်စုသည် တောင်တန်းများဆီဦးတည်သော လှည်းလမ်းအတွင်းဝင်သွားကြလေ၏။ စာရေးသူ ဘယ်အဖွဲ့နောက်သို့လိုက်ရပါမည်နည်း။ မောပန်းလှပြီဖြစ်၍လည်း ခြေလှမ်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com

မသယ်ချင်တော့။ လမ်းလည်းမလျှောက်နိုင်တော့ပါ။ ထို့ကြောင့် စာရေးသူသည် လမ်းနံဘေးတွင်တွေ့ရသော ဇရပ်ကလေးပေါ်သို့ တက်လိုက်သည်။

ဇရပ်ကလေးမှာ (၁၀) ပေပတ်လည်မျှသာရှိမည်ဖြစ်ပြီး အကာအရံမပါရှိပါ။ သက်ကယ်မိုးထားပါသည်။ လှေကားထစ် (၅) ထစ်မျှပါရှိ၍ လူ၏ပခုံးတစ်တိုက်ခန့်မြင့်ပါသည်။ မျက်စိမလည်ပါက လမ်းမှာတောင်မြောက်ဖြစ်ပြီး လမ်း၏အနောက်ဘက်တွင် ရွာဖြစ်၍ လမ်းအရှေ့ဘက် လမ်းနှုတ်ခမ်းတွင် ဤဇရပ်လေးရှိပြီး ဇရပ်ကလေးမှာ ဘုန်းကြီးကျောင်းစည်းရိုးနံဘေးတွင်ရှိပါသည်။ ဘုန်းကြီးကျောင်းမှာလည်း သက်ကယ်တဲလေးနှစ်ဆောင်ရှိပြီး ကျောင်းဝင်းအရှေ့ဘက်အစွန် ခပ်လှမ်းလှမ်းတွင် စေတီငယ်လေးတစ်ဆူကို မြင်ရသည်။ ဤရွာကလေးသည် ရိုးမတောင်ခြေတွင်တည်ရှိပါ၏။ အရှေ့ဘက်တွင် မိုးထိမြင့်မားသော တောင်စဉ်တောင်တန်းကြီးများက တောင်မြောက်သွယ်တန်းလျက်ရှိပါသည်။

စာရေးသူသည် လရောင်အောက်မှ တောင်စဉ်တောတန်းများနှင့် ရွာလေး၏အလှအပတို့ကို မခံစားနိုင်သေးပါ။ စာရေးသူ ဘယ်ကိုခရီးဆက်ရဦးမည်နည်း။ ယနေ့ည ဘယ်မှာအိပ်ရပါမည်နည်း။ ဘုန်းကြီးကျောင်းသို့သွား၍ ဘုန်းကြီးထံလျှောက်ထားရမည်လော။ ရွာထဲကတစ်အိမ်အိမ်သွား၍ ခွင့်ပန်ရမည်လား။ ထွက်လာခဲ့တာများလေခြင်း။ ယခုလောက်ဆို အမေစိတ်ပူနေရှာမည်ဟုလည်းတွေးမိပြီး စိတ်အားငယ်ခြင်း၊ ဝမ်းနည်းခြင်းတို့နှင့်အတူ မျက်ရည်များကျလာပြန်ပါ၏။

ထိုစဉ် ရွာဘက်မှလူတစ်ဦးထွက်လာ၏။ တိမ်မြူကင်းစင်လျက်ရှိသဖြင့် လမင်းကြီးက ထိန်ထိန်သာနေပါသည်။ ထိုလူသည် စာရေးသူထံဦးတည်လာနေခြင်းဖြစ်၍ စာရေးသူထိတ်လန့်တုန်လှုပ်သွားပါသည်။ တဖြည်းဖြည်းနှင့်နီးလာပြီး ဇရပ်လှေကားခြေသို့ရောက်လျှင်-

"တောင်းပန်ပါတယ် ဆရာ၊ ဒီကနေ့သာ ကျွန်တော်လာမကြိုဖြစ်တာပါ အရင်နေ့တွေက (၇) မိုင်ထွက်ပြီး နေ့တိုင်းစောင့်ပါတယ်"

ဟု လှမ်းပြော၏။

မထင်မှတ်ဘဲ ထိုစကားတို့ကို ကြားလိုက်ရသောအခါ စာရေးသူ အံ့သြသွားပါသည်။ လူကြီးသည် အသက်(၆၀) ခန့်ရှိမည်ဟုခန့်မှန်းရပါသည်။ စာရေးသူအား ၎င်း၏ အသိမိတ်ဆွေဆရာဆိုသူနှင့် လူမှားနေခြင်းဖြစ်ပေမည်။

စာရေးသူသည် ဘာပြောရမှန်းမသိ၍ လူမှားနေသည်ကို ထိုသူသိရှိရန် ဇရပ်ပေါ်မှဆင်း၍ လရောင်ဘက်သို့ မျက်နှာမူလျက် ၎င်းနှင့်မျက်နှာချင်းဆိုင်တွင် ရပ်ပြလိုက်ပါသည်။ ထိုသူသည် စာရေးသူကို သေသေချာချာ တွေ့မြင်နေသော်လည်း လူမှားဟန်မတူပါ။

ဆက်ပြီးပြောပြန်သည်မှာ -

"ထင်တော့ထင်သား၊ မကြိုတဲ့နေ့မှ ရောက်လာတတ်တယ်လို့ ထင်တော့ထင်သား။ ဒါတောင် ကျော်ဇေအောင်တို့က ဆရာဇရပ်ပေါ်မှာရောက်နေတယ်ဆိုလို့ သိရတာ"

ဟု ပြောပြီး စာရေးသူကိုတစ်ချက်ကြည့်လိုက်ပြန်ကာ -

"ဆရာထမင်းမစားရသေးဘူးထင်တယ်၊ အိမ်သွားကြစို့"

ထို့နောက် ဇရပ်ပေါ်သို့လှမ်းကြည့်လိုက်ပြီး -

"ဆရာ့အဝတ်အစားအိတ်တွေကော"

ဟု မေးရာ ကားပေါ်တွင် မည်သူများယူသွားသည်မသိပါဟုကြည့်ကောင်းအောင်ဖြေလိုက်ရပါသည်။

ထိုလူကြီးသည် စာရေးသူကို လူမှားနေပြီမှာသေချာပါသည်။ သို့သော် မိမိကဘာမှမပြောဘဲ ၎င်း၏ စကားအသွားအလာအပေါ်တွင်သာ သုံးသပ်ရန်၊ ထိုလူကြီးခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့ပါသည်။ ထိုလူကြီး၏အိမ်မှာ သက်ကယ်တဲကလေးသာဖြစ်ပြီး ကားလမ်းနံဘေး အတွင်းကျကျနေရာတွင်ရှိပါသည်။ ဆန်လည်းညို၊ ဟင်းကလည်းမကောင်းပါ။ သို့သော် စာရေးသူသည် ဆာလောင်နေပြီဖြစ်၍ အတော်အသင့်မျှစားလိုက်ရသည်။ စာရေးသူထမင်းစားနေစဉ် ၎င်းတို့ပြောစကားများအရ ဇာတ်ရည်လည်ခဲ့ရပါသည်။

ဤရွာလေးအမည်မှာ အုန်းတကူးဖြစ်၍ ဤရွာနယ်နိမိတ်အတွင်း တောထဲတောင်ယာများတွင် နေထိုင်သူများကိုပါထည့်ပေါင်းမှ အိမ်ခြေ (၅၀) ခန့်သာရှိပါသည်။ ဤရွာနှင့်အနီးဆုံးဖြစ်သော (၇) မိုင်ကျေးရွာသည်ပင် (၃)မိုင်ခွဲမျှဝေးရာ ကလေးသူငယ်များ ကျောင်းနေရန်မလွယ်ကူပါ။ ထို့ကြောင့် လွန်ခဲ့သော (၄)နှစ်က ကိုယ်ထူကိုယ်ထတွဲဖက်မူလတန်းကျောင်းကလေး ဖွင့်လှစ်ခဲ့ကြသည်။ သို့သော် (၂) နှစ်သာခံပြီးပျက်ခဲ့ရသည်။ ထို့နောက် ကျောင်းဆရာ၊ ဆရာမများ ရှာဖွေငှားရမ်းပြီး ဖွင့်လှစ်သေးသော်လည်း ရွာလေးမှာတောခေါင်ချောင်ကျလှပြီး လည်စရာပတ်စရာ၊ ပျော်စရာမရှိသည့်အပြင် ငှက်ဖျားရောဂါပါထူပြောလှ၍ ကျောင်းဆရာမမြဲဘဲရှိကာ ကျောင်းမဖွင့်နိုင်ဘဲရှိပါသည်။ ရွာတွင် တစ်ယောက်စနှစ်ယောက်စသာ ကျောင်းနေနိုင်ပါသည်။

ထိုသို့ဖြင့် လွန်ခဲ့သော (၁၀) ရက်ခန့်က သစ်ပွဲစားတစ်ဦးရောက်ရှိလာပြီး ရွာကျောင်း၏ အခြေအနေကို သိရှိသွားရာ ၎င်း၏တူကလေးမှာ စာသင်ရသည်ကို ဝါသနာကြီးကြောင်း၊ စာသင်ရလျှင် မည်သည့်အခက်အခဲမဆို သည်းခံနိုင်မည့်သူဖြစ်ကြောင်း၊ သေချာပေါက်လွှတ်လိုက်မည်။ တစ်ပတ်ခန့်ကြာလျှင် (၇) မိုင်မှထွက်ကြိုပါ။ လူပုံစံကတော့ ဇာတ်မင်းသား မန္တလေးသိန်းဇော်ပုံစံမျိုး ဖြူဖြူနွဲ့နွဲ့ဖြစ်ကြောင်းတို့ ပြောကြားသွား၍ စာရေးသူကို ၎င်းတို့မျှော်စောင့်နေသော ထိုကျောင်းဆရာနှင့် ထင်မှားနေကြောင်း သိရှိရပါသည်။ စာရေးသူကို လာရောက်ခေါ်ဆောင်သူမှာ ဦးစက်ဖေဖြစ်ပြီး ဂေါပကအဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်းတို့ကိုလည်း သိရှိရပါသည်။

ထမင်းစားပြီးသောအခါ စာရေးသူအား ဘုန်းကြီးကျောင်းသို့ခေါ်သွားပြီး ဆရာတော်နှင့် မိတ်ဆက်ပေးသည်။

"အရှင်ဘုရား၊ တပည့်တော်ပြောတဲ့ ကျောင်းဆရာရောက်ပါပြီဘုရား"

"ဟေ - ဒါဆို ကောင်းတာပေါ့"

ဟု ဆို၍ ကိုရင်လေးတစ်ပါးကို-

"ရွာဆော် ဒေါ်ဝင်းမေကို ခေါ်ချေ"

ဟု စေခိုင်းလိုက်၏။

မကြာလိုက်ပါ။ ကိုရင်လေးနောက်မှ ရွာဆော်ဒေါ်ဝင်းမေ ဟူသော မိန်းမကြီးလိုက်လာလျှင် ဆရာတော်က ရွာဆော်ဒေါ်ဝင်းမေအား ဂေါပကအဖွဲ့ဝင်များ၊ ကျောင်းကော်မတီများနှင့် ရယက ဥက္ကဋ္ဌတို့ကို ဆင့်ခေါ်စေ၏။

မကြာလိုက်ပါ။ ရွာသား (၁၀) ဦးခန့် ရောက်လာ၏။ ဥက္ကဋ္ဌသည်လည်း စကားနည်းသည်။ ဂေါပကဥက္ကဋ္ဌ ဦးသံချောင်းသည်လည်း စကားနည်း၏။ ကျောင်းကော်မတီများလည်း စကားနည်းကြသည်။ သို့သော် ကျောင်းကော်မတီများထဲမှ ကိုမြင့်ဦးဆိုသူသည် လူရည်လည်ပုံရပြီး စကားဆိုင်းကို



www.burmeseclassic.com

www.burmeseclassic.com

ဦးဆောင်လျက်ရှိပါ၏။

"ကျောင်းဆရာ၊ ကျွန်တော်တို့ရွာမှာ ဆရာတွေရောက်ရောက်လာတိုင်း ကျောင်းဖွင့်ဖို့ ကျုပ်တို့မှာ ကြိုးစားရုန်းကန်ရတယ်။ ကျုပ်တို့မှာ ဘယ်ကထောက်ပံ့ငွေမှမရှိဘူး။ ဘာမှမကြာဘူး ကျောင်းဆရာတွေက ပြန်ပြေးရော။ အဲဒီတော့ ကျောင်းကော်မတီလည်း နာမည်ပျက်ရော။ အဲဒီတော့ ရွာကို ညည်းရုံးဖို့ရာခက်သွားပြီ။ အဲဒီတော့ ကျောင်းဆရာ စာသင်မယ်ဆိုရင် (၁)နှစ်အနည်းဆုံးစာချုပ်ရမယ်။ ဒါမှကျွန်တော်တို့လည်း ရွာကလူတွေကို အာမခံနိုင်မှာ"

ဟု ဆိုလျှင် ဆရာတော်မှလည်း-

"ဟုတ်တယ် ဆရာလေး၊ ကျုပ်တို့ကျောင်းဖွင့်မယ်ဆိုရင် ရွာသူရွာသားတွေက တစ်လတောင်မခံလောက်ဘူးဆိုပြီး ကျောင်းအပ်မယ့်သူမရှိတော့ဘူး။ ဒါကြောင့် ဆရာလေးတစ်နှစ်နေနိုင်ပါ့မလား"

ဟု၍ မေးနေဆဲ ရွာသားတစ်ဦးက -

"ဟုတ်တယ် - ကျောင်းဖွင့်မယ်ဆိုပြီး ကျုပ်တို့ဆီကငွေတွေကောက်တယ်။ ကျောင်းမဖွင့်ဖြစ်တော့ ပြန်မပေးတော့ဘူး"

"တော်ကြစမ်းပါဗျာ၊ ခင်ဗျားတို့ကလည်း ဒီမှာဆရာလေးရဲ့ဆန္ဒကိုမေးနေတာကို"

ဟု ဆရာတော်မှ ဝင်ရောက်ဟန့်တားလိုက်ပြီး -

"ကဲ - ဆရာလေး ဘယ်လိုလဲ။ သေသေချာချာစဉ်းစားဆုံးဖြတ်ပြီးမှကတိပေးပါ"

စာရေးသူလည်း ဟန်ကိုယ့်ဖို့ ရှိသော စကားအတိုင်း -

"အရှင်ဘုရား၊ တပည့်တော်သင်ချင်လို့ကိုလာတာပါဘုရား။ ဒါကြောင့် တစ်နှစ်မက ကတိပေးနိုင်ပါတယ်"

ဟု ပြောလိုက်ပါသည်။

ဆရာတော်သည် ရွာသားများအား မနက်ဖြန် လိုအပ်သည်များကို ပြင်ဆင်ပြီး သန်ဘက်ခါကျောင်းဖွင့်နိုင်မည်ဟု ပြောကြားကာ ရွာသားများကို ပြန်လွှတ်လိုက်သည်။

"ကဲ - ဆရာလေးလည်း ခရီးပန်းလာတယ်။ အချိန်လည်းမရှိတော့ဘူး ဆိုတော့ ကိုရင်မာလာပြင်ပေးထားတဲ့ နေရာကိုအိပ်ရာမှာပဲအိပ်လိုက်တော့"

ဟု ဆို၍ -

စာရေးသူလည်း -

"တင်ပါ့ဘုရား"

ဟု လျှောက်ထားကာ ဆရာတော်ကို ကန်တော့၍ အိပ်ရာဝင်လိုက်ပါသည်။

အပြင်တွင် လမင်းကြီးသည် ထိန်ထိန်သာလျက်ရှိကာ ရိုးမတောင်ခြေနှင့်နီးကပ်၍ထင်ပါ၏။ အေးမြလျက်ရှိပါသည်။ စာရေးသူ၏ဆန္ဒအတိုင်း စာရေးသူအတွက် မပင်မပန်း အေးအေးချမ်းချမ်း အချိန်ကြာမြင့်စွာနေထိုင်နိုင်ရေးကတော့ မမျှော်လင့်ဘဲ အဆင်ပြေသွားပြီ ဖြစ်ပါသည်။ ထိုအတွက်တော့ စိတ်အေးရပြီ ဖြစ်ပါသည်။ သို့သော် အိမ်တွင် မည်သို့ဖြစ်နေလေမည်နည်း။ အမေသည် စာရေးသူအတွက် စိတ်ပူနေမည်မှာသေချာပါ၏။ သို့သော် ဒီတစ်ညတော့ အလွန်ကြီးစိတ်ပူဦးမည်မဟုတ်သေးပါ။ တစ်ခါတစ်ရံ စာရေးသူသည် မန္တလေးတွင် တစ်ညတလေအိပ်လေ့ရှိပြီး မြို့သာသို့လည်း တစ်ညအိပ်မျှ လိုက်ပါသွားတတ်သောကြောင့် ထိုသို့ထင်မှတ်နေမည်ဖြစ်၏။ နောက်တစ်ညပါ ပြန်မရောက်လာလျှင်တော့ စာရေးသူ၏အစ်ကို ကိုဝင်းကိုအား ရှာဖွေစုံစမ်းခိုင်းတော့မည် ဖြစ်ပါ၏။ စာရေးသူသည် တစ်နှစ်နေပါမည်ဟု စာချုပ်လိုက်ပြီဖြစ်၏။ ၎င်းတို့တကယ်စောင့်မျှော်နေသော ကျောင်းဆရာရောက်လာခဲ့လျှင်တော့ ဆရာတော်နှင့်ရွာသားများကို တောင်းပန်ပြီး ပြန်ရုံသာရှိပါ၏။ ကံအကြောင်းတရားတို့ကသာ သင့်ရာလမ်းကြောင်းပေါ် ခေါ်ဆောင်သွားလိမ့်မည်ဟု နှလုံးပိုက်၍ စာရေးသူသည် ၎င်းတို့ထင်ထားသော ကျောင်းဆရာမဟုတ်ပါဟုမပြောပြတော့ဘဲနေလိုက်၏။ ဆရာတော်နှင့် ရွာသားများသည် ရိုးသားလှ၏။ စာရေးသူကို နေရပ်လည်းမမေး၊ နာမည်လည်းမမေး၊ မှတ်ပုံတင်လည်းမပြခိုင်းပါ။ ဥက္ကဋ္ဌ ဦးရဲမောင်၏ ခေသ့်စာရင်းစာအုပ်ထဲမှာပင် ဤယနေ့မှစ၍ တစ်နှစ်ပြည့်သည်အထိ ဤကျောင်းတွင် ကျောင်းဆရာပြုလုပ်မည်ဖြစ်ကြောင်း ကတိပြုပါသည်ဟုရေးပြီး လက်မှတ်(ဆိုင်း)ထိုးပေးလိုက်ခြင်းသာဖြစ်၍ နာမည်၊ မှတ်ပုံတင်နံပါတ်တို့ မရေးပါ။ ထိုမျှကိုပင် ၎င်းတို့သည် ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်လျက်ရှိနေကြ၏။

စာရေးသူသည် အိပ်ရာအပြောင်းအလဲကြောင့်လည်းကောင်း၊ မိသားစုနှင့် ကျေကျေနပ်နပ်အသိပေးပြီး တစ်ညတာ တစ်ခဏတာအလည်အပတ်သွားရောက်အိပ်စက်ခြင်းမဟုတ်၍ လည်းကောင်း၊ မိသားစုအတွက် စိတ်မကောင်းဖြစ်၍ လည်းကောင်း၊ ဤကဲ့သို့ ပြုလုပ်မိသည်အထိ မိမိ၏စိတ်ကိုမိမိမထိန်းသိမ်းနိုင်ရကောင်းလောဟု ကိုယ့်ကိုယ်ကိုယ်မကျေနပ်ဖြစ်ရခြင်းကြောင့်လည်းကောင်း၊ ဘဝ၏ အကြီးမားဆုံးသော အချိုးအကွေ့အပြောင်းအလဲကို ရင်ဆိုင်ကြုံတွေ့ရ၍ လည်းကောင်း၊ သန့်ရှင်းမှုမရှိသော တောရွာဘုန်းကြီးကျောင်းတို့၏သဘာဝအတိုင်း အနံ့အသက်မျိုးစုံတို့၏ နှောင့်ယှက်မှုတို့ကြောင့် လည်းကောင်း၊ ကြမ်းပိုးကိုက်ခြင်းကြောင့်လည်းကောင်း၊ ထိုခံစားချက်မျိုးစုံတို့ကြောင့် လည်းကောင်း ဘယ်လူးညာလှိမ့်ဖြင့် အိပ်မပျော်နိုင်ဘဲရှိနေပါ၏။

ဆန်းကြယ်သော ကံအကြောင်းတရားတို့ကိုလည်း အံ့ဩမိ၏။ အကယ်၍ စာရေးသူသည် ဤရွာကလေးတွင် ကျောင်းဆရာလိုအပ်နေချိန်၊ ကျောင်းဆရာကို မျှော်နေကြချိန်မဟုတ်ခဲ့လျှင် စာရေးသူသည် ဘုန်းတော်ကြီးထံသို့မဟုတ် ရွာထဲမှတစ်အိမ်အိမ်တို့တွင် ခွင့်တောင်းပြီး တစ်ရက်၊ နှစ်ရက်နေပြီးသည်နှင့် ပြန်ရုံသာရှိပါတော့၏။ ယခုလိုနေထိုင်နိုင်ခွင့်ရရှိမည်မဟုတ်ပါ။ ထိုသို့ဖြင့် စာရေးသူသည် အတွေးများယောက်ယက်ခတ်လျက် (၃)နာရီလောက်မှ အတွေးစတို့မှေးမှိန်သွားပြီး အိပ်ပျော်သွားပါသည်။ ထိုစဉ် စာရေးသူအိပ်စက်သော ဘုန်းကြီးကျောင်း၏ တောင်ဘက်ရှိ လှည်းလမ်းအတိုင်း မြွေဖြူကြီးတစ်ကောင် ရွာဘက်မှ ထွက်လာဟန်ရှိ၍ လှည်းလမ်းအတိုင်းလိုက်သွားပါသည်။ မြွေကြီးမှာ ကြီးမားလှ၍ မီးရထားတွဲကြီးမျှရှိပါသည်။ လှည်းလမ်းအပြည့်ဖြစ်ပါ၏။ လှည်းလမ်းမှာကွေ့ကောက်လျက်ရှိပြီး နံဘေးတွင်လည်း ဝါးရုံများ၊ သစ်ပင်ချုံနွယ်များရှိနေရာ ခဏနှင့်မျက်ကွယ်ဖြစ်သွားပြီး မမြင်ရတော့သော်လည်း စာရေးသူမှာ ငေးကြည့်နေမိ၏။ အတန်ကြာသောအခါ၌ မြွေကြီးသည် တောင်တန်းပြာကြီးပေါ်သို့ ရောက်ရှိသွားပြီထင်ပါ၏။ ဝေးလွန်းလှ၍ လည်းကောင်း၊ တောင်ပေါ်တွင် သစ်တောကြီးများအုပ်ဆိုင်းလျက်ရှိသောကြောင့်လည်းကောင်း မြွေကြီးကိုမမြင်နိုင်၊ မမြင်ရတော့ပြီဖြစ်သော်လည်း မြွေကြီးမှအလင်းရောင်များရှိသဖြင့် အလင်းတို့သည် ဘေးသို့မပျံ့နှံ့သော်လည်း တောင်တန်းကြီးပေါ်တွင်

www.burmeseclassic.com

မြွေကြီးစင်းနေသည့်သဏ္ဍာန်ဖြူဖြူကြီးကို လှမ်းမြင်နေရပါသည်။ ထိုစဉ် လူသံများ ကြားလာ၍ နီးလာသောအခါ မိုးစင်စင်လင်းနေပြီ ဖြစ်သည်။

ကိုရင်လေးညွှန်ပြသော ကျောင်းမြောက်ဘက် လက်ငင်ရေတွင်းတွင် သွားရောက် မျက်နှာသစ်မည်ပြုစဉ် ဆရာတော်က ဆပ်ပြာခဲ၊ သွားတိုက်တံ၊ မျက်နှာသုတ်ပဝါတို့ကိုထုတ်ပေးပါသည်။ ဆရာတော်၏ ဘွဲ့အမည်မှာ ဦးသုမင်္ဂလဖြစ်ပြီး အသားလတ်လတ် ပိန်ပိန်ပါးပါး ပုပုကလေးဖြစ်သည်။ စာရေးသူကို စတွေ့သောအချိန်ကတည်းက စာရေးသူအား စေတနာထားရှိ၍ မေတ္တာတရားအပြည့်နှင့် ဆက်ဆံနေသည်ကို သတိပြုမိ၏။

"ဆရာလေး ကျုပ်ကျောင်းမှာပဲနေ၊ ကျုပ်ကျောင်းမှာပဲစားဗျာ။ လခတစ်ကောင်ပေးမယ် ရရဲ့လား"

ဟု မေးပါသည်။

စာရေးသူအဖို့ရာတွင် နေရေးထိုင်ရေး၊ စားရေး အဆင်ပြေသွားသည့်အတွက်ကိုပင် ဆရာတော်အား ကျေးဇူးတင်လျက်ရှိနေပြီဖြစ်ရာ -

"ရပါတယ်ဘုရား"

ဟု ပြန်လည်လျှောက်ထားလိုက်သည်။ ကိုရင်လေးလာချသောဆန်ပြုတ်နှင့် ရေနွေးကြမ်းကို သောက်လျက်ရှိစဉ် ရွာသူရွာသားများတဖွဲဖွဲရောက်လာကြသည်။ ကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ကြသည်။ ဥပုသ်ဇရပ်အဖြစ်အသုံးပြုဟန်တူသော ဆရာတော်ကျောင်းနှင့်ကပ်လျက် သက်ကယ်တဲလေးပေါ်တွင် လောလောဆယ် စာသင်ကြားနိုင်ရေးအတွက် သန့်ရှင်းရေးလုပ်ကြသည်။ ဝါးကြမ်းခင်းအချို့ လဲလှယ်ကြပါသည်။ သက်ကယ်တို့ကို နီးဖြင့်ပြန်လည်တုပ်နှောင်ကြ၏။ ထိုင်ခုံမပါ စာရေးခုံနိမ့်ကလေးများနှင့် ဘလက်ဘုတ် (ကျောက်သင်ပုန်း) ခပ်သေးသေး (၃) ချပ်ကိုလည်း ရေဆေးသန့်စင်ကြ၏။

ရွာသူရွာသားတို့သည် စာရေးသူကို ကြည့်ကွက်ကြည့်ကွက်လုပ်နေကြပြီး-

"ကျောင်းဆရာကလည်း ပျော့တိပျော့ဖတ်နဲ့ တစ်နှစ်မပြောနဲ့ တစ်ပတ်တောင်ခံပါ့မလားအေ"

"ကြည့်ရတာ မြို့ကနဲ့တူတယ်၊ ဒီလိုရွာမှာနေနိုင်မယ်မထင်ပေါင်"

ထိုစဉ် ကိုမြင့်ဦးက -

"နင်တို့ လေဖောဖို့ခေါ်ထားတာမဟုတ်ဘူး၊ အလုပ်လုပ်ဖို့ခေါ်ထားတာ။ အပိုတွေပြောမနေကြနဲ့"

ဟု ဟန့်လိုက်ပြီး စာရေးသူကိုအားနာဟန် တစ်ချက်လှမ်းကြည့်လိုက်ပါသေး၏။ ခဏကြာလျှင် ကျောင်းဝင်းအတွင်းသို့ ဆင်ကြီးတစ်စီးရောက်ရှိလာ၏။ ဆင်ဦးစီးဆင်းလာပြီး ဆရာတော်ထံလာကန်တော့ရာ -

"ဆရာလေးရေ၊ ဒါကဆင်ခေါင်းမောင်ခင်တဲ့။ မြေဖြူတို့၊ သင်ပုန်းဆေးတို့၊ ဘောဖျက်တို့ရယ်၊ ကျောင်းသုံးစာအုပ်၊ ခဲတံ၊ ဘောလ်ပင်တွေဝယ်ဖို့ရယ် ခေါ်ထားတာ။ ဆရာလေး သူနဲ့လိုက်သွားပေတော့။ ရော့ - ပိုက်ဆံ"

ဟု ဆိုကာ ငွေငါးထောင်ထုတ်ပေးသည်။

ဤသို့ဖြင့် စာရေးသူသည် ပထမဆုံးအကြိမ်အဖြစ် ဆင်စီးဖူးပါတော့သည်။ မောင်ခင်သည် ရှမ်းတိုင်းရင်းသားတစ်ယောက်ဟု သိရသည်။ အသက် (၃၀) ဝန်းကျင် ပုပျပ်ပျပ်၊ ကိုယ်ထည်တောင့်တောင့်ဖြစ်ပြီး သဘောကောင်းဖော်ရွေ၏။ စကားမပီသော်လည်း စကားများစွာပြောနိုင်သူ ဖြစ်ပါသည်။

"(၇)မိုင်ထက် ဇရပ်ကွင်းကပစ္စည်းပိုစုံတယ်"

ဟု ပြောသဖြင့် စာရေးသူတို့ ဇရပ်ကွင်းအထိသွားခဲ့ကြသည်။ ဇရပ်ကွင်းသည် တောင်စခန်းမြို့ကလေးဖြစ်ပြီး ခေတ်မီတိုက်တာအဆောက်အအုံများလည်းရှိ၍ ဈေးလည်းရှိသည်။ စတိုးဆိုင်ကြီးများလည်းရှိသည်။ ရွှေပန်းထိမ်ဆိုင်များလည်းပေါ၏။

"ဒီဆိုင်တွေက အထည်ရောင်းဖို့ကအဓိကမဟုတ်ဘူး။ ရွှေကောက် (ရွှေအရိုင်းများဝယ်ယူခြင်း) သာအဓိကပေါ့။ ဒီပတ်လည်မှာရွှေထွက်တဲ့ရွှေလုပ်ကွက်ကွက်ရပ်တွေချည်းပဲ"

ဟု မောင်ခင်က ပြောပါသည်။

မောင်ခင်မှ ထမင်းဆိုင်တစ်ဆိုင်တွင် စာရေးသူကို ထမင်းကျွေးသည်။ ထို့နောက် လက်ဖက်ရည်သောက်ကြသည်။ စာရေးသူလည်း ကျောင်းသုံးပစ္စည်းများအပြင် အဝတ်အစား (၃) စုံနှင့် အခြားအသုံးအဆောင်ပစ္စည်းအချို့ ပါဝယ်ယူပြီး အုန်းတကူးသို့ ပြန်ခဲ့ကြသည်။ လမ်းတွင် စာရေးသူက -

"ဒီရွာမှာ ဗမာသိပ်မရှိဘူးထင်တယ်"

ဟုမေးရာ -

"ဟုတ်တယ် ရှမ်း၊ ကဒူးတွေများတယ်။ ဗမာတွေကလည်း အထက်ပိုင်းဗမာတွေဆိုတော့ စကားလည်းဝဲတယ်။ အသုံးအနှုန်းတွေလည်းကွဲပြားတယ်"

ဟု မောင်ခင်မှပြောပါသည်။

နောက်ရက်တွင် ကျောင်းစဖွင့်သည်။ ကျောင်းသား (၈) ယောက်ခန့်ရှိ၏။ တဖြည်းဖြည်းနှင့် တစ်ပတ်ခန့်ကြာသောအခါ ကျောင်းသား (၂၀) ကျော်လောက် ဖြစ်လာသည်။ ထိုအခါ တဲငယ်လေးပေါ်တွင်ကျပ်လာ၏။ ထို့ကြောင့် ဆရာတော်မှ ကျောင်းကော်မတီကိုခေါ်ယူ၊ ဥက္ကဋ္ဌကိုခေါ်ယူပြီး သစ်ဝါးသက်ကယ်တို့ ရှာဖွေစုဆောင်းစေပြီး ယခုဘုန်းကြီးကျောင်းနှင့် ဘေးချင်းယှဉ်၍ သုံးခန်းနှစ်ခန်းထရံနှစ်ဖက်ကာလှေကားတစ်ထစ်တက် သစ်သားကြမ်းခင်းနှင့်ဆောက်လုပ်မည်ဖြစ်ရာ ထိုကျောင်းဆောင်သည် ယခုတဲကလေးထက် (၃)ဆမျှရှိပါသည်။ ယခုတဲကလေးမှာ တစ်ခန်း၊ နှစ်ခန်းသာရှိပါ၍ ကျဉ်းလှပါသည်။

(၁) လခန့်အကြာတွင် အုန်းဇုန်းသို့ ခေတ္တသွားရောက်နေထိုင်လျက်ရှိသော ဦးပဥ္စင်းဦးတေဇော ပြန်လည်ရောက်ရှိလာလေသည်။ ဦးပဥ္စင်းသည်လည်း စာရေးသူကို ခင်မင်ပါသည်။ ဦးတေဇောရောက်ရှိပြီး မကြာမီ ဥက္ကဋ္ဌ၊ ကျောင်းကော်မတီတို့ကို ခေါ်ယူ၍ ကျောင်းအတွက် တိုင်ပင်ကြပါသည်။ တွဲဖက်ကျောင်းလျှောက်ထားမည်လော၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း လျှောက်ထားမည်လောဟု တိုင်ပင်စဉ်းစားကြရာ တွဲဖက်ကျောင်းလျှောက်ထားလျှင် အလုပ်ရှုပ်မည်။ ဘ/ကကျောင်း လျှောက်ထားလျှင် လွယ်ကူသည်ဟုဆို၍ ဘ/ကကျောင်းလျှောက်ထားရန်ဆုံးဖြတ်လိုက်ကြသည်။

ထို့ကြောင့် ဥပုသ်နေ့သို့ရောက်သောအခါ ဦးပဥ္စင်းဦးတေဇော၊ စာရေးသူ၊ ကျောင်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများဖြစ်သော ကိုမြင့်ဦးနှင့် ကိုမြင့်ဆွေတို့ လိုက်ပါ၍ ဘ/ကဥက္ကဋ္ဌနေထိုင်ရာ ချောင်းကြီးကျေးရွာသို့ ထွက်ခဲ့ကြသည်။ သပိတ်ကျင်းမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးဥက္ကဋ္ဌဆရာတော်မှာ ဘွဲ့တော် ဦးဝိမလဖြစ်ပြီး သက်တော် (၃၀) ကျော်မျှသာရှိသေး၏။ အသားညိုညို၊ ဝဝ၊ ပုပု၊ ဥပမိရုပ်ကောင်းမွန်လျက် ထက်မြက်ပုံရပါသည်။ သဘောကောင်းလှပါ၏။ စာရေးသူကို ဖော်ရွေရင်းနှီးစွာ ဆက်ဆံပါသည်။ အုန်းတကူးကျောင်းအား အမှတ်(၁၃)ဘုန်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

သင်ပညာရေးမူလတန်းကျောင်းအဖြစ် စာရင်းသွင်းကာ အသိအမှတ်ပြုပေးလိုက်သည်။ ကျောင်းတံဆိပ်တုံးအပ်နှံမှု ငွေသွင်းခဲ့ရသည်။ တစ်လ၊ နှစ်လခန့်ကြာလျှင် ကျောင်းအနေအထားနှင့် သင့်ကျောင်းသားအတိုးအလျှော့စာရင်းပေးပို့ရန်၊ ညွှန်ကြားချက်များကိုရယူရန် ကျောင်းကြီးသို့ လာရောက်ရမည်ဟု စာရေးသူအား မှာကြားပါသည်။

ထိုရက်နောက်ပိုင်းများမှစတင်၍ ကျောင်းကော်မတီများ၊ ရွာသူရွာသားများ၊ တပည့်များနှင့် စာရေးသူမှာ တစ်သားတည်းကျလျက် ရင်းနှီးခင်မင်လျက်ရှိနေကြပြီး ဖြစ်သည်။ အစောပိုင်းရက်များက နေ့ခင်းမှဟင်းကျန်များကို စားရသည်ဖြစ်ရာ ထမင်း၊ ဟင်းတို့ ကြောခဏသိုးတတ်ပါ၍ ညနေစာပုံမှန်မစားရဘဲရှိ၏။ ထိုအကြောင်းကို ကိုမြင့်ဦး ကိုမြင့်ဆွေ၊ ကိုတင်ဝင်းတို့ သိရှိကြသောအခါတွင် ညနေတိုင်း ၎င်းတို့က တစ်လှည့်စီထမင်းပို့ကြသည်။ ၎င်းတို့ကို အတုယူ၍ အခြားအိမ်များကလည်း ပို့ကြ၏။ ကလေးများက သူများပို့သောအခါ ပို့ချင်ကြ၍ နောက်ဆုံးတွင်တော့ ကျောင်းသားတိုင်း အလှည့်ကျပို့စေရပါသည်။ နေ့လယ်စာကိုတော့ ကျောင်းမှာ ထမင်းပါသည်။ ကျေးလက်ဒေသ ရွာလေးဖြစ်၍ မျှစ်ပေါ်ချိန်ဆိုလျှင် မျှစ်ဟင်းခွက်များချည်း။ ပဲပေါ်ချိန်ဆိုလျှင် ပဲဟင်းခွက်များချည်း။ အင်ဥ၊ မှိုတို့ပေါ်လျှင်လည်း ထိုဟင်းများချည်းဖြစ်ပါ၏။ သို့သော် တစ်အိမ်နှင့်တစ်အိမ် ဟင်းချက်လက်ရာများကွာခြား၍ အရောင်၊ အဆင်း၊ အနံ့၊ အရသာတို့ ကွာခြားသောကြောင့် အဆင်ပြေပါသည်။ ကိုမြင့်ဆွေသည် တောလိုက်ဝါသနာပါ၍ ရံဖန်ရံခါ တောဝက်သား၊ ချေသား၊ မျောက်သား တို့စားရသည်။ ဆင်ခေါင်းကြီး ဦးချစ်ဖေကလည်း တစ်ခါတစ်ရံ တောကြက်သားဟင်းများလာပို့ပါသည်။

စာရေးသူလည်း ရံဖန်ရံခါ အိမ်ကို သတိရသည်မှလွဲ၍ ကျောင်းသူကျောင်းသားများနှင့် ပျော်မွေ့လျက်ရှိပါသည်။ စာရေးသူ၏ကျောင်းတွင် ဒုတိယတန်းမှ သူငယ်တန်းအထိသာရှိပြီး နောက်ပိုင်းတွင် ကျောင်းသားဦးရေ (၃၀) ကျော်ခန့်အထိ တိုးလာခဲ့သည်။ ရံဖန်ရံခါတွင် ဦးတေဇောမှ ဝိုင်းကူ၍သင်ပေးပါသည်။

စာရေးသူသည် လည်ပတ်စရာလည်းမရှိသဖြင့် အချိန်အားနေလျှင်လည်း အတွေးမျိုးစုံ ဝင်ရောက်နေမည်စိုး၍လည်းကောင်း၊ အတန်းစုံကိုတစ်ယောက်တည်းသင်ရသည်ဖြစ်ရာ သာမန်စာသင်ချိန်မျှနှင့် ကျောင်းသားများအတွက် ထိရောက်မှုနည်းသဖြင့် စာသင်ချိန်ကို တိုးမြှင့်လိုက်ပါသည်။

(၈) နာရီ ကျောင်းတက်သည်။ (၁၁) နာရီခွဲတွင် ကျောင်းဆင်းသည်။ (၁) နာရီတွင် ကျောင်းပြန်တက်သည်။ ညနေ (၄) နာရီတွင် ကျောင်းဆင်းသည်။ ည (၇) နာရီမှ (၈) နာရီခွဲအထိ ညကျောင်းဖွင့်သည်။ ဥပုသ်နေ့တစ်ရက်သာပိတ်သည်။ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့် စသော ကာလတို့မှာပင် အဖိတ်၊ ဥပုသ်၊ ဥပုသ်ထွက် (၃) ရက်သာ ပိတ်ပါသည်။ စာရေးသူသည် ကလေးများကို မရိုက်မနှက်ပါ။ စာလည်းတတ်စေရမည်၊ ပျော်လည်း ပျော်စေရမည်ဟူသော နည်းလမ်းကို လက်ကိုင်ထား၍ စာကိုလည်းမငြီးငွေ့စေရန်၊ စာလည်းတတ်စေရန်၊ ဆရာကိုလည်း မကြောက်ရွံ့စေဘဲ၊ ပြောရဲဆိုရဲ၊ လုပ်ရဲကိုင်ရဲရှိစေရန် မှတ်သားဖွယ် ပုံပြင်ကလေးများ၊ ကဗျာကလေးများကို သင်ကြားပေးသည်။

ကလေးများကိုလည်း ကဗျာဆိုခိုင်းသည်။ သီချင်းဆိုခိုင်းသည်။ က,ခိုင်းသည်၊ ပြဇာတ်တိုကလေးများ သင်ကြားပေးပြီး ပြဇာတ်ခင်းစေသည်။ ထိုအခါ ကလေးများ ပျော်ရွှင်ကြ၏။ ထို့အပြင် သန့်ရှင်းရေးကိုလည်း တပျော်တပါးလုပ်စေသဖြင့် ကျောင်းတွင်း၊ ကျောင်းပြင်၊ သန့်ရှင်းသပ်ရပ်လျက်ရှိနေပြီး ကလေးတို့သည် ကျောင်းမှပြန်သည်ဟု မရှိကြတော့ပါ။

ထို့ကြောင့် ရွာသူရွာသားများက-

"အရင်ဆရာတွေလက်ထက်တုန်းကတော့ ကလေးတွေကျောင်းကိုမသွားချင်ကြလို့ ရိုက်နှက်ထည့်နေရတယ်။ အခု ဒီကျောင်းဆရာလက်ထက်ကျတော့ ကလေးတွေကကျောင်းချည့်သွားချင်နေကြလို့ အိမ်အလုပ်တောင် ဘာမှခိုင်းလို့မရတော့ဘူး"

ဟု ရယ်ရွှင်ဖွယ်ပြောကြသော်လည်း ၎င်းတို့စိတ်တွင် ကျေနပ်အားရလျက်ရှိကြပါ၏။

ကလေးများကလည်း မိဘတို့ပြောမည်ဆိုလည်း ပြောစရာပင်ဖြစ်ပါသည်။ (၈) နာရီမှ ကျောင်းတက်သည်ဖြစ်သော်လည်း ကလေးတချို့သည် မနက်လင်းသည်နှင့် ကျောင်းသို့ရောက်နေကြပြီဖြစ်သကဲ့သို့ ညကျောင်းအတွက်လည်း နေမဝင်ခင်ကတည်းက ကျောင်းသို့ ပြန်လည်ရောက်ရှိနေကြပြန်ပြီဖြစ်ရာ ကလေးတို့သည် အိမ်သို့ ရေချိုး၊ ထမင်းစားနှင့် ညအိပ်ရုံမျှသာ ပြန်ကြတော့သည့်သဘောပင်ဖြစ်ပါ၏။

ထိုသို့ဖြင့် ကျောင်းအသစ်ပေါ်သို့ ပြောင်းရွှေ့ပြီး (၁) လခန့်အကြာတွင် ကျောင်းခေါင်ပေါ်တွင် ထန်းမြွေကဲ့သို့ (၂)ပေခန့်ရှည်လျားသော မြွေအဝါကျားလေးတစ်ကောင် လှည့်လည်သွားလာနေသည်ကိုတွေ့ရလေ့ရှိ၏။ ကလေးများက ၎င်းတို့အပေါ်သို့ ပြုတ်ကျမည်စိုး၍ ၎င်းတို့ခေါင်းပေါ်တွင် ကျောင်းခေါင်ပေါ်မှ မြွေလေးထွက်လာလျှင် ကလေးတို့ပြေးကြ၏။ ထိုမြွေကလေးသည် ဘယ်မှမသွားပါ။ (၁၅) ရက်ခန့်ကြာနေပြီ ဖြစ်ပါ၏။

တစ်ရက်တွင် ဦးပဥ္စင်းဦးတေဇော ရောက်ရှိနေချိန် မြွေကလေးထွက်လာရာ ကလေးများ ရုတ်ရုတ်သဲသဲဖြစ်နေကြ၍ ဦးတေဇောသည် စာရေးသူစာပြသော ဝါးခြမ်းတုတ်ချောင်းကို ဂါထာရွတ်ပြီး မြွေကလေး၏ ရှေ့တွင် ဝါးလုံးကိုထောက်လိုက်၏။ ထိုအခါ မြွေကလေးသည် ထိုတုတ်ကိုလာ၍ရစ်ပတ်၏။ ဦးပဥ္စင်းသည် မြွေလေးကိုယူဆောင်ပြီး ကျောင်းဝင်းအနောက်မြောက်ထောင့်ရှိ လက်ပံပင်ကြီးတွင် တုတ်ကိုထောက်လိုက်ရာ မြွေကလေးသည် လက်ပံပင်ကြီးပေါ်သို့ တက်သွားပါသည်။ ထိုအခါ ဦးပဥ္စင်းသည် ပြန်လာခဲ့ပြီးနောက် ဘုန်းကြီးကျောင်းပေါ်သို့ ကွမ်းယာတက်ယာပြီးမှ စာရေးသူ၏ကျောင်းပေါ်သို့ တက်လာ၏။ ထိုအခါ အံ့သြဖွယ်ကြုံတွေ့ရသည်မှာ မြွေလေးသည် ကျောင်းခေါင်ပေါ်သို့ ပြန်လည်ရောက်ရှိနေခြင်းပင် ဖြစ်ပါသည်။

သို့သော် နောက်ရက်မှစ၍ မြွေကလေးထွက်ပေါ်လာခြင်း မရှိတော့ပါ။ သို့ဖြင့် တစ်ပတ်ခန့်အကြာတွင် နေ့လယ်ခင်းစာသင်နေချိန် ကလေးတစ်ယောက် ကြမ်းကြားမှ ခဲတံကျသွားသဖြင့် ဆင်းကောက်ရာမှ -

"မြွေ. . . မြွေ"

ဟု အော်သဖြင့် စာရေးသူနှင့် ကလေးများ ကျောင်းအောက်သို့ဆင်းပြီး ငုံ့ကြည့်ကြရာ မီးခိုးရောင် (၃) ပေခန့် ရှည်လျားသော မြွေတစ်ကောင်ကို တွေ့ကြရသည်။ ကလေးများ ဝိုင်းအုံဆူညံကြသောကြောင့် မြွေသည် ကျောင်းဝင်းဘက်စည်းရိုးအတွင်းသို့ ဝင်သွားပြီး

www.burmeseclassic.com

ပျောက်သွားသည်။ စာရေးသူတို့လည်း စာဆက်ပြီးသင်ကြ၏။

ထိုအချိန်၌ ညအခါတွင် စာရေးသူထံ အလှူညီကျကျောင်းသားများ လာရောက် အိပ်စက်နေပြီ ဖြစ်သည်။ အောင်နေလင်း၊ ကျော်စွာမြင့်၊ တာတီး၊ မိုးနိုင်နှင့် ချိုသင်းတို့ ဖြစ်ကြ၏။ ၎င်းတို့သည် စာရေးသူ ညရေးညတာ အပေါ့အပါးသွားလာရာ၌ အဖော်အဖြစ်လိုက်ပါပေးကြသကဲ့သို့ ရေနွေးတည်၊ ရေနွေးခပ်၊ အိပ်ရာခင်း၊ အိပ်ရာသိမ်းတို့အပြင် နံနက်မျက်နှာသစ်ရန် ရေခပ်ပေးကြ၏။ ထိုနေ့၏နောက်နေ့နံနက်တွင် စာရေးသူသည် ကျောင်းခါးပန်းမှ မျက်နှာသစ်ချလျက်ရှိစဉ် မြက်ကြားထဲမှ မနေ့ကတွေ့သော မီးခိုးရောင်မြွေထွက်လာပြန်၏။ မြွေကိုမြင်လိုက်သည်နှင့် စာရေးသူလည်း ကြက်သီးများထသွားသည်။ စိတ်တွင်လည်း တစ်မျိုးခံစားလိုက်ရသည်။ မြွေကလေးသည် လူ၏ ကြည့်ခြင်းမျိုးဖြင့် စာရေးသူကိုကြည့်နေရာ ပို၍ကြက်သီးများထလာပြီး -

"အောင်နေလင်း၊ အဲဒီမြွေကို ခြောက်လိုက်"

ဟုပြောလိုက်ရာ အောင်နေလင်းက တုတ်ရှည်တစ်ချောင်းနှင့် ခြောက်ထုတ်လိုက်ရာ မြွေသည် စာရေးသူအား သံယောဇဉ်မပြတ်သည့်အလား လှည့်ကြည့်လှည့်ကြည့်နှင့် တောင်ဘက်လှည်းလမ်းကျော်ကာ စည်းရိုးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားပါသည်။

သို့ဖြင့်နေလာခဲ့ရာ တော်သလင်း၊ သီတင်းကျွတ်လရာသီသို့ ရောက်ရှိလာသည်။ ထိုအခါ ကျောင်းထိုင်ဆရာတော်မှအစ ရွာသူရွာသားများအားလုံး ဖျားနာကြသည်။ စာရေးသူလည်းဖျားနာ၏။ ဤဒေသသည် အပူနှင့် အအေး အစပ်နေရာဖြစ်သောကြောင့် ရာသီဥတုကြမ်းတမ်းကာ အဖျားအနာထူပြောလှပြီး အထူးသဖြင့် ငှက်ဖျားရောဂါကြမ်းပါသည်။ ရွာတွင်စီးပွားရေးအသင့်အတင့်ကောင်းသူ (ထိုရွာရှိလူတို့နှင့် နှိုင်းစား၍ပြောခြင်းဖြစ်သည်။ ထိုရွာတွင် ချမ်းသာကြွယ်ဝသည့်စာရင်းဝင်သူတစ်ဦးမျှမရှိပါ။) (၅) ဦးခန့်သာရှိပြီး ကျန်သူတို့မှာ လက်လုပ်လက်စားသမားများသာဖြစ်ကြ၍ ဖျားနာကြသောအခါ နေ့အဖို့ညစာဟူ၍ မရှိသူများဖြစ်ကြရာ ၎င်းတို့တွင် စားဝတ်နေရေး ခက်ခဲကြရပါသည်။

စာရေးသူသည် ၎င်းတို့အတွက် စိတ်မကောင်းဖြစ်မိရသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် စာရေးသူကို ထမင်းပို့နေကြသောသူများ ဖြစ်နေခြင်းကြောင့်ပင်။ ရွာသားများအားလုံးကို အကုန်အကျခံ၍ ဆေးကုသပေးချင်ပါသည်။ သို့သော် စာရေးသူတွင် ထိုမျှအထိ ပိုက်ဆံမရှိပါ။ ဆန္ဒကိုချိုးနှိမ်၍ စိတ်မှသက်မသာဖြင့်ပင် နေလိုက်ရပါတော့သည်။

ထိုသို့ဖြင့် ဆောင်းရာသီသို့ ရောက်ရှိလာသောအခါ ရွာတွင် အနာအဖျားကင်းစင်သွားကြပြန်၏။ ဤရွာလေးသည် မိုးကုတ်ဒေသနှင့်တစ်ကြောတည်းရှိနေသဖြင့် ဆောင်းရာသီတွင် ခိုက်ခိုက်တုန်အောင် ချမ်းအေးလှပါသည်။ နံနက်ခင်းများတွင် ဆီးနှင်းတို့ ထူထပ်သိပ်သည်းစွာကျရောက်ပါသည်။ တော်ပါသေးသည်။ထင်းပေါသောဒေသဖြစ်၍ ညနေစောင်းသည်နှင့် ထင်းတုံးကြီးများကို မီးထည့်ထားကြရပြီး ညနှင့်နံနက်ခင်းတို့တွင် မီးလှုံကြရသည်။ မည်သို့ပင်ဖြစ်စေကာမူ မီးလှုံရသော ဓလေ့သည်ပင် စာရေးသူအဖို့ ပျော်မွေ့ဖွယ်ကောင်းလှပါသည်။

ရာသီစက်ဝန်းသည်ကား မရပ်မနားလှည့်လည်၍နေသည်ဖြစ်ရာ မကြာသောအချိန်ကာလအတိုင်းအတာအတွင်းမှာပင် ဆောင်းရက်တို့ ကုန်ဆုံး၍သွားကာ နွေဦးရာသီသို့ရောက်ရှိလာပါတော့သည်။

ဤရက်များအတွင်း၌ စာရေးသူသည် လစဉ် ချောင်းကြီးသို့ သွားရောက်ရပြီး ဘ/ကဥက္ကဋ္ဌဆရာတော် ဦးဝိမလထံ လစဉ်ကျောင်းသားစာရင်းများပေးပို့၍ ဆရာတော်၏ ညွှန်ကြားချက်တို့ကို ရယူပါသည်။ ဆရာတော်သည်လည်း ၎င်း၏ ကျောင်းဝင်းထဲမှာပင် ဘ/က အလယ်တန်းကျောင်း ဖွင့်လှစ်ထားရှိပြီး ကျောင်းသားဦးရေ (၈၀၀) ကျော်အထိ ရှိပါသည်။ တစ်ခေါက်ထက်တစ်ခေါက် ဆရာတော်နှင့် ရင်းနှီး၍လာခဲ့ရာ ဆရာတော်ကထမင်းလည်းကျွေးသည်။ အချိုပွဲများလည်းကျွေးသည်။ ဆရာတော်၏ ကျောင်းမှာ ဆူဖြိုးသောရွာတွင်ရှိသည့်အပြင် ရွာကြီးကျောင်းကြီးဖြစ်၍ ဆွမ်း၊ ကွမ်းပေါများလှရာ ဟင်းကောင်းထမင်းကောင်းစားရသည်သာ ဖြစ်၏။ ဆရာတော်သည် စာရေးသူအားစကားများစွာပြော၏။ စာရေးသူပြန်မည်လုပ်တိုင်း -

"နေပါဦးဗျ၊ ထိုင်စမ်းပါဦး"

ဟု ဆိုပြီး တော်တော်နှင့် မပြန်ရဘဲရှိပါသည်။ ထို့ပြင် -

"ဆရာ၊ အုန်းတကူးမှာ အဖော်လေးဘာလေးမတွေ့သေးဘူးလား"

ဟု စ,တတ်ပါသေးသည်။

စာမေးပွဲများ မဖြေမီ (၁) လခန့်အလိုတွင် ချောင်းကြီးဆရာတော် အုန်းတကူးသို့ ကြွရောက်တော်မူလာပြီး စာရေးသူ၏ကျောင်းကို စစ်ဆေးပါသည်။ ဆရာတော်အဓိကလာရောက်သောကိစ္စမှာ စာရေးသူအားလာရောက်စစ်ဆေးရန်အတွက် မဟုတ်ပါ။ ကျောင်းတော်မတီများကို ခေါ်ယူ၍ -

"ခင်ဗျားတို့ တစ်လ (၁) ထောင်ကတော့နည်းတယ်၊ ဆရာကအဝေးကြီးကနေလာသင်ရတာ။ဒီနှစ်ကို (၃)ထောင်နှုန်းရှင်းပေးလိုက်၊ လာမယ့်နှစ်ကျရင်တော့ (၅) ထောင်နှုန်းပေးနိုင်အောင်ကြိုးစားကြ"

ဟု ပြောကြားလိုသောကြောင့် ကြွရောက်တော်မူလာခြင်းဖြစ်ကြောင်း သိရပါသည်။ ရွာသားများသည် ချောင်းကြီးဆရာတော်အား အလွန်ပင်ကြောက်ရွံ့ကြသည်ဖြစ်ရာ ဘာမှပြန်မပြောဝံ့ဘဲ အဆင်ပြေအောင်လုပ်ပေးကြပါမည်ဟု ကတိပြုကြရာ စာရေးသူမှာ ရွာသားများကို မျက်နှာပူလှပါသည်။

ထိုသို့ဖြင့် စာမေးပွဲပြီးဆုံးသွားခဲ့၏။ သို့တိုင် စာရေးသူသည် အိမ်ကိုအဆက်အသွယ်မလုပ်ခဲ့ပါ။ ဆက်သွယ်ရန် ရှက်ရွံ့ဝန်လေးနေမိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူသည် ချောင်းကြီးဆရာတော်ထံ (၇) ရက်မျှ သွားရောက်နေထိုင်ပြီး အုန်းတကူးသို့ ပြန်ခဲ့ပါသည်။

ထိုအခါ ဆရာတော်က -

"ဆရာလေး နွေရာသီ အိမ်မပြန်မယ့်အတူတူကျောင်းပြန်ဖွင့်ပါလွှား"

ဟု ပြောပါသည်။

စာရေးသူလည်း ဒီအတိုင်းနေလျှင် ပျင်းစရာကောင်းလှ၍ ကျောင်းပြန်ဖွင့်ပါသည်။ ထိုအခါ ကလေးများလည်း ပျော်ရွှင်နေကြသည်။ စာရေးသူသည် နွေရာသီတွင် ကျောင်းစာထက် ဗုဒ္ဓဘာသာယဉ်ကျေးမှုတို့ကို အဓိကထားပြီး သင်ကြားပေးပါသည်။ ဆရာတော်နှင့် ရွာသူရွာသားတို့လည်း ကျေနပ်အားရနေကြ၏။

နွေရာသီ ကျောင်းပိတ်ရက်တို့လည်း ကုန်ဆုံးသွားခဲ့ပြန်ရာ ကျောင်းဖွင့်ချိန်သို့ တစ်ဖန်ပြန်လည်ရောက်ရှိလာပါသည်။ စာရေးသူ၏ အအသင်အပြကောင်းမှု၊ ကလေးများ၏ စိတ်ပါဝင်စား

www.burmeseclassic.com

မှုတို့ကြောင့် စာတတ်ကြ၏။ ကျောင်းပျော်ကြသည် ဟူသောသတင်းသည် ရွာနီးချုပ်စပ်သို့ ပျံ့နှံ့သွား၍ ယခုနှစ်တွင် ကျောင်းသားဦးရေ (၄၀) ကျော်သွားပါသည်။ စာရေးသူနှင့် ဆရာတော်၊ ဦးပဥ္စင်း၊ ရွာသူရွာသားများနှင့်ကလေးများသည်လည်း ပိုမိုချစ်ခင်ရင်းနှီး၍လာခဲ့ပါသည်။ အပြန်အလှန် သံယောဇဉ်များလည်း ဖြစ်ထွန်းလျက် စာရေးသူလည်း ပိုမိုပျော်ရွှင်လာခဲ့ပြီး အိမ်ကိုမေ့သလိုလိုပင် ဖြစ်လာပါသည်။

စာရေးသူတွင် မြွေအိပ်မက်တို့လည်း ပုံမှန်လိုလိုမက်လျက်သာရှိနေပါသည်။ တစ်ညနေ ကျောင်းဆင်းပြီးချိန်တွင် ဆရာတော်သည်လည်း ကျောင်းရှေ့မြေကွက်လပ်ပေါ်တွင် ကုလားထိုင်ချထာ ရေနွေးကြမ်းဘုဉ်းပေးလျက်ရှိနေစဉ် စာရေးသူလည်း ကုလားထိုင်တစ်လုံးနှင့်ထိုင်၍ ဆရာတော်နှင့် ရောက်တတ်ရာရာစကားများပြောလျက်ရှိနေပါသည်။

"ဆရာလေး၊ ဟောဟိုကတောင်လေး တွေ့လား။ အဲဒီတောင်ပေါ်မှာ အစောင့်တွေရှိတယ်ဗျ။ အမိက တောင်ပိုင်မိသားစုနဲ့ သူတို့ရဲ့အခြွေအရံအစောင့်အရှောက်တွေပေါ့ဗျာ။ အဲဒီမှာ တောင်ပိုင်မိသားစုထဲက အငယ်မကလေးက တော်တော်ထက်တယ်ဗျ။ ဟိုတစ်ခါ ဒီဘုရားကိုလာဖူးတာ ကျုပ်တွေ့ဖူးတယ်"

ဟု ဆိုပါသည်။

တောင်ကလေးမှာ ရွာနှင့်အနီးဆုံးဖြစ်ပြီး တစ်ဖာလုံမျှသာ ကွာဝေးမည်ဖြစ်၏။ တောင်နိမ့်နိမ့်ခပ်သေးသေးသာဖြစ်ညှိထင်ပါသည်။ ထိုတောင်လေး၏နောက်တွင်တော့ တစ်ဆင့်တစ်ဆင့်မြင့်မြင့်သွားသောတောင်စဉ်တောင်တန်းကြီးများကို အထပ်လိုက်တွေ့မြင်ရပါ၏။

"ဆရာလေးကတော့ ဘုရားနဲ့တရားနဲ့ သိမ်သိမ်မွေ့မွေ့ဆိုတော့ပြဿနာမရှိပါဘူး။ အနေအထိုင်၊ အပြောအဆိုမှားယွင်းရင်တော့ အဲဒီအခင်မကမကြိုက်ဘူး၊ဆုံးမတတ်တယ်"

ဟု ဆက်၍ပြောပါသည်။

စာရေးသူသည် ထိုတောင်လေးကိုငေးကြည့်ရင်း လွမ်းသလိုလိုဆွေးသလိုလို ခံစားရပြီး စိတ်မရွှင်ပျတော့ဘဲရှိပါ၏။

ထို့နောက် မကြာမီရက်ပိုင်းအတွင်းမှာပင် တစ်ညတွင်ထူးဆန်းသောအိပ်မက်တစ်ခု မြင်မက်၏။ ထိုအိပ်မက်သည် မမေ့ပျောက်ဘဲ မနက်ထိတိုင်ကွင်းကွင်းကွက်ကွက်မြင်ယောင်လျက်ရှိရာ ဤအိပ်မက်သည် သာမန်အိပ်မက်မဟုတ်။ ပေးသောအိပ်မက်ဖြစ်မည်မှာ သေချာပါသည်။အိပ်မက်ထဲတွင် စာရေးသူ၏ ကျောင်းခေါင်သက်ကယ်မိုးတွင် တစ်တောင်ခန့်အပေါက်ကြီးဖြစ်နေသည်။ အပြင်တွင်တော့ အပေါက်မရှိပါ။ ထိုစဉ်ထိုအပေါက်ပေါ်ကိုဖြတ်၍ မြွေကြီးသွားနေပါ၏။ မြွေ၏ကိုယ်လုံးမှာ ကြီးမားလှရာ တစ်တောင်ခန့်ကျယ်သောအပေါက်ကိုပင် မြွေ၏ကိုယ်လုံးဖြင့် ဖုံးအုပ်မိပါသည်။ မြွေသည် ထိုအပေါက်၏အပေါ်က ဖြတ်သွားနေသဖြင့် မြွေ၏ကိုယ်လုံးကြီး ရွေ့လျားနေသည်ကို တွေ့မြင်နေရပါသည်။ အနက်ရောင်ပေါ်တွင် ဝလုံးကဲ့သို့ ဝိုင်းစက်နေသော ရွှေဝါရောင်အကွက်များဖြင့် ဖြစ်ပါသည်။

စာရေးသူသည် တစ်နေ့လုံး စိတ်ချောက်ချားနေမိပါသည်။ မြွေတို့ကိုအိပ်မက်မမက်သောနေ့များမှာပင် မကြာခဏတွေ့ရှိနေရရာ ယခုကဲ့သို့ ထင်ထင်ရှားရှား အိပ်မက်မက်ထားလျှင်တော့ ဤနေ့တွင် သေချာပေါက်မြွေလာတော့မည်။မြွေတွေ့တော့မည်ဖြစ်၍ စာရေးသူသည် နေရာတိုင်းကို သတိဖြင့်ကြည့်နေမိ၏။ သို့သော် တစ်နေကုန်မည်သည့်နေရာကမျှ မြွေထွက်ပေါ်လာခြင်းမရှိပါ။ မတွေ့ရပါ။ ထိုသို့ဖြင့် ကျောင်းဆင်းချိန်ရောက်ရှိလာသည်။

ထိုအခါ စာရေးသူမှ တပည့်များအားလုံးကို -

"မင်းတို့ကို ကစားချိန်ပေးမယ်။ ဒါပေမယ့် ကျောင်းအောက်ကို မဆင်းရဘူး။ ကျောင်းပေါ်မှာပဲကစားရမယ်။ ကြိုက်သလောက်ခုန်၊ ကြိုက်သလောက်ဆူကြ၊ အော်ကြကွာ"

ဟု ပြောလိုက်ရာ -

"ဟေး . . . ပျော်တယ်ကွ"

ကလေးများက သံပြိုင်အော်လိုက်ကြ၏။

စာရေးသူသည် ဤကျောင်းပေါ်မှာပင် ကျောင်းဆောင်ထောင့်တွင်ခုတင်ထားရှိပြီးအိပ်ပါသည်။ ထောင့်တွင်တိုင်လုံးခံနေ၍ ခေါင်းရင်းထရံနှင့် ဘေးထရံကြားတွင်ကြားဖြစ်နေ၍ ကလေးများဝင်ရပ်နိုင်ပါသည်။

"ဆရာ၊ နင်းပေးမယ်"

ဟု ကျောင်းသားများကပြောသဖြင့် စာရေးသူအနင်းခံလျက်ရှိ၏။ ခေါင်းရင်းထရံကြားနှင့် နံဘေးထရံကြားတွင် ကလေးများအပြည့်ရပ်နေကြပြီး ခုတင်အောက်တွင်လည်း ကလေးများအပြည့်ဝင်အိပ်နေကြ၊ ဆူညံစွာပြောဆိုရယ်မောလျက်ရှိကြပါသည်။ ဤကဲ့သို့ ကျောင်းပေါ်တွင် ကလေးများကို ဆူညံစေခြင်းမှာ ကျောင်းပေါ်သို့ မြွေမတက်လာစေရန်နှင့် မြွေရှိနေလျှင်လည်း ဆင်းပြေးစေရန်အတွက် ဖြစ်ပါသည်။

စာရေးသူသည် မှောက်လျက်အနင်းခံနေပြီး စာရေးသူ၏ အပေါ်တွင် ကလေး (၅) ယောက်ခန့် တက်နင်းနေကြပါသည်။ ကလေးတို့သည် ဆူညံစွာပြောဆိုငြင်းခုံလျက်ရှိရာမှ လမ်းကြောင်းပြောင်းသွားပြီး အပေါ်မှကလေးများက အောက်မှကလေးများကို-

"နင်တို့ကနွားတွေ၊ နွားတွေ".

ဟု ပြောရာ အောက်မှကလေးများက -

"နင်တို့က ဝက်တွေ၊ ဝက်တွေ"

ဟု စကားနာထိုးကြ၏။ ဤသို့ဖြင့် -

"ကြက်တွေ၊ ကြက်တွေ"

"ခွေးတွေ၊ ခွေးတွေ"

"ဆိတ်တွေ၊ ဆိတ်တွေ"

"မျောက်တွေ၊ မျောက်တွေ"

ဟု ပြောနေကြရာမှ -

"မြွေတွေ. . . မြွေတွေ"

ဟု ရုတ်တရက် ပြောလိုက်ကြရာ စာရေးသူမှ -

"ဟေ့ကောင်တွေ၊ အဲဒါမပြောရဘူး"

ဟု ဟန့်တား၍မှမဆုံးမီ -

"အယ် - မြွေကြီး၊ မြွေကြီး"

ဟု ဆိုကာ ခုတင်အောက်မှကလေးများရော ထရံကြားမှ ကလေးများပါ ထွက်ပြေးကြတော့၏။ စာရေးသူ၏အပေါ်မှ ကလေးများလည်းဆင်းပြေးကုန်ကြ၏။ စာရေးသူလည်း ဘယ်လိုလုပ်အောက်ရောက်သွားမှန်းမသိပါ။

စာရေးသူနှင့် ကလေးများ ခုတင်အောက်သို့ ကြည့်လိုက်ကြသည်။ မြွေသည် ခုတင်တိုင်ကိုပတ်တက်လျက် ဦးခေါင်းသည် ခုတင်ပေါင်ကြားသို့ပင်ရောက်နေပြီဖြစ်ပြီး မြွေ၏ကိုယ်လုံးကိုကြည့်လိုက်သောအခါ စာရေးသူ ကြက်သီးများထပြီး ထိတ်လန့်တုန်လှုပ်သွားပါသည်။ အိပ်မက်ထဲတွင် မနေ့ညကတွေ့ခဲ့ရသော မြွေကြီးပင်ဖြစ်နေပြီး အိပ်မက်ထဲကလောက်တော့ မကြီးမားပါ။ ကျပ်လုံးခန့်သာတုတ်ပြီး အနက်ခံပေါ် အဝါရောင်ဘောလုံးပြောက်များနှင့်ပင်ဖြစ်သည်။ စာရေးသူ တမိသက်



www.burmeseclassic.com

www.burmeseclassic.com

တာတွင် ဤကဲ့သို့ အကွက်အဆင်းရှိသောမြွေမျိုး တစ်ခါမျှမတွေ့ဘူးခဲ့ပါ။ သာမန်မြွေဟုတ်မည်မထင်ပါ။ အဘယ်ကြောင့်ဆိုသော် ကလေးများဝိုင်းရံနေသည့်ကြားက ခုတင်တိုင်ကို ပတ်နေခြင်းမှာ မဖြစ်နိုင်ပါ။ မျက်စိလျင်သောကလေးများ၏ မျက်လုံးများစွာတွင် ဤမြွေကိုတွေ့ရှိကြရမည်သာ ဖြစ်သည်။ ဤမြွေတွင် ထူးခြားသောအစွမ်းသတ္တိရှိ၍ ၎င်းကို မမြင်တွေ့ရစေရန် ထိုအစွမ်းသတ္တိဖြင့်ကွယ်ထားခြင်း ဖြစ်ပေမည်။ ကလေးများက မြွေတွေဟု သံပြိုင်အော်လိုက်ချိန်တွင်တော့ ၎င်း၏အစွမ်းတို့ ပျောက်ပြီး ဘွားခနဲ ရုတ်တရက်တွေ့မြင်ကြရခြင်း ဖြစ်ပေမည်။

"အဲဒီမြွေကို ခြောက်ထုတ်လိုက် ခြောက်ထုတ်လိုက်ကြ၊ မြွေကိုတော့ မထိခိုက်စေနဲ့"

မိန်းကလေးများနှင့် ကလေးငယ်များကတော့ -

"မြွေကြီးကြောက်တယ်၊ကြောက်တယ်"

ဟု ဆိုကာ ကျောင်းအောက်မြေကွက်လပ်သို့ ဆင်းပြေးကြသည်။ အိဖြူ၊ စန္ဒာဝင်းနှင့် တင်တင်ဦးတို့ကတော့ ကျောင်းသူကြီးများဖြစ်၍ ဆင်းမပြေးကြပါ။ စာရေးသူအနားတွင်ရှိနေကြသည်။ မိုးနိုင်၊ တာတီးနှင့် ကုလားတို့က တုတ်ဆင်းယူနေစဉ် အောင်နေလင်း၊ ကျော်စွာမြင့်၊ ကိုရင်မာလာ၊ ချိုသင်းတို့က ကြမ်းကိုပုတ်၍ မြွေကိုခြောက်နေကြ၏။ တကယ်တော့ မြွေသည် ခြောက်လှန့်စရာမလိုပါ။ ကလေးများအော်ဟစ်ကြသည်နှင့်ပင် ခုတင်တိုင်ကိုဖြေ၍ ကြမ်းပေါ်သို့ဆင်းသည်။ ကြမ်းပေါ်မှ တစ်ဆင့် တိုင်ကိုကပ်၍ မြေပြင်သို့ဆင်းသည်။ မြေပြင်သို့ ရောက်သောအခါ ယခင်မြွေများအတိုင်း တောင်ဘက်သို့ ဦးတည်၍သွားသည်။ သို့သော် မြွေ၏သွားလာပုံမှာ ထူးခြားလှပါသည်။ မြေတွင်ကပ်၍မသွားပါ။ မြွေပြင်၏အလျားလေးပုံတစ်ပုံခန့်ကိုသာ မြေနှင့်ထိပြီး မတ်တပ်ရပ်၍သွားပါသည်။ လှည်းလမ်းကျော်ပြီး စည်းရိုးထဲသို့ရောက်သွားသောအခါ ပျောက်ကွယ်သွားပါ၏။

သို့တိုင် စာရေးသူသည် ထုန်တုန်ယင်ယင်ဖြစ်နေပါသေးသည်။ ကလေးများအဖို့ရာတော့ သာမန် မြွေတွေ့သည်ဟုသာသိရှိကာ ခဏနှင့်မေ့ပျောက်သွားကြမည်ဖြစ်သော်လည်း စာရေးသူအဖို့ရာတွင်တော့ ဤမြွေသည် သာမန်မြွေမဟုတ်။ အိပ်မက်ပေးပြီးမှ ရောက်လာခြင်းဖြစ်၏။ တွေ့ရပုံမှာလည်း ထူးဆန်းလှပြီး ထွက်သွားပုံမှာလည်း ထူးဆန်းလှပါ၏။ ဤမြွေသည် ဤမျှနှင့်ပြီးမည်မဟုတ်။ ထပ်မံပေါ်ပေါက်လာဦးမည်သာဖြစ်၏ဟု တွေးမိပြီး စာရေးသူ တုန်လှုပ်နေမိသည်။

ဆူညံသံများကြား၍ ဆရာတော်ရောက်ရှိလာပြီး -

"ဆရာလေး၊ မြွေတွေ့လို့ဆို"

"တင်ပါ့ဘုရား"

"မေတ္တာပို့၊ မေတ္တာပို့၊ ဆရာလေးကိုခင်လို့လာနေကြတာနေမှာ"

ဟု ပြောရာ စာရေးသူပို၍လန့်သွား၏။

ညနေစောင်းသို့ရောက်သောအခါ ကြည်ကြည်ခိုင်က ထမင်းလာပို့သည်။ ကြည်ကြည်ခိုင်၏အမေ မငွေသည် လက်ဖက်သုပ်၊ ကြက်ဥကြော်နှင့် ထမင်းပို့လေ့ရှိပြီး လက်ရာကောင်းသဖြင့် ဤအိမ်အလှည့်ကျတိုင်း ထမင်းစားကောင်းပါသည်။ ကြည်ကြည်ခိုင်အား ကျောင်းကော်မတီ ကိုမြင့်ဦး ကျောင်းသို့လာရန် ပြောလိုက်ပါဟု မှာကြားလိုက်သည်။ ဤနှစ်တွင် ကျောင်းကော်မတီတွင် ကိုမြင့်ဦး ဥက္ကဋ္ဌဖြစ်သွားပြီး ကိုမြင့်ဆွေက အတွင်းရေးမှူးနေရာရောက်သွားပါသည်။ ရယက်ဥက္ကဋ္ဌမှာလည်း ဦးရဲမောင်နုတ်ထွက်သွားပြီး ဦးညဏ်စိန် ဥက္ကဋ္ဌဖြစ်လာပါသည်။ သို့သော် ရွာသားများအားလုံးမှာ စာရေးသူကို ချစ်ခင်ကြသူများသာဖြစ်၍ စာရေးသူအဖို့ရာတော့ မည်သည့်ပြောင်းလဲမှုမျှမရှိပါ။

ကြည်ကြည်ခိုင် ပြန်သွားပြီး (၁၅) မိနစ်ခန့်အကြာတွင်တော့ ကိုမြင့်ဦး ရောက်ရှိလာ၏။

"ကျောင်းဆရာ၊ ဘာကိစ္စလဲ"

ဟု ဆိုရာ စာရေးသူက မြွေအကြောင်းကို ထည့်မပြောဘဲ ယနေ့ည စာရေးသူ ကျန်းမာရေးမကောင်းချင်သလိုလိုဖြစ်၍ ညဘက်တွင် ကာလသား (၃) ယောက်ခန့် အအိပ်လွှတ်ပေးရန် ပြောကြားလျှင် -

"ကျောင်းဆရာ ဆေးထိုးလိုက်ပါလား"

ဟုဆို၏။

ဆေးမထိုးချင်သေးကြောင်းနှင့် လူသာလွှတ်ပေးပါဟုဆိုရာ -

"စိတ်ချ၊ ပို့ပေးလိုက်မယ်"

ဟု ပြောပါသည်။ အတန်ကြာစကားပြောဆိုနေပြီး ကိုမြင့်ဦးပြန်သွားသည်။

ညပိုင်းသို့ ရောက်လာသောအခါ ညကျောင်းတက်မည့်ကလေးများလည်း စုံညီစွာရောက်ရှိလာကြသည်။ စာရေးသူသည် ခုတင်ပေါ်မှ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ အိပ်ရာခင်းတို့ကို ယူစေပြီး ခါစေသည်။ ဖျာနှင့် ကတ်ကြမ်း၊ ခုတင်ဆင့်တို့ကိုပါဖြုတ်၍ခါစေ၏။ ကျောင်းကြမ်းခင်းနှင့် ထရံတို့ကိုလည်းခါစေ၏။ ခေါင်မိုးအခြင်ဝါးလုံးများကိုလည်း တုတ်နှင့်ခေါက်စေ၏။ မြွေခိုကပ်နေကဆင်းပြေးစေရန်ဖြစ်သည်။ နေ့ခင်းကြောင်တောင် ကလေးများဆူညံနေသည့်အထဲမှာပင် ရောက်ရှိလာသောမြွေသည် ညအချိန်၌ စာရေးသူ၏စောင်ထဲ၊ ခေါင်းအုံးထဲ၊ အိပ်ရာထဲသို့ အချိန်မရွေးရောက်ရှိနေနိုင်မည်ဖြစ်၍ ယနေ့ည ကလေး (၅) ယောက်ကိုလည်း အအိပ်ခေါ်ထား၏။ စာရေးသူ၏ ဘေးတစ်ဖက်တွင် တစ်ယောက်စီ၊ ခုတင်အောက်တည့်တည့် ကြမ်းခင်းတွင် (၃) ယောက်၊ ထိုသို့အိပ်စေမည်ဖြစ်ပါ၏။

သို့ဖြင့် အိပ်ရာဝင်ချိန်သို့ရောက်ရှိလာသည်။ စာရေးသူ၏ ခုတင်ခြေရင်းဘက်ကြမ်းပြင်တွင် ရွာထဲမှကာလသားများဖြစ်သော ကိုမြင့်ဦး၏ ယောက်ဖများဖြစ်သည့် ချစ်ခဲ၊ မောင်ချိုနှင့် အခြားတစ်ဦးတို့အိပ်ကြ၏။ ထိုညသည် လပြည့်ညဖြစ်၍ လမင်းကြီးက ထိန်ထိန်သာလျက်ရှိသည်။ စာရေးသူ၏ကျောင်းမှာ ပြတင်းပေါက်၊ တံခါးပေါက်တို့ မပါရှိသော်လည်း ထရံတစ်ဖက်မပါရှိသဖြင့် မြေတလင်းဖြူဖြူပေါ် ကျသော လရောင်တို့က ရောင်ပြန်ဟပ်နေပြီး ခေါင်းမိုး၊ သက်ကယ်အကြားတို့နှင့် ထရံအကြားတို့မှ လရောင်ပြောက်တို့လည်း ထိုးကျနေရာ ကျောင်းပေါ်မှာပင်လင်းလျက် သဲသဲကွဲကွဲမြင်နေရသည်။

ည (၁) နာရီခန့်တွင် စာရေးသူ ရုတ်တရက်နိုးလာသဖြင့် ခြေရင်းဘက်ဆီသို့ကြည့်နေမိစဉ် အသက် (၂၀) နှင့် (၂၅) နှစ်ကြားအရွယ် မိန်းကလေးတစ်ဦး ကျောင်းပေါ်သို့တက်လာ၏။ စာရေးသူလည်း ကြောက်ရွံ့တုန်လှုပ်လျက် ချစ်ခဲတို့ကိုအော်ခေါ်၏။ သို့သော် အသံထွက်မရပါ။ ဘေးမှကလေးများကို လက်ဖြင့်ပုတ်နှိုးမည်ပြုရာလှုပ်၍မရပါ။ ချုပ်နှောင်ထားသကဲ့သို့ဖြစ်ပါ၏။ မိန်းကလေးသည် ကြောက်စရာကောင်းသော ပုံသဏ္ဌာန်မဟုတ်ပါ။ယခုခေတ် မိန်းကလေးတစ်ဦး (တောသူမဟုတ် မြို့သူ) ပုံစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဇာအင်္ကျီအနီရဲလက်တို၊ ဆံပင်ပခုံးသာသာဖြေချလျက် ရှမ်း (သို့) တရုတ်အမျိုးအနွယ်ဖြစ်ပါလိမ့်မည်။ မိန်းကလေးကဘာစကားမှတော့မပြောပါ။ စာရေးသူအား အတန်ကြာသည်အထိရပ်ကြည့်နေပြီးမှ လှည့်ထွက်သွားကာ ကျောင်းပေါ်မှဆင်းသွားပါသည်။

ထိုအခါမှ စာရေးသူသည်လည်း လှုပ်ရှား၍ရပါတော့သည်။ တစ်ကိုယ်လုံးချွေးများရွှဲနစ်လျက်ရှိ၍ စာရေးသူအင်္ကျီ၊ ပုဆိုးများ လဲလှယ်လိုက်ရသည်။ တပည့်များနှင့် ကာလသား (၃)ယောက်မှာ အိပ်မောကျလျက်ရှိနေဆဲသာဖြစ်ပါသည်။ ၎င်းတို့ကို နှိုး၍ပြောပြလျှင်လည်း အဓိပ္ပါယ်ထူးနိုင်စရာမရှိ၍ စာရေးသူလည်း အိပ်ပျော်ရန် ကြိုးစားလိုက်ပါသည်။ စောစောကအဖြစ်သည် အိပ်မက်လော၊ တကယ်လောဟု တွေးတောလိုက်တိုင်း ခေါင်းတို့ချာချာလည်အောင်မူးလာသဖြင့် ဆက်မတွေးတော့ဘဲနေလိုက်၏။ ထို့နောက် မပီမှုန်ဝါးသော နိုးတဝက်အိပ်မက် ဝိုးတိုးဝါးတားတို့ဖြင့်ပင် နံနက်လင်းခဲ့ရပါတော့သည်။ နံနက်အိပ်ရာထတွင်တော့ ကိုယ်ချစ်ချစ်တောက်ပူလျက် စာရေးသူ အပြင်းဖျားပါတော့သည်။ ဤအရပ်ဒေသသည်တား ဘာကြောင့်ဖျားဖျား နောက်ဆုံးတွင်တော့ ငှက်ဖျားအဖြစ်သို့သာရောက်ရှိကြရမြဲဖြစ်ပါ၍ စာရေးသူ ငှက်ဖျားဖျားပါတော့သည်။

ယခုမှ ပြန်လည်တွက်စစ်ကြည့်မိရာ ကျွန်းပင်များပွင့်သော ဝါတွင်းကာလငှက်ဖျားရာသီသို့ နှစ်ပတ်လည်ကာရောက်ရှိနေပြီဖြစ်ကြောင်း သတိပြုမိတော့သည်။ စာရေးသူအား အပ်ပုန်းဆရာ (ဒေါက်တာရမ်းကု) နှင့် ဆေးထိုးပေးကြသည်။ မသက်သာသဖြင့် ဆရာတော်က စာရေးသူကို စေတီတော်ကလေးအနီးရှိ (၈) ပေပတ်လည်ခန့်ခြေတံရှည်ကမ္မဋ္ဌာန်းကျောင်းကလေးသို့ ပြောင်းရွှေ့အိပ်စေပါသည်။ ညတွင်လေတို့တဝုန်းဝုန်းတိုက်ခတ်လျက်ရှိပါသည်။ တံခါးရွက်မပါရှိ၍ ထရံကတ်ပိတ်ပြီး အတွင်းမှ တုတ်ထောက်ထားရသည်။

စာရေးသူနှင့်အတူ ညလာအိပ်သော ကျောင်းသားသည် နောက်ရက်နေ့လယ် ကျောင်းမလိုက်တော့ဘဲရှိ၍ နောက်တစ်ယောက်ကို ခေါ်အိပ်ရ၏။ ထိုတစ်ယောက်သည်လည်း နောက်နေ့တွင် နေ့လယ်ကျောင်းမလိုက်တော့ပါ။ နောက်ဆုံးတော့ ကျောင်းအိပ်ကျောင်းစားနေသောချိုသင်းမှာမူ ရှောင်မရသဖြင့်လူလည်းမရှိ၍ (၃) ညဆက်တိုက်အိပ်လိုက်ရသည်။ နောက်နေ့နံနက်တွင်တော့ ချိုသင်းက -

"ဆရာ၊ ကျွန်တော်တို့ ဒီအပေါ်မအိပ်နဲ့တော့ဗျာ။ ကျွန်တော်လည်း မအိပ်ရဲတော့ဘူး၊ ကြောက်လာပြီ"

"ဘာဖြစ်လို့လဲကွ"

"ညကျရင် ထရံလာပုတ်တယ်။ ခဏနေကျရင် ငန်းစောင်းမြွေကြီးရောက်လာပြီး ဆရာ့ခြေရင်းကနေ ပါးပျဉ်းထောင်ပြီး အကြာကြီးကြည့်နေတယ်"

ထိုအခါမှစာရေးသူလည်း တစ်ညအိပ်ပြီးသော ကျောင်းသားသည် နောက်ရက်တွင် နေ့လယ် ကျောင်းလာမတက်သည်မှာ စာရေးသူကို စောင့်အိပ်ပေးရမည်ကို ကြောက်သောကြောင့်ဖြစ်သည်ကို နားလည်မိပါတော့သည်။

စာရေးသူသည် ညတွင် ငှက်ဖျားဆေးများသောက်၍ အိပ်ရသည်ဖြစ်ရာ ဆေးအရှိန်နှင့်မနိုးဘဲရှိသဖြင့် ညအခါမြွေလာသည်ကို မသိဘဲနေခြင်းဖြစ်ပါသည်။ ယခု ထိုအကြောင်းကို သိလိုက်ရသောအခါ မအိပ်ရဲတော့ပြီဖြစ်၍ ဆရာတော်၏ကျောင်းသို့ ပြောင်းရွှေ့အိပ်စက်ပါသည်။ မကြာမီ စာရေးသူလည်း အဖျားပျောက်သွားပြီး နေကောင်းသွား၍ စာရေးသူ မူလနေထိုင်ရာ ကျောင်းပေါ်သို့ ပြန်လည်ရွှေ့ပြောင်းအိပ်စက်ခဲ့ပါတော့သည်။

ထိုအချိန်တွင် ရွာသူရွာသားများနှင့် ကလေးများလည်း ဖျားနာလျက်ရှိကြရာ ဤအချိန်ရာသီသို့ရောက်တိုင်း ကျောင်းသားတစ်ဝက်ခန့်သာ ကျောင်းလိုက်နိုင်တော့သည်။ ဖျားသောကလေးက ကျောင်းပျက်၊ နေကောင်းလာသောကလေးက ကျောင်းတက်နှင့် လည်ပတ်လျက်ရှိပါ၏။ ထိုအခါ စာရေးသူသည် ၎င်းတို့ကို ဆေးကုပေးလိုသောဆန္ဒတို့ ပြန်လည်ပေါ်ပေါက်လာပါ၏။ စာရေးသူမှာ ဆန္ဒသာရှိသော်လည်း လက်တွေ့တွင်ငွေမရှိပါ။ သို့သော် နောက်ဆုံးတွင်တော့ ဤသို့ စိတ်ကူးပေါ်ပေါက်လာပါ၏။ ၎င်းတို့ရောဂါဝေဒနာတို့ တကယ်ပျောက်မည်၊ မပျောက်မည်ကတော့ မသေချာ။ သို့သော် ၎င်းတို့စိတ်ချမ်းသာစေရန်နှင့် စိတ်ဓာတ်မြှင့်တင်ရန် စာရေးသူ ဆေးကုတတ်ကြောင်း၊ ဆေးကုနိုင်ကြောင်း ကလေးတို့ကို ပြောပြလိုက်သည်။

"ဆရာက ဆေးထိုးတတ်တာလား"

ဟု မေးကြသောအခါ ဆေးမထိုးပါ၊ ဆေးမပေးပါ။ ရေ၊ သစ်ရွက်တို့ဖြင့် ကုနိုင်ကြောင်းပြောလိုက်ပါသည်။

အတွင်းရောဂါဝေဒနာ ဖြစ်ပွားနေသူတို့အား ရေ၊ ရေနွေး၊ အချိုရည်တို့ကို သရဏဂုံရွတ်ဆိုပြီးပေးသည်။ ဒဏ်ရာအနာတရဖြစ်ပွားနေသူတို့အား သစ်ရွက်၊ မြက်တို့ကို သရဏဂုံရွတ်ပြီးပေးသည်။ အတွင်းရောဂါများကိုတော့ မြင်ရသည့်အရာမဟုတ်သဖြင့် ပျောက်၊ မပျောက် မသိနိုင်သော်လည်း မြင်ရသော ကလေးတို့၏ အနာစက်များ၊ ဝဲယားနာများ၊ ပွေးနှင့်ကြွက်နို့များတော့ ပျောက်ကင်းသွားကြသည်သာဖြစ်၏။

ထိုအချိန်တွင် ဘုန်းကြီးကျောင်းတောင်ဘက်၊ လှည်းလမ်းတောင်ဘက် တောပြုတ်ကြီးကို ဆရာတော်မှ ရွာသူရွာသားများအား ခုတ်ထွင်ရှင်းလင်းစေပါသည်။ ရွာသားများတက်ညီလက်ညီရှင်လင်းလိုက်ရာ မကြာမီ ကွင်းပြင်ကြီးပေါ်ထွက်လာ၏။ အတော်ကလေးကိုကျယ်ဝန်းပါသည်။

ထို့နောက် ဆရာတော်က ရွာသားများကို သစ်များခုတ်လှဲစေပြီး လွှစင်ထောင်ကာ သစ်များကို ခွဲစိတ်စေသည်။ ထိုကွင်းကြီးအား ကျောင်းဝင်းအဖြစ် သတ်မှတ်လိုက်ပြီး ကျောင်းဆောင် ဆောက်လုပ်မည် ဖြစ်သည်။ ဆရာတော်၏ စွမ်းဆောင်မှုဖြင့် စာသင်ကျောင်းဝင်းကြီးလည်း ဖြစ်ပေါ်လာပြီး စာသင်ကျောင်းဆောင်ကြီးလည်း ပေါ်ပေါက်လာတော့မည်ဖြစ်ပါ၏။ စာရေးသူရောက်ရှိပြီးမှ ယခုကဲ့သို့ စာသင်ကျောင်းသတ်သတ်မှတ်မှတ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၍လည်း ဝမ်းသာရပါသည်။ အုန်းတကူး အမှတ်(၁၃) ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်းကလေးသည်ကား ဆရာလေးက အသင်အပြကောင်းသည်၊ ဂရုစိုက်သည်၊ ကလေးများက ကျောင်းပျော်ကြသည်၊ စာတတ်ကြသည် ဟူသော ဂုဏ်သတင်းများ ထွက်ပေါ်၍ အောင်မြင်တိုးတက်လျက်ရှိပါ၏။

(ဆက်ရန်)

ဘိုဘို(ရွှေလုံးကူ)



www.burmeseclassic.com

www.burmeseclassic.com

(၃၈) ဖြာမင်္ဂလာတရားတော်တွင် ဤသို့ဆို၏။

❑ လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့၊ မမှီဝဲနဲ့ကင်းအောင်နေ၊ ပညာရှိကို အရှည်တွဲလို့ မှီဝဲဆည်းကပ်နည်းယူစေ၊ သုံးပါးရတနာမိဘများနဲ့ ဆရာသမားကိုပူဇော်လေ၊ ချမ်းသာကိုပေး ဆက်ဆံရေး၊ မျှော်တွေးသုံးချက်ပေ၊ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာပေ။

မင်္ဂလာရှိလေစွတကား။

သို့သော်လည်း လူအများတို့၏ မိုက်တွင်းနက်နေကြပုံမှာ ပညာရှိကိုမြင်နေရပြား အမှီခိုကောင်းဆရာကောင်းဟု မမြင်နိုင်ကြလေကုန်။ အကုသိုလ်နောက်သို့သာ ဗာလာနံလူမိုက်တို့သည် အမြီးတန်းကာ တကောက်ကောက်လိုက်နေကြပြီး ပညာရှိနှင့်ဝေးရာဆီသို့သာ။

ဤလူ့လောက ဤလူ့ဘုံဝယ် အကောင်း၊ အဆိုး ခွဲခြားစိတ်ဖြာတတ်သူနှင့် အကောင်း၊ အဆိုး လုံးဝ (လုံးဝ) မခွဲခြားတတ်သူဟူ၍ လူ့စိတ်ထားနှစ်မျိုးနှစ်စား ကွဲပြားခြားနားနေသည်ကို တွေ့မြင်နိုင်ပါသည်။ အကောင်း၊ အဆိုးခွဲခြားသိမှုရှိသူတို့သည် မင်္ဂလာကျက်သရေတို့နှင့်ပြည့်စုံကာ ကောင်းခြင်းအဖြာဖြာတို့သည် ထိုသူ့အတွက်သာဖြစ်လေတော့သည်။ စိတ်ထားမွန်မြတ်သူတို့၏မျက်နှာသည် ကြည်လင်၏။ အေးချမ်း၏။ မေတ္တာရှင်တို့၏ မျက်နှာထားသည် ဒေါသရိပ်မသန်း။

အကောင်း၊ အဆိုး မသိရှိသူတို့မှာ ဆင်ကန်းတောတိုးဖြင့် အမှားကိုသာ အမှန်ထင်ကြကုန်၏။ အမှားပြုလုပ်နေရသည်ကို လွန်စွာမှနှစ်သက်ကြလေကုန်၏။ အမှားပြုလုပ်မိသော် အကုသိုလ်ရ၏။ မှားရင်းမှားရင်း အကုသိုလ်သာတိုးလျက်ရှိကြကုန်တော့၏။ သူတို့၏စိတ်ထား မျက်နှာပေါ်တွင် ပေါ်လာသည်မှာ ခက်ထန်ကြမ်းကြုတ်လျက်ရှိကြကုန်၏။ မျက်နှာပေါ်တွင် ဒေါသရိပ်သန်းလျက်။

တစ်ချိန်က အကုသိုလ်ကြီးမားသူတစ်ယောက်၏ဖြစ်အင်မှာ -

သူသည် အင်းသမားကြီးဖြစ်၏။ အင်းချောင်းလုပ်ငန်း ငါးသတ္တဝါတို့၏ အသက်ဖြင့်စီးပွားလုပ်ကိုင်သူ အင်းသမားကြီးဖိုးစံမဲ့ဟူ၍ရှိ၏။ အကုသိုလ်ကြီးမားသူဖြစ်ပါ၏။ ရွာဦးကျောင်းဆရာတော် သတိပေးချက်အရ ရွှေတိဂုံဘုရားအား ရွှေသင်္ကန်းကပ်လှူရမည် ဖြစ်သည်။ မိသားစု ဘုရားဖူးထွက်ခဲ့ကြ၏။ ရွှေတိဂုံဘုရားရောက်သော် ကျန်လူအားလုံး ဘုရားကို ဦးခိုက်ပူဇော်ကြကုန်၏။ ရှိခိုးလျက်ရှိပါသည်။ အကုသိုလ်ကြီးမားသူ ဖိုးစံမဲ့အဖို့ရာကား ရွှေတိဂုံဘုရားကို မမြင်ရချေ။

ရွှေတိဂုံဆိုတာဘာလဲ၊ ဘယ်မှာလဲ နှင့် ရွှေသင်္ကန်းမလှူဖြစ်တော့ချေ။ အမြင်မှားသူ၊ မကောင်းတာမှအကောင်းထင်သူဖြစ်သောကြောင့် အကုသိုလ်ကြီးမားလေရကား ကုသိုလ် (ကောင်းသောကံ) နှင့် ကင်းကွာသွားရရှာလေသည်။

# အောင်မြင့်ထွန်း
(မအူပင်)

## ဗာလာနံလူမိုက်ကိုရှောင်သွေလွဲလို့ ရဟန္တာဖြစ်သွားရသော ဝက်ကြီးသ





www.burmeseclassic.com

www.burmeseclassic.com

ဗာလာနံ လူမိုက်တို့သည် မြတ်စွာဘုရားပွင့်တော်မူစဉ်ကပင်ရှိခဲ့ကြောင်း၊ သက်သေသာဓကဘုရားဟောများရှိခဲ့ပါ၏။ မြတ်စွာဘုရားလက်ထက်တော်က ဘုရားကို ကိုယ်တိုင်ဖူးတွေ့ခွင့်ရရှိသူများထဲမှာ ဘုရားကို ဘုရားမှန်းမသိသူအချို့ရှိခဲ့ပါသည်။ အကုသိုလ်ကြီးမားလေစွတကား။

မြတ်စွာဘုရားသခင် (ထူလု) ဇနဗုဒ် (ဥတ္တရကာလ) အမည်ရှိသော နိဂုံးသို့ ဆွမ်းခံဝင်ရာတွင် တွေ့ရှိခဲ့ရသည်မှာ အဝတ်မဝတ်ဘဲ အစားအစာကို ခွေးကဲ့သို့နမ်းပြီးမှစား၏။ ခုံလောက်ခေါ်သော ဖိုခနောက်အကြား၌အိပ်၏။ ထိုမှတစ်ပါး ခွေး၏အမူအရာအတိုင်း ပြုမူနေထိုင်သည်။ ခွေးအကျင့်ရှိသော ပုဆစ်နှစ်ဖက် တံတောင်နှစ်ဖက်တို့ကို မြေ၌ထောက်၍ ခွေးကဲ့သို့သွားလာလှည့်ပတ်လျက်နေခြင်း စသော အပြုအမူကိုသာ ကျင့်ကြံနေထိုင်သည်။

ကောယခတ္တိယ အမည်ရှိသော (မြွှာဒိဋ္ဌိ-ယုတ်ညံ့သဖြင့်-မှားသောအယူရှိသော) တိတ္ထိတစ်ယောက်ကို တွေ့မြင်ရလေ၏။ ဘုရားပွင့်သည့်ခေတ်ကာလနှင့်ကြုံကြိုက်ရပါသော်လည်း အကုသိုလ်ကြီးမားလေသောကြောင့် ဘုရားကို ဘုရားမှန်းမသိ၊ ကိုးကွယ်ရကောင်းမှန်းမသိ၊ အကုသိုလ်တိမ်သလ္လာဖုံးလွှမ်းနေသည်ဖြစ်၍ သနားစဖွယ် တိတ္ထိများပေတကား။

ဘုရားရှင်ကို ဖူးမြော်ခွင့်ကြုံနေပါလျက် ဘုရားရှင်ကို ဆည်းကပ်ပူဇော်ရကောင်းမှန်း မသိရှိကြလေကုန်သော ပုဂ္ဂိုလ်တစ်စုတို့သည်လည်းရှိခဲ့ပြန်ပါ၏။ ထိုဗာလာနံအုပ်စုထဲမှ ထိုးထွင်းသိမြင်အသိဉာဏ်ဝင်လာသော ပုဂ္ဂိုလ်တစ်ဦးသည် တား လမ်းမှန်သို့ရောက်ရှိကာ ဗုဒ္ဓမြတ်စွာဘုရားရှင်တော်မြတ်က ချေချွတ်ပေးနိုင်တော်မူခဲ့ပါသည်။ ထိုသူပုဂ္ဂိုလ်ကား ရဟန္တာဖြစ်သွားသော ဝက်ကီသပုဂ္ဂိုလ်တို့၏။

ဤကမ္ဘာမှပြန်၍ရေတွက်သည်ရှိသော် -

❑

ကမ္ဘာတစ်သိန်းအထက်၌ ပဒုမုတ္တရဘုရားရှင် ပွင့်တော်မူသောအခါ၌ အနီးပိုင်းလိသည် တံသာဝတီပြည်ကြီးဝယ် သူကြွယ်တစ်ဦး၏သားဖြစ်ဖူး၏။ တစ်နေ့သောအခါတွင် ထိုဝက်ကီသသူကြွယ်သည် များစွာသော မိမိ၏ပရိသတ်အပေါင်းနှင့်တကွ ဘုရားရှင်၏ အထံတော်သို့ ဆည်းကပ်၍ တရားတော်မြတ်ကို နာယူလေ၏။ ထိုအခါ ရှင်တော်မြတ်ဘုရားသည် ထူးခြားသော ပဋိဘာန်ရှိလှသော ရဟန္တာတစ်ဦးအား (ဧတဒဂ်) အရာ၌ ထားသည်ကို မြင်လေသဖြင့် ဤအရှင်ကဲ့သို့ဖြစ်လိုသောဆန္ဒရှိသည်ဖြစ်သဖြင့် ဘုရားရှင်၏ အထံတော်၌ ဆုပန်ခြင်းကို ဤသို့ပြုလေ၏။

"အကျွန်ုပ်သည် ယခုဘဝ၌ပြုအပ်သော ကုသိုလ်ကံကြောင့် သံသရာ ဘဝအဆက်ဆက် လူ့ပြည်နှင့်နတ်ရွာတို့၌သာလျှင် ကျင်လည်ရသည်ဖြစ်၍ နောင်ပွင့်လတ္တံ့သောဘုရားရှင်တို့၏သာသနာတော်၌(ဂါထာမန္တန်)အထုံးအဖွဲ့ပညာတို့၌လျင်မြန်ထက်မြက်ကုန်သော၊ တပည့်အပေါင်းတို့ထက် လွန်ကဲထူးမြတ်သော ရဟန္တာအဖြစ်ကိုရရပါစေသား"

ဟု ဆုတောင်းလေ၏။

ထိုအခါ ရှင်တော်မြတ်ဘုရားသည် ဂုဏ်းသူကြွယ်ဆုတောင်းသည့်အတိုင်း ဖြစ်နိုင်လတ္တံ့သော အကြောင်းခြင်းရာကိုမြင်တော်မူသည်ဖြစ်၍ နိယတဗျာဒိတ်စကားကို မိန့်ကြားတော်မူခဲ့လေ၏။ ထိုသူကြွယ်သည် အသက်အတိုင်းနေ၍ စုတေလေသော် ဆုတောင်းခဲ့သည့်အတိုင်း လူ့ပြည်နှင့် နတ်ပြည်တို့၌သာ ကျင်လည်ခဲ့ရပါ၏။

ကျွန်ုပ်တို့၏ ဂေါတမရှင်တော်မြတ်ဘုရား ပွင့်ထွန်းတော်မူလေသောအခါ သာဝတ္ထိပြည်၌ ပစ္စည်းဥစ္စာကြွယ်ဝပေါများသောပုဂ္ဂိုလ်မျိုး၌ ဖြစ်လာ၏။ ဝက်ကီသ ဟူသောအမည်ကို မှည့်ခေါ်ကြလေကုန်၏။

ထိုပုဂ္ဂိုလ်သည် အရွယ်သို့ရောက်သောအခါ ဆရာတို့အထံ၌ ဗေဒင်အတတ်ပညာကိုသင်ပြီးဖြစ်၍ ဆရာကိုကျေနပ်နှစ်သိမ့်စေသဖြင့် (ဆဝသီသ) မည်သော ပညာထူးကို သင်ယူရရှိလေ၏။ ထိုပညာ၏ တန်ခိုးအာနိသင်ကားသေပြီးသောသူ၏ ဦးခေါင်းရိုးကို လက်သည်းဖြင့်ခေါက်၍ကြည့်လျှင် -

၁။ ဤသူကား ငရဲပြည်၍ဖြစ်၏။
၂။ ဤသူကား တိရစ္ဆာန်ဘုံ၌ဖြစ်၏။
၃။ ဤသူကား ပြိတ္တာဘုံ၌ဖြစ်၏။
၄။ ဤသူကား လူ့ပြည်၌ဖြစ်၏။
၅။ ဤသူကား နတ်ပြည်၌ဖြစ်၏။

ဟုပြောဆိုနိုင်စွမ်းသောအာနိသင်ရှိ၏။

ထိုအကြောင်းကို ယုံကြည်နိုင်လောက်သော သက်သေသာဓကကိုပြဦးလော့ဟု ဆိုပြန်လျှင်လည်း ထိုပညာဖြင့် မှန်၌ကြည့်စေလျှင် ဖြစ်တိုင်းသောဘဝကို မြင်နိုင်စွမ်းစေပါ၏။ ထို့ကြောင့် အမျိုးတူသော ပုဂ္ဂိုလ်ငယ်တို့သည် ဤသို့ တိုင်ပင်ကြံစည်ကြလေကုန်၏။

"ဤဝက်ကီသလုလင်၏ အတတ်ပညာကား အသက်မွေးမြူလောက်သော အတတ်ပညာပေတည်း။ ထို့ကြောင့် ငါတို့သည် ဤသူကိုခေါ်ဆောင်၍ အရပ်တစ်ပါးသို့ လှည့်လည်သွားလာကာ ပြုလုပ်ပြသကုန်အံ့"

ဟု ကြံစည်ပြောဆိုကြကုန်၏။

ထို့ကြောင့် တစ်နေ့တွင် ဝက်ကီသပုဂ္ဂိုလ်နှင့် တိုင်ပင်ဆွေးနွေးမှုပြုကြ၏။ ထိုအကြံကို ဝက်ကီသပုဂ္ဂိုလ်ကလည်း သဘောကျလက်ခံ၏။ သဘောတူညီမှုရရှိကြပြီးနောက် လှပတင့်တယ်သော တန်ဆာတို့ ဆင်ယင်အပ်သည့် မင်္ဂလာယာဉ်ငယ်တစ်ခု စီမံဖန်တီးလိုက်ကြကုန်၏။ လှပသော တန်ဆာတို့ဖြင့် မွမ်းမံထားသော ဝေါယာဉ်ပေါ်တွင် ဝက်ကီသပုဂ္ဂိုလ်လုလင်ကိုတင်၍ထမ်းကာ နီးစပ်ရာမြို့ရွာနိဂုံးတို့ကို လှည့်လည်၍သွားလာကြကုန်၏။

ထိုသို့သွားလာရာတွင် မိမိတို့ရောက်တိုင်းရောက်တိုင်းသောအရပ်တို့၌ ပုဂ္ဂိုလ်လုလင်တို့သည် လူစုလူဝေးရှိရာအရပ်သို့ ဝင်ရောက်ကြ၍ ဤသို့ပြောဆိုပြီး ဝါဒဖြန့်မှုပြုကြလေကုန်၏။

"အကြင်သူသည် ငါတို့၏ ဝက်ကီသပုဂ္ဂိုလ်ကို ဖူးမြင်ရအံ့။ ထိုသူသည်ပစ္စည်းဥစ္စာကိုမူလည်း ရနိုင်ရာ၏။ နတ်ရွာသို့မူလည်း ရောက်နိုင်ရာ၏။ ကွယ်လွန်ကုန်ပြီးသော မိဘဆွေမျိုးတို့၏ လားရာဂတိကိုလည်းသိနိုင်ရာ၏။ ထိုသို့သောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကို အဘယ်သူသည်တွေ့လိုကြပါသနည်း"

ဟု မေးမြန်းကြည့်ကြလေ၏။

ထိုအခါ မြို့သူမြို့သားတို့ကလည်း ငါတို့တွေ့မြင်ရပါစေဟု ဆိုလာကြကုန်၏။ ထိုအခါ ပုဂ္ဂိုလ်လုလင်တို့သည် ထိုသူတို့ကို ဆရာဝက်ကီသထံသို့ ခေါ်ဆောင်လာခဲ့ကြ၍ -

"ဤဇမ္ဗူဒိပ်ကျွန်း၌ ငါတို့၏ဆရာဝက်ကီသနှင့်တူသောပညာရှိမည်သည်မရှိ။ ပြီးခဲ့သည့် (၁) နှစ်ခန့်က လည်းကောင်း၊ (၂)နှစ်(၃)နှစ်ခန့်ကသော်လည်းကောင်း၊ သေလွန်လေပြီးကုန်သော သင်တို့၏ မိဘသားမြေးဆွေမျိုးတို့၏ အရိုးတို့ရှိလျှင်ပြကြကုန်လော့။ ဤသူသည် ဤမည်သောဂတိ၌ဖြစ်သည်ဟု ဆိုလတ္တံ့



www.burmeseclassic.com

www.burmeseclassic.com

သတည်း"

ဟု အမှတ်တင်ချီးပ၍ပြောဆိုကြလေကုန်၏။

ထိုအခါ ဆရာဝဏ္ဏီသပုဏ္ဏားကလည်း မိမိထံသို့ရောက်လာကြကုန်သော များစွာသော လူအပေါင်းတို့အား ယုံမှားသံသယကင်းစိမ့်သောငှာ အထူးထူးသောနည်းလမ်းတို့ဖြင့် ကျန်းမာရေး၊ ချမ်းသာရေး၊ စီးပွားရေးတို့ကိုလည်းကောင်း၊ ကွယ်လွန်ကုန်ပြီးဖြစ်သော မိဘသားမြေးဆွေမျိုးတို့၏ အရိုးကိုခေါက်၍ ၎င်းတို့၏လားရာဂတိကိုပြဆိုသောအားဖြင့်လည်းကောင်း အသီးသီးမေးလာသမျှတို့ကို ပြဆိုဖြေရှင်းပေးလေ၏။ ထိုသို့ ယုံကြည်လောက်အောင် လက်တွေ့ပြသပေးနိုင်သဖြင့် မြို့သူမြို့သားတို့သည် ယုံကြည်လေးစားလာသူ တစ်နေ့တခြား ပိုမိုများပြားလာသည်ဖြစ်၍ ၎င်းတို့ထံမှ တစ်ရာ နှစ်ရာသော အသပြာရွှေငွေတို့ကို လည်းကောင်း၊ တစ်ထောင်၊ နှစ်ထောင်သော အသပြာတို့ကိုလည်းကောင်း အတိုင်းအဆမရှိ ရရှိကြလေကုန်၏။

ထိုသို့များစွာသော အသပြာတို့ကို ရရှိလာကြသောအခါ၌ ထိုပုဏ္ဏားလုလင်ငယ်တို့သည် ဆရာဝဏ္ဏီသကို ရိုသေစွာခေါ်ဆောင်လျက် သာဝတ္ထိပြည်သို့ ပြန်ကြလေ၏။ ဤသို့သောနည်းလမ်းဖြင့် ပစ္စည်းဥစ္စာ ရတနာရွှေငွေတို့ကို ရှာဖွေနေကြလေသည်တွင် -

တစ်နေ့သ၌ ဂေါတမမြတ်စွာဘုရားရှင်ကို အနာထပိဏ်သူဌေးသည် ပင့်ဖိတ်၍ ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိလေသော ဘုရားရှင်၏ ဂုဏ်ကျေးဇူးကိုသာ လူအပေါင်းတို့သည် ချီးပပြောဆိုကြသောအသံကိုသာ ကြားနေကြရသည်ဖြစ်၍ ဝဏ္ဏီသပုဏ္ဏားသည် မိမိ၏အချင်းပုဏ္ဏားတို့အား ဤသို့ဆိုလေ၏။

"အချင်းတို့၊ ရှေးသောအခါ၌ များစွာသောလူအပေါင်းတို့သည် ငါ၏ကျေးဇူးဂုဏ်ကိုသာ များစွာမှချီးပပြောဆိုမှုကိုပြုကြကုန်၏။ ပညာရှိသောသူတို့၏အထံသို့ ဆည်းကပ်ရခြင်းသည် လွန်စွာမှကောင်းမြတ်လှ၏။ ထို့ကြောင့် သင်တို့နှင့်အတူတကွသွား၍ ဘုရားရှင်ကို ဖူးမြင်ကြကုန်အံ့"

ဟု ဆိုလေ၏။

ထိုစကားကို ကြားလေသော် အချင်းပုဏ္ဏားတို့ကလည်း -

"အရှင်ဝဏ္ဏီသ၊ အရှင်ဂေါတမ၏ အထံသို့သွားရန်မသင့်။ အဘယ်ကြောင့်ဆိုသော် ထိုဘုရားဂေါတမသည် သာယာဖျောင်းဖျသောစကားဖြင့် သူတစ်ပါးတို့အား မိမိအလုပ်အကျွေးဖြစ်အောင် သွေးဆောင်တတ်သည်"

ဟု ပြောဆိုကြကုန်၏။

ထို့ကြောင့် မသွားသင့်ကြောင်း တားမြစ်ကြကုန်၏။

ထိုအခါ ဝဏ္ဏီသပုဏ္ဏားသည် ထိုအချင်းပုဏ္ဏားတို့စကားကို နားမထောင်မူ၍ ဘုရားရှင်ထံသို့ ဆည်းကပ်လေပြီးလျှင် သင့်လျော်သောနေရာ၌နေ၍ ဤသို့လျှောက်ထားလေ၏။

"အရှင်မြတ်ဘုရား၊ ကိုယ်တော်မြတ်ကို လွန်စွာမှပညာရှိသောပုဂ္ဂိုလ်ဟူ၍ ပြောဆိုချီးမွမ်းကြပါ၏။ ကျွန်ုပ်သည် ဤသာဝတ္ထိပြည်၌ ပညာရှိတစ်ယောက်ပါတည်း။ ပညာချင်းနှိုးနှောင်ပါရစေ။ အရှင်မြတ်ကသာလျှင်အကျွန်ုပ်ကိုမျှတော်မူပါ။ အကျွန်ုပ်ကသာလျှင်လည်း အရှင်မြတ်ကိုလှူရပါအံ့"

ဟု လျှောက်ထားလေ၏။

ထိုအခါရှင်တော်ဘုရားက -

"ဝဏ္ဏီသ၊ သင်သည် အဘယ်သို့သောပညာဝိသေသကိုတတ်ဘိသနည်း"

ဟု မေးတော်မူလေ၏။

"အရှင်မြတ်ဘုရား၊ အကျွန်ုပ်ကားအများတတ်သောဗေဒင်ပညာကိုလည်း တတ်မြောက်ပါသည်။ အရိုးကိုခေါက်လျှင် လားရာဂတိကိုသိနိုင်သော (ပညာထူး) ကိုလည်း တတ်မြောက်ပါသည်"

ဟု ဘုရားရှင်ကို လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က -

၁။ သေ၍တစ်နှစ်မြောက်ပြီးသော ငရဲသို့သွားရသောသူတစ်ဦး၏ ဦးခေါင်းရိုးကိုလည်းကောင်း၊

၂။ သေပြီး လူ့ပြည်၌ ပြန်လည်၍ ဖြစ်လာသောသူတစ်ဦး၏ ဦးခေါင်းရိုးကိုလည်းကောင်း၊

၃။ သေပြီးနတ်ပြည်၌သွား၍ဖြစ်သောသူတစ်ဦး၏ ဦးခေါင်းရိုးကိုလည်းကောင်း၊

၄။ နိဗ္ဗာန်သို့စံဝင်လေပြီးသော ရဟန္တာတစ်ဦး၏ ဦးခေါင်းရိုးကိုလည်းကောင်း -

တန်ခိုးတော်ဖြင့်ယူ၍ ဝဏ္ဏီသအား ပြတော်မူ၏။

ထိုအခါ ဝဏ္ဏီသပုဏ္ဏားသည် ရှေးဦးစွာသောဦးခေါင်းရိုးကို လက်သည်းဖြင့်ခေါက်၍ကြည့်ပြီးသော် -

"အရှင်ဂေါတမ၊ ဤသတ္တဝါကား ငရဲသို့သွားရပါသတည်း"

"အချင်းဝဏ္ဏီသ မှန်လှပေပြီ၊ သင်သိမြင်ပေစွ။ ဒုတိယအရိုးကိုဆိုဦးလော့"

ဟု မိန့်တော်မူပြန်၏။

ဝဏ္ဏီသပုဏ္ဏားသည် လက်သည်းဖြင့်ခေါက်၍ကြည့်ပြီးလျှင် -

"အရှင်ဘုရား ဤသတ္တဝါကား လူ့ပြည်၌ဖြစ်ပါသတည်း"

"အချင်းဝဏ္ဏီသ သင်သိပေစွ၊ မှန်ပေစွ။ တတိယအရိုးကိုဆိုပါဦးလော့"

ဝဏ္ဏီသပုဏ္ဏားသည် အရိုးခေါင်းကို လက်သည်းဖြင့် ခေါက်၍ကြည့်ပြီးလျှင်-

"အရှင်ဘုရား၊ ဤသတ္တဝါကား နတ်ပြည်သို့လားသောသူတည်း"

"စတုတ္ထအရိုးကိုဆိုဦးလော့ ဝဏ္ဏီသ"

ဟု ဘုရားကမိန့်တော်မူလိုက်၏။

ထိုအခါ ဝဏ္ဏီသပုဏ္ဏားသည် ရှေးနည်းအတူ မိမိ၏ပညာဖြင့် အရိုးကိုခေါက်ပြီး ကြည့်ပြန်၏။ ဝဏ္ဏီသသိနိုင်ရန် အကြောင်းတစ်စုံတစ်ရာမျှ ထင်မလာခဲ့။ ဝဏ္ဏီသအမြင်မှာ ပေါ်လာခြင်းမရှိသဖြင့် ဦးခေါင်းကို အသာငုံ့လျက် ဆိတ်ဆိတ်သာနေရရှာလေတော့၏။

ထိုအခါ ရှင်တော်ဘုရားက -

"အချင်းဝဏ္ဏီသ၊ အသို့နည်း။ ဆိုဦးလော့"

ဟု ဆက်၍ တိုက်တွန်းတော်မူလေ၏။

ထိုအခါ ဝဏ္ဏီသပုဏ္ဏားသည် အကြိမ်ကြိမ်အဖန်ဖန် အရိုးကိုခေါက်ကြည့်ပါသော်လည်း မသိနိုင်လေရကား ပရိသတ်တို့အား ရှက်နိုးစွာဖြင့် ချွေးဖြာဖြာစီး၍ ဆိတ်ဆိတ်သာသာနေရလေတော့၏။

ထိုအခါ ရှင်တော်ဘုရားက -

"အချင်းဝဏ္ဏီသ၊ သင်မဆိုနိုင်တော့ပြီလော"

ဟု မေးတော်မူသည်။

ထိုအခါ ဝဏ္ဏီသပုဏ္ဏားသည် မဆိုနိုင်ပါကြောင်းကို ပြန်လည်၍လျှောက်ထားလေလျှင် ရှင်တော်ဘုရားက -

"သင်သည် မှန်ကန်သောစကားကို ဆို၏။ သူတော်ကောင်းပီသလေစွ။ ဤသို့ ဝစီသစ္စာရှိသောသူမှ ထူးမြတ်သောပညာကို ရနိုင်ရာသတည်း"

ဟု ဘုရားရှင်က မိန့်တော်မူပြီးနောက် ဝဏ္ဏီသက -

"အရှင်ဘုရား၊ အရှင်ဘုရား သိ



www.burmeseclassic.com

www.burmeseclassic.com

တော်မူလျှင် ဆိုတော်မူပါဦးလော့"

ဟု လျှောက်ထားလေသော ရှင်တော်ဘုရားသည် -

စုတိံ ယော ဝေဒတိ သတ္တာနံ
ဥပပတ္တိဉ္စ သဗ္ဗသော
အသတ္တံ သုဂတံ ဗုဒ္ဓံ
တမဟံ ဗြူမိ ဗြာဟ္မဏံ

အစရှိသော (ဓမ္မပဒ) ဂါထာဖြင့် ထိုအရိုးသည် နိဗ္ဗာန်ဝင်လေပြီးသော ရဟန္တာပုဂ္ဂိုလ်၏ အရိုးဖြစ်ကြောင်းကို မိန့်ဆိုတော်မူလေ၏။

ထိုအခါ ဝင်္ဂီသက -

"အရှင်ဘုရား၊ အတတ်ပညာတစ်ခုကိုယူ၍ အတတ်ပညာတစ်ခုကို ပေးရသောသူအား ဆုတ်ယုတ်ခြင်းမည်သည်မရှိပါ။ အကျွန်ုပ်ကလည်း တစ်ခုသောအတတ်ကို ဆက်ကပ်ပါမည်။ အရှင်ဘုရားကလည်း နိဗ္ဗာန်လားသူ၏ အရိုးကို သိစေနိုင်သောအတတ်ကို ပေးတော်မူပါဘုရား"

ဟုလျှောက်ထားလေ၏။

ထိုအခါ ရှင်တော်ဘုရားက -

"အချင်းဝင်္ဂီသ၊ ငါတို့ကား အတတ်ချင်းလဲလှယ်သည်မည်သည်မရှိ။ တတ်လိုမူကား သင်ကြားပေးသည်သာတည်း"

ဟု မိန့်တော်မူလေ၏။

ဝင်္ဂီသပုဏ္ဏားက -

"အရှင်ဘုရား၊ အကျွန်ုပ်အား သင်ပေးပါဘုရား"

ဟု လျှောက်ထား၍ လက်ကို ယှက်ကာ ရိုသေစွာရှိခိုးနေလေ၏။

ထိုအခါ ရှင်တော်ဘုရားက -

"အချင်းဝင်္ဂီသ၊ သင်တို့၏အယူ၌ အဖိုးများစွာထိုက်တန်သောအတတ်ကိုလည်းကောင်း၊ အဖိုးအနည်းငယ်သာ ထိုက်တန်သောအတတ်ကိုလည်းကောင်း သင်ယူသောအခါ၌ ဆရာတို့အား ပစ္စည်းဥစ္စာကိုပေးရခြင်း၊ ဆရာ၏အမှုကိစ္စကို ပြုလုပ်ပေးရခြင်းဟူသော ပရိကံသည်ရှိသည်မဟုတ်လား"

ဟု မေးတော်မူလေ၏။

ထိုအခါ ဝင်္ဂီသပုဏ္ဏားက-

"အရှင်ဘုရား၊ ထိုပရိကံသည်ရှိပါ၏အရှင်ဘုရား"

ဟု ပြန်လည်၍လျှောက်ထားလေလျှင် ရှင်တော်ဘုရားက -

"ကောင်းပြီ၊ ဤသို့ဆိုလျှင် သင်တို့အမျိုး၌ကဲ့သို့ ငါတို့ထံ၌ကား ပစ္စည်းဥစ္စာကိုပေးရခြင်း၊ ဆရာ၏အမှုကိစ္စကို ပြုလုပ်ပေးရခြင်း မည်သည်မရှိ။ သို့ရာတွင်မူကား ငါနှင့် အသွင်တူစွာ ရဟန်းပြုလုပ်သောသူကိုသာလျှင် ပညာသင်ပေးလေ့ရှိ၏။ ထို့ကြောင့် သင်သည် ထိုအတတ်ပညာကိုလိုအပ်ပါမူကား အသင်ရဟန်းပြုလော့"

ဟု မိန့်တော်မူပါသည်။

ထိုအခါ ပုဏ္ဏားတို့မည်သည်မှာ ဗေဒင်အတတ်၌ရောင့်ရဲသောမည်သည် မရှိရကား ဝင်္ဂီသပုဏ္ဏားသည် ဘုရားရှင်၏အထံတော်၌ ဗေဒင်သင်ကြားခြင်းအကျိုးငှာ များစွာသော မိမိ၏အရံပုဏ္ဏားတို့ကို ခွင့်ပန်ပြီး ဝင်္ဂီသသည် ရဟန်းပြုလေ၏။

ထိုအခါ ဘုရားရှင်သည် -

"ဗေဒင်ပညာ၏ ရှေးဦးစွာသော (ပရိကံမန္တန်) ကိုသင်ဦးလော့"

ဟု မိန့်တော်မူ၍ -

ကေသာ လောမာ စသော ဒွတ္တိံ ကာယကို ဖြတ်တော်မူလေ၏။

ဝင်္ဂီသပုဏ္ဏားသည် ပညာကြီးလှသော ပုဏ္ဏားဖြစ်လေရကား (ဒွတ္တိံသ) တရားကို လေးလေးနက်နက်အားထုတ်သဖြင့်ပင်လျှင် ဝိပဿနာဉာဏ်မြင့်၍ ရဟန္တာအဖြစ်သို့ရောက်လေ၏။ ထိုအခါ၌ အရံပုဏ္ဏားတို့သည် ခုနစ်ရက်မြောက်ကြာလေသော် ဆရာဝင်္ဂီသထံသို့ သွားကြ၍ -

"ဆရာသည် ဘုရားဂေါတမထံ၌ အတတ်ပညာသင်ကြားခြင်းသည် ပြီးဆုံးပါပြီလော"

ဟု မေးမြန်းကြကုန်၏။

ထိုအခါ ဝင်္ဂီသပုဏ္ဏားက -

"အချင်းတို့ ငါကား တတ်မြောက်ပါပြီ"

ပညာဆိုလျှင် ပုဏ္ဏားတို့က -

"ဆရာ၊ ထိုသို့တတ်ပါမူကား အရပ်တစ်ပါးသို့ လှည့်လည်၍ ဥစ္စာရှာကြကုန်အံ့"

ဟု ဆိုကြကုန်၏။

ထိုအခါဝင်္ဂီသပုဏ္ဏားက -

"အချင်းတို့၊ ငါကား ဥစ္စာမရှာလိုပြီ။ ငါ၏ကိစ္စသည်ဆုံးလေပြီ။ သင်တို့သာလျှင် ငါကဲ့သို့ ရဟန်းပြုကြကုန်လော့"

"ဆရာဝင်္ဂီသ၊ ထို့ကြောင့်မဆွတကပင် ငါတို့ဆိုခဲ့ကြသည်မဟုတ်တုံလော။ အရှင်ကြီးဂေါတမသည် မိမိနောက်လိုက်တပည့်ဖြစ်အောင် လှည့်ပတ်ဖြားယောင်းတတ်သည်။ ထိုသူ၏အလိုသို့ မလိုက်ပါလင့်ဟု ငါတို့မှာကြားခဲ့သည်ကိုပင် သင်မနာယူဘဲ ရှင်ဂေါတမ၏အလိုသို့ သင်လိုက်လျှောက်ခဲ့သည်။ ထို့ကြောင့် သင့်ထံသို့ ငါတို့မလာပြီ"

ဟု ဆိုကာ ပြန်ကြလေကုန်၏။

ထိုအခါမှစ၍ ဝင်္ဂီသမထေရ်သည် ဘုရားရှင်ထံသို့ အမြဲမပြတ် ဆည်းကပ်လေသောအခါ မြင်ရာအရပ်မှရှိခိုးလျက် ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်ကို ဂါထာများသီကုံး၍ ချီးကျူးလျက် ဆည်းကပ်ကာနေလေ့ရှိတော့၏။ ထိုဝင်္ဂီသမထေရ်သည် သာယာချောင်လျှင်မြန်ကောင်းမြတ်သော၊ ထက်မြက်သောဉာဏ်ပညာနှင့် ပြည့်စုံလှသောကြောင့် ဘုရားရှင်သည် ထိုဝင်္ဂီသမထေရ်အား (ပဋိဘာနဝန္တ) ဧတဒဂ်အရာ၌ ထားတော်မူလေ၏။

ဤအကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့် ဓမ္မပဒကျမ်းတို့၌ လာရှိသည်ဟု မူရင်းကျမ်းဆရာက ညွှန်းဆိုထားပါသည်။

ထို့ကြောင့် တင်ပြလိုသည်မှာ ဗာလာနံလူမိုက်တစ်စုဖြစ်သော အရံပုဏ္ဏားတို့သည် ဘုရားကိုဘုရားမှန်းမသိကြသလို သူတို့၏အဖော် ဝင်္ဂီသမ -

'ငါ၏ကိစ္စသည် ဆုံးလေပြီ'

ဆိုသော ရဟန္တာတို့၏ အသုံးအနှုန်းစကားလုံးကိုပင် နားလည်နိုင်စွမ်းအဆင့်မရှိကြချေ။ ဝင်္ဂီသသည် ရဟန္တာမထေရ်ဖြစ်သွားကြောင်းကို သူတို့မသိရှိကြလေကုန်။ ဗာလာနံလူမိုက်တို့သည် ရဟန္တာကိုရဟန္တာမှန်းမသိရှိကြကုန်သော သနားစဖွယ် လူအန္ဓများပေတကား။

ထို့ကြောင့် ဗာလာနံလူမိုက်တို့သည် သူတော်ကောင်းကို အကောင်းမမြင်နိုင်ကြဘဲ ကျောခိုင်းခဲ့ကြလေကုန်၏။

ဤလောကလူ့ဘုံဝယ် အကောင်း၊ အဆိုးခွဲခြားသိမြင်နိုင်ကြပါစေ။ သာယာဝပြောစွာဖြင့် ကမ္ဘာပေါ်မှာ အကောင်းမြင် အကောင်းကြံကြပြီး လောကကို အလှဆင်နိုင်ကြပါစေကုန်။ ကောင်းရာကောင်းကျိုး သယ်ပိုးရွက်ဆောင်သူတို့ ကောင်းကံများ လက်ခံရရှိကြကုန်၏။ ကောင်းကျိုးကိုသာ ခံစားစံစားကြရပေလိမ့်မည်မှာ မလွဲဧကန် သေချာနေပါ၏။ ကံဆိုသည်မှာ အလုပ်ကိုခေါ်ပါသည်။ မိမိသည် ဆရာကောင်းကိုမှီဝဲ၍ ဆည်းကပ်သင့်ပေ၏။ အမှားများကို ရပ်တန့်ကာ အမှန်ကိုမြင်သင့်ကြပေပြီ။

တစ်ချိန်က ပုဏ္ဏားတစ်စုတို့နှင့် လောဘအမှောင်နောက်ကိုသာ တိုက်မတ်မတ်လိုက်ခဲ့သော ဝင်္ဂီသသည်



www.burmeseclassic.com

www.burmeseclassic.com

အလုံးစုံသိမြင်တော်မူသော သဗ္ဗညု ဘုရားရှင်နှင့် တွေ့ခွင့်ရလိုက်သောအခါ အတွေးမှန် အမြင်မှန်ကို ရရှိသွားပြီး ဘုရားအဆုံးမအောက်၌ လိုက်လံကျင့်ကြံနေထိုင်ခဲ့ရာ ဝိပဿနာဉာဏ်အမြင်ပေါက်၍ သံသရာခရီးအဆုံးသတ်တော့မည့် ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

ယနေ့ခေတ်အခါသည်ကား ဆိုးဝါးသော လူတို့၏စိတ်ဓာတ်များ၊ အရိုင်းအစိုင်းစိတ်ဓာတ်များ ကိန်းအောင်းလာကြကုန်၏။ ကိုယ်ကာယအမူအကျင့်တို့သည်လည်း ခက်ထန်ကြမ်းတမ်းလာခဲ့ကြပြီ။ လူတို့ချည်းသာမဟုတ် သဘာဝဖြစ်စဉ်တို့သည်ပင် ပြောင်းလဲဖောက်ပြန်မှုများ ကမ္ဘာကြီးအနှံ့ဖြစ်ပေါ်လျက်ရှိပါသည်။ မကြုံဘူးသောမြေပြိုမှုများ ရေခဲတောင်ပြိုခြင်း၊ အလွန်ကြမ်းတမ်းသည့် လေပြင်းမုန်တိုင်းကြီးများ၊ နှင်းမုန်တိုင်း၊ မိုးကြိုးမုန်တိုင်း၊ ရေလျှင်လှုပ်ခြင်း၊ မြေလျှင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း စသည့်ဘေးဆိုးကပ်ဆိုးကြီးများတို့သည်ပင် ကြောက်မမန်းလိလိ သဘာဝဘေးဒဏ်ကြီးတို့က ခြိမ်းခြောက်လျက်ရှိကြကုန်၏။

သဘာဝဘေးဆိုးရန်မာန်အပေါင်းတို့ အလုံးအရင်းဖြင့် ချီတက်လာနေပါပြီ။

အလုံးစုံသိမြင်တော်မူသောဆရာတစ်ဆူဖြစ်တော်မူသည့် ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်မြတ်၏ သာသနာတော်သည် မကွယ်ပျောက်သေးပါ။ ဗုဒ္ဓရှင်တော်မြတ်နှင့် ကိုယ်တိုင်မတွေ့ရ၊ မဖူးမြင်ရ၊ ဗုဒ္ဓ၏ တရားတော်မြတ်ကို ကိုယ်တိုင်မနာကြားရသော်ငြား ဘုရားထားခဲ့တော်မူသော သာသနာ (သို့) ဘုရား၏အဆုံးအမတို့က ရှင်သန်ဆဲ။ ထို့ကြောင့် အလုံးစုံသိမြင်တော်မူသော ဆရာတစ်ဆူ၏ အဆုံးအမတို့ကို လိုက်နာကျင့်ကြံနိုင်ကြပါစေ။

သည်အခွင့်ကောင်းကိုလက်လွှတ်မခံဘဲ အတွေးအသိအမှန်မြင်ကြကာ ကုသိုလ်တရားပွားများကြပါကုန်။ ။

*ဘဝတုသဗ္ဗမင်္ဂလံ*

အောင်မြင့်ထွန်း(မသုံးသုံး)

**ကျမ်းကိုး -**

ဆရာကြီးရန်အောင်မျိုးညွန့်၏ 'ဗုဒ္ဓစာကြေးမုံ'

# ထီ

## ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသော)

(၃၄၁) ကြိမ်မြောက်
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

ချမ်းသာကြွယ်ဝကြသူများစွာထွက်ပေါ်လာဦးတော့မည်ဖြစ်၏။

**တနင်္ဂနွေသားသမီးများ**

မေလ ၂ - ၁၀ - ၁၃ - ၁၆ - ၂၆ - ၃၀ ရက်များမှာထီထိုးပါ။

ဘုရားရှင်အား အုန်းသီးစိတ်များနှင့် ဆွမ်းတော်ကပ်ပါ။ အုန်းဖူးအုန်းပန်းပွင့်များနှင့် ပူဇော်ပါ။ တစ်ပတ် (၉) ရက် ပူဇော်ပြီးမှ ထီထိုးပါ။

ဇွန်လတွင် ၃-၂-၉-၄ ဂဏန်းများ ကံစပ်ပါသည်။

**တနင်္လာသားသမီးများ**

မေလ ၂ - ၄ - ၁၀ - ၁၄ - ၁၈ - ၂၆ ရက်များမှာ ထီထိုးပါ။

နေ့တစ်နေ့ကိုရွေး၍ အချိန်ယူပါ။

ငှင်းနေ့တွင် ဘုရား (၉) ဆူပြည့်အောင် လှည့်လည် ဖူးမြော်ပါ။

ဘုရားတိုင်း၏ တနင်္လာထောင့်တိုင်းတွင် ကော်ပန်းကန်ပြား (၁) ချပ်နှင့် ကြံများအတုံးပြုလုပ်ထည့်ပြီးဘုရားပူဇော်ပါ။ ပန်းကန်ပြားပါလှူခဲ့ပါ။ ကြံရှာမရလွန်းသောနေရာများမှာ ကျောက်ကျောနှင့်ပူဇော်ပါ။ အပြန်မှာထီထိုးပါ။

ဇွန်လတွင် ၄-၈-၀-၇-၂ ဂဏန်းများကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

မေလ ၂ - ၅ - ၁၁ - ၁၅ - ၁၈ - ၂၆- ၂၉ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား အကြော်စုံများ၊ စံပယ်ပန်းများနှင့် အားရပါးရ ပူဇော်ပါ။ တစ်ပတ် (သို့) (၉) ရက် ပူဇော်ပြီးရင် ထီထိုးပါ။

ဇွန်လတွင် ၂-၉-၄-၈-၅ ဂဏန်းများနှင့်ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

မေလ ၂ - ၆ -၁၂ - ၁၆ - ၂၆- ၃၀ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား အုန်းသီးစိတ်များ၊ အကြော်စုံများနှင့် အားရပါးရဆွမ်းတော်ကပ်ပါ။ တစ်ပတ် (သို့) (၉) ရက် ပူဇော်ပြီးရင် ထီထိုးပါ။

ဇွန်လတွင် ၄-၈-၃-၀-၇ ဂဏန်းများ ကံစပ်သည်။

**ကြာသပတေးသားသမီးများ**

မေလ ၂ - ၇ - ၁၀ - ၁၃ - ၁၇ - ၂၆ ရက်များမှာ ထီထိုးပါ။

နေ့တစ်နေ့ကိုရွေးပါ။

တစ်နေ့ထဲ ဘုရား (၃) ဆူပြည့်အောင်သွားပါ။

ဘုရားတိုင်း၏ အင်္ဂါထောင့်တွင် ဆီနှင့်ဂွမ်းစနှင့်ထွန်းရသော ဆီမီးခွက် (၃) ခွက်စီ ထွန်းညှိပူဇော်ပါ။ သရဏဂုံ ရွတ်ပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

ဇွန်လတွင် ၂-၉-၈-၅ ဂဏန်းများ ကံစပ်သည်။

**သောကြာသားသမီးများ**

မေလ ၂ - ၁၀ - ၁၁ - ၁၄ - ၁၈ - ၂၆ ရက်များမှာ ထီထိုးပါ။

ရွှေဘွဲ့အမည်ရှိသော ဘုရားတစ်ဆူဆူကိုသွားပါ။ ဘုရားမှာရှိသော ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ကော်ပန်းကန်ပြားကြီးကြီးနှင့် အကြော်စုံများ စွာထည့်ပြီး ဆွမ်းတော်ကပ်လှူပါ။ သရဏဂုံရွတ်ပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

ဇွန်လတွင် ၃-၂-၉-၇-၀ ဂဏန်းများ ကံစပ်နေပါသည်။

**စနေသားသမီးများ**

မေလ ၂ - ၉ - ၁၂ - ၁၅ - ၂၆ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ဆွမ်းတော် (၃)ပွဲနှင့် ပန်းပေါင်းစုံ (၃) မျိုး ကပ်လှူပူဇော်ပါ။ အနည်းဆုံး (၃) ရက် (သို့) (၇)ရက် ပူဇော်ပါ။ ပြည့်ပြီးမှ ထီထိုးပါ။

ဇွန်လတွင် ၄-၈-၂-၉-၅ ဂဏန်းများ ကံစပ်ပါသည်။

ယခုလတွင် ခုနစ်ရက်သားသမီးမည်သူမဆို -

၂-၅-၂၀၁၇ အင်္ဂါနေ့နှင့်
၂၆-၅-၂၀၁၇ သောကြာနေ့များမှာ ထီထိုးဖြစ်အောင်ထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)



www.burmeseclassic.com

www.burmeseclassic.com

ဘိုးသူတော် မျက်စိလည်လေဆန်ရလေဟူသော စကားဆန်းတစ်ခုကို ကြားဖူးမိပါ၏။ မရောက်ဘူး၊ ကျွမ်းဝင်မှုမရှိသေးသောဒေသအရပ်သို့ဆန်အလှူခံသွားသော သူတော်စင်တစ်ပါးအဖို့ ရောက်ရာမည်သည့်အရပ်မဆို အလှူခံတိုင်း အလိုရှိသော ဆန်၊ ပစ္စည်းကိုရရှိခြင်းမည်ပါပေ၏။ ကျွန်ုပ်တို့အဖို့မူကား သွားလိုရာမူတည်မည့်အရပ်ကိုမရောက်ပါချေလည်း ကျောင်းကန်ဘုရားပေါများသော မြန်မာပြည်အထက်ပိုင်းသို့ ဘုရားဖူးခရီးတစ်ထောက်ရောက်ရခြင်းကို ဆိုလိုပါသည်။


မုံရွာမြို့အနီးနားဝန်းကျင်တွင် သမ္ဗုဒ္ဓေစေတီတော်၊ ဗောဓိတစ်ထောင်ဘုရားများရှိနေသလို ခပ်လှမ်းလှမ်းတွင်လည်း ဖိုးဝင်တောင်၊ အလောင်းတော်ကဿပတို့လည်း ရှိနေပြန်ချေသေး၏။ နေပြည်တော်စာပေဝိုင်းအဖွဲ့သားများဖြစ်ကြသော ဆရာတွေးထက် (ကွယ်လွန်)၊ ဗေဒင်ဆရာကြီးဦးအောင်မှတ်ကျော်နှင့်အကျွန်ုပ်တို့ (၃) ဦးသား မထင်မှတ်သောနေ့တစ်နေ့ဝယ် ဆွေးနွေးတိုင်ပင်နိုးနှောလျက် အလောင်းတော်ကဿပသွားတောလား ခရီးနှင်ကြပါလေပြီ။ မုံရွာမှ ဦးသန်းထွန်း၏ အမှာပြုချက်အရ နေပြည်တော်-မုံရွာအဝေးပြေးကားကြီး

# ချောင်းဦးမြို့နယ် တောကျောင်းကြီးရှာ ရွှေဂူကြီးဘုရား


### စေးလာနွယ်



ရွှေဂူကြီးဘုရားအဝေးမြင်ကွင်း




ရွှေဂူကြီးရင်ပြင်တော်မှ ဘုရားတစ်ဆူ



ရဟန္တာဂူကျောင်းများနေရာ



ရှေးဟောင်းမြေကျောင်းတိုက်တာကြီးနှင့် ရွှေဂူကြီးဘုရား



အရှေ့စေတီကြီး
(ဓာရေးဆရာဦးညီမြထီးတော်တင်သည့်စေတီ)



ရွှေဂူကြီးစေတီတော်ဂန္ဓကုဋိတိုက်နှင့် ရွှေဂူကြီးရုပ်ရှင်တော်မြတ်ကြီး



www.burmeseclassic.com


www.burmeseclassic.com



ပလောင်နောင်တော် (ညီညင်)



ပလောင်ညီတော် (သေဘင်)




မယ်တော်ရှု



ဘီလူးနောင်တော် ရေမာန်



ဘီလူးညီတော် တေင်ကျည်း



မဟာရံဆုတ်တံတိုင်း

ပေါ်ဝယ် ငြိမ့်ညောင်းစွာလိုက်ပါရင်း ခရီးစတင်ချီတက်ကြပါတော့၏။

ညခရီးဖြစ်၍ ဖြတ်သန်းသွားလာခဲ့သောမြင်ကွင်းကို တစေ့တစောင်းကြည့်လိုသော်ငြား မြင်ခွင့်မသာခဲ့။ ရှေးလမ်းဟောင်းဖြစ်သော နေပြည်တော်တပ်ကုန်းတွင် ညစာစားသုံးပြီးသကာလ မိတ္ထီလာမြို့မှတစ်ဆင့် အဝေးပြေးလမ်းပေါ်ရောက်ချိန်တွင် ကျွန်ုပ်ငိုက်မျဉ်းစပြုနေပြီဖြစ်၏။ နောက်တော့ စစ်ကိုင်းတံတားကြီးကို ဖြတ်ကျော်ပြီး အဝေးမှ ပုညရှင်စေတီတော်မြတ်ကို မီးရောင်စုံဖြင့်ဖူးတွေ့လိုက်ရပါပြီ။ လမ်းပန်းဆက်သွယ်ရေးသာယာကောင်းမွန်သည့်အလျောက် မုံရွာခရီးစဉ်မှာ သာယာပါဘိတောင်း။

“ချောင်းဦးမှာဆင်းကြမယ်”

ဟု နောက်ခံမှ ဆရာကြီးအောင်မှတ်ကျော်စကားသံကို ဝေဝါးစွာကြားမိလိုက်ပြီးနောက် ဩော် - ခရီးစဉ်တစ်ထောက်ထင်ပါရဲ့ဟု တွေးနေမိသည်။

မကြာခင်ကာလက ပုံတောင်ပုံညာခရီးစဉ်တွင် ဖိုးဝင်တောင်မှတဆင့် မုံရွာသို့ဝင်ရောက်ပြီး မန္တလေးအပြန်လမ်းတွင် စည်ကားလှသောမြို့ရွာများကို မြင်တွေ့ဖူးပြီးဖြစ်သဖြင့် ဝန်းကျင်အလှကိုစိတ်မှန်းနှင့်ပင် ပုံဖော်နေမိခဲ့သည်။ ချောင်းဦးရောက်တော့ နံနက် (၂) နာရီထိုးပါလေပြီ။ အသင့်စောင့်ကြိုနေသော ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်အနီးလမ်းခွဲမှ အမည်မသိခေါ် ဆောင်ရာအရပ်သို့ ဗင်ကားကလေးဖြင့် အပြေးလေးမောင်းနှင်လာပြန်၏။

အင်း - ဘာကြောင့် ဦးစည်ရာ မုံရွာသို့မသွားဘဲ ချောင်းဦးမြို့နယ်သို့



www.burmeseclassic.com

www.burmeseclassic.com



တောကျောင်းကြီးရွာ




ရွှေဂူကြီးဘုရားဝင်းအပြင် စိုက်ပျိုးထားသော သနပ်ခါးပင်များ



တောကျောင်းကြီးရွာ
ဆရာတော်ဦးသာသနနှင့် စာရေးသူတို့အဖွဲ့



သိယံသုအလှူတော်ကျောက်စာချပ်ရှေ့ အမှတ်တရ



မင်းအဆက်ဆက်လှူဒါန်းခဲ့သောအကြောင်းအရာ ကျောက်စာပါ အထောက်အထားများ

ဆောက်နေပြန်ပြီလဲဟု အိပ်ချင်မူးတူး ငိုက်မျဉ်းစွာ လိုက်ပါလာတော့၏။


လမ်းဆုံးတော့ ရွာရောက်ချေပြီ အမှန်တည်း။ ထိန်လင်းသောမီးရောင် အောက်တွင် 'တောကျောင်းကြီးရွာ' ဟူသော ဆိုင်းဘုတ်ကြီးကိုပြူးပြဲမြင်ရ သောကြောင့်ပင်။ ကျွန်ုပ်တို့ရောက်ခဲ့ဖူး သော ရွာတိုင်းလိုလို အမှောင်အောက် ဆောက်နေချိန်တွင် အနို တောကျောင်း ကြီးရွာ ဟူသောကဗျာမဆန်လှသည့်ရွာ ကည် လျှပ်စစ်မီးတို့ဖြင့်ထိန်ညီးနေပါ ပေသား၊ သက်ကြီးခေါင်းချချိန်ကျော် လွန်ခဲ့ပေ ငိုက်မျဉ်းနေသော ကြက်ပင် တွန်နိုင်သေးသော အရုဏ်ဦးကာလ မိုးစက်(၁)နာရီဖြစ်သော်ငြား တစ်ရွာလုံး ထကြတတ်မှုမလှုပ်ကြသေး။ ရွာလယ် လမ်းမအတိုင်း မောင်းနှင်ရာမှ ကျောင်း သစ်ကျောင်းနာမည်ရှိ တောကျောင်းကြီး ရွာဘုန်းတော်ကြီးကျောင်းသို့ ရောက်ပြန် ချေပြီတမုံ့။

အိပ်ချင်မူးတူးဖြင့် ကားပေါ်ပါ လာသော စာအုပ်စာတမ်းများကို ဘုန်းတော်ကြီးကျောင်းစာကြည့်တိုက်သို့ ပို့ဆောင်သိမ်းဆည်းပြီးသကာလ ရသမျှ အချိန်ကလေးကို အလွတ်မပေးဘဲ ဘိုးသူတော် (၃) ဦး အလုအယက်အိပ် တန်းဝင်ပါသော်ငြား အသက်အရွယ်က လည်းကြီး၊ အဟောက်သန်လှသည့်ဝေဒ ဆရာမှတ် (ရုပ်ရှင်မင်းသားဝေဠုကျော် အား အကယ်ဒမီဆုရမည်) ဟု ဟော ကြားသူကြီး၏မြည်သံစွဲဟောက်သံအရ အညာသွားလှေကြီးသံစုံနှက်သည့်နှယ် နိုးတစ်ဝက်ဖြင့်ထတစ်ဝက်ဖြင့် မိုးလင်း ချေပြီတကား။

❑

နံနက်စိုးနိုးချင်း ကိုယ်လက် သန့်ရှင်း၊ ဦးပဉ္စင်းများတည်ခင်းသော မုန့်မျိုးစုံကို စားသောက်ပြီးသကာလ ကျောင်းထိုင်ဆရာတော်အလာကိုငံ့လင့် နေမိကြပါ၏။ နောင်မှကြားသိရသည်မှာ ဆရာတော်သည် ပုဂံခရီးသို့ကြွချီသွား ချေပြီတည်း။ ဖုန်းလိုင်းကောင်းသော ခေတ်ကာလတွင် လေဟာနယ်လွတ်ပြီး သကာလ ရုတ်တရက်နှုတ်မဆက်ဘဲ ဒေသခရီးကြွချီသွားသော်ငြား ရဟန်း သံဃာအများစုရှိနေသေးသော ကျောင်း သစ်ကျောင်းအတွင်း လှည့်လည်ကြည့်ရှု မိသည်။ အညာဒေသနှင့်မတူ စိမ်းလန်း သောသစ်ပင်ကြီးများအုပ်ဆိုင်းနေသော တောကျောင်းကြီးရွာရှိ ကျောင်းသစ် ကျောင်းတိုက်မှ ခေတ်မီအဆောက်အ

www.burmeseclassic.com




ရွှေဂူကြီးဘုရားလမ်းညွှန်

အုံများ ပိုင်းရံနေပါသည်။ ဉာဏ်တော်မြင့်မားသည့်ဘုရားစေတီတစ်ဆူအပါအဝင် သိမ်ကျောင်းများပြည့်နှက်နေလျက် ခေတ်မီဓမ္မကျောင်းတော် (ဤနေရာတွင် ဓမ္မစကူးလ်ဟု အင်္ဂလိပ်မသုံးနှုန်းလိုပါ) စာကြည့်တိုက်တို့ စုရုံးပေါင်းဖွဲ့နေပါသည်။ စာအုပ်အမျိုးအစားစုံလင်သော်ငြား ဒီထက်မက ပြည့်စုံကုံလောက်ရန်နှင့် စာဖတ်သူအသင်းအဖွဲ့ စာပေပိုင်းဆွေးနွေးပွဲများ ဖြစ်ပေါ်တည်တံ့နိုင်ရန် ဖြည့်ဆည်းပေးရပေဦးမည်။

ကျောင်းတိုက်အတွင်းမှထွက်ပြီး ကျေးရွာအခြေအနေကိုလှည့်ပတ်ကြည့်ရှုလိုသဖြင့် ကျေးရွာသားစင်စစ်ဖြစ်သော ဝေဒဆရာမှတ်အား ဆရာတင်လျက် ဝင်းအပြင်ဘက်ထွက်ခဲ့ပါသည်။ ဆရာမှတ်ကြီး၏ဇာတိချက်ကြွေမွေးရပ်မြေဖြစ်ပြီး ခရီးတစ်ထောက်အရောက်လာခဲ့ခြင်းသာဖြစ်ပေတော့သည်။ အညာမြေပီသစွာ ထန်းပင်၊ ထန်းလက်မိုးကာရံမည့်အစား ခေတ်နှင့်လျော်ညီစွာ စံပြကျေးရွာပီသသည်မို့ သွပ်မိုးသွပ်ရံနိန်းတထိန်ထိန်နှင့် ပြည့်စုံကြွယ်ဝနေသည်ကိုလည်း သတိထားကြည့်ရှုလေ့လာမိသည်။ ချင်းတွင်းမြစ်နှင့် ဧရာဝတီတို့ပေါင်းဆုံရာဒေသမို့ အင်းအိုင်ချောင်းမြောင်းပေါကြွယ်ဝခြင်း လယ်မြေယာမြေသီးနှံဖွံ့ဖြိုးခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းတို့က ဘာသာသာသနာပြန့်ပွားရေးကို အထူးအားပေးနေပြန်ပါသည်။

ဆွေမျိုးဉာတကာတို့ကို နှုတ်ဆက်ရင်း ရွာအတွင်း တည်ထားကိုးကွယ်ခဲ့သော ပေါင်လောင်ရှင်မဟာကဿပ၏ မူလမဟာအောင်မြေတောကျောင်းတိုက်တာကြီးကို ပုံကြွားစွာဖူးတွေ့လိုက်ရပေတော့သည်။ ကျွန်ုပ်မှာ သာမန်ဘုရားငယ်တစ်ဆူဟုသာထင်မှတ်မှားခဲ့သော်လည်း ကြီးမား ပြန့်ကျယ်သော အုတ်ရိုးတို့ဖြင့် စီခြံယ်ကာရံထားသောရွှေဂူကြီးအမည်ရှိ ဘုရားကို ဖူးတွေ့လိုက်မှပင် ပုဂံမြို့ဟောင်းတစ်နေရာရှိ ထင်ရှားကျော်ကြားသပ္ပာယ်လှသော အာနန္ဒာစေတီအလားထင်မှတ်မှားမိပေတော့သည်။

တစ်ဆက်တည်းမှာပင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် မုံရွာတောင်ဘက်(၁၃)မိုင်၊ ချောင်းဦးမြို့၏အနောက်ဘက် (၇) မိုင်ခန့်အကွာ ချင်းတွင်းမြစ်အရှေ့ပိုင်းတွင်တည်ရှိသော အမြင့်မြို့ဟောင်းကို သတိရမိသည်။ ဘုရားငါးဆူလက်ထက် ငမည်း၊ ငဆည်း၊ ကြံ့ကူး (ကမ်းမြင့်၊ စဥ့်ကူးမြစ်) ဥဒ္ဒေနီနှင့် ဖူးမစ်ဟူ၍ တံခါး (၅) ထပ်ရှိမြို့ ဖြစ်၏။ ဂေါတမဘုရားလက်ထက် ဓနသီဟမင်းက မြို့နှင့် စေတီကို တည်ခဲ့သည်။ ခရစ် ၂၁၆ တွင် သီရိဓမ္မာသောကမင်းက စေတီ (၁၀) ဆူ၊ နတ်ကြီး (၉) ပါး၊ ဂူ (၉) ဂူ၊ ကုန်း (၉) ကုန်း၊ အင်း(၉)အင်း၊ ရေဝင် (၅) ပေါက်ဖြင့် ပြန်လည်တည်သည်။ တံခါး (၁၂) ပေါက်၊ ဘုန်းတော်ကြီးကျောင်း(၁၀)ကျောင်း၊ ဘုရား(၃၃၆) ဆူနှင့် ကျောက်စာ (၆၃) ချပ်ရှိသည်။ အချို့စေတီများ၏ လိုဏ်ဂူများတွင် ပုဂံခေတ်လက်ရာနံရံဆေးပန်းချီများထင်ရှားစွာရှိနေသေး၍ သွားရောက်လေ့လာနိုင်ပါသည်။

နရပတိစစ်သူမင်း ခရစ် (၅၃၆-၇၃) သည် ယခင်မြို့ဟောင်း၊ မြို့ဦး၊ ကျုံး စသည်တို့ကိုပြန်လည်တည်ဆောက်သည်။ ကုန်းဘောင်ခေတ်တွင် အစည်ကားဆုံးမြို့ (၁၂) မြို့ အပါအဝင် ဘာသာ သာသနာ ပညာ ကျေးမှုထွန်းကားစည်ပင်သည့် သမိုင်းဝင် စီရင်စုနယ်မြေဖြစ်ခဲ့သည်။ အမြင့်၊ ကျောက်ရစ်၊ နဘက်၊ ပရိမ္မ၊ အလာကပ္ပ (၅) မြို့ဟု ခေါ်တွင်သည်။

(ဒုတိယပုဂံ၊ ချင်းတွင်းပုဂံဟုပင် တင်စားခေါ်တွင်ခဲ့ကြသည်။) (ကြာကြာရစ်-အမြင့်) ၂၂၈ ခုနှစ်တွင် တည်သည်ဟု အမှတ် ပြုသည်။

ကျန်စစ်သား၊ ကွမ်းစော်မင်း၊ မင်းကြီးစွာစော်ကဲ၊ မင်းလက်ဝဲ၊ ဆရာတော်ဦးဝိစာရ၊ စစ်ကဲကြီးဦးသိုက်၊ ဦးထွန်းဦးနှင့် နိုင်ငံဂုဏ်ဆောင်ပုဂ္ဂိုလ်များ၏အောင်ရာဘူမိဇာတိနယ်မြေဖြစ်သည်။ မယ်တော်ကျောင်း ပုံခက်လိုင်းဘုရား၊ ဟင်္သာခါးအိုးဘုရား သားပြေးကုန်းဘုရား၊ ဘားပုန်းရွာနှင့် ပရိမ္မရွာတို့သည် ကျန်စစ်သားနှင့်မယ်တော်ပဉ္စကလျာဏီတို့၏ ဘဝသမိုင်းအငွေ့အသက်များပင် ဖြစ်ခဲ့သည်။

ဤကဲ့သို့ အမြင့်မြို့ဟောင်းဘုရားများနှင့် ဆက်စပ်တည်ရှိနေသော တောကျောင်းကြီးရွာ ရွှေဂူကြီးဘုရားဝင်းအတွင်း ရှေးဟောင်းဘုရားများ ရုပ်တုများ ကျောက်စာချပ်များတည်ရှိနေသည်ကပင် လျှင် ရှေးဟောင်းပုဂံမြေ၏အတိတ်အရိပ်များကို ခံစားမိသကဲ့သို့ရှိချေသည်။ တောကျောင်းကြီးဆရာတော်ဦးသာသနာအား တွေ့မြင်ဖူးမြော်ပြီး ဆရာတော်မှ ရွှေဂူကြီးဘုရားသမိုင်းကို စေ့ငုစုံလင်စွာ ရှင်းလင်း ဟောကြားတော်မူပါသည်။

❑

ရွှေဂူကြီးဘုရားကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် တောကျောင်းကြီးရွာတွင်တည်ရှိပါသည်။ မန္တလေး-မုံရွာကားလမ်းမကြီးမှ ချောင်းဦးမြို့အဝင် လက်ဝဲဘက်ခွဲထွက်သည့် ကားလမ်းအတိုင်း (၁၂) မိုင် လာခဲ့လျှင် ချင်းတွင်းမြစ်ကူးဆိပ်ဖြူ



www.burmeseclassic.com

www.burmeseclassic.com

တံတားသို့ရောက်မည်။ တောကျောင်းကြီးရွာကား ယင်းဆင်ဖြူရှင်တံတား၏ အရှေ့ဘက်ကမ်းထိပ်တွင်တည်ရှိသည့် တံတားဦးရွာကြီးလည်း ဖြစ်သည်။ ဘုရားဖူးလာရောက်လိုသူ သူတော်စင်များနှင့် သုတေသီများသည် ချောင်းဦး-ပခုက္ကူမီးရထားလမ်း၊ ကားလမ်းဖြင့်လည်းကောင်း၊ မြောင်ပရိမ္မ-မကျီးဘုတ်ကားလမ်းဖြင့် လည်းကောင်း၊ မုံရွာ-အမြင့်-တောကျောင်းကြီးကားလမ်းမဖြင့်လည်းကောင်း၊ အနောက်ဘက်ကမ်း မင်းရွာ-မအူ-ရေစကြို-ပခုက္ကူကားလမ်းရထားလမ်းဖြင့်လည်းကောင်း၊ ချင်းတွင်းမြစ်ကမ်းတွင် တည်ရှိသည့်အတွက် မြစ်ကြောင်းမှလည်းကောင်း လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြပေသည်။

ဤတောကျောင်းဒေသတွင် ပုဂံခေတ်က ပရိယတ်၊ ပဋိပတ်နှင့်ပြည့်စုံသည့် ပေါင်လောင်ရှင် မဟာကဿပမထေရ်မြတ်ကြီးသည် တောကျောင်းသာသနာအတွက် အောင်ပန္နက်စိုက်ထူကာ တောကျောင်းတိုက်တာကြီးကို စနစ်တကျတည်ထောင်လျက်သာသနာပြုတော်မူခဲ့သည်။

နရပတိစည်သူမင်းကြီးလက်ထက် ပုဂံပြည်တွင် အရှင်အရဟံအဆက် သထုံနွယ် ပုရိမသံဃာဂိုဏ်းနှင့်သီဟိုဠ်ရောက်မဇ္ဈာသံဃာဂိုဏ်းတို့ အားပြိုင်လျက်ရှိကြသည်။

ပေါင်လောင်ရှင်ကဿပမထေရ်မြတ်ကြီးသည် သီဟိုဠ်မှပြန်ကြွလာသည့်အခါတွင် လက်ရှိပုဂံသာသနာအခြေအနေကို တွေ့မြင်ရသဖြင့် မိမိတို့သထုံနွယ်ပုရိမသံဃာဂိုဏ်းနှင့်အနာဂတ်သာသနာတော်အကျိုးအတွက် အရညဝါသီတောမှီဂိုဏ်းသစ်တစ်ခုတည်ထောင်ရန် ဆုံးစမ်းရှာဖွေတော်မူသည်။

ထိုအခါ မထေရ်မြတ်ကြီးသည် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းရှိ ကြန်တူနိမ့် (ကမ်းနိမ့်) မြို့ကလေးကို တွေ့ရှိတော်မူသည်။ ထိုမြို့ကလေးကား ကုန်သွယ်လယ်ယာအလုပ်ဖြင့် အထူးစည်ကားပေါကြွယ်လှ၏။ ပုဂံမင်းများ သလ္လာချင်းတွင်းမြစ်ကို ဆန်တက်၍ တိုင်းခန်းလှည့်လည်တော်မူသည့်အခါ အမြတမ်းစခန်းချစံမြန်းလေ့ရှိသည့် (သာခါနာဂရ) အပန်းဖြေမြို့တော်လေး ဖြစ်၏။ ထီးရိပ်သည်းမခိုနှင့် ထီးနှင့်လည်းမဝေးစေနှင့်ဟူသော ရှေးထုံးနှင့်လည်း ညီညွတ်၏။

ထို့ကြောင့် ပေါင်လောင်ရှင်ကဿပမထေရ်မြတ်ကြီးသည် ကြန်ကူနိမ့် (ကမ်းနိမ့်) နဝင်းမြို့လေးကို ဂေါစရဂံပြု၍ ယင်းမြို့လေး၏ တောင်ဘက်အစွန်း ယခုတောကျောင်းကြီးကျေးရွာအရပ်တွင် တောကျောင်းဂိုဏ်းအတွက်လည်းကောင်း၊ အနာဂတ်သာသနာတော်အတွက်လည်းကောင်း အောင်မြေပန္နက်စိုက်ထူကာ အောင်မာတ်ယူတော်မူသည်။

ဤကြံတူနိမ့် (ကမ်းနိမ့်) တည်စဉ်က ရွာကိုးရွာ၊ ဘုရားကိုးဆူ၊ ဂူကိုးဂူ၊ သိမ်ကိုးသိမ်၊ ကျောင်းကိုးကျောင်း၊ ကန်ကိုးကန်၊ ကုန်းကိုးကုန်း၊ တွင်းကိုးတွင်း၊ ညောင်ကိုးပင်ဖြင့် နဝနဝလီစီရင်ကာ ကမ်းနိမ့် (၂+၇=၉) ကိုးနဝင်းတည်ထားခဲ့သောကြောင့် ကမ်းနိမ့်ကိုးရွာဟု ထင်ရှားခဲ့သည်။

ပေါင်လောင်ရှင်ကဿပမထေရ်မြတ်ကြီးသည် ဝန်းကျင်မြေထက် သုံးတောင်မြင့်သော အကျယ်လေးပယ်ခန့်ဧရိယာ (၇း၀၀) ဧကရှိ အဝန်းအဝိုင်းမြေကို မဟာဝိဟာရပြုတော်မူခဲ့သည်။ ပုဂံခေတ်တွင် ပထမဦးဆုံးတံတိုင်းမီးကာပြုလုပ်လေ့ရှိသည်နှင့်အညီ လေးဖက်လေးတန်စတုဂံကျရှစ်တောင်မြင့်သော မဟာရံအုတ်တံတိုင်းမီးကာဖြင့် စနစ်ကျနစွာတည်ဆောက်ခဲ့လေသည်။ (အရှေ့နှင့်အနောက်မျက်နှာနှစ်ဖက်၌သာဝင်ပေါက်၊ ထွက်ပေါက်ထားရှိလျက်) အရှေ့မျက်နှာတွင် လေးထောင့်ဂူကျောင်းပုံသဏ္ဍာန်ခံ့ထည်သည့်မုခ်ဦးဖြင့် တည်ဆောက်ပြီး အတွင်းတွင် ဘီလူးညီနောင်၊ ပလောင်ညီနောင်ရုပ်တုကြီးများ ထားရှိသည်။ အနောက်မျက်နှာမှမုခ်ကို ပုဂံခေတ် ဂုံးစီနည်းဖြစ်သည့် အုတ်ကိုခိုမြီးဖြန့်သကဲ့သို့စီသော ရောင်ခြည်ဖြာဂုံးမျိုးဖြင့် တည်ဆောက်ထားသည်။ သစ်လျှိုဂုံးစီနည်းဟူ၍ခေါ် ဆိုကြသည်။ ယင်းအရှေ့၊ အနောက်မုခ်ဦးများသို့ဝင်ရာလမ်းအဖြစ် (၅) ပေမြင့်သော ရေမှုတ်ရိုးသဏ္ဍာန်အုပ်ရိုးကာစင်္ကြံလမ်းကို အရှည် ကိုက် (၁၀၀) ခန့် ပြုလုပ်ထားသည်။ အရှေ့ဘက်စင်္ကြံလမ်းထိပ်တွင် ကြီးမားခံ့ထည်သော မဟာသိမ်တော်ကြီးကို တည်ထားခဲ့သည်။ ရဟန္တာမဟာသိမ်တော်ကြီးဟု ယခုတိုင်ထင်ရှားသည်။

အနောက်ဘက်စင်္ကြံလမ်းထိပ်တွင် ပရိယတ္တိစာပေလေ့လာပွားများရာ မဟာပိဋကတ်တိုက်တော်ကြီးတည်ထားတော်မူခဲ့သည်။ မဟာဝိဟာရအတွင်း မဝင်ရောက်မီ အပြင်ဘက်မှကြည့်လျှင်ပင် တစ်ချိန်သောအခါက ပုဂံခေတ် သာသနာတွင် ဤနေရာ၌မည်မျှသမိုင်းထင်ရှားခဲ့မည်ကို မျှော်တွေးခန့်မှန်းနိုင်ပေမည်။

ကျောင်းပရိဝုဏ်၏ သုံးပုံနှစ်ပုံရှိ အရှေ့ပိုင်းအလယ်ဗဟိုတွင် ကျောင်းမြေထက် သုံးတောင်မြင့်သောကုန်းမြေပေါ်၌ ရွှေဂူကြီးစေတီတော်မြတ်ကြီးကို ကြည်ညိုဖူးမြင်ရသည်။ (ရွာမြေထက် ကျောင်းမြေသုံးတောင်၊ ကျောင်းမြေထက် ဘုရားမြေသုံးတောင်ပို၍မြင့်သည်)ဘုရားရင်ပြင်တော်ကုန်းတော်ပေါ် သို့တက်ရန် လှေကားများကို လေးမျက်နှာတွင် စီမံခဲ့သည်။ ယခုအခါ မြောက်ဘက်မျက်နှာတွင် ပရိဝုဏ်ကိုချဲ့ထားသောကြောင့် လှေကားများမတွေ့ရတော့ပေ။

ဘုရားရင်ပြင်တော်၏တောင်ဘက်တွင် ပေါင်လောင်ရှင်ကဿပမထေရ်မြတ်ကြီး သီတင်းသုံးနေထိုင်သွားသည့် ထေရကျောင်းရှိသည်။ ကျောင်းဦးတွင် မယ်တော်ဂူကို တွေ့မြင်ရသည်။ ထေရကျောင်းအနောက်ဘက် ရွှေဂူကြီးဘုရားရင်ပြင်တော်၏ အနောက်တောင်ဘက်ကုန်းမြေမြင့်တွင် ဓမ္မသာလာကိုထားရှိခဲ့သည်။ ယခုအခါ လည်ပေါ်ကျောင်းဟုခေါ်တွင်သည်။ ထေရကျောင်းနှင့် ဓမ္မသာလာတို့သည် မဟာသိမ်တော်ကြီး ပိဋကတ်တိုက်နှင့်တစ်ဖြောင့်တည်းတည်ရှိသည်။ ရွှေဂူကြီးရင်ပြင်တော်အနောက်ဘက်၊ မြောက်ဘက်နေရာများစွာ တရားဘာဝနာပွားများအားထုတ်ရာ ဂူ (ရဟန္တာဂူ)နှင့် တရားကျောင်းနေရာများဖြစ်သည်။

ဂူမှာမြေအောက်ဥမင်လိုဏ်ဂူဖြစ်ပြီး ၎င်းအတွင်း ပေါင်လောင်ရှင်ကဿပမထေရ်မြတ်ကြီး တရားအားထုတ်ခဲ့ရာ (တရားစခန်း) တစ်ခု ဖြစ်သည်။ ၎င်း၏ပတ်ဝန်းကျင်ရံလျက် တရားကျောင်းဂူကျောင်းများကို ရဟန်းသံဃာနှင့်ယောဂီများ တရားအားထုတ်ရန် တည်ထားခဲ့သည်။ ဂူပေါင်းနှစ်ဆယ်ခန့်ရှိသည်ဟု အဆိုရှိသည်။

ဤသို့ မဟာဝိဟာရကို ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မသာလာပိဋကတ်တိုက်တရားကျောင်းများနှင့် အနေအထားအစီအမံ စနစ်ကျစွာတည်ဆောက်ခဲ့သည်ကို လည်းကောင်း၊ မဟာရံတံတိုင်းမီးကာနှင့် ပုဂံခေတ်ဗိသုကာလက်ရာများကိုလည်းကောင်း ထောက်ရှုခြင်းဖြင့် ပုဂံခေတ်တွင် ရဟန္တာဟု ထင်ရှားကျော်ကြားခဲ့သည့် ပေါင်လောင်ရှင်ကဿပမထေရ်မြတ်ကြီး၏ စွမ်းရည်ဂုဏ်ပုဒ်ကို ဖော်ထုတ်မကုန်နိုင်အောင်ရှိပေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

ရွှေဂူကြီးစေတီတော်မြတ်ကြီးမှာ ပုဂံခေတ် ဗိသုကာလက်ရာဟန် ကုလားကျောင်းခံစေတီအမျိုးအစား ဖြစ်သည်။ ဝင်ပေါက်လေးခုရှိသော တစ်ထပ်တိုက်ဂူကျောင်းခံဖြစ်ပြီး အထက်တွင် မဟာဗောဓိစေတီတော်ပုံမျိုး အထက်တတ်ကာ ကွမ်းတောင်ပုံအထွတ်၌ စေတီတော်တည်ထားခြင်း ဖြစ်သည်။ ပုဂံခေတ်ဦး သန္တရသသဘောဆောင်ဗိသုကာဟန်နှင့် ခေတ်နှောင်း ဝီရရသသဘောဆောင် ဗိသုကာဟန်တို့အကြား ပုဂံခေတ်လယ် ဗိသုကာလက်ရာ ပုဂံအာနန္ဒာဂူပုံစံမျိုး ဖြစ်သည်။ ပုံတော်မှာလည်း ပုဂံအာနန္ဒာဘုရား၊ မင်းနန်သူဘုရားတို့နှင့်ဆင်ကာ လွန်စွာသပ္ပယယ်တင့်တယ်လှသည်။

တောကျောင်းရွှေဂူစေတီတော်မြတ်ကြီးကား ပြဆိုခဲ့သည့်အတိုင်း ပုဂံခေတ်လယ်ပုံစံ ဗိသုကာဟန် ဖြစ်သည်။ ဉာဏ်တော်မှာ (၄၂) တောင်မြင့်သည်။ နှစ်စဉ် မေတ္တာတော်အခါတော်နေ့ ဝါခေါင်လပြည့်နေ့တွင် ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြသည်။ လိုဏ်ဂူတော်အတွင်း နံရံများတွင် နံရံဆေးပန်းချီများကိုလည်း လေ့လာဖူးမြော်နိုင်ပေသည်။

ပေါင်လောင်ရှင်ကဿပမထေရ်မြတ်ကြီးသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာ၌ အလွတ်တတ်ကျွမ်းရကား ဤရွှေဂူကြီးဘုရားနှင့်တောကျောင်းတိုက်တာကြီးဖို့ မှိုခိုအားထားယုံကြည်စွာ ကိုးကွယ်ဆည်းကပ်ကြသည့် တပည့်ဒါယကာ၊ ဒါယကာမတို့အတွက် လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးတရားများရရှိနိုင်ရန်အတွက် လည်းကောင်း ဤတိုက်တာနှင့် ဘုရားကြီးစည်ပင်တိုးတက်ဖွံ့ဖြိုးရန်အတွက် လည်းကောင်း၊ သာသနာတော် အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ပြန့်ပွားစိမ့်သောငှာလည်းကောင်း ရည်ရွယ်ပြီး မိမိစွမ်းနိုင်သမျှသော ပညာကုန်ပညာစုံတို့ဖြင့် တည်ထားတော်မူခဲ့ပေသည်။

ဤနေရာ ဤဌာနမှ ထူးခြားထင်ရှားအံ့ဩဖွယ်များနှင့်ပြည့်ဝသည့် (၉) ဌာနကို ထုတ်နုတ် တင်ပြပါမည်။

၁။ ရွှေဂူကြီးရုပ်ရှင်တော်မြတ်
၂။ ဒိက္ခိဏာသာခါရုပ်ပွားတော်မြတ်
၃။ ရဟန္တာမဟာသိမ်တော်ကြီး
၄။ လုံးကြီးဝပ်တစ်ဝဂူစေတီ
၅။ မယ်တော်ဂူ
၆။ ဘီလူးနောင်တောင် (ဧရမာန်)
၇။ ဘီလူးနောင်တော်(တောင်ကျည်း)
၈။ ပလောင်နောင်တောင်(ညြိုသင်း)
၉။ ပလောင်ညီတော် (သဘင်)

ဤကျောင်းတိုက်တာမဟာဝိဟာရနှင့် ရွှေဂူကြီးစေတီတော်မြတ်ကြီးကို ပုဂံခေတ် နရပတိစည်သူမင်းလက်ထက်တွင် ရဟန္တာဟု ကျော်ကြားခဲ့သည့် ပေါင်လောင်ရှင်ကဿပ သီတင်းသုံးရန်နှင့် ကြည်ညိုဖူးမြော် တရားဘာဝနာများများ အားထုတ်နိုင်ရန်အတွက် တည်ထား ကိုးကွယ်ခဲ့သည်။

နရပတိစစ်သူမင်းလက်ထက်၌ပင် အနန္တသူရိယအမတ်သည် ပေါင်လောင်ရှင်ကဿပမဟာထေရ်မြတ်ကို ဆရာပြု၍ ဘုရား၊ သိမ်၊ ကျောင်းကြီးစွာပြုလုပ်ပြီးသော် ဘသင်ကြီးစွာခံ၍ သာဓုခေါ်သည်။ ဝတ္ထုကံကျွေးတို့ကို ကမ္ပည်းစာရင်းရေး၍ မင်းကြီးရှေ့တော်ဝယ် ဖတ်ကြားစေပြီးသော် သာဓုခေါ်တော်မူရ၏။ သို့ဖြစ်၍ ဤကျောင်းတိုက်တာမဟာဝိဟာရနှင့် ရွှေဂူကြီးစေတီတော်မြတ်ကြီး၏ မူလအစ သာသနာ့ဒါယကာကား နရပတိစည်သူမင်းကြီးနှင့် သမက်တော် အနန္တသူရိယသူရဲကောင်းအမတ်တို့ပေတည်း။

ထို့နောက်တွင်ကား အဆက်ဆက်သောမင်းတို့ လှူဒါန်းခဲ့ကြောင်းကိုလည်း ကျောက်စာအထောက်အထားများအရ တွေ့ရပေသည်။ ကျစွာမင်းကြီး၏အလှူတော်ကို သက္ကရာဇ် ၆၀၄ ခု၊ ပိသျှက်နှစ်၊ နံကာလဆုတ် ၁ ရက်၊ စနေနေ့ အစချီကျောက်စာ၌ လည်းကောင်း၊ သိယ်သူ၏အလှူတော်ကို မှတ်တမ်းတင်ထားရာ၌ လည်းကောင်း၊ ကျစွာမင်းလက်ထက် သတိုးသီဟသူရင်:မဟာဝိဟာရကျောင်း လှူဒါန်းခဲ့သည်ကိုလည်း တွေ့ရသည်။ ဥဇနာ (ဒလပျံမင်း) ၏ မြေအလှူတော်ကိုလည်း တွေ့ရသည်။ ထို့ပြင် အမတ်၊ သံပျင်၊ ကလန်၊ စခီ၊ သူကြွယ်စသည်ဖြင့် အလှူရှင်ဒါယကာများကိုလည်း များစွာ တွေ့ရသည်။ ထူးခြားစွာတွေ့ရသည့် အလှူရှင်မှာကား ဘတ္တရာ ဟူသော အမည်ဖြစ်သည်။ ၎င်းဘတ္တရာကား နရပတိစည်သူမင်းကြီး၏ မိဖုရား တောင်ပြင်သည်၏ အစ်မအကြီးဆုံး၏ ခင်ပွန်းဖြစ်သည်။ နရပတိစစ်သူမင်းကြီးနှင့် မယားညီအစ်ကိုတော်ပေတည်း။

သို့ဖြစ်၍ သာသနာ့ဒါယကာများကား ပုဂံနရပတိစည်သူမင်းမှစ၍ အနန္တသူရိယသူရဲကောင်းအမတ်၊ ထီးလိုမင်းလိုကျစွာ၊ သိယ်သူ၊ ဥဇနာတရဖျား စသည်မင်းအဆက်ဆက်နှင့် မှူးမတ်၊ ကလန်၊ သံပျင်၊ သူကြွယ် စသည် စသည်တို့၏ ကောင်းမှုများပင် ဖြစ်ပေသည်။ ထိုသာသနာအဆောက်အအုံများကို ယနေ့ကာလတိုင်အောင် အလွှာအသီးသီးသော သာသနာ့ဒါယကာများ ဗုဒ္ဓအကျိုးတော်ဆောင်များက တည်ဆောက် ပြုပြင် ထိန်းသိမ်း စောင့်ရှောက်လျက်ရှိကြပေသည်။

❑

ရွှေဂူကျောင်းဆရာတော် ဦးသာသနမှ ကျွန်ုပ်တို့အား ဝင်းအတွင်းစုံစွာ လှည့်လည် ပြသပြီးနောက် ပါလာသော လက်ကိုင်ဖုန်းအတွင်းမှ ဘုရားကြောင်းခြင်းရာအား သတိရဟန်ဖြင့် ထုတ်ဖော်ပြသပါသည်။ ဤနေရာတွင် ဘုရားသမိုင်းကြောင်းနှင့်ပတ်သက်၍ ပိုမိုပြည့်စုံစွာသိရှိရန် ကူးယူဖော်ပြပါရစေ။ အကောင့်ပိုင်ရှင် ရန်နောင်စိုးဆိုသူမှ 'သမိုင်းသတင်းကြီးတဲ့တောကျောင်းကြီး' ဆိုသော စာမျက်နှာပါ အချက်အလက်များနှင့် ရွှေဂူကြီးကျောင်းအတွင်းဓာတ်ပုံသမိုင်းများမှာ ဆက်စပ်မှုရှိသဖြင့် တင်ပြခြင်းသာ ဖြစ်ပါသည်။ သတင်းပါအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပုဂံခေတ်ဦးမှာရှိခဲ့ဖူးတယ်ဆိုတဲ့ အရည်းကြီးဂိုဏ်းတွေအကြောင်း ရုပ်ရှင်ပြဇာတ်နဲ့ အချို့ရာဇဝင်တွေမှာ ဖော်ပြထားကြတာကို ကြည့်ရှုမှတ်သားရဖူးပါတယ်။ တချို့မှတ်တမ်းတင်ရာတွေမှာလည်း အရည်းကြီးတွေရဲ့ မကောင်းတဲ့ အပြုအမူတွေကြောင့် အတိအလင်းရေးသားဖော်ပြထားတာဆိုတော့ အရည်းကြီးတွေဟာ တာတေလံအကျင့်ရှိတဲ့ ရှင်သိုးတကာ့ခေါင်ကြီးတွေအဖြစ် နောင်လူအများစုက လက်ခံထားခဲ့ကြတာနေမှာပါ။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းကတော့ အရည်းကြီးတွေအကြောင်း ခေတ်ပြိုင်ကျောက်စာအထောက်အထားတွေကို နှံ့နှံ့စပ်စပ်လေ့လာပြီး သုတေသနပြုထားတာရှိပါတယ်။

ဆရာကြီးရဲ့စာတမ်းမှာ အရည်းကြီးဂိုဏ်းတွေဟာ တချို့ရာဇဝင်မှာ ဖော်ပြထားသလို ပုဂံခေတ်ဦးမှာ ပေါ်ပေါက်ခဲ့တာမဟုတ်ဘဲ အေဒီ ၁၂၀၀ ဝန်းကျင်ကနေ ၁၅၀၀ အကြားအထိ ပေါ်ပေါက်ခဲ့ကြောင်း၊ အရည်းကြီးတွေဟာ ရဟန်းသံဃာတော်နဲ့မစင်အိပ်ရာတွေ ပြုလုပ်လေ့ရှိကြောင်းအထောက်

www.burmeseclassic.com

အထားတချို့တွေ့ရပေမယ့် အများထင်သလိုမဆိုးရွားဘူးဆိုတဲ့အကြောင်း၊ အထူးသဖြင့် ပန်းဦးလွှတ်ခြင်းနဲ့ စပ်ဆိုင်တဲ့အထောက်အထားကို ခေတ်ပြိုင်ကျောက်စာများမှာ မတွေ့ရကြောင်းနဲ့ အဲဒီခေတ်အခါက လူတွေကို အကျိုးပြုခဲ့တယ်ဆိုတဲ့အချက်တွေလည်းပဲရှိခဲ့တယ်ဆိုတဲ့အကြောင်းတွေကို အထောက်အထားအစုံအလင်နဲ့ စာတမ်းရေးပြီးတင်ပြထားတာပါ။

အရည်းကြီး (သို့မဟုတ်) တောကျောင်းနေရဟန်း (သို့မဟုတ်) တောမြတ်ကြီး၊ ဖုန်းမြတ်ကြီးလို့ ခေတ်ပြိုင်ကျောက်စာတွေမှာဖော်ပြထားတဲ့ တောကျောင်းနေရဟန်းများရဲ့ဂိုဏ်း (တောကျောင်းဂိုဏ်း) ကို စတင်တည်ထောင်သူပေါင်းလောင်အရှင်မဟာကဿပမထေရ်ကြီးအကြောင်းနဲ့ သူထောင်ခဲ့တဲ့ တောကျောင်းကြီးအကြောင်းကိုသာ တင်ပြမှာ ဖြစ်ပါတယ်။ သမိုင်းစာမျက်နှာပေါ်မှာ ထင်ရှားနေတဲ့ တောကျောင်းကြီးဆိုတဲ့နေရာကို ကျွန်တော်အနေနဲ့ အခုမှပဲရောက်ဖူးတာပါ။ တောကျောင်းကြီးဟာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ကမ်းမှာတည်ရှိပြီး အခုချိန်မှာ လွယ်လွယ်ကူကူပဲသွားနိုင်ပါတယ်။

တောကျောင်းကြီးကိုရောက်ဖို့ကမ္ဘလေးဘက်ကလာရင် ရေစကြိုကိုသွားတဲ့လမ်းအတိုင်းလာပြီး ဆင်ဖြူရှင်တံတားအရှေ့ဘက်ထိပ် လမ်းဆုံမှာနေခဲ့ရပါမယ်။ ပခုက္ကူနဲ့ရေစကြိုဘက်ကလာရင်လည်း ဆင်ဖြူရှင်တံတားကိုဖြတ်လို့တံတားအရှေ့ဘက်ထိပ်ကလမ်းဆုံလေးမှာပဲ နေခဲ့ရမှာပါ။ အဲဒီတံတားအရှေ့ဘက်ထိပ်ကလမ်းဆုံဟာ တောကျောင်းကြီးလမ်းဆုံဖြစ်ပါတယ်။တောကျောင်းကြီးစံပြကျေးရွာဆိုတဲ့ဆိုင်းဘုတ်ကြီးကိုလည်း ခံ့ခံ့ညားညားစိုက်ထူထားတာပါ။ လမ်းဆုံကနေ တောင်ဘက်ကို ချိုးဝင်သွားရင် သိပ်မကြာခင်မှာပဲ တောကျောင်းကြီးရွာထဲက လမ်းရဲ့ ယာဘက်ခြမ်းမှာရှိနေတဲ့ ရွှေဂူကြီးဘုရားဆီရောက်ပါတယ်။

တောကျောင်းကြီးကို ပညာရှင်သုတေသီတွေ စိတ်ဝင်စားကြတာကို မဆန်းဘူးလို့ဆိုရမှာပါ။ သူရဲ့ထူးခြားချက်နဲ့ သမိုင်းခြေရာတွေချန်ထားနိုင်မှုတွေက သိပ်ကို စိတ်ဝင်စားဖို့ကောင်းပါတယ်။ တကယ်တော့ တောကျောင်းကြီးဆိုတာ ပုဂံမြေတစ်စိတ်တစ်ဒေသက ပဲ့ကြွေလွင့်စဉ်လာပြီး ဒီနေရာမှာလာရောက်နေတယ်လို့ပြောရင်လည်း ရနိုင်မယ်ထင်တာပဲ။ ဘာဖြစ်လို့လဲဆိုရင် ပုဂံနဲ့အတော်သင့်ဝေးတဲ့နေရာဒေသတစ်ခုမှာ ပုဂံအငွေ့သက်တွေဖုံးလွှမ်းနေတဲ့ သမိုင်းသက်သေအဆောက်အအုံအပိုင်းအစများနဲ့ ကျောက်စာမှတ်တမ်းတွေကိုလည်းတွေ့နေခဲ့ရလို့ဖြစ်ပါတယ်။ တောကျောင်းကြီးရွာထဲက ရွှေဂူကြီးဘုရားရှိနေတဲ့နေရာဟာ အရှင်မဟာကဿပတည်ထောင်ခဲ့တဲ့အရည်းကြီးဂိုဏ်း (သို့မဟုတ်) တောကျောင်းနေရဟန်းဂိုဏ်းတို့အစပြုရာ တောကျောင်းကြီးရှိနေခဲ့တဲ့ နေရာဖြစ်တယ်လို့သိရပါတယ်။

ရွှေဂူကြီးဘုရားတောင်ဘက်ကပ်လျက်မှာ တောကျောင်းတော်ကြီးကို ပေါင်းလောင်အရှင်မဟာကဿပ အေဒီ ၁၁၈၅ (ပုဂံခေတ်နရပတိစည်သူလက်ထက်) ခုနှစ်မှတည်ထောင်ခဲ့ပါသတဲ့။

အရည်းကြီးဂိုဏ်းဟာ ဒီတောကျောင်းကြီးနေရာနဲ့အနီမ့်-အမြင့်၊ မြင်းမူ၊ ပရိမ္မကျောက်ရစ်နယ်တို့မှာလည်း ခေတ်ပြိုင်ပေါ်ထွန်းဟန်ရှိပြီး နောက်ပိုင်းမှ ပုဂံနေပြည်တော်နဲ့ အနီးတစ်ဝိုက် ဒေသကိုပျံ့နှံ့ခဲ့တယ်လို့ဆိုပါတယ်။ အရှင်မဟာကဿပအမည်ကို အေဒီ ၁၂၂၅ခုနှစ်ထိုးနားတောင်းများမင်းနဲ့ညီမမင်းလှကျောက်စာမှာ ပထမဆုံးတွေ့ရပြီး ပုဂံနေပြည်တော်ဝန်းကျင်မှာ တောကျောင်းကြီးများတည်ထောင်တဲ့ အထောက်အထားကိုတော့ အေဒီ ၁၂၃၃ နဲ့ ၁၂၃၆ ခုနှစ်ထိုးကျောက်စာများမှာ စတင်တွေ့ရှိရတယ်လို့ သိရပါတယ်။ အဲဒါကြောင့် တောကျောင်းကြီးဂိုဏ်းဟာ ပုဂံကနေ စတင်ပြန့်ပွားလာတာမဟုတ်ဘဲ အနီမ့်-အမြင့်၊ မြင်းမူ၊ ပရိမ္မနဲ့ ကျောက်ရစ်နယ်တို့မှာ စတင်အခြေတည်ပြီးမှ ပုဂံနေပြည်တော်ကို ပျံ့နှံ့ရောက်ရှိခဲ့တယ်လို့ ပညာရှင်များက ယူဆကြတာပါ။ ပေါင်းလောင်အရှင်မဟာကဿပမထေရ်ဟာ ပုဂံခေတ်မှာ ရဟန္တာတစ်ပါးအဖြစ်နဲ့ထင်ရှားပြီး အဲဒီခေတ်ကျောက်စာများမှာ 'ငပေါင်လောင်သင်မဟာကဿပပိဋကတ်အလွန်တတ်၍ ထိုအရာနိုက်ပိဋကတ်အရာ တတ်လှစွာသော မဟာမတ်မထေရ်ကို ငါ၏ကိုယ်စား ပရိယတ်၊ ပဋိပတ်ဖြစ်လတ္တံ့သတည်းဟု အပ်နှင်းခဲ့ရကားဆိုတဲ့ အရေးအသားမျိုးနဲ့ ချီးကျူးဂုဏ်ဖော်ထားခဲ့တယ်လို့သိရပါတယ်။

❑

အထက်ဖော်ပြချက် စာသားများသည် ရွှေဂူကြီးဆရာတော်ဦးသာသန၏ဖုန်းအတွင်းမှ ပေါ်ပေါက်လာသော သမိုင်းဆိုင်ရာ အချက်အလက်များပင်။ ရွှေဂူကြီးဘုရားသမိုင်းနှင့် ဆက်နွယ်ပြီး ဆရာတော်မှ ယခုကဲ့သို့လျင်မြန်လှသည့် ဖုန်းဆက်သွယ်မှုအရ account ပိုင်ရှင် yannaungsoe(ရန်နောင်စိုး)နှင့်ဆက်သွယ်မှုယူပြီး ကူးယူထားသည်ကို ကျွန်ုပ်တို့အဖွဲ့မှစေ့ငုံသေချာစွာ စောကြောသိရှိနိုင်ခြင်းပင်။ဆရာတော်မှာ (ဦးသာသန ဦးသာသန) ဟူသော account ပိုင်ရှင်ဖြစ်ပြီး ကြွင်းကျန်နေသေးသော သမိုင်းသုတေသီရန်နောင်စိုး၏ 'သမိုင်းသတင်းကြီးတဲ့တောကျောင်းကြီး' ပါ အချက်အလက်များကို ဓာတ်ပုံနှင့်တကွ သုံးသပ်ဖော်ပြထားသည်မှာ စိတ်ဝင်စားစရာအတိပင်။

ဆရာတော်ဦးသာသနမှ ကျောင်းဝင်းအတွင်းအပြင်စုံလင်စွာလှည့်လည်ရှင်းလင်းပြသပြီးနောက် ခေတ်မီစွာဆောက်ထားသော ရဟန်းသံဃာနေတိုက်သစ်ကြီးအား ပြသပါသည်။ အနီးရှိ မယ်တော်ဂူအား ဝင်ရောက်လေ့လာစေပြန်၏။ တိုက်သစ်ဖွင့်ပွဲကို မတ်လ ၁၄ ရက်နေ့မှ ၁၈ ရက်နေ့အထိစည်ကားစွာကျင်းပမည်ဖြစ်ပါသည်။ ဝန်းကျင်အနှံ့စုံလင်ပြီဖြစ်၍ ဆရာတော်အား ဦးနှိမ်ချကန်တော့ခဲ့ပြီး တောကျောင်းကြီးရွာမှ ချောင်းဦးမြို့အတိုင်း မုံရွာခရီးသို့လာရောက်ခေါ်ငင်ပေးသော ဦးသန်းထွန်းကားဖြင့် အပြန်လမ်းမြန်းခဲ့ကြပေသည်။

ခရီးတစ်ထောက် မျက်စိလည်ကုန်သော ဘိုးသူတော် (၃) ဦးသည် မိုးညှင်းသမ္ဗုဒ္ဓေ၊ ဗောဓိတစ်ထောင်ဘုရား၊ ကျောက်ကာရွှေဂူနီသို့ ဝင်ရောက်ဖူးမြော်ကြရင်း စိတ်မကျေနပ် ဖူးမဝသေးသော ကျွန်ုပ်တစ်ဦးတည်း ပုဂံသို့မျက်စိလည်လျက် ဆက်လက် ထွက်ခွာခဲ့ပါသတည်း။

စေးလာနွယ်

ကွယ်လွန်ခဲ့ပြီးသော ဆရာမောင်တွေးထက် (နေပြည်တော် တနင်္ဂနွေစာပေဝိုင်း) အား သတိရလျက်

**ကိုးကားစာစောင်များ**

၁။ တောကျောင်းကြီးရွာ-ရွှေဂူ။
၂။ ရန်နောင်စိုး-သမိုင်းသတင်းကြီးတဲ့ တောကျောင်းကြီး။
၃။ အမြင့်မြို့ဟောင်းသမိုင်းအကျဉ်းချုပ်



www.burmeseclassic.com

www.burmeseclassic.com

မိမိနှင့် ဆရာဦးမြဝင်း ကလောင်ချင်းသိနေကြတာ ကြာပါပြီ။ မြဝင်း (ဒသန) ကလောင်နဲ့ရော ကလောင်ခွဲဖြစ်တဲ့မောင်လင်းကြည်နဲ့ရောဆိုပါတော့။ မြဝင်း(ဒသန)ဆိုတာ စကားပြေ၊ သုတ၊ ရသ၊ ဘာသာရေးတွေရေးတယ်လေ။ မောင်လင်းကြည်ကလောင်ကတော့ဖြင့် ကဗျာတွေရေးပါတယ်။ အထူးသဖြင့် ကျေးလက်အညာပုံရိပ်တွေထုဆစ်တာကလား။ မောင်လင်းကြည်ကဗျာဖတ်လိုက်ရင် ထနောင်းပင်၊ တမာပင်၊ မန်ကျည်းပင်၊ လယ်တော၊ ယာတော၊ ချိုးကူသံ၊ ဘုတ်မြည်သံ၊ ချောင်းစီးရေသံ၊ နွေဘွဲ့ ဆောင်းဘွဲ့ မိုးဘွဲ့ တွေနဲ့ ရွာကိုရောက်သွားသလို ခံစားရတယ်လေ။ အညာရနံ့သင်းပျံ့လိုက်ပါဘိ။ဆရာ့ကဗျာတွေခံစားပြီး ဆောင်းပါးတွေလည်းရေးထားပြန်ပါတယ်။

□ **အညာပန်းဆီကယာပန်းချီ**

*ထနောင်းပင်လေး၊ ခါးတံမတ်*
*ဘယ်ညာယိမ်းလို့၊ လေမှာခတ်။*
*ဆီးပင်ကလေးပုပျပ်ပျပ်*
*ဆိတ်ကျားမက ပတတ်ရပ်။*
*မန်ကျည်းသနပ်၊ သန်းဒဟတ်*
*ရှားပင်လေးတွေတံတိုင်းခတ်။*
*ယာစောင့်တဲလေး၊ တစ်ဖက်ယပ်*
*ထန်းလက်သံက တဖျတ်ဖျတ်။*
*တန်ဆောင်းပြာသာဒ် ယာအစပ်*
*သဲချောင်းငယ်းက ခွေကာပတ်။*
*မြခက်ကလေးမျက်ခမ်းစပ်*
*လက်ယက်တွင်းမှာရေချိုခပ်။*
*ထင်းခွေသမား ကိုသာမြတ်*
*ဟိုချိုကိုကပ် သည်ချိုကပ်*
*ခါးမတိုလေး ခါးမှာချပ်*
*နွားငယ်နှိုင်တ် ဟိုတောစပ်*
*ဟိုချိုကိုပတ် သည်ချိုပတ်*
*မိခင်ရွာက လူးလာခတ်။*
*ထွန်ရေးတစ်စပ် ထပ်တစ်စပ်*
*မိုးကိုမျှော်ရင်း နေ့စဉ်ထပ်*
*ပန်းချီတစ်ချပ် ဆေးစုံစပ်*
*လွမ်းဖွယ်ပေါ်တဲ့အညာရစ်*

မောင်လင်းကြည်
သဘင်မဂ္ဂဇင်း (၆-၈၄)

□ **နွေဦး**

*လင်းစမှာမှုန်ရီဆင်*
*နေ့လယ်တွင် ရီမှုန်မှိုင်း။*
*ကတော့ထုံးပါလို့*
*ခင်ရိုးမှာလေပွေမွှေ့ရော့ထင့်*
*ညနေရီနေခြည်အညိုးမှာလ*
*ရှင်မတောင်ဟိုတောင်ရိုးဆီက*
*ဝေရီရီ လေနီကျမှာထင့်*
*ရဂုံ့အစ ရပ်တိုင်းဆီက*
*(ဘိုကေတာရယ်) အံ့ပျပတ်ပိုင်း။*

စတိုင်သစ် (၅-၂၀၀၂)

ဆရာ့တော့ဘွဲ့ ကဗျာတွေအများကြီးရေးကူးမှတ်ထားတာတွေထဲက အတိုချုံ့ကောက်နုတ်ဖော်ထုတ်လိုက်ရခြင်းပါ။ စာရေးသူကျောင်းက ကပ္ပိယကဗျာဆရာ ဒွေးကြည်ကတော့ ဦးမြဝင်း ရေနံချောင်းကောလိပ်မှာ တာဝန်ကျနေစဉ်ကတည်းက ခင်ကြတာတဲ့။ ဒွေးကြည်က ထင်းရှူးသေတ္တာတွေ (၁၂) ပွဲဈေးလှည့်ရောင်းနေတာဆိုတော့ ရေနံချောင်းသောင်ပြင်ပွဲတွေ့ကြရော။ စာရေးသူအချင်းချင်းဆိုတာ စာတွေ၊ ကဗျာတွေကနေရင်းနှီးပြီး လူချင်းပါ ခင်မင်ရင်းနှီးလေ့ရှိတတ်တာ ဟုတ်လား။ ဆရာက မြင်းခြံတောင်သာနယ်သားဖြစ်ကြောင်း၊ အလွန်ရိုးသားကြောင်း၊ ကဗျာတွေစာတွေအရေးကောင်းကြောင်း၊ စိတ်နှလုံးဖြူစင်ရိုးသားကြောင်း သူ့ရွာကိုလွမ်းတဲ့အခါတွေမှာ ပြောတွေဖွင့်နားထောင်ကြောင်းတွေပြောပြတယ်လေ။

သို့တိုင်အောင် စာရေးသူနဲ့ ဆရာဦးမြဝင်းတွေ့ဆုံဖို့ အခွင့်မသာခဲ့ပါဘူး။ ဆရာက နောက်ပိုင်း ပြည်တက္ကသိုလ်မှာ တွဲဖက်ပါမောက္ခအဖြစ်နဲ့ ပြောင်းရွှေ့

# ဦးစန္ဒိမာ (စလင်း)

## "နှလုံးလှဖို့အုံးမခဲ့သည်" ဖတ်ပြီးနောက်



သွားတာနဲ့ ဝေးသွားပြန်ရော။ ကိုယ်ကလည်း ပြည်နဲ့မနီးစပ်၊ ပြည်ကိုလည်းသွားလာစရာအကြောင်းမရှိပြန်ဆိုတော့မဆုံဖြစ်ကြဘူးပေါ့။ ဆုံဖြစ်ချင်တော့ စာရေးသူပြောအကြောင်း ဆောင်းပါးရှည်ရေးဖြစ်တာနဲ့ ဒွေးကြည်ဆီ ဆရာ့ဖုန်းနံပါတ်တောင်းပြီး သိချင်တာမေးရင်း အသံချင်းဆက်သွယ်မိတာကလား။ဒွေးကြည်ပြောသလိုပါပဲ။ ဆရာနဲ့စကားပြောလိုက်တာ

www.burmeseclassic.com

နဲ့ ဖြူစင်ရိုးသားကြောင်းသိလိုက်ရတယ်လေ။ နောက်တော့ ဆရာ့ကဗျာတွေ မိမိခံစားပြီး စကားပြေရေးလို့မဂ္ဂဇင်းမှာပါလာတာနဲ့ ဆရာနဲ့ဖုန်းပြောဖြစ်ပြန်ရော။

တိုက်တိုက်ဆိုင်ဆိုင် ဇလင်းမြို့က ကိုလင်း၊ မမို့တို့ရဲ့ သမီးအငယ် သီရိခင်မင်္ဂလာဆောင် ဆရာ့ကို မင်္ဂလာစကားပြောပေးဖို့ ကိုလင်းက အကူအညီတောင်းတာနဲ့ ဆရာ့ဆီအကြောင်းကြားရင်း ဆရာတစ်ယောက် ကဆုန်လ ကုသိနာရုံပွဲတော်ရက်ကြီး မိမိကျောင်းရောက်လာပါလေရော။ ဆရာက စာတိုပေစတွေအတော်မှတ်မိတာကလား။သခင်ကိုယ်တော်မှိုင်းလေးချိုးကြီးတွေဆိုလည်းအရှည်ကြီးတွေအာဂုံဆောင်ထားတာရယ်။ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ မင်းဘူးဦးသြဘာသနဲ့ ဆရာတင်မိုးတို့ရဲ့ကဗျာတွေကိုလည်း အတော်မှတ်မိတုန်းပဲ။ မဃဒေဝလင်္ကာ ဆိုလည်း ရတာများတယ်လေ။ ဆရာက အစားနည်း၊အအိပ်အနေနည်းပြီး စကားပြောရင် ဘယ်တော့မှ နင်ပဲငဆမပြောဘူး။ မငြင်းဘူး။ တိုးတိုးညင်သာနဲ့ အကိုးအကားအထောက်အထားကစုံမှစုံကိုး။ ဗဟုသုတတွေရမှရကိုး။ ဇလင်းရောက်ခိုက် ကန်လယ်ဆရာတော်ကြီးကျောင်းလိုက်ပို့ရင်း ဆရာက ကန်လယ်ဆရာတော်ကြီးထေရုပ္ပတ္တိရေးဖို့ စာရေးသူကိုတိုက်တွန်းလို့ အရင်ရေးပြီးတာလေးတွေမှာ ပြန်လည်ရေးသားနဲ့ လုံးချင်းထွက်နိုင်ခဲ့ပါတယ်။

အဲဒီစာအုပ်မှာ ဆရာက အမှာစာရေးပေးတယ်လေ။ဒီနောက် ဇလင်းသားတောင်ဖီလာဆရာတော်ကြီးထေရုပ္ပတ္တိရေးဖို့တိုက်တွန်းပြန်တယ်။ ဆရာကပဲ အမှာစာရေးပေးရှာတယ်။ လူချင်းကလည်း ပြည်မှာတွေ့လိုက်၊ ရန်ကုန်မှာတွေ့လိုက်နဲ့ အဆက်မပြတ်တော့ဘူးရယ်။ တစ်နေ့ ဦးသိန်းလွင်(လင်းလွန်းခင်) က နှလုံးလှဖို့ဆုံးမခဲ့သည် ဆရာ့စာအုပ် လင်းလွန်းခင်စာအုပ်တိုက်ထုတ် ဇလင်းပို့လိုက်တယ်။ ကောက်ဖတ်လိုက်တော့ ပြန်လည်ခံစားရေးချင်တာနဲ့ ခုလိုရေးသားလိုက်ရတာပါ။

□ ပုထုဇဉ်တို့၏မဟာအမှား

သံသရာ၌ ကျင်လည်ကြကုန်သော ပုထုဇဉ်သတ္တဝါတို့မှာ အမိုက်အမဲ အမှောက်အမှားအနန္တရှိနေကြသည်တွင် ကိုးကွယ်ရာဘုရားမှောက်မှားမှု၊ တရားမှောက်မှားမှု၊သံဃာမှောက်မှားမှုသည် အလွန်တရာ နာကြည်းလှသော မဟာအမှောက်အမှားကြီးပေတည်း။ အဘယ်ကြောင့်နည်းဆိုသော် ကိုးကွယ်ရာမှောက်မှားလျှင် အလုံးစုံသောကိုယ်ကျင့်တရားလည်း အကုန်မှောက်မှားတော့သည်။ မနုဿတ္တဒုလ္လဘဟူသော ဘဝပဒေသာပင်ကြီးသည် ငရဲပဒေသာပင်ကြီးလုံးလုံးဖြစ်လေတော့သည်။

လယ်တီဆရာတော်ကြီး၊
လယ်တီဒီပနီပေါင်းချုပ်ပထမတွဲ၊
စာမျက်နှာ ၃၄၇၊ ရန်ကုန်။
မြန်မာနိုင်ငံဗုဒ္ဓဘာသာအဖွဲ့ပုံနှိပ်တိုက်
၁၉၆၆။

□ လူဖြစ်လိုလျှင်
(တိပိဋကရေဆရာတော်
အရှင်သုမင်္ဂလာလင်္ကာရ)

၁။ ဖျင်းဖျင်းမှန်းသိ လူတော်ဖြစ်နိုင်၏။
၂။ ဖျင်းပါလျက်ပင်၊ တော်တယ်ထင်၊ ဖျင်းမြဲဖျင်းမည်ပင်။

တိပိဋကရေဆရာတော်
အရှင်သုမင်္ဂလာလင်္ကာရ၏
တိပိဋကရေဘွဲ့ရ
ငွေရတုအထိမ်းအမှတ်စာစောင်။
၁၃၀၀ ပြည့်နှစ်၊ ကဆုန်လပြည့်။

□ ပျင်းကြောမတင်းကြပါနှင့်
(ခင်မကန်ဆရာတော်ကြီးဦးခါး)

ခင်ကြီးတို့ ယခုအခါ ပိဋကတ်သုံးပုံ ပါဠိတော်ကြီးများကို အကုန်အစင် မသင်ယူနိုင်ကြသည်ပင် ဝမ်းနည်းစရာ၊ ထိတ်လန့်စရာကြီးတွေဖြစ်နေကြ၏။ ခင်ကြီးတို့ကိုယ် ပိုးလောက်စား၍ မြေကြီးသြဇာမကျွေးရခင်၊ ခွေးကောင်ပုပ်၊ မြွေကောင်ပုပ်တို့ကဲ့သို့ မပုပ်မသိုးခင် ပိဋကတ်သုံးပုံကို အကုန်အစင် မသင်ယူနိုင်ကြသေးသော်လည်း၊ နှုတ်ပေါ်တွင် မတင်နိုင်ကြရသော်လည်း နေ့စဉ်ဝတ်ထား၍ သိရုံဖတ်ရုံကလေး မလုပ်ကြပါနဲ့။ ဂလွင်ပေါက်ဖို့ ကြိုးစားဖတ်ကြစမ်းပါ။ အားထုတ်ကြစမ်းပါ။ ပျင်းကြောမတင်းကြပါနဲ့ ခင်ကြီးတို့။

ပိဋကတ်သုံးပုံစာတမ်း၊
စာမျက်နှာ-၇-၉

□ အနက်အဓိပ္ပာယ်ဖြောင့်လျှင်အပြစ်မရှိ
(ဇလင်းပန်းလှဲဆရာတော်ကြီး)

ပရိတ်ကြီးပါဠိတော်များလည်း ဆရာကြီးတို့ ဆန်းစစ်တော်မူကြ၍ တစ်စောင်နှင့်တစ်စောင်မတူကြပြီ။ ပါဠိတော်ကို ဆန်းမစစ်အပ်ဟူ၍လည်း ရှေးဆရာကြီးတို့ ဆိုတော်မူကုန်၏။ အဘယ်ကြောင့်နည်းဟူမူကား ဆန်းစစ်သော ဆရာတို့သည် ဝုတ္တောဒယကျမ်း၌လာသော ဆန်းနည်းကိုသာ စစ်နိုင်ကြသည်။ ဝုတ္တောဒယကျမ်း၌မလာသော ဆန်းနည်း မြတ်စွာဘုရား၏ဉာဏ်တော်ဖြင့်သိတော်မူသော ဆန်းနည်းသည် အများအပြားပင်ရှိသေးသောကြောင့်တည်း။ ဆန်းနှင့်မညီတော်လည်း သဒ္ဒါနည်းနှင့်ညီလျှင်၊ အနက်အဓိပ္ပာယ်ဖြောင့်လျှင် အပြစ်မရှိ အနက်အဓိပ္ပာယ်သာ လိုရင်းဖြစ်သည်။

ပရိတ်ကြီးနိဿယ၊
စာမျက်နှာ ၁၂၄၊
ဟံသာဝတီပုံနှိပ်တိုက်၊ ၂၀၀၀
ရန်ကုန်။

□ ကိုယ့်ကိုယ်ကိုယ်အားကိုးကြ
(ဇလင်းကန်လယ်ဆရာတော်ဘုရားကြီး)

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသော်မှ ဘယ်နတ်ဘယ်သိကြားဘယ်ဗြဟ္မာတို့မှအားမကိုးရဘူး။ မိမိပြုခဲ့ဖူးသော ဒါနပါရမီကိုသာ အားကိုးတော်မူရတယ်။ ဒါကြောင့် အတ္တာဟိ အတ္တနော နာထော၊ ကောဟိနာထော ပရောသိယာ - မိမိသာလျှင် မိမိကိုးကွယ်ရာအစစ်ဖြစ်တော်မူတယ်လို့ ဟောတော်မူတယ်။ နင်တို့ငါတို့လည်း မိမိသာလျှင် မိမိကိုးကွယ်ရာအစစ်ဖြစ်ကြရအောင်။ ဒါန-သီလ-ဘာဝနာတို့ကိုပြုကြစမ်းပါ။ သုတ္တန်နည်းနှင့်ဆိုလျှင် ပစ္စည်းကိုစွန့်ကြပေးကမ်းလှူဒါန်းခြင်းကို ဒါနလို့ခေါ်တယ်။ အဘိဓမ္မာနည်းနှင့်ဆိုလျှင် အလောဘစေတသိက် ဖြစ်တယ်။ နင်တို့တစ်တွေ ပစ္စည်းရအောင်ရှာတာ ဘာနဲ့ရှာသလဲ။ တဏှာနဲ့ရှာတယ်။ ဒီ ရလာတဲ့ပစ္စည်းကို လှူဒါန်းပေးကမ်း စွန့်ကြလိုက်တော့ သဒ္ဓါအဖြစ် ပြောင်းလဲသွားတယ်။ သဒ္ဓါအားထက်သန်လိုက်သည်နှင့်တစ်ပြိုင်နက် တဏှာရာဂကပ်ငြိခြင်းမရှိတော့ဘူး။ ဥပမာ ပဒုမ္မာရွှေကြာဟာ ထဲပေါက်သော်ငြားစလည်း ကြာပွင့်ကြာချပ်ဖြစ်လာတဲ့အခါမှာ ရွှံ့မလူး



www.burmeseclassic.com

www.burmeseclassic.com

မပေတော့သလို သဒ္ဒါကိုအရင်းခံကြရမယ်။

ဆရာတော်ကြီးထေရုပ္ပတ္တိနှင့်
စက္ကူအလင်းသံခိပ်ကျဉ်း
ဦးအောင်ခင်၊ ၁၉၈၈ ခု၊ ဇွန်လ။

**□ ယောနိသောမနသိကာရ (တည်တောဆရာတော်ကြီး)**

ယောနိသောမနသိကာရကို သင့်သောအားဖြင့် နှလုံးသွင်းခြင်းဟုတိုက်ရိုက်အနက်ပေးပါသည်။ ဤနေရာ၌ သင့်တင့်စွာနှလုံးသွင်းခြင်း၊ မသင့်မတင့်နှလုံးသွင်းခြင်းဟု အကောင်းအဆိုးနှလုံးသွင်းရန် 'နှစ်ဖက်ပေါ်လာပါသည်။ တစ်နည်းဆိုသော် ပြဿနာတစ်ခုပေါ်ခဲ့သော် ကုသိုလ်ဘက်မှဆင်ခြင်ခြင်း၊ အကုသိုလ်ဘက်မှဆင်ခြင်ခြင်းဟု ဆင်ခြင်ရန် နှစ်မျိုးထွက်ပေါ်လာသည်။ ထိုသို့ဖြစ်ပေါ်လာခဲ့သော်လည်း သင့်တင့်သောဘက်မှရပ်တည်ပါ။ ကုသိုလ်ဘက်ကိုလိုက်ပါဟု ဆိုလိုရင်း ဖြစ်ပါသည်။

လူဆိုသည်မှာ၊စာမျက်နှာ-၁၅၂

**□ မုချချမ်းသာမည် (တောင်ပုလုဆရာတော်)**

သည်းခံ
အမှန်လုပ်
မုချ ချမ်းသာမည်။

(တောင်ပုလု ကမ္ဘာအေးဆရာတော်ဘုရား၏ မွေးရပ်မြေ တဲစုရွာ၌ တည်ထားသော မြမုနိဘုရားအာရုံခံတန်ဆောင်း၌ရေးထားသောစာ)

**□ ဒီပဲရင်းဆရာတော်ကြီး**

မသိလျှင်တွယ်၊ သိလျှင်ပြယ်၊
မသိကအစ၊ သိကအဆုံး၊ ကိစ္စတုံး၏။
မသိလျှင်တွယ်၊ သိလျှင်ပြယ်သည်
တွယ်လျှင်လည်းဘေး၊ ပြယ်လျှင်ပြီးသည်။

ပရမတ္ထစက္ကူကျမ်း၊စာမျက်နှာ-၂၈၂
ဇမ္ဗူမိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်၊ရန်ကုန်။
ကောဇာ-၁၃၁၂ ခု
(ဒသမအကြိမ်)

**□ သတိမှုကားလွန်သည်မရှိ**

သဒ္ဓါလွန်လျှင် ကွန့်သည်၊
ပညာလွန်လျှင် ဆွံ့သည်၊
ဝီရိယလွန်လျှင် ပြန့်သည်၊
သမာဓိလွန်လျှင် တွန့်သည်။

ဆရာတော်ဦးဗုဓ်

**□ သီလရနံ့**

ဒါနမရှိသောသူကား အဆင်းလှသဖြင့် အနံ့မရှိသော မဟာလှေကားပန်းနှင့်တူ၏။ သီလမရှိသောသူကား အပင်ကြီးကာမျှသာ၊ အနှစ်မရှိသော လက်ပံပင်နှင့်တူ၏။ ထို့ကြောင့် သံသရာဘေးကို ကြောက်သော ရဟန်းရှင်လူတို့သည် သီလကို အားထုတ်၍ ဆောက်တည်ရာ၏။ လေကြေအရပ်သို့ တစ်ယူဇနာတိုင် မွှေးနိုင်သော သရက္ခန်နံ့သည်ကား လေကြေလေညာအောက်အထက် အရပ်ဆယ်မျက်နှာတိုင်အောင်မွှေးလေ၏။

ဆရာတော်ဦးဗုဓ်၊
ဒါနဖလပ္ပတ္တိကျမ်း၊စာမျက်နှာ-၁၇၃
ဝိသာနုဦးပျိုင်စာပေ၊ ၁၉၉၂၊
(ဒုတိယအကြိမ်)

**□ သဟဇာတပစ္စည်းလိုကျင့်**

လူဆိုတာ အညမညပစ္စည်းလိုမကျင့်ရဘူး။ သဟဇာတပစ္စည်းလိုကျင့်ရတယ်။အညမညပစ္စည်းဆိုတာ သူက ကျေးဇူးပြုလို့ ကိုယ်ကပြန်ပြီးကျေးဇူးပြုတာမျိုး။ သဟဇာတဆိုတာကတော့ သူက ကျေးဇူးပြုပြု မပြုပြု၊ တုံ့ပြန်မှုရရမရရ ကိုယ့်ဘက်ကတော့ အမြဲတမ်းကျေးဇူးပြုနေရမယ်။

မစိုးရိမ်ဆရာတော်ကြီး
ဦးသူရိယာဘိဝံသ
အရပ်ရပ်စာဆိုကျော်များနှင့်
ဓမ္မာ ၈ ရိယဦးဋ္ဌေးလှိုင်၏
အဘိဓဇမော်ကွန်း
ရန်ကုန်ကမ္ဘာအေးသာသနာ့ရေးဦးစီးဌာန၊
၁၉၈၂

**□ လက်ငင်းချမ်းသာရန်**

မနာလိုကင်း၊ ဝန်တိုရှင်း
လက်ငင်းချမ်းသာကြရမည်။

မဟာစည်ဆရာတော်ဘုရားကြီး
ဩဝါဒအမွေ၊ (နောက်ကျောဖုံး)
ရန်ကုန်၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်၊
၁၉၉၆ (တတိယအကြိမ်)

**□ ရှင်မဟာရဋ္ဌသာရ**

ဟုတ်သောအကြံ၊ မှန်သောအကျင့်၊
သင့်ယူသောအယူ၊ ဖြူသောနှလုံး
သူတော်ထုံးကို၊ သုံးစွဲသောထွေ၊
မှန်လှစေ။

ရှင်မဟာရဋ္ဌသာရ၊
လက်သစ်တောင်တာဆုံးမစာ၊
ဟံသာဝတီဆုံးမစာပေါင်းချုပ်၊
စာမျက်နှာ-၂၀

**□ ပိဋကတ်သုံးပုံ၏လမ်းဆုံး (မိုးကုတ်ဆရာတော်ဘုရားကြီး)**

ပိဋကတ်သုံးပုံကို အကျဉ်းချုံးလိုက်ရင် ဖြစ်ပျက်ပဲရှိတယ်။ အဲ-အနိစ္စပဲရှိတယ်။ အနတ္တလည်း ဖြစ်ပျက်ပဲ။

မိုးကုတ်ဝိပဿနာလုပ်ငန်း
တရားစဉ်(၂၉)၊
စာမျက်နှာ-၂၇

**□ ရွှေဥမင်ဆရာတော်ကြီးစေတနာ**

စေတနာသည် လူတိုင်းနှင့်မတန်ဘူးလို့ စာတန်းတွေကပ်ထားကြတာတွေ့ရတယ်။ အင်း - အလကားရတဲ့စေတနာကိုပဲ နှမြောတွန့်တိုရရောက်နေတာကောင်းပါ့မလား။ စဉ်းစားကြဦးနော်။

ရွှေဥမင်ဆရာတော်ဩဝါဒနှင့်
တရားတော်များ၊စာမျက်နှာ-၁၄၅

ဆရာဦးမြင်း ဘယ်လောက်စာတွေဖတ်၊ မှတ်စုတွေလုပ်ထားသလဲဆိုတာ ဒီ နှလုံးလှဖို့ဆုံးမခဲ့သည် စာအုပ်ကြည့်ရုံမျှနဲ့သိနိုင်ပါတယ်။ အောက်ခြေမှတ်စုလေးတွေဟ သိပ်တန်ဖိုးရှိတာကလား။ ဆရာတော်ကြီးအပါး (၈၀) ရဲ့ မှတ်ဖွယ်မှတ်ရာဆုံးမစာများတဲ့။ ဆရာ စုဆောင်းထားတာတွေရှိသေးတယ်လို့ သိရလို့ နောက်ထပ်ဒါမျိုးစာအုပ်ထုတ်ဖို့ တိုက်တွန်းချင်ပါသေးရဲ့။ (လင်းလွန်းခင် စာအုပ်တိုက်ကပဲ 'အသိမွေးဖို့သတိပေးခဲ့သည်' စာအုပ် မကြာခင်ထုတ်ဝေပေးမှာပါတဲ့) အနှစ်နှစ်အလလက စုထားတာလေးတွေမို့ ပြီးတော့ စာဖတ်သူတွေ လွယ်လင့်တကူ အချိန်တိုအတွင်း စိတ်နှလုံးနူးညံ့သိမ်မွေ့ပြီး ဗဟုသုတရစေလို့ပါ။ ခုလို တစ်စုတစ်ဝေးတည်းဖတ်ဖို့မှတ်ဖို့ဆိုတာ အချိန်တွေအများကြီးပေးမှဖြစ်နိုင်တာဟုတ်လား။ ဒါကြောင့် စာအုပ်ထုတ်ဝေပေးတဲ့ဦးသိန်းလွင်(လင်းလွန်းခင်)ကိုရော ဆရာဦးမြင်းကိုပါကျေးဇူးတင်ရတယ်လေ။

ဦးစန္ဒိမာ (စလင်း)



www.burmeseclassic.com

www.burmeseclassic.com

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်၌ ရှေးဟောင်းသမိုင်းဝင် ရွှေယင်မျှော်စေတီတော်မြတ်သည် ဓာတ်ပေါင်းစုံပျော် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ ထိုစေတီတော်အား သိကြားမင်းဆက်ကပ်သောဘွဲ့တံဆိပ်တော်ရ အံ့ဖွယ်(၉)ပါးနှင့်ပြည့်စုံ၍ အကျော် (၄) ဆူဝင်ခြင်းတို့ကြောင့်လည်း တန်ခိုးရှိန်စော် ဘုန်းတော်ကြီးမားကျော်စော ထင်ရှားပါလေသည်။

ရွှေယင်မျှော်စေတီတော်၏ မူလဒါယကာမှာ မဇ္ဈိမဒေသ ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကဘုရင်ဖြစ်သည်။ သာသနာတော်နှစ် ၂၃၅ ခုနှစ်ကတည်ခဲ့သော ထိုစေတီတော်သည် သက်တမ်းအားဖြင့် ၂၃၂၆ နှစ်ရှိခဲ့ချေပြီ။ ဘုန်းတော်အနန္တနှင့် ပြည့်စုံခြင်းကြောင့် တန်ခိုးမမှိန် ဂုဏ်ရှိန်ဖြိုးမောက်ရောင်ဝါနေသို့ ထွန်းတောက်လျက်ရှိနေပါသည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်ကို လိုလားမြတ်နိုးတော်မူသော သီရိဓမ္မာသောကမင်းသည် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ သာသနာတော်ပြန့်ပွားစေလိုသည့်အကြံဖြစ်တော်မူ၏။ ဓမ္မက္ခန္ဓာကို ရည်ရွယ်လျက် ရှစ်သောင်းလေးထောင်သောစေတီတော်များတည်ရန် ဘုရားရှင်၏ သရီရဓာတ်တော်များကို တောင့်တတော်မူလျက်ရှိ၏။


တစ်နေ့ မင်းကြီးသည် အာသောကာရာမကျောင်းတိုက်သို့သွား၍ (၆၀,၀၀၀) မျှသောသံဃာတော်တို့ကို ပစ္စည်းလေးပါးဆက်ကပ်လျက် အလှူကြီးပေးတော်မူ၏။ သံဃာတော်တို့လည်း သာသနာတော်ကို လွန်စွာကြည်ညိုသောမင်းကြီးအား အဇာတသတ်မင်း မြှုပ်ထားကိုးကွယ်တော်မူခဲ့သည့် ဘုရားဓာတ်တော်များကိုဖော်၍ ဘုရားတည်ရန် မြွက်ကြားတော်မူကုန်၏။

# ရှေးမင်းအဆက်ဆက်ကိုးကွယ်လာသော ဓာတ်ပေါင်းစုံပျော် ရွှေယင်မျှော်စေတီတော်


## အာကာသ(သာစည်)



ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး



ရှေးမှမပျက် သာသနိကအဆောက်အအုံ



ရွှေယင်မျှော်စေတီတော်မြတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ကြွင်းသောသရီရဓာတ်တော်များကို မင်းတကာတို့၏ဆရာ ဒေါဏပုဏ္ဏားကြီးသည် ရှစ်ပြည်ထောင်သောမင်းတို့အား ညီမျှစွာခွဲဝေပေး၏။ မင်းတို့လည်း ဝေစုရသောဓာတ်တော်တို့ကို ကိုယ့်တိုင်းကိုယ့်ပြည်သို့ ပင့်ဆောင်လျက် ဌာပနာထည့်သွင်း စေတီတည်ထားခြင်းပြု၍ ကိုးကွယ်ကြကုန်၏။

ရှင်မဟာကဿပရဟန္တာမြတ်ကြီးသည် ဓာတ်တော်တို့တည်ရာကို အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူသော် မင်းအသီးသီးတို့ စေတီတည်၍ကိုးကွယ်ကြသော ဓာတ်တော်တို့ကားနောင်တွင် အန္တရာယ်ကျလိမ့်မည်ကိုမြင်တော်မူ၏။ ဓာတ်တော်အားလုံးကိုစုရုံး၍ ရာဇဂြိုဟ်ပြည်၌ လုံခြုံစွာမြုပ်ထားကိုးကွယ်ရလျှင် သင့်လျော်မည်ဟုအဇာတသတ်မင်းကို မိန့်ကြားတော်မူ၏။

ထို့နောက် ဆရာဒကာတိုင်ပင်ပြီးရှင်မဟာကဿပသည် မင်းတကာတို့၏ တိုင်းပြည်များသို့ တန်ခိုးတော်ဖြင့်ကောင်းကင်ခရီးကြွချီတော်မူလေ၏။ ထိုမင်းတို့တည်ထားသောစေတီအတွင်းမှဓာတ်တော်တို့ကို ကိုးကွယ်ပူဇော်ရန်အနည်းငယ်ချန်ပြီး ယူဆောင်တော်မူ၏။ ရာမရွာ၌ရှိသော ဓာတ်တော်တို့ကိုမူနဂါးတို့က စောင့်ရှောက်သောကြောင့်အန္တရာယ်မရှိနိုင်သည်ကို မြင်သဖြင့်မယူဆောင်ခဲ့ပေ။ ထိုသို့ ယူဆောင်လာသောဓာတ်တော်များနှင့် ရာဇဂြိုဟ်ပြည်သို့ရောက်သော် မြို့၏အရှေ့တောင်ကုန်းခေါင်မြင့်မောက်ရာ၌ ဌာပနာတိုက်တည်ထားရန် အမိန့်ရှိတော်မူ၏။



ရွှေယင်မျှော်စေတီတော်မြတ်နှင့်သိမ်တော်ကြီး



ခြေတော်ရာတိုက်



ရှင်အရဟံသမုတ်တော်မူခဲ့သော သိမ်တော်ကြီး

အဇာတသတ်မင်းလည်း အတောင်ခြောက်ဆယ်မျှနက်သောတွင်းကိုတူးစေ၍ တူးရှင်းစာမြေကို အုတ်လုပ်စေကုန်၏။ ဓာတ်တော်တို့ကိုရတနာဖြင့်ပြီးသောဌာပနာတိုက်အတွင်း၌ ဆန်းပြားစွာစီရင်လျက်ထားသို၏။ ငါးရာ့ငါးဆယ်သောဇာတ်ရုပ်၊ သုဒ္ဓေါဒနမင်း၊ သိရိမဟာမာယာမိဖုရား၊ ဖွားဖက်တော်သားတို့၏အရုပ်ကို ရွှေအတိဖြင့် သွန်းလုပ်၍ထား၏။ ရွှေတံခွန်၊ ငွေတံခွန် ငါးရာစီနှင့်ရွှေဆီမီးတိုင်၊ ငွေဆီမီးတိုင်ငါးရာစီ၌ နံ့သာဆီမီးများထွန်းညှိပူဇော်တော်မူလေ၏။

ထိုသို့စီရင်ပြီးမှ ရှင်မဟာကဿပသည် မွှေးကြိုင်လှသော ကြာညိုပန်းကိုစိုက်ပြီး 'ဤပန်းသည် နောင်သောအခါဓမ္မာသောကမင်းကြီးသည် ဓာတ်တော်ကို ပင့်ဆောင်၍ ဇမ္ဗူဒိပ်ကျွန်းကိုဖြန့်လတ္တံ့။ ထိုအခါတိုင်အောင် ပန်းမညှိုးနိုင်သည်ဖြစ်စေသော်။ နံ့သာမျိုးတို့သည်အခိုးရန့်မပြယ်သည်ဖြစ်စေသော်။ ဆီမီးမငြိမ်းသည်ဖြစ်သော်' ဟု အမိန့်ရှိတော်မူလေ၏။ ရွှေပေ၌အက္ခရာကိုရေးသား၍လည်းထားခဲ့စေတော်မူ၏။

ဤသို့ဖြင့် အဇာတသတ်မင်း၏ဓာတ်တော်တိုက်ကို သီရိဓမ္မာသောကမင်းကြီး ခဲယဉ်းစွာတူးဖော်၏။ ရှင်မဟာကဿပအမိန့်ရှိ၍ ထွန်းညှိတော်မူခဲ့သည့်ဆီမီးများ မီးမငြိမ်းသေးသည်ကို

www.burmeseclassic.com

www.burmeseclassic.com

မင်းကြီးမြင်လျှင် လွန်စွာအံ့ဩဝမ်းသာတော်မူလျက် ရွှင်ကြည်သောစိတ်ဖြစ်၏။

မင်းကြီးလည်း သရီရဓာတ်တော်များကို ပင့်ဆောင်လျက် မိမိနေထိုင်ရာ ပါဋလိပုတ်တိုင်းပြည်သို့ရောက်လေလျှင် တစ်ဖို့သောဓာတ်တော်တို့ကို မဟာစေတီတည်၍ ကိုးကွယ်တော်မူ၏။ တစ်ဖို့သောဓာတ်တော်တို့ကိုမူ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ရှိသောနိုင်ငံတို့တွင် ရှစ်သောင်းလေးထောင်သော စေတီ၊ ကျောင်းတို့ကို ထိုးဆယ့်ခြောက်ကုဋေအကုန်ခံ၍တည်ရန်အကြံတော်ဖြစ်လေ၏။

သာသနာတော်နှစ် ၂၃၅ ခုနှစ်၌ တတိယသင်္ဂါယနာတင်တော်မူ၍ တိုးတိုင်းကိုးဌာနသို့ သာသနာပြုရန် သံဃာတော်များအား လွှတ်ထားတောင်းပန်တော်မူ၏။ မင်းကြီးကိုယ်တိုင်လည်း အရှင်ယောနကမထေရ်၊ အရှင်ဓမ္မရက္ခိတမထေရ်တို့ ကြီးမှူးသော မထေရ်မြတ် (၆) ပါးတို့နှင့်အတူ သာသနာပြုခရီးလှည့်လည်လေရာ ရွှေယင်မျှော်စေတီတော်တည်မည့်ဌာနသို့ ရောက်ရှိတော်မူလာကြ၏။


ဘုမိနက်သန်မြေမြတ်မွန်၌ ယာယီနန်းနှင့် စံမြန်းတော်မူလျက်ရှိစဉ် စေတီတည်အပ်သည့်နေရာမှ ထူးခြားဆန်းပြားကုန်သောဖြစ်စဉ်များ ထင်ရှားပြလာ၏။ မင်းကြီးပင့်ဆောင်လာသောဓာတ်တော်မွေတော်များသည် မြတ်စွာဘုရားရှင်တော်နှစ်ဆူဟန် တန်ခိုးပြာဋိဟာပြတော်မူလျက် ကောင်းကင်မှသက်ပြီး အရှေ့အရပ်သို့ မျက်နှာမူကာ ရပ်နေတော်မူသည်ကို ဖူးမြော်မြင်တွေ့ကြရ၏။ မင်းကြီးလည်း ဝမ်းပန်းတသာဖြစ်တော်မူလျက် ဘုရားရှင်ညွှန်ပြတော်မူသည့်မြေမြတ်၌ စေတီတော်တည်ရန်ဆုံးဖြတ်တော်မူလေ၏။

သီရိဓမ္မာသောကမင်းကြီးသည် မြတ်စွာဘုရားနှစ်ဆူ ပရိက္ခရာရှစ်ပါးနှင့် အရှေ့သို့မျက်နှာမူလျက် ရပ်တော်မူဟန်ကိုထုစေ၏။ ဌာပနာတိုက်ထားရာမြေကို သံတောင်ခြောက်ဆယ်အနက်တူးစေ၏။ သိကြားမင်းသည် မင်းကြီးပင့်ဆောင်လာသော လက်ယာမျက်ကွင်းတော်ဓာတ်ကို ပတ္တမြားကြုတ်နှင့်သွင်းထား၏။ မင်းကြီးလည်း လက်တော်ဖြင့် တမုတ်သော ဇမ္ဗူရစ်ရွှေစေတီတွင် မွေတော်တစ်ဆူသွင်း၏။ ဇောမိရွှေပလ္လင်ထက် ကာလပတ်ကိုင်သော ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်တို့၏ ရုပ်ပွားတော်၊ သီရိဓမ္မာသောကမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းရုပ်တော်တို့ကို ရွှေစင်တစ်သိန်းစီချည်းသွန်း၍ထည့်၏။ မြကျောက်ဖျာထက် ပတ္တမြားမြက်ရှင်သည် ယနေ့တိုင်အလင်းဖြင့်ပြီး၏။ အကုံရန်နတ်သား၊ ကုန္တကနတ်သားတို့သည် နတ်သားတစ်ထောင်နှင့်အတူ ဟိမဝန္တာတောင်မှ ဆောင်ယူအပ်သော ပြိုးပြိုးပြက်ပြက်အရောင်ရှိသော အလျားဆယ်တောင်၊ အနံရှစ်တောင်ရှိသော မြကျောက်ဖျာ (၆)ချပ်ကိုခင်းကာ ပိတ်ဖုံး၏။ ထိုအထက်၌ စေတီတော် သံတောင်လေးတောင် ထီးတော်ငါးဆင့် ရွှေပုစွန်ခွံဖိနပ်တော်တိုင်အောင် အပြည့်ဖြစ်လေ၏။


သိကြားမင်းလည်း 'ဉ၊ ဝ၊ ဟ၊ နိ'




စေတီတော်ပရဝဏ်ရှိ ဝိဇယဗိမာန်တော်



ရွှေယင်မျှော်စေတီတော် အနေကဇာတင်ပွဲတော်



ရွှေမှုရွှေဟန်အပြည့်ပါသော သုဓမ္မာဇရပ်




မြတ်စွာဘုရားဝဲတက်ခြေတော်ရာပုံ မေတ္တာကန်



www.burmeseclassic.com

www.burmeseclassic.com




မွှမ်းမံလျက်ရှိသော
ရွှေယင်မျှော်စေတီတော်ရှေ့မှ စာရေးသူ




သမိုင်းမော်ကွန်းကျောက်စာ



နဂါးပတ်ချွန်းရိုးစိုက်တော်မူရာမှ
ဖြစ်ပေါ်လာသော ဝါးရုံပင်



ဆုတောင်းပြည့်မယ်တော်ကြီး



သမိုင်းကျောက်စာတိုင်

ဟူသော ဘွဲ့တံဆိပ်တော်ကို ခတ်နှိပ်ပူဇော်ထား၏။

ယင်းအက္ခရာလေးလုံး၏အဓိပ္ပာယ်ကို -

- ဥပဂန္ဓာ နိမ္မိတေန၊ ဝရဝေသေန နေကဓာ။
  ဟာရန္တံ သာဓုပ္ပသာဒံ၊ နိရင်္ဂဏံ နမေ သဒါ။

ဟူ၍ ဂါထာဖွဲ့ဆိုထား၏။

**အနေကဓာ** - များသောအပြားအားဖြင့်၊ **နိမ္မိတေန** - ဖန်ဆင်းအပ်သော၊ **ဝရဝေသေန** - မြတ်သော်အသွင်ဖြင့်၊ **ဥပဂန္ဓာ** - ရှေးရှုကပ်၍၊ **သာဓုပ္ပသာဒံ** - သူတော်ကောင်းတို့၏ ကြည်ညိုခြင်းကို၊ **ဟာရန္တံ** - ဆောင်တတ်ထသော၊ **နိရင်္ဂဏံ**- ကိလေသာကင်းတော်မူသော မြတ်စွာဘုရားကို၊ **အဟံ** - အကျွန်ုပ်သိကြားမင်းသည်၊ **သဒါ** - အခါခပ်သိမ်း၊ **နမေ** - ရှိခိုးပါ၏ ဟူ၍ဖြစ်ပါသည်။

ဌာပနာ ဟူသည် အဆာပါသော အရာ၌ အနှစ်သာရအပြည့်အဝပါရှိသဖြင့် တန်ဖိုးကြီးမားလျက်ရှိသည်။

ထို့အတူ စေတီတော်တည်ရာ၌လည်း -

၁။ တန်ဖိုးမဖြတ်နိုင်သောရတနာများ သိုထားရာဖြစ်သဖြင့် - ဌာပနာ။
၂။ ဤစေတီတော် နောင်ယိုယွင်းခဲ့သော် ပြန်လည်ပြုပြင်ရန်သိုထားသဖြင့် - ဌာပနာ။
၃။ အရိမေတ္တေယျဘုရားပွင့်တော်မူလျှင် ကျောင်းတော်ဆောက်ရန် ရည်ရွယ်လျက်သိုထားသဖြင့် - ဌာပနာ။
၄။ မြတ်စွာဘုရားရှင်၌ မိမိတို့အမြတ်နိုးဆုံးရတနာတို့ဖြင့် ပူဇော်လျက် သိုထားသဖြင့် - ဌာပနာ။
၅။ ရတနာမည်သည် နတ်တို့စောင့်ရှောက်ရာဖြစ်သောကြောင့် နတ်များစောင့်ရန်ရည်၍သိုထားသဖြင့် - ဌာပနာဖြစ်ပေသည်။

စေတီမုထိုးတော်တည်ထားရာ၌ သင့်လျော်သောနေရာတွင် အမြတ်တနိုးကိုးကွယ်အပ်သော ပစ္စည်းနှင့် အသုံးအဆောင်များကို ကိုးကွယ်ကြစေရန်လည်းကောင်း၊ မပျောက်မပျက်စေရန်လည်းကောင်း၊ အထိမ်းအမှတ်တစ်ခုဖြစ်စေရန် လည်းကောင်း သိုမှီးသိမ်းဆည်းထားခြင်း ဖြစ်သည်။ အနာဂတ်၌ ဤစေတီတော်ပျက်စီးယိုယွင်းသွားသော် တစ်ဖန်ပြုပြင်နိုင်ရန်ရည်ရွယ်၍ ထည့်သွင်းထားခြင်း ဖြစ်သည်။


ဌာပနာပစ္စည်းများကား ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ ပုထုဇဉ်သီလဝန္တဖြစ်သောရဟန်း၊ စကြဝတေးမင်းတို့၏ သရီရဓာတ်တော်၊ ဗောဓိပင်၊ ရုပ်ပွားဆင်းတုတော်၊ ရဟန်းအသုံးအဆောင် ပရိက္ခရာရှစ်ပါး၊ ပိဋကတ်တော်မဗ္ဗက္ခန္ဓာများ၊ သတ္တဌာနပုံတော်များမှစ၍ ဘုရားဖြစ်တော်စဉ်ပုံတော်များ၊ ဘုရားအလောင်းတော်ဖြစ်တော်စဉ်ပုံတော်များ၊ ဘုရားဒါယကာ ဒါယိကာမတို့၏ ဖြစ်စဉ်ပုံများ၊ လူတို့အသုံးအဆောင်ပစ္စည်းများဖြစ်သည်။

ဌာပနာထည့်သွင်းခြင်းအလေ့အထ




www.burmeseclassic.com

www.burmeseclassic.com



ဥဒေါင်းပမာဏ ရွှေယင်ကောင်ရုပ်တု



စေတီတော်အရှေ့တောင်ထောင့်ရှိ ဆင်ဖြူတော်ရုပ်တု



ဖြစ်စဉ်ဆန်းကြယ်သော ဝက်ကြီးရုပ်တု

သည် ရှေးပဝေသဏီကစ၍ရှိခဲ့ကြ၏။ ဂေါတမဘုရားလောင်း နိယတဗျာဒိတ်ခံယူရာ ဒီပင်္ကရာမြတ်စွာဘုရားမှစ၍ အဆူဆူသောဘုရားရှင်တို့၏ဓာတ်တော်တို့ကို စေတီတည်ထား ဌာပနာထည့်သွင်းခဲ့ကြသည်။ ဌာပနာထည့်သွင်းရာ၌ မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်များကို ပဓာနထား၍ ဘုရားဒါယကာ၊ ဒါယိကာမတို့၏စေတနာအားအလျောက် ပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်းလျှဒါန်း ဌာပနာခြင်း ပြုလုပ်ကြလေသည်။

ဂေါတမဘုရားလောင်းတော် တောထွက်တော်မူသောအခါ ပယ်အပ်သော ဆံတော်ကို သိကြားမင်းယူ၍ တာဝတိံသာနတ်ပြည် စူဠာမဏိစေတီတော်၌ဌာပနာသည်။ ရဟန်းပြုသောအခါ ဝတ်လဲတော်အစုံကို ဃဋိကာရဗြဟ္မာကြီးယူ၍ အကနိဋ္ဌဘုံ ဒုဿစေတီ၌ဌာပနာသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသောအခါ ကွဲပြား၍တည်သော သမ္ဘိန္နဓာတ်တော်များနှင့် မကွဲမပြားတည်သော အသမ္ဘိန္နဓာတ်တော် (၇) ဆူကြွင်းကျန်ခဲ့သည်။ သမ္ဘိန္နဓာတ်တော်များကို ဒေါဏပုဏ္ဏားမှ ရှစ်ပြည်ထောင်မင်းတို့ကို ခွဲဝေပေး၍ မိမိတို့တိုင်းပြည်အသီးသီး၌ စေတီတည်ကာ ဌာပနာသည်။ ဒေါဏပုဏ္ဏားကြီးက ကျန်သည့်ဓာတ်တော်ချင့်သောအိုးကို တက္ကသိုလ်ပြည်၌၊ စန္ဒကူးမီးသွေးကို မောရိယပြည်၌ စေတီတည်၍ ဌာပနာသည်။

အသမ္ဘိန္နဓာတ်တော် (၇) ဆူကား နဖူးသင်းကျစ်တော်ကို သီဟိုဠ်ကျွန်း၌၊ လက်ဝဲညှပ်ရိုးတော်ကို ဗြဟ္မာပြည်၌၊ လက်ယာညှပ်ရိုးတော်ကို သီဟိုဠ်ကျွန်း ထူပါရုံစေတီ၌၊ လက်ယာအောက်စွယ်တော်ကို နာဂပူရ နဂါးပြည် ရတနာစေတီ၌၊ လက်ယာအထက်စွယ်တော်မြတ်ကို တာဝတိံသာနတ်ပြည် စူဠာမဏိစေတီ၌၊ လက်ဝဲအောက်စွယ်တော်ကို သီဟိုဠ် ကန္ဒီစွယ်တော်တိုက်၌၊ လက်ဝဲအထက်စွယ်တော်ကို တရုတ်ပြည် ပေကျင်းမြို့ အနောက်ဘက် တောင်ကုန်းပေါ်ရှိ ရွှေစေတီ၌ ဌာပနာ၍ လည်းကောင်း၊ ကြုတ်တော်၌ထည့်သွင်း၍လည်းကောင်း ကိုးကွယ်ပူဇော်လေသည်။


ရွှေမုဋ္ဌောစေတီတော်သည် သီရိဓမ္မာသောကမင်းကြီး တည်တော်မူပြီးနောက် ယင်းနေရာသို့ နှစ်ပေါင်း (၁၃၅၆) နှစ်ခန့်ကြာမျှ ရောက်ပေါက်သွားလာခြင်းမရှိဘဲ တောချုံရုံများ ပိတ်ဖုံးတိမ်မြုပ်နေခဲ့သည်။ မြန်မာနှစ် ၄၀၁ ခုနှစ်၌ ပုဂံဘုရင် အနော်ရထာသည် စစ်သည်ဗိုလ်ပါအလုံးအရင်းနှင့် တိုင်းခန်းလှည့်လည်ကာ ညောင်ရွှေ အင်းတိမ်အရပ်တွင် ပေါ်ရိသံဒ်ဘုရား တည်တော်မူ၏။ အပြန်ခရီး၌ မြေပြန့်သို့ ရောက်ရှိစဉ် ရွှေမုဋ္ဌောစေတီဟောင်း အရှေ့ဘက်နှစ်တိုင်ခန့်အကွာ၌ စခန်းချ ရပ်နားတော်မူ၏။

ခရီးဆက်မည်ပြု၍ ဆင်ဖြူတော်ကို ကကြိုးတန်ဆာဆင်ရာ အကမခံဘဲရှိသဖြင့် နိမိတ်ဖတ်ပုဏ္ဏားတို့အားမေးမြန်းရာ ဘေးလောင်းတော်ကောင်းမှုဖူးစေလိုသောကြောင့် အကမခံသည်ဟု လျှောက်ကြားကြ၏။ မင်းကြီးသည်



www.burmeseclassic.com

www.burmeseclassic.com





ပွဲတော်တွင်း၌ ပရိသတ်များနှင့်
ကြိတ်ကြိတ်တိုးစည်ကားလှသည်



ဈေးလှည်းများနှင့် ညဥ့်အိပ်ညဥ့်နေလာကြသူများ

ဆင်ဖတော်သွားလိုရာသို့လွှတ်၍နောက်မှ လိုက်လျှင် ရွှေမုဋ္ဌောစေတီဟောင်း အရှေ့တောင် ဝါးလေးပြန်လောက် အကွာခန့်အရောက်တွင် ဆင်တော်ဝပ် သည်ကိုတွေ့ကြရ၏။ဆင်တော်ဦးခေါင်း လှည့်ရာဘက်ရှိ လမ္ဘူဆူးရစ်ချုံများကို ခုတ်ထွင်ရှင်းလင်းစေရာ စေတီဟောင်း တည်ရာအထက်မှ ဥဒေါင်းပမာဏရှိ သော ရွှေယင်ကောင်သဏ္ဌာန်ပြာဋိဟာ ပြ၍ တောင်စူးစူးသို့ ပျံကြွသွားသည်ကို မျှော်ကြည့်လိုက်ကြရသည်။

အနော်ရထာမင်းကြီးသည်လည်း ဝမ်းသာအားရတော်မူလျက် မိမိအမြဲ ကိုးကွယ်နေသောဗုဒ္ဓ၏နှလုံးတော်ဓာတ် ကို ပတ္တမြားကြုတ်၌ထည့်၍ ဌာပနာ၏။ ဌာပနာတော်တိုက်မပိတ်မီ နှလုံးတော် ဓာတ်သည် ပရိက္ခရာရှစ်ပါးနှင့်တကွ ကောင်းကင်သို့ ကြွတော်မူလျက် ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူး၏။ အထက်၌ စေတီသံတောင်ခုနစ်တောင်၊ ထီးငါးဆင့်ထပ်မံပြုလုပ်၍ ရွှေပုဇွန်ခွံ ဖိနပ်တော်တိုင်အောင် ကပ်လှူတော်မူ ၏။ စေတီကိုလည်း ရွှေယင်မျှော်စေတီ တော်ဟူ၍ သမုတ်တော်မူလေသည်။

စေတီတော်အနီး အနောက် တောင်ဘက်၌ သံတောင်ငါးတောင်တူး ၍ အုတ်အင်္ဂတေဖြင့် မွမ်းမံပြီးလျှင် ပတ္တမြားငါးတင်းထည့်၍ အလယ်တွင် မွေရှင်တော်နှစ်ဆူကိုဌာပနာပြီး ကျောက် အုတ်တို့စီလျက်ပိတ်ဖုံး၏။ ထို့နောက် မင်းကြီး သုံးနှစ်တိုင်စွဲကိုင်လာသော နဂါး ပတ်ချွန်းရိုးကိုစိုက်၍ 'အကျွန်ုပ်သည် လူ တွင်ထင်ရှား ဘုရားဖြစ်မည်မှန်ပါလျှင် ယခုစိုက်သော နဂါးပတ်ချွန်းရိုးသည် နေ့ချင်းပင် ညွှန့်ရှင်လန်းလန်းပေါက်ပါ စေသော်'ဟု အဓိဋ္ဌာန်တော်မူ၏။နေ့ချင်း ပင် အညွှန့်အခက်များထွက်လာလေရာ မေတ္တာပန်းဟု လှမ်းဆွတ်ယူ၍ မင်းကြီး ဦးခေါင်း၌ ပန်ဆင်တော်မူ၏။

"အရှင်ဘုရား၊ အကျွန်ုပ်ကပန်ဆင် ရပါပြီ။ နောက်ပါအပေါင်းတို့လည်း ပန်ဆင်ရအောင် အညွှန့်ထွက်ပါစေ သား"

ဟု ဆုတောင်းပြန်၏။

ထပ်မံထွက်လာသောအညွှန့်တို့ ကို မင်းကြီးကိုယ်တိုင်ဆွတ်ယူကမ်းပေး သဖြင့် အားလုံးပန်ကြရကုန်၏။

"အရှင်ဘုရား၊ အကျွန်ုပ်ဌာပနာ သော ပတ္တမြားတို့သည် နောင်ကာလ၌ ပူဇော်လိုစိတ်ရှိသူတို့အား မြေတွင်တက် ၍ မျက်ဝါးထင်ထင်မြင်ကြပါစေသား။ လိုချင်သောဆန္ဒဖြင့် ယူဆောင်သွား သော် တံတိုင်အပြင်သို့ရောက်ပါမသွား ဘဲ ဌာပနာတိုက်သို့ ပြန်လည်ဝင်ရောက် သည်ဖြစ်စေသား"

ဟု အဓိဋ္ဌာန်တော်မူ၏။

စေတီတော်၏ အရှေ့တောင် ဆင်ဖြူတော်ဝပ်သောနေရာတွင်လည်း ဆင်ဖြူတော်ဝပ်၍ စေတီတော်အား ဦးခိုက်နေဟန် ထုလုပ်ထား၏။ ထိုဆင် ရုပ်တုကို စီး၍သော် လည်းကောင်း၊ မအပ်မရာပြုလျှင်သော် လည်းကောင်း ယင်းပြုမူသူသည် ယားယံနာဖျားခြင်း ဖြစ်၍ မိမိအပြစ်ကိုတောင်းပန်ပြီး ပူဇော် ကန်တော့မှသာ ပျောက်ကင်းစေ၏။

ရွှေယင်မျှော်စေတီတော်မြတ်ကြီး သည် အနော်ရထာမင်းလက်ထက်တွင် အံ့ဖွယ်ကိုးပါးကို ဆောင်တော်မူ၏။

ယင်းအံ့ဖွယ်ကိုးပါးကား -

၁။ ဆင်တော်အကာမခံသည်တစ်ပါး။

၂။ ဆင်တော်ကိုလွှတ်လေလျှင် စေတီ တော်၏အရှေ့တောင်အရပ်၌ ဝပ် နေသည်တစ်ပါး။

၃။ တောချုံတို့ကို ခုတ်ထွင်ရှင်းလင်း လျှင် ဓာတ်တော်မွေတော်တို့က ရွှေယင်ကောင် ဖန်ဆင်းပြသည် တစ်ပါး။



www.burmeseclassic.com

www.burmeseclassic.com

၄။ အနော်ရထာမင်း နဂါးပတ်ချွန်းရိုးကို အဓိဋ္ဌာန်၍ စိုက်တော်မူလျှင် တစ်ညဥ့်ချင်း အညွန့်ထွက်ကာ မင်းကြီးပန်ဆင်ရသည်တစ်ပါး။

၅။ ထပ်၍ အဓိဋ္ဌာန်ပြန်ရာ အညွန့်အခက်များစွာထွက်လျက် နောက်ဖါတို့အား ဝေငှရသည်တစ်ပါး။

၆။ နဂါးပတ်ချွန်းရိုး (ဝါးရုံ) အောက်၌ ဌာပနာထားသော ပတ္တမြားတို့သည် ပူဇော်ရန်အလိုရှိ၍အဓိဋ္ဌာန်လျှင် ပေါ်ပေါက်လာသည်တစ်ပါး။

၇။ ပတ္တမြားများကို လောဘရမ္မက်ဖြင့်ယူလျက် တံတိုင်းအပြင်သို့ ရောက်ပါက မူလဌာပနာတိုက်နေရာသို့ ပြန်သွားသည်တစ်ပါး။

၈။ မြတ်စွာဘုရားရှင်၏ နလုံးတော်ဓာတ်ကို ဌာပနာရသည်တစ်ပါး။

၉။ ဓာတ်တော်၊ မွေတော်တို့သည် ကောင်းကင်ယံတွင် တန်ခိုးပြာဋိဟာပြတော်မူလျက် အနော်ရထာမင်းကြီးအား ဘုရားဖြစ်မည်ကို ဗျာဒိတ်ပေးတော်မူသည်တစ်ပါး။

(၉) ပါးရှိလေ၏။

သက္ကရာဇ် ၄၂၆ ခုနှစ်တွင် ပုဂံပြည်၌ ထီးလှိုင်ရှင်ကျန်စစ်သားနန်းတက်တော်မူ၏။ တစ်နေ့တွင် စစ်သည်ဗိုလ်ပါအလုံးအရင်းနှင့် တိုင်းခွင်လှည့်လည်ရာ ရွှေယင်မျှော်စေတီတော်၏တောင်ဘက် ညောင်ရမ်းအရပ်၌ ခရီးတစ်ထောက်နား၍ စံမြန်းတော်မူ၏။ မင်းကြီးကိုးကွယ်လျက်ပါလာသော ဦးခွံတော်ဓာတ်၊ လက်ယာ-လက်ဝဲနားသွေးမွေရှင်တော်သုံးဆူသည် ဖျာကြီးတမျှရှိသော ရောင်ခြည်မီးလျှံများ တန်ခိုးပြလျက် မြောက်အရပ်သို့ ကြွသွားတော်မူသည်ကို မင်းကြီး ရှောင်တခင်မြင်လိုက်၏။

မင်းကြီးလည်း -

"ငါကိုးကွယ်လျက် ပါလာသော ဓာတ်တော်၊ မွေတော်သုံးဆူတို့သည် အနော်ရထာမင်းစော ဌာပနာခဲ့သော တောင်းမူတော်နှင့်အတူ ကိန်းဝပ်တော်မူလိုဟန်ရှိသည်ဟု အကြံတော်ဖြစ်၏။ ရွှေယင်မျှော်စေတီတော်သို့ အရောက်လာ၍ အနော်ရထာမင်းကြီး၏ ဌာပနာတိုက်ကိုဖောက်ပြီး ဦးခွံတော်ဓာတ်၊ လက်ယာ-လက်ဝဲနားသွေးမွေရှင်တော်ဓာတ်သုံးဆူကို ဌာပနာတော်မူ၏။

သက္ကရာဇ် ၄၅၇ ခုနှစ်သို့ရောက်ရှိသော် အလောင်းစည်သူမင်းကြီးသည် စစ်သည်ဗိုလ်ပါများခြံရံလျက် ဆင်စကြာနှစ်စီးနှင့်တကွ တိုင်းခွင်လှည့်တော်မူရာ ရွှေယင်မျှော်စေတီအနီးသို့ ရောက်လာတော်မူ၏။ ထိုစဉ် ဓာတ်တော်ခြောက်ဆူတို့သည် ပရိက္ခရာရှစ်ပါးတို့နှင့်တကွ ကောင်းကင်သို့ကြွ၍ တန်ခိုးပြာဋိဟာပြတော်မူလျှင် မင်းကြီးဆင်တော်မှဆင်းပြီး မြေတွင်ဝပ်ကာ အခြွေအရံတို့နှင့်အတူ ပူဇော်ကြကုန်၏။

မင်းကြီးသည် စေတီတော်အရှေ့မျက်နှာမှ ဥမင်လိုဏ်တက်စေ၍ လက်ယာနားတော်ဓာတ်ကို ပတ္တမြားကြုတ်တွင်ထည့်လျက် လက်ဝဲနားတော်ဓာတ်ကို မြကြုတ်နှင့်ထည့်ပြီး ဌာပနာတော်မူ၏။ စေတီတော်ကိုလည်း သံတောင်ကိုးတောင်ပြုလုပ်ပြီး ထီးငါးဆင့်ကြာပုံ မှန်ကင်း၊ ဆပ်သွားဖူး၊ ငှက်မြတ်နားတို့သည် ရွှေစင်အတိပြီးစေ၏။ အထွတ်ဖူးား၌ ပြည်တန်ပတ္တမြားနှစ်လုံးတပ်တော်မူလေ၏။

မင်းကြီးပင့်ဆောင်လာခဲ့သော ရှင်အရဟံရဟန္တာမြတ်နှင့် သံဃာတော်တို့သည် မဟာရံတံတိုင်းအတွင်း စေတီတော်တောင်ဘက်၌ သိမ်တော်ကြီးကို သမုတ်တော်မူသည်။ တံတိုင်းအပြင် စေတီတော်အရှေ့ဘက်၌လည်း မြတ်စွာဘုရားရှင်၏ဝဲဘက်ခြေရာတော်ပုံမေတ္တာရေကန်ကို တိုးချဲ့တူးဖော်စေသည်။ တံတိုင်းအပြင် တောင်ဘက်နှင့် မြောက်ဘက်၌ စာသင်တိုက်ကြီးများဆောက်လုပ်၍ သာသနာတော်ပြန့်ပွားရေးအတွက် ဆောင်ကြဉ်းတော်မူလေသည်။

သက္ကရာဇ် ၇၆၃ ခုနှစ်၌ အင်းဝတွင် ပထမမင်းခေါင် နန်းတက်တော်မူ၏။-ထိုမင်း၏မိဖုရား အတုလဒေဝီကား ဂေါတမဘုရားရှင်၏ ဗျာဒိတ်ရခဲ့ဖူးသော မိန်းမမြတ်ဖြစ်၏။ မိဖုရားကြီးအိပ်မက်မြင်လာသဖြင့် ရွှေယင်မျှော်စေတီတော်သို့ မင်းနှင့်မိဖုရားတို့သည် အခြွေအရံများနှင့်တကွ ရောက်ရှိဖူးမြော်ကြ၏။ လက်ဝတ်ရတနာများနှင့်အတူ လက်ယာမျက်ရိုးတော်ဓာတ်ကို မြကြုတ်တွင်ထည့်၍ ဌာပနာတော်မူ၏။

ပထမမင်းခေါင်၏ သားတော် ဆင်ဖြူရှင်သီဟသူသည် သက္ကရာဇ် ၇၈၄ တွင် နန်းတက်တော်မူသည်။ ထိုမင်းလက်ထက်၌ ရွှေယင်မျှော်စေတီမြတ်သို့ ရောက်ရှိ ဖူးမြော်၍ လုံးတော်ပြည့်ရွှေသင်းချောနှစ်ထပ်ကပ်လှူတော်မူ၏။ သက္ကရာဇ် ၇၈၈ ခုနှစ်တွင် မိုးညှင်းမင်းတရားနန်းတက်တော်မူ၍ ရွှေယင်မျှော်ဘုရားသို့ရောက်ရှိ၍ ရွှေနဖူးသွေးမွေရှင်တော်ဓာတ်နှစ်ဆူကို ဌာပနာတော်မူ၏။ စေတီတော်ကိုလည်း ဉာဏ်တော်အမြင့် အတောင်သုံးဆယ်အထိ မွမ်းမံပြီး ထီးတော်ခုနစ်ဆင့် တင်လှူတော်မူ၏။ တောင်တွင်းကြီးမြို့ကိုစားသော သီဟပတေ့သည် ရွှေယင်မျှော်စေတီတော်သို့ ရောက်ရှိဖူးမြော်၍ လက်ယာလက်သန်းတော်ဓာတ်နှင့် လက်သူကြွယ်တော်ဓာတ်ကို ပတ္တမြားကြုတ်တွင်ထည့်၍ ဌာပနာတော်မူ၏။

သက္ကရာဇ် ၈၉၈ ခုနှစ်တွင် မိုးညှင်းမင်းတရားကြီး၏ မြေးတော် ရမည်းသင်းစားသီဟသူသည် စမုံချောင်းဖျားမင်းအဖြစ်ခံယူလျက် နန်းတက်တော်မူ၏။ ထိုမင်းသည် သုဇာတ္တာပဘာမဟန္တာနှစ်ဆူဓာတ်ကို ဌာပနာတော်မူ၏။ သက္ကရာဇ် ၉၀၇ ခုနှစ်၌ တောင်ငူဘုရင် သိမ်သူသည် ရွှေယင်မျှော်စေတီတော်သို့ အဖူးမြော်ရောက်လာ၍ စေတီတော်ကိုပြုပြင်မွမ်းမံတော်မူ၏။ သက္ကရာဇ် ၉၅၉ ခုနှစ်တွင် ညောင်ရမ်းမင်းမှ ရွှေသင်းချောနှစ်ထပ်ကပ်လှူပူဇော်တော်မူ၏။ သက္ကရာဇ် ၉၆၇ ခုနှစ်တွင် ညောင်ရမ်းမင်း၏ သားတော်ကြီး အနောက်ဘက်လွန်မင်း ရွှေယင်မျှော်စေတီတော်သို့ ရောက်ရှိဖူးမြော်တော်မူ၏။

သက္ကရာဇ် ၉၉၆ ခုနှစ်သို့ရောက်သောအခါ သာလွန်မင်းတရားကြီး နန်းတက်တော်မူ၏။ ရွှေယင်မျှော်စေတီတော်အား ကြေးနီ (၂၈၀၁) ကျပ်သား၊ ကြေးနီမှ (၃၁၇၀) ကျပ်သား ကပ်လှူပူဇော်၏။ သက္ကရာဇ် ၁၁၄၃ ခုနှစ် အမရပူရမြို့နယ် နန်းတည်ဘိုးတော်မင်းသည် ၁၁၅၂ ခုနှစ်တွင် ရွှေယင်မျှော်စေတီတော်သို့ ရောက်ရှိတော်မူ၏။ စေတီတော်ကို ဖိနပ်တော်တစ်မျက်နှာလျက် သံတောင်နှစ်ဆယ့်လေးတောင်၊ ဉာဏ်တော် သံတော်သုံးဆယ်အထိ တိုးမြှင့်တည်၍ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူတော်မူ၏။

သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် ရတနာပုံမြို့နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းနန်းတက်တော်မူ၏။ မင်းတုန်းမင်းသည် ဘိုးတော်လှူဒါန်းခဲ့သော ဘုရားဝတ္တကမြေကို သတ်သတ်မှတ်မှတ်ပိုင်းခြားလျက် တိုးချဲ့လှူဒါန်းတော်မူ၏။ ဤသို့ သီရိမဏ္ဍာသောကမင်းအစ မင်းတုန်းမင်းဆုံး ရှေးမင်းဆယ့်ခုနစ်ဆက်တို့သည် ရွှေယင်မျှော်စေတီတော်မြတ်ကြီးကို အကြိမ်ကြိမ်အခါခါဖူးမြော်၍ အထပ်ထပ်လှူဒါန်းပြီး မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်စစ်တို့ကို ဌာပနာသွင်းတော်မူခဲ့ကြလေသည်။

သက္ကရာဇ် ၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့တွင် သီပေါမင်း



www.burmeseclassic.com

www.burmeseclassic.com

ပါတော်မူ၍ မြန်မာတစ်မျိုးသားလုံး ကျွန်သပေါက်ဘဝရောက်ခဲ့ကြရသည်။ မြန်မာမင်းဆက်ပြတ်သွားပြီးသည့်နောက် အင်္ဂလိပ်လက်အောက်တွင်နေရသော ကာလပင်ဖြစ်သော်လည်း ရွှေယင်မျှော်စေတီတော်မြတ်ကြီး၏တန်ခိုးတော်ကား မှေးမှိန်မသွားချေ။ ၁၂၈၅ ခုနှစ်တွင် ရွှေယင်မျှော်တိုက်ကျောင်းဆရာတော် ဦးဇဝနအား အမျူးထားလျက် နယ်သူနယ်သား ဝေနေယျအများကောင်းမှုဖြင့် စေတီတော်ကြီးကို တိုးချဲ့မွမ်းမံလှူဒါန်းနိုင်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် စေတီတော် မူလဖိနပ်တော်ကို တစ်မျက်နှာလျှင် ဆယ့်တစ်တောင်စီတို့၍ လေးဆယ့်ငါးတောင်၊ ဘဏ်တော်၊ စိန်ဖူးတော်အထိ ခုနစ်ဆယ့်နှစ်တောင် တိုးမြှင့်မွမ်းမံ ပူဇော်သည်။ ရှေးမင်းဆယ့်ခုနစ်ဆက်တို့ ကိုးကွယ် ပူဇော်တော်မူခဲ့သည့် စေတီ ဟောင်းအတိုင်းငုံလျက် လွှမ်းခြုံထပ်မြို့တည်သည်။ ဌာပနာတိုက်ဆယ့်နှစ်တိုက်၌ မြတ်စွာဘုရားဓာတ်တော် (၄၉၀) ဆူ၊ ရဟန္တာဓာတ်တော် (၆၁) ဆူ၊ ရွှေ၊ ငွေ၊ ကြေး၊ ကျောက်တို့ကို ထုလုပ်ထားသော ရုပ်ပွားတော်များစွာတို့ကို ဌာပနာတော်မူလေသည်။

ဓာတ်ပေါင်းစုံမျှော် ရွှေယင်မျှော်စေတီတော်ကို ရှေးမင်းအဆက်ဆက်တို့ တစ်စထက်တစ်စ တိုးမြှင့်မွမ်းမံကိုးကွယ်ခဲ့ကြသည်မှာ သမိုင်းကပြဆိုလျက်ရှိသည်။ မျက်မှောက်ကာလ၌လည်း နိုင်ငံတော်အကြီးအကဲပုဂ္ဂိုလ်များ၊ ရဟန်းရှင်လူပြည်သူများသည် ပူဇော်၍အားမရနိုင်အောင် ကိုးကွယ်ဆည်းကပ်လျက်ရှိကြသည်။

အကျော်လေးဆူနှင့် စပ်လျဉ်း၍ မုံရွှေဇေတဝန်ဆရာတော် အရှင်အာဒိစ္စရံသီက တိုင်းကြီးပြည်ကြီးတို့တွင် သာသနာတော်မြတ်တည်ရာ သုနာပရန္တတိုင်း၊ တမ္ပဒီပ စသော မြန်မာနိုင်ငံ၌ စေတီပုထိုးအပေါင်းတို့တွင် အစဉ်သမုတ် ဝေါဟာရပေါရာဏပဏ္ဍိတကထာကား အကျော်လေးဆူရှိသည်ဟူ၏။ အရှေ့တွင် ရွှေစာရံဘုရား၊ အနောက်ကား ရွှေစည်းခုံဘုရား၊ တောင်၌ ရွှေယင်မျှော်ဘုရား၊ မြောက်မှာ သီဟတော်ဘုရား၊ ထိုလေးဆူကို ကျော်လေးဆူ သမုတ်ကြကုန်သည်။ ထို့ကြောင့် ရှေးသူဟောင်းတို့က 'အရှေ့စာရံ ပုဂံအနောက်(ရွှေစည်းခုံ) တောင်မြောက် ယင်မျှော်သီဟတော်တည်း' ဟု ဆိုစရှိကြကုန်သည်။

ရွှေယင်မျှော်စေတီတော်မြတ်ကြီးသည် ထူးခြားသောဖြစ်စဉ်များရှိခဲ့ဖူးသည်ဟုဆို၏။ မြန်မာပြည်အင်းဝရွှေနန်း ပျက်ပြားမည့် နိမိတ်အဖြစ် ရွှေယင်မျှော်စေတီတော်ကွယ်၏။ ကြိုးတန်းခတ်၍ ရှာသော်လည်း (၇) ရက်တိုင်မမြင်ရဘဲ ကွယ်တော်မူ၏။

ပြည်ရွာဥပဒ်ကျရောက်မည်ဖြစ်သော် ဆိုင်ရာအရပ်ဘက်မှ ကျောက်ဖျာမြေအုတ်ကွဲပြုတ်၏။ ပြည်ရွာဥပဒ်ငြိမ်းလျှင် ပြန်စေ့၏။ ပြည်ရွာ၏ ထူးပြားမှု ဖြစ်ရန်ရှိလျှင် ဖိနပ်တော်တွင် ကြွက်ကျစ်၍ တံတိုင်းတွင်းဝယ်ပွေးကျစ်၏။ စေတီတော်မှ နံ့သာရည်ကဲ့သို့ ယိုထွက်၍ မဂ်လာရေကန်မှ ရေများနောက်ကျိ၏။ ထူးထွေမှုများပြီးဆုံးလျှင် ကြည်လင်ပြန်သည်။

ရွှေယင်မျှော်စေတီတော်မြတ် တပေါင်းပွဲတော်ကို အနော်ရထာမင်းလက်ထက်တော်မှစ၍ ယနေ့တိုင် မင်းနှင့် ပြည်သူတို့ပူးပေါင်းလျက် တပေါင်းလဆန်း ၈ ရက်နေ့မှ တပေါင်းလပြည့်ကျော် ၁ ရက်နေ့တိုင် ကျင်းပမြဲဖြစ်သည်။ ၁၂၉၈ ခုနှစ်တွင် ကျင်းပသောပွဲတော်တွင်း၌ ဆန်းပြားသော ဝက်ကြီးတစ်ကောင် ပေါ်ပေါက်ခဲ့ဖူးလေသည်။ ပရိသတ်အလွန်စည်ကားသော တပေါင်းလဆန်း ၁၄ ရက်နေ့တွင် သားသတ်သမားတို့ ဟင်းလျာပေါ်မည့် ယင်းဝက်ကြီးသည် လှည်းပေါ်မှချစဉ် တုပ်ကြိုးပြေလျက်လွတ်ပြေးသွားသည်။ တောစပ်တစ်နေရာမှ ရွှေယင်မျှော်စေတီတော်ဆီသို့ တစ်ဟုန်ထိုးပြေး၍ ပျားပန်းခပ်မျှသောလူတို့ကို တိုးဝှေ့လျက် အနောက်မုခ်ပေါက်မှ မဟာရံတံတိုင်းအတွင်းသို့ ဝင်ပြေးသွားသည်။

ထိုဝက်ကြီးသည် အနော်ရထာမင်းစော အမိဌာန်ပြုစိုက်တော်မူခဲ့သော ဝါးရုံပင်ရင်းသို့ရောက်ရှိပြီးနောက် စေတီတော်ခြေတော်ရင်းအတိုင်း မြောက်ဘက်သို့ တရွေ့ရွေ့သွား၏။ ရာဟုထောင့်ရှိ နောင်တော်ကြီးဘုရားအနီးရောက်လျှင် ရွှေယင်မျှော်စေတီတော်ဘက် မျက်နှာလှည့်လျက် ရှိခိုးဟန်ဖြင့်ဝပ်နေသည်။ ဝက်ကိုဖမ်းဆီးရန် ပိုင်ရှင်များရောက်လာလျှင် ဆရာတော် ဦးသုန္ဒရမှ တန်ဖိုးငွေပေး၍ ဝက်ကြီး၏အသက်ကို ကယ်ခဲ့သည်။ ထိုနေရာ၌ မူလဝပ်နေဟန်အတိုင်း ဝက်ပုံစံတုထုလုပ်ထားသည်။

ရွှေယင်မျှော်ဘုရားပွဲတော်ကို ဂေါပကအဖွဲ့မှ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်းလျက် ဆောင်ရွက်သည်။ ဘုရားပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးတို့သည် ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေကျင်တို့ဖြင့်တစ်မျိုး၊ နွားလှည်းများဖြင့်တစ်သွယ် ကြိုးစားပမ်းစားလာရောက်ကြသည်။ လှည်းပေါင်းမိုးများလုပ်၍ တသိုက်တဝန်းလာသူတို့ကား စားနပ်ရိက္ခာပြည့်စုံစွာဖြင့် ညဥ့်အိပ်ညဥ့်နေ စိမ်ပြေနပြေနေကြလေသည်။

ပွဲတော်၌ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်ရှင်ပွဲများဖြင့် မိုးလင်းပေါက်ဖျော်ဖြေ၍ ဘောပွဲ၊ ခြင်းပွဲ၊ နွားအလှပြိုင်ပွဲ စသည် ပျော်ပွဲရွှင်ပွဲများလည်း ခင်းကျင်းပါသည်။ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ တောင်သူသုံးပစ္စည်း အရောင်းဆိုင်များ အစရှိသော ဈေးဆိုင်ကနားများ၊ ရောင်းသူဝယ်သူများနှင့် စည်ကား သိုက်မြိုက်လှပေသည်။

ရွှေယင်မျှော်စေတီတော်မြတ် တည်ရှိရာသို့ ရာသီမရွေးသွားနိုင်သော ကတ္တရာခင်းကားလမ်းဖောက်လုပ်ထားသည်။ မိတ္ထီလာ-မန္တလေး ကားလမ်းပေါ်ရှိ သပြေဝမှလည်းကောင်း၊ မိတ္ထီလာ - တောင်ကြီးကားလမ်းတွင်တည်ရှိသော သာစည်မြို့မှလည်းကောင်း (၁၅) မိနစ်ခန့်မောင်းသွားရုံဖြင့်ရောက်ရှိနိုင်ပါ၏။ ထိုလမ်းကြောင်း၌ ပုဂံခေတ် ရှင်အရဟံ သမုတ်တော်မူခဲ့သော မိတ္ထီလာနယ် သိမ်ကိုးသိမ်တွင် တစ်သိမ်အပါဝင်ဖြစ်သော ကူဖြူသိမ်နှင့် အင်းဝခေတ် အမတ်ကြီးမင်းရာဇာ တည်ခဲ့သော ရွှေစည်းခုံစေတီတော်မြတ်ကြီးကိုလည်း ဝင်ရောက် ဖူးမြော်နိုင်ပါသေးသည်။

ရွှေယင်မျှော်စေတီတော်မြတ်ကြီး ကား -

*ဓာတ်ပေါင်းစုံမျှော် ရွှေယင်မျှော်၊ မင်းပေါင်းပူဇော် ရွှေယင်မျှော်၊ လေးဆူအကျော် ရွှေယင်မျှော်၊ ဖန်ဆင်းပြဖော် ရွှေယင်မျှော်၊ တန်ခိုးရှိန်မော် ရွှေယင်မျှော်၊ သူတော်စင်ပျော် ရွှေယင်မျှော် . . . .*

ဟူ၍ သမုတ်တော်မူအပ်ပါပေသတည်း။

အာကာသ (သာစည်)

**မှီငြမ်း -**

- ၁၉၉၄ ခုနှစ်၊ ဦးသူရိယနှင့်ဦးဥတ္တမ ပြုစုသည့် (ရွှေယင်မျှော်ဘုရားသမိုင်း)
- ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးစီရင်သော (ဇိနတ္ထပကာသနီကျမ်း)
- မြန်မာ့စွယ်စုံကျမ်း (အတွဲ-၄)
- ကိုယ်တိုင် ရောက်ရှိ မှတ်သားမိမယူပါသည်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတွင် ရှေးယခင်က ဝိပဿနာတရားကို ဓုတင်ဆောင် တောရဆောက်တည်သောရဟန်းတော်များသာလျှင် အားထုတ်သင့်အားထုတ်ထိုက်သည်ဟု ယူဆခဲ့ကြသည်။ သို့သော် လယ်တီဆရာတော်ဘုရားကြီး (ခရစ်နှစ် ၁၈၄၆-၁၉၂၃) ဦးဉာဏသည် ဝိပဿနာတရားတော်၏ ကျင့်စဉ်နှင့် အားထုတ်ရှုမှတ်မှုများကို ရဟန်းတော်များသာမက ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အား လက်တွေ့ကျင့်ကြံအားထုတ်ရှုမှတ် ပြန့်ပွားစေရန် ကြိုးပမ်းရွက်ဆောင်တော်မူခဲ့သည်။

## (၁) လယ်တီနည်း

လယ်တီဆရာတော်ကြီး ဦးဉာဏသည် သမထဝိပဿနာဘာဝနာတရားများကို ကိုယ်တိုင်ကိုယ်ကျ ကျင့်ကြံအားထုတ်ခဲ့သည်။ မဟာသတိပဋ္ဌာနသုတ်တော်နှင့်အညီ သတိပဋ္ဌာန်တရားလေးပါးကိုလည်း ကိုယ်တိုင်ကိုယ်ကျ ရှုမှတ်ပွားများခဲ့သည်။ ယင်းသို့ကိုယ်တိုင်ရှုမှတ်အားထုတ်ခဲ့သည့်ကျင့်စဉ်များတွေ့ရှိချက်များကိုအခြေခံ၍ အာနာပါနဒီပနီ၊ ဝိပဿနာဒီပနီ၊ ဘာဝနာဒီပနီ၊ ဓာတ်ကမ္မဋ္ဌာန်းကျမ်း စသောဝိပဿနာရှုနည်းကျမ်းများကို ရေးသားတော်မူခဲ့သည်။ ဝိပဿနာအားထုတ်မှု၏ အကျိုးတရားအဖြစ်ရရှိတွေ့ထိခံစားချက်များကိုအခြေတည်၍ သမ္မာဒိဋ္ဌိဒီပနီ၊ ဗောဓိပက္ခိယဒီပနီ၊ မဂ္ဂင်ဒီပနီ၊ စတုသစ္စဒီပနီ စသောကျမ်းများတွင် ဝိပဿနာအကျင့်လမ်းခရီးတစ်လျှောက်၌ အတွေ့အကြုံများကို ဖော်ထုတ် ရေးသားတော်မူခဲ့သည်။

လယ်တီဆရာတော်ဘုရားကြီးသည် ဘုရားဟောပါဠိတော်နှင့်အဖွင့်အဋ္ဌကထာ ဋီကာလာ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကို အစုံအလင် အားထုတ်တော်မူပြီးနောက် ဒီပနီကျမ်းများတွင် ကမ္မဋ္ဌာန်းလေးဆယ်နှင့်သတိပဋ္ဌာန်ရှုမှတ်နည်းကို အပြည့်အစုံဖော်ထုတ်ရေးသားမှတ်တမ်းတင်ခဲ့သည်။ ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းနှင့် ဝိပဿနာအားထုတ်နည်းသည် ပိဋကတ်သုံးပါး ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအားလုံးကို အခြေခံလျက်ရှိ၏။ အာနာပါနတစ်နည်းတည်း သို့မဟုတ်(၃၂)ကောဋ္ဌာသဂ္ဂနည်းတစ်နည်းကိုသာ ပြဆိုခြင်းမဟုတ်ပေ။

## (၂) စွန်းလွန်းနည်း

လယ်တီဆရာတော်ဘုရားကြီး၏ ဝိပဿနာဒီပနီ စသောကျမ်းကို အခြေခံ၍ ဝိပဿနာတရားကို လက်တွေ့အားထုတ်ခဲ့သော မြင်းခြံမြို့အနီး စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး၏စွန်းလွန်းဝိပဿနာရှုနည်း၊ အားထုတ်နည်းသည်လည်း ထင်ရှားခဲ့သည်။ စွန်းလွန်းဆရာတော်ဘုရားကြီး၏ ဝိပဿနာ ရှုမှတ်အားထုတ်မှုသည် အထူးသဖြင့် အာနာပါန(ဝင်သက်၊ထွက်သက်)ရှုမှတ်ခြင်းကို ရှေးဦး ပ ထ မ ပြင်းပြင်းထန်ထန် ရှုသွင်း ရှုထုတ်နည်းကို ကျင့်သုံးသည်။ ယင်း သို့ ပြင်းထန်စွာရှုရှိုက်မှု ကို နာရီဝက်၊ တစ်နာရီ ပြုလုပ်ပြီးနောက် ဖြစ်ခြင်း၊ ပျက်ခြင်း အနိစ္စလက္ခဏာ၊ ခံစား၍ကောင်းသော သုခဝေဒနာ၊ အခံရခက်သော ဒုက္ခ ဝေဒနာများကို မျက်ခြည်မပြတ် ဖြစ်ပျက်သဘောရှုမှတ်သည်။ ဝေဒနာကို ဆုံးအောင်ရှုမှတ်သည်။ ယင်းသို့ အာနာပါနဝင်သက်၊ ထွက်သက်ကို ပြင်းထန်စွာရှုရှိုက်မှတ်နည်းဖြင့် သမ္မပ္ပဓာန်ဝီရိယကို ထူထောင်စေသည်။ ဝီရိယအားကောင်းလာလျှင် နီဝရဏတရားများကင်းကွာ၍ ဧကဂ္ဂတာသမာဓိနှင့် ဉာဏ်ပညာကြည်လင်ထက်မြက်လာစေသည်။ စွန်းလွန်းဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုမှတ်နည်းသည် သမာဓိအခြေခံသော ဉာဏ်ပညာဖြင့် ရုပ်၊နာမ်တို့၏ ဖြစ်ပျက်မှု၊ ဝေဒနာတို့၏ဖြစ်ပျက်မှုကို ဆင်ခြင်သောနည်း ဖြစ်သည်။

## (၃) သဲအင်းဂူနည်း

မှော်ဘီမြို့အနီးရှိ သဲအင်းဂူကျောင်းဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းအားထုတ်နည်းနှင့် ဝိပဿနာနည်းကို သဲအင်းဂူနည်းဟု ခေါ်ဆိုသတ်မှတ်ခဲ့ကြသည်။ သဲအင်းဂူနည်းသည် စွန်းလွန်းနည်းကို ဆက်လက် အမွေခံသည်။ သို့ရာတွင် ကျင့်စဉ်အဖြစ် အသက်ရှုရှိုက်မှု ကို စွန်းလွန်းနည်းကဲ့သို့ ပြင်းပြင်းထန်ထန်မရှုရှိုက်

# လှမြင့် (ရန်ကုန်တက္ကသိုလ်)

# မြန်မာနိုင်ငံ၏ အထင်ကရ ဝိပဿနာအားထုတ်မှု တရားစခန်းများ





www.burmeseclassic.com

www.burmeseclassic.com

စေဘဲ သင့်တော်ရုံမျှသာ ရှုရှိုက်၍ ဝင်လေ၊ ထွက်လေကို ရှုမှတ်ရသည်။ နာရီဝက်၊ တစ်နာရီခန့်ကြာလျှင် တည်ကြည်သော သမာဓိ ဖြစ်ပေါ်လာပြီး ခန္ဓာကိုယ်၌ ဝေဒနာများဖြစ်ပေါ်လာသည်ကို တွေ့မြင် ခံစားရသည်။ ထိုအခါ အာနာပါန အာရုံမှ ဝေဒနာသို့ ပြောင်းလဲအာရုံပြု၍ ဝေဒနာကိုရှုမှတ်ရသည်။ ဝေဒနာနောက်သို့လိုက်၍ ဝေဒနာကိုဆုံးသည်အထိ ရှုမှတ်သောကျင့်စဉ် ဖြစ်သည်။

## (၄) မူလမင်းကွန်းဇေတဝန်နည်း

သထုံမြို့အနီး မင်းကွန်းဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော ဆရာတော်ဘုရားကြီးသည် မဟာသတိပဋ္ဌာနသုတ်တော်လာ ဣရိယာပုတ်လေးပါး၊ သတိပဋ္ဌာန်ရှုမှတ်နည်းကို အထူးပြု၍ ရှုမှတ်ကျင့်သုံးသည်။ စကြံသွားရာတွင် 'ဘယ်လှမ်းသည်၊ ညာလှမ်းသည်' ဟူ၍လည်းကောင်း၊ တစ်လှမ်းချင်းကို 'ကြွ၊ လှမ်း၊ ချ' ဟူ၍ သုံးချက်ခွဲခြား၍ လည်းကောင်း၊ ရှုမှတ်ခြင်းအသေးစိတ်၍ 'ကြွ၊ ဆွဲ၊ လှမ်း၊ လွှတ်၊ ချ၊ နင်း' ဟူ၍ ခြောက်ပိုင်းခွဲခြားရှုမှတ်ခြင်း၊ ကိုယ်နှုတ်နှစ်ပါး လှုပ်ရှားမှုများကိုရှုမှတ်ခြင်း ဟူ၍ လည်းကောင်း၊ ဣရိယပထပဗ္ဗကို အထူးဝိသေသပြု၍ ရှုမှတ်ကျင့်ကြံအားထုတ်သောနည်းဖြစ်သည်။ ဤသို့ ကျင့်ကြံအားထုတ်သော ဝိပဿနာရှုနည်းကို မူလမင်းကွန်းဇေတဝန်နည်းဟူ၍ခေါ်ဆိုသတ်မှတ်ခဲ့ကြသည်။

## (၅) မဟာစည်နည်း

ယင်းမူလမင်းကွန်းဇေတဝန်နည်းဖြစ်သော သတိပဋ္ဌာန်ရှုမှတ်နည်းကို မဟာစည်ဆရာတော်ဘုရားကြီးသည် ဆက်လက် အမွေခံ ကျင့်ကြံ အားထုတ်တော်မူခဲ့သည်။ ကိုယ်ကာယလှုပ်ရှားမှု (ဣရိယပထပဗ္ဗ) ရှုမှတ်နည်းကို အာနာပါန (ဝင်လေ၊ ထွက်လေရှုမှတ်နည်း) ဖြင့် ပူးတွဲ၍ အာရုံပေါ်ရာ၊ ထင်ရှားရာကို ရှုမှတ်စေခဲ့သည်။ မဟာစည်ဆရာတော်ဘုရားကြီးသည် အာနာပါန(ဝင်လေထွက်လေ) ကို နှာခေါင်းဝ၌ ရှုမှတ်ခြင်းထက် ဝင်သက်ထွက်သက်ကြောင့်ဖြစ်ပေါ်လာသော ဝမ်းဗိုက်ဖောင်းပိန်မှုကို ရှုမှတ်စေခဲ့သည်။ ဖောင်းမှု၊ ပိန်မှုကို ပင်တိုင်အာရုံအဖြစ်ရှုမှတ်၍ အကြားအကြား၌ဖြစ်ပေါ်လာတတ်သောဝေဒနာများကို ရှုမှတ်သည်။ စိတ်မငြိမ်မသက်ဖြစ်နေလျှင် စိတ္တာနုပဿနာနည်းဖြင့် စိတ်ကိုရှုမှတ်သည်။ ယင်းသို့ ရှုမှတ်၍ သမာဓိအားကောင်းလာသည့်အခါ ရုပ်နာမ်တို့၏ဖြစ်ပျက်နေမှု၊ ဥဒယဗ္ဗယကို ရှုမှတ်၍ ဝိပဿနာကျင့်စဉ်ဆယ်ပါးအတိုင်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့တက်လှမ်းရန်ဖြစ်သည်။

မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျင့်စဉ်ဆယ်ပါးမှာ -

၁။ ဝိပဿနာဉာဏ်ဆိုတာ ဘယ်ဟာရှု၍ဖြစ်သနည်း။
၂။ စွဲလမ်းနိုင်ရာ ငါးခန္ဓာ မှန်စွာရှု၍ဖြစ်သတည်း။
၃။ ဘယ်အကျိုးငှာ ထိုခန္ဓာ ဘယ်ခါရှုရပါသနည်း။
၄။ မစွဲဖို့ရာဖြစ်ဆဲမှာ မှန်စွာရှုရပါသတည်း။
၅။ ဖြစ်ခိုက်မရှု ရုပ်နာမ်စု စွဲမှုဝင်ရောက်သည်။
၆။ မြဲတယ်၊ ကောင်းတယ်၊ ငါကောင်နှယ် တကယ်ထင်တတ်သည်။
၇။ ဖြစ်တိုင်းမှတ်ရှု ရုပ်နာမ်စု စွဲမှုကင်းပျောက်သည်။
၈။ မမြဲဆင်းရဲ သဘောပဲ ဉာဏ်ထဲရှင်းတော့သည်။
၉။ စွဲမှုကင်းပျောက် မဂ်လမ်းပေါက် ဆိုက်ရောက် နိဗ္ဗာန်ပြည်။
၁၀။ ဝိပဿနာရှုနည်း ဟူသောစည်းသိမ်းဆည်းထားရမည်

ဟူ၍ဖြစ်သည်။

## (၆) တောင်ပုလုနည်း

မိတ္ထီလာမြို့အနီး တောင်ပုလုတောရကျောင်း၌ သီတင်းသုံးနေတော်မူသော တောင်ပုလုဆရာတော်ဘုရားကြီးသည် မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်ဝိပဿနာရှုနည်းကို ဆက်လက် အမွေခံခဲ့သည်။ တောင်ပုလုနည်းသည် ကိုယ်ကာယလှုပ်ရှားတိုင်းလှုပ်ရှားတိုင်း ရုပ်နှင့်နာမ်ကို ခွဲခြားရှုမှတ်ရသည်။ လျောင်း၊ ထိုင်၊ ရပ်သွားပြုရာတွင် သွားတာကရုပ်၊ သွားချင်တာက နာမ်၊ ရပ်တာကရုပ်၊ ရပ်ချင်တာကနာမ်၊ ထိုင်တာကရုပ်၊ ထိုင်ချင်တာကနာမ်၊ မှလျောင်းတာကရုပ်၊ လျောင်းချင်တာကနာမ် စသည်ဖြင့် ဖြစ်တိုင်းဖြစ်တိုင်း၊ ပေါ်တိုင်းပေါ်တိုင်းကို ရုပ်၊ နာမ်နှစ်ပါးခွဲခြားရှုမှတ်သည်။ ထို့အပြင် ဒွါရခြောက်ပါးမှ မြင်မှု၊ ကြားမှုစသည်တို့ဖြစ်ပေါ်လာသောအခါ မြင်လျှင်မြင်ကာမတ္တ၊ ကြားလျှင်ကြားကာမတ္တ၊ နံလျှင်နံကာမတ္တ၊ စားလျှင်စားကာမတ္တ၊ ထိလျှင်ထိကာမတ္တ၊ သိလျှင်သိကာမတ္တသာဖြစ်ပြီး ထိုသို့ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိတို့၏နောက်၌ သာယာစွဲလမ်းတပ်မက်မှုများမဖြစ်အောင် သတိဖြင့်စောင့်ထိန်းရှုမှတ်သည့်ကျင့်စဉ် ဖြစ်သည်။

## (၇) ဆရာသက်ကြီးနည်း

ရန်ကုန်တစ်ဖက်ကမ်း ဒလ ပျော်ဘွယ်ကြီးရွာနေ ကမ္မဋ္ဌာန်းဆရာကြီး ဆရာသက်သည် ကမ္မဋ္ဌာန်းဘာဝနာပွားများခဲ့ရာ အနာဂါမ်အဖြစ် ထင်ရှားကျော်ကြားခဲ့သည်။ ဆရာသက်ကြီးအားထုတ်ပွားများသောကမ္မဋ္ဌာန်းသည် အာနာပါနကမ္မဋ္ဌာန်းဖြစ်သည်။ ဆရာသက်ကြီးသည် လယ်တီဆရာတော်ဘုရားကြီးထံ၌ စနစ်တကျနည်းခံလေ့လာပြီး ကျင့်ကြံအားထုတ်ခဲ့ခြင်း ဖြစ်သည်။ အာနာပါန (ဝင်လေ၊ ထွက်လေ) ကို ရှုမှတ်ရာတွင် သာမန်ရှုရှိုက်သည့်အတိုင်း ရှုရှိုက်၍ စိတ်ကို ဝင်လေ၊ ထွက်လေ တိုး၍တိုး၍ ထိ၍ထိ၍သွားနေသောနှာသီးဖျားနေရာ၌ထားရမည်။ စိတ်ကို ဘာကိုမှမကြံမတွေး၊ မရွတ်ဆိုရ။ ဝင်လေနှင့်ထွက်လေ ဝင်တိုင်းထွက်တိုင်း အစဉ်အတိုင်းသိ၍ သိ၍နေအောင် သတိထားကျင့်ကြံအားထုတ်မှုဖြစ်သည်။

ကျင့်စဉ်၏ဆောင်ပုဒ်မှာ -

- *ဝင်လေ - ထွက်လေထိသောနေရာ၊ နှာသီးဖျားမှာပင် စိတ်ကိုထား၊ ဝင်လေဝင်တိုင်းဝင်တိုင်း ထိတာကိုသိ၊ ထွက်လေထွက်တိုင်းထွက်တိုင်း ထိတာကိုသိ၍သိ၍သာနေ -*

ဟူ၍ဖြစ်သည်။

ဆရာကြီးဦးဘခင် (ဟံသာဝတီ)၊ ဆရာကြီး ဦးဂိုအင်ကာတို့သည်လည်း ဆရာသက်ကြီး၏နည်းအတိုင်း အမွေခံ၍ ကျင့်ကြံအားထုတ်ကြခြင်း ဖြစ်သည်။

## (၈) ဝေဘူနည်း

ကျောက်ဆည်မြို့ ဝေဘူတောင်တွင် သီတင်းသုံးနေတော်မူသော ဝေဘူဆရာတော်ဘုရားကြီး၏ အားထုတ်ကျင့်ကြံသောနည်းသည် အာနာပါနကမ္မဋ္ဌာန်းပင် ဖြစ်သည်။ နှာသီးဖျားနှာဝတွင် ဝင်လေ၊ ထွက်လေတိုးဝေ့ထိခိုက်ခြင်းကိုပင် သတိဖြင့်စောင့်ကြည့်၍ရှုမှတ်ခြင်းဖြစ်သည်။ ယင်းသို့ ရှုမှတ်၍သမာဓိအားကောင်းလာသောအခါတွင် ဝင်လေ၊ ထွက်လေများ နှာသီးဖျား၌ပေါ်လာလိုက်၊ ပျောက်သွားလိုက်ဖြင့် ဖြစ်ပျက်နေပုံကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာယာဉ်တင်၍ မဂ်ဖိုလ်ဆိုက်အောင် ဝိပဿနာရှုအားထုတ်နည်း ဖြစ်သည်။

## (၉) မိုးကုတ်နည်း

မိုးကုတ်ဆရာတော်ဘုရားကြီး၏

www.burmeseclassic.com

www.burmeseclassic.com

ဝိပဿနာရှုနည်းနှင့်ကမ္မဋ္ဌာန်းအားထုတ်နည်းသည် ရှေးဦးစွာ သမာဓိရအောင် အာနာပါနကိုအားထုတ်ရသည်။ ဝင်လေ၊ ထွက်လေကို ရှုရှိုက်ရာတွင် ဝအောင်ရှုရှိုက်ရသည်။ လျော့၍လည်းမရှုရှိုက်ရ၊ အလွန်ပြင်းထန်စွာလည်း မရှုရှိုက်ရပေ။ ပုံမှန်အတိုင်း ရှုရှိုက်ရသည်။ စိတ်ကို နှာသီးဖျား အထက်နှုတ်ခမ်း၊ ရင်ညွန့် သုံးနေရာအနက် ကြိုက်သည့်နေရာတွင် ထားရမည်။ ထားသည့်နေရာတွင် သတိမလစ်စေဘဲ ကပ်၍ရှုမှတ်ရသည်။ ဝင်လေ၊ ထွက်လေထိခိုက်နေသည်ကို သိအောင်ပြုရသည်။ ဝင်လေ၊ ထွက်လေကို သိနေခြင်းမှတစ်ပါး အခြားဘယ်ကိုမျှ စိတ်အာရုံရောက်မသွားစေရ။

အာနာပါနကမ္မဋ္ဌာန်းကို သမာဓိရရုံမျှသာ အားထုတ်ပြီး သမာဓိရလာလျှင် ဝိပဿနာသို့ကူးရမည်။ ဈာန်လမ်းသို့မလိုက်ရ၊ ဉာဏ်လမ်းသို့လိုက်ရမည်ဟု ဆုံးမတော်မူသည်။ အာနာပါနအားထုတ်၍ သမာဓိရလာသောအခါ ဤကား ရုပ်၊ ဤကား နာမ်၊ ဤကား ဝေဒနာ၊ ဤကား သညာ စသည်ဖြင့် သိအောင်ပိုင်းခြား၍ရှုမှတ်ရမည်။ ရုပ်၊ နာမ်ကို ပိုင်းခြား၍ သိမြင်လာသောအခါ ပဋိစ္စသမုပ္ပာဒ်နည်းဖြင့် အကြောင်းအကျိုးခွဲပြီး ဒိဋ္ဌိကိုခွာထုတ်ရမည်။ ထို့ကြောင့် မိုးကုတ်နည်းဖြင့် ကမ္မဋ္ဌာန်းတရားအားထုတ်မည့်ယောဂီသည် ကမ္မဋ္ဌာန်းတရားအားမထုတ်မီ စာအဆို ပဋိစ္စသမုပ္ပါဒ်ကို သည်လည်ပတ်ပတ် ကျေကျေညက်ညက်သိနားလည်အောင် ကြိုတင်ကြိုးစားရမည်။ စာအသိကို ခန္ဓာ၌သွင်း၍ ရှုမှတ်ဆင်ခြင်ရမည် ဖြစ်သည်။

## (၁၀) ကသစ်ဝိုင်နည်း

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အများရွာလယ်စုဇာတိဖြစ်သော ကသစ်ဝိုင်ဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းနည်း၊ ဝိပဿနာနည်းသည် ပူမှု၊ အေးမှု၊ လှုပ်ရှားမှု၊ ဆင်းရဲမှု၊ ချမ်းသာမှု ဟူသော (၅)မျိုးတို့၏ဖြစ်ပေါ်ရာ၌ ရှုမှတ်ဆင်ခြင်သောနည်းဖြစ်သည်။ ယင်း(၅)မျိုးအနက် တစ်မျိုးမျိုးသည် ခန္ဓာကိုယ်၏နေရာ၌ပေါ်သည်ဖြစ်စေ၊ ပေါ်မှုနှင့်သိမှုတစ်ထပ်တည်းကျအောင်ရှုမှတ်ရမည် ဖြစ်သည်။

အပူအအေးဖြစ်ပေါ်မှု၊ ယင်းအပူအအေးလှုပ်ရှားမှု၊ ယင်းလှုပ်ရှားမှုကြောင့်ဖြစ်ပေါ်လာသော ဆင်းရဲချမ်းသာမှု ထိုသုံးချက်သည် တစ်ပြိုင်နက်ပေါ်လာတော်သော်လည်း အပူထင်ရှားလျှင် အပူဖြစ်မှုကို၎င်း အအေးထင်ရှားလျှင် အအေးဖြစ်မှုကို၎င်း လှုပ်ရှားမှုထင်ရှားလျှင် လှုပ်ရှားဖြစ်ပျက်ကို၎င်း ဆင်းရဲမှုထင်ရှားလျှင် ဆင်းရဲဖြစ်ပျက်မှုကို၎င်း ချမ်းသာမှုထင်ရှားလျှင် ချမ်းသာဖြစ်ပျက်မှုကို၎င်း မထင်ရှားသည်ကို ထင်ရှားအောင်လိုက်လုပ်၍လိုက်ရှုစရာမလို၊ ပစ္စုပ္ပန်ပေါ်တုန်းပေါ်ခိုက် ဖြစ်ပျက်ကိုသာရှုမှတ်နည်း ဖြစ်သည်။ ခန္ဓာကိုယ်တွင်ပေါ်လာသမျှကို ပေါ်လာသည်နှင့်တစ်ပြိုင်နက်သိနေရလည်း ပေါ်တယ်၊ သိတယ်၊ ပျက်တယ်။ ထိုပေါ်မှု၊ သိမှု၊ ပျက်မှုသည် လျင်မြန်လာသောအခါ ပေါ်သိပျက်၊ ပျက်၊ ပျက်၊ ပျက်ဟူ၍ ပျက်မှုကိုသာရှုသည်။ ဤကဲ့သို့ ပေါ်ရာပေါ်ရာကို ရှုမှတ်ရာမှ ဥဒယဗ္ဗယ စသော ဝိပဿနာဉာဏ်စဉ်များရင့်သန်လာ၍ မဂ်ဖိုလ်သို့ဆိုက်နိုင်သည်ဟူသော ကျင့်စဉ် ဖြစ်သည်။

## (၁၁) မိုးညှင်းနည်း

မိုးညှင်းဆရာတော်ဘုရားကြီးသည် ငယ်ရွယ်စဉ်ကပင် ခင်မွန်ဆရာတော်၊ ရေစကြိုဂူဖြူဆရာတော်၊ လယ်တီဆရာတော်များထံတွင် နည်းနာနိဿယများ ခံယူ၍ ဝိပဿနာကို ကျင့်ကြံအားထုတ်ခဲ့သည်။ နောင်တွင် မုံရွာမြို့အနီး သမ္ဗုဒ္ဓေမိုးညှင်းသို့ကြွရောက်၍ (၁၀) နှစ်တာပတ်လုံး စကားမပြောဘဲ၊ တရားမဟောဘဲ တရားအားထုတ်တော်မူသည်။ သမ္ဗုဒ္ဓေမိုးညှင်းကိုအစွဲပြု၍ မိုးညှင်းဆရာတော်ဘုရားကြီးဟူ၍ ထင်ရှားသည်။

မိုးညှင်းဆရာတော်ဘုရားကြီးသည် မေတ္တာကမ္မဋ္ဌာန်းဘာဝနာဖြင့် အမြဲနေလေ့ရှိပြီး ရုပ်နာမ်ခန္ဓာ၌ ပထဝီဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်၊ တေဇောဓာတ်၊ အာကာသဓာတ် စသည်ဖြင့် ဓာတ်အားဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ရှုမှတ်ဆင်ခြင်သည်။ ဓာတ်ကမ္မဋ္ဌာန်းအားထုတ်မှုဖြစ်သည်။ ဤကဲ့သို့ ရုပ်နာမ်ခန္ဓာ၌ ဓာတ်သဘာဝတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ရှုမှတ်သောအခါ 'ငါ သူ တစ်ပါး ယောက်ျား မိန်းမ ငါ့ဥစ္စာ' ဟူသော သက္ကာယဒိဋ္ဌိအစွဲအလမ်းများမရှိတော့ဘဲ ဓာတ်သဘာဝတို့၏ ဖြစ်ပျက်မှုများကိုသာသိမြင်လျက် ဓာတ်သဘာဝတို့၏ဖြစ်ပျက်မှု၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးတင်၍ ရှုမှတ်သည့်အခါ ဝိပဿနာဉာဏ်အဆင့်ဆင့်ရင့်သန်၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်သော ရှုမှတ်နည်းကျင့်စဉ် ဖြစ်သည်။

မြတ်ဗုဒ္ဓ၏ပဋိပတ္တိသာသနာတော်၌ ဘာဝနာဓလေ့ဖြင့် ပျော်မွေ့နေကြသော ရဟန်းယောဂီ၊ လူယောဂီပုဂ္ဂိုလ်တို့သည် မိမိတို့၏ဆရာအစဉ်အဆက်ကျင့်ကြံ ပွားများ အားထုတ်ခဲ့ကြသော အာစရိယဝါဒများအတိုင်း လိုက်နာကျင့်ကြံကြသည်လည်းရှိ၏။ ထိုအာစရိယဝါဒများကို မူရင်းထား၍ မိမိလက်ထက်တွင် အနည်းငယ်ပုံစံပြောင်း၍အားထုတ်ကြသည်လည်းရှိ၏။ မည်သို့ပင်ဖြစ်စေ အညာတစ်ခုတည်းမှ အသီးပေါင်းမြောက်မြားစွာသီးသကဲ့သို့လည်းကောင်း၊ မြစ်ချောင်းအင်းအိုင်တို့မှ ရေတို့သည် ပင်လယ်သမုဒ္ဒရာအတွင်းသို့ စီးဆင်းဝင်ရောက်သကဲ့သို့ လည်းကောင်း၊ အားလုံးသော ကမ္မဋ္ဌာန်းနည်းဆရာများ၊ တရားအားထုတ်သူယောဂီပုဂ္ဂိုလ်များ ကျင့်ကြံအားထုတ်နေကြသော သမထဘာဝနာ၊ ဝိပဿနာဘာဝနာနည်းလမ်းများသည် ဗုဒ္ဓဘုရားရှင်ဟောကြားလမ်းညွှန်နည်းပေးတော်မူခဲ့သော ကျင့်စဉ်နည်းလမ်းများသာ ဖြစ်သည်။ ဘုရားရှင်၏နည်းလမ်းကျင့်စဉ်ကို မူရင်းထား၍ ယောဂီ၏ပါရမီဓာတ်ခံ၊ ဉာဏ်ပညာအားလျော်စွာ မိမိနှင့်သင့်လျော်ရာ ကမ္မဋ္ဌာန်းများကို ကျယ်ကျယ်ကျဉ်းကျဉ်းညှင်းညှင်းမြန်မြန် သန်သန်ပျော့ပျော့အားထုတ်ကြခြင်းဖြစ်သည်။

ဗုဒ္ဓဘုရားရှင် နည်းပေးလမ်းညွှန်တော်မူခဲ့သောကျင့်စဉ်များကို 'ငါ့ဆရာနည်း၊ ငါ့နည်း၊ ငါ့ကျင့်စဉ်' စသည်ဖြင့် အတ္တအစွဲအလမ်းကြီးမားပြင်းထန်နေလျှင် ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ အစိုးမရခြင်း အနတ္တဟု ယောဂီတို့ကိုယ်တိုင် ဆင်ခြင်သုံးသပ်ရှုမှတ်နေခြင်းနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေမည်ဖြစ်ပေသည်။

ထို့ကြောင့် မည်သည့်ကမ္မဋ္ဌာန်းဆရာ၊ မည်သည့်ဝိပဿနာယောဂီပုဂ္ဂိုလ်မဆို သမထဝိပဿနာကျင့်စဉ်နည်းလမ်းများကို ဆရာစဉ်ဆက် ဆရာတော်ကြီးများ၊ ဆရာကြီးများက ဘုရားရှင်၏တရားတော်မှရရှိလာခဲ့ကြသည်။ ဘုရားရှင် ဟောကြားနည်းလမ်းညွှန်ပြခဲ့သော ကျင့်စဉ်ကို ဦးခိုက်ပူဇော်လျက် ဆရာစွဲ၊ ပုဂ္ဂိုလ်စွဲအားမကြီးဘဲ လိုရာပေါက်မြောက် မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်အောင် သဒ္ဓါ၊ ပညာ၊ သမာဓိရှိ စောင်းနှယ်ညှိ၍ ကျင့်ကြံကြိုးကုတ်အားထုတ်ကြရမည်သာဖြစ်ပေသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**

ဗုဒ္ဓဘာသာလက်စွဲကျမ်း (ဒုတိယတွဲ) (သာသနာရေးဦးစီးဌာန) (၁၉၉၃ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com



(စေတ္တ-မြိုင်ခြိုလွင်)

# အညာဝါလှိုင်း

## နီးလျက်နှင့် မဝေးဝေးချင်

**□ မဟာစည်ရိပ်သာကျောင်းသို့ အလည်တစ်ခေါက်**

မဟာစည်ရိပ်သာကျောင်းများ မြန်မာပြည်အနှံ့မှာရှိပါသည်။ ရန်ကုန် သမိုင်း (၁) ရပ်ကွက်မှ ဦးလေးညွန့်ဦးစီး၍ဖွင့်လှစ်သောရိပ်သာမှာ အင်းတကော်အနီး လသာကုန်းရွာတွင်ရှိပြီး တစ်နှစ်လျှင် (၂) ကြိမ် တစ်လစခန်းပွဲဖွင့်လှစ်ပါသည်။ တန်ခူးလနှင့် သီတင်းကျွတ်လတို့တွင် တရားစခန်းပွဲဖွင့်၍ တရားအားထုတ်ကြပါသည်။ နယ်လှည့်ဓမ္မကထိက၊ မဟာစည်ရိပ်သာ၏ ကမ္မဋ္ဌာနာစရိယ ဆရာတော်များကိုပင့်ဖိတ်၍ ဖွင့်လှစ်ခြင်းဖြစ်၏။ လူပုဂ္ဂိုလ်အနေဖြင့် ဦးလေးညွန့်မှ အနီးကပ် တရားပေးပါသည်။

ကျွန်တော့်အစ်မအကြီးဆုံးသည် တန်ခူးလ တစ်လစခန်းတွင် တရားဝင်နေကြောင်းသိရသည်။ ကျွန်တော်တို့ မိသားစုလည်း အစ်မကြီး တရားစခန်းဝင်ရာ အင်းတကော်သို့ လိုက်သွားပါသည်။ တစ်နေ့တာဆွမ်းအလှူကိုပေးလှူရန် ဖြစ်၏။ အင်းတကော်ရောက်ပြီး အရှေ့ဘက်သို့ချိုး၍ ကတ္တရာလမ်းအတိုင်းဝင်ရသည်။ (၁) မိုင်ခန့်ဝင်ပြီး လသာကုန်းရွာသို့ရောက်၏။ ရွာအဝင်ဘက်တောကျောင်းတွင် လူသူမနီးသောနေရာ ဖြစ်၏။ တိတ်ဆိတ်ငြိမ်သက်၏။ ဝေယျာဝစ္စကုသိုလ်ပြုသူများမှလွဲ၍ လူပိုများမရှိပါ။ တရားထိုင်သူ၊ စကြံလျှောက်သူများ၊ ဝေယျာဝစ္စလုပ်သူများ တာဝန်ကိုယ်စီဆောင်ရွက်နေကြ၏။ တရားထိုင်သူတွေက ရုပ်နာမ်ဓမ္မသဘောရသဘောကိုရောက်အောင် ရှုမှတ်ပွားများနေကြ၏။ လုံးဝမလှုပ်ပါ။ အတော်ကြာတရားထိုင်ပြီး ခန္ဓာကိစ္စ ခန္ဓာဝန်က ရောဂါပြသဖြင့် ဒုက္ခဝေဒနာကို ခံစားရ၏။ ဖွတ်ဖျစ်ညှစ်ပြီး လုပ်ယူ၍မရပါ။ ဒုက္ခကို ဒုက္ခမှန်းသိပေးပြီး ခန္ဓာအလိုကျထရ၏။ ထ၍မပြီး လမ်းလျှောက်ရ၏။ သာမန်လူတွေလို အမှတ်မဲ့အမှုမဲ့လျှောက်ရခြင်းမဟုတ်ပါ။ သတိကိုဗိုလ်တပ်ပြီး အကြီးအမှူးလုပ်ပြီး ကြွတယ်၊ သိတယ်၊ လှမ်းတယ်၊ သိတယ်၊ ချတယ်၊ သိတယ်ဟု အမှတ်ဖြင့်လျှောက်ရ၏။ ခြေတစ်လှမ်း ကုဋေတစ်သန်းတန်သလို ကြွနှေးရရ ငြိမ်ငြိမ်သက်သက်လျှောက်နေကြသည်မှာ စက်ရုပ်များရွေ့နေသလိုဖြစ်နေ၏။

ကျွန်တော်တို့လင်မယားရောက်သွားတော့ ဝေယျာဝစ္စအဖွဲ့တွေ လာကြို၏။ ဆိတ်ငြိမ်သောရပ်ကွက်သို့ရောက်နေကြောင်း အတတ်နိုင်ဆုံးအသံမထွက်ရန် သတိပေးပါသည်။

"မမကြီး၊ ဘယ်မှာလဲ"

"ရိပ်သာဓမ္မာရုံမှာ တရားထိုင်နေတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့တစ်ရက်စာဒါနပြုဖို့ လာခဲ့တာပါ"

"ဟုတ်ကဲ့ - ခဏစောင့်ပါဦး"

"ဟုတ်ကဲ့ - ကျွန်တော်တို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



တန်းရောက်ခိုက် ခဏလျှောက်ကြည့်လို့ရမလား"

"ရပါတယ်၊ ဖြည်းဖြည်းလျှောက်ကြည့်ပေါ့"

"ဟုတ်ကဲ့"

ကျွန်တော်တို့နှစ်ယောက် တရားထိုင်သောဓမ္မာရုံသို့ လျှောက်သွား၏။ ဓကြီးတရားထိုင်နေတာကိုချောင်းကြည့်ပြီးသာခုခေါ် ၍ပြန်လာ၏။ ပတ်ဝန်းကျင်တွင် သစ်ပင်၊ ဝါးပင်များရှိ၏။ အပူဒဏ်ကို တာကွယ်ပေးနေ၏။ကျောင်းဝိုင်းကိုပတ်ကြည့်ပြီး ဓမ္မာရုံသို့ ပြန်လာစဉ် -

"သားရေ၊ ခဏရပ်နေလိုက်"

အသံခပ်အုပ်အုပ် ထွက်ပေါ်လာသဖြင့် လှမ်းနေသောခြေလှမ်းများ တွန့်သွားသည်။ ခဏရပ်နေပြီး အသံလာရာသို့ကြည့်လိုက်သောအခါ အဒေါ်မတင်ရီဖြစ်နေသည်။

"အဒေါ် ဘာလို့လဲ"

"မင်းနောက်မှာ ခွေးမကလိုက်လာတယ်။ ဒီခွေးကသားပေါက်နေတာ၊ ကိုက်တတ်တယ်"

"ဗျာ"

ကျွန်တော်နောက်ကိုလှမ်းကြည့်လိုက်သောအခါ ရန်မူတတ်သောခွေးမ၊ သားသမီးဖောကပ်နေသောခွေးမ ကျွန်ုပ်၏ ရပ်တန့်မှုကြောင့် မကိုက်တော့ဘဲ နောက်ပြန်လှည့်သွားသည်။ သူ့ကလေးတွေထံသွားပြီး ဣန္ဒြေရစွာနို့တိုက်နေလေပြီ။

"အဒေါ်၊ ကျွန်တော်ရပ်တော့ ခွေးကဘာလို့မကိုက်တာလဲ"

"ခွေးမက ဒီယောဂီတွေကြားမှာပဲ ကလေးမွေးတာဆိုတော့ ဒီယောဂီတွေကို ရင်းနှီးနေတာ။ ယောဂီတွေကျွေးတဲ့ ထမင်းစားပြီး ယောဂီတွေနဲ့မိတ်ဆွေဖြစ်နေတာ။ ဒါကြောင့် ယောဂီတွေကို မကိုက်ဘူး"

"ဒါဆို သားတို့ကို ဘာလို့ရန်မူတာလဲ"

"သားတို့က ယောဂီတွေမဟုတ်ဘူး။ သူစိမ်းတွေဆိုတာ ခွေးကသိတယ်"

"ဗျာ"

"ဘာလိုခွဲခြားတတ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ယောဂီတွေက ဣန္ဒြေရှိတယ်၊ သွားတာ၊ လာတာ၊ ထိုင်တာ၊ ထတာ၊ အမှတ်နဲ့လှုပ်ရှားနေကြတာ။ သားတို့က အမှတ်မဲ့လှုပ်ရှားနေကြတာ။ ဒါကို ခွေးကခွဲခြားသိတယ်"

"ဪ - ရိပ်သာကခွေးတောင် ဣန္ဒြေသိက္ခာကိုကြည့်ပြီး မိတ်ဆွေ၊ရန်သူ ခွဲခြားတတ်တယ်"

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် တွင် သီတင်းသုံးတော်မူ၏။ ပဥ္စဝဂ္ဂီငါးဦး အား တရားဦးဟော၍ ရဟန္တာမထေရ် မြတ်တွေဖြစ်သွားကြ၏။ အငယ်ဆုံး ရဟန္တာမှာ ရှင်အဿဇိကိုယ်တော်ဖြစ်ပါ သည်။ ရှင်အဿဇိသည် ရာဇဂြိုဟ်မြို့ တွင်းသို့ဆွမ်းခံကြွရာ ကိလေသာကင်း သော ရဟန္တာမြတ်ဖြစ်၍ ဣန္ဒြေသိက္ခာ အလွန်ရင့်ကျက်လေသည်။ လှမ်းနေ သောခြေလှမ်းများသည် ဆွမ်းရဖို့ လောဘမပါ။ နောက်ကျနေပြီဟူသော သောကမပါ။ ငြိမ်းအေးသော၊ အပူ အပင်ကင်းသော၊ ဣန္ဒြေရသောခြေလှမ်း များဖြင့် တစ်လှမ်းချင်းလှမ်း၍ကြွနေ၏။ မျက်နှာအသွင်သဏ္ဌာန်မှာ အလွန် ကြည်ညိုဖွယ်ဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟ၊အလောဘ၊အဒေါသ၊အမောဟ စသော ဟိတ် (၆) ပါးကင်း၍ရှင်းနေ၏။ မပြုံးမရယ်၊ မငိုမလို ဝမ်းသာခြင်း၊ ဝမ်းနည်း ခြင်းကင်းပြီး တန်ဆောင်မုန်းလပြည့်ည လမင်းကြီးပမာ ကြည်လင်ဝင်းပနေ၏။ ကျွန်ုပ်မြင်ဖူးသော မြန်မာပြည်မှ တန်ခိုးကြီးဆရာတော်များ၊ ရဟန္တာဟု ကျော်ကြားသောပုဂ္ဂိုလ်များ၏မျက်နှာမှာ များစွာ ငြိမ်းချမ်းသောမျက်နှာ ဖြစ်ပါ သည်။ ဥပမာအားဖြင့် သာမညတောင် ဆရာတော်ကြီးဘုရားကြီး၏မျက်နှာမှာ အမြဲသန့်ရှင်းဝင်းပ၍ ကိလေသာမြူမှုန် များကင်းဝေးသောမျက်နှာ၊ ထာဝရဖြူစင် သန့်ရှင်းပြီး အေးငြိမ်းသောလက္ခဏာရှိ သောမျက်နှာပင် ဖြစ်ပါသည်။

ထို့အတူ ရှင်အဿဇိ၏ မျက်နှာ မှာ ထို့ထက်ထို့ထက်ပို၍အေးငြိမ်းသော မျက်နှာမျိုးဖြစ်ပေမည်။ ရှင်အဿဇိ၏ မျက်လုံးမှာ ဘေးဝဲယာကိုမကြည့် ရှေ့တူရူ (၄) တောင်ခန့်သာကြည့်၏။ ရီဝေသော သောကမျက်လုံးမျိုးမဟုတ်ပါ။ လောဘ ပြင်းထန်၍ နီးမြန်းသော မျက်လုံးမျိုး မဟုတ်ပါ။ ကိလေသာပြင်းထန်သော ဝင်းဝင်းတောက်မျက်လုံးမျိုးမဟုတ်ပါ။ မျက်လုံး၏ဣန္ဒြေသည် လူတစ်ယောက် ၏စိတ်ကိုဖော်ပြနေသောကြေးမုံတစ်ချပ် ပင်ဖြစ်၏။ ရှင်အဿဇိ၏ မျက်လုံးမှာ ကိလေသာကင်းစင် ရဟန္တာရှင်မြတ်၏ မျက်လုံးဖြစ်၍ ငြိမ်းအေး၏။ တည်ငြိမ် ၏။ မျက်တောင်ကိုစုံခတ်ပြီး ပုတ်ခတ် ပုတ်ခတ်လှုပ်တာမျိုးမဟုတ်ပါ။

ဤသို့ ဣန္ဒြေသိက္ခာနှင့်ဆွမ်းခံကြွ လာသော ရှင်အဿဇိကို ရှင်သာရိပုတ္တရာ အလောင်းအလျာ ဥပတိဿကမြင်လေ သည်။ ဤအရှင်သည် ဥပမိရုပ်ကောင်း ၏။ ဣန္ဒြေတည်ငြိမ်၏။ ရဟန်းဝတ်နှင့် ကြွလာသည်မှာ ကြည်ညိုဖွယ်ဖြစ်၏။ ဤရဟန်းတွင် တရားထူးတရားမြတ်ရှိ မှာပဲဆိုပြီး နောက်ကလိုက်သွား၏။ ရှင်အဿဇိကိုယ်တော်က ဇရပ်တစ်ခုမှာ ဆွမ်းစား၏။ ဥပတိဿက နောက်က လိုက်ပြီး အချိန်ကိုစောင့်နေ၏။ ဇရပ် ပေါ် ဆွမ်းစားပြီးနားနေချိန်ရောက်မှ-

"အရှင်ဘုရားသိတဲ့တရားလေး နည်းနည်းလောက်သိပါစေ"

ဆိုပြီး တောင်းပန်လျှောက်ထား တာ။

ရှင်အဿဇိက -

"ငါရဟန်းဖြစ်တာမကြာသေးဘူး။ ငါသိတဲ့တရားနည်းနည်းပဲရှိသေးတယ်"

ဟု ပြန်ပြော၏။

ဥပတိဿက 'ဪ-ရဟန်းဖြစ် တာမှ မကြာသေးဘဲ သိတဲ့တရားက နည်းနည်းလေးဆိုတာ ဟုတ်မှာပါပဲ' လို့ လက်ခံတယ်။

"အရှင်ဘုရားသိထားတဲ့တရားကို ပဲ နည်းနည်းလောက်ဟောပါဘုရား"

ဟု ဆက်ပြီးလျှောက်၏။

ရှင်အဿဇိက 'ယေဓမ္မာ ဟေတု ပ္ပဘဝါ' အစချီတဲ့ ဂါထာကို ရွတ်ဖတ်၍ ဟောကြားတော်မူရာ ဂါထာမဆုံးမီ သောတာပန်ဖြစ်သွားသည်။

ပြောချင်တာက ရှင်အဿဇိရဲ့ ဣန္ဒြေသိက္ခာအကြောင်းကြောင့် သာ တရားထူးတရားမြတ်နှင့်ပြည့်စုံသူဟုသိ ပြီးဆက်ဖြစ်သွား၏။ ဣန္ဒြေသိက္ခာသည် လွန်စွာအရေးကြီးကြောင်း သိလိုက်ရပါ သည်။

**▫ ပြင်ဦးလွင်ချမ်းမြေ့ရိပ်သာသို့ ရောက်ရှိ ခြင်း**

ကျွန်ုပ်သည် တာဝန်အရ ပြင်ဦး လွင်သို့ရောက်ခဲ့၏။ ပြင်ဦးလွင် ချမ်းမြေ့ ရိပ်သာကျောင်းမွမ်းမံပြင်ရန် ဖြစ်သည်။ အလှူရှင်က ရက်ရက်ရောရောလှူတော့ မိမိတတ်ကျွမ်းသောအင်ဂျင်နီယာအလုပ် ဖြင့် ကုသိုလ်ပြုခွင့်ရခဲ့၏။ ကျောင်းမှာပဲ အိပ်၊ ကျောင်းကကျွေးတာစားရင်း အလုပ် စလုပ်၏။

"ဆရာတော်ဘုရား၊ တပည့်တော် လျှောက်တင်စရာရှိပါတယ်ဘုရား"

"ကဲပြော - ဒကာကြီး"

"ဒီကျောင်းမှာ တရားထိုင်တဲ့ ယောဂီတွေ နေ့စဉ်ဘယ်အချိန်မှာ တရားထိုင်သလဲဘုရား"

"ဒကာကြီး၊ ဒီမှာ နံနက် (၄) နာရီ ဆိုရင်ထရတယ်။ အပေါ့အလေးစွန့်၊ မျက်နှာသစ်ပြီးရင် နံနက်စောစော (၁) ချိန် တရားထိုင်ရတယ်"

"တင်ပ့ါ"

"နံနက် (၆) နာရီထိုးရင် အရုဏ် ဆွမ်းစားရတယ်"

"တင်ပ့ါ"

"နံနက် (၇) နာရီကနေ (၈) နာရီ အထိ ဘုရားရှိခိုးပြီး မေတ္တာပို့၊ သီလ ဆောက်တည်ခြင်းတွေလုပ်ကြရတယ်။ ယောဂီအသစ်တွေဆိုရင် အလုပ်ပေး တရားနာရတယ်။

(၈) နာရီကနေ (၁၁) နာရီအထိ တရားမှတ်ရတယ်။ တရားထိုင်ရတယ်။ ထိုင်လိုက်မှတ်လိုက်ထပြီးလမ်းလျှောက် မှတ်လိုက်နဲ့ မနားမနေမှတ်ရတာဘဲ။ (၁၁) နာရီထိုးရင်တော့ နံနက်ဆွမ်းစား ချိန်ပဲ။ ယောဂီတွေ အာဟာရအဖြစ် ထမင်းသုံးဆောင်ကြရတယ်"

"တင်ပါ့ဘုရား"

"နေ့လယ်(၁)နာရီကနေ (၃)နာရီ အထိ တရားအားထုတ်ရတယ်။ (၃)နာရီ မှ (၄) နာရီအထိ ဆရာတော်ကတရား ဟောတယ်။ ည (၇) နာရီမှာ တရား အားထုတ်တဲ့ယောဂီတွေကို တရားစစ် တယ်"

"တင်ပါ့ဘုရား"

"တရားထိုင်တာက ည(၉)နာရီ အထိထိုင်ရတယ်။ တောက်လျှောက် ထိုင်လို့ရတယ်။ ညောင်းလို့ရှိရင် ထလို့ ရတယ်။ စင်္ကြံလျှောက်ရင်းနဲ့ မှတ်လို့ရ တယ်"

"တရားမှတ်တယ်ဆိုတာ နားချိန် မရှိဘူးလားဘုရား"

"တရားစခန်းဝင်တဲ့ ယောဂီက တော့ သာမန်လူတွေလို အလုပ်လုပ်ချိန်၊ နားချိန်ဆိုပြီး ကန့်သတ်လို့မရဘူး။ တရားမှတ်ချိန်က မျက်စိနှစ်လုံးပွင့်လာပြီ၊ အိပ်ယာနိုးလာပြီဆိုရင် စမှတ်ရတာ။ တစ်နေကုန်အမှတ်နဲ့ပဲနေရတာ။ စား လည်းအမှတ်နဲ့၊ သွားလည်းအမှတ်နဲ့၊ အိမ်သာတက်လည်း အမှတ်နဲ့၊ လုပ်ရှား မှုမှန်သမျှ အမှတ်နဲ့လုပ်နေရတာ။ ည အိပ်ရာဝင်ပြီး အိပ်ပျော်သွားမှ အမှတ်



www.burmeseclassic.com

www.burmeseclassic.com

စိတ်လွတ်တယ်"

"ဟာ - ဒါဆို တပည့်တော်လုပ်နိုင်ပါ့မလား မသိဘူး"

"ဒကာကြီးကလည်း စစ်သားမဟုတ်တာကျနေတာဘဲ။စစ်သားတောင်လုပ်လာတာ၊ သေလမ်းတောင်သွားခဲ့တာ။ အခု နိဗ္ဗာန်ရောက်မယ့်လမ်းကျမှ တီကောင်ကို ဆားနဲ့တို့သလို ဘာလို့တွန့်သွားတာလဲ"

"မှန်လှပါဘုရား၊ တရားစခန်းဆိုရင် အသံကြားတာနဲ့ ကြောက်နေတာ။ စိတ်တျဉ်းကျပ်တာကို မလုပ်ချင်ဘူးဖြစ်နေတယ်ဘုရား"

"အလေ့အကျင့်ဆိုတာ လေ့ကျင့်ယူရတာ။ ဒါက ကောင်းတဲ့အလေ့အကျင့်ပဲ ဒကာကြီးရဲ့။ ပါရမီဆိုတာ ဖြည့်မှပြည့်တယ်"

"တင်ပါ့ဘုရား၊ တပည့်တော်ကြိုးစားပြီး ပါရမီဖြည့်ပါမယ်ဘုရား"

**ချမ်းမြေ့ရိပ်သာနားခွေးလေးတစ်ကောင်**

စင်ကာပူမှဒေါ်မြဝင်းသည် ဆရာတော်၏ ဩဝါဒကိုခံယူပြီး ချမ်းမြေ့ရိပ်သာတရားစခန်းသို့ဝင်ခဲ့၏။ တရားစခန်းဝင်ချင်သူ ယောဂီအသင်းများ ဆရာတော်၏ အလုပ်ပေးတရားကိုနာရ၏။ တရားအားမထုတ်မီ ကြိုတင်ဖြည့်ကျင့်ရမည့်ဝတ္တရားများ၊ ဆောင်ရန်/ရှောင်ရန်တို့ကို မှတ်သားရ၏။ တရားထိုင်လျှင် မည်သို့ထိုင်ရမည်။ တရားရှုမှတ်စတွင် မိမိ၏ဝမ်းဗိုက်ကိုကြည့်ပြီး ဗိုက်က အသက်ရှူလိုက်သောအခါ ဖောင်းသာ၏။ ဖောင်းရာမှ တဖြည်းဖြည်းပိန်သွားပြန်၏။ ထိုပိန်သွားသည့် ပုံသဏ္ဌာန်ကိုကြည့်ပြီး ပိန်တယ်ဟု မှတ်ရ၏။

'ဖောင်းတယ်'

'ပိန်တယ်'

ကိုယ့်ဗိုက်ကို မှတ်တာသာ ခက်တာမှတ်လို့ ဖောင်းတယ်၊ ပိန်တယ် ဟော (၁၅) မိနစ်လောက်ကြာတော့ ဖောင်းရာက ပိန်ရာကိုမရောက်တော့ပါ။အလုပ်ထဲစိတ်ကရောက်၏။ ဘယ်သူ့ကို ဖုန်းဆက်ရမည်။ ကားပစ္စည်းမှာရမည်၊ ဘာလုပ်ရမည်ဟု စဉ်းစားနေ၏။ နောင်မှ သတိရတော့ ငါ့စိတ်အပြင်ထွက်သွားတာပဲ။

မှတ်နေတာက ဗိုက်မှာ ဖောင်းတယ်၊ ပိန်တယ်၊ စိတ်က အပြင်ရောက်နေတာ။ စိတ်ထွက်နေတာ။ မှတ်တာတခြား၊ စိတ်ကထွက်နေတာတခြားဖြစ်နေ၏။ ခန္ဓာကပြတာက တစ်နေရာ၊ မှတ်နေတာက ဖောင်းတယ်၊ ပိန်တယ် မခွာဘူး။ ဘယ်မှာသမာဓိရမှာလဲ။

စိတ်ထွက်တယ်၊ စိတ်ထွက်တယ်ဟု မှတ်၏။ ပြီးမှ ဖောင်းတယ်၊ ပိန်တယ်ကို ပြန်မှတ်ရ၏။ ဖောင်းတယ်၊ ပိန်တယ်ဆိုတာ ခန္ဓာကပြတာမှတ်၊ စိတ်က ဖောင်းတယ်၊ ပိန်တယ်လို့မှတ်တော့ ခန္ဓာနဲ့ မှတ်စိတ်က တစ်ထပ်တည်းကျတယ်။ ခန္ဓာအရှိကို ဉာဏ်ကလိုက်သိရမှာ။ ဒါမှ ပစ္စုပ္ပန်တည့်တည့်ကျမှာပေါ့။

နံနက်စောစော တရားထိုင်လျှင် ဓမ္မာရုံတွင်စုထိုင်ရ၏။ ထူးခြားသည်မှာ နှုတ်သီးအနက်နှင့်ခွေးတစ်ကောင်သည် ဓမ္မာရုံထဲသို့စွတ်ဝင်ပြီးနေရာယူလေ၏။ စိတ်ထဲတွင် မကျေမနပ်ဖြစ်နေ၏။ ခွေးက ခွေးနေရာမှာမနေဘဲ ဘာလို့ ဓမ္မာရုံထဲကိုဝင်ရတာလဲ။ တရားဖြုတ်ပြီးထကာ အနားယူစဉ် ဓမ္မာရုံထဲမှ ခွေးကြီးကို မောင်းထုတ်နေမိသည်။ ဘယ်လိုပဲ မောင်းထုတ်ထုတ် ခွေးကြီးမှာတုတ်တုတ်မျှမလှုပ်။ အခြားယောဂီများတရားထိုင်နေသဖြင့် အနှောင့်အယှက်မဖြစ်လိုသောကြောင့် ခွေးကိုကျိတ်မောင်းနေခြင်း ဖြစ်၏။ တုတ်ဖြင့်ရိုက်ဖို့ဟန်ပြင်လည်းအရေးမလုပ်။ သို့နှင့် ဝေယျာဝစ္စလုပ်နေသောဒေါ် နုကိုအကျိုးအကြောင်းသွားပြောရ၏။

"အန်တီနု"

"ဟုတ်ကဲ့ရှင်၊ဘာလိုအပ်ပါသလဲ"

"ဘာမှမလိုပါဘူး။ ဟို ဓမ္မာရုံထဲမှာ ခွေးတစ်ကောင်ဝင်နေတာ ဘယ်လိုမှ မောင်းထုတ်လို့မရဘူး"

"ဩော်-ကျွန်မမောင်းပေးမယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

အန်တီနုသည် ဓမ္မာရုံသို့လိုက်လာပြီး ယောဂီများတရားအားထုတ်ရာဘေးတွင်ရှိသောခွေးကို တွေ့ရလေသည်။

"ဟဲ့ဟဲ့ - ဒီမှာငါပြောတာနားထောင်။ လူတွေတရားထုတ်နေတယ်။ နင့်ကိုမဝင်စေချင်ဘူး၊ အပြင်ထွက်ပေးလိုက်နော်"

ထိုအခါ ခွေးမှာ လူစကားနားထောင်ပြီး ဓမ္မာရုံအပြင်သို့ညင်သာစွာ ထွက်သွားလေသည်။ ဓမ္မာရုံအပေါက်ဘေးတွင်ဝပ်နေပြီး၊ ဓမ္မာရုံထဲသို့ ရီဝေသောမျက်လုံးများဖြင့် ကြည့်နေလေသည်။ ဒေါ်မြဝင်းလည်း ခွေးကိုသေသေချာချာကြည့်ပြီး အံ့ဩနေလေသည်။ ဒီခွေးသာမန်ခွေးတော့မဖြစ်နိုင်ဘူး။ လူစကားနားလည်တာဆိုလျှင် ခွေးလိမ္မာပဲဖြစ်ရမည်။

"အန်တီနု"

"ဟုတ်ကဲ့ရှင်"

"ဒီခွေးက ထူးဆန်းနေလို့။ ကျွန်မဘယ်လောက်မောင်းမောင်း အရေးမလုပ်ဘူး။ ရိုက်လည်းအသေသာခံမယ်၊ အရေးမလုပ်ဘူး၊ အခု အန်တီနုပြောတော့လည်း နားလည်သားပဲ၊ ချက်ချင်းထွက်သွားတယ်။ ဒါကျောင်းကမွေးထားတာလား"

"ကျောင်းကမွေးထားတဲ့ခွေးတော့ မဟုတ်ပါဘူး။ ရိပ်သာဆိုတော့ ထမင်းကျန်ဟင်းကျန်တွေရှိတော့ နီးစပ်ရာလာစားရင်းနဲ့ ဒီလိုနေနေကြတာ။ ကျောင်းခွေးတွေဖြစ်နေတာပေါ့"

"ဒါဆို ဒီခွေးက ဒီကျောင်းမှာ ပေါက်ဖွဲ့ခွေးတွေထဲက တစ်ကောင်ပေါ့"

"ဟုတ်တယ်"

"သူကဘာလို့လူစကားနားလည်တာလဲ"

"ထူးတော့ထူးဆန်းတယ်။ ဘယ်မှလည်းမသွားဘူး။ယောဂီတွေနဲ့ပဲနေတာ။ ယောဂီတွေ တရားထိုင်ရင် သူလည်း တရားမှတ်နေသလိုပဲ။ ဘုန်းကြီးတရားဟောရင် သူလည်း တရားနာနေသလိုပဲ။ သူ့သဘာဝက ခွေးဆိုပေမယ့် ထူးတော့ ထူးဆန်းနေတယ်"

"ဩော် - လူကသေလို့ခွေးဝင်စားတာဖြစ်နိုင်တယ်။သာမန်လူတော့မဟုတ်လောက်ဘူး။ တရားမမွလိုက်စားတဲ့သူ သေလို့ဝင်စားသလိုပဲ"

"အန်တီတို့တော့ မသိပါဘူး"

"ဟုတ်ကဲ့ - ကျေးဇူးမါပဲ"

ထိုအချိန်မှစ၍ ဓမ္မရုံမှာကပ်နေသောခွေးကြီးကို ဂရုပြုနေမိပါတော့သည်။ ခွေးဆိုသည်မှာ တိရစ္ဆာန်ဖြစ်၏။ စားမည်၊ အိပ်မည်၊ မေထုန်မှီဝဲမည်။ ဒီ(၃)ခုကိုမသင်ဘဲတတ်တာ။ ဈေးကြီးပေးဝယ်ထားတဲ့ နိုင်ငံခြားပေါက်ခွေးတွေကတော့ သာမန်ခွေးတွေထက် IQပိုမြင့်၏။ သို့သော် ခွေးအားလုံးသည် ခွေးအလုပ်ကိုသာလုပ်ကြ၏။လူတွေလောက် အသိဉာဏ်မရှိကြပေ။ သို့သော် ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာမှ ခွေးတစ်ကောင်ကတော့ သာမန်လူတွေတရားရိပ်သာဝင်ဖို့ တရားကျင့်ဖို့ ခက်ခဲသောအလုပ်ကို စိတ်ဝင်စားနေခြင်းပင်ဖြစ်ပါတော့သည်။

တစ်နေ့တော့ ဝိပဿနာတရားရှုမှတ်ပွားပြီး ဉာဏ်စဉ်တွေတက်လာသော စင်ကာပူမှဒေါ်မြဝင်းသည် ဓမ္မာရုံမှ အပြင်သို့ထွက်လာ၏။ ခြေလှမ်းတို့မှာ 'ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်' စသဖြင့် အမှတ်ဖြင့်


သူရဲနမွှေဝင်၊
၂၀၁၃ခုနှစ်၊ ဇွန်လ အတွဲ(၁၇)အမှတ်(၆)

www.burmeseclassic.com

www.burmeseclassic.com

လျှောက်လာ၏။ အပေါက်ဝတွင်ဝပ်နေသောခွေးမှာ ထိုယောဂီကို သေသေချာချာကြည့်နေ၏။ ယောဂီ၏ ဣန္ဒြေသည် လွန်စွာတည်ငြိမ်နေလေ၏။ ကိလေသာပါးသော ယောဂီအသွင်သဏ္ဍာန်နှင့် ကိလေသာထူသော ယောဂီ၏ အသွင်သဏ္ဍာန်မှာ များစွာ ကွာခြားလေသည်။ ယောဂီများကြားတွင်နေသော ထိုခွေးမှာ သေသေချာချာစိုက်ကြည့်ပြီး ယောဂီနောက်သို့လိုက်သွား၏။ ယောဂီ၏ခြေသလုံးကို ရှေ့လက်နှစ်ဖက်ဖြင့် ရစ်ပတ်ပွေ့ဖက်ထားလေသည်။ ယောဂီမှာ ကြောက်သွား၏။ ခဏရပ်ပေးလိုက်ပြီး ကြောက်စိတ်ကိုဖယ်၍ ဘုရားကို အာရုံပြုနေလိုက်၏။ ခွေးကိုက်လို့ သေချင်သေပါစေဟု စိတ်ကိုဆုံးဖြတ်လိုက်၏။

ခွေးကမကိုက်ပါ။ ယောဂီ၏ခြေသလုံးကိုသာအတင်းဖက်ထားလေသည်။ ခွေးက မကိုက်ဘူး၊ ငါ့ကို စနေတာလား။ အစားတောင်းတာလားဟု တွေးမိ၏။ ထို့နောက် ခြေထောက်ကိုရုန်းပြီး ရှေ့သို့လှမ်းလေ၏။ နောက်ကလိုက်လာပြန်သည်။ ခြေသလုံးကိုဖက်ထားပြန်သည်။ ယောဂီသည် ခွေးကိုသေသေချာချာကြည့်ပြီး-

"ငါရတဲ့ကုသိုလ်ကို မင်းအား အမျှပေးဝေပါတယ် အမျှ အမျှ အမျှ"

"ကဲ-မင်းလည်းသာဓုခေါ်ပြီးသွားတော့နော်၊ ဒီလောက်နဲ့ ကျေနပ်တော့နော်"

ခွေးသည် ဘာမှပြန်မပြောပါ။ ယောဂီကို သေသေချာချာကြည့်ပြီး ထွက်သွားပါတော့သည်။ လူစကားနားလည်တာလား၊ အလိုက်သိတာလားမသိ။ ထူးတော့ထူးခြားနေပါတော့သည်။

"အန်တီနု"

"ဟုတ်ကဲ့ရှင်"

"ဓမ္မာရုံကခွေးက ကျွန်မခြေသလုံးကိုဖက်ထားတယ်။ အစကတော့ ကျွန်မလန့်သွားတာပဲ၊နောက်တော့ ဘာမှတော့ မလုပ်ဘူး။ အတင်းဖက်ထားတာနဲ့ ကြုံရတယ်"

"ဟုတ်တယ် - ဒီခွေးက ယောဂီတွေနဲ့ပဲချင်တာ။ ယောဂီတွေ တရားထိုင်ရင် သူလည်းဝင်ထိုင်ချင်တာ။ ယောဂီတွေတရားနာရင် သူလည်းဝင်နာချင်တာ။ မင်းအပြင်ထွက်ပေးပါလို့ ချော့ပြောရင် အပြင်ထွက်သွားတယ်"

"ဩော် - ဒီခွေးက ယောဂီသေလို့ ဝင်စားတာလားမသိဘူးနော်"

"မသိပါဘူးရှင်"

"နေ့လယ် (၃) နာရီတွင် ဓမ္မာရုံသို့ ဆရာတော်ကြွလာသည်။ ယောဂီများကို တရားဟောရန်ကြွလာခြင်း ဖြစ်သည်။ ဆရာတော်တရားဟောစင်မြင့်သို့ နေရာယူသောအခါ ခွေးသည် ဓမ္မာရုံထဲသို့ ဇွတ်ထိုးဝင်လာလေသည်။

"ဟဲ့ကောင်၊ ဒီနေရာ မင်းနေရာမဟုတ်ဘူး၊ ထွက်သွားအပြင်မှာနေ"

ခွေးမှာ ဝနာမငြိမ်ဖြစ်ပြီး အပြင်ထွက်သွား၏။ အခြားတံခါးမှဝင်ဖို့ကြိုးစားနေ၏။ ဒေါ်မြဝင်းသည် ခွေးကိုကြည့်ပြီးသနားသွား၏။ သူတရားနာချင်နေတာ။ဘဝကခြားသွားတော့ လူတွေနှင့်တန်းတူအခွင့်မရရှာဘူး။ ခြေသုတ်အဝတ်ကိုယူပြီး တံခါးနားတွင်ချပေးလိုက်၏။

"အေး - မင်းက ဒီနားကပဲ တရားနာနော်။ ငါတို့နဲ့ ဘဝခြားနေတော့ အထဲဝင်လို့မရဘူး"

ယောဂီခင်းပေးသော ခြေသုတ်ပေါ်တွင်တက်၍ဝပ်နေလေသည်။ ခေါင်းက ဆရာတော်ဘုရားဟောမည့် ပလ္လင်ကို ကြည့်နေ၏။ မျက်လုံးကမမှတ်မသုန်ကြည့်ပြီး ဆရာတော်ဟောသောတရားကိုနာနေလေသည်။

ဘုရားရှင်လက်ထက်က (ဘုရား) တရားဟောနေစဉ် ဖားတစ်ကောင်သည် တရားနာနေ၏။ နွားကျောင်းသားတုတ်ထောက်မိသဖြင့် သေဆုံးသွားပြီး ဖားနတ်သားဖြစ်၏။ လင်းနို့သား (၅၀၀) ရှိသောလိုဏ်ဂူထဲသို့ ရဟန်းတော်များ အဘိဓမ္မာဒေသနာတော်ကို ရွတ်ဖတ်ကြ၏။ ထိုရွတ်ဖတ်သံကို နာယူရသောကုသိုလ်ကံအရှိန်ကြောင့် ရှင်သာရိပုတ္တရာ၏တပည့် ရဟန်း (၅၀၀) ဖြစ်လာကြရ၏။ အဘိဓမ္မာတရားတော်ကို နာကြားခွင့်ရကြလေသည်။ ထိုသို့ဆိုပါလျှင် ဤချမ်းမြေ့ရိပ်သာမှာရှိသော ခွေးကလေးသည် နောင်ဘဝ၌ ကောင်းရာသုဂတိရောက်နိုင်ပါသည်။ ခွေးလေးကိုကြည့်ပြီး မင်းဘယ်ဘဝကလာတာလဲဆိုတာသိချင်နေလေသည်။ မြတ်စွာဘုရားရှင်သာဆိုပါက ဘယ်ဘဝကလာသည်ဟု ချက်ချင်းပြောကြားမည်။ ဤခွေးနှင့်ပတ်သက်ပြီး တရားတစ်ပုဒ်ဟောပေလိမ့်မည်။ ထိုတရားကို လူ၊ နတ်၊ ဗြဟ္မာတွေ နာကြားရပေမည်။ ယခုတော့ ကျွန်ုပ်တို့ပုထုဇဉ်များမှာ ဉာဏ်မမီသဖြင့် မသိနိုင်တော့ပါ။

ရိပ်သာနားက ခွေးလေးသည် တရားသံတွေနာကြရမည်။ တရားတော်ကို နှလုံးသွင်းနေပေလိမ့်မည်။ တရားထိုင်သောယောဂီတွေကိုကြည့်ပြီး ဣန္ဒြေအနုအရင့်ကို ခွဲခြားသိနေလေသည်။ ဆရာတော်တရားဟောသောအခါတွင် ခွေးလေးသည် တရားနာ၏။ တရား၏အနှစ်သာရကို မသိနားမလည်သော်လည်း တရားဟောသံကို သာယာနေ၏။ ယောဂီများတရားထိုင်သောအခါ သူလည်း မလှုပ်မယှက်နေလေသည်။ တရားမှတ်တာလား၊ အိပ်တာလားမသိ၊ ဣန္ဒြေရလေ၏။ **ခွေးဖြစ်ရသောကြောင့် တရားနှင့်နီးသော်လည်း ဘဝကဝေးကွာနေလေပြီ။ နီးလျက်နှင့်ဝေးနေသူဟု ပြောချင်ပါတော့သည်။**

**❑ နီးလျက်နှင့်မဝေးစေချင်**

တိုင်ပေမှအမျိုးသားယောဂီတစ်ဦး၊ ဂျာမန်မှ အမျိုးသားယောဂီတစ်ဦး၊ တောင်ကိုရီးယားမှ သီလရှင်တစ်ပါး၊ စင်ကာပူမှ အမျိုးသမီးယောဂီတစ်ဦးတို့ ဤရိပ်သာသို့ တရားလာအားထုတ်ကြသည်။ မြန်မာပြည်လာဖို့ ပြည်ဝင်ခွင့်ဗီဇာလျှောက်ရ၏။ အလုပ်တွေရပ်ထားရ၏။ တစ်လခွင့်ယူဖို့ တစ်နှစ်လောက်ကြိုတင်ပြင်ဆင်ရလေသည်။ ဗီဇာရဖို့လျှောက်ထားရ၏။ ခွင့်ပြုချက်သည် ကာလအတိုင်းအတာတစ်ခုထိသာခွင့်ပြုပေး၏။ရလာသောအခွင့်အရေးကို ဘဝနောင်ရေးအေးငြိမ်းဖို့ ကြိုးစားဆောင်ရွက်နေခြင်းဖြစ်၏။ မြန်မာပြည်ရောက်သောအခါ အင်္ဂလိပ်လိုပြောတတ်၊ ဟောတတ်သောရိပ်သာကိုရှာရ၏။ ထိုရိပ်သာတွင် ဝိပဿနာတရားစခန်းဝင်ပြီး ရှုမှတ်ပွားများကြရ၏။

စကားမပြော တရားသဘောကို ရှုမှတ်သော်လည်း မိမိတွေ့ကြုံရသောအခက်အခဲ၊ မိမိလျှောက်ခဲ့သောဝိပဿနာခရီးလမ်းမှ အဖြစ်အပျက်များကို လျှောက်ထား၍ ဘာသာအခက်အခဲက အတားအဆီးသဖွယ်ဖြစ်နေပါသည်။ ချမ်းမြေ့ဆရာတော်ကြီးသည် အင်္ဂလိပ်လိုဟောနိုင်ပြောနိုင်သော်လည်း ကျန် (လက်ထောက်) ဆရာတော်များမှာ ဆရာတော်ကို လိုက်မမီပေ။ ထို့ကြောင့် အင်္ဂလိပ်လို ခြေခြေမြစ်မြစ်ဖောပြောဖို့ခက်ပါမည်။ ထိုအခက်အခဲကို ရင်ဝယ်ပိုက်ပြီး ဝိပဿနာတရား၊ ခန္ဓာဉာဏ်ရောက်တရားကို ရှုမှတ်ပွားနေသောနိုင်ငံခြားသားယောဂီများကို များစွာလေးစားမိပါသည်။ ကိုယ့်ပြည်တွင်းဖြစ်ဝိပဿနာတရားရိပ်သာစခန်းများအများ

www.burmeseclassic.com



ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ခုနစ်ရက်သားသမီးများအားလုံးအတွက်

# ကံပွင့် ကံပွင့် ကံမြင့်စေမည့် ဂါထာတော်များ

ခုနှစ်ရက်သားသမီး တနင်္ဂနွေအစ စနေအဆုံး ကုသိုလ်ကံအမြဲပင်ကောင်းနေစေရန် ကံလမ်းအခွင့်ပွင့်ပွင့်လင်းလင်းရှိစေရန်၊ ကံလမ်းအဆင့်မြင့်သထက်မြင့်မြင့်တင်နိုင်ရန် လောကီ၊လောကုတ္တရာ အကျိုးတရားနှစ်ပါးတို့ ပြီးစီးစေရန် ရှေးဆရာတော်ကြီးများက ကြံစည်စီစဉ်ခဲ့ရာ တနင်္ဂနွေဘုရားများမှအစ စနေနံဖွားဘုရားအထိ (၄) ဆူစီ နှစ်ကျိပ်ရှစ်ဆူကို တနင်္ဂနွေအစ စနေအဆုံးလူအားလုံးတ ဆိုင်ရာဆိုင်ရာ နေ့သင့်နံသင့်ရှိခိုးပူဇော်ကြ၍ အကျိုးရှိရှိဆုတောင်းနိုင်ကြစေရန် စီစဉ်ခဲ့လေသည်။

□ တနင်္ဂနွေနေ့သားသမီးများအတွက် တနင်္ဂနွေနေ့ဖွားဘုရားများ

၁။ မေဓင်္ကရာဘုရား
၂။ သောဘိတဘုရား
၃။ ပိယဒဿီဘုရား
၄။ သိဒ္ဓတ္ထဘုရား

□ ဘုရားလေးဆူရှိခိုးဂါထာ

(က) မေဓင်္ကရော သောဘိတော စ၊
ပိယဒဿီ သာဒရံ။
ရဝိဝါရေ အဘိဇာတာ၊

အပြားရှိကြ၏။ တိုင်းတစ်ပါးသို့ ဗီဇာထင်၍သွားစရာမလို။ အကယ်၍သာ ဗုဒ္ဓတရားအစစ်အမှန်များ အခြားတိုင်းပြည်တွင်ရှိနေပြီး မြန်မာပြည်တွင်ခေါင်းပါးနေပါက တရားရှာဖို့ ဗီဇာတင်ရမည်။ ငွေကြေးချမ်းသာမှသွားနိုင်ပါမည်။ နိုင်ငံခြားခရီးသွားဖို့ စဉ်းစားကြည့်လျှင် ဗုဒ္ဓဂယာဘုရားဖူးသွားလျှင်ပင် အနည်းဆုံး (၅) သိန်းမှ (၁၀) သိန်းအထိကုန်မည်။ တစ်လစခန်းဝင်ဖို့သွားလျှင် မြန်မာငွေသိန်း (၅၀) လောက်ကုန်မည်။ တစ်လသွားဖို့ ကြိုတင်ပြင်ဆင်ရမည်။ ဒီမှာ မိုခိုသည့်သူတွေစားဖို့၊ နေဖို့စီစဉ်ရမည်။ ငွေကြေးမတတ်နိုင်ပါက နိုင်ငံခြားတွင် ဖွင့်လှစ်မည့်တရားစခန်းဝင်ဖို့ လုံးဝမဖြစ်နိုင်ပါ။ ဟော - မြန်မာပြည်မှာ တရားရိပ်သာတွေရှိသည်။ ကမ္ဘာမှာ ထေရဝါဒအစစ်ကျန်တာ မြန်မာပြည်ပဲရှိတော့၏။ ဒါကြောင့် မြန်မာပြည်မှာ တရားအစစ်တွေရှိနေပြီလေ။ ငွေမလို။ ရိပ်သာက အလကားကျွေးမည်၊ လာလှည့်၊ ရှုလှည့်ပါ ရိပ်သာတရားအမြဲဖွင့်ထားပါသည်။ သို့သော် မြန်မာအများစု ရိပ်သာဆိုတာ အဘိုးကြီး၊ အဘွားကြီးတွေဝင်တာပါ။ ရိပ်သာဝင်တာက အမျိုးသမီးတွေဝင်တာ။ ငါတို့နဲ့မဆိုင်ဘူးဆိုပြီး ဥပေက္ခာပြုနေကြတယ်။ စီးပွားရေး၊ လူမှုရေး၊ ထွေရာလေးပါးနှင့်သာ အချိန်ကုန်နေကြသည်။ တရားရဲ့တန်ဖိုးမသိတော့ တန်ဖိုးမရှိဖြစ်နေကြတာ။ တန်ဖိုးဆိုတာ ရှားမှတန်ဖိုးကြီးတာလားလို့ထင်မိပြန်ရော။

**နိုင်ငံခြားသားယောဂီတွေ မြန်မာပြည်မှာ တရားလာထိုင်တာက တရားလိုချင်လို့လာခြင်းဖြစ်သည်။ မြန်မာပြည်နှင့် အလှမ်းဝေးနေသော်လည်း တရားနှင့်တော့နီးနေကြ၏။**

မြန်မာပြည်မှ ဗုဒ္ဓဘာသာဝင်အများစုသည် ကံကောင်းသောလူမျိုးများ ဖြစ်ကြ၏။ စစ်မှန်သောထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်ကြရခြင်း၊ မြန်မာပြည်မှာ လူဖြစ်ရခြင်းကြောင့် ကံကောင်းသည်ဟုပြောရပါမည်။ တရားပွဲများ ရပ်ကွက်တိုင်းမှာရှိ၏။ အခွင့်ကြေးပေးပြီးနာရတဲ့တရားပွဲမဟုတ်ပါ။မြန်မာပြည်မှာ ရိပ်သာတွေမှိုလိုပေါက်နေ၏။ ဘယ်ရိပ်သာမှဝင်ပြီး တရားအားထုတ်ထုတ်ရ၏။ အတော်လွယ်ကူသော အခွင့်အရေးကြီးပင်ဖြစ်၏။ သို့သော် ကျွန်ုပ်အပါအဝင် ဗုဒ္ဓဘာသာဝင်အတော်များများ ရိပ်သာကိုဝင်ရမှာကြောက်နေ၏။ ရိပ်သာနှင့် လွတ်ရာကင်းရာတွင်နေကြ၏။ ရိပ်သာနှင့်လွတ်ရာကင်းရာတွင်နေကြသည်။ ရိပ်သာသို့လှူပါဆိုလျှင် လှူကြ၏။ စခန်းပွဲတော့မဝင်ကြပါ။ ကျွန်တော်တို့ နီးလျက်နှင့်ဝေးနေကြခြင်း ဖြစ်ပါသည်။

ကျွန်တော့်အမေက ပြောဖူး၏။ ငယ်ငယ်က ကျွန်တော်တို့မိသားစု ဘုန်းကြီးကျောင်းနားမှာနေရတာပါ။ ခြံစည်းရိုးပဲခြားသည်။ အမေဆုံးမတာက -

"ငါ့သားတို့၊ ငါတို့နေရတာ ဘုန်းကြီးကျောင်းနဲ့ကပ်ပြီးနေရတာ။ ဘုရားတရားနဲ့အနီးဆုံးလူတွေပဲ။ ဘုရားတရားကို မယုံမကြည် မရိုမသေလုပ်ရင် ဘုရားနားက ခြင်္သေ့ကြီးလိုဖြစ်မယ်၊ ဘုရားနားက ခြင်္သေ့ကြီးတွေဟာ ဘုရားနဲ့အနီးမှာကပ်နေကြပေမယ့် ဘုရားကိုကျောပေးနေတယ်။ ဘုရားသံတရားသံကိုလည်း မကြားရဘူး။ ဒါကြောင့် နီးလျက်နဲ့ဝေးနေရတာပေါ့ကွယ်"

အမေပြောကြားသော စကားကို ပြန်လည်ကြားယောင်ရင်း ကျွန်ုပ်သည် ချမ်းမြေ့ရိပ်သာကျောင်းဆောက်ရင်းက တရားရိပ်သာဝင်ဖို့ စာရင်းပေးလိုက်ပါပြီ။ ဘုရားနားက ခြင်္သေ့ကြီးမဖြစ်အောင် ကြိုးစားသွားမည်ဟု ဆုံးဖြတ်ချက်ချပြီး ဝိပဿနာဘာဝနာကိုရှုမှတ်ပွားများပါတော့သည်။

**မိတ်ဆွေများလည်း မြန်မာပြည်မှာမွေးပြီး ဗုဒ္ဓဘာသာစစ်စစ်များဖြစ်ကြပါလျက် နီးလျက်နှင့်မဝေးကြပါနှင့် ဟု** တိုက်တွန်းလိုက်ရပါသည်။

အဋ္ဌာဝါလှိုင်း (ခေတ္တ-ပြင်ဦးလွင်)



www.burmeseclassic.com

www.burmeseclassic.com

တေ နမဿာမိ သိဒိဓိနော။

**□ဆုတောင်းဂါထာ**

(ခ) နမနေနာနေန ကမ္မေန၊
ဝိနဿတု နုပေါရာဏကံ။
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါသုခီ ဘဝန္တု မေ။ ။

**□တနင်္လာနေ့သားသမီးများအတွက်**
**တနင်္လာနေ့ဖွားဘုရားများ**

၁။ သရဏင်္ကရာဘုရား
၂။ အနောမဒဿီဘုရား
၃။ အတ္ထဒဿီဘုရား
၄။ ဝေဿဘူဘုရား

**□ဘုရားလေးဆူရှိခိုးဂါထာ**

(က) သရဏင်္ကရာ နောမာ စ၊
အတ္ထဒဿီ စ ဝေဿဘူ။
စန္ဒဝါရေ ဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

**□ဆုတောင်းဂါထာ**

(ခ) နမနေနာ နေန ကမ္မေန၊
ဝိနဿတု ပေါရာဏကံ။
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝန္တု မေ။

**အင်္ဂါနေ့သားသမီးများအတွက်**
**အင်္ဂါနေ့ဖွားဘုရားများ**

၁။ ဒီပင်္ကရာဘုရား
၂။ ပဒုမဘုရား
၃။ ဓမ္မဒဿီဘုရား
၄။ ကကုသန်ဘုရား

**□ဘုရားလေးဆူရှိခိုးဂါထာ**

(က) ဒီပင်္ကရော ပဒုမော စ၊
ဓမ္မဒဿီ ကကုသန္ဓော၊
ဘောမဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

**□ဆုတောင်းဂါထာ**

(ခ) နမနေနာ နေန ကမ္မေန၊
ဝိနဿတု ပေါရာဏကံ၊
စတုန္နံ ဗုဒ္ဓ တေဇေန၊
သဒါ သုခီ ဘဝန္တု မေ။

**ဗုဒ္ဓဟူးနေ့သားသမီးများအတွက်**
**ဗုဒ္ဓဟူးနေ့ဖွားဘုရားများ**

၁။ ကောဏ္ဍညဘုရား
၂။ နာရဒဘုရား
၃။ သိဒ္ဓတ္ထဘုရား
၄။ ကောဏာဂုံဘုရား

**□ဘုရားလေးဆူရှိခိုးဂါထာ**

(က) နမနေနာ နေန ကမ္မေန၊
ဝိနဿတု ပေါရာဏကံ၊
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝန္တု မေ။

**□ကြာသပတေးနေ့သားသမီးများအတွက်**
**ကြာသပတေးနေ့ဖွားဘုရားများ**

၁။ မင်္ဂလဘုရား
၂။ ပဒုမုတ္တိုရ်ဘုရား
၃။ တိဿဘုရား
၄။ ကဿပဘုရား

**□ဘုရားလေးဆူရှိခိုးဂါထာ**

(က) မင်္ဂလော ပဒုမုတ္တရော၊
တိဿောနာသဿော စ ကဿပေါ၊
ဂုရုဝါရေ အဘိဇာတာ
တေ နမဿာမိ သာဒရံ။

**□ဆုတောင်းဂါထာ**

(ခ) နမနေနာ နေန ကမ္မေန၊
ဝိနဿတု ပေါရာဏကံ။
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝန္တုမေ။

**သောကြာနေ့သားသမီးများအတွက်**
**သောကြာနေ့ဖွားဘုရားများ**

၁။ သုမနဘုရား
၂။ သုမေဓာဘုရား
၃။ ဖုဿဘုရား
၄။ ဂေါတမဘုရား

**□ဘုရားလေးဆူရှိခိုးဂါထာ**

(က) သုမနော သုမေဓော ဗုဒ္ဓေါ၊
ဖုဿ ဇိနော စ ဂေါတမော၊
သုတ္တဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

**□ဆုတောင်းဂါထာ**

(ခ) နမနေနာ နေန ကမ္မေန၊
ဝိနဿတု ပေါရာဏကံ၊
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝန္တုမေ။

**စနေနေ့သားသမီးများအတွက်**
**စနေနေ့ဖွားဘုရားများ**

၁။ တဏှင်္ကရာဘုရား
၂။ ရေဝတဘုရား
၃။ သုဇာတဘုရား
၄။ ဝိပဿီဘုရား

**□ဘုရားလေးဆူရှိခိုးဂါထာ**

(က) တဏှင်္ကရော ရေဝတော စ၊
သုဇာတော စ ဝိပဿီကော၊
သောရီဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

**□ဆုတောင်းဂါထာ**

(ခ) နမနေနာ နေန ကမ္မေန၊
ဝိနဿတု ပေါရာဏကံ၊
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝန္တု မေ။

ကုသိုလ်ကံပွင့်ကံမြင့်ဂါထာတော်ကို ရွတ်ဆိုပူဇော်ခြင်းဖြင့် ရရှိနိုင်သော အကျိုးများမှာ ခုနစ်ရက်သားသမီးများအတွက် ကံပွင့်ကံမြင့်ဂါထာတော်မှာ သာမညမဟုတ်ပါချေ။ နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့ကို မပြတ်အာရုံယူ၍ ကြည်ညိုသဒ္ဓါပွားနေရသည်ဖြစ်ခြင်းကြောင့် နိဗ္ဗာန်အကျိုးအထိ ရရှိစေနိုင်သည်။

နိဗ္ဗာန်မရမီတွင် ဤဂါထာတော်ကို မပြတ်ရွတ်ဖတ်သရဇ္ဈာယ်နေခြင်းကြောင့် သမာဓိ၊ သမထအာရုံပွားများသည်ဖြစ်ရာ နှောင့်ယှက်ဖျက်ဆီးတတ်သော ကံဆိုး၊ ကံပေါင်းများပျောက်ပျက်၍ ကံကောင်းခြင်း၊ အခွင့်အလမ်းကောင်းများပွင့်၍ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးတရားများ ရရှိခံစားကြရပေလိမ့်မည်။

ခုနစ်ရက်သားသမီးများအတွက် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးတရားများရရှိစိမ့်သော်ငှာ ရှေးဆရာတော်ကြီးများ၏ ဉာဏ်ရည်ဉာဏ်သွေးကြံဆစီစဉ်ခဲ့သော နှစ်ကျိပ်ရှစ်ဆူပွင့်တော်မူကုန်သော ဘုရားရှင်များနှင့် ခုနစ်နေ့သားသမီးများအားလုံးအတွက် နေ့တစ်နေ့လျှင် ဘုရားရှင်လေးဆူကျ ပူဇော်နိုင်စေရန် အံ့ဝင်ခွင်ကျ အပိုအလိုမရှိ စီစဉ်ကြံဆနိုင်သော ကျေးဇူးရှင်ဆရာတော်ကြီးများအား လက်ဆယ်ဖြာဦးထိပ်မှာမိုး၍ ရှိခိုးကန်တော့လိုက်ပါ၏ဘုရား။

ဘုရားရှင်များမှာ နှစ်ကျိပ်ရှစ်ဆူ။ တနင်္ဂနွေနေ့ဖွား (၄ဆူ)၊ တနင်္လာနေ့ဖွား (၄) ဆူ၊ အင်္ဂါနေ့ဖွား (၄)ဆူ၊ ဗုဒ္ဓဟူးနေ့ဖွား(၄)ဆူ၊ ကြာသပတေးနေ့ဖွား (၄)ဆူ၊ သောကြာနေ့ဖွား (၄) ဆူ၊ စနေနေ့ဖွား (၄) ဆူ ပေါင်း (၂၈) ဆူ (နှစ်ကျိပ်ရှစ်ဆူ) ဖြစ်ပေသည်။

ခုနစ်နေ့သားသမီးများကလည်း တနင်္ဂနွေနေ့မှ စနေနေ့အထိ (၇)နေ့သားသမီးများဖြစ်ရာ ပွင့်တော်မူသော ဘုရားရှင်နှစ်ကျိပ်ရှစ်ဆူနှင့် ခုနစ်ရက်သားသမီးများမှာ မိမိမွေးနေ့အလိုက် တူညီသော ဘုရားရှင် (၄) ဆူစီကို ပူဇော်ကန်တော့နိုင်ကြပါစေ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် မိမိတို့ကိုးကွယ်ဆည်းကပ်ရန်အမှန် ဂေါတမဘုရားရှင်၏ ဗုဒ္ဓဂုဏ်တော်ဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများအားထုတ်လေ့ရှိကြသည်။ အဆိုပါပုဂ္ဂိုလ်တို့သည် (ဈာန်ရမှုမှတစ်ပါး) အောက်ပါအကျိုးကျေးဇူးများရရှိနိုင်ကြောင်း ဝိသုဒ္ဓိမဂ်အရ ဖော်ပြဆိုက်ပါသည်။

၁။ မြတ်စွာဘုရားရှင်၏ဂုဏ်တော်အဓိပ္ပာယ်ကို အဖန်ဖန်အခါခါ ပွားများနှလုံးသွင်းနေသူသည် ဘုရားရှင်အပေါ် သူမတူအောင် လွန်စွာကြည်ညိုလေးစားမှု ရှိသေကျိုးနွံမှုရှိသောကြောင့် အရိယာတို့၏သဒ္ဓါတရားနှင့်အလားတူစွာ ခိုင်မာသော သဒ္ဓါတရားရှိခြင်း၊ သတိနှင့်စေတနာမျိုးစေ့၏စိုက်ပျိုးရာ မွန်မြတ်သောလယ်ယာမြေ ဖြစ်သောကြောင့် ကုသိုလ်တရားများ (ကောက်ပဲသီးနှံများကဲ့သို့) အစဉ်တိုးပွားနေခြင်း။

၂။ သောတာပန်အရိယာကဲ့သို့ ဉာဏ်ဖြင့် သက်ဝင်နက်နက်နဲနဲကြည်ညိုလာခြင်း၊ အသိဉာဏ်များတိုးတက်

(ဟာသိတ) ရဲရဲထွန်း

# ဗုဒ္ဓဂုဏ်တော် ပွားများပူဇော် သာဓုခေါ်စေ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမွန်လာခြင်း၊ အသက်ကြီးသော်လည်း သတိမမေ့ခြင်း၊ ဗုဒ္ဓသာသနာပြုလိုသောစိတ်၊ အားပေးလိုသောစိတ်များဖြစ်ပေါ်လာ၏။ ထိုအခါ သာသနာဖျက်ပုဂ္ဂိုလ်များကို အထူးရှောင်ကြဉ်ခြင်းအပြင် မကောင်းမှုမှန်သမျှကို မိမိ၏ရုပ်နာမ်ခန္ဓာမှ သုတ်သင်ရှင်းလင်းခြင်းများပြုလာခြင်း၊ ကျူးလွန်မည့်အပြစ်များကို မကျူးလွန်ဖြစ်တော့ခြင်း။

၃။ ဘေးကြီးဘေးငယ်များတို့နှင့် အကြောက်ကြီးအကြောက်ငယ်များကိုသည်းခံပယ်ပျောက်နိုင်ခြင်း၊ (တစ်စုံတစ်ရာ ကြောက်မက်ဖွယ်ရာဘေးရန်ဒုက္ခကြုံလာလျှင် ငါ့ဘုရားကိုသတိရအောက်မေ့ကြဟု ဓဇဂ္ဂသုတ်ပရိတ်တော်မှာ ဟောတော်မူ၏။) ထို့ကြောင့် ပိန်းကြာဖက်ပေါ်တွင် ရေမတင်သကဲ့သို့ ကိုယ်တွင်ကျရောက်မည့် ဆင်းရဲဒုက္ခ အကြောက်တရားဟူသမျှ ပပျောက်စေနိုင်ခြင်း။

၄။ ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုသည့်အခါတိုင်း ဝမ်းမြောက်ပီတိ၊ ဇါမောဇ္ဇဖြစ်ခြင်း၊ (စိတ်ကြည်လင်ချမ်းသာခြင်း၊ စိတ်အေးမြခြင်း၊ တစ်ခါတစ်ရံ ကြက်သီးမွေးညင်းများထလောက်အောင် ပီတိဖြစ်နေခြင်း)။

၅။ ဘုရားရှင်နှင့် အတူတကွနေထိုင်ရသည်ဟုမှတ်ထင်ရခြင်း (ဘုရားရှင်နှင့်အတူနေရသဖြင့် မိဘနှင့်အတူနေရသော ကလေးငယ်ပမာလွန်စွာမှအားရှိခြင်း)။

၆။ မိမိရှေ့မှောက်တွင် မြတ်စွာဘုရားရှင် အစဉ်အမြဲ သီတင်းသုံးနေသကဲ့သို့ရှိသောကြောင့် တစ်စုံတစ်ခု မကောင်းမှုပြုရန် ရှက်ရွံ့လျက်ရှိစေခြင်း၊ (အရှက်အကြောက်တရားများ ပိုမိုအားကောင်းလာခြင်း)။

၇။ ဂန္ဓကုဋိတိုက်စေတီသဖွယ်ပင် အပူဇော်ခံထိုက်သူဖြစ်ခြင်း၊ (မိမိသန္တာန်၌ ဘုရားရှင်၏ဂုဏ်တော်များ ဖြစ်ပွားကိန်းတည်နေသည့်အတွက် ဓာတ်တော်များ ဌာပနာထားသည့် စေတီ၊ ကျောင်းတိုက်ကြီးပမာဖြစ်နေခြင်း)။

၈။ ဘုရားရှင်အပေါ် အားကျလာ၍ ဘုရားဖြစ်လိုစိတ်များတဖွားဖွားဖြစ်ပေါ်လာကာ ဘုရားဖြစ်ကြောင်းပါရမီကုသိုလ်ကောင်းမှုတို့ကို အားထုတ်သထက်ပို၍အားထုတ်လာခြင်း။ (အမှန်မှာ ဘုရားဖြစ်မည်မဟုတ်သော်လည်း မြတ်စွာဘုရားရှင်ကဲ့သို့ အတုယူဖွယ်ရာနိဗ္ဗာန်သို့ဦးတည်ရာလမ်းကြောင်းမှန်ကန်ဖြောင့်မတ်မြန်ဆန်လာခြင်း)။

၉။ ဗုဒ္ဓါနုဿတိဘာဝနာကိုအခြေခံအတည်ပြု၍ ဝိပဿနာဘာဝနာတရားကို ပွားများအားထုတ်သောကြောင့် မဂ်ဖိုလ်တရားဆို လျင်မြန်လွယ်ကူစွာရရှိနိုင်ခြင်း။

၁၀။(ပါရမီကုသိုလ်အလွန်နည်းပါးနေပြီး မလုံလောက်သေးသူဖြစ်နေပါက) ယခုဘဝတွင် မဂ်ဖိုလ်သို့တိုင်မရသေးသော်လည်း ကောင်းရာသုဂတိဘဝသို့ရောက်ရန်သေချာခြင်း၊ (အပါယ်တံခါးပိတ်လေပြီ)။ ထိုဘုံဘဝရောက်မှ ပါရမီပြည့်မီလာကာ ကျွတ်တမ်းဝင်ရန် သေချာစေခြင်း အစရှိသည့်အကျိုးတရားများကိုရရှိစေနိုင်ပါသည်။

**□ ဂုဏ်တော်ပွားခြင်းအကျိုး(၁၇)မျိုး**

ထေရ၊ ထေရီပါဠိတော်အဋ္ဌကထာအရ အောက်ပါအတိုင်း အကျိုး(၁၇)မျိုးရရှိစေပါသည်။

(၁)စေတီအိမ်နှင့်တူသောကြောင့် သူတစ်ပါးတို့၏ရှိခိုးမှုကိုခံထိုက်ခြင်း၊ (၂) စိတ်တည်ကြည်ရဲရင့်ခြင်း၊ (၃)သေခါနီး၌ မတွေမဝေသေရ၏။သေသည်၏အခြားမဲ့၌ သုဂတိဘဝကိုရခြင်း၊ (လူကောင်းနတ်ကောင်းဖြစ်စေခြင်း)(၄)ဘုရားဟောတရား (သစ္စာလေးပါး) ကို သိမြင်လွယ်ခြင်း၊ (၅) နောက်ဘဝတွင် လူလာဖြစ်လျှင်လည်း အမျိုးမြင့်မြတ်သောဘဝမှာဖြစ်ခြင်း၊ (၆)သူတစ်ပါး၏အရိုအသေပြုမှုကိုခံရခြင်း၊ (၇) ချီးမွမ်းထိုက်သောကိုယ်အင်္ဂါနှင့်ပြည့်စုံခြင်း၊ (၈) အဆင်းကောင်းခြင်း၊ (၉) ကိုယ်ရနံ့ကြိုင်သင်းခြင်း၊ (၁၀) ခံတွင်းအနံ့မွှေးပျံ့ခြင်း၊ (၁၁) ကြီးကျယ်သောဉာဏ်ပညာနှင့်ပြည့်စုံခြင်း၊ (၁၂) နက်နဲသော ဉာဏ်ပညာနှင့်ပြည့်စုံခြင်း၊ (၁၃) ထက်မြက်သော ဉာဏ်ပညာနှင့်ပြည့်စုံခြင်း၊ (၁၄) လျင်မြန်သောဉာဏ်ပညာနှင့်ပြည့်စုံခြင်း၊ (၁၅) ရွှင်သောဉာဏ်ပညာနှင့်ပြည့်စုံခြင်း၊ (၁၆) ဆန်းကြယ်သောဉာဏ်ပညာနှင့်ပြည့်စုံခြင်း၊ (၁၇) စကားကောင်းကိုဆိုနိုင်ခြင်းတို့ ဖြစ်ပါသည်။

အထက်ပါ ကျမ်းဂန်လာအကျိုးတရားများအပြင် ဗုဒ္ဓဂုဏ်တော်ကို နှလုံးသွင်းဆင်ခြင်ပြီးခရီးသွားလျှင် ရန်သူများမနှောင့်ယှက်နိုင်၊ ရန်သူများမမြင်နိုင်အောင် ကာကွယ်နိုင်၏။ ဂုဏ်တော်ကိုအမြဲ အောက်မေ့ ဆင်ခြင်နေပါလျှင် ကြောက်စိတ်ကင်း၏။ ကျန်းမာအသက်ရှည်၏။ ရောဂါကင်း၏။ အလုပ်အကိုင်အဆင်ပြေ၏။ စီးပွားလာဘ်လာဘတိုးတတ်၏။ မီးဘေးမှကာကွယ်၏။ ဗုံးအမြောက်သေနတ်များမထိမှန်ဘဲလွတ်ကင်း၏။ ဂုဏ်တော်ကို ဆင်ခြင်ပွားများပြီးမှ စာကျက်လျှင် စာပိုရလွယ်၏ စသည်ဖြင့် ဘုရားရှင်၏ ဂုဏ်တော်အကျိုးကျေးဇူးသည်ကား မရေမတွက်နိုင်အောင် များပြားလှပါပေ၏။

**□ အကျိုးကျေးဇူးရဖို့ဆိုတာ**

အထက်ပါ အကျိုးကျေးဇူးတွေအားလုံးရနိုင်ပါ့မလား ဟူ၍ မေးစရာရှိ၏။ အဖြေရှိပါသည်။ အားလုံးကိုတော့ ချက်ချင်းမရနိုင်ပါ။ ဥပမာ သံလိုက်တုံးကြီးထံမှ သံလိုက်ဓာတ်ကို ရယူနိုင်ရန် အကြိမ်ပေါင်းမြောက်မြားစွာပွတ်ဆွဲပြီးမှသာ သံလိုက်စွမ်းအားကိုရယူနိုင်သကဲ့သို့ဖြစ်သည်။ ထို့အတူ လျှပ်စစ်ဓာတ်ကိုသိုလှောင်နိုင်ရန် အင်ဗာတာကောင်းမှဖြစ်မည်။ ဘက်ထရီအိုး၊ အက်စစ်တို့မကောင်းပါကလည်း လျှပ်စစ်ဓာတ်မဝင်နိုင်ပါ။ အဆိုပါအချက်ကိုတော့ သတိထားရပါမည်။ မိမိ၏သဒ္ဓါစွမ်းအားနှင့် ပွားများမှုအစုစုတို့အတွက် မိမိ၏ လုံ့လဝီရိယနှင့် ဉာဏ်ပညာပါရမီတို့အပေါ်တွင်လည်း သက်ရောက်မှုရှိပါသည်။

မြတ်စွာဘုရားရှင်၏ ဂုဏ်တော်စွမ်းပကားသည် အလွန့်အလွန်ထက်မြက်ပါသည်ဆိုသော်လည်း လက်ခံသူပုဂ္ဂိုလ်က အရဟံဂုဏ်တော်အဓိပ္ပာယ်အကျဉ်းငါးမျိုးခန့်ပင် ကောင်းကောင်းမသိဘဲ အရဟံ၊ အရဟံဟူ၍ အကြိမ်ပေါင်းထောင်သောင်းများစွာ ရွတ်ဖတ်နေသော်လည်း အသိဉာဏ်ထဲ၊ နှလုံးသားထဲမှာ စွဲထင်မသွားနိုင်ဘဲ အချိန်ကုန်လူပင်ပန်းမည်သာဖြစ်မည်ကို သတိပြုဆင်ခြင်ရန်လိုပါသည်။ ယခု ရေတွင်းတူး၊ ယခု ရေကြည်သောက်၍မရနိုင်။ ပျားရည်တစ်ပုလင်းရရှိဖို့ ပျားအကောင်ပေါင်းရာထောင်ချီ၍ တစ်စက်ချင်းစုမှရနိုင်ပါသည်။

ထို့အတူပင် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်စွမ်းအားက မည်မျှကောင်းနေသော်လည်း မိမိဘက်မှ အခံဓာတ်ဆွဲနေလျှင်လည်း ထင်သလောက်မပေါက်နိုင်ပေ။ မိမိဘက်မှ ယခင်အတိတ်ဘဝကံဆိုးကံညစ်တွေကို ဆေးကြောနိုင်လောက်အောင် ကိုယ်ကျင့်တရားကိုပြင်ဆင်ရပါလိမ့်မည်။ လောဘ၊ ဒေါသ၊ မောဟစိတ်နှင့် ကိလေသာစိတ်အညစ်အကြေးများကို ဆေးကြောရပါမည်။ သို့မှသာ ဗုဒ္ဓဘုရားရှင်၏ဂုဏ်တော်စွမ်း



www.burmeseclassic.com

www.burmeseclassic.com

# ပါရမီရှင်တို့၏ မြင့်မြတ်သော လူမှုကိစ္စအဝဝ ပရဟိတအလုပ်များ

## ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ပါရမီဆိုသည်မှာ ဘုရားအလောင်းတော်ကြီးများသည် သူမတူအောင် တဲလွန်ပြုကျင့်ဆည်းကပ်သောတရားများ၊ သမ္မာသမ္ဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိဟူသော ဆုကြီး (၃) မျိုးအနက် တစ်ဆုဆုကို ပန်ဆင်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်ကို ရည်မှန်း၍ ပြုကျင့်သောတရားများ၊ သံသရာတစ်ဖက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့ ရောက်စေနိုင်သောတရားများကိုခေါ်ပါသည်။ တစ်နည်းအားဖြင့် မိမိအကျိုးအတွက် ငဲ့ကွက်လိုလားခြင်းမရှိပါဘဲ အများကောင်းကျိုးအတွက်လည်းကောင်း၊ သံသရာမှ လွတ်မြောက်ရေးအတွက်လည်းကောင်း ပြုလုပ်အပ်သောကောင်းမှုများပင်ဖြစ်သည်။ ယင်းကောင်းမှုများဖြင့် မြင့်မြတ်သူဟု သိရသည်ဖြစ်ရာ မြင့်မြတ်သူဖြစ်ရာဖြစ်ကြောင်းဟုလည်း အနက်ဖွင့်ဆိုကြ၏။

ပါရမီ-ပရမာနံ-မြင့်မြတ်သူတို့၏၊ ကမ္မံ - အလုပ်သည် ပါရမီမည်၏။ မြင့်မြတ်သူတို့၏အလုပ်၊ တစ်နည်းဆိုရလျှင် မြင့်မြတ်သောအလုပ်ဟုလည်း ပြောနိုင်သည်။ မြင့်မြတ်သောအလုပ်ကိုလုပ်မှ မြင့်မြတ်သူဖြစ်နိုင်သည်။

ပါရမီမြောက်သောအလုပ်ဖြစ်ရေးတွင်အဖွဲ့တွာအတွင်းအင်္ဂါတစ်ပါးဖြစ်သော မွန်မြတ်သောရည်ရွယ်ချက်၊ ဗဟိဒ္ဓိအပြင် အင်္ဂါတစ်ပါးမှာ အပြစ်ကင်းဆေးသောအလုပ်ဖြစ်ရမည်။

ယောကျ်ားကောင်းတို့၏ အင်္ဂါသုံးရပ်မှာ -

၁။ လောကအပေါ်မှာ ကြင်နာတတ်ဖို့လို၏။
၂။ အနစ်နာခံတတ်ဖို့လို၏။
၃။ သူတစ်ပါးအကျိုးကို ဆောင်ရွက်ပေးတတ်ဖို့လို၏။

ထိုအင်္ဂါသုံးရပ်ကို ပြည့်စုံအောင်ဖြည့်ကျင့်ရ၏။

မြတ်စွာဘုရားရှင်သည် ထိုအင်္ဂါသုံးရပ်ဖြစ်သော -

၁။ ကြင်နာခြင်းအင်္ဂါရပ်ဖြင့် မဟာကရုဏာတော်ရ၏။
၂။ အနစ်နာခံရခြင်းအင်္ဂါရပ်ဖြင့် အရဟတ္တမဂ်ဉာဏ်တော်ရ၏။
၃။ သူတစ်ပါး၏အကျိုးကိုဆောင်ခြင်းအင်္ဂါရပ်ဖြင့် သဗ္ဗညုတဉာဏ်တော်ကိုရ၏။

ပတားများသည် မိမိအပေါ် စွမ်းအားကြီးမားစွာ အကျိုးပြုသက်ရောက်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်စွမ်းအား အကျိုးအာနိသင်ကို တောင်မွန်စွာလိုချင်ပါလျှင် ဂုဏ်တော်များ၏အနှစ်သာရနှင့်အဓိပ္ပာယ်များကို အမှန်တကယ် နားလည်ဖို့ လိုအပ်ပါသည်။ နည်းနည်းသိသည်ထက် များများသိလေပိုကောင်း၏။ တိမ်တိမ်လေးသိတာထက် နက်နက်နဲနဲသိဖို့ကြိုးစားအားထုတ်ရန်လိုပါသည်။ သို့မှသာ ယုံကြည်မှုသဒ္ဓါအား ပို၍ထက်မြက်လေ နှလုံးသွင်းအားပိုကောင်းလေလေဖြစ်ပါသည်။

**ဂုဏ်တော်ပူဇော်နည်းအဆင့်ဆင့်**

ဘာမှမပြုလုပ်ခြင်းထက် (အရဟံ အရဟံ ဟူ၍) ဂုဏ်တော်တစ်ခုခုကို ရွတ်ဖတ်ပွားများပူဇော်ခြင်းက သာ၍မြတ်၏။

နှစ်ကြိမ်၊ သုံးကြိမ်ထက် အကြိမ်ရာထောင်မက ရွတ်ဖတ်ပူဇော်ခြင်းက ဒူးစိုက်မှုအားပို၍ကောင်း၏။

အဓိပ္ပာယ်ဘာမှမသိဘဲ (အသိဉာဏ်မပါဘဲ) အပေါ်ယံ ပါးစပ်ဖျားက ရွတ်ဆိုခြင်းထက် အဓိပ္ပာယ်ကို အသိဉာဏ်ဖြင့် နှလုံးသွင်းပူဇော်ခြင်းက နှလုံးသားမှာ ဘုရားတည်ရာရောက်သည့်အတွက် ပို၍မြတ်၏။

အဓိပ္ပာယ်ကို အသိဉာဏ်ဖြင့် နှလုံးသွင်းပူဇော်ရာမှ ကြိုးစားပြီး လက်တွေ့လိုက်နာကျင့်ကြံသည့်အဆင့်ထိရောက်နိုင်လျှင် ပို၍အဆင့်မြင့်မား၏။

အထူး ကျင့်ကြံ လိုက်နာရန်မလိုလောက်အောင် အထူးအားစိုက်ရန်မလိုတော့လျှင် ဗုဒ္ဓါနုဿတိ၏တန်ခိုးတော်အာနုဘော်တို့ကြောင့် အရိယာအဆင့်သို့ တက်လှမ်းသွားနိုင်သည့်အတွက် သာလွန်သောအဆင့်အမြင့်ဆုံးသို့ရောက်သွားလေတော့၏။

တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရသည် ချင်းပြည်နယ် ဖလမ်းဒေသ ခန္တီနတောင်ကြီးပေါ်တွင် နှစ်ပေါင်း (၅၀) လုံးလုံး တောရဆောက်တည်၍ သာသနာပြုခဲ့သည်။ ဆရာတော်ကြီးသည် ဗုဒ္ဓါနုဿတိပွားများအားထုတ်ရာတွင် နေ့စဉ်မပျက်ရွတ်ဖတ်သရဇ္ဈာယ်နေခဲ့သည်။ ထိုအခါ ဟိမဝန္တာမှဝိဇ္ဇာဓိုရ်များ၊ တောစောင့်နတ်၊ တောင်စောင့်နတ်ကြီးများကကိုယ်ထင်ပြ၍ လာရောက်ဖူးမြော်ခဲ့ကြပါသည်။ ၎င်းတို့မှ ဆရာတော်ကြီးအား ဗုဒ္ဓါနုဿတိများများရွတ်ဆိုပွားများပေးရန်တိုက်တွန်းသွားခဲ့ပါသည်။ ဆရာတော်ကြီး၏ ပရိတ်တော်နှင့် ဂုဏ်တော်ကွန်ချာရွတ်ဆိုရာတွင်လည်း ရေများဆူပွက်လာသည်အထိ တန်ခိုးသိဒ္ဓိစွမ်းအားကြီးမားခဲ့ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဘုရားဂုဏ်တော်များကို အနက်အဓိပ္ပာယ်နှင့်တကွ သိရှိပါစေ။ သိရှိပြီးနောက် ယုံကြည်မှုသဒ္ဓါလေးနက်စွာဖြင့် ရွတ်ဆိုပွားများကြပါစေ။ ထိုအခါ ဗုဒ္ဓဂုဏ်တော်များကို ဗုဒ္ဓါနုဿတိပွားများရခြင်း၏အကျိုးအားဖြင့် အပါယ်တံခါးပိတ်ပြီး ကောင်းကျိုးချမ်းသာများကို အမှန်တကယ်ရရှိနိုင်ကြမည် ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ သာဓုခေါ်နိုင်ကြပါစေသတည်း။

ရဲရဲထွန်း (ဟင်္သာတ)

**မှီငြမ်း**

S.S ခင်မောင်အေး၏
ဗုဒ္ဓဂုဏ်တော်(၉)ပါး



www.burmeseclassic.com

www.burmeseclassic.com

ရိုးရိုးကုသိုလ်ကို ရိုးရိုးလူသားတို့က တန်ဖိုးထား၏၊ မြတ်နိုးကြ၏။ ပါရမီကုသိုလ်ကို မြင့်မြတ်သောလူသားတို့က တန်ဖိုးထားမြတ်နိုးကြသည်။ ပါရမီရှင်ဆိုသည်မှာ အများအပေါ်တွင် ကရုဏာ၊ မေတ္တာ၊ စေတနာတရားအားကြီးသော သူတော်ကောင်းတို့၊ မြင့်မြတ်သူတို့သာ လုပ်နိုင်သောပုဂ္ဂိုလ်မျိုး ဖြစ်သည်။ ပါရမီဆယ်ပါးရှိသည်။ ပါရမီဆယ်ပါးကိုဖြည့်ကျင့်ရာတွင် သားမယား၊ ရွှေ ငွေစသော အသုံးအဆောင်၊ သက်ရှိသက်မဲ့ဝတ္ထုတို့ကို မငဲ့ကွက်ဘဲ ဖြည့်ကျင့်လျှင် (မြတ်သောပါရမီ)၊ မိမိ၏လက်ခြေအစရှိသော ကိုယ်အင်္ဂါကြီးငယ်တို့ကို မငဲ့ကွက်ဘဲ ဖြည့်ကျင့်လျှင် ပို၍မြတ်သော (ဥပပါရမီ)၊ မိမိအသက်ကိုမငဲ့ကွက်ဘဲဖြည့်ကျင့်လျှင် အမြတ်ဆုံးဖြစ်သော (ပရမတ္ထပါရမီ) ဟုခေါ်၏။ ပါရမီတစ်မျိုးလျှင် (၁၀) ပါးစီရှိသောကြောင့် ပါရမီသုံးမျိုးတွင် ပါရမီအပါး(၃၀)ရှိ၏။ ထို့ကြောင့် ပါရမီဆယ်ပါး၊ အပြားသုံးဆယ်ဟု ဆိုကြသည်။

၁။ ဒါနပါရမီ - စွန့်ကြဲပေးကမ်းခြင်း။

၂။ သီလပါရမီ -သီလစောင့်ထိန်းခြင်း။

၃။ နေက္ခမပါရမီ - လောကီစည်းစိမ်များကိုစွန့်၍တောထွက်ခြင်း။

၄။ ပညာပါရမီ - အသိအလိမ္မာဉာဏ်ပညာဖြင့်ပြည့်စုံခြင်း။

၅။ ဝီရိယပါရမီ - ကြီးမားသောလုံ့လဝီရိယရှိခြင်း။

၆။ ခန္တီပါရမီ-လောကဓံကိုသည်းခံခြင်း။

၇။ သစ္စပါရမီ - မချွတ်မယွင်းမှန်ကန်သောစကားကိုဆိုခြင်း။

၈။ မေတ္တာပါရမီ - သတ္တဝါများ၏အကျိုးကိုဖြစ်ထွန်းစေရန် မေတ္တာစိတ်ထားခြင်း။

၉။ အဓိဋ္ဌာန်ပါရမီ - မဖြစ်မနေစွဲမြဲသည့်ဖွဲ့စိတ်ဖြင့် ဆောက်တည်ခြင်း။

၁၀။ ဥပေက္ခာပါရမီ - ဆင်းရဲ၊ ချမ်းသာကိုလျစ်လျူရှုခြင်း။

ဓမ္မဝါဒထွန်းကားရေးလူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးတို့အတွက် ဆောင်ရွက်ရာ၌ မိမိအသက်၊ မိမိဘဝကိုပင် တပ်မက်ခြင်းမရှိ စွန့်လွှတ်၏။

ယနေ့ နိုင်ငံတော်အနှံ့အပြား ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးများတွင် ပြည်သူလူထုအားလုံးအတွက် ပရဟိတလုပ်ငန်းများဖြစ်သော ကျန်းမာရေးအတွက် ဆေးဝါးကုသရေး၊ သွေးလှူခြင်းများ၊ နာရေးလုပ်ငန်းများအတွက် လူမျိုးဘာသာမရွေး တာဝန်ယူဆောင်ရွက်ပေးခြင်း၊ လူနာသယ်ဆောင်ပေးခြင်းစသည့်လူမှုဒုက္ခအဝဝတို့ကို နှစ်ရှည်လများ ဒုက္ခအခက်အခဲအမျိုးမျိုးကြားထဲမှ အောင်မြင်စွာ ဆောင်ရွက်နေကြသည့် ပါရမီရှင်များဖြစ်ကြသော ဦးကျော်သူနှင့်ဇနီး၊ အဖွဲ့သားများအားလုံး၊ နိုင်ငံအနှံ့ မြို့ရွာတိုင်းမှ ပရဟိတလူမှုရေးအဖွဲ့များအားလုံး၏ပါရမီရှင်လောကတွင် အတ္တဟိတရှိ၏။ ပရဟိတလည်းရှိ၏။ အတ္တဟိတကိုလည်းဆောင်ရွက်ရ၏။ပရဟိတကိုလည်းဆောင်ရွက်ရ၏။ မြတ်စွာဘုရားသည် အတ္တဟိတ၊ ပရဟိတနှစ်မျိုးစလုံးကို ဆောင်ရွက်သူ ဖြစ်၏။ နှစ်မျိုးလုံးကို ဆောင်ရွက်ပါမှ မဇ္ဈိမပဋိပဒါကျ၏။ ပါရမီရှင်ဖြစ်၏။

မြတ်စွာဘုရားရှင် ပါရမီဖြည့်ကျင့်ခြင်းသည် ဘုရားဖြစ်ချင်၍ ပါရမီတော်များကို ဖြည့်ကျင့်ခြင်းမဟုတ် ဝေနေယျသတ္တဝါတို့အား သံသရာဒုက္ခအပေါင်းမှ ကယ်တင်နိုင်ခြင်းငှာ ဘုရားဖြစ်ချင်၍ ပါရမီတော်များကို ဖြည့်ကျင့်ခြင်း ဖြစ်၏။

ပါရမီဖြည့်ကျင့်ခြင်း ဆိုသည်မှာ လောကနှင့် ဆက်ဆံရာတွင် မိမိက အနစ်နာခံခြင်းဖြစ်၏။ သူ့အကျိုးကို ဆောင်ရွက်ပေးခြင်း ဖြစ်၏။ ထိုသို့ အနစ်နာခံခြင်းနှင့် သူ့အကျိုးဆောင်ရွက်ပေးခြင်းမှာ မိမိနှင့်ဆက်ဆံရသော လောကအပေါ် စေတနာရှိမှုဖြစ်သည်။ မေတ္တာရှိမှုဖြစ်၏။ လောကအပေါ်မှာ ကရုဏာရှိမှုဖြစ်ပေသည်။ တကယ်တမ်း စေတနာ၊ မေတ္တာ၊ ကရုဏာရှိလာပြီဆိုလျှင် မိမိကိုယ်ကျိုးကိုမငဲ့ဘဲ အနစ်နာခံနိုင်လာ၏။

အနစ်နာခံနိုင်ခြင်း ဆိုသည်မှာလည်း မိမိ၌ တွယ်တာမက်မောသော လောဘမရှိမှုဖြစ်၏။ အနစ်နာခံနိုင်ခြင်း၊ သူ့အကျိုးကိုဆောင်ကြဉ်းနိုင်ရန်အတွက် ရည်ရွယ်ပြီး ပါရမီများကို ဖြည့်ကျင့်ခြင်းဖြစ်သည်။ အခြားဘာဆန္ဒမှမရှိ၊ ဘာတောင့်တမှုမှုလည်းမရှိ။

ကုသိုလ်ကောင်းမှုများပြုလုပ်ရာ၌ ရိုးရိုးကုသိုလ်နှင့် ပါရမီကုသိုလ်ဟူ၍ နှစ်မျိုးရှိသည်။

ရိုးရိုးကုသိုလ်မှာ ရယူရေးကို ဦးတည်သောကုသိုလ်ဖြစ်၍ -

ပါရမီကုသိုလ်မှာ စွန့်လွှတ်ရေးကို ဦးတည်သောကုသိုလ်ဖြစ်၏။

ရိုးရိုးကုသိုလ်မှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ရာထူးဂုဏ်သိန်၊ အရှိန်အဝါ၊ စည်းစိမ်ဥစ္စာတို့ရရှိရေးကို တပ်မက်ရယူ လိုခြင်းဖြစ်၏။ သင်္ချာလက္ခဏာနှင့် (+) ဖြစ်၏။ ပါရမီကုသိုလ်မှာ စွန့်လွှတ်ရေးကို ဦးတည်သောကုသိုလ်ဖြစ်၍ ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ၊ လူချမ်းသာ၊ နတ်ချမ်းသာတို့၌ တပ်မက်ခြင်းမရှိ စွန့်လွှတ်၏။ သင်္ချာလက္ခဏာနှင့် (-) ဖြစ်သည်။

ဓမ္မဝါဒထွန်းကားရေးလူ့အဖွဲ့အစည်းငြိမ်းချမ်းသာယာရေးတို့အတွက် ဆောင်ရွက်ရာ၌ မိမိအသက်၊ မိမိဘဝကိုပင် တပ်မက်ခြင်းမရှိ စွန့်လွှတ်နိုင်၏။ သူတော်ကောင်းပုဂ္ဂိုလ်များအားလုံးတို့အား မြင့်မြတ်သောအလုပ်ဖြစ်သည့် ပရဟိတပါရမီမြောက်သောအလုပ်ကို လုပ်ကိုင်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သပါသည်။ မြင့်မြတ်သောအလုပ်ကိုလုပ်မှ မြင့်မြတ်သူဖြစ်နိုင်သည်။ ပါရမီမြောက်သောအလုပ်ဖြစ်ရေးတွင် အဇ္ဈတ္တအတွင်းအင်္ဂါတစ်ပါးဖြစ်သော မွန်မြတ်သော ရည်ရွယ်ချက်ရှိရမည်။ ဗဟိဒ္ဓအပြင်အင်္ဂါတစ်ပါးမှာ အပြစ်ကင်းသောအလုပ်ဖြစ်ရမည်။

အပြစ်ကင်း၍ မွန်မြတ်သော ရည်ရွယ်ချက်နှင့်ပြုလုပ်သော ပရဟိတအလုပ်သည် လောကကြီးအတွက် ဓမ္မဝါဒထွန်းကားရေး၊ လူ့အဖွဲ့အစည်းငြိမ်းချမ်းရေးအတွက်ဖြစ်သည်။ ပါရမီမြောက်သော မြင့်မြတ်သောအလုပ် ဖြစ်ပေသည်။

အဓမ္မဝါဒထွန်းကားရေးအတွက် လူ့အဖွဲ့အစည်းမငြိမ်းချမ်းရေး၊ ဆူပူမငြိမ်သက်အောင်၊ လုပ်သားပြည်သူများအထိ ဒုက္ခရောက်စေရန် လုယက်ခိုးဆိုး၊ လူစည်ကားရာ ပတ်ဝန်းကျင်မှာပင် လူသတ်မှုကို ရဲရဲဝံ့ဝံ့လုပ်နေကြသူများ၊ နေအိမ်ထဲဝင်၍ မိသားစုများကို အစုလိုက်သတ်သွားသော၊ လူမဆန်သော၊ အကြင်နာတရားဆိုတာ ဘာမှန်းမသိသော လူအန္တများနှင့်မတွေ့မကြုံမဆုံရစေကြောင်း ပြည်သူလူထုအားလုံးအတွက် စေတနာ၊ မေတ္တာ၊ ကရုဏာတရားများဖြင့် ဆုတောင်းမေတ္တာများပို့သလိုက်ပါသည်။

ခုနစ်ရက်သားသမီးများ မသူတော်ပုဂ္ဂိုလ်များဘေးမှ မတွေ့မကြုံမဆုံကြဘဲ ကင်းဝေးကြပါစေ။

လူအချင်းချင်း ကိုယ်ချင်းစာနာတတ်ကြပါစေ။

ဆရာဦးစိန်လှိုင်(ကျိုက်ဖတ်)



www.burmeseclassic.com

www.burmeseclassic.com

# လျှောင်ဒတ်သင့်ခဲ့ရတဲ့ ဂျပန်-ကမာကုရကျောင်းဆင်းတုတော်ကြီး

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

ဒီနေ့ ဖူဂျီတောင်ခြေရင်းမှာရှိတဲ့ Akakara Gotemba စားသောက်ဆိုင် စားခဲ့ရတဲ့ နေ့လယ်စာကလည်း ခပ်ဆန်းဆန်းပါပဲ။ စားပွဲအလယ်မှာ ဂတ်(စ်)မီးဖို ချထားပြီး ကင်စား၊ ပြုတ်စား နှစ်မျိုးလုံးရတဲ့ BBQ-Hotpot အရောပါ။ အကင်၊ အပြုတ်တွေနဲ့တို့စားဖို့ ဆော့(စ်)တွေကလည်းကောင်းလှရဲ့။ ဒါပေမယ့် အချိန်ယူပြီး အေးအေးဆေးဆေးစားရတာ မဟုတ်လို့ ကင်ထားပြုတ်ထားတဲ့အသားတွေကျက်ဖို့၊ အရွက်တွေကျက်ဖို့စောင့်ရတာနဲ့ ဗျာများပြီး မနိပ်လှဘူး။ စားပွဲရှည်ကြီးဘေး တစ်ဖက်တစ်ချက်မှာ ကြမ်းပြင်ပေါ် ဖင်ချထိုင်ရတဲ့အနေအထားဖြစ်ပေမယ့် ကုလားထိုင်ပေါ် မှာထိုင်သလို ခြေချထားစရာ စားပွဲအောက်က နေရာဝှက်ကလေးရှိလို့တော်သေးရဲ့။

အဲဒီမြို့လေးကပြန်ထွက်လာတော့ မြို့ရဲ့လမ်းတစ်လျှောက်မှာ ကမယ်လီးသားပန်းခြုံတွေကို အများကြီးတွေ့ရလို့ပျော်သွားတယ်။ ငယ်ရွယ်စဉ်က Love and Death ဂျပန်အချစ်ဇာတ်ကားကို ကြည့်ဖူးကတည်းက မြင်ဖူးချင်ခဲ့တဲ့ပန်းပါ။ ဖူဂျီကို ကန်ရေပြင်ကနေမြင်နိုင်တဲ့ ကန်ကြီးတစ်ခုရှိရာကို သွားကြပါတယ်။ ဟွန်ရှူး (Honshu) ကျွန်းမှာရှိနေတဲ့ Ashi ကန်ကို သွားတာပါ။ ကျယ်ပြောလှတဲ့ကန်ကြီးထဲမှာ ရှေးခေတ်က အတိုင်း ရွက်တိုင်တွေ၊ ရွက်တွေပြင်ဆင်ထားတဲ့သင်္ဘောကြီးနဲ့ လှည့်လည်စီးကြပါတယ်။ ကန်တစ်ပတ်ပတ်မယ်ဆိုပေမယ့် ကန်ရဲ့ကွေ့လေးတစ်ကွေ့ကိုပဲပတ်ပြီး ခရီးတိုလေးသာစီးခဲ့ရတယ်။ အဲဒီကန်ထဲကနေ ဖူဂျီတောင်ကြီးကိုပြန်ကြည့်ရတာ အရသာရှိလိုက်တာ။ သင်္ဘောပေါ်ကဆင်းလာကြပြီး ကမာကုရမြို့ကို ကားနဲ့ ဆက်လက် ထွက်ခွာခဲ့ကြပါတယ်။

မွန်းလွဲပိုင်းလောက်မှာ ကမာကုရမြို့ကို စတင်ဝင်ရောက်ခဲ့တယ်။ ရာသီဥတုက မှိုင်းမှိုင်းပျပျနဲ့မို့ မိုးမရွာပါစေနဲ့လို့







ဂျပန်-ကမာကုရက ကြီးမားလှသော အထင်ကရ ကျောင်းဆင်းတုတော်ကြီး (၁၂၅၂)ရဲ့ပုံတော်များ




www.burmeseclassic.com

www.burmeseclassic.com






ဂျပန်-ကမာကုရက ကြီးမားလှသော
အထင်ကရ ကြေးဆင်းတုတော်ကြီး(၁၂၅၂)ရဲ့
ပုံတော်များ



ကမာကုရကြေးသွန်းဘုရားကြီးသို့ အဝင်လမ်း



ဂျပန်နိုင်ငံ၊ ကမာကုရကြေးသွန်းဘုရားကြီးသို့အဝင်




ဂျပန်နိုင်ငံ၊ ကမာကုရကြေးသွန်းဘုရားကြီးသို့အဝင်


ဆုတောင်းရပါတယ်။ မြို့က ရှေးဟောင်းမြို့ပီသစွာ ခေတ်မီတိုက်တာအမြင့်ကြီးတွေမရှိလှပါဘူး။ လမ်းဘေးတွေမှာ တစ်ထပ်အိမ်၊ နှစ်ထပ်အိမ်၊ သစ်သားအိမ်လေးတွေလည်း ကြိုကြားတွေ့နေရပါတယ်။

ကမာကုရမြို့လေးရဲ့ ထိုင်တော်မူကမာကုရ (Kamakura) ကြေးသွန်းဘုရားဆင်းတုတော်ကြီးရှိရာလမ်းကိုဝင်လိုက်ကတည်းက ဓာတ်တိုင်တွေမှာ ဆင်းတုတော်ကြီးရဲ့ ပုံတော်တွေကို တန်းစီချိတ်ဆွဲထားပါတယ်။ ဘာသာမဲ့တွေများလာတဲ့ဂျပန်မှာ ဗုဒ္ဓဘာသာကို ခိုင်ခိုင်မြဲမြဲအမြစ်တွယ်နေတာ တွေ့နေရဆဲဖြစ်တာကတော့ ကျေနပ်စရာပါ။ ဂျပန်မှာ 'ထေရ' ဆိုတဲ့အမည်နဲ့ ဘုန်းကြီးတွေဖွင့်လှစ်တဲ့ကော်ဖီဆိုင်လေးတွေပေါ်လာပြီး ဗုဒ္ဓဘာသာဘုန်းကြီးတွေက မီးခိုးရောင်သင်္ကန်းတကားကားနဲ့ ကိုယ်တိုင်စားပွဲလည်းထိုး၊ ဗုဒ္ဓတရားတွေကိုလည်း


www.burmeseclassic.com




ကမာကုရကြေးဘုရားကြီးအား ပူဇော်ထားတဲ့ ကြေးသပိတ်တော်



ကမာကုရကြေးဘုရားကြီးအား ပူဇော်ထားတဲ့ ကြေးပန်းအိုး



ကမာကုရကြေးဘုရားကြီးအား ပူဇော်ထားတဲ့ ကြေးမီးတိုင်




ကမာကုရကြေးသွန်းဘုရားကြီးသို့ အဝင်လမ်း

ဆွေးနွေး ဟောပြော အကြံပေးနေကြသတဲ့။ အများစုကတော့ အသက်(၄၀)ဝန်းကျင် အမျိုးသမီးတွေအလာများသတဲ့။ ဂျပန်ဗုဒ္ဓဘာသာဘုန်းကြီးတွေဟာ အသားလည်းစား၊ ဆာကေးအရက်လည်းသောက်နိုင်ပြီး အိမ်ထောင်လည်းပြုနိုင်၊ ကိုယ်ပိုင်ကဖေးဆိုင်တွေ၊ ဂေါ့(ဖ်)ပစ္စည်းအရောင်းဆိုင်တွေလည်း ပိုင်ဆိုင်ကြပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေလည်း လုပ်နိုင်သတဲ့။ အဲဒီလို ပိုင်ဆိုင်လုပ်ကိုင်မှုလည်း ဘာသာရေးကို သူတို့ဆက်လက်လုပ်နိုင်မှာပါတဲ့။ အခုတော့ အင်တီခေတ်ကြီးနဲ့အညီ စက်ရုပ်ဘုန်းကြီးရုပ်လေးတွေတောင်ထားပြီး တရားဟောနေကြရပါပြီ။ ဒါတောင် မနှစ်က ဗုဒ္ဓဘာသာဝင်တွေဟာ (၇%) လျော့ပါးသွားပြန်သတဲ့။ ကမာကုရမြို့နေလူဦးရေဟာ ၂၀၀၅ ခုနှစ်မှာ (၁၇၁,၁၅၈) ဦး၊ ၂၀၀၇ ခုမှာ (၁၇၅,၉၀၂) ဦးရှိပါတယ်။

## ❑ ကမာကုရ (Kamakura)

ကမာကုရဟာ ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းပေါ်ရှိ ကနာဂဝါ (Kanagawa-ken) စီရင်စု၊ တိုကျိုရဲ့အနောက်တောင်ဘက် (၄၅) ကီလိုမီတာ၊ (၂၈)မိုင်အကွာမှာတည်ရှိပါတယ်။ ပစိဖိတ်သမုဒ္ဒရာရဲ့ ဆာဂါမိ (Sagami) ပင်လယ်အော်ပေါ် ယိုကိုဟားမားရဲ့ တောင်ဘက်မှာတည်ရှိပြီး အဲဒီကို မီးရထားလမ်းနဲ့ဆက်သွယ်ထားပါတယ်။ The Miuraကျွန်းဆွယ်ရဲ့ အနောက်ဘက်အခြေမှာတည်ရှိပြီး ယင်းရဲ့သုံးဖက်မှာ တောင်ကုန်းတွေဝန်းရံထားပြီး တောင်ဘက်မှာတော့ သဲမွမွသောင်ကမ်းခြေတွေပါ။ ကမာကုရကို The Minamoto Clan ရဲ့ မြို့တော်အဖြစ် ၁၁၈၀ ပြည့်နှစ်မှာ ထူထောင်ခဲ့တဲ့တိုင်



ကမာကုရကြေးသွန်းဘုရားကြီးရဲ့ ကျောဘက်

အောင် သေးငယ်တဲ့ တံငါရွာလေးပါ။ အဲဒီနောက် ယင်းဟာ ဂျပန်ရဲ့ဒုတိယမြို့တော်အဖြစ် နှစ် (၃၀၀) လောက် နိုင်ငံရေးအခြေအနေကိုထိန်းထားခဲ့ပါတယ်။ ပြည်တွင်းစစ်တွေဟာ ဒီလှိုင်းတွေလိုတက်လာခဲ့ပြီး တိုကူဂါဝါ (The Tokugawa) ကာလ (၁၆၀၃-၁၈၆၇) အတွင်းမှာတော့ မီးသင့်လို့ အကျဘက်ကိုဆင်းသွားပြန်တယ်။ အဲဒီအချိန်အတွင်း နန်းဆောင်တွေ၊ ဘုရားကျောင်းတွေနဲ့ ဆွေကြီးမျိုးကြီး(Nobles)တွေရဲ့ နေထိုင်ရာတွေကို တည်ဆောက်ခဲ့ပြီး မြို့ဟာ ခရီးသွားဌာနတစ်ခု ဖြစ်လာခဲ့တယ်။



www.burmeseclassic.com


www.burmeseclassic.com




ကမာကုရကြေးသွန်း ဘုရားကြီးသို့အဝင်မုခ်မှ အစောင့်နတ်ရုပ်များ




ကမာကုရကြေးသွန်း ဘုရားကြီးသို့အဝင်မုခ်မှ အစောင့်နတ်ရုပ်များ



ကမာကုရကြေးဘုရားကြီးရဲ့ ကိုယ်လုံးတော်အတွင်းပိုင်းသို့ ဝင်ရောက်စဉ်



ကမာကုရကြေးဘုရား ကြီးရဲ့ကိုယ်လုံးတော် အတွင်းပိုင်းသို့ ဝင်ရောက်စဉ်



ကမာကုရကြေးဘုရားကြီးရဲ့ ကိုယ်လုံးတော်အတွင်းပိုင်းသို့ ဝင်ရောက်စဉ်




ကမာကုရကြေးဘုရားကြီးဘေး ဂေါပကရုံးခန်းမှ ဘာသာရေးပုံကားချပ်များ


အနီးအပါးကရွာတွေလည်း ၁၉၃၉ ခုနဲ့ ၁၉၄၈ ခုမှာ တရားဝင်ပေါင်းစည်းလာပြန်တယ်။ မော်ဒန်ကမာကုရဟာ မူလကပဲ ပင်လယ်နားက အပန်းဖြေစခန်းတစ်ခုနဲ့ လူနေဒီစတြိတ်ပါ။

ကမာကုရဟာ သမိုင်းဝင်နေရာနဲ့ အပန်းဖြေအစခန်းတစ်ခုအဖြစ် တာဝန်တွေရှိလာပြီး ယိုကိုစုက (The Yokosuka) မီးရထားလိုင်းတစ်လျှောက်မှာလည်း လူနေထိုင်ရာ ဒီစတြိတ်ဖြစ်လာတယ်။ ကမာကုရရှိုဂန် (Shogunate) နေ့များထဲက များပြားလှစွာသောဘုရားကျောင်းတွေနဲ့ အဆောက်အအုံတွေကို ထိန်းသိမ်း စောင့်ရှောက်ထားခဲ့တယ်။ (The O-funa) နယ်မြေဟာ ၁၉၄၅ ခုနောက်ပိုင်းမှာ စက်မှုအားဖြင့်လည်း တိုးတက်လာခဲ့တယ်။ မြို့ရဲ့အထင်ရှားဆုံးဖြစ်တဲ့ ကြေးဗုဒ္ဓဆင်းတုတော်ကြီး (The Great Buddha)၊ ဒိုင်ဘူစု (Daib-

www.burmeseclassic.com

utsu)အပါအဝင်(The Kencho)နဲ့ (Engaku Temples) ဘုရားကျောင်းတွေနဲ့ ကရွှဏာနတ်ဘုရားမ (The Kannon) ရုပ်တု တို့လည်းရှိနေပါတယ်။ ကမာကုရမြို့မှာ ၁၉၅၁ ခုနှစ်ကတည်ထောင်တဲ့ ကမာကုရပြတိုက်နဲ့ မော်ဒန်အနုပညာရဲ့ ကမာကုရစီရင်စုပြတိုက်တွေအပါအဝင် ပြတိုက်များစွာတည်ရှိပါတယ်။ အနီးအပါးက လူကြိုက်များတဲ့ Yui-ga-hama နဲ့ Shic-hiri-ga-hama ကမ်းခြေတွေကလည်း ထောင်ပေါင်းများစွာသော ခရီးသွားတွေကို ဆွဲဆောင်နေရဲ့။

ကမာကုရဘုရားကြီးနဲ့နီးလာတာနဲ့အမျှ လမ်းတစ်လျှောက်မှာ ဘုရားပွဲဈေးတန်းလို ဆိုင်လေးတွေအများကြီး တွေ့လာရပါတယ်။ ကမာကုရဘုရားပုံတော်လေးတွေ၊ ပန်းချီကား၊ ဓာတ်ပုံကားချပ်တွေ၊ ယပ်တောင်လေးတွေ ချိတ်ဆွဲထားတာလှမ်းတွေ့နေရတယ်။ ကမာကုရဒေသမှာထင်ရှားတဲ့ ယွန်းနဲ့ပန်းပုစပ်ထား



ကမာကုရကြေးသွန်းဘုရားကြီးရဲ့ကြာပလ္လင်တော်မှ ကြာဖတ်များ




ကမာကုရကြေးသွန်းဘုရားအဝင်မှာ သန့်စင်ဖို့ထားတဲ့ ရေကန်လေး



ကမာကုရကြေးသွန်းဘုရားကြီးသို့ အဝင်လမ်း



ကမာကုရကြေးဘုရားကြီးဘေး
ကော်ရစ်ဒါနံရံမှ မြက်ဖိနပ်ကြီး



ကမာကုရကြေးသွန်း ဘုရားကြီးပရိဝုဏ်မှပြန်အထွက်



www.burmeseclassic.com

www.burmeseclassic.com



ကမာကုရမြို့လေးမှ ယိုကိုဟားမားမြို့သို့အရောက်




ကမာကုရမြို့လေးမှ
ယိုကိုဟားမားမြို့သို့အရောက်



ကမာကုရကြေးဘုရားကြီးရဲ့
ကိုယ်လုံးတော်အတွင်းပိုင်းသို့ ဝင်ရောက်စဉ်



ကမာကုရကြေးသွန်းဘုရားကြီးအနီး လမ်းဘေးမှ ဗိသုကာပုံဆန်း သန့်စင်ခန်း




ဂျပန်နိုင်ငံ၊ ကမာကုရကြေးသွန်းဘုရားကြီးသို့အဝင်

တဲ့ ရိုးရာလက်မှုပညာတစ်ရပ်ကို သတိရလိုက်ပါတယ်။

၁၃ ရာစုကတည်းက ယွန်း (Iacquerware)ထုတ်လုပ်မှုဟာ ဒီဒေသရဲ့လက်မှုပညာတစ်ခုဖြစ်ပြီး လုပ်ကိုင်လာခဲ့ကြတယ်။ ဗုဒ္ဓဘာသာပန်းပုတွေနဲ့ ယွန်းပညာတစ်ရပ်ကို ပေါင်းစပ်ကာ မူဟန်တစ်မျိုးနဲ့ တိုးတက်လာခဲ့တဲ့ ကမာကုရ (-bori) နည်းပညာတွေကို သုံးထားတဲ့ ကျေးလက်ရိုးရာအနုပညာကိုလည်း ထိန်းသိမ်းထုတ်လုပ်နေဆဲပါ။

**□ ကမာကုရ ဘိုရီ (Kamakura-bori)**

ဂျပန်လို ကမာကုရဘိုရီဟာ ကမာကုရပန်းပု(Kamakura Carving) လို့ အဓိပ္ပာယ်ရပါတယ်။ လိုချင်တဲ့ဒီဇိုင်းပုံကို သစ်သားကနေထွင်းထုယူပြီး အဲဒီနောက် ဂျပန်ယွန်းထည်နည်းပညာအရ ယွန်းအနီနဲ့ အနက်ရောင်တွေထုတ်ထားတာဖြစ်ပါတယ်။ မူရင်းကဒါဟာ Tiao-



www.burmeseclassic.com

www.burmeseclassic.com

ch'i လို့ခေါ်ခေါ်တဲ့ တရုတ်ပန်းပု-ယွန်း (Carved Iacquer) တစ်မျိုးကို တုပထားတာပါ။ ဂျပန်လိုတော့ Tsuishu လို့ခေါ်ပါတယ်။ အဲဒါမှာ များစွာသော ယွန်းအလွှာတွေကို အမြဲလိုအရောင်များစွာနဲ့ အတော်အသင့်ထူတဲ့အထူတစ်ခုအဖြစ်သို့ တည်ဆောက်ယူပြီး အဲဒီနောက် အလိုရှိရာ တစ်ဖက်ဖောင်းကြွ (Relief) ဒီဇိုင်းကိုရဖို့ တစ်ဖန်ပြန်ပြီး ဖြတ်ထုတ်ရပါသေးတယ်။ အလားတူ အဲဒီမှာ သစ်ကို ထွင်းထုပြုလုပ်ပြီး ဟင်္သပဒါး (Vermilion) ယွန်းနဲ့တပ်အုပ်ပိုးခဲ့တဲ့ တရုတ်နည်းပညာတစ်ရပ်လည်းဖြစ်ထွန်းခဲ့ပြီး သင်းကနေ ဉာဏ်ကွန့်မြူးပြီး ကမာကုရဘိုရီအတွက် စိတ်ကူးရခဲ့ဟန်တော့မရှိပါဘူး။

တရုတ်ယွန်းထည်ဟာ ဂျပန်ကမာကုရခေတ် (The Kamakura period) (၁၁၉၂-၁၃၃၃) မှာ ဖက်ရှင်တစ်ခုဖြစ်ခဲ့ပြီး ကမာကုရဘိုရီဟာ အဲဒီခေတ်ရဲ့နောက်ပိုင်းမှာ အစပြုခဲ့ပါတယ်။ အစောဆုံးမှတ်တမ်းမှတ်ရာအဖြစ်တည်ရှိနေဆဲနမူနာတွေထဲကတစ်ခုဟာ တိုကျို (The Nanzen Temple) ဘုရားကျောင်းက ၁၄ ရာစု သို့မဟုတ် ၁၅ ရာစုအစောပိုင်းကလို့ယုံကြည်ရတဲ့ ပန်းရောင်၊ အဖြူနဲ့ အနီအပွင့်ပိုင်းလေးတွေပွင့်တဲ့ ပျိုနီပန်းအဆင်(Peony)နဲ့ အမွှေးတိုင်ထည့်ဘူး (Incense Container) ပါ။ အလားတူပဲ The Tiao-Ch'iနည်းပညာရဲ့လွှမ်းမိုးမှုတစ်ခုကို The Muro-machi ကာလ (၁၃၃၈-၁၅၇၃)နောက်ပိုင်းကလို့ ကာလသတ်မှတ်ရတဲ့ ကမာကုရဘိုရီသေတ္တာကြီး (Chests) နဲ့ အံဆွဲအဆင့်ပါ ဗီရို (Cabinets)တွေမှာလည်းမြင်နိုင်ပါတယ်။ မင်မင်းဆက် (The Ming Dynasty)၊ The Chia-Ching period) (၁၅၂၂-၆၆) ခေတ်တရုတ်အနုပညာရှင်တွေဟာ အနီနဲ့အစိမ်းယွန်းအလွှာတွေကိုဖြတ်ထုတ်ယူပြီး ပန်းပွင့်အနီနဲ့ အရွက်စိမ်းတွေလုပ်ဖို့ သုံးခဲ့ကြတယ်။ ကမာကုရ-ဘိုရီပုံစံမှုတွေမှာ အနီရောင်ယွန်းအုပ်ထားတဲ့ပန်းတွေ၊ အစိမ်းရောင်ယွန်းအုပ်ထားတဲ့အရွက်တွေပါတဲ့သစ်ထွင်းဒီဇိုင်းတစ်ခုပါဝင်တယ်။


စဉ်းစားလို့ ပေးမောလို့ကောင်းနေတုန်းမှာပဲ ကမာကုရဘုရားကြီးဘေးလမ်းတစ်လမ်းက ကားရပ်နားစခန်းမှာ ကားရပ်လိုက်ပါတယ်။ ကားလမ်းပေါ်ကထောင် အတော်လှတဲ့သန့်စင်ခန်းတစ်ခုတွေ့လိုက်ရလို့ ခရီးသည်အားလုံး အလျှိုအလျှိုဝင်လိုက်ကြတယ်။ မြို့အလှလည်း



ငလျင်ဒဏ်ခံ ကမာကုရ ကြေးဘုရားကြီးအား သိပ္ပံနည်းကျပြန်လည်ပြုပြင်ထိန်းသိမ်းပုံများ



ငလျင်ဒဏ်ခံ ကမာကုရ ကြေးဘုရားကြီးအား သိပ္ပံနည်းကျပြန်လည်ပြုပြင်ထိန်းသိမ်းပုံများ




ငလျင်ဒဏ်ခံ ကမာကုရ ကြေးဘုရားကြီးအား သိပ္ပံနည်းကျပြန်လည်ပြုပြင်ထိန်းသိမ်းပုံများ



www.burmeseclassic.com

www.burmeseclassic.com

မပျက်တဲ့ ခေတ်မီဗိသုကာဒီဇိုင်းနဲ့မို့ ခေတ်ပုံတောင်ရိုက်ယူမိပါရဲ့။ အဲဒီက ထွက်တော့ လမ်းဖြတ်ကူးကာ ဘုရားဝင်းထဲ လမ်းလျှောက်ဝင်ခဲ့ကြတယ်။ ဧည့်သည်တွေအများကြီးပေမယ့် အတော့်ကို တိတ်ဆိတ်နေတာကလည်း ဘုရားရိပ်တရားရိပ်မို့ထင်ပါတယ်။ ကိုယ်တို့ဆီမှာလို့တော့ ဆူညံစွာအလှူခံနေတာမျိုးလည်းမရှိဘူးလေ။

ဘုရားပရဝဏ်ထဲအဝင်မှာတော့ ကျောက်ပြားပေါ်မှာ တစ်ဖက်ကြွထွင်းထုပြီးစိုက်ထူထားတဲ့ အရုပ်လေးတွေ တွေ့ရပါတယ်။ ကျောက်ရုပ်လေးတွေကို သင်္ကန်းစမဟုတ်ဘဲ ပိတ်ဖြူလေးတွေပတ်ပြီး လှူထားတာလည်းရှိရဲ့။ အဝင်မုခ်ပေါက်နားမှာပဲ ကမာကုရလမ်းညွှန်မြေပုံကြီးကိုစိုက်ထူထားပါတယ်။

သစ်သားတိုင်လုံးကြီးတွေနဲ့ မုခ်ပေါက်ကို ဖြတ်ဝင်ခဲ့ကြတယ်။ ဂျပန်မှာက ရိုးရာဟန်ကို အပြည့်အဝထိန်းသိမ်းကြတာမို့ ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်တဲ့တိုင် ခေတ်မီဆောက်လုပ်ရေးပစ္စည်းတွေ ဘာမှထည့်မသုံးထားပါဘူး။ မုခ်ပေါက်ရဲ့ တစ်ဖက်တစ်ချက်စီမှာတော့ ကြီးမားတဲ့နတ်ရုပ်နီနီကြီးတွေကို မျက်လုံးပြူးကြီးတွေနဲ့ တွေ့လိုက်ရပါတယ်။ မျက်နှာနဲ့ ကိုယ်လုံးကို အနီရောင်သုတ်ထားပြီး မျက်လုံးတွေကိုအဖြူရောင်ခြယ်ထားလို့ မျက်ထောင့်နီကြီးတွေနဲ့တော့ မဟုတ်ဘူးပေါ့။ လက်နက်ကိရိယာတွေကိုင်ဆောင်ပြီး ဘုရားဝင်းကိုစောင့်ရှောက်နေကြပါတယ်။ လက်ယာဘက်က နတ်ရုပ်ကြီးနဲ့ လက်ဝဲဘက်ကနတ်ရုပ်ကြီးတွေဟာ ကိုယ်နေဟန်ထား၊ မျက်နှာအမူအရာမတူညီကြပါဘူး။ အဓိပ္ပာယ်တစ်စုံတစ်ရာတော့ရှိမယ်ထင်ပါရဲ့။ ဒီနေရာမှာ လမ်းညွှန်ကောင်းရင်တော့ ခြားနားချက်ကိုသိရမှာဖြစ်ပါတယ်။

လက်ဝဲဘက်မှာတော့ အမိုးမိုးထားတဲ့ လေးထောင့်အုတ်ရေကန်လေးကို ရေအပြည့်နဲ့တွေ့ရတယ်။ ရိုးရာဝါးမှုတ်ကလေးတွေကို လက်ကိုင်ရှည်ရှည်လေးတွေတပ်ပြီးလည်း အုတ်ပေါင်ပေါ်မှာတင်ထားတယ်။ သောက်သုံးဖို့ရေမဟုတ်ဘဲ ဘုရားဝင်းထဲအဝင်မှာ လက်ဆေးသန့်စင်ဖို့ထားတဲ့ရေကန်ပါ။ အဲဒီရဲ့မလှမ်းမကမ်းမှာတော့ ကြေးသွန်းဘုရားကြီးနဲ့ဆိုင်တဲ့ အမှတ်တရပစ္စည်းတွေရောင်းတဲ့ဈေးတန်းလေးရှိပါတယ်။ လက်ဆောင်ပေးဖို့ ကြေးဘုရားလေးတွေဝယ်ရင် ဘုရားကြီးလေးက ဘုရားလူကြီးတွေရုံးခန်းကဆိုင်မှာဝယ် ဈေးပိုပြီးတော့ သက်သာတယ်လို့ကြားထားလို့ကျော်ပြီး လျှောက်လာခဲ့တယ်။ လူတွေများလှပေမယ့် အမှိုက်တစ်စမရှိ၊ ဆူညံခြင်းလည်း မရှိဘဲ အတော်တိတ်ဆိတ်တာကို သတိထားမိပါတယ်။ ဈေးသည်တွေကလည်း အလုအယက်မခေါ်၊ ဘုရားဖူးတွေကလည်း စည်းကမ်းတကျ ငြိမ်ဆိတ်လို့ ငြိမ်းချမ်းလိုက်တာ။ အလှူခံမဏ္ဍပ်နဲ့ အလှူခံပုံး၊ ဘုရားလူကြီးတွေရဲ့ တစာစာအသံတွေကိုပဲ လွမ်းရတော့မလိုလိုဖြစ်မိရဲ့။

ဘုရားဝင်းကြီးက အတော်ကျယ်လှပြီး စိုက်ပျိုးထားတဲ့သစ်ပင်ပန်းပင်တွေကလည်း စနစ်ကျလှပါတယ်။ ခင်းထားတဲ့ကျောက်တုံးလေးတွေ၊ ကျောက်ပြားညီညီကြီးတွေကလည်း သဘာဝအလှကို အပြည့်အဝပေးနေရဲ့။ ကြွေပြားခင်းတာတွေ၊ စတီး(လ်)လက်ရန်းတွေ လုံးဝမသုံးထားပါဘူး။ အရံအတားလုပ်တာတွေကိုလည်း ဝါးတွေ၊ အုန်းဆံကြိုးတွေနဲ့သာ ချည်နှောင်တန်းထားကြတယ်။

ပရဝဏ်ရဲ့ညာဘက်အဝင်ပေါက်ဘေးမှာတော့ ကျောင်းဆောင်တစ်ဆောင်တွေ့ရပြီး အဝမှာ ဗုဒ္ဓဘာသာအထွတ်အမြတ်ထားရာနေရာမို့ ကြည်ညိုသဒ္ဓါစိတ်နဲ့ ရိုသေစွာဝင်ထွက်သွားလာပါလို့ သစ်သားဆိုင်းဘုတ်လေးထိုးထားတာလည်း တွေ့ရပါတယ်။ Kotoku-In Monastry Kamakura ဘုန်းကြီးကျောင်းပါတဲ့။ ဘယ်ဘက်ကလမ်းအတိုင်းဝင်ခဲ့တော့ ထင်းရှူးပင်တန်းတွေ၊ အဲဒီအောက်မှာ ကမယ်လီးယားချုံလေးတွေက အဖြူရောင်၊ ပန်းရောင်ဖျော့နဲ့ အနီရောင်အပွင့်ကလေးတွေဝေလို့ပါ။ သစ်ပင်တစ်ပင်မှာတော့ ကြေးပြားဆိုင်းဘုတ်ကြီးနဲ့အတူ ထိုင်းနိုင်ငံကတော်ဝင်မိသားစုတွေ ဘုရားဖူးရောက်ကြောင်း၊ ဘုရင်သတ္တမမြောက်-ရာမမင်း (King Prajadipok) ၁၉၃၁ ခုကစိုက်ပျိုးပေးခဲ့တဲ့ ထင်းရှူးပင်ဖြစ်ကြောင်း မှတ်တမ်းတင်ထားတာ တွေ့လိုက်ရပါတယ်။ နောက်တစ်ပင်ကတော့ ယိုးဒယားမင်းသား အိမ်ရှေ့မင်းသား (Prince Vajiralon-gkorn) ၁၉၈၇ ခုနှစ်က ရောက်ရှိပြီး စိုက်ပျိုးပေးခဲ့တာပါ။

အစိမ်းရောင်ကြေးညိုတွေတက်နေတဲ့ ကမာကုရကြေးဆင်းတုကြီးကိုလှမ်းမြင်နေရလို့ ကျောက်လမ်းကိုသွက်သွက်လေးလျှောက်ခဲ့မိတယ်။ ဒီနေ့မှဖူးတွေ့ရမယ့် ဘုရားကြီးပေမယ့် နှစ်ပေါင်းများစွာထဲက အကြိမ်ကြိမ်မြင်ဖူးပြီးသားရုပ်ပုံတော်က အမြင်မှာမစိမ်းလှဘဲ ရင်းနှီးနေရဲ့။ ခဲသားရောင်ကောင်းကင်ကျယ်ကြီးရဲ့အောက် စိမ်းမှောင်မှောင်ထင်းရှူးတောရဲ့အလယ် ကျောက်စရစ်လွင်ပြင်ကျယ်ကြီးအဆုံးမှာ ဟင်းလင်းပွင့်နေတဲ့အမိုးအကာမဲ့ပလ္လင်တော်ထက်မှာ စံပွာယ်နေပုံက လုံးဝကို တည်ငြိမ်တော်မူလှပါတယ်။ မြဲဘ် - ဆင်းတုကြီးထိုင်တော်မူနေပုံကလည်း သမာဓိမုဒြာဟန်ခေါ် ဈာန်ဝင်စားနေဟန် ဈာနမုဒြာဟန်နဲ့ကိုး။

## ▫ ကမာကုရခေတ် (Kamakura Period) (၁၁၉၂-၁၃၃၃)


သမိုင်းအရ ဂျပန်ရဲ့ ပထမဆုံးသော စစ်ရေးအစိုးရတွေအခြေချခဲ့ရာအဖြစ် ကမာကုရဟာ အရေးပါခဲ့ပါတယ်။ ၁၁၈၀ ပြည့်မှာ မီနာမိုတိုမျိုးရိုးစု (The Minamoto Clan)ရဲ့(The Taira) ရန်းကန်မှုအတွင်း မီနာမိုတိုယိုရီတိုမို (Minamoto Yoritomo) က သူ့ရဲ့ဌာနချုပ်ကို ဒီနေရာမှာစတင်တည်ထောင်ခဲ့တယ်။ ၁၁၉၂ ခုမှာ သူ့ကို ရှိုဂန် (Shogun) သို့မဟုတ် ဗိုလ်ချုပ်ကြီး (General) အဖြစ် ခန့်အပ်ခံရပြီးတဲ့နောက်မှာ ကမာကုရကို သူ့နေပြည်တော်အဖြစ် သူထားရှိလိုက်တယ်။ ထို့အတူ ပတ်ပတ်လည်တောင်ကုန်းတွေက ကောင်းစွာကာကွယ်ထားတဲ့ ကမာကုရဟာ ကျိုတိုလို အင်ပါယာနိုင်ငံရဲ့နန်းတော် (The Imperial Court)မှလုံခြုံတဲ့အကွာအဝေးတစ်ခုမှာရှိနေပါတယ်။ ၁၂ရာစုရဲ့စစ်ပွဲ (The Warfare) က အန်မတုနိုင်တဲ့စွမ်းအားရှိစစ်ရေးပုဂ္ဂိုလ်(ဆာမူရိုင်း)တွေကို ယူဆောင်လာခဲ့ပြီး ဆာမူရိုင်းတွေရဲ့ အုပ်ချုပ်မှုကာလသစ်ဟာ စစ်စည်းကမ်းတွေနဲ့ အခြေပြုခဲ့တယ်။

ယိုရီတိုမိုကွယ်လွန်ပြီးနောက် ရှိုဂန်ရင်ခွင်ပိုက်(Shogunal Regents) အဖြစ် (The Hojo Clan)မျိုးရိုးစု အာဏာရယူခဲ့ပြီး ကမာကုရကို ယင်းရဲ့ အစိုးရအခြေစိုက်ရာအဖြစ်ဆက်ထိန်းထားခဲ့ပါတယ်။ ရှိုဂန်(The Shogunate) သူကောင်းပြုနိုင်တဲ့အာဏာရဲ့အားပေးမှုနဲ့ များစွာသောဘုရားကျောင်းနဲ့ နတ်ကွန်းအဆောက်အအုံတွေ အထူးသဖြင့် ဇင်ဘုရားကျောင်းတွေကို တိုးချဲ့ခဲ့ပါတယ်။ ၁၃၃၃ ခုနှစ်နောက်ပိုင်းမှာ ကမာကုရရဲ့ နောက်ဆုံးသော The Hojo ဟာ ဧကရာဇ် Go-Daigo ဦးဆောင်တဲ့ ဧကရာဇ်ကြို (The



www.burmeseclassic.com

www.burmeseclassic.com



ဘိုးမင်းခေါင်၏ ကမ္ဘာ့မဏ္ဍိုင်စေတီ (ခေါ်) ကပ်ကျော်ဘုရားကြီး



ကသာမြို့ရဲတပ်ဖွဲ့မှ လှူဒါန်းထားသော ရုပ်တော်မှုရုပ်ပွားတော်



ကသာမြို့ ဇေယျာချောင် တောင်ပေါ်ကျောင်း ပေါ်တွင်ရှိသော ကြေးဆင်းတုတော်


# ကသာမြို့ စိန်စေတီနှင့် ဘိုးမင်းခေါင်၏ကမ္ဘာ့မဏ္ဍိုင်စေတီ

## တည်ရှိရာ ကန်းတော်ကြီး ထူးခြားဖြစ်စဉ်များ

ကသာသင်းမွှေး

စာရေးသူသည် (ဦး) ညိုကိုနိုင်၏ စုဆောင်းပေးထားခြင်းကြောင့်လည်းကောင်း၊ အားပေးမှုကြောင့်လည်းကောင်း အောင်မင်းခေါင်ခေါ် ဘိုးတော်ဦးမင်းခေါင်ကိုယ်တိုင် ကသာမြို့နယ် ကပ်ကာရွာတွင် ကပ်ကျော်စေတီ တည်ထားခဲ့သည်ကို ရေးသားခဲ့ပြီး ဖြစ်ပါသည်။ ထို့အတူ အရှင်ကဝိန္ဒ(ပုပ္ပား) ရေးသားသော ပုပ္ပားတောင်မှ ကျွန်ုပ်တို့သိသော ဘိုးတော်မင်းခေါင်နှင့် သာသနာတွင်း၊ သာသနာပဝိဇ္ဇာမိုးရိမ်များစာအုပ် စာမျက်နှာ (၂၇-၂၈-၂၉) တွင်ပါရှိသော ဘိုးမင်းခေါင်နောက်သို့ ပုလိပ်နှစ်ယောက်လိုက်နေခြင်းအကြောင်းကို (ဦး)ညိုကိုနိုင်သိသော အကြောင်းတစ်ရပ်မှန်နှင့် စာရေးသူသိထားသည်တို့ကို ပေါင်းစပ်၍ (ယခင်လ) က ရေးခဲ့ပြီး ဖြစ်ပါသည်။ ထို့အတူ ထိုအကြောင်းအရာ ဆောင်းပါးအဆုံးတွင် ဘိုးမင်းခေါင်သည် ကသာသို့ ၁၂၉၉ ခုနှစ်တွင် ပြန်ရောက်လာပြီး ကသာမြို့ စိန်စေတီအနီး၌ ကမ္ဘာ့မဏ္ဍိုင်ဘွဲ့တော်ဖြင့် စေတီတစ်ဆူတည်ထားရန် တပည့်များအား အမိန့်ချမှတ်ခဲ့သည်ကို ရေးသား ဖော်ပြပါမည်ဟု ရေးသားခဲ့ပါသည်။

ထို့ကြောင့် (ဦး)ညိုကိုနိုင်နှင့်အတူ စိန်စေတီနှင့် ကမ္ဘာ့မဏ္ဍိုင်စေတီတည်ရှိရာ ဇေယျာချောင်တောင်ပေါ်ကျောင်းသို့သွားကြပါသည်။ ဇေယျာချောင်သည် ယခင်က ဇရစ်ချောင်းရပ်ကွက်ဟု အမည်တွင်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် တောင်၏အရှေ့ဘက်ပိန္နဲကုန်း (ယခင်ကရွာ) ကြားတွင် ဇရစ်ပင်များပေါက်ရာ စိမ့်တောကြီးရှိပါသည်။ ဟိုယခင်တုန်းက ရွာငယ်ဇနပုဒ်မျှသာရှိသော ဇရစ်ချောင်းရွာလေးဖြစ်ခဲ့ပါသည်။ မြေပုံအရ ဇရစ်ချောင်းလည်းရှိသဖြင့် ဇရစ်ချောင်းရွာဟု တွင်ခဲ့ခြင်း ဖြစ်ပါသည်။ နောက်ပိုင်းကျမှ တဖြည်းဖြည်းတိုးတိုးလာပြီး ဇရစ်ချောင်းအရှေ့ကုန်း၊ အနောက်ကုန်းဟူ၍ လည်းကောင်း၊ ထိုမှ ဇရစ်ချောင်း



ဘိုးမင်းခေါင်မှ အမည်ပေးခဲ့သော စိန်စေတီ (ခေါ်) အေးစေတီ (ခေါ်) ဦးစံပျော်စေတီအား ဖူးတွေ့ရပုံ (အရှေ့ဘက်တွင် ဘိုးမင်းခေါင်၏ ကမ္ဘာ့မဏ္ဍိုင်စေတီ ခေါ်ကပ်ကျော်ဘုရား)



www.burmeseclassic.com

www.burmeseclassic.com

စီးမြန်းနေတဲ့ ဘုရားရှင်ကို အားနာစရာလို့ ရယ်စရာတွေးမိပြီး တစ်ကိုယ်တော်အပြုံးကိုပြုံးမိရဲ့။ သိရိလင်္ကာက နာမည်ကျော် သမာဓိမုဒြာဟန် ကျောက်သားဆင်းတုတော်ဘေးမှာလည်း အခုလိုပဲ တိတ်တိတ်ဆိတ်ဆိတ်ရယ်ပါ။

ဆက်လက်ပြီး ဆင်းတုတော်ကြီးကို တစ်ဖက်လှည့်လည်ဖူးမြော်ရင်း လေ့လာပါတယ်။ ဘေးဘက်ကကြည့်ရင်တော့ ဘုရားရှင်ရဲ့ဦးခေါင်းတော်ဟာ ရှေ့သို့ ခပ်ငိုက်ငိုက်ရှိနေရဲ့။ မျက်နှာတော်ကို ဘေးတိုက်အောက်ကနေပင့်ကြည့်မှ စောစောကစိတ်ထဲမရှင်းတဲ့အချက်ကို ပီပီပြင်ပြင်မြင်တွေ့သိရှိလိုက်ရပါတယ်။ ပါးပေါ်ကအစင်းကြောင်းဟာ နှုတ်ခမ်းမွေးတန်းမဟုတ်ဘဲ ဆင်းတုတော်ရဲ့မျက်နှာတော်မှာ ပါးနဲ့မေးရိုးကို သီးခြားခွဲထုလုပ်ပြီး ပြန်လည်တပ်ဆင်ထားတဲ့ အဆက်အရေးကြောင်းကိုး။ အဲဒီဆက်ကြောင်းဟာ နားရွက်တော်အောက်ပိုင်းအထိ ဆက်သွားပါတယ်။ အနောက်ဘက်ကို မရောက်တရောက် ဘေးတည့်တည့်ကကြည့်မှ ဆင်းတုတော်ကြီးရဲ့ကိုယ်ထည်ကို အရစ်ခြောက်ရစ်ပိုင်းပြီး အလျားလိုက်အဆင့်ဆင့်ဆက်ထားတယ်ဆိုတာကို အထင်းသားမြင်လိုက်ရပေါ့။ နောက်ကျောဘက်တည့်တည့်ရောက်လို့မော့ကြည့်လိုက်တဲ့အခါ အောက်ဆုံးကနေရေတွက်ရင် ပဉ္စမမြောက်အဆက်မှာ ပေါင်းလောင်းဖောက်ပြီး ကြေးပြားတံခါးရွက်တွေဖွင့်ထားတဲ့ ပြတင်းနှစ်ပေါက်ကို တွေ့ရပါတယ်။ ကြေးပြားချောင်းအရှည်လေးတွေကို တိုင်လိုရက်ပြီးကာထားရဲ့။

ဆင်းတုတော်ကြီးရဲ့ လက်ဝဲဘက် ဒူးခေါင်းတော်နောက်နား မလ္လင်တော်အခြေမှာတော့ ပလ္လင်တော်ကဖြုတ်ထားဟန်ရှိတဲ့ စိမ်းပြာရောင်ဇရာမကြာဖတ်ကြီးတွေကို ပြသထားပါတယ်။ ကြာဖတ်တစ်ဖတ်ချင်းရဲ့မျက်နှာပြင်မှာ ဖောင်းကြွဂျပန်စာတွေနဲ့ပါ။ ဘာလို့များ ကြာဖတ်တွေကိုဖြုတ်ပြီး ပလ္လင်တော်ကို ပြောင်အတိုင်းထားလိုက်ရတယ်ဆိုတဲ့အဖြေကိုလည်း မကြာခင်သိလိုက်ရပါတယ်။ ကြာဖတ်တွေဘေးမှာတော့ လက်မှတ်ရုံလေးရှိပါတယ်။ ဆင်းတုတော်ကြီးရဲ့ကိုယ်လုံးတော်ထဲကိုဝင်ကြည့်ရင် ယန်း(၂၀)တန် လက်မှတ်ဖြတ်ရမယ်။ ကြာသလားလို့ ယန်းအကြွေစေ့တွေမွှေနှောက်ရှာလိုက်ပြီး လက်မှတ်ဝယ်လိုက်တယ်။ ပလ္လင်အောက်ခြေဘက်ကိုဆင်းသွားရပြီး ကြောင်လိမ်လှေကားလို လှေကားကျဉ်းလေးနဲ့ ကိုယ်လုံးတော်ထဲကိုဝင်ရတယ်။ အထဲမှာ ပေနှစ်ဆယ်ပတ်လည်အခန်းလောက်မို့ အတော်ကျယ်သားပါပဲ။ ကိုယ်လုံးတော်နောက်ကျောမှာ ဖောက်ထားတဲ့ပြတင်းနှစ်ပေါက်က အလင်းရောင်လည်းထိုးဝင်နေရဲ့။ အဲဒီပြတင်းပေါက်တွေကိုတက်ဖို့လှေကားနဲ့လျှောက်လမ်းပါထားရှိတယ်။ ဒူးခေါင်းတော်နှစ်ဖက်အပေါက်ဝကိုတော့ ခေါင်းလျှိုဝင်ကြည့်နိုင်ရဲ့။ ပလ္လင်တော်အထက်မှာတင်ထားတဲ့ကြေးကိုယ်ထည်ကြီးကို ထိန်းချုပ်ထားတာတွေကိုလည်း ပုံနဲ့တကွပြထားပါတယ်။ လည်ပင်းတော်အပေါက်ဝကိုတော့ သံဖရိန်ခွေတွေနဲ့ ပတ်ပြီးထိန်းထားတယ်။

ဆင်းတုကြီးရဲ့ဝမ်းဗိုက်တော်ထဲက ပြန်ထွက်လာပြီး လက်ဝဲဘက်မှာရှိတဲ့ ဂေါပကအရောင်းဆိုင်မှာ လက်ဆောင်ပေးဖို့ ဆင်းတုတော်လေးတွေ ကြေးရောင်၊ ငွေရောင်နှစ်မျိုးကို အကြီးအသေးစုံအောင် ဝယ်လိုက်ပါတယ်။ အဲဒီဆိုင်မှာ ပြခန်းလေးလိုလည်း ပြသထားလို့ လှည့်ပတ်ကြည့်မိတယ်။ ဆိုင်အစွန်းကနံရံမှာတော့ တစ်ယောက်အိပ်မွေ့ရာတစ်ခုစီလောက်ရှိတဲ့ ကော့ကရီး ဖိနပ်ထစ်ရန်ကို ချိတ်ဆွဲပြထားတယ်။ ဘာအဓိပ္ပာယ်လဲ။ အလှသက်သက်လား။သိချင်စိတ်ရှိပေမယ့် မေးရမယ့်သူမရှိလို့ ဘုရားဘက်ပြန်လှည့်ခဲ့တယ်။ ဘုရားကြီးကို ခဲသားရောင်ကောင်းကင်မှိုင်းမှိုင်းမှာ တည်ငြိမ်စွာ ဖူးတွေ့ရပြန်တယ်။

ခေတ်မီနည်းပညာတွေတိုးတက်လှပြီး အနုအလှကြိုက်တဲ့ဂျပန်တွေဟာ ဒီကြေးဘုရားကြီးကို လက်လက်ထနေအောင် ကြေးချွတ်ဆေးတွေနဲ့ပွတ်တိုက်ရောင်တော်မဖွင့်ဘဲ စိမ်းပြာပြာကြေးညှိတွေနဲ့သဘာဝအတိုင်းထားတာကလည်း အတော့်ကို ဆွဲဆောင်မှုရှိလှပါရဲ့။ ဒါပေမယ့် ဂျပန်တွေက ဆင်းတုတော်ကြီးကို လျစ်လျူရှုပစ်ပယ်ထားတာမဟုတ်ဘဲ အထူးဂရုစိုက်ပြီး ထိန်းသိမ်းစောင့်ရှောက်နေတာကိုလည်း မကြာခင်လက်တွေ့ တွေ့မြင်လိုက်ရပါတယ်။

အချိန်ရသေးတာမို့ ဘုရားကျောဘက်မှာလှမ်းမြင်ရတဲ့ ဂိုဒေါင်လို တစ်ဖက်ပွင့်ရုံတန်းကြီးဆီ လျှောက်သွားလိုက်တယ်။ အဲဒီရဲ့နံရံမှာ ဆင်းတုတော်ကြီး ငလျင်သင့်ခဲ့စဉ်က အဖြူအမည်းဓာတ်ပုံတွေ၊ ယနေ့ ပြန်လည်ပြင်ဆင်ပြီးပုံတွေ၊ ပြင်ဆင်ထိန်းသိမ်းစဉ်ကလုပ်ဆောင်ခဲ့ပုံအဆင့်ဆင့်ကိုဆွဲပုံဓာတ်ပုံတွေကို ရှင်းလင်းချက်တွေနဲ့တကွ ပြသထားတယ်။ ဒါက ကိုယ်တို့ရှေးဟောင်းသုတေသနသမားတွေအကြိုက်ပါပဲ။ တစ်ပုံချင်းကို အသေးစိတ်ဖတ်မကြည့်နိုင်လို့ ဓာတ်ပုံတွေပဲ ရိုက်ယူလိုက်တယ်။ တော်သေးရဲ့၊ ဓာတ်ပုံရိုက်ခွင့်မပြုဆိုတဲ့ စာတန်းလည်း မရှိလို့။ အဲဒီမှာ ရေးသားဖော်ပြထားတာတွေထဲက အချို့ကတော့ -

**၁။ ယခင်ငလျင်တွေကြောင့် ကမာကုရဘုရားကြီး (The Great Buddha) ကို ပျက်စီးစေမှု**

ကမာကုရဆင်းတုတော်ကြီးခေါ် ကမာကုရဒိုင်ဘုစု(Kamakura Daibutsu) ကို The Kencho Era (၁၂၅၂) ခေတ်ရဲ့ စတုတ္ထမြောက်နှစ်မှာ စတင်တည်ဆောက်ခဲ့ပါတယ်။ The Taisho Era (၁၉၂၅) ခေတ်ရဲ့ (၁၂) နှစ်မြောက်နှစ်၊ စက်တင်ဘာ ၁ ရက်က ကင်တို (The Kanto Plain) လွင်ပြင်ပေါ်မှာ လှုပ်ခတ်ခဲ့တဲ့ ကင်တိုငလျင်ကြီး (The Great Kanto) ကြောင့် ဒိုင်ဘုစုဘုရားကြီးဟာ အတော်ကလေးပျက်စီးခဲ့ရပါတယ်။ လူထုမှတ်တမ်းတွေမှာ ဖော်ပြညည်းတွားခဲ့သလို အောက်ခြေကနေပျက်ခဲ့ "The Base was damaged" တာပါ။

ကမာကုရမြို့တော်စာကြည့်တိုက်စုဆောင်းမှုများအရ ဆင်းတုတော်ကြီးရဲ့ရှေ့ဘက်ပိုင်းဟာ (၁၂)လက်မလောက်ရှိတဲ့ (Shaku)တစ်ခုမျှ မြုပ်ကျသွားပြီး ဒိုင်ဘုစုဟာ (Shaku) တစ်ခု သို့မဟုတ် ပိုပြီး ရှေ့သို့လျှောထွက်သွားခဲ့လို့ အခုအနောက်ဘက်ကို အနည်းငယ်မျှ မျက်နှာမူသွားရဲ့။ ဒါတင်မက နောက်ဆက်လာတဲ့နှစ် ဇန်နဝါရီ ၁၅ မှာ နောက်ဆက်တွဲငလျင်ကြောင့် ဒိုင်ဘုစုဟာ ဆက်လက်ပျက်စီးသွားရပြန်ပါတယ်။လူထုမှတ်တမ်းတွေမှာတော့ ဆင်းတုတော်ကြီးကို ထိခိုက်ပြန်ပြီး အောက်ခြေတောင်ထပ်မံပျက်စီးခဲ့တယ်လို့ ဖော်ပြထားတယ်။

**၂။ အတိက်က ပြန်လည်ပြုပြင်မှုနဲ့ ထိန်းသိမ်းခဲ့မှု**

အောက်ခြေကို သီးခြားခွဲထုတ်ဖို့ အောက်ခြေကို တွန်းရွှေ့လျှောထုတ်ပြီး ခွဲထုတ်မှုစနစ် (The Base Isolation System) လို့ခေါ်တဲ့စနစ်တစ်ခု ဖြစ်ပေါ်တိုးတက်လာခဲ့တယ်။ အဲဒီမှာ အောက်ခြေနဲ့ ဗုဒ္ဓဆင်းတုတော်ကြီးဟာ သီးခြား

www.burmeseclassic.com




ဖြစ်သွားခဲ့တာကြောင့် ဆင်းတုတော်ဟာ အဓိကငလျင်ကြီးတစ်ခုလှုပ်တဲ့အခါမှာ မြေငလျင်သက်ရောက်မှု (Seismic Effects) တွေကိုလျှော့ချဖို့ ရေမြင်ညီအတိုင်း လျှောထွက်သွားပါလိမ့်မယ်။ အဲဒီနောက် တိုကျိုတက္ကသိုလ်က ငလျင်သုတေသနသိပ္ပံ(Research Institute)မှ ပါမောက္ခ ဒေါက်တာကာဝါဆုကီ (Dr. Kawa-Suki)ရဲ့ဖော်ပြချက်အရ အောက်ခြေခွဲထုတ်မှုစနစ်ရဲ့ တည်ဆောက်မှုကိုပါတဲ့ ကွန်ကရစ် (Ferroconcrete) အားဖြင့် အားဖြည့်ထားတဲ့အခြေတစ်ခုနဲ့အတူစတင်တယ်။ အဲဒီပေါ်မှာ ဂရင်းနိုက်ကျောက်တုံးတစ်တုံးကို တင်ထားလိုက်ပြီး အဲဒီနောက် ယင်းအပေါ်ကမှ သံကြေးမတက်တဲ့ ဘုတ်ပြားတစ်ခုကို နေရာချထားခဲ့တယ်။ အဓိကငလျင်တစ်ခုလှုပ်ခတ်တဲ့အပေါ်မှာ ဂရင်းနိုက်ကျောက်တုံးဟာ သံကြေးမတက်တဲ့ ဘုတ်ပြားကိုဆန့်ကျင်ပြီး ရွေ့လျားသွားတာ ဗုဒ္ဓဆင်းတုတော်ရဲ့ ဖွဲ့စည်းပုံဆိုင်ရာအလုတ်အစီးတွေကို လျှော့နည်းစေဖို့ မျှော်လင့်ခဲ့တယ်။

**သက်ရှိထိန်းသိမ်းမှုနဲ့ပြန်လည်ပြုပြင်မှု**

ရှိုးဝါ (The Showa) က အဓိကငလျင်ကြီးတစ်ခုလှုပ်ခတ်ခဲ့ရင် ကြံ့ကြံ့ခံနိုင်ဖို့ အဓိကပြန်လည်ပြုပြင်ရေးအစီအမံတွေလုပ်ခဲ့တယ်။ အောက်ခြေခွဲထုတ်မှုစနစ်တစ်ခုအပါအဝင် ဖိုင်ဘာအားဖြည့်ပလတ်စတစ်(Fiber-reinfo-rced Plastic) (FRP) အသုံးပြုခြင်းနဲ့ ဆင်းတုတော်ကြီးရဲ့ လည်ပင်းပတ်ပတ်လည်အပိုင်းကို ကြံ့ခိုင်လာဖို့လုပ်တယ်။ အဲဒီနောက် မြေအခြေအနေ (State-of-The Earth) ကို နည်းပညာတွေသုံးပြီး လေ့လာကာ ဗုဒ္ဓဆင်းတုတော်ကြီးကို ကာကွယ်ခဲ့ကြတယ်။ အဲဒီအချိန်မှာ ဖွံ့ဖြိုးတိုးတက်နေတဲ့ဒီဇိုင်းအရ ဒီလိုလုပ်ဆောင်မှုတွေ ဆက်လက် လုပ်ရှားဆောင်ရွက်နေဆဲဆိုတာ အခုတိုင်အောင်မသိကြဘူး။ ဒီအခွင့်အရေးကိုယူပြီး သစ်သားအဆောက်အအုံတွေအတွက် အသုံးပြုမြဲဖြစ်တဲ့ (၀. ၀၁) မီလီမီတာထက်မပိုတဲ့ လှုပ်ခွင်တစ်ခုရဲ့တုန်ခါမှုနဲ့ အလွန့်အလွန်ကို သေးငယ်တဲ့ (Microtremors) လေးတွေကိုတောင် တိုင်းတာမှုတွေလုပ်နိုင်တဲ့ ပစ္စည်းကိရိယာတစ်ခုသုံးပြီး သာမန်အချိန်တွေမှာ ဗုဒ္ဓဆင်းတုတော်ကြီး ဘယ်လိုလှုပ်ခါတယ်ဆိုတာကိုတွက်ချက်စိစစ်ကြပါတယ်။ ထို့မှမက ကြည့်ရှုလေ့လာရေး ဖန်မျှင်နန်းကြိုး (Fibre-scope) တစ်ခုသုံးပြီး အောက်ခြေပတ်ပတ်လည်မှထိုးသွင်းခဲ့ကာ အကယ်လို့ အောက်ခြေခွဲထုတ်မှုစနစ်အလုပ်လုပ်နေမနေနဲ့ သံကြေးမတက်တဲ့ဘုတ်ပြားမျက်နှာပြင်ရဲ့ အခြေအနေတွေကို စစ်ဆေးကြည့်နိုင်ခဲ့ပါတယ်။ ဒါတွေဟာ အသေးအမွှားတုန်ခါမှု (Microtremor Survey) နဲ့ အောက်ခြေခွဲထုတ်မှုစနစ် (Survey of The Base Isolation Sys-tem) တွေကို ဆန်းစစ်-လေ့လာ-သုံးသပ်နေမှုတွေပါ။

ဩော် - ဒါ့ကြောင့်လည်း ဆင်းတုတော်ကြီးနဲ့ ပလ္လင်တော်ကို ငလျင်ဒဏ်ကြောင့် ထိခိုက်မှုနည်းပါးရလေအောင် ရွှေ့လျားနိုင်တဲ့ အောက်ခံနဲ့လုပ်ထားတာကိုး။ (အဲဒီတုန်းက ရှေးဟောင်းသုတေသနသမားတစ်ဦးအနေနဲ့ လေ့လာခဲ့တာပေမယ့် အခုအခါ ပုဂံငလျင်ကြီးထပ်မံဖြစ်ပေါ်ခဲ့ချိန်မို့ အလှူရှင်များပြန်လည်ပြုပြင်မှုတွေလုပ်တဲ့အခါ ငလျင်ပညာရှင်၊ အင်ဂျင်နီယာ၊ သတ္တုဗေဒကျွမ်းကျင်သူ၊ သမိုင်းပညာရှင်၊ ရှေးဟောင်းသုတေသနသမားတွေ ပူးပေါင်းလုပ်ဆောင်နိုင်ဖို့ ဒီဆောင်းပါးကို အမြန်ပြန်ရေးမိပါတယ်။)

ချယ်ရီပင်အုပ်နဲ့ ကမယ်လီးယားချုံတွေဘေးကနေ ကမာကူရဘုရားကြီးမှပြန်လည်ထွက်ခဲ့ပြီးနောက် ကားကြီးကို ယိုကိုဟားမားမြို့သို့ ဆက်လက်ခရီးနှင်ပါတယ်။ ရောက်ဖူးချင်မိတဲ့ဂျပန်နိုင်ငံကို ရောက်ရတဲ့အပြင် ဖူးချင်လှတဲ့ကြေးဆင်းတုတော်ကြီးကို မျက်မြင်ဖူးတွေ့ခဲ့ရုံသာမက မမျှော်လင့်ဘဲ ကိုယ်လုံးတော်ထဲသို့ ပါဝင်ကြည့်နိုင်ခဲ့တာကို ကျေနပ်ကြည်နူးနေမိပါတယ်။ အချိန်က ညနေစောင်းနေပါပြီ။ ယိုကိုဟားမားကိုရောက်တော့ ဆိပ်ကမ်းနားကပန်းခြံအနီးမှာ ကားကြီးကို ခေတ္တကားရပ်ပါတယ်။

လှပလွန်းတဲ့ပန်းခြံထဲကို မှောင်ရီဖျိုးဖျမှာ အပြေးအလွှားလေ့လာရတယ်။ ရေပန်းတွေ၊ ရုပ်တုတွေ၊ ကျူးလစ်ပန်း-ပီကျူးနီးယား၊ ဂန္ဓမာ စတဲ့ပန်းခင်းရောင်စုံတွေနဲ့ အတော်လှပတဲ့ပန်းခြံပါ။ ပန်းခြံအလယ်မှာတော့ ရေအိုးပိုက်ထားတဲ့ မြေသားရောင် အမျိုးသမီးငယ်ရုပ်တုရှိပါတယ်။ ရုပ်တုပတ်လည်မှာ ရေပန်းတွေ တဖွားဖွားပန်းထွက်နေတဲ့ ရေကန်ဝိုင်းလေး။ ရေကန်ရဲ့ပေါင်မှာတော့ စာအုပ်တစ်အုပ်ဖွင့်ထားသလို ဒီဇိုင်းဖော်ထားတဲ့ ကျောက်သားချပ်ကြီးရှိပြီး မှတ်တမ်းတွေ ရေးထိုးထားတယ်။ ပန်းခြံရဲ့နောက်မှာတော့ ရေပြင်နဲ့ သင်္ဘောတွေဆိုက်ကပ်ထားတဲ့ဆိပ်ကမ်းရှိရဲ့။ သင်္ဘောတွေမှာလည်း မီးရောင်စုံတွေထွန်းညှိလို့ သီတင်းကျွတ်နေသလိုပါပဲ။ ကိုယ့်ရင်ထဲမှာလည်း ပီတိစိတ်တွေနဲ့ကြည်နူးမှုမီးရှူးမီးပန်းတွေ တဖွားဖွားဖြာထွက်နေပေါ့။

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)

**စာကိုး -**

Encyclopædia Britannica, 2005.



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းဝင်း(လွန်ဆေး)

# တောဖရုံဆေးရွက်နှင့်လေးဖက်နာ

လေးဖက်နာရောဂါသည် အသက်အပိုင်းအခြားမရှိ၊ အသက်အရွယ်မရွေး ဖြစ်တတ်သောရောဂါဖြစ်သည်။လေ့လာသိရှိရသမျှ လေးဖက်နာရောဂါ (၃)မျိုးရှိပါသည်။

ငင်းတို့မှာ -

၁။ ပိုးလေးဖက်နာ (Rhematic Fever -RF) ပိုးကြောင့်ဖြစ်သောလေးဖက်နာဖြစ်သည်။နောက်ဆက်တွဲအနေဖြင့် နှလုံးအဆို့ရှင်ပျက်စီးစေနိုင်သည်။

၂။ သွေးလေးဖက်နာ (Rhematiod Arthritis-RA)အဆစ်များကောက်ကွေးသွားတတ်ပြီး အိပ်ရာပေါ်လဲသွားနိုင်သည်။

၃။ အရေပြားလေးဖက်နာ (Systematic Lupus Erythematosus-SLE) အရေပြားတွင် အနာဖြစ်ပေါ်ပြီး ကျောက်ကပ်ပျက်စီးနိုင်ပါသည်။

အထက်ပါ လေးဖက်နာရောဂါ (၃)မျိုးမှ သွေးလေးဖက်နာသည် အခြားလေးဖက်နာများကဲ့သို့ ပိုးကြောင့်မဟုတ်၊ သွေးကြောင့်ဖြစ်ပွားလာရသည်။ ကျား၊မ မရွေး အသက် (၃၀) နှစ်မှ (၅၀) နှစ်အကြား ပိုမိုအဖြစ်များလေ့ရှိတတ်သည်။ သွေးလေးဖက်နာ၏ အဓိကလက္ခဏာမှာ အဆစ်နာတတ်ခြင်းပင်။ အဆစ်တစ်ဆစ်တည်းကနာတာမျိုးမဟုတ်။ အဆစ် (၄) ခုလောက်က နာလာခြင်း ဖြစ်ပါသည်။ ဒူးဆစ်တစ်ခုတည်းပဲနာနေပါက အရိုးကျိုးပေါင်းဖြစ်နိုင်သော်လည်း အဆစ်နာရုံသာမက ရောင်ရမ်းနေပြီဆိုပါက စမ်းသပ်စစ်ဆေးမှုခံယူရန် လိုအပ်ပါလိမ့်မည်။

နာနေသောအဆစ်ကို လက်ညှိုးနှင့်လက်မကြားထားပြီး ဖျစ်ညှစ်ကြည့်ပါ။ မနာလျှင်ကိစ္စမရှိပါ။ မခံမရပ်နိုင်အောင်နာနေမည်ဆိုက သွေးလေးဖက်နာဖြစ်နိုင်ခြေများပါသည်။ အဆစ်နာနေစဉ်လှုပ်ရှားလိုက်ပါက ပို၍ မနာဘဲသက်သာနေတတ်ပြီး နံနက်စောစောတွင် တစ်နာရီကျော်ကျော်နာနေတတ်ပါက သွေးဖောက်စစ်ရန်လိုပါသည်။

❑

သွေးလေးဖက်နာမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပိုးကြောင့်မဟုတ်၊ သွေးကြောင့် ဖြစ်ပွားရခြင်းဖြစ်သည့်အတွက် သွေးကိုပြန်လည်သန့်စင်ပေးသောဆေးဝါးတို့ကို သောက်သုံးရပါသည်။ Antibiotic ကဲ့သို့သော ပိုးသတ်ဆေးများစားရုံနှင့် မပျောက်နိုင်ပါ။ ကုသမှုမခံယူဘဲ တာရှည်ပစ်ပယ်ပေတေခံစားနေမည်ဆိုပါက အဆစ်များကွေးကောက်သွားတတ်ပါသည်။ သာမန်ဖျားနာသကဲ့သို့ ဆေးဆိုင်ကိုသွားပြီး စပ်ဆေးများသုံးနေခြင်းကိုလည်း ရှောင်ကြဉ်ရပါမည်။ အဆစ် (၃) ခုထက်ပို၍ ရောင်ရမ်းနေပါက ကျွမ်းကျင်မှုဆိုင်ရာ ဆရာဝန်နှင့်စောစီးစွာကုသမှုခံယူရန်လိုအပ်ပါသည်။

သွေးလေးဖက်နာခံစားနေရသည်ကို အချိန်မီကုသမှုမခံယူပါက သွေးလေးဖက်နာမှတစ်ဆင့် အရေပြားလေးဖက်နာ (SLE) အဖြစ်ပြောင်းလဲသွားနိုင်ပါသည်။ စနစ်တကျကုသမှုမခံယူဘဲ အကိုက်အခဲပျောက်ဆေးဝါးများကိုမှီဝဲနေမည်ဆိုပါက ဆေးစားကာလ (၆) လကြာလျှင် မျက်စိမှုန်ဝါးပြီး မျက်ကြည်လွှာပျက်စီးနိုင်ပါသည်။

ကမ္ဘာတစ်ဝန်းတွင် သွေးလေးဖက်နာကြောင့် တစ်နှစ်လျှင် လူဦးရေ၏ (၃) ရာခိုင်နှုန်းမျှအထိ သေဆုံးမှုရှိနေသည်ဟု သိရပါသည်။

လေးဖက်နာပျောက်ကင်းနိုင်ရန်အတွက် ရှားစောင်းလက်ပပ်အနှစ် (ဂျယ်လီ) ကို သကြားဖြင့်ရောစပ်၍ နေ့စဉ် နံနက် (၁) ကြိမ်၊ ည (၁) ကြိမ် စွဲမြဲစွာသောက်သုံးပါဟု ပြောကြသည်လည်းရှိသည်။ ရှားစောင်းလက်ပပ်မှာ ဘက်စုံအသုံးပြုနိုင်သော ဆေးပင်ဖြစ်ပါသည်။ အချို့က နနွင်းခါး (ဆနွင်း)ကို ပျားရည်စစ်စစ်နှင့်ရောစပ်ပြီး အလုံးသေးသေး (ရွေးကြီးစေ့ခန့်) ပြုလုပ်၊ အပူရှိန်ရှိသောအရိပ်တွင် ခြောက်သွေ့စေလျက် နေ့စဉ် နံနက် (၂) လုံး၊ ညနေ (၂) လုံး သောက်သုံးပေးလျှင် လေးဖက်နာရောဂါအမျိုးမျိုးကို သက်သာပျောက်ကင်းစေသည်ပြောကြပါသည်။

စာရေးသူအနေဖြင့် လေးဖက်နာအမျိုးမျိုးအတွက် တောဖရုံဆေးရွက်ကို စားသုံးပါဟုတိုက်တွန်းလိုပါသည်။ တောဖရုံဆေးရွက်စစ်စစ် (၃) ရွက်မျှကို ငါးခူတစ်ဆယ်ကျပ်သားနှင့် ချက်စားသည့်ဆေးခတ်စာ ဖြစ်ပါသည်။ အချို့က တစ်ကြိမ်စားရုံနှင့်ပျောက်သည်။ အချို့က (၂၊ ၃) ကြိမ်စားမှ ပျောက်သည်။ အချို့ကမူ (၇) ရက်တစ်ကြိမ် (၂)လခန့် စားရသည်လည်းရှိပါသည်။ စီမံစားသုံးပါက ထူးခြားမှုရှိသည်မှာ ဧကန်ဖြစ်ပါသည်။

ဝေဒနာရှင်တစ်ဦးတစ်ယောက်ချင်းစီ၏ သဘာဝ၊ ကိုယ်ခံစွမ်းအား၊ ရောဂါအနုအရင့်မတူ ကွဲပြားမှုအပေါ် သက်သာပျောက်ကင်းမှုလည်း ခြားနားကြပါမည်။ ကရိကထမများရဘဲ ပုံမှန်ဟင်းစားကဲ့သို့ စီမံချက်ပြုတ်စားသောက်ရသော ဆေးခတ်စာဖြစ်ပါသည်။

ငါးခူ (၁၀) ဆယ်ကျပ်သားခန့်ကို ဝယ်ပါ။ အကောင်လိုက် စိတ်တိုင်းကျသည်အထိ ရေစင်စင်ဆေးပါ။ ပြီးလျှင် ခေါင်းဖြတ်ဖယ်ထုတ်၊ မလိုသည်များဖယ်ထုတ်၊ ထို့နောက် အတုံးလေးများတုံးတစ်ပြီး ဟင်းစားချက်နည်းအတိုင်း ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့ဖြင့်ချက်ရပါမည်။ တောဖရုံ (၃) ရွက်ခန့်ကို ရေစင်စင်ဆေး သန့်စင်ပြီး ခွက်တစ်ခုတွင် ရေအနည်းငယ်နှင့်ထည့်ထားပေးပါ။ ငါးဟင်းကျက်၍ မီးဖိုပေါ်မှချခါနီးလျှင် တောဖရုံရွက်များကို (၃၊ ၄) ပိုင်းမျှ ဖြတ်တောက်ထည့်ပါ။ ခဏအကြာတွင် မီးဖိုပေါ်မှချပါ။ ထိုငါးခူတစ်ဆယ်ကျပ်သားချက်ကို လေးဖက်နာဝေဒနာရှင်က တစ်ဦးတည်း တစ်ထိုင်တည်းကုန်အောင်စားသုံးရပါမည်။ ဤသည်ပင် တောဖရုံခတ်စာစားနည်းဖြစ်သည်။ လက်တွေ့တွင်လည်း ဝေဒနာရှင်များစွာပျောက်ကင်းသည့် သာဓကများစွာရှိပါသည်။

❑

လေးဖက်နာရောဂါရှိသူများအနေဖြင့် အစားရှောင်ရန်များရှိပါသည်။ အက်စစ်ဓာတ်ဖြစ်စေသော အမဲ၊ ဆိတ်ကလီစာများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ဖြူဖွေးနူးညံ့သော ပေါင်မုန့်၊ ပီဇာ၊ လက်ဖက်ရည်၊ ကော်ဖီ၊ အရက်၊ ကိုကာကိုလာ၊ ကိတ်မုန့်၊ ခရမ်းချဉ်သီး၊ လိမ္မော်သီး၊ ဆီးသီး၊ ငှက်ပျောသီး၊ ဥအမျိုးမျိုးနှင့်အသင့်လုပ်ပြီး အမြန်စားအစာများကို ရှောင်ကြည်ကြရန်လိုပါကြောင်းရေးသားတင်ပြအပ်ပါသည်။

နေဝင်းဝင်း(လွန်ဆေး)

**ကိုးကား -**

အင်တာနက်သတင်းများ

www.burmeseclassic.com




# သန်းဆွေ(ရွှေဘို)
# အလောင်းမင်းတရားကြီးဦးအောင်ဇေယျ၏ ရာဇအောင်မြေ

ရွှေဘိုမြို့တွင် အထင်ကရ အောင်မြေသုံးဌာနသာရှိသည်။ ယင်းတို့မှာ -

၁။ ဗုဒ္ဓအောင်မြေ၊
၂။ သံဃအောင်မြေ၊
၃။ ရာဇအောင်မြေ
ဟူ၍ ဖြစ်သည်။

ဗုဒ္ဓအောင်မြေ ဆိုသည်မှာ မြို့အတွင်းတောင်ဘက်ရှိ ရွှေတန်ဆာဘုရားဖြစ်ပါသည်။ ဂေါတမမြတ်စွာဘုရားနှစ်ဥ်ဘဝများတွင် စိုင်မင်းအဖြစ် (၁) ကြိမ်၊ ကြက်တူရွေးအဖြစ် (၃) ကြိမ်၊ ခြင်္သေ့မင်းအဖြစ် (၁) ကြိမ်၊ ငုံးမင်းအဖြစ် (၁) ကြိမ်၊ ဟင်္သာမင်းအဖြစ်(၇)ကြိမ် ဤရွှေတန်ဆာကုန်း ထိုစဉ်ချိန်က ရွှေယဉ်သာကုန်းမြေနေရာတွင်ဖြစ်ခဲ့ရသည်။

သံဃအောင်မြေ ဆိုသည်မှာ မြို့တွင်း ရွှေဘို-မန္တလေး မြို့တွင်းကားလမ်း၏အရှေ့ဘက် ရွှေသိမ်တော်ဘုရားဖြစ်သည်။ ရွှေဘိုမြို့ဟူ၍မဖြစ်မီကပင် ရဟန္တာအရှင်မြတ်များကံဆောင်ရာသိမ်ဖြစ်သည်။ ယခု ရွှေသိမ်တော်ဘုရား တံတိုင်း (၂) ထပ်၊ ကျောက်စာတိုင် (၁) ထပ်၊ တံတိုင်း (၃)ထပ်အတွင်း တည်ရှိသောဘုရား ဖြစ်သည်။



ရာဇအောင်မြေဘုရား

ရာဇအောင်မြေ ဆိုသည်မှာ အလောင်းမင်းတရားကြီးနန်းတက်ခဲ့ရာ အောင်မြေအစစ်အမှန် တည်ရှိသောနေရာပင်ဖြစ်သည်။ ဖားက မြွေကိုလိုက်ခဲ့သောနေရာသည် ယင်းအောင်မြေနေရာအနီးတစ်ဝိုက်တွင် ဖြစ်ခဲ့သည်။ ယခု ဦးအောင်ဇေယျ၏ စစ်ထွက်ဘုရားထားမည့်အဆောင်၏ အနောက်ဘက် သဘော်မန်ကျည်းပင်နေရာအနားတွင် ဦးအောင်ဇေယျ၏ လယ်စောင့်တဲလေး ရှိခဲ့ဖူးသည်။ မူရင်းပထမ မူလအောင်မြေကျောင်းဟူ၍လည်းခေါ်သည်။ စေတီကလေးသုံးဆူရှိသည့်နေရာတွင် ရှေးကတကောင်းမင်းကြီး တည်ထားခဲ့သောတကောင်းဘုရားကြီးရှိသည်။ ၎င်းဘုရားသည် ကုန်းမြေဆင်ခြေလျှောပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွင်းစေတီတစ်ဆူ



မူလအောင်မြေ (တကောင်း) ဘုရားနေရာ



ဓမ္မာရုံအတွင်းမြင်ကွင်း

ရှိခဲ့သည်။ တကောင်းမင်းကြီးသည် ရန်သူများကလာရောက်တိုက်ခိုက်ရာ ထွက်ပြေးလာ၍ ရွှေဘိုသို့ရောက်လာရာ ဘုရားတည်ထားခဲ့သည်။ စာဆိုအရ အောင်မြေကြော့ကြော့ ကုန်းမော့မော့သည် ယင်းနေရာပင်ဖြစ်သည်။ နောက်တစ်ဖန် တကောင်းမင်းကြီးသည် ရန်သူများလာတိုက်မည်ကြားသဖြင့် ထပ်မံထွက်ပြေးရာ ပုသိမ်မြို့သို့ရောက်ရှိပြီး တကောင်းဘုရားတည်ခဲ့သည်။ ကျန်ခရီးစဉ်အတွင်း မည်သည့်မြို့ရွာများတွင် ဘုရားတည်ထားခဲ့သည်ကို စာရေးသူလက်လှမ်းမမီပါ။ ယင်းဘုရားတွင် ဖားက မြွေကိုလိုက်ရာ အလောင်းဘုရားမှ အကျိုးအကြောင်း လျှောက်တင်ခဲ့ရာမှ အတုလဆရာတော်ကြီးက ယင်းသည် အောင်မြေပင်ဖြစ်သည်။ ဉာဏ်ရှိသလို သုံးပေတော့ဟု မိန့်ကြားခဲ့လေသည်။ ဦးအောင်ဇေယျလည်း အကင်းပါးသူဖြစ်ရာ ယင်းအောင်မြေများကို လှည်းအစီးပေါင်းများစွာဖြင့်တိုက်ယူစေပြီး ကျုံးတူးရာနေရာ နန်းတော်နေရာ ရဋ္ဌင်(၇)ပါး (မြို့တော်အင်္ဂါ (၇) ပါး) နေရာတို့တွင် အထင်ကရနေရာတိုင်း၌ ကြဲဖြန့်ခဲ့သည်။ ဦးအောင်ဇေယျ၏သားတော်၊သမီးတော်တို့က ဧရာဝတီဆိပ်ကမ်း ကျောက်မြောင်းမြို့သို့ နန်းတော်တည်ရန်ပြောကြသော်လည်း လက်မခံဘဲ ရွှေဘိုမြို့သည် ဘူမိနက်သန်နေရာမှန်ဖြစ်သည်ဟုပြောဆို၍ ရွှေဘိုမြို့ကို တည်ခဲ့ပေသည်။ ယင်းမူရင်း ပထမ မူလအောင်မြေ တကောင်းဘုရားသည် အင်္ဂလိပ်တို့၏ ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းကိုခံခဲ့ရပါသည်။ အင်္ဂလိပ်တို့သည် အောင်မြေကိုဖောက်ခွဲ၊ နန်းတော်နေရာကို အကျဉ်းထောင်လုပ်၊ မြို့အရှေ့ဘက် ကုန်းဘောင်ဦးထိပ်ကို သင်္ချိုင်းပြုလုပ်ကြတော့သည်။

ဤသည်ကို လှတောဘုန်းကြီးမှ ထပ်မံနယ်မချဲ့စေရန် လှတောကျောင်းတိုက်ဆောက်လုပ်ပြီး မြို့လူထုကလည်း ဝေဘူဆရာတော်ကိုပင့်ဆောင်ပြီး အောင်မြေကျောင်းတိုက် တည်ဆောက်ကာ သီတင်းသုံးစေခဲ့ပါသည်။ ရာမှရှားသော သာသနာ့အာဇာနည်ဘုန်းတော်ကြီးများ ဖြစ်ကြပေသည်။ ယခု မြို့တောင်ဘက် သင်္ချိုင်းနေရာတွင် ခုတင် (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်လှစ်ထားပြီး ဝန်ထမ်းများနေရန် (၄) ထပ်အဆောက်အအုံ၊ ဆေးကုခန်း၊ သစ်ပင်များနှင့် ထည်ထည်ဝါဝါရှိနေလေပြီ။

ထို့ကြောင့်ပင် ဦးအောင်ဇေယျ

www.burmeseclassic.com

တ အောင်မြေကို အထူးတလည် ရှာဖွေရမည်မဟုတ်တော့ပြီ။ ရွှေဘိုတစ်မြို့လုံးသည်သာလျှင် အောင်မြေဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့လေသည်။

ယင်းရာဇအောင်မြေသည် ရွှေဘိုမြို့အနောက်ဘက် ရွှေဘို - ညောင်ပင်သာရွာ - ရေဦးကားလမ်း မြောက်ဘက် (၁)မိုင်ခွဲအကွာအဝေး ကားလမ်းမြောက်ဘက်တွင် တည်ရှိသည်။ ရွှေဘိုမြို့၏ အပြင်မြို့ရိုး ရွှေဘိုမြို့ကို ပတ်ကာထားသော ကျုံးတောင်ဘက် ရှေးရွှေဘိုမြို့မြေပုံအတွင်းတွင်တည်ရှိသည်။

ကားလမ်းမှ လှမ်းမျှော်ကြည့်လျှင် ဘုရားများကို လည်းကောင်း ဦးအောင်ဇေယျ၏ စစ်ထွက်ဘုရားထားမည့် အဆောက်အအုံတို့ကို လည်းကောင်း လှမ်းမြင်နိုင်ပါသည်။ ကားလမ်းဘေးမှ မြောက်ဘက် (၃) ဖာလုံခန့် ကား၊ဆိုင်ကယ်ဖြင့်ဝင်နိုင်ပါသည်။


ယခင်က ယင်းရာဇအောင်မြေ တည်ရှိရာနေရာသည် ယခုလို ကားလမ်း မပေါက်သေး။ လယ်ကွင်းအလယ်တွင် တည်ရှိပြီး လယ်ကန်သင်းရိုးလမ်းသာရှိသည်။ လွန်ခဲ့သောငါးဆယ့်ခြောက်ခုနှစ်က ဖြစ်ပါသည်။ ဦးအောင်ဇေယျ၏ သက်သာပန်းတောင်းလယ်တော်ကြီး၏ အနောက်ဘက်တွင်ရှိပါသည်။ ထိုလယ်ကြီး၏ အရှေ့ဘက်ရှိ ရပ်ကွက်သည် သက်သာပန်းတောင်းလယ်တော်ကြီးကို အမှီပြုပြီး သက်သာပန်းတောင်းရပ်ကွက်ဟု ခေါ်ပါသည်။

ရာဇအောင်မြေဘုရား ပြန်လည်ပေါ်ထွန်းလာသည်မှာ ဤသို့ဖြစ်ပါသည်။

ထိုစဉ်က ရာဇအောင်မြေဝင်လမ်း၊ ထွက်လမ်းမရှိသေးပါ။ ၈-၁-၀၉ ခုနှစ်တွင် ခဝကဥက္ကဋ္ဌဦးအုန်းချိုမှ ဘယ်က ကြားလာသည်မသိ။ ယခုလက်ရှိ ကျောင်းထိုင်ဆရာတော် ဦးကုန္ဒလထံလာ၍ ရာဇအောင်မြေဘုရားရှိရာ သိပါသလားဟု လာ၍လျှောက်ထားရာ ဘုန်းကြီးမှသိ၍ နေရာပြတော်မူသည်။ ဘုန်းကြီး၏ဘိုးဘွားမိဘတို့မှာ ၎င်းနေရာအနီး လယ်ယာလုပ်ကိုင်သူများ ဖြစ်ကြသည်။ ဘုန်းကြီးငယ်စဉ်မှ (၂) တောင်၊ (၁) တောင်ခန့်ရှိစေတီလေးကို အုတ်များမြင်းမြင်ခဲ့ဖူးသည်။ သို့ဖြင့် နေရာပြပြီး ၉-၁-၀၉ ရက်နေ့ (၁၁)နာရီ မြေတူးစက်အတက်ဖြင့် စတင်တူးရာ အုတ်ရိုးတွေ့ပြီး အတက်ဖိုးစက်မှာရပ်သွားသည်။ စက်ပြန်နိုးသည်းမနိုးသဖြင့် မဖော်ရဲတော့၍


စစ်ချီစစ်ထွက်ဘုရားထားမည့်အဆောက ါအအုံ


တိုင်းမှူးမဏ္ဍပ်


ကမ္ပည်းကျောက်စာတိုင်



www.burmeseclassic.com

www.burmeseclassic.com




ဘုရားပေါ်ရှိ တံခွန်တိုင်



ဆရာတော်ဦးဣန္ဒာသ(မင်းကုန်း)



ဘုရားဝင်းထဲရှိ သိကြားမင်းရုပ်တု



ဆရာတော်ဦးဣန္ဒာသကျောင်း

ဘုန်းကြီးထံလာလျှောက်ထားကြရာမှ ဘုန်းကြီးမှ သာသနာပြုရန်ဖြစ်၍မနှောင့်ယှက်ရန်ပြောပြီး ဆက်လက်လုပ်ကိုင်ရာ ရာဇအောင်မြေအုတ်ရိုးများကို တွေ့ရှိပြီး ၈-၃-၀၉ နေ့ မြေနုတ်သည်။ ၁-၄-၀၉ ရက်နေ့တွင် ပါဠိကာရီဆရာတော်၊ ပခန်းဘုန်းကြီး ဦးဝိမလတို့၏ သြဝါဒတို့ဖြင့် ပန္နက်ရိုက်ပြီး ၇-၄-၀၉နေ့တွင် အုတ်မြစ်ချသည်။ ထိုစဉ်က နမခတိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၏ ကြီးကြပ်မှုဖြင့် ရာဇအောင်မြေဘုရားကိုတည်၍ တိုင်းမှူးမိသားစုမှောရုံတည်ရန် ဝင်လမ်း၊ ထွက်လမ်းများကို ဖောက်လုပ်ခဲ့သည်။ မြို့ရိုးဘေးမှပတ်လမ်းကို ကျောက်ခင်းလမ်းဖောက်ခဲ့ပြီး ရွှေဦး-ရေဦးသွားလမ်းမှ ရာဇအောင်မြေအထိ မီးတိုင်၊ မီးကြိုးများသွယ်တန်းခဲ့သည်။

ရာဇအောင်မြေမှာ ရာဇသည် မင်း၊ အောင်မြေသည် အောင်မြေဖြစ်၍ မင်းအောင်မြေဟု အဓိပ္ပာယ်ရသည်။ ဦးအောင်ဇေယျသည် ရာဇအောင်မြေ တည်ထားပြီးနောက် ဤဂါထာကိုရွတ်ဆို၍ နန်းတက်ခဲ့လေသည်။

နန်းတက်ဂါထာမှာ -

- ဇယမင်္ဂ ဇိနံ့ဝန္ဒေ၊ ဇယေသိန်၊ ဇယမင်္ဂ၊ ဇယတံ ပဝရောရာဇာ ဇေယျံ ဇေယျံ ဇယာဝုဒေါ။ ။

ဟူ၍ဖြစ်သည်။

နန်းမတက်မီကာလက ယင်းရာဇအောင်မြေအနီးနှင့် ယခု ချမ်းမြေ့တရားရိပ်သာအနောက်ဘက်မှလယ်ကွင်းတို့သည် ဦးအောင်ဇေယျလက်ထက်က ဓားခုတ်၊ လုံထိုး၊ မြားပစ်၊ မြင်းစီး၊ တင်ကျည်းရိုက် စသည်တို့နှင့် စစ်သည်များ၊ စစ်ဗိုလ်များစစ်ရေးလေ့ကျင့်ရာ အင်တန်း




www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဝေယျ၏ စစ်ချီစစ်ထွက်ဘုရား



ဦးအောင်ဝေယျနှင့် နန်းတက်ဂါထာ

ကျောင်းစစ်မြေပြင်လယ်ကွင်းများဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဗိုလ်လောင်းသင်တန်းနေရာပင်ဖြစ်သည်။ ရွှေဘိုမြို့အနောက်ဘက် (၇)မိုင်အကွာ မြင်းစီးရွာသည် မြင်းစီးသူရဲများရွာဖြစ်၏။ ယင်းရာဇအောင်မြေဘုရား၊ ရာဇအောင်မြေရန်အောင်မြင့်မမှာရုံ မြောက်ဘက်တွင် မူရင်းပထမ မူလအောင်မြေဘုရား(တကောင်းဘုရားကြီး)နေရာတွင် စေတီလေးသုံးဆူရှိသည်။ ထို့ကြောင့် ဘုန်းကြီးကျောင်းကိုလည်း မူရင်းပထမ မူလအောင်မြေကျောင်းဟုခေါ်သည်။


ထိုကျောင်း၏ မြောက်ဘက်တစ်ခေါ်ခန့်အကွာတွင် မြစောညီနောင်ဘုရား(၂)ဆူသည် ထွက်လမ်း၏အရှေ့ဘက်၊ အနောက်ဘက်တို့တွင်ရှိသည်။

စေတီ(၂)ဆူတို့မှာ နှစ်ကာလကြာညောင်းလာပြီဖြစ်၍ ကုန်းမို့မို့ကလေးများဖြစ်ပြီး စေတီ(၂)ဆူတို့အပေါ်တွင် ကျောက်သားရောင်စုံများဖြင့် စတုရန်းပုံ (၃) ပေအမြင့်ခန့် ကျောက်သားတိုင်စိုက်ထူထားသည်။

မြတ်စောညီနောင်ဘုရား(၂)ဆူမှာ ဝိဇ္ဇာဓိုရ်(၂)ဦးတည်ထားခဲ့သောဘုရားများဖြစ်ကြသည်။ ဝိဇ္ဇာဓိုရ်တို့သည် အောင်မြေနေရာကို စိတ်အကြံဖြင့်သိရှိ၍ရောက်လာပြီး ဘုရားများတည်ထားခဲ့သည်။



မနုသီဟမျက်နှာပုံ



နောင်တော်ကြီးမင်းမြတ်ဘုရားပုံ

တောင်ငူဘုရင်များလက်ထက်က ဖြစ်ပါသည်။ တောင်ငူမြို့နှင့် (၆) မိုင်၊ (၇) မိုင်အကွာတွင် ရွာလေးတစ်ရွာရှိသည်။ ယင်းရွာဘေးမလှမ်းမကမ်းတွင် အရှင်ကိုးကွယ်သော တောရဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိ၏။ ထိုဘုန်း



www.burmeseclassic.com


www.burmeseclassic.com




ဘုရားမတူးဖော်မီပုံ




ဘုရားတည်ရန် အုတ်များ စုပုံထားပုံ



ဘုရားတူးဖော်မှုအဝေးမှမြင်ရပုံ



ဟသာ်တိုင်



ဘုရားမှထွက်လမ်း၊



ဦးအောင်ဖေယျာ၏ ထယ်ကြမ်းကြီး


ကြီးမှာ အင်္ဂလိပ်ရပ်ပညာများ၊ ထွက်ရပ်လမ်းပညာများကို လိုက်စားသည်။ မောင်မြမှာ ဘုန်းကြီးကျောင်းသားဖြစ်သည်။ ဘုန်းကြီးထွက်ရပ်ပေါက်သွားသောအခါ ကျောင်းရှိပစ္စည်းပစ္စယများကိုဝေခြမ်းပေး၍ ထွက်ရပ်လမ်းဖြင့် ထွက်ခွာသွားတော့သည်။ ဘုန်းကြီးမှာ မောင်မြတ်အား သူ၏ခေါင်းအုံးကို ပေးထားခဲ့သည်။ ယင်းထဲတွင် ထွက်ရပ်လမ်းကြေးပုရပိုက်ပါသည်။ မောင်မြတ်အမေမုဆိုးမမှာ ဤခေါင်းအုံးသည် မုဆိုးမသားကိုပေးသည်မှာ သူတို့၏ဆင်းရဲခြင်းကိုစော်ကားသည်ဟူ၍ ဘာလုပ်ရမှာလဲ ပြောဆို၍လွှင့်ပစ်လိုက်ရာ ခေါင်းအုံးမှာ လေထဲပျံ့ဝဲနေတော့သည်။ မောင်မြတ်မှာ လိုက်လံဖမ်းဆီး၍ ရရှိပြီး အင်္ဂလိပ်နည်းလမ်း ထွက်ရပ်လမ်းများကိုလိုက်စားတော့သည်။ အရွယ်ရောက်သော် ယင်းရွာလူကြီး၏သမီး မစောနှင့် ရည်ငံကာ ထွက်ပြေးကြသည်။

မစောမိသားစုမှ သတ်မယ်ဆို၍ အတွေ့မခံရဲဘဲ ထင်းခုတ်၊ မီးသွေးဖုတ်ရင်း အင်္ဂလိပ်ပညာကိုလိုက်စားပြီး မာတ်အောင်သွားရာ ထမင်းရည်ချောင်းစီးအလှူပေးတော့သည်။ မောင်မြတ်က အလှူလုပ်ရန်ပြောရာ မစောကမလုပ်ချင်။ ဘာရှိလို့လဲဟုမေးမြန်းရာ မောင်မြတ်သည် ရွာမှ တောင်ငူအထိ လှည်းအစီးပေါင်းများစွာနှင့် ပစ္စည်းများလှူဒါန်းရာ မစော၏ မိဘများမှ မောင်မြတ်၊ မစောအလှူပေး၍ ဟုတ်၊ မဟုတ်ကြည့်ရန် သူကြီးနှင့် သူကြီးကတော်တွင် သူကြီးကတော်မှမသွားချင်သော်လည်း သူကြီး၏ခေါ် ဆောင်မှုကြောင့်ရောက်သွားရာမှ မောင်မြတ်မှ ယောက္ခမများတို့ သံယာစင်ပေါ်တင်ကာ ကန်တော့ပါတော့သည်။ အမျိုးများအားလည်း အဝတ်အစားတစ်စုံ၊ ရွှေတစ်ကျပ်သားစီဖြင့် ပေးလေသည်။ မြှုပ်ထားသောရွှေများကိုဖော်ပြီး မစောအား မိဘများထံအပ်နှံကာ ဘောထွက်ရန်ကြံတော့သည်။ မစောမှ မနေရစ်ဘဲ ရေပူရေချမ်းကမ်းလှမ်းပြီးလိုက်ပါ




www.burmeseclassic.com

www.burmeseclassic.com



မြတ်စောညီနောင်ဘုရား တူးဖော်ထားပုံ



ဝိဇ္ဇာရေတွင်းမှ ရေစုတ်ပုံနှင့် ပန်းထွက်နေပုံ

ည်ဟုဆိုသည်။ ထိုအခါ မောင်မြတ်သည် မစောအား ဆီပွက်ပွက်ဆူနေသောဒယ်အိုးအတွင်းပွေ့ထည့်၍ မာတ်လုံးနှင့်ပစ်ပေါက်ပြီး ဆီထုံကူးရာ မစောသည် မာတ်လုံးကိုင်၍ ဝိဇ္ဇာမိုရ်ရလူ ယောက်ျားအသွင်ဖြင့် ဒယ်အိုးထဲမှခုန်ထွက်လာတော့သည်။ မစောက အရင်ထွက်ရပ်ပေါက်သွားလေသည်။ နောက်မောင်မြတ်လည်း ဆီအိုးထဲခုန်ဆင်းပြီး မစောမှမာတ်လုံးနှင့်ပေါက်ရာ မောင်မြတ်သည်း ဝိဇ္ဇာမိုရ်အသွင်ဖြင့် ဆီအိုးထဲမှ ခုန်ထွက်လာတော့သည်။

ထိုအခါ မောင်မြတ်သည် ယောက္ခမများအား ရွှေအထုပ်လိုက်ပံ့ပေးခဲ့လေတော့၏။ ထို့နောက် ဝိဇ္ဇာမိုရ်အသွင်ဖြင့် မြန်မာပြည်အနှံ့ မြတ်စောညီနောင်ဘုရားတည်ခြင်း၊ ထွက်ရပ်ပေါက်ခြင်း ရွှေဘိုမှ အောင်မြေနင်း၍ ဘုရားများ တည်လေတော့သည်။ တောင်ငူမှ မြတ်စောညီနောင်ဘုရားနှင့် ရွှေဘိုမှ မြတ်စောညီနောင်ဘုရားမှာ မည်သည်က အရင်ဦးဆုံးတည်သည်ကို စာရေးသူမသိပါ။ သမိုင်းကောက်ရိုးပုံမှ အမျှင်တစ်စကို ဆွဲထုတ်တင်ပြခြင်းသာဖြစ်ပါသည်။ မောင်မြတ်ပေးခဲ့သောရွှေထုပ်ဖြင့် မစောမိဘများတည်ခဲ့သည်ဟုဆိုသည်။ တစ်နိုင်ငံလုံး မြတ်စောညီနောင်ဘုရားအဆူ (၁၀၀) ခန့်ရှိသည်ဟု ဘုန်းကြီးမှ မိန့်ကြားပါသည်။

မြန်မာနှစ် ၁၃၀၉ ခုနှစ်မှစတင်၍ အောင်မြေသာသနာ့သက်သာပန်းတောင်းရိပ်သာကို တည်ဆောက် ပြုပြင်ခဲ့သူမှာ ယောဂီရသေ့ကြီး ဦးကျော်ငြိမ်းဖြစ်ပြီး မြန်မာနှစ် ၁၃၃၅ ခု၊ တန်ခူးလပြည့်ကျော် ၄ ရက်နေ့တွင် အသက် (၇၉) နှစ်၌ ထွက်ရပ်စခန်းကြွမြန်းသွားခဲ့သည်။

၎င်း၏အုတ်ဂူမှာ မူရင်းပထမ မူလအောင်မြေအနောက်မြောက်ထောင့်တွင် ယခုချိန်ထိရှိပါသည်။

နောက်တစ်ဖန် ၁၃၄၅ ခုနှစ်တွင် ရသေ့ကြီး ဦးစန္ဒာသီရိ(တောင်ငူ)သားမှ အောင်မြေကျောင်းဝင်းထဲတွင် ထွက်ရပ်ပေါက်လုပ်ငန်းများလုပ်ကိုင်နေခဲ့သည်။ ယခုကျောင်းထိုင်ဘုန်းကြီးအရင် (၃) နှစ်လောက်မှာ ရောက်ရှိခဲ့လေသည်။ ယခုမြတ်စောညီနောင်ဘုရားသမိုင်းကြောင်းမှာ တောင်ငူသားရသေ့ကြီးဦးစန္ဒာသီရိမှ ဆရာတော်အား မိန့်ကြားခဲ့သော အကြောင်းအရာများ ဖြစ်ပါသည်။

ယခုအခါ မူရင်းအောင်မြေ၏ မြောက်ဘက်ရှိ မြတ်စောညီနောင်စေတီနှစ်ဆူကို ပုခန်းကျောင်းတိုက်ဆရာတော်ကြီး၏ လမ်းညွှန်မှု၊ ခယကဥက္ကဋ္ဌကြီး ဦးမောင်ထူး၏ စီစဉ်ကြပ်မတ်မှုတို့ဖြင့် ၁၈-၁-၂၀၁၇ မှစတင်၍ ဘုရားကုန်းကို တူးဖော်ရာ ဖိနပ်တော်များ၊ အင်္ဂတေသားများဖြင့်ထွက်ပေါ်လာခဲ့၏။ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ ဦးအေးပို(ကျူရှင်ဆရာ)မှ ကိုရင်လေး(၂)ပါးဖြင့် တူးဖော်လာခဲ့ရာ မြွေပွေးလက်မောင်းခန့်အတုတ် (၄) ကောင်၊ လက်မသာသာရှိ လင်းဝါတစ်ကောင်၊ လက်ကောက်ဝတ်ခန့်ရှိ လင်းမြွေ၊ ဘုရားဘေးကွင်းပြင်ဘက် ဖိုးကုတ်မိ၍ တစ်ကောင် စုစုပေါင်း (၆) ကောင်တွေ့ရှိရသည်။ တွင်းပေါက်ဟူ၍မရှိဘဲ တူးဖော်မှ တွေ့ရသည်မှာ ထူးဆန်းသည်။ ဘုရားကိုစောင့်ကြပ်နေသောအစောင့်အရှောက်များဟု စာရေးသူထင်မြင်ယူဆမိပါသည်။ စာရေးသူမှာ ပေါ်ထွက်လာသောဘုရားအားတိုင်းတာကြည့်ရာ ဘေးနှစ်ဖက်(၁၃) ပေစီ အလယ်ကောင်မှ ဘုရားတက်ရန် လှေကားထစ် (၉)ထစ်မှာ (၇)ပေ၊ ဘုရား၏ အလျားတစ်ဖက်အရှည်မှာ (၃၃) ပေခန့်ရှိပါသည်။ ဘုရားထောင့်နေရာတွင် ဘုရားနှင့်တွဲလျက် တစ်ထောင့်တွင်တစ်ကောင်နှုန်းဖြင့် မနုသီဟ (၄)ကောင်ရှိသည်။ မနုသီဟဟုပြောရခြင်းမှာ တူးဖော်နေရာမှ မနုသီဟမျက်နှာပုံတစ်ခုတွေ့ရှိရ၍ဖြစ်ပါသည်။ ပုံထဲတွင် ဖော်ပြထားပါသည်။ စေတီအမြင့်မှာ (၂၇)တောင်ခန့်ရှိမည်ဟု မှန်းဆရပါသည်။ မနုသီဟများမှာ ဘီလူးရန်မှဝေးစေရန်ဖြစ်သည်။ လှေကားနံဘေးတွင် ကျောက်သားချွန်များ၊ ကျောက်ပြားဝိုင်းချွန်များ လှေကားနှင့် စေတီထောင့်တွင် နှစ်ခုစီခန့်တွေ့



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ မည်သည့်အစီအရင်ဟုမသိပါ။ ထိုစေတီကို ခယကဥက္ကဋ္ဌကြီးနှင့် အများပေါင်းစုကာ ၂၂-၂-၂၀၁၇ ရက်နေ့တွင် အုတ်မြစ်ချ၍ ဘုရားကိုင်း၍ စေတီတည်သွားမည်ဖြစ်ပါသည်။

လမ်းအရှေ့ဘက်မှ နောင်တော်ကြီး (မောင်မြတ်)စေတီမှာ ခြေရင်းတွင် နှစ်တောင်ခန့်စီမျှသာ လေးဖက်လေး တန်တူးထားပါသေးသည်။ ဘုရားဒကာလည်းရှိနေပြီ ဖြစ်ပါသည်။ စေတီကုန်းမို့မို့ပေါ်တွင် ကျောက်သားလေးဆောင့်တိုင်ဖြစ်ပါသည်။ ဘုန်းတော်ကြီးကျောင်း၏ အရှေ့မြောက်ဘက်တွင် ဝိဇ္ဇာများ တူးဖော်ခဲ့သည်ဆိုသော ဝိဇ္ဇာရေတွင်းရှိသည်။ ရေစုပ်စက်နှင့်စုပ်ရာတွင် စုပ်ယူသလောက်ရေပန်းထွက်နေသောရေတွင်းနှင့် ရေပန်းများကို ပုံပါအတိုင်းတွေ့ရပါမည်။

တိုင်းမှူးမမွာရုံ၏ တောင်ဘက်ကပ်လျက်နေရာတွင် အလောင်းမင်းတရားကြီးဦးအောင်ဇေယျ၏ သစ္စာဆိုစစ်ထွက်ဘုရားထားရန်အဆောက်အုံကို တွေ့ရပါမည်။ ယခုအခါ ထိုဘုရားသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရား၏ အနောက်ဘက်စောင်းတန်းတွင်ရှိသည်။ ထိုဘုရားမှာ ဦးအောင်ဇေယျ စစ်ချီထွက်ရာတွင် တပ်ဦးမှပင့်ဆောင်သွားသောဘုရားဖြစ်၏။ သူတည်း အမျိုးဘာသာသာသနာ ပြုမည့်သူဖြစ်ပါစေ။ သူသာအနိုင်ရပါစေ။ ငါတည်းအမျိုးဘာသာသာသနာပြုပါမူ ငါ စစ်ပွဲကိုအနိုင်ရပါစေဟု သစ္စာဆိုဆုတောင်းသောဘုရားဖြစ်သည်။ ၎င်းဘုရားသည် တန်ခိုးလည်းကြီးပြီး ခိုက်လည်းခိုက်သည်ဟုပြောသံကြားဖူးသည်။ နန်းရင်းဝန်ဦးစောအာဏာရစဉ်အချိန်တုန်းက ရွှေဘိုမြို့ ရွှေချက်သိုက်ဘုရားမှ အတင်းအကျပ် အာဏာဖြင့် ပင့်ဆောင်သွားခြင်း ဖြစ်သည်။ နောင်တွင် ဂဠုန်ဦးစောမှာ နောင်တရခဲ့သည်။ ဤဘုရားကိုပင့်ဆောင်သွားသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီးများကို လုပ်ကြံသတ်ဖြတ်သည့် အဖြစ်ဆိုးအထိရောက်ခဲ့ရကြောင်း ဝန်ခံသွားသည်။ သူ့ကို ကြိုးပေးမသတ်မီ ထောင်တွင်းတွင် ဗုဒ္ဓစာပေများဖတ်ရန်မေးရာမှ သူသည် အမှည်ခံဗုဒ္ဓဘာသာဖြစ်ကြောင်း၊ စောစောကသာ ဤသို့ဗုဒ္ဓမေတရားများကို တွေ့ရှိခဲ့ပါက ဤအဖြစ်အပျက်များ ဖြစ်လာစရာလမ်းမရှိဟူ၍ ဝမ်းနည်းပမ်းနည်းနောင်တရသွားရှာ၏။ ထို့ကြောင့်ပင် နှောင်းမှရသောနောင်တသည် သူ့ကို မည်သို့ဖျက်ဆီးပစ်လိုက်သည်ကိုသိသွားတော့သည်။ ထို့ကြောင့်ပင် သူ့သားသမီးမြေးမြစ်များကို ဤဘုရားကို ရွှေဘိုမြို့သို့ ပြန်လည်ပေးစေရန် မှာကြားထားခဲ့သည်။ ဒေါက်တာတင်ဝင်း ရွှေဘိုအဖွဲ့မှ ပြန်ပင့်ဆောင်ရန် ကြိုးစားနေသည်။ အဆောက်အအုံပင်ဆောက်ထားပြီးပြီ။ နိုင်ငံတော်သမ္မတဦးသိန်းစိန် အနားမယူမီ (၃) လလောက်တွင် ရွှေဘိုအောင်မြေနင်းလာစဉ် ပခန်းဆရာတော်နှင့် မြို့မိမြို့ဖများမှ တင်ပြရာ စာတင်လိုက်ပါဟုဆို၍ စာလည်းတင်ပြီးပြီ။ သို့ရာတွင် ယခုအချိန်ထိ ရွှေဘိုမြို့သို့ ဘုရားပြန်မရောက်သေးပေ။

ဦးအောင်ဇေယျ၏စစ်ဦးစစ်ထွက်ဘုရားသည် ရန်ကုန်မြို့သို့ရောက်နေ၍ ယခု မြန်မာတစ်ပြည်လုံးစစ်မက်ထူပြောနေရသလားဟုပင် စာရေးသူတွေးမိ၏။ ဤအကြောင်းအရာသည် စာရေးသူ၏ ပုဂ္ဂလိကထင်မြင်ယူဆချက်သာ ဖြစ်ပါသည်။

ရာဇအောင်မြေမှ ပြန်ထွက်လာသောအခါ ကတ္တရာလမ်းနံဘေးမှ တစ်မခါလောက် အကွာအဝေးတွင် ဦးအောင်ဇေယျ၏ စပါးပင်များပျိုးကြရာ လယ်ကြမ်းကြီးရှိသည်။ နှောင်းခေတ်တွင် လယ်ပိုင်ရှင်မှလွဲ၍ လူသူကျွဲနွားတစ်ခုခုမှားပါက အစောင့်တို့ကဖမ်းစားတတ်သည်။ ငှက်ပျောပွဲ၊ အုန်းပွဲနှင့် တောင်းပန်ပါမှ ပြန်လည်ကောင်းမွန်သွားသည်။ ယင်းကြောင့်ပင် လယ်ကြမ်းကြီးဟူ၍ ခေါ်ဆိုကြသည်။ ယခုသော် ဤသို့မဟုတ်တော့ပါ။ ၎င်းနားတွင် ဟသ်ာတိုင်ရှိသည်။ မိုးတွင်းရေပြည့်၍ ရေအိုင်တွင် ဟသ်ာ (၁၀၀) လောက်မှ ကတော့ပုံထိုး၍ဆင်းလာလိုက်၊ အထက်သို့ပျံတက်လိုက်နှင့် (၃) ရက်ကြာသောအခါ မြို့လူထုကသတိထားမိ၍ မြို့က်စုရပ်မှဒကာများမှ (၄) ပေပတ်လည် အုတ်ခုံနှင့် အသားတိုင်နှင့် ပြုလုပ်၍ ဟသ်ာတိုင်လုပ်ခဲ့ကြ၏။ နှစ်ပေါင်း (၅၀) ခန့်မျှ ကြာမြင့်ခဲ့လေပြီ။ ဦးအောင်ဇေယျ စစ်ဦးထွက်ဘုရားထားရန် အဆောက်အအုံ၏အနောက်ဘက် မန်ကျည်းပင်အောက်နားတွင် ဦးအောင်ဇေယျလယ်တဲရှိသည်။ ၎င်းနေရာတွင် လှည်းကျင်းစရာမလိုဘဲ သန့်ပြန့်နေသည်ဟုဆို၏။ ယခုချိန်တွင် လယ်တဲမှာမရှိတော့ပါ။ မင်းကုန်းရွာ၏မြောက်ဘက်တွင်လည်း လယ်တဲရှိသည်။ တူးရွှင်းကိုမိုးကြိုးခရာ လက်ခုပ်ပင်ကြီးနားဖြစ်သည်။ မင်းကုန်းရွာသည် ဦးအောင်ဇေယျလက်ထက်တွင် မင်းနေသဖြင့် မင်းနေကုန်းရွာဟုခေါ်သည်။ ၎င်းရွာထဲသို့ လူသူလှည်းနွားများဝင်ရောက်လာပါက ဖိနပ်များမစီးရ၊ ဦးထုပ်မဆောင်းဘဲလာရသည်။ ယခုသော် ကာလရွေ့လျားလာ၍ မင်းကုန်းရွာဟုခေါ်ကြသည်။ ဦးအောင်ဇေယျ၏ လယ်မြေများသည် ရာဇအောင်မြေမှ မင်းကုန်းရွာလယ်များ ဝေဘူဆရာတော်ကြီးသီတင်းသုံးရာ အောင်မြေ ခထိကျယ်ပြန့်သည်။ နိဗ္ဗာန်ဆိပ်ဦးဘုရားသည်လည်း မြို့မြေပုံထဲတွင်ပါသည်။

ရွှေဘိုမြို့သည် သမိုင်းဝင် အထင်ကရနေရာဖြစ်လေရာ ဦးအောင်ဇေယျဆင်များထားရာနေရာကို ဆင်ရုံရပ်ဟုခေါ်သည်။ မင်းအရာရှိများနေသောကြောင့် မင်းရပ်ဟုခေါ်သည်။ စာရေးများနေထိုင်ရာအရပ်ကို စာရေးတန်းရပ်ဟုခေါ်သည်။ ဈေးများရှိရာအရပ်ကို ဈေးတန်းရပ်ဟုခေါ်သည်။ ဝန်မင်းများနေသောအရပ်ကို ဝန်တော်အိမ်ရပ်ဟုခေါ်သည်။ စပါးများသိုလှောင်သောအရပ်ကို ကျီတော်စုရပ်ကွက်ဟုခေါ်သည်။

ဦးအောင်ဇေယျသည် (၉)ဂဏန်းကိုကြိုက်သူဖြစ်ရာ ရေတွင်း (၉) တွင်း၊ ရေကန် (၉) ခု၊ နတ်ကွန်းကြီး (၉) ခု ဆောက်လုပ်ခဲ့သည်။ ရေကန်ကြီး(၉)ခုမှာ ရာဇအောင်မြေမြောက်ဘက်တွင် တစ်ကန်၊ မင်းကုန်းရွာတွင်တစ်ကန်၊ ချမ်းသာကြီးချမ်းသာရဘုရားအရှေ့တောင်ဘက်တစ်ကန် ဤ (၃) ကန်သာသိပါသည်။ ရေတွင်းများကိုတော့မသိပါ။

ထို့ကြောင့် ရွှေဘိုမြို့သို့ အလည်တစ်ခေါက်လာရောက်ပါက (၁) ရာဇအောင်မြေ၊ (၂) မူရင်းပထမ မူလအောင်မြေ၊ (၃) ယခုတည်ဆောက်ဆဲမြတ်စောညီနောင်ဘုရား (၂) ဆူတို့ကို လာရောက် လေ့လာ ကြည်ညိုလှူဒါန်းနိုင်ကြပါစေကြောင်း စေတနာဖြင့် နှိုးဆော် တိုက်တွန်းအပ်ပါသည်။

သန်းဆွေ (ရွှေဘို)

**ကိုးကား -**


၁။ ရွှေတန်ဆာဘုရားသမိုင်း
၂။ ဒေါက်တာတင်ဝင်း (ရွှေဘို) ၏ ရွှေဘိုသားဟော့စာအုပ်
၃။ ဆရာတော်ဦးကုန္ဒလ၏မိန့်ကြားချက်များ




www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် လင်္ဂဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းအခါသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း အထူးသဖြင့် မဟာသဒ္ဒမန္တန်ကြီးအပါအဝင် ဓန်လာဘ်ဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော် ကျင့်ကြံပွားများပါလျှင် ကောင်းကျိုးချမ်းသာ ရရှိခံစားရမည်မှာ အသေအချာဖြစ်ပါသည်။ (၁၄-၆-၂၀၁၇) နေ့ နံနက် (၂း၅၁) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်မည်ဖြစ်ပြီး ၎င်းနေ့ နေ့လယ် (၂း၅၀း၄၄) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်ဖြင့် ယှဉ်မည်ဖြစ်ကာ (၁၅-၆-၂၀၁၇) နေ့ နံနက် (၂း၅၁) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်မှ စတင်ထွက်ခွာမည်ဖြစ်သည်။ (၁၅-၆-၂၀၁၇) နေ့ ညဉ့် (၂၂း၂၀း၅၉) နာရီမှ (၀း၂၀း၅၉) နာရီအတွင်း လင်္ဂသည် ဓနသိဒ္ဓိနက္ခတ်တို့ ဖြတ်ကျော်မည်ဖြစ်ပြီး (၁၄-၆-၂၀၁၇) နေ့ နံနက် (၄း၄၆း၃၉) နာရီမှ (၄း၅၂း၀၉) နာရီအတွင်း မွန်းတည့်မျဉ်းသည် ဓနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်မည်။

| | လင်္ဂဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | |
|---|---|---|---|---|---|
| | စဝင်ချိန် | စထွက်ချိန် | | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၂၃း ၁၆း ၀၃ | ၁း ၁၅း ၃၀ | ၁ | ၅း ၃၇း ၄၇ | ၅း ၄၃း ၁၃ |
| ၂ | ၂၃း ၁၂း ၀၇ | ၁း ၁၁း ၃၅ | ၂ | ၅း ၃၃း ၅၁ | ၅း ၃၉း ၁၇ |
| ၃ | ၂၃း ၀၈း ၁၁ | ၁း ၀၇း ၃၉ | ၃ | ၅း ၂၉း ၅၅ | ၅း ၃၅း ၂၁ |
| ၄ | ၂၃း ၀၄း ၁၅ | ၁း ၀၃း ၄၃ | ၄ | ၅း ၂၅း ၅၉ | ၅း ၃၁း ၂၅ |
| ၅ | ၂၃း ၀၀း ၁၉ | ၀း ၅၉း ၄၇ | ၅ | ၅း ၂၂း ၀၃ | ၅း ၂၇း ၂၉ |
| ၆ | ၂၂း ၅၆း ၂၃ | ၀း ၅၅း ၅၁ | ၆ | ၅း ၁၈း ၀၇ | ၅း ၂၃း ၃၃ |
| ၇ | ၂၂း ၅၂း ၂၇ | ၀း ၅၁း ၅၅ | ၇ | ၅း ၁၄း ၁၁ | ၅း ၁၉း ၃၇ |
| ၈ | ၂၂း ၄၈း ၃၁ | ၀း ၄၇း ၅၉ | ၈ | ၅း ၁၀း ၁၅ | ၅း ၁၅း ၄၁ |
| ၉ | ၂၂း ၄၄း ၃၅ | ၀း ၄၄း ၀၃ | ၉ | ၅း ၀၆း ၁၉ | ၅း ၁၁း ၄၅ |
| ၁၀ | ၂၂း ၄၀း ၃၉ | ၀း ၄၀း ၀၇ | ၁၀ | ၅း ၀၂း ၂၃ | ၅း ၀၇း ၄၉ |
| ၁၁ | ၂၂း ၃၆း ၄၃ | ၀း ၃၆း ၁၁ | ၁၁ | ၄း ၅၈း ၂၇ | ၅း ၀၃း ၅၃ |
| ၁၂ | ၂၂း ၃၂း ၄၇ | ၀း ၃၂း ၁၅ | ၁၂ | ၄း ၅၄း ၃၁ | ၄း ၅၉း ၅၇ |
| ၁၃ | ၂၂း ၂၈း ၅၁ | ၀း ၂၈း ၁၉ | ၁၃ | ၄း ၅၀း ၃၅ | ၄း ၅၆း ၀၁ |
| ၁၄ | ၂၂း ၂၄း ၅၅ | ၀း ၂၄း ၂၃ | ၁၄ | ၄း ၄၆း ၃၉ | ၄း ၅၂း ၀၉ |
| ၁၅ | ၂၂း ၂၀း ၅၉ | ၀း ၂၀း ၂၇ | ၁၅ | ၄း ၄၂း ၄၃ | ၄း ၄၈း ၁၃ |
| ၁၆ | ၂၂း ၁၆း ၀၃ | ၀း ၁၆း ၃၁ | ၁၆ | ၄း ၃၈း ၄၇ | ၄း ၄၄း ၁၇ |
| ၁၇ | ၂၂း ၁၂း ၀၇ | ၀း ၁၂း ၃၅ | ၁၇ | ၄း ၃၄း ၅၁ | ၄း ၄၀း ၂၁ |
| ၁၈ | ၂၂း ၀၈း ၁၁ | ၀း ၀၈း ၃၉ | ၁၈ | ၄း ၃၀း ၅၅ | ၄း ၃၆း ၂၅ |
| ၁၉ | ၂၂း ၀၄း ၁၅ | ၀း ၀၄း ၄၃ | ၁၉ | ၄း ၂၆း ၅၉ | ၄း ၃၂း ၂၉ |
| ၂၀ | ၂၂း ၀၀း ၁၉ | ၀း ၀၀း ၄၇ | ၂၀ | ၄း ၂၃း ၀၃ | ၄း ၂၈း ၃၃ |
| ၂၁ | ၂၁း ၅၆း ၂၃ | ၂၃း ၅၆း ၅၁ | ၂၁ | ၄း ၁၉း ၀၇ | ၄း ၂၄း ၃၇ |
| ၂၂ | ၂၁း ၅၂း ၂၇ | ၂၃း ၅၂း ၅၅ | ၂၂ | ၄း ၁၅း ၁၁ | ၄း ၂၀း ၄၁ |
| ၂၃ | ၂၁း ၄၈း ၃၁ | ၂၃း ၄၈း ၅၉ | ၂၃ | ၄း ၁၁း ၁၅ | ၄း ၁၆း ၄၅ |
| ၂၄ | ၂၁း ၄၄း ၃၅ | ၂၃း ၄၅း ၀၃ | ၂၄ | ၄း ၀၇း ၁၉ | ၄း ၁၂း ၄၉ |
| ၂၅ | ၂၁း ၄၀း ၃၉ | ၂၃း ၄၁း ၀၇ | ၂၅ | ၄း ၀၄း ၂၃ | ၄း ၀၈း ၅၃ |
| ၂၆ | ၂၁း ၃၆း ၄၃ | ၂၃း ၃၇း ၁၁ | ၂၆ | ၄း ၀၀း ၂၇ | ၄း ၀၄း ၅၇ |
| ၂၇ | ၂၁း ၃၂း ၄၇ | ၂၃း ၃၃း ၁၅ | ၂၇ | ၃း ၅၆း ၃၁ | ၄း ၀၁း ၀၁ |
| ၂၈ | ၂၁း ၂၈း ၅၁ | ၂၃း ၂၉း ၁၉ | ၂၈ | ၃း ၅၂း ၃၅ | ၃း ၅၇း ၀၅ |
| ၂၉ | ၂၁း ၂၄း ၅၅ | ၂၃း ၂၅း ၂၃ | ၂၉ | ၃း ၄၈း ၃၉ | ၃း ၅၃း ၀၉ |
| ၃၀ | ၂၁း ၂၀း ၅၉ | ၂၃း ၂၁း ၂၇ | ၃၀ | ၃း ၄၄း ၄၃ | ၃း ၄၉း ၂၃ |




www.burmeseclassic.com


www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက်
# စီးပွားရေးဇေဒင်ဟောကိန်း


မင်းရှိန်အောင်




(၁-၆-၂၀၁၇) နေ့ ဇာတာခွင်




(၁၁-၆-၂၀၁၇) နေ့ ဇာတာခွင်




(၂၁-၆-၂၀၁၇) နေ့ ဇာတာခွင်

ပထမဆယ်ရက်တာကာလတွင် ရွှေဈေးမတည်ငြိမ် အကျဘက်ပိုယိမ်းမည်။ ငွေကြေးဈေးကွက်ထုံထိုင်းနေမည်။ ကျောက်မျက်ဈေးကွက်လှုပ်ရှားမှုများ၍ ကျဈေးမိနိုင်သည်။ စတော့ရှယ်ယာဈေးကွက် အမြင့်ဈေးရှိသည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊မီဒီယာနှင့်စာနယ်ဇင်းဈေးကွက်တည်ငြိမ်သယောင်နှင့်ဖောက်ပြန်မည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာ၊ ဟိုတယ်နှင့်ခရီးသယ်ယူပို့ဆောင်ရေး၊ ယာဉ်ကားဆိုင်ရာဈေးကွက်ရုတ်တရက်ပြောင်းဆန်ပြောင်းလဲမည်။ လျှပ်စစ် အီလက်ထရွန် ရေဒီယိုဆိုင်ရာဈေးကွက် ပုံမှန်မဟုတ် မှန်းဆရမလွယ်ဖြစ်နေမည်။ သစ်နှင့် ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း ရုတ်တရက်ကျဈေးမိတတ်မည်။ ရေထွက်ပစ္စည်းဆိုင်ရာဈေးကွက်မကောင်း၊ စိုက်ပျိုး မွေးမြူရေးဈေးကွက် အကျဘက်ပိုယိုင်မည်။ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေဈေးကွက် ကျရိပ်နှင့်ထိတွေ့ရတတ်မည်။ သတ္တုဈေးကွက်အမြင့်ဈေးပိုတွေ့မည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက် ကျရိပ်ပိုရှိသည်။ ငွေကြေးဈေးကွက်အတက်အကျရှုပ်ထွေးနေမည်။ ကျောက်မျက်ဈေးကွက်အကျဘက်ပိုယိုင်တတ်မည်။ စတော့ရှယ်ယာဈေးကွက် အမြင့်ဈေးရှိသော်လည်း ရုတ်တရက်ဖောက်ပြန်တတ်မည်။ သစ်နှင့် ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း အနိမ့်ဈေးနှင့် တွေ့တတ်မည်။

ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာ၊ ဟိုတယ်နှင့်ခရီး၊ သယ်ယူပို့ဆောင်ရေး၊ ယာဉ်ကားဈေးကွက်ငြိမ်သလိုလိုနှင့် ဖောက်ပြန်တတ်မည်။ ဖုန်းနှင့် ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာ စာနယ်ဇင်းဈေးကွက် ကျဈေးမိတက်မည်။ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေဈေးကွက် တက်ရိပ် ကျရိပ် ရှုပ်ထွေးနေမည်။ လျှပ်စစ် အီလက်ထရွန် ရေဒီယိုဆိုင်ရာဈေးကွက် ပုံမှန်မဟုတ်။ ရေထွက်ပစ္စည်းဈေးကွက်တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ စိုက်ပျိုးမွေးမြူဈေးကွက် အတက်ဈေးရှိသည်။ သတ္တုဈေးကွက်ကောင်းသည်။

တတိယတာဆယ်ရက်ကာလတွင် ရွှေဈေးကွက်အကျရှိသော်လည်း ဖြန်းခနဲထောင်တက်တတ်မည်။ ငွေကြေးဈေးကွက်ငြိမ်သော်လည်းဈေးကောင်းမိမည်။ ကျောက်မျက်ဈေးကွက်တက်ဈေးရှိသည်။ စတော့ရှယ်ယာဈေးကွက် အမြင့်ဈေးမျှော်၍ရသည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း အမြင့်ဈေးမျှော်၍ ရသည်။ လျှပ်စစ် အီလက်ထရွန်းနစ် ရေဒီယိုဆိုင်ရာဈေးကွက် မတည်ငြိမ်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာ စာနယ်ဇင်းဈေးကွက်ငြိမ်သော်လည်း အမြင့်ဈေးရှိမည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ ဟိုတယ်နှင့်ခရီး၊ အနုပညာ၊ သယ်ယူပို့ဆောင်ရေး၊ ယာဉ်ကားဈေးကွက်ငြိမ်နေမည်။ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေဈေးကွက် တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ရေထွက်ပစ္စည်းဈေးကွက် ရုတ်တရက် အမြင့်ဈေးနှင့်တွေ့မည်။ စိုက်ပျိုးမွေးမြူရေးဈေးကွက်တက်ဈေးရှိသည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com



ခြေတော်ရာဘုရား



မြသိန်းတန်စေတီ



ကမ္ဘာလှည့်ခရီးသည်များ

အမြုန့(မန္တလေး)

# ဘုရားကြီးအပြီးမသတ်နိုင်ခဲ့ပေမယ့် မုဆိုးသုညကပ်ကိုရောက်ခဲ့ရ

မင်းကွန်း-မန္တလေးမော်တော်များက (၁) နာရီတစ်စီးနှုန်းပုံမှန်ထွက်နေ၏။ ခရမ်းခြံဆိပ်ကမ်းဆိပ်ကမ်းမှ ပုံမှန်ထွက်နေဆဲပင်။ အသွားမှာ ရေဆန်ဖြစ်၏။ ဥအင်းများကိုငေးမောရင်း မင်းကွန်းကိုရောက်ရှိသွားတာ ကြာမည်ဟုမထင်မိလိုက်ပေ။

မင်းကွန်းသည် စစ်ကိုင်းတောင်တန်းများက မြောက်ဘက် မင်းကွန်းတောင်ခြေတွင် တည်ရှိ၏။ မန္တလေးအနောက်မြောက်ဘက်(၇)မိုင်ခန့်အကွာက ရွာလေးသည် ဧရာဝတီမြစ်နှင့်အပြိုင်တမ္ဘာကျော်ခဲ့လေပြီ။ နိုင်ငံခြားဧည့်များက နေ့စဉ်ပြတ်သည်ဟု မရှိတော့ပေ။

မူလက မင်းကောင်းဆိုတဲ့ရွာလေးကို သက္ကရာဇ် ၇၆၃ ခုနှစ် အင်းဝဘုရင်မင်းခေါင်လက်ထက်မှာ ဘုရင်မင်းခေါင်အမည်နှင့်ဆင်တူနေသဖြင့် မင်းရွာဟုအမည်ကြ၏။

အမရပူရမြို့တည် နန်းတည်ခဲ့သော ဘိုးတော်ခေါ် ဗဒုံမင်းတရားကြီးလက်ထက်တွင် မင်းရွာကို မင်းကွန်းဟုခေါ်ခဲ့သည်။ ဘိုးတော်ဘုရားသည် တိုင်းရေးပြည်ရေးကို သားတော်အိမ်ရှေ့မင်းသားနှင့်တွဲကာ ၁၁၅၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၅ ရက်မှာ မင်းကွန်းကို ပထမအကြိမ်ထွက်တော်မူခဲ့သည်။

ဘိုးတော်ဘုရားသည် ပုထိုးတော်ကြီးကို ၁၁၅၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ကြာသပတေးနေ့တွင် စတင်အုတ်မြစ်ချတော်မူခဲ့သည်။ ဘိုးတော်ဘုရားသည် မင်းကွန်းပုထိုးတော်ကြီးတောင်ဘက် ကိုက် (၄၀၀) ခန့်အကွာတွင် အနှစ် (၂၀) ရှိ ယာယီစံနန်းဖြင့်နေထိုင်ခဲ့သည်။ ပုထိုးတော်ကြီးကို အမြင့်ပေ (၅၀၀) ခန့် မှန်းထားသော်လည်း-

'ဘုရားလည်းပြီး၊ ပြည်ကြီးလည်းပျက်လတ္တံ့။ မင်းကွန်းဘုရားကြီး အပြီးသတ်၊ မုဆိုးသုညကပ်' တဘောင်ထွက်ပေါ်လာသောအခါ အယူတော်မင်္ဂလာဦးနိုးက ပုထိုးတော်ကြီး ပြီးစီးအောင်တည်ပါက ကုန်းဘောင်ဆက် (မုဆိုးဆက်) မင်းများပြတ်တော့မည်ဟု တင်လျှောက်သောကြောင့် ပြီးစီးအောင်မတည်ဖြစ်တော့ပေ။

ယခုအခါ ပျက်စီးနေပြီးဖြစ်သော၊




ပုထိုးတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ခြင်္သေ့ကြီး



ခြင်္သေ့ကြီးမျက်လုံး



မင်းကွန်းခေါင်းလောင်းကြီး

အပြီးမသတ်ခဲ့သော ပုထိုးတော်ကြီးသည် အမြင့်ပေ (၁၆၂) ပေရှိသေးသည်။ ဌာပနာတိုက်ပေါင်း (၂၁) တိုက်ထဲမှာ ဘုရားရဟန္တာတိုက်ဓာတ်တော်မွေတော်များ၊ နှစ်ကျိပ်ရှစ်ဆူသောဘုရားရှင်တို့၏ ရွှေရုပ်တု၊ ငွေရုပ်တုများ၊ ဗုဒ္ဓဝင်ရွှေရုပ်တု၊ ငွေရုပ်တုများ၊ ကုန်းဘောင်မင်းဆက် ဘုရင်များနှင့် ဆွေတော်မျိုးတော်များ၏ ရွှေရုပ်တုများကို ဌာပနာထားခဲ့သည်။ ပုထိုးတော်ကြီးသည် သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်ကလှုပ်သောငလျင်ဒဏ်ကြောင့် လေးဖက်လေးတန်မှ ပြိုကျခဲ့သည်။

ခြင်္သေ့ကြီး (၂) ကောင်သည် (၄၅) နှစ်တိတိ အကောင်းပကတိရှိနေခဲ့သည်။ ၁၂၀၀ ပြည့်နှစ် ငလျင်လှုပ်ခတ်သောအခါမှ ရှေ့ပိုင်းကိုယ်များပြိုကျခဲ့သည်။ ခြင်္သေ့ကြီးများ၏ မျက်လုံး၊ ခြေသည်း၊ လက်သန်းတို့ကို စကျင်ကျောက်များဖြင့် ပြုလုပ်ထားရာ မျက်လုံးအဝန်းသည်ပင် (၉) ပေ၊ အချင်း (၃) ပေရှိခဲ့သည်။

မင်းကွန်းခေါင်းလောင်းကြီးကို ပန်းတဉ်းဝန် မဟာနန္ဒကျော်သူကြပ်မတ်၍ ပုထိုးတော်ကြီးကို အရွယ်အစားနှင့် ကိုက်ညီအောင် အချိုးကျသွန်းလုပ်ခဲ့သည်။ ကြေးပိဿာချိန်(၅၅၅၅၅)ကုန်ကျခဲ့လေသည်။ ၁၂၀၀ ပြည့်နှစ်ငလျင်က ခေါင်းလောင်းကြီးပြုတ်ကျကာ ကြေးပိဿာချိန် (၅) ပိဿာခန့် ပဲ့ထွက်ခဲ့သည်။ ရုရှားနိုင်ငံတွင်တည်ရှိကြသော ကမ္ဘာ့အကြီးဆုံးခေါင်းလောင်းကြီးများမှာ တီးနိုင်ထိုးနိုင်သောခေါင်းလောင်းများ မဟုတ်ကြပေ။



မကြာသေးခင်က တူးဖော်ရရှိထားသော ရှေးဟောင်းသစ်ထွင်းလှေကြီး

မင်းကွန်းရွာတောင်ဘက် (၆) မိုင်ကွာဝေးသော ကြက်ထောင့်ရွာအနီးက ကြက်တော်ကန်တော်ကြီးကို သမိုင်းဝင်ကန်တော်ကြီးအဖြစ်ဆိုကြသည်။

ဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသသည် သာသနာတော်နှစ် ၅ ရာစုမှ ၂၅ ရာစုကုန်ခါနီးတိုင်အောင်ကွယ်ပျောက်နေသော ပိဋကတ် (၃) ပုံ နှုတ်ငုံဆောင်သည့်ခေတ်ကို တစ်ခေတ်ဆန်းအောင်ဆောင်ရွက်တော်မူနိုင်ခဲ့၏။ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ကို မြန်မာပြည်၌ ပထမဦးဆုံးရရှိတော်မူခဲ့၏။ ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ်ထူးကြီးအဖြစ် နှစ်ကြိမ်တိုင် မှတ်တမ်းတင်ခဲ့သည်။

မင်းကွန်းခေါင်းလောင်းတော်ကြီး၏မြောက်ဘက် ကိုက် (၅၀၀) ခန့်အကွာ ဉာဏ်တော်အမြင့် (၃၂၁) ပေရှိသော မြသိန်းတန်စေတီတော်လည်းရှိပါသည်။ မူလအမည်မှာ ရှင်ဖြူဘုရားဖြစ်၏။ အလောင်းစည်သူမင်းကြီးတိုင်းခန်းလှည့်လည်ရာမှအပြန် ဖောင်းတော်ရပ်နားစဉ် ရှင်ဖြူဘုရားတစ်ဆူပူဇော်ခိုင်း၍ အမတ်တို့က ရှင်ဖြူဘုရားရုပ်တုတော်တစ်ဆူ တည်ထား ပူဇော်ခဲ့သည်။

မြေးတော်စစ်ကိုင်းမင်းလက်ထက်တွင် ပျက်စီးနေသော ရှင်ဖြူဘုရားတန်ဆောင်းကို ပြုပြင်ခဲ့သည်။ စစ်ကိုင်းမင်းသားသည် ၁၁၆၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်နေ့၊ ကြာသပတေးနေ့တွင် မြသိန်းတန်စေတီတော်ကြီးကို တည်ထားခဲ့သည်။

မြသိန်းတန်စေတီတော်ကြီးကို တာဝတိံသာနတ်ပြည်ပုံစံချ၍ တည်ဆောက်ခဲ့၏။ တံတိုင်းသည် လေးထောင့်မဟုတ်ဘဲ အဝိုင်းဖြစ်ရသောကြောင့် စကြဝဠာကို ရည်ရွယ်သည်။ ဥမင်လိုဏ်အတွင်း၌ မူလရှိရင်းစွဲ ရှင်ဖြူဘုရားရုပ်တုတော်ကို ပလ္လင်ဖြင့်ပူဇော်ထားသည်။

မင်းကွန်းသည် -

၁။ ပုထိုးတော်ကြီး

၂။ ခေါင်းလောင်းတော်ကြီး

၃။ ခြင်္သေ့ကြီး

၄။ ရေကန်ကြီး

၅။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးနှင့် တည်ထားပုံ ဆန်းကြယ်သော မြသိန်းတန်စေတီတော်တို့ကြောင့် ကမ္ဘာကျော်ရွာကလေးအဖြစ် ခေတ်အဆက်ဆက် ကျော်ကြားနေဦးမည်ဖြစ်တော့သည်။

အဋ္ဌုန် (ဗွီနွှလေး)



www.burmeseclassic.com

www.burmeseclassic.com

# ချစ်ဖို့ (မော်ကျွန်း)

# တစ်ပိုင်တစ်နိုင် သာသနာပြုကြပါစို့



သာသနာ ဆိုသည်မှာ အဆုံးအမ ဩဝါဒများဟု အဓိပ္ပာယ်ရပါသည်။ ဗုဒ္ဓသာသနာဆိုသည်မှာ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမဩဝါဒများ ဖြစ်ပါသည်။ ဗုဒ္ဓ၏ အဆုံးအမဩဝါဒအတိုင်း လိုက်နာကျင့်သုံးနေထိုင်သူကို ဗုဒ္ဓဘာသာဝင်ဟု သတ်မှတ်ပါသည်။ ဗုဒ္ဓသည် စဉ်းစားတွေးခေါ်ပြီး မိမိ၏ထင်မြင်ယူဆချက်၊ မှန်းဆချက်များကို ပုံဖော်ပြီး ဝါဒတစ်ရပ်အဖြစ် ထူထောင်ခဲ့ခြင်း မဟုတ်ပါ။ တစ်စုံတစ်ဦး၏ သင်ကြားပြသမှုကြောင့် မဟုတ်ဘဲ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် လောက၏ သဘာဝအမှန်တရားများကို ထိုးထွင်းသိမြင်ခဲ့ခြင်း ဖြစ်၏။ မိမိသိမြင်ခဲ့သည့် အမှန်တရားများကို လူနှင့်တကွ သတ္တဝါအများ၏ကောင်းကျိုးချမ်းသာအတွက် နည်းပေးလမ်းပြ ဆုံးမတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓသည် သဘာဝအမှန်တရား (၄)ချက်ကို အဓိကဦးတည်ပြီးဟောကြားလေ့ရှိ၏။ ယင်းအမှန်တရား (၄) ပါးမှာ သမုဒယ၊ ဒုက္ခ၊ နိရောဓနှင့် မဂ္ဂ ဟူသော သစ္စာလေးပါးဖြစ်၏။ သမုဒယကြောင့် ဒုက္ခဖြစ်သည်ဆိုရာ၌ သမုဒယ ဟူသည် လိုချင်မှုတဏှာဖြစ်၏။ ဒုက္ခ ဟူသည်မှာ ဆင်းရဲခြင်းဖြစ်၏။ တဏှာကြောင့် ဆင်းရဲရခြင်းသည် အမှန်တရား ဖြစ်၏။ မိမိပစ္စည်း၊ ဇနီး၊ ခင်ပွန်း၊ သားသမီး စသည်တို့ ပျက်စီးဆုံးရှုံးလျှင် ဆင်းရဲခြင်းဖြစ်ကြရ၏။ တဏှာများလေ ဆင်းရဲများလေ၊ တဏှာနည်းလေ ဆင်းရဲမှုနည်းပါးလေ၊ တဏှာကုန်ဆုံးလျှင် ဆင်းရဲချုပ်ငြိမ်းမည်ဖြစ်ကြောင်း၊ ဆင်းရဲချုပ်ရာကို နိရောဓဟုခေါ် ဆိုကြောင်း၊ ဆင်းရဲချုပ်ကြောင်းနည်းလမ်းကောင်းကို မဂ္ဂဟုခေါ်ဆိုကြောင်း၊ မဂ္ဂင်ရှစ်ပါးအကျင့်တရားဖြင့် သစ္စာလေးပါးမြတ်တရားကို ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် နည်းလမ်းအသွယ်သွယ်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

ဗုဒ္ဓ၏အဆုံးအမများကို ဩဝါဒပါတိမောက်၌ 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား' ဟူ၍ သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ကို လမ်းညွှန်မိန့်ကြားခဲ့ပါသည်။ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်သုံးတတ်စေရန် ဒေသနာတော်များကို သင်ယူလေ့လာသော ပရိယတ္တိသာသနာ၊ ထိုပရိယတ်တရားတော်မှ ညွှန်ပြထားသည့်အတိုင်း ကျင့်သုံးဆောက်တည်သော ပဋိပတ္တိသာသနာ၊ ထိုကဲ့သို့ ကျင့်သုံးခြင်းဖြင့် ဉာဏ်အမြင်စင်ကြယ်ကာ မဂ်ဖိုလ်နိဗ္ဗာန်ကို ထိုးထွင်းသိမြင်အပ်သော ပဋိဝေဓသာသနာဟူ၍ သာသနာတော် (၃) ရပ် ပိုင်းခြားသတ်မှတ်ခဲ့ပေသည်။

**❑ ပထမသင်္ဂါယနာ**

သာသနာတော်သုံးရပ်အနက်တွင် ပရိယတ္တိသာသနာဖြစ်သည့် ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်တို့ကို မချို့ယွင်းမပျောက်ပျက် တိကျမှန်ကန်စွာတည်ရှိစေရန် စည်းဝေးညှိနှိုင်း မေးဖြေအတည်ပြုကြပြီး စုပေါင်းရွတ်ဆိုသောပွဲကို သင်္ဂါယနာတင်ပွဲဟု ခေါ်ပေသည်။

ပထမဦးဆုံး သင်္ဂါယနာတင်ပွဲကို ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီး (၃) လ အကြာ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်မှစတင်၍ တပေါင်းလပြည့်အထိ ခုနစ်လတိုင်တိုင် ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ယံ စရည်းပင်ပေါက်ရာ သတ္တပဏ္ဏိလိုဏ်ဂူ၌ အရှင်မဟာကဿပမထေရ်မြတ် ကြီးမှူး၍ ရဟန္တာ (၅၀၀) တို့က မဂဓပြည့်ရှင် ဘုရင်အဇာတသတ်၏ အထောက်အပံ့ဖြင့် ရွတ်ဆောင်တော်မူခဲ့ကြ၏။

သင်္ဂါယနာတင်ရခြင်းအကြောင်း ဖြစ်ပေါ်လာပုံမှာ မြတ်စွာဘုရားပရိနိဗ္ဗာန်ဝင်စံပြီး (၇) ရက်အကြာတွင် သုဘဒ္ဒ အမည်ရသောတောထွက်ရဟန်းကြီးက

"ငါ့ရှင်တို့ ငိုကြွေးပူဆွေးခြင်းမဖြစ်ကြနဲ့။ မြတ်စွာဘုရားရှိစဉ်တုန်းကလို



www.burmeseclassic.com

www.burmeseclassic.com

ပညတ်ချက်တွေချုပ်ချယ်မှုတွေမရှိတော့ဘူး။ ငါတို့လွတ်လွတ်လပ်လပ်နေလို့ရပြီ"

ဟု ကြွေးကြော်သည်ကို အရှင်မဟာကဿပမထေရ်မြတ်ကြားသိရသည်တွင် -

'မြတ်စွာဘုရားရှင် ပင်ပန်းကြီးစွာတည်ထောင်ခဲ့ရတဲ့ သာသနာတော်မြတ်ကြီး၌ ဤမျှ တိုတောင်းလှသောအချိန်ကာလအတွင်း မသူတော်စကားပြောကြားစပြုလာပြီ။ မသူတော်တရားထွန်းကားလာလျှင် သာသနာတော်ကြီးဆုတ်နစ်စေနိုင်၏'

ဟု ဆင်ခြင်တော်မူပြီး သံဝေဂကြီးစွာရရှိတော်မူခဲ့၏။ မြတ်ဘုရား၏သာသနာခရီးအစတွင် ဦးစွာပထမပေါ်ပေါက်ခဲ့သောအန္တရာယ် ဖြစ်ပေတော့သည်။

ပထမသင်္ဂါယနာတင်ရာတွင် ဝိနည်းဒေသနာတော်ကို ဦးစွာတင်ခဲ့ကြ၏။ 'ဝိနယော နာမ သာသနဿ အာယု' ဝိနည်းသည် သာသနာတော်၏အသက်ဟု ဆိုထားသည့်အတွက် ဝိနည်းဒေသနာတော်တည်မြဲနေသမျှ သာသနာတော် မကွယ်ပျောက်သေးပေ။ ဗုဒ္ဓသာသနာမရှိသည့်သာသနာပ၌ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသည့်ကိုယ်ကျင့်သီလများရှိနိုင်သော်လည်း သာသနာတွင်းသီလဖြစ်သည့် (၂၂၇) သွယ်သော ဝိနည်းသိက္ခာ၊ ကုဋေကိုးထောင်ကျော်သောသီလများကို ကြားပင်မကြားဘူးကြပေ။ ထိုသီလတော်များမှာ သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် ပညတ်ထားသော ဥပဒေတော်ကြီးများပင် ဖြစ်၏။ ထိုဥပဒေတော်နှင့်အညီနေထိုင်သော ရဟန်းတော်များသည် ကိုယ်အမူအရာ၊ နှုတ်အမူအရာတွင် မည်သည့်လူကြီးလူကောင်းနှင့်မနှိုင်းယှဉ်သာအောင် ယဉ်ကျေးသိမ်မွေ့ကြသဖြင့် အခြားဘာသာဝင်များကပင် လေးစားကြရပါသည်။ ရဟန်းတော်များသည် ဝိနည်းဒေသနာတော်အတိုင်း ထိန်းသိမ်းစောင့်စည်းမှုလုံးဝမရှိတော့ပါက ဗုဒ္ဓ၏အသရေတော်ဖြစ်သည့် အဝါရောင်မြတ်သင်္ကန်းကို ဝတ်ဆင်နေသော်လည်း သာသနာပရသေ့ပရဗိုဇ်တို့၏အနေမျှသာဖြစ်ပေတော့သည်။

□ **ဒုတိယသင်္ဂါယနာ**

ပထမသင်္ဂါယနာတင်ပြီး အနှစ်(၁၀၀) အကြာ ဝေသာလီပြည် ကာလာသောကမင်းလက်ထက်တွင် ဝဇ္ဇီတိုင်းသား ရဟန်းများက ရွှေ ငွေကို အလှူခံကောင်း၏။ သေရည်အဖြစ်မရောက်သေးသော သေန္ဓ (ယခုခေတ် ဘီယာ၊ ဝိုင်) ကို သောက်ကောင်း၏။ မွန်းလွဲပြီးနောက် အရိပ်လက်နှစ်သစ်ထွက်သည်အထိ စားသော်လည်း ဝိကာလဘောဇနမဖြစ် စသည်ဖြင့် ဝိနည်းနှင့်ဆန့်ကျင်သော အဓမ္မဝါဒ (၁၀) ပါးကို အသစ်ထွင်လာသဖြင့် အရှင်ယသ၊ အရှင်ရေဝတ၊ အရှင်သဗ္ဗကာမိ အစရှိသော ရဟန္တာမထေရ်မြတ်ကြီး (၈) ပါးကြီးမှူး၍ ရဟန္တာအပါး(၇၀၀)နှင့်အတူ ဝေသာလီပြည် ဝါလုကာရုံကျောင်းတော်၌ ကာလာသောကမင်းကြီး၏ အထောက်အပံ့ဖြင့် (၈) လတိုင်အောင် ဒုတိယသင်္ဂါယနာတင်ခဲ့ကြပါသည်။ ဝဇ္ဇီတိုင်းသား ရဟန်းများကလည်း သူတို့အချင်းချင်း သဘောတူရာစုပေါင်းပြီး စင်ပြိုင်သင်္ဂါယနာတင်ခဲ့ပြီး မဟာသင်္ဂီတိဂိုဏ်းဟု ခေါ်တွင်ခဲ့ကာ တဖြည်းဖြည်း ဂိုဏ်းခွဲ (၅) ခုအထိ ကွဲထွက်သွားကြ၏။ မူလဂိုဏ်းကြီး (၂) ဂိုဏ်းအပြင် ထေရဝါဒဂိုဏ်းမှ (၁၁) ဂိုဏ်းပေါင်းလျှင် ဂိုဏ်းပေါင်း (၁၈) ဂိုဏ်းအထိ အယူဝါဒများကွဲပြားသွားကြပါသည်။

□ **တတိယသင်္ဂါယနာ**

ဤသို့ အယူဝါဒအမျိုးမျိုးပေါ်ပေါက်လာပြီး ထေရဝါဒသာသနာအစစ်ထဲတွင် ပြင်ပမိစ္ဆာဝါဒများရောယှက်လာသည့်အတွက် သံဃာတုသည် သန့်ရှင်းမှုမရှိတော့သည်ကို အကြောင်းပြု၍ သာသနာတော်နှစ် ၂၃၅ တွင် ပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောက (အသောက) မင်းကြီး၏ အထောက်အပံ့ဖြင့် အသောကာရာမကျောင်း၌ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ် ကြီးမှူး၍ ရဟန္တာ (၁၀၀၀) ဖြင့် တတိယသင်္ဂါယနာတင်ခဲ့ကြ၏။

အသောကမင်းကြီးသည် တတ္ထိဗြာဟ္မဏများကို အစဉ်အလာအရ ကိုးကွယ်သူဖြစ်သော်လည်း နိဂြောဓသာမဏေနှင့် ဆုံတွေ့ပြီးနောက် အဆုံးအမခံယူကာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူ ဖြစ်၏။ ထေရဝါဒကို ယုံကြည်လက်ခံသောပုဂ္ဂိုလ်ဖြစ်သည့်အလျောက် ဓမ္မဝိနယအတိုင်း မလိုက်နာသောရဟန်းများ၊ မိစ္ဆာဝါဒအယူရှိသော ရဟန်းများကို ရှင်းလင်းလိုသောဆန္ဒဖြစ်လာသည့်အတွက် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်အား မင်းဥယျာဉ်သို့ ပင့်လျှောက် သိတင်းသုံးစေပြီး ဗုဒ္ဓရှင်တော်ဝါဒနှင့် တိတ္ထိဗြာဟ္မဏဂိုဏ်းဆရာတို့၏ဝါဒများကို (၇) ရက်တိုင်အောင် ရှင်းလင်းသင်ယူခဲ့၏။ ဝိနည်းဒေသနာကို ကောင်းစွာ နားလည်သွားသော မင်းကြီးသည် ရဟန်းတုရဟန်းယောင်များကို လူဝတ်လဲစေကာ ဓမ္မစက်နှင့် အာဏာစက်ပေါင်းပြီး သာသနာတော်ကိုသန့်စင်စေခဲ့၏။ မင်းကြီး၏ ဆောင်ရွက်ချက်ကို နမူနာယူ၍ တိုင်းပြည်အုပ်ချုပ်သူ ပုဂ္ဂိုလ်များနှင့်တကွ အရပ်သူအရပ်သားများသည် ဝိနည်းဒေသနာကို နားလည်ထားပါက သာသနာတော်ထွန်းကားပြန့်ပွားရေး၊ တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မည်ဖြစ်ကြောင်း မှတ်သားရပေသည်။

တတိယသင်္ဂါယနာပြီးနောက်တွင် အရှင်မြတ်နှင့် မင်းကြီးတို့ပူးပေါင်းပြီး သာသနာတော်ပြန့်ပွားစေရေးအတွက် ကိုးတိုင်းကိုးဌာနသို့သာသနာပြုစေလွှတ်တော်မူရာ သုဝဏ္ဏဘူမိ (သထုံ) သို့ အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ရောက်ရှိပြီး သာသနာပြုခဲ့ကြ၏။ မြန်မာပြည်ဗုဒ္ဓသာသနာရောင်ဝါ ထွန်းလင်းနေရခြင်းသည် အရှင်တိဿမထေရ်မြတ်နှင့် အသောကမင်းကြီးတို့၏ ကျေးဇူးနှင့်မကင်းဟု မှတ်ယူရမည်ဖြစ်ပါသည်။

□ **စတုတ္ထသင်္ဂါယနာ**

တတိယသင်္ဂါယနာတင်ပြီးနောက် (၂၁၅) နှစ်အကြာ၊ သာသနာတော်နှစ် ၄၅၀ တွင် သီဟိုဠ်ကျွန်း မလယဇနပုဒ် အာလောကလိုဏ်ဂူ၌ ဝဋ္ဋဂါမဏိမင်း၏ အထောက်အပံ့ဖြင့် အရှင်ဓမ္မရက္ခိတ အမှူးရှိသော (၅၀၀) သော ရဟန္တာအရှင်မြတ်တို့သည် စတုတ္ထသင်္ဂါယနာ တင်ခဲ့ကြ၏။ နှုတ်တိုက်အာဂုံဆောင်ထားခြင်းဖြင့် ကာလရှည်ကြာလျှင် ဒေသနာတော်များသည် တိမ်းပါးချွတ်ယွင်းနိုင်သဖြင့် ယခုအကြိမ်တွင် ပေထက်အက္ခရာဖြင့် မှတ်တမ်းတင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ သာသနာသမိုင်းကို ပြန်ပြောင်းကြည့်ပါက ပေါက္ကံပြည်ကို စတင်တည်ထောင်သော သမုဒ္ဒရာဇ်မင်းလက်ထက်မှစပြီး အနော်ရထာမင်းလက်ထက်အထိ (၈၅၉) နှစ်တိုင်အောင် အရည်းကြီးရဟန်းများ ခေတ်ကောင်းခဲ့၏။ အရည်းကြီးများ၏ အသွင်အပြင်ကို စာဆိုတော် စလေဦးပုည က



www.burmeseclassic.com

www.burmeseclassic.com

'ရှေးအတီတော၊ ပုဂံပြည်တွင်၊ ဆံတောသာ လက်လေးသစ်၊ မုတ်ဆိတ်မွေးတရုပ်ဆစ်၊ မည်းညစ်သည့်စီဝရံနှင့် တာတေသံအကျင့်ဆိုးသော၊ ရှင်သိုးတကာခေါင်ကြီးရှင်မထီး' ဟု စပ်ဆိုထားပေသည်။ အနော်ရထာမင်းစောသည် ပညာရှိပြီး ငြိမ်းစားဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသောကြောင့် အရှင်အရဟံ၏အဆုံးအမကို ခံယူကာ အရည်ကြီးရဟန်းများကိုနှိမ်နင်းခဲ့ပြီးနောက် ထေရဝါဒသာသနာကို ထွန်းကားအောင် ဆောင်ရွက်ခဲ့၏။ အနော်ရထာကစပြီး ပုဂံမင်းဆက်များသည် သာသနာတော်ကို အစွမ်းကုန် ထောက်ပံ့ချီးမြှောက်ခဲ့ကြ၏။

အလောင်းစည်သူမင်းနတ်ရွာစံပြီး သက္ကရာဇ် ၅၂၀ ပြည့်တွင် နန်းတက်လာသော ကုလားကျမင်းလက်ထက်တွင်မူ သာသနာတော်ကို မကြည်ညိုသည့်အလျောက် ရက်စက်ကြမ်းကြုတ်မှုများ ရှိခဲ့သဖြင့် ပုဂံရာဇဝင်တွင် အမည်းစက်စွန်းထင်းခဲ့ရ ပေသည်။ သက္ကရာဇ် ၅၂၃ တွင် နရပတိ စည်သူမင်းနန်းတက်လာမှသာ သီဟိုဠ်သို့ တိမ်းရှောင်သွားသော ရဟန်းတော်များကိုပြန်လည်ပင့်ဆောင်ပြီး သာသနာတော် တိုးတက်အောင် ကြံဆောင်ခဲ့ရ၏။ ဤသို့ဖြင့် ပုဂံခေတ်နောက်ပိုင်း မြင်းစိုင်းခေတ်၊ ပင်းယခေတ်၊ စစ်ကိုင်းခေတ်၊ အင်းဝ၊ ကုန်းဘောင်ခေတ်သည်ဖြင့် မင်းအဆက်ဆက်တွင် မြတ်ဗုဒ္ဓသာသနာတော်သည် တိုင်းပြည်အုပ်ချုပ်သည့်ပုဂ္ဂိုလ်များအပေါ် မူတည်ပြီး နိမ့်ချည်တစ်ခါမြင့်ချည်တစ်လှည့်ဖြစ်ခဲ့ရ၏။

ဥပမာအားဖြင့် ၈၈၈ ခုနှစ်တွင် နန်းတက်သည့် ဘုရင်သိုဟန့်ဘွားလက်ထက်တွင် ဗုဒ္ဓဘာသာရဟန်းတော် (၁၃၀၀)ကျော်ကို သုတ်သင်ခြင်း၊ ပိဋကတ်စာပေများ မီးရှို့ဖျက်ဆီးခြင်း၊ ဌာပနာထားသည့် ရွှေငွေများကို လုယက်ခြင်းဖြင့် သာသနာတော်ကို ဖျက်ဆီးစေခဲ့၏။ အလားတူစွာ သန်လျင်မြို့ကို ဗဟိုပြုပြီး ရာမညတိုင်းကို အာဏာလွှမ်းမိုးခဲ့သည့် ခရင်ဂျီဘာသာဝင် ငဇင်ကာသည် အဖိုးတန်ဌာပနာရွှေငွေများကို ဖျက်ဆီးယူငင်ပြီး ကြေးဆင်းတုတော်များကို အရည်ကျို၍ စစ်လက်နက်ပစ္စည်းများ ပြုလုပ်ခဲ့လေသည်။ ထိုမျှဖြင့် အားမရနိုင်သေးဘဲ အလဇ္ဇီရဟန်းများ၊ ဒုဿီလရဟန်းများ ထွန်းကားအောင် အားပေးချီးမြှောက်မွေးမြူပြီး သာသနာတွင်းသို့ဝင်ရောက်ဖူးတပ်ပြီး ပျက်စီးအောင် ကြံဆောင်ခဲ့၏။ တောင်ငူဘုရင် နတ်ရှင်နောင်ပင်လျှင် ခရင်ဂျီဘာသာဝင်ဖြစ်သွားကြောင်းကို မှတ်သားခဲ့ရပါသည်။ ထိုနည်းတူစွာ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် မြန်မာနိုင်ငံသို့ ခရစ်ယာန်သာသနာပြုအဖြစ် ရောက်လာသော ဒေါက်တာဂျပ်ဆင် (ဆရာယုဒသန်) ၏ စည်းရုံးရေးကောင်းမှုကြောင့် စာတတ်ပေတတ်ရဟန်းတော် အချို့လူထွက်ပြီး ခရစ်ယာန်ဘာသာဝင်တရားဟောဆရာများဖြစ်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။

ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ရေးအတွက် ဆောင်ရွက်ခဲ့ကြသော ဘိုးတော်မင်း၊ ပုဂံမင်း၊ မင်းတုန်းမင်း၊ သီပေါမင်းများလက်ထက်တွင် မဟာဒါန်ဝန်နှင့် အမှုထမ်းများ ခန့်အပ်ခဲ့ကြောင်း၊ ဘုရင်မင်းမြတ်က သာသနာတော်အတွက် လှူဒါန်းထောက်ပံ့မှုများကို စီမံခန့်ခွဲရခြင်း၊ ရဟန်းများ၏ အမှုအကျင့်ကို စုံစမ်းထောက်လှမ်းရခြင်းတာဝန်ကို မဟာဒါန်ဝန်ထမ်းများက ဆောင်ရွက်ရကြောင်း၊ ရဟန်းသံဃာတို့ ဝိနည်းသိက္ခာပုဒ်တော်နှင့်အညီ ပြုကျင့်နေထိုင်သည်ကိုတွေ့ရှိလျှင် ဆင့်ဆိုဖမ်းဆီး၍ အဓိပတိဆရာတော်ကြီးထံ ပို့အပ်စေကြောင်း ရာဇဝင်တွင် စာတင်ထားရှိသည်ကို တွေ့ရှိရပါသည်။ သာသနာတော် မညစ်နွမ်းစေရန် ဓမ္မစက်နှင့်အာဏာစက်ပေါင်းစပ်ဆောင်ရွက်ခဲ့သော မင်းကောင်းမင်းမြတ်များဖြစ်ကြပေသည်။

သာသနာတော်သန့်ရှင်းတည်တံ့ရေးအတွက် ဆောင်ရွက်တော်မူသော မင်းကောင်းမင်းမြတ်များစွာတို့အနက် မင်းတုန်းမင်းကြီးသည် သက္ကရာဇ် ၁၂၁၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် အမိန့်တော်တစ်ရပ်ထုတ်ပြန်ခဲ့၏။

'ငါ၏ကရာဇ်မင်းသည် ကိုယ်ကျိုးကိုငဲ့၍ မင်းအဖြစ်ကို ယူတော်မူသည်မဟုတ်။ သီရိဓမ္မာသောကမင်း အစရှိသော သာသနာပြုမင်းများကဲ့သို့ သာသနာတော်ကို ချီးမြှောက်တော်မူလို၍ သာသနာနှင့်ဂုဟာဓမ္မရာဇာအဖြစ်ကိုယူတော်မူသည်။ သာသနာတော်၏တည်ရာ ဝိနည်းတော်ရှိသည့်အတိုင်း ရဟန်းတော်တို့ ကောင်းစွာမကျင့်က သာသနာတော်ညှိုးနွမ်းသည်။ တစ်ယောက်သော အလဇ္ဇီသည် အလဇ္ဇီတစ်ထောင်ကိုဖြစ်စေ၍ သာသနာတော်ကိုဖျက်ဆီးနိုင်သည်။

အလဇ္ဇီတို့၏အကျင့်ကား -

၁။ ရွှေ ငွေ စသည်တို့ကိုအလှူခံခြင်း၊ ကိုင်တွယ်သုံးစွဲခြင်း၊

၂။ ထိုခံယူထားသော ရွှေငွေဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်း၊

၃။ ရဟန်းအသုံးအဆောင်ပစ္စည်းများကို ခဝါသည် စသူတို့ထံမှ ပစ္စည်းဖြင့်ကိုယ်တိုင်လဲလှယ်ခြင်း၊

၄။ လူတို့အား ပန်းပေးခြင်း၊ သစ်သီးပေးခြင်း စသည့် ကုလဒူသနအမှုကိုပြုခြင်း၊

၅။ နှစ်ဆယ့်တစ်ပါးသော အနေသနအမှုတို့ကိုပြုခြင်း

. . . စသည့်အချက်ပေါင်းများစွာတို့ကို ထုတ်ပြန်ခဲ့ပြီး ယင်းအလဇ္ဇီဓမ္မလွန်ကျူးသူတို့ကို အားပေးအားမြှောက်ပူဇော်လှူဒါန်းသူတို့သည် အလဇ္ဇီနှင့်ပေါင်းဖက်၍ သာသနာတော်ကိုဖျက်ရာရောက်သောကြောင့် ထိုပုဂ္ဂိုလ်များကို ရွှေမြို့တော်မှစ၍ အရပ်ရပ်မြို့ကျေးရွာနေလူတို့က မလှူဒါန်းကြစေနှင့်၊ မြို့ရှင်ရွာရှင်တို့က နှိမ်နင်းအောင်တားမြစ်စေ။ ကိုးကွယ်လှူဒါန်းလိုလျှင် အလဇ္ဇီဓမ္မကို စွန့်လွှတ်စေ၍ ဝိနည်းကံဖြင့် ကုစားစေပြီးမှ ကိုးကွယ်လှူဒါန်းမြဲ လှူဒါန်းစေ။ သာသနာတော်ကို ဖျက်ဆီးသူတို့အား အများကြောက်ရွံ့၍ သာသနာတော် ဘေးရန်ကင်းငြိမ်းအောင် တင်းတင်းကျပ်ကျပ် ဝန်တို့ကစီရင်။ ထီးရုံနန်းရုံ စော်ဘွားမြို့ဝန်မြို့သူကြီးတို့ကို စေ့နှံ့အောင် ပြန်ဆိုမှာထားစေ'

ဟု နှောင်းလူတို့ မှတ်သား အတုယူဖွယ်ရာ အမိန့်တော်ကို ထုတ်ပြန်ခဲ့ပေသည်။

**□ ပဉ္စမသင်္ဂါယနာ**

သာသနာတော်ကို အမှန်တကယ်ကြည်ညိုသော မင်းတုန်းမင်းကြီးသည် သာသနာတော်နှစ် ၂၄၁၅၊ မြန်မာနှစ် ၁၂၃၂ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့မှစ၍ ၁၂၃၀ ပြည့်၊ ကဆုန်လဆန်း ၁၄ ရက်နေ့အထိ နှစ်ရှည်မြားမြောင်ငါးထောင်မက တည်တံ့စေသောဌာရည်သန်၍ ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်တော်မူခဲ့၏။ ကျောက်ထက်အက္ခရာမတင်မီ ဆရာတော်ကြီးများဖြစ်ကြသော ဇာဂရာဘိဝံသတိပိဋကရေ မဟာဓမ္မရာဇာဓိရာဇာဂုရုဘုရားကြီးဆရာတော် အမှူးရှိသော ဆရာတော်ကြီးများက ပုဒ်ပါဌ်အက္ခရာအရေးအသား မချွတ်ယွင်းစေရအောင် သန့်စင်ခဲ့ကြ၏။ ၁၂၃၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်မှ တော်သလင်း



www.burmeseclassic.com

www.burmeseclassic.com

လပြည့်ကျော် ၁၄ ရက်အထိ ဆရာတော်သံဃာတော် (၂၄၀၀) တို့က သင်္ဂါယနာတင်ခဲ့ကြပါသည်။

**□ ဆဋ္ဌသင်္ဂါယနာ**

မြတ်ဗုဒ္ဓ၏ဒေသနာတော်များကို နှုတ်တိုက်အာဂုံ (၃) ကြိမ်၊ ပေထက်အက္ခရာ (၁) ကြိမ်၊ ကျောက်ထက်အက္ခရာ (၁) ကြိမ် စုစုပေါင်း (၅) ကြိမ်တိုင်အောင် ရှေးမင်းအဆက်ဆက်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် သံဃာတော်မထေရ်အရှင်သူမြတ်အပေါင်းတို့က သင်္ဂါယနာတင်ခြင်းဖြင့် ပိဋကတ်တော်များကို မူရင်းမပျက်စေရန် ကြိုးပမ်းရွက်ဆောင်တော်မူခဲ့ကြပါသည်။ ထိုရှိပြီးသော ပိဋကတ်တော်များကို အထူးသန့်ရှင်းစင်ကြယ်စေလိုသောကြောင့်လည်းကောင်း၊ စာအုပ်အဖြစ်ပုံနှိပ်ပြီး ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့စေခြင်းဖြင့် အဓွန့်ရှည်စွာတည်စေလိုသောကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့်တကွ ဗုဒ္ဓဘာသာဝင်နိုင်ငံအားလုံးတို့က သာသနာတော်ကို စုပေါင်းအားပေး ချီးမြှောက်လိုသောကြောင့်လည်းကောင်း၊ မြန်မာ၊ ယိုးဒယား (ထိုင်း)၊ ကမ္ဘောဇ (ကမ္ဘောဒီးယား)၊ သီဟိုဠ် (သီရိလင်္ကာ)၊ လော (လာအို) ဟူသည့် ထေရဝါဒဗုဒ္ဓဘာသာ(၅)နိုင်ငံတို့ရှိ သံဃာတော်တို့၏ ဆုံးဖြတ်ချက်အရ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးစေတီအနီးရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း နိုင်ငံတော်အစိုးရ၏ ပစ္စယာနုဂ္ဂဟဖြင့် သာသနာတော်နှစ် ၂၄၉၈၊ မြန်မာနှစ် ၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့်မှ ၁၃၁၈ ခုနှစ် ကဆုန်လပြည့်အထိ (၂)နှစ်တိုင်တိုင် သင်္ဂါယနာကျင်းပခဲ့ပါသည်။ မြန်မာပြည်တွင်းမှ ပိဋကတ်စာပေကျမ်းဂန်တတ်ကျွမ်းသော သံဃာတော် (၂၄၇၃) ပါး ကမ္ဘာ့အရပ်ရပ်မှ သံဃာတော်(၁၄၄)ပါး၊ စုစုပေါင်းသံဃာတော်(၂၆၁၇)ပါးတို့သည် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ညောင်ရမ်းဆရာတော်ဘုရားကြီးအား သံဃာထေရ်မဟာဝိနာယကအရာထား၍ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံပါဠိတော်များကို သင်္ဂါယနာတင်တော်မူခဲ့ကြပါသည်။ သန့်ရှင်းစင်ကြယ်ပြီးသောပိဋကတ်တော်များကိုပုံနှိပ်ပြီး ကမ္ဘာ့အရပ်ရပ်သို့ ပြန့်ပွားဆောင်ရွက်ဆောင်ခဲ့ကြပါသည်။

ဗုဒ္ဓဘုရားရှင်၏ အဆုံးအမဒေသနာတော်များကို ပေထက်အက္ခရာ၊ ကျောက်ထက်အက္ခရာ၊ စာထပ်အက္ခရာ၊ ယနေ့ကာလတွင် ခေတ်မီကွန်ပျူနည်းစနစ်များဖြင့် မည်သို့မည်ပုံ ထားရစ်ခဲ့သော်လည်း ဖြစ်ပေါ်ပြီးလျှင် ပျက်ယွင်းပျောက်ကွယ်ရမည့် ဓမ္မသဘောအရ မြတ်ဗုဒ္ဓ၏ သာသနာသည်လည်း တစ်ချိန်ချိန်တွင် ကွယ်ပရမည်ဖြစ်ပေသည်။

သာသနာကွယ်ခြင်းအကြောင်း (၅) ပါးရှိကြောင်း ဟောကြားတော်မူခဲ့ပါသည်။

၁။ ပရိယတ္တိသာသနာခေါ် ပိဋကတ်သုံးပုံတစ်စတစ်စကွယ်ပျောက်ခြင်း။

၂။ ပဋိပတ္တိသာသနာခေါ် မဂ်ဖိုလ်ရကြောင်း ဝိပဿနာဘာဝနာအကျင့်ကောင်းများ ပျက်ပြားဆုတ်ယုတ်ကွယ်ပျောက်ခြင်း။

၃။ ပဋိဝေဓသာသနာခေါ် မဂ်ဆိုက်ဖိုလ်ဝင် နိဗ္ဗာန်မြင်သူများကွယ်ပျောက်ခြင်း။

၄။ လိင်္ဂသာသနာခေါ် ပရိက္ခရာရှစ်ပါးဆောင်သောရဟန်းအသွင်ပျောက်ပြီး သပိတ်ဆောင်သူမျှ၊ ဒုကုဋ်သင်္ကန်းဆောင်သူမျှပင်မရှိတော့ဘဲ နောက်ဆုံးအဆင့်သင်္ကန်းစကို နားတွင်ပန်ဆင်ရုံမျှကိုပင် စွန့်ပစ်ခြင်းဖြင့် သာသနာကွယ်ပခြင်း။

၅။ ဓာတုသာသနာခေါ် ဗုဒ္ဓဘုရားရှင်နှင့်သာဝကများ၏ဓာတ်တော်၊ မွေတော်တို့ကို ကိုးကွယ်ဆည်းကပ်မြတ်နိုးသူတို့ လုံးဝမရှိတော့သည့်အခါ ဓာတုပရိနိဗ္ဗာန်ပြုခြင်းဖြင့် သာသနာတော်မြတ်ကြီး လုံးဝဇာတ်သိမ်းကွယ်ပျောက်တော်မူမည် ဖြစ်ပါသည်။

သာသနာတော်ပေါ်ထွန်းခဲ့သည်မှာ နှစ်ကာလအားဖြင့် ၂၅၆၀ ပြည့်နှင့်ရှိခဲ့ပါပြီ။ သာသနာမကွယ်သေးသော်လည်း အရေးအနှောများကြောင့် မူလကဲ့သို့ အရောင်အသွေးများ မတောက်ပြောင်တော့သည်ကိုတော့ အထက်ပါအကြောင်း (၅) ချက်နှင့် နှိုင်းယှဉ်သုံးသပ်ပါက မည်သည့်အဆင့်တွင်ရှိနေသည်ကို ခန့်မှန်းနိုင်မည် ဖြစ်ပါသည်။ သာသနာတော်၏ အတိတ်သမိုင်းကို ပြန်ပြောင်းကြည့်လျှင် ခေါက်ရှာငှက်ပျံ၊ ခင်ပုပ်ပျံသည့်အလား နိမ့်ချည်တစ်ခါမြင့်ချည်တစ်လှည့်ဖြစ်ခဲ့ရသည်ကိုလည်းကောင်း၊ တစ်ချိန်က သာသနာရောင်ဝါထွန်းလင်းခဲ့သည့် ဒေသအတော်များများတွင် သာသနာကွယ်ပခဲ့သည်ကိုလည်းကောင်း သမိုင်းမှတ်တမ်းများက သက်သေပြနေပါသည်။

ရှင်တော်ဗုဒ္ဓ ထားရစ်ခဲ့သော အဆုံးအမဒေသနာတော်များကို မကွယ်ပျောက်စေရန် သွေးချွေးတို့ဖြင့်ရင်းနှီးပေးဆပ်ပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့် ရှေးအစဉ်အဆက်အရိယာသံဃာတော်အရှင်သူမြတ်ကြီးများ၊ မထေရ်ကြီးများ၊ သံဃာတော်အရှင်သူမြတ်များနှင့် မင်းကောင်းမင်းမြတ်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် စစ်မှန်သော ထေရဝါဒအုတ်မြစ် ပိဋကတ်သုံးပုံကို ဒေသနာတော်အတိုင်း မချို့မယွင်း တည်နေရခြင်း ဖြစ်ပေသည်။ အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးသော စိတ်ဖြင့် ဘာသာသွေး၊ သာသနာသွေး ခိုင်မာရင့်သန်ကြသည့် ရှေးရှေးပုဂ္ဂိုလ်များ၏ ကျေးဇူးတရားကား ကြီးမားလှပေ၏။ ယခုကဲ့သို့ တည်ငြိမ်အေးချမ်းသည့်ကာလ ကျွန်ုပ်တို့၏လက်ထက်တွင်မှ သာသနာတော်ညှိုးနွမ်းရမည်ဆိုလျှင် ရှေးပုဂ္ဂိုလ်များ၏ လက်ဆင့်ကမ်းသမိုင်းပေးတာဝန်ကို မကျေပွန်ရာရောက်ပေတော့မည်။ ကျွန်ုပ်တို့သည် ရဟန်းဝတ်ပြီး သာသနာပြုနိုင်သူများမဟုတ်သကဲ့သို့ ပလ္လင်ပေါ်တက်ပြီး တရားဟောနိုင်သူများလည်း မဟုတ်ကြပါ။ သို့သော် ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကို စောင့်သိပြီး ကျေးဇူးဆပ်သောအားဖြင့် သာသနာပြုတာဝန်ကို တစ်ပိုင်တစ်နိုင် စွမ်းနိုင်သမျှကိုမူ ဆောင်ရွက်နိုင်ကြပါသည်။

'မည်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့်' ဟူသော အဆုံးအမနှင့်အညီ ဦးစွာပထမ မိမိကိုယ်တိုင် ဗုဒ္ဓ၏ အဆုံးအမ သာသနာတည်ဆောက်ကြိုးစားရပါမည်။ အကျဉ်းအားဖြင့်ဆိုရပါလျှင် အသီမှား၊ အမှတ်မှား၊ အမြင်မှား၊ အယူမှားနေသော အန္ဓပုထုဇဉ်ဘဝမှနေ၍ ကလျာဏပုထုဇဉ်အဖြစ်သို့လည်းကောင်း၊ ကလျာဏပုထုဇဉ်အဖြစ်မှ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာစသည့် သမ္မာဒိဋ္ဌိဉာဏ်ရင်မှာကိန်းစေပြီး အနိမ့်ဆုံးအားဖြင့် စူဠသောတာပန်အဆင့်မျှလောက်ကိုဖြင့် သာသနာ့တွင်းသားဖြစ်အောင်ကြိုးစားရမည်ဖြစ်ပါသည်။ ဤအဆင့်မျှရရှိပါက ဗုဒ္ဓ၏အဆုံးအမကို ကောင်းစွာ ခံယူတတ်လာပြီး ဒါန၊ သီလ၊ သမထ၊ ဝိပဿနာကျင့်စဉ်များကို ဉာဏ်ဦးစီးပြီး ပြုလုပ်လာတတ်ပြီဖြစ်၍ မိရိုးဖလာအရပြုသောကုသိုလ်မျိုးသည် အကျိုးမများသည်ကို လည်းကောင်း၊ သားစွဲ၊ သမီးစွဲ၊ ပစ္စည်းဥစ္စာအစွဲများ

www.burmeseclassic.com

## နတ်မောက်မင်းသန့်နိုင်

# အဓိဋ္ဌာန်မှန်ပုတီးစိပ်ရန်ဂါထာတော်

လူတိုင်းလူတိုင်းသည် နေ့စဉ်လိုလို ပင် စားဝတ်နေရေး အရေးသုံးရေးကို ဦးထိပ်ထားလျက် လှုပ်ရှားသွားလာ ရုန်းကန်ရင်ဆိုင်လုပ်ကိုင်နေကြရပါသည်။ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာ ရေး စသော အရေးပေါင်းများစွာနှင့် ရင်ဆိုင်နေကြရပါသည်။

ထိုသို့ လှုပ်ရှားလုပ်ကိုင်နေရာတွင် တစ်ကျပ်ဖိုးလုပ်၍ တစ်ကျပ်ဖိုးမရဘဲ လျော့ပါးခဲ့လျှင် မိမိ၏ ဝီရိယသည် အဟောသိကံဖြစ်ရပါလေ၏။ ထိုအခါ မျိုးတွင် စိတ်အလိုမကျ စိတ်မတည်ငြိမ် ဘဲ လောဘ၊ ဒေါသ၊ မောဟတို့ကြီးစိုး ကာ အကုသိုလ်ပို၍ဖြစ်ရပါလေသည်။

ယင်းကဲ့သို့ အကုသိုလ်မဖြစ်စေ ရန် ယခုတင်ပြလိုသော ပုတီးစိပ်ဂါထာ ကို တစ်လလျှင် (၉) ရက်မျှ အဓိဋ္ဌာန်ပြု စိပ်ပွားပေးနိုင်ရန် တင်ပြရေးသားအပ် ပါသည်။

အဓိဋ္ဌာန်ပြုရာတွင် မိမိအဆင်ပြေ တတ်စွမ်းသလို သေချာစဉ်းစားတွေး ခေါ်ပြီးပြုစေလိုပါသည်။

ဥပမာ လစဉ် တစ်လတွင် (၉)ရက် သို့မဟုတ် အပတ်စဉ် မိမိမွေးနေ့တိုင်း သို့မဟုတ် ဥပုသ်နေ့တိုင်း စသည်ဖြင့် ဤပုတီးစိပ်ဂါထာတော်ကို ပုတီးပတ်ရေ (၉) ပတ်မှ (၁၈) ပတ်၊ (၃၆) ပတ်စသည် ဖြင့် မိမိအင်အား၊ ကျန်းမာရေး၊ အချိန် ပေးနိုင်မှုအပေါ် မူတည်၍ မြတ်စွာဘုရား သခင်ရှေ့တွင် သစ္စာအဓိဋ္ဌာန်ပြုရမည် ဖြစ်ပါသည်။ မိမိနေအိမ်ဘုရားခန်းရှေ့ သို့မဟုတ် မိမိတို့အရပ်ဒေသရှိ တန်ခိုး ကြီးဘုရားရှေ့တွင် အဓိဋ္ဌာန်ပြုနိုင်ပါ သည်။ အဓိဋ္ဌာန်ပျက်လျှင် မကောင်းပါ။ မူလကနေပြီးပြန်စရပါမည်။ ထိုသို့ဖြစ် လျှင် မိမိလိုရာဆု၊ မိမိရည်မှန်းရာသည် လည်း ရနိုင်မည်၊ အောင်မြင်မည်မဟုတ် ပါ။ မည်သည့်အလုပ်ကိုလုပ်လုပ် ကံ၊ ဉာဏ်၊ ဝီရိယစိုက်ထုတ်ရမည်မဟုတ်ပါ လား။ ဘယ်အရာမှအလကားမရနိုင် သည်ကို သတိပြုစေလိုပါသည်။ သိပင် သိငြား မေ့ထားမေ့သွားမည်ကို စိုးရိမ် သဖြင့် နှမ်းဖြူဆားဖြူး လက်တို့အသိ ပေးတင်ပြရခြင်း ဖြစ်ပါသည်။ သည်းခံ နားလည်ပေးစေလိုပါသည်။

ဤအဓိဋ္ဌာန်ပုတီးစိပ်ဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားဥစ္စာ၊ အလုပ်အကိုင်၊ ခရီးသွားလာရေး အောင်မြင်မှုသရဖူ ဆောင်းခဲ့သူတွေများလှပြီဖြစ်၍ ရေးသား တင်ပြအပ်ပါသည်။ အဓိဋ္ဌာန်မပျက်ရန် သာ အဓိကဖြစ်ပါသည်။

ဦးစွာတင်ပြခဲ့သည့်အတိုင်း ဤ ပုတီးစိပ်ဂါထာတော်ကို အဓိဋ္ဌာန်ပုတီး စိပ်တော့မည်ဟု ဆုံးဖြတ်သန္နိဋ္ဌာန်ချပြီး ပြီဆိုလျှင် တကယ်ဖြစ်လျှင်တကယ်လုပ် အဟုတ်ဖြစ်ရမည်၊ အောင်ရမည်ဟု ယုံကြည်စိတ်ပွါးတိုးလိုက်ပါ။

ပုတီးစိပ်ဂါထာမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

- *အနန္တံ ဗလဝံ ဗုဒ္ဓံ၊*
  *အနန္တံ ဂေါစရံ ဓမ္မံ၊*
  *အနန္တံ အရိယံ သံဃံ၊*
  *အနန္တံ ဗောဓိ မုတ္တမံ။ ။*

ဂါထာတစ်ပုဒ်လုံးဆုံးမှသာ ပုတီး တစ်လုံးချပါ။ (၁၀၈) လုံးပုတီးကုံးဖြင့် (၉) ပတ်၊ (၁၈) ပတ်၊ (၃၆) ပတ် ပန်းတိုင်ကို ဆုပန်ပြီး အမျှဝေ၊ သာဓု ခေါ်ဆိုပါ။ မအောင်မြင် မပြီးမြောက် သောအရာမရှိသည်ကို လက်တွေ့အကျိုး ထူး ခံစားရရှိပါလိမ့်မည်။

(နောက်ဆက်တွဲအနက်မြန်မာပြန် တင်ပြပါသည်။ ရွတ်ပွားရန်မလိုပါ။ သိထားပြီး လေးနက်ကြည်ညိုရန်ဖြစ်ပါ သည်။

ခွန်အားတော်နှင့် ပြည့်စုံတော်မူ သော မြတ်စွာဘုရားသခင်သည် အနန္တ တန်ခိုးတော်ပင်တည်း။

မဂ်ဖိုလ်နိဗ္ဗာန်တို့၏ အာရုံဖြစ် သော တရားတော်မြတ်သည် အတိုင်း အဆမရှိ တန်ခိုးတော်ပင်တည်း။

မြတ်သော ဗောဓိပက္ခိယတရား တော်သည် အတိုင်းမသိတန်ခိုးတော်ပင် တည်း။)

နတ်မောက်မင်းသန့်နိုင်

---

သည် အပါယ်လားရာဖြစ်ကြောင်းကို လည်းကောင်း ဆင်ခြင်တတ်လာ၏။ ကံ လမ်းပေါ်မှ ဉာဏ်လမ်းပေါ်သို့တက်လာ ပြီဟု ဆိုနိုင်ပေသည်။ ကိုးကွယ်မှုအမှား များကို ကောင်းစွာသိမြင်ပြီး ရှောင်ရှား တတ်လာ၏။ ရဟန်းတုရဟန်းယောင် များကို သေချာစွာ စိစစ်တတ်သဖြင့် ကိုးကွယ်မှုမမှားနိုင်တော့ဘဲ ရဟန်းအစစ် များကိုလည်း ပစ္စည်းလေးပါးထောက်ပံ့ လှူဒါန်းရန် ဝန်မလေးတော့ပေ။ ထေရဝါဒသာသနာအစစ်အမှန်အပေါ် ကောင်းစွာသက်ဝင်ယုံကြည်သည်ဖြစ်၍ အခြားသောယုံကြည်ကိုးကွယ်မှုများသည် သရဏဂုံပျက်စေပြီး ဗုဒ္ဓဘာသာဝင် မဖြစ်တော့ကြောင်းကိုလည်း သိရှိလာ ၏။

ဤကဲ့သို့ သုတမယဉာဏ်၊ စိန္တာ မယဉာဏ်၊ ဘာဝနာမယဉာဏ်တို့ဖြင့် သဘာဝအမှန်သစ္စာကို သိရှိလာသည် နှင့်အမျှ မိမိ၏မိသားစုနှင့်တကွ နီးစပ်ရာ မိတ်ဆွေအပေါင်းအသင်းများကို မိမိနှင့် အလားတူ သိရှိလာအောင် ပြောပြခြင်း၊ ဗုဒ္ဓဒေသနာနှင့်စပ်ဆက်၍ တစ်လုံး တစ်ပါဒမျှဝေခြင်းဖြင့် ရတနာသုံးပါးနှင့် နီးကပ်စေရန် စည်းရုံးခြင်းတို့သည် တစ်ပိုင်တစ်နိုင်သာသနာပြုခြင်း ဖြစ်ပါ သည်။ စွမ်းနိုင်ပါက စာတစ်ရွက်၊ စာတစ်အုပ်၊ တရားစီဒီတစ်ချပ် ပေးလှူ ခြင်းဟူသော ဓမ္မဒါနပြုခြင်းအားဖြင့် လည်းကောင်း၊ အထူးသဖြင့် ဝိပဿနာ ဘာဝနာကိုအားထုတ်လာစေရန် စည်းရုံး ခြင်း၊ ပံ့ပိုးကူညီခြင်းအားဖြင့်လည်းကောင်း 'တစ်ပိုင်တစ်နိုင်သာသနာပြုကြပါစို့' ဟု တိုက်တွန်းဆန္ဒပြုလိုက်ရပေသည်။

ဗုဒ္ဓသာသနံစိရံတိဋ္ဌတု

ချစ်ပို့ (မော်ကျွန်း)

**မှီငြမ်း** -

၁။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၃)
၂။ မြင့်ရွှေ (ပေါင်းတည်) ၏ သက္ကာယဒိဋ္ဌိထောင်တွင်းမှအကျဉ်း သား



www.burmeseclassic.com

www.burmeseclassic.com

(၁)

မိထူး။

သူ့အမည် မိထူး။ သူကား လူတော့မဟုတ်။ ခြေအင်္ဂါချို့ယွင်းရှာသော နွားမရှဉ်းမလေးတစ်ကောင်ရယ်သာ။

မိခင်နွားမကြီးက မိထူးလေးမွေးလာတော့ ခြေသုံးချောင်းတည်းသာပါလာ၏။ ခြေတစ်ချောင်းလုံးလုံးမပါတော့မဟုတ်။ ခြေတစ်ချောင်းက ဒူးဆစ်အထက်နားအထိတော့ပါသည်။ငုံးတိတိ၊ တိုနန့်နန့်။ လမ်းသွားလျှင် ယိုင်တိယိုင်တိုင်၊ ထော့နင်းထော့နင်းယိမ်းထိုးသွား၏။

မိထူးလေးအရွယ်ရောက်၍ နွားမရှဉ်းမလေးဘဝတွင် သူ့သခင်က တန်ဖိုးငွေ (၂၀၀) ကျပ်ဖြင့် သားသတ်သမားလက်ထဲရောင်းစားခဲ့သည်။ မိထူးခမျာ ဘာမှမသိရှာ။ သားသတ်သမားဆွဲခေါ်ရာနောက် ကောက်ကောက်နှင့်ပါသွားခဲ့ချေပြီ။

(၂)

ရွာထိပ်ချောင်းထဲအဆင်း၌ မိထူးလေးကို ကယ်တင်ရှင်ပေါ်လာခဲ့သည်။ သူက သူရင်းငှားငမောင်။

"ဟေ့လူတွေ၊ အဲဒီနွားမလေးဘယ်ကဆွဲလာတာလဲဗျ။ ဘာလုပ်ကြမလို့လဲ"

သားသတ်သမားများက နောက်လှည့်ကြည့်ပြီး -

"ဟင်းပေါ်မလို့ကွ"

သားသတ်သမားများအပြောကို သူဘဝင်မကျ။ ခဏမျက်မှောင်ကြုတ်စဉ်းစားဟန်ပြုပြီး -

"ဟာဗျာ - သူ့ခမျာ သနားစရာ။ မလုပ်ပါနဲ့ ကျွန်တော်လှည့်ရောင်းပါ



# (ပွင့်ဖြူ) အောင်သိန်းဝင်း

# မိထူး



www.burmeseclassic.com

www.burmeseclassic.com

လား"

ငမောင်၏အပြောကို သားသတ်သမားက ခဏစဉ်းစားကာ -

"အေး-မင်းယူရင်ရောင်းမယ်လေကွာ၊ မင်းဘယ်လောက်ပေးမလဲ"

ငမောင်က -

"ခင်ဗျားတို့ဈေးပြောလေဗျာ"

"ငွေသုံးရာကျပ်ရရင် ပြန်ရောင်းမယ်ကွာ"

"တကယ်နော်၊ ကျွန်တော်အိမ်ပြန်ငွေယူဦးမယ်။ ခဏလေး စောင့်နေဦး"

ထိုသို့ပြောပြီး ငမောင် အိမ်သို့ အသော့နှင်ဒုန်းပြန်ပြေးခဲ့သည်။ သူနေသောအိမ်ရောက်သောအခါ သူ့အိပ်ရာခေါင်းအုံးထဲက သိမ်းဆည်းထားသော ငွေသုံးရာယူပြီး နွားမလေးမိထူးရှိရာ အပြေးလေးပြန်ခဲ့၏။ မိထူးလေးကို သားသတ်သမားများလက်ထဲက ငွေသုံးရာကျပ်ပေးဝယ်ခဲ့သည်။ သူ့ထံကြိုးကမ်းခဲ့၏။

ထိုနေ့ကစပြီး မိထူးအတွက် သူဒုက္ခခံခဲ့သည်။ နွားရှိသောနွားဒုက္ခ။ နေ့စဉ် မိထူးကို နွားစာမြက်ရိတ်ကျွေးသည်။ ရေတိုက်သည်။ နွားချေးကျုံး



တံမြက်လှည်းရသည်။ သူကိုယ်သူ မောသည်ပန်းသည်မထင်။

မိထူးကို သားသတ်သမားတွေလက်ထဲကကယ်တင်လိုက်ရ၍ သူပျော်နေသည်။ မိထူးကို တစိမ့်စိမ့်ကြည့်ရင်း ပီတိဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

မိထူးလေးမွေးပြီး အရွယ်ရောက်ချိန် မိတ်ပြေးတော့၏။ သူ့သဘာဝအရ သွေးသားဆူဖြိုးချိန် မိတ်လိုက်၏။ မြိုင်ပေါ်၍ သားတောင်းပြီ။

နွားသိုးများကျောပိုးသည်ကိုငြိမ်နေ၏။ ကလန်ကဆန်မလုပ်။ ရှေ့ကိုဟပ်ထိုးလဲမသွား။ ယိမ်းယိုင်မသွား၊ ခြေကန်ထား၏။

ငမောင်က မိထူးလေးအဖြစ်ကို မြင်ပြီးပြုံးမိ၍၊ သနားလည်းသနားမိသည်။ ဩော် - သူ့အရွယ် သူ့သဘာဝ သွေးသားတောင့်တ လင်ယူချင်ပြီကိုး။

မိထူးလေးသားတင်ပြီး မကြာမီလအတွင်း ငမောင်လည်း မိန်းမယူခဲ့သည်။ သူနှင့်တစ်ရွာတည်းသူ။ သူရင်းတိုင်အိမ်အနီးက မဖြူဆိုသောကောင်မလေးနှင့်။ မဖြူက နာမည်နှင့်လိုက်ဖက်သည်။ အသားဖြူဖြူ ကိုယ်လုံးကိုယ်ထည် တောင့်တောင့်လုံးကြီးပေါက်လှ။ ငမောင် ပျော်လိုက်သည့်ဖြစ်ခြင်း။ မိုးမမြင်လေမမြင်။ သူ့သူရင်းတိုင်က တောင်းရမ်းပေးစားမင်္ဂလာဆောင်ပေးခဲ့သည်။

(၃)

ငမောင်မိန်းမယူပြီး သူ့ဦးကြီးအိမ်အောက်ထပ်နေရသည်။သူတို့လင်မယားနေထိုင်ဖို့ အိမ်အလယ်နောက်နားနှစ်ခန်းစာတွင် ဂွခါ၊ ပေါင်းကွပ်တင်၊ ဆင့်မျှော တိုးများစီခင်း၍ ဘေးပတ်လည်က ဝါးလှာထရံကာပြီး ဖြစ်သလိုနေရသည်။ လင်မယားနှစ်ယောက် စလယ်ဝင်အိုးလေးနှင့်ခွဲချက်စား၏။ ဟင်းတတော့ တစ်ခါတစ်ရံကောင်း၏။ အမြဲတမ်းတော့ တောထမင်း၊ တောဟင်း၊ ချဉ်ပေါင်ရွက်၊ ငါးပိဖုတ်၊ ငရုတ်သီးထောင်း၊ ငါးပိရည်ကျို၊ အတို့အမြုပ်ချည်းသာ နှစ်ပါးသွားရတာများသည်။

သို့သော် ခံတွင်းမြိန်သည်။ စားကောင်းသည်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အလိုလိုဝနေ၏။ ချစ်စခင်စကြင်နာစ၊ ဇနီးမောင်နှံမို့လည်း တစ်ဦးပေါ်တစ်ဦးအပြစ်မမြင်။ ချစ်ကြင်၏။ ပျော်စရာအတိ။

ငမောင်က ရိုးသားသည်။ အလုပ်ကြိုးစားသည်။ ဘဝနာသည်။ အရက်၊ ဆေးလိပ်မသောက်တတ်။ ကွမ်းမစား၊ လောင်းကစားဝါသနာမပါ၊ မိန်းမမလိုက်စား၊ မပွေမရှုပ်၊ ကင်းရှင်းသည်။ အလုပ်ဆိုအလုပ်တစ်ခုသာ၊ ယောကျ်ားကောင်းတို့ရှိအပ်သောအရည်အချင်းက ရာနှုန်းအပြည့်။ အမှတ်တစ်မှတ်မှမလျော့။

ရွာတွင် မိုးစွေသောရက်များ အလုပ်မည်မည်ရရမရှိ။ ထိုအခါများတွင် အိမ်ကြီးပေါ်ကခိုင်းနိုးနိုးမျှော်ကိုးရ၏။ သို့သော် ဘာမှမခိုင်းပေ။ ငြိမ်ချက်သားကောင်းလှသည်။

သည်သို့ဆို လင်မယားစားဝတ်နေရေးမလွယ်။ သူတစ်ပါးလည်း အားမကိုးချင်။ ငမောင်ကြံရပြီ။ ရွာအနောက်တံခါးအထွက်နားရပ်ပြီး တောထဲထွက်လာသူများထံ ဆီးကြို၍အလုပ်စပ်ရ၏။

မင်းတို့ဘာလုပ်သွားကြမှာတုန်း။ ငါ့မခေါ်ချင်ဘူးလား။ ငါ့မခိုင်းချင်ကြဘူးလားဟင်ဟု မေးမေးပြီး အလုပ်စပ်လိုက်ရသည်။ တချို့လူများ လုပ်ငန်းမနိုင်၍ ခေါ်ခိုင်းတတ်သည်။

သည်သို့ဖြင့် လုပ်အားခရပြီး မူးစုမတ်စုနှင့် သူတို့နှစ်ယောက်ဘဝကို အစပျိုးခဲ့ရသည်။ ရပ်တည်ခဲ့ရ၏။

ခါတိုင်းတွင် တစ်ဝမ်းတစ်ခါး ယခုနှစ်ယောက်စာတိုးရှာရ၏။ မကြာမီ သုံးယောက်၊ လေးယောက်ဖြစ်တော့မည်။

မဖြူမှာ ကိုယ်လေးလက်ဝန်ကြီးနှင့်။ မပေါ့မပါး။ မိထူးမှာလည်း နီးကပ်ပြီ။ အလို - နို့အုံတွေဘာတွေကျနေပါကောလား။

(၅)

ငမောင်၌ စားမယ့်ပါးစပ်တစ်ပေါက်တိုးပေါ့။

ငမောင့်မိန်းမမဖြူက ကလေးမီးဖွားပြီ၊ မိန်းကလေး။ မွေးမွေးချင်းကြည့်လိုက်တော့ လက်မှာအပွားလေးနှင့်။ မိပွားလို့မှည့်ခေါ်ရကောင်းလေမလား။ ငမောင်ကတော့ပျော်နေသည်။

မိဘတွေကတော့ ကိုယ်မွေးတဲ့



သားသမီး၊ ကိုယ့်သွေးသားဆိုတော့ ဘာပဲမွေးမွေးချစ်နေမှာပဲ။ နူနူစွဲစွဲ၊ ကျိုးကျိုး၊ ကန်းကန်းပေါ့။

အဲဒီနေ့ပဲ တိုက်တိုက်ဆိုင်ဆိုင် အိမ်ကနွားမလေး မိထူးကလည်း သားပေါက်ပြီ။ နွားဗိုက်ကလေး။

ငမောင်ပျော်လိုက်သည့်ဖြစ်ခြင်း။

တိုးပြီ၊ ပွားပြီပေါ့။ ဘဝကိုနိုးလှတဲ့ သုညကစခဲ့ရတဲ့ဘဝကိုး။

(၆)

ငမောင် တစ်နေ့မှအနားမနေရတော့။ တိုးရှာရပြီ။ ထမင်းဟင်းချက်၊ မိန်းမနှင့်ကလေးပြုစု၊ အနှီးတွေလျှော်ဖွပ်၊ ရေအပြေးအလွှားခပ်၊ ချိုးရေ သုံးရေစုံလင်အောင်ခပ်ရ၏။

ပြီးက နွားမလေးမိထူးတို့သားအမိကျွေးဖို့ မြက်စိုရှာရိတ်၊ ရေတိုက်၊ နွားငယ်လေးနို့ဂရုတစိုက်တိုက်၊ ဘေးရန်ကိုကာကွယ်စောင့်ရှောက်။ သူ့ခမျာနားရသည်မရှိ။ ထိုင်မနေရ။ အပြေးအလွှားသွားရ၏။ ဖတ်ဖတ်ကိုမောလို့။

ငမောင် ရွာထဲက ဝက်မ၊ အခေါင်းပေါက်၊ သားဖောက်ဝက်ရှာဖွေမွေး၏။ အပိုဝင်ငွေရှာသည့်သဘော။

ငမောင် တိုးအောင်ပွားအောင် ကြံရဖန်ရစဉ်းစားရသည်။ စားမည့်ပါးစပ်က တစ်ပေါက်တည်းမဟုတ်တော့ဘဲကိုး။ ငမောင်ကံထပြီ။ မိထူးက အကျိုးပေးပြီ။ စေတနာမှန်၍ အကျိုးပေးသန်လေပြီ။

မိထူးလေးက တစ်နှစ်တစ်သားမှန်မှန်ပေါက်၏။ မိထူးမွေးသောနွားမတွေက နွားလေးတွေပေါက်။ အိမ်က ဝက်မကြီးက ဝက်ကလေးတွေသားပေါက်။ သူ့မိန်းမ မဖြူကလည်း သမီး(၃)ယောက်မွေး။ အခုအချိန်၌ သမီးတွေက အပျိုကြီးဖားဖားဖြစ်၊ အစားမြိုင်အလုပ်မြိုင်နှင့်။လယ်ယာတွေလည်းတိုးချဲ့လုပ်၊ တောတိုး၊ ယာခုတ်ယာခင်းချဲ့နှင့် အကွက်တွေက လက်ညှိုးထိုးမလွဲတော့။

နှစ်စဉ် သူ့လုပ်ခင်း၊ လယ်ယာခင်းတွေက စပါး၊ နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲစဉ်းငုံ၊ ဝါ၊ ဗိုလ်ကိတ်၊ ပြောင်း၊ နှံစား၊ ချဉ်ပေါင်၊ ပိန်းဥ၊ ပဲပြား၊ ခရမ်း၊ ပဲရှည်၊ ဘူး၊ ဖရုံ၊ သခွား၊ ချဉ်ခါး၊ ငရုတ်မျိုးစုံရ၏။ စားမကုန်။ ရောင်းမကုန်ထွက်ရှိ၏။ တချို့အိမ်နီးချင်းများပေးကမ်းဝေငှ၏။

ရာသီဥတုကလည်း သူ့ဘက်ပါ၏။ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း သုံးချက်ညီ၏။ မိုးကောင်း၏။ မိုးလေဝသမှန်၏။

ယခုအခါ တစ်ချိန်က ငမောင်က



www.burmeseclassic.com

www.burmeseclassic.com

# မိုးနှောင်(ကောလင်း)
# အစာအိမ်အူလမ်းကြောင်းရှင်း
# ဆီးချိုပျောက်ဆေးနည်း

စာရေးသူတို့ခြံတွင် သစ်လုပ်ငန်းဌာန စာရေးမ မဝင်းသန်းဦးက ရှားစောင်းလက်ပပ်ခေါ် တစောင်းလက်ပပ်ပင်များကို ပေးလာ၍ မြေအိုးများဖြင့်စိုက်ထားခဲ့ပါသည်။ တစ်နေ့တွင် စာရေးသူ၏ဇနီးသည်က မရီး၏ခြံမှ ရှားစောင်းလက်ပပ်များယူလာခဲ့ပြီး ဆေးဝါးအဖြစ်သောက်သုံးရန် ပြင်ဆင်နေပါသည်။ ရှားစောင်းလက်ပပ်အကာကိုဖယ်ကာ ဂျယ်လီကဲ့သို့သော အတွင်းသားကိုစိတ်သိုးပြီးလျှင် သကြား၊ သံပုရာတို့ဖြင့်ဖျော်လိုက်ပါသည်။

ထို့နောက် ဇနီးသည်က -

"တို့အိမ်မှာ ရှားစောင်းလက်ပပ်တွေရှိပေမယ့် ဖောဖောသီသီသုံးရအောင်လို့ မမညီ့အိမ်ကတောင်းလာခဲ့တယ်။ သူလည်းသောက်လိုက်ဦး"

ဆိုကာ စာရေးသူအား ရှားစောင်းလက်ပပ်ဂျယ်လီရည်ကို သောက်စေပါသည်။ မရီးထံမှလည်း အပင်များစွာရရှိပါ၏။

"အေးပါကွာ။ သောက်ကြည့်ရမှာပေါ့၊ အဲဒါ ဘာအတွက်ကောင်းလဲ"

"ဝမ်းချုပ်ရင်ဝမ်းမှန်မှန်သွားတယ်။ ပြီးတော့ အစာအိမ်အူလမ်းကြောင်းကိုရှင်းစေတယ်တဲ့"

"အဲဒီဆေးနည်းကို ဘယ်သူကပြောလိုက်တာလဲ"

"ရွှေနေဘိုတရုတ်မိန်းမ တင်တင်မြင့်က ပြောလိုက်တာ။ သူရဲ့လက်တွေ့ဆေးနည်းတဲ့။ ပြီးတော့ ကျန်းမာပြီး စိတ်ကိုလည်း ကြည်လင်စေတယ်တဲ့လေ။ ဆီးချိုရှိတဲ့လူတွေလည်း သကြားလျှော့သောက်ရင် ပျောက်ကင်းသတဲ့"

"ဟုတ်လား၊ ငါလည်း လက်တွေ့စမ်းကြည့်ပြီး ဆေးဆောင်းပါးရေးလိုက်ဦးမှပဲဟေ့"

စာရေးသူညွှန်းသော ရှားစောင်းလက်ပပ်ပင်သည် အသားပွ၍ အရည်ရွှမ်းပြီး ပင်စည်ပွားသောအရွယ်အလက်တို့ဖြာထွက်သည့် အပူပိုင်းဒေသပေါက် ဆေးဖက်ဝင် အပင်တစ်မျိုးဖြစ်၏။ အပူပိုင်းသိပ်မကျသော စာရေးသူတို့ကောလင်းဒေသတွင်လည်း အပင်ဖြစ်ထွန်းပါ၏။ ရေမနစ်စေရပါ။ နေရောင်မရ၍ ခြံနေရာသိပ်မကျယ်ဘဲ သစ်ပင်များဖြင့် စိမ့်ကျနေပါက လေရအောင် ရေလွတ်အောင်စင်မြင့်ဖြင့် စိုက်ပျိုးရပါသည်။ ဤဆောင်းပါးသည် ဖော်ပြပါရောဂါများအတွက် ပျောက်ကင်းသောဆေးနည်းတစ်လက်ဖြစ်ပါသည်။

မိုးနှောင်(ကောလင်း)



ဦးမောင်၊ ဘကြီးမောင်ဖြစ်နေပြီ။ မဖြူကခေါ်ဖြူခေါ်နေရပြီ။

သမီးတွေကလည်း သူ့လင်သူ့သားနှင့်။ သမက်အလိမ္မာတွေနှင့်။ မြေးချွဲမြေးထိန်းနေရပြီ။

ငါးပင်စိုက်အိမ်ကြီး၌ ပြန့်၊ မီးဖိုဂုံး၊ ပျဉ်ထောင်၊ ဆင့်ထိုး၊ ပျဉ်ခင်း၊ တိုက်ခံအိမ်၊ သွပ်မိုးဖွေးဖွေးနှင့်။ နွားသားဝင်၊ နွားစာစင်၊ စပါးကျီ၊ ဆင့်ထိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်းသွပ်မိုးနှင့်။

အိမ်ဝိုင်းအကျယ်ကြီးအတွင်း၌ စပါးစက်(၅)ပုံ၊ ပဲခွဲစက်၊ နွားစာစဉ်းစက်၊ ရေစက်၊ မီးစက်၊ စပါးခြွေလှေ့စက်၊ ထွန်စက်၊ ဖောကား၊ ဆိုင်ကယ်၊ စီဒီစက်၊ တီဗွီ၊ ရေဒီယို၊ အသံချဲ့စက်၊ ဆောင်းဘောက်များနှင့်၊ လိုင်းဖုန်းနှင့်၊ နွားလှည်းကြီး (၄) စီး၊ လှည်းလေး(၁)စီးနှင့်၊ ခိုင်းနွားကြီးလေးရှဉ်းကိုင်နှင့် နွားမခြံ(၃)ခြံနှင့်။

တစ်ချိန်က သူများအိမ်သူရင်းငှားနေခဲ့ရသောမောင်က အခုချိန်၌ သူဌေးကြီးဦးမောင်၊ ဘုရားဒကာကြီး၊ ကျောင်းဒကာကြီး ဦးမောင်ဖြစ်နေပြီ။ သူကပင်သူရင်းငှားခေါ်ခိုင်းနေရပြီ။

သူ့အိမ်၌ လူများ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် အမြဲရှိ၏။ သူ့လက်သုံးစကားမှာ 'လှူလည်းလှူ၊ စုလည်းစု၊ စားလည်းစား' တဲ့။ မိထူးကအခြေခံသောခိုင်းနွားတွေကလည်း ခိုင်းမကုန်။ တချို့ရောင်းစားရ၏။ တချို့နွားငှားစား၏။ တစ်နှစ် နွားတစ်ကောင်နှမ်းပြာစင် (၄)တင်းရ၏။

ဘကြီးမောင် အမြဲပြောဆိုဆုံးမသောလက်သုံးစကားက-

"ငါက အစားခြံပေါက်၊ နွားခြံပေါက်၊ အဝတ်ခြံပေါက်၊ လူခြံပေါက်ကွ။ ဘာလိုသေးလဲတဲ့။ ကျန်တဲ့ ငါးပိ၊ ငါးခြောက်၊ ဆားလောက်ကတော့ အပရိကတွေပေါ့ကွာ" တဲ့။

အောင်သိန်းဝင်း (ပွင့်ဖြူ)



www.burmeseclassic.com

www.burmeseclassic.com

လေးမိုင်လမ်းဆုံသို့ရောက်လျှင် မိုးချုပ်စပြုသည်။ အနောက်ဘက် ပဲခူးရိုးမတောင်ဆွယ်တွင် အနီရောင်တိမ်စိုင်များမှေးမှိန်ကာ တဖြည်းဖြည်း ပျောက်ကွယ်သွားလေပြီ။

အမှောင်မှာသာ ကျက်စားတတ်သည့် မြေဝပ်ငှက်များလည်း ချုံကြိုချုံကြားမှတစ်ကောင်ပြီးတစ်ကောင်ပျံထွက်လာကြ၏။ လင်းနို့လေးများကောင်းကင်တွင်ပျံဝဲနေကြပြီ။

ကတ္တရာလမ်းနှင့် ခြားနားသည့် ခပ်ကြမ်းကြမ်းလှည်းလမ်းကျဉ်းလေးကိုသာလျှောက်ပြီး မောင်းနှင်နေရသဖြင့် ကျွန်တော့်ကားလေးမှာလည်းမသက်သာလှ။ ဖုန်တထောင်းထောင်းထနေသောကြောင့် ကားနှင့်မတူတော့ဘဲ ရွှံ့များပေခြောက်နေသည့် ကျွဲပေါက်တစ်ကောင်လိုပင်ဖြစ်နေလေသည်။

ရှေ့မီးကိုဖွင့်ပြီး ဖြည်းဖြည်းမှန်မှန်မောင်းနှင်လာကြရင်း ကျွန်တော်၏ ဇာတိ ကျက်သောင်းချောင်းရွာလေးကို လှမ်းမြင်လာရသည်။ ရွာဟုဆိုသော်လည်း အိမ်ခြေများများစားစားမရှိတော့ပေ။

ကျွန်တော့်ကို မွေးဖွားခဲ့စဉ်က အိမ်တစ်ရာကျော်ရှိခဲ့ဖူးသော ရွာကြီးသည် ယခုအခါ တောင်ငူမြို့ပေါ်ကို ပြောင်းရွှေ့သွားသူများရှိကြသလို အခြားရွာများကိုပြောင်းရွှေ့သွားကြသူ၊ ရေကြည်ရာမြက်နုရာဆိုဘိသို့ လုပ်စားကွင်းရှိသည့်နေရာဒေသများသို့ပြောင်းရွှေ့သွားကြသူများလည်းရှိကြသည်။

ထို့ကြောင့် ယခုအခါ ရွာဟူ၍ပင်မခေါ်လောက်တော့ဘဲ ဥယျာဉ်တဲစု၊ လယ်တဲစုအဆင့်မှာသာရှိနေပြီး အိမ်ခြေသည်လည်း ငါးအိမ်မျှသာကျန်ရှိတော့သည်။ ထိုငါးအိမ်သည်ပင် တစ်နေရာတည်းမှာမဟုတ်ဘဲ လယ်နားက ဥယျာဉ်နားမှာသာ နှစ်အိမ်တစ်စု၊ သုံးအိမ်တစ်စုမျှရှိတော့သည်။

"ရှေ့နားဆိုရင်ရောက်ပြီကွ"

ကျွန်တော်ကပြောလိုက်၍ ကားသမားလေး မောင်နေမျိုး ခေါင်းညိတ်သည်။

ကျွန်တော်သည် ဇာတိရွာလေးကို မြင်နိုင်သမျှ လှမ်းမျှော်ကြည့်သည်။ ညနေ၏ လရောင်ဆမ်းသော ပါးလွှင့်လွှင့်နှင်းမြူအောက်တွင် အိမ်စုကလေးအချို့ကို မြင်လာရသည်။

"ဟာ. . . ဟာ"

မောင်နေမျိုးသည် ခွေးလောက်ကြီးသော ကြောင်ဝါကြီးတစ်ကောင် ကုက္ကိုပင်ကြီးမှခုန်ဆင်းပြီး လမ်းဖြတ်ပြေးသွားသောကြောင့် လန့်အော်အော်လိုက်ပြီး ကားကိုလည်းရပ်မလိုဖြစ်သွားသည်။ ကြောင်ဝါကြီးသည် လမ်းဟိုဘက်တွင်ရှိသစ်တောကြီးဝိုင်းထဲသို့ဝင်ပြေးသွားလေသည်။

"အဘ မြင်လိုက်တယ် မဟုတ်လား"

ဟု မောင်နေမျိုးကမေးသည်။

"အေး-ကြောင်ဝါကြီးတစ်ကောင်ပဲကွ"

"နည်းနည်းနောနောကြောင်ကြီးလား အဘရယ်၊ ခွေးလောက်ကိုရှိတာတွေ့လိုက်ရတယ်"

"ကြောင်တော့ကြောင်ပဲကွ။ ငါလည်း အသေချာကြည့်လိုက်တယ်"

"ရိုးရိုးကြောင်ကောဟုတ်နိုင်ရဲ့လား အဘရယ်။ မိစ္ဆာကြောင်ဆိုတာမျိုးများလားလို့တောင်ထင်လိုက်မိတယ်"

"အဲလိုလည်းဟုတ်ပါ့မလားကွာ။ ထွားလို့နေမှာပေါ့။ ရွာနားပဲသရဲမိစ္ဆာတွေရှိပါ့မလား။ ရွာထဲကကြောင်ပဲဖြစ်မှာပါ"

"အရောင်က ဝါကြင်ကြင်ကြီးဖြစ်လို့ တောကြောင်တော့မဖြစ်နိုင်ဘူးဘရဲ့။ အိမ်ကြောင်ပဲဖြစ်ဖို့များပါတယ်"

"ဟုတ်ချင်လည်းဟုတ်မှာပေါ့ကွာ။ ပြောခဲ့သလို ရွာနားဆိုတော့ ရွာထဲကကြောင်တွေပဲဖြစ်မှာပေါ့။ ဒါက ငါတို့ ပတ်ဝန်းကျင်ပဲ။ ဘာမှတော့ စိုးရိမ်စရာမရှိပါဘူး"

ဟု ကျွန်တော်က ကားသမားလေးကြောက်မည်စိုး၍ပြောလိုက်သည်။ ထိုအနားမှဆက်လက်မောင်းလာကြရင်း ဥယျာဉ်ပန်းမန်ပင်များအုပ်ဆိုင်းနေသည့် တန်းစီပြီးဆောက်ထားကြသော လယ်တောအိမ်လေးသုံးအိမ်၏အနီးသို့ရောက်လျှင် -

"ရှေ့ကအိမ်လေးရှေ့မှာရပ်လိုက်ပါကွာ"

မောင်နေမျိုးက ကားကို အရှိန်သတ်ပြီးရပ်လိုက်သည်။

တစ်ဆက်တည်းပင် အဘိုးအိုတစ်ယောက် အိမ်ပေါက်သို့ထွက်ရပ်ပြီး မေးသည်။

"မောင်ထွန်းရီများလား"

"ဟုတ်ကဲ့ အပု၊ ကျွန်တော် ထွန်းရီပါ"

"အေး-တို့ရွာပျက်ရွာကျန်လေးကို ကားနဲ့လာမယ့်သူဆိုလို့ မင်းတစ်ယောက်ပဲရှိမယ်ဆိုပြီးတွေးမိလို့ခေါ်လိုက်တာ"

"ဟုတ်ကဲ့ အပု၊ ကိုယ့်ဇာတိရွာလေးဖြစ်ပြီး အပုတို့ကလည်းရှိနေတော့



လာရတာပေါ့"

အဘိုးအိုက တုန်တုန်ယင်ယင်ဖြင့် အိမ်ပေါ်မှဆင်းပြီး ကားဆီသို့ တန်းလာနေသည်။ အခြားလူများလည်း အိမ်ပေါက်ဝမှရပ်ကြည့်နေကြသည်။

"အဲဒီလူကြီးက ငါ့ဦးလေးကွ။ နာမည်က ဦးပုတဲ့။ လူကြီးတွေက ချစ်စနိုးနဲ့အပုလို့ခေါ်ကြတော့ ငါလည်း ငယ်ငယ်ကလိုက်ခေါ်ရင်း နှုတ်ကျိုးပြီး ခုချိန်ထိ အပုဖြစ်နေတာ။ အခုအိမ်ပေါက်ဝတွေကရပ်ကြည့်နေကြတာလည်း ငါ့အမျိုးတွေချည်းပဲ။ အခြားလူတွေက ရွာကိုစွန့်ပြီးတော့ ရေကြည်ရာမြက်နုရာဆိုသလို တစ်နေရာဆီကို ပြောင်းရွှေ့သွားကြပေမယ့် တို့ဆွေမျိုးတွေကတော့ ရွာကိုချစ်ပြီး လယ်ယာစတဲ့ လုပ်စားကွင်းတွေလည်းရှိတာနဲ့ ကျန်နေခဲ့ကြတာ"

ကျွန်တော်က ကားသမားလေး မောင်နေမျိုးအား ရှင်းပြနေချိန်မှာပင် အခြားအိမ်များကလည်း တစ်ယောက်ပြီးတစ်ယောက်ရောက်လာကြပြီး ဝါးကွပ်ပျစ်ကြီးကိုခင်းကာဝိုင်းထိုင်သည်။ လယ်ယာထွက်စားသောက်စရာများကိုလည်း တစ်ယောက်တစ်မျိုးယူလာကြ၍ အများ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကြီးဖြစ်သွားသည်။

ကျွန်တော် ရွာကထွက်ပြီးနောက် ယခု သုံးကြိမ်မြောက်ရောက်ရှိခြင်းဖြစ်သည်။ ဆွေမျိုးများစုပြုံရောက်ရှိလာကြပြီး အလွမ်းပြေစကားပြောရင်း ပိန်းဥ၊ မျောက်ဥ၊ ကြံသကာ စသည်များဖြင့် ဧည့်ခံကျွေးမွေးကြသည်။

"မောင်ထွန်းရီ၊ မင်းတို့မိသားစုကော ကျန်းမာကြရဲ့ မဟုတ်လား"

"ဟုတ်ကဲ့ အပု၊ ကျန်းမာကြပါတယ်။ အပုကော ကျန်းမာရေးကောင်းတယ်မဟုတ်လား"

"ဒီလိုပါပဲကွာ၊ အသက်က (၇၀) ကျော်လာတော့ ကျန်းမာတယ်လို့ဘယ်ရှိတော့မှာလဲ။ ရွှေတစ်နေ့ငွေတစ်နေ့ဆိုသလိုပါပဲ။ ကိုယ့်အသိလေးနဲ့ပဲ ကျန်းမာရေးကို ဂရုစိုက်ရတာပေါ့"

အပုနှင့်စကားပြောရင်း ကျွန်တော် တစ်စုံတစ်ခုကို အမှတ်ရလာသည်။

"အပု၊ ကျွန်တော်တို့လာတုန်းက ကြောင်ဝါကြီးတစ်ကောင် ရွာဦးဟိုဘက်ကုက္ကိုပင်ကြီးကပြေးဆင်းပြီး သစ်တောကြီးဝိုင်းထဲဝင်ပြေးသွားတယ်။ အတော့်ကိုကြီးတယ်ဗျ။ ခွေးလောက်ကိုရှိတာပါ။ ဒါကြောင့် အတော့်ကို ထူးဆန်းပါလားလို့ တောင် ကျွန်တော်မှတ်ခဲ့သေးတယ်"

စကားဝိုင်းအတန်ကြာမျှတိတ်ဆိတ်သွားသည်။ ရွာသားများက အပု၏မျက်နှာကို စိုက်ကြည့်နေကြသည်။ အပုက ငေးငေးငိုင်ငိုင် တစ်အောင့်လေးနေလိုက်ပြီးပြောပြသည်။

"အဲတာ ငါ့ကြောင်ကြီးပေါ့ကွာ။ သူ့သခင်မ (အပု၏မိန်းမ) မွေးထားခဲ့တဲ့ အချစ်တော်ကြောင်ကြီးပေါ့။ အရမ်းလည်းလိမ္မာပါတယ်။ ဒါကြောင့် ကြောင်ကြီးငဝါဟာ သူ့သခင်မဆုံးသွားတဲ့အချိန်ကပင် တို့လူများလို လွမ်းနာကျပြီး မစားနိုင်မသောက်နိုင်ဖြစ်နေတာ။ နောက်တော့ တဖြည်းဖြည်းပိန်ရှုံ့လာတယ်။ ငါလည်း တတ်သလောက်မှတ်သလောက် တောဆေးလေးတွေနဲ့ကုသပေမယ့် မရနိုင်တော့ဘဲ အရိုးနဲ့အရေပဲကျန်တယ်ဆိုသလို မစားမသောက်ဘဲနေရင်း သေပြီလို့ထင်ရပြီးမှ ပြန်နေကောင်းလာပြန်တယ်။ အဲဒီအခါ နေ့ဘက်ကိုထိုးအိပ်ပြီး ညရောက်မှအစာထစားတယ်။ နာလန်ထကြောင့်လားမသိပါဘူး။ စားတယ်ဆိုမှ လူတစ်ယောက်လောက်ကိုစားနိုင်တာ။ ထူးဆန်းတာက အရင်ဆို ဟင်းကောင်းမရှိရင် ပဲသီးတို့၊ ရွှေဖရုံသီးတို့နဲ့နယ်ကျွေးရင်လည်းစားပေမယ့် နာလန်ထလာပြီးနောက်ပိုင်းမှာ အသီးအရွက်တွေနဲ့နယ်ကျွေးလို့ လုံးဝမစားတော့ဘူး။ သားငါးတစ်ခုခုနဲ့နယ်ကျွေးမှစားတယ်။ သားစိမ်းငါးစိမ်းဝယ်လာရင်လည်းလုကိုစားတာ။ ပြီးတော့ လူကိုလည်းရန်မူတတ်လာတယ်။ အသံကြီးကလည်းကျယ်တယ်လေ။အဆိုးဆုံးကတော့ သားစိမ်းငါးစိမ်းနဲ့သာ မကျွေးရင် ရွာထဲကကြက်တွေ၊ ဘဲတွေကို ဖမ်းစားလာတယ်။ နောက်တော့ ဆိတ်တွေ၊ ခွေးပေါက်တွေအထိ ဖမ်းစားလာတယ်"

"ဟာ - ဒါဆိုရင် အပုရဲ့ကြောင် မရှိတော့ဘူးထင်တယ်"

"အေးလေ၊ ဒါကြောင့် ရွာသားတွေက ဦးပုရဲ့ကြောင် ကျားစိတ်ပေါက်လာသလားမသိဘူး။ တော်ကြာ လူတွေကိုဒုက္ခပေးရင်ခက်မယ်ဆိုပြီး လေးခွတွေ၊ ဓားလှံတွေနဲ့ဝိုင်းလိုက်ကြလို့ ထွက်ပြေးရင်း အဲဒီကုက္ကိုပင်ကြီးကိုရောက်သွားတာ"

"ကုက္ကိုပင်ကြီးကိုရောက်သွားပြီးနောက် အပုဆီကိုမလာတော့ဘူးလား"

"တစ်ခါတလေ ညကိုလာတတ်ပါတယ်။ ဒါပေမယ့် ကြက်၊ ခွေးပေါက်၊ ဆိတ်တစ်ကောင်ကောင်ကိုဆွဲသွားတတ်လို့ဆိုပြီး ရွာသားတွေကအလာမခံတော့လို့ အခုဆိုရင် ရောက်မလာတာတောင် အတော်လေးကြာသွားပါပြီ"

ကျွန်တော် သက်မတစ်ချက်ကိုချလိုက်သည်။ ထို့နောက် -

"အပုကြောင်က ကြောင်ကောင်းမဟုတ်လောက်တော့ဘူး။ ဖုတ်သက်ဝင်နေတာပါ"

"ဟ-ကြောင်တော့ဖုတ်ဝင်မလားကွ။ လူတို့ဘာတို့ဆိုရင်တော့ ဟုတ်ချင်ဟုတ်မယ်"

"ဝင်တာပေါ့ အပုရဲ့၊ ကျွန်တော်တို့ကိုးကွယ်တဲ့ဆရာတော်က ကြောင်ဖုတ်ဝင်တဲ့အကြောင်းကိုပြောပြဖူးတယ်။ ကျွန်တော်လည်း ကြောင်ကို ဖုတ်သက်နုတ်တတ်ပါတယ်။ အပုလျှော့မတွက်နဲ့နော။ အဲတာတကယ့်ကြောင်မဟုတ်တော့ဘူး။ မိစ္ဆာဖုတ်ကောင်ကြီးဖြစ်နေပြီဗျ"

ရွာသားတွေက ကျွန်တော့်ကိုရော အပုကိုပါ တစ်လှည့်စီကြည့်နေကြသည်။

"ဒီလိုဆိုလည်း သူ့ဘာသာ တောထဲမှာသွားနေပြီပဲကွာ။ အနှောင့်အယှက်မဖြစ်လောက်တော့ပါဘူး"

အပုက သူ့မိန်းမမွေးထားခဲ့သော အချစ်တော်ကြောင်ကြီးဖြစ်၍ သမြော (သနား) နေဟန်ရှိသည်။ ဖုတ်သက်နုတ်လိုက်လျှင် သူ့ကြောင်ကြီးသေသွားနိုင်သည်ကိုလည်းသိနေပေလိမ့်မည်။သို့သော်လည်း နောက်ပိုင်းတစ်စုံတစ်ခုအန္တရာယ်ဖြစ်မည်စိုး၍ ကျွန်တော်ကပင် တွန်းပြီးပြောရတော့သည်။

"အပုကသာကြောင်ကြီးကိုသမြော (သနား)နေတာပါ။ တကယ်တော့ အန္တရာယ်က အန္တရာယ်ပဲဗျ။ လျှော့မတွက်သင့်ပါဘူး။ ဒါကြောင့် အပု ဘာသာနေပါ။ ကျွန်တော် ရွာသားကလေးတွေနဲ့ပဲ ကြည့်ပြီးစီစဉ်လိုက်ပါ့မယ်"

ကျွန်တော်၏ စကားအဆုံးတွင် အပု၏မျက်နှာညှိုးကျသွားသလို ရွာသူရွာသား လူငယ်လူရွယ်များ၏မျက်နှာများသည်လည်း သိသိသာသာကြီးပင် ရွှင်ပျတက်ကြွလာကြသည်ကို သတိပြုလိုက်မိသည်။

အပုက သွားလေသူ သူ့မိန်းမမွေးထားသော အချစ်တော်ကြောင်ကြီးဖြစ်၍ သံယောဇဉ်တွယ်ကာ သမြောမည်၊ သနားမည်။ ရွာသူရွာသားများကလည်း ဒီကြောင်ကြီး ရွာထဲသို့ရောက်လာတိုင်း ကြက်၊ ဆိတ်၊ ဘဲ၊ ဝက် တစ်ကောင်ကောင်ဆွဲသွားတတ်၍ ဒေါသထွက်နေကြသလို နောင်တွင် ထိုမျှနှင့်မနေဘဲ လူများကိုအထိ အန္တရာယ်ပေးလာနိုင်သည်ဟု တွေးကြောက်နေကြပေလိမ့်မည်။

ဖုတ်ကောင်တို့၏ အန္တရာယ်သည်ကား ထိုမျှနှင့်ပင်မကသေးဘဲ သရဲမိစ္ဆာတို့၏သဘောအလျောက် ထိုထက်ကြီးမားသောအန္တရာယ်ကိုလည်း ပေးလာနိုင်လေသည်။ ဖုတ်၊ သရဲ၊ ပုဏ္ဏကစသော အန္တရာယ်ဆိုးမျိုးကြောင့် လူသူသေကျေပြီး ရွာပျက်သွားသည်အထိရှိခဲ့ကြသည့် အကြောင်းများကိုလည်း လူတိုင်းပင်ကြားဖူးကြသည်။

သို့သော်လည်း ရွာသားများက ကြိုတင်ပြီး ဤဖုတ်ဝင်ကြောင်ကြီးကို မသတ်ဖြတ်ဘဲထားကြသည်မှာ အပု၏မျက်နှာကို ထောက်၍ပင်ဖြစ်နိုင်သည်။ အပုသည် ဤရွာ၌ အသက်အကြီးဆုံးဖြစ်နေ၍ ရွာမိရွာဖဟုလည်းဆိုနိုင်သည်။

ရွာသူရွာသားများမှာလည်း အပုနှင့် သွေးတော်သားစပ်များဖြစ်ကြသလို တချို့မှာလည်း ဆွေရိပ်မျိုးရိပ်မကင်းသူများဖြစ်နေကြသည်။ ထို့ကြောင့်ပင် ဤဖုတ်ဝင်ကြောင်ကြီးအား အပုသံယောဇဉ်တွယ်နေသည်ကိုငဲ့ထောက်နေကြ၍သာ မသတ်ဖြတ်ကြခြင်း ဖြစ်ပေလိမ့်မည်။ ထိုသို့သဘောရှိသောကြောင့် ကျွန်တော်ကပင် ဖုတ်ဝင်ကြောင်ကြီးအား အဆုံးစီရင်ရန် ရွာသားလူငယ်များအား စည်းရုံး

www.burmeseclassic.com

ရလေသည်။ သိပ်ပြီးကြာကြာ မစည်းရုံးလိုက်ရပေ။ မူလကပင် ဖုတ်ဝင်ကြောင်ကြီးအား သတ်ဖြတ်ချင်နေကြသော လူငယ်လူရွယ်များမှာ ချက်ချင်းပင် တက်တက်ကြွကြွဖြစ်လာကြလေသည်။

ထို့နောက် ကျွန်တော်က ရွာထဲမှာ ပိုက်ကွန်များရှိ မရှိစုံစမ်းကြည့်သည်။ အများဖြင့် ကိုယ်တိုင်ကိုယ်ပိုင်ရှာဖွေစားသောက်လေ့သာရှိကြသော တောရွာလေးဖြစ်သည့်အလျောက် အိမ်တိုင်းမှာပင် ငါးဖမ်းသောပိုက်၊ ငှက်ထောင်သောပိုက် (ကောင်းကင်/အာကာပိုက်) များရှိနေကြ၍ အဆင်ပြေသွားသည်။

"ကိုင်း - ဟုတ်ပြီ။ ဒီတော့ မင်းတို့လူငယ်တွေ သုံးလေးယောက်လောက် ကြောင်ဝါကြီးကုက္ကိုပင်ကြီးမှာရှိနေသလား၊ မရှိဘူးလား သွားကြည့်ကြစမ်းကွာ"

ကျွန်တော်ပြောလိုက်၍ ချက်ချင်းပင် လူငယ်သုံးယောက် ဓာတ်မီးရောင်တဝင်းဝင်းဖြင့် ကုက္ကိုပင်ကြီးဘက်ကို လျှောက်သွားကြလေသည်။ ကျွန်တော်နှင့် ရွာသူရွာသားများ ထန်းလျက်လုံး၊ ကြံသကာ၊ ပိန်းဥ၊ မျောက်ဥ စသော အမြည်းများဖြင့် ရေနွေးသောက်ကြသည်။

အပုလုံးဝမျက်နှာမကောင်းပေ။ စကားလည်းမပြော၊ ရေနွေးလည်း မသောက်ဘဲ တွေဝေ၍သာနေသည်။ ကုက္ကိုပင်ကြီးဘက်ကြည့်လိုက်၊ သက်မချလိုက်နှင့်။

လူငယ်တစ်ဦး ဓာတ်မီးရောင်ဖြင့် ထွင်းဖြတ်ပြေးလာကာ ခပ်လှမ်းလှမ်းကပင် အော်ပြောသည်။

"ဦးလေးထွန်း၊ ကြောင်ဝါကြီး ကုက္ကိုပင်ကြီးပေါ်မှာရှိနေတယ်ဗျ။ ကိုင်းခွဆုံမှာထိုင်ပြီး ကျွန်တော်တို့ကို စိုက်ကြည့်နေတာ မျက်လုံးကြီးကိုရဲနေတာပဲ"

"ဟ - ကြောင်မျက်လုံးမဲ့ဥစ္စာ၊ ရဲရသလားကွ။ အစိမ်းရောင်မဟုတ်ဘူးလား"

ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။

"ဦးလေးထွန်းကလည်း ဒီကြောင်ကြီးက ကြောင်အစစ်မဟုတ်တော့ဘူးဆို မဟုတ်လားဗျ။ ဖုတ်ဝင်ကြောင်ကြီးလေဗျာ။ ဒါကြောင့် မျက်လုံးကြီးနီရဲနေတာ ဖြစ်မှာပေါ့။ ကြောင်ဝါကြီးဆင်းပြေးသွားမှာစိုးလို့ ဟိုနှစ်ယောက်ကို ကုက္ကိုပင်ကြီးအောက်မှာပဲ စောင့်ခိုင်းထားခဲ့တယ်။ ဦးလေးထွန်း ကုက္ကိုပင်ကြီးအောက်ကို လိုက်သွားတော့ဗျာ။ ကျွန်တော် ရွာသားတွေနဲ့ ပိုက်ကွန်တွေကိုထမ်းပြီး နောက်ကလိုက်လာခဲ့မယ်"

ဟု ထိုကောင်လေးက အလောသုံးဆယ်ပြောသည်။

အပုသည်ကား ဘာစကားမှ မပြောတော့ဘဲ အိမ်ပေါ်ကိုတက်သွားလေသည်။ သူ့ကြောင်ကြီး၏အဖြစ်ကို တွေးကာ ရွာသားများကိုလည်း မတားရက်ဘဲ အလွန်အမင်းဝမ်းနည်းပက်လက်ဖြစ်သွားဟန်ရှိသည်။

ကျွန်တော်လည်း လူကြီးသုံးလေးယောက်နှင့် ဓာတ်မီးထိုးပြီး ကုက္ကိုပင်ကြီးဘက်ကို ဖြတ်လျှောက်သွားကြသည်။ ကျွန်တော်တို့လယ်ကွက်ကြီး သုံးလေးကွက်မျှသာရောက်သေးသည် ပိုက်ကွန်များကိုထမ်းပြီး ပြေးသလော်ကမြန်သော ခြေလှမ်းများဖြင့်လိုက်လာနေကြသည့် ကောင်လေးများလည်း ချက်ချင်းပင် လိုက်မီလာကြလေသည်။

"ဟိုက်ကောင်တွေ သိပ်ပြီးဆူဆူညံညံမလုပ်ကြနဲ့နော်။ ထော်ကြာကြောင်ကြီးဆင်းပြေးသွားလို့ မရလိုက်ဖြစ်နေမယ်။ ဟိုရောက်ရင်လည်း ကြောင်ကြီးဆင်းပြေးနိုင်တဲ့နေရာ၊ ခုန်ချနိုင်တဲ့နေရာတွေကို အဓိကထားပြီး ပိုက်ကွန်တွေကို ကြိုထောင်ထားကြကွ"

"ဟုတ်ကဲ့ ဦးလေးထွန်း"

ဟု ဆိုကာ ကောင်လေးများ ကျွန်တော်တို့ရှေ့ကို ကျော်တက်သွားကြလေသည်။

ကျွန်တော်တို့ ခပ်မှန်မှန်လျှောက်သွားရင်း ကုက္ကိုပင်ကြီးအောက်သို့ ရောက်သွားကြရာ ကောင်လေးများ ပိုက်ကွန်ထောင်၍ပင်ပြီးနေကြလေပြီ။ ကျွန်တော် ဓာတ်မီးနှင့်ထိုးကြည့်သည်။ ကြောင်ကြီးကား ဘာမှမဖြစ်သလို အေးအေးဆေးဆေးပင် ကျွန်တော်တို့ကိုသာ ငုံ့ကြည့်နေလေသည်။

အခြားကြောင်များနှင့်မတူအောင် အကောင်ထွားသည့်အပြင် မျက်လုံးနှစ်ဖက်သည်လည်း ရဲရဲနီနေလေသည်။ ယခု အသေချာကြည့်မိမှ ကြောင်ကြီး၏ရုပ်သွင်သည် အတော်လေးကြောက်စရာကောင်းနေသည်သတိပြုမိသည်။

"ဟိုက်ကောင်တွေ ကြောင်ကြီးပိုက်ကွန်မှာမိရင်လည်းမသတ်ကြနဲ့နော်။ ရတဲ့နည်းနဲ့ အရှင်ဖမ်းပြီးမှ ဖုတ်သက်နုတ်ရမှာကွ။ ဖုတ်ဝင်နေတဲ့ကြောင်ဆိုတော့ မင်းတို့သတ်လည်းသေမယ်မထင်ဘူး"

"ဟုတ်ကဲ့ ဦးလေးထွန်း"

"ပြီးတော့ ကြောင်ကြီးခုန်ချမယ့် အပြုအမူကိုမြင်ရင်ဖြစ်စေ၊ ပင်ခြေအတိုင်းဆင်းလာရင်ဖြစ်စေ၊ ကြောင်ကြီးရဲ့မျက်နှာကို ဓာတ်မီးနဲ့ဝိုင်းထိုးကြရမှာကွ။ ဓာတ်မီးနဲ့ဝိုင်းထိုးထားကြမှ ကြောင်ကြီးမျက်စိပြာသွားလို့ ပိုက်ကွန်မှာ အလွယ်တကူမိမှာ။ အဲလိုမဟုတ်ရင် တစ်နည်းနည်းနဲ့ ချော်ထွက်ကောင်းထွက်သွားနိုင်တယ်ကွ"

ကျွန်တော့် စကားအဆုံးမှာပင် ကောင်လေးတစ်ယောက် ဆယ်တောင်ခန့်ရှည်သော ဝါးလုံးတစ်လုံးကိုကိုင်ပြီး ကုက္ကိုပင်ကြီးပေါ် တက်သွားလေသည်။ ကျွန်တော်တို့အားလုံးလည်း မျက်စောင်းမခတ်တမ်းဆိုသလိုပင် ကြောင်ကြီးကိုရော တက်သွားသည့် ကောင်လေးကိုပါ စိုက်ကြည့်နေကြသည်။

ကောင်လေးက ကြောင်ကြီးထိုင်နေသောခွကြားနှင့်ယှဉ်လျက် ကိုင်းကြီးတစ်ကိုင်းကို ဖြည်းဖြည်းမှန်မှန်တက်လျှောက်သွားသည်။ ကြောင်ကြီးလည်း တက်လာနေသောကောင်လေးကိုကြည့်လိုက်၊ အောက်ကလူများကိုကြည့်လိုက်နှင့် ဂနာမငြိမ်ဖြစ်လာလေသည်။

ကျွန်တော်တို့လူစုလည်း ကုက္ကိုပင်ရင်းနှင့်ခွာပြီး တစ်နေရာကရပ်ကြည့်နေကြ၏။ ကြောင်ကြီးကို ပင်ခြေအတိုင်းသာဆင်းလာပြီး ပိုက်ကွန်မှာမိစေချင်သည်။ သို့မှလည်း အဖမ်းရလွယ်မည့်သဘောရှိသည်။

ကြောင်ကြီးလည်း ဝါးလုံးကိုင်ပြီး တက်လာသည့်ကောင်လေးနီးလာသည်နှင့် ပို၍ပင်ဂနာမငြိမ်ဖြစ်လာသည်ကို တွေ့နေရသည်။ မျက်လုံးကြီးများလည်း ပို၍ကျယ်ကားတောက်ပလာလေသည်။

ကောင်လေး ဘာမှပင်လုပ်ရန် မလိုလိုက်ပေ။ ကြောင်ကြီးသည် ကောင်လေးကို တစ်ချက်၊ နှစ်ချက်စိုက်ကြည့်လိုက်ပြီးနောက် ထိုင်နေရာခွဆုံမှ ပင်ခြေအတိုင်း ခပ်သွက်သွက်ပင်ဆင်းလာလေသည်။ ကျွန်တော်တို့အောက်ကလူအားလုံးလည်း ဓာတ်မီးနှင့် ကြောင်ကြီး၏မျက်နှာကိုဝိုင်းထိုးထားကြသည်။

ထို့ကြောင့်ပင် ကြောင်ကြီးသည် မျက်စိများပြာဝေကျိန်းစပ်သွား၍ ထင်သည်။ မြေသို့မရောက်မီ နှစ်လံခန့်မှခုန်ချလေရာ ပိုက်ကွန်ထဲသို့ တည့်တည့်ကြီးကျသွားလေသည်။ ကြောင်ကြီးရှုံးရှုံးရှဲရှဲဖြင့် ပိုက်ကွန်ထဲတွင်လုံးထွေးနေလေသည်။

"ဟိုက်ကောင်တွေ ဘာမှမလုပ်ကြနဲ့ဦးကွ။ ကြောင်ကြီးရုန်းကန်လို့မောသွားမှ အခြေအနေကိုကြည့်ပြီး ဝိုင်းဖမ်းရအောင်"

ဟု ကျွန်တော်က အော်ပြောလိုက်သည်။ ပိုက်ကွန်အလယ်ခေါင်ခုန်ချလိုက်မိသောကြောင့် ကြောင်ကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com

လွတ်နိုင်ဖွယ်မရှိတော့ပေ။

ကြောင်ကြီးလည်း ပိုက်ကွန်မှာမိစတွင် ရုန်းကန်လှုပ်ရှားရင်း ရန်မူသော်လည်း တစ်အောင့်ကြာ၍ မောလာပြီးနောက် ရုန်းကန်၍လည်း မလွတ်နိုင်ဟု သိသွား၍ထင်သည်။ သိပ်ပြီးမရုန်းတော့ဘဲ လူများကိုသာ တစ်လှည့်စီကြည့်နေလေသည်။

"ကိုင်း - ဒီလောက်ဆိုရင် ဟုတ်ပြီထင်တယ်ကွ။ အပုတို့အိမ်နဲ့လည်းနီးပြီး ကြောင်ကြီးနဲ့လည်း အကျွမ်းတဝင်ရှိဖူးတဲ့ကောင်လေးတစ်ယောက် အနားကို တဖြည်းဖြည်းချင်းတိုးကပ်ပြီး အချိုသတ်ကြည့်စမ်း"

ကောင်လေးတစ်ယောက် ကြောင်ကြီးနှင့် သုံးလံခန့်အနီးသို့တိုးသွားပြီး ထိုင်လိုက်သည်။

"ဟိုက်ကောင် ကြောက်စိတ်လန့်စိတ်၊ ဒေါသစိတ်တွေ မင်းမျက်နှာမှာမရှိစေနဲ့ကွ။ ကြောင်ကြီးက ကြောက်နေတဲ့အထဲ မင်းမျက်နှာကြီးပါ ကြောက်စရာကြီးဖြစ်နေရင် အဆင်ပြေမှာမဟုတ်ဘူး။ တဖြည်းဖြည်းတိုးကပ်သွားပြီးတော့ မင်းကြောင်ကြီးနဲ့ စကားပြောကြည့်စမ်း"

ကောင်လေး အသံတိုးတိုးဖြင့် တစ်ချက်ရယ်ကာ ဆတ်ခနဲခေါင်းညိတ်သည်။

"ငဝါကြီး ငါပါကွ။ မင်း ငါ့ကိုသိတယ်မဟုတ်လား"

ဟုပြောရင်း ကောင်လေး ကြောင်ကြီးနှင့်နီးအောင်တိုးကပ်သွားသည်။

"ငဝါကြီး၊ မင်း ငါ့ကိုရန်မလုပ်နဲ့နော်။ တို့အားလုံး မင်းမိစ္ဆာဘဝရောက်နေတာကိုမကြည့်ရက်လို့ မိစ္ဆာဘဝက ကျွတ်လွတ်သွားအောင်လုပ်ပေးကြမယ့်လူတွေပါ။ မင်းမိတ်ဆွေပေါ့"

ကောင်လေးသည် ကြည်လင်သောမျက်နှာ၊ ချိုသာသောစကားများကို တတွတ်တွတ်ပြောဆိုပြီး ကြောင်ကြီး၏အနားသို့ကပ်သွားသည်။ ကြောင်ကြီးဘာမှမလုပ်ပေ။ ရန်လည်းမမူ။ ကောင်လေးကိုကြည့်လိုက်၊ အခြားလူများကိုကြည့်လိုက်နှင့် ငြိမ်၍သာနေသည်။

"ဟုတ်လောက်ပြီကွ၊ ဒီလောက်ဆိုရင် အဆင်ပြေလောက်ပါပြီ။ ဒါပေမယ့် ပိုက်ကွန်အပြင်ကိုထုတ်လို့တော့ အဆင်ပြေမှာမဟုတ်ဘူး။ မတော်လို့ လူတွေကိုကုတ်ဖဲ့ပြီးထွက်ပြေးသွားရင်ခက်မယ်။ ပိုက်ကွန်ကြီးနဲ့လုံးထွေးပြီးပဲထမ်းသွားရအောင်"

လူငယ်သုံးလေးယောက် ပိုက်ကွန်ကြီးနှင့်လုံးထွေးပြီးထုပ်ထမ်းကြရာတွင် ကြောင်ကြီးသုံးလေးချက်အော်၍ ရုန်းကန်သေးသည်။ ထို့နောက် ငြိမ်ပြီးပင်ပါလာလေသည်။

ရွာထဲသို့ရောက်လျှင် ခတ်မီးထိုးပြီး အုတ်နီခဲရှာခိုင်းလိုက်၏။ ထို့နောက် အုတ်နီခဲကို ကျောက်ပျဉ်မှာသွေးနေချိန်မှာပင် ကြောင်ကြီးစိတ်ပြောင်းသွားပြီး ရုန်းကန်လာလေသည်။

ကြောင်ကြီးကိုယ်မှာကပ်နေသော ဖုတ်ကောင်ကပင် သူ့အား ဖုတ်သက်ကြွေအောင်လုပ်ကြတော့မည်ကိုသိသွား၍ပင် ရုန်းကန်လာလေသလားဟု ထင်ရသည်။ ထို့နောက် တညောင်ညောင်ဖြင့်အော်ပြီး တဖြည်းဖြည်းနှင့်နှာမှုတ်ကာ ရန်မူလာလေသည်။

ကျွန်တော် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များ ရွတ်ဆိုနေချိန်တွင် (အုတ်နီခဲသွေးရည်ကို မန်းမှုတ်သည့်သဘော) ကြောင်ကြီးမှာ ကျယ်လောင်စွာအော်ပြီး တအားလည်း ရုန်းကန်လာလေသည်။

ထိုအချိန်၌ အပုလည်း အိမ်ပေါ်မှဆင်းလာလေသည်။ ကျွန်တော် အပုကို ဂရုမစိုက်နိုင်သေးပေ။ ကြောင်ကြီးအား အုတ်နီခဲသွေးရည် (တစ်နည်းအားဖြင့် ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃဂုဏ်တော်ကိုးပါး စသည့်ရေမန်း) ကို တိုက်ကာ ကြောင်ကြီး၏ကိုယ်မှ ဖုတ်သက်ထုတ်နိုင်ရေးကိုသာ အာရုံစိုက်နေလေသည်။

"ဟိုက်ကောင်တွေ ဒီအတိုင်းသာဆိုရင် ကြောင်ကြီးကိုဆေးတိုက်လို့လွယ်မှာမဟုတ်ဘူး။ ကိုက်ခဲကုတ်ဖဲ့ခံရနိုင်တယ်။ ဒီတော့ ကြောင်ကြီးကိုမလှုပ်နိုင်အောင်ဖမ်းချုပ်ပြီး ပါးစပ်ထဲသို့ ဝါးလုံးခေါင်းနဲ့စွပ်ထည့်၊ သွန်ချမှ အဆင်ပြေမှာဖြစ်လို့ ဝါးလုံးပိုင်းလေးတစ်ခုလောက်သွားရှာကြဦး။ မီးမှုတ်ပြောင်းကျည်တောက်ပဲဖြစ်ဖြစ်ပေါ့"

ကောင်လေးတစ်ယောက် အိမ်ပေါ်ပြေးတက်ပြီး မီးမှုတ်ပြောင်းတိုလေးတစ်ခုကိုယူလာပြီးပေး၍အဆင်ပြေသွားလေသည်။ ထို့နောက် ကြောင်ကြီးကို မကုတ်၊ မကိုက်၊ မလှုပ်ရှားနိုင်အောင် ဖမ်းချုပ်လိုက်ကြပြီး ကျွန်တော်ကိုယ်တိုင်ပင် အုတ်နီခဲရေမန်းကိုတိုက်ချလိုက်လေသည်။ တိုက်နေဆဲမှာလည်း ဂုဏ်တော်များကို ရွတ်ဆိုထားသည်။

ထို့ကြောင့် အုတ်နီခဲသွေးရည် (ဂုဏ်တော်ရေမန်း)သည်လည်း ကြောင်ကြီး၏ပါးစပ်ထဲသို့ ဆယ်ပုံရှစ်ပုံခန့်ဝင်သွား၍လုံလောက်သည်ဟုယူဆရသည်။ ထို့နောက် ကြောင်ကြီးအားလွှတ်ပေးလိုက်ကြသည်။ ကြောင်ကြီးလည်း ဘယ်ကိုမှုမသွားတော့ပေ။ ထို့အနားမှာပင် ငိုင်တွေနေလေသည်။

ထို့နောက် ငှက်ပျောဖုတ်နားသို့ ကပ်သွားသည်။ ကျွန်တော်တို့လည်း ရေနွေးထိုင်သောက်နေကြသည်။ ဤမျှဖြင့် ကြောင်ကြီးဖုတ်သက်မကြွေလျှင်လည်း ကျွန်တော့်မှာ တခြားနည်းမရှိတော့ပေ။

"ဟိုက်ကောင်တွေ ကြောင်ကြီး အခြေအနေဘယ်လိုလဲသွားကြည့်ပါဦးကွ။ အဲဒီအနားမှာရှိသေးလား၊ အခြားတစ်နေရာကိုများထွက်သွားလေပြီလား"

ကျွန်တော်ကပြောလိုက်၍ကောင်လေးတစ်ယောက် ငှက်ပျောဖုတ်နားသို့ ပြေးသွားပြီးကြည့်သည်။

"ဟာ- ဦးလေးထွန်း၊ ကြောင်ကြီး သေနေပြီဗျ"

"ဩော် - အေးအေး"

ဟု ဆိုကာ ကျွန်တော်တို့ ရေနွေးဆက်သောက်နေကြသေး၏။ ထို့နောက်မှ သွားကြည့်ကြသည်။ ထိုအချိန်၌ ကြောင်ကြီး ပုပ်ပျော်ကာ အရိုးကျနေလေပြီ။ ထို့ကြောင့် တစ်ယောက်မကျန် အံ့သြနေကြသည်။

"ဖုတ်ဝင်နေတဲ့လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ ဖုတ်သက်ကုန်သွားတဲ့အခါ ဒါမျိုးချည်းပဲကွ။ အဲဒါ မင်းတို့လူငယ်တွေ နောင်လိုအပ်ရင် သုံးလို့ရအောင်မှတ်ထားကြ"

ကျွန်တော်လုပ်လိုက်၍ ဖုတ်ဝင်ကြောင်ကြီး ဖုတ်သက်ကုန်ကာ အရိုးကျသွားသည်ကို လူကြီးလူငယ်တစ်ရွာလုံး သဘောကျနေကြသော်လည်း အပုသည်ကား ကြောင်ကြီး၏အဖြစ်ကိုကြည့်ကာ သူ့ပါးစပ်ကို လက်နှင့်ပိတ်ပြီး မျက်ရည်တွေတွေကျနေလေသည်။

သူ့မိန်းမမွေးထားခဲ့သော အချစ်တော်ကြောင်ကြီးဟူသောအသိအမှတ်ဖြင့် ဝမ်းနည်းစိတ်ကြောင့်သာ အပုမျက်ရည်ကျနေခြင်းဖြစ်မည်ဟု ကျွန်တော်နားလည်လိုက်၏။ ထို့ကြောင့် ကျွန်တော်လည်း တစ်နည်းတစ်ဖုံအားဖြင့် အပုကိုသနားမိသည့်တိုင်အောင် ကြောင်ကြီးအား ဖုတ်သက်ထုတ်လိုက်သတ်လိုက်မိသည့်အတွက် ကျွန်တော် နောင်တမရမိပေ။

ထွန်းတောက်

စာကြွင်း -

ဦးပု (ခေါ်) ကျွန်တော့်ဦးလေးအပုသည်ကား ဆိုခဲ့သည့် ထောင်ငူမြို့နယ် ကျက်သောင်းချောင်းရွာလေးမှာပင် ယနေ့တိုင်အောင် ကျန်းမာစွာဖြင့် သက်ရှိထင်ရှား နေထိုင်လျက်ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ မျက်လှည့်ကြည့်ရတဲ့အခါ မျက်လှည့်ဆရာက လက်ဝါးဖြန့်ပြတယ်။ ဘာမှမရှိဘူး။ အဲဒါကို လက်ကိုဆုပ်လိုက်တယ်။ ပြီးတော့ ပြန်ဖြန့်ပြတယ်။ လက်ဝါးပေါ်မှာ ကျပ်ပြားတစ်ခုရောက်နေတယ်။ ပြီးတော့ ပြန်ဆုပ်လိုက်တယ်။ ပြန်ဖြန့်တော့ ဘာမှမရှိပြန်ဘူး။ ဒါဟာ မျက်လှည့်ဆရာက မရှိတာကို ရှိတယ်လို့မြင်အောင် ဖန်ဆင်းပြတာပဲ။

လောကမှာရှိတဲ့ သတ္တဝါအားလုံးဟာ ဘုရားသခင်က ဖန်ဆင်းထားတာလို့ဆိုတယ်။ အဲဒီတော့ ဘုရားသခင်ဆိုတာ မျက်လှည့်ဆရာပဲ။ မရှိတာကို အရှိလုပ်ထားတာ။ ဘာသာရေးကို ကျွန်တော်တို့ အဲဒီလိုမြင်ခဲ့တယ်"

နောက်နေ့ ဦးထွန်းရောက်လာတော့ အထက်ပါအတိုင်း ဘာသာရေးအပေါ် သူ့အမြင်ကို စတင်ပြောပြပါသည်။

ကျွန်တော်က -

"အဲဒါ ခင်ဗျားကိုယ်ပိုင်အမြင်ပဲလား"

လို့ မေးတော့ သူက -

"မဟုတ်ဘူး၊ ကျွန်တော်တို့ကို သင်တန်းဆရာကပြောပြထားတာ"

ဟု ပြန်ပြောပါသည်။

ကျွန်တော်က -

"ခင်ဗျားဗုဒ္ဓဘာသာအကြောင်းကို သိရှိအောင် လေ့လာဖူးသလား"

လို့ မေးတော့ သူက -

"မလေ့လာဖူးဘူး။ ကျွန်တော်တို့ ဆရာတွေက မျက်လှည့်ဆရာထဲမှာ ဗုဒ္ဓက အတော်ဆုံး။ တကယ်ယုံကြည်အောင် စွမ်းဆောင်နိုင်တယ်။ သွားမစမ်းနဲ့ ပါသွားမယ်လို့ ပြောတယ်"

ဟု ပြန်ပြောပါသည်။

ကျွန်တော်က -

"အညွန့်ခူးစားတဲ့ ဘာသာရေးသမားတွေရဲ့အမြောက်နဲ့ အခြောက်ကို ယုံပြီးလိုက်လုပ်တာ လူညံ့တွေပဲလို့ ခင်ဗျား ကျွန်တော်တို့ကို ပြောဖူးတယ်။ ကျွန်တော်တို့က ဗုဒ္ဓဘာသာအကြောင်းကို အသင့်အတင့် လေ့လာသိရှိပြီး လက်ခံယုံကြည်တာ။ ခင်ဗျားက ဗုဒ္ဓဘာသာအကြောင်းကို မလေ့လာသည်း မလေ့လာ၊ မသိလည်းမသိဘဲ သူတစ်ပါးပြောတာကို မျက်စိမှိတ်ယုံတဲ့အတွက် သူတစ်ပါးပါးစပ်မှာလမ်းဆုံးနေတဲ့ခင်ဗျား

**ချောင်းဆုံအနုန်းသွင်**
**သူတစ်ပါးပါးစပ်တွင်**
**လမ်းဆုံးနေသူများ**





www.burmeseclassic.com

www.burmeseclassic.com

ကသာ တကယ့်လူညံ့အစစ်ပဲ”

ဟု ပြန်ပြောလိုက်ပါသည်။

သူက ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်ပါသည်။

ကျွန်တော်က ဆက်ပြီး -

“သမိုင်းဆရာတွေရဲ့ အဆိုအရ ကိုးကွယ်မှုအစဟာ အကြောက်တရားကပဲ။ တောထဲတောင်ထဲမှာ သားရဲတိရစ္ဆာန်တွေနဲ့ နိုင်သူစားတမ်း အသက်လုနပန်းလုံးနေရတဲ့အချိန်မှာ ရှေးဦးလူသားတွေဟာ ဘာကိုမှမစဉ်းစားနိုင်ဘူး။ မြစ်ဝှမ်းဒေသကိုရောက်လို့ စိုက်ပျိုးရေးနဲ့ အသက်မွေးရတဲ့အချိန်မှာ ဘဝကလည်း နူးညံ့လာတယ်။ အားလပ်ချိန်လည်းရလာတော့ တွေးတောလာကြတယ်။ မမြင်ရတဲ့တန်ခိုးရှင်တွေရှိတယ်လို့ ယူဆလာကြတယ်။ မြစ်စောင့်နတ်၊ မိုးစောင့်နတ်၊ လေစောင့်နတ်တို့ စတာတွေပေါ့။ မြစ်ရေကြီးတာ၊ မိုးသည်းထန်စွာရွာတာ၊ လေမုန်တိုင်းတိုက်တာ နတ်တွေစိတ်ဆိုးလို့ပဲ။ သူတို့တစ်တွေ စိတ်ဆိုးပြေကျေနပ်အောင် ပ,သရမယ်လို့တွေးပြီး ဒုက္ခမပေးအောင် နည်းမျိုးစုံနဲ့ ပ,သခဲ့ကြတယ်။

အဲဒီကတစ်ဆင့် သုခပေးအောင်၊ ရာသီဥတုကောင်းအောင်၊ အထွက်တိုးအောင် စတာတွေအတွက် ပ,သပြီး ဆုတောင်းကြပြန်တယ်။ ကြာတော့ နောက်တစ်ဆင့်တက်ပြီး ဒီဘဝအတွက်သာမက နောက်ဘဝတွေချမ်းသာဖို့ပါကိုးကွယ်ရာရှာပြီး ကိုးကွယ်ကြပြန်တယ်။ အဲဒီမှာ နည်းပေးနိုင်သူ လူပုဂ္ဂိုလ်တွေပေါ်လာပြီး အဲဒီသူတွေရဲ့စကားကို လိုက်နာ ကျင့်ကြံကြတယ်။ နောက်တစ်ဆင့်တက်ပြီး သံသရာက လုံးဝလွတ်မြောက်မို့ဆိုတဲ့ ကျင့်ကြံအားထုတ်နည်းတွေကို ဟောပြောတဲ့ ပုဂ္ဂိုလ်တွေပေါ်လာပြန်တယ်။ ဒီဖြစ်စဉ်တွေဟာ အချိန်အကြာကြီးယူရတယ်။

အဲဒီမှာ သတ္တဝါတွေ ဘယ်လိုစတင်ဖြစ်ပေါ်လာတယ်ဆိုတာတွေကိုပါ တွေးခေါ်ဟောပြောမှုတွေပေါ်ပေါက်လာတယ်။ အဲဒီမှာ ထင်ရှားတာ (၃) မျိုးရှိတယ်။ တစ်မျိုးက သူ့အလိုလိုဖြစ်တာ၊ နောက်တစ်မျိုးက ထာဝရဆိုတဲ့တည်ငြိမ်မာတ်နဲ့ ပုရိသျှဆိုတဲ့ လှုပ်ရှားမာတ်တို့ ပေါင်းစပ်ပြီးဖြစ်ပေါ်လာတာ။ နောက်တစ်မျိုးက တန်ခိုးရှင်ဖန်ဆင်းလို့ဖြစ်လာတာ။

အဲဒီနောက်ဆုံးဝါဒဟာ အိန္ဒိယမှာ အင်အားအကြီးဆုံးဝါဒပဲ။ မြတ်စွာဘုရားမပွင့်ခင် နှစ်ပေါင်းများစွာက ထွန်းကားနေတာ။ ဟိန္ဒူဗြာဟ္မဏတွေ ကိုးကွယ်တဲ့ဝါဒပဲ။ ပါဠိလိုတော့ အတ္တဝါဒလို့ခေါ်ပြီး ဗမာလို ဝိညာဉ်ဝါဒ (သို့) လိပ်ပြာဝါဒလို့ ခေါ်တယ်။ ဖန်ဆင်းရှင်ရဲ့ ပင်မဝိညာဉ်ကို ပရမတ္တမလို့ခေါ်ပြီး ဖန်ဆင်းရှင်က ဖန်ဆင်းထားတဲ့ဝိညာဉ်တွေကိုတော့ အတ္တမလို့ခေါ်တယ်။ အတ္တဆိုတာ ခန္ဓာကိုယ်ကိုပိုင်တဲ့ ပိုင်ရှင်ပဲ။ သူ့ကို အမြဲရှိနေသူ၊ သွားခြင်း၊ စားခြင်း စတဲ့အလုပ်တွေကို အကုန်လုပ်သူ၊ ချမ်းသာ ဆင်းရဲ စတာတွေကို ခံစားသူ၊ စီမံဆောင်ရွက်သူလို့ အဓိပ္ပာယ်ရတယ်။

အဲဒီဝိညာဉ်လိပ်ပြာဟာ ခန္ဓာကိုယ်တစ်ခုကနေပြီး နောက်တစ်ခုကို ပြောင်းတယ်။ အိမ်တစ်လုံးဆွေးသွားရင် နောက်အိမ်သစ်တစ်လုံးမှာပြောင်းနေတဲ့ ပုံစံမျိုးပဲ။ အိမ်တစ်လုံးက နောက်အိမ်တစ်လုံးကိုပြောင်းတဲ့အခါမှာ အိမ်သစ်ရှာမတွေ့သေးရင် ဝိညာဉ်လိပ်ပြာအဖြစ် ခဏနေရတယ်။ နောက်အိမ်ကကောင်း၊ မကောင်းဆိုတာ ဒီအိမ်မှာ သူလုပ်ခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုအပေါ် မူတည်ပြီး ရရှိတာပဲလို့ ယူဆတယ်။ ကောင်းတာတွေချည်း ဆက်လုပ်သွားမယ်ဆိုရင် နောက်ဆုံးမှာ သူ့ဝိညာဉ်ဟာ သူ့ကို ဖန်ဆင်းထားတဲ့ ပင်မဝိညာဉ်နဲ့ ပြန်ပေါင်းပြီး ထာဝရငြိမ်းချမ်းရေးကိုရသွားတယ်။ ဘုရားသခင်ရဲ့ရင်ခွင်မှာ ထာဝရနားဝင်ခိုလှုံခွင့်ရသွားတယ်။ အဲဒါဟာ သူတို့ရဲ့ သံသရာက လွတ်မြောက်ခြင်းဆိုတဲ့ နိဗ္ဗာန်ပဲ။

ဒီဝိညာဉ်လိပ်ပြာအယူဟာ ဗုဒ္ဓဘာသာအယူမဟုတ်ဘူးလား။ ကလေးငယ်ရှိတဲ့မိခင်သေရင် ကလေးငယ်နဲ့ လိပ်ပြာခွဲတာ၊ လူသေရင် မသာချပြီးနောက် သင်္ချိုင်းကနေ တရားနာပြီး သာဓုခေါ်ဖို့ လိပ်ပြာကို အိမ်ပြန်ခေါ်ခဲ့တာ၊ သေပြီး (၇) ရက်အတွင်း လိပ်ပြာဘယ်မှမသွားဘဲ အိမ်မှာရှိနေတာ၊ အဲဒါတွေကို ဗုဒ္ဓဘာသာဝင်တွေမှာ ကျွန်တော်တွေ့နေရတာပဲ။ ကျွန်တော့်အမေသေတုန်းကလည်း အဲဒီလိုလုပ်တာတွေ့တာပဲ”

ဟု ဦးထွန်းကမေးပါသည်။

ကျွန်တော်က -

ဒီအယူဟာ ဗုဒ္ဓရဲ့အယူမဟုတ်ဘူး။ ဒါပေမယ့် ဗုဒ္ဓဘာသာဝင်တွေထဲမှာ ဝင်ရောက်နေတယ်။ ဒီအယူဟာ စောစောက ကျွန်တော်ပြောခဲ့သလို ဘုရားမပွင့်ခင် နှစ်ပေါင်းများစွာက အိန္ဒိယမှာလွှမ်းမိုးခဲ့တဲ့အယူပဲ။ ကျွန်တော်တို့ကလည်း ဘုရားမပွင့်ခင်ကတည်းက အိန္ဒိယနဲ့ အဆက်အသွယ်ရှိပြီး အဲဒီက ယဉ်ကျေးမှုတွေအများကြီးဝင်ရောက်ခဲ့တယ်။ ခင်ဗျားသိတဲ့အတိုင်း ပထမတကောင်းပြည်ကို တည်ထောင်ခဲ့တဲ့ အဘိရာဇာမင်းဟာ အိန္ဒိယကလာတဲ့ မင်းတစ်ပါးပဲ။ သူနဲ့အတူ အခြွေအရံတွေအများကြီးပါလာတယ်လို့ ယုံကြည်ကိုးကွယ်မှု စတဲ့ ယဉ်ကျေးမှုတွေလည်း အများကြီးပါလာတယ်။ အဲဒီကတည်းက ဝိညာဉ်လိပ်ပြာအယူပါလာသလား မပြောတတ်ဘူး။

ပြီးတော့ ဗုဒ္ဓဘာသာဆိုတဲ့နေရာမှာလည်း ဘုရားပရိနိဗ္ဗာန်စံပြီး အနှစ်တစ်ရာလောက်ကစဂိုဏ်းကွဲလာတာပဲ။ အဲဒီကတည်းက မြတ်စွာဘုရားဟောတဲ့ တရားဝိနည်းတွေကိုဖြုတ်ခြင်း၊ ဖြည့်ခြင်း၊ ပြင်ခြင်းလုံးဝမပြုတဲ့ ထေရဝါဒဂိုဏ်းနဲ့ ကြိုက်သလိုပြုပြင်ခဲ့တဲ့မဟာယနဂိုဏ်းတို့ကွဲခဲ့တယ်။အနှစ်နှစ်ရာလောက်ကျတော့ (၁၈)ဂိုဏ်းအထိကွဲတယ်။ နောက်လည်း ထပ်ကွဲသေးတာပဲ။

ယနေ့ကမ္ဘာမှာ ဗုဒ္ဓဘာသာနိုင်ငံ (၁၁) နိုင်ငံရှိတယ်။ အဲဒီထဲမှာ ထေရဝါဒဆိုလို့ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား (၄) နိုင်ငံပဲရှိတယ်။ အဲဒါတောင် မြန်မာနဲ့ သီရိလင်္ကာပဲ လုံးဝအပြောင်းအလဲမရှိဘဲ ထေရဝါဒဖြစ်နေကြတယ်။ များသောအားဖြင့် ထေရဝါဒမဟုတ်တဲ့ ဗုဒ္ဓဘာသာဂိုဏ်းတွေမှာ ဝိညာဉ်လိပ်ပြာအယူဝါဒဟာ ကြီးကြီးမားမားလွှမ်းမိုးနေတယ်။

တိဗက်ဗုဒ္ဓဘာသာမှာဆိုရင် လူတစ်ယောက်သေပြီးနောက် အဲဒီလူရဲ့ ဝိညာဉ်လိပ်ဟာ နောက်ဘဝ ခန္ဓာကိုယ်ဝင်စားဖို့ (၄၉) ရက် ဝိညာဉ်လိပ်ပြာအဖြစ်နဲ့ လိုက်ရှာနေရတယ်လို့ အယူရှိတယ်။ ရဟန်းမင်းဖြစ်တဲ့ လားမားဘုန်းကြီးတွေဟာ သူတို့သေရင် ဘယ်မှာဝင်စားသလဲဆိုတာကို တပည့်တွေက နိုင်ငံအနှံ့ စုံစမ်းနေရတယ်။ အကုသိုလ်လည်းနည်း၊ လူဖြစ်နိုင်တဲ့ ကုသိုလ်လည်းရှိ လူပြန်ဖြစ်ဖို့လည်း စွဲလမ်းနေလွန်းတဲ့အတွက် တစ်နေရာရာမှာ လူဝင်စားအဖြစ် ပြန်ပေါ်လာတတ်တယ်။ ဒါဟာ ပုံသေမဟုတ်ဘူး။ စောစောကပြောတဲ့ အချက် (၃) ချက်နဲ့ပြည့်စုံမှ လူပြန်ဖြစ်တာ။

ဝိညာဉ်လိပ်ပြာဝါဒကို လက်မခံတဲ့ ထေရဝါဒရဟန်းတော်များထွန်းကား



www.burmeseclassic.com

www.burmeseclassic.com

# စိုးမင်း(မြောက်စည်း-ရွာသစ်)

# သမျှားဥအစွမ်း

ဒီဆေးမြီးတိုလေးရေးချင်လွန်းလို့ ခက်ခက်ခဲခဲ အပင်ပန်းခံ တောင်ပေါ် တက်ခဲ့ရခြင်းဖြစ်၏။ ရေးချင်တာကြာခဲ့ပါပြီ။ မပြည့်စုံသေးသည့်အတွက် လက်တွန့်နေသည်ဆိုလျှင် ပိုမှန်၏။

သမျှားနီ၊ သမျှားဖြူ (၂) မျိုးတွေ့ရှိပါသည်။ ယခု သမျှားဖြူအကြောင်း လက်လှမ်းမီသမျှပြောပြပါမည်။ ယခု မှတ်တမ်းပုံများမှာ နတ်တော်လပြည့်ကျော်မှပုံများ ဖြစ်ပါသည်။

သမျှားဖြူသည် မြေနရာတိုင်းတွင် မပေါက်ပါ။ ဆင်ချောင်းတောထဲတောင်ပေါ်နေရာအနှံ့ပေါက်ပါသည်။ပွေးကျင်းပေါသော မြေပြန့် တောင်ပေါ် သမျှားပင်မရှိပါ။ ပွေးကြိုက်သည်ထင်ပါသည်။

သမျှားဖြူသည် တစ်နေရာတည်း စုပြုံပေါက်သောအပင်မဟုတ်ပေ။ တစ်ပင်ရှာတွေ့လျှင် အနီးဆုံး ဝါးတစ်ပြန်၊ နှစ်ပြန်တစ်ပင်ထပ်တွေ့ပါသည်။ထို့ထက် မလှမ်းမကမ်းတွင်လည်း တွေ့ပါသည်။

နတ်တော်လပြည့်ကျော်ပြီဖြစ်၍ တချို့သောအပင်များ အရွက်ဝါနေပါ



ယခင်နှစ် သမျှားဖြူပင်နှင့် အစိတ်သားခန့်ဥတွဲ

သည်။ တချို့အပင်များ အစိမ်းရောင် အတိုင်းရှိပါသည်။ တောထဲတောင်ပေါ် သမျှားဖြူနှင့် ဆင်တူရိုးမှားအပင်မရှိပေ။ လွန်စွာကွဲပြားပါသည်။ သမျှားပင်သည် နွယ်ပင်စစ်စစ်လည်း မဟုတ်ပေ။ အရှည်ဆုံးအပင်မှာ နှစ်တောင်ခန့်သာ ရှိလေ၏။ တစ်ဖန် ထိုနွယ်ပင်ယောင်ယောင်အညွန့်သည် တခြားအပင်သို့ မှီခိုခြင်းမရှိ။ မြေပြင်၌သာ ကိုင်းညွှတ်ပါသည်။ အများဆုံးတွေ့ရသောအပင်

နေတဲ့ မြန်မာနိုင်ငံလို နိုင်ငံမျိုးမှာတောင် ဗုဒ္ဓဘာသာဝင်အများစုဟာ ဝိညာဉ်လိပ်ပြာဝါဒကို လက်ခံကျင့်သုံးနေကြတယ်။ဘယ်အချိန်ကတည်းကဝင်ရောက်အခြေစွဲခိုင်မြဲနေတယ်မသိဘူး။ ကျွန်တော်အသက် (၅၀) အရွယ် ကျွန်တော့်အဖေက အသက် (၇၈) နှစ်အရွယ်မှာ အမေက (၇၅) နှစ်နဲ့ ကွယ်လွန်သွားတယ်။ အဲဒီအခါမှာ အဖေက အသုဘချတော့ ရေစက်ိုးခဲ့တယ်။ သုဿန်ကပြန်လာတော့ သစ်ခက်တစ်ခက်ချိုးပြီး အမေ့လိပ်ပြာကိုတရားနာဖို့ခေါ်လာတယ်။ ကျွန်တော်က အဖေ အဲဒီအယူတွေကို ယုံကြည်လို့လားလို့ မေးတော့ အဖေက ငါယုံတာ မယုံတာ အကြောင်းမဟုတ်ဘူး။ တစ်ရွာလုံးကယုံနေတာအကြောင်း။ ဒုမဂ်လမှာ အစဉ်အလာအရ မလုပ်ရင် ရွာကိုထိခိုက်တယ်။ ဆက်ပြီးအသေအပျောက်များတယ်လို့ယုံကြည်နေကြတယ်။ အဲဒါကို လွန်ဆန်ပြီးလုပ်လို့မရဘူးလို့ ပြန်ဖြေတယ်။

အဲဒီတော့ အယူဝါဒတစ်ခုကို ယုံကြည်လက်ခံမိပြီဆိုရင် ဖားကိုက်ကိုက်ထားတဲ့မြွေလိုပဲ မလွှတ်တော့ဘူး။ လူတစ်ယောက်ဟာ နှစ်စဉ်နှစ်တိုင်း ဦးရှင်ကြီးတင်နေရာက အကြောင်းကြောင်းကြောင့်မတင်မိဘဲဖြစ်သွားတယ်။ အဲဒီနောက် မတော်တဆမှုတစ်ခုခုဖြစ်တယ်ဆိုရင် ဦးရှင်ကြီးမတင်လို့ပဲလို့ ကိုယ်တိုင်လည်း သံသယဖြစ်တယ်၊ တခြားလူတွေကလည်း အဲဒီလိုပြောတယ်။ တကယ်လို့ တင်လျက်နဲ့ အဲဒီလိုဖြစ်ရင် ဘဝက အထုံရေစက်ပါလို့ပဲလို့ ပြောကြတယ်။ အဲဒါ စွဲလမ်းမှုပဲ။

ဗုဒ္ဓဝါဒမှာ သံသရာဆိုတာရှိတယ်။ ကံ၊ ကံရဲ့အကျိုးဆိုတာရှိတယ်။ ဟိန္ဒူဝါဒမှာလည်း သံသရာရှိတယ်။ ကံ၊ ကံရဲ့အကျိုးရှိတယ်။ ဟိန္ဒူဝါဒက အရင်ပေါ်ထားတဲ့အတွက် ဟိန္ဒူစာရေးဆရာကြီးတွေက 'ဗုဒ္ဓဝါဒဟာ ဟိန္ဒူဝါဒက ပေါက်ဖွားလာတဲ့ဝါဒပဲ' လို့ ရေးကြတယ်။ အနောက်တိုင်းပညာရှင်တွေကလည်း ဒီအတိုင်းပဲလက်ခံထားကြတယ်။ တကယ်တော့ အဓိကအချက်ဖြစ်တဲ့ ဝိညာဉ်လိပ်ပြာအယူမှာ ဟိန္ဒူဝါဒက Yes ဖြစ်ပြီး ဗုဒ္ဓဝါဒက No ပဲ။ ဆန့်ကျင်ဘက်ပဲ။

ဟိန္ဒူဘုရားကျောင်းတွေမှာ ဗုဒ္ဓပုံတော်ကို တွေ့ရမယ်။ ဗုဒ္ဓဘာသာဝင်တွေက ဟိန္ဒူတွေလည်း ဗုဒ္ဓကို ကိုးကွယ်တယ်ဆိုပြီး ဗုဒ္ဓဝါဒနဲ့ ဟိန္ဒူဝါဒတူသယောင် အထင်မှားကြတယ်၊ ဒါဟာ ဗုဒ္ဓဝါဒကို အပြည့်အစုံမသိလို့ဘဲ။ ဟိန္ဒူတွေထားတဲ့ အကြောင်းရင်းကိုလည်း မသိလို့ဘဲ။ ဖန်ဆင်းရှင်ဗြဟ္မာကြီးဟာ သူဖန်ဆင်းထားတဲ့ သတ္တဝါတွေကို စောင့်ရှောက်ဖို့အတွက် ဝိဿနိုးနတ်ကို တမန်တော်အဖြစ် စေလွှတ်ထားတယ်။ ဗုဒ္ဓဂေါတမဟာ ဝိဿနိုးနတ် (၉) ဘဝ မြောက်ဝင်စားတာဆိုပြီး ဝိဿနိုးနတ်အနေနဲ့ထားရှိတာဖြစ်တယ်။


ကဲ - ဒီနေ့တော့ ဒါလောက်နဲ့ နားဦးစို့"

ချောင်းဆုံအေးသွင်



www.burmeseclassic.com


www.burmeseclassic.com




သမျှားရွက် အပြင်ဘက်အမြင်



အရှည်နှစ်တောင်ခန့်အရွယ် ယခုနှစ်ပေါက် သမျှားဖြူပင်



သမျှားရွက် အတွင်းဘက်အမြင်



အရွက်ကျလာသော သမျှားပင်

သည် တစ်ထွာ၊ တစ်တောင်အမြင့်သာ ရှိပါသည်။

သမျှားပင်သည် ပင်စည်၊ အရိုး၊ အရွက်များတွင် ဆူးလုံးဝမရှိပေ။ ပင်မ ကိုင်းတစ်ခုတည်းမှ ရိုးတံထွက်၍ အရွက်ထွက်၏။ ကိုင်းပွားကိုင်းမြွာ တစ်ပင်မျှ မတွေ့ရပေ။ သမျှားဥသည် ပင်ခြေရင်း လက်သုံးသစ်ခန့်အနက်တွင် ပတ်လည် ကြွယ်ပုံစံ ဥပါသည်။

ယခုနှစ်တွင် အပင်ပေါက်သည်။ (၁၅) ဥ၊ (၂၀) ဥသာ ပါ၏။ ယခင်နှစ်က အပင်ဆိုလျှင် (၅၀) ဥမှ (၆၀) ဥအထိ ပါလေ၏။ နတ်တော်လပြည့်ကျော်မှ သမျှားဥများသည် ဖွံ့ဖြိုးကြီးထွားမှု နည်းသေး၏။ အကောင်းဆုံးအချိန် သည် တပေါင်း၊ တန်ခူး၊ ကဆုန် ဖြစ်၏။ ဤအချိန်မှ သမျှားဥသည် အရွယ်ကြီး ခြင်း၊ ရှည်ခြင်း၊ အရည်ရွှမ်းခြင်းနှင့်ပြည့်စုံ၍ အာနိသင်ထက်လှ၏။

တပေါင်း၊ တန်ခူးသည် အရွက် ခြောက်၍ အပင်ပျောက်သွားသော အချိန်ဖြစ်၍ သမျှားဥရှာရန်မလွယ်ကူပါ။ ကဆုန်လမှသာရှာလို့ရပါသည်။ အကြောင်းမှာ သမျှားဥမှ မြေပြင်ပေါ်သို့ အနီရောင်အငေါက်ကလေးထိုး ထွက်စအချိန် ဖြစ်၏။ ထိုအနီရောင် အငေါက်ကလေးသည် အရွက်နုများစုံ လာသည်အထိ အနီရောင်သာရှိသေး ၏။ တဖြည်းဖြည်းနှင့် မိုးကျလာ အရွက် များကြီးရင့်လာလျှင် အလိုလိုအစိမ်း ရောင်သို့ပြောင်းသွားခြင်း ဖြစ်လေ၏။ သမျှားဥသည် မြေမာတောတွင် ဥကျ နည်း၍ မြေပွတောတွင် ဥကျများ၏။ အရှည်လက် သုံးသစ်၊ လေးသစ်လုံးပတ် ခဲတံချောင်းအရွယ်မှသည် လက်ညှိုး၊ လက်သန်းအရွယ်ရှိပါသည်။ သမျှားဖြူဥ သည် ခါး၊ ဆိမ့်၊ သက်အရသာရှိပါသည်။ ဆင်ချောင်းတောထဲတွင် သမျှားဖြူ အများဆုံးတွေ့ရပါသည်။


သမျှားနီမှာ မိက်ဆွေတစ်ယောက် ပြမှ သိရပါသည်။ ဂန့်ဂေါနယ်တွင်ပေါ များပါသည်။ အပင်မှာ ယခု သမျှားဖြူ နှင့် ဆင်တင်တင်ဟုပြောသော်လည်း မျက်မြင်မဟုတ်၍ မသေချာပါ။ ဂန့်ဂေါ နယ်သွားဖို့ ခရီးကဝေးနေသည့်အတွက် နောင်အခါ သမျှားနီအကြောင်း သီးသန့် ဓာတ်ပုံဖြင့် ဖော်ပြပေးပါမည်။

သမျှားနီဥသည် သမျှားဖြူဥနှင့် ကွဲပါသည်။ သမျှားနီဥသည် တီကောင် လေးလို ရှည်ရှည်ပိန်ပိန်၊ အရှည်မှာ လက်လေးသစ်မှ ခြောက်သစ်အထိ



www.burmeseclassic.com

www.burmeseclassic.com



ဥမဖော်ပီ တစ်ထွာသာသာ သမျှားဖြူ

တစ်ပင်လျှင် (၇) ဥ၊ (၈) ဥသာပါ၏။ အရသာမှာ ကိုက်စားလျှင်ပင် အခါး ဓာတ်စရပါသည်။ မိနစ်ပိုင်းအတွင်း ထိုခါးသောအရသာပြေသွားပါသည်။ သမျှားဖြူထက် အနည်းငယ်ပိုခါးသည်မှအပ အရသာဆင်ပါသည်။

ဆင်ချောင်းတောတိုက်မှမိတ်ဆွေ ကိုဝင်းက သမျှားဖြူအကြောင်း ယခုလို ပြောပြပါသည်။

"ကျွန်တော့်နှမဝမ်းကွဲ အပျိုကြီး နှစ်ယောက်ရှိတယ်။ သူတို့က ချမ်းသာ တယ်။ ဟိုတစ်လောကကျွန်တော့်ဆီဖုန်း ဆက်တယ်။ အစ်ကိုကြီးညီမတွေအနာ ပေါက်တာကြာလှပြီ။သိရဲ့သားနဲ့ပစ်ထား တယ်လို့ အပြစ်တင်တယ်။

သူတို့အနာပေါက်တာ ကျွန်တော် နဲ့ဘာဆိုင်သလဲဗျာ။ ကျွန်တော်က တောထဲမှာ။ မြို့ပေါ်မှာ ဆေးတွေပေါ လွန်းလို့ ကိုယ့်ဟာကိုယ်ကုကြလို့ပြော တော့ မပျောက်ဘူးကြာလှပြီတဲ့။ ဆေး တွေလည်းစုံပြီတဲ့။ အဲဒါ အစ်ကိုကြီးက ဆေးပို့ပေးပါတဲ့။

ဒီမှာက သမျှားဥတော့ပေါတယ် လေ။ နှစ်ပိဿာလောက်တူးပေးလိုက် တယ်။ မကြာဘူး၊ သူတို့အနာတွေ အကုန်ပျောက်ပြီတဲ့ဗျာ"

"ကိုယ့်လူ ဆေးကသိပြီ၊ သုံးပုံ ပြောဦးလေဗျာ"

"ဟုတ်သားပဲ သူတို့က အပျိုကြီး တွေ အမျိုးသမီးအနာပေါ့။ ခြေထောက် တွေမှာ အဆီ၊ အဖုအပိမ့်၊ အနာတွေ အကျိတ်ပုံစံမျိုးပေါ့။ သမျှားဥလေး၊ ငါးဥ နဲ့ ထန်းဖိုထန်းလျက်သင့်ရုံကျိုသောက် တာ လက်တွေ့ပျောက်တာပဲ"

ဆေးနည်းသိလို့ မိမိဝမ်းသာပီတိ ဖြစ်ရ၏။ ထပ်၍မေးလိုက်ပြန်၏။

"ကိုယ့်လူ နောက်ထပ် ရောဂါ ဆန်းဆန်းပျောက်တာရှိရင် ပြောပါဦးဗျ"

"ဒီဥက လောက်သေတယ်။ လောက်တွေထွက်တယ်။ လောက်တွေ သေတယ်။ လူတွေမှာအနာပေါက်ရင် တစ်ဥ၊ နှစ်ဥကိုက်စား အပျောက်မြန် တယ်။ အနာပေါက်လို့ လောက်တွေကျ ရင် သမျှားဥတစ်ဥလောက်ကိုက်စား၊ အနာပေါ် သမျှားဥသတ္တုရည်ညှစ်ချ ရင် လောက်တွေအကုန်ထွက်တယ်။ တိရစ္ဆာန်တွေ အနာပေါက်ရင်၊ လောက် တွေကျရင် စောစောကလို တစ်ဥ၊ နှစ်ဥ ကျွေး၊ အရည်ညှစ်ထည့်။ လောက်တွေ အကုန်ထွက်တာပဲ

ရွာက မှာတဲ့အခါ အသင့်တူးပေး လိုက်တာ ရောဂါအတော်များများပျောက် တာ သေချာတယ်။ သူ့ကိုများများတော့ မစားသင့်ဘူးဗျ။ လူကိုအကျိုးပြုနေတဲ့ပိုး တွေသေတယ်။ တစ်ဥလောက်ပဲစားသင့် တယ်"

ကိုဝင်း၏ စကားအပေါ် မိမိ အတွန့်တက်မိ၏။

"ကိုယ့်လူ၊ မသိလို့ပြောဦးမယ်။ သမျှားနီအစိမ်းစားရင် လက်တစ်ဆစ် လောက်ပဲစားရတယ်လို့ ပြောကြတယ် ဗျ"

"ဒါက ဥမတူဘူးလေ။ သမျှားနီ က ပိုခါးတယ်မို့လား။ များများစားရင် တောက်မှာပေါ့။ ဒါကြောင့် နည်းနည်း စားခိုင်းတာ"

"ဟုတ်ပြီ - အခုမှပဲရှင်းတယ်ဗျာ။ ကျွန်တော့်အကြိုက် လူနည်းစုသုံးနေတဲ့ နည်းပိုကြိုက်တယ်"

"အများစုကတော့ သမျှားဥကို အခြောက်လှန်း၊ အမှုန့်ပြု၊ ပျားရည်နဲ့ တော။ လက်ဖက်စားတစ်ဇွန်း မနက်၊ ည စားရင် အတွင်းရောဂါတွေ အကုန် ပျောက်တယ်။ တချို့က အခြောက်လှန်း၊ အမှုန့်ပြု၊ ထန်းလျက်နဲ့ ညောင်စေးတေ စမုန်နက်ကဲ၊ ဆားလေးသေးသေးထည့် မနက်/ည စားတဲ့သူ သွေးတိုး၊ ဆီးချို ပျောက်တယ်။

ရွာက ပန်းပဲဆရာကြီးပြောတာရှိ သေးတယ်။ ထီးလင်းနယ်က ရွာတစ်ရွာ မှ အားသည်မအေတစ်ယောက် ရင်သား ကင်ဆာဖြစ်တာ တစ်ဖက်ကပိုးစားလို့ ကုန်ပြီ။ ကျန်တစ်ဖက်စဖြစ်နေချိန် သေ မယ့်နေ့စောင့်နေသူပေါ့။ ပိုက်ဆံမရှိ တော့ ဘယ်မှမသွားနိုင်ဘူး။ ဒါကို လက်ကျန်သမားတော်ကြီးတစ်ယောက် က အသက်ရှင်ဖို့တစ်နည်းတော့ရှိတယ်။ အနာ့ထဲကို သမျှားဥသတ္တုရည်ညှစ် ထည့်၊ ထန်းလျက်နဲ့တန့်ရုံကျိုသောက် ခိုင်းတာ။ အဲဒီအမျိုးသမီးမသေဘူးတဲ့။ ကျန်တစ်ဖက်ကအကောင်းတိုင်းပဲတဲ့".

"ဦးစိုးပြောတာ ကျွန်တော်လည်း ကြားဖူးတယ်။ ကင်ဆာအမျိုးမျိုးကို ပျောက်နေပြီပြောကြတာပဲဗျ"

"ကိုယ့်လူခုလိုပြောပြတာ ကျေးဇူး တင်တယ်ဗျာ။ ခုနစ်ရက်သားသမီး အတွက် ကုသိုလ်ရတာပေါ့"

သမျှားဥကို ပန်းအိုးနှင့်စိုက်နိုင်ပါ သည်။ သမျှားဥသည် အမြစ်မရှိပါ။ ဥ သည် အမြစ်၊ အမြစ်သည် ဥဖြစ်သည်။ တစ်ဥလျှင် တစ်ပင် ပေါက်ပါသည်။

သမျှားဥသည် ဂမုန်းအမျိုးစား ဖြစ်၍ အလွန်အစွမ်းထက်လှပါသည်။ ရောဂါစုံပျောက်သည့်အတွက် အကျိုး များလှပါသည်။ အကယ်၍ ဆေးသုံးလို လျှင် တောင်ပေါ်မှ ကလေးများအား အတူးခိုင်းရပါမည်။ အခကြေးငွေသင့် တင့်စွာပေးလျှင် ရနိုင်ပါသည်။ မည်သို့ မည်ပုံပေးပို့ရမည့်အကြောင်းအကြံပြုပေး ပါ။ အကယ်၍ တစ်ခါတည်း ဆေး အဖြစ်ဖော်ပေးပါဆိုလျှင်လည်း ဖြစ်နိုင် ပါသည်။

စာရေးသူ၏ဖုန်းနံပါတ်ကတော့ -

၀၉ - ၈၇၉၄၁၂၉၃၇

ဖြစ်ပါသည်။

စိုးမင်း (မြောက်စည်း-ရွာသစ်)



www.burmeseclassic.com

www.burmeseclassic.com

နွေဦးတစ်မနက်ခင်း၌ ကျွန်တော်သည် အိမ်ရှေ့ဝါးရုံရိပ်တွင်ခင်းထားသော တန်းလျား၌ထိုင်လျက် စာဖတ်နေပါသည်။ ထိုသို့ စာဖတ်နေစဉ် လာနေကျ ဓမ္မမိတ်ဆွေရောက်လာပါသည်။ ထိုဓမ္မမိတ်ဆွေသည် ကျွန်တော်ထိုင်နေသော တန်းလျား၌ ဝင်ထိုင်ပြီးသည်နှင့် ဤသို့ စကားစပါသည်။

"ဖတ်လှချေလားဆရာရယ်။ စားပွဲပေါ်မှာလည်း စာအုပ်တွေကတစ်ပုံကြီး"

"တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး ဦးဥတ္တမသာရရေးတဲ့ စာအုပ်တွေပါဗျာ။ ဆရာတော်ဘုရားကြီးဟောထားတဲ့ တရားတစ်ပုဒ်ကို ရှာနေတာဗျ"

"ဘာတရားများလဲ ဆရာရယ်"

"ဩကာသလောက၌ အခြေမှန်ပြတတ်သည် ဆိုတဲ့ တရားပါဗျာ"

"တွေ့ကောတွေ့ရဲ့လားဆရာ"

"တွေ့ပါပြီဗျာ-တွေ့မယ်တွေ့တော့ ကျွန်တော့်တရားမှတ်စုစာအုပ်ထဲမှာတွေ့ပါတယ်"

"အဲဒီတရားက ဘာထူးလို့လဲဆရာ"

"ထူးတာကတော့ ဩကာသလောကကြီးကိုကြည့်တတ်ရင် တိုင်းပြည်ရဲ့အခြေအနေကို သိနိုင်တယ်ဆိုတဲ့အချက်ပါပဲ။ မိတ်ဆွေကမေးလာတော့ ဒီတရားရှာဖြစ်ပုံကိုလည်း ပြောပြပါဦးမယ်။ မနေ့ကညနေက ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းတို့ ပြည်တစ်ဖက်ကမ်းမှာရှိတဲ့ ရွှေဘုံသာမုနိစေတီသွားကြပါတယ်။ နဝဒေးတံတားကိုကျော်ပြီး ညာဘက်ကို ကွေ့ဆင်းလိုက်တာနဲ့ မြို့ဘက်မှာမမြင်ရတဲ့ တောရေးတောင်ရေးတို့ကို မြင်ရတော့တာပဲ။ သစ်ပင်တွေက ရွက်ဟောင်းတွေကြွေပြီး ရွက်နုတွေထိုးနေပြီ။ ဒန့်သလွန်ပင်တွေမှာက အသီးတွေတိုးလို့တွဲလွဲ။ တမာပင်တွေကလည်း ပွင့်လို့။ လေပြည်ကလေးသုတ်လိုက်တဲ့အခါ တမာရနံ့ကလေးတွေကို ရှူရှိုက်ရင်း -

'နွေဦးတောရေးက သိပ်သာယာတာပဲဗျာ။ တိုင်းပြည်ရဲ့သာယာမယ့်နိမိတ်ပဲ' လို့ ပြောမိတယ်။ ကျွန်တော်အဲဒီလိုပြောလိုက်တော့ ကျွန်တော့်သူငယ်ချင်းက --

'သူငယ်ချင်းရဲ့ရင်ထဲက စိမ့်ထွက်လာတဲ့စကားက စာတစ်ပုဒ်၊ တရားတစ်ပုဒ်ကိုသတိရလို့ထွက်လာတဲ့စကားလား' လို့မေးတယ်။

အဲဒီတော့ ကျွန်တော်က -

'တောင်တန်းဆရာတော်ဘုရားကြီးဟောထားတဲ့တရားကို သတိရလို့ထွက်လာတဲ့စကားပါ'

လို့ ပြောလိုက်တယ်။ ကျွန်တော်အဲဒီလိုပြောတော့ ကျွန်တော်သူငယ်ချင်းက အဲဒီတရားကို သူနာပါချင်တယ်တဲ့။ အဲဒီတော့ ကျွန်တော်ကနာချင်တယ်ဆိုရင်လည်း စာအုပ်ရှာပေးပါ့မယ်လို့ပြော

# မြဝင်း(ဒဿန)

## တောင်တန်းဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ၏ ပထဝီမြေပြင်နိမိတ်ကောက်တရား



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တာနဲ့ အခု စာအုပ်ရှာနေတာပါ"

"တွေ့ပြီမဟုတ်လား"

"တွေ့ပါပြီဗျာ"

"တွေ့ပြီဆိုရင်လည်း သူငယ်ချင်းတို့မပေးမီ နာခွင့်ကြုံတုန်း နာပါရစေဗျာ"

"နာချင်တယ်ဆိုရင်ဖတ်ပြပါ့မယ်"

(ကျွန်တော်သည် တရားမှတ်စုစာအုပ်ကို လှန်၍ဖတ်ပြပါသည်။)

## ▫ဩကာသလောက၌ အခြေမှန်ကိုပြတတ်သည်

မျက်မှောက်ခေတ်၌ ကောင်းကျိုးချမ်းသာဖြစ်မည်လော၊ ဆိုးကျိုးဖြစ်လာမည်လော ဆိုသည်ကို ဩကာသလောကဖြစ်သော ပထဝီမြေပြင်ပေါ်၌ ပညာရှိတို့၏မျက်စိဖြင့်ကြည့်တတ်လျှင် အထင်အရှားပေါ် လွင်နေကြပုံကို မြင်နိုင်သည်။

ဩကာသလောက၌ ကြည့်နည်းပြောမယ်။ လူ့ဘုံ၌ ဩကာသလောကသည် လူတို့နေထိုင်လျက်ရှိကြသော ပထဝီမြေပြင်ကိုပြောခြင်း ဖြစ်တယ်။ ပထဝီမြေပြင်ကိုကြည့်လျှင် ပထဝီမြေပေါ်၌ ပေါက်ရောက်နေကြတဲ့ သစ်ပင်များကို ကြည့်ရမြင်ရမယ်။ မြေပေါ်ပေါက်ရောက်နေကြသော သစ်ပင်ကြီးငယ်တို့က လူ့လောကကြီးကောင်းကျိုးချမ်းသာစိုပြည်စည်ပင်လာမည့် သဘာဝအမှန်ကိုပြလျက် ဘာဖြစ်လာမယ်ဆိုတာစကားပြောနေတတ်ကြတယ်။

ထို့ကြောင့် ဤအရှင်သည် ယခုနှစ် ဆောင်းရာသီနှင့် နွေရာသီအတွင်း (ရွှေကောက်ပွဲကြီးဖြစ်မြောက်ရန် စိုင်းပြင်းနေဆဲကာလ ၁၃၅၁ ခုနှစ်အချိန်တွင်ဖြစ်သည်။) မြန်မာပြည်၏တိုင်း (၇) တိုင်းနှင့် ပြည်နယ်အများသို့ နေ့ဆက်ရက်ဆက်အနားမရှိအောင် တောင်းပန် ပင့်ဖိတ်ချက်တို့ကြောင့် ခရီးရှည်ကြီးထွက်သွားနေခဲ့ရတယ်။

ဘုန်းကြီးရောက်ရာဒေသအားလုံး၌ ဩကာသလောက ပထဝီမြေပြင်ပေါ်မှ သစ်ပင်တို့ကို အထူးသတိပြု၍ကြည့်မိသည်။ ကြည့်ရှုရသောအခါ စိမ်းလန်းစိုပြည်ရှင်လန်းနေကြပုံ အမြင်ကောင်း၍ စိတ်အားထက်သန်မိတယ်။

ဧရာဝတီတိုင်းအတွင်း နေရာအနှံ့ဆိုရမလောက် မြို့အတော်များများရောက်ခဲ့တယ်။ ဆက်လက်၍ မကွေးတိုင်းအတွင်း ခရီးဆက်၍ ပရိတ်တရားပွဲတွေ ဆောင်ရွက်ပေးခဲ့ရတယ်။ နောက်မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအတွင်း မိုးရွာချက်နည်းပါးသော ရပ်ဝန်းဒေသအတော်များများသို့ပရိတ်မေတ္တာခရီးစဉ်အချိန်ယူနိုင်သမျှ လှည့်လည်ခဲ့ရတယ်။

ရောက်သွားလေရာနေရာတိုင်း၌ သစ်ပင်ကြီးငယ်အားလုံးတို့စိမ်း၍နေကြတယ်။ (နွေရာသီ ခါတပေါင်း ညာညောင်း၍ ရိုးတံချီ) ဟူ၍ ရှေးခေတ်အဆိုရှိသော်လည်း ရွက်ဝါခြင်းလုံးဝမရှိကြပါ။ စိုပြည်စိမ်းလန်းနေကြပုံမှာ ကြည်နူးဖွယ်ကောင်းဘိတယ်။

မိုးရွာခြင်းနည်းပါးသော စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းရပ်ဝန်းဒေသအားလုံးသည် မိုးရွာများသော ဧရာဝတီတိုင်း ပထဝီမြေပြင်နှင့် ခြားနားခြင်းမရှိကြပါ။ သတိထားကြည့်မိသည်မှာ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း မိုးပါးရာရပ်ဝန်းဒေသ၌ရှိကြသောသစ်ပင်တို့က ဧရာဝတီတိုင်းမှ သစ်ပင်တို့ထက် ပို၍စိမ်းစိုရှင်လန်းနေကြတယ်။ အပွင့်တွေနှင့်ပန်းတွေဝေဆာနေအောင်ပွင့်နေလိုက်ကြပုံကိုကြည့်ကာ ဤအရှင်ပြုံးမိရသေးတယ်။ ဘုန်းကြီးမျက်မြင်ကိုယ်တွေ့ ကြည့်၍မြင်ရချက်များဖြစ်တယ်။

ထိုနည်းတူ ပဲခူးတိုင်းနှင့်ရန်ကုန်တိုင်းအတွင်း ခရီးစဉ်တစ်လျှောက်ကြည့်ခဲ့တယ်။ တနင်္သာရီတိုင်းခရီးအတွင်း ခရီးစဉ်အားလုံး မြေပြင်နိမ့်ပြင်၌ ပေါက်ရောက်နေကြသောသစ်ပင်ကြီးငယ်အားလုံးမှာ နွေရာသီ၊ ဆောင်းရာသီဖြစ်သော်လည်း မိုးတွင်းရာသီကဲ့သို့ခြားနားချက်မရှိ။ စိမ်းစိုချက်သာအားကောင်းနေကြတယ်။ စိုပြည်စိမ်းပြီးရှင်လန်းနေလိုက်ကြသေးတယ်။ အဲဒါကြည့်ကွက်ကောင်းတဲ့မြင်ကွင်းပဲ။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် စသောဒေသပေါင်းများစွာသို့ ခရီးစဉ်အတွင်းသွားရောက်ခဲ့သမျှ ဩကာသလောကပထဝီမြေပြင်အားလုံး ပထဝီမြေပြင်ပေါ်၌ ပေါက်ရောက် တည်ရှိနေကြသောသစ်ပင်ကြီးငယ်အားလုံးတို့ တစ်ထေရာတည်း တစ်ပုံစံတည်း စိုပြည်စိမ်းလန်း၍အားတက်စရာပင် ရှင်လန်းလျက်ရှိနေကြတယ်။

သတိပြုကြည့်မိတယ်။သစ်ပင်ကြီးငယ် ဒေသအလိုက်ပေါက်လေ့ရှိကြတဲ့ ကုက္ကိုပင်၊ ညောင်ပင်၊ မန်းကျည်းပင်၊ တမာပင်၊ စောင်ချမ်းပင်၊ သစ်ပလွေပင်၊ အရွက်စားသော အညာကုက္ကိုပင်၊ ဇာဒံပင်၊ လက်ပံပင်၊ သနပ်ပင်၊ ထနောင်းပင်၊ ညောင်ပိန္နဲပင်စသည်ဖြင့် သစ်ပင်မျိုးစုံပင်ကြီးပင်ငယ်၊ အနိမ့်အမြင့်အားလုံးကို တစ်ပုံစံတည်း တွေ့မြင်ခဲ့ရတယ်။ ထို့ကြောင့် ငါတို့မြန်မာပြည်ကြီး၌ စိုးရိမ်ဖွယ်ရာမရှိပါဘူးလို့ ပြောနိုင်တယ်။ ရှင်လန်း၍ ဝမ်းမြောက် ကြည်အေးစွာနေနိုင်ကြမယ်ဆိုတာ အပြင်နိမိတ်ကြောင့် ရဟန်းရှင်လူအားလုံး အမြင်ရှင်းစွာသိကြပါ။ စိတ်ထဲက သံသယမရှိကြရန် ဘုန်းကြီးက ကောင်းစွာ သိမြင်ထားပြီးဖြစ်တယ်ဆိုတာ အသိပေးရတယ်။

ဤကား ရန်ကုန်ခြောက်ထပ်ကြီးဓမ္မာရုံကြီး၌ လူထုသြဝါဒခံယူပွဲတွင် ဟောကြားချက် ဖြစ်သည်"

"သာဓုပါ ဆရာရယ် သာဓု၊ သာဓုပါ။ တရားနှလုံးသွင်းခွင့်ရဖို့ဆိုတာ မလွယ်ပါဘူး ဆရာ။ အခု ကံကောင်းထောက်မလို့ တောင်တန်းဆရာတော်ဘုရားကြီးရဲ့ ရှားပါးတဲ့တရားကို နာခွင့်ရတာ"

"ကျွန်တော်တော့ ဒီတရားကိုဖတ်ရချိန်ကစပြီး ရာသီအလိုက်ဖြစ်ပေါ်နေတဲ့တောတောင်ရေမြေတွေကိုသတိထားပြီးကြည့်မိတယ်။ ဩကာသလောကကအခြေမှန်ကို ပြတတ်တယ်လို့ ဆိုထားတယ်မဟုတ်လား"

"ကျွန်တော်လည်း ပတ်ဝန်းကျင်ကိုသတိထားပြီး ကြည့်တော့မယ်ဆရာ။ ကျွန်တော် လွန်ခဲ့တဲ့ (၃) ရက်က ရွှေဆံတော်စေတီတော်မြတ်ကြီးကို ရောက်ခဲ့တယ်။ ဘုရားဖူးပြီး ဒုတိယပစ္စယာမှာရှိတဲ့ ပထမံတိုက်ဘက်ဆင်းခဲ့တယ်။ ပထမံတိုက်ကလှမ်းကြည့်လိုက်တော့ ရွက်နုတိုပြီး စိမ်းဝေနေတဲ့ မဟာဗောဓိပင်ကြီးကိုမြင်ခဲ့ရတယ်။ ညောင်ရေသွန်းချိန်နီးလာလို့ထင်ပါရဲ့။ ခါတိုင်းအချိန်နဲ့မတူ တစ်မူထူးပြီး စိမ်းစိမ်းဝေဝေဖြစ်နေတယ်။ တိုင်းပြည်အေးချမ်းမယ့်နိမိတ်လို့ပြောရမယ်ထင်ပါတယ်"

"မိတ်ဆွေ နိမိတ်ကောက်သလို အေးပါစေချမ်းပါစေ၊ ငြိမ်းပါစေလို့ ဆုတောင်းမိပါတယ်ဗျာ"

"ကဲ-တရားလည်းနာပြီးပြီ။ စကားလည်းပြောပြီးပြီ။ တရားကလည်းအလုပ်ပေးတရားလို့ ပြောလို့ရပါတယ်။ ဩကာသလောကကို သတိပြုလို့ ကြည့်ရမယ့်အလုပ်ပေါ့ ဆရာ"

ထိုဓမ္မမိတ်ဆွေသည် ထိုသို့ပြောပြီး နောက်လမ်းဘေးဝဲယာသစ်ပင်များကိုကြည့်လျက်ပြန်သွားပါသည်။

မြဝင်း (ခသသန)



www.burmeseclassic.com

www.burmeseclassic.com



## သန့်ဇင်

# ကျွန်ုပ်၏အဘိုးနှင့် အင်းဝိဇ္ဇာကြီး ဦးသာပို

ကျွန်ုပ်သည် သူရဇ္ဇမဂ္ဂဇင်း၌ အင်းဝိဇ္ဇာဆရာကြီး ဦးသာပိုအကြောင်း မကြာခဏဖတ်ရဖူးပါသည်။ ထိုအခါ ကျွန်ုပ်တို့အိမ်နှင့် ဆရာကြီး ဦးသာပို ပတ်သက်ခဲ့သည်များအား ပြန်လည်သတိရလာခဲ့၏။ ထိုစဉ်က ကျွန်ုပ်တို့ မိသားစု မိဘများသည် ကြည့်မြင်တိုင်တွင်နေထိုင်ပြီး ဆရာကြီးဦးသာပိုက ကမာရွတ် ဝက်ဂီရပ်ကွက်တွင်နေထိုင်ပါသည်။

၁၉၇၃ ခုနှစ်ခန့်က ဖြစ်ပါသည်။ ထိုစဉ်က ကျွန်ုပ်သည် သတ္တမတန်းကျောင်းသား ဖြစ်သည်။ ကျွန်ုပ်တို့အိမ်သည် (၃၆×၆၀) ပေ ကျယ်ဝန်းသောရေတွင်းလေးရှိသည့် ပျဉ်ထောင်အိမ်ဖြစ်သည်။ အိမ်ရှေ့တွင် သရက်ပင်၊ ယုဇနပင်များနှင့် ပန်းချုံများရှိပြီး ခြံထောင့်ရေတွင်းရှိသည်။

မိသားစုအနေဖြင့် အဘိုး၊ အဘွားအမေ၊ အစ်မနှင့် အဖေ၊ အစ်ကို၊ ဦးကြီးတစ်ဦးနှင့် မောင်နှမငါးယောက်ရှိ၏။ အဖေ့အစ်ကို ဘကြီးသည် ဘာကြောင့်မှန်းမသိ စိတ်နှောက်နေရှာပါသည်။

အဘိုးအဘွားတို့သည် ဟိုယခင်က စီးပွားရေးအလွန်ကောင်းကြပြီး ဘာကြောင့်မှန်းမသိ စီးပွားကျသွား၍ သားကြီးဖြစ်သူပါ စိတ်နှောက်သွားရှာပါတော့သည်။ အဘိုးမှာ မွန်တိုင်းရင်းသားစစ်စစ်ဖြစ်ပြီး ဘာကိုမှအယုံအကြည်မရှိပါ။ ရတနာသုံးပါးမှလွဲ၍ နတ်၊ စုန်းတို့အား အယုံအကြည်မရှိ။ ဂျပန်ခေတ်တုန်းက အဘိုးတို့ညီအစ်ကိုနှစ်ယောက်လူမနေသောရပ်ကွက်၌ အိမ်စောင့်အဖြစ်ကျန်ရစ်ခဲ့ပြီး နတ်အုန်းသီးများဖြုတ်၍ လျှောက်သွားနေသောကြက်များဖမ်းပြီး အုန်းထမင်းနှင့်ကြက်သားနေ့စဉ်ချက်စားကြသည်ဆိုသည်။ သရဲလည်းမယုံ၊ လူပြုစားသည်ကိုလည်းမယုံ၊ အဘွားက မသက်သာ၍ ဆရာပင့်မည်ဆိုသည်ကိုလည်းမယုံ။ အလွန်ရွတ်သည့်အဘိုး ဖြစ်၏။

သို့ဖြင့် ငါးနှစ်ခန့်ကြာလာသောအခါ အဘွားဘက်မှအမျိုးများ ရန်ကုန်သို့ပြောင်းလာ၍နေစရာမရှိသဖြင့် ကျွန်ုပ်တို့အိမ်ကလည်း ခြေတံရှည်အိမ်ဖြစ်၍ အိမ်အောက်ထပ်မြေကြီးမှာ ကွပ်ပျစ်ထိုးပြီးနေကြပါသည်။ ထိုလင်မယားတွင် ကိုယ်ဝန်ခြောက်လပါလာခဲ့ပါသည်။ ဇနီးဖြစ်သူသည် ညညအိပ်လျှင် ကျွန်ုပ်တို့အိမ်၏ဥရှုတိုင်မှ လူနီကြီးဆင်းလာပြီး ကိုယ်ဝန်ဆောင်မိန်းမ၏ဗိုက်ကို ဖောက်စားသည်ဟု မကြာခဏအိပ်မက်မက်၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် လစေ့၍ ထိုအမျိုးသမီး သွားသောအခါ ကလေးမှာ ဦးခေါင်းမပါ၊ ခြေလက်မပါဘဲ ဗိုက်ပေါက်၍ အူများ ထွက်နေသည်ကို အရပ်လက်သည်က တွေ့ရှိရာ ဘီလူးဖောက်စားခံရသည်ဟု ရပ်ကွက်တွင်းမှာ သတင်းကြီးသွားပါ တော့သည်။ မီးဖွားပြီးစမိန်းမမှာလည်း ဗျင်မခါနာဆေးရုံသို့ အရေးပေါ်ပို့လိုက် ရပါတော့သည်။ ထိုအချိန်မှစ၍ ဇနီး မောင်နှံ ကျွန်ုပ်တို့အိမ်မှဆင်းသွားကြပါ သည်။

❑

ကျွန်ုပ်တို့အိမ် ဥရုတိုင်သည် ည သန်းခေါင်ရောက်လျှင် တောက်ခေါက် သံအမြဲကြားရ၏။ ကျွန်ုပ်တို့က ကလေး ဖြစ်၍ အိမ်မြှောင်စုတ်ထိုးသည်ထင်ပြီး အမှတ်တမဲ့နေသော်လည်း အမေက ဈေးမှ သစ်မင်းတစ်ချောင်းဝယ်လာပြီး အိမ်တိုင်အား ရိုက်ထည့်ရာ ဘာမှမထူး ခြားပါ။

တစ်နေ့ -

တွံတေး ပျော်ဘွယ်ကြီးမှ အမေ့၏ ဦးလေးဦးမြမောင်သည် ရန်ကုန်သို့ ဆန် အရောင်းအဝယ်ကိစ္စဖြင့် ကြည့်မြင်တိုင် ကမ်းနားဈေး ဆန်ကုန်သည်များအား ဆန်ပို့ပြီး ကျွန်ုပ်တို့အိမ်တွင်တည်းသည်။ ညရောက်သော အိမ်သားအားလုံးအိပ် နေသော်လည်း အဘိုးလေးဦးမြမောင် သည် မအိပ်နိုင်ဘဲ ခြင်ထောင်ထဲတွင် တစ်ညလုံးထိုင်နေရသည်။ မနက်မိုးလင်း သော် ကျွန်ုပ်၏အမေအား -

"ပဲလှော်၊ နင်တို့အိမ်မှာ ဘာတွေ ရှိလဲမသိဘူး။ ငါအိပ်ပျော်နေတုန်း ငါ့ တစ်ကိုယ်လုံး မီးတွေဝိုင်းနေတယ်။ ဒါ ကြောင့် အိပ်လို့မရလို့ ထထိုင်နေရတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပါသည်။ အဘိုးလေးက အမေ့အား ငယ်နာမည် ပဲလှော်ဟု ခေါ်ပါသည်။

တကယ်တော့ အဘိုးလေး ဦးမြမောင်သည် ဆရာကြီး ဦးသာပို ပျော်ဘွယ်ရွာသို့ကြွတုန်း ကိုယ်ခံဆေးများထိုးပေး၊ အင်းများတိုက်ထားရာမှ အိမ်မှာ အနှောင့်အယှက်တစ်ခုခုရှိလျှင် အကာအကွယ်သဘောမျိုးဖြစ်နေခြင်း ဖြစ်ပါသည်။

"ပဲလှော်၊ အညွန့် မင်းတို့အိမ်မှာ တစ်စုံတစ်ခုတော့ရှိနေပြီ။ ငါ့မိတ်ဆွေ ဆရာကြီးကို နင်တို့အိမ်ကိုလွှတ်လိုက်မယ်။ အိမ်ကို စစ်ဆေးကြည့်ပါလား။ ဒီဆရာကြီးက အရမ်းစွမ်းတယ်။ နင်တို့ ရပ်ကွက်နဲ့လည်းမဝေးပါဘူး။ ကမာရွတ်ဝက်ဂီထဲမှာနေတယ်။ ငါလွှတ်လိုက်ပါ့မယ်"

အဖေနှင့် အမေက အဘိုးလေးအား လေးစားသူပီပီ လွှတ်လိုက်ပါရန် ပြော၏။ အဘိုးက ဒီအကြောင်းကိုမသိသေးပါ။

❑

သိပ်မကြာသောအချိန်တွင် ကျွန်ုပ်တို့အိမ်ခြံတံခါးဝသို့ အရပ်ခပ်ပျပ်ပျပ် တိုက်ပုံအင်္ကျီဝတ်စားပြီး လွယ်အိတ်လွယ်ထားသော အသက်(၅၀)ခန့်လူတစ်ယောက် ရောက်ရှိလာပါသည်။ ကျွန်ုပ်က ခြံဝင်းထဲတွင် ကစားနေ၍ ခြံဝ၌ရပ်နေသော ဥပမိရုပ်ကောင်းကောင်းနှင့် ထိုလူကြီးအားကြည့်ပြီး -

"ဘာကိစ္စရှိလို့လဲ ဦးလေး"

"မင်းက မောင်ညွှန့်သားလား။ ဦးလေးက ပျော်ဘွယ်ကြီးရွာက ဦးမြမောင်လွှတ်လိုက်တာပါ"

"ခဏနေဦးနော်၊ အဖေ့ကိုခေါ်လိုက်ဦးမယ်"

"အဖေရေ၊ ဧည့်သည်ဦးလေးကြီး ရောက်နေတယ် လာပါဦး"

အဖေသည် အိမ်ပေါ်မှဆင်းလာပြီး ခြံဝမှာရပ်နေသော ထိုလူကြီးအား သေသေချာချာကြည့်၏။

"ဘာကိစ္စရှိလို့လဲ ဦးလေး"

"ပျော်ဘွယ်ကြီးရွာက ဦးမြမောင်လွှတ်လိုက်တာပါ။ သူ့တူမအိမ်မှာ အနှောင့်အယှက်တွေများနေတယ်ဆိုလို့ အကူအညီတောင်းလို့လာခဲ့တာပါ"

အဖေသဘောပေါက်သွားပြီး -

"ဒါဆိုဆရာကြီးဦးသာပိုထင်ပါရဲ့၊ အိမ်ထဲကြွပါခင်ဗျာ"

"ကျုပ်မဝင်သေးပါဘူး။ ကျုပ်ကို ဖလားနဲ့ရေတစ်ခွက်သာခပ်ခဲ့ပေးပါ"

အဖေက ဖလားတစ်လုံးဖြင့် ရေအပြည့်ခပ်လာသည်။ ဆရာကြီး ဦးသာပိုသည် ခြံဝ၌ခြေစုံရပ်၍ ဖလားအား လက်နှစ်ဖက်နှင့်စုံကိုင်ပြီး ဘာတွေမန်းမှုတ်နေသည်မသိမန်းနေလေသည်။ ပြီးတော့ -

"ငါ့တူ၊ တစ်ခြံလုံးကိုနေရာမလပ်အကွက်စေ့အောင်လောင်းလိုက်ပြီးတော့ ဈေးသွားပြီး အုန်းသီး၊ ငှက်ပျောသီး၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ဆန်ပန်းပေါက်ပေါက်သွားဝယ်ပေတော့။ မြန်မြန်လုပ်"

အဖေက မဆိုင်းမတွ ကမ်းနားဈေးသို့ ဆိုက်ကားဖြင့်ပြေး၏။

အမေက ဆရာကြီးအားအိမ်ပေါ်သို့ပင့်ပြီး ရေနွေးကြမ်း၊ လက်ဖက်၊ ကွမ်းဆေးများဖြင့် ဧည့်ခံပါသည်။

ထိုအချိန်တွင် အဘိုးမှာ လသာဆောင်တွင်နေသည်ဖြစ်ရာ အိမ်ဦးခန်း ဘုရားကျောင်းဆောင်ရှေ့တွင် ထိုင်နေသောဆရာကြီး ဦးသာပိုအား မြင်သွားသောအခါ ခုတင်ပေါ်မှဆင်းလာပြီး -

"ခင်ဗျားကဘယ်ကလဲ၊ ဘာကိစ္စနဲ့လာတာလဲ"

"ကျုပ်က ပျော်ဘွယ်ရွာက ဦးမြမောင်မိတ်ဆွေပါ။ ကမာရွတ်ဝက်ဂီရပ်ကွက်မှာနေပါတယ်။ ခင်ဗျားအိမ်မှာ အတိုက်ခံထားရတာတွေ့နေရပါတယ်။ ဦးမြမောင်က သူ့တူမအိမ်မှာ မကောင်းဆိုးဝါးအနှောင့်အယှက်တွေရှိရင်ရှင်းပေးပါ ကူညီပါဆိုလို့လာခဲ့တာပါ"

"ခင်ဗျားတို့လို အောက်လမ်းဆရာလိုလို၊ အထက်လမ်းဆရာလိုလိုတွေက နောက်ဆုံးမှာ ပိုက်ဆံလိမ်သွားကြတာပဲမဟုတ်လား။ ကျုပ်လုံးဝအယုံအကြည်မရှိဘူး"



"ဒီကဆရာကြီးအယုံအကြည်မရှိရင် ကျုပ်လက်တွေ့ပြပါမယ်။ ခင်ဗျားသားအကြီး စိတ်မနှံ့ဖြစ်နေတာ အဲဒီအတိုက်အခိုက်ကိစ္စတွေလည်းပါတယ်။ ခင်ဗျားတို့စီးပွားတက်တာကို မနာလိုဖြစ်ပြီး အင်းတွေနဲ့တိုက်ခိုက်ထားတာ။ ခင်ဗျားသားလည်းရူး၊ ခင်ဗျားတို့လည်း စီးပွားပျက်သွားပြီမဟုတ်လား"

ဆရာကြီးဦးသာပို၏ ပြောစကားက အဘိုး၏အရှိုက်ကိုထိုးလိုက်သကဲ့သို့ ဖြစ်သွား၍ အဘိုးတစ်ချက်ငိုင်သွားပါသည်။ ဒါပေမယ့် အဘိုးသည် အာဂအဘိုးဖြစ်၍ -

"ဒီမှာ ကျုပ်အိမ်မှာဘာအတိုက်အခိုက်မှမရှိဘူး။ ရှိရင် ခင်ဗျားရှာပြ။ ကျုပ်ကိုယ်တိုင်သံတူးရွင်းနဲ့တူးမယ်။ မတွေ့လို့ကတော့ ခင်ဗျားခေါင်းသံတူးရွင်းစာဖြစ်ပြီပေါ့နော်"

"လုပ်လိုက်လေ၊ ကျုပ်က ကြေးစားဆရာမဟုတ်ဘူး။ သတ္တဝါတွေကိုကပ်နေတာတွေ့ခဲ့ရင် ခင်ဗျားဘာဆက်လုပ်မှာလဲ"

"ကျုပ် ခင်ဗျားကို ထိုင်ကန်တော့မယ်။ ဒါပေမယ့် တိုက်ပုံအင်္ကျီလက်ရှည်ထဲကနေတော့ အင်းပြားတွေမချနဲ့နော်။ တွေ့လို့ကတော့ ကျုပ်လက်က အရမ်းမြန်တယ်"

"ရပါတယ်ဗျာ၊ ကျုပ်ဒါမျိုးမလုပ်ပါဘူး။ ခင်ဗျားသေသေချာချာကြည့်ထားပါ"

ထိုစဉ် အဖေလည်း ကမ်းနားဈေးငှက်ပျောတန်းမှပြန်လာ၏။ ဆိုက်ကားပေါ်မှ အုန်းသီး၊ ငှက်ပျောသီးများအားချပြီးရေဆေး၍ ဘုရားကျောင်းဆောင်ရှေ့တွင် ပွဲများပြင်၏။ လက်ဖက်ပွဲများ၊ ဆန်ပန်းပေါက်ပေါက်တစ်ပန်းကန်၊ ရေဖလားတစ်လုံးကိုလည်း စားပွဲခုံပေါ်တွင် တင်ထား၏။ ဆန်ပန်းကန်ပေါ်တွင် အမွှေးတိုင်များလိုက်ထွန်းပြီး ဖယောင်းတိုင်မီးအား ကြေးပြားအင်းတစ်ချပ်ပေါ်တွင် တင်ထွန်းသည်ကိုတွေ့ရပါသည်။

ဆရာကြီးဦးသာပိုသည် ဘုရားကျောင်းဆောင်ရှေ့တွင် ငြိမ်သက်စွာ ပုတီးစိပ်နေ၏။ ပုတီးကိုးပတ်ခန့်ပြီးသွားသောအခါ မျက်စိမှိတ်ရင်း -

"တောက်-တော်တော်ရက်စက်တဲ့သူတွေပဲ။ အင်းဘီလူးက တစ်ခွက်ပေါက်သွားလို့ အိမ်ရှင်တွေကိုဖုပ်လို့မရဘဲ ဧည့်သည့်ကို ဖမ်းစားသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

လောင်တိုက်ကြီးအင်းက အင်းကန်းသွားလို့ ခင်ဗျားသားရူးသွားတာ။ ပိုက်တန်းကျော်အင်းက အိမ်ရှင်တွေသေရင်သေ၊ မသေရင် စီးပွားပျက်ဆိုပြီးလုပ်ထားတာ။ ကျုပ် သူတို့ကို ဒီခြံဝင်းထဲကမထွက်အောင်ချုပ်ထားပြီးပြီ။ ကဲ - မောင်ညွန့်က တစ်အိမ်လုံးကိုဆန်ပန်းပေါက်ပေါက်နဲ့အန့်လိုက်ကြ။ ငါ့တူလေးက ဦးလေးပြတဲ့နေရာကို ဖလားထဲကရေနဲ့ပက်။ မယုံတဲ့ဒီကဆရာကြီးက သံတူးရွင်းနဲ့ မြေကိုတူး၊ ဟုတ်ပြီလား"

ဆရာကြီးဦးသာပိုက အိမ်ခေါင်းရှိ ဥရှတိုင်ခြေသို့ အရင်သွားပြီး ကျွန်ုပ်အား ရေအနည်းငယ်ပက်ခိုင်းလိုက်၏။

"ကဲကဲ - ဆရာကြီး ဒီနေရာကိုတူးတော့"

အဘိုးက စိတ်ပါလက်ပါတူး၏။ မတွေ့ရင်တော့လား ကိုသာပိုရယ် ခင်ဗျားခေါင်း မဏိကွမ်းစားသွားမယ်ဟူသော အတွေးဖြင့် သွက်သွက်လက်လက်တူးနေ၏။ ကျွန်ုပ်က ဒန်ဇလုံဖြင့်မြေကြီးများအား ယက်ထုတ်ပေး၏။ မြေအနက်တစ်တောင်ခန့်လောက်တူးပြီးသောအခါ သပိတ်ကွဲလေးတစ်ချပ်ထွက်လာလေ၏။ သိမ်ဝင်သပိတ်ကွဲတွင် သန်လျက်ထမ်းထားသော ဘီလူးပုံလေးရေးဆွဲထား၏။ ဘီလူးပုံမှာ မျက်လုံးတစ်ချက်ပျက်နေသည်ကို တွေ့ရသည်။

"ဟာ - ဘာကြီးလဲဟ"

"ဆရာကြီး မကိုင်နဲ့ ကျုပ်ကိုပေး။ ခင်ဗျားအတွက်အန္တရာယ်ရှိတယ်"

အဘိုးလေသံနည်းနည်းပျော့သွား၏။

"နောက်ဘယ်နေရာကိုဆက်တူးရဦးမှာလဲ ဆရာ"

အဘိုးက ဆရာကြီးဦးသာပိုအား ဆရာဟု စခေါ်လိုက်သဖြင့် ဆရာကြီး တစ်ချက်ပြုံးလိုက်၏။

"ခြံစည်းရိုးတိုင်နားကို လူလေးက ရေနဲ့ပက်လိုက်"

ကျွန်ုပ်က ခြံစည်းရိုးတိုင်နားအား ရေဖြင့်ဖျန်းလိုက်ပါသည်။

"အောင်မာ ဒီကောင်က အိမ်ကိုကျော်ပြီး ပြေးလို့မရလို့ နောက်ဖေးကိုပြေးချင်နေပြီ။ နောက်ဘေးဘက်ကိုလှမ်းပက်လိုက်"

ကျွန်ုပ်သည် ဆရာကြီးပြောသည့်အတိုင်း နောက်ဖေးဘက်သို့ လှမ်းပက်လိုက်ပါသည်။

"ကဲ- ဦးပါကြီး၊ ခင်ဗျားအဲဒီနေရာကိုတူး"



ဒီတစ်ခါတော့ အဘိုးသည် အစကနှင့်မတူဘဲ စိတ်ပါလက်ပါတူးနေ၏။ မြေကြီးတစ်တောင်ခန့်အနက်တွင် သတ္တုပြားလေးတစ်ခုထွက်လာပါသည်။

"ဦးပါကြီးမကိုင်နဲ့နော်။ ခင်ဗျားကြည့်ချင်ရင် ကျုပ်ကိုင်ပြမယ်။ ဒီမှာကြည့်"

အင်း၏ဘေးကွက်တွင် ဘာဂဏန်းတွေရေးထားမှန်းမသိသော်လည်း ဘေးဘောင်တစ်လျှောက် ဦးညိုခေမာသုတဝေရီ၊ ဓမ္မာသောကအင်းဝရာဇာ၊ ဦးဝေစံကူးရေဘူးတောသူ စသည့်စာများဝန်းရံထားပြီး အလယ်အင်းကွက်တွင် အဘိုးမွေးနံ၊ အဘွားမွေးနံများထည့်၍ ရှုသေ၊ ရှုးသေ စသည်ဖြင့် ရေးထားသည်ကို တွေ့ရသည်။

အဘိုးယုံသွားပါပြီ။

"ဆရာကြီးခင်ဗျာ ပေးစမ်းမှာ။ ဒီအင်းတွေကို ကျုပ်မီးဖိုထဲပစ်ထည့်မလို့။ တော်တော်ရက်စက်တဲ့သူတွေ"

"မလုပ်ပါနဲ့ဗျာ၊ ဒါတွေကို ကျုပ်နိုင်ပါတယ်။ နောက်တစ်ချပ်ရှိသေးတယ်။ အိမ်အောက်ထဲမှာတူး"

အဘိုးနှင့် ကျွန်ုပ် အိမ်အောက်ထဲဝင်သွားပြီး ခေါင်တိုင်အောက်တွင်ဆက်တူးရာ ကျောက်သင်ပုန်းအကွဲတွင် စီးပွားပျက် မီးလောင်ဟူသော အင်းဆန်များအား တွေ့ရပါသည်။ ထို့ပြင် ဟင်္သပဒါးဖြင့် ဥရှတိုင်တွင် ဘီလူးရုပ်တစ်ရုပ်ရေးထားသည်ကိုတွေ့လိုက်ရပါတော့သည်။

❑

"ဆရာကြီးဦးသာပို၊ ကျွန်တော်များသွားတာ တောင်းပန်ပါတယ်။ ကျွန်တော်တို့မိသားစုကို ဘယ်သူတွေမနာလိုမုန်းထားပြီးအဲဒီလိုလုပ်တာပါလဲ"

"ခင်ဗျားတို့ပတ်ဝန်းကျင်ကပါပဲ။ ကဲပါလေ ဒါတွေထားလိုက်ပါတော့။ သူ့စရိတ်နဲ့သူသွားပါလိမ့်မယ်။ ခင်ဗျားတို့ မြင်ရပါလိမ့်မယ်။ ဒီအင်းတွေကို ကျုပ်ယူသွားမယ်။ ခင်ဗျားတို့အိမ်မှာ နောက်ဒါမျိုးတွေမဖြစ်ရအောင် ကျုပ်အစောင့်တိုက်နွားအစီအရင်ပေးခဲ့မယ်။ အင်းတစ်ချပ်လည်းစီရင်ပေးခဲ့မယ်"

ဆရာကြီးဦးသာပိုသည် အဖေ့အား ဝါးလုံးသန့်သန့်တစ်လုံးရှာခိုင်းပြီး နှစ်ခြမ်းခွဲ၍ အဆစ်ပိတ်ထဲမှာ အမွှေးနံ့သာများထည့်ပြီး မြေစာမမြက်များစီထည့်၊ နွားလားဥသဘအရုပ်လေးတစ်ရုပ်ထည့်ကာ ညကျရင် အိမ်ခေါင်းရင်းမှာ ဖယောင်းတိုင်တွန်းပြီး ပူဇော်ထားရန်နှင့် ညသန်းခေါင်ကျလျှင် ထူးခြားလိမ့်မည် ပြောသွားပါသည်။ အင်းစီရင်ပြီးလျှင် ဦးလေးဦးမြမောင်နှင့်ပေးလိုက်မည်ဖြစ်ကြောင်းမှာသွား၏။ အဘိုးကား ကျေးဇူးတင်လွန်းသဖြင့် ဆရာဦးသာပိုအား ငွေ(၂၅)ကျပ်နှင့် ဘန်ကောက်ပုဆိုးတစ်ထည်ကန်တော့လိုက်ပါသည်။

❑

ဆရာကြီးဦးသာပိုသည် အင်းဝိဇ္ဇာအတတ်တွင် တစ်ဖက်ကမ်းခပ်နီးမျှ တတ်မြောက်ပြီး တစ်ခါက ရေကျော်မောင်အေးကဖိုးရှေ့ ဓာတ်တိုင်အား ခြေဖြင့်ကန်ပြီး ရပ်ကွက်ထဲက အတိုက်အခံမတောင်းဆိုးဝါးဟင်းတွေ အကုန်ထွက်ခဲ့ဟုကြိမ်းဝါးခဲ့ရာ ဘယ်ကလာမှန်းမသိသောအင်းချပ်များထွက်လာသည်ကို တွေ့ရှိရသူများက ပြန်ပြောပြသဖြင့် သိရှိခဲ့ရပါသည်။

ဤအဖြစ်အပျက်ကား ကျွန်ုပ်တို့မိသားစုတွင် အမှန်အကန်ဖြစ်ပျက်ခဲ့ကြောင်းဝန်ခံပါသည်။ ကျွန်ုပ်သည်လည်း မှတ်မိနေသောအရွယ်ဖြစ်၍ အားလုံးမှတ်မိနေပါသည်။ နောက်မကြာမီကမာရွတ် ဝက်ဂီရပ်ကွက်မီးလောင်ပြီး ဆရာကြီးမှာ မြောက်ဥက္ကလာသို့ပြောင်းသွားကြောင်း သိလိုက်ရပါသည်။

ဆရာကြီးသည် အင်းဝိဇ္ဇာလမ်းမှာ တစ်ဆင့်တက်ရန်လိုသွားသဖြင့် အင်းဝိဇ္ဇာဖြင့် အရှင်မထွက်ခဲ့ရကြောင်းလည်းသိခဲ့ရပါသည်။

သန့်ဇင်

(ဤဇာတ်လမ်းသည် ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

၁၉၈၃/၈၄ ခုနှစ်က စာရေးသူသည် ကြံခင်းမြို့နယ် ထန်းတပင်ရေနံမြေတွင် တာဝန်ထမ်းဆောင်နေ၏။လစာထုတ်ရက်တစ်ရက်တွင် ခင်ဇော်ဆိုသော လူငယ်တစ်ဦးနှင့် ရုံးတွင်ခင်မင်သွားကြသည်။ သူက ခုမှအလုပ်ဆင်းတာတစ်လသာရှိသေးကြောင်း၊ စာရေးသူတို့ရွာနှင့် ကပ်လျက် ရှစ်ကွက်ရွာကဖြစ်ကြောင်းနှင့် အဖေအမေနာမည်များကိုပါပြောပြရာ စာရေးသူသိသူများဖြစ်ပြီး တစ်နယ်တည်းသားဖြစ်၍ပိုခင်မင်သွားကြသည်။

စာရေးသူက စက်ရုံဆောက်(RB) ဌာနတွင် အလုပ်လုပ်၍ ခင်ဇော်က အုပ်ချုပ်ရေးဌာနတွင် တာဝန်ထမ်းဆောင်နေပါသည်။ ထိုစဉ်က စာရေးသူမှာ ပထမအိမ်ထောင်နှင့်ဖြစ်သည်။ သို့သော် မိန်းမနှင့် ကလေးနှစ်ယောက်က စာရေးသူလစာနှင့်မစားလောက်၍ သူ့မိဘများအိမ်တွင် ပြန်နေရင်း လယ်ကူလုပ်နေရပါသည်။ကနောင်မှသူငယ်ချင်းနှစ်ယောက်က ကြံခင်းဘီလပ်မြေစက်ရုံတွင် အလုပ်လုပ်သော်လည်း နေစရာမရှိ၍ စာရေးသူဆောက်ထားသောအိမ်ကလေးတွင် လာရောက်စုပေါင်းနေထိုင်ကြ၏။

စာရေးသူအိမ်ဆို၍ ကြီးကြီးကျယ်ကျယ်မဟုတ်ပါ။ ရေနံတွင်းသို့ အလုပ်သွားရင်းက ခပ်တန်တန်သစ်တို့ကိုတစ်ခေါက်တစ်ပင်ခုတ်၍ ကားပေါ်တင်လာကာ အမျိုးအမည်မသိသစ်များနှင့်ဆောက်ထားပြီး ဘီလပ်မြေစက္ကူများကိုကာထားသော အိမ်ခပ်သေးသေးလေးဖြစ်သည်။

မနက်ဆိုလျှင် သူတို့နှစ်ယောက်က ဘီလပ်မြေစက်ရုံသွား၊ စာရေးသူနှင့်ခင်ဇော်က ရေနံမြေမှာ အလုပ်ဆင်း၊ ညပိုင်းကျမှ ပြန်ဆုံကြသည်။ ပြန်ရောက်လျှင် ဦးသူက ထမင်းချက်၍ တပျော်တပါးစားကြ၏။

စာရေးသူ၏လစာက မိသားစုမစားလောက်၍ မိသားစုကို သူ့မိဘထံပို့ထားရ၍ တော်သေးသည်။ ဘီလပ်မြေစက်ရုံမှာလုပ်နေသူနှစ်ယောက်က လူပျိုလူလွတ်များဖြစ်သော်လည်း သူတို့လုပ်စာသူတို့မလောက်ချင်ပါ။ ဘီလပ်မြေ

# စိုးလင်းအောင်

(မြန်အောင်)

# ကျောက်ပျဉ်နတ်နှင့်အနာဂတ်ဖြစ်ရပ်များ





www.burmeseclassic.com

www.burmeseclassic.com

စက်ရုံက လစာနည်းတယ်ဆိုပြီး ရေနံမှာ ပြောင်းလုပ်ဖို့ ကြံစည်နေသူနှစ်ဦးဖြစ်သည်။ တစ်ခါတစ်ရံ ရက်ပျက်များ၍ လစာနည်းလျှင်မစားလောက်သောကြောင့် ကနောင်မှအိုးလုပ်သောမိဘများထံပြန်ပြန်စရိတ်ယူရသည်။

ဤလိုနှင့် စာရေးသူလည်း မိသားစုနှင့်ခွဲခွာနေရင်း သူတို့အဖွဲ့နှင့် ပေါးလားဝါးလားလူပျိုလုပ်နေခဲ့သည်မှာ တစ်နှစ်ပင်ကြာခဲ့လေသည်။ ကြာတော့ လစာမပို့နိုင်၍ မိန်းမကမကြည်၊ ယောက္ခမများကလည်း စာရေးသူကိုသဘောမကျကြောင်း ကြားလူကတစ်ဆင့်ကြားနေရသည်။

၁၉၈၄၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့ည ထန်းတပင်ရေနံမြေတွင် စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ဆုပေးပွဲနှင့် ရေနံမြေလုပ်သားတို့၏ တေးဂီတဖျော်ဖြေပွဲကျင်းပသည်။ ရပ်ဝေးရပ်နီးကျေးရွာများမှလာသောကြောင့် ၅၅/၆ ရွာ ခြေရင်းဘက်မှာ မြေကွက်လပ်တွင်လူတွေပြည့်နေသည်။

စာရေးသူတို့နေသော ၅၅/၆ ရွာတလေးက ၅၅/၆ တွင်းတူးစက်မိသားစုတွေ နေထိုင်သောကြောင့် ၅၅/၆ ရွာဟုခေါ်သော်လည်း နောက်ပိုင်းတွင် ၅၅/၃၊ ၅၅/၅၊ ၅၅/၇၊ GM၊ $D_3$ $T_2$ $SR_1$ တွင်းတူးစက်များမှ မိသားစုများလည်း စုပေါင်းနေထိုင်ကြ၏။ သို့သော် ရေနံမိသားစုက ဒီလောက်မများ။ ရေနံမြေအနီးအနားမှ ကျေးရွာများ၊ ဘက်ရဲမြို့မှလာရောက်သူများ၊ ဘီလပ်မြေစက်ရုံမှလာသူများကြောင့် ကွင်းပြင်တစ်ခုလုံးပြည့်လျှံနေခြင်း ဖြစ်သည်။

စာရေးသူက ကျပန်းစကားပြောပွဲတွင် ဝင်ပြိုင်သော်လည်း ဘာဆုမှမရပါ။ 'ထန်းတပင်၏အလှမာန်' ဆောင်းပါးပြိုင်ပွဲတွင် တတိယဆုရ၍ ငွေ (၁၅)ကျပ်ရပါသည်။ (ဤဆောင်းပါးကလည်း ရက်နီးကာမှ ကပ်၍ရေးလိုက်ရခြင်းကြောင့် ပြင်ဆင်ချိန်မရဖြစ်ပြီး တတိယဆုသာရခြင်း ဖြစ်၏။ ထိုစဉ်က(၁၅)ကျပ်သည် လုပ်အားခ တစ်ရက်ခွဲနှင့်ညီမျှ၍ ဆန်ဝယ်လျှင် ခြောက်ပြည်ရပါသည်။)

ဆုတက်ယူအပြီး ပြန်အလာတွင် မိမိတို့ (၄) ယောက်ထိုင်နေသော ဖျာသင်ဖြူးပေါ်တွင် နောက်ထပ်နှစ်ယောက်တိုးနေသည်ကို သတိပြုမိ၏။ (၁၈) နှစ်ခန့်ရှိသော မိန်းမချောလေးတစ်ဦးနှင့် အသက် (၄၀) ခန့်ရှိသော အမျိုးသမီးတို့ဖြစ်ကြ၏။ စာရေးသူဝင်ထိုင်မည်ဟု သိသောအခါ သူတို့နှစ်ယောက်ကအားနာသောမျက်နှာနှင့် ဖျာတစ်ဖက်စွန်းသို့တိုးသွားကြ၏။

စာရေးသူက -

"နေနေ-ညီမရတယ်။ အစ်ကိုဒီမှာပဲထိုင်မယ်၊ ရတယ်"

ဟု ပြောလိုက်ရ၏။

ဒီတော့မှ ခင်ဇော်က -

"ဒီလို အာစရိရေ၊ သူတို့တူဝရီးက ဘက်ရဲမြို့ကတဲ့။ သူတို့လည်းဝါသနာပါလို့ လာအားပေးတာပေါ့။ ဖျာရောင်းမယ်အောက်မေ့လို့ ခင်းစရာမပါလို့တဲ့ဗျာ။ အဲဒါ ထိုင်စရာမရှိတော့ အာစရိအိမ်က ဖျာပြန်ယူပြီး ထိုင်ခိုင်းလိုက်တာ မိန်းကလေးဖြစ်ပြီး မိုးတိုးမတ်တတ်ကြီး ရပ်နေတော့ အမြင်မတော်"

"သြော် - တော်ပါပြီ ခင်ဇော်ရယ်။ ငါသဘောပေါက်ပါပြီကွာ။ ရပါတယ် ရပါတယ် ထိုင်ကြပါ ထိုင်ကြပါ"

"ဟုတ်ပါတယ် အစ်ကိုရယ်။ ယုခိုင်တို့လည်း ကသုတ်ကရက်နဲ့ ဆိုင်ပိတ်ပြီးလာခဲ့ရတော့ ဘာမှမစီစဉ်ခဲ့ရဘူး။ အားနာပါတယ်ရှင်"

"ဟာ - ရပါတယ်၊ ကိစ္စမရှိပါဘူး ထိုင်ပါ ထိုင်ပါ"

ထိုညတွင် ခင်ဇော်နှင့် ယုခိုင်ဆိုသော မိန်းမချောလေးတို့ တော်တော်ခင်မင်ရင်းနှီးခဲ့ပါသည်။ ယုခိုင်က မုန့်များ၊ ကွမ်းယာများဝယ်ကာ စာရေးသူတို့ (၄) ယောက်ကိုဧည့်ခံ၍ အားနာနာနှင့်စားနေရပါသည်။ သူ့ဘက်က ခဏခဏဝယ်ကျွေးနေတော့ ခင်ဇော်က စာရေးသူဆုရသော (၁၅) ကျပ်ကို လက်ဟန်ခြေဟန်ဖြင့်ချေးပါသည်။ ကိုယ့်ဘက်ကလည်း ပြန်ကျွေးဦးမှဆိုသည်ကို ခပ်တိုးတိုးလေးပြောသေးသည်။

စာရေးသူက -

"ကောင်းပါတယ်၊ ကောင်းပါတယ်"

ဆိုပြီး (၁၅) ကျပ်ထုတ်ပေးလိုက်ရသည်။ ထိုညက (၁၅) ကျပ်မှာ တစ်ကျပ်ကျော်ကျော်သာကျန်တော့၍ ဆုရသောပိုက်ဆံဖြင့် ဟင်းကောင်းဝယ်ချက်စားရမည့်အစီအစဉ်ပျက်သွားရ၏။ ဒါမျိုးကျ ခင်ဇော်က သွက်လက်၍ အလိုက်သိပါသည်။ မိမိတို့အိပ်သောဖျာ၊ သင်ဖြူးတို့ကိုပင် မြေကြီးပေါ် (ဖုံထဲ) တွင် စေတနာဗရပွဖြင့်ခင်းပေးလိုက်သည်က အတော်မွန်မြတ်ပေသည်။ စေတနာကောင်းသော ခင်ဇော် နောက်နေ့မှာ ငါးပိကြော်၊ ငါးပိချက်တို့နှင့်တွေ့ရဦးမည်ဖြစ်၏။

နောက်ပိုင်းတွင် ခင်ဇော်ဈေးသွားလျှင် ကြံခင်းမြို့သို့မသွားတော့ဘဲ ဘက်ရဲမြို့ကိုသာ ခဏခဏဈေးဝယ်သွားပါသည်။ ယုခိုင်တို့ဆိုင်မှာသာ ဈေးဝယ်၏။ ဒီလိုနှင့်ပင် ခင်ဇော်နှင့် ယုခိုင်တို့ ချစ်သူဘဝကိုရောက်ခဲ့ပါသည်။

တစ်နေ့ နေ့ခင်းတွင် (၄) ဦးစလုံး အလုပ်ပိတ်ရက်ဖြစ်သဖြင့် အိမ်တွင်စု၍ ရောက်တတ်ရာရာ စကားပြောကြရင်း ခင်ဇော်က ကျောက်ပျဉ်နတ်ဇာတ်လမ်း စလာပါသည်။

"အာစရိ၊ ကျွန်တော်တို့ ကျောက်ပျဉ်နတ်မေးရအောင်"

"မင်း. . . ကျောက်ပျဉ်နတ်တစ်ခါမှ မကြားဖူးပါဘူးကွာ။ မအောင်ဖြူနတ်ကိုပြောတာလား"

"မဟုတ်ဘူး မအောင်ဖြူနတ်က သတ်သတ်၊ ကျောက်ပျဉ်နတ်ကသတ်သတ်ဗျ"

"ဟုတ်ပါ့မလား ခင်ဇော်ရာ။ (၃၇) မင်းနတ်ထဲမှာလည်း ကျောက်ပျဉ်နတ်ရယ်လို့ပါမယ်မထင်ပါဘူး"

"ပါတာ၊ မပါတာတော့မသိဘူးဗျာ။ ကျွန်တော်ရွာမှာနေတုန်းကသူငယ်ချင်းတွေနဲ့ ခဏခဏမေးဖူးတယ်။ သိပ်မှန်တာပဲဗျာ"

"အေး - မေးတာတော့ ဟုတ်ပြီ။ တို့အထဲ မိန်းကလေးလည်းမပါဘူး။ နောက်ပြီး တို့က နတ်ကတော်မဟုတ်ဘဲနဲ့ ရပ့ါမလား"

"ရပါတယ် အာစရိရဲ့ ရတယ်။ ယဉ်ပါးတဲ့လူဆို ခဏလေးနဲ့ သိသာတယ်။ အံ့ဩလောက်အောင် မှန်တာတွေ့ရလိမ့်မယ် အာစရိ"

ဆိုရလျှင်ဖြင့် ခင်ဇော်ပြောသည့် ကျောက်ပျဉ်နတ် စာရေးသူတို့ (၄) ဦးမေးဖြစ်ပါတော့သည်။ ထူးထူးထွေထွေ မလုပ်ရပါ။ စာရေးသူ၏မိန်းမထားခဲ့သောကျောက်ပျဉ်ကို ရေသန့်စင်အောင်ဆေးပြီး သနပ်ခါးသွေးရ၏။ ထို့နောက် အမွှေးနံ့သာဖြင့် ပက်ဖျန်းရသည်။ (ထိုစဉ်က ပေါင်ဒါမှုန့်သာရှိ၍ ပေါင်ဒါမှုန့်သာ ကျောက်ပျဉ်ပေါ် ဖြူးပေး၏။)

ခင်ဇော်က ပုဆိုးတစ်ထည်ကို ခေါင်းခု (ခေါင်းမှု) လုပ်၍ ထိပ် (ခေါင်း) ပေါ်မှာတင်သည်။သနပ်ခါးအမွှေးနံ့သာတို့ဖြင့်ပြည့်စုံသော ကျောက်ပျဉ်ကို ခေါင်းခုပေါ် ထပ်တင်ပြန်၏။

"ကဲ - ကျောက်ပျဉ်စောင့်နတ်ရေ



www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး
# ဒူလာနှင့်ဆောင်းနှင်း

၂၀၁၆ ခုနှစ်ရဲ့ ဆောင်းရာသီ ဒီဇင်ဘာလကိုရောက်တဲ့အခါ ဆောင်းရဲ့ဇာတိကိုပြတာကြောင့် အေးလာပါပြီ။ ကျွန်တော်အလွန်တောင့်တခဲ့တဲ့ဆောင်းရာသီပါ။ နေပြည်တော်မှာ နွေနဲ့မိုးရာသီမှာ ပူတာကြောင့် မိတ်ဖုတွေနဲ့နေရတာ မချမ်းသာပါဘူး။ ဆောင်းရောက်တော့ အေးတာမို့ မိတ်ဖုတွေပျောက်ကုန်ပါပြီ။ မိုးကုတ်လို အမြဲအေးရာသီမှာ တစ်ဘဝလုံးနီးပါးနေခဲ့လေတော့ အပူဒဏ်နဲ့ နေသားတကျမရှိသေးပါ။ အဲဒါကြောင့် အပူဒဏ်ကို လိမ့်နေအောင်ခံရခြင်းပါပဲ။

မနက်တိုင်းမှာ ကျွန်တော်လမ်းလျှောက်တယ်။ လမ်းလျှောက်ပြန်တာနဲ့ ကိုတင်ထွန်းနဲ့အတူ နေပြည်တော်တစ်ခွင်ရှိဘုရားတွေ၊ ဘုန်းတော်ကျောင်းတွေဆီကားနဲ့သွားကာ ပူဇော်ကန်တော့လျှုဒါန်းကြလေ့ရှိတယ်။

ဒီဇင်ဘာလဆန်းပိုင်းတစ်ရက်မှာ မကြာမကြာရောက်ဖြစ်တဲ့ရွှေကြာပင်ရပ်က မိုးကောင်းစေတီတော်ကို ဝင်ဖြစ်ကြတယ်။ ဒီစေတီတော်ကို ရှေးကလူတွေ မသိဘူးလို့ ဆိုတယ်။ ချုံထဲကနေ မကြာမကြာ ရောင်ခြည်တော်တွေလွှတ်တာ

---

အမွှေးနံ့သာနဲ့ဆက်သပါတယ်။ကျွန်တော်တို့နဲ့ ကျွန်တော်တို့နဲ့ ပျော်ပါးရအောင်လာပါ"

ဟု ဖိတ်ခေါ်လိုက်၏။

ထို့နောက် -

"ကဲ - မေးချင်တာမေး"

ဟု ပြောပါသည်။

"ဘယ်လိုမေးရမှာလဲကွ၊ ကျောက်ပျဉ်ကြီးက စကားပြောမှာလား"

"ဘယ်ကသာ ကျောက်ပျဉ်က စကားပြောရမှာလဲ။ ဥပမာ ကျွန်တော် ဒီအလုပ်မှာမြဲမှာလား။ မြဲရင်ကျောက်ပျဉ်ကို ရှေ့ကိုလျှောပြပါ၊ နောက်ဆုတ်ပြပါ အဲဒါမျိုးမေးပေါ့"

"မမေးတတ်ဘူးကွာ နမူနာမေးပြ"

"အင်း - ဒီလိုဆိုမေးမယ်။ ကဲ - ကျောက်ပျဉ်နတ်ရေ၊ ကျွန်တော် ဘက်ရဲက ယုခိုင်နဲ့ညားမှာလား။ ညားမယ်ဆိုရင် ကျောက်ပျဉ်ကို ရှေ့လျှောပြပါ"

အားလုံး ငြိမ်သက်သွားကြ၏။ ထွက်သက်၊ ဝင်သက်ကိုပင် သတိမထားမိ။ ကျောက်ပျဉ်ကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။ ဒိတ်ခနဲဒိတ်ခနဲနှင့် ကျောက်ပျဉ်က တစ်ဆင့်စီ ရှေ့ကိုလျှောလာ၏။ နဖူးအစပ်နားကိုပင် ရောက်လာသည်။

"ကဲ-ယုံပြီလား၊ ရှေ့ကိုလျှောလာတာ။ ကျွန်တော်ကတော့ ယုခိုင်နဲ့ညားမယ်တဲ့၊ ပျော်စရာကြီးဗျာ"

"အမယ် ကိုယ့်လူ၊ လိုရာဆွဲမပြောနဲ့။ မင်းဟာ ထပ်မေးဦးကွာ"

"ကဲ - ဒီလိုဆိုထပ်မေးမယ်"

"ကဲ - ကျောက်ပျဉ်နတ်ရေ ယုခိုင်နဲ့ ညားမယ်ဆိုရင် ကျောက်ပျဉ်ကို နောက်ကိုပြန်ဆွဲတင်ပြပါ"

ဒိတ်ခနဲဒိတ်ခနဲ တစ်ဆင့်စီ ကျောက်ပျဉ်က အပေါ်ကိုတက်သွားပြန်ပါသည်။ စာရေးသူတို့က မယုံကြောင်းပြောသောအခါ တစ်မျိုးမေးပြပြန်ပါသည်။

"ကဲ - မယုံလို့တဲ့၊ ကျွန်တော် ယုခိုင်နဲ့ညားမယ်ဆိုရင် ကျောက်ပျဉ်ကို ဆန်ကော (စကော) ဝိုင်းပြပါ"

ခေါင်းပေါ်မှ ကျောက်ပျဉ်က အရပ် (၈) မျက်နှာသို့ ဝိုက်၍ဝိုက်၍ လှုပ်ယမ်းနေသည်။ ဒါကိုလည်း ရာနှုန်းပြည့်မယုံသေး၍ စာရေးသူကိုယ်တိုင် ခေါင်းခုနှင့် ကျောက်ပျဉ်တင်၍ လိုရာမေးကြည့်ကြသည်။ ဟုတ်မည်ဆိုပါက ရှေ့ဆွဲပြပါဆို ရှေ့ဆွဲပြ၏။ နောက်ကိုပြန်တင်ပါဆို ပြန်ဆွဲတင်၏။ ဆန်ကောဝိုင်းပြပါဆိုလျှင်လည်းဝိုင်းပြပါသည်။

(၄) ဦးစလုံး ခေါင်းပေါ်တင်၍ မေးကြည့်ကြ၏။ လက်တွေ့မို့ယုံသွားကြပါသည်။ နောက်ပိုင်းတွင် ခင်ဇော်၏ ခေါင်းပေါ်တွင်သာတင်၍ ကိုယ်လိုရာ ဝိုင်းဝန်းမေးကြပါတော့သည်။

ခင်ဇော်က ယုခိုင်နှင့် ညား၊မညား မေးရာ ညားမည်ဟုသိရ၏။ စာရေးသူက မိန်းမနှင့် မြဲ၊မမြဲမေးရာ မမြဲကြောင်းနှင့် ကနောင်မှ သူငယ်ချင်းများကလည်း ဘိလပ်မြေစက်ရုံမှာ အလုပ်မြဲ့၊မမြဲမေးကြရာ မမြဲကြောင်း ကျောက်ပျဉ်နတ်က အနာဂတ်အကြောင်းတွေကို အသိပေးလိုက်ပါသည်။

ယခုတော့ ထန်းတပင်ရေနံမြေ မရှိတော့ပါ။ သစ်တောဌာနဖြစ်နေပါပြီ။ ၅၅/၆ ရွာကလည်း ခြံ (ယာ) ကွက်များဖြစ်သွားပါသည်။

နောက်ဆုံးတွင် ခင်ဇော်က ယုခိုင်နှင့်ညားကာ ကလေးသုံးယောက်ရနေပြီဖြစ်၏။ ဘက်ရဲမြို့နားကရွာမှာနေရင်း မိုးများသောနှစ်က (xxx) ဆည်တွင် ရေများလာ၍ သစ်ပင်ပေါ်တွင် တစ်ရက်ခွဲထမင်းအငတ်ခံကာနေရကြောင်းကြားသိရပါသည်။

ကနောင်မှသူငယ်ချင်းနှစ်ယောက်က ဘိလပ်မြေစက်ရုံမှထွက်၍ မိဘများနှင့်အတူ အိုးပြန်လုပ်နေသည်။ စာရေးသူမှာလည်း ထန်းတပင်ရေနံမြေအခြေအနေမကောင်းသောကြောင့် မန်းရေနံမြေနှင့် ပြည်တောင်တန်းရေနံမြေများသို့ ပြောင်းမလိုက်နိုင်သဖြင့် အလုပ်ထွက်ခဲ့ရ၏။ အိမ်ကလေးကို (၆၅) ကျပ်နှင့် ရောင်းခဲ့ရသည်။ ထိုမိန်းမနှင့်လည်းကွဲပြီး ဒုတိယအိမ်ထောင်နှင့် ကလေး (၅) ယောက်တောင်ရနေပါပြီ။

ထို့ကြောင့် ယုံတာ၊ မယုံတာ အသာထား ကျောက်ပျဉ်နတ်ဆိုတာကို စမ်း၍မေးကြည့်ကြပါ။ ကျောက်ပျဉ်နတ်ဆိုတာ တကယ်ရှိမရှိနှင့် အခေါ်အဝေါ်ကွဲလွဲတာလားဆိုတာကို သိရှိသူများမှ ရေးသားပေးဖို့ကြပါရန်။

(၁၉၈၃/၈၄ ထန်းတပင်ရေနံမြေမှ သူငယ်ချင်းများကို အစဉ်သတိရလျက်)

သမ္မာဆန္ဒပြည့်ဝကြပါစေ

စိုးလင်းအောင်(မြန်အောင်)



www.burmeseclassic.com

www.burmeseclassic.com

တွေ့တော့ ချုံကိုရှင်းကြည့်မှ တစ်တောင့် ထွာလောက်ရှိတဲ့ ရှေးဟောင်းစေတီ သေးသေးလေးတွေ့တယ်လို့ ဆိုတယ်။ ဒါနဲ့ အဲဒီစေတီတော်လေးကိုငုံပြီး စေတီတော်ကြီးတည်ထားကိုးကွယ်ခဲ့ကြတာပါ။ ဝိဇ္ဇာတွေတည်သွားတဲ့စာရေးလို့ အထင်ရှိကြပါတယ်။ ခုတော့ သပ္ပာယ်စွာတည်ရှိနေပါပြီ။

စေတီဝင်းထဲ ကားရပ်ပြီးအောက် ရောက်တာနဲ့ ကိုတင်ထွန်းက -

"စာရေးဆရာရေ၊ ဘုရားထဲ နောက်မှဝင်ရအောင်။ ဘုရားထဲမဝင်ခင် နှင်းတောအရင်နင်းရအောင်ဗျာ"

လို့ ဆိုပါတယ်။

"ဘာလုပ်ဖို့လဲဗျ"

"ယောက်ျားတွေ ဒူလာရောဂါဖြစ်ရင်နှင်းတောထဲနင်းပေးရင်ပျောက်တယ် ဆိုပဲဗျ။ နေရောင်ကလာနေပြီ။နှင်းတော မပျောက်မီနင်းကြစို့ဗျ" '

"ဒါဆိုလည်းနင်းကြတာပေါ့ဗျာ"

ဆိုပြီး ဖိနပ်ချွတ်ကာ စေတီတော်ရဲ့ မြောက်ဘက်က မြက်ခင်းပြန့်မှာ နှင်းတွေနင်းကြပါတယ်။ အေးတော့အေး သပေါ့လေ။ ဒါပေမယ့် ခဏနေတော့ အေးတယ်မထင်တော့ပါဘူး။ နှင်းတွေက နေခြည်နုနုကြောင့် မြက်ဖျားမှာသီးနေတာ ဖွေးနေအောင်မြင်နေရပါတယ်။ ဒီတွင်းမှာ ရွှေကြာပင်ရပ်ကွက်ကကျွဲတွေ၊ နွားတွေ အမြဲလာကျောင်းလေ့ရှိတာမို့ မြက်ဖျားတွေညီနေပါတယ်။ ကွင်းကျယ်ကြီးထဲမှာ ပန်းတော်ဖြူမြက်၊ ပန်းတော်နီမြက်၊ ဆင်ငိုမြက်၊ မုန်ညင်းမြက်၊ မြေစာမြက်၊ ခွေးမြီးမြက်၊ မောင်ရင်ငိုမြက် စသည်ဖြင့် မြက်မျိုးစုံပေါက်နေတာပါ။ ကျွဲနွားစားကျက်မို့ မြက်တွေခေါင်းမထောင်နိုင်ရှာပါဘူး။ ပြန့်ပြူးစွာတည်ရှိနေတော့ နင်းလို့အတော်ကောင်းပါတယ်။ (၁၅) မိနစ်လောက်နင်းကြပါတယ်။

"နေပါဦး ကိုတင်ထွန်းကို ဘယ်သူတပြောတာလဲ"

"ကျွန်တော် စီးနေကျ ဆိုင်ကယ်တောင်လေးကပြောတာဗျ။ ကျွန်တော့်ဆိုင်နဲ့ သန့်စင်ခန်းကဝေးတော့ အပေါ့အပါးသွားချင်ရင် အဲဒီကောင်လေး ဆိုင်ကယ်နဲ့ သွားနေကျဗျ။ ကျွန်တော်ရဲ့ သွားခက်လာခက်ဟာကိုကြည့်ပြီး သူလည်း ကျွန်တော့်လို သွားခက်လာခက် ဒူလာဖြစ်ဖူးသတဲ့ဗျ။ ငယ်ငယ်ရွယ်ရွယ် လည်း ဒါမျိုးဖြစ်တတ်ပါတယ်။ ယောက်ျား ဒူလာဆိုတယ်မဟုတ်လားဗျ။ အဲဒါနဲ့ တောင်လေးဒုက္ခကိုမြင်တော့ သက်ကြီး

**စာရေးခြင်း၊ စာဖတ်ခြင်း၊ တီဗွီကြည့်ခြင်း၊ ဖေ့စ်ဘုတ်ကြည့်ခြင်းဆိုတာတွေနဲ့ တစ်နေကုန်ရတဲ့ ကျွန်တော်ဟာ အမှန်ပဲ အကြောတွေတောင့်တင်းကာ သွားခက်လာခက်ဆိုတာရှိပါတယ်။ အသက်လေးရလာတာလည်း ပါသပေါ့ဗျာ။ အသက်ကြီးတော့ ပျက်စီးခြင်းသဘောလို့ ဆိုရပါမယ်။**

ရွယ်အိုအဘိုးကြီးတစ်ဦးက မောင်ရင် မင်းရဲ့ဒူလာ နှင်းတောသာနင်းပါကွာ။ သုံးလေးရက်နင်းရင် ပျောက်ပါတယ် ဆိုတော့ ဟိုကုဒီကုနဲ့မပျောက်နိုင်တဲ့ ဒူလာရောဂါကို စမ်းပြီးကုကြည့်မှပဲဆိုပြီး နှင်းတောနင်းကြည့်တဲ့အခါ သက်သာလာတာတွေ့ရပြီး လေးငါးရက်ဆက်နင်းလိုက်တာ ပျောက်သွားတယ်ဆိုကိုးဗျ။ အဲဒီဆိုင်ကယ်ကောင်လေးက ဦးလေး ဆောင်းစရောက်ပြီ။ နှင်းတွေကျပြီ။ မြက်ခင်းပြင်မှာနှင်းနင်းပေးပါလို့တိုက်တွန်းလိုက်လို့ဗျ"

"ဟုတ်လား၊ ဒါဆိုဟန်ကျတာပေါ့ဗျာ။ ကျုပ်တို့ မကြာမကြာဒီမိုးကောင်းစေတီတော်ရဲ့ မြက်ခင်းပြင်မှာလာနင်းရမယ့်ပုံပေါက်နေပြီ"

လို့ပြောဖြစ်ပါတယ်။

ဒါပေမယ့် မနက် (၆) နာရီကနေ (၉) နာရီအထိနေရာဒေသအနှံ့လျှောက်လျှောက်နေကြတဲ့အခါ မိုးကောင်းစေတီတော်ကြီးရဲ့ မြက်ခင်းလွင်ပြင်နှင်းခင်းဆီပုံမှန်မရောက်ဖြစ်ကြပါဘူး။ နှစ်ခါပဲရောက်ပြီး နှင်းတောနင်းဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်တော်ကတော့ မနက် (၄) နာရီမှာ ပုံမှန်ထကာ လမ်းလျှောက်တာကြောင့် ရွာထိပ်က ဇီဇဝါပန်းအပိုင်းကြီးဆီ နေ့စဉ်ပုံမှန်ရောက်ဖြစ်ပါတယ်။ အဲဒီအခါ ပန်းအပိုင်းရဲ့ အောက်ဆုံးအဆင့် မြက်ခင်းပြင်မှာ ခေတ္တပုံမှန်နင်းဖြစ်ပါတယ်။ နှင်းတွေစွတ်စိုနေတော့ နင်းလို့ကောင်းပါတယ်။

စာရေးခြင်း၊ စာဖတ်ခြင်း၊ တီဗွီကြည့်ခြင်း၊ ဖေ့စ်ဘုတ်ကြည့်ခြင်းဆိုတာတွေနဲ့ တစ်နေကုန်ရတဲ့ ကျွန်တော်ဟာ အမှန်ပဲ အကြောတွေတောင့်တင်းကာ သွားခက်လာခက်ဆိုတာ ရှိပါတယ်။ အသက်လေးရလာတာလည်းပါသပေါ့ဗျာ။ အသက်ကြီးတော့ ပျက်စီးခြင်းသဘောလို့ ဆိုရပါမယ်။

ဘာမှအရင်းမစိုက်ရဘဲ တစ်ပြားမှမကုန်တဲ့ နှင်းတောနင်းခြင်းဆိုတာကို လုပ်ကြည့်တဲ့အခါ ခြေထောက်တွေ ပေါ့ပါးသွက်လက်သွားတာ အမှန်ပါပဲဗျာ။ ခြေထောက်တွေက အတက်မှာ မသိသာပေမယ့် အဆင်းဆိုရင် ပုံမှန်အနေအထားနဲ့ မဆင်းနိုင်ဘဲ လှေကားကို တစ်ထစ်ချင်းဖြည်းဖြည်းနင်းပြီးဆင်းရတာကလား။ မြက်ခင်းနှင်းတောနင်းလိုက်တော့ အဆင်းတွေမှာ ဘယ်ညာမှန်မှန်လှမ်းပြီးဆင်းနိုင်သဗျ။ ဒီနည်းကလည်း ဟုတ်တုတ်တုတ်လို့ဆိုရမှာပါပဲ။

လူကြီးဆိုတော့ ဒီလောက်ဆိုရင်ပဲ အိုကေနေပါပြီ။ လူဆိုတာ အိုရင်နာရမှာကိုး။ ဒီတော့ နာတာအဆန်းမဟုတ်ပါဘူး။ အိုပြီးမနာသူဆိုတာ ရှိတော့ရှိမယ် ရှားမယ်ထင်ပါရဲ့။ အရွယ်လေးရလာရင် ထိုင်ခက်ထခက် သွားခက်လာခက်ဆိုတာဖြစ်ကြရမှာပါ။ ဒီတော့ကာ အရွယ်ရလာသူတွေအနေနဲ့တော့ ဒူလာလို့ခေါ်တဲ့ရောဂါ အရှင်းပျောက်ဖို့ခက်ပါလိမ့်မယ်။ ပေါ့ပါးမယ်၊ သက်သာမယ်၊ သွားလာလွယ်ကူမယ် ဒါဆို အိုကေနေပြီပေါ့ဗျာ။

ဆိုင်ကယ်လူငယ်လေးလို ငယ်ငယ်ရွယ်ရွယ်နဲ့ ခန္ဓာဇီဝဖောက်ပြန်ချို့ယွင်းလို့ ဒူလာဖြစ်ရပါတယ်ဆိုရင်တော့ နှင်းတောနင်းပေးခြင်းဖြင့် အရှင်းပျောက်ကင်းနိုင်ပါတယ်။ ဘဝရဲ့အန္တရာယ်ရောဂါဆိုးကို ရိုက်ချိုးနိုင်ပါတယ်။

ပြီးတော့ နှင်းတောနင်းတယ်ဆိုရာမှာ နှင်းဆိုတာ ဆောင်းမှာပဲကျတာပါ။ နွေနဲ့မိုးမှာ နှင်းမကျပါဘူး။ ကျတယ်ဆိုရင်တောင်မှ နှင်းမပီပြင်ပါဘူး။ နှင်းတောမြက်ခင်းဆိုတာ ဆောင်းမှာပဲရှိတာပါ။

အဲဒါကြောင့် နှင်းတွေကျနေ၊ ဝေနေခိုက်နဲ့ကြုံရင် ခြေထောက်အကြောဆိုင်းဝေဒနာခံစားနေရသူများ နှင်းတောမြက်ခင်းနင်းခြင်းဖြင့် ဒူလာဝေဒနာ ပျောက်ကင်းကြပါစေလို့ စေတနာနဲ့ဆန္ဒပြုလိုက်ရပါတယ်။

(မိဘမေတ္တာ-ကိုတင်ထွန်းသို့)
ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

တောတောင်နှင့်မကင်းနိုင်သဖြင့် သွားရောက် အလုပ်လုပ်ကိုင်ရသူတိုင်းသည် တောထဲသို့မဝင်မီတွင် တောစောင့်နတ်၊ တောင်စောင့်နတ်များကို အသင့်ပါရှိလာသော ဆေးလိပ်၊ ကွမ်းယာ၊ လက်ဖက်နှင့် စားသောက်ဖွယ်ရာ တစ်ခုခုဖြင့်ဖြစ်စေ တင်မြှောက်ပူဇော်ပသပြီးနောက် မိမိတို့ကို ကူညီစောင့်ရှောက်ဖို့နှင့် လုပ်မှားကိုင်မှားပြောမိမှားရှိခဲ့က သည်းခံခွင့်လွှတ်ပေးဖို့ ကြိုတင်တောင်းပန် မေတ္တာရပ်ခံရသော အလေ့အထကို လူတိုင်းကြားဖူးကြမည်ထင်ပါသည်။

တောတောင်များထဲတွင် တောစောင့်နတ်၊ တောင်စောင့်နတ်မှအစ ကွင်းပိုင်နယ်ပိုင်များ၊ ရုက္ခစိုး၊ ဘုမ္မစိုးများ၊ ပရလောကသားများ မျိုးစုံအောင်ရှိနေကြမည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိလှ



# အောင်ဆန်းလင်း (အီး-အေ)

## ထွန်ပြန်ကုန်းမှာ တောမှောက်တဲ့ဖြစ်ရပ်ဆန်း

www.burmeseclassic.com

www.burmeseclassic.com

ပါချေ။ ထို့ကြောင့် တောတောင်ထဲတွင် မရည်ရွယ်ဘဲ အပြုအမူအပြောအဆို တစ်စုံတစ်ရာမှားယွင်းမှုအတွက် ဘေးအန္တရာယ်ကင်းရှင်းအောင် ကြိုတင်ပူဇော်ပသ၍ တောင်းပန်ထားခြင်းကလည်း လုပ်ဆောင်သင့်သောကိစ္စသာဖြစ်၏။

တောသို့ဝင်ရောက်ရလေ့ရှိတတ်သောမုဆိုးများ၊ သစ်ခုတ်၊ ဝါးခုတ်သူများ၊ မှိုရှာမျှစ်ချိုးကြသူများအားလုံးတို့သည် တောနှင့်မကင်းရှင်းကြသူများချည်းဖြစ်ကြပေရာ ကြိုတင်လုပ်ဆောင်သင့်သော ဤကဲ့သို့ကိစ္စရပ်ကို ပျက်ကွက်သဖြင့် တောခြောက်ခြင်း၊ တောမှောက်ခြင်း၊ တောမှားခြင်း၊ တောပြို့ခြင်းဟူသော မထင်မှတ်ထားသော ဘေးဒုက္ခဖြစ်ရပ်များနှင့် ရင်ဆိုင်ကြုံတွေ့ရပြီးနောက် ထိခိုက်ဒဏ်ရာ အနာတရဖြစ်ရခြင်း၊ အသက်ဆုံးရှုံးရခြင်းအထိ အဖြစ်ဆိုးနှင့် ရင်ဆိုင်ကြုံတွေ့ရတတ်လေသည်။


တောတောင်များထဲတွင် ဤသို့ ရင်ဆိုင်ကြုံတွေ့ရတတ်ခြင်းကား ဖြစ်ရိုးဖြစ်စဉ်သဘာဝဟု ဆိုနိုင်ပါ၏။ မျောက်တစ်ကောင်၊ ယုန်တစ်ကောင်မျှပင်မရှိသော ငမိုးရိပ်ချောင်းနံဘေးက ထွန်ပြန်ကုန်းဟု လူများခေါ်ဝေါ်သမုတ်ထားသောနေရာမှာ တောမှောက်ခြင်းကား ထူးဆန်းအံ့ဩဖွယ်ရာကောင်းနေသလို တောတောင်နှင့်မကင်းနိုင်သူတိုင်းအတွက်လည်း သင်ခန်းစာယူဖွယ်ရာဖြစ်ရပ်တစ်ခုဖြစ်လေသည်။

❑

လွန်ခဲ့သောဆယ်စုနှစ်(၃)ခုကျော်ကာလကဖြစ်သည်။

လူတိုင်းလိုလို ကြားသိဖူးထားပြီးဖြစ်သောမြန်မာရာဇဝင်ထဲက 'ရှင်မွေ့လွန်းနှင့်မင်းနန္ဒာ' ဟူသော လွမ်းမောဖွယ်ရာအချစ်ဇာတ်လမ်းတစ်ပုဒ်ဖြင့် ထင်ရှားလူသိများခဲ့သည့် ငမိုးရိပ်ချောင်းသည် သမိုင်းသက်သေတစ်ရပ်အဖြစ်ရှိနေခဲ့လေသည်။

တံတားလေးလမ်းဝတွင် ကမ္ဘာအေးဘုရားလမ်းမှခွဲထွက်လာသော သုမ္မာ





www.burmeseclassic.com

www.burmeseclassic.com

လမ်းမကြီး (အမှတ် - ၃လမ်းမကြီး) သည် မြောက်ဥက္ကလာပမြို့နယ်ကိုဖြတ်ပြီး လှည်းကူးမြို့အရောက်တွင် ရန်ကုန်-မန္တလေးကားလမ်းနှင့် ပြန်လည်ပူးပေါင်းသွားသည်။ သုဓမ္မာလမ်းမကြီးသည် မြောက်ဥက္ကလာပသို့ရောက်ရှိစဉ် ငမိုးရိပ်ချောင်းနှင့်မျဉ်းပြိုင်လိုတည်ရှိသည်။

နွယ်နီ၊ သန္တာနှင့် ဝဇီရာလမ်းများသည် သုဓမ္မာလမ်းမကြီးကို ကန့်လန့်ဖြတ်ထားသောလမ်းများဖြစ်ပြီး ငမိုးရိပ်ချောင်းကို ဦးတိုက်နေသယောင်ရှိ၏။ နွယ်နီလမ်းတွင် နွယ်နီ (၁) လမ်းမှစတင်၍ လမ်းသွယ်(၁၆)အထိရှိသည်။ ထိုလမ်းများကလည်း ကန့်လန့်ဖြတ်လျက် နွယ်နီလမ်းပေါ်တွင်ရှိနေကြသည်။

နွယ်နီ (၁၆) လမ်းပြီးလျှင်ကား ငမိုးရိပ်ချောင်းက ကာဆီးလျက်ရှိလေသည်။ ငမိုးရိပ်ချောင်းတစ်ဖက်ကမ်းတွင်မူ ရှင်တစ်ရာဘုန်းတော်ကြီးကျောင်းနှင့် အုန်းခြံတချို့သည် ငမိုးရိပ်ချောင်းနှင့်ကပ်လျက်ရှိနေကြပြီး ရှေ့ကိုဆက်သွားက ကျယ်ပြောလှသော လယ်ကွင်းပြင်ကြီးကို မျက်စိတစ်ဆုံးမြင်တွေ့ရမည်ဖြစ်သည်။ (ယနေ့ခေတ်ကာလတွင် ဒဂုံမြို့သစ်မြောက်ပိုင်းဖြစ်လျက် တိုက်တာအဆောက်အအုံများဖြင့်ပြည့်နေလေပြီ။)

ငမိုးရိပ်ချောင်းအနီးတွင် လမုပင်၊ သမဲ့ပင်၊ ခရားပင်နှင့် ဓနိပင်များက အလေ့ကျပေါက်ရောက်သောအပင်များဖြစ်ကြသည်။ ထိုနေရာနှင့်တစ်ဆက်တည်းတွင် ထွန်ပြန်ကုန်းဟု လူတချို့ခေါ်ဝေါ်နေသောနေရာလည်းရှိ၏။

ထွန်ပြန်ကုန်းကို မြေကြမ်းသည်ဟု သတ်မှတ်ပြီး လယ်သမားများလယ်မထွန်ဝံ့သောနေရာဖြစ်သည်။ ထိုနေရာကို သွားရောက်ထွန်ယက်မိလျှင် ကျွဲ၊ နွားများ ပိုးထိ (မြေကိုက်) ခံရခြင်း၊ ငုတ်စူး၍ဖြစ်စေ ဒဏ်ရာရသေဆုံးခြင်းဖြစ်တတ်၍ ကျွဲ၊ နွားများမပါဘဲ ထွန်ချည်သာ အိမ်ကိုပြန်ရောက်ရတတ်သဖြင့် ထွန်ပြန်ကုန်းဟု နာမည်ပေးထားခြင်းဖြစ်၏။

ထိုနေရာသည် ထွန်ယက်စိုက်ပျိုးမှုမရှိဘဲ မြေကွက်လပ်အဖြစ်ကျန်ရစ်ခဲ့ရာမှ သဘာဝပေါက်ပင်များဖြင့် ဖုန်းဆိုးတောဖြစ်နေသော်လည်း တောသတ္တဝါဟူ၍ ယုန်၊ မျောက်တစ်ကောင်ပင်မရှိပေ။ သို့သော် မြွေပွေး၊ မြွေဟောက်လို အန္တရာယ်ပေးမည့် သတ္တဝါများကားခိုအောင်းနေနိုင်သည်။ လယ်သမားများလယ်မထွန်ဝံ့သည်ကို အကြောင်းပြု၍ လူအများက ဥစ္စာစောင့်ဘုမ္မိရတ်များ၊ ကျတ်များရှိနေနိုင်သည်ဟု ချဲ့ကားပြောဆိုမှုများလည်းရှိလာသည်။

နွယ်နီ (၁၆) လမ်းတွင်နေထိုင်သူ ဘထွန်းသည် အသက် (၂၀) နှစ်ခန့်ရှိသော လူပျိုလူလွတ်တစ်ယောက်ဖြစ်ပြီး ဆိုက်ကားနင်းအသက်မွေးဝမ်းကျောင်းသူ ဆိုက်ကားသမားဖြစ်၏။ ခွန်အားဗလကောင်းသောအရွယ်ဖြစ်၍ ဗလအားကိုးဖြင့် အရာရာတွင်ရင်ဆိုင်ရဲသောသတ္တိရှိသူလည်းဖြစ်သည်။ တစ်ခါတစ်ရံတွင် ငမိုးရိပ်ချောင်းမှာ ငါးရှာခြင်း၊ မိုးရာသီမှာ ဖားချိုက်ခြင်း၊ ကဏန်းကောင်ဖမ်းခြင်းဟူသော အိမ်မှာဟင်းစားရမည့်အလုပ်မျိုးကိုလည်း စိတ်ကူးပေါက်သည့်အခါ ထွက်၍လုပ်ကိုင်တတ်သောအကျင့်ရှိ၏။

ယနေ့လည်း နံနက်ပိုင်းဆိုက်ကားနင်းပြီး ထမင်းစားရန် နေ့လယ်မှာအိမ်ပြန်လာချိန်နောက်မှာ ဆိုက်ကားနင်းမထွက်တော့ဘဲ အစ်မဖြစ်သူ မညွန့်ကို-

“အစ်မ၊ ကျွန်တော်ငမိုးရိပ်ချောင်းရဲ့ဟိုဘက်ကမ်းကိုကူးပြီး ကဏန်းချိတ်ဖို့သွားလိုက်ဦးမယ်”

ဟု ပြောလေသည်။

“ဟဲ့-နင်တစ်ယောက်တည်းသွားမှာလား မောင်လေး၊ အဖော်တွေပါသေးသလား။ သွားချင်ရင်လည်းစောစောကတည်းကသွားတာမဟုတ်ဘူး။ ညနေ(၃)နာရီရှိပြီ။ နေစောင်းတော့မယ်”

“အဖော်မပါဘူး၊ တစ်ယောက်တည်းသွားမှာပါပဲ။ သိပ်မကြာပါဘူး၊ ဟင်းစားရရင်ပြန်လာခဲ့မှာပါ”

စင်စစ် မိမိကဏန်းချိတ်သွားမှာကို အစ်မထံခွင့်ပြုချက်တောင်းခြင်းမဟုတ်၊ အသိပေးခြင်းမျှသာဖြစ်သည်။

“မြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့နော်။ ညနေမှောင်အောင်လုပ်မနေနဲ့”

မညွန့်မှာကြားနေချိန်တွင် ဘထွန်းက အိမ်မှထွက်ပြီး လမ်းပေါ်ကိုရောက်နေလေပြီ။ သူ့လက်ထဲတွင် နှစ်တောင်လျော့လျော့လောက်ရှိမည့် သံချောင်းတစ်ချောင်းပါသည်။ သံချောင်း၏ထိပ်တွင် ငါးမျှားချိတ်လိုကွေးထားသည်။ ကဏန်းကောင်သည် မြေတွင်းထဲသို့ဝင်ရောက်သွားလျှင် လက်နှင့်နှိုက်က မြွေဆိုးကိုက်ခံသွားရနိုင်သည်။ ထို့ကြောင့် ဤသံချောင်းနှင့်ထိုးထည့်ပြီးနောက် ပြန်ဆွဲနှုတ်လိုက်က ချိတ်မှာ ကဏန်းကောင်က ချိတ်မိပြီးပါလာမည်ဖြစ်သည်။

လူသွားလမ်းကလေးအတိုင်း ငမိုးရိပ်ချောင်းစပ်သို့ဆင်းလာခဲ့ပြီးနောက် ကူးတို့လှေကို တစ်မတ်(၂၅ပြား)ပေးပြီး စီးခဲ့လိုက်သည်။ ဤကူးတို့လှေသည် ရှင်တစ်ရာဘုန်းကြီးပိုင်လှေဖြစ်သဖြင့် ဘုန်းကြီးကျောင်းကိစ္စဖြစ်က အခမဲ့စီးနင်းခွင့်ရသည်။ ကျောင်းနှင့်မသက်ဆိုင် ကိုယ့်ကိစ္စနှင့်ကိုယ်သွားလိုသူများက ယခုလို ကူးတို့ခပေးစီးရတာကလည်း ထုံးစံဖြစ်လေသည်။

ကူးတို့ဆိပ်၏ထိပ်တည့်တည့်တွင် ရှင်တစ်ရာဘုန်းတော်ကြီးကျောင်းတည်ရှိ၍ ဤဘုန်းတော်ကြီးကျောင်းသည် အသက်သတ်လွတ်သာ စားသုံးသောကျောင်းလည်းဖြစ်၏။ ဘထွန်းတို့လို ကဏန်းရှာငါးမျှားသောလူများ ကျောင်းဝင်းအတွင်းမှဖြတ်သန်းသွားလာသည်ကို ကျောင်းထိုင်ဘုန်းကြီးက မကြိုက်မှန်းသိထားသဖြင့် ကျောင်းကို ရှောင်ကွင်းပြီးမှ ချောင်းအညာဘက်ရှိ အုန်းခြံများဆီရောက်အောင် ချဉ်းကပ်ရလေသည်။

ငမိုးရိပ်ချောင်းနံဘေးရှိ အုန်းခြံနှစ်ခြံရှိရာ ထိုအုန်းခြံများထဲမှ ကဏန်းလေးငါးကောင်လောက်ရခဲ့လိုက်သည်။ ဓနိတောများထဲတွင် မြွေဆိုးများခိုအောင်းလေ့ရှိတတ်သဖြင့် ဘထွန်း အထူးသတိထားပြီးသွားနေရသည်။ မြွေဟောက်ကလူသံကြားလျှင် အမြန်ထွက်ပြေးတတ်လေ့ရှိပြီး မရှောင်သာမှသာ ရန်မူတတ်သည်။မြွေပွေးကတော့ ထိုသို့မဟုတ်ပေ။ မြွေဟောက်ကဲ့သို့လည်း အပြေးမလျင်မြန်ပေ။ သို့သော် သူ့ထူးခြားချက် သူ့ကိုမထိလျှင်ကိုက်လေ့မရှိ။ သူ့အသားလာထိလျှင်ကား ယင်ကောင်ကိုပင်မလွတ်တမ်းမိအောင်ကိုက်ခဲတတ်၏။ မြွေဆိုးအကိုက်ခံရမှုအများဆုံးသည် မြွေပွေးဟုဆိုလေသည်။ မြွေဆိုးကိုက်ခံရလျှင်ဆေးရုံမှာ မြွေဆိပ်ဖြေဆေးရှိသည်ဆိုသော်လည်း အကြောင်းကြောင်းကြောင့်သေဆုံးသူက များပြားဆဲသာ ဖြစ်၏။

ထို့ကြောင့် မြေပြင်မှာခွေနေသောမြွေပွေးကို မနင်းမိအောင်သာသတိထားနေရသည်။မြွေကဲ့သို့သော တွင်းအောင်းသတ္တဝါများက သူတို့နေထိုင်ရာအရပ်ဒေသ၏မြေကိုလိုက်၍ အရောင်အဆင်းရှိနေတတ်၏။ ထို့ကြောင့် မြေပြင်မှာရှိနေတတ်သော သစ်ကိုင်းခြောက်နှင့် မြွေပွေးကိုခွဲခြားရသည်ပင် ခက်ခဲလေသည်။

သူရိန်နေမင်းကြီးသည် အနောက်ဘက်မိုးကောင်းကင်တွင်နိမ့်ဆင်းပြီး မေးတင်နေလေပြီ။ ဆောင်းလရာသီဝင်သောချိန်ဖြစ်သဖြင့် ညတာရှည်သောကြောင့် အမှောင်ထုက လျင်မြန်လှလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သခ ဘထွန်းရောက်ရှိနေသည့်နေရာက ထွန်ပြန်ကုန်းဖြစ်၏။ မမောင်မိ အိမ်ပြန်ချင်ကာမှ ကဏန်းကောင်များက ကျွဲခြေရာခွက်ထဲမှာ အသာကောက်ယူရန်သာ ဖြစ်သည်။ကောက်လို့မနိုင်အောင်ဖြစ်နေပုံက ဆန်းကြယ်လှသည်။

ဘထွန်းယူဆောင်လာသောမြေ ရေခွံအိတ်ထဲမှ ကဏန်းကောင်များက တင်းတောင်းဖြင့် တစ်တောင်းခန့်မျှပင် ရှိပေလိမ့်မည်။ နွားရိုင်းသွင်ချိန်လောက် တွင် လောဘသတ်၍ ဘထွန်း နောက်ကြောင်းပြန်လှည့်သည်။ မည်သို့ဖြစ်သည်မသိ ထွန်ပြန်ကုန်းထဲမှာသာ တဝဲလည်လည်ဖြစ်နေသည်။ အပြင်ကို မရောက်နိုင်အောင်ဖြစ်နေသဖြင့် သေချာအောင် သဖန်းပင်ကို ဓားနှင့်ထစ်၍ အမှတ်အသားလုပ်ခဲ့သည်။ ဤနေရာမှ ထွက်သွားပြီးမကြာမီ ထစ်ထားသောဓားရာနှင့် သဖန်းပင်ကိုသာပြန်ရောက်ရှိလေသည်။ ခြေရာများကလည်းပွနေလေပြီ။

ဘထွန်းသည် တောမှောက်နေသောမိမိဖြစ်ရပ်ကို သဘောပေါက်ပြီး ခေါင်းနားပန်းကြီး၍ တစ်ကိုယ်လုံးထူပူသွားသည်။ ထို့ကြောင့် မိမိစိတ်ကိုအေးအေးအောင်ထိန်းရင်း တောစောင့်နတ်၊ ကွင်းပိုင်၊ နယ်ပိုင်နှင့် ဆိုင်ရာပိုင်ရာပုဂ္ဂိုလ်များကို မိမိပြုခဲ့သမျှကုသိုလ်များကို အမျှဝေလိုက်သည်။မရည်ရွယ်ဘဲ အမှားအယွင်း တစ်စုံတစ်ရာရှိလျှင် မသိနားမလည်လို့ လုပ်မိမှားတာဖြစ်လို့ ခွင့်လွှတ်ဖို့တောင်းပန်လိုက်သည်။

လပြည့်ရက်နီးကပ်လာချိန်ဖြစ်၍ အရှေ့ဘက်ကောင်းကင်မှ လမင်းကြီး ထွက်ပေါ်လာသည်။ ဘထွန်းသည် နောက်ပြန်လှည့်၍ ထွန်ပြန်ကုန်းအပြင် ရောက်ရှိအောင်ကြိုးစားရန် ကိုယ့်ကိုယ့်ကြည်မှုကင်းမဲ့နေလေပြီ။ လရောင်ကြောင့် အလင်းရောင်ရှိနေသေးသည်ဆိုသော်လည်း အလာခရီးတုန်းကလို မြေပွေးအန္တရာယ်ကို သတိပြုရှောင်ရှားနိုင်သောအခြေအနေလည်းမရှိတော့ပေ။ ဘိုက်တစ်ရာပင်မဝေးလှသောနေရာတွင် ငမိုးရိပ်ကစီးဆင်းနေကြောင်း ကောင်းစွာသိရှိနေသည်။ ထို့ကြောင့် ခနိတောကိုဓားဖြင့်လမ်းထွင်ရင်း ငမိုးရိပ်ချောင်းဘက်ကို ဦးတည်လိုက်သည်။ လူတစ်ကိုယ်စာလမ်းကို ခက်ခဲစွာထွင်ယူရင်း ငမိုးရိပ်ချောင်းကမ်းပါးကို ရောက်ရှိသွားလေသည်။ ဘထွန်းတစ်ကိုယ်လုံးဆူးခြစ်ရာများပြည့်နေပြီဖြစ်သော်လည်း ဂရုမစိုက်နိုင်တော့ပေ။

ထိုအချိန်မှာ ငမိုးရိပ်ချောင်းထဲ၌ ပိုက်တန်း၍ ငါးရှာနေသောတံငါလှေမှ မီးရောင်ကိုတွေ့မြင်ရသဖြင့် အားရှိသွားသည်။ ချောင်းကမ်းပါးမှလျှောဆင်းရင်း ရေစပ်နားသို့ရောက်အောင်သွားလိုက်ပြီးနောက်တွင် -

"လှေပေါ်ကအစ်ကိုတို့ ကျွန်တော်ဒုက္ခရောက်မျက်စိလည်နေလို့ ကူညီကြပါဦးခင်ဗျား"

ဟု အော်ပြောလိုက်သည်။

လှေပေါ်တွင် သားအဖဖြစ်ဟန်တူသောလူနှစ်ယောက်ပါသည်။ အဖေဖြစ်သူက -

"ဟေ - မင်းဘယ်ကလဲ၊ ဘယ်လိုလုပ်ပြီး ဒီနေရာရောက်နေရတာလဲပြောပါဦး"

ငမိုးရိပ်ချောင်းတွင် ဒီရေရှိနေသော်လည်း လှေနှင့်ဘထွန်းရောက်ရှိနေရာသည် ခဲတစ်ပစ်ခန့်သာဝေးမည်။

"ကျွန်တော်က နွယ်နီ(၁၆)လမ်းမှာနေတာပါ။ ကဏန်းလာချိတ်ရင်းနဲ့ ထွန်ပြန်ကုန်းထဲကနေထွက်မရတော့ဘဲ မျက်စိလည်နေတာပါ။ လှေနဲ့ကူးလိုက်လို့ ဟိုဘက်ကမ်းရောက်ရင် ကျွန်တော်အိမ်ပြန်တတ်ပါပြီ"

"မင်းကဏန်းရှာရင်း တစ်ခုခုအမှားလုပ်မိတာနဲ့တူတယ်"

"ကျွန်တော်ဘာမှမလုပ်မိပါဘူးဗျာ"

"အပေါ့အလေးသွားတာကောရှိသလား။ အလုပ်မစမီ ဆိုင်ရာပိုင်ရာတွေကိုပူဇော်တာ၊ခွင့်တောင်းတာတွေကောလုပ်ရဲ့လား"

"အပေါ့သွားတာတော့ရှိပါတယ်။ ဘယ်သူမှမရှိလို့မတ်တတ်ပဲသွားလိုက်မိတယ်။ ကဏန်းရှာတဲ့ကိစ္စက အသေးအဖွဲ့မို့ ပူဇော်ပသတာ၊ ခွင့်တောင်းတာတို့တော့ မလုပ်မိပါဘူး"

"ဟား ဟား ဟား - တော်သေးတာပေါ့ကွာ၊ နောက်နောင်တော့ ဘာလုပ်လုပ်သတိထားပေါ့။ ဒါကြောင့်သတိဆိုတာ ပိုတယ်မရှိဘူးလို့ ဆိုရိုးရှိထားတာကွယ့်။ မှတ်ထား ကောင်လေး"

"ဟုတ်ကဲ့၊ ကျွန်တော်သဘောပေါက်ပါပြီ ခင်ဗျား"

ဤသို့ဖြင့် ငမိုးရိပ်ချောင်းကို လှေအကြံုဖြင့် လွယ်ကူစွာဖြတ်ကူးနိုင်ခဲ့ပြီး ကဏန်းအိတ်ကိုထမ်း၍ ဝဇီရာနှင့်သန္တာလမ်းကြားတစ်နေရာသို့ ဘထွန်းရောက်ရှိသွားခဲ့သည်။

ငမိုးရိပ်ချောင်းနံဘေးမှ လသာသာတွင်လမ်းလျှောက်ရင်း နွယ်နီ (၁၆) လမ်းနေအိမ်ကို ခြေကုန်လက်ပန်းကျလျက်ရောက်ရှိချိန်တွင် ည (၉) နာရီထိုးနေလေပြီ။ ပြန်ရောက်ချိန်တန်သော်လည်း ရောက်မလာနိုင်သဖြင့် အစ်မဖြစ်သူ မညွန့်သည် စိတ်ပူပန်ပြီး -

"အစ်မသေချာမှာလိုက်ရဲ့သားနဲ့ ဘာဖြစ်လို့ ဒီလောက်အချိန်ထိအောင်နေရတာလဲ။ ပြောစကားဆိုစကားကို နားထောင်ရကောင်းမှန်းမသိဘူး။ အစ်မစိတ်ပူလို့ လမ်းထဲကလူတွေကိုအသိပေးပြီး အကူအညီတောင်းလိုက်တာ လူ (၁၀) ယောက် ဓာတ်မီးကိုယ်စီနဲ့ မင်းသွားခဲ့တဲ့နောက်ကိုလိုက်ကြတာ မတွေ့ခဲ့ဘူးလား"

ဟု အစ်မဖြစ်သူ မညွန့်ကမျက်ရည်စမ်းစမ်းဖြင့်ပြောသည်။

"ကျွန်တော်က အစ်မစကားကို နားမထောင်တာမဟုတ်ပါဘူး။ အပြန်မှာမျက်စိလည်ပြီး ဘယ်လိုပြန်ပြန်သွားလို့မရတော့ဘူးဖြစ်သွားတာ၊ အဲဒါကြောင့် ငမိုးရိပ်ချောင်းကို တံငါလှေနဲ့ကူးပြီး ဝဇီရာလမ်းအလွန်ကနေ ခြေကျင်လျှောက်ခဲ့တာဆိုတော့ နောက်ကလိုက်လာတဲ့လူတွေနဲ့ တစ်လမ်းစီဖြစ်ပြီးလွဲသွားမှာပေါ့"

ထူးခြားသည်မှာ ဘထွန်းနေအိမ်သို့ပြန်ရောက်ရှိချိန်တွင် မြေရေခွံအိတ်အတွင်း၌ကဏန်းတစ်ကောင်တလေပင် ပါမလာတော့သော်လည်း ကဏန်းညှီနံ့ကတော့ရနေသည်။ တံငါလှေပေါ်မှဆင်းချိန်အထိ ကဏန်းအိတ်ကို ပခုံးထက်တွင်ထမ်းပိုးပြီး ကမ်းပါးမြေကို ကုပ်ကပ်တက်ခဲ့တာကိုမှတ်မိသော်လည်း နောက်ပိုင်းတွင် အိမ်ရောက်သည်အထိ မေ့လျော့သလိုဖြစ်သွားပြီး ကဏန်းကောင်များ ဘယ်ရောက်သွားသလဲ ပြောမပြတတ်တော့ပေ။

မညွန့်ကတော့ နောက်နောင်ကို အကုသိုလ်အလုပ်များကို လုံးဝစွန့်လွှတ်လိုက်ရန်သာပြောဆိုနေလေသည်။ နွယ်နီလမ်းတစ်ရိုးမှာကား ရန်ကုန်မြို့ ဆင်ခြေဖုံးမှ ထွန်ပြန်ကုန်းမှာ ဘထွန်းတောမှောက်၍ ဒုက္ခကြုံခဲ့ရပုံဖြစ်ရပ်ဆန်းကို ပြောစမှတ်ပြုစရာဖြစ်သွားလေတော့သည်။

(စာကြွင်း။ ။ ကိုယ်တွေ့ဖြစ်ရပ်ကို ပြန်လည်ပြောပြပြီး စာရေးသားခွင့်ပြုခဲ့သူ ဒေါ်ညွန့် နွယ်နီ(၁၆)လမ်း မြောက်ဥက္ကလာ (ရန်ကုန်) အား အထူးကျေးဇူးတင်ရှိပါသည်။)

အောင်ဆန်းလင်း (ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

ဘကြီးထူး၏မြေးငယ်နှစ်ဦးအလှူမှာမူ ညနေ (၃) နာရီခန့်တွင် တရားနာ ရေစက်ချ၍ အောင်မြင်ပြီးမြောက်ခဲ့၏။ ရှင်သာမဏေလေးများမှာ အသက်(၆)နှစ်အရွယ်နှင့် (၈)နှစ်အရွယ်ကလေးများဖြစ်ကြသည်။ ဘကြီးထူးမှာ မြေးငယ်ကိုရင်နှစ်ပါးကို ရှိခိုးဦးချရင်း ပီတိတဝေဝေဖြင့်ရှိ၏။ အလှူပွဲသိမ်းပြီး၍ ဘုန်းကြီးကျောင်းမှသည် သားဖြစ်သူ၏အိမ်သို့ပြန်ရောက်ကြပြီးသည်နှင့် ဘကြီးထူးက -

"သားရေ၊ မင်းတို့အလှူပွဲလည်းပါလာသေးတာကိုး။ အဲဒီတော့မနက်ဖြန်ပဲပြန်မယ်။ အဲအဲ - ရောက်ကတည်းက အလှူပွဲဘက်စိတ်စောနေမိတာနဲ့ ငါ့မှာပါလာတဲ့အိတ်ကလေးတွေ မဖြေရသေးဘူးဟေ့။ ပြည်တောင်းလေး ပေးစမ်းပါဦးဟ"

ဘကြီးထူးကပြောနေရင်းမှ သတိရလာဟန်ဖြင့် ပြည်တောင်းပေးရန် တောင်းဆို၏။

"ဟောဗျာ - အဖေက ဘာတွေများဒုက္ခခံပြီးယူလာရပြန်တာတုံး"

"ဩော်- ကိုယ့်လယ်ကိုယ့်ယာက

"ကျော်သိုက်ရေ၊ အဝတ်အိတ်ကလေးတွေနဲ့ ကောက်ညှင်းဆန်တစ်ပြည်၊ ပဲကတစ်ပြည်စီ နှစ်အိတ်ခွဲထည့်လိုက်စမ်းပါဦး။ သတိရတုန်း ခြေရင်းအိမ်က ငါ့မိတ်ဆွေဖိုးလူလှတို့အိမ်ကို လက်ဆောင်သွားပေးလိုက်ဦးမယ်။ ကျန်တဲ့ မင်းအိမ်နီးချင်းတွေကိုတော့ မင်းဟာမင်းပဲကြည့်ရှုဝေခြမ်းပေးလိုက်ပေါ့ကွာ"

ဦးကျော်သိုက်က အဝတ်အိတ်

# နန္ဒာစိုး (ဆင်ဖြူကျွန်း)

# မမေ့နိုင်သောခရီးတစ်ကြောင်း



အောင်မြင် ထမြောက်သွားပြီ။ အဖေလည်း မြေးတွေအလှူနဲ့ပတ်သက်ပြီး စိတ်တိုင်းကျ တရားနာလိုက်ရပြီးပြီဆိုတော့ အင်မတန် ဝမ်းမြောက်ကျေနပ်ပါပြီ။ ဒီတော့ မနက်ဖြန်မနက်ပဲပြန်ကြမယ်။ ငါအဖော်လုပ်ခေါ်လာခဲ့ရတဲ့မြေးလည်း ဒီတစ်ရက်ကျောင်းပျက်ရမှာ။ ကလေးမှာ တစ်ရက်ကနေနှစ်ရက်ကျောင်းပျက်ရမယ်ဆိုရင် မဟုတ်သေးဘူးကွ။ ငါ့ကို တခြားထူးထူးထွေထွေဘာများပြောစရာမှာစရာရှိသေးသလဲ"

သည်တော့ သားဖြစ်သူ ဦးကျော်သိုက်က -

"ရောက်တုန်းတော့ နောက်သုံး၊ လေးရက်အေးအေးလူလူနေစေချင်သေးတာပေါ့ အဖေရာ။ ဒါပေမယ့် အဖေ့သဘောပါ။ အလှူပွဲကလည်းပြီးသွားပြီပဲ။ အဖေလည်း တရားနာပြီး ရေစက်ခွက်ကိုင် ရေစက်ချတဲ့အထဲဝင်ပါခဲ့ပြီးပြီဆိုတော့ ကျေနပ်ပါပြီ"

"အေး - ဟုတ်ပြီ၊ မင်းကျေနပ်ပြီဆိုရင်ပြီးတာပါပဲ။ နောက်နောင် အဖေတစ်ယောက်တည်းလာတဲ့အချိန်ကျရင်တော့ တစ်ပတ်၊ ဆယ်ရက်နေချင်လည်း နေပေးမှာပေါ့ကွာ။ ဒီတစ်ခေါက်ကတော့မဖြစ်သေးဘူး။ ကျောင်းသားက

ထွက်တဲ့ စိုက်သီးစိုက်နှံကလေးတွေပေါ့ကွာ။ မများပါဘူး၊ အိတ်ပိုင်းကလေးနှစ်ပိုင်းတည်းပါ။ ဒီနှစ်ပေါ်တဲ့ကောက်ညှင်းဆန်နဲ့ ကုလားပဲကလေးတွေပါ။ ပေါ်ဦးပေါ်ဖျား လတ်လတ်ဆတ်ဆတ်စားကြရအောင်လို့ ထည့်သယ်လာခဲ့တာကွ"

ဦးကျော်သိုက်က ပြည်တောင်းထရှာပေးသည်။ ဘကြီးထူးက သူတကူးတကသယ်လာခဲ့သော ဂုန်နီအိတ်ပိုင်းနှစ်ပိုင်းကိုဖြေသည်။ ပြီးတော့ စကောနှစ်ချပ်ခင်းစေ၍ ကောက်ညှင်းဆန်များကတစ်ချပ်၊ ကုလားပဲခြမ်းများကတစ်ချပ် ပြည်တောင်းနှင့်ခြင်ထည့်ပေး၏။ ကိုယ့်စိုက်ခင်းကထွက်သော ပေါ်ဦးပေါ်ဖျားပဲစေ့ပဲဆန်၊ ကောက်ညှင်း စသည်တို့ကို ဤသို့ တန်ဖိုးထား၍ပေးကြသည်မှာ ကျွန်တော်တို့အညာဒေသတောင်သူများ၏ ရိုးရာဓလေ့ပင် ဖြစ်သည်။ မိမိတို့လက်အောက်ခြေသားဆွေမျိုးများကိုသာမက ရင်းနှီးခင်မင်သော မိတ်ဆွေသင်္ဂဟများကိုလည်း အလျဉ်းသင့်သလိုဝေငှပေးကမ်းကြလေ့ရှိ၏။ ယခု ဘကြီးသယ်လာခဲ့သည်မှာလည်း မနည်းပေ။ တစ်အိတ်လျှင် ဆယ်ပြည်စီခန့်တော့ အနည်းလေးရှိပေလိမ့်မည်။

လေးများဖြင့် ပဲတစ်ပြည်၊ ကောက်ညှင်းဆန်တစ်ပြည်ခွဲထုပ်ပေး၏။ သားဖြစ်သူထံသို့လာရင်း သားဖြစ်သူ၏ အိမ်နီးနားချင်းများနှင့်လည်း ဘကြီးထူးက သိကျွမ်းခင်မင်လာခဲ့သဖြင့် ဤသို့ အမှတ်တရလက်ဆောင်များဝေငှပေးခြင်းဖြစ်မည်ဟု ကျွန်တော် သဘောပေါက်လိုက်သည်။ ကုလားပဲနှင့် ကောက်ညှင်းဆန်တစ်ပြည်စီ အထုပ်ကလေးများထုပ်ပိုးပြီးသည်နှင့် ဘကြီးထူးက ကျွန်တော့်ကိုပြော၏။

"ကဲ - ငါ့မြေးက အဲဒီနှစ်ထုပ်ဆွဲခဲ့ကွာ။ ငါတို့ခြေရင်းအိမ်ဘက်ခဏသွားရအောင်။ မပြန်ခင်မှာ နှုတ်ဆက်ရင်းလက်ဆောင်ပေးခဲ့ရအောင်လို့"

ထို့နောက် ကျွန်တော်နှင့်ဘကြီးထူးတို့ တစ်ဖက်အိမ်ဝိုင်းသို့ကူးခဲ့ကြသည်။ ကျွန်တော်က အထုပ်ကလေးနှစ်ထုပ်ဆွဲကာ နောက်ကလိုက်ရ၏။ တစ်ဖက်အိမ်ဝိုင်းမှာ ဝိုင်းကအတန်အသင့်ကျယ်၏။ ရှေ့ဘက်မှလူနေအိမ်မှာ ဝါးထရံကာ၊ သက်ကယ်မိုးနှင့် မြေစိုက်သုံးပင်အိမ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး နောက်ဘက်တွင် မီးဖိုဆောင်ကို သီးသန့်ခွဲဆောက်ထားသည်ကိုတွေ့ရ၏။ မီးဖိုဆောင်ကသတ်သတ်၊ လူနေအိမ်က သတ်သတ်၊ ခြံဝိုင်း၏ ဟိုးနောက်ဘက် အဝေးဆုံးတွင် အိမ်သာကသတ်သတ် ခွဲ၍ဆောက်ကြသော အညာကျေးလက် ဓလေ့အတိုင်းပင် ဖြစ်၏။

"ဗျို့ - အိမ်ရှင်တို့ အိမ်ရှင်တို့၊ ကိုလူလှတို့မရှိကြဘူးလား။ ဘယ်သွား ကြသတုံးဗျို့"

ဘကြီးထူးက အိမ်ရှေ့ရောက် သည်နှင့် ခပ်ကျယ်ကျယ်အသံပြုလိုက် သည်။

"တော် - ရှိပါတယ်၊ ရှိပါတယ်။ လာပါပြီ"

အိမ်အနောက်မီးဖိုခန်းအဆောင် တဲကလေးဆီမှပြန်ထူးလိုက်သံထွက်လာ

www.burmeseclassic.com

www.burmeseclassic.com

၏။ ခဏကြာတော့မှ အသက် (၆၀) ကျော်ခန့် မိန်းမကြီးတစ်ယောက် မီးဖိုဆောင်ထဲမှလှမ်းထွက်လာကာ အိမ်ရှေ့အိမ်သို့ကူးလာ၏။ ပြီးမှ အိမ်ရှေ့အိမ်တံခါးပေါက်မှထွက်လာ၏။

"ဩော် - ဘယ်သူတွေများလဲလို့ ကိုကြီးထူးတို့ပါလား။ သားတွေမြေးတွေ အလှူကိုလာတာထင်ပါရဲ့။ မပေါ်လာတာ အတော်ကြာပြီနော်"

"ကြာဆို တစ်နှစ်ပဲပြည့်တော့မယ် ထင်ပါရဲ့ဗျာ။ ဒါနဲ့ ခင်ဗျားလင်တော် မောင်ကောဗျ မရှိဘူးလား"

"သိတဲ့အတိုင်းပဲ၊ သူက ဘုန်းကြီးရဲ့လက်စွဲတော်လေ။ ဒီနေ့ အလှူနေ့ဆိုတော့ ဘုန်းကြီးကျောင်းကမိုးချုပ်မှပဲပြန်လာလိမ့်မယ်ထင်ပါရဲ့။ အလှူပွဲမှာထုတ်သုံးတဲ့ ဘုန်းကြီးကျောင်းကပန်းကန်ခွက်ယောက်ဝေယျာဝစ္စပစ္စည်းတွေပြန်သိမ်းတာဆည်းတာနဲ့ အလုပ်ရှုပ်နေမှာကိုး။ ကိုကြီးထူးနဲ့ လူချင်းမတွေ့ကြရသေးဘူးလား"

"ဘုန်းကြီးကျောင်းမှာတော့တွေ့ပြီးပါပြီဗျာ။ အလုပ်ရှုပ်နေကြတော့ စကားတွေထိုင်ပြောဖို့ အချိန်မရကြဘူးလေ။ နှုတ်ဆက်မိတယ်ဆိုရုံပဲ။ ကျုပ်လည်း အခုမှ အေးအေးလူလူရှိပြီဆိုပြီး ဒီဘက်ကူးလာခဲ့တာ။ မနက်တုန်းကရော တရားပွဲမှာပါ ခင်ဗျားကိုတော့မတွေ့မိပေါင်။ ကျုပ်သားရဲ့အလှူပွဲကိုမလာဘူးလားဗျ"

ထိုအခါ အဒေါ်ကြီးကရယ်လိုက်သည်။

"ကိုကြီးထူးရယ်၊ သူက အလှူပွဲမှာ ဘုန်းကြီးခိုင်းသမျှ ခေါင်းဆောင်ကြီးလုပ်နေရတာဆိုတော့ ကျုပ်ကအိမ်စောင့်ပေါ့တော်။ ကဲ - ရောက်တုန်းထိုင်ကြဦးလေ"

မြေစိုက်သုံးပင်အိမ်လေး၏အရှေ့ဘက်မျက်နှာစာ သက်ကယ်မိုးအမိုးအောက်တွင် စားပွဲအကြမ်းထည်တစ်လုံးနှင့် စားပွဲကိုပတ်ချာလည်၍မြေစိုက်တန်းလျားရှည်နှစ်ဖက်ရိုက်ထား၏။ ဤနေရာသည်ပင် ဧည့်ခန်းဖြစ်လေတော့၏။ ကျွန်တော်နှင့်ဘကြီးထူးတို့လည်း တန်းလျားရှည်တစ်ဖက်တွင် ဝင်ထိုင်လိုက်ကြရ၏။ သည်တော့မှ ဘကြီးထူးက ကျွန်တော်ဆွဲလာခဲ့သောအဝတ်အိတ်နှစ်ထုပ်ကို လက်လွှဲယူကာ -

"မကြီးဖဲ့ရေ၊ ဒါက ကျုပ်တို့အိမ်ထွက်ယာထွက်လက်ဆောင်ပေါ့ဗျာ။ ကောက်ညှင်းဆန်လေးရယ်၊ ကုလားပဲရယ် ကိုယ့်မှာအသင့်ရှိနေတာကလေး သယ်လာခဲ့ရသေးသဗျ ရော့ရော့"

ဒေါ်ကြီးဖဲ့ဆိုသော ထိုအဒေါ်ကြီးသည် အထုပ်နှစ်ထုပ်ကို လက်လှမ်းယူလိုက်ရင်း -

"ဒုက္ခရှာလို့ သယ်လာရသေး ကိုကြီးထူးရယ်"

ဟု အားတုံ့အားနာပြော၏။

"ဘယ်ဟုတ်မလဲ မကြီးဖဲ့ရယ်။ တခြားက တကူးတကဝယ်ပေးရတာမှ မဟုတ်ဘဲ။ ကျုပ်သားရဲ့အိမ်နီးချင်းတွေဆိုတော့ ကျုပ်အိမ်နီးချင်းတွေပဲပေါ့။ ဒါကြောင့် အမှတ်တရသယ်လာခဲ့တာပါ။ ကဲကဲ - သိမ်းလိုက်ပါဦး"

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ ကျေးဇူးပါပဲတော်။ အဲဒီမှာ ခဏနေကြဦးနော်။ ဧည့်သည်တွေကို ဘာမှတောင်ဧည့်မခံရသေးဘူးတော့"

ဒေါ်ကြီးဖဲ့သည် အထုပ်ကလေးနှစ်ထုပ်ကို အိမ်ထဲသို့ပြန်ဝင်သွားရင်း ကျွန်တော်နှင့် ဘကြီးထူးတို့ကို ထပြန်မသွားရန်တားမြစ်သွားလိုက်သေးသည်။ ပြီးနောက် အိမ်ရှေ့အိမ်မှတစ်ဆင့် နောက်ဖေးဘက်မှ မီးဖိုဆောင်တဲထဲသို့ ဆက်သွားလေသည်။ အတန်ကြာ၍ ပြန်ထွက်လာသော် ရေနွေးကြမ်းကရား၊ အကြမ်းပန်းကန်လုံးများနှင့် လက်ဖက်အုပ်တစ်အုပ်တို့ကို လင်ပန်းတစ်ချပ်နှင့် သယ်ယူလာ၏။

"ကဲ - ကိုကြီးထူးတို့၊ ရေနွေးကြမ်းကလေးသောက်ကြဦး။ လက်ဖက်ကလေးလည်း မြည်းပါစားပါဦး"

လင်ပန်းကို စားပွဲပေါ် ချပေးရင်းပြော၏။ လက်ဖက်အုပ်ကိုလှပ်လိုက်သောအခါ လက်ဖက်သားများချည်းတောင်းနှပ်ထားပြီး ဆီနစ်အောင်စိမ်ထားသည်ကို တွေ့ရလေသည်။ တစ်ဆက်တည်းပင် ရေနွေးပန်းကန်လုံးများထဲသို့ ရေနွေးကြမ်းများငှဲ့ထည့်ပေးရင်းကမေး၏။

"ဒါနဲ့ ကိုကြီးထူးကော အေးအေးဆေးဆေးနေဦးမယ်မဟုတ်လားတော့။ အိမ်ကလူကတော့ မိုးချုပ်ချုပ်မှာ ပြန်ရောက်ချင်ရောက်၊ မရောက်ရင်တော့ (၉) နာရီ၊ (၁၀) နာရီမှ ပြန်ချင်ပြန်လာတတ်တာ။ ဘုန်းကြီးနဲ့လေပေးဖြောင့်ရင် ဖြောင့်သလို တမေ့တမောကြီးနေချင်နေတဲ့သူ"

"နေပါစေလေ၊ ဒီနေ့က အလှူပွဲသိမ်းတဲ့နေ့ဆိုတော့ သူလည်းအလုပ်များချင်များနေမှာပေါ့။ မနက်ကျရင် ပြန်ခါနီးမှာ နှုတ်ဆက်သွားရတော့မှာပေါ့။ ဒီတစ်ခေါက်တော့ အေးအေးဆေးဆေး နေနိုင်ဘူးဗျို့။ လုပ်ငန်းကိုင်ငန်းကလေးတွေက လက်စမသိမ်းခဲ့ရသေးဘူး။ ရွာကသားမြေးတွေကလည်း ကျုပ်ရှိမှဖြစ်တာ"

ဘကြီးထူးက ရေနွေးကြမ်းကိုမှုတ်သောက်ပြီးနောက် လက်ဖက်တစ်ဇွန်းကို မြုံ့သည်။

"ဒါနဲ့ အခုအဖော်ပါလာတာကကော ကိုကြီးထူးရဲ့မြေးပဲလား"

ဒေါ်ကြီးဖဲ့က ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ရင်းမေး၏။

"အင်း - မြေးပဲပြောပါတော့။ ကျုပ်သူငယ်ချင်းရဲ့သားကမွေးတဲ့ကလေးကိုး။ ဒီကလေးက ကျုပ်တို့ရွာကမဟုတ်ဘူးဗျ။ ကျုပ်တည်းအိမ်ကနေ အဖော်လိုက်ခဲ့စမ်းဦးဟေ့ဆိုပြီး ခေါ်လာခဲ့တဲ့ကလေး။ ကျုပ်ဒီမှာတစ်ရက်တိုးနေရင် သူက တစ်ရက်တိုးပြီး ကျောင်းပျက်ရမှာလေ။ အလှူပွဲပြီးတာနဲ့ အမြန်ပြန်တဲ့အထဲမှာ အဲဒီမောင်ကျောင်းသားကို ထည့်တွက်ရတာလည်းပါတယ်"

ထို့နောက် ဘကြီးထူးနှင့်ဒေါ်ကြီးဖဲ့တို့သည် စီးပွားရေး၊ ကျန်းမာရေးမှအစ တစ်ဦးကိုတစ်ဦး သတင်းမေးကြရင်း အတော်ကြာသည်အထိ အာလာပသလ္လာပစကားများပြောဆိုနေကြလေသည်။ ကျွန်တော်လည်း အသာငြိမ်နားထောင်နေရင်းမှ ရေနွေးကြမ်းလေးတစ်ခွက်သာသောက်မိ၏။ လက်ဖက်အုပ်ကို မနှိုက်မိချေ။ ပဲခြမ်းကြော်သုပ်ကလေးဘာလေးပါလျှင်တော့ တစ်ဇွန်းတလေစားမိနိုင်၏။ ခုတော့ လက်ဖက်သားချည်းဖြစ်နေသောကြောင့် တစ်ဇွန်းမှမခပ်မိ။ လက်ဖက်သားသည် လူကြီးများ ရေနွေးမြည်းစရာသာ ဖြစ်သည်။ ကျွန်တော်တို့အရွယ်နှင့် မသက်ဆိုင်ဟု ထင်မြင်မိသောကြောင့်ဖြစ်သည်။

ထိုကိစ္စကို ဘကြီးထူးက သူတို့ချင်းစကားပြောနေကြရင်းမှ သတိပြုမိသွားဟန်တူ၏။

"ဟဲ့ကောင် ငါ့မြေး၊ လက်ဖက်ကလေးလည်း မြုံ့ကြည့်ဦးလေ။ မင်းဟာက 'အမြည်းမရှိတော့အာပူ၊ သူကြီးမရှိတော့ရွာဆူ' ဆိုသလိုဖြစ်နေပြီ"

"နေပစေ ဘကြီးထူး၊ ကျွန်တော် လက်ဖက်မစားတတ်ဘူး"

ကျွန်တော်က လွတ်ခနဲပြန်ဖြေလိုက်မိ၏။ ထိုစကားသည်ပင် ဒေါ်ကြီးဖဲ့ကို လှုပ်လှုပ်ရှရှဖြစ်သွားရန် နှိုးအား



www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်သလိုမျိုးဖြစ်သွားခဲ့လေသည်။ ဒေါ်ကြီးဇံသည် သူတည်ခင်းထားသော လက်ဖက်အုပ်ကို တစ်ချက်ငုံ့ကြည့်ကာ ပြောလေတော့သည်။

"အို - ဟုတ်သားပဲ။ ကျုပ်တည်ထားတာက လက်ဖက်အသားချည်းပဲဆိုတော့ လူကြီးစာသက်သက်လိုဖြစ်နေတာပဲကိုး။ ကလေးကဘာယ်စားမလဲ။ အင်း- စကားပြောချင်ဇောကြီးနေတာနဲ့ သတိမထားမိဘူး။ နေဦးနေဦး - ကလေးအတွက် မီးဖိုဆောင်ထဲတစ်ခုခုသွားရှာစီစဉ်လိုက်ဦးမယ်တော်ရေ"

'ဟာ - မလုပ်ပါနဲ့' စသည်ဖြင့် ဘာဘာညာညာပင် တားချိန်မရလိုက်။ ဒေါ်ကြီးဇံသည် ပြောပြောဆိုဆိုနှင့်ပင် ကျွန်တော်တို့စားပွဲမှထသွားသည်မှာ ငေါက်ခနဲဆိုသလိုဖြစ်တော့သည်။ ဒီတစ်ကြိမ်တွင်တော့ ဒေါ်ကြီးဇံသည် တော်တော်ကြာကြာလေ၏။ နောက်ဖေးက မီးဖိုဆောင်တဲဆီသို့သွားပြီးနောက် အိမ်ရှေ့သို့ တော်တော်နှင့်ပြန်ထွက်မလာချေ။ သည်တော့ ဘကြီးထူးက သူ့ထုံးစံအတိုင်း အဆဲအဆလေးနှင့်ညည်း၏။

"ကိုယ့်ကလည်း သူ့ကိုအငြိမ်မနေရအောင်ပြောလိုက်မိကြသလိုဖြစ်သွားပြီ။ ဒီသည်မှာ တစ်ခုခုလို့နေပြီဆိုရင် အိမ်ရှင်က နေရင်းထိုင်ရင်းကိုအနေရချုပ်တတ်တယ်ကွ။ အခုလည်း သူမီးဖိုဆောင်ထဲမှာ စားစရာမြည်းစရာတစ်မျိုးမျိုးထပ်စီမံနေပုံရပါသကွာ။ တော်ရုံတော့ဘူးမော့။ ဒီ့အလည်အပတ်ရှတ်မြောလိုက်မိကြသကိုး မော့ မော့ မော"

သို့နှင့် ဤတစ်ကြိမ်တွင်မူ အချိန်အတော်လေးကြာသွားတော့မှ ဒေါ်ကြီးဇံ ကျွန်တော်တို့စားပွဲဆီသို့ ပြန်ထွက်လာသည်။ သူ့လက်ထဲတွင်လည်း ထမင်းစားကိတ်ပန်းကန်ပြားအလတ်စားအရွယ်နှစ်ချပ်ကို လက်တစ်ဖက်တစ်ချပ်စီကိုင်၍ ထွက်လာခြင်း ဖြစ်သည်။

သည်တော့ ဘကြီးထူးက လှမ်းပြော၏။

"ဘာတွေများစီမံလာပြန်တာလဲ ကြီးဇံရယ်၊ ကျုပ်တို့တော့ အားနာစရာတွေဖြစ်ကုန်ပြီ"

"အို - အားနာစရာမဟုတ်ပါဘူးတော်၊ ရေနွေးကြမ်းဝိုင်းမှာ ကလေးက ထိုင်စောင်းလောင်းနဲ့အယ်ဖြစ်ပါ့မလဲ။ သူကြီးတလူကြီးစာ၊ ကလေးအတွက်က ကလေးစာဆိုသလို စားစရာမြည်းစရာကလေးပါဦးမှဖြစ်တော့မပေါ့။ ကျုပ်လည်း မီးဖိုဆောင်ထဲရောက်မှဘာချကျွေးရပါ့မလဲဆိုပြီး လှန်လှော်ရှာဖွေရသေးတာနဲ့ကြာသွားတာ။ တွေ့တာလေးတွေပဲထည့်ခဲ့ရတော့တယ်။ နှစ်ယောက်လုံးစားလို့ဖြစ်ပါတယ်တော်တို့ရေ"

ဒေါ်ကြီးဇံက ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ကာ ပန်းကန်ပြားနှစ်ချပ်ကိုစားပွဲပေါ်သို့ချပေး၏။ လှမ်းကြည့်လိုက်တော့ ထန်းလျက်ခဲဖြူဖြူလေးများကတစ်ပန်းကန်၊ ငါးကြော်များကတစ်ပန်းကန်ဖြစ်နေလေသည်။ ငါးကြော်များမှာ အကောင်လိုက်ကြော်ထားခြင်းဖြစ်ပြီး တစ်ကောင်လျှင် သုံး၊ လေးလက်မခန့် လူကြီးလက်ခလယ်သာသာအရွယ်များဖြစ်ကြ၏။ မည်သည့်ငါးအမျိုးအမည်ဆိုသည်ကိုတော့ ကျွန်တော်လည်းမခွဲခြားတတ်။ သို့သော် ထွက်ပေါ်လာသောရနံ့ကတော့မွှေးပျံ့နေသည်။

"ကဲ - ငါ့မြေးအတွက်တော့ ရေနွေးမြည်းစရာရပြီပေါ့ကွာ။ အမြည်းမရှိလို့ အာပူတာယ်မဖြစ်တော့ဘူးပေါ့။ စားလည်းစား ကုန်လည်းမကုန်စေနဲ့ဆိုသလိုပေါ့ကွာ။ ကောင်ကတော့ သူတို့ညစာထမင်းဝိုင်းအတွက် ဟင်းစားအဆဲယူလာရတယ်ထင်ပါရဲ့။ ပိုပြီးတော့ အားနာစရာကောင်းနေပြီ"

"မနာပါနဲ့ ကိုကြီးထူးရဲ့၊ ငါးကြော်တွေကအများကြီးရှိပါသေးတယ်။ စိတ်ဖြောင့်ဖြောင့်စားကြမြည်းကြစမ်းပါ"

ဒေါ်ကြီးဇံက ရယ်ရယ်မောမောဖြင့် တိုက်တွန်း၏။ ဘကြီးထူးက ပန်းကန်ထဲမှ ငါးကြော်တစ်ကောင်ကို ဆက်လှမ်းယူလိုက်ပြီးနောက် ကျွန်တော့်ကို ကမ်းပေးလေသည်။ ငါးကြော်မှာ ပူပူနွေးနွေးပင်ရှိသေး၏။ ဒေါ်ကြီးဇံသည် ဧည့်သည်တည်ရန်အတွက်မို့ မီးအမြန်မွှေးကာ ဆီပူထမ်းထိုးလာခဲ့ရသည်ဟု တွေးလိုက်မိ၏။ စားကြည့်လိုက်တော့ အတော်ချိုလေသည်။ ကျွန်တော် အရသာတွေ့သွားသည်။ ထို့ကြောင့် သူတို့လူကြီးနှစ်ယောက် အာလာပသလ္လာပပြောဆိုနေကြသည်ကိုနားဆောင်ရင်း ထိုငါးကြော်များနှင့် ရေနွေးကြမ်းကိုမြည်းတော့သည်။

သည်စဉ်နှင့် ကျွန်တော်နှင့်ဘကြီးထူးတို့သည် မိုးအနေအာ်ချုပ်တော့မှ ဒေါ်ကြီးဇံကို နှုတ်ဆက်ကာပြန်ခဲ့ကြ၏။ ကျွန်တော်လည်း ငါးကြော်များကိုတော့ အတော်အားဖြစ်လိုက်သည်။ ထန်းလျက်တော့ အစ်ခဲသာစားဖြစ်၏။

"ကဲ - ငါ့မြေး ဖြစ်ချင်ရင် ... အချိတည်းပေါ့ကွာ"

ဟုဆိုကာ ဘကြီးထူးက ထန်းလျက်တစ်ခဲကောက်ယူထိုးပေးသောကြောင့် စားလိုက်ရခြင်းဖြစ်သည်။ အဓိကများများစားမိသည်မှာ ငါးကြော်များပင်။

"ကျုပ်လည်း မနက်ဖြန်ပြန်ခါနီးကျ ကိုလူလှကိုဝင်နှုတ်ဆက်သွားပါဦးမယ်။ ဒီညတော့ ပြန်ကူးမလာတော့ဘူး မကြီးဇံရေ။ ကျုပ်လည်း အလှူပွဲမှာ ပင်ပန်းခဲ့တာဆိုတော့ အိမ်ရောက်လို့ ညစာစားပြီးရင် စောစောအိပ်ရာဝင်မယ်စိတ်ကူးတယ်။ ကျုပ်သားမောင်ကျော်သိုက်တို့တစ်တွေကိုလည်း ခင်ဗျားတို့လက်ကိုအပ်တယ်နော်။ အမြင်မတော်အကြားမတော်တာတွေတွေ့ရင်ပြောကြဆိုကြဆုံးမကြပါ။ အိမ်နီးချင်းလူကြီးတွေမဟုတ်လား"

"စိတ်ချပါ ကိုကြီးထူး၊ တတ်နိုင်သရွေ့တော့ စောင့်ရှောက်ကြရမှာပေါ့တော်"

ဒေါ်ကြီးဇံအား နှုတ်ဆက်ပြီး ပြန်လာခဲ့ကြချိန်တွင် မိုးအတော်ချုပ်နေပြီ ဖြစ်သည်။ ကျေးရွာတွင် လျှပ်စစ်မီးမရှိ၊ အာရ်ထရီအိုးသုံးနိုင်သူပင် အတော်ရှားပါးလှသေး၏။ ရေနံဆီ၊ ဒီဇယ်ဆီ မီးခွက်များနှင့် ဖယောင်းတိုင်တို့သာ တစ်ရွာလုံးသုံးစွဲနေကြသေးသည်။ ရေနံဆီ၊ ဒီဇယ် စသော လောင်စာဆီများကိုမူ ပေါပေါများများအသုံးပြုနိုင်ကြလေ၏။ အကြောင်းမူကား ဤဒေသတစ်ဝိုက်မှ ကျေးရွာများသည် မြောက်ဘက်သို့လားသော် ချောက်ရေနံမြေ၊ တောင်ဘက်သို့လားသော် ရေနံချောင်းရေနံမြေတို့အကြား၌တည်ရှိနေကြသောရွာများဖြစ်ပေသောကြောင့်တည်း။ ပုဂံပြည်ကြီးကောင်းစားစဉ်က မုဆိုးမယင် ဘုရားတည်နိုင်သည်ဆိုသော စကားကို အတုယူရလျှင် ဤနယ်မြေမှကျေးရွာတိုင်းတွင် မုဆိုးမ၏ လေးဖက်ချတစ်ဖက်ဖယ်ဖဲသည်ပင် အကာထရံကို ရေနံရွှဲရွှဲသုတ်နိုင်သည်ဟု ပြောရမလိုရှိ၏။ ကိုကျော်သိုက်၏အိမ်သည်လည်း ရေနံဆီမီးခွက်ကြီးများပင် သုံး၏။ အိမ်ရှေ့ဘက်တွင် ရေနံမီးတိုင်ကိုလည်းထွန်းထားသေးသဖြင့် အလင်းရောင်မချို့တဲ့ပါ။ ရေနံမီးတိုင်ဆိုသည်မှာ လူ့အစ်ရမ်ခန့်မြင့်သော မြေတိုင်စားလုံးတိုင်ဖြစ်၏။ တိုင်၏ ထိပ်ဘက်တွင် ဝါးကို လေးငါးခြောက်စိတ်ခွဲကာ ဆစ်သမျှ ခွဲခြမ်းစိတ်ဖြာထားလေ၏။ ထိုအထဲတွင် မြေအင်တုံကလေးတင်ထားသည်။ ထိုမြေအင်တုံထဲတွင်မူ အခဲ...


ပုဂ္ဂိုလ်ထူးရွေးချယ်ရေး
ဒုတိယ ၆၁၁ ကြိမ်၁၈(၁၈)၀၇(၆)

www.burmeseclassic.com

တော့သော ချည်ထည်စောင်စုတ်ပိုင်းကို ရေနံစိမ်းဖြင့်စိမ်ထားကာ ရေနံဖတ်ပြု လုပ်ထား၏။ ထိုရေနံဖတ်ကို မီးတို့ထားလိုက်သည်နှင့် မီးစာသဖွယ် တလွန့်လွန့် တောက်လောင်နေသည်မှာ အိုလံပစ်မီးရှူးတိုင်အလားပင်။ နာရီဝက်ခန့်ရှိမှ တစ်ခါဆိုသလို အင်တုံထဲသို့ ရေနံစိမ်း ဖြည့်ဖြည့်ပေးရ၏။ ထိုကဲ့သို့သော ရေနံမီးတိုင်မျိုးမှာ အိမ်တိုင်းပင်ရှိကြ၏။ အမှောင်ထုဝင်ရောက်လာသည်နှင့် သူသူကိုယ်ကိုယ် ကိုယ့်အိမ်ရှေ့က ရေနံမီးတိုင်တွေကို ထွန်းညှိကြတော့သဖြင့် ရွာလယ်လူသွားလမ်းသည် အထင်းသားပေါ်လွင်နေတော့သည်။ ခလုတ်ကန်သင်းမြွေကင်းတို့ကိုမပူရပါ။

"ဟော - အဖေတို့ပြန်လာကြပြီ။ ညစာထမင်းပွဲပြင်လိုက်ရတော့မလား အဖေ။ ကျွန်တော်တို့ကတော့ ထုံးစံလိုဖြစ်နေပြီ။ ခဏနေရင်စားကြတော့မှာ"

ကိုကျော်သိုက်က ဆီးမေးသည်။

ဘကြီးထူးက ခေါင်းခါပြ၏။

"နေပစေကွာ၊ မစားသေးပါဘူး။ မင်းတို့ ထုံးစံအတိုင်း ဒီအချိန် ညစာစားနေကျဆိုရင်လည်း ရှေ့ကစားနှင့်ကြပေတော့။ ငါ့မြေး မင်းလည်း နောက်မှ ဘကြီးနဲ့အတူတူစားတာပေါ့ကွာ။ ဆာနေပြီလား"

သူ့သားကိုပြန်ဖြေရင်း တစ်ဆက်တည်း ကျွန်တော့်ဘက်လှည့်မေး၏။

"မဆာပါဘူး ဘကြီးရာ၊ အခုတင် ရေနွေးကြမ်းနဲ့အမြည်းနဲ့စားသောက်လာခဲ့တဲ့ဥစ္စာ"

ကျွန်တော်၏ အဖြေကြောင့် ဘကြီးထူး ကျေနပ်သွား၏။

"အေး - ဒီလိုဆိုပြီးတာပဲငါ့မြေးရာ၊ ဒါနဲ့ မောင်ကျော်သိုက်ရေ မင်းမှာဖယောင်းတိုင်များဝယ်ပြီးသားရှိသလား"

"ရှိပါတယ် အဖေ၊ ဘာလုပ်ဖို့လဲ"

"အေး - လုပ်စရာအလုပ်ကလေးပေါ်လာလို့ဆိုပါတော့။ အဲဒီအလုပ်မပေါ်လာလည်း ငါ့ထုံးစံအတိုင်း ဘုရားဝတ်ပြုဦးမှာပါကွာ။ အခုဟာက ထုံးစံထက်ပိုပြီး လုပ်စရာလေးတစ်ခုတိုးလာလို့"

ဘကြီးထူး၏စကားကို နည်းနည်းထူးဆန်းနေသဖြင့် ကိုကျော်သိုက် မျက်မှောင်ကြုတ်သွား၏။

"ဘယ်လိုအလုပ်တစ်ခုတိုးလာရပြန်တုံး အဖေရဲ့"

"အေး - အဲဒါကို နောက်မှပြောမယ်။ လောလောဆယ် မင်းအိမ်က ဘုရားဆောင်မှာ ဖယောင်းတိုင်(၅)တိုင် ထွန်းစိုက်ပြီး မီးပူဇော်လိုက်ပါ။ ပြီးရင် ဖန်ခွက်သန့်သန့်နှစ်ခွက်နဲ့ သောက်တော်ရေနှစ်ခွက်ထည့်ခဲ့ပြီးရေချမ်းပါကပ်လိုက်။ အဖေ ဘုရားရှိခိုး အာရုံပြုဦးမယ်ကွာ"

ကိုကျော်သိုက်က သူ့ဖခင်တောင်းဆိုသည့်အတိုင်း အားလုံးစီစဉ်ပေး၏။ ထိုအချိန်တွင် ဘကြီးထူးက အိမ်ရှေ့ရေကပြင်သို့သွားကာ ခြေလက်တို့ကို ဆေးကြောသန့်စင်နေလေ၏။ ပြီးမှ အဝတ်ခြောက်တစ်ထည်ဖြင့် လက်အစုံမှရေများကိုသုတ်သင်၏။

"ကဲ - ငါ ဘုရားဝတ်ပြုဦးမယ်။ မင်းတို့မိသားစုလည်း ညစာထမင်းပွဲပြင်ပြီး စားကြတော့လေ"

"ဟုတ်ကဲ့ အဖေ"

ကိုကျော်သိုက်က သူ့မိန်းမကို ညစာထမင်းပွဲပြင်ခိုင်းလိုက်၏။ ထို့နောက် သူတို့မိသားစု ထမင်းစားကြ၏။ ဘကြီးထူးကတော့ ဘုရားဆောင်ရှေ့သို့ဝင်ကာ ဘုရားကိုရှိခိုးဦးချပြီးနောက် ငြိမ်သက်စွာ အာရုံပြုနေလေတော့သည်။ ဘကြီးထူး ဘုရားဆောင်ရှေ့ထိုင်အာရုံပြုနေသည်မှာ အတော်ကြာပါသည်။ကိုကျော်သိုက်တို့မိသားစုတတွေညစာစားပြီး၍ ထမင်းဝိုင်းသိမ်းပြီးသည်အထိ ပြန်မထလာတော့ဘဲ မလှုပ်မယှက် အာရုံပြုနေခြင်းဖြစ်၏။ နာရီဝက်ခန့်ကြာတော့မှ ဘုရားဝတ်ပြုခြင်းကိစ္စ ပြီးစီးတော့သည်။ ထိုအချိန်ကိုစောင့်နေခဲ့သောကိုကျော်သိုက်က ဘုရားဆောင်ရှေ့မှထလာသော ဘကြီးထူးကို ဆီးပြော၏။

"အဖေတို့ထမင်းစားချင်ရင်အဆင်သင့်ပဲနော်။ ထမင်းပွဲကပြင်ပြီးသား။ အုပ်ဆောင်းလှပ်ပြီးစားကြရုံပဲ"

"နေပါစေတော့ကွာ၊ ငါ အခုပဲ ငါးပါးသီလယူလိုက်ပြီးပြီ။ ဒီညစာမစားတော့ပါဘူး။ ဒီကောင့်ကိုသာကျွေးလိုက်ပေတော့"

"ဟောဗျာ - အဖေက ညဦးပိုင်းကျကာမှ ကောက်ကာငင်ကာ ဘယ်လိုစိတ်ကူးပေါက်သွားလို့ သီလယူလိုက်ရတာလဲ"

ဘကြီးထူးက ရေနွေးကြမ်းဝိုင်းတွင်ဝင်ထိုင်ကာ ရေနွေးတစ်ခွက်သောက်၏။

"အကြောင်းပေါ်လာလို့ပေါ့ကွာ။ သွားသွား၊ ဘုရားဆောင်ပေါ်မှာကပ်ထားတဲ့သောက်တော်ရေချမ်းနှစ်ခွက်ထဲကတစ်ခွက်ကိုသွားစွန့်ခဲ့ပြီး ဒီကိုယူခဲ့စမ်းသားရာ"

ကိုကျော်သိုက်က သောက်တော်ရေဖန်ခွက်တစ်ခွက်ကို သွားယူလာ၏။ ထိုအချိန်မှာပင် ဘကြီးထူးက ကျွန်တော့်ကို -

"ကဲ - ငါ့မြေးက ဘုရားဆောင်ရှေ့သွားပြီး ဘုရားကို ရိုရိုသေသေနဲ့ ဦးသုံးကြိမ်ချ ရှိခိုးကန်တော့ချေကွာ"

ဟု ခိုင်းစေ၏။

ထို့ကြောင့် ကျွန်တော်လည်း ဘာမသိဘာမသိဖြင့် ဘုရားဆောင်ရှေ့သွားကာ ဦးသုံးကြိမ်ချ ရှိခိုးကန်တော့ရလေသည်။ ပြီးမှ သူတို့ရေနွေးကြမ်းဝိုင်းနားသို့ ပြန်ထိုင်မိသောအခါ ဘကြီးထူးက ကျွန်တော့်ဝမ်းဗိုက်ကိုစမ်းသပ်လိုက်ရင်းမေး၏။

"ငါ့မြေး၊ အခု မင်းဗိုက်ထဲက ဘယ့်နှယ်နေသလဲ။ နာတာတို့၊ အောင့်တာတို့ရှိသလား"

"ဟင့်အင်း ဘယ်လိုမှမနေပါဘူး၊ အကောင်းပါပဲ"

"အေးအေး - ဒါဖြင့်လည်း အေးတာပါပဲ။ သူမရည်ရွယ်ပါဘူး။ လတ်တလောကြီးမှာ ဘာချကျွေးရမှန်းမသိလို့ သဘောရိုးနဲ့ သူ့ပညာကိုသုံးပြီး ဧည့်ခံလိုက်တဲ့သဘောပါပဲ။ ဒါပေမယ့် မင်းဗိုက်ထဲရောက်နေတဲ့အမှိုက်တွေကိုတော့ တို့ကရှင်းထုတ်ထားရမှာပဲ။ ကဲကဲ - မောင်ကျော်သိုက်၊ ဒီကလေးကို အိမ်နောက်ဖေးခြံထောင့်ခေါ်သွားကွာ။ အဲဒီကျမှ ဒီသောက်တော်ရေခွက်ထဲကရေကိုတိုက်လိုက်။ ခဏနေရင် သူအန်လိမ့်မယ်။ သုံး၊ လေးကြိမ်အန်ပြီးမှ ပြန်ခေါ်လာခဲ့။ သူအန်နေတုန်းမှာ မင်းက နောက်ကျောကနေ ဖွဖွနှိပ်ပေးလိုက်"

"ခင်ဗျာ"

ကျွန်တော်ရော ကိုကျော်သိုက်ပါ ဘာပြန်ပြောရမှန်းမသိအောင် အံ့အားသင့်သွားကြရ၏။

"ကဲပါလေ၊ ငါခိုင်းတဲ့အတိုင်းသာလုပ်ပါ။ သွားကြသွားကြ"

ဘကြီးထူးက ကျွန်တော့်ကို သူ့အနီးသို့ဆွဲခေါ်ကာ ကျွန်တော့်ကျောကို သုံး၊ လေးချက်ပုတ်လွှတ်လိုက်သေး၏။ တစ်ဆက်တည်းပင် ကိုကျော်သိုက်လက်ထဲမှ သောက်တော်ရေချမ်းဖန်ခွက်ကို လှမ်းယူကာ -

"ကဲ - မင်းက ဒါကိုသောက်လိုက်"

ဟု ထိုးပေးသဖြင့် ကျွန်တော် သောက်ချလိုက်ရပြန်သည်။

"ကဲကဲ - အိမ်နောက်ဖေးခြံဝိုင်းထောင့်သွားထိုင်လိုက်ကြကွာ။ အခုပဲ



www.burmeseclassic.com

www.burmeseclassic.com

သွား"

ကျွန်တော်နှင့်ကိုကျော်သိုက်တို့မှာ ဘုမသိဘမသိနှင့် နောက်ဖေးခြံထောင့်သို့ ထွက်ခဲ့ကြရတော့သည်။ ခြံထောင့်တစ်နေရာအရောက်တော့မှ ကျွန်တော့်မှာ ဆောင့်ကြောင့်ကလေးထိုင်နေရ၏။ 'ဘယ်လိုဖြစ်လို့ဘာတွေခိုင်းနေပါလိမ့်' ဟု ဦးနှောက်ခြောက်နေမိဆဲမှာပင် ဘာမှမကြာလိုက်။ စောစောကသောက်လိုက်သော သောက်တော်စွန့်ရေက အစွမ်းပြတော့၏။ ကျွန်တော့်ဗိုက်သားပြင်မှာ လှိုင်းလုံးတွေထသလို လှုပ်ရှားလာ၏။ အူတွေတရွရွဖြစ်လာကာ ထိုအူများကို တစ်စုံတစ်ယောက်က လက်ဖြင့်ဆုပ်ကိုင်၍ ခါခါထုတ်နေသလိုလိုခံစားလာရ၏။ ထို့နောက် လေလှိုင်းတစ်လုံးသည် ဝမ်းဗိုက်မှသည် လည်ချောင်းဝဆီသို့ ဆန်၍ပြေးတက်လာခဲ့လေတော့၏။

"ဝေါ့"

ကျွန်တော်ခေါင်းငိုက်စိုက်ကျသွားကာ ထိုးအန်လိုက်ရသည်မှာ ထိန်းမရ။ လေ၊ ရေနှင့်အတူ အစာဖတ်တချို့ထွက်ကျလာသည်။

"ဟိုက် - ဒီကောင်တကယ်အန်သဟ"

ကိုကျော်သိုက်လည်း အံ့အားသင့်သွားကာ ကျွန်တော့်ကျောပြင်ကိုနောက်မှခပ်ဖွဖွနှိပ်နယ်ပေးလေသည်။ သို့နှင့် ကျွန်တော်လည်း သုံး၊ လေးကြိမ်ဆက်တိုက်တဝေါ့ဝေါ့ထိုးထိုးအန်လေသည်မှာ ကိုယ့်ကိုယ်ကိုယ်ပင် မယုံကြည်နိုင်ဖွယ်ကြီးဖြစ်တော့၏။ မျက်ရည်တွေထွက်၊ နှပ်တွေထွက်ဖြင့် သုံး၊ လေးကြိမ်အန်ပြီးတော့မှ ထိုအန်ချင်စိတ်ပျောက်သွားကာ ရပ်ဆိုင်းသွားတော့လေ၏။ကိုကျော်သိုက်က ကျွန်တော့်နောက်ကျောကို ဆက်နှိပ်ရင်းပြောသည်။

"ဟေ့ကောင် ဆက်အန်ဦးလေကွာ"

"ရပြီ အစ်ကိုကြီး၊ မအန်ချင်တော့ဘူး"

"မင်းသေချာတယ်နော်"

"သေချာပါတယ်ဗျ၊ အန်ချင်စိတ်ပျောက်သွားပြီ"

"ကဲ - ဒါဖြင့် သွားကြစို့"

ကျွန်တော်တို့နှစ်ယောက်အိမ်ဘက်သို့ပြန်လှည့်လာခဲ့ကြသည်။ ဘကြီးထူးကဆီးမေး၏။

"ဘယ်လိုလဲဟေ့ အန်ခဲ့ကြရဲ့လား"

"သုံး၊ လေးကြိမ်အန်ပြီးတဲ့နောက်တော့ ဆက်မအန်တော့ဘူး အဖေ"

"အေးအေး - သုံး၊ လေးကြိမ်ဆိုလုံလောက်ပါပြီကွာ။ ဒီကောင့်ဗိုက်ထဲကအမှိုက်ရှင်းသွားပြီပေါ့။ ညစာထမင်းသာပြင်ကျွေးလိုက်ပေတော့။ ဘယ်လိုလဲငါ့မြေး၊ မင်းလည်း အတော်ဗိုက်ဟာသွားရောပေါ့။ သွားသွား - ထမင်းစားလိုက်တော့"

ကိုကျော်သိုက်က ကျွန်တော့်ကို ထမင်းစားပွဲသို့ခေါ်သွားကာ အုပ်ဆောင်းလှပ်၍ကျွေးသဖြင့် တက်သုတ်ရိုက်ကာစားလိုက်ရပါသည်။ တက်သုတ်ရိုက်၍ အမြန်စားရခြင်းမှာ ထိုကိစ္စနှင့်ပတ်သက်၍ ဘကြီးထူးရှင်းပြမည့်အကြောင်းတို့ကို မကြားလိုက်ရဘဲ လက်လွတ်သွားမည်စိုးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ခပ်သုတ်သုတ်စားကာ သူတို့ရေနွေးကြမ်းစကားဝိုင်းသို့ အမြန်ပြေးဝင်ထိုင်ရလေသည်။ ကျွန်တော့်စိတ်ကူးအတိုင်းပြည့်မြောက်ခဲ့၏။ အကြောင်းမှု ကျွန်တော်ပါရောက်ရှိပြီဆိုတော့မှ ကိုကျော်သိုက်က သူအံ့အားသင့်ခဲ့ရသောထိုကိစ္စကို စတင်မေးမြန်းသောကြောင့် ဖြစ်၏။

"နေဦး အဖေရ၊ ကျွန်တော်မေးပါဦးမယ်။ ဘုရားဆောင်ကစွန့်လာတဲ့ သောက်တော်ရေကိုတိုက်လိုက်တာနဲ့ ဒီကောင်ထိုးအန်တော့မယ်ဆိုတာကို အဖေက ဘယ်လိုကြိုသိနေခဲ့ရတာတုံး"

"သိတာပေါ့ကွ၊ ဒီလိုအန်အောင်ကိုပဲ အဲဒီသောက်တော်ရေခွက်ကို ငါက ငါးပါးသီလခံ၊ အဓိဋ္ဌာန်ပြီး သစ္စာရေဖြစ်အောင်ဆုတောင်းထားတာပဲ။ဒါကြောင့် ဒီကောင်အန်ချတာပေါ့။ ဒါမှ သူ့ဗိုက်ထဲကအမှိုက်တွေကရှင်းသွားမှာကိုး"

"အဲဒီအမှိုက်တွေဆိုတာက ဘာကိုပြောတာလဲ အဖေ"

"ဒီကောင်စားလာခဲ့တဲ့ငါးကြော်တွေနဲ့ ထန်းလျက်ခဲပေါ့ကွာ။ ငါးကြော်တွေက ငါးကြော်အစစ်တွေမှမဟုတ်ဘဲ၊ မီးဖိုချောင်ထဲအမိုးက သက်ကယ်စတွေကွ။ ဒီသက်ကယ်စတွေကို လက်နောက်ပြန်ချိုးယူလိုက်ခဲ့တာ။ ထန်းလျက်ခဲတွေကလည်း မီးဖိုချောင်နံဘေးက မြေစိုင်ခဲတွေကို လက်နောက်ပြန်ကောက်ယူပြီး ပန်းကန်ထဲထည့်လိုက်ခဲ့တာတွေပဲ"

"ဟင် - ဘယ် . . . ဘယ်သူကကျွေးလိုက်တာလဲ အဖေ"

ကိုကျော်သိုက် မျက်လုံးပြူးသွားကာ အလန့်တကြားမေး၏။ ကျွန်တော်လည်း ထိုအခါတွင်မှ အတော်လေး ခေါင်းနားပန်းကြီးသွားရလေတော့သည်။

ဘကြီးထူးက သူ့နှုတ်ခမ်းကိုလက်ညှိုးနှင့်ထောက်၍ ကန့်လန့်ပိတ်ပြကာ -

"ရှူးတိုးတိုးကွ၊ တော်ကြာ မင်းအသံပြကြီးနဲ့ လူတွေသိကုန်ပြီး မျက်နှာပူစရာတွေဖြစ်ကုန်မယ်။ တခြားသူက ကျွေးလိုက်တာမဟုတ်ဘူးကွ။ မင်းတို့ခြေရင်းအိမ်က မကြီးဖဲ့ပဲ။ မင်းမှတ်ထား၊ ကိုယ်သိတာကိုယ့်ဝမ်းထဲထား။ မကြီးဖဲ့ဟာ ပညာသည်ကွ။ ရွာသူဆိုပါတော့ကွာ။ တစ်နည်းအားဖြင့် စုန်းပေါ့။ ကေန္တတော့ မွေးရာပါဝမ်းတွင်းစုန်းပဲဖြစ်ရမယ်"

"ဗျာ"

ကိုကျော်သိုက်မှာ အထူးတုန်လှုပ်သွားလေသည်။ ကျွန်တော်လည်း ပါးစပ်အဟောင်းသားဖြစ်သွားရတော့၏။

"အံ့ဩစရာပဲ အဖေ၊ ကြီးတော်ဒေါ်ကြီးဖဲ့က အလွန်ရိုးရိုးအေးအေးနေတတ်တဲ့သူပါ။ ဘယ်သူနဲ့မှ စကားများတာ၊ ရန်ဖြစ်တာရယ်လို့ မရှိခဲ့ဖူးပါဘူး။ သူ့ကြောင့် ဘယ်သူတော့ဒုက္ခရောက်သွားတယ်ဆိုတာမျိုးလည်း မကြားဖူးခဲ့ပါဘူး။ အဲလိုလူက ရွာသူဖြစ်နေတယ်ဆိုတော့ ဟုတ်နိုင်ပါ့မလား အဖေရာ"

"ဟ - ငါ့သားရ၊ ဒါက ဒီဘဝမှာ သူ့စရိုက်သူ့စိတ်ထားနဲ့သာ သက်ဆိုင်တယ်ကွ။ တချို့က ဒီပညာကို တမင်သင်ယူတာမဟုတ်ဘဲနဲ့ အတိတ်အကုသိုလ်ကံအကျိုးပေးကြောင့် အမိဝမ်းကျွတ်ကတည်းက သူ့အလိုလိုတတ်မြောက်လာကြတာမျိုးလည်းရှိတတ်တယ်။ တချို့ဆို ကိုယ့်ကိုယ်ကိုယ်တောင် ဒီပညာတတ်နေမှန်းသိကြတာမဟုတ်ဘူး။ အဲဒါမျိုးကိုတော့ ဝမ်းတွင်းစုန်းလို့ခေါ်တယ်ကွ"

"ဝမ်းတွင်းစုန်းဆိုတာကကော တခြားစုန်းတွေလို လန့်စရာကောင်းတာပဲလားအဖေ"

"ဟ - ဒီပညာဟာ ကောင်းကျိုးပေးတဲ့ပညာမှမဟုတ်ဘဲကွ။ သေရင်အပါယ်ကိုဆွဲချသွားတဲ့ပညာမျိုးပဲ။ တတ်မြောက်လာရတာကိုက မကောင်းဘူး။ မူလကတည်းက ရိုးရိုးအေးအေးသိမ်သိမ်မွေ့မွေ့နဲ့စိတ်သဘောထားနူးညံ့တဲ့သူမျိုးဆိုရင်တော့ နည်းနည်းတော်သေးတာပေါ့။ အဲလိုလူမျိုးကတော့ သူများကို မကောင်းကြံဖို့ ဒီပညာကိုအသုံးမချဖြစ်အောင် သူကိုယ်သူထိန်းလိမ့်မယ်။ မွေးဇာတိက စရိုက်ကြမ်းတမ်းတဲ့၊ အမျက်ဒေါသကြီးတဲ့သူမျိုးဆိုရင်တော့ မလွယ်ဘူးကွ။ ဒီပညာနဲ့ သူနဲ့မတည့်တဲ့သူကို ဒုက္ခပေးချင်တော့တာပဲ။ သူကိုယ်တိုင်လည်း ဒီဘဝကသေတဲ့အခါ အပါယ်ကို



www.burmeseclassic.com

www.burmeseclassic.com

လားပြီသာမှတ်ပေတော့။ ကြောက်စရာကောင်းတဲ့ပညာတွေပါကွာ။ ပတ်ဝန်းကျင်ကလူတွေအတွက်လည်းမကောင်း၊ ကာယကံရှင်အတွက်လည်း မကောင်းတဲ့ပညာတွေပါ"

"ဒါနဲ့ နေပါဦး၊ အဲဒီငါးကြော်တွေက သက်ကယ်စတွေ၊ ထန်းလျက်ခဲတွေက မြေစာခဲတွေဖြစ်နေမှန်း အဖေကဘယ်လိုလုပ်သိလဲ။ ဟုတ်မှလည်းလုပ်ပါအဖေရာ။ ဒေါ်ကြီးဇံက အဲဒီကိစ္စမျိုးနဲ့ ပတ်သက်လို့ လုံးဝနာမည်ပျက်မရှိခဲ့ဘူးနော် အဖေ"

ကိုကျော်သိုက်က ဟုတ်ကောဟုတ်နိုင်ပါ့မလားဟု သံသယဝင်နေသည့်မျက်နှာထားဖြင့်မေး၏။ ဒီတော့ ဘကြီးထူးက ရယ်လိုက်ကာပြန်ပြော၏။

"ဘာလဲကွ၊ ငါကစွပ်စွပ်စွဲစွဲမဟုတ်တမ်းတရားပြောတယ်လို့ထင်မိလို့လား။ ငါက တစ်အပ်မြင်လို့ပြောတာပေါ့ကွာ။ ဒီအတိုင်းကြည့်နေရင်တော့ သူလုပ်ထားတဲ့အကောင်အထည်အတိုင်းပဲမြင်ရသပေါ့ကွာ။ ဒါပေမယ့် ငါ့လက်နဲ့ကိုင်လိုက်မိပြီးပြီဆိုတာနဲ့ သူ့နဂိုရုပ်အတိုင်းမျက်လုံးထဲတန်းခနဲထင်မြင်လာတော့တာပဲကွ"

"ဒါဆိုရင် ကျွန်တော်ကြားဖူးသလို အဖေ့လက်မှာ အထက်ဂိုဏ်းဆရာတွေထိုးပေးနိုင်တယ်ဆိုတဲ့ဆေးမျိုးတွေများထိုးနှံထားခဲ့လို့လား"

"မင်းကဘယ်လိုတွေများကြားဖူးထားတာတွေရှိလို့လဲ ငါ့သားရဲ့"

ဘကြီးထူးကပြန်မေးသည်။

ကျွန်တော်လည်း ၎င်းတို့သားအဖ၏အမေးအဖြေတို့ကိုသာ အံ့အားသင့်စွာ နားထောင်နေခဲ့မိရပါတော့သည်။

"အထက်လမ်းဂိုဏ်းဆရာတွေထိုးနှံပေးတတ်တယ်ဆိုတဲ့ စားခွက်နှိုက်ဆေးတော်ဆိုတာရှိတယ်လို့တော့ကြားဖူးတာပဲ အဖေရဲ့။ အဲဒီဆေးကို လက်ကောက်ဝတ်အောက်လက်ဆစ်မှာစီရင်ထိုးနှံထားရင် အဲလို ပညာနဲ့ ဖန်တီးထားတဲ့ မရိုးသားတဲ့ အပင်းစာ၊ အဆိပ်စာအစားအသောက်တွေကို လက်နှိုက်မိလို့ ထိမိကိုင်မိတာနဲ့ ချက်ချင်းသိတယ်လို့ အဆိုရှိတာပဲ။ အထက်လမ်းဆရာတွေဟာ အောက်လမ်းသမားတွေရဲ့အပင်းစာကို ကာကွယ်နိုင်ဖို့ အဲလိုစားခွက်နှိုက်ဆေးတော်ကိုစီရင်ထားပြီး နက္ခတ်နဲ့မိအောင်ထိုးနှံတတ်ကြတယ်လို့ ကြားဖူးနားဝရှိတာပဲ။ အဖေကော အဲလိုဆေးမျိုးထိုးနှံထားလို့ ခုလိုသိနေတာလား။ ကျွန်တော်သိခဲ့သလောက်တော့ အဖေလည်း အဲလိုအထက်လမ်းပညာတွေဆည်းပူးလိုက်စားတယ်ရယ်လို့မရှိခဲ့ဖူးပါဘူး။ ကျွန်တော်မသိအောင် အထက်ဂိုဏ်းဆရာတွေနဲ့ အဲလိုစားခွက်နှိုက်ဆေးတော်မျိုးထိုးထားခဲ့ဖူးတယ်ဆိုရင်တော့လည်း မပြောတတ်ဘူးပေါ့လေ"

ကိုကျော်သိုက်က သူကြားဖူးထားသမျှကို ပြန်ပြောပြ၏။

ဘကြီးထူး ခေါင်းညိတ်၏။

"အေး - ငါ့သားကြားဖူးထားတာတွေက မမှားပါဘူး။ အထက်လမ်းဂိုဏ်းဆရာတွေက အထိုးနှံခံမယ့်သူရဲ့ မွေးနေ့မွေးနံနဲ့ နက္ခတ်နဲ့ တွက်ချက်ညှိနှိုင်းပြီးတော့မှ ထိုးပေးမယ့်ဆရာကိုယ်တိုင်ရော အထိုးနှံခံမယ့်ပုဂ္ဂိုလ်ပါ ဘုရားဆောင်မှာ သာသနာ့ပွဲကန်တော့ပွဲတင်၊ ပန်း၊ ရေချမ်း၊ ဆွမ်းတော်၊ ဆီမီး စသည်ဖြင့် ကပ်လှူပူဇော်၊ ငါးပါးသီလခံယူကြပြီး အခုပြောတဲ့ စားခွက်နှိုက်ဆေးတော်မျိုးထိုးနှံတတ်ကြတယ်။ နက္ခတ်မိအောင်တွက်ချက်ပြီးမှထိုးတာမို့ အဲဒီဆေးတော်က မရိုးသားတဲ့အပင်းစာအဆိပ်စာတွေအတွက် 'အရံအတားဖြစ်စေတယ်။ လက်နှိုက်လိုက်မိတာနဲ့ တန်းခနဲသိသတဲ့။ တုံ့ပြန်ပုံတွေကတော့ တစ်ယောက်နဲ့တစ်ယောက်မတူကြဘူး။ ပုံစံအမျိုးမျိုးကွဲပြားကြတယ်ပေါ့ကွာ"

"ဘယ်လိုပုံစံအမျိုးမျိုးကွဲကြတာတဲ့လဲ အဖေရဲ့"

"ဒီလိုလေ၊ တချို့ကတော့ အစာကိုနှိုက်မိတာနဲ့ ကြက်သီးမွေးညင်းထသွားသတဲ့။ တချို့ကတော့လည်း နှိုက်မိတဲ့လက်က ပီသာလေးကောက်ကိုင်မိ



သလို လေးကန်သွားသတဲ့။ နှိုက်မိထိမိကာမှ စီရင်ထားတဲ့ မူလနဂိုပုံသဏ္ဌာန်ကို မျက်လုံးထဲ တန်းခနဲ ရုပ်ပြောင်းရုပ်လွှဲနဲ့ မြင်ယောင်လာတာမျိုးလည်းရှိတယ်။ အဲဒါမျိုးကိုတော့ အထက်ဂိုဏ်းဆရာတွေလောကမှာ မူလပြန်ဆိုတဲ့ အသုံးအနှုန်းနဲ့ ပြောကြဆိုကြတယ်ကွ"

"ဒါဆိုရင် ဒီနေ့ညအဖေကြုံခဲ့ရပုံ တုံ့ပြန်မှုကို အဲဒီမူလပြန်ဆိုတဲ့အမျိုးအစားထဲထည့်ရမှာပေါ့"

"ဒါပဲပေါ့ကွာ၊ ငါ့ဟာငါဘေးကထိုင်ကြည့်နေတုန်းကတော့ ငါးကြော်တွေနဲ့ ထန်းလျက်ခဲတွေပဲ။ လက်နဲ့ကောက်ကိုင်လိုက်ကာမှ ငါ့မျက်စိထဲမှာ သက်ကယ်စတွေနဲ့ မြေစာခဲတွေအဖြစ် မူလပြန်ပြီးမြင်လာတာ။ ဘေးလူအနေနဲ့ကတော့ ငါးကြော်နဲ့ထန်းလျက်ခဲအဖြစ်ပဲမြင်နေမှာပေါ့ကွာ။ မယုံရင် ဒီကောင့်ကိုမေးကြည့်ပါလား"

ဘကြီးထူးက ကျွန်တော့်ကိုမေးဆတ်ပြရင်းပြောသည်။ ထို့ကြောင့် ကျွန်တော်လည်း ကိုကျော်သိုက်ကမမေးပါဘဲနှင့်ပင် အံ့သြတကြီးဝင်ပြောကာ ဝန်ခံချက်ပေးလိုက်မိလေသည်။

"ဟုတ်တယ်ဗျ ဦးကျော်သိုက်ရ၊ ကျွန်တော်မြင်တာကတော့ ငါးကြော်နဲ့ ထန်းလျက်ခဲတွေပဲ။ ဒါကြောင့် မကြောက်မလန့် ကောက်ကောက်စားပြီး ရေနွေးကြမ်းနဲ့မြည်းမိတာပေါ့။ စားလို့တော့လည်း အကောင်းသားပဲ။ အခု ဒီစကားတွေကြားရတော့မှသာ အလန့်တကြားဖြစ်ရတော့တာ ဒုက္ခပဲဗျို့"

ကျွန်တော်၏ စကားကြောင့် ကိုကျော်သိုက်က သဘောကျစွာ တခွီးခွီးရယ်လေသည်။

ထိုအခါ ဘကြီးထူးက ရေနွေးကြမ်းတစ်ငုံသောက်ပြီးနောက် ကျွန်တော့်ကိုနှစ်သိမ့်၏။

"မလန့်ပါနဲ့ ငါ့မြေးရဲ့ မင်းဗိုက်ထဲကအမှိုက်တွေက ရှင်းပြီးသွားပါပြီ။ မင်းကိုယ်တိုင်ပဲ အန်ချပစ်ခဲ့ပြီးတဲ့နောက်မှတော့ စိတ်ရှင်းရောပေါ့။ ဟိုဘက်အိမ်မှာတုန်းကတော့ ဂူနွေတွေပျက်ကုန်မှာစိုးလို့၊ မကြီးဇံလည်း အနေရအထိုင်ရခက်နဲ့ဖြစ်ကုန်မှာစိုးလို့ မသိချင်ယောင်ဆောင်ပြီး ဒီအတိုင်းအသာလွှတ်ပေးထားလိုက်တာ။ ကိုယ့်အိမ်ဘက်ပြန်ရောက်မှ ဘုရားဝတ်ပြု၊ ဆီမီးအလင်းတိုင်ပူဇော်၊ အရံအတားပရိတ်တော်ရွတ်၊ သီလခံယူပြီး သောက်တော်ရေချမ်းကိုသစ္စာရေအဖြစ်အဓိဋ္ဌာန်ပြုပြီးမှ မင်းကို

www.burmeseclassic.com

www.burmeseclassic.com

တိုက်လိုက်ရင် အကုန်ပြန်အန်ထွက်လာမယ်ဆိုတာ ငါသိပြီးသားပဲ။ ဒါကြောင့် တို့အိမ်ဘက်ပြန်ရောက်တာနဲ့ ကျော်သိုက်ကို ဘုရားဆောင်မှာ ဖယောင်းတိုင်မီးအပူဇော်ခိုင်းပြီး သောက်တော်ရေချမ်းခွက်တွေပါ အကပ်ခိုင်းလိုက်တယ်။ အဲဒီနောက် ငါ သီလယူတယ်။ ပရိတ်ရွတ်မေတ္တာပို့ပြီး အမိဋ္ဌာန်ပြုတယ်။ သောက်တော်ရေချမ်းဟာ သစ္စာရေဖြစ်သွားတော့တာပေါ့ကွ။ သူ့ကိုမတိုက်ခင်မှာ ငါ့လက်နဲ့ သူ့ကျောကိုတောင်ပုတ်လွှတ်လိုက်သေးတာကော။ မအန်ဘဲရှိပါ့မလား"

ဘကြီးထူးက ကိုကျော်သိုက်ဘက်သို့ပါလှည့်၍ တစ်ဆက်တည်းပြော၏။ သည်တော့မှ ကျွန်တော့်မှာ ကျွန်တော်နှင့် ကိုကျော်သိုက်တို့အိမ်မှအထွက်တွင် အဘယ်ကြောင့် ဘကြီးထူးက ကျွန်တော့်နောက်ကျောကို သူ့လက်နှင့်ပုတ်လွှတ်လိုက်မှန်းဂဃနဏသိရှိရပေတော့သည်။

"ဒီလိုဖြင့်အဲဒါတွေထားပါတော့။ ကျွန်တော်အသိချင်ဆုံးနောက်ဆုံးအချက်တစ်ခုကိုပဲမေးတော့မယ်။ ဒါဟာ ဒီကိစ္စရဲ့လျှို့ဝှက်ချက်ပဲ။ တခြားမဟုတ်ဘူး။ အဖေက ဒေါ်ကြီးဇံရဲ့ ငါးကြော်တွေနဲ့ ထန်းလျက်ခဲတွေကို သက်ကယ်စတွေနဲ့ မြေစာခဲတွေသာဖြစ်ကြောင်း ဘယ်လိုလုပ်သိနိုင်သလဲဆိုတဲ့အချက်ပဲ။ အဖေ အထက်လမ်းပညာတွေသင်ခဲ့ဖူးလို့လား။ ဒါမှမဟုတ် ရွှေရင်ကျော်လို၊ မနောစိတ္တုပ္ပာဒ်လို အထက်လမ်းဂိုဏ်းတွေမှာ ဆရာအဖြစ်ရောက်အောင်ဝင်ခဲ့ဖူးလို့လား"

ကိုကျော်သိုက်အမေးကို ကျွန်တော်လည်း အကြိုက်ကျ၏။ ကျွန်တော်အသိချင်ဆုံးလျှို့ဝှက်ချက်မှာလည်း ထိုအချက်ပင်ဖြစ်လေသည်။

ဘကြီးထူးက ခေါင်းခါပြကာ -

"ငါ အခုအချိန်အထိ ဘယ်လိုအထက်လမ်းဆရာဂိုဏ်းဂဏအဖွဲ့အစည်းမှ မဝင်ခဲ့ဖူးပါဘူး။ ဒါပေမယ့် စိတ်သာချကွ။ ငါ့တစ်သက်တော့ ငါ့ကိုဘယ်လိုစုန်းမျိုး၊ ကဝေမျိုး၊ ပညာရှင်မျိုးမှ အပင်းစာ၊ အဆိပ်စာကိုကျွေးလို့မရဘူးမှတ်။ သူဟာသူသဘောရိုးနဲ့ကျွေးကျွေး၊ ငါ့ကိုဒုက္ခပေးချင်လို့ကျွေးကျွေး၊ ငါ့လက်နဲ့ထိမိကိုင်မိတာနဲ့ မရိုးသားတဲ့ အပင်းစာဟူသမျှဟာ ငါ့အမြင်မှာ ဘွားဘွားကြီးမူလပြန်ပြီးပေါ်လာရတော့တာပဲ။ အဲဒါ ဘယ်လိုကြောင့်လဲဆိုတဲ့လျှို့ဝှက်ချက်ကို ငါပြောပြမယ်။ တကယ်တော့ ငါတို့ဆရာဘုန်းကြီးရဲ့ကျေးဇူးပါပဲကွာ။ ငါတို့ဆရာတော်ကြီးဟာ လောကီကိစ္စတွေမှာလည်း အတော်ကြီးကို နှံ့နှံ့စပ်စပ်သိရှိကျွမ်းကျင်တော်မူတယ်ကွ။ ဒီတော့ သူ့တပည့်တွေဖြစ်ကြသူတွေကိုလည်း လောကုတ္တရာစာပေကျမ်းဂန်တွေသာမက လောကီကိစ္စဗဟုသုတတွေကိုလည်း ကြုံသလိုသင်ကြားမှတ်သားထားစေလေ့ရှိတယ်။ ငါ အခုလို ပညာသည်တွေပြုစားတာတို့၊ အပင်းအဆိပ်စာတွေကို ကြိုတင်သိနေတာတို့ဟာ ဆရာတော်ရဲ့ ကျေးဇူးပဲ။ ဒီမှာ လူကလေး မင်းရဲ့အမေကြီးပဲခေါ်ခေါ် အဘွားပဲခေါ်ခေါ်ပေါ့ကွာ။ ငါ့ရဲ့အမေ မင်းရဲ့ အမေကြီး ဒေါ်အေးမြိုင်ဟာ အဲလိုလူပြုစားခံရပြီး အပင်းစာကိုစားခဲ့မိလို့သေခဲ့ရတာကွ"

"ဗျာ- အမေကြီးက အပင်းစာကိုစားမိလို့ သေခဲ့ရတာ ဟုတ်လား အဖေ"

ကိုကျော်သိုက်က အံ့ဩတကြီးမေး၏။

ဘကြီးထူးက ခေါင်းညိတ်ပြ၏။

"ဟုတ်တယ် သား၊ စကားကမစပ်မိကြလို့ ဒီအကြောင်းတွေကိုပြောမပြခဲ့ဖူးဘူးပေါ့ကွာ။ ဒါကြောင့် မင်းကိုမသိတာပါ။ အခုတော့ ကြုံလာပြီမို့ ငါပြောပြမယ်။ ဒီလိုကွ"

ကျွန်တော်တို့ကား စိတ်ဝင်စားစွာငြိမ်၍နားစွင့်နေမိကြတော့၏။

ဘကြီးထူးက ဆက်ပြောပါ၏။

"လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ အထက်ပိုင်းက နိုင်ငံရေးအဖွဲ့တွေက အချင်းချင်း စိတ်ဝမ်းကွဲကုန်ကြတော့ တစ်ပြည်လုံးကသောင်းကနင်းဖြစ်ကုန်ကြတယ်ကွ။ တောခိုတဲ့သူကခို၊ လိုက်တိုက်တဲ့သူတွေကတိုက်၊ သူ့နယ်မြေကိုယ့်နယ်မြေအပိုင်စားယူပြီး တစ်တောတစ်ကြက်ဖဆိုသလို မင်းမူကြတော့တာပဲ။ ငါတို့နယ်မြေတွေကတော့ ပခုက္ကူဘက်ကနေစတဲ့မင်းဘူး၊ စေတုတ္တရာဒေသတွေအထိ အလံနီသခင်စိုးကြီးတို့အဖွဲ့ကြီးစိုးတယ်။ ဒါပေမယ့် သူတို့လည်း အများပြည်သူရဲ့လုံခြုံရေးကို ကျယ်ကျယ်ပြန့်ပြန့်တာဝန်မယူနိုင်တော့ တောမီးလောင် တောကြောင်လက်ခမောင်းခတ်တဲ့ သူခိုးဓားပြအဖွဲ့တွေကလည်း အောတိုက်ပဲ။ ဟိုရွာမှာဝင်တိုက်သွားပြန်ပြီ။ ဒီရွာမှာဝင်သောင်းကျန်းသွားပြန်ပြီနဲ့ သတင်းတွေကြောင့် လူတွေဟာ ကျိုးလန့်စာစားပဲ။ ခေတ်ပျက်ကာလပျက်တော့ ရှာဖွေစားသောက်ရတာလည်း မလွယ်ဘူး။ အစစအရာရာရှားပါးတယ်။ ကိုယ့်အသက်ဖက်နဲ့ထုပ်ထားရမလိုခေတ်ဆိုးကြီးထဲမှာ ငါ့အမေ ဒေါ်အေးမြိုင် သေခဲ့ရတယ်။ စုန်းပြုစားခံရတာပဲ"

"ဘယ်လိုဘယ်ပုံအပြုစားခံရတာလဲဆိုတာ ပြောပါဦး အဖေရဲ့"

"အေးလေ-ပြောပါ့မယ်။ တကယ်ကတော့ကွာ၊ ကြီးမားလှတဲ့ကိစ္စကြီးလည်းမဟုတ်ပါဘူး။ တစ်ရွာတည်းသားချင်းက မကျေနပ်ပြီးလုပ်တာပါ။ ပြစ်မှုကလည်း တော်တော်ကြီးတယ်။ ဆန်ကလေးတစ်ပြည်မချေးမိတဲ့ပြစ်မှု"

"ဟာဗျာ - ပေါက်ပေါက်ရှာရှာ"

ကိုကျော်သိုက်က မအီမလည်သံကြီးဖြင့်ရေရွတ်၏။

"ပေါက်ပေါက်ရှာရှာလို့ မပြောနဲ့ကွ။ အဲဒီကာလတုန်းကတော့ ဆန်ကသိပ်ခက်ခဲတာကလား။ တစ်နေ့စာတစ်နေ့ရှာစားရတယ်ဆိုတာ အဲဒီတုန်းကတော့ အပိုစကားမဟုတ်ဘူး သားရဲ့။ အမေ့ကိုလုပ်လိုက်တဲ့သူက ဒေါ်ခင်ဥတဲ့။ တစ်ရွာတည်းနေတွေဆိုတော့ ဒီလိုပဲ ဝင်ဟာယ်ထွက်ဟာယ်ပြောဟာယ်ဆိုဟာယ် ဆက်ဆံနေကြတာပါပဲ။ အမေ့ဆီကို သူဆန်လာချေးတဲ့နေ့က အဲဒီအချိန်မှာ ငါတို့က အိမ်မှာမရှိကြဘူး။ အမေ တစ်ယောက်တည်းပဲရှိနေတဲ့အချိန်ပေါ့။ အမေ့မှာကလည်း နောက်တစ်နပ်စာချက်ဖို့ကလွဲပြီး အပိုထုတ်ချေးစရာမရှိဘူး။ ဒါကြောင့် မချေးလိုက်နိုင်ဘူး။ အဲဒါကို ဒေါ်ခင်ဥက ရှိပါလျက်သားနဲ့ မချေးတာလို့သတ်မှတ်ပြီး အငြိုးထားပုံရပါတယ်"

"ဒါဖြင့်ရင်ဒေါ်ခင်ဥဆန်လာချေးတယ်ဆိုတဲ့ကိစ္စကို အဖေကဘယ်လိုလုပ်သိသလဲ"

ကိုကျော်သိုက်ကဖြတ်မေးသည်။

"ဟ - ဒါက အမေဆုံးပြီးကာမှ အိမ်နီးနားချင်း ကြီးတော် ဒေါ်ရွှေတုတ်က အဲဒီနေ့ကဒီလိုဒီလိုတော့ကြားလိုက်သဟဲ့၊ ခင်ဥလည်း စိတ်ဆိုးပြီး ပြန်သွားတာ တွေ့လိုက်မိတယ်လို့ ပြောလို့သိရတာကွ"

"ထားပါတော့၊ အဲဒီတော့ အဘွားဆုံးရပုံကိုပြောပါဦး"

"အေး - ပြောမယ်။ အဲဒီနောက်ရက်တော်တော်ကြာမှဆုံးတာ။ ဒေါ်ခင်ဥက အငြိုးထားနေတာကို အမေက မသိဘူးလေကွာ။ ဒီလိုပဲဝင်ဟာယ်ထွက်ဟာယ်ဆက်ဆံနေကြတာပါပဲ။ တစ်ညနေမှာတော့ပေါ့။ အမေက သူ့ဗိုက်ထဲက ထိုးထိုးအောင့်တယ်ဆိုပြီး အော်ပါလေရော။ လူကလည်း လူးလိမ့်နေတာပဲ။ ချွေးသီးချွေးပေါက်တွေကျလို့။ ငါတို့

www.burmeseclassic.com

လည်း တစ်အိမ်သားလုံး ခြေမကိုင်မိ လက်မကိုင်မိပျာယာခတ်ကုန်တာပေါ့။ ရွာထဲက ဗမာဆေးဆရာ ဘကြီးထွန်းလည်း မကယ်နိုင်ဘူး။ သူက ရိုးရိုးဆေးဆရာကိုးကွ။ ပယောဂကိစ္စတွေဘာတွေကို မပိုင်ဘူး။ ထိုတိုပြောပါစို့ဟေ့။ မိုးချုပ်ချုပ်မှာ မင်းအမေကြီးဆုံးတာပဲ။ ဘယ်ဆေးမှမကယ်လိုက်နိုင်ဘူး"

"တောက်- ဖြစ်မှဖြစ်ရလေ အဖေရာ။ အဲဒီတော့ အဖေတို့ ဘာဆက်လုပ်သလဲ"

ကိုကျော်သိုက်က ဒေါပွစွာ တက်ခေါက်လိုက်ရင်း ဆက်မေး၏။

ကျွန်တော်လည်း လွန်စွာစိတ်ဝင်စားခြင်းဖြင့် နားစွင့်နေရပါသည်။ ဇာတ်ရှိန်တက်လာသဖြင့် ရေနွေးကြမ်းပင် မသောက်မိတော့ပါ။

"တစ်ခုတော့ရှိတယ်ကွ။ အမေကဆုံးသာသွားရော ဒေါ်ခင်ဥလုပ်တာပါလို့ တစ်ခွန်းမှဟမသွားဘူး။ ဒါပေမယ့် သူ့စိတ်ထဲမှာတော့သိပုံပဲ။ဘာကြောင့်လဲဆိုတော့ ဗမာဆေးဆရာကြီးဘကြီးထွန်းကဆေးတိုက်တော့ အမေကပြောတယ်။ 'အရိုးထွန်း မရတော့ဘူး။ ကျုပ်အစာမိသွားပြီတော့' တဲ့။ ဒါနဲ့ ဘယ်လိုအစာမိတာလဲ။ ဘာညာဝိုင်းမေးကြတာပေါ့ကွာ။ 'ပြုသူအသစ်၊ ဖြစ်သူအဟောင်းပဲ၊ သံသရာမှာအကြွေးရှိခဲ့ရင် ကျုပ်အကြွေးကျေပြီ။ သူဟာသူအကြွေးသစ်ယူတာတော့မတတ်နိုင်ဘူး' တဲ့။ ဒါပဲပြောတယ်။ အမေက ဘာသာရေးကို သိပ်ကိုင်းရှိုင်းယုံကြည်တဲ့သူကွ။ ဗုဒ္ဓ ဓမ္မ သံဃ သရဏဂုံ ဂစ္ဆာမိဆိုပြီး မနက်မိုးလင်းတာနဲ့ သူ့ကိုယ်သူသရဏဂုံတင်ထားတဲ့သူမျိုး။ သူသေသွားရင် ကျန်တဲ့သူတွေအချင်းမများရအောင် ကြိုတ်ခံသွားတာ"

"ဟင် - အမေကြီးက အဲသလိုနဲ့ပဲ ဆုံးသွားရောလား အဖေရ"

ကိုကျော်သိုက်က အားမလိုအားမရ ဝင်မေးပြန်၏။

ဘကြီးထူးက ခေါင်းညိတ်ပြရင်း အာခြောက်ပြေရန် ရေနွေးကြမ်းကို တစ်ငုံကျိုက်လိုက်သည်။

"အေးပေါ့ကွ၊ အမေသေသွားပြီဆိုတော့ အသုဘခုတင်ပြင်ဆင်ကြရတာပေါ့ကွာ။ ခုတင်လို့သာပြောတာပါ။ အမှန်တော့ မြေစိုက်ဝါးခြမ်းစင်ကလေးပါပဲ။ အဲဒီမှာတင် တစ်စခန်းထလာတာက ဆေးဆရာဘကြီးထွန်းကွ။ သူက ငါ့အမေကို သူ့တူမအရင်းလိုချစ်ခင်ရင်းနှီးတာ။ သူဆေးတိုက်ပြီးကယ်ပေမယ့် မရလိုက်ဘူးဆိုတာ မခံချိမခံသာပေါ့ကွာ။ ဒီအထဲက အမေက 'အရိုးထွန်းမရတော့ဘူး၊ ကျုပ်အစာမိသွားပြီတော့'လို့ မဆုံးခင်ပြောသွားတာဆိုတော့ ဒေါတပွပွပေါ့ကွာ။ ဒါနဲ့ အသုဘရှင်တွေကိုခွင့်တောင်းပြီး အလောင်းကို ညဘက်မှာ ရင်ခွဲတော့တာပဲကွ။ အမေသေရပုံကို သွေးရိုးသားရိုးမဟုတ်ဘူးလို့ ဘကြီးထွန်းက သင်္ကာမကင်းဖြစ်နေတာကိုး။ ငါတို့အားလုံးလည်း သူနဲ့ထပ်တူပါပဲ။ အမေက သူမသေခင်မှာ အစာမိသွားပြီလို့ ပြောခဲ့တာကလည်းရှိတော့ မထူးပါဘူး။ သေတဲ့လူကလည်း သေပြီးတဲ့နောက်မှတော့ အကျိုးအကြောင်း၊ အဆိုးအကောင်းသိရအောင် ရင်ခွဲကြည့်ကြတာပေါ့ဆိုပြီး ခွဲလိုက်ကြရောဟေ့။ သောက်ကျိုးနည်းကွာ အဲဒီတော့မှ အမေ့ဗိုက်ထဲကထွက်လာတာက အမဲသားအစိမ်းတွေကွ။ ဘယ့်နှယ်တော့ တစ်ပိဿာလောက်နီးနီးရှိတယ်။ လက်စသတ်တော့ ဒီအပင်းတုံးကြောင့် အမေသေခဲ့ရတာကိုးကွ"

ကိုကျော်သိုက်တော့ မည်သို့ရှိမည်မပြောတတ်။ ကျွန်တော်ကတော့ အတော်ပင်ကြက်သီးထသွားလေသည်။

"ဟာ - အဲဒီတော့ အဖေတို့ဘယ်လိုလုပ်ကြသလဲ"

"ဘယ်လိုလုပ်ရမလဲကွ၊ အဲဒီ အမဲသားတွဲကြီးကို ထုတ်ယူလိုက်ကြတယ်။ အဲဒီမှာ ငါက ဆရာတော်ပြောပြဖူးတဲ့ အချက်တစ်ချက်ကိုသတိရလာတယ်ကွ။ ငါတို့ဆရာဘုန်းကြီးက သူပြောပြမယ့် အကြောင်းနဲ့ပတ်သက်ပြီး သူ့အသက်ကိုပြန်မသတ်ပါဘူးလို့ သစ္စာကတိပြု သစ္စာရေတိုက်ပြီးမှ ပြောပြခဲ့တာ။ ငါလည်း အဲဒီသစ္စာရေသောက်ထားပြီးသားဖြစ်နေလို့သာပေါ့ကွာ။ အဲဒီပညာသည်ကို ပြန်သတ်လိုက်ချင်သမှတော့ လက်ကိုယားနေတာပဲ။ တကယ်တော့ အဲဒီအပင်းတုံး အမဲသားတွဲဟာ ပြုလုပ်ခဲ့တဲ့ပညာသည်အတွက်တော့ သေမင်းတမန်ပဲကွ။ သူဘယ်မှပြေးမလွတ်တော့ဘူး။ ခံလိုက်ရတဲ့ကာယကံရှင်ဘက်ကလူတွေကသာ ပြန်လုပ်မယ်ဆိုရင်လည်း သူလည်း မချိမဆံ့ခံစားရပြီးမှ သေတာပဲကွ။ ဒါပေမယ့် ငါကပြန်မလုပ်ခဲ့ပါဘူး"

"အဖေပြောတာတွေကို ကျွန်တော်မရှင်းလှဘူး အဖေ၊ ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြောပြပါဦး"

ကိုကျော်သိုက်က ထပ်မေးပြန်သည်။

"အေးပါ - ငါရှင်းပြပါ့မယ်။ တို့ဆရာက မိန့်မှာဖူးတယ်ကွ။ အဲသလိုပညာရှင်လက်ချက်နဲ့ အပင်းစာမိပြီးသေရတဲ့သူရဲ့ဝမ်းထဲကထွက်လာတဲ့ အပင်းစာဟာ ကာကွယ်ဆေးကြီးတစ်ဖုံပဲတဲ့ကွ။ အဲဒီအပင်းစာကို စားလို့ဖြစ်အောင်ပြုပြင်ပြီး ထပ်စားပစ်လိုက်ရင် အဲဒီလူကိုနောက်ထပ် ဘယ်လိုစုန်းကဝေကမှ အပင်းစာထပ်ကျွေးလို့မရတော့ဘူး။ သူ့တစ်သက်တာတော့ အပင်းအဆိပ်ပြီးဆေးဖြစ်သွားတော့တာပဲ။ မရိုးမသားအပင်းစာဆိုရင် အဲဒီလူရဲ့လက်နဲ့ထိလိုက်ကိုင်လိုက်မိတာနဲ့ သူ့မူလအတိုင်းမြင်လိုက်သိလိုက်ရတော့တာပဲ။ အဲဒီတော့ မစားတော့ဘဲ ရှောင်နိုင်တော့တာပေါ့ကွာ။ ကျွေးတဲ့သူက ဇွတ်အတင်းကျွေးနေလည်း ပူစရာမလိုတော့ဘူး။ အဲဒီလူရဲ့ဗိုက်ထဲမှာ အပင်းအဖြစ်ပြောင်းလဲနိုင်စွမ်းမရှိတော့ဘူး။အန္တရာယ်မပြုနိုင်တော့ဘူး။ အဲဒါကို ဒဏ်ပြန်တယ်လို့ခေါ်တယ်။ ငါ့မှာ အဲလိုလျှို့ဝှက်ဒဏ်ပြန်သိဒ္ဓိကရှိနေပြီးသားလေ။ အဲဒါကြောင့်သာ ခု ငါတို့ကြုံခဲ့ရတဲ့ ငါးကြော်တွေနဲ့ ထန်းလျက်ခဲတွေဟာ သက်ကယ်တံစက်မြိတ်စတွေနဲ့ မြေကြီးတွေဖြစ်ကြောင်း တပ်အပ်ပြောနိုင်တာပေါ့"

"ဒါဖြင့် အဲဒီလျှို့ဝှက်ဒဏ်ပြန်သိဒ္ဓိကို အဖေက ဘယ်ပုံဘယ်နည်းနဲ့ရခဲ့တာလဲ အဖေ"

ကျွန်တော်တို့သိလိုသောအဓိကအချက်သို့ ရောက်ရှိလာပြီဖြစ်သည်။ ဘကြီးထူးက ခေါင်းညိတ်ပြလိုက်ရင်း ထိုလျှို့ဝှက်ချက်ကို ရှင်းပြလိုက်သဖြင့် ကျွန်တော်တို့ လန့်ဖျပ်သွားကြရလေတော့သည်။

"တခြားမဟုတ်ဘူး သားရေ၊ အဲဒီဝမ်းထဲကရတဲ့ အမဲသားအစိမ်းကို ခုတ်ထစ်တုံးတစ်ပြီး နူးအိနေအောင် ချက်စားပစ်လိုက်တဲ့နည်းပဲ"

"ဟာဗျာ - အဖေ့နည်းကလည်း ကြံကြီးစည်ရာ"

ကိုကျော်သိုက်က အလန့်တကြားလေသံဖြင့် အံ့အားသင့်စွာပြောသည်။

"ဘာလဲ-မင်းမယုံဘူးလား။ အဲဒါ ငါတို့ ဆရာဘုန်းကြီးကသင်ပေးခဲ့တဲ့ ရှေးနည်းပဲ။ ရွံရှာစရာကောင်းတယ်ဆိုပြီး စားရမှာကြောက်လန့်နေတာမျိုး၊ ဇီဇာကြောင်နေတာမျိုးဆိုရင်တော့ မဖြစ်ဘူးပေါ့ကွာ။ ကိုယ့်တစ်သက်တာမှာ အဲလိုပညာသည်တွေရဲ့ အပင်းစာ၊ အဆိပ်စာတွေကိုကာကွယ်နိုင်ဖို့ ဆေးတစ်ဖုံပဲဆို



www.burmeseclassic.com

www.burmeseclassic.com

တဲ့သဘောမျိုး နှလုံးသွင်းပြီးစားရမှာပေါ့။ အဖေကတော့ ကိုယ့်ဆရာဘုန်းကြီးရဲ့ပညာကို ယုံကြည်တဲ့အတွက်ကြောင့် မကြောက်မရွံ့ဘဲ အမေ့ဝမ်းထဲကရလာတဲ့ အမဲသားတွဲကို တုံးတစ်ပြီးနူးအိနေအောင်ချက်ပြီးစားပစ်လိုက်တယ်။ တချို့ကလည်း ရွံလို့ ကြောက်လို့ မသတီလို့ မစားကြဘူးပေါ့။ အဖေ့စကားကိုယုံကြည်တဲ့လူငယ်တချို့ကတော့ဝင်စားကြတယ်။ အဲဒီအကျိုးကျေးဇူးက နောက်နောင်မှာ ဘယ်လိုပညာသည်မျိုးရဲ့ အပင်းအဆိပ်စာပဲဖြစ်ဖြစ် ကိုယ့်ကိုအန္တရာယ်မပေးနိုင်တော့ဘူးသာ မှတ်ပေတော့။ အဲဒါ ဒဏ်ပြန်နည်းပဲ"

ဘကြီးထူးသည် တကယ်ပင် အလေးအနက်ပြောနေခြင်းဖြစ်ကြောင်း သူ၏မျက်နှာထားကပင် သက်သေခံနေသလိုရှိပါသည်။

"ဒါဆိုရင် အဖေက အဲဒီနည်းမှန်ကန်ကြောင်း သက်သေပြနိုင်တယ်ပေါ့"

"အဖေက သက်သေပြစရာမလိုပါဘူးကွာ။ အဖေ့ကိုယ်စား အဲလိုအပင်းထည့်ပြုစားခဲ့တဲ့ပညာသည်ကိုယ်တိုင်ကိုက မှန်ကန်ကြောင်း သက်သေပြခဲ့တာတို ကြုံခဲ့ရတာ ကိုယ်တွေ့ပါ။ အဲဒါက ပိုစိတ်ဝင်စားဖို့ကောင်းကောင်းနေသေးရဲ့"

ဘကြီးထူးက ပြုံးပြုံးကြီးပြောတော့ ကျွန်တော်နှင့် ကိုကျော်သိုက်တို့ ဦးခေါင်းတွေထောင်သွားမိကြပြန်လေသည်။

"ဘယ်လိုသက်သေပြခဲ့တယ်ဆိုတာပြောပါဦး အဖေ"

"ရှင်းရှင်းကလေးပါပဲ။ အဖေက ဆရာဘုန်းကြီးသင်ပြပေးထားတာကို မှတ်ထားတဲ့လူဆိုတော့ အမေ့ဝမ်းထဲကရတဲ့အမဲသားတွေကို အကုန်ချက်ပြုတ်ပစ်တာမဟုတ်ဘူးကွ။ ရလာတဲ့အသားစိမ်းအတွဲထဲက ခပ်ကြီးကြီးတစ်တုံးကို ဘေးမှာသီးသန့်ဖယ်ထားလိုက်တယ်။ အဲဒီအသားစိမ်းတုံးက လူကြီးလက်သီးဆုပ်လောက်တော့ရှိပေမပေါ့ကွာ"

"ဘာလို့ချန်ထားလိုက်ရတာလဲ အဖေ"

ကိုကျော်သိုက်က စိတ်ဝင်တစား မေးပြန်၏။

ထိုအခါ ဘကြီးထူးကပြုံး၍ -

"ပြောမှာပေါ့ကွာ။ အဲဒီအသားစိမ်းတုံးကို ဘေးမှာသီးသန့်ဖယ်ထားပြီးတဲ့နောက်မှာ အဖေက အိမ်ကအကြီးဆုံးသော ထင်းခုတ်ဓားမကြီးရဲ့အနှောင့်ကို ဓားလက်ကိုင်ရိုးကနေ မကျွတ်ကျွတ်အောင် ဆွဲနုတ်လိုက်တယ်။ ပြီးမှ ဓားလက်ကိုင်ရိုးထဲကထွက်လာတဲ့ ဓားရဲ့နောက်မြီးပိုင်းဓားနှောင့်အချွန်ကို မီးပုံထဲပစ်ထည့်လိုက်တယ်။ ဘယ်ကြာလိမ့်မလဲ။ မီးဖိုက မီးအားကောင်းတော့ မိနစ်(၂၀) လောက်မှာတင် အဲဒီဓားနှောင့်အချွန်အမြီးပိုင်းက မီးသွေးခဲလို ရဲရဲတောက်လာပါလေရောဟေ့။ ဒဏ်ပြန်နည်းပညာကို မသိကြတဲ့သူတွေကတော့ အဖေ့ကို ဘာတွေလျှောက်လုပ်နေတာကုံးဆိုပြီးတွေးလို့ အဖြေမရကြဘူးပေါ့။ ဓားနှောင့်အချွန်လည်း မီးတရဲရဲဖြစ်လာပါလေရော။ အဖေက စောစောတုန်းက တမင်ချန်ထားခဲ့တဲ့ အမဲသားအစိမ်းတုံးကို မီးကင်လိုက်တယ်။ အဲသလိုမီးကင်လိုက်ပြီဆိုကတည်းကဟေ့ ဒေါ်ခင်ဥဆိုတာ အူယားဖားယားနဲ့ကို အဖေတို့မီးပုံအနားပြေးလာတော့တာကွ"

နားထောင်နေကြသော ကျွန်တော်တို့တစ်တွေမှာ အတော်လန့်ဖျပ်သွားကြရပြန်လေသည်။ ကိုကျော်သိုက်လည်း မျက်လုံးတပြူးပြူးဖြင့် မေးလေ၏။

"ဒေါ်ခင်ဥက ဘာလို့ပြေးလာရတာတုံး အဖေရဲ့"

"ဟ - အဲဒါဟာ အဓိကအချက်ပေါ့သားရဲ့၊ သူသေရမှာကိုကြောက်လို့တောင်းပန်ရအောင်ပြေးလာတာပေါ့။ သူ့မှာ ဆံပင်ဖားလျားနဲ့ ထဘီမနိုင်ပဝါမနိုင်ဖြစ်နေပြီ။ မျက်နှာပေါ်မှာလည်း မျက်ရည်တွေရောနှပ်တွေရောပေပွလို့။ အဖေတို့အနားရောက်လာတာနဲ့ အဖေ့ကို ဦးအကြိမ်ကြိမ်ချရှိခိုးပြီး ချမ်းသာပေးပါ မောင်ထူးရဲ့၊ အဒေါ်မှားခဲ့တာကို ဝန်ခံပါတယ်။ အဒေါ့်အသက်က မင်းလက်ထဲမှာပဲရှိပါတော့တယ်ဆိုပြီး ငိုကြီးချက်မနဲ့ တတွတ်တွတ်တောင်းပန်တော့တာပဲဟေ့။ အဖေ့နားမှာဝိုင်းထိုင်နေကြတဲ့ ရွာသူရွာသားတွေကတော့ဘာမှမသိကြတော့ အားလုံးတအံ့တဩနဲ့ ဒေါ်ခင်ဥကို ဝိုင်းကြည့်နေကြတော့တာပေါ့ကွာ"

"နေပါဦး အဖေရဲ့၊ သူကဘာကိစ္စနဲ့ အဖေ့ကို ငိုယိုတောင်းပန်ပြီးတော့ ထိုင်ကန်တော့ရတာတဲ့တုံးဗျ"

"အဲဒါဟာ အဓိကအချက်ပေါ့သားရဲ့။ မင်းမှတ်ထား၊ စောစောတုန်းက အမဲသားအစိမ်းတုံးကို မီးကင်လိုက်ပြီဆိုကတည်းက အဲဒီအမဲသားတုံးမှာပူတဲ့အပူဒဏ်မျိုးက ပြုစားခဲ့တဲ့သူရဲ့ရင်ထဲကို သွားပူနေတာကွ။ သေသူရဲ့ဝမ်းထဲကထွက်လာတဲ့ အသားတုံးထဲက ရှေးဦးဆုံး လက်နောက်ပြန်ယူပြီး တမင်ဖယ်ထားခဲ့တဲ့အသားတစ်အသားတုံးတစ်တုံးဆိုပါတော့။ အဲဒါက ဟင်းချက်စားမယ့်အသားတုံးတွေနဲ့ မတူတော့ဘူး။ ပညာသည်ပြုစားထားတဲ့ ခြေရာလက်ရာအငွေ့အသက်ဓာတ်တွေက အဲဒီလက်နောက်ပြန်ယူထားတဲ့ အသားတစ်မှာစီးနေတာကလား။ အဲဒီအသားတစ်ကို မီးကင်ရင် လုပ်ခဲ့တဲ့ပညာသည်ရဲ့ရင်ထဲမှာလည်း အဲဒီအသားတစ်ကအပူဒဏ်နဲ့ အညီအမျှသွားပူတာပဲ။ ဒီတော့ ပညာသည်က အပြုစားခံခဲ့ရတဲ့သူရဲ့ဘက်ကတော့ သူ့ကိုတန်ပြန်ပြန်ဆော်တော့မယ်ဆိုတာကို ချက်ချင်းသိလိုက်ပြီပေါ့ကွာ။ ဒါကြောင့် ဒေါ်ခင်ဥဟာ ငါတို့ဆီပြေးလာရတော့တာပေါ့။ နဂိုတုန်းကတော့ တစ်နည်းနည်းနဲ့ ဥပါယ်တံမျဉ်နဲ့ တားဆီးဖို့လာတာနေမှာပေါ့ကွာ။ မီးကင်နေတဲ့အသားတစ်ကို ငါစားချင်လို့ ငါ့ကိုပေးပါတို့ ပြန်ရောင်းစမ်းပါဆိုတာမျိုးနဲ့ သူ့လက်ထဲရောက်အောင်လုပ်ဖို့နေမှာပေါ့။ ဒါပေမယ့် ငါတို့ဆီရောက်လာတော့ ငါစီရင်ထားပုံတွေကို မြင်လိုက်ရတော့ ဒေါ်ခင်ဥက္ကန္ဒြေမဆည်နိုင်လောက်အောင် ထိတ်လန့်တုန်လှုပ်ပြီး မျက်လုံးပြူးသွားတော့တာပေါ့ကွာ"

"အဖေက ဘယ်လိုစီရင်ထားလို့တုံး"

"စောစောတုန်းကပြောခဲ့ပြီးပြီလေ။ ငါ့အိမ်က ထင်းခုတ်ဓားမကြီးရဲ့အနှောင့်ကို လက်ကိုင်ရိုးကနေချွတ်ယူပြီး အဲဒီဓားအနှောင့်ဘက်ကို မီးပုံထဲထိုးထည့်ထားပါတယ်ဆိုတာ ဓားနှောင့်ပိုင်းတစ်ခုလုံးဟာ မီးသွေးခဲတစ်ခဲလို၊ ပန်းပဲဖိုထဲကတူထုပုံသွင်းတော့မယ့်ဓားလိုနီရဲနေပြီ။ အဲဒါကိုမြင်ပြီး ဒေါ်ခင်ဥဟာ သွေးပျက်မတတ် တုန်လှုပ်သွားတော့တာပဲ။ မင်းမှတ်ထား၊ စောစောကဖယ်ထားခဲ့တဲ့ အမဲသားတစ်ကို ဓားရိုးက ဓားနှောင့်ရိုက်သွင်းတဲ့အပေါက်မှာတော့ထားပြီး နီရဲနေအောင် မီးဖုတ်ထားတဲ့ ဓားနှောင့်နဲ့ ရိုက်သွင်းပြီး ဓားပြန်တပ်ရင် အဲဒီဓားနှောင့်ကအပူရှိန်က ပညာသည်ရဲ့ဗိုက်ထဲကို ဓားနှောင့်နဲ့ရိုက်သွင်းပြီးပူစေသလို ထပ်တူပူလောင်တဲ့ဒဏ်ကို ခံစားကြရတယ်။ ဓားရိုးကို ဓားနှောင့်တပ်ပြီး ရိုက်သွင်းလေလေ သူ့ဗိုက်ထဲကို အဲဒီသံပူဓားနဲ့ထိုးမွှေသလို မြေမှာလူးလိမ့်နေအောင် ခံစားကြရသတဲ့။ အမဲသားတစ်က ဓားရိုးအပေါက်ထဲမှာနေ၊ အဲဒီဓားက ဓားရိုးထဲအဆုံးထိဝင်သွားချိန်မှာ ပညာသည်



www.burmeseclassic.com

www.burmeseclassic.com

ဟာ မရှုမလှနဲ့သေရတော့တာပဲ။ အဲဒါဟာ ဒဏ်ပြန်တဲ့နည်းပဲ။ ဒါကို ပညာသည်တွေကသိတယ်။ ဒေါ်ခင်ဥဟာ ငါက ဓားနှောင့်တစ်ပိုင်းလုံး မီးဖုတ်ထားတာကိုမြင်ကတည်းက အဲဒီနည်းအတိုင်းလက်တုံ့ပြန်တော့မယ်ဆိုပြီး ကြွေမဆည်နိုင်လောက်အောင် မျက်စိမျက်နှာပျက်နေပြီ။ နောက်တော့ မောင်ထူး နင်ဘာတွေလျှောက်လုပ်မလို့လဲလို့ ပြောင်ဖွင့်ပေးတော့တာပဲ။ ငါကလည်း ဟန်ကိုယ့်ဖို့ဆိုသလို ကျုပ်အမေကိုလုပ်ခဲ့တဲ့သူကို ပြန်သတ်ဖို့ပေါ့ဗျ။ ယောဒီ အမဲသားတစ်ကိုမီးဖုတ်ထားတဲ့ဓားနှောင့်နဲ့ ဓားရိုးထဲအပြီးရိုက်သွင်းပစ်မှာ။ သင်းလည်း မချိမဆံ့အော်ဟစ်လူးလိမ့်ပြီး သေချင်းဆိုးနဲ့သေရအောင်ကြံပေတော့လို့ ခပ်တည်တည်ကြိမ်းလိုက်တာပေါ့။ ဘာပြောကောင်းမလဲကွာ။ ဒေါ်ခင်ဥဟာ မလုပ်ပါနဲ့ မောင်ထူးရဲ့၊ ငါမှားပါတယ်။ ငါ ဒေါသအလျောက်မဆင်မခြင်လုပ်လိုက်မိတာပါ။ အပြစ်ရှိသူကငါပါဆိုပြီးတော့ မရှက်မကြောက် ငိုချင်းချတော့တာပဲဟေ့။ ငါ့ရှေ့မှာ ဒူးထောက်ပြီး အကြိမ်ကြိမ်ဦးချရှိခိုးနေတော့တာ အများအမြင်ပဲ။ ဒီတော့ သူတရားခံ ပညာသည်ဖြစ်ကြောင်း တစ်ရွာလုံးသိကုန်ကြတော့တာပေါ့ကွာ”

ကျွန်တော်တို့ အတော်ကြက်သီးထသွားကြပါသည်။ ဘကြီးထူးပြောပြသောတန်ပြန်နည်းမှာ အတော်ကြောက်မက်ဖွယ်ဖြစ်သည်။ နီရဲနေအောင်မီးဖုတ်ထားသော ဓားနှောင့်ရိုးဖြင့် ဓားထဲသို့ ထိုးမွှေသတဲ့သို့ ခံစားရသည်ဆိုသည့်အချက်က အလွန်ပြင်းထန်သောတုံ့ပြန်ချက် ဖြစ်၏။

“အဲဒီတော့ အဖေကကော ဘာဆက်လုပ်သလဲ။ ကျွန်တော်သာဆိုတွယ် ထည့်လိုက်မိမှာပဲ”

ကိုကျော်သိုက်က မေးမေးပြောပြောပြော၏။

ဘကြီးထူးက ခေါင်းခါပြပါသည်။

“အဖေတို့ဆရာဘုန်းတော်ကြီးက နည်းကိုသာသိအောင်ပြောခဲ့တာ။ သိတဲ့အတိုင်းကြုံလာရင်လည်း ပြန်မလုပ်ပါဘူးလို့ ဘုရားရှေ့မှာ သစ္စာဆိုကတိပြုပြီးစေမှ ဒီနည်းကိုပြောခဲ့တာကွ။ အဖေတို့က သစ္စာကတိပြုပြီးသား။ ဘယ်ပြန်လုပ်လို့ဖြစ်မလဲ။ ကိုယ်လည်း အဲဒီမကောင်းမှုဒဏ်ကို ပြန်ခံစားရမှာပေါ့။ ဝင့်တုံ့ဝင့်လှည့်မယူပါဘူးကွာ။ ဒါပေမယ့် အဖေကတော့ ဆက်ပြီးခြောက်လှန့်ရတာပေါ့။ ကောင်းပြီ ခင်ဗျားကဝန်ခံနေပြီဆိုတော့ ကျုပ်ပြောမယ်။ ခင်ဗျား ဒီမကောင်းတဲ့ ပညာကိုစွန့်မလား၊ ခုပဲ မချိမဆံ့အသေခံမလား။ အဲဒီနှစ်လမ်းထဲကတစ်လမ်းကို ရွေးပေတော့။ ပညာကိုမစွန့်နိုင်ဘူးဆိုရင်တော့ ကျုပ်က လက်စားချေရလိမ့်မယ်။ ပညာကိုစွန့်ပါ့မယ်ဆိုရင်တော့ ခုအများရှေ့မှာစွန့်ပြ။ ဒါဆို ကျုပ်ခွင့်လွှတ်မယ်ဆိုပြီး အပေးအယူလုပ်လိုက်တယ်”

“အဲဒီတော့ သူက ဘာပြောသလဲ ဘကြီး”

ကျွန်တော်က ဝင်မေးလိုက်မိ၏။

“ဟ - ဒီလောက်တောင် မချိမဆံ့ကြီးလူးလိမ့်ခံစားပြီးမှသေရမယ့်အရေးမကြောက်ဘဲနေပါ့မလား ငါ့မြေးရ။ သူ့ပညာကို ရာသက်ပန်စွန့်လွှတ်ပြီး ဘုရားတရားနဲ့ ကောင်းကောင်းမွန်မွန်နေပါတော့မယ်ဖြစ်လာတော့တာပေါ့။ ဒါဆိုရင် အခုချက်ချင်းမဲလုပ်ဗျာ။ နို့မို့ရင် ကျုပ်စိတ်ပြောင်းသွားရင်ခက်မယ်လို့ ထပ်လှန့်လိုက်တော့ ဒေါ်ခင်ဥ ငိုကြီးချက်မနဲ့ပဲ အများရှေ့မှာ သူ့ပညာကိုစွန့်တယ်ကွယ်။ ဟုတ်ပါပြီ၊ အခုပဲစွန့်လွှတ်ပါတော့မယ်ဆိုပြီး ငါတို့ရှေ့တင် သုံး၊ လေးကြိမ်လောက် အန်အန်ချတာပဲကွ။ အန်ဖတ်တွေက စိမ်းဝါဝါအရောင်တွေ အပုံလိုက်အပုံလိုက်ထွက်လာတာပဲ။ မလေးငါးခါရှိတော့ ဘာမှထွက်မလာတော့ဘူး။ ငါတို့ကတော့ ခင်ဗျားချန်မထားနဲ့နော်။ ကျန်သေး[illegible] မကျန်အောင်အကုန်စွန့်။ မှရာ[illegible]များပြီး ချန်ထားရင်တော့ ကျုပ်မှာ ဖါးဆက်ရက်စက်တဲ့နည်းတွေရှိ[illegible]။ ခင်ဗျားပြေးမလွတ်ဘူးဘာညာနဲ့ လှန့်ပေးရတာပေါ့ကွာ။ အဲ့ရား ပေးပေးကျမ်းပေးဓမ်းပါ မောင်ထူးရယ်၊ အခေါ်မှာ ဘာမှမကျန်အောင် စင်စင်သွားပါပြီတဲ့ကွ။ အနီးအနားက လူတွေဆိုတာ တအံ့တဩဝိုင်းကြည့်နေကြရတော့တာပေါ့ကွာ”

“အဖေကလည်း သူပြောတိုင်း ယုံရမှာလားဗျ။ အဖေတို့ကိုညာတာဆိုရင် ဘယ့်နှယ်လုပ်မလဲ”

ကိုကျော်သိုက်က မချင့်မရဲသံသယဖြင့်မေး၏။

“ဒါကတော့ သူ့ထိုက်နဲ့သူ့ကံပေါ့ကွာ။ ဘယ်တတ်နိုင်မှာတုံး။ ဒါပေမယ့် ညာခဲ့တာတော့ ဟုတ်ပုံမရဘူးကွ။ ဘာကြောင့်လဲဆိုတော့ ဒေါ်ခင်ဥဟာ သေသာသေသွားရော ရွာမှာ နောက်ထပ်သူနဲ့ပတ်သက်ပြီး ဘာပြဿနာမှထပ်မပေါ်လာတော့ဘူး [illegible]

ပဲ သေတဲ့အထိ ဘုရားတရားဘာသာရေးကိစ္စတွေပဲ ရှိရှိကျိုးကျိုးလုပ်ကိုင်နေထိုင်သွားတာတွေ့ရတယ်။ ကဲ - အဲဒါ အဖေကိုယ်တိုင်ကြုံခဲ့ရတဲ့ ပညာသည်တွေနဲ့ ပတ်သက်တဲ့ အတွေ့အကြုံပဲ။ မှတ်ထားကြပေတော့”

ထိုညက စကားဝိုင်းသိမ်း၍ ကိုယ်စီကိုယ်ငအိပ်ရာဝင်ကြသည်အထိ ကျွန်တော့်မှာ မှတ်တော်နှင့်အိပ်မပျော်ဘဲရှိ၏။ မိမိစားခဲ့သော ငါးကြော်များနှင့် ထန်းလျက်ခဲတို့ကို ပြန်ပြန်မြင်ယောင်ကာ သွေးလန့်နေမိရသောကြောင့် ဖြစ်လေ၏။ အတော်ကြီးညဉ့်နက်မှအိပ်ပျော်ခြင်းသို့ရောက်ခဲ့သည်မှာ မှတ်မှတ်ရရပင်ဖြစ်ပါတော့သည်။

နောက်တစ်နေ့မှာပင် ကျွန်တော်နှင့် ဘကြီးထူးတို့ ထိုရွာမှပြန်ခဲ့ကြပါသည်။ ပြန်ခါနီးတွင် ဘကြီးထူးက ဒေါ်ကြီးဓံတို့ လင်မယားအိမ်သို့ဝင်ကာ ပြုံးပြုံးရွှင်ရွှင်ပင် တန်မပျက်နှုတ်ဆက်ခဲ့ပေသေး၏။ သူ၏ပညာကို ဘကြီးထူးက သိနေသည်ကို ဒေါ်ကြီးဓံ ရိပ်မိ၊ မရိပ်မိတော့ မခွဲခြားတတ်ပါ။ ဘကြီးထူးကလည်း သူသိကြောင်းကို အရိပ်အမြွက်မျှပင် ထုတ်မော်ပြသခြင်းမရှိပါ။ ခပ်ရိုးရိုးပင် ခင်မင်သောမိတ်ဆွေများကို နှုတ်ဆက်သကဲ့သို့ နှုတ်ဆက်ခဲ့ခြင်းကိုသာပြုပါသည်။

မည်သို့ဖြစ်စေ ဒေါ်ကြီးဓံသည် ကျွန်တော်တို့ကို ဖျက်ဆီးစေလိုသော စေတနာမပါဘဲ ရုတ်တရက်ပေါ်လာသော စည့်ဝတ်ပြုစရာ အစားအစာအတွက် သူ၏ပညာကို ခပ်လွယ်လွယ်အသုံးချခဲ့ခြင်းသည်သက်သက်မျှသာဖြစ်ဟန်တော့သေချာပါသည်။ ကျွန်တော့်တွင် စည်သည့်ဝေဒနာတစ်စုံတစ်ရာမှ မခံစားခဲ့ရဘဲ အေးမသီရန်မခရှိခဲ့ခြင်းကြောင့် ဖြစ်၏။ နောက်တစ်နည်းက ဘကြီးထူး၏ သစ္စာပြုရေစင်ကို အချိန်မီသောက်လိုက်ရ၍ ဤသို့ ဘေးဘယာကင်းစင်ခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ကျွန်တော့်အဖို့ရာ ဘကြီးထူးနှင့် အတူသွားခဲ့ရဖူးသော ကရေးဘဝတထိုခရီးစဉ်သည် ဘဝတစ်သက်တာ (ထရေ့စ်ဆိုင်) အမှတ်တရ စွဲထင်မှတ်သားမိနေသောအတွေ့အကြုံကိုရခဲ့သည့် ခရီးတစ်ခုအဖြစ် မှတ်တမ်းတင်ရတော့မည်ဖြစ်ပါတော့သည်။

နေ့သစ် (သောင်းမြေ့ချိန်း)



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံမှ ရှေးဟောင်းဘီလူးပုံများ



အိန္ဒိယနိုင်ငံမှ ရှေးဟောင်းဘီလူးပုံများ



အိန္ဒိယနိုင်ငံမှ ရှေးဟောင်းဘီလူးပုံများ

ရွှေစိုး

# ယက္ခကုမ္ဘဏ်

ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်လာပါလျှင် ဗုဒ္ဓဘာသာဝင်တို့ အသိအမှတ်ပြုပင်ပြငြားလည်း တလေးတစား အလေးမထားကြသော လောကတစ်ခုရှိ၏။ ယင်းလောကကား နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗတို့လောက ဖြစ်၏။

ဗုဒ္ဓရှင်တော်မြတ်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သောသုတ္တန်ဒေသနာတော်မြတ်များတွင် လည်းကောင်း၊ ဗုဒ္ဓပရိတ်တော်များတွင် လည်းကောင်း နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗတို့ ပါဝင်သောကဏ္ဍအတန်များများရှိ၏။ (၃၁) ဘုံတွင်လည်း ဘုံတစ်ဘုံဖြင့်သတ်သတ်မှတ်မှတ် အပိုင်ဌာနရှိကြ၏။ ရွှေစိုးတို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်းသည် ဒါနမှု၊ သီလမှု၊ ဘာဝနာမှု စသည့် ကောင်းမှုကုသိုလ်တစ်ခုခုပြုပြီးလေတိုင်း မိမိနှင့်တကွ မြင်ရမမြင်ရ (၃၁) ဘုံသားတို့ ကုသိုလ်ကောင်းကျိုးအချိုးတူရရှိစေလိုသော မေတ္တာစိတ်ဖြင့် အမျှပေးဝေလေ့ရှိကြ၏။ ဤသို့ အမျှပေးဝေရာတွင်လည်း နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗကိုပါ ရည်စူးပြီး အမျှဝေတတ်ကြ၏။ သို့သော် ထိုနဂါး၊ ဂဠုန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗတို့ကိုမူ စိတ်ဝင်တစား အလေးထားကာ အသိအမှတ်ပြုကြသူတို့ကား နည်းလှပေမည်။

ရတနာမြတ်သုံးပါးဦးထိပ်ထားကာ ဗုဒ္ဓသာသနာတော်ကြီးအား အထောက်အပံ့ပြုပြီး သာသနာတော်သို့ ကျရောက်လာမည့်အန္တရာယ်အသွယ်ကို ကာကွယ်လျက် မိမိတို့၏ဗောဓိဆုမြတ်တို့ကိုဆွတ်



ဂျပန်ဘီလူး

ခူးလိုကြသည့် ထူးခြားပုဂ္ဂိုလ် ယောဂီရှင်တို့၏ကျင့်စဉ်မြတ်ကို လိုက်စားကြသော သမထဂမ္ဘီရယောဂီသူတော်တို့သည် ထိုနဂါး၊ ဂဠုန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗနတ်တို့ကို အမျှပေးဝေကြရုံမျှမက ထိုယောဂီတို့၏ကျင့်စဉ်ကဏ္ဍများနှင့် သာသနာပြုလုပ်ငန်းများတွင် ထို နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗတို့၏ အကူအညီအထောက်အပံ့တို့ကို ရယူကြရသည့် ကျင့်စဉ်များ၊ ပညာခွင်များ ပါရှိတတ်၏။ သို့သော် ထိုနဂါး၊ ဂဠုန်တို့ကို အကောင်အထည်ဖြင့်မြင်နိုင်ရန် လွန်စွာခဲယဉ်းလှသဖြင့် စိတ်ဝင်တစား အလေးထားကြသူနည်း



ဂျပန်ဘီလူး



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံမှ ရှေးဟောင်းဘီလူးပုံများ




အိန္ဒိယဘီလူးပုံစံ ထိုင်းနိုင်ငံမှဘီလူးရုပ်တု



ကမ္ဘောဒီးယားဘီလူး



ယက္ခမယ်တော်



အင်ဒိုနီးရှားဘီလူး



ကမ္ဘောဒီးယားဘီလူး

လှ၏။ ရိုးရိုးရှင်းရှင်းဆိုရလျှင် နဂါးဆိုရုံ၊ ဂဠုန်ဆိုရုံ၊ ကုမ္ဘဏ်ဆိုရုံ၊ ယက္ခဆိုရုံမျှ လောက်ထက်ပို၍သိသူ၊ သိအောင်လေ့လာသူရှားလှပေသည်။

'နဂါး၊ ဂဠုန်ဆိုရုံထက်ပို၍သိစရာကောလိုပါသလား' ဟု မေးလောက်၏။ ဖြေပါမည်။ လိုလည်းမလိုပါ။ လိုလည်းလိုပါသည်။ သာမန်ကုသိုလ်ရရုံ အာရုံထားသူတို့အတွက် 'မလိုပါ'။ ထူးခြားစွာ သာသနာပြုလိုသူတို့အတွက်မူ 'လိုပါသည်'။ အပြည့်အစုံသိရန် မဆိုလိုပါ။ အနည်းအကျဉ်းအားဖြင့် သိအပ်သော အသိမျိုးလောက်ကို ဆိုလိုပါသည်။ သမထ၊ ဝိပဿနာကျင့်စဉ်များအတွက် အခြေခံအားဖြင့် မသိမဖြစ်သိထိုက်သောအသိမျိုးကို ဆိုလိုခြင်းသာ ဖြစ်ပါသည်။ စာစကားဖြင့်ဆိုရသော် 'သုတမယသုတ်' ဖြစ်မြောက်ပြည့်စုံရန် အခြေခံအသိမျိုးလောက်ဟု ဆိုရပါလိမ့်မည်။ အထူးသဖြင့် သမထဂမ္ဘီရကို လေ့လာအားထုတ်နေကြသော သမထယာနိကာဂမ္ဘီရယောဂီများအတွက် နဂါး၊ ဂဠုန်ဆိုရုံမျှထက် တတ်နိုင်သမျှ ပို၍သိထားသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်များသည် နှစ်ဥကာလာစကျင့်စတွင် သာမန်ယောဂီတစ်ဦး (သို့) တပည့်တစ်ဦးဖြစ်နေပေမည့်ရင့်ကျက်လာသော တစ်ချိန်တွင် အများအားကိုးရာပုဂ္ဂိုလ်တစ်ဦး (သို့) တပည့်တို့ဆည်းကပ်ရာ ဆရာရှင်တစ်ဦးဖြစ်လာမည်မှာ ရှောင်မလွှဲသောကြောင့်ဖြစ်။ အများအားကိုးမှုကို ခံယူမည်ဆိုပါက အများအားကိုးလောက်သော သုတမာယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်ရှိရပါလိမ့်မည်။ သို့မဟုတ်ပါက မိမိအား ဆရာတင်ကာ အားကိုးနေကြသူတို့ အမှောင်နှင့်အမှားကျရောက်တတ်ပါသည်။ ယနေ့မျက်မှောက်ကာလ၏သာဓကများထဲမှ အချို့ကို ထုတ်ပြရလျှင် နဂါးရှိ၊မရှိ၊ နဂါးပူးခြင်း၊ နဂါးမြူးခြင်း၊ နဂါးဆက်ဝင်၊ နဂါးသက်ဝင်၊ ယက္ခဒေဝအပူးအကပ်၊ ယက္ခဒေဝဗလိနတ်စာကျွေးခြင်း၊ ဘီလူး



www.burmeseclassic.com

www.burmeseclassic.com

ပူးခြင်း၊ ဘီလူးနှောင့်ခြင်း၊ ဘီလူးခြောက်ခြင်း၊ ပုဏ္ဏကတိုက်ခြင်း၊ သိုက်ဆက်၊ သိုက်သက်၊ သိုက်အုပ်၊ သိုက်ချုပ်၊ သိုက်နန်းရှင်၊ သိုက်တွင်းသား၊ သိုက်စောင့် စသည် အကြောင်းအရာများတွင် ယုံသူနှင့် မယုံသူတို့အကြား အမုန်းမထားသော်လည်း အငြင်းပွားနေကြခြင်းကို သာဓကအဖြစ် ထုတ်ပြလိုပါသည်။ 'ယုံသည်လည်းမဟုတ်၊ မယုံသည်လည်းမဟုတ်' ဟု မိမိကိုယ်မိမိ သတ်မှတ်ထားကြသူများအတွက် မည်သို့မျှ မဆိုလိုပါ။ 'ယုံသူ၊ မယုံသူ၊ ယုံလိုသူ' တို့အတွက်မူ ယုံရခြင်း၏ခိုင်မာမှန်ကန်သောအကြောင်းပြချက်၊ မယုံရခြင်း၏ခိုင်မာမှန်ကန်သောအကြောင်းပြချက်၊ ယုံလိုခြင်းကြောင့် ယုံသင့်သော မှန်ကန်သည့်အကြောင်းပြချက်တို့တော့ရှိသင့်သည်။ ခိုင်မာမှန်ကန်သောအကြောင်းပြချက်မရှိဘဲ ယုံကြည်ခြင်း၊ မယုံကြည်ခြင်းသည် အန္တရာယ်ရှိတတ်ပါသည်။ ထို့ကြောင့် ရွှေစိုးသည် ယုံကြည်ခြင်း၊ မယုံကြည်ခြင်း ဒွိဟဖြစ်စေတတ်သော နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗနတ်တို့နှင့်ပတ်သက်သော အချက်အလက်များရှာဖွေတင်ပြလိုခြင်းဖြစ်၏။

ယခုလတွင် ကုမ္ဘဏ်ယက္ခတို့နှင့် ပတ်သက်သော အချက်အလက်အချို့ကိုလေ့လာလိုသူတို့အတွက် အထောက်အပံ့တစ်စွန်းတစ်စဖြစ်စိမ့်သောငှာ တင်ပြပါမည်။

## ၁ ဘီလူး

ရွှေစိုးတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ဘီလူးဆိုလျှင် အသွင်သဏ္ဌာန်နှင့်တကွ မျက်စိထဲ တန်းခနဲပင် မြင်နိုင်ကြပါလိမ့်မည်။ ဘုန်းတော်ကြီးများ ဟောသော ဇာတ်တော်၊ သုတ္တန်တော်များမှစ၍ ဇာတ်သဘင်၊ အငြိမ့်ပွဲ၊ တေးသီချင်းများထဲတွင် ဘီလူးကို ရွှေစိုးတို့ ကြားကြ၊ မြင်ကြရပါသည်။ ဘီလူးဆိုသည်နှင့် အကောင်းထက် အဆိုးကပို၍ များသောသဏ္ဌာန်နှင့် လုပ်ဆောင်ချက်များကို တွေ့ရ၏။ ဘီလူးနှင့်ပတ်သက် စကားစပ်မိ၍ ပြောမိသော တစ်ခါက သိပ္ပံဝါစာပြင်းထန်သော မိတ်ဆွေအချို့က 'သိပ္ပံခေတ်ကြီးမှာ ဘီလူးဆိုတာမရှိတော့ပါဘူး' ဟု ရွှေစိုးကို လှောင်သလိုလို ပြောခဲ့ကြဖူးပါသည်။ အမှန်တကယ်တော့ ရွှေစိုးတို့ထက်စော၍ သိပ္ပံဝါဒ ထွန်းကားသော အနောက်နိုင်ငံများနှင့် အရှေ့နိုင်ငံများမှာလည်း ရှေးမဆွကတည်းက 'ဘီလူး' ရှိခဲ့ပြီး နိုင်ငံအတော်များများတွင် ယနေ့တိုင် လက်ခံသူများ ထုနှင့်ထေးရှိနေကြသေး၏။ ယက္ခကုမ္ဘဏ်တို့အကြောင်းစရန် ဘီလူးအကြောင်းကို အလျှင်စရမည်ဖြစ်၏။

ဘီလူးကို ဗုဒ္ဓဝင်ဖြစ်စဉ်ထဲ၊ သုတ္တန်ဒေသနာထဲ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲထဲ၊ နတ်ပွဲထဲ၊ ဒဏ္ဍာရီပုံပြင်များထဲ၊ ရာဇဝင်ထဲ၊ ဝတ္ထုထဲ စသည်တို့တွင် လည်းကောင်း၊ ဂမ္ဘီရ



မြန်မာ့ဗုဒ္ဓဝင်တော်လာ အာဠာဝကဘီလူးမင်း



မြန်မာ့ရှေးဟောင်းဘီလူးရုပ်တုများ



စန္ဒမုခီယက္ခမယ်တော်



ဒသဂီရိဘီလူးမင်း



www.burmeseclassic.com

www.burmeseclassic.com



ဒသဂီရိဘီလူးမင်း၊



မြန်မာ့ဘီလူးမင်း၊




မြန်မာ့ရှေးဟောင်းဘီလူးရုပ်တုများ



မြန်မာ့ယက္ခမယ်တော်ခေါင်းဆောင်းကို ပူဇော်ထားပုံ



မြန်မာ့ဘောရီသ



ရွှေတိဂုံစေတီတော်ခြေတော်ရင်းရှိ ယက္ခမယ်တော်ကြီး




ဒသဂီရိဘီလူးမင်း

ဆိုင်ရာပညာရပ်ထဲတွင် လည်းကောင်း မြင်ရ၊ ကြားရလေ့ရှိပါသည်။ ဘီလူးဆိုရုံဖြင့် စိတ်မှန်းဖြင့်လူးလိုက်ကြ၊ သညာအမှတ်ဖြင့် နားလည်လိုက်၊ မမြင်နိုင်သော ဂမ္ဘီရပညာတန်ခိုးစွမ်းအင်ကြောင့် လက်ခံလိုက်ကြဖြင့် တွေ့ကြုံနေကြရသည်ကများပါလိမ့်မည်။ မြန်မာတို့၏ ရိုးရာယုံကြည်မှုကို ထိန်းသိမ်းသောအားဖြင့် လည်းကောင်း၊ အလွန်နက်နဲလှသည့် ဂမ္ဘီရပညာတော်များအားလေးစားသောအားဖြင့်လည်းကောင်း၊ ဆရာအရှင်မြတ်တို့ကမိန့်သဖြင့် ကြားသိသိရသောဘီလူး၊ ဂမ္ဘီရပညာ၏ တန်ခိုးရှိန်စော်ကြောင့်သိရသောဘီလူး၊ ဘီလူးကိုယ်တိုင်ဝင်ရောက်၍ သိရသောဘီလူးတို့ထက် နည်းနည်းပိုသိ




www.burmeseclassic.com

www.burmeseclassic.com

ရှုမြှုသိသာရအောင် လေ့လာသိရှိလိုသူများအတွက် ဝေမျှပါမည်။

ဘီလူးသည် 'ဘီရု'မှလာ၏။ 'ဘီ' ၌ 'ဣ' ကို 'ဤ' ပြောင်း၊ 'ရု' ၌ 'ရ' ကို 'လ' ပြောင်း၊ 'ဥ' ကို 'ဦ' ပြောင်း၍ 'ဝစ္စ' နှစ်လုံးပေါင်းကာ 'ဘီလူး' ဟု ဖြစ်လာခြင်းဖြစ်၏ဟု ပေါရာဏကထာဋီကာ၌ ဖွင့်ဆိုထား၏။

ဘီလူးသည် သက်ရှိသတ္တဝါတို့၏ အသား၊ အသွေးကို စားသောက်တတ်၏။ ရက်စက်ကြမ်းကြုတ်၏။ ကိုယ်ခန္ဓာ အကောင်အထည် လွန်စွာကြီးမား၏။ ချွန်ဆင်းသဏ္ဍာန်ဆိုးဝါး၍ ကြောက်မက်ဖွယ်ကောင်း၏။ အကုသိုလ်ကံထုထည်ကြီးမားမှုကို အကြောင်းပြု၍ ဖြစ်လာသောကြောင့် ပိသာစသတ္တဝါအဆင့်မျှဖြင့် ဆင်းရဲစွာနေရပြီး ကမ္ဘဇိဒ္ဓိတန်ခိုးငယ်မျှသာရှိ၏။ ထိုကဲ့သို့သော ဘီလူးမျိုးသည် သုသာန်တစ်စပြင်တို့၌ မှီတည်ပြီး သီလမဲ့သူတို့အား ပူးဝင်တွယ်မှီကာ အနှောင့်အယှက်ပြုပြီး အစာဖြည့်တတ်ကြ၏။ ဖမ်းစားတတ်ကြ၏။ တော၊ တောင်၊ ဂူ၊ ကျင်း၊ ချောက်၊ လှိုတို့၌ မှီတည်နေကြသော တောစိုးဘီလူးတို့သည် တောရိုင်းတိရစ္ဆာန်တို့ကိုမှီ၍ အ...ဖြည့်ကြရ၏။ ထိုသို့သော ဘီလူးတို့သည် တောစောင့်နတ်၊ တောင်စောင့်နတ်တို့၏ အုပ်ချုပ်မှုအောက်၌ နေကြရ၏။ အချို့သော တောဘီလူး၊ တောင်ဘီလူးတို့သည် တောပိုင်၊ တောင်ပိုင်တို့၏ အခြွေအရံအစေအပါးအဖြစ်နေထိုင်ကြရရှာ၏။ ထိုကဲ့သို့သော ဘီလူးမျိုးကို အခြေခံကျသော ဘီလူး (သို့) အောက်ဘီလူးမျိုးဟု သိရ၏။ ထိုဘီလူးမျိုးကို ကုန်းဘီလူးဟုဆို၏။ ပင်လယ်၊သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်တို့၌လည်း ဘီလူးရှိ၏။ ယင်းတို့ကို ရေဘီလူးဟုခေါ်၏။ ကုန်းဘီလူးတို့ကို လူသိများသော်လည်း ရေဘီလူးတို့ကိုမူ အချို့သာ သတိပြုမိကြမည်ဟု ထင်၏။ ရေဘီလူးတို့သည်ကား ရေနက်လိုဏ်ဂူ၊ ရေပေါ်ကျောက်ဆောင်၊ ရေမိုင်နက် ရေလယ်တောင်ရှိ သောင်ကမ်းတို့ကို မှီတည်နေထိုင်ကြပြီး ရေနေသတ္တဝါများကို အစာအဖြစ် မှီတင်းတတ်ကြ၏။ သူတို့တွင်လည်း ကမ္ဘဇိဒ္ဓိရှိသော ရေဘီလူးအချို့သည် အလိုရှိသောအခါ၌ဖြစ်စေ၊ အကြောင်းအပ်စပ်သောအခါ၌ဖြစ်စေ ကိုယ်ယောင်ထင်ရှားပြ၍ ရေထဲမှထွက်လာကာ ကုန်းမြေပေါ်သို့တက်ပြီး ကုန်းသတ္တဝါတို့အား နှောင့်ယှက်ဖမ်းစား



မြန်မာ့ရှေးဟောင်းဘီလူးခေါင်းများ



မြန်မာပုရပိုက်ဘီလူး



မြန်မာ့ဘီလူး



မြန်မာ့ဘီလူး (ဥက္ကာထာဦးစောဓါတ်ပုံ)




www.burmeseclassic.com

www.burmeseclassic.com



ပြည်ကန်တော်ဘီလူးမောင်နှမ



အနောက်တိုင်းမှ လူ့ဘီလူး



ယိုးဒယားဘီလူး



ယိုးဒယားဘီလူး

တတ်ကြ၏။


သထုံပြည်၌ ပင်လယ်...မှ ရေဘီလူးတို့ ကုန်းပေါ်တက်လာပြီး ကုန်းပေါ်မှ လူသားတို့အား ဖမ်းဆီးစားသောက်ကြသဖြင့် သောဏမထေရ်နှင့် ဥတ္တရမထေရ် ရဟန္တာအရှင်မြတ်နှစ်ပါးသည် လူဦးခေါင်းနှင့် ခြသေ့ခန္ဓာနှစ်ခုရှိသော မနုသီဟသတ္တဝါကို ဖန်ဆင်းကာ ရေဘီလူးတို့ကို တန်ပြန်ခဲ့လေ၏။ ရေဘီလူးတို့သည် ကြီးမားပြီးအသွင်သဏ္ဍာန်ထူးဆန်းသော မနုသီဟတို့ကို ကြောက်လန့် ထွက်ပြေးကြ၍ သုဝဏ္ဏဘူမိသားတို့သည် ဘီလူးတို့ဘေးမှဝေးကြရ၏။

ရှေးစိုးတို့ လူ့လောကတွင် လူသားတို့နှင့် ရောနှောဆက်ဆံ၍နေကြရသော ထိုဘီလူးတို့တွင် ကမ္မဇိဒ္ဓိစွမ်းအားလည်း ရှိ၏။ သို့သော် ရှေးကုသိုလ်နှင့် ဘုန်းကံတို့ကိုအခြေခံ၍ စွမ်းအားအနည်းအများ၊ အနိမ့်အမြင့်ရှိ၏။ ကုသိုလ်ကံနည်း၊ အကုသိုလ်ကံများပြီး ဘုန်းကံနိမ့်ကျသော ဘီလူးတို့တွင် နိမ့်ပါးသော ကမ္မဇိဒ္ဓိရှိပြီး ကုသိုလ်ကံ၊ သီလနည်းသောလူသားတို့ကို ခြောက်လှန့်ပူးဝင်နိုင်ရုံ၊ ကိုယ်ပျောက်နိုင်ရုံ၊ ကမ္မဇိဒ္ဓိမျိုးမျှသာရှိ၏။ ယင်းသို့သောဘီလူးတို့သည် ရက်စက်ကြမ်းကြုတ်ပြီး. အသားစားကြူးတတ်ကြ၏။ အချို့



www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံမှ ရှေးဟောင်းဘီလူးပုံများ




ယိုးဒယားဘီလူး




ယိုးဒယားဘီလူးအင်းပုဝါ



ယိုးဒယားဘီလူး



တိဗက်ဘီလူး



ယိုးဒယားတောစိုးဘီလူး

သော အစွမ်းထက်သည့်ပညာရှင်များနှင့် တွေ့လျှင် ချုပ်နှောင်ခံရပြီး ဆရာတို့၏ အနှိပ်အစက်အခိုင်းအစေကိုခံကြရတတ်၏။

အထက်ပါ အဆင့်နိမ့်ဘီလူးတို့ထက် အနည်းငယ်အဆင့်မြင့်သော ဘီလူးတို့သည် ရတနာမြတ်သုံးပါးကို သိကြ၏။ သီလရှိသူတို့ကို လေးစားတတ်၏။ လူသားကို မနှိပ်စက်ဘဲ အသိပေးခြင်း၊ အကူအညီပေးခြင်းတို့ဖြင့် သူ့အလို ကိုယ့်အလို မျှတစေတတ်၏။ လူတို့က ကျေးဇူးအသိဖြင့်လည်းကောင်း၊ စေတနာဖြင့်လည်းကောင်း ပေးကမ်းလာသော အစာရေစာနှင့် ဗိမာန်တို့ကို မှီတင်း၍ လူတို့အား စောင့်ရှောက်တတ်ကြ၏။ ထိုသို့ ဉာဉ်ကောင်းသော ဘီလူးတို့ကို အထက်အထက်သော နတ်မင်းများ၊ နတ်ဘီလူးကြီးများကလည်း ချီးမြှင့်မြှောက်စားတတ်ကြ၏။

## □ အထက်နတ်ဘီလူးကြီးများ

အထက်တွင်ဖော်ပြခဲ့သော ဖုတ်ဘီလူး၊ မြေဖုတ်ဘီလူး၊ ပြိတ္တာဘီလူးကြီးတို့အပြင် ကုသိုလ်ကံကောင်းရှိသော ဘုန်းကံကြီးမားသော ဘီလူးကြီးများလည်းရှိသေး၏။ ထိုဘီလူးကြီးများမှာမူ အထက်ဘုံစဉ်စံသောနတ်ဘီလူးကြီးများဟု အသိအမှတ်ပြုထားကြ၏။

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ယုံကြည်ကိုးကွယ်ကြ၏။ သရဏဂုံသီလတော်မြတ်နှင့်ပြည့်စုံသော သူတော်ကောင်းတို့ကိုလည်း ကြည်ညိုစောင့်ရှောက်ကြ၏။ သီလမဖောက်၊ စည်းမပေါက်သောသူတို့ကို စိုးစဉ်းမျှပင် အနှောင့်အယှက်မပြုကြ။ လူ့စည်းဘီလူးစည်းကိုစောင့်ကြ၏။

ထိုနတ်ဘီလူးတို့သည် ဘုံစဉ်သတ်သတ်မှတ်မှတ်ရှိကြပါသော်လည်း အကြောင်းအကျိုးအားလျော်စွာ လူ့ဘုံသို့လာ၍ သက်ဆိုင်သူတို့နှင့် ဆက်သွယ်တတ်ကြ၏။ ထိုနတ်ဘီလူးတို့၌ အထက်ထက်ဆင့်ကဲတတ်၍ ထိန်းသိမ်းအုပ်ချုပ်သော နတ်ဘီလူးမင်းများရှိသေး၏။ ထိုနတ်ဘီလူးမင်းများသည် ဘုရား၊ ရဟန္တာ၊ အရိယာများနှင့် ဆက်ဆံကြပြီး ဗုဒ္ဓသာသနာတော်မြတ်ကြီးအား ကူညီထောက်ပံ့ စောင့်ရှောက်ကြ၏။ ထိုဘီလူးတို့သည်ကား အသွေးအသားကို မစားဘဲ နတ်၌ဖြစ်သောအစာကိုသာ




www.burmeseclassic.com

www.burmeseclassic.com



တိဗက်ဘီလူး



တိဗက်ဘီလူး



တိဗက်ဘီလူး

စားသောက်ကြ၏။ နတ်ဘီလူးမင်းကြီးများသည် အလွန်တန်ခိုးကြီးမားကြ၏။ ထိုနတ်မင်းကြီးတို့၏ အခြွေအရံနတ်ဘီလူးတို့သည်လည်း တန်ခိုးကြီးကြကုန်၏။ နတ်တို့၏တန်ခိုးအတိုင်းပင် ဖြစ်၏။ ထိုနတ်ဘီလူးတို့ကို ဝိရူဠှကနတ်မင်းကြီးနှင့် ကုဝေရနတ်မင်းကြီးတို့က အုပ်ချုပ်ကြ၏။

မြင်းမိုရ်တောင်ခါးပန်းတွင်ရှိသော ဘုံဗိမာန်၌ စတုမဟာရာဇ်နတ်မင်းကြီး (၄) ပါးရှိ၏။ ထိုနတ်မင်းကြီးလေးပါးတို့ထဲမှ ဝိရူဠှကနတ်မင်းကြီးက မြင်းမိုရ်တောင်၏ တောင်ဘက်အရပ်၌ရှိသော ဘီလူးတို့နှင့် ကုမ္ဘဏ်တို့အား အုပ်ချုပ်၏။ ကုဝေရနတ်မင်းကြီးက မြင်းမိုရ်တောင်၏ မြောက်ဘက်အရပ်ရှိ ယက္ခနွယ်ဝင်ဘီလူးတို့အား အုပ်ချုပ်၏။ ကုမ္ဘဏ်နွယ်တွင် နတ်ဂဠုန်တို့လည်း ပါဝင်နေသည်ကို လေ့လာတွေ့ရှိ၏။ ထိုဂဠုန်တို့၏ အကြောင်းကို ၂၀၁၆ ခု၊ နိုဝင်ဘာလထုတ် သုရဋ္ဌမဂ္ဂဇင်းတွင် အစထုတ်၍ အကျဉ်းမျှဖော်ပြထားပါသည်။

### ◻ ဘီလူး၊ နတ်ဘီလူးများနှင့် လူသားတို့လောက

လူ့ပြည်၌ကျက်စားသော ဘီလူးများနှင့် လူသားလောကဆက်ဆံမှုကို တစ်ပိုင်း၊ နတ်ပြည်၌ဖြစ်သော နတ်ဘီလူးများနှင့် လူသားတို့လောကဆက်ဆံမှုကို တစ်ပိုင်းဟူ၍ (၂) ပိုင်းတင်ပြရန် စိတ်ကူးမိပါသည်။

လူ့ပြည်၌ဖြစ်ပြီး လူ့ပြည်ရှိလူသားတို့နှင့် စပ်ယှက်ဆက်သွယ်နေသော ဘီလူးတို့မှာ များသောအားဖြင့် လူသားတို့အား ကောင်းကျိုးထက် ဆိုးကျိုးကို ပေးတတ်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။ တောစိုးဘီလူး၊ တောင်ခေါင်းဘီလူး၊ ဂူအောင်းဘီလူး၊ ပေတဘီလူး၊ ပိသာစဘီလူး၊ အမနုဿဘီလူးတို့သည် ၎င်းတို့ပိုင်နက်ထဲသို့ ရောက်ရှိသော သက်ရှိသတ္တဝါမှန်သမျှတို့အား ၎င်းတို့၏ အစာ၊ ၎င်းတို့၏ရန်သူအဖြစ် သတ်မှတ်ကာ ရန်ပြုတတ်ကြ၏။ စုန်း၊ ကဝေ၊ အောက်လမ်းဆရာတို့နှင့် အသင်းအဖွဲ့ပြုကာလည်း ရွာသူရွာသားတို့အား အနှောင့်အယှက်ပေးတတ်သည့် အဖြစ်အပျက်များကိုလည်း ကြားဖူး၏။ ဤသို့ ဆင်းရဲစွာခံစားနေရသော ဘီလူးများဖြစ်၍ ပေတဘီလူးဟုခေါ်ခြင်း ဖြစ်၏။

နတ်ပြည်၌ဖြစ်သော ဘီလူးများကို လေ့လာကြည့်ကြပါဦးစို့။




www.burmeseclassic.com

www.burmeseclassic.com

နတ်ပြည်၌ဖြစ်ရသောကြောင့် နတ်ဘီလူးဟူ၍ ခြုံငုံကာခေါ်နိုင်၏။ နတ်ဘီလူးဟု ခေါ်ကြသည်ကများ၏။ နတ်ပြည်၌ ဖြစ်ရခြင်းကြောင့် လူ့ပြည်၌ ဖြစ်သော ပေတဘီလူးတို့ထက် အစစ အရာရာ၌ သာလွန်ချမ်းသာကြ၏။ နတ်ဘီလူးတို့၌ ကမ္မဇိဒ္ဓိတန်ခိုးထက် သာလွန်သော ဣဒ္ဓိပါဒ်တန်ခိုးမျိုးရှိကြ၏။ နတ်ဝတ်တန်ဆာတို့ရရှိကြ၏။ နတ်တို့၏အစာကို စားသောက်သုံးဆောင်ကြရ၏။ နတ်တို့၌ဖြစ်သောနတ်ဗိမာန်မျိုးကို ရရှိကြ၏။

အချို့သော နတ်ဘီလူးတို့သည် နတ်ပြည်နတ်ရပ်၌မနေကြဘဲ လူတို့ပြည်လူ့ဘုံ၌ နေထိုင်ကြ၏။ ဤအဆိုကို ရှင်းပြရန် အနည်းငယ်လို၏။ နတ်ပြည်နတ်ရွာ ခြောက်ဘုံခြောက်ရပ်ရှိသည်ကို အများသိပြီးဖြစ်၏။ နတ်ဘီလူးတို့သည် စတုမဟာရာဇ်နတ်ဘုံ၌ ဖြစ်ကြ၏။ စတုမဟာရာဇ်နတ်ပြည်နတ်ဘုံသည် မြင်းမိုရ်တောင်ခါးပန်း၌ တာဝတိံသာနတ်ဘုံ မရောက်မီအဆင့်တွင်ရှိ၏။ ထိုစတုမဟာရာဇ်နတ်ပြည်နွယ်ဝင်တို့ အာကာသတင်းလင်းပြင်၌ ဗိမာန်ပေါက်၍နေကြသောနတ်တို့ကို အာကာသစိုးနတ်ဟုခေါ်၏။ လူတို့ရွာလူတို့ဘုံဌာနရှိတောင်များ၊ တမူများ၊ ဂူချောင်များ၊ မြေပြင်အရပ်တို့၌ ဗိမာန်ပေါက်၍ နေထိုင်ကြသော နတ်တို့ကို ဘုမ္မစိုးနတ်ဟုခေါ်၏။ သစ်တော၊ သစ်ပင်တို့၌ ဗိမာန်တည်၍ နေထိုင်ကြသောနတ်တို့ကို ရုက္ခစိုးဟု ခေါ်သည်။ ထိုအာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုးနတ်တို့မှာ စတုမဟာရာဇ်နတ်မျိုးနွယ်၌ အကျုံးဝင်ကြ၏။ ထို့ကြောင့် လူ့ပြည်၌ရှိသော တောင်များ၊ ဂူများတွင် မိမိတို့၏ ဘုန်းကံအရ အလိုရှိသလို ဗိမာန်ဖန်ဆင်းပြီး နေထိုင်ကြသော နတ်ဘီလူးများလည်း ရှိကြ၏။ တောင်ပိုင်နတ်ဘီလူး၊ ဂူပိုင်နတ်ဘီလူးစသည်ဖြင့်ခေါ်ကြ၏။ ဘုရားရှင်လက်ထက်ကဆိုလျှင် အာဠဝကနတ်ဘီလူးကြီးသည် ဂူကြီးကို တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ဗိမာန်ဖန်ဆင်းပြီးနေထိုင်သော တန်ခိုးကြီးနတ်ဘီလူးကြီးဖြစ်၏။ ထိုဘီလူးမျိုးကို ဘုမ္မာဒေဝနတ်ဘီလူးဟုလည်း ခေါ်၏။ ထိုကဲ့သို့ပင် ကြီးမားသော တောစိုးသစ်ပင်ကြီးများ၊ ညောင်ပင်ကြီးများတွင် ဗိမာန်ဖန်ဆင်းပြီး နေထိုင်သော နတ်ဘီလူးများလည်းရှိ၏။ မိမိ၏ဗိမာန်ရှိရာသစ်ပင်အောက်ရောက်လာသော လူ၊တိရစ္ဆာန်တို့အား အထက်နတ်မင်းကြီးများခွင့်ပြုချက်ဖြင့် ဖမ်းဆီးကာ လိုသလိုပြုခွင့်ရှိသောနတ်ဘီလူးများအကြောင်း ဘုရားဟောသုတ္တန်ဒေသနာတို့၌ရှိ၏။



တိဗက်ဘီလူး

လေးကျွန်းတစ်မြင်းမိုရ်ဟု အဆိုရှိ၏။ မြင်းမိုရ်တောင်ကိုဗဟိုထား၍ အရပ်လေးမျက်နှာရှိ ကမ္ဘာကြီးလေးခုဟု တင်စားဖြစ်သည့် အရှေ့ကျွန်း၊ အနောက်ကျွန်း ၊ တောင်ကျွန်း၊ မြောက်ကျွန်းတို့ကို ဆိုလို၏။ ထိုကျွန်းထိုအရပ်တို့၌ရှိသော ယက္ခများအပါအဝင် ဘီလူးမျိုးနွယ်များအားလုံးကို ကုဝေရနတ်မင်းကြီးက စီမံအုပ်ချုပ်၏။ တောင်ကျွန်း၌နေကြသော ကုမ္ဘဏ်ဘီလူးတို့ကို ဝိရူဠှကနတ်မင်းကြီးက အုပ်ချုပ်၏။ ဤတွင် ဆရာတော်မင်းဘူးဦးဩဘာသရေးသားစီရင်တော်မူသော ဝိဓုရဇာတ်တော်ကြီး၌ ကုမ္ဘဏ်ကို ဘီလူးအဖြစ် ပြဆိုတော်မူ၏။ ပညာအလင်းပြစာပေတိုက်မှ ထုတ်ဝေသော ဥပ္ပါတသန္တိ ပါဠိ-မြန်မာစာအုပ်၌ ဂဠုန်နတ်မျိုးဟူ၍လည်း တွေ့ရဖူး၏။ ဂဠုန်အပါအဝင် ဘီလူးများဖြစ်တန်ရာ၏။ ထိုစတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့၌ ဘုရား၊ ရဟန္တာတို့နှင့် ရင်းနှီးမှုပိုသော ကုဝေရနတ်မင်းကြီးက ဦးဆောင်ပြုပြီး ဗုဒ္ဓရှင်တော်မြတ်ကြီးထံ ချဉ်းကပ်၍ နတ်ဆိုးနတ်ဝါးတို့ကြောက်ရွံ့စေသော အာဋာနာဋိယသုတ်တော်ကိုဗုဒ္ဓအာဏာစက်သွင်းခဲ့ဖူးလေသည်မှာ အထင်အရှားဖြစ်၏။

ဗုဒ္ဓသာသနာတော်တွင် အလွန်ထင်ရှားသော ဒေဝတာပီယနတ်ချစ်သုတ်တော်တစ်ဆူဖြစ်သည့်မဟာသမယသုတ်တော်၌လည်း ဒေဝတာနတ်များစွာတို့ကို ဗုဒ္ဓရှင်တော်မြတ်ကြီးက ချီးမြှောက်တော်မူထားသည်ကိုတွေ့ရ၏။ ဤစကြဝဠာအတွင်းရှိရှိသမျှသော နတ်ဒေဝတာများအကြောင်း ရေးကြ၊ ပြောကြမည်ဆိုလျှင် ကုန်နိုင်ဖွယ်ရှိမည် မထင်ပါ။ ထို့ကြောင့် ရွှေစိုးကဲ့သို့ကိုယ်တိုင် မြင်နိုင်စွမ်းမရှိသော ဂမ္ဘီရစိတ်ဝင်စားသူ၊ သိလိုသူတို့အတွက်အထူးရည်စူးကာ တတ်နိုင်သမျှအားဖြင့် သဲလွန်စဖော်လိုက်ရခြင်းဖြစ်၏။

ဤသို့အားဖြင့် ရွှေစိုးတို့လူသားများနှင့် စပ်ယှက်နီးနွယ်ဆက်ဆံမှုရှိသော သာသနာတော်ဝင် နတ်ဘီလူးကြီးများကို အထူးပြု၍ ကန်တော့ပွဲလှူခြင်း၊ ဗလိဒေဝနတ်စာပွဲပေးခြင်းစသောကိစ္စလုပ်ရပ်များသည် လုံးဝယုံကြည်သူတို့က စည်းရုံးလျက် အကြီးအကျယ် ပြုလုပ်နေကြသည်ကို တွေ့မြင်ကြရပါလိမ့်မည်။ ထိုသို့ယုံကြည်သဖြင့် ဆောင်ရွက်နေကြသည့် ပါရမီရှင်များသည် မိမိပြုလုပ်နေသည့် အကြောင်းအရာနှင့်ပတ်သက်နေသည့် ပုဂ္ဂိုလ်များအကြောင်းကို လေးလေးနက်နက်သိရှိပြီး ဆောင်ရွက်ပါက ပို၍ အဓိပ္ပာယ်ရှိပါလိမ့်မည်။ မိမိပူဇော်ပ,သနေသောပုဂ္ဂိုလ်များအကြောင်းကိုသိထားလျှင် ပို၍အာရုံစူးစိုက်နိုင်မည်။ပို၍စူးစိုက်နိုင်လေလေထိရောက်မှုရှိလေလေဖြစ်ပါသောကြောင့် ဤယက္ခကုမ္ဘဏ်ဆောင်းပါးကို အစဖော်သဲလွန်စပေးဆောင်းပါးအဖြစ် အကျဉ်းချုံ့၍ ရေးသားလိုက်ရပါသည်။

ရွှေစိုး



www.burmeseclassic.com

www.burmeseclassic.com

သဗ္ဗီချောင်းရွာကလေး။

မဒူယူတို့၏ချက်မြုပ်ရာဒေသဖြစ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း နာမည်ကြီး လီဒိုလမ်းမကြီးနံဘေးမှ ဟူးကောင်းမြို့လေးအပြင် တနိုင်းခချောင်ကို အစွဲပြုကာ တနိုင်းမြို့ဟု ခေါ်တွင်လာခဲ့သလိုပယင်းထွက်ရှိရာဒေသ။

ထိုဒေသတွင် ကျွဲနွားရှားပါး၍ မဒူယူတို့လို တိုင်းရင်းသားများမှ တောတွင်းကျက်စားနေသော ဆင်ရိုင်းများကို ဟူးကောင်းလွင်ပြင်ဒေသသို့များဆီခေါ် မောင်းသွင်းပြီး ဆင်ယဉ်အဖြစ်လေ့ကျင့်သင်ကြားပေးကာ လယ်ယာမြေစိုက်ပျိုးရေးနှင့် အခြားလုပ်ငန်းများတွင် အသုံးပြုလာသဖြင့် ဆင်ဖမ်းသောအဖွဲ့လေးတွေဟိုတစ်စုသည်တစ်စု ပေါ်ပေါက်လာခဲ့၏။

သာသာ ငှက်ပျောသီးများနှင့် ငှက်ပျောခိုင်များနှင့် ကြံပင်နက်နက်ထွားထွားကြီးများက တောဆင်ရိုင်းများအကြိုက်စားကျက်မြေတစ်ခုသဖွယ်ဖြစ်၍နေ၏။

ဆင်ဖမ်းသမား ဖန်ဒီးများအတွက် ဆင်ရိုင်းများကျုံးသွင်းလေ့ကျင့်ပေးရန် အစာနှင့်ရေပေါသည့်အတွက် 'ထမ်'ခေါ်သော ဆင်ဖမ်းစခန်းပြုလုပ်ရန်အတွက် လွန်စွာ အသင့်မြတ်လှသော နေရာတစ်နေရာ ဖြစ်၏။

နှင်းရည်များဖြင့် စွတ်စိုထိုင်းမှိုင်းနေသော သဗ္ဗီချောင်းသည် တောဆင်ရိုင်းဖမ်းကြသူ (ဖန်ဒီး) နှင့် ဆင်စခန်း (ထမ်) အဖြစ် အသုံးပြုကြရာမှ အစုလေးတစ်စု၊ ရွာလေးတစ်ရွာသဖွယ် မီးခိုးတအူအူနှင့်ရှိနေ၏။

ထိုသို့ အရှေ့၊ အနောက်ပတ်ဝန်းရံထားသော ရေဝေကုန်းတန်းကြီးများတို့သည် ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်ကို ထူးခြားစွာ နက်ရှိုင်း၍ပြေပြစ်စေခဲ့သည်။

သဗ္ဗီချောင်းမှ (ထမ်) ဆင်စခန်းတစ်နေရာတွင်တော့ စွယ်စုံဆင်ကြီးတစ်ကောင်ကို ဖမ်းမိလာခဲ့သော ဖန်ဒီးမီလတန်တို့အဖွဲ့ မီလာရှိကာကြိုးကွင်းပစ်၍ (ထမ်)ဆင်စခန်းသို့ဆွဲလာပြီး တောဆင်ကို အိမ်ဆင်အဖြစ် ယဉ်ပါးအောင် ဆော်ဘိုင်၍ နေကြ၏။



# မင်းနန္ဒိရိုက်
## ကျောက်ရေထွက်က
## ဆင်သေရူ

မဒူယူတို့ဒေသတွင် ဆင်သည် ရတနာတစ်ပါးကဲ့သို့ အသုံးဝင်သဖြင့် ဆင်ဖမ်းသမား 'ဖန်ဒီး' မဒူယူတို့လို နာဂမှဆိုးဆင်ဖမ်းသမားများသည် ဟူးကောင်းဒေသ၏အသက်သွေးကြော တနိုင်းမြို့လေးကို သူတို့ချစ်ခင်တွယ်တာကြလေသည်။

မဒူယူသည် ဟူးကောင်းဒေသ၏ ဖန်ဒီးခေါ် ဆင်ဖမ်းသမားတစ်ယောက်အဖြစ် နာမည်ကျော်၏။

သဗ္ဗီချောင်းကလေး တနိုင်းမြို့နယ်ထဲတွင်ရှိပြီး ချောင်းအကျယ်ကိုက်(၁၀၀)ကျော်မျှ ရေစီးကညင်သာစွာ စီးဆင်းလျက်ရှိနေ၏။ တောရိပ်တောင်ရိပ်ကြားမှ ငြိမ့်ငြိမ့်အေးအေးလေးစီးဆင်းနေသော ချောင်းရေပြင်အောက် ဖြူဖြူဝါဝါကျောက်တုံးကလေးများနှင့် ရွှေရောင်ငါးကလေးများကူးခပ်နေသည်ကို တွေ့နိုင်လေ၏။

ချောင်း၏ တစ်ဖက်တစ်ချက်၌ ငှက်ပျောရွက်စိမ်းစိမ်းဖားဖားထွာဆိုင်ခန့်

အိန္ဒိယနယ်စပ်နှင့်လည်းနီး၍ ဖြာထွက်သွားသော နာဂတောင်တန်းကြီးများက ပတ်ချာဝန်းရံထားပြီး ဟူးကောင်းလွင်ပြင်သည် ဘယ်နေရာကိုပဲကြည့်ကြည့် အရှေ့အနောက်တောင်တန်းကြီးများ မှိုမှိုမောက်မောက်ကာဆီးထားပေးခြင်းဖြင့် သဘာဝက

ပေးအပ်ထားသော ချိုင့်ဝှမ်းလွင်ပြင်ဒေသအဖြစ် လက်ဆောင်ရရှိထားပြီး အကျယ်အဝန်းစတုရန်းမိုင်ပေါင်း(၅၈၈၆) မိုင်ခန့်ရှိလေသည်။

အနောက်ဘက်တွင် ပတ်ကွိုင်တောင်တန်းက ချင်းတွင်းမြစ်နှင့် အိန္ဒိယပြည်ရှိ ဗြဟ္မပုတ္တရမြစ်တို့လက်တက်မြစ်ဖျားခံရာ ရေဝေကုန်းတန်းကြီးအဖြစ် တည်ရှိနေလေ၏။ အရှေ့ဘက်၌ ကျော်မောင်ဘွမ်၊ ဘွမ်ဖျက်ဘွမ်၊ ပလောင်ဘွမ် စသည့် တောင်တန်းကြီးသည် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်တို့မြစ်ဖျားခံရာ ရေဝေကုန်းတန်းကြီးများလည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဆင်လောကနှင့် လုပ်စားသူတိုင်းအတွက် အဆိုပါဆော်ဘိုင်သီချင်းသည် ရိုးရာမပျက် ခလေ့သီချင်းတစ်ပုဒ်ဖြစ်၏။

ဖန်ဒီး-မဒူယူတစ်ယောက် ငှက်ပျောရွက်ကြီးများခင်းကာ တစ်ရေးတစ်မောအိပ်ရန်ပြင်လိုက်စဉ်မှာ ငဗလံမဲ၊ မနားရှင်တို့အဖွဲ့ ရောက်ရှိလာသည်။

"ဟော့ - မဒူယူ၊ မင်းထမင်းလုံးစီတော့မလို့လား"

"မနားရှင်ရေ ဒီနေ့ ဆော်ဘိုင်ရတာနည်းနည်းပင်ပန်းသွားတယ်။ အချိန်ရတုန်း တစ်ရေးလောက်မှေးမလားလို့ ဒါနဲ့ လာရင်းကိစ္စကဘာလဲ။

"ဒီလို မဒူယူ၊ ငါ့တပည့်ငဗလံမဲကမင်းအားရင် ကျောက်ရေထွက်ဘက်သွားချင်တယ်ပြောလို့"

"ကျောက်ရေထွက်ဘက်သွားရင် ကျောက်သွေးနဲ့ ကျောက်ချဉ်နက်ပဲရမယ်"

ဆင်ဖမ်းမုဆိုး မဒူယူအပြောကိုနားထောင်၍ မနားရှင်က မဒူယူအနားသို့ အသာတိုးတိုးကပ်၍ တစ်စုံတစ်ရာပြောလိုက်၏။

မျက်မှောက်ကြုတ်လျက် တစ်ချက်စဉ်းစားရင်း မဒူယူမှ -

"ကျောက်ရေထွက်က ခရီးနည်းနည်းလှမ်းတယ်။ ပြီးတော့ အန္တရာယ်ထူပြောတယ်။ မနားရှင် မင်းလူရဲ့သတင်းမှန်ရင် မနက်ဖြန်၊ သန်ဘက်ခရီးထွက်ကြတာပေါ့"

ဆင်ဖမ်းသည့်အတွေ့အကြုံအရ (ဖန်ဒီး) မဒူယူကို 'မိုင်အွပ်' အဖြစ်လုပ်ခဲ့ဘူးသူ။ မနားရှင်ဘယ်လိုမှယှဉ်မရ။ မိုင်အွပ်ဆိုသည်မှာ ဖန်ဒီးခေါ် ဆင်ဖမ်းမုဆိုး၏ နောက်လိုက်တစ်မျိုးပင် ဖြစ်၏။ ဖန်ဒီး မဒူယူသည် ဆင်လောကတွင် လင့်စင်ပေါ်တွင် မွေးဖွားခဲ့သည်လားထင်မှတ်ရ၏။ တောတောင်အနံ့အတွေ့အကြုံဝါသနာထုံလှပေသည်။ ထင်းရှူး၊ သစ်အယ်၊ ဝက်သစ်ချ၊ တောင်ပေါ်သစ်ဝေများက သူတို့၏ကွန်းခိုရာနေအိမ်သဖွယ်။

တောင်ကျစမ်းချောင်း၊ ရေတံခွန်စီးသံများက သူတို့အတွက် သာယာနာပျော်ဖွယ်ဂီတသံလား ယဉ်ပါးခဲ့ရသည်။

အခုလည်း ဖမ်းမိထားသောဆင်ကြီးကို ယိုးဒယားနှင့် ကရင်ပြည်နယ်မှကုန်သည်တွေလာမှအရောင်းအဝယ်ပြုကြမှာမို့လို့ သူတို့မလာခင် ကျောက်ရေထွက်ဘက် စနည်းနာကြည့်၍ ဆုံးဖြတ်လိုက်၏။

နံနက်ခင်းတွင် အိမ်ဆင်ကြီးနှင့် မဒူယူတို့၏ ဟောကွန်ရွာစပ်ရှိအိမ်သို့ မနားရှင်၊ ငဗလံမဲတို့ရောက်ရှိလာ၏။

"မနားရှင်ရေ ရွာထိပ်ကနတ်ကွန်းမှာတင်မြှောက်ဖို့ ငါ့ညီ မီလတန်တို့ကိုအဆင်သင့်လုပ်ထားခိုင်းတယ်။ ကျောက်ရေထွက်သွားဖို့ရိက္ခာတွေလည်း မနေ့ကပြောတဲ့အတိုင်းစီစဉ်ပြီးရင် အစီအစဉ်စကြစို့"

"ဒါဆို ကျောက်ရေထွက်ရဲ့ လျှို့ဝှက်ချက်ကိုမရှာခင် နတ်ကွန်းကဟောကွန်းဘိုးဘိုးကြီးဆီမှာ ဆုတောင်းကြရအောင် မဒူယူရေ"

မနားရှင်က သူ၏ဆား(မ်း)နှင့် ဆင်၏ဖင်ပိုင်းကိုအသာအယာထိုးလိုက်သည်နှင့် အိမ်ဆင်ကြီးက နတ်ကွန်းရှိရာအသော့နှင်လေ၏။ နတ်ကွန်းပေါ်တွင် ပြောင်းခေါင်းရည်၊ ကြက်ကြော်၊ ကြက်ဥတစ်လုံးနှင့် တင်မြှောက်ပ,သပြီးလျှင် ပြောင်ခေါင်ရည်ခွက်နှင့် ကျောက်ရေထွက်ရှိရာသွားမည့် မဒူယူတို့အဖွဲ့ကို နတ်ဆရာက အနည်းငယ်ပက်ဖျန်း၍ နှုတ်မှလည်း 'တတွတ်တွတ်မန်းမှုတ်ပြီးနောက်တွင် ဟောကွန်ဘိုးဘိုးကြီးအားတင်မြှောက်သည့်ကိစ္စ ပြီးစီးသည်နှင့် တောတက်ဖို့ အိမ်ဆင်ကြီးနှင့်ထွက်လာခဲ့လေ၏။

နှင်းပိတ်ဖုံးသော တောင်တန်းများကိုဖြတ်ကျော်လာခဲ့ရာ သစ်ပင်သစ်ကိုင်းများက ဘေးတစ်ဖက်တစ်ချက်တွင် တရိပ်ရိပ်ကျန်ခဲ့၏။ ကုန်းစောင်း၊ ကုန်းမြင့်၊ လျှိုမြောင်၊ တောတန်းများကိုဖြတ်ကျော်လာ၏။ အိမ်ဆင်ကြီးသည် ဖြည်းဖြည်းမှန်မှန်သွားနေပြန်တော့သည်။ သို့သော် ငဗလံမဲတစ်ယောက်ကဖြင့် အိမ်ဆင်ကြီးပေါ်မှ မြေပြင်ကမှုများကို စူးစိုက်လျက်ကြည့်နေ၏။ တစ်စုံတစ်ခုကို ရှာဖွေနေသလို တစ်မနက်ခရီးကိုဖြင့်ကျော်လာခဲ့ပြီ။

မကြာမီ -

"ဟော-ရှေ့မှာကျောက်ရေထွက်တောင်ကိုမြင်ရပြီဟေ့"

မနားရှင်တို့ အိမ်ဆင်ကြီးက ရေနံ့ရ၍လားမသိ ခြေလှမ်းများသွက်သွက်လှမ်းလာ၏။ နောက်ထပ်တစ်နာရီခန့်သွားမိသော အခါတွင် လူပါးစပ်ပေါက်ကဲ့သို့ဖြစ်နေသော ကျောက်ရေထွက်ကြီးမှ ရေများဒလဟောစီးဆင်းနေတာကိုတွေ့ရ၏။ ရေထွက်မှ ပေ (၂၀) လောက်တွင် ချောင်းအဖြစ်စီးဆင်း၍သွားလေတော့သည်။

တောတွင်းတိရစ္ဆာန်တို့ရေသောက်ဆင်းချိန် သားကောင်များကိုပစ်ခတ်ရန်အတွက် မုဆိုးများအသက်ကွင်းတစ်ခုဖြစ်ပြား တောရဲ့စည်းကို ဘယ်မုဆိုးမှကျော်ခြင်းမရှိ။ သစ္စာစည်းဆိုသည်မှာ နောက်ကျောမှလုပ်ကြံခြင်းကိုမခေါ်။ အရှေ့ကသာရင်ဆိုင်ကြသည်မှာ မုဆိုးကောင်းတို့၏ ပြည့်ဝသောနှလုံးရည် ဖြစ်၏။

တစ်မြန်နေ့က လှံမောင်းဆင်ထားသောလှံချက်မိ၍ ဒဏ်ရာနှင့်ဆင်ကြီးမှာ ငဗလံမဲပြောသလို ဆင်နာကြီးအဖြစ် ကျောက်ရေထွက်အောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားသဖြင့် ဆင်တွေသည် သူတို့သေမည်ကိုသိကြသောအခါ ဆင်သချိုင်းသို့မရောက်ရောက်အောင် သွား၍သေကြသည်။ ဆင်သချိုင်းကို တွေ့လို့ကတော့ သူတို့ဘဝမှာမျှော်လင့်မထားတဲ့ အိပ်မက်တွေရှင်သန်ခွင့်ရတော့မည်ဆိုသဖြင့် ခြေလှမ်းတွေကလိုလိုသွက်လာသလို စိတ်အားကလည်း လွန်စွာထက်သန်လာတော့၏။

"မက် . . . မက် . . . မက် . . ."

အိမ်ဆင်ကြီးကိုစုတ်သပ်၍ဝပ်ခိုင်းလိုက်ပြီး ဆင်၏ကျောပေါ်မှဆင်းကာ စားနပ်ရိက္ခာများကို အောက်သို့ချပြီးသည်နှင့် အိမ်ဆင်ကြီးကချောင်းထဲဆင်း၍ ရေကစားရင်း ပျော်မြူးနေ၏။ မဒူယူက ကျောက်ရေထွက်ကို ကြည့်နေရာ မနားရှင်က -

"မဒူယူ၊ ငဗလံမဲပြောတာ အဲဒီနားမှာ ဆင်နာကြီးရေစိမ်ပြီးပျောက်သွားတာတဲ့"

(ဆင်များသည် ဒဏ်ရာရကသွေးတိတ်အောင်ရေစိမ်လေ့ရှိ၏။)

မဒူယူကတော့ မနားရှင်မပြောခင်ကပင် အိမ်ဆင်ကြီးနှင့်ကျောက်ရေထွက်သို့လာရာလမ်းတစ်လျှောက်ကို စူးစမ်းလေ့လာခဲ့ပြီး ဆင်နာကြီး၏သွေးစသွေးနများကို ခြေရာခံခဲ့ရာ၌ လှံမောင်းထိထား၍ ဆင်နာကြီးဘဝရောက်နေသည့် စွယ်စုံဆင်ကြီးက အားမာန်ကြီးလှသည်။ မိကျောင်းတွေသည် ဒဏ်ရာအနာထရရလာလျှင် မိမိအသက်ကို ရေကျောက်ချ၍ အဆုံးစီရင်တတ်သလို စွယ်စုံဆင်ကြီးသည်လည်း ဗလံမဲတို့လှံမောင်းထိချက်နှင့် သေဆုံးတော့မည်ကို သိနေသဖြင့် ဆင်သေအိုင် သို့မဟုတ် ကျောက်ရေထွက်ရှိဆင်သချိုင်းသို့မရောက်အရောက်သွား၍ အသေခံမည်မှာမလွဲဟု မဒူယူက တွက်ဆမိ၏။ သို့သော် ဆင်သချိုင်းဆိုသည်မှာ နတ်ကြီးလှသည့်အပြင် ဆင်




www.burmeseclassic.com

www.burmeseclassic.com

သချိုင်းဆိုသည်မှာ တွေ့ရှိက သူဌေးဖြစ်ကိန်းပင်။ များပြားလှသောဆင်စွယ်ဆင်ရိုးများကယူလို့ပင်မကုန်နိုင်။ သို့ပေမယ့် အန္တရာယ်တွေပတ်ပတ်ဝန်းရံလျက် ရယူဖို့ရန် မလွယ်ကူသလို အသက်ပေးခဲ့ရသော ဆင်မုဆိုးတွေပင်ရှိခဲ့၏။

တကယ်တော့ လောဘဇောကြောင့် ဆင်သချိုင်းကိုရှာနေပေမယ့် စိတ်ထောင်းကိုယ်ကြေ လူတွေမှာ ပင်ပန်းနေကြပြီ။ ဖိုးခေါင်ငှက်၊ အောင်လောင်ငှက်တွေက တောတိုးသံကြား၍ လန့်မြည်အော်သံများက တောထဲတွင် အဖော်မပါက ကြက်သီးထရင်ဖို့စရာပါပင်။

မဒ္ဒယူနှင့် ဗေလံမဲတို့နှစ်ယောက် ဆင်နာကြီးရေစိမ်သွားသောနေရာကို ခြေရာခံကြည့်ရင်းက ကျောက်ရေထွက်ကြီးအောက်သို့ ဝှက်ချက်ကိုလေ့လာရင်း ရေကျသည့်ဘက်သို့ အသာကူးခပ်သွားရင်းမှ ကျောက်ရေထွက်ပေါ် တည့်တည့်ရောက်သော် ရုတ်တရက်ရေအောက်မှ စုတ်ယူသလိုခံစားရပြီး နှစ်ယောက်သားရေအောက်ရေစီးကြောင်းအတိုင်းပါသွား၏။ ကျောက်ရေထွက်မှ ရေစုပ်ဝဲကဆွဲယူသွားသဖြင့် သတိရ၍ကြည့်လိုက်ရာ ကျောက်ဂူတစ်ခုကို ဖြတ်စီးနေသော စမ်းချောင်းတစ်ခုဖြစ်နေ၏။ ကျောက်ဂူအမိုးတွင် အလင်းရောင်သဲ့သဲ့ကိုမြင်နေရ၏။ ရေစက်ရေမှုန်များကိုခါချလိုက်ပြီး မဒ္ဒယူနှင့်ဗေလံမဲတို့ဂူဝန်းကျင်ကိုလေ့လာရာ၌ ကျောက်ပန်းဆွဲ၊ ကျောက်ခက်တို့က ထိုးထိုးထောင်နှင့် တုံးတုံးတိတိက တစ်မျိုး တွေ့နေရ၏။

ဆက်၍သွားရာ တစ်နေရာတွင်တော့ ဆင်နာကြီးကိုလဲနေတာ တွေ့ရသလို ဆင်ရိုးဆင်စွယ်မျိုးစုံတို့ကတောင်ပုံရာပုံ ဆင်သေအိုင်ခေါ် ဆင်သချိုင်းဆိုတာ၊ သူ့အဘိုးပြောခဲ့ဖူးတာပဲဖြစ်မည်။ ထိုအချိန်တွင် သင်းပျံ့သော ရနံ့တစ်ခုရှူလိုက်ပြီး နောက်နားဆီမှ ခြေသံကိုကြားလိုက်ရသည်။ ဗေလံမဲက အားရဝမ်းသာဖြင့် ဆင်စွယ်တစ်စုံကိုကောက်ကိုင်လိုက်၏။ မဒ္ဒယူ ခြေသံကြောင့် နောက်လှည့်ကြည့်ရာ ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်တစ်ဦးဖြစ်နေပြီး ပုဂ္ဂိုလ်ကြီး၏စူးရှသောအကြည့်သည် သူ၏ရင်ထဲအထိ ထိုးဖောက်ဝင်ရောက်သလို ခံစားလိုက်ရ၏။

"အဘိုးက ဘယ်သူတုံး။ ဒီနေရာကို ဘယ်လိုရောက်နေတာတုံး"

"အဘိုးက ဘိုးဂန္ဓမာကွယ့်။ မဟာမြိုင်တောကနေ ဒီကျောက်ဂူမှာ တရားထိုင်ကြံနေတာကွယ့်"

"ဒါနဲ့ လူကလေးတို့ ဆင်သေအိုင်ဂူကိုလာရှာကြတာနဲ့တူတယ်"

မဒ္ဒယူနှင့် ဗေလံမဲတို့ အသာခေါင်းညိတ်လိုက်၏။

"လူကလေးတို့၊ ဒီနေရာဟာ အလွန်ထူးခြားတဲ့ ဂမ္ဘီရကျောက်ဂူကြီးကွယ့်။ တော်ရုံရောက်ချင်လို့မရဘူး။ ပဋ္ဌာန်းဆက်ရှိတော့မှရောက်လာရတာ။ အဘိုး ဂန္ဓာရီခရီးက ဒီဆင်သချိုင်းရှိတဲ့ ဆင်သေဂူမှာ အဆုံးသတ်ကျင့်ကြံရမယ့် စခန်းပဲ။ လူကလေးတို့ မမျှော်လင့်ဘဲ ဒီလိုရောက်လာတဲ့အတွက် လူကလေးကို တစ်ချိန်ချိန်မှာ အသုံးဝင်မယ့် သိဒ္ဓိဝင်ပစ္စည်းလေးတစ်ခုပေးလိုက်မယ်။ အသက်ထက်ဆုံးတော့ ဆင်တွေကိုမသတ်ရဘူး"

ဟု ကတိပြုခိုင်းကာ ငွေရောင်တောက်ပနေသော ဆင်စွယ်သလိုလို သိဒ္ဓိဝင်ပစ္စည်းတစ်ခုပေးလိုက်၏။

"ကဲကဲ - လူကလေးတို့သွားကြတော့"

တစ်နှစ်ခန့်က ကျောက်ရေထွက်၏ သတင်းကိုကြားမိသူ ဆင်သချိုင်း၏ သိုးသိုးသန့်သန့်သတင်းကြောင့် ဆင်ဖမ်းသမား အမဲလိုက်များမုဆိုးများလာရှာသော်လည်း တွေ့မသွားခဲ့။ ထိုအတောအတွင်း ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်တစ်ဦးကို တွေ့တဲ့သူကတွေ့ကြတဲ့။ ထိုလူသူတော်မှာ ဘိုးဂန္ဓာမာပင်ဖြစ်ပေမည်။ မဒ္ဒယူမှာ လူသူတော်ကြီးထွက်သွားသည်နှင့်ကြည့်လိုက်ရာ ဂူထဲတွင် အဖိုးတန်ရတနာများ အရောင်တလက်လက်ဆင် အမြုတေနှင့် ရွှေသားဆင်းတုတော်များကိုတွေ့ပြီး အံ့သြမှင်တက်နေစဉ် ဗေလံမဲက လိုချင်တပ်မက်စိတ်တို့မထိန်းနိုင်ဘဲ လက်ဝတ်ရတနာတချို့ကိုယူ၍ အိတ်ထဲထည့်လိုက်စဉ် ဆင်နာကြီးကရုတ်တရက်ထလာပြီး ဗေလံမဲကိုနှာမောင်းဖြင့်ဆွဲလိမ်လျက် ရင်ဘတ်ကိုနင်းချလိုက်ရာ -

"အား. . . အား. . . အား. . . "

မချိမဆံ့ အသက်ထွက်သွားလေတော့သည်။

မဒ္ဒယူလည်း မနေအာရုံတွင် လိုချင်တပ်မက်မှုပျောက်သွားလေ၏။

ထိုအချိန် -

"လူကလေး၊ မင်းရဲ့အမှောင့်အဖျက်ပယောဂစိတ်တွေဖျောက်။ ဒီဂူထဲကသွားတော့။ မသင့်တာကိုအာရုံမသွင်းနဲ့။ အဘိုး လူကလေးကို မေတ္တာပို့ပေးမယ်။ ဂူထဲကအမြန်ထွက်။ မင်းအဖော်က သူ့အပြစ်ဒဏ်သူပေးဆပ်သွားပြီ သွားတော့၊ သွားတော့"

မဒ္ဒယူဂူထဲကအလင်းရောင်ထွက်ပေါ် လျက်ရှိသောနေရာကို သုတ်ခြေတင်ထွက်ပြေးလာခဲ့တော့သည်။

တကယ်က မဒ္ဒယူတွေ့ကြုံခဲ့ရသည့်ဖြစ်ရပ်ပေမို့ အချိန်တွေပြောင်းလည်းပေမယ့် ယနေ့တိုင်မမေ့နိုင်အောင်ပင်ဖြစ်ခဲ့လေတော့သည်။ ကိုယ်ကျိုးအတွက် မကြံအပ်မကြံစည်အပ်သည် ကြံမိသည်။ ဗေလံမဲတစ်ယောက်ကတော့ ယခုလိုအဖြစ်ဆိုးနှင့် ကြုံတွေ့ခဲ့ရလေသည်မှာလည်း တစ်နည်းဆိုရင်ဖြင့် ဆင်သချိုင်းမှ ဒဏ်ခတ်ခြင်းခံရသည်ပင်ဖြစ်လေတော့သည်။

ထိုအဖြစ်အပျက်တို့ ဖြစ်ပျက်ပြီး (၁)နှစ်ခန့်အကြာတွင် မဒ္ဒယူ၏ဇနီးသည်မှ သားယောကျ်ားလေးတစ်ယောက်ဖွားမြင်ခဲ့၏။ ထိုကလေးငယ်သည် ထူးဆန်းသည်က မွေးဖွားစဉ်ကပင်သူ၏ရင်ဘတ်တွင် ဆင်ခြေရာချိုင့်ခွက်ကြီးပါလာပြီးလျှင် မွေးသန္ဓေအစွဲက ကလေးငယ်သည် ဆင်များကို လွန်စွာမုန်းတီး၍ အိမ်ဆင်များအော်သံကြားက ချော့မရအောင် တက်မတတ်ချက်မတတ်အော်ပြီး ဆင်စွယ်နှင့်ပြုလုပ်ထားသော မောင်းကလေးကို အသာအယာတီးခတ်ပေးက လွန်စွာ သဘောကျသလိုဆင်စွယ်လေးကို တယုတယကိုင်တွယ်ပွတ်သပ်ရသည်ကိုလည်း နှစ်သက်မြတ်နိုးလေသည်။ သို့သော် ထိုကလေးငယ်က တစ်ညတွင် သူ့မိခင်ဖြစ်သူကို အိပ်မက်ပေးသည်က သူသည် မဒ္ဒယူနှင့် ဆင်သချိုင်းလိုက်ရှာရင်း စည်းဖောက်ခဲ့၍ ကျောက်ရေထွက်ဆင်သေအိုင်ဂူတွင် သေဆုံးခဲ့ရသော ဗေလံမဲဖြစ်ကြောင်းဟု မဒ္ဒယူ၏ ဇနီးသည်က ပြန်လည်ပြောပြ၍ သူ၏သားလေးမှာ ဗေလံမဲဝင်စားတာသိရပြီးနောက် မဒ္ဒယူသည် ဆင်ဖမ်းမုဆိုး ဖန်ဒီးဘဝကို စွန့်လွှတ်၍ သူပိုင်တောင်ယာခြံစိုက်ပျိုးရေးနှင့်သာ အသက်ထက်ဆုံးမိသားစုမှာ ပျော်ရွှင်စွာ နေထိုင်သွားခဲ့လေတော့သည်။

(မွေးဖွားစဉ်က ရင်ဘတ်တွင် ဆင်ခြေရာချိုင့်ခွက်ကြီးပါလာခဲ့သော ဗေလံမဲ၏ဖြစ်ရပ်မှန်အား ပြန်လည်ဖွေဖွဲ့သည်။

ဆား(မ်) - ဆင်များဖမ်းသော ဖန်ဒီးများကိုင်ဆောင်သည့် ဆူးချွန်အသေးစား။)

[illegible]



www.burmeseclassic.com

www.burmeseclassic.com

(ကျိုင်းတုံ) အေးမင်း

# တော၏ဒဏ်ခတ်ခြင်း



အင်္ဂလိပ်စကားပုံတစ်ခုရှိသည်။ နံရံတွေမှာ မျက်စိရှိသည်တဲ့။ ဒီစကားပုံလေးကို ကျွန်တော်လက်ခံရမလိုဖြစ်နေသည်။ ယခု ကျွန်တော်ကြုံတွေ့ရသည်က တောတောင်တွေမှာလည်း မျက်စိရှိသည်ဆိုသည်ဆိုသည့် ကိုယ်တွေ့ဖြစ်ရပ်တစ်ခု။ တောတောင်တို့၏အပြစ်ပေးခြင်းလော၊ ဒဏ်ခတ်ခြင်းလော ဝေခွဲမရ။ သဘာဝလောကကြီး၏ ဆန်းကြယ်မှုတစ်ခု။

ကျွန်တော် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် လက်ထောက်သာသနာပြု (လူပုဂ္ဂိုလ်) တာဝန် ထမ်းဆောင်စဉ်ကာလ (၁၉၉၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်) ထိ တာဝန်ထမ်းဆောင်စဉ်ကာလတစ်လျှောက်လုံး မိုင်းခတ်မြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသရှိ ကျေးရွာများဖြစ်သော အားခါတိုင်းရင်းသားများ နေထိုင်ကြသော ကျေးရွာများ၊ လားဟူတိုင်းရင်းသားတို့ နေထိုင်ရာကျေးရွာများ၊ အားခေ့တိုင်းရင်းသားကျေးရွာများ၊ အင်န်တိုင်းရင်းသား၊ ရှဲန်ကျင်းတိုင်းရင်းသားကျေးရွာများသို့ လှည့်လည်၍ သာသနာပြုစည်းရုံးရေး ကွင်းဆင်းဆောင်ရွက်ခဲ့ရာတွင် တောင်ပေါ်ကျေးရွာများသို့ မရောက်ဘူးသောကျေးရွာဟူ၍မရှိသလောက်ဖြစ်ပါသည်။

၁၉၉၇ ခုနှစ် တစ်နှစ်ပတ်လုံးနီးပါး မိုင်းခတ်မြို့နယ်၊ မိုင်းဟန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများဖြစ်ကြသော ဟကြားဝမ်း၊ ဝမ်မဟီး၊ ဝမ်ဖိုင်နေ၊ ဝမ်ဖိုင်တိုက်၊ ဝမ်ကောင်း၊ နောင်ပိန် (ထက်/အောက်) ကျေးရွာများနှင့် ဖားငံ၊ နမ့်ပိကျေးရွာများပါမကျန် စည်းရုံးရေးခရီးနှင်လျက်ရှိပါသည်။

မိုင်းဟန်ကျေးရွာအုပ်စုတွင် မိုင်းဟန်ကျေးရွာ၌ လားဟူတိုင်းရင်းသားအိမ်(၅)အိမ်၊ ရှမ်းတိုင်းရင်းသား (၇)အိမ်နှင့် ကျန်မိသားစုများမှာ အားခါမိသားစုများသာ ဖြစ်ပါသည်။

တောင်ပေါ်ကျေးရွာများသို့ ခရီးထွက်လျှင် ခြေကျင်ခရီးကများပါသည်။ တောင်မြင့်ကြီးများပေါ်သို့တက်ရလျှင် ဖြည်းဖြည်းမှန်မှန်လမ်းလျှောက်၍တက်ရလေ့ရှိပြီး မောလျှင်နားလိုက်၊ တောင်ပေါ်တွင် အလေ့ကျပေါက်နေသော ဆီးဖြူသီးပင်မှ ဆီးဖြူသီးများကို ခူးစားလိုက်၊ အမောဖြေလိုက်၊ တောင်မြင့်ကြီးများကို ဆက်တက်လိုက် ဤကဲ့သို့ ခရီးနှင်ရင်း မိမိတို့ရည်မှန်းချက် သွားလိုသောရွာသို့ တစ်နေ့ခရီး ညနေမိုးချုပ်မှ ရောက်လေ့ရှိပါသည်။

မိုင်းဟန်ကျေးရွာအုပ်စုအရှေ့ဘက်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း၏ အမြင့်ဆုံးတောင်တန်းကြီးဖြစ်သည့် လွယ်မိုးတောင်တန်းကြီး တည်ရှိပါသည်။ ၎င်းတောင်တန်းကြီးသည် ပေ (၇၀၀၀) ကျော်အထိ မြင့်မားပါသည်။ အားခါတိုင်းရင်းသားတို့ မှီတင်းနေထိုင်သော ဝမ်ကောင်းရွာ၊ ဝမ်ဖိုင်တိုက်၊ ဝမ်ဖိုင်နေ၊ ဝမ်မဟီးကျေးရွာများသည် လွယ်မိုး တောင်တန်းကြီး၏ ဘေးပတ်လည်တွင် တည်ရှိသော ကျေးရွာများဖြစ်ပြီး အမြင့်



www.burmeseclassic.com

www.burmeseclassic.com



ပေ (၅၀၀၀) ခန့်တွင် တည်ရှိကြသော ကျေးရွာများဖြစ်သည်။

မိုင်းဟန်ကျေးရွာမှ နံနက်စောစော ခရီးစတင်၍ထွက်လျှင် နေကတဖြည်း ဖြည်းမြင့်လာပူလာပြီး ကျွန်တော်တို့ တစ်တွေလည်း တဖြည်းဖြည်း မောပန်း လာပါသည်။ ခရီးက တဖြည်းဖြည်းနှင့် တောင်ပေါ်တက်နေသလို ခြေထောက် တွေကလည်း တဖြည်းဖြည်းနှေးလာချိန် တွင် အားလုံးသဘောတူနားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့နားနေကျနေရာမှာ မိုင်းဟန်ကျေးရွာမှထွက်၍ (၂) နာရီခန့် ခရီးရောက်လျှင် နောင်ပိန် (အောက်) ရွာသို့ လှမ်းမြင်နေရပါသည်။ ရွာကိုလှမ်းမြင်နေရသော်လည်း တောင်မြင့်ကြီးပေါ်မှာရှိနေသဖြင့် အမောမပြေနိုင်သေးပါ။ ခရီးပန်းလာသဖြင့် လူသွားလမ်း၏ဘေးတောတန်းကြီး၏အောက်ခြေ ကျောက်တောင်ကြားမှ ထွက်ရှိနေသော ကြည်လင်သန့်ရှင်းသည့်ရေကို တောင်ပေါ်သားတို့ တူးဖော်ထားသော ရေတွင်းသဖွယ် ချိုင့်ငယ်တစ်ခုတူးထားသဖြင့် ၎င်းချိုင့်ငယ်ထဲမှရေကို တောင်ပေါ်သားတို့ ပြုလုပ်ထားသော ဝါးကျည်တောက်ရေခွက်ဖြင့်ခပ်၍သောက်ရသောအချိန်တွင် အမောပြေပြီးလန်းဆန်းသွားသည်။

'ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ အမောပြေအောင်သောက်ပါ' ဟု ဆိုရိုးစကားအတိုင်း ဖန်ပြာခွက်တော့မရှိပါ။ ဝါးကျည်တောက်နှင့် သောက်လိုက်ရ၍ အမောပြေလှပါသည်။ ကျောက်ကြိုကျောက်ကြားမှ စိမ့်ထွက်နေသော သန့်ရှင်းကြည်လင်သည့်ရေသည် အလွန်အရသာရှိလှပြီး ရင်ကိုအေးမြလန်းဆန်းသွားစေပါသည်။ ဤ (၃) ပေခန့်အနက်ရှိသော ကျောက်စက်ရေတွင်းလေးသည် ကျွန်တော်တို့အဖွဲ့ တောင်ပေါ်ရွာများသို့တက်တိုင်း ရေသောက်နေကျ၊ နားနေကျနေရာလေး ဖြစ်ပါသည်။ ဤရေတွင်းလေးကိုလည်း အမြဲအမှတ်ရနေပါသည်။ ရေတွင်းလေးတည်နေပုံကလည်း လှပလွန်းသည်။ လမ်းတစ်ဖက် တောင်မြင့်ပေါ်တွင် သစ်တောကြီးက အုပ်ဆိုင်းလျက်ရှိပြီး တောကြီးအတွင်း စွယ်တော်ပင်ကြီးများ၊ မိုက်ကော်ပင်၊ တောင်သဖြေပင်ကြီးများ၊ ကတွတ်ပင်များ၊ တောင်ပေါ်ကသစ်ပင်များ၊ ဆူးပန်းချုံများ ထူထပ်စွာပေါက်ရောက်နေသော တောတန်းကြီးဖြစ်၏။ ၎င်းတောတန်းအောက်ခြေ ကျောက်တောင်နံရံဘေးတွင်ကပ်လျက် လူသွားလမ်းဖောက်လုပ်ထားပြီး ကျောက်စက်ရေတွင်းလေးမှာ လမ်းဘေး (၅) ပေအကွာလောက်ရှိ တောင်ကွေ့တစ်ခုအတွင်း တည်ရှိသဖြင့် ရေမှာ တောရိပ်တောင်ရိပ်နှင့် အလွန်အေးပြီး အရသာရှိလှပါသည်။ ကျွန်တော်တို့ ခရီးသွားများအဖို့ ခေတ္တအမောဖြေ ရေအေးလေးသောက်ရင်း လှပလွန်းသော သဘာဝရှုခင်းများကို ငေးမောကြည့်ရှုရာနေရာလေး ဖြစ်ပါသည်။

ကျွန်တော်မှာလည်း အစွဲအလမ်းတစ်ခုရှိပါသည်။ တောင်ပေါ်ကျေးရွာများသို့သွားတိုင်း ဘယ်ရွာသွားရင် ဘယ်နေရာမှာဘာရှိသည်၊ ဘယ်နေရာမှာ ငါတို့နားနေကျနေရာလေး ဖြစ်သည်။ ကျွန်တော်နားနေကျနေရာလေးများကို ရောက်တိုင်း ဝတ္တရားမပျက်နားနေကျ၊ အမောဖြေနေကျ။ သဘာဝအလှတောတောင်တို့၏ သာယာလှပပုံကို ငေးမောခံစားနေကျ။ ဤသည်မှာ ကျွန်တော်၏ ပြင်၍မရသော အကျင့်တစ်ခုဟုဆိုကများမည်မဟုတ်ပါ။

ကျွန်တော် ဘယ်လောက်အထိ အစွဲအလမ်းကြီးသလဲဆိုရင် မိုင်းခတ်မှ ကျိုင်းတုံသို့သွားလျှင် ဆိုင်ကယ်ဖြင့် သွားလေ့ရှိပါသည်။ သားသမီးမြေးတွေက-

"အဘိုး၊ ဆိုင်ကယ်နဲ့ ကျိုင်းတုံမသွားပါနဲ့။ သမီးတို့စိတ်မချဘူး"

"အေး - ငါက ကားနဲ့သွားရင် ငါနားနေကျနေရာလေးတွေမှာ မနားရတော့ဘူး။ ပြီးတော့ ကားနဲ့ဆိုရင် အပေါ့အပါးသွားရင်ရင်တောင် ကားရပ်ခိုင်းရတာ အားနာနေရဦးမယ်။ ဆိုင်ကယ်နဲ့ပဲ အေးအေးဆေးဆေးသွားချင်တယ်"

သားသမီးတွေ ကျွန်တော်ကို စိတ်မချသော်လည်း နောက်ပိုင်းသိပ်မပြောတော့။

ကျွန်တော် ဆိုင်ကယ်နှင့် ကျိုင်းတုံသွားလျှင် မိုင်းဟန်မှာ တစ်ခါနား၊ ခေါက်ဆွဲစား၊ ဆိုင်ကယ်ရေလောင်း၊ အမောဖြေနား၊ ခရီးဆက်ထွက်၊ (၂၆)မိုင်ရောက်လျှင် ကျွန်တော့် မိတ်ဆွေဆိုင်မှာ လက်ဖက်ရည်သောက်၊ စကားပြောနေကျပုံမှန်။ ခရီးဆက်ထွက်လာလျှင် နောင်ကန်ကျော် ကျိုင်းတုံမှ (၁၀) မိုင်အနီး လမ်းဘေးတွင် ကျွန်းပင်များအစီအရီပေါက်နေသော ကျွန်းတောကလေးရှိရာနေရာတွင် ကျွန်တော်နားနေကျနေရာလေး ဖြစ်ပါသည်။ ဤနေရာလေးသည် လမ်း၏ညာဘက်တွင် ကျွန်းတောရှိပြီး ကျွန်းတော၏ဘေးတွင် စမ်းချောင်းကလေးရှိသည်။ စမ်းချောင်းလေး၏ဘေးတွင် မာလကာပင်များ တန်းစီပေါက်နေသည်။ မာလကာသီးချိန်၊ ရင့်ချိန်တွင် မာလကာသီးများကို ခူးပြီးစားလိုက်၊ စမ်းချောင်းကလေးထဲမှ ရေကိုခပ်ပြီးသောက်လိုက်၊ ဆိုင်ကယ်ရေလောင်းလိုက်၊ အမောဖြေလိုက် လမ်း၏ဝဲဘက်တွင် မဲဇလီပင်တန်းများရှိနေသဖြင့် နေအလွန်ပူသောအခါများတွင် ၎င်းနေရာလေးသည် သစ်ပင်ရိပ်တို့ဖြင့် အမြဲတမ်းအေးမြနေ၏။

ဤနေရာလေးကို ရောက်တိုင်း နားနေကျနေရာလေး ဖြစ်ပါသည်။ မိတ်ဆွေများနှင့်အတူ ဆိုင်ကယ်ကိုယ်စီဖြင့် ကျိုင်းတုံသို့သွားသော်လည်း ကျွန်တော်၏နားနေကျနေရာလေးကိုရောက်တိုင်း ဝတ္တရားမပျက် နားနေလျက် -

"ဘိုးတော် နားမနေနဲ့၊ အမြန်သွားရအောင် အစည်းအဝေးရှိတယ်"

မိတ်ဆွေများက ဘယ်လောက်အရေးကြီးနေပါစေ ကျွန်တော်က စွဲလမ်းသံယောဇဉ်ကြီးလှသော နားနေကျနေရာလေးကို ဥပေက္ခာမပြုအား။ အနည်းဆုံး (၁၅) မိနစ်လောက်တော့ နားဖြစ်အောင်နားလိုက်ရမှ စိတ်ချမ်းသာကိုယ်ကျန်းမာပြီး ရှေ့ခရီးကို ပျော်ရွှင်စွာခရီးဆက်လေ့ရှိသည်။ လူတစ်ဦးနှင့်တစ်ဦး စွဲလမ်းမှုချင်းမတူညီကြ။ တန်ဖိုးထားပုံချင်းမတူညီကြ။ ဤသို့မတူညီခြင်းကပင် လူသား၏သဘာဝပေပဲလားဟု စိတ်ဝယ်ခံစားတွေးတောနေမိပါသည်။

၇ - ၁၂ - ၂၀၁၅ ရက်နေ့တွင် ကျွန်တော်တို့အဖွဲ့ မိုင်းဟန်ကျေးရွာအုပ်စု ဝမ်ကောင်းရွာသို့သွားရမည့် ခရီးစဉ်တစ်ခုရှိသည်။ ဤခရီးစဉ်မှာ ရှောင်လွှဲ၍မရသောခရီးစဉ်။ ဝမ်ကောင်းရွာ ရွာလယ်ဓမ္မာရုံဆောက်လုပ်ရန် မြေနေရာရွေးချယ်ခြင်း၊ လိုအပ်သော သစ်များ ရွာအနီးတွင် Chane Saw နှင့် ဆွဲ၍ ရနိုင်မရနိုင် ရွာသားများနှင့်စည်းဝေးတိုင်ပင်ရန် စသည့်အရေးကြီးအစီအစဉ်များဆောင်ရွက်ရန် ဝမ်ကောင်းရွာသို့ ကျွန်တော်တို့သွားရမည် ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့တွင် ဦးကျတဲ့၊ ဦးအားချို၊ ဦးလီဂေါ်တို့ပါဝင်ပြီး မိုင်းဟန်သာသနာပြုကျောင်းဆရာတော်အား အကျိုးအကြောင်းကို လျှောက်ထားပြီး နံနက် (၈) နာရီတွင် မိုင်းဟန်မှ ခရီးစတင်ထွက်ခွာခဲ့ပါသည်။

ဒီဇင်ဘာနံနက်ခင်း၏ အေးမြသော နှင်းထုမကွဲတကွဲတွင် ကျွန်တော်တို့အဖွဲ့ ဝမ်ကောင်းရွာသွားလမ်းပေါ်တွင် ခရီးနှင်လျက်ရှိပါသည်။ အရှေ့ဘက် လွယ်မီးတောင်တန်းကြီးကို ကျော်တက်လာသော သူရိယနေမင်းကြီးသည် အပူဓာတ်ကိုပေးလျက်ရှိသဖြင့် -

'နေလာလျှင် နှင်းပျောက်' ဆိုသည့် နိယာမအတိုင်း တောင်တန်းတစ်ကြောတွင် မင်းမူနေသော နှင်းမှုန်ဖာပဝါပါးတို့သည် နေအပူရှိန်ကြောင့် လွင့်ပျောက်ပြီး 'ရေချိုးပြီးခါစ လုံမ



www.burmeseclassic.com

www.burmeseclassic.com

ဖို၏အလှကဲ့သို့ နှင်းထုကွဲသွားပြီဖြစ်သော တောတောင်တို့၏အလှမှာ ဘယ်ပန်းချီရေးလို့ မမီသကဲ့သို့ နီနီရဲရဲကသစ်ပန်းတို့က တောအနှံ့ ဖြန့်ကြက်အလှဆင်ထားသလို စွယ်တော်ပန်းဖြူဖြူ ပင်လုံးကျွတ်ပွင့်နေသော ပန်းခိုင်ပန်းခက်တို့ကလည်း ငွားငွားစွင့်စွင့် လှချင်တိုင်းလှနေပေတော့သည်။

ဤတော၊ ဤတောင်တွေနှင့် ကျွန်တော် စိမ်းသွားသည်မှာ (၁၅) နှစ်ခန့်ရှိပြီဖြစ်သည်။ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန လက်ထောက်သာသနာပြု (လူပုဂ္ဂိုလ်)အဖြစ်မှ အနားယူပြီး မိုင်းခတ်မြို့နယ် သာသနာ့နုဂ္ဂဟအသင်းဝင်အဖြစ် တာဝန်ယူနေရာ သာသနာရေးကိစ္စများ၌ လုပ်ကိုင်ဆောင်ရွက်လျက်ပင်ရှိနေသေးရာ ဝမ်ကောင်းရွာရွာလယ်ဓမ္မာရုံတည်ဆောက်ရေးတွင် မိုင်းခတ်မြို့နယ် သာသနာ့နုဂ္ဂဟအသင်းမှ တာဝန်ပေးမှုအရ သွားရောက်ရခြင်းဖြစ်သည်။

ဝမ်ကောင်းရွာသွားလမ်းတွင် ကျွန်တော့်ဘဝအတွက် အမှတ်တရရှိလှသော ကျောက်စက်ရေတွင်းလေးရှိနေသည့် သံယောဇဉ်ကြီးလှသော အမှတ်တရရေတွင်းလေးတွင် ကျောက်စက်ရေကြည်လေးသောက်ပြီး အမောဖြေသဘာဝရှုခင်းများကို ငေးမောခံစားရင်း ခရီးဆက်ရမည်ဟု ရင်တွင်းပီတိနှင့် ကျွန်တော်တို့အဖွဲ့ တောင်တက်လမ်းတွင် ခရီးနှင်ရင်း ကျွန်တော်တွေ့မြင်လိုလှသော ကျောက်စက်ရေတွင်းလေး အနီးသို့ နံနက် (၁၀) နာရီတွင် ရောက်ရှိလာပါသည်။ ခရီးကပန်း၊ ရေကဆာလှ၍ ဟန်မဆောင်နိုင်တော့ဘဲ ကျွန်တော်မြတ်နိုးလှသော ကျောက်စက်ရေတွင်းလေးဆီ အပြေးသွားမိပါတော့သည်။

ကျောက်စက်ရေတွင်းဆီသို့ရောက်၍ ရေခပ်သောက်မည်ဟု ငုံ့ကြည့်လိုက်သောအခါ ကျွန်တော့်ရင်နှစ်ခြမ်းဖြန်းခနဲကွဲသွားသလို ဟာခနဲအာမေဍိတ်သံထွက်ပေါ်သွားပြီး ဝမ်းနည်းစွာ ကျောက်စက်ရေတွင်းလေးကို စိုက်ကြည့်နေမိပါတော့သည်။

အတန်ကြာမှ သတိရ၍ ဦးကျတဲ့အား အကျိုးအကြောင်း စုံစမ်းမေးမြန်းမိပါတော့သည်။

"ဦးကျတဲ့ ဘယ်လိုဖြစ်တာလဲ။ ဒီရေတွင်းလေး ရေတစ်စက်မှမရှိတော့ဘဲ အောက်ခံမြေတွေတောင်ခြောက်ပြီးပက်ကြားအက်နေပါလား"



"ဟုတ်တယ် ဆရာရေ။ ဒီတွင်းလေး ရေခန်းသွားတာ (၃) နှစ်ကျော်ပြီ။ ဆရာက ဒီဘက်ကိုမရောက်တာကြာလို့ မသိတာ"

ဦးကျတဲ့၏ ဖြေကြားသံကို ကျွန်တော်ဝမ်းနည်းစွာနားထောင်နေမိပါသည်။

တောင်ပေါ်မှာလည်း သစ်တောတွေ ဒီအတိုင်းရှိနေတာပဲ။ ဘာပြုလို့ ရေမထွက်တော့တာလဲ။

ကျွန်တော် ဦးကျတဲ့အား စုံစမ်းကြည့်မိသည်။

"အဖြစ်က ဒီလိုဆရာရေ့"

ဦးကျတဲ့မှ ဖြစ်ကြောင်းကုန်စင် အစအဆုံးပြောပြပါတော့သည်။

"တောင်ပေါ်ကျေးရွာ (၂) ရွာမှ (ရွာအမည်များ မဖော်ပြတော့ပါ) ကောင်လေးနှင့်ကောင်မလေးငယ်ချစ်ဦးတွေပေါ့ဆရာ။

အချိန်တန် အရွယ်ရောက်လို့ လက်ထပ်မင်္ဂလာဆောင်ကြတဲ့အခါမှာ ကောင်မလေးကလည်း တခြားကောင်လေးနဲ့ လက်ထပ်လိုက်ရတယ်။ ကောင်လေးကလည်း တခြားကလေးမလေးနဲ့ လက်ထပ်လိုက်ရတယ်။ သူတို့အိမ်ထောင်အသီးသီးကျလို့ ကောင်မလေးကလည်း ကလေးတစ်ယောက်ရနေပြီ။ ကောင်လေးလည်း ကလေးတစ်ယောက်ရနေပြီ။ အိမ်ထောင်ရေးလည်း အဆင်ပြေနေကြတယ်။

အဲ - ဒါပေမယ့် (၃) နှစ်လောက်ကြာတော့ ကောင်လေးနဲ့ ကောင်မလေး ပြန်ပြီးဆက်မိကြတယ်။ မနက်စောစော တောင်ယာသွားမယ်ဆိုပြီး အိမ်က စောစောထွက်လာ တောထဲမှာ ချိန်းတွေ့နေကြတယ်"

ဦးကျတဲ့မှ ဇာတ်လမ်းရှည်ကြီးအား ပြောပြရသဖြင့် မောသွားဟန်ဖြင့် လွယ်အိတ်အတွင်း ထည့်ယူလာသော ရေပုလင်းကိုထုတ်ပြီး မော့သောက်လိုက်သည်။

"သူတို့ချိန်းတွေ့နေတဲ့ တောက ဘယ်တောလဲ"

ကျွန်တော်မှ သိလိုဇောပြင်းပြစွာနဲ့ ဆက်တိုက်မေးမိပါတော့သည်။

ဆရာရေ ကောင်လေးနဲ့ ကောင်မလေး အိမ်ထောင်ရေးဖောက်ပြန်ပြီး တောထဲမှာချိန်းတွေ့ပြီး ချစ်တင်းနှီးနှောတဲ့နေရာက ကျောက်စက်ရေတွင်းအပေါ်ဘက်ကတောထဲမှာဆရာရေ။

သူတို့ချိန်းတွေ့လို့ (၃) လလောက်ကြာတဲ့အခါ ရွာကလူကြီးတွေသိလို့ ဆူပူကြိမ်းမောင်းလိုက်တော့ ကောင်လေးနဲ့ ကောင်မလေးရှက်ပြီး ဟိုဘက်ကမ်းကို ထွက်ပြေးသွားကြတယ်။ သူတို့ထွက်ပြေးလို့ မကြာခင်မှာပဲ ဒီကျောက်စက်ရေတွင်းလေးလည်း ရေကိုလုံးဝမထွက်တော့ဘူး။

ဒီအနီးအနား တောင်ယာလုပ်တဲ့ တောင်ပေါ်သားတွေဆိုရင် စိတ်လုံးဝမကောင်းဘူး။ သူတို့တောင်ယာလုပ်လို့ မောရင် ဒီတွင်းလေးကရေကိုခပ်သောက်ပြီး အမောဖြေရတာ။ ခုတော့ သောက်ရေအတွက် အိမ်ကတကူးတကယူလာရတော့ ပိုပြီးပင်ပန်းတာပေါ့ ဆရာ။

သူတို့ကတော့ ဒီကောင်လေးနဲ့ ကောင်မလေး မဟုတ်တာတွေဖောက်ပြန်လို့ ဒီတောကြီးက ဒဏ်ခတ်လိုက်တာလို့ပဲ ပြောနေကြတယ် ဆရာရေ။

ကျွန်တော် တွေ့မြင်လိုလှသော သံယောဇဉ်အလွန်ကြီးသော ကျောက်စက်ရေတွင်းလေး ရေခန်းခြောက်သွားသည်မှာ ဤကျောက်စက်ရေတွင်းအပေါ်ပိုင်းရှိ တောကြီး၏ဒဏ်ခတ်ခြင်းဖြစ်နိုင်၊ မဖြစ်နိုင်သည်ကို ရင်တွင်းဝယ်သံသယပွားရင်း ရေအလွန်ဆာနေသဖြင့် ကျောက်စက်ရေတွင်းမှရေကို မသောက်ရတော့ဘဲ ဦးကျတဲ့လွယ်အိတ်အတွင်းမှရေဘူးကို ကပျာကယာဆွဲယူလိုက်ပြီး ရေကို အငမ်းမရသောက်နေမိရင်း-

ဝမ်းနည်းသောစိတ်၊ ယူကျုံးမရနှမြောတသသောစိတ်ကို ရင်ဝယ်ပိုက်ရင်း လေးလံနွေးကွေးသော ခြေလှမ်းတို့ဖြင့် ရှေ့ခရီးကို ဆက်လက်ထွက်ခွာနေပါတော့သည်။

ရွှင်လန်းကျန်းမာချမ်းသာကြပါစေ

အေးမင်း(ကိုင်းတုံ)



www.burmeseclassic.com

www.burmeseclassic.com

ဦးကိုကိုကြီး(စစ်ဆေးရေး)
ကာစခ(၁၂)၊ ထုံးဘို

# ဝါးနွယ်ကွင်းထိုးပုံနှင့် သွေးတိုးကျဆေး



၁၃၇၈ခုနှစ်၊ တော်သလင်းလပြည့်နေ့က စာရေးသူသည် ဇနီးဖြစ်သူ ချစ်ညိုနှင့်အတူ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် တုံးကင်းအုပ်စု ရွာထောင်ရွာရှိ မြနန်းရတနာပုံ ဘုန်းတော်ကြီးကျောင်းသို့ နံနက်(၇)နာရီလောက်တွင် ဥပုသ်စောင့်ရန် ဆိုင်ကယ် ဖြင့်ထွက်ခဲ့ကြပါသည်။

စာရေးသူ၏နေအိမ်မှ ဆိုင်ကယ်ကို (၁၅) မိနစ်ခန့် မောင်းနှင်ပြီးသည်နှင့် ရှေးဦးစွာ ကွေ့ဝိုက်၍ စီးဆင်းနေသော ခဝါချောင်းလေးကို စတင်တွေ့ရှိရပါသည်။

ထိုခဝါချောင်းအား ဆိုင်ကယ် တစ်စီးခန့်သာ မောင်းနှင်ဖြတ်ကျော်၍ ရသော တံတားတစ်စင်းရှိနေသဖြင့် စာရေးသူလည်း ဆိုင်ကယ်ကိုဖြည်းညင်းစွာ မောင်းနှင်၍ ကျော်ဖြတ်လိုက်ပါသည်။

တံတားကိုကျော်ဖြတ်ပြီးသည်နှင့် မြနန်းရတနာပုံဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိသွားပါသည်။

ဘုန်းတော်ကြီးကျောင်း၏အဝင်းအဝိုင်းအတွင်းသို့ ဝင်လိုက်သည်နှင့် စာရေးသူ၏ နှလုံးအိမ်တို့ အေးမြချမ်းသာမှုကို ခံစားလိုက်ရပါသည်။

ကျောင်းဝင်းအတွင်း နှစ်ပေါင်း (၁၀၀) ကျော်လောက်ကတည်းကရှိခဲ့သော ကြီးမားလှသည့် ခရေပင်ကြီးနှင့် တကွ သစ်ပင်၊ ပန်းပင်များ စုံလင်စွာ ရှိနေသည်ကိုက စိတ်ဘဝင်ကို ကြည်နူးစရာဖြစ်ရပါသည်။

ခရေပင်ကြီးအောက်တွင် စာရေးသူ ဆိုင်ကယ်ကိုရပ်ထားပြီး ဘုန်းတော်ကြီးကျောင်းပေါ်သို့ တက်ခဲ့ပါသည်။ ကျောင်းကြီးပေါ်သို့ ရောက်သည်နှင့် ရွှေများကျထားကာလှပနေသည့်ကျွန်းတိုင်ကြီးများအား ထည်ဝါဝင့်ကြွားစွာ အရင်တွေ့မြင်ရပြီး တဖြည်းဖြည်းဆက်လျှောက်လာရာ ထူးခြားသပ္ပာယ်လှစွာရှိသော မြတ်ဘုရားသုံးဆူအား ဖူးမြင်ရှိခိုးရပါတော့သည်။

မြတ်ဘုရားတို့ရှေ့တွင် တရားဟောပလ္လင်ရှိပြီး တရားဟောပလ္လင်ရှေ့တွင်မတော့ သီလယူမည့်သူများမှ ဝတ္ထုငွေလှူဒါန်းနိုင်ရန် ငွေဖလားကြီး တစ်လုံးချထားသည်ကို တွေ့မြင်ရပါသည်။

သို့အတွက်ကြောင့် စာရေးသူလည်း မိမိအကျီအိတ်ကပ်ထဲမှ ပိုက်ဆံကိုဆွဲထုတ်၍ သီလပွဲတွင် ငွေဖလားထဲသို့ ရတနာသုံးပါးတို့အား ရည်စူးပြီး ထည့်ခါလှူဒါန်းလိုက်ခြင်း ဖြစ်ပါသည်။

သည့်နောက် ဘုရားရှင်တို့အား လက်အုပ်ချီလျက် -

"ဤကဲ့သို့ ဘုရားတပည့်တော်သည် စာမူခအား ရတနာသုံးပါးတို့ကို ရည်စူးပြီး လှူဒါန်းလိုက်ရသည့်ကောင်းမှုကြောင့် သူရဇ္ဇမဂ္ဂဇင်းကြီးသည် သတ္တလောကကြီးအလယ်တွင် ထာဝရအောင်မြင်မှုတွေ ပိုင်ဆိုင်ရရှိပြီး နှစ်(၁၀၀) မက သက်တမ်းရှည်ကြာစွာ တည်တံ့ ခိုင်မြဲပြီး ရပ်တည်နိုင်ပါစေ"

ဟု စာရေးသူ လှိုက်လှိုက်လှဲလှဲ ဆုတောင်းမိပါသည်။

တစ်ဖန် ဆက်လက်၍ -

"ဒေပည့်တော်သည်လည်း စာမူများရေးသားရင်း သူရဇ္ဇမဂ္ဂဇင်းကြီးနှင့် ရေရှည်လက်တွဲနိုင်ရတယ်ကို ဖြစ်ရပါလို၏ဘုရား"

ဟု ဆုတောင်းအဓိဋ္ဌာန်ပြုမိပါပေသည်။

အဘယ်ကြောင့် ဤဆုတောင်းရသည်ဆိုရပါသော် သူရဇ္ဇမဂ္ဂဇင်းကြီးရှိနေသည့်အတွက် စာရေးသူတို့ စာရေးဆရာများ စာများရေးသားနိုင်ကြတာဖြစ်သလို စာဖတ်ပရိသတ်များအတွက်ကိုလည်း သူရဇ္ဇမဂ္ဂဇင်းကြီးမှ လူ့ဘဝအတွက် လိုအပ်နေသည့် အတွေ့အကြုံ ဗဟုသုတတွေကို ကြွယ်ဝနေအောင်ပေးစွမ်းနေမှာဖြစ်သည့်အတွက် ဤဆုကို တောင်းမိခြင်း ဖြစ်သည်။

ဆုတောင်းပြီး၍ ကျောင်းမျက်နှာကြက်ပေါ်သို့ အမှတ်တမဲ့မော့ကြည့်လိုက်မိရာ ပုံတွင်ပြထားသည့်အတိုင်း ထူးဆန်းသည့်ပုံကို မြင်တွေ့ရ၍ ပါလာသည့်ဖုန်းနှင့် ဓာတ်ပုံရိုက်ကူးလိုက်ပါသည်။

ပုံမှာ ဝါးပင်မှထွက်လေ့ထွက်ထမရှိသော ဝါးပင်မှအနွယ်များဖြစ်ပေါ်ပြီး တစ်နွယ်နှင့်တစ်နွယ် ထိုးဖောက်ကွင်းထိုးနေခြင်းကို မြင်တွေ့ရပါသည်။

ထိုဝါးနွယ်ပေါ်တွင် အုန်းသီးကိုပြုံးနေသောမျောက်မျက်နှာထုထားသည့်ပုံအားတင်ထားပြီး မျောက်အုန်းသီးအပေါ်မှာတော့ ကြီးမားသည့် ငှက်ကြီးတစ်ကောင်၏နှုတ်သီးချိတ်ဆွဲထားသည်ကို မြင်ရပါသည်။

ထို့နောက် မြတ်ဘုရားတို့၏ လက်ယာဘက်တွင်ထိုင်လျက် သီတင်းသုံးတော်မူသော သက်တော် (၇၁) နှစ်ရှိကျောင်းထိုင်ဆရာတော် ဦးပဏ္ဍိတထံသွားရောက် ဦးသုံးကြိမ်ချ ကန်တော့ရင်း ထိုဝါးနွယ်ကွင်းထိုးပုံကို မေးလျှောက်မိရာ ၀

ဆရာတော်မှပြုံးရယ်လျက် -

"ထူးထူးခြားခြားဖြစ်တာနဲ့ပဲ ကျောင်းလာတဲ့ ဒကာ၊ ဒကာမတွေ မြင်ဖူး၊ တွေ့ဖူးအောင် ချိတ်ပြထားတာ"

မိန့်တော်မူပါသည်။

(ဝါးနွယ်ကွင်းထိုးနှင့် ပတ်သက်သည့် အကြောင်းအရာများအား သိရှိသူများရှိပါက သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ရေးသားကြပါရန်။)

ဆရာတော်ဦးပဏ္ဍိတနှင့်အာလာပသလ္လာပစကားများပြောဆိုပြီး စာရေးသူလည်း သီလယူကြမည့် ဒကာ၊ဒကာမများနေထိုင်ရာသို့ လွတ်နေသည်နေရာ တစ်ခုတွင် သွားရောက်ထိုင်လိုက်ပါသည်။

စာရေးသူထိုင်နေရာသို့ ထိုဘုန်းကြီးကျောင်းမှ စာရေးသူနှင့်ရင်းနှီးသူ အသက် (၈၀) အရွယ်ရှိ နိဗ္ဗာန်ဆော်ကြီး ဦးမောင်ထွားဆိုသည့် အဘိုးကြီး ပြုံးရွှင်စွာဖြင့် စာရေးသူ၏အနီးတွင် လာ ရောက်ထိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူမှ -

"ဦးလေးဦးမောင်ထွားနေကောင်းတယ်နော်။ အသက်လည်းရှည်တယ်"

ဟု ပြောလိုက်ရာ

"အေးကွာ အသက်ကြီးပြီဆိုတော့ နေကောင်းပေမယ့် သွေးက (၁၆၀)၊ (၁၇၀) လောက် တိုးတိုးနေတယ်ကွ။ ဆရာဝန်က အသဲပုံစံအင်္ဂလိပ်ဆေးကို သောက်ခိုင်းတယ်။ သောက်နေတဲ့ကြားက တိုးနေတာဘဲကွ"

ဟု ပြောနေပါသည်။

စာရေးသူတို့ နှစ်ဦးပြောသည့် စကားကိုကြားသွားသည့် စာရေးသူ၏ ဘေးနားမှလူတစ်ဦးမှဝင်ရောက်လာပြီး -

"ကျွန်တော်က တုံးကင်းရွာမှာနေတယ်။ အခု အသက် (၆၇) နှစ်ရှိပြီ။ ဘာသွေးတိုးမှမရှိဘူး။ မရှိအောင်လည်း ဆေးကောင်းရှိထားတယ်လေ။ ဒီဆေးကိုပဲ ကျွန်တော် သောက်နေတာ"

ဟု ပြောဆိုလေသည်။

စာရေးသူမှလည်း စာရေးသူပီပီ စာဖတ်ပရိသတ်များအား မျှဝေနိုင်ဖို့အတွက်-

"ဒါဖြင့် ဆေးနည်းလေးရှိရင် ပြောမပြနိုင်ဘူးလား"

ဟု စတင်မေးလိုက်မိပါသည်။

ထိုအခါ ထိုလူကြီးမှ -

"လိုချင်ရင်တော့ ပေးရတာပေါ့ဗျာ။ ဥပုသ်စောင့်လာရင်း ဇီဝိတဒါနတုသိုလ် ကျွန်တော်ရတာပေါ့"

ဟု ပြောရင်း ဆက်လက်ပြီး -

"ကျွန်တော်အိမ်မှာ သံပရာပင်တွေစိုက်ထားတာဆိုတော့ ကျွန်တော့်အပင်က သံပုရာသီးတွေရတာမို့ ပိုက်ဆံတစ်ပြားမှမကုန်ဘဲ ဆေးဖော်လို့ရတယ်။ မိဘဘိုးဘွားလက်ထက်တွေကတည်းက အစဉ်အဆက်သုံးလာခဲ့တဲ့ လက်သုံးဆေးပဲ။ ကျွန်တော်တို့ မိဘဘိုးဘွားလက်ထက်က ဆရာဝန်ဆိုတာ ကျွန်တော်တို့ရွာမှာဘယ်ရှိပါ့မလဲ။တောဆေးတောဝါးကိုပဲအားပြုရတာ။

ယုံယုံကြည်ကြည်နဲ့သာသုံး။ ဘယ်ဆရာဝန်မှသွားပြစရာမလိုဘူး။ သောက်သုံးပြီးလို့ တစ်လကြာရင်တော့ ခင်ဗျားတို့သွားပြနေတဲ့ ဆရာဝန်ဆီသွားပြီး သွေးသာချိန်ကြည့်လိုက်ပေတော့။ အဲဒီခါကျမှ ကျွန်တော့်ကို ကျေးဇူးတင်ပေတော့။ အိမ်မှာဆေးဖော်ပြီးသား ပုလင်းတွေရှိပါတယ်။ ဦးမောင်ထွားလူကြုံရှိရင် ကျွန်တော်ဆီလွှတ်လိုက်ပါ။ ကျွန်တော်ပေးလိုက်ပါ့မယ်"

ဟု ပြောဆိုပါလေသည်။

"ဆေးကိုတော့ ဟင်းခတ်ဇွန်းနဲ့ တစ်နေ့ကို နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် သောက်ရမယ်။

တစ်လလောက် သောက်ပြီးလို့ ဦးမောင်ထွားစိတ်ကိုယုံကြည်စေဖို့အတွက် သွေးသွားချိန်ပေါ့။ ချိန်ပြီးလို့ သွေးပေါင်မှန်သွားပြီဆိုရင် တစ်နေ့တစ်ကြိမ် ပုံမှန်သာသောက်သွား။ အယ်သွေးကမှ မတိုးတော့ဘူး ဦးမောင်ထွားရေ"

ဆိုပြီး ထပ်ပြောလာပါလေသည်။

ထိုလူကြီး၏အမည်ကို မေးမြန်းကြည့်တော့ ဦးအေးသန်းဟု ပြောပါသည်။

ဦးအေးသန်း၏ ပြောပြချက်ကို စာရေးသူ၏စိတ်တွင် အသေအချာမှတ်လိုက်ပါသည်။ ယခုခေတ်အခါတွင် သွေးတိုးဝေဒနာရှင်များ မြန်မာနိုင်ငံတွင် နှစ်စဉ်နှင့်အမျှ တိုးပွားလျက်ရှိနေရာ အခြားအခြားသော သွေးပေါင်ကျဆေးများ သူ့နည်းသူ့ဟန်ဖြင့် ကောင်းမွန်စွာရှိနေသော်ငြားလည်း ဝေဒနာရှင်ကိုယ်တိုင် ဖော်စပ်သောက်သုံးပြီး လက်တွေ့ပျောက်နေသောဆေး ဖြစ်နေပါသဖြင့် ရေးသား တင်ပြလိုက် ရပါပေသည်။

**□ ဆေးဖော်စပ်နည်း**

၁။ အရည်အောင်သော သံပရာသီး အလုံး (၁၀၀) ကို ဇလုံကြီးထဲထည့်၍ ရေသန့်စင်အောင် ဆေးပါ။ အလုံး (၁၀၀) မရနိုင်ပါက အလုံး (၅၀)၊ အလုံး (၂၅) လုံးဖြင့်လည်း ဖြစ်ပါသည်။

၂။ ရေဆေးပြီးသား သံပရာသီးများကို စကာထဲထည့်ပြီး ရေခြောက်သွားသည်အထိထားလိုက်ပါ။

၃။ ရေခြောက်သွားပါက သံပရာသီးများကို ဓားပြတ်ပြတ်နှင့် တစ်လုံးချင်း ခါးအလယ်မှထက်ခြမ်းဖြစ်အောင် လှီးဖြတ်ပြီး ဇလုံကြီးထဲသို့ ထည့်ထားပါ။

၄။ ထက်ခြမ်းခြမ်းပြီးသော သံပရာသီးခြမ်းများကို တစ်ခြမ်းချင်း စတီးသံပုရာသီးအရည်ညှစ်သည့်ညှပ်၌ထည့်၍ အောက်မှ ဇလုံတစ်လုံးခံကာ အရည်ကိုညှစ်ချလိုက်ပါ။ သံပုရာရည်ညှစ်သည့်ညှပ်မရှိပါက သံပရာသီးကို အနေတော်စိတ်၍ လက်နှင့်ညှစ်ပါ။

၅။ ရလာသော သံပရာရည်များကို အခြားဇလုံတစ်လုံးထဲသို့ အမှုန်၊ အမွှားနှင့် အဖတ်များ မပါရှိစေရန် ပိတ်ပါးပါးနှင့်ဖြစ်စေ၊ ရေစစ်နှင့်ဖြစ်စေခံထားပြီးမှ သံပရာရည်များကို လောင်းချလိုက်ပါ။

၆။ အရည်များကျနေစဉ် ခဏစစ်ထားပြီး အိမ်သုံးဆားဟင်းခတ်ဇွန်းတစ်ဇွန်းကို မီးဖိုပေါ်တင်၍ရဲနေအောင်မီးဖုတ်ပါ။ ပြီးလျှင် အအေးခံထားပါ။ အလုံး (၅၀) ဆိုပါက ဆားဇွန်းတစ်ဝက်၊ အလုံး (၂၅)လုံးဆိုပါ ဆား ဇွန်း၏ လေးပုံတစ်ပုံ မီးဖုတ်ရပါမည်။

၇။ ပြီးလျှင် စစ်ထားသောသံပရာရည်ထဲသို့ ဆားမီးဖုတ်အား လောင်းထည့်လိုက်ပါ။

၈။ ခဏကြာလျှင် သင့်တော်သည့် ပုလင်းထဲသို့ လောင်းထည့်ပြီး ပုလင်း၏အဖုံးကို လေလုံအောင် ပိတ်ပါ။

၉။ ထို့နောက် ထိုပုလင်းအား စပါးလှောင်ထားသော စပါးပုတ်ထဲသို့ ပုလင်းကိုမြှုပ်နေအောင်ထည့်ထားပါ။ စပါးမရှိသောသူများ ဆန်ပုံးမြှုပ်ထားရပါမည်။ (၆) လကြာအောင်ထားပြီးမှသာ ဆေး၏အာနိသင်ကိုရရှိပါမည်။ သို့တည်းမဟုတ် စပါးနှင့်ဆန်ထဲသို့မထည့်ဘဲ အပြင်မှာထားမည်ဆိုပါက ဆေးကို (၃) နှစ်ကြာအောင်ထားပြီးမှ ဆေး၏အာနိသင်ပြည့်ဝစွာရရှိမည်ဖြစ်ပါသည်။ (ဘေးထွက်ဆိုးကျိုးမရှိသောဆေးဖြစ်ပါသည်။)

(၃) နှစ်ကြာအောင်ထားသည့်ဆေးက ပို၍အာနိသင်ရှိသည်ဟု ပြောပါသည်။

ရဟန္တာသုံးပါးတို့အား စာမူခကို စာရေးသူ လှူဒါန်းလိုက်ရခြင်း၏အကျိုးကျေးဇူးကြောင့်ဟု မိမိ၏စိတ်ဝယ်တွင် ခံစားရင်း ပီတိများစွာ ဖြစ်ပေါ်နေမိပါတော့သတည်း။

ဆေးနည်းပြောပြသောပန်းတောင်းမြို့နယ် တုံးကင်းအုပ်စု တုံးကင်းရွာမှ ဦးအေးသန်းအား အထူးကျေးဇူးတင်ရှိပါကြောင်း။

သုရဋ္ဌမဂ္ဂဇင်းကြီးနှင့်တကွ စာဖတ်ပရိသတ်တို့အား အစဉ်လေးစား တန်ဖိုးထားလျက်။

ဦးကိုကိုကြီး (စစ်ဆေးရေး)
ကစခ(၁၂)၊ ရေသို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ၁၉၇၆ ခုနှစ်တွင် စန်ထမ်းဘဝ သက်တမ်း (၈) နှစ် အရောက်တွင် မြန်မာ့မီးရထား (ICE) ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ထိုစဉ်က ကျွန်တော် အကူလုပ်သားဘဝဖြင့် ဆရာကြီးများထံတွင် ပညာသင်ရသောတပည့်တစ်ယောက် ဖြစ်ပါသည်။ သံလမ်းပြေးကားရထားရှေ့ပြေးဟုခေါ်တွင်သော (DCA-MCA) များကို ပြုပြင်ရပါသည်။ ဆရာကြီး ဦးသြနှင့် ဆရာဦးတင်ရွှေတို့က ကျွန်တော်၏ဆရာရင်းများဖြစ်ကြသလို ပညာများကိုလည်း ဆရာစားမချန်ဘဲ သင်ပေးကြပါသည်။ ထိုအချိန်က ကျွန်တော်တို့ ဟင်္သာတမြို့တွင် ပြည်သူ့ကောင်စီဥက္ကဋ္ဌက ဗိုလ်မှူးအုံးမောင် ဖြစ်ပါသည်။ ကျွန်တော်တို့ ဆရာတပည့်သုံးဦး MCA-18 ကို ပြုပြင်နေချိန်တွင် စက်ရုံအုပ်ကြီးဦးစိန်လှက ကျွန်တော်တို့ပြုပြင်နေသော MCA-18 အနီးသို့ရောက်ရှိလာပြီး -

"ခင်ဗျားတို့ကို MCA ပြည်သူ့-

ပုဂ္ဂိုလ်ထူးဆရာတော်ကြီးနှင့် မေတ္တာသုတ်တော်အစွမ်း

---

ရောပြေကျော်ဝေ

ကောင်စီဥက္ကဋ္ဌက ညနေ (၄) နာရီအပြီး လိုချင်တယ်တဲ့။ အချိန်ကနေတော့. . ."

ဆိုပြီး စက်ရုံအုပ်ကြီးဦးစိန်လှသည် လက်ပတ်နာရီကိုကြည့်ပြီး -

"အခုမှ (၂) နာရီပဲရှိပါသေးတယ်ဗျာ။ ပြင်ချိန် (၂) နာရီအတွင်းမှာ ပြီးအောင်လုပ်ပေါ့ဗျာ။ ခင်ဗျားတို့လည်း မညံ့ပါဘူး"

ဟု ဆိုသောအခါ ဆရာသြက ဘာမှမပြော။ ဆရာဦးတင်ရွှေက -

"စိတ်ချပါ ဆရာ၊ ကျွန်တော်ကြိုးစားပါ့မယ်။ (၄) နာရီ ဘူတာအရောက်"

ဟု အာမခံပေးလိုက်လေသည်။

ဆရာဦးတင်ရွှေအာမခံပေးလိုက်သည့်အတိုင်းပင် MCA-18 သည် ညနေ (၃) နာရီတိတိတွင် အားလုံးပြီးစီးသွားလေသည်။ ကျွန်တော်တို့ဆရာတပည့်သုံးယောက် မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ၏အမိန့်ဖြင့် သမန်းကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းအနီးသို့ MCA-18 ကိုမောင်းနှင်ပြီး ဘုန်းတော်ကြီးများကြွအလာကို စောင့်ဆိုင်းနေရပါသည်။ ဆီကုန်သက်သာစေရန်အတွက် စက်ကိုရပ်ထားပြီး စောင့်ဆိုင်းရသည်မှာ နာရီဝက်ခန့်အကြာမှ ဘုန်းတော်ကြီးနှစ်ပါး ကြွလာပြီး သမန်းကုန်းဆရာတော်ကြီးက -

"ကဲ - စက်ဆရာတို့ အင်ပင်ခွဲဝံတောရကျောင်းကို မောင်းပေတော့"

ဟု ပြောကြားသဖြင့် ကျွန်တော်တို့လည်း ဟင်္သာတဘူတာကစပြီး လမ်းဘူတာစဉ်လမ်းရှင်းလက်မှတ်များယူပြီး မောင်းနှင်ခဲ့ရာတွင် ကားကလေးသည် ရှောရှောရှူရှူစက်သံတည်ငြိမ်စွာဖြင့် လိုရာခရီးဆီသို့ ရောက်သွားခဲ့ပါသည်။ သံလမ်းပြေးကားကို ကျွမ်းကျင်စွာ မောင်းနှင်သော ဆရာဦးတင်ရွှေကို သမန်းကုန်းဆရာတော်ကြီးက -

"ကဲ - ကားဆရာတို့ ကျုပ်တောရဘုန်းကြီးကိုလိုက်ပို့ဦးမယ်။ သိပ်မကြာရပါဘူး နာရီဝက်လောက်ပါပဲ"

ဟုပြောပြီးဆင်းသွားလေသည်။

ကျွန်တော်တို့ ဆရာတပည့်သုံးဦးကလည်း လိုအပ်တာများကို ပြုပြင်ပြီး ဘူတာအတွင်းဘက် လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း ဆရာတော်ကြီးကို စောင့်နေကြရာတွင်





www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးသည် ဘယ်အချိန်က ရောက်နေမှန်းမသိ ကားပေါ်တွင်ထိုင်နေသည်ကို တွေ့ရသောအခါ ဆရာသြက -

"အရှင်ဘုရား၊ ဘယ်အချိန်ကကြွရောက်တော်မူပါသလဲ ဘုရား။ တပည့်တော်တို့သုံးဦးက ဆရာတော်အလာကို ကြည့်နေကြတာပါ ဘုရား"

ဟု လျှောက်သောအခါ ဆရာတော်ကြီးက-

"သိပ်မကြာသေးပါဘူး စက်ဆရာဒကာ။ ဘုန်းကြီးလာတာကို စက်ဆရာတို့အမှတ်တမဲ့နေလို့ပါ"

ဟု ဆရာတော်ကြီးက ရယ်မောစွာဖြင့်ပြောလေသည်။ အင်ပင်ဘူတာမှ လမ်းရှင်းလက်မှတ်ယူပြီး MCA-18 ကို စက်နှိုးသောအခါ စက်ကမနိုး။ အမျိုးမျိုးဆီချူရေချူပြုလုပ်ပြီးနှိုးပါသော်လည်း





www.burmeseclassic.com

www.burmeseclassic.com

ကားစက်ကမနိုး။ ဆရာတော်ကြီးသည် ကားပေါ်မှဆင်းပြီး ရွှေဂျို့ပင်အနီးသို့ သွားပြီး မေတ္တာရပ်ခံလေသည်။

"အသင်ရွှေဂျို့ပင်နတ်၊ ကျွန်ုပ်တို့ကို အနှောင့်အယှက်မပေးပါနှင့်။ ဒီနယ်မြေက သင်နှင့်ဆိုင်ပါသော်လည်း ဒီစက်ပြင်ဆရာများက သင့်ကို အနှောင့်အယှက်ပေးသူများမဟုတ်ကြပါ။ အကယ်၍ သင်မကျေနပ်ပါက မကျေနပ်သည့် အကြောင်းကို သင်ကပြောပြပါ"

ဟု ဆရာတော်ကြီးကဆိုသောအခါ ရွှေဂျို့ပင်အနီးမှ လူတစ်ယောက်ကိုဝင်ပူးပြီး ဆရာတော်ကို လက်အုပ်ချီပြီး ဤကဲ့သို့ဆိုလေသည်။

"အရှင်ဘုရား၊ ဟောဟိုက အသက်အကြီးဆုံးစက်ပြင်ဆရာက တပည့်တော်နေထိုင်တဲ့သစ်ပင်အုံခြေမှာ မဖွယ်မရာ အပေါ့စွန့်ပါတယ်ဘုရား။ အဲဒါကြောင့် တပည့်တော် လူကိုမလုပ်ချင်တာနဲ့ သူတို့မောင်းလာတဲ့စက်ပစ္စည်းကားကိုလုပ်တာပါဘုရား။ အရှင်ဘုရားပြန်မယ်မှန်းမသိလို့ တပည့်တော်ပြုလုပ်မိပါတယ်ဘုရား၊ တပည့်တော်ကိုခွင့်လွှတ်ပါဘုရား"

ဟု ပူး၍ တောင်းပန်သောအခါ ဆရာတော်သည် ဆရာကြီးဘက်သို့လှည့်ပြီး-

"ဟဲ့ - ဟိုဒကာကြီး၊ ဟုတ်ခဲ့ရင် တောင်းပန်လိုက်လေ။ ပိုင်နက်ဆိုတာ လူ့စည်းဘီးလူးစည်းရှိတယ်။ မယုံမရှိကြနဲ့ကွယ့်"

ဟု မိန့်ကြားပြီး အင်ဂျင်ပိုင်းကို တောင်ဝှေးဖြင့်ထိုးကာ မေတ္တာသုတ်ရွတ်ဖတ်သောအခါမှ ဆရာဦးတင်ရွှေမောင်းသောအခါ စက်သည် ချောမောစွာနိုးပြီးနောက် နတ်မော်နှင့်နိဗ္ဗာန်အနီး ဆရာတော်သီတင်းသုံးသော သမန်းကုန်းကျေးရွာကလေးသို့ ဆရာတော်ကို ပို့ပြီး ဟသ်ာတသို့ ည (၇) နာရီတိတိအချိန်တွင် ချောမောစွာပင်ပြန်ရောက်ခဲ့ကြရပါသည်။ မေတ္တာသုတ်တော်၏တန်ခိုးသည် အနှိုင်းမရှိ နတ်များနှစ်သက်ကြပါသည်။ ထူးခြားသော ဆရာတော်နှင့် မေတ္တာသုတ်တော်၏တန်ခိုးသည် ဝန်ထမ်းလောကတွင် ပထမဦးဆုံးအကြိမ် ကျွန်တော်၏ကိုယ်တွေ့ပင်ဖြစ်ပါသည်။

ကျွန်တော် ဝန်ထမ်းလောကတွင်ပင် ပရလောကနှင့်ပတ်သက်ပြီး ဒုတိယအကြိမ် တွေ့ကြုံခဲ့ရပုံကိုလည်း ရေးသားဖော်ပြပါဦးမည်။ အလုပ်များသောနေ့တစ်နေ့တွင် ကျွန်တော်အိမ်ပြန်မိုးချုပ်ပါသည်။ မိုးချုပ်သည်မှာ ည(၁၀) နာရီခန့်ပင်ရှိချေပြီ။ ကျွန်တော်တို့ဇနီးမောင်နှံတွင် သားကြီး (၁) နှစ်သားအရွယ်ရှိသောအချိန်က ဖြစ်ပါသည်။ ဆောင်းဦးကာလကလည်းဖြစ်၊ ပေကျံနေသောဆီချေးများကို ရေနံဆီဖြင့် တစ်ဆင့်ချွတ်ပြီး ဆင်ချေးတုံးဆပ်ပြာခေါ် ကင်ပွန်းသီးဆပ်ပြာဖြင့် ကိုယ်လက်သန့်စင်၍ ရေချိုးနေစဉ် ဇနီးသည်က ရေချိုးပြီးလဲရန်ပုဆိုးနှင့် မျက်နှာသုတ်ပဝါကိုအနားသို့ယူလာကာ -

"ကဲ - တော်တော့ သိပ်ကြာကြာချိုးမနေနဲ့ အအေးပတ်ဦးမယ်"

ဟု ပြောပြီး အိမ်ပေါ်သို့တက်မည်အပြုတွင် အိမ်နောက်ဘက်ခြံထဲတွင်ရှိသော ဗာဒံပင်ကြီးပေါ်မှ ရေသွန်ချသံကို ဇနီးရော ကျွန်တော်ပါ ကြားတွေ့ခဲ့ရပါသည်။ ကျွန်တော်က မသင်္ကာတာနှင့် ဗာဒံပင်အောက်သို့သွားကြည့်သောအခါ အပင်ပေါ်မှ သွန်ချလိုက်သောရေသည် ကြက်ပျောက်ငှက်ပျောက်လုံးဝမတွေ့၊ အပင်ခြေရင်းတွင် မြေများခြောက်သွေ့၍နေပါသည်။ ဇနီးကလည်း မယုံသဖြင့် မာတ်မီးနှင့်ထိုးကြည့်ပါသည်။ ရေစိုတာကို လုံးဝမတွေ့ကြရပါ။ ကျွန်တော်က ဇနီးကြောက်မှာကိုစိုးသဖြင့် -

"ဘာမှမဟုတ်ပါဘူးကွာ။ လေတိုက်လို့ သစ်ကိုင်းလှုပ်တာဖြစ်မှာပါ"

ဟု ဆိုသောအခါ ဇနီးသည်က-

"မဟုတ်ပါဘူးတော်၊ ကျုပ်မျက်စိနဲ့ သေသေချာချာမြင်တွေ့ကြားသလိုရှင်လည်းကြားတာပဲ။ မဟုတ်မှလွဲရော ဒါတစ္ဆေခြောက်တာ။ ကျုပ်တို့ခြံစည်းရိုးတွေကမလုံတော့ လူ့စည်းဘီလူးစည်းဆိုသလို စည်းရိုးကမရှိတော့ ပရလောကနာနာဘာဝတွေ့ကလာကပ်မှာပေါ့တော်။ တော် နက်ဖြန် အတွင်းကျောင်းဘုန်းကြီး



ဦးဓမ္မပါလဆီမှာ သိမ်ပန္နက်သွားတောင်းပါလား။ သိမ်ပန္နက်က တစ္ဆေတို့သရဲတို့ကြောက်တယ်တဲ့"

ဟု ဇနီးသည်ကပြောသောအခါ ကျွန်တော်ကလည်း -

"အတွင်းကျောင်းသစ်ဆောက်လုပ်တုန်းက သိမ်ပန္နက်တွေကို တိုက်အုပ်ဆရာတော် ဦးဓမ္မနန္ဒကသိမ်းထားတယ်လို့ ဦးလေးဦးအုံးမောင်ကပြောပြလို့ ငါသိထားတယ်။ နေဦး ဦးလေးဦးအုံးမောင်ဆီမှာ ငါတွေ့မိသလိုဘဲ"

ဟု ပြောပြီး နံနက်မိုးသောက်အလင်းရောက်သောအခါ ဗာဒံပင်မှ ရေသွန်ချသည့်အကြောင်း လက်သမားဆရာ ဦးလေးဦးအုံးမောင်ကို ပြောပြသောအခါ ဦးလေးသည် သူ၏ဗီရိုအံဆွဲထဲမှ သိမ်ပန္နက်သုံးချောင်းကိုထုတ်ပေးသော်လည်း ကျွန်တော်က တစ်ချောင်းသာယူပြီး ရိုက်ပုံရိုက်နည်းနှင့် ဂါထာရွတ်ပုံရွတ်နည်းမေးသောအခါ ဦးလေးက -

"ငါ့တူ ကျော်ဝေကြီးကလည်း သိမ်ပန္နက်ရိုက်တာဘာခက်တာမှတ်လို့။ ငါ့တူမကြီးမြင့်မြင့်ဌေးကို မေတ္တာသုတ်ရွတ်ခိုင်း။ မေတ္တာသုတ်ရွတ်ဖတ်ပြီးတာနဲ့ မင်းက ဗာဒံပင်ရဲ့ခွဆုံတည့်တည့်ကို သိမ်ပန္နက်ရိုက်ထည့်လိုက်။ မင်းတို့ ဗာဒံပင်မှာနေတဲ့အကောင်ပြေးပြီးသာမှတ်တော့။ မင်းတို့လင်မယားပြောတဲ့အတိုင်းဆိုရင် ရုက္ခစိုးတော့မဖြစ်နိုင်ဘူး။ နာနာလောကက တစ်ကောင်ကောင်တော့ဖြစ်မှာသေချာတယ်"

ဟု ဦးလေးမှပြောသည့်အတိုင်း ကျွန်တော်ကလည်း ပြုလုပ်ပါသည်။ ကျွန်တော်ပြုလုပ်ပြီးသည့်နောက်ပိုင်းတွင် ဗာဒံပင်မှ အသံဗလံများမကြားရတော့ပါ။ သိမ်ပန္နက်အစွမ်းကြောင့်ပင်လော သို့တည်းမဟုတ် မေတ္တာသုတ်၏အစွမ်းကြောင့်ပင်လော သို့လောသို့လောဖြင့် ဝေခွဲမရခဲ့ပေ။ ဒုတိယအကြိမ်ကိုယ်တွေ့ကြုံခဲ့ရဖူးပါသည်။

ရုက္ခစိုးတို့ မည်သည့်သစ်ပင်ကြီးများတွင်နေတတ်ကြပါသည်၊ အိမ်ခြံဝင်း အိမ်ရှေ့ဘက်များတွင်သာ နေထိုင်ကြသည်ဟု ကြားသိဖူးရပါသည်။ အိမ်နောက်ဘက်တွင်ကား တစ္ဆေသရဲဖုတ်ပြိတ္တာများအနေများသည်ဟု လူကြီးသူမများပြောပြ၍ ကြားသိခဲ့ရပါသည်။ ပရိတ်ကမ္မဝါများရွတ်ဖတ်သရဇ္ဈာယ်ပြီး ခြံစည်းရိုးကို လုံခြုံစွာကာရံထားလျှင်လည်း ပရလောကဘေးမှ ကင်းဝေးပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သိမ်ပန္နက်အစွမ်းထက်ပုံမှာလည်း ရှေးဆရာတော်ကြီးများ၏ ပရိတ်ကမ္မဝါ တန်ခိုးကြောင့်ပင် ဖြစ်ပေသည်။ လူနေအိမ်ခြံတွင်းနေထိုင်နိုင်သော တစ္ဆေသရဲများမှာ များသောအားဖြင့် အိမ်ရှင်နှင့် ဆွေမျိုးတော်စပ်သူများ သေဆုံးခြင်းမှ အစွဲအလမ်းဖြင့် နေထိုင်နိုင်ခြင်းဖြစ်သလို၊ နေအိမ်အစွဲခြံအစွဲများဖြင့်လည်း ပိုင်ရှင်ဟောင်းများမှမကျွတ်မလွတ်သောဘဝဖြင့်နေထိုင်ခြင်းလည်း တစ်နည်းဖြစ်သည်ဟု ဆရာတော်ကြီးများက ဟောကြားဖူးသည်ကို မှတ်သားမိပါသည်။ ပရိတ်ကမ္မဝါများရွတ်ဖတ်ပါသော်လည်း တရားနာခွင့်ကြုံကြိုက်ခွင့်ရှိသူ ပရလောကသားများ ကျွတ်တမ်းဝင်သွားရသည်မှာ ရေစက်ဈအမျှဝေရာတွင် သာဓုသုံးကြိမ်ခေါ် ထိုက်သောကြောင့်ဖြစ်မည်ဟုထင်မိပါသည်။ များသောအားဖြင့် ပရလောကသားများသည် အိမ်ရှင်ကို အိပ်မက်ပေးကြပါသည်။ ဆွေမျိုးတော်စပ်သူများကိုလည်း ပူး၍ငိုယိုပြီး ပြောပြတတ်ကြပါသည်။

ကျွန်တော်ဝန်ထမ်းဘဝလောကထဲတွင် တတိယအကြိမ်ကြုံ တွေ့ခဲ့ဖူးသော ပရလောကသားတစ်ယောက်အကြောင်းကိုလည်း ထပ်မံရေးသားဖော်ပြပါဦးမည်။ ကျွန်တော်ဝန်ထမ်းလုပ်သက်အနှစ် (၂၀) ကျော် ၁၉၈၈ ခုနှစ်က ဖြစ်လေသည်။ ကျွန်တော်တို့နေထိုင်သော လိုင်းတန်းလျားများသည် အခန်းချင်းကပ်လျက် (၆) ခန်း (၈) ခန်းတွဲလျက် ဆောက်လုပ်ထားပါသည်။ ယခင်က ကုလားလူမျိုးများနေထိုင်ကြသည်ဟု ဆိုပါသည်။ ကျွန်တော်တို့နေထိုင်ရသော လိုင်းတန်းလျားသည် အိမ်ရှေ့တွင် မျက်နှာချင်းဆိုင်လိုင်းတန်းလျားတစ်ခုရှိသလို အိမ်နောက်ဘက်တွင် ရထားရေကန်ကြီးတစ်လုံးရှိပါသည်။ ထိုကန်ကြီးထဲတွင် ငွေမိုးဆောင်း ဥတုသုံးရာသီ ငါးဖားရှာဖွေရောင်းချစားသောက်သူများလည်း ရှိကြပါသည်။ ထိုအချိန်က မည်သူမဆိုရှာဖွေစားသောက်လို့ရပါသည်။ တစ်နေ့တွင် ကျွန်တော်၏အိမ်ခန်းနှင့်သုံးခန်းကျော်မှ လျှပ်စစ်လုပ်သား မောင်ကျင်ရွှေ၏ဇနီးသည် ကလေးမီးမဖွားနိုင်၍ ဆေးရုံသို့အပို့နောက်ကျသဖြင့် ဆေးရုံတွင်ပင်ဆုံးသွားပါသည်။ အလောင်းကိုတော့ ဆွေများက သူတို့နေထိုင်ရာ အိမ်သို့ပြန်သယ်သွား၏။ လိုင်းထဲသို့ ပြန်မသယ်ပါ။ မောင်ကျင်ရွှေက မိန်းမထက် အရက်ကို ဦးစားပေးသူဟု မိန်းကလေးရှင်မိဘများကဆိုပါသည်။ ရပ်ကွက်ထဲ မောင်ကျင်ရွှေ၏မိန်းမ (၃)ရက်မြောက် အလောင်းမြေချသောအခါ ကလေးမွေးဖွားပါသည်။ ကလေးက ယောကျ်ားလေးဖြစ်ပါသော်လည်း အသက်မရှင်ပါ။ ဆေးရုံတွင် ဆရာဝန်ကြီးများကခွဲစိတ်ပြီး ကလေးကိုမွေးပေးမည်။ ဒါပေမယ့် ကလေးက ဗိုက်ထဲမှာအသက်တော့မရှိတော့ဘူးဟုဆိုသောအခါ ကွယ်လွန်သူမိန်းကလေး၏မောင်များက အခွဲမခံကြပါ။ နေပါစေ သူ့သားနဲ့ သူ့အမေ အတူနေပါစေဟုဆိုသဖြင့် သူတို့သဘောမတူသည့်ခွဲစိတ်မှုကို ဆရာဝန်ကြီးများက လက်လျှော့လိုက်ပါသည်။

အလောင်းမြေကျပြီး (၃) ရက်မြောက်သောနေ့တွင် နေ့ခင်းကြောင်တောင် မောင်ကျင်ရွှေ၏အိမ်ပေါ်မှ အိုးသံခွက်သံများပန်းကန်သံများကိုကြားရသည်။ မောင်ကျင်ရွှေက အိမ်တွင်မရှိ။ အလုပ်ကအပြန် အရက်ဆိုင်တွင် အချိန်ကုန်လေ့ရှိသည်။ အိမ်နီးနားချင်း အခန်းချင်းကပ်လျက် ကိုစိန်သိန်းနှင့် မကြွေတို့ လင်မယားက အိုးဖွင့်သံ၊ ပန်းကန်ဆေးသံများကို နေ့စဉ်ကြားရသဖြင့် ကလေးတွေကြောက်မှာစိုးသဖြင့် ကလေးတွေကို အသိမပေး ကျွန်တော့်ထံသို့လာရောက်ပြောပြပါသည်။

ကျွန်တော်က တော်ရုံတန်ရုံမယုံတတ်ပေမယ့် လက်တွေ့ကြားသိရတော့ မောင်ကျင်ရွှေ၏ မိဘများကိုပြောပြပြီး ဆွမ်းသွတ်အမျှဝေခိုင်း၏။မောင်ကျင်ရွှေက နေ့စဉ်မူးလာပြီး တံမြက်စည်းဖြင့် ထောင်ထားသောဖျာလိပ်ကြီးကိုရိုက်ပြီး သူ့မိန်းမနာမည်ခေါ်ပြီး ဆဲလည်းဆဲ၊ ရိုက်လည်းရိုက်နေတာကို မကြွေကြီးက-

"ဟဲ့ - ကျင်ရွှေ နင် ဒီလောက်လည်း မရိုက်ပါနဲ့ဟယ်"

လို့ နောက်ပြောင်ပြီးပြောတော့ မောင်ကျင်ရွှေက -

"အစ်မမကြွေ ဘာသိလို့လဲ။ ဒီမိန်းမကရိုက်မှတော်ကာကျမှာ။ ပြန်လာတိုင်း ထမင်းနဲ့ဟင်းအဆင်သင့်မရှိဘူး"

ဟု ပြောဆိုပြီး ဖျာလိပ်ကြီးကို တံမြက်စည်းဖြင့် ဆက်ကာဆက်ကာ ရိုက်လေသည်။ ကျွန်တော်လည်း မကြွေကြီးက ခေါ်ပြမှ သိခဲ့ရသဖြင့် -

"ဟေ့ကောင် မောင်ကျင်ရွှေ မင်းနေ့တိုင်းမူးပြီးဆူနေတာပဲ။ ညတာဝန်ကျတဲ့အလုပ်သမားတွေကောင်းကောင်း မအိပ်ရဘူး"

ဟု ဆိုသောအခါ မောင်ကျင်ရွှေက -

"အစ်ကိုကလည်း၊ ကျွန်တော့်ကိုပဲ အပြစ်တင်နေတာပဲ။ ဟိုကောင့်မကိုတော့ မပြောဘူး"

ဟု ဖျာလိပ်ကြီးကို လက်ညှိုးထိုးပြပြီးပြော၏။ မောင်ကျင်ရွှေ၏ အမြင်အာရုံထဲတွင် သူ့အနီး မိန်းကလေးကို တွေ့မြင်ပေမယ့် ကျွန်တော်တို့ကတော့ မောင်ကျင်ရွှေမူးမူးပြီးပြောဆိုသည်ဟု ထင်မိ၏။ လူတိုင်းက မောင်ကျင်ရွှေကို စိတ်ရောဂါသည်တစ်ဦးအဖြစ်မြင်ကြပါသည်။ မောင်ကျင်ရွှေက အလုပ်ထဲတွင်တော့ ပကတိအကောင်း။ အိမ်ပြန်ရောက်သည်နှင့် မောင်ကျင်ရွှေ၏ဆူသံဆဲသံကို အမြဲကြားရပါသည်။ မောင်ကျင်ရွှေ၏ဝေဒနာကို မိဘများကမကြည့်ရက်သဖြင့် သမန်းကုန်းဆရာတော်ကြီးထံခေါ် သွားပြီး ဆရာတော်ကြီးကိုအကျိုးအကြောင်းလျှောက်ထားသောအခါ ဆရာတော်ကြီးက ရေမန်းတိုက်ပြီး ပရိတ်အပ်ချည်နှင့် ပရိတ်သဲများကို ပေးလိုက်၏။ မိဘများကို အကျိုးအကြောင်းပြောပြပြီးပြန်လွှတ်လိုက်ပါသည်။ မောင်ကျင်ရွှေ၏အိမ်တွင် ပရိတ်သဲများပက်ဖျန်းသလို ဘုရားခန်းတွင်လည်း ပရိတ်ချည်များရစ်ပတ်ပေးပြီး သောက်တော်ရေ(၉)ခွက်ကိုဆပ်ပြီး ည (၉) နာရီတွင် ဘုရားမှစွန့်သော သောက်တော်ရေတိုက်လိုက်သည့်နေ့မှစပြီး မောင်ကျင်ရွှေတစ်ယောက် ထွေရာလေးပါးမပြောတော့သလို နေ့စဉ်မောင်ကျင်ရွှေကို ချောင်းကြည့်နေကြသူများက မောင်ကျင်ရွှေ အရက်ပင်မသောက်တော့ဘဲ ထူးခြားစွာ ဘုရားကျောင်းဆောင်ရှေ့ တင်ပျဉ်ခွေထိုင်ပြီး ပုတီးစိပ်နေသည်ကို တွေ့မြင်ကြရသဖြင့် အံ့သြမိရလေတော့သည်။ ကျွန်တော်လည်း မောင်ကျင်ရွှေစိတ်မှန်လူမှန်ပြန်ဖြစ်သည်ကို ဝမ်းသာမိပါသည်။ ဆေးလိပ်ကလေးအမြဲတမ်းဖွာပြီး လူတကာကို နှုတ်ဆက်လေ့ရှိသော မောင်ကျင်ရွှေတစ်ယောက် အနေအထိုင်ပြုပြင်ပြောင်းလဲလာသည်မှာ သမန်းကုန်းဆရာတော်ကြီး၏ကျေးဇူးကြောင့်ပင်ဖြစ်သည်ဟု ကျွန်တော်ထင်မှတ်မိပါသည်။

မောင်ကျင်ရွှေ စိတ်မှန်လာပြီးနောက်ပိုင်းတွင် ကျွန်တော်နေထိုင်သောနေအိမ်၏နောက်ဘက်ခြံထောင့်တွင် ကုက္ကိုပင်ကလေးက တဖြည်းဖြည်းလာသဖြင့် ကျွန်တော်က ထင်းအတွက် အပင်ခြေကနေ ခုတ်ပိုင်းဖြတ်ပြီး ထင်း



www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်မိပါသည်။ ယခင်က ဒီအပင်တွင် ပရလောကသားရှိသည်ဟု မထင်မိပါ။ ကျွန်တော်ခုတ်လှဲပြီးသောညတွင်းချင်းမှာပင် ကျွန်တော်ကိုတော့ အိပ်မက်မပေး၊ လိုင်းခန်း(၁၀)ခန်းအကျော်မှ မကြာသေးမီက ပြောင်းရွှေ့လာသော စက်ခေါင်းမောင်း ကိုဟန်ညွန့်၏ဇနီး မထွေးထွေးကို အိပ်မက်ပေးပါသည်။ မထွေးထွေးက လူမျိုးကွဲ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သလို ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းများကို အထူးပြုလုပ်ပါသည်။

တစ်နေ့ မထွေးထွေး၏ အိမ်နောက်ဘက် တံခါးဝတွင်ရပ်ပြီး ဒုက္ခသည်ပရလောကသား သားအမိနှစ်ဦးက ဤကဲ့သို့ပြောပါသည်။

"အစ်မရယ်၊ ကျွန်မတို့သားအမိနှစ်ယောက်နေစရာမရှိလို့ နေစရာလေး ပေးပါလားရှင်"

ဟု မိန်းကလေးက အနီရောင်ဝမ်းဆက်ကို ဝတ်ဆင်ပြီး လူမမည်လေးလေးကို ခါးတွင်ခါးတစ်ခွင်ချီပြီးပြောသောအခါ မထွေးထွေးက ကရုဏာသက်စွာဖြင့် ဤကဲ့သို့မေးမိပါသည်။

"ညီမတို့သားအမိက အရင်က ဘယ်မှာနေကြတာလဲ"

ဟုမေးသောအခါ ကလေးချီထားသော မိန်းကလေးက သွက်လက်စွာဖြင့်-

"အရင်တုန်းက ကျွန်မ ကိုကျင်ရွှေရဲ့အိမ်ခန်းမှာနေပါတယ်ရှင်။ ကိုကျင်ရွှေက ကျွန်မကိုနှင်ထုတ်လိုက်လို့ ကျွန်မ ရပ်ကွက်လူကြီးဦးကျော်ဝေရဲ့ခြံထောင့်က ကုက္ကိုပင်ကြီးမှာနေရပါတယ်။ မကြာပါဘူး ရပ်ကွက်လူကြီးက ကျွန်မတို့နေတဲ့ကုက္ကိုပင်ကြီးကို ထင်းအဖြစ်ခုတ်လှဲလိုက်တော့ ကျွန်မတို့သားအမိ နေစရာအခက်အခဲဖြစ်နေမိပါတယ်ရှင်။ အစ်မဖြစ်နိုင်ရင် ကျွန်တော်တို့သားအမိကို သနားပါ။ နေစရာလေးရှာပေးပါရှင်"

ဟု သနားစဖွယ်ပြောသောအခါ မထွေးထွေးသည် ခေတ္တစဉ်းစားပြီး -

"ဒီလိုလုပ်ပါလား ရပ်ကွက်လူကြီးဦးကျော်ဝေအိမ်နဲ့ကပ်လျက် မှိုပင်ကြီးက ဦးအောင်မြင့်ပိုင်မှိုပင်ကြီး။ အဲဒီမှာနေပါလား"

ဆိုသောအခါ သူမက -

"အားလုံး အပင်တွေက နေတဲ့သူတွေပြည့်နေပါတယ်။ အလွတ်မရှိပါဘူး"

ဟုဆိုသောအခါ မထွေးထွေး စဉ်းစားတွေတောရင်းဖြင့် အိပ်မက်မှ တစ်ရေးနိုးခဲ့လေတော့၏။ မထွေးထွေးသည် သူမ၏အိပ်မက်အကြောင်းကို



ကျွန်တော်ကိုလည်း ပြောပြသလို ဦးအောင်မြင့်ကိုလည်း ပြောပြပါသည်။ (၁၅၀၀) ဟူသော ကိလေသာအစွဲဖြင့် မောင်ကျင်ရွှေပေါ်တွင် စွဲလမ်းပြီးသေခဲ့ရသော ဇနီးဖြစ်သူ မိန်းကလေးသည် သားသမီးသံယောဇဉ် (၁၅၂၈) ဖြင့်လည်း စွဲမိပြီး လင်သားသံယောဇဉ်ဖြင့် သေဆုံးခဲ့ရသဖြင့် ဘယ်လိုမဝဆွမ်းသွတ်အလှူဒါနပြုပြီး အမျှအတန်းပေးဝေပါသော်လည်း မကြုံကြိုက်ခဲ့သဖြင့် မကျွတ်လွတ်နိုင်ပါ။ နောက်ပိုင်း မောင်ကျင်ရွှေ အရက်ပြန်သောက်ပြီး အရက်၏ဝေဒနာဖြင့်ဆုံးသွားခဲ့သည်ဟု ကြားသိရသည့်နောက် မောင်ကျင်ရွှေ၏ဇနီးနှင့် လူမမည်သားလေးတို့က ဝိညာဉ်၏ပရလောကသားဘဝနှင့် မောင်ကျင်ရွှေနှင့်ပင် တွေ့ဆုံသွားခဲ့လေပြီလား။ သို့တည်းမဟုတ် ကျွတ်လွတ်သွားခဲ့လေပြီလား အတပ်မပြောနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အိပ်မက်ပေးခြင်း၊ ခြောက်လှန့်ခြင်းများ လုံးဝမကြားကြရတော့ပါ။ ဌာနဆိုင်ရာဝန်ထမ်းမိသားစုများကလည်း နှစ်စဉ်ပဋ္ဌာန်းတရားများ ရွတ်ဖတ်ပူဇော်ကြသလို ပရိတ်တရားများကိုလည်း ဝါတွင်းဝါပအခါရက်များတွင် ရွတ်ပွားလှူဒါန်းကြသဖြင့် ပရလောကမှ ဝိညာဉ်တစ္ဆေ၊ သရဲများပူခြင်းကပ်ခြင်းများ မကြားရတော့ပါ။ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အမြတ်တနိုးအရေးထားကိုးကွယ်သော ဗုဒ္ဓဘုရားရှင်၏ တရားတော်များထဲမှ မေတ္တာသုတ်တော်ကို ဆရာတော်ကြီးများ အထူးအာရုံဆောင်ပြီးတော့ ရွတ်ဖတ်ကြသည်ကို ကျွန်တော် ယုံကြည်လေးစားမိပါသည်။ ကျွန်တော်သည် ထိုအချိန်ဝန်ထမ်းဘဝက သမန်းကုန်းဆရာတော်ကြီး၏မေတ္တာသုတ်ဖြင့် ပရလောကသားပူးသူကပ်သူများကို ဖယ်ရှားပေးခဲ့ပုံကို ကိုယ်တိုင်တွေ့မြင်မိခဲ့ရသဖြင့် ဆရာတော်ကြီးကိုဘွဲ့အမည်နာမ မသိရပါသော်လည်း မြင်ဖူးရုံဖြင့် ကြည်ညိုမိပါသည်။ လူတိုင်းပါးစပ်ဖျားတွင် ပရလောကနှင့်ပတ်သက်ပြီး ဆရာတော်ကြီး၏ဂုဏ်သတင်းသည် ပျံ့မွှေးလျက်ရှိပါသည်။ နောက်ပိုင်းမှသိရသည်မှာ မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌဗိုလ်မှူးအုံးမောင်ကိုယ်တိုင် ကိုးကွယ်သော ဆရာတော်ကြီးတစ်ပါးဖြစ်သည်ကို ဆရာဦးတင်ရွှေမှပြောပြသလို စက်ရုံအုပ်ကြီး၏စာရေးကြီးဖြစ်သူ ပါတီစိတ်အတွင်းရေးမှူး ဦးထွန်းရှိန်ကလည်း အစည်းအဝေးပွဲတွင် ပြောပြသဖြင့် သိခဲ့ရပါသည်။ ကျေးလက်တောရွာများတွင် ဆရာတော်ကြီးက မြွေနှင့်ပရလောကများကို အထူးနိုင်နင်းသည်မှာ ဆရာတော်ကြီး၏မေတ္တာသုတ်တန်ခိုးတော်ပင် ဖြစ်ပေသည်။ ထိုစဉ်အချိန်က စာရေးသူသည် စာပေလောကထဲသို့ မရောက်ရှိသေးပါ။ ၁၉၉၇ ခုနှစ်တွင် နက္ခတ္တရောင်ခြည်နှင့် ပါရမီမဂ္ဂဇင်းများတွင် ကွက်ကျားကွက်ကျားဆိုသလို ဆောင်းပါးများရေးသားပါသော်လည်း ကြားကာလ (၇) နှစ်တွင် အကြောင်းအကျိုးအမျိုးမျိုးကြောင့် မရေးဖြစ်ပါ။ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်မှစတင်ပြီး ဆောင်းပါးများ၊ ဝတ္ထုတိုများကို ရေးသားလာခဲ့သည်မှာ ယခု ဝန်ထမ်းလောကမှအနားယူပြီးနောက်ပိုင်းအထိ ဖြစ်ပါသည်။ ဆက်လက်၍ရေးသားပါဦးမည်။

ယခု ရေးသားသော ဆောင်းပါးသည် ကျွန်တော်၏ကိုယ်တွေ့မျက်မြင်ဖြစ်ရပ်မှန်များပင် ဖြစ်သည်။ အပိုင်းသုံးပိုင်းခွဲခြား၍ ရေးပြထားရခြင်းမှာလည်း ကျွန်တော်ကဲ့သို့ စာဖတ်သူများလည်း ပရလောကနှင့်ပတ်သက်ပြီး ကြုံဖူးတွေ့ဖူးသူများလည်းရှိချင်ရှိကြမှာပါ။ မကြုံဘူးသူများကတော့ ယုံကြည်မှုမရှိမှာသေချာသလို ကျွန်တော်ကဲ့သို့ ကြုံဖူးသူများကတော့ ယုံကြည်ကြမှာအမှန်ပါ။ ဂါထာမန္တန်များကို ယုံကြည်စွာဖြင့်ကျက်မှတ်ပြီး အလွတ်ဆိုနိုင်ခြင်းဖြင့် အန္တရာယ်ဟူသမျှကို ကာကွယ်နိုင်ကြပါစေဟု စာရေးသူက မေတ္တာသုတ်တော်လာ တရားတော်ဖြင့် ဆုတောင်းလိုက်ပါသည်။

ဇော်မြေကျော်ဝေ



www.burmeseclassic.com


www.burmeseclassic.com

မင်းရိုန်အောင်

ပြည်မြန်မာ၏ ၂၀၁၇ ခုနှစ်၊ ပြိဿရာသီပြောင်း

# မန္တိန်းဇာတာဟောကိန်း

(၁၅-၆-၂၀၁၇) နေ့မှ (၁၅-၇-၂၀၁၇) နေ့အထိကာလ




၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက် နံနက် (၆း၂၄း၀၅) နာရီတွင် တနင်္ဂနွေဂြိုဟ်သည် ပြိဿရာသီမှ မေထုန်ရာသီသို့ စတင်ကူးပြောင်းဝင်ရောက်ချိန်၌ ဥဒယလဂ်သည် မိန်ရာသီ (၁၈) ဒီဂရီ (၀၃) မိနစ်တွင် ထွက်ပေါ်လာသည်။ ၎င်းကို ၂၀၁၇ ခုနှစ် မေထုန်ရာသီ စူဠသင်္ကြန်ဇာတာဟုလည်း ခေါ်ဆိုနိုင်သည်။

ဤဇာတာ၏ ထူးခြားချက်မှာ စနေဂြိုဟ်နှင့် ဂြိုဟ်ပြိုင်ဖြစ်နေသော အင်္ဂါဂြိုဟ်သည် ကြာသပတေးဂြိုဟ်အား (၉၀) ဒီဂရီမြင်နေပြီး ကြာသပတေးဂြိုဟ်က ပလူတိုဂြိုဟ်ကို (၉၀) ဒီဂရီဖြင့်မြင်ကာ ပလူတိုဂြိုဟ်က လဂ်ဘာဝကို (၉၀) ဒီဂရီဖြင့်မြင်ထားသည်။ နက်ပကျွန်းဂြိုဟ်နှင့် ဥဒယလဂ်ကို (၄) ဒီဂရီအတွင်း ပူးယှဉ်နေကြသည်။ စနေဂြိုဟ်နှင့် တနင်္ဂနွေဂြိုဟ်တို့ (၁၈၀) ဒီဂရီအတွင်းမြင်လျက် ယူရေးနပ်ဂြိုဟ်က တနင်္လာဂြိုဟ်ကို (၉၀) ဒီဂရီမြင်ကာ ယူရေးနပ်ဂြိုဟ်က ရာဟုဂြိုဟ်ကို (၁၂၀) ဒီဂရီဖြင့်မြင်ထားသည်။ ပြီး ဗုဒ္ဓဟူးဂြိုဟ်က ကြာသပတေးဂြိုဟ်ကို (၁၂၀) ဒီဂရီမြင်ထားသည်။

၎င်းတို့အား ခြုံ၍ကောက်ချက်ချရလျှင် အစိုးရအပေါ်၌ ပြည်သူတို့သဟဇာတမကျနိုင်မှု၊ အလိုမကျမှုများပိုများလာမည်။ နိုင်ငံတကာရေးရာ၊ သံတမန်ရေးရာဖိအားပေးမှုများ ပိုများလာမည်။ အစိုးရသည် တင်းမာပြတ်သားမှုများကို ပိုမိုပြသလာ။ ၎င်းတို့သည် နယ်စပ်နှင့် လုံခြုံရေးဆိုင်ရာ၊ အမျိုးဘာသာသာသနာဆိုင်ရာ၊ ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ၊ တိုင်းရင်းသားရေးရာဆိုင်ရာတို့နှင့် နီးနွယ်နေတတ်မည်။ အထူးသဖြင့် ပဋိပက္ခ၊ အကြမ်းဖက်၊ ဝိရောဓိတို့နှင့် ဆိုင်နေတတ်မည်။

လယ်သမား၊ အလုပ်သမားတို့ပါဝင်သော အခြေခံလူတန်းစားတို့၏ စားဝတ်နေရေးကိစ္စ၊ မြေယာဆိုင်ရာကိစ္စ၊ သယံဇာတဆိုင်ရာကိစ္စ၊ နိုင်ငံတကာရေးရာ စွက်ဖက်မှုကိစ္စ၊ ဘာသာရေး၊ ဥပဒေရေး၊ အမျိုးသားရေးကိစ္စနှင့်ပတ်သက်၍ ပြင်းထန်သော တက်ကြွလှုပ်ရှားမှုများကို ပိုမိုတွေ့မြင်လာရမည်။

စီးပွားရေးကိစ္စ၊ ချေးငွေကိစ္စ၊ စာချုပ်စာတမ်းကိစ္စတို့၌ သံတမန်ရေး၊ နိုင်ငံတကာရေးအရ ဖိအားပေးမှု တွန်းအားပေးမှုများ ပိုရှိလာမည်။

အစိုးရအဖွဲ့၌ ခက်ထန်သော ငြင်းခုံမှုများ၊ မလွယ်ကူသော ဆုံးဖြတ်မှုများ ပြုလုပ်ရလိမ့်မည်။ ခုတ်ရာတခြား ထစ်ရာတခြားအဖြစ်များလည်း ကြုံရလိမ့်မည်။ အစိုးရထိပ်သီးပိုင်းတစ်ဦးအတွက် စိတ်မချမ်းမြေ့စရာကြုံရလိမ့်မည်။ လွှတ်တော်ထဲ၌ အကျောက်အကန်ငြင်းပွားမှုများဖြစ်တတ်မည်။ တရားဥပဒေဆိုင်ရာ၊ တရားစီရင်ရေးဆိုင်ရာအငြင်းအခုံဖြစ်မှုများပိုပြင်းထန်လာမည်။ မီဒီယာဆိုင်ရာ၊ စာနယ်ဇင်းဆိုင်ရာဆက်သွယ်ရေးဆိုင်ရာ၌ တိုးတက်မှုတချို့ရှိသလို သဘောထားကွဲလွဲမှု ပဋိပက္ခများ ပိုမိုသိသာပေါ်လွင်လာလိမ့်မည်။

ပရဟိတအဖွဲ့၊ အရပ်ဖက်လူ့အဖွဲ့အစည်း၊ NGO အဖွဲ့တို့နှင့် နီးနွယ်နေသော ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ငွေရေးကြေးရေး အရှုပ်အထွေးများကြောင့် မလိုလားအပ်သော ဘေးတွေ့ဆိုးကျိုးများကြုံရတတ်သည်။ ၎င်းတို့သည် နိုင်ငံတကာရေးရာတို့နှင့် ဆက်နွယ်နေလျှင် ပိုဆိုးတတ်မည်။

ဖြေဖျော်ရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၌ (ဝါ) လူစည်ကားရာ၌ မတော်တဆဘေးဥပဒ်ကြီးဖြစ်တတ်မည်။ အမျိုးသမီး၊ ကလေးသူငယ်နှင့် ဆက်နွယ်နေသော မူးယစ်ဆေးဝါးနှင့်ဆက်နွယ်နေသော ရာဇဝတ်မှုခင်းများ မြင့်တက်နေဦးမည်။ အခြေခံလူတန်းစားတို့နှင့် နီးနွယ်နေသော ရာဇဝတ်မှုခင်းများ၊ တက်ကြွလှုပ်ရှားမှုများ ပိုများလာမည်။ မြေယာနှင့်ဆိုင်သောအငြင်းပွားမှုများ၊ အမှုခင်းများ မပြေမငြိမ်းနိုင်ရှိမည်။

မြေပြိုတတ်မှု၊ တောင်ပြိုတတ်မှု၊ မိုးမခါင်တတ်မှု၊ မိုးနည်းတတ်မှုရှိမည်သို့သော် ရေကြီးတတ်မည်။ လေပြင်းတိုက်ခတ်မည်။

မင်းရိုန်အောင်

www.burmeseclassic.com

အထက်ပါ ခေါင်းစီးစာပိုဒ်ကိုဖတ်မိသူ စာဖတ်ပရိသတ်တို့က ဘယ်လိုကြီးလဲဟ မိန်းမလည်းရမယ်၊ ငွေလည်းငါးသောင်းလျော်ရမယ်ဆိုတာ ဓာတ်ပုံမောင်မောင်အေးတစ်ယောက် အသက် (၈၀) ကျော်သွားလို့ သူငယ်ပြန်သွားပြီထင်ရဲ့ဆိုပြီးတွေးကြလေမလား။

ဟုတ်ကဲ့ခင်ဗျား - သူငယ်ပြန်တာတော့အမှန်ပါ။ သူငယ်ပြန်ရောဂါအရှူးတော့မဟုတ်ရပါဘူး။ ငယ်စဉ်ဘဝကကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်မှန်အား ပြန်ပြောင်းတင်ပြခြင်းသာလျှင် ဖြစ်ပါကြောင်း။ ဆက်လက်ဖတ်ရှုပါက တွေ့ရပါလိမ့်မည်။

ချစ်သော သူရဋ္ဌမဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ်များသိရှိကြပြီးဖြစ်သည့်အတိုင်း ကျွန်တော်၏ဇာတ်လမ်းတိုင်းလိုလို ဘူမိဗေဒအကြောင်း အပ်ကြောင်းထပ်မျှပါနေခဲ့ပြီးပါပြီ။ ဤသို့ပါနေခြင်းအတွက် စာဖတ်ပရိသတ်တစ်ဦးက ဘာကြောင့်ထပ်တလဲလဲထည့်ရေးတာလဲလို့ မေးလာပါသည်။

ဒီကိစ္စတွေထည့်ထည့်ရေးနေရတာက ကျွန်တော်ဟာ အဲဒီဌာနကြီးမှာ ဝန်ထမ်းအဖြစ် (၃၇) နှစ် တာဝန်ထမ်းဆောင်ခဲ့လေတော့ လုပ်ငန်းခွင်မှာကြုံတွေ့ခဲ့ရတဲ့ ဂမ္ဘီရ၊ သုတ၊ ရသတွေကိုပြန်လည် တင်ပြ ရေးသားခြင်းဖြစ်သောကြောင့် ရှာဖွေရေးအကြောင်းတို့က တွဲလျက်ပါရှိနေရပါကြောင်းဟု အစပျိုးရင်း -

ယခုလည်း နုပျိုငယ်ရွယ်စဉ်က လုပ်ငန်းခွင်တစ်နေရာမှာ ကြုံတွေ့ခဲ့ရတဲ့ သူငယ်ပြန် ဖြစ်ရပ်မှန် ဂမ္ဘီရဆန်သော အချစ်ဇာတ်လမ်းလေးအားတင်ပြလိုက်ရပါကြောင်း။ ခေါင်းစီးတွင်ပါရှိသော ဂမ္ဘီရ ဆိုသည့်စာလုံးသည် ဂမ္ဘီရများခေတ်စားနေသဖြင့်ထည့်ရေးခြင်းမဟုတ်ဘဲ ဖြစ်ရပ်ကလေးသည် အများနှင့်မတူတစ်မူခြား၍ ကြားရသူများပင် ဟင်၊ ဟယ်၊ ဘယ်လိုကြီးလဲ စသော အာမေဍိတ်သံများပင်ထွက်လာရသည့်ဇာတ်လမ်းဖြစ်ပါသောကြောင့် ဂမ္ဘီရဆိုသော စကားလုံးပါပူးတွဲ၍သုံးလိုက်ရပါကြောင်း ချစ်စွာသော စာဖတ်ပရိသတ်ကြီးတွေ့ရပါလိမ့်မည်။

သူငယ်ပြန်ဇာတ်လမ်းဖြစ်သောကြောင့် ပုံပြင်ဒဏ္ဍာရီများလို ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်ဝယ်တော့ မဟုတ်ပါ။ ယနေ့ပြန်တွက်သော် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က ဖြစ်ရပ်ပါ။

လူဆိုတာ အချို့က တစ်သက်တာကံကောင်းကြသည်။ အချို့က အတိုင်းအတာတစ်ခုအထိ ကံဇာတာကောင်းကြသည်။ သူ့ကံနှင့်သူလို့ပဲဆိုရပါမည်။ အဲဒီလိုပါပဲ။ ပြီးခဲ့တဲ့တစ်ချိန်ကလည်း ဆိုက်ကားဆရာတို့၊ လယ်ယာဦးကြီးတို့၊ ကံဇာတာတက်ခဲ့ဖူးတယ်။ တရားစီရင်ရေးမှာတောင် အာဏာရတဲ့အထိပဲ။

အခုချစ်ဂမ္ဘီရ သို့မဟုတ် ဂမ္ဘီရဆန်သော စီရင်ချက်ဇာတ်လမ်းသည် ထိုခေတ်ကဖြစ်ပါကြောင်း အချိန်ကာလကို



# ဓာတ်ပုံ-မောင်မောင်အေး

## တရားရုံးမှ ဂမ္ဘီရဆန်သော ထူးဆန်းသည့်စီရင်ချက် "မိန်းမလိုသူက ငွေငါးသောင်းလျော်စေ"



www.burmeseclassic.com

www.burmeseclassic.com

အရင်တင်ပြခြင်း ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော် ခာတ်ပုံ မောင်မောင်အေးသည် မြန်မာနိုင်ငံ ဘူမိဗေဒဌာနကြီး THE BURMA GEOLOGICAL DEPARTMENT မှ ဘူမိရူပဗေဒဌာနစိတ်တွင် တာဝန်ထမ်းဆောင်နေချိန် ဖြစ်၏။ ထိုဘူမိဗေဒဌာနကြီးသည် ခေတ်အမျိုးမျိုးပြောင်းခဲ့ချိန်တွင် သူသည် အမည်အမျိုးမျိုးပြောင်းခဲ့၏။ ဘူမိရူပဗေဒဌာနစိတ်သည် ဘူမိရူပဗေဒဆိုင်ရာ ဆော်မီအီလက်ထရွန်နစ်စက်ကိရိယာများဖြင့် ခာတ်သတ္တုသယံဇာတများကို လေ့လာရှာဖွေရသော ဌာနစိတ်ဖြစ်၏။

သယံဇာတလေ့လာရှာဖွေရသော ဘူမိရူပဗေဒဆိုင်ရာ အီလက်ထရွန်နစ်စက်ကရိယာများ ချို့ယွင်းပျက်စီးသွားလျှင် ပြန်လည်မွမ်းမံပြင်ဆင်ရန် လိုအပ်၏။ သို့အတွက် အီလက်ထရွန်နစ်စက်ပြင်မကွာင်းနစ်သင်တန်းတက်ရန် ကျွန်တော်မောင်မောင်အေးနှင့်မောင်ပါတို့ရွေးချယ်ခံရပြီး မြန်မာနိုင်ငံလက်တွေ့သုတေသနဗဟိုဌာနကြီးရှိ အဏုမြူစွမ်းအင်ဌာနခွဲ၌ စာတွေ့လက်တွေ့သင်တန်းခြောက်လတက်ပြီး အောင်လက်မှတ်ရရှိခဲ့ကြပါသည်။

ကျွန်တော်တို့ မကွာင်းနစ်သင်တန်းဆင်းလာသောအချိန်တွင် မြန်မာပြည်အလယ်ပိုင်း ရန်ကုန် - မန္တလေး ရထားလမ်းပေါ်ရှိ ခရိုင်မြို့ကြီးတစ်မြို့တွင် ရူပဗေဒကွင်းဆင်းအဖွဲ့တစ်ဖွဲ့က ခေတ်မီ အီလက်ထရွန်နစ်စက်ကို အသုံးပြု၍ မြေအောက်ရေလေ့လာရှာဖွေခြင်းပြုနေပါသည်။ ထိုအဖွဲ့ရှိရာသို့ မကွာင်းနစ်တာဝန်ဖြင့် ကျွန်တော်ရောက်ရှိသွားပါသည်။





www.burmeseclassic.com

www.burmeseclassic.com

မြေအောက်ရေရှာဖွေရေးအဖွဲ့တာဝန်ခံအရာရှိသည် ကိုလှထွန်း (ပွင့်လင်း-သတ္တုတွင်း၊ အမျိုးသားစာပေဆု ရ) ဖြစ်ပါသည်။ ကျွန်တော်နှင့်လုပ်ဖော်ကိုင်ဖက်ဖြစ်သော်လည်း သူက ရာထူးတစ်ဆင့်မြင့်၏။ ကိုပွင့်လန်းတို့ ဘူမိရူပဗေဒအဖွဲ့သည် မြို့ပေါ်ရှိရပ်ကွက်တစ်ခုတွင် အိမ်ငှားပြီး ထိုအိမ်၌ ယာယီစခန်းပြုလုပ်ထားသည်။

ထိုအချိန်က ကျွန်တော်တို့သည် လူငယ်လည်းမဟုတ်၊ လူကြီးလည်းမမည်သေးသောအရွယ်များဖြစ်ကြပေရာ အိမ်ရှေ့လမ်းမှမိန်းကလေးများဖြတ်သွားဖြတ်*လာတွေ့ရလျှင် စိတ်ဝင်စား၏။ အချင်း*ချင်း လက်တို့သတင်းပို့ကြ၏။ ထိုအခြေအနေမှတစ်ဆင့် နေ့စဉ်လိုလို ဤလမ်းမှပင် အသွား၊ အပြန်မြင်တွေ့နေရသော ညိုချောလေးတစ်ယောက်ကို အမှတ်ထင်ထင်သတိပြုမိလာ၏။

အောက်ထပ်မှ အိမ်ရှင်၏သားဖြစ်သူ မောင်မြင့်အောင်အား ညိုချောမလေး၏ သတင်းစုံစမ်းရာ (×××) ရုံးမှ စာရေးမလေး မြနှင်းဆီဟု သိရပြီး -

"ဘာလဲ၊ အစ်ကိုက မြနှင်းဆီကို ခိုက်နေပြီထင်တယ်။ သွားမလုပ်နဲ့ မြနှင်းဆီက ရည်းစားများတယ်"

ဟုပါ ဂုဏ်ထူးထည့်လိုက်ပါသေးသည်။

"အစ်ကိုဆိုရင် အမှတ်စဉ် (၂၅) ထက်မအောက်ဘူးအစ်ကိုရေ၊ ကျွန်တော်တို့က တစ်ရပ်ကွက်တည်းအတူနေသူတွေဖြစ်လို့ သူ့အကြောင်းကောင်းကောင်းသိတယ်"

ဟု ထောမနာပြု၏။

မောင်မြင့်အောင်က ဤသို့ထပ်ဆင့်ကာ ထောမနာပြုလိုက်သည်ကိုပင် ကျွန်တော်ဆိုသော မောင်မောင်အေးက ခေတ်ဟောင်းစတီရီယိုအဆိုကျော်စိုးပိုင်သီဆိုသော သီချင်းတစ်ပုဒ်ထဲကလို သူသာတကယ်လို့ ××× မင်းဘဝကို ××× မချစ်လို့အနိုင်ပိုင်းထားခဲ့ရင် ××× မင်းတစ်ယောက်မငိုနဲ့ ××× တို့ကအနီးဆုံးလူ ××× အချစ်ကလေး ××× လာခြင်းကောင်းတဲ့ မင်းဘဝပျော်ပါစေ ××× ဆုတောင်းပေးမယ်ဆိုတဲ့ စာသားထဲကလို မြနှင်းဆီရဲ့အနီးဆုံးလူဖြစ်လိုက်ချင်သေး၏။ (သီချင်းအမည်လည်း အနီးဆုံးလူ ဖြစ်ပါသည်။)

GEOPHYSICAL INVESTIGATION SURVEY လုပ်ပုံမှတ်မိသမျှတင်ပြရသော် မြေအောက်ရေအနက်ပေမည်မျှတွင် ရှိ/မရှိသိလိုသော မြေပြင်တွင် ဘူမိဗေဒဆိုင်ရာတိုင်းတာမှုအီလက်ထရွန်နစ်စက်တစ်မျိုး ဖြစ်သည်။ RESISTIVATY (စာလုံးပေါင်းလွဲခဲ့သော်ခွင့်လွှတ်ပါ ဘူမိရူပဗေဒပညာရှင်များခင်ဗျား) စက်ကိရိယာကို အသုံးပြု၍ လိုင်းဆွဲအကွက်ရိုက်ထားသော အကွာအဝေးပါတိုင်းတာထားသော လမ်းကြောင်းတစ်လျှောက် ကျပ်လုံးခန့်ရှိ စတီးချောင်းလေးချောင်းကို သတ်မှတ်တိုင်းတာထားသည့် အကွာအဝေးအတိုင်း မြေကြီးအတွင်းသို့ ရိုက်သွင်းရ၏။ စတီးချောင်းရိုက်ခြင်းကိစ္စပြီးလျှင် တိုင်းတာရေးစက်ရှိ*ရာသို့ အင်တာကွန်းခေါ် စကားပြော*ကြိုးမဲ့စက်ကလေးဖြင့် O.K ဟုသတင်းပို့ရ၏။

O.K ဟု သတင်းပို့ပြီးပါက စတီးချောင်းအားလုံး ထိမိကိုင်မိခြင်းမရှိရ။ စက်အဖွဲ့က O.K သတင်းရသည်နှင့် မီလီဗို့ (၂၀၀) မှ (၄၀၀) အတွင်းရှိသော ဗို့အားအဆင့်ဆင့် LEE PROBE နှင့် ဒက်ဗရုပ်ဝါနာပရုပ်ဗ်ခေါ်သောနည်းသုံးမျိုး (၂၀၀) မှ (၄၀၀) အတွင်းမီလီဗို့အားများပို့လွှတ်ကာ တိုင်းတာသောကြောင့် မသေနိုင်သော်လည်း အန္တရာယ်ရှိ၍ ထိကိုင်ခြင်းမပြုရတော့ပါ။ စက်နှင့်စတီးချောင်းများ ဝါယာကြိုးဖြင့် ဆက်သွယ်ထားပြီ ဖြစ်၏။

စက်အဖွဲ့မှ တိုင်းတာမှုပြီးလျှင် O.K. GO တော့ဆိုမှ စတီးချောင်းဖျားနုတ်၍ လိုင်းတစ်လျှောက်မပြီးမခြင်း ဆာဗေးလုပ်ရ၏။ ရရှိလာသော DATA များကို မြို့ပေါ်မှ အိမ်ရောက်လျှင် ဘာသာပြန်တွက်ထုတ်ကာ အထူးပြုလုပ်ထားသော TRACING GRAPH PAPER တွင် ပုံထုတ်ရပါသည်။ဗဟုသုတမျှဖော်ပြခြင်းပါ။

ပုံထုတ်ပြီး ညနေပိုင်းများတွင် သမိုင်းဝင် (×××) ကန်ပေါင်ရိုးသို့ လမ်းလျှောက်ထွက်ကြ၏။ သီလဝမြို့စားကြီး၏ကန့်ကြီးမားပုံအကြောင်းပြန်ပြောင်းပြောကြရင်း နေရောင်ပျောက်ခါနီးတော့မှ အိမ်သို့ပြန်ခဲ့ကြ၏။ ခြံဝတွင်စောင့်ကြိုနေဟန်ရှိသော မောင်မြင့်အောင်က -

"အစ်ကိုဟိုသတင်းသိပြီလား"

ဟု ဆိုသဖြင့်-

ဘာအဆက်အစပ်မှတွေးမရသောကြောင့် -

"ဘာသတင်းလဲ မောင်မြင့်အောင်ရဲ့"

ဟု တုံ့ပြန်လိုက်ရပါသည်။

"အစ်ကို တိတ်တခိုးခိုက်နေတဲ့ မြနှင်းဆီလေ မနေ့ညကခိုးရာလိုက်သွားပြီအစ်ကိုရဲ့"

ဆိုသံကြောင့် အနည်းငယ်တော့ ရင်တုန်သွားကာ -

"ဟာ - မင်းကလုပ်ပြီ၊ မြနှင်းဆီနဲ့ ငါကဘာဆိုင်လို့လဲ"

ဟု ဆိုလိုက်ရသော်လည်း အဆိုကျော်စိုးပိုင်၏ အနီးဆုံးလူ သီချင်းကို ရင်ထဲကဆိုခဲ့မိသော ကျွန်တော် အနည်းငယ်တော့ ခံစားလိုက်ရပါသည်။

နောက်နှစ်ရက်ကြာသောအခါတွင် မောင်မြင့်အောင်ထံမှ ထူးဆန်းသော *သတင်းကြားရပြန်ပါသည်။* ခိုးရာလိုက်သောညချင်းပင် မြနှင်းဆီ၏ ရည်းစားတစ်ယောက်က သိသွားပြီး နောက်နေ့တွင် သက်ဆိုင်ရာအာဏာပိုင်များထံသွား၍ မြနှင်းဆီသည် သူ၏တရားဝင်မယား (အတူမနေရသေးဘဲ လက်ထပ်ထားသူ) ဖြစ်ကြောင်းအထောက်အထားပြ၍ အမှုဖွင့်သည်။

မြနှင်းဆီအား ခိုးသွားသူ အောင်ကျော်နိုင်ကလည်း သူသည် မြနှင်းဆီနှင့် လက်ထပ်ထားကြသူများ ဖြစ်ပါသည်။ အခြေအနေမကောင်းသေး၍သာ လူသိရှင်ကြားမကြေညာရသေးဘဲ တစ်ယောက်တစ်နေရာစီနေရခြင်း ဖြစ်ပါကြောင်း အထောက်အထားပြ၏။

ဤအမှုဖြစ်သည်မှာ ဇာတိမြို့တွင်မဟုတ်ဘဲ မိုင် (၂၀) ခန့်ဝေးသောမြို့လေးတစ်မြို့တွင် အမှုဆိုင်ကြရခြင်း ဖြစ်၏။ ထို့ကြောင့်ပင် ကျွန်တော်လည်း ဤမှုပင်ကြားရခြင်း ဖြစ်သည်။ သို့သော် ထိုခေတ်က အပတ်စဉ်ထုတ်ဂျာနယ်များတွင် နောက်နေ့၌ သတင်းအပြည့်အစုံဖော်ပြပါရှိလာပါသည်။ အမှုစီရင်ချက်ရော ရက်ချိန်းပါဖတ်ရ၏။

အမှုစီရင်ချက်နှင့် ရက်ချိန်းအားဖတ်လိုက်ရသောအခါ အလွန်ပင်ထူးခြားသော တစ်နည်းအားဖြင့် ဂမ္ဘီရဆန်သော စီရင်ချက်ပါလားဟု တအံ့တသြဖြစ်ခဲ့ရပါသည်။ မှတ်မိသလောက် သူငယ်ပြန်ဖော်ပြရသော် -

အောင်ကျော်နိုင် + မြနှင်းဆီ + မောင်စံလှတို့သည် မိမိဘက်မှ ခိုင်လုံသော အထောက်အထားများတင်ပြလာကြသည်။

မြနှင်းဆီကိုယ်တိုင်ကလည်း ငြင်းဆိုခြင်းမရှိပေ။ သို့အတွက် စီရင်ချက်ဆုံးဖြတ်ချက်ကို ကာယကံရှင်များကိုယ်တိုင် စီရင်ဆုံးဖြတ်ချက်ချရမည်။



www.burmeseclassic.com

www.burmeseclassic.com

စီရင်ဆုံးဖြတ်ချက်ချရာတွင် အဓိက ပါဝင်ရမည့်အချက်မှာ မြနှင်းဆီအားရရှိ ပိုင်ဆိုင်သည့်သူက တစ်ဖက်ကျန်ရစ်ဖြစ် သူကို နစ်နာကြေးငွေ ကျပ်ငါးသောင်း တိတိပေးလျော်စေ။

နောက်တစ်ပတ်ရုံးချိန် (၅) ရက် ပြည့်သောနေ့တွင် ဤရုံးတော်သို့ စုံညီ လာရောက်ကာ ကိုယ်ထိလက်ရောက် လျော်ကြေးငွေ ပေးအပ်ကြရမည်ဟူ၍ သတည်း။

ဂျာနယ်ကိုဖတ်ရသူတိုင်းလိုလိုက ထူးဆန်းလိုက်တာ ဟူ၍လည်းကောင်း၊ ဂမ္ဘီရစကားလုံးနှင့် ရင်းနှီးသူတို့က ဂမ္ဘီရ ဖြတ်ထုံးပေလားဟူ၍ လည်းကောင်း အမျိုးမျိုးတွေးကြ၏။ သတင်းကလည်း ပရိသတ်များကြား ရေပန်းစားနေသော သတင်းဖြစ်နေရကား နောက်အပတ် ထွက်လာမည့်ဂျာနယ်ကို ဗျိုင်းလည်တံ လိုရှည်တော့မလောက်စောင့်မျှော်နေကြ ရတော့သည်။

ဆုံးဖြတ်ချက်တွင် အဓိကကျ သောငွေငါးသောင်းသည် ယနေ့ငွေဈေး နှင့်တွက်လျှင် မုန့်ဖိုးပဲဖိုးအရက်ဖိုးမျှရှိ၏။ ဟုတ်၏။ ဤချစ်ဂမ္ဘီရဇာတ်လမ်းလေး သူငယ်ပြန်ရေးနေဆဲ ကျွန်တော်၏ ယောက်ဖအငယ်ဖြစ်သူ မောင်ချိုကြီးက အရက်တစ်ပုလင်းဝယ်လာပြီး ကျွန်တော် မောင်မောင်အေးသို့ လက်ဆောင်ပေးပါ သည်။ ကျွန်တော်တို့ဇနီးမောင်နှံ(ဓာတ်ပုံ မောင်မောင်အေး + တင်တင်နွဲ့ ရန်ကုန် တက္ကသိုလ်)စာရေးဆရာစုံတွဲ၏နှစ်ဆယ့် ရှစ်နှစ်မြောက်မင်္ဂလာနေ့အတွက် မင်္ဂလာ လက်ဆောင်အမြတ်တနိုးပေး၏။

အရက်အမည် အမှတ်တံဆိပ် CHIVAS REGAL ဖြစ်၏။ ပုလင်းကြီး လည်းဖြစ်သဖြင့် ဘယ်လောက်ပေးရလဲ ဟု မေးရာ တန်ဖိုးက အဓိကမဟုတ်။ စေတနာသာ အဓိကဟု ဖြေ၏။ သို့ဖြင့် ဆက်မမေးတော့ဘဲ ,လမ်းကြုံမှ စတိုး ဆိုင်ကြီးဝင်မေးကြည့်ရာ မြန်မာကျပ်ငွေ ရှစ်သောင်း။ ဒေါ်လာဖြင့် (၇၂)ဒေါ်လာ ဟူသတည်း ဘုရား ဘုရား။

ဂမ္ဘီရဆုံးဖြတ်ချက်ချသည့်ခေတ်က ငွေတန်ဖိုးသည် ရွှေဈေးဖြင့် စံထားလျှင် ရွှေတစ်ကျပ်သား ငွေသုံးရာရှိလေ၏။ လျော်ကြေးငွေ ငါးသောင်းဆိုလျှင် ရွှေနှစ်ပိဿာခန့်ဝယ်နိုင်၏။

နောက်တစ်ပတ်ထွက်လာသော ဂျာနယ်တို့တွင် ထူးဆန်းသောချစ်ဂမ္ဘီရ ဆုံးဖြတ်ချက်သတင်းမည်သို့ပါလာသည် တို့ မဖတ်လိုက်ရသော်လည်း ရုံးချိန်း ရောက်ရန်တစ်ရက်အလို၌ အောက်ထပ်မှ မောင်မြင့်အောင်တက်လာပြီး -

"အစ်ကိုရေ နောက်ဆုံးစက်ရပ် သတင်းဗျ။ ဟိုကောင် အောင်ကျော်နိုင် ရော စံလှပါ ဘာငွေမှမလျော်ရတော့ ဘူး"

ဟုဆိုရာ ကျွန်တော်လည်းအံ့ဩ သွားသဖြင့် -

"ဘာလဲ မြနှင်းဆီက နှစ်ယောက် စလုံးနဲ့ပေါင်းမယ်တဲ့လား"

"မဟုတ်ဘူး အစ်ကို၊ ရုံးချိန်း ရောက်ဖို့ နှစ်ရက်အလိုမှာ အခြားဒေသ ကလူတစ်ယောက် မြနှင်းဆီကိုလာခိုး သွားပြီ။ ခုတော့ ငါးကြင်းကိုလုနေကြတဲ့ ဖျံနှစ်ကောင်လည်း ကျန်ရစ်ဖြစ်ပြီး ငွေ ငါးသောင်းလည်း လျော်စရာမလိုတော့ ဘူး အစ်ကိုရဲ့"

ဆိုသည့်စကားကြောင့် -

"ကောင်းရောကွာ"

ဟုသာ ဆိုနိုင်ပါတော့သတည်း။

စိတ်ကူးဖြင့် ဖန်တီးသော ဇာတ် လမ်းဆိုပါက ဤတွင် ဇာတ်သိမ်းပြီဖြစ် သော်လည်း ယခုကား သူငယ်ပြန်ဖြစ်ရပ် ဇာတ်လမ်း၊ ဂမ္ဘီရချစ်ဇာတ်လမ်းဖြစ်နေ သည်ကြောင့် ဖျံနှစ်ကောင်ကြားဝင်လု သွားသော ကြောင်ပါးသည် မည်သူ နည်းဟုတော့ စာဖတ်သူများ သိလိုကြ မည်ဖြစ်သလို မြနှင်းဆီ၏အနီးဆုံးလူဖြစ် ချင်နေသော ကျွန်တော်လည်း သိလိုပါ သည်။ သို့သော် သိခွင့်မရဘဲ ကျွန်တော် ၏ မဂ္ဂင်းနစ်တာဝန်များပြီးဆုံးပြီဖြစ် သဖြင့် ရုံးချုပ်သို့ပြန်ခဲ့ရပါသည်။

တစ်နေ့တွင် သက်သာကင်တင်း လက်ဖက်ရည်ဆိုင်၌ အပေါင်းအသင်း တစုဆုံကြရာမှ -

"ဟေ့-မောင်မောင်အေး၊ မင်း ကောင် ဝင်းမောင်ကြီး စွံသွားတာသိပြီ လား"

ဟု တစ်ယောက်ကဆိုရာ -

"ဟုတ်လား ငါမသိသေးဘူး၊ တို့ ရုံးကလား၊ ဘယ်သူနဲ့လဲ"

ဟု ကျွန်တော်၏မေးခွန်းတွေစုံ သွား၏။

"တို့ရုံးကတော့မဟုတ်ဘူး။ ပျော် ဘွယ်ကလား၊ ရနောင်ကလားမသိဘူး။ နာမည်က မြနှင်းဆီတဲ့"

ဆိုသံကြောင့် ကျွန်တော်၏နှုတ်မှ ဘုရားဘုရားဟု ထွက်သွား၏။

"မင်းကလည်း ဘာဖြစ်လို့ မြနှင်းဆီဆိုတာနဲ့ မိုးကြိုးပစ်သံကြား ရသလို ဘုရားတရတာလဲ"

ဆိုသည်ကိုပင် ပြန်မဖြေနိုင်ဘဲ ဟိုမြနှင်းဆီကိုကြားကဝင်လုသွားသော ကြောင်ပါးကြီးသည် ငါ့သူငယ်ချင်းဖြစ် သူ ဝင်းမောင်ကြီးပါလားဟူသောအသိ ကြောင့် ဘုရားတမိခြင်းပါတည်း။ ဤ အကြောင်းကို ယခုကင်တင်းတွင် ဆုံမိ ကြသော သူငယ်ချင်းလုပ်ဖော်ကိုင်ဖက် တို့ လုံးဝမသိကြပါ။ ကျွန်တော်ကလည်း နှုတ်ပိတ်နေခဲ့ပါသည်။

ဝင်းမောင်ကြီးသည် ကျွန်တော် ကဲ့သို့ပင် မြန်မာပြည်အရပ်ရပ်ခြေဆန့်ရ သူဖြစ်ပေရာ ယခုကျွန်တော်တို့ငှားနေခဲ့ သောအိမ်၌ပင် ဝင်းမောင်ကြီးတို့အဖွဲ့ နေခဲ့ဖူး၏။ မြနှင်းဆီ၏ သမိုင်းဝင် ရည်းစားစာရင်း၌ ဝင်းမောင်ကြီးပါမည် မလွဲ။ ယခု ဖျံနှစ်ကောင်လုနေသော ပြဿနာကို အဝေးရောက်နေသော ဝင်းမောင်ကြီးမသိရှာပါ။

ကျန်ရစ်ဖြစ်သည့်သူ အားပေးရ မည့်လျော်ကြေးသည် ထိုအချိန်ရွှေ ပေါက်ဈေးအရ နှစ်ပိဿာနီးပါးရှိ၏။ အောင်ကျော်နိုင်၊ စံလှတို့တစ်ယောက် တော့ ပေးလျော်ရမည်မလွဲ။ ထိုနှစ် ယောက် ပေးနိုင်/မပေးနိုင်ကိစ္စမြနှင်းဆီ အသိဆုံး။

မပေးနိုင်ကြသဖြင့် နှစ်ဦးစလုံး နောက်ဆုတ်သွားကြသော် မြနှင်းဆီ ဆက်မတွေးရဲတော့။ ထိုရောအခါ တစ်ယောက်သော သမိုင်းဝင် ရည်းစား အဝေးရောက်ထံသို့ -

*မောင် ဒီကြေးနန်းရလျှင်ရခြင်း မြ ကိုလာခိုးတော့။ အိမ်ကအခြားသူနဲ့ ပေးစားဖို့ စီစဉ်နေပြီ။*

*မြ*

ဒီကပြဿနာကို မသိရှာသော ဝင်းမောင်ကြီးသည် ကြေးနန်းရလေ သောအခါ အမြန်ယာဉ်စီး၍. . . ။

နောက်ပိုင်း ဝင်းမောင်ကြီးသည် အရက်တွေအရမ်းသောက်လာသည်။ အလုပ်တွေလည်းပျက်ကွက်လာသည်။ သုံးနှစ်လောက်အကြာ အရက်နောက် အသက်ပါလိုက်သွားတော့၏။ မြနှင်းဆီ လည်း ဝင်း မောင်ကြီးနှင့် မရှေးမနှောင်း နှလုံးရောဂါဖြင့် တစ်ဘဝတစ်ခန်းချုပ် ငြိမ်းသွားပါသတည်း။

ဤတွင် ဇာတ်လမ်းတကယ်ပြီး ပါတော့သည်ခင်ဗျား။

ဓာတ်ပုံ-မောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com


# ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)
# ဝင်းမနားပိဋကတ်တိုက်

**ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသ**

မြောက်ဦးနန်းတော်ကုန်း၏အရှေ့ဘက် (၁) မိုင်ခန့်အကွာတွင် ဝင်းမနားကျီတော်ရာကြီးတစ်ခုရှိပါသည်။ ကျီတော်ရာကြီး၏ တောင်ဘက် ကျောက်တံတိုင်းကြီးပေါ် ပိဋကတ်တိုက်တစ်လုံးကို တွေ့ရှိနိုင်ပါသည်။ တောင်ဘက်တံတိုင်း၏ အနောက်ဘက်တောင်ခြေရင်းနားတွင် တွေ့ရှိရပါ၏။ ပိဋကတ်တိုက်ကို ကျောက်ဖြင့်တည်ဆောက်ထားပါသည်။ ရခိုင်ရိုးရာ စိတ္တလက်ာရအနုလက်ရာဒီဇိုင်းများဖြင့် ထုဆစ်ထုံမွမ်းထားသော ပိဋကတ်တိုက်တစ်လုံးပင်ဖြစ်ပါသည်။ အောက်ခြေပန္နက်ဖွဲ့စည်းပုံအနေအထားမှာ ချိန်ကိုက်ပိဋကတ်တိုက်နှင့် တူညီနေသည်ကို တွေ့ရှိရပါသည်။ ချိန်ကိုက်ပိဋကတ်တိုက်နှင့်ဖွဲ့စည်းပုံချင်း တူညီနေကြောင်း ကျန်ဝင်းမနားပိဋကတ်တိုက်သည်လည်း ရခိုင်ဘုရင်မင်းဖလောင်း တည်ထားလှူဒါန်းခဲ့သော ပိဋကတ်တိုက်တစ်လုံးပင်ဖြစ်ဟန်တူပါသည်။

ဝင်းမနားပိဋကတ်တိုက်မှာ တောပေါက်နေသဖြင့် မြောက်ဦးရှေးဟောင်းသုတေသနဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူး ဦးညိမ်းလွင်၏ လမ်းညွှန်မှုဖြင့် ၁၈-၁၂-၂၀၁၅တွင် တောရှင်းလေ့လာသုတေသနပြုခဲ့ရပါ၏။ တောရှင်းလိုက်၍ တွေ့ရှိရသည့် ပိဋကတ်တိုက်အနေအထားမှာ အမြင့်ဆုံးနေရာ (၄) ပေခန့်သာကျန်ရှိသည်ကို တွေ့ရှိရပါသည်။ အကောင်းမတွေ့ရှိရတော့ပေ။ အထက်ပိုင်းအားလုံးနီးပါး ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ဝင်းမနားပိဋကတ်တိုက်ဖွဲ့စည်းတည်ဆောက်ပုံအနေအထားမှာ ပုံ(၁)တွင် တွေ့ရှိရသည့် ပန္နက်ပုံအနေအထားမျိုးသာ တွေ့ရှိရပါသည်။

ပုံ (၁) ပန္နက်ပုံဆွဲမှာ ဝင်းမနားကျီတော်တံတိုင်းပေါ်တွင်တွေ့ရှိရသော ဝင်းမနားပိဋကတ်တိုက်ကျောက်ပုံကို ဆက်စပ်ပြီး ခန့်မှန်းရေးဆွဲထား ဝင်းမနားပိဋကတ်တိုက်ပန္နက်ပုံဆွဲလက်ရာပင်ဖြစ်ပါသည်။ ဝင်းမနားပိဋကတ်တိုက်တံတိုင်းအကျယ် အရှေ့အနောက် (၃၇) ပေခန့်၊ တောင်မြောက် (၃၃) ပေခန့် တိုင်းတာတွေ့ရှိရပါသည်။ တံတိုင်းဒုအထု (၅) ပေခန့်ရှိပါ၏။ တံတိုင်းအနောက်ဘက်တွင် ကျောက်ပန္နက်များ မတွေ့ရှိရတော့ပေ။ ပိဋကတ်တိုက်အရှေ့အနောက်အကျယ် (၁၈) ပေခန့်၊ တောင်မြောက်အကျယ် (၁၄) ပေခန့်ရှိပါသည်။ ခိုနန်းချိုးတနားစီ (၁½)ပေခန့်ရှိပါသည်။ ပိဋကတ်တိုက်အလယ်လိုဏ်ဂူတစ်ခုသာ ချိန်ကိုက်ပိဋကတ်တိုက်နှင့် တူညီမှုမရှိသည်ကို တွေ့ရှိရပါသည်။ ချိန်ကိုက်ပိဋကတ်တိုက်မှာ ပင်မလိုဏ်ဂူအဟောင်းဖြစ်ပြီး ဝင်းမနားပိဋကတ်တိုက်တွင် အလယ်ပင်မလိုဏ်ဂူအခန်းဖြစ်သည်ကို တွေ့ရှိရပါသည်။ ဝင်းမနားပိဋကတ်တိုက်တွင် အလယ်ပင်မလိုဏ်ဂူအခန်းဖြစ်သည်ကို တွေ့ရှိရပါသည်။ ဝင်းမနားပိဋကတ်တိုက်အပြိုအပျက် ကျောက်ပုံအမြင့်မှာ အနောက်ဘက်တွင် (၄) ပေခန့်ကျန်ရှိပြီး အရှေ့ဘက်တွင် (၁½) ပေခန့် ကျန်ရှိသည်ကို တွေ့ရှိရပါသည်။ ပိဋကတ်တိုက်ပျက်စီးနေသည့်အပြင် နဂိုမူလစီခဲ့သည့်ကျောက်များမှာ အပြည့်မကျန်ရှိသည်ကို တွေ့ရှိရပါသည်။ လမ်းနှင့်နီး၍ ကျောက်ခိုးသူများ ယူဆောင်သွားဟန်ရှိသည်။ တံတိုင်းကျောက်များမှာလည်း အကျယ်ပန္နက်ကျောက်များလောက်သာ တွေ့ရှိရပြီး အမြင့်ကျောက်တုံးများ မတွေ့ရှိရတော့ပေ။ ဝင်းမနားပိဋကတ်တိုက်ပျက်ကျောက်ပုံများကြားမှ ကျန်ရှိနေသည့် ရခိုင်ရိုးရာ စိတ္တလက်ာရအနုလက်ရာကျောက်ဆစ်များမှ ကောင်းနိုင်ရာရာ



ပုံ (၁)



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဆစ်လက်ရာတချို့ကို ကူးယူရေးဆွဲဖော်ပြလိုက်ရပါသည်။


ပုံ(၂) ဒီဇိုင်းလက်ရာသည် ဝင်းမနားပိဋကတ်တိုက်မုခ်ဦးအရှေ့နားတွင် ပြန့်ကျဲနေသော ကျောက်ပုံများအကြားတွင် တွေ့ရှိရသော ရှေးဟောင်းရိုးရာစိတ္တလင်္ကာရအနုကျောက်ဆစ်လက်ရာမှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့်(၂၆)cmခန့်၊ အကျယ်(၂၅) cm ခန့်နှင့် ရုပ်ကြွအထု (၃) cm ခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ ကျောက်တုံးအထု (၁၉) cm ခန့်ရှိပါ၏။ မူရင်းကျောက်ဆစ်ရုပ်ကြွ၏လက်ရာမှာ ကိန္နရာရုပ်ဖြစ်ဟန် တွေ့ရှိရပါသည်။ ဗောင်းတော်ကျိုးပဲ့နေပြီး ဘယ်ဘက်လက်လည်းပဲ့နေသည်ကို တွေ့ရှိရသည်။ ဤကိန္နရာကျောက်ဆစ်ရုပ်ကြွလက်ရာ ပိဋကတ်တိုက်ဘုံဆင့်များမှ ထောင့်ချိုးတစ်နေရာရာတွင် အသုံးပြုခဲ့သော ကျောက်ဆစ်လက်ရာဖြစ်ဟန်ရှိပါသည်။

ပုံ (၂) ဒီဇိုင်းလက်ရာ၏အလယ်တည့်တည့်တွင် ကိန္နရာရုပ်ကိုတွေ့ရှိရပါ၏။ ကိန္နရာရုပ်မှာ ဗောင်းတော်ပါရှိပြီး ဗောင်းတော်အောက်ဆင့်ကို ဖောင်းလုံးတစ်လုံးဖြင့် အနားသတ်ထားသည်ကို တွေ့ရှိရပါသည်။ အထက်ပိုင်းကျိုးပဲ့နေပါ၏။ မျက်နှာမှာ ခပ်သွယ်သွယ်တွေ့ရှိရပြီး နားနှစ်ဖက်တွင်နားတောင်းပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာတွင် မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်များမှာ အရာသဘောလောက်သာတွေ့ရှိရပါသည်။ လက်နှစ်ဖက်တွင် ပန်းဖူးတစ်ဖူး ဘုရားကန်တော့ဟန်တွေ့ရှိရပါသည်။ တောင်ပံများကို အဆင့်သုံးဆင့်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ ခါးမှပင် နောက်ကျောဗောင်းတော်နားထိ တောင်ပံတစ်ဆင့် ဖွဲ့စည်းထားပါ၏။ ထိုတောင်ပံကို အကြောဖော်ထားသော ပွင့်ဖတ်ရှည်များကိုဆင့်ထားသည့်သဏ္ဌာန် တွေ့ရှိရပါသည်။ ဒုတိယတောင်ပံမှာ ခါးမှလက်ဝဲ၊လက်ယာကွ၍ အဖျားချွန်ကာ နှစ်ထပ်တွေ့ရှိရပါသည်။ တတိယတောင်ပံမှာ လက်ဝဲ၊ လက်ယာ ပေါင်ရင်းမှကားထွက်ပြီး စိုင်ဘောင်နှင့်တစ်ဆက်တည်း ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ ဤတောင်ပံကို အမြှောင့်များ၊ ခုံးများဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခြေထောက်နှစ်ချောင်းကို ကားရပ်ထားပြီး ပေါင်ရင်းကို အရစ်အရစ်ဖော်ထားသည်ကိုတွေ့ရှိရပါသည်။ ခါးအောက်မှ ရှေ့တွင် ပွင့်ဖတ်ရှည်ကြန္တြေကပြားတစ်ခုတွေ့ရှိရပြီး ကြန္တြေကပြားအလယ်တွင် အရွက်ကလေးများဆင့်ထားသည့် တမာခက်ကလေးတစ်ခုဖော်ထားသည်ကို တွေ့ရှိရပါသည်။

အပေါ်တောင်ပံလက်ဝဲ၊လက်ယာ၌လည်း ဖောင်းနှစ်လုံးကြားတွင် ရွှဲလုံးလေးများစီတန်းကာ အလှဆင်ထားပါသည်။ အပေါ်ဖောင်းအထက်တွင် ပန်းလိပ်ညွှန့်များ၊ ပွင့်ဖတ်များဖြင့် အလှဆင်ထားသည်ကိုတွေ့ရှိရပါသည်။ စိုင်ဘောင်လက်ဝဲ၊ လက်ယာဘေးတွင်လည်း ပွင့်ဖတ်များဆင့်ထားသည်ကို တွေ့ရှိရပါသည်။ ကိန္နရာအောက်တွင် ဖောင်းပြားကြီးတစ်ခုဖော်၍ ဖောင်းပြားကြီးအောက်တွင် စွပ်ငုတ်တစ်ခုတွေ့ရှိရပါသည်။ ဤပုံ (၂) ဒီဇိုင်းလက်ရာမှာ ရှေးခေတ်ဟောင်းရခိုင်ရိုးရာစိတ္တလင်္ကာရအနုလက်ဒီဇိုင်းကောင်းတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၃) ဒီဇိုင်းလက်ရာသည်လည်း ဝင်းမနားပိဋကတ်တိုက်အနောက်တောင်ဘက်အနားတွင်ပြန့်ကျဲစွာတွေ့ရှိရသော ကျောက်ဆစ်လက်ရာမှကူးယူရေးဆွဲထားသော ရှေးခေတ်ဟောင်းရခိုင်ရိုးရာစိတ္တလင်္ကာရအနုလက်ရာဒီဇိုင်းတစ်ခုပင်ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်လက်ရာအမြင့် (၂၄) စင်တီမီတာခန့်၊ အကျယ်(၃၆)စင်တီမီတာခန့်နှင့် အထု(၁၇)စင်တီမီတာခန့်ရှိပါသည်။ ပုံ (၃)ဒီဇိုင်းလက်ရာဖွဲ့စည်းပုံမှာ အပေါ်တွင် ပန်းခက်များထောင်ထားပြီး အောက်တွင်ဖောင်းတန်းများ၊ ရွှဲလုံးတန်းများဖြင့် အစီအရီအလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အပေါ်ပန်းခက်များတွင်၊ တချို့ပန်းခက်အောက်တွင် စက်ဝိုင်းခြမ်းနှစ်ထပ်ခံထားသည့်ဝတ်ဆံပုံသဏ္ဌာန်တစ်ခုကို လက်ဝဲ၊ လက်ယာတွင် နှစ်ထပ်ဝတ်ဆံအထက်တွင်နှစ်ထပ်ပွင့်ဖတ်ချွန်တစ်ခုခံပြီး ပွင့်ဖတ်ချွန် လက်ဝဲ၊ လက်ယာတွင် ပွင့်ဖတ်၊ ပန်းလိပ်၊ ပန်းရွက်များဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဒုတိယပန်းခက်တစ်မျိုးမှာ အောက်တွင် နှစ်ထပ်စက်ဝိုင်းခြမ်းဝတ်ဆံတစ်ခုခံ၍ ဝတ်ဆံအထက်တွင် နှစ်ထပ်ပွင့်ဖတ်ချွန်တစ်ခုခံ၍ ပွင့်ဖတ်ချွန်တစ်ဝက်တင်၍ ပွင့်ဖတ်ရှည်လက်ယာဘက်တွင် ပွင့်ဖတ်များ

ပုံ (၃)






ပုံ (၂)



www.burmeseclassic.com

www.burmeseclassic.com

အစီအရီဆင့်၍ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ (၃) ပန်းခက်များ ဒီဇိုင်းလက်ရာသည်လည်း ခိုနန်းချိုးငယ်များဖြစ်၍ ဘုံဆင့်၏ထောင့်ချိုးပန်းလက်ရာများဖြစ်ဟန်တူသည်ကို တွေ့ရှိရပါ



ပုံ (၄)

သည်။ ခုခံ၍ ဝတ်ဆံပတ်ပတ်လည်တွင် ပွင့်ဖတ်လေးခုဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။

ပုံ(၄) ဒီဇိုင်းလက်ရာသည် ဝင်းမနားပိဋကတ်တိုက်၏ တောင်ဘက်အောက်ခြေတွင် စုပုံပြန့်ကျဲနေသော ကျောက်ပုံထဲမှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်လက်ရာအမြင့် (၁၃) စင်တီမီတာခန့်၊ အကျယ် (၄၇) စင်တီမီတာခန့်နှင့် အထု (၂၃) စင်တီမီတာခန့် ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ ဘုံဆင့်နံရံအောက်ပိုင်းမှလက်ရာများဖြစ်ဟန်တူပါသည်။ ပုံ (၄) ဒီဇိုင်းလက်ရာ၏ အပေါ်ပိုင်း နှစ်ထပ်ပွင့်ဖတ်များအောက်တွင် ပေါင်းနှစ်ဆင့်ခံ၍ ဖောင်းနှစ်ဆင့်ကြားတွင် ရာဇမတ်ကွက်ကလေးများခံ၍ ရာဇမတ်ကွက်ထဲတွင် ပန်းပွင့်လေးများ ထည့်ထားပါ၏။ ပန်းပွင့်ကလေးများကို အလယ်ဝတ်ဆံကလေးတစ်ခုခံ၍ ဝတ်ဆံပတ်ပတ်လည်တွင် ပွင့်ဖတ်လေးခုဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၄) ဒီဇိုင်းလက်ရာသည်



ပုံ (၅)

လည်း အနုစိတ်လက်ရာမြောက်လှသည်ကို တွေ့ရှိရပါသည်။

ပုံ(၅) ဒီဇိုင်းလက်ရာသည် ဝင်းမနားပိဋကတ်တိုက်၏ အရှေ့ဘက်အနားတွင် ပြန့်ကျဲနေသော ကျောက်ဆစ်လက်ရာမှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်လက်ရာအမြင့် (၂၆) စင်တီမီတာခန့်၊ အကျယ် (၂၃) စင်တီမီတာခန့်နှင့်အထု (၁၉) စင်တီမီတာခန့်ရှိပါသည်။ ဤလက်ရာသည်လည်း ပိဋကတ်တိုက်ဘုံဆင့်တစ်ဆင့်မှ ထောင့်ချိုးလက်ရာတစ်ခုဖြစ်ဟန်ရှိပါသည်။ ကိန္နရာရုပ်ပုံသဏ္ဌာန်တွေ့ရှိရပါ၏။ ကိန္နရာရုပ်မျက်နှာပိုင်းမှ မတွေ့ရှိရတော့ပေ။ ဤကိန္နရာတွင်လည်း တောင်ပံသုံးဆင့်တွေ့ရှိရသည်။ အပေါ်တောင်ပံသည် ပခုံးနားအထိ ခပ်ကော့ကော့၊ ချွန်ချွန်တွေ့ရှိရပါသည်။ ခါးအောက်ပိုင်းမှ တောင်ပံမှာပခုံးနားထိ ခပ်ကော့ကော့ချွန်ချွန်တွေ့ရှိရပါသည်။ ခါးအောက်ပိုင်းမှတောင်ပံမှာနှစ်ထပ်ဖော်ထားပါ၏။ နှစ်ထပ်တောင်ပံအောက်နှင့် ပေါင်ရင်းကြားမှ နောက်ထပ်တောင်ပံ ရေတစ်ဆင့်အမြီးသဏ္ဌာန်တွေ့ရှိရသည်။ ဤအမြီးသဏ္ဌာန်မှာလည်း နှစ်ထပ်တွေ့ရှိရပါသည်။ အမြီးနောက်တွင် ပွင့်ဖတ်များအဆင့်ဆင့်ဖြင့်အလှဆင်ထားသည်။ ကိန္နရာ၏အနောက်အထက်တွင်လည်း ဖောင်းတန်းခံကာ ဖောင်းတန်းအထက်တွင် ပွင့်ဖတ်ငယ်များဖြင့် အစီအရီ တွေ့ရှိရပါသည်။ ခါးအောက်ရှေ့တွင် ကြွေကြာပြားချကာ ခြေထောက်ကားထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၅) ဒီဇိုင်း လက်ရာသည်လည်း ဝင်းမနားပိဋကတ်တိုက်၏ အနုစိတ်လက်ရာ ဆန်သော ရှေးခေတ် ဟောင်း ရခိုင်စိတ္တ လက်ရာ အနုလက်



ပုံ (၆)

ရာဒီဇိုင်းတစ်ခုပင်ဖြစ်ပါသည်။

ပုံ(၆) ပန်းခက်ဒီဇိုင်းလက်ရာသည် ဝင်းမနားပိဋကတ်တိုက်၏ တောင်ဘက်ခြေရင်းတွင် ပြန့်ကျဲစွာတွေ့ရှိရသော ကျောက်ပုံမှ ကျောက်ဆစ်လက်ရာကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ပန်းခက်လက်ရာ အမြင့်(၃၃)စင်တီမီတာခန့်၊ အကျယ်(၁၆)စင်တီမီတာခန့်နှင့်အထု (၁၅)စင်တီမီတာခန့်ရှိပါသည်။ ပန်းခက်အလယ်တွင် သုံးထပ်ပွင့်ဖတ်ရှည်တစ်ခုကို မဏ္ဍိုင်ထား၍ လက်ဝဲလက်ယာတွင် ပန်းလိပ်ညွန့်များဖြင့် အဆင့်ဆင့်ငယ်စဉ်ကြီးလိုက်ဆင့်ထားသည်ကို တွေ့ရှိရပါသည်။ သုံးထပ်ပွင့်ဖတ်ချွန်အောက်တွင် ပန်းလိပ်ပွင့်ဖတ်နှင့် နှစ်ထပ်ပွင့်ဖတ်တို့ဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းခက်ကြီးလက်ဝဲဘက်အောက်၌လည်း ပန်းခက်ငယ်တစ်ဝက်တွေ့ရှိရပါ၏။ ပန်းခက်ငယ်တွင်လည်း အလယ်တွင် ပွင့်ဖတ်ရှည်တစ်ခုခံပြီး ပွင့်ဖတ်ရှည်လက်ယာဘက်တွင် ပွင့်ဖတ်သုံးဆင့်ဆင့်ထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ(၆)ဒီဇိုင်းလက်ရာပန်းခက်သည်လည်း ဝင်းမနားပိဋကတ်တိုက်၏ဘုံဆင့်အမြင့်တစ်နေရာမှလက်ရာတစ်ခုပင်ဖြစ်ဟန်ရှိပါသည်။


ပုံ (၇) ဒီဇိုင်းလက်ရာသည် ဝင်းမနားပိဋကတ်တိုက် တိုင်ဖုံးပန်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်လက်ရာအမြင့် (၁၇) စင်တီမီတာ



www.burmeseclassic.com

www.burmeseclassic.com

ပုံ (၇)




ခန့်၊ အကျယ် (၁၈) စင်တီမီတာခန့်နှင့် အထူ (၂၀) စင်တီမီတာခန့်ရှိပါသည်။ ဤတိုင်ပန်းလက်ရာအပေါ်အောက်ပျက်စီးကျိုးပဲ့နေသလို တွေ့ရှိရပါသည်။ အလယ်တွင် အမြောင့်ထောင့်ခံပြီး လက်ဝဲ၊ လက်ယာတွင် ရပ်စောက်ဖောင်းနှစ်ဆင့်အကြားတွင် ထက်အောက်ရွဲလုံးကလေးများကို အစီအရီအလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ရွဲလုံးကလေးများနှင့် ဖောင်းဘေးဖက်တွင် ပန်းလိပ်ညွှန့်များကို အဆင့်ဆင့်ဆင့်ထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ (၇) တိုင်ပန်းလက်ရာသည် ရိုးရိုးကလေးနှင့်ကြည့်ကောင်းအောင် ဖန်တီးဖွဲ့စည်းထားသော ရှေးခေတ်ဟောင်းရခိုင်ရိုးရာ စိတ္တလင်္ကာရအနုလက်ရာဒီဇိုင်းတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၈) ဒီဇိုင်းလက်ရာသည် ဝင်းမနားပိဋကတ်တိုက်အနောက်ဘက်ခြေရင်းတွင် ပြန့်ကျဲနေသော ကျောက်တုံးများမှ ကျောက်ဆစ်လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပိဋကတ်တိုက်ဘုံဆင့်များအောက်ပိုင်းမှလက်ရာဖြစ်ဟန်တွေ့ရှိရပါသည်။ ကျောက်ဆစ်လက်ရာအမြင့် (၁၄) စင်တီမီတာခန့်၊ အကျယ် (၃၈) စင်တီမီတာခန့်နှင့် အထူ (၁၅)စင်တီမီတာခန့်ရှိပါသည်။ ပုံ(၈) ဒီဇိုင်းလက်ရာ ဖွဲ့စည်းပုံမှာ အပေါ် ဖောင်းတစ်ဆင့်ခံ၍ ပေါင်းဆင့် အောက်တွင် ပန်းခက်လေးခက်ထည့်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းခက်လေးခက်၏အကြားတွင်လည်း ကြားညှပ်ပွင့်ဖတ်သုံးဖတ်ကိုလည်းတွေ့ရှိရပါသည်။ ပန်းခက်များလက်ဝဲဘက်တွင်လည်း ဖောင်းပြားကြီးတစ်ခုခံထားသည်ကို တွေ့ရှိရပါသည်။ ပန်းခက်များအောက်၌ ဖောင်းနှစ်လုံးအကြားတွင် ရွဲလုံးတန်းများဖြင့် အစီအရီအလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းခက်များတွင် ပန်းတစ်ခက်စီ၌ ပွင့်ဖတ်ငါးဖတ်နှင့် အလယ်ကြောတစ်ကြောစီဖြင့် အလှဆင်ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ တချို့က ဤပန်းခက်မျိုးကို ဘီလူးလက်ဝါးပန်းခက်ဟုလည်း ခေါ်ကြပါသည်။ ဤပုံ (၈) ဒီဇိုင်းလက်ရာမှာလည်း ရိုးရှင်းလှသော ရှေးခေတ်ဟောင်းရခိုင်ရိုးရာ စိတ္တလင်္ကာရအနုလက်ရာ ဘီလူးလက်ဝါးပန်းဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

ပုံ (၉) ဒီဇိုင်းလက်ရာသည်လည်း ဝင်းမနားပိဋကတ်တိုက်မှ ထောင့်တိုင်နှင့် နံရံတစ်ပိုင်းတစ်စ လက်ရာကို ကူးယူ ရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ကျောက်ဆစ်မူရင်းကျောက်ဆစ်လက်ရာအမြင့် (၅၀) စင်တီမီတာခန့်နှင့် ပန်းကြွအထူ (၃) စင်တီမီတာခန့် ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ ထောင့်တိုင်ကို ဖောင်းများ၊ ရွဲလုံးများ၊ ပန်းလိပ်ညွှန့်များဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ နံရံပန်းကွက်များမှာ မှန်ကူကွက်များ၊ ပန်းပွင့်များ၊ နှစ်ထပ်ဝိုင်းအကွက်များဖြင့် အလှဆင် ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ ပန်းပွင့်တစ်ပွင့်ကိုလည်း ဝတ်ဆံကိုတစ်ခုကို ဗဟိုပြု၍ ပွင့်ဖတ်ခြောက်ဖတ်ဖြင့် ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ မှန်ကူကွက်များကိုလည်း သုံးဆင့်ဆင့်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းကွင်းတစ်ကွင်းအကျယ် (၁၈) စင်တီမီတာခန့် ပန်းကြွ (၃) စင်တီမီတာခန့်နှင့် ကျောက်တုံးအထူ(၂၈)စင်တီမီတာခန့်ရှိပါသည်။

ထောင့်တိုင်ပန်း၊ နံရံပန်းလက်ရာများအောက်တွင် ဖောင်းနှစ်ဆင့်ခံ၍

ပုံ (၉)




ဖောင်းနှစ်ဆင့်ကြားတွင် နှစ်ထပ်ပွင့်ဖတ်များနှင့် ကြားညှပ်ပွင့်ဖတ်များဖြင့် အလှဆင်ဖန်တီးထားသည်ကိုတွေ့ရှိရပါသည်။ ဤပုံ (၉) ဒီဇိုင်းလက်ရာမှာ အနုစိတ်လှပြီး ရိုးသလိုလိုနှင့် ဆန်းပြားသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဝင်းမနားပိဋကတ်တိုက်မှ လက်ရာများမှာ မြောက်ဦးခေတ်လယ်၏ ထူးခြားဆန်းပြားသည့် ရှေးခေတ်ဟောင်းရခိုင်ရိုးရာစိတ္တလင်္ကာရ အနုလက်ရာဒီဇိုင်းများပင် ဖြစ်ကြပါသည်။

အနန္တောအနန္တငါးပါးကို
ထာဝရဦးထိပ်ပန်ဆင်ကန်တော့လျက်

ပန်းချီဦးသူ
(ရှေးဟောင်းသုတေသန)

ပုံ (၈)



www.burmeseclassic.com

# မောင်လွမ်းမိုး (ချောင်းဆုံ)
# အရောင်လွင့်ပြယ်သွားသော အကျီတစ်ထည်

၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်။

*ကျွန်တော်၏ အမှတ်တရနေ့များ* တွင် မှတ်မှတ်ရရနေ့တစ်နေ့ပါပဲ။ စီးပွား/ကူးသန်းဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ် (လယ်ယာ) ဌာန စပါးကုန်ဝယ်ဒိုင် ဒိုင်မှူးတာဝန်မှ လုပ်သက် (၃၉) နှစ်၊ အသက် (၆၀) တင်းတင်းပြည့်ခဲ့ပြီမို့ အငြိမ်းစားယူခွင့်ရခဲ့ပါသည်။ လုပ်ငန်းတာဝန်များမရှိသဖြင့် ကိုယ်ရောစိတ်ပါ လွတ်လပ်ပေါ့ပါးသွားခဲ့ပြီဆိုသော်လည်း နှစ်ပေါင်းလေးဆယ်ခန့်မျှ အတူလုပ်ကိုင်ခဲ့ ရသော လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများနှင့် လုပ်ငန်းအတွေ့အကြုံများသည် ကျွန်တော်၏သွေးကြောများနှင့် ရင်တွင်းမှာဖွဲ့တည်နေဆဲပါ။ အထူးသဖြင့် ကောင်းကင်ပြင်ကြီးတစ်ခုလုံးမှာ မြူခိုးတွေဝေ့ဆိုင်း၍ မိုးသားများအလိမ့်လိမ့်တက်လာချိန်နှင့် အခါမဲ့မိုးရွာသွန်းချိန်များတွင် ဝယ်ပြီးစပါးများ ရေစို၊ မိုးမိပျက်စီးသွားလျှင် နောက်ဆက်တွဲပေါ်ပေါက်လာမည့် ဆိုးကျိုးများအတွက် စိုးရိမ်ပူပန်စိတ်သည် ဝေဒနာအဖြစ်နှင့် ငုပ်ကောင်သဖွယ် ရင်တွင်းမှာပေါက်ဖွားလာခဲ့ပါသည်။ ထိုသောအခါများတွင် ကျွန်တော်စီးနေကျ ရွှေရောင်ဆူပါကတ်မော်တော်ဆိုင်ကယ်ဖြင့် ကျွန်တော်၏ တပည့်များနှင့် အပေါင်းအသင်းများ တာဝန်ကျရာ စပါးကုန်ဝယ်ဒိုင်များသို့သွားရောက်၍ ကူညီလုပ်ကိုင်ဆောင်ရွက်ပေးရမှသာ နေသာထိုင်သာရှိပြီး ကျွန်တော်စိတ်တွေတည်ငြိမ်လာပါသည်။

"လုပ်ငန်းဌာနက အငြိမ်းစားယူလိုက်ပြီပဲမောင်ရယ်။ ငြိမ်းငြိမ်းချမ်းချမ်းလေးအနားယူလိုက်ပါဦးလားကွယ်"

"ဩော်-သက်ထားရယ်၊ နှစ်လေးဆယ်ခန့် အတူတူလုပ်ကိုင်လာခဲ့ကြတဲ့ လက်တွဲဖော်ဝန်ထမ်းတွေနဲ့ လုပ်ငန်းဌာနကြီးတစ်ခုလုံးအပေါ်မှာ နှောင်ဖွဲ့ခဲ့တဲ့သံယောဇဉ်တွေကို ချက်ချင်းဖြတ်*တောက်လိုက်ဖို့ဆိုတာ အခက်သားပါလားကွယ်*"

ဟုတ်သည်။ လုပ်ငန်းသံယောဇဉ်၊ ပုဂ္ဂိုလ်သံယောဇဉ်တွေဆိုတာ အပြောလွယ်သလောက် ဖြတ်တောက်ရန် အလွန်ခက်ခဲလှပါသည်။ လုပ်ငန်းနှင့် လုပ်ဖော်ကိုင်ဖက်များက ကျွန်တော့်ကို ရစ်ပတ်နှောင်ဖွဲ့နေတာလား။ ကျွန်တော်က သူတို့အပေါ်မှာ နှောင်ဖွဲ့နေမိသည်လားဆိုသည့် သံယောဇဉ်မြစ်ဖျားခံရာ အနှစ်ချုပ်ကို ကျွန်တော်နားမလည်ခဲ့တာအမှန်ပါပဲ။

ဆောင်းနှင်းတွေဝေ့ဝဲကြဲဖြန့်နေသည့်ကာလများတွင် အိမ်ရှေ့လမ်းမှအုပ်ဖွဲ့၍မောင်းနှင်သွားကြသောစပါးဒိုင်တွင် စပါးရောင်းချကြမည့်လှည်းတန်းကြီးများကို လွမ်းမောဖွယ်ရာကြည့်ရှုရင်း တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလများဆီသို့ စိတ်အစဉ်သည် လွင့်ပျံ့သွားပါသည်။ ခံစားမှုသည် ဝေဒနာတစ်ရပ်အဖြစ် အသွင်ကူးပြောင်းသွားမည်မှာ သေချာပါသည်။ ထိုဝေဒနာသည် ပင်စင်စား(အငြိမ်းစား)တို့၏ ပင်စင်နာဟု အများကပြောနေကြသည့်ဝေဒနာအသစ်တစ်မျိုးဖြစ်မည်ထင်ပါသည်။

❑

"ပင်စင်စားတွေဆိုတာ အထက်အဖွဲ့အစည်းရဲ့အမိန့်ကိုနာခံပြီးဆောင်ရွက်တာကလွဲရင် အခြားကိစ္စတွေကို ဘာမှလုပ်တတ်ကိုင်တတ်ကြတာမဟုတ်ဘူး။ စာအုပ်ကြီးထဲကထွက်လာခဲ့ကြသူတွေပဲ။ ကိုယ်လုပ်ကိုင်ခဲ့ဖူးတဲ့ ရာထူးတာဝန်တွေကို ပြန်မရနိုင်မှန်းသိနေပါလျက် တမ်းတဖက်တွယ်နေကြရင်းနဲ့ သေကုန်ကြတာပဲ"

လူတချို့က ပင်စင်စားဝန်ထမ်းဟောင်းများအား ထိုသို့ပြောဆိုဝေဖန်*နေကြသည့်စကားသံများ မကြာမကြာ*ကြားနေရသောအခါ ပင်စင်စားဘဝကို ကျွန်တော်ငြီးငွေ့လာပါသည်။

ဟုတ်ပါသည်။ အချို့သောပင်စင်စားဆိုသူတွေ ငယ်စဉ်အခါ ရှင်ရဟန်းပြုခဲ့စဉ်က ကကြိုးဆင်ထားသည့်မြင်းကြီးကိုစီးပြီး ရှေ့ထီးဆောင်းခဲ့ရသည့်ပုံရိပ်များကို ဖက်တွယ်နေကြပြီး လူနှင့်လူ့ပတ်ဝန်းကျင်ကိုမေ့နေကြသည့် ပင်စင်စားတွေလည်းရှိနေပါသေးလား။ မိမိကိုယ်ကို အထင်ကြီးပြီး စိတ်ကြီးဝင်နေကြသူတွေပဲပေါ့။

ငါဘာလုပ်ရမှာလဲ။

ကျွန်တော့်ကိုယ်ကျွန်တော်ပြန်မေးကြည့်ပါသည်။ စင်စစ် လူရယ်လို့ဖြစ်တည်ခွင့်ရလာခဲ့သည့်အချိန် လူ့ဘောင်အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းပြဿနာချက်တွေများစွာရှိနေကြပေမယ့်အားလုံး





www.burmeseclassic.com

www.burmeseclassic.com



ကို အနှစ်ချုပ်ကြည့်လိုက်သောအခါ အလုပ်နှစ်မျိုးပဲရှိပါသည်။ တစ်ခုက အကုသိုလ်နှင့်ယှဉ်သောအလုပ်၊ နောက်တစ်ခုက ကုသိုလ်နှင့်ယှဉ်သောအလုပ်ဖြစ်ပါသည်။

ဝင်လေ၊ထွက်လေကိုမှန်မှန်ရှူရှိုက်နိုင်ဖို့အတွက် အာဟာရအထောက်အကူပြုရန် အလုပ်နှစ်မျိုးထဲမှ တစ်ခုခုကိုလုပ်ကိုင်နေရမှာ ဖြစ်ပါသည်။ ကုသိုလ်နှင့်ယှဉ်သောအလုပ်သည် ရှာမှီးခြင်းကောင်းသောအလုပ်ဖြစ်ပြီး ငြိမ်းချမ်းသောဘဝကိုဖြစ်ထွန်းစေပြီး အကုသိုလ်နှင့်ယှဉ်သောအလုပ်သည် ရှာမှီးခြင်းမကောင်းသောအလုပ်ဖြစ်၍ စိတ်အစဉ်ကိုပူလောင်စေပြီး သံသရာတွင်တည်မှီ



www.burmeseclassic.com

www.burmeseclassic.com

ရာ မကောင်းသည်ကို ကျွန်တော်မသိခဲ့တာအမှန်ပါ။

ကုန်ရောင်းကုန်ဝယ်လုပ်မှာလား။
ငွေကြေးအရင်းနှီးဘယ်ကရမှာလဲ။
ကျွမ်းကျင်အောင်လုပ်နိုင်ပါမလား။

ကုန်ရောင်းကုန်ဝယ်အလုပ်တို့ကို စဉ်းစားကြည့်မိသည်။ အမှန်ဆိုလျှင် ကုန်သည်အလုပ်သည် ရောင်းသူ၊ ဝယ်သူ၊ ထုတ်လုပ်သူနှင့် ဈေးကွက် စသည်တို့နှင့် ဆက်နွယ်လုပ်ကိုင်ရပြီး ပိုးစိုးပက်စက်အမြတ်ရတာတွေရှိသလို အဆင်မပြေသည့်အခါများတွင် ခွက်ထိုးခွက်လန်ရှုံးတာတွေလည်းရှိပါသည်။ ရုပ်ပြအနေအထားတွင် လူရည်သန့်ပြီး ငွေကြေးသုံးစွဲနိုင်မှု၊ ရှင်ရှင်လန်းလန်းရှိနေကြပေမယ့်အကျိုးအမြတ်များများလိုချင်သောလောဘ၊ အကျိုးအမြတ်မရှိသောအခါခံစားရသည့်ဒေါသတို့သည် ရင်တွင်းမှာလောင်စာတွေနှင့်ဖွဲ့တည်နေကြပါလား။ ဘာလုပ်ရမှန်းမသိအောင် ကျွန်တော့်ရင်တွင်းမှာတင်းကျပ်ရှုပ်ထွေးနေပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း နှစ်သိမ့်၍မရသည့်ဝေဒနာတွေနှင့်လုံးထွေးနေပါသည်။ နှစ်ပေါင်း လေးဆယ်ခန့်မျှ နိုင်ငံတော်မှ ပေးအပ်သောတာဝန်ဖြင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ကျေပွန်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို ဂုဏ်ယူဝမ်းမြောက်နေရမည့်အစား သေးသိမ်သော အစွန်းရောက်အတွေးများဖြင့် တွေဝေနေမိပါသည်။ လူတစ်ကိုယ်ကံတစ်မျိုးပေမို့ အခြားသောပင်စင်စားတွေလည်း ကျွန်တော့်လိုဖြစ်ချင်မှဖြစ်မှာပေါ့။

အမှန်ဆိုလျှင် မနေ့ကဖြစ်စဉ်များသည် ပြီးဆုံးပျက်စီးသွားပြီဖြစ်၍ အတိတ်ကာလဖြစ်သွားပါပြီ။ မနက်ဖြန်ဆိုသည့်အနာဂတ်ကာလမှာ ပြီးပြည့်စုံစေဖို့ ယနေ့ဆိုသည့် ပစ္စုပ္ပန်မှာ မိမိရောက်နေရာမှ မိမိနှင့်လျော်ညီသောအလုပ်တွေကို လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ဆောင်ရွက်ရပေဦးမည်မဟုတ်ပါလား။

❑

နံနက် လက်ဖက်ရည်ဝိုင်းတွင် မောင်နှင့်ကျွန်မနှစ်ယောက်တည်းပါပဲ။

"သက်ထားရေ့ လူတွေဟာ တစ်ဦးတစ်ယောက်ရဲ့ပိုင်ဆိုင်မှုနေအင်အားနဲ့ အဆောင်ယောင် ရာထူးတာဝန်တွေအပေါ်မှာပဲ အလေးထားဆက်ဆံနေကြပါလားကွယ်"

ကျွန်မတို့ လက်ဖက်ရည်ဝိုင်းကို စတင်ဖွင့်လှစ်လိုက်သည့် မောင့်ရဲ့ ဝေဒနာပြပွဲနှုတ်ခွန်းဆက်စကားပါပဲ။ မောင့်ရင်တွင်းမှာဖွဲ့တည်နေသည့်စိတ်ခံစားမှုဝေဒနာတွေကို ကျွန်မနားလည်ပါသည်။ ဘာဖြစ်လို့လဲဆိုလျှင် မောင်ဟာ ကျွန်မရဲ့ဘဝ၊ ကျွန်မရဲ့နေမင်းကြီး၊ ကျွန်မတို့မိသားစုအတွက် လုံခြုံမှုအပေးနိုင်ဆုံးနှင့် နွေးထွေးမှုတွေ၊ ဘဝရပ်တည်မှုတွေကို ဖန်တီးနိုင်စွမ်းရှိသည့် တန်ခိုးရှင်တစ်ဦးပါပဲ။

"ဩော်- မောင်ရယ်၊ မောင့်ရဲ့တစ်ဦးတည်းသောခံစားချက်တွေကို လိုရာတွေးနေမယ်ဆိုရင် စိတ်ဖိစီးမှုဝေဒနာတွေကို လက်ကမ်းကြိုနေသလိုဖြစ်နေမှာပေါ့။ အဲဒီအခါမှာ မောင်ပဲပင်ပန်းမယ်လေ။ ပစ္စုပ္ပန်မှာရောက်ရှိနေတဲ့ ဘဝနဲ့ညီမျှတဲ့အတွေးတွေကို နှလုံးသွင်းမှသာစိတ်သက်သာရာကိုတည်ဆောက်နိုင်မှာပေါ့"

ယိမ်းယိုင်နေသောမောင့်စိတ်တွေကို လက်တွဲဖော်တစ်ယောက်အနေဖြင့် မျှဝေခံစားတည့်မတ်ပေးရမည့်ဇနီးသည်တစ်ယောက်ရဲ့တာဝန်တွေကို ကျွန်မသိပါသည်။

"ဟုတ်တော့လည်းဟုတ်ပါတယ် သက်ထားရယ်၊ မောင့်ရဲ့ယိမ်းယိုင်တွေဝေနေတဲ့စိတ်တွေကို မထိန်းနိုင်ခဲ့တာအမှန်ပါပဲ။ အခုလိုအချိန်မျိုးမှာ မျှဝေခံစားပေးတတ်တဲ့သက်ထားကို ကျေးဇူးတင်ပါတယ်ကွယ်"

"အို - မောင်ရယ်၊ သက်ထားဟာ သူစိမ်းမဟုတ်ဘူးလေ၊ မောင့်ရဲ့လက်တွဲဖော်တစ်ယောက်လေ။ မောင့်ဘဝမှာ ဘယ်လိုအခက်ခဲနဲ့ပဲ ရင်ဆိုင်ရပါစေ သက်ထားလေ ဟောဒီကမောင့်အပါးမှာ သံသရာတစ်လျှောက်လုံး မောင့်လက်ကိုတွဲပြီး ကြင်နာနေမယ့်သူပါ"

"ဝမ်းသာလိုက်တာသက်ထားရယ်၊ မောင့်ရင်ထဲမှာ အင်အားတွေပြည့်သွားသလိုပါပဲကွယ်"

"ကဲ - လက်ဖက်ရည်တွေအေးကုန်မယ်၊ သောက်လိုက်ဦးနော်"

မောင်ကြိုက်သည့် ထမင်းကြော်နှင့် လက်ဖက်ရည် အသင့်ပြင်ပေးလိုက်ပါသည်။ လက်ဖက်ရည်သောက်နေရင်း မောင့်မျက်နှာကို ကျွန်မငဲ့စောင်းကြည့်လိုက်သည့်အခါမှာ ယခင်က ရီဝေနေသောမောင့်မျက်လုံးများသည် ရှင်သန်တောက်ပနေပြီး မျက်နှာတစ်ခုလုံးကြည်လင်ဝင်းပနေပါသည်။ ကျွန်မနားလည့်လိုက်ပါပြီ။ တည်ကြည်ခိုင်မာသည့်စိတ်အတွေးတွေ မောင့်ရင်ထဲမှာဝင်ရောက်နေရာယူနေကြပြီဆိုသည့်အသိတစ်ခုပါပဲ။ သားကြီးနှင့် အငယ်မတို့ လက်ဖက်ရည်ဝိုင်းတွင် ဝင်ရောက်နေရာယူကြသောအခါ ကျွန်မတို့မိသားစုလက်ဖက်ရည်ဝိုင်း စုံပြည်သွားပါသည်။ ကလေးတွေရှေ့မှာမို့ ကျွန်မတို့အနေအထိုင် အပြောအဆိုဆင်ခြင်လိုက်ကြပါသည်။မောင့်ထံမှပြောနေကျမဟုတ်သောစကားတစ်ခွန်းပွင့်ထွက်လာပါသည်။

"ဒီနေ့ သက်ထားဖျော်တဲ့ကော်ဖီအရသာသိပ်ကောင်းတယ်ကွယ်"

"ခါတိုင်းနေ့တွေမှာ အဖေကြီးစိတ်တွေရှုပ်ထွေးနေလို့ဖြစ်မှာပါ။ အခုတော့စိတ်တွေလန်းဆန်းနေလို့ အရသာတွေ့သွားတာဖြစ်မှာပါ"

ကျွန်မစကားကို ကျေနပ်သွား၍လားမသိ၊ ဦးခေါင်းညိတ်၍ ပြုံးနေပါသည်။

"အခုဆိုရင်လေ သားကြီးတက္ကစီမောင်းလို့ရတဲ့ငွေရယ်၊ အငယ်မစက်ချုပ်လို့ရတဲ့ငွေရယ်၊ သက်ထားရဲ့မီးဖိုချောင်ချွေတာမှုတွေကြောင့်ထွက်လာတဲ့ငွေနဲ့ အဖေကြီးလုပ်သက်ဆုတွေပေါင်းလိုက်တဲ့အခါ ဟောဒီမှာစုဆောင်းထားတဲ့ငွေစုစာအုပ်လေ"

ကျွန်မစကားတွေကို စိတ်ဝင်စားစွာ နားထောင်နေသည့် မောင့်ကိုပြောသင့်သည့်စကားများကို တစ်ဆက်တည်းပြောလိုက်ပါသည်။

"ပြီးတော့ အပျင်းလည်းပြေ၊ အဖေကြီးရဲ့စိတ်တွေလည်း ပြန်လည်ရှင်သန်နိုးထပြီး ကျန်းမာရေးလည်းကောင်းအောင် သက်ထားတို့အိမ်နောက်ဖေးဈေးဆိုင်တည် တစ်နိုင်တစ်ပိုင် စိုက်ခင်းလေးတစ်ခုပျိုးထောင်ကြမယ်လေ။ အောင်မြင်ခဲ့ရင် အထိုက်အလျောက်ဝင်ငွေလေးတစ်ခုဖြစ်လာမှာသေချာပါတယ်"

ကျွန်မစကားကိုအဆုံးသတ်လိုက်ပြီး မောင့်အတွက် ရေနွေးကြမ်းတစ်ခွက်ငှဲ့ပေးလိုက်ပါသည်။

"သက်ထားရဲ့အကြံပေးချက်တွေဟာ လက်ရှိအနေအထားတွေနဲ့ အနီးစပ်ဆုံးဖြစ်ပြီး သဘာဝလည်းကျပါတယ်။ အဖေကြီးတို့မိသားစုတွေစုပေါင်းပြီးကြိုးစားကြတာပေါ့"

မောင့်မျက်နှာက ပြုံးစစနှင့်၊ အကယ်၍သာ လက်ဖက်ရည်ဝိုင်းမှာ ကလေးတွေမရှိကြဘူးဆိုလျှင် မောင့်အတွက် အကောင်းဆုံးလက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုပေးမိမှာ အမှန်ပါပဲ။ ကျွန်မရင်ထဲမှာ စကားတစ်ခွန်း လှုပ်ခတ်သွားပါသည်။

ဩော် - သက်ထားရဲ့အသက်နှင့် ထပ်တူချစ်ခင်မြတ်နိုးရတဲ့မောင်ရယ်။

❑

တစ်မိုးနှောင်း၍ တစ်ဆောင်းသစ်ခဲ့ပြန်ပါပြီ။

ကျွန်တော်သည် တောင်စဉ်ရေမရအစွန်းရောက်အတွေးတွေနှင့် လုံးထွေးရစ်ပတ်နေခဲ့သည့်အချိန်များကို သက်ထားနှင့်အတူ မိသားစုစိုက်ခင်းလေးတစ်ခုကို တစ်ပိုင်တစ်နိုင်ပျိုးထောင်လိုက်သောအခါ စိုက်ခင်းအတွက် ပေါင်းသင်၊ ရေပေးအလုပ်တွေသည် အခြားတွေးစရာကိစ္စများ ကြားမဝင်နိုင်အောင် တားဆီးလိုက်သလိုပါပဲ။ စိတ်တေလေ လေမှာလွင့်နေရသည့်ကုန်ဆုံးသွားသောအချိန်များကို နှမြောနေမိပါသည်။ တင်းမာနေသောစိတ်တွေ ပြေလျော့လာပါသည်။ ပေါ့ပါးသွက်လက်နေသောစိတ်တွေက စိုက်ခင်းတွင် ရှင်သန်ဖွံ့ထွားနေသောအပင်များနှင့်အတူ အင်အားသစ်တွေတိုးလာပါသည်။

အို- ကြည့်စမ်းပါဦး။ ဖွေးဖွေးလှုပ်မျှပွင့်နေကြသော စံပယ်ပန်းစိုက်ခင်းတစ်ခုလုံး ပုလဲလုံးလေးများ ကြဲဖြန့်ထားသလိုပါပဲ။ မိုးထိမတတ်ထိုးထောင်နေကြသော စိမ်းဖန့်ဖန့်ငှက်ပျောညွန့်ကြီးများနှင့် စင်လုံးပြည့်မတတ်ဖူးပွင့်နေကြသောခဝဲပွင့်များ၊ စိမ်းစိုနုဖတ်နေသောချဉ်ပေါင်ခင်းများသည် ဘဝင်စိတ်ဝမ်းငြိမ်းချမ်းကြည်နူးဖွယ်ရာ အလွန်ကောင်းပါသည်။ စိုက်ခင်းထဲတွင် ကျွန်တော့်စိတ်သည် အချိန်ကြာကြာနစ်မြုပ်သွားမည်ထင်ပါသည်။ စ ပယ်ရနံ့များနှင့်အတူ နောက်ထပ်ရနံ့သစ်တစ်မျိုး လေဟုန်စီး၍ ကျွန်တော့်နှာသီးဝဆီသို့ တိုးဝင်လာသည်ကို သတိပြုမိပါသည်။ ကျွန်တော့်အာရုံတွင်ယဉ်ပါးနေသောရနံ့တစ်ခုပါပဲ။ ဟုတ်ပါသည်၊ သက်ထားရဲ့ကိုယ်သင်းရနံ့လေးပေါ့။

"ဟိတ် - ဥယျာဉ်မှူးကြီး"

အသံနှင့်အတူ ကျွန်တော့်နောက်ဘော၇မှ ပခုံးနှစ်ဖက်ကို အမှတ်တမဲ့ဆွဲထိုင်လိုက်သော သက်ထား၏လက်အစုံကြောင့် လှည့်ပြန်၍မော့ကြည့်လိုက်သောမျက်နှာသည် သက်ထား၏သန့်စင်နူးညံ့သောမျက်နှာနှင့်တွေ့ပြီး သိမ်မွေ့သောအနမ်းပန်းတစ်ပွင့်ပွင့်သွားပါတော့သည်။

"သက်ထားလာရင် သက်ထားနဲ့အတူ မောင့်ကိုပြောမယ့်စကားတွေပါလာမယ်ဆိုတာ မောင်သိပါတယ်နော်"

"အဲ - မောင့်အတွက်ခွန်အားတွေမွေးဖွားပေးမယ့်စကားတွေ သက်ထားမှာပါလာတယ်လေ။ မောင်နားထောင်ကြည့်နော်"

"နာခံရန်အသင့်ပါဗျာ"

"သက်ထားနဲ့ မောင် မတွေ့ခင်တုန်းက စာစောင်တွေ၊ မဂ္ဂဇင်းတွေမှာ မောင်ရေးတဲ့စာတွေကို သက်ထားအများကြီးဖတ်ခဲ့ရဖူးပါတယ်။ ဒိုင်မှူးကြီးဖြစ်လာမှ တာဝန်တွေပိပြီး စာရေးဖို့အချိန်မပေးနိုင်ခဲ့ပေမယ့် အခုလိုအနားယူရတဲ့အချိန်မှာ မောင့်လုပ်ငန်းဌာနနဲ့မောင်ကျင်လည်ခဲ့ရတဲ့ ပတ်ဝန်းကျင်ရဲ့အခြေခံအကြောင်းအရာတွေဟာ အခုအချိန်မှာ မောင့်အတွက်စာရေးဖို့ ကုန်ကြမ်းတွေပဲပေါ့။ အဲဒါတွေကို ကုန်ချောဖြစ်အောင် စာမျက်နှာတွေပေါ်တင်လိုက်ရင် မောင့်ရဲ့နစ်မွန်းနေတဲ့စိတ်အာရုံကို ထွက်ပေါက်တစ်ခုဖြစ်လာပြီး စိတ်အညစ်အကြေးတွေလွင့်စဉ်သွားမှာပေါ့။ မောင်ဘယ်လောက်စာရေးကောင်းတယ်ဆိုတာ သက်ထားသိပါတယ်နော်"

"ကျေးဇူးကမ္ဘာပါမောင့်သက်ထားရယ်"

❑

အမှန်စင်စစ် ဆင်းရဲခြင်း၊ချမ်းသာခြင်း၊ ရာထူးအာဏာရှိခြင်း၊ မရှိခြင်း၊ လှပတင့်တယ်ခြင်း၊ အကျည်းတန်ခြင်း၊ ပညာရှိခြင်း၊ ပညာမဲ့ခြင်း စသည်တို့သည် တစ်စုံတစ်ခုသော အတိတ်ဘဝကံသတ္တိ၏ အကြောင်းကြောင့်သာလျှင် ပစ္စုပ္ပန်တွင် အကျိုးတရားထင်ဟပ်လာခြင်းသာဖြစ်၍ အကြင်တရားတို့သည် အကြောင်းကြောင့်သာလျှင်ဖြစ်ကြကုန်သည်မဟုတ်ပါလား။ လူ့ဘောင်ဘဝကြီးတွင် အစဉ်သဖြင့် ခိုင်ခံ့တည်မြဲနေသောအရာသည် အလျှင်းမရှိ။ ဖြစ်ပြီးလျှင်ပျက်ကြရသည်သာ အဆုံးဖြစ်ချေသည့်သဘာဝမှုကို မသိသူတို့သာ ဖြစ်မလာနိုင်တော့မှန်းသိနေပါလျက် ပြီးခဲ့သောအတိတ်ဖြစ်စဉ်များကို ပြန်လည်တူးဖော်၍ မိုက်မဲစွာ တမ်းတဖက်တွယ်နေကြခြင်းသည် ပစ္စုပ္ပန်အကျိုးများစွာကိုဆုံးရှုံးစေ၍ စင်ကြယ်သောစိတ်အစဉ်ကိုမသင့်တင့်သောအာရုံများဖြင့် ညစ်နွမ်းစေရန်အရောင်ဆိုးနေကြခြင်းသာဖြစ်ပါသည်။

ကျွန်တော်သိလိုက်ပါပြီ။

အငြိမ်းစားယူကြသူများတို့သည် အရောင်လွင့်ပြယ်သွားသောအင်္ကျီတစ်ထည်လိုပါပဲလား။ ကျန်းမာရေးကောင်းမွန်ခြင်းသည် အင်္ကျီ၏ အထည်အသားကောင်းမွန်ခြင်းနှင့်အလားတူပြီး အရောင်အသွေးနှင့်တူသောရာထူးဂုဏ်ရှိန်မှေးမှိန်နေသည့် အရောင်လွင့်ပြယ်နေသောအင်္ကျီတစ်ထည်ကဲ့သို့ စွန့်ပစ်ရန်မသင့်၍သေတ္တာအတွင်း သိမ်းဆည်းထားခြင်းဖြင့် တစ်စစီပဲ့ကြွေ၍ဆွေးမြည့်ပျက်စီးသွားကြရပါလား။ ဟိုတစ်ကွက်သည်တစ်ကွက် လွင့်ပြယ်သွားသောအရောင်များကို သန့်စင်အောင်ကြိမ်ဖန်များစွာတိုက်ချွတ်ခြင်း သို့တည်းမဟုတ် မိမိနှင့်သင့်တော်လိုက်ဖက်မည့် အခြားသောအရောင်တစ်မျိုးမျိုးဖြင့် ဖန်တီးပြုပြင်ရန်သတိမေ့လျော့နေကြသူတွေပဲ။ ဖြစ်မလာနိုင်တော့မည့်အိပ်မက်များစွာကို အကြိမ်ကြိမ်ဖက်တွယ်ပုံဖော်နေကြမည့်အစားပစ္စုပ္ပန်တည့်တည့်တွင် မိမိဘဝနှင့်လျော်ညီမည့် အလုပ်အကိုင်၊ အတွေးအမြင်၊ အကျင့်အကြံများဖြင့် ပိုင်းခြားသိရမည့်တရားများကို သိခြင်း၊ ပယ်သတ်ရမည့်တရားများကို ပယ်သတ်ခြင်း စသည့်ဘာဝနာအလုပ်များဖြင့် မြတ်ဗုဒ္ဓ၏ဓမ္မရိပ်တွင်နားခိုရန် မေ့လျော့နေကြခြင်းကြောင့် မသင့်တင့်သော အာရုံတရားများ လွှမ်းမိုးခံကြရပြီး ခန္ဓာချုပ်ငြိမ်းဘဝဇာတ်သိမ်းရခြင်းသာ နောက်ဆုံးဖြစ်ချေမည်။

သို့ဆိုပါလျှင် မသင့်တင့်သောနှလုံးသွင်းမှုများကြောင့် ဟိုတစ်ကွက်သည်တစ်ကွက် ညစ်ထေးနေသော စိတ်အညစ်ကြေးများကို မြတ်ဗုဒ္ဓ၏အဆုံးအမဖြစ်သည့် မမေ့မလျော့သောသတိတရားဖြင့် သင့်တင့်စွာနှလုံးသွင်း၍ ညစ်နွမ်းသောအကုသိုလ်ဆိုးကျိုးများကင်းပ၍ သန့်စင်ကြည်လင်သော နှလုံးသားပိုင်ရှင် သို့မဟုတ် အဖြူရောင်အင်္ကျီတစ်ထည်အဖြစ်နှင့် ပွဲလယ်တင့်စွာ သံသရာခရီးကို လျှောက်လှမ်းနိုင်ကြမည်။ ပင်စင်နာမဟုတ်သော ပစ္စုပ္ပန်ဘဝတွင် လူမှုဒုက္ခကင်းဝေးပြီး ခန္ဓာချုပ်ငြိမ်း ဘဝဇာတ်သိမ်းနိုင်ကြမည့်အငြိမ်းစားနိုင်ကြသူများဖြစ်ကြမည်ဟု ဧကန်မလွဲယုံကြည်လျက်။


မေတ္တာရည်လျှင်း

မောင်လွှမ်းမိုး (ရွှေပင်းဆိုး)



www.burmeseclassic.com

www.burmeseclassic.com



# (ဇီးကွန်း) မောင်သာမန်

## ပုထုဇဉ်မေမေ

(၁)

အောင်မင်္ဂလာတောရကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်တော်မူသော ကျောင်းထိုင်ဆရာတော်ကြီး ဦးဩဓထံ၌ သာမဏေရှင်ဥတ္တရသည် အခြေခံဗုဒ္ဓစာပေများကို လေ့လာသင်ယူလျက်ရှိနေပါသည်။ သာမဏေသည် အသက်ဆယ့်ခုနစ်နှစ်အရွယ်မှ စတင်၍ သင်္ကန်းဝတ်ခြင်းဖြစ်၍ ကိုရင်သာမဏေဘဝဖြင့် တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ရှင်ဥတ္တရသည် သာမဏေအဖြစ်ဖြင့် ကျောင်း၏ ဝေယျာဝစ္စများနှင့် ကျောင်းထိုင်ဆရာတော်ကြီး၏ဆွမ်းကွမ်းဝေယျာဝစ္စများကို ပင်တိုင်ကျောင်းသားငယ်နှစ်ဦးနှင့်အတူ ဆောင်ရွက်ပေးလျက် ဆရာတော်ကြီး၏ဩဝါဒကို ခံယူလျက်ရှိပေ၏။ ယခုအခါတွင် သာမကမဖြစ်ခင် (၉)တန်းအောင်ခဲ့သဖြင့် သာမဏေဘဝ၌ အခြေခံဗုဒ္ဓစာပေနှင့် ပါဠိအခြေခံကို လေ့လာသင်ယူလျက်ရှိပါသည်။ ထို့ပြင် ရဟန်းဘောင်သို့ တက်လှမ်း၍ ပထမပြန်စာမေးပွဲဝင်ရောက်ဖြေဆိုရန်ဆုံးဖြတ်ထားပြီး ဖြစ်ပါ သည်။

ထိုသို့ သာမဏေသည် ရဟန်းဘောင်သို့တက်ရောက်ရန် ကြိုးပမ်းနေသည်ဟူသောသတင်းကြောင့် သာမဏေရှင်ဥတ္တရ၏ မိခင် ဒေါ်ခင်သက်သည် တစ်ခုသောညနေ၌ ကျောင်းသို့ရောက်ရှိလာပါသည်။ ထိုအချိန်၌ ကျောင်း၏ တောင်ဘက် ဆုတောင်းပြည့် စေတီငယ်လေးတွင် သာမဏေသည် ကျောင်းသားငယ်နှစ်ယောက်နှင့်အတူ အမှိုက်သရိုက်များ လှည်းကျင်းလျက်ရှိပါ၏။ မိခင် ဒေါ်ခင်သက်သည် သာမဏေရှိရာ စေတီငယ်သို့ ရောက်ရှိလာ၍ စေတီတော်အား ကန်တော့ပြီးသည့်နောက် သာမဏေအား လက်အုပ်ချီလျက် -

"ကိုရင်ဥတ္တရ၊ ကိုရင်လူထွက်ဖို့ အချိန်တန်ပါပြီ။ ဒီလိုပြောလို့ ဒကာမကြီးမှာ အပြစ်ဖြစ်ပါတယ် ကိုရင်။ ကိုရင်က (၉) တန်းအောင်ထားပြီးမို့လို့ ကိုရင် (၁၀) အောင်ဖို့အတွက် လူထွက်ပြီး ကျောင်းတက်စေချင်ပါတယ်။ ဖြစ်ပြီးခဲ့တဲ့ကိစ္စတွေအတွက်လည်း ဒကာမကြီး တောင်းပန်ပါတယ်။ စကတည်းက ဒကာမကြီးကို ကိုရင်စိတ်ဆိုးပြီးသင်္ကန်းဝတ်တယ်ဆိုတာ ဒကာမကြီးသိထားတာကြောင့် အခု ကိုရင့်ကို တောင်းပန်ပြီး လူထွက်ခိုင်းတာပါ။ ကိုမြကျော်ကလည်း ကိုရင့်ကိုပြောမိဆိုမိတာနဲ့ ပတ်သက်ပြီးတောင်းပန်ပါတယ်တဲ့။ ကိုရင်လူထွက်ပြီး ကျောင်းပြန်တက်ပါလို့ ဒကာမကြီးအနူးအညွတ်တောင်းဆိုချင်ပါတယ် ကိုရင်"

လူထွက်ရန် တိုက်တွန်းနေသော မိခင်ဒေါ်ခင်သက်အား သာမဏေသည် စိတ်ငြိုငြင်ခြင်းမရှိခဲ့ပါ။ သာမဏေသည် မိခင်ဖြစ်သူကို မမှိတ်မသုန်ငေးစိုက်ကြည့်လျက် ဖြည်းလေးစွာ သက်ပြင်းချပါသည်။

"ဒကာမကြီးရဲ့ စေတနာဆန္ဒကို ကိုရင်သိပါတယ်။ သားသမီးအပေါ်မှာထားတဲ့ မိခင်တစ်ယောက်ရဲ့မေတ္တာ စေတနာကိုလည်း နားလည်ပါတယ်။ ဒါပေမယ့် ကိုရင့်ရဲ့ဘဝက်အကြောင်းက လောကီရေးရာနဲ့ပတ်သက်ပြီး မအပ်စပ်ဘူးနဲ့တူပါရဲ့။ ကိုရင့်စိတ်ဆန္ဒက သာသနာ့ဘောင်မှာပဲ ဆက်လက်ပြီးရှိနေချင်တာကြောင့် ကိုရင့်တစ်သက် သာသနာဘောင်မှာပဲနေတော့မယ်လို့ ဆုံးဖြတ်ထားပါတယ်။ ဒကာမကြီးပြောတဲ့ လောကီရေးရာ စာပေပညာတွေကိုရပ်ဆိုင်းပြီး ဗုဒ္ဓသာသနာဆိုင်ရာ ပရိယတ္တိ၊ ပဋိပတ္တိစာပေတွေကို လေ့ကျက်သင်ယူနိုင်ဖို့ ရဟန်းဘောင်ကိုတက်ဖို့လည်း သန္နိဋ္ဌာန်ချခဲ့ပါပြီ။ ကိုရင့်ကို သာသနာ့ဘောင်မှာပဲ နေထိုင်ခွင့်ပြုပါလို့ ကိုရင် မေတ္တာရပ်ခံပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

သာမဏေ၏ပြောကြားလာသော အရာတို့သည် လူ့လောကီအား ဖယ်ခွာသောစကားများဖြစ်နေသဖြင့် မိခင် ဒေါ်ခင်သက်မှာ အံ့ဩသည်သာမက ဝမ်းနည်းရတော့၏။ ကိုရင့်စကားကြောင့် တွေဝေငေးမောနေခဲ့သော ဒေါ်ခင်သက်မှာ ဝမ်းနည်းရိပ်များယှက်သန်းလျက် မျက်ရည်စများစို့စွတ်လာပြီး ရှိုက်သံဖြင့် -



www.burmeseclassic.com

www.burmeseclassic.com

"အစကတည်းက ကိုရင့်အနေနဲ့ အမေ ဘဝတစ်ခုကို ပြန်စလိုက်တာနဲ့ ပတ်သက်ပြီး စိတ်မကြည်မလင်ဖြစ်ခဲ့ရတယ်ဆိုတာ အမေသဘောပေါက်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုရင့်ကို ဒကာမကြီးတောင်းပန်ပါတယ်။ အမေ ကိုရင့်ရဲ့အဖေ ကိုညိုမောင်ကို သစ္စာမဖောက်ပါဘူး။ သူရှိစဉ်က သူ့အပေါ်မှာ သစ္စာမဖောက်ခဲ့သလို မေတ္တာမြဲမြဲပြီး ဝတ္တရားလည်း မပျက်ကွက်ခဲ့ပါဘူး။ ကိုရင့်ရဲ့ဖခင်ဆုံးပါးသွားပြီးတဲ့နောက်မှာ ဒကာမကြီးနဲ့ ကိုရင်တို့ရဲ့သားအမိနှစ်ယောက် ရှေ့ဆက်ပြီး ဘဝတွေဘယ်လိုရှင်သန်ရပ့်မလဲဆိုတဲ့ စိုးရိမ်သောကတွေနဲ့ ဒကာမကြီးအိပ်မရတဲ့ညတွေကိုဖြတ်သန်းခဲ့ရပါတယ်။ ဒါကြောင့် ဒကာမကြီးတို့ဘဝလုံခြုံဖို့၊ အေးချမ်းဖို့အတွက် ကိုမြကျော်နဲ့အိမ်ထောင်ပြုလိုက်ရတာပါ။ တစ်ဖက်ကကြည့်ရင်တော့ ကိုရင့်အဖေ မရှိတော့ ကျန်ခဲ့တဲ့ဒကာမကြီးရဲ့အသက်အရွယ်အရ ဒကာမကြီးတို့ကို ကာကွယ်ပေးနိုင်မယ့်လူကိုရှာခဲ့တာပါ။ ဒကာမကြီးနဲ့ ကိုရင့်အတွက် ပြုမူမိတဲ့လုပ်ရပ်ဟာ အမှားမှားတယ်ဆိုရင် အဲဒီအမှားဟာ စေတနာအမှားပါလို့ ဒကာမကြီးပြောလိုပါတယ်။ ဒါပေမယ့် အမေဟာ ကိုရင့်အတွက် မိခင်ဆိုးကြီးမဟုတ်တာကတော့ သေချာပါတယ် ကိုရင်"

ရှိုက်၍ပြောနေသော မိခင်ဒေါ်ခင်သက်အား သာမဏေမှ -

"ကိုရင်ဟာ လူမမည်ကလေးဘဝမှာပဲရှိနေတယ်ဆိုရင် ဒကာမကြီးရဲ့ သဘောဆန္ဒကို ဘာမှမပြောနိုင်ပါဘူး။ ဒကာမကြီးရဲ့သဘောဆန္ဒအတိုင်းဖြစ်မှာပါပဲ။ အခုတော့ ဒကာမကြီးရယ် ကိုရင့်ရဲ့ ဘဝအနာဂတ်လမ်းခရီးကို ကိုရင်ပဲဆုံးဖြတ်ခွင့်ပေးပါတော့။ ခုလို သာသနာ့ဘောင်မှာ နေခွင့်ရအောင် မွေးထုတ်ပေးခဲ့တဲ့ကိုရင့်ရဲ့ဖခင်နဲ့မိခင်ကို ကိုရင်ကျေးဇူးတင်ပါတယ်။ ကိုရင် ဖခင်ကိုကျေးဇူးဆပ်ခွင့်မကြုံရပေမယ့် မိခင်ဖြစ်တဲ့ ဒကာမကြီးကို သာသနာ့ဘောင်ကနေပြီး ကျေးဇူးဆပ်နိုင်အောင် ကြိုးစားပါ့မယ်။ တစ်ချိန်က ကိုရင်လည်း မိဘကို မိဘမှန်းမသိပြောမိဆိုမိမှားမိပါတယ်။ အခုတော့ ကိုရင်လည်း ဘုရားသားတော်ဖြစ်ခဲ့ပြီမို့ ကိုရင့်ရဲ့အဝိဇ္ဇာတွေကို ပယ်ဖျက်လိုက်ပါပြီ။ မကြာခင်ကာလမှာ ကိုရင် ရဟန်းဘောင်တက်ရတော့မှာပါ။ လူ့လောကီဘဝမှာနေလို့တဲ့ဆန္ဒမရှိတဲ့ကိုရင်ကို သာသနာ့ဘောင်မှာပဲ ရဟန်းအဖြစ်ရပ်တည်ခွင့်ပြုပါတော့"

မိခင်ဒေါ်ခင်သက်သည် သားဖြစ်သူ သာမဏေ၏ ခိုင်မာသောဆုံးဖြတ်ချက်ကို ဖြိုဖျက်နိုင်ခြင်းမရှိပါလေတော့။ သူမသည် သားအတွက် ပူပင်စွာငိုကြွေးခဲ့ပါ၏။ ကျဆင်းသောမျက်ရည်များကိုပါရှိလာသောတဘက်ဖြင့် သုတ်သင်လျက် သာမဏေအား ဝတ်ဖြည့်လိုက်ပါသည်။ သာမဏေသည်လည်း မိခင်ဖြစ်သူ၏အခြေအနေကို ငေးကြည့်လျက် စိတ်မကောင်းဖြစ်ရပါလေ၏။ သို့သော် သာမဏေ၏ဆုံးဖြတ်ချက်ကား ကျောက်သားကျောက်စိုင်ကဲ့သို့ ခိုင်မာလျက်ရှိပါ၏။

သာမဏေသည် မိမိအားကျောင်း၍ ဝမ်းနည်းစွာထွက်ခွာသွားသော မိခင်မာတာ၏ကျောပြင်အား မြင်ကွင်းမှ ပျောက်ကွယ်သွားသည့်တိုင် ဝေဝါးစွာ ငေးကြည့်နေခဲ့ပါ၏။ ထိုကာလတွင် စေတီတော်၏ထိပ်ဖူးဆီမှ ထွက်ပေါ်လာသော ဆည်းလည်းသံလေးများသည် သာယာစွာဖြင့် သန္တရသကိုဖော်ကျူးလျက်ရှိနေပေတော့၏။

(၂)

ကျောင်းထိုင်ဆရာတော်ကြီးမှ သာမဏေအား မိခင်မည်သို့ပင်ဖြစ်စေ မိခင်ဖြစ်သူအား စိတ်မငြိုငြင်ရန် သတိပေး၍ ဆိုဆုံးမခဲ့ပါသည်။

"ကိုရင့်ရဲ့မယ်တော်က ကိုရင့်ကို သန္ဓေတည် မွေးဖွားပေးခဲ့ပြီး နို့ချိုတိုက်ကျွေးခဲ့သောကြောင့် ကိုရင့်မိခင်က ကိုရင့်ကိုသံယောဇဉ်မပြတ်ခဲ့ပါဘူး။ ဖခင်ထက် မိခင်က သားသမီးသံယောဇဉ်ပိုတယ်ကွယ့်။ ကိုရင့်ရဲ့မယ်တော် အိမ်ထောင်ပြုတယ်ဆိုတာကလည်း အရွယ်ဆိုတာကတစ်ကြောင်း၊ တစ်ပင်လဲလို့တစ်ပင်ထူတဲ့သဘောပါ။ နောက်ပြီး ပုထုဇဉ်တွေရဲ့ သဘောပါ။ နောက်ပြီး ပုထုဇဉ်တွေရဲ့ သဘောသဘာဝမို့ ကိုရင့်မယ်တော်ကို အပြစ်လို့မမြင်နဲ့ကွယ်။ မိဘကိုသားသမီးတွေက ကိုယ်ထိလက်ရောက်မပြောနဲ့ စိတ်ကပြစ်မှားရင်တောင် ကံကြီးထိုက်တယ်။ မိဘကို တစ်နည်းနည်းနဲ့ ကျေးဇူးဆပ်နိုင်ဖို့သာကြိုးစား။ ဘယ်လိုကျေးဇူးဆပ်မလဲ။ ကိုရင့်မယ်တော်ကို ဗုဒ္ဓါနုဿတိနဲ့ဝိပဿနာဉာဏ်စဉ်တွေကိုဟောပြောခြင်းနဲ့ကျေးဇူးဆပ်နိုင်ဖို့ စာပေကျမ်းဂန်တတ်ကျွမ်းတဲ့ ရဟန်းတစ်ပါးဖြစ်အောင်ကြိုးစားဖို့ ကိုရင့်မှာတာဝန်ရှိတယ်ကွယ့်"

သာမဏေသည် ဆရာတော်ကြီး၏သွန်သင်မှုကို တွေးတောဆင်ခြင်လျက် ငြိမ်သက်နေပါ၏။ ဆရာတော်ကြီးက ဆက်လက်၍ ပုထုဇဉ်တို့၌ရှိသော စွဲလမ်းတပ်မက်ခြင်းနှင့်ပတ်သက်၍ ဟောကြားပေးပါသည်။

"စွဲလမ်းတပ်မက်ခြင်းဆိုတာဟာ တဏှာကိုခေါ်တာ။ သည်တဏှာရှိလေသမျှ သံသရာဆက်ဆက်မကောင်းနိုင်ဘူးကွယ့်။ ဒါကြောင့် စွဲလမ်းခြင်းတဏှာကို ပယ်ဖျက်ရမယ်။ တဏှာကိုပယ်ဖျက်မယ်ဆိုရင် ဘဝဆိုတဲ့အတ္တကို ဖွဲ့စည်းထားတဲ့ ခန္ဓာငါးပါးရဲ့ဖြစ်ခြင်း၊ ပျက်ခြင်းတွေကို အမှန်မြင်ရမယ်။ အဲဒီလို အမှန်မြင်ဖို့ဆိုတာက ဝိပဿနာအလုပ်ကိုစွဲစွဲမြဲလုပ်ဖို့လိုတယ်။ ဝိပဿနာဉာဏ်စဉ်တွေ ရင့်ကျက်လာရင်တော့ ခန္ဓာငါးပါးရဲ့ဖြစ်ခြင်းပျက်ခြင်းတွေမမြင်ရတော့ဘဲ နိဗ္ဗာန်ကိုမြင်နိုင်တဲ့ မဂ်ဉာဏ်တွေပေါ်လာတာပဲ ကိုရင်။ အဲဒီမှာပဲ စွဲလမ်းမှုတွေပြတ်ထွက်ပြီး ဘဝဆိုတဲ့အတ္တကလွတ်မြောက်ခြင်းတွေ၊ ချမ်းသာခြင်းတွေရနိုင်တာပဲ။ ကိုရင် အဲဒီလိုလွတ်မြောက်ဖို့က ဝိပဿနာလမ်းအပြင် ဘယ်လမ်းမှလည်းမရှိဘူး။ တခြားနည်းလမ်းမရှိသလို ဖြတ်လမ်းနည်းလည်းမရှိဘူးကွယ့်။ ဒါကြောင့် ကိုရင့်မယ်တော်ကို ဒီလိုသံသရာဝဲဩဃတွေထဲက လွတ်မြောက်စေချင်တဲ့စိတ်ဆန္ဒရှိတယ်ဆိုရင် ကိုရင်ကိုယ်တိုင်ကျွမ်းကျင်နှံ့စပ်တဲ့စာချပုဂ္ဂိုလ်ဖြစ်အောင်ကြိုးပမ်းပါလို့ ဘုန်းကြီးပြောလိုက်မယ်"

သာမဏေသည် ကျောင်းထိုင်ဆရာတော်ကြီး၏ဩဝါဒအာဏာများကို လေးနက်စွာနာယူခဲ့ပါသည်။

"ကိုရင်နားလည်အောင်ရှင်းပြရမယ်ဆိုရင် တဏှာဆိုတဲ့တပ်မက်စွဲလမ်းခြင်းဆိုတာ သွားချင်တာ၊ စားချင်တာ၊ လုပ်ချင်တာမှန်သမျှ တဏှာလို့ဆိုရတာပေါ့။ ပုထုဇဉ်လူသားဆိုတာ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ခန္ဓာငါးပါးဖြစ်တဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိဉာဏ်ဆိုတာတွေက တကယ်တော့ ပုဂ္ဂိုလ် အတ္တမဟုတ်ပါဘူး။ အကြောင်းညီညွတ်လို့ဖြစ်လာတဲ့သဘာဝတရားတွေပဲ။ ဒါပေမယ့် ပုထုဇဉ်က ခန္ဓာငါးပါးကို အနတ္တလို့မမြင်ပါဘူး။ ဒါကြောင့် ခန္ဓာငါးပါးတည်တာနဲ့ အတ္တဆိုတာကပ်ပါလာတာ။ အဲဒီအတ္တကို ထောက်ကူမယ့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယတွေနဲ့အတူ တဏှာ ဆိုတဲ့ စွဲလမ်းခြင်းဆိုတာကလည်း မှီလာတာပဲ။ ဒါကြောင့် မလိုလားအပ်တဲ့ အဝိဇ္ဇာတရားတွေနဲ့

www.burmeseclassic.com


www.burmeseclassic.com

မြည့်စုံခဲ့လို့ ပုထုဇဉ်လို့ ဆိုကြတာပဲ။ ပုထုဇဉ်မှာ အန္ဓပုထုဇဉ်နဲ့ ကလျာဏ ပုထုဇဉ်ဆိုတာရှိတယ်။ အန္ဓပုထုဇဉ်ဆိုတာ လောကသံသရာထဲမှာ ကူးချည်သန်းချည်၊ စုန်ချည်ဆန်ချည်နဲ့ တဝဲတလည်လည်ဖြစ်နေကြတဲ့သူတွေ၊ ကလျာဏ ပုထုဇဉ်ကတော့ သံသရာကလွတ်မြောက်အောင် ကြိုးစားနေကြတဲ့သူတွေ ဒီလိုကွာတယ်။ ကိုရင့်မယ်တော်လည်း ပုထုဇဉ်ပဲလေ။ ဘဝသံသရာထဲမှာရှိနေကြတာမို့ အပြစ်မြင်လို့မရဘူး။ ဒါပေမယ့် ကိုရင့်မယ်တော်ပုထုဇဉ်ဖြစ်သည့်တိုင် ကလျာဏပုထုဇဉ်ဖြစ်ဖို့၊ လမ်းဖြောင့်ပေးဖို့ သံသရာကလွတ်မြောက်ဖို့အတွက်၊ ဝိပဿနာဉာဏ်စဉ်လိုက်နိုင်ဖို့အတွက် ကိုရင့်အပေါ်မှာ မူတည်နေတယ်လို့ ဘုန်းကြီးမြင်တယ် ကိုရင်။

ပုထုဇဉ်တွေကို ဒုက္ခပေးတာက တဏှာပဲကွယ့် ကိုရင်။ တဏှာကို ပိုပြီးကြီးထွားစေတာက စေတသိက်လေးပါးဆိုတာရှိသေးတယ်။ (က္ကဿာ) သူတစ်ပါးရဲ့ချမ်းသာခြင်းကို ငြူစူတဲ့သဘော၊ (မစ္ဆရိယ) မိမိချမ်းသာမှုကိုဝန်တိုနစ်မြောတဲ့သဘော၊ (ကုက္ကုစ္စ) သူစရိုက်မပြုခင် ဒုစရိုက်ပြုလုပ်မိလို့ နောင်တတစ်ဖန်ပူပန်ခြင်းသဘော၊ (မိဒ္ဓ) ယှဉ်ဖက် စိတ်စေတသိက်တို့ရဲ့ထိုင်းမှိုင်းခြင်းသဘောတွေပဲ ကိုရင်။ ဒီအကုသိုလ်တရားတွေကို ပုထုဇဉ်တွေ အလွယ်တကူ မဖယ်ရှားနိုင်ဘူးကွယ့်"

ဆက်လက်၍ ဆရာတော်ကြီးမှ မိန့်ပြန်ပါ၏။

"အဆင့်ဆင့်ဖြစ်တည်နေတဲ့ အဝိဇ္ဇာတရားတွေနဲ့ ဖုံးလွှမ်းနေတဲ့ပုထုဇဉ်တွေ အနေနဲ့ သူတို့ရဲ့အတ္တကို ပိုပြီးလောင်မြိုက်စေတဲ့ ကိလေသာဆိုတဲ့မီးတွေကိုလည်း လွယ်လင့်တကူလက်ခံခဲ့ကြတယ်။ သည်ကိလေသာတွေဟာလည်း ပုထုဇဉ်တွေကို မာယာရေကန်ထဲ ဖြတ်သန်းစေတဲ့အကြောင်းတွေလို့ပြောရမှာပဲ ကိုရင်။ အဲဒီကိလေသာမီးက ဆယ်ပါးရှိတယ်။ ဒါတွေက (လောဘ) တပ်မက်ခြင်း၊ (ဒေါသ) အမျက်ထွက်ခြင်း၊ (မောဟ) တွေဝေမိုက်မဲခြင်း၊ (မာန) ထောင်လွှားခြင်း၊ (ဒိဋ္ဌိ) အယူမှားခြင်း၊ (ဝိစိကိစ္ဆာ) နှစ်ပါးသောတရားတွင် အယူမှားခြင်း၊ (ထိန) စိတ်မသန့်ထိုင်းမှိုင်းခြင်း၊ (ဥဒ္ဓစ္စ) စိတ်မငြိမ်မသက်ခြင်း၊ (အဟိရိက) ကောင်းမှု၌မရှက်ခြင်း၊ (အနောတ္တပ) မကောင်းမှု၌ မထိတ်လန့်ခြင်းဆိုတာတွေပဲ ကိုရင်။ ကိလေသာမီးတွေကို ပုထုဇဉ်



တွေငြိမ်းနိုင်ပါမှ တန်ကာကျပါလိမ့်မယ်။

တကယ်တော့ တည်တောဆရာတော်ကြီးဟောကြားသလို တဏှာစိတ်ဆိုတာက ဘဝသစ်ကို ပြန်ဖြစ်စေတဲ့စိတ်ပါပဲ။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဆိုတဲ့ သစ္စာလေးပါးနဲ့ တွက်ကြည့်ရင် ရုပ်၊ နာမ်နှစ်ပါးဟာ ဒုက္ခသစ္စာအမှန်တွေ။ ပုထုဇဉ်တွေဟာ အမှန်တရားကိုမမြင်နိုင်တဲ့ အဝိဇ္ဇာဆိုတဲ့ မောဟကြောင့် ဒုက္ခအစစ်ဖြစ်တဲ့ ရုပ်နာမ်အပေါ် ဆင်းရဲတယ်လို့မထင်ဘဲ ချမ်းသာခြင်းအစစ်လို့ပြောင်းပြန်မြင်နေကြတယ်။ ချမ်းသာတယ်လို့ထင်တဲ့ ရုပ်နာမ်ကြောင့်ပဲ တဏှာစိတ်ဖြစ်ပေါ်လာတာပဲ။ ဒါတွေက ဘုန်းကြီးအနေနဲ့ ကိုရင်သိမြင်နိုင်အောင် ယေဘုယျမိန့်ကြားရှင်းလင်းတာပါ။

အင်း - ကိုရင့်ရဲ့မယ်တော်လည်း ပုထုဇဉ်ဖြစ်တာကြောင့် အမှားရှိကောင်းရှိမှာပေ့ါ။ သို့ပေမယ့် ကိုရင့်အနေနဲ့ကိုရင့်မယ်တော်ကို အပြစ်သားအနေနဲ့မမြင်ပါနဲ့။ ကိုရင့်မယ်တော်ဟာ ပုထုဇဉ်ကနေ သံသရာလွတ်မြောက်အောင် ကြိုးပမ်းတဲ့ကလျာဏပုထုဇဉ်ဖြစ်အောင် ကိုရင့်မှာတာဝန်ရှိတယ် ကိုရင်ကြိုးစားပါ"

ဆရာတော်ကြီး၏မိန့်မှာချက်များကို လေးနက်စွာနားထောင်လျက် သာမဏေသည် သက်န်းမဝတ်ခင် မောင်ဥက္ကာဘဝက ဖြစ်ရပ်များကို ပြန်လည်တွေးတောမိခဲ့ပါ၏။

(၃)

နေမွန်းတိမ်းခဲ့လေပြီ။ သို့တိုင် နေ၏ အပူရှိန်ကား လျော့ကျသွားခြင်းမရှိသေးပေ။ ကုက္ကိုပင်မြင့်ထက်ဆီမှ ဥဩငှက်သည် ငိုပွဲဖွဲ့နေသယောင်တွန်သံနှော၍နေပါ၏။ ထိုကုက္ကိုပင်ထက်ဆီမှ ရွက်ဝါလေးများသည် မြောက်လေအနှော့တွင် ငိုညည်းခြင်းများနှင့်အတူ မြေခကြွေသက်နေကြသည်။ လမ်းနံဘေးလယ်ကွင်းပြင်များရှိ ရိုးပြတ်တို့သည်လည်း နေအပူကြောင့် တံလျှပ်များထင်ဟပ်လျက်ရှိချေ၏။ ဟိုအဝေးခင်တန်းလေးသို့ တိုင်မျှော်ကြည့်ပါကလည်း မြူခိုးလွင်ပြင်တို့ဖြင့် ဖွဲ့ဆိုင်းဝေသီနေကြ၏။ ဝေသီနေကြ၏။ လွမ်းစဖွယ်နွေတစ်ရပ်ဖြစ်သော်လည်း သံဝေဂဖြစ်စရာမြင်ကွင်းများသာဖြစ်ပေတော့၏။

လွမ်းမောစရာတို့ဖြင့် ပြည့်နှက်နေသော ထိုကာလတွင် ပုထုဇဉ်တို့၏ နောက်ဆုံးပန်းတိုင်ဖြစ်သည်။ သုသာန်သချိုင်းသို့သွားရာ မြေနီလမ်းပေါ်တွင် လူသားပုထုဇဉ်တို့သည် စျာပနတစ်ခုကို လိုက်ပို့နေကြပါသည်။ မမြဲသည့်အနိစ္စတရားအပေါ် ပုထုဇဉ်တို့သံဝေဂရလေသလားမသိ။ လိုက်ပါပို့ဆောင်သူအပေါင်း ညှိုးငယ်တိတ်ဆိတ်နေကြ၏။ ဝမ်းနည်းကြ၏။ စိတ်မကောင်းဖြစ်ကြ၏။ ယူကျုံးမရဖြစ်ကြရ၏။

နာရေးကူညီမှုနိဗ္ဗာန်ယာဉ်သည် သုသာန်ဝင်းထဲသို့ ဖြည်းညင်းစွာချိုးကွေ့ဝင်လိုက်သည့်အချိန်တွင် သွားလေသူကိုညိုမောင်၏ဇနီးမခင်သက်သည် ရင်မှလာသော ပူဆွေးသံတို့ဖြင့် -

"အမလေး ကိုညိုမောင်ရဲ့ ကျေးဇူးရှင်ကြီးရဲ့၊ တကယ်ပဲ ကျွန်မတို့သားအမိနှစ်ယောက်ကိုထားသွားခဲ့ပြီလား။ ကျွန်မတို့ကို ဥပေက္ခာပြုလိုက်ပြီလား။ ကျွန်မတို့သားအမိနှစ်ယောက် မျက်နှာငယ်ငယ်နဲ့ ရှေ့ဆက်ဘယ်လိုစခန်းသွားရမှာလဲရှင်။ ထပြောပါဦး ကိုညိုမောင်ရဲ့"

အနိစ္စရောက်သူ ကိုညိုမောင်ရဲ့ အသက် (၄၀) ကျော်မျှသာရှိသေး၏။ ကျန်ရစ်သူ မခင်သက်မှာ (၃၅) နှစ်ခန့်သာရှိဦးမည်။ သားဖြစ်သူ မောင်ဥက္ကာမှ (၉) တန်းကျောင်းသားဖြစ်၍ အသက် (၁၅) နှစ်မျှသာရှိသည်။ ကိုညိုမောင်အနိစ္စရောက်ရခြင်းမှာ ရောဂါဘယများကြောင့်မဟုတ်ပေ။ သူလုပ်ကိုင်နေသော ဆန်ပွဲရုံမှအကျင့်ပျက်အလုပ်သမားတချို့နှင့်ခိုက်ရန်ဖြစ်ပွား၍ အနိစ္စရောက်ရခြင်းဖြစ်သည်။

ဆိုရချေသော် ကိုညိုမောင်သည် လူရိုးလူအေးဖြစ်သည်သာမက ရိုးသားကြိုးစားသူဖြစ်သည်။ သူ၏ရိုးသားဖြောင့်မတ်ကြိုးစားမှုတို့ကြောင့် အလုပ်ရှင်၏ ယုံကြည်ကိုးစားမှုခံရသူဟု ဆိုရပေလိမ့်မည်။

ကိုညိုမောင်သည် ဆန်စပါးပွဲရုံတွင် ကတ္တားချိန်တွယ်သူ၊ ပွဲရုံနှင့်ဂိုဒေါင်များအား လုံခြုံရေးအဖြစ်လုပ်ကိုင်နေသူဖြစ်၏။ ပွဲရုံပိုင်ရှင်နှင့် မိသားစု တစ်ရက်

www.burmeseclassic.com

တာ ခရီးသွားနေခိုက် ပွဲရုံအလုပ်သမား တချို့ဆန်အိတ်အချို့ခိုးယူရာတွင် ကိုညိုမောင်မှ ဝင်ရောက် ဟန့်တားခဲ့ပါသည်။ ထိုသို့ ဟန့်တားရာမှ အချင်းများကြပြီး ကိုညိုမောင်မှာ ဓားအထိုးခံလိုက်ရ၏။ ထိုဒဏ်ရာဖြင့်ပင် ကိုညိုမောင်ဆုံးပါးခဲ့ရခြင်း ဖြစ်သည်။

ကိုညိုမောင်သည် အိမ်ထောင်စု၏အိမ်ထောင်ဦးစီးကောင်းဟု ဆိုရမည်။ သူသည် ခင်ပွန်းကောင်းဖြစ်သကဲ့သို့ ဖခင်ကောင်းလည်းဖြစ်သည်။ ကိုညိုမောင်နှင့်မခင်သက်တို့သည် တူနှစ်ကိုယ် တဲအိုပျက်မှာနေဆိုသည့်အတိုင်း တဲအိုတဲပျက်ကလေးတွင်နေထိုင်၍ ဘဝကိုစခဲ့သူများဖြစ်သည်။ ရိုးသားကြိုးစားသော ကိုညိုမောင်၏ လုံ့လဝီရိယကြောင့် မြို့သစ်တိုးချဲ့သည့်အခါတွင် မြေတစ်ကွက်ဝယ်၍ သင့်တင့်သော အိမ်တစ်လုံးဆောက်လုပ် နေထိုင်နိုင်ခဲ့၏။ ထိုနှစ်မှာပင် သားတစ်ဦးမွေးဖွားခဲ့၏။ ထိုသားငယ်သည် ဥက္ကာပျံချိန်တွင် ဖွားမြင်ခြင်းကြောင့် လည်းကောင်း၊ တနင်္ဂနွေသားဖြစ်၍ လည်းကောင်း မောင်ဥက္ကာဟု အမည်နာမပေးခဲ့၏။ မောင်ဥက္ကာမွေးဖွားပြီးမှပင် ဝင်ငွေများဒီရေအလားတိုးပွားခဲ့ပေသည်။

ကိုညိုမောင်သည် သားဖြစ်သူ၏ အနာဂတ်ဘဝလှပစေရန် အလုပ်ကိုကြိုးစားခဲ့၏။ အရွယ်ရောက်လာပြီဖြစ်သော မောင်ဥက္ကာသည်လည်း မိဘစကားနားထောင်သော လိမ္မာရေးခြားရှိသည့် ကလေးဖြစ်ရကား မိဘများဖြစ်စေချင်သည့်အတိုင်း စာကိုကြိုးစားကျက်မှတ်၏။ သူသည် ဉာဏ်ကောင်း၍ စာပေထူးချွန်သူဖြစ်၏။

ထိုစဉ်က ကိုညိုမောင်နှင့် မခင်သက်တို့မှာ သားဖြစ်သူ၏ ကြိုးစားမှုကိုကြည့်၍ ပီတိဖြစ်ခဲ့ကြ၏။ ကိုညိုမောင်သည် သားဖြစ်သူအား သူတို့လိုဘဝမျိုးကို မဖြစ်စေရန် အလုပ်ကိုကြိုးစားခဲ့ပါသည်။ သားဖြစ်သူကို ရှင်ပြုပေးရန်ရှိသော်လည်း အသက် (၁၅) နှစ်ရှိသောသားအား ရှေ့လာမည့်နှစ်မှပင် သားကိုလည်းရှင်ပြု၊ မိမိကိုယ်တိုင်လည်း ဒုလ္လဘရဟန်းဆီးမည်ဟု ကိုညိုမောင်စီစဉ်ထားပြီးဖြစ်၏။

သို့သော် ကိုညိုမောင်ဆန္ဒမပြည့်ခဲ့ပါ။ ကိုညိုမောင်တစ်ယောက် မမျှော်လင့်ပါဘဲ ကံကြမ္မာဆိုးနှင့်ရင်ဆိုင်တွေ့ကြုံခဲ့ခြင်းဖြင့် အနိစ္စရောက်ခဲ့ခြင်းကြောင့်ဖြစ်၏။ ယင်းကိစ္စနှင့်ပတ်သက်၍ ပွဲရုံပိုင်ရှင်မှ နစ်နာကြေးငွေ (၅) သိန်းပေးခဲ့ပါ၏။ ကိုညိုမောင်၏ ဈာပနကိစ္စများကိုလည်း တာဝန်ယူခဲ့၏။

"ကိုညိုမောင်ရေ ရှင်ကတော့ နာမည်ကောင်းနဲ့ ကျွန်မတို့သားအမိကို ထားသွားပြီပေါ့လေ။ ကျွန်မတို့ကို ပြန်ကြည့်လှည့်ပါဦး"

ကိုညိုမောင်၏ ခေါင်းတလားကို မြေသို့ချစဉ် ဇနီးဖြစ်သူ မခင်သက်မှာ ပဋ္ဌာမြေလူးသည့်ပမာ တက်ခမန်းချက်ခမန်းဖြစ်နေခဲ့ပါသည်။ ဆွေမျိုးမိတ်ဆွေများကနှာနှတ်ပေးကြသည်။ မောင်ဥက္ကာ ဖခင်အတွက် ဝမ်းနည်းပူဆွေးရသလို မိခင်ဖြစ်သူအတွက်လည်း စိတ်သောကရောက်ခဲ့ရသည်။ နောက်ဆုံးသဂြိုဟ်ပြီးသည့်တိုင် မြေပုံနားမှမခွဲနိုင်မခွာနိုင်ဖြစ်နေသည့်မိခင်အား မောင်ဥက္ကာက -

"အမေရယ် ပြန်ကြပါစို့ဗျာ နေလည်းစောင်းနေပါပြီ။ အဖေသွားတဲ့ လမ်းကို ဖြောင့်ဖြောင့်သွားပါစေတော့ အမေ"

မခင်သက်သည် သားဖြစ်သူကို မော့ကြည့်လျက် -

"အမေတို့ သားအမိနှစ်ယောက် မျက်နှာငယ်ရပြီပေါ့ သားရယ်"

ဟု ပြောလျက်ရှိုက်နေပြန်ပါ၏။ မောင်ဥက္ကာကလည်း မိခင်ဖြစ်သူအား ဖေးမလျက်အားပေးပါသည်။

"အမေ့နားမှာ သားတစ်ယောက်လုံးရှိပါသေးတယ် အမေ။ အမေ့ကိုသား တစ်သက်လုံးပြုစုစောင့်ရှောက်မှာပါ"

(၄)

ကိုညိုမောင်မရှိတော့သည့်နောက် မခင်သက်သည် ဈေးတွင်ကုန်ခြောက်ဆိုင်လေးဖွင့်၍ ဈေးရောင်းချခဲ့ပါသည်။ မောင်ဥက္ကာသည်လည်း သွားလေသူဖခင်ဖြစ်စေချင်သည့်အတိုင်း ကျောင်းဆက်တက်၍ ကျောင်းအားသည့်အခါတိုင်း မိခင်အား တစ်ဖက်တစ်လမ်းကူညီပေးခဲ့ပါသည်။ ကာလအတန်ကြာသည့်တိုင် သားအမိနှစ်ယောက် ရုန်းကန်ကြိုးစား၍ လောကဓံကိုဖြတ်သန်းချိန်တွင်-

မခင်သက်သည် လင်သေမုဆိုးမ သားတစ်ယောက်မိခင်ဖြစ်လင့်ကစား လုံးကြီးပေါက်လှဖြစ်၍နေသေးသည်။ အရွယ်တင်၍ အလှမပျက်။ ရွှေဘိုသနပ်ခါးဖွေးဖွေးဖြင့်ဈေးရောင်းနေသော သူမအား မြင်သူတိုင်းငေးရ၏။

အထက် အောင်လံမှ ကြက်သွန်၊ အာလူးတို့အား သွားချည်ပြန်ချည်ကူးသန်းနေသော ကိုမြကျော်ဆိုသူသည် မခင်သက်၏ဆိုင်တွင် အဝင်အထွက်ရှိနေ၏။ ပထမတွင် မခင်သက်သည် ကိုမြကျော်ထံမှ ကုန်များခေါက်ပြန်ပေးရရှိရန် ပြောဆိုဆက်ဆံရာမှ ရင်းနှီးကျွမ်းဝင်လာ၏။ အောင်လံမှလာလေတိုင်း ကိုမြကျော်သည် မခင်သက်အတွက် လက်ဆောင်တစ်ခုခုပါတတ်စမြဲ။ သို့ဖြင့် ကိုမြကျော်၏ လက်ဆောင်အပေး၊ ကုန်ပစ္စည်းများခေါက်ပြန်ပေးချပေးခြင်း၊ ငွေကြေးလိုသည့်အခါတွင်လည်း အတိုးမရှိချေးငှားခြင်းတို့ကြောင့် မခင်သက်မှာ ကိုမြကျော်အပေါ် စိတ်ညွတ်လာတော့သည်။ မခင်သက်တစ်ယောက် အရွယ်ရှိသေး၍ နောက်အိမ်ထောင်ထူမည်ဆိုပါက ကိုမြကျော်သည် အိမ်ထောင်ဖက်ဖြစ်သင့်ကြောင်း ပတ်ဝန်းကျင်၏မြှောက်ပင့်မှုများကလည်းရှိသဖြင့် ကိုမြကျော်ဇာမ်းလှမ်းလာမည့်ကိစ္စကို မခင်သက်မျှော်လင့်နေမိ၏။

ကိုမြကျော်သည် လူပျိုမဟုတ်သကဲ့သို့ လက်ရှိအိမ်ထောင်မရှိ။ တစ်ခုလပ်ဟုဆိုရမည်။ မည်သို့ပင်ဖြစ်စေ မိမိကမုဆိုးမ၊ ကိုမြကျော်က အိမ်ထောင်ပျက်ဖြစ်ခြင်းအပေါ် မခင်သက်ကျေနပ်နေသေး၏။

"ဘယ်လိုဖြစ်ဖြစ် ငါကမုဆိုးမ၊ ကိုမြကျော်က မုဆိုးဖိုမဟုတ်လို့တော်သေးတယ်။ ငါ့ဘဝလုံခြုံဖို့ ကိုမြကျော်ကသာ ကမ်းလှမ်းလာရင် ငါ နှစ်ခါမငြင်းတော့ဘူး"

သို့ဖြင့် ကိုမြကျော်နှင့် မခင်သက်တို့နှစ်ဦး တိတ်တိတ်ပုန်းမေတ္တာမျှခဲ့ကြပါသည်။ ယင်းကိစ္စကို မောင်ဥက္ကာမသိပါ။ ကိုမြကျော်ကိုလည်း တစ်ခါစာစ်ရံ ဆိုင်တွင်မြင်ဖူးသည်မှလွဲ၍ ရင်းနှီးမှုမရှိခဲ့။ မိမိ၏မိခင်နှင့်ကိုမြကျော်တို့ ဇာတ်လမ်းဖြစ်နိုင်သည်ဟု မောင်ဥက္ကာလုံးဝမတွေးမိ ယခုတော့. . .။

တစ်နေ့တွင် ကျောင်းတွင် ဆရာများစည်းဝေးရှိ၍ စောစောကျောင်းဆင်းပေးခဲ့သည်။ မောင်ဥက္ကာသည် မိခင်ကိုကူညီနိုင်ရန် နေအိမ်သို့အမြန်ပြန်လာခဲ့ပါသည်။ မောင်ဥက္ကာတစ်ယောက် အိမ်တံခါးသောပွင့်နေသဖြင့် အံ့အားသင့်သွားပြီး အိမ်ထဲများ သူခိုးဝင်လေမလားဟူသောအတွေးဖြင့် ဖြည်းညင်းစွာတံခါးကိုဖွင့်၍ အိမ်ထဲသို့ဝင်ခဲ့၏။ မမျှော်လင့်ပဲ မောင်ဥက္ကာတစ်ယောက် မြင်လိုက်ရသည့်မြင်ကွင်းကြောင့် အသက်ရှူရပ်မတတ်ဖြစ်သွားရပါသည်။ အံ့သြခြင်း

www.burmeseclassic.com

ထိတ်လန့်ခြင်း၊ ဝမ်းနည်းယူကျုံးမရဖြစ်ခြင်းတို့သည် သူ၏ရင်ထဲမှဖြစ်ပေါ်လာခဲ့ရ၏။ မိခင်ဖြစ်သူ မခင်သက်နှင့် ကိုမြကျော်တို့သည် သူတို့၏ဖြစ်ရပ်ကို မောင်ဥက္ကာမြင်တွေ့သွားသဖြင့် ထိတ်လန့်တုန်လှုပ်လျက် စိတ်မကြည်မလင်ဖြစ်ခဲ့ရပေ၏။

မောင်ဥက္ကာတစ်ယောက် မျှော်လင့်မထားသောဖြစ်ရပ်ကို မြင်တွေ့သွားရကား ဝမ်းနည်းယူကျုံးမရခြင်းတို့ဖြင့် အိမ်ပေါ်မှဆင်းပြေးခဲ့ပါ၏။ မိခင် မခင်သက်သည် သားဖြစ်သူရောက်မိအောင်လိုက်၍ -

"အမေ့ကို ခွင့်လွှတ်ပါသားရယ်။ သားကိုလည်း ပွင့်ပွင့်လင်းလင်းဖွင့်မပြောခဲ့တော့ အမေက သိပ်ဆိုးတဲ့မိန်းမတစ်ယောက်အဖြစ် သားအမေ့ကိုမြင်မှာပါ။ အမေနဲ့ ကိုမြကျော်တို့က နှစ်ဦးသဘောတူလူသိရှင်ကြားပေါင်းသင်းကြဖို့ သဘောတူပြီးပါပြီ။ အမေ့အနေနဲ့အရွယ်ကောင်းတာကတစ်ကြောင်း အမေနဲ့ သားတို့ သားအမိနှစ်ယောက်ဘဝလုံခြုံဖို့ လိုအပ်တာကြောင့် သားကိုနောက်မှပြောမယ်ဆိုပြီးနေခဲ့မိတာပါ။ အမေမှားသွားတယ် အမေ့ကို ခွင့်လွှတ်ပါ သားရယ်"

မောင်ဥက္ကာသည် ရင်ထဲမချိအောင် ခံစားနေရသဖြင့် မိခင်ပြောစကားများမှာ သူ၏နားသို့မဝင်။

"အမေဗျာ ကျွန်တော်သိပ်ရှက်တယ်ဗျာ။ အဖေ့မျက်နှာကိုမှမထောက်ဘူး။ အမေလုပ်ရက်ထယ်ဗျာ"

ပြော၍ ငိုပါလေ၏။

မိခင်မခင်သက်သည် သားဖြစ်သူအား တတွတ်တွတ်တောင်းပန်နေလေ၏။ မိခင်ဖြစ်သူမှ သားဖြစ်သူ၏ပခုံးကိုကိုင်လာသည့်အခါတွင် ရှက်ခြင်း၊ ကြေကွဲခြင်း၊ စိတ်ဆိုးခြင်းတို့ဖြင့်ရှိနေသော မောင်ဥက္ကာသည် မိခင်၏လက်ကို ကြမ်းတမ်းစွာပုတ်ထုတ်လိုက်ပြီး နောက်သို့တွန်းလွှတ်လိုက်သည်။ အမှတ်တမဲ့မို့ ခခင်သက်မှာ လဲကျသွားရ၏။ ထိုဖြစ်စဉ်ကို အဝေးမှလှမ်းကြည့်နေသော ကိုမြကျော်တစ်ယောက် ချက်ချင်းရောက်ရှိလာပြီး မခင်သက်အားထူပေးလျက် -

"မောင်ဥက္ကာသတိထားပါဦး။ ဒါမင်းကို မွေးထုတ်ပေးခဲ့တဲ့မင်းရဲ့အမေပါကွ။ ကိုယ်ထိလက်ရောက်မလုပ်ပါနဲ့ မင်းကံကြီးထိုက်နိုင်တယ်။ ငရဲကြီးနိုင်တယ်။ ဒါ မင်းတို့သားအမိကို ကာကွယ်စောင့်ရှောက်ပေးချင်တဲ့စေတနာကြောင့် မင်းတို့သားအမိဘဝထဲကိုဝင်ခဲ့တာပါကွာ"



မောင်ဥက္ကာမှ ငိုသံပါဖြင့် -

"ခင်ဗျားကျုပ်ကိုဘာမှလာမပြောနဲ့။ ဒီမှာ အမေ အခုဖြစ်တာ သားဆန္ဒသဘောမပါဘူး။ အမေ့ဆန္ဒသဘောနဲ့ဖြစ်ခဲ့တာ။ အမေရဲ့ဆန္ဒကို ကျွန်တော်တားရင်လည်း ရမှာမဟုတ်ဘူး ဆိုတာသိပါတယ်။ အခုကိစ္စက ကျွန်တော်သဘောမပါလို့ ဒီအိမ်မှာသားမနေပါရစေနဲ့အမေ။ သားကို တစ်နေရာရာသွားခွင့်ပြုပါ။ ကျွန်တော် အမေ့ကိုကန်တော့ခဲ့ပါတယ်"

"မသွားပါနဲ့ သားရယ်။ အမေတောင်းပန်ပါတယ်။ အမေပြုမူတဲ့ကိစ္စတွေကို သားဆန္ဒအတိုင်း ဆက်မလုပ်တော့ပါဘူး၊ မသွားပါနဲ့ သားရေ"

မည်သို့ပင်တားတား မောင်ဥက္ကာသည် ဇွတ်ပင်ထွက်ခွာသွားခဲ့လေ၏။ မောင်ဥက္ကာသည် စိတ်မိုက်စိတ်ရိုင်းဝင်တတ်သူမဟုတ်သဖြင့် ဝေးလံသောအရပ်ဒေသသို့ ထွက်ခွာမသွားပါ။ သူသွားသည်မှာ သူ့ဖခင်၏ဦးကြီးတော်သူသီတင်းသုံးသည့် တောရကျောင်းတိုက်သို့ သွားရောက်ခြင်းသာ ဖြစ်သည်။ မိခင် မခင်သက်သည် သားအတွက်ပူပန်သောကရောက်ရာမှ သားဖြစ်သူသာမဏေဝတ်နေသည်ကို ကြားသိရသည့်အခါတွင် စိတ်သက်သာရာရခဲ့ပါ၏။ တစ်ချိန်ချိန်တွင် သားဖြစ်သူအိမ်ပြန်လာမည်ဟု ယုံကြည်ခဲ့သည်။ သူမသည်ကား နောက်အိမ်ထောင်သစ်ဦးမြကျော်နှင့် ဆိုင်နှင့်အိမ်ကိုပိတ်လျက် မြန်မာပြည်အနှံ့ဘုရားဖူးထွက်ခွာလျက်ရှိတော့၏။

(၇)

အဘကြီးလည်းဖြစ်၊ ကျောင်းထိုင်ဆရာတော်ကြီး၏မိန့်မှာချက်များ၊ဩဝါဒများ၊ ပို့ချချက်များကြောင့် သာမဏေ၏စိတ်တို့သည် ပျံ့လွင့်ခြင်းမရှိ ပကတိတည်ငြိမ်အေးချမ်းလျက်ရှိနေပါသည်။

ကျောင်းထိုင်ဆရာတော်ကြီး၏ ကျေးဇူးကြောင့် သာမဏေသည် မိခင်တစ်ယောက် ပုထုဇဉ်ဖြစ်ခြင်းအပေါ် အပြစ်မမြင်ပါလေတော့။ သို့သော် မိခင်ဒေါ်ခင်သက်မှာ ကလျာဏပုထုဇဉ်ဖြစ်ဖို့လိုပါသည်။ ပုထုဇဉ်တို့သည် တိရစ္ဆာန်ဘဝ၊ လူဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝစသည်ဖြင့် သံသရာ၌ထက်အောက်စုန်ဆန် မျောလိုက်မြုပ်လိုက်ဖြင့်သာ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ရွှေ့ပြောင်းနေကြရ၏။ ယင်းသို့သောဘဝတွင် မိမိလည်းမဖြစ်ချင်သလို မိခင်ဖြစ်သူကိုလည်းမဖြစ်စေလိုတော့ပေ။ ထိုသို့ သံသရာတွင်မဖြစ်စေရန် မိမိ၏မိခင် ကလျာဏပုထုဇဉ်ဖြစ်မှသာ ဟူသော အသိမှန်တို့သည် သာမဏေ၌ဖြစ်ပေါ်လျက်ရှိ၏။

ကလျာဏပုထုဇဉ်တို့သည် သံသရာဝဲဩဃမှ လွတ်မြောက်ရေးအတွက် ရှန်းထွက်ရန် ကြိုးစားသူများဖြစ်ခြင်း သံသရာမှ လွတ်မြောက်သွားသည်နှင့် တစ်ပြိုင်နက် အတိုင်းမသိသော ချမ်းသာမှုစစ်စစ်ကိုရရှိမည်ဖြစ်သည်။ ထိုချမ်းသာခြင်းသာလျှင် နိဗ္ဗာန်ရဏာစစ်စစ်ဖြစ်ပါ၏။ ထိုချမ်းသာမှုစစ်စစ်ကား နိဗ္ဗာန်မှတစ်ပါး အခြားမရှိ။ နိဗ္ဗာန်ဟူသည်ကား တဏှာမရှိခြင်းဖြစ်ပြီး စစ်မှန်သောနိဗ္ဗာန်သာ ဖြစ်ပါသည်။

သာမဏေသည် မိခင်ဒေါ်ခင်သက်အား ကလျာဏပုထုဇဉ်အဖြစ်မြင်လို၏။ သို့မှသာ မိမိ၏မိခင်သည် ဝိပဿနာဉာဏ်လမ်းစဉ်ဖြင့် နိဗ္ဗာန်သို့တက်လှမ်းနိုင်မည်ဖြစ်သည်။ ထိုကိစ္စသည် မိမိ၌သာ တာဝန်ရှိကြောင်း သာမဏေသိပါသည်။ သို့အတွက် သာမဏေသည် ရဟန်းဘောင်သို့တက်လှမ်းလျက် ဗုဒ္ဓစာပေများကို လည်းကောင်း၊ ပရိယတ္တိ ပဋိပတ္တိစာပေများကို လည်းကောင်း ကြိုးစားအားထုတ်ရန်မှတစ်ပါး အခြားမရှိပါချေ။ သို့ဖြင့် သာမဏေသည် ဗုဒ္ဓစာပေကျမ်းဂန်များ နှံ့စပ်ကျွမ်းကျင်သောဓမ္မကထိကဆရာတော်တစ်ပါးဖြစ်ရန် ကြိုးစားမည်ဟူသောသန္နိဋ္ဌာန်သည် သာမဏေ၏နှလုံးသားထဲ၌ စွဲမြဲလျက်ရှိနေပါတော့သည်။

မောင်သာမန် (ဝိဇ္ဇာ)



www.burmeseclassic.com

www.burmeseclassic.com

(၁)

သတ္တဝါများသေကြရာတွင် -

**အာယုက္ခယ** - သက်တမ်းကုန်၍သေခြင်း၊ **ကာမ္မက္ခယ** - ကံကုန်၍သေခြင်း၊ **ဥဘယက္ခယ** - သက်တမ်းနှင့်ကံပါကုန်၍သေခြင်း၊ **ဥပစ္ဆေဒက** - အသက်တမ်းနှင့် ကံ (၂) ပါးစလုံးရှိသေးသော်လည်း ဥပစ္ဆေဒကကံကြောင့် သေခြင်းဟူ၍ အကြောင်း(၄)မျိုးရှိရာ တစ်မျိုးမျိုးကြောင့်သေကြရလေသည်။

သက်တမ်းလည်းမကုန်သေး၊ ကံလည်းရှိသေးသည်။ သေကံမရောက်သေးသော်လည်း ဥပစ္ဆေဒကကံကြောင့် ချက်ချင်းလက်ငင်းသေဆုံးရခြင်းများကိုတွေ့ကြုံရတတ်သကဲ့သို့ သေလောက်သော အကြောင်းတရားရှိပါသော်လည်း သေကံမရောက်သေး၍ မသေဆုံးရသည်များလည်းရှိတတ်လေသည်။

ကျွန်ုပ်ငယ်စဉ်က ကျွန်ုပ်၏အဘွား (အမေ၏အမေ) ပြောသွားသောစကားကို ကျွန်ုပ် ယခုတိုင် ကောင်းစွာမှတ်မိနေပါသည်။

"သေချိန်တန်လို့ သေကြရ၊ သေချိန်မတန်သေးသော်လည်းသေကြရတာနဲ့ပတ်သက်လို့ပြောရဦးမယ်။ အမေကြီးမှာ သားတစ်ယောက်ရှိခဲ့ဖူးတယ်။ ကိုလွန်းလို့ခေါ်တယ်။ အသက် (၃၀) လောက်မှာ ဆုံးပါးသွားတယ်'

ဟု အစချီကာ ကိုလွန်းအကြောင်းပြောပြလေသည်။

ကိုလွန်းသည် ဘာသာရေးကိုကိုင်းရှိုင်းသည်။ အသောက်အစားအပျော်အပါးကင်းရှင်းသည်။ လောင်းကစားမလုပ်တတ်။ ထို့ကြောင့် ရွာထဲတွင် ကိုလွန်း သတင်းမွှေးလေသည်။ အချိန်မှာ လွတ်လပ်ရေးရပြီးခါစကာလများဖြစ်သည်။ ရောင်စုံသူပုန်များ မြန်မာပြည်နေရာအနှံ့အပြားး၌ ထကြွသောင်းကျန်းနေကြချိန် ဖြစ်လေသည်။

တစ်နေ့တွင် အဘွားသည် ကိုလွန်းအား ထင်းတောထဲသို့ အဖော်များနှင့်





www.burmeseclassic.com

www.burmeseclassic.com

အတူ ထင်းတိုက်စေလွှတ်လိုက်၏။ ထင်းတောသည် ကိုလွန်းတို့ရွာနှင့်မနီးမဝေး ဖြစ်လေသည်။ ကိုလွန်းသည် တောထဲရောက်သောအခါ နွားများကိုဖြုတ်၍ လဲထားလိုက်ပြီး လူချည်းသက်သက် ထင်းခြောက်များကို လိုက်လံကောက်ယူလေသည်။ ထိုစဉ် ကိုလွန်းသည် သူပုန်များထောင်ထားသောမိုင်းကို နင်းမိပြီး ပေါက်ကွဲကာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးရလေသည်။

ကိုလွန်းသည် မည်သည့်ရောဂါမျှ မရှိ ကျန်းမာရေးကောင်းမွန်လေသည်။ သေကံမရောက်သေး။ သေခြင်းနှင့် ကိုလွန်းကို မည်သို့မျှ ယှဉ်တွဲစဉ်းစား၍ မရချေ။ သို့ရာတွင် ကိုလွန်းသေဆုံးရလေသည်။


ကိုလွန်းနှင့်အတူ ထင်းတိုက်သွားကြသူများလည်း သေသူ၊ သေဒဏ်ရာရသူရနှင့် ဆေးရုံသို့ရောက်ကြလေသည်။

အဘွားသည် ကိုလွန်းသတင်းကို ကြားလျှင်ကြားချင်း ရှေးဦးစွာမယုံချေ။ သို့သော် အတူသွားသူများ၊ ထိခိုက်ဒဏ်ရာမရဘဲ ကျန်သူများက လာရောက်ပြောပြတော့မှ ကိုလွန်းသေသည်ကို ယုံကြည်သွားကာ သားကိုတွေ့လိုသောစိတ်ဖြင့် ညကြီးမင်းကြီး၌ တစ်ယောက်တည်း မကြောက်မရွံ့နိုင်ဘဲ တောင်ဝှေးတစ်ချောင်းကိုအားပြုကာ မြို့ဆေးရုံသို့ လိုက်သွားလေသည်။

(ဦးကုန်း)

# မင်းသန့်ကျော်

# သေချိန်တန်က သေကြရ





www.burmeseclassic.com

www.burmeseclassic.com

အဘွားသည် သားသမီး (၃) ဦး ထွန်းကားရာ ကိုလွန်းတစ်ဦးတည်းသာ ယောကျ်ားလေးပါသဖြင့် ကိုလွန်းကို ချစ်လည်းချစ်၊ အားလည်းကိုးလေသည်။ သူကိုယ်တိုင် ထင်းတောသို့ လွှတ်လိုက်၍သာ ကိုထွန်းသေရသည်ဟူ၍လည်း ယူကျုံးမရဖြစ်နေလေသည်။

ဆေးရုံရောက်သောအခါ ညဦး အတော်နက်နေလေပြီး လျှပ်စစ်မီးက လည်းမလာ၍ မှောင်ကြီးမည်းကြီးထဲ တွင် အဘွားသည် စမ်းတဝါးဝါးဖြင့် အလောင်းများထားရာ ရင်ခွဲရုံသို့သွား လေသည်။

ရင်ခွဲရုံတွင် အခြားကိစ္စများဖြင့် သေဆုံသည့်အလောင်းများ၊ ဆေးရုံ တက်နေစဉ် ရောဂါကျွမ်း၍ သေဆုံး သွားသည့် အလောင်းများ၊ စုပေါင်း အလောင်း (၄)၊ (၅) ခုခန့်ရှိလေသည်။ ယင်းတို့ ကျောက်စားပွဲရှည်ကြီးပေါ်တွင် တန်းစီ၍ချထားလေသည်။

အဘွားသည် ဆေးရုံအစောင့် အား အကျိုးအကြောင်းပြောပြကာ ကိုလွန်းအလောင်းကို တွေ့လိုကြောင်း ပြောပြလေသည်။

အဘွားသည် မှောင်ကြီးထဲတွင် ကိုလွန်းအလောင်း ဘယ်နေရာမှာရှိ သည်ကို မသိချေ။ သို့သော် အားမလျှော့ ဘဲ တွေ့သမျှ ခန္ဓာကိုယ်များကို ကိုင်စမ်း ကြည့်လေသည်။ မျက်နှာကို ကိုင်စမ်း ကြည့်၏။ ပြီးသော် ရင်ဘတ်၊ လက် မောင်း၊ ခြေထောက်တို့ကို ကိုင်ကြည့် လေသည်။

ကိုလွန်းသည် မပိန်မဝ ခန္ဓာကိုယ် ရှိလေသည်။ အလောင်းသုံးလေးခုမျှ ကိုင်စမ်းပြီးသောအခါ ကိုလွန်းကို တွေ့ လေသည်။ ကိုလွန်းခြေထောက်တွင် ဓားခုတ်ရာ အမာရွတ်တစ်ခုရှိသည်ကို အဘွားမှတ်မိလေသည်။ ဤအခါတွင်မှ အဘွားသည် ကိုလွန်းကို တွေ့ပြီဟုဆို ကာ ဖက်၍ အားပါးတရငိုလေသည်။

"ဖြစ်ရလေ သားလေးရယ်။ ကျန်း မာရေးကလည်းကောင်း အသက်က လည်းငယ်ငယ်နဲ့ မသေသင့်သေးတဲ့ အချိန်မှာ အသေဆိုးနဲ့သေရလေခြင်း။ ဝဋ်ကြွေးပါရင်လည်း ဒီဘဝဒီမျှနဲ့ပဲကျေ ပါစေတော့လို့ အမေဆုတောင်းပါတယ် ကွယ်"

အဘွားသည် ကိုလွန်း၏ သက်မဲ့ ခန္ဓာကိုယ်အားဖက်၍ အားရအောင်ငိုပြီး သောအခါ တစ်ဦးတည်းပြန်လာခဲ့လေ သည်။ အဘွားက-

"တကယ်တော့ သားလေး ကိုလွန်း သေတာဟာ သေကံမရောက်သေးပါ ဘူး။ ဒါပေမယ့် သေရတယ်ကွယ့်။ အေး လေ တချို့များကျတော့လည်း သေ လောက်ပျောက်လောက်အောင် ဒဏ်ရာ ရပေမယ့် သေချိန်မတန်သေးတော့ မသေ ရသေးဘူး"

ဟု ပြောခဲ့လေသည်။

(၂)

ဆက်လက်၍ ကျွန်ုပ်၏ ဦးကြီး တစ်ယောက်အကြောင်း တင်ပြလိုပါ သည်။ သူ့အမည်မှာ ဦးသူတော်ဖြစ်ပါ သည်။ သူသည် မြို့တွင် ကုန်စုံဆိုင်ဖွင့် ထားလေသည်။ စျေးရောင်းရင်း သူ သည် ဝါသနာအရ ပန်းပုထုလေသည်။

သူထုလုပ်သော အရုပ်များမှာ ဇီးကွက်ရုပ်၊ ကျားရုပ်၊ သမင်ရုပ်၊ မင်း သားရုပ်၊ မင်းသမီးရုပ် စသည်တို့ဖြစ်လေ သည်။

ပန်းပုထုပြီးသောအခါ အရုပ်များ ကို အချောကိုင်၍ တစ်လ ချောင်တစ်ကြိမ် ကျ ရန်ကုန်မြို့သို့ သွားရောက်ရောင်းချ လေသည်။ ရွှေတိဂုံဘုရားတောင်ဘက် စောင်းတန်းတွင် သူရောင်းနေကျ အရုပ် ဆိုင်ရှိလေသည်။

တစ်နေ့သ၌ ဦးသူတော်သည် ညဘက်လာသော ကုန်ရထားဖြင့် အရုပ်ရောင်းရန် ရန်ကုန်သို့ သွားလေ သည်။ ရထားထိန်းသည် ဦးသူတော် အား ခင်မင်ရင်းနှီးနေပြီဖြစ်၍ သူနှင့် အတူ ရထားထိန်းတွဲမှ စီးနင်းလိုက်ပါရန် ခေါ်လေသည်။

ဦးသူတော်သည် ရထားထိန်း တစ်တွဲ၌ အရုပ်များထည့်ထားသော သေတ္တာပေါ်တွင် အကျအနထိုင်ကာ ရန်ကုန်သို့စီးနင်းလိုက်ပါခဲ့လေသည်။

ရထားထွက်လာပြီးမကြာမီ ရထား လယ်ကွင်းထဲသို့အရောက်တွင် သူပုန် များသည် ချုံခိုကာ ရထားအား သေနတ် များဖြင့် ပစ်ခတ်လေသည်။ ထိုအချိန်က လွတ်လပ်ရေးရပြီးခါစ ရောင်စုံသူပုန်များ နေရာအနှံ့အပြား သောင်းကျန်းနေချိန် ဖြစ်လေသည်။



သေနတ်ကျည်ဆန်များက ရထား ထိန်းနှင့် ဦးသူတော်တို့ကို ထိမှန်လေ သည်။ ရထားထိန်းသည် နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးလေသည်။ ဦးသူတော် ကို တာဝန်ရှိသူများက စစ်ဆေးကြည့်ရှု ရာ အသက်ရှူနေသေးကြောင်း တွေ့ရှိရ သဖြင့် ဆေးရုံသို့ အမြန်ပို့ကြလေသည်။

ဆရာဝန်၊ ဆရာမများက ဦးသူ တော်၏ဗိုက်ထဲမှ ကျည်ဆန်(၁၄)တောင့် ကို ခဲရာခဲဆစ်ခွဲထုတ်ယူရကြောင်းပြော လေသည်။

ကျည်ဆန်(၁၄)ချက် ထိမှန်သော် လည်း မသေသည့်အဖြစ်သည် မယုံ ကြည်နိုင်ဖွယ်ရာဖြစ်သော်လည်း တကယ့် အဖြစ်မှန်ဖြစ်လေသည်။

ဦးသူတော် ရရှိသော သေနတ် ဒဏ်ရာများဖြင့် သေလောက်သော် လည်း သေချိန်မတန်သေး၍ မသေပါ။ ဆေးရုံတွင် ကျည်ဆန်များခွဲထုတ်ယူပြီး ကာလအတန်ကြာ ဆေးကုသမှုခံယူပြီး ပြန်လည် ကျန်းမာလာကာ ဆေးရုံမှ ဆင်းလာလေသည်။ ဦးသူတော်သည် ကျန်းမာဝဖြိုးပြီး မည်သည့်ရောဂါမျှ မရှိချေ။ သူဝါသနာပါသော ပန်းပုထု သည့်အလုပ်ကို ဆက်လက်လုပ်ကိုင်နေ လေသည်။

ဦးသူတော်အကြောင်းကို ကြားရ သော မိတ်ဆွေအပေါင်းသည် မယုံ ကြည်နိုင်သော်လည်း တကယ်ဖြစ်ပျက် နေခြင်းဖြစ်၍ အံ့ဩစွာဖြင့် ယုံကြည်ကြ ရလေသည်။ မယုံကြည်နိုင်သူများကို ဦးသူတော်က အင်္ကျီကိုလှန်ကာ ဗိုက်မှ ဒဏ်ရာနေရာများကို ပြလေသည်။

သို့သော် သေခြင်းတရားသည် ကွေးသောလက်မဆန့်မီ၊ ဆန့်သော လက်မကွေးမီ မျက်စိတစ်မှိတ်လျှပ်တစ် ပြက်အတွင်း ဖြစ်ပေါ်တတ်သည်ဖြစ်ရာ ဦးသူတော် သေဆုံးရပုံကို ဆက်လက် တင်ပြပါမည်။

(၃)

တစ်နေ့သ၌ ဦးသူတော်သည် ပန်းပုရုပ်များကို သေတ္တာဖြင့်ထည့်၍ သယ်ဆောင်ကာ သူရောင်းနေကျဆိုင်၌ ရောင်းချရန် ရထားဖြင့် ထွက်လာလေ သည်။ ဤအချိန်တွင် ဦးသူတော်မှာ အသက် (၆၀) အရွယ်သို့ရောက်လျက် ရှိပြီဖြစ်ပြီး မည်သည့်ရောဂါမျှမရှိဘဲ ကျန်းမာဝဖြိုးလျက်ရှိဆဲ ဖြစ်လေသည်။

သူရောက်သွားချိန်တွင် ရွှေတိဂုံ ဘုရား၌ တပေါင်းပွဲတော်ကျင်းပနေချိန်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရာ ပျော်ပွဲရွှင်ပွဲကြည့်ချင်ပွဲများလည်း ပါ၏။ ကြည့်ချင်ပွဲများမှ ဦးသူတော် အကြည့်ချင်ဆုံးမှာ မြို့တော်သိန်းအောင် ဇာတ်ပွဲ ဖြစ်လေသည်။ သူသည် ထိုညှ် မြို့တော်သိန်းအောင်ဇာတ်ပွဲကြည့်ရန် အားခဲထားလေသည်။

ဦးသူတော်သည် ပန်းပုရုပ်များကို ရွှေတိဂုံဘုရားစျေးတောင်ဘက်စောင်း တန်း၌ရှိသော ရောင်းနေကျဆိုင်တွင် ရောင်းချပြီးသောအခါ ပွဲကြည့်ရန် အတွက် မြို့တော်သိန်းအောင်က,နေ သော ဇာတ်ရုံဆီသို့ ထွက်လာခဲ့လေ သည်။

အရုပ်ဆိုင်မှ ဆိုင်ရှင်သည်လည်း ဦးသူတော်ကို ခင်မင်နေပြီဖြစ်ရာ ဆိုင် ကိုသိမ်းပြီး ပွဲဈေးတန်းလျှောက်ကြည့် မည်ဟုပြောကာ ဦးသူတော်နှင့်လိုက် လာလေသည်။

ပွဲဈေးတန်းမှာ အထည်ဆိုင်၊ အလှကုန်ဆိုင်၊ ကစားစရာအရုပ်ဆိုင်၊ သနပ်ခါးတုံးရောင်းချသောဆိုင်မှစ၍ ချားများ၊ ရဟတ်များအထိ စုံလင်စွာပါရှိ လေသည်။ စားသောက်ဆိုင်များသည် လည်း ဒံပေါက်ဆိုင်၊ တရုတ်အစား အစာရောင်းသောဆိုင်၊ မြန်မာထမင်း ဆိုင်မှစ၍ရှိလေသည်။

ဦးသူတော်သည် ဗိုက်ဆာလာ သဖြင့် ဒံပေါက်စားကြရန် သူနှင့်လိုက်ပါ လာသူအား အဖော်ညှိလေသည်။ အရုပ် ဆိုင်ရှင်မှာ ဒံပေါက်နှင့်မတည့်သော ကြောင့် မစားတော့ချေ။ ဦးသူတော်ကို ထိုင်စောင့်နေလေသည်။

ဦးသူတော်သည် ဒံပေါက်ကို အဝ စားပြီး ပွဲဈေးတန်းကို ဆက်လက် လျှောက်လာကြရာ ပွဲဈေးတန်းတွင် ပြောင်းဖူးများကို မီးဖုတ်၍ရောင်းနေ သောဆိုင်ကိုတွေ့၍ ပွဲကြည့်ရင်း စားရန် ပြောင်းဖူးဖုတ်နှစ်ဖူးဝယ်ယူလေသည်။

အရုပ်ဆိုင်ရှင်မှာ ပွဲဈေးတန်းကို လှည့်လည်ကြည့်ရှုပြီးနောက် ဇာတ်ပွဲ ကြိုက်ဟုပြောကာ ဦးသူတော်အား နှုတ်ဆက်ပြီး ပြန်သွားလေသည်။

ထို့နောက် ဦးသူတော်သည် ဇာတ်ရုံထဲသို့ဝင်လာပြီး နောက်တန်းမှ ပက်လက်ကုလားထိုင်တစ်လုံးကိုဝယ်ယူ ပြီး ဇိမ်နှင့်ထိုင်ကာ ပွဲကြည့်လေသည်။

မြို့တော်သိန်းအောင်သည် ထိုည ၏ အော်ပရာကို 'လထွက်ကလေးရယ် မြင်းပေါ်တင်' ကို ကပြမည်ဖြစ်ပြီး ဇာတ်ကို ပွဲကြည့်ပရိသတ်များ၏ တောင်းဆိုချက်အရ 'မိုးလားတိမ်လား



မြူလား' ကို ကပြမည်ဖြစ်ပြီး နောက်ပိုင်း တွင်လည်း အခြားပြဇာတ်တစ်ပုဒ်ကို မိုးအလင်းကပြမည်ဖြစ်၍ ပွဲကြိုက်သော ဦးသူတော်အကြိုက်တွေ့နေလေသည်။

ဦးသူတော်ဝယ်ထားသောကုလား ထိုင်အမှတ်မှာ (၂၅) ဖြစ်ပြီး သူ့ဘေးမှ ကုလားထိုင်အမှတ် (၂၄) တွင် ထိုင်သူ အမျိုးသားတစ်ဦးနှင့် ပွဲမထွက်မီမိတ်ဆွေ ဖွဲ့ရာတွင် သူသည် မည်သည့်မြို့တွင် နေထိုင်ကြောင်း၊ မည်သည့်အလုပ်အ ကိုင်လုပ်ကိုင်ကြောင်း၊ ပန်းပုထုရန် အလွန်ဝါသနာပါကြောင်း၊ ထုပြီးအရုပ် များကို ရွှေတိဂုံဘုရားတောင်ဘက် စောင်းတန်းရှိ မည်သည့်အရုပ်ဆိုင်တွင် ရောင်းချကြောင်းမှစ၍ ပြောပြကာ သူ နှင့် မိတ်ဆွေဖြစ်သွားလေသည်။

ထို့နောက် ပွဲထွက်ပြီဖြစ်သဖြင့် ဦးသူတော်သည် ပြောင်းဖူးဖုတ်နှစ်ဖူးကို စားကာ ပွဲကြည့်လေသည်။

မိုးလင်း၍ ပွဲကြည့်ပရိသတ်များ ပြန်ကြသောအခါ ဦးသူတော်သည် ပက်လက်ကုလားထိုင်မှမထချေ။ သူ့ဘေး မှ မိတ်ဆွေက ဦးသူတော်အား အိပ်ပျော် နေသည်အထင်ဖြင့် ပခုံးကိုကိုင်လှုပ်ကာ ပွဲပြီးပြီဖြစ်၍ အိမ်ပြန်ရန်ပြောလေသည်။

လုံးဝနိုးမရတော့မှ ဦးသူတော် အား စစ်ဆေးကြည့်ရှုရာ သေဆုံးနေ ကြောင်း တွေ့ရလေသည်။ ဤတွင်မှ သူ့ဘေးမှမိတ်ဆွေသည် ဦးသူတော် သေဆုံးနေကြောင်း တာဝန်ရှိသူများကို သတင်းပို့ခြင်း၊ ညက ပြောပြထားသော အချက်အလက်များအတိုင်း ဦးသူတော် ၏ မိသားစုများထံ စုံစမ်းပြီး အကြောင်း ကြားခြင်းတို့ကို ဆောင်ရွက်လေသည်။

သေနတ်ဒဏ်ရာဖြင့် ဗိုက်ထဲမှ ကျည်ဆန် (၁၄) တောင့် ခွဲထုတ်ယူခဲ့ရ သည်အထိ ဖြစ်ခဲ့သော်လည်း မသေဘဲ အသက်မြန်ရှင်လာခြင်းသည် သေချိန် မတန်သေး၍ ဖြစ်လေသည်။

သေရမည့်အချိန်သို့ ရောက်ရှိလာ သည့်အခါတွင်ကား မည်သို့မျှ ရှောင်လွှဲ ၍မရဘဲ အေးဆေးစွာ ပွဲကြည့်နေရင်း သေဆုံးသွားရသော ဦးသူတော်၏ဖြစ် ရပ်ကို လူတို့ပါးစပ်ဖျားတွင် ယခုတိုင် ပြောစမှတ်တွင်နေလေသည်။

(၄)

ကျွန်ုပ်သည် ဦးကြီးဦးသူတော် သေဆုံးကြောင်း သိလျှင်သိချင်း သူ့ မိသားစုနှင့်အတူ ရန်ကုန်သို့လိုက်လာ ကာ ဦးသူတော်အား ကောင်းစွာသဂြိုဟ် ပေးခဲ့ပါသည်။

နောက်တစ်နေ့နံနက်တွင် ရန်ကုန် သို့ရောက်ခိုက် ပြုနေကျအတိုင်း ရွှေတိဂုံ ဘုရားသို့သွား၍ ဘုရားဖူးပါသည်။

ဘုရားဖူးပြီး ဘုရားတောင်ဘက် စောင်းတန်းမှ ပြန်လည်ဆင်းလာကာ မြို့တော်သိန်းအောင် ကပြနေသော ဇာတ်ရုံသို့ ဝင်၍ကြည့်ပါသည်။ ဦးကြီး ဦးသူတော် ယမန်နေ့ညကထိုင်သွား သောနေရာဖြစ်သည့်ကုလားထိုင်အမှတ် (၂၅) တွင်ကြည့်ရန်လည်း ရည်ရွယ်ပါ သည်။

သို့သော် ကျွန်ုပ် ဇာတ်ရုံအတွင်း ဝင်လိုက်သည်ဆိုလျှင်ပင် ဇာတ်ရုံထဲတွင် ရုတ်ရုတ်သဲသဲဖြစ်လျက်ရှိပြီး အချို့က ဆင်ထားသော ကန့်လန့်ကာများကို လည်းကောက်, အချို့က မီးများကိုလည်း ကောင်း၊ ဆိုင်းသမားများကလည်း ဆိုင်း ပစ္စည်းများကိုလည်းကောင်း သိမ်းလျက် ရှိကြောင်း တွေ့ရပါသည်။

ကျွန်ုပ်သည် မည်သို့ဖြစ်သည်ကို သိလို၍ ဆိုင်းသမားတစ်ဦးကို သွားမေး ကြည့်ရာ ယနေ့ နံနက်စောစောတွင် မင်္ဂလာဒုံလေယာဉ်ကွင်းမှ လေယာဉ် တစ်စင်း ပျံတက်တက်စဉ် စက်ချို့ယွင်း ပြီး ပျက်ကျရာ လေယာဉ်ပေါ်ပါသူအား လုံး သေဆုံးသွားကြောင်း၊ ဤအထဲတွင် မြို့တော်သိန်းမှအောင်၏ ဇနီး ဒေါ်လှမြ လည်း ပါဝင်သွားကြောင်း၊ ထို့ကြောင့် ဇာတ်ကိုဆက်မကတော့ဘဲ ဈာပနကိစ္စ ကို စီစဉ်ရမည်ဖြစ်၍ ပစ္စည်းများသိမ်း နေခြင်းဖြစ်ကြောင်းများ ပြောပြပါသည်။

လေယာဉ်ပျက်ကျရာတွင် ပါဝင် သူများထဲတွင် ကျွန်ုပ်တို့ ကုန်သွယ်/ လယ်ယာရုံးချုပ် ငွေစာရင်းဌာနခွဲမှ ဦးဘိုနီသန်းခေါ် အရာရှိတစ်ဦးလည်း ပါဝင်သွားကြောင်း နောင်တွင် သိရပါ တော့သည်။

မင်းသန့်ကျော် (ဓီးဘုန်း)



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်

# သူဌေးကြီးဇောတိကလက်စွပ်စမ

## ဘာဆောင်လေးရအောင်



တစ်နေ့သ၌ -

ကျွန်ုပ်သည် ကောဇာနှစ် ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် မြတ်စွာဘုရားရှင်အား ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်းတိုင် (လျှစ်စစ်မီးရောင်စုံ) ဆွမ်းဆန်စိမ်းတို့ အပြင် အုန်း၊ ငှက်ပျော၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွားနှင့် ကြက်လျှာတော်၊ ယပ်နှင့် ရွှေထီးတော်၊ ထီးဖြူနှင့်တကွ သက်န်းတော်မြတ်တို့ဖြင့် အထူးစီမံအပ်သော ကန်တော့ပွဲတို့ဖြင့် ကပ်လှူပူဇော်ပါသည်။ လအလိုအားဖြင့် ထမင်းနဲ့ (ထမနဲ) ဆွမ်းတို့ဖြင့်လည်း ကပ်လှူပါသည်။

ယခင်က တင်ပြခဲ့ဖူးပါပြီ။ တစ်ဦးတစ်ယောက်တည်းက ကပ်လှူခွင့်တောင်းခံသော်လည်း မပေးခဲ့၊ ခွင့်မပြုခဲ့ပါ။ အများပေါင်းစုသည့် ခုနစ်နေ့သားခုနစ်နေ့သမီးတို့ စုပေါင်းကပ်လှူခြင်းကိုသာ ပြုလုပ်ပါသည်။ ထိုကန်တော့ပွဲနှင့် ထမနဲကပ်သည့်ပွဲကိုပင် အခေါ်ကောင်းအောင် 'အောင်၊ ကြည်၊ စန်း၊ ယု၊ မြ၊ သန်း၊ နု' ကောင်းမှုဟု သီတံထိုးခေါ်ဆိုခဲ့ပါသည်။ ခုနစ်နေ့သားခုနစ်နေ့သမီးတို့ကောင်းမှုပင် ဖြစ်ပါသည်။

ကျွန်ုပ်၏တပည့်မောင်စောလှမြင့်လည်း စောစောစီးစီးရောက်လာပါတော့သည်။ နောက် နံနက် (၇း၃၀) မိနစ်ရောက်တော့ တပည့်များအတော်စုံနေပါပြီ။ တစ်ယောက်စောင့်တစ်ဦးစောင့်နှင့် နောက်ကျမည်ဖြစ်၍ နံနက် စက်နာရီ (၈) နာရီတိတိမှာပင် မြတ်စွာဘုရားရှင်အား အထူးစီမံသော ကန်တော့ပွဲ၊ ထမနဲနှင့် လှူဖွယ်အစုစုတို့ကို သဒ္ဓါဖွေးဖြူ ကပ်လှူကြပါသည်။

ပြုဖွယ်ကိစ္စပြီးမြောက်သွားတော့ လူစုံတက်စုံရှိနေစဉ် မောင်စောလှမြင့်ကစပြီး စကားအစထောင်ပါတော့သည်။

"ဆရာ၊ ကျွန်တော်တို့တစ်တွေ နားရည်ဝနေကြပြီဖြစ်တဲ့ သူဌေးကြီးဇောတိကဟာ မြောက်ကျွန်းသူနဲ့ပေါင်းသင်းရခြင်း၊ သူမပေးတဲ့ပစ္စည်းကို ဘယ်သူကမှယူလို့မရခြင်း စတဲ့ ဘုန်းကံတို့ဖြင့်ကြီးမားသူဖြစ်ကြောင်း သိရပါတယ်။ အခု ကျွန်တော် ပြောချင်တာကတော့ ဝိဇ္ဇာဓရဂမ္ဘီရပညာမှာ ဇောတိကလက်စွပ်စမအ[illegible]ရတဲ့ စမရှိရင် ကျွန်တော်တို့ကို ချီးမြှောက်ပါ"

ဟု တောင်းလေတော့သည်။

မောင်စောလှမြင့် စကားဆုံးသည်နှင့် အားလုံးကပါ ဝိုင်းပြီးတောင်းကြပါတော့သည်။

ကျွန်ုပ်မှာ မငြင်းသာတော့ပါ။ အကြောင်း (၂) ခုရှိပါသည်။ အဓိက ပထမအကြောင်းမှာမူ ကျွန်ုပ်လျှောက်လှမ်းနေသော ကျင့်စဉ်ကြီးသည် မေတ္တာ+သစ္စာကျင့်စဉ်ဖြစ်ခြင်း၊ ဒုတိယအကြောင်းမှာ အခါအထူးပြုအပ်သော ဒီနေ့လို မင်္ဂလာအခါသမယတွင် တပည့်များ၏ တောင်းဆိုချက်ကို မပယ်လိုခြင်းတို့ ဖြစ်ပါသည်။ (ကျွန်ုပ်လျှောက်လှမ်းနေသော ကျင့်စဉ်ကြီးထဲတွင် အလိုရှိသူများ ဆန္ဒပြည့်ရန်နှင့် ဆင်းရဲသူများ ချက်ချင်း ချမ်းသာရစေရန်အတွက် မိမိစွမ်းသမျှဖြင့်ဆောင်ရခြင်းဖြစ်ပါသည်။)

သို့နှင့်ပင် မောင်စောလှမြင့် တောင်းဆိုချက်ကို ခွင့်ပြုပေးလိုက်ပြီး 'သူဌေးကြီး ဇောတိကလက်စွပ်စမ' ကို ချီးမြှင့်မည်ဟု ကတိပေးလိုက်ပါသည်။

ကျွန်ုပ် လက်လှမ်းမီသမျှ ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှာ လွန်စွာရှားပါးသည့် စမများဖြစ်မည်ဟု ထင်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၁၂၀) လောက်က လက်ရေးမူစမကျမ်းစာအုပ်၊ သိဒ္ဓိရာဇာဆရာအောင် ပြုစုထားရစ်ခဲ့သော အင်းစမကျမ်း (လက်ရေးမူ) တို့တွင် ရှားပါးသော ရုပ်စမများစွာ ပါရှိနေပါသည်။

ကျွန်ုပ်သည် တပည့်များအတွက် ဇောတိကစမလက်စွပ်ကို စီမံရပါတော့သည်။ နောက် လပြည့်နေ့တွင် ကိုယ်စီပေးဝေ ချီးမြှင့်လိုက်ပါသည်။ ကျွန်ုပ်ရည်ရွယ်ထားသည်ကိုမသိဘဲနှင့် တပည့် မောင်စောလှမြင့်က အောက်ပါအတိုင်း ပြောပါတော့သည်။

"ဆရာ၊ ကျွန်တော်တို့ကို ချီးမြှင့်ပေးတဲ့ သူဌေးကြီးဇောတိက လက်စွပ်စမကို သုရဿတီမဂ္ဂဇင်းကို တစိုက်မတ်မတ်ဖတ်ရှုနေကြတဲ့ မိတ်ဆွေတွေအတွက် ဆရာဆောင်းပါးရေးပေးပါဦး"

ဟု ထပ်မံ တောင်းဆိုပါတော့သည်။

ကျွန်ုပ်အနေဖြင့်လည်း သုရဿတီမဂ္ဂဇင်းပင်တိုင်စာရှုသူမိတ်ဆွေများနှင့် ကျွန်ုပ် တင်ပြသည့်စာစုတို့ကို နှစ်သက်သူများနှင့် ဝိဇ္ဇာဓရဂမ္ဘီရပညာကို ဝါသနာကြီးကြီးဖြင့်လေ့လာနေကြသည့်ညီငယ်များအတွက် ပညာသုတရစေနိုင်ရန် အခါအားလျော်စွာ ရေးသားတင်ပြပါမည်ဟုဝန်ခံကတိရှိနေသည့်အတွက် ယခု သူဌေးကြီး ဇောတိကလက်စွပ်စမကို ရေးသား ဖော်ပြပေးလိုက်ပါသည်။

ထိုဇောတိကလက်စွပ်စမကို ဦးစွာ ဝေဖန်ကြည့်ရအောင်ပါ။ လက်စွပ်စမဖြစ်သည့်အတိုင်း လက်စွပ်ပုံသဏ္ဌာန်ကို မြင်သာအောင်ပြောရလျှင် 'စိန်မြရံခြယ်' ဖြစ်ပါသည်။

စမလက်စွပ်၏ အတွင်းရတနာကို စ-ဓ-ဗ-ဝ စမလေးလုံး၏ ဗဟိုတွင် စမစကြာဖြင့် လိပ်ပတ်လည်အောင်ပြထားပါသည်။ စ-ဓ-ဗ-ဝ စမလေးလုံးတို့ကို တစ်လုံးတည်းကောက်ပြီး စီမံထားပါသည်။ ထိုစမလေးလုံးကိုမူ သတ္တဝါလိပ်၏ရင်ဘတ်တွင်တည်ရှိကြောင်း ပညာရှင်များ အသိအမှတ်ပြုကြပါသည်။ အခွင့်ကြုံတုန်းမှာ လိပ်ရင်ဘတ်နှင့် ပတ်သက်သည့် စကားတစ်ခုကို သုတရစေရန် ရေးသားခြင်း ဖြစ်ပါသည်။ စာရေးသူတို့



www.burmeseclassic.com

www.burmeseclassic.com

ငယ်စဉ်အခါကာလကဆိုလျှင် ဆီချိုလိပ်မျိုး၏ ရင်ဘတ်အခွံကို အမျိုးသမီးများ အသုံးပြုရန် ဘီးအဖြစ်၊ လူသုံးကုန် ပစ္စည်းအဖြစ် စီမံရောင်းချခဲ့ကြပါသည်။

ဆံပင်ကို ရှင်းလင်းရန် ဖြီးသင်ရသော ဘီးအမျိုးမျိုးရှိပါသည်။ သစ်သားဘီး၊ ဝါးဘီး စသည့်အပြင် လိပ်ရင်ဘတ်ဘီး (ထိုလိပ်ရင်ဘတ်ဘီးကို လက်ရင်ပတ်ဘီးဟု အရပ်ခေါ် ခေါ်ကြပါသည်။ ထိုလိပ်ရင်ဘတ်ဘီးမှာ စိုက်ဘီးနှင့် ပတ်ဘီးဟု (၂) မျိုး ဖြစ်ပါသည်။ အုန်းဆီဝနေလျှင် ကြည်လင်တောက်ပပြီး ကျက်သရေရှိလှပါသည်။ သို့အတွက် အမျိုးကောင်းသမီး ငယ်ရွယ်သူများနှင့် သက်ရွယ်ကြီးရင့်သူများပါ မိမိတို့၏ ဆံပင်တွင် စိုက်ကြ၊ပတ်ကြပါသည်။)

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လက်စွပ်၏ အတွင်းရတနာစမ၏အပြင်တွင် ဆန္ဒင်းမကင်းပုံဟု ခေါ်သော စတုရန်းပုံသဏ္ဍာန်အဖြင့် က-ဃ-ဏ-ဠတို့ဖြင့် ဝန်းရံထားပြန်ပါသည်။ ထိုအရံစမ ဝဲဘက်အပေါ်ထောင့်တန်းတွင် 'က' အက္ခရာ (၅) လုံး၊ ယာဘက်တွင် 'ဃ' အက္ခရာ (၅) လုံးတို့ စီမံထားပြီး အောက်ဘက် ယာဘက်ခြမ်းတွင် 'ဏ' အက္ခရာ (၄) လုံးနှင့် တစ်ဖက်တွင် 'ဠ' အက္ခရာကို (၈) လုံးစီထားသည်မှာ လွန်စွာဆန်းကြယ်နေပါသည်။

အပြင်တန်းတွင်မူ ကြီးလေးကြီးစမလေးလုံးကို အောက်ပါအတိုင်း လက်ယာလှည့်စီထားပါသည်။ အပေါ်တန်းတွင် က-ဃ-ဏ-ဠ မှစပြီး ဃ-ဏ-ဠ-က၊ ဏ-ဠ-က-ဃနှင့် ဠ-က-ဃ-ဏ ဟု စီမံထားသည်မှာ တစ်မူထူးနေပြန်ပါသည်။

ဘေးပတ်လည်တွင် 'ဇောတိကသူဌေးလို ရတနာများစွာပိုင်ဆိုင်ကြစေ၊ လိုရာဆန္ဒပြည့်စုံကြစေ' ဟု ရေးသားထားသည်ကို တွေ့ရှိရပါသည်။ ထောင့်လေးထောင့်တွင်မူ ထိပ်တွင် စ-ခနှင့် အောက်တွင် ဗ-ဝဟု ထောင့်ထိန်းထားသည်လည်း မြင်တွေ့ရပြန်ပါသည်။

ထိုစိန်မြရံခြယ်ဇောတိကလက်စွပ်စမကို အဆောင်အနေဖြင့် ကိုယ်နှင့်မကွာထားရှိမည်ဆိုလျှင် ငါးပါးသီလလုံခြုံရမည်ဟု မူလဆရာက မိန့်ဆိုထားရှိပါသည်။

ထိုသူဌေးကြီး ဇောတိကလက်စွပ်စမကိုဆောင်လိုသူသည် အောက်ပါအတိုင်း စီမံဆောင်ရွက်ရမည်ဖြစ်၍ ဖော်ပြပေးလိုက်ပါသည်။

**❑ လက်စွပ်စမစီမံရပုံ**

၁။ ရက်ရွေးခြင်းနှင့် ကာလသတ်မှတ်ခြင်း -

❑ ရက်ကောင်းတစ်ရက်တွင်စပါ။

❑ ကာလကို (၁၀) ရက်သတ်မှတ်ရပါမည်။

၂။ စမစီမံရပုံ -

❑ မိမိကိုယ်တိုင်စီမံပါ။အကြောင်းမညီညွတ်လျှင် မိတ္တူကူးပါ။

၃။ (၁၀) ရက်ကာလတွင် ပြုဖွယ်များ (နေ့စဉ်ပြုရန်)

❑ စမပုံကို သီးခြားပန်းကန်ဖြင့်ထားပါ။

❑ မဟိဒ္ဓိပုဂ္ဂိုလ်များပင့်ဖိတ်ထားပါ။ စတုလောကပါလနတ်မင်းကြီးလေးပါးကို ပင့်ဖိတ်ထားပါ။

❑ မြတ်စွာဘုရားရှင်အား -

သောက်တော်ရေ၊

မိမိမွေးနံ့ပန်း၊ အောင်သပြေ

နံ့သာတိုင်တို့ လှူပါ။

(ဖယောင်းတိုင်မီး၊ ဆီမီးမလှူပါနှင့်။)

❑ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်းကို ပြုလုပ်ပါ။

❑❑ ကနဦး သရဏဂုံသုံးပါးကို အရင်ဆောက်တည်ပါ။

❑❑ ဒိဝါတပတိဂါထာတော်ကို ပုတီးတစ်လုံးချစနစ်ဖြင့် (၁၀၈) လုံးပါသောပုတီးကုံးဖြင့် တစ်ပတ်စိပ်ရမည်ဖြစ်ပါသည်။ (သရဏဂုံသုံးပါးကို ပုတီးစိပ်ရန် မလိုပါ။)

❑ နောက် ဝေနေယျများစွာတို့အားလုံးကို ကုသိုလ်အမျှပေးဝေပါ။

❑ ဖိတ်ကြားထားသူများကိုနေရပ်ဌာနပြန်လည်ပို့ပါ။

ကျွန်ုပ်အတွေ့အကြုံအရတော့ဖြင့် အဖျက်အဆီးများပါသည်။ မေတ္တာဖြင့်သည်းခံကျော်လွှားရပါမည်။ မိမိလိုလားတောင့်တချက်ကိုကူညီဖြည့်ဆည်းပေးကြသည့်ပါရမီဖြည့်ဖက်များအဖြစ် သဘောထားပါရန်။

အောင်မြင် ကြီးပွားလိုကြသည့် အမျိုးကောင်းသားတို့အနေဖြင့် လိုအပ်သောနေရာများတွင် စေတနာဖွေးဖြူစွာဖြင့် ပေးလှူကြပါရန် အသိပေးအပ်ပါသည်။မိမိကိုယ်တွေ့ဖြစ်မှုယံ့ပါ။ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံတို့ကို ပေါင်းကူးနိုင်ကြပါစေ။

ဘုန်းခေါင်

မှီငြမ်း -

သိဒ္ဓိရာဇာဆရာအောင်၏

အင်းစမကျမ်း (လက်ရေးမူ)



www.burmeseclassic.com

www.burmeseclassic.com



# စိုးမင်း
(မြောက်စည်း-ရွာသစ်)

## ဘာသာကွဲကိုအိမ်ထောင်ပြုမိရှာတဲ့ အမေ့သူငယ်ချင်း

တစ်ပါးသူအကြောင်း အပြစ်ပြောသည့်အခါ အတင်းပြောသူလို့ စာဖတ်သူမှတ်ယူပါသလား။ မိမိသည် တစ်ပါးသူ၏ အမှားတစ်ခုအား ပြောပါတော့မည်။ အပြစ်တစ်ခုလို့မြင်ခဲ့လျှင် ကျေနပ်စွာလက်ခံပါမည်။

မနှစ်က မိမိသည် ဇာတိ တောမြို့လေးရှိ မိခင်ကြီးထံ အလည်သွားရင်း အမေ့သူငယ်ချင်းကောင်း ဒေါ်စောခင်၏ ဒုက္ခအကြောင်းသိခဲ့ရ၏။ အမေ့ထံ (၂) ပတ်ခန့်နေစဉ်အတွင်း အစ်မကြီးက ဒေါ်စောခင်အကြောင်း အစုံအလင်ပြောပြသည့်အခါ မိမိပင် ကရုဏာသက်၍ သနားမိလေ၏။

အမေနှင့် ဒေါ်စောခင်သည် ငယ်သူငယ်ချင်း ညီအစ်မရင်းပမာ ချစ်ကြလေ၏။ ဒေါ်စောခင်သည် မောင်နှမ (၄) ယောက်ရှိ၏။ အစ်ကိုနှစ်ယောက်၊ အစ်မတစ်ယောက်ရှိလေ၏။ တောင်သူဖြင့် အသက်မွေးကြ၏။

အမေတို့နှစ်ယောက်မှာ ပြောမနာဆိုမနာ အပျိုစင်ဘဝက သူ့အစ်ကိုကိုယ့်အစ်ကို အမျိုးတော်ချင်ပေးချင်သူလည်းဖြစ်၏။ အမေ့ကို သူ့အစ်ကိုတွေကကြိုက်၏။ အမေကပြန်မကြိုက်ပေ။ အမေက ရုပ်ရည်သိပ်မလှပေ။ အလှဆုံးတစ်ကွက်တော့ရှိ၏။ သူ့ခေါင်းက ဆံပင်သည် မြေဖနောင့်ရိုက်နေသူမို့ သူတို့ခေတ်က ကာလသားဝိုင်းနေသူဖြစ်၏။ ဒေါ်စောခင်က ရုပ်ရည်ဖြောင့်၍ ဆံပင်မကောင်းရှာပေ။ အသင့်သာကောင်းလေ၏။

တစ်ယောက်နှင့် တစ်ယောက် အမျိုးမတော်ခဲ့ရသော်လည်း အရပ်ထဲတွင်တတွဲတွဲ။ သူတို့နှစ်ယောက်သည် အစွာဆုံးနှင့် အဆိုးဆုံးဟု ဘကြီးမှပြောဖူးလေ၏။ အမေက (၁၈) နှစ်ထဲမှာ အဖေနှင့် အိမ်ထောင်ကျ၍ ကချင်ပြည်နယ်နေရ၏။ အမေအိမ်ထောင်ကျလို့ သားသမီး (၆) ယောက် ရသည့်အချိန် ဒေါ်စောခင်က အပျိုကြီးပင်ရှိသေး၏။

မှတ်မှတ်ရရ မိမိ(၅)တန်းကျောင်းသား ဒေါ်စောခင်မြို့မှပြန်အလာ သူတို့အိမ်တွင် ဆုံမိသေး၏။ ဒေါ်စောခင်၏ ကိုယ်ခန္ဓာတွင် ရွှေတွေသီးနေ၏။ အမေက ဝန်ထမ်းယူထားရတော့ ဒေါ်စောခင်လို မဝတ်နိုင်ရှာပေ။ သူမြို့ပြန်ခါနီး အမေ့အား အဝတ်အစားနှင့် မုန့်များ လက်ဆောင်ပေးသွားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ဒေါ်စောခင်သည် မန္တလေးတွင် အိမ်ငှားနေ၍ မန္တလေး-လားရှိုးကုန်ကူးသန်းရောင်းဝယ်နေသူဖြစ်ပြီး လားရှိုးမှ ပစ္စည်းများ မန္တလေးဈေးချိုတွင် ဖောက်သည်သွင်းသည့်အလုပ်ဖြစ်လေ၏။ လွန်ခဲ့သော နှစ် (၄၀) လောက်က မန္တလေး-လားရှိုးလမ်းသည် စီးပွားရေးလုပ်လို့အကောင်းဆုံးအချိန် ဖြစ်လေ၏။ ဒေါ်စောခင် စီးပွားဖြစ်၍ ချမ်းသာလာ၏။

သူ့အမေအား အဝေးမှထောက်ပံ့ပေးရင်း ဒေါ်စောခင် အိမ်ထောင်ကျသွား၏။ သူအိမ်ထောင်ကျတော့ အသက် (၃၀) ကျော်ပြီ။ သူအိမ်ထောင်ကျတာ ရပ်ကွက်ထဲက သူ့အမေ ဒေါ်ကောက် မသိရှာပေ။ ဒေါ်စောခင်ကိုယ်တိုင်က သူ့အမေကို မပြောတာ။ ယခု အမေ့ဆီလာတာ (၁) နှစ်ကျော်ပြီ။ ဒီနေ့က မိမိအသွားဆီအလည်သွားရင်း အိမ်ချင်းကပ်လျက်မှ ဒေါ်ကောက်တစ်ယောက်ကြမ်းပြင် တဒုန်းဒုန်းထုအော်ငိုသံကြားတော့ ဘာဖြစ်တာလဲ ကလေးပီပီ စပ်စုလေတော့ သူ့သမီးစောခင် အိမ်ထောင်ပြုတာ ဘာသာခြားနဲ့ဆိုတာသိသွားလို့ ဒါလည်း ရပ်ကွက်ထဲက မန္တလေးမှာ မျက်မြင်တွေ့ခဲ့ရလို့ သူကတစ်ဆင့်သိရရှာတာ။

ဒေါ်ကောက်ဟာ ထိုအချိန်မှ သူ့သမီးစောခင်အကြောင်း စကားပင်မဟတော့ပေ။ စိတ်နာသွားပြီထင်၏။ အိမ်ထောင်ကျလို့ (၄)နှစ်ကြာတာတောင် အမေ့ဆီမလာရဲရှာဘူး။ မင်္ဂလာလည်း မဆောင်ရ။ ကန်တော့ငွေဆိုတာဝေး။ ကောင်းသတင်းစကြားရ၏။ ဒေါ်စောခင်သားလေးနှစ်ယောက်ရပြီ။ ဈေးချိုမကြီးမှာ အထည်တစ်ဆိုင်ပိုင်ထားသည်။ ကိုင်းတန်းဈေးဘက် နှစ်ထပ်တိုက်တစ်လုံးဝယ်ထားသည်။

စာရေးသူ (၁၀) တန်းကျောင်းသားတွင် ဒေါ်စောခင်အား တစ်ခါတွေ့မိသေး၏။ တစ်ကိုယ်လုံး ရွှေတွေသီးနေ၏။ သူ့အမေကတော့ ယခင်လို ဝမ်းပန်းတသာမရှိ။ မသိသလိုနေကြောင်း တစ်ဆင့်စကားကြားရ၏။

သည့်နောက်ပိုင်း ဒေါ်စောခင်သည် မိခင်ကြီးထံ မရောက်တော့ပေ။ တစ်ခါတစ်ရံ ငွေပို့သံကြားရ၏။ သည်နောက်ပိုင်း မိမိ အစိုးရဝန်ထမ်းဖြစ်၍ ကချင်ပြည်နယ်တွင် တာဝန်ထမ်းရင်း သူတို့မိသားစုနှင့် အဆက်ပြတ်သွားရာ နှစ်ပေါင်းအတော်ကြာသွားလေ၏။

ယခု ဒေါ်စောခင်သည် အသက် (၇၀) ကျော် သူ့အမေအိမ် တစ်ယောက်တည်း တိတ်တိတ်ပုန်းနေရသည့် ဆင်းရဲသားဘဝရောက်နေရှာ၏။ ဒီဇာတ်လမ်းအစအဆုံးသိသူက အမေနှင့်အစ်မကြီးဖြစ်၏။ အမေနှင့်အစ်မ ဈေးဝယ်သွား

www.burmeseclassic.com

www.burmeseclassic.com

သည့်အခါ တည်းခိုခန်းတွင် မတည်းကြပေ။ ဒေါ်စောခင်က သူ့အိမ်တွင်တည်းဖို့ အကြိမ်ကြိမ်ခေါ်သဖြင့်တည်းဖြစ်ကြ၏။ စားရေးသောက်ရေးမှအစ သူတို့မိသားစုက ကျွေးမွေးလေ၏။

ဒေါ်စောခင်တို့အိမ်သည် ကိုင်းတန်းဈေးအနီးရှိ၍ နှစ်ထပ်တိုက် ဖြစ်၏။ အိမ်ရှေ့တည့်တည့် နှစ်ပေခွဲခန့်မြင့်သော အုတ်ရေတွင်းဟောင်းလေးရှိ၏။ထိုရေတွင်းမှ မော်တာဆင်၍ အသုံးပြုနေ၏။

အိမ်ထဲဝင်လာသူသည် ထိုအုတ်ရေတွင်းလေးအား ကွေ့ဝိုက်ဝင်ရစမြဲဖြစ်၏။ အမေနှင့်အစ်မသည် ရှေးဟောင်းအုတ်ရေတွင်းမှန်းသိကြ၏။ သူတို့အိမ်ဗုဒ္ဓဘာသာ ဘုရားကျောင်းဆောင်မရှိမှန်းသိကြ၏။ အမေသည် ဒေါ်စောခင်အားဗုဒ္ဓဘာသာယူတာလား၊ ဘာသာကွဲယူတာလား မမေးရဲရှာပေ။ မမေးဆိုအမေက သူတို့လောက် စီးပွားမရှိလေတော့ အားနာတာလည်းပါ၏။

ဒီလိုနှင့် သူ့သားနှစ်ယောက် လူပျိုတွေဖြစ်လာပြီ။ အမေနှင့်အစ်မကကြုံရင်တည်းတုန်း။ တစ်ရက် အစ်မကြီးဈေးဝယ်သွားတော့ သူတို့အိမ်တည်းလိုက်သည်။ လူရှင်းတော့ ဒေါ်စောခင်က အစ်မကြီးကို အခုလိုပြောပြရှာသည်။

"တူမကြီး နင့်ကိုပြောစရာရှိတယ်။ ကြီးတော်ပြောတာ နားထောင်ပြီးရင် ဘယ်သူ့မှ လျှောက်မပြောရဘူး။ နင့်ဦးရော သားကြီး၊ သားငယ်ပါ မပြောနဲ့။ သူတို့ကမယုံဘူး။

ငါတို့အိမ်ရှေ့က ရေတွင်းထဲမှာ တစ်တောင်လောက် လူပုလေး (၅) ယောက်ရှိတယ်။ ခေါင်းကြီးပြီး ခန္ဓာကိုယ်သေးတယ်။ ငါ့ကို စကားပြောချင်ရင် အဲဒီရေတွင်းပေါက်ထဲက (၅)ယောက်စလုံးထွက်ပြောတာ။ အိပ်မက်ထဲမှာလာပြောတာ တူမရဲ့။

သူတို့နေတာ ရှေးတုန်းကတဲ့။ သူတို့ကို ဒီမှာနေခွင့်ပေးပါ။ ဘယ်မှသွားစရာမရှိဘူး။ ဒီမှာစောင့်နေရတာ။ ဒီထက် စီးပွားတက်အောင်ကူညီမယ်။ ရေတွင်းကိုမဖို့ပါနဲ့လို့ ကြီးတော်ကို အိပ်မက်ပေးတာ ခဏခဏပဲ။ သူတို့အိပ်မက်ကလည်း ကြီးတော်တစ်ယောက်တည်းကိုပဲ ပေးကြတာ။

ကြီးတော်ကလည်း အေး-နေကြပါ၊ မဖို့ပါဘူး။ စီးပွားရေးအဆင်ပြေအောင် ကူညီပါလို့ပြောရင် သူတို့ပြုံးပြုံးရွှင်ရွှင်တွင်းထဲပြန်ဝင်သွားတယ်။

အခု ခက်နေတာက သားကြီး၊



သားငယ်နှစ်ယောက်က အိမ်ထောင်ပြုတော့မှာ။ သူတို့အိမ်ထောင်ပြုရင် အခန်းလိုပြီ။ ရှေ့က တစ်ခန်းချဲ့ရမယ်။ စည်ပင်တင်ထားတယ် မကျသေးဘူး။ စီစဉ်ပြီးရင် ရှေ့တစ်ခန်းတိုး။ ဒီအခါ ရေတွင်းက အဝင်ဝတည့်တည့်ခံနေတယ်။ အိပ်ခန်းအဝင်ဝနားမှာပေါ့။ အဲဒါ အဖေနဲ့သားတွေက ရေတွင်းဖို့ကြမလို့ တိုင်ပင်နေတယ်။ သူတို့တိုင်ပင်တာ တွင်းထဲက (၅) ယောက်သိတယ်။ ကြီးတော်လာပြောကြတယ်။ အဲဒါ ဘယ်လိုလုပ်ရင်ကောင်းမလဲ။ အကြံပေးစမ်းပါဦးဟဲ့"

အစ်မကြီးထံ အကြံတောင်းရှာတော့ ဟိုဘက်ဒီဘက် မျှမျှတတ ပြောပြလိုက်တယ်။

"ဒီလို လုပ်ပါလားကြီးတော်။ ရေတွင်းက အဝင်ဝမှာဆိုတော့ အဝင်လည်းမခက်ရအောင် ရေတွင်းပေါင်ဖြို၊ မြေပြင်ညီအပေါ်က သစ်သားအဖုံးထူထူထူဖုံးထားရင် ရမယ်ထင်တာပဲ ကြီးတော်ရဲ့"

ဒေါ်စောခင်မျက်နှာ အပြုံးဝင်လာ၏။

"အေး - ဟုတ်သားပဲ။ ဒါဆိုရေတွင်းမဖို့ရတော့ဘူး။ ဟိုဘက်ဒီဘက်အဆင်ပြေတယ်။ ဒီသားအဖတွေက တစ်ယူသန်။ ကြီးတော်က မနိုင်ဘူး၊ ဒါတောင်မနည်းပြောရမှာ"

စည်ပင်က အမိန့်ကျတော့ တိုက်ရှေ့တစ်ခန်းတိုးဆောက်၏။ ရေတွင်းအား အုတ်ရိုးဖြို၊ သစ်သားအဖုံးဖြင့်ဖုံးထားလေ၏။ ဒီအချိန် သူတို့မိသားစုစီးပွားတက်တုန်းပင်။ သားနှစ်ယောက်ရှေ့ဆင့်နောက်ဆင့်အိမ်ထောင်ပြုကြ၏။ သူ့သားနှစ်ယောက်စလုံး ဘာသာကွဲဖြင့်သာအိမ်ထောင်ပြုကြလေ၏။ ဈေးချိုရုံမကြီးအထည် (၂) ဆိုင်၊ ကုန်မာ (၁) ဆိုင်ပိုင်ဆိုင်လာ၏။ သားနှစ်ယောက်ကကလေးတွေမွေးရာက ပြဿနာစလာ၏။

နှစ်ထပ်အိမ်မက ဧည့်ခန်း၊ မီးဖိုဆောင်၊ ထမင်းစားခန်း၊ အိပ်ခန်း၊ အပေါ်ထပ်က အထည်အလိပ်ပစ္စည်းတွေအပြည့်သိုထားလေ၏။ သားနှစ်ယောက်က ကလေးတွေမွေးပြန်ပြီ။ အိပ်ခန်းကကျဉ်းလာပြီ။ ရှေ့ကို နောက်ထပ်တစ်ခန်းတိုးဖို့ စီစဉ်ကြပြန်၏။ ရှေ့တစ်ခန်းတိုးလျှင် ရှေ့ခြံစည်းရိုးအမိုးစွယ်ရောက်မည်။ ရေတွင်းက အခန်းထဲပါသွားမည်ဖြစ်၏။

တစ်ခန်းတိုးဖို့ စည်ပင်တင်ကြ၏။ စည်ပင်ကကျလာလျှင် အခန်းတိုးမည်။ အခန်းမတိုးဖို့ ဒေါ်စောခင် ပြောမရပေ။ သူ့အာဏာမရှိ၊အဖေနှင့်သားနှစ်ယောက်ကညီနေပြီ။ ဒီသုံးယောက်အောက် ဒေါ်စောခင်ပိလေပြီ။ ချောင်အထိုးခံရလေ၏။

ဒီလိုနှင့် စည်ပင်ကချပေး။ ရှေ့တစ်ခန်းတိုး။ ရေတွင်းလေးကို သဲအပြည့်ဖို့လိုက်သည်။ အသေပိတ် အချောကိုင်တော့ ရေတွင်းပျောက်သွားပြီ။

ထိုနေ့ညက သန်းခေါင်ယံမှာ ဒေါ်စောခင်ကို အိပ်မက်ပေးပါတော့သည်။

"နင်တို့ကို ငါတို့အကြိမ်ကြိမ်တောင်းပန်တယ်။ ငါတို့မှာနေစရာမရှိဘူး။ ဒီမှာစောင့်နေရတာနင်တို့သိတယ်။ သိရဲ့သားနဲ့ တမင်လုပ်ကြတာ။ နင်တို့စီးပွားဖြစ်အောင် ငါတို့ကူညီခဲ့တယ်။ စောင့်ရှောက်ခဲ့တယ်။ တောင်းပန်ခဲ့တယ်။ ခု ငါတို့နေစရာမရှိဘူး။ ငါတို့ဘယ်သွားရမှာလဲ။ ငါတို့ဘယ်မှာနေရမှာလဲ"

ဒေါ်စောခင်၏ မျက်စိထဲတွင် အိမ်ရှေ့ကတ္တရာလမ်းပေါ်မှ လူပုလေးငါးယောက်ခမျာ ငုတ်တုတ်ထိုင်သူထိုင်၊ ငိုသူငို၊လူးလိမ့်သူကလိမ့်။ သူတို့ကိုသနားရှာတော့ မျက်ရည်ပင်ကျခဲ့မိလေ၏။ အဲဒီည မနက်မိုးလင်းခါနီးအထိ ဒီလူပုလေး(၅)ယောက်ခမျာ သူတို့အိမ်လေးကိုကလယ်ကလယ်နှင့်ကြည့်ရင်းက ထွက်ခွာသွားရင်း ပျောက်ကွယ်ရှာသည်။

သူတို့သတိပေးတဲ့စကား ဒေါ်စောခင် ကောင်းကောင်းမှတ်မိသေးသည်။

"ငါတို့နေစရာမရှိအောင်လုပ်တဲ့သူတွေ၊ နင်တို့လည်း ဒီအတိုင်းမထားဘူး။ ငါတို့လိုဒုက္ခတွေ့စေရမယ်"

ဒီစကား ယနေ့အထိ ဒေါ်စောခင်နားထဲကမထွက်ပေ။ ထိုနေ့မှစ၍ တစ်လပင်မပြည့်သေး၊ မိသားစုပြဿနာစတက်တော့၏။ မှာထားသောပစ္စည်းတွေ အဖမ်းခံလိုက်ရပြီ။ အိမ်ကပစ္စည်းတွေအသိမ်းခံရပြန်ပြီ။ အမှုအခင်းတွေဖြစ်ပြီး ပြဿနာတစ်ခုပြီးတစ်ခု။ ဒေါ်စောခင်



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နေနေနိုင်ရည်(တိုင်းရင်းဆေးပညာ)

# လက်တွေ့ဆေးနည်းများ

**အပူသွေးဆေး**

ဇာတိပ္ဖိုလ်သီး၊ လေးညှင်း၊ ကြစု၊ ပန်းနု၊ ပန်းမ၊ ကတ္တရသခဲ၊ နံ့သာဖြူ၊ နံ့သာနီ၊ ဖာလာ၊ ကတ်ဖို၊ နွယ်ချို၊ ဆောင်းမေးခါး၊ ကြံသွေး၊ ဆေးပုစွန်ထုပ်၊ ပရုတ်၊ ဖုံးမသိန်၊ သိန္ဓော၊ ပဒုမ္မာကြာဝတ်ဆံ၊ ကြာသီးဆန် ဆတူအလေးချိန်ဖော်အမှုန့်ပြုရမည်။ ဆေးအကျိုးမှာ ဓမ္မတာမမှန်ခြင်း၊ ထိမ်ခြင်း၊ ငုပ်ခြင်းတို့ကို လက်ဖက်ရည်ဇွန်း (၁) ဇွန်း ရေနွေးနှင့်သောက်ပါ။ ကွမ်းရွက်ပြုတ်ရည်နှင့်သောက်၍ ချွေးအောင်း၊ ဝမ်းဖောဝမ်းရောင်၊ ဝမ်းပျက်ခဲ့မူ လက်ဖက်ရည်ဇွန်း (၁) ဇွန်း ရေနွေးနှင့်သောက်ပါ။ အပူကြီး၍ လူးလဲသော် နံ့သာဖြူ နီနှစ်ပါးရည်နှင့်သောက်။ ဓမ္မတာရက်အတွင်းမှာဖြစ်စေ၊ အေးသောရာသီဥတုမှာဖြစ်စေ မကြာမကြာစားသုံးသင့်သောဆေး ဖြစ်ပါသည်။

**▫အအေးသွေးဆေး**

ဇာတိပ္ဖိုလ်သီး (၄) ပဲ၊ ပန်းနု (၄)ပဲ၊ ပန်းမ (၄) ပဲ၊ ကတ္တရသခဲ (၄) ပဲ၊ ဇီရာ (၄) ပဲ၊ ဆေးပုစွန်ထုပ် (၄) ပဲ၊ ဖာလာ (၄) ပဲ၊ ရှိုးတုံ (၄) ပဲ။ ချောင်းခြား (၄) ပဲ၊ စန္ဒကူးဖြူ (၄) ပဲ၊ ဇေးမခန်း (၄) ပဲ၊ လေးညှင်း (၄) ပဲ၊ ကြံသွေး (၄) ပဲ၊ စန္ဒကူးနီ (၂) ကျပ် (၄) ပဲ၊ နံ့သာဖြူ (၂) ကျပ်၊ နံ့သာနီ (၂) ကျပ် (၈) ပဲ၊ နွယ်ချို (၂) ကျပ် (၈)ပဲ၊ ကံ့ကော်ဝတ်ဆံ (၂) ကျပ်၊ (၈) ပဲ၊ သကြားခဲ (၂) ကျပ် (၈) ပဲ။ အပူကြီး၍ လူးလဲနေသူကို ဇဝက်သာ (၁) ပဲသားနှင့်တိုက်။ နှလုံးတုန်ရင်ခုန်မောပန်းသူကို ကြံရည်၊ သကြားရည် စသည်ဖြင့် တိုက်ပေးပါ။ ဥတုဖျား၊ အစားမှား၊ အညော်မိ စသည်တို့အား ကွမ်းရွက်ပြုတ်ရည်၊ ရေနွေး၊ ထန်းလျက်ရည် စသည်တို့နှင့်တိုက်ပါ။ အပူဝမ်းသွားလျှင် ရေနွေးဖြင့်တိုက်ပါ။

**▫တေဆေး**

သိန္ဓော (၈) ကျပ်သား၊ ပွေးကိုင်း (၁၀) ကျပ်သား၊ မင်းကိုကာ (၁၀) ကျပ်သား၊ ဆားပုပ် (၇) ကျပ် (၈) ပဲ၊ စမုန်မျိုး (၅) ပါး (၄) ပဲစီ၊ ဆေးပုလဲ (၄) ပဲ အမှုန့်ပြု။ ၎င်းဆေးမှုန့် (၄) ကျပ်၊ ဆားစိမ်း (၁) ကျပ် (၈) ပဲ၊ မန်ကျည်းမှည့်အနှစ် (၁၀) ကျပ်၊ သကြား (၁၀) ကျပ်၊ ပျားရည် (၁၀) ကျပ်တေ၍ နံနက်တိုင်းဟင်းစားဇွန်း (၁) ဇွန်း ဝမ်းမှန်အောင်စား ဒူလာပါဒရက်၊ မီးယပ်နာနှင့် သွေးဆုံးမီးယပ်တို့ကိုပျောက်သည်။

**▫ကလေးလျက်ဆား**

ကပ်မိုးငါးပါး (၁) ကျပ်စီ၊ တြိကဋုက် (၃) ပါး (၁) ကျပ်စီ၊ စမုန်နက် (၁) ကျပ်၊ ကတ်ဖို (၁) ကျပ်၊ ဆေးသူငယ်ချက် (၁) ကျပ်၊ စူလာနဖာ (၁) ကျပ် အားလုံးအလေးကြစုကဲ၍ ၎င်း၏အလေး သိန္ဓောကဲရမည်။ အကျိုးမှာ အစာကြေလေသက်ဆီးရွှင်သည်။

ဒေါ်နေနေနိုင်ရည်
(တိုင်းရင်းဆေးပညာ)

ဝင် ချာချာလည်သွားလေ၏။

ငွေတွေဆောက်သောက်လဲကုန်၏။ ဆိုင်ခန်း (၃) ခန်းရောင်းလို့ အိမ်ပေါင်လိုက်ရပြီ။ ငွေမလောက်သေး။ အိမ်အတိုးကတက်၊ ရတဲ့ဈေးနဲ့ရောင်းလိုက်ရပြီ။ ဒါလည်း ငွေကမလောက်။ ပြန်ဆပ်ဖို့ အကြွေးက သိန်းပေါင်းရာ ထောင်ချီ ... ကျန်သေး၏။

ဒေါ်စောခင် ဘယ်ပြေးရမည်နည်း။ ယောကျ်ားကလည်းပုန်း၊ သားနှစ်ယောက်နှင့် ချွေးမ၊ မြေးတွေ ဘယ်ဆီပြေး။ သူတစ်ယောက်တည်း ကလယ်ကလယ် ကယ်သူဝေးလေပြီ။

ဤနေရာတွင် မိမိအတွေးတစ်ခု ဝင်ပါသည်။ ဒေါ်စောခင်သည် ကိုယ့်သူမျိုးကို လက်ထပ်ခဲ့မယ်ဆိုလျှင် ယခု ... လောကဆက်နွယ်သောပြဿနာမှာ ... လည်အောင် ဖြေရှင်းနိုင်မှာသေချာ၏။ သူ့ယောကျ်ား၊ သူ့သား၊ သူ့ချွေးမအားလုံးအပေါ် သူဩဇာညောင်းမည်။ သူပြောတိုင်းပြီးစီးမည်။ ဒီထက်စီးပွားတက်ဖို့ရာသာရှိမည်။

ယခုလို ဒုက္ခမျိုးကြုံခဲ့လျှင်ပင် သူ့ယောကျ်ား၊ သူ့သား၊ သူ့ချွေးမတွေ၊ သူ့မြေးတွေ သူ့အား အနီးကပ် ဖေးမကူညီမည်။ အားပေးမည်။ စောင့်ရှောက်မည်။ ဘာသာခြားအပေါ် ငွေကြောင့် လောဘ ရမ္မက်အားကောင်းစွာ ခြေစုံတိုးခဲ့မိသော အမှားသည် ယခုလက်ရှိဘဝမှာ အကျိုးစပေးလေပြီ။

ဗုဒ္ဓဘာသာအပေါ် မည်မျှအပြစ်တွေကျူးမိလေမလဲ။ ပြောလျှင် အောင်မင်းလွန်ရာကျပေမည်။ ကာယကံရှင် အသိဆုံးဖြစ်ပေမည်။

အစ်မကြီးပြောတဲ့ ဤအကြောင်းများ သတိပေါ်၍ စောင့်ရှောက်သူတို့ထံ မေတ္တာရပ်မိလိုက်၏။ သန်းခေါင်ယံ မိမိအိပ်မက်မက်လေ၏။ ယခုကိုင်းတန်းဈေးသည် ရှေးယခင်က လူနေရပ်ကွက်မရှိပေ။ ထိုနေရာတွင် ဇရပ်ကြီးတစ်ဆောင်၊ ရေကန်တစ်ကန်နှင့်ထိုအုတ်ရေတွင်းလေးရှိ၏။ အနီးအနားတွင် ကြီးမားသော မန်ကျည်းပင်ကြီးများနှင့် ဘုရားစေတီငယ်များစွာရှိလေ၏။ တစ်ဆူမှာ ဉာဏ်တော်အတော်မြင့်လေ၏။

အများနားခိုနိုင်သော ဇရပ်နှင့် သောက်သုံးသုံးရေ အသင့်သုံးနိုင်ရန် ရှေးဘုရင်များတည်ခဲ့သည်ဟုထင်မိလေ၏။ ရှေးမြန်မာဘုရင်တို့သည် ဘုရားတည်၊ ကျောင်းကန်ဇရပ်ဆောက်လုပ်လှူဒါန်းသည့်အခါ အရှည်တည်တံ့လိုသည့်အတွက် အစောင့်အရှောက်များမင်းအာဏာဖြင့်ထားလေ့ရှိ၏။ ရတနာပုံခေတ်ထက်စောသည်ထင်မိ၏။

ထိုရေတွင်းလေးသည် ယခင်က ဘိလပ်အချောမပါပေ။ အုတ်ခဲတစ်မျိုးတည်းစီထားသော အုတ်ရေတွင်းနိမ့်နိမ့်လေးဖြစ်၏။ လူပုလေး (၅) ယောက်မှာ ဥစ္စာစောင့်များဖြစ်လေ၏။ ရေတွင်း၏အောက်ကြမ်းပြင်တွင် နှစ်တောင်ခန့်အထုရှိသော ရွှေဒင်္ဂါးပြားများသည် အရောင်တလက်လက်တောက်ပနေတော့၏။

စိုးမင်း(မြောက်စည်း-ရွှေသစ်)



www.burmeseclassic.com

www.burmeseclassic.com

နတ်တို့စံပျော်ရာ အိုအေစစ်သည်ကား ပုပ္ပားတောင်ကလပ်ပင် ဖြစ်ပါ၏။ ထိုပုပ္ပားတောင်ကလပ်ကို အမည်အမျိုးမျိုးဖြင့် ခေါ်တွင်ခဲ့ကြ၏။

က။ တောင်ကလပ်
ခ။ နဂါးရစ်တောင်
ဂ။ ပန်းပေးတောင်
ဃ။ ဘဇဂါမ်တောင်
င။ ဝဏ္ဏယက္ခတောင်
စ။ ဝိဇ္ဇာဓရတောင်

တို့ ဖြစ်ကြပါသည်။



**က။ တောင်ကလပ်**

ကလပ်ပုံသဏ္ဌာန်ရှိသောတောင်ကြီးဖြစ်သဖြင့် တောင်ကလပ်ဟုခေါ်ဆိုကြသည် ဆို၏။ အချို့သော မှတ်သားချက်များ၌မူ ကလပ်ဟူသည် ကလာပမှ ဆင်းသက်လာခြင်းဖြစ်ပြီး အစုအဝေးဟု အနက်ရကြောင်း တောင်ကလပ်ပတ်လည်ရှိ ဂူ (၁၀) လုံးတွင် ဝိဇ္ဇာဓိုရ်များ စုဝေးနေထိုင်ကြသဖြင့် ယင်းသို့ခေါ်ခြင်း ဖြစ်ကြောင်း တွေ့ရှိရ၏။

အချို့ကလည်း လောကီကျေးဇူး၊ လောကုတ္တရာကျေးဇူးတို့ကို ဆည်းပူးရန် လျောက်ပတ်သောနေရာဖြစ်သောကြောင့် လူ၊နတ်၊ပြဟ္မာတို့ ချဉ်းကပ်စုရုံးကြသဖြင့် ယင်းသို့ တောင်ကလပ်ဟု ခေါ်ဆိုကြောင်းမှတ်ယူကြ၏။ ကလပ်ပုံသဏ္ဌာန်ရှိသောတောင်ဖြစ်သဖြင့် တောင်ကလပ်ဟုခေါ်ဆိုကြခြင်းက များစွာသဘာဝကျလှပေသည်။

**(ခ) နဂါးရစ်တောင်**

ရှေးစာဟောင်းများ၌ ပုပ္ပားတောင်ကလပ်ကို နဂါးရစ်တောင် ဟူ၍ ခေါ်ဝေါ်ကြသည်ကိုလည်း တွေ့ရှိရ၏။ ပုဂံဘုရင် ပျူစောထီးက အရိမဒ္ဒနာကို တည်ထောင်မင်းပြုစဉ် ပုပ္ပားသို့ချီတက်ကြွရောက်ကာ ပုပ္ပားတောင်ရှိ နတ်အပေါင်းတို့အား ခုနှစ်ရက်တိုင်တိုင် ဗလိနတ်စာကျွေးခဲ့သည် ဆို၏။ ထိုအခါ တောတောင်ရှိနတ်တို့က ကောင်းချီးသြဘာပေးကြသကဲ့သို့ နဂါးတို့ကလည်း မြူးထူးပျော်ရွှင်ကြကာ တောင်ကလပ်ကြီးအား ရစ်ပတ်လှည့်လည်ခဲ့ကြသည် ဆို၏။ သို့ဖြင့် နဂါးရစ်တောင်ဟူသော အခေါ်အဝေါ် တစ်ရပ်ပေါ်ပေါက်လာပါသည်။

စင်စစ်အားဖြင့် ပုပ္ပားတောင်ကလပ်မှာ မြင့်မားလှသည့်အလျောက် တစ်ခါတစ်ရံ တောင်ခိုးတောင်ငွေ့မြူမှုန်များ တောင်ခုလတ်၌ မြွေနဂါးကြီးများ ရစ်ပတ်နေသကဲ့သို့ တွေ့ရတတ်၏။ ဤသည်ကိုရည်၍လည်း နဂါးရစ်တောင်ဟု အမည်မှည့်ခေါ်ခဲ့ကြသည်ကိုဆိုပါသည်။

**(ဂ) ပန်းပေးတောင်**

ပန်းပေးတောင်အမည်က ရာဇဝင်ဇာတ်လမ်းတစ်ပုဒ်နှင့် ဆက်စပ်နေ၏။ ပုဂံဘုရင် အနော်ရထာမင်းလက်ထက်တွင် ပန်းတော်ဆက်အဖြစ် ခန့်အပ်ခံရသူ ခြေလျင်တော် ဗျတ္တအား ပန်းစားဘီလူးမ မယ်ဝဏ္ဏက ကူညီပန်းခူးပေးရာ တောင်ဖြစ်သဖြင့် ယင်းသို့ခေါ်ဆိုကြကြောင်း အဆိုရှိပါသည်။

**(ဃ) ဘဇဂါမ်တောင်**

ဤအမည်က ပုပ္ပားတောင်ကလပ်ကိုခေါ်သည့် ရှေးအကျဆုံးအဖြစ်ဖြစ်ကြောင်းဆိုကြ၏။ ဘဇဂါမ်သည် ဘဇဂါမ ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာဟန်ရှိသည် ဘဇဟူသည် ဆည်းကပ်မှီဝဲခြင်းဖြစ်ပြီး ဂါမမှာမူ ရွာ ဟူ၍ ပါဠိဘာသာအရ အဓိပ္ပာယ်ရ၏။ ထို့ကြောင့် ဘဇဂါမ်ကို ဆည်းကပ်မှီဝဲရာရွာ ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပုပ္ပားတောင်ကို ရှေးခေတ်အခါက လူအများမှ နတ်တောင်ကြီးအဖြစ်မှတ်ယူကြပြီး ကိုးကွယ်ဆည်းကပ်ခဲ့ကြရာ တောင်ကြီး၏အမည်ကိုလည်း ဘဇဂါမ် ဟု ခေါ်ဆိုခဲ့ကြဟန်တူပါသည်။

**(c) ဝဏ္ဏယက္ခတောင်**

ဝဏ္ဏယက္ခတောင်ဟူသောအမည်မှာလည်း ပုပ္ပားသူ မယ်ဝဏ္ဏ၏ ဇာတ်ကြောင်းနှင့်ဆက်စပ်လျက်ရှိ၏။ ဘီလူးမ မယ်ဝဏ္ဏနေထိုင်ရာတောင်ဖြစ်သဖြင့် ဝဏ္ဏယက္ခတောင်ဟု ခေါ်ဆိုကြခြင်းဖြစ်ပေသည်။

**(စ) ဝိဇ္ဇာဓရတောင်**

ပုပ္ပားတောင်ကို ရှေးခေတ်အခါကပင် ဝိဇ္ဇာ၊ ဇော်ဂျီများ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များနေထိုင်ရာဌာနအဖြစ် မှတ်ယူကြ၏။ သို့ကြောင့်လည်း ပုပ္ပားတောင်ကလပ်၏ အမည်များထဲတွင် ဝိဇ္ဇာဓရ ဟူသောအမည်ကို တွေ့ရှိရခြင်းဖြစ်ပေသည်။

ထိုထိုအမည်များရှိခဲ့သော ပုပ္ပားတောင်ကလပ်တွင် ပုပ္ပား ဟူသောအမည်နာမကလည်း စိတ်ဝင်စားစရာပင်။ ပုပ္ပား ဟူသည် ပါဠိဘာသာ 'ပုပ္ဖ' ဟူသော ဝေါရဟာမှ ဆင်းသက်လာပြီး ပန်းဟူ၍ အဓိပ္ပာယ်ရကြောင်း အဆိုတစ်ရပ်ကဆို၏။

အခြားအဆိုတစ်ရပ်ကမူ ပါဠိဘာသာ ပုဗ္ဗမှဆင်းသက်လာပြီး အရှေ့အရပ်ဟု အဓိပ္ပာယ်ရကြောင်း ဖော်ညွှန်းကြ၏။ ပုဂံမင်းနေပြည်တော်၏ အရှေ့ဘက်တွင်တည်ရှိသောတောင်ဖြစ်သဖြင့် ပုဗ္ဗတောင်ဟု ခေါ်ဆိုကြရာမှ ပုပ္ပား



# ကိုရွှေမြသန်း (သမိုင်း)

## နတ်ကိုးကွယ်မှုအစ နတ်တို့စံပျော်ရာ အိုအေစစ်မှ

www.burmeseclassic.com

www.burmeseclassic.com

တောင်ဖြစ်လာသည်ဆို၏။

ပုပ္ပား ဟူသည် ပါဠိဘာသာ ပုပ္ဖ (ပန်း) ဟူသောဝေါဟာရမှ ဆင်းသက်လာကြောင်းအဆိုကသာလျှင် သဘာဝကျပါသည်။ ပုပ္ပားတောင်တစ်ဝိုက်တွင် ပန်းမျိုးစုံလင်စွာ ပေါက်ရောက်နေသည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်။ ဓာတုပဋိသန္ဓာရကျမ်းနိဒါန်း၌ ပုပ္ဖာဝနပဗ္ဗတာ (ပန်းတောတောင်) ဟု ဖော်ပြထားသည်ကိုလည်း သတိပြုသင့်ပါသည်။ ရှေးစာဟောင်းတို့တွင်လည်း 'ပုပ္ဖပသဝေတိ ဇနေတီတိပုပ္ပား' ဟု အဆိုရှိပါသည်။

**ယောပဗ္ဗတော** - အကြင်တောင်သည်၊ **ပုပ္ဖ** - ပန်းကို၊ **ပသဝေတိ ဇနေတိ**- ဖြစ်စေတတ်၏။ **ဣတိတသ္မာ**- ထို့ကြောင့်၊ **သော ပဗ္ဗတော**- ထိုတောင်သည်၊ **ပုပ္ပား**- ပုပ္ပားမည်၏ဟု တွေ့ရှိရပါသည်။

ပုပ္ပားတောင်ဝန်းကျင်တွင် ပုပ္ဖ ဟူသော အမည်နာမနှင့် ညီညွတ်စွာပင် ရာသီအလိုက် ပန်းပေါင်းဝေဆာဖူးပွင့်နေကြသည်မှာ စိတ်ဘဝင်ချမ်းမြေ့ကြည်နူးဖွယ်ရာဖြစ်ပါသည်။ ပုပ္ပားနယ်မြေသည် ပူပြင်းခြောက်သွေ့နေသောဒေသ၌ တည်ရှိသော်လည်း စိမ့်စမ်းရေတံခွန်တို့ အမြဲထာဝရ စိမ်းလန်းစိုပြည်နေ၏။ ပုပ္ပားနယ်မြေကား အပူပိုင်းဒေသ၏ အိုအေစစ်ပင်ဖြစ်ပါသည်။

ထိုအိုအေစစ်၌ နတ်ကိုးကွယ်မှုအစ စံပျော်ခဲ့သည့်နတ်တို့သည်ကား။

❑

ပုပ္ပားတောင်ကြီးကို နတ်တို့စံပျော်ရာ နတ်တောင်ကြီးအဖြစ်ခေါ်ဝေါ်ကြ၏။ အနောက်တိုင်းသားအချို့ကလည်း ပုံပြင်ဒဏ္ဍာရီလာအိုလံပတ်စ်တောင်ကြီးဟု တင်စားခေါ်ဆိုကြ၏။ ပုပ္ပားတောင်ဒေသတွင် မည်သည့်အချိန်ကာလကတည်းက နတ်ကိုးကွယ်မှုစတင်ခဲ့ခြင်းနှင့်ပတ်သက်၍လည်း အယူအဆအမှတ်အသားကွဲလွဲမှုရှိနေပါသည်။ မြန်မာရာဇဝင်ကျမ်းအချို့၌ ပုဂံခေတ်ဦးကာလ သမုဒ္ဒရာဇ်မင်းလက်ထက်၊ အချို့က ပျူစောထီးမင်းလက်ထက်၊ အများစုကတော့ သေလည်ကြောင်မင်းလက်ထက်တွင် စတင်ခဲ့ကြောင်းဆိုပါသည်။

ရာဇဝင်ကျမ်းအများစု အဆိုအရမူ သေလည်ကြောင်မင်း (ခရစ်နှစ် ၃၄၄-၃၈၇) လက်ထက်တွင် တကောင်းမြို့မှ မျောပါလာသည့် စံကားတုံးအား နတ်မောင်နှမထုလုပ်ကာ ခရစ်နှစ် ၃၅၂ ခုနှစ်တွင် ပုပ္ပားသို့ပို့ဆောင် နတ်နန်းတည်ဆောက်ပေးခြင်းဖြင့် ပုပ္ပားဒေသတွင် နတ်ကိုးကွယ်ယုံကြည်မှုစတင်ခဲ့ကြောင်း သိရှိရ၏။ သို့သော် ယင်းမှတ်တမ်းများသည်ကား ပုဂံခေတ်ဦးကာလ ပုံပြင်ဒဏ္ဍာရီနှင့်ရောပြွမ်းလျက်ရှိသည့်အားလျော်စွာ မည်မျှမှန်ကန်ခိုင်မာမှုရှိသည်ကို မှန်းဆ၍မရနိုင်ပေ။

ဘူမိဗေဒမှတ်တမ်းများအရဆိုပါမူ ပုပ္ပားတောင်ဒေသသည် ကျောက်ခေတ်သစ်မလေ့ထွန်းကားခဲ့ရာနယ်မြေ ဖြစ်ပါသည်။ ယင်းဒေသသည် ကျောက်ခေတ်ဦးအညာသားမလေ့ထွန်းကားရာ ချောက်၊ ရေနံချောင်း စသည့်မလေ့များနှင့်လည်း တစ်ဆက်စပ်တည်း တည်ရှိ၏။ ပုပ္ပားတောင်၏အနောက်ဘက် (၁၅) မိုင်ခန့်အကွာ ဧရာဝတီမြစ်ကမ်းဘေးဒေသတွင် လက်ပံခြေပေါ် အမည်ရှိ ရွာတစ်ရွာတည်ရှိပါသည်။ ၎င်းရွာသည်ကား ရှေးဟောင်းသုတေသနဌာန၏ တူးဖော်လေ့လာချက်အရ ကျောက်ခေတ်သစ်ရွာတစ်ရွာဖြစ်သည် ဆို၏။

သို့ဖြစ်၍ အမဲလိုက်လုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို တစ်ပြိုင်နက်လုပ်ကိုင်ခဲ့ကြပေလိမ့်မည်။' ထိုခေတ်အခါကပင် သီးနှံသားငါးပေါများရေးအတွက် ထိုအရပ်၌နေထိုင်ကြသူတို့က ပုပ္ပားတောင်ကြီးကို နတ်တောင်သဖွယ် အားထားကိုးကွယ်နေကြပြီဟု ယုံကြည်ရ၏။

အမဲလိုက်လုပ်ငန်းကို လုပ်ကိုင်ကြသူမုဆိုးများအတွက် သားကောင်ရရှိဖို့ရာ ဤပုပ္ပားတောင်ကြီးကို တိုင်တည်ကိုးကွယ်ကြပေမည်။ အလားတူစွာပင် စိုက်ပျိုးရေးအတွက် မရှိမဖြစ်လိုအပ်သော မိုးရွာသွန်းစေရေးအတွက်လည်း လယ်ယာစိုက်ပျိုးသူတို့က တောင်ကြီးအား နတ်တောင်အဖြစ် အားကိုးတကြီးကိုးကွယ်ဆုတောင်းကြပေလိမ့်မည်။

ထို့ကြောင့် ပုပ္ပားဒေသ၏နတ်ကိုးကွယ်ယုံကြည်မှုအစကို ကျောက်ခေတ်သစ်ကာလ (လွန်ခဲ့သော နှစ်ပေါင်းခုနစ်ထောင်ဝန်းကျင်) ဟူ၍ မှန်းဆမှတ်ယူနိုင်လိမ့်မည်ထင်ပါသည်။ ယင်းတောင်မှ စတင်အခြေတည်ခဲ့သည့်ကျောက်ခေတ်လူသားတို့သည် ပုပ္ပားနတ်တောင်ကြီးကို အစဉ်အဆက် ဆက်လက်ကိုးကွယ်လာခဲ့ကြပေလိမ့်မည်။ ယနေ့တိုင်လည်း ပုပ္ပားဒေသတွင် နတ်ကိုးကွယ်နေဆဲ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကိုးကွယ်နေဆဲနတ်တို့၏ရာဇဝင်အကျဉ်းမှာ -

**၁။ မဟာဂီရိနတ်မောင်နှမ**

ပုပ္ပားဒေသ၏ အဦးဆုံးနတ်မှာ ပန်းပဲမောင်တင့်တယ်တို့နတ်မောင်နှမဖြစ်သည်။ ယင်းနတ်မောင်နှမကို ပုဂံခေတ်ဦးကာလ ဘုရင်များကပင် အသိအမှတ်ပြုကြရသည်ဆို၏။ ပျူစောထီးမင်းလက်ထက်မှစ၍ ပုဂံမင်းများ နှစ်စဉ်ပုပ္ပားတောင်ပေါ်သို့ သွားရောက်ကြပါသည် ဆို၏။

မဟာဂီရိနတ်မောင်နှမဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ အမျိုးသားပညာဝန်ဦးဖိုးကျားက အောက်ပါအတိုင်း တင်ပြရေးသားခဲ့ဖူးပါသည်။

အထက် တကောင်းမြို့နေ ပန်းပဲမောင်တင့်တယ်သည် ခွန်အားကြီးမားသန်စွမ်းလှသည်ကို တကောင်းမင်းကကြောက်လန့်စိုးရိမ်သည်နှင့် ဖမ်းဆီးစဉ်ထွက်ပြေးလေရာ မောင်တင့်တယ်၏နှမကို မိဖုရားမြှောက်ပြီး မောင်တင့်တယ်ကိုမြို့သူကြီးခန့်မည်ဟု ထိုမိဖုရားအားဖြားယောင်းခေါ်ယူစေပြီးလျှင် ဖမ်းဆီးကာ စံကားပင်တွင်ချည်၍ ဖိုကျင်ထိုးသတ်လေရာ မိဖုရားကလည်း ငါ့မောင်ငါ့ကြောင့်သေရသည်ဟု မီးပုံတွင်ပင်ခုန်ဆင်းရာ သေသည်နှင့် နတ်မောင်နှမဖြစ်သည်ဆိုသည်။

၎င်းတို့သည် ထိုစံကားပင်တွင်နေကြ၍ ဖမ်းစားလှသဖြင့် စံကားပင်တူးနုတ်ပြီးလျှင် ဧရာဝတီမြစ်သို့မျှောလိုက်ရာ ပုဂံမြို့သို့ရောက်ရှိကာ သေလည်ကြောင့်မင်းက ဆယ်ယူ၍ စံကားတုံးကိုနတ်မောင်နှမပြုလုပ်၍ ပုပ္ပားတောင်တွင် နတ်ကွန်းနှင့်ထားလေသည်ဟူ၍ ဖြစ်သည်။

မဟာဂီရိနတ်မောင်နှမအကြောင်းမှတ်သားချက်များကို ညောင်ရမ်းခေတ်ရာဇဝင်ကျမ်းပြုပုဂ္ဂိုလ် ဦးကုလား၏ မဟာရာဇဝင်တော်ကြီးတွင် စတင်တွေ့ရှိရသည်။ ထို့နောက် ဘိုးတော်ဘုရားလက်ထက် စစ်တမ်းများကောက်ယူချိန်တွင် နတ်စစ်တမ်းများကို နတ်ထိန်းတို့က ဆက်သွင်းခဲ့ကြရာ မဟာဂီရိနတ်စစ်တမ်းမှာလည်း ရှေ့ဆုံးမှပါဝင်လာခဲ့လေသည်။ ၁၈-ဖေဖော်ဝါရီ-၁၈၅၇ ခုနှစ်တွင်လည်း နတ်အုပ်ကဝိဒေဝကျော်သူ(အသက် ၈၀ နှစ်)၊ နတ်စာရေး ဒေဝရွှေတောင်ကျော် (၃၀နှစ်) နှင့် နတ်ဆော်ဒေဝပျံချီ(၄၀နှစ်) တို့က လွှတ်တော်အရာရှိများထံ မဟာဂီရိနတ်မောင်နှမစစ်တမ်းကို ဆက်သွင်း

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြရပြန်ပါသည်။

ငင်းစစ်တမ်း၌ တကောင်းမြို့နေ ပန်းပဲလုပ်ငန်းလုပ်ကိုင်သူ မောင်တင့်တယ်မှာ ဦးတင့်တော်၏သားဖြစ်ပြီး နှမဖြစ်သူ၏အမည်မှာ စောမယ်ရာဖြစ်ကြောင်း၊ နတ်ကွန်းတည်ဆောက်ပုံ၊ ပူဇော်ပသပုံများနှင့်တကွ ဖော်ပြပါရှိ၏။ နန်းတွင်း၌ ပူဇော်ပသပွဲများကို နှစ်စဉ် သကြံန်အတက်နေ့တွင်လည်းကောင်း၊ တပေါင်းလအတွင်းတွင် လည်းကောင်း ကျင်းပဆင်ယင်လေ့ရှိ၏။ ထို့ပြင် ဘုရင်မင်းမြတ်အိမ်တက်မင်္ဂလာခံယူစဉ် မည်သို့မည်ပုံပသကြရမည်ဆိုခြင်းကိုလည်း စစ်တမ်း၌တွေ့ရှိရလေသည်။ ထူးခြားသည်မှာ ယင်းစစ်တမ်းကို ကခုန်သည့် နတ်ထိန်းနတ်နေတို့အား မဟာဂီရိနတ်ပူးကပ်၍ ထွက်ဆိုခြင်းဖြစ်ကြောင်း ဖော်ပြထားခြင်းဖြစ်သည်။

မည်သို့ဆိုစေကာမူ မင်းမဟာဂီရိနတ်မောင်နှမသည်ကား ယနေ့တိုင် မြန်မာ့နတ်လောကတွင် အရေးပါဆုံးနတ်များဖြစ်နေဆဲ ဖြစ်သည်။ အထူးသဖြင့် ကျေးလက်တောရွာများတွင် အိမ်စောင့်နတ်အဖြစ် ထားရှိပူဇော်ပသကြလေသည်။ မဟာဂီရိ၏ မူလအဓိပ္ပာယ်မှာ တောင်ကြီးဟူ၍သာ ဖြစ်ပါသည်။ ပုပ္ပားတောင်ကြီးရှိ နတ်ကွန်း၌စံနေတော်မူသော နတ်မောင်နှမအား မဟာဂီရိဟု ပါဠိဘာသာဖြင့် တွဲဖက်ခေါ်ကြသည်။

## ၂။ ရွှေဖျဉ်းညီနောင်

ရွှေဖျဉ်းညီနောင်နတ်တို့ကား ပုဂံဘုရင်အနော်ရထာမင်း (၁၀၄၄-၁၀၇၇) လက်ထက်တွင်စတင်ပေါ်ပေါက်ခဲ့ကြခြင်းဖြစ်သည်။ ရွှေဖျဉ်းညီနောင်အကြောင်းကို မြန်မာရာဇဝင်ကျမ်းအတော်များများတွင် တွေ့ရှိကြရသည်။ ဇာတ်လမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သထုံဘုရင်လက်ထက် လွန်ခဲ့သည့်နှစ်ပေါင်း (၁၀၀၀) ကျော်အချိန်က ရဟန်းတစ်ပါးသည် မြစ်တွင်း၌ရေချိုးနေစဉ် ဗျပ်တစ်ချပ်ရေတွင်မျောပါလာသည်ကို တွေ့ရှိရ၏။ ဗျပ် ဟူသည် သစ်သားလင်ပန်းကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ဗျပ်သည် ရဟန်းတော်အနီးသို့ရောက်၍ ကြည့်ရှုလိုက်သောအခါ ဗျပ်ထက်တွင် အိန္ဒိယနွယ်ဖွား ကလေးငယ်နှစ်ဦးကို တွေ့ရှိရလေသည်။ ရဟန်းတော်သည် ကလေးငယ်နှစ်ဦးအား ကျောင်းသင်္ခမ်းသို့ ခေါ်ဆောင်သွားလေသည်။

ထို့နောက် ရဟန်းတော်သည် ကလေးအကြီးအား ဗျတ်ဝိ (ဗျတ်ထွေး) ကလေးအငယ်အား ဗျတ္တဟု အမည်ပေးလျက် ကောင်းစွာ ကျွေးမွေးပြုစုစောင့်ရှောက်ထား၏။ ကလေးငယ်များအရွယ်ရောက်ချိန်တွင် ရဟန်းတော်ကြွရောက်ရာ တောလမ်းခရီးသို့ လိုက်ပါသွားလေ့ရှိပါသည်။ တစ်ကြိမ်တွင် တောလမ်းခရီးသွားရင်း ဝိဇ္ဇာအလောင်း (ဇော်ဂျီဖိုလ်ဝင်) ကို တွေ့ရှိခဲ့သည်။ ထိုအခါ ဆရာတော်က ကျောင်းသင်္ခမ်းသို့ယူဆောင်သွားရန် ညွှန်ကြားပေးလျက် ခရီးဆက်ခဲ့လေသည်။

ဆရာတော်ခရီးမှအပြန် ကျောင်းသင်္ခမ်းသို့ရောက်ရှိချိန်တွင် ဇော်ဂျီဖိုလ်ဝင်သားမှာ မရှိတော့ပေ။ ဗျတ်ဝိ၊ ဗျတ္တညီအစ်ကိုတို့ ချက်ပြုတ်စားသောက်ပြီးလေပြီ။ ဆရာတော်သည် ဗျတ်ဝိ၊ ဗျတ္တညီနောင် ဇော်ဂျီဖိုလ်ဝင်သားကိုစားလိုက်ကြပြီမို့ သိဒ္ဓိပေါက်မြောက်သွားပြီ ဖြစ်ကြောင်းသိရှိရသည်နှင့် အဲဖြစ်အပျက်အလုံးစုံကို သထုံဘုရင်ထံမိန့်ကြားသိစေလေ၏။ ထိုအခါ သထုံဘုရင်အမိန့်တော်ဖြင့် ဗျတ်ဝိ၊ ဗျတ္တညီနောင်တို့ကိုလိုက်လံဖမ်းဆီးစေတော့သည်။အစ်ကိုကြီးဖြစ်သူ ဗျတ်ဝိမှာ သထုံဘုရင်၏ဖမ်းဆီးမှုကိုခံရကာ ကွပ်မျက်ခံခဲ့ရ၏။ ညီငယ်ဗျတ္တမှာမူ ထွက်ပြေးလွတ်မြောက်သွားသည်။

ဗျတ္တသည် သထုံမှထွက်ပြေးလေရာ ပုဂံပြည်သို့ရောက်ရှိလာခဲ့သည်။ဗျတ္တ ပုဂံတွင် အနော်ရထာမင်းထံ အမှုထမ်း၏။ သူသည် ဇော်ဂျီဖိုလ်ဝင်သားစားထားသူဖြစ်သဖြင့် ကာယသိဒ္ဓိပြီးမြောက်နေသည်။ သို့ဖြင့် အနော်ရထာမင်းက ခန့်ထားသော ပန်းတော်ဆက်ရာထူးကို စွမ်းစွမ်းတမံထမ်းဆောင်နိုင်ခဲ့လေသည်။ ဗျတ္တသည် နေ့စဉ် ပုပ္ပားတောင်သို့ ပန်းခူးရန်သွားရောက်ရ၏။ ပုဂံနှင့် ပုပ္ပားမှာ သာမန်လူတစ်ယောက်အဖို့ ခုနစ်ရက်ခရီးဖြစ်သော်လည်း ဗျတ္တအဖို့ ဇော်ဂျီဖိုလ်ဝင်သားစားထားသောကြောင့်သာ သိဒ္ဓိမြောက်ပြီး နေ့စဉ်သွားရောက်နိုင်ခြင်း ဖြစ်လေသည်။

ဗျတ္တသည် ပုပ္ပားတောင်ပေါ်တွင် ပန်းရှာခူးရာမှ လှပချောမောသည့် ပန်းစားဘီလူးမ မယ်ဝဏ္ဏာနှင့် တွေ့ဆုံခဲ့သည်။ ဗျတ္တနှင့် မယ်ဝဏ္ဏာတို့ ယင်းတို့တွေ့ဆုံကြရာမှ တစ်ဦးနှင့်တစ်ဦးရည်ငံမိကြသည်။ ထို့နောက် များမကြာမီ သားငယ်နှစ်ဦးပင် ထွန်းကားခဲ့သည်။ တစ်နေ့တွင် ဗျတ္တသည် နန်းတော်သို့အခစားဝင်ရန် နောက်ကျခဲ့ရာမှ မင်းပြစ်မင်းဒဏ်သင့်၍ ကွပ်မျက်စီရင်ရန် အမိန့်ထုတ်ပြန်ခြင်းခံခဲ့ရလေသည်။ ဗျတ္တသည် မိမိအား မကွပ်မျက်မီ အခွင့်အရေးတစ်ခုပေးအပ်ရန် အနော်ရထာမင်းထံ တောင်းခံခဲ့သည်။ မိမိတွင် သားငယ်နှစ်ဦးရှိရာ ၎င်းတို့အား ကျွေးမွေးပြုစုစောင့်ရှောက်ပေးရန် ပန်ကြားခဲ့ခြင်း ဖြစ်သည်။

ပုပ္ပားရှိ မယ်ဝဏ္ဏာသည် အဖြစ်အပျက်အလုံးစုံကို ကြားသိရသောအခါ မိမိသားငယ်နှစ်ဦးကို ဖျဉ်းများတွင်ထည့်ကာ မြစ်ကြောင်းမှမျှောချလိုက်၏။ ဖျဉ်းနှစ်ခုသည် ပုဂံဆိပ်ကမ်းသို့ကပ်ရောက်လာလျှင် အနော်ရထာမင်းက ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်ဟု အမည်ပေးလျက် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့လေသည်။ ကလေးငယ်နှစ်ဦးမှာလည်း ဗျတ္တ၏သားများဖြစ်သည့်အလျောက် ရဲစွမ်းသတ္တိနှင့်ပြည့်စုံကာ ပုဂံဘုရင်၏အရေးပေးခြင်းကိုခံကြရလေသည်။

၁၆-ဒီဇင်ဘာ-၁၀၅၇ ခုနှစ်တွင် အနော်ရထာမင်းသည် တရုတ်ပြည်သို့ ဦးတည်ချီတက်သွား၏။ မူလရည်ရွယ်ချက်မှာ ဗုဒ္ဓစွယ်တော်ကို ပင့်ဆောင်ရန်ဖြစ်ပါသည်။ သို့သော် အဆင်မပြေခဲ့။ အနော်ရထာမင်းသည် ယင်းတရုတ်ပြည်သိမ်းတိုက်ပွဲတွင် ရွှေဖျဉ်းညီနောင်တို့၏ အကူအညီကို များစွာရယူခဲ့ရသည်။ တရုတ်ပြည်မှအပြန်တွင် မြန်မာတပ်များ မတ္တရာမြို့ တောင်ပြုံးအရပ်၌ ဆုတောင်းပြည့်စေတီတော်တည်ခဲ့ကြ၏။ ယင်းစေတီတော်၌ ဘုရင်နှင့်မင်းမှုထမ်းများ ကုသိုလ်ပါဝင်ခဲ့ကြသည်။ သို့သော် ရွှေဖျဉ်းညီနောင်အားအလေးပေးမှုပေါ် နန်းတွင်းအမှုထမ်းအားလုံးက မကြည်ဖြူကြ။

နောက်ဆုံး မင်းမှုထမ်းအများ၏ ကုန်းချောစကားအရ ရွှေဖျဉ်းညီနောင်တို့ စီရင်ကွပ်မျက်ခံခဲ့ရသည်။ သို့ဖြင့် ဆုတောင်းပြည့်စေတီတည်ရာ၌ အုတ်နှစ်ချပ်လပ်နေခဲ့ရသည်ဟုဆို၏။ ရွှေဖျဉ်းညီနောင်တို့ကို စီရင်ကွပ်မျက်ရသည်မှာ လွယ်ကူလှသည်တော့မဟုတ်။ တန်ခိုးသိဒ္ဓိရှင်များဖြစ်ကြသည့်အားလျော်စွာပင် ကိုယ်ယောင်ဖျောက်ရှောင်တိမ်းနိုင်ခဲ့ကြသည်ဆို၏။ နောက်ဆုံး ဖမ်းဆီးရမိ၍ ညီနောင်နှစ်ပါးကို ကြိုးဖြင့်တုပ်နှောင်ကာ ဝါးရင်းတုတ်ဖြင့် ရိုက်နှက်ကွပ်မျက်ခဲ့ရသည်ဆို၏။

ရွှေဖျဉ်းညီနောင်တို့အား စီရင်ကွပ်မျက်ပြီး အတန်ကြာအချိန်တွင် အနော်ရထာမင်းတိုင်းခန်းလှည့်လည်ရာမှအပြန် ဧရာဝတီမြစ်ကြောင်းတစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com

၌ ဖောင်တော်ရွှေလျားမရအဲ ရပ်တန့်သွားခဲ့၏။ ကျွမ်းကျင်သူနက္ခတ်ဗေဒင်ပညာရှင်များထံ မေးမြန်းကြည့်တော့ ဖော်တော်ရပ်တန့်ရခြင်းမှာ ရွှေဖျဉ်းညီနောင်တို့သည် အနော်ရထာမင်း၏ အမှုတော်ကို ထမ်းရွက်ခဲ့ရဖူးသော်လည်း ယခုအခါ နတ်များဖြစ်နေပြီး နေထိုင်စရာမရှိသောကြောင့် ဖောင်တော်ကိုရပ်တန့်စေခြင်းဖြစ်ကြောင်းလျှောက်ထားကြသည်။ သို့ဖြင့် အနော်ရထာမင်းက ဆုတောင်းပြည့်စေတီအနီး တောင်ပြုံးအရပ်တွင် နတ်နန်းဆောက်လုပ်နေထိုင်ခွင့်ပြုခဲ့သည်။

ရွှေဖျဉ်းညီနောင်သည်လည်း မဟာဂီရိနတ်မောင်နှမကဲ့သို့ပင် နတ်ကိုးကွယ်မှု၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့၏။ မင်းတုန်းမင်းတရား ၁၈၅၉ ခုနှစ်တွင် မန္တလေးမြို့ ရတနာပုံနေပြည်တော်ကြီးတည်ဆောက်ခဲ့စဉ်က ရွှေဖျဉ်းညီနောင်ကိုလည်း အရေးထားပူဇော်ပသခဲ့ကြောင်းတွေ့ရှိရသည်။ ထိုစဉ်က ပညာရှိပုဏ္ဏား ဂေါလစံ တင်ကြားပူဇော်ပသခဲ့သည့် ဂါထာပါဠိနိဿယတွင် -

- ကုမာရဂန္ဓ ဒေဝဘာတု၊
  ပိတာမာတာနိဘာကုလ။
  ဗလိဒေမ သင်္ဂဟဟတ္ထံ၊
  ရာဇံပါလ သဉာတကံ
  ဟူ၍ တွေ့ရှိရသည်။

အနက်အဓိပ္ပာယ်အားဖြင့် -

**ပိတာမာတာနိဘာကုလ** - အဘကုလားမျိုး အမိ ဘီလူးဖြစ်သော၊ **ဒေဝဘာတု** - နတ်ညီနောင်(ရွှေဖျဉ်းညီနောင်)တို့သည်၊ **ကုန္တဂန္ဓ** - ဤမြို့တော်တည်မည့်အရပ်သို့လာပါကုန်လော့။ **ဗလိ** - ဗလိနတ်စာကို၊ **သင်္ဂဟတ္ထံ** - ချီးမြှောက်ထောက်ပံ့ခြင်းငှာ၊ **ဒေမ** - ပေးကမ်းပါ၏။ **ရာဇံ** - မင်းတရားကြီးအား၊ **သဉာတကံ**- မိဖုရားသားတော်သမီးတော်ဆွေမျိုးတော်တို့နှင့်တကွ၊ **ပါလ** - စောင့်ရှောက်ပါစေသော် ဟူ၍ ဖြစ်ပါသည်။

ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားအနေဖြင့် ရွှေဖျဉ်းညီနောင်တို့အား အလေးဂရုပြုပသခဲ့ခြင်းမှာ များစွာစိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

**၃။ ပုပ္ပားမယ်တော်**

ပုပ္ပားမယ်တော်ကား ဗျတ္တ၏ဇနီး၊ ရွှေဖျဉ်းညီနောင်တို့၏မိခင် ဖြစ်သည်။ သူ့ကို ပန်းစားဘီလူးမဖြစ်ကြောင်း အဆိုရှိကြ၏။ ပုပ္ပားမယ်တော်၏ မူလနေထိုင်ရာအရပ်မှာ ပုပ္ပားတောင်ကြီးပင်ဖြစ်လေသည်။

ပုပ္ပားမယ်တော်၏ အမည်ကို မယ်ဝဏ္ဏာဟူ၍သိရှိရသည်။ ရွှေရောင်အဆင်းကဲ့သို့ လှပချောမောသူဟူ၍ အဓိပ္ပာယ်ရပါသည်။ မယ်ဝဏ္ဏာသည် ပုပ္ပားတောင်တွင် ကျင်လည်ကျက်စားနေသည့် ပန်းစားဘီလူးမ ဖြစ်သည်။ သူသည် ပုဂံမှပန်းခူးလာရောက်သည့် ပန်းဆက်အမှုထမ်းဗျတ္တနှင့် ဆုံတွေ့ရာမှ တစ်ဦးနှင့်တစ်ဦး မေတ္တာမျှသွားကြကာ သားရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်တို့ကို ဖွားမြင်ခဲ့ခြင်းဖြစ်သည်။

မယ်ဝဏ္ဏာသည် ခင်ပွန်းသည်ဗျတ္တ ရာဇဝတ်သင့်၍ စီရင်ကွပ်မျက်ခံရကြောင်းကြားသိရချိန်တွင် ရင်ကွဲနာကျ၍ ကွယ်လွန်သွား၏။ ထိုအခါမှစ၍ မယ်ဝဏ္ဏာနတ်ဖြစ်သွားသည်ဆို၏။ ယခုအခါ ပုပ္ပားတောင်တွင် ပုပ္ပားမယ်တော်နတ်နန်းကို တွေ့မြင်နိုင်ကြပေသည်။ ပုပ္ပားမယ်တော်သည် တောင်ပြုံးမင်းနှင့် ပုပ္ပားပွဲတော်ကျင်းပချိန်တွင် ပုပ္ပားမှ တောင်ပြုံးသို့ ကြွရောက်လေ့ရှိသည်ဆို၏။

**၄။ မယ်ခေမာနတ်**

မယ်ခေမာနတ်သည် ပုပ္ပားမယ်တော်နှင့်ဆိုင်သောနတ် ဖြစ်သည်။ မယ်ခေမာသည် ပုဂံမင်းနေပြည်တော်မှ ပုဏ္ဏားအမတ်တစ်ဦး၏သမီး ဖြစ်သည်ဆို၏။ ပုပ္ပားမယ်တော်၏ ချစ်ခင်မြတ်နိုးခြင်းခံရသူလည်း ဖြစ်ပါသည်။ သူ့ကို သခင်မသာနတ်ဟုလည်း ခေါ်ဆိုကြ၏။ ပုပ္ပားမယ်တော်သည် မယ်ခေမာအား ချစ်မြတ်နိုးလှသည့်အလျောက် လိပ်ပြာနုတ်ကာ မိမိအပါးသို့ ခေါ်ယူထားသည်ဟု ပြောစမှတ်ပြုကြလေ၏။

**၅။ တောင်တော်သခင်မ**

တောင်တော်သခင်မ၏အမည်ရင်းမှာ မမဦးဖြစ်ပါသည်။ တောင်တော်သခင်မနတ်မှာ တောင်ပြုံးမင်းနှစ်ပါးနှင့် သက်ဆိုင်သောနတ်ဖြစ်၏။ မမဦးသည် ပြင်ဦးလွင် (မေမြို့)နှင့် မတ္တရာအစပ်ရှိ သခင်မတောင်ခြေတွင် တည်ရှိသည့် အင်ကျယ်ရွာသူ ဖြစ်ပါသည်။ မမဦးက ချောမောလှပပြီး ရက်ကန်းရက်လည်း ကျွမ်းကျင်သည်။ သူသည် တစ်ကြိမ်တွင် တောင်ပြုံးရွာမှ ကိုရင်မောင်နှင့်ချစ်ကြိုက်ခဲ့မိ၏။ ထို့နောက် ကိုရင်မောင်နှင့် အိမ်ထောင်ပြုပြီး တောင်ပြုံးရွာသို့လိုက်နေသည်။

တစ်နေ့တွင် ကိုရင်မောင်အထက်ဘက်တောသို့ သစ်ခုတ်ဖောင်ဖွဲ့ရန်သွားရောက်လေသည်။ ထိုအခါ တောင်ပြုံးမင်းနှစ်ပါးအနက် ညီဖြစ်သူရွှေဖျဉ်းလေးက မမဦးအပေါ် ချစ်ရေးဆိုတော့၏။ မမဦးမှာ အလွန်ချောမောလှပ၍ ဖြစ်ဟန်တူ၏။ မမဦးသည် မိမိအနေဖြင့် ကိုရင်မောင်ရှိနေကြောင်း ပြောကြားရင်း ရွှေဖျဉ်းလေး၏ချစ်ရေးဆိုမှုကို ပယ်ဖျက်၏။ ထိုအခါ ရွှေဖျဉ်းလေးက မမဦးအား နတ်ကျားဖြင့်ကိုက်စေလေသည်။

နတ်ကျားသည် မမဦးအား သခင်မတောင်လျှိုတွင်းရှိ ကျားတွင်းသို့ဆောင်ယူသွား၏။ ယင်းသို့ ကျားဆွဲခံရချိန်တွင် မမဦး၏ခေါင်းထက်၌ သရဖီပန်းလေးများကို ပန်ဆင်ထားသည်ဆို၏။ ကျားတွင်းသို့ရောက်လျှင် ရွှေဖျဉ်းလေးက မမဦးအား ချစ်ရေးဆိုပြန်ပါသည်။ မမဦးမှာ မိမိခင်ပွန်း ကိုရင်မောင်ရှိသဖြင့် ကိုရင်မောင့်အပေါ် သာလျှင် သစ္စာရှိရမည်ဖြစ်ကြောင်း ပြန်လည် ပြောကြားပါသည်။ မမဦး၏သစ္စာအဓိဋ္ဌာန်ကြောင့် ဦးခေါင်းထက်မှ သရဖီပန်းကုံးများ မြေသို့ကျရောက်ကာ သရဖီပင်များပေါက်ရောက်ခဲ့ရသည်ဆို၏။ ယခုထက်တိုင် သခင်မတောင်တွင်ရှိသော မမဦး၏နတ်နန်းတွင် သရဖီပင်များ တောအုပ်ကလေးသဖွယ် ပေါက်ရောက်လျက်ရှိနေပါသည်။

**၆။ မိုးခေါင်ကျော်စွာနတ်မောင်နှံ**

မိုးခေါင်ကျော်စွာနတ်မောင်နှံတို့ကား ပုဂံခေတ် သေလည်ကြောင်မင်းလက်ထက်ကပင် ပေါ်ပေါက်ခဲ့ကြောင်း အဆိုရှိကြ၏။ မောင်ကျော်စွာနှင့် ဇနီး မယ်သော်တာတို့သည် ပုပ္ပားတောင်ကလပ်၏အနောက်ဘက်တွင် လယ်ယာလုပ်ကိုင်စားသောက်ကြသူများ ဖြစ်ကြလေသည်။ သူတို့သည် ရှင်အဇ္ဇဂေါဏ၏တပည့်ဒါယကာများဖြစ်သည်ဟုလည်း အဆိုရှိ၏။ ရှင်အဇ္ဇဂေါဏ ထွက်ရပ်ပေါက်သွားပြီးနောက် ဘုရင်မင်းမြတ်က ရှင်အဇ္ဇဂေါဏဒါယကာအရင်းဖြစ်ခဲ့သူ မောင်ကျော်စွာကို ထီးနန်းစည်းစိမ်အတွက် စိတ်မချဖြစ်ကာ စီရင်ကွပ်မျက်ခဲ့သည်ဆို၏။

မယ်သော်တာသည် ခင်ပွန်းဖြစ်သူအား ထွက်ရပ်ပေါက် သံဝိဇ္ဇာဆရာအရှင်က ခေါ်ဆောင်သွားရာမှ ပြန်ရောက်မလာသောအခါ အလွန်ပင်လွမ်းဆွတ်တမ်းတလေသည်။ ယင်းနေရာဌာနများကို လွမ်းတောင်၊ မျှော်တော်တောင်ဟူ၍ ယနေ့တိုင် ခေါ်ဝေါ်ကြသည် ဖြစ်သည်။ မယ်သော်တာသည် ခင်ပွန်း



www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်နေနေခိုင်ရည်(တိုင်းရင်းဆေးပညာ)
# ချွေးအောင်းချွေးထုတ်ခြင်းအကြောင်း
# သိကောင်းစရာ

မေး။ ။ ဆရာမ မင်္ဂလာပါရှင်။

ဖြေ။ ။ မင်္ဂလာပါကွယ်။

မေး။ ။ ခုတစ်ပတ် 'သုတအဖြာဖြာ တိုင်းရင်းဆေးပညာအစီအစဉ်' မှာ တင်ဆက်မယ့် အကြောင်းအရာကို ပြောပြပေးပါဦးရှင်။

ဖြေ။ ။ ခုတစ်ပတ်သုတအဖြာဖြာ တိုင်းရင်းဆေးအစီအစဉ်မှာ တင်ဆက်မယ့် အကြောင်းအရာကတော့ 'ချွေးအောင်းချွေးထုတ်ခြင်းအကြောင်းပဲ' ဖြစ်ပါတယ်ကွယ်။

မေး။ ။ ဟုတ်ကဲ့ပါ။ မြန်မာ့တိုင်းရင်းဆေးပညာမှာ ဓာတ်တွေကို ညှိနှိုင်းကုသပေးတဲ့ ကုထုံးစနစ်တစ်ရပ်ပါဝင်တယ်လို့ ကြားဖူးပါတယ်ရှင်။ အဲဒါကိုလည်း ရှင်းပြပေးပါဦးရှင်။

ဖြေ။ ။ ဓာတ် ဆိုတဲ့နေရာမှာ ဒေသနာနယဆေးပညာက အဓိကကျလှတဲ့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောနဲ့ အာကာသ ဆိုတဲ့ ဓာတ်ငါးပါးကို ဆိုလိုတာဖြစ်ပါတယ်။ လူသားတွေအပါအဝင် သက်ရှိ၊ သက်မဲ့မှန်သမျှ ဒီဓာတ်ငါးပါးနဲ့ပဲ ဖွဲ့စည်းတည်ထောင်ထားတာပါ။ ဒီဓာတ်တွေ ခန္ဓာကိုယ်ထဲမှာ ဘယ်ဓာတ်လိုနေသလဲ၊ ဘယ်ဓာတ်လွန်နေသလဲ၊ ဘယ်ဓာတ်တွေငုပ်နေသလဲ၊ ဘယ်ဓာတ်တွေပျက်နေသလဲ၊ ဘယ်ဓာတ်တွေထိခိုက်နေသလဲ စသည်ဖြစ်ပေါ်လေကြည့်ရပါတယ်။ 'ကြည့်ရှု၊ နားထောင်၊ ကိုင်ဆောင်၊ နှိပ်ကြည့်၊ မေးဘိ၊ ဆင်ခြင်' ဆိုတဲ့အတိုင်း ရောဂါဝေဒနာကိုစစ်ဆေးရှာဖွေဖော်ထုတ်ကြရပါတယ်။ ဒီလိုဖော်ထုတ်နိုင်မှသာ အနာရောဂါနဲ့ဆေးတည့်အောင် ကုသပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဓာတ်တွေကို ညှိနှိုင်းကုသတတ်ဖို့ အရေးကြီးလှပါတယ်။ မြန်မာတိုင်းရင်းဆေးပညာဟာ အလွန်တရာနက်နဲခက်ခဲပြီးသိမ်မွေ့နက်ရှိုင်းတဲ့သဘောသဘာဝရှိတဲ့ ဆေးပညာတစ်ရပ်လည်း ဖြစ်ပါတယ်။

မေး ။ ။ ဟုတ်ကဲ့ပါ ဆရာမ။ ချွေးအောင်းချွေးထုတ်တာတွေကိုတိုင်းရင်းဆေးရုံ၊ ဆေးခန်းတွေမှာ အသုံးပြုတာတွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ တိုင်းရင်းဆေးပညာအရ ရှင်းပြပေးပါဦးရှင်။

ဖြေ။ ။ အခုတင်ပြမယ့် ကုထုံးဆိုတာ အာကာသဖွင့်ကုထုံး ဖြစ်ပါတယ်။ အဖွင့်ကုထုံးဆိုတာ ဆို့ပိတ်ပတ်ဖွဲ့နေတာတွေကိုဖွင့်တာပါ။ ဥပမာ အနေနဲ့တင်ပြရရင် ချွေးထုတ်တာ၊ အန်ဆေးပေးတာ၊ ဆီးချူတာ၊ ဝမ်းချူဝမ်းနုတ်တာစတဲ့စနစ်မျိုးကိုသုံးပြီး ခန္ဓာကိုယ်ထဲက မလိုအပ်တဲ့ အညစ်အကြေးမလတွေကို ထုတ်ပစ်တဲ့နည်းပါ။ အဲဒီ အာကာသဖွင့်ကုထုံးထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ ချွေးအောင်းချွေးထုတ်တာနဲ့ပတ်သက်လို့ တင်ပြသွားမှာဖြစ်ပါတယ်။

ချွေးအောင်းတာချွေးထုတ်တာနဲ့ ပတ်သက်လို့ မတင်ပြခင် အာယုဗ္ဗေဒ ဆေးပညာ (ဘေသဇ္ဇနယ) ဆေးပညာမှာ ပဉ္စကမ္မဆိုတဲ့ ဝေါဟာရလေးတစ်ခုကို ရှင်းပြလိုပါတယ်။ ပဉ္စကမ္မက ပါဠိဘာသာစကားဖြစ်ပြီး ငါးပါးသော အပြုအမူဆောင်ရွက်ချက်လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီငါးပါးသောအပြုအမူဆောင်ရွက်ချက်တွေကတော့ ဝမ်းနုတ်ခြင်း၊ အန်ဆေးကျွေးခြင်း၊ ချွေးအောင်းခြင်း၊ ဆီလိမ်းခြင်း၊ ကြပ်ထုပ်ထိုးခြင်းတို့ပါပဲ။ အချို့ကျမ်းတွေမှာ အကြောပြုပြင်ခြင်းဆိုတဲ့ ကမ္မကိုထည့်ပြီး ဆဋ္ဌကမ္မလို့ဆိုကြပါတယ်။ မျက်စဉ်းခတ်တာ နှာရှူအခိုးရှူတာတွေကိုလည်း ဆေးကုသရာမှာ ကမ္မအဖြစ်ဆိုကြပါသေးတယ်။ အခုတင်ပြတဲ့အထဲက ဝမ်းနုတ်တာ၊ အန်ဆေးကျွေးတာတို့ကို ခန္ဓာကိုယ်တွင်းကုထုံး ပါဠိလို အဇ္ဈတ္တကမ္မလို့သတ်မှတ်ပြီး ကျန်တာတွေကို အပြင်ကုထုံး ဗဟိဒ္ဓကမ္မလို့သတ်မှတ်ပါတယ်။ ဒေသနာနယဆေးပညာမှာ တေဇော၊ ဝါယောနဲ့ အာကာသငုပ်နေရင် ချွေးအောင်းပေးလေ့ရှိပါတယ်။ ချွေးအောင်းတယ်ဆိုတာ ခန္ဓာကိုယ်အတွင်းပိုင်းက ဒေါသဓာတ်မလအညစ်အကြေးတွေကို အခိုးအငွေ့အဖြစ်ပြောင်းလဲပြီး ခန္ဓာကိုယ်ပြင်ပကို အရေပြားမှာရှိတဲ့ဒွါရပေါက်လေးတွေကတစ်ဆင့် စွန့်ထုတ်ပစ်တဲ့နည်းပါ။ အဓိကပိတ်ဆို့နေတဲ့မလအညစ်အကြေးတွေကို စွန့်ထုတ်ပစ်တဲ့ကုထုံးပါ။ ဒါပေမယ့် နေမကောင်းထိုင်မသာဖြစ်တိုင်း ချွေးမအောင်းသင့်ပါဘူး။ သာမန်ဖျားတဲ့

---

မောင်ကျော်စွာ စီရင်ကွပ်မျက်ခံရသောအခါ ရင်ကွဲနာကျ၍ ကွယ်လွန်သွား၏။ သို့ဖြင့် ဇနီးမောင်နှံနှစ်ဦးလုံးမှာ နတ်စိမ်းများဖြစ်လာကြသည်။

တစ်ခါသော် ပုဂံမင်းနေပြည်တော်၌ အလွန်အမင်းမိုးခေါင်သဖြင့် နတ်များကို ပူဇော်ပသလျက် မိုးကိုစောင့်စားကြလေ၏။ ထိုအခါ ကျော်စွာနတ်က မိုးမရွာအောင်တားဆီးသူမှာ မိဂိဖြစ်ကြောင်း၊ ရွာစေလိုလျှင် မိမိအား ပုပ္ပားတောင်စောင်းတွင် နတ်ကွန်းတည်ဆောက်၍ ကိုးကွယ်ပ,သရန်လိုကြောင်း ပြောကြားသည်ဆို၏။ သို့ဖြင့် ပုပ္ပား-တောင်အနောက်မြောက်စောင်းရှိ သပြေပင်နှင့် ရောယဉ်စမ်းအနီး၌ ဘုရင်မင်းမြတ်က နတ်ကွန်းဆောက်လုပ်ပူဇော်ပ,သလေသည်။

ထို့နောက် ကျော်စွာနတ်က လွှန်ဆွဲကြရန်ပြောကြားလေရာ ရက်အတန်ကြာ မိုးမရွာဘဲနေရာမှ ရုတ်ခြည်းဆိုသကဲ့သို့ မိုးများသည်းထန်စွာရွာသွန်းလေတော့သည်။ ကျော်စွာနတ်မှာလည်း ထိုအခါကျမှ ဝမ်းသာအားရရှိတော်မူ၏။

ထိုအချိန်မှစ၍ ကျော်စွာနတ်အား မိုးခေါင်ကျော်စွာဟုခေါ်ဆိုကြလေသည်။ မိုးခေါင်ကျော်စွာတို့ ဇနီးမောင်နှံအား မိုးနတ်တောင်မောင်နှမဟူ၍လည်းခေါ်ဆိုကြ၏ဟုဆိုရင်းဖြင့် . နတ်တို့စံပျော်ရာ အိုအေစစ်မှ နတ်ကိုးကွယ်မှုအစကို ရေးသား တင်ပြလိုက်ပါ၏။

ကိုရွှေမြသန်း (သမိုင်း)



www.burmeseclassic.com

www.burmeseclassic.com

သူဟာ ကိုယ်လက်ကိုက်ခဲ့တာ၊ ချွေးငုပ်တာ၊ ကိုယ်ပူတာ၊ ခြေဖျားလက်ဖျားအေးတာ၊ အစားပျက်အအိပ်ပျက်တာတွေကို ဖြစ်တတ်ပါတယ်။ ဒီအခါမှာ ဆေးသောက်လိုက်လို့ အခိုးအာကာသရပြီး ချွေးလေးတစိုစိုထွက်သွားရင် သက်သာသွားတတ်ပါတယ်။

မေး။ ။ ဟုတ်ကဲ့ပါဆရာမ။ ဒါနဲ့ ချွေးအောင်းသင့်၊မသင့်ကိုလည်း ပြောပြပေးပါရှင်။

ဖြေ။ ။ လူခန္ဓာကိုယ်ထဲကချွေးဟာ ဥတုရာသီအလိုက် ချွေးထွက်များတာ၊ နည်းတာဖြစ်တတ်ပါတယ်။ နွေအခါမှာ ချွေးထွက်များပြီး မိုးနဲ့ဆောင်းမှာ ချွေးထွက်နည်းတတ်ပါတယ်။ ဒါသဘာဝပါပဲ။ အနာရောဂါဖြစ်လာတဲ့အခါမှာ ချွေးအောင်းသင့်၊ မသင့် စိစစ်ဖို့တော့လိုပါတယ်။ တစ်ဆက်တည်း ချွေးအောင်းသင့်တဲ့ရောဂါများကို တင်ပြရမယ်ဆိုရင် အဖော၊ အဖျား၊ လေငန်း၊ လိပ်ခေါင်း၊ ထုံကျဉ်၊ အဆစ်ရောင်၊ ဂရင်ဂျီနာ၊ ငှက်ဖျား၊ ကိုယ်လက်ကိုက်ခဲ၊ အကြောတက် စတဲ့ရောဂါမျိုးတွေမှာ ချွေးအောင်းပေးနိုင်ပါတယ်။ ဒီလိုချွေးအောင်းတဲ့အခါမှာ ခြေလက် အထက်၊ အောက်သွေးညီရပါ့မယ်။ အဇ္ဈတ္တဗဟိဒ္ဓပထဝီနှစ်ပါးအားကောင်းရပါ့မယ်။ပင်ကိုဓာတ်ခံအားလည်းရှိရပါ့မယ်။ အစွယ်လည်းကောင်းပြီး ခန္ဓာကိုယ်အတွင်းပိုင်းမှာ (အသည်း၊ အဆုတ်၊ ကျောက်ကပ်) စတဲ့ရောဂါတွေကင်းစင်နေတဲ့သူဖြစ်ရပါ့မယ်။ ဒါဆိုရင် မနက် (၁၀) နာရီကနေ မွန်းလွဲ (၂) နာရီအတွင်းချွေးအောင်းပေးနိုင်ပါတယ်။ ချွေးအောင်းပြီးရင် လေစိမ်းအတိုက်မခံရပါဘူး။ ပန်ကာလေ၊ ယပ်လေမခံရသလို လေအေးပေးစက်တပ်ဆင်ထားတဲ့ အခန်းထဲမှာလည်း မနေသင့်ပါဘူး။

ချွေးအောင်းတဲ့အခါ အထူးသတိထားရမယ့် အခြေအနေမျိုးကိုလည်းရှိပါသေးတယ်။ အဲဒီအခြေအနေမျိုးမှာ ချွေးအောင်းမိရင် မလိုလားအပ်တဲ့ အကျိုးဆက်တွေ ဖြစ်ပွားလေ့ရှိပါတယ်။ ဥပမာအနေနဲ့ပြောရရင် မိုးအရမ်းအုံ့နေတဲ့အချိန်မျိုး၊ မိုးရွာနေတဲ့အချိန်မျိုး၊ နှင်းကျနေတဲ့အချိန်မျိုးမှာ ချွေးမအောင်းရပါဘူး။ ဖြစ်နိုင်ရင် တစ်ရက်ခြားနှစ်ရက်ခြားပဲ ချွေးအောင်းသင့်ပါတယ်။ ချွေးအောင်းတဲ့အခါ နဖူး ဆံစ၊ မျက်နှာပြင် နှာသီးဖျား နှာခေါင်းနှင့် ခြေသလုံးမှာ ချွေးထွက်ရင် ချွေးစုံပြီလို့ သတ်မှတ်ပါတယ်။ ချွေးအောင်းပြီးရင် ရေမချိုးရပါဘူး။ သန့်ရှင်းခြောက်သွေ့တဲ့တဘက်နဲ့ ခြောက်သွေ့သွားအောင် သုတ်ပစ်ရပါမယ်။ တစ်ခါချွေးအောင်းရင် နာရီဝက်ထက်ပိုပြီးမကြာသင့်ပါဘူး။

မေး။ ။ ဟုတ်ကဲ့ပါ ဆရာမ၊ ဆက်ရှင်းပြပါဦးရှင်။

ဖြေ။ ။ ဒါ့အပြင် နှလုံးအားနည်းရင်၊ ပန်းနာရင်ကျပ်ရှိရင်၊ သွေးအားနည်းရင် သွေးပေါင်ချိန် ၁၄၀/၉၀ မီလီမီတာပြဒါးထက်ကျော်နေရင်၊ ၁၁၀/၇၀အောက်လျော့နည်းနေရင် ချွေးမအောင်းသင့်ပါဘူး။ အသက်အရွယ်ငယ်ရွယ်နုနယ်လှတဲ့ ကလေးသူငယ်တွေနဲ့ အသက် (၆၀) ကျော် (၇၀) အထက် သက်ကြီးရွယ်အိုတွေလည်း ချွေးအောင်းခြင်းအတွက် ရှောင်ကြဉ်သင့်လှပါတယ်။ ဆက်လက်ပြီး ချွေးထုတ်နည်း၊ ချွေးအောင်းနည်းအမျိုးမျိုးတို့ကို တင်ပြလိုပါတယ်။

မေး။ ။ ဟုတ်ကဲ့ပါ ဆရာမ။

ဖြေ။ ။ ချွေးအောင်းတဲ့အခါ နည်းအမျိုးမျိုးရှိပါတယ်။ မီးဖိုနဲ့ချွေးအောင်းတာ၊ ရေနွေးငွေ့နဲ့ ချွေးအောင်းတာ၊ လျှပ်စစ်မီးသီးနဲ့ချွေးအောင်းတာ၊ အိပ်ရာထဲမှာ စောင်နဲ့ချွေးအောင်းတာ၊ ချွေးအောင်းတဲ့ကိရိယာနဲ့ ချွေးအောင်းတာ တိုင်းရင်းဆေးပညာဦးစီးဌာနသုံးဆေးတွေဖြစ်တဲ့သွေးဆေးနီ၊ သဗ္ဗဇေယျ၊ လေညှင်းကလပ်၊ သက်ရင်းကလပ်တို့ကို ပူပွင့်စေတတ်တဲ့ဆေးမျိုးသောက်ပြီးချွေးအောင်းတာ စသည်ဖြင့် စုံလို့ပါပဲ။ တိုင်းရင်းဆေးပညာမှာ ဆေးကုသတဲ့အခါ သက်ရင်းကြီး၊ ကွမ်းရွက်၊ ဝါးရွက်၊ ဖုံးမသိန်ရွက်၊ ကနဖော့ရွက်၊ ချင်းရွက်၊ ပတဲကော၊ ကြောင်ပန်းရွက်၊ မိဿလင်ရွက်၊ လင်းနေ စတာတွေနဲ့ ချွေးအောင်းပေးလေ့ရှိပါတယ်။ ဒါကလည်း ရောဂါအခြေအနေကိုလိုက်ပြီးဆောင်ရွက်ရတာဖြစ်ပါတယ်။ များသောအားဖြင့် အဖျဉ်းရောဂါလူနာတွေ၊ အဖောရောဂါသည်တွေကို ကနဖော့ရွက်၊ ဝါးရွက်၊ ကြောင်ပန်းရွက်တွေနဲ့ ချွေးအောင်းလေ့ရှိပြီးတော့ ကိုယ်လက်ညောင်းညာ ထုံကျဉ်ကိုက်ခဲနေသူတွေ လေငန်းရောဂါ၊ လေဖြတ်ရောဂါလူနာတွေကို သက်ရင်းကြီး၊ ကွမ်း၊ ဝါးရွက်၊ ဖုံးမသိန်ရွက် စတာတွေနဲ့ ချွေးအောင်းပေးလေ့ရှိတယ်။

မေး။ ။ ဒါဆို ဆရာမ ချွေးအောင်းရမယ့်ရောဂါတွေကို သိထားမှရမှာပေါ့နော် ဆရာမ။

ဖြေ။ ။ ဟုတ်တယ်၊ ချွေးအောင်းတယ်ဆိုတာ လိုအပ်တဲ့ရောဂါတွေကို တစ်နည်းအားဖြင့် သတ်မှတ်ထားတဲ့ ရောဂါတွေအတွက် ဆောင်ရွက်ရမယ့် နည်းစနစ်များအတိုင်း အတိအကျလိုက်နာမှ အကျိုးကျေးဇူး ဖြစ်ထွန်းမှာဖြစ်ပါတယ်။ ထပ်ပြီးတစ်ဆက်တည်း ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ခြေဖျားလက်ဖျားတွေသိပ်ပြီးအေးနေရင်၊ အသက်ရှူမဝရင်၊ ရေမငတ်ရင်၊ ချမ်းစိမ့်စိမ့်ဖြစ်နေရင်၊ ခေါင်းအုံ့နေရင်၊ သမ်းဝေနေရင်၊ ဆီးနည်းနည်းနဲ့ ခဏခဏသွားရင်၊ ရုပ်လေးနေရင်၊ လူအများစုကချွေးထွက်ပြီး ကိုယ်ကမထွက်ခဲ့ရင် ချွေးငုပ်တတ်တာမို့ ဒီလက္ခဏာတွေပေါ်လာတဲ့အခါ သတိထားဖို့ လိုအပ်ပါတယ်။ အခုလိုဖြစ်လာတဲ့အခါ ချင်းပါးပါး (၇-၈) လှီးပြီး ကွမ်းရွက် (၄-၅) ရွက်နဲ့ ရေသင့်ရုံထည့်ပြီး ကျကျကျိုပြီး ပူပူလေးသောက်ပေးရပါမယ်။ ဆေးသောက်ပြီး ချွေးအောင်းတာကလည်း ရောဂါအလိုက် ကုထုံးတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ချွေးအောင်းတာဟာ သုံးတတ်ရင် ဆေးတစ်ပါးပါပဲကွယ်။

မေး။ ။ ချွေးအောင်းချွေးထုတ်တာကလည်း မြန်မာ့တိုင်းရင်းဆေးပညာမှာ အလွန်အရေးပါတဲ့ကုထုံးပဲနော် ဆရာမ။

ဖြေ။ ။ ဟုတ်ပါတယ်၊ မြန်မာ့တိုင်းရင်းဆေးပညာမှာ အလွန်အရေးပါတဲ့ ကုထုံးတစ်ရပ်ဖြစ်တဲ့ ချွေးအောင်းတာကို နည်းစနစ်မှန်မှန်နဲ့ အခိုးအငွေ့ထုတ်ပေးနိုင်တဲ့ အာကာသဖွင့်ကုထုံးတစ်ရပ်အဖြစ် ဂရုတစိုက်ဆောင်ရွက်ကြမယ်ဆိုရင် မိမိတို့ရဲ့ကျန်းမာရေးကို အထိုက်အလျောက် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒီအတွက် အရေးကြုံရင် အသုံးပြုနိုင်တဲ့ ချွေးအောင်းခြင်း၊ ချွေးထုတ်ခြင်းကို ပြည်သူအများသိရှိပြီး မိမိတို့ရဲ့ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာနဲ့ စောင့်ရှောက်နိုင်ကြပါစေလို့ ပြောကြားဆွေးနွေးတင်ပြလိုက်ရပါတယ်ကွယ်။

မေး။ ။ အခုလို မြန်မာ့တိုင်းရင်းဆေးပညာအရ ချွေးအောင်းချွေးထုတ်ခြင်းအကြောင်းကို ပြည့်ပြည့်စုံစုံတင်ပြသွားတဲ့ဆရာမတို ကျွန်မတို့ မြန်မာ့အသံက အထူးပင်ကျေးဇူးတင်ရှိပါတယ်ရှင်။

ဖြေ။ ။ ဆရာမကလည်း ကျေးဇူးတင်ပါတယ်ကွယ်။

ဒေါ်မြနေနေခိုင်ဌေး
(တိုင်းရင်းဆေးပညာ)



www.burmeseclassic.com

www.burmeseclassic.com

# မုဒိတာ(ကျိုက်လတ်)
# သက်ကြီးစုထား သိမှတ်စရာများ
# သက်ငယ်သုံးစား အကျိုးပွား

## ❑ ထိမ်းမြားမင်္ဂလာသိစရာ (ထိမ်းမြားရန်လရွေးချယ်ခြင်း)

**ဆောင်ရန်လ**

၁။ တန်ခူးလ = ထိမ်းမြားလျှင် စီးပွားဖြစ်ထွန်း၏။

၂။ ကဆုန်လ = အိုးအိမ်၊ လယ်ယာ စီးပွားတိုးပွား၏။

၃။ နယုန်လ = ရာသက်ပန် မေတ္တာမြဲခိုင်၏။

၄။ သီတင်းကျွတ်လ = သားသမီး၊ အခြွေအရံပေါများ။

၅။ တန်ဆောင်မုန်းလ = ကျွဲ၊ နွား၊ ဆန်စပါး ပေါများတတ်၏။

၆။ တပို့တွဲလ = စိန်ရွှေရတနာပေါများမည်။

**ရှောင်ရန်လ**

၁။ ဝါဆိုလ = အမိအဘပျက်စီးတတ်၏။

၂။ ဝါခေါင်လ = ပူပန်ရတတ်၏။

၃။ တော်သလင်းလ = စီးပွားပျက်တတ်၏။

၄။ နတ်တော်လ = သားသမီးအဖတ်မတင်။

၅။ ပြာသိုလ = ဆင်းရဲပျက်စီးတတ်၏။

၆။ တပေါင်းလ = ကိုယ်စိတ်ဆင်းရဲရ၏။

**လင်္ကာတို (ရှောင်ရန်)။ ။** 'ဝါ၊ ဝါ၊ တော်၊ တော်၊ ပြာ၊ ပေါင်းနော် မလျော်ခြောက်လရှောင်'။

## ❑ အိမ်ထောင်ဖက်နေ့နံရွေးချယ်ခြင်း

အိမ်ထောင်ပြုကြမည့် သတို့သား၊ သတို့သမီးနှစ်ဦးတို့၏ နေ့နံနှစ်ခုကိုရောပါ။

ရလဒ်ကို ခန္ဓာငါးပါးနှင့်မြှောက်ပြီးလျှင် ခုနစ်နေ့နှင့် စားပါ။

ဥပမာ သတို့သား သောကြာသား၊ သတို့သမီး ကြာသပတေး။

သောကြာနံ(၆)+ကြာသပတေးနံ(၅) = (၆+၅) = (၁၁) ရ၏။

ခန္ဓာငါးပါးနှင့်မြှောက် = (၁၁×၅) = (၅၅) ရသည်။

(၅၅) ကို ခုနစ်ဖြင့် စားသော် (၅၅÷၇) = (၆) ကြွင်း ဖြစ်၏။

(၁) ကြွင်းလျှင် ဆင်းရဲတတ်၏။

(၂) ကြွင်းလျှင် စီးပွားချမ်းသာတတ်၏။

(၃) ကြွင်းလျှင် ဂုဏ်သတင်းမဲ့၍ ဆင်းရဲတတ်၏။

(၄) ကြွင်းလျှင် ထင်ပေါ်ကျော်စော၏။

(၅) ကြွင်းလျှင် အခြွေအရံပစ္စည်းပေါ၏။

(၆) ကြွင်းလျှင် စီးပွားတိုးတက်ဖြစ်ထွန်း ချမ်းသာ၏။

(၀) ကြွင်းလျှင် ဆိုးလှ၏။ တကျက်ကျက်ရန်ဖြစ်၍ စီးပွားရှာရသလောက် ကုန်ကျတတ်၏။

## ❑ နားထွင်းနေ့ရွေးမလား

**အုံ့သဲနာကျင်စွာ** နားထွင်းမပြုရာ။ **ရွှေပန်း** ခေါ်ထ နေ့နှစ်ဝ ထွင်းကြနားကိုသာ။

**အုံ့** - တနင်္ဂနွေ၊ **သဲ** - သောကြာ၊ **နာ** - စနေ၊ **ကျင်** - တနင်္လာ၊ **စွာ** - အင်္ဂါနေ့များတွင် **နားမထွင်းရ။**

**ရွှေ** - ဗုဒ္ဓဟူးနေ့၊ **ပန်း** - ကြာသပတေးနေ့များတွင် **နားထွင်းရမည်။**

## ❑ အိမ်ထောင်ဖက် နေ့နံထပ် ရွေးခြင်း

**တနင်္ဂနွေ** အချင်းချင်းအိမ်ထောင်ပြုလျှင် စီးပွားဖြစ်၏။

**တနင်္လာ** အချင်းချင်း အိမ်ထောင်ပြုလျှင် ပြုစတွင် ချမ်းသာ၍ နောင်တွင် ဆင်းရဲ၏။

**အင်္ဂါ** အချင်းချင်း အိမ်ထောင်ပြုလျှင် သောကရှိတတ်၍ နောင်တွင် ချမ်းသာတတ်၏။

**ဗုဒ္ဓဟူး** အချင်းချင်း အိမ်ထောင်ပြုလျှင် စီးပွားဖြစ်၍ အသက်ရှည်တတ်သည်။

**ကြာသပတေး** အချင်းချင်း အိမ်ထောင်ပြုလျှင် တကျက်ကျက်နှင့် ကောင်းကျိုးပေးတတ်သည်။

**စနေ** အချင်းချင်း အိမ်ထောင်ပြုလျှင် စီးပွားပျက် အိမ်ထောင်မမြဲ။

## ❑ ထိမ်းမြားမင်္ဂလာပြုသင့်သောနေ့

တနင်္ဂနွေ အင်္ဂါ နေ့သောကြာ ပြုပါ မင်္ဂလာ၊ သမီးနှင့်သား ပွားစီးငြား များပြားဝန်းရံခ။ တနင်္လာ သောကြာ ထိမ်းမြားပါ၊ ဥစ္စာပေါကြွယ်ဝ။ သမီးကညာ ရံများစွာ ဝန်းလာဝိုင်းခယ။ ဗုဒ္ဓဟူး စနေ ထိမ်းမြားပေ၊ ရံရွေသားပုတ္တာ။ နည်းပါးခြံရံ ကိုယ်တည်းစံ မညံ တိတ်ဆိတ်လှ။ ရသေ့ရှစ်သောင်း ဆရာကောင်း၊ မှတ်ကြောင်းမှာခဲ့ကြ။

## ❑ လူ၏ဥပဓိရုပ်ဆိုတာ

**ဦးခေါင်းလက္ခဏာ**

ဦးခေါင်းကြီး အများခင်မင်၏။ လုံးလျှင် ကောင်းစား၏။ ဝိုင်းလျှင် ဂုဏ်ပျက်။ ငယ်မူဝန်တို။ နဖူးမောက်လျှင် ငြူစူ၊ ဆင်ဦးကင်းရှိမူ အများခင်မင်၏။ နောက်စေ့ထွက်မူ ပညာထိုးထွင်း။ ဇက်တွင်းနက်မူ ပျင်းရိတတ်၏။

**နားရွက်လက္ခဏာ**

နားကြီးမူ ငြူစူ။ ငယ်မူငြိုငြင် ပင်ပန်း။ ဝိုင်းမူသတ္တိ ပညာရှိ၏။ နားချွန်လျှင် မင်းဖြစ်။ နားရှည်လျှင် ပညာတတ်။ နားတွင်းကျယ်လျှင် ကျော်စော၏။ နားမွေးများမူ လူများချစ်ခင်၏။ နားမွေးရှည်မူ ပညာရှိ၏။

**မျက်စိလက္ခဏာ**

မျက်စိကျယ်မူ ဉာဏ်ကြီး၏။ ဝန်းလျှင် လျှပ်ပေါ်။ ညိုလျှင် ဆင်းရဲ။ ကြောင်မူ ကြမ်းတမ်း။ မျက်ခမ်းနီမူ လူမုန်းများ၏။ ကြမ်းကြုတ်၏။

**နှာခေါင်းလက္ခဏာ**

ကြောင်နှာတူဘိ နှံ့သိပညာ၊ သစ်နှာတူပြန် ဆောင်ရန်မှုကြီး ပြီးစီးအောင်မြင်၊ သမင်ယာန ကြွယ်ဝဖြစ်ထွန်း၊ နှာချွန်းမိတ်များ၊ နှာတိုငြား၊ နည်းပါးဥစ္စာမှာ၊ နှာပွကြမ်းကြုတ်၊ သူယုတ်ဖျင်းသိမ်၊ နှာပိန်တစ်မူ၊ နှာဖြူတစ်သီး ပညာကြီး အံ့ချီးသူသူငါ။

**လျှာလက္ခဏာ**

လျှာလယ်ချိုင့်မူ၊ ရွှေငွေအခြွေအရံများ၏။ ကြီးမူ ချစ်သူပေါ၊ ဝန်းလျှင် မြော်မြင်ဉာဏ်နှင့် သတ္တိရှိ၏။ ဖြူလျှင် ရဲစွမ်းရှိ၏။ ပါးထိအောင်မီလျှင် ဘုန်းရှိ၏။ လျှာကြီးမူ ရှည်မူ အများချစ်ခင်၏။

**သွားလက္ခဏာ**

သွားကြီးမူ စွဲစွဲမြဲမြဲရှိတတ်၏။ သွားငယ်မူ ဆင်းရဲ၏။ သွားကျဲမူ ဉာဏ်ရှိ၏။ သွားစိပ်မူ စကားကြွယ်၏။ သွားချွန်မူ လူအများချစ်ခင်၏။

**နှုတ်ခမ်းလက္ခဏာ**

ငယ်မူ ပျော်ရွှင်တတ်၏။ ကြီးမူ ဆင်းရဲ၊ နီလျှင် ဘုန်းကြီး၍ အပူဇော်ခံရ၏။ မည်းနက်မူ ရုပ်ပွေတတ်။ မတရားပြုတတ်။ နှုတ်ခမ်းပါး စကားတတ်၏။

မုဒိတာ (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

# ကိုဒေါင်းဦး

(အာလိန်လည်ကျေးရွာ)

# နာနာဘာဝမှော်ပညာရှင်နှင့် ရိုးမတောင်ခြေကရွာလေး

မြန်မာနိုင်ငံတော်ကြီး အင်္ဂလိပ်အစိုးရအုပ်စိုးခဲ့စဉ်အခါက ပဲခူးရိုးမတောင်ခြေရှိ ဘန့်ဘွေးကုန်းရွာကြီးတွင် ဖြစ်ပျက်ခဲ့သော အကြောင်းအရာများမှာ ထူးဆန်းပြီး ကြောက်စရာကောင်းလှသည်။ ဘန့်ဘွေးကုန်း၊ ကဒတ်ကုန်း၊ ရေတွင်းကုန်း၊ မြေနီကုန်း၊ ညောင်တန်းရှည် စသည့်ရွာများသည် တစ်ရွာနှင့်တစ်ရွာ ခွေးတစ်ကောင်သာဝေးသဖြင့် ရွာစဉ်ရွာဆက်နီးသည့် ပဲခူးတောင်ခြေမှ ရွာလေးများဖြစ်ကြသည်။

ပဲခူးရိုးမတောင်ခြေတွင် ရွာတည်ထားသဖြင့် တောင်ကုန်းတောင်တန်းများပေါ်များပြီး လယ်ကွင်းပြင်ကြီးတွေကလည်း ရိုးမတောင်တန်းကြီးတစ်ဖက်တွင် တစ်မျှော်တစ်ခေါ်ကြီး တည်ရှိနေကြသည်။ ရွာသားများသည် မိုးတွင်းကာလတွင် လယ်ယာလုပ်ကိုင်ပြီး လယ်နားချိန် ဆောင်းနှင့် နွေရက်များတွင် တောတက်ကြသည်။ သစ်တိုက်ဝါးတိုက်၊ အမဲလိုက်လုပ်ငန်းများလုပ်ကိုင်ကြသဖြင့် ရွာကြီးတွေသည် အိမ်ကြီးရခိုင်တွေနှင့် သာယာစိုပြည်လှသည်။ ဘန့်ဘွေးကုန်းရွာကြီးသည် အေးချမ်းသာယာသောရွာကြီးဖြစ်ပြီး အနောက်ဘက်တွင် ပဲခူးရိုးမတောင်တန်းကြီးရှိပြီး တောင်ကုန်းတောင်တန်းတောင်ဆွယ်တွေနှင့်နက်ရှိုင်းသောတောအုပ်ကြီးက မှိုင်းညို့နေသည်။ ရွာထဲတွင်လည်း သစ်ပင်ကြီးများပေါက်ရောက်နေသဖြင့် အုပ်အုပ်ဆိုင်းဆိုင်းနှင့် သာယာလှပသောရွာကြီးတစ်ရွာဖြစ်သည်။ ရွာတောင်ဘက်တွင် ရစ်ခွေစီးဆင်းနေသော သစ်ယာချောင်းကလေးကလည်း ကြည်လင်အေးမြသောရေများတသွင်သွင်စီးဆင်းနေသည်။ ချောင်းလေး၏ဘေးတွင် ဦးဖိုးပိန်လယ်တဲရှိပြီး လယ်တဲရှေ့တွင် ငှက်ပျောပင်များစိုက်ထားသည်။

ကောင်းကင်ပြာပြာထဲတွင် တိမ်တိုက်ဖြူဖြူကြီးတွေ လွင့်မျောနေပြီး ငှက်ပျောပင်မှ ငှက်ပျောရွက်တွေကလည်း လေတိုက်တိုင်း တဖျတ်ဖျတ်လှုပ်နေကြသည်။ ချောင်းလေးဘေးတွင်ပေါက်နေသော ချုံပင်ပေါ်မှတောစံပယ်ပန်းလေးတွေကလည်း လေပြည်ထဲတွင် မွှေးကြိုင်သောရနံ့တွေလှိုင်လှိုင်လွှတ်ထုတ်ပေးနေသဖြင့် မိုးပြာရောင်ကောင်းကင်အောက်တွင် အလွန်ကြည်လင်သာယာလှပပေတော့သည်။

ရွာထိပ်တွင် အလွန်ကြီးမားသော ကုက္ကိုင်ပင်ကြီးတန်းကြီးရှိသည်။ ရွာထိပ်တွင် စာသင်ကျောင်းလေးလည်းရှိပြီး ရွာနီးချုပ်စပ်မှကလေးများကျောင်းလာတက်ကြ၏။ ကျောင်းဆရာလေးကိုအောင်ပွင့်ဖွင့်သော ကျောင်းလေးတွင် လာတက်ကြသည်။ ထိုခေတ်အခါက တောနေတောကလေးများသည် သေစာရှင်စာတတ်အောင်သာသင်ကြသည်။ အချို့က ဆရာတော်ကြီးတွင် ဗုဒ္ဓစာပေတွေသင်ကြားကြသည်။


ကလေးတွေက စာသင်တာထက် လယ်ထဲချောင်းထဲတွင် ဖားရှာ၊ ငါးရှာ၊ ကဏန်းနှိုက်၊ ငှက်ပစ်၊ သစ်ပင်တက်အသီးခူး စသည့် တောအလုပ်တွေတွင်သာ ပိုပျော်မွေ့ကြသည်။ ဒါကြောင့်လည်း တောင်သူလယ်လုပ်ဓားမခုတ်ဆိုသည့်အတိုင်း ကြီးလာလျှင် လယ်သမားကိုင်းသမားတွေသာဖြစ်ကုန်တော့သည်။ အချို့ကျတော့ တောမုဆိုးအလုပ်ကိုလုပ်ကိုင်ကြ၏။ ဆရာလေးကိုအောင်ပွင့်ဘန့်ဘွေးကုန်းရွာသူ မနှင်းဝေဝေနှင့်အိမ်ထောင်ကျပြီး မြို့သို့ မပြန်တော့ဘဲ ဘန့်ဘွေးကုန်းရွာတွင်သာ အခြေကျနေထိုင်သွားတော့သည်။ မိမိတတ်သောပညာဖြင့် ရွာသူရွာသားတွေ၏ကလေးတွေကို ဆန်တစ်ပြည်၊ ငွေတစ်မတ်နှင့် စာသင်ပေးနေခြင်းဖြစ်သည်။

ဆရာလေးကိုအောင်ပွင့်၏အမျိုးသမီးနှင်းဝေဝေလေးတို့မိသားစုက လယ်သမားကိုင်းသမားတွေဖြစ်ပြီး ရွာထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



လယ်ကေ(၃၀)ကျော်ပိုင်သဖြင့် မတောင့်မတ မကြောင့်မကြနေနိုင်ကြလေသည်။ ဘန်သွေးကုန်းရွာကြီးသည် ရွာငါးရွာကို အုပ်ချုပ်သော သူကြီးဦးဖိုးလူ နေထိုင်သည့်ရွာကြီးဖြစ်သည်။ ရွာထဲတွင် ကုန်စုံဆိုင်တွေဖွင့်ထားသဖြင့် စည်ကားလှသည်။ သူကြီးဦးဖိုးလူတွင် အင်္ဂလိပ်

www.burmeseclassic.com

www.burmeseclassic.com

အရေးပိုင်မင်းပေးထားသော နှစ်လုံးပြူး သေနတ်တစ်လက်ရှိပြီး မြင်းကောင်း မြင်းချောနှစ်ကောင်လည်း ပိုင်ဆိုင်ထား သည်။ ရွာငါးရွာကိုလည်း အေးချမ်း သာယာအောင် အုပ်ချုပ်နိုင်သည်။ သူကြီးတပည့်ငါးယောက်ကလည်း အား ကိုးရပြီး သားတွေကလည်း အားကိုးရ ပြီ ဖြစ်သည်။ ရိုးမတောင်ခြေရွာကလေး များသည် ထိုအချိန်က အေးချမ်းသာ ယာလှသည်။

ရွာ၏ အစွန်ရွာဖျားများတွင် ဒေါ်ဖွားသုံးနှင့် သားလေးမောင်ဘုန်းနိုင် တို့နေထိုင်ကြသည်။မောင်ဘုန်းနိုင်သည် ရွာဦးကျောင်းဆရာတော်ထံ ကျောင်းသား လုပ်၍ စာပေတွေသင်ကြားနေသည်။ ဒေါ်ဖွားသုံးက သူ့ညီမဝမ်းကွဲဒေါ်မြင့်နှင့် အတူနေပြီး တောင်ခြေနားက လယ် လေး (၅) ဧကကို လုပ်ကိုင်စားသောက် ကြသည်။ မောင်ဘုန်းနိုင်က စာပေ ကျမ်းဂန်တို့ ဝါသနာပါသဖြင့် ရွာဦး ကျောင်းဆရာတော်ဘုရားထံတွင် သင် ကြားပြီး ကျောင်း ဝေယျာဝစ္စအလုပ်များ လုပ်ကိုင်ပြီး ကျောင်းသားအဖြစ်နေထိုင် သည်။

တစ်နေ့ မြို့မှမိသားစုတစ်စု ညောင်တန်းရှည်ရွာသို့ ပြောင်းလာကြ သည်။ ထိုမိသားစုသည် ချမ်းသာပြီး စရိုက်ကြမ်းမည့်ရုပ်ပုံတွေပေါ်နေသည်။ ညောင်တန်းရှည်ရွာ၏အစွန်တွင်ရှိသော ခြံပျက်ကြီးကိုဝယ်ယူပြီး နှစ်ထပ်သစ် သားအိမ်ကြီးဆောက်၍ နေထိုင်ကြ သည်။ ထိုမိသားစုရောက်ပြီး တစ်နှစ် လောက်အကြာတွင် ညောင်တန်းရှည် ရွာ၌ ကြက်ဝိုင်း၊ ဖဲဝိုင်း၊ အရက်ဝိုင်းများ နှင့် လူများရှုပ်လာတော့သည်။

ဦးအောင်ကြီးက အသားမည်း မည်း၊ ခန္ဓာကိုယ်ထွားထွား၊ ရုပ်ဆိုးဆိုး တုတ်တုတ်ခိုင်ခိုင်ကြီးဖြစ်ပြီး ပြောင်းရွှေ့ လာသောမိသားစု၏ အိမ်ထောင်ဦးစီး ဖြစ်သည်။ ညောင်တန်းရှည်ရွာတွင် သူ တို့ရောက်ပြီးမှ ကွဲ့ပေါ်၊ နွားပေါ်ပြီး အသားများကို မိန်းမနှင့်ကလေးများက ရွာစဉ်လိုက်ရောင်းချကြသည်။ အိမ် နောက်ဘက်တွင်လည်း အရက်ချက်ပြီး ရောင်းသေးသည်။ ညောင်တန်းရှည်ရွာ ကိုရောက်လာပြီး နှစ်နှစ်အတွင်းမှာပင် လယ်များ၊ ကျွဲများပိုင်ဆိုင်သွားတော့ သည်။ မင်းမောင်၊ မင်းအောင်၊ အောင် မြင့်၊ အောင်မော်၊ မင်းလွင် သားငါး ယောက်ကလည်း စရိုက်ကြမ်းသောလူ ဆိုးတွေဖြစ်ကြသည်။ မင်းမောင်နှင့်မင်း အောင်က ကြက်ဝိုင်း၊ ဖဲဝိုင်း၊ မိန်းမတို့ တွင် ဝါသနာကြီးပြီး အောင်မြင့်နှင့် အောင်မော်တို့က အရက်သမားတွေဖြစ် သည်။ အငယ်ဆုံးကောင် မင်းလွင်က တော့ အမဲလိုက်တာ ဝါသနာပါသဖြင့် ပဲခူးရိုးမတောင်တန်းတစ်ဝိုက်တွင် တူမီး သေနတ်တစ်လက်ဖြင့် အမဲလိုက်နေ တတ်သည်။ ချေ၊ ဝက်၊ ဆတ်၊ ယုန်၊ မျောက်၊ တောကြက် စသည့်အကောင် ငယ်များရတတ်သည်။

ညောင်တန်းရှည်ရွာသည် ရိုးမနှင့် အနီးဆုံးရွာဖြစ်သဖြင့် မင်းလွင်အမဲလိုက် ရတာ အဆင်ပြေလှသည်။ ဒီနေ့လည်း လေသာတောင်၏လျှိုကြီးထဲတွင် တော ဝက်တွေ တွေ့ခဲ့သည်ဟု ဝါးခုတ်သမား တွေပြောသဖြင့် နံနက်(၄)နာရီကတည်း က ကောက်ညှင်းလေးလုံးချက်ပြီး ဆတ် သားခြောက်ဖုတ်ဆီဆမ်း၍ ဝါးကျည် တောက်ထဲ အပြည့်သိပ်လာခဲ့ပြီး ထမင်း ကြမ်းကို ဆတ်သားခြောက်ဖုတ်နှင့် အဝ စားသောက်ပြီး မီးတောက်တစ်လုံးယူပြီး တောတက်ခဲ့သည်။ တူမီးသေနတ်၊ အမဲ လိုက်ဓား စသည်တို့နှင့်တောတက်ခဲ့၏။

ရိုးမတောဝင်သွားရာ မြေနီတောင် ကို စတင်တက်လာရပြီဖြစ်သည်။ မြေနီ တောင်တွင် ကျွဲတညင်းပင်များ၊ ကနစို ပင်များ၊ သစ်ဆိမ့်ပင်များပေါက်ရောက် နေကြပြီး အချို့နေရာတွင် ဝါးပင်ကြီး တွေလည်းတွေ့ရသည်။ မြေနီတောင် အဆင်း လျှိုမြောင်ထဲတွင် ချောင်းလေး ရှိပြီး ဝါးတောတွေကလည်း ဟီးထ နေအောင်ပေါက်နေကြသည်။ မင်းလွင် လည်း ဝါးတောကိုမဖြတ်သေးဘဲ အနီးရှိ ကျွဲတညင်းပင်ကြီးဘေးမှနေ၍ အခြေ အနေကို အကဲခတ်နေလိုက်သည်။ တောတိုးသံများကြားရပြီး ဆတ်ကြီး တစ်ကောင်ပြေးထွက်သွားသည်။ တော ကြက်တွေလည်း လန့်ဖျပ်ပြီးအော်ဟစ် ပျံသွားကြသည်။ ကျားဟိန်းသံကြီးကို လည်း အဝေးမှ စတင်ကြားလာရသည်။ မင်းလွင်လည်း အနီးရှိကျွဲတညင်းပင်ကြီး ပေါ်တက်နေလိုက်သည်။ ခဏကြာ တော့ အဝါရောင်ပေါ်တွင် အနက်စင်း ကြီးနှင့်ကိုးတောင်ကျားကြီးတစ်ကောင် ဝါးတောအတွင်းမှ ပြေးထွက်လာပြီး ဆတ်ကြီးတက်သွားရာ မှန်တောင်ပေါ် သို့ ပြေးတက်သွားတော့သည်။

တောအခြေအနေငြိမ်သက်သွားမှ မင်းလွင်လည်း တညင်းပင်ပေါ်မှ ဆင်း လာခဲ့သည်။ တဖြည်းဖြည်းသွားရင်း ကြက်ချပ်သီးများစားနေသောကြက်နှစ် ကောင်ကို ချုံပုတ်ပေါ်တွင်တွေ့ရသဖြင့် လောက်လေးဖြင့်ပစ်ရာ ကြက်မတစ် ကောင်ရလိုက်သည်။ သစ်ရွက်ခြောက် တွေ အောက်ခြေတွင် များစွာကြွေကျ နေသဖြင့် ခြေသံမမြည်အောင် သတိ ကြီးစွာသွားနေရသည်။ ကျားဟိန်းသံက တော့ နှစ်တောင်ကျော်လောက်ကို ရောက်သွားပြီ ဖြစ်သည်။ ဝါးရုံပင်ပေါ် တွင်နားနေသော ကြက်ဖနီနီရဲရဲတစ် ကောင်ကိုတွေ့သဖြင့် လေးခွဖြင့်ပစ် လိုက်ရာ တစ်ဖက်လည်ပြီးကျလာသည်။ မြေနီတောင်ထိပ်တွင်ရှိသော တောစိုး တောင်သရက်ပင်ကြီးက လူကြီးခုနစ် ယောက်ဖက်စာလောက်ရှိမည်ထင်ရ၏။ အခြေတွင်လည်း အရွက်များရှင်းလင်း နေသည်။ မည်သူရှင်းထားသည်တော့ မသိပါ။ မင်းလွင်လည်း ပါလာသော အရက်၊ ကောက်ညှင်းချက်၊ ဆတ်သား ခြောက်ဖုတ်တို့ကို အနီးအနားရှိဖက်ရွက် သန့်သန့်တစ်ရွက်ခူးပြီး တင်မြှောက်လိုက် သည်။

တင်မြှောက်ပြီး ကောက်ညှင်း ချက်အနည်းငယ်၊ ဆတ်သားခြောက် ဖုတ်အနည်းငယ်တို့ကို မြေပေါ် သို့ပုံပေး လိုက်ပြီး အရက်အနည်းငယ်ကိုလည်း သွန်ချလိုက်သည်။ ပြီးမှ မင်းလွင်လည်း ကောက်ညှင်းချက်၊ ဆတ်သားခြောက် ဖုတ်စားလိုက်ပြီး အရက်အနည်းငယ် သောက်လိုက်သည်။ မီးတောက်ဖြစ်သ ဖြင့် ရင်ထဲကိုပူဆင်းသွားသည်။ အရက် နှစ်ကျိုက်လောက်ပဲသောက်ပြီး ကောက် ညှင်းချက်နှင့် ဆတ်သားခြောက်ဖုတ်ကို တော့ အဝစားဖြစ်သည်။ စားသောက် ပြီးလို့ဆက်သွားရာ မှန်တောင်ပေါ် သို့ တက်လာခဲ့ပြီဖြစ်သည်။ ချောင်းလေးမှ ရေကိုလည်း ဝါးဆစ်ဘူးထဲထည့်လာခဲ့ သည်။ ချောင်းလေးကိုဖြတ်ပြီးတော့ မှန် တောင်ကို စတင်တက်နေပြီဖြစ်သည်။ မှန်တောင်တွင် သစ်ရွက်ခြောက်တွေ များလှသည်။ မှန်တောင်တွင် မြွေဆိုးပေါ သဖြင့် သတိကြီးစွာသွားနေရသည်။ မှန် တောင်၏တောင်နှာမောင်းမှကြည့်လျှင် အဝေးတွင် ပန်းသာတောင်ကြီးကို ထီးထီးကြီးမြင်နေရသည်။

မှန်တောင်ချောက်ထဲမှ ဆင်အော် သံတွေကြားနေရသည်။ မင်းလွင်လည်း သတိကြီးစွာထားပြီး မှန်တောင်မှ ပန်း သာတောင်ကြောဆီသို့ ကူးသွားသည်။ သွားနေရင်း မသင်္ကာသဖြင့် အနီးတွင်ရှိ သော သစ်ဆိမ့်ပင်ကြီးပေါ် သို့ အမြန် တက်လိုက်သည်။ ခဏကြာတော့ တကျိ



www.burmeseclassic.com

www.burmeseclassic.com

ကျီးအော်သံများကြားပြီး ချုံပင်ကြီးများကြားမှ ဆင်အုပ်တက်လာနေသည်ကို သစ်ပင်ပေါ်မှမြင်နေရသည်။ ဆင် (၁၅) ကောင်ခန့်ရှိမည်ထင်ရသည်။ မင်းလွင်တက်ပုန်းနေသောသစ်ဆိမ့်ပင်ကြီးခပ်လှမ်းလှမ်းမှဖြတ်ပြီး မှန်တောင်ပေါ်သို့ တက်သွားကြသည်။ ကွမ်းတစ်ယာညက်လောက်ကြာတော့ ဝါးတော်ထဲမှဟိုင်းဆင်ကြီးတစ်ကောင် တိုးထွက်လာသည်။ မင်းလွင်တက်ပုန်းနေသောသစ်ဆိမ့်ပင်ကြီးအောက်ရောက်တော့ အပင်ကြီးပေါ်မော့ကြည့်ပြီး တဝူးတဝူးလုပ်ပြီး အနံ့ခံနေသည်။ မင်းလွင်တက်နေသောနေရာက သစ်ရွက်တွေအုပ်နေသဖြင့် အပင်အောက်နေကြည့်ရင် မမြင်နိုင်ပါ။ မင်းလွင်က လေအောက်ကဖြစ်နေသဖြင့် အနံ့ရလိုက်မရလိုက်ဖြစ်နေသည်။ ခဏကြာတော့ ဟိုင်းဆင်ကြီးလည်း မှန်တောင်ပေါ်သို့ တက်သွားတော့သည်။

နာရီဝက်ခန့်ကြာတော့ မင်းလွင်လည်း သစ်ဆိမ့်ပင်ကြီးပေါ်မှဆင်းလာပြီး ပတ်ဝန်းကျင်ကိုအကဲခတ်ပြီး စိတ်ချရမှ ပန်းသာတောင်ကြီးပေါ်သို့ တက်လာတော့သည်။ ပန်းသာတောင်ပေါ်တွင် ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ပျဉ်းမ၊ အင်၊ ကညင်၊ ပိတောက်၊ ရှား၊ သက်န်း၊ တောင်ပိန္နဲ စသည့် သစ်ပင်ကြီးများပေါက်နေကြသည်။တစ်ဖက်ချောက်ထဲတွင်လည်း ဝါးမျိုးစုံပေါက်နေကြသည်။ ပျဉ်ဝါး၊ ဝါးပိုးဝါး၊ ကြသောင်းဝါး၊ ဝါနက်၊ ထီရိုးဝါးစသည်အမျိုးစုံအောင်ပေါက်နေကြသည်။ တောင်ကမ်းပါးယံနားတွင်ပေါက်နေသော ပျဉ်းကတိုးပင်ကြီးက တောစိုးပင်ကြီးဖြစ်လေသည်။ မင်းလွင်လည်း လုပ်ငန်းစတင်ရန်အတွက် ဖမ်းလာသောကြက်နှစ်ကောင်ကိုမီးကင်ပြီး အရက်နှင့်ကြက်ကင်ကို တောင်ပိုင်ဘိုးဘိုးကြီးကို တောစိုးပင်ကြီးအောက်တွင် တင်မြှောက်လိုက်သည်။ ကောက်ညှင်းကျည်တောက်ကို ခွဲပြီး အနီးတွင်ရှိသော တောင်စလူရွက်ခူး၍ တင်မြှောက်လိုက်သည်။

"ဘိုးဘိုးကြီးခင်ဗျာ သားမင်းလွင်ကို ဝက်တစ်ကောင်ပေးပါ။ ရှိသေစွာတင်မြှောက်ပါသည်။ ဝက်မှလွဲ၍ မည်သည့်သားကောင်ကိုမျှမပစ်ပါ။ တင်မြှောက်ထားတဲ့ ကြက်ကင်နှင့် အရက်၊ ကောက်ညှင်းများကိုလည်း သုံးဆောင်တော်မူပါ"

မင်းလွင်လည်း ပန်းသာတောင်တစ်ဖက်တွင်းရှိသောလျှိုကြီးထဲသို့ သတိထား၍ တဖြည်းဖြည်းဆင်းလာခဲ့သည်။ တဖြည်းဖြည်းဆင်းလာရင်း ဝါးတောတွေလွန်တော့ လျှိုထဲမှာကွေ့ပတ်စီးဆင်းနေသော စမ်းချောင်းလေးနားသို့ ရောက်လာသည်။ စမ်းချောင်းနားတစ်ဝိုက်တွင် ဝါးသုံးတောနှင့်သက်ငယ်တောများဟီးထနေသည်။ တူမီးသေနတ်ကို အသင့်ပြင်ပြီး ခြေသံလုံလုံနှင့် သက်ငယ်တောအနား ချဉ်းကပ်လာသည်။ ဝါးသုံးတောနှင့် သက်ငယ်တောစပ်နားတွင် ကနစိုပင်ကြီးတစ်ပင်က ထီးထီးကြီးပေါက်နေသည်။ မင်းလွင်လည်း လူကြီးသုံးဖက်စာလောက်ရှိသော ကနစိုပင်ကြီးပေါ်သို့တက်၍ ပတ်ဝန်းကျင်ကိုကြည့်၍ အကဲခတ်လိုက်သည်။

စမ်းချောင်းထဲတွင် ဝက်ငါးကောင် ရေကစားနေကြသည်။ ဝက်သုံးကောင်က ကမ်းခြေတွင် တစ်ကောင်နှင့်တစ်ကောင် ဆော့ကစားနေကြပြီး ဝက်တောင်းကြီးနှင့် ဝက်မတစ်ကောင်က စမ်းချောင်းထဲတွင် ရေစိမ်နေသည်။ ဝက်ပေါက်တစ်ကောင်က ဆော့ကစားနေရာမှ ကမ်းစပ်တွင်ပေါက်နေသော တောကန်စွန်းပင်များကို စားသောက်နေသည်။ မင်းလွင်လည်း ကနစိုပင်ကြီးပေါ်မှာဆင်းလာပြီး ပစ်ကွင်းကောင်းကောင်းကိုရွေးလိုက်သည်။ ကမ်းစပ်နားတွင်ပေါက်နေသောခံတက်ပင်ကြီးဘေးမှနေ၍ မိမိနှင့်အနီးဆုံးဖြစ်သော ဝက်ပေါက်ကို နှစ်လုံးပြူးသေနတ်ချိန်ပြီး ပစ်ချလိုက်သည်။ ဝက်ပေါက်၏လက်ပတ်ကို မှန်သွားသည်။ ဝက်ပေါက်က တစ်ချက်ခုန်လိုက်ပြီးကျလာရာ ခံတက်ပင်ကြီးဆီသို့ ဝါးလုံးထိုးပြေးလာပြီး ပက်ထဲလိုက်သည်။

မင်းလွင်ကလည်း ပစ်ပြီးသည်နှင့် ခံတက်ပင်ကြီးအကွယ်သို့ တစ်ပတ်လိမ့်ပြီးဝင်လိုက်သဖြင့်လွတ်သွားသည်။ ဝက်ပေါက်က ခံတက်ပင်ကြီးကိုပက်မိပြီး လဲကျသွားသည်။ ဝက်ပေါက်၏အစွယ်တိုလေးက ခံတက်ပင်တွင်ကျိုးပြီး ကျန်ခဲ့သည်။ ကျန်တဲ့ဝက်တွေက သေနတ်သံကြားကတည်းက ထွက်ပြေးသွားကြပြီဖြစ်သည်။ မင်းလွင်လည်း ခံတက်ပင်ကြီးအကွယ်မှာ ဝက်ပေါက်ရဲ့အခြေအနေကိုကြည့်ပြီး စိတ်ချရမှထွက်လာခဲ့သည်။ ဝက်ပေါက်ကို တူမီးသေနတ်နှင့်ချိန်ပြီး အနားသို့ တစ်လှမ်းချင်းတိုးသွားလိုက်သည်။ အနားရောက်သော် ဓားမီးနှင့်

နေပြီဖြစ်သည်။ ဝက်ပေါက်နားရွက်များ အမြီးဖျားတွေကိုဖြတ်ပြီး တောစာကျွေးလိုက်သည်။ ပြီးမှ လျှော်ပင်တစ်ပင်ခုတ်ပြီး လျှော်ဆုတ်ကာ ဝက်ပေါက်ကိုတုပ်၍ထမ်းပြီး ပြန်လာခဲ့သည်။ ဝက်ပေါက်က အချိန် (၃၀)ကျော်တော့ရှိမည်ထင်ရသည်။ မိုးချုပ်ခါနီးတွင် ညောင်တန်းရှည်ရွာသို့ ပြန်ရောက်လာသည်။ ခြံဝိုင်းရှေ့ရှိမြေပြင်တွင်ဝက်သေကိုပစ်ချလိုက်သည်။ တပည့်ကျော် ကြီးမောင်တော့ ဝက်ပေါက်ကို ရေချိုးတဲ့ရေတွင်းနားယူသွားပြီးဖျက်နေသည်။

ဝမ်းတွင်းကလီစာတွေကို ချက်ပြုတ်ပြီး မီးတောက်ချက်အရက်နှင့် ထိုင်မြည်းနေလိုက်သည်။ မင်းလွင်တို့သားအဖတွေ ချက်အရက်သောက်လိုက်၊ ဝက်ကလီစာမြည်းလိုက်နှင့် ပွဲတော်ကြီးဖြစ်နေတော့သည်။ မင်းလွင်လည်း စားသောက်ပြီး ရေမိုးချိုးရန် ကွပ်ပျစ်ပေါ်တွင်လှဲလိုက်ရာ -အိပ်ပျော်သွားတော့သည်။

မင်းလွင် အိမ်ထဲတွင် ရွှေရောင်တွေတောက်နေသော ရဟန်းတော်တစ်ပါးကိုတွေ့လိုက်ရသည်။ မင်းလွင်လည်း ရွှေရောင်တောက်နေသောရဟန်းတော်တစ်ပါးကိုတွေ့လိုက်ရသဖြင့် စိတ်ထဲတွင် ကြည်ညိုစိတ်တွေဖြစ်ပေါ်လာပြီး မြေပြင်တွင်ဝပ်တွားပြီး ရဟန်းတော်ကို ဦးချရှိခိုးလိုက်သည်။

"ညီငယ်လေး၊ ညီငယ်လေးဟာ အရင်ဘဝက အကုသိုလ်ကံကြောင့် ဒီမကောင်းတဲ့ အလုပ်တွေလုပ်နေရပြီး စိတ်ထားမကောင်းတဲ့မိသားစုမှာမွေးဖွားလာခဲ့ရတယ်။ ဒါကြောင့် ဒီအလုပ်တွေကိုစွန့်လွှတ်ပြီးတော့ ရခဲလှတဲ့လူ့ဘဝကြီးမှာ တရားအားထုတ်ပါ ညီငယ်လေး"

မင်းလွင်လည်း မျက်ဝန်းမှမျက်ရည်များကျလာပြီး ရှိုက်ငိုရင်း အိပ်မက်မက်ရာမှ လန့်နိုးလာသည်။ အိပ်မက်ကို ပြန်စဉ်းစားပြီး အံ့သြနေသည်။ စိတ်ထဲတွင်လည်း တစ်မျိုးကြီးဖြစ်နေသည်။အိပ်ရာမှနိုးတော့ ရေမိုးချိုးပြီး အမေကြော်ထားသော ထမင်းကြော်နှင့် တောဝက်သားဟင်းကို အဆာပြေစားလိုက်သည်။ ဒီနေ့တော့နားမည်ဟု စိတ်ကူးထားသော်လည်း (၉) နာရီလည်းထိုးရော တောထဲသွားချင်စိတ်တွေကတဖွားဖွားပေါ်လာသဖြင့် နှစ်လုံးပြူးသေနတ်ကို စလွယ်သိုင်းပြီး အမဲလိုက်ဓားကို ခါးကြားထိုးပြီးထက်လာခဲ့သည်။

...အတွင်းသွားရင်း ကြည့်လိုက်သည်။ ဝက်ပေါက်ကလေး ဒီတစ်ခါတော့ သမင်တွေ့ပေါ်

www.burmeseclassic.com

သော လေသာတောင်ဘက်သို့ထွက်လာခဲ့သည်။ လေသာတောင်က မြေနီတောင်၏မြောက်ဘက်တွင်ရှိပြီး တောနက်လှသည်။ မင်းလွင်လည်း တဖြည်းဖြည်း တောတိုး၍ မြေနီတောင်မြောက်ဘက်သို့တက်လာခဲ့သည်။ လမ်းတစ်လျှောက်တွင် မည်သည့်သားကောင်မျှမတွေ့ရပေ။ မြေနီတောင်ကျော်လာတော့ ကျောက်တစ်လုံးတောင်ကြီးပေါ်တက်လာခဲ့သည်။ ကျောက်တစ်လုံးတောင်ကြီးသည် ကျောက်တောင်ကြီးဖြစ်သဖြင့် သစ်ပင်များ ကျိုးတိုးကျဲတဲသာပေါက်သည်။ ကျောက်တစ်လုံးတောင်ကြီးကို ကျော်လာတော့ လေသာတောင်ကြီးကို ထီးထီးကြီးတွေ့ရသည်။ ကျောက်တစ်လုံးတောင်ပေါ်တွင် လေအေးတွေက တသုန်သုန်တိုက်ခတ်နေသဖြင့် တောပန်းတောင်ပန်းရနံ့တွေက မွှေးကြိုင်နေသည်။ အရှေ့ဘက်ကိုကြည့်လိုက်တော့ လယ်ကွင်းပြင်ကြီးကို တစ်ပြန့်တစ်ပြောတွေ့ရပြီး အနောက်ဘက်၌တောအထပ်ထပ်တောင်အထပ်ထပ်ကို မြင်ကွင်းတစ်ဆုံး တွေ့မြင်နေရသည်။ လေသာတောင်အစပ်တွင်ပေါက်နေသော သစ်ဆိမ့်ပင်ကြီးပေါ်မှ ရောင်စုံသစ်ခွပန်းတွေက လှပစွာပွင့်နေကြသဖြင့် မင်းလွင်ရင်ထဲတွင် ကြည်နူးသာယာနေမိသည်။ လေသာတောင်တက်လာရင်း ဝါးရုံပင်အောက်တွင်မျှစ်တွေစားနေသော သမင်ဖိုကြီးတစ်ကောင်တွေ့သဖြင့် ကျွန်းပင်ကြီးအကွယ်မှတူးမီးသေနတ်ကို သေသေချာချာချိန်ပြီး ပစ်ထည့်လိုက်သည်။ မင်းလွင်ပစ်ချက်လွဲသွားသဖြင့် သမင်ဖိုကြီးလည်း တစ်ချက်ခုန်ပြီးပြေးတော့သည်။

မင်းလွင်လည်းကြောင်သွားသည်။ သေသေချာချာ ချိန်ပစ်လိုက်ပေမယ့် ဘာကြောင့် လွဲသွားမှန်းမသိတော့ပါ။ မင်းလွင်လက်က တစ်ချက်တစ်ကောင်အသာလေးကြသည်။ သမင်ဖိုကြီးက ပြေးနေရာမှရပ်ပြီး မင်းလွင်ကိုလှည့်ကြည့်နေသည်။ မင်းလွင်လည်း နောက်တစ်ခါပစ်ရန် တူးမီးသေနတ်နှင့်ချိန်လိုက်သဖြင့် သမင်ကပြေးသွားတော့သည်။ မင်းလွင်လည်း နောက်ကပြေးလိုက်သွားသည်။ ခပ်လှမ်းလှမ်းအရောက်တွင် ရပ်၍လှည့်ကြည့်ပြန်သည်။ မင်းလွင်လည်း ပြေးရင်း ရပ်လိုက်ပြီး သမင်ဖိုကြီးကို ပစ်ထည့်လိုက်ပြန်သည်။ သမင်ဖိုကြီးလည်း ပြေးထွက်သွားပြန်သည်။မင်းလွင်လည်း သမင်နောက်သို့ သဲကြီးမဲကြီးလိုက်ရာ လေသာတောင်ကြီးပေါ်ရောက်မှန်းမသိရောက်လာတော့သည်။

လေသာတောင်ပေါ်တွင် ကျောင်းသင်္ခမ်းလေးတစ်ကျောင်းကို တွေ့လိုက်ရသည်။ သမင်ဖိုကြီးကလည်း ကျောင်းလေးရှေ့တွင်ရပ်နေသည်။မင်းလွင်လည်း သမင်ကိုမပစ်တော့ဘဲ အံ့ဩလွန်းသဖြင့် ငေးကြည့်နေမိသည်။ ကျောင်းလေးထဲမှာ တောနေရဟန်းတစ်ပါးထွက်လာတာတွေ့ရသည်။ ရဟန်းတော်သည် မင်းလွင်အိပ်မက်ထဲမှ ရွှေရောင်ရဟန်းတော်နှင့်တူလှသည်။ မတူတာကတော့ ယခုရဟန်းက သစ်ခေါက်ဆိုးသင်္ကန်းကို ရုံထားခြင်းဖြစ်သည်။

"ဒကာလေး ရောက်လာပြီကိုး။ ဒီအကုသိုလ်အလုပ်တွေကို စွန့်လိုက်ပါတော့။ အရင်ဘဝက အပြောအဆိုလေးများယွင်းမိတာနဲ့ ဒီဘဝဆိုးထဲရောက်သွားတော့တာပဲ။ ကြာရင် အပါယ်ငရဲပါကျတော့မယ်။ ဒါကြောင့် ဒကာလေး လူဝတ်ကြောင်စွန့်ပါတော့"

မင်းလွင်လည်း တောနေရဟန်းတော်ကိုတွေ့မှပဲ အမဲလိုက်ချင်စိတ်တွေပျောက်သွားပြီး အမဲလိုက်ခြင်းကို အပြီးအပိုင်စွန့်လိုက်တော့သည်။ နောက်တစ်လကြာတော့ လူဝတ်ကြောင်ကိုစွန့်ပြီး ရဟန်းဘောင်သို့ဝင်ကာ တောနေရဟန်းတော်နှင့် လေသာတောင်မှာသွားနေတော့သည်။ ထိုအချိန်မှစ၍ မင်းလွင်လည်း ရဟန်းတော်ဖြစ်ပြီး တောအတွင်းလှည့်လည်၍ ရဟန်းတရားအားထုတ်နေတော့သည်။ ညောင်တန်းရှည်ရွာသို့လည်း ပြန်မလာတော့ပါ။ မင်းလွင်အမေကတော့ မင်းလွင်ကိုသတိရသဖြင့် ခဏခဏတပြီး မျက်ရည်ကျနေ၏။ မင်းလွင်



အဖေနှင့်အစ်ကိုတွေကတော့ မင်းလွင်ကိုသတိမရပါ။

ရဟန်းတော်မင်းလွင်၏ အဖေကတော့ ရဟန်းဝတ်သွားသည်အတွက် မင်းလွင်ကို အပြစ်တင်နေသည်။ အလုပ်မလုပ်စားချင်သူ၊ လူပျင်းဟုပြောဆိုနေတော့သည်။ ဦးအောင်ကြီး၏သားများဖြစ်သော အောင်မြင့်နှင့်အောင်ကျော်တို့က အရက်နှင့်လောင်းကစားသာစိတ်ဝင်စားပြီး မိန်းမကိစ္စကို လုံးဝစိတ်မဝင်စားကြပါ။ သားအကြီးဆုံးမင်းမောင်က အိမ်ထောင်ရှိပြီး မင်းအောင်ကတော့ လူလွတ်ဖြစ်သည်။ မင်းအောင်က အသားညိုညို၊ တုတ်တုတ်ခိုင်ခိုင်နှင့် အရက်၊ ဖဲ၊ ကြက်တိုက်၊ နွားတိုက် အလွန်ဝါသနာပါပြီး မိန်းမလည်းရှုပ်မွေလှသည်။ တံခွန်တိုင်ရွာအလှူတွင် ချောမောလှပသော ဘန့်ဘွေးကုန်းရွာသူလေးတစ်သိုက်ကို တွေ့သွားသဖြင့် မင်းအောင်တစ်ယောက် ဘန့်ဘွေးကုန်းရွာဘက်သို့ ချောင်းပေါက်မတတ်သွားလာနေတော့သည်။

ဘန့်ဘွေးကုန်းရွာတွင် သူကြီးဦးဟန်၏သမီးလေး ငွေနှင်းမှုံကလည်း တစ်ရွာလုံးတွင် အချောဆုံးဖြစ်ပြီး ကွမ်းတောင်ကိုင်ပန်းတောင်ကိုင်ဖြစ်၏။ မင်းအောင်ကလည်း တန်ခွန်တိုင်ရွာအလှူတွင်တွေ့ခဲ့သော ငွေနှင်းမှုံလေးကို တန်းတန်းစွဲဖြစ်သွားတော့သည်။ နှင်းမှုန်လေးကဲ့သို့ ဖြူနုပြီးလှပဝိုင်းစက်ချောမောပြီး အရပ်မြင့်မြင့်လေးနှင့် ငွေနှင်းမှုံလေးသည် ပုံပြင်တွေ၊ ဒဏ္ဍာရီထဲတွေက မင်းသမီးလေးနှင့်တူလှသည်။ မင်းအောင်လည်း ဘန့်ဘွေးကုန်းရွာသား အရက်သမား၊ ဖဲသမားမောင်ပိန်၏အိမ်တွင်တည်းနေပြီး ငွေနှင်းမှုံလေးအသွားအလာကို စောင့်ကြည့်နေသည်။ မင်းအောင်က ငွေနှင်းမှုံလေးကို မေတ္တာရှိကြောင်းကို ကိုယ်တိုင်လည်းပြောသလို လူတကာနှင့်လည်း ပြောခိုင်းသည်။ ငွေနှင်းမှုံလေးကလည်း မင်းအောင်ကို အရက်သမား၊ ဖဲသမားကို တစ်စက်မှ ကြည့်မရပေ။ ခါးခါးသီးသီးပင်ငြင်းလွှတ်သည်။

ဘန့်ဘွေးကုန်းရွာရှိ ကာလသားများကလည်း သူတို့ရွာသူ ကွမ်းတောင်ကိုင်အချောအလှမိန်းမပျိုလေးကို အရက်သမား၊ ဖဲသမား၊ မိန်းမရှုပ်ပွေသူမင်းအောင် ရွာတွင်လာရောက်ရှုပ်နေသဖြင့် ပြဿနာများဖြစ်ကြတော့သည်။ ဘန့်ဘွေးကုန်းရွာသား အရက်

www.burmeseclassic.com

သမားမောင်ပိန်ကိုလည်း ဓားကြိမ်းကြိမ်းကြသဖြင့် မင်းအောင်လည်း ဘန့်ဘွေးကုန်းရွာသားတွေကို ကြောက်သဖြင့် ညောင်တန်းရှည်ရွာသို့ ပြန်သွားတော့သည်။ မင်းအောင်က ဥစ္စာခနေဖြင့် မိန်းမရှုပ်ပွေသူဖြစ်သည်။ ညောင်တန်းရှည်ရွာသူ တစ်ခုလပ်မလေးတင်စိန်နှင့်လည်း တိတ်ကိတ်ပုန်းညားနေသည်။

ငွေကြေးဂုဏ်၊မိုက်ဂုဏ်တို့ကြောင့်လည်း ညောင်တန်းရှည်ရွာသားတွေ မင်းအောင်တို့မိသားစုကို ကြောက်ကြရသည်။ မင်းအောင်တို့အိမ်တွင် ရွာနီးချုပ်စပ်မှ အရက်သမား၊ ဖဲသမား၊ ကြက်သမားများနှင့်စည်ကားနေ၏။မင်းအောင်တို့အဖေ ဦးအောင်ကြီးကလည်း ဒါမျိုးနေရမှပျော်သည်။ သားငယ်မင်းလွင်ရဟန်းပြုသွားတာကို လူပျော့လူညံ့ဟု ပြောဆိုတတ်သည်။ မင်းလွင်ကတော့ ရဟန်းပြုသွားပြီးကတည်းက ဘယ်တောဘယ်တောင် ရောက်မှန်းမသိတော့ပါ။ မင်းလွင်ကိုသတိရသူတစ်ယောက်တော့ ရှိသည်။ မင်းလွင်၏မိခင်ကြီး ဒေါ်ပန်းစိန်ပင်ဖြစ်သည်။ ဒေါ်ပန်းစိန်က လင်ဖြစ်သူဦးအောင်ကြီးလုပ်တာတွေမကြိုက်ပေမယ့် ဦးအောင်ကြီးကိုကြောက်ရသဖြင့် မပြောရဲပါ။

ခုလည်း မင်းအောင်တစ်ယောက်တောက်တခေါက်ခေါက်ဖြစ်နေသဖြင့် မေးကြည့်ရာ ဘန့်ဘွေးကုန်းရွာ သူကြီးသမီး ကွမ်းတောင်ကိုင် မိန်းမပျိုလေး ငွေနှင်းမှုံကိုချစ်ကြိုက်စကားသွားပြောတာ ခါးခါးသီးသီးငြင်းခံရပြီး ကာလသားများက ဓားကြိမ်းကြိမ်းလွှတ်သဖြင့် ဒေါသထွက်နေသည်ဟု ပြောပြသည်။

"ဒါများမင်းအောင်ရယ် မင်းနှယ်ယောကျ်ားမဟုတ်တာကျနေတာဘဲ။ ဒီသူကြီးသမီးကို ငါရအောင်တောင်းပေးမယ်။ ငွေဘယ်လောက်ကုန်ကုန်။ ငြင်းရင်တော့ အောင်ကြီးအကြောင်းသိသွားမယ်"

နှောင်းတန်ခူး လဆန်း ၁ ရက်နေ့ တနင်္ဂနွေနေ့ နံနက် (၁၀) နာရီ လောက်တွင် ညောင်တန်းရှည်ရွာမှ ရွာလူကြီးများနှင့် ဦးအောင်ကြီးခေါင်းဆောင်ပြီး တန်တော့ပွဲနှင့် မင်းအောင်အတွက် ဘန့်ဘွေးကုန်းရွာသူကြီး-သမီး ငွေနှင်းမှုံလေးကို သွားတောင်းတော့၏။ဘန့်ဘွေးကုန်းရွာသူကြီးလည်း ညောင်တန်းရှည်ရွာလူကြီးများပါလာသဖြင့် ကောင်းမွန်စွာ ဧည့်ခံလေသည်။

"ဘာအတွက်လာကြတာလဲခင်ဗျာ၊ လာရင်းအကြောင်းကိုစွလေးသိပါရစေ။ ကူညီနိုင်တာရှိရင်လည်းကူညီရတာပေါ့"

သူကြီးလည်း ဧည့်ခံစကားပြောလိုက်သည်။

"ဩော် - အင်း၊ တခြားတော့မဟုတ်ပါဘူး။ ကျုပ်သားမင်းအောင်နဲ့ သူကြီးသမီးလေးကို ပေးစားချင်လို့ လာတောင်းတာပါ။ လယ်ဧက (၅၀) နဲ့ ကျွဲ၊ နွား (၁၅) ကောင် လက်ဖွဲ့ပါမယ်။ တစ်ကိုယ်စာလက်ဝတ်ရတနာတွေလည်း ပါပါတယ်"

"ဩော်- ဒီကိစ္စလား၊ ဒီကိစ္စဆိုရင်တော့ သမီးသဘောပဲ မေးကြည့်ရမှာပဲ။ သမီးသဘောကျရင်တော့ ပေးစားရတာပေါ့ဗျာ"

"သမီးရေ၊ ဒီမှာဧည့်သည်တွေအတွက် အကြမ်းရည်နဲ့ ထန်းလျက်ခဲယူခဲ့ပါကွယ်။ လက်ဖက်သုပ်နဲ့ ဆေးပေါ့လိပ်ပါ ထည့်ခဲ့ပါကွယ်"

ခဏကြာတော့ ငွေနှင်းမှုံနှင့် ဒေါ်အေးမြင့်တို့ ထွက်လာကြသည်။ ရေနွေးကြမ်း၊ လက်ဖက်သုပ်၊ ထန်းလျက်၊ ဆေးပေါ့လိပ်တွေကို ဗန်းထဲထည့်လာခဲ့သည်။ ကြေးကွမ်းအစ်ကြီးထဲတွင် ကွမ်း၊ ဆေး၊ ကွမ်းသီးအပြည့်ထည့်ထားသည်။ ကွမ်းကြိုက်သူများစားရန် ထည့်ထားခြင်းဖြစ်သည်။

"သမီး၊ ဒီကဦးအောင်ကြီးတို့က သူ့သားမင်းအောင်နဲ့ သမီးလေးကိုပေးစားချင်လို့ လာတောင်းတာတဲ့ကွယ်။ ညောင်တန်းရှည်ရွာကတဲ့၊ သမီးသဘောကတော့ ဘယ်လိုရှိသလဲကွယ့်"

ငွေနှင်းမှုံလေးက သူ့ကိုတစ်ဖက်သတ်ကြိုက်နေသော အရက်သမား၊ ဖဲသမား၊ ကြက်သမား၊ မိန်းမရှုပ်သူ ညောင်တန်းရှည်ရွာသား မင်းအောင်ဖြစ်နေသဖြင့် အသာအယာပင်ငြင်းလိုက်သည်။

"ဟင့်အင်း၊ သမီး ဒီကအစ်ကိုကြီးကိုမကြိုက်နှစ်သက်ပါဘူး။ သမီးနှစ်သက်နေတဲ့သူရှိပါတယ်။ အဲဒါကြောင့် ကမ်းလှမ်းတာကို လက်မခံနိုင်ပါဘူး"

ငွေနှင်းမှုံလေးက ပြောပြီးပြီးချင်း အိပ်ခန်းထဲသို့ဝင်သွားသည်။ အရက်သမား၊ ဖဲသမား၊ကြက်သမားမင်းအောင်မျက်နှာကို ကြည့်၍မရသောကြောင့် အခန်းထဲဝင်သွားခြင်း ဖြစ်သည်။

ငွေနှင်းမှုံလေးနှစ်သက်နေသူမှာ ဆရာတော်ကြီးကျောင်းတွင် ပညာသင်ကြားနေသော အသားလတ်လတ်၊ အရပ်မြင့်မြင့်၊ ရင်အုပ်ကားကားနှင့် ယောကျ်ားပီသပြီး ချောမောသော မောင်ဘုန်းနိုင်နှင့် ချစ်သူတွေဖြစ်နေကြသည်။ ဘုန်းတော်ကြီးကျောင်းတွင် ကပ္ပိယကြီး ဦးမိုးသီးထံတွင် မြန်မာ့ရိုးရာကိုယ်လုံပညာရပ်များ၊ ဂမ္ဘီရပညာရပ်များ၊ ဆေးပညာရပ်များသင်ယူနေပြီး ဆရာတော်ကြီးထံမှာလည်း ဗုဒ္ဓစာပေကျမ်းခံများကို သင်ကြားနေသူဖြစ်သည်။ မောင်ဘုန်းနိုင်ကလည်း ပျို့တိုင်းကြိုက်သည့်နှင်းဆီခိုင်ဖြစ်နေသည်။ မောင်ဘုန်းနိုင်ကလည်း ကပ္ပိယကြီးဦးမိုးသီးထံမှ ပညာရပ်များကို ဆုံးခန်းတိုင်သင်ယူနေပြီဖြစ်သည်။

ငွေနှင်းမှုံလေး ငြင်းလွှတ်လိုက်၍ မင်းအောင်တို့သားအဖနှင့် ညောင်တန်းရှည်ရွာမှလူကြီးများလည်း ပြန်လာကြသည်။ အငြင်းခံရသဖြင့် ဦးအောင်ကြီးက ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်သဖြင့် ယူလာသောပွဲကြီးကို ကိုင်ပေါက်ပစ်လိုက်သည်။

"အေး-ငါ့သားကိုငြင်းတဲ့ကောင်တွေ၊ ကောင်မတွေ ငါ့အကြောင်းသိစေရမယ်။ ငါ့သားကိုယူရင်ယူမယူရင်တော့ သူတို့သမီးသေစေရမယ်။ အောင်ကြီးတဲ့ဟေ့၊ ငါ့သားကိုစော်ကားတဲ့ရွာသားတွေ ဘာဖြစ်ကုန်မလဲဆိုတာ အချိန်ကျရင်သိလာလိမ့်မယ်"

ဦးအောင်ကြီးက ကြိမ်းမောင်းပြီး အင်္ကျီချွတ်လိုက်ရာ တစ်ကိုယ်လုံးတွင် အင်းတွေနှင့် ပြည့်နှက်နေသည်။ အင်းရုပ်တွေကလည်း ဘီလူး၊ သရဲသဘက်ရုပ်ကြီးတွေဖြစ်ပြီး ဆေးနီတွေနှင့်ထိုးထားသဖြင့် တစ်ကိုယ်လုံးမှာ နီရဲနေသည်။ ဦးအောင်ကြီးပုံကလည်း သရဲသဘက်ကြီးတစ်ကောင်ကဲ့သို့ မျက်ထောက်ကြီးနီရဲလာပြီး မည်းနေသောအသားများပါ ရဲရဲနီလာတော့သည်။ ညောင်တန်းရှည်ရွာမှလူကြီးများလည်း ကြောက်သွားသည်။ ဦးအောင်ကြီးကိုကြည့်ပြီး အံ့ဩလည်း အံ့ဩသွားသည်။ မင်းအောင်နှင့် ညောင်တန်းရှည်ရွာမှ လူကြီးများကို ပြန်လွှတ်လိုက်သည်။

ဦးအောင်ကြီးလည်း ညောင်တန်းရှည်ရွာလူကြီးတွေပြန်သွားမှ ဘန့်ဘွေးကုန်းရွာအနောက်ဘက်ရှိသချိုင်းအတွင်း ဝင်ပြီး ဇရပ်ထဲမှာ မန္တန်တွေရွတ်တော့သည်။မန္တန်ရွတ်လိုက်ရာ ဇရပ်ကြီးလည်း တုန်လှုပ်သွားသည်။ ဦးအောင်ကြီးရွတ်သောမန္တန်သည် ဘီလူးအင်းမန္တန်ဖြစ်သဖြင့် သချိုင်းအတွင်းမှာရှိသော သစ်ပင်ကြီးတွေလည်း တုန်လှုပ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ကြီးလည်း မန္တန်ရွတ်ဆိုပြီး ညောင်တန်းရှည်ရွာဘက်သို့ ပြန်လာခဲ့သည်။

ဦးအောင်ကြီးတို့ ပြန်သွားပြီး တစ်ပတ်ခန့်ကြာသောအခါ ဘန့်ဘွေးကုန်းရွာ၏ပတ်ဝန်းကျင်တွင် ညဘက်ညဘက် ငှက်ဆိုးထိုးသံတွေကြားလာရသည်။ ကောင်းကင်ထဲတွင်ပျံဝဲနေသော ငှက်များထဲတွင် အလွန်ကြီးမားသော ငှက်ကြီးတစ်ကောင်ကို လရောင်ကြယ်ရောင်ထဲတွင် တွေ့နေရသည်။ ရွာသားများလည်း ထိတ်လန့်နေကြသည်။ နှစ်ရက်လောက်ကြာတော့ ရွာအစွန်တွင်နေသော ဒေါ်မြသန်းတစ်ယောက် ဝမ်းရောဂါဖြစ်ပြီး သုံးရက်အတွင်းမှာပင် ကွယ်လွန်သွားသည်။ ထိုညက တစ်ညလုံး ငှက်ဆိုးထိုးသံတွေက ဆူညံလွန်းလှသည်။ အလွန်ကြီးမားသောငှက်ကြီးတစ်ကောင်က သချိုင်းအတွင်းမှာရှိသော ထိမ်ပင်ကြီးတွင်နားနေသည်။

ရွာသားများလည်း တုန်လှုပ်ချောက်ချားနေကြသည်။ တစ်ပတ်လောက်အကြာတွင် မောင်ဘုန်းနိုင်၏ မိခင်ကြီးအဖျားတွေတက်ပြီး ကယောင်ချောက်ချားတွေပြောနေသည်။ ဒေါ်မြင့်လည်း တတ်သလောက်ပြုစုပေမယ့် သတိကောင်းကောင်းမရသဖြင့် ဆရာကြီးဦးမိုးသီးထံသွားခေါ်ပြသပြီး ဆရာတော်ကြီးပါ လျှောက်တင်လိုက်သည်။

"ဆရာတော်ကြီးဘုရား၊ တပည့်တော်တို့အိမ်ရှေ့သစ်ပင်ကြီးမှာ မနေ့ညက ညငှက်ကြီးတစ်ကောင်လာနားပြီး ငှက်ဆိုးထိုးသံတွေကြားပြီးကတည်းက အစ်မ မဖွားဆုံလည်း အဖျားတက်တော့တာပဲဘုရား"

ဒေါ်မြင့်ပြောပြနေစဉ်မှာပင် သူကြီးနှင့်ရွာသားအချို့လည်း ကျောင်းပေါ်သို့တက်လာကြပြီး ရွာတွင်ဖြစ်ပျက်နေတာတွေကို လျှောက်ထားကြသည်။ ရွာစွန်းတွင်နေသောဒေါ်မြသန်းဝမ်းလျှောသေတာ သွေးရိုးသားရိုးသေတာမဖြစ်နိုင် လျှောက်ထားကြသည်။ ဒေါ်မြသန်းဝမ်းလျှောမသေခင် အရက်သမားအောင်မြင့် ညောင်တန်းရှည်ရွာဘက်မှ အရက်သောက်ပြီးပြန်လာအချိန်နောက်ကျနေသဖြင့် ရွာနားရောက်တော့ နေဝင်ရီတရောအချိန်ရောက်နေပြီ ဖြစ်သည်။ ထိုအချိန်တွင် သချိုင်းအတွင်းမှ နီနီရဲရဲ ခပ်မှိန်မှိန်မီးလုံးကြီးများ လေထဲတွင် တက်လိုက်ဆင်းလိုက်လုပ်နေတာကိုတွေ့ရပြီး ကြောက်လွန်းသဖြင့် ရွာထဲသို့ပြေးဝင်ရသည်ဟု ပြောပြသည်။ လယ်ကွင်းထဲတွင်နေသော ဦးလှမောင်ကြီးကလည်း သူတို့တဲမှလှမ်းကြည့်လိုက်ရာ မီးလုံးကြီးတွေက ရွာကိုပတ်သွားနေတာတွေ့ရကြောင်း ပြောပြသည်။

ဆရာတော်ကြီးလည်း ကျောင်းမှ သံဃာငါးပါးပင့်ပြီး ရွာထိပ်နှင့်ရွာလယ်ပိုင်း၊ ရွာအနောက်ပိုင်း၊ ရွာတောင်ပိုင်းများတွင် ပရိတ်များရွတ်ပြီး ပရိတ်ရေများ ဖျန်းကြသည်။ ထိုညမှစ၍ ငှက်ဆိုးများ မလာကြတော့ပါ။ ကိုဘုန်းနိုင်၏အမေ ဒေါ်ဖွားဆုံလည်း ပရိတ်ရေများတိုက်၊ ဦးမိုးသီး၏ဆေးဝါးများလည်းတိုက်ကျွေးလိုက်မှ အဖျားပျောက်ပြီး ကယောင်ကတမ်းပြောနေတာတွေလည်း ပျောက်သွားတော့သည်။

"ဦးမိုးသီးရယ်၊ ကျွန်မကြောက်တယ်။ ဒီငှက်ဆိုးကြီးကို အိပ်မက်ထဲမှာ အမြဲတွေ့နေရတယ်"

"မကြောက်ပါနဲ့တော့ အစ်မကြီးရယ်။ ဒီညကစပြီးတော့ အစ်မကြီးတို့အနားမလာတော့ပါဘူး။ အခုအိမ်မှာ ဘုရားပွဲလည်းထိုးထားပြီးပြီပဲ။ အိမ်နဲ့ခြံကိုလည်း ဆန်မန်းတွေကြပက်လိုက်ပြီးပြီ။ ဒါကြောင့် ဘာမှမကြောက်ပါနဲ့တော့ဗျာ။ ရော့ရော့- ဒီဓာတ်လုံးလေးတွေဆောင်ထားကြ။ ဘယ်သူမှလာ မနှောင့်ယှက်နိုင်တော့ဘူး"

ဆရာကြီးဦးမိုးသီးက သူ့လွယ်အိတ်ညိုညစ်ညစ်ကြီးထဲမှ ဓာတ်လုံးငါးလုံးထုတ်ယူပြီး ဒေါ်ဖွားဆုံနှင့်ဒေါ်မြင့်တို့ကို တစ်ယောက်တစ်လုံးပေးလိုက်သည်။ ဦးမိုးသီးလည်း ကျောင်းပြန်သွားတော့သည်။ ကျောင်းရောက်တော့ ဆရာတော်ကြီးခေါ်သဖြင့် ဆေးလွယ်အိတ်ကို ဆွမ်းချက်ရုံထဲတွင်ထားလိုက်ပြီး ကျောင်းကြီးပေါ်တက်သွားသည်။ ကျောင်းပေါ်ရောက်တော့ ဆရာတော်ကြီးက -

"ဒကာကြီး ဦးမိုးသီး၊ ဒကာကြီး ရွာသူရွာသားတွေကို စောင့်ရှောက်ပါ။ ဒကာ၊ ဒကာမတွေကြုံတွေ့နေရတဲ့အန္တရာယ်ကို အကာအကွယ်ပေးပါ"

"တင်ပါ့ဘုရား၊ တပည့်တော်တတ်သိပညာဖြင့် စောင့်ရှောက်ပါမည်ဘုရား"

ရွာတွင်ဖြစ်ပျက်သောချောက်ချားဖွယ်ရာတွေက ငြိမ်သက်သွားပြီး (၆)လလောက်ကြာတော့ ရွာသားတွေလည်း မေ့သွားကြတော့သည်။

ဆရာလေး ကိုအောင်ပွင့်၏ ယောက္ခမတွေပိုင်သော လယ်ဧက (၅၀) တွင် ဧက (၂၀) က ညောင်တန်းရှည်၏ တောင်ဘက် တောင်ခြေတွင်ရှိသဖြင့် လယ်လုပ်ချိန်နှင့် လယ်သိမ်းချိန်ဆိုလျှင် ညောင်တန်းရှည်ရွာဘက်သို့သွားပြီး စပါးတွေရိတ်သိမ်းကြရသည်။ သူရင်းငှားဦးဘကောင်းကလည်း ညောင်တန်းရှည်ရွာသားဖြစ်ပြီး လယ်ထဲတွင်ပင် တဲထိုးနေသည်။ ဆရာလေးကိုအောင်ပွင့်၏ ယောက္ခမတွေက ဦးဘကောင်းတို့မိသားစုကို စောင့်ရှောက်ထားသဖြင့် ဦးဘကောင်းတို့မိသားစုတွေ အဆင်ပြေနေ၏။ ယခင်ကဆို ရွာထဲတွင် နေစရာအိမ်ဝိုင်းလည်းမရှိ၊ ကြုံရာကျပန်းလုပ်စားပြီး သူများဝိုင်းအစွန်လေးတွင် တဲထိုးနေကြရသည်။ ဆရာလေး၏ ယောက္ခမတွေနှင့်တွေ့မှ အလုပ်ရောနေရာပါပေးသည့်အပြင် လိုအပ်တာပါထောက်ပံ့ပေးသဖြင့် ရွာထဲတွင်မနေတော့ဘဲ လယ်အစပ်တွင် ခြံဝိုင်းဖွဲ့ပြီး တဲထိုးကာနေတော့သည်။ ကြက်ကလေး၊ ဝက်ကလေးပါ မွေးနိုင်သဖြင့် ဦးဘကောင်းတို့လည်း အတော်အသင့် အဆင်ပြေနေတော့သည်။

တောင်ခြေက လယ်ဖြစ်သဖြင့် စပါးကလည်းအထွက်ကောင်းပါသည်။ လယ်ဘေးတစ်လျှောက်တွင်လည်း တောင်ကျစမ်းချောင်းကလေးရှိသဖြင့် အလွန်သာယာသော လယ်ပွဲလေးပင်ဖြစ်သည်။ စပါးကလည်း တောင်ပျံမွှေး၊ ပေါ်ဆန်းမွှေး၊ ငကြွေစသည့်စပါးကောင်းများထွက်သဖြင့် မြင်သူတိုင်း သွားရည်ကျရသော လယ်ပွဲတွေဖြစ်သည်။ ကန်သင်းများတွင် ငှက်ပျောပင်စိုက်ထားရာ ငှက်ပျောသီးများလည်းဝင်းမှည့်နေအောင်သီးကြသဖြင့် အဖိုးတန်သော လယ်ပွဲများပင် ဖြစ်သည်။

ထိုလယ်ဧက (၂၀) ကို ဦးအောင်ကြီးက မျက်စိကျနေသည်။ ထို့ကြောင့် ဆရာလေး၏ယောက္ခမထံတွင် လူကြုံဖြင့်ဝယ်လိုကြောင်း ပြောဆိုခိုင်းသည်။ ဆရာလေးယောက္ခမ ဦးမင်းလှကလည်း မိဘဘိုးဘွားလက်ထက်ကလယ်တွေဖြစ်သဖြင့်မရောင်းနိုင်ကြောင်း အကြောင်းပြန်လိုက်သည်။ ဦးမင်းလှက ညောင်တန်းရှည်ရွာသားဖြစ်ပြီး ဘန့်ဘွေးကုန်းရွာသားနှင့် အိမ်ထောင်ကျပြီး ဘန့်ဘွေးကုန်းရွာတွင် နေထိုင်ခြင်း ဖြစ်သည်။ လယ်မရောင်းသဖြင့် ဦးအောင်ကြီးက ဦးမင်းလှတို့အပေါ် စိတ်ကွက်နေသည်။

"အေး- သူ့လယ်မရောင်းဘူးဟုတ်လား၊ မရောင်းနေပေါ့။ တစ်နေ့ ဒီလယ်တွေ ငါ့လက်ထဲကိုရောက်ကိုရောက်လာ

www.burmeseclassic.com

စေရမယ်။ တစ်နေ့ သူတို့ကိုယ်တိုင် ဝယ်ပါယူပါလို့လာပေးစေရမယ်ကွ"

စပါးတွေရင့်မှည့်နေကြပြီဖြစ်သည်။ လယ်ကွင်းပြင်ကြီးက ရွှေရောင်တွေလွှမ်းနေသော လယ်ကွင်းပြင်ကြီးကိုကြည့်ရသည်မှာ ရင်သပ်ရှုမောစရာပင်ဖြစ်တော့သည်။ နံနက်စောစောဖြစ်သဖြင့် ကွင်းထဲတွင် နှင်းများတဖွဲဖွဲကျဆင်းနေကြသည်။

ဒီနေ့ ဆရာလေးကိုအောင်ပွင့်တို့ ဖနီးမောင်နှံတို့တစ်စုလည်း လှည်းနှစ်စီးနှင့် ဘန့်ဘွေးကုန်းရွာမှ ညောင်တန်းရှည်ရွာဘက်သို့ စပါးရိတ်သိမ်းရန် ထွက်လာကြသည်။လှည်းတစ်စီးက နှင်းဝေဝေ၏ အစ်ကိုကြီးအောင်မောင်းက မောင်းလာခဲ့သည်။ နှင်းဝေဝေလေးကလည်း စပါးရိတ်သူအားလုံး အဆာပြေစားရန်အတွက် ကောက်ညှင်းပေါင်းလေးပြည်တောင် ပေါင်းလာခဲ့သည်။ ငါးရံ့ခြောက်ကိုလည်း မီးဖုတ်ဆီဆမ်း၍ ချိုင့်ကြီးထဲထည့်လာခဲ့သည်။ ဦးဘကောင်းတို့တဲရောက်မှ စပါးရိတ်ကြမည့်သူများကို ကောက်ညှင်းပေါင်းနှင့် ငါးရံ့ခြောက်ဆီဆမ်းကိုကျွေးမွေးကြသည်။ နေ့လယ်စာကိုတော့ ဦးဘကောင်းတို့လင်မယားက ကြိုတင်ပြီး ချက်ပြုတ်နေကြသည်။ တံခွန်တိုင်ရွာတွင် ဝက်ပေါသဖြင့် ဝက်သား (၃) ပိဿာဝယ်ပြီး ဆီပြန်ချက်ထားသည်။ အတို့အမြုပ်တွေကိုတော့ လယ်ထဲမှခူးပြီး ရေစင်စင်ဆေး၍ ဇလုံကြီးထဲထည့်ထားသည်။

တဖြည်းဖြည်း နေရောင်ခြည်ကလည်း အရှေ့လောကဓာတ်တစ်ခွင်မှ ပေါ်လာပြီဖြစ်သည်။ နေရောင်ခြည်နုနုကလည်း ရွှေရောင်စပါးခင်းကြီးအပေါ် ဖြန့်ကြက်လိုက်သဖြင့် ရွှေရောင်ကော်ဇောကြီးအလား ကြည့်၍အလွန်ကောင်းလှသည်။ စပါးနှံတွေလည်း လေပြည်ထဲတွင် တလှိုင်လှိုင်တသင်းသင်း မွှေးလှသည်။ စပါးတွေရိတ်လာလိုက်ကြာ နေ့ခင်းထမင်းစားချိန်ရောက်တော့ တော်တော်ပြီးနှင့်နေပြီဖြစ်သည်။ စပါးရိတ်တာခေတ္တနားပြီး ထမင်းစားကြတော့သည်။ အလုပ်လုပ်နိုင်သလောက် အစားလည်း စားနိုင်ကြသည်။ ဝက်သား (၃) ပိဿာ၊ ထမင်း (၄)ပြည်ချက်က ကုန်သလောက် နီးနီးဖြစ်သွားသည်။

ထမင်းစားပြီးတော့ ကွမ်းစား၊ ဆေးလိပ်သောက်၊ ရေနွေးကြမ်းသောက်ရင်း နားနေကြသည်။ ဆေးလိပ်နှင့်ထန်းလျက်ဝယ်ချင်သဖြင့် မနှင်းဝေဝေက ဦးဘကောင်း၏ သားလေးကိုခေါ်ပြီး ညောင်တန်းရှည်ရွာထဲ ထွက်လာခဲ့သည်။ ညောင်တန်းရှည်ရွာ၏ ရွာလယ်ပိုင်းတွင် ကုန်စုံဆိုင်လေးတစ်ဆိုင်ရှိသဖြင့် ရွာလယ်ပိုင်းအထိသွားဝယ်ကြခြင်းဖြစ်သည်။မနှင်းဝေဝေလည်း ထန်းလျက်ခဲနှင့် ဆေးပေါ့လိပ်များဝယ်ယူပြီး ပြန်လာခဲ့သည်။ ဦးအောင်ကြီးတို့ခြံပိုင်းကွက်ကျော်လာတော့ လှည်းလမ်းကြောင်းအတိုင်း လယ်ကွင်းထဲရှိ ဦးဘကောင်းတို့တဲရှိရာ လယ်ပွဲသို့ပြန်လာခဲ့ကြသည်။ လှည်းလမ်းကြောင်းတစ်လျှောက်တွင် ချုံပင်ကြီးတွေနှင့် ကိုင်းပင်တွေက လှည်းလမ်းကြောင်းပေါ် မိုးပြီးပေါက်နေသဖြင့် လယ်ကွင်းပြင်ထဲမှလှမ်းကြည့်လျှင် လှည်းလမ်းကြောင်းသို့မမြင်ရပါ။ လျှိုအနိမ့်အမြင့်လေးတွေကလည်းရှိသဖြင့် မျက်ကွယ်ဖြစ်နေသည်။

ထိုအချိန်တွင် ဦးအောင်ကြီးသားအကြီးကောင်မင်းမောင်က အရက်လေးထွေထွေနှင့် ရှေ့မှသွားနေသောနှင်းဝေဝေ၏နောက်ပိုင်းအလှကို အရက်ခိုးဝေနေသောမျက်လုံးနှင့်စိုက်ကြည့်ရင်းလိုက်ပါသွားသည်။

နှင်းဝေဝေကလည်း ဦးဘကောင်း၏သားလေးကိုလက်ဆွဲပြီး လှည်းလမ်းကြောင်းအတိုင်းသွားနေသည်။ နှင်းဝေဝေက ကလေးတစ်ယောက်အမေဖြစ်သော်လည်း အပျိုဘဝက ဘန့်ဘွေးကုန်းရွာသူ ကွမ်းတောင်ကိုင်အချောအလှဖြစ်ခဲ့သည်။ အခုလည်း တစ်သားမွေးတစ်သွေးလှဆိုသလို လှပနေသည်။ ကိုယ်လုံးကိုယ်ပေါက်လှလှ၊ အသားဖြူဖြူ၊ အရပ်မနိမ့်မမြင့်။ မသိသူဆိုလျှင် အပျိုစင်တစ်ယောက်ဟုပင်ထင်ရသည်။ လှည်းလမ်းကြောင်းလမ်းအကွေ့သို့အရောက်တွင် မင်းမောင်က ခပ်မြန်မြန်သွားပြီး နှင်းဝေဝေလက်ကိုဆွဲလိုက်ပြီး အတင်းဖက်တော့သည်။ နှင်းဝေဝေကလည်း ရုန်းကန်ပြီး -

"ဟဲ့- လူယုတ်မာ၊ လွှတ်ဟဲ့၊ ငါကလေးအမေဟဲ့ အယုတ်တမာရဲ့"

"ကလေးအမေတွေဘာတွေနားမလည်ဘူး၊ နင့်ကိုငါကြိုက်တယ်၊ ငါယူမယ်"

"ဟဲ့- လူယုတ်မာရဲ့ မဟုတ်တာတွေမပြောနဲ့၊ နင့်မှာလည်းမိန်းမရှိရဲ့သားနဲ့ သူများမယားပြစ်မှားရင် ငရဲကျလိမ့်မယ်"

"ဟားဟားဟား ဘာငရဲလဲ ကျစမ်းပါစေ။ ဒါမျိုးလေးနဲ့တွေ့လို့ကတော့ ဆယ်ခါပြန်ကျစမ်းပါစေ"

"ဦးလေးကြီးရယ် မလုပ်ပါနဲ့နော်။ သား တောင်းပန်ပါတယ်"

"ဟာ - ဒီကလေး၊ ရှုပ်လိုက်တာ၊ လူကြီးတွေအလုပ်ဝင်မရှုပ်စမ်းနဲ့"

ကလေးလေးကို မင်းအောင်က ဆောင့်တွန်းပစ်လိုက်သည်။ကောင်လေးလည်း လှည်းလမ်းကြောင်းပေါ်တွင် ခွေခွေလေးလဲကျသွားသည်။ ထိုအချိန်တွင် နှင်းဝေဝေအစ်ကိုကြီး အောင်မောင်း ရောက်လာသဖြင့် မင်းအောင်ကိုဝင်ထိုးတော့သည်။

"ဟင်- မင်းယုတ်မာလှချေလား၊ မင်းတို့မျိုးမစစ်ကောင်တွေ ငါတို့ရွာတွေမှာ လာပြီးလုပ်ချင်တိုင်းလုပ်လို့ရမယ် မထင်နဲ့ကွ"

နှင်းဝေဝေ၏ အစ်ကိုကြီးဖြစ်သူ ကိုအောင်မောင်းက မြန်မာ့ရိုးရာသိုင်းတတ်မြောက်ထားသူဖြစ်ပြီး လက်ဝှေ့လည်းထိုးသတ်သူဖြစ်သည်။ မင်းအောင်လို အရက်သမားလောက်တော့ စာမဖွဲ့လောက်ပါ။ မင်းမောင်လည်း နှင်းဝေဝေအစ်ကိုကြီးအောင်မောင်းကို မယှဉ်နိုင်ဘဲ လှည်းလမ်းကြောင်းတွင် ခွေခွေလေးလဲကျကျန်ရစ်ခဲ့သည်။ အောင်မောင်းလည်း စိတ်ကြိုက်ထိုးလိုက်ရသဖြင့် ကျေနပ်သွားပြီး နှင်းဝေဝေနှင့်ကလေးလေးကို ခေါ်ပြီး လယ်ကွင်းထဲသို့ပြန်သွားတော့သည်။

"အေး - အောင်မောင်း၊ မင်းတို့ဘန့်ဘွေးကုန်းရွာသားတွေ ထမင်းဝအောင်စားထားကြ။ မင်းမောင်တဲ့ကွ၊ မင်းတို့ရွာသားတွေ ငါ့အကြောင်းသိစေရမယ်"

မင်းမောင်လည်း အော်ကြီးဟစ်ကျယ်ကြိမ်းမောင်းပြီး ပြန်သွားတော့သည်။ ဒီအကြောင်းကို ဦးအောင်ကြီးသိတော့ ဒေါသတွေဖြစ်တော့သည်။ မိမိဘက်က လွန်တာဖြစ်နေတာကြောင့် သွားရောက်ရန်မပြုတော့ဘဲ ဘန့်ဘွေးကုန်းရွာသားတွေကိုတော့ အလွန်မုန်းတီးသွားသည်။ ဘန့်ဘွေးကုန်းရွာနှင့် ပတ်သက်လာလျှင် မိမိဘက်ကသာခံရသဖြင့် မိမိတတ်မြောက်သင်ကြားထားသောပညာဖြင့် ဘန့်ဘွေးကုန်းရွာသားတွေကို ဒုက္ခပေးရန်ပြင်ဆင်တော့သည်။

တစ်ပတ်ခန့်အကြာ ည (၉)နာရီလောက်အချိန်တွင် ဘန့်ဘွေးကုန်းရွာဦ



www.burmeseclassic.com

www.burmeseclassic.com

ငှက်ဆိုးထိုးသံများ ဆူညံစွာကြားရပြီး ရွာအတွင်းမှခွေးတွေကလည်း နာနာဘာဝများတွေ့သလိုမျိုး ဆူညံစွာဆွဲဆွဲငင်ငင်အူကြသည်။ အသံတွေက ချောက်ချားစရာကြီးဖြစ်နေသည်။ သူကြီးသည် အိပ်ပျော်နေရာမှ ချက်ချင်းထ၍ နှစ်လုံးပြူးသေနတ်ကို အရန်သင့်ပြင်ထားလိုက်သည်။ တစ်ရွာလုံးနိုးလာပြီး အိမ်တိုင်းမီးတွေလင်းလာသည်။ သူကြီး၏အိမ်တွင် တပည့်ငါးယောက်တို့ကလည်း ဆောင်မားကိုယ်စီဖြင့် အောက်လင်းဓာတ်မီးကြီးထွန်း၍ အသင့်နေနေကြသည်။ အိမ်ရှေ့ကွက်လပ်ထဲတွင်လည်း ထင်းခြောက်တွေစုဆောင်း၍ မီးရှို့ထားသဖြင့် ထိန်ထိန်လင်းနေသည်။

ခဏကြာတော့ ကာလသားခေါင်း အောင်စိန်တို့အဖွဲ့ တူးမီးသေနတ်တွေ၊ ဆောင်မားတွေနှင့် ရောက်လာကြသည်။ မီးတုတ်တွေရှို့လာသဖြင့် သူတို့သွားရာလမ်းတစ်လျှောက် လင်းထိန်နေတော့သည်။ သူကြီးကလည်း ဝီရိယရှိရှိနေကြရန်ပြောသည်။ အိမ်ရှေ့တိုင်းအိမ်ရှေ့တိုင်းတွင် မီးတွေဖိုကြသည်။ တစ်ရွာလုံး အိမ်ဝိုင်းရှေ့တွင် မီးဖိုထားသဖြင့် လင်းထိန်နေတော့သည်။ ရွာ၏ကောင်းကင်ထဲတွင်လည်း ကြီးမားသောငှက်ဆိုးကြီးနှစ်ကောင် ပျံဝဲနေကြသည်။ ဆရာလေးကိုအောင်ပွင့်တို့အိမ်ဝိုင်းရှေ့ ခြံအပြင်ဘက် တာဆုံပေါ်တွင် နှစ်(၁၀၀)ကျော်မန်ကျည်းပင်ကြီးရှိသည်။ အပင်ကြီးပေါ်တွင် ငှက်ကြီးတစ်ကောင်နားလိုက်သည်။ ခဏကြာတော့ ရောင်စုံမီးလုံးကြီး မီးလုံးလေးတွေဟာ ဆရာလေးတို့အိမ်ရှေ့နားတွင်ဝဲနေကြသည်။ ဆရာလေးက သူ့မိသားစုကို ဘုရားမီးတွေပူဇော်စေပြီး ဘုရားဝတ်တက်ခိုင်းထားလိုက်သည်။

တစ်ရွာလုံးရှိအိမ်တိုင်းကလည်း ဘုရားမီးတွေပူဇော်ပြီး ဘုရားရှိခိုးကြသဖြင့် တစ်ရွာလုံး ဘုရားရှိခိုးသံတွေကြားနေရသည်။ နာနာဘာဝတွေကို ရွာသားတွေက ဘုရားရှိခိုးပြီးခုခံကြသည်။ ဆရာတော်ကြီးနှင့်ဦးမိုးသီးတို့မှာ ဘုရားတည်မည့်ကိစ္စအတွက် မြို့သို့သွားနေသောအချိန်တွင်ဖြစ်နေ၏။ ဒါကြောင့် နာနာဘာဝတွေ အတင့်ရဲနေခြင်းဖြစ်သည်။ ကျောင်းတွင်ကျန်ရစ်သော ဦးပဉ္စင်းလေးနှင့် ကိုရင်လေး၊ ကျောင်းသားလေးတွေကလည်း ပရိတ်တွေ၊ ပဋ္ဌာန်းတွေ ရွတ်ဖတ်ပူဇော်နေကြသည်။

ငှက်ဆိုးထိုးသံတွေကလည်း ဆရာလေးတို့အိမ်နှင့်သူကြီးတို့အိမ်နားတစ်ဝိုက်တွင် ကူးချည်သန်းချည်သွားလာနေကြသည်။ ရွာလယ်လမ်းမကြီးပေါ်မှာလည်း ရောင်စုံမီးလုံးကြီးတွေ၊ မီးလုံးလေးတွေ ပျံဝဲနေကြသည်။ အလွန်ထိတ်လန့်တုန်လှုပ် ချောက်ချားစရာကြီးဖြစ်နေသည်။ ထိုအချိန် သချိုင်းအတွင်းမှ ဟီးဟီးဟီး ဆိုသောအသံကြီး ကြားနေရသည်။ ရွာသားတွေက ကြောက်ကြပေမယ့် သတိတော့မလစ်ရဲပါ။ သတ္တိကောင်းသော ကာလသားခေါင်းဆောင် အောင်စိန်နှင့် ရွာလူကြီးတို့က ရွာသားတွေကို မကြောက်ကြရန် ခြံဝိုင်းအတွင်းမှ အော်ဟစ်ပြောဆိုနေကြသည်။ ရွာသားတွေကလည်း ဒူးလေး၊ လင်းလေး၊ တူမီး၊ လောက်လေးခွတွေ၊ လောက်စလုံးတွေ အဆင်သင့်ပြင်ထားကြသည်။

ဦးလူဟန်၏အိမ်ရှေ့ ခြံအပြင်ဘက်တွင်ရှိသော ပိတောက်ပင်ကြီး၏ထိပ်တွင် နာနာဘာဝငှက်ကြီးကနားလိုက်သဖြင့် အိမ်ရှေ့တွင် မီးလုံးကြီးတွေစုပြုံပြီးရောက်လာကြတော့သည်။ မီးလုံးကြီးတွေက ခြံအပြင်ဘက်တွင် ပျံဝဲနေကြသည်။ မီးလုံးကြီးတစ်လုံးက ခြံအပြင်ဘက်မှနေပြီး ခြံအတွင်းဝင်ရန် တာစူနေသဖြင့် သူကြီးက နှစ်လုံးပြူးဖြင့်ပစ်ထည့်လိုက်သည်။ ဒိုင်းဆိုသောအသံကြီး ဟိန်းသွားပြီး တစ်ရွာလုံးမှ တူမီးသေနတ်သံတွေက တစ်ပြိုင်နက်ဆူညံသွားသည်။ ဒိုင်း ဖုန်း ဖုန်း ဖုန်း ဆိုသောအသံကြီးတွေ တစ်ပြိုင်နက်ပေါ်လာသဖြင့် မီးလုံးကြီးတွေလည်း ပျောက်ကွယ်သွားတော့သည်။ ပိတောက်ပင်ကြီးပေါ်တွင်နားနေသော နာနာဘာဝငှက်ဆိုးကြီးလည်း အဝေးသို့ထပျံသွားတော့၏။ ပြင်းထန်သောသေနတ်သံကြီးတွေ တစ်ပြိုင်နက်ကြားလိုက်ရသဖြင့် သချိုင်းအတွင်းမှ အော်ဟစ်နေသော ချောက်ချားဖွယ်ရာအသံကြီးတွေလည်း ပျောက်ကွယ်သွားတော့သည်။

ဦးလူဟန်တို့အိမ်ရှေ့မှ သေနတ်သံကြားရသဖြင့် ဆရာလေးတို့ အိမ်ရှေ့ခြံအပြင်ဘက်တွင်ရှိသော မန်ကျည်းပင်ကြီးပေါ်မှ နာနာဘာဝအကောင်ကြီးကို ယောက်ဖ ကိုအောင်မောင်းကလည်း တူးမီးသေနတ်နှင့် သေသေချာချာချိန်ပြီး ပစ်ထည့်လိုက်သဖြင့် ဒိန်းဆိုသောအသံကြီးကလည်း ချောက်ချားစရာကောင်းသောညကို ဖြိုခွင်းလိုက်သည်။ သစ်ပင်ကြီးပေါ်မှ နာနာဘာဝအကောင်ကြီးဆီမှ အီးဟီးဟီးဟီးဆိုသောအသံကြီးကြားရပြီး အဝေးသို့ပြန်ထွက်သွားတော့သည်။ အသံဗလံတွေတိတ်ဆိတ်သွားပြီး မကြာခင်မှာပင် အရှေ့ဘက်မှလင်းရောင်ခြည်လည်း ပျို့လာပြီဖြစ်သဖြင့် တစ်ရွာလုံးလင်းလာတော့သည်။ ထိုအချိန်ကျမှ ရွာသားတွေလည်း အိမ်ရှေ့ခြံဝိုင်းအပြင်ဘက်သို့ထွက်လာကြပြီး နာနာဘာဝအကောင်တွေအကြောင်း ပြောဆိုနေကြသည်။ မကောင်းဆိုးဝါးတွေ သေနတ်သံကြားမှ အသံတိတ်ပြီး ပျောက်ကွယ်သွားသဖြင့် သူကြီးက ရွာတွင်ရှိသော တူမီးသေနတ် (၇) လက်ကို အသင့်ပြင်ထားရန်၊ နံနက် (၁၀) နာရီခန့်တွင် မောင်းထုပြီး ရွာသားတွေကိုပြောသည်။

"ယခုအချိန်ဟာ အရေးကြီးတဲ့အချိန်ဖြစ်တယ်။ ဆရာတော်ကြီးနဲ့ ဦးမိုးသီးတို့ ဘုရားတည်ဖို့ကိစ္စနဲ့ မြို့တက်သွားတာ နောက်တစ်နေ့မှပြန်ရောက်မယ်။ ဒါကြောင့် ညကျရင် နိုးနိုးကြားကြားနေကြပါ။ ထင်းတွေနဲ့လောင်စာတွေကိုလည်း ရသလောက်ရှာပြီး မိမိအိမ်ရှေ့ပုံထားပါ။ ကျုပ်အိမ်ကမီးစရှို့တာနဲ့ ထင်းပုံတွေကိုမီးရှို့ပါ။ အိမ်ရှင်မတွေက ဘုရားမီးပူဇော်ပြီး တစ်ပြိုက်နက်ဝတ်တက်ကြပါ။ ပရိတ်ပဋ္ဌာန်းတွေရွတ်ကြပါ။ အောင်စိန်တို့ကာလသားတွေက နေ့လယ်ခင်းထဲက ဆရာတော့်ကျောင်းက ဦးပဉ္စင်းလေးဆီမှာ ပရိတ်ရေနဲ့ ပဋ္ဌာန်းရေတောင်းပြီး အိမ်ပေါက်ဝတွေ၊ ခြံပေါက်ဝတွေမှာ ပက်ဖျန်းပေးပါ။ လက်နက်တွေကိုလည်း အသင့်ဆောင်ထားပါ။ ဒူးလေး၊ လင်းလေး၊ တူမီးသေနတ်တွေ၊ လောက်လေးခွတွေ၊ လောက်စလုံးတွေကို အရန်သင့်လုပ်ထားပါ။ အထူးမှာချင်တာက ကျုပ်ဖြစ်ဖြစ်၊ အောင်စိန်ဖြစ်ဖြစ်၊ အောင်မောင်းဖြစ်ဖြစ် စပစ်တာနဲ့ အားလုံးတစ်ပြိုင်တည်းပစ်။ ရွာသားတွေမကြောက်ကြပါနဲ့။ သတိရှိရှိနဲ့ ရင်ဆိုင်ကြပါ"

ထိုအချိန် ညောင်တန်းရှည်ရွာ ဦးအောင်ကြီးခြံဝိုင်းထဲ မင်းမောင်ဒဏ်ရာရလာသဖြင့် ဦးအောင်ကြီးက ဆေးတွေထည့်ပေးနေ၏။ တူမီးသေနတ်ကျည်ဆန်အနည်းငယ်မှန်သဖြင့် ဒဏ်ရာအနည်းငယ်ရသွားခြင်း ဖြစ်လေသည်။ ဦးအောင်ကြီးက ဒေါသတွေဖြစ်နေသည်။ အပေါ်ထပ်တွင် လျှို့ဝှက်အခန်းမည်သူမျှမဝင်ရသော အခန်းထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

ဘီလူးရုပ်ကြီးနှစ်ရုပ်ရှိပြီး ထိုအရုပ်ကြီးနှစ်ရုပ်ရှေ့တွင် ကြေးအင်းပြားကြီးရှိ၏။ အင်းပြားကြီးပေါ် ဝါဆိုဖယောင်းတိုင်ကြီးများကိုထွန်းညှိထားပြီး ဦးအောင်ကြီးက ဂါထာတွေရွတ်နေသည်။ ဘီလူးရုပ်ကြီးနှစ်ရုပ်ကလည်း အသက်ဝင်နေသလားအောက်မေ့ရသည်။ မျက်လုံးကြီးတွေက နီရဲနေပြီး သက်ဝင်လှုပ်ရှားတော့မလားအောက်မေ့ရသည်။

"အေး- ဒီညတော့ ဘန့်ဘွေးကုန်းရွာကလူတွေခံနိုင်မလားဆိုတာ ကြည့်ရတော့မယ်ကွ"

ဦးအောင်ကြီး၏ရုပ်ကြီးကလည်း ဘီလူးကြီးတစ်ကောင်အလား ကြောက်စရာကောင်းလှသည်။ မိမိဆရာနှစ်ယောက်သင်ပေးထားသော အောက်လမ်းမှော်ပညာရပ်များကို တစ်ဖက်ကမ်းခပ်အောင် တတ်မြောက်ထားသည်။

ထိုအချိန်တွင် ဘုရားတည်ရန် မြို့သို့သွားသော ဆရာတော်ကြီးနှင့်ကပ္ပိယကြီး ဆရာကြီးဦးမိုးသီးတို့ တစ်ရက်စောပြီးပြန်ရောက်လာသဖြင့် ရွာသားတွေလည်း အားတက်ပြီးဝမ်းသာနေကြသည်။

ဦးအောင်ကြီးတို့သားအဖကလည်း ဘန့်ဘွေးကုန်းရွာသားတွေပေါ် ဒေါသထွက်လွန်းသဖြင့် အသေသတ်ချင်နေသည်။ အထူးသဖြင့် မင်းမောင်နှင့်ရန်ဖြစ်ထားသော အောင်မောင်းနှင့် သူကြီးသမီး ငွေနှင်းမှုံလေးတို့အပေါ် အငြိုးအတေးတွေထားဖြစ်ခဲ့သည်။ သူတို့သားအဖတွေဟာ အောက်လမ်းမှော်အတတ်ကို တစ်ဖက်ကမ်းခပ်ခဲ့သဖြင့် သူတို့မုန်းတီးနေသောရွာသားတွေကို ဒုက္ခရောက်အောင်ပြုလုပ်ကြတော့သည်။

"ဒီညတော့ တွေ့ကြာပြီပေါ့ကွာ။ ချည်းဖောက်ထားတဲ့သူတွေတော့ သေဖို့သာပြင်တော့"

ဆောင်းကာလဖြစ်သဖြင့် ပတ်ဝန်းကျင်သည် အေးစက်တိတ်ဆိတ်နေပြီး မြောက်လေရူးတွေကလည်း တသုန်သုန်တိုက်ခတ်နေကြသည်။ တောရိပ်တောင်ရိပ်တွေကလည်း ပို၍တိတ်ဆိတ်အေးမြစေသည်။ ရွာလယ်တွင်ပေါက်နေသော တောင်မုရိုးပင်ကြီးမှ တောင်မုရိုးခြင်းရန့်တွေကလည်း စူးရှမွှေးကြိုင်လှသည်။ ကောင်းကင်ပြင်ကြီးထဲတွင်လည်း ကြယ်လေးတွေ တလက်လက်တောက်ပနေကြသည်။ ကောင်းကင်အနက်ရောင်ကြီးထဲတွင် ငွေကြယ်လေးတွေက စိန်မှုံလေးတွေအလားတောက်ပနေကြသည်။ ရွာကြီးတစ်ရွာလုံး တိတ်ဆိတ်နေပေမယ့် ရွာသားတွေကတော့ မအိပ်ကြပါ။ အန္တရာယ်ကိုရင်ဆိုင်ဖို့ စောင့်ကြိုနေကြသည်။

မောင်ဘုန်းနိုင်နှင့်ဦးမိုးသီးတို့က ညနေကတည်းက သူကြီးအိမ်ရောက်နေကြ၏။ ရွာပြင်တွင်နေသောမောင်ဘုန်းနိုင်၏မိခင်ကြီးဒေါ်ဖွားဆုံနှင့်ဒေါ်မြတို့လည်း အိမ်တံခါးပိတ်ပြီး သူကြီးအိမ်ရောက်နေကြ၏။ ည(၉)နာရီကျော်ကျော်ခန့်တွင် ရွာအပြင်မှ ခွေးဝေ့အူသံကြားသဖြင့် ရွာအတွင်းမှခွေးများကလည်း ဆွဲဆွဲငင်ငင်အူလာကြသည်။ သချိုင်းအတွင်းမှလည်း အီးဟီးဟီးဟီးဆိုသော နာနာဘာဝကောင်ကြီးများ၏ အော်သံများပါကြားလာရသဖြင့် ကြားရသူအပေါင်းတုန်လှုပ်ချောက်ချားစေသည်။အီးဟီးဟီးဆိုသောအသံကြီးများလည်း ရွာအပြင်ဘက် ပတ်ပတ်လည်တွင် ကြားလာရသည်။ ရောင်စုံမီးလုံးကြီးတွေက ရွာထိပ်မှ စတင်ဝင်လာရာ ရွာလယ်လမ်းမတစ်လျှောက်တွင် ပျံဝဲနေတော့သည်။ ကောင်းကင်ပြင်ကြီးထဲတွင်လည်း ညဥ့်ငှက်ဆိုးများတွန်ကျူးသံ၊ နာနာဘာဝငှက်အကြီးကြီးနှစ်ကောင်ကလည်း ပျံဝဲနေကြသည်။ ငှက်ကြီးတွေရဲ့အော်သံမှာ တုန်လှုပ်ချောက်ချားဖွယ်ရာကောင်းလှသည်။

ရွာတောင်ပိုင်းမှကာလသားခေါင်းစိန်အောင်၏ နှစ်လုံးပြူးသေနတ်သံဒိုင်းခနဲအသံထွက်လာသည်။ သေနတ်သံကြားကြားချင်းမှာပင် တစ်ရွာလုံးအိမ်ရှေ့ကွက်လပ်တွင် ပုံထားသောထင်းပုံတွင် မီးများရှို့ပြီး တစ်ရွာလုံးမီးပုံများပေါ်လာပြီး လင်းထိန်နေတော့သည်။ မီးတွေလင်းထိန်သွားသောအခါ တစ်ရွာလုံးရှိ တူမီးသေနတ်(၅)လက်မှ တစ်ပြိုင်တည်း ပစ်ထည့်လိုက်သဖြင့် ဒိုင်းဒိုင်းဒိန်းဒိန်းဒိန်းဆိုသောအသံကြီးတွေက ငှက်ဆိုးထိုးသံတွေ၊ အော်ဟစ်ညည်းတွားသံတွေကို ဖုံးလွှမ်းသွားသည်။ အော်ဟစ်ညည်းတွားသံတွေ၊ ငှက်ဆိုးအော်သံတွေဟာ တိတ်ဆိတ်သွားပြီး ငြိမ်ကြသွားသည်။ နာရီဝက်လောက်ကြာတော့ အသံကြီးတွေပြန်ကြားလာပြီး ပိုပိုဆိုးဝါးလာသည်။

"အမလေး - လုပ်ကြပါဦး၊ ဒီမှာ အကောင်ကြီး အကောင်ကြီးလာနေပြီ"

ဆိုသော အသံနက်ကြီးနှင့်အော်သံကို မုဆိုးမ မလှတင်အိမ်မှအော်သံကြားရပြီး ကြာကူလီမောင်ပြုံးလည်း ကြောက်လန့်လွန်းသဖြင့် ပါးစပ်မှအမြှုပ်တစီစီထွက်ပြီး အသက်ထွက်သွားတော့သည်။ မုဆိုးမ မလှတင်၏ တစ်ခြံကျော်မှ ကြာကူလီမောင်ပြုံး မလှတင်တို့ခြံဘက်သို့ ညအချိန်ရောက်နေခြင်း ဖြစ်သည်။ မောင်ပြုံး၏မိန်းမ မအေးမြင့်ကတော့ သားလေးကိုခေါ်ပြီး ကြောက်လွန်းသဖြင့် မိဘတွေရှိရာ တံခွန်တိုင်ရွာသို့ မနက်ကတည်းကထွက်သွားကြပြီဖြစ်သဖြင့် မောင်ပြုံးတစ်ယောက်တည်း အိမ်တွင်ကျန်ရစ်ခဲ့သည်။ တစ်ခြံကျော်မှ မောင်ပြုံး တိတ်တဆိတ်မယား မလှတင်ထံသို့ရောက်နေခြင်းဖြစ်သည်။ ကြာကူလီမောင်ပြုံးလည်း မုဆိုးမ မလှတင်အိမ်မှာတင် နာနာဘာဝအကောင်ကြီးကိုတွေ့ပြီး နှလုံးရပ်၍ အသက်ဆုံးသွားခြင်းဖြစ်သည်။

ထိုအချိန်တွင် ဦးလူဟန်၏အိမ်ရှေ့ပိတောက်ပင်ကြီးပေါ်သို့ နာနာဘာဝငှက်ကြီးနားလိုက်ပြီး ရောင်စုံမီးလုံးကြီးတွေကလည်း သူကြီးအိမ်ရှေ့သို့ စုပြုံရောက်ရှိလာကြသည်။ မီးလုံးတွေထဲတွင် နာနာဘာဝအကောင်ကြီးတွေရဲ့ပုံတွေ တွေ့နေရသည်။ ထိုအချိန်တွင် အိမ်ရှေ့တွင် မိန်းမတစ်ယောက် ဆံပင်ဖားလျားချပြီးရပ်နေတာ မီးလုံးကြီးများဘေးတွင် ခပ်ရေးရေးတွေ့နေရသည်။

"ငွေ . . နှင်း . . နှင်း . . မှုံ . . ရေ. ရေ. ရေ. ငါ. တို့. တို့. တို့. တော. တော. တောစပ်က. စမ်း. ချောင်း. နား. မှာ. တော. တော. စပယ်. ပန်း. ပန်း. တွေ. သွားခူး. ခူးရ. အောင်"

"ဟင် - ဒါ ဒါ တံခွန်တိုင်ရွာက ပန်းစိန်လေးမဟုတ်လား။ လွန်ခဲ့တဲ့တစ်လက လှယ်ထဲမှာပိုးထိလို့ဆုံးသွားတာ"

"ဟုတ်တယ် အဖေ၊ သူက သမီးနဲ့ကျောင်းနေဖက်သူငယ်ချင်းတွေလေ။ သမီးကြောက်တယ် သမီးကိုလာခေါ်နေကြပြီ"

"ဟေး . ဟေး. ဟေး . ဟေး ဘာ. . . လုပ်. . . လုပ်. . လုပ် နေတာလဲ၊ လာခဲ့တော့ လေ. လေ. လေ"

"ကိုဘုန်းနိုင်၊ ကျွန်မကိုခေါ်နေပြီ၊ ကြောက်တယ် ကြောက်တယ်"

ငွေနှင်းမှုံလေးက အနားတွင်ရှိသော ချစ်သူမောင်ဘုန်းနိုင်လေးလက်ကို ဆွဲထားလိုက်သည်။ ခဏကြာတော့

www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးကြီးတွေပြူးလာပြီး -

"ကျွန်မကိုခေါ်နေပြီ၊ ကျွန်မကို ခေါ်နေပြီ။ ကျွန်မသွားရတော့မယ်"

မောင်ဖုန်းနိုင်လည်း သတိလက်လွတ်ဖြစ်နေသော ငွေနှင်းမှုံလေးကို ဖမ်းဆွဲထားလိုက်သည်။

သူကြီးကတော့ ခြံရှေ့တွင်ရှိသော နာနာဘာဝအမျိုးသမီးကို သေနတ်ဖြင့် သေသေချာချာချိန်ထားသည်။ဆရာကြီး ဦးမိုးသီး အမိန့်မပေးသေးသဖြင့် မပစ်သေးတာဖြစ်သည်။

ဦးမိုးသီးလည်း ဘုရားဝတ်ပြု ပရိတ်ကြီး (၁၁)သုတ်ရွတ်၊ ပဋ္ဌာန်းတွေရွတ် မေ့မစကြာရွတ်၊ ဆင်္ခြီလပါလသုတ်တော်တွေရွတ်ဆိုပြီး မန္တန်များပါရွတ်ဆိုပြီး ဘုရားအားဝတ်ပြုလိုက်သည်။ဘုရားသောက်တော်ရေကိုစွန့်ပြီး အိမ်အတွင်း ပက်ဖျန်းလိုက်သည်။ ငွေနှင်းမှုံလေးကို တိုက်လိုက်သည်။ အိမ်ပေါ်မှ ခြံအတွင်း ဆင်းသွားပြီး မီးပုံကြီးရှေ့တွင်ရပ်ပြီး ဆန်မန်းတွေကြဲလိုက်ပြီး လက်ထဲမှကြိမ်လုံးဖြင့် မြေပြင်ကိုရိုက်လိုက်ရာ လေထဲတွင် ပျံဝဲနေသော မီးလုံးကြီးတွေဟာ မီးစွဲလောင်ပြီး နာနာဘာဝအကောင်ကြီးကို တစ်လုံးပြီးတစ်လုံး သွားရောက်ထိမှန်တော့သည်။ စောစောက နာနာဘာဝ အမျိုးသမီးလည်း ဖျတ်ခနဲပျောက်ကွယ်သွားတော့သည်။

ဦးမိုးသီးလည်း လွယ်အိတ်ထဲမှ ဆေးမှုန့်ဝါဝါနီနီတွေမြေပြင်သို့ကြဲဖျန်းလိုက်ပြီး ကြိမ်လုံးဖြင့်အင်းဆွဲလိုက်ပြီး ကြိမ်လုံးဖြင့် (၁၀) ချက်ရိုက်လိုက်သဖြင့် တစ်ရွာလုံးပါ လေထဲတွင်ရှိသောမီးလုံးကြီးတွေ မီးစွဲလောင်ပြီး နာနာဘာဝငှက်ကြီးနှစ်ကောင်ကို သွားရောက်ထိမှန်တော့သည်။ နာနာဘာဝငှက်ကြီးနှစ်ကောင်လည်း မီးစွဲလောင်ပြီး နာနာကြည်းကြည်းအော်သံကြီးနှင့်အတူ အဝေးသို့ပျံထွက်သွားကြသည်။

ထိုအချိန်မှစ၍ သင်္ချိုင်းအတွင်းမှ အော်ညည်းသော အသံကြီးတွေလည်း ပျောက်ကွယ်သွားတော့သည်။ မီးလုံးကြီးတွေနှင့် ရိုးတိုးရိပ်တိပ်မြင်ရသော နာနာဘာဝအကောင်များလည်းပျောက်ကွယ်သွားတော့သည်။

နံနက်လင်းတော့ ရွာလမ်းမပေါ်တွင် ပုတ်သင်ညိုအသေကောင်များစွာ တွေ့ရသည်။ အားလုံးကိုစုပြီး ရွာပြင်တွင် မီးရှို့လိုက်သည်။ ဦးမိုးသီးနှင့်သူကြီးဦးလှူဟာန်၊ ကာလသားခေါင်း အောင်စိန်နှင့် ရွာသားတစ်စုတို့လည်း သင်္ချိုင်းအတွင်းဝင်ပြီး ဆန်မန်းများနှင့် အဝါရောင်အမှုန့်များ ပက်ဖျန်းလိုက်သည်။ ရွာပတ်ပတ်လည်ကိုလည်း လိုက်လံပက်ဖျန်းကြသည်။ ဆရာတော်ကြီးနှင့်သံဃာငါးပါးပင့်ပြီး ပရိတ်များရွတ်ဆိုလိုက်ပြီး အသံမစဲမဟာပဋ္ဌာန်းကို သံဃာများပင့်၍ (၅)ရက်တိတိ ရွတ်ဆိုပူဇော်လိုက်ကြသည်။ ဒါမှလည်း ရွာသန့်သွားမည်ဖြစ်သည်။

ထိုနေ့နံနက်တွင် ညောင်တန်းရှည်ရွာ ဦးအောင်ကြီး၏ နေအိမ်တွင် ဒဏ်ရာဗရပွနှင့် သားအဖနှစ်ယောက် ပြန်ရောက်လာခဲ့သည်။ ဆေးဘယ်လိုပင်ကုသော်လည်း ဒဏ်ရာပြင်းသောမင်းအောင်တစ်ယောက် နောက်တစ်ပတ်အကြာတွင် ဘဝပြောင်းသွားတော့သည်။ ဦးအောင်ကြီးကတော့ မျက်စိနှစ်လုံးကွယ်သွားပြီး အောက်ပိုင်းသေသွားတော့သည်။ မိမိတတ်မြောက်ထားသော အောက်လမ်းမှော်ပညာလည်း ကွယ်ပျောက်သွားတော့သည်။ ညစဉ်ကြောက်လန့်တကြားအော်ဟစ်နေသဖြင့် ဇနီးဖြစ်သူလည်း စိတ်ဆင်းရဲနေသည်။ ဒါပေမယ့် မိမိအိမ်တွင်ရှိသော နတ်မိစ္ဆာရုပ်တုကြီးနှစ်ရုပ်ကို ရေစီးသန်သောချောင်းအတွင်း သွားရောက်စွန့်ပစ်ခိုင်းလိုက်ပြီး မိမိကိုးကွယ်သော ဗုဒ္ဓဘုရားရှင်အား အိမ်ဦးခန်းတွင် ကျောင်းဆောင်ဆောက်၍ ပူဇော်လိုက်သည်။ မိမိကြောက်ရမည့်သူမရှိတော့၍ နောက်ဖေးတွင်ရှိသော အရက်ဖိုကြီးကိုလည်း ဖျက်ဆီးပစ်လိုက်သည်။ နွားသတ်အမဲပေါ်သော တင်းကုပ်ကြီးကိုလည်း ဖျက်ဆီးပစ်လိုက်သည်။ ကျန်ရစ်သောသားတွေလည်း ထိတ်လန့်လွန်းသဖြင့် အရက်သေစာများမသောက်စားတော့ပေ။

ထိုအချိန်တွင် သား မင်းလွင်ခေါ် ဦးပဥ္စင်းကြွလာသဖြင့် ဒေါ်တင်မြလည်း ဝမ်းသာသွားသည်။ မိခင်ကြီးနှင့်ဖခင်ကြီးကို တရားဟောပြောပြီး အစွဲတွေကိုချွတ်လိုက၏။ ကွယ်လွန်သွားသူ မင်းအောင်၏မိန်းမလည်း သူ့မိဘရှိရာသို့ ပြန်သွားတော့၏။ သားဦးပဥ္စင်းလည်း ဘန့်ဘွေးကုန်းရွာဆရာတော်ဘုရားကြီးကို သွားရောက်ဖူးမြော်ပြီး မိသားစုကို နှုတ်ဆက်ကာ တောတောင်ထဲသို့တရားအားထုတ်ရန် ပြန်ဝင်သွားတော့သည်။

နောက်တစ်လအကြာ ဘန့်ဘွေးကုန်းရွာ၌ မင်္ဂလာပွဲကြီးအကြီးအကျယ်ပြုလုပ်တော့သည်။ မြို့မှဆိုင်းဝိုင်းငှားပြီး မင်္ဂလာပွဲကြီးကို ဆင်နွှဲတော့သည်။

ဆရာတော်ကြီး၏တပည့်၊ ဂန္ဓာရီဆေးဆရာကြီး ဦးမိုးသီး၏ တပည့် မောင်ဖုန်းနိုင်နှင့် သူကြီးဦးဖိုးလှူ၏သမီး ရွာကျွမ်းတောင်ကိုင်ငွေနှင်းမှုံတို့ မင်္ဂလာပွဲဆင်နွှဲကြခြင်းဖြစ်၏။မောင်ဘုန်းနိုင်နှင့် ငွေနှင်းမှုံလေးတို့ နှစ်ဦးသဘောတူချစ်သူတွေဖြစ်နေတာကိုသိသွားခါစက သူကြီးကတော်က သဘောမတူပေ။ မောင်ဘုန်းနိုင်တို့မိသားစုက ဘန့်ဘွေးကုန်းရွာတွင် အဆင်းရဲဆုံးဖြစ်နေသောကြောင့်ဖြစ်သည်။ ဆရာတော်ကြီးနှင့် ဆရာကြီးဦးမိုးသီးတို့၏မျက်နှာကြောင့်က တစ်ကြောင်း၊ မောင်ဖုန်းနိုင်လေးအမေ ဒေါ်ဖွားဆုံက သူတို့အထက်အရပ်မှ ပြောင်းရွှေ့လာသော မင်းမျိုးမင်းနွယ်တွေဖြစ်ပြီး ဒီအရပ်တွင် ဇာတ်မြှုပ်နေကြခြင်းဖြစ်ကြောင်းပြောပြပြီး မိမိတဲဝိုင်းထဲမှ ကုက္ကိုပင်ကြီးအောက်၌မြှုပ်ထားသော ရွှေအိုးနှစ်လုံး၊ ငွေသေတ္တာသုံးလုံးကိုထုပ်ပြလိုက်မှ သူကြီးကတော်လည်းသဘောတူသွားခြင်း ဖြစ်သည်။

မောင်ဖုန်းနိုင်၏အမေ ဒေါ်ဖွားဆုံတို့ကိုလည်း ရွာပြင်တွင်မနေစေတော့ဘဲ ဦးဖိုးလှူ၏ခြံဝိုင်းဘေးတွင်ရှိသောခြံဝိုင်းကိုဝယ်ပြီး အိမ်ဆောက်နေလိုက်သည်။ ဒေါ်ဖွားဆုံလည်း နှစ်ထပ်အိမ်ကြီးဆောက်ပြီး မောင်ဘုန်းနိုင်တို့ဇနီးမောင်နှံတို့နှင့်အတူနေသည်။ ရွာဦးကျောင်းတွင် တည်ထား ကိုးကွယ်မည့် ဘုရားစေတီအားလည်း ရွှေငွေများလှူဒါန်းလိုက်သည်။ ခုတော့ ဘန့်သွေးကုန်းရွာလေးလည်း အေးချမ်းသွားတော့သည်။ မှော်ပညာတစ်ဖက်ကမ်းခပ်အောင်တတ်ပြီး စိတ်ထားမကောင်းသောမိသားစုတစ်စုကြောင့် ရွာပျက်မတတ်ဖြစ်ခဲ့ရသည်။

လောကတွင် ဤကဲ့သို့မကောင်းသော မှော်ပညာရပ်များရှိနေသေးသည်။ မှော်ပညာကိုတတ်၍ သူတစ်ပါးအား မကောင်းကြံလျှင် သံသရာ၌ အပါယ်သို့သာသွားရမည်ဖြစ်သည်။

*သတ္တဝါများ အကျပ်အတည်းမှ*
*လွတ်မြောက်ပါစေ*

ကိုဆောင်းဦး
(အလိန်လည်ကျေးရွာ)



www.burmeseclassic.com

www.burmeseclassic.com

# အဖောရောဂါ တိုင်းရင်းဆေးဖြင့်ကုသပါ

**ဝတီထွန်း(ကျောက်ဖြူ)**

အဖောရောဂါသည် အသက်အရွယ်မရွေးဖြစ်တတ်သောရောဂါတစ်မျိုး ဖြစ်ပါသည်။ ခန္ဓာကိုယ်ပြင်ပအစိတ်အပိုင်းတစ်နေရာရာ (မျက်နှာ၊ ခြေထောက်) စသည့် ဖောရောင်လာသည်ကို တွေ့မြင်ရလျှင် ထိုသူ၏ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်းတစ်ခုခုတွင် ရောဂါဖြစ်နေပြီဖြစ်ကြောင်းကို ခြေထောက်၊ မျက်နှာ ဖောရောင်ခြင်းက သက်သေအဖြစ် ဖော်ပြလျက်ရှိသည်ကို သတိထားကြရမည် ဖြစ်ပါသည်။

အဖောရောဂါ စသော ရောဂါများဖြစ်ရခြင်းအကြောင်းကို ရှေးတိုင်းရင်းဆေးသမားတော်ကြီးများက ရောဂါမူလံ အဇီဏ္ဏကံဟု ကောက်ချက်ချကြသည်ကို တွေ့ကြရပါသည်။ ဆိုလိုသည်မှာ ရောဂါဖြစ်ရခြင်းအကြောင်းရင်းကို စိစစ်ကြည့်လျှင် ပါစကတေဇော (အစာချက်ဝမ်းမီး) ဖောက်ပြန်၍ အစာမကြေခြင်းက ရောဂါ၏မူလအစဖြစ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ စားသောက်မျိုချလိုက်သော အစာနှင့် ရေဓာတ်သည် ပထဝီအာပေါကောဋ္ဌာသဖြစ်၍ မကြေမကျက်ခြင်းကြောင့် ခန္ဓာကိုယ်တွင် ပထဝီအာပေါဓာတ်လွန်ကဲအားကြီးလာသဖြင့် အခိုးအာကာသမရ၍ ခြေလက်၊မျက်နှာ ဖောင်းပွရောင်ကိုင်းလာသည်ကို အဖောရောဂါခေါ်တွင်ကြောင်း ရှင်းပြပြီး ဖြစ်ပါသည်။

ကျောက်ကပ်အဖောများသည် မျက်နှာကစ၍ရောင်တတ်သည်။ နံနက်ပိုင်း၌ပို၍ရောင်တတ်သည်။ ညနေဘက်တွင်အရောင်သက်သာတတ်သည်။

နှလုံးဖောများသည် အသက်ရှူကျပ်၍ ထိုင်ပြီးအသက်ရှူနေတတ်သည်။ မောဟိုက်နေတတ်သည်။

အိပ်ရာထဲလဲနေသောနာတာရှည်ရောဂါသည်များဖောလျှင် မြီးညောင်းရိုးမှစ၍ ဖောရောင်တတ်သည်။

အမျိုးသားများ ခြေထောက်ကစ၍ ကုသရခက်ခဲသည်။ အမျိုးသမီးများ မျက်နှာကစ၍ ဖောရောင်လျှင် ကုသရခက်ခဲသည်။ ခြေ၊ လက်၊ မျက်နှာ(ပဥ္စင်းပါး) ဖောရောင်လျှင် ဆေးကုသရခက်ခဲသည်။ ဝမ်းဗိုက်ကစ၍ ဖောရောင်လျှင် ကုသရခက်ခဲသည်။ ခန္ဓာကိုယ်အထက်ပိုင်းကစ၍ ဖောရောင်လျှင် ဖြူရောင်၊ ခန္ဓာကိုယ်အလယ်ပိုင်းကစ၍ ဖောရောင်လျှင် ဗိန်းဖြူရောင်၊ ခန္ဓာကိုယ်အောက်ပိုင်းကစ၍ဖောရောင်လျှင် ဗိန်းရောင်ဟု ဆိုပါသည်။

ဤသည်တို့ကား အဖောနှင့်ပတ်သက်သော ရှေးက တိုင်းရင်းသားဆေးပညာရှင် သမားတော်ကြီးများ၏ ကျန်းမာရေး ပညာပေးစကားအဖြစ် မှတ်သားဖွယ်ရာအဆိုအမိန့်များ ဖြစ်ပါသည်။

အဖောရောဂါရှင်များတွင် မျက်နှာ၊ ခြေထောက်၊ လက်များ ရောင်ကိုင်းနေတတ်သည်။ အသားရောင်မှာ သွေးသားရောင်မပေါ်ဘဲ ဖြူဖပ်ဖြူရော်ရှိနေတတ်သည်။ မျက်နှာဖောင်းကားနေတတ်သည်။ ဖောရောင်နေသော ခြေသလုံး၊ လက်ခုံ၊ ခြေခုံအရေပြားကို လက်မ၊ လက်ညှိုးဖြင့်နှိပ်ကြည့်ပါက ချိုင့်ဝင်သွားသည်ကို တွေ့ရတတ်ပါသည်။ ဆီးနည်းတတ်သည်။ ဝမ်းလေချုပ်တတ်သည်။ ခါးနာသည် စသည့် ရောဂါလက္ခဏာများကို တွေ့ရတတ်သည်။

ဤသို့ အဖောရောဂါများအနက် ဆီးကျောက်ကပ်ဖောရောမျိုးကို တိုင်းရင်းဆေးဝါးဖြင့် ကုသပျောက်ကင်းပုံကို ဆက်လက် တင်ပြလိုပါသည်။

တိုင်းရင်းဆေးကုဌာနသုံးဆေးများတွင် ဆေးအမှတ် (၂၁) (ဆီးဆေးဖြူ)၊ ဆေးအမှတ် (၂၃) (ဆေးပုလဲကလာပ်)၊ ဆေးအမှတ် (၁၅) (နှလုံးသည်းခြေဆေး)၊ ဆေးအမှတ် (၄၃) (အကင်းငါးပါး၊ အခိုက်ငါးပါးဆေး)သည် အဖောရောဂါသည်များအတွက် အသင့်တော်ဆုံး၊ အကောင်းဆုံးနှင့် အားအထားရဆုံးဆေးဝါးများ ဖြစ်ပါသည်။

ဆေးစာဖက်ရပုံစနစ်ကို တင်ပြရလျှင် ဆေးအမှတ် (၂၁) (ဆီးဆေးဖြူ) နှင့် ဆေးအမှတ် (၂၃) (ဆေးပုလဲကလာပ်) ဆတူရောစပ်၍ ရောဂါအခြေအနေအားကြီးလျှင် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အစာမစားမီနှင့် နေ့ခင်းတစ်ကြိမ် (၂) ပဲသားခန့် သောက်ရေသန့်ဖြင့်သောက်ပေးပါ။ ရောဂါအားမကြီးလျှင် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အစာမစားမီ တစ်နေ့ (၂)ကြိမ် သောက်ပေးရပါသည်။ ကလေးငယ်များ လူကြီးတစ်ဝက်ခန့် အညွှန်းအတိုင်း တိုက်ပေးနိုင်ပါသည်။ အဖောရောဂါကုသရာတွင် သောက်ဆေးသက်သက်ဖြင့် မလုံလောက်ပါ။ အပြင်လိမ်းဆေးကူပေးရသည်။ အဖောကျလိမ်းဆေးအဖြစ် ဆေးအမှတ် (၄၃) (အကင်းဆယ်ပါး) ဆေးကို ခွေးတောက်ရွက်မြစ်သွေး၊ ရေနိုင်နိုင် (များများ) နှင့် ဖျော်စပ်၍ ခြေဖဝါး၊ လက်ဖဝါးချန်လှပ်၍ ဖောရောင်သည့်ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လိမ်းပေးရပါသည်။

အဖောရောဂါသည် များသောအားဖြင့် သွေးအားနည်း၍ ကိုယ်သားကိုယ်ရေဖြူဖပ်ဖြူရော်ရှိနေတတ်သည်။ ယင်းအခြေအနေမျိုးတွင် ဆေးအမှတ် (၁၅) (သည်းခြေ) ဆေး (၂) ပဲသားခန့်ကို သကြားဟင်းစားဇွန်းတစ်ဇွန်း၊ သံပရာအချဉ်ဓာတ်ပါရုံထည့်၍ သောက်ရေသန့်ဖြင့် ဖျော်တိုက်ပေးနိုင်ပါသည်။ ကလေးသူငယ်များကို လူကြီးတစ်ဝက်ခန့် အညွှန်းအတိုင်းတိုက်ပေးနိုင်ပါသည်။ နှလုံးသည်းခြေဆေး (ဆေးအမှတ် ၁၅) ကို ဆီးချို၊ သွေးချိုအခံရှိသူများကို တိုက်ပေးရန်မသင့်ပါ။ အဖောရောဂါသည်များသည် အငန်စာမှန်သမျှ မစားမသောက်မိစေရန် အထူးသတိထားရှောင်ကြည်ကြရပါသည်။ အငန်စာမှန်သမျှ မစားမသောက်မိစေရန် အထူးသတိထား ရှောင်ကြည်ကြရပါသည်။ အငန်ဓာတ် အငန်အရသာသည် 'ရေအောင်းသတ္တိ' ရှိသောကြောင့် အဖောလျော့ကျခြင်းကို ဟန့်တားနိုင်သောကြောင့် အငန်စာများ ကို အထူးအားဖြင့် ရှောင်ရှားကြရခြင်း ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဆီးကျောက်ကပ်ဖောရောဂါသည် အတော်များများကို အထက်ဖော်ပြပါတိုင်းရင်းဆေးကုဌာနသုံးဆေးဝါးများဖြင့် စနစ်တကျကုသပေးပါက ဆီးဝမ်းသွေးလေမှန်၍ (၂) ရက်၊ (၃) ရက်အတွင်းမှာ အဖောအရောင် လျော့ကျဆင်းသွားသည်ကို သိသိသာသာ တွေ့မြင်ကြရမည် ဖြစ်ပါသည်။ ဆက်လက်၍ ဖော်ပြပါနည်းအတိုင်း စနစ်တကျကုသပေးပါက ရက်သတ္တတစ်ပတ်အတွင်းမှာ အဖောရောဂါများ ပျောက်ကင်းချမ်းသာသွားကြကြောင်း ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်သိရှိခဲ့ရပါသည်။ သို့နှင့် အဖောရောဂါကြောက်စရာမလိုပါ။ အဖောရောဂါကို တိုင်းရင်းဆေးဖြင့် ကုသပါဟု တိုက်တွန်းရင်း အဖောရောဂါနှင့်စပ်သမျှ ကျန်းမာချမ်းသာကြပါစေဟု တင်ပြလိုက်ရပါသည်။

ဝတီထွန်း (ကျောက်ဖြူ)




www.burmeseclassic.com

www.burmeseclassic.com

(မိုးကုတ်) ရွှေပြည်စိုး

# တကယ်ခြောက်သော ကြောက်လေဗော်



▫ ပရလောက

ကျွန်တော်တို့ခေတ်မှာ ပြိတ္တာလောကကို ပရလောကလို့ ခေါ်ကြပါတယ်။ ပရလောကသားဆိုရင် အများအားဖြင့် သရဲတစ္ဆေ၊ မြေဖုတ်ဘီလူး၊ ကျတ်၊ မှင်စာ စတဲ့ ပြိတ္တာတွေကို အစွဲပြုခေါ်ဆိုနေကြတာပါပဲ။

ပရလောကလို့ခေါ်တဲ့ အဲဒီအကောင်တွေဟာ အကောင်အထင်အရှားရှိတဲ့အကောင်တွေပါ။ အဲဒီအကောင်တွေဟာ ရုပ်ဝတ္ထုဒြပ်ထင်ရှားမမြင်ရတာကြောင့် ရုပ်ဝတ္ထုလုံးဝမရှိတဲ့ ဝိညာဉ်ကောင်တွေလို့ခေါ်ကြပြီး ဝိညာဉ်လောကလို့လည်းခေါ်ကြပြန်ပါသေးတယ်။

ဝိညာဉ်လောကဆိုတာ ကျွန်တော်တို့ လူ့ဘုံမှာ လုံးဝမရှိပါဘူး။ လူ့ဘုံနဲ့ ပူးတွဲပြီးအတူနေကြတာက တိရစ္ဆာန်ဘုံရယ်၊ ပြိတ္တာဘုံရယ်ပါ။ ငရဲကတော့ နက်ရှိုင်းတဲ့မြေအောက်ကမ္ဘာမှာတည်ရှိတာမို့ အလှမ်းဝေးမယ်ထင်ပါတယ်။

ကျွန်တော်တို့နဲ့ နီးနီးစပ်စပ်နေတဲ့ ပြိတ္တာဆိုတဲ့အကောင်အမျိုးမျိုးတွေမှာ ကျွန်တော်တို့လိုပဲ ခန္ဓာငါးပါးရှိပါတယ်။ သူတို့ရဲ့အရင်ဘဝမှာ အဘိဇ္ဈာ၊ ဣဿာကြီးရင်ကြီးသလောက် အဲဒီကုသိုလ်ကံရဲ့ အကျိုးပေးအတိုင်း မတင့်တယ်တဲ့ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ပြိတ္တာတွေဖြစ်ကြရတယ်။ ငတ်ချက်ပြတ်ချက် ဆင်းရဲဒုက္ခရောက်ချက်တော့မကျန်ဘူး။ အလွန်ကြီးမားကြတယ်။ ရုပ်ရည်တွေအနေနဲ့လည်း အလွန်စက်ဆုပ်ရွံ့ရှာကြောက်ရွံ့ဖွယ်သဏ္ဌာန်တွေနဲ့ဖြစ်တည်နေကြရတာပါ။ ဆိုရရင်တော့ လူတွေ မမြင်အပ်တဲ့ အဆင်းသဏ္ဌာန်လို့ဆိုနိုင်တယ်။ လုံးဝကို မမြင်အပ်တာပါ။ သူတို့သဏ္ဌာန်ကို သာမန်လူတွေ တိုက်ရိုက်မြင်ရရင်လန့်ပြီးသေသွားနိုင်တယ်။

အဲဒါကြောင့် သူတို့ရဲ့နဂိုသဏ္ဌာန်ကို ကံအလျောက်ပါလာတဲ့ ကမ္မဇိဒ္ဓိတန်ခိုးနဲ့ဖုံးကွယ်ထားကြရတယ်။ ကမ္မဇိဒ္ဓိဆိုတာ ကမ္မဇဣဒ္ဓိပါ။ ကမ္မဇ-ကံကြောင့်ဖြစ်တဲ့၊ ဣဒ္ဓိ-တန်ခိုးပါ။ ကံကြောင့်ဖြစ်တဲ့တန်ခိုးပေါ့လေ။ အဲဒီတန်ခိုးကို သူတို့ရထားတယ်။ အဲဒီတန်ခိုးက သူတို့ကိုယ်ကိုဖျောက်ထားနိုင်တာကလွဲပြီး စားစရာ၊ ဝတ်စရာ၊ နေစရာ၊ အသုံးအဆောင် ဘာမှဖန်တီးလို့မရဘူး။ မိုးရွာရင်စိုရတယ်။ နေပူရင်အပူဒဏ်ခံရတယ်။ ချမ်းရင်အချမ်းဒဏ်ခံရတယ်။ သူတို့တန်ခိုးဟာ သူတို့ရဲ့ဘဝအတွက်တော့ ဘာမှအထောက်အကူကောင်းကောင်းမရပါဘူး။ ပြီးတော့ ကြီးနိုင်ငယ်ညှဉ်းမလေ့လည်းရှိတယ်။

အဲဒါကြောင့် သူတို့ဟာ သစ်ရိပ်ဝါးရိပ်၊ ဘုရားအို၊ ကျောင်းပျက်၊ ဇရပ်ပျက် စတဲ့ နေရာတွေမှာ စုဝေးနေထိုင်ကြရတာ။ သူတို့တွေလူတွေကိုပြနိုင်တာက ခြောက်လှန့်ခြင်းပါပဲ။ အနံ့နဲ့ခြောက်တယ်။ အများအားဖြင့် အပုပ်နံ့နဲ့ခြောက်တတ်ကြတယ်။ ပြီးတော့ အသံနဲ့ခြောက်တယ်။ ကြောက်လန့်ဖွယ်အသံပေါ့။ နောက်မီးလုံး၊ မီးပွားစတဲ့သဏ္ဌာန်၊ အရင်ဘဝက ရုပ်ရည်သဏ္ဌာန်၊ ခွေးစတဲ့ တိရစ္ဆာန်သဏ္ဌာန်၊ အသင့်အတင့်ကြောက်ဖွယ်ကောင်းတဲ့၊ မတင့်တယ်တဲ့ သဏ္ဌာန်ဆိုပြီးတော့ ခြောက်တတ်ကြပါတယ်။

ဒါကလည်း အကြောင်းရှိပါတယ်။ သူတို့တွေ အကြောင်းမဲ့ခြောက်ကြတာ ဟုတ်မယ်မထင်ပါဘူး။ အကူအညီရချင်လို့၊ မိမိနေထိုင်ရာဝန်းကျင်ကိုမလာစေချင်လို့၊ ပျော်ချင်ပါးချင်လို့၊ တစ်ဖက်သားဒုက္ခရောက်စေချင်လို့ စတဲ့ အကြောင်းရင်းနဲ့ ခြောက်ကြခြင်းဖြစ်ပါလိမ့်မယ်။

အဲဒီလိုခြောက်ရင် ကြောက်တတ်တဲ့လူရှိတယ်။ မွေးကတည်းက ကြောက်တယ်ဆိုတာ ဘာပါလိမ့်ဆိုပြီး လုံးဝမကြောက်တတ်တဲ့လူရှိတယ်။ အလွန့်အလွန့်ကိုကြောက်တတ်တဲ့လူလည်းရှိ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

တယ်။ အလွန့်အလွန်ကြောက်တတ်တဲ့ လူဆိုလို့ကတော့ သရဲမပြောနဲ့ အချင်းချင်းခြောက်ရင်တောင် အကြောက်လွန်ပြီး ဖျားကုန်တာတွေရှိတယ်။ အမှန်တကယ် သရဲအခြောက်ခံရလို့ကတော့ လန့်ပြီးသေသွားနိုင်တယ်။

ကျွန်တော်ကျတော့ မကြောက်တကြောက်လို့ဆိုနိုင်ပါတယ်။ အထိုက်အလျောက်ကြောက်ပေမယ့် အလွန်ကြီး မကြောက်တတ်ပါဘူး။ ဘာလို့လဲဆိုတော့ ပရလောကသားတွေ အများအပြားမှီတင်းနေထိုင်ကြတဲ့ ပြန်ကပြေးမှန်ကျောင်းတော်ကြီးမှာ သိတတ်စအရွယ်ကတည်းကနေခဲ့ရတော့ ဒါတွေအဆန်းမဟုတ်ပါဘူး။ မြင်ဖူးတယ် ကြားဖူးတယ်။ ဘဝတစ်လျှောက်လုံးမှာ အခါအခါဆိုပါတော့။ သူတို့တွေ ကျွန်တော့်အပေါ် ချစ်ကြဟန်ရှိတယ်။ ဘယ်နေရာရောက်ရောက် အနည်းနဲ့အများကြုံရကြားရလေ့ရှိတယ်။ ကြာတော့လည်း သူတို့တွေရဲ့ဘဝသစ်သဘောကိုနားလည်နေတဲ့ ကျွန်တော်ဟာ ကြောက်စိတ်တောင်မရှိအောင်ပါပဲ။ သနားစိတ်တောင်ဖြစ်မိပါတယ်။ အဲဒါကြောင့် ကုသိုလ်ပြုရင် အားလုံးကို မမေ့မလျော့ အမျှဝေလေ့ရှိတယ်။ တိရစ္ဆာန်ဖြစ်တဲ့ ခွေးတွေ၊ ကြောင်တွေ၊ ကျွဲ၊ နွား၊ မြင်းတွေ ကျွန်တော့်ကိုချစ်ကြသလို သူတို့လည်း အဲဒီလိုချစ်ကြပုံရှိပါတယ်။

မယုံမရှိကြပါနဲ့၊ မနက်စောစော ကျွန်တော် ရပ်ကွက်ထိပ်က ဇီဇဝါပန်းအဝိုင်းကို လမ်းလျှောက်သွားတိုင်း အဲဒီဝန်းကျင်မှာရှိတဲ့ခွေးတွေဟာ အဝိုင်းကနေ ကျွန်တော့်ကို နေ့စဉ်စောင့်ကြိုနေလေ့ရှိတယ်။ ကျွန်တော့်ဆီဝိုင်းအုံပြေးလာပြီး နှုတ်ဆက်ကာ ကျွန်တော်နဲ့အတူနေလေ့ရှိတယ်။ ကျွေးလို့ချစ်တယ်မထင်နဲ့။ မကျွေးဘဲနဲ့ကိုချစ်နေကြတာပါ။ သူတို့ဟာ ကျွန်တော့်မေတ္တာဓာတ်ကို ခံယူကြခြင်းပါပဲ။ ပေတဂတိရောက်နေကြတဲ့ သူတို့တွေဟာလည်း မေတ္တာဓာတ်ရယူချင်ကြတယ်ထင်ပါတယ်။

ကျွန်တော် မနက် (၄) နာရီမှာ အိပ်ရာထနေကျပါ။ တစ်နေ့ အိပ်ရာထနောက်ကျနေတော့ကာ ခေါင်မိုးသွပ်ကို အုန်းမောင်းခေါက်သလို တတုံတုံရိုက်ခတ်ပြီးနှိုးတာတောင် ကြုံဖူးပါတယ်။ ကျွန်တော်က မဟာဝိဇိတာရုံစာသင်တိုက်က အုန်းမောင်းသံထင်တာ အသေအချာနားထောင်မှ ခေါင်မိုးသွပ်ကိုခေါက်နေတာတွေ့ရခြင်းပါပဲ။ ဒီအခါကျမှ နာရီကိုကြည့်မိတယ်။ အိပ်ရာထနည်းနည်း နောက်ကျနေတာကိုးဗျ။ ဒီတော့မှ ဝမ်းပန်းတသာဖြစ်ရပါတယ်။ နှိုးပေးတဲ့အတွက် ကျေးဇူးတင်ရပါတယ်။ အိပ်ရာဝင်နောက်ကျရင် တစ်ခါတလေ ဒီလိုဖြစ်တတ်တာပါပဲ။ အတွေ့အကြုံတွေများလာတော့လည်း ရင်မခုန်တော့ပါဘူး။

ဒါပေမယ့် သူတို့ရဲ့ပကတိသဏ္ဌာန်ကို ကျွန်တော်တို့မြင်ခွင့်မရပါဘူး။ မြင်ခွင့်ရရင် ကြောက်သွားနိုင်ပါတယ်။ ကျွန်တော်ငယ်ငယ်က အိမ်တွင်းမင်းမဟာဂီရိဆိုပြီး နတ်ပသကြတဲ့ ပန်းပဲမောင်တင့်တယ်နတ်ဆိုတာရှိလေတော့ အဲဒီနတ်အကြောင်းကိုရေးသားထားတဲ့ ဆောင်းပါးတစ်ပုဒ်ဖတ်ဖူးတယ်။ မဂ္ဂဇင်းနဲ့ စာရေးဆရာအမည် မမှတ်မိတော့ပါဘူး။ အကြောင်းအရာတော့ မှတ်မိနေတယ်။

ပန်းပဲမောင်တင့်တယ်၊ ဒွေးဖြူ မြတ်လှ ဆိုတဲ့ မောင်နှမသုံးဦးရဲ့ ရှေးခေတ်ကဖြစ်စဉ်ကို လူအတော်များများ သိကြပါတယ်။ သူတို့တွေ မင်းပြစ်မင်းဒဏ်ကြောင့် အသေဆိုးနဲ့သေပြီး နတ်စိမ်းလို့ခေါ်တဲ့ အစိမ်းသရဲတွေဖြစ်ကြရတယ်။ အမှန်တော့ ပေတဂတိလို့ဆိုနိုင်ပါတယ်။

အပိုင်စားရပြီးနောက်ပိုင်းမှာတော့ မောင်တင့်တယ်ဟာ နန်းတွင်းသူနန်းတွင်းသားတွေနဲ့ ရင်းနှီးကျွမ်းဝင်လာတယ်။ ညတိုင်းဆို ရှေးဟောင်းနှောင်းဖြစ်တွေပြောကြဆိုကြနဲ့ပေါ့။ နန်းတွင်းသူနန်းတွင်းသားတွေက ကိုကြီးတင့်တယ်၊ ကိုကြီးတင့်တယ်နဲ့ အလွန်ရင်းနှီးလာတာကိုး။ ဝင်ပူးပြီးပြောတာနေမှာပေါ့။ ရင်းနှီးလာတယ်ဆိုရင်ပဲ လူတွေကတစ်ဆင့်တက်လာကြပါတယ်။ အဲဒါက ကိုကြီးတင့်တယ်ရဲ့ရုပ်အသွင်ကို မြင်လိုကြခြင်းပါ။ ကိုကြီးတင့်တယ်ရဲ့ရုပ်အသွင်ကိုမြင်လိုပါတယ်လို့ အကြိမ်ကြိမ်ပူဆာကြပါတယ်။

အဲဒီမှာ မောင်တင့်တယ်က 'ဟဲ့-ငါတို့ရုပ်အသွင်ဟာ လူတွေမမြင်အပ်ပါဘူး။ အဲဒါတော့ခွင့်လွှတ်ပါ။ မပြပါရစေနဲ့' လို့ အကြိမ်ကြိမ်တောင်းပန်ပါတယ်။ 'ဒီလောက် ရင်းနှီးနေတာ ကိုကြီးရယ် မကြောက်ပါဘူး။ ပြသာပြပါ'လို့ အကြိမ်ကြိမ်ပူဆာနေလေတော့ မောင်တင့်တယ်ဟာ မနေသာတော့တာနဲ့ 'အေး-ကောင်းပြီ၊ ငါပြမယ်။ ဒါပေမယ့် ဒီအတိုင်းတော့ ပြလို့မရဘူး။ ငါပေးတဲ့ဂါထာကို အရင်ရအောင်ကျက်ကြပါ' ဆိုပြီး ဂါထာတစ်ပုဒ်သင်ပေးတယ်။

ဂါထာအလွတ်ရကြတဲ့အခါကျမှ မောင်တင့်တယ်ကပြောတယ်။ အဲဒီဂါထာဟာ အကြောက်အလန့်ပြေစေတဲ့ ဂါထာပါ။ ဒီဂါထာကို ရေမှာမန်းရင် အကြောက်အလန့်ပြေစေတဲ့ရေမန်းဖြစ်တယ်။ ငါ့ကိုကြည့်ချင်ရင် အဲဒီရေမန်းကို အရင်ဆုံးစီရင်ပါ။ ငါ နင်တို့ကို ငါ့ရဲ့သဏ္ဌာန်ကို ဒီအတိုင်းမပြဘူး။ ရေအရိပ်ထဲကနေပြမယ်။ အဲဒီတော့ ရေအင်တုံထဲမှာ ရေထည့်ထားပါ။ ရေအရိပ်ထဲငုံ့ကြည့်ရင် ငါ့မျက်နှာကိုတွေ့ရမယ်။ ငါ့ရဲ့ပကတိသဏ္ဌာန်ကို နင်တို့မြင်ရင် လန့်ပြီးသေသွားနိုင်တယ်။ အဲဒါကြောင့် အရိပ်ကိုပြရခြင်းဖြစ်တယ်။ ငါ့ရဲ့ရေရိပ်ပုံကို မြင်ပြီးတော့ လန့်လို့မေ့မြောကုန်တဲ့အခါ အကြောက်အလန့်ပြေစေတဲ့ ရေမန်းနဲ့ တောက်ပေးပါ။ ပြန်ပြီးသတိရလာပါလိမ့်မယ်' လို့ မောင်တင့်တယ်ကပြောပြပါတယ်။

အဲဒီခေတ်က ခုခေတ်လို မှန်မှမပေါ်သေးတာ။ 'ဘီးမရှိ တောင်ထရံ မှန်မရှိသောက်ရေအိုး' ဆိုတဲ့ခေတ်လေ။ မှန်ကြည့်ချင်ရင် သောက်ရေအိုးထဲငုံ့ကြည့်ရတဲ့ခေတ်ဆိုပါတော့။ ကိုကြီးတင့်တယ်ရဲ့ရုပ်ရည်ကိုလည်း အရမ်းမြင်ချင်နေကြတော့ကာ ရေအင်တုံစီစဉ်ပြီးချပေးပါတယ်။ ရေဆိုတာချလိုက်ရင် ချက်ချင်းငြိမ်တဲ့အမျိုးမဟုတ်ဘူး။ အတန်ကြာမှ ရေမျက်နှာပြင်က မှန်သားပြင်လိုငြိမ်သက်ပြေလျော့သွားတာပါ။ ရေငြိမ်သွားပြီဆိုမှ 'ကဲ - နင်တို့ကြည့်ချင်ရင်ကြည့်ကြပေတော့' လို့ ပြောတယ်။ အဲဒီမှာအလုအယက်တိုးဝှေ့ပြီး ရေအင်တုံကိုငုံ့ကြည့်ကြတယ်။

မြင်ရတယ်ဆိုရင်ပဲ လူတွေဟာ လန့်ဖျပ်အော်ဟစ်ပြီး မေ့မြောကုန်ကြတယ်။ စဉ်းစားကြည့် - ဒါဟာ ရေရိပ်မှာပြတာနော်။ တိုက်ရိုက်ပြတာမဟုတ်သေးဘူး။ တိုက်ရိုက်မြင်လိုက်ရရင် ကိုကြီးတင့်တယ်ပြောသလို အကြောက်လွန်ပြီးသေသွားနိုင်ကြပါတယ်။ ဒီတော့ အိမ်တွင်းမင်းမဟာဂီရိ၊ ကိုကြီးကျော်စတဲ့နတ်တွေဟာ ဘယ်ဂတိနဲ့လားထားတယ်ဆိုတာ သိနိုင်ကြပါတယ်။ မြင့်မြတ်တဲ့ နတ်ပြည်ခြောက်ဘုံဆိုတာ သူ့ဘုံနဲ့သူနေကြတာပါ။ လူပြည်ကနတ်တွေဆိုတာက စတုမဟာရာဇ်နတ်အနွယ်တွေပါ။ အောက်ဆုံးဘုံနတ်တွေလို့ ဆိုနိုင်ပါတယ်။ ဥပမာ ရုက္ခစိုး၊ ဘုမ္မစိုး၊ တောစောင့်နတ်၊ တောင်စောင့်နတ်တွေဆိုပါတော့။ ဒါတောင်မှ အနွယ်ဝင်ရုံရယ်ပါ။

အဲဒီလို အလုအယက် တိုးဝှေ့ကြည့်ရှုပြီး လန့်ဖျပ်ကာ မေ့မြောကုန်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အခါ အသင့်စီမံထားတဲ့ရေမန်းနဲ့တောက် ပေးကြရပါတယ်။ သတိရတဲ့အခါ ရေမန်း တိုက်ပေးကြရပါတယ်။ အဲဒီကျတော့မှ ကိုတင့်တယ်ဆိုတာ ဘာရယ်လို့လူတွေ သိသွားတယ်။ ကြည့်ချင်မြင်ချင်တယ်ဆို တဲ့တောင်းဆိုသံလည်း ပျောက်ကွယ် သွားပါတော့တယ်။ မကြည့်ရဲမမြင်ရဲကြ တော့ပါဘူး။

ဒီတော့ အလွန်ကြောက်မက်ဖွယ် ကောင်းတဲ့ သူတို့ရဲ့သဏ္ဌာန်ကို အစဉ် သဖြင့် ကွယ်ဖျောက်ထားကြရတယ်။ သူတို့ရဲ့ပကတိသဏ္ဌာန်ကိုမြင်နိုင်တာက အကြောက်ကင်းတဲ့ မြတ်စွာဘုရားနဲ့ အဘိညာဉ်ရဟန္တာများသာဖြစ်ကြတယ်။ အဘိညာဉ်တောင်မှ အရှင်မောဂ္ဂလာန် တို့လို တန်ခိုးအရာဧတဒဂ်ရတဲ့ ရဟန္တာ တို့လောက်သာ မြင်နိုင်စွမ်းရှိတာပါ။ ကျွန်တော်တို့လို သာမန်လူတွေမြင်ပိုင်ခွင့် မရှိကြပါဘူး။ မြင်တယ်ဆိုတာ သင့်တင့် မျှတစွာ ဖန်တီးပြတဲ့ ရုပ်အဆင်းလို့ဆိုရ မှာဖြစ်ပါတယ်။ ပကတိရုပ်မဟုတ်ကြပါ ဘူး။

အချို့မကြောက်တတ်တဲ့လူတွေရှိ တယ်။ ဒါပေမယ့် တကယ်ခြောက်တော့ ကြောက်သွားတတ်တာတွေရှိတယ်။ အခု တင်ပြချင်တာက ကျွန်တော်နဲ့ မိသားစု လိုနေတဲ့ ကိုတင်သန်းရဲ့ အတွေ့အကြုံ ပါ။

**□ ခင်ရာဆွေမျိုး**

ကိုတင်သန်းဆိုလို့ပြောရဦးမယ်။ ကိုတင်သန်းနဲ့ မစိုးစိုးတို့ရဲ့ခြံဝိုင်းဟာ ကျွန်တော့်အိမ်အနောက်တောင်ဘက် မှာရှိပြီး လမ်းကျော်လိုက်တာနဲ့ရောက် တာပါ။ ကိုတင်သန်းရော မစိုးစိုးပါ လှပ တင့်တယ်တဲ့ရုပ်ရည်တွေရှိကြပြီး စိတ်ရင်း စိတ်ဓာတ်ကလည်း အရမ်းကောင်းကြ တယ်။ ကိုတင်သန်းက နည်းနည်းညိုပေ မယ့် မစိုးစိုးက စန္ဒီးပိုက်လို ဆွတ်ဆွတ် ဖြူနေတာပါ။ မွေးထားတာကလည်း သားသမီးရှစ်ယောက်တောင်ရှိနေပါပြီ။ နောက်ဆုံး ဗလကြီး ဆိုတဲ့ကလေးကို ခုတင် (၁၀၀၀) ဆေးရုံကြီးမှာမွေးအပြီး မှာတော့ နောက်ကလေးမလာအောင် တားဆီးပေးပါလို့ ဆရာဝန်မကြီးကို တောင်းပန်တာကြောင့် နောက်ထပ် မလာတော့တာပါ။ အရွယ်က (၄၀) ဝန်းကျင်ဆိုတော့ မွေးကောင်းတုန်း အရွယ်မဟုတ်လား။ ဆရာဝန်မကြီးရဲ့ ကျေးဇူးကြောင့်သာ ရပ်တန့်သွားခဲ့ရ ခြင်းပါ။ ဒါမှမဟုတ်ရင် (၁၀) ယောက် လောက်ရနေလောက်ပါပြီ။

မစိုးစိုးက အိမ်ထောင်နိုင်နင်းပါ တယ်။ ကလေးတွေ မိုးပျံအောင်ဆော့ ကြပေမယ့် သူတို့လေးတွေကြောင်ကြေး ရုပ်ပေါက်မနေဘဲ သနပ်ခါးလှလှလေး တွေနဲ့ ချစ်စဖွယ်အသွင်ရှိနေကြပါတယ်။ ကိုယ်နှုတ်စိတ်မရိုင်းအောင် သွန်သင် ဆုံးမပါတယ်။ နွေမှာ တစ်နေ့ (၃) ကြိမ်၊ မိုးနဲ့ ဆောင်းမှာ တစ်နေ့ ရေ(၂)ကြိမ်ချိုး ပေးတယ်။ အဝတ်လဲပေးတယ်။ သနပ်ခါး လိမ်းပေးတယ်။ ဒီတော့ မသန့်ရှိမလား ဗျာ။

အရွယ်တွေရောက်နေကြတဲ့သမီး မေစပယ်စိုး၊ ဆွေနွယ်မိုး၊ ဝေချယ်ဖြိုးတို့ က အိမ်စီးပွားရေးအတွက် ဝိုင်းဝန်းကူညီ အလုပ်လုပ်ကြတယ်။ သားသမီးတွေဟာ အလှကိုကိုယ်စီနဲ့ပါ။ အိမ်ရဲ့ဦးစီးဖြစ်တဲ့ ကိုတင်သန်းဆိုတာကတော့ ပြောစရာ မလိုအောင်ကို အလုပ်လုပ်သူဖြစ်တယ်။ စိတ်ရင်းကောင်းတယ်။ ရိုးသားဖြူစင် တယ်။ တစ်ဖက်သားကို ကူညီရိုင်းပင်း တတ်တယ်။

တစ်အိမ်သားလုံးရဲ့စိတ်ဓာတ်တွေ က ချစ်စရာကောင်းတော့ကာ သူတို့ အိမ်ဟာ လူတွေစုဝေးရာ၊ အရိပ်နားခို ရာ၊ ကလေးတွေစုပေါင်းဆော့ကစားရာ၊ အိမ်နီးချင်းတွေ ရေလာခပ်ရာနေရာဖြစ် တာကြောင့် အစဉ်သဖြင့် လူပြတ်တယ် မရှိပါဘူး။ အဲဒီအထဲမှာ ကျွန်တော် လည်းပါပါတယ်။

အနီးမှာ ကျွန်တော့်ညီအစ်ကို မောင်နှမအိမ်တွေစီတန်းနေသော်လည်း သွားမလည်ဖြစ်ပါဘူး။ အိမ်သေးသေး လေးထဲမှာနေရတော့ ပူတဲ့အခါ မနေ သာရင် ကိုတင်သန်းအိမ်ကသစ်ရိပ်မှာ သွားထိုင်ပြီး လေညင်းခံလေ့ရှိတယ်။ စကားစမြည်လေးတွေပြောဖြစ်ကြတယ်။ သရက်ပင်ရိပ်၊ ပိန္နဲပင်ရိပ်တွေရဲ့အအေး ဟာ အဲယားကွန်းအအေးနဲ့မလဲနိုင် အောင် တန်ဖိုးကြီးလှပါတယ်။ ကျန်းမာ ရေးနဲ့အလွန်ညီညွတ်တာပါ။

ကိုတင်သန်းက ကားမောင်း တယ်။ ထွန်စက်မောင်းတယ်။ စက်တွေ ပြင်တတ်တယ်။ ဝရိန်ဆော်တတ်တယ်။ လက်သမားပညာ၊ ပန်းရန်ပညာ စသည် အကုန်တတ်သောကြောင့် သူ့အတွက် အလုပ်မရှားသလို အလုပ်ရှင်တိုင်းရဲ့ ယုံကြည်လေးစားခြင်းကိုခံရတာကြောင့် ကောင်းသတင်းနဲ့ကျော်ကြားနေသူတစ်ဦး ဖြစ်ပါတယ်။ ပြီးတော့ လော်လည်ခြင်း ကင်းတယ်ဆိုတဲ့ဂုဏ်ကိုလည်း လက်မှာ မိမိရရဆုပ်ကိုင်ထားသူတစ်ဦးပါ။ ဆေး ပေါ့လိပ်တော့ ခပ်ပါးပါးသောက်တတ်ပါ တယ်။ စကားပြောရင် ရယ်ရယ်မောမော နဲ့ သာယာနာပျော်ဖွယ်ပြောတတ်တယ်။ သူ့ဇနီး မစိုးစိုးကိုလည်း မောက်မောက် မာမာပြောတာမျိုးမကြုံဘူးဘဲ ချစ်စနိုး နေပြည်တော်မစိုးစိုးလို့ခေါ် လေ့ရှိတယ်။ ဘာလို့လဲဆိုတော့ ရုပ်ကိုစွရှာကိုစွရှိရင် မုန့်ဟင်းခါးချက်ပေးတတ်တယ်။ ကြာဆံ ကြော်ပေးတတ်တယ်။ ခေါက်ဆွဲကြော် ပေးတတ်တယ်။ သူ့ကိုသာအပ်လိုက်၊ စေတနာကောင်းကောင်းနဲ့ ဆောင်ရွက် ပေးတယ်။ အဲဒီတော့ သူ့ရဲ့အချက်ပြုတ် အကြော်အလှော်က နာမည်ရတယ်။ အဲဒါကြောင့် ကိုတင်သန်းက နာမည် ပြောင် နေပြည်တော်မစိုးစိုးလို့ခေါ် နေ ခြင်းပါ။ မစိုးစိုးက သူများကို အမြဲကူညီ တတ်သူပါ။

ကိုတင်သန်းဟာ ငယ်ငယ်လေး ကတည်းက ဘဝကိုရုန်းကန်ခဲ့ရသူဖြစ် လေတော့ ဘဝအတွေ့အကြုံတွေများပါ တယ်။ ဒီဒေသရဲ့မရောက်ဘူးတဲ့နေရာ၊ မရောက်ဘူးတဲ့တောဆိုတာမရှိဘူး။ ဘဝ ပေးအခြေအနေအရ မရောက်ချင်လည်း ရောက်နေရခြင်းပါ။ ဒီတော့ ဒေသန္တရ ဗဟုသုတကြွယ်ဝသူ ဖြစ်တာကြောင့် သူနဲ့စကားပြောရင် ဗဟုသုတရပါတယ်။ ထောင်တတ်တဲ့နားရှိလေတော့ စာရေး သူ ကျွန်တော့်အတွက် ကုန်ကြမ်းဆိုတာ မရှားပါဘူး။

ခုချိန်မှာတော့ သူ့အိမ်မှာ တီဗွီ ကြည့်သူတွေနဲ့ အစဉ်စည်ကားနေလေ့ရှိ တယ်။ လူတွေသာနားမယ်၊ တီဗွီမနားရ ဘူး။ နားချိန်ရှိပါတယ်။ အဲဒါက မီးပျက် တဲ့အချိန်ဆိုပါတော့။ ပြီးတော့ ညအိပ် ချိန်လို့ ဆိုနိုင်ပါတယ်။

ကိုတင်သန်းရဲ့ ကလေးတွေက ကျွန်တော့်ဝေယျာဝစ္စလေးတွေဆောင် ရွက်ပေးနေတော့ကာ ကျွန်တော်က လည်း သူတို့ကို ပြန်လည်စောင့်ရှောက် ပါတယ်။ ဘဘ၊ ဘဘနဲ့ ချစ်ကြပါတယ်။ ခင်ရာဆွေမျိုးဆိုတာလို သူတို့မိသားစု ဟာ ကျွန်တော့်ဆွေမျိုးရင်းချာတွေနဲ့ မခြားပါဘူး။ ဘဝရေစက်လို့ဆိုရမှာပါပဲ။

**□ အသည်းနုတဲ့မေငွန်မွှေး**

သူတို့က မိန်းကလေး(၅)ယောက်၊ ယောကျ်ားလေးက (၃) ယောက်ပါ။ ယောကျ်ားလေးထဲမှာ ဝေချယ်ဖြိုး အောက်က ချက်ဖောင်းက အကြီးဆုံးပါ။ အခု လူပျိုပေါက်ဖြစ်နေပြီး ကျွန်တော် အားအကိုးရဆုံးကလေးပါ။

အဲဒီအထဲမှာ ချက်ဖောင်းအောက် မေငွန်မွှေး (ခေါ်) အူဝဲမဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာတော့ အူဝဲမလို့ခေါ်ကြပါတယ်။ ခုချိန်မှာ အပျိုဖျန်းကလေးဖြစ်နေပါပြီ။ အပျိုဖျန်းမဖြစ်မီကတည်းက သူ့မှာ အကျင့်တစ်ခုရှိတယ်။ အဲဒါက ဗွီဒီယိုကားထဲက လွမ်းစရာဇာတ်နာတွေပါတာနဲ့ မျက်ရည်မခိုင်ဘဲ မျက်ရည်တဖြိုင်ဖြိုင်ကျတော့တာပါ။ ကျန်တာတွေကတော့ ဘယ်သူမှ သူ့လိုမခံစားကြဘူး။ သူကတော့ ခံစားချက်အားကြီးတယ်ခေါ် ရမှာပါ။ အသည်းနုသူလို့ဆိုရင်လည်း မမှားပါဘူး။ စိတ်နှလုံးနူးညံ့သိမ်မွေ့သူလို့ဆိုနိုင်ပါတယ်။ ပြီးတော့ ခံစားတတ်တဲ့နှလုံးသားပိုင်ရှင်ပါ။

ဒါမျိုးလူဟာ စိတ်နှလုံးနူးညံ့သိမ်မွေ့တယ်။ တစ်ဖက်သားအပေါ် ကြင်နာသနားတတ်တယ်။ ကူညီလိုစိတ်ရှိတယ်။ နူတ်ရေးသိမ်မွေ့ယဉ်ကျေးတယ်။ ချစ်သူခင်သူများတတ်တယ်။ အားနာတတ်တာကြောင့် ချစ်သူလည်းများတတ်တယ်။ ဝမ်းနည်းစရာ၊ ဝမ်းသာစရာ ဘာတွေပဲတွေ့တွေ့ မျက်ရည်လွယ်သူဖြစ်တယ်။ အသည်းနုနုနဲ့ ဘဝကိုစိတ်ကူးယဉ်ဆန်ဆန်နေတတ်သူဖြစ်တယ်။

နေပူတဲ့နေ့တစ်နေ့မှာ ကျွန်တော်သူတို့အိမ်အရှေ့ဘက် သစ်ရိပ်မှာနားခိုနေပါတယ်။ ကိုတင်သန်းကလည်း ဒီနေ့မှာ အလုပ်မသွားဖြစ်တော့ကာ စကားပြောဖော်ရပါတယ်။ အိမ်အောက်ထပ် ဗွီဒီယိုကြည့်နေကြတဲ့ ကလေးတွေနဲ့ကတစ်လံုးလောက်ပဲဝေးတာပါ။ ဒါပေမယ့် ကျွန်တော်က သူတို့ဗီဒီယိုကိုစိတ်မဝင်စားပါဘူး။ ပူလို့သာအရိပ်ခိုနေတာပါ။

"အင်း - အူဝဲမကတော့ ဗွီဒီယိုကို ငိုပြီးကြည့်နေတာဗျ။ ဒီကလေးနဲ့တော့ ခက်ပါတယ်။ဟိုကကြည့်ကောင်းအောင် အလကား စိတ်မပါဘဲလုပ်ပြနေတဲ့ဟာ ဒီကကြည့်ပြီးငိုနေရတယ်လို့ အတော်ခက်တဲ့ကလေးမပဲ။ ကဲ - မယုံရင်ကြည့်ပေတော့ ဦးရေ"

ဆိုပြီး ကျွန်တော်မြင်မှာစိုးလို့ ကျွန်တော်နဲ့တည့်တည့် ပုဆိုးပိုင်းနဲ့ တန်းမှာလွှားပြီးကာထားတာကို ဆွဲဖယ်ပြလိုက်တော့ ဟုတ်ပ့ါဗျာ အူဝဲမ မျက်ရည်တတွေတွေနဲ့ ကြည့်နေတာကိုမြင်ရတာပါပဲ။ ကျွန်တော်ကကြည့်ပြီးရယ်တော့ ရှက်နေတာပါ။ အိမ်သူအိမ်သားတွေကတော့ အဆန်းတကြယ်မဟုတ်တော့ပါဘူး။ ဒီလိုပဲငိုနေကျပေကိုး။ ခုအချိန် (၂၀၁၆ ခု) မှာ ကိုချက်ဖောင်းက (၉)တန်းရောက်သလို အူဝဲမလည်း (၇) တန်းကိုရောက်ပါပြီ။

ဒါထက်ဗျာ မမျှော်လင့်ဘဲ မြင်ကွင်းတစ်ခုကို ၂၀၁၆ ရဲ့မေလထဲမှာ အမှတ်တမဲ့မြင်ခဲ့ရပါတယ်။ အဲဒါက ဝေချယ်ဖြိုးပါ။ မေစပယ်စိုးနဲ့ ဝေချယ်ဖြိုးတို့ဟာ ဂွတ်(ဒ်)သောက်ရေသန့်မှာ အလုပ်လုပ်ကြရင်း ၂၀၁၅ မှာ ရှေ့ဆင့်နောက်ဆင့် အိမ်ထောင်ကျကုန်ပါတယ်။ အကြီးမ မေစပယ်စိုးကအရင်ကျတာပါ။ မကြာမီမှာပဲ ဝေချယ်ဖြိုးလည်းဆက်ကျပါတယ်။ ဆယ်တန်းဖြေပြီး အလုပ်ဝင်လုပ်တာ မကြာသေးပါဘူး။ငယ်ငယ်နဲ့အိမ်ထောင်ကျတာပါ။ အဲဒီသောက်ရေသန့်ရဲ့ ဘော်ဒါဆောင်မှာပဲသူတို့နေကြပါတယ်။ အကြီးမကတော့ သျှောင်နောက်ဆံထုံးပါသွားပါတယ်။

ဝေချယ်ဖြိုးနေမကောင်းတာနဲ့ သူ့မိဘအိမ်ခေတ္တလာနေပါတယ်။ ကလေးအုပ်စုတွေက သူ့အုပ်စုနဲ့သူ ချက်ပြုတ်တမ်းကစားနေကြပါတယ်။ ကလေးတွေကိုငေးကြည့်နေတဲ့ဝေချယ်ဖြိုးဟာလည်း ကစားချင်စိတ်ပေါက်သွားဟန်တူပါတယ်။ မီးဖိုအမှိုက်ခြင်းထဲက ကန်စွန်းရိုးတွေ တစ်ဆုပ်ကြီးယူလာပြီး ထိုင်ခုံကလေးနဲ့ အကျထိုင်ကာ အောက်ကခွက်တစ်ခုခံပြီး ကန်စွန်းရိုးတွေကို ကတ်ကြေးတစ်လက်နဲ့နုပ်နုပ်လေးတွေညှပ်ထည့်ကစားနေတာပါ။

သူ့မျက်နှာလေးဟာ သူလုပ်ချင်ရာလုပ်ရလို့ ကျေနပ်နေတဲ့အနေအထားပါ။ အမှန်တော့ သူ့စိတ်ကိုလွှတ်ပေးလိုက်ခြင်းပါပဲ။ သူ့ရဲ့အတွင်းဗီဇဟာ ကလေးစိတ်မပျောက်သေးဘူးဆိုတာကို ညွှန်ပြနေတာပါ။ အဲဒီကလေးစိတ်က သူ့ကိုခိုင်းစေချက်အရ သူပြုမူဆောင်ရွက်နေခြင်းပါ။ ဘယ်သူမှအာရုံမရောက်ဘဲ သူဟာသူတစ်ယောက်တည်းကစားနေခြင်းဖြင့် သူ့ရင်တွင်းကအာသီသကို ဖြေဖျောက်နေခြင်းပါ။ဒါကိုကြည့်ခြင်းဖြင့် အိမ်ထောင်သာကျသွားတယ်၊ ကလေးစိတ်မကုန်သေးဘူးလို့ ဆိုရမှာပါပဲ။

ရိုးရိုးကုပ်ကုပ်နဲ့ မိဘရဲ့အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းခဲ့ရပြီး ပတ်ဝန်းကျင်နဲ့ထိတွေ့ရတဲ့အခါမှာတော့ ကောင်လေးတွေ၊ ကောင်မလေးတွေ ထွေးရောယှက်တင်အလုပ်လုပ်ကြရတဲ့အခါ အချစ်ဆိုတဲ့အရာနဲ့ နဖူးတွေ့ဒူးတွေ့ကြုံလိုက်ရပြီး အဲဒီအချစ်ရဲ့ခေါ်ဆောင်ရာနောက် ကောက်ကောက်ပါခဲ့ရခြင်းပါ။

ဟော - အခုတော့ ကလေးဗီဇမပျောက်သေးတဲ့ ဝေချယ်ဖြိုးဟာ ကလေးတစ်ယောက်လို့ စိတ်လွှတ်ကိုယ်လွှတ်ကစားနေခြင်းပါပဲ။ ကလေးတွေနဲ့သွားပြီး ဆော့ကစားရအောင်ကလည်း အိမ်ထောင်ကျပြီးတဲ့ အရွယ်ရောက်လူကြီးတစ်ယောက်ဆိုတဲ့စည်းကခြားထားလိုက်ပါပြီ။ အဲဒါကို သူ့ဟာသူသိလို့ အခုလိုတစ်ယောက်တည်း ကစားနေခြင်းပါ။

ကိုတင်သန်းနဲ့မစိုးစိုးတို့မရှိခိုက်ပါ။ မီးဖိုထဲမှာတော့ မစိုးစိုးရဲ့အစ်မ မချိုချိုရှိပါတယ်။

မချိုက -

"ဟဲ့ - ဝေချယ်၊ ဒီမှာ ငါဟင်းအိုးတည်ပေးခဲ့တယ်။ အဲဒါအရည်တွေခန်းကုန်မယ်။ ကြည့်လိုက်ဦးနော်"

လို့ပြောပြီး ထွက်သွားပါတယ်။ ဝေချယ်ဖြိုးကတော့ ဟုတ်ကဲ့၊ ဟုတ်ကဲ့ လို့ပြောပြီး သူ့ဟာသူ စိတ်ဝင်တစား ဆက်ပြီး ကစားနေလျက်ပါပဲ။ ဒါက အမှတ်တမဲ့မြင်နေရတဲ့ စိတ်ဝင်စားစရာမြင်ကွင်းပါ။ အရွယ်မတိုင်မီ အိမ်ထောင်ကျခြင်းဟာလည်း တစ်မျိုးမကောင်းပါလားလို့ တွေးမိပါတယ်။ သူ့အိမ်မှာ သူက အိမ်ရှင်မဖြစ်နေပြီလေ။ ဒါလေးတွေက ဆက်စပ်လို့တင်ပြခြင်းပါ။ လူ့သဘာဝကို သိစေချင်လို့ပါ။

### ◻ ခွေးတောက်ရှက်ခူးနေသူ

"မစိုးစိုးရေ သွားနှင့်တော့မယ်။ နောက်ကနေလိုက်ခဲ့တော့နော်"

လို့ပြောပြီး ကိုတင်သန်း ညောင်ပင်ကြီးစုမြောက်ဘက်ကွင်းက မတ်ပဲစိုက်ခင်းဆီ ရှေးရှုထွက်ခဲ့တယ်။ ကိုတင်သန်းက ညောင်ပင်ကြီးစုသားပါ။ ငယ်ငယ်လေးကတည်းက သီလရှင် ဒေါ်ဘောဇာတို့အိမ်မှာ လယ်တွေစာရင်းငှားလုပ်ရင်းကြီးပြင်းရာကနေ အိမ်နီးချင်း မစိုးစိုးနဲ့ အကြောင်းပါခဲ့ခြင်းပါ။ ဒေါ်စံသတို့၊ ဒေါ်ဘောဇာတို့ဆိုတဲ့ သီလရှင်ညီအစ်မတွေက မြေပိုင်ရှင်သူဌေးကြီးတွေပါ။ အိမ်ကြီးကို သီလရှင်ကျောင်းအဖြစ်နေထိုင်ကာ မိန်းကလေးတွေကို စာသင်ပေးခြင်းဖြင့် ဂုဏ်တင့်တင့်နဲ့နေထိုင်ကြသူတွေပါပဲ။ အဲဒီအိမ်မှာ စာရင်းငှားလုပ်ရင်း မစိုးစိုးနဲ့နီးစပ်ခဲ့တာပါ။

ညောင်ပင်ကြီးစုက ဆွေမျိုးတစ်ဦးက သူတို့အကွက်မှာ မတ်ပဲပေးစိုက်တာနဲ့ ဆောင်းသီးနှံ မတ်ပဲစိုက်တာပါ။ မတ်ပဲသိမ်းပြီးတာနဲ့ နွေစပါးစိုက်ပျိုးရမှာမို့ အချိန်မီ မတ်ပဲသိမ်းရခြင်းပါ။ မတ်ပဲပင်တွေနုတ်ပြီး တလင်းမှာပုံပြီးပါပြီ။ ဒီနေ့ ဝွန်ဒေါင်းစက်နဲ့နယ်မှာပါ။ မတ်ပဲက ဈေးကောင်းရတဲ့ခေတ်ဆိုတော့ မတ်ပဲ



www.burmeseclassic.com

www.burmeseclassic.com

စိုက်သူတွေမဆိုးကြပါဘူး။

မြန်ကပြေးကနေ ဆိတ်နံ့တုန်းကို ဖြတ်ရတယ်။ ဆိတ်နံ့တုန်းလွန်တယ်ဆိုရင်ပဲ ညောင်ပင်ကြီးစုသွားလှည်းလမ်းအတိုင်းလိုက်ရပြန်ပါတယ်။ ရွာကထွက်လိုက်တာနဲ့ ပေါက်ပင်တွေရဲ့ ညို့မှိုင်းမှိုင်းအရိပ်က အပူကိုသက်သာစေပါတယ်။ နွေနေဆိုတော့ နေရင့်လေပူလေပါပဲ။

ကိုတင်သန်းက လမ်းတောင်ဘက် ချုံတောတွေဖုံးနေတဲ့ စေတီပျက်ကြီးတွေဆီ မျက်စိရောက်မိတယ်။ ပြီးတော့ ခွေးတောက်ပင်တွေနွယ်တက်နေတဲ့ ပေါက်ပင်ကြီးဆီ မော့ကြည့်မိတယ်။ ခွေးတောက်ရွက်တွေကလည်းနုနေလိုက်တာထွေးလို့။ အဲဒီမှာ ခွေးတောက်ရွက်တက်ခူးနေသူတစ်ဦးကိုလည်းတလှုပ်လှုပ်တွေ့ရတယ်။ လွယ်အိတ်နီဖားဖားကြီးကိုလွယ်ထားတယ်။ အိတ်တောင်အတော်ဖောင်းနေပေါ့။

ဒါပေမယ့် ဘယ်သူဘယ်ဝါဆိုတာ ကောင်းကောင်းမမြင်ရဘူးဖြစ်နေတယ်။ ပေါက်ရွက်ဆိုတာကြီးပြီး ခပ်စိပ်စိပ်ထွက်တော့ အရွက်တွေနဲ့ပိတ်နေတာပါ။ အဲဒါကြောင့် ဘယ်သူဘယ်ဝါဆိုတာသိရအောင် မျက်နှာကိုရှာကြည့်နေမိတာပါ။ ဒီဝန်းကျင်တွေမှာဆိုတာက မသိသူဆိုတာ ခပ်ရှားရှားပဲလေ။ အဲဒါကြောင့် ဟင်းရည်တစ်နပ်စာလောက်တောင်းမလို့ပါ။ ဟင်းရည်ဆိုတာ တစ်ဆုပ်လောက်ဆိုရတာပဲလေ။

ခွေးတောက်ရွက်တွေခူးခူးထည့်နေတာမြင်ရပေမယ့် မသဲမကွဲဖြစ်နေမိပါတယ်။ ဘာလဲ-သစ်ရွက်တွေကွယ်နေလို့လား၊ ငါ့မျက်စိကပဲမှုန်နေလို့လားဆိုပြီး အပင်အောက်ထိဝင်ကာ မော့ကြည့်မိပါတယ်။ သူ့မျက်စိထဲမှာမရှင်းအောင်ဖြစ်နေလို့ပါ။ စိတ်ထဲနည်းနည်းထူးနေတာနဲ့ အဲဒီအပင်အောက်ဝင်ပြီးမော့ကြည့်လိုက်မှ ခူးနေတဲ့လက်တွေမမြင်ရသလို သူ့ရဲ့ဦးခေါင်းကိုလည်း မမြင်ရပါဘူး။ ကိုယ်ထည်နဲ့အကျီလက်ရှည်အဖြူခပ်ညစ်ညစ်ဝတ်ထားတာကိုသာမြင်ရခြင်းပါ။ ဒါပေမယ့် ခွေးတောက်ရွက်ခူးနေတာတော့ မပျက်ပါဘူး။ ဣန္ဒြေရရခူးနေဆဲပါပဲ။ အဲဒီလို အသေအချာမြင်လိုက်ရတော့မှ ခူးနေသူဟာ လူမဟုတ်ဘူးဆိုတာကိုသိလိုက်ရပြီး ကြောက်စိတ်က ငယ်ထိပ်ရောက်ကာ ဆံပင်တွေထောင်ထကုန်သလား အောက်မေ့ရအောင်ကြောက်လန့်ပူထူပြီး အဲဒီပေါက်ပင်အောက်ကနေ လမ်းဆီပြေးထွက်ပြီး ညောင်ပင်ကြီးစုရွာကို ခပ်သုတ်သုတ်အရောက်ပြေးရပါတယ်။ ကြောက်ချက်ကတော့ ကမ်းကုန်ပါပဲ။ မတ်ပဲခင်းဘာရောက်တယ်၊ လူက ကတုန်ကယင်ဖြစ်နေမိတယ်။ နေ့ခင်းကြောင်တောင်ကြီးပေမယ့် မျက်စိနဲ့တပ်အပ်မြင်လိုက်ရတဲ့အခါ တစ်သက်လုံး မကြောက်ခဲ့သမျှကြောက်စိတ်ဝင်သွားခဲ့တာ အမှန်ပါ။ ခေါင်းနားပန်းကြီးသွားသည်အထိပါ။

အတော်နေတော့ စားစရာတောင်းရွက်ပြီး မစိုးစိုးရောက်လာပါတယ်။ မစိုးစိုးကတော့ သူ့လိုမဟုတ်ဘဲ ဣန္ဒြေရရပုံမှန်ဖြစ်တာကြောင့် သူ့လိုတွေ့ခဲ့ဟန်မတူဘူးလို့ထင်မိပါတယ်။

"မစိုးစိုး၊ ဆိတ်နံ့တုန်းရွာအနောက်ဘက်အထွက် ဘုရားပျက်ကြီးဘေးကပေါက်ပင်မှာ ခွေးတောက်ပင်ကြီးတွေနွယ်တက်နေတာတွေ့တယ်မဟုတ်လား"

"ဖြတ်သွားဖြတ်လာတွေ့နေကျပဲလေ သိတာပေါ့။ ဘာလဲ အပြန်မှာခွေးတောက်ရွက်တက်ခူးမလို့လား"

"မဟုတ်ပါဘူးဟာ၊ ခွေးတောက်ရွက်ခူးဖို့မပြောနဲ့ ငါ အဲဒီအပင်နားကဖြတ်တောင်မသွားရဲတော့ဘူးဟ"

"အလိုလေးတော် - အပင်ကတော့်ကိုဘာလုပ်လိုက်လို့လဲ"

သို့မေးမှ ဖြစ်ကြောင်းကုန်စင်မစိုးစိုးကိုပြောပြပါတယ်။

အဲဒီကျမှ မစိုးစိုးက -

"ကျုပ်တတော့ တော့်လိုစပ်စပ်စုစုဘေးဘီတွေမကြည့်နိုင်ဘူး။ ထမင်းတောင်းကြီး ခေါင်းပေါ်ရွက်ထားရတာလေ။ ဒီတော့ ခလုတ်တိုက်မလဲအောင်ကိုယ့်လမ်းကိုယ်ကြည့်သွားရတာ။ အဲဒီတော့ ဘာတွေ့မှာလဲ၊ ဘာမှမတွေ့ဘူးပေါ့"

လို့ ပြန်ရှင်းပြရပါတယ်။

အဲဒီရဲ့အခြောက်ခံရခြင်းရလဒ်ကတော့ အဲဒီအပင်ကြီးနားက ညောင်ပင်ကြီးစုကပြန်တိုင်း မလွှဲမသွေဖြတ်ရတာမို့ အဖော်မပါခဲ့သော် အသိမိတ်ဆွေသို့မဟုတ် ဆွေမျိုးထဲကတစ်ဦးဦးကိုအဲဒီအပင်ကြီးလွန်ပြီး ဆိတ်နံ့တုန်းရွာဝင်သည်အထိ အမြဲလိုက်ပို့ခိုင်းရတာ နေ့နေ့ညညဆိုပါတော့။ အဲဒီအထိကြောက်သွားခဲ့တာပါ။ အဲဒါက လှည်းမပါဘဲလူချည်းသွားတဲ့အခါမျိုးသာဖြစ်ပါတယ်။ လှည်းလမ်းကျတော့ ဘုရားပျက်ကြီးအနောက်ဘက်ကနေ ပြန်ကပြေးကိုသွားကြတာပါ။

■ ဘုန်းကြီးပျံကွင်း

ဆိတ်နံ့တုန်းရွာရဲ့အနောက်တည့်တည့်ရွာအစွန်မှာ ဆရာတော်ကြီးရဲ့ကျောင်းရှိပါတယ်။ ကျောင်းဝိုင်းတအကျယ်ကြီးပါ။ အနောက်ဘက်သိမ်ကျောင်းဝိုင်းနဲ့သွားဆက်တယ်။ အဲဒီကျောင်းဝိုင်းနှစ်ခုရဲ့အစပ်မှာ ဆိတ်နံ့တုန်းရွာသချိုင်းရှိတယ်။ အနားမှာ ရှေးဟောင်းဘုရားပျက်ကြီးတွေနဲ့အုတ်ဂူတွေရှိတယ်။

သိမ်ကျောင်းဝိုင်ကလည်း ဧက (၂၀) ကျော်ကျော်ရှိပါတယ်။ ကျောင်းအရှေ့ဘက်မှာ ကွင်းကျယ်ကြီးရှိတယ်။ သချိုင်းနဲ့ဆက်နေတော ဘုန်းကြီးတွေပျံတော်မူရင် အဲဒီသိမ်ကျောင်းကွင်းကြီးထဲမှာ ဘုန်းကြီးပျံပွဲကျင်းပပြီး မီးသင်္ဂြိုဟ်လေ့ရှိတာကြောင့် ဘုန်းကြီးပျံကွင်းလို့လူတွေခေါ်နေကြတာပါ။

ရွာအနောက်တည့်တည့်ထွက်တဲ့လှည်းလမ်းဟာ အဲဒီကွင်းကြီးတောင်ဘက်နားကနေသွားရပါတယ်။ ကျောင်းဝိုင်းတွေထဲဖြတ်ဝင်ရတဲ့ လှည်းလမ်းတွေပါ။ ရှေးအစဉ်အလာသွားနေကျတော့ ဘုန်းကြီးတွေလည်း ဘာမှမပြောပါဘူး။ ကျောင်းရဲ့မြောက်တည့်တည့်လှည်းလမ်းရဲ့ဘယ်ညာမှာ တစ်ခန်းလောက်နီးနီးကြီးတဲ့ ကုက္ကိုပင်ကြီးနှစ်ပင်က ထီးထီးမားမားရပ်တည်နေကြတယ်။ ကောင်းလိုက်တဲ့အရိပ်ဆိုတာက နေ့လယ်ဆိုနေပြောက်တောင်မထိုးဘူး။ အမောပြေနားနေဖို့သိပ်ကောင်းတာပါ။

ဒါပေမယ့် အဲဒီကုက္ကိုပင်ကြီးနှစ်ပင်ဟာ အခြောက်အလှန့်အလွန်နာမည်ကြီးတာကြောင့် ဘယ်သူကမှ ခွေးသိပ်နားနေမှုမပြုရဲကြပါဘူး။မြင့်မားလိုက်တာကလည်းအလွန်ပါပဲ။ တစ်နယ်လုံးမှာ အကြီးဆုံးကုက္ကိုပင်ကြီးနှစ်ပင်လို့တောင်ဆိုနိုင်ပါတယ်။

အများအားဖြင့် လွဲမရှောင်သာလို့ ညရေးညတာသွားရတဲ့လူတွေဟာ အဲဒီအပင်ကြီးနှစ်ပင်အောက်ရောက်တိုင်း အခြောက်မခံရသော်မှ ကြောက်စိတ်ကြောင့် ကြက်သီးမွေးညင်းတဖျဉ်းဖျဉ်းထကြရတယ်။ သီချင်းမဆိုရဲ၊ လေမချွန်ရဲဘူး။ စကားမဟာရဲဘူး။ တိတ်တဆိတ်သွားကြရတာ။

ဒီလို အလေးထားပြီးသွားတာတောင်မှ တစ်ယောက်တစ်မျိုးမရိုးရအောင် ခြောက်လှန့်တတ်လွန်းလို့ ဒီအပင်ကြီးနှစ်ပင်ဟာ ဘေးကင်းရန်ကင်းပြီး မာနဲ့တောက်ရဲသူတောင်မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့်လည်း ဖြစ်ချင်တိုင်းဖြစ်သန် ချင်တိုင်းသန်နေတာနေမှာ။ ဘယ်ခေတ် ဘယ်ကာလကပေါက်နေတယ်ဆိုတာ ဘယ်သူမှမသိကြဘူး။ ယုတ်စွအဆုံး ခြောက်သွေ့လို့ကျိုးကျတဲ့ကိုင်းခြောက် တွေတောင် ထင်းကောက်ဆိုက်ရဲတဲ့လူ မရှိဘူး။ အပင်ကြီးနှစ်ပင်က ဒီအထိ အရှိန်အဝါကြီးတယ်။ ဘုန်းကြီးပျံကွင်းရဲ့ အရှေ့ဘက်မှာရှိနေတာပါ။

ညောင်ပင်ကြီးစုဘက်က လှည်းနဲ့ လာရင် ခွေးတောက်ပင်တက်နေတဲ့ ပေါက်ပင်ကြီးမရောက်ခင် ဘုန်းကြီးပျံ ကွင်းထဲဝင်တဲ့လှည်းလမ်းရှိတယ်။ အဲဒါ က ဆိတ်နံ့တုန်းရွာ ရှမ်းပိုင်းရပ်ကိုရောက် ပါတယ်။ ရှမ်းပိုင်းကနေ ငလိုက်ချောင်း ကူးလိုက်ရင် ပြန်ကပြေးအလယ်ပိုင်းရပ် ထဲတန်းဝင်တာပါ။ ပြန်ကပြေးသွားမယ့် လှည်းဆိုရင် အဲဒီလမ်းကသွားကြတာ များပါတယ်။ ဆိတ်နံ့တုန်းရွာထဲဝင်ပြီး အရှေ့လမ်းကနေပြီးလည်း ချောင်းကို ကူးလို့ရပါတယ်။ ဒါပေမယ့် သူကဝေးပါ တယ်။ နီးရာဘုန်းကြီးပျံကွင်းကဖြတ် မောင်းကြတာပါ။ ပြန်ကပြေးကိုကူးတဲ့ အရှေ့လမ်း၊ အနောက်လမ်းနှစ်လမ်းရှိ ရာမှာ အနောက်လမ်းကို အသုံးများပါ တယ်။ ရှမ်းပိုင်းရပ်ကလည်း ဒီလမ်းပဲ အသုံးပြုတာပါ။ လမ်းကြောင်းဟာ ကြက်ခြေခတ်သဖွယ်တည်ရှိနေခြင်းပါပဲ။

**□ ပုံ့ကျသွားတဲ့ကုက္ကိုကိုင်းကြီး**

ဒီလမ်း ဒီခရီးတွေမှာ မိုးမချုပ်ချင် ပါဘူး။ သို့သော်လည်း အခြေအနေနဲ့ အချိန်အခါအရ မိုးချုပ်ခဲ့ရတာတွေရှိ တယ်။ အမှောင်ထဲလှည်းမောင်းလာရ ပြီဆိုရင်တော့ သူငယ်ငယ်တုန်းက သိမ် ကျောင်းဘုန်းတော်ကြီး ဦးစက္ကိန္ဒထံမှာ သင်ယူခဲ့ရတဲ့ ဘုရားစာတရားစာတွေ မှတ်မိသမျှ အကုန်ရွတ်ဖတ်လာခဲ့ရတာ ပါ။

ငယ်ငယ်ကမကြောက်တတ်ခဲ့ပေ မယ့် ခွေးတောက်တွေတက်နေတဲ့ပေါက် ပင်ကခြောက်ပြီးတဲ့နောက်ပိုင်း ကြောက် စိတ်ဝင်သွားခဲ့တာ အမှန်ပါ။ အဲဒီခြေ လက်ခေါင်းမပါဘဲ ခွေးတောက်ရွက်ခူး နေတဲ့ပုံက မျက်စိထဲကကိုမထွက်ပါဘူး။ အဲဒီပုံရိပ်ဟာ သိမ်ငယ်စိတ်ကိုဖြစ်ပေါ် စေတာပါ။

အခုလည်း ညမှောင်မှောင်မှာ ကိုတင်သန်းဟာ ကျွဲလှည်းတစ်စင်းနဲ့ ရွာဆီပြန်ခဲ့တာ သိမ်ကျောင်းအရှေ့ဘက် က ဘုန်းကြီးပျံကွင်းထဲရောက်ခဲ့ပါပြီ။ ည အမှောင်ပေမယ့် ဆိတ်နံ့တုန်းသချိုင်းက အုတ်ဂူဖွေးဖွေးတစ်လုံးနှစ်လုံးကို လှမ်း မြင်ရပါတယ်။ ညဟာ လမိုက်ပေမယ့် ကြယ်ရောင်လေးတွေရှိတော့ ရေးရေး မြင်နေရပါတယ်။ အမှောင်မှာ မျက်စိ တွေက ကျင့်သားရလို့နေပါပြီ။

အဲဒီမှာ သူ့မျက်ဝန်းအစုံက အရှေ့ဘက်မှာ ထီးထီးမားမားရပ်တည် နေတဲ့ ကုက္ကိုပင်မည်းမည်းကြီးတွေဆီ လှမ်းကြည့်မိတယ်။ ကြောက်ကလည်း ကြောက်၊ မကြည့်ဘဲလည်းမနေနိုင်တဲ့ အဖြစ်ပါ။ ဒါက လူ့သဘာဝပဲလေ။

လင်းကွင်းလောက်ရှိတဲ့ မျက်လုံး ရဲရဲကြီးတွေနဲ့များပြူးပြဲပြမလား၊ အလွန် ကြီးမားရှည်လျားတဲ့လျှာကြီးကိုပဲထုတ် ပြလေမလား၊ ထန်းပင်လောက်ရှိတဲ့ မည်းမည်းအကောင်ကြီးပဲပြလေမလား၊ သို့မဟုတ် အပင်ကြီးတွေကိုလှုပ်ယမ်းပြ လေမလား စသည်ဖြင့်ပေါ့လေ မသိစိတ် က မျှော်လင့်ချက်နဲ့ကြည့်မိတာပါ။ သိ စိတ်ကတော့ ဘုရားစာတွေတတွတ် တွတ်ရွတ်နေတာသာကြည့်ပေတော့။

ဒီလိုကြည့်နေတဲ့အခိုက်မှာပဲ ကုက္ကို ပင်ကြီးညွှတ်ခနဲဖြစ်သွားကာ ကုက္ကိုပင် ကြီးရဲ့လဲပြိုသံတွေထွက်လာပါတယ်။

"ဖြောင်း ဝေါ ဝေါ ဝေါ ဝုန်း ဗုန်း ဝေါ"

ထမင်းစားစားပွဲဝိုင်းထက်ကြီးတဲ့ အနောက်ဘက်က ကုက္ကိုကိုင်းကြီးပုံ့ကျ လာတာပါ။ အမှောင်ထဲမှာပုံ့ကျတဲ့နေ ရာက အတွင်းကုက္ကိုသားဖွေးဖွေးကြီးကို လည်း လျှပ်တစ်ပြက်အချိန်အတွင်းမှာ လှမ်းမြင်လိုက်ရပါတယ်။ ပုံ့ကျတာမှ အကြီးအကျယ်ပါ။

အဲဒီအသံကြီးဖြစ်ပေါ်တာနဲ့တစ် ပြိုင်နက် ကျွဲနှစ်ကောင်ဟာ လန့်ပြီးခြေစုံ ပစ်ပြီးပြေးကြပါတယ်။ လှည်းကလည်း တဝုန်းဝုန်းနဲ့ပါသွားတော့တာပါ။ ဘယ် လိုနှာခေါင်းကြိုးဆွဲဆွဲမရတော့ပါဘူး။ လှည်းပေါ်ကပြုတ်မကျအောင်သာ လှည်း နံရံကို အသေအချာကိုင်ပြီးလိုက်ရပါ တယ်။ လန့်သွားတဲ့ကျွဲနှစ်ကောင်ရဲ့ပြေး နှုန်းဟာ အလွန်မြန်ပါတယ်။ ခဏနဲ့ ရှမ်းပိုင်းကိုရောက်ပြီး ချောင်းထဲဆင်း လမ်းကိုလည်း ဒုန်းစိုင်းပြီးပြေးဆင်းတော့ တာပါ။

လှည်းမှောက်မှာစိုးလို့ ဘယ်လို အော်ဟစ်ပြီးအရှိန်လျှော့ပေမယ့်မလျှော့ ပါဘူး။ ချောင်းရေကိုလည်း ဒုန်းဖြတ် တော့တာပါ။ သဲခုံရောက်တော့လည်း အရှိန်မလျှော့ပါဘူး။ ရွာအတက်လည်း မလျှော့ပါဘူး။ အိမ်ဝိုင်းထဲရောက်ပါမှ တရှူးရှူးတရှဲရှဲနားရွက်တထောင်ထောင် နဲ့ ရပ်သွားတော့တာပါ။

ကျွဲလှည်းဟာ သာမန်မဟုတ်ဘဲ တဝုန်းဝုန်းတဒိုင်းဒိုင်းနဲ့ဝင်လာပြီဆိုက တည်းက တစ်ခုခုဖြစ်ခဲ့တာကိုသိတာ ကြောင့် မစိုးစိုးကမေးတဲ့အခါ ကုက္ကိုပင် ကြီးကျိုးကျတာကို ကျွဲတွေလန့်ကုန် ကြောင်း ပြောပြပါတယ်။

အဲဒီမှာ မစိုးစိုးက -

"တော်သေးတယ်၊ လှည်းဘီးတွေ ပြုတ်ပျက်ထွက်မကုန်တာ ကံကောင်း တယ်ခေါ်ရမှာ။ လှည်းဘီးတွေပြုတ်ပျက် ထွက်ကုန်ရင် လှည်းလည်းပျက်၊ လူ လည်းမသက်သာဖြစ်မှာသေချာတယ်"

"အေးဟာ - ငါလည်း နှာခေါင်း ကြိုးစုံကန်ဆွဲတာပဲဟ။ ဘယ်လိုမှမရ တာနဲ့ လွှတ်ပေးလိုက်ပြီး လှည်းနံရံကို မြဲမြဲကိုင်ပြီးလိုက်ခဲ့ရတာ။ ငါ့တစ်သက် ကျွဲလှည်းဒီလောက်မြန်မှန်းမသိခဲ့ဘူး။ မြန်ချက်ဟာ မော်တော်ကားကျလို့ဟ ဟား ဟား ဟား"

"တော်ကရယ်နေ၊ ဘာမှမဖြစ်လို့ ကျုပ်ရင်အေးရတာသိလား"

"သိပါတယ် မစိုးစိုးလေးရယ် ဟဲဟဲဟဲ"

"ကျွဲစားကျင်းထဲ အစာတွေထည့် ပြီးရင် ရေတစ်ခါတည်းချိုးလိုက်နော်။ ကျုပ် ထမင်းပွဲပြင်လိုက်တော့မယ်။ ကလေး တွေတော့စားပြီးကုန်ပြီ။ တော်နဲ့ ကျုပ်ပဲ ကျန်တာ"

"အေးပါဟာ၊ အေးပါ"

**□ တိုက်ဆိုင်မှုပေလော**

မစိုးစိုးနဲ့ ကလေးတွေကတော့ အိပ်ပျော်ကုန်ကြပေပြီ။ လိပ်ပြာလန့်ခဲ့ရ သော ကိုတင်သန်းမှာမူ ကြောက်စိတ် ကြောင့် အတော်နှင့်အိပ်မပျော်နိုင်ခဲ့ပါ ဘူး။

ကုက္ကိုပင်ကြီးကျိုးကျတဲ့မြင်ကွင်း က မျက်စိထဲကမထွက်နိုင်အောင်ရှိနေရ ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် သူကြည့် မိတဲ့အချိန်မှာမှ ကုက္ကိုကိုင်းကြီးပုံ့ကျလာ တာကလည်း ဆန်းကြယ်လှပါတယ်။

မိုးမရွာလေမတိုက်ပါဘဲ ငြိမ်သက် တဲ့အခြေအနေမှာကျိုးကျစရာအကြောင်း မရှိပါဘူး။ ပိုးထိုးပြီး မခိုင်တော့လို့ ကျိုး ကျတာများလေလား။ ဒါမှမဟုတ် အကိုင်းတွေရဲ့အလေးချိန်ကို ကိုင်းမကြီး က မသယ်ပိုးနိုင်တော့လို့ ကျိုးကျတာ လား။ ဘာ့ကြောင့်ကျိုးကျတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

မသိရပေမယ့် အဲဒီကျိုးကျတဲ့အကိုင်းကြီးဟာ လူကြီးနှစ်ဖက်လောက်ပမာဏရှိတယ်ဆိုတာသိပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီအပင်ကြီးတွေဆိုတာက အမြဲမြင်နေရလို့ပါ။ လူတွေက အဲဒီကုက္ကိုပင်ကြီးနှစ်ပင်ကို ကုက္ကိုညီနောင်လို့ခေါ်ကြတာပါ။ ဘယ်အပင်ကညီ၊ ဘယ်အပင်ကနောင်ဆိုတာတော့ လူတွေခွဲခြားသိမယ်မထင်ပါဘူး။ ညောင်ပင်နှစ်ပင်နီးနီးကပ်ကပ်ပေါက်နေလည်း ညောင်ပင်ညီနောင်လို့ခေါ်ကြတာပဲလေ။

လှည်းလမ်းက ကုက္ကိုပင်ကြီးနှစ်ပင်ရဲ့အကြားမှာရှိတာဆိုတော့ကာ အနောက်ဘက်ကအကိုင်းကြီးတစ်ကိုင်းပဲ့ကျလိုက်တာနဲ့ လမ်းပျောက်သွားလောက်ပါပြီ။ မနက်ဖြန်မှာ ဆိတ်နံတုန်းရွာကလူတွေ အဲဒီကုက္ကိုကိုင်းတွေကို တစ်နေကုန်ရှင်းယူကြရမှာပါ။ အရင်းကိုင်းကြီးကို ငါးမန်းလွှနဲ့အပိုင်းပိုင်းဖြတ်တောက်ကြရမယ်။ ကိုင်းဖျားကိုင်းနားတွေကလည်းနည်းတာမဟုတ်ဘူး။

ကျိုးကျတဲ့ ဖြောင်းဆိုတဲ့အသံကြီးဟာ မိုးကြိုးပစ်လိုက်သလားအောက်မေ့ရလောက်အောင်ကျယ်တယ်။ တဝေါဝေါလဲပြိုသံ၊ မြေကြီးနဲ့အကိုင်းရိုက်မိသံကြီးတွေဟာ ရွာတောင်တုန်သွားနိုင်ပါတယ်။ ရွာကလည်း ကြားကြမယ်ထင်ပါတယ်။ ရွာကနေ့မှာမဟုတ်ပါဘူး။ သွားကြည့်ကြမယ်ထင်ပါတယ်။

ကျွဲတွေကတော့ အသံကြီးတွေကြားတာနဲ့ကို လန့်ကုန်လိုက်ကြတာ အရမ်းပါပဲ။ အိမ်ရောက်တော့ ဟောဟဲခတ်ပြီး ပါးစပ်ကအမြှုပ်တွေတောင်ထွက်နေကြလေရဲ့။ တိရစ္ဆာန်တွေလည်း ကြောက်တတ်ကြတာပဲလေ။

ပဲ့ကျသွားတဲ့ အကိုင်းနေရာက အတွင်းသားဖွေးဖွေးကြီးကိုလည်း မျက်စိထဲမြင်ယောင်နေပါတယ်။ ကုက္ကိုသားက အထဲမှာအဖြူရောင်ပါ။ အချို့အပင်တွေမှာ အတွင်းသားနီတာရှိတယ်။ ဝါတာရှိတယ်။ ညိုတာရှိတယ်။ အများအားဖြင့်တော့ အဖြူရောင်များတယ်။ ခုလည်း အမှောင်ထဲမှာ လျှပ်တစ်ပြက်မြင်လိုက်ရတဲ့ အတွင်းသားဖွေးဖွေးကြီးက မျက်စိထဲကမထွက်ပါဘူး။ ညဆိုတော့ ကြောက်စရာကောင်းလှပါတယ်။ နေ့ဆိုရင်ထားပါတော့။

အံ့ဩစရာကောင်းတာက သူကြည့်လိုက်တဲ့အခိုက်မှာမှကျိုးကျသွားတာပါပဲ။ တိုက်ဆိုင်မှုလားဘာလားတွေးရင်း ကိုတင်သန်းအိပ်ပျော်သွားပါတော့တယ်။

**□ အခြောက်ခံရမှန်းသိပြီ**

ကိုတင်သန်း ကျွဲလှည်းနဲ့ လယ်အလုပ်ခွင်ရှိရာ ညောင်ပင်ကြီးစုဘက်ထွက်အလာ ပြန်ကပြေးချောင်းဆင်းလမ်းဆုံနားရောက်လာပါတယ်။ အဲဒီမှာ ကိုရင်လေးတစ်ပါး သူ့လှည်းကိုရပ်စောင့်နေပါတယ်။

"ဒကာကြီး၊ ဘယ်သွားမှာလဲ"

"တပည့်တော် ညောင်ပင်ကြီးစုကို သွားမှာ၊ ကိုရင်လေးလိုက်မလို့လား"

"ဟုတ်တယ်"

"ဒါဆိုတက်လေ"

ဆိုပြီး လှည်းရပ်ပေးတော့ ကိုရင်လေး လှည်းပေါ်တက်လာပါတယ်။ လှည်းမောင်းရင်း စကားပြောဖြစ်ပါတယ်။

"ကိုရင်ကဘယ်ကျောင်းကလဲ"

"ဆရာတော်ကြီးကျောင်းကပါ"

"ဟင် - ဒါဆို ကိုရင်တို့ကျောင်းမြောက်ဘက်လှည်းလမ်းဘေးက ကုက္ကိုပင်ကြီးက ကုက္ကိုကိုင်းကြီးကျိုးကျတာ ကိုရင်တို့ကြားမှာပေါ့"

"မကြားမိပါဘူး၊ ဘယ်နှနာရီလောက်လဲ"

"ည (၈) နာရီလောက်ရှိပြီထင်ပါတယ်။ ကျိုးကျတဲ့အသံကတော့ ကမ္ဘာပျက်သလားမှတ်ရတာ။ ဆူညံပြီး ဟိန်းထွက်သွားတာပဲ။ ကျောင်းနဲ့မဝေးပါဘူး။ ကြားရမှာပါ။ မကြားဘူးဆိုရင်တော့ ကိုရင်တို့အိပ်ပျော်နေလို့နေမှာပါ"

"ဩော် -ဒကာကြီးကလည်း နေ့စဉ် ကိုရင်တို့ကိုးနာရီမှအိပ်ကြတာ။ အစောအိပ်ရင် ကြိမ်နဲ့ဆော်ပလော်တီးခံရမှာပေါ့။ ကိုးနာရီအထိဘုန်းကြီးကစာကျက်ခိုင်းတာလေ"

"ဒါဆိုဘာသံမှမကြားရဘူးပေါ့"

"မကြားပါဘူး ဒကာကြီးရယ်"

"လှည်းလမ်းပေါ်မှာ ကုက္ကိုကိုင်းကြီးကျိုးကျလို့ လူတွေဝိုင်းလုပ်နေတာရော မတွေ့ဘူးလား"

"မတွေ့ပါဘူး ဒကာကြီးရယ်၊ ဘာသံမှမကြားပါဘူး။ ခု နံနက်စာဆွမ်းဘုဉ်းပေးအပြီး ကျောင်းမှာအလှူရှိတာနဲ့ ဘုန်းကြီးက တောင်ဘက်ကမ်းက ကျောင်းတွေကို အလှူပင့်စာသွားပို့ခိုင်းတာနဲ့ ပင့်စာတွေပို့ပြီးပြန်ခဲ့တာပါ။ ကုက္ကိုကိုင်းကြီးကျိုးကျတာတော့ လုံးဝမရှိပါဘူး။ ပြောသံလည်းမကြားပါဘူး"

"ဟုတ်လို့လား ကိုရင်ရယ်"

"မကြာခင် ဒကာကြီးရောက်မှာပါ။ အဲဒီကျမှကြည့်ပေါ့တော့"

လို့ ကိုရင်လေးကပြောပါတယ်။ ဒီတော့ ကိုတင်သန်း ဇဝေဇဝါဖြစ်သွားတယ်။ ဘာလဲ၊ ဘယ်လိုဖြစ်တာလဲ၊ ဘာမှဖြစ်တာမရှိဘူးဆိုပါလား။ ဟုတ်မှဟုတ်ရဲ့လား။ ငါက ညတုန်းက မျက်စိနဲ့တပ်အပ်မြင်ခဲ့တာ၊ လဲပြိုကျတာမှ သေးသေးတောင်မဟုတ်ဘူး၊ မဟာအကိုင်းကြီး။ ပဲ့လိုက်တာကလည်း မိုးကြိုးပစ်သံလို ဖြောင်းခနဲနေတာ။ အတွင်းသားဖွေးဖွေးကြီးတောင်လှမ်းမြင်ရတဲ့ဟာ မဟုတ်သေးပါဘူး။ မှားတော့နေပါပြီ။ ကိုရင်ပဲမှားသလား၊ ငါပဲမှားသလား။ မကြာမီ အဖြေပေါ်တော့မှာပါဆိုပြီး တိတ်ဆိတ်စွာ လှည်းကို အာရုံပြုမောင်းနှင်နေပါတယ်။ မကြာမီ ဆရာတော်ကြီးကျောင်းအနောက်ပေါက်ကိုရောက်တော့ လှည်းရပ်ပေးပါတယ်။ ကိုရင်လေး လှည်းပေါ်ကဆင်းသွားတော့ဆက်မောင်းပါတယ်။

ဘုန်းကြီးပျံကွင်းထဲဝင်လိုက်တာနဲ့ မြင့်မားတဲ့ကုက္ကိုပင်ကြီးနှစ်ပင်ကို လှမ်းမြင်လိုက်ရပါပြီ။ အပင်ကြီးနှစ်ပင်ကတော့ ကန္တေရရ လှလှပပတည်ရှိနေကြတာပါ။ ကျိုးပဲ့ကျထားတဲ့နေရာဆိုတာ လက်မောင်းလုံးခန့်တောင်မမြင်ရပါဘူး။ အပြစ်အနာအဆာဘာမှမရှိ၊ ပကတိအနေအထားနဲ့ ရပ်တည်နေကြခြင်းပါပဲ။

ကိုတင်သန်းဟာ သေချာအောင် လှည်းကိုရပ်ပြီးကြည့်နေမိပါတယ်။ အပင်ကြီးတွေက သူတို့မဟုတ်သလို ကန္တေရရနဲ့နေကြတာပါ။ အဲဒီကျမှ သူတစ်ဦးတည်းကိုရွေးပြီး ခြောက်မှန်းသိလိုက်ရတာပါ။

သူကတော့ အမှန်တကယ် ကုက္ကိုကိုင်းကြီးပဲ့ကျတယ်ထင်ခဲ့ပေမယ့် အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ ကျွဲတွေကတော့ သရဲခြောက်မှန်းသိကြပါတယ်။ အဲဒါကြောင့် ခြေစုံပစ်ပြီးပြေးကြတာပါ။ အိမ်ရောက်မှ အလန့်ပြေကြခြင်းပါ။

နေ့လယ်နေ့ခင်းပေမယ့် ညက ကြုံတွေ့ခဲ့ရတဲ့အဖြစ်ကို မြင်မိတဲ့အခါ ကြက်သီးမွေးညင်းထမိပါတယ်။ လှည်းကို ဆက်မောင်းခဲ့ရပေမယ့် ကြောက်စိတ်အမှန့်ဝင်နေမိတာပါ။ ခြောက်လှန့်ပုံက ပီပြင်လွန်းလို့ပါပဲ။

သည့်နောက်တော့ ဘယ်လောက်အရေးကြီးပါစေ မိုးချုပ်အောင်လုံးဝမနေရဲတော့ပါဘူး။ တကယ်ခြောက်ပြတဲ့အခါ ပုထုဇဉ်ပေမို့ ကြောက်စိတ်ဝင်မိတာ အမှန်ပါ။


ကိုတင်သန်းသို့ကျေးဇူးတင်လျက်

ရွှေပြည်စိုး (မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com



# မင်းရှိန်အောင်

## မိုးသို့ပျံ၍ ဒွါရာဝတီ၏ သံသယပုစ္ဆာများ

- *ထီးနန်းတည်ရာ မယ်တို့ရွာလည်း ဒွါရာဝတီ၊ သီဂီရောင်လျှံ၊ မြို့ရှင်ပျံ့ဝယ်*

(ရခိုင်မြောက်ဦးဘုရင် မင်းနုရရှု၏ မိဖုရား စောယဉ်မိ၏ အဖြည့်ခံရတု)

- *အကာတိမ်ယံ၊ မိုးသို့ပျံ၊ သံနှင့်ချိတ်တွဲ*

(ကျီးသဲလေးထပ်ဆရာတော်၏ စွယ်စုံကျော်ထင်ကျမ်း)

- *ဒွါရာပုရံ၊ မိုးသို့ပျံ၊ သံနှင့်ချိတ်ကာတွဲ*

(စိန္တကျော်သူဦးဩ၏ ကဝိလက္ခဏာသတ်ပုံကျမ်း)

ဤကဗျာလင်္ကာတို့သည် အဘယ်သို့ ရည်ညွှန်းနေသနည်း။ ယင်းကား တခြားမဟုတ်။ 'မိုးသို့ပျံ၍ ဒွါရာဝတီ၊ အာကာပျံ့စဲ မြို့သံတွဲ' 'ဒွါရာဝတီ တိမ်ဆီပျံ့ခဲ့ မြို့သံတွဲ' ဟူသော ဂုဏ်ရည်နှင့်ပြည့်စုံသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်း (ရခိုင်ပြည်နယ်တောင်ပိုင်း) က တစ်ခါတုန်းက ဒွါရာဝတီဟုခေါ်တွင်ခဲ့သော ယနေ့ သံတွဲမြို့ကို ရည်ညွှန်းခြင်းပင် ဖြစ်သည်။

ရခိုင်ရာဇဝင်သစ် အပါအဝင် ရခိုင်သမိုင်း၊ မြန်မာသမိုင်းတချို့တွင် တစ်ဖက်၌ ပင်လယ်သမုဒ္ဒရာရေပြင်ကြီးရှိပြီး တစ်ဖက်မှာ တောင်စဉ်တောင်တန်းရှိသော ဒွါရာဝတီမြို့တော်ရှိပြီး ထိုမြို့တော်ကို ဘီလူးတို့သိမ်းပိုက်နေထိုင်ကြသည်။ ထိုဘီလူးတို့၏ ဒွါရာဝတီမြို့တော်ကို ရန်သူတို့ လာရောက် သိမ်းပိုက်ရန် ချဉ်းကပ်လာတိုင်း မြို့စောင့်ဘီလူးမကကျောက်မြည်းရုပ်၏ကျောကို ပွတ်သပ်ပေးလိုက်လျှင် ထိုကျောက်မြည်းရုပ်က ကျယ်လောင်စွာ မြည်ဟည်းလေသော် ဒွါရာဝတီမြို့နေဘီလူးတို့ကြားသည့်အခါ၌ သူတို့၏တန်ခိုးဣဒ္ဓိပါဒ်အာနုဘော်ဖြင့် ဒွါရာဝတီမြို့တော်ကို မိုးကောင်းကင်ပေါ်သို့ ပျံတက်ပျံသန်းကာ ပင်လယ်သမုဒ္ဒရာအလယ်က ကျွန်းတစ်ကျွန်း (ယခု မေယဝတီခေါ် မာန်အောင်ကျွန်း) သို့ ပုန်းခိုသက်ဆင်းနေလေ့ရှိလေသည်။ ရန်သူဘေးကင်းတော့မှ ဘီလူးတို့သည် ထိုဒွါရာဝတီမြို့သို့ ပြန်လည်မ,ယူလျက် ပျံတက်လာကြကာ မူလနေရာ၌ ပျံဆင်းပြီး မူလအတိုင်း မြန်လည်ချတည်ခြင်းဖြင့် ရန်သူတို့လက်မှ အကြိမ်ကြိမ်လွတ်လေ့ရှိသည်ဆို၏။

မဇ္ဈိမဒေသမှ ရောက်လာသော မဟာဥပကံသမျိုးနွယ်ဝါသုဒေဝမင်းသားညီနောင်တို့ကလည်း တခြားသူတွေလို ဒွါရာဝတီမြို့သို့ သိမ်းပိုက်ရန် ကြိုးစားသည်။ သူတို့လည်း တခြားသူတို့လိုပင် ဒွါရာဝတီမြို့ကို သိမ်းပိုက်ရန် ချဉ်းတပ်တိုင်း ဘီလူးတို့အစွမ်းဖြင့် မိုးကောင်းကင်ပေါ်သို့ပျံတက်ပျောက်ကွယ်သွားသည်မှာ အကြိမ်ကြိမ်ဖြစ်သည်။

www.burmeseclassic.com

သို့တစေ ဝါသုဒေဝမင်းသား ညီနောင်တို့သည် တခြားသူတွေလို လွယ်လွယ်နှင့်လက်လျှော့တတ်သူမဟုတ်သဖြင့် ဒွါရာဝတီမြို့ မိုးကောင်းကင်ပေါ် ပျံတက်ပျောက်ကွယ်သွားရခြင်း၏ဇာစ်မြစ်ကို မရမကစုံစမ်းထောက်လှမ်းကြသည်။ နောက်ဆုံးတွင် ကဏှာဒီပါယနရသေ့ကြီးနှင့် တွေ့ဆုံခွင့်ရရှိသွားပြီး ရသေ့ကြီးနောင်တို့သိရှိခွင့်ရသွားလေတော့သည်။ လိုရင်းကိုပြောရလျှင် ဝါသုဒေဝမင်းသား ညီနောင်တို့သည် ကျောက်မြည်းရုပ်မြည်သံပေးလိုက်သည်နှင့်တစ်ပြိုင်နက် ဒွါရာဝတီမြို့တံခါးလေးခုကို သံကြိုးသံတိုင် သံကောက်များဖြင့် ချည်နှောင်ကာ တွဲချိတ်နိုင်လိုက်သဖြင့် ယခင်က ထည်ဝါခဲ့သောဂုဏ်သတင်းတို့ကျိုးပျက်ကာ ဒွါရာဝတီမြို့သည် မိုးကောင်းကင်ပေါ် သို့ပျံ



၏ လက်ထောက်ချလမ်းညွှန်မှုကြောင့် မြို့စောင့်ဘီလူးမအား ချစ်ယောင်ပြုလျက် ဥပါယ်တံမျဉ်ဖြင့် လှည့်ဖြားစူးစမ်းမေးမြန်းလေသော် ကျောက်မြည်းရုပ်ကို မမြည်းကြွေးရအောင် မတားမြစ်နိုင်သည့်တိုင် ထိုကျောက်မြည်းရုပ်မှမြည်ကြွေးသံထွက်လာသည်နှင့် ဒွါရာဝတီမြို့တံခါးလေးခုမှ သံတံတင်းများကို သံကြိုးများဖြင့် ဖွဲ့နှောင်ထားသော သံတိုင်သံကောက်များဖြင့် ချိတ်ဆွဲချည်နှောင်ထားနိုင်လျှင် ထိုဒွါရာဝတီမြို့သည် မိုးကောင်းကင်ပေါ်သို့ ဘယ်နည်းနှင့်မျှ ပျံတက်ပျံသန်းနိုင်မည်မဟုတ်ဆိုသည့် လျှို့ဝှက်ချက်ကို ဝါသုဒေဝမင်းသားညီ

တက်ပျံနိုင်ခြင်းမပြုနိုင်တော့သောကြောင့် ဝါသုဒေဝမင်းသားညီနောင်တို့၏သုတ်သင် သိမ်းပိုက်ခြင်းကိုခံခဲ့ရလေသည်။

ဤနေရာမှာ မေးစရာတွေးစရာတစ်ခုဖြစ်လာသည်က ဒွါရာဝတီက ဘီလူးတို့သည် စတုမဟာရာဇ်နတ်တို့ အနွယ်နတ်ဘီလူးတို့လား အပါယ်လေးဘုံနယ်ပယ်ထဲက ပြိတ္တာဘီလူးတို့လား သို့မဟုတ်ခဲ့လျှင် အဘယ်သူတို့နည်း။

ရခိုင်ရာဇဝင်သမိုင်းထဲ၌ ရခိုင်တို့၏ ပထမဆုံး တိုင်းတည်ပြည်တည်မင်းဖြစ်သည့် မာရယုမင်းသည် ရခိုင်တို့၏ ပထမဆုံးတိုင်းပြည်ဖြစ်သော ပထမဓညဝတီတိုင်းပြည်ကို (ဘီစီ - ၃၃၂၅) ခုနှစ်တွင် စတင်ထူထောင်ခဲ့သည်ဟု ဆိုထားသည်။ ဤမာရယုမင်းသည် ပထမဓညဝတီကို မထူထောင်မီက ငဆံဒွန်၊ ငရက္ခိုက် အစရှိသော ဘီလူးအုပ်စုကို မီးကုန်ယမ်းကုန် တိုက်ခိုက်နှိမ်နင်းခဲ့ရသည်ဟု ဆို၏။

ရခိုင်ရာဇဝင်လင်္ကာထဲတွင် 'တောတောင်ခိုမှီ အလဋ္ဌီဘီလူး လူစားကြူးကို ဂုဏ်ထူးအာဏာ ဘုန်းမိုဖြာ၍ လိုရာအောင်မြင် အောင်မြို့ဝင်၍ ခေါ်တွင်ရက္ခိုင် ခတိုင်မပျက် မော်ကွန်းထွက်သည်' ဟုဖော်ပြထားသည်ကို စိတ်ဝင်စားဖွယ်ရာ တွေ့ရှိရသည်။

ရခိုင်ရာဇဝင်၊ မွန်ရာဇဝင်၊ မြန်မာရာဇဝင်အများစုတွင် ပျူ၊ ကမ်း၊ သက်၊ ဗမာ၊ ရခိုင်၊ မွန်တို့ မြန်မာနိုင်ငံသို့ဝင်ရောက်နေထိုင်ခြင်းမပြုမီ ရှေးဦးစွာရောက်ရှိနေထိုင်ကြသော ဩစတြီအေရှတစ်၊ နီဂရစ်တို၊ ဒြာဗီဒီယန် အစရှိသော ရှေးဦးလူမျိုးစုတို့ရှိနှင့်လျက်ရှိကြောင်း၊ နောက်မှဝင်ရောက်လာသူတို့က ရှေးဦးသူတို့ကို ဘီလူးဟု ခေါ်ဆိုကြကြောင်း စသည့်အလေးဂရုပြုဖွယ်ရာများကိုလည်း တွေ့ရှိနိုင်ပေသည်။

သို့ဆိုလျှင် ဤနေရာမှာ မေးစရာ၊ တွေးစရာဖြစ်လာသည်က ရန်သူလာလျှင် ဒွါရာဝတီမြို့ကို မိုးကောင်းကင်ပေါ် သို့ ပျံတက်ပျံသန်းစေသောဘီလူးတို့ ဆိုသည်မှာ ဩစတြီအေရှတစ်၊ နီဂရစ်တို့

www.burmeseclassic.com

www.burmeseclassic.com

ဒြာဗိဒီယန်ဆိုသော ရှေးဦးလူမျိုးစုများထဲမှ တစ်မျိုးမျိုးများဖြစ်နေလေသလား။ အလေးအနက်ထားစရာတစ်ခုက ထိုဒွါရာဝတီမြို့ကို ဝါသုဒေဝမင်းသားညီနောင်တို့က ဘီစီ ၄၃၉၁ ခန့်လောက်က သိမ်းပိုက်နိုင်ခဲ့သည်ဟု သမိုင်းမှတ်တမ်းတချို့တို့တွင် ဖော်ပြထား၍ပင် ဖြစ်ပါသည်။ ပထမဓညဝတီခေတ်ကို မာရယုမင်းက ဘီစီ ၃၃၂၅ ခုနှစ်မှာ ထူထောင်ခဲ့သည်ဆိုသည်နှင့် ခိုင်းနှိုင်းလေ့လာဖွယ်ဖြစ်သည်။

နောက်စိတ်ဝင်စားစရာတစ်ခုမှာ သမိုင်းသုတေသီတချို့က ဤဒွါရဝတီမြို့ကို အိန္ဒိယပြည်က ဗာရာဏသီမြို့၊ ဆီးရီးယားပြည်က ဒမတ်စကတ်မြို့ကဲ့သို့ ကမ္ဘာ့သက်တမ်းအရှည်ကြာဆုံးမြို့အဖြစ်မှတ်ယူညွှန်းဆိုခဲ့ကြသည်။ ဤသည်အတွက် တခြားသက်သေသာဓကများရှိနေသေးသလား။ရခိုင်သမိုင်းတစ်စောင်ဖြစ်သော အင်းစောက်ရာဇဝင်ထဲ၌ ဆယ်ခုမြောက်အန္တရကပ် ကဿပဗုဒ္ဓဘုရားရှင်သာသနာကာလတုန်းက ကောရဗ္ဗမင်းဆက် (၁၂) ဆက်မြောက် မင်းစောခ အမည်ရှိသော ကောရဗ္ဗမင်းလက်ထက်တွင် ကောရဗ္ဗတိုင်းပြည်ကို နဂါးတို့က ရေနှစ်ဖျက်ဆီးသဖြင့် ပင်လယ်သမုဒ္ဒရာထဲသို့ နစ်မြုပ်ခဲ့ရသည်။ ထိုကပ်ဘေးမှ လွတ်မြောက်လာသော ကောရဗျမင်းဆက်မင်းစောတို့က တိုင်းသစ်ပြည်သစ်တည်ထောင်ရန်အတွက် နေရာရှာဖွေရာတွင် ဤဒွါရာဝတီမြို့နေရာကို တွေ့ရှိသဖြင့် ဤဒွါရာဝတီမြို့ကို စတင်တည်ထောင်သည်ဟု ဖော်ပြထားသည်ကိုတွေ့ရှိရသည်။ ယင်းနောက်တွင် ဘီလူးတို့က ထိုဒွါရာဝတီမြို့ကို သိမ်းပိုက်စိုးမိုးခဲ့သည်ဟု ဆို၏။

ဤနေရာမှာ အကျောက်အကန်စောဒကတက်စရာတစ်ခုက ပုဂံမြို့တော်ဟောင်းလို၊ သရေခေတ္တရာမြို့တော်ဟောင်းလို၊ သုဝဏ္ဏဘုမ္မိမြို့တော်ဟောင်းလို၊ ဝေသာလီမြို့တော်ဟောင်းလို မြို့တော်ရာနန်းတော်ရာများကိုမတွေ့ရပါလား ဟူ၍ ဖြစ်၏။ မြန်မာ့သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ရခိုင်ပြည်နယ်တောင်ပိုင်းဖြစ်သော သံတွဲ (ဒွါရာဝတီ)၊ တောင်ကုတ်၊ ဂွ၊ ရေမ်ကောင်း၊ သာပေါင်းဝန်းကျင်တို့သည် မြန်မာနိုင်ငံတွင် ရှေးအကျဆုံးယဉ်ကျေးမှုထွန်းကားရာဒေသတစ်ခုဖြစ်ခဲ့ကြောင်း သုတေသနလုပ်ရန် ကျန်သေးသည်ဟု ကောက်ချက်ချရေးသားခဲ့ဖူးလေသည်။

ရခိုင် - မြန်မာပဏ္ဍိတ်ဦးဦးသာထွန်းကလည်း သရေခေတ္တရာပြည်နှင့်ခေတ်ပြိုင် ဒွါရာဝတီမြို့မဟုတ်သော မြို့ပြတစ်ခု ထွန်းကားခဲ့ဖူးသည်ဟု ဆိုခဲ့ဖူးသည်။

နောက်စိတ်ဝင်စားစရာတစ်ခုက အေဒီ ၂ ရာစုလောက်က ရေးသားခဲ့သည်ဟု ယူဆရသော တော်လမီပထဝီကျမ်းထဲတွင် အာရ်ဂျရေ (Argyre - ငွေမြေ) ဟု ဖော်ပြသော ရှေးရခိုင်ပြည်တွင် စဗြ (Symbyra)၊ ဆဒ(Sada)၊ ဗေရဗုန္န (Beraboona)၊ တေမလ (Temala) ဟူ၍ မြောက်မှတောင်သို့ အစဉ်အတိုင်း မြို့ပြကြီးများတည်ရှိကြောင်း ထူးထူးခြားခြား ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ထိုအထဲမှ ဆဒ(Sada) ဟူသောမြို့သည် တခြားမဟုတ်။ ယခု သံတွဲမြို့ကိုခေါ် ဆိုကြောင်း အတွေးနယ်ချဲ့စရာတွေ့ရှိရပေသည်။ဂရုပြုဖွယ်ရာတစ်ခုက ဤသံတွဲမြို့ကို ယခင်တုန်းက အင်္ဂလိပ်ဝေါဟာရဖြင့် Sandway ခေါ် ဆိုခဲ့ခြင်းပင် ဖြစ်၏။ သို့ဆိုလျှင် ယခု ဒွါရာဝတီ (သံတွဲ) ခေါ် (Sada) ခေါ် (Sandway) ၏ တောင်ဘက်မှာရှိသော ဗေရမဗုန္န(Beraboona) နှင့် တေမလ (Temala) မြို့တို့သည် အဘယ်နေရာဌာနကို ရည်ညွှန်းနေသနည်း။ စူးစမ်းသုတေသနပြုဖွယ်ရာဖြစ်သည်။

ပြန်ကောက်၍ပြောရလျှင် မိုးသို့ပျံချီ ဒွါရာဝတီ အာကာပျံဝဲ မြို့သံတွဲ ဟူသော ဂုဏ်ရည်ရှိသည့် ဒွါရာဝတီ သံတွဲမြို့သည် ဘီလူးတို့ကြောင့် (ဝါ) ဘီလူးတို့၏ တန်ခိုးဣဒ္ဓိပါဒ်ကြောင့် မိုးကောင်းကင်ပေါ်သို့ ပျံတက်ပျံသန်းပျံဆင်းခြင်းမဟုတ်ခဲ့လျှင် တကယ်ပဲ လူသားများဖြစ်နေခဲ့သလား။ ထိုလူသားတို့သည် ဒွါရာဝတီမြို့တစ်ခုလုံးကို မိုးကောင်းကင်ပေါ်သို့ ပျံတက် ပျံသန်းပျံဆင်းနိုင်သည့် အတတ်ပညာတစ်ခုခု တတ်မြောက်တတ်ကျွမ်းနေကြသလော။

ချင့်ချိန်ဆင်ခြင်သုံးသပ်စရာတစ်ခုက ဗုဒ္ဓပိဋကတ်တော်လာ ဇာတ်တော်တချို့ပင် ဖြစ်သည်။ အဋ္ဌကဝါဟနဇာတ်တော်တွင် ကောသမ္ဗီပြည်ရှင် ဥတေနမင်း၏သားတော်တစ်ပါးဖြစ်သောဗောဓိမင်းသား၏ ကော်ကနူးပြသာဒ်ကိုတည်ဆောက်သော အဋ္ဌဝါဟနဗိသုကာသည် ဗောဓိမင်းသား၏ ကွပ်မျက်မှုဘေးမှ လွတ်မြောက်ရန်အတွက် ဂဠုန်ငှက်ပျံရုပ်ပြုလုပ်ကာ ၎င်းအား စီးနင်းပျံသန်းစေလျက် မိသားစုနှင့်တကွ ထွက်ပြေးလွတ်မြောက်သွားသည်ဟု ဆိုထားသည်။ ထို့အပြင် ကောဋ္ဌပုတ္တဇာတ်တွင်လည်း ကောဋ္ဌမင်းသမီးသည် ဟိမဝန္တာတောထဲတွင် ဂဠုန်ငှက်ပျံရုပ်ကို စီးနင်းမြူးထူးကစားသည်ဟု ဖော်ပြထားသည်။

ထိုသို့ပင် ဟိန္ဒူမြာဟ္မဏတို့၏ ဇာတ်တော်တစ်ခုထဲ၌ ကောင်းကင်ပျံပန်းရထားများဖြင့်စစ်တိုက်ခိုက်ကြောင်း၊ ထိုပန်းရထား၏ ဘေးတစ်ဖက်တစ်ချက်တွင် သံတိုင်များကာရံထားလျက် တောင်ပံများကာထားကြောင်းဆိုထားသည်။

ထို့ပြင် ဟိန္ဒူဗြာဟ္မဏတို့၏ ရာမယဏဇာတ်တော်ထဲ၌လည်း စက်ဝိုင်းမိုးပျံရထားများအကြောင်း၊ ထိုမိုးပျံရထားပတ်ပတ်လည်လည်၌ ပြတင်းပေါက်များပါရှိပြီး မိုးကောင်းကင်ပေါ်၌ရပ်တန့်နေနိုင်ကြောင်းကို ဖော်ပြထားသည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ဝန်းကျင်က တရုတ်ဧကရာဇ်ရှုန်နှင့် တရုတ်ဧကရာဇ်ချိန်တန်တို့သည် မိုးပျံယာဉ်များပြုလုပ်ခဲ့ဖူးကြောင်း ဖော်ပြမှုများကိုလည်း တွေ့ရှိရ၏။ ထိုမင်းနှစ်ပါးသည် ခေတ်ကာလ (၄၀၀) ခန့်ကွာသည် ဆို၏။

တခြားအိန္ဒိယရှေးကျမ်းတစ်ခုဖြစ်သော ကထာသရိတသာဂရ (ဝတ္ထုသမုဒ္ဒရာ)ကျမ်းထဲ၌ မိုးပျံရထားများအကြောင်းကို တခမ်းတနား ဖော်ပြထားသည်။ ယင်းသို့ပင် အစ်ထောင့်တစ်ညအာရေဗျပုံပြင်များထဲတွင် ယန္တရားမြင်းရုပ်များအကြောင်း ဝေဝေဆာဆာ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ရှေးဟောင်းအီဂျစ်မှတ်တမ်းများ၊ ရှေးဟောင်းဘေဘီလုံနီးယားမှတ်တမ်းများတွင် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်အထက်က မိုးပျံယာဉ် ရထားများပြုလုပ်ပျံသန်းခဲ့ကြောင်း ဖော်ပြထားသည်ကို သုတေသီတို့တအံ့တဩတွေ့ရသည်။ ရှေးဟောင်းဘေဘီလုံနီးယားမှတ်တမ်းတစ်ခုထဲတွင် လွန်ခဲ့သော နှစ်ပေါင်းငါးထောင်ကျော်ကာလကပင် မိုးပျံယာဉ်ရထားတည်ဆောက်ပုံတည်ဆောက်နည်း၊ မောင်းနှင်ပုံမောင်းနှင်းပါသောနည်းနိဿယများရှိနေပြီဟု ဖော်ပြထားသည်။

တစ်ခါ ရခိုင်ဒဏ္ဍာရီတစ်ခုတွင် ဗာရာဏသီပြည်မှ သူရိယမင်းသားသည် ဒွါရာဝတီ (သံတွဲ) ပြည်က ဒွါရာဝတီမင်း၏ သမီးတော် ကဥ္စနဒေဝီမင်းသမီးကို သွေးဆောင်ဖြားယောင်းလျက် ဒွါရာဝတီမင်းကြီး၏ သကုဏဟတ္ထိငှက်ဆင်ရုပ်ပျံကိုခိုးယူစီးနင်းလျက် မိုးကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်သို့ ပျံတက်ပျံသန်းကာထွက်ပြေးကြသည်ဟု ဆိုထားကြသည်။ တခြားရခိုင်ဒဏ္ဍာရီတစ်ခုဖြစ်သော ကလိန်တောင်သမိုင်းတွင် ကလိင်္ဂရာဇ်မင်း၏သတ်ဖြတ်မှုဘေးရန်မှလွတ်ကင်းရန်အတွက် စိတြလက်ာရဇိသုကာသည် သကုဏဟတ္ထိငှက်ဆင်ရုပ်ပျံကို ဆောလျင်စွာပြုလျက် တပည့်သာဝငါးဆယ်နှင့်အတူ စီးနင်းပျံသန်းထွက်ပြေးလွတ်မြောက်သွားသည်ဆို၏။

အားလုံးကိုခြုံ၍လိုရင်းကိုကောက်ပြောရလျှင် (ဝါ) အစကိုပြန်ကောက်ပြောရလျှင် ဒွါရာဝတီမြို့ မိုးကောင်းကင်ပေါ်သို့ ပျံတက်ပျံသန်းပျံဆင်းစေသော အစွမ်းသတ္တိသည် ဘီလူးတို့၏ ကမ္မဇိဒ္ဓိခေါ် တန်ခိုးဣဒ္ဓိပါဒ်အစွမ်းသတ္တိမဟုတ်လျှင် အဘယ်သို့သော တခြားအစွမ်းသတ္တိဖြစ်နေလေမည်နည်း။ ဆိုခဲ့သလိုဒွါရာဝတီမြို့နေလူတို့သည် ဘီလူးမဟုတ်ဘဲ လူသားများသာဖြစ်ခဲ့လျှင် ထိုစွမ်းရည်သတ္တိတို့သည် တခြားမဟုတ် စက္ကောမအတတ်ပညာ၊ ဘူတာဝါဟနအတတ်ပညာပင် ဖြစ်သည်။ ထိုအတတ်ပညာများဖြင့် မိုးပျံရထား၊ မိုးပျံအရုပ်များပြုလုပ်နိုင်သည်မှာ အသေအချာဖြစ်သည် မဟုတ်ပါလား။

ဒွါရာဝတီမြို့ မိုးကောင်းကင်ပေါ်သို့ ပျံတက် ပျံဝဲ ပျံသန်း ပျံဆင်းနိုင်သည်မှာ စက္ကောမအတတ်ပညာ၊ ဘူတာဝါဟနအတတ်ပညာတို့ဖြင့် ပြုလုပ်ထားသော ဗိမာန်ပြာသာဒ်၊ ရဲတိုက်၊ အိမ်ဂေဟာ၊ နန်းတော်မြို့ရိုးတံတိုင်းတို့ကို မောင်းနှင်စေခိုင်းနိုင်သော အစွမ်းသတ္တိကြောင့်ဖြစ်မည်မှာ အသေအချာဖြစ်သည်။

ထို့ကြောင့် အာကာပျံဝဲ မြို့သံတွဲမိုးသို့ပျံချီ ဒွါရာဝတီ ဆိုသည်မှာ ဘီလူးတို့ကြောင့်မဟုတ်။ စက္ကောမအတတ်၊ ဘူတာဝါဟနအတတ်ကို ကျွမ်းကျင်သူလူသားတို့ကြောင့်ဆိုလျှင် ငြင်းချက်ထုတ်ရန် သိပ်လွယ်မည်မဟုတ်။

ဤတွင် မေးစရာ၊ တွေးစရာဖြစ်လာသည်က တစ်ချိန်သောအခါတွင် ရခိုင်ဒေသတွင် (ဝါ) မြန်မာပြည်တွင် စက္ကောမအတတ်၊ဘူတာဝါဟနအတတ်တို့ ထွန်းကားခဲ့သလား။ ယခုလက်ရှိအခြေအနေအရ ဤနေရာမှာ သာမန်ချက်စိတစ်မြင်ဉာဏ်တစ်မြင်ဖြင့် သာမန်အတွေးတွေး၍ ဆင်ခြင်သုံးသပ်၍ရနိုင်ညီမထင်ပါ။



ဗုဒ္ဓစာပေအလိုအရ လူတို့၌ အာယုသက်တမ်းသည် တက်ကပ်၊ ဆုတ်ကပ်ရှိသည်ဟုဆိုထားသည်။ လူ၏သက်တမ်း သိန်းတမ်း၊ သောင်းတမ်းမှသည် ရာတမ်း၊ ဆယ်တမ်းထိ အဆင့်ဆင့်ဆုတ်ယုတ်သွားသည်။ ဆုတ်ကပ် ဆယ်တမ်း၊ ရာတမ်းမှသည် သိန်းတန်း၊ သန်းတမ်းအထိ အဆင့်ဆင့်မြင့်တက်သွားသည်ကို တက်ကပ်ဟုခေါ်သည်ဆို၏။ ထိုဆုတ်ကပ်၊တက်ကပ်တို့သည် အလှည့်ကျ နိယာမအတိုင်း လည်ပတ်နေသည်ဆို၏။

ယင်းသို့ပင်လျှင် အသိဉာဏ်ပညာတို့သည်လည်း တက်ကပ်၊ ဆုတ်ကပ်ရှိသည်ဟု တချို့ရှေးဟောင်းအရှေ့တိုင်း၊ အနောက်တိုင်းကျမ်းဂန်တချို့၌ ဖော်ညွှန်းမှုရှိသည်ကို တွေ့ရှိရဖူးပါသည်။ အထက်ကျော်ကာရီ တစ်ချိန်သောအခါက လူတို့၏ အသိဉာဏ်၊ အတတ်ပညာတို့သည် မိုးထိအောင် တိုးတက်ဖွံ့ဖြိုးမှုရှိခဲ့ပြီး ယင်းနောက်ပိုင်းတွင် ထိုအသိဉာဏ်၊ အတက်ပညာတို့သည် တစ်စတစ်စဆုတ်ယုတ်သွားကာ မြေကြီးအောက်ရောက်သွားသည်ဟူ၏။ ယင်းနောက်မှတစ်ဖန် အသိဉာဏ်၊အတတ်ပညာတို့တစ်စတစ်စ ပြန်လည်မြင့်တက်လာပြန်သည်ဆို၏။ ဤသို့ အလှည့်ကျနိယာမသည် လည်ပတ်နေသည်ဟူ၏။ ဥဒါဟရဏ်ဆိုရသော် ဟိုရှေးရှေးတုန်းက အာဖရိကတိုက်ကြီးနှင့်လက်တင်အမေရိကန်တိုက်ကြီးတွင် အတ္တလန္တိတ်သမုဒ္ဒရာရေပြင်နေရာတွင် အတ္တလန္တစ်တိုင်းပြည်ဆိုသော ကုန်းမြေပြင်ကြီးရှိခဲ့ဖူးသည်။ ၎င်းတိုင်းပြည်တွင် သိပ္ပံပညာအရာဂန္ဓာရီပညာအရာ၌ အလွန်အကျူး တိုးတက်ဖွံ့ဖြိုးခဲ့သည် ဆို၏။ ထိုအတတ်ပညာများကြောင့်ပင်လျှင် ထိုအတ္တလန္တစ်တိုင်းပြည်သည် အတတ်ကျူး

ဘီလူးဖြစ်ဆိုသလို ပျက်စီးခဲ့ရသည်ဆိုသောမှတ်တမ်းမှတ်ရာများရှိသည်ဖြစ်၏။

ဆိုခဲ့သမျှကို အနှစ်ချုပ်၍ အတွေးနယ်ချဲ့ရလျှင် ရခိုင်ကမ်းရိုးတန်းက ဒွါရာဝတီ (သံတွဲ) ဒေသတွင် တစ်ချိန်သောအခါက စက္ကောမအတတ်ပညာ ဘူတာဝါဟနပညာတို့ကို ကျွမ်းကျင်သောသူတို့နေထိုင်ခဲ့ကြသလား။ ယခုအကြောင်းအရာနှင့်ပတ်သက်ကောင်းမှပတ်သက်မည်ဖြစ်သော်လည်း ထည့်သွင်းစဉ်းစားစရာတစ်ခုကတော့ ရခိုင်ကမ်းရိုးတန်းတွင်သာမက မြန်မာနိုင်ငံတွင် အကြီးဆုံးဖြစ်သော ဒွါရာဝတီသံတွဲဒေသမှ မဝေးလွန်းလှသည့် ရမ္ဗာဝတီ ရမ်းဗြဲကျွန်းတွင် ရှေးသံချက်ဖိုဟောင်းနေရာ (၅၀) ထက်မနည်းရှိနေသည်ဟူခြင်းပင် ဖြစ်သည်။ တကယ်တော့ ရခိုင်ကမ်းရိုးတန်းဒေသတွင် သံလုံးဝမထွက်ပါ။

မည်သို့ပင်ဆိုစေ တစ်ခါတစ်ခါ၌ ဒဏ္ဍာရီတို့၏သမိုင်းဖြစ်ရပ်မှန်၏အတိတ်စိမ်းသဲလွန်စများဖြစ်နေတတ်ပါသည်။ နမူနာတစ်ခုထုတ်ပြရလျှင် ရှေးဂရိပညာရှင် ဟိုမား၏ အိုဒက်ဆာလင်္ကာထဲတွင် ယနေ့ ဂရိကမ်းခြေမှ အေသင်မြို့သားတို့နှင့် တူရကီကမ်းခြေမှ တရွိုင်းမြို့သားတို့သည် ဟင်လင်ဆိုသော မိန်းမချောလေးတစ်ဦးကိုအစပြုလို့ စစ်ဖြစ်ကြပုံ၊ ထိုစစ်ပွဲ၌ ဂရိတို့ကိုးကွယ်ယုံကြည်သော နတ်ဒေဝတာတို့ ပါဝင်စွက်ဖက်လှုပ်ရှားကြပုံတို့ကို အံ့ဩရင်ခုန်ဖွယ်ရာ၊ ဆွတ်ပျံ့လွမ်းမောဖွယ်ရာ၊ တုန်လှုပ်ချောက်ချားဖွယ်ရာ၊ မယုံဝိုးဝါးနိုင်ဖွယ်ရာ စီကုံးဖော်ကျူးခဲ့သည်။

ထို့ကြောင့် အစကနဦးက ထိုလင်္ကာကို ဒေဝတာပုရာဏ်ဒဏ္ဍာရီတစ်ခုအဖြစ်သာ၊ ထရွိုင်မြို့တော်ကို ဒဏ္ဍာရီမြို့အဖြစ်သာ ယုံမှတ်ခဲ့ကြသည်။ သို့သော် ၁၉ ရာစုနှောင်းပိုင်းတွင် ဂျာမနီသမိုင်းသုတေသီတစ်ဦးက တူရကီအနောက်ဘက်ကမ်းခြေ၌ ထိုထရွိုင်မြို့တော်ဟောင်းကိုပြန်လည်တူးဖော်တွေ့ရှိသောအခါမှ ထိုထရွိုင်မြို့တော်သည် ဒဏ္ဍာရီထဲက မြို့တော်မဟုတ်ဘဲ သမိုင်းထဲတွင် အမှန်တကယ်ရှိသော မြို့တော်ဖြစ်ကြောင်းကို တွေ့သိခဲ့ရသည်။

သို့ဆိုလျှင် မိုးသို့ပျံချီ ဒွါရာဝတီ အာကာပျံဝဲ မြို့သံတွဲဆိုသည်မှာ ဒဏ္ဍာရီအစစ်မှုဟုတ်ပါလေစ။

မင်းရှိန်ဇော်



www.burmeseclassic.com

www.burmeseclassic.com

# ကြည်ပြာမောင်

(သခင်ခြေ)

# ကံကြီးထိုက်သူတစ်ယောက်အကြောင်း



လွန်ခဲ့သော တစ်နှစ်ခန့်က ကျွန်တော်သည် မှုလတန်းပြဆရာဘဝဖြင့် ကျောက်ဖြူမြို့နယ်ထဲက တောရွာလေးတစ်ရွာသို့ ရောက်ရှိခဲ့၏။ ယခုရေးသားတင်ပြမည့် အကြောင်းအရာသည် ၎င်းရွာတွင် အမှန်တကယ်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုပင်ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်မျက်မြင်မဟုတ်သော်လည်း ဒေသခံတို့၏ ပြောပြချက်များကို ဝတ္ထုသဖွယ်ပြင်ဆင်ရေးသားထားပါကြောင်း ကြိုတင်အစီရင်ခံအပ်ပါသည်။ဤအဖြစ်အပျက်၌ ပါဝင်ခဲ့ကြသော လူပုဂ္ဂိုလ်များသည် ယနေ့ထက်တိုင် သက်ရှိထင်ရှားရှိနေကြပါသေးသည်။ ထို့ကြောင့် လူနာမည်များနှင့်ကျေးရွာနာမည်ကိုလွှဲ၍ရေးသားထားပါသည်။

❑

ဦးသောကြာနှင့် ဒေါ်စံခင်သည် ငါးကင်ကျိုင်းတောင်ဆိပ်ကမ်း၌ တည်ရှိသော ဦးမောင်ကျန်အောင်၏ မီးသွေးဖိုတွင် မီးသွေးရှေ့သောအလုပ်သမားများဖြစ်ကြ၏။ ဦးသောကြာသည် လူပုံနွံ့နွံ့နှင့် အေးအေးလူလူနေတတ်သူတစ်ဦးဖြစ်၏။ ဒေါ်စံခင်ကား လျှာသွက်အာသွက်နှင့်ရေရေလည်လည်ရှိလှ၏။ သူတို့ဇနီးမောင်နှံသည် သဘောမနောကောင်းပြီး ဖော်ဖော်ရွေရွေဆက်ဆံတတ်သောကြောင့် လူအများ၏ချစ်ခင်မှုကို ခံယူရရှိကြ၏။သူတို့ဇနီးမောင်နှံတွင် မောင်လှဦးဟူသော သားတစ်ယောက်ရှိ၏။ တစ်ဦးတည်းသောသားမို့ ငယ်စဉ်ကတည်းက အလိုလိုက်ထားသည့်အတွက် စာရိတ္တပျက်ပြားနေသူ ဖြစ်၏။ အိမ်ထောင်ကျသွားသည့်တိုင် ဘာတစ်ခုမှပြောင်းလဲမှုမရှိဘဲ မိုက်တွင်းနက်နေသေး၏။ မိဘတို့တွင်ရှိသည့် ပစ္စည်းဥစ္စာဟူသမျှကို အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်ပစ်၏။မိဘဖြစ်သူခမျာလည်း ရှိသမျှပုံအောပြီး ပေးလိုက်ရသည်။ ယခုအသက် (၆၀) ကျော်အရွယ်သို့ ရောက်သောအခါတွင် ကုန်းကောက်စရာ ဘာတစ်ခုမှမရှိတော့ပြီ။ ထို့ကြောင့် သူများမီးသွေးဖိုတွင် အလုပ်သမားအဖြစ်နှင့် ဝမ်းရေးအတွက် ရုန်းကန်နေကြရ၏။

မောင်လှဦးသည် မိဘနှစ်ပါးကို ဒုက္ခပေးရုံမျှနှင့် အားမရသေးဘဲ မိန်းမဖြစ်သူကိုပါ နှိပ်စက်ကလူပြုမှုဆက်ဆံတတ်၏။ အရက်မမူးလျှင် တော်သေးသည်။ မူးလာလျှင်တော့ ရွာရိုးကိုးပေါက်လျှောက်ကာ အော်ဟစ်ဆဲဆိုတတ်၏။ မိဘနှစ်ပါးက ဤကဲ့သို့မလုပ်ဖို့ တားဆီးသော်လည်း နားမဝင်ခဲ့ပေ။ နောက်ဆုံး၌ ဦးသောကြာတို့ဇနီးမောင်နှံသည် မိမိတို့၏ဇာတိ ရေမျက်ကြီးရွာကိုစွန့်ခွာပြီး ငါးကင်ကျိုင်းတောင်ထိပ်ကမ်းတွင် တဲလေးထိုးကာ နေထိုင်ခဲ့ကြတော့၏။

မီးသွေးဖိုပိုင်ရှင် ဦးမောင်ကျန်အောင်သည် ဦးသောကြာတို့အပေါ်၌ အလုပ်သမားပင်ဖြစ်သော်လည်း ရိုရိုသေသေဆက်ဆံ၏။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်ကအစ လိုအပ်သည်များကိုကူညီ



www.burmeseclassic.com

www.burmeseclassic.com

ထောက်ပံ့ပေး၏။ ဦးမောင်ကျန်အောင်အတွက် ဦးသောကြာတို့ဇနီးမောင်နှံရှိသောကြောင့် ယခင်ကလို မီးသွေးအိတ်များပျောက်ရှမည်ကို စိုးရိမ်စရာမလိုတော့ပေ။

"ဦးသောကြာ၊ ဒီနေ့ ကျွန်တော်မြို့ကိုသွားစရာရှိတယ်။ ဘာများမှာလိုက်ဦးမှာလဲ။ အားမနာနဲ့နော် လိုအပ်တာရှိရင်ပြော"

"ရပါတယ်ကွယ်၊ ဦးသောကြာတို့မှာ အားလုံးပြည့်စုံပါတယ်။ ဘာမှမလိုပါဘူး"

"ဦးသောကြာကလည်း လုပ်ပြန်ပြီပွင့်ပွင့်လင်းလင်းလုပ်စမ်းပါ။ ဒီလူနဲ့ဒီလူအားနာနေရတယ်လို့"

ဦးသောကြာသည် ဆေးလိပ်မီးတစ်ချက်ဖွာလိုက်၏။ ဒေါ်စံခင်ကားဘာတစ်ခုမှဝင်မပြောဘဲ နားထောင်နေ၏။

"မောင်ရင့်ကျေးဇူးတွေက ဦးတို့အပေါ်မှာများလှပါဦးကွယ်။တကူးတကမလုပ်ပါနဲ့တော့"

"ကဲကဲ - ဦးသောကြာ၊ မကြာခင်ဝါလည်းကျွတ်တော့မှာဆိုတော့ ဦးသောကြာတို့လည်း ဘုရားကျောင်းကန်သွားချင်ကြမှာပေါ့။ ဒီတော့ လိုအပ်တာလေးတွေကို ကျွန်တော်ပဲကြည့်ဝယ်ခဲ့တော့မယ် ဟုတ်ပြီလား"

"အေးပါကွယ် သာဓု သာဓု သာဓု။ အသက်ရှည်ပါစေ၊ ဘုန်းကြီးပါစေ၊ လိုအင်ဆန္ဒတစ်လုံးတစ်ဝပြည့်စုံပါစေကွယ်"

❑





www.burmeseclassic.com

www.burmeseclassic.com

နံနက်ခင်းနေရောင်ခြည်အောက်တွင် ငါးကင်ကျိုင်းတောင်ဆိပ်ကမ်း၏ ရေပြင်ဝယ် လှိုင်းကြက်ခွပ်လေးများပြေးလွှားနေကြ၏။ ကမ်းစပ်ရှိလမုတောတွင် ဗျိုင်းတစ်အုပ်နားနေကြသည်။ အဝေးမှ ကွိကွိကွကွအော်နေကြသော မျောက်တို့၏အသံကိုလည်း ကြားနေရသည်။ ဒီရေအတက်မို့ ရေစီးဆန်နေ၏။ ရေဘဲတစ်အုပ် မြူးထူးပျော်ပါးနေကြသည်။

ဦးသောကြာတို့ဇနီးမောင်နှံသည် မီးသွေးများကို အိတ်ထဲသို့ထည့်နေကြ၏။

"ရှင်မရေ ဒီအထုပ်ပြီးရင် ထမင်းအိုးတည်တော့ဟေ့"

"အေးပါတော်"

သူတို့နှစ်ယောက် စကားပြောနေကြစဉ် ရေထဲကငှက်တစ်အုပ် အလန့်တကြားပျံသွားကြ၏။ ဘာတွေဖြစ်ပါလိမ့်ဟူသောအတွေးကိုယ်စီနှင့် ကျောင်းဘက်သို့ကြည့်လိုက်ကြ၏။ ထိုစဉ် အင်္ကျီစွပ်ကျယ်တစ်ပိုင်းနှင့် ပုဆိုးကိုစလွယ်သိုင်းထားသည့်လူတစ်ယောက်သည် အနီးရှိကျောက်ခဲများဖြင့် ငှက်များကိုလှမ်းပစ်နေ၏။ ဦးသောကြာတို့ဇနီးမောင်နှံ ငိုင်သွားကြသည်။ အကြောင်းကား သူတို့၏ချစ်လှစွာသောသားဖြစ်သူ မောင်လှဦးဖြစ်နေသောကြောင့်ပေတည်း။ မောင်လှဦးသည် အရင်ကမလာ။ ဦးမောင်ကျန်အောင်ကိုကြောက်၍လည်း ဖြစ်နိုင်သည်။ ယနေ့ ဦးမောင်ကျန်အောင်မရှိသည်ကိုသိထားဟန်တူသည်။ မလာစဖူးအလာထူးနေ၏။

"ဟား ဟား ဟား - ကျုပ်ကိုမြင်လိုက်ရလို့ လန့်သွားကြတာလား။ မလန့်ကြပါနဲ့ဗျာ၊ မလန့်ကြပါနဲ့။ ကျုပ်ခင်ဗျားတို့ဆီမှာ အမွေတောင်းဖို့ရောက်လာတာပဲ၊ ဒီတော့ အေးဆေးပဲပေးလိုက်ကြပါ ဒါပဲနော်"

မောင်လှဦးသည် အရက်မူးနေ၏။ ယိမ်းယိုင်သောခြေလှမ်းများဖြင့် မိဘနှစ်ပါးရှေ့သို့ရောက်လာသည်။

"ငါတို့မှာပေးစရာရှိလို့ ခြူးတစ်ပြားမှာမရှိတော့ဘူးဟေ့။ ရှိတာတွေလည်း နင်ဖြုန်းလို့ကုန်ပြီ၊ ငါတို့ဘာသာအေးဆေးနေတာ လာမနှောင့်ယှက်နဲ့။ နင်အခုထွက်သွားစမ်း"

ဒေါ်စံခင်သည် ခေါင်းပေါ်ကတဘက်ကိုဖြေကာ စီးကျလာသောချွေးများကိုသုတ်လိုက်၏။ ဒေါသကြောင့် အသားတဆတ်ဆတ်တုန်ယင်နေသည်။

"ခင်ဗျားကြီးအဲလိုပြောလို့မရဘူးဗျ။ မွေးတုန်းက ဘာဖြစ်လို့မွေးခဲ့တာလဲ။ အခုတော့ ပေးရကမ်းရမှာကြောက်နေပြီလား။ ဟား ဟား ဟား - မရဘူး၊ မောင်လှဦးကို ဒီလိုလုပ်လို့မရဘူး။ ပေးစမ်း ဘယ်မလဲ ရှိတာအကုန်ထုတ်"

"အဖေတို့မှာ ဘာမှမရှိတော့ပါဘူး သားရယ်၊ ရှိတာတွေလည်း. . ."

ဦးသောကြာတစ်ယောက် စကားပင်မဆုံးလိုက် မောင်လှဦးက ကြားဝင်ပြောလာ၏။

"ဒီမှာ ကျုပ်ရှင်းရှင်းပဲပြောမယ်၊ ကျုပ်ဖဲရှုံးလာတယ်။ လူသတ်ရမှာလည်း မကြောက်ဘူး၊ ဒီတော့ ရှိတာလေးတွေကို အေးအေးဆေးဆေးနဲ့ပေးလိုက်ပါ။ ပြီးမှတော့ ကျုပ်ကိုအဆိုးမဆိုနဲ့"

ဦးသောကြာသည် သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်၏။ သားဖြစ်သူကို မည်သို့ပင်ပြောပြော ရမည်မဟုတ်သည်ကို နားလည်လိုက်၏။ ကြာလာလျှင် ဒီထက်မကဆိုးလာတော့မည်။ မတတ်နိုင်သည့်အဆုံး၌ မရှိမဲ့ရှိမဲ့စုထားတာလေးတွေကိုထုတ်ပေးလိုက်မှ ဇနီးဖြစ်သူအား မျက်ရိပ်ပြလိုက်၏။ ဒေါ်စံခင်က နှာခေါင်းရှုံ့ပြ၏။ ဦးသောကြာက ပေးလိုက်ဖို့ ကိုယ်ဟန်အမူအရာဖြင့် အတန်တန်ပြောနေ၏။ ဒေါ်စံခင်သည် သူ၏ချွေးခံအင်္ကျီအိတ်ထဲက ငွေများကိုထုတ်လိုက်၏။

"ရော့ဟေ့ ဒါအကုန်ပဲ။ မြန်မြန်ယူပြီး မြန်မြန်သွားတော့။ နင့်မျက်နှာကို မြင်နေရတာ ကျက်သရေတစ်စက်မှမရှိဘူး"

မောင်လှဦးသည် အမေဖြစ်သူ၏ လက်ထဲမှငွေကို ဆတ်ခနဲဆွဲယူလိုက်၏။

"ဟာ - ခြောက်ထောင်တည်းနဲ့ ဘယ်ရမလဲဗျ။ ကျုပ်ရှုံးလာတာ ငါးသောင်းကျော်တယ်။ မရဘူး၊ မရဘူး ရှိတာအကုန်ပေး"

"မရှိတော့ဘူးဟေ့ ကောင်စုတ်ရဲ့"

"ဟာ - ခင်ဗျားကြီးလျှာရှည်လိုက်တာ။ ပိုက်ဆံမရှိရင်လည်း ခင်ဗျားရဲ့နားတောင်းကို ချွတ်ပေးဗျာ"

ဒေါ်စံခင်တစ်ယောက် လန့်ဖျပ်သွား၏။ ဤနားတောင်းမှာ သူ့ဘိုးဘွားမိဘလက်ထက်ကတည်းကပင် အစဉ်အဆက် ထိန်းသိမ်းလာခဲ့တာ ဖြစ်၏။ မိဘအမွေမို့ ပေါင်နှံရောင်းချခြင်းပင်မလုပ်ရက်။ မောင်လှဦးက ဒါကိုမျက်စိကျနေပြီ။

"ဒါကိုတော့ မလုပ်ပါနဲ့ သားရယ်။ မင်းအမေမှာ ဘိုးဘွားအမွေဆိုလို့ဒီတစ်ခုပဲရှိတော့တာ။ အဖေတောင်းပန်ပါတယ်နော်"

"ခင်ဗျားကြီးကတစ်မျိုး၊ ဘာတွေညာတွေကျုပ်မသိဘူး။ ကျုပ်ဖဲကြွေးပေးဖို့ အဲဒီနားတောင်းကိုလိုချင်တယ်။ ပေးမလား၊ မပေးဘူးလား ဒါပဲပြော"

"မပေးဘူးဟယ် မပေးဘူး"

မောင်လှဦးသည် မိခင်ဖြစ်သူ၏ အနီးသို့တိုးသွားလိုက်၏။ ထို့နောက် သူ၏သန်မာသောလက်ဖြင့် မိခင်ဖြစ်သူအား ချုပ်နှောင်ဖို့ကြိုးစား၏။ ဒေါ်စံခင်က ရုန်းကန်၏။ ဦးသောကြာကလည်း သားဖြစ်သူကို ဝင်ဆွဲ၏။ မောင်လှဦးသည် ဘာကိုမှဂရုမစိုက်တော့ဘဲ နားတောင်းကိုသာ သဲကြီးမဲကြီးလုနေ၏။

"တောက်-တွေ့ကြသေးတာပေါ့ကွာ"

မောင်လှဦးသည် မီးသွေးဖိုအနီးက သစ်သားချောင်းတစ်ချောင်းကို ကောက်ယူလိုက်၏။ အဖေဖြစ်သူက ဝင်ဆွဲတော့ အားကုန်လွှဲရိုက်လိုက်၏။ ဦးသောကြာသည် ချောင်းကမ်းစပ်တွင် ပုံလျက်ကျန်ခဲ့၏။ ဒေါ်စံခင်တစ်ယောက် အော်ဟစ်ငိုယိုကာ ပတ်ဝန်းကျင်ကို အကူအညီတောင်းခံနေ၏။ မောင်လှဦးသည် အမေဖြစ်သူအား တုတ်နှင့်လှမ်းရိုက်လိုက်၏။ ဒေါ်စံတင်တစ်ယောက် ညာခြေထောက်ကိုထိကာ ချောင်းထဲသို့ကျသွား၏။ ရေတိမ်၍တော်သေးသည်။ ဒေါ်စံတင်သည် ကမ်းပေါ်သို့ပြန်တက်ရန် ကြိုးစား၏။ မောင်လှဦးက အပေါ်စီးမှနေ၍ တုတ်နှင့်ရိုက်ချ၏။ အားမရသည့်အဆုံး ရေထဲသို့ဆင်းကာ မိခင်ဖြစ်သူအား ရေမှာနစ်သတ်တော့၏။

"ဟား ဟား ဟား - ခင်ဗျားကြီး ဘာတတ်နိုင်သေးလဲ၊ သိပြီမလား ဟား ဟား"

ဒေါ်စံခင်တစ်ယောက် ရေမွန်းသည့်ဒဏ်ကြောင့် ဘာတစ်ခွန်းမှမပြောနိုင်တော့ပေ။ မောင်လှဦးသည် မိခင်ဖြစ်သူအား ဆံပင်မှကိုင်ဆွဲကာ နားတောင်းကိုဖြုတ်ယူလိုက်၏။ ဖြုတ်ယူပုံမှာ ရိုးရိုးသာမန်မဟုတ်ဘဲ အတင်းဆောင့်ဆွဲလိုက်၏။ ဒေါ်စံခင်၏ နားရွက်တစ်ဖက်စုပ်ပြဲသွားကြသည်။

"ဘုရား ဘုရား ကယ်တော်မူပါ။ မောင်လှဦး နင်တော့ကံကြီးထိုက်ပြီဟေ့"

မောင်လှဦးသည် ကမ်းပေါ်သို့ ဒယိမ်းဒယိုင်တတ်သွား၏။ ထိုစဉ်အချိန် ပတ်ဝန်းကျင်ရှိလူများ ရောက်ရှိလာကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မောင်လှဦးအား ဝိုင်းရိုက်ကြမည်ပြုကြ၏။ မိခင်ဖြစ်သူက မရိုက်ဖို့တားသည်။ လူများကတော့ ရိုက်မည်တကဲကဲဖြစ်နေကြ၏။ မောင်လှဦးထွက်သွားခဲ့သည်။ ယောကျ်ားနှစ်ယောက် ရေထဲသို့ဆင်းကာ ဒေါ်စံခင်အား ကမ်းပေါ်သို့တင်ပေးကြသည်။ ဒေါ်စံခင်၏ ညာခြေထောက်သည် သွင်သွင်ကျိုးသွားခဲ့လေ၏။ ဦးသောကြာတစ်ယောက် သတိမရတစ်ချက်ရတစ်ချက်နှင့်ဖြစ်နေသည်။ ညောင်ချောင်းတိုက်နယ်ဆေးရုံသို့အချိန်မီပို့ရန် ပြင်ဆင်ကြရ၏။ ဤသို့ဖြင့် သာယာသောနံနက်ခင်းတစ်ခုသည် ဆဲသံ၊ အော်သံ၊ ငိုသံတို့ဖြင့် အကျည်းတန်အရုပ်ဆိုးသွားခဲ့ရလေသည်။

ညနေကတည်းကရွာနေသောမိုးသည် သန်းခေါင်ကျော်သည်နှင့် အနည်းငယ်စဲစပြုလာ၏။ လဆန်းရက်မို့ ကောင်းကင်ပြင်တွင် လရောင်ကိုဝိုးတိုးဝါးတားတွေ့မြင်နေရသည်။ ဝန်းကျင်တစ်ခို မိုးစက်ကြွေသံတို့မှအပ တခြားမည်သည့်အသံကိုမျှ မကြားရပေ။ လေပြင်းတစ်ချက်သည် သုတ်ခနဲတိုက်ခတ်သွား၏။ အိမ်ရှေ့ခန်းတွင် တုံးလုံးပက်လက်အိပ်ပျော်နေသော မောင်လှဦးတစ်ယောက်လန့်နိုးလာခဲ့၏။ မောင်လှဦးသည် ခြံပြင်သို့လှမ်းကြည့်လိုက်၏။ ရုတ်တရက်မြင်လိုက်ရသည့်မြင်ကွင်းကသူ့တစ်ကိုယ်လုံးကို ကိုင်ပေါက်ပစ်သလိုခံစားရမိ၏။ မောင်လှဦးသည် အော်ဟစ်အကူအညီတောင်းဖို့ကြိုးစား၏။ သို့သော်အသံကား ထွက်မလာ။ လည်ပင်းတွင်ဆို့နစ်နေကြ၏။ သူ့စိတ်တွေဆောက်တည်ရာမရဖြစ်လာသည်။ မောင်လှဦးသည် ခြံရှေ့သို့ဆင်းလိုက်၏။ သူသည် ဆရာ့ရှေ့တွင်ရပ်နေသော ကလေးတစ်ယောက်ကဲ့သို့ လက်ပိုက်ကာရပ်နေ၏။

"ကျွန်တော့်နာမည်မောင်လှဦးပါ။ ဟုတ်ပါတယ်၊ ကျွန်တော် ဖဲကြွေးဆပ်ဖို့ အမေ့ဆီက နားတောင်းကိုလုယူခဲ့ပါတယ်"

"......"

"ဟုတ်ပါတယ် - ချောင်းထဲမှာနစ်သတ်ခဲ့ပါတယ်။ အမေ့ကိုလည်းရိုက်ခဲ့ပါတယ်"

"......"

"ဟုတ်၊ ဟုတ် အဖေ့ကိုလည်းရိုက်ခဲ့ပါတယ်"

"......"

"ဗျာ-ကျွန်တော်မနက်ဖြန်လိုက်ခဲ့ရမယ် ဟုတ်လား"

"......"

"မ . . . မလိုက်နိုင်ဘူး။ လုံးဝ . . . . . မလိုက်နိုင်ဘူး၊ မလိုက်ဘူးဗျာ"

မောင်လှဦးသည် အော်ကြီးဟစ်ကျယ်ပြောနေ၏။ ဇနီးဖြစ်သူ မလှရွှေသည် မောင်လှဦး၏ စကားသံကြောင့် အိပ်ရာမှထလာခဲ့၏။ သူ့နောက်တွင် သားဖြစ်သူ မောင်မောင်တင်လည်း ပါလာခဲ့၏။

"ကျုပ်မလိုက်နိုင်ဘူး။ ဘာဖြစ်လို့လိုက်ရမှာလဲ မလိုက်နိုင်ဘူး။ ခင်ဗျားတို့ထွက်ပြေးကြ၊ ကျုပ်ကိုမခေါ်ကြနဲ့၊ သွားသွား မလိုက်နိုင်ဘူး"

မလှရွှေနှင့် သားဖြစ်သူသည် မောင်လှဦးရပ်ပြီးစကားပြောနေသည့် နေရာသို့ကြည့်လိုက်ကြ၏။ ရုတ်တရက်မြင်လိုက်ရသည့်မြင်ကွင်းက အသည်းငယ်သူအဖို့ ထိတ်လန့်စရာ လူနှစ်ရပ်ကျော်ကျော်ခန့်မြင့်သော စပါးဆယ်တင်းဝင် ပုတ်လုံးအရွယ်မည်းမည်းအရာနှစ်ခုသည် မောင်လှဦးအား တစ်ဖက်တစ်ချက် စီဝန်းရံလျက်ရပ်နေကြသည်။

"မလိုက်ဘူး။ မလိုက်ဘူး လုံးဝမလိုက်ဘူး။ သွား သွား ထွက်သွားကြ"

မောင်လှဦးသည် အော်ဟစ်ကာ အိမ်ပေါ်သို့ပြေးတက်လာ၏။ အိမ်ထဲတွင် တစ်စုံတစ်ခုကို အသည်းအသန်လိုက်ရှာနေ၏။ ဆယ့်ငါးမိနစ်ခန့်အကြာ၌ အိမ်နောက်ဖေးအပေါက်ဝက ပြေးဆင်းသွားခဲ့လေသည်။ သူ့နောက်က ခွေးတစ်အုပ်လိုက်ပြီးဟောင်နေကြ၏။

"မလိုက်ဘူး၊ မလိုက်ဘူး သွားသွား သွားကြ"

မောင်လှဦး၏ကြောက်လန့်တကြားအော်သံသည် ရေမျက်ကြီးတစ်ရွာလုံး၏ ညသန်းခေါင်ကို ထိုးဖောက်သွား၏။ လူတွေကတော့ ခါတိုင်းကဲ့သို့ မောင်လှဦး သောင်းကျန်းနေသည်ဟု ထင်ကြသည်။ မောင်လှဦးမည်မျှပင် အော်ဟစ်နေပါစေ မည်သူတစ်ဦးတစ်ယောက်မျှ ဆင်းမကြည့်ကြပေ။ မတော်လို့ မောင်လှဦးနှင့် ပက်ပင်းတွေ့လျှင် မိမိသာဒုက္ခရောက်မည်။ သူ့အကြောင်းနှင့်သူ ဖြစ်ချင်သလိုဖြစ်နေပါစေဟု သဘောပိုက်ထားကြသည်။ တချို့က မောင်လှဦးမြန်မြန်သေပါစေဟုပင် ဆုတောင်းထောမနာပြုကြ၏။ မောင်လှဦးအပေါ်၌ ဤမျှထိအော့နှလုံးနာနေကြသည်။

❏

"မလိုက်ဘူး၊ မလိုက်ဘူး အား"

သာယာသော နံနက်ခင်းသည် မသတီဖွယ်ရာအသံဖြင့် ဖုံးလွှမ်းသွားခဲ့သည်။ လူအများသည် အသံလာရာဆီသို့ ပြေးလာခဲ့ကြ၏။ မောင်လှဦး၏ဇနီး မလှရွှေသည် လင်သားဖြစ်သူ၏အဖြစ်ဆိုးကိုကြည့်ကာ မျက်ရည်တသွင်သွင်စီးကျနေသည်။ လူအများအဖို့ သတိသံဝေဂရစရာမြင်ကွင်းပေတည်း။ မောင်လှဦးတစ်ယောက် အမိုက်ဇာတ်သိမ်းသွားခဲ့လေပြီ။

"မှတ်ထားကြဟေ့ - လေစကမှာ မိဘကိုစော်ကားရင် ဒီလိုဖြစ်တတ်တယ်ဆိုတာ။ မိဘကို ကိုယ်ထိလက်ရောက်ပြစ်မှားခဲ့တဲ့ အကုသိုလ်ကံက နောင်ဘဝတောင်မကူးဘူး။ လက်ရှိဘဝမှာတင် အကျိုးပေးတတ်တယ်။ မိဘကိုမပြစ်မှားစေနဲ့။ မိဘဆိုတာ ဘာပဲဖြစ်နေဖြစ်နေ သူတို့ဘဝနဲ့သူတို့ရှိပါစေ။ ကိုယ်ကသွားပြီးမပြစ်မှားကြလေနဲ့။ ပြစ်မှားလို့ကတော့ ဒီမြင်ကွင်းကိုကြည့်ထားကြ"

ရွာလူကြီးတစ်ဦးက မောင်လှဦး၏ အလောင်းကိုကြည့်ကာ ပြောပြနေ၏။

"ဟေ့ဟေ့ - ဘာဖြစ်ကြတာလဲ"

အသက် (၈၀) ကျော် အဘွားတစ်ဦးက မေးလိုက်၏။

"ဘာဖြစ်ရမှာလဲ အဘွားရေ။ ဒီမှာကြည့်ပါဦး မောင်လှဦးတစ်ယောက် ကျောက်တုံးပေါ် ချော်လဲပြီး ကိုယ့်လုံကကိုယ့်ဗိုက်ကိုဖောက်သွားတာ တစ်ခါတည်းပွဲချင်းပြီးပဲ"

"ဩော် ဒုက္ခ ဒုက္ခ အဲဒါ မိဘကိုစော်ကားလို့ဟေ့ မှတ်ထားကြ"

သို့ဖြင့် မောင်လှဦး၏အကြောင်းသည် အနီးအနားရှိရွာများသို့ ပျံ့လွင့်သွားခဲ့၏။ မိဘများက သားသမီးများကိုဆုံးမရာ၌ မောင်လှဦးအကြောင်း ကိုထည့်ပြောတတ်ကြသည်။ တစ်စတစ်စ မောင်လှဦး၏ ဇာတ်ကြောင်းသည် သူတို့ဒေသ၏မရိုးနိုင်သော ပုံပြင်တစ်ပုဒ်ဖြစ်လာခဲ့သည်။ သားစဉ်မြေးဆက်ပြောလာခဲ့ကြသည်မှာ နှစ်ပေါင်း (၈၀) ပင်ကျော်ခဲ့ပြီဟုသိရ၏။ လောက၌ ဤသို့သောအဖြစ်မျိုး အမှန်တကယ်ရှိနေကြပါသည်။

လေးစားလျက်

ကြည်ပြာမောင်(သဇင်မြ)



www.burmeseclassic.com

www.burmeseclassic.com

# မောင်မောင်မိုးအောင်
(စာပေဗိမာန်စာမူဆုရ)

# အရက်သမားကိုဘနောင်း လူကောင်းဖြစ်ပြီ



❑ နောင်တစ်ချိန် ခေါင်းဆောင်ဖြစ်
ယနေ့ခေတ် လူငယ်တွေ
တိုင်းပြည်အတွက် မှန်းမျှော်ထား
ပြည့်အင်အားပေ။
ကိုယ့်အနာဂတ်လှပစေ
ဘဝအခြေတင့်စေဖို့
အန္တရာယ်မူးယစ်ဆေး
ဝေးဝေးရှောင်စို့။


အရက်လည်း သေရည်ဖြစ်
မူးယစ်ဆေး အနွယ်ဝင်
ရစ်တွယ်ကာ သောက်စားမိ
အသိလွှင့်စဉ်
မှားရာကို ကျူးလွန်ချင်
ဆွဲငင်လိမ့် မြန်မနှေး။
အရက်ကို အသိတရားနှင့်
ရှောင်ရှားဝေးဝေး။ ။

အထက်ပါကဗျာမှာ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ပထမဆုရကဗျာမှ အပိုဒ်နှစ်ပိုဒ်သာ ဖြစ်သည်။ ကျွန်တော့်သူငယ်ချင်း ကိုမိုး၏လက်ရာဖြစ်သည်။ ကျွန်တော့်သူငယ်ချင်းရေးဖော် ကိုမိုးမှာ ကဗျာအရေးကောင်းသလို ဝတ္ထုလည်း အရေးကောင်းသူ ဖြစ်သည်။ သူ၏ဆုရကဗျာကို ကျွန်တော်တောင်းထား၍ မိတ္တူတစ်စုံကျွန်တော့်ကိုပေးထားသည်။ ကိုမိုးက အရက်သောက်တတ်သူမဟုတ်သော်လည်း အရက်၏ ဆိုးကျိုးကိုဖော်ပြရေးသားခဲ့သည်။ အရက်ကိုမသောက်ရမနေနိုင် စွဲလမ်းနေသော ကျွန်တော်ကမူ အရက်ဆိုးကျိုးကိုမမြင်နိုင်ဘဲ ယခုအသက်အရွယ်အထိ အရက်သောက်နေဆဲ၊ မိုက်တွင်းနက်နေဆဲ ဖြစ်သည်။ ကျွန်တော် အရက်ဖြတ်ချင်၍ ရေးဖော်ကိုမိုး၏ကဗျာကို ဖတ်ဖတ်ကြည့်နေမိခဲ့သည်။ သို့သော် အရက်ကို မဖြတ်နိုင်ခဲ့ပါ။ နောင်တစ်ချိန် ခေါင်းဆောင်ဖြစ်မည့် ယနေ့ခေတ်လူငယ်များ အရက်ကိုရှောင်သင့်ကြောင်း ရေးထားသည်။ ခေါင်းဆောင်ဖြစ်ရန်မဆိုထားနှင့် ကိုယ့်မိသားစုကိုပင် ကျွန်တော်က ဦးဆောင်မှုမပေးနိုင်ပါ။ အရက်ကို စွဲစွဲလမ်းလမ်းသောက်နေခဲ့သဖြင့် အိမ်ထောင့်တာဝန်ပျက်ကွက်ကာ မိသားစုတကွဲတပြားစီဖြစ်နေခဲ့ရသည်။ ကျွန်တော့်မိသားစုတွင် ဇနီး၊ သမီး၊ သမက်နှင့် (၃) နှစ်အရွယ် မြေးယောကျ်ားလေးတစ်ဦးတို့ရှိခဲ့သည်။ မြေးလေးက ကျွန်တော့်အသည်းပင် ဖြစ်သည်။ ကျွန်တော်ဘယ်လောက်ပင်မူးမူး အပြင်ကပြန်လာတိုင်း မြေးလေးအတွက် စားစရာ (သို့) ကစားစရာတစ်ခုခုဝယ်ရန်ကိုမှ မမေ့ခဲ့ပါ။ ယခု အရက်ကြောင့်ပင် ကျွန်တော့်ဇနီးက ကျွန်တော်နှင့်ဝေးရာသို့ ထွက်သွားခဲ့ပြီဖြစ်သည်။ အိမ်တွင် ဇနီးမရှိတော့သည့်နောက်ပိုင်း သမီးနှင့်သမက်တို့ကသာ ကျွန်တော့်ဝေယျာဝစ္စများ၊ စားသောက်ရေးများ ဆောင်ရွက်ပေးခဲ့ကြရသည်။ ကျွန်တော်နှင့်ဝေးရာထွက်သွားသော ဇနီးသည်ကိုလည်း အပြစ်မဆိုသာခဲ့ပါ။ ကျွန်တော်က ဇနီးထက် အရက်ကိုပိုချစ်ခဲ့သူ ဖြစ်သည်။ ယခုလည်း အရက်သောက်နေရင်း ဇနီးသည်ပြောခဲ့သောစကားများ အတွေးထဲ ပြန်ပေါ်လာသည်။

"ရှင်တို့စာရေးဆရာတွေတွေ့ဆုံနေကျ လေထန်ကုန်းလား၊ လေအန်ကုန်းလားတော့မသိဘူး။ အဲဒီကို ခဏခဏသွားတယ်။ ရှင်ပြန်လာတိုင်း မူးမူးလာတတ်တယ်။ရတဲ့စာမူခ ရှင့်အရက်ဖိုးနဲ့ကျန်တော့တာပဲ။ ကျွန်မဘက်လည်း ငဲ့ကြည့်ပါဦး။ အိမ်ရဲ့စီးပွားရေးကိုလည်း သတိရပါဦး"



www.burmeseclassic.com



www.burmeseclassic.com

"မင်းက ဦးစီးအရာရှိတစ်ယောက်ပဲ။ အိမ်ကို မင်းပဲဦးဆောင်နေခဲ့တာပဲ မဟုတ်လား။ ခုမှအပိုတွေလာပြောမနေနဲ့။ ငါအရက်သောက်တာ ဘယ်သူ့ကို ထိခိုက်နေလို့လဲ"

"ဘယ်သူ့ကိုထိခိုက်နေလို့လဲဟုတ်လား။ ကျွန်မရုံးက အပေါင်းအသင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ အိမ်ကိုလာတိုင်း ရှင်ကမူးနေတာချည်းပဲ။ အရက်မူးတော့ စကားတွေကမှားလိုမှားနဲ့ ရှက်ဖို့ကောင်းလိုက်တာ။ ကျွန်မကတော့ဖြင့် ကိုယ့်ယောကျ်ား ကဗျာဆရာ၊ စာရေးဆရာဆိုပြီးကြွားထားခဲ့တာ အရှက်ရတာပဲ အဖတ်တင်တယ်။ ထားပါတော့ မိသားစုကိုငဲ့ပြီး အရက်ဖြတ်ဖို့ကြိုးစားကြည့်ပါလား။ ခုပြောတာ နောက်ဆုံးပဲ၊ နောက်တော့ ကျွန်မကို အဆိုးမဆိုနဲ့"

"ငါအရက်ကို မဖြတ်နိုင်ဘူးဆိုတာ မင်းသိပါတယ်။ ဘာလဲ မင်းက ငါ့ကို ခြိမ်းခြောက်နေတာလား"

"ရှင်အဲဒီလေအန်ကုန်းကပြန်လာရင် မူးမူးလာတယ်။ အဲဒီမှာ မသောက်ခဲ့ရင်လည်း အိမ်ရောက်တော့ ညနေဝယ်သောက်တယ်။ ရှင်တို့ စာရေးဆရာတွေဟာ အရက်သောက်ပြီးမှ စာရေးလို့ရတာလား"

ဇနီးသည်စကားကြောင့် စာရေးဆရာမာနက ရင်ထဲရှိန်းကြွတက်လာခဲ့သည်။

"မင်း အဲဒီလို သိမ်းကျုံးမပြောနဲ့။ ငါကြိုက်လို့သောက်တာ စာရေးဆရာတွေကိုတော့ မစော်ကားနဲ့"

"ရှင့်စာရေးဆရာတွေကိုထိတော့ နာတယ်ပေါ့လေ။ ရှင်တို့စာမူခက ဘယ်လောက်များရနေလို့လဲ။ အသက်ပဲ (၅၀) ကျော်လာပြီ။ ခုထက်ထိ အသိတရား မရသေးဘူး"

"ငါရေးတဲ့စာမူခကို အထင်သေးပြီးလာမပြောနဲ့။ ငါက စာရေးပြီးထမင်းစားနေတဲ့သူမဟုတ်ဘူး။ ဝါသနာအရရေးနေတာ"

"ကဲပါ စာရေးဆရာကြီးရယ်။ ရှင်က အရက်ကိုမဖြတ်နိုင်ဘူးဆိုတော့ ကျွန်မရှင်နဲ့အတူမနေတော့ဘူး။ နယ်ကိုသွားဖို့ ဘော်လံတီယာလုပ်ထားခဲ့တယ်။ မကြာခင် ကျွန်မအတွက် ပြောင်းမိန့်ထွက်လာတော့မယ်။ နေရစ်ခဲ့ပေတော့။ ကျွန်မဆီလိုက်လာဖို့လည်း မစဉ်းစားနဲ့။ အရက်ဖြတ်လိုက်ပြီဆိုတဲ့အချိန်ကျမှလာခဲ့ပေတော့"

ကျွန်တော့်ဇနီးက အရက်သမား ကျွန်တော့်ကို တော်တော်စိတ်နာသွားပုံရသည်။ သူ့စကားအတိုင်းပင် မကြာမီ ရန်ကုန်မှ နယ်ဘက်သို့ ပြောင်းရွှေ့သွားခဲ့သည်။ ယခု ကျွန်တော်ဇနီးပြောင်းရွှေ့သွားသည်မှာ (၂) နှစ်ကျော်ခဲ့ပြီဖြစ်သည်။ ကျွန်တော့်ကို လုံးဝအဆက်အသွယ်မလုပ်ခဲ့ပါ။ ကျွန်တော်ကလည်း ကိုယ့်မာနနှင့်ကိုယ် သူ့ကိုမဆက်သွယ်ခဲ့ပါ။ ကျွန်တော့်ဘဝမှာ အရက်ဆိုသည့် အဖော်နှင့် ဓမြးလေးတို့ရှိနေသဖြင့်ပြည့်စုံနေပြီဖြစ်သည်။ လဆန်းရက် မဂ္ဂဇင်းများထွက်၍ စာမူခထုတ်လာသောရက်များသည် မြေးလေးအတွက် ဝယ်ခြမ်းပေးနိုင်သောရက်များဖြစ်ခဲ့သည်။ မြေးလေးသည်သာ ကျွန်တော့်ဘဝဖြစ်ခဲ့ပြီ။ ယနေ့တွင်လည်း ဝတ္ထုတိုနှစ်ပုဒ်အတွက် စာမူခရရှိခဲ့၍ မြေးလေးအတွက် မုန့်များ ဝယ်လာခဲ့သည်။ အိမ်ပေါ်အတက်တွင် သမီးက -

"အဖေ၊ ဒီနေ့ အရက်မသောက်ခဲ့ပါဘူးနော်"

"နည်းနည်းတော့သောက်ထားတယ်။ ညနေမှသောက်မယ်လို့ စိတ်ကူးထားတယ်။ ဘာဖြစ်လို့မေးတာလဲ သမီး"

"မနေ့က သမီးဝယ်ပေးထားတဲ့ အရက်လက်ကျန်ရှိသေးတယ်။ ထပ်ဝယ်စရာမလိုတော့ပါဘူး။ အဖေ့ကိုပြောစရာရှိလို့ပါ"

"သမီးစကားကဆန်းနေသလိုပဲ။ ဘာပြောမှာမို့လဲ ပြောလေသမီး"

"အဖေ့သမက် နယ်ပြောင်းရမယ်။ အဲဒါသမီးလိုက်သွားမှဖြစ်မယ် အဖေ။ တော်ကြာတစ်ယောက်တည်းအရက်တွေ ဘာတွေသောက်နေမှခက်မယ်။ အဲဒါ အဖေ့ကိုအသိပေးတာပါ။ အဖေဘယ်လိုသဘောရလဲ"

သမီးအမေးကို ကျွန်တော်ရုတ်တရက် စကားမပြန်နိုင်ခဲ့ပါ။ ကျွန်တော် ရင်ထဲတစ်ခုခုလစ်ဟာသွားသလို ခံစားလိုက်ရသည်။ အဓိကကျသည်က မြေးလေးနှင့်ခွဲရမည့်အရေးပင် ဖြစ်သည်။ မြေးလေးကို ကျွန်တော်မခွဲနိုင်ပါ။

"သမီးနဲ့ မြေးလေးတို့ နေခဲ့လို့မရဘူးလားသမီး"

"သမီးသေချာစဉ်းစားပြီးမှ အဖေ့ကိုပြောတာပါ။ အဖေ့မြေးကို ကျောင်းထားရတော့မယ်လေ။ အဖေ့ကိုရော သမီးရော ကြောက်တာမှမဟုတ်တာ။ သူ့အဖေတစ်ယောက်ပဲကြောက်တာ။ ကြောက်တဲ့သူရှိမှဖြစ်မယ်။ ဒါကြောင့် သမီးလိုက်သွားဖို့ ဆုံးဖြတ်လိုက်ရတာ"

သမီးစကားက အမှန်တွေချည်းဖြစ်သည်။ သူ့အဖေတစ်ယောက်တည်းကိုသာကြောက်သည်။ မြေးလေးကို ကျောင်းထားရတော့မည်။ မြေးလေး၏ ပညာရေး၊ နောင်ရေး စသည့်အကြောင်းများတွေးလိုက်မိသည်။

"သမီးပြောတာလည်း ဟုတ်နေတာပဲ။ ဒါဆိုလည်းလိုက်သွားပေါ့ သမီးရယ်။ မြေးလေးကိုတော့ အဖေလွမ်းနေရတော့မယ်"

"သတိရလည်း အဖေလာလည်လို့ရပါတယ်။ ရန်ကုန်နဲ့ ပုသိမ်ဆိုတာ ဘာဝေးတာမှတ်လို့၊ တစ်နေ့ခရီးပဲရှိတာ"

"ဒါနဲ့ သမီး မေမေကို အသိပေးပြီးပြီလား"

"သမီး အမေ့ဆီ စာရေးပြီးပြီ။ အမေက အညာမှာဆိုတော့ သွားဖို့မလွယ်ဘူးလေ။ အမေ့ဆီက ပြန်စာတောင်ရပြီးပြီ"

"ပြန်စာ ဟုတ်လား။ သမီးအမေက အဖေ့အကြောင်းတွေမမေးဘူးလား"

"အဖေ အရက်ဖြတ်ဖို့ မကြိုးစားတော့ဘူးလားတဲ့။ ဒီလောကမှာ အဖေ အရက်ဖြတ်အောင်လုပ်နိုင်တဲ့သူမရှိတော့ဘူးလားလို့တော့ စာထဲမှာရေးခဲ့တယ်။ တခြားအကြောင်းတော့မပါဘူး အဖေ"

"အေးလေ သူတောင်နေနိုင်သေးတာပဲ၊ ငါကဘာလို့မနေနိုင်ရမှာလဲ။ သွားကြ သွားကြ၊ ငါတစ်ယောက်တည်းနေလို့ရတယ်။ ဒါမှလွတ်လွတ်လပ်လပ် သောက်လို့ရမှာ"

"ဩော် - အဖေရယ်"

ဇနီးသည်အပေါ် ထားသောမာနကြောင့် တစ်ယောက်တည်းနေလို့ရသည်ဟု သမီးကိုပြောခဲ့သည်။ ယခု သမီးတို့ပြောင်းသွားပြီးမှ မြေးငယ်အပေါ် ထားရှိခဲ့သော သံယောဇဉ်အတိမ်အနက်ကို သိလာရသည်။ မြေးလေးတို့ပြောင်းသွားခါစရက်များတွင် နေမထိထိုင်မသာဖြစ်ခဲ့ရသေးသည်။သတိတရရှိနေသော်လည်း မြေးဆီသို့ တစ်ခေါက်မျှမရောက်ဖြစ်သေးပါ။ စာရေးလိုက်၊ အရက်သောက်လိုက်ဖြင့် အချိန်များကွယ်လွန်ခဲ့သည်။ ကျွန်ုပ်တော့ရေးဖော်များထဲတွင် ကိုမိုးမှာ ကျွန်တော်နှင့် အရင်းနှီးဆုံးဖြစ်သည်။ ကျွန်တော့်စိတ်ကိုသိသူလည်း ဖြစ်သည်။

"ကိုနှောင်းရာ အရက်ကို အလွန်အကျွံမသောက်ပါနဲ့ဗျာ။ ကိုနှောင်းက စိတ်ရင်းကောင်းပြီး သိမ်မွေ့တဲ့စိတ်ထားရှိတာ ကျွန်တော်သိတယ်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

အရက်မူးလာရင် စကားတွေကများလာရော။ ဒါကြောင့် တချို့တွေက ကိုနှောင်းနောက်ကွယ်မှာပြောကြတာပေါ့"

"ဘာတွေပြောလို့လဲ ကိုမိုးရဲ့"

"ကိုနှောင်းက အရက်မူးလာရင် သိပ်ပြီးအရစ်ရှည်တာပဲတဲ့။ ဒါကြောင့် ကျုပ်တို့ ကိုနှောင်းကိုရှောင်နေတာတဲ့"

"သူတို့ရှောင်လည်း ဘာဂရုစိုက်စရာလိုလို့လဲ။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်သောက်တာ"

"မဟုတ်သေးဘူး ကိုနှောင်း။ ကိုနှောင်းတစ်ယောက်တည်း အခုလို အထီးကျန်ဖြစ်နေတာ အရက်ကြောင့်လို့ ကျွန်တော်ထင်တယ်။ ဇနီးကလည်း ထွက်သွားပြီးလေ။ နောက်တော့ သမီးနဲ့ သမက်တွေပါ ကိုနှောင်းနဲ့ဝေးရာခွဲထွက်သွားကြပြန်ပြီလေ"

"ဘာဆိုင်လို့လဲဗျာ။ ကျွန်တော့်သမက်ကဝန်ထမ်းဆိုတော့ တာဝန်အရသွားရတာပါ"

"ကျွန်တော်ထင်တာပြောမယ်။ ကိုနှောင်းစိတ်မဆိုးနဲ့။ ကိုနှောင်းမူးလာပြီးရစ်တဲ့ဒဏ်မခံနိုင်တော့လို့ ကိုနှောင်းမိန်းမလိုပဲ သမီးနဲ့သမက်လည်းပြေးတာဖြစ်မယ်"

"ဘာ - ကိုမိုး။ ခင်ဗျားက အဲဒီလိုထင်နေတယ်ဟုတ်လား"

ကျွန်တော် လုံးဝမတွေးမိသောကိစ္စ ရေးဖော်ကိုမိုးကပြောလာသည်။ ကိုမိုးပြောသလိုများဖြစ်သွားကြတာလားဟု တွေးလိုက်မိသည်။

"ကျွန်တော်က ကိုနှောင်းဘဝကို အတော်များများသိထားတဲ့ သူပါဗျာ။ အရက်ကိုလျှော့သောက်ပါလို့ပဲပြောချင်တယ်။ ခုတစ်ယောက်တည်းနေတာဆိုတော့ အစားရောမှန်ရဲ့လား။ အရက်သောက်ပြီးရင် အစာစားမှဖြစ်မယ်။ မှန်ထဲလည်း ကိုယ့်ရုပ်ပြန်ကြည့်ဦး။ ပိန်ကျသွားလိုက်တာ။ ကျန်းမာရေးလည်း ဂရုစိုက်ပေါ့ဗျာ"

ကိုမိုးပြောမှ သတိထားမိသည်။ ကျွန်တော် တစ်ယောက်တည်း ဖွယ်ဖွယ်ရာရာချက်ပြုတ်မနေတော့ပါ။ ပေါင်းအိုးနှင့် ထမင်းချက်ပြီး ဟင်းကိုဖြစ်သလိုစားခဲ့သည်။ ညနေဘက် အရက်မူးပြီး ထမင်းမစားဖြစ်သည့်နေ့များလည်းမနည်းတော့ပါ။ တစ်ယောက်တည်း အထိန်းအကွပ်မဲ့ အရက်ကိုစိတ်ကြိုက်သောက်ဖြစ်နေ၍။ ခြင်ထောင်မချဘဲ အိပ်ပျော်သွားသည့် ညပေါင်းလည်းများခဲ့ပြီ ဖြစ်သည်။

"ခုတစ်လော ကိုနှောင်းပိန်သွားလိုက်တာ ဘယ်လိုဖြစ်တာလဲ"

"ဘာလဲ၊ မိန်းမကိုလွမ်းလို့လား။ ပြီးတော့ မဂ္ဂဇင်းတွေမှာ ကိုနှောင်းဝတ္ထုတွေသိပ်မတွေ့ရတော့ဘူး"

"အချိန်ပြည့် အရက်သောက်ပြီး မူးနေတော့ ဘယ်လိုလုပ်စာရေးနိုင်တော့မှာလဲ"

ရေးဖော်များ၏ ပြောစကားများဖြစ်သည်။ သူတို့ပြောသည်မှာလည်း အမှန်တွေသာ ဖြစ်နေသည်။ ညဘက်စာမရေးနိုင်ခဲ့သည်မှာကြာခဲ့ပြီ။ စာမူခလည်း အရနည်းလာသည်။ ဝင်ငွေနည်းလာသည်။ အရက်ကောင်းကိုပင် မသောက်နိုင်တော့ပါ။ သို့ဖြင့် အချိန်များတရွေ့ရွေ့ကုန်လာခဲ့သည်။ ကျွန်တော် အရက်သမားလုံးလုံးဖြစ်သွားခဲ့ပြီ။

ပြောင်းရွှေ့သွားပြီး (၁) နှစ်နီးပါးကြာတော့မှ ကျွန်တော့်သမီး တစ်ခေါက်ပြန်ရောက်လာသည်။ သူတစ်ယောက်တည်းရောက်လာခြင်း ဖြစ်လေသည်။ ကျွန်တော် တစ်ယောက်တည်း အရက်ထိုင်သောက်နေစဉ် သမီးရောက်လာခဲ့သည်။

"အဖေက သမီးတို့ဆီတစ်ခေါက်မှရောက်မလာဘူးနော်"

"သမီးကကော အဖေ့ဆီတစ်ခေါက်လောက်လာကြည့်ဖူးလို့လား"

"အဖေပြောရင်လည်းခံရတော့မှာပဲ။ သမီးယောကျ်ားတာဝန်ကျတာ ပုသိမ်မြို့ပေါ်မှာမဟုတ်ဘူး။ ပုသိမ်ကနေ သွားရသေးတယ်။ အခု အဖေ့မြေးက ကျောင်းတက်နေပြီလေ။ ကျောင်းကြိုကျောင်းပို့နဲ့ ဘယ်လိုမှမအားဘူးဖြစ်နေလို့ပါ"

"ဟင်-ဟုတ်လား။ ငါ့မြေးကျောင်းတက်နေပြီလား တွေ့ချင်လိုက်တာ။ ဒီမှာနေတုန်းက ငါ့မြေးက ငါနဲ့အိပ်တာ။ ခုဘယ်သူနဲ့အိပ်လဲ"

"သမီးနဲ့ပဲအိပ်တာပါ။ အဖေလာလို့လွယ်အောင် လိပ်စာအပြည့်အစုံနဲ့ လမ်းညွှန်ပါရေးပေးခဲ့မယ်။ အင်း-အဖေလည်းပိန်သွားလိုက်တာ။ ဆံပင်လည်း ညှပ်ပါဦး။ မုတ်ဆိတ်မွေးတွေလည်းရှည်နေပြီ။ အဖေ့ကြည့်ရတာ အားမရဘူး။ သမီးတို့နဲ့လိုက်နေပြီး အနားယူလိုက်ပါလား။ အရက်သောက်တာလျှော့ပါတော့ အဖေ"

"အေးပါ သမီးရယ်၊ အဖေလျှော့ပါ့မယ်"

ကျွန်တော့်သမီးတစ်ညအိပ်သွားသည်။ ရေရှည်အထားခံမည့်အကြော်အလှော်များ ချက်ပြုတ်ပေးသွားသည်။ ကန်တော့တာဟုဆိုကာ ငွေတစ်သောင်းပေးသွားသည်။ အဖေ လျှော့သောက်မည်ဟု သမီးကိုပြောခဲ့သော်လည်း ကျွန်တော် အသောက်မလျှော့နိုင်ခဲ့ပါ။ ရေးဖော်ကိုမိုး၏ ကဗျာကို ကျွန်တော့် အဖြစ်နှင့်နှိုင်းပြီး သတိရလိုက်သည်။

- ရစ်တယ်ကာ သောက်စားမိ.
  *အသိလွင့်စဉ်*
  *မှားရာကိုကျူးလွန်ချင်*
  *ဆွဲငင်လိမ့်မြန်မနှေး။*

အရက်က ကျွန်တော့်ကိုစွဲသည်လား။ ကျွန်တော်က အရက်ကိုစွဲသည်လားမပြောတတ်တော့ပါ။ ကျွန်တော် အရက်စွဲပြီး အရက်နံ့ဘဲတွင်ကျွံ၍နစ်နေခဲ့သည်။ အရက်ကိုစွဲလမ်းမှုနှင့်အတူ အရက်နံ့ထဲမှ ရုန်းထွက်၍မရလောက်အောင်ဖြစ်နေခဲ့သည်။ ကျန်းမာရေး ချို့တဲ့လာသည်ကိုလည်း သတိထားမိလာခဲ့သည်။ ရေးဖော်သူငယ်ချင်းများကလည်း သတိပေးလာကြသည်။ ရေးဖော်သူငယ်ချင်းများထံသို့ပင် ပုံမှန်မရောက်ဖြစ်တော့ပါ။ အိပ်ရာထဲလှဲနေခဲ့ရသည်။ စာမရေးဖြစ်ခဲ့၍ ဝင်ငွေလည်းလျော့လာခဲ့သည်။ ဟိုယခင် သမီးရှိစဉ်က ညနေတိုင်း သမီးက အရက်ဝယ်ပေးခဲ့သည်။ သမီးဝယ်ပေးသည့်အရက်ကိုသောက်ပြီး မူးယစ်လာလျှင် သမီးနှင့် သမက်ကိုရစ်ပြီး အပြစ်ရှာပြောခဲ့သေးသည်။

'ကိုနှောင်းမူးပြီးရစ်တဲ့ဒဏ်မခံနိုင်လို့ ကိုနှောင်းမိန်းမလိုပဲ သမက်နဲ့သမီးလည်း လစ်ပြေးတာဖြစ်မယ်ထင်တယ်'

ဟု ရေးဖော် ကိုမိုးပြောခဲ့သည့်စကားကို ပြန်လည် အမှတ်ရလိုက်မိသည်။ ကျွန်တော့်ရေးဖော် ကိုမိုးပြောခဲ့သည့်စကား အမှန်ဖြစ်မည်ထင်သည်။ ယခုမှ ကျွန်တော် လေးလေးနက်နက်စဉ်းစားမိခဲ့သည်။ အတွေးများနှင့်အတူ မြေးငယ်လေးကို သတိရတမ်းတမိလာသည်။ တစ်ယောက်တည်း အထီးကျန်စွာနေခဲ့ရသော်လည်း မာနစိတ်ကြောင့် နေတတ်အောင်ကြိုးစားနေခဲ့သည်။ ယခုကျောင်းတက်နေပြီဖြစ်သည့် မြေးငယ်ပုံရိပ်ကအတွေးထဲပေါ်လာသည်။ အဘိုးနှင့်တွေ့လျှင် ယခင်လိုပင် ရင်းရင်းနှီးနှီးရှိပါ့ဦးမလားဟု စိုးရိမ်စိတ်များ ဖြစ်ပေါ်ခဲ့သည်။ သမီးတို့ပြောင်းရွှေ့သွားသည်မှာ (၁) နှစ်ကျော်ခန့်ရှိခဲ့ပြီ။ စိတ်ကိုတင်း၍နေခဲ့သော်လည်း ကျန်းမာရေးက



www.burmeseclassic.com

www.burmeseclassic.com

စကားပြောလာသည်။ နောက်ဆုံး သမီးနှင့်သမက်တို့ထံ ခေတ္တသွားရောက်နေထိုင်ရန် ဆုံးဖြတ်လိုက်ရတော့လေသည်။ သမီးပေးထားသည့်လိပ်စာနှင့် လမ်းညွှန်အတိုင်း ကျွန်တော် ပုသိမ်သို့လိုက်သွားခဲ့သည်။ ညနေပိုင်းမှ သမီးတို့အိမ်ရောက်သွားသည်။ ကျွန်တော့်ကိုတွေ့သည်နှင့်သမီးက -

"ဟာ - အဖေလာတယ်၊ ဝမ်းသာလိုက်တာ။ အဖေတော်တော်ပိန်သွားပါလား။ ဘာလဲ အမေ့ကိုလွမ်းလို့လား၊ မြေးကိုလွမ်းလို့လား။ ဒါမှမဟုတ် အစားမမှန် အအိပ်မမှန်လို့လား"

"အားလုံးကြောင့်ပဲဆိုပါတော့။ ဒါနဲ့ သမီးယောက်ျားလည်းမတွေ့ပါလား"

"အဖေ့မြေးကျောင်းသွားကြိုနေတယ်၊ ရောက်လာတော့မှာပါ"

ထိုစဉ်မှာပင် ဆိုင်ကယ်သံတဘုတ်ဘုတ်ကြားရပြီး သမက်နှင့်မြေးတို့ ရောက်လာသည်။

"အမယ် - ငါ့မြေးကို ဆိုင်ကယ်နဲ့သွားကြိုခဲ့တာလား"

"ဒီဆိုင်ကယ်က ကျွန်မယောက်ျားမတွေ့ဝယ်ပေးထားတာလေ။ သူတို့မြေးကျောင်းအကြိုအပို့လုပ်ဖို့တဲ့။ ပြီးတော့ အဖေ့သမက်က ရုံးဆင်းပြီး ညနေဘက်နဲ့ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်တွေမှာ ဆိုင်ကယ် ကယ်ရီဆွဲနေတယ်။ သားကျောင်းစရိတ်ကလိုလာပြီလေ"

"ဪအား -, ကောင်းတာပေါ့ကွယ်။ မြေးလေး ဘိုးဘိုးဆီလာပါဦးကွယ့်။ မြေးကိုလွမ်းလို့လာခဲ့တာ။ ကြည့်ပါဦး (၁)နှစ်ကျော်လောက်အတွင်းမှာထွားလာလိုက်တာ"

အနားရောက်လာသောမြေးငယ်ကို ထွေးပွေ့ပြီး ပါးပြင်ကို မွှေးမွှေးပေးလိုက်သည်။

"ဘိုးဘိုးပါးစပ်ကအရက်နံ့ရတယ်၊ နံလိုက်တာ"

ဆိုသို့ပြောပြီး မြေးက ကျွန်တော့်ရင်ခွင်မှ ရုန်းထွက်သွားသည်။ ယခင်ရန်ကုန်တွင်အတူနေစဉ်က မြေးငယ်ကို နမ်းနေကျဖြစ်သည်။ ထိုစဉ်က ယခုကဲ့သို့ မပြောခဲ့ပါ။ ယခု မြေးငယ်က ပထမတန်းကျောင်းသားဖြစ်နေပြီ။ သိတတ်စပြုလာပြီထင်သည်။

'ဘိုးဘိုးပါးစပ်ကအရက်နံ့ရတယ်၊ နံလိုက်တာ'

ဆိုသည့်မြေးငယ်၏စကားကြောင့် ကျွန်တော့်ရင်ထဲ ကျဉ်ခနဲခံစားလိုက်ရ



သည်။ ထိုအခိုက်မှာပင် အိပ်ခန်းဘက်မှ သမီးနှင့် သမက်တို့စကားပြောသံကြားလိုက်ရသည်။ သဲ့သဲ့မျှသာကြားရခြင်းဖြစ်သည်။

"ဘာ-မင်းအဖေသောက်ဖို့အရက်ငါကသွားဝယ်ပေးရမယ်ဟုတ်လား"

"ဆိုင်ကယ်နဲ့သွားတော့မြန်လို့ပါ။ ဒါကြောင့် အစ်ကို့ကိုဝယ်ခိုင်းရတာ"

"ငါမသွားချင်ဘူးကွာ။ မင်းအဖေက ဒီအသက်အရွယ်အထိ အရက်သောက်နေတုန်းပဲလား"

"တိုးတိုးပြောပါ၊ အဖေကြားသွားပါ့မယ်။ ရောက်တုန်းရောက်ခိုက် အဖေ့ဝတ္တရားကျေချင်လို့ပါ။ ရန်ကုန်မှာနေတုန်းကလည်း ကျွန်မဝယ်ပေးနေကျပဲလေ"

"အဲဒီအချိန်တုန်းက မင်းတို့အိမ်မှာနေနေရလို့ မပြောသာဘဲ မပြောခဲ့တာ။ အခု ငါ့အရိပ်အောက်မှာ မင်းတို့သားအမိနေနေတာ။ ငါက အိမ်ထောင်ဦးစီးပဲ။ ငါလည်း အရက်မသောက်ဘူး။ မင်းအဖေသောက်ဖို့ အရက်တော့သွားမဝယ်ချင်ဘူးကွာ"

"ရပါတယ်၊ အစ်ကိုသွားမဝယ်ချင်လည်း ကျွန်မပဲသွားဝယ်လိုက်ပါ့မယ်"

"ဟာ - မင်းသွားလို့လည်း မဖြစ်သေးပါဘူး။ ငါ့အပေါင်းအသင်းတွေတွေ့သွားရင်မကောင်းဘူး။ မင်းကိုလည်း အထင်သေးသွားမှာ ငါမလိုလားဘူး။ ကဲပါကွာ ငါပဲသွားဝယ်ပါတော့မယ်"

ကျွန်တော်မကြားယောင်ဆောင်ပြီး မသိသလိုဟန်ပန်ဖြင့် နေလိုက်ရသည်။ မြေးငယ်နှင့်စကားပြောနေလိုက်သည်။ ဆိုင်ကယ်စက်နှိုးသံကြားရပြီး ကျွန်တော့်သမက်ထွက်သွားသည်။ မိနစ်အနည်းငယ်အကြာတွင် ပြန်ရောက်လာသည်။ ရှေ့-ဒီမှာဟုဆိုကာ ဆောင့်ကြီးအောင့်ကြီးဖြင့် သမီးကို အရက်ပုလင်းကမ်းပေးလိုက်သည်။ ညနေ ထမင်းမစားမီ သမီးက ပြုနေကျဝတ္တရားအတိုင်း အမြည်းနှင့်အရက်ပြင်ပေးသည်။

"ဒုက္ခရှာလို့ သမီးရယ်"

"မသောက်ရရင် အဖေမနေနိုင်ဘူးဆိုတာ သမီးသိပါတယ်။ တစ်ပိုင်းပဲဝယ်လာတယ်။ ဟန်ဆောင်မနေပါနဲ့ အဖေရယ်"

သမီးပြင်ပေးသော အရက်ကိုကြည့်ရင်း စောစောကသမက်ပြောလိုက်စကားကို ကျွန်တော် ပြန်လည်ကြားယောင်လာမိသည်။

'ဘာ - မင်းအဖေသောက်ဖို့အရက်ကိုငါကသွားဝယ်ပေးရမယ်ဟုတ်လား။ မင်းအဖေက ဒီအသက်အရွယ်အထိ အရက်သောက်နေတုန်းပဲလား'

သမက်ပြောလိုက်သောစကားလုံးများက မြားတစ်စင်းလို ကျွန်တော့်ရင်ထဲစူးဝင်လာသည်။ ကျွန်တော့်မိုက်မဲမှုကြောင့် ကျွန်တော့်တစ်ဦးတည်းသောသမီးလေးသမက်၏အပြောအဆိုခံနေရသည်။ နောင်တရသလိုဖြစ်ခဲ့မိသည်။ သို့သော် အရက်ပုလင်းနှင့် အမြည်းပန်းကန်က ကျွန်တော့်စိတ်ကို ဆွဲဆောင်အနိုင်ယူသွားခဲ့သည်။ ခွက်ထဲသို့ အရက်ငှဲ့ထည့်ပြီး တစ်ကျိုက်သောက်လိုက်သည်။ သမက်အိမ်တွင်ဖြစ်နေ၍ သတိလက်လွတ်မဖြစ်စေရန် သတိထားရပေမည်။ သမီးနှင့် သမက်အပေါ် စကားမများစေရန် သတိထားပြီး ဆက်သောက်နေခဲ့သည်။ အရက်တစ်ပိုင်းကုန်တော့မှ သမီးကထမင်းပွဲပြင်ပေးသည်။ ဖွယ်ဖွယ်ရာရာမစားရသည်မှာကြာပြီဖြစ်၍ ညနေစာကို မြိန်ရေရှက်ရေစားမိသည်။ ညအိပ်ရာဝင်စဉ် သမီးက ဘုရားခန်းတွင်နှစ်ယောက်စာအိပ်ရာပြင်ပေးသည်။

"အဖေ့မြေးလည်း အဖေနဲ့အတူအိပ်မယ်လေ"

"အိပ်ရမှာပေါ့၊ ငါ့မြေးနဲ့အတူမအိပ်ရတာကြာပြီလေ"

မြေးလေးနှင့်အတူတူနှစ်ယောက်သားအိပ်ရာဝင်ခဲ့ကြသည်။

"တို့မြေးအဘိုးတွေအတူတူမအိပ်ရတာကြာပြီ။ ခုမှပဲ ငါ့မြေးနဲ့အတူအိပ်ရတော့တယ်"

ပြောပြောဆိုဆို မြေးငယ်က ခြင်ထောင်လှပ်ပြီးထွက်သွားပါတော့သည်။

"ဟဲ့ - ဘိုးဘိုးနဲ့အိပ်မယ်ဆို၊ ဘာဖြစ်လို့ ဒီကိုရောက်လာတာလဲ"

"ဘိုးဘိုးပါးစပ်က အရက်နံ့နံနေ

www.burmeseclassic.com

www.burmeseclassic.com

တာ၊ သွားမအိပ်ချင်ဘူးမေမေ"

မြေးငယ်နှင့် သူ့မိခင်တို့ ပြောစကား ကြားနေရသည်။ (၁) နှစ်ခန့် အရက်နံ့နှင့် ကင်းရှင်းခဲ့သူ မြေးငယ်က အရက်နံ့ကို မခံနိုင်တော့ပြီထင်သည်။ မြေးငယ် ကျွန်တော်နှင့်မအိပ်တော့ဘဲ ထွက်သွားသဖြင့် ကျွန်တော့်ရင်မှာလိုက်ခနဲဖြစ်သွားသည်။ ရင်ထဲက တစစ်စစ်နာကျင်သလို ခံစားလိုက်ရလေသည်။ ထိခိုက်ကြေကွဲသွားမိသည်။ ကျွန်တော်အိပ်၍မရတော့ပါ။

"သားနဲ့အတူတူအိပ်ချင်ရင်အရက်မသောက်နဲ့တော့လေ။ အရက်နံ့မရမှ ဘိုးဘိုးနဲ့လာအိပ်တော့မယ်"

ဟူသည့် မြေးငယ်ပြောစကားက ဓားထက်ထက်နှင့်အမွှန်းခံရသလို ရင်ထဲနာခဲ့ရသည်။

'မင်းအဖေသောက်ဖို့အရက်ကိုငါကသွားဝယ်ပေးရမယ်ဟုတ်လား။ မင်းအဖေက ဒီအသက်အရွယ်အထိ အရက်သောက်နေတုန်းပဲလား'

ဟု ညနေက သမက်ပြောသော စကားများလည်း ပြန်လည်ကြားယောင်လာမိသည်။ ကျွန်တော် မခံစားနိုင်ဖြစ်ခဲ့ရပြီ။ သမီးမှာလည်း အဖေအရက်သမားကြောင့် သမက်၏ ငြိုငြင်မှုကိုခံခဲ့ရပြီ။ တနုံ့နုံ့ခံစားရင်း ကျွန်တော်အိပ်၍ မရခဲ့ပါ။ ခိုင်မာသောဆုံးဖြတ်ချက်တစ်ခု ပိုင်ပိုင်နိုင်နိုင်ချရတော့မည်ဖြစ်သည်။

နံနက်အရုဏ်တက်ချိန်နီးတော့မှ ကျွန်တော်မှေးခနဲအိပ်ပျော်သွားခဲ့သည်။ နံနက်မိုးလင်းသည်နှင့် သမီးက ဇယ်စက်သလို အလုပ်လုပ်နေရသည်။ ခင်ပွန်းအတွက် ထမင်းချိုင့်၊ သားအတွက် ထမင်းချိုင့် အချိန်မီပြင်ဆင်ပေးနေရသည်။ သမက်က မြေးကို သူ့ဆိုင်ကယ်နှင့်တင်ခေါ်သွားသည်။ သားကိုကျောင်းပို့ပြီးမှ ရုံးသို့ဆက်သွားမည်ဖြစ်သည်။ သမီးက ယခုမှအနားရဟန်တူသည်။ ကျွန်တော့်အနားရောက်လာသည်။

"အဖေညကအိပ်လို့ပျော်ရဲ့လားဟင်။ အဖေမျက်နှာလည်းမကောင်းပါလား၊ နေမကောင်းဘူးလား အဖေ"

"အဖေ နေကောင်းပါတယ် သမီးရယ်"

"သမီးသိနေပါတယ် အဖေရယ်။ အဖေ့စိတ်ထဲမှာ တစ်ခုခုခံစားနေရတာမဟုတ်လား။ အဖေ့မြေး အဖေနဲ့မအိပ်လို့ အဖေခံစားနေရတယ်ထင်တယ်။ ပြီးတော့ အဖေ့သမက်ပြောလိုက်တဲ့စကားအဖေကြားများကြားသွား. . ."

သမီးစကားမဆုံးမီ ကျွန်တော်ဖြတ်၍ပြောလိုက်သည်။

"ကဲပါ-သမီးရယ်၊ လုပ်စရာရှိတာသာသွားလုပ်။ အဖေတစ်ယောက်တည်းနေပါရစေ"

"အဖေဘာဟင်းစားချင်လဲပြောပါဦး၊ သမီးချက်ပါ့မယ်"

"အဆင်ပြေသလိုချက်ပါ။ အဖေစားတတ်ပါတယ် သမီးရယ်"

"ဒါဆိုသမီးသွားတော့မယ်"

ယနေ့တစ်နေ့လုံး အတွေးများဖြင့် ချာချာလည်နေခဲ့သည်။ ညနေဘက်တွင် သမီးက ဝတ္တရားမပျက် အရက်တစ်ပိုင်းနှင့် အမြည်းပြင်ပေးသည်။

"အဖေတစ်နေ့လုံးဘာတွေတွေးနေတာလဲ။ ဒီမှာသမီးပြင်ထားတယ်"

သမီးက စားပွဲခုံအသေးလေးချပေးပြီး ထွက်သွားမည့်ဟန်ပြင်လိုက်စဉ် ကျွန်တော်ခေါ်လိုက်သည်။

"နေပါဦး သမီး။ အဖေ မသောက်တော့ဘူး။ ဒါတွေပြန်ယူသွားလိုက်တော့"

"ဘာဖြစ်လို့လဲအဖေ။ လောလောဆယ်မသောက်ချင်သေးတာလား၊ ဒါဆိုလည်း မနက်ကျမှသောက်ပေါ့၊ သမီးသိမ်းလိုက်မယ်"

"မဟုတ်ဘူး သမီး၊ အဖေဘယ်တော့မှ မသောက်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ။ ကဲပါ ပြောနေတာကြာတယ်။ မတွေ့ရတာအကောင်းဆုံးပဲ။ ပေးစမ်းဒီအရက်"

ကျွန်တော်က ရုတ်တရက်သမီးလက်တွင်းမှ အရက်ပုလင်းကိုဆွဲယူပြီး အဝေးသို့လွှင့်ပစ်လိုက်သည်။ ကျွန်တော့်အပြုအမူကြောင့် သမီးမှာ အံ့သြမှင်တက်မိသွားခဲ့သည်။

ပြီးမှ -

"အဖေတကယ်ပြောတာလားဟင်ဟင်အဖေ"

"တကယ်ပြောတာပေါ့ သမီးရယ်။ အဖေ အရက်သမားကြောင့် အဖေ့သမီး အပြောအဆိုခံရတယ်။ အဓိကကျတာကတော့ မြေးလေးပေါ့။ မြေးလေးစကားကြောင့် အဖေခုလိုခက်ခက်ခဲခဲဆုံးဖြတ်ချက်ချနိုင်ခဲ့တာ"

"ဝမ်းသာလိုက်တာ အဖေရယ်။ အမေသာသိရင်တော့ အဟင့်ဟင့်"

စကားပြောရင်း သမီးက ငိုချလိုက်ပါတော့သည်။ မျက်ရည်များသုတ်ပြီးမှ -

"သမီးဘယ်လိုဝမ်းသာမှန်းမသိတော့ဘူး အဖေရယ်"

"သမီးအမေကို အသိပေးပါနဲ့ဦး"

ညနေဘက် သူ့ယောက်ျား အလုပ်မှ ပြန်ရောက်လာသည်နှင့် သမီးက ဝမ်းသာအားရ ပြောပြလိုက်သည်။ သမက်က မယုံကြည်နိုင်သောအကြည့်ဖြင့်ကျွန်တော့်ကိုလှမ်းကြည့်လိုက်သည်။ ပြီးနောက် လင်မယားနှစ်ယောက်စလုံး ပြုံးနေတော့သည်။ ထိုညတွင် မြေးငယ်နှင့်အတူအိပ်ခဲ့ရသည်။ နောက်ညများတွင်လည်း မြေးငယ်က ကျွန်တော်နှင့် ပင်လာအိပ်သည်။

"အရက်ကို ချက်ချင်းဖြတ်လိုက်တော့ အဖေ့ကျန်းမာရေး သမီးစိုးရိမ်တယ်။ ဒီမှာပဲ နားနားနေနေ အနားယူပါလား အဖေ"

"အေးပါ သမီးရယ်။ သမီးကျေနပ်တဲ့အထိ အဖေနေပါ့မယ်"

သမီးအိမ်တွင် ဆေးစားဆေးသောက်ရင်း အနားယူခဲ့သည်။ အစားမှန်အအိပ်မှန်၍ လူမှာကျန်းမာလန်းဆန်းလာသည်။ ရုပ်ရည်မှာလည်း ကြည်လင်လာသည်။ တစ်ဆက်တည်း ရန်ကုန်မှ ရေးဖော်များကို သတိရလာမိသည်။ စာမရေးဖြစ်ခဲ့သည်မှာလည်း ကြာခဲ့ပြီ။ သမီးထံမှ စာရေးစက္ကူတောင်းပြီး တွေးထားသမျှ တေးထားသမျှကို အတိုးချပြီး ရေးနေခဲ့သည်။ ဦးနှောက်ကြည်ကြည်လင်လင်ရှိခဲ့သဖြင့် စာရေးရသည်မှာ လက်တွေ့လှသည်။ နေ့စဉ် စာကိုသာ ထိုင်ရေးနေခဲ့သည်။

"နားပါဦးလား အဖေ။ အညောင်းမိနေပါဦးမယ်"

ဟု သတိပေးရသည်အထိ (၂) လနီးပါးကြာခဲ့ပြီဖြစ်သည်။ စာမူအပုဒ်ပေါင်း (၂၀) ကျော်ခန့် ရေးသားခဲ့ပြီဖြစ်သည်။

ကျွန်တော် အရက်ဖြတ်လိုက်၍ ဝမ်းသာမဆုံးဖြစ်နေကာ သမီးနှင့်သမက်တို့က လိုလေသေးမရှိ ပြုစုကျွေးမွေးခဲ့ကြသည်။ ကျွန်တော့် ကျန်းမာရေး စိတ်ချရတော့မှ သမီးက ရန်ကုန်ပြန်ခွင့်ပြုခဲ့သည်။ ရန်ကုန်မပြန်မီ ကျွန်တော့်ဘဝအတွက် အရေးကြီးသော ကိစ္စတစ်ရပ် သမီးနှင့်တိုင်ပင်ခဲ့ကြသည်။ စာမူတစ်ပွေ့တစ်ပိုက်ဖြင့် ရန်ကုန်သို့ ပြန်လာခဲ့သည်။ ရန်ကုန်ပြန်ရောက်ပြီးနောက် တစ်နေ့မှာပင် ရေးဖော်များနှင့် ဆုံတွေ့နေကျ လေအန်ကုန်းသို့ ရောက်သွားခဲ့သည်။ ကျွန်တော့်ရုပ်ရည်ကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းသာအားရ ပထမဆုံးနှုတ်ဆက်လာသူမှာ ရေးဖော် ကိုမိုးပင် ဖြစ်သည်။

"ဘယ်ပျောက်နေတာလဲကိုနှောင်း။ ရုပ်ပါတောင်လန်းဆန်းကြည်လင်လာပြီး အသားအရေလည်းစိုပြည်လာပါလား။ ကိုနှောင်းပျောက်နေလို့ စိုးရိမ်ပြီး ရွှေပြည်သာက ကိုနှောင်းအိမ်ကို လိုက်သွားခဲ့သေးတယ်။ ဘယ်သွားနေတာလဲ"

"ပုသိမ်က သမီးဆီသွားပြီး စာရေးနေတာ။ ဒီမှာစာမူတွေပါလာတယ် ကြည့်ပါဦး"

ကျွန်တော်ရေးပြီးခဲ့သည့် စာမူထပ်ကို ကိုမိုးလက်တွင်းသို့ ထည့်ပေးလိုက်သည်။ ကိုမိုးက အံ့ဩဝမ်းသာသောမျက်နှာဖြင့် -

"နှစ်လလောက်အတွင်း ကိုနှောင်းဒီလောက်ထိရေးနိုင်တာလား"

"မြင်တဲ့အတိုင်းပဲလေ။ ရေးနိုင်လို့ရေးဖြစ်ခဲ့တာပေါ့။ ကျွန်တော် အရက်လုံးဝမသောက်တော့ပါဘူး။ အရက်ဖြတ်လိုက်ပြီ"

"ဘာ-ဘယ်လို ကိုနှောင်း အရက်ဖြတ်လိုက်ပြီ ဟုတ်လား။ လန်းလန်းဆန်းဆန်းနဲ့ ရုပ်ရည်ရွှင်လန်းနေတာတွေ့မိကတည်းက ထင်တော့ထင်သားပဲ။ ဒီမှာ အပေါင်းအသင်းတို့ ကိုနှောင်းအရက်ဖြတ်လိုက်ပြီတဲ့ဗျိုး"

ကိုမိုးက ဝမ်းသာအားရ ရေးဖော်များကို ကြေညာမောင်းခတ်လိုက်သည်။ ရေးဖော်များလည်း ဝမ်းသာအားရ ကျွန်တော့်ထံ ဝိုင်းအုံရောက်ရှိလာပြီး တစ်ယောက်တစ်ပေါက် ဆူညံစွာဖြင့် နှုတ်ဆက်နေကြသည်။

"ထင်တော့ထင်သားဗျ။ ခါတိုင်းနဲ့မတူ ဝတ်စားထားတာလည်း သပ်သပ်ရပ်ရပ်နဲ့။ ပြီးတော့ အသားလည်းပြည့်လာတယ်။ ရုပ်လည်းသန့်လာသလိုပဲ။ ဒါကြောင့် ထူးနေပါလားလို့တွေးမိသေးတယ်။ ဒါနဲ့တစ်ခုမေးပါရစေ။ ဒီလောက်တောင်မိုက်တွင်းနက်နေတဲ့ စာရေးဆရာကိုဘနှောင်းတစ်ယောက် အရက်ပြတ်သွားအောင် ဘယ်တန်ခိုးရှင်ကများစီရင်ဆောင်ရွက်ပေးခဲ့တာပါလိမ့်။သိချင်လိုက်တာ"

"သိရပါစေ့မယ်၊ အဲဒီတန်ခိုးရှင်ကို မကြာခင်တွေ့ရမယ်"

"ဒါနဲ့ လက်ထဲမှာလည်း ခရီးဆောင်အိတ်နဲ့ ဘယ်ကိုခရီးဆက်ဦးမလို့လဲ"

"ကျွန်တော့်မိန်းမ တာဝန်ထမ်းဆောင်နေတဲ့ အညာကိုလိုက်သွားမလို့



ပါ။ တော်ကြာ ဘူတာကိုသွားတော့မှာ"

"ကိုနှောင်းမိန်းမဆီလိုက်သွားမလို့ ဟုတ်လား။ ကိုနှောင်းပြောတော့ မိန်းမက လုံးဝအဆက်အသွယ်မလုပ်ဘူးဆို။ ပြီးတော့ သူရှိရာကိုလည်း လိုက်မလာနဲ့လို့ ကိုနှောင်းပဲပြောခဲ့တယ်လေ"

"ကိုမိုးပြောတာ ဟုတ်ပါတယ်။ ဒါပေမယ့် ကိုမိုးမသိသေးတဲ့ လျှို့ဝှက်ချက်တစ်ခုရှိတယ်"

"ဘာလျှို့ဝှက်ချက်လဲ ပြောပါဦး"

"အရက်ရာသက်ပန်ဖြတ်မှ သူ့ဆီလိုက်လာဖို့ မိန်းမကမှာထားခဲ့တာ"

"ဒါဆိုရင် ကိုနှောင်း အရက်ကိုရာသက်ပန်ဖြတ်လိုက်ပြီပေါ့ ဟုတ်လား"

ကျွန်တော့်အကြောင်းကိုသိထားသော ကိုမိုးက မယုံမရဲနှင့်မေးလာသည်။

"တကယ်ပြတ်တာပါ။ ပြတ်တာမှ ရာသက်ပန်သေသည့်တိုင်ပဲဗျ။ ဟော-ဟိုမှာလာနေပြီ။ ကျွန်တော့်ကို အရက်ပြတ်အောင် စီရင်ခဲ့တဲ့တန်ခိုးရှင်လာနေပြီ"

ကျွန်တော် ဤနေရာသို့ချိန်းဆိုထားသဖြင့် သမီးနှင့် မြေးလေးတို့ လိုက်လာခဲ့ခြင်း ဖြစ်သည်။ အနားရောက်လာသောမြေးလေးကို ပွေ့ဖက်မွှေးမွှေးပေးရင်း -

"ကျွန်တော် အရက်ပြတ်သွားအောင်စွမ်းဆောင်ခဲ့တဲ့ တန်ခိုးရှင်ဟာ သူပဲဗျ"

"အချိန်သိပ်မရှိတော့ဘူး အဖေ။ ဘူတာဆင်းကြစို့"

လက်ပတ်နာရီကိုကြည့်ရင်း သမီးက ကျွန်တော့်ကိုသတိပေးလိုက်သည်။

"ကိုမိုးရေ၊ တစ်ခုတော့ကူညီဗျာ။ ခင်ဗျားလက်ထဲကစာမူတွေထားခဲ့မယ်။ စာမူတွေဖတ်ပြီး သင့်တော်မယ့် မဂ္ဂဇင်းတိုက်ပို့ပေးပါဗျာ။ ကျွန်တော်ဘယ်တော့ပြန်လာမယ်ဆိုတာ မပြောတတ်သေးလို့ပါ။ အားလုံးကို နှုတ်ဆက်ပါတယ်ဗျာ။ ကဲ - သွားပြီ"

"စိတ်ချ ကိုနှောင်း။ ကျွန်တော်သေသေချာချာဖတ်ပြီးတော့ပို့ပေးမယ်။ ခင်ဗျားကို ခုလိုအခြေအနေမျိုးနဲ့တွေ့ရတာ ဘယ်လိုဝမ်းသာမှန်းမသိဘူးဗျာ"

ရေးဖော်များကို နှုတ်ဆက်ပြီး ကျွန်တော်တို့ ဘူတာကြီးဘက်သို့ ထွက်လာခဲ့သည်။ လမ်းလျှောက်လာရင်း သမီးကို မေးလိုက်မိသည်။

"သမီး အမေက အဖေ့ကိုတွေ့ချင်ပါ့မလားသမီးရယ်"

"အမေက အဖေ့ကို မုန်းနေတာမှမဟုတ်တာ။ အမေက အရက်ကိုသာမုန်းတာပါ။ ခု အဖေအရက်မသောက်တော့ဘူးမဟုတ်လား။ အခု အမေ့ဆီလိုက်သွားရတာကလည်း အမေက လာခဲ့ဖို့လှမ်းမှာလိုက်လို့ပါ"

"ဘာ - အဖေအရက်ဖြတ်လိုက်တာ သမီးအမေသိနေတယ်ဟုတ်လား"

"အဖေက မပြောပါနဲ့လို့တားထားပေမယ့် သမီးအမေ့ဆီဖုန်းဆက်ပြီးတာကြာနေပြီ။ အဖေ့ကိုဝမ်းသာစရာပြောရဦးမယ်"

"ဘာများလဲ သမီး"

"သမီးတို့ ပုသိမ်ဘက်ပြောင်းသွားပြီးကတည်းက အဖေတစ်ယောက်တည်း ကျန်ခဲ့တာ အမေသိနေတယ်လေ။ အဖေ့ကို စိတ်မချလို့ ရန်ကုန်ပြန်ပြောင်းလာမို့ အမေက စီစဉ်နေခဲ့တာ။ ခုလောက်ဆို အမေ့ပြောင်းမိန့်ထွက်နေလောက်ပြီထင်တယ်။ ပြီးတော့ အမေအဖြစ်ချင်ဆုံးဆန္ဒတစ်ခုရှိတာသမီးကိုပြောထားခဲ့တယ်"

"သမီးအမေရဲ့အဖြစ်ချင်ဆုံးဆန္ဒက ဘာလဲ သမီး"

"အဖေ့အရက်ပြတ်စေချင်တဲ့ဆန္ဒပေါ့ အဖေရယ်။ သမီးက သားကျောင်းတက်ဖို့ရှိနေတော့ တနင်္ဂနွေနေ့အရောက်ရန်ကုန်ပြန်လာရမယ်။ အဖေကတော့ အမေနဲ့နေခဲ့ပေါ့"


သမီးနှင့်မြေးက သူတို့အမေ၊ သူတို့အဘွားနှင့်တွေ့ရမည်မို့ ပျော်ရွှင်နေကြသည်။ ထိုနည်းတူ ကျွန်တော်ကိုယ်တိုင်မှာလည်း ဘာရယ်မဟုတ် ရင်ထဲတဒိတ်ဒိတ်ခုန်နေခဲ့ပါလေသည်။ ကျွန်တော့် မိသားစုအသိုက်အမြုံကို ပြန်လည် တည်ဆောက်နိုင်တော့မည် ဖြစ်သည်။ ထိုနည်းတူ ကျွန်တော်တို့မြေးအဘိုးခြေလှမ်းများလည်း သွက်လက်နေပါတော့သည်။


မောင်မောင်မိုးနှောင်း
(စာပေဗိမာန်စာမူဆု)



www.burmeseclassic.com

www.burmeseclassic.com


နာဂလိုဏ်ဂူအောင်ချမ်းသာစေတီ


နာဂလိုဏ်ဂူမှ ဗုဒ္ဓဂယာစေတီတော်


နာဂလိုဏ်ဂူမှ နဂါးရုံဘုရား

ကံ့ဝင်း

အမှတ်(၂၀)

## ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ

# နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်

လစဉ်လတိုင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ တစ်ဆူပြီးတစ်ဆူ ရေးသားလာရာ ယခုလ (၂၀) ဆူသို့တိုင်ခဲ့ပါပြီ။ ယခုလ စာရှုသူများထံ ရေးသားတင်ပြမည့် စေတီတော်မြတ်သည်ကား တစ်ခေတ်တစ်ခါက လွန်စွာကျော်ကြား၍ ထွက်ရပ်လမ်းသို့မြန်းကြကုန်သည့် ဝိဇ္ဇာဘိုးဘိုးကြီးများတည်ထားတော်မူခဲ့သော မရမ်းကုန်းမြို့နယ် (၅) ရပ်ကွက် စွယ်တော်စေတီ အနီးမှာတည်ရှိ 'နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်' ဖြစ်တော်မူပါသည်။

'နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်' ဟု ဆိုသည်နှင့် အဘိုးကလေးဝဆရာတော်ဘုရားကြီးနှင့် ဘိုးတော်အောင်ချမ်းသာ၊ ဘိုးတော်ဝါယမ စသည်ဖြင့် ဘိုးဘိုးတော်ကြီးများကို သတိရကြမှာဖြစ်ပါသည်။ စာရေးသူတို့ မိဘများကတော့ ကောင်းစွာ ဖူးမြော်နိုင်ခဲ့ကြသော်လည်း စာရေးသူတို့က ထိုစဉ်က ကလေးဘဝမှာ ကောင်းစွာ မှတ်မိနိုင်ခြင်းမရှိခဲ့ပါ။ ရှေးအခါက နာဂလိုဏ်ဂူကုန်းသည် နဂါးများလွန်စွာပေါ၍ မြွေနဂါးများနေထိုင်ရာကုန်းဖြစ်ခြင်းကြောင့် နာဂလိုဏ်ဂူကုန်းဟု ခေါ်တော်မူကြပါသည်။ တောရိပ်တောင်ရိပ်နှင့် ညို့ညို့မှိုင်းမှိုင်းသစ်ပင်ကြီးငယ်တို့ အုပ်ဆိုင်းနေပြီး အရိပ်အာဝါသကောင်းစွာ အေးချမ်းသဖြင့် ရသေ့ရဟန်းသူတော်စင်မြတ်များ ပျော်မွေ့တရားနှလုံးသွင်းသောနေရာဌာနကြီးတောအုပ်ကြီးဖြစ်ခဲ့ပါသည်။

ဟိမဝန္တာတောင်ဆွယ်မှတစ်ဆင့် ပဲခူးရိုးမအဖြစ်ဆင်းလာသော တောင်


နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်မှ
မဟာမြတ်မုနိဘုရား



အထက်ချင်းတွင်းမှ ရေဆန်ကျွန်းတုံးအား
ဘုရားရုပ်ပွားတော် ထုလုပ်ပူဇော်ထားစဉ်


လိုဏ်အရှေ့မုခ်အဝင်မှ
ရှေးဟောင်းရုပ်ပွားတော်



www.burmeseclassic.com

www.burmeseclassic.com



နာဂလိုဏ်ဂူကုန်းတော်မှ တူးဖော်ပြီး လိုဏ်အတွင်းပြန်လည်ဌာပနာတော်မူထားသော ရှေးဟောင်းရုပ်ပွားတော်များ



နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်မုခ်ဦးဝ



အဘိုးကလေးဝဆရာတော်ကြီး သီတင်းသုံးတော်မူရာ စတ်ခန်းသို့ ရောက်ခဲ့စဉ်



ဘုရားလိုဏ်အဝင်အဝမှ စက်တော်ရာဘုရား

စဉ်တောင်ဝှမ်းတို့သည် ပင်လယ်ဝတွင် အဆုံးသတ်သွားသည်။ ထိုပင်လယ်ဝတွင် အဆုံးသတ်သော တောင်စဉ်တောင်ဝှမ်းတို့တွင် တိဂုမ္ဘတောင်ကိုရံထားသော အရံတောင်ထွတ်တောင်ငူ (၃၃) ခု ရှိသည်။

ထိုတောင်ရံ(၃၃)ခုတွင် ယခု နာဂလိုဏ်ဂူစေတီတည်ထားသောတောင်စဉ်တောင်ဝှမ်းသည် တစ်ခုအပါအဝင်ဖြစ်ပြီး ထိုတောင်စဉ်တောင်ဆွယ်တို့သည် ရှေးအခါက သစ်အုပ်တောအုပ်တို့ဖြင့် အလွန်နှစ်သက်သာယာဖွယ်ရာကောင်းသော တောင်စဉ်တောင်ဝှမ်းများ ဖြစ်ကြသည်။

ထိုတောင်တို့တွင် ဤလောက၌ ဘုရားပွင့်တော့မည် ဟူသော ကောလာဟလသတင်းကြောင့် ရသေ့ရဟန်းပြုပြီး ဘုရားရှင်နှင့်တွေ့ရန် စောင့်၍တရားအားထုတ်နေကြသောရသေ့များ၊ ပရဗိုဇ်များရှိသကဲ့သို့ ဇော်ဂျီ၊ တပသီများလည်း ရှိကြလေသည်။

ထိုနာဂလိုဏ်ဂူရှိရာ တောင်စဉ်တွင် တိဿအမည်ရှိသော ရသေ့ကြီးနှင့် ရသေ့များသည် တရားအားထုတ်နေသည်။ တစ်နေ့သ၌ တိဿရသေ့ကြီးသည် တောင်အောက်ရှိ လမုတောတွင် တရားသွား၍ အားထုတ်နေစဉ် ထူးခြားသော လမုသီးကြီးတစ်လုံးကိုတွေ့၍ ဆွတ်ခူးခဲ့သည်။

ထိုလမုသီးသည် မိမိကျောင်းသခ်မ်းရောက်၍ချထားစဉ် အသီးအက်ကွဲပြီး အထဲမှ ကလေးမလေးတစ်ဦးမွေးဖွားလာလေသည်။

တိဿရသေ့ကြီးသည် အလွန်အံ့ဩပြီးလျှင် မိမိနှင့်ထိုက်တန်သော သမီးလေးရလာသည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သစ္စာအဓိဋ္ဌာန်ပြု၍ လက်ညှိုးမှထွက်သောနို့ကို တိုက်ကျွေးပြုစုခဲ့ရလေသည်။

မယ်လမုသည် အတိတ်ဘဝက သိကြားမင်း၏အလုပ်အကျွေးနတ်သမီးတစ်ပါးဖြစ်ခဲ့သည်။ နတ်သက်ကြွေခါနီးတွင် လူမိခင်ဝမ်း၌ ပဋိသန္ဓေယူရမည်ကို စက်ဆုပ်ရွံရှာသဖြင့် သံသေဒဇပဋိသန္ဓေယူခဲ့သူ ဖြစ်သည်။

မယ်လမုသည် အရွယ်အဆင်းနှင့် အလွန်လှပသူဖြစ်သည်။ မွန်ဘာသာဖြင့် မိလမု၊ မြန်မာဘာသာဖြင့် မယ်လမုဟု အမည်တွင်သည်။


မယ်လမုအရွယ်ရောက်လတ်သော် သိကြားမင်း၏မြကျောက်ဖျာသည် ပူပြင်းတင်းမာသောသဘောကိုပြ၍ သိကြားမင်းက လောကကိုကြည့်သည်။

လူ၊နတ်၊ဗြဟ္မာတို့၏သခင်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



နာဂလိုဏ်ဂူအနောက်မြောက်မှ
နဂါးရုပ်တု



ထိုင်းဘုရင်မင်းလှူဒါန်းသည်ဟုဆိုသော
နတ်လမ်းတန်ဆောင်းမုခ်ဦး



နာဂလိုဏ်ဂူ
အဘိုးကာလေးဝဆရာတော်ဘုရားကြီးပုံတော်



ဗားမဲ့ဆရာတော်နှင့် အဘိုးကာလေးဝဆရာတော်



ယက္ကန်းစင်တောင်ဆရာတော်ရုပ်တု



အဘိုးကာလေးဝစာတတ်ခန်းအတွင်းမှ စာရေးဆရာ ကံဝင်း

ရှင် မကြာခင်ပွင့်တော်မူမည့်အကြောင်း၊ ထိုဘုရားရှင်လက်ထက်တော်တွင် ရှေးနောင်တော်ဘုရားတို့၏ ဓာတ်တော်၊ မွေတော်များနှင့်အတူ ဆံတော်ရှစ်ဆူကို ဌာပနာ၍ စေတီတည်ထား ကိုးကွယ်လိမ့်မည်ဖြစ်ကြောင်း၊ ထိုဌာပနာတည်ထားကိုးကွယ်မည့်ဒါယကာမှာ သိင်္ဂုတ္တရကုန်း၏ အရံကုန်းဖြစ်သော နာဂလိုဏ်ဂူကုန်း၌တရားအားထုတ်နေသော တိဿရသေ့ မွေးထားသည့် မယ်လမုမှ မွေးသည့်သားမှသာ ဒါယကာဖြစ်နိုင်မည်ဖြစ်ကြောင်း၊ ထိုမယ်လမုသည် ကိလေသာကို စက်ဆုပ်သူဖြစ်၍ လူသားနှင့်အိမ်ထောင်ကျမည်မဟုတ်သောကြောင့် မိမိကသာ သန္ဓေပေးရမည်ဖြစ်ကြောင်း ထင်ရှားစွာသိမြင်လေသည်။

ထို့ကြောင့် သိကြားမင်းသည်



www.burmeseclassic.com

www.burmeseclassic.com



ဘောဂဝတီနဂါးမင်းဆောင်မှ နဂါးမင်းမိသားစုများ




သာသနာ့ရှေ့ဆောင် အဘဘိုးမင်းခေါင်



ရုက္ခစိုးနတ်မင်းရုပ်တု



နာဂလိုဏ်ဂူဘိုးဘိုးကြီး



ဗားမဲ့ဆရာတော်ရုပ်တု

မင်းသားအသွင်ဖန်ဆင်းပြီး မယ်လမုတို့ထံသက်ဆင်း၍ သမီးအလှုကိုတောင်းယူသည်။ ရှင်ရသေ့က မယ်လမုကို မိမိနှင့် မိန်းကလေး ကြာရှည်စွာ အတူနေရန်မသင့်၍ သွန်သင်ဆုံးမဩဝါဒပေးပြီး သိကြားမင်း တစ်ဖြစ်လဲ မင်းသားနှင့် လက်ထပ်ပေးခဲ့သည်။

သိကြားမင်းသည် မယ်လမုကို ရသေ့ကြီးထံမှ တောင်းယူပြီး မိမိ၏မိဘတို့ထံ ခွင့်ပန်ပြီးမှ လာရောက်ခေါ်ယူပါမည်ဟု အာမခံပြောကြား၍ မယ်လမုကို ရသေ့ထံပြန်အပ်ပြီး တာဝတိံသာသို့ ပြန်လေသည်။

သိကြားမင်းသည် တာဝတိံသာသို့ ပြန်ရောက်ပြီးနောက် လူ့ပြည်က မယ်လမုကို မမေ့သော်လည်း ရုတ်တရက် လူ့ပြည်သို့ဆင်းရန် အခွင့်မသာသဖြင့် နတ်ကျေးလုလင်အား နတ်ရေစင်ထည့်ထားသော မြကျည်တောက်လေးခုကို ယူဆောင်စေ၍ ကြင်ရာတော်မယ်လမု သုံးဆောင်စေရန် ပေးလိုက်လေသည်။

သိကြားမင်း၏ မိဖုရားများ ဖြစ်သော သုဇာတာ၊ သုမာလာ၊ သုစိတ္တာ၊ သုနန္ဒာတို့က သိကြားမင်းအား နောက်ထပ်မိဖုရားတစ်ပါး ထပ်မံ မတိုးစေလို၊ ထိုမယ်လမုထံ ခဏခဏမသွားစေလိုသဖြင့် နတ်ကျေးလုလင်ကို စွန်ယောင်ဆောင်ပြီး လိုက်လံထိုးဆိတ်နှောင့်ယှက်ကြသည်။

ကျည်တောက်တစ်လုံးမှာ ဟိမဝန္တာတောသို့ကျရောက်၍ ဆင်မတစ်ကောင်သောက်မိသဖြင့် ဆဒ္ဒန်ဆင်ပျံကိုမွေးဖွားသည်။

ကျည်တောက်တစ်လုံးသည်ကားပင်လယ်ထဲသို့ကျပြီးနောက် မိကျောင်းမတစ်ကောင်သောက်မိသဖြင့် ငမိုးရိပ်မိကျောင်းကိုမွေးသည်။

ကျည်တောက်တစ်လုံးက တောထဲတွင်ကျပြီး သမင်မက သောက်မိ၍ မိဂသိင်္ဂသမင်ကိုမွေးသည်။

မြကျည်တောက်တစ်လုံးသာလျှင် မယ်လမုထံရောက်ပြီး ထိုနတ်ရေစင်ကို မယ်လမုသောက်ရသဖြင့် ဥက္ကလာပမင်းကို မွေးဖွားသည်။

ထိုမင်းသား အရွယ်ရောက်လာသောအချိန်တွင် သိကြားမင်းဆင်းသက်လာ၍ ဥက္ကလာပဘွဲ့အမည်နှင့် တိုင်းပြည်ထီးနန်းအပ်နှင်းတော်မူသည်။

"ဥက္ကလာပပြည်ကို အစိုးရသောမင်းသည် မကြာခင် ဘုရားပွင့်တော့မည်ဖြစ်၍ ထိုဘုရားထံမှ ဆံတော်ရှစ်ဆူကို ရလိမ့်မည်။ သိင်္ဂုတ္တရကုန်းတော်၌ စေတီတည်၍ ဌာပနာရမည်။ သာသနာ့ဒါယကာဖြစ်မည်။ ထိုအခါ သိကြားမင်း



www.burmeseclassic.com

သည် နတ်အပေါင်းခြံရံလျက် ထိုဘုရားကို ပိုင်းဝန်းတည်မည်"

ဟု မှာကြားပြီး တာဝတိံသာနတ်ပြည်သို့ ပြန်လေသည်။

စာရှုသူများ စာဖတ်ရင်း စိတ်ထဲတစ်မျိုးဖြစ်နေလိမ့်မည်။ 'ဘယ့်နှယ် - နာဂလိုဏ်ဂူစာရေးသမိုင်းမှတ်လို့ ဖတ်လာတာ-မယ်လမုဇာတ်လမ်းကြီးနဲ့ စနေပြီလား' ထိုသို့ ထင်ကောင်းထင်ပါလိမ့်မည်။ ထိုသို့ မထင်ကြစေလိုပါ။ နာဂလိုဏ်ဂူကုန်းတော်မဟာသည် မယ်လမုဘုရားပင်မက ရွှေတိဂုံစေတီတော်မပေါ်မီကပင် ထင်ရှားတည်တော်မူခဲ့သောနေရာဖြစ်သည့်အပြင် သာသနာသမိုင်းဦးအစ စာရေးသူ တင်ပြခဲ့သလိုဘုရားပွင့်တော်မူခါနီးအချိန် ရသေ့ရဟန်း သူတော်စင်များ ဗုဒ္ဓမြတ်အားအဦးဆုံး ဖူးမြော်နိုင်ခွင့်ရစေရန် တောရဆောက်တည်သီတင်းသုံးနေသည့်နေရာဌာနကြီးဖြစ်သည့်အပြင် သိင်္ဂုတ္တရကုန်းတော်တွင်တည်တော်မူမည့် ဘုန်းတန်ခိုးတော်ကြီး ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဘုရားဒါယကာ သာသနာ့ဒါယကာဖွားတော်မူခဲ့သောနေရာ နာဂလိုဏ်ဂူကုန်းမဟာ။ သိကြားမင်းက တာဝတိံသာမှ လူ့ပြည်လူ့ရွာဆင်းသက်လာခဲ့ပြီးတိဿရသေ့ကြီးသီတင်းသုံးတော်မူရာနာဂလိုဏ်ဂူကုန်းတောရသို့ရောက်လာ၍ နတ်သမီးတမျှ လှပသောမယ်လမုတို ရသေ့ကြီးထံမှ တောင်းယူလက်ထပ်ခဲ့သော နေရာဌာန။ ထိုသို့ထူးခြားသောတောရနာဂလိုဏ်ဂူကုန်းတော်မဟာမှာနောင်နှစ်များစွာကြာလာသောအခါ၌

မြွေနဂါးများနေထိုင်ရာနာဂလိုဏ်ဂူကုန်းတော်အဖြစ် ထင်ရှားလာပါတော့သည်။

အထက်ချင်းတွင်း မော်လိုက်ခရိုင်ကလေး၊ တိန်းညင်၊ ရာဇဂြိုဟ်၊ ဗန်းလက်၊ လေးမြို့နယ် ဂိုဏ်းအုပ်နှင့် ဝိနယစရဓမ္မကထိက သာသနာပြုပုဂ္ဂိုလ်ကျော်ဟူသော ဘွဲ့တံဆိပ်တော်နှစ်တန်ကိုတောင်ခွင်သာသနာပိုင်လက်ထက်တွင် ချီးမြှင့်ခြင်းခံယူတော်မူရပါသော ကျေးဇူးရှင် သာသနာပြု ပုဂ္ဂိုလ်ကျော် အဘိုးကလေးဝဆရာတော်ဘုရားကြီးသည် နာဂလိုဏ်ဂူကုန်းမြေမဟာသို့ ကောဇာနှစ် ၁၃၁၈ ခု၊ သီတင်းကျွတ်လဆန်း ၈ ရက်။ ၁၉၅၆ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်နေ့တွင် စတင်ရောက်ရှိကြွလာတော်မူပါသည်။

ဤကုန်းတော်သို့ အဘိုးကလေးဝ မရောက်မီကာလအချိန်က ဆရာတော်ကြီး ၁၀ ဘိုးတော်ဝါလမ၊ အဘအဒေါ်ကြီး ဦးအောင်ချမ်းသာ၊ သစ္စာဝါဒီဘိုးဘိုးကြီးတို့က နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်မြတ်ကို သာသနာပန္နတ်တော်တင်ခဲ့သည်။ ပြီးနောက် ကလေးဝဆရာတော်ကြီးသည် စေတီတော်ကြီး တည်ထားမှုခြင်း၊ ရွှေထီးတော်တင်ခြင်း မင်္ဂလာဆင်ယင်ကျင်းပပြီး ကလေးဝတောရကျောင်းတိုက်၌ စတင်ခဲ့ကြောင်း ရေးဟောင်းစာနှင့် ကျောက်စာများတညွှန်းဆိုထားသည်ကို လေ့လာတွေ့ရှိရပါသည်။


နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်တွင် နိုင်ငံခြားသားကမ္ဘာလှည့်များကိုသာ ဦးစားပေးဝေငှသော လက်ကမ်းစာစောင်တွင် ရှေးခေတ်ပုဂံနှင့်ခေတ်ပြိုင်ဘုရားရုပ်ပွားတော်များတည်ရှိရာဟုညွှန်းဆိုထားပါသည်။




ထိုးထင်အဝင်အဝမှ မှန်ဦး



'ရှိုးရှင်းရှိ' ဟု ကျော်ကြားသော စည်တော်ကြီးနှင့် အမှတ်တရ




ဦးဖေဝင်း+ဒေါ်နုနုသာသာသမီးတစ်စု ဂျပန်နိုင်ငံကိုချီးမြှင့်မှုပုဆောင်လှူဒါန်းသောကြက်မင်းချပ်



ဗုဒ္ဓမြတ်စွာ
ဆင်ဖြူရှုလာနာမြင် ပင်ဆောင်တန်

www.burmeseclassic.com



ခရစ်နှစ် ၁၉၃၈-၃၉ နှစ်များတွင် ဤကုန်းမြေပေါ်၌ ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ဖူးမြော်ကြည်ညို ခြင်းရကြပါသည်။ ထိုရောင်ခြည်တော် ကွန့်မြူးတော်မူရာ ကုန်းမြေအနှံ့အပြား ကို တူးဖော်ကြည့်ကြသောအခါ ရှေး ဟောင်းအုတ်ခွက်ဘုရားပေါင်း များစွာ တူးဖော်တွေ့ရှိကြပါသည်။ ထိုတူးဖော် ရရှိသော ဗုဒ္ဓဆင်းတုတော်ပေါင်း(၂၈)ဆူ ဘုရားများကို အဘိုးကလေးဝက ဦးဆောင်ကာ ပြန်လည်ဌာပနာတော်မူ ပြီး အောင်ချမ်းသာစေတီတော်မြတ်ကြီး ၌ ပြန်လည်တည်ထားတော်မူပါသည်။ နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော် တွင် အများဖူးမြော်နိုင်စေခြင်းငှာ ရုပ်ပွား စေတီတော်များကို လိုဏ်ပတ်လမ်းတွင် အဖူးအမြော်ခံထားရှိပါသည်။

နာဂလိုဏ်ဂူကုန်းတော်၊ နာဂ လိုဏ်ဂူအောင်ချမ်းသာစေတီတော်တွင် ရောက်လာကြကုန်သော အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးများ အထူးစိတ်ဝင် စားစွာဖြင့် ကြည့်ရှုလေ့လာမှုကတော့ ကြက်မင်းရုပ်တုပုံဖြစ်ပါသည်။ ကြက်မင်း ၏ ထူးခြားမှုက ပုံမှန်သာမန်ကြက်များ ထက် အလုံးအထည်ပိုထွား၍ အမြီးမှာ (၁၂) ပေခန့် ရှည်လျားသည်ကို မျက်မြင် ထင်ရှားတွေ့ရပါသည်။ တွေ့ရခဲသော အရာ ဖြစ်ပါသည်။ တစ်ကိုယ်လုံး ဆေး စိမ်ထားကြောင်း သိရပါသည်။ ဘုရား ပတ်လမ်း စည်တော်များနှင့် အလှူခံရုံး ကြားတွင် ကြက်မင်းကို ကြည့်ရှုလေ့လာ နိုင်ပါသည်။

နာဂလိုဏ်ဂူ အောင်ချမ်းသာ စေတီတော်မြတ်ကြီးတွင် ထူးထူးခြားခြား သွားရောက် လေ့လာသင့်သောနေရာ ဌာနသည် အဘိုးကလေးဝဆရာတော် သီတင်းသုံးတော်မူခဲ့သောဓာတ်ခန်းဖြစ ပါသည်။ စေတီတော်၏ မြောက်ဘက် အရပ်မှာ မှန်ခန်းဖြင့် သပ်ရပ်စွာထားရှိ တော်မူပါသည်။ သွားရောက်လေ့လာ၍ ဖူးမြော်သင့်ပါသည်။ တချို့က ထိုဓာတ် ခန်းတွင်အဓိဋ္ဌာန်ဝင်ပုတီးစိပ်ကြပါသည်။ နေရာအတည်အကျမရှိသူများ၊ ခဏခဏ ပြောင်းရွှေ့နေရတတ်သူများသည် အဘိုး သီတင်းသုံးခဲ့ရာ အိပ်ရာထက်မှာ ခေါင်းအုံး၊ မျက်နှာသုတ် ပဝါ၊ သက်န်း စသည်များသွားရောက်လှူ၍ဆုတောင်း ကြကြောင်းလည်း ကြားသိရပါသည်။ တချို့က ရေချမ်းခွက်ကလေးဖြင့် ရေစင် ရေချမ်းကပ်လှူဒါန်းကြ၏။ တောင်ဝှေး လာလှူကြသူများလည်း ရှိကြပါသည်။

မြောက်ဥက္ကလာ (၂) ရပ်ကွက်မှ အိမ်ငှားနေထိုင်ရသော ဒေါ်သိန်းစီက မျက်နှာသုတ်ပဝါ ခေါင်းအုံးပေါ်တွင် ကပ်လှူပြီး (၂) ရက်ခန့်အကြာတွင် လာ၍ပြန်စွန့်ကာ မိမိငှားနေအိမ်ဘုရား ခန်း ဗုဒ္ဓမြတ်၏ခြေရင်းတွင်ထားရှိသော အခါ အိမ်ရှင်က ယခင်ကလို လစာတိုး တောင်းခြင်း၊ အိမ်ပြောင်းပေးရန်ပြောဆို ခြင်းများ မရှိတော့ကြောင်း ပြောပြပါ သည်။

အဘိုးကလေးဝဆရာတော်ကြီး အား ရည်မှန်း တောင်ဝှေးလှူဒါန်းသော အသက် (၇၀) အရွယ် ဦးမောင်ဟန် ဆိုသူမှ ပြောပြသည်ကတော့ အဘိုးကို တောင်ဝှေးလှူဒါန်းမှုကြောင့်ဟု ထင်ပါ သည်။ သွားလာလှုပ်ရှား၍ အလွန်ပေါ့ ပါးပါကြောင်း၊ ပေးချင်ကမ်းချင် ကူညီ ထောက်မသူများ ပေါများလာ၍ လာဘ် ရွှင်ငွေဝင်ပါကြောင်း ပြောပြပါသည်။ အဘိုးကလေးဝဆိုသည်ကား တစ်ခေတ် တစ်ခါက လွန်စွာကျော်ကြား၍ ဒါနမှု၊ သီလမှု၊ ဘာဝနာမှု ကောင်းစွာပြုသူ ဘာသာ်တရား ကိုင်းရှိုင်းသူများကို အဆင့်တစ်ဆင့်တက်လှမ်း ကျန်းမာ ချမ်းသာအောင်မ,စကာ စောင့်ရှောက် ပါသည်။ ကလေး - ကလေးဝဘက်မှ ကုန်ကားပိုင်ယာဉ်ပိုင်များသည် အဘိုး ကလေးဝ၏ စောင့်ရှောက်မှုကင်းသူ မရှိသလောက်ရှားပါသည်။

အဘိုးက ထွက်ရပ်လမ်းမြန်းခဲ့ သည်မှာကြာပြီဖြစ်သော်လည်း အဘိုးက ပဋ္ဌာန်းဆက်ရှိသူများကို စောင့်ရှောက် ကြဆဲပါ။ တချို့က အဘိုးဓာတ်ခန်းမှနေ ၍ စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုလိုက်သည် နှင့် မထင်သောနေရာတွင် ကိုယ်ထင်ပြ ခြင်း၊ စောင့်ရှောက်ကြောင်းပြသခြင်း၊ အိပ်မက်ဖြင့်သိစေခြင်းများပြုပါသည်။ စာရေးသူသည် အဘိုးကလေးဝထံပါး တွင် တပည့်မခံယူခဲ့မိပါသော်လည်း ၂၀၁၆ ခုနှစ်၊ နှစ်ဆန်းချိန်က ရွှေတိဂုံ ကျောက်စိမ်းဘုရားတန်ဆောင်း၌ နှစ်ကြိမ် တိတိ အနီးကပ် ဖူးမြင်ခဲ့ရဖူးပါသည်။

အောင်ချမ်းသာစေတီတော် နာဂ လိုဏ်ဂူကုန်းတော်မှ အောင်ချမ်းသာ စေတီသည် 'ကိုးနဝင်း' မိသော စေတီ တော်ဖြစ်တော်မူပါသည်။ အောင် (၁)၊ ချမ်း (၂)၊ သာ (၆) - ၁ + ၂ + ၆ - ၉ နဝင်း ရပါသည်။ ကိုးနဝင်းဘုရားမှာ ဆီမီး (၉) တိုင်ပူဇော်၊ ဂုဏ်တော်(၉)ပါး ပုတီးစိပ်ပါ။ လိုရာဆုတောင်းပြီး အဘိုး ကလေးဝဓာတ်ခန်းကိုသွား သစ်သီး၊ ပန်း၊ ရေချမ်းကပ် လှူဒါန်း ဆုတောင်း ဆုယူပြုပါ။ ကုသိုလ်အဖို့ဘာဂကို ဘုရား စောင့်မှအစထား (၃၁) ဘုံသား ဝေနေ ယျတို့အား မျှတပေးဝေ အမျှဝေကြပါ။ အသင်အကြံတွေပြီးမြောက်ခရီးရောက် မှာဖြစ်ပါကြောင်းသတင်းကောင်းပါးအပ် ပါသည်။ နာဂလိုဏ်ဂူအောင်ချမ်းသာ စေတီဖူး ထူးကြပါစေဟု ဆုမွန်ခြွေရင်း . . . ။

မေတ္တာများစွာဖြင့်

ကံဝင်း

ကျမ်းကိုး -

နိုင်ငံတော်ဩဝါဒါစရိယ
ကလေးဝတောရဆရာတော်ရေး
လယ်တီဝိပဿနာ
နာဂလိုဏ်ဂူဘုရားကုန်းမြေမှ
လက်ကမ်းစာစောင်
တက္ကသိုလ်သျှင်သီရိရေး
မယ်တော်မယ်လမုလွှမ်းစေဒီ
ကိုယ်တိုင်ကွင်းဆင်းလေ့လာမှု




www.burmeseclassic.com

www.burmeseclassic.com

## ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ရှေးထုံးလည်းမပယ်နှင့်




ရှေးခေတ်အခါက ပညာရှိ သက်ကြီးပုဂ္ဂိုလ်များသည် နောင်လာ နောင်သားများအတွက် ဘုရားစေတီ ကျောင်းဇရပ်တည်ဆောက်လှူဒါန်းမည် ဆိုပါလျှင် လှူဒါန်းမည့် အလှူရှင် ခုနစ်နေ့သားသမီးများ. ရှောင်ကြဉ်ရမည့် အရပ်ရှစ်မျက်နှာတွင် မပြုလုပ်အပ်သော မဆောက်လုပ်အပ်သော မူလအရပ်ကို ရှောင်ကြဉ်နိုင်ကြစေရန် ထုံးတမ်းစဉ်လာ တစ်ရပ်ကို တားမြစ်ခဲ့ပေသည်။

အတွင်းကွက်သည် နေ့သားရှောင်ရန်အရပ်၊ အပြင်ကွက်သည် ရှောင်ရမည့် နေ့သား ဖြစ်သည်။

**ခုနစ်နေ့သားတို့၏ မူလအရပ်လင်္ကာ**

- *အင်းဝ၊ ရှင်ကြီး၊ ထန်းသီး၊ စုတ်ဖတ်၊ ရာဟုရပ်က လှည့်ပတ်လက်ယာ၊ နံဖီလာ၍ ရှောင်ခွာကုသိုလ် မှတ်ကြောင်းဆိုသည် နဂိုလူတို့၊ လက်သုံးတည်း။*

*ရွာနေသည့်သူ၊ မှတ်ယူရွာနံ၊ အင်းဆုံးမှန်က၊ ရွာမှ နောက်မြောက်၊ ကျောင်းဆောက်စသည်၊ ရွာတည်အမှု မပြုလေရာ၊ မချမ်းသာကြ၊ ဝ-စသည်မူ၊ အင်း-နည်းတူမှတ်၊ တူလေအပ်သည်၊ ရှစ်ရပ်ရှောင်ဖို့ အမြဲတည်း။*

ထိုလင်္ကာ၏ ဆိုလိုရင်းမှာ အင်း တနင်္ဂနွေသားသမီး ရွာမှာနေသည့်သူ၏ နံသော်လည်းကောင်း၊ ရွာ၏နံသော်လည်းကောင်း တနင်္ဂနွေနံဖြစ်အံ့။ ရွာ၏ အနောက်မြောက် (ရာဟုထောင့်) ၌ ကျောင်းဆောက်၊ ဘုရားတည်ခြင်းမပြုရ။

ဝ - ဗုဒ္ဓဟူးနေ့သားသမီး ရွာမှာနေသည့်သူ၏နံသော်လည်းကောင်း၊ ရွာ၏နံသော်လည်းကောင်း၊ ဗုဒ္ဓဟူးနံဖြစ်သော် ရွာ၏မြောက်ဘက် (မြောက်ထောင့်၌) ဘုရားတည်၊ ကျောင်းဆောက်၊ ရွာတည်ခြင်းမပြုအပ်ပေ။ ရှောင်ပါ။

**ရှင်** - ရာဟုနေ့သား/သမီး(ဗုဒ္ဓဟူး အချိန်မွေးဖွားသူများ)ရွာမှာနေသူ ရာဟုသား/သမီး၏နံသော်လည်းကောင်း၊ ရွာ၏နံသော် လည်းကောင်း၊ ရာဟုနံဖြစ်သော် ရွာ၏ အရှေ့မြောက်အရပ် (တနင်္ဂနွေထောင့်)တွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရွာတည်ခြင်းများ မပြုအပ်၊ ရှောင်ကြဉ်ပါ။

**ကြီး** - တနင်္လာနေ့သား/သမီး ရွာမှာနေသောသူ၏နံသော် လည်းကောင်း၊ ရွာ၏နံသော်လည်းကောင်း တနင်္လာနံဖြစ်လျှင် ရွာ၏အရှေ့၊ အရှေ့အရပ်၌ ဘုရားတည်၊ ကျောင်းဆောက်ခြင်း၊ ရွာတည်ခြင်းများမပြုလုပ်ပါနှင့်။ ရှောင်ပါ။

**ထန်း** - စနေနေ့သားသမီး ရွာမှာနေသည့်သူ၏နံသည် လည်းကောင်း၊ ရွာ၏နံသည် လည်းကောင်း စနေနံဖြစ်အံ့၊ ရွာ၏အရှေ့တောင်ဘက် (အင်္ဂါထောင့်အရပ်) တွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရွာတည်ခြင်းမပြုလုပ်ပါနှင့်။

**သီး** - သောကြာသား/သမီး ရွာမှာနေသောသူ၏နံသည် လည်းကောင်း၊ ရွာ၏နံသည်လည်းကောင်း၊ သောကြာနံဖြစ်အံ့။ ရွာ၏တောင်ဘက်အရပ်၌ဘုရားတည်၊ ကျောင်းဆောက်၊ ရွာတည်မပြုအပ်ပေ။ ရှောင်ပါလေ။

**စုတ်** - အင်္ဂါသား/သမီး၊ ရွာမှာနေသည့်သူ၏နံသည်လည်းကောင်း၊ ရွာ၏နံသည်လည်းကောင်း အင်္ဂါနံဖြစ်သော် ရွာ၏ အနောက်တောင်ဘက် (စနေထောင့်အရပ်) တွင် ဘုရားတည်ကျောင်းဆောက်စသည်များမပြုအပ်။

**ဖတ်** - ကြာသပတေးသား/သမီး၊ ရွာမှာနေသူ၏နံသော်လည်းကောင်း၊ ရွာ၏နံသည်လည်းကောင်း ကြာသပတေးနံဖြစ်သော် အနောက်၌ ကျောင်းဆောက်ခြင်း၊ ဘုရားတည်ခြင်း၊ ရွာတည်ခြင်းများကိုမပြုရ။

ဤသို့ လူနံနှင့် ရွာနံတစ်ထပ်တည်းကျ၍ တားမြစ်ထားသော ရှောင်ရမည့်နေရာများမှာ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း စသည်များကို ပြုလုပ်ခဲ့ပါမူ ၎င်းပြုလုပ်ဆောက်လုပ်သူမှာ သာ၍ခိုက်သည်။ ရွာမှာလည်း ထိခိုက်သည်ဟုမှတ်ပါလေ။

(မှတ်ချက် - ဤအရာတွင် ရွာနံကို ကောက်ယူရာ၌ (ရွာနှင့်ဘုရား၊ သစ်ပင်များ အဖျားယူပါလေ ဟူသောမှာစကားအတိုင်း အဖျားနံကိုကောက်ယူရာ၏။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

www.burmeseclassic.com

# ဝ(မင်းရဲ)င
# ကိုထွန်း
# သူရာနတ်ဆိုး



မူးယစ်ဆေးဝါးအန္တရာယ်သည် တစ်ကမ္ဘာလုံးအား ခြိမ်းခြောက်နေပါသည်။ ကုလသမဂ္ဂမှဦးစီး၍ မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးနေရပါသည်။ ကမ္ဘာနိုင်ငံအသီးသီးမှလည်း ဒေသအလိုက် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ကာ တားဆီးနေကြသည်ကို အားလုံးအသိဖြစ်သည်။ အမှန်တကယ်ပင် မူးယစ်ဆေးဝါးသည် လူသားများအား ဖျက်ဆီးနေပါသလား၊ မူးယစ်ဆေးဝါးသာလျှင်လူသားတို့၏အန္တရာယ်အစစ်ဖြစ်ပါသလားဆိုသည့် မေးခွန်းကိုဖြေဆိုရန်အတွက် အနည်းငယ်သံသယဖြစ်မိပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ်ရှိသည်မှာ မှန်ပါသည်။ ထိုအန္တရာယ်သည် စီးပွားရေးဖွံ့ဖြိုးသောဒေသများ၊ မျက်နှာကြီးများ၊ ငွေကြေးတတ်နိုင်ကြသောလူမှုအဖွဲ့အစည်းများတွင်သာ ပျံ့နှံ့အန္တရာယ်ပေးလျက်ရှိနေပါသည်။ မူးယစ်ဆေးဝါးဆန့်ကျင်တားဆီးရေးဟောပြောပွဲများတွင် ကလေးများက မူးယစ်ဆေးဝါးဆိုတာ ဘာလဲဟု မေးကြရာ မူးယစ်ဆေးဝါးဆိုတာ ဘိန်းဖြူ၊ ဘိန်းမည်း၊ ဆေးခြောက်၊ ဆေးပြားဟု ပြောကြသော်လည်း သူတို့မမြင်ဘူးပါ။ မမြင်ဘူးတော့ မကြောက်ပါ၊ မကြောက်တော့ မူးယစ်ဆေးဝါးအကြောင်းဟောပြောမှု မထိရောက်တော့ပါ။

သို့သော် လူအများ၊ ကလေးများအပါအဝင် လက်တွေ့မြင်တွေ့နေရသော မူးယစ်အန္တရာယ်အစစ်ကား အရက် ဖြစ်သည်။ အရက်သည် မြန်မာနိုင်ငံအတွက် မူးယစ်ဆေးဝါးထက်အဆပေါင်းများစွာ လူသားများအား အန္တရယ်ပေးနေသည်ကို ကြည့်တတ်မှ မြင်တတ်မည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါး ဘိန်း၊ ဘိန်းဖြူ ဆေးပြားစသည်တို့သည် နေရာတကာမှာ မရနိုင်ပါ။ အရက်ကား နေရာတကာမှာဝယ်ရပါသည်။ လမ်းဘေးမှာလည်း ရသည်။ စားသောက်ဆိုင်ကြီးဆိုင်ငယ်များတွင်လည်းရသည်။ မြို့ကြီးပြကြီး ကြေးရတတ်ငွေရတတ်များနေထိုင်ရာဒေသ၊ ဟိုတယ်မော်တယ်ကြီးများတွင် ရသလို တောင်သူလယ်သမား ဆင်းရဲသားများနေထိုင်ရာ ကျေးလက်ရွာများမှာ နေရာအနှံ့ဝယ်၍ရသည်။ မူးယစ်ဆေးဝါးဆေးပြားတစ်ပြားကို ဈေးအပေါဆုံး (၁၅၀၀) လောက်မှဝယ်ရသည်။ ဝင်ငွေနည်းသော ဆင်းရဲသားများအတွက် ဝင်ငွေသုံးစွဲရန် မလွယ်ကူပါ။ အရက်ကိုကား (၅၀) ကျပ်ဖိုးပင် ဝယ်သောက်၍ရပါသည်။

ထိုသို့ လွယ်လွယ်ကူကူဝယ်လို့ရ၊ ပေါပေါသောသောသောက်လို့ရသဖြင့် လူတိုင်းလို အရက်သောက်လာကြပါသည်။ မြန်မာလူမျိုးတို့ ဗုဒ္ဓဘာသာဝင်အများစုဖြစ်ပါသည်။ ဗုဒ္ဓဘုရားက သုရာမေရက်ကို ကိုယ်ကျင့်တရားငါးပါးသီလတွင် တားမြစ်ထားပါသည်။ အခြားဘာသာများကလည်း ၎င်းတို့ဘာသာအလိုက် အရက်ကိုတားမြစ်ပါသည်။ အခြားဘာသာတစ်ခုတွင် ဝက်သားနှင့်အရက်ကို အဓိကတားမြစ်ထားပါသည်။ သို့သော် ဝက်သားကိုမစားလျှင် သတ်မည်ဆိုက အသတ်မခံပါနှင့် စားလိုက်ပါ။ အရက်ကိုမသောက်လျှင်သတ်မည်ဆိုပါက မသောက်ပါနှင့် အသတ်ခံလိုက်ပါဟုပင် အရက် တင်းတင်းကြပ်ကြပ်တားမြစ်ကြပါသည်။

သို့သော် ကျွန်တော်တို့မြန်မာနိုင်ငံတွင် ပေါက်ပြားဆိုရင်ပေါက်မှ၊ ယောက်ျားဆိုရင် သောက်မှဟု ဆိုစကားအရ ယောကျ်ားများသောက်ရုံမျှမက အမျိုးသမီးများပါသောက်လာနေပါပြီ။ ညနေ စားသောက်ဆိုင်များတွင် ဘီယာ၊ အရက်သောက်နေကြသော အမျိုးသမီးများနေရာအနှံ့တွေ့နေရပါသည်။ မြန်မာအမျိုးသမီးတို့၏ ရွှေပေးယူသောကျွန်ုပ်တို့သည် လုံးဝနီးပါးပျက်စီးနေပါပြီ။ ကျေးရွာတိုင်း၊ မြို့တိုင်းလိုလို ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ၊ အသုဘ၊ အခမ်းအနားအားလုံးတွင် အရက်မပါလျှင် အခမ်းအနားမဖြစ်တော့ပါ။ ဘယ်အလှူ ဘယ်မင်္ဂလာဆောင်မှ အရက်ဘယ်လောက်၊ ဘီယာစည်ပေါင်းဘယ်လောက်ကုန်သည်ကိုပင် ဂုဏ်ယူပြောဆိုနေကြပါသည်။ ထိုအလှူမင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com

ဆောင်၊ အသုဘပွဲများမှအရက်သောက်ကြ၍ ဓားထိုးမှု၊ ဓားခုတ်မှု၊ လူသတ်မှုများစွာဖြစ်ခဲ့ကြသည်မှာလည်းများလှပါသည်။

စာရေးသူ မြို့နယ်ရဲတပ်ဖွဲ့မှူးအဖြစ်တာဝန်ယူစဉ်က အလှူ၊ မင်္ဂလာဆောင်၊ အသုဘများဖြစ်လျှင် ရဲစခန်းများအကြောင်းကြားရန်၊ ရဲစခန်းများလည်း ရဲတပ်ဖွဲ့လွှတ်၍ မှုခင်းမဖြစ်ရန် စီမံချက်ချထားဆီးရန် ဆောင်ရွက်ခဲ့ပါသည်။ ယခုရက်ပိုင်းတွင် မင်းလှမြို့နယ် အောက်ကိုင်းလေးကျေးရွာတွင် မင်္ဂလာဆောင်တစ်ခု၌ အလွန်ခင်မင်ကြသော တစ်ရွာတည်းနေ ညီအစ်ကိုဝမ်းကွဲနှစ်ယောက် သန်းဝင်းနှင့် အောင်မြင့်စိန်တို့ အရက်သောက်၊ စကားနိုင်လုရာမှ စကားများပြီး အနီးရှိကိုင်းခုတ်ဓားဖြင့် ခုတ်၍ သန်းဝင်း သေခဲ့ရပါသည်။

အရက်တွင် တန်ဖိုးကြီးသော နိုင်ငံခြားအရက်နှင့် ပြည်တွင်းဖြစ်ဈေးပေါသောအရက်ဟူ၍ နှစ်မျိုးရှိပါသည်။ တန်ဖိုးကြီးသော နိုင်ငံခြားအရက်များကို သောက်ကြသော ကြေးရတတ်လူတန်းစားများမှာ မြန်မာနိုင်ငံတွင် ရာခိုင်နှုန်းအနည်းငယ်သာရှိပါသည်။ မြန်မာလူဦးရေ၏အများဆုံးဖြစ်သော လူတန်းစားများမှာ တန်ဖိုးနည်းသောပြည်တွင်းဖြစ် (ချက်အရက်) များသာ သောက်ကြပါသည်။

မူးယစ်ဆေးဝါး ဘိန်းဖြူ ဘိန်းမည်း၊ ဆေးပြားများသုံးကြသောဆေးသမားများသည် ၎င်းတို့သုံးစွဲသူတစ်ဦးချင်းကို အန္တရာယ်ပေးနေသည်ကိုသာတွေ့ရပါသည်။ ၎င်းသုံးစွဲသူသာဆေးစွဲရောဂါဖြစ်လူညွှန့်တုံးမည်သာဖြစ်ပါသည်။ အရက်သောက်သောသူကား ထိုသို့မဟုတ်။ အရက်သောက်သူတစ်ယောက်ကြောင့် လူအများအားအန္တရာယ်ပေးခဲ့သည်ကို မကြာခဏတွေ့ရတတ်ပါသည်။ အရက်





www.burmeseclassic.com

www.burmeseclassic.com

သောက်ပြီး ကားမောင်း၍ ကားမှောက်ကာ လူအများသေကျေအနာတရဖြစ်ခဲ့ရသည့် ဖြစ်ရပ်များကလည်းများလှပါသည်။ ကားမောင်းသူများအတွက် 'မောင်းရင်မမူးနဲ့-မူးရင်မမောင်းနဲ့' ဟုပင် တားမြစ်ထားကြရပါသည်။ ထို့ကြောင့် အရက်သည် တစ်ယောက်သောက်လျှင် အများကို အန္တရာယ်ပေးပြီး အများသောက်လျှင်ကား နိုင်ငံကို အန္တရာယ်ပေးနေမှာ အမှန်ပင်ဖြစ်ပါသည်။ ရဲစခန်းများဖြစ်ပွားကြသော မှုခင်းအများစုမှာ အရက်ကြောင့်သာ ဖြစ်ပါသည်။

စာရေးသူ ၁၉၉၁ ခုနှစ်က ကြို့ပင်ကောက်မြို့နယ်တွင် မြို့နယ်မှူးတာဝန်ယူစဉ်အခါက အရက်ကြောင့်ဖြစ်သော ဖြစ်ရပ်တစ်ခုတင်ပြလိုပါသည်။

၁၉၉၁ ခု၊ ဇွန်လ ၉ ရက်နေ့ ည (၉) နာရီခန့် ဖြစ်ပါသည်။

"မြို့နယ်မှူး၊ ဘုကြီးရွာမှာ လူသတ်မှုဖြစ်လို့ နယ်ထိမ်းအဖွဲ့သွားနှင့်ပြီ"

စခန်းမှူးလာသတင်းပို့ပါသည်။

"အေး - ငါလိုက်မယ်"

ကျွန်တော် မြို့နယ်မှူးဖြစ်သော်လည်း အမှုကြီးဖြစ်သည့်နေရာကို သတင်းလာပို့လျှင်လိုက်၍ စခန်းမှူးနှင့်အတူ စစ်ဆေးလေ့ရှိပါသည်။ လိုအပ်သည်များကို ထိုနေရာတွင်ပင်ညွှန်ကြားလေ့ရှိပါသည်။ အမှုကြီးများတွင် အထူးသဖြင့် လူသတ်မှုတွင် အခင်းဖြစ်နေရာ စစ်ဆေးဖို့က အရေးကြီးပါသည်။ ထို့ကြောင့် လက်နှိပ်ဓာတ်မီးဆွဲ၍လိုက်သွားပါသည်။ ဘုကြီးရွာဆိုသည်မှာ ကြို့ပင်ကောက်မြို့အစွန်ဖြစ်ပါသည်။ ကြို့ပင်ကောက်မြို့မှထွက်လျှင် ဝိုင်းခေါင်းရွာ၊ ပုဏ္ဏာရိပ်ရွာ၊ ဘုကြီးရွာတို့ ဖြစ်ပါသည်။

ဘုကြီးရွာတွင် ဒေါ်ခင်သန်းနှင့် သားကျော်ထူးတို့ သားအမိရှိပါသည်။ ဒေါ်ခင်သန်းမှာ အသက် (၅၅) နှစ်ရှိပါပြီ။ သားသမီး (၃) ယောက်မွေးပြီး လွန်ခဲ့သော(၁၀)နှစ်ခန့်က ခင်ပွန်း ဦးဘထွားဆုံးသွားပါသည်။ ထိုစဉ်က သားအကြီး မောင်ချစ် (၂၅) နှစ်၊ သမီးလတ် မကျင်ယုံ (၂၂) နှစ်၊ သားအငယ် ကျော်ထူးမှာ (၁၂) နှစ်သာရှိပါသည်။ သမီးလတ် မကျင်ယုံမွေးပြီး (၁၀) နှစ်ခန့်ကြာမှ ကျော်ထူးကို မွေးလာခြင်းဖြစ်ပါသည်။ အသက်ကြီးမှမွေးသဖြင့် ချစ်စနိုးဖြင့် ကျော်ထူးဟု အမည်ပေးခြင်းဖြစ်ပါသည်။ ဒေါ်ခင်သန်းမှာ အသက် (၄၅) နှစ်တွင် မုဆိုးမဖြစ်သော်လည်း သားထွေးလေးကျော်ထူးကြောင့် နောက်အိမ်ထောင်ပြုဖို့မစဉ်းစားပါ။ သားအကြီး မောင်ချစ်နှင့် သမီးမကျင်ယုံတို့ အိမ်ထောင်ကျသွားကြပြီး ဒီသားနှင့်ဒီအမေ အတူနေကြပါသည်။ ပြေးကြည့်မှ တစ်အိမ်လုံး ဒီအမေ၊ ဒီသားသာရှိပါသည်။

ဦးဘထွားဆုံးစဉ်က လယ်ဧက (၃၀) ခန့်ရှိပါသည်။ သားကြီးသမီးကြီးများကို ခွဲဝေပေးပြီး ဒေါ်ခင်သန်းလက်တွင် လယ် (၁၀) ဧကကို လုပ်ကိုင်နေသဖြင့် စီးပွားရေးမှာ လူတန်းစေ့နေနိုင်ပါသည်။ အခက်အခဲမရှိပါ။ သို့သော် ခက်သည်က ကျော်ထူးပါ။ ကျော်ထူးမှာ ငယ်စဉ်ကပင် ပြောစကားဆိုစကားနားမထောင်ချင်လှပါ။ ကျောင်းထားတော့လည်း ကောင်းကောင်းမနေပါ။ ကျောင်းမှန်မှန်မတက်ပါ။ ဒေါ်ခင်သန်းအနေဖြင့်လည်း သားကြီး၊ သမီးကြီးများကိုပြောဆိုကောင်းသော်လည်း ကျော်ထူးကျတော့ သိပ်မပြောချင်လှ၊ မကြပ်မတ်ချင်လှပါ။ အထွေးဆုံးသားကလေးမို့ သူ့အဖေကိုယ်စား ဖတဆိုးသားမို့ပိုပြီးချစ်နေရပါသည်။ သားကလေးအနေကျပ်စိတ်ကျပ်မှာစိုးပါသည်။ ထို့ကြောင့် ဘာမဆိုအလိုလိုက်သည်။ လိုချင်သည့်ပစ္စည်းကိုမရမရှိအောင်လုပ်ပေးလေ့ရှိပါသည်။ သားကျော်ထူးကလည်း အမေ့ကိုချစ်ပါသည်။ အမေနှင့်ပတ်သက်လာလျှင် လုံးဝအထိမခံပါ။ ၎င်းအလွန်ချစ်သော ငယ်ရည်းစား နှင်းမေကိုပင်လျှင် အမေနှင့်ခွဲနေရမည်စိုး၍ လုံးဝမယူပါ။ ရည်းစားဦးကိုပင် အဆုံးရှုံးခံခဲ့ပါသည်။

"ငါ့အမေမသေသရွေ့ ဘယ်မိန်းမမှမယူဘူး"

ဟုပင် ပြောထားပါသည်။ အမေနေမကောင်းလျှင် အနားကမခွာပါ။ အမြဲပြုစုတတ်ပါသည်။ ထို့ကြောင့်လည်း အမေကလည်း သားအပေါ်အချစ်ပိုရပါသည်။ အရိပ်တကြည့်ကြည့်နှင့်ချစ်နေရပါသည်။

သို့သော် ဆိုးသည်က ကျော်ထူး အရက်စွဲနေပါသည်။ ဒေါ်ခင်သန်းတားကြည့်ပါသည်။ မရလောက်ပါ။ သားကိုလည်းချစ်၍ အတင်းလည်း မတားရက်ပါ။ အရက်သောက်လာလျှင် ကျော်ထူး သွေးဆိုးပါသည်။ စိတ်အခန့်မသင့်လျှင် ဓားဆွဲပြီး အိမ်ရှေ့လမ်းပေါ်တက်ကာ ဗိုလ်တောင်းပါတော့သည်။ အနီးအနားနေသူများက ကျော်ထူးနှင့်ဆွေရိပ်မျိုးရိပ်မကင်းကြသည်ကတစ်ကြောင်း ကျော်ထူးအကြောင်းသိနေသည်က တစ်ကြောင်းကြောင့် မည်သူမျှမဟကြပါ။ ကျော်ထူးမူးလာလျှင် အိမ်တံခါးပိတ်မီးပိတ်နေကြသည်ကများ၏။ ဒေါ်ခင်သန်းလိုက်၍ချော့ခေါ်လျှင်တော့ ကျော်ထူးမဆူတော့ပါ။ အမေတို့လည်း လက်အုပ်ကလေးတချီချီနှင့် ပြန်လိုက်သွားတတ်ပါသည်။ ကျော်ထူးကိုင်နေကျဓားမှာ ၎င်းအဖေလက်ထက်ကကိုင်ခဲ့သော ငုက်ကြီးတောင်ငွေအခွေးတပ်ဓားဖြစ်ပါသည်။ အားလုံးကလည်း သိနေကြပါသည်။

၁၉၉၁ ခု၊ ဇွန် ၉ ရက်နေ့ ည (၇) ခန့်။ မိုးကလည်းမှောင်နေပါသည်။ ထိုနေ့လည်း ကျော်ထူးမူးလာပြန်သည်။ ဒီတစ်ခါ ၎င်းတို့အိမ်ရှေ့မျက်စောင်းနေ ၎င်းနှင့်ညီအစ်ကိုဝမ်းကွဲတော်သူသန်းနိုင်နှင့် အရက်ဝိုင်းမှစကားများရာမှစခဲ့ခြင်းဖြစ်ပါသည်။ ကျော်ထူး ထုံးစံအတိုင်း ဓားဆွဲကာ တာပေါ်တက်ဗိုလ်တောင်းပါတော့သည်။

"ဟေ့ကောင် သန်းနိုင်၊ သတ္တိရှိရင် တာပေါ်တက်ခဲ့"

"ဟေ့ကောင် ကျော်ထူး၊ မင်းမှ သတ္တိရှိတာမဟုတ်ဘူး။ ငါလည်းရှိတယ်ကွ"

ဟု ဆိုကာ သန်းနိုင်ကလည်း ဓားဆွဲထွက်ပါသည်။ သို့သော် သန်းနိုင်ဘက်မှလည်း သူ့အစ်ကို ညီစိန်၊ အဖေ ဦးလှကြီးတို့ကဆွဲကြပါသည်။ ကျော်ထူးဘက်ကမှလည်း ဒေါ်ခင်သန်းက ကျော်ထူးအားဆွဲပါသည်။

"သား လူလေးကျော်ထူး မလုပ်နဲ့လေ ညီအစ်ကိုတွေ"

"အမေမဆွဲနဲ့၊ မဆွဲနဲ့ အဲဒီကောင်ကိုသတ်မယ်"

"မင်းသတ္တိရှိလာလေကွာ"

သန်းနိုင်ကလည်း အော်သည်။

ဒေါ်ခင်သန်းခမျာ သားအားပြောမရသဖြင့် သန်းနိုင်ဘက်သွား၍ ဦးလှကြီးတို့အား တောင်းပန်ရင်း သန်းနိုင်အားတားနေပါသည်။ ထိုအချိန် ဟိုဘက်အော်ဒီဘက်အော်နှင့်ဆူညံနေပါသည်။ မိုးကလည်းမှောင်နေ၊ မီးရောင်ကလည်း မလင်းဖြစ်နေပါသည်။

"ဟေ့ကောင် သန်းနိုင် လာတက်ခဲ့ကွ"

"ဟေ့ - မင်းလားကွ"

"ဒုတ်"

"အမေလေးတော့်"

ကျွန်တော်တို့အဖွဲ့ရောက်လာသောအခါ ဘုကြီးရွာလယ်ကားလမ်းပေါ်တွင် လူသေအလောင်းအား လူအများဝိုင်းအုံ

www.burmeseclassic.com

www.burmeseclassic.com

ခါ မီးထိုးကြည့်နေကြပါသည်။ သေသူမှာ ဒေါ်ခင်သန်းဖြစ်ပြီး လည်ပင်းတွင် ဓားခုတ်တစ်ချက်ဖြင့်သေနေပါသည်။ ရန်ဖြစ်ကြသော ကျော်ထူးရောသန်းနိုင်ပါ ရှာမတွေ့တော့ကြောင်း နယ်ထိန်းအဖွဲ့သတင်းပို့ပါသည်။ ခုတ်သောဓားမှာ အလွန်ပြတ်ပုံရပါသည်။ လည်ပင်းကို စလွယ်သိုင်းဝဲဘက်စောင်းအားခုတ်ခြင်းဖြစ်ပါသည်။ အလောင်းအား ဓာတ်ပုံရိုက်မြေပုံဆွဲစေပါသည်။ သွေးများလည်း အိုင်ထွန်းအောင်ကျနေပါသည်။

သေသူ၏အလောင်းအား သယ်စေပါသည်။ ထို့နောက် လူရှင်းသွားသောအခါ စခန်းမှူးလက်ကုတ်ခေါ်၍ အခင်းဖြစ်နေရာသွေးအိုင်မှ သွေးစက်များဘေးသို့ကျမကျ လိုက်ကြည့်ကြပါသည်။ သွေးစက်များတွေ့ပါသည်။ ကိုက် (၅၀) ခန့်တွင် သွေးစက်စိတ်စိတ်တွေ့ပြီး ကိုက် (၅၀) ကျော်သောအခါ သွေးစက်ကျဲလာပါသည်။ သွေးစက်သည် သေသူဒေါ်ခင်သန်းအိမ်နောက်ဖေး နွားတင်းကုပ်သို့ရောက်သွားပါသည်။ နွားတင်းကုပ်အတွင်းဝင်၍ ဓာတ်မီးများဖြင့် သေချာစွာထိုး၍ရှာရာ နွားမြက်စင်အောက် ကောက်ရိုးထဲတွင် သွေးစက်လက်ဖြင့် ဇက်ကြီးတောင်ဓားတွေ့ပါသည်။ ဓားမှာ ငွေအခွေးတပ်ဓားဖြစ်ပါသည်။ ဓားမှာလည်း သွေးများပင်မခြောက်သေးပါ။

"ဒါ. . . ဒါ. . . ဒါ ကျော်ထူးဓားပဲ"

ဟု ကျေးရွာကောင်စီဥက္ကဋ္ဌဦးလှထွန်းမှပြောပါသည်။ဓားအား သက်သေများရှေ့တွင် ရှာဖွေပုံစံပြုလုပ်သိမ်းခဲ့စေပါသည်။ နောက်နေ့နံနက် (၉) နာရီခန့်လောက်တွင် လေးတဲရွာအရက်ဆိုင်၌ ကျော်ထူးအားဖမ်းမိလာခဲ့ပါသည်။

"ကျွန်တော့်အမေကို ကျွန်တော်သတ်တာပါဗျာ။ ကျွန်တော်ကိုဖမ်းကြပါ။ သေဒဏ်ပေးကြပါ။ ကျွန်တော်သေတာကောင်းပါတယ်"

ဆိုကာ အကြီးအကျယ်ငိုပါတော့သည်။ ကိုကျော်ထူးငို၍ ၎င်းချစ်သောအမေ ဒေါ်ခင်သန်းပြန်မရှင်တော့ပါ။ ခုမှနောင်တရတော့လည်း ဘာမှမထူးတော့ပါ။ မှောင်ထဲမှာ လမ်းပေါ်တက်လာသော ဒေါ်ခင်သန်းကို သန်းနိုင်ထင်၍ ဓားဖြင့်ခုတ်ချလိုက်ခြင်း ဖြစ်ကြောင်းသိခဲ့ပါသည်။ နောက်ဆုံး ကျော်ထူးအားစစ်ဆေး၍ တရားစွဲခဲ့ရာ ထောင် (၁၀) နှစ်ကျခဲ့သည်။

ကျော်ထူးကဲ့သို့ဖြစ်ရပ်များ အခြား



ဒေသများမှာလည်း ဖြစ်ကြမည်ထင်ပါသည်။ ကျော်ထူးက အမေကိုချစ်သည်။ အမေက ကျော်ထူးကိုချစ်သည်။ အရက်ကတော့ ဘယ်သူမှမချစ်။ သူနှင့်ဆက်ဆံသူအားလုံးကို မည်သူမျှကောင်းကျိုးမပေးပါ။ ပတ်ဝန်းကျင်ကိုလည်း ကောင်းကျိုးမပေးပါ။ သူသည်ပင်လျှင် တစ်မျိုးသားလုံးကို ဖျက်ဆီးနေပါသည်။ ဆရာဝန်တစ်ဦးက ပြောဖူးပါသည်။ ဆေးရုံတက်လူနာအားလုံး၏ (၂၅) ရာခိုင်နှုန်းသည် အရက်ကြောင့်ဖြစ်တတ်သော ရောဂါများသာဖြစ်ပါသည်။ ယခုအတိုင်းသာ အရက်သောက်သူပြန့်ပွားလာပါလျှင် နိုင်ငံအတွက် စိုးရိမ်စရာရှိနေပါသည်။ သို့ပါ၍ အရက်သောက်သူလျော့ပါးရေးအတွက် မူးယစ်ဆေးဝါးကဲ့သို့ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးသင့်ပါသည်။

ကျော်ထူးတစ်ယောက် ထောင် (၁၀) နှစ်ကျခဲ့သော်လည်း ၎င်းဘဝကားပြီးဆုံးပြီလား။ ထောင်ကလွတ်လာလျှင်ကော ၎င်းဘဝပြုပြင်မှာလားမသေချာ။ သေချာသည်တော့ နောက်ဘဝမှာ အမေသတ်တဲ့ကံ တစ်နည်းအားဖြင့် ပဉ္စာနန္တရိယကံကြီးကို ကျူးလွန်ခဲ့ပြီးဖြစ်၍ လားရာဘဝကား အဝီစိငရဲသာလျှင်ဖြစ်ပါသည်။ ပြေး၍ကားမလွတ်နိုင်ပါ။

ကျော်ထူးတစ်ယောက်ပင်ရှိသလားမဖြစ်နိုင်ပါ။ အခြားသူများလည်းရှိကြမှာ အမှန်ပါ။ အရက်မူးလာလျှင် မိမှန်းမသိဖမှန်းမသိ၊ ဆွေမှန်းမျိုးမှန်းမသိဖြစ်တတ်ပါသည်။ တစ်ခါက မင်းလှမြို့အရှေ့ဘန့်ဘွေးကုန်းရွာမှ ကျောင်းဆရာတစ်ဦးအရက်မူးလာရင်း လက်ထဲပါသောဓားဖြင့်တွေ့သည်ကိုလိုက်ထိုးရာ နှစ်ဦးသေ၍ တစ်ဦးဒဏ်ရာရခဲ့ဖူးပါသည်။ ရှေးယခင်က တောအရက်ချက်ရာတွင် သဘာဝဆေးမြစ်များဖြင့် တဆေးဖော်

စပ်၍ ကောက်ညှင်းဆန်၊ ထန်းလျက်တို့ဖြင့်ချက်လုပ်ကြပါသည်။ ယခုအခါမှာ ထိုသို့မဟုတ်။ ဓာတုဗေဒဆေးဝါးများဖြင့် ချက်လုပ်ကြသဖြင့် အရက်စွဲသူများမှာ ကြောင်-ပေါ-ဖော-ရှောဟူသော အဆင့်(၄)ဆင့်ဖြစ်ကြပါသည်။ ကြောင်ဆိုသည်မှာ အရက်စွဲသူသည် စိတ်ကြောင်လာပါသည်။ ထို့နောက် ပေါ-ရူးတူးတူးပေါ့တောတောဖြစ်လာကာ တောင်ပြောမြောက်ပြောဖြစ်လာပါသည်။ ထို့နောက် ဖော-မျက်နှာခြေထောက်ကိုယ်လုံးများ ဖောရောင်ပါတော့သည်။ နောက်ဆုံးမှာတော့ ရှော-သေပါတော့သည်။ အရက်သမားတို့သည် ၎င်းအတိုင်းဖြစ်နေကြပါသည်။

မူးယစ်ဆေးဝါး ဘိန်းဖြူ ဘိန်းမည်း၊ ဆေးပြားစွဲ၍ဆေးရုံရောက်သူနှင့် အရက်စွဲ၍ ဆေးရုံရောက်သူဦးရေအလွန်ကွာခြားသည်ကို ဆေးရုံများမှအသိဖြစ်ပါသည်။ သို့ဆိုလျှင် မူးယစ်ဆေးဝါးနှင့် အရက်မည်သူက တိုင်းပြည်ကိုဖျက်ဆီးနေပါနည်း။ ထိုသို့ အရက်စွဲနေသော အမျိုးသားကောင်းများဖြင့် တိုင်းပြည်ကို မည်သို့ကာကွယ်ကြပါမည်နည်း။ ကျွန်ုပ်တို့နိုင်ငံ၏ပတ်ဝန်းကျင်ရှိနိုင်ငံများသည် ကျွန်ုပ်တို့နိုင်ငံထက် လူဦးရေအလွန်များသောနိုင်ငံများဖြစ်နေပါသည်။ ကျွန်ုပ်တို့၏အမျိုးကောင်းသားတို့သည် ထိုကဲ့သို့ အရက်စွဲနေကြပါလျှင် နိုင်ငံကို မည်သို့ကာကွယ်မည်နည်း။ နိုင်ငံအတွက်မတွေးဝံ့အောင် စိုးရိမ်စရာဖြစ်နေပါသည်။


သို့သော် အရက်ကို တားဆီးရေးကား မူးယစ်ဆေးဝါးလောက်ခက်မည်မထင်ပါ။ အရက်ချက်စက်ရုံများ၊ အရက်ဆိုင်များကို ထိန်းချုပ်လိုက်ရုံဖြင့် ရရှိနိုင်ပါသည်။ အရက်အခွန်ရရှိရေးဟူသော အချက်တစ်ခုတည်းကို ဦးစားမပေးဘဲ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေးအမြင်များဖြင့် ချိုင့်သုံးသပ်၍ အရက်သောက်သုံးသူ(အရက်မူးသမား) လျော့နည်းရေး၊ ပပျောက်ရေးကို စိတ်ဝင်စားသင့်ပါသည်။ လူမျိုးအတွက်၊ တိုင်းပြည်အတွက်၊ လူသားအားလုံးအတွက် အမှန်တကယ်အန္တရာယ်ပေးနေသော သူရာနတ်ဆိုးသာဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

*လူသားအားလုံး*
*အသူရာဘေးမှကင်းဝေးကြပါစေ*

**ကိုထွန်း(ဆေးလှ)**

www.burmeseclassic.com

www.burmeseclassic.com



# မင်းချမ်းမြေ့ (မုံရွာ)

## သွပ်သေတစ်ပဲ ရွှေတစ်လုံးလည်း ဖမ်းတိုင်းမရ လွန်ခက်လှ၏ (၂)

### (သွပ်ဖမ်းဆရာ ကိုယ်တွေ့ကြုံခဲ့ရ အံ့ဩဖွယ်ရာ ဓာတ်လေမ်းဖမ်း)

ဆရာက ဖိုခွင်မှာ မီးနေ လုံထားခါးတိုက်မီးအနေအထားကို ပြင်ပေးပြီးတာနဲ့ မီးသွေးခဲသုံးလေးခဲထည့်လိုက်ပြီး မီးစတင်ပျိုး၍ ဖိုကိုစတင်၍ဆွဲခိုင်းပါသည်။

စာရေးသူတို့လည်း ဖိုခွင်မှာတည်ထားတဲ့ လုံနံပါတ်(၁၂)ထဲမှာ ထည့်ထားတဲ့ သွပ်ပြဒါးတွဲ (၁၀) ကျပ်သားရှိတဲ့ ဓာတ်စိမ်းကို ယမ်း၊ ဆား၊ လက်ချားနဲ့ မဖောက်ထုံးတို့အုပ်ပြီး သွပ်ပြဒါးတွဲဓာတ်စိမ်းကို ဖမ်းရမှာဆိုတော့ အတော်ကြီးကို စိုးရိမ်သတိကြီးမားစွာနဲ့ ဖားဖိုကလေးကို လှုပ်ရှံသာ အသာလေး ဖိုကြိုးကိုဆွဲပြီး မီးစတင်ကြလေသည်။

ဤဖြစ်စဉ်မှာ သာမန်အင်္ဂလိပ်ရတ်ဝါ သနာရှင် (၉၉) ရာခိုင်နှုန်းရဲ့အမြင်အရ ပြောရမည်ဆိုရင်တော့ မီးလေးနည်းနည်း ပြင်းပြင်းလေးဆွဲလိုက်တာနှင့် ဗုံးတစ်လုံး လိုထပြီးကန်ထွက်ပေါက်ကွဲပွင့်ထွက်လာမည်ဆိုတာကို မလွဲဧကန် လက်ခံကြပေမည်။

သို့သော် ဒါပေမယ့် သွပ်ဖမ်းဝိဇ္ဇာဆရာက -

"ဟာ - ခင်ဗျားတို့ ဖိုဆွဲနေတာက အပျိုမပါး သနပ်ခါးလိမ်းသလို ညင်သာညက်ညောနေလိုက်ကြတာ။ ကျုပ်သွပ်ဓာတ်ဖမ်းတာက ဒါမျိုး ညင်သာနေစရာ လုံးဝမလိုဘူးဗျာ"

"ပေး၊ ကျုပ်ကိုယ်တိုင်ဖိုဆွဲမယ်"

ဆိုပြီး ဖားဖိုကြိုး သူ့လက်ထဲရောက်တာနဲ့ စတင်ပြီး တရမန်းကြမ်းသံသတ္တုဓာတ်ကိုချသည့်မီးမျိုးနှင့် စတင်ပြီး သွပ်ပြဒါးဓာတ်ကိုဖမ်းပါတော့သည်။

စာရေးသူတို့လည်း ဖိုရှံတံခါးဝနားအထိ နောက်ကိုဆုတ်လိုက်ကြပြီ။ အကယ်၍များ ဓာတ်ကထပြီးပွင့်ထွက်ပေါက်ကွဲလာလျှင် ပြေးလို့လွတ်အောင် နေရာအသင့်ယူထားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့် ပထမ မီး (၁) အုပ်ကျလို့ လုံ့ဌားအဖုံးပေါ် လာတဲ့အခါမှာ လုံထဲမှာ ထည့်ထားတဲ့ခေါက်ဆေးများပျော်လာပြီး လုံထက်ဝက်ခန့် လျော့ကျသွားတာကို မြင်နေရ၏။ သွပ်ခိုးအပြာပွင့်ကြီးကြီး လေးငါးချက် ကန်ထွက်လာတာကို တွေ့ရလေသည်။

ထိုအခါမှာ ဆရာက လက်ချား အခဲကြီးကြီး(၁)ခဲကို ပစ်ထည့်လိုက်ပြီး လက်ချားပွလာပြီး ချော်အရည်ပေါ် အုပ်သွားတဲ့အချိန်မှာ ဆား (၁) ဇွန်းခပ်ထည့်လိုက်ပြီးတာနှင့် တစ်ပြိုင်နက်တည်း မဖောက်ထုံးအမှုန့်ကို လုံပြည့်ခါနီးအထိ ဖြည့်ထည့်လိုက်ပြီး လုံအဖုံးကို ပြန်ပိတ်လိုက်၏။ မီးသွေးအပြည့်ထည့်ကာ ယခင်ကအတိုင်း မီးပြင်းဆက်ဆွဲလေသည်။

အထက်ပါနည်းစဉ်အတိုင်း ဒုတိယ၊ တတိယနဲ့ စတုတ္ထမီးအုပ်ရောက်တဲ့အထိ ဆေးထပ်ဖြည့်ပြီး မီးကိုအပြင်းထိုးကာ ဖိုကိုဆွဲလာလိုက်တာ မီး (၅) အုပ်ရောက်လို့ လုံအဖုံးဖွင့်တဲ့အခါ လုံထဲမှာ ချော်အရည်ဟာ လုံရဲ့ (၄) ပုံ (၃) ပုံကျော်ကျော်ပြည့်ပြီး အရည်လျှင်နေပြီ။ သွပ်ခိုးပိတောက်ပွင့်လေးများတဖျောက်ဖျောက်လည်ပြီး ရိုက်ပွင့်လို့နေလေသည်။

ဒီအချိန်မှာ ဖိုဆွဲတာခဏနားပြီး လုံနှုတ်ခမ်းညိုလာတဲ့အထိ ခဏနားထားပြီး နောက်ထပ် မီးသွေးထပ်ဖြည့်ကာ နောက်ဆုံးမီးသွေး (၃) အုပ်ကို မီးပြင်းဆက်ထိုးပေးလိုက်ပြီး လုံးဝနားလိုက်ပြီး လုံကို ဖိုခွင်ထဲမှာ အအေးခံထားလိုက်ပါသည်။

စာရေးသူတို့လည်း သွပ်၊ ခေါက်၊ ပြဒါး၊ ခေါက်တို့ကို ပိသသာနဲ့ချိုပြီး ဖမ်းလာခဲ့ဖူးကြပါသော်လည်း ယခုလိုမျိုး မီးကြမ်းတိုက်ပြီး သံပန်းချတဲ့မီးမျိုးနဲ့ထိုးပြီး သွပ်ပြဒါးတွဲခေါက်ကိုဖမ်းပြတာမျိုး တစ်သက်နှင့်တစ်ကိုယ် ဒီတစ်ခါပဲ ကြုံဖူးရတာမို့ အံ့ဩလွန်းလို့ ဘာပြောရမှန်းကို မသိကြတော့ပါ။

ဒီအချိန်မှာ ဆရာက -

"ကဲ - ကျုပ်သွပ်ဖမ်းတဲ့နည်းကတော့ လုံအကြီးဆုံးမှာ ခေါက်ကိုဆန့်သလောက်ထည့်ပြီး အပြင်းဆုံးမီးနဲ့ထိုးပြီးဖမ်းတဲ့နည်းပါပဲ။ ဒါ ခင်ဗျားတို့အမြင်ပဲ လေ"

ဟု ပြောပါသည်။

"ဟုတ်ပါ့ ဆရာရေ၊ ဆရာစပြီး မီးပြင်းစဆွဲတုန်းက လုံပွင့်ထွက်ပြီး ဒေါက်ကွဲမှာကြောက်လို့ ကျွန်တော်တို့



ဖိုရုံအဝမှာ သွားပြီးစုနေတာ မီးနှစ်အုပ်သုံးအုပ်ရောက်တော့မှပဲ နည်းနည်းစိတ်သက်သာလာပြီး ဖိုခွင်အနီးကပ်ရဲကြတာလေ။ ဒီလို သွပ်ဖမ်းတဲ့နည်းကိုတော့ တစ်သက်နဲ့တစ်ကိုယ် ဒါပထမဦးဆုံး တွေ့ဖူးတာဘဲ ဆရာရေ"

စာရေးသူတို့လည်း ရေနွေးကြမ်းသောက် စကားစမြည်ပြောဆိုနေရင်းနှင့် လုံအေးသွားပြီဆိုတာနှင့် (ဒီလိုမီးပြင်းထိုးဖမ်းတာမျိုးနဲ့) လုံကိုခွဲပြီး အထဲက သွပ်ပြဒါးခေါက်ဖမ်းမိပြီးသားရှိမရှိပါ့မလားလို့ သံသယစိတ်နှင့် လုံကိုဂရုတစိုက်ခွဲလိုက်သည့် အခါ လုံထဲမှာ ချော်သားအနည်းငယ်သာရှိပြီး လုံအောက်ခြေနားအထိ ချော်ဆင်းထိုင်နေတာကို တွေ့လိုက်ရတော့ သွားပြီ ဒါလောက် အပြောကြီးပြီး မီးပြင်းထိုးဖမ်းတာ ဘာခေါက်မှမရှိတာ သေချာပြီလို့ ထွက်လိုက်ကြသည်။

သို့သော် ဆရာက မင်းလှ (၁၂) လုံ ဖင်ပိုင်းရဲ့ (၄) ပုံ (၁) ပုံလောက်မှာ ထိုင်နေတဲ့ ချော်သားကို ရိုက်ခွဲလိုက်တဲ့အခါမှာတော့ အားလုံးက ဟာခနဲဖြစ်သွားလေတော့သည်။

ဖြစ်ပုံက ဟိုးလုံအောက်ခြေဖင်နားမှာကပ်နေပြီး ဝင်းဝါစိုရွဲနေတဲ့အဝါရောင်ခေါက်သားကို ရှင်းရှင်းကြီးမြင်လိုက်ရတော့ သွပ်ပြဒါးခေါက်ဖမ်းလို့မိတယ်ဟာဆိုပြီး ဝမ်းသာသွားကြလေသည်။

ဒါနှင့် လုံသားကိုသေချာစင်ကြယ်အောင်ခွဲလိုက်တဲ့အခါမှာ ကျစ်လျစ်သိပ်သည်းပြီး ခေါက်တစ်ခုလုံးမီးလင်းအခေါက်ရွှေအရောင်ဖြစ်နေတဲ့ သွပ်ပြဒါးခေါက်ကို အလွန်လှပစွာတွေ့လိုက်ရပါသည်။

မြင်သာအောင်ပြောရရင် ပထမ သွပ် (၅) ကျပ်၊ ပြဒါး (၅) ကျပ်၊ (၂)မျိုးတွဲ သွပ်ပြဒါး (၁၀) ကျပ်သား ခေါက်သားအနေအထားမှာ ဘဲဥအကြီးဆုံးအရွယ်ခန့်ရှိပါသည်။ ယခု ဖမ်းမိတဲ့ရွှေဝါရောင်သွပ်ပြဒါးခေါက်သားအလုံးဟာ တောကြက်ဥအရွယ်သေးသေးကျစ်ကျစ်နှင့် လက်လေးလက်ဆနစ်နေပြီး အင်မတန် နှစ်လိုဖွယ်ရာကောင်းလှပါသည်။

သူ့ကို ချိန်ခွင်မှာ အလေးတင်ချိန်ကြည့်လိုက်တော့ (၉) ကျပ်နှင့် (၈)ပဲသားတိတိရှိတာကို တွေ့လိုက်ရတော့ -

သွပ်ပြဒါးတွဲခေါက်စိမ်း (၁၀) ကျပ်သားကို ဖမ်းတာကို (၅) မူးသားပဲလျော့တာကို အံ့ဩစွာ တွေ့ရပါတော့သည်။

ခဏနားပြီး ဖိုခွင်ကိုအသစ်ပြင်ပြီး ကျန်နေတဲ့သွပ် (၁၀) ကျပ်သားအလုံးကို အသင့်ပြင်ထားတဲ့လုံမှာ စာရေးသူကိုယ်တိုင်ပဲ ဆရာပြခဲ့တဲ့နည်းစဉ်အတိုင်း လုံခါးတိုက်အနေထားပြီး ဆက်လက်၍ သွပ်ခေါက်ကိုဖမ်းကြရာတွင်လည်း ကိုယ်တိုင်လက်တွေ့ လုံကိုခွဲယူလိုက်တဲ့အခါမှာ ပထမသွပ်ပြဒါးခေါက်ဖမ်းခဲ့သလိုမျိုး အခေါက်မီးလင်းရွှေအရောင်မျိုးနဲ့ သွပ်ခေါက်ဖမ်းပြီးသား (၁၀) ကျပ်သားကို (၁) မတ်သားလောက်ပဲလျော့ပြီး ဖမ်းမိလေသည်။

ဘာတွေပဲပြောပြော ယခုလို သွပ်ခေါက်နှင့် သွပ်ပြဒါးတွဲခေါက် မီးထိမခံနိုင်တဲ့အာကာသခေါက်မျိုးတွေကို ထုထည်အလေးချိန်များများနှင့် တစ်လုံတစ်မီး မီးပြင်းထိုးပြီး အရောင်အဆင်းဝါဝင်းစိုရွဲနေအောင် ခေါက်ဖမ်းပြနိုင်တဲ့ဆရာမျိုး တစ်သက်မှာ ဒီတစ်ခါပဲ ကြုံတွေ့ခဲ့ပါသည်။ ဝမ်းသာပြီး ကျေးဇူးလည်း အထူးတင်မိပါသည်။

စာရှုသူ ဝါသနာရှင် အဂ္ဂိရတ်မိတ်ဆွေများလည်း ယခုလို ကိုယ်တိုင်ကြုံတွေ့ခဲ့ရမည်ဆိုလျှင် ထိုပုဂ္ဂိုလ်မျိုးကို သွပ်ဖမ်းဝိဇ္ဇာ အဂ္ဂိရတ်ဆရာလို့ တင်စားဂုဏ်ပြုမိကြလိမ့်မည်ဟု ထင်ပါသည်။

(ရှေ့လတွင် ဖမ်းမိထားသည့် ရွှေဝါရောင်သွပ်ခေါက်နဲ့ သွပ်ပြဒါးခေါက်တို့၏ ဂုဏ်သတ္တိနှင့် ခေါက်တက်လမ်းနည်းစနစ်များကို တင်ပြပေးပါဦးမည်။)

*ဝါသနာရှင်များ*
*ပညာပြည့်ဝနှလုံးလှ၍*
*လှုံ့လမီလို့နည်းယူနိုင်ကြပါစေ*

မင်းချမ်းမြေ့ (မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com



# လူမိုး(ပညာရေး)

## နိုင်းမြစ်ကမ်းမှလွှမ်းရိပ်သာ

(အခန်းဆက်ဆောင်းပါး)

*(ယခင်လမှအဆက်)*

ဤသို့အားဖြင့် နပိုလီယန်သည် အီဂျစ်နိုင်ငံကို အောင်မြင်ခဲ့သော်လည်း အဘူကာပင်လယ်ကွေ့တွင် စနစ်တကျ တပ်ချထားသောပြင်သစ်ရေတပ်မတော် မှသင်္ဘောများအား ဗြိတိသျှဘုရင်ရေ တပ်မတော်မှ ရေကြောင်းဗိုလ်ချုပ်ကြီး နယ်(လ်)ဆင်ဦးဆောင်သောရေတပ်က ဖျက်ဆီးပစ်ခဲ့သည်။

ဤရေကြောင်းတိုက်ပွဲဖြစ်ပွားပြီး (၉)ရက်မြောက်နေ့တွင် ကမ္ဘာ့သမိုင်းတွင် မှတ်တိုင်တစ်တိုင်ဖြစ်သည်ဟု သမိုင်းသုတေသီများက တညီတညွတ်တည်းဆိုခဲ့သော အီဂျစ်ယဉ်ကျေးမှုနှင့် သမိုင်းလေ့လာရေးမဟာဌာန (Institute of Egypt) ကို ဖွဲ့စည်းတည်ထောင်ခဲ့၏။


ယင်းအဖွဲ့၏ဥက္ကဋ္ဌမှာ ပြင်သစ်နိုင်ငံတွင် နေမင်းတစ်ဆူဟုပိုးပိုးကျော်နေ သော သင်္ချာပါရဂူ မွန်ဇေ (Monge) ဖြစ်၍ ဗိုလ်ချုပ်ကြီး နပိုလီယန်ကမူ ဒုတိယဥက္ကဋ္ဌတာဝန် သာယူခဲ့သည်။ ထို အဖွဲ့သည် အီဂျစ်နိုင်ငံ အား တိုးတက်ခေတ်မီသောနိုင်ငံ တစ်နိုင်ငံဖြစ်ရန် စီမံဆောင်ရွက်ခဲ့သည် သာမက အီဂျစ်နိုင်ငံတစ်နံတစ်လျားရှိ ပိရမစ်များ၊ စဖင့်ရုပ်တုများ၊ မြို့တော်ဟောင်းကြီးများရှိ ရှေးဟောင်းသချိုင်းဂူများ၊ ရှေးဟောင်းအဆောက်အအုံများ၊ နံရံတွင်ရေးဆွဲထားသည့်နံရံဆေးရေးပန်းချီများ၊ ကျောက်စာများနှင့် ကျူရိုးပုရပိုက်များတွင် ရေးသားထားသော ဟိုင်ရိုဂလေးဖစ်(ခ်)အီဂျစ်ရှေးဟောင်းအရုပ်စာများကိုစနစ်တကျလေ့လာ၍စာတမ်းများ တင်သွင်းစေခဲ့၏။

အီဂျစ်လူမျိုးတို့၏ ရှေးဟောင်း အရုပ်စာမှာ အက္ခရာပေါင်း(၅၀၀)ကျော်ရှိရာ သာမန်ပညာရှင်များအဖို့ ဖတ်ရှုလေ့လာနိုင်ရန်မလွယ်ကူ။ ကံအားလျော်စွာ အီဂျစ်နိုင်ငံသမိုင်းတွင်သာမက ကမ္ဘာ့သမိုင်းတွင်တုန်လှုပ်ခဲ့ရသောဖြစ်ရပ်ဆန်းတစ်ခုကြုံရတော့၏။ ထိုဖြစ်ရပ်မှာ အီဂျစ်နိုင်ငံ နိုင်းမြစ်ဝရှိ ရိုဆက်တာ ဟူသော လူမသိသူမသိကျေးရွာကလေးတစ်ရွာတွင်တပ်စခန်းချထားသောပြင်သစ်တပ်စုတစ်စုမှတပ်သားတစ်ယောက်သည် မြေကတုတ်ကျင်းတူးနေစဉ် စာများရေးသားထားသော ကျောက်ပြားကြီးတစ်ချပ်ကို တွေ့ရသည်။ ထိုကျောက်ပြားကြီးကို တွေ့ရှိရခြင်းသည် နောင်အခါ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုသမိုင်းကိုဖွင့်လှစ်နိုင်သည့်သော့တစ်ချောင်းတွေ့ရခြင်းဖြစ်သည်။ဤကျောက်စာကို ပထမဆုံးတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရသည့်စစ်သားလေးအမည်ကို မည်သူမျှ မသိခဲ့ကြသော်လည်း ထိုတပ်စုကလေး၏ဗိုလ်ဖြစ်သူ ဘူးခတ်ဆိုသူမှာ ဟိုးဟိုးကျော်ခဲ့ရပြီး ထိုကျောက်ပြားကြီးအား ရှိဆက်တာကျေးရွာတွင်တွေ့ရသည်ကို အစွဲပြု၍ ရှိဆက်တာကျောက်စာဟု သမိုင်းပညာရှင်များ၊ သုတေသီများက တင်ပွန်းတပ်ခဲ့ကြသည်။

ထိုကျောက်စာပေါ်တွင် ဘာသာသုံးမျိုး၏အက္ခရာများနှင့်ရေးထိုးထားခြင်းဖြစ်သည်။ ထိပ်ဆုံးတွင် ဖတ်ရှုနိုင်ရန် အလွန်ခက်ခဲသော အီဂျစ်ရှေးဟောင်း



www.burmeseclassic.com

www.burmeseclassic.com

အရုပ်စာဖြင့် စာကြောင်းတစ်ဆယ့်လေးကြောင်းရေးထိုးထားပြီး အလယ်တွင် အီဂျစ်အများလက်ရှိသုံးစွဲနေသောစာဖြင့် စာကြောင်းသုံးဆယ့်နှစ်ကြောင်းရေးထိုးထား၍ အောက်ဆုံးတွင်မူ ဂရိအက္ခရာများဖြင့် စာကြောင်းငါးဆယ့်လေးကြောင်းရေးထိုးထားခဲ့ရာ ပညာရှင်များ၊ သုတေသီများအဖို့ အီဂျစ်လူမျိုးတို့၏ ရှေးဟောင်းအရုပ်စာကို ဖတ်ရှုနိုင်ရန် လမ်းပွင့်သွားခြင်း ဖြစ်သည်။

နောင်အခါ ဗြိတိသျှဘုရင့်တပ်မတော်မှ ဗိုလ်ချုပ်ကြီး ဟတ်ချီဆင်သည် အီဂျစ်နိုင်ငံအား ဝင်ရောက်တိုက်ခိုက်၍ အထက်ဖော်ပြပါ ရိုဆက်တာကျောက်စာနှင့် အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုနှင့်ဆိုင်သောပစ္စည်းများကို အင်္ဂလန်နိုင်ငံသို့ ယူဆောင်လာခဲ့ပြီး အင်္ဂလန်နိုင်ငံ တတိယမြောက်ဂျော့ဘုရင်အား ဆက်သခဲ့လေသည်။ ထိုကျောက်စာနှင့် အီဂျစ်ရှေးဟောင်းပစ္စည်းများကို တတိယမြောက်ဂျော့ဘုရင်သည် လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက်သို့ပေးပို့ခဲ့သည်။

တစ်နေ့တွင် ဗြိတိသျှစွယ်စုံကျမ်းမှာ အီဂျစ်နိုင်ငံရောက် ဗိုလ်ချုပ်ကြီးနပိုလီယန်အကြောင်းကို ဖတ်ရှုခဲ့သော ဒေါ်ရော်သီအယ်ဒီသည် ယင်းစွယ်စုံကျမ်းတွင်ဖော်ပြထားသော ရိုဆက်တာကျောက်စာဓာတ်ပုံအား သေသေချာချာ စူးစိုက်ကြည့်မိသည်။ ထိုကျောက်စာဓာတ်ပုံအား သူ့ဖခင်အသုံးပြုလေ့ရှိသော လက်ကိုင်မှန်ဘီလူးဖြင့် သေသေချာချာ စူးစိုက်ကြည့်မိသည်နှင့် အီဂျစ်ရှေးဟောင်းအရုပ်စာများကို မြင်လာသည်။ သူ့စိတ်တွင် ထိုအရုပ်စာများ၊ ထိုအီဂျစ်အက္ခရာများသည် တဖြည်းဖြည်းအဓိပ္ပာယ်ပေါ်လာသည်သာမက မေ့လျော့နေသော အခြားအရုပ်စာများသည် တဖြည်းဖြည်းပေါ်လာ၏။

ကြမ်းပြင်ပေါ်ထိုင်၍ လက်ကိုင်မှန်ဘီလူးတစ်လက်ဖြင့် အလုပ်ရှုပ်နေသော သမီးငယ်ဒေါ်ရော်သီအယ်ဒီကို ရုတ်တရက်မြင်လိုက်ရသော မစ္စက်ရှုဗင်သည် ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်သွားသည်။ ခုနစ်နှစ်အရွယ်သမီးကလေးသည် မှန်ဘီလူးဖြင့် ရိုဆက်တာကျောက်စာဓာတ်ပုံပါအီဂျစ်ရှေးဟောင်းအရုပ်စာများကို စိတ်ဝင်စားစွာဖတ်ရှုနေသောကြောင့် ဖြစ်သည်။

ဤတွင် မစ္စက်ရှုဗင်က -

"သမီး၊ အရမ်းခက်ခဲတဲ့အီဂျစ်ရှေးဟောင်းအရုပ်စာတွေကိုဘယ်လိုဖတ်လို့ရမလဲ။ တကယ့်သုတေသီတွေတောင်မှ အနှစ်နှစ်အလလကြိုးစားပြီး အဓိပ္ပာယ်ဖော်ခဲ့ရတာ"

ဟု ပြောမိသည်နှင့် ဒေါ်ရော်သီအယ်ဒီကမူ သူ့ဤစာလုံးများကိုမေ့လျော့နေခြင်းသာ ဖြစ်သည်။ ယခုသေသေချာချာကြည့်ရှုမိသည်နှင့် ပြန်လည်သတိရလာပြီး ဖတ်ရှုနိုင်လာပြီဟုပြန်ပြောခဲ့ရာ မစ္စက်ရှုဗင်ကမူ ဒေါ်ရော်သီအယ်ဒီသည် ကလေးတို့သဘာဝ ထင်ရာမြင်ရာကို ပြောခြင်းဖြစ်ပေလိမ့်မည်ဟု ယူဆကာ ယင်းကိစ္စကို မေ့မေ့ပျောက်ပျောက် သဘောထားခဲ့သည်။

ဒေါ်ရော်သီအယ်ဒီ ရှစ်နှစ်သမီးအရွယ်ရောက်လာသောနေ့တစ်နေ့တွင် သူ့ဖခင်ဖြစ်သူသည် ထိုစဉ်က အရောင်းရအသွက်ဆုံးနှင့် နာမည်အကျော်ကြားဆုံးမဂ္ဂဇင်းတစ်စောင်ဖြစ်သော အမျိုးသားပထဝီဝင်အသင်းမှ ထုတ်ဝေသည့် မဂ္ဂဇင်းတစ်စောင်ကို ဝယ်ယူလာခဲ့၏။ ယင်းမဂ္ဂဇင်းမှာ အထူးထုတ်ဝေသည့် မဂ္ဂဇင်းဖြစ်ပြီး 'အီဂျစ်နိုင်ငံ နိုင်းမြစ်ဖျားသို့ ခရီးထွက်ခြင်း' ဟူသော အခန်းဆက်ဆောင်းပါးတစ်စောင်ပါဝင်သည်။ ယင်းဆောင်းပါးတွင် အီဂျစ်နိုင်ငံ နိုင်းမြစ်ကမ်းရှိ လူဇာ၊ ကာနက်၊ အဘိုက်ဒိုးဧကရာဇ်တို့၏ ချိုင့်ဝှမ်း စသော မြို့တော်ဟောင်းများနှင့်အီဂျစ်အစိုးရအမျိုးသားယဉ်ကျေးမှုဌာနမှ ပြုပြင်ထိန်းသိမ်းထားသော ရှေးဟောင်းအဆောက်အအုံများ၊ နတ်ဘုရားကျောင်းများ၊ ဖေရိုဘုရင်တို့၏ သင်္ချိုင်းဂူများအကြောင်းအား ဓာတ်ပုံများနှင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒေါ်ရော်သီအယ်ဒီသည် အဘိုက်ဒိုးမြို့တော်ဟောင်းကြီးအကြောင်းပါဝင်သော ယင်းဆောင်းပါးကို ဖတ်ရှုနေရာမှ ဆေးရောင်စုံဖြင့် အဘိုက်ဒိုးမြို့ဟောင်းရှိ ပထမမြောက်ဆက်တီဘုရင်ကြီးတည်ဆောက်ခဲ့သော နတ်ဘုရားကျောင်းဟူသော စာတန်းဖြင့် ဖော်ပြထားသော ဓာတ်ပုံကိုမြင်ရသည်နှင့် ဝမ်းသာအားရ ဤဓာတ်ပုံပါ အဆောက်အအုံကြီးသည် သူ့အိမ်ဖြစ်သည်။ အဘယ်ကြောင့် ပြိုကျပျက်စီးနေသနည်း။ နတ်ဘုရားကျောင်းရှေ့ကပန်းခြံလေးလည်းမရှိတော့ပါလားဟု ဝမ်းနည်းစွာ အော်ပြောခဲ့သည်။

မစ္စတာရှုဗင်နှင့်ဇနီးဖြစ်သူ မစ္စက်ရှုဗင်တို့မှာ ကြက်သေသေသွားကြသည်။ မိနစ်အနည်းငယ် စကားမပြောနိုင်ကြ။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရှစ်နှစ်အရွယ်သမီးကလေး၏မျက်နှာကို အံ့ဩခြင်း၊ နားမလည်နိုင်ခြင်းရောထွေးနေသောအကြည့်ဖြင့် စူးစိုက်ကြည့်မိပြီး မစ္စက်ရှုဗင်က သမီးလိမ်ညာမပြောရဘူးဟု ပြောလိုက်၏။ ဖခင်ဖြစ်သူကလည်း သမီးဖြစ်သူအား ဤဓာတ်ပုံသည် အဆောက်အအုံဟောင်းတစ်ခုဓာတ်ပုံပါဟုပြောလိုက်၏။ ဒေါ်ရော်သီအယ်ဒီကမူ ယင်းဆောင်းပါးတွင် ပါဝင်သော အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော် အမျိုးသားပြတိုက်ပြခန်းရှိ အီဂျစ်နိုင်ငံသမိုင်း၏ တစ်ဆယ့်ကိုးဆက်မြောက်မင်းဆက်ကို တည်ထောင်သူ ပထမမြောက် ဆက်တီဘုရင်ကြီး၏ မမီရုပ်အလောင်းဓာတ်ပုံကို မြင်လိုက်သည်နှင့် ဝမ်းသာအားရ ဤဓာတ်ပုံပါ ပထမမြောက် ဆက်တီဘုရင်ကြီးကိုသူခင်မင်ရင်းနှီးကြောင်း၊ သဘောကောင်းသူ၊ ကြင်နာသနားတတ်သူ၊ စိတ်ထားနူးညံ့ကာပျော့ပျောင်းသူဖြစ်သည်ဟု ဆက်၍ပြောတော့၏။ ဤတွင် ဖခင်ဖြစ်သူက ကလေးအရွယ်ဖြစ်စေ၊ မမှန်ကန်သောစကားကို ပြောဆိုခြင်းမပြုရ၊ ဘုရားသခင်က မုသားပြောဆိုခြင်းကို မပြုရဟု ဆုံးမတော်မူသည်ဟု ပြောပြခဲ့၏။

မည်သို့ပင် ဖခင်ဖြစ်သူကပြောဆိုသော်လည်း ဒေါ်ရော်သီကမူ သူ့အမှန်အတိုင်းပြောဆိုခြင်းသာ ဖြစ်သည်ဟု ခေါင်းမာစွာ ပြောဆိုသဖြင့် ဖခင်မှာ စိတ်မကောင်းစွာဖြင့် လက်လျှော့ခဲ့ရ၏။ ဒေါ်ရော်သီ၏မိဘများကို မိတ်ဆွေအပေါင်းအသင်းများက မည်မျှပင် ဖျောင်းဖျခဲ့ကြသော်လည်း သူ့သမီးငယ်အတွက် စိတ်သောကရောက်ခဲ့ကြရသည်။ သမီးငယ်ကလေးစိတ်ပြောင်းသွားစေရန် ခရစ်ယာန်ကျမ်းစာအသင်းအဖွဲ့မှဖွင့်ထားသော တနင်္ဂနွေကျမ်းစာသင်ကျောင်းသို့ပို့ခဲ့သည်။ မိဘနှစ်ပါး၏ယုံကြည်ချက်မှာ ကျမ်းစာသင်ကျောင်းတွင် ရွယ်တူကျောင်းသူကျောင်းသားများနှင့် လက်ပွန်းတတီးနေထိုင်ပါက ဒေါ်ရော်သီအယ်ဒီ၏အတွေးအခေါ်များသည် အတော်အသင့်ပြောင်းလဲသွားနိုင်သည်ဟု ယူဆထားကြ၏။

သို့သော် မစ္စတာရှုဗင်၏ အယူအဆမှာ မှားယွင်းသည်ဟု ဆိုရမည်ဖြစ်၏။ ဒေါ်ရော်သီအယ်ဒီသည် တနင်္ဂနွေခရစ်ယာန်ဘာသာရေးကျောင်းမှပို့ချသော ခရစ်ဝင်ကျမ်းလာနိပါတ်ဖြစ်စဉ်များကို ယုံကြည်လက်ခံလာခြင်းမရှိခဲ့သည့်သာမက သူမယုံကြည်ထားသော အီဂျစ်နတ်ဘုရားအိုးဆီရစ်နှင့် ကြင်နာတော်

www.burmeseclassic.com

အိုက်ဆစ်မယ်တော်ကြီးအကြောင်းကို သူကျောင်းတက်ဖော်သူငယ်ချင်းများအား ပြောပြခဲ့သည်။ သူငယ်ချင်းကလေးငယ်များကလည်း အီဂျစ်နတ်ဘုရားအကြောင်းကို မိခင်၊ ဖခင်များ၊ အုပ်ထိန်းသူများကို ပြောခဲ့ကြသဖြင့် ထိုဖြစ်စဉ်ကို တနင်္ဂနွေခရစ်ယာန်ဘာသာစာသင်ကျောင်းအုပ်ချုပ်ရေးအဖွဲ့ သိရှိသွားခဲ့ရာ ဒေါ်ရော်သီအယ်ဒီသည် လွဲမှားသောအယူဝါဒကို စွဲလမ်းသူဟုမှတ်ယူ၍ မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံခဲ့တော့၏။ မစ္စတာရှူဗင်နှင့် ဇနီးဖြစ်သူတို့အဖို့ သမီးငယ်၏ ခေါင်းမာမှု၊ ဉာဏ်ထက်မှု၊ ပါးနပ်မှု၊ အရွယ်နှင့်မလိုက်အောင်အသိရှိမှု၊ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုအားစိတ်ဝင်စားမှု၊ အီဂျစ်လူမျိုးတို့၏ ဟိုက်ရိုဂလေဖစ်(ခေါ်) အရုပ်စာကို သုတေသီတစ်ဦးကဲ့သို့ဖတ်ရှုနိုင်မှုတို့ကို နားမလည်နိုင်အောင်ဖြစ်လာသည်။ အရှေ့တိုင်းသားတို့၏ဘဝဆက်သံသရာဟူသော ယုံကြည်ချက်သည် ဖြစ်နိုင်ပါမည်လော။

သိပ္ပံပညာသည်သာအဓိက၊ သိပ္ပံပညာသည်သာ အမှန်တရားဟုယူဆနေသော အနောက်တိုင်းသားတို့၏ပတ်ဝန်းကျင်တွင် ဒေါ်ရော်သီအယ်ဒီ၏ပြောပြချက်တို့သည် အမှန်တကယ်ဖြစ်နိုင်ပါမည်လော။ ဒေါ်ရော်သီအယ်ဒီကမူ အီဂျစ်လူမျိုးတို့ကိုးကွယ်သော ဘာသာတရားသည် တနင်္ဂနွေခရစ်ယာန်ဘာသာသင်ကျောင်းမှ ဘုန်းတော်ကြီးများ သင်ကြားသည့်ခရစ်ယာန်ဘာသာထက် နှစ်ပေါင်း (၂၀၀၀) ကျော်၊ (၃၀၀၀) ကျော်စောခဲ့သဖြင့် အီဂျစ်လူမျိုးတို့ကိုးကွယ်သော ဘာသာတရားသာ အမှန်တကယ်ကိုးကွယ်သင့်သောဘာသာတရားဖြစ်နိုင်သည်ဟု ခေါင်းမာစွာ သူ့မိဘများ၊ သူ့တစားဖော်သူငယ်ချင်းများကို ပြောပြသည်။ သူ့စာအုပ်များတွင် အီဂျစ်အရုပ်စာများကိုသာ ရေးမှတ်ထားရကား ဒေါ်ရော်သီအယ်ဒီသည် ထိုစဉ်က သူ့မိဘများကျင်လည်သော လူကုံထံအသိုင်းအဝန်းတွင် နာမည်ကြီးလာခဲ့သည်။

ဤတွင် ဒေါ်ရော်သီအယ်ဒီ၏ မိဘဖြစ်သူများသည် သမီးငယ်အား လန်ဒန်မြို့တော်တောင်ဘက်အစွန်တွင်ရှိသော နာမည်ကျော် ဒါးဝတ်(ချ်)အမျိုးသမီး အထက်တန်းကျောင်းတွင် ပညာဆည်းပူးရန်ပို့ခဲ့သည်။ ထိုစဉ်ကာလတုန်းက ဒါးဝတ်(ချ်)အမျိုးသမီးအထက်တန်းကျောင်းမှာ စည်းကမ်းတင်းကျပ်၍ စာသင်ကြားမှုတွင် အထူးနာမည်ကျော်ခဲ့သောအမျိုးသမီးအထက်တန်းကျောင်းတစ်ကျောင်းဖြစ်သည်။ နံနက် ကျောင်းတက်သည်နှင့် ကျောင်းသူများ၊ ဆရာမများသည် ကျောင်းခန်းမတွင် စုဝေး၍ ခရစ်ယာန်ဓမ္မတေးများကိုသီဆိုကြရလေ့ရှိသည်။

ဒေါ်ရော်သီအယ်ဒီကမူ သူ့အဖို့ သူကိုးကွယ်ယုံကြည်သည့် အီဂျစ်လူမျိုးတို့ကိုးကွယ်သောနတ်အိုးဆီရစ်နှင့် မယ်တော်အိုက်ဆစ်တို့၏ဓမ္မတေးများမှလွဲ၍ ခရစ်ယာန်ဓမ္မတေးများကို သီဆိုခြင်းမပြုနိုင်ဟု ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သဖြင့် ဒါးဝတ်(ချ်)ကျောင်းအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့သည် အယူလွဲမှားနေသော ဒေါ်ရော်သီအယ်ဒီအား ကျောင်းမှထုတ်ပယ်၍ မိဘများထံ ပြန်လည်အပ်နှံခဲ့တော့၏။

မစ္စတာရှူဗင်အဖို့ သမီးငယ်အတွက် ဥရောပတိုက်ရှိ သင့်လျော်မည့်ကျောင်းတစ်ကျောင်းပို့၍ ကျောင်းအိပ်ကျောင်းစားထားရန် စုံစမ်းခဲ့ကြသည်။ ထိုစဉ်ကာလက ဘယ်(လ်)ဂျီယန်နိုင်ငံမှ အမျိုးသမီးကျောင်းအိပ်ကျောင်းစားအထက်တန်းကျောင်းတစ်ကျောင်းသည် နာမည်ကျော်ကြား လူသိများလှ၏။ သို့ဖြစ်၍ ထိုကျောင်းသို့ ကျောင်းအိပ်ကျောင်းစားအဖြစ်ထားရန် စီမံခဲ့သည်။ သူ့အား ဘယ်(လ်)ဂျီယန်နိုင်ငံရှိ အမျိုးသမီးအထက်တန်းကျောင်းတစ်ကျောင်းသို့ ကျောင်းအိပ်ကျောင်းစားအဖြစ်ထားရန် စီမံနေသည်ကိုသိရသော ဒေါ်ရော်သီအယ်ဒီကမူ သူ့အား ဘယ်(လ်)ဂျီယန်နိုင်ငံ အမျိုးသမီးအထက်တန်းကျောင်းသို့ ပို့ဆောင်ခဲ့ပါက ထိုနိုင်ငံမှ အီဂျစ်နိုင်ငံသို့ ထွက်ပြေးမည်ဟု ဒေါ်ရော်သီအယ်ဒီက သူ့အဒေါ်ဖြစ်သူအား ပြောပြခဲ့သည်။ သမီးငယ်၏ခေါင်းမာမှုကိုသိထားသော မစ္စတာရှူဗင်သည် ဒေါ်ရော်သီအယ်ဒီအား ဘယ်(လ်)ဂျီယန်နိုင်ငံရှိ အမျိုးသမီးအထက်တန်းကျောင်းသို့ ကျောင်းအိပ်ကျောင်းစားထားမည့်အစီအစဉ်ကိုဖျက်ခဲ့ရ၏။

ဤတွင် မိခင်ဖြစ်သူသည် သမီးငယ်အား ရိုမင်ကက်သလစ်ဘာသာဝင်များဖွင့်ထားသည့် တနင်္ဂနွေခရစ်ယာန်ဘာသာသင်ကျောင်းသို့ပို့ရန်စီစဉ်ခဲ့ရပြန်သည်။ ကျောင်းဝင်ခွင့်ရရှိရေးအတွက် ယင်းသင်တန်းကို ဦးဆောင်ဖွင့်သူ ရိုမင်ကက်သလစ်ဘုန်းတော်ကြီးဖြစ်သူက ဒေါ်ရော်သီအယ်ဒီအား သူမည်သည့်ဘာသာကို ယုံကြည်ကိုးကွယ်နေပါသနည်းဟု မေးမြန်းခဲ့သည်နှင့် ဒေါ်ရော်သီအယ်ဒီက ရုတ်တရက် ချက်ချင်းပင် အီဂျစ်လူမျိုးတို့ ကိုးကွယ်သည့်ဘာသာကို သက်ဝင်ယုံကြည်ပါသည်ဟု ဖြေဆိုလိုက်သည်နှင့် ရိုမင်ကက်သလစ်ဘုန်းတော်ကြီးဖြစ်သူမှာ ကြက်သေသေသွားသည်။ ရှစ်နှစ်၊ ကိုးနှစ်လူမမည် ကလေးငယ်မကလေးတစ်ယောက်က ထင်ရာမြင်ရာ ကလေးငယ်တို့သဘာဝ ပြောဆိုခဲ့သလောဟုလည်း ထင်မိ၏။

သို့သော် သေသေချာချာမေးမြန်းစုံစမ်းသောအခါ ဒေါ်ရော်သီအယ်ဒီသည် အိုးဆီရစ်နတ်ဘုရားနှင့် ကြင်ရာတော် မယ်တော်အိုက်ဆစ်တို့အကြောင်း ပြောပြသောအခါ ရိုမင်ကက်သလစ်ဘုန်းတော်ကြီးမှာ အရွယ်နှင့်မလိုက်အောင် သွက်သွက်လက်လက်ချက်ချက်ချာချာပြောပြနိုင်သောဒေါ်ရော်သီအယ်ဒီအား နားမလည်နိုင်။ သို့ဖြစ်၍ မိခင်ဖြစ်သူအား ဒေါ်ရော်သီမှာ လွဲမှားသောအယူဝါဒကို ယုံကြည်ထားသူဖြစ်၍ သူတို့ တနင်္ဂနွေကျောင်းမှာ လက်မခံနိုင်ဟုဆိုခဲ့သည်။

ဒေါ်ရော်သီအယ်ဒီအဖို့ သူ့အား ဂရုစိုက်သူ၊ သူပြောသမျှလေးလေးစားစားနားထောင်သူများရှိသည့် ဗြိတိသျှပြတိုက်ကြီးရှိ အီဂျစ်အမျိုးသားပြခန်းသို့ ခြေဦးလှည့်တော့၏။ ထိုပြတိုက်ရှိ ပြခန်းတာဝန်ခံအများမှာ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုအကြောင်းကို အတော်အသင့်နားလည်ထားသူများ၊ လေ့လာထားသူများဖြစ်သည်။ သို့ဖြစ်၍ ဒေါ်ရော်သီအယ်ဒီပြောပြသော ဖြစ်စဉ်များကို အတော်အသင့် တီးမိခေါက်မိထားကြသဖြင့် သူပြောပြချက်များကို လေးလေးစားစားနားထောင်ကြ၏။

ဒေါ်ရော်သီအယ်ဒီအဖို့ လန်ဒန်မြို့ ဗြိတိသျှပြတိုက်ကြီးရှိ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပြခန်းသည် ထာဝစဉ်အချိန်ဖြုန်းရမည့်ပြခန်းဖြစ်သည်ဟု မှတ်ယူထားခဲ့သည်။သူ့မိခင်နှင့်အဒေါ်ဖြစ်သူတို့အား နေ့စဉ် ဗြိတိသျှပြတိုက်ကြီးရှိ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပြခန်းသို့ လိုက်ပို့ရန်ပူဆာသည်။ ထိုပြခန်းရောက်သည်နှင့် ဒေါ်ရော်သီအယ်ဒီသည် ရိုဆက်တာကျောက်စာနှင့် ခရစ်နှစ် ၁၈၂၂ခုနှစ်က ဗြိတိသျှအမျိုးသားရှေးဟောင်းသမိုင်းသုတေသီများ အီဂျစ်နိုင်ငံ ဖီလီယာဒေသမှ တူးဖော်ရရှိထားသောအီဂျစ်ရှေးဟောင်းအရုပ်စာများ၊ ဂရိစာများဖြင့်ရေးထိုးထားသောကျောက်စာတိုင်ကို နေ့စဉ်ဖတ်ရှု

www.burmeseclassic.com

လေ့လာသည်။ ထိုကျောက်စာတိုင်မှာ အီဂျစ်ရှေးဟောင်းသမိုင်းသုတေသီများက ရိုဆက်တာကျောက်စာကဲ့သို့ အရေးပါအရာရောက်သောကျောက်စာဖြစ်သည်ဟု မှတ်ယူထားခဲ့သည်။ ထိုကျောက်စာတွင် အီဂျစ်ရှေးဟောင်းအရုပ်စာနှင့် ဂရိဘာသာကိုယှဉ်၍ရေးထိုးထားခဲ့ရာ အီဂျစ်ရှေးဟောင်းအရုပ်စာကို လေ့လာလိုက်စားသူများအဖို့ အလွန်တန်ဖိုးမဖြတ်နိုင်အောင် ထိုက်တန်လှပြီး အီဂျစ်နိုင်ငံသမိုင်းတွင် ဟိုးဟိုးကျော်ခဲ့သော အလှကေရီကလီယိုပါထရာဘုရင်မအကြောင်း တစေ့တစောင်း ရေးသားထားသည်ဟုဆိုသည်။

ဤကျောက်စာတိုင်မှ အီဂျစ်အရုပ်စာများကို တစိုက်မတ်မတ်ကူးယူလေ့ရှိသည့် အသက်ဆယ်နှစ်အရွယ်ကလေးမကလေးအား နေ့စဉ် မနီးမဝေးမှ အကဲခတ်လေ့ရှိသူမှာ ဆံပင်ဖြူဖြူ ပုပုဝဝနှင့် ထူးထူးခြားခြား သဘောကောင်းပုံရသော လူကြီးတစ်ယောက်ဖြစ်သည်။ ထိုအဘိုးကြီးသည် တစ်နေ့ ဒေါ်ရော်သီအယ်ဒီကူးယူနေသော အီဂျစ်အရုပ်စာများကို သေသေချာချာကြည့်ရှုပြီး အံ့အားသင့်လျက်ရှိသည်။ ဒေါ်ရော်သီအယ်ဒီအား ထိုမွန်ရည်သောလူကြီးက -

"သမီးအီဂျစ်အရုပ်စာကို စိတ်ဝင်စားရင် ဘဘ မင်းကို နေ့စဉ် အီဂျစ်ရှေးဟောင်းအရုပ်စာသင်ပေးမယ်"

ဟု ပြောလိုက်သည်နှင့် ဒေါ်ရော်သီအယ်ဒီမှာ ဝမ်းသာသွားခဲ့၏။

(၄)

လန်ဒန်မြို့။

၁၉၁၃ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့။

ဆီးနှင်းကမွလာသည် လန်ဒန်မြို့တော်တစ်ခွင်လုံးကို သိပ်သည်းစွာရစ်ပတ်နှောင်ဖွဲ့လွှမ်းခြုံထားသဖြင့် အရာခပ်သိမ်းတို့မှာ စိတ်ပျက်ဖွယ်ရာအသွင်ကိုဆောင်နေသည်။ မြို့တော်သူမြို့တော်သားအပေါင်းတို့မှာ နှစ်သစ်ကူးကာလတွင် အပျော်ကြူးခဲ့ကြပြီး အအေးဒဏ်ခံနိုင်ရန် ဂွမ်းစောင်အထပ်ထပ်ခြုံ၍ အိပ်ရာထဲ၌ကွေးနေကြသောကြောင့် အိပ်ရာမှမထနိုင်။ လူငယ်လူရွယ်များကလည်း ယမန်နေ့က အမူးလွန်ခဲ့ကြသဖြင့် အိပ်ရာများထဲမှ မထနိုင်ကြအောင် နွမ်းခွေနေကြလေသည်။

လန်ဒန်မြို့တော်၏လူစည်ကားရာရပ်ကွက်များဖြစ်သော မေဖဲရား၊ ကင်စင်တန်ပန်းခြံလမ်း၊ ပစ်ကယ်ဒေလီစကွဲယား၊



ချဲရင်းစကော့လမ်း အပါအဝင် လမ်းတကာတွင် လမ်းသွားလမ်းလာကင်းရှင်းစွာ ခြောက်ကပ်လျက်ရှိသည်။ တစ်ခါတစ်ရံ အရှိန်ပြင်းစွာဖြင့်မောင်းသွားသော မော်တော်ကားတစ်စီးတလေ၏အသံ၊ ဝိတိုရိယဘူတာကြီးမှ မီးရထားများ၏ ဥဩသံ၊ သိမ်းမြစ်အတွင်း စုန်ဆန်သွားလာနေသော ကူးတို့သင်္ဘောများ၏ဥဩအသံကိုသာ ကြားကြရသည်။

ထိုစဉ်ကာလက အင်္ဂလန်နိုင်ငံမှာ နိုင်ငံတကာကမော့ကြည့်ရပြီး အင်္ဂလန်နိုင်ငံသားတို့၏ ဂုဏ်သိက္ခာနှင့်ဩဇာအာဏာမှာ မယုံကြည်နိုင်လောက်အောင် ကြီးမားလှသည်။ အရှေ့တောင်အာရှတိုက်သားများ၊ အိန္ဒိယတိုက်ငယ်မှ အိန္ဒိယလူမျိုးများ၊ ဩစတြေးလီးယန်းလူမျိုးများ၊ အာဖရိကတိုက်ပြည်နယ်အချို့နှင့် အီဂျစ်နိုင်ငံသားများ၊ ကနေဒါနိုင်ငံသားများအပါအဝင် ကမ္ဘာ့လူဦးရေသန်းပေါင်း (၆၀၀) ကျော်တို့၏ အသက်အိုးအိမ်စည်းစိမ်မှန်သမျှကို ကာကွယ်ပေးနေရာ အင်္ဂလန်အင်ပါယာကြီးမှာ နေမဝင်သောအင်ပါယာကြီးဟု စာနယ်ဇင်းများက ကင်ပွန်းတပ်ခဲ့ကြသည်။

မှန်ပါသည်။ ကမ္ဘာ့သမိုင်းတွင် ဟိုးဟိုးကျော်ခဲ့ရသော ရောမလူမျိုးတို့၏ အင်ပါယာကြီးပင် ဗြိတိသျှတို့အင်ပါယာကြီးလောက် ကျယ်ဝန်းကြီးမရှိဟု သမိုင်းပညာရှင်များက တညီတညွတ်တည်းဆိုခဲ့ကြသည်။ နိုင်ငံတကာ၏ ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ဗြိတိသျှလူမျိုးပညာရှင်အများသည် လက်တစ်ဆုံးနှိုက်လေ့လာခဲ့ကြပြီး ထိန်းသိမ်းထားသည်ဟူ၍လည်းဆိုကြသည်။

ထိုနေ့နံနက် နှင်းမြူငွေ့များအကြားတွင် အနက်ရောင်ဖို့ဆီဒင်ကားကလေးတစ်စီးသည် လန်ဒန်မြို့တော်အတွင်း လူသူကင်းရှင်းနေသောလမ်းများကို ဖြတ်ကျော်ကာ နာမည်ကျော်ဗြိတိသျှပြတိုက်ကြီးရှိသည့် မြို့တော်အလယ်ပိုင်းဆီသို့ ဦးတည်မောင်းနှင်လာသည်။ ယင်းမော်တော်ကားကလေး၏နောက်ခန်းတွင် အသက်(၄၀)ကျော်ခန့်အမျိုးသမီးတစ်ဦးနှင့် ဆယ်နှစ်ရွယ်ကလေးမငယ်လေးတစ်ဦး လိုက်ပါလာသည်။

သူတို့က မစ္စက်ရှုဗင်နှင့်သမီးငယ်ဒေါ်ရော်သီအယ်ဒီတို့ ဖြစ်ကြသည်။ ဒေါ်ရော်သီအယ်ဒီသည် သူ့မိခင်ဘေးတွင် ခပ်ယို့ယို့ထိုင်နေရသော်လည်း သူ့အတွေးများမှာ လွန်ခဲ့သော ရက်သတ္တပတ်ခန့်ကတွေ့ခဲ့ရသော ဗြိတိသျှပြတိုက်ကြီး အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပြခန်းတာဝန်ခံ ဒေါက်တာဝေါလေ့ဘတ်(ဂျ)နှင့်တွေ့ခဲ့ကြသည်ကို သတိရလာသည်။ ဒေါက်တာဝေါလေ့ဘတ်(ဂျ)၏ဟန်အမူအရာနှင့် ဝတ်စားဆင်ယင်မှုမှာ ရိုးသားသဖြင့် သာမန်ကျောင်းဆရာတစ်ဦး၏အသွင်ရှိနေသော်လည်း သူကားနှယ်နှယ်ရရပုဂ္ဂိုလ်တစ်ဦး မဟုတ်ပေ။ ဗြိတိသျှတို့၏ နေမဝင်သောအင်ပါယာကြီးတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးရှိ သမိုင်းပညာရှင်များ၊ သမိုင်းသုတေသီများအားလုံးက အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုနှင့် အီဂျစ်ရှေးဟောင်းရိုးရာကိုးကွယ်မှုတို့ကို ရေဆုံးရေဖျားလေ့လာတတ်ကျွမ်းသော ပညာရှင်ကြီးတစ်ဦးဟု မှတ်ယူထားခြင်းကိုခံထားရသူဖြစ်သည်။ အီဂျစ်နိုင်ငံတွင် နှစ်ပေါင်းများစွာနေထိုင်ခဲ့ပြီး အီဂျစ်လူမျိုးတို့၏ ရှေးဟောင်းအရုပ်စာနှင့် လောကီပညာကိုလည်း လက်တစ်ဆုံးနှိုက် လေ့လာသုတေသနပြုထားသူ ဖြစ်သည်။

သူ့အီဂျစ်ရှေးဟောင်းအရုပ်စာကျိုးပုရပိုက်များနှင့် နတ်ဘုရားကျောင်းနံရံများမှမှတ်တမ်းများကို စနစ်တကျလေ့လာသုတေသနပြုပြီး ရေးသားထုတ်ဝေခဲ့သော 'အီဂျစ်လောကီပညာ (Egyption Magic) မှာ ပညာရှင်အများ၏ ချီးကျူးဝေဖန်ခံရပြီး ယနေ့အထိ အကြိမ်ကြိမ်ပင်ပုံနှိပ်ထုတ်ဝေခဲ့ရသောစာအုပ်ဖြစ်သည်။ ယင်းစာအုပ်တွင် အီဂျစ်လူမျိုးတို့၏လက်ဖွဲ့များ၊ အဆောင်များ၊ လောကီပညာအစီအရင်များကို အသေးစိတ် စုံစုံစေ့စေ့ ရေးသား ဖော်ပြထားခဲ့သည်ဟု အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုသုတေသီများက အကဲဖြတ်ခဲ့၏။ သူ၏အထူးခြားဆုံးနှင့်အောင်မြင်ပေါက်ရောက်မှုအရဆုံးစာအုပ်မှာ (Egyption Book of Dead) ဘဝကူးလမ်းညွှန်ကျမ်းဖြစ်၏။ ဒေါက်တာဝေါလေ့ဘတ်(ဂျ)သည် ဤကျမ်းအားသူ့ဘဝတစ်ခုလုံးကိုနှစ်မြှုပ်၍ အီဂျစ်ရှေးဟောင်းဟိုင်ရိုကလေဖစ်ခေါ် အရုပ်စာဖြင့်ရေးသားသော မူရင်းကျမ်းတို့ကို အင်္ဂလိပ်ဘာသာဖြင့် လုံးရေ့တစ်စေ့

www.burmeseclassic.com

တိုက်ရိုက် မြန်မာဘာသာပြန်ဆိုခြင်းဖြစ်၏။ ယင်းဘာသာပြန် 'ဘဝကူးလမ်းညွှန်စာအုပ်'မှာ ဒေါက်တာဝေါလေ့ဘတ်(ဂျ်) အဖို့ မှတ်တိုင်တစ်တိုင်ထူခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံတကာမှ အီဂျစ်ရှေးဟောင်းသမိုင်းနှင့် ယဉ်ကျေးမှုပညာရှင်များက တညီတညွတ်တည်းဆိုကြသည်။

ရှေးဟောင်းအီဂျစ်လူမျိုးတို့သည် ဤဘဝကူးလမ်းညွှန်ကျမ်းမှ မန္တန်များအား သချိုင်းဂူများ၏နံရံများ၊ ခေါင်းတလားများတွင် ထုတ်နုတ်ရေးသားထားလေ့ရှိပြီး အချို့သချိုင်းဂူများနှင့် မံမီရုပ်အလောင်းများ ထည့်သွင်းထားသောခေါင်းတလားများအတွင်း ဤဘဝကူးလမ်းညွှန်ကျမ်းလာ မန္တန် (၂၀၀) အား အပြည့်အစုံရေးသားထားသည့် ပပိုင်ရပ်(စ်)ကျူရိုးပုရပိုက်များကို ထည့်သွင်းထားလေ့ရှိသည်ဟုဆိုသည်။ ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ အယူအဆမှာ လူတို့တွင် ကား (Ka) ဟူသော ရုပ်ခန္ဓာကိုယ်နှင့် (Ba) ဘား ဟူသော နာမ်ခန္ဓာကိုယ်ရှိသည်ဟု အစဉ်အလာယုံကြည်ကြ၏။

အထက်ဖော်ပြပါ ဘဝကူးလမ်းညွှန်ကျမ်းသည် ကား (Ka) (ခေါ်) ခန္ဓာကိုယ်အတွက် အဓိကထား၍ ရေးသားထားသောကျမ်း ဖြစ်၏။ လူတို့ကွယ်လွန်သောအခါ ဝိညာဉ်သည် ကာ ဟူသောခန္ဓာကို ယာဉ်အဖြစ်အသုံးပြု၍ တမလွန်လောကတွင်တွေ့ရဆုံရကြုံရမည့်အခက်အခဲ၊ အနှောင့်အယှက်များကို မည်သို့ဖြတ်ကျော်ရမည်၊ တမလွန်လောကတွင် မဖြစ်မနေ ဝင်ရောက်ရမည်ဖြစ်သော ဘုံအသီးသီးတို့၏အဝတွင် ထာဝစဉ်စောင့်ကြပ်နေသော တံခါးမှူးများ၏ အမည်၊ ယင်းဘုံဗိမာန်အသီးသီးကို စိုးမိုးအုပ်ချုပ်နေသော နတ်မင်းကြီးများ၏ အမည်စသည်တို့ကို တိတိကျကျ အပြည့်အစုံဖော်ပြထား၏။

ရှေးဟောင်း အီဂျစ်လူမျိုးတို့၏ ယုံကြည်ချက်တွင် နတ်ဘုရားများနှင့် လူသားတို့၏အကြားတွင် ဘုံခုနစ်ဆင့်ရှိရာထိုဘုံများတွင်နေထိုင်နိုင်ရန်အတွက် လူတို့တွင် ခန္ဓာယာဉ်ခုနစ်ပါးရှိသည်ဟုဆိုသည်။ ဘုံတစ်ခုသို့ရောက်သည်နှင့် လူတို့၏ ဝိညာဉ်သည် ယင်းဘုံနှင့်ဆိုင်သော ခန္ဓာယာဉ်ဖြင့်သာ ဝင်ရောက်ရမည်ဟု ဆိုထား၏။ ယင်းဘဝကူးလမ်းညွှန်ကျမ်း၏အဆိုအရ ခန္ဓာယာဉ်ခုနစ်ပါးရှိရာ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်၏။

၁။ ခတ်

၂။ ကား

၃။ ဘား

၄။ အက်(ဘ်)

၅။ ခေဘာ(စ်)

၆။ ခူ

၇။ ဆာဟူ

ဤခန္ဓာယာဉ်ခုနစ်ခုအနက် အမှတ် (၁) ခန္ဓာယာဉ်ဖြစ်သော ခတ်သည် အထင်ရှားဆုံးခန္ဓာယာဉ် ဖြစ်သည်။ နောက်ဆုံး အမှတ် (၇) ခန္ဓာဖြစ်သော ဆာဟူ ခန္ဓာယာဉ်မှာမူ အနုစိမ်ဆုံးခန္ဓာယာဉ်ဖြစ်သည်ဟုဆိုသည်။ထိုခန္ဓာယာဉ်များအနက် အမှတ် (၂) ခန္ဓာယာဉ်ဖြစ်သော ကား (Ka) သည် ကွယ်လွန်သူတို့၏ ရုပ်ခန္ဓာကိုယ်ပွားခန္ဓာဖြစ်ပြီး လူတို့၏ဘုံဘဝမှ တမလွန်လောကသို့ရောက်သောအခါတွင် ဆောင်ယူထားသော ခန္ဓာကိုယ်ဖြစ်သည်။

လူတို့ ကွယ်လွန်သွားသောအခါ ရုပ်ကြမ်းခန္ဓာကိုယ်ကြီးကို စွန့်ခွာပြီး ဝိညာဉ်သည် ကားခန္ဓာယာဉ်ဖြင့် တမလွန်လောကသို့ ဝင်ရောက်ခဲ့ကြရသည်။ ထိုတမလွန်ဆုံးတွင် ယမမင်းတာဝန်ကို ယူထားရသူမှာ ရှေ့အခန်း (၃) တွင် ဖော်ပြခဲ့သော အိုးဆီရစ်နတ်ဘုရားဖြစ်သည်။ ထိုနတ်ဘုရားသည် တမလွန်လောကသို့ ကားခန္ဓာယာဉ်ဖြင့်ဝင်ရောက်လာသော ဝိညာဉ်သည် လူ့ဘောင်တွင် နေထိုင်ကျက်စားခဲ့စဉ်က ကောင်းမှု၊ မကောင်းမှုများ မည်ကဲ့သို့ပြုလုပ်ခဲ့ပုံကို စစ်ဆေးသည်။ ဤသို့ စစ်ဆေးရာတွင် လူသားတို့၏ အသည်းနှလုံးကို ချိန်ခွင်တွင်တင်၍ တစ်ဖက်ချိန်ခွင်ခွက်တွင်မူ ငှက်မွေးကို အလေးပြုလုပ်၍ချိန်သည်။ အီဂျစ်လူမျိုးတို့က အသည်းနှလုံးသည် လူတို့၏စိတ်ဖြစ်သည်ဟု မှတ်ယူခဲ့ကြသည်။ သို့ဖြစ်၍ အသည်းနှလုံးကို ချိန်ခွင်နှင့် စစ်ဆေးခြင်း ဖြစ်၏။ ကောင်းမှုကုသိုလ်များလျှင် အထက်ဘုံများသို့ တစ်ဆင့်ပြီးတစ်ဆင့်တက်ခွင့်ရကြမည်ဖြစ်သည်။ မကောင်းမှုများပြုလုပ်ခဲ့သူ၊ စိတ်ဓာတ်ညံ့ဖျင်းသူ၊ ဒေါသမောဟများသူများမှာမူ အထက်ဘုံများသို့တက်ခွင့်မရကြ။

ဤသို့ တမလွန်လောကကို စိုးမိုးသော ယမမင်းဖြစ်သူ အိုးဆီရစ်နတ်ဘုရားက စစ်ဆေးမေးမြန်းသောအခါ မည်သို့မည်ပုံ ဖြေကြားရမည်ကို လည်းကောင်း၊ မည်သည့်မန္တန်ကိုရွတ်ဆိုကြရမည်ဆိုသော အချက်အလက် အသေးစိတ်များကို ဘဝကူးလမ်းညွှန်ကျမ်းတွင် ဖော်ပြထား၏။

ထို့ဖြင့် ဘုံအသီးသီး၏ တံခါးမုခ်ပေါက်များတွင် အသင့်စောင့်နေသော နတ်ဘုရားများနှင့်တွေ့လျှင် ဖြေဆိုရန် မန္တန်များကိုလည်း ရေးသားထားသည်။ ဤသို့ ဘုံအသီးသီးရှိ နတ်ဘုရားများနှင့် တွေ့ဆုံရာတွင် နတ်ဘုရားတို့၏အမည်များ၊ ဘွဲ့များကို အမှားအယွင်းမရှိစေရန် သတိချပ်ရမည်ဖြစ်သည်သာမက ရွတ်ဆိုရသောမန္တန်များကို မှန်ကန်စွာရွတ်ဖတ်နိုင်မှသာ နတ်ဘုရားများက ဘုံအတွင်း ဝင်ခွင့်ပြုမည်ဖြစ်သည်ဟုဆိုသည်။

တမလွန်လောကတွင် ကွယ်လွန်သူ၏ဝိညာဉ်သည် ဒုတိယဘုံတွင်နေပြီးနောက် တတိယဘုံဖြစ်သော ဘားဘုံသို့ တက်သောအခါ ဒုတိယအကြိမ် ကားခန္ဓာကို စွန့်ရပြန်သည်။ သို့ဖြင့် အဆုံးစွန်ဖြစ်သောဘုံသို့မရောက်မီအတွင်း ကားခန္ဓာသည် အကြိမ်ကြိမ်သေရပြီး ခန္ဓာယာဉ်အမျိုးမျိုး ဆောင်ယူရပြန်သည်။ ဤသို့သော တစ်ဘုံပြီးတစ်ဘုံတက်ရသည့်လမ်းစဉ်ကို အသေးစိတ် ညွှန်ပြရေးသားထားသောကျမ်းကို ဘဝကူးလမ်းညွှန်ကျမ်း (Book Of Dead) ဟု ခေါ်ဝေါ်ခြင်း ဖြစ်၏။ ဤကဲ့သို့ တစ်ဘုံပြီးတစ်ဘုံ ဝိညာဉ်ခရီးသွားရသည်ကို အီဂျစ်လူမျိုးတို့က လှေဖြင့်ခရီးထွက်ရသကဲ့သို့ တင်စားရေးသားခဲ့ကြသည်။

အီဂျစ်နိုင်ငံ မြို့တော်ဟောင်းကြီးများရှိ နတ်ဘုရားကျောင်းနံရံများ၊ သချိုင်းဂူများ၏နံရံများတွင် ရေးသားထားသော ဆေးရေးနံရံပန်းချီကားများတွင် ဖာရိုဘုရင်တို့ လှေများဖြင့် ခရီးထွက်ခြင်းကို ရေးသားထားလေ့ရှိပြီး ဖာရိုဘုရင်တို့၏ ခေါင်းတလားများတွင်လည်း အထက်ဖော်ပြပါ ဖာရိုဘုရင်တို့ လှေများဖြင့် ခရီးထွက်ခြင်းအား ခမ်းခမ်းနားနား ရေးဆွဲထားသော ပန်းချီကားများကို တွေ့ရလေ့ရှိသည်။ သစ်သားဖြင့် ထုလုပ်ထားသော ဖာရိုဘုရင်တို့လှေဖြင့် ခရီးထွက်ခဲ့ပုံအရုပ်များကိုလည်း သချိုင်းဂူများတွင်ထားရှိသည်ကိုတွေ့ရသည်။

ဤဘဝကူးလမ်းညွှန်ကျမ်းတွင် ထိုကဲ့သို့ ဖာရိုဘုရင်များ၏ဝိညာဉ်ခရီးထွက်ရာတွင် တွေ့ရမည့် အခက်အခဲ၊ ထိတ်လန့်ချောက်ချားဖွယ်ရာအန္တရာယ်များကို မည်သို့မည်ပုံ ကျော်လွှန်ရမည်ကိုလည်း တိတိကျကျ အသေးစိတ်လမ်းညွှန်ထားခဲ့သည်။ ဤဘဝကူးလမ်းညွှန်ကျမ်းလာမန္တန်များကို ပိရမစ်များတွင်လည်းကောင်း၊ ခေါင်းတလားအတွင်း



www.burmeseclassic.com

www.burmeseclassic.com

ထည့်သွင်းထားသည့် ကျူရိုးပုရပိုက်များတွင် လည်းကောင်း တွေ့ကြရသည်။

ရှေးဟောင်း အီဂျစ်လူမျိုးတို့ကမူ ဤဘဝကူးလမ်းညွှန်ကျမ်းလာမန္တန်များကို ရွတ်ဖတ်ခြင်းဖြင့် ဘဝကူးချိန်တွင် ကြောက်ရွံ့ခြင်း၊ စိုးရိမ်သောကဗျာပါဒများခြင်း၊ အစွဲအလမ်းကြီးခြင်းကင်းစွာဖြင့် ဘဝကူးနိုင်ရုံသာမက တမလွန်ခရီးတွင် အမှားအယွင်းတစ်စုံတစ်ရာမရှိဘဲ မိမိသွားလိုသောခရီးတို့ကို ဖြောင့်ဖြောင့်တန်းတန်းသွားနိုင်မည်ဖြစ်သည်။

ဤဘဝကူးလမ်းညွှန်ကျမ်းတွင်လာသောမန္တန်များကို ရွတ်ဖတ်ခြင်းအားဖြင့် လည်းကောင်း၊ ထိုကျမ်းလာကျင့်စဉ်များကို ကျင့်ကြံခြင်းအားဖြင့် လည်းကောင်း၊ နောင်ဘဝကို ယုံကြည်စေရန်နှင့် နောင်ဘဝအတွက် ယခုဘဝကပင် ကြိုတင်ပြင်ဆင်ထားရန် ဖြစ်သည်။ ကွယ်လွန်သူတို့၏သချိုင်းဂူများ၊ ပိရမစ်များတွင် ဤဘဝကူးလမ်းညွှန်ကျမ်းစာကို နံရံတွင်းစာအဖြစ် လည်းကောင်း၊ ကျူရိုးပုရပိုက်အဖြစ် လည်းကောင်း ရေးသားထည့်သွင်းခြင်းဖြင့် တမလွန်ဘဝသို့ကူးပြောင်းသွားသူအား ဘဝကူးလမ်းညွှန်ကျမ်းလာမန္တန်များ၊ ကျင့်စဉ်များကို သတိရစေရန် ရည်ရွယ်ထားခြင်း ဖြစ်၏။

ရှေးယခင်ကမူ ဤဘဝကူးလမ်းညွှန်ကျမ်းအား အနောက်တိုင်း အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုသုတေသီများ ပညာရှင်များက မိမိတို့ဘာသာဖြင့် လုံးစေ့ပတ်စေ့ တိုက်ရိုက်ဘာသာပြန်ဆိုရန်ကြိုးစားခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဘာသာပြန်ဆိုနိုင်ခြင်းမရှိခဲ့ပေ။

အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုသုတေသနလောကတွင် ဘဝတစ်ခုလုံးမြှုပ်နှံထားသော ဒေါက်တာဝေါလေ့ဘတ်(ဂျ်)က ယင်းအီဂျစ်ဘဝကူးလမ်းညွှန်ကျမ်းကို အင်္ဂလိပ်ဘာသာဖြင့်လုံးစေ့ပတ်စေ့ တိတိကျကျ ဘာသာပြန်ဆို၍ စာအုပ်အဖြစ် သုံးတွဲခွဲကာ ထုတ်ဝေခဲ့သောအခါ အနောက်တိုင်းအီဂျစ်ရှေးဟောင်းသုတေသီများနှင့် ပညာရှင်များအတွင်း ဗုံးတစ်လုံးပေါက်ကွဲသကဲ့သို့ အုတ်အော်သောင်းတင်းဖြစ်ခဲ့ရသည်။

ဒေါက်တာဝေါလေ့ဘတ်(ဂျ်)မှာ အီဂျစ်လူမျိုးတို့၏ ဟိုက်ရိုဂလေဖစ်ခေါ် အရုပ်စာတတ်ကျွမ်းမှုမှာ လက်ဖျားခါလောက်သည်ဟု ပညာရှင်အများက ယူဆခဲ့ကြသည်။ ဤကဲ့သို့ ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ အရုပ်စာကို ဆရာတစ်ဆူဖြစ်ခဲ့သော ဒေါက်တာဝေါလေ့ဘတ်(ဂျ်) မှာ (၁၀) နှစ်အရွယ် လူမမည်ဒေါ်ရော်သီအယ်ဒီနှင့်တွေ့ရသောအခါ အံ့အားသင့်ခဲ့ရသည်။

ဒေါက်တာဝေါလေ့ဘတ်(ဂျ်)သည် ဒေါ်ရော်သီအယ်ဒီ သူ့ရုံးခန်းသို့ရောက်ရောက်လာသည်တွင် ခေတ္တမျှစကားပြောပြီးသည်နှင့် သူ့အသင့်ယူထားသော အီဂျစ်ဘဝကူးကျမ်းကျူရိုးလိပ်မှ မန္တန်တစ်ပုဒ်ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုစေခဲ့သည်။

ဒေါ်ရော်သီအယ်ဒီသည် အထက်ဖော်ပြပါ ကျူရိုးလိပ်တွင်ရေးသားထားသော မန္တန်ပါစာပိုဒ်ကို မိနစ်ပိုင်းအတွင်း အင်္ဂလိပ်ဘာသာပြန်ဆို၍ သူ့ရေးထားသောစာရွက်ကို ဒေါက်တာဝေါလေ့ဘတ်(ဂျ်) အားပေးလိုက်သည်နှင့် အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပါရဂူကြီးမှာ ကြက်သေသေသွားသည်။ ယင်းစာပိုဒ်ကို သူကိုယ်တိုင် အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့စဉ်က အချိန်အတော်ကြာမြင့်အောင် စဉ်းစား၍ ဘာသာပြန်ခဲ့ရသည်။ ယခုအသက် (၁၀) နှစ်အရွယ် လူမမည် ကလေးမကလေးသည် အီဂျစ်ဘဝကူးလမ်းညွှန်ကျမ်းလာမန္တန်ကို ချောချောမွေ့မွေ့ အမှားအယွင်းကင်းစွာ ဘာသာပြန်ဆိုနိုင်သောကြောင့် ဖြစ်သည်။

ဤသို့ဖြင့် ဒေါ်ရော်သီအယ်ဒီသည် ဒေါက်တာဝေါလေ့ဘတ်(ဂျ်) နှင့် ခင်မင်ရင်းနှီးလာခဲ့ရပြီး ဗြိတိသျှပြတိုက်ကြီးရှိ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပြခန်းသို့ နေ့စဉ်သွားရောက်၍ လေ့လာခွင့်ရခဲ့သည်သာမက သူဖတ်ရှုလိုသော အီဂျစ်ကျူရိုးပုရပိုက်များကို ဖတ်ခွင့်ရလာခဲ့သည်။ ဗြိတိသျှပြတိုက်ကြီး၏ အီဂျစ်အမျိုးသားရှေးဟောင်းယဉ်ကျေးမှုပြခန်းတာဝန်ခံ ဒေါက်တာဝေါလေ့ဘတ်(ဂျ်)၏တပည့် (၁၀) နှစ်အရွယ် လူမမည်ဒေါ်ရော်သီအယ်ဒီ၏ သတင်းသည် အင်္ဂလန်နိုင်ငံ အောက်(စ်)ဖို့(ဒ်)နှင့် ကင်းဘရစ်တက္ကသိုလ်ကျောင်းတိုက်ကြီးများမှ သမိုင်းပညာရှင်များ အသိုင်းအဝန်းသို့ ဂယက်ရိုက်ခတ်လာခဲ့သည်။

အချို့အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုသုတေသီများ၊ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုအမှတ်တရပစ္စည်းများအား ဝါသနာအရ စုဆောင်းသူများ၊ ရှေးဟောင်းပစ္စည်းအမှတ်တရရောင်းသည့် ဆိုင်ဖွင့်ထားသူများသည် ဒေါ်ရော်သီအယ်ဒီအား လာရောက် တွေ့ဆုံခဲ့ကြသည်ဟု သတင်းများလည်း ပျံ့နှံ့လာသည်၊ တစ်ခါတွင်မူ အီဂျစ်နိုင်ငံနှင့် အီရန်နိုင်ငံများ (ယူဖရေးတီး(စ်)မြစ်နှင့်ထိုက်ဂရစ်မြစ်နှစ်သွယ်ကြားရှိ ရှေးဘေဘီလုံးနီးယားပြည်)များ၏ ရှေးဟောင်းယဉ်ကျေးမှုများကို လက်တစ်ဆုံးနိုက်လေ့လာထားသော ရှေးဟောင်းသမိုင်းပညာရှင် ဆာလီအိုနတ်ဝူလီနှင့် ဒေါက်တာဝေါလေ့ဘတ်(ဂျ်) ရုံးခန်းတွင် ဒေါ်ရော်သီအယ်ဒီနှင့် တွေ့ဆုံခဲ့ကြသည်ဟူသော သတင်းများလည်း ထွက်လာ၏။

ဆာလီအိုနတ်ဝူလီမှာ (၁၀) နှစ်ကလေးငယ်တစ်ဦးက အီဂျစ်လူမျိုးတို့၏ ဘဝကူးလမ်းညွှန်ကျမ်းကို ပညာရှင်တစ်ယောက်သဖွယ် ဖတ်ရှုနိုင်သည်သာမက ဘေဘီလုံးနီးယားယဉ်ကျေးမှုနှင့် ပတ်သက်သော အကြောင်းအရာအချို့ကိုပင်သိရှိနေသဖြင့် အံ့အားသင့်ခဲ့ရသည်။

ဒေါ်ရော်သီအယ်ဒီအား မိဘများသည် ထိုစဉ်က အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ထူးထူးခြားခြားနာမည်ကျော်နေသော အမျိုးသမီးအထက်တန်းကျောင်းတွင် နေ့ကျောင်းသူအဖြစ်ကျောင်းတက်စေခဲ့သည်။ ဒေါ်ရော်သီအယ်ဒီကမူ ကျောင်းစာများထက် ရှေးဟောင်းအီဂျစ်ကျူရိုးပုရပိုက်များကိုသာ စိတ်ဝင်စားဖတ်ရှုခဲ့ရာ အတန်းတွင် သင်ကြားသည့်ဘာသာရပ်များ၌ အညံ့ဆုံးကျောင်းသူတစ်ဦးဖြစ်သည်ဟု ယင်းကျောင်းမှ တာဝန်ရှိသူများက မစ္စတာရှုဗင်အား ပြောပြခဲ့ကြသည်။

ဒေါ်ရော်သီအယ်ဒီကမူ ကျောင်းပိတ်ရက်များတွင် ဗြိတိသျှအမျိုးသားပြတိုက်ကြီးရှိ အမေရိကန်ပြည်ထောင်စုသား သမိုင်းပညာရှင် ဂျိမ်း(စ်)ဟင်နရီဘရက်စတက် ဘာသာပြန်ဆိုသော (Ancient Records Of Egypt) အီဂျစ်နိုင်ငံ၏ရှေးဟောင်းမှတ်တမ်းများစာအုပ်အား ဖတ်ရှုလေ့လာပြီး ထိုမှတ်တမ်းတွင် ဘာသာပြန်ဆိုထားခြင်းများသည် မူရင်းအီဂျစ်ရှေးဟောင်းအရုပ်စာဖြင့် ရေးထားသည့်မှတ်တမ်းများနှင့် ကိုက်ညီမှုရှိမရှိကို ပြတိုက်ကြီးရှိ အီဂျစ်ကျူရိုးပုရပိုက်များနှင့် တိုက်ဆိုင်ဖတ်ရှုခဲ့လေသည်။ ဒေါ်ရော်သီအယ်ဒီအား ဗြိတိသျှပြတိုက်ကြီးရှိ ဝန်ထမ်းအများကမူ ထူးခြားသော ပါရမီရှင်တစ်ဦးဟု မှတ်ယူခဲ့ကြ၏။

(ဆက်ရန်)

လှမိုး (ပညာရေး)

www.burmeseclassic.com

ဦးအောင်မင်း

# နေ့စဉ်သုံး လက္ခဏာပညာ



### ကွဲ-ရှဒဏ်ရာများ

မည်သည့်အကြောင်းကြောင့် ကွဲ-ရှဒဏ်ရာရသည်ဖြစ်စေ လက်ဝါးပြင်ပါ လက္ခဏာများနှင့် ရောထွေးနေခဲ့ပါက ဘဝတစ်သက်တာခရီးအတွက် အချိန်ကာလ အပိုင်းအခြားအလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုး မွေးဖွားပေးမည်ဖြစ်သည်။

အကယ်၍ လက်ခလယ်လက်ချောင်းတွင် ဓားရှဒဏ်ရာရှိခဲ့ပါက အလုပ်ရှင်၏အမြင်မကြည်လင်မှုကြောင့် အလုပ်မှထုတ်ခံရသည့် အခြေအနေရှိကြောင်း ဖော်ပြသည်၊ လက်တွင်ရရှိသော ဓားရှဒဏ်ရာများသည် သေးလျှင်သေးသလောက် အသေးအဖွဲ့အဆုံးသတ်ခြင်းများကို ဖော်ပြပေးပြီး ချုပ်ရိုးကြောင်းအကြီးပုံစံ ဓားဒဏ်ရာကြီးမားနေပါက ဘဝအားအကြီးအကျယ်ပြုပြင်ပေးရမည့်အခြေအနေကို ဖော်ပြသည်။

### အဆူးစူးဒဏ်ရာ-သံစူး-အပ်စူးဒဏ်ရာ

လက်တွင် မတော်တဆအပ်စူးခြင်း၊ သံစူးခြင်းဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဒဏ်ရာအမာရွတ် ကျန်ရှိနေခဲ့ပါက အဆိုပါ ဒဏ်ရာရရှိသောနေရာ၌ စွမ်းရည်အားလုံး မူလထက်ပိုမိုများပြားလာကြောင်း ဖော်ပြသည်။

အကယ်၍ လက်ညှိုးနေရာတွင် အဆူးစူးဒဏ်ရာတစ်ခုရှိနေခဲ့ပါက ဘဝ၌ အရာရာ ဦးစီးခေါင်းဆောင်အဖြစ် ရပ်တည်ပေးရန် လိုအပ်ကြောင်း ဖော်ပြသည်။

### အမာရွတ်များ

ဒဏ်ရာအမျိုးမျိုးကြောင့် ကျန်ရစ်ခဲ့သော အမာရွတ်အမျိုးမျိုးသည် ဘဝတစ်သက်တာအတွင်း အခြေအနေအမျိုးမျိုးအား တစ်မျိုးတစ်ဖုံ ပြောင်းလဲပေးနိုင်ကြသည်။

လက်ခလယ်၏ အောက်ခြေတွင် အမာရွတ်ရှိနေခဲ့ပါက အတိတ်ကာလ အဆက်ဆံခဲ့သောသူတို့၏ အကျိုးသက်ရောက်မှုအမျိုးမျိုးအား ရရှိခံစားရမည်ဖြစ်ကြောင်း ဖော်ပြသည်။

### ခြစ်ရာများ

လက်ဝါးပြင်တွင် ခြစ်ရာ၊ ဒဏ်ရာများရှိနေပါက အန္တရာယ်ရှိနေသည့်သဘော၊ အခြေခံသို့ပြန်သွားရမည့်သဘောတို့ကို ရည်ညွှန်းသည်။

အကယ်၍ ကံလမ်းကြောင်းပေါ်တွင် ခြစ်ရာများရှိနေပါက (သို့) လက်ခလယ်အောက်ခြေသို့ဆင်းနေသောခြစ်ရာများဖြစ်ပါက ငွေကြေးပမာဏများစွာ ဆုံးရှုံးရမည့်အခြေအနေရှိနေခြင်းကြောင့် ထိခိုက်ဆုံးရှုံးမှု အာမခံပေါ်လစီထားရှိသင့်ကြောင်း အသိပေးနေပါသည်။

### လက္ခဏာတည်ဆောက်မှုပုံစံ အပြောင်းအလဲနှင့် ပတ်သက်၍ လက်တွေ့စမ်းသက်ချက်များ

နှလုံးလမ်းကြောင်းပေါ်တွင် အနီရောင်အစက်အပြောက်တစ်ခု ပါရှိနေပါက အိမ်ထောင်ဖက်အပေါ် ဒေါသအမျက်ထွက်ခြင်း၊ တစ်ဖန် နောင်တရခြင်းများမရှိစေရန် တရားထိုင်ခြင်းဖြင့် စိတ်တည်ငြိမ်မှုရှိအောင် လုပ်ဆောင်ပေးသင့်ပါကြောင်း အသိပေးနေပါသည်။

လက္ခဏာပေါ်တွင်မကောင်းသော အစက်အပြောက်များပါရှိနေပါက ၎င်းအစက်အပြောက်များ မည်မျှကြာရှည်တည်တံ့ပြီး မည်သည့်အချိန်၌ ပျောက်ကွယ်သွားသည်ကို သေချာစွာ စောင့်ကြည့်ရန်လိုအပ်သည်။ မကောင်းသော လက္ခဏာအမှတ်သင်္ကေတများ ကွယ်ပျောက်သွားစေရန်နှင့် ကောင်းသော လက္ခဏာများအား တာရှည်တည်တံ့စေပြီး ကောင်းကျိုးသက်ရောက်စေရန် လိုအပ်သောလေ့ကျင့်မှုများ လုပ်ပေးရန် လိုအပ်သည်။

### ကောင်းသောလက္ခဏာ အမှတ်သင်္ကေတများနှင့် ၎င်းတို့အား တာရှည်တည်တံ့စေသော ပန်းရောင်ရှိသောအစက်အပြောက်

ပန်းရောင်အစက်အပြောက်များသည် ကောင်းသောနိမိတ်လက္ခဏာကို ရည်ညွှန်းပြီး အများအားဖြင့် ကျန်းမာရေးကောင်းနေခြင်းကို အခြေခံဖော်ပြသည်။

၎င်းပြင် ပန်းရောင်အစက်များသည် ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်း၊ မိတ်ဆွေသစ်ရရှိခြင်းတို့ကိုလည်း ရည်ညွှန်းသည်။

ပန်းရောင်အစက်ပါရှိသူ လက္ခဏာရှင်အနေဖြင့် ပန်းရောင်အစက်အပြောက်များ ပိုမိုရရှိလာစေရန် ပုံမှန်လေ့ကျင့်ခန်းလုပ်ပေးရမည် ဖြစ်သည်။ ထို့ကြောင့် အာဟာရရှိသောအစားစာစားခြင်း၊ ဆရာဝန်များ၏ လမ်းညွှန်မှုရယူခြင်းဖြင့် ၎င်းပန်းရောင်အစက်အပြောက်များအား တာရှည်တည်တံ့စေကာ ကောင်းသောစွမ်းအင်များ အမြဲတစေရရှိနေမည်ဖြစ်သည်။

### လေးထောင့်ကွက်များ

လက်ဝါးပြင်ပါ လေးထောင့်ကွက်များသည် စိတ်တည်ငြိမ်ခြင်း၊ ခွန်အားရှိခြင်းတို့ကို ရည်ညွှန်းသည်။ ယင်းမှာ ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းအင်များ ကြာရှည်တည်တံ့နေမည့်သဘောကို ဖော်ပြသည်။ လေးထောင့်ကွက်အမှတ်သင်္ကေတများ တာရှည်တည်တံ့နေစေရန် အိမ်ထောင်မိသားစုအတွင်း ဆက်ဆံရေးအပြန်အလှန်ကောင်းမွန်နေစေရန် လိုအပ်သည်။

အကယ်၍ လေးထောင့်ကွက်အသစ်များသည် တစ်လအတွင်း ထပ်မံပေါ်လာသည်ဆိုပါက မူလရှိနေသော လေးထောင့်ကွက်များ ပိုမိုနက်ရှိုင်း၊ ထင်ရှားလာမည်ကို တွေ့ရမည်ဖြစ်သည်။

### ဘဲဥပုံအမှတ်သင်္ကေတများ

လက်ဝါးပြင်ပါ ဘဲဥပုံအမှတ်သင်္ကေတများသည် မိန်းမသဘာဝဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ခြင်းအား ရည်ညွှန်းသည်။ ၎င်းပြင် အဆိုပါ အမှတ်သင်္ကေတသည် မဟာမိတ်ပြုခြင်း၊ အထုံပါရမီကောင်းများ ပိုင်ဆိုင်ခြင်းကိုလည်း ရည်ညွှန်းသည်။ သင်သည် နတ်ဘုရားများအပေါ် ယုံကြည်သည်ဆိုပါက နတ်ဘုရားမထံ ဆုတောင်းခြင်းဖြင့် အမျိုးသမီးတို့နှင့် ဆိုင်သောလုပ်ပိုင်ခွင့်၊ ဩဇာအာဏာများအား ရရှိပိုင်ဆိုင်လာနိုင်မည် ဖြစ်သည်။

**စက်ဝိုင်းပုံအမှတ်သင်္ကေတများ**

ပြဿနာအရပ်ရပ်အား အောင်မြင်စွာ ဖြေရှင်းပေးနိုင်ခြင်းကို ဖော်ပြသည့်အမှတ်သင်္ကေတဖြစ်သည်။ အထူးသဖြင့် လုပ်ငန်းဆိုင်ရာ အပြန်အလှန်ကတိကဝတ်ပြုရမည့်ကိစများ၌ အောင်မြင်ခြင်းကို ဖော်ပြသည်။ လက္ခဏာရှင်အနေဖြင့် အရာရာ၌ ပြဿနာမရှိစေရန် ဂရုတစိုက်နေထိုင်တတ်ရန် လိုအပ်သည်။

**တြိဂံပုံအမှတ်သင်္ကေတများ**

စွမ်းအင်ကောင်းများရရှိခြင်းကို ကိုယ်စားပြုပြီး စက်ဝိုင်းပုံနှင့် လေးထောင့်ပုံ အမှတ်သင်္ကေတများကဲ့သို့ပင် အကျိုးပေးကောင်းသည့်အမှတ်သင်္ကေတဖြစ်သည်။

လက်ဝါးပိုင်ရှင်အနေဖြင့် နောက်ပြန်လှည့်မကြည့်စတမ်းရွေးချယ်မှုများ မှန်ကန်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။ ၎င်းပြင် တြိဂံပုံအမှတ်အသားမပျောက်ပျက်ဘဲ ဆက်လက်တည်တံ့နေစေရန် ဆုံးဖြတ်ချက်ပြတ်သားရန် လိုအပ်ပြီး ခြံစည်းရိုးပေါ် ခွထိုင်ခြင်း၊ နှေးကွေးတုံ့ဆိုင်းခြင်းများ မရှိစေရန် အထူးသတိပြုရမည်ဖြစ်သည်။

**ကြက်ခြေခတ်အမှတ်အသားများ**

စွမ်းအင်ကြီးမားခြင်းကို ရည်ညွှန်းပြီး ခိုင်မာသော ဆုံးဖြတ်ချက်ချနိုင်ရေးသာ အရေးကြီးကြောင်း အသိပေးသည့် အမှတ်သင်္ကေတ ဖြစ်သည်။

အကယ်၍ လက်ဝါးပြင်တွင် ကြက်ခြေခတ်အမှတ်အသားပါရှိသည်နှင့် ဘဝတစ်သက်တာ ခရီးအတွင်း ခြေလှမ်းသစ်များချနိုင်တော့မည့်အခြေအနေကို ရည်ညွှန်းသည်။

**အတွင်းနက်၍ ထင်ရှားသော လမ်းကြောင်းများ၊ လမ်းကြောင်းခွဲများနှင့် နှစ်ထပ်လမ်းကြောင်းများ**

လက်ဝါးပြင်ပါလမ်းကြောင်းများအား မြစ်များသဖွယ် သတ်မှတ်ပေးပါ။ အဆိုပါမြစ်နှင့်တူသော လမ်းကြောင်းများသည် စိတ်-ဝိညာဉ်ဆိုင်ရာစွမ်းအင်များ စီးဆင်းခြင်းကိုပြသော လမ်းကြောင်းများအနက် တစ်ခု၊ နှစ်ခုသော လမ်းကြောင်းတွင်သာ စွမ်းအင်များ ပြည့်လျှံနေပြီး ကျန်လမ်းကြောင်းများ၌ ခြောက်သွေ့ ကင်းမဲ့နေခြင်းမရှိစေရန် (သို့) စွမ်းအင်များနေရာအလိုက် မျှတနေစေရန် သတိဖြင့် စောင့်ကြည့်သင့်သည်။

လက္ခဏာရှင်အနေဖြင့် မြစ်နှင့်တူသော စွမ်းအင်စီးဆင်းရာလမ်းကြောင်းများ၌ အတားအဆီး၊ အပိတ်အဆို့ မရှိစေရန် အထူးဂရုပြုသင့်သည်။ အကယ်၍ သင်သည် နှလုံးလမ်းကြောင်းအား ထင်ရှား နက်ရှိုင်းစေလိုပါက ချစ်သူ၏ အကောင်းဆုံးစရိုက်လက္ခဏာများအား အထပ်ထပ်စဉ်းစားတွေးတောပေးပါ။ ထို့နောက် နှလုံးသားရေးရာကိစ္စများ၌ အောင်မြင်အောင် ဆုတောင်းပေးပါ။

အဓိကလမ်းကြောင်းများအပြောင်းအလဲရှိရန်အတွက် အချိန်များစွာ လိုအပ်သည်။ အချို့သောလမ်းကြောင်းငယ်များသည် သေးမျှင်ပြီး များပြားစွာပေါ်လာတတ်သည်။

အချို့သော နှစ်ထပ်လမ်းကြောင်းများသည် အဓိကလမ်းကြောင်းအနီးယှဉ်လျက် မျဉ်းပြိုင်ပုံစံတက်နေတတ်သည်။

အဆိုပါ လမ်းကြောင်းများသည် သက်ဆိုင်ရာအဓိကလမ်းကြောင်းတစ်ခုစီ၏ အကူလမ်းကြောင်းများပင် ဖြစ်သည်။

**အသားအရေချောမွေ့နူးညံ့ခြင်းနှင့် တင်းမာကြမ်းတမ်းခြင်း**

အသားအရေချောမွေ့နူးညံ့မှုနှင့် တင်းမာ ကြမ်းတမ်းမှုအပေါ် မူတည်၍ လက္ခဏာရှင်တို့၏ စိတ်ပိုင်းဆိုင်ရာများအား ခွဲခြားလေ့လာနိုင်ပါမည်။ အကယ်၍ သင်သည် လက်ဝါးပြင်အရေပြားပါးလွှာလွန်းပါက စိတ်ခံစားမှုလွန်ကဲတတ်သူဖြစ်သောကြောင့် ဆတ်ဆတ်ထိမခံတတ်သူ၊ စိတ်ဓာတ်ခွန်အားလျော့နည်းသူဖြစ်ကြောင်း သိနိုင်ပါမည်။

အကယ်၍ လက်ဝါးပြင်အရေပြားထူထဲမာတင်းနေပါက သင့်အား ရက်စက်တတ်သူ၊ ခံစားမှုကင်းမဲ့တတ်သူ၊ ပျော်ရွှင်ခြင်း၊ ချစ်ခြင်းတရားတို့အပေါ် နားလည်ခံစားတတ်ခြင်းမရှိသူဖြစ်ကြောင်း ဖော်ပြပါမည်။

အသားအရေနုသူဖြစ်စေ၊ ကြမ်းသူဖြစ်စေ၊ ပကတိအနေအထားမှ ပြောင်းလဲလိုစိတ်ရှိနေပါက လိုအပ်သောပုံစံ (အသားအရေရရှိရန်) ဆုတောင်းခြင်း၊ တရားထိုင်ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း၊ အာဟာရပြည့်အောင် ဖြည့်တင်းခြင်း. . . တို့ဖြင့် လေ့ကျင့်ပေးနိုင်သည်။

လက်ဝါးပြင်အသားအရေပြောင်းလဲမှုသည် တစ်ညအတွင်း လျင်မြန်စွာ ပြောင်းလဲတတ်သည်။ ယင်းမှာ လက်ဝါးပိုင်ရှင်၏ ဘဝနေထိုင်မှုပုံစံအပေါ် မူတည်၍ လျင်မြန်စွာ ပြောင်းလဲခြင်းပင် ဖြစ်သည်။

**လက်ဝါးပြင်အား ပြောင်းလွယ်ပြင်လွယ် သောပုံစံဖြစ်အောင် လေ့ကျင့်ပေးခြင်း**

အကယ်၍ လက်ဝါးပြင်သည် မာကျော တောင့်တင်းမှုရှိနေပါက ဘဝတစ်သက်တာအတွင်း စဉ်းစားမှုပုံစံနှင့် ခြေလှမ်းတိုင်းအား သတိပြုရမည်ဖြစ်သည်။

လက်ဝါးပြင်အသားအရေ ပြင်လွယ်၊ ပြောင်းလွယ်ဖြစ်လိုပါက မိမိပတ်ဝန်းကျင်၌ ထိတွေ့ရသောသူများနှင့် အဆင်ပြေ ကိုက်ညီမှုရှိအောင် ဘဝနေထိုင်မှုပုံစံအား ပြောင်းလဲပစ်ရမည် ဖြစ်သည်။

**ကင်မရာမျက်လုံး**

သင်သည် ဓာတ်ပုံဆရာ (သို့) ဂရပ်ဖစ်ဒီဇိုင်နာ (သို့) အသေးစိတ်ကြည့်ရသည့် စူးရှသောမျက်လုံးအား အသုံးပြုသူဖြစ်ပါက လက်ဝါးပြင်ပါကင်မရာမျက်လုံးအမှတ်သင်္ကေတပါရှိလျှင် ကောင်းသောနိမိတ်လက္ခဏာဖြစ်သည်ဟု ဆိုနိုင်သည်။ ကင်မရာမျက်လုံးပုံစံဖြစ်နေသောလမ်းကြောင်းကွေးသည် လက်သူကြွယ်အောက်ခြေတွင်ရှိနေပါက လုပ်ငန်းတိုင်း၌ ကျွမ်းကျင်မှုအဆင့်ရှိသူဖြစ်ကြောင်း ရည်ညွှန်းပြီး လက်သူကြွယ်အောက်ခြေ၌ ၎င်းလမ်းကြောင်းမပါရှိပါက လုပ်ငန်း၌ ကျွမ်းကျင်မှုရှိရန် ကြိုးစားရမည်ဖြစ်ကြောင်း အသိပေးနေခြင်း ဖြစ်သည်။

**သောကြာခါးပတ်**

လက်ခလယ်နှင့် လက်သူကြွယ်တို့အား ကွေးဝိုက်နေသော ရေပြင်ညီလမ်းကြောင်းကိုခေါ်သည်။ သောကြာခါးပတ်သည် အချစ်ရေး၊ အိမ်ထောင်ရေးတို့အား ခြွင်းချက်မရှိ အဆင်ပြေ ချောမွေ့စေသည့်နိမိတ်လက္ခဏာအား ရည်ညွှန်း



www.burmeseclassic.com

www.burmeseclassic.com

သည်။ သောကြာခါးပတ်တည်ဆောက်ပုံကောင်းမွန်ပါက သင့်ဘက်မှ အရာရာအဆင်သင့်ဖြစ်သည်နှင့် ဆုံးဖြတ်ချက်မှန်ကန်စွာချနိုင်ခြင်းကို ဖော်ပြသည်။ သောကြာခါးပတ်သည် အနုပညာရပ်၌ စိတ်ဝင်စားခြင်း၊ စိတ်ဝင်တစားလိုက်စားတတ်ခြင်း၊ အလှအပကိုမြတ်နိုးခြင်း . . . တို့ကိုလည်းကိုယ်စားပြု၏။ မေတ္တာရေး၌ စေတနာမှန်ခြင်းဖြင့် သောကြာခါးပတ်ပိုမိုထင်ရှားစေပါမည်။

**ကြာသပတေးဂြိုဟ်ခုံပေါ်ရှိ တြိဂံနှစ်ခုထိဆက်နေသောပုံစံရှိ သံနာရီအမှတ်သင်္ကေတ**

တြိဂံနှစ်ခုထိပ်ဖျားစွန်းချင်းထိစပ်နေသည့်ပုံစံရှိသော သံနာရီအမှတ်သင်္ကေတသည် လက်ညှိုးအောက်ခြေတွင်ရှိနေပါက ဆက်ဆံရေးအဆင်ပြေချောမွေ့စေသည့် အခြေအနေ၊ စီးပွားရေး၌ လက်တွဲဖော်ကောင်းရရှိမည့်အခြေအနေတို့အား ရည်ညွှန်းသည်။

ကြာသပတေးဂြိုဟ်ခုံပေါ်ရှိ (သို့) လက်ညှိုးအောက်ခြေရှိ သံနာရီအမှတ်အသားသည် စကြဝဠာဆိုင်ရာစွမ်းအင်များအား ရရှိပိုင်ဆိုင်ပြီး လှူဒါန်းပေးကမ်းသောအလုပ်၊ စေတနာ့ဝန်ထမ်းအလုပ်များ၌ များစွာ အကျိုးပေးတတ်သည်။ ၎င်းပြင် ကိုယ်ကျိုးစွန့်အနစ်နာခံတတ်ခြင်း၊ ကူညီတတ်သော စေတနာကြောင့် သူတကာထက် ကြီးပွားချမ်းသာကာ ထိပ်တန်းသို့ ရောက်တတ်ခြင်းသဘောကို ရည်ညွှန်းသည်။ ကူညီတတ်သော အလေ့အကျင့်သည် သံနာရီအမှတ်သင်္ကေတပေါ်လာမည့်ရှေ့ပြေးနိမိတ်ပင်ဖြစ်သည်။

**ဆရာတစ်ဆူဖြစ်လာမည့်အခြေအနေကို ဖော်ပြသော အမှတ်သင်္ကေတ**

ဆရာတစ်ယောက်ဖြစ်လာစေရန် နည်းလမ်းအမျိုးမျိုးရှိပြီး ဖြစ်သည်။ ဆရာတစ်ဆူဖြစ်လာနိုင်မည့်အခြေအနေကိုပြသောအမှတ်သင်္ကေတသည် လက်သန်းအောက်ခြေ နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့အကြားရှိ လမ်းကြောင်းငယ်(ဒေါင်လိုက်လမ်းကြောင်း)များပင် ဖြစ်သည်။ အများအားဖြင့် တလေးငယ်များအား စာသင်ရသည့် ဆရာ (ကျောင်းဆရာ) များအဖြစ် တွေ့ရတတ်သည်။

အကယ်၍ ဖော်ပြပါလမ်းကြောင်းငယ်များသည် ဒေါင်လိုက်ပုံစံဖြင့် များပြားနေခဲ့ပါက ဆရာအလုပ်၌ ကျွမ်းကျင်သူ၊ အတွေ့အကြုံအပေါ် မူတည်၍ စီမံဆောင်ရွက်နိုင်သူ၊ ဆရာတစ်ဦးအဖြစ် အောင်မြင်စွာရပ်တည်နိုင်သူဖြစ်ကြောင်း ညွှန်ပြနေပါမည်။

ဆရာတစ်ဆူဖြစ်မည့်အခြေအနေကို ဖော်ပြသော လမ်းကြောင်းငယ်များသည် မူလပထမ၌ လက်ဝါးပြင်၌မရှိသေးသည့်တိုင် ဆရာကောင်းတစ်ဦးအဖြစ် အားထုတ်ကြိုးစားမည်ဆိုပါက အချိန်ကာလအနည်းငယ်အတွင်း လက်ဝါးပြင်၌ပေါ်လာတော့မည် ဖြစ်သည်။ ဆရာကောင်းအဖြစ် ကြိုးစားပြီဆိုသည်နှင့် ဖော်ပြပါလမ်းကြောင်းများ မလွဲမသွေပေါ်လာတော့မည် ဖြစ်သည်။

**ရောဂါဝေဒနာသက်သာပျောက်ကင်းခြင်းကိုဖော်ပြသောလမ်းကြောင်းတိုများ**

လက်သန်းအောက်ခြေ တနင်္ဂနွေဂြိုဟ်ခုံအနီး၌ ရေပြင်ညီလမ်းကြောင်းတို (၅) ခု ပြိုင်တန်းနေခြင်းကို ခေါ်ဆိုသည်။ ၎င်းလမ်းကြောင်းတိုများသည် သူတစ်ပါးတို့အား ရောဂါဝေဒနာသက်သာပျောက်ကင်းအောင်ကုသပေးနိုင်သည့်သဘော၊ နည်းအမျိုးမျိုးဖြင့် သူတစ်ပါးအပေါ် ကူညီတတ်သည့်သဘောတို့ကို ကိုယ်စားပြုသည်။

သင့်လက်ဝါးပြင်ပေါ်တွင် ရောဂါဝေဒနာသက်သာပျောက်ကင်းခြင်း ရည်ညွှန်းသည့် လမ်းကြောင်းတို့ (၅) ခုစလုံး နက်ရှိုင်းထင်ရှားနေခဲ့ပါက ဆရာဝန်(သို့) သူနာပြုအလုပ်ဖြင့် သူတစ်ပါးအသက်ကယ်သူဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ သင့်ထံတွင် အဆိုပါလမ်းကြောင်းများ မပါရှိခဲ့ပါက မိမိတတ်ကျွမ်းသည့် ဆေးပညာနယ်ပယ်၌ ပိုမိုအစွမ်းထက်စေမည့် နည်းလမ်းများကို စဉ်းစားခြင်း များစွာလုပ်ပေးရမည် ဖြစ်သည်။

အရေးကြီးသောအချက်တစ်ချက်မှာ သူတစ်ပါးအား ကူညီမည့်သူ (သို့) ဆေးဝါးကုသ၍ရောဂါပျောက်စေလိုသူ ကိုယ်တိုင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေများအာမခံချက်ရှိသည်အထိ ကောင်းမွန်နေစေရန် လိုအပ်သည်။

အကယ်၍ ကျန်းမာရေးမကောင်းသူဖြစ်ပါက အထက်ပါရည်မှန်းချက်များအားလုံး ကြံစည်ရုံသက်သက်မျှဖြင့် လက်လျှော့ရမည် ဖြစ်သည်။

**အစီပွာယ်ထိမ်ဝှက်သော နားလည်ရခက်သောကြက်ခြေခတ်**

လက်ခလယ်အောက်ခြေ (သို့) လက်ခလယ်နှင့် လက်သူကြွယ်အောက်ခြေတို့ဆုံစည်းရာ အောက်တည့်တည့်နေရာအား ဖြတ်နေသော ကြက်ခြေခတ်ကို ဆိုလိုသည်။

အဆိုပါ ကြက်ခြေခတ်ပါရှိခြင်းဖြင့် ကောင်းသောနိမိတ်လက္ခဏာကို ရရှိစေသည်။ အကယ်၍ သင်သည် အဆိုပါကြက်ခြေခတ်အား ပိုမိုထင်ရှားကြီးမားစေလိုပါက တရားထိုင်ခြင်း၊ မေတ္တာပွားခြင်း များများပြုလုပ်ပေးပါ။

အကယ်၍ သင့်လက်ဝါးပြင်တွင် အစီပွာယ်ထိမ်ဝှက်သောကြက်ခြေခတ် မပါရှိပါက ဘာသာရေးနှင့် စိတ်တည်ငြိမ်အေးချမ်းရေးအား အာရုံစိုက်လေ့ကျင့်ပေးပါ။ အဆိုပါကြက်ခြေခတ်သည် ဘဝတစ်သက်တာအတွင်း ထူးခြားဆန်းပြားမှုများ သူမတူသောစွမ်းအင်များ ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း ရည်ညွှန်းသည်။

**နေရာဒေသပြောင်းရွှေ့ခြင်းကို ဖော်ပြသည့်လမ်းကြောင်းများ**

အသက်လမ်းကြောင်းနေရာမှ လက်ဝါးပြင်ရှိ အရပ်ထောင့်အမျိုးမျိုးသို့ ဖြာထွက်နေသော လမ်းကြောင်းခွဲများ ဖြစ်သည်။

အဆိုပါ လမ်းကြောင်းများသည် အလုပ်အကိုင်၊ နေရာဒေသပြောင်းရွှေ့ခြင်း၊ သိစိတ်နှင့်မသိစိတ် ကိုယ်စားပြုအခြေအနေများအား ရွေးချယ်ခြင်း၊ တစ်စုံတစ်ရာမလုပ်မီ ကြိုတင်ပြင်ဆင်သတိထားမိနိုင်ခြင်းတို့ကို ကိုယ်စားပြုထားသည်။ သင်သည် နေရာဒေသပြောင်းရွှေ့ခြင်းကို ဖော်ပြသည့်လမ်းကြောင်းများ ပါရှိလိုပါက ၎င်းလမ်းကြောင်းများရလာစေရန် စိတ်အတွင်းမှ ဆုတောင်းပေးပါ။ ထို့နောက် ၎င်းလမ်းကြောင်းများက သင့်အား မူလအခြေအနေထက် ပိုမိုစွမ်းအင်မြင့်တင်စေပြီး ကြီးမားသော ဆုံးဖြတ်ချက်များချနိုင်ရန် အကူညီပေးနိုင်ပါစေဟု ဆုတောင်းပေးပါ။

အကယ်၍ လက်ဝါးပြင်ပေါ်တွင် နေရာဒေသပြောင်းရွှေ့ခြင်းဖော်ပြသည့် လမ်းကြောင်းများ မပါရှိပါက ခရီးသွားရန် အစီအစဉ်စတင်ပေးပါ။ အကယ်၍ နေရာရွှေ့ပြောင်းခြင်းဆိုင်ရာလမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com

သည် ရှည်လျားနေပါက နေရာရွှေ့ပြောင်းမှုက အဝေးဆုံးသောနေရာအဖြစ် ရွေးချယ်ဖြစ်ပါမည်။ အကယ်၍ ၎င်းလမ်းကြောင်း တိုတောင်းနေပါက မူလနေထိုင်ရာနေရာမှ အနည်းငယ်ဝေးကွာသောနေရာ၌ ရွေးချယ်ဖြစ်ပါမည်။

ရွှေ့ပြောင်းခြင်းဆိုင်ရာလမ်းကြောင်းများသည် အသက်လမ်းကြောင်းပေါ် သို့ဆင်းနေသည့်ပုံစံရှိပါက ပြောင်းရွှေ့ခြင်းအတွက် အချိန်အတော်ကြာယူ၍ စဉ်းစားဆုံးဖြတ်ရန် လိုအပ်ကြောင်း ဖော်ပြသည်။

နေရာရွှေ့ပြောင်းခြင်းဆိုင်ရာလမ်းကြောင်းများအနက် မည်သည့်လမ်းကြောင်းတို့က ပိုမိုထင်ရှားနေသည်၊ မည်သည့်လမ်းကြောင်းက ဦးစွာစတင်သည် ဆိုသည်ကို သေချာစွာ စောင့်ကြည့်လေ့လာပေးပါ။

**အသက်လမ်းကြောင်းနှင့်ယှဉ်လျှက် ဒေါင်လိုက်ပုံစံရှိနေသောလမ်းကြောင်း**

အသက်လမ်းကြောင်းနှင့်ယှဉ်လျက်ပုံစံရှိနေပြီး အသက်လမ်းကြောင်းနှစ်ထပ်ပုံစံဖြစ်နေခြင်းကြောင့် အသက်လမ်းကြောင်း၏ အကူလမ်းကြောင်းအဖြစ် တွေ့ရတတ်သည်။

အသက်လမ်းကြောင်းနှင့်ယှဉ်လျက်ပုံစံရှိနေသော လမ်းကြောင်းသည် အများအားဖြင့် ကောင်းကျိုးပြုသောလမ်းကြောင်းဖြစ်ပြီး ခွန်အားကြီးခြင်း၊ စွမ်းအင်ရှိခြင်း၊ အဘက်ဘက်မှပြီးပြည့်စုံခြင်းသဘောများကို ရည်ညွှန်းသည်။

ဘဝတစ်သက်တာအတွင်း အဘက်ဘက်၌ မျှတမှုရှိစေရန် အသက်လမ်းကြောင်းနှင့်ယှဉ်လျက် ဒေါင်လိုက်ပုံစံရှိနေသောလမ်းကြောင်းက ထင်ရှားမှုရှိ၊ မရှိနှင့် ၎င်းလမ်းကြောင်းက အသက်လမ်းကြောင်းနှင့် ညီမျှမှု ရှိ၊မရှိ သေချာစွာ စစ်ဆေးရန် လိုအပ်သည်။

အကယ်၍ အမျိုးသမီးဖြစ်သူတို့၏လက်တွင် အဆိုပါလမ်းကြောင်း ထင်ရှားနက်ရှိုင်းစွာပါရှိနေပါက မိသားစုအပေါ် အာရုံစိုက်အလေးထားတတ်သူ ဇနီးကောင်း၊ မိခင်ကောင်းတစ်ဦးအဖြစ် ရပ်တည်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

**အပိုလိုဂြိုဟ်ခုံပေါ်ရှိ ကြယ်ပုံစံအမှတ်သင်္ကေတ**

လက်သူကြွယ်အောက်ခြေ (သို့) အပိုလိုဂြိုဟ်ခုံပေါ်၌ ကြယ်ပုံစံအမှတ်သင်္ကေတပါရှိနေပါက တစ်ခါတစ်ရံမကောင်းသော အခြေအနေများအား ရည်ညွှန်းသည်။

အပိုလိုဂြိုဟ်ခုံပေါ်ရှိ ကြယ်ပုံစံအမှတ်သင်္ကေတသည် ရုပ်ရှင်သရုပ်ဆောင် မော်ဒယ်လ်၊ အဂတပညာရှင်များဖြစ်လာနိုင်သည့်အခြေအနေတို့ကိုဖော်ပြသည်။ အကယ်၍ နိုင်ငံရေးသမားဖြစ်လာနိုင်မည့်သူတို့အနေဖြင့် လက်ဝါးပြင်ပေါ်၌ အဆိုပါအမှတ်သင်္ကေတ စတင်ပေါ်ပေါက်လာစေမြဲဖြစ်သည်။

တစ်နည်းအားဖြင့် အပိုလိုဂြိုဟ်ခုံပေါ်ရှိ ကြယ်ပုံစံအမှတ်သင်္ကေတသည် နာမည်ကျော်ကြားခြင်းအတွက် အထူးရည်ညွှန်းသည့်လက္ခဏာဆိုင်ရာအမှတ်သင်္ကေတလည်း ဖြစ်သည်။တစ်ခါတစ်ရံ ၎င်းအမှတ်အသားသည် ကောင်းခြင်းရော ဆိုးခြင်းကိုပါ ဖော်ပြတတ်သည်။ လက္ခဏာရှင်အနေဖြင့် ကောင်းခြင်းဖြစ်ရန် အလားအလာရှိသောအလုပ်များအား အကောင်းဆုံး ရွေးချယ်နိုင်ရန်သာ အရေးကြီးသည်။

အပိုလိုဂြိုဟ်ခုံပေါ်ရှိ ကြယ်ပုံစံအမှတ်သင်္ကေတသည် အောင်မြင်ကျော်ကြားသူဖြစ်မလာမီကာလအတော်ကြာကတည်းက ပေါ်ပေါက်နေတတ်သည်။

**ဝင်ငွေရရှိခြင်းကိုဖော်ပြသည့်တြိဂံ**

၎င်းတြိဂံကိုဦးခေါင်းလမ်းကြောင်း (သို့) လက်ဝါးပြင်ပါ ရေပြင်ညီလမ်းကြောင်း (၃) ခုအနက် အလယ်လမ်းကြောင်း၊ ကံလမ်းကြောင်း (သို့) လက်ခလယ်အောက်ခြေရှိ ဒေါင်လိုက်ပုံစံလမ်းကြောင်း၊ ဗုဒ္ဓဟူးဂြိုဟ်လမ်းကြောင်း (သို့) လက်သန်းနှင့် ထောင့်ဖြတ်ပုံစံပြေးနေသောလမ်းကြောင်းတို့ဖြင့် ဖွဲ့စည်းထားသည်။

ဖော်ပြပါ တြိဂံအရွယ်အစားပိုမိုကြီးမားထင်ရှားလာလေလေ ဝင်ငွေရရှိမှုပိုမိုအခြေအနေကောင်းလာလေလေကို ဖော်ပြသည်။

အကယ်၍ သင့်လက်ဝါးပြင်တွင် လက်ခလယ်ဆီသို့ ဦးတည်နေသောလမ်းကြောင်း (ကံလမ်းကြောင်း)ပျောက်နေပါက စီးပွားရေးလုပ်ငန်းဆိုင်ရာနှင့် ဖန်တီးနိုင်မှုစွမ်းအားများ မျှော်လင့်ချက်မဲ့တတ်သည့်အခြေအနေကိုဖော်ပြသည်။ အကယ်၍ ဗုဒ္ဓဟူးဂြိုဟ်လမ်းကြောင်းပျောက်ဆုံးနေပါက လူမှုဆက်ဆံရေး၌သာ အခက်အခဲရှိတတ်ကြောင်း ရည်ညွှန်းသည်။

ကောင်းသော အမှတ်သင်္ကေတများအား ဆက်လက် ထိန်းသိမ်းထားနိုင်ရန်နှင့် ဝင်ငွေရရှိခြင်းဖော်ပြသည်။ တြိဂံပိုမိုကြီးမားထင်ရှားနေရန် လိုအပ်သည်။ ထို့ကြောင့် ကံလမ်းကြောင်းက လက်ဝါးပြင်မှဝေးသောနေရာတွင်ရှိရန်လိုသည်။ ဗုဒ္ဓဟူးဂြိုဟ်လမ်းကြောင်းအား လက်ဝါးပြင်မှ ဝေးသောနေရာတွင်ရှိနေစေရန် လူမှုရေးနှင့် စီးပွားရေး၌ အကောင်းဆုံးပုံစံ၊ အမှန်ကန်ဆုံးပုံစံဖြင့် ဆောင်ရွက်တတ်ရန်လိုသည်။

ဦးခေါင်းလမ်းကြောင်းအား လက်ဝါးပြင်အတွင်း ဝေးသောနေရာတွင်ရှိနေစေရန် သင့်အလုပ်နှင့် အလိုဆန္ဒတို့ တစ်ထပ်တည်းကျရန် လိုအပ်သည်။

ကံလမ်းကြောင်းအားဝေးစေခြင်း- ဗုဒ္ဓဟူးဂြိုဟ်လမ်းကြောင်းအား ဝေးစေခြင်း၊ ဦးခေါင်းလမ်းကြောင်းအားဝေးစေခြင်းတို့ဖြင့် ဝင်ငွေရရှိခြင်း အဓိပ္ပာယ်ဖော်ပြသည့် တြိဂံလည်း ပိုမိုကြီးထွားလာမည်ဖြစ်သည်။

ဆန့်ကျင်ဘက် အခြေအနေဖြင့် အဆိုပါ တြိဂံကြီးထွားထင်ရှားလာခြင်းကြောင့် ဝင်ငွေပိုမိုရရှိတတ်သလို စိန်ခေါ်မှုအသစ်များလည်း ကြုံတွေ့ရမည် ဖြစ်သည်။

**သောကြာခါးပတ်အောက်တည့်တည့်မှလမ်းကြောင်း**

လက်ညှိုး၊ လက်ခလယ်ကြားမှ လက်သူကြွယ်၊ လက်သန်းကြားသို့ကွေ့ဝိုက်နေသော သောကြာခါးပတ်၏အောက်တည့်တည့်တွင်ရှိပြီး လက်ညှိုးမှ လက်သန်းသို့ ကွေ့ဝိုက်နေသော လမ်းကြောင်းအား ဆိုလိုသည်။ အဆိုပါလမ်းကြောင်းသည် လောကရှိ အရာအားလုံးထက် ရုပ်ပိုင်းဆိုင်ရာ သာယာမှုအပေါ် နှစ်သက် စွဲလမ်းတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

အဆိုပါလမ်းကြောင်းသည် ဖို-မကိစ္စများအား နှစ်သက်စွဲလမ်းသူဖြစ်ကြောင်း၊ ၎င်းကိစ္စများကြောင့်ပင် ဘဝတစ်သက်တာတိုးတက်မှုများ၌ အတားအဆီးအပိတ်အဆို့ဖြစ်ရကြောင်း ဖော်ပြသည်။ ၎င်းပြင် တစ်ခါတစ်ရံ ခန္ဓာကိုယ်၌ မတော်တဆထိခိုက်ဒဏ်ရာရမှုများရှိတတ်ပြီး ဆေးဝါးကုသမှုဆိုင်ရာ ပြဿနာများနှင့် ကြုံတွေ့ရတတ်ကြောင်း ဖော်ပြသည်။

ဦးအောင်မင်း

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ ဇွန်လ

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက် အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သော နက္ခတ်များအား အစင်အကြယ် ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့အလိုရှိရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤ အထွက်၊ အဝင်၊ ခပါဒ် နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

| ရက် | စန်းယှဉ် နက္ခတ် | နက္ခတ် ပြောင်းချိန် | စတ် ဥပါဒ် | ဝင်-ထွက် ခပါဒ် | အမြင် အကန်း |
|---|---|---|---|---|---|
| ၁ | မာဃ | ၁၈း၀၀း၀၀ | ဝရ | ခပါဒ် | ၁ ကန်း |
| | ပြုဗ္ဗဖလဂုနီ | | ဥပါဒ် | ထွက် | ၂ မြင် |
| ၂ | ပြုဗ္ဗဖလဂုနီ | ၁၈း၀၀း၀၀ | အမြိတ္တ | ဝင် | ၂ မြင် |
| | ဥတ္တရဖလဂုနီ | | လာဘ | ဝင် | ၂ ကန်း |
| ၃ | ဥတ္တရဖလဂုနီ | ၁၈း၃၇း | ဥပါဒ် | ထွက် | ၂ ကန်း |
| | ဟဿတ | | မိတ္တ | ထွက် | ၂ မြင် |
| ၄ | ဟဿတ | ၁၉း၂၆း၅၄ | လာဘ | ဝင် | ၂ မြင် |
| | စိတြ | | သိဒ္ဓိ | ဝင် | ၁ ကန်း |
| ၅ | စိတြ | ၂၁း၂၂း၅၅ | မိတ္တ | ထွက် | ၁ ကန်း |
| | သွာတိ | | ကာဏ | ထွက် | ၂ မြင် |
| ၆ | သွာတိ | ၂၃း၀၈း၃၄ | သိဒ္ဓိ | ဝင် | ၂ မြင် |
| | ဝိသာခါ | | ဝရ | ခပါဒ် | ၂ ကန်း |
| ၇ | ဝိသာခါ | မပြောင်း | ကာဏ | ထွက် | ၂ ကန်း |
| ၈ | ဝိသာခါ | ၀၁း၄၄း၄၄ | သိဒ္ဓိ | ဝင် | ၂ ကန်း |
| | အနုရာဓ | | ဝရ | ခပါဒ် | ၂ ကန်း |
| ၉ | အနုရာဓ | ၀၃း၅၁း၂၆ | ကာဏ | ထွက် | ၂ ကန်း |
| | ဇေဋ္ဌ | | အမြိတ္တ | ဝင် | ၁ ကန်း |
| ၁၀ | ဇေဋ္ဌ | ၀၆း၄၀း၀၀ | ဝရ | ခပါဒ် | ၁ ကန်း |
| | မူလ | | ဥပါဒ် | ထွက် | ၁ ကန်း |
| ၁၁ | မူလ | ၀၉း၀၉း၄၉ | အမြိတ္တ | ဝင် | ၁ ကန်း |
| | ပြုဗ္ဗာသဠ် | | လာဘ | ဝင် | ၂ မြင် |
| ၁၂ | ပြုဗ္ဗာသဠ် | ၀၄း၄၈း၀၀<br>၁၇း၅၃း၂၇ | ဥပါဒ် | ထွက် | ၂ မြင် |
| | အဘိဇိ | | မိတ္တ | ထွက် | × |
| | ဥတ္တရာသဠ် | | ကာဏ | ထွက် | ၂ ကန်း |
| ၁၃ | ဥတ္တရာသဠ် | ၁၃း၄၆း၄၀ | သိဒ္ဓိ | ဝင် | ၂ ကန်း |
| | သရဝဏ် | | ဝရ | ခပါဒ် | ၂ မြင် |
| ၁၄ | သရဝဏ် | ၁၄း၄၄း၁၃ | ကာဏ | ထွက် | ၂ မြင် |
| | ဓနသိဒ္ဓ | | အမြိတ္တ | ဝင် | ၁ ကန်း |
| ၁၅ | ဓနသိဒ္ဓ | ၁၅း၂၇း၂၇ | ဝရ | ခပါဒ် | ၁ ကန်း |
| | သတဘိသျှ | | ဥပါဒ် | ထွက် | ၂ မြင် |
| ၁၆ | သတဘိသျှ | ၁၅း၅၁း၅၂ | အမြိတ္တ | ဝင် | ၂ မြင် |
| | ပြုဗ္ဗဘဒြပိုဒ် | | လာဘ | ဝင် | ၂ ကန်း |
| ၁၇ | ပြုဗ္ဗဘဒြပိုဒ် | ၁၅း၄၄း၁၆ | ဥပါဒ် | ထွက် | ၂ ကန်း |
| | ဥတ္တရဘဒြပိုဒ် | | မိတ္တ | ထွက် | ၂ ကန်း |
| ၁၈ | ဥတ္တရဘဒြပိုဒ် | ၁၅း၂၀း၃၉ | လာဘ | ဝင် | ၂ ကန်း |
| | ရေဝတီ | | သိဒ္ဓိ | ဝင် | ၁ ကန်း |
| ၁၉ | ရေဝတီ | ၁၄း၂၈း၃၄ | ဝရ | ထွက် | ၁ ကန်း |
| | အာသဝဏီ | | ကာဏ | ထွက် | ၁ ကန်း |
| ၂၀ | အာသဝဏီ | ၁၃း၀၇း၃၀ | သိဒ္ဓိ | ဝင် | ၁ ကန်း |
| | ဘရဏီ | | ဝရ | ခပါဒ် | ၂ မြင် |
| ၂၁ | ဘရဏီ | ၁၁း၃၇း၃၀ | ကာဏ | ထွက် | ၂ မြင် |
| | ကြတ္တိကာ | | အမြိတ္တ | ဝင် | ၂ ကန်း |
| ၂၂ | ကြတ္တိကာ | ၁၀း၀၇း၃၀ | ဝရ | ခပါဒ် | ၂ ကန်း |
| | ရောဟဏီ | | ဥပါဒ် | ထွက် | ၂ မြင် |
| ၂၃ | ရောဟဏီ | ၀၈း၃၇း၂၀ | အမြိတ္တ | ဝင် | ၂ မြင် |
| | မိဂသီ | | လာဘ | ဝင် | ၁ ကန်း |
| ၂၄ | မိဂသီ | ၀၇း၀၇း၃၀ | ဥပါဒ် | ထွက် | ၁ ကန်း |
| | အဒြ | | မိတ္တ | ထွက် | ၂ မြင် |
| ၂၅ | အဒြ | ၀၅း၃၇း၃၀ | လာဘ | ဝင် | ၂ မြင် |
| | ပုနဗ္ဗုသျှ | | သိဒ္ဓိ | ဝင် | ၂ ကန်း |
| ၂၆ | ပုနဗ္ဗုသျှ | ၀၄း၀၇း၃၀ | မိတ္တ | ထွက် | ၂ ကန်း |
| | ဖုသျှ | | ကာဏ | ထွက် | ၂ ကန်း |
| ၂၇ | ဖုသျှ | ၀၂း၄၂း၃၅ | သိဒ္ဓိ | ဝင် | ၂ ကန်း |
| | အသလိဿ | | ဝရ | ခပါဒ် | ၁ ကန်း |
| ၂၈ | အသလိဿ | ၀၂း၀၀း၀၀ | ကာဏ | ထွက် | ၁ ကန်း |
| | မာဃ | | အမြိတ္တ | ဝင် | ၁ ကန်း |
| ၂၉ | မာဃ | ၀၂း၀၀း၀၀ | ဝရ | ခပါဒ် | ၁ ကန်း |
| | ပြုဗ္ဗဖလဂုနီ | | ဥပါဒ် | ထွက် | ၂ မြင် |
| ၃၀ | ပြုဗ္ဗဖလဂုနီ | ၀၂း၀၀း၀၀ | အမြိတ္တ | ဝင် | ၂ မြင် |
| | ဥတ္တရဖလဂုနီ | | လာဘ | ဝင် | ၂ ကန်း |

ဤဇယားတွင်-

ပြုဗ္ဗာသဠ်နက္ခတ် နောက်ဆုံး ၁ ပါဒ်နှင့် ဥတ္တရာသဠ်နက္ခတ် အစဆုံး ၁ပါဒ်တို့ကို အဘိဇိနက္ခတ်ဟု ယူကာ တွက်ထားပါသည်။

၉-၆-၂၀၁၇၊ သောကြာနေ့ ည ၈း၀၄း၂၂ နာရီတွင်လပြည့်ပြီး ၂၄-၆-၂၀၁၇၊ စနေနေ့ နံနက် ၀၉း၄၉း၁၆ နာရီတွင် လကွယ်သည်။

အသုံးတည့်ပါစေသော်ဝါ။

ဦးအောင်စောဝိုင်း (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com



# နေပြည်တော်ကျော်ကျော်စိုး

## ပြုကျော်

**၁ လီရှောကုန်းစံရွာ**

လီရှောကုန်းစံရွာကလေးသည် မိုးကုတ်မြို့နယ် ချောင်းကြီးအုပ်စုတွင် ပါဝင်သော လီဆူးခေါ် လီရှောရွာလေး ဖြစ်သည်။ ထိုရွာလေးသည် အိမ်ခြေ (၅၀) မျှရှိကာ နတ်စားခေါ် နတ်ကိုးကွယ် သောရွာလေးဖြစ်ကာ တစ်ရွာလုံး အိမ်ကြီးအိမ်ကောင်းတို့ဖြင့် သာသာယာယာ ရှိသော တောင်ပေါ် ရွာကလေးတစ်ရွာ ဖြစ်သည်။

နတ်ကိုးကွယ်သောရွာဖြစ်သည့် အားလျော်စွာ ရွာ၏အနည်းငယ်ဖြင့် မောက်သောနေရာ၌ နတ်ကွင်းကြီး တည်ဆောက်ထားလေ၏။ ထိုနတ်ကွင်း ဝန်းကျင်ဝယ် ကိုင်းဖျားတို့၌ ပန်းများလှပစွာပွင့်၍ ကိုင်းရင်းတို့၌ ကတ္တီပါသဖွယ် နီညိုရောင်အမွေးနုတို့ဖြင့်အပြွတ်လိုက် သီးသောအသီးတို့ရှိသည့်အပင်ကြီးများ တည်ရှိသဖြင့် အုပ်မှိုင်း၍နေလေသည်။ ထိုအပင်တို့ကို ထိုဝန်းကျင်၌သာတွေ့ရပြီး အပွင့်တခြားအသီးတခြားဖြစ်၍ စိတ်ဝင်စား၍မေးကြည့်သောအခါ သူတို့လည်း ဘာပင်မှန်းမသိကြပေ။ ထူးခြားသောအပင်ကြီးများဖြစ်ကာ ထိုအပင်ကြီးတို့၏ခွဆုံတို့၌ တောင်လှေကားခေါ် သစ်ခွပန်းများ သန်မာထွားကျိုင်းစွာပွင့်လျက်ရှိသဖြင့် လှပတင့်တယ်လှပေ၏။ နတ်ကို အလေးထား ကိုးကွယ်သော တိုင်းရင်းသားများဖြစ်ရာ ထိုလှပသော တောင်လှေကားသစ်ခွပန်းတို့ကို မတို့ထိရဲကြပေ။ ခူးမည့်သူမရှိ၍ လှချင်တိုင်း လှနေပေ၏။

ထိုနတ်စားလီရှောရွာလေး၌ အခြားတိုင်းရင်းသားများ နေထိုင်ခြင်းမရှိဘဲ လီရှောများသာနေသဖြင့် ရွာသန့်ပါသည်။ ထိုရွာ၌ ရွာကိုအုပ်ချုပ်သော ရ[illegible] ဥက္ကဋ္ဌနှင့် ဘာသာရေးခေါင်းဆောင် နတ်ဆရာအား အလေးထားသဖြင့် ထိုသူတို့၏ဩဇာအာဏာသည် အရေးပါလှပေ၏။အထူးသဖြင့် နတ်ဆရာဖြစ်သည်။ နတ်ဆရာကား နတ်ဓလေ့ထုံးစံအရ သာရေးနာရေးကိစ္စဟူသမျှ သူကသာ ဦးဆောင်ဦးရွက်စီမံပြုလုပ်ရပါသည်။

သူတို့ရွာလေး၌ အိမ်တိုင်းတွင် စမ်းချောင်းမှသွယ်ယူထားသောရေကြည်တို့ ဥဒဟိုသွားလာလျက်ရှိရာ ထိုရေကို ဝါးရေသွယ်လျှောက်ဖြင့် သွယ်ထားသဖြင့် သုံးရန် အဆင်ပြေလေ၏။ ထိုရေကို ငါးကန်ထဲသွင်းကာ ရေထွက်ကို စကာစိတ်ဖြင့် ငါးများမထွက်နိုင်စေရန် ပိတ်ထားလိုက်၏။

ထိုငါးကန်၏အပေါ်တွင် သစ်တုံးများဖြင့်ဆင့်လုပ်၍ ဝက်များမွေးထားပါသည်။ ဝက်ချေးတို့ အောက်တိုမစ်တစ် ငါးကန်ထဲကျကာ ငါးစာဖြစ်ရလေ၏။ မွေးမြူရေးငါးကြင်းတို့သည် ဖြစ်ထွန်းလှပေ၏။

ဝက်နှင့်မြင်းတို့အတွက်မူ အရက်ချက်ရာမှ စွန့်ပစ်ပစ္စည်းဖြစ်သောကြောင့် စိမ်ရည်ဖတ်များကျွေးခြင်းဖြင့် အဆင်ပြေလေ၏။ ပြောင်းမှာ အဖူးပြောင်းနှင့် နံ့စားပြောင်းဟူ၍ နှစ်မျိုးရှိရာ နှစ်မျိုးလုံး အသုံးပြုသည်ကိုတွေ့ရပြီး အဖူးပြောင်းမှာ ပို၍အဆင်ပြေလေ၏။

လီရှောတို့ချက်သောအရက်သည် ပြောင်းဖတ်များမြင်းဝက်ကျွဲနွားကျွေးကြ ရာ သိပ္ပံဆေးများမကူဘဲ ရိုးရာ တဆေးဖြင့်သာပြုလုပ်၍ချက်ကြရာ အရက်သည် ဓာတုကင်းစင်လျက် ချိုပြီးမွှေးနေကာ အလွန်ပင်ပြင်းလေ၏။ မီးဟုန်းဟုန်းတောက်သောအရက်တို့ဖြစ်ရာ မိုးကုတ်လီရှောအရက်သည် လွန်စွာနာမည်ကြီးလှပေ၏။

ထိုသို့ အရက်ကိုရောင်းကာ ပြောင်းပြန်ဝယ်၍ အရက်ချက်ပြီး စွန့်ပစ်ပစ္စည်းဖြစ်သော ပြောင်းဖတ်များအား မြင်းစာ၊ဝက်စာလုပ်ကြရပါသည်၊ သယ်ယူပို့ဆောင်ရေးအတွက်မြင်းနှင့် သာရေးနာရေးကိစ္စများ နတ်ကိုးခြင်း၊ လိပ်ပြာခေါ်ခြင်းကိစ္စများဆောင်ရွက်သော ဝက်သည် မရှိမဖြစ်ပစ္စည်းဖြစ်၏။ ထို့ကြောင့် အိမ်တိုင်း၌ မြင်း၊ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲ၊ ငါး၊ ပျား စား၍ရသမျှ အကုန်မွေးကြရာ အတုယူဖွယ်ကောင်းလှပေ၏။

သူတို့ရွာ၌ ဈေးမှသားငါးဝယ်စားခွင့်မရှိပါ။ ဝယ်စားသော် ထိုသားငါးတို့မှ ဝက်နာကြက်နာစသောပိုးမွှားများ ပါလာကာ သူတို့ရွာ၌ မွေးထားသော အကောင်များအား ကူးစက်နိုင်သဖြင့် ခွင့်မပြုပေ။ စားလိုသော် ဝက်ကို [illegible]အိမ်

www.burmeseclassic.com

ကိုယ့်အိမ် အလှည့်ကျလုပ်၍ ရောင်းချပေးသဖြင့် အဆင်ပြေလေ၏။ ကြက်သားစားလိုသော် အိမ်တိုင်း၌ကြက်ရှိ၏၊ ဘဲရှိ၏။ ငါးကား အချိန်မရွေးဖမ်း၍စားနိုင်၏၊ သို့တွက် ကုန်ကျစရိတ်အတော်ပင် သက်သာကြလေ၏။ ဈေးမှအမြတ်တနိုး ဝယ်ယူစားသောက်ကြသည်မှာ အောက်ပြည်အခေါ် ငါးပိကောင်၊ သူတို့အခေါ် ငါးဆားနယ်နှင့်ငါးခြောက်၊ ပုစွန်ခြောက်တို့သာဖြစ်ပါသည်။ ဆန်၊ ဆီ၊ ဆားရှိပါက သူတို့အတွက် အဆင်ပြေပြီဖြစ်၏။ အိမ်တိုင်းတွင် ရာသီအလျောက် မုန်ညင်း၊ ဂျုံ၊ ပဲသီး၊ ကြက်သွန်ဖြူစသည့်ဖြင့် အမြဲစိုက်ပျိုးရောင်းချကြရာ သီးနှံလည်းဝယ်စရာမလိုဘဲ [illegible] ဆတ်ဆတ်စားကြရလေ၏၊

ထို့ကြောင့် လီရှောတို့သည် တရုတ်မျိုးနွယ်စုဖြစ်သည့်အားလျော်စွာ ဖြူဖွေး တုတ်ခိုင်၍ လှပကြပါသည်။ မိန်းကလေးများသည် လည်းကောင်း ယောက်ျားလေးများသည် လည်းကောင်း ရိုးရာဝတ်စုံကို မြတ်မြတ်နိုးနိုးဝတ်ဆင်ကြသဖြင့် တစ်မျိုးတစ်ဘာသာကြည့်၍ကောင်းလေ၏။ ရိုးသားဖြူစင်သောစိတ်ထားတို့ကြောင့် ချစ်ခင်ဖွယ်ကောင်းလူ[illegible]၏။ ထို့ကြောင့် [illegible]သည် အေးချမ်းကာ စည်းလုံးညီညွတ်ကြပါသည်။

■ လီရှောနှစ်သစ်ကူးဓလေ့

ယခု ရေးသား တင်ပြနေသည်မှာ တော်လှန်ရေးအစိုးရလက်ထက် ၁၉၇၄ ခုနှစ်ဝန်းကျင်ဖြစ်သည်။ ထိုအချိန်၌ လီရှောတို့တွင် ခရစ်ယာန်ဘာသာနှင့် နတ်စားခေါ် နတ်ကိုးကွယ်သောဘာသာ





www.burmeseclassic.com

www.burmeseclassic.com

နှစ်ခုသာရှိချိန်ဖြစ်သည်။

လီရှောတို့သည် လူမျိုးတူ၏။ စကားတူ၏။ အဝတ်အစားတူ၏။ ကိုးကွယ်သည့်ဘာသာ ခြားနားသွားသောအခါ နှစ်သစ်ကူးပွဲတော်လုပ်ရာ၌လည်းကောင်း၊ လူမှုကိစ္စအဝဝ၌လည်းကောင်း မတူညီကြတော့ပေ။ ခရစ်ယာန်ဘာသာ၌ နတ်ဆရာသည် အရာမဝင်တော့ပေ။ ခရစ်ယာန်ဘာသာ၌ နတ်တင်ခြင်း၊ လိပ်ပြာခေါ်ခြင်း၊ မိဘဘိုးဘွားများတို့အား ပူဇော်ကန်တော့ခြင်းဟူသော နတ်ဆရာဦးစီးလုပ်ကိုင်ရသော ဓလေ့တို့မရှိပေ။

ခရစ်ယာန်ဘာသာဝင်တို့ကား နှစ်သစ်ကူးကာလကို ကမ္ဘာမှပြုလုပ်သော ခရစ္စမတ်နှစ်သစ်ကူးပွဲတော်အတိုင်း ပြုလုပ်ကြပါသည်။

အမှန်သော် လီရှောတို့သည် တရုတ်မျိုးနွယ်စုတို့ဖြစ်ကာ ယခုထိတိုင် မြန်မာနိုင်ငံနှင့် ဆက်စပ်နေသော ယူနန်ပြည်နယ်၌ အများအပြားနေထိုင်ကြပါသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီကပင် မြန်မာနိုင်ငံသို့ အများအပြားဝင်ရောက်အခြေချနေထိုင်ကြသဖြင့် တိုင်းရင်းသားမျိုးနွယ်စု၌ပါနေခြင်း ဖြစ်သည်။ လီရှောအများစုသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် အများအပြားနေထိုင်ကြကာ နောင်သော် မိုးကုတ်ပတ္တမြားမြေသို့ အခြေချလာရောက်နေထိုင်ကြခြင်း ဖြစ်သည်။

နတ်စားလီရှောတို့၏ နှစ်သစ်ကူးပွဲတော်သည် တရုတ်နှစ်သစ်ကူးပွဲတော် ဖြစ်သည်။ သူတို့သည် ရိုးရာတရုတ်တို့ကဲ့သို့ ကမ္ဘည်းတိုင်ကို ကိုးကွယ်ပသကြသလို တရုတ်ဓလေ့ထုံးစံအတိုင်းကျင့်သုံးနေထိုင်ကြပါသည်။ လီရှောများစုသည် တရုတ်စကားလည်းတတ်ကာ အချို့တရုတ်လိုပြောဆိုသည်လည်းရှိ၏။

တရုတ်နှစ်သစ်ကူးပွဲတော်ကား မြန်မာတပို့တွဲလအတွင်း၌ ကျင်းပသည်များ၏။ ထိုတရုတ်နှစ်သစ်ကူးပွဲတော်နှင့်အတူ မြန်မာနိုင်ငံရှိ နတ်စားလီရှောတို့သည် နှစ်သစ်ကူးပွဲတော်ကျင်းပရန် ကြိုတင်ပြင်ဆင်ကြပြီ ဖြစ်သည်။

ထိုအခါ မရှိမဖြစ်သည်မှာ ငွေဖြစ်သည်။ နှစ်သစ်ကူးပွဲတော်ကျင်းပနိုင်ရေးအတွက် ပြည့်စုံကြွယ်ဝသူတို့မှာ မပူပင်ရသော်လည်း လက်လုပ်လက်စားဆင်းရဲသား လီရှောတို့မှာမူ ထိုနှစ်ကူးပွဲတော်ကျင်းပနိုင်ရန် ကြိုတင်စုဆောင်းကြရသည်။ မစုဆောင်းနိုင်သူတို့မှာမူ အတော်ပင် အခက်ကြုံရပါသည်။

မြန်မာနှစ်သစ်ကူးသင်္ကြန်ကာလ၌ မြန်မာတို့ကား ရှိရှိမရှိရှိ ဘာသိဘာသာနေ၍ရသော်လည်း လီရှောတို့ကား ထိုသို့မရပါ။ လီရှောတို့၏ နှစ်သစ်ကူးကာလသည် တစ်လတိတိကြာမြင့်၏။ ထိုတစ်လစာကိုလည်း စုဆောင်းထားရ၏။ ထို့ပြင် လီရှောမောင်မယ်တို့၏အကများသည် လီရှောရွာတစ်ရွာလုံးတစ်အိမ်မျှမကျန်အောင် ညစဉ်လှည့်လည်၍ကကြ၏။ ထိုတစ်လ၌ ဘာအလုပ်မှမလုပ်ကြတော့ပေ။

အိမ်တိုင်း၌ ရှေးအခါက အိမ်ပေါ်တက်၍ကကြသောဓလေ့ရှိသည်။ ထိုသို့ကသော လူလေးငါးဆယ်စည်းချက်ညီညီခုန်၍ကသဖြင့် အလွန်တောင့်တင်းအောင် ဆောက်ထားသောအိမ်များပင် ကျိုးကျလေ၏။ ထိုအခါ အိမ်ရှင်သောက ဖြစ်ရသလို ကခုန်သူများလည်း ကျိုးပဲ့ဒဏ်ရာရကြ၏။ ထို့ကြောင့် အိမ်ကျိုးမကျနိုင်အောင် သစ်ချောင်းတို့ဖြင့် အောက်မှ ကြိုတင်ထောက်ထားကြရပါသည်။ ထိုသို့ကနိုင်အောင် လီရှောကုန်းစံရွာမှ အိမ်ကြီးများသည် မှန်ပြတင်းတို့ဖြင့် ခေတ်မီမီကြီးမားစွာစီမံပြုလုပ်ထားကြခြင်းဖြစ်သည်။

နောက်သော် နှစ်သစ်ကူးပွဲတော်ကနိုင်ရန် အိမ်ကိုကြိုတင်ပြင်ဆင်ရခြင်းမှကင်းအောင်၊ ထို့ပြင် အိမ်ကျိုးကျခြင်းဘေးမှကင်းအောင် အိမ်ရှေ့ကွက်လပ်၌ ခရစ္စမတ်သစ်ပင်ကဲ့သို့ တောထဲမှ စိတ်ကြိုက်အလောတော်သစ်ပင်ကိုခုတ်၍ ထမ်းယူလာကာ စိုက်ထားလိုက်ပြီး အလှဆင်လိုက်ကြလေ၏။ အိမ်ပေါ်တွင်မကတော့ဘဲ ထိုနှစ်သစ်ကူးအပင်၌သာ ဝိုင်းပက်ကာ ကကြလေတော့၏။ သူတို့အကသည် ခြေဆောင့်၍ခြေကွက်ဖြင့်ကကြရာ မြေကြီးပေါ်ဖြစ်၍ ကြိုက်သလောက်ခုန်နိုင်ကြပေပြီ။

ရုံဖန်ရုံခါ ယောကျ်ားတစ်ဝိုင်း၊ မိန်းမတစ်ဝိုင်း လက်ချင်းတွဲ၍ စက်ဝိုင်းသဏ္ဌာန် လှည့်ပတ်ခုန်ပေါက်၍ ကကြ၏။ ရုံဖန်ရုံခါ ယောကျ်ားနှင့်မိန်းမလက်ချင်းတွဲကာ ဝိုင်းကြီးပတ်ပတ်ကကြ၏။ ဘယ်ပြန်ညာပြန်လှည့်၍ သူ့အကွက်နှင့်သူကကြ၏။

တူရိယာမှာ လီရှောလက်လုပ်စောင်းများနှင့် ဖူးပလွေဖြစ်သည့် လက်လုပ်စောင်းသည် သစ်ကိုထွင်း၍လုပ်ထားပြီး လိုဏ်သံထွက်အောင် ချေသားရေ မြွေသားရေတို့ဖြင့် အုပ်ထားသည်။ ကြိုးကိုမူ ဂစ်တာဝမ်းကြိုးသုံးချောင်းအားအလျှော့အတင်းပြုကာ အသံသုံးမျိုးထွက်အောင်ပြုထားပြီး လက်ညှိုးနှင့်လက်မ၌ သံလက်ခတ်စွပ်ကာတီးခြင်းဖြစ်သည်။ တီးရင်းစောင်းအိုးကို စည်းချက်သံထွက်အောင်ခေါက်ရာ အဝေးမှနားထောင်သော် ‘ဗျတ်ဂေါက်၊ ဗျတ်ဂေါက်’ ဟု ကြားနေရလေ၏။ အနီးကပ်နားထောင်မှသာ စောင်းသံကို ကြားရပါသည်။ ထိုသည်ကို လီရှောစောင်းဟုခေါ်တွင်၏။ လီရှောတို့လူပျိုအပျိုလှည့်ရာတွင် အလွန်အသုံးဝင်သော တူရိယာဖြစ်ပါသည်။ ထိုစောင်းမျိုးသည် ကိုယ့်ဟာကိုယ်လုပ်၍ရရာ လူတိုင်းနီးပါးပိုင်ဆိုင်ကြပါသည်။

သစ်ပင်မှာ တစ်လတိတိစိုက်ထားရရာ အရွက်များကြွေမကျနိုင်သော အပင်တို့ကို ရှာဖွေ၍ခုတ်ကြရပါသည်။ နှစ်သစ်ကူးပွဲတော်အတွက် နှစ်သစ်ကူးသစ်ပင်သည် ထင်းရှူးပင်အကောင်းဆုံးဖြစ်သော်လည်း ထင်းရှူးပင်ပေါက်ရောက်ရာဒေသမှာ လွန်စွာဝေးသဖြင့် ပိုက်ဆံတတ်နိုင်သူ အနည်းငယ်သာ ထင်းရှူးပင်ကိုမှာယူ၍ ဂုဏ်ယူဝင့်ကြွားစွာ စိုက်နိုင်ကြလေ၏။

သာမန်လူတို့မှာမူ အနောက်ဘက်တွင် ထီးထီးမားမားရပ်တည်နေသော တောင်မင်းတောင်ကြီး၏အောက်ခြေတောနက်ထဲမှအပင်၌ အရွက်ကြာကြာနေနိုင်စွမ်းရှိသော သစ်အယ်ညိုပင်ကို တစ်ထမ်းနိုင်အလောတော်ရှာ၍ ခုတ်ကြရ၏။ အများဆုံးအသုံးပြုကြသော နှစ်သစ်ကူးသစ်ပင်ကား သစ်အယ်ညိုပင်များသာ ဖြစ်ကြပါသည်။ သစ်အယ်ညို၏အရွက်ကား သပြေရွက်နှင့် ဆင်ဆင်တူပါသည်။

စောင်းတီးသူ၊ ဖူးဗလွေမှုတ်သူတို့သည် လူကြီးများသာဖြစ်ပြီး သူတို့လည်း တီးရင်းမှုတ်ရင်း ဝိုင်းပတ်၍ကကြ၏။ လူပျို၊ အပျိုတို့မှာမူ လက်ချင်းယှက်ကာ ချစ်ခင်ရင်းနှီးစွာ ကခုန်ကြလေ၏။

ပျော်တတ်သော လူငယ်အချို့မှာ လီရှောမလေးများ၏ခါးစည်းကြိုးမှ ပန်းပွားအမြီးရှည်လှလှများအား တစ်ဦးနှင့်တစ်ဦးပူး၍ ခပ်မြန်ချည်တတ်ကြသည်။ ကပြီး၍ အမြီးချင်းဆက်နေသော ပျော်ရွှင်ရယ်မောကြလေ၏။ ခါးစည်းကြိုးမှာ ဆယ်တောင်မျှရှည်ကာ ကြိုး၏အဆုံးတွင် လှပသောပန်းပွားများဖြင့် စီမံပြုလုပ်ထား၍ အတော်ပင်လှပါသည်။ နှစ်သစ်ကူးပွဲတော်မှ စိတ်ဆိုးခြင်းမရှိကြပေ။ အားလုံးပင် ပျော်ရွှင်ကြည်နူးနေကြပါသည်။

ထိုနှစ်သစ်ကူးအကပွဲ၌အရွယ်စုံ

www.burmeseclassic.com

ပါ၏။ လူမျိုးမရွေးဝင်၍ လက်တွဲကာ ကနိုင်၏။ သူတို့အော်ကာ ကောင်းချီးပြု သလို 'ကူရှေး ကူရှေး'ဟု ရော၍အော်နိုင်၏။ ကျွန်ုပ်တို့ကမူ 'ကူကေး၊ ကူကေး' ဟူ၍ အော်ကာ စကြလေ၏။ အရွယ်မရွေး လူတန်းစားမရွေး ကျားမမရွေး လူမျိုးမရွေးဝင်၍ပျော်နိုင်သောပွဲဖြစ်ရာ ကြည်နူးဖွယ်ဖြစ်သည်။

**□ ပွဲအတွက်မသိုးထမင်းမသိုးဟင်းများ**

လီရှောနှစ်သစ်ကူးပွဲတော်အတွက် ဝက်ပေါ်ခြင်းအလုပ်အား တစ်လမျှ ကြိုတင်ပြုလုပ်ကြရပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်လမျှကြာသော ထိုပွဲတော်အတွက် မသိုးထမင်းမသိုးဟင်းများ ကြိုတင်စီမံကြရပါသည်။ ဝက်ပေါ်သောအခါ အသားများအား အရက်၊ ချင်း၊ ရှောက်ကော၊ ပါကော စသည့် အမွှေးအကြိုင်တို့ဖြင့်နယ်ကာ၊ ငါးဆယ်သားတွဲများအဖြစ် ထန်းလျှော်ဖြင့်တွဲကာ နေတွင်လှန်းကြပါသည်။ ဆားကိုမူမျှရုံထည့်နယ်ပါသည်။ ကြာကြာလှန်းသော် အလွန်မွှေးကြိုင်သည့်ဝက်သားခြောက်တို့ ဖြစ်ကုန်ကြလေ၏။

ဝက်အဆုတ်၊ ဝက်သည်းစသော ကလီစာများအား တောက်တောက်စဉ်းကာ အရက်၊ ရှောက်ကော၊ ပါကော၊ ချင်းတို့ဖြင့်နယ်ရပါသည်။ ဝက်အူကြီးကိုမူ ပြောင်စင်စွာဆေးလျက် ရေနွေးတွင် ခေတ္တစိမ်ကာ လေဖြင့်မှုတ်၍ အလုံပိတ်ကာ နေတွင်ခေတ္တလှမ်းရ၏။ လှမ်းပြီးသော လေပြန်လျှော့ကာ ထိုအူထဲသို့ ပုလင်းကိုဖြတ်ထားသော ကတော့ဖြင့် နယ်ထားသော ဝမ်းတွင်းကလီစာများအား ဖြည်းဖြည်းချင်း တုတ်ဖြင့်ထိုးသွင်းရ၏။ ဝမ်းတွင်းကလီစာများသည် ထိုအူနှင့်ကွတ်တိဖြစ်၏။ ပြီးသော် ရှည်လျားသောဝက်အူချောင်းကြီးအား ထန်းလျှော်ဖြင့် အပိုင်းပိုင်းချည်ကာ အိမ်၏တံစက်မြိတ်တွင်ချိတ်ကာ လှန်းထားလိုက်တော့၏။ ကြာသော် နီညိုရောင်ပြောင်းသွားပါသည်။ ထိုသည်မှာ ဝက်အူတစ်ချောင်းစစ်စစ်ဖြစ်တော့၏။ မိတ်သင်္ဂဟများသူတို့မှာ နှစ်ကောင်သုံးကောင်ပေါ်လေ့ရှိသည်။ ခြောက်သွားသောအခါ စဥ့်အိုးကြီးများဖြင့် လှောင်ထားလိုက်လေ၏။

ဝက်ရိုးတို့ကိုမူ စဥ့်အိုးကြီးများတွင် ခုတ်ပိုင်း၍ထည့်ကာ အရက်၊ ချင်းနှင့် အမွှေးအကြိုင်များထည့်ကာ အလုံပိတ်လိုက်တော့၏။ မိုးရာသီရောက်သော် အရိုးအားလုံးနူးညံ့ကာ အရိုးချဉ်ဖြစ်၍နေသဖြင့် ယောက်ချိုဖြင့်ကော်ကာ ကြော်စားကြပါသည်။ ဂျုံး၊ မုန်ညင်း စသည်တို့ဖြင့်လည်း ရော၍ကြော်စားကြပါသည်။ ချဉ်ဖုံးဖုံးနှင့်စား၍ ကောင်းလေ၏။ ဤသည်မှာ ကြိုတင်စီမံထားသော မသိုးဟင်းတစ်မည်ဖြစ်သည်။ ထိုဝက်သားခြောက်ကား မွှေးနေကာ အလွန်အရသာရှိပါသည်။

နောက်တစ်မည်မှာ မုန်ညင်းအခြောက်ချဉ်ဖြစ်သည်။ မုန်ညင်းအခြောက်ချဉ်ကိုလည်း စဥ့်အိုးကြီးဖြင့် ကြိုတင်စီမံထားရသော မသိုးဟင်းတစ်မျိုးဖြစ်သည်။ အမွှေးအကြိုင်၊ ငရုတ်သီးခြောက်၊ ပဲပိုးတီ၊ မုန်လာပန်း၊ မုန်လာဥနီ၊ မုန်လာဥဖြူ စသည်တို့ဖြင့် ပြုလုပ်ရရာ ကုန်ကျစရိတ်ကမ်းသေးလှပေ။ နှစ်ပတ်လည်ထား၍ရသော မသိုးဟင်းတစ်မျိုးဖြစ်လေ၏။

ပြီးသော် ထိုဟင်းတို့ဖြင့် တွဲဖက်စားသုံး၍ရအောင် ကောက်ညှင်းဖြင့် ခေါ်ပုတ်ထောင်းကာ ခေါ်ပုတ်များစွာ ပြုလုပ်ကြရပြန်ပါသည်။ ခေါ်ပုတ်အား ရှိုးရိုးကောက်ညှင်းဆန်၊ ငချိပ်ကောက်ညှင်းဆန်တို့ဖြင့် ပြုလုပ်ကာ ဆီဝအောင်သုတ်၍ထပ်ထားရပါသည်။ ခေါ်ပုတ်တို့သည် ခြောက်ကုန်ကာ ကြာကြာထား၍ရသော မသိုးထမင်းများဖြစ်ကုန်ကြလေ၏။

ထိုမသိုးထမင်း ခေါ်ပုတ်ဖြစ်ရန် ကောက်ညှင်းဆန်ကိုပေါင်းရ၏။ ကျက်သော် ထိုကောက်ညှင်းအား ဆုံတွင်ဆီသုတ်ကာ ညက်အောင်ထောင်း၍ ဆီဖြင့်ကိုင်ကာ အချပ်ဝိုင်းကြီးများ ပြုလုပ်ရပါသည်။ အချပ်ဖြစ်က ဆီသုပ်ကာထပ်ပါသည်။

စားလိုသော် ထိုခေါ်ပုတ်ကိုလှီးကာ ကြော်၍လည်းစားကြ၏၊ ကင်၍လည်းစားကြ၏။ အပူနှင့်တွေ့သော်မာနေသောကောက်ညှင်းသည် ပြန်လည်ပျော့ပျောင်း၍လာကာ စားချင့်စဖွယ်ဖြစ်သွားတော့၏။ စား၍လည်း အလွန်ကောင်းသောမသိုးထမင်း ဖြစ်သည်။

အချို့သောအိမ်တို့မှာမူ မုန်ညင်းချဉ်မတည်ဘဲ တို့ဟူးချဉ်ခေါ် ဆီတို့ဟူးတည်သောအိမ်တို့လည်းရှိ၏။ ဆီတို့ဟူးကား ခေါ်ပုတ်နှင့်တို့စားလျှင် အလွန်လိုက်ဖက်သောအစားအစာ ဖြစ်လေ၏။

ရွာမှ မိမိတို့အိမ်လာ၍ကသော် လာသမျှသော ကလေး၊ လူကြီးအားလုံးအား ရွာလုံးကျွတ်နီးပါးမျှ ခေါ်ပုတ်ကြော်၊ မုန်ညင်းချဉ်၊ ဝက်သားခြောက်ကြော်တို့ဖြင့် ဧည့်ခံကျွေးမွေးရလေ၏။ ထို့ပြင် လီရှောအရက်ကိုလည်း ပြည့်စုံအောင် ချက်ထားကြရသဖြင့် အလွန်ပျော်ဖို့ကောင်းပါသည်။ ဝက်အူချောင်းစစ်စစ်သည် အလွန်အရသာထူးကဲရာ ရုပ်ဆေးညှော်များ၊ ဧည့်ကြီးဧည့်ကောင်းများတိုသာကြော်၍ ကျွေးမွေးဧည့်ခံလေ့ရှိသည်။ ဝက်တစ်ကောင်၌ ဝက်အူချောင်းကား အနည်းငယ်မျှရရာ မွန်မြတ်သောအစားအစာအဖြစ် သတ်မှတ်ထားလေ၏။ ထို့ကြောင့် သာမန်ဧည့်တို့ ဝက်အူချောင်းမစားရပါ။ ဒါကို အားလုံးသိပြီးဖြစ်ပါသည်။

**□ စိတ်ညစ်နေသော ဒေါ်ရှမီး**

အမေ ဘယ်သူ့အိမ်ဖြင့်ဝက်သတ်ပြီး ဝက်သားခြောက်လှမ်းနေပြီ၊ ဘယ်သူ့အိမ်ကလည်း သတ်တော့မှာဆိုပဲ စသည့် လီရှောနှစ်သစ်ကူးပွဲတော်အတွက် ကြိုတင်ပြင်ဆင်မှုများကြားရသည့်အခါ သားမျက်နှာကိုကြည့်၍ စိတ်မကောင်းခြင်းကြီးစွာဖြစ်ရပါသည်။

နှစ်သစ်ကူးပွဲတော်အတွက် ကြိုတင်ပြင်ဆင်နေကြသည်ကို ကြားရတိုင်း ဒေါ်ရှမီးစိတ်ညစ်ရပါသည်။ မိမိတို့အိမ်မှာ ဘာမှကြိုတင်မပြင်ဆင်နိုင်သေးပေ။ အိမ်တွင်ရှိနေသောဝက်တွေကလည်း စားလောက်သောက်လောက်သောအရွယ်တွေမဟုတ်သဖြင့် ပေါ်၍မရပါ။ ဝက်ဝယ်ရမည် ဖြစ်သည်။

သို့သော် ဝက်ဝယ်ရန် ငွေမရှိ၊ အရက်ချက်ရန်လည်း ငွေမရှိ၊ ခေါ်ပုတ်ထောင်းရန်လည်း ငွေမရှိ၊ မုန်ညင်းချဉ်သာ ဆောင်းလယ်ကသိပ်ထား၍ တစ်အိုးရှိသည်။ မည်သို့လုပ်ရပါမည်နည်း။ အရင်နှစ်တွေကတော့ ကြိုတင်ပြင်ဆင်တော့မည်ဆိုလျှင် မိမိကနဲဆေးရာမှ ကျောက်ကြီးရတတ်၏။

ဒေါ်ရှမီးခင်ပွန်း ဦးအားမင်ကား လက်ကြောတင်းအောင် အလုပ်လုပ်သူမဟုတ်ပေ။ ဦးအားမင်သည် လီရှောစကား၊ တရုတ်စကား၊ ဂေါ်ရခါးစကား၊ ရှမ်းစကား၊ ပလောင်စကား၊ ဗမာစကားဟူ၍ ခြောက်ဘာသာမွတ်နေအောင်ပြောဆိုနိုင်သူဖြစ်ရာ လူကြီးယောင်ယောင်ဘာယောင်ယောင်ဖြင့် ဘိန်းအဆီမှ ရှူသောဘိန်းစားတစ်ဦး ဖြစ်သည်။ ငှက်ပျောရွက်ဖြင့်နယ်ရသော ခါးပင်ရှူသူမဟုတ်ပါ။ အဆီရှူသော် ဘိန်းအိုးထဲ မှ ဘိန်းချေးတို့ခြစ်ထုတ်ရ၏။ ထိုဘိန်းချေးတို့လည်း အလွန်မူးပါသည်။ ထိုဘိန်းချေးများအား ဘိန်းချေးစားသူများထံ ပြန်ရောင်းလေ၏။ အားမင်ကဘိန်းစားသုံးမှုရှိကြောင်း၊ သူရှူသောအဆီမှာ



www.burmeseclassic.com

www.burmeseclassic.com

အဆင့်အမြင့်ဆုံးဖြစ်ရာ နတ်ဘိန်းစားဟုခေါ်ကြောင်း၊ ငှက်ပျောရွက်နှင့်နယ်၍ ရှုသောဘိန်းစားကို နွားဘိန်းစားဟုခေါ်ကြောင်း၊ ဘိန်းချေးမျိုသောဘိန်းစားအား ခွေးဘိန်းစားဟုခေါ်ကြောင်း ပြောပြဖူးပါသည်။

ဦးအားမင်နှင့် ဒေါ်ရှုမီးတို့တွင် သားသမီး (၅) ဦးရှိပါသည်။ သမီးကြီးသည် အပျိုဖျန်းအရွယ်ဖြစ်ရာ မိခင်နှင့်အတူ တွင်းတောများသို့ လှည့်လည်၍ ကနဲဆေးကာ အိမ်စရိတ်ရှာကြရပါသည်။

ဦးအားမင်မှာမူ အိမ်တွင် ဘိန်းစခန်းဖွင့်ကာ ဘိန်းရောင်း၍ သူ့ဘိန်းစရိတ်သူရှာသဖြင့် တော်သေး၏ဟု ဆိုရပါမည်။ ဒုတိယသားမှာမူ လက်တိုလက် တောင်းခိုင်း၍ရသောအရွယ်ဖြစ်ပြီး ကျန်(၃)ယောက်မှာ ပုစုခရုများ ဖြစ်သည်။ စားဝတ်နေရေးအတွက် အဓိကရှာဖွေရသူမှာ ဒေါ်ရှုမီးဖြစ်ရာ ဒီနှစ်တွင်မူ အချို့အိမ်များ နှစ်သစ်ကူးပွဲတော်အတွက် ကြိုတင်ပြင်ဆင်ကုန်ကြပေပြီ။

ညည်းသည်များအတွက် ကြိုတင်ပြင်ဆင်ရုံမျှဖြင့် မပြီးသေးပါ။ မိသားစုအားလုံးအတွက် နှစ်သစ်ကူးဝတ်စုံချုပ်ပေးရသည်လည်းပါဝင်ရာ ဒေါ်ရှုမီး မကြံနိုင်အောင်ဖြစ်ကာ စိတ်မကောင်းခြင်းကြီးစွာဖြစ်၍နေရပါသည်။

ထိုအခါဝယ် စိတ်၏ဖြေပြေရာအဖြစ် မီးဖိုကြီးဘေးတွင်ထိုင်ကာ လီရှောစောင်းကို ရှေးဟောင်းသီချင်းတီးခတ်ရင်း ဖြေသိမ့်ရပါသည်။ ဒေါ်ရှုမီးလက်သံကား ကကွက်တီးလုံးများမဟုတ်ရာ သိမ်မွေ့ပြီးသာယာနာပျော်ဖွယ်ဖြစ်၏။ ဒေါ်ရှုမီးသည် (၄၀) ဝန်းကျင်အရွယ်ဖြစ်ကာ လုပတင့်တယ်ပြီး သဘောမနောအလွန်ပြည့်သောအမျိုးသမီး ဖြစ်ချေ၏။ ရိုးရာလီရှောတို့၏ စောင်းတီးခြင်းအတတ်အား ဝါသနာပါသဖြင့် ငယ်စဉ်ကပင် ကျွမ်းကျင်စွာ တတ်မြောက်ကာ ကကွက်တီးလုံးများသာမက ရှေးဟောင်းသီချင်းများကိုပင် စောင်းဖြင့်ကျွမ်းကျင်စွာ တီးခတ်တတ်ရာ အလှတွင်ကျော်စောသလို စောင်းအတီးတွင်လည်း ကျော်စော၍ လီရှောမင်းသမီးပမာ ထင်ပေါ်ကျော်ကြားခဲ့သူဖြစ်သည်။

ထိုငယ်စဉ်ဘဝ၌ပင် ဤကဲ့သို့သော နှစ်သစ်ကူးပွဲတော်နှင့်အဆိုအကတွင် ကျော်ကြားသော အားမင်နှင့် ချစ်ကျွမ်းကာ ဖူးစာဆုံခဲ့ကြခြင်းဖြစ်ပြီး စီးပွားဖြစ်ကာ ဤအိမ်ကြီးကိုဆောက်နိုင်ခဲ့ကြ၏။ သားသမီးတို့ပွားစီးခဲ့၏။

နောင် အားမင်ဘိန်းစွဲသွားသောအခါ ကျောက်ကုန်သည်ယောင်ယောင်၊ ကျောက်ပွဲစားယောင်ယောင်၊ ရွာလူကြီးယောင်ယောင်ဖြင့် ယောင်ခြောက်ဆယ်ဖြစ်ကာ အလုပ်လက်ကြောမတင်းတော့ပေ။ အိမ်ထောင်၏စားဝတ်နေရေး၊ လူမှုရေးကိစ္စအဝဝတို့သည် မရှုမီးခေါင်းပေါ်တွင် ပုံတော့၏။

ထို့ကြောင့် မြင်းမမွေးနိုင်တော့ပါ။ လူမှုကိစ္စအဝဝအတွက် မရှိမဖြစ်သော ဝက်သာမွေးရပါသည်။ ငါးမွေးခြင်း၊ ပျားမွေးခြင်းကာ ဝိရိယစိုက်စရာသိပ်မလိုသဖြင့် တော်သေး၏။ မြဲမြေတွင် ရာသီအလိုက် သီးပင်စားပင်တို့လည်းစိုက်ရသေး၏။ အိမ်နောက်ဖေးဈေးဆိုင်တည်သောအခါ လူစာ၊ ဝက်စာအဆင်ပြေပါသည်။ ယခုနှစ်တွင်မူ မရှုနိုင်မကယ်နိုင်ဖြစ်ကာ စိတ်ညစ်နေရပါပြီ။

အလေ့အကျင့်ရနေသော လက်တို့က စောင်းကြိုးပေါ်အချိုးညီအကွက်ကျပြေးသွားတီးခတ်နေသော်လည်း စိတ်တို့က လွင့်ပါးလျက်ရှိချေ၏။ သာယာသောစောင်းသံတို့နှင့်အတူ လေတွင်လွင့်ပျံ့လျက်ရှိသည်။ စောင့်ခတ်ရင်းဟင်းခနဲ သက်ပြင်းတစ်ချက်ချလိုက်မိပါသည်။

**◘ ပြကျောက်**

သမီးဖြစ်သူ အားဆာမီးသည် သူ၏အပေါင်းအသင်းများနှင့်အတူ ကနဲဆေးရန်ထွက်ခွာသွားပေပြီ။ အားမင်သည် ရွာရိုးကိုးပေါက် လျှောက်လည်နေဟန်ရှိ၏။ ကလေးတို့သည် ကျောင်းသို့ရောက်နေကြပေပြီ။

ဒေါ်ရှုမီးသည် ကနဲဆေးရန် ဝိုင်းစကာဆွဲကာ ရွာ၏အနောက်ပေါက်မှ ထွက်ခဲ့သည်။ တောင်မင်းတောင်ကြီး၏ အရှေ့မြောက်ဝန်းကျင်ဒေသသည် ပတ္တမြားအနီမထွက်ဘဲ နီလာများအကြောလိုက်ထွက်ရာဒေသဖြစ်ရာ အမှုန်အညာပတ္တမြားအနီအတွက် ဆေးခြင်းမဟုတ်၍ ပုတ်တောကိုင်လေ့မရှိကြပေ။ နီလာကား ထိုသို့ အမှုန်အညာမကျောက်ကြပါ။ စကာတင်ကျောက်စာကောက်သဖြင့် ဝိုင်းဇကာဖြင့်ဆေးသော် ငါးမူးသုံးမတ်အငယ်ဆုံးကျောက်အဖြစ်တင်၏။ နီလာသည် အတန်ငယ်ကြီးမှသာ ရောင်းရပါသည်။

ဒေါ်ရှုမီးသည် တစ်ကိုယ်တော်ထွက်လာခြင်း ဖြစ်သည်။ လီရှောဝတ်စုံအပေါ် အင်္ကျီရှည်ကြီးအား ခါးတွင်ပတ်ကာစည်းထားပါသည်။ လီရှောအားလုံးသည် တက်ထရက်အပြာရောင်ဝတ်စုံကိုသာ ယောကျ်ားမိန်းမဝတ်ဆင်ကြသည်။ မိန်းမများလည်း ဘောင်းဘီကျယ်ကြီးများ ယောကျ်ားတို့ကဲ့သို့ဝတ်သည်။ ထိုဘောင်းဘီမြဲစေရန် အပေါ်ယံအင်္ကျီရှည်ပါရော၍ (၁၀) တောင်ရှည်သော်ခါးစည်းကြိုးဖြင့် ရစ်ပတ်ဖွဲ့နှောင်ထားရာ အပေါ့အလေးသွားရာတို့၌ အခက်အခဲအနည်းငယ်ရှိသည်။

အလေးသွားချင်စိတ်ဖြစ်ပေါ်လာသော ဒေါ်ရှုမီးသည် လူသွားလမ်းမှ ဘေးရှိချုံတောများရှိရာသို့ ခပ်ဝေးဝေး ဝင်ခဲ့ပြီး တောင်ပြိုထားသောကမ်းပါးစောက်တစ်ခုအနီးဝယ်ထိုင်ကာ အခင်းကြီးသွားနေပါသည်။ တောင်နှင့်ကားတစ်လံမျှသာဝေး၍ မြေနီတို့ရဲနေ၏။ ထိုမြေနီထဲဝယ် ဖြူဖွေးသော ထုံးကြောနှင့် အမည်းပြောက်ကလေးများကို မြင်တွေ့နေရပါသည်။

'ကျောက်ကြောများလေလား'

ဟူသော အတွေးဝင်လာသဖြင့် အခင်းကြီးကိစ္စကို လက်စသတ်ကာ သူ၏အခင်းကြီးအား ပေါက်ပြားတိုဖြင့် ယက်ကာဖို့လိုက်ပြီး တောင်နံရံတို့ကပ်၍ ကြည့်လိုက်၏။

"ဟင် - ကျောက်ကြောပါလား"

နှုတ်မှအသံထွက်ကာ ပေါက်ပြားတိုဖြင့် အသာပင် ထုံးကြောကို ခြစ်ယူလိုက်ပြီး စကာထဲထည့်ကာ ကျောက်တို့ကိုကြည့်လိုက်၏။ ကျောက်တို့သည် နီလာအခြောက်ကြောမဟုတ်ဘဲ အစိုကြောဖြစ်နေသည်ကို အံ့ဩဖွယ်ရာတွေ့ရလေ၏။ အရွယ်တို့မှာ လေး၊ ငါးကာရက်အရွယ်များဖြစ်ကြသည်။

ကံတရားသည် အခင်းကြီးထိုင်ချင်အောင်ပြုကာ အခင်းကြီးအထိုင်၌ ကျောက်ကြောအား မျက်နှာချင်းဆိုင်တွေ့လိုက်ရခြင်းဖြစ်သည်။ ဤသည်ပင်လျှင် အရှင်သခင်တို့က မြင်အောင်ပြသော ပြကျောက်ဖြစ်ချေ၏။

ဒေါ်ရှုမီးသည် ထုံးကြောအား စိတ်တိုင်းကျတူးယူလျက်ရှိကာ ကျောက်တို့ကိုရွေးကာ ခေါင်းပေါ်မှခေါင်းပေါင်းပိတ်နက်အဖျားပိုင်းဖြင့် ဖြန့်ပြီးထည့်သည်။ ဒေါ်ရှုမီးသည် ရင်ထဲကြည်နူးကာ ပျော်လျက်ရှိ၏။

နှစ်သစ်ကူးပွဲအမီ သူ့အား နတ်တို့က ကျောက်ကြောရှိရာကို ခေါ်ပြသည်ဟု ယုံကြည်လျက်ရှိပါသည်။ ယခင်နှစ်တွေတုန်းကလည်း ထိုသို့ပင် မမျှော်လင့်ဘဲ အခက်အခဲတို့ကို ကျော်လွှားနိုင်သည်ချည်းဖြစ်သည်။ ယခုတစ်ခါတွင်မူ ပင်ဆေးစရာမလိုဘဲ ကိုယ်ပိုင်ကျောက်ကြောတစ်ခုကို ပိုင်ဆိုင်ခွင့်ရတော့ ကြည်နူးဘဲနေနိုင်ပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com

## ◻ မောင်ဖြစ်သူနှင့်အတူ

ကျောက်ကြော ဟူသည်မှာ ထုံးပျော့နှင့်ကျောက်တို့သာဖြစ်တည်နေရာ အဖြူထဲမှာ အမည်းစက်တို့သည် ထင်းထင်းကြီးပေါ်နေသဖြင့် ရှာရလွန်စွာလွယ်ကူပါသည်။ ထုံးတို့ဖြင့်ကပ်နေသော မည်းငုတ်ငုတ်ကျောက်တို့သည် ရေဆေးကာ သန့်စင်လိုက်ပါမှ ပြာ၍တောက်ပလာကြပါသည်။ ထိုကျောက်တို့အထဲ၌ ကျောက်ကြောတစ်ကြောတွင် ကောင်းမွန်သော ကျောက်တို့များစွာပါကြပါသည်။ သည်အတိုင်း ကြည့်၍မသိပါ။ ရေဆေးကာ နေပဏ္ဍာနှင့်ကြည့်ပါမှ ကျောက်တစ်ပွင့်၏ကောင်းခြင်းဆိုးခြင်းတို့ကို ခွဲခြားနိုင်ပါသည်။

ဒေါ်ရှုမီးသည် တစ်ယောက်တည်း စိတ်တိုင်းကျကျောက်ကြောကိုနှိုက်ကာယူလျက်ရှိရာ ကျောက်တို့သည် တစ်ပြည်သားခန့်ရရှိပြီ ဖြစ်သည်။ လောဘစိတ်၊ ကြည်နူးစိတ်ကြောင့် မောရမှန်းမသိချေ။ သူကျောက်ကြောတွေ့ရာနေရာကား လမ်းမှကြည့်သော် မည်သို့မှ မမြင်နိုင်သောလျှိုငယ်တစ်ခုဖြစ်၏။ အရှက်အတွက်ကြောင့်သာ ထိုမျှမမြင်ကွယ်ရာသို့လာခဲ့ခြင်းဖြစ်သည်။

ထိုနေရာသည် မျှော်တိုက်ထားခြင်းမရှိပေ။ ပကတိမြေသားအတိုင်းရှိနေသောကုန်းကမူလေးဖြစ်သည်။ တစ်ပြည်ကျော်ကျော်ရသည်နှင့် အသေအချာထုပ်ကာ ဦးပေါင်းကိုပေါင်းလျက် ခေါင်းပေါ်တွင် ကျောက်ထုပ်တင်ကာ လျှိုထဲမှတိုးကာ ပြန်ထွက်ခဲ့ပါသည်။ လမ်းတွင် တစ်ဦးမှမတွေ့ပင်။ လူတို့အလုပ်ခွင်ရောက်ကာ အလုပ်လုပ်နေကြချိန် ဖြစ်သည်။

လမ်းရောက်သော် ကျောက်ထုပ်တို့မမြင်စေရန် ဝိုင်းစကာကိုအပေါ်မှ ရုံကာ ရွာသို့ပြန်ခဲ့ပါသည်။ မည်သူကမျှ ဒေါ်ရှုမီးအား သတိမထားကြပေ။ လုပ်ငန်းလုပ်စဉ် သွားရိုးသွားစဉ်မို့ အဆန်းလုပ်ပြီးလည်း ကြည့်မနေကြပေ။ ဒေါ်ရှုမီးမှာမူ သူ့ကို လူတွေကြည့်မှာ စိုးရိမ်စိတ်ဝင်သော်လည်း မည်သူမျှ သတိမထား၍ စိတ်သက်သာရာရလေ၏။

အိမ်ရောက်သော် ကျောက်တို့အား အိတ်ငယ်တစ်ခုတွင်ထည့်ကာ အခန်းထဲမှသေတ္တာထဲသို့ထည့်ပြီး သော့ခတ်ကာသိမ်းထားလိုက်လေ၏။ အားမင်သည် အိမ်သို့ပြန်မရောက်သေးပါ။ ပြီးသည်နှင့် မောင်အရင်းဖြစ်သူထံသွားကာ သူကျောက်ကြောတွေ့ခဲ့ကြောင်း ရလျှင်အတူတူစပ်တူလုပ်ရန်တိုင်ပင်ရာ မောင်က သဘောတူလေ၏။ နှုတ်လုံရန်လည်း ကတိတောင်းထားရ၏။ လူတွေသိသွားခဲ့သော် တပ်ထောင်တာဗိုလ်ထုဖြင့် လာရောက်လုယက်ကြမည်မှာမလွဲပေ။ ကျောက်ကြောဟူသည် တစ်ကုတ်မျှရလျှင်ပင် နေ့တွက်ကိုက်ကြသည် မဟုတ်ပါလား။ ကံကောင်း၍ ကျောက်ကြီးကျောက်ကောင်းပါခဲ့သော် နေ့ချင်းညချင်း ချမ်းသာသွားနိုင်သောကြောင့် ဖြစ်သည်။

## ◻ လောဘစိတ်ဟူသည်

ဒေါ်ရှုမီးကျောက်ကြောပေါက်ရာနေရာအား ဒေါ်ရှုမီးတစ်ဦးသာသိရာ မိသားစုနှစ်စုတိုင်ပင်လျက် နောက်နေ့နံနက်ဝေလီဝေလင်းတွင် ဖြုန်းထည့်ရန်ဆာလာအိတ်များဖြင့် ချီတက်ခဲ့ကြလေ၏။ နေရာကား အလွန်ကြီးမဝေးလှပေ။ ရွာနှင့် မိနစ် (၂၀) ကျော်ကျော်သွားရုံမျှနှင့်ရောက်သော မထင်မှတ်သည့်နေရာဖြစ်သည်။

ကျောက်ရွေးမနေတော့ဘဲ ထုံးကြောများကိုသာ ဆာလာအိတ်များထဲသို့ထည့်ကြရာ အိတ်ပေါင်း (၂၀) မျှအရတွင် ထုံးကြောကုန်သွားလေတော့၏။ နှစ်ခေါက်မျှသယ်ပိုးသော်ကုန်လေတော့၏။ ဒေါ်ရှုမီး၏မောင်ဖြစ်သူသည် သူ၏မိသားစုများအား သူ့အိမ်သို့ အိတ်များသယ်စေ၏။

ဒေါ်ရှုမီး၏ဆန္ဒမှာ စုပေါင်းဆေးကာ ရောင်းရငွေကိုတစ်ဝက်စီခွဲစေဟူရန်ဖြစ်သည်။ သို့သော် မောင်ဖြစ်သူသည် ကိုယ်ရကိုယ်ယူစနစ်ကျင့်သုံးကာ လောဘတက်ခဲ့ခြင်းဖြစ်ပေ၏။ စိတ်ရင်းစိတ်ဓာတ်အလွန်မွန်မြတ်သောဒေါ်ရှုမီးသည် ဘာမှပြောဆိုခြင်းမရှိခဲ့ပါ။ ကျောက်မျက်ရတနာဟူသည် မောင်နှင့်နှမ၊ သားနှင့်အမိငဲ့ကွက်ခြင်းမရှိကြသော လောဘအလုပ်ဖြစ်သည်။

အားမင်ကတော့ မကျေမနပ်ဖြစ်နေလေ၏။ သို့သော် ဘာမှတတ်နိုင်ခြင်းမရှိပါ။ ပြကျောက်များသည် ထိုဒေါ်ရှုမီး၏မောင်အတွက်ပါပါကြောင်း သဘောပေါက်ကြရလေ၏။ မမျှော်လင့်ဘဲ ကျောက်ကြောအချောင်ရလိုက်ခြင်းကား နည်းနည်းနောနောက်မဟုတ်ပေ။ သူလည်းထိုက်သဖြင့်သာရလိုက်ခြင်း ဖြစ်ပေ၏။ထိုမကျေနပ်မှုများကြောင့် တစ်ရွာလုံးသိသွားကြကာ ဒေါ်ရှုမီးအိမ်တွင် ကျောက်ကုန်သည်များ ပျားပန်းခပ်မျှစည်ကားလှပေ၏။ ဒေါ်ရှုမီးသည် လာသမျှသော ကျောက်ကုန်သည်တို့အား အနည်းငယ်စီ မျှဝေကာ ရောင်းပေးပါသည်။ စိတ်လည်းလှ၊ လူလည်းလှသော ဒေါ်ရှုမီးအား လူမစွမ်းသော်နတ်မ ဟူသည့်စကားအတိုင်း နတ်တို့ကမတော ပြပေးလိုက်ခြင်း ဖြစ်သည်။

## ◻ ကူကေးကူကေး

ထိုသတင်းတို့သည် ကျွန်ုပ်၊ ဦးထွန်းကြိုင်၊ မောင်ထွန်းဝေတို့သုံးယောက် တောင်မင်းတောင်ခြေ မြိုင်ကြီးလုပ်ကွက်အောက်ခြေတောထဲ၌ တဲထိုးနေထိုင်ကာ ဖောက်တွင်းလုပ်နေစဉ် ကြားရခြင်းဖြစ်၍ ရင်းနှီးခင်မင်သော ထိုမိသားစုအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

ဒေါ်ရှုမီးသည် နှစ်သစ်ကူးအမီ ဝက်သားခြောက်နှင့်ဝက်အူချောင်းလှန်းခြင်း၊ အရက်ချက်ခြင်း ခေါ်ပုတ်ထောင်းခြင်း၊ နှစ်သစ်ကူးဝတ်ရုံများချုပ်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ဦးအားမင်ကို အမှီပြုကာ ရောက်လာကြခြင်းဖြစ်ရာ ထိုအိမ်ကား မိသားစုများပမာ ရင်းနှီးကျွမ်းဝင်၍နေကြပါသည်။ သို့ကြောင့် တောထဲမှနေ၍ ညချမ်းချိန်တွင် သွားရောက် လည်ပတ်လေ့ရှိပါသည်။

ပခုက္ကူ၊ မြိုင်နယ် ဂျတ်ကုန်းရွာသား ဦးထွန်းကြိုင်သည် ဤမျှဤမြေ၌ ငယ်စဉ်ကပင် ရင်းနှီးကျွမ်းကျင်နေသူဖြစ်သည်။ ဖောက်ထွင်းပညာမတတ်၍ ကျွန်ုပ်အား လာခေါ်ခြင်း ဖြစ်သည်။ ဖောက်တွင်းလုပ်ငန်းအား ကျွန်ုပ်ဦးစီး၍ လုပ်ကိုင်ခြင်း ဖြစ်သည်။

သို့နှင့်ပင် တရုတ်နှစ်သစ်ကူးကာလ၌ လီရှောနှစ်သစ်ကူးပွဲတော်ကျင်းပရာ ကျွန်ုပ်တို့သည် ညတိုင်းနီးပါး သွား၍ကကြကာ ကျွန်ုပ်တို့ ဗမာ (၃)ဦးက ကူကေး၊ ကူကေးဟု ခပ်ပျော်ပျော် အော်ကြလေ၏။

အရက်ကြိုက်သူ ဦးထွန်းကြိုင်ကား လက်ဖက်ကြိုက်သူ ပလောင်တောင်ပို့သကဲ့သို့ ပြုံးပြုံးပြုံးပြုံးနှင့် အကြိုက်သောက်လျက်ရှိ၏။ သို့သော် ဦးထွန်းကြိုင်မူးလဲသည်ဟူ၍မကြုံဘူးပါ။ ခန္ဓာကိုယ်ကြီးမားကြံ့ခိုင်၍ ခံနိုင်ရည်ရှိဟန်တူ၏။

အန္တရာယ်မလွယ်နိုင်၍အခင်းကြီးသွားစွန့်ရာမှ အမှတ်မထင် ပြကျောက်များတွေ့လိုက်ရသောဒေါ်ရှုမီးနှင့် သူ၏မောင်တို့ကား လော့လောဆယ်တွင် ချမ်းသာသွားကြလေ၏။ ပြကျောက်၏ သဘောကား ပုံပြင်ဒဏ္ဍာရီဆန်လှပေ၏။

လီရှောကုန်းစံရွာသို့ အလွမ်းပြေ
ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com



# အောင်သာကျော်

## ကျွမ်းရစ်လေနှင်

မဟူရာညသည် တိတ်ဆိတ်ငြိမ်သက်ခြင်းဇာပဝါကို လွှမ်းခြုံ၍ထားသည်။ လူနေအိမ်ခြေများနှင့် အတော်လေးအလှမ်းကွာဝေးလျက်ရှိသည့်နေရာပင်ဖြစ်သည်။ လူနေအိမ်ခြေများစိပ်လှသည့်ရွာ၏ တောင်ဘက်ဆုံးတွင်တော့ ပျဉ်ထောင်အိမ်ကြီးတစ်လုံး ထီးထီးမားမားရှိနေသည်။ အိမ်ကြီးက ကြီးမားကျယ်ပြန့်ခမ်းနားထည်ဝါလွန်းလှသည်။ အောက်ခံတိုက်ဖြစ်သဖြင့် အောက်ထပ်က နီရဲသောအရောင်ရှိပြီး အပေါ်ထပ်မှာ ရေနံချေးဝလွန်းလှသည့်သရုပ်အဖြစ်နက်မှောင်လို့နေသည်။ ရွာထဲမှအတော်များများကမူ 'အိမ်မည်းကြီး'ဟု သုံးနှုန်းပြောဆိုလေ့ရှိကြသည်။

အိမ်ကြီးကို မြင်လိုက်ရသည်နှင့် ကျွန်တော်နှင့် ကျွန်တော့်တပည့်ကျော် ယဉ်ထွေးတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိရင်း ယဉ်ထွေးက -

"ဆရာရေ ကျွန်တော်တို့တည်းရမယ့်အိမ်ကြီးကတော့ အပျံစားပဲနော်"

ဟု စကားစလာသဖြင့် ကျွန်တော်ပြုံးလိုက်မိရင်း -

"ရွာကလူကြီးတွေက ပြောတာတော့ ဒီတိုက်ကြီးက ဗြိတိသျှလက်ထက်ကတည်းက ရန်ကုန်က တာဝန်နဲ့လာကြတဲ့ဌာနဆိုင်ရာအရာရှိတွေတည်းခိုဖို့အတွက် ဆောက်ထားတာတဲ့"

ဟု ပြောဖြစ်မိသည်။

လျှပ်စစ်မီးကလည်းလင်းနေ၏။ ထိုအိမ်ကြီးတွင် သုံးပတ်ကြာတည်းခိုနေထိုင်ရမည် ဖြစ်သည်။ ညနေစောင်းကမှ ရန်ကုန်ကရောက်လာခဲ့ကြသည့် ကျွန်တော်နှင့် ကျွန်တော့်တပည့်ကျော်ယဉ်ထွေးတို့ကို ရွာခံလူကြီးများက လိုက်ပို့ပေးသဖြင့် ရောက်လာဖြစ်ကြခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ အိမ်ကြီး၏တံခါးဝသို့ ရောက်သည်နှင့် ရွာလူကြီးတစ်ဦးဖြစ်သည့် ဦးဘဟန်က -

"ကဲကဲ - ဆရာတို့အေးအေးဆေးဆေးအနားယူလိုက်ကြပါဦး။ ရေမီးအစုံအလင်ရှိပါတယ်။ တခြားလိုအပ်တာတွေရှိရင်သော့ ဟိုးမှာလှမ်းမြင်နေရတဲ့ သပြေပင်အုပ်စုဘက်ကို လှမ်းအော်ခေါ်လိုက်ပါနော်"

ဟု ပြောရင်း သော့တွဲတစ်တွဲကို လှမ်းပေးသည်။ ပြီးတော့ ဆက်မှာသည်မှာ -

"ဆရာတို့အိပ်ရင်အပေါ်ထပ်မှာအိပ်၊ အောက်ထပ်မှာလည်း အိပ်ခန်းတော့ရှိတယ် ဒါပေမယ့် ကားလမ်းမကြီးက တစ်ညလုံးလိုလိုအဝေးပြေးကုန်ကားကြီးတွေ ဥဒဟိုသွားလာနေကြတော့ နားခံနိုင်မှာမဟုတ်ဘူး"

ဟုပင်။

လူကြီးများပြန်လှည့်ထွက်သွားသည်နှင့် တပည့်ကျော် ယဉ်ထွေးက လက်ထဲသို့ သော့တွဲကို ကမ်းပေးလိုက်၏။ သံဘာဂျာတံခါးကိုဆွဲဖွင့် အတွင်းမှ နောက်တစ်ထပ်ခံထားသည့်ကျွန်းတံခါးကိုတွန်းဖွင့်လိုက်မိသည်တွင် ကျွန်တော်နှင့် ယဉ်ထွေးတို့ အံ့အားတသင့်ဖြစ်သွားသည်။ ဖုန်မှုန့်များ၊ ပင့်ကူအိမ်များရှိမနေဘဲ သန့်ရှင်းသပ်ရပ်စွာရှိနေသည်ကိုတွေ့လိုက်ရသဖြင့်ပင် ဖြစ်သည်။ အပေါ်ထပ်သို့တက်သွားကြကာ ဖိုင်တွဲများ၊စစ်တမ်းပုံစံများကို ခုတင်နှစ်လုံးအလယ်တွင်ထားရှိသည့်စားပွဲပေါ် သို့ တင်ထားလိုက်ပြီး ခုတင်ပေါ် ပက်လက်လှန်ကာ အနားယူနေလိုက်ကြသည်။

ကျွန်တော်တို့ရောက်နေသည့်ရွာမှာ ရန်ကုန်-ပြည်ကားလမ်းမကြီးဘေးတွင် တည်ရှိနေခြင်းပင်ဖြစ်၍ ကျွန်တော်

www.burmeseclassic.com



တို့တည်းခိုရာ အိမ်သည်လည်း ကား လမ်းနံဘေးတွင်ပင်ရှိနေသည်ဆိုတော့ လည်း တစ်ချက်တစ်ချက်ဖြတ်သန်းသွား သည့်အဝေးပြေးကားကြီးများ၏ပြေးလွှား သံများက တုန်ခါလျက်ရှိနေပေသည်။ ကျွန်တော် အိမ်ဘေးပတ်ဝန်းကျင်ကို အကဲခတ်လိုသဖြင့် ပြတင်းပေါက်ရှိရာ လျှောက်သွားဖြစ်ကာ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ ခြံဝင်းတစ်ခွင်သို့အနံ့ လက်နှိပ်ဓာတ်မီးဖြင့် ဟိုဘက်ထိုးလိုက် သည်ဘက်ထိုးလိုက်လိုက်လံကြည့်နေမိ သည်။ မဟူရာညကတော့ မှောင်မည်း လျက်ပင်ရှိနေသည်။ အမွှေးရနံ့သင်းသင်း လေးလေညင်းနှင့်အတူရောရောပါလာ သည်။ ပတ်ဝန်းကျင်တစ်ခွင်လုံးကလည်း အိပ်မောကျနေသည့်အလား တိတ်ဆိတ် ငြိမ်သက်လို့နေသည်။ အိမ်ခြံဝင်းထဲတွင် ကား ပန်းပင်အတော်များများရှိနေသည် ကို တွေ့လိုက်ရသည်။ ပွင့်အာထွက်နေ သည့် ဖြူလွှလွှမန်းပွင့်ငယ်များ စုစည်း တည်ရှိရာ အဖြူရောင်ခြုံလွှာကြီးထံမှ လွင့်ပျံ့တက်လာသည့် စံပယ်ပန်းရနံ့တို့ က တစ်ချက်တစ်ချက်ဝေ့ဝိုက်ကာ လွင့်ပျံ့ ရောက်ရှိလာသည့်လေပြည်လေညင်းကို လိုင်းစီးကာရောက်ရောက်လာလို့နေသည်။

ပတ်ဝန်းကျင်ကို လေ့လာနေမိစဉ် မှာပင် ခြံဝင်းထဲသို့ လူတစ်ယောက်ဝင် လာသည်ကိုတွေ့ရသဖြင့် သေသေချာချာ အကဲခတ်ကြည့်နေမိဖြစ်သည်။ အပေါ် ထပ်မှ ခြံဝင်းထဲသို့ ဓာတ်မီးထိုးတာ လှမ်းကြည့်နေမိသည်။ ကျွန်တော့်ကို မြင် သည်နှင့် -

"ဆရာတို့အိပ်တော့မလား။ ဆရာ တို့ ဒီမှာလွတ်လွတ်လပ်လပ်သာနေ၊ လိုအပ်တာရှိရင် လှမ်းသာအော်လိုက်၊ ကျွန်တော်က တစ်ရွာလုံးကသိနေတဲ့ အိမ်ကြီးအနီးနားမှာနေတဲ့သူပါ။ အိမ် မည်းကြီးရဲ့ မူလနာမည်က ငြိမ်းဆိမ့်မြိုင်

www.burmeseclassic.com

စံအိမ်လို့တွင်ခဲ့တာ။ ဟောဟိုကလှမ်းမြင်နေရတဲ့တဲကလေးနဲ့ခြံဝိုင်း၊ ဟိုသပြေပင်တွေဝိုင်းနေတဲ့အိမ်ပဲ"

ရွာခံတစ်ဦးဖြစ်သည့် မောင်အေးဆောင်လက်ညှိုးညွှန်ပြရာသို့ ကျွန်တော်လှမ်းကြည့်လိုက်မိသည်။ ကျွန်တော်တို့ တည်းခိုနေသည့် အိမ်မည်းကြီးခေါ်နှင်းဆီမြိုင်စံအိမ်နှင့် သိပ်မဝေးလှပေ။ ခပ်ကျယ်ကျယ်လေးလှမ်းခေါ်မည်ဆိုပါက ကြားလောက်သည့်အနေအထားတွင် ရှိနေသည်။

ကျွန်တော် နှင်းဆီမြိုင်စံအိမ်နှင့် ဝေါဟာရကို စိတ်ဝင်တစားဖြစ်သွားမိသဖြင့် မောင်အေးဆောင်ကိုခေါ်ပြီး မေးမြန်းကြည့်မည်ကြံကာရှိသေး မောင်အေးဆောင်တစ်ယောက် ကျွန်တော့်အပါးမှ လှည့်ထွက်သွားပြီ ဖြစ်သည်။

တော်သေးသည်က မဟူရာညပင်ဖြစ်သော်လည်း နှင်းဆီမြိုင်စံအိမ်တွင် လျှပ်စစ်မီးရှိနေခြင်းပင် ဖြစ်သည်။

မဟူရာညသည် ငြိမ်းငြိမ်းနက်မှောင်လို့နေပြီး တစ်ချက်တစ်ချက်ဖြတ်သွားဖြတ်လာရှိနေသည့် အဝေးပြေးကုန်ကားကြီးများအသံက တုန်ခါလျက်ပေါ်လာနေသည်။

မောင်အေးဆောင် ပြောပြသဖြင့် သိရသည်မှာ နှင်းဆီမြိုင်စံအိမ်သည် လွန်ခဲ့သည့်ဗြိတိသျှလက်ထက်ကတည်းကတည်ရှိခဲ့ပြီး ဌာနဆိုင်ရာတာဝန်ဖြင့် ရောက်လာလေ့ရှိသည့် ကျွန်တော်တို့ကဲ့သို့သောအရာထမ်းများကို တည်းခိုရန် သတ်မှတ်ထားသည့်အိမ်ဟုပင်။ တာဝန်ဖြင့်ရောက်လာကြသည့် အရာထမ်းများ အများဆုံးတည်းဖြစ်ကြသည်မှာ တစ်ညအိပ်၊ နှစ်ညအိပ်ပင်။ ယခုမူ ကျွန်တော်တို့နှင်းဆီမြိုင်တွင် သုံးပတ်ကြာမျှနေထိုင်ရင်း အလုပ်တာဝန်များကို ထမ်းဆောင်ရဦးမည်ပင် ဖြစ်သည်။ နေ့လယ်က အနီးအပါးရွာများတွင် စစ်တမ်းဆင်းကောက်ရသည်ဖြစ်ရာ တပည့်ကျော် ယဉ်ထွေးအတော်လေး ပင်ပန်းလာသည်ထင့် ခုတင်ပေါ်တွင် ပက်လက်လှန်ရင်း အိပ်ပျော်လို့နေပြီ ဖြစ်သည်။

ကျွန်တော် ပျင်းပျင်းရှိသည်နှင့် ခုတင်ခြေရင်းဘက်တွင်ရှိနေသည့်စားပွဲပုပုလေးပေါ်တွင်တင်ထားသည့် တီဗွီနှင့် ဗွီစီဒီစက်ရှိရာသို့လှမ်းလိုက်မိသည်။ စားပွဲပေါ်တွင်တင်ထားသည့် ဗွီစီဒီပြားများကိုလှန်လှောရှာဖွေမိရာ ကျွန်တော်လွန်စွာသဘောကျသည့် တိုက်တန်းနစ်ဇာတ်ကားစီဒီခွေကိုတွေ့ကလိုက်ရသည်။ စီဒီခွေကို လက်ကိုင်ပဝါဖြင့် ပွတ်သပ်ပြီး စက်များအတွက် ဆယ်သွယ်ထားသောမီးပလပ်ကိုထိုးထားသည့်ခလုတ်ကိုဖွင့်လိုက်မိသည်။ အပေါ်စက်အောက်စက်ရှိမှုအဝေးထိန်းကိရိယာတို့ဖြင့်ဖွင့်လိုက်ပြီးမှ အောက်စက်ထဲသို့ စီဒီခွေကိုထည့်လိုက်သည်။ စက္ကန့်သုံးဆယ်အကြာတွင် ဖန်သားပြင်ပေါ်၌ လှုပ်လှုပ်ရှားရှား ရုပ်အသွင်ပေါ်လာသည်။ ရုပ်အသွင်က လှပချောမောသည့်အငြိမ့်မင်းသမီးလေး တစ်ဦးပင် ဖြစ်သည်။ ကျွန်တော်အံ့အားသင့်သွားသည်။အောက်စက်ရှိမှုကိုအသုံးပြုကာ အခွေကိုပြန်ထုတ်လိုက်သည်။ ထွက်လာသည့်အခွေပေါ်တွင်ရှိနေသည့်ပုံများနှင့် စာသားများကိုကြည့်မိသည်။ တိုက်တန်းနစ်ဇာတ်ကားဟု ဖော်ညွှန်းထားသည့်ပုံများနှင့်စာသားများကအထင်အရှားရှိနေသည်ကို တွေ့လိုက်ရသည်။

မကျေနပ်နိုင်သေးဘဲ စီဒီခွေထည့်သည့်ဘူးကိုလှမ်းယူကာ အထဲတွင်ကျန်နေသည့် ဘီဆိုဒ်အခွေကို ထုတ်ယူလိုက်မိ၏။ ဘီဆိုဒ်ပေါ်တွင်လည်း တိုက်တန်းနစ်ဇာတ်ကားမှ ဇာတ်ဝင်ခန်းပုံများနှင့် စာသားများက အထင်အရှားရှိနေသည်ကို တွေ့လိုက်ရသည်။ တိုက်တန်းနစ်ဇာတ်ကား၏အခွေဖြစ်သည်မှာ သေချာသွားပြီ။ အတွေးထဲဝင်လာမိသည်က အခွေသွင်းနေစဉ် ကွန်ပျူတာထဲထည့်ထားမိသည့်အငြိမ့်ခန်းများလမ်းကြောင်းများကာ ဝင်လာလေသလားဟုပင် ဖြစ်တတ်သည်မှာ အခွေကူးစဉ် ဂျက်ပင်မှားထိုးကာ ကူးမိလျှင်လည်း မူလချိန်းထားသောဇာတ်ကားမဟုတ်ဘဲ ကွန်ပျူတာလည်းမှတ်သိမ်းထားပြီးသား အခြားကားကူးပြီးသားဖြစ်သွားတတ်သည်။ ကူးခွေတော်တော်များများက ဖြစ်ကာတတ်ဆန်းကူးကြသည်ကများသည်။ မထူးတော့ပြီဖြစ်သဖြင့် စီဒီကိုစက်ထဲပြန်ထည့်လိုက်ပြီးကြည့်နေမိ၏။ အစဘယ်ကစသည်ပြောရခက်လှသည်။ စဖွင့်လိုက်သည်နှင့် အငြိမ့်မင်းသမီးလေးတစ်ဦး ကနေသည့်အခန်းမှစလို့ ဖန်သားပြင်ပေါ်တွင် ပြက်ပြက်ထင်ထင်ပေါ်လာသည်။

မင်းသမီးလေးမှာ ချိတ်ထဘီအနီရောင်၊ ထိုင်မသိမ်းအကျီပန်းနုရောင်ဝတ်ဆင်ထားပြီး ပဝါအစိမ်းကိုစလွယ်သိုင်းကာကနေခြင်း ဖြစ်သည်။ ထူးခြားနေသည်က လူရှင်တော်ပုံတစ်ကွက်မှမပါလာခြင်းပင်။ မင်းသမီးကကြိုးဆုံးသွားသည်နှင့် စကားပြောရန် ပရိသတ်ဘက်လှည့်ကြည့်သည့်အကွက်ရောက်လာသည်။ မင်းသမီးလေး၏ နှစ်လိုဖွယ်ပါးချိုင့်လေးများနှင့်စံပယ်တင်မဲ့တို့က အနီးကပ်ရိုက်ချက်တွင် ထင်ထင်ရှားရှားပေါ်လာသည်။ မင်းသမီးလေး၏ အပြုံးကို စေ့စေ့ငေးနေမိစဉ်မှာပင် -

"ဟာ - ဆရာကလည်းဗျာ၊ တိုက်တန်းနစ်ကြည့်တာတောင်ကျွန်တော့်ကိုမခေါ်ဘူး။ သဘော်တောင်ရေနစ်နေပြီ"

ကျွန်ဖော် ယဉ်ထွေးကို အံ့အားတသင့်ပြန်ကြည့်လိုက်မိသည်။ ပြီးတော့မှ တီဗွီဖန်သားပြင်ဘက်ကို ပြန်ကြည့်မိသည်။ ကျွန်တော်နားမလည်လောက်အောင်ဖြစ်သွားရသည်။ ယဉ်ထွေး ပြောလိုက်သည့်အတိုင်းပင် တိုက်တန်းနစ်သဘော်ကြီးမြုပ်သည့်အခန်းရောက်လို့နေပြီ ဖြစ်သည်။

ကျွန်တော့်အတွေးတို့ ပျံ့လွင့်မိရပြီ။ အငြိမ့်မင်းသမီးလေးအပြုံးကအတွေးထဲမှာနေရာယူထားပြီ ဖြစ်သည်။ ထိုစဉ်မှာပင် ကျွန်ုပ်သာမက တပည့်ကျော် ယဉ်ထွေးပါ ပြတင်းပေါက်ဆီသို့ လှမ်းကြည့်မိကြသည်။ ပြီးတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြပြန်သည်။ နှင်းဆီပန်းရနံ့များက ကျွန်တော်တို့ဝန်းကျင်သို့ ပျံ့လွင့်လွှမ်းခြုံလို့လာသောကြောင့်ပင်။ စီဒီနှစ်ချက်လုံးဆုံးအောင်ကြည့်မိကြပြီးသည်နှင့် ယဉ်ထွေးကို ကျွန်တော် ဆိုဒ်အေကို စကြည့်မိစဉ်က မြင်တွေ့ခဲ့ရသည်များကို ပြောပြနေမိသည်။ ယဉ်ထွေးကပြန်ကြည့်လိုကြောင်းပြောသည်။ ကျွန်တော့်စိတ်ထဲတွင်လည်း စကြည့်မိသည့်အပိုင်းကို ပြန်ကြည့်ချင်စိတ်ပေါ်လာသည်။ စီဒီချပ်ကိုပြန်ထုတ်ရင်း ဆိုဒ်အေဟုရေးထားသည့်အချပ်ကို စက်ထဲပြန်ထည့်လိုက်သည်။

စက္ကန့်သုံးဆယ်အကြာ ဖန်သားပြင်ပေါ် ထင်လာသည့် ရုပ်အသွင်များကို မြင်တွေ့လိုက်ရရာ ကျွန်တော် အလွန်အမင်း အံ့အားသင့်သွားရတော့သည်။ တိုက်တန်းနစ်ကား၏ မူလအစအတိုင်း ဇာတ်လမ်းစထွက်လာသဖြင့် တပည့်ကျော်ယဉ်ထွေးက -

"ဆရာစိတ်ထင်လို့ဖြစ်မှာပါ"

ဟု ဆိုပါသည်။

ကျွန်တော် မည်သို့မျှပြောပြမနေတော့ဘဲ အိပ်ဖို့သာပြင်ရင်း အိပ်ရာဝင်လိုက်မိသည်။

အိပ်မက်တို့သည် ဆန်းကြယ်လှသည်။ သွေးလေးချောက်ချားရှုပဲလား တော့မသိ အိပ်မက်တို့သည် စိတ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com

ခတ်စေသည်ကတော့ အမှန်ပင်ဖြစ်သည်။

မဟုရာညဦး ကျွန်တော့်အိပ်မက်ကမ္ဘာထဲသို့ ညအိပ်ဝင်မီက ဖန်သားပြင်ပေါ်က ပုံဖော်ပြခဲ့သည့် မင်းသမီးချောလေးရောက်လာသည်။ ကျွန်တော့်အနားရောက်ရောက်ခြင်းပင် ပါးချိုင့်လေးများကို ခွက်သွားအောင်ပြုံးလိုက်ရင်း -

"မောင်တော်ရယ်၊ ညီမတော်က သဥ္စာဝေပါ။ ညီမတော်အတွက် ရွာလယ်လမ်းအတိုင်းသွားရင် ဖူးတွေ့ရမယ့်စေတီတော်မှာ ကုသိုလ်ကောင်းမှုပြုပြီး အမျှပေးဝေပါ။ ညီမတော် သင်္ချိုဝေကတော့ ရွာမှာပဲ လူ့ဘဝပြန်ရောက်နေပြီ။ ညီမတော်အတွက် ကုသိုလ်ပြုပေးပါနော်"

ဟု အကြိမ်ကြိမ်မှာကြားကာ ကျွန်တော့်အပါးမှထွက်သွားသည်။

"ဟော့. . . ဟော့ မိန်းကလေး၊ မိန်းကလေး"

ကျွန်တော် လှမ်းခေါ်ဖြစ်သည်။ ကျွန်တော့်ဘက်သို့သမင်လည်ပြန်ကြည့်ရင်း ပြုံးပြရှာသည်။ ပါးလေးများချိုင့်ခွက်နေသည့် ပါးချိုင့်လေးနှစ်ဖက်။ ပြီးတော့ မဲ့နက်ကလေး။ ပြီးတော့ အားကိုးတစ်ကြီးကြည့်နေရှာတဲ့ ကရုဏာသက်စရာအကြည့်လေး စသည်တို့က ကျွန်တော့်ရင်ကိုလှိုက်ဖိုသွားရသည်။ ကျွန်တော်သူရှိရာသို့ လှမ်းမိသည်တွင် ချာခနဲလှည့်ကာ ကတ္တရာလမ်းမကြီးအတိုင်း ရွာဘက်သို့ အပြေးလေးလျှောက်သွားတော့သည်။ ရှည်လျားနက်မှောင်လွန်းသည့် ဆံပင်တို့ကခြေသလုံးထိတိုင်ကျနေသဖြင့် ဝှေကာယမ်းကာ လှုပ်ခါလျက်ရှိနေသည်ကိုတွေ့ရသည်။

အိပ်မက်သည် အိပ်မက်သာဖြစ်သည်ဟု သဘောထားမိခဲ့သော်လည်း နံနက်လင်းသည်နှင့် အံ့အားသင့်စရာကြုံရပြန်ပါသည်။ နံနက်လင်းသည်နှင့် ရွာခံသားဖြစ်သူ အေးဆောင်ရောက်လာကာ -

"ဆရာတို့ ဆရာတို့ နိုးနေကြပြီလား။ ဆရာတို့ကို ခင်မောင်စိုးက နံနက်စာ ထမင်းကြော်နဲ့ ဧည့်ခံချင်တယ်ဆိုလို့ ကျွန်တော်လာခေါ်တာပါ"

ဟုပြောသဖြင့် -

"အေးအေး - ခဏလေးနော်၊ ထမင်းကြော်စားပြီးတာနဲ့ အလုပ်တစ်ဆက်တည်းလုပ်ရအောင်ပုံစံတွေထပ်နေလို့"

ဟု ပြောလိုက်ရသည်။

ခဏအကြာတွင် ပုံစံအထပ်တစ်ထပ်ကို ဖိုင်ထဲတွင်ထည့်ပြီးသွားသဖြင့် တပည့်ကျော်ယဉ်ထွေးအားကိုင်စေကာ ရွာဘက်ဆီသို့ကတ္တရာလမ်းမပေါ်ရောက်သည်နှင့် အိပ်မက်တွင်ထင်ဟပ်ခဲ့သည့် ပုံရိပ်တို့ကရင်ထဲဝင်လာသည်။ ဆယ့်ငါးမိနစ်သာသာခန့်လောက်မိသည်တွင် ခင်မောင်စိုးတို့ခြံဝိုင်းထဲဝင်သည့် မြေနီလမ်းကြောလေးပေါ်ရောက်တော့သည်။

ခင်မောင်စိုးအိမ်ပေါ်သို့အရောက်တွင် ခင်မောင်စိုးက အိမ်၏ခေါင်းရင်းဘက်တွင် အသင့်ပြင်ထားသည့် ထမင်းစားပွဲဝိုင်းလေးဆီသို့နေရာချထားပေးရင်း-

"သမီးရေ့ ဧည့်သည်တွေရောက်နေပြီဟေ့။ အားလုံး လင်ပန်းနဲ့သယ်ထုတ်လာခဲ့တော့"

ဟု အိမ်အတွင်းဘက်သို့ လှမ်းပြောလိုက်သည်။

ကျွန်တော်လည်း ဟိုဟိုသည်သည် အကဲခတ်သလိုကြည့်မိရာက -

"ကိုအေးဆောင်၊ ရွာလယ်လမ်းအတိုင်းလေးသွားရင် စေတီတော်လေးတစ်ဆူရှိတယ်လို့ကြားမိတယ်။ ဒီကပြီးရင် ခဏလောက်လိုက်ပြပေးပါလား"

ဟု ပြောဖြစ်သည်တွင် ခင်မောင်စိုးက -

"ဆရာက သစ္စာတိုင်စေတီကိုသွားချင်တာထင်တယ်။ ကိုအေးဆောင်ရယ် လိုက်ပို့ပေးလိုက်ပါ။ ဒါပေမယ့် ဆရာတစ်ခုတော့သတိထား အဲဒီစေတီလေးကကြာခဲ့တာမှအတော့်ကိုကြာခဲ့ပြီ။ ဒီရွာမတိုင်ခင်ကတည်းက ဆိုပါတော့။ ကျွန်တော်တို့မိသလောက်ပြောရမယ်ဆိုရင် နှစ်ပေါင်းရာကျော်နေပြီ။ နှစ် (၂၀၀) နီးပါးလောက်ရှိလိမ့်မယ်။ ကျွန်တော်တို့ရွာတည်တာတောင် နှစ်ပေါင်းတစ်ရာလေးဆယ်ကျော်နေပြီ။ ဒါတွေက အဓိကမဟုတ်ဘူး ဆရာ။ သတိထားရမှာက ဒီစေတီမှာသစ္စာဆိုမိသစ္စာတိုင်မိပြီဆိုရင် မဖောက်ဖျက်လေနဲ့။ ဖောက်ဖျက်ရင် တစ်နည်းမဟုတ်တစ်နည်း ဒုက္ခတွေ့ရတတ်သလို ဆိုမိတဲ့ သစ္စာတည်ပြီဆိုရင်လည်းကောင်းကျိုးအမှန်ပေးတယ်ဆိုတာကိုပါ"

ဟု ရှင်းပြသည်။

ကျွန်တော် တော်တော်လေး စိတ်ဝင်တစားဖြစ်သွားမိသည်။ အိပ်မက်ထဲက မိန်းမချောလေးက ဘာကြောင့် ဒီစေတီမှာမှ ကုသိုလ်ကောင်းမှုပြုပြီး အမျှပေးဝေခိုင်းသည်ကိုပင်။ ထိုအတွေးဝင်မိစဉ်မှာပင် -

"လာလာ သမီး၊ ဒီဘက်နားကကပ်ပြီးချပေး"

ဆိုသည့်အသံကြောင့် ဖော့ကြည့်မိလိုက်သည်။

ကျွန်တော် တုန်လှုပ်သွားမိချေပြီပင်။

ထမင်းကြော်ပန်းကန်များလာချပေးသည့်မိန်းမချောလေး၊ ပါးလေးနှစ်ဖက်ခွက်နေအောင်ပြုံးလိုက်သည့်အပြုံး။ ပြီးတော့ စံပယ်တင်မဲ့တို့အပြင် မျက်နှာတစ်ပြင်လုံးသည် အိပ်မက်ထဲတွင်ဆုံတွေ့လိုက်သည့်မိန်းကလေးနှင့် ခွဲမရအောင်တူနေသည်။ အိပ်မက်ထဲတွင် မိန်းမချောလေးပြောခဲ့သည့်စကား ပြန်လည်မြင်ယောင်နေမိသည်။

အိပ်မက်တွင် -

'ညီမတော် သင်္ချိုဝေကတော့ ရွာမှာပဲ လူ့ဘဝသို့ပြန်ရောက်နေပြီ။ ညီမတော်အတွက် ကုသိုလ်ပြုပေးပါနော်'

ဟု ပြောခဲ့စဉ်က ညှိုကျသွားသည့်မျက်နှာလေးကို မြင်ယောင်နေမိခြင်းပင်ဖြစ်သည်။ ကျွန်တော့်အိပ်မက်အကြောင်း မည်သူ့ကိုမျှမပြောဖြစ်ပါ။ တပည့်ကျော်ယဉ်ထွေးကိုပင် ပြောမပြဘဲထားဖြစ်ပါသည်။

ယခုမူ တိုက်ဆိုင်မှုက ထူးခြားဆန်းကြယ်လို့နေပြီ။ မတတ်သာတော့ နံနက်စာအဆာပြေအဖြစ် ထမင်းကြော်ကိုစားပြီးသည်နှင့် မောင်အေးဆောင်ကိုခေါ်ကာ သစ္စာတိုင်စေတီရှိရာလျှောက်လာမိသည်။ စေတီတော်မြတ်မှာ ဉာဏ်တော် (၂၇) တောင်ခန့်ရှိပြီး ဖောင်းရစ်တွင် ဘီလူးခေါင်းများရှိနေသည်ကိုဖူးတွေ့ရသည်။ စေတီတော်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး တစ်ချက်တစ်ချက်ဝှေ့ဝိုက်တိုက်ခတ်လာသည့်လေပြည်လေညင်းကြောင့် လွင့်ပျံ့ထွက်လာသည့် ဆည်းလည်းသံလေးသာ ကြားလိုက်ပျောက်သွားလိုက်ဖြစ်နေသည်။

စေတီတော်တွင် ကျွန်တော်ငယ်စဉ်ကတည်းက ယနေ့တိုင်ပြုထားခဲ့ပြီးသမျှကုသိုလ်တို့ကို တိုင်တည်သစ္စာဆိုရင်း အိပ်မက်နယ်သို့ ဝင်ရောက်လာကာ တောင်းဆိုသမှုပြုခဲ့သူလေးကို ရည်မှန်းကာ -

"သဥ္စာဝေရေ၊ ပြုပြုသမျှကုသိုလ် အမျှ အမျှ အမျှ။ ရောက်ရာဘုံဌာနက သာခုခေါ်ပါ"

ဟု အမျှပေးဝေလိုက်မိသည်။

တစ်ခဏလေးအတွင်းမှာပင် စေတီတော်ဝန်းကျင်တစ်ခွင်လုံး နှင်းခိုးရနံ့တို့ လွှမ်းခြုံနေလျက်သားရှိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# တိုက်ကြည့် (ရည်ကိုး)

## ပထမဆုံး အင်္ဂလိပ်-မြန်မာအဘိဓာန်ရေးသားသူ မက္ကရာမင်းသားကြီး

မြန်မာ့ပထမဆုံးအင်္ဂလိပ်-မြန်မာ အဘိဓာန်စာအုပ်ကို ပြုစုသူမှာ မက္ကရာ မင်းသားကြီး ဖြစ်ပါသည်။ မက္ကရာ မင်းသား ဆိုသည်မှာ မက္ကရာမြို့အား အပိုင်စားရသဖြင့် မက္ကရာမင်းသား အဖြစ် အမည်တွင်ခြင်း ဖြစ်ပါသည်။ မက္ကရာအားစားရသည့်မင်းသားနှစ်ပါးရှိ သည့်အနက် ပထမဆုံးအင်္ဂလိပ်-မြန်မာ အဘိဓာန်အား ပြုစုခဲ့သည့် မက္ကရာ မင်းသားသည် ပထမမက္ကရာမင်းသား ဖြစ်ပါသည်။

အဘိဓာန်ပြုစုသည့် မက္ကရာ မင်းသားကြီးသည် အမရပူရခေတ် ဘိုးတော်ဘုရား (ဗဒုံမင်း) နှင့် ဒုတိယ မြောက်နန်းတော်မိဖုရား သီရိမဟာ ရတနာဒေဝီတို့၏ သားတော်ဖြစ်ပြီး မွေးချင်း (၂) ဦးအနက် အကြီးဖြစ်ပါ သည်။ ညီမတော်မှာ မြစ်သားမြို့စား မင်းသမီး ရွှေနန်းမြင့် ဖြစ်ပါသည်။ ငယ်နာမည် မောင်ဖြို (မူကွဲ မောင်ပြို) ဖြစ်ပါသည်။ ၁၁၅၃ ခုနှစ်၊ နတ်တော် လဆန်း ၅ ရက် (အချို့တွင် နတ်တော် လဆန်း ၁၅ ရက်ဟု) တွင်ဖွားမြင်သည်။ ခမည်းတော်မှ ၁၁၅၉ ခုနှစ်တွင် မင်းရဲ ကျော်စွာဘွဲ့၊ ၁၁၆၄ခုနှစ်တွင် သတိုး

ညနေစောင်းသည်နှင့်စေတီတော် ဘက်လမ်းလျှောက်ရင်း အမျှဝေနေမိ သည်မှာ ငါးရက်ကြာခဲ့ပြီ ဖြစ်သည်။ စေတီတော်မှအပြန်တွင် -

"ကိုအေးဆောင်ရေ နှင်းဆီမြိုင် စံအိမ်ကြီးက တစ်ခုခုတော့ထူးခြားနေ သလိုပဲဗျာ၊ နှင်းဆီမြိုင်စံအိမ်ကြီးနှင့်ပတ် သက်လို့ ခင်ဗျားသိထားတာလေးတွေ ကျွန်တော့်ကို ပြောပြပေးပါလား"

ဟု မေးဖြစ်သည်။

ကိုအေးဆောင် တွေဝေသွား သည်။ ကျွန်တော့်ကို စေ့စေ့စပ်စပ်ပြန် ကြည့်ရင်း -

"ဆရာမေးလာမှတော့ ကျွန်တော် ပြောပြပါမယ်၊ အခု တစ်ရွာလုံးက ဆရာ တို့တည်းခိုနေတဲ့ နှင်းဆီမြိုင်စံအိမ်ကြီး ကို အိမ်မည်းကြီး မဟူရာစံအိမ်ကြီးလို့ သိထားကြတယ်၊ ဆရာသတိထားမိမှာ ပေါ့။ညနေနေလေးဝင်ပြီးနည်းနည်းလေး အမှောင်လွှမ်းပြီဆိုတာနဲ့ ဖြတ်သွားဖြတ် လာမရှိသလောက်ပါပဲလေ"

ဟု အစချီကာ နှင်းဆီမြိုင်စံအိမ် ကြီးအကြောင်းပြောပြပါတော့သည်။

နှင်းဆီမြိုင်စံအိမ်ကြီးသည် ဗြိတိသျှ လက်ထက်တွင် ထိုရွာပတ်ဝန်းကျင်ရှိ ရွာ များနှင့်ပတ်သက်၍ ကိစ္စကြီးငယ်ဆောင် ရွက်ရန်လာကြသည့် အရာရှိအရာခံများ တည်းခိုနားနေရန်အတွက် ဆောက်လုပ် ခဲ့ခြင်းပင် ဖြစ်သည်။ ထိုအိမ်ကြီးတွင် ထူးထူးခြားခြားဖြစ်ပျက်ခဲ့သောအကြောင်း အရာမရှိခဲ့သော်လည်း လွန်ခဲ့သည့် နှစ် ပေါင်း (၃၀) ဆယ်ကျော်ခန့်က နှင်းဆီ မြိုင်ကြီးရှေ့တွင်ရှိသည့်ကတ္တရာလမ်းမ ကြီးပေါ်တွင် အငြိမ့်ကားတစ်စီးမှောက်ခဲ့ သည်။ ထိုကားတွင်ပါလာသည့် အငြိမ့် မင်းသမီး အမြွှာညီအစ်မ နေရာတွင် ပွဲချင်းပြီးဆုံးပါးသွားခဲ့သည်။ နောက်ပိုင်း တွင် ရွာသားများက နှင်းဆီမြိုင်စံအိမ် ကြီးတွင် အငြိမ့်မင်းသမီးအမြွှာညီအစ်မ ၏ဝိညာဉ်များ တွယ်ကပ်နေသယောင် ယောင်ပြောလာကြသည်။ နောက်ပိုင်း ရွာလယ်ပိုင်းရှိ ခင်မောင်စိုးမွေးလာသည့် သမီးလေးမှာ အငြိမ့်မင်းသမီးအမြွှာညီ အစ်မနှစ်ယောက်အနက်မှ တစ်ယောက် ဝင်စားတာဆိုသည့်အချက်ကို လက်ခံ လာကြသည်။

ကိုအေးဆောင် ပြောပြတော့မှ နှင်းဆီမြိုင်စံအိမ်၏အတိတ်ဇာတ်လမ်း ကို သိခွင့်ရတော့သည်။ ကျွန်တော် နှင်းဆီမြိုင်စံအိမ်ကြီးတွင် သုံးပတ်ကျော် နေဖြစ်ခဲ့သော်လည်း ထိုကြုံတွေ့မှုမှ တစ်ပါး အခြားခြောက်လှန့်မှုမတွေ့ခဲ့ ရပါ။ ဝိညာဉ်တို့သည် တွယ်ကပ်ချင်ရာ တွယ်ကပ်နေတတ်သလို လွင့်မျောချင် ရာသို့လည်း လွင့်မျောနေတတ်ပါသည်။ ကျွန်တော် ညစဉ် မေတ္တာပို့ကာအမျှဝေ နေမိ၍လား မသိပါ။ အိပ်မက်ရှင်၏ ပြုံးတုံ့တုံ့မျက်နှာသည်သာ မဟူရာည၏ လင်းလက်မှုဖန်သားပြင်ပေါ် လာရောက် ထင်ဟပ်ခြင်းသာဖြစ်မည်ဟု ယုံကြည်နေ မိခဲ့ရပါတော့သည်။

ထိုအကြောင်းကို တပည့်ကျော် ယဉ်ထွေးအားပြောမိသည်တွင် ယဉ်ထွေး က -

"ဆန်းတော့ဆန်းတယ် ဆရာ၊ စိတ်တို့၊ ဝိညာဉ်တို့ဆိုတာက နားလည်ရ ခက်တယ်"

ဟု ဆိုပါသည်။

မည်သို့ဆိုစေ ဆန်းကြယ်ခြင်းတို့ သည် စိတ်ကူးလိုက်မမီနိုင်သော အကြောင်းများသာ ဖြစ်ပါသည်။

အောင်သာကျော်

(၁၉၈၆ ခုနှစ်ဝန်းကျင်က ဌာန ဆိုင်ရာတာဝန်ဖြင့် မကွေးတိုင်းဒေသကြီး သို့သွားခဲ့စဉ်က အဖြစ်အပျက်ကို ခံစား ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်)



www.burmeseclassic.com

www.burmeseclassic.com

မင်းလှကျော်စွာဘွဲ့၊ ၁၁၆၈ ခုနှစ်တွင် မဟာသီရိမဇ္ဈရာဇာဘွဲ့ ချီးမြှင့်ခဲ့သည်။ မကွေးရာမြို့အားစားရ၍ မကွေးရာမြို့စား မကွေးရာမင်းသားအမည်တွင်လေသည်။ စစ်ကိုင်းမင်း (ဘကြီးတော်) လက်ထက်တွင် မကွေးရာနှင့် ဇန့်ကျီတိုက်များအားနုတ်၍ မလွန်မြို့အားစားရလေသည်။ မလွန်မင်းသားကြီးဟုလည်း အမည်တွင်ကြောင်းသိရပါသည်။ ၁၁၉၉ ခုနှစ် သာယာဝတီမင်းလက်ထက်တွင် မူလ မကွေးရာမြို့အား ပြန်လည်အပိုင်စားရပါသည်။

မင်းသားကြီးသည် ငယ်စဉ်ကတည်းက သွက်ချာပါဒ လေငန်းရောဂါရှိသူဖြစ်သဖြင့် လက်ရုံးရည်တွင် ထူးချွန်သူမဟုတ်ဘဲ နှလုံးရည်တွင်ထူးချွန်သူတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ပြီး သိပ္ပံပညာရှင် ခေတ်မီမင်းသားကြီးတစ်ပါးအဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။ မင်းသားကြီးသည် စာတတ်ပေတတ် ကျမ်းပြုစာပြုပညာရှင်တစ်ဦးဖြစ်ပြီး အာရှတိုက်၏ပညာရှင်သုတေသီများအသင်းဝင်အဖြစ် ပါဝင်ခွင့်ရရှိခဲ့သူတစ်ဦးဖြစ်ပြီး ဘင်္ဂလားအာရှဆိုင်ရာဝိဇ္ဇာသိပ္ပံသုတေသနအသင်းမှ ဂုဏ်ထူးဆောင်အသင်းသားအဖြစ် ရွေးချယ်ခံခဲ့ရသောပညာရှင်တစ်ဦးဖြစ်ပါသည်။

အင်္ဂလိပ်-မြန်မာအဘိဓာန်အား စတင်ပြုစုခဲ့သူဖြစ်ပါသည်။ မင်းသားကြီးပြုစုခဲ့သော အင်္ဂလိပ်-မြန်မာအဘိဓာန်သည် အလျား (၁၀) လက်မ၊ အနံ (၈) လက်မရှိပြီး စာမျက်နှာ (၄၆၈) မျက်နှာခန့်ထူသောစာအုပ်ဖြစ်ပါသည်။ မြန်မာပြည်၏ ပထမဆုံး ပြုစုထုတ်လုပ်ခဲ့သောမကွေးရာမင်းသားကြီး၏ အင်္ဂလိပ်-မြန်မာအဘိဓာန်စာအုပ်သည် အမေရိကန်နိုင်ငံ ကွန်ဂရက်စာကြည့်တိုက်နှင့် ရန်ကုန်မြို့ အမျိုးသားစာကြည့်တိုက်တို့တွင်သာ တွေ့မြင်လေ့လာနိုင်မည်ဖြစ်ပြီး ရှားပါးလှသော ရှေးဟောင်းအမွေအနှစ်တစ်ခုပင် ဖြစ်ပါသည်။ မင်းသားကြီး၏ ပထမဆုံး အင်္ဂလိပ် - မြန်မာစစ်ပွဲရှုံးနိမ့်ခဲ့ရခြင်းနှင့်ပတ်သက်၍ မြန်မာလူမျိုးများ၏ခေတ်မီသောနည်းပညာဖွံ့ဖြိုးတိုးတက်အားနည်းခြင်းများကြောင့် ရှုံးနိမ့်ရသည်ကို လက်ခံသဘောပေါက်လျက် မြဝတီမင်းကြီးဦးစနှင့်အတူ အနောက်နိုင်ငံမှ ခေတ်မီနည်းပညာများအား သင်ယူခဲ့လေသည်။ အင်္ဂလိပ်စာတတ်မြောက်စေရန်အတွက် ဆရာယုဒသန်နှင့် ပါလာသည့် ဆရာဝန်ဒေါက်တာပရိုက်၊ ခရစ်ယာန်သာသနာပြု ဆရာဆိုင်မွန်နှင့် ကုန်သည်မစ္စတာရော်ဂျာတို့ထံမှ အင်္ဂလိပ်စာအားသင်ယူခဲ့ပါသည်။

မင်းသားကြီးသည် ခရစ်နှစ် ၁၈၃၀ ပြည့်နှစ်တွင် စတင်၍ အင်္ဂလိပ်-မြန်မာအဘိဓာန်အား လုပ်ဆောင်ရန် စတင်စီစဉ်ဆောင်ရွက်ခဲ့သည်။ ဘာသာပြန်ဆိုရာတွင် ဆေးဆရာဝန် ဒေါက်တာပရိုက်၏အကူအညီ ဖြင့် အဘိဓာန်အား ဘာသာပြန်ဆိုခြင်းဖြစ်သည်။ ဒေါက်တာပရိုက် မရှိတော့သည့် နောက်ပိုင်းတွင် မစ္စတာချားလိန်းနှင့် ဆက်လက်ဘာသာပြန်သည်ဟု သိမှတ်ရပါသည်။

မင်းသားကြီးသည် သင်္ဘောသားအက်ဝပ်ဒ်ချာလိန်းမှာယူပေးသည့် (ရီးစ်အင်စိုင်ကလိုဖီးဒီးယား) ခေါ် အနောက်နိုင်ငံ ခေတ်သစ်အတတ်ပညာ၊ စာပေ ဗဟုသုတများကို စုပေါင်းပြုလုပ်ထားသောစွယ်စုံကျမ်းကို မစ္စတာချာလိန်း၏ အကူအညီဖြင့် အင်္ဂလိပ်-မြန်မာအဘိဓာန်ကျမ်းကို ပြုစုခဲ့သည်။ စွယ်စုံကျမ်းမှာ အုပ်ရေ (၄၅) အုပ်အထိဖြစ်၍ နှစ်ပေါင်းကြာကြာဘာသာပြန်ခဲ့ခြင်း ဖြစ်ပါသည်။ မင်းသားကြီးသည် အင်္ဂလိပ်ဘာသာအား ကိုယ်တိုင်ကိုယ်ကျလေ့လာကာ မစ္စတာဂျာလိန်းအား မြန်မာဘာသာသို့ ပြန်ဆိုစေပြီး ယင်းမြန်မာစာအပိုင်းကိုပင် မင်းသားကြီးမှဆက်လက်တည်းဖြတ်ခြင်း ဖြစ်ပါသည်။ စေ့စပ်တိကျသေချာခြင်းဓလေ့အား တွေ့မြင်နိုင်မည် ဖြစ်သည်။ အင်္ဂလိပ် - မြန်မာအဘိဓာန်အား ၁၈၃၅ ခုတွင် လက်ရေးမူပြီးစီးအောင်မြင်ခဲ့သည်ဟုဆိုသည်။ (အချို့တွင် ၁၈၃၃၌ ထုတ်ဝေနိုင်သည်ဟုလည်းဆိုကြပါသည်။ အမှန်မှာ ၁၈၃၃မှ စတင် ရေးသားခြင်းသာဖြစ်ပါသည်။)

မြန်မာ့ပထမဆုံးအင်္ဂလိပ်-မြန်မာအဘိဓာန်အား ၁၈၄၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကာလကတ္တာမြို့ ဆာကူလာလမ်း နှစ်ခြင်းခရစ်ယာန်ပုံနှိပ်တိုက်တွင်းပုံနှိပ်ခဲ့ပြီး တင့်စကွဲယားရှိ ဗြိတိသျှစာကြည့်တိုက်မှ တာဝန်ယူ ထုတ်လုပ်ခဲ့ပါသည်။ ပထမမကွေးရာမင်းသားကြီး၏ အဘိဓာန်အား စီရင်တော်မူသော ရေးသားထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်အား မြန်မာဘာသာဖြင့် ရေးသားထားရာတွင် -

'အထူးထူးသော ဘာသာ၊ လူမျိုးများတွင် အင်္ဂလိပ်လူမျိုးတို့သည် ဟုတ်မှန်သော၊ ထင်ရှားမျက်မှောက်တွေ့မြင်ရသောအတတ်ပညာတို့ကို ရှာဖွေနိုင်သည်ပြီးလျှင် စုရုံမှတ်သားလေ့လာသည်ဖြစ်၍ အင်္ဂလိပ်ဘာသာကို နားလည်သိမြင်ခြင်းသည် ဗဟုသုတအရာ၌ များစွာအကျိုးရှိသည်။ ထို့ကြောင့် ဗဟုသုတအလိုရှိသော မြန်မာလူမျိုးတို့အား အင်္ဂလိပ်ဘာသာကို မြန်မာဘာသာဖြင့် နားလည်သိမြင်ခြင်းအကျိုးငှာ မကွေးရာမင်းသားက သင်္ဘောကပ္ပတိန်လိန်းလျှင် အင်္ဂလိပ်အဘိဓာန်ရှိသည့်အတိုင်း မြန်မာဘာသာ မှန်ကန်အောင် ပြန်ဆိုပါ၍ မြန်မာနှစ် ၁၁၉၅၊ အင်္ဂလိပ်နှစ် ၁၈၃၃ ခုနှစ်မှစ၍ ပြန်ဆိုရေးသားသည်။ ပြန်ဆိုအပ်သော အင်္ဂလိပ်အဘိဓာန်သည်ကား အင်္ဂလိပ်အက္ခရာကို ဖတ်နိုင်ကာမျှသင်ပြီး၍ ရှေ့နောက်စကားကြည့်ရှုမှတ်သားပြီးလျှင် ထိုအဘိဓာန်ကိုအမှီပြု၍ အင်္ဂလိပ်ပညာစာ (၄၅) မှစတင်၍ အင်္ဂလိပ်စာတို့ကို မြန်မာဘာသာဖြင့် သိမြင်နားလည်ရာရှိသည်ဟု ပြဆိုမှာကြား ရေးသားထားပါသည်။

ပထမ မကွေးရာမင်းသားကြီးသည် အင်္ဂလိပ်-မြန်မာအဘိဓာန်အား ပြီးမြောက်အောင်လုပ်ကိုင်ဆောင်ရွက်ခဲ့သော်လည်း ကလိုဖီးဒီးယားစွယ်စုံကျမ်းဘာသာပြန်ဆိုခြင်းအား အပြီးအဆုံးတိုင် လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ချေ။ ပုဒ်ရေအနည်းငယ်မျှသာ ဘာသာပြန်ဆိုနိုင်ခဲ့ပါသည်။ ထိုစွယ်စုံကျမ်းပြုစုနေဆဲတွင်ပင် ၁၂၁၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်နေ့ညပိုင်း သက်တော် (၅၇) နှစ်အရွယ်တွင် နတ်ရွာလားခဲ့ပါသည်။

စဉ့်ကိုင်မြို့နယ်အတွင်းရှိ မကွေးရာနယ်မြေအားအပိုင်စားရသော ပထမ မကွေးရာမင်းသားကြီး၏ကြိုးစားမှုကြောင့် မြန်မာပြည်၏ပထမဆုံး အင်္ဂလိပ်-မြန်မာအဘိဓာန်စာအုပ် ပေါ်ထွက်ခြင်းအား ဂုဏ်ယူရန်နှင့် နောက်လာနောင်သားများသည်လည်း တီထွင်ဆန်းသစ်ခြင်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ခွန်အားပေးလမ်းညွှန်ခဲ့ခြင်း ဖြစ်ပါသည်။

ပထမ မကွေးရာမင်းသားကြီး၏ အင်္ဂလိပ်-မြန်မာအဘိဓာန်ပေါ်ပေါက်ရပြီး နှစ်ပေါင်း (၇၆) နှစ်အကွာ ၁၉၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ဆရာဦးထွန်းငြိမ်း၏ အင်္ဂလိပ်-မြန်မာအဘိဓာန် ပေါ်ပေါက်လာခဲ့ပါသည်။

တိုက်ကြည် (စဉ့်ကိုင်)



www.burmeseclassic.com

www.burmeseclassic.com



# မောင်လင်းခိုင်

## ရခိုင်ရိုးမကြောပေါ်မှ ဂျပန်တို့၏ရတနာသိုက်

ရခိုင်ရိုးမကြောသည် တောင်ကုတ်မြို့မှ အစပြုသည်။ တောင်ကုတ်မြို့အထွက်တွင် ရိုးမတောင်၏အစကိုတွေ့ရမည်ဖြစ်သည်။ ထိုမှစ၍ ရိုးတောင်အဆင်း အုတ်သျှစ်ပင်ရွာထိ မိုင် (၁၀၀) မျှရှိသည်။ ရန်ကုန်သို့သွားကြသူများသည် တောင်ကုတ်မှ အဝေးပြေးကားများစီးကြရသည်။ ယခုအခြေအနေတွင်မှ တောင်ကုတ်သို့သွားရောက်၍ ကားစီးစရာမလိုတော့ဘဲ သံတွဲမြို့မှနေ၍ စီးလျှင်ရနေပါပြီ။ ယခင်ကဆိုလျှင် ရန်ကုန်သို့တိုက်ရိုက်သွားသည့်ကားမရှိသေးပေ။ တောင်ကုတ်-သံတွဲသွားသည့်ကားပင်မရှိသေး။ သံတွဲမှတောင်ကုတ်သို့သွားလိုလျှင် ကင်းမော်ဆိုသောရွာသို့ အလျှင်သွားရသည်။ ကင်းမော်ရွာမှ မော်တော်စီးပြီး တောင်ကုတ်သို့သွားပါသည်။ မနက်ခင်း (၇) နာရီလောက်မှ စက်မော်တော်စီးလျှင် တောင်ကုတ်သို့ ညနေ (၄) နာရီ(၅)နာရီမှရောက်သည်။

တောင်ကုတ်တွင် တစ်ညအိပ်ပြီး မနက် ပြည်-ဆင်တဲသို့သွားမည့်ကားများနှင့်လိုက်ပါရသည်။ ရိုးတောင်ကို တစ်နေ့တစ်ည ကားစီးပြီး မနက်မိုးလင်းမှ ရိုးတောင်အဆင်း ဆင်တဲသို့ရောက်၏။ ထို့ထက်ဆိုးသည့် ခေတ်တစ်ခေတ်လည်း ရှိခဲ့သေးသည်။ ရိုးတောင်ကြီးကိုကျော်ဖြတ်ရန်အတွက် ကားမရှိပေ။ လှည်းလည်းမရှိ။ ရိုးတောင်ကြီးကို ခြေကျင်တက်ကြရသည်။ လမ်းတွင် နှစ်ည၊ သုံးညအိပ်ကြရသည်။ တောကြီးတောင်ကြီးထဲ အကြောက်ကြောက်အလန့်လန့်ဖြင့် ကျော်ကြရသည်။ အများသွားကြသူများမှာ နွားရောင်းသမားများ ဖြစ်ကြသည်။ နွား (၁၀) ကောင်၊ (၁၂)ကောင်ကို လူ (၃) ယောက်၊ (၄) ယောက်ဖြင့်ကျော်ကြရသည်။ စားနပ်ရိက္ခာအပြည့်စုံဖြင့်သွားကြရပြီး ညနေ မိုးချုပ်လျှင် ရပ်နားပြီး ချက်ပြုတ်စားသောက်ကာ မီးဖို၍ ကင်းစောင့်ကြရသည်။ ကျားကလည်းအလွန်ပေါ၏။ ပေါသလောက် ကျားသောင်းကျန်းသည်။ ရိုးကိုတက်သူများအတွက် စကားပုံတစ်ခုပင်ရှိနေသည်။ ရိုးမကိုကျော်လျှင် ရပ်နားစခန်းတွေရှိသည်။ သပြေစခန်း၊ ကျွဲစခန်း၊ ရေပေါ်ကြီး၊ ညောင်ကျိုး၊ ဆင်လန်လေလန်ဟု စခန်းတွေရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကွဲ့နှင့် သပြေစခန်းသည် ကျား အလွန်သောင်းကျန်းသည့်စခန်းများဟု ဆိုကြသည်။ သို့ကြောင့် ရိုးကျော်သူ များအား ယခင် ကျော်ဖူးသူများက မှာ လိုက်ကြသည်။

ကွဲ့နှင့် သပြေမတည်းလေနှင့်။ တည်းသာတည်းလေ မအိပ်လေနှင့်။ အိပ်သာအိပ်လေမပျော်စေနှင့်တဲ့။ သတိ တစ်ချက်လစ်လျှင်နွားတစ်ကောင်ပါသွား ပြီသာမှတ်ပေရော့။ အိပ်သူများသည် အလှည့်ကျ ကင်းစောင့်ပြီးအိပ်ကြရ သည်။ ဝါးစိမ်းများကို မီးထဲထည့်ဖုတ်ရ သည်။ ဝါးစိမ်းသည် သေနတ်ပစ်သကဲ့ သို့ တဖောင်းဖောင်းနှင့် ပေါက်ကွဲလေ သည်။ သေနတ်သံကဲ့သို့ အသံကျယ် ကျယ်မြည်သံကြားလျှင် ကျား၊ ဆင်တို့ အနားသို့မကပ်ဘဲရှောင်သွားကြသည်။ ရိုးတောင်၏အခြေအနေမှာ ဤမျှဆိုးဝါး ခဲ့သည်။

သစ်ကြီးဝါးကြီး၊ ချုံနွယ်ပိတ် ပေါင်းများစွာရှိသည့်တောကြီးတောင် ကြီးထဲတွင် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တို့စစ်ရှုံးသောအခါ မြန်မာပြည်ထဲ မှ ရွှေငွေကျောက်နှင့်အဖိုးတန်ပစ္စည်း များကို သယ်ယူလာပြီး ရိုးမကြောကြီးထဲ တွင် မြှုပ်နှံထားခဲ့ကြသည်။ အဖိုးတန်ရွှေ ငွေကျောက်သံပတ္တမြားတို့မှာ သူတို့နိုင်ငံ ဂျပန်ပြည်ထဲ သယ်ယူသွားရန်မှာမလွယ် ကူပါ။ မြန်မာပြည်တွင်း တောတောင် များထဲတွင် အမှတ်သားလုပ်၍ မြှုပ်နှံ ထားခဲ့ကြသည်။ စစ်ကြီးပြီး၍ အေးဆေး သောအချိန်တွင် ပြန်လာ၍ တူးဖော်ယူ ရန်အကြံနှင့်မြှုပ်နှံထားခဲ့ကြသည်။

ရခိုင်ပြည်နယ်တောတောင်ကြီး များတွင် သူတို့မြှုပ်နှံထားခဲ့သောရတနာ တို့သည် ယခုထက်တိုင်ရှိနေကြဆဲ ဖြစ် သည်။ ပေလီကမ်းခြေ လင်းသာရွာ၏ တောင်ကြောတွင် ရတနာတွေမြှုပ်ထား ခဲ့သည်။ စစ်ကြီးပြီး၍ မြန်မာနိုင်ငံလွတ် လပ်ရေးရပြီးသောအခါ ဂျပန်တို့၏မျိုး ဆက်များသည် မြေပုံနှင့်လိုက်လာကြ သည်။ မြေပုံမှာ အတိကျဆွဲထားသည်။ လယ်ချောင်ကိုအဝင်လမ်း၊တောင်ဘယ် နှလုံး၊ စမ်းဘယ်နှစမ်းဟု အတိအကျ မြေပုံနှင့်လိုက်လာကြသည်။ သူတို့ဆွဲ ထားသည့်မြေပုံမှာတိကျမှန်ကန်ပါသည်။ စစ်ပြန်ကြီးတွေမှာ ဆုံးပါးသွားကြပြီးမို့ သူတို့၏ သားမျိုးဆက်များသာလာကြ သည်။

ထိုလာသောဂျပန်မျိုးဆက်တို့သည် လယ်သမားကြီး ဦးဘရှင်လေး (ကိုဘရှင်



လေး) နှင့်တွေ့သည်။ မြေပုံကိုပြသည်။ ကိုဘရှင်လေးသည် တောတောင်ကို ခြေရာခြင်းထပ်မျှ နောကျေအောင်သိ ထားသည်။ သူတို့ပြသောမြေပုံမှာ သူသိ ထားသောတောင်စမ်းတို့ ဖြစ်နေသည်။

"ဒီတောင်ဒီစမ်းဒီမှာရှိသလား"

ဟု မေးသည်။

ကိုဘရှင်လေးက ဘူးခံ၍လုံးဝမရှိ ဟုပြောလိုက်သည်။ ဂျပန်တို့က အထပ် ထပ်မေးသည်။ ကိုဘရှင်လေးက ဘူး တစ်လုံးဆောင်လိုက်သည်။ သူတို့သည် ရွှေငွေကျောက်သံပတ္တမြားများ မြှုပ်နှံ ထားခဲ့ပါလိမ့်မည်။ ပစ္စည်းမှာ နည်းနည်း ဟုတ်ဟန်မတူပါ။ များ၍သာလိုက်လာ ကြခြင်း ဖြစ်သည်။ ကိုဘရှင်လေးက မြေပုံထဲကအတိုင်း တောတောင်စမ်းတို့ ရှိပါလျက် ဘူးတစ်လုံးဆောင်လိုက်၏။

"ဒီနေရာမှာ ဒါတွေမရှိဘူး"

ဂျပန်တွေမေး၍ပြန်သွားကြရသည်။ ဂျပန်တို့ရောက်သည့် နေရာတိုင်းတွင် ရတနာတွေမြှုပ်ထားခဲ့ကြသည်။ မည်သူ မျှ မရမတွေ့ဘဲ ယနေ့တိုင် မြေကြီးထဲ တွင်ရှိနေဆဲဖြစ်ပါသည်။ ဂျပန်တို့သည် မြန်မာပြည်ကိုဝင်လာစက အပြုံးနှင့်ဝင် လာခဲ့သော်လည်း မကြာမီမှာပင် အပြုံး တွေပျောက်ကာ လူကြမ်းသရုပ်ပေါ်လာ ကြသဖြင့် မြန်မာတွေမခံမရပ်နိုင်ကြဘဲ နောက်ဆုံး တောလှန်ရသည်ထိဖြစ်ခဲ့ တော့သည်။ ထိုအမုန်းတရားတို့သည် မြန်မာလူမျိုးတို့ရင်ထဲ စွဲမြဲနေခဲ့သည်။ ထိုအမုန်းစိတ်နှင့်ပင် သူတို့၏ရတနာများ မြှုပ်နှံရာနေရာကို မပြတာလည်းဖြစ်နိုင် ပါသည်။ ဒုတိယကမ္ဘာစစ်ကို ဖန်တီးရာ တွင် ဂျပန်ကလည်း တစ်ထောင့်တစ်နေ ရာမှပါခဲ့သည်။ ဒုတိယကမ္ဘာစစ်စဖြစ်

စဉ်က ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ဒုတိယကမ္ဘာစစ်စဖြစ်စဉ်က အမေရိကန် စစ်ထဲမပါခဲ့။ သူ့ဘာသူအေးဆေးစွာနေ သော အမေရိကန်ကို ဂျပန်တို့သည် ပုလဲအိုတုတ်နှင့်ထိုးသလို အမေရိကန် ကို စစ်ထဲဆွဲခေါ်ခဲ့လေသည်။ ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလတွင် အမေရိကန်ရေ တပ ပါးလ်ဟားဗားကို အသေခံဗုံးကြဲ၍ စစ်ထဲဆွဲခေါ်ခဲ့သည်။

အင်္ဂလိပ်တို့သည် ၁၈၅၂ ခုနှစ် တွင် ရန်ကုန်ကိုသိမ်းယူခဲ့ပြီး ၁၈၈၅ ခုနှစ် ကျတော့ အထက်မြန်မာပြည်ကိုသိမ်း ကာ မြန်မာတစ်ပြည်လုံး ကျွန်ဇာတ်သွင်း ခဲ့တော့သည်။ နောက်ဆုံးတွင် ဗိုလ်ချုပ် အောင်ဆန်းတို့အဖွဲ့က ဂျပန်နှင့်ပေါင်း ကာ အင်္ဂလိပ်ကို တွန်းလှန်တိုက်ခဲ့ကြရ သည်။ အင်္ဂလိပ်ပြေးတော့ ဂျပန်ဝင်လာ သည်။ ကိုရွှေဂျပန်တို့ဝင်လာစက အပြုံး ကလေးတွေကိုယ်စီနှင့် သွားတွေကိုဖြဲ ကာ သကြားကပင်အရှုံးပေးခဲ့ရသည်။ မကြာမီ အပြုံးတွေပျောက်၍ဘီလူးသွား ကိုလဖြဲတည်းဟု ရှင်သီလဝံသရေးသလို ဘီလူးရုပ်ပေါ်လာလေတော့သည်။

နောက်ဆုံး နယ်ချဲ့ကိုရွှေအင်္ဂလိပ် ကိုပင် ပြန်ခေါ်ပြီး ဂျပန်ကိုတော်လှန်ရ ပြန်တော့သည်။ ၁၉၄၅ ခု၊ မတ် ၂၇ရက် တွင် မြန်မာက ဂျပန်ကို စစ်ကြေညာ၍ တိုက်ခဲ့ရတော့သည်။ ဂျပန်သည် စစ်ဆင် ရေး တိုက်ရည်ခိုက်ရည်ကောင်းသည်။ သို့သော် မြန်မာလူမျိုးတို့အပေါ် ပြုမူ ဆက်ဆံပုံမှာ ကြမ်းတမ်းရက်စက်လွန်း လှသဖြင့် မြန်မာလူမျိုးတွေ မခံမရပ်နိုင် တော့ဘဲ ပြန်လည်တော်လှန်ခဲ့ရတော့ သည်။ ဂျပန်လည်းစစ်ရှုံးခဲ့ရတော့သည်။ ဂျပန်ကို အမေရိကန်ကလည်းမပြေသည့် ရန်ငြိုးပေးဆပ်ခဲ့လေတော့သည်။ ၁၉၄၅၊ ဩဂုတ်လ ၆ ရက်တွင် ဂျပန်ကိုအဏုမြူ ဗုံးကြဲချခဲ့သည်။ ခေါင်းမာလှသည့် ဂျပန် လည်း ထိုအခါမှ လက်နက်ချ အညံ့ခံ လေတော့သည်။

ဂျပန်တို့စစ်ရှုံး၍မြန်မာပြည်ထွက် ခွာကြသောအခါ ရသမျှ ပစ္စည်းဥစ္စာ တို့ကို သယ်ယူသွားကြသည်။ သို့သော် သူတို့နိုင်ငံထိ သယ်ယူသွားရန်အခက်ခဲရှိ သဖြင့် မြန်မာနိုင်ငံ၏ တောတောင်ထဲ တွင်မြေပုံဆွဲအမှတ်အသားလုပ်ကာမြှုပ် နှံထားခဲ့ကြသည်။ သူတို့ပြေးကြရသော အခါ မြန်မာနိုင်ငံမှ တောသားတောင် သားတွေကို အထမ်းသမားအဖြစ်ခေါ် ဆောင်သွားကြသည်။ သူတို့တွင် ပေါ့ဟိုးတပ်ဆိုသော ချွေးတပ်သားများ



www.burmeseclassic.com

www.burmeseclassic.com

စုဆောင်းထားသည်။ ထိုချေးတပ်သားများကို ရှေ့မှထားကာ သူတို့ကနောက်မှ လိုက်သွားကြသည်။

ရိုးမတောကြီးထဲတွင် ဟေးဟိုးတပ်သားများကို အထမ်းထမ်းခိုင်းကာ ခေါ်သွားခဲ့လေသည်။ ထိုအကြောင်းတွေသည် ထိုစဉ်က တိမ်မြုပ်နေခဲ့သည်။ မည်သူမျှ မသိခဲ့ကြချေ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ဆုံး တော်လှန်ရေးကောင်စီခေတ်တွင် ရိုးမတောင်ကြီးမှနေပူတောင်ရောင်းမည်ဟု သတင်းစဲ့သဲ့ထွက်လာသည်။ နေပူတောင်တွင် အဖိုးတန်ကျောက်တွေရှိသည်။ ထိုတောင်မှထွက်သည့် ကျောက်များမှာ ခင်းထားလျှင် လုံးဝနေမပူပေ။ ခင်းထားသောကျောက်များပေါ် တက်နင်းသွားလျှင် အေးမြနေပေသည်။ ထိုနေပူတောင်အား နိုင်ငံတစ်နိုင်ငံမှ ဝယ်မည်ရောင်းမည်ဟု သတင်းထွက်ပေါ်လာသောအခါ ဟေးဟိုးချေးတပ်တွင်ပါဝင်ခဲ့သူတစ်ဦး၏တူဖြစ်သူတစ်ဦးထံမှ ပေလီကမ်းခြေတွင်နေထိုင်သော ကျောင်းဆရာဦးစောအောင်ထံသို့ စာတစ်စောင်ရောက်လာလေသည်။ ထိုစာမှာ ရိုးမတောင်ကြီးထဲမှ ဂျပန်တို့မြှုပ်ထားခဲ့သော ရတနာတွေ၏ အညွှန်းစာ ဖြစ်နေလေသည်။ စာမှာဤသို့ ဖြစ်ပါသည်။

ဆရာဦးစောအောင်ခင်များ

ကျွန်တော် ရိုးသေလေးစားစွာဖြင့် စာရေးသားပေးပို့လိုက်ပါသည်။ ကျွန်တော့်ကို ဆရာသိမှာပါ။ ကျွန်တော် မောင်ထွန်းအောင်ပါ။ ဆရာ့ဆီကို ကျွန်တော်ရောက်ရှိခဲ့စဉ်က ဆရာ့ကိုသိရှိခင်မင်ခဲ့ရပါသည်။ ဆရာမှတ်မိမည်ဟု ထင်ပါသည်။ ကျွန်တော် ဆရာ့ကိုအထူးပြောချင်သည်မှာ နေပူတောင်ကိစ္စဖြစ်ပါသည်။ ကျွန်တော်တို့ရခိုင်ရိုးမတောင်ကြီးမှ နေပူတောင်ကြီးပါ။ လူတိုင်းသိကြပါသည်။ နေပူတောင်ဆိုသည်မှာ နေပူခံကျောက်များရှိရာတောင် ဖြစ်ပါသည်။ ထိုတောင်မှကျောက်များသည် အလွန်တန်ဖိုးရှိသောကျောက်များ ဖြစ်ပါသည်။ ထိုကျောက်များကိုခွဲစိတ်၍ လမ်းခင်းထားပါက လုံးဝမပူပါ။ နေပူလယ်ကောင်မှာ ချထားတက်နင်းလျှင်အေးမြနေပါသည်။ ထို့ကြောင့် ထိုနေပူခံကျောက်များကို လူတိုင်း နိုင်ငံတကာက လိုချင်နေကြပါသည်။ ယခု ထိုတောင်ကိုရောင်းမည်ဝယ်မည်ဟု အသံထွက်နေပါသည်။

ကျွန်တော်၏ သဘောကတော့ မရောင်းစေလိုပါ။ ဘာကြောင့်မရောင်းစေချင်တာလဲဟုမေးလျှင် နေပူခံကျောက်များကြောင့်တစ်ကြောင်း၊ တခြားအကြောင်းတစ်ခုမှာ ကျွန်တော့်ဦးလေးဦးဘအောင်မဆုံးမီက ပြောကြားသွားခဲ့သော အဖြစ်အပျက်တစ်ခုကြောင့် ဖြစ်ပါသည်။ ထိုအဖြစ်ပျက်မှာ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တွေစစ်ရှုံးပြီး ချေးပြေးဝက်ပြေးပြေးခဲ့ကြရပါသည်။ ထိုသို့ပြေးရာတွင် မြန်မာပြည်တွင်းမှ အဖိုးတန်ရတနာများကို ရသလောက် သယ်နိုင်သလောက် သယ်ဆောင်သွားခဲ့ကြပါသည်။ သူတို့မှာ အဖိုးတန်ပစ္စည်းများကို သူတို့နိုင်ငံအထိ သယ်ယူနိုင်ခြင်းမရှိပါသဖြင့် မြန်မာနိုင်ငံ၏ တောတောင်များထဲတွင် မြေပုံဆွဲကာ မြှုပ်နှံထားခဲ့ကြပါသည်။ သူတို့စစ်ပြေးကြတော့ ဂျပန်တပ်စုတစ်စုက ဟေးဟိုးတပ်သား (၄၀) ကိုခေါ်ယူပြီး ရတနာသေတ္တာတွေကို အထမ်းခိုင်းခဲ့ပါသည်။ ထိုဟေးဟိုးတပ်သားများထဲတွင် ကျွန်တော့်ဦးလေးလည်း တစ်ယောက်အပါအဝင် ဖြစ်ပါသည်။ ဂျပန်တပ်စုသည် ဟေးဟိုးတပ်သား(၄၀) တစ်ယောက်သေတ္တာတစ်လုံးစီအထမ်းခိုင်းပါသည်။ သေတ္တာအလုံး (၄၀) ဖြစ်ပါသည်။ ရိုးမကြောသို့ရောက်သောအခါ နေပူတောင်အနီးတွင် ရတနာများကိုမြှုပ်နှံခဲ့ပါသည်။ ထိုနေရာကို နေပူတောင်၏ အရှေ့တောင်ဘက်သို့ မျှော်ကြည့်လိုက်သောအခါ တောင်ကုန်းလေးသုံးလုံးကိုတွေ့ရပါလိမ့်မည်။ ထိုတောင်ကုန်းကလေးသုံးလုံးအနီးတွင် တွင်းကြီးတစ်တွင်းတူးပြီး အထဲမှလေထီးပုဆိုးစများခင်းပြီး ရတနာများကို တွင်းကြီးထဲသို့ သွန်ချခိုင်းပါသည်။ အပေါ်မှ လေထီးစများဖြင့် ပြန်လည်ဖုံးအုပ်ကာ လုံခြုံအောင်ဖုံးဖိပြီးမြေဖို့လိုက်ကြသည်။ အမှတ်သားမတွေ့ရအောင် အသေအချာဖုံးအုပ်ပြီး ဟေးဟိုးတပ်သား (၄၀) တို့ကို တန်းစီခိုင်းပြီး အားလုံးကိုပစ်သတ်လိုက်ကြပါသည်။

ကျွန်တော်၏ဦးလေး ဦးဘအောင်မှာ သေနတ်ဒဏ်ရာပြင်းစွာရရှိခဲ့ပါသော်လည်း အသက်မသေခဲ့ပါ။ လဲကျပြီးသေဟန်ဆောင်နေလိုက်ပါသည်။ အားလုံးငြိမ်သက်ပြီး မည်သူမျှမရှိတော့မှ ထိုနေရာမှ အသာထကာပြန်လာခဲ့ပါသည်။ ရိုးတောင်၏ အဆင်းတွင် အုတ်သျှစ်ပင်ရွာရှိပါသည်။ ထိုရွာရောက်မှ ထိုရွာမှလူတွေက ပြည်ဆေးရုံသို့ ပို့ပေးလိုက်ကြပါသည်။ ကျွန်တော့်ဦးလေးဦးဘအောင်မှာ ပြန်လည်၍ ကျန်းမာမလာတော့ဘဲ ထိုရောဂါနှင့်ဆုံးပါးသွားခဲ့သည်။ သူမဆုံးမီ ဤအကြောင်းများကို ကျွန်တော့်အား ပြောပြသွားခဲ့ပါသည်။ သို့ကြောင့် ဤနေပူတောင်အားရောင်းမည်ဟု ကြားရသောအခါ ကျွန်တော်စိတ်ပူပန်မိပါသည်။ သူတို့မှာ (ဂျပန်များ)မြေပုံဆွဲယူသွားခဲ့ပါသည်။ နောင်တစ်ချိန် အခြေအနေ အေးဆေးသောအခါ လာရောက်တူးဖော်ရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ အဖိုးတန်ရတနာများ တိုင်းတစ်ပါး၏လက်ထဲသို့မရောက်စေချင်ပါ။သို့ကြောင့် ဆရာဦးစောအောင်တို့လို ပေါက်ရောက်သောပုဂ္ဂိုလ်များက သက်ဆိုင်ရာသို့ ဆက်သွယ်တာ ပန်ကြားပေးစေလိုပါသည်။ ရိုးမတောင်ကြီးသည် ဟိုတစ်ချိန်တုန်းကတဲ့သို့ တောတောင်ထူထပ်ခြင်း မရှိတော့ပါ။ သစ်ကြီးဝါးကြီးများလည်း မရှိတော့ပါ။ သို့ကြောင့် ရိုးမတောင်ပေါ်သို့ရောက်လျှင် နေပူတောင်ကိုသွားပါ။ နေပူတောင်ကိုရောက်လျှင် အရှေ့တောင်ဘက်သို့ မျှော်ကြည့်လိုက်ပါ။ တောင်ကုန်းလေးသုံးလုံးကိုတွေ့ရပါလိမ့်မည်။ တောင်ကုန်းကလေးသုံးလုံး၏ခြေရင်းအနီးတွင် ရတနာတွင်းရှိပါသည်။ သို့ကြောင့် ဆရာဦးစောအောင်အား ကျွန်တော့်ဦးလေးပြောကြားထားခဲ့သမျှ အသိပေးရေးလိုက်ရပါသည်။

ဆရာ့တပည့် မောင်ထွန်းအောင်
ဆရာတို့မိသားစု
ကျန်းမာချမ်းသာကြပါစေ။

ထိုစာကလေးတစ်စောင်မှစတင်၍ မြစ်ဖျားခံခဲ့ပါသည်။ ယခုအခါ ဆရာဦးစောအောင်လည်းမရှိတော့ပါ။ သူ့ဇနီးဒေါ်အေးကြည်လည်း မရှိတော့ပါ။ သားသမီးတွေသာ ကျန်ရစ်ပါတော့သည်။ သားသမီးတွေကလည်း ထိုကိစ္စကိုလုံးဝစိတ်မဝင်စားကြပါ။ သူတို့မိသားစုထံမှ ထိုစာကလေးတစ်ဆောင်ရောက်ရှိတာ မှန်ကန်ကြောင်းသာ သိရှိရပါသည်။ သို့ကြောင့် ဤစာကိုဖတ်မိသူများ၊ မြန်မာပြည်သူပြည်သားများစိတ်ဝင်စားမှုရှိပါက ရခိုင်ရိုးမတောင်ကြီးမှ နေပူတောင်သို့သွားရောက်ကာ အရှေ့တောင်ဘက်သို့ မျှော်ကြည့်လိုက်ပြီး တောင်ကုန်းကလေးသုံးလုံးကို ရှာဖွေကြပါဟုသာ ညွှန်းဆိုလိုက်ရပါသည်။

မောင်ခင်းခိုင်

www.burmeseclassic.com

ရှန်နွားများရဲ့သားရေဟာ တော်တော်ပါး ပုံရတယ်။ အဝတ်လျှော်တဲ့ ဘရပ်ရှိနဲ့ဖွပ် ရာ ငြိမ်ခံမနေဘဲ ခုန်ပေါက်နေပါတယ်။ ထိုအခါ ကန်ပေါင်ဘေးနားပေါက်နေ တဲ့ဆောက်ဖြာချုံတွင် သပွတ်ခါးသီးများ၊ အမြောက်အမြားခြောက်သွေ့နေတာ မြင်တာနဲ့ သွားခူးပြီး အခွံခွာ၊ အစေ့တွေ ခါထုတ်ပြီး နွားမလေးအား ပွတ်ပေးရာ မှာတော့ ငြိမ်ခံနေပါတော့တယ်။

ကျွမ်းကျင်ရာလိမ္မာဆိုတဲ့စကားများလည်း ပါလာပါတယ်။ သူ့ အခုသူခိုးတစ်ယောက် ဖမ်းမိထားကြောင်း၊ မင်းမှန်တာပြော မညာနဲ့၊ ညာရင်နာမယ်ဘာမယ်နဲ့ ခိုးပုံ ခိုးနည်းက ဘယ်လိုခိုးတယ်ပြောဆိုတော့ သူတို့ရဲ့သူခိုးနည်းပြက သည်လိုပို့ချပါ သတဲ့။

ခိုးစားတော့မယ်ဆိုရင် အရင်ဆုံး



# နေဝင်းဦး

(ပြည်)

## သူခိုးနည်းပြဇာတ်တစ်မျိုးတည်းဟာသည် အကျိုးကြီးရမည့်စကား

ချစ်စရာ ဖွေးဖွေး။ ညစ်ပတ်ရာမှာ တော့ ချစ်အပ်စရာနည်းနည်းလေးမှ မကျန်လောက်အောင်ပါဘဲ။ သူ့အမေ တိုးပွားဟာ ချိုကားကားကြီးနဲ့ပါ။ သူ့ကို သိပ်တဲ့ခြင်ထောင်နဲ့ငြိခြင်း၊ ခိုက်မိတိုက် မိခြင်း အလျှင်းမရှိပါ။ တိုးပွားအဖို့ ကတည်းက ခြင်ထောင်ဟာ ဖွေးဖွေးမွေး ပြီးသည်ထိ ပြဲခြင်း၊ ပေါက်ခြင်း၊ ဖာထေး ရခြင်းလည်းမရှိပါ။ သူ့သမီးလေးဖွေးဖွေး မွေးလာတော့လည်း ခြင်ထောင်တစ်လုံး သပ်သပ်ဖြင့်သိပ်ပါတယ်။ ဖွေးဖွေးမွေး တာ မကြာလှသေးပေမယ့် ရှန်းဟယ် ကန်ဟယ် ဆော့ဟယ်လုပ်ရာမှာတော့ ခြင်ထောင်ကြိုးပြတ်ကျသည်အထိပါပဲ။ ထိုအခါ ခြင်ထောင်အပေါ်တက်အိပ် လားအိပ်ပါရဲ့။ ချေးသေးရောပါသူပါ သေးရဲ့။ အလုပ်နားရက်လေးများ အဟုတ်နားရလေမလားမှတ်တယ်။ လူ အမေကြီးက သူ့နွားမမည်းမည်းကမွေး တဲ့ ဖွေးဖွေးဖြူနွားမလေးချေးသေးများ ပေရေနေလို့ ကြည့်ကောင်းအောင်လုပ် ပါဦးလို့ မိမိအားခိုင်းသလို သူမကလည်း နွားမလေးရဲ့ခြင်ထောင်အား ရေတိုင် ငုတ်မှာသွားလျှော်ဖွပ်နေပါတယ်။ ဖရစ်

ထိုစဉ်ခိုက်တွင် ယနေ့ ရွှေဒေါင်း တောင် အမည်ဖြင့် ပဲစိမ်း၊ ပဲကျက်မှုန့် စသည်များရဲ့လုပ်ငန်းရှင် မဥမ္မာ ငယ်စဉ် (၈) တန်းလောက်က မြို့ထဲမှ သူ့ရဲ့ အခင်မင်ဆုံး အတန်းဖော်မလေးက မြို့ပြင်ခြံကျယ်ကြီးမှာ တန်ဆယ်ပြီး ငါးမွေးမြူရေးလုပ်နေတဲ့ သူ့သူငယ်ချင်း မဥမ္မာတို့ခြံကို မြန်မြန်ကိုသွားလည်ချင် ကြောင်း ဖခင်အား ပူဆာသဖြင့် သူ့သမီး အား လိုက်ပို့ပေးပါကြောင်းပြောကာ မိတ်ဆက်စကားဆိုလာသူက ဦးမြကျော် ပါ။ သူဟာ စခန်းမှူးပါတဲ့။ ဇနီးရယ်၊ သမီးရယ် (၃) ယောက်သားတို့အား မိမိ တို့ခြံထွက်နဲ့လျှံထွက်သွားအောင် ဧည့် ဝတ်စောင်ဝတ်ကျေပွန်လိုက်နိုင်ပါတယ်။ ဖွေးဖွေးစို့လို့မကုန်နိုင်တဲ့နို့များက ခုနစ် ပိဿာလောက်ကြီးကို နို့နှုံသေးလို့ ဆိုင်တွေကမသိမ်းသေးပါ။ ထိုနို့များကို သကြားနဲ့ကျိုပြီး တည်ခင်းရာ ကောင်း လွန်းလှလို့တဲ့ မိသားစုသောက်လိုက်ကြ တာ အားရစရာပါပဲ။

အာလာပသလ္လာပပြောကြရာဝယ်

စဉ်းစားရမယ့်ပစ်မှတ်က သီလရှင် ကျောင်းများနဲ့ ဘုန်းကြီးကျောင်းများပဲ ဖြစ်တယ်။ မလည်ဝယ်ခင် အဲဒီသွားခိုး။ သီလရှင်က ရုံးပြင်ကနားမသွားချင်၊ အလုပ်ရှုပ်မခံချင်တာနဲ့ ခိုးမှုမဖွဲ့ဘူးတဲ့။ ဘုန်းကြီးများကတော့ သူတို့ပစ္စည်းခိုး သွားမှန်းတန်းလန်းမိနေလည်းကြည့်နေ တာပဲ။ ဘယ်တော့မှ ပြဿနာမရှာဘူး တဲ့။

အဲဒီစကားအရောက်မှာ ဘွားခနဲ ပေါ်ပေါက်လာတာက တစ်နေ့ လူတစ် ယောက် အဝီစိတွင်းတူးရာမှာ ရေမှုတ် ထုတ်ရန် စက်လိုအပ်နေလို့ ကျွန်တော့ ထံ လာငှားပါတယ်။ နို့ပွဲ့တောရအလွန် တောရကျောင်းတွင်လိုက်မှတ်ရမှာဝေး လွန်းလှလို့မလိုက်လိုကြောင်း ငြင်းဆန်ခဲ့ ပါတယ်။ သံဃာတော်များရဲ့ ရေအမြင်ကတ်

www.burmeseclassic.com

အခဲကူညီရန် တောင်းတောင်းပန်ပန် ပြောသဖြင့်လိုက်သွားပြီး စက်မောင်း ပေးလိုက်ပါတယ်။ ပြီးစီးသည့်အခါ ဘုန်းကြီးအား ဦးချရန်အသွား ဓမ္မာရုံ၏ အမိုးတစ်နေရာတွင် သွပ် (၆) ချပ်ခန့် လွတ်နေရာကိုမော့ကြည့်နေသည့် ဆရာတော်မှ မနေ့တစ်နေ့က သူခိုးခိုးခံလိုက်ရကြောင်းသိပေမယ့်.ကြည့်နေခဲ့ရကြောင်း ပြောတော့ ဒုန်းဒုန်းလောက်လုပ်ပြရင် လူခိုးနေမှန်းသိမယူဘဲထားပြန်သွားမှာဟု လျှာချောင်မိရာ 'ဒကာလေးနှယ်' ဟု ဆိုကာ ဒီပြည်မှာ တိုတုန်းတာ ဝီနည်းလေးစားတဲ့ ဆရာတော်တစ်ပါးအောရဆောက်တည်နေတယ်။ ဆန်အလှူအသင်းက တစ်ပါးဆန်တစ်အိတ်နှုန်း လှူထားတဲ့ဆန်အိတ်ကို ကျောင်းထဲ





www.burmeseclassic.com

www.burmeseclassic.com

ထောင်ထားတယ်။ ဒါကို သူခိုးက မျက်စိကျနေတယ်။ ဆရာတော် အိမ်သာတက်ခိုက် သူခိုးကဆန်အိတ်ထမ်းထွက်အလာ၊ ထိုအခိုက် ဆရာတော်က အိမ်သာက ထွက်လာ ပက်ပင်းတိုးတော့ 'အာ-ဆရာတော်ကြီးပါလား' ဆိုပြီး ဆန်အိတ်ကြီး ဖုတ်ခနဲပစ်ချထွက်ပြေးသွားတယ်။ 'ဟဲ့-ဒကာ သင့်ပစ္စည်းသင်ယူသွား' ဆိုပါသော်လည်း ထိုဒကာတော်သူခိုးပေါ်လာနိုးနဲ့ပဲ ဆန်အိတ်လည်း ထိုနေရာမှ မရွှေ့ (၃)ရက်မြောက်နေ့၌ ဝိနည်းတော်နှင့်အညီနေတော်မူတဲ့ ဆရာတော်ကြီး လူဝတ်လဲလိုက်ရရှာတယ်တဲ့တဲ့ ဒကာလေးရဲ့ ဆိုတဲ့စကား သတိရမိသွားပါတယ်။

မင်းတို့ ညဘက် ဘယ်အချိန်ခိုးခိုင်းလဲဆိုတော့ အဲဒါက သူခိုးရဲ့အထာပဲ။ လူဆိုတာ တစ်ရေးတစ်မော အတွေးမနှော တခေါခေါနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားချိန်ဟာ (၁၂) နာရီဝန်းကျင်နဲ့ (၁) နာရီကြားပဲ။ အဲဒီအချိန် များသောအားဖြင့်မနိုးတဲ့။ မင်းတို့ခိုးလို့ ဝှက်လို့မရတဲ့အိမ်များကောရှိလားဆိုပြန်တော့ ဟို - ဘယ်လိုပြောရမလဲမသိ။ အစီအမံ အရံအတား စည်းချတာဘာချတာတို့လုပ်ထားတဲ့ အိမ်လားဘာလား မပြောတတ်ဘူး။ အိမ်နားကပ်လိုက်တာနဲ့ မီးလင်းလာတာတို့၊ မီးရောင်တလက်လက်နဲ့ လူနိုးတာတို့၊ တီးတိုးစကားပြောသံကြားတာတို့နဲ့ တိုးနေတဲ့အိမ်မျိုးခိုးလို့မရပါတဲ့။ တချို့အိမ်များ ခိုးမယ့်သူက ခိုးဖို့စိတ်မဝင်စားတာလည်းရှိသတဲ့။

သူခိုးစောရရဲ့ တစ်မျိုးပြောပြစကားတွင်ပါသော အစီအမံအရံအတား စည်းချတာဘာချတာဆိုတဲ့ စကားအစဆွဲပြီးတွဲလွဲကြီးပါလာတာက မကြာသေးမီက ဖတ်ခဲ့ရတဲ့ စည်းချမယ့်သူက စနေသားဖြစ်တယ်ဆိုပါတော့။ စနေသားရဲ့ မွေးရပ်ဖြစ်တဲ့ အနောက်တောင်ထောင့် စနေအရပ်ကို စိတ်အာရုံညွှတ်ပြီး နရတိမဒိသေနယကွေန၊ သဗ္ဗေဗုဒ္ဓါ တေဇပတ္တာ၊ ပစ္စေကာန၉ ယော တေဇော၊ အရဟန္တာန၉တေဇေန ရက္ခံဗန္ဓာမိ သဗ္ဗသော၊ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယောဆိုပြီး (၃ ပစ္စည်းချ) နာရီလက်တံလှည့်သကဲ့သို့ နောက်အရပ်ပြောင်း၊ အနောက်အရပ် ကြာသပတေးအရပ်ကိုစိတ်ညွှတ် 'ပစ္ဆိမဒိသေနယကွေန၊ သဗ္ဗေဗုဒ္ဓါဗလပတ္တာ ပစ္စေကာန၉ ယံ ဗလံ အရဟန္တာန၉ တေဇေန ရက္ခံဗန္ဓာမိ သဗ္ဗသော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော(၃ပစ္စည်းချ)အနောက်မြောက်ထောင့်အရပ် ရာဟုအရပ် စိတ်ညွှတ် ပါရပ္ပဒိဝေနယကွေန သဗ္ဗေ ဗုဒ္ဓါ ရသပတ္တာ၊ ပစ္စေကာန၉၊ ယံ ရသံ အရဟန္တာန၉ တေဇေနရက္ခံ ဗန္ဓာမိသဗ္ဗသော အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော(၃ပစ္စည်းချ) မြောက်အရပ် သောကြာအရပ် ဥတ္တရဒိသေနယကွေန၊ သဗ္ဗေဗုဒ္ဓါ သီရိပတ္တာ ပစ္စေကာန၉ယံ သီရိ၊ အရဟန္တာန၉ တေဇေန ရက္ခံဗန္ဓာမိသဗ္ဗသော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော (၃ပစ္စည်းချ) အရှေ့မြောက်ထောင့် တနင်္ဂနွေအရပ် ဧသန္နဒိသေနယကွေန သဗ္ဗေဗုဒ္ဓါ ကုဒ္ဓိပတ္တာ ပစ္စေကာန၉ ယံ ကုဒ္ဓိ အရဟန္တာန၉ တေဇေနရက္ခံ ဗန္ဓာမိ သဗ္ဗသော ကမ္မပစ္စယော၊ဝိပါကပစ္စယော၊ အာဟာရပစ္စယော(၃ပစ္စည်းချ) အရှေ့အရပ် တနင်္လာအရပ် ပုဗ္ဗဒိသေနယကွေန သဗ္ဗေဗုဒ္ဓါ ခေမပတ္တာ ပစ္စေကာန၉ ယံ ခေမံ၊ အရဟန္တာန၉ တေဇေန ရက္ခံဗန္ဓာမိ သဗ္ဗသော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော(၃ပစ္စည်းချ) အရှေ့တောင်ထောင့် အင်္ဂါအရပ် အဂ္ဂိဒိသေနယကွေန သဗ္ဗေဗုဒ္ဓါ ဇိနပတ္တာပစ္စေကာန၉ ယောဇိနော အရဟန္တာန၉ တေဇေန ရက္ခံဗန္ဓာမိသဗ္ဗသော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော(၃ပစ္စည်းချ)တောင်အရပ် ဗုဒ္ဓဟူးအရပ် ဒက္ခိဏဒိသေနယကွေန သဗ္ဗေဗုဒ္ဓါ လာဘပတ္တာ ပစ္စေကာန၉ ယောလာဘော အရဟန္တာန၉တေဇေန ရက္ခံဗန္ဓာမိ သဗ္ဗသော နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော(၃ ပစ္စည်းချ) မိမိမွေးရပ် အနောက်တောင်ထောင့် စနေအရပ်ကို စိတ်စိုက် နရတိမဒိသေနယကွေနသဗ္ဗေဗုဒ္ဓါတေဇပတ္တာ ပစ္စေကာန၉ ယောတေဇော အရဟန္တာန၉ တေဇေန ရက္ခံဗန္ဓာမိသဗ္ဗသော၊ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော (၃ပစ္စည်းပြန်ချ) (စသည့်အရပ်မှပြန်ပိတ်ပြီးလျှင်)အထက်ကောင်းကင်အရပ်ကို စိတ်လွှတ်ပြီး အာကာသဒိသေန ယကွေန သဗ္ဗေဗုဒ္ဓါ ဈာနပတ္တာ ပစ္စေကာန၉ ယံ ဈာနံ အရဟန္တာန၉ တေဇေန ရက္ခံ ဗန္ဓာမိသဗ္ဗသော ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော (၃ပစ္စည်းစီ) မိမိမွေးရပ်မှစပြီး (၃ပစ္စည်းစီ) အရပ်မျက်နှာတိုင်းလှည့်ချသွား မိမိမွေးရပ်ပြန်ပိတ်တဲ့အနေနဲ့ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော ပိတ်ပြီး အောက်မြေပြင်အရပ်အတွက် စိတ်စိုက် ဘူမဒိသေနယကွေန သဗ္ဗေဗုဒ္ဓါနိစ္စပတ္တာ ပစ္စေကာန၉ ယံနိစ္စံ အရဟန္တာန၉ တေဇေနရက္ခံ ဗန္ဓာမိ သဗ္ဗသော ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော မိမိမွေးရပ်မှ စပြီး (၃ ပစ္စည်းစီ-အရပ်မျက်နှာတိုင်းလှည့်ချ) မိမိမွေးရပ် ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယောဆိုပြီးပိတ်ပါက စည်းချကိစ္စ ပြီးဆုံးခြင်းသို့ရောက်ပါပြီ။

ထိုစည်းချနည်းဖြင့် စည်းချခဲ့သူက သူဟာ မသွားမဖြစ် မိသားစုလိုက်အိမ်ထားသွားရမည့်ကိစ္စပေါ်လာသဖြင့် မိမိ၏ မလုံမခြုံအိမ်အား ၊ အထက်ပါစည်းချနည်းဖြင့် စည်းချပြီးအိမ်ပိတ်ထားခဲ့ရာ လများကြာ ကိစ္စဝိစ္စပြီးစီးမှ ပြန်လာရာ လက်ရာခြေရာမပျက်တွေ့ရှိရပါတယ်ဆိုတဲ့ ကိုယ်တွေ့အကြောင်းရေးပြတာဖတ်ခဲ့ရတာကို ဖျတ်ခနဲသတိရပြီး ဇနီးသည်အား အခုန သူခိုးပြောသွားတဲ့အထဲမှာ အစီအမံအရံအတားအဖြစ် စည်းချတာဘာချတာပြုတဲ့အိမ် ခိုးမရပါဘူးလို့ပြောတဲ့သူခိုး လက်တွေ့စကားနဲ့ မိမိအိမ်အား အစီအမံ အရံအတား စည်းချကာ မသွားမဖြစ်သွားသူ အိမ်ရှင်တို့ရဲ့စကားအရဆိုရင် တို့အိမ်အောက်ကနွားမလေးနဲ့ ကူဘိုတာရေစုတ်စက်နှစ်လုံးတို့က သူခိုးကို လက်ရခေါ်သလိုဖြစ်နေတယ်။ တို့ကလည်း ဒီ (၂.၆၂) ဧကရှိတဲ့ ခြံကြီးကို လုံအောင်မကာရံနိုင်ဘူး။ သူခိုးစကားနဲ့ အရံအတားသမားစကား အလေးထားပြီး တို့နှစ်ယောက် လုပ်အားပြုလိုက်ကြမည်ဟု တိုင်ပင်ကာ ခြံကိုစည်းချရန် စည်းချဂါထာကို အရပ်မျက်နှာလိုက်ပြီး သူက တနင်္လာသမီးဆိုတော့ အရှေ့အရပ်ဖြစ်တဲ့အတွက် ပုဗ္ဗဒိသေန ယကွေန တနင်္လာဂြိုဟ်အရပ်မှ ခေမာပတ္တာ ယံခေမံ ပြီး အရှေ့တောင်ထောင့်အရပ်ဖြစ်သဖြင့် အဂ္ဂိဒိသေန ယကွေန အင်္ဂါဂြိုဟ်အရပ်မှ ဇိနပတ္တာ ယောဇိနော။ တောင်အရပ် ဒက္ခိဏ ဒိသေနယကွေန ဗုဒ္ဓဟူးဂြိုဟ်အရပ် လာဘပတ္တာ ယောလာဘော။ အနောက်တောင်ထောင့် နရတိမဒိသေန ယကွေန စနေဂြိုဟ် တေဇပတ္တာ ယောတေဇော။ အနောက်အရပ် ပစ္ဆိမဒိသေနယကွေန ကြာသပတေးဂြိုဟ် ဗလပတ္တာ ယံဗလံ။



www.burmeseclassic.com

www.burmeseclassic.com

အနောက်မြောက်အရပ်(ထောင့်) ပါရမ္ဘဒိသေနယကျွေနှ ရာဟုဂြိုဟ် ရသပဋ္ဌာယံရသံ။ မြောက်အရပ် ဥတ္တရဒိသေနယကျွေန သောကြာဂြိုဟ် သီရိပဋ္ဌာယံသီရိ။ အရှေ့မြောက် ဧသန္နဒိသေနယကျွေန တနင်္ဂနွေဂြိုဟ်အရပ် ဣန္ဒိပဋ္ဌာ ယံဣန္ဒိ။ အရှေ့အရပ် ပုဗ္ဗဒိသေနယကျွေန တနင်္လာဂြိုဟ်အရပ် ခေမပဋ္ဌာယံခေမံ။ အထက်ကောင်းကင်အာကာသဒိသေနယကျွေန ဈာနပဋ္ဌာယံဈာနံ။ အောက်မြေပြင်အရပ် ဘူမဒိသေနယကျွေန နိစ္စပဋ္ဌာ ယံနိစ္စံ ဘာမှများစရာမရှိ။ သူ့အရပ် သူ့ဂြိုဟ်အလိုက် (၃ပစ္စည်းစီချ) သွားလျှင် ၆ ဟာတုစ ဟောတုပိတ်လျှင် စည်းချခြင်းပြီးပါတယ်လို့ မိမိရောသူပါ ကိုယ်နေ့နံအလိုက် အမှားအယွင်းမရှိ စည်းချနိုင်ခဲ့ကြပါတယ်။

စည်းချလာခဲ့ရာ (၂၄) ရက်အကြာတွင် နွားမလေးအား ခိုးယူရန်လာတဲ့ သူခိုးရဲ့ လက်သုံးပစ္စည်းများဖြစ်တဲ့ ကြိုးခွေ၊ ကြိမ်လုံး၊ လောက်လေးခွ၊ လောက်စာလုံးတို့ အားထား၍ ဘာကိုမြင်တွေ့ရလို့များ ထွက်ပြေးသွားလေသလဲမသိရ။ သူခိုးကျန်ရစ်ပစ္စည်းများ နွားမနားတွင်တွေ့ရလို့သာ သူခိုးလာသွားတာသိရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့မိသားစုတော့ နိုးလည်းမနိုး၊ မြင်လည်းမမြင်ရပါ။ ဒီပစ္စည်းကြည့်ပြီး တို့လုပ်ရပ်မှန်သွားပြီလို့ နှစ်ဦးသား အားရှိသွားကာ ပိုဂရုထားလုပ်ကြပြန်ပါတယ်။

ဒီတစ်ချီကတော့ သူခိုးဆိုတာကို လက်တွေ့၊ မျက်တွေ့ တွေ့ရပါတယ်။ (သူခိုးနည်းပြ ပြောတယ် မဟုတ်လား) (၁၂) နာရီဝန်းကျင်နဲ့ တစ်နာရီခြားဆိုတာလေ။ အဲဒီအချိန် တစ်ယောက်မဟုတ်တစ်ယောက် မနိုးနိုးအောင် ကြိုးစားကြပါတယ်။ ထိုအချိန်မှာ သူခိုးက ထန်းရွက်များနဲ့ ဖိုးရိုးဖားရားကျစ်ထားတဲ့ဦးထုပ်ကြီးအားဆောင်းပြီး လမ်းမကြီးပေါ်မှ အိမ်ရှေ့ကိုတဖြည်းဖြည်းခြင်းဆင်းလာပါတယ်။ လမ်းကူးတံတားနားအရောက် ဘာမြင်သွားသလဲမသိ ရုတ်ခနဲ ပြန်လှည့်ပြီးတက်ပြေးပါတယ်။ တာလမ်းပေါ် ရောက်ပြန်တော့ မကျေနပ်တဲ့အမူအရာအပြည့်နဲ့ ပြန်ကြည့်နေပြန်ပါတယ်။ ပြီးတော့ တစ်ခါဆင်းလာပြန်တယ်။ ဒုတိယမ္ပိ ရှေးကလို ပြန်ပြေးတက်သွားပြန်ပါတယ်။ တာပေါ် ရောက်မကျေနပ်ကြည့်နဲ့ပြန်ကြည့်ကာ တတိယအကြိမ်ဆင်းလာမိအောင်လာပြန်တာပါပဲ။ (၃) ကြိမ်မြောက်လည်း ပြန်လှည့်ပြေးပြီး တာလမ်းပေါ် ရောက်တော့ အိမ်ဘက်သို့ မျက်နှာမူကြည့် အပေါ့အပါးသွားပြီး ထန်းပေါက်ရွာဘက် စိုက်စိုက်နဲ့ထွက်သွားပါတယ်။ ည (၁၂) နာရီ (၂၀) ခန့် ကျွန်တော်တို့ဇနီးမောင်နှံက အိမ်ထဲမှလှမ်းပြီးကြည့်နေတာကို မြင်လို့တော့ မဟုတ်နိုင်။ သူခိုးဘာကိုမြင်လို့ အကြိမ်ကြိမ်ပြန်ပြေးရသလဲ။ နည်းကျတဲ့စည်းချတဲ့အကျိုးကြောင့်ဆိုတာတော့ ယုံကြည်မှုပိုမိုမြင့်မားခဲ့ပါတယ်။

တတိယအတွေ့အကြုံ အစေ့အစုံဟတ်ထိရပုံက မတ်လမှာ အခါမဲ့မိုးရွာသွန်းဖြိုးမှုကြောင့် ကျွန်တော့်ခြံရေပတ်လည်ဝိုင်းရံလျက်ရှိပါတယ်။ စနေနေ့တစ်ပိုင်း အလုပ်မှ နေပူပူကြီးပြန်အလာလမ်းကူးတံတားတုံးများလည်း အခါမဲ့မိုးရေထဲမျောပါသွားလို့ ခါးထိအောင်နစ်မြုပ်တဲ့ရေမှာ တံတားတုံးများလိုက်ဆယ်မိပါတယ်။ အပူထဲကလာ၊ရေထဲကူးချည်သန်းချည်သွားလာသည်များတာရယ်၊ အရင်ရက်ကတည်းကဲ ဖျားချင်ချင်အဖျားဝင်တာကိုပင် ဂရုမထား၊ ဒါလေးများ ဘာမိတွန်သောက်ပျောက် နှောက်တောက်တောက်သဘောထားသော်လည်း ဖောက်တောက်တောက် အဖျားဒီဂရီက ညနေစောင်းမှာ များသည်ထက်များလာပြီး သတိလစ်တဲ့အထိဖြစ်သွားပါတော့တယ်။ သတိလစ်သွားစဉ် တွေ့မြင်နေရတာများ ရုပ်ကဆိုးဆိုး၊ ဖျက်လုံးကလည်းပြူးပြူးကြီးနှင့် မိန်းမသုံးယောက်ရယ်၊ ခေါင်းတလားကြီးရယ်ပါ။ ၎င်းခေါင်းတလားကြီးကို အငယ်မိန်းမနှစ်ယောက်မှ ကျွန်တော်အား အလျားလိုက်ပြလိုက်၊ ဒေါင်လိုက်ပြလိုက်နဲ့ ရှေ့တိုးလို့တိုးလို့လာနေပါတယ်။ အိမ်ရှေ့လမ်းအဆင်းတွင် ကျန်ရစ်သူ အသက်ကြီးကြီး ရုပ်ဆိုးမကြီးမှ အငယ်နှစ်ယောက်အား (ကျွန်တော်ကို) ရလား၊ ခေါ်လို့ရလားဟု ထပ်ထပ်ပြီး လှမ်းမေးပါတယ်။ အငယ်နှစ်ယောက်မှ မရဘူးလည်းဆိုရော ထိုရုပ်ဆိုးမကြီး ဒေါကြီးမောကြီးနဲ့ ကျွန်တော့်ထံပေါက်ချအလာအနားမရောက်ခင် ဘာတွေ့သွားသလဲမသိ၊ ထွက်ပြေးသွားပါတယ်။ ဒီရုပ်ဆိုးမကြီး ဘာကြောက်ပြီး ပြေးသလဲမသိလို့ စူးစမ်းအကြည့်ဖြင့် လိုက်အကြည့်မှာ ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာနဲ့ နတ်သားသုံးယောက် မတ်မတ်ရပ်လျက်အနေအထားဖြင့် ကျွန်တော့်အားစောင့်ကြည့်နေကြတာ တွေ့လိုက်ရပါတယ်။ နတ်တွေကိုတွေ့ရတော့ ဟယ်-ရုပ်ပုံကားချပ်တွေထဲကအတိုင်း နတ်ဆိုတာ ရွှေလိုဝင်းနေတာပါလားလို့ တွေးနေမိပါတယ်။

အဲသလို ကျွန်တော်ဖြစ်နေခိုက် အမျိုးသမီးမှ စည်းအထပ်ထပ်ချခြင်းပြုလုပ်ပါတယ်။ ထိုစဉ် အရုပ်ဆိုးဆိုး မိန်းမနှစ်ယောက် ရောက်လာပြီး ကျွန်တော်အားပေးရန် တောင်းပါသတဲ့။ သွား - ဘာမှန်းလဲမသိဘူး။ ရှုပ်ကိုရှုပ်တယ်။ မပေးဘူး၊ မပေးဘူးဟု မာမာထန်ထန်ပြောလိုက်သဖြင့် ထွက်သွားကြပါတယ်တဲ့။ သူတို့တစ်တွေ တကယ်ထွက်သွားမသွားလိုက်အကြည့် အိမ်ရှေ့မလုံခြုံတဲ့ခြံစည်းရိုးမှာ ခန္ဓာကိုယ်ကရှာဝင်အိုးတမျှ ကြီးသလောက် ဦးခေါင်းက ဥသျှစ်သီးပမာဏခန့်သေးငယ်လှတဲ့အသားကလည်း မည်းပြောင်ကြီးနဲ့ ကိုယ်ခန္ဓာအချိုးစားနမကျတဲ့သတ္တဝါကြီး ကြောက်ကြောက်ရွံ့ရွံ့အမူအရာနဲ့ထွက်ပြေးသွားတာမြင်လိုက်လို့လိုက်အကြည့်။

လူနှစ်ယောက် အသုဘယာဉ်ကြီးကို ရှေ့တစ်ယောက်ကဆွဲ၊ နောက်တစ်ယောက်ကတွန်းနှင့် ပါးစပ်က အသုဘရှိတဲ့အိမ် ဘယ်အိမ်လဲဟု ရှေ့လူကမေးပါသတဲ့။ ထိုအခါ ကျွန်တော်တို့ခြံနှင့်ခြံချင်းကပ်ခြံမှ သမီးဖြစ်သူက ပြေးထွက်လာပြီး ဒီအိမ်ပါ ဒီအိမ်ပါဟု သူတို့၏အိမ်အား လက်ညှိုးထိုးပြသဖြင့် အသုဘယာဉ်ကြီး သူတို့အိမ်ရှေ့တွင်ရပ်သွားပါတော့တယ်တဲ့။ (နံနက်လင်းလျှင် သူတို့အမေယာဉ်ပေါ်မှပြုတ်ကျဒုက္ခရသတင်းကြားရသည်) အသုဘယာဉ်ကြီး သူတို့အိမ်ရှေ့ရပ်သွားတာနဲ့ အခုနက ပြိတ္တာကောင်ကြီး ဘာကိုများ ကြောက်ပြီးပြေးတာပါလိမ့်ဟု အိမ်ရှေ့ခြံစည်းရိုးကို ပြန်အကြည့်မှာ သုံးလောကထွတ်တင်သဗ္ဗညုဘုရားရှင်ဟာ ခြံစည်းရိုးတွင်ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးနေတော်မူတာကို သပ္ပာယ်လှစွာ ဖူးတွေ့လိုက်ရပါတယ်တဲ့။ ဝမ်းသာလှိုက်လှဲဖြစ်ကာအားကိုးရာတော့တွေ့ပြီဆိုပြီး ဘုရားရှင်နဲ့တွေ့တုန်း သစ္စာဆိုတိုင်တည်မယ်ဆိုကာ ဘုရားတပည့်တော်မ သမ္ဗုဒ္ဓေဂါထာတော်ဖြင့် မြတ်စွာဘုရားအားဂုဏ်တော်တစ်ထောင်ရအောင်ပူဇော်ပါမည်။ အဓိဋ္ဌာန်ထားသည့်အတိုင်း ပူဇော်နိုင်ပါက ပိန်းကြာရွက်တွင် ရေစေတင်



www.burmeseclassic.com

www.burmeseclassic.com

လျှောကျဘိသကဲ့သို့ ရောဂါရှိလည်းတီခနဲ ပျောက်ကင်း ချမ်းသာရပါလို၏ အရှင်ဘုရား။ ယောက်ျားဖြစ်သူ သေမှာကြောက်သဖြင့် စိပ်လိုက်ရာ တစ်ထောင်ပြည့်ရန် တစ်လုံးအလိုဆတ်ခနဲငိုက်သွားတာနဲ့ ပြန်စိပ်ပြီး ဦးချကာ ကျွန်တော့်အားစမ်းကြည့်ရာ အသားအရေတွေကောင်းပြီးနေတာတွေ့၊ ကျွန်တော်ကလည်း နတ်သားတွေလိုက်အကြည့်လှူပ်ရှားအလာနဲ့ တိုက်ဆိုင်သွားပြီးဟယ်-ကောင်းသွားပြီ၊ ကောင်းသွားပြီဆိုကာ အားရဝမ်းသာစွာနှင့် အဖြစ်အပျက်အားလုံးအား ပြောပြသလိုကျွန်တော်လည်း မြင်တွေ့ခဲ့ရပုံ အလုံးစုံကို ပြောပြလိုက်ပါတယ်။ ဒီနေရာမှာထူးခြားတာက အရုပ်ဆိုးဆိုး မိန်းမ နှစ်ဦးမှ ကျွန်တော့်အား ခေါင်းတလားကြီးပြတာသိပေမယ့် ဇနီးသည်ထံကျွန်တော်အားပေးရန်တောင်းတာကိုတော့ မသိခဲ့ပါ။ ခေါ်လို့ရလား၊ မရဘူးဆိုတဲ့ စကားကြောင့် ရုပ်ဆိုးမကြီး ကျွန်တော်ထံလာတာသိတာက အဖျားကြီးပြီး သတိလစ်သလိုဖြစ်သွားခိုက်သိတာနော်။ ကျွန်တော့်ဇနီးက မိန်းမနှစ်ယောက်လာတောင်းတာ၊ အသုဘယာဉ်ကြီးတွန်းလာတာ၊ ပြိတ္တာကြီးတွေ့တာ၊ နောက်ဆုံး ဘုရားရှင်ကိုတွေ့တာမြင်တာတွေ၊ သူရဲ့ပကတိမျက်စိနဲ့ မြင်တွေ့တာတွေကို အခုရေးပြတော့ စာဖတ်သူများယုံကောင်းမှယုံမှာပါ။

နာရီကြည့်မိတော့ နံနက်(၅)နာရီကျော်နေပြီး တစ်ညလုံး ပုတီးစိပ်ထားရတာ တစ်မှေးမှလည်း မအိပ်ရသေးဘဲနဲ့ဟာ တစ်ရေးတစ်မောတော့ အိပ်လိုက်ဦးဆိုပြီးအိပ်ခိုင်းရာ ဘုရားရှင်နဲ့တွေ့ရလို့ပျော်တာရယ်၊ ကျွန်တော်နေကောင်းသွားတာတွေ့ရလို့ပျော်တာရယ်ကြောင့်သူမအိပ်ချင်ဘူးတဲ့။ ဘုရားရှင်ကိုတရားနဲ့ပူဇော်ဦးမယ်ဆိုကာ တရားထိုင်နေပါတော့တယ်၊ ကျွန်တော်ကတော့အင်း-သူနိုးကြီးရဲ့တစ်မျိုးတည်းဟာစကားကြောင့် ဒီလောက်အကျိုးကြီးကိုရတာပါလားလို့ ကျေးဇူးမကင်းလှတဲ့ သူခိုးကြီးနဲ့ အစီအမံအရံအတား စံထားပြုလုပ်သူ ကျေးဇူးရှင်တို့အား ကျေးဇူးအထူးတင်လျက်ရှိနေပါတယ်။

အခါမဲ့ မိုးရွာသွန်းဖြိုးမှုကြောင့်ရေနောက်မျောပါသွားတဲ့ တံတားတိုင်များအားလိုက်ဆယ်ပြီး ပြန်ခင်းထားတာနေသားတကျမဖြစ်လှသေး။ ထိုအိမ်ရှေ့လမ်းကူးတံတားပေါ်မှ ထူးခြားတဲ့အခေါ်အဝေါ်လုပ်သံကြီးနဲ့ ဒီခြံကသူဌေးလင်မယားဘယ်သွားကြလဲဟေဟု လေသံခပ်မြင့်မြင့်နှင့် ဝင်လာသူကရောက်မဆိုက် စက်သေနတ်ပစ်သကဲ့သို့တရစပ်ပစ်ခတ်ဝင်လာပါတယ်။ ခင်ဗျားတို့ ကူဘိုတာတွေကလည်း နှစ်လုံးတောင်မှ ဒါကို ဒီလိုပစ်စလက်ခပ်ထားရသလား၊ သူခိုးမမြင်မှာစိုးလို့ ဒီလိုထားတာလား။ ဒီကူဘိုတာက သာမန်လူနှစ်ယောက် မ,ချီမှရပေမယ့် သူခိုးကျတော့တစ်ယောက်တည်း အသာကလေး မ,ချီနိုင်တယ်ဗျ။ စက်ရုံ (ဆင်တဲ) မှာ ကူဘိုတာရေစုတ်စက်ခိုးတဲ့သူခိုးက ဘယ်လိုခိုးတယ်မှတ်လဲ။ အဲဒီကူဘိုတာရေစုတ်စက်ကြီးကို ကျောမှာပိုးပြီးခိုးတာခင်ဗျ။ ကျွန်တော်တို့လှည့်ကင်းနဲ့တိုးတော့ သူခိုးက ကူဘိုတာစက်ကြီး ကျောပေါ်မှပစ်ချပြီးထွက်ပြေးတာ သေနတ်မောင်းကိုဂျိုးဂျောက်လုပ်ပြီး မပြေးနဲ့၊ ပြေးရင်ပစ်လိုက်မယ်ဆိုမှ သူခိုးက အဖမ်းခံသတဲ့။

ဟို - ရွာမကကော လမ်းဘေးအကာအရံမဲ့ ဇဒ္ဒလဟာကြီးမှာ ဘယ်နေရာကလာခိုးခိုးခိုးလို့ရတယ်။ သူခိုးရွာကောင်းမသိတဲ့ ပေါ်စားပစ်မှာ။ (၁) နာရီအတွင်း ဟင်းအိုးထဲရောက်သွားမယ် ဘာမှတ်လဲ။ ဒီလိုမလုံမခြုံဘဲနဲ့ဘာကိုယုံပြီး ဒီလိုပုံကြီးနဲ့များထားရတာလဲ။ ကျုပ်ကိုမကြည့်ပါနဲ့၊ကျုပ်ကအားကိုးအားထားရှိတဲ့လူဗျဆိုကာ အတွဲလိုက်ပစ်ပြန်သည်မှာ -

ရောဝတီတိုင်းဒေသကြီး အင်ပူမြို့နယ် ထူးကြီးဝေဠုဝန်ကျောင်းသစ်ဆရာတော် ဦးပညိန္ဒ ကျောင်းရောက်တော့ ကျွန်တော့်အသက် အတော့်ကိုငယ်သေးတယ်ဗျ။ ရှိလှ (၈) နှစ်၊ (၉)နှစ်သားခန့်ပေါ့။ မိဘနဲ့လည်းမခွဲဘူးတော့ရွာကိုလည်းလွမ်း၊ အိမ်ကိုလည်းလွမ်း၊ မိဘလည်းလွမ်းတမ်းတသတိရကာ စိတ်အားငယ်ပြီး ဟိုမျှော်ဒီငေးဖြစ်နေစဉ်ဘဒ္ဒံမုတ္တရောပြုပ္ပာသံ အဂ္ဂိနေရွှ ယေဝတော ဒက္ခိဏေကသပေါ် ဗုဒ္ဓေါနရုတိရွှမင်္ဂလော ပစ္ဆိမေစသိခီဗုဒ္ဓေါ ပါရပွေစမေခက်ရော ပထဝီယံကောဏ္ဍသန္နောအာကာသေ သနင်္ကရော အတ္တိက္ကမေဒဿ ဗုဒ္ဓ ဓမ္မရာဇာ သုပုဿိကာ သဗ္ဗဒိသာသုပူဇိတာ သောဂါရောဂါဝိနာသနာ သဗ္ဗဘယာ ဝိနာသနာ သဗ္ဗေဗုဒ္ဓမာရကွန္တ္တ သဗ္ဗေဒေဝါ ဝိယံဟောန္တ္တအညမည ဝိယံဟောန္တ္တ အညမည ဝိယံဝမ ရာဇဘာယံ စောရာဘာယံ ဟတ္ထိ အဿအဝ္ဂိဒကံ မနုဿော အဇ္ဈောတရဇ္ဈောသီယောယကျော ဗျဂ္ဃေသွာနော သဗ္ဗဗုဒ္ဓါနုံတေဇေနဝိနဿန္တုအသေသတောလို့ ကျွန်တော့်ရဲ့ရွတ်ဆိုနေသံကို ဆရာတော်မှကြားပြီး မင်းဒီဂါထာဘယ်ကရသလဲမေးပါတယ်။ တပည့်တော် ဆရာတော် ရွတ်တာကြားပြီးရတာပါဘုရား။ အဲဒါ ဆိုကောင်းကောင်းနဲ့ဆိုနေမိတာပါဟု လျှောက်တော့ 'ဟေ' တဲ့။ စုံနေတာပဲသိပ်ကောင်းပါလားဆိုပြီး ငါရွတ်တာမဟုတ်ဘူးကွတဲ့။ ဆရာတော်သည်ရွတ်သည်ကို မရွတ်ပါဟု လိမ်လည်ပြီးပြောမည်မဟုတ်။ ရွတ်သူသည် မည်သူနည်း။

ဂါထာကိုတော့ရနေတယ်။သူများချပေးလို့လိုက်ဆိုပြီးရတာမဟုတ်သလို၊ စာအုပ်မှာရေးထားတာတွေ့လို့ ဖတ်ပြုသဖြင့်ရတာလည်းမဟုတ် မိမိစိတ်အထင် ဆရာတော်ရွတ်သံကြားပြီးရတယ်လို့ပဲထင်နေမိတာပါ။ အခုတော့ဆရာတော်က သူရွတ်တာမဟုတ်ပါဘူးတဲ့။ သည်စဉ်က ငယ်ဘဝမို့ ဒါတွေနက်နက်နဲနဲလည်း မတွေးမိ။ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်ပင်နေမိပါတယ်။

လေထဲက ဂါထာရှင်ကို ဝေခွဲမရတာမြင်လို့ပေလားမသိ၊ တစ်ခါတစ်ရံကျွန်တော်တို့အိမ်သို့ကြွလာလေ့ရှိသည့်ဘုန်းတော်ကြီးသည် ကျွန်တော်နေသောဝေဠုဝန်ကျောင်းသို့ ကြွရောက်လာပါတယ်၊ ကျွန်တော်လည်း ရုတ်တရက်





www.burmeseclassic.com

www.burmeseclassic.com

တွေ့ရတော့ နေရာထိုင်ခင်းပြင်ပေးပြီး ဦးချလိုက်ပါတယ်။ သည့်နောက် ကျောင်းထိုင်ဆရာတော်ထံသွားရောက်ကာ တပည့်တော်၏မိဘများနှင့် ဒကာရင်း ဆရာရင်းဖြစ်တဲ့ ဘုန်းကြီး အခုတပည့်တော်ထံကြွလာကြောင်းလျှောက်ထားရာ မင်းမိဘအိမ်လည်း အကြိမ်ကြိမ်ပဲ ကြွဖူးသိဖူးပြီးသားဆိုတော့ မင်းဆွမ်းပွဲပြင်တာ တစ်ပွဲထပ်တိုးပြင်ထားလို့ မိန့်ပါတယ်။ ဆွမ်းကိစ္စ စိတ်အေးကာပြန်လာတဲ့ကျွန်တော့်အား မြင်မြင်ချင်း မင်းဘာတွေဒီလောက်ပူပန်နေရတာလဲ၊ မပူပန်ပါနဲ့လို့ အာဂန္တုဘုန်းတော်ကြီးက ဆီးပြီးပြောရှာပါတယ်။

ဓာတ်မသိသော အခြားပုဂ္ဂိုလ်များနဲ့ ဆက်ဆံလိုခြင်းမရှိတဲ့ဝိနည်းမိုရ်ဆရာတော်ရဲ့အထာကို သိထားသဖြင့် ပူပန်ပြီးသွားလျှောက်ထားခဲ့တာကို ဘယ်လိုကြိုသိပြီး မပူပန်ပါနဲ့ဟုပြောရသနည်း။ ဒါကိုတော့ ယခု အသက်လေးရလာမှ စဉ်းစားမိခြင်းပါ။ ဟိုစဉ်ကတော့ ဒီလိုစဉ်းစားရမှန်း မသိရိုးအမှန်ပါ။

အဲသည်လို မပူပန်ပါနဲ့လို့ပြောပြီးနောက် ကျွန်တော့်အား ဒီမယ်ကွ၊ ရှေ့ဓာတ်ပုံ မင်းဖို့ ငါကူးလာတာဆိုပြီး ဆေးရောင်ခြယ်ထားသော ဓာတ်ပုံကိုထုတ်ပေးပါတယ်။ ဟိုယခင်ကျွန်တော်တို့အိမ်ကြွစဉ် မိဘများမှ ဓာတ်ပုံရိုက်ပါရစေခွင့်တောင်းပြီးရိုက်ကြရာ တစ်ပုံမှမရဘဲပျက်သွားပါတယ်။ ထိုအခါ ဖလင်မကောင်းလို့သာ ယူဆခဲ့ကြပါတယ်။ နောက်တစ်ခါ ရောက်လာမှရိုက်ပါဟုပြောသဖြင့် ယခုကြွလာတုန်းရိုက်ဦးမှဟု ဓာတ်ပုံဆရာခေါ်ကာ ရိုက်ကြပြန်ပါတယ်။

ဓာတ်ပုံရိုက်သည့်အခါ နောက်ခံဘက်ဂရောင်းအဖြစ် ဟိုစဉ်က မှိုင်းလုံးကော်ဇောကြီးအား နောက်ခံထားပြီး ဘုန်းကြီးအား ဓာတ်ပုံရိုက်ရာ ကော်ဇောချည်းသာပေါ်သည့်တစ်ပုံ၊ ကော်ဇောမပါ ဘုန်းကြီးပုံသာပေါ်သည့် ပုံတစ်ပုံ၊ ဓာတ်ပုံတစ်ခါရိုက်မှာ အဲသလိုမတူညီသည့်ပုံနှစ်ပုံပေါ်သည့်အခါ လူအများအတော်တအံ့တဩဖြစ်ကြတာကိုသွားသတိရပြီး အခု ငါ့ပေးတဲ့ပုံကတော့ ကော်ဇောရော ဘုန်းကြီးပါ ပါဝင်နေတဲ့ပုံဖြစ်နေပါလားလောက်တော့ တွေးမိပါတယ်။

အကြောင်းပြကောင်းလှတဲ့ကျောင်းအမ၏ လက်စွဲကျောင်းသားကြီးက ကျောင်းရောက်စကသာ မအူမလည် ကျွန်တော်အား လက်ညှိုးညွှန်လျက် ဟို-တမာပင်မှာ တမာရွက်နုသွားခူးချေခိုင်းပါတယ်။ ကျောင်းနဲ့ခပ်လှမ်းလှမ်း တမာပင်ပေါ်တက်လိုက်ကာ တမာရွက်နုများရရန် အဖျားသို့တက်မည်အပြု မတက်နဲ့ ကျိုးကျလိမ့်မယ်ဆိုတဲ့တားမြစ်သံ ထင်းခနဲကြားသဖြင့် တိုက်အုပ်ဦးပဥ္စင်းအသံထင်မှတ်ကာ လှမ်းလင့်နေသော ခြေလှမ်းအား နောက်သို့အဆုတ် မိမိခူးမည်ရည်စူးတဲ့အကိုင်း ရုတ်တရက်ကျိုးကျသွားပါတော့တယ်။ လက်ထဲရသမျှနဲ့ ကျိုးကျသောအကိုင်းမှ ကောင်းနိုးရာရာအနုများခူးပြီး ကျောင်းသားကြီးလက်အပ်မယ်ဆိုပြီး တမာပင်ပေါ်မှအဆင်း ကျောင်းကြီးပေါ်မှ တိုက်အုပ်ဘုန်းကြီးဆင်းလာတာကြုံပြီး ဦးပဥ္စင်းဘုရား ခုနဘာပြောလိုက်တာလဲဘုရား မေးလျှောက်ရာ ဟဲ့ - ငါ အခုမှ မင်းရှေ့တင် ကျောင်းပေါ်ကဆင်းလာတာ ဘာမှလဲမပြောရပါလားတဲ့။ တပည့်တော် တမာပင်ပေါ်တက်ပြီး တမာရွက်နုခူးရင်း ရှေ့နားတိုးတက်ပြီး ခူးမယ်အလုပ် 'မတက်နဲ့ ကျိုးကျလိမ့်မယ်' လို့ ဦးပဥ္စင်းအသံကြားပြီး ရှေ့ဆက်မတိုးဘဲ နောက်ပြန်အဆုတ်မှာ အဲဒီအကိုင်း ကျိုးကျသွားကြောင်းလျှောက်ထားလိုက်ပါတယ်။ အေး - ငါကတော့ မင်းမြင်တဲ့အတိုင်းပဲ ကျောင်းပေါ်ကဆင်းလာတာ ဘာမှလည်းမပြောရပါဘူးတဲ့။ ကဲ - မတက်နဲ့ ကျိုးကျလိမ့်မယ်ဆိုတဲ့ စကား မည်သူပြောကြားလေသလဲ။ ခေါင်းရင်းကြွက်လျှောက်မှာတင်ထားတဲ့ ဓာတ်ပုံထဲကဘုန်းကြီးကများ ပြောတာဖြစ်လေမလား အတွေးမျိုးကား ဝေလာဝေးပါ။

သားနေတဲ့ကျောင်းကို အိမ်ကြွလေ့ရှိတဲ့ဘုန်းတော်ကြီးကြွလာကြောင်း၊ ဓာတ်ပုံပေးကြောင်း၊ ပေးထားတဲ့ပုံမှာ ကော်ဇောရော ဘုန်းကြီးရောပါသည့်ပုံဖြစ်ကြောင်း၊ မိဘများအား ပြောပြတဲ့အခါ သူတို့ထံလည်းကြွလာကြောင်း ဘယ်လောက်နှစ်ကြာကြာ ဘုန်းကြီးက ဒီအရွယ်ဒီအရွယ်ပဲ ပြောစကားမျှလောက်တလွဲပြီး ဘုန်းတော်ကြီးက ဘာဟု ပြောမပြနိုင်ကြရှာ။ ထူးတော့ထူးတဲ့ ပုဂ္ဂိုလ်ပဲဆိုကာမျှလောက်နဲ့သာပြီးခဲ့ရပါတယ်။

ထိုသို့ ဤသို့ မတွက်ချက်တတ်။ တန်ဖိုးနားမလည်လိုက်တဲ့မိုက်လုံးကြောင့် အထိုက်တန်ဆုံး ရတနာလက်လွှတ်ဆုံးရှုံးရပါတော့တယ်။ နောက်ဆုံး မေ့လျော့ပေါ့တန်ရုန်းကန်လှုပ်ရှားရာ ဘဝတိုတိုတွင် အလျှိုလျှိုအခက်အခဲတို့ဆတ်ဆွဲသို့လည်းဝင်လာပါရော။ တိုင်ငယ်စဉ်ဘဝကယ်တင်မှ,စခဲ့တဲ့ ဆရာအရှင်ဖြစ်တော်မူသော ဦးဩဘာသအား အခါခါဝင် အထူးနှမြောတသ ဩကာသဖြင့် တာဿဝစီ၊ မနောချီ အလီလီရှိခိုး ဦးခိုက်မိုက်မှားရစ်သဖြင့် မလိုက်စားဖြစ်တဲ့ ငမိုက်သားစစ်အား 'အမြိုက်တရားချစ်ဆရာအရှင်အခါခါပင် ခွင့်လွှတ်စေကြောင်း ဆုတောင်းရပါတော့တယ်။ အခါခါရွတ်ဖူးသည့် ဂါထာထူးကိုလည်း ရွတ်ဦးမှပါဟု ခလုတ်ထိမှအမိတ သတိတရဖြင့် ရွတ်ကြည့်တဲ့အခါ အပြည့်အစုံမရတော့ပါတဲ့။

အဲဒီလို မပြည့်မစုံကို ရွတ်ပွားရုံဖြင့်ပင် ဘဝအခက်အခဲပြေ အသက်လည်းမသေလွတ်ခဲ့တဲ့အကြိမ်ကြိမ်ထဲက ညောင်ကိုင်းဆည်ဖွင့်ပွဲအသွား ဆင်ထဲက ကားမှောက်တာ ခင်ဗျားတို့လည်းသိပြီးသားပါ။ အဲဒီဆင်တဲကား ဆင်တဲကထွက် ပန်းတောင်းရောက်တဲ့အခါ မိတ်ဆွေက ကျွန်တော်တို့ကားကို ဆီးတားပြီး ဦးညွန့်ကြည် သူတို့ကားနဲ့လိုက်ပါဖို့ အကြိမ်ကြိမ်ခေါ်ပါတယ်။ အတူလာကြတဲ့အခြားအဖော်များ အားနာသဖြင့် အတန်တန်ငြင်းပါသော်လည်း မရပါ။ တိုင်ပင်စရာကိစ္စအကြောင်းပြတော့ ပြောင်းရတတ်ပေါ့ဗျာ။ အဖော်နှစ်ယောက်၊ သုံးယောက်လည်း ပြောင်းလိုက်လာကြပါတယ်။ ကျွန်တော်တို့ပြောင်းစီးလာတဲ့ပန်းတောင်းကား ညောင်ကိုင်းဆည်ရောက်သည့်တိုင် ဆင်တဲကားနောက်ကရောက်မလာကြသေးသဖြင့်မေးစမ်းနေစဉ် ကားတစ်စီးထိုးဆိုက်လာပြီး ဆင်တဲကား လမ်းတွင်မှောက်နေကြောင်း မကောင်းသတင်းကြားရပါတော့တယ်။ အဲဒီဖြစ်စဉ်ကိုပဲ တွက်ကြည့်ပေါ့ဗျာ။

ဒါကြောင့် ကျွန်တော့်အနေနှင့် ဂါထာတော်၏ တန်ဖိုးကို သိရှိနားလည်သည်နှင့်အမျှ ဓာတ်ပုံရှင် ဘုန်းတော်ကြီး ဦးဩဘာသကို အထူးနှမြောတသမဆုံးဖြစ်မိရပါတယ်။ လူမိုက်နောင်တ နောင်မှရဖြစ်တဲ့ ကျွန်တော်ကဲ့သို့ ဘဝတိုခပ်ကြမ်းကြမ်းရုန်းကန်လှုပ်ရှားသူကိုပင် ရွတ်ပွားက အလွတ်မထားဘဲ အစွမ်းထက်မြက်စေလှသော ဂါထာတော်ကြီးကို တဖွဖွရွတ်ကြသူအပေါင်းသာ ရွှင်ဖြိုး



www.burmeseclassic.com

www.burmeseclassic.com

က လွှတ်အားရစရာမည်မျှအစွမ်းထက်မြက်အသုံးတည့်လျက်ရှိလေမလဲလို့ညွှန်းပြီး ဘေးနားတွင်ရှိသော စာရွက်လွှတ်တွင် အထက်ပါဂါထာအား ရေးပေးခဲ့ကာ တပည့်ဗိုက်ကလေးငိုက်မေ့ပြီးလိုက်တွေးမနေနဲ့။ ယုံယုံကြည်ကြည်နဲ့ရွတ်ကြ ဟုဆိုကာအရက်ဆီပုံးကြီးအားဆိုင်ကယ်နောက်တွင်တင်ပြီး ပြန်သွားလေရဲ့။

ထိုကဲ့သို့ စက်သေနတ်ပစ်သည့်အလား တရစပ်ပစ်ခတ်ထွက်သွားသူကား ကျွန်တော့်တစ်သက်တာ၏တစ်ညတာ ဆရာလုပ်ဖူးသူ တမာကုန်းရွာသစ်အကျိုးတော်ဆောင်ဥက္ကဋ္ဌဦးညွှန့်ကြည်ပါ။ ညွှန့်ဆိုတဲ့အတိုင်း ညွှန့်ရကွန့်ရမှဗျ။ တပ်ထဲတွင်ရှိစဉ်က သူဟာစက်ရုံမှာတွင် တန်းနင်းတို့ ကျွမ်းရင်းလို့နေသူဆိုတော့ လေသေနတ်သမားများက သူ့အားလိုအပ်ရာရာပြုလုပ်ပေးဖို့ လာအပ်ကြပြုကြပါတယ်။ လေသေနတ်နဲ့ ပတ်သက်လို့ ဆရာကြီးပါ။ ၎င်းဆရာကြီးက တစ်နေ့ သူတောပစ်ထွက်မလို့ပြောပါတယ်။ တောပစ်တာ လက်တွေ့မတွေ့ဘူးသူ ကျွန်တော်မောင်ဖျင်းက ခေါ်ရန်ပြောတော့ ခင်ဗျားက ဟင်းကောင်ထမ်းနိုင်လို့လားတဲ့။ ခင်ဗျားနဲ့အတူထမ်းမယ်လေဗျာဆိုတော့ သားကောင်က ဦးညွှန့်ကြည် လက်မအားသေးဘူး၊ လက်အားတဲ့ထိ စောင့်နေမယ်မျှားထင်လား။ ရုတ်ခနဲတွေး ဒုတ်ခနဲပစ်ရတာဗျတဲ့၊ ဒါဆိုလည်း လွယ်သားပဲ။ ငှားထမ်းမယ်ဗျာနဲ့ အပေးအယူတည့်ပြီး -

လမိုက်ရက်တစ်ရက်တွင် တောပစ်ထွက်ဖြစ်ကြပါတယ်။ ညဘက် တောထဲ ခြင်ကိုက်မှာစိုးကာ ဘောင်းဘီအရှည်၊ အပေါ် ရှပ်လက်ရှည်ဖြူဝတ်လို့ပေါ့လေ။ တောထဲရောက်မှ ဟေ့လူ ဘာဇာတ်ကားရိုက်မှာမို့ ဒီလိုဝတ်လာရလဲတဲ့။ အင်းဓာတ်ကတော့တည့်နေပြီ၊ ရှေ့က ခေါင်းဆောင်သေနတ်သမားက သူများအသက်သတ်မယ့်လူ နောက်အထမ်းသမားက သူများအသက်ကယ်တဲ့သူ ဒီညအဖို့တော့ လွန်းပြီပေါ့ကွာဟု ဆိုပါတယ်၊ သူဆိုလည်းဆိုစရာပါပဲ။ တစ်ညလုံး တစ်တောင်ဆင်းတစ်တောင်တက် တောလည်းထွက်လိုက်တာ ချေယုန်၊ ကြောင်တစ်ကောင်တစ်မြီးမှမတွေ့ရ။ ဘယ်နေရာဖြင့် သားကောင်တွေပေါလောက်တယ်ဆိုပြီးသွားသော်လည်း သွားမောပါပဲ။ စားကြောက မတွေ့ရတော့ သူရမ်းလာတယ်။ အမဲထမ်းဖို့



ကျောက်ဆင်းတုပင့်လာမိလျက်သားဖြစ်နေပြီဟုဆိုကာ ပြန်ကြရန် အနီးဆုံးနေရာမှဖြတ်ပြန်မတဲ့။ ဖြတ်ကြရာ တောင်ကုန်းအတက် သစ်ပင်အုပ်အုပ်လေးပေါ်မှာ တောကြက်ဖကြီးတစ်ကောင်တွေ့ပါတယ်။ ကျွန်တော့်ရဲ့ လက်ခုပ်တစ်ဖောင်ခန့်သာသာလောက်မှာ အိပ်တန်းတက်နေတာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်ကသေနတ်နဲ့ပစ်မနေနဲ့၊ ကိန်းသေတဲ့နည်းက ကျွန်တော့်ကို ခင်ဗျား ပေါဒီလို ပွေ့ချီပြောက်ပြီးပေးပါ၊ အသာလေး ကျွန်တော် ကြက်ခြေနှစ်ချောင်းဖမ်းဆွဲပါမည်ဟုပြောရာ ကွန့်သည်က သူ့အား အထင်အမြင်သေးရမလားဆိုတဲ့သဘောနဲ့ ကသောကမျော အသော့ပြင်လျက် ကြက်အိပ်တန်းရဲ့အောက်နားက သစ်ကိုင်းအား သေနတ်ပြောင်းမေးတင်ကာ ဖြည်းညင်းစွာဖြင့်ပစ်မှတ်ချိန်သီးတစ်ဖြောင့်တည်းအကျခလုတ်ဆွဲဖြုတ်မည်အပြု ရုတ်တရက် သေနတ်ပြောင်းမေးတင်ထားတဲ့အကိုင်းကျိုးကျအသွား ခလုတ်ကလည်း ဆွဲမိလျက်သား တလွဲဖြစ် ဖောက်ခနဲအသံကြောင့် ကြက်ဖက ဖရူးဆို ထပြေးပါတော့တယ်။ ကျွန်တော့်အကြံမနာခံဘဲ ထူးကွန့်ရှည်တဲ့ဦးညွှန့်ကြည်ကို ထိုစဉ်က ဦးတွန့်ပီဟု ကျွန်ုပ်သမုတ် ခေါ်ဝေါ်ခဲ့တာကို(သတိရစေတဲ့)တပည့်ဗိုက်ကလေး ငိုက်ငေးပြီး လိုက်တွေးမနေနဲ့ဟု ပြုံးဖြဲဖြဲ သုံးစွဲသွားခြင်း ဖြစ်ပါတယ်။

သူပြောချင်ရာများပြောပြန်သွားတဲ့အခါ ဂါထာရှင် ဦးတွန့်ပီရဲ့ ဂမ္ဘီရဆန်လှတဲ့ဘဝအဖြစ်အပျက်ကိုခဏချင့်တွက်ကြည့်မိပါတယ်၊ ငယ်စဉ်က အဟုတ်ကို

ထူးခြားတဲ့ ပုတ္တိုလ်ထူးတစ်ပါးနဲ့တွေ့ပြီး ထိုပုတ္တိုလ်ထူးရဲ့ မေတ္တာနိသံသကိုအပြည့်အလျှံရပြီး မေတ္တာနိသင်ကျိုးဆက်ထင်တဲ့ဂုဏ်အင်ပြည့်ကျော်ဂါထာတော်လည်း အာကာပေါ်ဝဲလျက် မိုးထက်ယံကတိုးထွက်လျှံကျ စံပြမစခြင်းခံရသူဖြစ်ပါတယ်။

သူ့ရဲ့ဂါထာက လေထဲကရသည့်ဂါထာဖြစ်သည့်အားလျော်စွာ စာသားများက လေသံအရ စာသားများဖြစ်နေခြင်း ငယ်စဉ်က အပြည့်အစုံရခဲ့ပါသော်လည်း မပြည့်စုံသည့်ဘဝမှာ ခဏခဏ ဟိုဟိုဒီဒီအလီလီပြောင်းရ၊ အကြောင်းလှုမလှုမှာ ၎င်းရထားတဲ့ဂါထာက ပမာဒလောပြီးအရှည်မရတော့။ အရပ်မျက်နှာ (၂) မျက်နှာနှင့် ဘုရားရှင်နှစ်ဆူလိုနေခြင်း (အထက်ကဖော်ပြခဲ့တဲ့ဂါထာတော်မှာ ဂါထာရှင်ရေးပေးသောစာသားများအတိုင်း ရေးပြခြင်းဖြစ်ပါသည်။)

အဲဒီမှာကြည့်ကြည့်ပါ။ ဘဒ္ဒမုတ္တရောတဲ့။ လေသံအရ စာသားများဖြစ်နေပါတယ်။ ပဒုမုတ္တရောသာ ထေရဝါဒအရ အမှန်ဖြစ်ပါတယ်။ နရတိရဋ္ဌတဲ့၊ နရတိမဒိသေနအရ နရတိမဋ္ဌသာဖြစ်ဖို့များပါတယ်။ ရဋ္ဌနှင့် မဋ္ဌက လေသံအရ ခပ်ဆင်ဆင်ပါ။ ယေဝတောက ရေဝတောဆိုမှ ရေဝတဘုရားဖြစ်မှာပါ။ အဋ္ဌေတရဋ္ဌေဆိုတာလည်း အဋ္ဌေတရဋ္ဌေပါ။ ဒါမှသာ ဝံ-အောင်းဖြစ်မှာပါ။ ဂါထာရှင်ကို ဒီလိုပြင်ပါဟု မပြင်ရဲပါ။

လူ့စိတ်ဆိုတာ အယူအစွဲဝင်ရင် ဘယ်သူပဲပြင်ပြင် တယ်မပြင်ချင်ဘူး။ လူ့ရဲ့ အယူအစွဲစိတ်ဟာ သိပ်ခက်တယ်။ အဲဒါနဲ့ပတ်သက်လို့ မှတ်ဖူးတာလေး ပြေးသတိရတာ ပြောချင်ရပြန်ပါတယ်။

တောရွာဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ကပ္ပိယကြီးတစ်ယောက်ရှိသတဲ့၊ ရပ်ထဲရွာထဲမှာ ခွေးပဲကိုက်ကိုက်၊ ထိခိုက်ရှနာပဲဖြစ်ဖြစ် သူသာမန်းပေးလိုက်ရင် အားလုံးပျောက်ပဲ။ ဒီတော့ ကပ္ပိယကြီးက တစ်နေ့တခြား လာဘ်လာဘပေါများနေတော့တာပေါ့။ မန်းပေးတဲ့ဂါထာကတော့ ကပ္ပိယံကယောဟိတဲ့။ ကျောင်းဘုန်းကြီးက မနေနိုင်တော့ဘူး။ ဘုန်းကြီးနားနေတဲ့ ကပ္ပိယကိုယ်တိုင်က မှားနေတာ။ ငါပါအပြစ်မကင်းဖြစ်တော့မယ်။ အမှန်ပြင်ပေးမှဖြစ်တော့မယ်ဆိုပြီး ကပ္ပိယကြီးကိုခေါ်ကာ ကပ္ပိယံကယောဟိ မဟုတ်ဘူး။ ရကောက်လျှာလိပ်သံနှင့် ကပ္ပိယံကရော



www.burmeseclassic.com

www.burmeseclassic.com

စနေသား(မြောင်းမြ)

# သွေးဆုံးမီးယပ်၊ ထုံနာစိုနာနှင့် ဝမ်းတွင်းအပူနာများအတွက် ဆေးနည်းကောင်းတစ်လက်

မြန်မာ့တိုင်းရင်းဆေးမြီးတိုများကို လေ့လာ လိုက်စားသူတစ်ဦးအနေဖြင့် မိမိရရှိခဲ့သောဆေးနည်းများကို တစ်ဆင့် ပြန်လည်ဝေငှလိုက်ခြင်းအားဖြင့် ရောဂါ ခံစားနေရသူ ဝေဒနာရှင်များသိရှိပြီး ဖော်စပ် သောက်သုံးပါက သက်သာ ပျောက်ကင်းစေလိုသော ဖြူစင်သော စေတနာဖြင့် ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။ မိသားစုတစ်စုတွင် တစ်ဦးဦး ရောဂါတစ်ခုခုဖြစ်ပါက ကျန်မိသားစု များ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်၍ ပျော်ရွှင်မှုကင်းမဲ့ကာ တချို့ဆိုလျှင် ဆေးဖိုးကုန်ကျငွေကြောင့် စီးပွားရေးပင် ပျက်စီးကြသူများရှိကြပေသည်။

ယခု စာရေးသူ ဆေးနည်းအား မဖော်ပြမီ ဆေးနည်းရရှိပုံကို ဦးစွာ တင်ပြလိုပါသည်။ စာရေးသူသည် မိမိ ခြံအတွင်းသီးပင်စားပင်များစိုက်ပျိုးသည့် ဝါသနာပါသည့်အလျောက် ဆေးဖက်ဝင် သစ်ပင်များလည်း စိုက်ပျိုးထားရှိပါ သည်။ စာရေးသူ ရုံးမှပြန်လာသည့် တစ်နေ့တွင် စိုက်ပျိုးထားသော ရှားစောင်းလက်ပပ်အပင်များမှ အလက် များလျော့နည်းနေသဖြင့် ဇနီးဖြစ်သူ အားမေးမြန်းရာ ဇနီးဖြစ်သူက ဘုန်းကြီး တစ်ပါးမှလာဝယ်၍ ပိုက်ဆံမယူဘဲ အလက် (၅) လက် လှူလိုက်ကြောင်း ပြောပြပါသည်။

တစ်ပတ်ခန့်အကြာ စနေနေ့ ရုံးပိတ်ရက် စာရေးသူအိမ်၌ရှိနေစဉ် အိမ်ရှေ့တွင် ဆိုင်ကယ်တစ်စီးရပ်ကာ ဆိုင်ကယ်နောက်မှ ဘုန်းကြီးတစ်ပါး ဝင်လာပြီး -

"ဒကာကြီးရေ့ ဟိုတစ်ခါတုန်းက အလကားပေးလိုက်တယ်။ ဒီတစ်ခါ တော့ ဘုန်းကြီးကို ရှားစောင်းလက်ပပ် ရောင်းပါ"

စာရေးသူမှ -

"ဦးပဉ္စင်းဘာလုပ်ဖို့လဲ"

ဟု မေးရာ ဘုန်းကြီးမှ -

"ဒကာကြီးရေ့ ဘုန်းကြီးက ဆေး ဖော်ပြီး ဒကာ၊ ဒကာမတွေကိုပြန်ပြီးလှူ နေတာ"

ဟု မိန့်သဖြင့် -

"တပည့်တော် မရောင်းပါဘူး။ ဦးပဉ္စင်း နောက်လည်းကို အသုံးပြုလို့ ရအောင် တပည့်တော်ပန်းအိုးနဲ့စိုက်ထား တဲ့ အပင် (၂) ပင် လှူလိုက်ပါမယ်။ ဦးပဉ္စင်းအိမ်ပေါ်ကြွပါဦး"

ဟု ပင့်ရာ ဘုန်းကြီးလည်း အိမ် ပေါ်သို့ကြွရောက်ခဲ့ပါသည်။

စာရေးသူမှ -

"ဦးပဉ္စင်း၊ တပည့်တော်က မဂ္ဂဇင်း မှာ ဆေးနည်းတွေရေးနေတာ ဦးပဉ္စင်း ဖော်တဲ့ဆေးနည်းကို မဂ္ဂဇင်းမှာ ဖော်ပြ ဖို့အတွက် တပည့်တော်အားစွန့်ပါ"

ဟုလျှောက်ထားရာ ဘုန်းကြီးမှ စွန့်ခဲ့သဖြင့် ဤဆေးနည်းကို ရရှိခြင်း ဖြစ်ပါသည်။

ဤဆေးအား ညအိပ်ရာဝင်တိုင်း တစ်ဇွန်းစားပါက သွေးဆုံးမီးယပ်၊ ထုံနာစိုနာနှင့် ဝမ်းတွင်းအပူနာတို့ကို ပျောက်ကင်းသက်သာကြောင်း မိန့်ကြား ပါသည်။ စာရေးသူမှ ဘွဲ့နှင့် ကျောင်း တိုက်အား မေးမြန်းရာ ဘွဲ့အမည်မှာ ဦးပုညဖြစ်ပြီး မြောင်းမြမြို့ ရှုခင်းသာရွာ ပဏ္ဍိတာရာမကျောင်းတိုက်တွင် သီတင်း သုံးကြောင်း မိန့်ကြားခဲ့ပါသည်။

ဆေးနည်းမှာ ငွေကုန်သက်သာပြီး အလွယ်တကူပြုလုပ်၍ရကာ စားသုံးပါ က ရောဂါခံစားနေရသူများ သက်သာ ပျောက်ကင်းစေလိုသော ဆန္ဒမွန်ဖြင့် ရေးသား ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

## ❑ ဆေးအညွှန်း

ရှားစောင်းလက်ပပ်အနှစ်(၅)ကျပ် သား၊ ငှက်ပျောသီးအနှစ် (၅) ကျပ်သား၊ မန်ကျည်းသီးမှည့် (၂၀) ကျပ်သား၊ စမုန် မျိုး (၅) ပါး (၁) ကျပ်သား၊ ဇာတိပ္ဖိုလ် (၁) လုံး၊ ကြက်သွန်နီ (၅) ကျပ်သား၊ ထန်းလျက် (၄၀) ကျပ်သား၊ ရေအနည်း ငယ်တို့အား ဒန်အိုး သို့မဟုတ် မြေအိုး ထဲထည့်ကာ မီးအေးအေးဖြင့်ကျိုပြီး အေးသွားပါက ကော်ဘူးအတွင်း (သို့) ဖန်ပုလင်းထဲထည့်၍ လေလုံအောင် သေချာပိတ်ကာ ညစဉ်အိပ်ရာဝင်တိုင်း တစ်ဇွန်းစီစားရန် ဖြစ်ပါသည်။

စနေသား(မြောင်းမြ)

ဟိုဆိုမှမှန်တယ်လို့ ပြင်ပေးလိုက်ပါသတဲ့။ ကပ္ပိယကြီး အဲဒီနေ့ကစပြီး လူနာတွေကို အမှန်အတိုင်းမန်းပေးတယ်။ ထူးခြား လာတာက အဲဒီလိုအမှန်အတိုင်းမန်း ပေးတဲ့နေ့ကစပြီး လူနာတွေမှာ ခါတိုင်း လို ရောဂါမပျောက်ဘဲဖြစ်နေသတဲ့။ ဒီတော့ ကပ္ပိယကြီးက ဘုန်းကြီးပြင် ပေးတဲ့နေ့ကစပြီး တပည့်တော်မန်းပေး တာ လူနာမပျောက်ဘူးဖြစ်နေတယ်။ တပည့်တော်လည်း တစ်ခါတည်းလာဘ် ပိတ်တော့တာပဲ။ ဒီကစ ရှေ့လျှောက် တပည့်တော် ကပ္ပိယံကယောဟိပဲလုပ် တော့မယ်လို့ လျှောက်သတဲ့။ ဒီတော့ ဘုန်းကြီးက ကပ္ပိယံကယောဟိ ကပ္ပိယ ကြီးသဘောရှိသာလုပ်လေဟု မိန့်ချေ သတဲ့ ဆိုတာ သတိရလို့ ပြင်ပေးဖို့ရာ မကြိုးစားတော့ပါဘူး။

မိမိတို့အိမ်ရှေ့ မလုံခြုံသည့် ခြံ စည်းရိုးတွင် သပွာယ်လှစွာဖူးတွေ့ရပြီး ကျွန်တော့်အမျိုးသမီးမှ သစ္စာတိုင်တည် ခြင်း၊ သမ္ဗုဒ္ဓေဂါထာတော် ဂုဏ်တော် တစ်ထောင်စိပ်ပူဇော်ခြင်းအမှုပြုသော မြတ်စွာဘုရားသည် ပဒုံမုတ္တရောမြူဟ သံအရ အနုတ္တရ သမုဒ်ပြ ဥတ္တမခေါ် ဗုဒ္ဓကျော်သည် ပဒုမုတ္တရဘွဲ့မည်တော် ရသည့်ဘုရားရှင်ပါလား သိခွင့်ရတာဟာ ဦးတွန့်ပီရဲ့ ဂါထာတော်ထူးခြားချက်ပါ။ ဒီလိုအကျိုးကျေးဇူးများကြောင့်သာ သူ့ရဲ့ ငယ်ဆရာတော်က စုံနေတာပဲ၊ သိပ် ကောင်းတာပါလားဟု ချီးကျူးစကား ပြောကြားတာ ဖြစ်ပေတယ်။

နေဝင်ဦး(ရေသံ)

www.burmeseclassic.com



ကျေးဇူးရှင်စစ်ကိုင်းဆရာတော်ကြီး၏တပည့်
မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ်
(၂၃)
# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်
ပထမံဆရာဦးအေးရွှေ

## □ အတွင်းဒီပါရုံနှင့် ပတ်သက်သော နောက်ဆက်တွဲ

မောင်ထွန်းမြိုင်သည် အထက်ပါ အဖြစ်အပျက်များနှင့်တွေ့ကြုံခဲ့ပြီးနောက် အတွင်းဒီပါရုံမှ ကိုယ်ပွား၏အကူအညီဖြင့် ပြန်လည် ထွက်ခွာလာခဲ့ပါသည်။ ဤနေရာတွင် စာရေးသူအနေဖြင့် နောင်အနှစ် (၃၀) ခန့်ကြာသောအခါတွင် ထပ်မံဖြစ်ပွားခဲ့သော အတွင်းဒီပါရုံနှင့် ပတ်သက်သောအဖြစ်အပျက်တစ်ရပ်ကို အလျဉ်းသင့်သဖြင့် ကြားဖြတ်ဖော်ပြမှသာ ပိုပြည့်စုံမည်ဟု ယူဆပါသဖြင့် အနည်းငယ်ဖော်ပြပါမည်။

ထိုအချိန် မောင်ထွန်းမြိုင်သည် မဟာပထမံပညာ၏ မြေပြင်ဂိုဏ်းချုပ် ဆရာကြီးဦးထွန်းမြိုင်ဘဝသို့ရောက်ရှိနေချိန်ဖြစ်ပါသည်။ တစ်နေ့တွင် ဆရာကြီးသည် သူတွေ့ကြုံခဲ့သောအထက်ဖော်ပြခဲ့သည့်အကြောင်းခြင်းရာများကို အတွင်းနေ၊ အနီးနေ၊ အဝေးနေတပည့်အပေါင်းတို့အား စီကာပတ်ကုံး ပြန်လည်ပြောပြလေ၏။ ဆရာကြီးပြောပြပြီးသောအခါတွင် တပည့်အချို့တို့ကလည်း သူတို့သိလိုသည့်အချက်များ၊ မရှင်းလင်းသည်များကို ပြန်လည် မေးမြန်းခြင်းတို့ကို အချီအချပြုလုပ်နေကြ၏။ ဆရာကြီး ပြန်လည်ရှင်းလင်းပြောပြသည့်အကြောင်းအရာတို့ကလည်း အထူးတလည်ပင် စိတ်ဝင်စားစရာကောင်းသထက်ကောင်းလာနေပါသည်။

နားထောင်နေကြရသူ ကျွန်ုပ်တို့အဖို့မှာလည်း အထူးအဆန်းရင်သပ်ရှုမောအံ့သြပြီးရင်းအံ့သြခြင်းများဖြစ်နေကြရပါသည်။ ထိုအချိန်တွင် အခန်းတွင်းမှ အသံတစ်သံထွက်ပေါ် လာပါသည်။

"အဲဒီနေရာက မြန်မာပြည်နယ်နိမိတ်ထဲမှာပဲလားခင်ဗျ"

"အဲဒီအတွင်းဒီပါရုံက မြန်မာပြည်နယ်နိမိတ်ထဲမှာပဲရှိပါတယ်"

"ဒါဆိုရင် ဘယ်သူပဲဖြစ်ဖြစ်သွားလို့ရမှာပေါ့"

ဟု ဆက်လက်မေးမြန်းလေ၏။

ထိုသို့ မေးခွန်းမျိုးကို မေးသဖြင့် ကျန်တပည့်အပေါင်းတို့ကလည်း မည်သူကများမေးပါသနည်းဟု သိလိုသဖြင့် မေးခွန်းရှင်ကို လှည့်ကြည့်ကြလေ၏။ ထိုအခါ အဆိုပါမေးခွန်းကိုမေးသူမှာ ဆရာကြီး၏ တပည့်ထဲမှမဟုတ်သော မျက်နှာစိမ်းပုဂ္ဂိုလ်တစ်ဦးဖြစ်နေသဖြင့် ဇဝေဇဝါဖြစ်သွားကြလေ၏။ ထိုအခါတွင်မှ အဆိုပါပုဂ္ဂိုလ်က သူ့ကိုယ်သူ မိတ်ဆက်လာလေ၏။

"ဒီလိုပါ ကျွန်တော့်နာမည်က အောင်ထွန်းလို့ခေါ်ပါတယ်။ မြန်မာ့တပ်မတော်မှာ အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ အငြိမ်းစားတစ်ဦးပါ။ ဆရာကြီးအကြောင်းကို မိတ်ဆွေတစ်ဦးဆီကသိရလို့ အခုလိုလာခဲ့ရခြင်းဖြစ်ပါတယ်။ ဟောဒီလူကတော့ ကျွန်တော့်ရဲ့ အရင်းနှီးဆုံးသူငယ်ချင်းပါ။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်ရောက်တဲ့အချိန်မှာပဲ ဆရာကြီးက အတွင်းဒီပါရုံဖြစ်တဲ့ ဝိဇ္ဇာမြို့တော်အကြောင်းပြောတာကြားရလို့ အရမ်းကိုစိတ်ဝင်စားသွားလို့ပါ"

ဟု ပြောလိုက်ရာ ဆရာကြီးက-

"အေး - ဒီအကြောင်းကိုစိတ်ဝင်စားတယ်ဆိုတော့ ကောင်းတာပေါ့။ ဒါနဲ့ မင်းကဘာကိုသိချင်တာလဲ"

မေးလိုက်ရာ ထိုလူက -

"ဒီလိုပါ၊ ဒီဝိဇ္ဇာမြို့တော်က မြန်မာပြည်ထဲမှာပဲဆိုတော့ ဘယ်နေရာလောက်ကျပါသလဲခင်ဗျ"

"ဘယ်နေရာလောက်ကျသလဲဆိုတော့ မြစ်ဝကျွန်းပေါ်အောက်ပိုင်းလောက်ကျမယ်"

"ဒါဆို လပွတ္တာတို့၊ ဘိုကလေးတို့နားလောက်လား ဆရာကြီး"

"အင်း - အတိအကျပြောရ[illegible] တော့ခက်တယ်။ ငါလည်း အဲဒီ[illegible]ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာပြီးနောက်ပိုင်း မြေပုံတွေပေါ်မှာပြန်ရှာကြည့်ပြီး သိရမှန်းဆရတာကတော့ တောင်တန်းတစ်ခုရဲ့ တောင်ဆွယ်ပေါ်မှာလို့ ယူဆရတယ်။ ပိုပြီးတိကျအောင်မှန်းဆရမယ်ဆိုရင် ပုသိမ်ခရိုင် ငပုတောနယ်ထဲမှာဖြစ်မယ်"

"အဲဒီလောက်သိရရင် ရှာဖို့သိပ်မခက်တော့ပါဘူး။ အနောက်ရိုးမတောင်တန်းပေါ်မှာပဲဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ နေပါဦး၊ မင်းက နေရာကိုသိတော့ ဘာလုပ်မလို့တုံး"

"ဝိဇ္ဇာပြည်ရဲ့အကြောင်းကို ဆရာကြီးပြောပြလို့သိရပြီးတော့ ခံစားချက်ကချက်ချင်းဆိုသလိုပဲ အရမ်းကို စိတ်ဝင်စားသွားတယ်။ အရမ်းကိုလည်းသွားချင်စိတ်ကဖြစ်ပေါ်လာတာပါပဲ။ ဒါကြောင့်သွားဖို့ရည်ရွယ်ပြီးမေးတာပါ"

"အင်း - သွားဖို့ရည်ရွယ်တာကတော့ ဟုတ်ပါပြီး ဒါပေမယ့် အဲဒီနေရာကိုရောက်ဖို့တော့ မလွယ်ဘူး။ ဘေးအန္တရာယ်တွေကလည်း သိပ်များတယ်။ နောက်ပြီး အတားအဆီးတွေကလည်း သိပ်များတာကလား"

ဟု မိန့်လိုက်ရာ ထိုသူက -

"ဆရာကြီးပြောတဲ့ အတားအဆီးဆိုတာတွေက ဘာကိုဆိုလိုတာလဲ။ သဘာဝအခက်အခဲအတားအဆီးတွေကိုဆိုလိုတာလား။ အဲဒီအတွက်ဆိုရင်တော့ မပူပါနဲ့ ဆရာကြီး။ ကျွန်တော်က စစ်ထဲမှာတုန်းက အဲဒီနယ်ဘက်တွေမှာ အများဆုံးတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒီဒေသတစ်ဝိုက်မှာ ကျွန်တော်မရောက်ဘူးတဲ့နေရာဆိုတာ ခပ်ရှားရှားပါပဲ။ မြေရာချင်းကိုထပ်နေသလောက်နေမှာပါ။ ဒါကြောင့် ကျွန်တော့်အဖို့တော့ အခက်အခဲသိပ်မရှိနိုင်လောက်ဘူးလို့ ထင်ပါတယ်"

ဟု ပြန်ပြောလေရာ ဆရာကြီးဦးထွန်းမြိုင်လည်း ထိုသူကိုကြည့်ကာ အထူးစိုးရိမ်မကင်းသည့်မျက်နှာထားသို့ ရုတ်ခြည်း ပြောင်းလဲသွားပြီး ချက်ချင်းပင် -

"ဒီမယ်ကွယ့်၊ မင်းကိုပြောတဲ့ အတားအဆီးတွေဆိုတာ သဘာဝအခက်အခဲတွေကို ပြောတာလည်းပါတယ်။ သဘာဝမဟုတ်တာတွေလည်းပါတယ်။ ဒါကြောင့် အသက်အန္တရာယ်နိုးလှပါတယ်ကွယ်၊ မသွားချင်ပါနဲ့"

"ဒါဆို ဆရာကြီးဆိုလိုတာက သဘာဝမဟုတ်တဲ့အတားအဆီးအခက်အခဲတွေဆိုတာ ပုဂ္ဂိုလ်ဆိုင်ရာတစ်စုံတစ်ရာကသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း အဲဒီနေရာကိုမသွားဖြစ်အောင်၊ မရောက်အောင်တားဆီးမယ့် ဖန်တီးထားတဲ့ အခက်အခဲတွေကိုကြုံနိုင်တယ်လို့ ဆိုတာပေါ့နော်"

ဟု ဆိုလိုက်ရာ ဆရာကြီးဦးထွန်းမြိုင်လည်း နှုတ်မှပြန်ပြီးအဖြေမပေးတော့ဘဲ ဦးခေါင်းကိုသာ အသာအယာညိတ်ပြလိုက်လေ၏။

ထိုအခါ ထိုသူလည်း ဆရာကြီးကိုကြည့်ကာ တစ်ချက်မျှပြုံးလိုက်ပြီးနောက် -

"ကျွန်တော့်အနေနဲ့က ဆရာကြီးရဲ့စကားကို ပမာမခန့်ပြုတာမဟုတ်ပါဘူး။ ကျွန်တော့်ပင်ကိုဗီဇစရိုက်ကိုက အဲဒီလိုစွန့်စားသွားလာရတာကိုပဲဝါသနာထုံပါတယ်။အခက်အခဲအကျပ်အတည်းရှိတယ်ဆိုတဲ့နေရာကို ပိုလို့တောင်သွားချင်ပါတယ်။ နောက်ပြီး သူများတွေမဖြစ်ပါဘူးဆိုတဲ့ကိစ္စကို ကိုယ်ကဖြစ်အောင်လုပ်ပြချင်တဲ့ဉာဉ်ကလည်းရှိနေပါတယ်။ ဒါထက်ဆရာကြီးပြောတဲ့သဘာဝမဟုတ်တဲ့ အတားအဆီးအခက်အခဲဆိုတာမျိုး ဘဝတစ်လျှောက်လုံးမှာ မတွေ့မကြုံခဲ့ရဘူးလေတော့ အဲဒီအတွေ့အကြုံမျိုး ပိုလို့တောင်မှ တွေ့ကြုံချင်ပါသေးတယ်။ ရှင်းရှင်းပြောရရင် ကျွန်တော်စစ်ထဲဝင်ခဲ့ရတဲ့ရည်ရွယ်ချက်ကိုက အဲဒီအချက်က အဓိကပါမယ်ထင်ပါတယ်။ အခုတော့ စစ်ဘက်ကလည်းနားလိုက်ပြီဆိုတော့ ဘာလုပ်ရမှန်းမသိဘဲ ပျင်းနေတာနဲ့ အတော်ပဲလို့ဆိုရတော့မှာပါပဲ။ အဲဒါကြောင့် ဆရာကြီးအနေနဲ့ ဒီကိစ္စကို စိုးရိမ်ကြောင့်ကျမှုမရှာဘဲ ကျွန်တော့်အပေါ်မှာ စိတ်ချနိုင်လောက်ပြီလို့ထင်ပါတယ်"

ဟု ဆိုလေရာ ဆရာကြီးလည်း ယခင်ကထက်ပို၍ပင် စိုးရိမ်ပူပန်သော မျက်နှာထားသို့ပြောင်းသွားပြီး -

"အခုကိစ္စက ကျန်တဲ့အကြောင်းအရာတွေ၊ ကိစ္စတွေအဖြစ်အပျက်တွေနဲ့ မတူဘူးကွယ့်။ အဲဒါကိုပြောချင်တာ"

ဟု ဆရာကြီး၏ပြောလက်စစကားစပင်မပြတ်သေးဘဲ ထိုသူကကြားဖြတ်ပြီး -

"ကျွန်တော်ကြုံချင်တွေ့ချင်တာလည်း အဲဒီမတူတဲ့ ထူးခြားဆန်းပြားတဲ့ အကြောင်းအရာတွေပါပဲခင်ဗျ"

ဟုပြောလိုက်ရာ ဆရာကြီးက -

"မင်းဟာ တော်တော်ခက်တဲ့ကောင်ပဲ။ ရခဲလှတဲ့လူ့ဘဝကို အကျိုးရှိရှိဖြစ်အောင်သုံးစမ်းပါ။ ဘာဖြစ်လို့များတစ်ဖွတ်ထိုးလုပ်ချင်ရတာလဲ။ ဖြစ်သင့်တာက အရင်ဆုံးဝိဇ္ဇာမရပညာတွေကိုပြည့်ဝအောင် လေ့လာဆည်းပူးပြီးမှသွားတာက ပိုမကောင်းဘူးလား"

"ကျွန်တော့်ရဲ့ သဘောအမှန်ကိုဒီနေရာမှာ ပွင့်ပွင့်လင်းလင်းပြောမှဖြစ်မယ်ထင်တယ်။ ကျွန်တော်ဟာလက်တွေ့သမားပါ။ ဘယ်ကိစ္စမဆိုလက်တွေ့မြင်ရတွေ့ရတာကိုသာလက်ခံချင်ပါတယ်။ အခုဝိဇ္ဇာရေပညာတွေလေ့လာမယ်ဆိုရာမှာလည်း ဒီလိုပါပဲ။ လေ့လာလိုက်စားရကောင်းနိုးနိုး၊ ဟုတ်နိုးနိုး၊မဟုတ်နိုးနိုးဖြစ်ခဲ့ပါတယ်။ဒါကြောင့်လည်း အချိန်တွေကြာခဲ့ပါတယ်။ ဒါပေမယ့် အခုတော့ ဆရာကြီးဆီရောက်မဆိုက်မှာဘဲ လက်တွေ့သဘောစမ်းသပ်ဖို့ အခွင့်အရေးတစ်ခုတွေ့ရပါပြီ။ အဲဒါကြောင့် ကျွန်တော့်ရဲ့ဆန္ဒကို အကောင်အထည်ဖော်ခွင့်ပြုပါလို့ အနူးအညွတ်မေတ္တာရပ်ခံပါတယ်ခင်ဗျာ"

ဟု အဆိုပါပုဂ္ဂိုလ်သည် ဇွတ်အတင်းသာ တောင်းဆိုနေလေ၏။ နောက်ဆုံးတွင် ဆရာကြီးလည်း မည်သို့မျှတားဆီးမရသည့်အတွက် မိမိစိတ်ဆုံးဖြတ်ချက်အတိုင်းသာ လုပ်ဆောင်ပါတော့ဟု ပြောဆိုလိုက်လေ၏။ထို့နောက် ဆရာကြီးက -

"မင်းက အဲဒီဝိဇ္ဇာပြည်ကိုသွားပြီး မဖြစ်မနေရှာမယ်ဆိုတော့ ဒီခရီးကို မင်းတစ်ယောက်တည်းသွားမှာလား၊ ဒါမှမဟုတ် တခြားဘယ်သူများကောပါဦးမှာလဲ"

ဟု မေးမြန်းလေရာ ထိုသူက -

"ဩော်- ဟုတ်ကဲ့၊ အဖော်တော့ တစ်ယောက်ပါမှာပါ။ အဲဒီအဖော်ကတော့ အခု ကျွန်တော်နဲ့အတူ ဆရာကြီးဆီပါလာတဲ့သူပါပဲ။ သူ့နာမည်ကတော့ ကိုကျော်ညွန့်လို့ခေါ်ပါတယ်"

ဟု မိတ်ဆက်ပေးလိုက်သဖြင့် သူနှင့်အတူပါလာသော ကိုကျော်ညွန့်လည်း ဆရာကြီးအား ဂါရဝပြုနှုတ်ဆက်လေ၏။

ထို့နောက် ဆရာကြီးက -

"ကဲ- မင်းတို့ကမဖြစ်မနေသွားကြမယ်ဆိုတော့ ငါ့အနေနဲ့က ဘာများလုပ်ဆောင်ပေးစေချင်တာလဲ"

ဟု မေးလိုက်ရာ ဦးဆောင်ပြောဆိုသူ ဦးအောင်ထွန်းက -

"ဆရာကြီးဆီက ဒီဝိဇ္ဇာပြည်အကြောင်းသိရတာနဲ့တင် ကျေးဇူးတင်လှပါပြီ။ ဒါကြောင့် တခြားအကူအညီမလိုတော့ပါဘူး။ အဲဒီခရီးကပြန်လာပြီးမှပဲ ဆရာကြီးကို လာပြီးဂါရဝပြုပါမယ်။ နောက်ပြီး ဆရာကြီးဆီကနေ ပညာကိုလည်းယူပါမယ်"

ဟုပြောပြီး နှစ်ဦးသား ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com

စနေသား(မြောင်းမြ)

# သွေးဆုံးမီးယပ်၊ ထုံနာစိုနာနှင့် ဝမ်းတွင်းအပူနာများအတွက် ဆေးနည်းကောင်းတစ်လက်

မြန်မာ့တိုင်းရင်းဆေးမြီးတိုများကို လေ့လာ လိုက်စားသူတစ်ဦးအနေဖြင့် မိမိရရှိခဲ့သောဆေးနည်းများကို တစ်ဆင့် ပြန်လည်ဝေငှလိုက်ခြင်းအားဖြင့် ရောဂါ ခံစားနေရသူ ဝေဒနာရှင်များသိရှိပြီး ဖော်စပ် သောက်သုံးပါက သက်သာ ပျောက်ကင်းစေလိုသော ဖြူစင်သော စေတနာဖြင့် ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။ မိသားစုတစ်စုတွင် တစ်ဦးဦး ရောဂါတစ်ခုခုဖြစ်ပါက ကျန်မိသားစု များ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်၍ ပျော်ရွှင်မှုကင်းမဲ့ကာ တချို့ဆိုလျှင် ဆေးဖိုးကုန်ကျငွေကြောင့် စီးပွားရေးပင် ပျက်စီးကြသူများရှိကြပေသည်။

ယခု စာရေးသူ ဆေးနည်းအား မဖော်ပြမီ ဆေးနည်းရရှိပုံကို ဦးစွာ တင်ပြလိုပါသည်။ စာရေးသူသည် မိမိ ခြံအတွင်းသီးပင်စားပင်များစိုက်ပျိုးသည့် ဝါသနာပါသည့်အလျောက် ဆေးဖက်ဝင် သစ်ပင်များလည်း စိုက်ပျိုးထားရှိပါ သည်။ စာရေးသူ ရုံးမှပြန်လာသည့် တစ်နေ့တွင် စိုက်ပျိုးထားသော ရှားစောင်းလက်ပပ်အပင်များမှ အလက် များလျော့နည်းနေသဖြင့် ဇနီးဖြစ်သူ အားမေးမြန်းရာ ဇနီးဖြစ်သူက ဘုန်းကြီး တစ်ပါးမှလာဝယ်၍ ပိုက်ဆံမယူဘဲ အလက် (၅) လက် လှူလိုက်ကြောင်း ပြောပြပါသည်။

တစ်ပတ်ခန့်အကြာ စနေနေ့ ရုံးပိတ်ရက် စာရေးသူအိမ်၌ရှိနေစဉ် အိမ်ရှေ့တွင် ဆိုင်ကယ်တစ်စီးရပ်ကာ ဆိုင်ကယ်နောက်မှ ဘုန်းကြီးတစ်ပါး ဝင်လာပြီး -

"ဒကာကြီးရေ၊ ဟိုတစ်ခါတုန်းက အလကားပေးလိုက်တယ်။ ဒီတစ်ခါ တော့ ဘုန်းကြီးကို ရှားစောင်းလက်ပပ် ရောင်းပါ"

စာရေးသူမှ -

"ဦးပဥ္စင်းဘာလုပ်ဖို့လဲ"

ဟု မေးရာ ဘုန်းကြီးမှ -

"ဒကာကြီးရေ၊ ဘုန်းကြီးက ဆေး ဖော်ပြီး ဒကာ၊ ဒကာမတွေကိုပြန်ပြီးလှူ နေတာ"

ဟု မိန့်သဖြင့် -

"တပည့်တော် မရောင်းပါဘူး။ ဦးပဥ္စင်း နောက်လည်းကို အသုံးပြုလို့ ရအောင် တပည့်တော်ပန်းအိုးနဲ့စိုက်ထား တဲ့ အပင် (၂) ပင် လှူလိုက်ပါမယ်။ ဦးပဥ္စင်းအိမ်ပေါ်ကြွပါဦး"

ဟု ပင့်ရာ ဘုန်းကြီးလည်း အိမ် ပေါ်သို့ကြွရောက်ခဲ့ပါသည်။

စာရေးသူမှ -

"ဦးပဥ္စင်း၊ တပည့်တော်က မဂ္ဂဇင်း မှာ ဆေးနည်းတွေရေးနေတာ ဦးပဥ္စင်း ဖော်တဲ့ဆေးနည်းကို မဂ္ဂဇင်းမှာ ဖော်ပြ ဖို့အတွက် တပည့်တော်အားစွန့်ပါ"

ဟုလျှောက်ထားရာ ဘုန်းကြီးမှ စွန့်ခဲ့သဖြင့် ဤဆေးနည်းကို ရရှိခြင်း ဖြစ်ပါသည်။

ဤဆေးအား ညအိပ်ရာဝင်တိုင်း တစ်ဇွန်းစားပါက သွေးဆုံးမီးယပ်၊ ထုံနာစိုနာနှင့် ဝမ်းတွင်းအပူနာတို့ကို ပျောက်ကင်းသက်သာကြောင်း မိန့်ကြား ပါသည်။ စာရေးသူမှ ဘွဲ့နှင့် ကျောင်း တိုက်အား မေးမြန်းရာ ဘွဲ့အမည်မှာ ဦးပုညဖြစ်ပြီး မြောင်းမြမြို့ ရှခင်းသာရွာ ပဏ္ဍိတာရာမကျောင်းတိုက်တွင် သီတင်း သုံးကြောင်း မိန့်ကြားခဲ့ပါသည်။

ဆေးနည်းမှာ ငွေကုန်သက်သာပြီး အလွယ်တကူပြုလုပ်၍ရကာ စားသုံးပါ က ရောဂါခံစားနေရသူများ သက်သာ ပျောက်ကင်းစေလိုသော ဆန္ဒမွန်ဖြင့် ရေးသား ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

□ **ဆေးအညွှန်း**

ရှားစောင်းလက်ပပ်အနှစ်(၅)ကျပ် သား၊ ငှက်ပျောသီးအနှစ် (၅) ကျပ်သား၊ မန်ကျည်းသီးမှည့် (၂၀) ကျပ်သား၊ စမုန် မျိုး (၅) ပါး (၁) ကျပ်သား၊ ဇာတိပ္ဖိုလ် (၁) လုံး၊ ကြက်သွန်နီ (၅) ကျပ်သား၊ ထန်းလျက် (၄၀) ကျပ်သား၊ ရေအနည်း ငယ်တို့အား ဒန်အိုး သို့မဟုတ် မြေအိုး ထဲထည့်ကာ မီးအေးအေးဖြင့်ကျိုပြီး အေးသွားပါက ကော်ဘူးအတွင်း (သို့) ဖန်ပုလင်းထဲထည့်၍ လေလုံအောင် သေချာပိတ်ကာ ညစဉ်အိပ်ရာဝင်တိုင်း တစ်ဇွန်းစီစားရန် ဖြစ်ပါသည်။

စနေသား(မြောင်းမြ)

ဟိဆိုမှန်တယ်လို့ ပြင်ပေးလိုက်ပါသတဲ့။ ကပ္ပိယကြီး အဲဒီနေ့ကစပြီး လူနာတွေကို အမှန်အတိုင်းမန်းပေးတယ်။ ထူးခြား လာတာက အဲဒီလိုအမှန်အတိုင်းမန်း ပေးတဲ့နေ့ကစပြီး လူနာတွေမှာ ခါတိုင်း လို ရောဂါမပျောက်ဘဲဖြစ်နေသတဲ့။ ဒီတော့ ကပ္ပိယကြီးက ဘုန်းကြီးပြင် ပေးတဲ့နေ့ကစပြီး တပည့်တော်မန်းပေး တာ လူနာမပျောက်ဘူးဖြစ်နေတယ်။ တပည့်တော်လည်း တစ်ခါတည်းလာဘ် ပိတ်တော့တာပဲ။ ဒီကစ ရှေ့လျှောက် တပည့်တော် ကပ္ပိယံကယောဟိပဲလုပ် တော့မယ်လို့ လျှောက်သတဲ့။ ဒီတော့ ဘုန်းကြီးက ကပ္ပိယံကယောဟိ ကပ္ပိယ ကြီးသဘောရှိသာလုပ်လေဟု မိန့်ချေ သတဲ့ ဆိုတာ သတိရလို့ ပြင်ပေးဖို့ရာ မကြိုးစားတော့ပါဘူး။

မိမိတို့အိမ်ရှေ့ မလှမ်းမကမ်းလံုခြုံသည့် ခြံ စည်းရိုးတွင် သပွာယ်လှစွာဖူးတွေ့ရပြီး ကျွန်တော့်အမျိုးသမီးမှ သစ္စာတိုင်တည် ခြင်း၊ သမ္ဗုဒ္ဓေဂါထာတော် ဂုဏ်တော် တစ်ထောင်စိပ်ပူဇော်ခြင်းအမှုပြုသော မြတ်စွာဘုရားသည် ပဒုံမုတ္တရောမြှုပ္ပာ သံအရ အနုတ္တရ သမုဒ်ပြ ဥတ္တမခေါ် ဗုဒ္ဓကျော်သည် ပဒုမုတ္တရဘွဲ့မည်တော် ရသည့်ဘုရားရှင်ပါလား သိခွင့်ရတာဟာ ဦးတွန့်ပီရဲ့ ဂါထာတော်ထူးခြားချက်ပါ။ ဒီလိုအကျိုးကျေးဇူးများကြောင့်သာ သူရဲ့ ငယ်ဆရာတော်က စုံနေတာပဲ၊ သိပ် ကောင်းတာပါလားဟု ချီးကျူးစကား ပြောကြားတာ ဖြစ်ပေတယ်။

နေဝင်ဦး(မြည်)



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်စပ်ကွင်းဆရာတော်ကြီး၏တပည့်

# မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ်

(၂၉)

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမံဆရာဦးအေးရွှေ

**□ အတွင်းဒီပါရုံနှင့် ပတ်သက်သော နောက်ဆက်တွဲ**

မောင်ထွန်းမြိုင်သည် အထက်ပါ အဖြစ်အပျက်များနှင့်တွေ့ကြုံခဲ့ပြီးနောက် အတွင်းဒီပါရုံမှ ကိုယ်ပွား၏အကူအညီဖြင့် ပြန်လည် ထွက်ခွာလာခဲ့ပါသည်။ ဤနေရာတွင် စာရေးသူအနေဖြင့် နောင်အနှစ် (၃၀) ခန့်ကြာသောအခါတွင် ထပ်မံဖြစ်ပွားခဲ့သော အတွင်းဒီပါရုံနှင့် ပတ်သက်သောအဖြစ်အပျက်တစ်ရပ်ကို အလျဉ်းသင့်သဖြင့် ကြားဖြတ်ဖော်ပြမှသာ ပိုပြည့်စုံမည်ဟု ယူဆပါသဖြင့် အနည်းငယ်ဖော်ပြပါမည်။

ထိုအချိန် မောင်ထွန်းမြိုင်သည် မဟာပထမံပညာ၏ မြေပြင်ဂိုဏ်းချုပ် ဆရာကြီးဦးထွန်းမြိုင်ဘဝသို့ရောက်ရှိနေချိန်ဖြစ်ပါသည်။ တစ်နေ့တွင် ဆရာကြီးသည် သူတွေ့ကြုံခဲ့သောအထက်ဖော်ပြခဲ့သည့်အကြောင်းခြင်းရာများကို အတွင်းနေ၊ အနီးနေ၊ အဝေးနေတပည့်အပေါင်းတို့အား စီကာပတ်ကုံး ပြန်လည်ပြောပြလေ၏။ ဆရာကြီးပြောပြပြီးသောအခါတွင် တပည့်အချို့တို့ကလည်း သူတို့သိလိုသည့်အချက်များ၊ မရှင်းလင်းသည်များကို ပြန်လည် မေးမြန်းခြင်းတို့ကို အချီအချပြုလုပ်နေကြ၏။ ဆရာကြီး ပြန်လည်ရှင်းလင်းပြောပြသည့်အကြောင်းအရာတို့ကလည်း အထူးတလည်ပင် စိတ်ဝင်စားစရာကောင်းသထက်ကောင်းလာနေပါသည်။

နားထောင်နေကြရသူ ကျွန်ုပ်တို့အဖို့မှာလည်း အထူးအဆန်းရင်သပ်ရှုမောအံ့သြပြီးရင်းအံ့သြခြင်းများဖြစ်နေကြရပါသည်။ ထိုအချိန်တွင် အခန်းတွင်းမှ အသံတစ်သံထွက်ပေါ် လာပါသည်။

"အဲဒီနေရာက မြန်မာပြည်နယ်နိမိတ်ထဲမှာပဲလားခင်ဗျ"

"အဲဒီအတွင်းဒီပါရုံက မြန်မာပြည်နယ်နိမိတ်ထဲမှာပဲရှိပါတယ်"

"ဒါဆိုရင် ဘယ်သူပဲဖြစ်ဖြစ်သွားလို့ရမှာပေါ့"

ဟု ဆက်လက်မေးမြန်းလေ၏။

ထိုသို့ မေးခွန်းမျိုးကို မေးသဖြင့် ကျန်တပည့်အပေါင်းတို့ကလည်း မည်သူကများမေးပါသနည်းဟု သိလိုသဖြင့် မေးခွန်းရှင်ကို လှည့်ကြည့်ကြလေ၏။ ထိုအခါ အဆိုပါမေးခွန်းကိုမေးသူမှာ ဆရာကြီး၏ တပည့်ထဲမှမဟုတ်သော မျက်နှာစိမ်းပုဂ္ဂိုလ်တစ်ဦးဖြစ်နေသဖြင့် ဇဝေဇဝါဖြစ်သွားကြလေ၏။ ထိုအခါတွင်မှ အဆိုပါပုဂ္ဂိုလ်က သူ့ကိုယ်သူ မိတ်ဆက်လာလေ၏။

"ဒီလိုပါ ကျွန်တော့်နာမည်က အောင်ထွန်းလို့ခေါ်ပါတယ်။ မြန်မာ့တပ်မတော်မှာ အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ အငြိမ်းစားတစ်ဦးပါ။ ဆရာကြီးအကြောင်းကို မိတ်ဆွေတစ်ဦးဆီကသိရလို့ အခုလိုလာခဲ့ရခြင်းဖြစ်ပါတယ်။ ဟောဒီလူကတော့ ကျွန်တော့်ရဲ့အရင်းနှီးဆုံးသူငယ်ချင်းပါ။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်ရောက်တဲ့အချိန်မှာပဲ ဆရာကြီးက အတွင်းဒီပါရုံဖြစ်တဲ့ ဝိဇ္ဇာမြို့တော်အကြောင်းပြောတာကြားရလို့ အရမ်းကိုစိတ်ဝင်စားသွားလို့ပါ"

ဟု ပြောလိုက်ရာ ဆရာကြီးက-

"အေး - ဒီအကြောင်းကိုစိတ်ဝင်စားတယ်ဆိုတော့ ကောင်းတာပေါ့။ ဒါနဲ့ မင်းကဘာကိုသိချင်တာလဲ"

မေးလိုက်ရာ ထိုလူက -

"ဒီလိုပါ၊ ဒီဝိဇ္ဇာမြို့တော်က မြန်မာပြည်ထဲမှာပဲဆိုတော့ ဘယ်နေရာလောက်ကျပါသလဲခင်ဗျ"

"ဘယ်နေရာလောက်ကျသလဲဆိုတော့ မြစ်ဝကျွန်းပေါ်အောက်ပိုင်းလောက်ကျမယ်"

"ဒါဆို လပွတ္တာတို့ ဘိုကလေးတို့နားလောက်လား ဆရာကြီး"

"အင်း - အတိအကျပြောဖို့ကတော့ခက်တယ်။ ငါလည်း အဲဒီကပြန်

www.burmeseclassic.com



လာပြီးနောက်ပိုင်း မြေပုံတွေပေါ်မှာပြန်ရှာကြည့်ပြီး သိရမှန်းဆရတာကတော့ တောင်တန်းတစ်ခုရဲ့ တောင်ဆွယ်ပေါ်မှာလို့ ယူဆရတယ်။ ပိုပြီးတိကျအောင်မှန်းဆရမယ်ဆိုရင် ပုသိမ်ခရိုင် ငပုတောနယ်ထဲမှာဖြစ်မယ်"

"အဲဒီလောက်သိရရင် ရှာဖို့သိပ်မခက်တော့ပါဘူး။ အနောက်ရိုးမတောင်တန်းပေါ်မှာပဲဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ နေပါဦး၊ မင်းက နေရာကိုသိတော့ ဘာလုပ်မလို့တုံး"

"ဝိဇ္ဇာပြည်ရဲ့အကြောင်းကို ဆရာကြီးပြောပြလို့သိရပြီးတော့ ခံစားချက်က ချက်ချင်းဆိုသလိုပဲ အရမ်းကို စိတ်ဝင်စားသွားတယ်။ အရမ်းကိုလည်းသွားချင်စိတ်ကဖြစ်ပေါ်လာတာပါပဲ။ ဒါကြောင့် သွားဖို့ရည်ရွယ်ပြီးမေးတာပါ"

"အင်း - သွားဖို့ရည်ရွယ်တာကတော့ ဟုတ်ပါပြီး ဒါပေမယ့် အဲဒီနေရာကိုရောက်ဖို့တော့ မလွယ်ဘူး။ ဘေးအန္တရာယ်တွေကလည်း သိပ်များတယ်။ နောက်ပြီး အတားအဆီးတွေကလည်း သိပ်များတာကလား"

ဟု မိန့်လိုက်ရာ ထိုသူက -

"ဆရာကြီးပြောတဲ့ အတားအဆီးဆိုတာတွေက ဘာကိုဆိုလိုတာလဲ။ သဘာဝအခက်အခဲအတားအဆီးတွေကို ဆိုလိုတာလား။ အဲဒီအတွက်ဆိုရင်တော့ မပူပါနဲ့ ဆရာကြီး။ ကျွန်တော်က စစ်ထဲမှာတုန်းက အဲဒီနယ်ဘက်တွေမှာ အများဆုံးတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒီဒေသတစ်ပိုက်မှာ ကျွန်တော်မရောက်ဘူးတဲ့နေရာဆိုတာ ခပ်ရှားရှားပါပဲ။ မြေရာချင်းကိုထပ်နေသလောက်နေမှာပါ။ ဒါကြောင့် ကျွန်တော့်အဖို့တော့ အခက်အခဲသိပ်မရှိနိုင်လောက်ဘူးလို့ ထင်ပါတယ်"

ဟု ပြန်ပြောလေရာ ဆရာကြီး ဦးထွန်းမြိုင်လည်း ထိုသူကိုကြည့်ကာ အထူးစိုးရိမ်မကင်းသည့်မျက်နှာထားသို့ ရုတ်ခြည်း ပြောင်းလဲသွားပြီး ချက်ချင်းပင် -

"ဒီမယ်ကွယ့်၊ မင်းကိုပြောတဲ့ အတားအဆီးတွေဆိုတာ သဘာဝအခက်အခဲတွေကိုပြောတာလည်းပါတယ်။ သဘာဝမဟုတ်တာတွေလည်းပါတယ်။ ဒါကြောင့် အသက်အန္တရာယ်နီးလှပါတယ်ကွယ်၊ မသွားချင်ပါနဲ့"

"ဒါဆို ဆရာကြီးဆိုလိုတာက သဘာဝမဟုတ်တဲ့အတားအဆီးအခက်အခဲတွေဆိုတာ ပုဂ္ဂိုလ်ဆိုင်ရာတစ်စုံတစ်ရာကသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း အဲဒီနေရာကိုမသွားဖြစ်အောင်၊ မရောက်အောင် တားဆီးမယ့် ဖန်တီးထားတဲ့ အခက်အခဲတွေကိုကြုံနိုင်တယ်လို့ ဆိုတာပေါ့နော်"

ဟု ဆိုလိုက်ရာ ဆရာကြီးဦးထွန်းမြိုင်လည်း နှုတ်မပြန်ပြီးအဖြေမပေးတော့ဘဲ ဦးခေါင်းကိုသာ အသာအယာ ညိတ်ပြလိုက်လေ၏။

ထိုအခါ ထိုသူလည်း ဆရာကြီးကိုကြည့်ကာ တစ်ချက်မျှပြုံးလိုက်ပြီးနောက် -

"ကျွန်တော့်အနေနဲ့က ဆရာကြီးရဲ့စကားကို ပမာမခန့်ပြုတာမဟုတ်ပါဘူး။ ကျွန်တော့်ပင်ကိုဗီဇစရိုက်ကိုက အဲဒီလိုစွန့်စားသွားလာရတာကိုပဲဝါသနာထုံပါတယ်။ အခက်အခဲအကျပ်အတည်းရှိတယ်ဆိုတဲ့နေရာကို ပိုလို့တောင်သွားချင်ပါတယ်။ နောက်ပြီး သူများတွေမဖြစ်ပါဘူးဆိုတဲ့ကိစ္စကို ကိုယ်ကဖြစ်အောင်လုပ်ပြချင်တဲ့ဉာဉ်ကလည်းရှိနေပါတယ်။ ဒါထက်ဆရာကြီးပြောတဲ့သဘာဝမဟုတ်တဲ့ အတားအဆီးအခက်အခဲဆိုတာမျိုး ဘဝတစ်လျှောက်လုံးမှာ မတွေ့မကြုံခဲ့ရဘူးလေတော့ အဲဒီအတွေ့အကြုံမျိုး ပိုလို့တောင်မှ တွေ့ကြုံချင်ပါသေးတယ်။ ရှင်းရှင်းပြောရရင် ကျွန်တော်စစ်ထဲဝင်ခဲ့ရတဲ့ရည်ရွယ်ချက်ကိုက အဲဒီအချက်က အဓိကပါမယ်ထင်ပါတယ်။ အခုတော့ စစ်ဘက်ကလည်းနားလိုက်ပြီဆိုတော့ ဘာလုပ်ရမှန်းမသိဘဲ ပျင်းနေတာနဲ့ အတော်ပဲလို့ဆိုရတော့မှာပါပဲ။ အဲဒါကြောင့် ဆရာကြီးအနေနဲ့ ဒီကိစ္စကို စိုးရိမ်ကြောင့်ကြမှုမရှာဘဲ ကျွန်တော့်အပေါ်မှာ စိတ်ချနိုင်လောက်ပြီလို့ထင်ပါတယ်"

ဟု ဆိုလေရာ ဆရာကြီးလည်း ယခင်ကထက်ပို၍ပင် စိုးရိမ်ပူပန်သောမျက်နှာထားသို့ပြောင်းသွားပြီး -

"အခုကိစ္စက ကျနိတဲ့အကြောင်းအရာတွေ၊ ကိစ္စတွေအဖြစ်အပျက်တွေနဲ့ မတူဘူးကွယ့်။ အဲဒါကိုပြောချင်တာ"

ဟု ဆရာကြီး၏ပြောလက်စ စကားစပင်မပြတ်သေးဘဲ ထိုသူကကြားဖြတ်ပြီး -

"ကျွန်တော်ကြုံချင်တွေ့ချင်တာလည်း အဲဒီမတူတဲ့ ထူးခြားဆန်းပြားတဲ့ အကြောင်းအရာတွေပါပဲခင်ဗျ"

ဟုပြောလိုက်ရာ ဆရာကြီးက -

"မင်းဟာ တော်တော်ခက်တဲ့ကောင်ပဲ၊ ရခဲလှတဲ့လူ့ဘဝကို အကျိုးရှိရှိဖြစ်အောင်သုံးစမ်းပါ။ ဘာဖြစ်လို့များ တစ်ဖွတ်ထိုးလုပ်ချင်ရတာလဲ။ ဖြစ်သင့်တာက အရင်ဆုံးဝိဇ္ဇာရေပညာတွေကို ပြည့်ဝအောင် လေ့လာဆည်းပူးပြီးမှသွားတာက ပိုမကောင်းဘူးလား"

"ကျွန်တော့်ရဲ့ သဘောအမှန်ကို ဒီနေရာမှာ ပွင့်ပွင့်လင်းလင်းပြောမှ ဖြစ်မယ်ထင်တယ်။ ကျွန်တော်ဟာ လက်တွေ့သမားပါ။ ဘယ်ကိစ္စမဆို လက်တွေ့မြင်ရတွေ့ရတာကိုသာလက်ခံချင်ပါတယ်။ အခုဝိဇ္ဇာရေပညာတွေ လေ့လာမယ်ဆိုရာမှာလည်း ဒီလိုပါပဲ။ လေ့လာလိုက်စားရကောင်းနိုးနိုး၊ ဟုတ်နိုးနိုးမဟုတ်နိုးနိုးဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း အချိန်တွေကြာခဲ့ပါတယ်။ ဒါပေမယ့် အခုတော့ ဆရာကြီးဆီရောက်မဆိုက်မှာဘဲ လက်တွေ့သဘောစမ်းသပ်ဖို့ အခွင့်အရေးတစ်ခုတွေ့ရပါပြီ။ အဲဒါကြောင့် ကျွန်တော့်ရဲ့ဆန္ဒကို အကောင်အထည်ဖော်ခွင့်ပြုပါလို့ အနူးအညွတ်မေတ္တာရပ်ခံပါတယ်ခင်ဗျာ"

ဟု အဆိုပါပုဂ္ဂိုလ်သည် ဇွတ်အတင်းသာ တောင်းဆိုနေလေ၏။ နောက်ဆုံးတွင် ဆရာကြီးလည်း မည်သို့မျှတားဆီးမရသည့်အတွက် မိမိစိတ်ဆုံးဖြတ်ချက်အတိုင်းသာ လုပ်ဆောင်ပါတော့ဟု ပြောဆိုလိုက်လေ၏။ ထို့နောက် ဆရာကြီးက -

"မင်းက အဲဒီဝိဇ္ဇာပြည်ကိုသွားပြီး မဖြစ်မနေရှာမယ်ဆိုတော့ ဒီခရီးကို မင်းတစ်ယောက်တည်းသွားမှာလား၊ ဒါမှမဟုတ် တခြားဘယ်သူများကောပါဦးမှာလဲ"

ဟု မေးမြန်းလေရာ ထိုသူက -

"ဩော်- ဟုတ်ကဲ့၊ အဖော်တော့ တစ်ယောက်ပါမှာပါ။ အဲဒီအဖော်ကတော့ အခု ကျွန်တော်နဲ့အတူ ဆရာကြီးဆီပါလာတဲ့သူပါပဲ။ သူ့နာမည်ကတော့ ကိုကျော်ညွန့်လို့ခေါ်ပါတယ်"

ဟု မိတ်ဆက်ပေးလိုက်သဖြင့် သူနှင့်အတူပါလာသော ကိုကျော်ညွန့်လည်း ဆရာကြီးအား ဂါရဝပြုနှုတ်ဆက်လေ၏။

ထို့နောက် ဆရာကြီးက -

"ကဲ- မင်းတို့ကမဖြစ်မနေသွားကြမယ်ဆိုတော့ ငါ့အနေနဲ့က ဘာများလုပ်ဆောင်ပေးစေချင်တာလဲ"

ဟု မေးလိုက်ရာ ဦးဆောင်ပြောဆိုသူ ဦးအောင်ထွန်းက -

"ဆရာကြီးဆီက ဝိဇ္ဇာပြည်အကြောင်းသိရတာနဲ့တင် ကျေးဇူးတင်လှပါပြီ။ ဒါကြောင့် တခြားအကူအညီမလိုတော့ပါဘူး။ အဲဒီခရီးကပြန်လာပြီးမှပဲ ဆရာကြီးကို လာပြီးဂါရဝပြုပါမယ်။ နောက်ပြီး ဆရာကြီးဆီကနေ ပညာကိုလည်းယူပါမယ်"

ဟုပြောပြီး နှစ်ဦးသား ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com

ထွက်သွားကြလေတော့၏။

ဆရာကြီးဦးထွန်းမြိုင်လည်း ထိုသူနှစ်ဦးအား စိတ်မကောင်းသောမျက်နှာဖြင့်ကြည့်ပြီး ကျန်ရစ်ခဲ့ပါသည်။ အမှန်ကား ထိုသူများအား ဆရာကြီးနောက်ဆုံးမေးခဲ့သော သူ့ထံမှ 'ဘာလုပ်ပေးစေချင်တာလဲ' ဟူသည့်မေးခွန်း၏ဆိုလိုရင်းမှာ ထိုသူတို့သည် ဘေးအန္တရာယ်များလှသဖြင့် သူတို့၏ ခရီးအတွက် အင်းစမစသည့် အကာအကွယ်အဆောင်များလိုအပ်ပါက၊ ဆန္ဒရှိပါကပြုလုပ်ပေးလိုက်လိုသောသဘောဖြင့် မေးမြန်းခြင်းဖြစ်ပါသည်။ သို့သော်လည်း ထိုသူတို့က တောင်းခံခြင်းမပြုသဖြင့် ဆရာကြီးအနေဖြင့် ခပ်မဆိတ်ပင်နေလိုက်ရခြင်း ဖြစ်ပါသည်။ ထိုလမ်းခရီးသည် ဘေးဒုက္ခအပေါင်းရှိမှန်းသိလျက် ဘယ်လိုမှပြောဆိုဖျောင်းဖျမရသဖြင့် လွှတ်လိုက်ရခြင်းကိုလည်း စိတ်မကောင်းဖြစ်ရခြင်းကား ဆရာကြီး၏မျက်နှာတွင် ထင်ရှားနေပါတော့၏။

❑

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး နောက်လေးလခန့်ကြာသောအခါ မိုးလွန်စွာသည်းထန်သောညတစ်ည၌ မိုးရေများစိုရွှဲနေသူတစ်ဦးသည် ဒယီးဒယိုင်ဖြင့် ဆရာကြီး၏ဓာတ်ခန်းပေါ်သို့ တက်လာလေသည်။ ထိုသူမှာ လွန်စွာပိန်လှီနေပြီး အားနည်းနေပုံလည်းပေါ်နေပါ၏။ သူ၏မျက်နှာကိုဝိုင်းကြည့်ပြီး အမည်နာမကိုဝိုင်းစဉ်းစားကြသော်လည်း မည်သူမျှစဉ်းစား၍မပေါ်ပေ။ မျက်တွင်းကလည်း ဟောက်ပက်ကြီးဖြစ်နေ၏။ မေးရိုးကြီးများလည်း ငေါထွက်နေ၏။ သူ့အား ဓာတ်ခန်းတွင်းရှိလူများက ဝိုင်းဝန်းပြုစုပြီး အမျိုးမျိုးမေးမြန်းကြသော်လည်း စကားလုံးပြန်မပြောဘဲ မျက်လုံးအကြောင်သားနှင့်သာကြည့်နေလေ၏။ ထို့ကြောင့်လည်း ဆရာကြီးဦးထွန်းမြိုင်က လိုအပ်သည့်အင်းများကိုရေးဆွဲပြီး အင်းများကိုပြာချပြီးတိုက်စေ၏။ ထို့အပြင် လိုအပ်သည့် သည်းခြေဆေး၊ နှလုံးဆေး၊ သွေးဆေးများကိုလည်းတိုက်စေ၏။ ထိုအခါတွင်မှ ထိုသူသည် လွန်စွာယောက်ယက်ခတ်မနေတော့ဘဲ အနည်းငယ် တည်ငြိမ်စပြုလာတော့၏။ ဤပုံစံမျိုးဖြင့် ရက်အနည်းငယ်ကြာသောအခါတွင်မှ သတိအနည်းငယ်ပြန်ဝင်လာ၏။ သူ့မိသားစုနှင့်လည်း ပြန်လည် ပေါင်းဆုံသွားနိုင်ခဲ့၏။

အဆိုပါပုဂ္ဂိုလ်နှင့် ပတ်သက်၍ နောက်ပိုင်းတွင်မှသိရသည်မှာ သူသည် ဝိဇ္ဇာဌာနီသို့သွားခွင့်ပြုပါမည့်အကြောင်းပြောပြီး မည်သို့မျှမသွားရန် ဖျောင်းဖျ၍မရဘဲ ထွက်ထွက်သွားခဲ့သော ဦးအောင်ထွန်းဆိုသူ၏ မိတ်ဆွေ ဦးကျော်ညွန့်ဆိုသူပင်ဖြစ်၏။ ထိုသူသည် ဦးအောင်ထွန်းနှင့် ဝိဇ္ဇာပြည်သို့လိုက်သွားခဲ့၏။ ထိုသူအား ဦးအောင်ထွန်းအကြောင်းမေးသော်လည်း မည်သို့မျှဂဃနဏမေး၍မရပေ။ မေးလွန်းမကမေးသောအခါတွင်မှသာ 'ဆုံးပြီ' ဟူသည့်စကားတစ်ခွန်းကိုသာတိုတိုပြတ်ပြတ်ပြန်အဖြေပေး၏။

နောင်အချိန်အတန်ငယ်ကြာသောအခါတွင်မှသာ ဦးအောင်ထွန်းသေဆုံးရသည့်အကြောင်းနှင့်ပတ်သက်၍ တစ်စွန်းတစ်စသာ ထပ်မံမေး၍ရ၏။ ထိုကဲ့သို့ထပ်မံ၍ မေးဖန်များသောအခါတွင်မှ ဦးကျော်ညွန့်ဖြေသွားသည့်အဖြေများကိုပေါင်းစပ်၍အဖြေထုတ်ကြည့်သောအခါ နွံအိုင်တစ်ခုထဲတွင် နစ်၍သေဆုံးသွားကြောင်းကောက်ချက်ထုတ်ဆက်စပ်ကြည့်၍ရပါတော့သည်။ ကျန်သောအချက်တို့ကိုကား မည်သို့မျှ မေးမြန်း၍မရတော့ပေ။

ဤကိစ္စများနှင့်ပတ်သက်၍ ဆရာကြီးဦးထွန်းမြိုင်အား တပည့်များကမေးမြန်းသောအခါ ဆရာကြီးသည် လွန်စွာမှ စိတ်မကောင်းလှသောအမူအရာဖြင့် မှတ်ချက်စကားတစ်ခုကိုပြောခဲ့ပါသည်။ ဤမှတ်ချက်စကားသည် အလွန်ပင်အရေးပါပြီး စဉ်းစားချင့်ချိန်နိုင်ရန်သင့်လှပါသဖြင့် ကောက်နုတ်၍ ဖော်ပြအပ်ပါသည်။ ဆရာကြီးဦးထွန်းမြိုင်၏ မှတ်ချက်စကားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"ငါ ဒီနေရာမှာ စကားတစ်ခွန်းကိုပြောရတော့မယ်။ မပြောဘဲနေချင်လို့လည်းမရဘူး။ ပြောပြန်ရင်လည်း နားခံနိုင်မှာမဟုတ်ဘူး။ ရင့်သီးလွန်းတယ်လို့လည်းထင်ကောင်းထင်မယ်။ မပြောရင်လည်း ဘယ်လိုမှမသိနိုင်လောက်တော့ဘူးထင်လို့ပြောမယ်။ ဘာပြောချင်တာလဲဆိုတော့ လူတွေဟာ ပခုံးနှစ်ဖက်ကြားခေါင်းပေါက်တဲ့လူတွေကိုး။အားလုံးသူလိုကိုယ်လိုလူတွေပါပဲ၊ အတူပါပဲလို့ထင်တတ်ကြတယ်။ ပြောလည်းပြောကြတယ်။ လူလူချင်းတန်းတူရည်တူပါပဲ။ သူလုပ်လို့ဖြစ်ရင် ကိုယ်လုပ်လို့လည်း ဘာလို့မဖြစ်ရမှာလဲလို့ ဆိုကြတယ်။ ဟုတ်ပါတယ်။ အဲဒီကိစ္စတွေဟာ သာမန်လူ့ရေးလူ့ရာကိစ္စတွေမှာပဲသုံးလို့ရနိုင်မယ် မှန်မယ်။ ဒါပေမယ့် အရာအားလုံးမှာတော့ မမှန်နိုင်ဘူး၊ မဖြစ်နိုင်ဘူး"

ဟု ပြောပြီး ဆရာကြီးသည် စကားစကို အချိန်အနည်းငယ်ဖြတ်ထားလိုက်၏။ ခဏမျှကြာသောအခါတွင်မှ ဆရာကြီးက -

"ဆိုလိုတာက ပါရမီရှင်တွေနဲ့သာသက်ဆိုင်တဲ့ကိစ္စတွေ၊ အရေးအရာတွေကို သာမန်လူတစ်ယောက်က သူတောင်လုပ်နိုင်သေးတာ ငါဘာလို့မလုပ်နိုင်ရမှာလဲ။ သူနဲ့ငါနဲ့တန်းတူပဲစတဲ့အတွေးမျိုးဝင်တာဟာ မဟာအမှားပဲ။ မှန်းဆလို့မရနိုင်တဲ့ပြဿနာကြီးတွေကိုစိတ်ခေါ်လိုက်တာနဲ့ အတူပဲပဲ။ ဒီနေရာမှာ သူသတ္တိရှိသလို ငါလည်း သတ္တိရှိတာပဲဆိုတဲ့စကားမျိုးပြောလို့မရဘူး။ သတ္တိဗျတ္တိဆိုတာ တကယ်အရေးအရာကိစ္စတွေမှာ သာမန်သတ္တိဗျတ္တိလောက်နဲ့မရဘူး။ တကယ့်သတ္တိထူးဗျတ္တိထူးလိုတယ်။ အဲသလောက်နဲ့တင် လုံလောက်လားဆိုတော့ တကယ့်အရေးအရာကိစ္စတွေမှာ မပြည့်စုံသေးဘူး။ ပါရမီထူးရှိကိုရှိမှရမှာ။ ဒါကြောင့် ပါရမီအဆင့်နဲ့ပြောရင် လူချင်းတူကိုမတူဘူးလို့ပြောလို့ရတယ်"

ဟုပြောပြီး ဆရာကြီးသည် သူ၏စကားကို ခေတ္တရပ်ထားလိုက်၏။ ပြီးမှ-

"လောကမှာ သာမန်လူတန်းစားထက်ကျော်လွန်လာတဲ့သူတွေ၊ ဘဝမှာအောင်မြင်လာတဲ့လူတွေရှိတယ်။ အဲဒီအောင်မြင်ပေါက်မြောက်လာတဲ့သူတွေကိုမှ ထပ်ပြီးအတန်းအစားခွဲရင် (၄)မျိုး(၄)တန်းစားခွဲလို့ရတယ်။ အဲဒါတွေကတော့ (၁) အာဏာရှင်ရယ်၊ (၂) ဓနရှင်ရယ်၊ (၃) ပညာရှင်ရယ်၊ (၄) ပါရမီရှင်ရယ်ဆိုပြီး ခွဲလို့ရမယ်။ ဒီလူတွေဟာ သူနေရာဌာနလိုက်တော့ အရေးပါတာချည်းပဲ။ ဒါကြောင့် သူတို့နဲ့သက်ဆိုင်တဲ့လူတန်းစားရဲ့နောက်မှာ 'ရှင်' ဆိုပြီးပါနေကြတာပဲ။ သဘောကတော့ အရှင်သခင်ဆိုတဲ့သဘော၊ အကြီးအချုပ်ဆိုတဲ့သဘောကိုဆောင်တယ်။ ဒီရှင်လေးရှင်ထဲမှာလည်း အတန်းအစားခွဲလိုက်ရင် 'အာဏာရှင်' ဆိုတာ အောက်ဆုံးကပဲ။ ဒီနေရာမှာ အာဏာရှင်ဆိုတာ အများလက်ခံထားတဲ့ အာဏာရှင်နဲ့မတူဘူး။ ကွဲအောင်တော့ နည်းနည်းခွဲပြောချင်တယ်။ အာဏာရှင်ဆိုတာ ဟိုသက်ဦးဆံပိုင်တစ်ချက်လွှတ်အာဏာကိုကျင့်သုံးနေ

www.burmeseclassic.com

ပုဂ္ဂိုလ်မျိုးကိုသာ ဆိုတာမဟုတ်ဘူး။ လုပ်ပိုင်ခွင့်တစ်ရပ်ရပ်အရ သုံးစွဲပိုင်ခွင့်ရှိတဲ့အာဏာကို ကျင့်သုံးနိုင်ခွင့်ရသူအားလုံးကိုဆိုလိုခြင်းဖြစ်တယ်။ ကျန်တဲ့ခနရှင်တို့၊ ပညာရှင်တို့ဆိုတာတွေက သိလွယ်ပါတယ်။ အဲ - ပါရမီရှင်ဆိုတဲ့ကိစ္စကတော့ သိသလိုလိုရှိပြီး တကယ်တမ်းသိသလားဆိုတော့ မသိတာကများတယ်။ အဲဒီအရှင် (၄)မျိုးထဲမှာ အာဏာရှင်တို့၊ ခနရှင်တို့ဖြစ်ဖို့ဆိုတာက သိပ်မခဲယဉ်းဘူး။ အချိန်ကာလအတိုင်းအတာတစ်ခုအတွင်းမှာလုပ်ယူလို့ရပါတယ်။ တစ်ခါပညာရှင်ဖြစ်ဖို့ဆိုတာက ၊ သိပ်မလွယ်တော့ဘူး ခဲယဉ်းလာပြီ။ အချိန်ကာလအတော်လေးကြာအောင် အားထုတ်မှရနိုင်တာမျိုးဖြစ်လာပြီ။ ပါရမီရှင်ဆိုတာကတော့ တအားကိုခဲယဉ်းသွားပြီပေါ့။ ဒီဇာတ်ဘဝနဲ့လည်း ဘယ်လောက်အားထုတ်အားထုတ်ပြည့်ချင်မှပြည့်မှာ။ နောက်ဆယ်ဘဝ၊ ဘဝတစ်ရာ၊ တစ်ထောင်ဘာမှပြောလို့မရဘူး"

ဟုပြောပြီး ဆရာကြီးသည် ခေတ္တနားလိုက်ပြန်၏။ ပြီးသောအခါတွင်မှ သူ၏စကားကိုပြန်ဆက်ကာ -

"ဒီနေရာမှာ ဝိဇ္ဇာပုဂ္ဂိုလ်တွေ၊ ဝိဇ္ဇာဓိုရ်တွေဆိုတာ သာမန်ပုဂ္ဂိုလ်တွေမဟုတ်ဘူး။ ပါရမီမရှိဘဲနဲ့လုံးဝမဖြစ်နိုင်ဘူး။ ပါရမီဆိုကတည်းက ဘဝပေါင်းများစွာဖြည့်မှ ပါရမီရှင်ဆိုတာဖြစ်မှာ။ ပါရမီရှင်ဖြစ်မှဝိဇ္ဇာဓိုရ်ဖြစ်တာ။ အဲဒါကြောင့် အဲဒီလိုပါရမီရှင်တွေစုဝေးနေကြတဲ့ ရပ်ဝန်းတစ်ခုထဲကို တော်ရုံပါရမီအဆင့်အတန်းလောက်နဲ့ သွားချင်းတိုင်းသွားလို့ရမယ်ထင်တာကတော့ လမ်းလွဲတာပဲ။ လျှောက်တွက်လွန်းတာပဲ။ ဒါကြောင့်လည်း ဘေးအန္တရာယ်တွေမကြုံသင့်ဘဲကြုံရကာပဲ။ နောက်ပြီးတော့ အဲဒီဝိဇ္ဇာဌာနီ အတွင်းဒီပါရုံပြည်ဆိုတာလည်း ဟိုနေရာရှိဒီနေရာရှိတဲ့ နေရာမျိုးမဟုတ်ဘူး။ လူတိုင်းသွားလို့ရတဲ့နေရာမျိုးလည်းမဟုတ်ဘူး။ ကမ္ဘာပေါ်မှာ ဒီလိုပုံစံမျိုးရှိတဲ့ ဘူမိရပ်ဝန်းဟာ ဒီတစ်ခုပဲရှိတယ်။ ဒါဟာ မြန်မာဂန္ဓာရီပညာရပ်နဲ့သာသက်ဆိုင်တဲ့ဝိသေသပဲ။ ဒါကြောင့် ဒီနေရာဟာ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာနဲ့ရောဘူမိနဲ့ပါ အားလုံးနဲ့သက်ဆိုင်တဲ့ ထူးခြားချက်တွေအများကြီးရှိတယ်။ တကယ်တမ်းပြောရရင် ဒီရပ်ဝန်းကို သက်ဆိုင်ရာပါရမီရှင်တွေကတွေ့စေချင်မှတွေ့လို့ရမယ်။ ဝင်စေချင်မှဝင်လို့ရမယ်။ သူတို့ရဲ့အဆုံးအဖြတ်က ပဓာနပဲ။ ဒါကြောင့် ကိုယ်သဘောနဲ့ကိုယ်သွားလုပ်လို့မရဘူး။ အများကြီးသတိပြုဆင်ခြင်ရမယ်"

ဟုပြောကြားခဲ့လေ၏။

ထို့နောက် ဦးကျော်ညွန့်အတွက်လည်း ပွဲများပြင်ကာ ကန်တော့ပွဲထိုးပေးခဲ့၏။

အထက်ဖော်ပြပါ အကြောင်းခြင်းရာတို့သည် အတွင်းဒီပါရုံနှင့်ပတ်သက်သော နောက်ဆက်တွဲဖြစ်ရပ်များဖြစ်ပါသဖြင့် တစ်ဆက်တစ်စပ်တည်းသိရှိနိုင်ခဲ့စရန် အကြောင်းအရာဖြစ်စဉ်ကိုကျော်လွှား၍ ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

**□ ဗေဒင်ပညာရပ်များအား ထဲထဲဝင်ဝင် လေ့လာ လိုက်စားရခြင်း**

မောင်ထွန်းမြိုင်သည် အတွင်းဒီပါရုံမှပြန်လာခဲ့ပြီးနောက် ရွှေတိဂုံစေတီတော်ကြီးသို့ ပြန်လည်ရောက်ရှိခဲ့လေ၏။ ထိုအချိန်တွင် ဆရာတော်ဦးပညာဝံသရှိရာ ငါးဆူကုန်းသို့သွားရောက်၍ ပထမံပညာရပ်များကိုသွားရောက်သင်ယူခြင်း၊ ထိုကျောင်းတွင်းပင်နေထိုင်ခြင်းပြုခဲ့သလို ရွှေတိဂုံစေတီတော်ကြီးပေါ်တွင်လည်း နေထိုင်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများကိုလည်း ပြုလုပ်ခဲ့ပါသည်။

ထိုကဲ့သို့ အဓိဋ္ဌာန်ဝင်ခြင်းပြုနေစဉ်ကာလအတွင်း၌ ဗေဒင်ဆရာကြီးများနှင့် မကြာခဏ တွေ့ဆုံရလေ့ရှိပြီး ထိုဆရာကြီးများထံမှ ဗေဒင်ပညာရပ်များကိုလည်း အတော်ပင် လေ့လာသင်ယူခွင့်ရရှိခဲ့၏။

ထိုကဲ့သို့ လေ့လာသင်ယူခဲ့သည့် ဗေဒင်ပညာရပ်များထဲတွင် သုံးတန်ပေါ်နိစ်ဗေဒင်ပညာ၊ မဟာဘုတ်ပညာ၊ ဆန်းဗေဒင်ပညာ၊ အင်္ဂဝိဇ္ဇာဗေဒင်ပညာ၊ နက္ခတ်ကိုးခိုင်ဗေဒင်ပညာ၊ ကာလကြီးဗေဒင်ပညာ၊ လက်ရိုးပညာ၊ နက္ခတ်ဗေဒင်ပညာ စသည့် အမျိုးမျိုးသောဗေဒင်ပညာတို့ကို ဆရာကြီးများထံမှ ကျဉ်းကျဉ်းဝစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ အမျိုးမျိုးသင်ယူခွင့်ရရှိခဲ့ပါသည်။

ထိုဗေဒင်ဆရာကြီးများတွင် ဗေဒင်နှင့်ပတ်သက်ပြီး အတော်ပင်ကျွမ်းကျင်နှံ့စပ်ကာ လေ့လာမှုသက်တမ်းကလည်း အတော်ပင်ကြီးမားး၍ ဝါရင့်သမ္ဘာရင့်ဆရာကြီးတစ်ဦးလည်း ပါဝင်လေသည်။ သူ၏ဟောချက်များကလည်း အထူးပင်မှန်ကန်တိကျမှုရှိလှသည်ကို တွေ့ရှိရသဖြင့် မောင်ထွန်းမြိုင်သည် ထိုဆရာကြီးထံမှ ဗေဒင်ပညာကို ပို၍အာရုံထားသင်ယူခဲ့၏။

တစ်နေ့တွင် ထိုဆရာကြီးသည် မောင်ထွန်းမြိုင်၏ဇာတာအားတွက်ချက်စစ်ဆေးပေးခဲ့၏။ ထိုသို့ စစ်ဆေးပေးပြီး ဆရာကြီးက မောင်ထွန်းမြိုင်၏ ဇာတာသည် နက္ခတ်ဗေဒင်ပညာရပ်များနှင့်ပတ်သက်၍ အထူးထူးအပြားပြားဆန်းကြယ်သောပညာရပ်များကို တတ်မြောက်နိုင်ကြောင်း၊ သို့ဖြစ်ပါသောကြောင့် အဆင့်မြင့်ဗေဒင်ပညာရပ်များကို ပို၍ထဲထဲဝင်ဝင်လေ့လာလိုက်စားရန်ကိုလည်း အကြံပြုခဲ့ပါသည်။

ထိုအခါ မောင်ထွန်းမြိုင်က ဆရာကြီးအား -

"အထူးထူးအပြားပြားဆန်းကြယ်သော ဗေဒင်ပညာ၊ အဆင့်မြင့်ဗေဒင်ပညာရပ်များဆိုသည်မှာ အဘယ်ဗေဒင်ပညာရပ်မျိုးကို ဆိုလိုပါသလဲ"

ဟုမေးရာ ဆရာကြီးက -

"ကိုထွန်းမြိုင်လည်း ဗေဒင်ပညာရပ်တွေကို အတော်စုံအောင်လေ့လာဖူးထားတာပဲ။ အဲဒီပညာရပ်တွေနဲ့ လူ့လောကပြဿနာအရှုပ်အထွေးတွေကိုဖြေရှင်းနိုင်ပြီလို့ လက်ခံယူဆပြီလားကွယ့်"

မေးလိုက်သောအခါ မောင်ထွန်းမြိုင်လည်း အသေအချာစဉ်းစားပြီး -

"ဆရာကြီးမေးတဲ့မေးခွန်းရဲ့အဖြေကို ကျွန်တော် ခပ်စောစောပိုင်းကတည်းက စဉ်းစားခဲ့ဖူးပါတယ်။ ကျွန်တော်လေ့လာခဲ့ဖူးတဲ့ ဗေဒင်ပညာရပ်တွေနဲ့ပဲ ပတ်သက်ပြီး ပြောတာနော်"

"ဟုတ်ပါပြီ ကိုထွန်းမြိုင်ရဲ့၊ ကျုပ်ကိုအားမနာဘဲ ပြတ်ပြတ်သားသား ဝေဖန်ကြည့်ဖို့ပြောတာပါ"

"ဒါဆို ကျွန်တော်ပြောမယ်နော်။ ခပ်ရှင်းရှင်းပြောရရင် လေ့လာခဲ့ရသမျှသောဗေဒင်ပညာရပ်တွေတိုင်းမှာ တစ်ခုမဟုတ်တစ်ခု အားနည်းချက်တွေရှိနေတာကို တွေ့ရတယ်။ ဒါကြောင့် ဗေဒင်ပညာရပ်တွေနဲ့ပတ်သက်တဲ့ကိစ္စရပ်များကို အကြွင်းမဲ့လက်ခံဖို့ဆိုတာ အတော်လေးခက်ခဲမယ်လို့ ကျွန်တော်ထင်တယ်။ ဒီကောက်ချက်တွေကတော့ ကျွန်တော့်ရဲ့ဒီပညာရပ်တွေအပေါ် လေ့လာအားထုတ်နိုင်မှုနုနယ်သေးတယ်လို့လည်း တစ်ဖက်ကကောက်ယူချင်ပါသေးတယ်"

"ဟုတ်ပါပြီ - ကိုထွန်းမြိုင်ရဲ့အယူအဆနှစ်ခုစလုံးကို လက်ခံပါတယ်။ အဲဒီမှာ ခုနကိုထွန်းမြိုင်ပြောသလို ပိုပြီးပြည့်



www.burmeseclassic.com

www.burmeseclassic.com

## ဆလိုင်းငွန်သိန်း(ရမည်းသင်း)

# ကျွဲ-နွား ပေါင်ပုပ်၊ လက်ပုပ်ရောဂါ

ကျွဲနွားပေါင်ပုပ်၊ လက်ပုပ်ရောဂါဟာ မြန်မာတစ်နိုင်ငံလုံးမှာ နေရာအနှံ့ အပြားဖြစ်တတ်တဲ့ရောဂါတစ်ခု ဖြစ်ပါတယ်။ နိုင်ငံတော်က ဥပဒေထုတ်ပြန်ပြီး ကူးစက်ရောဂါအဖြစ် ထုတ်ပြန်ထားတဲ့ စာရင်းဝင်ရောဂါလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နေထိုင်လုပ်ကိုင်ကြတဲ့တောင်သူလယ်သမားတွေအားလုံး၊ မွေးမြူရေးသမားတွေအားလုံး သတိထားရမယ့်ရောဂါကြီးတွေကတော့ ကျွဲနွား ခွာနာလျှာနာရောဂါ၊ ကျွဲနွားလည်ချောင်းကွဲရောဂါ၊ ကျွဲနွားဒေါင့်သန်းရောဂါနဲ့ကျွဲနွားပေါင်ပုပ်လက်ပုပ်ရောဂါတို့ ဖြစ်ပါတယ်။ ဒီရောဂါတွေဟာ လျင်မြန်စွာ ကူးစက်မြန်ပြီး အသက်သေဆုံးတဲ့အထိ ဖြစ်နိုင်ပါတယ်။ ဒီရောဂါတွေအတွက်ကို ကြိုတင်ကာကွယ်ဆေးတွေရှိပါတယ်။ ကျွဲ၊ နွားတွေနဲ့ ပတ်သက်သူမှန်သမျှ ဒီရောဂါကာကွယ်ဆေးတွေကို မဖြစ်မနေ ထိုးထားဖို့လိုပါတယ်။ ကျွဲနွားတွေကို မဖြစ်မနေထိုးထားဖို့လိုပါတယ်။

ကျွဲနွားပေါင်ပုပ်လက်ပုပ်ရောဂါဟာ ဗက်တီးရီးယားရောဂါပိုးကြောင့် ဖြစ်တာဖြစ်ပါတယ်။ အရှင်လတ်လတ် အသားတွေပုပ်ကျန်တတ်လို့ ပေါင်ပုပ် လက်ပုပ်ရောဂါလို့ခေါ်တာဖြစ်ပါတယ်။ လေထဲမှတစ်ဆင့်သော် လည်းကောင်း အစားအစာများမှတစ်ဆင့်သော် လည်းကောင်း၊ စားကျက်များမှတစ်ဆင့်သော် လည်းကောင်း၊ သောက်သုံးရေမှတစ်ဆင့်သော်လည်းကောင်း ရောဂါဖြစ်နေသော တိရစ္ဆာန်ကို ကိုင်တွယ်သူများမှတစ်ဆင့်သော်လည်းကောင်း ပေါင်ပုပ်လက်ပုပ်ရောဂါဖြစ်ပြီးသေတဲ့ ကျွဲနွားရဲ့အသားများကို ကိုင်တွယ်ချက်ပြုတ်စားသောက်ရာမှ လည်းကောင်း ကူးစက်ပျံ့နှံ့စေပါတယ်။ ငယ်ရွယ်တဲ့ကျွဲနွားများမှာအဖြစ်များပါတယ်။ သေဆုံးမှုလည်းများပါတယ်။ ရောဂါဖြစ်စမှာ ခြေ၊ လက်များ နာကျင်ပြီး လမ်းလျှောက်တဲ့အခါ ဒယိမ်းဒယိုင်ဖြစ်တတ်ပါတယ်။ အချို့ကလည်း ထော့နဲ့ထော့နဲ့ဖြစ်တယ်လို့ပြောကြပါတယ်။ ရှေ့လက်တွေ၊ နောက်ခြေထောက်တွေ၊ ပေါင်တွေ၊ လည်ပင်းတွေ၊ တင်ပါးတွေရောင်တတ်ပါတယ်။ရောင်တဲ့နေရာတွေကို လက်နဲ့နှိပ်ကြည့်ရင် အသံမြည်ပါတယ်။ လက်နဲ့ပုပ်ကြည့်ရင် ဗုံးတီးသလိုမြည်ပါတယ်။ပါးစပ်တွေလည်းပူပါတယ်။ ရောင်တဲ့နေရာတွေကို အပ်နဲ့ထိုးကြည့်ရင် သွေးမည်းတွေ၊အမြှုပ်တွေထွက်လာတာတွေ့ရပါတယ်။ ဓားနဲ့ခွဲကြည့်ရင်တော့ အသားတွေမည်းနေတာတွေ့ရပါတယ်။ အနံ့ကလည်းနံပါတယ်။ အသားများတဲ့နေရာတွေမှာရောင်လာတာတွေ့ရပါတယ်။

ဒီလိုရောဂါမျိုးဖြစ်ပြီဆိုရင်တော့ ပထမဆုံးလုပ်ရမယ့်အလုပ်က သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို အကြောင်းကြားပါ။မွေးမြူရေးနဲ့ကုသရေးဦးစီးဌာနကို အကြောင်းကြားပါ။ ဌာနကသိပြီဆိုတာနဲ့ ရောဂါဖြစ်နေတဲ့ကျေးရွာကိုအရောက်လာပြီး ပေါင်ပုပ်၊ လက်ပုပ်ရောဂါကာကွယ်ဆေးလာထိုးပေးမှာပါ။ (၄) လအထက် ကျွဲနွားတွေအကုန်ထိုးလို့ရပါတယ်။ ဒီကာကွယ်ဆေးကို (၆) လတစ်ကြိမ် မှန်မှန်ထိုးပေးပါ။ ကာကွယ်ဆေးထိုးပြီး (၇)ရက်နေရင် ခုခံအားတွေရလာပြီး ကူးစက်မှုရပ်စဲသွားမှာဖြစ်ပါတယ်။ ရောဂါဖြစ်ပြီဆိုတာနဲ့ မွေးမြူရေးနဲ့ကုသရေးဦးစီးဌာနက ဆရာတွေကို ခေါ်ပြီးဆေးကုပါ။ ဆရာတွေက အနောက်တိုင်းဆေးတွေနဲ့ ကုသပေးပါလိမ့်မယ်။ အချိန်မီကုသရင်ပျောက်ကင်းနိုင်တဲ့ရောဂါဖြစ်ပါတယ်။

မြန်မာတိုင်းရင်းဆေးတွေနဲ့ကုမယ်ဆိုရင်တော့ -

ချင်း (၅) ကျပ်သား၊ ဆေးပုလဲ (၂) ကျပ်သားကို ရေ (၃)ပုလင်းနဲ့ သုံးခွက်တစ်ခွက်တင် ကျိုချက်ပြီးတိုက်ရပါတယ်။ ဒီပုံစံအတိုင်း နံနက်တစ်ခွက်၊ ညတစ်ခွက်တိုက်ပါ။ နောက်တစ်နည်းကတော့ အရက်တစ်ပိုင်းတိုက်ပေးရပါတယ်။ ရောင်နေတဲ့နေရာတွေကို မိုးနံကိုင်းနဲ့မရိုးကိုင်းပေါင်းစပ်ပြီး ရိုက်မောင်းပေးရပါတယ်။ ဒီရောဂါကိုဖြစ်စေတဲ့ပိုးက လေကိုကြောက်ပါတယ်။ မိုးနံကိုင်းက ဆူးပါတော့ အသားထဲဆူးဝင်လို့အပေါက်တွေဖြစ်သွားပြီး လေဝင်တော့ ရောဂါပိုးတွေသေစေနိုင်ပါတယ်။မရိုးအစေးကလည်း ရောဂါပိုးကိုနိုင်ပါတယ်။ အကောင်းဆုံးကတော့ ရောဂါမဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ် ဆေးထိုးထားဖို့ဖြစ်ပါတယ်။ ကာကွယ်ခြင်းဟာ ကုသခြင်းထက်ကောင်းပါတယ်။

ဆလိုင်းငွန်သိန်း (ရမည်းသင်း)

---

နိုင်မယ့် ဗေဒင်ပညာရပ်မျိုးရှိဖို့လိုတယ်ဆိုတဲ့အတွေးအခေါ်မျိုး ကျုပ်ကိုယ်တိုင်ဝင်ခဲ့ဖူးတဲ့အတွက် အဲဒီဗေဒင်ပညာမျိုးရှာခဲ့ဖူးတယ်။ ကံအားလျော်စွာပဲ အဲဒီဗေဒင်ပညာရပ်မျိုးရှိတယ်ဆိုတာ သိခဲ့ရတယ်"

ဟု ဆိုလေရာ မောင်ထွန်းမြိုင်လည်း ပျာပျာသလဲအမူအရာမျိုးဖြစ်သွားပြီး -

"ဟင်- ဒါဆိုအဲဒီဗေဒင်ပညာရပ်ဆိုတာ ဘယ်ပညာလဲ။ ဆရာကြီးသိတယ်ပေါ့နော်။ ဒါဆို အဲဒီပညာရပ်ဟာ ဘယ်ပညာရပ်ဖြစ်တယ်ဆိုတာပြောပြပါလား"

ဟု မေးလိုက်ရာ ဆရာကြီးလည်း စဉ်းစားလိုက်ပြီးနောက် -

"အဲဒီဗေဒင်ပညာဆိုတာ သရောဒယဗေဒင်ပညာရပ်ပဲ ကိုထွန်းမြိုင်၊ ဒါပေမယ့် ဒီဗေဒင်ပညာရပ်ကိုတော့ ကျုပ်ကိုလာပြီးမသင်ခိုင်းနဲ့၊ ကျုပ်မတတ်ဘူး။ သင်ခွင့်မကြုံခဲ့ဘူး။ ဒီပညာကောင်းရှိတယ်ဆိုတာတော့ သိခွင့်ရခဲ့ပေမယ့် နှစ်ပေါင်းများစွာသာ ကြာလာခဲ့တယ် ဆရာကောင်းကိုရှာမရနိုင်ခဲ့ဘူးကွယ့်။ အဲဒီတော့ ကိုထွန်းမြိုင်အနေနဲ့ သရောဒယပညာနဲ့ပတ်သက်ပြီး ဆရာကောင်းကိုတွေ့အောင်ရှာပါလို့ အကြံပေးချင်ပါတယ်"

"သရောဒယပညာ ဟုတ်လား ဆရာကြီး"

ရှေ့လဆက်ဖတ်ပါရန်

ပထမံဆံရာချိုခ်အးရှေ



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးဆက်ထွန်းလင်း (အာယုဗ္ဗေဒ) (၇၂)
## ဝိဇ္ဇာဓရမြန်မာ့အဂ္ဂိရတ်ပညာ

### ◻ ကြွယ်ဝသောဗုဒ္ဓဝါဒဆိုင်ရာ မြန်မာ့ဝိဇ္ဇာဓရပညာရပ်များအရှည်တည်တံ့ရေး

မြန်မာ့ဝိဇ္ဇာဓရပညာရပ်များတွင် အခြေခံသည် ဗုဒ္ဓဝါဒဖြစ်သလို အဆင့်မြင့်ပိုင်းတွင်လည်း ပဓာနကျသည်မှာ ဗုဒ္ဓဝါဒပင် ဖြစ်၏။ နောက်ဆုံး အန္တိမပိုင်းတွင်လည်း အဓိကအဆုံးအဖြတ်ပြုသည်မှာ ဗုဒ္ဓဝါဒပင်လျှင် ဖြစ်၏။ ထို့ကြောင့် မြန်မာ့ဝိဇ္ဇာဓရပညာနှင့်ဗုဒ္ဓဝါဒကို တသီးတခြားခွဲခြားရန်သည် လည်းကောင်း၊ ပိုင်းခြားရန်သည် လည်းကောင်း မည်သို့မျှ မဖြစ်နိုင်ပေ။

ထို့ကြောင့် ဗုဒ္ဓဝါဒမှ မြန်မာ့ဝိဇ္ဇာဓရပညာရပ်များကို ဖယ်ထုတ်ရန် ကြိုးစားခြင်းသည် မည်သည့်ရှုထောင့်မှသုံးသပ်သည်ဖြစ်စေ အဘက်ဘက်မှ အားနည်းစေမှု၊ ဆုံးရှုံးမှုများကိုသာဖြစ်နိုင်စေမည်သာဖြစ်သည်။ ထို့ကြောင့်လည်း သက်ဆိုင်ရာပုဂ္ဂိုလ်များသည် ဉာဏ်ပညာကြီးကြီး၊ အမြင်ကျယ်ကျယ်ရှိသောအတွေးအမြင်မျိုးရှိရန် လိုအပ်သည်ဟု ခံယူချက်မျိုး လိုအပ်ပါသည်။ ကျဉ်းမြောင်းသော အမြင်များကို ပြောင်းလဲရန် အတွက်ကို ဆိုလိုခြင်း ဖြစ်ပါသည်။

ထိုအတွက်ကို ဆောင်းပါးများတွင် ဝိဇ္ဇာဓရမြန်မာ့အဂ္ဂိရတ်ပညာဟု ခေါင်းစဉ်တပ်ထားရခြင်းမှာ အဂ္ဂိရတ်ပညာတွင် အခြားသောပညာရပ်များ၊ ဝိဇ္ဇာဓရပညာရပ်များ ပါဝင်နေသောကြောင့် အဂ္ဂိရတ်ပညာကို အားလုံးကိုယ်စားပြုဖော်ပြနေခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့်လည်း အဂ္ဂိရတ်ပညာဟု ခေါင်းစဉ်တင်ထားသော်လည်း အင်းစမပညာအကြောင်း၊ မန္တန်ပညာအကြောင်း၊ ဆေးပညာအကြောင်း၊ ဗေဒင်ပညာအကြောင်းများ အလျဉ်းသင့်သလို ရေးသား ဖော်ပြနေခြင်းအားနားလည် လက်ခံပေးနိုင်လိမ့်မည် ထင်ပါသည်။

ယခင်ဆောင်းပါးများတွင် ဉုံနှင့်ပတ်သက်၍ အတော်ပင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဉုံနှင့် ပတ်သက်၍ ဤနိုင်ငံရှိ သဘောထားတင်းမာသော ဗုဒ္ဓဝါဒီအချို့မှ အပြင်းအထန်ကန့်ကွက်နေမှုများရှိနေခြင်းကြောင့်လည်း ယခုကဲ့သို့ဖော်ပြရခြင်း ဖြစ်ပါသည်။ ဉုံကို ဟိန္ဒူဘာသာနှင့် မည်သို့မျှသက်ဆိုင်မှုမရှိဘဲ ဗုဒ္ဓဝါဒ၊ ဗုဒ္ဓဘာသာမှုများနှင့် ကိုက်ညီသောဉုံဟု ဆိုနိုင်ပါသည်။ ဉုံဟုဆိုတိုင်း ဟိန္ဒူနတ်ဘုရားသုံးဆူကို



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်စားမပြုကြောင်း ဆိုလိုရင်း ဖြစ်ပါသည်။

ဉ်ုသည် စကြဝဠာနှင့်ပတ်သက်သော အသံစွမ်းအင်ဆိုင်ရာ အသုံးပြုမှုတွင် ရှောင်လွှဲ၍မရသောအသံဖြစ်ခြင်းကြောင့်လည်းကောင်း၊ အသံစွမ်းအင်အပေါင်းတို့၏ဗီဇအသံဖြစ်နေခြင်းကြောင့်လည်းကောင်း၊ ဗုဒ္ဓဝါဒဆိုင်ရာ အသံစွမ်းအင်အသုံးပြုမှုတွင် လည်းကောင်း၊ မြန်မာ့ဝိဇ္ဇာဓရပညာရပ်များတွင်လည်းကောင်း အချက်အချာကျသော အခန်းကဏ္ဍ၌ ပါဝင်ပတ်သက်နေပါသဖြင့် သုံးစွဲသင့်ကြောင်း၊ သုံးစွဲခြင်းဖြင့်လည်း အကျိုးစွမ်းပကား ပိုမိုကြီးမားနိုင်ကြောင်း ဖော်ပြရခြင်းဖြစ်ပါသည်။

ထို့အပြင် ဉ်ုကိုသုံးစွဲခြင်းဖြင့်လည်း ဗုဒ္ဓဝါဒအပေါ် ထိခိုက်စေနိုင်မှုမည်သို့မျှမရှိနိုင်ကြောင်းကို ထင်ရှားစေရန်ဖော်ပြရခြင်း ဖြစ်သည်။ မဟာယာနဗုဒ္ဓဘာသာတွင်လည်း ဉ်ုကိုကျယ်ပြန့်နက်ရှိုင်းစွာ အသုံးပြုမှုကိုလည်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုဆက်လက်၍ မြန်မာ့ဝိဇ္ဇာဓရပညာရပ်များတွင် အသုံးပြုနေသော၊ အမှန်တကယ်လည်း အကျိုးသက်ရောက်မှု ရရှိနေသော ဉ်ုသုံးစွဲမှုဆိုင်ရာအချို့ကိုလည်း ပိုမိုပြည့်စုံမှုရှိစေရန် ဆက်လက်ဖော်ပြလိုပါသည်။

မြန်မာဝိဇ္ဇာဓရပညာရပ်ဆိုင်ရာ သမားစဉ်တွင် ဉ်ုသုံးစွဲမှုဆိုင်ရာကိစ္စနှင့်ပတ်သက်၍ဆိုရလျှင် အခြားသော ဘာသာအယူဝါဒများမှ လက်ခံသုံးစွဲမှုနှင့် မတူဘဲ ပိုမို ကျယ်ပြန့်စွာ အသုံးပြုခဲ့ကြောင်းတွေ့ရပါသည်။ ဉ်ုနှင့်ပတ်သက်၍လည်း ပိုမိုနက်ရှိုင်းစွာနားလည်သဘောပေါက်ပြီး အသုံးပြုခဲ့ကြောင်းကိုလည်း ထူးခြားစွာတွေ့ရပါသည်။ ထို့ပြင်လည်း မြန်မာ့ဝိဇ္ဇာဓရဆိုင်ရာဗုဒ္ဓဘာသာတွင် ဉ်ုသုံးစွဲခြင်းသည် သူများဉ်ုသုံးစွဲခြင်းကြောင့် ရောယောင်ပြီး လိုက်လံသုံးစွဲခြင်းမျိုးမဟုတ်ကြောင်းကိုလည်း ထင်ရှားစွာသိစေလိုပါသည်။

ပိုမို၍ ထင်ရှားစွာ သိစေလိုသည်မှာ မြန်မာ့ဝိဇ္ဇာဓရပညာသည် အခြားသောနိုင်ငံများ၊ လူမျိုးများ၊ ဘာသာအယူဝါဒများနှင့်လုံးဝမတူ တစ်မူခြားနားသောပညာဟုဆိုရပါမည်။ ထိုပညာရပ်မျိုး အခြားမည်သည့်နေရာတွင်မျှမရှိကြောင်း၊ မြန်မာ့ပညာရပ်စစ်စစ်သာဖြစ်ကြောင်းလည်း အသေအချာလေ့လာဆန်းစစ်ကြည့်လျှင် တွေ့နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း မြန်မာ့ဝိဇ္ဇာဓရပညာသည် အခြားသောပညာရပ်များမှ မှုကွဲမှုပွားဆင်းသက်လာသော ပညာရပ်မျိုးမဟုတ်ဘဲ တစ်ခုတည်းသော မြန်မာ့ဂန္ဓာရီပညာသာဖြစ်ကြောင်းအခိုင်အမာဆိုနိုင်ပါသည်။

ဤသို့ဆိုရခြင်းမှာလည်း မြန်မာ့ဂန္ဓာရီပညာသည် ရှာမင်လောကီပညာမှ ဆင်းသက်လာခြင်းဖြစ်နိုင်ကြောင်း ဝေဝေဝါးဝါးအဆိုများရှိနေသောကြောင့် ယခုကဲ့သို့ဖော်ပြရခြင်း ဖြစ်ပါသည်။ သို့သော် လောကီပညာ၊ ဂန္ဓာရီပညာရပ်များ၏ သဘောသဘာဝမှာ ပညာရပ်ခြင်းနီးစပ်လျှင် ဆက်စပ်ပတ်သက်နိုးနွှယ်တတ်သောကြောင့် မြန်မာ့ဂန္ဓာရီပညာရပ်များတွင် အချို့သောအစိတ်အပိုင်းများပါကောင်းပါနိုင်ပါသည်။ သို့သော် ထိုမပြောပလောက်သော အစိတ်အပိုင်းများ လာရောက်တူညီရုံမျှဖြင့် မြန်မာ့ဂန္ဓာရီပညာသည် ဟိုပညာမှဆင်းသက်လာကြောင်း၊ ဒီပညာမှဆင်းသက်လာကြောင်း ရမ်းသန်းသတ်မှတ်ခြင်းအခါခါ သုံးစွဲခြင်းမပြုသင့်ဟု ထင်မြင်မိပါသည်။

ဉ်ုသုံးစွဲမှုတွင်လည်း အခြားနေရာများ၌ သုံးစွဲသည်ကိုတွေ့သဖြင့် ထိုကဲ့သို့ကောက်ယူထင်မြင်ချက်ပေးမှုကို ဆင်ခြင်သတိမူနိုင်ပါရန်ဖော်ပြရခြင်းဖြစ်ပါသည်။ ပိုမို၍ တိကျစွာဆိုရပါမူ မြန်မာ့ဝိဇ္ဇာဓရပညာရပ်ဆိုင်ရာ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးအပြည့်အစုံရှိသော ပညာရပ်မျိုး ဖြစ်၏။ ထိုကဲ့သို့ပြီးပြည့်စုံစွာရှိသော ပညာရပ်မျိုး သို့တည်းမဟုတ် တူမျှသော ပညာရပ်မျိုးကို အခြားသောနေရာများတွင် ရှာဖွေတွေ့ရှိရန် လွန်စွာခဲယဉ်းမည်သာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း မြန်မာ့ဝိဇ္ဇာဓရပညာရပ်များသည် အတူမရှိသောပညာ၊ အတုမရှိသောပညာများဖြစ်ပါသည်။ သို့အတွက် လွန်စွာတန်ဖိုးကြီးလှပါသည်။

ထိုမျှ တန်ဖိုးကြီးမားလှသော ပညာရပ်များကို ပြက်ရယ်ပြုခြင်း၊ ချိုးနှိမ်ခြင်း၊ အလကားပညာရပ်များဖြစ်သယောင်နှိမ်ချပြောဆိုခြင်းများမပြုသင့်ပေ။ အမှန်တကယ် ပညာအကြောင်းသိသူမှသာ ထိုပညာ၏တန်ဖိုးကို သိနိုင်ပါလိမ့်မည်။ ထိုသို့အဆင့်အတန်းမြင့်မားသော ပညာရပ်များ၊ ကြွယ်ဝသောဝိဇ္ဇာဓရအယူအဆများ၊ အတွေးအခေါ်များ၊ မြန်မာ့ဝိဇ္ဇာဓရလောကမှ မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းကြရပါမည်။

အမှန်တကယ် စဉ်းစား ဆင်ခြင်ကြည့်သင့်သည်မှာ ဝိဇ္ဇာဓရပညာရပ်များတွင်သာမက ဗုဒ္ဓဘာသာဆိုင်ရာစာပေများနှင့် ပတ်သက်လျှင်လည်း ထိုနည်းတူပင် စဉ်းစားသင့်၏။ ရှေးအစဉ်အဆက် ရှေးရှေးသော မြန်မာ့မြန်မာကြီးတို့ ယုံကြည်ကျင့်သုံးခဲ့သည့် ဗုဒ္ဓဝါဒဆိုင်ရာ စာပေအမြောက်အမြားရှိပါသည်။ ထိုစာပေများကိုလည်း သင်္ဂါယနာမူများတွင်မပါဟုဆိုကာ ဖြုတ်ခဲ့သည့်၊ ပယ်ခဲ့သည့်၊ အသိအမှတ်မပြုခဲ့သည့် ဗုဒ္ဓဝါဒဆိုင်ရာစာပေရတနာများစွာရှိခဲ့ပါသည်။ အချို့ဆိုလျှင် တိမ်မြုပ်ပျောက်ကွယ်ကုန်ပြီး အချို့ဆိုလျှင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သွားကြပါသည်။ ဘာသာဆိုင်ရာအတွေးအခေါ် ဖယူအကောက်တို့တွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်ကုန်၏။

အမှန်ကား သင်္ဂါယနာသည် ဗုဒ္ဓဝါဒ၏ ပင်မဆိုင်ရာ အရေးကြီးသည့် သုတ္တန်၊ အဘိဓမ္မာ၊ ဝိနည်းဆိုင်ရာတို့ကို တင်ခြင်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာသမိုင်းတစ်နံတစ်လျားတစ်လျှောက် ကျင့်သုံးခဲ့သည့်ဓမ္မများ၊ ဓမ္မဆိုင်ရာအတွေးအခေါ်များ၊ ခံယူချက်များ၊ ယုံကြည်ချက်များအားလုံးကိုတင်နိုင်ခဲ့ခြင်းမဟုတ်။ ပဓာနကျသည်များကိုသာ သတ်မှတ်ထားသည့် အချိန်အပိုင်းအခြားအတွင်း သတ်မှတ်ထားသည့် ပုဂ္ဂိုလ်များဖြင့်သာ အချိန်ကိုက်ပြီးစီးအောင်မြင်စေရန် လုပ်ကိုင်ရသောလုပ်ငန်းစဉ်မျိုးဖြစ်ပါသည်။ သင်္ဂါယနာ၌ပါဝင်ခဲ့သော်လည်း နှစ်ပေါင်းထောင့်ငါးရာကျော် ကြာမြင့်သည့်တိုင်အောင်ကျင့်သုံးခဲ့သော ဗုဒ္ဓဝါဒယဉ်ကျေးမှုဓလေ့ထုံးစံများကား မည်မျှကြွယ်ဝများပြားမည်ကို ထောက်ချင့်ကြည့်နိုင်ပါသည်။

ထိုကဲ့သို့သော ယဉ်ကျေးမှုများ၊ ဘာသာအယူအဆများ၊ ဓလေ့ထုံးတမ်းများ၊ လောကီပညာများသည် မြန်မာ့ရိုးရာ၏အနှစ်သာရများ၊ တန်ဖိုးမဖြတ်နိုင်သောရတနာများသာ ဖြစ်ပါသည်။ နိုင်ငံနှင့်လူမျိုး၏ရိုးရာယဉ်ကျေးမှုအဆင့်အတန်းများလည်းဖြစ်ပါသည်။ မြန်မာလူမျိုးတို့သည် အခြားတစ်ပါးသောလူမျိုးများနှင့်ယှဉ်လျှင် ဤယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာရိုးရာ (နတ်ပူဇော်ပသမှု အပါအဝင်) စသည့် အကြောင်းခြင်းရာကိစ္စရပ်များ၌ နှာတစ်ဖျားသာခြင်း၊ ခေါင်းတစ်လုံးသာခြင်းတို့မှာ အထက်ပါသမိုင်းတန်ဖိုးများကြောင့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ယုံမှားသံသယမရှိအပ်ပေ။

နေရာတကာ ထိုဘာသာတရားဆိုင်ရာစံတစ်ခုဖြင့်သာ စိစစ်ဝေဖန်ခြင်း၊ ပယ်ဖျက်ခြင်းမျိုးကိုပြုနေလျှင်သော်ကား အမြီးနုတ်ခေါင်းနုတ်ဖြင့် ပုံပန်းပျက်ယွင်းသွားသော သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုး၊ ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာတန်ဖိုးများအဖြစ်သို့ လျှောကျသွားနိုင်ပါသည်။ ထိုတန်ဖိုးများကိုလည်း မျက်ကွယ်ပြုရာရောက်သွားနိုင်ပါသည်။ ဓမ္မဓိဋ္ဌာန်ကျသောနိယာမသဘောတရားဆိုသည်မှာ အရာအားလုံးကို အနှစ်သာရသဘောချည်းသက်ဝင်အောင်ချည်းပြု၍မရပေ။ အတွင်းအနှစ်သာရသဘောရှိသကဲ့သို့ အပြင်အကာသဘောလည်း ရှိကိုရှိရပေမည်။ ထိုအကာသဘော(ဝါ)အကာအရံအဝန်းအဝိုင်းကြီးမားစွာရှိခြင်းကလည်း အတွင်းအနှစ်သာရကို ပို၍ တန်ဖိုးကြီးကြောင်း လုံခြုံစိတ်ချရကြောင်းကိုလည်း ဖော်ပြရာရောက်ပါသည်။

ထို့ကြောင့်လည်း ထေရဝါဒဗုဒ္ဓဘာသာ၏ဓမ္မကျမ်းစာအရေအတွက်သည် မဟာယာနဗုဒ္ဓဘာသာဓမ္မကျမ်းစာများနှင့် နှိုင်းယှဉ်ကြည့်ပါက အရေအတွက်ချင်း မနှိုင်းယှဉ်သာအောင် ကွာခြားသွားခြင်းဖြစ်ပါလိမ့်မည်။ ဤတွင် ဆိုရန်ရှိသည်မှာ အရေအတွက်ထက် အရည်အချင်းက ပို၍အရေးကြီးသလောဟု စောကြောရန်ရှိနိုင်ပါသည်။ သို့သော် အရည်အချင်းရော အရေအတွက်ပါ သူနေရာနှင့်သူ အရေးကြီးသည်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

ထို့အတွက်လည်း ထေရဝါဒနှင့် မဟာယာနတို့သည် ဗုဒ္ဓသာသနာ့သမိုင်းစဉ်တစ်လျှောက်လုံး၌ သဘောတူညီသည်များရှိသလို သဘောမညီအခြေအတင်ဖြစ်မှုများလည်း ရှေးအစဉ်အဆက်ကတည်းက ဖြစ်ပွားခဲ့ပါသည်။ ဤနေရာတွင် သာဓကတစ်ရပ်အဖြစ် ဂိုဏ်းကွဲနှစ်ခု၏အဓိကကွာခြားသောအချက်တစ်ရပ်ကို ဖော်ပြလိုပါသည်။ ထိုကိစ္စမှာ ထေရဝါဒဗုဒ္ဓဘာသာတွင် 'ပညာ'ကို အဓိကထားပြီး မဟာယာနဗုဒ္ဓဘာသာတွင် 'တန်ခိုး' ကို အဓိကထားကြခြင်း ဖြစ်၏။ ထိုအကြောင်းအရာကို ဆက်လက်သုံးသပ်ကြည့်ရန်လိုအပ်မည်ထင်ပါသည်။

**❑ ပညာအဓိကလော၊ တန်ဖိုးအဓိကလော**

ထေရဝါဒဗုဒ္ဓဘာသာ၏ ပညာအဓိကအယူသည်ကား အလွန်ကောင်းမွန်တော်တည့်မှန်ကန်လှပါသည်။ အဆိုပါ ပညာ(ဝါ)ဉာဏ်သည်ကား တစ်လောကလုံးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်လျှင် နောက်ဆုံး အဆုံးအဖြတ်ဖြစ်ကြောင်းလည်း အငြင်းထွက်စရာမရှိနိုင်ပေ။ လောကီဆိုင်ရာကိစ္စများတွင်လည်း ပညာကြီးသူကသာ အခရာကျပါသည်။ အဆုံးအဖြတ်ပြုနိုင်ပါသည်။ လွှမ်းမိုးချုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ ထို့အတူ လောကုတ္တရာကိစ္စတွင်လည်း ပညာ၏ အရေးပါအရာရောက်မှုကား ဆိုဖွယ်ရာပင်မရှိလောက်အောင်ရှိပါသည်။ သတိပဋ္ဌာန်ဆိုင်ရာ ဉာဏ်စဉ်အဆင့်ဆင့်မြင့်တက်မှုတွင်လည်း ပညာသာလျှင် အခရာကျ၏။ သောတာပတ္တိ စသည့် မဂ်လမ်းစဉ်အဆင့်ဆင့်တွင် ပညာသာ အဆုံးအဖြတ်ဖြစ်၏။ မဂ်အဆင့်ဆင့်မြင့်တက်ခြင်းဆိုသည်မှာပင် ပညာအဆင့်ဆင့်မြင့်တက်ခြင်းဖြစ်၏။ အဆုံးအစွန်အားဖြင့် နိဗ္ဗာန်ဆိုသည်ပင် ပညာ၏အမြင့်မားဆုံးသောအဆင့်ပင်ဖြစ်တော့၏။

ထို့ကြောင့် ပညာသည် မည်မျှအရေးပါသနည်းဟူမူ အဆုံးအစွန်သောအမြင့်ဆုံးအပိုင်းအထိ အရေးပါကြောင်းတွေ့ရပါမည်။ ထိုပညာကိုသာ ထေရဝါဒတို့က ပဓာနထားခြင်းသည် အလွန်ပင်ကောင်းမွန်ပါသည်။ သို့သော်လည်း လောက၌ ပညာသာလျှင် အဓိကဆိုပြီး ကျန်သောအရာများကို လုံးဝလျစ်လျူပြုထားခြင်းမျိုးကားမသင့်ဟု ထင်မြင်ပါသည်။ ထိုသို့ပြုလျှင်ကား ပညာလမ်းစဉ်ကား (၁၀၀) ရာခိုင်နှုန်းလောက်အားပြုထားပြီး တန်ခိုးလမ်းစဉ်ကား နိတ္ထိဖြစ်နေလျှင်ကား မည်သို့ဖြစ်နိုင်မည်ကို စဉ်းစားကြည့်လျှင်သိနိုင်ပါမည်။

တန်ခိုးလမ်းစဉ် နတ္ထိဟုဆိုရခြင်းအကြောင်းမှာ ထေရဝါဒ၏ အချို့သောပုဂ္ဂိုလ်တို့က ပညာကိုသာ တစ်ခုတည်းသော လမ်းကြောင်းအဖြစ် သတ်မှတ်ပြီး တန်ခိုးကိုကား မကောင်းသော၊ ရှုတ်ချဖွယ်သော အခြေအနေမျိုးအဖြစ်သို့ တွန်းပို့သကဲ့သို့ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

ဤတွင် ပညာလမ်းစဉ်ကိုသာ ဘာသာဝင်တိုင်းက ရာနှုန်းပြည့်အားပြုထားခြင်းသည် တကယ့်လက်တွေ့အခြေအနေတွင် အမှန်တကယ်ဖြစ်နိုင်ပါသလောဟု စဉ်းစားရန်ကလည်း ရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် ပညာ(ဝါ) ဉာဏ်ဆိုင်ရာ အကြောင်းခြင်းရာတို့သည် အချိန်တိုတစ်ခုအတွင်းတွင်ပြည့်ဝအောင် ချက်ချင်းလက်ငင်းပြု၍ရသောဘာဘာဝမျိုးမဟုတ်ပေ။ အဘယ်ဟူမူ ပညာသည် ပါရမီသဘောနှင့်လုံးဝဥဿုံဆက်နွယ်နေသောကြောင့် ဖြစ်၏။

ထို့အတွက် ပညာအဆင့်ဆင့်ဖြည့်ကျင့်ခြင်းသည် ပါရမီအဆင့်ဆင့်ဖြည့်ကျင့်ခြင်းပင်ဖြစ်၏။ ထို့အတွက် လိုအပ်သောကာလသည် နှစ်အနည်းငယ်သာဖြစ်နိုင်သလို နှစ်ပေါင်းများစွာလည်းဖြစ်နိုင်၏။ ဘဝပေါင်းအနည်းငယ်ဖြစ်နိုင်သလို ဘဝပေါင်းများစွာလည်းဖြစ်နိုင်၏။ သံသရာနှင့်ချီ၍လည်းဖြစ်နိုင်သည်ကို စဉ်းစားရန်လိုပါသည်။

ဘာသာဝင်တို့တွင်လည်း ပါရမီအဆင့်အမျိုးမျိုးရှိနိုင်သလို ပညာဉာဏ်အဆင့်အမျိုးမျိုးဖြစ်နိုင်သည်ကို လက်ခံရပါမည်။

ထို့ကြောင့် ပညာအဓိကလမ်းစဉ်သည် ပါရမီရင့်သောပုဂ္ဂိုလ်များအတွက် အကျိုးကျေးဇူးများမည်ကို ထင်ရှားသိသာသော်လည်း ပါရမီနုသည့်ပုဂ္ဂိုလ်များအတွက်ကား များစွာအခက်အခဲဖြစ်နိုင်ပါသည်။ အလှမ်းကျယ်သည့်သဘောဆောင်သွားနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ပညာအတွက်ကား ပါရမီရင့်ချိန်စောင့်ယူရ၏။ အခြားကိစ္စများကဲ့သို့ နေ့ချင်းညချင်းလုပ်ယူ၍မရသောအလုပ်မျိုးဖြစ်၏။ သို့အတွက်လည်း ပါရမီရှင်ဟူသည် ပေါများစွာမရှိနိုင်ပေ။ တစ်နည်းအားဖြင့်ဆိုရပါမူ ရှား၏။ အလွန့်အလွန်ပင် ရှားပါးလှသည်ဟုပင် ဆိုရပါမည်။ ထိုထက်ပင် သိန်းမှာတစ်ယောက်၊ သန်းမှာပေါက်တစ်ယောက် ရဲရဲရနိုင်ခဲ၏ဆိုသကဲ့သို့ပင်ဖြစ်တော့၏။

မဟာယာနတို့၏ လမ်းစဉ်ကားမူလကတည်းက ပညာပဓာနပြုသောလမ်းစဉ်မဟုတ်ပေ။ သို့သော်လည်း ထိုပညာကို လုံးဝလျစ်လျူပြုထားခြင်းလည်းမရှိပေ၊ ပညာလမ်းစဉ်ကိုလျစ်လျူမပြုရုံမျှမက ပညာလမ်းစဉ်၏ခက်ခဲနက်နဲမှုကိုလည်း ကောင်းစွာသဘောပေါက်ကြသူများဖြစ်သဖြင့် ပါရမီလမ်းစဉ်ကို အလေးဂရုပြုကြ၏။ ပညာလမ်းစဉ်အတွက် ပါရမီဘဝပေါင်းများစွာ ဖြည့်ကျင့်ရန်လည်း ရည်သန်ထားကြလေ၏။ ထို့ကြောင့်လည်း သူတို့သည် လက်ရှိရရှိလာသောဘဝအတွက်ကား ဘုရားရှင်၏ တန်ခိုးတော်ကိုလည်း ဦးစားပေးခဲ့သလို ပါရမီဆိုင်ရာပညာလမ်းစဉ်ကို



www.burmeseclassic.com

www.burmeseclassic.com

လည်း အထိုက်အလျောက် အားထုတ်ကြ၏။

ဤနေရာ၌ မဟာယာနတို့သည် ဘုရားရှင်၏ တန်ခိုးတော်ကို ဦးစားပေး ခံယူသည်မှာ ဘုရားရှင်ထံမှ ဆုတောင်းခြင်း ဖြစ်၏။ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် မိမိ၏အလိုဆန္ဒများပြည့်ဝစေရန် ဆုတောင်းခြင်း ဖြစ်၏။ ထိုကဲ့သို့ ဆုတောင်းခြင်းပြုသည်ဟူသည်နှင့်တစ်ပြိုင်နက် ဤအယူအဆသည် ထေရဝါဒနှင့် ပြဒါးတစ်လမ်းသံတစ်လမ်းသဖွယ် ခြားနားသွားတော့၏။ ထေရဝါဒတို့ သဘောမှာ လက်တွေ့သဘောကို ဆောင်၏။ ကိုယ်လုပ်မှုကိုယ်ရသည် ဟူသည့် ခံယူချက်ကား အတော်ပင် အားကောင်းခိုင်မာစွာ လွှမ်းမိုးထားသကဲ့သို့ ဖြစ်နေ၏။

ဤကိစ္စတွင် တစ်ချက်စဉ်းစားရန် တော့လိုပါသည်။ ယခုသုံးသပ်နေသော ကိစ္စသည် ဘာသာရေးဆိုင်ရာကိစ္စဖြစ်ပါသည်။ ကျန်သော လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးတို့နှင့် အခြေခံသဘာဝမတူညီကြောင်းကိုလည်း သတိပြုရပါမည်။ ဘာသာရေးနှင့်ပတ်သက်၍ ပထမဦးဆုံး ထွက်ပေါ်လာသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ယုံကြည်မှုပင်ဖြစ်ပါသည်။ ကျန်သော အရေးအရာကိစ္စများတွင်ကား ယုံကြည်မှုသည် အရေးပါသော်လည်း အမှန်တကယ် ယုံကြည်မှုမရှိလျှင်လည်း လုပ်ကိုင်၍ဖြစ်ပါသေးသည်။ ဘာသာရေးကား ထိုသို့မဟုတ်။ယုံကြည်မှုဟူသည် မရှိသည်နှင့် ဘာသာရေး ဟူသော ယုံကြည်ချက်လည်း အလိုလျောက်ကွယ်ပျောက်ပြီးသားဖြစ်ပါလိမ့်မည်။

ထေရဝါဒရော မဟာယာနတွင်ပါ ဗုဒ္ဓဝါဒကိုးကွယ်မှု၌ မည်သို့ပင်ဖြစ်စေ ယုံကြည်မှုမှုစရပါသည်။ ယုံကြည်မှုမရှိဘဲ ဘာသာရေးတွင် ရှေ့ဆက်၍မရနိုင်တော့ပေ။ ဤတွင် ထေရဝါဒကတစ်ဆင့်တက်၍ ယုံကြည်မှုဟူတိုင်း ပညာဖြင့် သုံးသပ်ရန်လိုကြောင်း၊ မျက်ကန်းယုံကြည်မှုမျိုးမဖြစ်သင့်ကြောင်း တစ်ဆင့်တက်ကာ စောကြောနိုင်ပါမည်။ ပညာသမ်းစဉ်သမားဖြစ်၍ ပညာဦးစီးခြင်းမှာလည်း သဘာဝကျပါသည်။

မဟာယာနတို့ ယုံကြည်သည်မှာလည်း အခြားတစ်ပါးသော ဘာသာအယူဝါဒတို့ကဲ့သို့ ဖန်ဆင်းရှင်အသွင်ဆောင်ထားသော တန်ခိုးရှင်မျိုးကို ယုံကြည်ခြင်းမျိုး မဟုတ်ပေ။ သမ္မာသမ္ဗုဒ္ဓ တန်ခိုးရှင်ကိုသာ ယုံကြည်ခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရပါမူ လောကတွင် အမှန်တကယ် ပေါ်ထွန်းခဲ့မှန်း၊ မပေါ်ခဲ့မှန်း မကျိန်းသေသော ဘုရားသခင်အမည်ခံ ဖန်ဆင်းရှင်၊ တန်ခိုးရှင်မျိုးကို ယုံကြည်ခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ် ပွင့်ထွန်းပေါ်ပေါက်ခဲ့သော ဘုရားရှင်အဆူဆူကို လည်းကောင်း၊ ပွင့်ထွန်းပေါ်ပေါက်ရန်အကြောင်းခြင်းရာ ဂုဏ်အင်္ဂါတို့ဖြင့် ပြည့်စုံပြီးသော သမ္မာသမ္ဗုဒ္ဓများ၊ သမ္မာသမ္ဗုဒ္ဓလောင်းလျာများကို ယုံကြည်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း သူတို့၏ယုံကြည်မှုကို မျက်ကန်းယုံကြည်မှုဟုဆိုရန်လည်းသင့်မည်မဟုတ်ပေ။

တစ်ဖန် ထေရဝါဒဗုဒ္ဓဘာသာ၏ ကိုယ်လုပ်မှုကိုယ်ရခြင်းဟူသည့် သဘောတရားကိုလည်း အနည်းငယ် သုံးသပ်ကြည့်ရန်လိုပါသည်။ ကိုယ်လုပ်မှုကိုယ်ရသည်ဟူသောသဘောတရား ကိုယ့်အားကိုယ်ကိုးခြင်းနှင့်အတူ အခြားမည်သူကိုမျှ အားမကိုးခြင်း၊ ခံယူချက်မျိုးက ကပ်လျက်ပါလာနိုင်ပါသည်။ ရှေ့ပိုင်း ကိုယ့်အားကိုယ်ကိုးခြင်းက ကောင်းပါသည်။ သို့သော် နောက်ပိုင်းတွဲလျက် မပြောဘဲ နှင့်ပါလာသော မည်သူ့ကိုမျှ အားမကိုးခြင်းဟူသည့်သဘောက မခံယူမကျင့်သုံးတတ်ပါက အစွန်းရောက်သွားနိုင်သည်ကိုလည်း သတိပြုရပါမည်။

ဆက်မပြောဘဲ သူ့အလိုလျောက်ဖြစ်ပေါ်လာနိုင်မည့်သူကိုမျှ အားမကိုးဟူသော စကားရပ်၏ အဓိပ္ပာယ်တွင် မည်သူ့ကိုမျှဟူသည်တွင် အရိယာရဟန္တာတို့ကဲ့သို့သောပုဂ္ဂိုလ်များသာမက ဘုရားရှင်များ၊ သမ္မာသမ္ဗုဒ္ဓများပါ အကျုံးဝင်သွားနိုင်သည်ကိုလည်း သတိပြုရပါမည်။ ပါရမီရင့်၊ ပညာရင့်သောပုဂ္ဂိုလ်များအဖို့ကား ကောင်းစွာ သဘောပေါက်နိုင်သော်လည်း ပညာနုသူ၊ ပါရမီနုသူများအတွက်ကား အခက်တွေ့နိုင်ပါသည်။ အဘယ်ကြောင့် ထိုစကားဆိုရပါသနည်းဟူမူ အချို့သောပုဂ္ဂိုလ်တို့က တရားရဖို့ ကိုယ်အားထုတ်မှုကိုယ်ရမည်။ ဘယ်ဘုရား၊ ရဟန္တာပုဂ္ဂိုလ်ကမျှလုပ်မပေးနိုင်ဟူ သော အဓိပ္ပာယ်မျိုး သက်ရောက်စေသည်စကားမျိုးဆိုတတ်ကြပါသည်။

ဤတွင် ဘုရားရှင်၊ ဘုရားလောင်း၊ ရဟန္တာပုဂ္ဂိုလ်ဟူသည်တွင် အခြားသော ပုဂ္ဂိုလ်တစ်စုံတစ်ရာနှင့်မျှ နှိုင်းယှဉ်၍မရပေ။ ပညာအရာတွင် လည်းကောင်း၊ ဉာဏ်အရာတွင် လည်းကောင်း တုမနှိုင်းသာအောင်ရှိမည်ကိုကား အငြင်းထွက်၍ မရစကောင်းပေ။ ထိုပုဂ္ဂိုလ်များသည် လောကအပေါ် အကျိုးပြုရာတွင်လည်း နည်းအမျိုးမျိုးရှိ၏။ ယေဘုယျအားဖြင့် ဆိုရပါမူ တိုက်ရိုက်အကျိုးပြု၍မရသော အခြေအနေအကြောင်းခြင်းရာများ၌ပင် သွယ်ဝိုက်၍ အကျိုးပြုခြင်းအမှုကိုပြုနိုင်ကြောင်း၊ ပြုပေးလေ့ရှိကြောင်း ဘာသာသာသနာသမိုင်းသက်သေအထောက်အထား သာဓကများစွာကို ထောက်ရှု၍ သိနိုင်မည်သာ ဖြစ်ပါသည်။

သို့ပါသောကြောင့် တန်ခိုးတော်အနန္တပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်၏ရှေ့မှောက်၌ လည်းကောင်း၊ ရည်မှန်းကော်ရော်၍ သည်းကောင်း ဘုရားရှိခိုးခြင်း၊ ဆုတောင်းခြင်း၊ ဆုပန်ခြင်းတို့သည် အချည်းနှီးသောလုပ်ရပ်မျိုးဟုဆိုလျှင်ကား အရာရာတိုင်းကို မျက်ကွယ်ပြုသကဲ့သို့အဓိပ္ပာယ်မျိုးသက်သွားနိုင်ပါသည်။ အမှန်တကယ်မူ ဘုရားရှိခိုးစာများ၊ ဆုတောင်းစာများသည် အများအားဖြင့် ဘုရားရှင်၏ ဂုဏ်တော်များ၊ တရားတော်(ဝါ)ဓမ္မကွန္နာတော်များသာ ဖြစ်ပါသည်။

ထို့ကြောင့် တရားထိုင်ခြင်း၊ သတိပဋ္ဌာန် ပွားများ အားထုတ်ခြင်းတို့သည်သာ တစ်ခုတည်းသော ပညာလမ်းစဉ်ဟု လည်းကောင်း၊ ဤသည်သာ အဓိကပဓာနဟုလည်းကောင်းဆိုကြခြင်းသည် အရေးပါသကဲ့သို့ပင် ဘုရားရှင်နှင့်ပတ်သက်သမျှ အခြားသော တရားတော်တို့ကို အရေးပါသည်ဟုပင် လက်ခံနိုင်လျှင် ပိုကောင်းခြင်း၊ ပို၍ အကျိုးထူးခံစားရခြင်းတို့နှင့် ပြည့်စုံခြင်းတို့ရောက်ရှိလာပါလိမ့်မည်။

ဗုဒ္ဓဘုရားရှင်သည် (၄၅)ဝါကာလပတ်လုံး ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ကို ဟောကြားခဲ့ပါသည်။ တကယ်စင်စစ်ဆိုရပါမူ ဘုရားရှင်သည် အချည်းနှီးဖြစ်မည့် မည်သို့သောတရားကိုမျှဟောကြားခဲ့မည်မဟုတ်ပါ။ ထို့ကြောင့် ယေဘုယျသဘောဆိုရလျှင် ဟိုတရားဒီတရားမျှမဟုတ်။ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)စလုံးပင် ဝိမုတ္တိအကျိုးကို ဖော်ဆောင်နိုင်ကြောင်းကား ယုံမှားသံသယမရှိအပ်ချေဟု ဆိုရမည်သာဖြစ်ပါတော့သည်။

ရွှေလဆက်တော်ဝါချင်

ဆရာဦးခေတ်ထွန်းသင်း(အာဒ္ဓမ္မဒ)



www.burmeseclassic.com

www.burmeseclassic.com



(ကျိုက်လတ်)

# ဦးစိန်လှိုင်

## မြတ်စွာဘုရား၏ အံ့ဖွယ်တော် (၁၈) ပါး

၁။ (ကေ) ကေသာစ။ ရမ္မ သုဘ သုရမ္မတို့ကို၊ ဒုပါပ မကောင်းထင်ပြီး၊ အလောင်းသခင်၊ နိက္ခမံကျင့်စဉ်က၊ စိတ်အကြံသင့် တိမ်နဘံတက်ကြွရောပလို့၊ စိန်အလျှံ 'ခဂ္ဂ'နှင့်၊ မပျက်မလစ်၊ 'ပဟာတ' တုန်းက၊ လက်နှစ်သစ်ပမာဏ၊ ကေသီတော်သည်၊ မြေမပဟီကျော်အောင်၊ အမိဋ္ဌာန်တင်သောကြောင့်၊ နီဗ္ဗာန်ဝင်တောင် အတည်နဂိုရင်းကဲ့သို့၊ ရှည်တိုခြင်းမရှိသော အံ့ဖွယ်တော်။

၂။ (စီ) စီဝရဥ္စ။ ဝတ်ရုံသင်္ကန်း၊ တင်အလွှမ်းတို့သည်၊ တမင်နွမ်း၍၊ မဟောင်းမမြည်းဘဲ၊ တပေါင်းတစည်းထဲယခင်ကရှိသလို နဝင်္ဂသာမိ မမွရာဇ် အရှင်၌ အသစ်သွင်ကဲ့သို့ တည်နေတော်မူသော အံ့ဖွယ်တော်။

၃။ (ဓာ) ဓာရဏဉ္စ။ ရှစ်ပါးသော ပရိက္ခရာအစုတို့သည်၊ ဟိတ်သမ္မာတုန်ဘုန်းတော်အနန္တကြောင့်၊ ဖုန်းမော်သ
ကာယေတော်မှာ ပထဗျာမြေကျော်တ
တိုက်စကြဝဠာနှံ့ပါရဲ့၊ မိုက်ဝတ်
ပမာဏကွာသော အံ့ဖွယ်တော်။

၄။ (ဓော) ဓောဝနဥ္စ။ ဇမ္ဗုဒ္ဒီပသ
ရှိန်အဝါကြွတာကဖြင့် ပိဏ္ဍပါတ
ကျမ်းစကားမှီးရလျှင် ဆွမ်းစား၍ပြီး
ရွှေလက်ကို ဆေးတာနှင့်ရေတစ်စက်

www.burmeseclassic.com

မှမထွေးဘဲ၊ သပိတ်ပါစင်သဖြင့် ဓမ္မိဿရာအရှင်၏ အံ့ဖွယ်တော်။

၅။(သာ) **သာသပတ္တ ပဝိသနဥ္စ။** သေးငယ်သောမုန်ညင်းစေ့တို့တွင်၊ ဂုဏ်သတင်းမရွေ့၊ အစုံအညီ ပရိက္ခရာနှင့် ဘုံမဟီထိတ်စရာအတွင်းအန္တရဲ့ စကြိကြွတော်မူနိုင်သော အံ့ဖွယ်တော်။

၆။ (ရှ) **ရသ္မီဖလဥ္စ။** နီလ ပီတ လောဟိတတို့သည် သဘောရှိသမျှ ရွှေတန်ခိုးတော်အဟုန်ကြောင့် မြေမိုးနှစ်ဖော်တုန်အောင် ဆယ်မျက်နှာအရပ်၌ နယ်စကြဝဠာအထပ်ထပ် အထက်အောက်ဒိသာမှာ ဘဝဂ်ဖော်ဖီလာ တစ်မှဟုတ်ချင်းစပ်၍ထုတ်ချင်းခတ်၊ ဖောက်နိုင်သော အံ့ဖွယ်တော်။

၇။ (နိ) **နိမ္မိတဥ္စ။** လူနတ်ဗြဟ္မာ သတ္တဝါအထွေထွေကို အမတာရွှေမြေ ဖောင်မဂ္ဂင်ကူးတို့နှင့် သောင်ထက်တင်ပို့ဖို့၊ အကျိုးမြော်ပြီး၊ တန်ခိုးတော်ဖြင့် ဓမ္မိန္နိရာဇာသည်၊ နိမ္မိတ ဘဂဝါ ဇမ္ဗူတစ်သောင်းအပြင်မြေတွင် အဆူပေါင်းအသချေ်ဖန်ဆင်းတော်မူနိုင်သော အံ့ဖွယ်တော်။

၈။ (ဇာ) **ဇာတိအာဏာ၈။** ဇာတိ အာဏာ ဝိသယာဟု၊ တြိအခါ ခေတ်အန္တရတို့၌ မွေ့ရာ၍အရဟံဘဂဝ သနင်းအခေါင်သည် အလင်းအမှောင်အကျိုးနှစ်ပါးတို့ကို တစ်မျိုးတစ်မျိုးစီခြား၍ ဖန်ဆင်းနိုင်ခြင်း အံ့ဖွယ်တော်။

၉။ (အာ) **အာကာသဥစ္စဂ်နဥ္စ။** ဌာကထာအပြနှင့် ထုတ်အစဉ်လင်းရမှာဖြင့် ဗုဒ္ဓင်သနင်း သမန္တဘဂဝါသည် စန္ဒရပမာ ယုန်ရထားရဟတ်ကဲ့သို့ ဘုံဖျားပြာသာဒ်နှင့် တဟိုးဟိုးကျော်အောင် မိုးအပေါ်၌ ရပ်တည်တော်မူနိုင်သော အံ့ဖွယ်တော်။

၁၀။ (ဒေ) **ဒေသနဥ္စ။** အသံတော်ရှစ်ဖြာတို့ကို အမှန်ဖော်လှစ်ကာ တစ်ကန့်တစ်ကန့်လင်းရလျှင် သန့်ရှင်းသည် သာယာသည် သိလွယ်သည် နာချင်စဖွယ်ရှိသည်၊ မပြင်းထန်သည်၊ စည်းလုံးသည်၊ နက်နဲသည်၊ ပဲ့တင်ထပ်သည်၊ ဤကဲ့သို့ ရှစ်ပါးသော အသံတော်အစုံဖြင့် နဘံကျော်တုန်အောင် ဓမ္မစက်ရတနာ ဟောလိုက်လျှင် စကြဝဠာတစ်ကြောမှ မဟာပရိသတ်တို့မှာ ဓမ္မာဟိတ်ခတ်၍ ကြားနိုင်ခြင်း အံ့ဖွယ်တော်။

၁၁။ (အာ) **အာသယာနုသယဥ္စ။** ဘဂဝါဇိနသည် သတ္တဝါရှိသမျှ စိတ်မနအစဉ်တို့ကို ဓမ္မိဿရသခင် နှုန်းခြံ၍ ကြည့်လိုက်လျှင် အလုံးစုံသိမြင်တော်မူ



သော အံ့ဖွယ်တော်။

၁၂။(မ) **မဟာကရုဏာသမာပတ္တိယဥ္စ။** ခပ်သိမ်းသော သတ္တဝါရှိသမျှကို အပါယာဂမနိယ ဒုက္ခအတန်တန်မှ မုချအမှန် ခွာရှောင်မြန်းကြစေဖို့ အမတာ သောင်ကမ်းယူတင်ရာမှာ အတူယှဉ်စရာ ပထမဗျာအတုရှိသမျှထက် မဟာကာရုဏိကကြီးတော်မူသောအံ့ဖွယ်တော်။

၁၃။ (ဣ) **ဣဒ္ဓိတဥ္စ။** ဘုရားအလိုရှိက၊ ပတ္တမြားအညီအတိပ သပိတ်ရတနာသည် မဟိဿရာ၏ ဘုန်းဂုဏ်အနန္တကြောင့် အလုံးစုံ၍ မြေအက်ကာကျော်လောက်အောင် ရွှေလက်နှစ်ဖြာပေါ်သို့ ရောက်လာရသော အံ့ဖွယ်တော်။

၁၄။ (ယု) **ယုဂန္ဓယပရောပရိယတ္တိစ။** လူနတ်ဗြဟ္မာသတ္တဝါမှန်သမျှကို ဇလာဝဏ္ဏာဝဠ်ကြမ်းစလုတ်မှ မဂ်ငြိမ်းအချုပ်သို့ တင်စရာသဘောထားပြီး၊ ရှင်ဘဂဝါစောဘုရား သိန်သရေရှုချင့်လိုက်လျှင် ဣန္ဒြေအနုအရင့်သိတော်မူသော အံ့ဖွယ်တော်။

၁၅။ (ရ) **ရတနစင်္ကမဥ္စ။** ရတနာစင်္ကြံမှ ဘဂဝါသနင်းအရဟံ မနေ့းတမင်ရှုသလို ရှေးကတည်းက သတိအမှတ်ထားပြီး အမိနတ်သား သန္တုဿိကို ဓမ္မချုပ်အဆီ အဘိဓမ္မာဟောရအောင် ဇိနာစော နှလုံးထားမှန်းပြီး သုံးဖဝါးနှစ်လှမ်းဖြင့် တာဝတိံသာသို့ကြွတော်မူနိုင်သော အံ့ဖွယ်တော်။

၁၆။ (ပ) **ပထဝီရဥ္စ။** ပရမေ ဘဂဝါ အရဟာ ဒေသစာကြွသော် ဖွေရှာလို့မရနိုင်အောင် ဧကရာသခင်၌ ခြေရာမထင်နှစ်သိန်းလေးသောင်းသည်၊ တလိမ့်ကွေ့စောင်း၍ ပထဝီကွဲမလိုဖြင့် တညီတည်းကိုဖြစ်ရခြင်း အံ့ဖွယ်တော်။

၁၇။ (ဣ) **ဣန္ဒိဝိတေစ။** ဣန္ဒိဝိဒ တန်ခိုးတော်နှင့် မဟိဿရိဇိန အကျိုးမြော်ပြီး တဟိုးဟိုးကျော်အောင် ယမကပါဋိဟာပြစဉ်က ဘုရားကာယိပသာဒ ချက်တော်ဗဟိုမှ အထက်ပေါ်တစ်ခိုတွင် အာပေါကသိုဏ်းဖြင့် ပထဗျာတစ်ကြောကလှိုင်း၍ မြေဝသုန်ကြွလောက်တဲ့ ရေအစုံ၊ ကျကာကျကာ၊ ခါးအပြင်အောက်မှာတော့၊ အများမြင်လောက်အောင် ရွှေသဘောပိုင်းပြီး တေဇောကသိုဏ်း၊ အရဟံပွားလိုက်သဖြင့် နှစ်တန်စုလျားမြေဟည်းလို့တုန်ပါရော့၊ ရေမီးအစုံပြတော်မူနိုင်သော အံ့ဖွယ်တော်။

၁၈။ (ဥ) **ဥဿုမ္မဥ္စ။** သဒ္ဒါရုပ်ကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသော ဥ ယျမ်တို့ကို ရွေးမျှမကျန်ပါရမီစဉ်ကြောင့် ဆရာတလီမထင်မူထင်လင်းသည်မှ ပြုပြင်ခြင်း၊ နောက်ဉာဏ်ဖြာလိုက်လျှင် ဖောက်ပြန်ကာအမိဌာန်ခြားလို့မို့ နိဗ္ဗာန်တရားပညတ်မှောင့်ပြင် လစ်လပ်မကွာ လက္ခဏာယင်းတို့ကို ဘဝဂ်ပါမကြွင်း ဇကန်ဖော်၍ ရွှေဉာဏ်တော်ရခဲ့သော အံ့ဖွယ်တော်။

ဤသို့ အံ့ဖွယ်တော်ဂုဏ်၊ ဆယ့်ရှစ်စုံဖြင့်၊ ကုံလုံစွာထား၊ မြတ်ဘုရားကို၊ ညွတ်တွားကြည်ညို၊ ရိုသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ မြတ်စွာဘုရား။ ။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

*(အဖိုးတန်ရှေးဟောင်းစာတစ်ပုဒ်ဖြစ်သော မြတ်စွာဘုရားသခင်၏အံ့ဖွယ်တော် (၁၈) ပါးစာစုကို ရေးသားစီကုံးခဲ့သူမှာ ကျိုက်လတ်မြို့မှ ဘုရားကိုးဆူ ဆရာကြီးဦးကဲ ဖြစ်ပါသည်။ ဆရာကဲ ရေးသားပူဇော်သောယင်းစာကို စာရေးဆရာကြီး ဆရာကြီးဦးသုခ မကွယ်လွန်မီတစ်နှစ်ခန့်က ကျွန်ုပ်စာရေးသူအား ဆရာကြီးဦးသုခက အလျား(၇)လက်မခန့်၊ အနံ(၄)လက်မခွဲခန့် စာရွက်(၅)ရွက်ခန့်ပါသော ဆရာကြီးကဲ ရေးသားခဲ့သည့် မြတ်စွာဘုရား၏ အံ့ဖွယ်တော် (၁၈) ပါးစာအုပ်ကို ကျွန်ုပ်အားပေးခဲ့ပါသည်။ ဆရာကြီးဦးကဲသည် ဆရာကြီးဦးသုခ၏ဆရာ ဖြစ်ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com



# ရိုရိုဌေး

ကျွန်ုပ်နှင့်

မရဏာလမ်းညွှန်စာအုပ်

ကျွန်ုပ်၏ ဘဝတစ်လျှောက်တွင် ဤမျှထူးခြားဆန်းကြယ်သည့်ဖြစ်ရပ်မျိုးနှင့်မကြုံဆုံခဲ့ဘူးပေ။ ထူးခြားဆန်းကြယ်လွန်းသည့်အတွက် ဤဖြစ်ရပ်မှာ အိပ်မက်လေလား၊ တကယ်လားဟူ၍ပင် ခွဲခြားသိနိုင်စွမ်းမရှိတော့ပေ။

ကျွန်ုပ်သည် စီးပွားရေးဘွဲ့ဖြင့် မာစတာဘွဲ့ရပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာန၌ တတိယအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကျွန်ုပ်သည် အလုပ်သဘောအရ မြန်မာနိုင်ငံ၌ (၅) နှစ်ခန့် အမှုထမ်းပြီးနောက် မလေးရှားနိုင်ငံရှိ မြန်မာသံရုံးတွင် အမှုထမ်းခဲ့သည်။ ထိုအချိန်အထိ ကျွန်ုပ်၏ဘဝ၌ ကြီးမားသောပြောင်းလဲခြင်း မရှိခဲ့ပေ၊ ကျွန်ုပ်သည် အလုပ်အပေါ်၌ တာဝန်ကျေပွန်စွာထမ်းဆောင်သူတစ်ဦးဖြစ်ပြီး အကြောင်းအရာတစ်ခုအပေါ် လက်တွေ့ကျကျ၊ သဘာဝကျကျမှသာ ယုံကြည်တတ်သူဖြစ်သည်။ စိတ်ကူးယဉ်ဆန်ဆန် ယုတ္တိမရှိနိုင်လုံသောအကြောင်းအရာများကို ကျွန်ုပ်၏ရှေ့၌လာပြောပါက ကျွန်ုပ်သည် ခါးခါးသီးသီးငြင်းခုံလေ့ရှိသည်။ ကျွန်ုပ် မလေးရှားသို့မသွားမီ မြန်မာနိုင်ငံ၌ရှိစဉ်က -

ကျွန်ုပ်၏ အပေါင်းအသင်းတစ်စုနှင့် တွေ့ဆုံပြီးနောက် တမလွန်ဘဝအကြောင်းကို ဆွေးနွေးဖြစ်ခဲ့သည်၊ ကျွန်ုပ်မိတ်ဆွေများမှာ အရက်သောက်တတ်သူများ မဟုတ်ပေ။ သို့သော် လက်ဖက်ရည်ကြိုက်သူများ ဖြစ်သည်။ ထို့ကြောင့် ဗိုလ်ညနေတွင် ဆည်းဆာရိပ် လက်ဖက်ရည်ဆိုင်၌ တွေ့ဆုံခဲ့ကြသည်။

"လူတွေသေပြီးတဲ့နောက် ကုသိုလ်၊ အကုသိုလ်အရ တချို့က လူဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ ဆိုတဲ့ ကောင်းတဲ့နေရာကို ရောက်ကြတယ်။ အကုသိုလ်များတဲ့သူတွေကတော့ အပါယ်ဘုံ၊ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ ဆိုတဲ့ မကောင်းတဲ့ဘုံဘဝကိုရောက်တယ်"

ကျွန်ုပ်၏ သူငယ်ချင်းထဲတွင် အသက်ကြီးဆုံး ဘုန်းကြီးလူထွက်ကိုအေးကိုက ဤသို့ပြောလိုက်ရာ ကိုဝင်းမြိုင်က -


"ဟုတ်တယ်၊ ငါကြားဖူးတာတော့ တချို့လူတွေထဲမှာ အကုသိုလ်လည်း ကြီးကြီးမားမားမလုပ်ဘူး။ ကုသိုလ်ကောင်းမှုလည်း များများစားစားမလုပ်တဲ့လူတွေသေရင် ယမမင်းထံသွားရတယ်။ ယမမင်းက စစ်တမ်းကောက်တယ်။ ယမမင်းစစ်တမ်းမှာ ကုသိုလ်လုပ်ခဲ့တာမှတ်မိရင် အဲဒီလူလည်း ကောင်းတဲ့ဘုံကိုရောက်တယ်"

"ဟုတ်တယ်၊ တချို့လူတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



သေသွားရင် နတ်ရထားနဲ့ လာခေါ်တာ လည်းရှိတယ်။ တချို့ကတော့ လူမည်းကြီးနှစ်ယောက်ကလာခေါ်သွားသတဲ့"

"တချို့လူတွေကျတော့ အမှောင်ကမ္ဘာကြီးထဲရောက်သွားသတဲ့"

"အေးလေ၊ မရဏာခရီးလမ်းဆုံတာ သေပြီးမှဖြစ်တာဆိုတော့ တို့တွေ အတိအကျဘယ်သိပါ့မလဲ"

ဤတွင် မိုးကျော်ကဆက်၍ပြောခဲ့သည်။

ငါ့အဘွားပြောတဲ့ပုံပြင်လေးသွားသတိရတယ်၊ လူတွေသေသွားရင် တောအုပ်ကြီးတစ်ခုထဲကိုဖြတ်ရသတဲ့၊ အဲဒီတောအုပ်ထဲမှာ အပင်တွေအများရှိတယ်။ တောအုပ်ထဲကို ဖြတ်သွားရင်းနဲ့ လွမ်းပင်အောက်ကို ရောက်သွားတဲ့အခါ အိမ်က မိသားစုတွေကို အရမ်းသတိရလွမ်းဆွတ်ပြီး မျက်ရည်မစဲအောင် ငိုပွဲဆင်ရသတဲ့၊ အဲဒီလိုငိုယိုပြီး ရှေ့ဆက်သွားတဲ့အခါမှာ မေ့ပင်ကြီးအောက်ကိုရောက်သွားပြန်ရော၊ မေ့ပင်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း အဲဒီမေ့ပင်ကြီးအောက်လည်း ရောက်ရော အားလုံးသော မိသားစုတွေကိုမေ့သွားပြီး ပျော်ပျော်ရွှင်ရွှင်ဖြစ်သွားတယ်။ အဲဒီတောအုပ်ကထွက်လာတော့ လမ်းနှစ်သွယ်ကို တွေ့ရှိရတယ်။ အဲဒီလမ်းနှစ်သွယ်မှာ တစ်လမ်းက လမ်းမကြီးဟာ အရမ်းကောင်းပြီး နောက်တစ်လမ်းက တောချုံနွယ်တွေဆူးတွေပိတ်ဖုံးနေသတဲ့။ ဘယ်သူဖြစ်ဖြစ် လမ်းနှစ်သွယ်ကို ရွေးကြတဲ့အခါ အရမ်းကောင်းတဲ့လမ်းမကြီးကိုပဲ ရွေးချယ်ကြမှာပဲ။ အကုသိုလ်များတဲ့သူဟာ ငရဲသွားမယ့်လမ်းမကြီးက အရမ်းကောင်းနေပြီး နတ်ပြည်လူ့ပြည်သွားတဲ့လမ်းက ချုံနွယ်တွေပိတ်ဖုံးနေလေရဲ့။ အဲဒီလိုပဲ ကုသိုလ်အားကောင်းတဲ့သူဟာ နတ်ပြည်၊ လူ့ပြည်သွားတဲ့လမ်းမကြီးဟာ အရမ်းကောင်းနေသတဲ့။ ငရဲသွားမယ့်လမ်းကတော့ ချုံနွယ်တွေပိတ်ဖုံးနေသတဲ့"

"အေးကွာ၊ ဒါတွေကတော့ ငါတို့ဘိုးဘွားတွေပြောတဲ့စကားတွေပေါ့ကွာ။ ငါတို့လည်း လူလတ်ပိုင်းအရွယ်ရောက်လာပြီဆိုတော့ ဘုရားတရားစာပေတွေ ဖတ်ရတော့မယ်။ အချိန်မရွေးသေနိုင်တဲ့အတွက် ကုသိုလ်မပါဘဲ သေသွားရင် ငရဲရောက်သွားလိမ့်မယ်"

တမလွန်ခရီးနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့ဆွေးနွေးပြီးနောက် လမ်းခွဲကာ အိမ်သို့ပြန်လာခဲ့သည်။

မကြာမီ ကျွန်ုပ်သည် တတိယအတွင်းဝန်အဖြစ် မလေးရှားနိုင်ငံရှိ မြန်မာသံရုံးသို့ပြောင်းရွှေ့ကာ တာဝန်ထမ်းဆောင်ခဲ့သည်။

ဤအချိန်အထိ ကျွန်ုပ်၏ဘဝ၌ ထူးခြားဆန်းကြယ်မှု မဖြစ်သေးပေ။

ယနေ့မှာမူကား -

ထူးခြားမှုနှင့်တွေ့ကြုံရန်အစပြုခဲ့သည်။

ညနေဘက် အလုပ်ဆင်းချိန်တွင် စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ကို ဆက်သွယ်ထားသည့်ဂျဟိုးဘာရူးရပ်ကွက်ရှိတံတားဆီသို့ ကျွန်ုပ် ကားကိုကိုယ်တိုင်မောင်းနှင်လာခဲ့သည်။ ကားကိုရပ်ပြီး ထိုတံတားကြီးကို ကြည့်နေမိသည်။ ထို့နောက် မြန်မာပြည်မှ မိဘနှစ်ပါးကို သတိရမိသည်။ ဤသို့ တောင်တောင်ဤဤတွေးတောပြီးနောက် ဂျဟိုးဘာရူးရပ်ကွက်မှပြန်ထွက်လာစဉ် မျက်နှာချင်းဆိုင်ဘက်မှ အရှိန်ပြင်းစွာမောင်းနှင်လာသည့်ကားကြီးတစ်စင်းသည် အရှိန်ပြင်းစွာဖြင့် ကျွန်ုပ်ကားကို 'ဒိုင်း' ဟူသော

အသံနှင့်အတူ တိုက်လိုက်ရာ ရုတ်တရက် ကျွန်ုပ်ဦးခေါင်းတစ်ခုလုံး ပြင်းထန်စွာနာကျင်သွားပြီး သတိလစ်သွားခဲ့သည်။ ကျွန်ုပ်၏မျက်စိထဲတွင် အရာအားလုံး အမည်းရောင်ပိတ်ဖုံးသွားခဲ့သည်။

ထိုစဉ် အလွန်လင်းလက်သော အရာဝတ္ထုတစ်ခုသည် ကျွန်ုပ်၏ခန္ဓာကိုယ်ထဲမှ တဖြည်းဖြည်းထိုးထွက်လာခဲ့သည်။ ထိုအရာဝတ္ထုသည် မည်းနက်သော လေဟာနယ်ထဲတွင် တရွေ့ရွေ့လွင့်မြောလာပြီး တစ်နေရာတွင် ရပ်တန့်လိုက်၏။ ထိုအရာဝတ္ထုက တဖြည်းဖြည်း ရုပ်လုံးပေါ်လာခဲ့သည်။ ဤရုပ်သွင်မှာ ကျွန်ုပ်၏ကိုယ်ပွားရုပ်သွင်ဖြစ်နေသည်ကို အံ့ဩစွာတွေ့ရှိလိုက်ရသည်။ ကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်ပွားရုပ်သွင်ထဲသို့ တစ်မုဟုတ်ချင်း ရောက်ရှိသွားခဲ့သည်။ ကျွန်ုပ်၏ဝိညာဉ်နှင့် ကိုယ်ပွားရုပ်သွင် ပေါင်းစပ်ပြီးတော့ ကျွန်ုပ်၏ခန္ဓာကိုယ်အဟောင်းကို အပေါ်စီးမှမြင်တွေ့ရသည်။

"ဟာ-ငါ့ခန္ဓာကိုယ်အဟောင်းမှာ သွေးအလိမ်းလိမ်းနဲ့ပါလား"

ကျွန်ုပ်၏ဦးခေါင်းပိုင်းနေရာအချို့နှင့် ပါးစပ်၊ နှာခေါင်းပေါက်မှသွေးများ စီးကျနေပြီး ကျွန်ုပ်ကို လူအများက ကားထဲမှဆွဲထုတ်ကာ လူနာတင်ယာဉ်ပေါ်သို့တင်လိုက်သည်။ ကျွန်ုပ်၏ကိုယ်ပွားဝိညာဉ်သည် လူနာတင်ယာဉ်၏အပေါ်မှလိုက်ပါသွားခဲ့သည်။ မကြာမီ ဆေးရုံသို့ ရောက်ရှိသွားပြီး ဆရာဝန်များနှင့် ဆရာမများက ကျွန်ုပ်အား လိုအပ်သည့်ကုသမှုများပြုလုပ်ပေးနေသည်ကို အပေါ်စီးမှ တွေ့မြင်ရသည်။

ထိုစဉ် -

အဝေးတစ်နေရာမှ လင်းလက်သောအရာဝတ္ထုတစ်ခုသည် ကျွန်ုပ်ဆီသို့ ဦးတည်၍လာနေခဲ့သည်။ တဖြည်းဖြည်း ကျွန်ုပ်၏အနီးသို့ရောက်လာသောအခါ ကျွန်ုပ်တစ်ခါမှမမြင်ဘူးသည့်ပုံသဏ္ဌာန်တစ်ခုဖြစ်နေသည်ကို ထူးဆန်းစွာတွေ့ရှိရသည်။

"တောခွေးခေါင်းနဲ့ လူ့ခန္ဓာကိုယ်ဆက်ထားတဲ့သတ္တဝါပါလား"

ကျွန်ုပ်၏အနီးသို့ ရောက်ရှိလာသည့်လူကို သေချာစွာကြည့်လိုက်သောအခါ တောခွေးဦးခေါင်းနှင့် လူ့ခန္ဓာကိုယ်ဆက်ထားသည့်အမျိုးအမည်မသိသောသတ္တဝါတစ်ဦးဖြစ်နေသည်ကိုတွေ့ရှိရသည်။

"အသင်ဘာကြောင့်ငေးကြည့်နေသလဲ"

"အသင့်ကို ကျွန်ုပ်တစ်ခါမှမမြင်ဘူးလို့ ငေးကြည့်နေတာပါ။ အသင်ဘယ်သူလဲ"

"ကျွန်ုပ်ဟာ အီဂျစ်လူမျိုးတို့ရဲ့ နတ်ဘုရား အနူးဘစ်ဖြစ်တယ်"

"ကျွန်ုပ်ဆီကို ဘာကြောင့်လာတာလဲ"

"အသင်ဟာ တစ်ချိန်က အီဂျစ်ပြည်ရဲ့ ဘုန်းကြီးတစ်ပါးဖြစ်တယ်။ အသင်ဟာ ကျွန်ုပ်တို့ရဲ့မရဏလမ်းညွှန်စာအုပ်အတိုင်း လုပ်ဆောင်ပေးခဲ့သူတစ်ဦး ဖြစ်တယ်"

မရဏလမ်းညွှန်စာအုပ်ဆိုသည့်အတွက် ကျွန်ုပ်သည် လွန်စွာအံ့ဩသွားခဲ့သည်။

မရဏလမ်းညွှန်စာအုပ်တဲ့လား။ ကျွန်ုပ်တစ်ခါမှမကြားဖူးပါ။

"ဘဝများစွာကျင်လည်ခဲ့ပြီး ယခုဘဝကိုရောက်သွားတဲ့အတွက် ဟိုးအရင်ဘဝကအကြောင်းတွေကို မေ့သွားပြီပေါ့။ ဒါကြောင့် အသင့်အတွက် အရင်ဘဝကအကြောင်းတွေကို သတိရစေဖို့ ငါရောက်ရှိလာခြင်း ဖြစ်တယ်"

"အရင်ဘဝက အကြောင်းကို ကျွန်ုပ်သိချင်ပါတယ်"

"ဒါဆိုရင် အသင့်ဘဝအကြောင်းကို ပိတ်ကားပေါ်မှာ တွေ့မြင်ရသလို အသင်တွေ့ရှိရလိမ့်မည်"

ဤသို့ပြောပြီးနောက် အရာဝတ္ထုအားလုံးမှာမည်းမှောင်သွားလေသည်၊ ထို့နောက် ရုပ်ရှင်ပိတ်ကားသဖွယ် အဖြူရောင်အလင်းများ ဖြစ်ပေါ်လာခဲ့သည်၊ ထို့နောက် အရုပ်စာများဖြင့်ရေးသားထားသည့်စာတန်းများပေါ်လာသည်၊ ကျွန်ုပ်သည် ဤအရုပ်စာ၏အဓိပ္ပာယ်ကို နားမလည်ပေ။

ဤတွင် နောက်ခံစကားပြောသူက -

"ဤသည်ကား မရဏလမ်းညွှန်စာအုပ်ဖြစ်သည်။ ဤစာအုပ်နှင့်အတူ ဆုတောင်းစာမှာ သေဆုံးသူသည် မြေအောက်ကမ္ဘာသို့သွားသည့်လမ်းကို ရှာဖွေတွေ့ရှိရန် အကူအညီပေးပါဟု ဆုတောင်းထားသည်။ ကျွန်ုပ်သည် နတ်ဘုရား အနူးဘစ်ဖြစ်သည်"

ဟု ဆိုကာ ခွေးအဦးခေါင်းနှင့် လူ့ခန္ဓာဆက်ထားသည့် နတ်ဘုရားအနူးဘစ်ပုံသဏ္ဌာန်ပေါ် ပေါက်လာခဲ့သည်၊ ထို့နောက် အနူးဘစ်နတ်ဘုရားက -



www.burmeseclassic.com

www.burmeseclassic.com

"ထာဝရတည်ရှိနေသောဘဝသည် သေဆုံးအချိန်မှစတင်ပြီး မြေအောက်ကမ္ဘာမှဖြတ်ကာ ခရီးရှည်ကြီးကို လျှောက်လှမ်းခဲ့ကြသည်။ 'က'ခေါ် ဘဝ၏အင်အားများသည် သေဆုံးသွားသည့်ရုပ်အလောင်းမှထွက်ခွာပြီး 'ဘ'ခေါ် ဝိညာဉ်သည် က၏နောက်မှလိုက်သွားသည်။ ဟိုရပ် (Horus) သည် သေဆုံးသူ၏ဝိညာဉ်အား တရားစီရင်ရေးတောင်ကုန်းဆီသို့ ခေါ်ဆောင်သွားသည်။ ထို့နောက် ကျွန်ုပ် (အနူးဘစ်နတ်ဘုရား) အလာကို စောင့်နေခဲ့ကြသည်။ မြေအောက်ကမ္ဘာကို အိုစီရစ်ကအုပ်ချုပ်ပြီး သေဆုံးသူများ၏ အလာကိုစောင့်နေသည်။ လူတစ်ဦးသေဆုံးသွားသောအခါ သေသူ၏နှလုံးနှင့် ငှက်မွေးကို ချိန်ခွင်၌တည်၍ချိန်သည်။ နောက်ခံစကားပြောနှင့်အတူ ရုပ်ရှင်ပြသကဲ့သို့တွေ့ရသည်။ ထို့နောက် နောက်ခံစကားပြောသူက ဆက်၍ပြောပြန်သည်။

"နှလုံးဟာ ငှက်မွေးထက်ပိုလေးနေရင် ထိုသူကို 'အမ်မတ်' လို့ခေါ်တဲ့ မကောင်းဆိုးဝါးကစားသွားလိမ့်မယ်"

ထိုမကောင်းဆိုးဝါးပုံကို ပိတ်ကားကဲ့သို့သောအရာဝတ္ထုပေါ်၌ တွေ့မြင်ရသည်။ ထိုသတ္တဝါသည် ရေမြင်း၏အစိတ်အပိုင်း၊ ခြင်္သေ့၏အစိတ်အပိုင်း၊ မိကျောင်း၏အစိတ်အပိုင်းများဖြင့်ဖွဲ့စည်းထားသည့်လွန်စွာအရုပ်ဆိုးသောသတ္တဝါဖြစ်သည်။

"တကယ်လို့ နှလုံးနဲ့ငှက်မွေး အလေးချိန်တူနေပါက ဘ နဲ့ က ပေါင်းစပ်ကာ အမ်(စ်)ဖြစ်သွားပြီး နောက်ထပ်လူဝင်စားဘဝကိုရရှိလိမ့်မယ်။ ဒါပေမယ့် ဒီလူဝင်စားဘဝကိုရရှိဖို့အတွက် ယခုခန္ဓာကိုယ်ကြီးမပုပ်သိုးဖို့ လိုအပ်တယ်။ ဒါကြောင့် ဖာရိုးဘုရင်တွေဟာ သူတို့သေရင် မပုပ်သိုးအောင် မံမီရုပ်ပြုလုပ်ခဲ့တယ်။ အသင်ဟာ တစ်ခါကတစ်ဘဝမှာ ဖာရိုးဘုရင်တွေကို မံမီရုပ်ပြုလုပ်ပေးခဲ့တဲ့ဘုန်းတော်ကြီး ကျိမ်းဖြစ်တယ်။ အဲဒီတုန်းက အသင်ဘယ်လိုမံမီရုပ်ပြုလုပ်ခဲ့တယ်ဆိုတာ ဒီနေရာမှာပြမယ်ကြည့်ပါ"

ထို့နောက် ကျွန်ုပ်၏ ရုပ်ပုံကို သေချာစွာ မြင်တွေ့ခဲ့သည်။

ကျွန်ုပ်သည် ခွေးအပုံဦးခေါင်းကို ဆောင်းလိုက်ပြီး အနူးဘစ်နတ်ဘုရားကဲ့သို့ဝတ်ဆင်ကာ အလောင်းကောင်ကို ပိတ်စဖြင့်ရစ်ပတ်ခဲ့သည်။ ထို့နောက် ရုပ်အလောင်းကို ခြောက်သွေ့အောင်ပြုလုပ်ပြီး ပါးစပ်ပေါက်နေရာတွင်အပေါက်ဖောက်ပေးလိုက်သည်။ ဤသို့ပြုလုပ်ရခြင်းမှာ နတ်ဘုရားများနှင့် တွေ့သောအခါ စကားပြောနိုင်စေရန် ဖြစ်သည်။ ထို့နောက် သစ်သားဖြင့်ပြုလုပ်ထားသည့် အခေါင်းအတွင်းသို့ ခန္ဓာကိုယ်ဆေးခြယ်ထားသည့်ရုပ်အလောင်းကို ထည့်သွင်းခဲ့သည်။ ထိုရုပ်ကလာပ်ကို ဈာပနအခမ်းအနားဖြင့် ကျောက်လမ်းမကြီးတစ်လျှောက်မှ ဂူသင်္ချိုင်းဆီသို့သယ်ဆောင်လာခဲ့၏။ လမ်းတစ်လျှောက်၌ ဘုန်းတော်ကြီးများနှင့် ဆုတောင်းသူများသည် သံပြိုင်ကြွေးကြော်ခဲ့ကြသည်။ ထို့နောက် အခေါင်းကိုထောင်လိုက်ပြီး ဘုန်းတော်ကြီးမှအခေါင်းပေါ်ရှိ ရုပ်အလောင်း၏ မျက်စိ၊ နှာခေါင်း၊ နှုတ်ခမ်း၊ နားများ၊ ခြေ၊ လက်များကိုထိလိုက်သည်။ ဤသည်မှာ နောင်ဘဝအတွက်လမ်းဖွင့်ပေးလိုက်ခြင်း ဖြစ်သည်။ ထို့နောက် ရုပ်အလောင်းကို ကျောက်ခေါင်းသေတ္တာထဲသို့ထည့်လိုက်ပြီး အလောင်းထားသည့် အခန်းဆီသို့ ယူဆောင်ထားခဲ့သည်။ ထို့နောက် ရုပ်အလောင်း၏မျက်နှာကို ရွှေမျက်နှာဖုံးဖြင့် ဖုံးအုပ်လိုက်သည်။ ထိုအဆင့်ပြီးဆုံးပြီးနောက် မံမီသည် နတ်ဘုရားရှိရာ တမလွန်ခရီးသို့သွားရန် အဆင့်သင့်ဖြစ်နေသည်။ ထိုအခန်းမှ အပေါ်သို့တက်ရန် လှေကားတစ်ခုရှိပြီး နတ်ဘုရားက လာခေါ်သောအခါ ထိုလှေကားမှတစ်ဆင့် နတ်ဘုရားနှင့်အတူ လိုက်ပါသွားရန် ဖြစ်သည်။

ထို့နောက် တဖြည်းဖြည်းရုပ်ပုံများ ပျောက်ကွယ်သွားခဲ့သည်။ ကျွန်ုပ်နှင့် နတ်ဘုရား အနူးဘစ်သာကျန်ခဲ့သည်။

"အသင်ရဲ့မေ့နေသောအတိတ်ကို ငါပြန်လည်တူးဖော်ခဲ့ပြီး အသင်သည် အသင့်ရဲ့အတိတ်ကို အခုအထိယုံကြည်မှုမရှိသေးပေ။ ဒါပေမယ့် အချိန်သည် အကောင်းဆုံးသောသက်သေဖြစ်သည်"

ထိုသို့ပြောပြီး နတ်ဘုရားအနူးဘစ်သည် ပျောက်ကွယ်ခဲ့သည်။

ကျွန်ုပ်လည်း သုံးရက်ခန့်မေ့မြောနေရာမှ ပြန်လည် သတိရလာခဲ့သည်။ ထိုဆေးရုံ၌ တစ်လခန့်ဆေးကုသမှုခံယူခဲ့သည်။ ထို့နောက် တစ်လခန့် အနားယူခွင့်ရကာ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့သည်။

ကျွန်ုပ် မေ့မြောနေစဉ် ရောက်ရှိသွားခဲ့သည့် ဘဝတစ်ခုအကြောင်းကို အကြိမ်ကြိမ်တွေးတောနေမိ၏။ တစ်ခါတစ်ဘဝမှာ ကျွန်ုပ်သည် ဘုန်းကြီးတစ်ပါးဖြစ်ခဲ့လေသလော။ မရဏာလမ်းညွှန်စာအုပ်အတိုင်းပြုလုပ်ပေးခဲ့သူလောဟု၍ အမျိုးမျိုးတွေးတောနေမိသည်။

နောက်တစ်လလောက်အကြာတွင် ကျွန်ုပ်သည် အီဂျစ်နိုင်ငံရှိ ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသို့ပြောင်းရွှေ့ရန် အမိန့်ကျခဲ့သည်။ ကျွန်ုပ်သည် ကိုင်ရိုမြို့သို့တာဝန်ထမ်းဆောင်ရမည်ဆိုသဖြင့် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့သည်။ ကျွန်ုပ်ဘာကြောင့် ဝမ်းသာသနည်းဆိုမူ ကျွန်ုပ်သိချင်သည့် မရဏာလမ်းညွှန်စာအုပ်ကိုလေ့လာရန် ဖြစ်သည်။

ထို့နောက် -

ကျွန်ုပ်သည် အီဂျစ်နိုင်ငံရှိ ကိုင်ရိုမြို့သို့ ရောက်ရှိလာခဲ့သည်။ ကိုင်ရိုလေဆိပ်သို့အရောက်တွင် ရုံးမှတာဝန်ရှိသူများက လာရောက်ကြိုဆိုကြသည်။ ကျွန်ုပ်နေရမည့်နေအိမ်သို့ ကားဖြင့်လိုက်ပို့ခဲ့ကြသည်။ မြို့ထဲသို့ကားဖြင့်စီးနင်းလိုက်ပါလာရင်း ကိုင်ရိုမြို့၏ရှုခင်းများကို ကြည့်လိုက်သောအခါ ကျွန်ုပ်နေခဲ့ဖူးသည့်နေရာသဖွယ် အားလုံးကိုသိနေသလို ခံစားရသည်။ စွန်ပလွံပင်များကိုကြည့်ရင်း တစ်စုံတစ်ခုကိုသတိရသကဲ့သို့ဖြစ်နေသည်။ ကျွန်ုပ်၏စိတ်တွင်း မိမိ၏မွေးရပ်မြေဆီသို့ ပြန်လာခဲ့သည့်ကလေးငယ်သဖွယ်ဖြစ်နေသည်။

တစ်စုံတစ်ယောက်နှင့်တွေ့ရမည်ကို ကြိုတင်သိနေသကဲ့သို့ စိတ်ထဲတွင် ပျော်ရွှင်နေမိသည်။ ကျွန်ုပ်သည် ကိုင်ရိုမြို့၏ လှပသောရှုခင်းများကို ကြည့်ရင်း ကျွန်ုပ်နေရမည့်အိမ်ဆီသို့ ရောက်ရှိလာခဲ့သည်။

နောက်တစ်နေ့တွင် ရုံးသို့သွားကာ အလုပ်ဝင်ကြောင်းအစီရင်ခံစာပေးပို့ခဲ့သည်။ ထိုသို့ဖြင့် (၃) လခန့် ကျွန်ုပ်နေထိုင်ခဲ့သည်။ နောက်တစ်နေ့သည် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်ဖြစ်သဖြင့် ဒုတိယအတွင်းဝန်ဇနီးမောင်နှံက ကျွန်ုပ်အား ပိရမစ်များ၊ စဖင့်များရှိရာအရပ်သို့ လိုက်လံပို့ဆောင်ပေးခဲ့သည်။

ပထမဦးစွာ ဂင်ဇာကုန်းမြေဒေသရှိ လူမျက်နှာနှင့်ခြင်္သေ့ခန္ဓာကိုယ်ရှိသော စဖင့်များရှိရာနေရာသို့ရောက်ရှိခဲ့သည်။ စဖင့်ရုပ်တုများသည် ကမ်းခြေတစ်လျှောက်၌စောင့်ကြပ်နေသည့် အစောင့်ရုပ်တုများသဖွယ်တည်ရှိနေသည်။

"စဖင့်တွေကို ဆောက်လုပ်ခဲ့တဲ့အကြောင်းကလည်း ထူးဆန်းတယ်။ ဖာရိုးဘုရင်တစ်ပါးဟာ ဂင်ဇာကုန်းမြင့်မှာ တောကစားထွက်ရင်း မောပန်းတဲ့အတွက် အိပ်ပျော်သွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



# စိုး(ဥပဒေ)ထွန်း
# ကင်ဆာနဲ့မွှား ဖျာမျှားခဲ့စဥ်က

မြတ်ဒီပါရုံဘုရားပွဲတော်ရက်တွေမှာ ကျွန်တော်က ဂေါပကတာဝန်နဲ့အမြဲရှိ နေတတ်ပါတယ်။ ဘုရားဖူးဧည့်သည်တွေက မြတ်ဒီပါရုံမြောက်ဘက်မှာရှိတဲ့ အကြိုတော်၊ ကပ်ကျော်ကျောက်ခဲကြီး၊ ရှပ်စုံတောင်၊ ရသေ့တောင်တွေကိုသွားချင်တာပဲဖြစ်ဖြစ်၊ တောင်ဘက်တကျောက်အိုးစည်၊ ကျားလေးတောင်ဘက်ဖြစ်ဖြစ်၊ အနောက်ဘက်တစကြာ၊ စိုင်မြို့ကျော်၊ သင်္ကန်းတောင်ဘက်ဖြစ်ဖြစ်သွားချင်ပါတယ်လို့ ဆန္ဒပြုလာရင် ကျွန်တော်တို့က အလှည့်ကျလိုက်ပို့နေကျ။

ဒီလိုလိုက်ပို့တဲ့ခရီးတစ်ခုမှာ ဘယ်အိပ်မက်တစ်ခုမက်တယ်။ အိပ်မက်ထဲမှာ နတ်ဘုရားတစ်ပါးရောက်လာပြီး သဲများကို သန့်စင်ပါ။ ပြီးရင် စဖင့်တည်ဆောက်ပါလို့ ညွှန်ကြားခဲ့တယ်။ အဲဒီအကြောင်းကို စဖင့်ရဲကျောက်ပြားမှာ ရေးထိုးထားတယ်"

ဒုတိယအတွင်းဝန်ဇနီးမောင်နှံက ကျွန်ုပ်ကို ဤသို့ရှင်းပြခဲ့သည်။ ထို့နောက် ပိရမစ်ကြီးများရှိရာသို့သွားခဲ့သည်။

"ဒါဟာ ဖာရိုးဘုရင် ခုဖူရဲ့ပိရမစ်ပဲ။ ဒီပိရမစ်ဟာ အကြီးဆုံးပိရမစ်ပဲ"

ကျွန်ုပ်သည် ဖာရိုးဘုရင် ခုဖူ၏ ပိရမစ်ကို လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် ကာဖရီနှင့် မင်းခရားတို့၏ ပိရမစ်ကြီးများဆီသို့ ဆက်လက်ကြည့်ရှုခဲ့သည်။

တစ်နေရာသို့အရောက်တွင် -

အရုပ်စာများနှင့်တောခွေးဦးခေါင်းနှင့် လူခန္ဓာကိုယ်ရှိသော နတ်ဘုရားအနူးဘစ်၏ရုပ်တုကို တွေ့လိုက်ရသည်။

"ဟာ - အနူးဘစ်နတ်ဘုရားပါလား"

"ဆရာကဘယ်လိုသိတာလဲ"

"ဩော်-စာအုပ်ထဲမှာဖတ်ဖူးတာပါ"

"ဆရာ၊ ဒီပုံက မရဏာလမ်းညွှန်ပုံလေ"

ကျွန်ုပ်ကြည့်လိုက်သောအခါ လူ၏နှလုံးနှင့် ငှက်မွေးကိုချိန်တွယ်နေသော အနူးဘစ်နတ်ဘုရားပုံကို တွေ့လိုက်ရသည်။

"ဟာ - ငါမေ့မြောသွားတုန်းတငါကိုယ်တိုင်မံမီလုပ်ခဲ့တဲ့ပုံပဲ"

ကျွန်ုပ်သည် ထိုပုံကိုတွေ့သောအခါ လွန်စွာအံ့ဩသွားခဲ့သည်။ မရဏာလမ်းညွှန်စာအုပ်ကို တကယ်တွေ့ခဲ့ရပြီပဲ။

ဤမျှထူးခြားလှသောဖြစ်ရပ်ဆန်းကြယ်ကိုကြည့်ရှုရင်း လည်ပတ်နေသောသံသရာခရီးတစ်ခုတွင် တစ်ခါတစ်ဘဝ၌ အီဂျစ်ပြည်၌ ဘုန်းတော်ကြီးတစ်ပါးဖြစ်ခဲ့လေသလားဆိုသည့် အတွေးများဖြင့် အံ့ဩမဆုံးအောင်ဖြစ်နေမိပါတော့သတည်း။

ဦးဒွေး



www.burmeseclassic.com

www.burmeseclassic.com

နေရာကနေပါလာမှန်းမသိတဲ့ မွှား ဆိုတဲ့ အကောင်တစ်ကောင် ကျွန်တော့်ဆီမှာ ပါလာပါတယ်။ ဘယ်နေရာမှာကပ်ပြီး နေမှန်းလည်းမသိပါဘူး။ ပုဆိုးမှာလား၊ အင်္ကျီမှာလား ဒါလည်းမခန့်မှန်းတတ်၊ နေ့တိုင်း ရေချိုးနေချိန်မှာ ဒီမွှားက ဘယ်အရပ်မှာပုန်းခိုနေမှန်းမသိ။ ဘုရားပွဲပြီးလို့ အိမ်ပြန်ရောက်တော့မှ ပေါင်လယ်ကယားတားတား။ ဒီလောက်တလေးယားတာလောက်တော့ ယားရင်ကုတ်လိုက်ရုံပေါ့။ ဘာမှအရေးကြီးတဲ့ ကိစ္စမှမဟုတ်ဘဲ။

ယားတယ်ဆိုတာက မေ့သလောက်ရှိမှ တစ်ခါယားလာတာမျိုးပါပဲ။ ယားလို့ကုတ်ပြန်တော့ ယားတဲ့နေရာက ဖုတုတုလေးကိုဖြစ်လို့၊ ဘာဖြစ်လို့ ဒီတစ်နေရာတည်းယားယားနေတာလဲ။ သံသယဖြစ်လာတော့မှ ပေါင်ကိုလှန်ပြီး ကြည့်မိတယ်။ မှဲ့နီလေးတစ်လုံး။ ဒီမှဲ့နီက ယားယားနေပါလားလို့ အဖြေတွေ့သွားတယ်။

မှဲ့နီလေးကြည့်ရတာ မသက်ာတာနဲ့ မှန်ဘီလူးနဲ့ စစ်ဆေးကြည့်လိုက်တော့မှ မှဲ့နီလေးမဟုတ်ဘူးဗျ။ အကြီးချဲ့မြင်ကွင်းမှာ တွေ့လိုက်ရတာက မွှားတစ်ကောင်။ မွှားမှန်းသိတာလည်း ရိုးမရဲ့အတွေ့အကြုံကြောင့် မွှားဖြစ်မှန်းသိလိုက်တာပါ။ မြို့ထဲမှာနေသူတွေဆိုရင် မွှားကိုမြင်တာတောင် မွှားမှန်းမသိပါဘူး။

မှန်ဘီလူးရဲ့မြင်ကွင်းကျယ်မှာ ဒီအကောင်က ကြမ်းပိုးတစ်ကောင်ရဲ့လေးပုံတစ်ပုံလောက်ရှိပါလိမ့်မယ်။ သူ့ခေါင်းက အသားထဲမြုပ်နေပြီး ဖင်နဲ့နောက်ခြေထောက်တွေကလှုပ်လို့၊ အရောင်ကတော့ သွေးတွေဝအောင်စုပ်ထားလို့ အနီရဲရဲလေး။ ဒီအကောင်မှန်းသိလိုက်တော့ အကောင်သေးသေးကို ဇာဂနာ သေးသေးနဲ့ဆွဲနုတ်လိုက်တယ်။ ခေါင်းက ပါလာပုံမရ။ ဒီကိစ္စကို ကျွန်တော်က ရေးကြီးခွင်ကျယ် မစဉ်းစားပါဘူး။ သွေးစို့တဲ့နေရာကို ထုံးလိမ်းလိုက်တယ်လေ။ (၂) ရက်လောက်အကြာမှာ ဒဏ်ရာက ခြောက်သွားတယ်။ ပျောက်သွားပြီပေါ့။

ဒီလိုသာ ပျောက်သွားမယ်ဆိုရင် ကျွန်တော်က ဒီအကြောင်းကိုဆက်ရေးဖို့ပင်လိုမယ်မထင်။ အခုတော့ ကိုယ်ရွှေမွှားခေါင်းက လူကိုဆက်ပြီးဒုက္ခပေးမယ်ဆိုတဲ့ သင်္ကေတနဲ့ အမာရွတ်နေရာမှာ မီးတောင်ကလေးလို အလယ်က အဖျားဘေးက အညိုရောင်အဝိုင်းကလေး။ ဘာနဲ့တူသလဲဆိုရင် လထီးဆောင်းတဲ့ပုံသဏ္ဍာန်ပါပဲ။ အကျယ်အဝန်းက ယောကျ်ားရုပ်အင်္ကျီကြယ်သီးလောက်ရှိပါလိမ့်မယ်။

ကျွန်တော့်ခန္ဓာကိုယ်မှာ ဒီအမာရွတ်က ခပ်ဆန်းဆန်းပါလားလို့ သတိတော့ထားမိတာပေါ့။ လူကို ဒုက္ခမပေးသေးတော့ ဖြစ်ချင်တာဖြစ်ပါစေဆိုပြီး ထားလိုက်တယ်။ ဘာပဲဖြစ်ဖြစ်ကြာရင် အနာဖေးကွာပြီးပျောက်သွားပါလိမ့်မယ်။ ဒါက ကိုယ့်ဘာသာတွေးကြည့်နေတာ၊ နောက်(၁)လလောက်အကြာမှာ ပေါင်ကျိတ်ခိုလာတယ်၊ ဒီမွှားကိုက်ဒဏ်ရာကြောင့် အကျိတ်ခိုတယ်လို့ အစက သတိမထားဖြစ်ပါဘူး။ မြန်မာ့နည်းမြန်မာ့ဟန်နဲ့ ထုံးနနွင်းလိမ်းလိုက်တယ်။ ပျောက်သွားတယ်။ နောက်ပြန်ပြီးပေါ်လာတယ်။ ထပ်လိမ်းထပ်ပျောက်။ အကျိတ် (၄)လုံးလောက်အထိ ပေါ်လိုက်၊ ပျောက်လိုက်ဖြစ်လာတော့မှ ကိုယ့်ကိုယ်ကိုယ်မသက်ာတော့ဘူး။

ပေါင်ကျိတ်ခိုတယ်ဆိုတာ ခြေထောက်မှာ အနာတစ်ခုရှိတာမျိုးမှ ပေါင်ကျိတ်ကခိုတာပါ။ ခြေတစ်ချောင်းလုံးစစ်ဆေးလိုက်တော့ အားလုံးအိုကေပါပဲ။ ပြောစရာရှိလို့ ပေါင်လယ်က မီးတောင်အဝိုင်းလေးတစ်ခုပဲကျန်ပါတော့တယ်။ သူကလည်း ခြောက်နေတော့ စဉ်းစားရတာ ခပ်ကျပ်ကျပ်။ ဒါပေမယ့် (၃)လကျော်လောက်မှာတော့ ဒီမီးတောင်အဝိုင်းလေးက ဇာတိပြလာတယ်။ ပေါင်ကအကြောတွေကို ဆုတ်ဆွဲထားသလို ခံစားလာရတယ်။ ခြေသလုံးကြွက်သားတင်းတောင့်လာတော့ ပထမ မိဂသီနဲ့ ဦးစိုင်းလိမ်းလိုက်တယ်။ လူရဲ့အသိတရားထဲမှာ ဒီမီးတောင်အဝိုင်းလေးက ဗဟိုပြုပြီး အကြောအခြင်တွေကို ချုပ်ကိုင်ထားသလိုပါပဲ။ ဒီအဆင့်ရောက်မှ ကျွန်တော်က သံသယဝင်လာတာပါ။ ခင်မင်တဲ့ ဆရာဝန်ပြကြည့်တော့ -



"ဒီအဝိုင်းလေးကနာသလား"

"ဟင့်အင်း - လုံးဝမနာဘူး"

"ခုလိုဆိတ်ကြည့်တာနာသလား"

"ဟင့်အင်း - မနာပါဘူး"

"ဒီနေရာကကိုက်တာနာတာတွေ ရောဖြစ်သလား"

"မဖြစ်ပါဘူး"

"ဒါဆိုရင် အဖုအကျိတ်ဖြစ်လို့ မနာမကျင်ရင် စောစွာပြသကုသပါလို့ ကျန်းမာရေး လမ်းညွှန်ထားတာရှိတယ် မဟုတ်လား။ ဒီကေ့(စ်)ကို ကျွန်တော် မကိုင်ရဲဘူး။ အရေးကြီးတယ်။ ရန်ကုန်ကိုသွားပါ။ ဒီနေရာတစ်ပိုက်ကို ခွဲတ်မှန်ရိုက်ပါ။ ဒီအဝိုင်းလေးနေရာက အသားစကို ဓာတုဗေဒဌာနကိုပို့ပါ။ အမြစ်တွေမပြန့်အောင်ခွဲတ်ကင်ပေးပါ။ ဆေးမှတ်ချက်တွေရလာတော့မှ ခွဲထုတ်သင့်ထုတ်ရမှာပေါ့ဗျာ"

"ခန့်မှန်းတာဘယ်လောက်ကုန်မလဲ ဆရာ"

"သိန်း (၂၀) လောက်တော့ ကုန်မှာပေါ့။ ကျုပ်ကတော့ ကင်ဆာမဖြစ်ပါစေနဲ့လို့ ဆုတောင်းပါတယ်"

ဘုရား ဘုရား။

ဆရာရဲ့ရိုက်ချက်က ပြင်းထန်လွန်းတော့ မိုက်ခနဲလဲမသွားအောင် မနည်းဟန်လုပ်ပြီးတော့ ထိန်းလိုက်ရတယ်။ ရင်ကြီးကျားထက်ဆိုးသွားပြီပေါ့။ အိမ်ပြန်လမ်းမှာ ခြေလက်တွေက တုန်တုန်ယင်ယင်၊ အိမ်ရောက်တော့လည်း ထမင်းကစားလို့မရ။ ညဘက်မှာလည်း အိပ်လို့မပျော်။ ထိန့်လန့်ချောက်ချားစရာ ဒီရောဂါကြီးသာ အမှန်တကယ်ဖြစ်ခဲ့ရင် ခြေတစ်ချောင်းပဲ အဆုံးရှုံးခံသင့်ခံရမှာမို့ ဒီကိစ္စကို အိမ်သားတွေတောင် မပြောရဲပါဘူး။

အိပ်ဆေးသောက်အိပ်ရတဲ့ရက်တွေများလာသလို ဘာအာဟာရမှခံ့မင်မှုလည်းမရှိတော့။ အစားဆုတ်လာတော့ လမ်းသွားရင်တောင် မူးပြီးလဲချင်လိုလို။ ဒီအတိုင်း ဆက်နေလို့ကတော့ ကင်ဆာနဲ့မသေဘဲ အာဟာရပြတ်ပြီး သေနိုင်တဲ့အဖြစ်ပါပဲ၊ ဒီလိုနဲ့ ဒီပါရဲ့ဘုရားမှာ မိတ်ဆွေဖြစ်ခဲ့တဲ့အနာဓဝါက် ဆရာစိန်နဲ့ သား ဦးကံရှိန်ဆီကို အမှတ်မထင် ရောက်သွားတယ်။

ဒီလိုသွားတယ်ဆိုတာ ဘုရားဘု

www.burmeseclassic.com

ထူကြည့်တဲ့သဘောပါပဲ။ အနောက်တိုင်းနည်းဆိုရင် အသားစကိုလှီးပြီး ဓာတုဗေဒတင်ရမှာကိုး။ စိတ်ထဲမှာ မြန်မာနည်းနဲ့ ပျောက်နိုင်တယ်လို့ အလိုလိုပေါ်လာလို့ ဒီလိုသွားဖြစ်ခဲ့တာပါ။ ဦးကံရှိန်က ကျွန်တော့်အနာကိုကြည့်တယ်ဆိုရုံ လေးကြည့်ပြီး လုံလောက်ပြီဆိုတဲ့အမူအရာနဲ့ ညွှန်ခန်းကိုခေါ်သွားပါတယ်။ အိုး - ဘဝင်မကျလိုက်တာ။ မြန်မာဆရာတွေဟာ သေသေချာချာကို မစစ်ဘူး။ ဒါက စိတ်ထဲကနေ အပြစ်တင်လိုက်တာ။

သူညွှန်ခဲ့တဲ့လက်ဖက်ရည်လည်း ကျွန်တော် သောက်ချင်စိတ်မရှိပါဘူး။ ဟန်လုပ်ပြီးသာ သောက်နေရတယ်။ စိတ်ဓာတ်က ဂိန်းဘောရောက်နေပါပြီ။ ဦးကံရှိန်ကတော့ အေးအေးဆေးဆေးပါပဲ။ သူကြည့်ရတာ ကျွန်တော့်ရဲ့ခံစားမှုကို ကလေးကစားစရာများမှတ်နေတာလား။ ကျွန်တော်သောက်တဲ့လက်ဖက်ရည်တစ်ဝက်ကျိုးချိန်မှာ ဦးကံရှိန်က စကားစပြီးပြောပါတယ်။

တေမိမင်းကြီးရဲ့စကားတစ်ခွန်းဟာ ဘဝတစ်ခုလုံးအတွက် အရေးအကြီးဆုံးဖြစ်ခဲ့သလို ဦးကံရှိန်ရဲ့ပြောစကားတွေဟာလည်း ကျွန်တော့်ဘဝအတွက် မှတ်စရာတွေဖြစ်ခဲ့တာမို့ သူပြောတဲ့အတိုင်းပဲ စာဖတ်သူတွေကို တင်ပြပေးပါမယ်။

"မှားကောင်လေးတစ်ကောင်ဟာ နှမ်းတစ်စေ့ရဲ့ တစ်ဝက်လောက်သာရှိတတ်လို့သိပ်သေးငယ်တယ်ဗျ။ တောချုံတွေတောပန်းတွေမှာရှိတတ်တယ်။အခုလို မှားကိုက်ခံရရင်ဆွဲနုတ်တာ အဆင်မသင့်တာနဲ့ သူ့ရဲ့ခေါင်းက အသားထဲမှာ ကျန်ခဲ့တော့တာပဲ။ မှားကောင်ရဲ့ခေါင်းက အဆိပ်ရှိတယ်လေ။ လူတစ်ကိုယ်လုံးကို ဒုက္ခမပေးတတ်ပေမယ့် မှားခေါင်းရဲ့ နေရာတစ်ဝိုက်မှာတော့ အဆိပ်သင့်နေတတ်တယ်"

"ခင်ဗျားရဲ့ရောဂါကလည်း အခုလို မှားခေါင်းကျန်ခဲ့လို့ ဖြစ်ပေါ်နေတဲ့ အဖြစ်ပဲ။ တချို့ဆိုရင် တစ်ကောင်လုံး အသားထဲဝင်သွားတဲ့အထိ လူကမသိလိုက်ဘူး။ ဒီအကောင်လေးက အသွေးအသားတွေစားပြီး လူ့ခန္ဓာကိုယ်ပေါ်မှာ ကွမ်းသီးလောက်အဖုကြီးဖြစ်လာတတ်တယ်ဗျ။ အသားပိုပဲထွက်သလိုလို မြင်းဘုပဲထွက်သလိုလို တချို့က မခွဲခြားတတ်ကြဘူး။ ဒီလိုဖြစ်လာရင် ဒီကောင့်လက်ချက်ပဲ။ အမဆိုရင် အကောင်လေး



တွေပါပွားပြီးလာတတ်တယ်။ အဖုကြီးလာရင်တော့ ခွဲထုတ်ပစ်ရတာပေါ့ဗျာ။

ခင်ဗျားရဲ့ဒဏ်ရာကတော့ မှားခေါင်းကျန်ခဲ့တဲ့လက္ခဏာပဲ။ အခုလို ခေါင်းကျန်ခဲ့တာသိမယ်ဆိုရင် မီးကင်ထားတဲ့အပ်ကလေးနဲ့ဆွပြီး မှားခေါင်းကို ထုတ်ပစ်ရတယ်။ ကျန်တဲ့အနာလောက်ကိုတော့ ထုံးနနွင်းလိမ်းရင်ပျောက်ပါတယ်။ အခုတော့ ခင်ဗျားဒဏ်ရာက အစွယ်ကျန်ခဲ့တဲ့နေရာမှာဖြူပြီး အဆိပ်ပြန့်တဲ့နေရာတစ်ဝိုက်ကမည်းနေလို့ မီးတောင်တွင်းကလေးလိုဖြစ်နေတဲ့သဘောပဲ။ ဒီရောဂါက အရေးမကြီးလှပါဘူး။ အချို့ဆိုရင် မျက်စိထက်တောင်ကြီးသေးတယ်ဗျ။

ခု ခင်ဗျားခံစားနေရတာက ဖြစ်တဲ့ရောဂါကြာသွားတာနဲ့ ကျွဲသမာနာဘက်ကူးသွားတာဗျ။ ဒီအတွက်လည်း ပူစရာမလိုပါဘူး။ ကျွန်တော့်ရဲ့ ဆေးဖယောင်းချက်အမည်းကို အနာမှာသုတ်၊ မိုင်းကိုင်စက္ကူမှာလည်းသုတ်၊ အနာပေါ်မှာကပ်ပြီးတာနဲ့ အပေါ်က ဂွမ်းစနည်းနည်းခံပြီးတော့ ပလတ်စတာနဲ့ကပ်ထား။ (၃)ရက်လောက်ဆို အမြစ်ဆုံထွက်လာလိမ့်မယ်။ မညှစ်နဲ့။ ဇာဂနာနဲ့ဆွဲယူ။ ထွက်သွားရင် ဆေးဖယောင်းချက်အဖြူကိုလိမ်း။ (၄) ရက်လောက် ဆက်လိမ်းရင် အသားကောင်းပြန်ဖြစ်ရောဗျ။ ကဲ- ဆေးဘူး (၂) ဘူးယူသွား၊ မေတ္တာလက်ဆောင်ပေးလိုက်မယ်"

ဦးကံရှိန်ရဲ့ ရှင်းပြချက်ဟာ ကျွန်တော့်အတွက် ထမင်းစားကောင်းဖို့ ဟင်းတစ်ခွက်ပေးလိုက်သလိုပါပဲ။ ချက်ချင်းစားနိုင်၊ အိပ်နိုင်လာတယ်။ လူစိတ်များ တယ်လည်းဆန်းကြယ်လိုက်ပါဘိ။

ဒီလိုနဲ့ ပေးလိုက်တဲ့ ဆေးဘူး (၂) ဘူးကို ပထမအနက်ကိုလိမ်းပါတယ်။ဆေးလိမ်းနေရင်း ဦးကံရှိန်ပြောတာကို ကြားယောင်နေတယ်။ ဒီဆေးအမည်းက အနာနဲ့ အသားကောင်းကို ခွဲခြားပေးတယ်။ ကိုက်သလိုလိုခံစားမှုကနေ ယားသလိုလိုခံစားလာရရင် အမြစ်ဆုံအပေါ်ကို ကြွတက်လာတဲ့သဘောပဲ။ ရဲရဲတင်းတင်း ဇာဂနာနဲ့ဆွဲခွာလိုက်၊ မနာပါဘူးလို့ ရှင်းပြထားပါတယ်။

ဆရာဦးကံရှိန်ခန့်မှန်းသလိုပါပဲ။ (၃) ရက်ပြည့်တဲ့နေ့မှာ မိုးပြဒယ်အိုးသဏ္ဌာန်မန်ကျည်းစေ့တစ်စေ့စာလောက် အမြစ်ဆုံကို ဆွဲထုတ်လိုက်ပါတယ်။ လကမ္ဘာကချိုင့်တစ်ခွက် ပေါင်မှာတံဆိပ်ရိုက်ထားသလို ဘွားခနဲပေါ်လာတယ်။ ဒဏ်ရာကတော့ (၅) ပြားစေ့တစ်စေ့စာလောက်ကျန်နေပါသေးတယ်။ အဲဒီလောက်ကို ကျွန်တော်က မမှုပါဘူး။ အနောက်တိုင်းနည်းနဲ့ အသားကိုလှီးယူရင် ဒီထက်ကြီးပြီး ငွေလည်းအဆမတန်ကုန်မှာပါ။

(၄) လနီးပါးမပျောက်တဲ့မှားကိုက်တဲ့ဒဏ်ရာဟာ အခုတော့ နိဗ္ဗာန်သွားပါပြီ။ အနာတစ်ခုရဲ့ပြည်နဲ့အဆိပ်ဟာ ချောက်သွားခဲ့ရင် ကျွဲသားရေလို မာကျောတဲ့အဆိပ်သင့်အသားကို ကျွဲသမာနာလို့ခေါ်ကြောင်းလည်း သိလိုက်ရတယ်။ အခုဆိုရင် ကျွဲသမားနားရဲ့ဖြစ်ပေါ်ပုံကို စာရှုသူတို့သိကြမယ်ဆိုရင် မနာမကျင်တိုင်း ကင်ဆာဆိုပြီး စိတ်ဓာတ်မကျကြပါနဲ့။

ဒီဆောင်းပါးကလည်း ပျောက်သွားမှရေးရဲတာပါ။ အခုတော့ အကြောတွေဆုတ်ဆွဲထားသလိုခံစားမှုနဲ့ ပေါင်ကျိတ်ခိုတာတွေလည်း မရှိတော့ပါဘူး။

လုပ်သားပြည်သူများ အကြောင်းကြောင်းကြောင့် တောတောင်တွေထဲ သွားခဲ့လို့ မှားကိုက်ခံခဲ့ရရင် ကြုံတွေ့နိုင်တဲ့အန္တရာယ်တွေကိုဖယ်ရှားနိုင်ဖို့ စာရေးသူဖြစ်ပျက်သမျှကို အသေးစိတ်ဖော်ပြလိုက်ပါတယ်။

ကင်ဆာနဲ့မှား
ကွဲပြားစွာခွဲခြားတတ်ကြပါစေ

စိုးထွန်း (ဥပဒေ)

(အမှတ် (၁၅) ကိုးဆူကျောင်းလမ်းနေ အနာပေါက်ဆရာစိန်ရဲ့ သား ဦးကံရှိန်အား ကျေးဇူးအထူးတင်ရှိပါကြောင်း။)



www.burmeseclassic.com

www.burmeseclassic.com


မဟာဘုတ်ပါရဂူ ဆရာကြီးဦးကြာမြင့်နှင့် ဆရာ ဦးစိုးလင်းတို့၏ တပည့်

# ဆရာ ဦးခင်ဇော်

* နည်းနည်းပြောရင် များများသိကြတဲ့ရာသီစဉ်မို့ သင်အတွက် ယုံကြည်တယ်ဆိုရင်တော့ တံခါးသေးခေါက်လိုက်ပါ။
* ပြဿနာဆိုတာ လိုအပ်နေတဲ့အဖြေကို မရနိုင်သေးမီ တွေ့ကြုံနေရတဲ့ အခက်အခဲပါ။
* (ဘဝနဲ့ အရေးတကြီးအခြေနေ အလွှားကြားမှု...) ကျွန်ုပ်နှင့် ဆွေးနွေးကြည့်လိုက်ပါ။
* ဖွါကြောင့် သင်လိုအပ်နေတဲ့အဖြေကို ကျွန်ုပ်နှင့်အတူ ရှာကြည့်ရအောင်။
* လိုအပ်တဲ့အဖြေကို ရပြီဆိုရင် ပြဿနာဟာ ကွယ်ပျောက်သွားမှာပါ။
* နှစ်နှစ်ဆယ်ကျော် အိပ်မောကျပြီး တကက်ပက်ပက် ရယ်နေရပြီဆိုရင်တော့ လောကဓံရဲ့ အလှည့်အပြောင်းကို ကြုံရတတ်တယ်။
* အဲဒီအချိန်မှာ ကျွန်ုပ်မင့်တွေ့ဖို့ အချိန်ရောက်နေပါပြီ ယခုအချိန်မှာ နောက်မကျသေးပါဘူး။
* နောက်ကျနေရင်တော့ နောင်မှာတန်ကိုးကြီးကြီးမားမား ပေးဆပ်ရမဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာပါလိမ့်မယ်။
* ဘာကြောင့်လဲဆိုရင် ဘဝဆည်းဆာကာလအချိန်မှာ အဖြစ်မှီနဲ့ မကြုံရသေးအောင် မြန်မာ့ရိုးရာ နက္ခတ်ဗေဒပညာဖြင့် ကြိုတင်ကာကွယ်စေချင်ပါတယ်။
* ပြောက်၍လည်းမပေါ ပြောက်၍လည်းမပြော အချိန်ကိုအခွင့်အတိုင်း အသိကို အသိအတိုင်းသာဟောမည်။

## ဆရာ ဦးခင်ဇော်

အမှတ်(၁၂) မြရတနာ (၁၀)လမ်း (၁)ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်၊ (ဥက္ကလာပဘုရားအနီး)
ဖုန်း-၀၉-၇၃... ၀၉-၅၁-၉၇၄၅၁



# ဈမင်းသစ္စာ

နဲ့ဆို

**ဈမင်းသစ္စာ** လေးဖက်နာသောက်ဆေး။

သက်ရင်းရောက်ပေါင်း ဒဏ်ကျေလိမ်းဆေးရည်

အားလုံးလန်းသွားမယ်နော်

## ရွှေနံ့သာ

အမှတ်တံဆိပ်

ဆီးချိုသွေးချိုကျဆေး




ဆေးသုတေသန ပြုလုပ်ပြီးသော
"ပဲနံ့သာခေါ" ဖြင့်သာ သဘာဝအတိုင်း
ဖော်စပ်ထားသော ဆေးဖြစ်သည်။

| | | |
|---|---|---|
| ဆိုင်ခွဲ | – | အမှတ် (၁၉၃/၄ဘီ)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၅၂၃၄၇၈၊ 📱 ၀၉-၅၁၃၁၆၄၃ |
| ဆိုင်ကြီးဈေး | – | လူထုမေတ္တာ၊ မိဘမေတ္တာ ဦးမြင့်ဆွေ၏သားများ၊ ကိုလှမိုး၊ အာရောဂျ၊ ၁၅လမ်း ကိုဝင်းမြင့်+မဒေဝီ။ |
| မိုင်လာဈေး | – | ကိုသက်နိုင်၊ သုခချမ်းသာ၊ အာရောဂျ၊ မင်းသား၊ စံတော့၊ အောင်၊ NEO ။ တောင်ကြီး - လင်းဆေးဆိုင် |
| မန္တလေး | – | ကောင်းသန့်၊ မထူးမစူး၊ အောင်ရတနာ၊ ဇန္နလ ဘညာသစ်။ ပဲခူး - နေလ၊ ဖိုးခွားလေး။ |




www.burmeseclassic.com

www.burmeseclassic.com



# ပခန်းအောင်ကိုသန်း

## မြန်မာတို့၏လွှန်ဆွဲခြင်းအလေ့အထ

တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော စာရေးသူတို့ မြန်မာနိုင်ငံသည် အဓိကအားဖြင့် စိုက်ပျိုးရေးကို အခြေခံထားသောနိုင်ငံ ဖြစ်သည်။ (၇၀) ရာခိုင်နှုန်းခန့်ရှိသော တောင်သူလယ်သမားများထဲမှ တောင်သူလယ်သမားများတို့သည် မိုးကိုမျှော်၍ အဓိကထား၍ စိုက်ပျိုးကြရသည်။ တောင်သူလယ်သမားများမဟုတ်သည့် လူတန်းစားအသီးသီးတို့ကလည်း မိုးကိုတော့မျှော်ကြသည်။ မိုးကိုမျှော်ကြရာတွင်လည်း (သင့်တင့်သောမိုး-သင့်တင့်စွာရွာသောမိုးကိုဆိုလိုပါသည်) တစ်ဖက်မှာလည်း အချို့နေရာ၊ အချို့ဒေသများတွင် နိုင်ငံတော်မှ ပြုလုပ်စီမံပေးထားသော ဆည်မြောင်းတာတမံတို့ကြောင့် စိုက်ပျိုးရေးအတွက်သော်လည်းကောင်း၊ အခြားကိစ္စအဝဝတို့တွင်လည်းကောင်း၊ တစ်ဖက်တစ်လမ်းမှ အကျိုးပြုနေသည်ကိုလည်း တိုင်းပြည်အတွက် ဝမ်းသာစရာတစ်ခု ဖြစ်ပါသည်။ မိုးကတော့ ရွာရန်သူ့အချိန်နှင့်သူ လိုအပ်ပါသည်။

မိုးရာသီရောက်၍ မိုးမှန်ရွာတော့မည်ဟု တထစ်ချယုံကြည်ထားကြသော်လည်း အချို့ဒေသ၊ အချို့နှစ်များတွင် တစ်ခါတစ်ခါ မိုးအလွန်ခေါင်သောနှစ်များနှင့် ကြုံတွေ့ရတတ်ပါသည်။ မိုးခေါင်သောနှစ်များနှင့်ကြုံလျှင် မြန်မာတို့၏အလေ့အထအရ မိုးရွာလာအောင် လွှန်ဆွဲခြင်းများပြုလုပ်ကြပါသည်။ လွှန်ဆွဲခြင်းဆိုသည်မှာ ကြိုးအတုတ်ကျပ်လုံးခန့် (ရေးတုန်းကတော့ အုန်းဆံကြိုး) ကြိုးအရှည် အတောင် (၁၀၀) ခန့် (ယခုခေတ်မှာတော့ နိုင်လွန်ကြိုး) ရှိသောကြိုးတစ်ချောင်း၏ အဖျားတစ်ဖက်စီတွင် တစ်ဖက်က အမျိုးသားများ၊ ကျန်တစ်ဖက်က အမျိုးသမီးများ အပြိုင်ဟိုဘက်ဒီဘက်ဆွဲကြခြင်းဖြစ်ပြီး တင်မြှောက်ထားသော ကန်တော့ပွဲရှေ့တွင် မည်သည့်ဘက်ကနိုင်လျှင် မိုးရွာမည်ဟု အမိဋ္ဌာန်ထားကြသည့်အတိုင်း နှစ်ဖက်အနိုင်၊ အရှုံးဆွဲကြခြင်းကို လွှန်ဆွဲခြင်းဟု (သို့) လွှန်ဆွဲသည်ဟု ခေါ်ပါသည်။ အဓိဋ္ဌာန်အတိုင်း မှန်ကန်လျှင် လွှန်ဆွဲပြီး (၃) ရက်ရှိလျှင် မိုးရွာသည်ဟု အယူအဆ အလေ့အထအဖြစ် ပြုလုပ်လာခဲ့ကြရာ အချို့ဒေသ၊ အချို့နေရာများတွင် ယနေ့တိုင် မြန်မာတို့၏ လွှန်ဆွဲခြင်းအလေ့အထ တစ်ခုအဖြစ် ပြုလုပ်နေကြဆဲပင် ဖြစ်ပါသေးသည်။

မြန်မာတို့၏ လွှန်ဆွဲခြင်းအလေ့အထမှာ ပုဂံခေတ်ကပင် စတင်ခဲ့သည်ဟု မြန်မာ့မိရိုးဖလာဓလေ့နတ်သမိုင်း၏ အဆိုအရ သိရှိရပါသည်။ ၎င်းနတ်သမိုင်း၏ အဆိုအရ ဖြစ်စဉ်မှအစ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

'လှည်းဝင်ရိုးသံတည်ညီ ပုဂံဘုရားပေါင်း' (၄၄၄၆၇၃၃) ဆူရှိပြီး အရေအတွက်များပြားလှသောစေတီပုထိုးများကို သက္ကရာဇ် ၅၂၉ မှ ၅၃၃ အထိ ပုဂံပြည်အုပ်ချုပ်မင်းလုပ်သောနရသူမင်းလက်ထက် အဂ္ဂရလုပ်ငန်းကို ဝါသနာကြီးသော ရှင်မထီးဆရာတော် ထွက်ရပ်ပေါက်ရာတွင် ဒကာ၊ ဒကာမများတို့တို့မှ စခဲ့သဖြင့် မဆိုမပင်လျှင် ပုထိုးတစ်ဆူတည်ထားနိုင်သည်။

ဆရာတော်၏ထွက်ရပ်ပေါက်တိုမှာ ပျက်ဖန်များလတ်၍ ဒကာ၊ ဒကာမများ ပစ္စည်းဆုတ်ယုတ်သည်နှင့် နောက်ဆုံး၌ မောင်ကျော်စွာနှင့် မယ်သော်တာတို့ ဇနီးမောင်နှံ နှစ်ဦးသာဒိုင်ခံ၍ ရှိသမျှပစ္စည်းထုခွဲလှူဒါန်းကြသဖြင့် သူတွေဘဝမှ သူရင်းငှားဘဝသို့ ကျရောက်သွားရရှာလေသည်။

ဒကာ၊ ဒကာမများထဲမှ [illegible] ပစ္စည်းလှူဖွယ်ပစ္စည်းမရသည်နှင့် နရား

www.burmeseclassic.com



မင်းထံအလျှုခံရာ မင်းကြီးကလည်း မိမိရမည့်အကျိုးကိုမျှော်၍ ရက်ရှည်လများပင် လှူဒါန်းပါသော်လည်း ဆရာတော်၏ ပြဒါးမှာ မအောင်မြင်ရကား လျင်သောအမျက်ရှိသော နရသူသည် မင်းချင်းတို့အား ဆရာတော်၏မျက်လုံးနှစ်လုံးကို ဖောက်ထုတ်လိုက်စေလေသည်။

ဆရာတော်သည် မိမိ၏ပြဒါးလုံးကို စိတ်နာလှသဖြင့် ကျောင်းတွင်နေသော သူတော်အား ကုဋီအိမ်မစင်တွင်းထဲသို့ ပစ်ချခိုင်းသည်နှင့် သူတော်လည်း ပြဒါးလုံးကို မစင်တွင်းထဲသို့ ပစ်ချလိုက်ရာ ပြဒါးလုံးသည် မစင်ကျွေးရန်အညွန့်ကို အယူလွဲကာ အခြားအပုပ်ရည်များကိုသာကျွေးနေသဖြင့်မအောင်မြင်သော ပြဒါးလုံးမှာ မစင်တွင်းရောက်သည်နှင့် သိဒ္ဓိမြောက်ပြီး တဝင်းဝင်းတောက်ပထိန်လင်းနေရာ သူတော်သည် ဆရာတော်ထံပြေး၍လျှောက်ထားလေသည်။

ဆရာတော်မှာ ဝမ်းအမြောက်ကြီးမြောက်၍ မစင်တွင်းသို့တွဲလျက်ပို့စေပြီး ပြဒါးလုံးကိုဖမ်းယူလျက်ဆယ်၍ အမွှေးနံ့သာတို့ဖြင့်ဆေးကြောစေပြီး သူတော်အား ဈေးသို့ပြေး၍ ရရာမျက်လုံးတစ်စုံဝယ်ရန် စေခိုင်းလေသည်။ အချိန်လင့်နေပြီဖြစ်သောကြောင့် မျက်လုံးတစ်မျိုးတည်းစုံမရဘဲ ဆိတ်မျက်လုံးတစ်လုံးနှင့် နွားလေးမျက်လုံးတစ်လုံးသာရခဲ့သဖြင့် ဆက်သရာ ဟောက်တောက်ကန်းနေသော မျက်လုံးအတွင်းသို့ ဖိသွင်းပြီး ပြဒါးလုံးနှင့်ပွတ်သပ်လိုက်ရာ စက္ခုနှစ်ကွင်းအလင်းပြန်ရ၏။ ထိုအခါမှ ရှင်မထီးဆရာတော်မှာ ရှင်အဇ္ဈဂေါဏ ဟူသောဘွဲ့သစ်ကို ရခဲ့ပေသည်။

ရှင်အဇ္ဈဂေါဏသည် မိမိလုပ်ငန်းဆက်လက်ကြိုးစားရန် ထွက်တော့မည်ဖြစ်ရကား ပုဂံတွင်ရှိသော ဒကာရင်း၊ ဒကာမရင်းတို့အား မ,စခဲ့လိုသဖြင့် ကြေးရည်ခဲရည်တို့ကိုကျိုစေပြီးလျှင် တောင်ဖေးဖျား၌ ပြဒါးလုံးကိုတပ်၍မွှေကာ ရွှေရည်၊ ငွေရည်အဖြစ်သို့ရောက်အောင် မ,စခဲ့ပြီးမှ ပုပ္ပားတောင်ဘက် ထွက်ကြွတော်မူသည်။ နရသူကို စိတ်နာ၍ အကြောင်းမျှ မကြားခဲ့ပေ။

ကံခေသော ကျော်စွာနှင့် သော်တာတို့မှာ ထိုအချိန်တွင် မြို့တွင်း၌မရှိဘဲ မြို့နှင့်ခရီးကွာဝေးသော နှမ်းခင်း၊ မြေပဲခင်း စသော ယာခင်းများ၌ လုပ်ကိုင်နေသည်ဖြစ်သဖြင့် ဆရာတော်နှင့် မတွေ့လိုက်ရ။ ထိုစဉ်အခါက ပုဂံပြည်တွင် ရွှေမိုး၊ ငွေမိုးရွာသည် ပြောစရာဖြစ်ခဲ့

www.burmeseclassic.com

## စိုးမင်း(မြောက်စည်း-ရှာသစ်)

# ကြွက်နို့ကြောင့် စိတ်ညစ်နေပါသလား

ဒီဝေဒနာကြောင့် စိတ်ညစ်သူအတော်များများတွေ့ရသေး၏။ အထူးသဖြင့် လူပျို၊ အပျိုတွေက ပို၍ စိတ်ဆင်းရဲရပေမည်။ လူမြင်ကွင်းဖြစ်သော လက်ဖဝါး၊ လက်ဖမိုး၊ လက်ဖျံ၊ ခြေဖမိုး၊ ခြေသလုံးများဆိုလျှင် ရှက်ရှာလွန်း၍ နည်း မျိုးစုံဖြင့် ဖုံးဖိကြရရှာလေ၏။

ဆေးနည်းတို တိုစပ်စပ်ဒီစပ်စပ် ကုသော်လည်း အနာကမပျောက်။ ကြာတော့ ဆေးမြီးတိုအပေါ် မယုံရဲတော့ပေ။ ဒါလည်း တစ်ဖက်ကမှန်လေသည်။ ဆေးနည်းအပေါ် တိတိကျကျ မကုသသောဝေဒနာသည်၏ အားနည်းမှုလည်းရှိပါသည်။ အကြောင်းမှာ ကြွက်နို့အများအပြားပေါက်နေသူသည် ပထမဦးဆုံးအလုံး (အဦးဆုံး) အား မသတ်ပဲ အခြား ဒုတိယ၊ တတိယအလုံးတို့အား သတ်မိလျှင် ထိုအလုံးသာသေ၍ ကျန်သော ကြွက်နို့များမပျောက်ခြင်းသည် အလုံးများသတ်၍ဖြစ်သည်ကို ဝေဒနာသည်မသိပေ။ ဒါကြောင့် ဝေဒနာသည်မှ သတိထားဖို့လိုပါသည်။

ထို့အပြင် ကြွက်နို့နှင့်ဆေးနည်းသဟဇာတမဖြစ်တာလည်းရှိသေး၏၊ ဥပမာ ကြွက်ဆိုသောသတ္တဝါအမည် ဘယ်နမျိုးရှိမည်နည်း၊ ကျွန်တော်အကုန်မသိပါ။ အနည်းငယ်မျှသာသိပါသည်။ ထို့အတူ လူတို့တွင်ပေါက်သော ကြွက်နို့သည်လည်း တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ပါ။ ကွဲပြားစွာပေါက်ကြပါမည်။

မြင်ဖူးသောကြွက်နို့များမှာ မုန်ညင်းစေ့ခန့်မှ ပဲနောက်စေ့အရွယ်ထိ အလုံးငါးရာမှတစ်ထောင်ခန့်အထိ ပြွတ်သိပ်ခတ်စွာပေါက်သောကြွက်နို့ကို အမမျိုးဟု ခေါ်ကြပါသည်။ ထိုအမမျိုးသည် အရေပြားပေါ်တွင်သာကပ်၍ဖုရုံလေးသာတွေ့ရ၏။

– ပဲနောက်စေ့၊ စားတော်ပဲစေ့ခန့်

---

တော့သည်။ အယုတ်သဖြင့် ကြေး၊ ခဲ အနည်းငယ်သာ ရှာဖွေနိုင်သော မုဆိုးမပင်လျှင် ဘုရားတစ်ဆူတည်ထား ပူဇော်နိုင်အောင် ချမ်းသာပေသည်။

ရှင်အဋ္ဌဂေါဏသည် ပညာအဆင့်အတန်း ကိစ္စအဝဝအောင်မြင်ပြီးနောက် ကျော်စွာနှင့် သော်တာတို့ရှိရာကြွလာပြီး များစွာသောရတနာများကို ပေးအပ်သောကြောင့် ကျော်စွာနှင့် သော်တာတို့မှာ နောက်ဆုံး အချမ်းသာဆုံးအဖြစ် ကျော်ကြားလာပေသည်။

ဆရာတော်သည် ဖိုဝင်ရန်အချိန်ဆိုက်ရောက်၍ စောင့်ရှောက်ရန် တပည့်ကောင်းရလို့ရကား တစ်နေ့တွင် ကျော်စွာကို လိုက်ပါရန် ခေါ်ရာတွင် ကျော်စွာမှာ မယား သော်တာမရှိခိုက်လည်းဖြစ်၊ သားငယ်ကလေး ဝံသာကိုလည် မထားရက်နိုင်သဖြင့် မလိုက်နိုင်သေးကြောင်း ငြင်းပယ်လေသည်။

ဆရာတော်သည်လည်း တစ်စုံတစ်ရာမိန့်တော်မမူဘဲ သော်တာရှိရာ ယာခင်းသို့လိုက်၍ တပည့်အဖြစ် ခေါ်ပြန်လေရာ သော်တာမှာ မိမိကိုယ်တိုင် ဝိဇ္ဇာဖြစ်ရမလောက် ဝမ်းမြောက်ပြီး ချက်ချင်းပင်လိုက်ပါလေသည်။

ဆရာတော်ကို ရန်ငြိုးဖွဲ့သော နရသူသည် ကျော်စွာနှင့် သားဝံသာကိုဖမ်းဆီး၍ ဆရာတော်ရှိရာကို မေးမြန်းခြင်း၊ ကျော်စွာကိုယ်တိုင်ပင် ရွှေငွေဖြစ်သည်ဟု ယုံကြည်ခြင်းတို့ကြောင့် မပေါ်ပေါ်အောင် နှိပ်စက်စစ်ဆေးရာတွင် လက်လွန်၍ ကျော်စွာနှင့် သားဝံသာ အသက်ဆုံးရလေသည်။

သော်တာမှာ ဆရာတော်ဖိုဝင်ရာ စောင့်ရှောက်ပြီးနောက် ဝိဇ္ဇာဖြစ်သွားသည်ဟု အချို့က ယူဆကြသည်။ မှန်၊ မမှန်မပြောနိုင်ပါ။ သို့ရာတွင် သားဝံသာနှင့် လင်ကျော်စွာတို့ သေဆုံးသည့်အတွက် ပရိဒေဝမီးတောက်လောင်ပြီး ဝတ်ကြောင်ကိုစွန့်၍ ပုပ္ပားတောင်တွင် ရသေ့မ ပြုလုပ်လေသည်ဟု ယူဆချက်မှာ ယုတ္တိတန်ပေသည်။

ကျော်စွာသည် ဘုရင်နရသူနှင့် မျှမတ် စသည်တို့ကို များစွာစိတ်နာရကား မိမိနတ်ဖြစ်သော ပုပ္ပားတောင်ကလပ်စွန်းမှနေ၍ ပင်လယ်မှ တက်လာသော မိုးသားတိမ်လိပ်တို့ကို တန်ခိုးဖြင့် ဖယ်ရှားပစ်ခြင်းအားဖြင့် ပုဂံပြည်တွင် မိုးခေါင်ခြင်းကို ဖြစ်စေသည်။

မိုးခေါင်သည့်အခါတွင် မင်းနှင့်တကွ ပြည်သူတို့က နတ်ကနားပေး၍ (၃၇) မင်းနတ်တို့ကို မေးမြန်းကြရာတွင် မိမိတို့ထက် တန်ခိုးကြီးသော ကျော်စွာ၏ လက်ချက်ဖြစ်ကြောင်း ပြောဆိုသည်နှင့် နရသူသည် ကျော်စွာကိုပင့်၍ မှားကြောင်းဝန်ချတောင်းပန်ရတွင် ကျော်စွာနတ်က နရသူလွန်သည့်အကြောင်း ပြည်သူတို့သိသာအောင် လွန်ကြိုးကို တစ်ဖက်တစ်ချက်ဆွဲကြ၍ လွန်ခေါင်းပေါ်တွင် မိမိစီးရမှ ကျေနပ်နိုင်မည်ဟု ပြောသည်နှင့် ယခုတိုင် လွန်ဆွဲသောအခါ လွန်ခေါင်းအပ်ပွဲပေး၍ ဆွဲကြသည်။

မိုးခေါင်လျှင် လွန်ဆွဲပ,သရသည်ကို အကြောင်းပြု၍ မိုးခေါင်ကျော်စွာနတ်ဟု ထင်ရှားသည်။ (၃၇) မင်းနတ်များထက် တန်ခိုးထက်သည်ဟု ဆိုသည်မှာ အောက်ပါနတ်ချင်းဖြင့်လည်း ယုတ္တိတန်ပေ၏။

- မင်းကျော်စွာ×××လာမည့်လမ်း ××× ရွှေဂံသူတို့ကြိုလှည့်စမ်း×××ညိုရွှေပန်းကိုတဲ့လက်မှာကိုင်×××ယိမ်းတယ်လို့ယိုင် ××× ကွမ်းစည်တိုင်အလယ်ကြားမှာ×××ပင့်သံ-မြောက်သံသည်မောင်ကြားတယ်××× တောင်ပုပ္ပားရယ်ကလာခဲ့တယ်×××လာခဲ့တယ် သုံးဆယ်ကျော်ခုနစ်မင်းရယ်××× နတ်ဆိုရင် ခေါင်းကနင်းမယ်××× ကွင်းလေးလေးရှောင်ကြရှားလေး ×××

ဤကဲ့သို့ အထက်ပါနတ်ချင်း ဆို၍ လွန်ခေါင်းအပ်ပွဲကို လူအများ ပျော်ပျော်ပါးပါးဆွဲကြခြင်းဖြင့် ညီညွတ်မှုကိုလည်းဖြစ်စေပြီးလျှင် မိုးခေါင်လျှင် မိုးရွာစေနိုင်သည်ဟု ယုံကြည်စွာယူဆ လုပ်ဆောင်လာခဲ့ခြင်းတို့မှာ မြန်မာ၏ လွန်ဆွဲခြင်းအလေ့အထတစ်ခုအ အချို့နေရာ၊ အချို့ဒေသများတွင်ပြု ကြပါသေးသည်။

ပခန်းအောင်ကိုသ

ကိုးကား -

မြန်မာ့မိရိုးဖလာဓလေ့နတ်

www.burmeseclassic.com



မို့မို့မောက်မောက်ကြွက်နို့သည် တစ်လုံး၊ နှစ်လုံးမှ အလုံး(၂၀)ခန့်အထိကို အဖိုမျိုးဟု ခေါ်ကြပြန်၏။

ထိုအထဲမှ ထူးထူးကဲကဲပေါက်သူကတော့ ကျွန်တော်ပင်အံ့သြရပါသည်။ စပါးလုံး (၅) လုံး (၆) လုံးမှ (၁၀) လုံး (၁၅) လုံးအထိ တစ်လုံးနှင့်တစ်လုံးပူးကပ်ဆက်နွယ်လျက် တောင်ထွဋ်ပမာ အတွဲလိုက်ပေါက်သူ လူပျိုကောင်လေးတစ်ယောက်အား တွေ့ရဖူး၏။ ပေါက်သည့်နေရာမှာ သူ၏လက်ဖမိုးလက်အဆစ်ထိပ်ပေါ်တွင် လည်းကောင်း၊ ခြေဖမိုးနှစ်ဖက်၊ ခြေဆစ်များအပေါ်တည့်တည့်မှပေါက်နေခြင်း ဖြစ်၏။ ထိုကြွက်နို့အမည်ပင် ကျွန်တော်မသိနိုင်ပါ။

ဝေဒနာသည် ဦးစွာသိထားရမည်မှာ ပထမဦးဆုံး၊ အရင်ဦးဆုံးပေါက်သော ကြွက်နို့တစ်လုံးတည်းကို တိတိကျကျသိရပါမည်။ အကယ်၍ ကောင်းစွာမမှတ်မိလျှင် သူနှင့်အနီးဆုံး (ဖြစ်နိုင်ခြေရှိသော) တစ်လုံး၊ နှစ်လုံးမှအစ လေးငါးလုံးအထိတော့ တိတိကျကျသိဖို့ အရေးကြီးပါသည်။ ကြွက်နို့အလုံးများသတ်လျှင် ဝေဒနာရှင်၏အပြစ်ဟုမှတ်ယူပါ။

ကြွက်နို့ကို တချို့က အကြမ်းနည်းဖြင့် ကုသကြပါသည်။ ဓားနှင့်လှီးဖြတ်ခြင်း၊ ကတ်ကြေးနှင့်ဖြတ်ခြင်း၊ အပ်၊ သံချွန်ဖြင့် အမြှာမြှာထိုးဆွခြင်း၊ ထိုမှ ယမ်းသိပ်ခြင်း၊ ဆေးလိပ်ပြာသိပ်ခြင်း၊ အက်စစ်တို့ခြင်းတို့အပြင် တခြားနည်းပေါင်းစုံဖြင့် ကုသကြပါသည်။

သတ္တိကောင်းသော ယောကျ်ားများအတွက် အဆင်ပြေသော်လည်း အားနွဲ့သော မိန်းမသားများအတွက် အကြမ်းကုနည်းဖြင့် မဖြစ်နိုင်ပါ။ လွန်စွာနာကျင်လှပါသည်။ ထိုအထဲမှ လက်ဝါးပြင်ပေါက်သောကြွက်နို့က အခက်ခဲဆုံးဟုထင်မိ၏။ ကြွက်နို့အမြစ်တုံးသည် အသားထဲသို့ စိမ့်ဝင်နေသလို အပေါ်တွင်လည်း မို့မောက်မနေ။ ရေချိုးသည့်အခါ အနာပွ၍ကြေးတွန်းခဲဒဏ်ကြောင့် အသားမာကဲ့သို့တည်နေသော ကြွက်နို့သည် အခက်ခဲဆုံးဟုထင်မိ၏။ ထိုကြွက်နို့အား အကြမ်းနည်းကုသလျှင် မတွေးဝံ့စရာ။ ထို့ကြောင့် တစ်ပါးသူတို့၏နည်းများနှင့်အတူ လက်တွေ့ပျောက်ကင်းခဲ့သော ဆေးနည်းတိုလေးအား မျှဝေပါမည်။

**၁။ ကျင်ငယ်ရေနှင့်ကုသနည်း**

ဝေဒနာသည်ကိုယ်တိုင်မှ မနက်လင်း ဦးစွာသွားသောကျင်ငယ်ရေအား နို့ဆီခွက်သန့်သန့်နှင့်ခံထားပါ။ ကြွက်နို့အလုံးများပေါ် ဂွမ်းစဖြင့်တို့၍ ရွှဲရွှဲလိမ်းပါ။ ခြောက်သွားလျှင် ထပ်လိမ်းပါ။ အနည်းဆုံး (၁၅) မိနစ်ခန့်လုပ်ပေးပါ။ နေ့လယ်တစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ်လိမ်းအိပ်ပါ။ ရေဆေးသည့်အခါ ဆပ်ပြာမသုံးဘဲ ရေတစ်မျိုးပဲစင်အောင်ဆေးပါ။ နံနက်ပိုင်းမှကျင်ငယ်ရေအား တစ်နေကုန်အသုံးပြုပါ။ (၅) ရက်မှ (၇) ရက်အထိ ဆက်တိုက်လုပ်ပေးပါ။ ထိုသို့ပြုလုပ်ပြီးလျှင် မဲ့မဲ့ပျောက်ပျောက်နေရင်း (၂) ပတ်ခန့်အကြာ ကြွက်နို့အား ပြန်ကြည့်ပါ။ ဝမ်းသာ ပီတိဖြစ်စေပါမည်။

**၂။ ငှက်ပျောသီးမှည့်အခွံဖြင့်ကုသပုံ**

ဖီးကြမ်းငှက်ပျောသီးမှည့်တစ်လုံးအခွံအားသေချာသိမ်းပါ။ တိပ်၊ ပလတ်စတာ အဆင်သင့်ရှာထားပါ။ ငှက်ပျောခွံ(အတွင်းသား)အား ကျပ်ဈေးခန့်အရွယ်ကတ်ကြေးနှင့်ဖြတ်ပြီး ကြွက်နို့အပေါ်မှ တည့်တည့်အုပ်ကပ်၍ ပလတ်စတာနှင့်ဖိအုပ်ထားပါ။ (၃) နာရီခန့်အကြာ ငှက်ပျောဖတ်မည်းသွားလျှင် နောက်ထပ်အသစ်တစ်ဖန်ပြန်ကပ်ပါ။ နေ့ပိုင်း အလုပ်မအားလျှင် ညပိုင်းအိပ်ရာဝင်တစ်ညလုံးကပ်ထားပါ။ ထိုသို့ (၃) ရက်ပြည့်လျှင် ကြွက်နို့အားကြည့်ပါ။ ဘေးပတ်ပတ်လည် ပပ်ကြားအက်၍ ကြွတက်နေပါမည်။ ထိုအခါ လက်မနှင့်တွန်းကြည့်ပါ။ မနာမကျင် အမြစ်ကျွတ်တွက်ပါသည်။ အကယ်၍ နာသေးလျှင် နောက်ထပ်တစ်ရက်ထပ်အုပ်ပါ။ ဤနည်းသည် မပျောက်တဲ့သူမရှိသေးပေ။

**၃။ မြွေအရေခွံဖြင့်ကုသနည်း**

ကြွက်သည် မြွေ၏အစာဖြစ်လေ၏။ ထို့ကြောင့် မြွေ၏အရေခွံဖြင့် စမ်းသပ်ရာမှ လက်တွေ့ပျောက်ကင်းသွားသဖြင့် တစ်ဆင့်ဖောက်သည်ချပေးခြင်းဖြစ်၏။ လွန်ခဲ့သော နှစ် (၃၀) ကျော်မှ ဆေးနည်း ဖြစ်ပါသည်။ မြွေပွေးအရေခွံမှအစ တခြားမည်သည့်အရေခွံမဆို ပျောက်ပါသည်။

တချို့က မြွေအရေခွံလဲသော အကြေးခွံဖြူဖြူအားသုံးကြ၏။ ကြွက်နို့အပေါ်မှ အသက်အောင့်၍ (၇) ခါတို့၍ ပျောက်သူလည်းရှိ၏။ ကျွန်တော်ကတော့ ဤသို့မဟုတ်ပေ။

တစ်ပါးသူ သတ်ပြီးသား မြွေအားအရေခွံဆုတ်၍သိမ်းထား၏။ အသုံးပြုသည့်အခါ ကျပ်ဈေးခန့်အရွယ်ဖြတ်ပြီး နူးအောင်ရေစိမ်၊ ကြွက်နို့အလုံးပေါ်တည့်တည့်အုပ် ပလတ်စတာနှင့်ကပ်ဖိထား။ ခြောက်သွားလျှင် ရေအနည်းငယ်ပြန်ဆွတ်ပေး တစ်နေကုန်၊ တစ်ညလုံးကပ်အိပ်ပါ။ (၃) ရက်လုပ်ပြီးလျှင် အနာပွ၍ ပပ်ကြားအက်နေပါမည်။ လက်မနှင့်တွန်း၊ မနာမကျင်ဘဲ အမြစ်ထွက်သွားပါမည်။

လက်ဖဝါးပြင်မှ ကြွက်နို့အား (၅) ရက်ခန့်အုပ်၍ကပ်ထားပါ။ အလိုလိုပျောက်ကွယ်သွားပါမည်။

**၄။ ကြောင်ပန်းရွက်နှင့်ကုသနည်း**

ကြောင်ပန်းသားနှင့် တစ်ပတ်ခန့်သွေးလိမ်း။ ပြီးလျှင် ကြောင်ပန်းရွက် (အစို) အား ညက်အောင်ထောင်း အနာပေါ်မှအုံ။ ပတ်တီးအဝတ်စဖြင့်စည်းထားပါ။ ပတ်တီးစည်းမရလျှင် တိပ်၊ ပလတ်စတာနှင့်အုပ်ထားပါ။ တစ်ပတ်တိတိကုသပါ။ ပျောက်၏။

**၅။ ခံတက်ခေါက်နှင့်ကုသပုံ**

ခံတက်ချဉ်တည်သောအပင် ဖြစ်သည့် ခံတက်ပင်မှအခေါက်နှင့် သွေးလိမ်းပြီးလျှင် ခံတက်ရွက်အား ညက်စွာထုထောင်း၍ အနာပေါ်အုံ၊ ပတ်တီး (သို့) တိပ်နှင့်ကပ်ထားပါ။ (၅) ရက်အထိလုပ်ပေးပါ။ လက်တွေ့ပျောက်ပါသည်။

စိုးမင်း (မြောက်ဥက္ကလာ-ဒဂုံ)



www.burmeseclassic.com

www.burmeseclassic.com

ဓကာ် (၄) ပါး

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ - မျက်မှောက်ပစ္စုပ္ပန်ကာလမှာပင် အကျိုးပေးသောကံ။

၂။ ဥပပဇ္ဇဝေဒနီယကံ - ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ ဒုတိယဘဝမှ အကျိုးပေးသောကံ။

၃။ အပရာပရိယ ဝေဒနီယကံ - တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အခွင့်သာတိုင်းအကျိုးပေးသောကံ၊

၄၊ မဟောသိကံ - ဧင်းကာလ၌ အကျိုးမပေးသည်ရှိသော် တစ်ပါးသောကာလ၌လည်း အကျိုးမပေးတော့သောကံ။

သုခ (မှတ်စု)

❑

ကားစက်သံကဖောက်လာသည်။ ကျွန်တော်တို့သွားနေတဲ့ခရီးက ခုမှခရီးထက်ဝက်သာရောက်သေးသည်။

သစ်တောထွက်ပစ္စည်းများထုတ်လုပ်သောကုမ္ပဏီကြီးတွက် လုပ်ငန်းမစတင်မီ တောင်ပေါ်အလုပ်စခန်းများတွက် လုပ်ငန်းသုံးပစ္စည်းများနှင့် အလုပ်စခန်းအသစ်များဆောက်လုပ်ရန်လိုအပ်ပစ္စည်းများ ကျွန်တော်တို့ သွားရောက်ပို့ဆောင်ခြင်းဖြစ်သည်။ ကျွန်တော်က အထွေထွေတာဝန်ခံမန်နေဂျာအဖြစ်နှင့် လုပ်ကိုင်ရသည်။

အချိန်ကလည်း ည (၉) နာရီထိုးနေပြီ။ လပြည့်ညဖြစ်တော့ တိမ်စင်ကင်းနေသည်မို့ ထိန်လင်းလို့နေလေသည်။

တောင်တွေနှင့်နီးနေပြီမို့ တက်ဆင်းနိမ့်မြင့်ကုန်းကြောလေးတွေ တွေ့နေရပြီဖြစ်သည်။ အတက်အဆင်းလုပ်လာရတော့ ကားစက်သံကလည်း ပိုဖောက်လာသည်။ ဒီအတိုင်းဆို မကြာခင် ကားထိုးရပ်မှာသေချာသည်။ အနီးဝန်းကျင်မှာ လူသူကင်းဝေးလှသည့်နေရာ။ ကားအခြေအနေက ရှေ့ဆက်သွားလို့ ဖြစ်နိုင်မည်မထင်။

ကားရပ်၊ စက်အခြေအနေစစ်ဆေးပြီး အခြေအနေမကောင်းလျှင် နောက်ပြန်လှည့်ဖို့ပြောမည်အလုပ် ကားက ထိုးရပ်သွားလေသည်။

"ကိုလှကြီးရေ၊ ကားအခြေအနေမဟန်လို့ ကားစက်အခြေအနေရပ်ကြည့်ဖို့ပြောမယ်လုပ်တုန်း ကားကအလိုလိုရပ်သွားတယ်ဗျို့"

"ကျွန်တော်လည်းပြောမလို့ပဲဗျ။ ကားစက်အခြေအနေဖောက်နေကတည်းက စဉ်းစားနေတာ၊ ပြန်လှည့်ရင်ကောင်းမယ်လို့ပြောမလို့ဗျာ။ အလုပ်တွေက အရေးကြီးနေပြီဆိုတော့ ပေမောင်းကြည့်နေတာ"

"ကားစက်အခြေအနေကြည့်ဗျာ၊ ဒီလမ်းက ကားအသွားအလာမရှိသလောက်ဘဲ၊ ခုလိုညဘက်ဆိုတော့ ပိုဆိုးတာပေါ့"

ကိုလှကြီးနှင့်စပယ်ယာကောင်လေးက စက်ဖုံးဖွင့် စက်ချို့ယွင်းတဲ့နေရာရှာနေကြသည်။ ကျွန်တော်နှင့်လုပ်သားကောင်လေးတွေက ခြေညောင်းလက်ဆန့် ကားပေါ်မှဆင်းလမ်းလျှောက်ကြသည်။


ထိုစဉ် ကားလမ်းဘေးတစ်နေရာဆီမှ တစ်တီတူးငှက်တစ်အုပ်၏ စူးစူးဝါးဝါးအော်ဟစ်၍ ကျွန်တော်တို့အပေါ်မှ ဟိုဒီပျံဝဲကာ ထိုးဆိတ်တော့မယောင် ဆူညံစွာ အော်ဟစ်ပျံသန်းနေကြသည်။

မျှော်လင့်မထားတဲ့ တစ်တီတူးငှက်တွေ၏ အော်သံဆိုးကြီးကိုကြားလိုက်ရတော့ စိတ်ထဲ တစ်မျိုးကြီး ဖြစ်နေသည်။ နားမချမ်းသာစရာ အသံဆိုးကြီးတွေနှင့် အဝေးကိုပျံမသွားဘဲ ကျွန်တော်တို့အပေါ်မှာပဲ ဝဲပျံအော်ဟစ်နေသည်၊

တစ်တီတူးငှက်သည် အမင်္ဂလာငှက်ဆိုးဟု ကျွန်တော်တို့ဒေသက လူတိုင်း ယုံကြည်ထားသည်၊ တစ်တီတူးငှက်ပျံသန်းလာပြီး ရွာပေါ်ရောက်မှ ထူးထူးခြားခြား အော်ဟစ်ပျံသန်းသွားလျှင် ရွာထဲမှာ နေထိုင်မကောင်းသောသူရှိနေလျှင် ဆုံးတော့မည်ဆိုသည့်နိမိတ်ဟုသိထားကြသည်။ အမှန်တကယ်လည်း ဆုံးပါးသွားလေ့ရှိသည်။

ထိုငှက်မျိုး လူတွေနေထိုင်ရာရွာတွေပေါ်မှာ ပျံသန်းခဲ့သည်၊ ပျံသန်းလျှင်လည်း သာမန်အော်ဟစ်ပျံသွားတာမျိုးဆိုလျှင် ပြောစရာမရှိပေ။ ရွာပေါ်ရောက်ကာမှ စူးစူးဝါးဝါး ထူးထူးခြားခြား အော်ဟစ်ပျံသန်းလျှင်တော့ ရွာမှာထစ်







www.burmeseclassic.com

www.burmeseclassic.com

ဒုံဖြစ်တတ်သည်မို့ လူတွေက ဇရင်းငှက်ဆွာပေါ်ကပျံသန်းတာ တွေ့မြင်လျှင် အော်ဟစ်ခြောက်လှန့်လွှတ်ကြသည်။ နိမိတ်မကောင်းတဲ့ငှက်ဆိုးမို့ လူတွေက ရှုံမုန်းနေကြသည်။

ယခုလည်း စိတ်မချမ်းမြေ့စရာ မမောနိုင်မပန်းနိုင် ဝဲပျံအော်ဟစ်နေကြဆဲ။ အော့နှလုံးနာစရာ အသံဆိုးကြီးဖြင့် အော်ရင်း ကျွန်တော်တို့ကို ထိုးဆိတ်တော့မလို အပေါ်မှထိုးဆင်းလာပြီး ခေါင်းနားရောက်လာမှ အသံပေးအော်ဟစ်ပျံတက်သွားနေကြသည်။

ငှက်တွေ ကြောက်လန့်သွားစေရန် ကျောက်ခဲများနှင့် ပစ်ပေါက်ခြောက်လှန့်မှ ပို၍ဆိုးရွားစွာအော်ဟစ်ပျံသန်းနေသည်ကို စိတ်ပျက်စွာဖြင့်ကြည့်နေကြရသည်။

ဒီနေရာ ကားပျက်တာကကို တံဆိုးတာ။ ကားစက်က ပြန်မှကောင်းပါ့မလား။ ဘာပဲဖြစ်ဖြစ် ဒီငှက်တွေနဲ့တော့ ဝဋ်ရှိသမျှ နားဆင်းရဲခံနေရတော့မှာပဲဟု ဖြေရတော့မည်။

❑

ကျွန်တော်တို့အဖွဲ့ တစ်ညလုံး ငှက်အော်သံတွေကြောင့် အိပ်လို့မရခဲ့။ မနက် (၆) နာရီလောက်တွင် တောင်ပေါ်မှကားဆင်းလာခြင်းကြောင့် လိုအပ်နေတဲ့ကားပစ္စည်းကားကြုံနှင့်ဆင်းဝယ်ရသည်။ ရိက္ခာတွေပါလာခြင်းကြောင့် စားသောက်ဖို့ကိစ္စအဆင်ပြေသည်။

# အေးချမ်းအောင်
(ရှမည်းသင်း)

## တုသောအကျိုး



တညည်တစ်ညလုံးအော်ဟစ်နေကြသောငှက်အုပ်သည်လည်း မိုးလင်းမှ ပျောက်ကွယ်သွားကြသည်။ တစ်ညလုံး အိပ်ရေးပျက်နေကြသောကျွန်တော်တို့ အဖွဲ့သည်လည်း ခုမှပဲအိပ်ခွင့်ရတော့သည်။

အချိန်မည်မျှကြာအောင်အိပ်ပျော်သွားခဲ့သည်မသိ။ အိပ်ရာကနိုးလာတော့ နေမွန်းတည့်နေပြီဖြစ်သည်။ အိပ်ပျော်နေရာမှနိုးလာခြင်းမှာ အခြားကြောင့်မဟုတ်၊ ငှက်အော်သံတွေကြောင့်ပင်ဖြစ်သည်။ ညကလို တစ်တီတူးငှက်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com

ငယ်သံပါအောင် အော်ဟစ်ဝဲပျံနေတာကို စိတ်ပျက်ဖွယ် မြင်တွေ့လိုက်ရသည်။

ကျွန်တော်တို့ကားနှင့် ကိုက်(၅၀) ခန့်အကွာ ကျောက်ကုန်းပေါ်မှာ မီးခိုးတလူလူမီးတောက်များနှင့် ကျွန်တော့် အလုပ်သမားဝင်းနိုင်ကို မြင်တွေ့လိုက်ရသည်။

တစ်တီတူးငှက်တစ်ကောင်က ရင်ကွဲမတတ်အော်ဟစ်၍ မီးတောက်တွေကို တောင်ပံနှင့်လိုက်ရိုက်နေသည်။ တစ်တီတူးငှက်မှာ တောင်ပံတွင်မက သူ့တစ်ကိုယ်လုံးရှိ အမွေးတွေကိုပါ မီးစွဲလောင်နေသော်လည်း အလေးမထားဘဲ မီးတောက်တွေကို မရပ်မနားအော်ဟစ်ရင်း ရိုက်ပုတ်ငြိမ်းသက်နေလေသည်။

ထိုငှက်အော်သံကြောင့် ကျန်ငှက်တွေကလည်း ငယ်သံပါအောင်အော်ဟစ်ရင်း ဝင်းနိုင်ကို ထိုးဆိတ်ဖို့ကြိုးစားနေသည်ကို မြင်တွေ့ရသည်။ အပေါ်မှ ထိုးဆင်းလာသောငှက်တွေကို ဝင်းနိုင်က တုတ်တစ်ချောင်းနှင့် ဆီးရိုက်မောင်းထုတ်ရင်း မီးပုံကို တောင်ပံနှင့်ရိုက်ငြိမ်းနေသောငှက်ကိုကြည့်၊ လက်ခုပ်လက်ဝါးတီးကာ အားပါးတရရယ်မောရင်းက-

"ဟေးကောင်တွေလာကွ၊ ဒီမှာလာကြည့်ကြစမ်း။ သူ့အသိုက်က သူ့ဥတွေကိုမီးလောင်မှာစိုးလို့ ငှက်ပဏ္ဍာမီးလှူနေတယ်ဟေ့။ လာကြည့်ကြ လာကြည့်ကြ"

ဟု ဝင်းနိုင်ခေါ်သံကြောင့် ကားပေါ်အိပ်ပျော်နေကြသောကောင်လေးတွေ နိုးလာကြပြီး အပြေးအလွှားဆင်းကြည့်ကြသည်။

ကျွန်တော်ကတော့ မြင်နေရတဲ့ မြင်ကွင်းကို စိတ်မသက်သာစွာဖြင့် ကြည့်နေမိသည်။ ဝင်းနိုင်ပြောစကားအရ သူ့အသိုက်မီးလောင်မှာစိုးလို့ အကြောက်အလန့်မရှိ သားသမီးဇောနှင့် သူ့ကိုမီးလောင်နေတာကိုပင် ဂရုမစိုက်ဘဲ တောင်ပံနှင့်ရိုက်ငြိမ်းနေသော တစ်တီတူးငှက်မခမျာ သူ့တစ်ကိုယ်လုံး လည်းမည်းနေပြီဖြစ်သည်။

လုပ်သားကောင်ကလေးတွေကလည်း ငှက်မ၏ အဓိပ္ပာယ်မဲ့လုပ်နေတာကို တအံ့တဩဝိုင်းကြည့်နေကြသည်။ အပေါ်မှာ ဝဲပျံနေတဲ့ငှက်အုပ်က စားခမန်းဝါးခမန်းဝဲပျံရင်း အော်ဟစ်လို့။

အမွေးအတောင်မရှိတော့သည့် ငှက်မမှာ ဒယီးဒယိုင်နှင့် မီးပုံထဲပြေးဝင်၊ အမွေးအတောင်မရှိတော့တဲ့တောင်ပံနှင့် ရိုက်ငြိမ်းလိုက်၊ မီးပုံထဲကအပြေးပြန်ထွက်လာလိုက်နှင့် နောက်ဆုံးတော့ ခွေလဲကျကာ သေဆုံးသွားလေသည်။

တဒင်္ဂအချိန်လေးအတွင်းမြင်တွေ့လိုက်ရသည့် စိတ်မကောင်းစရာအဖြစ်အပျက်က အံ့ဩမယုံနိုင်စရာပါ။အတွေးများနှင့် ကျွန်တော်သွားကြည့်လိုက်သည်။ မန်ကျည်းစေ့ခန့်ကျောက်ခဲလေးတွေ မြေပေါ်တွင် ပတ်လည်ကာရံထားပြီး အတွင်းမှာ ဥ (၃) လုံးတွေ့ရသည်။ သူ့ဥတွေမီးလောင်မှာစိုးလို့ အသက်နှင့်လဲကာကွယ်ရှာသည်။

တိရစ္ဆာန်ပင်ဖြစ်လင့်ကစား မိခင်၏မေတ္တာတရားကြီးမားလေစွဟုတွေးရင်း လူတွေက သူတို့ကို အမင်္ဂလာငှက်ဟု ရွံ့မုန်းနေကြသော်လည်း သူတို့ဘာသာ သဘာဝထားရှိသော ချစ်ခြင်းမေတ္တာတရားကို အသက်နှင့်လဲ၍ ကာကွယ်ပြလိုက်တာလက်တွေ့မြင်တွေ့လိုက်ရတော့ မလေးစား မချီးကျူးဘဲ ကျွန်တော် တကယ်မနေနိုင်ပါ။

အပေါ်မှ ဝဲပျံအော်ဟစ်နေကြသောငှက်တွေလည်း အဝေးကိုအော်ဟစ်ပျံသန်းပျောက်ကွယ်သွားကြသည်မို့ တိတ်ဆိတ်လို့သွားသလို လူသားတွေဖြစ်တဲ့ကျွန်တော်တို့အားလုံးသည်လည်း ဝင်းနိုင်မှလွဲ၍ အတွေးကိုယ်စီနှင့် စကားမပြောမိကြ။

တည်ည်တစီစီ နားမချမ်းသာစရာ တစ်ညလုံးအော်ဟစ်နေကြတာကလည်း သူတို့အသိုက်ရန်ရှာမှာစိုး၍ အော်ကြဟန်တူသည်။ ညကတော့ ကျွန်တော်တို့တစ်ဖွဲ့လုံး တကယ့်ကိုဒေါသဖြစ်ကြသည်။ ရွံမုန်းကြီးစွာဖြစ်ရသည်။ သို့သော် ငှက်တွေ၏ချစ်ခြင်းမေတ္တာကို လက်တွေ့မြင်ရပြန်တော့ သနားစိတ်က အလိုလိုခိုဝင်လို့နေလေသည်။

❑

ကျွန်တော့်နားကိုပင် ကျွန်တော်မယုံချင်ပါ။ ကြားလိုက်ရသည့်သတင်းက ဝင်းနိုင်တစ်ယောက် တစ်ကိုယ်လုံးနီးပါး မီးလောင်ခံရလို့ အမြန်လိုက်လာခဲ့ရန် လုပ်သားကောင်လေးနှစ်ယောက် ကျွန်တော့်ကို အပြေးလာခေါ်သည်။

အဝယ်စခန်းအသစ်ဆောက်လုပ်ရာ ကျွန်တော်ကိုယ်တိုင်ကြီးကြပ်၍ လုပ်သားများနှင့်ဆောက်လုပ်နေရာကို စခန်းမှာပင် ညအိပ်နေစဉ် ည(၁၂)နာရီမှာ အခေါ်ရောက်လာခြင်းဖြစ်သည်။ဝင်းနိုင်နှင့်အတူ လုပ်သားကောင်လေး (၃) ယောက် ထိုစခန်းတွင် စခန်းစောင့်ရင်း လုပ်စရာရှိတာတွေလုပ်ကိုင်ရန်ထားခဲ့ခြင်းဖြစ်သည်။

စခန်းတစ်ခုနှင့်တစ်ခုက (၅)မိုင်ခန့်ဝေးလေသည်။ တစ်ကိုယ်လုံးနီးပါး မီးလောင်ခံရသည်ဆိုတော့ အရေးကြီးသည်မို့ ဘာကြောင့်လောင်တာလဲ မေးချိန်မရ။ ကားသမား အမြန်အိပ်ရာကနိုး၊ ထိုစခန်းကို ကားမောင်းတက်လာခဲ့သည်။

မီးလောင်ခံထားရသည့်ဝင်းနိုင်ကို ငှက်ပျောရွက်များဖြင့်ပတ်ပေးထားသည်ကို တွေ့ရသည်။ မီးလောင်တာကို ရွာကမြင်တော့ လူတွေပြေးလာကာ မီးငြိမ်းပေးလို့ မီးငြိမ်းသွားခဲ့သည်။ မီးငြိမ်းပြီးပြီးချင်း ကောင်လေးတွေလည်း ကျွန်တော့်ထံ အပြေးလာခေါ်ခြင်းဖြစ်သည်ဟုပြောပြကြသည်။

ဝင်းနိုင် မီးလောင်ခံရခြင်းမှာ စတ်ခန်းအတွင်းဖြစ်သည်။ သက်ကယ်မိုးထရံကာထားသည့်အဆောင်ဖြစ်တော့ စက်ခန်းတစ်ခုလုံး မီးလောင်ကျွမ်းထားသည်ကိုတွေ့ရသည်။ အခြားအဆောင်တွေကိုတော့ မီးမကူးခဲ့။

ဝင်းနိုင်၏ မီးလောင်ဒဏ်ရာမှာ တစ်ကိုယ်လုံးနီးပါးလောင်ထားတာဆိုတော့ စောင်ပုခက်လုပ်၍ ကားပေါ်တင် ဆေးရုံပို့ရသည်။

ခန္ဓာကိုယ်တွင် သုံးပုံတစ်ပုံမီးလောင်တာ။ ရေခန္ဓးပူလောင်တာထင် လျှင် အသက်အန္တရာယ်စိုးရိမ်ရကြောင်းကို ကျွန်တော် ကျန်းမာရေးသင်တန်းတက်စဉ်က သင်ကြားခဲ့ရဖူးသည်။

ဝင်းနိုင်ကို ဆေးရုံမှ ဆရာ၊ဆရာမတွေကလည်း အထူးပင်ဂရုတစိုက် ကုသပေးကြသည်။ မီးလောင်ဒဏ်ရာတွေကြောင့် ဝင်းနိုင်မှာ သတိမရတစ်ချက်ရတစ်ချက်ဖြစ်နေသည်။ မီးလောင်ဒဏ်ရာတွေရဲ့နာကျင်မှုကြောင့် အော်ဟစ်ငိုညည်းနေသံတွေမှာ ကြားရတိုင်း စိတ်မကောင်းကြ။ သူ့အဖြစ်ကို မကြည့်ရက်နိုင်ကြ။

ဆေးရုံရောက်ပြီး (၅)ရက်မြောက်နေ့တွင် ဝင်းနိုင်တစ်ယောက် သေဆုံးသွားလေသည်။ ကျွန်တော်တို့အားလုံး စိတ်မကောင်းဖြစ်နေကြရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ပါ။

ဝင်းနိုင် သတိလည်စဉ်တ လောင်ခံရတာနှင့်ပတ်သက်ပြီး တာတွေကို သတိရနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

# သင့်ဆီမှာ ကျိုးပေါင်းရှိသလား အားမငယ်နဲ့ ဆေးရှိတယ်

ကျိုးပေါင်းဆိုတာ အလွန်အံ့ဩစရာကောင်းတဲ့ရောဂါတစ်မျိုးဖြစ်ပါတယ်။ သစ်ပင်ကိုခုတ်လိုက်တဲ့အခါ ခုတ်လိုက်တဲ့နေရာမှာ သစ်ပင်ရဲ့အစေးများလာရောက် အဖူးတက်သလို လူ့ခန္ဓာကိုယ်ရှိအရိုးများဟာ အကြောင်းတစ်ခုခုကြောင့် ချို့ယွင်းချက်ရှိနေပါက အဖူး (ကျိုးပေါင်း) များ လာရောက်တက်တတ်ပါတယ်။

ယနေ့ မြန်မာပြည်ရှိ လူများတွင် ကျိုးပေါင်းတက်ရောဂါဟာ တစ်ခေတ်ဆန်းခဲ့ပါတယ်။ ကျိုးပေါင်းဘာကြောင့်ဖြစ်ရသလဲ။ အမှန်တော့ လူတွေရဲ့ အစားအသောက်တွေကြောင့်ဖြစ်လာရတဲ့ရောဂါတစ်မျိုးလို့ပြောရင်ရမယ်ထင်ပါတယ်။ စစ်မှန်တဲ့အစားအသောက်မရှိတော့ဘူး။ အတုပစ္စည်းတွေနဲ့စခန်းသွားနေရတော့ လူ့ခန္ဓာကိုယ်မှာရှိတဲ့အရိုးတွေဟာ ဖောက်ပြန်ချင်တိုင်းဖောက်ပြန်နေပြီပေါ့။ ချို့ယွင်းချက်ရှိနေတဲ့ အရိုးနေရာတွေမှာ အရိုးမဟုတ်တဲ့ကျိုးပေါင်းတွေက လာရောက် ခိုနားကုန်ကြတယ်။

စာရေးသူကိုယ်တိုင် ခါးကခဏခဏနာနေလို့ မန္တလေးအထူးကုဆေးခန်းကိုသွားခဲ့ရပါတယ်။ ဓာတ်မှန်၊ အတ်ထရာဆောင်းရိုက်ကြည့်လိုက်မှ အဖြေရပါတယ်။ အဲဒါကတော့ ခါးရိုးမှာကျိုးပေါင်းတက်နေတာတဲ့။ ဒါကြောင့် ဆရာဝန်ကြီးကသောက်ဖို့ဆေးပေးလိုက်ပါတယ်။ ဒါပေမယ့် ဆေးသာကုန်သွားတယ်။ ခါးကတော့ နာဆဲပါပဲ။ နောက်တစ်ကြိမ်လောက်ဝယ်သောက်ပါတယ်။ ဒါပေမယ့် ဘာမှဖြစ်မလာပါဘူး။

(မှတ်ချက် - ခန္ဓာကိုယ်အရိုးတစ်နေရာရာတွင် နာကျင်ကိုက်ခဲခြင်းဖြစ်နေပါက ဓာတ်မှန်သော် လည်းကောင်း၊ အတ်ထရာဆောင်းသော် လည်းကောင်း ရိုက်ကြည့်ကြပါ။ အဲဒါမှ ဘယ်နေရာကျိုးပေါင်းတက်နေတယ်ဆိုတာ သိရမှာဖြစ်ပါတယ်။)

စာရေးသူ ခါးနာမပျောက်တဲ့အတွက် စိတ်ဓာတ်ကျနေတုန်းအချိန်မှာပဲ ဦးမြင့်ဖေ (စခန်းမှူး-ငြိမ်း) ရောက်လာပါတယ်။ သူက မန္တလေးမှာနေပါတယ်။

"ခင်ဗျားခါးဟာ ကျိုးပေါင်းတက်တာမှန်ရင်တော့ ကုလို့လွယ်ပါတယ်ဗျာ"

"ဘယ်လိုလုပ်မရမလဲဆိုတာပြောစမ်းပါဦး"

စာရေးသူက အငမ်းမရမေးလိုက်ပါတယ်။

"ဒီမှာ ကိုထွန်းယဉ်၊ ကြက်သဟင်း (ဒန့်သလွန်) မြစ်ကို တူးပါ။ နောက်ပြီး မယ်ဇလီမြစ်ကိုတူးပါ။ ရရင်နှစ်မျိုးလုံးကို ရေစင်အောင်ဆေးပြီး ကျောက်ပျဉ်မှာသွေးပါ။ နှစ်မျိုးလုံးသွေးလို့ရရင်ရောပြီး ကျိုးပေါင်းရှိတဲ့နေရာကို လိမ်းပေးပါ။ ကျိုးပေါင်းရှိတဲ့နေရာဟာ စပ်ဖျဉ်းဖျဉ်းနဲ့ ဖြစ်လာပါလိမ့်မယ်။ မကြာခင်မှာပဲ စပ်ဖျဉ်းဖျဉ်းဟာ ပျောက်သွားပါလိမ့်မယ်။ တစ်နေ့ (၃) ကြိမ်လိမ်းပေးပါ။ ကျိုးပေါင်းလည်းပျောက်သွားပါလိမ့်မယ်။ ခင်ဗျားမယုံရင် ဇန်းမော် လက်ပန်တန်းရပ်က ဒေါ်သိန်းသိန်းရီကို မေးကြည့်ပါ။ သူဖြစ်နေတဲ့ကျိုးပေါင်းပျောက်သွားပြီ"

စာရေးသူလည်း သူငယ်ချင်းကိုမြင့်ဖေပြောသွားတဲ့ ဆေးမြီးတိုအား လုပ်စမ်းကြည့်ပါတယ်။(၁၅)ရက်အတွင်းမှာပဲ စာရေးသူခါးဟာ အကောင်းပကတိဖြစ်သွားလို့ ကျိုးပေါင်းတက်နေသူများကို လက်ဆင့်ကမ်းဖောက်သည်ချလိုက်ပါတယ်။

ဇန်းမော်ညိုသူ

"မီးစက်ဓာတ်ဆီတိုင်ကီပေါက်နေတော့ စက်အပေါ်ကထုပ်တန်းမှာ ဆီပုံးကို ကြိုးနဲ့တန်းလန်းဆွဲချည်ပြီး ပိုက်နဲ့စက်ထဲ ဒါရိုက်ဂျိုင်းထားတာ။

မီးစက်ကအသံမမှန်တာနဲ့ မှုမှုနဲ့ ကျွန်တော်လည်း စက်သွားကိုင်တော့ စက်ကရပ်သွားတယ်။ စခန်းမှာ ဘယ်သူမှလည်းမရှိဘူး။ ဟိုကောင်တွေကလည်း ရွာထဲသွားနေကြတယ်။ မီးစက်ပြန်နှိုးတော့ အပေါ်မှာချိတ်ထားတဲ့ဆီပုံးက ခေါင်းနဲ့မလွတ်ဘူး။ ကျွန်တော် အဲ့ဒါမေ့ပြီး အားနဲ့စက်နှိုးလိုက်တော့ ဆီပုံးကို ခေါင်းနဲ့တိုက်မိတယ်။ ခေါင်းနဲ့တိုက်မိတော့ ဆီပုံးစောင်းသွားပြီးတော့ ဆီပုံးအဖိတ်က အသေပိတ်ထားတာမဟုတ်တော့ ဆီပုံးကဖွင့်ပြီး ကျွန်တော့်ကိုယ်ပေါ် ဓာတ်ဆီတွေလောင်းချလိုက်သလိုဖြစ်သွားတယ်။

မှောင်ကလည်းမှောင်နေ ဘာမှလည်းမမြင်ရတော့ အိတ်ထဲက မီးခြစ်ထုတ်၊ မေ့ပြီးခြစ်လိုက်မိတာ ကိုယ့်ဟာကိုယ်မီးရှို့သလိုဖြစ်သွားတာ"

ပြောပြခဲ့သည်များကို ကျွန်တော် ပြေးသတိရမိသည်။ ဝင်းနိုင်တစ်ယောက် မီးလောင်ခံရသောဒဏ်ရာတွေကိုမချိမဆံ့ ခံစား၍ ကယ်ပါယူပါတစာစာအော်ဟစ်အကူအညီတောင်းရင်း သေဆုံးသွားခဲ့ရသည်။

တကယ်ဆိုလျှင် ဝင်းနိုင်အနေနဲ့ အရက်သောက်မထားဘူးဆိုရင် ဓာတ်ဆီတွေ သူ့ကိုယ်မှာရွှဲစိုနေတာကို မီးခြစ်လျှင် မီးလောင်မည်ဆိုသည်ကို သူစဉ်းစားသိနိုင်လောက်သည်။ ယခုတော့ ဘာမဟုတ်တဲ့အရက်ကြောင့် လုပ်သင့်မလုပ်သင့် သူမစဉ်းစားနိုင်ခဲ့။ ဝင်းနိုင်ဟာ ဉာဏ်ရည်မမီသူ၊ လူညံ့တစ်ယောက်မဟုတ်တာ ကျွန်တော်သိသည်။ အရက်ကြောင့် လွယ်လွယ်နှင့် သူ့အသက်ကို စတေးလိုက်ရပြီ။


ဝင်းနိုင်အကြောင်းကို ကျွန်တော်စိတ်မကောင်းစွာ တွေးနေမိသည်။ ကျွန်တော်တို့တောင်ပေါ်ကို ကားတက်လာခဲ့စဉ်အခါက ကားပျက်တော့ တစ်တီတူးငှက်သိုက်ကိုမီးရှို့ရာ ငှက်မခများ သူ့ဥတွေ မီးလောင်မှာစိုးလို့ တောင်ပံနှင့်ရိုက်ကာရိုက်ကာဖြင့် နောက်ဆုံး မီးပုံထဲမှာ မချိမဆံ့ အသက်ပျောက်သွားရှာသော တစ်တီတူးငှက်မ၏ စိတ်မကောင်းဖွယ်မြင်ကွင်းကလည်း ကျွန်တော့်အတွေးရိပ်မှာ တစ်ခုပြီးတစ်ခုဝင်ရောက်လို့လာနေသည်။

တကယ်တော့ ယခုပစ္စုပ္ပန်ကာလဘဝမှာပင် တစ်ဖန်ဝဋ်ကြွေးကို ဝင်းနိုင်တစ်ယောက် ပေးဆပ်ရပါသည်ဟုဆိုလျှင်. . .။

(ဤအဖြစ်အပျက်သည် လွန်ခဲ့သော (၁၈)နှစ်ခန့်က အမှန်တကယ်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်အဖြစ်အပျက်ကိုရေးသား တင်ပြထားခြင်းဖြစ်ပါသည်)

အေးချမ်းအောင် (ရေညှိသင်း)

www.burmeseclassic.com



# ရှစ်ခွင်ကျော်-ဖောင်တော်သီ

## ခြံစောင့်သရဲ

ကျွန်တော့်အိမ်နောက်ဘက်ချောင်းဝိုင်းလေးချောင်းကမ်းစပ်ခနီတောထဲမှာ ပုပ်ပွပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ အမျိုးသားအလောင်း မနေ့ညနေက ရေအကျမှာ တင်ကျန်နေတာတွေ့ရှိရပါတယ်။ အိပ်မက်အရ မသက်သာလို့ ခြံတွင်းလိုက်စစ်ရင်းမြင်တွေ့ခြင်းပါ။

မနက်လေးနာရီခန့်လောက်တုန်းက ကျွန်တော် အိပ်မက်မက်ပါတယ်။ ကျွန်တော့်အိမ်ရှေ့ လှေကားရင်းကနေ အိမ်ရှင်တို့လို့ သုံး၊ လေးကြိမ်အသံပြုလို့ ထွက်ကြည့်စဉ်မှာ အရပ်မြင့်မြင့် အသားမည်းမည်းဗလကောင်းကောင်းအမျိုးသားတစ်ယောက် ခပ်နွမ်းနွမ်းရေစိုအဝတ်အစားတွေနဲ့ ကျွန်တော့်ကိုကြည့်ပြီး -

"နေစရာမရှိလို့နေခွင့်ပြုပါ။ ဗိုက်သိပ်ဆာနေလို့သားစိမ်းငါးစိမ်းကျွေးပါ"

သနားခံတဲ့မျက်နှာနဲ့ တောင်းဆိုပါတယ်။ သားစိမ်းငါးစိမ်းဆိုကတည်းက လူသားစင်စစ်မဖြစ်နိုင်ပါ။ ကျွန်တော်နဲ့ ရင်းနှီးကျွမ်းဝင်ခြင်းမရှိတဲ့လူစိမ်းပါ။ ဒီလိုသုံးသပ်ပြီး မနက်ပိုင်းမှာ ခြံဝင်းအတွင်းလိုက်စစ်ဆေးရင်း မြင်တွေ့ခြင်း ဖြစ်ပါတယ်။

ကျစပြုနေပြီဖြစ်တဲ့ ချောင်းဝိုင်းလေးချောင်းထဲ အလောင်းကောင်ကြီး ဝါးလုံးရှည်နဲ့ထိုးကလော်ပြီး ရေစီးနဲ့မျှောချပြီးနောက်ပိုင်း ကျွန်တော့်ခေါင်းထဲမှာ အလုပ်ရှုပ်ခံမထားဘဲ တိုက်ဆိုက်မှုလို့ပဲ သဘောထားလိုက်ပါတယ်၊

နောက်တစ်နေ့မနက် လေးနာရီလောက်မှ ကျွန်တော့်တစ်အိမ်သားလုံး လူသေကောင်အပုပ်နံ့ရလို့ ထကြည့်လို့လည်းမဖြစ်၊ အိပ်လို့လည်းမပျော်ဘဲနိုးတစ်ဝက်ဖြစ်နေစဉ်မှာ ထပ်တူကျတဲ့ အိပ်မက်ထပ်မက်ပါတယ်။

"နေစရာမရှိလို့ နေခွင့်ပေးပါ။ ဗိုက်ဆာလို့ အသားစိမ်းငါးစိမ်းလေးကျွေးပါ။ ကျွန်တော့်အတွက် ကောင်းမှုကုသိုလ်လုပ်ပြီးအမျှဝေပေးပါ"

ကုသိုလ်လုပ်ပေးဖို့တစ်ဆင့်တက်လာပါတယ်။ ကျွန်တော်ဟာ အနိုပ်သည်ပါ။ ညောင်းညာကိုက်ခဲလို့ခေါ်တဲ့လူရှိမှ ထမင်းနပ်မှန်အောင်စားရသူပါ။ ငွေပိုငွေလျှံမရှိလို့ ကိုယ့်အတွက်တောင် ကုသိုလ်ဒါနမလုပ်နိုင်ပါဘူး။ ကျွန်တော် ဒီလိုတွေးရင်း မှိုင်းလင်းခဲ့ပါတယ်။

❑

"အမဲသား အမဲသား လတ်ဆတ်တယ်နော်"

"လာဦးဟေ့"

စိတ်ထဲကမပါဘဲ ကျွန်တော့်ပါးစပ်က လွှတ်ခနဲအော်ခေါ် လိုက်ခြင်းပါ။ မထူးတော့ပြီဖြစ်လို့ အမဲသားတစ်ပိဿာတွဲတစ်တွဲဝယ်ပြီး နောက်ဖေးခနီတောမှာချိတ်ပေးဖို့အသွား မနေ့ကနေရာမှာပဲ အလောင်းကောင်ကြီး ရေအကျမှာတင်ကျန်နေပါတယ်။ ဒီအလောင်းကြီး ရေထဲဝါးလုံးရှည်နဲ့ထိုးမျှောဖို့ဟာ တစ်နေကုန်ရေပြန်တက်ချိန် ကိုစောင့်ရဦးမှာဖြစ်လို့ အလောင်းကောင်ကြီးရဲ့အနီး ခနီပင်မှာ နှီးနဲ့ကပ်ချည်ပြီး -

"ငါလည်းချမ်းသာတဲ့ကောင်မဟုတ်လို့ မင်းအတွက်မလှူနိုင်ဘူးကွာ။ ဒါပေမယ့် မင်းစားချင်တဲ့ သားငါးစိမ်းဖြစ်တဲ့ အမဲသားတစ်ပိဿာတော့ ငါကျွေးပါတယ်။ စားပြီးသောက်ပြီး လွှတ်ရာကျွတ်ရာကိုသာသွားပါကွာ။ ငါ့မြင်းနေဖို့ခွင့်မပြုတာလည်း သည်းခံပါကွာ"

ကျွန်တော်ဟာ လူသားချင်းရင်ဆိုင်စကားပြောရသလိုမျိုး အသံအေးနှုတ်ထွက်စကားနဲ့ပြောပါတယ်။

ညနေမိုးချုပ်စမှာ ဝါးလုံးရှည်တစ်ချောင်းနဲ့ အလောင်းကောင်ကြီးထိုးကလော် ရေထဲမျှောဖို့အသွား အဆင်း



www.burmeseclassic.com

www.burmeseclassic.com



တကြယ်ပါပဲ အလောင်းကောင်ကြီးရေ တက်နဲ့မျောပါသွားပါပြီ။ ပိုဆန်းတာက အမြင့်ဆုံးရေတက်တဲ့အမှတ်အသားရဲ့ တစ်တောင်အကွာက ခနိုပင်မှာနှီးနဲ့ကပ်ချည်ထားတဲ့အမဲသားတွဲပါမရှိတော့တာပဲဖြစ်ပါတယ်။

ကမ်းစပ်နွံနုန်းမြေကို စစ်ဆေးကြည့်ပါတယ်။ လူ၊ တိရစ္ဆာန်ခြေရာအဆင်းရော အတက်ပါ ရှာမတွေ့ဘဲ အမဲသားတွဲပျောက်ဆုံးနေတာကတော့ ကျွန်တော့်ကိုလှည့်စားသလိုပါပဲ။

ကျွန်တော် ဒီဖြစ်စဉ်ကို မေ့မေ့ပျောက်ပျောက်ပဲထားပါတယ်။ ဒီလိုပါပဲ လှိုင်မြစ်ထဲစီးဝင်တဲ့ချောင်းမှာ လူသေ၊ တိရစ္ဆာန်အသေကောင်တွေ မကြာခဏဆိုသလို မျောပါလာတာ မြင်ဖူးနေလို့ အပြင် ရိုးပြီးမေ့ပျောက်လိုက်ခြင်းပါ။

❑

မြန်မာနှစ် ၁၃၇၆ ခုနှစ်၊ တန်ခောင်မုန်းလပြည့်နေ့ လပြည့်ကျော်တစ်ရက် နေ့ညနေဘက်တွေမှာ ကျွန်တော့်ကို ကိုယ့်ဟာကိုယ်ခန့်တဲ့ မြင့်ဟန် ဂျပိုးသူခိုးကာလသားခေါင်း လာတွေ့ပါတယ်၊ ကိစ္စကတော့ သူတို့ကာလကသားတွေ အပျော်သဘောနဲ့ ညလယ်စာ အုန်းထမင်းနဲ့ ကြက်သားကာလသားချက်ချက်စားချင်လို့ ကြက်တစ်ကောင်နဲ့ အုန်းသီးတစ်လုံးလာတောင်းတာပါ။

ကျွန်တော်အဆိပ်ပင်ရေမလောင်းပါဘူး။ ရပ်ကျိုးရွာကျိုးသာရေးနာရေးကိစ္စမဟုတ်ဘဲ တစ်ရပ်ကွက်လုံး ဒုက္ခပေးတော့မယ်ဆိုတာ ကြိုသိနေလို့ပါပဲ။ နှစ်စဉ် ဒီလိုညတွေမှာ သန်းခေါင်သန်းလွဲ အရက်လေးပါကဲပြီး ညလယ်စာစားသောက်ပြီးပြီဆို ကိုယ့်ဟာကိုယ်ခန့်တဲ့ ကာလသားခေါင်း မြင့်ဟန်တို့အဖွဲ့ သောင်းကျန်းပါပြီ။

ဒီအိမ်ရှေ့ကပစ္စည်း ဟိုအိမ်ရှေ့ပြောင်း၊ ဟိုအိမ်ရှေ့ကပစ္စည်း ဒီဘက်အိမ်ရှေ့ပြောင်း၊ အရက်ဆိုင်ဆိုင်းဘုတ် ဓမ္မာရုံမှာ ပြောင်းချိတ်၊ ဆွမ်းခံဇရပ်သွပ်ထရံတွေနဲ့ကာပြီး တည်းခိုခန်းလို့ရေးလို့ ရေး၊ ဝါးခနိုဆိုင်နှစ်ဆိုင်က ဆိုင်းဘုတ်ကို ဟိုဘက်ဒီဘက်ပြောင်းချိတ်၊ မနက်မိုးလင်းလို့ကြည့်လိုက်ရင် တစ်ရပ်ကွက်လုံးပြောင်းဆန်အောင် ဒုက္ခပေးထားတဲ့ အနိဋ္ဌာရုံမြင်တွေ့ရတော့တာပါပဲ၊

ကျွန်တော့်မှာ အိမ်မွေးကြက် အရွယ်ကောင်း (၅၀) ကျပ်သားကျော် အကောင်(၅၀)ကျော်ရှိပါတယ်။ ကျွန်တော့် အိမ်ရှေ့ခြံဝမှာ ပွတ်ခဲနေအောင်သီးတဲ့ အုန်းပင်ပုံတစ်ပင်ရှိပါတယ်။တစ်ရပ်ကွက်လုံးမှ တစ်ပင်တည်းရှိတာပါ။ ကြက်တစ်ကောင် အုန်းသီးတစ်လုံးပေးလိုက်ရလို့ ကျွန်တော့်အကျိုးစီးပွားမထိခိုက်ပါဘူး၊ ဘယ်သူ့အကျိုးစီးပွားမှမဟုတ်ဘဲ တစ်ရပ်ကွက်လုံးဒုက္ခပေးကြမှာဖြစ်လို့ ဘာမှမပေးတာပါ။

တောင်းမရရင် ခိုးမယ်ဆိုတာကြို တွက်ပြီးသားပါ။ ဒါကြောင့် မိသားစုကို နိုးနိုးကြားကြားအိပ်ကြဖို့၊ သတိဝီရိယရှိကြဖို့မှာကြားရင်း ညနက်အောင်စောင့်ပြီး အိပ်ရာဝင်တဲ့အခါ ကျွန်တော်တိုယ်တိုင်က နှစ်မြိုက်စွာ အိပ်ပျော်သွားပါတယ်။

မနက်အိပ်ရာထ နောက်ဖေးသို့

www.burmeseclassic.com



# မောင်သန်းဒွေ (တင်ဆက်)

## မြန်မာဘုရင်များလက်ထက် သတ်မှတ်တော်မူခဲ့သော နတ်တို့အပိုင်စား ရှေးကြီးသတ်နယ်များနှင့် အဓိကနတ်ပွဲများ

၁။ ဇန့်ကိုတိုက်နယ် ချင်းတွင်းမြစ်တစ်ဖက်ကမ်းမှစ၍ ယော၊ ဆော၊ ဝန့်ဂေါ၊ ထီးလင်း၊ ပေါက်၊ မြိုင်၊ ပအိုင်း၊ စေတုတ္တရာ၊ လောင်းရှည်အထိ ဇန့်ကိုတိုက်နယ် ရေယဉ်ကတော် နတ်မိဖုရားကြီးအား ဖောင်စကြာသခင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးက အပိုင်စားပေးအပ်တော်မူခဲ့သည်။ နှစ်စဉ် ထာဝရ တပေါင်းလဆုတ် ၁ ရက်နေ့မှစ၍ ၇ရက်နေ့အထိ ပူဇော်ကန်တော့ပွဲပြုလုပ်ရသည်။

၂။ မုံရွာ၊ တန်ခူးလဆုတ် ၇ ရက်နေ့မှစ၍ လပြည့်နေ့အထိ မုံရွာမြို့ မအူရွာတွင် ပခန်းမင်းကျော်စွာ ထန်းရည်သောက်ပွဲ။

၃။ ရေစကြို၊ နယုန်လဆန်း ၁၀ရက်နေ့မှစ၍ လဆုတ် ၁၀ ရက်နေ့အထိ ပခန်းမင်းကျော်စွာသက်တော်ပျောက်ရာဒေသ ရေစကြိုတွင် ရေစကြိုပွဲ။

၄။ ပခန်းကြီး၊ တပေါင်းလဆန်း ၃ ရက်နေ့မှစ၍ လပြည့်နေ့အထိ ပခန်းကြီးမြို့အရှေ့ဘက်ထန်းတော၊ ကူနီရွာတွင် မင်းကျော်စွာကန်တော့ခံပွဲ။ (ပုဂံမှစ၍ အထက်ပိုင်း မြင်းခြံ၊ ပခုက္ကူ၊ မုံရွာနယ်များပါမကျန် လာရောက် ကန်တော့ရပါသည်)

၅။ ပခန်း၊ တပို့တွဲလပြည့်နေ့တွင် ပခန်းမင်းမြေဆင်းပွဲရှိရာဆိုင်ရာတို့ ကူနီနန်းတွင် ပြုလုပ်ကြရပါသည်။ ပုဂံအထက်ပိုင်း ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်အပိုင်စားပေးအပ်တော်မူသော နတ်နယ်မြေများမှ လာရောက်ကြရသည်။

၆။ မတ္တရာ၊ သပြေတန်းခံတပ်အင်းဝတံတားထိပ်မှစတင်၍ မတ္တရာနယ်

---

မျက်နှာသစ်သွားတိုက်တောင်မလုပ်တော့ဘဲ ခြံတစ်ပတ်လှည့်စစ်ပါတယ်။ အုန်းပင်ပေါ်က နိုင်လွန်ကြိုးတစ်ချောင်းတွဲလောင်းကြီးကျနေပေမယ့် အုန်းသီးတစ်လုံးမှ လျော့နည်းခြင်းမရှိသလို အိမ်ဘေးကြက်ခြံတံခါးပွင့်နေလို့ ခြံဝင်းထဲအစာရှာစားနေတဲ့ ကြက်အုပ်ကို ဆန်ပက်ကျွေးပြီး စစ်ကြည့်တော့လည်း ကြက်တစ်ကောင်မှလျော့နည်းခြင်းမရှိပါဘူး။ ဒါပေမယ့် အုန်းပင်ပေါ်ကကျတဲ့နိုင်လွန်ကြိုးနဲ့ ကြက်ခြံတံခါးပွင့်ပြီး ကြက်တစ်ကောင်မှမပျောက်တာကတော့ ပဟေဠိဆန်ပါတယ်။

ပဟေဠိရဲ့အဖြေကို သိဖို့လိုအပ်ပါလာပါပြီ။

❑

မြင့်ဟန်တို့အုပ်စုလက်ချက်ပဲဆိုတာကို အထူးပြောစရာမလိုပေမယ့် ဘာကြောင့် အုန်းသီးတစ်လုံး၊ ကြက်တစ်ကောင်မခိုးရတာလဲသိလိုစိတ်နဲ့ ရပ်ကွက်ထဲခြေဆန့်ပါတယ်။ ဘာသဲလွန်စဘာသတင်းမှမရဘဲ အိမ်ပြန်လာစဉ်မှာ သတင်းစုံပြောပြဖို့ မြင့်ဟန်ကိုယ်တိုင် အိမ်ပေါ်က စောင့်နေပါတယ်။

"ဘာကိစ္စလဲကွ မြင့်ဟန်"

မျက်နှာမြင်ကတည်းက စိတ်တိုပြီး ခပ်ပြတ်ပြတ်ပဲမေးပါတယ်။

"ဦးလေးကိုတောင်းပန်ချင်လို့ပါ"

"တောင်းပန်ရအောင် မင်းငါ့အပေါ် ဘယ်လိုအပြစ်တွေကျူးလွန်ထားလို့လဲ"

ကျွန်တော့်လေသံက မာပေမယ့် မြင့်ဟန်ညိုးနွမ်းတဲ့မျက်နှာနဲ့ လေသံပျော့လေးနဲ့ပဲ ကျွန်တော့်ကို တရိုတသေ ဆက်ဆံပါတယ်။

"ဦးလေးမဟုတ်ပေမယ့် ဦးလေးကောင်ကြီးကလုပ်လွှတ်လို့ ကြောက်လန့်ပြီး အုန်းပင်ပေါ်ကလျှောကျပြီးရင်ဘတ်တွေပွန်းပဲ့ပြီးလန့်ဖျားဖျားနေတာကတစ်ယောက်၊ ကြက်ခြံထဲအဝင် မည်းမည်းကောင်ကြီးလိုက်လို့ ထွက်ပြေးရင်း ခြံစည်းရိုးဝါးတက်ပေါင်ကိုစူးပြီး ကြောက်ဖျားဖျားတာကတစ်ယောက်။ အဲဒီနှစ်ယောက်အတွက် လာတောင်းပန်တာပါ"

"တောင်းပန်ရအောင် ငါလုပ်တာလား"

"ဦးလေးမလုပ်ပေမယ့် ဦးလေးကောင်ကြီးလုပ်လိုက်တာလေ"

"ဟေ့ကောင် မြင့်ဟန်၊ အပိုတွေပြောမနေနဲ့ ငါ့ခြံထဲမှာ ဘာကောင်မှမရှိဘူး"

"ဘာလို့မရှိရမှာလဲ၊ ကျွန်တော့်ကောင်တွေ အလူးအလဲခံရတာပေါ့"

"အေး - ရှိတယ်ဆိုလည်း မင်းတို့ပြဿနာမင်းတို့ပဲရှင်းကြ"

"အဲဒီလိုတော့မပြောပါနဲ့ ဦးလေးရာ။ ဦးလေးက အဲဒီအကောင်ကြီးကိုဖျားအောင်နာအောင် အသက်အန္တရာယ်မထိခိုက်အောင် ပြောပေးရင်ရမှာပါ"

"နေစမ်းပါဦး၊ ခုထိမရှင်းသေးလို့ မေးပါဦးမယ်။ မင်းတို့ပြောတဲ့အကောင်ကြီးဆိုတာက ဘာကောင်ကြီးလဲ"

"သရဲ"

"ဘာကွ"

"သရဲ ဦးလေး သရဲ၊ အုန်းပင်ပေါ်က တွန်းချတဲ့သရဲ၊ ကြက်ခြံဖွင့်လို့ ကြက်ခြံထဲက ထွက်လိုက်တဲ့သရဲ"

လို့ ခိုင်ခိုင်မာမာ ပြောလာတာကြောင့် ကျွန်တော်လေသံပြောင်းပြီး -

"မင်းတို့လည်း ပယောဂဆရာတင်ပြီးကု၊ ငါမွေးထားတာမဟုတ်ပေမယ့် ငါ့ခြံထဲမှာဖြစ်လို့ ငါမှာတာဝန်ရှိသလိုလုပ်ပေးမယ်"

ကျွန်တော် မြင့်ဟန်ကို ကျောသစ်နှစ်သိမ့်ပြီးဖြေရှင်းလိုက်ပါတယ်။

ကျွန်တော့်ကိုယ်ကျွန်တော် မြန်သုံးသပ်ပါတယ်။ အဖြေကတော့ ပုံစံထိုကြည့်ပြီး သနားလို့ သူတောင်းဆိုတဲ့ အမဲသားတစ်ပိဿာကျွေးလိုက်မိတာဟာ သရဲမွေးသလိုဖြစ်သွားသလားထင်ပါ။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက် စီးပွားကို စောင့်ရှောက်ပေးတာကြောင့် ကျွန်တော့်စာမူခေါင်းစဉ်ကိုခြံစောင့်သရဲလို့အမည်ပေးလိုက်ရခြင်းပါ။

ရှစ်ခွင်ကျော်-ဖောင့်တော်ဦး



www.burmeseclassic.com

www.burmeseclassic.com

အဆုံး သပိတ်ကျင်းမြို့နယ်အထိ တောင်ပြုန်းအရှင်နှစ်ပါးကို ဘိုးတော် အနော်ရထာမင်းမြတ်က အပိုင်စားပေးအပ်တော်မူပါသည်။ နှစ်စဉ်ထာဝရ ဝါခေါင်လတွင်လဆန်း၈ရက်နေ့မှစ၍ လပြည့်နေ့အထိ မတ္တရာမြို့နယ် တောင်ပြုန်းကြီးရွာတွင် ကြီးကျယ်စွာ ကန်တော့ပွဲကျင်းပရသည်။

နှစ်စဉ် နတ်တော်လဆန်း ၁၄ ရက်နေ့ညမှစတင်၍ လပြည့်နေ့ညနေအထိ တောင်ပြုန်းမင်းနှစ်ပါးစစ်ထွက်ပွဲ။

တပေါင်းလဆန်း ၁၀ ရက်နေ့မှစ၍ ၁၁ ရက်နေ့အထိ တောင်ပြုန်းမင်းနှစ်ပါးစစ်ပြန်ပွဲ။

၇။ ကျောက်ဆည်၊ တပေါင်းလဆန်း ၈ ရက်နေ့မှစတင်၍ ၁၀ ရက်နေ့အထိ ကျောက်ဆည်မြို့ ဇော်ဂျီမြစ်တွင် ကိုးသိန်းရှင်၊ လယ်တွင်းကိုးခရိုင် အပိုင်စား ဇော်ဘွားစောနောင်အား ယောက်ဖတော်အနော်ရထာမင်းက ပေးအပ်တော်မူ၍ နယ်သူနယ်သားတို့ ကန်တော့ခံပွဲ။ လယ်တွင်းကိုးခရိုင်မှာ ဒုဋ္ဌဝတီမြစ်၊ ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်၊ စမုံမြစ်၊ စမားမြစ်၊ မြစ်ငယ်တစ်ဖက်ကမ်းမှစ၍ မိတ္ထီလာနယ်စပ်အထိ ကိုးခရိုင်နယ်မြေ ဖြစ်ပါသည်။

၈။ ပုပ္ပား၊ နတ်တော်လဆန်း ၁၂၊ ၁၃၊ ၁၄ ရက်နေ့များတွင် မြန်မာတို့အစဉ်အဆက် ပုပ္ပားနတ်တောင် မဟာဂီရိနတ်ကွန်းတွင် နတ်မိန့်ခံ၍ နတ်ပွဲကျင်းပရပါသည်။ နတ်တော်လတွင် ပုပ္ပားနတ်တောင်၌ နှစ်စဉ်အတင်တော်နှင့်တကွ နတ်ပွဲပြုလုပ်၍ နတ်အမိန့်ခံပွဲတော်မှာ ဒုတိယပုဂံခေတ်သေလည်ကြောင်မင်းလက်ထက်မှစ၍ မြန်မာမင်းများအစဉ်အဆက် ပြုလုပ်တော်မူမြဲ ဖြစ်ပါသည်။



၉။ အလုံ၊ တပေါင်းလဆုတ် ၇ရက်နေ့မှစ၍ လကွယ်နေ့အထိ အလုံမြို့နယ်တော်ရှင် အလုံဘိုးတော်ကြီးနှင့် အလုံနတ်ကြီးကိုးပါးအား ကန်တော့ခံပွဲ။ မုံရွာမြို့မှစတင်၍ ရွှေဘိုမြို့တောင်ဘက် မန်ကျည်းတုံရွာထိ အလုံနတ်ကိုးပါး အပိုင်စားရပါသည်။ ကျန်စစ်သားမင်းက ပေးအပ်ပါသည်။

၁၀။ ဆံမြိတ်ခုံ၊ တပေါင်းလဆုတ် ၅ ရက်နေ့မှစတင်၍ လကွယ်နေ့အထိ ဆံမြိတ်ခုံရွာတွင် အိမ်တွင်း(၇)ပါးအဝင် ရှင်နဲ့မိကန်တော့ခံပွဲ။

၁၁။ အင်းဝ၊ တပေါင်းလဆုတ် ၁၂၊ ၁၃ ရက်တွင် အိမ်တွင်းနတ်၊ သုံးပန်လှနတ်သမီးအား အင်းဝမြို့အနီး တပယ်ထောက်ရစ်ရွာတွင် ကန်တော့ခံပွဲ။

၁၂။ စည်သည်ရွာ၊ ရွှေနော်ရထာနတ်၊ လေးကျွန်းမောင်မောင်ပွဲတော်မှာ နှစ်စဉ် ထာဝရ တပေါင်းလဆုတ်၁ရက်နေ့မှစ၍ ၃ ရက်နေ့အထိ ပခန်းမင်းကျော်စွာ ကူနီနန်းအရှေ့ (၅) မိုင်အကွာ ဧရာဝတီမြစ်ကမ်းပါး စည်သည်ရွာတွင် နှစ်စဉ်ထာဝရ ပြုလုပ်ရပါသည်။

၁၃။ အမရပူရ ပုပ္ပားမယ်တော် (ရတနာ့ဂူနတ်ပွဲ) ဝါခေါင်လပြည့်ကျော် ၇ ရက်နေ့မှ လကွယ်နေ့အထိ။

၁၄။ မြစ်ဝကျွန်းပေါ်၊ ဦးရှင်ကြီးပွဲတော်ဟုမရှိသော်လည်း ဆန္ဒရှိသည့်အခါတိုင်း တင်မြှောက်ပသကြပါသည်။

၁၅။ လယ်ကြီး၊ လယ်ကြီးဘိုးတော် (မဟာဂီရိ)၊ တပေါင်းလဆန်း ၂ ရက်နေ့မှ ၅ ရက်နေ့အထိ။

၁၆။ မေမြို့၊ ကိုးမြို့ရှင်၊ တပေါင်းလဆန်း ၁ ရက်နေ့မှ ၅ ရက်နေ့အထိ။

၁၇။ မင်းကွန်း၊ ရွှေကျွန်းပင်မောင်နှမ၊ ဝါခေါင်လဆန်း ၂ ရက်နေ့မှ ၆ရက်နေ့အထိ။

၁၈။ မြစ်သာ၊ အမေရွှေနပ၊ တော်သလင်းလဆန်း ၈ ရက်နေ့မှ လပြည့်နေ့အထိ။

၁၉။ ခမဲပြင်၊ ခမဲပြင်ဘိုးဘိုးကြီး၊ တော်သလင်းလဆန်း ၁၃ ရက်နေ့မှ လပြည့်နေ့အထိ။

၂၀။ ပြည်၊ ပြည်ကန်တော်မောင်နှမ၊ နတ်တော်လပြည့်နေ့မှ လပြည့်ကျော် ၅ ရက်နေ့အထိ။

၂၁။ စစ်ကိုင်း၊ ထီးဖြူဆောင်းနတ်၊ တပေါင်းလဆန်း၁၄ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုသိမ်မှုံရွေး၊ အင်းမရွာ၊ သောင်ရင်းရွာတို့တွင် နတ်ပွဲကျင်းပသည်။

မောင်သန်းဆွေ (ထားဝယ်)

ကိုးကားချက် -

၁။ ဘိုးတော်ဣဿရိယမှု

၂။ Nat Pwe (BURMA SUPER-NATURAL SUB-CULTURE)





www.burmeseclassic.com

www.burmeseclassic.com



(အောင်သော်)
# တင်အေးကျော်
## ဥာဉ်ဆိုးပါတဲ့ကား

(၁)

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ် ကျော်ခန့်ကဖြစ်ပြီး ထိုအချိန်က အေးလွင် တစ်ယောက် အသက်ဆယ်နှစ်သာသာ ငါးတန်းကျောင်းသားအရွယ်မျှသာရှိသေး သောအချိန်ဖြစ်ပါသည်။

အဖေက တပ်မတော်သားတစ်ဦး ဖြစ်သောကြောင့် မြို့၏တောင်ဘက် အစွန်တွင်တည်ရှိသော တပ်မြေအတွင်း၌ အေးလွင်တို့မိသားစုနေထိုင်ကြရပြီး တပ်ထဲတွင် လေးတန်းအထိ ပညာသင် ကြားရသော မူလတန်းအဆင့်ကျောင်း လေးတစ်ကျောင်း၊ တပ်တွင်းမိသားစုများ ကျန်းမာရေးအတွက် ဆေးခန်းတစ်ခန်း နှင့် မွှာရုံတစ်ရုံအပါအဝင် အစုံအလင် ရှိသောကြောင့် အစစအရာရာ အဆင် ပြေသည်။

မူလတန်းကျောင်းကလေးတွင် လေးတန်းအထိသာ ပညာသင်ကြားခွင့် ရှိသောကြောင့် အေးလွင်တို့အားလုံး လေးတန်းအောင်မြင်သည်နှင့် အလယ် တန်းနှင့် အထက်တန်းပညာသင်ကြား ရန် တပ်နှင့် တစ်မိုင်ခွဲခန့်ဝေးသောမြို့ တွင်းရှိ အစိုးရအထက်တန်းကျောင်းကြီး သို့ ပြောင်းရွှေ့ ပညာသင်ကြားကြရ သည်။

ထိုအချိန်က တစ်မြို့လုံးတွင် မူလ တန်းကျောင်းအများအပြားရှိသော်လည်း အလယ်တန်းကျောင်းက နှစ်ကျောင်း သာရှိပြီး အထက်တန်းကျောင်းက မြို့ အလယ်တွင်ရှိသော ကျောင်းကြီးတစ် ကျောင်းသာရှိသည်။ ထို့ကြောင့် တစ်မြို့ နယ်လုံး အထက်တန်းအဆင့် ကိုးတန်း၊ ဆယ်တန်းသို့ရောက်သည်နှင့် မြို့ပေါ်ရှိ ကျောင်းကြီးသို့ မဖြစ်မနေ ပြောင်းရွှေ့ သင်ကြားကြရသည်။

မြို့နှင့်မလှမ်းမကမ်းရှိကျေးရွာများ မှ ကျောင်းတက်ကြရသည့်ကျောင်းသား များသည် တချို့က စက်ဘီး၊ တချို့က ခြေကျင်ကျောင်းတက်ကြရပြီး အေးလွင် တို့တပ်တွင်းမိသားစုများအတွက်မူ တပ်မှ ကားများဖြင့် အကြိုအပို့တာဝန်ယူလုပ် ပေးသဖြင့် ကျောင်းတက်ရသည်မှာ အခက်အခဲမရှိခဲ့ပေ။

သို့သော် ထိုအချိန်အခါက ယခု ခေတ်လိုမဟုတ်သေးဘဲ မော်တော်ကား များ ရှားပါးလှသောအချိန်ဖြစ်သဖြင့် တစ်ခါတစ်ရံတွင် ကားအဆင်မပြေဘဲ ကျောင်းအတက်နောက်ကျတတ်သလို တစ်ခါတစ်ရံလည်း ညမိုးစုပ်စုပ်ချုပ်မှ အိမ်ပြန်ရောက်တတ်ကြသည်။ တပ်ရင်း တစ်ခုလုံးတွင်ရှိသည့်ကားက လက်ချိုး ရေတွက်၍ရလောက်အောင် လေးငါးစီး သာရှိပြီး ထိုအထဲတွင် ကားကြီးကြီးမား မားဆို၍ စစ်လက်ကျန်ကာဂိုကားကြီး တစ်စီးသာရှိသည်။ ကျန်သည့်ကားများ က နီဆန်းပက်ထရို (ခေါ်) ကားလေး များသာဖြစ်သဖြင့် ကားတစ်စီးလျှင် ဆယ့်လေးငါးယောက်ထက်ပိုမဆံ့ပေ။

ထို့အပြင် ထိုကားများကလည်း စစ်ရေးတာဝန်များတွင် အချိန်ပြည့်နီးပါး အသုံးပြုနေရသောကြောင့် တပ်တွင်း မိသားစုများအတွက် အချိန်မပေးနိုင်ပေ။ ထို့ကြောင့် စစ်ရေးကိစ္စများမှအပ အခြား တပ်တွင်းကိစ္စများတွင် အသုံးပြုရန်အ တွက် အရပ်ကားများကို အမြဲတမ်းလိုလို ပင် ချောကားများအဖြစ် အလှည့်ကျ ငှားရမ်းအသုံးပြုကြရသည်။

အရပ်ကားများတွင်လည်း ထို အချိန်က လူစီးကားများတွင် အကောင်း ဆုံးဟု အသုံးပြုနေကြရသည့်ကားများ မှာ ယခုအချိန်တွင် ပြေးဆွဲခွင့်လိုင်စင် များ ပိတ်သိမ်းလိုက်ပြီး သံမဏိစက်ရုံ များတွင် အရည်ကျိုလိုက်ပြီဖြစ်သည့် အများအခေါ် ဗိုက်ပူဆိုသည့်လိုင်းကား ဘတ်(စ်)ကားကြီးများဖြစ်ကြသည်။

ဒုတိယကမ္ဘာစစ်လက်ကျန်ကား များဖြစ်သော်လည်း ကားပိုင်ရှင်အုံနာ တို့က ကားတစ်စီးလုံးကို သေသေချာချာ ပြုပြင်ပြီး ဆေးများလက်လက်ထနေ အောင်သုတ်ထားသဖြင့် ထိုအချိန်က တော့ အကောင်းဆုံးကားကြီးများဖြစ်ကြ သည်။

ကားများကိုလည်း ရွှေကိုကို၊ လှကိုကို၊ ဆန်းမွန်၊ လွင်လွင်ဦး၊ စေတနာ ဝင်း၊ မြသဇင် စသည်ဖြင့် အမည်လှလှ လေးများ ကားဘေးနှစ်ဖက်တွင် ရေးထိုး ထားကြသည်။ ကုန်ပစ္စည်းတင်သည့် ကားများတွင်လည်း ဒီဇယ်အင်ဂျင်တပ် ဆင်ထားသော ဒေါ့ဂျစ်ပါကင်အမျိုး အစားကားကြီးများက အကောင်းဆုံး ဖြစ်သည်။

ဂျပန်နိုင်ငံမှ စစ်လျော်ကြေးပေး သည့် တိအီး(၁၁) (ခေါ်) ဟီးနိုးကားကြီး များကို အခြားမည်သည့်နေရာတွင်မျှ မသုံးကြသေးဘဲ ကုန်းလမ်းသယ်ယူပို့ ဆောင်ရေးဌာနတစ်ခုထဲတွင်သာ ဆန် များသယ်ယူရာတွင် အသုံးပြုကြသဖြင့် လူများက ဆန်ကားအပြာကြီးများဟု သာခေါ်ကြသည်။

မော်တော်ကားနှင့်မော်တော်ဆိုင် ကယ်ရှားပါးလှသောအချိန်ဖြစ်သဖြင့် တစ်မြို့လုံးတွင် ဇိမ်ခံကားဆို၍ ဆီစက် ပိုင်ရှင်သူဌေးနှစ်ဦးပိုင်သော ဝီလီဂျစ်ကား နှစ်စီးနှင့် မော်တော်ဆိုင်ကယ်အနည်း ငယ်သာရှိသည်။ ထို့ကြောင့် ကားပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



အုံနာဆိုလျှင် တစ်မြို့လုံး မသိသူမရှိလောက်အောင် နာမည်ကြီးပြီး လက်ချိုးရေတွက်၍ပင်ရသည်။

ထိုအချိန်က တပ်ထဲမှ မြို့ထဲရှိ အထက်တန်းကျောင်းကြီးသို့ကျောင်းတက်ကြရသော ကျောင်းသူကျောင်းသားအရေးအတွက် ခြောက်ဆယ်ကျော်ခန့်ရှိသဖြင့် ချောကားကြီးနှစ်စီးကို အပတ်စဉ်ပုံမှန်ကျောင်းပို့ကျောင်းကြိုလုပ်ရန်ငှားရမ်းအသုံးပြုပေးခဲ့သည်။

ဤကဲ့သို့နေလာကြရင်း တစ်နေ့တွင် မမျှော်လင့်သောကိစ္စတစ်ခုဖြစ်လာခဲ့သည်။

(၂)

အပူရှိန်ပြင်းထန်လှသော နွေနေ့တစ်နေ့ဖြစ်သည်။ ဧပြီလဆန်းသို့ရောက်နေပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးရှိ သစ်ပင်ကြီးငယ်များတွင် ရွက်သစ်ရွက်နုများဖြင့် ဝေဆာစိမ်းလန်းလျက်ရှိနေပြီဖြစ်သော်လည်း ပူပြင်းလှသော နေပူရှိန်ကိုတော့ သက်သာအောင် မစွမ်းဆောင်နိုင်ပေ။

ရာသီဥတုပူပြင်းခြောက်သွေ့နေသော်လည်း အေးလွင်တိုကလေးများကမူ အပူဒဏ်ကို သတိမထားမိကြဘဲ မကြာမီကျရောက်လာတော့မည့်သင်္ကြန်ကိုကြိုတွေးရင်း သင်္ကြန်တွင် ရေဆော့ကစားကြရန် ရေပုံးရေခွက်များပြင်ဆင်ကာ ပျော်နေကြသည်။

ထိုနေ့က အဖေလည်း အိမ်တွင်ရှိနေပြီး ငှက်ဖျားပြန်ထနေသဖြင့် မနက်ပိုင်း လမ်းလုံခြုံရေးတစ်ခုအတွက် ခရီးထွက်ရာသို့မလိုက်နိုင်ဘဲ အဖေ့ကိုယ်စား အခြားတစ်ယောက်ကို အစားထိုးတာဝန်ပေးလိုက်ပြီဖြင့် အိမ်တွင် အနားယူနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

လက်ရှိ အေးလွင်တို့နေထိုင်ရသည့်အိမ်မှာ အမိုးက သွပ်ပြားမိုးထားသည့်အပြင် မျက်နှာကြက်လည်းတပ်ဆင်ထားခြင်းမရှိသဖြင့် မနက်ပိုင်း ဆယ့်တစ်နာရီထိုးလောက်မှစ၍ အိမ်ပေါ်တွင် နေမရလောက်အောင် အပူရှိန်လာဟပ်နေသည်။

ထို့ကြောင့် အိမ်၏ကြမ်းပြင်အောက်မြေပြင်ပေါ်တွင် ရေများနစ်နေအောင်ဖျန်းကာ ဖျာကြမ်းများခင်း၍ တစ်နေကုန်နေကြရသည်။ ညနေစောင်း နေဝင်ချိန် အပူဒဏ်လျော့သွားမှ အိမ်ပေါ်သို့ပြန်တက်နိုင်ကြပြီး အိမ်ပေါ်ရှိ ပစ္စည်းများမှာလည်း နေ့လယ်ခင်းကပူထားသောအရှိန်ကြောင့် တော်တော်နှင့် ထိ၍ကိုင်၍မရပေ။

ထို့ကြောင့် တပ်တွင်းရှိမိသားစုများအားလုံးလိုလို မနက်စာထမင်းစားပြီးသည်နှင့် အိမ်အောက်ရှိမြေပြင်ပေါ်၌သာ တစ်နေကုန်အနေများကြသည်။

နေ့လယ်မွန်းတည့်ကျော်ခါစအချိန်ဖြစ်သဖြင့် အပူရှိန်အပြင်းထန်ဆုံးအချိန်ဖြစ်သည်။ ထိုအခိုက် ခပ်ဝေးဝေးဆီမှ ခေါက်လိုက်သော သံချောင်းသံသဲ့သဲ့ကို ရုတ်တရက်ကြားလိုက်ကြရသည်။

အစပိုင်းတွင်မူ တစ်နာရီလျှင် တစ်ကြိမ်ပုံမှန်ခေါက်နေကျ ဗဟိုကင်းကြီးမှ နာရီသံချောင်းသံဟုထင်လိုက်မိကြသော်လည်း သေသေချာချာနားထောင်ကြည့်လိုက်သောအခါ သံချောင်းသံမှာ မရပ်မနားဆက်တိုက်ခေါက်နေသံကြောင့် အမေကဆူညံစွာဆော့ကစားနေကြသော အေးလွင်တို့ကလေးတစ်သိုက်ထံလှမ်းအော်ကာတားလိုက်သည်။

“ဟဲ့ကလေးတွေ ဆူတာညံတာတွေခဏရပ်စမ်း။ ငါ့နားထဲ သံချောင်းသံဆက်တိုက်ကြားနေရသလိုပဲ၊ နားထောင်ကြည့်ကြစမ်း”

ထိုအခါကျမှ သေချာနားထောင်ကြည့်လိုက်သောအခါ အမေကြားနေသလိုပင် သံချောင်းသံမရပ်မနားဆက်တိုက်ခေါက်နေကြောင်း ကြားလိုက်ကြရသည်။

“အမေ မီးတွေဘာတွေများတစ်နေရာရာမှာလောင်နေသလားပဲ။ ဒါကြောင့် သံချောင်းခေါက်နေတာလား မသိဘူး”

အစ်မကြီးက ပြောပြောဆိုဆို အိမ်အောက်မှအပြင်ဘက်သို့ထွက်ကြည့်နေသဖြင့် အမေနှင့်အေးလွင်တို့လည်း အိမ်အပြင်ဘက်ထွက်ကာ ဟိုဟိုသည်သည် လှည့်ပတ်ကြည့်ကြသော်လည်း မီးလောင်နေသည့်လက္ခဏာတစ်စုံတစ်ရာမှမတွေ့ကြရပေ။

“ဟဲ့ - ကလေးတွေနေပြင်းတယ်၊ အိမ်အောက်ထဲပြန်ဝင်နေကြ။ ဘာမှန်းမသိသေးခင် အဖေ့ကိုလည်းသွားပြီးနိုးမနေကြနဲ့။ တစ်ညလုံးအဖျားတက်နေပြီး စောစောကလေးကမှ အိပ်ပျော်သွားတာ”

အေးလွင်တို့ မောင်နှမတစ်စု အိမ်အောက်သို့ ပြန်ဝင်လိုက်စဉ်မှာပင် ခပ်လှမ်းလှမ်းဆီမှ ရုတ်တရက်မှုတ်လိုက်သော စစ်ခရာသံများကို ကြားလိုက်ကြရသည်။ နေ့စဉ် မနက်စောစောနှင့် ညကိုးနာရီတွင် ကြားနေကျဖြစ်သော်လည်း ယခုကဲ့သို့ နေ့လယ်နေ့ခင်းပိုင်းတွင် စစ်ခရာမှုတ်သံကို တစ်ခါမှမကြားဘူး၍ အားလုံးအံ့ဩမိကြသည်။

စစ်ခရာသံက တစ်လက်တည်းမဟုတ်ဘဲ နှစ်လက်ပြိုင်ကာ သံပြိုင်မှုတ်နေပြီး ခါတိုင်းကြားနေကျ သံစဉ်လည်းမဟုတ်သဖြင့် အမေနှင့်အစ်မကြီးတို့လည်း အိမ်အောက်သို့ပြန်မဝင်သေးဘဲ အခြေအနေကြည့်နေကြသလို အခြားအခန်းများမှလည်းလူများထွက်လာကာ ကြည့်နေကြသည်။

ထိုအခိုက် တစ်ညလုံးငှက်ဖျားပြန်ထနေသဖြင့် စောစောကလေးကမှအိပ်ပျော်သွားသည့်အဖေ ရုတ်တရက်အိပ်ပျော်နေရာမှ ဝုန်းခနဲထထိုင်လိုက်ကာ နားထောင်လိုက်ပြီး မပြောမဆို အိမ်ပေါ်သို့ပြေးတက်သွားသည်ကိုတွေ့လိုက်ကြရသည်။

ချက်ချင်းဆိုသလိုပင် အိမ်ပေါ်ထပ်မှ လှေကားကိုခုန်ကျော်ဆင်းလိုက်ပြီး အပြင်သို့ပြေးထွက်သွားသဖြင့် အေးလွင်တို့ကလေးများလန့်သွားကာ အမေတို့ထံသို့ပြေးသွားခဲ့ကြ၏။ အဖေ့လက်ထဲတွင် ကာဘိုင်သေနတ်နှင့်ကျည်ခါးပတ်ကိုသာကိုင်ထားပြီး အခြားမည်သည့်ပစ္စည်းမျှမပါပေ။

အိမ်လှေကားရင်းတွင်ချွတ်ထားသောဖိနပ်ကိုပင်မစီးနိုင်ဘဲ အိမ်နေရင်းဝတ်ထားသော အဝတ်အစားနှင့်ပင် စစ်ခရာသံများကြားရာဆီသို့ အမြန်ပြေးထွက်သွားတော့သည်။ ထိုအချိန်မှာပင် အခြားလိုင်းခန်းများမှလည်း နောက်တန်းတွင် ရှိရှိသမျှရဲဘော်များအားလုံးလိုလို ခရာသံများကြားရသည့်နေရာသို့ အပြေးအလွှားပင်သွားနေကြသည်ကိုလည်း တွေ့လိုက်ကြရပြန်သည်။

အိမ်နေရင်းကပြေးထွက်လာကြရသဖြင့် အချို့ဆိုလျှင် ပူအိုက်လှသောကြောင့် ဝတ်ထားသည့်စွပ်ကျယ်နှင့် ဘောင်းဘီတိုကိုသာဝတ်ထားပြီး ဖိနပ်ပင်မစီးနိုင်ကြပေ။ သို့ရာတွင် ရဲဘော်များအားလုံးတွင် တူညီသည့်အချက်မှာ လက်ထဲတွင် သေနတ်နှင့်ကျည်ခါးပတ်များကိုတော့ အသင့်ကိုင်ထားကြသည်။

“သမီးရေ မီးလောင်တာတော့ မဟုတ်လောက်ဘူးထင်တယ်။ တစ်နေရာရာမှာများ ရန်သူတွေဘာတွေဝင်လာသလားမသိဘူး”

အမေ့စကားမဆုံးမီမှာပင် ဟွန်းများအဆက်မပြတ်တီးကာ နီဆန်းပတ်ထရိုကားနှစ်စီးနှင့် တစ်စီးတည်းရှိသော ကာဂိုစစ်ကားကြီး အပြင်းမောင်းဝင်လာသည်ကိုမြင်လိုက်ရပြီး လမ်းတွင်တွေ့သမျှရဲဘော်များကို ဆွဲတင်ခေါ်ကာ တပ်ရင်းဂိတ်ပေါက်ဘက်ဆီသို့ အပြင်းမောင်းနှင်ထွက်သွားတော့သည်။ စစ်ရေးကိစ္စဖြစ်သောကြောင့် မည်သူမျှမသိကြသလို မည်သူ့ကိုမျှလည်း မေးမြန်း၍မရကြပေ။

ညနေစောင်း မှောင်ရီပျိုးစအချိန် အဖေပြန်ရောက်လာမှ အေးလွင်တို့လည်း နေ့လယ်ကကိစ္စကိုသိကြရတော့သည်။ မနက်စောစော လမ်းလုံခြုံရေးအတွက် ခရီးထွက်သွားသည့်တပ်မှကားတစ်စီး မြို့မြောက်ဘက်ရှိ မိုးကောင်းရွာအလွန် ဘုရားတောင်မွေနားတွင် ရန်သူများက အပိုင်စောင့်၍ ချုံခိုတိုက်ခိုက်သွားခြင်းဖြစ်သည်။

ထို့ကြောင့် နေ့လယ်ပိုင်းက လိုင်းခန်းများနားတွင် သံပြိုင်လာမှုတ်သော စစ်ခရာသံမှာ တိုက်ပွဲဖြစ်နေသောနေရာသို့ စစ်ကူလိုက်ရန် အရေးပေါ်လူစုခြင်းဖြစ်ကြောင်း သိလိုက်ကြရသည်။

ထိုအချိန်အခါက အောင်လံမြို့နယ်တစ်ဝိုက်မှာ အညိုရောင်အဆင့်သာရှိသေး၍ မကြာခဏဆိုသလို တပ်မှကားများကို ရန်သူများမှ ချုံခိုတိုက်ခိုက်ခြင်း ချောင်းမြောင်းပစ်ခတ်ခြင်းများပြုလုပ်လေ့ရှိသည်။

အထူးသဖြင့် ပြည်နှင့် အောင်လံကြားတွင် အထူးသတိထားကြရသည့်နေရာမှာ ပြည်မြို့နယ်ထဲရှိ သစ်တောကြိုးဝိုင်းရှိသောနေရာဖြစ်၍ အောင်လံနှင့်တောင်တွင်းကြားတွင် ယခုတိုက်ခိုက်ခံရသော ဘုရားတောင်မွေတစ်ဝိုက်ဖြစ်သည်။

လမ်းအနေအထားအရ [illegible]ကောင်း



www.burmeseclassic.com

www.burmeseclassic.com

ရွာကြီးကိုကျော်လွန်လာသည်နှင့် ဘုရားတောင်မွေ့သို့ ရောက်သည့်တိုင်အောင် လမ်းကကောင်းသော်လည်း တောက်လျှောက်အတက်များသာဖြစ်သဖြင့် သွားလာကြသောကားများ ဂီယာကြီးဖြင့် ခပ်ဖြည်းဖြည်းသာတက်ကြရလေသည်။ ထို့ကြောင့် တပ်မှကားများအား ရန်သူများက ထိုအတက်မှစောင့်၍မကြာခဏဆိုသလို ချုံခိုတိုက်တတ်ကြသည်။

ယခုလည်း မနက်ပိုင်းက လမ်းလုံခြုံရေးထွက်သွားသော တပ်မှကားချုံခိုတိုက်ခံရခြင်းဖြစ်သည်။ အဖေ့ကိုကြည့်ရသည်မှာ ဖျားနေသောအဖျားပင်ပျောက်သွားပုံရသည်။

"အခုမနက်ပိုင်း လမ်းလုံခြုံရေးထွက်သွားတဲ့ကား အတိုက်ခံရတာကွ။ ထုံးစံအတိုင်း ဘုရားတောင်မွေ့အတက်မှာပဲဖြစ်တာ။ သတိအတန်တန်ထားနေတဲ့ကြားကနေဖြစ်တာဆိုပေမယ့် အခုတစ်ခေါက်ဖြစ်လိုက်တာ ကိုယ်တို့တပ်ခွဲခဲတော်တော်လေး အထိနာသွားတယ်လို့ ပြောရမယ်။ ပါသွားတဲ့တပ်စုတစ်စုလုံးမှာ ငါးယောက်ကျပြီး ဆယ်ယောက်ကျော်ဒဏ်ရာတွေရကုန်ကြတယ်။ အဲဒါတောင် ကျန်တဲ့ရဲဘော်တွေ ရှုပ်ရှုပ်ချွံချွံပြန်တိုက်လို့ ဟိုကောင်တွေပြန်ဆုတ်ပြေးကြတာ"

"ဒါဆို အဖေကြီးတို့ရောက်သွားတော့ တိုက်ပွဲကဖြစ်နေတုန်းပဲလား"

"ကိုယ်တို့ရောက်သွားတော့ တိုက်ပွဲကပြီးသွားပြီကွ။ ဒါတောင် တိုက်ပွဲဖြစ်နေတုန်း ခပ်လှမ်းလှမ်းတစ်နေရာမှာ တယ်လီဖုန်းလိုင်းတွေကို တက်ပြင်နေတဲ့ ဆက်သွယ်ရေးဝန်ထမ်းကမြင်ပြီး ချက်ချင်းတပ်ကိုလာအကြောင်းကြားလို့သိရတာ။ အချိန်ကနည်းနည်းကြာသွားတော့ လာတိုက်တဲ့ကောင်တွေတောင်ပြန်ဆုတ်သွားပြီ။ ကျန်တဲ့အဖွဲ့တွေနောက်ကနေ လိုက်ရှင်းနေတယ်"

"အဖေကြီးရယ်၊ ဒီလောက်အများကြီးကျပြီးဒဏ်ရာတွေရကုန်ကြရအောင် ဘယ်လိုဖြစ်ရတာလဲ"

"အဓိကကတော့ ခရီးထွက်တုန်းကသုံးခဲ့တဲ့ ချောကားကြောင့်ပဲပေါ့။ မနက်က ခရီးထွက်ခါနီးမှာ တပ်မှာရှိတဲ့ကားတွေက ဘီးပေါက်တဲ့ကားကပေါက်၊ ပျက်လို့ပြင်နေတဲ့ကားက ပြင်လို့မပြီးနဲ့ အသွားမဖြစ်တဲ့အရေးကြီးကိစ္စဆိုတော့ ချောကားခေါ်ထားတဲ့ဘတ်(စ်)ကားကြီးနဲ့ အရေးပေါ်သွားကြရတာ။ တိုက်ပွဲလည်းဖြစ်ရော ရဲဘော်တွေကခုန်ဆင်းစရာ နောက်ပေါက်တစ်ပေါက်ထည်းကနေပဲခုန်ဆင်းကြရတာ။ တစ်ယောက်ခုန်ဆင်းတိုင်း အပိုင်စောင့်ပစ်ကြတာဆိုတော့ ဒီလောက်ဖြစ်တာပဲ တော်သေးတယ်လို့ပြောရမယ်"

ထိုနေ့က အေးလွင်အဖေ့ကိုယ်စားလိုက်သွားသောသူငယ်ချင်းဖြစ်သူလည်း ဒဏ်ရာပြင်းပြင်းထန်ထန်ရသွားခဲ့သည်။ နောက်ပိုင်းမှလိုက်သွားသောအဖွဲ့များ ပြန်လာမှသိရသည်မှာ လာတိုက်သောရန်သူများဘက်တွင်လည်း ကျဆုံး၊ဒဏ်ရာရသွားသူများရှိပြီး ဝါးကပ်ထမ်းစင်များနှင့်သယ်ယူသွားကြကြောင်း ရွာခံများကပြောပြ၍သိခဲ့ကြရသည်။

ထို့ကြောင့် နောက်ပိုင်းတွင် ချောကားခေါ်ထားသည့်အရပ်ကားများနှင့် စစ်ရေးကိစ္စများတွင် ခရီးမသွားရန် အထက်မှ ညွှန်ကြားခဲ့သည့်အပြင် ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းတွင် ကားကြီးတစ်စီး အမြန်ဆုံး လာရောက်ထုတ်ယူရန် အကြောင်းကြားလာသဖြင့် တပ်မှတာဝန်ရှိသူများ သွားရောက်ထုတ်ယူခဲ့ကြသည်။

(၃)

ထောက်ပို့တပ်ရင်းသို့ရောက်သည့်အခါ ကားဂိုဒေါင်များတွင်ရှိသည့်ကားများမှာ အသစ် ဟူ၍ တစ်စီးမှမရှိတော့ဘဲ အားလုံးလိုလိုမှာ ပြန်လည်ပြုပြင်ထားသော ကားဟောင်းများသာဖြစ်နေသဖြင့် ကားသွားထုတ်သည့်အဖွဲ့ စိတ်တိုင်းမကျဘဲရှိနေခဲ့သည်။

သဘောကောင်းလှသောတာဝန်ခံအရာရှိမှ ကားများထားသည့်ဂိုဒေါင်များကို တစ်ရုံချင်းစီ လိုက်လံပြရင်း နောက်ဆုံးတွင် ဂိုဒေါင်တစ်လုံးထဲ၌ တစ်စီးတည်းသီးခြားရပ်ထားသောကားကြီးတစ်စီးကို တွေ့လိုက်ကြရတော့သည်။

ကားကြီးမှာ ဂျပန်ပြည်မှထုတ်လုပ်သော ဒီဇယ်အင်ဂျင်နှင့် တိုယိုတာအမျိုးအစားဖြစ်ပြီး ကားတစ်စီးလုံး သစ်လွင်တောက်ပနေသောဆေးဖြင့်ပြောင်လက်နေ၏။ ကားကိုယ်ထည်ကလည်းတောင့်တောင့်တင်းတင်း ကျယ်ကျယ်ဝန်းဝန်းရှိသည့်အပြင် ကားအင်ဂျင်စက်ကိုစမ်းသပ်ပြီးနှိုးကြည့်ရာတွင်လည်း သော့တစ်ချက်လှည့်လိုက်ရုံနှင့် ဖူးခနဲ စက်နိုးသွားသည့်အတွက် ကားထုတ်သွားသည့်အဖွဲ့ အလွန်ပင်သဘောကျသွားခဲ့ကြသည်။

ထို့ကြောင့် ထိုကားကြီးကိုပင် ထုတ်ယူသွားရန် တစ်ဖွဲ့လုံးက သဘောကျကြသောကြောင့် တာဝန်ခံအရာရှိထံသို့ အကြောင်းကြားခဲ့ကြသည်။ ထိုအခါတွင် ထိုကားကြီးအားထုတ်ယူမသွားရန် တာဝန်ခံအရာရှိမှ တားဆီးကန့်ကွက်ခဲ့သည်။

အကျိုးအကြောင်းကို သေချာစွာမေးမြန်းကြည့်တော့မှ ထိုကားကြီးအကြောင်းကို တိုးတိုးတိတ်တိတ်ပြောပြခဲ့သည်။

"ခင်ဗျားတို့ကို ဒီကားကြီးထုတ်မပေးချင်လို့မဟုတ်ပါဘူးဗျာ။ ကားကြီးက အခုခင်ဗျားတို့မြင်တဲ့အတိုင်းပဲ၊ ဘာတစ်ခုမှအပြစ်ပြောစရာမရှိအောင်ကောင်းပါတယ်။ တစ်စီးလုံးလည်း အသစ်စက်စက်နီးပါးရှိပါသေးတယ်။ ဒါပေမယ့် ခင်ဗျားတို့အရင်တပ်ရင်းသုံးရင်းတောင်ရောက်ခဲ့ပြီးပြီ။ ရောက်တဲ့တပ်တိုင်းမှာလည်း တစ်ခုမဟုတ်တစ်ခု ပြဿနာအမျိုးမျိုးနဲ့တွေ့ရတာကြောင့် နောက်ဆုံးဘယ်သူမှမသုံးရဲတော့တာနဲ့ ကျွန်တော်တို့ဂိုဒေါင်ထဲမှာပဲ ဒီအတိုင်းရပ်ထားလိုက်ရတာ။ ဒီကားကြီးအကြောင်းကို ခင်ဗျားတို့နည်းနည်းပါးပါးတောင်မကြားမိကြဘူးလား"

"ပြောရင်လည်းခံရမှာပဲဗျာ၊ အခုခင်ဗျားပြောပြမှပဲသိရတာပါ။ ဘယ်လိုတွေဖြစ်တယ်ဆိုတာ သိရင်လည်းပြောပြပါဦးဗျာ"

"ဒီလိုဗျ၊ ဒီကားကြီး ဒီကိုရောက်ရောက်ချင်း ကားလာထုတ်တဲ့အဖွဲ့တစ်ဖွဲ့ကလည်း အခု ခင်ဗျားတို့လိုအရမ်းသဘောကျတာနဲ့ ချက်ချင်းကိုထုတ်ယူသွားကြတယ်။ တစ်လ၊ နှစ်လလောက်လည်းကြာရော ဒီကားကြီးကိုမောင်းတဲ့ရဲဘော် အကောင်းသားကနေ ရုတ်တရက် ကောက်ကာငင်ကာသေသွားခဲ့တယ်။ သာမန်တိုက်ဆိုင်မှုတစ်ခုလို့ယူဆကြပြီး ဒီကားကြီးကိုဆက်ပြီးသုံးခဲ့ကြတယ်။ သိပ်မကြာခင်တစ်ရက်မှာ ဒီကားကြီးနဲ့လမ်းလုံခြုံရေးသွားလိုက်တာ လမ်းမှာချုံခိုအတိုက်ခံရပြီး ကျဆုံးဒဏ်ရာတွေရကြပြန်တယ်။မကြာခဏဆိုသလိုလည်း ဟိုဝင်တိုက်ဒီဝင်တိုက်တွေဖြစ်လာတော့ မောင်းရမယ့်ရဲဘော်တွေလည်း တဖြည်းဖြည်းလန့်လာကြတယ်။ ဒါကြောင့် ဒီကားပေါ်မှာ မမြင်ရတဲ့ပရလောကသားတွေရဲ့ဝိညာဉ်တွေများ ဝင်ပူးတပ်နေပြီး နှောင့်ယှက်နေတာလားယူဆပြီး ကားပေါ်မှာ သံဃာတော်တွေပင့်၊ ပရိတ်တွေဘာတွေရွတ်ဖတ်၊ ကားတစ်စီးလုံးကို



www.burmeseclassic.com

www.burmeseclassic.com

ပရိတ်ရေ ပရိတ်သဲတွေနဲ့ပက်ဖျန်း၊ ပရိတ်ကြိုးတွေချည်နဲ့ အစုံလုပ်ကြတယ်။ ဒါပေမယ့် မကြာဘူး၊ ပြန်ဖြစ်တာပဲတဲ့။ အဲဒါကြောင့် အကြောင်းအမျိုးမျိုးပြပြီး ဒီမှာရှိတဲ့ကားအဟောင်းနဲ့ပဲလာလဲသွားကြတယ်။ နောက်ဆုံး တပ်ရင်းမှာဖြစ်တာက အဲဒီနေ့က ဒီကားကြီးကို ကားဂိုဒေါင်ထဲမှာရပ်ထားပြီး ဂိုဒေါင်အရှေ့ဘက်မှာရှိတဲ့မြေကွက်လပ်ထဲမှာပျက်နေတဲ့ကားတစ်စီးကို စက်ပြင်ဆရာကပြင်နေတယ်။ ကားအောက်ထဲကို ကိုယ်တစ်ပိုင်းဝင်ပြီး ပြင်နေတုန်းမှာပဲ ဂိုဒေါင်ထဲမှာ စက်ပိတ်ပြီးရပ်ထားတဲ့ကားကြီးက ရုတ်တရက် ဂီယာပြုတ်လိမ့်ထွက်လာပြီး စက်ပြင်နေတဲ့စက်ဆရာရဲ့အပြင်ဘက်ထွက်နေတဲ့ ခြေထောက်နှစ်ဖက်လုံးကို တက်နင်းသွားခဲ့တယ်။ စက်ပြင်ဆရာခမျာ အသက်မသေခဲ့ပေမယ့် ခြေထောက်နှစ်ဖက်လုံး အရိုးတွေကြေသွားခဲ့လို့ဖြတ်ပစ်လိုက်ရတယ်။ အဲဒါကြောင့် ဘယ်သူမှမမောင်းရဲတော့ဘဲ ထုံးစံအတိုင်းပြန်အပ်သွားခဲ့လို့ နောက်ဆုံး ကျွန်တော့်ဂိုဒေါင်ထဲမှာပဲ ခုမြင်တဲ့အတိုင်းရပ်ထားလိုက်ရတယ်"

"အခုလို စေတနာနဲ့ ပြောပြပေးတာ ကျေးဇူးတင်ပါတယ်ဗျာ။ ဒါပေမယ့် အခုလောလောဆယ် ဒီမှာရှိတဲ့ကားတွေကလည်းတစ်စီးမှမကောင်းတော့ ဒီကားကိုပဲထုတ်သွားရတော့မှာပဲ။ တပ်မှာကလည်း ကားအကြီးမရှိရင်မဖြစ်တော့ဘူးဗျ။ အရပ်ကားတွေနဲ့လည်း စစ်ရေးကိစ္စတွေမှာမသုံးရဘူးဆိုတော့ ဘယ်တတ်နိုင်ပါတော့မလဲဗျာ။ သတိဝီရိယထားပြီး သုံးရတော့မှာပေါ့"

ကားသွားထုတ်သည့်အဖွဲ့ခေါင်းဆောင်အရာရှိကလည်း ထိုကဲ့သို့သော ကိစ္စများတွင် အယုံအကြည်သိပ်မရှိလှ၍ နောက်ဆုံး ထိုတိုယိုတာကားကြီးကို ပင်ထုတ်ယူကာ တပ်သို့ပြန်ခဲ့ကြသည်။

(၄)

တပ်သို့ရောက်သည်နှင့် ထုတ်ယူလာသော တိုယိုတာဒီဇယ်ကားကြီးပေါ်တွင် သံဃာတော်များပင့်၍ ပရိတ်တရားတော်များရွတ်ဖတ်ခြင်း၊ ကားတစ်စီးလုံးအား ပရိတ်ရေ ပရိတ်သဲများပက်ဖျန်း၍ ပရိတ်ကြိုးများချည်နှောင်ထားခြင်းတို့ကိုပြုလုပ်ခဲ့သည်။

ကားကြီးမှာ အသစ်စက်စက်နီးပါးရှိသေးသည့်အပြင် သစ်သစ်လွင်လွင်တောက်တောက်ပပ၊ စီးရသည်မှာလည်း ကျယ်ကျယ်ဝန်းဝန်းသက်သောင့်သက်သာရှိသောကြောင့် စီးဖူးကြသူတိုင်း အလွန်သဘောကျခဲ့ကြသည်။ သို့ရာတွင် ထိုကားကြီး၏ရာဇဝင်ကိုမူ မည်သူ့ကိုမျှပြန်ပြောမပြခဲ့ဘဲ ကားသွားထုတ်ခဲ့သည့်အဖွဲ့နှင့် သက်ဆိုင်ရာ လူကြီးအချို့သာ သိကြသည်။

ကားကြီးအားမောင်းနှင်ရန် ကားမောင်းသက်ဝါရင့်ပြီး အတွေ့အကြုံများသော အသက်ခပ်ကြီးကြီး ကားမောင်းသမားတစ်ဦးအား တာဝန်ပေးထားခဲ့သည်။ ကားဆရာကြီးမှာ တပ်မတော်သို့ မဝင်မီကပင် ကားသမားတစ်ဦးဖြစ်ခဲ့ပြီး တပ်ထဲသို့ရောက်တော့လည်း ရှေ့တန်းသို့မထွက်ရဘဲ မော်တော်ယာဉ်ဌာနတွင်သာ တာဝန်ကျခဲ့သဖြင့် ကားမောင်းသက် အနှစ်လေးဆယ်ခန့်ရှိနေပြီ ဖြစ်သည်။

ဘုရားတရားကို အလွန်ရိုသေကိုင်းရှိုင်းသူတစ်ဦးဖြစ်သည့်အပြင် ကားမောင်းနေစဉ်မှာပင် နှုတ်မှ ဘုရားတရားဂုဏ်တော်များကို ရွတ်ဖတ်ပူဇော်နေတတ်သူတစ်ဦးဖြစ်သည်။

ထို့ကြောင့် တိုယိုတာကားကြီး တပ်သို့ရောက်သည်မှာ လေးငါးလခန့်ရှိနေပြီဖြစ်သော်လည်း အတိုက်အခိုက်မရှိသေးဘဲ အဆင်ပြေနေသောကြောင့် ထောက်ပို့တပ်ရင်းသို့ ကားသွားထုတ်ယူခဲ့သည့်တစ်ဖွဲ့လုံး ထိုစဉ်က တာဝန်ခံအရာရှိပြောလိုက်သောအကြောင်းအရာများကိုပင် မေ့ပျောက်သလောက်ရှိနေပြီဖြစ်သည်။

သည်လိုနှင့် အေးလွင်တို့ ဒုတိယအစမ်းဖြေဆိုပြီးသည့်အချိန်ထိတိုင်အောင် ဘာပြဿနာမှမဖြစ်သေးဘဲ အေးချမ်းနေခဲ့သည်။ စာမေးပွဲကို ကောင်းမွန်စွာဖြေဆိုနိုင်ကြသောကြောင့်လည်း အေးလွင်တို့ညီအစ်ကို စိတ်လက်ပေါ့ပါးကာရှိနေခဲ့ကြသည်။

ထို့ကြောင့် ညဘက်တွင် မြို့ထဲသို့ ရုပ်ရှင်သွားကြည့်ကြရန် တိုင်ပင်ခဲ့ကြပြီး အမေနှင့် အဖေ့အား ခွင့်တောင်းခဲ့ကြသည်။ ထိုအချိန်က အေးလွင်တို့မြို့တွင် ရုပ်ရှင်ရုံနှစ်ရုံရှိပြီး မြန်မာဇာတ်ကားနှင့် နိုင်ငံခြားဇာတ်ကားများကို တစ်လှည့်စီပြသသည်။

ရုပ်ရှင်တစ်ခါကြည့်ရန် တပ်နှင့်မြို့ထဲရှိ ရုပ်ရှင်ရုံကတစ်မိုင်ခွဲကျော်ကျော်ကွာဝေး၍ တစ်ခါတစ်ခါ ရုပ်ရှင်ကြည့်ရန် မလွယ်ကူလှပေ။ စနေနေ့ညတိုင်း တပ်မှကားတစ်စီးစီစဉ်ပေးသဖြင့် ရုပ်ရှင်ကြည့်လိုသူများ မြို့ထဲသို့သွားကြည့်ကြရသည်။

ထိုနေ့က မြို့ထဲရှိ ရုပ်ရှင်ရုံတွင် 'နွေဦးအောင်ပွဲ'ဟုခေါ်သည့် တော်လှန်ရေးဇာတ်ကားပြသနေသဖြင့် ထိုကားကြီးကိုကြည့်ရန် အေးလွင်တို့ညီအစ်ကို အမေ့အား အရင်ဆုံးခွင့်တောင်းကြရာ အမေက မသွားရန်တားဆီးခဲ့သည်။

"ဒီနေ့တော့မသွားပါနဲ့လား သားတို့ရယ်။ စာမေးပွဲပြီးတဲ့ရက်ဆိုတော့ လူများပြီးကားကလည်းကျပ်မှာ။ တော်ကြာကားမဆန့်လို့တွယ်ပြုလိုက်ရရင် အမေစိတ်မချပါဘူး။ ဒီနေ့မကြည့်ရတော့လည်း နောက်ရက်တွေကျမှကြည့်ကြပေါ့"

"မင်းကလည်းကွာ ကလေးတွေ ဒီလောက်ကြည့်ချင်နေတာသွားပါစေ။ စာမေးပွဲဖြေပြီးတဲ့ရက်ဆိုတော့ စိတ်ပြေလက်ပျောက်သွားချင်ကြမှာပေါ့"

"အဖေကြီးကလည်း ဘာမှမသိဘဲနဲ့။ ခုလိုရက်မျိုးဆိုရင် ရုပ်ရှင်သွားကြည့်ကြတဲ့သူတွေကအများကြီးပဲ။ လိုက်ပို့တဲ့ကားတောင်မဆံ့ဘူး။ လူကြီးတွေလည်းမပါတော့စိတ်မချပါဘူး။ သားတို့နောက်ရက်တွေကျမှသွားကြည့်ကြနော်"

အမေ့စကားကမှန်နေသောကြောင့် အေးလွင်တို့ညီအစ်ကိုလည်း ဘာမှမပြောသာတော့ဘဲ အသာငြိမ်ပြီးနေလိုက်ကြရသည်။ ည ခုနစ်နာရီခန့် ညစာစားနေစဉ်မှာပင် ဆူဆူညံညံအသံများကြားရပြီး လူများ ဟိုပြေးသည်ပြေးသွားလာနေကြသည်ကို တွေ့လိုက်ကြရသည်။ အဖေက ထမင်းစားရပ်လိုက်ပြီး ထမင်းဝိုင်းမှထလိုက်သည်။

"ဘာတွေဖြစ်နေသလဲတော့မသိဘူး၊ အဖေသွားကြည့်လိုက်ဦးမယ်။ သားတို့သမီးတို့ထမင်းဆက်စားနှင့်ကြ"

ခဏအကြာတွင် အဖေအမြန်ပြန်လာပြီး အမေ့ကိုလှမ်းပြောလိုက်သံကို ကြားလိုက်ရသည်။

"ညနေစောင်းက ရုပ်ရှင်ကြည့်ဖို့သွားတဲ့အဖွဲ့တွေကိုလိုက်ပို့တဲ့ကား လမ်းမှာသစ်ပင်ကိုဝင်တိုက်မိလို့တဲ့။ ဘာတွေဖြစ်ကုန်ကြသလဲတော့မသိကြရသေးဘူး။ အခြေအနေကို ကိုယ်သွားကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆိုပင် အဖေအပြေးတစ်ပိုင်းပြန်ထွက်သွားခဲ့သည်။ ရုပ်ရှင်ရုံကိုလိုက်ပို့သည့်ကားနှင့် သူငယ်ချင်းများလည်းပါသွား၍ အေးလွင်တို့ညီအစ်ကို အဖေပြန်အလာကို ရင်တထိတ်ထိတ်နှင့်စောင့်နေကြရသည်။ ညကိုးနာရီခန့်တွင်

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်စိုး

# နာနတ်ပင်အမြန်သီးစေရန်

ဒီနေ့ ၆-၁၂-၂၀၁၆ ပါ။ ဒီနေ့ဟာ ကိုတင်ထွန်းရဲ့ဇနီး မမြင့်မြင့်စန်းဆုံးပါးသွားတာ (၁၀)လပြည့်တဲ့နေ့ပါ။ အင်္ဂလိပ်လဆန်း ၆ ရက်နေ့တိုင်း သေဆုံးသွားသူ မမြင့်မမြင့်စန်းကို ရည်စူးပြီး တစ်ကျောင်းပြီးတစ်ကျောင်း ဆွမ်းကပ်အမျှအတန်းပေးဝေခဲ့တာ ဒီနေ့ပါဆိုရင် ကိုတင်ထွန်း ဆွမ်းလှူဒါန်းခဲ့တာ (၁၀) ကြိမ်ရှိပါပြီ။

(၁၀) ကြိမ်မြောက်မှာတော့ နေပြည်တော် ပုဗ္ဗသီရိမြို့ သိုက်ချောင်းမှာရှိတဲ့ သာသနဝေပုလ္လပြင်ကြီး သီလရှင်စာသင်တိုက်မှာ သံဃာတော် (၃) ပါး ဆွမ်းပင့်ကပ်ပြီး ကျောင်းရှိသီလရှင်အပါး (၉၀) ကျော်ကို ဆွမ်းဆက်ကပ် လှူဒါန်းပါတယ်။ အဲဒါကြောင့် ကိုတင်ထွန်းရဲ့ ကား (၄) စီးမှာ လူ (၃၀) ကျော်မျှစီးကာ ကျွန်တော်တို့ ပြင်ကြီးသီလရှင်စာသင်တိုက်မှာ ရောက်နေခြင်းပါပဲ။

သီလရှင်ဆရာလေးက မြင်ဦးလွင်မြို့နယ် ပြင်ကြီးသူ သာသနဓဇ ဓမ္မာစရိယ ဒေါ်နန္ဒမာနီဖြစ်ပြီး ရှမ်းတိုင်းရင်းသူပါ။ သူ့ကျောင်းမှာ တိုင်းရင်းသူမျိုးစုံတို့ကို သီလရှင်လေးများဝတ်ပေးထားပြီး လောကုတ်၊ လောကီ နှစ်လီသောစာတို့ကို သင်ပေးပါတယ်။ လောကီဆိုင်ရာ အတန်းစာပေတွေကိုတော့ တက္ကသိုလ်စာပေးစာယူတက်နေတဲ့ ဒေါ်နန္ဒမာနီရဲ့ တူ၊ တူမလေးတွေကို အကူအညီခေါ်ယူပြီး သင်ကြားပေးနေတာပါ။ အလွန်ကြည်ညိုဖို့ကောင်းပါတယ်။ သို့သော်လည်း တိုက်တည်ထောင်တာ (၄) နှစ်သာရှိသေးတော့ အရာရာမပြည့်စုံသေးပါဘူး။ ပြီးတော့ နေရာကလည်း ချောင်အတော်ကျတဲ့နေရာမို့ လှူသီလည်းနည်းနေပါသေးတယ်။ တကယ့်ပရဟိတ လုပ်ငန်းပါ။

ဆရာလေးက -

"ဆရာလေးရဲ့ကျောင်းမှာ တိုင်းရင်းသူလေးတွေမျိုးစုံရှိတယ်။ သူတို့ကို လောကုတ်၊ လောကီပြည့်စုံအောင် စာတွေသင်ပေးနေပါတယ်။ သူတို့လေးတွေ သာသနာ့ဘောင်မှာမမြဲဘူးဆိုရင်

အဖေပြန်ရောက်လာသဖြင့် အကျိုးအကြောင်းကိုသိကြရတော့သည်။

"ဒီနေ့က စာမေးပွဲလည်းပြီးတဲ့နေ့ဆိုတော့ ရုပ်ရှင်သွားကြည့်ကြတဲ့သူတွေ တော်တော်များတယ်ဆိုပဲကွ။ ဒါကြောင့် လူများများဆံ့တဲ့ တိုယိုတာကားကြီးနဲ့ လိုက်ပို့တယ်။ ကားနောက်ခန်းမှာလည်း ကျပ်ညပ်နေတဲ့အပြင် ကားခေါင်းနှစ်ဖက်မှာတောင်တွယ်ပြီးလိုက်ကြရတယ်တဲ့။ ကားကလည်း ခါတိုင်းမောင်းနေကျ ကားဆရာကြီးနေမကောင်းလို့ ပြီးခဲ့တဲ့ရက်ပိုင်းကမှ သင်တန်းဆင်းပြီး ရောက်လာတဲ့ ဒရိုင်ဘာရဲဘော်အသစ်လေးတက်မောင်းပေးတယ်ပြောတာပဲ။ ပါသွားတဲ့လူတွေပြောတာကတော့ လူတွေကများတဲ့အပြင် ကားသမားလေးကလည်း ဒီကားကြီးနဲ့ အထာသိပ်မကျွမ်းသေးတော့ ခပ်ဖြည်းဖြည်းပဲ မောင်းသွားတာပဲတဲ့။ အဲဒါ ခုဖြစ်တဲ့အနားလည်းရောက်ရော ရှေ့ဘက်ကလာတဲ့မြင်းလှည်းတစ်စီးကို ရှောင်လိုက်ရင်း ချိုင့်လေးတစ်ခုကိုတက်နင်းမိပြီး ကားကြီးက ဝုန်းခနဲ အရှိန်နဲ့ ဆောင့်ထွက်သွားတယ်။ ပြီးတော့မှ လမ်းဘေးကကုက္ကိုပင်ကြီးကို ကားဘေးနဲ့ ပွတ်တိုက်ပြီးမှရပ်သွားတယ်။ကံကောင်းတာက နည်းနည်းလေးသာအရှိန်နဲ့ဆက်လိမ့်သွားရင် လူတစ်ရပ်ကျော်ကျော် လောက်မြင့်တဲ့ချောက်ထဲကိုအကျပဲ"

"လူတွေဘာတွေကောသေသေးလား အဖေ။ ဘယ်သူတွေဘာဖြစ်ကြသေးလဲ"

အစ်မကြီးက မေးလိုက်သဖြင့် အဖေကစိတ်မကောင်းစွာဖြင့်ဆက်ပြောပြခဲ့သည်။

"ကားနောက်ခန်းမှာမဆံ့လို့ ကားခေါင်းခန်းမောင်းတဲ့သူဘေးကနေတွယ်လိုက်သွားတဲ့ သားတို့သူငယ်ချင်းနှစ်ယောက်ကတော့ သစ်ပင်နဲ့ညပ်မိပြီး နေရာမှာတင် ရုပ်ပျက်ဆင်းပျက်ဆုံးသွားတယ်။ ကားနောက်ဘက်ကိုယ်ထည်ကလည်း တိုက်တဲ့အရှိန်ကပြင်းတော့ စုတ်ပြတ်သွားပြီး ပါသွားတဲ့လူတွေအားလုံးလိုလို ဒဏ်ရာတွေပြင်းပြင်းထန်ထန်ရကုန်ကြတယ်။ အားလုံးကို မြို့ထဲကဆေးရုံမှာတင်ပြီးကုပေးနေတယ်"

အမေကတော့ တဖျစ်တောက်တောက်နှင့် အဖေ့ကိုအပြစ်တင်၍မဆုံးတော့ပေ။ အဖေပြော၍သာ အမေခွင့်ပြုလိုက်ပါက ယခုလောက်ဆိုလျှင် အေးလွင်တို့ညီအစ်ကိုသုံးယောက် သေလျှင်သေ မသေလျှင်လည်း ဒဏ်ရာများဖြင့်ဆေးရုံသို့ရောက်နေမှာ သေချာလှသည်။

တိုက်မိသည့်အရှိန်ကပြင်းထန်လှသောကြောင့် ကုက္ကိုပင်ကြီး၏ပင်စည်မှ အခေါက်များပင်ကွာထွက်သွားကာ စုတ်ပြတ်သွားခဲ့သည်။ ရက်တော်တော်ကြာသည်အထိ ကားနှင့်သစ်ပင်ညပ်မိ၍သေဆုံးသွားခဲ့သော သူငယ်ချင်းနှစ်ယောက်၏ဦးနှောက်အပိုင်းအစများနှင့် သွေးကွက်များကုက္ကိုပင်ကြီးတွင်ကပ်နေသည်ကို အေးလွင်တို့တွေ့မြင်နေကြရသည်။

နောက်ပိုင်းတွင် ထိုနေ့က တိုယိုတာကားကြီးကိုမောင်းသွားသော ယာဉ်မောင်းရဲဘော်လေး ပြောပြခဲ့သည်မှာ တိုက်မိသည့်နေရာမရောက်မီ ကားကြီးမှာ လီဘာမနင်းဘဲနှင့် အရှိန်ပြင်းစွာ ဆောင့်ထွက်သွားခဲ့ပြီး ကားစတီယာရင်ကလည်း ဘယ်လိုမှဆွဲလှည့်၍မရတော့သဖြင့် ကုက္ကိုပင်ကြီးအား ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

တိုယိုတာကားကြီးမှာလည်း တိုက်မိသည့်အရှိန်ကြောင့် ခေါင်းပိုင်းရောကိုယ်ထည်ပိုင်းပါ ဆိုးဆိုးရွားရွားပျက်စီးသွားခဲ့သည့်အတွက် ပြန်လည်ပြင်ဆင်၍မနေတော့ဘဲ အခြားကားတစ်စီးနှင့် ဆွဲယူကာ မူလထုတ်ယူခဲ့သောထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းသို့ ပြန်လည်ကာပေးပို့ခဲ့သည်။

သို့ဖြင့် ဂြိုဟ်မွှေသောတိုယိုတာကားကြီးမှာ မည်သူမျှထပ်မံအသုံးပြုခြင်းမရှိတော့ဘဲ နိဂုံးချုပ်သွားခဲ့တော့သည်။

တင်အေးကျော် (အောင်ပင်)



www.burmeseclassic.com

www.burmeseclassic.com

တောင် သူတို့ရဲ့ရင်ထဲမှာ ဗုဒ္ဓပါသွားပါပြီ။ ဗုဒ္ဓနဲ့ရင်းနှီးသွားပါပြီ။ တိုင်းရင်းသူ တိုင်းရင်းသားတွေဆိုတာက အများအားဖြင့် ဘာသာခြားတွေဖြစ်နေတတ်တယ်လေ။ အဲဒီတော့ ဗုဒ္ဓစာပေတွေ သူတို့နဲ့ ပါသွားရင်ပဲ ဆရာလေးကျေနပ်လှပါပြီ။ သာသနာ့ဘောင်မှာမြဲပြီး သာသနာပြုမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့။ ဆရာလေးဆိုရင် (၁၃) နှစ်သမီးကနေပြီး သီလရှင်ဝတ်ခဲ့တာပါ"

လို့ ပြောပြပါတယ်။

ဆရာလေးက အသက် (၃၀) ကျော်ပဲရှိသေးတာပါ။ သူ့ရဲ့ပရဟိတစိတ်ကို လေးစားကြည်ညိုရပါတယ်။

တရားနာပြီးလို့ သံဃာတော်တွေ၊ သီလရှင်တွေ ဆွမ်းဘုဉ်းပေးနေစဉ်မှာတော့ ကျွန်တော်တို့တစ်တွေ ဆရာလေး စိုက်ပျိုးထားတဲ့ သရက်ဥယျာဉ်ထဲမှာ စကားစမြည်များပြောဆိုနေကြပါတယ်။ သရက်ပင်တွေက ငယ်သေးတော့ အပင်တွေကြားမှာ သီးပင်စားပင်လေးတွေ ကြားညှပ်စိုက်ပျိုးထားတာ တွေ့ရတယ်။ အဲဒီမှာ နာနတ်ပင်လည်း ပါပါတယ်။

အဲဒီမှာ အမျိုးသမီးတစ်ဦးက -

"နာနတ်ပင်ကလည်းဟယ် ကြီးတောင်ကြီးနေပြီ။ အသီးကလည်း မသီးသေးဘူးနော်"

လို့ဆိုပါတယ်။

အဲဒီမှာအမျိုးသမီးတစ်ဦးက -

"နာနတ်ပင်စိုက်ဖို့ ပေါက်ပြားနဲ့ ကျင်းတူးတော့ ပေါက်ပြားနဲ့ နှစ်ချက်၊ သုံးချက်ခုတ်ပြီး တူးပုံရပါတယ်။ ဒီတော့ (၂) နှစ်၊ (၃) နှစ်နေမှ သီးမှာပေါ့ဟယ်"

လို့ ဆိုပါတယ်။

ပထမအမျိုးသမီးက -

"ဟဲ့ - နင်ကလည်း အပင်စိုက်ပါတယ်ဆို ကျင်းတော့တူးရတာပေါ့ဟဲ့။ ကျင်းတူးတာနဲ့ အပင်နဲ့ ဘာဆိုင်လို့တုံး"

"ဆိုင်တယ်ဟဲ့ဆိုင်တယ်။ နာနတ်ပင်က အခြားအပင်တွေနဲ့မတူဘူးတဲ့။ အဲဒါ တို့အဖေက ပြောပြတာ။ နာနတ်ပင်စိုက်ရင် မြေကိုအားစိုက်ပြီး ပေါက်ပြားနဲ့တစ်ချက်ပဲပေါက်ပြီးလှန်ရတယ်၊ အဲဒီအထဲ နာနတ်ပင်စိုက်ရင် အဲဒီအပင်ဟာ (၁) နှစ်နဲ့သီးတယ်။ နှစ်ချက်ပေါက်ရင် (၂) နှစ်နေမှ သီးတယ်။ သုံးချက်ပေါက်ရင် (၃) နှစ်နေမှသီးတယ်။ အဖေက အဲဒီလိုပြောတော့ တို့အစ်ကိုက စကားကတ်ပြီး 'အဖေရေ၊ နာနတ်ပင်ချက်ချင်းထသီးအောင် မြေကြီးကို မပေါက်ဘဲ ဒီအတိုင်းချထားရင်ကော



မရဘူးလား' လို့ ပြောတယ်။ 'ဟကောင် မစိုက်မှတော့ အပင်ဖြစ်မလားကွ။ နာနတ်က ရွက်ကျပင်ပေါက်မျိုးမှမဟုတ်တာ' လို့ ပြောတာပေါ့"

"ဒါဆိုလက်တွေ့ရောစိုက်ဖူးလား"

"အဖေက လက်တွေ့ကိုစိုက်ပြတာ။ မိုးရာသီမှာ နာနတ်သီးတွေပေါ်ချိန် နာနတ်သီးတွေ ဝယ်စားပြီး နာနတ်ခေါင်းမျိုးပင်တွေကိုစုထားတယ်။ ပြီးမှ တစ်ချက်ပေါက်ပြီး တစ်ပင်စိုက်တယ်။ နောက်နှစ်ချက်ပေါက်ပြီး တစ်ပင်စိုက်တယ်။ နောက်သုံးချက်ပေါက်ပြီးတစ်ပင်စိုက်တယ်။ တို့ဆီက မြေကောင်းတော့ဖြစ်တာပေါ့ဟာ။ နောက်မိုးလည်း ရောက်ရော တစ်ချက်ပေါက်တဲ့အပင်က ထသီးတယ်။ နှစ်ချက်ပေါက်တဲ့အပင်က (၂) နှစ်နေမှသီးတယ်။ တကယ်ဟုတ်တာပါလားဆိုပြီး ငါလည်း အံ့ဩတယ်။ အဖေက လက်တွေ့စိုက်ပျိုးပြီး ဗဟုသုတပေးတာပါ။ (၃) ချက်ပေါက်တဲ့အပင်ကတော့ အဲဒီအပင်က သီးချိန်တောင်မရလိုက်ပါဘူးဟယ်။ စည်းတွေ သူ့အိမ်ကိုယ့်အိမ်ကာကြတော့ကာ စည်းနဲ့သိပ်မလွတ်လို့ ခုတ်ပစ်ရတယ်ဟ။ အဲဒီအပင်က မစားလိုက်ရပါဘူး။ ဒါပေမယ့်ဟာ နာနတ်သီးတွေက ဝယ်တုန်းကလို အကြီးကြီးတွေမဟုတ်ဘဲ အလုံးသေးသွားတယ်ဟဲ့"

လို့ အချင်းချင်းပြောနေကြပါတယ်။

သတိထားတတ်တဲ့ ကျွန်တော့်နားက အလိုလိုစွင့်ပြီးသားဆိုတော့ ဗဟုသုတတွေရနေပါတယ်။ ဒီလိုလောကီရဲ့ စတိသဘော အယူအဆလေးတွေဟာ လူလောကထဲမှာ ကျယ်ပြန့်စွာရှိနေပါတယ်။ သူတို့ပြောနေကြတာက မိမိတို့ရဲ့ အိမ်ဝင်းထဲမှာ အပျင်းပြေသီးပင်စားပင်လေးတွေ စိုက်ပျိုးတဲ့သဘောပါ။

ရှမ်းပြည်နယ်တောင်ပိုင်းဘက်မှာ နာနတ်တွေကို စီးပွားဖြစ် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးတာတွေ တွေ့ရသလို ရှမ်းပြည်နယ်မြောက်ပိုင်းမှာလည်းတွေ့ရပါတယ်။ အဲဒီတွေမှာကျတော့ သိပ္ပံနည်းကျ စီးပွားဖြစ်စိုက်ပျိုးကြတာကြောင့် နည်းစနစ်တွေသာ အဓိကကျပါတယ်။

နာနတ်သီးပေါ်ချိန်ဆိုရင် ကားကြီးကားငယ်အသွယ်သွယ်နဲ့ တစ်ပြည်လုံးဖြန့်တာပါ။ လမ်းဘေးအရောင်းဆိုင်တွေမှာဆိုရင်လည်း နာနတ်သီးတွေ တောင်ပုံယာပုံတွေ့ရပြီး အမြည်းအလကားပေးစားကာ ဝယ်ရင်လည်း ဈေးနှုန်းချိုသာလှပါတယ်။ အလုံးကြီးတွေလည်း အလွန်အောင်မြင်ဖြစ်ထွန်းပါတယ်။ အရသာလည်း ကောင်းမွန်လှပါတယ်။ ကျောက်စိမ်းသီးဆိုရင် နာမည်ကြီးပါ။ အပြင်အခွံစိမ်းနေပေမယ့် အထဲမှာ ဝါဝင်းနေပြီး ချိုအိမွှေးနေပါတယ်။ စားချင့်စဖွယ်ပါ။ တောင်ကြီးဘက်၊ လားရှိုးဘက်သွားရင် တွေ့နိုင်ပါတယ်။

အထက်ပါ ပြင်ကြီးသီလရှင်စာသင်တိုက်မှာ အမျိုးသမီးနှစ်ဦးပြောနေကြတာကတော့ မိမိတို့ခြံဝင်းမှာ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်း ဝါသနာပါသူတွေအတွက်သာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးခြံကြီးတွေကျတော့ ဘောင်နဲ့စနစ်တကျ လေဝင်လေထွက်ကောင်းအောင် စီတန်းစိုက်ပျိုးကြခြင်းပါ။ ကြည့်လို့လည်း အလွန်လှပါတယ်။ ဘာပင်ပဲစိုက်စိုက် နည်းစနစ်ဆိုတာတော့ ရှိပြီးဖြစ်ပါတယ်။

ကျွန်တော့်ခြံကျဉ်းကျဉ်းလေးထဲမှာတော့ ခြံနဲ့မမျှ သီးပင်စားပင်တွေအစုံရှိပါတယ်။ ကိုတင်သန်းကဆိုရင် 'ဦးခြံက စိမ့်ကြီးမြိုင်ကြီးဖြစ်နေပြီ။ ကြာရင် ဦးလည်း မြိုင်ရာဇာတွတ်ပီဖြစ်တော့မယ်' လို့ နောက်ပြောင်ပြောဆိုပါတယ်။ ဘာပဲဖြစ်ဖြစ် စားလို့ရတာက အကုန်စိုက်စနစ်နဲ့ စိုက်နေတာပါ။ ဒါမှအရိပ်လည်းရ အသီးလည်းစားရနဲ့ အဆင်ပြေပြီး စိတ်ကိုလည်းကြည်နူးစေပါတယ်။ ဒါကြောင့် မြေရှိရင် စားလို့ရတာ အကုန်စိုက်ကြစေချင်ပါတယ်။ တစ်သက်လုံး ပျော်ချင်ရင် ဥယျာဉ်ပျိုးတဲ့ဗျ။


ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်အောင်စိုး

www.burmeseclassic.com

ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား။ "မင်းကွန်း တိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ"ရဲ့ လက္ခဏာ ပုံတော်ကို နှိပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက် ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာ အဓိဋ္ဌာန်ဝင်ပြီးမှ စေတီတော်ရဲ့ ဖောင်းရစ် ပေါ်တင်ပြီး ဟောစာတမ်း ရေးခဲ့သည်၊ ဆရာတော် ဘုရားကြီးရဲ့ ပျံလွန် တော်မူမယ့်ကာလ နှစ်၊ လအထိ တွက်ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည် ၁၉၉၉ခု၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၅) ဆရာတော် ဘုရား သက်တော် (၈၂)ထိသာ အသက်ရှည်နိုင်မည်၊ မည်သည့်ရောဂါဝေဒနာခံစားရမည်ကို (၇)နှစ် ကြိုတင်၍ ၁၉၈၆၊ နိုဝင်ဘာလထုတ် ဇောတိ သဝေဒမဂ္ဂဇင်း အမှတ်(၂၇)၊ စာမျက်နှာ ၁၄-၁၅-၁၆-၁၇-၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

ဂျပန်နိုင်ငံမှာ (၉)နှစ်ကြာ လက္ခဏာဗေဒင်သွားဟောခဲ့တဲ့ ဆရာချမ်းမင်း အခုမြန်မာ ပြည် ပြန်ရောက်တာ (၁) လလောက်ပဲ ရှိသေးတယ်။ သူ့ကြော်ငြာကို သတင်းစာထဲမှာ တွေ့လို့ ချက်ချင်း သွားမေးတာ ကွက်တိ မှန်တယ် ဆရာရေ။ နိုင်ငံခြားမထွက်ခင်က သူ့ဆီမှာ တစ်ခါသွားမေးဖူးတယ်။အဲဒီတုန်းက ကျွန်တော်ဟာ သာမန်အရောင်း အဝယ် သမားလေး တစ်ယောက်ပဲ။ အိုးအိမ်-မြေယာဘာမှ ကိုယ်ပိုင်မရှိသေးဘူး။ ဆရာ ချမ်းမင်းက ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာ သန်းကြွယ် သူဌေးဖြစ်လာမယ်လို့ ဟောလိုက်စဉ်က ကျွန်တော်မယုံခဲ့ပါဘူး။ အခုတော့ သူပြောသလို ဖြစ်လာခဲ့တယ်။ ဆရာတစ်ခေါက်လောက် သွားမေးကြည့်ပါလား" နေလနှစ်ပါး သိဒ္ဓိရတနာဆိုင်ပိုင်ရှင် ဦးသန်းမောင် (မိုးကုတ်)မှ သတင်း စကားပါးခြင်း ဖြစ်ပေသည်။ (တွေ့ဆုံခြင်း နက္ခတ္တရောင်ခြည် ၁၉၉၉၊ ဇန်နဝါရီ လ၊ စာမျက်နှာ - ၁၅၃)



ဆရာချမ်းမင်း(LL.B)
သိပ္ပံလက္ခဏာရှင် နက္ခတ္တဗေဒ

**အမှတ်တရရဲ့ အမှတ်တရ** - ကမ္ဘာ့ကစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး **တတရှီအိတိုစံ** ကိုယ်တိုင် ဆရာချမ်းမင်းထံ လက္ခဏာလာရောက် ဆွေးနွေးသွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ်(၅၇)၊ ဇူလိုင်၊ ၂၀၀၂ စာမျက်နှာ-၁၃၂-၁၃၃-၁၃၄-၁၃၅)


"ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်က ထိုင်းလူမျိုး **(Itti Balanoora)** ဆိုတဲ့ နာမည်ကြီး အဆိုတော် သီချင်းရေးဆရာ ပရိုဂျူဆာကို ဟောပြောခဲ့ ရခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြှုပ်ထားတဲ့အကြောင်း၊ သူတို့မျိုးရိုးမှာ လေဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက်ရှိကြောင်း၊ အခု လောလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာခံစား ရမယ့်အကြောင်း၊ သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူဖြစ်ကြောင်းစတဲ့ မှန်ကန်တဲ့ဟောချက်တွေ ကြောင့် ကျွန်တော့်ကို အထူးလေးစားသွားခဲ့ပါတယ်။ ဂျပန်ကိုထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော့်ကို ကျွေးမွေးဧည့်ခံခဲ့ပါတယ်။ သူပိုင်ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာပွဲ (၂၇)ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ "(တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ - ၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉၊ အမှတ်- ၂၈၈၊ စာမျက်နှာ - ၂၃-၂၄-၂၅-၂၆-၂၇-၂၈)"

လက္ခဏာပညာဖြင့် [illegible] လက္ခဏာ အမှတ် (၂)
[illegible]

[illegible] ရေစင်မှတ်တိုင်ဆင်းပါ။ မြေအမှတ် ၃၁-၁၁၊ စံပယ်လမ်း(တတိယချောက် ဘယ်ဘက် လမ်းသွယ် -ရွှေခဏ္ဍာလမ်း)
[illegible] နှိုင်းသာ (VIP) ရွှေပြည်သာမြို့။ (ဥပုသ်နေ့မှအပ နံနက် (၉) နာရီမှ ညနေ (၄) နာရီအတွင်း)
[illegible]520


ချမ်းမြေ့ခွင်း
[illegible]
www.burmeseclassic.com

www.burmeseclassic.com



စီရင်ပါအရှင်. . . ။

အရှင့်စိတ်တိုင်းကျသာစီရင်လိုက်ပါ။ ကျွန်တော်ကား အရှင်စီရင်သမျှကို ကျေကျေနပ်နပ်ခံယူရန်အတွက်ဆုံးဖြတ်မျှော်လင့်ပြီးသားဖြစ်နေသူပါ။ အရှင့်ရှေ့မှောက်သို့မရောက်မီကပင် အရှင့်တိုင်းပြည်သို့ ကြိုတင်ကိုင်းညွတ်ပြီးသားဖြစ်နေသူပါ။ ထို့ကြောင့် ကျွန်တော့်တွင် အရှင်ပေးအပ်လာမည့် ပြစ်ဒဏ်အပေါ် တစ်စုံတစ်ရာ တုန်လှုပ်ချောက်ချားနေခြင်းမရှိတော့သလို တစိုးတစိမျှသော ဈေးဆစ်ပန်ကြားခြင်းကိုလည်းပြုစရာမရှိတော့ပါအရှင်။ အရှင့်သဘောအတိုင်းသာ စီရင်ပါလော့။

ထို့ပြင် ကျွန်တော်တိုက်တွန်းလိုပါသေးသည်။ လျှောက်ထားလိုပါသေးသည်။ ၎င်းမှာ ကျွန်တော်သည် အရှင့်တိုင်းပြည်နှင့် အမှန်တကယ် ထိုက်တန်မှုရှိကြောင်းကို မည်သို့မျှ သံသယမဖြစ်လိုက်ပါနှင့် အရှင်။ ကျွန်တော့်အားပြစ်ဒဏ်တစ်စုံတစ်ရာပေးရခြင်းအတွက်လည်း မည်သို့မျှမှားယွင်းမှုရှိမည်မဟုတ်ကြောင်းကို စိတ်ချလက်ချယုံကြည်လိုက်ပါအရှင်။ ထို့နောက် ကျွန်တော့်အားပေးမည့်ပြစ်ဒဏ်အစုစုအပေါ် မှာလည်း ရွှေတစ်စေ့စာမျှကိုပင် အရှင့်ကရုဏာဖြင့်ပယ်နုတ်လျှော့ပေါ့ပေးခြင်း လုံးဝမပြုလုပ်စေလိုပါ။ အပြည့်အဝသာလျှင်တင်းပြည့်ကျပ်ပြည့်သာလျှင် ပေးအပ်တော်မူပါ။ ချမှတ်တော်မူပါ အရှင်။


သို့သော် အရှင့်အနေဖြင့် ဝတ္တရားအတိုင်း တရားသူကြီးတစ်ဦးက တရားခံတစ်ယောက်အပေါ် မေးမြန်းစစ်ဆေးရခြင်းကဲ့သို့သောအမှုမျိုးကို ပြုလုပ်လိုသေးပါကမူ ပြုလုပ်ပါသည်အရှင်။ ထိုအခါတွင်လည်း 'မောင်မင်း သင်မည်သည့်အပြစ်ကို ကျူးလွန်ခဲ့သနည်း' ဟု မေးခွန်းတစ်ခုတည်းကိုသာ မေးလိုက်တော်မူပါ။ ထိုထက်ပို၍ မေးမြန်းခြင်းပြုတော်မူမနေပါနှင့်။ အဘယ်ကြောင့်ဆိုသော် အလုံးစုံသော ကျွန်တော်၏အပြစ်တို့ကို ဖြစ်ကြောင်းကုန်စင် အိတ်သွန်ဖာမှောက်ဆိုသကဲ့သို့ ကျွန်တော်ကသာ အရှင့်ရွှေနားတော်အရောက် ကြားလျှောက်ထွက်ဆို၊ ဖွင့်ဟဝန်ခံလိုက်မည်ဖြစ်သောကြောင့်ပါတည်း။

❑

ကျွန်တော်ကား မိုက်မဲလှသူတစ်ဦးပါ။ လွန်စွာမိုက်မဲလှသူတစ်ဦးပါ။ ထိုသို့ မိုက်မဲခြင်းအကြောင်းကို အစမှအဆုံးတိုင် ဇာတ်စုံခင်းပြရမည်ဆိုပါက ကျွန်တော်၏ငယ်ရွယ်စဉ်ကာလ သားသတ်သမားတစ်ဦးအဖြစ် အသက်မွေးရပ်တည်ခဲ့ခြင်းမှ အစပြုကာ ပြောပြရမည် ထင်ပါသည်။

ကျွန်တော်ကား ဆိုခဲ့သည့်အတိုင်း သားသတ်သမားတစ်ဦးပါ။ ပုဆိန်ကိုင်တစ်ဦးပါ။ သတ္တဝါတို့အသက်ကို သစ်ရွက်တစ်ရွက်ခြွေသကဲ့သို့ အလွယ်တကူ ဖြတ်ခြွေပစ်ရန် ဝန်မလေးသောလက်မရွံ့တစ်ဦးပါ။ ကျွန်တော်၏ အမည်မှာ မောင်စက်ရှိန်ဟူ၍ ဖြစ်သော်လည်း အများကမူ ကျွန်တော်၏

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကွယ်ရာတွင် 'ပါးကွက်စက်ရိုန်' ဟူသော ပြောင်ချော်ချော်နာမည်ဖြင့် ကျွန်တော့်အား ခေါ်ဝေါ်သမုတ်ခြင်းပြုထားကြပါလေသည်။ ထိုနာမည်မှာ ပညတ်သွားရာ ဓာတ်သက်ပါဆိုသော စကားအတိုင်းပင် ကျွန်တော်လုပ်ကိုင်နေသောအလုပ်နှင့် လွန်စွာမှ လိုက်ဖက်လှပါတော့သည်။

ကျွန်တော်သည် အားခွန်ဗလနှင့် ပြည့်စုံသူတစ်ဦးလည်း ဖြစ်ပါသည်။ သို့သော် ထိုသို့ ကျွန်တော်၏ ခွန်အားဗလပြည့်ဖြိုးခြင်းမှာ ဆိုခဲ့သည့်အတိုင်း သတ္တဝါတို့အတွက် ကံမကောင်းခြင်းသာ ဖြစ်ခဲ့ရသည်။ ကျွန်တော်၏အားကောင်းလှသော ပုဆိန်ချက်အောက်၌ မရေမတွက်နိုင်သောသတ္တဝါများ မရှုမလှ အသက်ထွက်ခဲ့ရ၏။ သေပွဲဝင်ခဲ့ရ၏။ မည်မျှပင် ဆိုးသွမ်းပြီး ရန့်ရင့်ကြမ်းတမ်းသောသတ္တဝါဖြစ်ပါစေ ကျွန်တော်၏ ရှေ့မှောက်၌ ဒူးတုပ်ခဲ့ရမြဲ၊ ငိုက်စိုက်ခဲ့ရမြဲ၊ ပုံပုံလဲခဲ့ရမြဲသာ ဖြစ်ပါ၏။ ကျွန်တော်၏ သားသတ်ရုံအတွင်းသို့ ရောက်ပြီးလေသော သတ္တဝါမှန်သမျှ ပြန်လည်လွတ်မြောက်သွားသည်၊ ပြန်လည်အသက်ဆက်ခွင့်ရသွားသည်ဟူ၍ ဘယ်သောအခါကမျှ မရှိခဲ့ဘူးပါ။ မည်သည့်တစ်ကောင်တလေကိုသော်မျှ ကျွန်တော် ချမ်းသာမပေးခဲ့ပါလေ။

သားသတ်ခြင်းသည် ကျွန်တော်၏ အသက်မွေးမှုပင် ဖြစ်၏။ ထို့ကြောင့် ထိုအလုပ်၌ ကျွန်တော်ပျော်ပိုက်၏။ စိတ်ရွှင်လန်း၏။ တစ်ဖန် ထိုအလုပ်ကိုလည်း အလွန်မတန်ပင် ကျွမ်းကျင်လှ၏။ ပိုင်နိုင်လှ၏။ ဝါရင့်လာသည်နှင့်အမျှ ထိုအလုပ်ကို ထမင်းစားရေသောက်ပမာဖြစ်လာခဲ့ရ၏။ မည်မျှပင် ခန္ဓာကိုယ်ကြီးမားသောသတ္တဝါဖြစ်ပါစေ သူ၏အသက်ကို အမြန်ဆုံးနည်းဖြင့် မည်သို့ဇိဝိန်ခြွေရမည်ကို ကျွန်တော်ကောင်းစွာသိပါ၏။ သိသည့်အတိုင်းလည်း လုပ်နိုင်ခဲ့ပါ၏။ ထို့ပြင် ကျွမ်းကျင်သောလက်သမားသည် အိမ်တစ်ဆောင်ကို အမြန်ဖျက်၍ အမိုးတခြား၊ အကာတခြား၊ အခင်းတခြားပုံနိုင်သကဲ့သို့ ကျွန်တော်သည်လည်း သတ္တဝါကြီးတစ်ကောင်အား လျှပ်တစ်ပြက်အတွင်းမှာပင် အသားတခြား၊ အရိုးတခြား၊ အရေခွံတခြား၊ ဝမ်းတွင်းသားတခြား ပုံနိုင်ဖျက်နိုင်သူပင် ဖြစ်ပါလေ၏။

ကျွန်တော်၏စွမ်းပကားကို မြင်သူတိုင်းက အံ့ဩကြ၏၊ ချီးမွမ်းကြ၏၊ မြှောက်ပင့် ပြောဆိုကြပါ၏။ ထိုသို့ မြှောက်ပင့်ပြောဆိုကြသည်ကိုပင် မိမိကိုယ်ကိုအဟုတ်ကြီးထင်ကာ ကျွန်တော်က ပို၍တက်ကြွခဲ့၏၊ ပို၍လက်စွမ်းပြခဲ့၏။ ပို၍ပုဆိန်သွားထက်ခဲ့ပါလေ၏။

ကျွန်တော်၏ သားသတ်သမားဘဝတစ်လျှောက်၌ အမှားအယွင်းဟူ၍ မှတ်မှတ်ရရ တစ်ကြိမ်သာရှိခဲ့ဖူးပါ၏။ ထိုမှားယွင်းမှုမှာလည်း အကယ်စင်စစ် ကျွန်တော့်ကြောင့်ဖြစ်ရသည် မဟုတ်ပါ။ ကျွန်တော့်အား ကူညီလုပ်ကိုင်ပေးရသူ ကျွန်တော်၏ လက်ထောက်တပည့်တစ်ဦးကြောင့်သာ မှားယွင်းခဲ့ရခြင်း ဖြစ်ပါ၏။

ဖြစ်ပုံမှာ အလွန်ခွန်အားကြီးသော ကျွဲကြီးတစ်ကောင်အား သုတ်သင်စဉ်က ဖြစ်ပါ၏။ ထိုကျွဲသတ္တဝါကြီးအား အမဲပေါ်ရန်အတွက် ထုံးစံအတိုင်း ခွတိုင်၌ ဦးခေါင်းအားညှပ်တင်ထားစဉ် ထိုတပည့်၏ပေါ့လျော့မှုကြောင့် ချည်နှောင်ထားသောကြိုးများက ပြေလျော့သွားပါလေသည်။ ဤ၌ ကျွန်တော်က ပုဆိန်ကိုမြှောက်၍ ထိုကျွဲကြီး၏ထိပ်ဝတည့်တည့်သို့ အားကုန်ထုချလိုက်ရာ ကြိုးပြေနေသော ထိုကျွဲကြီးက သူ့ခေါင်းကိုရှောင်တိမ်းလိုက်သည်မို့ ပုဆိန်ချက်ကလွဲသွားရပါတော့သည်။ လွဲသွားရုံမျှမက ထိုပုဆိန်ချက်မှာ ကျွန်တော်၏ခြေသလုံးညို့သကျည်းပေါ်သို့သာ ပြင်းထန်စွာ ကျရောက်သွားပါတော့သည်။ ရန်းထွက်လွတ်မြောက်တော့မလိုဖြစ်သွားသော ထိုကျွဲကြီးအား ကျွန်တော်၏တပည့်ကပင် ချွန်မြသော လှံသွားဖြင့် နှလုံးသားတည့်တည့်သို့စိုက်သွင်းကာ အဆုံးစီရင်လိုက်ရပါလေသည်။

ကျွန်တော်ကား မိမိကိုယ်တိုင် ထုနှက်မိသောဒဏ်ရာကြောင့် ရက်ပေါင်းများစွာ အနားယူခဲ့ရပါ၏။ ဆေးကုခဲ့ရပါ၏။ သို့သော် ဝေဒနာမှသက်သာလျှင်သက်သာချင်းပင် မူလလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့ပါလေသည်။ သားသတ်အလုပ်ကိုသာ လုပ်မြဲတိုင်းပြန်လုပ်နေခဲ့ပါလေသည်။

ခုတစ်ခါတွင်မူ ယခင်က အမှားအယွင်းမျိုး လုံးဝမဖြစ်ပေါ်ရအောင် ကျွန်တော်က နည်းသစ်တစ်မျိုးကို ပြောင်းလဲ အသုံးပြုလိုက်ပါသည်။ ထိုနည်းလမ်းမှာ နောက်တစ်နေ့မနက်အတွက် အမဲပေါ်ရန်လျာထားသည့် သတ္တဝါကြီးများအား ယနေ့ညဦးကတည်းကပင် ၎င်းတို့၏ခြေလက်တို့ကို ကြိုတင်ပြီး ခုတ်ချိုးထားလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

ထိုသို့ ပြုလုပ်ထားခြင်းဖြင့် အနီ သတ္တဝါကြီးမှာ တစ်ညလုံးပင် သွေးစက်လက်ဖြင့် ဝေဒနာဒဏ်ကိုတမြေ့မြေ့ခံစားနေရပြီးသကာလ နံနက်မိုးသောက်သည်နှင့် အားအင်ချည့်နဲ့ကာ ဦးခေါင်းကိုငိုက်စိုက်ပြီးသားဖြစ်နေလေပြီ။ ထိုအခါမည်သို့မျှ အန်တုရုန်းဖယ်ခြင်းမပြုနိုင်တော့သော ထိုသတ္တဝါအား ပုဆိန်တစ်ချက်စာမျှနှင့်ပင် အဆုံးစီရင်ခြင်း ပြုနိုင်ပေပြီ။ ဤသည်မှာ ကျွန်တော်၏ ပြောင်မြောက်သော လုပ်ဆောင်ချက်တစ်ခုပင် ဖြစ်ပါလေသည်။

သို့သော် ကျွန်တော်ကား ထိုလုပ်ငန်းဖြင့်သာ မြိန်ရေရှက်ရေအသက်မွေးခဲ့လေသော်လည်း ချမ်းသာခြင်းသို့မူ မရောက်ခဲ့ပါ။ ဘဝဖူလုံရုံ၊ သားမယား ကျွေးနိုင်မွေးနိုင်ရုံမျှသာ ဖြစ်ပါသည်။ ထို့ပြင် အသက်အရွယ်ရလာသည်နှင့်အမျှ ကျွန်တော်၏လက်ရည်သည်လည်း တဖြည်းဖြည်းကျလာခဲ့ပါလေသည်။ ယခင်ကကဲ့သို့ စွမ်းဆောင်နိုင်ခြင်းမျိုး မရှိတော့ပါ။

များမကြာမီ ထိုလုပ်ငန်းမှ လုံးဝအနားယူရတော့မည့်အခြေအနေကဖြစ်ပေါ်လာပါတော့သည်။ အခြားမဟုတ်ပါ။ ကျွန်တော်၏ ညို့သကျည်းပေါ်မှ ဒဏ်ရာဟောင်းက ပြန်ပေါ်လာခြင်းကြောင့်ပင် ဖြစ်ပါလေသည်။ ထိုဒဏ်ရာ၏နှိပ်စက်မှုကြောင့်ပင် ကျွန်တော်မည်သို့မျှ ထိုအလုပ်ကို လုပ်နိုင်စွမ်းမရှိတော့ပါ။ သားမသတ်နိုင်တော့ပါ။ ဆေးပြန်ကုရင်း အိပ်ရာထဲတွင်သာလဲနေရပါလေတော့သည်။

❑

ကျွန်တော် အလုပ်လက်မဲ့ဖြစ်ရခြင်းနှင့်အတူ ကျွန်တော်၏ မိသားစုသည်လည်း ကျပ်တည်းဆင်းရဲသွားရပါတော့သည်။ ဆိုးရွားစွာပင် အခြေယိုင်သွားရပါလေတော့သည်။အရွယ်ရောက်ပြီးသောကျွန်တော့်သားသမီးများက ကြုံရာရရာအလုပ်တို့ကို ထွက်၍လုပ်ကြပါသော်လည်း မိသားစုစားဝတ်နေရေးကိုကား ဖူလုံလောက်ငှအောင်မစွမ်းဆောင်နိုင်ကြပါပေ။ မိသားစုမှာ ဆင်းရဲမြဲဆင်းရဲလျက်သာရှိနေပါတော့သည်။ ကျွန်တော်ကား အနာသည်းလှသော ဝေဒနာကိုခံစားရသည်ကတစ်ဖက်၊ ဥမမည်စာမမြောက်သေးသော ရင်သွေးငယ်များ၏ ငိုယိုပူဆာသံများကြောင့် စိတ်ညစ်

ညှုးရသည်ကတစ်ဖက်ဖြင့် လွန်စွာမှ စိတ်ဆင်းရဲရပါလေတော့၏။

ဤမှာပင် ကျွန်တော်တို့မိသားစု အား ကယ်တင်မ,စမည့်ပုဂ္ဂိုလ်များက အချိန်ကိုက်ဆိုသလိုပင် ပေါ်ထွန်းလာပါတော့သည်။ သူတို့ကား မေတ္တာရှင် အဖိုးကြီးညီအစ်မနှစ်ယောက်ပင် ဖြစ်ပါလေသည်။ ထိုညီအစ်မနှစ်ယောက်မှာ လှူဒါန်းပေးကမ်းရာတွင် ရက်ရောသူများအဖြစ်ဖြင့်လည်းကောင်း၊တရားဘာဝနာလိုက်စားသူများအဖြစ်ဖြင့်လည်းကောင်း ရပ်ကွက်အတွင်း၌ နာမည်ကျော်သူများပင် ဖြစ်ပါသည်။

ထိုညီအစ်မနှစ်ယောက်က ဒုက္ခပင်လယ်ဝေနေသော ကျွန်တော်တို့မိသားစုအား မရှုဆိတ်ရှာကြပေ။ အစွမ်းကုန်ပင် ဖေးမကူညီခဲ့ကြပါပေသည်။ ဦးစွာ ကျွန်တော်၏ဝေဒနာကို ဆေးဖိုးဝါးခ အကုန်အကျခံကာ ကုသပေးပါလေ၏။ ထို့နောက် ကျွန်တော်၏ သားနှစ်ယောက်ကိုလည်း သူတို့၏ သီးနှံပွဲရုံ၌ အလုပ်ခန့်ထားပေးလေ၏။ ထို့ပြင် ကျန်သော ကလေးများအတွက်ပါ စားစရာ၊ ဝတ်စရာတို့မှအစ ဘာမှမလွှတ်ရလေအောင် ပံ့ပိုးပေးကမ်းပြန်လေ၏။ နောက်ဆုံး ကျွန်တော့်ကိုပင် ဝေဒနာမှ ပျောက်ကင်းသည်နှင့် သူတို့၏ သီးနှံဂိုဒေါင်တွင် ညစောင့်အဖြင့် အလုပ်ခန့်ထားပေးပြန်သေးလေရာ ဘာဆိုဘာမှ အငြင်းပွားဖွယ်မရှိသော တကယ့်ကျေးဇူးရှင်စစ်စစ်ကြီးများပင် ဖြစ်ပါလေတော့သည်။

ဤသို့ဖြင့် မိသားစုမှာ ပြန်လည်၍ ချောင်လည်လာ၊ စိုပြည်လာခဲ့ပါလေသည်။ လူတန်းစေ့နေထိုင်စားသောက်လာနိုင်ခဲ့ပါလေသည်။ ထိုညီအစ်မ၏ ကောင်းမှုဖြင့် မဟာအကျပ်အတည်းကြီးမှ ရုန်းထွက်လွတ်မြောက်နိုင်ခဲ့ပါလေ၏။

သို့သော် ထိုသို့ အခြေအနေပြန်ကောင်းလာပြန်တော့လည်း တစ်ဖန်ဗွေဖောက်လာပြန်သူကား ကျွန်တော်ပင် ဖြစ်ပါလေသည်။ အခြားမဟုတ်ပါ။ လောင်းစကားဘက်သို့ကျွန်တော်ဝါသနာထုံသွားခြင်းပင် ဖြစ်ပါသည်။ ပိုလျှံလာသော ငွေစကြေးစကလေးများနှင့် ဂျင်ဝိုင်း၊ ဖဲဝိုင်းများသို့ ကျွန်တော်အရောက်အပေါက်များလာသည်။ မသာအိမ်များတွင် ပြုလုပ်လေ့ရှိသော ဝိုင်းများမှအစ ချုံကြိုချုံကြားများမှ ကစားဝိုင်းများပါ မကျန် မရမကရှာဖွေပြီး မပြတ်တမ်းပင် ကစားလာသည်။ သည်လိုနှင့်ပင် ရသမျှ ကစား၊ ကစားသမျှရှုံးရင်း မကြာမီ မိသားစုက ဒုံရင်းဘဝသို့ ပြန်ရောက်သွားပါတော့သည်။ ထိုသို့ဖြစ်ရခြင်း၏အဓိက လက်သည်ဖြစ်သော ကျွန်တော့်အား ဇနီးနှင့်သားသမီးများက ဝိုင်းဝန်းပြစ်တင်ပြေစူကြပါလေသည်။

သို့သော် ကျွန်တော်ကား ထိုဝါသနာကို လုံးဝဖြတ်၍မရတော့ပါ။ ဖဲရိုက်ခြင်းနှင့် လေးကောင် ဂျင်ထိုးခြင်းတို့ကို မကစားဘဲ မထိုးဘဲမနေနိုင်တော့ပါ။ ထို့ကြောင့် မည်သူက မည်သို့ပင် ပြောပြော ဆက်လက်၍သာ ကစားမြဲကစားနေခဲ့ပါတော့သည်။ ကစားဖို့ငွေကို လည်း မဖြစ်ဖြစ်အောင်ရှာကြံ၍သာ ဆက်လက်၍ စခန်းသွားနေခဲ့ပါတော့သည်။ ဤတွင် ကျွန်တော်၏စိတ်ဓာတ်များ ယိုယွင်းဖောက်ပြန်လာပုံ၊ မလုပ်သင့်မလုပ်ထိုက်သည်တို့ကို လုပ်ကိုင်လာပုံ၊ ကျေးဇူးရှင်တို့အပေါ် ကျေးစွပ်တတ်လာပုံတို့အား ဤနေရာမှပင် စတင်၍ ဖော်ပြလိုက်ရပါတော့မည်။

ကျွန်တော်ကား အထက်တစ်နေရာ၌ဆိုခဲ့သလို ဂိုဒေါင်ညစောင့် အလုပ်ကို လုပ်ကိုင်ရသူပါ။ သို့သော် ယခုအခါတွင်မူ ညစောင့်အဖြစ်နှင့် သူခိုးသူဝှက်တို့၏ရန်မှ စောင့်ရှောက်ကာကွယ်ပေးရမည့်အစား ကိုယ်တိုင်ကပင် ဂိုဒေါင်အတွင်းရှိပစ္စည်းများအား ဖောက်ထွင်းခိုးဝှက်နေသူတစ်ဦး ဖြစ်နေပါလေပြီ။ ပိုင်ရှင်ညီအစ်မက ယုံကြည်စွာအပ်နှံလျက် စိတ်ချလက်ချ အိပ်မောကျနေကြချိန်တွင် ကျွန်တော်က စိန်ပြေနပြေ ခိုးဝှက်သယ်ဆောင်၍နေပါလေပြီ။ ထိုခိုးဝှက်ပြီးသောပစ္စည်းများကိုလည်း သေသေသပ်သပ်ထုခွဲရောင်းချကာ လောင်းကစားခြင်းအမှုကို မှန်မှန်ကြီးပြုလုပ်နေပါလေတော့သည်။ ဤသည်မှာ မလုပ်ရမနေနိုင်အောင် ထကြွသောင်းကျန်ခဲ့လေသော ဝါသနာဆိုး၏တိုက်တွန်းစေခိုင်းမှုဟူသာ ဆိုရပါတော့သည်။

သို့သော် မကောင်းမှုကား ဆိတ်ကွယ်ရာမရှိပါပေ။ တစ်စတစ်စနှင့် အဖိုးကြီးညီအစ်မက ကျွန်တော့်လုပ်ရပ်များအား ရိပ်မိလာသည်။ သိရှိလာသည်။ ထို့ကြောင့် ပထမအကြိမ် ကျွန်တော့်အားခေါ်ယူကာ ထိုသို့မလုပ်ရန်အတွက် ဖျောင်းဖျပြောဆိုလေသည်။ သိရှိလာသည်။ ကျွန်တော်က ထိုမျှနှင့်မရပ်လေသောအခါ ဒုတိယအကြိမ် ပြင်းထန်စွာ သတိပေးကြပြန်လေသည်။ နောက်ဆုံးတွင် ကျွန်တော်၏ အကျင့်စာရိတ္တကို မည်သို့မျှ ပြုပြင်၍မရမှန်း သတိပေးဆုံးမ၍မရမှန်းသိသွားသည့်အလျောက် ကျွန်တော့်လက်မှ ဂိုဒေါင်သော့တိုသိမ်းယူပြီးသကာလ အလုပ်မှလည်း ထာဝရ ရပ်စဲလိုက်ပါလေတော့သည်။ ထိုတို့နှင့်ပတ်သက်ပြီး ရပ်ကွက်အတွင်းမှ ကျွန်တော့်အကြောင်းသိကြသူများစာ ကျွန်တော့်အား လွန်စွာအော့နှလုံးနာကြသကဲ့သို့ ကျွန်တော့်မိသားစုတလည်း ကျွန်တော့်အပေါ် များစွာမုန်းတီးသွားခဲ့ကြပါလေသည်။

"မိုက်ပါပေ့ ကိုစက်ရှိန်ရယ်။ ရှင်ကျွန်မတို့တစ်မိသားစုလုံးကို သက်သက်ခွေးမဖြစ်ဖြစ်အောင်လုပ်နေတာပဲ"

"ဟုတ်တယ် အဖေရာ၊ အဖေ့အတွက်နဲ့ ကျွန်တော်တို့ပါ အားလုံးဒုက္ခရောက်ကြရတော့မယ်"

"ကိုယ့်ကျေးဇူးရှင်ရဲ့ မျက်နှာကိုလည်းမထောက်၊ ကိုယ့်သားသမီးတွေရဲ့ မျက်နှာကိုလည်းမထောက်ဘဲ အဖေမှလို့ လုပ်ရက်တယ်ဗျာ"

ကျွန်တော့်အပေါ်သို့ နာကြည်းစွာ ဝေဖန်ပြစ်တင်လိုက်ကြလေသော မိသားစုအတွင်းမှစကားစုများပင် ဖြစ်ပါသည်။ သို့သော် ကျွန်တော်ကား အလွန်ပေကတ်ကတ်နိုင်လှသူပါတည်း။ ရပ်ကွက်ထဲမှလည်းကောင်း၊ ကျွန်တော့်မိသားစုမှလည်းကောင်း ထိုသို့ ပြစ်တင်ရှုတ်ချကြသည်ကို ကျွန်တော်မည်သို့မျှမခံစားရပါ။ မဖြုံပါ၊ မတုန်လှုပ်ပါ။ ကျွန်တော့်အား နေမထိထိုင်မသာ မရိုးမရွကျိုးတိုးကြွတ ဖြစ်အောင် ဖန်တီးပြုစားနေလေသော ဝါသနာပိုးများ၏အရေးကသာ ကျွန်တော့်အတွက် ဖြေရှင်းစရာ၊ အာရုံစိုက်စရာ၊ အလေးပြုစရာဖြစ်၍နေလေတော့သည်။ အကြောင်းမှာ ယခုအခါ၌ မည်သည့်နေရာကမျှ ကျွန်တော်ငွေမရနိုင်တော့သည်မို့ ကစားဝိုင်းများသို့ မသွားနိုင်တော့ရုံမျှမက အနားသို့ပင်မသီနိုင်တော့ပါလေ။ ထိုအခါ မကစားရလေ၊ တစေးချင်လေဆိုသည့်အတိုင်း ကျွန်တော့်မှာ အရူးတစ်ပိုင်းမျှဖြစ်နေရပါတော့သည်။

ဤမှာပင် အမှောင်တကာ့အမှောင်ဆုံးသို့ တိုးဝင်ရန် ကျွန်တော်[illegible] လေပြီ။ အနက်တကာ့အနက်[illegible] ချရန် ကျွန်တော်ရည်သန်[illegible] သို့မျှ ချေဖျက်၍မရနိုင်[illegible] တစ်ခုကို ကျူးလွန်ရန် [illegible] ထုတ်မိပါလေပြီ။

❑

www.burmeseclassic.com

မှောင်မိုက်သောညတစ်ည (သို့) လဆုတ်ရက်များ၏ တစ်ခုသောည တစ်ည။

အပြင်ဘက်၌ မှောင်မည်းနေသော်လည်း သူတို့၏အခန်းအတွင်း၌မူ အပြာရောင်မီးအုပ်ဆောင်းကလေးက ခပ်မှိန်မှိန်မျှ ထွန်းလင်းလျက်ရှိနေပါလေသည်။ သူတို့ညီအစ်မမှာ အခန်းတစ်ခန်းထဲတွင် ခုတင်တစ်လုံးစီဖြင့် အိပ်စက်ကြလေရာ အကြီးဖြစ်သူက သူ၏ခုတင်ပေါ်တွင် ပက်လက်အနေအထားဖြင့် အိပ်ပျော်လျက်ရှိပါသည်။ သူမ၏ ရင်ဘတ်ပေါ်တွင် စိပ်ပုတီးတစ်ကုံးကိုတင်လျက်သား တွေ့ရပါသည်။ အငယ်ဖြစ်သူကမူ နံရံဘက်ကိုမျက်နှာမူလျက် တစောင်းအနေအထားဖြင့် အိပ်ပျော်လျက်ရှိနေပါလေသည်။

ထိုအချိန်တွင် သံသေတ္တာတစ်လုံးမှ ကြီးမားလှသောသော့ခလောက်ကြီးကို ကြိုးစားဖွင့်နေရင်း ဖောင်ချွေးပြန်နေရသူမှာကား ကျွန်တော်သာဖြစ်ပါတော့သည်။ မကြာမီပင် သော့ခလောက်ကြီးက ပွင့်သွားပါသည်။ သော့ပွင့်သွားသည်နှင့် သေတ္တာအဖုံးကို အသာမ၍ ဖွင့်ကြည့်လိုက်ရာ ကျွန်တော့်မျက်နှာကြီးတစ်ခုလုံး ဝင်းထိန်သွားရပါတော့သည်။ အတွင်း၌ ကျွန်တော်မျှော်လင့်ထားသည့်အတိုင်း မြောက်မြားလှစွာသော ငွေစက္ကူအုပ်များနှင့်အတူ စိန်ရွှေလက်ဝတ်ရတနာများကိုပါ မီးရောင်ခပ်မှိန်မှိန်အောက်၌ အားရစဖွယ် တွေ့မြင်လိုက်ရခြင်းကြောင့်ပင် ဖြစ်ပါတော့သည်။

ကျွန်တော်အချိန်ဆိုင်းမနေတော့ပါ။ ပါလာသောလွယ်အိတ်ထဲသို့ ၎င်းရွှေငွေတို့ကို ကျုံး၍ကျုံး၍ထည့်နေလိုက်မိပါသည်။ ထိုသို့ထည့်နေစဉ်အတော အတွင်း လောဘဇောကပ်နေမှုကြောင့် ကျွန်တော့်မျက်လုံးများက ပြူးကျယ်လျက်ရှိသလို လက်များကလည်း တုန်ခါလျက်ရှိနေပါလေသည်။

ထိုအချိန်မှာပင် ကျောက်ခနဲ ထွက်ပေါ်လာသော အသံတစ်ခုကိုကြားလိုက်ရသည့်ခဏ ကျွန်တော် လန့်ဖျပ်သွားမိ၏။ အသံလာရာသို့လည်း ရုတ်ခြည်းဆိုသလို လှည့်ကြည့်လိုက်မိပါသည်။ ဤတွင် ကျွန်တော့်မျက်လုံးများလည်း အဆမတန် ပြူးကျယ်သွားရပါတော့သည်။ အကြောင်းမှာ အကြီးမဖြစ်သူက အိပ်ရာမှလန့်နိုးလာကာ ငုတ်တုတ်ထထိုင်လိုက်ပြီး ကျွန်တော့်အား ပါးစပ်အဟောင်းသားဖြင့် ကြည့်နေခြင်းကြောင့်ပင် ဖြစ်ပါသည်။ စောစောက ကျောက်ခနဲအသံမှာလည်း သူမ၏ ရင်ဘတ်ပေါ်မှစိပ်ပုတီးက ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားခြင်းပင် ဖြစ်လေသည်။

တစ်ဦးနှင့်တစ်ဦး အကြည့်ချင်းဆုံမိကြသည်။ သူမက ကျွန်တော့်မျက်နှာကို သဲကွဲစွာမြင်လိုက်ရပြီးသည့်နောက် အံ့အားသင့်နေဟန်တူသည်။ ကြောက်တောင်တောင်ဖြစ်လျက် ကြက်သေသေနေသည်။ သို့သော် ကျွန်တော်ကမူ သူဖြစ်သလို ဖြစ်မနေပါ။ ယခုလိုအချိန်မျိုး၌ အခြားရွေးချယ်စရာလမ်းမရှိတော့ပြီမို့ လုပ်စရာရှိသည်ကိုသာ လျင်မြန်စွာလှုပ်ရှားလိုက်ပါတော့သည်။ အခြားမဟုတ်ပါ။ ထိုအမျိုးသမီးနားသို့ လျင်မြန်စွာတိုးကပ်သွားလိုက်ပြီး သူမ၏ နှလုံးသားဆီသို့ အသင့်ပါလာသော ဓားမြောင်ဖြင့် ထိုးသွင်းလိုက်ခြင်းပင်ဖြစ်ပါသည်။ သားသတ်သမားပီပီ လက်ဆမှန်လှသည်မို့ ဓားဦးက ရည်မှန်းရာသို့ တန်းခနဲစိုက်ဝင်သွားပါတော့သည်။

သူမမှာ အင့်ခနဲ အသံတစ်ချက်မျှသာထွက်လိုက်နိုင်ပါသည်။ သူမ၏ ပြူးကျယ်သောမျက်လုံးများက တဖြည်းဖြည်းအရောင်အဝါမှေးမှိန်လာပြီးနောက် လုံးဝမျက်ကြောသေသွားလေတော့သည်။ ခန္ဓာကိုယ်ကြီးကလည်း ခုတင်ပေါ်သို့ ဝုန်းခနဲ ယိုင်လဲသွားတော့သည်။

ထိုရုတ်ရုတ်သဲသဲအသံများကြောင့် နောက်တစ်ဦးကပါ အိပ်နေရာမှ လန့်နိုးလာပြန်ပါသည်။ သူမက အစ်မဖြစ်သူ၏ ဖြစ်ပျက်ပုံအလုံးစုံအား မြင်တွေ့လိုက်ရသည့်ခဏ ကြောက်လန့်တကြားဖြင့် ပါးစပ်မှ အော်ဟစ်ရန်ပြင်လိုက်ပါသည်။ သို့သော် သူမ မည်သို့မျှ အသံမထွက်လိုက်နိုင်ပါ။ ကျွန်တော်က သူမကိုပါ မပြန်လမ်းသို့ ဆက်ပို့ပေးလိုက်ရပါသည်။ သူမ၏ရင်ဝသို့ ဓားမြောင်ဖြင့် နှစ်ချက်သုံးချက်မျှ ဆင့်ကာဆင့်ကာ ဆောင့်သွင်းပေးလိုက်တော့သည်။ သူမက ခုတင်ပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားကာ တုတ်တုတ်မလှုပ် ငြိမ်သက်သွားပါတော့သည်။

သွေးစွန်းသော ဓားကိုကိုင်လျက် ကြီးစွာသော တုန်လှုပ်ချောက်ချားခြင်းဖြင့် ကျွန်တော် မှင်တက်နေမိသည်။ သွေးပွက်ပွက်ဆူလျက် အသီးသီးသေပွဲဝင်နေကြလေသော ညီအစ်မနှစ်ဦးအား တစ်လှည့်စီကြည့်၍ အံ့အားကြီးသင့်နေမိသည်။ ထိုအမှုကို မိမိကျူးလွန်ခဲ့သည်မှာ တကယ်မှဟုတ်ပါလေစဟု မယုံနိုင်အောင်ပင် ဖြစ်နေမိသည်။

ကျွန်တော်ကား မရေမတွက်နိုင်သော သတ္တဝါတို့၏အသက်ကို အလွယ်တကူ သတ်ဖြတ်နိုင်ခဲ့ပါသည်။ ထိုသို့ သတ်ဖြတ်ရသည့်အတွက်လည်း မည်သို့မျှ စိုးထိတ်ခြင်း၊ ဝန်လေးခြင်းမျိုး မဖြစ်ပေါ်ခဲ့ပါ။ ယခု ဤလူသားနှစ်ဦးကို သတ်ဖြတ်ရခြင်းမှာမူ ကျွန်တော့်အတွက် လွန်စွာမှ စိတ်နှလုံးလှုပ်ရှားခြင်းဖြစ်ရပါလေသည်။ အထူးသဖြင့် မိမိ၏ကျေးဇူးရှင်ကြီးနှစ်ဦးကို ယခုကဲ့သို့ ပြန်လည်သတ်ဖြတ်ရခြင်းအတွက် မည်သို့မျှ မဖော်ပြနိုင်သော၊ မည်သို့မျှ အတိုင်းအဆမရှိသော ဗလောင်ဆူခြင်းမျိုးဖြင့် ကျွန်တော့်အား ကိုယ်ရောစိတ်ပါ ယောက်ယက်ခတ်စေခဲ့ပါပြီတည်း။

ဤမှာပင် ကျွန်တော်၏ဘဝတစ်လျှောက်လုံး တစ်စက်မျှကောင်းကွက်မရှိခဲ့ပါလေသော အဖြစ်သနစ်အလုံးစုံကို တင်ပြ၍ ပြီးပါလေပြီ။ တစ်နည်းအားဖြင့် မိုက်စ၊ မိုက်လယ်၊ မိုက်ဆုံးတည်းဟူသော ကျွန်တော်၏ အမိုက်သုံးပါးအကြောင်းတို့ကို ပြည့်စုံကုံလုံစွာ ဖော်ပြ၍ပြီးစီးပါလေပြီ။

❑

စီရင်ပါတော့အရှင်။ ကျွန်တော့်အား အချိန်မဆိုင်းဘဲ အမြန်ဆုံးစီရင်ပါတော့။

ကျွန်တော်ကား ကြီးစင်မှတစ်ဆင့် နောင်တနှင့်အတူ အရှင့်ရှေ့မှောက်သို့ အရောက်လာခဲ့ပါသည်။ ထိုနောင်တအတွက် တန်ဖိုးကြီးကြီးပေးဆပ်ရမည်ကိုလည်း ကျွန်တော်သိပြီးသားပါ အရှင်။ ထိုနောင်တအတွက် အဖိုးသားနားကို သာပြောတော်မူပါ။ အရှင်သတ်မှတ်သည့်အတိုင်း ကျေနပ်စွာ အလဲအလှယ်ပြုခံယူရန်အတွက် ကျွန်တော်ဆုံးဖြတ်ပြီးသားပါ အရှင်။

အမိန့်ချပါလော့။ စေခွန့်ပါလော့။ ကျွန်တော့်အား အမြန်ဆုံးပင် ပို့လွှတ်ပါလော့။ အရှင်အာဏာပိုင်သော အရှင့်တိုင်းပြည်အတွင်းရှိ ရှုတ်ထပ်သောငရဲကြီးများအနက် အထက်မြက်ဆုံး၊ စွမ်းပကားအကြီးဆုံးဖြစ်သည့် မဟာအဝီစိငရဲကြီးသို့ပင် ကျွန်တော့်အားပို့လွှတ်စေကာမူ ကျွန်တော့်အနေဖြင့် ကျိုးကျိုးနွံနွံ ခံယူလျက် ဝံ့ဝံ့စားစား သွားရောက်လိုက်မည်သာဖြစ်ပါတော့သည် အရှင်။

ခဲမြတ်တင်(အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com

ပန်းမော်ညိုသူ

# ဝက်သက်ရောဂါဆိုတာ ဘာကြောင့်ခေါ်တာလဲ ? ပြောင်းဖူးရိုးဟာ ဘာကြောင့် ဝက်သက်ကိုနိုင်တာလဲ ?

ဝက်သက်ရောဂါဟာ ဒီနေ့မြန်မာပြည်မှာ လူသိများတဲ့ရောဂါတစ်မျိုးလို ဖြစ်နေပါတယ်။ ဒီရောဂါဟာ ဗိုင်းရပ်စ်ပိုးတစ်မျိုးရဲ့ကူးစက်မှုမှ ပြန့်ပွားလာတဲ့ရောဂါဖြစ်ပါတယ်။ ဒါကြောင့် ဝက်သက်ရောဂါကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ ကွင်းဆင်းထိုးနှံပေးနေပါတယ်။ ဒီရောဂါဖြစ်လာရင် ကလေးများဟာ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်းများဖြစ်လာတတ်ပါတယ်။ နောက်ပြီး ခန္ဓာကိုယ်မှာ အနီစက်၊ အနီရောင်အဖုအပိမ့်လေးများ ဖြစ်လာတတ်ပါတယ်။ဝမ်းပျက်ဝမ်းလျှောခြင်းများ၊ ဦးနှောက်အမြှေးပါးရောင်ရမ်းခြင်းများလည်းဖြစ်တတ်ပါတယ်လို့ ဆိုထားပါတယ်။

စာရေးသူ (၈) နှစ်သားအရွယ်က ဝက်သက်ရောဂါဖြစ်ဖူးပါတယ်။ဝက်သက်ဆိုတဲ့စကားကိုတော့ နားမလည်ပါဘူး။ လူကြီးတွေပြောလို့သာ ဝက်သက်မှန်းသိရတာပါ။ စာရေးသူဝက်သက်ရောဂါဖြစ်လာတော့ အိမ်နီးနားချင်းတွေကလာပြီး ခန္ဓာကိုယ်ကိုကြည့်ကြတယ်။အရေပြားပေါ်မှာ အနီရောင်လေးတွေက ဟိုတစ်ကွက်ဒီတစ်ကွက်နဲ့ ကျောပြင်မှာလည်း တစ်ပြင်လုံးလိုဖြစ်နေတာကိုမြင်ကြတော့ 'အဘိုးဦးခမ်းခို' ကပြောတယ်။

"ဝက်သက်ဟာ အမြင်ထွက်တော့မှာပဲ။ ပြောင်းဖူးရိုးသာပြုတ်တိုက်လိုက်ပါ။ အမြန်ဆုံး ခန္ဓာကိုယ်ထဲမှာငုပ်နေတဲ့အလုံးလေး (ဝက်သက်) များထွက်လာပါလိမ့်မယ်။ ငုပ်နေတဲ့ ဝက်သက်လေးများ စုံစုံညီညီထွက်သွားမှ ချောင်းဆိုးတာတို့၊ နှာစေးတာတို့၊ အပူမကျဖျားနာနေတာတို့ဟာ အလိုလိုပျောက်သွားလိမ့်မယ်။ မထွက်မချင်းတော့ခံနေရမှာပဲ"

အဖေလည်း ချက်ချင်းပဲ အိမ်အောက် ထပ်မှာဆွဲထားတဲ့ ပြောင်းဖူးအူ (၃) ခုကိုယူပြီး မြေအိုးကြီးကြီးထဲမှာ ရေများများနဲ့ပြုတ်ပါတယ်။ အဲဒီပြောင်းဖူးအူပြုတ်ရည်ကို အချိန်ခြားခြားပြီး အဖေကတိုက်တယ်။ မကြာပါဘူး၊ စာရေးသူရဲ့ တစ်ကိုယ်လုံး (ခန္ဓာကိုယ်အတွင်းမှာ ခိုအောင်းနေတဲ့ ဝက်သက်အဖုအပိမ့်အလုံးလေးတွေဟာ တစ်ကိုယ်လုံးထွက်လာပါပြီ။ အဘိုးဦးခမ်းခိုပြောသွားတဲ့အတိုင်း အဖေက မျက်လုံးနှစ်လုံးနှစ်ဖက်ကို ရေအေးခတ်ပေးပါတယ်။ ဘာဖြစ်လို့ရေအေးခတ်သလဲဆိုတော့ ဝက်သက်များ မျက်လုံးထဲကထွက်မလာအောင် ရေအေးအေးနဲ့ မျက်လုံးကို ကာကွယ်တဲ့သဘောပါ။ ဝက်သက်အားလုံးစုံပြီးနောက် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်းမရှိတော့ပါဘူး။ (၃) ရက်လောက်ကြာမှ ရေချိုးရပါတယ်။

စာရေးသူအရွယ်ရောက်လာတော့ စဉ်းစားတတ်လာပြီ။ ဝက်သက်ဆိုတာဘာလဲ။ ဝက်သက်လို့ ဘာဖြစ်လို့ခေါ်တာလဲ။ အင်္ဂလိပ်လို အဘိဓာန်ထဲမှာ ဖွင့်ပြထားတာကတော့ MEASLES ဝက်သက်ရောဂါလို့ပဲပါတယ်။ အခြားဘာမှရေးမထားဘူး။ ရှင်းလည်းပြမထားဘူး။ စာရေးသူအထင်ပြောရရင်တော့ ဝက်သက်ရောဂါဆိုတာ အခုမှပေါ်လာတဲ့ရောဂါ မဟုတ်ပါဘူး။ ရှေးနှစ်ပေါင်းများစွာထဲကရှိခဲ့တဲ့ရောဂါဖြစ်ခဲ့တဲ့ရောဂါလို့ တွေးမိလို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ လူဆိုတာ ရာသီဥတုအပေါ်မှာ တည်မှီနေရတာ မဟုတ်ပါလား။ ရာသီဥတုဖောက်ပြန်ခဲ့ရင် အရင်ဆုံးခံစားရမယ့်သူများဟာ ကလေးနဲ့လူငယ်တွေပဲမဟုတ်လား။ ဒါကြောင့် ဝက်သက်ရောဂါဖြစ်ပြီဆိုရင် ဘယ်နေရာပဲကြည့်ကြည့် ကလေးများနဲ့လူငယ်တွေကိုသာ အများဆုံးဖြစ်နေတာကို တွေ့နေရပါတယ်။ ဒီရောဂါကိုနိုင်တဲ့ဆေးဟာ မြန်မာတိုင်းရင်းဆေးအနေနဲ့ကတော့ ပြောင်းဖူးအူကို ပြုတ်တိုက်တာပဲတွေ့ခဲ့ဖူးပါတယ်။ ရာသီဥတုဖောက်ပြန်ရင် ဒီရောဂါဟာ အချိန်မရွေးဖြစ်တတ်လို့ထင်ပါရဲ့။ ရှေးလူကြီးများဟာ ပြောင်းဖူးစေ့ထုတ်ထားတဲ့ ပြောင်းအူများကို ခြင်းလေးများနဲ့ထည့်ပြီး အိမ်အောက်မှာဖြစ်ဖြစ်၊ မီးဖိုချောင်မှာဖြစ်ဖြစ်၊ စပါးကျီမှာဖြစ်ဖြစ် ဆွဲထားတတ်ပါတယ်။ ရောဂါဖြစ်လာရင် ဆေးအဖြစ် အလွယ်တကူရနိုင်အောင်လုပ်ခြင်းနဲ့တူပါတယ်။ (ဒီရောဂါဟာ မကြာမကြာဖြစ်တတ်လို့နဲ့တူပါတယ်။)

နောက်တစ်ခုအနေနဲ့ စာရေးသူကြားဖူးတာလေးပြောပြဦးမယ်။

ပြောင်းဖူးမီးဖုတ်၊ ပြောင်းဖူးအပြုတ်၊ ပြောင်းဖူးအကြော်များများစားတဲ့ကလေးသူငယ်များဟာ ဘယ်တော့မှ ဝက်သက်မဖြစ်ဘူးတဲ့။ နောက်ပြီး အစာမစားတတ်သေးတဲ့အရွယ်ဆိုရင်လည်း ပြောင်းဖူးပြုတ်ကရလာတဲ့အရည်များကို တိုက်ပေးပါတဲ့။ ဘယ်တော့မှဝက်သက် မဖြစ်ပါဘူးတဲ့ဗျာ။

ဒီစကားဟာ တော်တော်အရေးပါတဲ့စကားဗျ။ ပြောင်းဖူးဟာ ဝက်သက်ရောဂါနဲ့ ပတ်သက်လာရင် ဘယ်လိုဓာတ်တွေရှိနေလို့၊ ပါဝင်နေလို့ အစွမ်းသတ္တိရှိနေတာလဲ။ ပြောင်းရဲ့ ဓာတ်သဘာဝဟာ အပူဓာတ်ဖြစ်ပါတယ်။ ဝက်သက်ဆိုတာ ခန္ဓာအတွင်း ဖောက်ပြန်လာတဲ့ အပူဓာတ်ကြောင့် ဖျားနာရာမှ အပူဓာတ်ဖြစ်တဲ့ ပြောင်းဖူးအူကိုပြုတ်တိုက်လိုက်ရင် ဝက်သက်တွေ အစုံအစေ့ထွက်လာပြီး ခန္ဓာကိုယ်မှာ ဖြစ်ပေါ်နေတဲ့ ဖျားနာ၊ ချောင်းဆိုး၊ နှာစေးအားလုံး ပျောက်သွားတာဟာ အံ့သြစရာပဲ။

ဒါကြောင့် တိုင်းရင်းသမားတော်များကို စာရေးသူလေးစားစွာမေးလိုပါတယ်။ ဝက်သက်ဆိုတာ ဝက်များရောဂါဖြစ်ရာမှတစ်ဆင့် လူတွေ (ကလေးနှင့်လူငယ်များ) ဆီ သက်ရောက်ကူးစက်တာများလား၊ ဘာဖြစ်လို့မေးရသလဲဆိုတော့ 'သက်' ဆိုတဲ့စကားပါနေလို့ပါ။ သက်ဆိုတဲ့အဓိပ္ပာယ်က သက်ရောက်ခြင်း၊ ကူးစက်ခြင်းအဓိပ္ပာယ်ရှိနေလို့ပါ။ ဝက်ဆိုတဲ့စကားမပါခဲ့ရင်လည်း ဥတုဖောက်ပြန်ခြင်းကြောင့်ဖြစ်လာတဲ့ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ အဖုအပိမ့်ထွက်ခြင်းဆိုတာဟာရောဂါတစ်မျိုးလို့ ယူဆလို့ရနိုင်ပါတယ်။ အခု 'ဝက်' ဆိုတဲ့စကားလုံးကပါနေတော့ ဝက်တနေလာတဲ့ရောဂါ (ရှေးယခင်ကတည်းက ဝက်သက်ရောဂါဟာရှိနေလိမ့်မယ်ဆိုတဲ့) အဖွဲ့ဟာ စာရေးသူဦးနှောက်ထဲမှာမထွက်တော့ပါဘူး။

ပန်းမော်ညိုသူ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မရဲ့ ခင်ပွန်းဖြစ်သူမှာ မြို့သစ် နတ်မောက်မြို့နယ်ဘက်မှဖြစ်သည့်အတွက် သူ့ရဲ့သူငယ်ချင်းများ၏ သားသမီးများ အဝေးသင်တက္ကသိုလ် မကွေးမြို့မှာ စာမေးပွဲဖြေရန်အတွက် အိမ်မှာလာတည်းတတ်ကြပါတယ်။

၁၉၉၀ ပြည့်နှစ်ကတည်းက မြို့သစ်မြို့နယ်ထဲမှ ယင်းချောင်းရဲ့ အနောက်ဘက်လို့ထင်ပါတယ်။တပ်ကုန်းကျေးရွာ၊ လဲလူကျေးရွာ၊ ပေကံကုန်းကျေးရွာ၊ တမာပင်ကျေးရွာများမှ ကျောင်းသားများဟာ ကျွန်မတို့အိမ်မှာ မြို့သစ်သားမြို့ခံရှိသဖြင့် ကျောင်းသားကျောင်းသူများ လာတည်းတတ်ကြပါတယ်။

လဲလူရွာမှ ကျောင်းဆရာကြီးမှာ ရွှေရင်ကျော်ဂိုဏ်းဆရာကြီး ဦးအောင်သန်းလို့ထင်ပါတယ်။။ နှစ်တွေကြာပြီဖြစ်လို့ ကျွန်မသူ့နာမည်သိပ်မမှတ်မိတော့ပါဘူး။ သူ့သမီးလေးက အဝေးသင်စာမေးပွဲလာဖြေတော့ အဲဒီဆရာကြီးလည်း သမီးဖြစ်သူကို လာတွေ့ရင်း ကျွန်မနဲ့ ခင်မင်ရင်းနှီးသွားကြပါတယ်။ ဆရာကြီးက စိတ်ဝင်စားစရာကောင်းသော သူ့ရဲ့အတွေ့အကြုံတွေကို ပြောပြတတ်ပါတယ်။

ဂိုဏ်းဆရာတစ်ယောက်ဟာ အကျင့်စရဏလည်းရှိရသလို ကိုယ်ကျင့် တရားလည်း ကောင်းမွန်ရပါတယ်။ ဒါမှသာ ရေရှည်အတိုက်အခိုက်များကို ခံနိုင်ရည်ရှိမှာ ဖြစ်ပါတယ်။

ဂိုဏ်းဆရာဆိုတာ အထက်ပုဂ္ဂိုလ်များနှင့်လည်း ကြုံတွေ့ရသလို တစ္ဆေ၊ သရဲ၊ မှင်စာ၊ ဖုတ်၊ ပြိတ္တာ၊ ဘီလူး၊ စုန်း၊ ကဝေမ၊ မောက်လုံး၊ မောက်ပြားပညာသည်များနှင့်လည်း ကြုံတွေ့ရတတ်ပါသည်။ တစ်ခါတစ်ရံ နာမ်လောကမှ ဥစ္စာစောင့်များ၊ ရုက္ခစိုးများနှင့်လည်း ကြုံတွေ့ရတတ်ပါသည်။ တစ်ခါတစ်ရံ သူတို့က ကူညီရသလို နာမ်လောကမှလည်း အကူအညီတောင်းတတ်ကြပါတယ်။

"ဆရာကြီးရယ်၊ ကျွန်မ သမီး အသက် (၃၀)အရွယ်ကစပြီး ရှမ်းသိုက်ကပြန်ပြန်ခေါ်နေတာ ခဏခဏနေမကောင်းဖြစ်ပြီး သတိမေ့လဲတယ်။ အသက်ပါမသွားတာ ကံကောင်းပဲ။ဒါနဲ့ ကျွန်မ သမီးကို သီလရှင် (၉) ရက် ဝတ်စေခဲ့ပါတယ်။

အကြားအမြင်ဗေဒင်ဆရာမကို သမီးမွေးသက္ကရာဇ် ပြောလိုက်တော့ သမီးအသက် (၃၀)ထဲမှာ သိုက်က ပြန်ခေါ်နေပြီတဲ့။ သိုက်ကြိုးဖြတ်ရမယ်လို့ အဲဒီဆရာမက ပြောပါတယ်။ သူဖြတ်ပေးမယ်လို့ ပြောပါတယ်။

ဒါပေမယ့် ကျွန်မသမီးကို လူ့ဘဝကနေပြီး သီလရှင်ဘဝကိုပြောင်းလဲလိုက်တော့ သိုက်က သူတို့ခေါ်လို့မရတော့လို့ သိုက်ထဲကရှမ်းစော်ဘွားလေးက ငိုပါတယ်။ လူဝတ်က အထက်ဆင်ပါပြီး သီလရှင်ဝတ်က အထက်ဆင်မပါတဲ့အတွက် လူ့ဘဝကို သီလရှင်ဘဝအသွင်ပြောင်းလိုက်တာ ကောင်းသွားပါတယ်။ သမီး ဘဝပြောင်းသွားပြီလို့ မှတ်ယူရပါတယ်။ တရားစခန်းဝင်ရင်ကော မကောင်းဘူးလားဆိုတော့ သီလရှင်ဝတ်သလောက် မကောင်းဘူးတဲ့။ တရားစခန်းဝင်တာက ထဘီမှာအထက်ဆင်ပါလို့ လူဝတ်ပဲတဲ့၊ ဘဝမပြောင်းဘူးတဲ့။

ဒါကြောင့် သီလရှင် (၉) ရက်၊ သက်သတ်လွတ်စားပြီး ဝတ်ပါတယ်။ ပျော်လို့တဲ့၊ သမီးက (၄)လလောက်ဝတ်တယ်။ သူဝတ်တဲ့သီလရှင်ကျောင်းရှိတဲ့ရွာကလည်း ဆရာလေးကိုကြည်ညိုကြတယ်။ (၁၀)ပါးသီလယူပြီး သက်သတ်လွတ်စား၊ တရားအားထုတ်၊ ပုတီးစိပ်တော့ သမာဓိအားတွေကောင်းလို့။

စိတ်ထဲထင်တဲ့မြင်တဲ့ နှစ်လုံးထီ၊ သုံးလုံးထီတွေပြောလိုက်ရင် ရွာထဲကပေါက်တဲ့လူတွေက ဆရာလေးပေးတဲ့ဂဏန်းနဲ့ ပေါက်လို့ဆိုပြီး လာလှူကြတယ်။ ၂၀၀၀ ပြည့်နှစ်လောက်ကပေါ့။ ဆီတွေ၊ မြေပဲဆန်၊ အာလူးကြော်၊ ကော်ဖီမစ်၊ လက်ဖက်ရည်ထုပ်၊ ကွေကာအုပ်ထုပ်၊ မုန့်ထုပ်တွေပေါပါတယ်။ သီလရှင်လေးကို ရွာခံအပျိုကြီးတစ်ယောက်က အဖော်လုပ်ပြီး ချက်ပြုတ်၊ ကျွေးမွေး၊ ဆွမ်းကပ်ပေးပါတယ်။ ဘယ်သွားသွား အဲဒီအပျိုကြီးက အမြဲဘော်ဒီဂတ်ပါတယ်။ သူ့ကိုစောင့်ရှောက်ပေးရပါတယ်။

တစ်ခါတော့ (၁၀) ပါးသီလဆိုတော့ ဝမ်းဟာပြီး နှလုံးလေရိုက်ပြီး သတိလစ်မေ့မြောသွားတယ်တဲ့။ သိုက်ထဲကဆွေမျိုးတွေက ပျော်ပျော်ပါးပါး ပန်းရထားကြီးပေါ် မ,တင်ပြီး ခေါ်သွားကြတာ။ သိပေါ်ဘော်ကြိုဘုရားသိုက်ဝရောက်တော့ သိုက်ချုပ်ဘိုးဘိုးကြီးက အချိန်မတန်သေးဘူး၊ သာသနာပြုဖို့ကျန်သေးတယ်လို့ပြောပြီးပြန်လွှတ်တယ်တဲ့။ အဲဒီမှာ သမီးက အင် အယ် ဆိုပြီး သတိရလာတယ်တဲ့။ အစောင့်အပျိုကြီးက ဆရာလေးသေသွားရင် သူ့အမေကွယ်ရာမှာခက်ရချည်ရဲ့လို့ အောက်မေ့မိတယ်တဲ့။ သတိရလာလို့ တော်ပါသေးတယ်တဲ့။





www.burmeseclassic.com

www.burmeseclassic.com

# ရေနံ့သာ-ခင်လေး

## စက္ကိန္ဒဘုရားမှသိက်တောင့်များ



အဲဒီလိုမျိုး (၄) ကြိမ်၊ သမီးက သိက်ကိုရောက်ခဲ့တယ်တဲ့။သိက်ဝရောက်တိုင်း သိက်ချုပ်ဘိုးဘိုးကြီးက ပြန်ပြန်လွှတ်ခဲ့တယ်တဲ့။ ကျွန်မ အိမ်ကနေပြီး သမီးနဲ့ပတ်သက်တဲ့သိက်ချုပ်ဘိုးဘိုးကြီးနှင့် သိက်စောင့်ဝေနေယျများအားလုံးကို မေတ္တာပို့ အမျှဝေနေကြမို့ ဘိုးဘိုးက မခေါ်သေးတာပေါ့။ သိက်တစ်ခုမှာ လူ့ပြည်ကို သွားခွင့်ပြုချင်ရင်လည်း သိက်ချုပ်ဘိုးဘိုးကြီးပဲ။ သိက်ကိုပြန်ခေါ်ချင်ရင်လည်း သူပြန်ခေါ်မှရတယ်ဆိုတာ သိနေတဲ့ ကျွန်မက သမီးလေးကိုပြန်မခေါ်ပါနဲ့ဦးဘိုးဘိုးရယ်၊ ဘိုးဘိုးကျန်းမာပါစေ၊ ချမ်းသာပါစေလို့ မေတ္တာပို့ အမျှဝေပေးတာသိလို့ ပြန်လွှတ်ပေးခဲ့တာပါ။ မေမေရယ်၊ သမီး သိက်ထဲပြန်ရောက်တာ (၄) ကြိမ်ပဲ။ ပြန် လွှတ်တာလည်း (၄) ကြိမ်ပဲတဲ့။ အဲဒီမှာတင် ဘာသိလိုက်ရသလဲဆိုတော့ သိက်ချုပ်ဘိုးဘိုးတွေ၊ သိက်စောင့်ဝေနေယျတွေကို နေ့စဉ်မေတ္တာပို့အမျှဝေရင် တကယ်ထိရောက်ပါလားလို့ သိလိုက်ရပါတယ်။

ရွှေရင်ကျော်ဆရာကြီးကိုလည်း သမီးအကြောင်းပြောပြမိတယ်။ သူ့ကို အသက် (၃၀) မှာ သိက်ကပြန်ခေါ်တဲ့အကြောင်း၊ သီလရှင်ဝတ်ပေးခဲ့တဲ့အကြောင်းပြောတော့ မိန်းကလေး၊ သိက်ကိုပြန်ချင်ပါသလားလို့ (၃) ကြိမ်မေးမယ်တဲ့။ မင်းက ပြန်ချင်ရင် ပြန်ချင်တယ်၊ 'မပြန်ချင်ရင် မပြန်ချင်ပါဘူးလို့ (၃)ကြိမ်ပြောတဲ့။ ဘုရားကျောင်းဆောင်ရှေ့မှာခေါ် မေးပါတယ်။ သမီးကမပြန်ချင်သေးဘူးလို့ (၃) ကြိမ် ပြန်ဖြေရပါတယ်။

ဆရာကြီးက သိက်ကြီးကဖြတ်မရဘူး။ အသက်တိုးပြီးတောင်းရတယ်တဲ့။ သမီးကို အသက်တိုးပြီးတောင်းပေးပါတယ်။ အသက် (၇၀)၊ (၈၀) အထိ အသက်ရှည်ရှည်နေရပြီး သာသနာပြုလိုပါတယ်လို့ဆိုပြီး အသက်တိုးပြီး လူ့ပြည်မှာနေထိုင်ခွင့်တောင်းပေးပါတယ်။ သိက်က အသက် (၅၀)ထိပဲ ခွင့်ပြုတယ်တဲ့။ ယခု ကျွန်မ သမီး အသက် (၄၀) ကျော်သွားပါပြီ။ အားရအောင်လည်း သာသနာမပြုရသေးပါဘူး။ဘုရားတည်၊ ကျောင်းဆောက်၊ ကြီးကြီးကျယ်ကျယ် မလှူရမတန်းရသေးဘူး။ အသက် (၅၀) နီးလာရင် သိက်ချုပ်ဘိုးဘိုးကြီးကို အသက်ထပ်တိုးပေးဖို့ ခွင့်တောင်းရဦးမလား ကျွန်မစဉ်းစားနေမိပါတယ်။

သီးခြားအမျှမဝေဖြစ်ရင်တောင်ပဲ နေ့စဉ် ဆွမ်းတန်း အပါး (၂၀) လောက်ကို ဆွမ်းချက်လောင်းပြီးရင် (၃၁) ဘုံသားတွေကို အမျှဝေနေကျမို့ အားလုံးပါဝင်ပါတယ်။

ရွှေရင်ကျော်ဆရာကြီးက ကျွန်မ မင်းဘူးဘက်ကို ပွဲထောင်စီးပြီးရုံးသွားရတာကိုသိနေတော့ စက္ကိန္ဒဘုရားသိက်နဲ့ပတ်သက်ပြီး အတွေ့အကြုံ ထူးထူးဆန်းဆန်းတစ်ခုကို ပြောပြပါတယ်။ဆရာကြီးရဲ့ လဲလူကျေးရွာက မြို့သစ်မြို့နယ်ထဲမှာရှိတော့ အဲဒီမြို့နယ်ထဲက ဆေးကုဖို့ ဆရာကြီးကိုပင့်တဲ့အကြောင်း၊ ညီအစ်မနှစ်ယောက်လုံး အိမ်ထောင်ကိုယ်စီရှိပြီး မကြာခဏ နေမကောင်းဖြစ်ကြကြောင်း၊ တရှောင်ရှောင်ဖြင့် ဆေးမတိုးသလိုဖြစ်နေကြောင်း၊ ဆရာကြီးက သမာဓိအား၊ ကျင့်ကြံအားထုတ်မှု စရဏအားကောင်းတော့ အဲဒီမိန်းကလေးနှစ်ယောက်ကို ဆေးကုရာမှာ မင်းဘူး စက္ကိန္ဒဘုရားသိက်နဲ့ပတ်သက်နေကြောင်း ပြောပြခဲ့ပါတယ်။ ရွှေပေါ်ကျွန်းဆရာတော်ကြီးနဲ့လည်း ပတ်သက်နေပါတယ်။ သိက်ထဲက မိန်းကလေးတွေ လူ့ပြည်ကိုခွင့်တောင်းပြီးသွားခဲ့ရင် လူ့ပြည်ကမှ ဥပုသ်သီတင်းဆောက်တည်လို့ရပြီး ဘုရားတည်ကျောင်းဆောက်သွားချေဦးမယ်လို့ ခွင့်တောင်းပြီး သိက်ထဲကိုလည်း ဘိုးဘိုးနှင့်တကွ ကျန်ခဲ့တဲ့ဆွေမျိုးတွေကို မေတ္တာပို့ အမျှဝေပါမယ်လို့ ကတိပေးသွားပြီး လူ့ပြည်ရောက်တော့ သိက်ကလာတဲ့သူတွေက သူများထက်ပိုလှတယ်၊ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနေရတော့ ယောက်ျားတွေက သဘောကျလို့ အိမ်ထောင်ပြုကြတယ်။ သိက်ထဲကဆွေမျိုးတွေကိုလည်းမေ့ပြီး အမျှမဝေမိတော့ဘူး။ ဘုရားတည်၊ ကျောင်းဆောက်ဖို့ဝေးရော။ ဥပုသ်နေ့ရောက်ရင်တောင် ဥပုသ်မစောင့်ဖြစ်ကြဘူး။ လင်တွေ၊ သားသမီးတွေနဲ့ ပျော်ပျော်ပါးပါးနေထိုင်ကြပြီး သိက်ကဆွေမျိုးတွေကို မေ့နေကြတော့ သူတို့ကို မေတ္တာပို့၊ အမျှမဝေ၊ ကတိမတည်တော့ စိတ်ဆိုးပြီး ပြန်ခေါ်ဖို့လုပ်ကြတာပေါ့။အဲဒီမိန်းကလေးနှစ်ယောက်ကလည်း အဲဒီအတိုင်းပဲပေါ့။ ရွှေရင်ကျော်ဆရာကြီးက ဆက်ပြောပြတာကတော့ -

ရှေးရှေးအတိတ်ကာလက ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးက ရှမ်းရှင်ဘုရင်ကြီးဖြစ်ခဲ့ဖူးတယ်တဲ့။ မြစိမ်းရှင်ဘုရင်ကြီးလို့ခေါ်တယ်။ မိဖုရားကြီးက မြစိမ်းမိဖုရားကြီးပေါ့။

'ဘုန်းမြ၊ နေမြ၊ လေမြ၊ ရေမြ' ဆိုတဲ့ သားတော်လေးပါးနဲ့ သမီးတော်သုံးပါးက ပန်းကေရီ၊ နန်းကေရီ၊ နှင်းကေရီဆိုပြီး မောင်နှမ (၇) ယောက်ရှိတယ်တဲ့။ အခု လူ့ပြည်ကိုရောက်နေတဲ့မိန်းကလေးနှစ်ယောက်က ပန်းကေရီနဲ့နန်းကေရီတို့နှစ်ယောက်လို့ထင်ပါတယ်။ ဆရာကြီးပြောပြခဲ့တာ (၁၆) နှစ်လောက်ရှိပြီမို့ နာမည်တိတိကျကျမေ့နေပြီ။ သိက်ထဲမှာကျန်ခဲ့တာက အစ်ကိုလေးယောက်ရယ်၊ နှင်းကေရီရယ်လို့ ထင်ပါတယ်။ မောင်နှမ (၅)ယောက်ကျန်ခဲ့ပါတယ်။ အမေ မြစိမ်းမိဖုရားကြီးရယ်ဆိုရင် သိက်ထဲမှာ (၆)ယောက်ကျန်ခဲ့တယ်။ သူတို့က ဆရာကြီးရဲ့သစ္စာသမာဓိကြောင့် နှမနှစ်ဦးတို့ ဆရာကြီးဦးဆောင်ပြီး စက္ကိန္ဒဘုရားရဲ့မြောက်ဘက်က ဆင်းတုတော်တို့ ရွှေသင်္ကန်းတစ်လှူပြီး အမျှဝေပေးဖို့ တောင်းဆိုကြပါတယ်။

ဆရာကြီးလည်း တတ်နိုင်ပြီး မိန်းကလေးမိသားစုများနဲ့ တခြား

www.burmeseclassic.com

အဖော် ရွှေရင်ကျော်ဆရာတစ်ဦးနဲ့အတူ သွားကြပါတယ်။ မင်းဘူးဘက်ကမ်း ရောက်တော့ ကမ်းနားမှာ (၆) ယောက် လာကြိုကြတယ်တဲ့။ တခြားအဖော် ရွှေရင်ကျော်ဆရာတစ်ဦးက အမြင် အာရုံကောင်းလို့ အဲဒီစက္ကိန္ဒဘုရား သိုက်က သိုက်စောင့် (၆) ဦးကို ကမ်းနား မှာလာကြိုကြတာ မြင်နေရတယ်တဲ့။

ဆရာကြီး၊ မောင်နှမ (၅)ယောက် အပြင် အမေမိဖုရားကြီးပါ ပါတယ်ဗျ တဲ့။ သူတို့စက္ကိန္ဒဘုရားရင်ပြင်တော်မှာ မြောက်ဘက်က ဆင်းတုတော်ကို ရွှေ သင်္ကန်းကပ်လှူဒါန်းပြီး မေတ္တာပို့အမျှ ဝေပေးပါတယ်။ သူတို့ကျေနပ်သွားကြ ပါတယ်။ မိန်းကလေးတွေကိုလည်း ခဏ ခဏ မေတ္တာပို့ အမျှဝေပေးဖို့ မှာကြားခဲ့ ရတယ်တဲ့။

အဲဒါက ဆရာကြီးပြောပြတဲ့ မင်းဘူးမြို့၊ စက္ကိန္ဒဘုရားသိုက်က သိုက် စောင့်ဝေနေယျတွေရဲ့အကြောင်းပေါ့။ သိုက်စောင့်ဝေနေယျတွေက ရွှေသင်္ကန်း ကပ်ပေးတာ၊ ဆရာတော်ကြီးတွေကို သင်္ကန်းဒွိစုံကပ်လှူပေးတာ၊ ဘုန်းကြီး ဆွမ်းကျွေးတာ၊ ဘုရားတည်၊ ကျောင်း ဆောက်တာ၊ ဥပုသ်သီလစောင့်ထိန်းတာ၊ တရားအားထုတ်တာတွေကို နှစ်သက် ကြပြီး သာဓုခေါ်တတ်ကြပါတယ်။

ကျွန်မက မင်းဘူးကို မကွေးက နေ့ချင်းပြန် ရုံးလာတက်ရသူဖြစ်ပါတယ်။ နေ့စဉ် စက္ကိန္ဒဘုရားအောက်ခြေမှာရှိတဲ့ မော်တော်ဆိပ်က ပဲ့ထောင်စီးပြီး နေ့စဉ် သွားပြန်ရပါတယ်။စက္ကိန္ဒဘုရားကိုလည်း မြစ်ထဲမှ နေ့စဉ်ဖူးမြော်ခွင့်ရပါတယ်၊

ရှေးတုန်းကလည်း နာမည်မှည့် တာ ဘိုဆန်တယ်နော်။ . အဖေနာမည် ထည့်ပြီးမှည့်တယ်။ မြစိမ်းရှမ်းရှင်ဘုရင် ကြီးရဲ့သားတော်လေးပါးက ဘုန်းမြ၊ နေ မြ၊ လေမြ၊ ရေမြတဲ့။ ရွှေပေါ်ကျွန်းဆရာ တော်ကြီးက မြစိမ်းရှမ်းရှင်ဘုရင်ကြီးဖြစ် ခဲ့ဖူးတယ်ဆိုတော့ ဒါကြောင့်ထင်တယ်။ ရွှေပေါ်ကျွန်းကို ဆရာတော်ကြီးရှိခဲ့စဉ် ကနှစ်ခေါက်လောက်ကို ရောက်ဖူးခဲ့ပါ တယ်။ ရှမ်းရုပ်တုတွေနဲ့ သိုက်ချုပ်ဘုရား၊ စောမွန်လှရုပ်တု၊ မြတဘက်ဘုရားတို့ကို ဖူးတွေ့ခဲ့ရပါတယ်၊

ကျွန်မကို မင်းဘူးမှာအလုပ်လုပ် မှန်းသိလို့ ရွှေပေါ်ကျွန်းမှာ ခဏတွေ့ဆုံ ခဲ့ရတဲ့ ဦးသိန်းထွန်းကြည် (အင်းဝ) လို့ ထင်ပါတယ်။ သူက အရပ်ရှည်ရှည်နဲ့ ဗေဒင်လည်းဟောတတ်တယ်။ သူ့အစ်မ က မင်းဘူးသားနဲ့ အိမ်ထောင်ကျပြီး ကွယ်လွန်သွားခဲ့တယ်တဲ့။ စက္ကိန္ဒသိုက်ကို ပြန်သွားရတာတဲ့။ သူ့ယောက်ဖက အရွယ်ကောင်းဆဲဖြစ်တော့ နောက်ထပ် အိမ်ထောင်ပြုတာပေါ့။ အဲဒီ စက္ကိန္ဒသိုက် ထဲက သူ့အစ်မက သူ့ယောက်ဖဆီမှာ သမီးအဖြစ်ပြန်ဝင်စားပြီး မွေးလာတယ် တဲ့။ အဲဒီသမီးက သူတို့လင်မယား အိပ်ရင် အလယ်ကဝင်ဝင်ပြီး အဖေကို ဖက်အိပ်တယ်တဲ့။ ဦးသိန်းထွန်းကြည် (အင်းဝ) ပြောပြခဲ့ဖူးတာပါ။ အဲဒါကို သတိရပြီး ရေးလိုက်တာပါ။ ဦးသိန်းထွန်း ကြည်ကလည်း နာမည်တူများဖြစ်နေ မလားပဲ။ ကျွန်မနဲ့ရွှေပေါ်ကျွန်းမှာတွေ့ခဲ့ တာက အင်းဝလို့ နောက်ကမရေးဘူး။ နာမည်ကတော့ ဦးသိန်းထွန်းကြည်ပဲ။ မန္တလေးနားကဆိုတော့ အင်းဝ၊ အမရ ပူရ၊ စစ်ကိုင်း တစ်ခုခုဖြစ်နိုင်ပါတယ်။ ရွှေပေါ်ကျွန်းမှာ တရင်းတနှီးကို ပြောခဲ့ ဖူးတာပါ။ ဦးသိန်းထွန်းကြည် (အင်းဝ)နဲ့ မှားနေရင် ခွင့်လွှတ်ပါ။ အဲဒီဗေဒင်ဆရာ ကလည်း ဦးသိန်းထွန်းကြည်ဖြစ်ပြီး စာရေးဆရာဖြစ်မယ်ထင်လို့ပါ။ စက္ကိန္ဒ သိုက်အကြောင်းပြောပြသူမို့ သတိရပြီး ရေးလိုက်ရတာပါ။

ရွှေရင်ကျော်ဆရာကြီးနှင့်လည်း မတွေ့ဖြစ်တော့ပါ။ သူ့သမီးလည်း ဘွဲ့ရ ပြီး အလုပ်ထဲရောက်နေလောက်ပါပြီ။

ကျွန်မက မင်းဘူး-မကွေးနေ့ချင်း ပြန်ရုံးတက်ခဲ့ရသူမို့ တံတားကြီး မဆောက်လုပ်ခင်က ပဲ့ထောင်၊ မော်တော် လှေတို့ဖြင့် ကူးသွားလာခဲ့ရသဖြင့် လေမုန်တိုင်းမိပြီး အသက်လုသွားလာရ တာလည်း အခါခါပေါ့။ ဘုရားတရား ဦးထိပ်မှာထားပြီး ပရိတ်ကြီး (၁၁) သုတ် ရသလောက်ရွတ်သွားပြီး အနောက် ဘက်ကမ်းကို မျက်နှာမူသွားရင် စက္ကိန္ဒ ဘုရားကြီးကိုအာရုံပြုဖူးမြော်ရပြီး မကွေး ဘက် အရှေ့ဘက်ကမ်းကိုပြန်လာရင် မြသလွန်ဘုရားကြီးက ရွှေရောင်တဝင်း ဝင်းနဲ့ နေ့စဉ်အာရုံပြုဖူးမြော်နေကျဖြစ်ပါ တယ်။ ဒီဘုရားနှစ်ဆူကြားမှာ နေ့စဉ် ဧရာဝတီမြစ်ကြီးကို ကူးခပ်သွားလာခဲ့ရ သော်လည်း အမြဲပဲ အန္တရာယ်အပေါင်း ကလွတ်မြောက်ခဲ့ရပါတယ်။ တန်ခိုးကြီး ဘုရားများဖြစ်ကြပြီး တစ်ဆူက မြတ်စွာ ဘုရားကျိန်းစက်တော်မူခဲ့လို့ စက္ကိန္ဒ ဘုရားလို့ အမည်တွင်ခဲ့တယ်။ တစ်ဆူ ကတော့ ဂေါတမမြတ်စွာဘုရားက စက္ကိန္ဒစေတီမှာ မြသလွန်တော်နဲ့ကျိန်း စက်တော်မူခဲ့တဲ့ မြသားသလွန်တော်ကို ဘောသော၊ ဘောကျော် နတ်ဘီလူးညီ နောင်တို့က ကိုးကွယ်ရာအဖြစ် တောင်း ပန်ပြီးသယ်လာခဲ့တဲ့ မြသားသလွန်ကို ဌာပနာခဲ့တဲ့ လူတစ်ရစ်၊ နတ်တစ်ရစ်၊ ဘီလူးတစ်ရစ်တည်ထားခဲ့တဲ့ တန်ခိုးကြီး မြသလွန်စေတီတော် ဖြစ်ပါတယ်။ ဒီစေတီတော်နှစ်ဆူက ဆက်စပ်မှုရှိကြပါ တယ်။ ရုံးထဲကအစ်မကြီးတစ်ယောက် က ကျွန်မကိုအရှေ့ဘက်ကမ်းကဘီလူး တွေ အရိုင်းအစိုင်းတွေတဲ့။ ငါတို့ဆီက မြသားသလွန်ကြီးကို ဖန်ခါးသီးနဲ့လာပြီး လဲသွားတယ်တဲ့။ တကယ်တော့ မြတ်စွာ ဘုရားကို ဘီလူးညီနောင်က ဖန်ခါးသီး အခိုင်လိုက်အတွဲလိုက်ကို ကပ်လှူပြီး မြတ်စွာဘုရားပြန်ကြွသွားရင် ကိုးကွယ် ရာထားရစ်ခဲ့ဖို့ တောင်းပန်ခဲ့ရာမှာ မြတ်စွာဘုရားက သိကြားမင်းက ကျိန်း စက်ဖို့ လှူခဲ့တဲ့ မြသားသလွန်တော်ကို စွန့်ပေးလိုက်တဲ့အတွက် ဘီလူးညီနောင် က ဖန်ခါးသီးလာလှူပြီး မြသလွန်ကြီး မ,သွားသယ်သွားတယ်ဆိုပြီး အစ်မကြီး က ဖန်ခါးသီးကတန်ဖိုးမရှိဘူး။ မြသလွန် ဟာက တန်ဖိုးရှိတယ်ပေါ့။ အစ်မကြီး ရယ်၊ ဘီလူးတွေကမ,အလို့ မြသလွန်ကြီး ရခဲ့တာပေါ့။ အစ်မတို့ကအ,တော့ခံလိုက် ပေါ့လို့ စကားနိုင်လုပြီးပြောမိသေးတယ်။ မကွေးဖန်ခါးသီးစစ်စစ်က အလယ်မှာ အစေ့မရှိဘူး၊ အသားချည်းပဲ။ ကိုက် လိုက်ရင် ဖောက်ခနဲမြည်အောင်အရည် ရွှမ်းပြီး ချိုချဉ်ဖန်ခါးအရသာလေးပဲ။ အဲဒီဖန်ခါးသီးစားပြီး ရေသောက်ရင်ချို နေတယ်၊ ရန်ကုန်က အစ်ကိုကြီးအိမ်ကို နှစ်ပြည်သားလောက် လူကြုံရှိရင်ဝယ် ပေးရတယ်၊ ငါးပိရည်နဲ့တို့စားရင် အရမ်း ထမင်းမြိန်ပါတယ်၊ အလယ်ကောင်မှာ အစေ့ပြူးပြူးကြီးရှိရင် မကွေးဖန်ခါးသီး မဟုတ်ဘူး။ မကွေးဖန်ခါးသီးက ချိုချဉ် ဖန်ခါးသီးပါ။ အသားချည်းပဲ၊ အစေ့မပါ ဘူး။

တကယ်တော့လည်း မြသလွန် စေတီတော်ဟာ ဘုရားရှင်တို့ရဲ့ သလွန် တော်များ ကိန်းအောင်းရာစေတီလို့တွင် ခေါ်ပါတယ်။ ဘာပဲဖြစ်ဖြစ် တန်ခိုးကြီး ဘုရားများကို ရုံးသွားရုံးပြန်တိုင်း နေ့စဉ် ဖူးမြော်ရတာ ကျွန်မအတွက် အမြတ်ပါ ပဲ။ ရွှေရင်ကျော်ဆရာကြီးပြောပြတဲ့ စက္ကိန္ဒဘုရားက သိုက်စောင့်တွေရဲ့ နာမည်တွေကတော့ ခပ်ဆန်းဆန်းပဲ နော်။

ရေနံ့သာ-ခင်ခင်လေး



www.burmeseclassic.com

www.burmeseclassic.com

လောကမှာ တန်ဖိုးရှိတယ်ဆိုတဲ့ အကြောင်းအရာတွေဟာ အချိန်နဲ့အမျှ ကုန်ဆုံးနေကြတာပါ။ အချိန်ဆိုတာ နေပါဦးလို့ ဆိုင်းငံ့ထားလို့မရစကောင်းပါဘူး။ လူသားတိုင်း အချိန်နဲ့အမျှ အလုပ်တွေလုပ်နေကြရပါတယ်။ မဖြစ်မနေလုပ်ရတဲ့ အလုပ်သုံးမျိုးရှိပါတယ်။ အခါအားလျော်စွာ ခန္ဓာကိုယ်နဲ့လည်း အလုပ်လုပ်ကြရသလို နှုတ်နဲ့လည်း အလုပ်လုပ်ကြတယ်။ ကိုယ်နဲ့နှုတ်လုပ်စရာမရှိတော့ရင် စိတ်နဲ့အလုပ်လုပ်ကြပြန်တယ်။

အလုပ်လုပ်ကြတဲ့အခါမှာ ကောင်းတာလည်းရှိသလို မကောင်းတာလည်း ရှိတယ်။ ကောင်းတာကိုလုပ်ပြီးတဲ့အခါ ဘယ်တုံးက ငါကောင်းတာလေးလုပ်ခဲ့မိပါလားဆိုပြီး တွေးတိုင်းတွေးတိုင်း စိတ်ချမ်းသာရပါတယ်။ မကောင်းတာလုပ်မိပြီဆိုရင်တော့ နေမြင့်လေ အရှုရင့်လေဆိုတာလိုပဲ တွေးတိုင်း စိတ်ချမ်းသာမှုမရရှိခဲ့။ အဲဒါကိုပဲ နောင်တလို့ဆိုဟန်တူပါတယ်။ နောင်တဆိုတာ ကောင်းတဲ့ လမ်းကြောင်းပေါ်မှာမဟုတ်ဘဲ မကောင်းတဲ့ လမ်းကြောင်းပေါ်ကနေ မြစ်ဖျားခံစီးဆင်းလာတဲ့အရာတစ်ခုပါ။

တစ်ခါတုန်းက ဆွေမျိုးတော်စပ်တဲ့ညီတော်တစ်ယောက် စိတ်ဖောက်ပြန်ပြီး သူ့အင်မတန်ချစ်တဲ့သားလေးတွေကို အနီးရှိဓားနဲ့ ရက်စက်စွာ ခုတ်သတ်ခဲ့မိပါတယ်။ ပုံမှန်စိတ်လေးပြန်ဖြစ်လာတဲ့အခါ သူလုပ်ခဲ့တဲ့အလုပ်တွေနဲ့စပ်လို့ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ကြောင်း သေသင့်တာထက်ပိုပြီး ဒဏ်ခတ်တယ်လို့ဆိုကာ သူလုပ်ခဲ့တဲ့အလုပ်အပေါ် ယူကျုံးမရဖြစ်ကာ နေ့စဉ်စိတ်ဆင်းရဲနေရတယ်။ ဘယ်လိုမှကိုဖြေဖျောက်လို့မရဘူးဆိုတဲ့အကြောင်း မကွယ်လွန်မီ ပြောပြခဲ့ဖူးပါတယ်။ ဒါကြောင့် နောင်တ ဆိုတာဟာ အချိန်ရှိတုန်းဘယ်တော့မှမဖြစ်ခဲ့။ အချိန်လွန်မှချည်းဖြစ်ကြတာပါပဲ။ ဒါကြောင့်လည်း နောင်တဆိုတာ နောင်မှတ်ရာတာမျိုးလို့ ဆိုကြပါတယ်။

တစ်နေ့ စာရေးသူဟာ သီတင်းသုံးဖော်များနဲ့ စကားပြောဆိုကြရင်း ကိုယ့်ရဲ့ဆရာသမားပြုလုပ်တာကို ဝေဖန်ပြီးအပြစ်ပြောခဲ့မိဖူးပါတယ်။ ပြောတုန်းတော့မသိ၊ ပြောပြီးမှသိ ဆိုတာလို ပြောပြီးနောက်ပိုင်း ပြစ်မှားခဲ့တာတွေကို ပြန်လည်တွေးရင်း နောင်တတွေရနေပါတော့တယ်။ တစ်ချိန်ချိန် အကြောင်းမညီညွတ်တဲ့အခါ ဝန်ချတောင်းပန်ဖြစ်အောင် တောင်းပန်မယ်ဆိုပြီး တွေးနေမိပါတော့သည်။

တချို့ဆိုရင် ကိုယ့်ဆရာသမားကိုပင် သဘောထားကွဲလွဲကာ ပြန်လည်ထိုးကြိတ်တဲ့အဆင့်ထိတောင် ကျူးလွန်

# ဦးကောဝိဒ
(မြိတ်)

# ဘဝနှောင်ရေး စိတ်အေးစေမယ့် နည်းလမ်းကောင်းများ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြဖူးတယ်ဆိုတာ တစ်ဆင့်စကား ကြားခဲ့ရဖူးပါတယ်။ ဒီလိုပါပဲ ပုထုဇဉ်များအဖို့ ဘယ်တော့မှအမှားနဲ့မကင်းနိုင်ကြပါ။ ဒါကိုအကြောင်းပြုပြီး နောင်တဆိုတာကြီးနဲ့ တွေ့ကြုံကြရတာပါ။ အဲဒါကြောင့်လည်း နောင်မှ နောင်တဆိုတာကြီးမဖြစ်ရလေအောင် ဘဝနောင်ရေးစိတ်အေးချမ်းသာရမယ့် အကျင့်တရားတွေ ကျင့်သုံးရလို့ရှိရင်တော့ လောကလူအများ ချမ်းသာပွားကြမှာ အမှန်ပါ။

ဒါနဲ့ စပ်လို့ -

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့အခါ တစ်နေ့ ကောသလမင်းကြီး ဘုရားရှင်ထံကို ရောက်လာပါတယ်။ ဘုရားရှင်ထံ မရောက်တာကြာပြီဖြစ်တဲ့ ကောသလဘုရင်ကို ဘုရားရှင်က ပဋိသန္ထာရစကားများ ပြောဆိုပါတယ်။

ထိုအခါ ကောသလဘုရင်က -

"အရှင်ဘုရား၊ တပည့်တော်ဟာ တိုင်းရေးပြည်ရာကိစ္စတွေများလွန်းတာကတစ်ကြောင်း၊ မဖြစ်မနေပြုသင့်ပြုထိုက်တဲ့အလုပ်ကိစ္စတွေကလည်းရှိနေတဲ့အတွက် တပည့်တော် အရှင်ဘုရားဆီကို စိတ်သာရောက်နိုင်ပြီး လူမရောက်လာနိုင်ပါ ဘုရား"

လို့ လျှောက်ထားလာပါတယ်။

တကယ်တော့ ကောသလမင်းကြီးဟာ ကာမဂုဏ်အာရုံမှာ ပျော်မွေ့နေပြီး ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို မေ့နေတာကြောင့် မလာနိုင်တာပါ။ ဒါကို ဘုရားရှင်ကသိတော်မူပြီးဖြစ်တယ်။

ဘုရားရှင်က -

"ရှေးရှေးက မင်းများဟာ ကိုယ်နဲ့အတူ တိုင်းသူပြည်သားလူအများတို့ကို ဘဝနောင်ရေးစိတ်အေးချမ်းသာရအောင် ပြုခဲ့ဖူးကြတယ်"

လို့ မိန့်တော်မူတဲ့အခါ ကောသလမင်းကြီးက ဒီအကြောင်းကိုအလွန်သိချင်တဲ့အတွက် ဘုရင်အား မေးလျှောက်ပါတယ်။ ဘုရားရှင်က ဒီအကြောင်းနဲ့ စပ်လို့ ဇနသန္ဓဇာတ်ကို ဟောတော်မူပါတယ်။

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်စိုးစဉ်အခါက တစ်နေ့ ဗြဟ္မဒတ်မင်းကို အစွဲပြုပြီး မိဖုရားခေါင်ကြီးမှာ ကိုယ်ဝန်ရလာပါတယ်။ အချိန်တန်တဲ့အခါ ကြန်အင်လက္ခဏာနဲ့ ပြည့်စုံတဲ့ မင်းသားလေးတစ်ပါး ဖွားမြင်တယ်။ ပညာရှိတွေက မင်းသားလေးရဲ့အနေအထားကိုကြည့်ပြီး ဒီမင်းသားလေးဟာ နောင်တစ်ချိန်မှာ တိုင်းသူပြည်သားလူအများရဲ့ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးမယ့်သူဖြစ်တဲ့အတွက် ဇနသန္ဓမင်းသားလို့ နာမည်မှည့်ခဲ့ပါတယ်။ အရွယ်ရောက်လာတဲ့အခါ ဖခင်ဗြဟ္မဒတ်မင်းကြီးက သားတော် ဇနသန္ဓမင်းသားကို မင်းအဖြစ်ချီးမြှောက်တော်မူလိုက်ပါတယ်။

ပူပူနွေးနွေး ဘုရင်ဖြစ်လာတဲ့ ဇနသန္ဓမင်းဟာ သူ့လက်ထက်မှာ အကျဉ်းထောင်ထဲရှိ ရာဇဝတ်သားမှန်သမျှကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်တယ်။ ဒ့ါပြင် ဗာရာဏသီမြို့ရဲ့ တံခါးခြောက်ပေါက်မှာ မဏ္ဍပ်ကြီးခြောက်ခုဆောက်စေပါတယ်။ ပြီးတဲ့အခါ တစ်နေ့ကို မဏ္ဍပ်တစ်ခုမှာ တစ်သိန်း၊ ခြောက်ခုမှာ ခြောက်သိန်းအကုန်အကျများခံကာ အသုံးအဆောင်ပစ္စည်း၊ အစားအစာများကို လိုလေသေးမရှိရလေအောင် လာသမျှ ပြည်သူများအား ပေးလှူစေခဲ့ပါတယ်။ မင်းကြီးဟာ ဒီလောက်လုပ်ပေးရုံမျှနဲ့ မကျေနပ်နိုင်ဘဲ ရှေ့ဆက်ဘာများလုပ်ပေးရရင်ကောင်းမလဲဆိုပြီး တွေးရင်းအတွေးသစ်တစ်ခု ပေါ်လာပါတယ်။ ဒီဒါက တိုင်းသူပြည်သားများ နောင်တတစ်ဖန် မပူပန်ရလေအောင် ဘဝနောင်ရေးစိတ်အေးချမ်းသာစေမယ့် တရား (၁၀) ချက်ပဲ ဖြစ်ပါတယ်။ ဒီအကြောင်းကို ဘုရားအလောင်းတော် ဇနသန္ဓမင်းက တိုင်းသူပြည်သားများအား ဟောကြားခဲ့ပါတယ်။

၁။ ငယ်ရွယ်စဉ်မှာ ပညာရှာရပါတယ်။ အရွယ်ရောက်လာတဲ့အခါ သင်ယူတတ်မြောက်ထားတဲ့ အတတ်ပညာနဲ့ အသက်မွေးရပါမယ်။ တကယ်လို့ အတန်းပညာကို မသင်ယူနိုင်ခဲ့ပါက အသက်မွေးဝမ်းကျောင်းမှုအတတ်ပညာတစ်ခုခုကို သင်ယူထားရပါမယ်။ ပညာမတတ်ရင် ကောင်းသလား၊ ဆိုးသလားဆိုတာကိုလည်း မခွဲခြားတတ်၊ ဆုံးဖြတ်ချက်တွေလည်း ပိုင်ပိုင်နိုင်နိုင်မချနိုင်၊ နောင်ရေးကိုလည်း တွေးတောဆင်ခြင်မှုတွေ မလုပ်နိုင်တော့ဘဲ နောက်ဆုံးသူတောင်းစားဘဝရောက်ခဲ့ရတဲ့ ဗာရာဏသီ ဘုဒ္ဓေးလင်မယားလို အဖြစ်ဆိုးနဲ့ ကြုံကြရနိုင်ပါတယ်။ ဒါကြောင့် ဘဝနောင်ရေးစိတ်အေးရဖို့အတွက် ငယ်ရွယ်စဉ်မှာ အချိန်ကိုတန်ဖိုးထားကာ အတတ်ပညာရှာနိုင်ဖို့ အရေးကြီးလှပါတယ်။

၂။ ပစ္စည်းဥစ္စာများကို ရှာဖွေနိုင်ခွင့်ရှိတုန်းအချိန်မှာ ရှာဖွေပြီး စုဆောင်းတတ်ရပါမယ်။ ရလာတဲ့ပစ္စည်းအချို့ကို မစုဆောင်းထားဘူးဆိုရင် အသက်ရွယ်ကြီးရင့်လာတဲ့အခါမှာ မစုဆောင်းခဲ့ရလေခြင်းဆိုပြီး နောင်တရတတ်ပါတယ်။ ပစ္စည်းဥစ္စာရှာဖွေတဲ့အခါမှာ ယင်ကောင်လို မလုပ်ရပါ။ ယင်ကောင်များဟာ လက်ရှိစားသောက်ဖို့လောက်သာ ရှာဖွေပြီးစားကြပါတယ်။ နောက်တစ်ကြိမ်အတွက် နောက်တစ်ခါထပ်ပြီးရှာဖွေကြပြန်တယ်။ စုဆောင်းမှုမရှိကြပါ။ ယင်ကောင်လို ရရစားစားမလုပ်ကြဖို့ပါဘဲ။ ပျားများဟာ ပျားအိမ်မှာ ပေါက်ဖွားလာမယ့် ပျားကလေးတွေအတွက် အဝေးကနေ ပန်းဝတ်မှုန်များကို အခေါက်ရေများစွာ ပျံသန်းပြီး ရှာဖွေစုဆောင်းကြရပါတယ်။ ခြကလေးများဟာ သူတို့ရဲ့ သေးငယ်တဲ့ပါးစပ်နဲ့ မြေညက်ကလေးတွေကို အကြိမ်ရေများစွာ ယူဆောင်ပြီး အိမ်လောက်ရှိတဲ့ ခြတောင်ပို့ကြီးဖြစ်အောင် မြေညက်များကိုစုဆောင်းကြရပါတယ်။

၃။ ဟစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချစ်ခင်နေကြတာကို မနာလိုမရှုဆိတ်ဖြစ်ပြီး ပျက်ပြားသွားအောင် ရန်တိုက်စကား၊ ကုန်းချောစကားများမပြောဆိုကြပါနဲ့။ တကယ်လို့ ပြောမိလို့ရှိရင် အကုသိုလ်ဆိုးကျိုးများ ခံစားရတဲ့အခါမှာ ငါလုပ်မိလေခြင်း၊ ပြောမိလေခြင်းဆိုပြီး နောင်တတွေရတတ်ပါတယ်။ ဒီလိုအဖြစ်ဆိုးမျိုးမဖြစ်ရလေအောင်၊ ဘဝနောင်ရေးစိတ်အေးချမ်းသာရလေအောင် သွေးခွဲစကား၊ ကုန်းချောရန်တိုက်စကားတွေ မပြောဆိုမိဖို့ အရေးကြီးလှပါတယ်။

၄။ ဘက်ရှိသတ္တဝါမှန်သမျှမသတ်မိပါစေနဲ့။ ဘဝတိုင်းသက်တမ်းစေ့အောင် မနေရတတ်ဘဲ အသက်ငယ်ငယ်နဲ့ သေရတတ်ပါတယ်။ တစ်ခါတုန်းက တက္ကသိုလ်ပြည်မှာ ဒိသာပါမောက္ခဆရာကြီးက ယဇ်ပူဇော်ဖို့အတွက် ဆိတ်တစ်ကောင်ကိုရွေးပြီး မြစ်ဆိပ်မှာ ရေချိုးပေးဖို့ တပည့်တွေကို စေခိုင်းပါတယ်။ တပည့်များကလည်း ယဇ်ပူဇော်မယ့်ဆိတ်ကို ရေချိုးပေးပြီး ရေဆိပ်မှာခဏနားနေခိုက် ဆိတ်ကငိုလည်းငို၊ ရယ်လည်းရယ်လိုက်တယ်။ ဒီအကြောင်းကို တပည့်များက မေးတဲ့အခါ ဆိတ်က ဒိသာပါမောက္ခဆရာကြီးထံရောက်မှ ပြေ



www.burmeseclassic.com

www.burmeseclassic.com

မယ်ဆိုပြီး ပြောပါတယ်။ ဒါနဲ့ ဆရာကြီး နားရောက်တဲ့အခါ တပည့်များက ဆရာကြီးကို ထိုအကြောင်းကို ပြောပြပါတယ်။ ဆရာကြီးကလည်း ဆိတ်ကိုငိုလည်းငို၊ ရယ်လည်းရယ်ရတဲ့အကြောင်း မေးပါတယ်။

သူဟာ တစ်ခုသောဘဝတုန်းက ဆရာကြီးလိုပဲ ဒိသာပါမောက္ခဆရာကြီး ဖြစ်ခဲ့ဖူးပါတယ်။ ယခုလိုပဲ ယဇ်ပူဇော်ဖို့ ဆိတ်တစ်ကောင်ကိုသတ်ခဲ့တဲ့အတွက် ဘဝပေါင်းလေးရာ့ကိုးဆယ့်ကိုးဘဝတိုင်တိုင် အကြောင်းအမျိုးမျိုးဖြင့် လည်ပင်းပြတ်ကာ သေပွဲဝင်ခဲ့ရပါတယ်။ ယခုဘဝဟာ သူ့အတွက် နောက်ဆုံးဘဝဖြစ်တယ်။ ဒီဘဝပြီးရင် ဝဋ်ကျွတ်ပြီဖြစ်တဲ့အတွက် ဝမ်းသာပြီးရယ်ရတာပါ။ ဆရာကြီးလည်း ငါ့လိုပဲခံရတော့မယ်ဆိုတာကို သိတဲ့အတွက် ဝမ်းနည်းပြီးငိုမိတာပါလို့ ပြောပါတယ်။ အဲဒါနဲ့ ဆရာကြီးလည်း သံဝေဂရပြီး ဆိတ်ကိုမသတ်ဖြစ်တော့ဘဲ အသက်ချမ်းသာခွင့်ပေးလိုက်ပါတယ်။ ဒါပေမယ့် အကုသိုလ်ကံကမနေပါ။ မကြာခင်မှာပဲ လွင့်စဉ်လာတဲ့ ကျောက်စကလေးတစ်ခုက ဆိတ်ရဲ့လည်ပင်းကို ထိမှန်ပြီးသေဆုံးခဲ့ရပါတယ်။ စာချစ်သူများလည်း ဘဝနောင်ရေးစိတ်အေးရလေအောင် သူတစ်ပါးအသက်ကိုမသတ်မိအောင် သီလကို ထိန်းသိမ်းဖို့ပါပဲ။

၅။ သူတစ်ပါးသားမယားကိုမကျူးလွန်ကြပါနဲ့။ နောင်တဆိုတာ နောင်ခါမှတ,တယ်ဆိုတဲ့အတိုင်း နောင်တရတဲ့အခါ အချိန်တွေလွန်ကုန်ပြီး ကဿပဘုရားရှင်လက်ထက်က သူဌေးသားလေးတစ်ယောက်အကြောင်း သိကြမှာပါ။ အမျိုးသမီးတစ်ဦးကို ပြစ်မှားကျူးလွန်မိခဲ့တဲ့အတွက် လောကုမ္ဘိငရဲမှာ အနှစ်ခြောက်သောင်းခံခဲ့ရတယ်။ ဒီလိုအဖြစ်ဆိုးမျိုးနဲ့မကြုံကြရလေအောင် သူနှမကိုယ့်နှမကိုယ်ချင်းစာတရားထားပြီး ကာမေသုမိစ္ဆာစာရဝေရာမဏီထိန်းသိမ်းစောင့်ရှောက်ကြရပါမယ်။

၆။ ပစ္စည်းဥစ္စာရှိနေပါလျက်ကယ်နဲ့ မပေးရက်လို့ နှမြောတွန့်တိုပြီး အလှူဒါနမပြုကြဘဲ ကာမဂုဏ်မှာပဲ ပျော်ပါးမေ့လျော့ပြီးနေကြတယ်။ လူ့ဘဝအရ တော်နေခိုက် လှူခွင့်ကြုံတုန်း အလှူဒါနပြုလုပ်ကြရပါမယ်။ ဒါနဆိုတဲ့ရိက္ခာထုပ်မပါဘဲ ဘဝသံသရာခရီးသွားကြမယ်ဆိုရင် ဘဝအဆက်ဆက် ဆင်းရဲမွဲတေရတတ်ပါတယ်။ လောကမှာ လူပင်ဖြစ်ပါလျက် ပြိတ္တာနဲ့တူတဲ့လူတစ်မျိုးရှိပါတယ်။ ပြိတ္တာဆိုတာ စားဝတ်နေရေးအတွက် အလွန်ဆင်းရဲကြတာပါ။ ထို့အတူ ဘဝအဆက်ဆက်က ဒါနမရှိခဲ့တဲ့အတွက် ဖြစ်လေရာ ဘဝတိုင်းမှာ တောင်းစားမှ စားရတဲ့ သူတောင်းစားမျိုးမှာဖြစ်ကြရပါတယ်။ ဘဝသံသရာမျက်နှာမငယ်ဘဲ အဆင့်အတန်းမြင့်စွာနေနိုင်အောင် ဒါနပြုခွင့်ကြုံတုန်း အလှူဒါနပြုကြရပါမယ်။ ဘုရားရှင်လက်ထက်က နတ်ပြည်က သကြားမင်း အလှူဒါနပြုလုပ်ချင်တဲ့အတွက် အဘိုးအိုယောင်ဆောင်ပြီး ရဟန်းတော်များကို ဆွမ်းလောင်းလှူခဲ့ဖူးတဲ့သာဓကလည်းရှိခဲ့ဖူးပါတယ်။ အဲဒါကြောင့် ဘဝနောင်ရေးစိတ်အေးရလေအောင် နည်းတာ၊ များတာပမာနမထားဘဲ အဆင်ပြေသလို ဒါနပြုလုပ်ဖို့မမေ့ကြနဲ့။

၇။ ကျေးဇူးကြီးမားလှတဲ့မွေးမိခင်နှင့် ကျွေးဖခင်တို့ကို အသက်ထင်ရှားရှိခိုက်မှာ ပြုစုလုပ်ကျွေးကြရပါမယ်။ ကွယ်လွန်ပြီးနောက်ပိုင်းမှာ ပြုစုချင်တယ်ဆိုတဲ့ အခွင့်အရေးမရနိုင်တော့ မိဘတွေရှိတုန်း ငါမပြုစုလိုက်ရလေခြင်းဆိုပြီး နောင်တတွေရတတ်ပါတယ်။ မိဘရှိတုန်းမှ မိဘနဲ့စပ်တဲ့ဝေယျာဝစ္စကုသိုလ်တွေရနိုင်ပါ။ ဒါကြောင့် အသက်ထင်ရှားရှိကြတဲ့ မိဘများကို ပြုစုခွင့်ကြုံတုန်း မညည်းညူဘဲ ပြုစုကြဖို့ သားသမီးများကို တိုက်တွန်းလိုပါတယ်။

၈။ ဘဝနောင်ရေးစိတ်အေးချမ်းသာချင်တယ်ဆိုရင် မိဘ၊ ဆရာသမားရဲ့ အဆုံးအမကို နာခံတတ်ရတယ်။ အချို့သားသမီးများဟာ မိဘ၊ ဆရာသမားများက ဆုံးမစကားပြောနေတဲ့အခါ နားထောင်သယောင်နဲ့ ဘာမှလည်းပြန်မပြော၊ နားလည်းမထောင်ဆိုတာလိုမျိုး မဖြစ်ပါစေနဲ့။ မိဘ၊ ဆရာသမားများ ဆိုဆုံးမတယ်ဆိုတာ ဘဝတိုးတက်ချမ်းသာဖို့ အဖြူထည်သက်သက်ဖြင့် ပြောဆိုဆုံးမကြတာပါ။ မိဘ၊ ဆရာသမားများရဲ့ဆုံးမမှုကို မလိုက်နာဘဲ ကိုယ်ထင်ရာစိုင်းနေမယ်ဆိုရင် လမ်းမှားလိုက်မိပြီး မဖြစ်သင့်တာတွေ ဖြစ်လာနိုင်ပါတယ်။ ဒီလိုအဖြစ်ဆိုးမျိုးမကြုံရလေအောင် မိဘ၊ ဆရာသမားများရဲ့ဆုံးမစကားကို နာယူလိုက်နာလွယ်တဲ့သူဖြစ်ရပါမယ်။ ထိုသူမျိုးကို ပါဠိစာပေက သောဝစဿတနဲ့ ပြည့်စုံတဲ့သူလို့ဆိုကြပါတယ်။

၉။ ပညာရှိသူတော်ကောင်းတွေကို ပေါင်းသင်းရပါမယ်။ ရှေးအခါက ဆရာပေါင်းမှားခဲ့တဲ့ အဇာတသတ်မင်းဟာ ဘုရားရှင်နဲ့ တွေ့ရတယ်ဆိုပေမယ့် အဘကိုသတ်တဲ့ အကုသိုလ်ကံကြောင့် ဘဝနောင်ရေး စိတ်အေးမှုမရရှိခဲ့ပါ။ ဒါကြောင့် သီလ၊ သမာဓိ၊ ပညာ ပြည့်စုံတဲ့ သူတော်ကောင်း ဒါမှမဟုတ် သီလ၊ သမာဓိ၊ ပညာမပြည့်စုံသေးသော်လည်း ပြည့်စုံအောင်ကျင့်နေတဲ့ ပညာရှိသူတော်ကောင်းများကို ပေါင်းသင်းကြမယ်ဆိုရင် ဘဝနောင်ရေးစိတ်အေးချမ်းသာရပါလိမ့်မယ်။

၁၀။ လူ့ဘဝရအခိုက် ဝိပဿနာတရားကို အားထုတ်ဖူးသူ အားထုတ်ဆဲပုဂ္ဂိုလ်ဖြစ်ရမယ်။ တကယ်လို့ အားမထုတ်ဖူးသေးဘူးဆိုရင် ဒီဘဝ ဒါန၊ သီလ၊ သမထကုသိုလ်လောက်နဲ့ စိတ်မချရနိုင်သေးပါ။ ဘဝနေဝင်ခါနီးမှ အားမထုတ်လိုက်ရလေခြင်းဆိုပြီး နောင်တတွေရနေရင် အချိန်တွေကလွန်ကုန်ပြီး ငယ်ရွယ်စဉ်မှာ တရားရှာ ကြီးခါ သက်သာမည်ဆိုတဲ့အတိုင်း ငယ်ရွယ်တုန်းမှာ ပညာလည်းရှာ၊ တစ်ဖက်ကလည်း ဝိပဿနာတရားကို အားထုတ်ထားမယ်ဆိုရင် အသက်အရွယ်ကြီးလာတဲ့အခါမှာ ပုံမှန်အလေ့အကျင့်ကလေးရှိနေတဲ့အတွက် ခက်ခဲမှုမရှိနိုင်ဘဲ အဆင်ပြေစွာ အားထုတ်နိုင်တာကို တွေ့ရပါလိမ့်မယ်။ ဒါကြောင့် အချိန်ရှိတုန်း အဘိုး၊ အဘွားများမဖြစ်သေးမီ တစ်ဖက်က ဝိပဿနာတရား ကြိုးစားအားထုတ်ဖို့ အထူးပင်လိုအပ်လှပါတယ်။

နောက်ဆုံး ပြောလိုတာက နောင်တ ဆိုတာ မကောင်းတဲ့လမ်းကြောင်းပေါ်က မြစ်ဖျားခံစီးဆင်းလာခဲ့တာဆိုတော့ ဘဝမှာနောင်တဆိုတာမရှိရလေအောင် သတိတရားလက်ကိုင်ထားပြီး ကုသိုလ်ဖြစ်စေတဲ့လမ်းကြောင်းပေါ်ကနေ ဖြတ်ကျော်ကြဖို့ပါ။ ဘဝမှာ သတိတရားထားကာ ကုသိုလ်နဲ့မွေ့လျော်တတ်ကြမယ်ဆိုရင် နောင်တဆိုတာ ဘယ်တော့မှ မရှိနိုင်တော့။ ဒါကြောင့် ဖော်ပြပါ နည်းလမ်းဆယ်ချက်ကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ဘဝနောင်ရေး စိတ်အေးချမ်းသာနိုင်ကြပါစေလို့ ပြောကြားရင်း၊

(ငါးရှာငါးဆယ်၊ စတုတ္ထတွဲ၊ နှာ-၄၇၊ ဇနသန္ဓဇာတ်)

နှလုံးစိတ်ဝမ်းငြိမ်းချမ်းကြပါစေ

ဦးကောဝိဒ(ပြွတ်)



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း ([illegible])

## ပညာရှင်

(အင်္ဂလိပ်ဝတ္ထုမှရအခန်းဆက်ဝတ္ထုရှည်)



"မင်းကလည်း - မင်းလမ်းမထွက်တတ်ဘူး၊ ငါ့ကိုခင်လွန်းလို့ ငါအတင်းခေါ်လို့လာတာလို့ ငါပြောမလို့ပါ"

အုန်းမြိုင်ခပ်တိုးတိုးကပ်ပြော၏။

"ဘာဖြစ်လဲကွာ၊ လမ်းဘေးဈေးရောင်းတာရောင်းတာပေါ့ မင်းကလည်း။ လမ်းဘေးဈေးရောင်းတာ လူဆိုးသူခိုးမှ မဟုတ်ဘဲ"

စကားပြောရင်း မျက်လုံးက အငြိမ်မနေ ဟိုဝေ့ဒီဝေ့ကြည့်လိုက်ရာ မင်းသမီးရုပ်တစ်ခုကို ကြိုးများနှင့်လည်ပင်းချည်ပြီး တွဲလောင်းဆွဲထားကာ တိုင်မှာချိတ်ထားသည်ကိုသွားတွေ့လိုက်၏။

"ဟ - ဘာတုံး ဒါ"

"ဩော် - ငါတို့ ဦးလေးမိသားစု အိမ်လာလည်တော့ သူကလေးဆော့တဲ့ အရုပ်ကွာ။ အရုပ်က ကြိုးပြတ်သွားလို့ဆိုပြီး လည်ပင်းမှာပတ်ချည်ထားပြီး တိုင်မှာချိတ်ထားတာ။ သူကလေးဆော့တာ။ ဘာဖြစ်လို့လဲ သူငယ်ချင်း"

အုန်းမြိုင်စကားကို ကြောင်တောင်တောင်နှင့်ထိုင်နားထောင်နေရှာသော အုန်းမြိုင်အမေသည် ကျွန်ုပ်ကို မျက်တောင်မခတ်ကြည့်နေ၏။ သူ့အကြည့်ကြီးက တစ်မျိုးဖြစ်နေ၏။

"ဒေါ်ကြီး ဒေါ်ကြီးလေ ရင်တွေပူတယ် ဆရာလေးရယ်"

"အဒေါ် ကျွန်တော့်နာမည် မောင်မောင်သန်းပါ။ အုန်းမြိုင်က သူငယ်ချင်းတွေပါ။ သူက ကျွန်တော့်ဆီမှာ ကရာတေးတောင်သင်ဖူးတယ်၊ သိပ်ခင်ကြတာ။ အုန်းမြိုင်လိုပဲ သားသမီးလိုဆက်ဆံပါ ဒေါ်ကြီး။ ကျွန်တော်ဆရာ မဟုတ်ပါဘူး"

"အေးပါ ငါ့သားရယ်၊ ဒေါ်ကြီး တစ်ခါတစ်ခါကျ အရမ်းငိုချင်တယ်။ ဘယ်လိုကြီးမှန်းမသိဘူး။ တစ်ခါတစ်ခါ ထွက်သွားပြီးကားလမ်းပေါ် လမ်းလျှောက်နေချင်တယ်။ ဟိုကြက်ခြေထောက်ရိုးကြီးတွေ့တဲ့နေ့ကဆို ဒေါ်ကြီးဘာအသိမှမရှိတော့သလိုဘဲဖြစ်သွားတာ"

"ဘယ်လို အုန်းမြိုင်၊ မင်းအမေပြောတာ ငါမရှင်းဘူး"

"ငါ့အမေကွာ၊ ချဉ်ပေါင်ဟင်းချက်တာ။ ချက်တာလည်း သူကိုယ်တိုင်ချက်တာ။ အဲဒါ ပန်းကန်ထဲကို ဟင်းခပ်ထည့်တော့ ကြက်ခြေထောက်ရိုးလက်သုံးလုံးလောက်ကြီးပါလာတယ်"

"ဟာ"

"အဲဒီနေ့ကဆို အမေဟာ ရူးသွားပြီတောင်ထင်ရတာ"

"ပြီးတော့ အုန်းမြိုင် သောက်ရေကိစ္စ"

"ဩော် - ပြီးတော့ တို့သားအမိနှစ်ယောက်တည်းသောက်တဲ့ဟိုသောက်ရေအိုးထဲကရေဟာ တစ်နေ့ ပုပ်စော်နံလိုက်တာ အရမ်းပဲ"

"ဟင် - အိုးထဲကို. . ."

"ငါကိုယ်တိုင်ကြည့်ကြည့်တာ ရေကလည်းကြည်နေတာပဲ။ သောက်ရေအိုးထဲမှာဘာမှမရှိဘူး။ သွန်ချလိုက်တော့လည်း ရေတွေကျသွားတဲ့ဇလုံကြီးထဲထိ ပုပ်စော်ကြီးနံနေတယ်။ အိုးထဲမှာလည်း ငါကိုယ်တိုင်ကြည့်တာ ဘာမှမရှိဘူး။ ရေနှစ်ထပ်သုံးထပ်ဆေးကြောပြီး ရေပြန်ထည့်ပြန်တည်ထားလိုက်တယ်၊ ဟော - အဲဒီညမှာပဲ ပုပ်စော်နံလာပြန်တာပဲ"

အုန်းမြိုင်စကားကိုနားထောင်ရင်း သူတို့အိမ်ခြေရင်း ကပြင်တွင်ရှိသော သောက်ရေအိုးဆီ မျက်လုံးရောက်သွား၏။ စောစောက ရောက်ရောက်ချင်း ရေသောက်မလို့ စဉ်းစားလိုက်သေး၏။ မသောက်ဖြစ်သည်မှာ တော်ပါသေး၏ဟု တွေးနေလိုက်ပါသည်။

"အုန်းမြိုင် ငါ့အိပ်ရာ"

"ဩော် - ပြီးတော့ ငါ့အမေပေါ်


www.burmeseclassic.com

www.burmeseclassic.com



တဲ့အိပ်ရာမှာ ရေလိုလိုအကွက်နှစ်ကွက် သုံးကွက်လောက် သွေးအလိုလိုဖြစ်လာတယ် အိပ်ရာခင်းမှာ။ ပြီးတော့ အဲဒီ အကွက်တွေကို ယင်မမဲရှိုင်းကြီးတွေ တဝီဝီနဲ့လာအုံနေလိုက်ကြတာကွာ”

“ဟာ - မင်းတို့ဟာကလည်း”

“ဟုတ်တယ် - ဘယ်ကရေကွက် လဲဆိုပြီး အမေရောင်ရောပြန်ကြည့်တယ်၊ မရဘူး။ ညှီစို့စို့အနံ့ကြီးနဲ့”

“ဒေါ်ကြီးလေ ညအိပ်ပျော်တော့ မယ်ဆိုရင် ဒေါ်ကြီးအိပ်ရာအောက်မှာ မီးနေနဲ့ကြီးနံနေသလိုပဲ၊ တော်တော် ဆိုးဆိုးဝါးဝါးနံတာ။ အုန်းဆီမွှိုင်လည်းထိုး တယ်”

“ဟုတ်တယ်၊ ဟုတ်တယ် ညစ်ည



www.burmeseclassic.com

www.burmeseclassic.com

ဆို ငါတောင် အဲဒီအနံ့ကြီးရပြီး အိပ်လို့မရဘူး။ ငါကဘယ်ကနှင်းနံ့ကြီးပါလိမ့်ဆိုပြီး ဟိုကြည့်ဒီကြည့်ကြည့်နေတုန်း ငါ့အမေက သူ့အိပ်ရာဘေးမှာထိုင်ပြီး အူတက်အောင်ရယ်နေတယ်ကွာ"

ယခု ချက်ချင်းပင် အုန်းမြိုင်တို့အိမ်ထဲမှ ထပြေးချင်စိတ်ဖြစ်လာတော့၏။ ဘယ်လိုနေရာမျိုး ငါရောက်နေပါလိမ့်ဟုတွေးရင်း ကျောပင်မလုံတော့။

သို့သော် အုန်းမြိုင်တို့သားအမိသည် အလွန်ရိုးသားကြ၏။ အုန်းမြိုင်သည်လည်း ကျွန်ုပ်ကို အားကိုးနေ၏။ အမွေးတိုင်လေးတစ်တိုင်ပင်ထွန်းထွန်း ကျေနပ်ပါသည်ဟု ပြောခဲ့ရှာ၏။

ကျွန်ုပ် စဉ်းစားလိုက်၏။

ဆရာအရှင်သူမြတ် ပညာစက်ကြိုးသွင်းပေးခဲ့သည်မှာ ဘာမှမကြာသေးပါ။ ကျွန်ုပ်၏ကတိသစ္စာများတည်ကြည်ပါက ကျွန်ုပ်တတ်ကျွမ်းထားသလောက်ပညာနှင့် အုန်းမြိုင်၏အမေကိုသက်သာရာသက်သာကြောင်း ကူညီနိုင်မည်ဖြစ်၏။ နောက်မဆုတ်ချင်တော့။

"မင်းအမေနာမည်ဘယ်သူလဲ"

"ဒေါ်မေသစ်မြိုင်၊ ဘာဖြစ်လို့လဲ"

မျက်လုံးက မင်းသမီးတွဲလောင်းပုံဆီရောက်သွား၏။ လည်းကူးဘက်မှ အမေ့အသိ ကိုဘလှဆိုသူ တဖြည်းဖြည်း ရောဂါစွဲပြီး အရိုးပေါ်အရေတင်ဖြစ်သွားစဉ်က ဆရာပေါင်းစုံခဲ့၏။ နောက်ဆုံး မျက်လုံးကြီးနှစ်လုံးသာ အပြူးသားကျန်ပြီး အရိုးပေါ်အရေတင်ဖြစ်သွား၍ လူတိုင်းက ဖုတ်ဝင်နေပြီဟု ပင်ပြောကြ၏။ ဖုတ်ထုတ်ပစ်ရန်အတွက် အိပ်ရာဖျာအောက်တွင် ဩဇာရွက်များ ဖင်တစ်ပြန်ခေါင်းတစ်ပြန်ခင်းရန် အိပ်ရာကိုအလှန် ဘန်ချည်ကြိုးကဲ့သို့ ကြိုးတစ်ချောင်းကြမ်းမှာချည်ထားပုံတွေ့၍ အိမ်အောက်သို့ ထင်းပုံများကြား ခဲရာခဲဆစ်ဆင်းကြည့်ကြရာ ဘီလူးရုပ်တစ်ခုကိုခြေထောက်မှ ကြိုးနှင့်ပူးချည်ပြီး ကြမ်းပြင်အောက်တွင် ကြိုးနှင့်တွဲလောင်းဆွဲထားသည်ကို တွေ့လိုက်ရတော့၏။ ထိုဘီလူးရုပ်ကိုဖယ်ပစ်ပြီး ရေမျှောလိုက်တော့မှ ကိုဘလှ တဖြည်းဖြည်းကောင်းလာပါတော့သည်။

ဤသည်ကို ချက်ချင်းပြေးသတိရလိုက်ပြီး အုန်းမြိုင်ကို အနီးသို့လက်ကုတ်ခေါ်၍ လေသံဖြင့် -

"ဟေ့ကောင် အုန်းမြိုင်၊ ငါသိချင်တာ မင်း ခုနပြောတဲ့မင်းဦးလေးဆိုတာ နာမည်ဘယ်သူလဲ"

"ကိုရှိန်ချစ်"

"ဪ - အေး၊ အေး"

ကျွန်ုပ်တစ်ချက်စဉ်းစားလိုက်ပြီး အုန်းမြိုင်ကို သေချာကြည့်၍ -

"မင်း သစ္စာရှိနော် ကြားလား"

"အင်းပါ - ဘာဖြစ်လို့လဲ"

"ငါ့ကိုဘာမှပြန်မမေးနဲ့တော့။မင်းလုပ်ဖို့ရှိတယ်။ ခေါင်ရန်းပင်က ခေါင်ရန်းကိုင်းသွားရှာကွာ။ ဘယ်နေရာကဖြစ်ဖြစ် ခေါင်ရန်းကိုင်းဆိုပြီးရော။ လက်နှစ်ဆစ်လောက်ရအောင်ယူခဲ့"

အုန်းမြိုင် လှစ်ခနဲထွက်သွားပြီး ဘယ်ကရှာလာမှန်းမသိသော ခေါင်ရန်းကိုင်းပါလာ၏။လက်နှစ်ဆစ်ခန့်ရအောင် ဖြတ်ခိုင်းလိုက်ပြီး အချိန်အခါကို စောင့်၍ လှေကားခြေရင်းတွင် တွဲလောင်းဆွဲခိုင်းလိုက်ရ၏။ ပြီးမှ ယပ်တောင်ယူပြီး တော်တော်ကြာကြာခတ်ခိုင်းလိုက်ပါသည်။

"မင်းတို့အိမ်က ယောက်မသွားယူကွာ"

ယောက်မကို ခွပ်ခနဲရိုက်ချိုးလိုက်ပြီး ယောက်မကျိုးနှင့်တခွပ်ခွပ်ထပ်ရိုက်ခိုင်းလိုက်၏။

အုန်းမြိုင်ပုံမှာ မျက်စိသူငယ်နှင့် ငါ့သူငယ်ချင်း ငါ့ကိုဘာတွေများခိုင်းနေတာလဲမသိဘူးဟု အဓိပ္ပာယ်ထွက်နေ၏။ တစ်ခုခုခိုင်းလိုက်တိုင်း မျက်စိအပြူးသားနှင့် ကျွန်ုပ်ကိုကြည့်ပြီး ခိုင်းသည့်အတိုင်းလုပ်လေတော့၏။

"ကဲ - မင်းသမီးတွဲလောင်းရုပ်ကို သွားစွန့်လိုက်တော့။ လည်ပင်းကကြိုးတွေအကုန်ဖြတ်ပစ်ကွာ။မင်းတို့ကလည်း ကလေးငယ်မရှိဘဲနဲ့များ ဒီအရုပ်ကြီးတန်းလန်းထားရတယ်လို့"

"တော်ကြာ ဦးလေးလာလို့ သူ့ကလေးတွေဆော့တာမေးရင် . . . မရှိမှာစိုးလို့ ငါလည်း. . ."

"မင်းအမေကိုမင်းသနားရင်သွားလွှင့်ပစ်လိုက်"

"ဪ - အဲလိုဆို လွှင့်ပစ်မှာပေါ့"

အချိန်အခါကိုရွေးရစောင့်ရသည်ဖြစ်သောကြောင့် တစ်နေကုန်လုနီးပါးဖြစ်သွားပါသည်၊ ခေါင်ရန်းကိုလည်း ယောက်မကျိုးနှင့်တခွပ်ခွပ်ရိုက်ရသည်မှာ ငါးခါလောက်ရှိပြီ ဖြစ်၏။

"သူငယ်ချင်း၊ မင်း ငါ့ကို သစ္စာရှိနော်ဆိုတာ ဘာဖြစ်လို့လဲ"

"မင်းကို ငါ ခေါင်ရန်းကိုင်းသွားရှာခိုင်းတာ တောင်ပြောမြောက်ပြောမပြောနဲ့လို့ပိတ်တာ။ မင်းအမေကိုပါ သွားမပြောနဲ့"

"ဪ - မပြောပါဘူး"

"တော်ကြာတစ်မျိုးထင်မှာစိုးလို့"

"အင်းပါ"

ကျွန်ုပ်တို့နှစ်ယောက် တီးတိုးတီးတိုးနှင့် အိမ်ထဲဝင်လာလိုက်၊အပြင်ထွက်ထိုင်လိုက်လုပ်နေသည်ကို အုန်းမြိုင်အမေ မစပ်စု။ သူ့ဟာသူ ထိုင်လိုက်လှဲလိုက်လုပ်နေ၏။

မနက်ကတည်းက ညနေစောင်းချေပြီ။ အုန်းမြိုင်နှင့် ကျွန်ုပ် ထမင်းစားလိုက်ကြ၊ အိမ်ရှေ့ထွက်ထိုင်လိုက်ကြ၊ ယောက်မနှင့် ခေါင်ရန်းကိုရိုက်လိုက်ကြနှင့် အချိန်ကုန်မှန်းမသိကုန်လာပြီဖြစ်၏။ ဒေါ်မေသစ်မြိုင်မှာ ရေချိုးပြီး သနပ်ခါးအဖွေးသားနှင့် မျက်နှာတဖြည်းဖြည်းပြုံးသလိုဖြစ်လာပြီး စကားများပင်စတင်ပြောလာပါတော့သည်။

"မွေးလို့ပါလား၊ ဘာတွေလိမ်းထားလဲ"

"တောင်နံ့ကြီး (တောင်တန်ကြီး) ငါ့သား"

"ဟာ - ကောင်းတယ်၊ ဒါဆိုဒေါ်လေးနေကောင်းပြီ"

"အေး - တောင်နံ့ကြီးကို ကိုယ်ပေါ်မတင်ဖြစ်တာတောင်ကြာပြီ အုန်းမြိုင်သာမေးကြည့်။ ဟုတ်မောင်အုန်း၊ ဟုတ်တယ်နော် အမေ"

"ဟုတ်တယ်၊ အမေတောင်သနပ်ခါးတွေဘာတွေထလိမ်းလို့။ မင်းယတြာကမဆိုးဘူးကွ။ ငါ့အမေကို ဒီလိုမမြင်ရတာကြာပြီ တကယ်ပြောတာ"

"ငါက ငါ့အမေကို အရမ်းချစ်တာကွ။ မင်းကိုလည်း ငါကိုယ်ချင်းစာတယ်။ မင်းလည်း ငါ့လိုပဲ အမေကိုချစ်မှာပဲ။ ဒါကြောင့် ငါ ခုလိုမနားဘဲလိုက်လာပြီး ငါသိဖူးကြားဖူးထားတာလေးတွေနဲ့ ကူညီတာပါကွာ။ ခါတိုင်းဆို နေ့ခင်း ငါခဏမှေးနေပြီ"

"အေးပါကွာ - ကျေးဇူးပါသူငယ်ချင်း။ ဟို. . . ဦးလေးတို့လာရင် ငါက ဘယ်လိုလုပ်ရမလဲ။ မင်းယတြာနဲ့ကာပေးပါဦး"

"မလာတော့ဘူး စိတ်ချ"

"ဟင် - ခဏခဏလာနေတယ်နော်။ မင်းလျှော့မတွက်နဲ့"

"မလာစေရတော့ဘူး၊ စိတ်ချ"

"လာရင်ကော"

"မလာစေရတော့ဘူးကွာ၊ ငါပြောတယ်။ လာခဲ့ရင်တောင် ကြာကြာထိုင်

www.burmeseclassic.com

မှာမဟုတ်တော့ဘူး။ ချက်ချင်းပြန်ပြေးမှာ မယုံကြည့်"

အန်းမြိုင်တို့အိမ်ကပြန်မှ ဈေးတန်းထွက်ရ၏။

တစ်လသာသာခန့်တွင် ဒေါ်မေသစ်မြိုင်လုံးဝနေကောင်းသွားပြီဆိုသောသတင်းနှင့် ဦးရိုန်ချစ်တို့မိသားစု ဖောင်တော်သီဘက်ကိုပြောင်းကြရန်ပြင်နေကြပြီဟူသောသတင်းကို အန်းမြိုင်လာပြောပြ၏။ လုံးဝမလာတော့ပြီဖြစ်၍ ကျွန်ုပ်အား အန်းမြိုင် အတော်လန့်သွားပုံရ၏။ ကျွန်ုပ်ကပြောလျှင်ပင် ဟုတ်ကဲ့၊ ဟုတ်ကဲ့ဟု ယောင်ယမ်းပြော၏။

လမ်းဘေးတွင် ဈေးရောင်းရင်း ဘယ်အချိန်ဈေးဦးပေါက်မည်၊ ဦးဆုံးဈေးဦးဖောက်မည့်သူသည် မိန်းမလား၊ ယောကျ်ားလား အမြဲတွက်ကြည့်မိ၏။ အကြိမ်ကြိမ်လွဲသည်များရှိသလို တန်းနေအောင်မှန်သည့်အခါလည်းရှိ၏။ မှန်သည့်အခါ ကျွန်ုပ်ကိုခင်၍ ဈေးရောင်းရာသို့လိုက်လိုက်လာကြသော သူငယ်ချင်းများက ကောင်းချီးပေးကြ၏။

ယခင်ကနှင့်မတူတော့ပါ။

နှုတ်မှ ဂုဏ်တော်တစ်ထောင်ကို နေ့စဉ်မပြတ်ရွတ်၏။ ဆရာအရှင်မှာထားသည့်အတိုင်း မေတ္တာများများပို့၏။ ဆွေးလေဘိုးဘိုးကြီးနှင့် ဗိုလ်တထောင်ဘိုးဘိုးကြီးတို့အား နေ့စဉ်အမျှဝေ မေတ္တာပို့၏။

အချိန်ရသည်နှင့် ပုတီးကို အိတ်ထဲထည့်ကာ ရွှေတိဂုံဘုရားကြီးသို့သွား၏။ တနင်္ဂနွေထောင့်နားရှိ ကျောက်စာများနှင့် မလှမ်းမကမ်းတွင် တန်ဆောင်းကြီးကိုကပ်ရက်ရှိသောဂူထဲ၌ ဂုဏ်တော်တစ်ထောင်ရအောင်စိပ်၏။ ထိုဂူလေးသည် ကျွန်ုပ်အတွက် အမိဌာန်များစွာအောင်မြင်သောဂူလေးဖြစ်ရာ ထိုဂူလေးထဲတွင် ကြာရှည်စွာထိုင်၍ အားထုတ်ရခြင်းကို ကျွန်ုပ် အလွန်နှစ်သက်၏။

ထိုရက်များက -

ဆရာသခင်သည် မိုးလင်းသည်နှင့် သူ့ထံရောက်အောင်ခေါ်၏။ ကျွန်ုပ်ကလည်း လေးနာရီခွဲသည်နှင့် ဆရာ့ထံလမ်းလျှောက်သွား၏။ (၅) နာရီခွဲသာသာ ခြောက်နာရီခန့်တွင် ဆရာ့ထံ အမြဲရောက်၏။

ဆရာသည် ဘယ်အချိန်ကဘယ်လိုထထိုင်နေမှန်းမသိ၊ ဘုရားဆောင်ရှေ့ညာဘက်ကျကျနေရာလေးတွင် ငြိမ်သက်စွာတရားထိုင်နေလေ့ရှိ၏။ ကျွန်ုပ်ရောက်ပြီး အတော်လေးကြာမှ ဆရာတရားထိုင်ခြင်းပြီး၏။ ဆရာ့ဘေးနားတွင် ဆရာအမိဌာန်ဝင်သည့်အခါထိုင်သည့် ဆူးခုံကြီးရှိ၏။ ထောင်ထား၏။ ၄င်းဆူးခုံကြီးမှာ သစ်သားခုံလေးထောင့်ခပ်ကြီးကြီးတွင် သံချောင်းအရှည်များရိုက်ထည့်ထားပြီး ခုံမှ တစ်လက်မခွဲနှစ်လက်မထွက်နေသောသံချောင်းများအားချွန်မြည့်နေအောင်ချွန်ထား၏။ သံချွန်များနှင့်ပြည့်နေသောခုံကြီးဖြစ်၏။ ထိုခုံကြီးပေါ်တွင် ဆရာအမိဌာန်ဝင်တိုင်းထိုင်လေ့ရှိပါသည်။ ကျွန်ုပ်ကိုင်ကြည့်ရာကျောချမ်းသွား၏။ ချွန်မြည့်လွန်းလှပါသည်။ ထိုမျှချွန်မြည့်နေသောသံချွန်ကြီးများပေါ်သို့ အသာလေးထိုင်ချလိုက်ပြီး ခြေနှစ်ဖက်ကို ဘယ်ညာကြက်ခြေခတ်ချိတ်တင်ရင်း တစ်ကြိမ်ထိုင်လျှင် သုံးနာရီထိုင်လေ့ရှိ၏။

ဆရာသည် ကျွန်ုပ်အား အင်္ဂဝိဇ္ဇာပညာနှင့်ဆိုင်သော အကြောင်းအရာများကို စိတ်ရှည်လက်ရှည်သင်ပေး၏။

အဆောင်ပေးခြင်းများကိုသင်ရသည့်အခါ ကျွန်ုပ်နှင့်ခင်မင်သူမှန်သမျှအား မန်ကျည်းသားကျားမာန်ဖိပုံထုပြီး ကျားကျောပေါ်မှာ ရှင်သီဝလိရဟန္တာကြီးရုပ်တော်မှုပုံ၊ ဩဇာသားကို ကျားပုံထုပြီး ကျားကျောပေါ်မှာ ရှင်သီဝလိရဟန္တာကြီးရုပ်တော်မှုပုံ၊ ကံ့ကော်သားကို ကျားပုံထုပြီး ကျားကျောပေါ်မှာ ရှင်သီဝလိရဟန္တာကြီးရုပ်တော်မှုပုံများစွာ ထု၍ ဝေငှပေးလေတော့၏။

'ဟာ - စွမ်းလိုက်တာ'၊ 'ဟယ် - လာဘ်ပွင့်သွားတာ ချက်ချင်းပဲ'၊ 'တော်တော်ကိုငွေဝင်တဲ့အဆောင်'၊ 'မျက်နှာပွင့်လွန်းလို့ သူများကတောင်မနာလိုဘူး' ဟူသောအသံများကြားတွင် ကျွန်ုပ်မှာ ကိုယ့်စရိတ်ကိုယ်စိုက်၍ အဆောင်များထုပေးရင်း ပီတိဖြစ်နေတော့၏။

ဩဇာသားကို အိုးစည်များထု၍ ငွေဝင်အဆောင်အဖြစ် ခင်သမျှလူအားလုံးကို ကိုယ့်အိတ်စိုက်လုပ်ပေး၏။

အဆောင်များထုရလွန်း၍ ကျွန်ုပ်ပင်တိုင်ထုသောပန်းပုဆရာသည် ကျွန်ုပ်အားမြင်လျှင် ပျာပျာသလဲပင်ခေ့ခံ၏။

ကက်ကင်းအသားများကို ပုတီးစိပ်စေခြင်း၊ ကက်ကင်းအသားများကို လက်ထဲတွင်ကိုင်ထား၍ ပုတီးစိပ်၊ ရွတ်ဖတ်စေခြင်း၊ ကက်ကင်းအသားများကို အဆောင်ထုစေခြင်း၊ အဆောင်အဖြစ်ထားစေခြင်း၊ ကက်ကင်းအသားများပေါ်တွင် သောက်တော်ရေခွက်တင်၍လည်းကောင်း၊ ဆွမ်းတော်ပန်းကန်တင်၍လည်းကောင်း ဘုရားရှင်အား ထပ်မျှပူဇော်စေခြင်း စသဖြင့် အဆောင်ပေးလေရာ အဆောင်လိုချင်သူများ အတွက်များပြားလာတော့၏။

အိတ်စိုက်ပေးခြင်းဖြစ်၍အဆောင်လိုချင်သူ အတော်များပြားလာ၏။

မအားမလပ်ရသည့်ကြားထဲ တိုးငယ်စဉ်တောင်ကျေး ကလေးဘဝတကျွန်ုပ်ကိုထိန်းခဲ့ကြသော လုပ်ငန်းရှင်အစ်ကိုကြီးတစ်ယောက်၏ တစ်ဦးတည်းသောသားလေးအား ကရာတေးသင်ပေးရပြန်၏။

အစ်ကိုကြီးသည် ကျွန်ုပ်တို့မောင်နှမနှစ်ယောက်အား ဗဟန်းရဲဌာနတွင်နေစဉ်ကတည်းက အမြဲထိန်းကျောင်းလာခဲ့သော ကားများထောင်ထားသည့်ကားလုပ်ငန်းရှင်ဖြစ်၏။ သူ့တွင် ကားသုံးစီးနှင့် ဆိုင်ကယ်ကြီးတစ်စီးရှိ၏။ ညီမလေးကိုဆိုလျှင် တိုက်ကြီးပေါ်မှ တိုက်အောက်သို့ သူတို့ဇနီးမောင်နှံတစ်လှည့်စီချီသွားပြီး သူတို့ကားနှင့်ခေါ်ခေါ်သွား၏။ ပြီးမှ မုန့်များကျွေး၊ လက်ဆောင်များဝယ်ပေးပြီး ပြန်ပို့ပေးလေ့ရှိ၏။ အဖေနှင့်အမေကို အတော်ရိုသေကြသူများဖြစ်၏။ ကျွန်ုပ်တို့ကလည်း သူတို့ကို အစ်ကိုကြီး၊ အစ်မကြီးဟု ရိုသေကြ၏။

သူ့သားလေးကို သူတို့နေထိုင်ရာအိမ်ကားဂိုဒေါင်ထဲတွင် ကရာတေးသွားသွားသင်ပေးရ၏။ တစ်နေ့လျှင် တစ်နာရီပြပေးလိုက်၏။ ကျွန်ုပ်၏ကရာတေးတပည့်များကိုခေါ်သွားပြီးပြခိုင်းသည့်အခါ ညီလေးရာ - မင်းညီကို မင်းကိုယ်တိုင်ပဲပြပါ။ တစ်ကွက်ပြပြ၊ နှစ်ကွက်ပြပြ ငါကျေနပ်ပါတယ်ဟု ဆိုသောကြောင့်နောက်ပိုင်း ကျွန်ုပ်သာပြရ၏။

အစ်ကိုကြီးနှင့် အစ်မကြီးသည် အိမ်တွင်းကို ပသထားကြ၏။ ရွှေဗောင်း၊ ရွှေဆိုင်း၊ ရွှေယပ်တောင်များနှင့် သူတို့အိမ်တွင်းစင်မှာ ခမ်းနားထည်ဝါလှ၏။

တစ်နေ့ -

ကျွန်ုပ်၏မျက်စိများကိုပင် ကျွန်ုပ်မယုံနိုင်ဖြစ်သွားသောမြင်ကွင်းက ကျွန်ုပ်ကို ဆီးကြိုနေပါသည်။

မြင်ကွင်းမှာ အိမ်တွင်းစင်တို့ဖြုတ်ချပြီး သူထိုင်သောရွှေကြမ်းပြင်တွင် စုပုံချထားခြင်းဖြစ်၏။ ရွှေဗောင်း ရွှေဆိုင်းနှင့် ရွှေယပ်ရော အန်းသီးပါ စုပုံထား၏။

"ဟာ - အစ်ကိုကြီး ဒါ ဘယ်လိုဖြစ်တာလဲ"

"မလိုဘူးလေကွာ၊ မလိုတာတွေ ဖယ်ပလိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုကြီးက ကျွန်တော်တို့ငယ်ငယ်လေးကတည်းက အိမ်တွင်းအုန်းကို ဆွဲခဲ့တာနော်။ ကျွန်တော်မှတ်မိတယ်"

"အေးလေ - ငါလည်း ကျကျနန ပူဇော်ခဲ့တာပဲ။ သူကလည်း ငါ့ကိုပေးပါတယ်။ ငါတော်တော်အဆင်ပြေလာတာပဲ"

"အခုက ဘာဖြစ်လို့လဲ"

"ဪ - ငါ တစ်နေရာရောက်သွားတယ်ကွ။ ရောက်သွားတဲ့နေရာက ပုဂ္ဂိုလ်ထူးက ငါ့ကိုတော်တော်မှန်အောင် ပြောနိုင်တာပဲ။ ဘယ်. . . ဒက်ဒက်နဲ့နေတာပဲ။ ငါလည်းအံ့ဩသွားတယ်၊ သူက ပြောတာပေါ့ကွာ၊ မင်းတို့အိမ်မှာ အုန်းဆွဲထားတယ်မဟုတ်လား။ ဖယ်ပစ်ရမယ်ဆိုပြီးပြောတာ။ ဒါတွေက. . . ဘဝကူးကောင်းမထားသူတွေလေကွာ။ ဒါကြောင့် မလိုတော့ဘူး"

"အစ်ကိုကြီးရာ ကြမ်းလိုက်တာ။ ဒါလောက်ကြီးထိ မလုပ်သင့်ဘူးလို့ ကျွန်တော်ထင်တယ်"

အစ်ကိုကြီး အားရပါးရရယ်ရင်း ကျွန်ုပ်ကိုပြုံးကြည့်ရင်း -

"မဆိုင်ဘူးလေကွာ၊ လူဟာလူပဲ၊ အဲဒီပုဂ္ဂိုလ်ထူးကတော့ စိတ်ချပတ်ကုံးပြောတတ်တယ်။ ငါကတော့ ပြန်မပြောတတ်ဘူး။ ဒါတွေမလိုတော့ဘူး"

"အစ်ကိုကြီးအရမ်းမှားသွားပြီ"

"မှားတယ် ဟုတ်လား၊ မင်းကလည်းပဲ သူက တော်တော်သိတာကွ။ မင်းကိုငါပြမယ်ကြည့်"

ဘောနားမှစာအုပ်တစ်အုပ်အားဆွဲယူလိုက်ပြီး တစ်နေရာကိုလှန်လှောကာ-

"ဒီမန္တန်ကို ငါ့ကိုအမြဲရွတ်ခိုင်းထားတယ်ကွ။ ဒီမန္တန်ရွတ်နေတဲ့အတွက် ဒီနတ်တွေကို ငါပြန်ခိုင်းလို့ရပြီလေကွာ၊ ငါလည်းစမ်းကြည့်တာ နှစ်ခါရှိပြီ။ အောင်မြင်တယ်"

ကျွန်ုပ်သေချာကြည့်လိုက်ရာ 'ကုဏ္ဍာသယဒေဝယက္ခမန္တန်' ဟုရေးထား၏။ ကတ်ထူစာအုပ်အရှည်နှင့် နှစ်မျက်နှာရှိ၏။

"မင်းကူးသွား၊ တော်တော်စွမ်းတယ်။ ငါ ဒါပဲတောက်လျှောက်ရွတ်နေတာ။ ကိစ္စရှိလို့သွားရင် နီးရာနတ်ကို ဒါလေးလုပ်ပေးပျာဆိုပြီး ငါခိုင်းလိုက်တယ်။ အောင်မြင်သွားတာပဲကွ။ အဲဒီတော့ အဲဒီဆရာကလည်း ဒိုးဒေါက်နဲ့ပြောနိုင်တယ်။ သူပေးတဲ့မန္တန်ကလည်း စွမ်းတယ်ဆိုတော့ ကျန်တာတွေ ငါသိပ်အယုံအကြည်မရှိတော့ဘူးကွာ။ အဲဒါ ငါမှားလား"

"မဟုတ်ပါဘူး၊ ကျွန်တော်ပြောတာက အိမ်တွင်းက မင်းတို့နဲ့ငါလာနေမယ်လို့ပြောတာမဟုတ်ဘဲ။ အစ်ကိုကြီးတို့မိရိုးဖလာ ကိုယ့်ဟာကိုယ်ဆွဲကြတာလေ။ လာစေချင်တော့လည်း အစ်ကိုကြီးပဲ၊ ဘာမပြောညာမပြောနဲ့ ပြန်နှင်ထုတ်တော့လည်း အစ်ကိုကြီးပဲ"

"အေး - အဲဒါဆိုလည်းထားကွာ၊ ငါမှားတယ်ပဲထား။ မင်း ဒီမန္တန်ကိုကူးယူပြီးရွတ်ကြည့်ပါ။ မင်းသိသွားလိမ့်မယ်။ နတ်တွေဆိုတာ လူကခိုင်းလို့ရတယ်ဆိုတာ မင်းသိသွားလိမ့်မယ်"

သူပြောမှ ကျွန်ုပ်မှာ တြွတ်သီးမွေးညင်းပိုထလေတော့၏။ ပုပ္ပားမှာ အမိဌာန်ဝင်ခဲ့သူတစ်ယောက်အနေနှင့် ကျွန်ုပ်၏ရင်ထဲမှာမကောင်းတော့ပါ။

"တစ်ခုတော့ ကျွန်တော်ပြောချင်တယ်"

"ပြော - ဘာလဲ"

"သူတို့ဟာ သူတို့ဘုန်းကံနဲ့သူတို့ရှိကြတယ် အစ်ကိုကြီး။ ဒါတော့ အစ်ကိုကြီးလက်ခံသင့်တယ်၊ နမူနာ ကျွန်တော်ပြောပြမယ်။ မောင်နီဆိုတဲ့လူတစ်ယောက်ဆိုပါတော့။ သူသက်ရှိထင်ရှားရှိတုန်းမှာ မောင်နီ၊ ကိုနီဖြစ်နေကြမှာပဲ။ ဟော - အဲဒီလူလည်းသေရော အလွန်ဆုံး မောင်နီကိုသတိရရင် တစ်လ၊ တစ်နှစ်၊ ဆယ်နှစ်ပေါ့ အစ်ကိုကြီးရာ။ မောင်နီ တဖြည်းဖြည်းပျောက်သွားမယ်။ အိမ်တွင်းမင်းမဟာဂီရိက အစ်ကိုကြီးတို့ ကျွန်တော်တို့မမွေးခင်ကတည်းက ခုထိ အိမ်တွင်းမင်းမဟာဂီရိပဲ။ သူ့ဘုန်းလေဒါ။ ကျွန်တော်တို့က ထင်ရာသိပ်လုပ်လို့ မကောင်းဘူးနဲ့တူတယ်"

အစ်ကိုကြီး အားရပါးရရယ်ပြီး ခေါင်းညိတ်ပြ၏။

"မင်းပြောတာမှန်တယ်၊ အစ်ကိုကြီးလည်း လက်ခံပါတယ်။ ဒါပေမယ့် မင်း ဒီမန္တန်ကိုရွတ်ကြည့်လိုက်ပါ။ မင်းသိသွားလိမ့်မယ်။ သူတို့ဟာ ဘယ်အဆင့်ဆိုတာ မင်းသိသွားလိမ့်မယ်"

ကျွန်ုပ်လည်း ကုဏ္ဍာသယဒေဝယက္ခမန္တန်ကိုကူးယူလိုက်ပါသည်။ စိတ်တော့မကောင်းပါ။ အစ်ကိုကြီးတို့အစ်မကြီးတို့ဘာတွေဖြစ်ကုန်ကြတော့မည်ကို ကျွန်ုပ်လည်း ကြိုမသိပါ။

ကျွန်ုပ်သည် -

(၃၇) မင်းကိုချစ်၏။ လေးစား၏။ ရတနာ့ဂူမှ ဗောင်းဆောင်းဘွဲ့ရသော ဆရာကျော် ရန်ကုန်မြို့ ကျိုက္ကဆံစေတီတော်မြတ်ကြီးရှိ သူရဿတီဓာတ်ခန်းတွင် ကြွေရိက်၍ ဗေဒင်ဟောစဉ်က ကျွန်ုပ်နှင့်ဘိုစိန်၊ ကိုမျိုးမြင့်တို့(၃)ယောက် နတ်ပညာသွားရောက်လေ့လာခဲ့ကြ၏။ နှစ်ချို့ကြာခဲ့၏။ ပူးပုံခွာပုံ၊ တင်မြှောက်ပသပုံ၊ လေယူလေသိမ်းမှအစ ကျွန်ုပ်တို့လေ့လာဖြစ်ခဲ့၏။ ဆရာကျော်သည် ကျွန်ုပ်တို့ (၃) ယောက်အား အလွန်ချစ်၏။ နတ်များကိုတိုင်တည်၍ ပြုလုပ်ရသောကိစ္စတော်တော်များများထိရောက်စွာ အောင်မြင်ကြသည်ကိုလည်း တွေ့ရ၏။ အောင်မြင်လျှင် ဆရာကျော်အား ဆောက်ပွဲကျင်းသည်ဟု ခေါ်သော ထိုင်ကနားပေးကြရ၏။

(၃၇) မင်းကို ကျွန်ုပ် အလွန်မေတ္တာပို့၏။ ကန်တော့ခြင်းတော့မဟုတ်ပါ။ မေတ္တာအထူးပို့၏။ သိသလောက်နာမည်များကိုခေါ်၍ မေတ္တာပို့၏။ ပသခြင်း၊ တင်မြှောက်ခြင်းသာပြု၏။ ကိုးကွယ်ခြင်းမဟုတ်ပါ။ ရတနာမြတ်(၃)ပါး ဂုဏ်ကျေးဇူးတော်ကို ဦးထိပ်ထား၍ ကျင့်ကြံအားထုတ် ရွတ်ဖတ် သရဇ္ဈာယ်သမျှကောင်းခြင်းကုသိုလ်အားလုံးအား (၃၇) မင်းကို အမျှဝေလေ့ရှိ၏။

ကျွန်ုပ်အား အလွန်စောင့်ရှောက်ကြသည်ကိုလည်း ကိုယ်တွေ့အကြိမ်ပေါင်းများစွာကြုံခဲ့ရပါသည်၊ ရောက်လေရာအရပ်တွင် သူ့နေရာနှင့်သူ အပိုင်စားရှိကြသောပုဂ္ဂိုလ်များကို နာမည်တပ်၍ မေတ္တာပို့ အကူအညီတောင်းတိုင်းထူးထူးခြားခြားအောင်မြင်၏။ ပုပ္ပားတွင် ငွေပြတ်သွားစဉ်က သခင်နှစ်ပါးကို သွားရောက် မေတ္တာပို့တိုင်တည်ပြီး ပြည့်ပြည့်စုံစုံနှင့် ရက်ရှည်နေခဲ့ရဖူး၏။ ကိုးမြို့ရှင်ကို မေတ္တာအထူးပို့ပြီး တောင်ကြီးမှာ အေးချမ်းစွာလည်ပတ်ရရုံမက အလွန်တန်ခိုးကြီးမားထူးခြားလှသော သရဏဂုံ -၃၀ ပုတီးစိပ်ပင်ရခဲ့ဖူး၏။

မယုံမကြည်လည်းမလုပ်တတ်ပါ။ ပုဂ္ဂိုလ်များသည် သူဟာသူနေကြခြင်းသာဖြစ်ပါသည်။ ချဲ့နေကြသည်မှာ လူတို့၏ပါးစပ်များသာဖြစ်၏။

ထို့ကြောင့် ပုဂ္ဂိုလ်များကိုယုံသော်လည်း ပူးခြင်းကို ကျွန်ုပ်မယုံခဲ့ပါ။ လူစတိုင်နှင့် စကားပြောသလို မပြီးနိုင်အောင်ပူးနေကြသူများနှင့် အကြိမ်ကြိမ်ဆုံပြီးနောက်ပိုင်း ကျွန်ုပ်စိတ်ညစ်လာ၏။ ကျောက်စာတိုင်ဘုရားနားကရပ်ကွက်လေးတွင် ထိုသို့ပူးနေသည်ကိုစိတ်ညစ်၍ ထိုအမျိုးသမီးမှာလည်း မထွက်လှ၍ ဘိုစိန်ကိုမျက်ရိပ်ပြပြီး -



www.burmeseclassic.com

www.burmeseclassic.com

'ဟား - ဘတော်ကြီး၊ သားတော် ချစ်လိုက်တာအရမ်းပဲ။ သားတော်က ဘတော်ကြီးကို အရမ်းချစ်တာ'ဟုပြော ပြီး ဖက်ဖက်ချည်းနမ်းလိုက်၏။ ပူးနေ သောအမျိုးသမီးမှာ အလွန်သတိကြီးစွာ ထားရင်း ကျွန်ုပ်၏မျက်နှာကို အတင်း တွန်းဖယ်၍ တစ်ဖက်သို့ဝေးဝေးစောင်း စောင်းသွား၏။

'ဟော့ကောင် ငါ့ကို ဘာမရှိမသေ လုပ်တာလဲ'ဟု နှုတ်မှလည်းအော်၏။ ကျွန်ုပ်က 'သားက ရှိသေလွန်းလို့ပါ။ ဘတော်ကြီးကိုချစ်လို့ပါ'ဟု မရမကဖက် နမ်း၏။ ဘေးလူများကလည်း အံ့အား ကြီးသင့်ကာ ဝိုင်းကြည့်နေကြ၏။ သောက်ပွဲကျင်းသည့်အိမ်သည် ကျွန်ုပ် နှင့် ဘိုစိန် စားအိမ်သောက်အိမ်ဖြစ်၍ ဘာမှမပြောကြ၊ ရယ်နေကြ၏။

နောက်ပိုင်း ထိုအမျိုးသမီးသည် ကျွန်ုပ်ထိုင်နေလျှင် လုံးဝမပူးတော့ပါ။

ပူးနေစဉ် ကျွန်ုပ်ရောက်သွားလျှင် လည်း ဝါးဟု သမ်းလိုက်ပြီး ပုဂ္ဂိုလ်ပြန် ကြွသွားသလိုလုပ်လေတော့၏။ ကျွန်ုပ် ကိုလည်း စကားကောင်းကောင်းမပြော တော့။

ကျွန်ုပ်က 'အစ်မပုဂ္ဂိုလ်မကြွတော့ ဘူးလား'ဟုမေးကြည့်လျှင် မျက်နှာကြော မှာ တင်းမာနေ၏။

တစ်ခါက ဗဟန်းဘက်တွင် ပုဂ္ဂိုလ်ပူးနေသူအား အပ်နှင့်ပေါင်ကို ဆတ်ခနဲဆတ်ခနဲ သုံးလေးခါထိုးလိုက် ရာ ထိုလူသည် ဟောချက်ချနေရင်းမှ အား-အားဟု ထထအော်ပြီး ပုဂ္ဂိုလ်ပြန် ကြွသွား၏။ ကျွန်ုပ်ကိုမြင်လျှင် တော် တော်နှင့်မပူးတော့။ ပူးနေလျှင်လည်း ချက်ချင်းခွာသွား၏။

နှင်းဆီကုန်းရပ်ကွက်တွင် ပုဂ္ဂိုလ် ပူးစဉ်က ဘယ်လိုမှမထွက်၍ ကုလား အော်သီးသုံးတောင့်ကို ချက်ချင်းထောင်း ရေစိမ်ပြီး ဘိုစိန်နှင့် ကိုမျိုးမြင့်က ဝိုင်းချုပ်၊ ကျွန်ုပ်က ငရုတ်ရည်နှင့်မျက်စဉ်းခတ် လေရာ ထိုလူမှာ စူးစူးဝါးဝါးထအော်ပြီး ဆေးခန်းလိုက်ပို့ပေးရဖူး၏။ ထိုလူသည် သူနှင့်နီးစပ်ရာလူများကို ဗိုလ်ကျလိုလျှင် ပုဂ္ဂိုလ်ပူးသည်ဟုဆိုပြီးလုပ်လေ့ရှိသည်။ ကျွန်ုပ်ငရုတ်ရည်ခတ်ပြီးနောက်ပိုင်း ကျွန်ုပ် ကိုမြင်လျှင် ခပ်လှမ်းလှမ်းက ကွေ့ကွေ့ သွား၏။ မျက်နှာချင်းမဆိုင်ရဲတော့။

ကြုံလျှင်ကြုံသလို အပ်နှင့်ထိုး လိုက်၊ ငရုတ်ရည်ခတ်မည်လုပ်လိုက်နှင့် ကြုံသည့်နေရာတွင် ကြုံသလိုလုပ်တတ် သောကြောင့် နတ်ပူးခြင်း၊ ပုဂ္ဂိုလ်ပူးခြင်း အသိုင်းအဝိုင်းတွင် ကျွန်ုပ်မှာ နာမည်ဆိုး နှင့်ကျော်ကြားနေတော့၏။

ခပ်ချောချောလှလှမိန်းကလေးများ ဆိုလျှင် ကျွန်ုပ်၏သတင်းကိုကြားထား၍ ကျွန်ုပ်ရှေ့တွင် လုံးဝမပူးကြတော့ပါ။

နတ်ကိုယုံပါသည်။

ပုဂ္ဂိုလ်ကိုယုံပါသည်။

လူကို လုံးဝမယုံပါ။ မထွက်နိုင် လောက်အောင် အကြာကြီးနေပြီး လူသံ နှင့်စကားပြောနေလျှင် ပို၍မယုံတော့ ပါ။

အချို့ပုဂ္ဂိုလ်ကပ်၏။ ဗိုလ်တ ထောင်ဘက်တွင် သိုက်ကပုဂ္ဂိုလ်ကပ် သည်ဆိုပြီး တစ်နာရီနှင့်လည်းမထွက် နိုင်ဖြစ်နေသူကို တွေ့ဖူး၏။ ယောကျ်ား ဖြစ်ပါသည်။ ကျွန်ုပ်နှင့်လည်းမခင်ပါ။ ဂီတာသင်ပေးသော ဂီတာဆရာ ကိုမောင် မောင်ပြော၍လိုက်သွားခြင်းဖြစ်၏။ သူ့ နားတွင်ဝိုင်းနေကြသူများမှာ တော်တော် ချမ်းသာကြသူများဖြစ်နေသောကြောင့် ကျွန်ုပ်မှာ နားဝေဗာမ်တောင်ဖြစ်နေမိ ပါသည်။

ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်အသိုင်း အဝိုင်းမဟုတ်၍ အတော်လေးအောင့် အည်းနေခဲ့ရ၏။

သိုက်နန်းရှင်များဟာ လူပြည်ကို လာချင်တိုင်း လာလို့မရဘူး။ လာမြန်ရင် လည်း သူတို့ရဲ့သာသနာပြုကိစ္စတွေနဲ့ ပတ်သက်ပြီး ဖျတ်ခနဲကပ်ဖျတ်ခနဲပြန် ထွက်သွားကြတာတော့ တွေ့ဖူးတယ်၊ ကြားလည်းကြားဖူးတယ်။ အခု ဒီဆရာ ဆီကြွတဲ့ပုဂ္ဂိုလ်က အေးဆေးပဲနော်၊ နှစ် နာရီလောက်ကိုကြာတယ်။ တော်တော် အခွင့်အရေးရပြီး တော်တော်လွတ်လပ် တာပဲဟု သွားပြောမိလေရာ ထိုပူးနေ သောသူသည် ကိုမောင်မောင့်အား နောက်နေ့ ကျွန်ုပ်ကိုခေါ်မလာရန်မှာ လိုက်၏။ ကျွန်ုပ်လည်း ထပ်မရောက် တော့။

တစ်နေရာတွင် မိန်းမတစ်ယောက် ကို ဝိုင်းရှိခိုးနေကြသည်နှင့် ကြုံခဲ့ဖူး၏။ မိန်းမမှာ စကားပြောမာရေကျောရေနှင့် ဟိုလူ့လက်ညှိုးထိုး၊ ဒီလူ့လက်ညှိုးထိုးလုပ် နေ၏။ စရိုက်ခပ်ကြမ်းကြမ်းပုံဖြစ်၏။ ဘေးကလူများသည် ယောကျ်ားရင့်မာ ကြီးများလည်းပါ၏။ သူတို့အရွယ်တောင် သူတို့အားမနာ၊ ကွမ်းပါးစောင်ခဲပြီး အာကြမ်းလျှာကြမ်းပြောနေသူကိုသေချာ ရှိခိုးနေကြ၏။ ကျွန်ုပ်လည်း အယုံအ ကြည်မရှိရသည့်ကြားထဲ ကြည့်မရတော့ ပြီမို့ 'ဘယ်-ဒီလိုပုဂ္ဂိုလ်ကပ်နေရင် ရေနွေး ပွက်ပွက်ဆူနေတာနဲ့လှမ်းပက်၊ ဘာမှ မဖြစ်ဘူး'ဟု ခပ်ကျယ်ကျယ်ပြောလိုက် ၏။ ဘေးမှ အဘိုးကြီးတစ်ယောက်က 'ဟုတ်လား ငါ့တူ'ဟု တအံ့တသြမေး၏။ 'အို-ဦးလေးခုပက်ကြည့်ပါလား၊ တုတ် တုတ်တောင်မလှုပ်ဘဲငြိမ်နေလိမ့်မယ် မယုံပက်ကြည့်'ဟု ပြောလိုက်ရာ ပုဂ္ဂိုလ် ဝင်နေသူသည် 'မင်းတို့ထင်တိုင်းလုပ်လို့ မရဘူးဟေ့'ဟုထအော်ရင်း 'ငါကကယ်ဖို့ လာတာ၊ မင်းတို့က ငါ့ကိုဘာများမှတ် နေလဲ။ နောက်ကိုင့ါမပင့်နဲ့တော့'ဟုပြော ပြီး တဝါးဝါးသမ်းရင်းထွက်သွားတော့ ၏။ ရေနွေးအိုးပင်သွားမယူလိုက်ရ။

တစ်နေရာတွင်လည်း မိန်းမ တစ်ယောက်ကို အဘွားကြီးများကပါ ဝိုင်းရှိခိုးနေကြသည်ကိုကြုံရ၏။ အမြင် မတော်ပါ။ ထိုမိန်းမသည်လည်း စရိုက် ကြမ်းသူဖြစ်၏။ ပူးတာကောင်းကောင်း မပူးပါ။ 'ငါစီးထားတဲ့လိပ်ပြာရှင်သာသ နာပြုဖို့ လှူကြစမ်း' ဟုပြော၏။ နှစ်ကြိမ် သုံးကြိမ်မက တွင်တွင်ပြော၏။ ပေးလိုက် ကြသည်မှာမနည်း။ လူတို့သည် တတ် နိုင်လျှင် လက်စွပ်ပါချွတ်လှူလေမလား ဟု ထင်ရလောက်အောင် အယုံလွယ် လွန်းလှ၏။ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ကို မစဉ်းစားတော့။

နာမည်ကိုကြားလိုက်လျှင်တုန်လှုပ် သွားလောက်သောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် က ထိုသို့စရိုက်ကြမ်းသောမိန်းမကိုစီးနေ သည် ပူးနေသည်ဆိုသည်မှာ ဟုတ်ပါ့ မလား။

အတိတ်ဘဝက မည်သို့ပင်တော် စပ်သည်ဟု သူတို့ပြောနေပြောနေ အာကြမ်းလျှာကြမ်းကို ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ် မြတ်ကစီးပါ့မလား ကျွန်ုပ်တွေး၏။

အထက်ပုဂ္ဂိုလ်ကြီးများ ဟူသည် အလွန်မှပင် နူးညံ့သိမ်မွေ့လွန်းလှသည် ဟု ဆရာအရှင်လည်း ပြောပြဖူး၏။ အမေလည်း ပြောပြဖူး၏။ စာပေများ တွင်လည်း ဖတ်ဖူးမှတ်ဖူး၏။

လောဘတော မောဟတော ဒေါသတောကို မနှစ်မြို့ကြပြီဖြစ်သော ပုဂ္ဂိုလ်ထူးများသည် လူကိုဝင်ပူးကပ်လျှင် ဤသို့ စရိုက်ကြမ်းနိုင်ပါ့မလား ကျွန်ုပ် တွေး၏။

အလွန်အေးချမ်းပြီး စိတ်ဓာတ်ဖြူ စင်လွန်းသော ပုဂ္ဂိုလ်တစ်ယောက်တို့ ဘဘဘိုးမင်းခေါင်နှုတ်စီးပြောခဲ့သည်အား ကျွန်ုပ် တအံ့တသြမြင်ခဲ့ဖူး၏။ ထိုလူက သူ့ကိုယ်သူ စကားရိုးရိုးပြောနေသည်ဟု ထင်၏။ သို့သော် ငါးဝါးသီးမြွှမ်း

www.burmeseclassic.com

သရဏဂုံတည်ရန်၊ ဂုဏ်တော်ပွားများရန်များကို တွင်တွင်ပြောနေ၏။ သူ့ပုံမှာ သူပြောသာနေသည် သူ့ကိုယ်သူသိပုံမရ၊ မျက်နှာလှုပ်ရှားပုံ အနည်းငယ်ငြိမ်၍ မျက်လွှာချသွား၏။အသံပြောင်းသွား၏။ စကားပြောနေရင်းနှင့် ထိုလူ့ပုံမှန်ပြန်ပြောနေပြန်၏။ သူ့ကိုယ်သူသတိမထားလိုက်မိ။ ကျွန်ုပ်က သတိထားလိုက်မိပါသည်။ ထိုလူကတော့ စကားတွေဆက်ဖောင်နေ၏။ ခပ်အေးအေးပင်။ သူ့ကိုယ်တိုင်သူ့ကိုယ်သူသတိမထားမိလိုက်ပါ။

ဤလိုမျိုးသည် အမှန်တကယ်အစစ်အမှန်ဖြစ်၍ စူးစမ်းစရာပင်မလိုပါ။

တစ်နေရာတွင် -

ဘိုးတော်ယောင်ယောင်နတ်ဆရာယောင်ယောင်အမည်ခံသူတစ်ယောက်ထံရောက်သွားဖူး၏။ အမေ့အသိများက ပြောလွန်း၍ အမေနှင့် ကျွန်ုပ်သွားကြခြင်းဖြစ်၏။

ထိုပုဂ္ဂိုလ်သည် ယောကျ်ားရင့်မာကြီးဖြစ်ပါသည်။ စကားပြောလျှင်ပေါင်ဖွာပေါင်ဖွာပြော၏။

ထိုပုဂ္ဂိုလ်အား ဝိုင်းထိုင်၍စကားထိုင်ပြောနေကြစဉ် ထိုပုဂ္ဂိုလ်သည် သူ့ရှေ့နားရှိ ခုံလေးတစ်လုံးပေါ်မှာ ရေဖန်ခွက်အားယူပြီး တစ်ကျိုက်မော့သောက်၏။ တစ်အောင့်လောက်ကြာသော် ထိုပုဂ္ဂိုလ်သည် ဟိုကြည့်ဒီကြည့်နှင့် 'ဟာ-ဒီဖန်ခွက်ထဲကရေတွေဘယ်ရောက်သွားပလဲ'ဟုမေး၏။ ဘေးနားတွင် ဝိုင်းထိုင်နေကြသူများက ရယ်ရယ်မောမောနှင့် 'ဆရာပဲသောက်လိုက်တာလေ'ဟု ဝိုင်းပြော၏။ သူက မသိသလို။

ကျွန်ုပ်လည်း အမေ့ကိုလက်ကုတ်၍ -

"နောက်တစ်ခါ ဘာမှန်းညာမှန်းမသိဘဲ နင်းကန်ယုံလွယ်ကြတဲ့လူတွေကြားထဲ သားကိုမခေါ်နဲ့ အမေ။ စိတ်ဓာတ်တွေကပျော့ညံ့လွန်းတယ်။ ဟိုလူက ခပ်ကြောင်ကြောင်နဲ့ သူ့ရေသူသောက်ပြီး ဘယ်ရောက်သွားပလဲမေးတာကို လက်အုပ်ချီပြီးပြောတဲ့သူကပြော၊ အလကား ခပ်ကြောင်ကြောင်အသိုင်းအဝိုင်းတွေ။ ဒီလူ ဘာမှစီးနေတာမဟုတ်ဘူး။ သား သူ့ကို တောက်လျှောက်အကဲခတ်နေတာ။ အမေ နောက်တစ်ခါ အဲလို ခပ်ကြောင်ကြောင်အရူးတွေနေရာမျိုး သားကိုမခေါ်နဲ့၊ ခေါ်ရင် သားအဆိုးမပြောနဲ့နော်။ သားအဲဒီလူတွေကို လက်တွေ့စမ်းမှာ"

ဟု ကပ်ပြောလိုက်၏။

အမေလည်း စိတ်ညစ်သွားပြီး ကျွန်ုပ်ကို လက်ဆွဲ၍ ပြန်ထွက်လာခဲ့တော့၏။

ကိုယ်လုပ်ချင်တာလုပ်၊ ကိုယ်စားချင်တာစား၊ ကိုယ်ပြောချင်တာပြောပြီး ဒီကအသီးတွေဘယ်ရောက်သွားပလဲတို့ မသိသလိုနှင့် ဘာဟောချက်ချသွားလဲလို့မေးကြသူများကို ကျွန်ုပ်အမုန်းဆုံးဖြစ်၏။ ကိုယ့်ဟာကိုယ်လုပ်ပြီး ပုဂ္ဂိုလ်ကဝင်စီးသလိုလို၊ သူဘာမှမသိလိုက်သလိုလို မျက်နှာပြောင်လွန်း၏။ ကြောင်လွန်း၏။ ထိုကြောင်များကို ဝန်းရံပြီး လက်အုပ်တချီချီလုပ်နေကြသူများအတွက် ကျွန်ုပ်ရင်လေး၏။

ကျွန်ုပ်သည် ပြောချင်ရာပြောပြီး ဘာအမိန့်ချသွားလဲဟု ပြန်မေးသော ခပ်ကြောင်ကြောင်များနှင့် အကြိမ်ကြိမ်ဆုံဖူး၏။ ကျွန်ုပ်က အမြင်ကတ်လွန်း၍ ကိုယ့်ဟာကိုယ်ပြောသွားတာ ပြန်စဉ်းစားကြည့်ဟု ပြောလိုက်၏။

တစ်ခါသော် -

လူတစ်ယောက်သည် သူ့ကိုယ်သူပုဂ္ဂိုလ်ကပ်သည်ဆိုပြီး ပြောချင်ရာပြော၏။ နာရီဝက်နီးပါးကြာ၏။အနားရောက်လာကြသူများကို နာမည်များလှမ်းလှမ်းခေါ်ရာ လူများစွာတို့သည် သူတို့ကိုယ်သူတို့ အခြောက်တိုက်ဘဝင်မြင့်ကုန်ကြ၏။ သူတို့မှာပျော်၍မဆုံး။ ပါးစပ်တဖြဖြနှင့် တွေ့လား၊ ကြွလာတဲ့ပုဂ္ဂိုလ်က ငါ့ကိုသိတယ်။ နာမည်တန်းခေါ်တာဟု အခြောက်တိုက် ဘဝင်မြင့်စရာမရှိကြဲဖန်မြင့်နေလေတော့၏။

ကျွန်ုပ်က အင်း - ဒီအိမ်ကလူပဲ၊



သူတို့နဲ့တစ်လမ်းတည်းနေတဲ့သူပဲ။ ဒီလူက ပူးတယ်ဆိုပြီး နာမည်တွေလှမ်းခေါ်တာများ ဘာထူးဆန်းနေကြတယ်မသိဘူးဟု စိတ်အတော်ပျက်သွား၏။

အားလုံးပြီးသွားပြီး 'ဘာဟောချက်ချသွားလဲ'ဟုလုပ်ပြန်၏။ ကျွန်ုပ်သည် အမြင်ကတ်ကတ်နှင့် 'ခင်ဗျားကိုအဝတ်ပြောင်းပြီး ခင်ဗျားမိန်းမနဲ့ သုံးလခွဲအိပ်ခိုင်းသွားတယ်ဗျ'ဟုပြောလိုက်ရာ ထိုလူလန့်သွားပြီး 'ဟာ - ဒါဆိုရင်တော့ အယူခံဝင်ဦးမယ်'ဟုလုပ်ပြန်၏။

ဘေးနားကလူများသည် ကျွန်ုပ်၏မျက်နှာကြောနှင့် ခပ်တင်းတင်းပြောတတ်ပုံကိုရှိန်၍လားမသိ။ 'ဟယ် - ဘာမှမပြောဘဲနဲ့ ဒီကောင်လေးကဘာတွေပြောနေတာလဲမသိဘူး' ဟူသော အဓိပ္ပာယ်ရသည့်အကြည့်နှင့် ဝိုင်းကြည့်နေကြ၏။ ပြောတော့မပြောရဲ၊ ဘာဟောချက်ချသွားလဲဟုမေးသူသည် ကျွန်ုပ်အား မကြာမကြာခိုးခိုးကြည့်ပြီး မကျေမနပ်ဖြစ်နေပုံရ၏။ နောက်ပိုင်း ဘာဟောချက်ချသွားလဲ ဟူသည့် ပူးခြင်းခွာခြင်းကိစ္စကြီးကို ထိုလူစွန့်လွှတ်သွားပုံရ၏။ မပူးတော့၊

ကျွန်ုပ်ကလည်း ဒီတစ်ခါပူးလို့ကတော့ ဘာဟောချက်ချသွားလဲမေးရင် 'ခင်ဗျားကို ပုဂ္ဂိုလ်က ရန်ကုန်ကနေ ပဲခူးကို ခြေကျင်လျှောက်ခိုင်းသွားတယ်' ဟု ပြောတော့မည်ဖြစ်၏။ ထိုလူကလည်း မပူးတော့။

ပူးခြင်းကိုမယုံကြည်လွန်း၍လားမသိ။ လူပူးများနှင့်သာမကြာမကြာဆုံရ၏။ ထိုသို့ဆုံလေ ကျွန်ုပ်မှာ မယုံတော့လေဖြစ်ဖြစ်လာ၏။ စိတ်ထဲ နှလုံးသားထဲမှ မည်သို့မျှလက်ခံ၍မရ၊

စဉ်းစားကြည့်၏။

ထူးမြတ်မြင့်မားသောပုဂ္ဂိုလ်များသည် သူတို့ခေါ်ချင်တိုင်းခေါ်၍ရပါ့မလား။ သူတို့အနေအထား၊ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံ၊ စားပုံသောက်ပုံနှင့်ပုဂ္ဂိုလ်ထူးကြီးများ၏ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံအရှိန်အဝါလိုင်းညီပါ့မလားဟု မကြာမကြာစဉ်းစားမိ၏။

နတ်ခဏခဏပူးသောသူများ၊ သိုက်ခဏခဏပူးပါသည်ဆိုသူများကိုတွေ့လျှင်လည်း စဉ်းစား၏။ သူတို့ခေါ်တိုင်းလာနေရအောင် လာတဲ့ပုဂ္ဂိုလ်တွေမှာ တော်တော်အားလပ်ပြီး အလုပ်မရှိဖြစ်နေသလိုကြီးပါလားဟု စဉ်းစား၏။

ဘာမှအကျင့်သီလမရှိသူက ပူးချင်လာလျှင်လည်း အချိန်မရွေးကြွလာ၍ရသည်ဆိုခြင်းအား လေးလေးနက်နက်



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားနေမိ၏။ လူပူးများကိုသာတွေ့တွေ့နေရပါများသော် ပူးခြင်းခွာခြင်းလောကကို စိတ်တော်တော်ကုန်လာပါတော့သည်။

တစ်ခါတစ်ခါများ ပုဂ္ဂိုလ်နာမည်တူသည် ဟိုဘက်အိမ်နှင့် ဒီဘက်အိမ် တစ်ပြိုင်တည်းကြွနေသည်ကို အံ့ဩစွာတွေ့ရ၏။

သေချာကြည့်ချင်၍ တစ်အိမ်ကိုသွားကြည့်ပြီး နောက်တစ်အိမ်ကိုအပြေးသွား၏။ အခေါ်အဝေါ် အပြောအဆို အတူတူပင်ဖြစ်ရာ ကျွန်ုပ်နားမလည်တော့။ နေရာအနှံ့ နာမည်တူပုဂ္ဂိုလ်များ ပူးနေသည်ကို နားမလည်နိုင်တော့။

ပူးခြင်း၊ ပူးလျှင် မေးချင်ခြင်းဖြစ်ကြသည့်မိသားစုတစ်စုကို ကျွန်ုပ်လက်တွေ့ပြဖူး၏။

'ဒီတစ်ခါ မင်းအဒေါ်ပူးပြီဆိုရင်ကြည့်။ မင်းတို့အကုန်လုံးထပြီး အခန်းထဲကထွက်သွား၊ ကိုယ်လုပ်စရာရှိတာတွေလုပ်နေသလိုလိုဘာလိုလိုနဲ့ တစ်နေရာကချောင်းကြည့်၊ သူ့ဟာသူ ဟိုလိုလိုဒီလိုလိုနဲ့ ပြီးသွားလိမ့်မယ်'ဟု ပြောပြရာ ကျွန်ုပ်၏မိတ်ဆွေသည် 'ဟာ - ဖြစ်ပါ့မလား ကိုမောင်သန်း၊ တော်ကြာ ပုဂ္ဂိုလ်ကပြူးလျှင် ကျွန်တော်တို့ဒုက္ခတွေရောက်ကုန်မှာနော်'ဟု ပြန်ပြော၏။ လုပ်ကြည့်လိုက်ပါဟုပြောလွန်းမကပြောမှ တစ်နေ့ကျွန်ုပ်ပြောသလိုလုပ်လေတော့၏။

သူ့အဒေါ်သည် လက်အုပ်ချီ၍ နဖူးကို တဖြန်းဖြန်းရိုက်လိုက်၊ ငြိမ်သွားလိုက်၊ တဖြန်းဖြန်းပြန်ရိုက်လိုက်နှင့် စက္ကန့်သုံးဆယ်ခန့်ငြိမ်နေပြီး ဘာသံမှမကြားတော့၍လားမသိ ဟိုဖွင့်ကြည့်ဒီလှည့်ကြည့်နှင့် သူဘာမှမသိသလိုထိုင်နေလေတော့၏။ ထိုနေ့မှစ၍ တစ်ခုခုပြောလျှင် ပူးပြောတတ်သောကိစ္စဝေးဝေးသွားပြီးရပ်သွားတော့၏။

လူပူးဟူသည် ပူးနေလျှင် အနားမှာရှိသမျှလူအား တစ်မျိုးပြီးတစ်မျိုးရစ်နေတတ်၏။ ပူးပြီဆိုသည်နှင့် သူ့နားမှာတစ်ယောက်မှမနေဘဲထသွားလိုက်လျှင် သူ ဘာလုပ်ရမှန်းသိတော့မည်မဟုတ်ပေ။

လူပူးကိုပညာပေးရန်မှာ ဤနည်းသည် အကောင်းဆုံးနည်းဖြစ်၏။

နယ်မြို့လေးတစ်မြို့ကိုရောက်သွားစဉ်က လူတစ်ယောက်သည် ယက္ခကြီးပူးသည်ဆိုပြီး တဝုန်းဝုန်းတဗိုင်းဗိုင်းလုပ်တတ်၏။ သူ့မိသားစုလည်း သူ့ကိုကြောက်လိုက်ရသည်မှာ ဖိမ့်ဖိမ့်တုန်နေ၏။ ပူးလာလျှင် ဘာမှမမြင်ဟုပြောကြ၏။ ထခုန်လိုက်၊ ကြမ်းပြင်များကို လက်သီးနှင့်ထိုးလိုက်နှင့် အတော်ကြမ်းသည်ဟုဆို၏။

ကျွန်ုပ်လည်း ဤလိုမျိုးဆိုလျှင် ဝါသနာကြီးလွန်း၍ သူ၏ဖနီးနှင့်တိုင်ပင်ပြီး သူ၏ယောက်ဖတော်သူနှင့်အတူ ယက္ခကြီးပူးတတ်သူရှေ့တွင် ထိုင်၍နေလိုက်၏။

ပူးပါချေပြီ။ ဝုန်းခနဲထခုန်ပြီးပြန်ထိုင်ရင်း လက်ကလှုပစွာယက္ခဟန်ကပြနေ၏။ ကျွန်ုပ်က သူ့ယောက်ဖအား အခန်းတွင်းမှထွက်သွားရန် မျက်ရိပ်ပြလိုက်ပြီး အသင့်စောင့်ကြည့်အနေအထားနှင့် အနားရှိ ရေနွေးဓာတ်ဘူးထဲမှ ရေနွေးကို ခပ်အေးအေးငှဲ့သောက်ရင်း အကဲခတ်နေလိုက်၏။သူ့အား ဒွဲမကြည့်၊ ခပ်စွေစွေစောင်းကြည့်ပြီးထိုင်နေလိုက်၏။ ထိုလူသည် ဟန်အမျိုးမျိုးပြလိုက်၊ ကြမ်းပြင်ကို ဒုန်းခနဲထိုးလိုက်၊ ပါးစပ်က ညစ်အော်သလို အော်လိုက်လုပ်ရင်း ဂနာမငြိမ်ဖြစ်နေ၏။ကျွန်ုပ်ခပ်အေးအေးထိုင်နေသည်ကိုလည်း အကဲခတ်နေပုံရ၏။ ငါးမိနစ်သာသာခန့်ကြာသော် ငြိမ်သွားပြီး အသံတိတ်သွား၍ တည့်တည့်ကြည့်လိုက်ရာ ထိုလူ သူ၏မေးစေ့၊နဖူးများကို ချွေးသုတ်နေ၏။ ကျွန်ုပ်က ဘာမှမပြော။ အတော်လေးကြာသော် ဟိုလိုလိုဒီလိုလိုနှင့် အိမ်ထဲဝင်သွားလိုက်၊ ကျွန်ုပ်နားလာပြီး ဓာတ်ဘူးထဲမှာရေနွေးရှိရဲ့လားဟုလာရောလိုက်နှင့် ပုံစံပြောင်းသွား၏။ နောင်တွင် ကျွန်ုပ်၏ရှေ့မှာ မပူးတော့။ ပူးနေပြန်လျှင်လည်း ကျွန်ုပ်ပြောသလို ဟိုထသွားဒီထသွားလုပ်ကြပြီး သူ့နားမှာ တစ်ယောက်မှမရှိ၍ အခြောက်တိုက် ဝုန်းဗိုင်းမကြဲတော့။

ပူးပြချင်လွန်း၍ ပူးပြီဆိုလျှင် စောင့်မနေနှင့်၊ ထသာသွားတော့ဟု အသိများကိုမှာထား၏။

ကျွန်ုပ်လေ့လာကြည့်၏။ ပူးသည့်သူသည် ဘာသံမှမကြားရတော့လျှင် မျက်လုံးဖွင့်ပြီးဟိုကြည့်ဒီကြည့်မသိမသာလိုက်ကြည့်ပြီးငြိမ်သွားလေ့ရှိ၏။ ဘာစကား ဘယ်လိုပြောလို့ပြောရမှန်း ဘယ်သူ့ကိုပြောရမှန်းမသိဖြစ်သွားခြင်း ဖြစ်ပါသည်။ လူရှိနေလျှင် တပူးတည်းပူးနေမည်သာဖြစ်၏။

မြင့်မြတ်သောပုဂ္ဂိုလ်များ၊ ပုဂ္ဂိုလ်ထူးများသည် စကားကြောမရှည်ကြပါ။ ဓာတ်စီး၍ ပြောဆိုဆုံးမလျှင်လည်း သရဏဂုံတည်ရန်၊ ငါးပါးသီလမြဲရန်သာဆုံးမလေ့ရှိ၏။ တရားသဘောတိုသာပြောလေ့ရှိ၏။ အခု ငါစီးနေတဲ့လိပ်ပြာရှင်ကို လှူလိုက်စမ်းဟု ဘယ်ပုဂ္ဂိုလ်ကမှ မပြော၊ ဘယ်ပုဂ္ဂိုလ်မှ အလှူခံလေ့မရှိပါ။ ကြမ်းတမ်းခက်ထန်စွာလည်း ပြောလေ့မရှိပါ။

တစ်ခါက ကြမ်းတမ်းခက်ထန်စွာ ပူးပြီးပြောဆိုနေသူတစ်ယောက်သည် ပုဂ္ဂိုလ်ထွက်သွားသလိုဖြစ်ပြီး ကျွန်ုပ်အား 'ခုနဘာတွေဖြစ်သွားလဲ'ဟုမေးရာ 'မင်းဟောဟိုကွင်းထဲက သရဲကြီးလာကပ်တာကွ။ ကြမ်းလိုက်တာ မိုးမွှန်နေတာပဲ' ဟု ပြောလိုက်၏။ ထိုမိတ်ဆွေသည် ကျွန်ုပ်အား စကားမပြောတော့။ မိုးမွှန်အောင်ကြမ်းနေခြင်းသည် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်နိုင်ပါ့မလား မစဉ်းစားကြတော့ပါ။

သူတို့လုပ်ချင်တာလုပ်၊ ပြောချင်တာပြောသမျှ လျှောက်ယုံသည့်လူများ သူတို့ပတ်ဝန်းကျင်တွင်ရှိလေ၊ သူတို့ကိုခယလေ၊ သူတို့မှာ ပူး၍ကောင်းလေဖြစ်တော့၏။

ဤသို့ ခပ်ကြောင်ကြောင်လူပူးများ၊ ကိုယ်ချထားသောရေ ကိုယ့်ဟာကိုယ်သောက်၊ ကိုယ်ချထားသောသစ်သီး ကိုယ့်ဟာကိုယ်ယူစားပြီး 'ဒါတွေဘယ်ရောက်သွားတာလဲ' ဟု ပုဂ္ဂိုလ်ကပဲကြွစားသွားသလိုလို ခပ်ကြောင်ကြောင်မေးတတ်သောလူပူးများ -

ကိုယ့်ဟာကိုယ် ပြောချင်ရာတွေလျှောက်ပြောပြီး ပုဂ္ဂိုလ်ပြန်ကြွသွားသလိုလုပ်ပြီးမှ ခုနဘာတွေပြောသွားလဲ၊ ဘာဟောချက်တွေချသွားလဲ ဟူသော ခပ်ကြောင်ကြောင်လူပူးများ -

တွေ့ရပါများလာသောအခါ စကားပြောလျှင် ပုဂ္ဂိုလ်များကိုပါ မထိတထိ ထိခိုက်သောစကားများပြောမိလာတော့၏။

မရည်ရွယ်ပါ။ သို့သော် ထိုခပ်ကြောင်ကြောင်လူပူးများကိုမြင်မိတိုင်း စိတ်ပျက်ရလွန်း၍ သူတို့နှင့်ပတ်သက်ပြီးပြောစကားများတွင် ပုဂ္ဂိုလ်များကိုပါထိခိုက်မိလာတော့၏။

ညသန်းခေါင်ကျော်သည့်ထိ ပူးကောင်းကောင်းနှင့်ပူးပြီး တောချက်ချကာ ငွေတောင်းနေသူကိုပြောချင်လွန်း၍ 'ဒီလိုကြောင်တိုများ ဒီ. . ပုဂ္ဂိုလ်တင့်ါနာမည်အလွဲသုံးစားလုပ်တယ်ဆိုပြီး ပါးပိတ်ရိုက်ပလိုက်ပါလား၊ ဘာလုပ်နေမှန်းမသိဘူး၊ကိုယ်က အထင်တရော်ပါ၊ ကိုယ့်နာမည်နဲ့ပူးနေတာက မိုက်မိုက်ကြီး၊




www.burmeseclassic.com

www.burmeseclassic.com

စရိုက်ကလည်းကြမ်းသေး၊ ဒါလောက်မှ ကမ္ဘာဖိ‌ဗွိမရှိတော့ဘူးလား’ဟူသောထိခိုက်စကားမျိုးပြောမိလာတော့လေရာ -

“လူလေးဘာကြီးဝတ်ထားတာလဲ”

“ရှမ်းဘောင်းဘီအနက်လေ အမေ”

“ဟဲ့ - မလုပ်နဲ့လေ၊မဝတ်ကောင်းဘူး”

“ဘာဖြစ်လို့လဲ အမေကလည်း”

“အမေတို့ရှိုးရာက ပြေလည်ပြင်မောင်နှမလေ သားရဲ့။ မဝတ်ကောင်းဘူး မလုပ်နဲ့”

“အမယ်လေး အမေရာ၊ ဘာဖြစ်မှာမို့လို့လဲ။ နတ်ဆိုတာ နိုင်လို့ရတဲ့သူဆိုဖိနှိုင်တာချည်းပဲ။ သူတို့နာမည်သုံးပြီး လိမ်စားနေတဲ့လူပူးကြောင်တွေကျတော့ သူတို့ဘာလို့မလုပ်လဲ၊ လုပ်ပါလား”

ဟု ပြန်ပြောလိုက်သောအခါ အမေမျက်လုံးပြူးသွား၏။ ရှမ်းဘောင်းဘီအနက်ကြီးကိုဝတ်ကာ အမေ့ရှေ့တွင် ရှမ်းသိုင်းပင် ပါးစပ်ဆိုင်းတီး၍ ကပြလိုက်သေး၏။

ထိုည -

“ကိုမောင်သန်း၊ ကိုမောင်သန်း”

“ဟာ - ကိုစိုးနိုင်၊ အမောတကောကြီးနဲ့ပါလား။ ဘာဖြစ်လာတာလဲ”

“ခဏ”

သူခေါ်ရာသို့ ဘာမပြောညာမပြောထလိုက်သွား၏။ ခပ်သုတ်သုတ်နှင့် လမ်းထိပ်ရောက်မှ -

“ကျွန်တော့်ကိုထုလွှတ်လိုက်တယ်”

“ဟင် - ဘယ်သူလဲ”

“ဟိုဘက် (၁၆)လမ်းဘက်ထွက်သွားတယ်”

“လာလေ - လိုက်မယ်”

“လှကျော်နဲ့အံ့ကြူးလည်းရောက်နေပြီ၊ ဟိုမှာ”

“အမလေး ကိုစိုးနိုင်ရယ်၊ ကျွန်တော်တစ်ယောက်တည်းလည်းရပါတယ်”

စကားပြောရင်း သူငယ်ချင်းများဖြစ်သည့် လှကျော်နှင့် အံ့ကြူးတို့ပါ အနားရောက်လာပြီး အတူတကွ (၁၆) လမ်းဘက်ပြေးလိုက်ကြ၏။ ဘယ်သူမှ မတွေ့။ ဟိုနားဒီနားပတ်ရှာကြ၏။ မတွေ့။ (၁၆) လမ်းထိပ်တွင် သူ့ဟာသူရပ်နေသောလူတစ်ယောက်ကို ပြေး၍ ဘယ်သူကထိုးလိုက်မှန်းမသိ၊ မှောင်ကြီးထဲတွင် ထိုလူကကုန်းအော်ပါလေတော့သည်။

ထွက်လာလိုက်သည့်လူအုပ်ကြီးမှာ မနည်းပါ။ ကျွန်ုပ်လည်း ကိုစိုးနိုင်ကိုင်လာသည့် နှစ်ပေခန့်ဝါးလုံးကိုလှမ်းဆွဲလိုက်ပြီး ထိုလူအုပ်ကိုရင်ဆိုင်ကာ ဓမ္မယမ်းလိုက်ရာ ထိုလူအုပ်တန့်သွား၏။ တန့်လည်းတန့် ပြေးလည်းပြေးကြတော့ရာ လူအုပ်ကလည်း နောက်ကထက်ကြပ်မကွာလိုက်လာ၏။ ကျွန်ုပ်နှင့်ကိုစိုးနိုင် ပြေးရင်း (၁၂)လမ်းထဲမှ သူငယ်ချင်းအိမ်အတင်းတက်ပြေး၏။ အိမ်ရှေ့တွင် တံတားကချော‌နေ၍ ဝုန်းခနဲပစ်လဲကျပြီးမှတက်ရသောကြောင့် အိမ်ပေါ်မှာ ရွှံ့အလိမ်းလိမ်း။

နီးရာခြင်ထောင်ကို အတင်းဆွဲလှန်ပြီးဝင်လိုက်ရာ သူငယ်ချင်းခင်ဝင်း အိပ်သောခြင်ထောင်ဖြစ်နေ၏။

“ဟာ - ဟေ့ကောင် ဘာဖြစ်တာလဲ”

“ငါ့ကိုကူညီပါ သူငယ်ချင်း၊ ရန်ဖြစ်လာလို့”

ခင်ဝင်းသည် ဘာမှမပြောတော့ဘဲ အိမ်ရှေ့ထွက်ရပ်ကြည့်နေ၏။ တစ်အောင့်လောက်ကြာသော် ကျွန်ုပ်တို့ လေးစားချစ်ခင်ရသော ဦးလေးမောင်ဗမာဦးစိန်မောင်နှင့် လူလေးငါးယောက် အိမ်ရှေ့ရောက်လာ၏။ ဘာဖြစ်တာလဲဟုမေးနေစဉ် ခင်ဝင်းကဆင်းအပြော နောက်မှလိုက်လာသော လူအုပ်ထဲမှ လေးငါးယောက်အပြေးအလွှားရောက်လာတော့၏။ ဒီနားတင်ပျောက်သွားတယ်ဟုလုပ်နေကြ၏။

ဦးလေးဦးစိန်မောင်က ဘာဖြစ်လို့လဲဟု သူတို့ကိုမေးနေပြီး မင်းတို့လူ ဘာဖြစ်သွားသေးလဲဟု မေးနေ၏။ ဘာမှတော့မဖြစ်သွားပါဘူး။ လာပြီးလူပါးဝတာ မကျေနပ်လို့ အသေထုမလို့လိုက်တာဟု ပြောသောအခါ ဦးလေးက ‘ကဲပါကွာ - ဘာမှမှမဖြစ်မသွားဘဲ ပြန်ကြတော့။ ငါတို့လည်း ဒီနားမှာ ဘယ်သူမှ မတွေ့လိုက်ဘူး။ တွေ့ရင် ငါကိုယ်တိုင်ဖမ်းမှာ’ဟု ပြောလိုက်၏။ ထိုသူတို့သည်လည်း ဦးလေးဦးစိန်မောင်ကို ချစ်ခင်လေးစားကြသူများဖြစ်ရာ ဟုတ်ကဲ့ဟု ပြောပြီး ပြန်လှည့်သွားကြပါတော့သည်။ (၁၅)မိနစ်လောက်ကြာမှ ကျွန်ုပ်ကိုခေါ်ထုတ်၏။ ဦးလေးဦးစိန်မောင်သည် ကျွန်ုပ်ကို အေးအေးဆေးဆေးပြောကာ ဆုံးမ၏။ နောင် ဒါမျိုးမဖြစ်အောင်နေဖို့၊ ရန်ဖြစ်တယ်ဆိုတာ ကိုယ်ကလုပ်ရင်ထောင်၊ ကိုယ်ခံရရင် ဆေးရုံ၊ ဒိထက်ဆိုးရင် ကြံ့တောရောက်တတ်ကြောင်း၊ အဓိပ္ပာယ်မရှိသောအလုပ်များဖြစ်ကြောင်း ဆုံးမရင်း လိုက်ပို့ပေး၏။

ဘာမှမလုပ်လိုက်ရပါဘဲနှင့် သေပြေးရှင်ပြေးပြေးလိုက်ရသော ကျွန်ုပ်အား ဝိုင်းဝန်းရိုက်နှက်မည့်ဘေးမှကယ်ခဲ့သည့် ဦးလေးမောင်ဗမာဦးစိန်မောင်အား အမေ့ရှေ့တွင်ပင် ကျွန်ုပ်ထိုင်ကန်တော့လိုက်ပါသည်။ ဦးလေး မောင်ဗမာဦးစိန်မောင်၏ကျေးဇူးကို မည်သည့်အခါ မျှမမေ့နိုင်တော့မည်မဟုတ်ပါ။

အမေသည် ကျွန်ုပ်ကို စိတ်ဆိုးလွန်း၍ သုံးရက်ခန့်ပင် စကားမပြောတော့ပါ။ ကျွန်ုပ်လည်း ရှမ်းဘောင်းဘီအနက်ကြီးကို စိတ်ပျက်ပျက်နှင့် အခြားမိတ်ဆွေတစ်ဦးအား ပြန်ပေးလိုက်ရတော့၏။

တစ်ခါကလည်း -

“တို့ငယ်ငယ်ထဲက မနဲ့လေးဟာ တို့တွေကြီးလာပြီ။ ဘာလို့ သူက ဒေါ်နဲ့လေးမဖြစ်တာလဲ”

ဟု နောက်သလိုပြောင်သလို နှစ်ကြိမ်သုံးကြိမ်ပြောမိရာ ပါးစပ်တွင် အပူမှုတ်သောအဖြူစက်အနာများပေါက်ပြီး ငါးရက်ခန့်ခံလိုက်ရ၏။

သရဲပူးနေသောအိမ်တစ်အိမ်သို့ ရောက်သွားပြီး ချုပ်မရဆွဲမရဖြစ်နေသော သရဲပူးနေသူကို ခြေဖြတ်ကန်လိုက်ပြီး ဝုန်းခနဲပစ်လှဲချလိုက်၏။ ပြီးမှ မျက်နှာကို ပရိတ်ရေအနည်းငယ်ထည့်ထားသောရေများနှင့် တဗွမ်းဗွမ်းလောင်းချလိုက်၏။ သူ့ကြမ်းကိုယ်ကြမ်းနှင့် သရဲလည်းထွက်သွားတော့၏။

ငြိမ်ငြိမ်မနေ၊ ထိုအိမ်တွင်ဆွဲထားသောအိမ်တွင်းအုန်းကို လှမ်းကြည့်လိုက်ပြီး ‘ဒီလိုသာ သရဲဝင်ချင်တိုင်းဝင်နေရင် ဘယ်လိုလုပ် အားကိုးရတော့မလဲ’ဟု သူတော်ကောင်းတရားပွားများနေပြီဖြစ်သော အိမ်တွင်းမင်းမဟာဂီရိကို သွားရောက် စော်ကားသလိုပြောလိုက်မိ၏။

ထိုည -

အိမ်ခေါင်တိုင်မှ တဖြည်းဖြည်းဆင်းလာသော လက်အကြီးကြီးတစ်ဖက်သည် ကျွန်ုပ်၏ပါးအား ဖြောင်းခနဲနေအောင်ရိုက်လိုက်၏။ ထိုစဉ် အခြားမည်သည့်နေရာမှ ပေါ်လာမှန်းမသိရသောလက်တစ်ဖက်က ကျွန်ုပ်၏ပါးနှင့် ထိုလက်ကြီးကြားဝင်ခံလိုက်လေရာ -

ရှေ့လဆက်ရန်

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)



www.burmeseclassic.com

www.burmeseclassic.com



# ကျော်ဝင်း
(ရန်ကုန်တက္ကသိုလ်)

## မီနယ့်ဗ်၏ဒိုင်ယာရီထဲက ပါတော်မူပြီးစ မြန်မာနိုင်ငံအခြေအနေ

မြန်မာနိုင်ငံသည် သီပေါမင်းလက်ထက်တွင် ဗြိတိသျှတို့၏တတိယ ကျူးကျော်စစ်ကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။ သီပေါမင်းကိုလည်း အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ပို့ဆောင်ခဲ့သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော နိုင်ငံခြားသားတစ်ဦးသည် မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့ပြီး ကိုယ်တွေ့မျက်မြင်အခြေအနေများကို ဒိုင်ယာရီရေးခဲ့သည်။ ထိုနိုင်ငံခြားသားသည် ရုရှားလူမျိုး အိုင်ပီမီနယ့်ဗ် ဖြစ်သည်။ မီနယ့်ဗ်သည် ထင်ရှားသော သုတေသီတစ်ဦးဖြစ်သည်သာမက အရှေ့တိုင်းယဉ်ကျေးမှုကိုလေ့လာသူ၊ အိန္ဒိယရေးရာကျွမ်းကျင်သူ၊ လူမှုနိုင်ငံရေးစာရေးဆရာနှင့် အိန္ဒိယနိုင်ငံသို့ခရီးသွားတစ်ဦးလည်း ဖြစ်သည်။

မီနယ့်ဗ်ကို ၉၊ အောက်တိုဘာ၊ ၁၈၄၀ တွင် ရုရှားနိုင်ငံ Tambov မြို့တွင် မွေးဖွားခဲ့သည်။ ဇာတိမြေတွင် နေထိုင်ရန် မီနယ့်ဗ်သည် ဥရောပဘာသာစကားနှစ်မျိုးဖြစ်သော ပြင်သစ်နှင့်ဂျာမန်တို့ကို လေ့လာတတ်ကျွမ်းခဲ့သည်။ တက္ကသိုလ်တွင် ပညာသင်ကြားစဉ် အင်္ဂလိပ်စာကို လေ့လာခဲ့သည်။ သူ့ပညာရေးကို မိခင်ဖြစ်သူက အထူးဂရုစိုက်အားပေးခဲ့သည်။

မီနယ့်ဗ်သည် အလယ်တန်းအဆင့်ပညာရေးကို Tambovsky ကျောင်းတွင် သင်ကြားခဲ့သည်။ ၁၈၅၈ ခုနှစ်တွင် စိန့်ပီတာစ်ဘတ်တက္ကသိုလ် အရှေ့တိုင်းဘာသာစကားမဟာဌာနသို့တက်ရောက်သင်ယူခဲ့သည်။ ၁၈၆၈ ခုနှစ်တွင် Sino Manehusiaw ဌာန၌ တက္ကသိုလ်ပညာသင်ယူမှုပြီးဆုံးခဲ့သည်။ တက္ကသိုလ်ပညာသင်ယူမှုမပြီးဆုံးမီတစ်နှစ်ခန့်အလိုတွင် မီနယ့်ဗ်သည် Gographical studies of Mowgolia ခေါင်းစဉ်ဖြင့် ရေးသားသော စာစီကုံးဖြင့် ရွှေတံဆိပ်ရရှိခဲ့သည်။

တက္ကသိုလ်တွင်ပညာသင်ကြားနေစဉ်ကာလအတွင်း မီနယ့်ဗ်သည် တရုတ်ရေးရာကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ ဗုဒ္ဓဘာသာနှင့်စပ်လျဉ်း၍လည်းကောင်း ထင်ရှားသောသုတေသီတစ်ဦးဖြစ်ခဲ့သော ပါမောက္ခV.P. Vissilyelt၏ တပည့်တစ်ဦးဖြစ်ခဲ့သည်။ မီနယ့်ဗ်သည် ဗုဒ္ဓဘာသာကို လွန်စွာစိတ်ဝင်စားသဖြင့် ဗုဒ္ဓဘာသာဆိုင်ရာမူရင်းအထောက်အထားများကို လေ့လာလိုစိတ်ပြင်းပြလာခဲ့သည်။ သို့ဖြစ်၍ ရှေးဟောင်းအိန္ဒိယဘာသာစကား၊ သက္ကတဘာသာကို လေ့လာခဲ့သည်။ သူ၏ဆရာမှာ စိန့်ပီတာ(စ်)ဘာ(စ်)တက္ကသိုလ်မှ သက္ကတဘာသာဆိုင်ရာပါမောက္ခ Kassokh ဖြစ်သည်။

မီနယ့်ဗ်သည် သက္ကတဘာသာတိုသာမက ဗုဒ္ဓကျမ်းစာများကိုလေ့လာရာတွင် အထူးလိုအပ်သော ပါဠိဘာသာကိုပါ လေ့လာသင်ယူခဲ့သည်။ ထို့ပြင် ပြင်သစ်ဘာသာကိုလည်း လေ့လာသင်ယူခဲ့သည်။ ၁၈၆၃ ခုနှစ်တွင် မီနယ့်ဗ်သည် နိုင်ငံခြားသို့ သွားရောက်ပြီး အိန္ဒိယရေးရာကျွမ်းကျင်သူများထံတွင် ဆက်လက်သင်ယူခဲ့သည်။ ဂျာမနီနိုင်ငံတွင် သက္ကတဘာသာကို Weber နှင့် Benfey တို့လက်အောက်တွင်လေ့လာခဲ့သည်။ ဘာလင်မြို့တွင် မီနယ့်ဗ်သည် အင်ဒို-ဥရောပ

www.burmeseclassic.com

ဘာသာစကားများ၏သဒ္ဒါများကို နှိုင်းယှဉ်လေ့လာခြင်းခေါင်းစဉ်ဖြင့် ဟောပြောပို့ချသော F.Bopp ၏အတန်းများကို တက်ရောက်ခဲ့သည်။

ထို့နောက်ပိုင်းတွင် မီနယ့်ဗ်သည် ပုံမနှိပ်ရသေးသောအိန္ဒိယကျမ်းများကို စုဆောင်းထားရှိသော လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက်တွင် အလုပ်လုပ်ကိုင်သည်။ ပြင်သစ်နိုင်ငံ ပဲရစ်ရှိ အမျိုးသားစာကြည့်တွင်လည်း ပါဠိဘာသာဖြင့် ရေးသားထားသောကျမ်းများကို လေ့လာဖတ်ရှုခဲ့သည်။ ထိုသို့လေ့လာရာမှ ပေါ်ထွန်းလာခဲ့သောရလဒ်မှာ မီနယ့်ဗ်၏ပဲရစ်အမျိုးသားစာကြည့်တိုက်ရှိပါဠိကျမ်းစာများ၏စာစုစာရင်းပင် ဖြစ်သည်။

မီနယ့်ဗ်သည် ၁၈၆၈ ခုနှစ်တွင် နိုင်ငံခြားမှ ပြန်လည် ရောက်ရှိလာပြီး အိန္ဒိယရေးရာတွင် ကျွမ်းကျင်သူပညာရှင်တစ်ဦး ဖြစ်လာခဲ့သည်။

၁၈၆၉ ခုနှစ်တွင် သူသည် ၎င်း၏ မဟာဝိဇ္ဇာဘွဲ့ယူကျမ်းကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကျမ်း၏အမည် Prallmoksha-Sulfa (ခေါ်) ဗုဒ္ဓကျမ်းစာဖြစ်ပြီး ဘာသာပြန်ကိုပါ ထည့်သွင်းခဲ့သည်။ ထိုနှစ်မှာပင် မီနယ့်ဗ်သည် စိန့်ပီတာ(စ်)ဘာ(စ်) တက္ကသိုလ် အရှေ့တိုင်းဘာသာစကားများမဟာဌာနတွင် သက္ကတဘာသာစကားဌာန၏ စာတော်ဖတ် (Reader) အဖြစ် ရွေးချယ်ခြင်းခံရသည်။ ၁၈၇၁ ခုနှစ်တွင် မီနယ့်ဗ်သည် Hailowco-Philologrcal မဟာဌာနအောက်ရှိ အင်ဒိုဥရောပဘာသာစကားများ၏သဒ္ဒါနှိုင်းယှဉ်လေ့လာမှုဌာနသို့ စာတော်ဖတ်အဖြစ် ပြောင်းရွှေ့သွားခဲ့သည်။

မီနယ့်ဗ်၏ ပါရဂူဘွဲ့ယူကျမ်းမှာ Essay on the Phonelies and Morphology of Pali Language ဖြစ်သည်။ ၁၈၇၃ ခုနှစ်တွင် မီနယ့်ဗ်သည် အင်ဒို-ဥရောပဘာသာစကားများသဒ္ဒါနှိုင်းယှဉ်လေ့လာမှုဌာနတွင် ပါမောက္ခဖြစ်လာသည်။ ၎င်းရာထူးကို မီနယ့်ဗ်သည် သူကွယ်လွန်သည်အထိ ထမ်းဆောင်သွားခဲ့သည်။ မီနယ့်ဗ်သည် ဇွန် ၁၊ ၁၈၉၀ တွင် စိန့်ပီတာ(စ်)ဘာ(စ်)မြို့တွင် အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

မီနယ့်ဗ်သည် အနောက်ဥရောပသို့ မကြာခဏခရီးထွက်ခဲ့သည်သာမက သူစိတ်ဝင်စားသော အိန္ဒိယနိုင်ငံသို့လည်း သုံးကြိမ်သွားရောက်ခဲ့သည်။ ၁၈၇၄ - ၇၅ တွင်တစ်ကြိမ်၊ ၁၈၈၀ တွင်တစ်ကြိမ်၊ ၁၈၈၅ - ၈၆ တွင်တစ်ကြိမ် သွားရောက်ခဲ့ခြင်း ဖြစ်သည်။ တတိယအကြိမ်ခရီးစဉ်တွင် မီနယ့်ဗ်သည် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံသည် ဗြိတိသျှတို့နှင့် တတိယအကြိမ် စစ်ပြီးစအချိန်ပင်ဖြစ်သည်။ မီနယ့်ဗ်သည် သူရောက်ရှိရာဒေသတိုင်းတွင် မြင်တွေ့ခဲ့သည်များကို ဒိုင်ယာရီရေးသားလေ့ရှိသည်။ မြန်မာနိုင်ငံသို့ရောက်ရှိစဉ် မီနယ့်ဗ်၏ဒိုင်ယာရီသည် ခေတ်ပြိုင်အခြေအနေလည်းပါဝင်နေသဖြင့် သမိုင်းအထောက်အထားဖြင့် လေ့လာနိုင်စေရန် ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။

မီနယ့်ဗ်၏တတိယအကြိမ်ခရီးစဉ်သည် ၉၊ ဒီဇင်ဘာတွင် စတင်ခဲ့သည်။ ၁၀၊ ဇန်နဝါရီတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ဆိုက်ရောက်ခဲ့သည်။

၁၀၊ ဇန်နဝါရီ ရန်ကုန်မြို့ (၆)နာရီခန့်တွင် ရန်ကုန်ဘုရား (ရွှေတိဂုံ) နှင့် သန်လျင်ဘုရားတို့ကို စတင်မြင်တွေ့ရသည်။ ရန်ကုန်မြို့သို့ (၁၀) နာရီခန့်တွင် ရောက်ရှိသည်။ Jardow ဟိုတယ်တွင် ရပ်နားသည်။ ရွှေတိဂုံသို့ခရီးသွားဖော်နှစ်ဦးနှင့်သွားရောက်သည်။ ဘုရားတွင် ဟိန္ဒူများလှူဖွယ်ပစ္စည်းများ ယူဆောင်လာသည်ကို သတိပြုမိသည်။

၁၁၊ ဇန်နဝါရီ ယနေ့သည် တနင်္လာနေ့ ဖြစ်သည်။ နံနက် (၅း၃၀) တွင် အိပ်ရာထသည်။ သို့ရာတွင် စီးစရာ gharry မရပါ။

စာတိုက်သို့ခြေကျင်သွားရသည်။ ဆိုင်းမ်စ်သည် အရေးပါသော ဗြိတိသျှပဋိညာဉ်ခံဝန်ထမ်းအရာရှိတစ်ဦးဖြစ်ပြီး ၁၈၇၅ မှ ၁၉၀၁ ခုနှစ်အထိ အမှုထမ်းခဲ့သည်။ အောက်မြန်မာနိုင်ငံတွင် ၁၈၇၆ ခုနှစ်၌ အမှုထမ်းသည်။ မီနယ့်ဗ် မြန်မာနိုင်ငံသို့ရောက်ရှိလာချိန်တွင် မြန်မာနိုင်ငံဗြိတိသျှမဟာဝန်ရှင်တော်မင်းကြီး၏ အတွင်းဝန်ရာထူးကိုယူထားသည်။

ဘီဂန်ဒက်သည် ပြင်သစ်လူမျိုးဖြစ်သည်။ အောက်မြန်မာနိုင်ငံဆိုင်ရာကက်သလစ်ဂိုဏ်းအုပ်ဖြစ်သည်။ ၎င်းသည် ဗုဒ္ဓဘာသာသမိုင်းနှင့် မြန်မာနိုင်ငံပထဝီအတွင်း များစွာအထောက်အကူပြုခဲ့သည်။

ကျွန်ုပ်သည် ဆိုင်းမ်စ်နှင့် ဘီဂန်ဒက်တို့နှင့် နိုင်ငံရေးစကားမပြောဖြစ်ပါ။ အထွေထွေကိစ္စကိုသာပြောဖြစ်ကြသည်။ ပြောသောစကားများမှာလည်းအရေးမပါလှပါ။ gharry ဖြင့် နေအိမ်သို့ပြန်ခဲ့သည်။ ရန်ကုန်မြို့တော်ကို စနစ်တကျတည်ဆောက်ထားသည်။ လမ်းများတွင် သစ်ပင်များစီတန်းစိုက်ထားသည်။ အပူဒဏ်မှာ ဆိုးဝါးလှသည်။

၁၂၊ ဇန်နဝါရီ မနေ့ညက ဖော်ရှမ်မာနှင့် မစ္စတာဂရေးတို့ထံသွားရောက်ခဲ့သည်။ ဖော်ရှမ်မာသည် ဆွစ်လူမျိုးဖြစ်သည်။ ရန်ကုန်မြို့တွင် ၁၈၇၉ ခုနှစ်ကတည်းကနေထိုင်ခဲ့သည်။ ရန်ကုန်ကောလိပ်တွင် ပါဠိပါမောက္ခရာထူးဖြင့် အမှုထမ်းဆောင်နေသည်။ မြန်မာ့သမိုင်းပထဝီနှင့်ဝေါဟာရဗေဒနယ်ပယ်တို့တွင် လူသိများသူတစ်ဦးဖြစ်သည်။ ဖော်ရှမ်မာသည် မြန်မာနိုင်ငံတွင် စုဆောင်းရရှိသောပုံမနှိပ်ရသေးသည့် ပါဠိကျမ်းများ၏ စာစုစာရင်းကို ပြုစုနေသည်။ ရခိုင်ဒေသရှိ ရှေးဟောင်းအဆောက်အအုံအနည်းငယ်ကိုလည်း ရှာဖွေစုံစမ်းနေသည်။

မစ္စတာဂရေးသည် ရန်ကုန်ကောလိပ်မှပါမောက္ခတစ်ဦးဖြစ်သည်။ မြန်မာ့ဝေါဟာရဗေဒဆိုင်ရာ စာအုပ်များကို ရေးသားပြုစုနေသည်။ မီနယ့်ဗ်သည် ဖော်ရှမ်မာနှင့် မစ္စတာဂရေးနှစ်ဦးစလုံးမှာ ဒေသခံသုတေသီများဖြစ်သည်ဟုဆိုသည်။ အထူးသဖြင့် ဖော်ရှမ်မာသည် ဗြိတိသျှလူမျိုးများအနက် ရှေးဟောင်းသုတေသနပညာရှင်နှင့် ပါဠိဘာသာဆိုင်ရာပညာရှင်အဖြစ် ထင်ရှားသည်။ ဖော်ရှမ်မာက ကျွန်ုပ်အား သူကိုယ်တိုင်ဓာတ်ပုံရိုက်ယူထားသော ရခိုင်ကျောက်စာများကိုပြသသည်။ မီနယ့်ဗ်က ရခိုင်ကျောက်စာများအကြောင်းကို ရှင်းလင်းတင်ပြရာ၌ မြန်မာနိုင်ငံ၏ အနောက်တောင်ဘက်တွင်တည်ရှိသော ရခိုင်တွင် ကျောက်စာများတွေ့ရှိကြောင်း၊ ခေတ်ဦးနှင့်ခေတ်လယ်တွင် ရခိုင်သည် လွတ်လပ်သောနိုင်ငံဖြစ်ကြောင်း၊ ၁၇၈၂ ခုနှစ်တွင်မှ အင်းဝနိုင်ငံလက်အောက်သို့သိမ်းသွင်းခံရကြောင်း ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် အရေးနိမ့်ပြီးနောက် အင်္ဂလိပ်တို့၏သိမ်းယူခြင်းကိုခံရကြောင်း ဖော်ပြထားသည်။

*ဆက်လက်ဖော်ပြပါမည်။*

ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)

Ref;

I.P Minayelt, Travels in and Diaris of India and Burma.



www.burmeseclassic.com

www.burmeseclassic.com




နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

## အမောလုံ
## နှလုံးအားဆေးကိုဆောင်

● မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇/၂၀၁၁၊ တဆထလတိုး (၁၃၁၂) ●

နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ ရင်ညွန့်၌စုး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်၍အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ် လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ သွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းမူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော် စားမဝင် စိတ်မကြည်လင်ခြင်း၊ အားအင်ကုန်ခမ်း စိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

**ပင်ရင်း - ၅၂ - ၃၅၆၊ မဧတာဝီလမ်းမကြီး၊ ၅၂ - ရပ်ကွက်၊ ရတနာသိင်္ဂီဈေးအနီး၊ မ/ဥက္ကလာပ**
**ဖုန်း - ၀၁ - ၉၆၉၀၅၈၇၊ ၀၁ - ၆၉၁၀၇၉၊ ၀၁ - ၆၉၁၅၉၁**





# ကြယ်ပါဖြူမင်း

အမှတ်တံဆိပ်

**ဆီးချို၊ သွေးချိုသောက်ဆေး**

ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ သွေးထွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခမ်း၊ နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်းတို့ကို သုံးစွဲနိုင်ပါသည်။

**အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။**



မှတ်ပုံတင် - TMR ၀၁၀၂၉၄(၀၆၀၅)
လိုင်စင် ၂/၂၀၁၃၊တဆထလ၊(၂၃၈၅)

ပင်ရင်း **ကြယ်ပါဖြူမင်း ဆေးတိုက်**
အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့်၊ (၁၆)ရပ်ကွက်၊ မြောက်ဒဂုံ။
☎ ၀၉ - ၇၃၀၁၄၀၄၄ ၀၉ - ၅၀၀၁၄၃၆၊ ၀၉ - ၅၁၁၉၀၇၂၊ ၀၉ - ၅၁၉၈၇၈၅

မြန်ရိုးရေး (ပြည်မြို့ - ဆေးနန်းတော်ကြီးဆေးဆိုင်)၊ (တောင်ငူမြို့ - ရွှေမင်းလောင်းဆေးဆိုင်)
(ပုသိမ်မြို့ - မြဖူးဆွင်ဆေးခန်း)၊ (ဓနုမြို့ - တသာတုန်းထူးလန်ဆေးဆိုင်၊ တသာတုန်းသခင်းဆတို့)




www.burmeseclassic.com

www.burmeseclassic.com

အောင်ဝဏ္ဏ

# အရှင်သုဓမ္မသာရ ဘုန်းကြီးတာကျော့ တာကျော့ဘုန်းကြီး



*(ယခင်လမှအဆက်)*

အပိုင်း (၂)

၁။

ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းတွင် ကျောင်းဒကာကြီးဦးဖိုးခါ၊ ဦးဖိုးခါ၏ညီ လယ်သမားကြီးဦးမြ၊ သူကြီးဟောင်းဦးလှ၊ ကျေးရွာလူငယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များရောက်ရှိနေကြ၏။

ကျောင်းဒကာကြီး ဦးဖိုးခါက သူ့သားတော် ရဟန်းတော် ကျောင်းထိုင်အဖွဲ့နှင့် ဘိုကြီးရွာထဲမှာ မရှိဆင်းရဲသားများ၏သားများရှင်ပြုပွဲ၊ ရဟန်းခံပွဲတို့ကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ပြုလုပ်လိုကြောင်း ပထမဦးစွာ လျှောက်ထား၏။

သားကျောင်းထိုင်ဆရာတော်လေးက သူ့ဖခင်၏အလှူကို သဘောတူကြောင်း ပြောကြားပြီး -

သူဟာ ပထမကြီးတန်းအောင်ထားပါသဖြင့် ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းတွင် စာသင်တိုက်တစ်တိုက်ဖွင့်လျှင် ကောင်းပါမည်လား၊ ဒါမှမဟုတ် ဝိပဿနာရိပ်သာတရားစခန်းဖွင့်လျှင် ကောင်းပါမည်လားဟု လူကြီးများနှင့် တိုင်ပင်၏။

အရက်သမား ဦးလေးတော်သူ ဦးမြက-

"ဦးပဉ္စင်း၊ တပည့်တော်ရွာက ရွာငယ်ပါတယ်။ စာသင်တိုက်မဖွင့်ပါနဲ့၊ ဝိပဿနာရိပ်သာပဲဖွင့်ပါ။ တပည့်တော်တွေ့မြင်တာကတော့ ဝိပဿနာရိပ်သာဖွင့်တဲ့ကျောင်းတွေဟာ တစ်နေ့တခြား ကြီးပွားတိုးတက်လာပါတယ် ဘုရား။ တပည့်တော်တို့လည်း ကူညီပံ့ပိုးမယ် ဘုရား"

ဟု ပထမဦးဆုံးလျှောက်တင်၏။

နောက်ဆုံးတော့ ဝိပဿနာရိပ်သာဖွင့်လှစ်ရန် အများသဘောတူကြ၏။

ကျောင်းထိုင်ဆရာတော်လေးက-

"ဝိပဿနာရိပ်သာ ဖွင့်မယ်ဆိုရင် ပထမယောဂီ (၁၀၀)ဆံ့ ဓမ္မာရုံကြီးတစ်ရုံ ဆောက်ရမယ်။ ပြီးတော့ အမျိုးသမီးများနေထိုင်ဖို့ ယောဂီဆောင်တစ်ဆောင် ဆောက်ရပါမယ်"

ဟု တင်ပြ၏။

ဓမ္မာရုံကြီးကို ကျောင်းဒကာကြီး ဦးဖိုးခါက တာဝန်ယူပြီး အမျိုးသမီးဆောင်အတွက် ဦးလေးတော်သူဦးမြက တာဝန်ယူကြ၏။

(၆) လအတွင်း လိုအပ်သော ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးသွား၏။

လယ်သမား၊ ကိုင်းသမားများ အလုပ်နားချိန် သင်္ကြန်ရက်အပြီးတွင် ဝိပဿနာတရားစခန်း (၁၀) ရက်ဖွင့်ရန် စီစဉ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



၂

တရားစခန်းမဖွင့်မီ ကျောင်းထိုင်ဆရာတော်လေး သုစာသင်ကြားခဲ့သည့် ပခုက္ကူစာသင်တိုက်ကြီးသို့ တစ်ပါးတည်းကြွသွား၏။

ရိပ်သာဖွင့်မည့်အကြောင်း ဆရာတော်များအားလျှောက်ထားရာ ဆရာတော်ကြီးများကလည်း သဘောကျကြ



www.burmeseclassic.com

www.burmeseclassic.com

၏။

ကျောင်းထိုင်အပ်ပွဲ ရဟန်းခံရှင်ပြုပွဲ ရိပ်သာဖွင့်ပွဲကြီးကား စည်ကားလှပါ၏။

ပခုက္ကူမြို့မှ ဆရာတော်ကြီးနှစ်ပါးကြွလာ၏။ မြို့နယ်မှ ဆရာတော်ကြီးများပါကြွ ကြွ ပါ၏။

ရှင်သာမဏေ(၁၀) ပါးရှင်ပြု၏။ သင်္ကန်းဆီး ၏။ ရဟန်းက (၃) ပါး ရဟန်းခံ၏။ ထို (၃) ပါးထဲ တွင် ဦးမြဒိမ်မှ သူရင်းငှားနှစ် ယောက်နှင့် ဦးမြ၏ သားတစ် ယောက်ပါ၏။

ရှင်သာမဏေများက (၇)ရက် ဝတ်ပြီး လူထွက်ကြ၏။ ရဟန်း (၃) ပါး ကတော့ တရားစခန်းဝင်ကြ၏။

ရဟန်းယောဂီ (၅) ပါး၊ အမျိုးသားယောဂီ (၅) ပါး၊ အမျိုးသမီးယောဂီ (၂၀)၊ စုစုပေါင်း ယောဂီ (၃၀) တရားဝင်ကြ၏။

(၁၀) ရက်တိုင်တိုင် ယောဂီများအတွက် ဆွမ်းကျွေးကိစ္စကို ကျောင်းဒကာကြီးကပဲ တာဝန်ယူ၏။ တရားဝင်ယောဂီများက မကူညီရပါ။

ဝိပဿနာတရားစခန်းဖွင့်လေပြီ။

ဆရာတော်လေးက ပခုက္ကူတွင်နေခဲ့စဉ်က ဦးကြင်ရွှေဝိပဿနာသင်တန်းကို တက်ထားဖူးသူဖြစ်ပါ၏။ ယင်းကြောင့် ပထမ (၃) ရက်မှာ အောက်ပါတို့ကို အရင်သင်ပြ၏။ စာရွက်လေးတွေလည်း ပုံနှိပ်ပြီးဝေငှထား၏။

၁။ ရုပ်နာမ် (၂) ပါး
၂။ ခန္ဓာ (၅)ပါး
၃။ အာယတန(၆) ပါး
၄။ ဓာတ်(၄)ပါး
၅။ ပဋိစ္စသမုပ္ပာဒ်
၆။ သစ္စာ (၄) ပါး
၇။ ပညတ် -ပရမတ်

စသည်တို့ကို ရှေး ဦးစွာ ရှင်းလင်းပြ၏။ (၃) ရက်တိုင်တိုင် ရှင်းပြပြီးမှ တရား ထိုင်ခိုင်း၏။ အားထုတ်ခိုင်း ၏။

ယောဂီများ အလွန်သဘောကျကြ၏။

"ကျောင်းထိုင်ဆရာတော်လေး တရားပြတာရှင်းတယ်။ တရားဟောလည်းကောင်းတယ်" ဟု ကျော်ကြားသွားရ၏။

**၃။**

ဝိပဿနာတရားစခန်းပွဲကြီးပြီး မြောက်သွားတော့ ဦးမြ၏ သူရင်းငှား (၂) ယောက်တို့ကလူထွက်၏။ ဦးမြ၏ သားက လူမထွက်တော့ဘဲ သာသနာ့ဘောင်မှာနေတော့မည်ဟု ဆုံးဖြတ်ပါ၏။ ယင်းကြောင့် ဖခင်ဦးမြက သားရဟန်းတော်အတွက် တစ်ပါးကျောင်းလေးတစ်ကျောင်း အမြန်ဆောက်လုပ်လှူဒါန်း၏။

ဦးမြ၏သားရဟန်းကား ဦးနန္ဒဝံသဘွဲ့အမည်ရ၏။ လူအမည်က မောင်ထင်ဖြစ်၏။ မယားဆုံးပါးသွားသဖြင့် မုဆိုးဖိုဖြစ်နေ၏။ သမီးနှစ်ယောက်ကလည်း သူ့အိမ်ထောင်တွေနှင့် ပြေပြေလည်လည်ရှိကြ၏။

မောင်ထင်က လူ့ဘဝက အရက်သောက်၏။ အရက်ဖြတ်ချင်၍ ရဟန်းဘောင်ဝင်ခြင်း ဖြစ်၏။ သူ့ရည်ရွယ်ချက်က ရှင်း၏။ သို့သော် သူကမရှင်း။

ဦးနန္ဒဝံသသည် ပထမတော့ ဆွမ်းခံကြ၏။ နံနက်တစ်ချိန်၊ နေ့ခင်းတစ်ချိန် တရားအားထုတ်၏။

တစ်လခန့်ကြာတော့ မောင်ထင် (ခ) ဦးနန္ဒဝံသက ဖောက်လာ၏။ ညဘက်မှာ သူ၏တစ်ပါးကျောင်းလေး တွင် အရက်သောက်၏။ ကိုရင်ကြီး က ကြက်သားဟင်းချက်ပေးရ၏။

တစ်နေ့သ၌မှာ ကိုရင် ကြီး ကြက်ဝယ်မရသဖြင့် မောင်ထင်အတွက် ကြက် သားဟင်းမချက်နိုင်။ စိတ်ဆတ်သောမောင်ထင်က ကိုရင်ကြီး ကို လက်သီးနှင့်ထိုး၏။

ကိုရင်ကြီးက ကျောင်းထိုင်ကိုတိုင်၏။ အရက်သောက်သည်၊ ကြက်သားဟင်းချက်စားသည် စသည် စသည်ဖြင့် အစုံအလင်လျှောက်တော့၏။

ကျောင်းထိုင်၏ အစ်ကိုဝမ်းကွဲ တော်သူဖြစ်နေ၏။ ကျောင်းထိုင်က ကိုရင်ကြီးကို 'နောက်ဆိုရင် သူခိုင်းတာမလုပ်ပေးနဲ့၊ သူ့ကျောင်းကိုလည်း မသွားနဲ့၊ ရွာထဲမှာလည်း ဒီသတင်းကိုလျှောက်မပြောနဲ့' ဟု မှာ၏။



တစ်ပါးတည်းအေးအေးဆေးဆေး သီတင်းသုံးနေသည့် ဘုန်းတော်ကြီး ဦးတေဇကိုပါ ကိုရင်ကြီးကလျှောက်၏။ ဦးတေဇကတော့ ဘာမျှပြန်မပြောပါ။

နောက်တော့ ဦးနန္ဒဝံသ အရက်သမားဘုန်းကြီး၊ သူ၏တစ်ပါးကျောင်းဆောင်မှာ ဟင်းစားကြက်တွေပါ မွေးထားတော့၏။

**၄။**

မထင်မှတ်ဘဲ ပခုက္ကူမြို့မှ ရဟန်းတော် (၃) ပါး ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းတိုက်သို့ ရောက်လာပြန်၏။

ထိုရဟန်း (၃) ပါးက ပထမကြီးတန်းကျနေသော (၃) ပါးဖြစ်၏။ နိုင်ငံရေးလုပ်ကြသဖြင့် အဖမ်းခံရမှာကြောက်ပြီး ရှောင်ပုန်းလာကြခြင်း ဖြစ်၏။

ကျောင်းထိုင်ဆရာတော်လေးက ထိုပခုက္ကူမှ ရဟန်း (၃) ပါးတို့အား ဆွမ်းစားကျောင်းမှာ ကိုရင်ကြီးနှင့်အတူတူ သီတင်းသုံးစေ၏။

ထိုရဟန်း (၃) ပါးတွင် ရေဒီယိုလေးတွေ ကိုယ်စီကိုယ်ငပါလာကြ၏။ ဘီဘီစီ၊ ဘီအိုအေ၊ အာအက်(ဖ်)အေ သတင်းများကို အမြဲဖွင့်၏။ ညဘက်ကျလျှင် ဆွမ်းစားကျောင်းမှာ ညစာပါ ဘုဉ်းပေးကြသေး၏။

**၅။**

တစ်ညနေခင်းမှာ ကျောင်းထိုင်ဆရာတော်လေး၏ မိခင်ကြီး အသက် (၉၀) ခန့် မူးပြီး အိပ်ရာထဲမှာလဲကျ၏။ နှလုံးရောဂါအခံရှိသဖြင့် ချက်ချင်းပင် ကွယ်လွန်ရ၏။ မယ်တော်ပျံပွဲကိုလည်း စည်စည်ကားကားပင်ပြုလုပ်ပြီး သင်္ဂြိုဟ်ပေး၏။

မိခင်ကြီးဆုံးပြီးတော့ ဖခမည်းတော်ဦးဖိုးခမှာ တစ်ယောက်တည်းကျန်နေရ၏။ ယင်းကြောင့် ကျောင်းထိုင်ဆရာတော်လေးက ဖခင်ကြီးနေထိုင်ရန် ဇရပ်တစ်ဆောင်ကို အမြန်ဆောက်ပြီး ကျောင်းသို့အပြီးအပိုင်ခေါ်ထားရ၏။

ဆွမ်းစားကျောင်းကိုရင်ကြီးက ဦးဖိုးခ၏ ဝေယျာဝစ္စများကို ဆောင်ရွက်ရ၏။

ဖခင်ကြီးဦးဖိုးခကလည်း သက်တော် (၉၀) ရှိနေပါပြီ။ ချောင်းကလေး တဟွတ်ဟွတ်နှင့် ဆိုးနေရပါသေး၏။



www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆိုးသံကမပြတ်။

ကျောင်းဒကာကြီး ဘုန်းကြီးကျောင်းသို့ရောက်ရှိပြီး (၃) လခန့်ကြာသောအခါ ချောင်းဆိုးလျှင် သွေးစသွေးနများပါလာသဖြင့် မြို့ဆေးရုံသို့သွားပြရ၏။

မြို့ဆေးရုံ၌ ဆေးရုံတင်ခိုင်းပြီး ဓာတ်ခွဲစစ်ဆေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်း စစ်ဆေးပေး၏။ ကျောင်းဒကာကြီးမှာ တီဘီရောဂါပိုးမတွေ့ရ၏။ မြို့ဆရာဝန်ကြီးက အဆုတ်မှာအနာဖြစ်နေပါသည်၊ ရန်ကုန်အထူးကုဆရာဝန်ကြီးများနှင့်ပြသရန် လက်ခံလိုက်၏။

ဤသို့အားဖြင့် ကျောင်းထိုင်ဆရာတော်လေးနှင့်သားဦးမြတို့ ရန်ကုန်သို့ လိုက်ပါသွား၏။ ရန်ကုန်အထူးကုဆေးရုံတွင် (၁၀) ရက်ခန့် ဆေးရုံတက်ရ၏။

အထူးကုဆရာဝန်ကြီးများ၏ဆေးစစ်ဆေးချက်အရ ဝေဒနာရှင်၏အဆုတ်မှာ ကင်ဆာရောဂါဖြစ်နေကြောင်း တွေ့ရှိရသဖြင့် လူနာကို ပြန်ခေါ်သွားရန်ပြောပြ၏။

ဝေဒနာမှာလွန်နေပါသဖြင့် အများဆုံးနေရလျှင် (၆) လခန့်လောက်သာ နေရမည်ဖြစ်ကြောင်း ကျောင်းထိုင်ဆရာတော်လေးကိုပြောပြ၏။

ယင်းကြောင့် ဖခင်ကြီးအား ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းသို့ ပြန်ခေါ်ခဲ့၏။

ဘုန်းတော်ကြီး ဦးတေဇက ကျေးဇူးရှင် ကျောင်းဒကာကြီးနားတွင် အမြဲ နေထိုင်ပြီး "ဗောဇ္ဈင်သုတ်" ပရိတ်တရားတော်ကို ရွတ်ဖတ်ပေး၏။

ရံဖန်ရံခါ ပဋ္ဌာန်းဒေသနာတော်ကြီးကိုလည်း ရွတ်ဖတ်ပေးပါ၏။ သို့သော်လည်း ကျောင်းဒကာကြီး၏ရောဂါက တစ်နေ့တခြားဖောက်ပြန်လာပါ၏။ အစားအသောက်တွေပါ မစားနိုင်တော့ပါ။

၆။

ဘုန်းတော်ကြီးဦးတေဇ ကျောင်းထိုင်ဆရာတော်လေး၊ သားဦးမြ သူကြီးယောင်းဦးလုံတို့တိုင်ပင်ပြီး ကျောင်းဒကာကြီးဦးဖိုးခကို သူ၏ရောဂါအခြေအနေကို ပြောပြကြ၏။

ကျောင်းဒကာကြီးကတော့ တည်တည်ငြိမ်ငြိမ်ပါပဲ။ ဦးဖိုးခမသေမီ ဦးဖိုးခပိုင်ဆိုင်သည့်ပစ္စည်းများကို ရောင်းချသုံးရန် ဖခင်ကြီး၏သဘောဆန္ဒကို ယူကြပါ၏။ ဦးဖိုးခကလည်း သဘောတူပါ၏။

ယင်းကြောင့် ဦးဖိုးခပိုင်ဆိုင်သော လယ်ဧက (၅၀) ကို ရောင်းချရာ သိန်း (၂၅၀) ရ၏။ နွား (၁၀) ရှဉ်းကိုရောင်းရာ သိန်း (၅၀) ရ၏။ နွားလှည်း (၃) စီးကို ရောင်းရငွေက (၃၀) သိန်းရ၏။ စုစုပေါင်း သိန်း (၃၃၀) ရရှိ၏။

(၆) လခန့်ကြာတော့ ကျောင်းဒကာကြီး ကွယ်လွန်ရ၏။

ဖခင်ကြီး ကွယ်လွန်ပြီးနောက် ကျောင်းထိုင်ဆရာတော်လေး မအူပင်မြို့သို့ ခရီးထွက်သွား၏။ မအူပင်မြို့နှင့် မနီးမဝေးတွင် ကရင်တိုင်းရင်းသားများနေထိုင်ကြသော ရွာလေးတစ်ရွာရှိ၏။

ထိုရွာလေးတွင် ကျောင်းထိုင်ဆရာတော်လေးနှင့် ပခုက္ကူစာသင်ကျောင်းတိုက်ကြီးတွင် ပညာသင်ဖတ် သူငယ်ချင်း ဦးပဥ္စင်းတစ်ပါးရှိ၏။

ဦးပဥ္စင်း၏ဘွဲ့အမည်က ဦးဉာဏတေဇဖြစ်ပါ၏။ ဦးဉာဏတေဇက စာချ ဓမ္မာစရိယစာမေးပွဲအောင်မြင်ပြီး ထိုကရင်တိုင်းရင်းသားများနေထိုင်ကြသည့် ရွာလေးတွင် ပရိယတ္တိစာသင်တိုက်လေး ဖွင့်ပြီး စာပေပို့ချပေးနေ၏။

ရွာသားများက ဆင်းရဲလှသဖြင့် ချို့ချို့ငဲ့ငဲ့သာသနာပြုနေရ၏။ ကျောင်းထိုင်ဆရာတော်ကြီးကလည်း ကရင်အမျိုးသားဘုန်းတော်ကြီးပင် ဖြစ်ပါ၏။

ကျောင်းထိုင်ဆရာတော်ကလေး ဘိုကြီးရွာသို့ ပြန်လည်ကြွလာသောအခါ သူငယ်ချင်းဦးပဥ္စင်း ဦးဉာဏတေဇလည်း လိုက်ပါလာ၏။

ရဟန်းတော်နှစ်ပါး တိုင်ပင်ကြပြီး ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းတိုက်ကြီးတွင် ရဟန်းသံဃာတော်များသီတင်းသုံးရန် နှစ်ထပ်တိုက်ကျောင်းကြီးတစ်ကျောင်းကို တည်ဆောက်ကြ၏။ ရည်ရွယ်ချက်ကတော့ ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းတွင် ပရိယတ္တိစာသင်တိုက် ဖွင့်ရန် ဖြစ်၏။

(၆) လအတွင်း ကျောင်းကြီး ဆောက်ပြီးသောအခါ မအူပင်မြို့ ကရင်ရွာလေးမှ စာသင်သား ရဟန်းသံဃာတော် (၂၀) ကို ဘိုကြီးရွာသို့ပင့်ဆောင်ကြ၏။

ရဟန်းတော်လေးများက ကရင်အမျိုးသားလေးများဖြစ်၏။ သူတို့၏ဆရာတော် စာချဆရာဦးဉာဏတေဇနှင့် အတူတူနေရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏။

စာချဆရာတော်အတွက်လည်း သီးခြားတိုက်ကျောင်းတစ်ကျောင်းဆောက်ပေး၏။

၇။

ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းတိုက်တွင် ဝိပဿနာတရားစခန်းတစ်နှစ်တစ်ကြိမ်ဖွင့်နိုင်ရုံသာမက ယခုဆိုလျှင် ပရိယတ္တိစာသင်တိုက်ကြီးကိုပါ ဖွင့်နိုင်ခဲ့ပါပြီ။

နံနက် အရုဏ်ကျင်းသည်နှင့် စာသင်တိုက်မှ ရဟန်းတော်များသည် ဘိုကြီးရွာထဲသို့ တန်းဆွမ်းဆွမ်းခံကြွခြင်း ကြည်ညိုဖွယ်ရာကောင်းလှ၏။ ဘိုကြီးရွာသူရွာသားများကလည်း စေတနာထက်သန်စွာဖြင့် လောင်းလှူကြပါ၏။

ဘိုကြီးရွာကလည်း အိမ်ခြေ (၂၀၀) မှ (၃၀၀) အထိ ဖြစ်ပါ၏။ ယခင်က မူလတန်းကျောင်းအဆင့်မှ အစိုးရအလယ်တန်းကျောင်းအဆင့်အထိပင် တိုးမြှင့်လာ၏။

ကျောင်းဒကာကြီးဦးဖိုးခပိုင်ဆိုင်ခဲ့သော ကျွန်း၊ ပျဉ်းကတိုးနှစ်ထပ်အိမ်ကြီးကို မြို့မှလာဝယ်သဖြင့် ရောင်းချရာ သိန်း (၈၀) ခန့်ရပါ၏။

ခြံကြီးကိုတော့ သားဦးမြက (၁၀) သိန်းဖြင့်ဝယ်၏။ ထိုခြံထဲရှိ အုန်းပင်၊ မချစ်စုသရက်ပင်၊ ပိန္နဲပင်များမှ အသီးများရောင်းချငွေများသည် တစ်နှစ်လျှင် (၃)သိန်းမျှလောက်ရပါ၏။

ဦးမြက ဖခင်ကြီး၏ခြံထဲတွင် စပါးကြိတ်ခွဲစက်လေးတစ်လုံးတည်၏။ ဗီအားကောင်းကောင်း မီးစက်တစ်လုံးဝယ်ယူပြီး တစ်ရွာလုံးကို လျှပ်စစ်မီးပေး၏။

မိမိအိမ်သို့ မီးသွယ်တန်းသူများလည်းရှိ၏။ တစ်လလျှင် (၁၀၀၀) ကျပ်ဖြင့် မီးယူကြ၏။ ညနေ (၆) နာရီမှ ည (၁၁) နာရီထိ လျှပ်စစ်မီးထွန်းလင်းပေး၏။

နိုင်ငံတော်က ဘိုကြီးရွာကို စံပြကျေးရွာကြီးတစ်ရွာအဖြစ် သတ်မှတ်ပေးပြီး ကျေးလက်ကျန်းမာရေးဌာန R.H.C တစ်ခုဖွင့်ပေး၏။ ဘိုကြီးရွာနှင့် မြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသောလမ်းကျယ်ကြီးကိုလည်း ကတ္တရာစေးလမ်းခင်းပေး၏။

ယခုဆိုလျှင် ဘိုကြီးရွာကြီးထဲမှာ မော်တော်ဆိုင်ကယ်သံတွေက တညံညံ၊ ရုပ်မြင်သံကြားစက်တွေက အိမ်တိုင်း



www.burmeseclassic.com

www.burmeseclassic.com

လိုလို၊ တရုတ်ပြည်ဖြစ်ကားတွေပင်(၃)စီး ခန့်ရှိနေလေပြီ။

၇။

ဘဝကံကြမ္မာ အလှည့်အပြောင်းက တစ်မျိုးတစ်ဖုံဖြစ်လာပြန်၏။

အသက်အရွယ်ကြီးလာပြီဖြစ်သော ဆရာမဒေါ်ခင်လှလှ၏ မိဘနှစ်ပါးက ရှေ့ဆင့်နောက်ဆင့်ပဲ ကွယ်လွန်ကုန်ကြ၏။

ယင်းကြောင့် ကျောင်းထိုင်ဆရာတော်လေးက ချစ်သူဟောင်းဆရာမဒေါ်ခင်လှလှကို အငြိမ်းစားယူခိုင်းပြီး ဘုန်းတော်ကြီးကျောင်းတွင် အပြီးအပိုင်ခေါ်ယူထား၏။ ရိပ်သာမွှာရုံကြီးတွင် နေရာချထားပေးပြီး ဆရာမက ယောဂီထိန်းတာဝန်ကိုယူရ၏။

ဆရာတော်လေးက မူလဆရာတော်ကြီး သီတင်းသုံးခဲ့သော နှစ်ထပ်ကျောင်းကြီးပေါ်မှာပင် သီတင်းသုံး၏။ ထိုကျောင်းကြီးပေါ်မှာလည်း ရုပ်မြင်သံကြားစက်၊ အပေါ်စက်၊ အောက်စက်၊ စကိုင်းနက်တို့ပါ တပ်ထားသေး၏။

ညဘက်ကျလျှင် ဆရာတော်လေးနှင့် အငြိမ်းစားဆရာမဒေါ်ခင်လှလှတို့နှစ်ဦးတည်း ရုပ်ရှင်ကားတွေကြည့်ကြ၏။ ကြည်နူးကြ၏။ ရယ်ရွှင်ကြ၏။ ချမ်းမြေ့ကြ၏။

ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းတွင် အချိန်မရွေး ခရီးသွားလာနိုင်ဖို့ မော်တော်ဆိုင်ကယ် (၂) စီးပင်ရှိနေ၏။

၉။

လုံးဝမထင်မှတ်ထားဘဲ ပခုက္ကူမြို့မှ ဦးမောင်ကျော်ကျော်၊ ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းသို့ရောက်လာ၏။

ဆရာတော်လေး ပခုက္ကူစာသင်တိုက်တွင် စာသင်သားဘဝ ဆွမ်းခံအိမ်မှ ဒကာဖြစ်ပါ၏။

ဦးမောင်ကျော်ကျော်က ဘွဲ့ရပညာတတ် လူချောလူခံ့တစ်ယောက်။

လူဝင်မှုကြီးကြပ်ရေးဌာနမှ အရာရှိလေးတစ်ဦးဖြစ်၏။ ရှမ်းပြည်နယ်ဘက်တွင်တာဝန်ထမ်းဆောင်နေရာမှ လာဘ်စားသဖြင့် ရာထူးပြုတ်လာသူလည်း ဖြစ်၏။

ဆရာတော်လေးထံတွင် ရဟန်းခံချင်သည်ဆိုလာသဖြင့် ကျောင်းထိုင်ဆရာတော်လေးကလည်း လွယ်လွယ်ကူကူပင် ရဟန်းဘောင်သို့တင်ပေးလိုက်၏။ ပြီးတော့ သိမ်ကျောင်းတွင် တစ်ပါး



တည်း သီတင်းသုံးစေ၏။

ပခုက္ကူမြို့မှ ဒုလ္လဘလာဝတ်သော ဦးမောင်ကျော်ကျော်က ဘောလုံးပွဲဝါသနာပါ၏။ နိုင်ငံတကာဘောလုံးပွဲများအကြောင်းပါသည့်ဂျာနယ်အစောင်စောင်ကိုဝယ်ဖတ်၏။

ဝိနည်းမသင်၊ ဝိနည်းမသိ၊ ပုတီးမစိပ်၊ တရားမထိုင်၊ ဘောလုံးပွဲလာသည့်ညများတွင် ကျောင်းထိုင်ဆရာတော်လေးသီတင်းသုံးသည့် နှစ်ထပ်ကျောင်းကြီးပေါ်သို့တက်၍ ညဥ့်နက်သန်းခေါင်ထိုင်စောင့်၊ ဘောလုံးပွဲထိုင်ကြည့်၏။

နှစ်ထပ်ကျောင်းဆောင်ကြီးပေါ်တွင် အငြိမ်းစားဆရာမ ဒေါ်ခင်လှလှတို့ ရံဖန်ရံခါဆုံတွေ့ကြ၏။ ဤသို့အားဖြင့် တစ်ဦးနှင့်တစ်ဦး တစ်စတစ်စ ရင်းနှီးမှုရလာကြ၏။

လူချောလူဖြောင့်ခေတ်ပညာတတ်မြို့ကြီးသား ဦးမောင်ကျော်ကျော်က စကားပြောကောင်း၏။ စည်းရုံးရေးကောင်းမွန်၏။

ဆရာမနှင့် မကြာမကြာလည်း အင်္ဂလိပ်လိုတစ်လုံးစနှစ်လုံးစပြောတတ်ခြင်း၊ ဦးမောင်ကျော်ကျော်အလုပ်ပြုတ်လာရသည့်အကြောင်းကိုတော့ ဆရာမက လုံးဝမသိပါ။ ဆရာတော်ကိုယ်၌ကလည်းမသိပါ။

၁၀။

မြို့မှ မော်တော်ဆိုင်ကယ်နှင့် လူရွယ်နှစ်ဦးတို့ ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းတိုက်သို့ ရောက်ရှိလာ၏။

တိုက်ပုံအကျီကိုယ်စီ၊ လည်ကတုံးများကိုဝတ်ဆင်လျက် လူရည်သန့်သန့်တွေပါပဲ။

ကျောင်းထိုင်ဆရာလေးနှင့် အရင်ဝင်တွေ့ပြီး ပခုက္ကူမြို့မှရောက်ရှိနေသော ရဟန်း (၃) ပါးအကြောင်းကိုမေး၏။

တွေ့ချင်ပါသည်ဆိုသဖြင့် ဆရာတော်လေးက တွေ့ခွင့်ပေးပါ၏။

ထိုပုဂ္ဂိုလ် (၂) ဦးတို့က ထောက်လှမ်းရေးမှဖြစ်၏။ ပခုက္ကူမြို့မှရောက်ရှိနေကြသော ရဟန်း (၃) ပါးနှင့် တွေ့ဆုံပြီး ကိုယ်ရေးမှတ်တမ်းများကိုယူ၏။

အေးအေးဆေးဆေးနေထိုင်ရန်လည်း ပြောပြ၏။ နောင် နိုင်ငံရေးမလုပ်တော့ပါကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးခိုင်း၏။

ပခုက္ကူမြို့မှ ရဟန်း (၃) ပါးတို့ကလည်း လွယ်လွယ်ကူကူပဲ လက်မှတ်ရေးထိုးပေးခြင်း၊ ထောက်လှမ်းရေးမှ ပုဂ္ဂိုလ် (၂) ဦးတို့သည် ဆရာတော်လေးအား ဦးချကန်တော့ပြီး မြို့သို့ပြန်ကြ၏။

၁၁။

ဘိုကြီးရွာ ပရိယတ္တိစာသင်တိုက်ကြီးမှာ -

၁။ ဆွမ်းစားကျောင်းကိုရင်ကြီး၊
၂။ ဘုန်းတော်ကြီးဦးတေဇ၊
၃။ ကျောင်းထိုင်ဆရာတော်လေး ဦးစန္ဒာ။
၄။ စာချဆရာတော် ဦးဉာဏတေဇ၊
၅။ စာသင်သား ရဟန်းပျို (၂၃) ပါး၊
၆။ ဦးမြ၏သား အရက်သမား ဦးနန္ဒဝံသ၊
၇။ ပခုက္ကူမြို့မှ နိုင်ငံရေးရဟန်း (၃) ပါး။
၈။ အငြိမ်းစား ကျောင်းဆရာမ ဒေါ်ခင်လှလှတို့ နေထိုင်ကြ၏။

လူတန်းစားအသီးသီး၊ အလွှာအသီးသီးမှ ပုဂ္ဂိုလ်များ သာသနာ့ဘောင်သို့ ရောက်ရှိနေကြ၏။

လုပ်ငန်းချင်းမတူ၊ ရည်ရွယ်ချက်ချင်းမတူ၊ အနေအထိုင်ချင်းလည်းမတူညီကြပါ။

ဘုန်းတော်ကြီး ဦးတေဇက ဝိပဿနာတရားကို အချိန်ရှိသရွေ့ မနားမနေအားထုတ်၏။

ကျောင်းထိုင်ဆရာတော်လေးက ချစ်ဦးသူဆရာမ ဒေါ်ခင်လှလှနှင့်မဝနိုင်သောစကားတွေပြောခြင်း၊ ကြည်နူးပြုံးရွှင်ကြ၏။ ကိုရီးယားဇာတ်ကားများကို ကြည့်ကြ၏။

ပခုက္ကူမြို့မှရောက်ရှိလာကြသော ရဟန်း(၃)ပါးကတော့ စာလည်းမကျက်၊ ပုတီးလည်းမစိပ်၊ ဆွမ်းခံလည်းမထွက်၊ နံနက်စောစော ဘီဘီစီ၊ ဘီအိုအေ၊ အာအက်(ဖ်)



www.burmeseclassic.com

www.burmeseclassic.com

တို့ကိုပဲ နားထောင်၏။

တစ်ခါတစ်ရံ ချဲတွက်၍ ချဲထိုးခိုင်းပါသေး၏။

စာချဆရာတော် ဦးဉာဏတေဇကတော့ သူ့တပည့်များ စာမေးပွဲအောင်နိုင်ရေးအတွက် စာပေသင်ကြား၏။ ညဘက်တွင် သူ့ကျောင်းမှာ တစ်ပါးတည်း ဝိပဿနာတရားအားထုတ်၏။

တီဗွီမကြည့်၊ ရေဒီယိုမရှိ၊ နှစ်ထပ်ကျောင်းကြီးပေါ် သို့မသွား။

ကိုရင်ကြီးကတော့ ဆွမ်းစားကျောင်းအလုပ်နှင့် တာဝန်ပိနေ၏။ ညစာအတွက်ပါ ပခုက္ကူမှ ရဟန်း (၃) ပါးအတွက် စီစဉ်ပေးရ၏။

ဦးမြ၏သား မောင်ထင် (ခ) ဦးနန္ဒဝံသကတော့ သူ့ကျောင်းမှာ တစ်ပါးတည်း သီတင်းသုံးနေထိုင်ပြီး ညဘက်မှာ အရက်နှင့်ကြက်သားဟင်း၊ နေ့ခင်းဘက်မှာ ရွာထဲထွက်လည်၊ သူ့ဝိပဿနာတရားအားထုတ်သည်မှာ မည်မျှပေါက်ရောက်နေကြောင်း အာပေါင်အာရင်းသန်သန်နှင့်ပြောပြီးတော့ (၂) လုံး၊ (၃) လုံးထိုး။

ပေါက်သည့်အခါတွင်လည်းပေါက်၊ ရှုံးသည့်အခါလည်းရှုံး၏။သာသနာ့ဘောင်တွင် တွေ့ရ သိရ အလွှာအသီးသီးမှ ရဟန်းတော်များ။

၁၂။

ဟန်ဆောင်ခြင်း၊ ဟန်ဆောင်ခြင်းကို ပါဠိတော်တွင် 'မာယာ၊ သာထေယျ' ဟု သုံးပါ၏။

မာယာသည် ဟန်ဆောင်၏။

သာထေယျသည် ဟန်ဆောင်၏။

မာယာနှင့် သာထေယျမှာ ဟန်ဆောင်ခြင်းအဓိပ္ပာယ်တူကြသော်လည်း လေးနက်မှုက လုံးဝကွာခြားနား၏။

မာယာက မိမိတွင်ရှိနေသော အပြစ်များကို မရှိချင်ယောင်ဟန်ဆောင်၏။

ကျောင်းထိုင်ဆရာတော်လေးက မာယာဖြင့် သီတင်းသုံး၏။

သာထေယျက မိမိတွင်မရှိသော ဂုဏ်ကို ရှိချင်ယောင်ဟန်ဆောင်၏။

ကျောင်းထိုင်ဆရာတော်လေး၏ အစ်ကိုဝမ်းကွဲတော်သူ ဦးမြ၏သား အရက်သမား ဦးနန္ဒဝံသကတော့ သူ တရားထူးရနေသလိုလို ရွာထဲမှာပြော၏။

သူ့ရဟန်းက 'သာထေယျ' ဖြင့် သီတင်းသုံး၏၊ နေထိုင်၏။

သံသရာအရေး၊ နောင်ဘဝကို မကြောက်ကြသူများပင် ဖြစ်ကြ၏။

၁၃။

ကျောင်းထိုင်ဆရာတော်လေး မြို့သို့ (၃) ညအိပ်ခရီးသွားရမည်။ မြို့နယ်သံဃနာယကအဖွဲ့ စည်းဝေးပွဲနှင့် ပြန်လည်ရွေးချယ်ပွဲရှိ၏။

ပခုက္ကူမြို့မှ ဦးပဋ္ဌင်းဦးမောင်ကျော်ကျော်နှင့် ဆရာမဒေါ်ခင်လှလှတို့က ညစဉ်ညတိုင်း ဆရာတော်လေး၏ နှစ်ထပ်ကျောင်းကြီးပေါ်မှာ တီဗွီကြည့်ရင်းဆုံကြ၏။

နောက်ဆုံးတော့ ဦးမောင်ကျော်ကျော် သိက္ခာမချဘဲ သူ့ဟာသူ လူထွက်လိုက်၏။ ပြီးတော့ ဆရာမဒေါ်ခင်လှလှကို ပခုက္ကူမြို့သို့ အပြီးအပိုင်ခိုးပြေးပါတော့၏။

ကျောင်းထိုင်ဆရာတော်လေး မြို့မှ ပြန်ကြွလာသောအခါ အဖြစ်အပျက်အလုံးစုံကို သိသွားရပါသဖြင့် မစားနိုင် မသောက်နိုင် တမှိုင်မှိုင်တတွေတွေနှင့် တီဗွီပါမကြည့်နိုင်တော့။

ရွာထဲမှာ သာရေး၊ နာရေးများကို ပါမလိုက်တော့ပါ။ နေ့နေ့ညညသောကကို ရင်ဝယ်ပိုက်လျက် ချစ်ဦးသူ ဆရာမကိုပဲ တမ်းတနေမိ၏။ မြင်ယောင်နေမိ၏။

ရဟန်းတော်တစ်ပါး၏ အချစ်ဝေဒနာပါပဲ။

၁၄။

တစ်ညနေခင်း ဘိုကြီးရွာ ပရိယတ္တိစာသင်တိုက်ကြီးအတွင်း ပြဿနာတစ်ခုက ပေါ်လာပြန်၏။

အရက်သမားဦးမြ၏သား ရဟန်း ဦးနန္ဒဝံသ၏(၈၀)သားခန့်အရွယ် ကြက်တစ်ကောင်ပျောက်၏။ ဦးနန္ဒဝံသက ကိုရင်ကြီးခိုးသည်ဟု စွပ်စွဲ၏။ ကိုရင်ကြီးကလည်း ငြင်း၏။

ဦးနန္ဒဝံသဆွမ်းစားကျောင်းထဲဝင်ကြည့်တော့ ကြက်သားဟင်းအိုးကြီးက အနံ့တထောင်းထောင်း။ ဦးနန္ဒဝံသ ဘာတစ်လုံးမှမပြောဘဲ သူ့တစ်ပါးကျောင်းလေးသို့သွားပြန်၏။

အကြံနှင့်နေသော ဦးနန္ဒဝံသသည် ညဘက်တွင် အရက်ကိုမူးအောင်သောက်၏။ ကိုရင်ကြီး ကုဋီတက်သောအခါ အလစ်ကိုချောင်းနေပြီး ကိုယ်တော်ကြီးက ကိုရင်ကြီးကို ဓားမြှောင်ဖြင့်ထိုး၏။ ကိုရင်ကြီး သွေးတွေသံတွေထွက်၍ ထိုနေရာမှာပင် အသက်ဆုံးရရှာ၏။

နံနက်မိုးလင်းတော့ ဘိုကြီးရွာတစ်ရွာလုံး ဤသတင်းက ပျံ့နှံ့သွားရ၏။

မြို့မှရဲများရောက်လာ၏။ ဦးနန္ဒဝံသကိုစစ်ဆေးတော့ သူ့ဓားနှင့်ထိုးကြောင်း ဝန်ခံ၏။ ယင်းကြောင့် ဦးနန္ဒဝံသကို လူဝတ်လဲစေပြီး မြို့ရဲစခန်းမှာ ချုပ်ထားလိုက်၏။

ကိုရင်ကြီး၏ အလောင်းကို မြို့ဆေးရုံသို့ပို့ရ၏။ စစ်ဆေးပြီးအလောင်းပြန်ပေးပါ၏။ ကိုရင်ကြီး၏ အလောင်းကိုလည်း ကောင်းမွန်စွာမီးသင်္ဂြိုဟ်ပေးကြ၏။

အမှန်စင်စစ် ဦးနန္ဒဝံသ၏ကြက်ကို ခိုးယူချက်စားသည်မှာ ကိုရင်ကြီးမဟုတ်ပါ။ ကိုရင်ကြီးက ဝင့်ရှိ၍ခံရခြင်းဖြစ်ပါ၏။

ကြက်ခိုးချက်စားသူများက ပခုက္ကူမြို့မှ ရဟန်းတော် (၃) ပါးတို့ပင် ဖြစ်၏။ သို့သော် ဤပြဿနာအမှန်ကိုတော့ မည်သူမျှမသိကြ။

ယခုတော့ ကိုရင်ကြီးလည်းပျံလွန်ခဲ့ရပြီး အရက်သမားဦးမြသား မောင်ထင်လည်း ထောင်အနှစ် (၁၀)ကျသွားရလေပြီ။

အကုသိုလ်ဆိုသည်မှာ တစ်ခါတစ်ရံ အလုံးအရင်းနှင့်ဝင်လာတတ်၏။

၁၅။

ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းမှာ သီတင်းသုံးတော်မူသော ဘုန်းတော်ကြီးဦးတေဇ တောထွက်တော်မူလေပြီ။

ကျောင်းထိုင်ဆရာတော်လေးထံမှာ ခွင့်ပန်ပြီး ဘိုကြီးရွာမှ ဘိုလေးရွာတစ်ဖက်ကမ်းသို့ လှေကူးကတို့ဖြင့်ကူး၏။

ဘိုလေးရွာနှင့် မိုင် (၂၀) ခန့်မျှ လောက်ဝေးကွာသောအရပ်တွင် တောတောင်တန်းများရှိ၏။ ထိုတောတောင်တန်းများတွင် ကရင်တိုင်းရင်းသားတချို့နှင့် ရှမ်းတိုင်းရင်းသားတချို့တို့ နေထိုင်ကြ၏။ဥယျာဉ်ခြံမြေလုပ်ကိုင်စားကြ၏။

ဘုန်းတော်ကြီး ဦးတေဇသည် သင်္ကန်းတစ်စုံ၊ နှစ်ထပ်သင်္ကန်းကြီးတစ်ထည်၊ သပိတ်တစ်လုံးမျှသာယူဆောင်လျက် ထိုတောတောင်သို့ကြွ၏။

ကရင်အမျိုးသားများက တောင်ခြေတောစပ်တွင် တစ်ပါးတည်း ထိုင်ကျောင်းလေးတစ်ကျောင်း ဆောက်လှူ

www.burmeseclassic.com

ကြ၏။

ဘုန်းတော်ကြီးဦးတေဇက ထို ဥယျာဉ်တဲလေးအိမ်များတွင် ဆွမ်းခံထွက်၍ အချိန်ရှိသမျှကမ္မဋ္ဌာန်းဘာဝနာ တရားကိုသာ ရှုပ်ရှုပ်ချွံချွံ မနားတမ်း အားထုတ်တော့ပါ၏။

၁၆။

ကံကြမ္မာကား ဆန်းကြယ်လှ၏။ ကံအရာသည် အလွန်လေးနက်၏၊ သိရန်ခက်၏၊ ကံကို တုပစီမံသူသည် မိမိသာဖြစ်၏၊

မည်သည့်နတ်ဗြဟ္မာသိကြားများကမှ မဖန်တီးပေးပါ။

ကံကို အမိန့်ပေးသူမရှိ၊ တရားစီရင်သူ တရားသူကြီးမရှိ၊ မိမိပြုလုပ်သော ကောင်းကံ၊ ဆိုးကံသည် မိမိသာ တရားသူကြီး၊ မိမိသာ တရားခံဖြစ်၏။

(၁)နှစ်ခန့်ကြာသောအခါ ပခုက္ကူမြို့မှ ဆရာမဒေါ်ခင်လှလှ ဘိုကြီးရွာ ဘုန်းတော်ကြီးကျောင်းတိုက်ကြီးသို့ ပြန်ရောက်လာတော့၏။

ကိုယ်မှာလည်း ရွှေတွဲလွဲငွေတွဲလွဲတွေနှင့် ချစ်ဦးသူဆရာတော်လေး၏ ခြေစုံကိုဖက်ပြီးအဖြစ်အပျက်အကြောင်းစုံကိုပြောပြ၏။ မျက်ရည်တွေတလည်းဝဲနေ၏။

ကျောင်းထိုင်ဆရာတော်လေးအပ်ထားသည့် ငွေသိန်း (၅၀) ကိုလည်း ပြန်ပေး၏၊

ဦးမောင်ကျော်ကျော်တွင် မယားကြီးရှိ၏။ ကလေးနှစ်ယောက်ပင်ရှိနေလေပြီ။

ဦးမောင်မောင်ကျော် ရှမ်းပြည်နယ်ဘက်တွင် လူဝင်မှုကြီးကြပ်ရေးဌာန၌ အမှုထမ်းခဲ့စဉ်က ရှမ်းပြည်နယ်ဘက်မှ ရှမ်းမတစ်ယောက်နှင့် အိမ်ထောင်ကျခဲ့၏။ ယခု ထိုမယားကြီး ရှမ်းမက သားလေးနှစ်ဦးကိုလက်ဆွဲလျက် ဦးမောင်ကျော်ကျော်တို့အိမ်သို့ ရောက်လာ၏။

ယင်းကြောင့် ဆရာမဒေါ်ခင်လှလှသည် ပခုက္ကူမြို့မှ အပြီးပြန်လာတော့ခြင်းဖြစ်၏။

ကျောင်းထိုင်ဆရာတော်လေးကလည်း ချစ်သူပေါင်းပြန်လာသဖြင့် ခွင့်လွှတ်ပါ၏။ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်သွားရ၏။

ယခင်ကကဲ့သို့ပင် ချစ်သူနှစ်ဦး ကျောင်းကြီးပေါ်မှာ ပျော်ပျော်ပါးပါး ကြည်ကြည်နူးနူးပါပဲ။ ဗွီဒီယိုကြည့်မပျက်၊ စကားပြောမပျက်။

ယခုတော့ ကျောင်းထိုင်ဆရာတော်လေး ဆွမ်းလည်းဘုဉ်းပေးပြီး၊ တီဗွီလည်းပြန်ကြည့်ပြီး အကုသိုလ်ကံဆိုသည်ကို စဉ်းစားကြဟန်ပင်မရှိတော့ပါ။

၁၇။

ချစ်သူနှစ်ဦး ပျော်ရွှင်ကြည်နူးမှုက တစ်နှစ်ပင်မခံလိုက်ကြပါ။

အကုသိုလ်ကံကြမ္မာဆိုးက ချစ်သူနှစ်ဦးထံသို့ နတ်ဆိုးပူးသလို ဝင်ပူးပါတော့၏။

ကျောင်းထိုင်ဆရာတော်လေးမှာ တစ်ကိုယ်လုံးလိုလို အနာတွေပေါက်လာ၏။ ဆရာမဒေါ်ခင်လှလှမှာလည်း ရင်ဘတ်မှာ၊ ပေါင်ခြံမှာ အနာတွေပေါက်လာ၏။

ဘာအနာတွေမှန်း မသိကြပါ။ ဆေးမြီးတိုဖြင့်ကုသရာ မပျောက်ကြပါ။ နောက်ဆုံးတော့ မြို့ဆေးရုံသို့ နှစ်ယောက်သားသွားပြကြရ၏။

မြို့ဆေးရုံက သွေးစစ်ပါပြီ တွေ့ရပါပြီ နှစ်ဦးလုံး HIV ပိုးတွေ့ပါတယ်တဲ့။ ယခုတော့ ချစ်သူနှစ်ဦး AIDS ကူးစက်ရောဂါပိုးကြီးကို ခံစားနေရလေပြီ၊

မြို့ဆေးရုံမှာ ဆေးမရှိသဖြင့် ခရိုင်ဆေးရုံကြီးသို့ ဆက်သွားရ၏။ ခရိုင်ဆေးရုံကြီးမှ သောက်ဆေးများ တစ်လစာပေးလိုက်၏။

ဤရောဂါကား ဆရာမဒေါ်ခင်လှလှထံမှ ကျောင်းထိုင်ဆရာတော်လေး ရရှိသောရောဂါဖြစ်၏။

ဆရာမဒေါ်ခင်လှလှကလည်း လူရုပ်လူချော ဦးမောင်ကျော်ကျော်ထံမှ ရရှိခဲ့ခြင်းဖြစ်ပါ၏။

ယခုတော့ ချစ်သူနှစ်ဦးသောကတွေရင်ဝယ်ပိုက်လျက် နောင်တတွေ



ကိုယ်စီကိုယ်င။

ရောဂါကကျွမ်း၊ စိတ်ကနွမ်းနေကြ၏၊ မစားနိုင်ကြမသောက်နိုင်ကြ၊ မအိပ်နိုင်ကြ။

တီဗွီလည်းမကြည့်တော့ပါ။ မစား မသောက်၊ မအိပ်ကျတော့ အာဟာရက တစ်နေ့တခြားချို့ယွင်းလာ၏။ အာဟာရတွေမရှိတော့ ခုခံအားတွေကနေ့ရှိသရွေ့ ကျဆင်းလာပါတော့၏၊

မသိစေချင်သော ဤသတင်းမျိုးကိုမှ ဘိုကြီးရွာရွာသူရွာသားများက မြို့ဆေးရုံမှတစ်ဆင့် ကြားခဲ့ရပြန်၏။

ဤသတင်းဆိုးကြီးကို ကြားသိရသော ဦးလေးတော် ဦးမြက ဘုန်းတော်ကြီးကျောင်း တူတော်မောင်ထံသို့ ရေကြီးသုတ်ပျာရောက်လာ၏။

"ဘာမှအားမငယ်ကြနဲ့။ ရောဂါရှိရင် ဆေးရှိတယ်။ ဘယ်သူတွေက ဘယ်လိုဝေဖန်ဝေဖန် ဂရုစိုက်မနေကြနဲ့"

"ဆေးကို မှန်မှန်သောက်ကြ၊ အစားကိုမှန်မှန်စားကြ။ ဒီရောဂါဖြစ်တဲ့သူတွေ မြို့မှာအများကြီးပဲ။ ဘာမှမစိုးရိမ်ကြပါနဲ့။ ငွေလိုရင်ပြော၊ ဦးလေးငွေထုတ်ပေးမယ်"

ဦးလေးတော် ဦးလေးမြ၏ အားပေးစကား။ ဦးလေးက မည်မျှပင်အားပေးအားပေး ဤရောဂါမျိုးရရှိပြီဆိုလျှင် သေဖို့ရာနီးစပ်၏။ ဒါကို သူတို့ချစ်သူနှစ်ဦးလည်းသိပါ၏၊

နှစ်ဦးလုံး သေခြင်းကို မကြောက်ကြပါ။ သို့သော် လူအများကဲ့ရဲ့ပြစ်တင်ရှုတ်ချကြသည်ကိုတော့ တွေးလေ ဆွေးလေ သောကတွေပွေလေလေ ရင်ထဲကနာလေလေ။

မအိပ်နိုင်၊ မစားနိုင်၊ မသောက်နိုင်သဖြင့် ရောဂါပို၍ပို၍တိုးလာမည်မှာ မလွဲကေန်ပါပဲ၊

ဝိပဿနာတရားအပြကောင်းတဲ့ ကျောင်းထိုင်ဆရာတော်လေး သူ့ရောဂါကို ဘုရားဆေးနှင့်မကု၊ ပူဆွေးသောကဆေးနှင့်သာကုသ၏။

သည်တော့ ရောဂါက ပို၍ပို၍ဆိုးလာတော့၏။ တစ်ဦးတည်းမဟုတ်ပါ၊ ကျောင်းထိုင်ဆရာတော်လေးနှင့် ဆရာမပါ ပါဝင်နေ၏။

၁၈။

ညဉ့်ကနက်လေပြီ။ ကျောင်းတိုက်ကြီးတစ်တိုက်လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ လေတိုက်သံ၊ သစ်ရွက်ကြွေသံတွေသာ ခပ်သဲ့သဲ့ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းထိုင်လေးအိပ်မပျော်ပါသဖြင့် စာတစ်စောင်ကောက်ရေးသား၏။

သူငယ်ချင်း ဦးဉာဏဓဇ

တပည့်တော်ကို ခွင့်လွှတ်တော်မူပါဘုရား။ တပည့်တော်က ဤဘဝမှာ ကြာကြာနေရတော့မည်မဟုတ်ပါဘုရား။

တပည့်တော်မရှိသည့်နောက် ဤကျောင်းတိုက်ကြီးကို စောင့်ရှောက်ပေးတော်မူပါဘုရား။ ရိပ်သာပါဆက်ဖွင့်ပါဘုရား။

ဘုရားတပည့်တော်ကျောင်းသော့၊ မှော်ရုံသော့၊ သေတ္တာသော့တွေပါအပ်ခဲ့ပါတယ်ဘုရား။

ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းကြီး၏ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်ကြီးကိုပါ ဆက်လက်ပြီး ရှင်သန်နေရန် ဆောင်ရွက်တော်မူပါဘုရား။

သူငယ်ချင်းမိုက်
ဓမ္မ

ကျောင်းထိုင်ဆရာတော်ကလေးသည် စာကိုရေးပြီး သုံး၊ လေးခါပြန်ဖတ်၏။ စာအိတ်ထဲထည့်၏။ ကော်ကပ်၏။

နံနက်မိုးလင်းတော့ သူငယ်ချင်းတိုက်ကျောင်းလေးသို့သွား၏။

မိမိဘဝဖြစ်ကြောင်းကုန်စင်အားလုံးကိုပြောပြ၏။ မျက်ရည်တွေကလည်းဝဲနေ၏။ ဖြာကျစီးဆင်းနေ၏။

"တပည့်တော်တို့နှစ်ယောက် ဒီနေ့ပဲ ဘိုလေးရွာဘုန်းကြီးကျောင်းမှာသွားနေပါ့မယ်ဘုရား။ အဲဒီနေရာမှာ မြန်မာဆေးကောင်းကောင်းရှိတယ်လို့ သတင်းကြားရပါတယ်ဘုရား"

"ဒီသော့ကြီးက ကျောင်းသော့ပါဘုရား။ ဒီကရိပ်သာမှော်ရုံသော့ပါဘုရား။ ဒါက သေတ္တာသော့ပါဘုရား"

"ဒါကတော့ တပည့်တော်ရေးသားထားတဲ့စာပါ ဘုရား"

သော့တွဲတွေကိုကမ်း၏။ စာအိတ်ကိုပေး၏။

ဦးဉာဏဓဇက သော့တွဲတွေကိုယူပြီး စာကြည့်စားပွဲမှာတင်၏။ ကမ်းလာသော စာအိတ်လေးကိုလည်း စားပွဲပေါ်မှာပဲတင်ထားလိုက်၏။

"ကိုယ်တော် ဖြစ်ပျက်ခဲ့သမျှတရားအပေါင်းတို့ဟာ အနိစ္စပါပဲ၊ မမြဲကြပါဘူး။ အနတ္တတရားကိုဆင်ခြင်ပါ။ နှလုံးသွင်းပါ"

သူငယ်ချင်းက တရားပြ၍ ပြော၏။

"မှန်လှပါဘုရား"

စာချဆရာတော် ဦးဉာဏဓဇကို ရှိခိုးပြီး ကျောင်းမှထွက်တော့၏။

ဘိုကြီးရွာချောင်းလေးကို လှေကူးတို့ဖြင့် နှစ်ဦးသားကူးကြ၏။

၁၉။

ဘိုလေးရွာ ကျောင်းထိုင်ဆရာတော်ကြီးက ဆေးလာကုကြသဖြင့် နေချင်သလောက်နေကြပါဟု မိန့်တော်မူ၏။

ရှင်သာမဏေလေးများကကျောင်းထိုင်ဆရာတော်လေးကို သီးခြားအခန်းတစ်ခန်းဆောင်ရွက်ပေး၏။

ဆရာမအတွက်တော့ ဆွမ်းစားကျောင်းဇရပ်ထဲက အခန်းတစ်ခန်းမှာနေထိုင်ရန် စီစဉ်ပေးကြ၏။

ကျောင်းထိုင်ဆရာတော်ကလေးတစ်ညလုံးအိပ်မပျော်ခဲ့ပါ။ ဆွမ်းလည်းမဘုဉ်းပေး၊ ဆေးလည်းမသောက်၊ သူ၏အသားအရေက ခန်းခြောက်နေလေပြီ။

အုန်းမောင်းခေါက်သံတွေကြားရသည်အထိ အိပ်၍မရ။ ယင်းကြောင့်ချစ်ဦးသူနေထိုင်သောဇရပ်သို့သွား၏။

ဆရာမကလည်း သူ့အတိုင်းပါပဲတစ်ညလုံးမအိပ်ခဲ့။ အမိုးပေါ်အရည်တင်နေလေပြီ။

ရောဂါလည်းကျွမ်းပြီ၊ လူလည်းနွမ်းကြလေပြီ၊ စိတ်လည်းပင်ပန်းနေကြလေပြီ။ သူတို့နှစ်ဦးဖယောင်းတိုင်ထုပ်၊ အမွှေးတိုင်ထုပ်တို့ကို ကိုင်ဆောင်ပြီး ကျောင်းဝင်းအတွင်းမှ ကိုးနဝင်းစေတီတော်သို့သွားကြ၏။

ဘုရားမီးထွန်း၊ အမွှေးတိုင်ထွန်း၊ သောက်တော်ရေကပ်ပြီး နှစ်ဦးသားဘုရားဝတ်ပြုကြ၏။ ဆုတွေလည်းတောင်းကြ၏။ ဘာဆုတွေတောင်းကြသည်လဲတော့မသိပါ။

ပြီးတော့ ဘုရားစေတီမှာကပ်ထားသည့် သောက်တော်ရေဖန်ခွက်နှစ်ခွက်ကိုယူ၏။ အသင့်ပါလာသော ဆေးမှုန့်များကို ဖန်ခွက်နှစ်ခွက်ထဲသို့ ဖျော်ထည့်၏။

ပြီးမှ ချစ်သူနှစ်ဦးတို့ ပြိုင်တူသောက်ကြ၏။ အဆိပ်တွေ၊ အဆိပ်တွေ။

နံနက်လင်းတော့ ဘုရားစေတီနားမှာ ချစ်သူနှစ်ဦးတို့ သေပွဲဝင်နေကြသည်ကို ကိုရင်လေးများကစ၍ တွေ့မြင်ကြရ၏။

တွေ့တွေ့ချင်း ဆရာတော်ကြီးကို ပြေးလျှောက်တင်ပြ၏။ ဆရာတော်ကြီးလည်း တွေဝေသွားရ၏။ သူတော်ကောင်းသူ့ရွာအမှုပတ်မှာတို့ ဖိုးရိမ်တန်တုံး၏။

ယင်းကြောင့် ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းသို့ ဒေတာသွတ်ပြီး အကြောင်းကြားခိုင်း၏။

ဘိုကြီးရွာမှ ဦးလေးတော်သူ ဦးမြ ချက်ချင်းပဲ ဘိုလေးရွာသို့ လိုက်ပါလာ၏။

ဦးလေးတော်သူဦးမြ၏ စီစဉ်မှုဖြင့် ဤအလောင်း (၂) လောင်းကို ဘိုလေးရွာသုသာန်မှာပဲ မြေတွင်းချင်းသင်္ဂြိုဟ်လိုက်တော့၏။

(၇) ရက်ပြည့်တော့ ဘိုလေးရွာဘုန်းတော်ကြီးကျောင်းမှာလည်း ဆွမ်းသွတ်အမျှဝေပေး၏။

ဘိုကြီးရွာဘုန်းတော်ကျောင်းမှာလည်း ဆွမ်းသွတ်အမျှဝေပေး၏။

၂၀။

သေသည့်သူက သေကြလေပြီ။ သို့သော် အမှုကိစ္စပေါ်လာပြန်၏။ မြို့မှရဲများ ရောက်လာပြီး ဦးမြကိုခေါ်၍ ဘိုလေးရွာဘုန်းတော်ကြီးကျောင်းသို့သွားကြ၏။

သူတို့သေဆုံးနေသည့်နေရာကိုမေး၏။ ကိုရင်လေးများက ပြပါ၏။ သူတို့နှစ်ဦးသောက်ထားသည့်ဖန်ခွက်ကို နမ်းကြည့်တော့ ဆေးနံ့ရ၏။ ယင်းကြောင့် ဖန်ခွက်နှစ်လုံးကို မြို့သို့ယူ၏။ ဓာတ်ခွဲခန်းသို့ပို့၏။

ဓာတ်ခွဲခန်းမှူး အဖြေရသည်။ အဆိပ်တွေတဲ့။

ယင်းကြောင့် အလောင်းကိုချက်ချင်းမီးသင်္ဂြိုဟ်ရန်စီစဉ်ခဲ့သည့်ဘိုကြီးရွာမှ ဦးမြကို ရဲတွေကဖမ်း၏။

မြို့အချုပ်မှာချုပ်၏။ ဦးမြအမှုပိတ်ရန် ငွေတစ်သိန်းကုန်မှ ပြန်လွတ်ရတော့၏။

ယခုတော့ ဦးမြမှာ တူကျောင်းထိုင်ဆရာတော်လေးလည်း သေပွဲဝင်ရပြီ။ သားမောင်တင်လည်း ထောင်နန်းစံနေရပြီ။ မိမိကိုယ်တိုင်ကလည်း ငွေတစ်သိန်းကုန်ရပြန်ပြီ။ အကုသိုလ်တွေက ဆက်တိုက်ဆက်တိုက်ပါပဲလား။

အပိုင်း (၃)

ဘိုကြီးရွာဘုန်းတော်ကျောင်းမှာ ကျောင်းထိုင်တစ်ပါးလိုအပ်လာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

အများသဘောတူ လက်ရှိစာချ ဆရာတော်ဦးဉာဏတေဇကိုပဲ ကျောင်းအပ်ကြပါတော့၏။

ကျောင်းအပ်ပွဲနေ့က ဦးဉာဏတေဇက ရွာလူကြီးများနှင့် ရွာသူရွာသားများကိုခေါ်ယူ၏။

အောက်ပါအတိုင်း ဟောပြော၏။

"ဒကာကြီးတို့ ဒကာမကြီးတို့ ဤဘိုကြီးရွာကျောင်းတိုက်ကြီးအတွင်းမှာ အခုလို မကောင်းတဲ့အနိဋ္ဌာရုံတွေဖြစ်ရတာ ဘာကြောင့်ပါလဲသိကြရဲ့လား"

"မသိပါဘုရား"

ရွာလူကြီးများက ဖြေဆိုကြ၏။

"ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ကောင်းမွန်ဖို့ရာ၊ အရှည်တည်တံ့ဖို့ရာဆိုရင် ကျောင်းထိုင်က အဓိကပါပဲ။

ခု ဘိုကြီးရွာကျောင်းထိုင်လေးက သဘောကောင်းတယ်။ ကျောင်းမှာ စည်းကမ်းမထားဘူး၊ ဒါဟာ အဓိကအချက်ပါပဲ။ ဦးပဉ္စင်းကို ကျောင်းထိုင်တင်ရင်တော့ ဦးပဉ္စင်းကစည်းကမ်းချရမှာပဲ"

"ကောင်းပါတယ်ဘုရား"

ရွာသားများ၏အသံ။

"ပျံလွန်သွားတဲ့ဦးစန္ဒာက ဦးပဉ္စင်းကို ကျောင်းသော့၊ မှော်ရုံသော့၊ သေတ္တာသော့တွေကိုအပ်ခဲ့ပါတယ်။ စာလည်းတစ်စောင်ရေးခဲ့ပါတယ်။ သေတ္တာကိုဖွင့်ကြည့်လိုက်တော့ ငွေသိန်း (၁၂၀) တွေ့ရပါတယ်"

"ဒီပရိသတ်ထဲမှာ ဦးပဉ္စင်းလေးရဲ့ ဦးလေးတော်ဦးမြပါပါသလား"

"ပါပါတယ်ဘုရား"

"ဒီငွေတွေဟာ ဦးပဉ္စင်းလေးရဲ့ငွေတွေဖြစ်နေတော့ ဦးလေးတော်စပ်သူ ဦးမြကပဲ ထိန်းသိမ်းထားမယ်လား"

"ဒီငွေတွေက တပည့်တော်နဲ့ မဆိုင်ပါဘုရား။ အရှင်ဘုရားကိုသော့အပ်ထားလို့ အရှင်ဘုရားနဲ့ပဲ ဆိုင်ပါတယ်ဘုရား"

"ကောင်းပြီ၊ သူ့စာထဲမှာ စာသင်တိုက်ကြီးလည်း ဆက်ဖွင့်ပေးပါ၊ ရိပ်သာကိုမပျက်မကွက် နှစ်စဉ်နှစ်တိုင်း ဆက်ဖွင့်ပေးပါတဲ့။

ဒီတော့ ဦးပဉ္စင်းကျောင်းက အကြီးတန်းအောင်ထားတဲ့ ရဟန်းတော်တစ်ပါးရှိပါတယ်၊ သူ့ကို မိုးကုတ်ဝိပဿနာရိပ်သာကိုပို့ပါတယ်၊ သူ့ကိုတတ်ကျွမ်းနားလည်တဲ့အထိ ဝိပဿနာသင်တန်းတက်ခိုင်းပါမယ်"

"ကောင်းလှပါတယ် ဘုရား"

"နောက်တစ်ခုရှိသေးတယ်။ ဟိုပခုက္ကူဘက်က ဒီမှာလာပြီး သီတင်းသုံးနေကြတဲ့ နိုင်ငံရေးဘုန်းကြီး (၃) ပါးကိုလည်း ဦးပဉ္စင်း တစ်ပါးကို (၅) သောင်းစီ လမ်းစရိတ်ပေးပြီးပြန်လွှတ်လိုက်ပါပြီ"

"အလွန်ကောင်းပါတယ်ဘုရား"

"ဦးပဉ္စင်းတို့ဘိုကြီးရွာ ပရိယတ္တိစာသင်တိုက်ကြီးရဲ့ စည်းကမ်းတွေကို ဖတ်ပြမယ်"

"ဖတ်ပြပါဘုရား"

"၁။ ဤကျောင်းတိုက်မှာ စာသင်လိုကြသော ရဟန်း၊ ရှင်သာမဏေ မှန်သမျှတို့သည် အကျင့်စာရိတ္တကောင်းရမယ်။

၂။ ကျောင်းတိုက်ကြီးရဲ့ ထုတ်ပြန်ထားတဲ့စည်းကမ်းကို လိုက်နာရမယ်။

၃။ ဤကျောင်းတိုက်မှာ စာသင်ချင်လျှင် ပထမစစ်ဆေးခြင်းကိုခံရမယ်။

၄။ မြတ်စွာဘုရားရှင် ချမှတ်ထားတဲ့ ဝိနည်းတော်နဲ့အညီ နေထိုင်ရမယ်။

၅။ အဆင့်မြင့်မြင့်အောင်တဲ့ ရဟန်းရှင်သာမဏေကို ဆုငွေချမယ်။

၆။ ဒုလ္လဘရဟန်းခံ၊ ရှင်ပြုကြလျှင် စာသင်ချိန်ပိတ်ရက်သာလက်ခံမယ်။

၇။ အရက်ဖြတ်လို၍ ရဟန်းခံလိုသူများကို လက်မခံပါ။

၈။ ဒုလ္လဘရဟန်းတော်များသည် ရဟန်းဘောင်တတ်လျှင် ဝိပဿနာတရားအားထုတ်ရမယ်။

၉။ ရှင်သာမဏေတွေလည်း အားထုတ်ရမယ်။



၁၀။ ရှင်သာမဏေအသစ်တွေထဲက စာသင်ချင်ရင်လက်ခံမယ်။

၁၁။ ရဟန်းနှင့်ရှင်သာမဏေ (ဒုလ္လဘများ) တစ်လသာ ဝတ်ခွင့်ပေးမယ်။

၁၂။ မည်သည့်သားသမီးမဆို ညအိပ်ညနေကျောင်းသို့မလာရ၊ အလှူအတန်းရှိပါက ညအိပ်ခွင့်ပြုပါမယ်။

၁၃။ ကျောင်းစည်းကမ်းအား ဖောက်ဖျက်ပါက မည်သူ၏ရဟန်း၊ သာမဏေမဆို ဤကျောင်းတိုက်မှ နှင်ထုတ်ပါမယ်။

စည်းကမ်း ဒီ (၁၃) ချက်ပါပဲ။ ဒကာကြီးတို့ မြင်ချင်ရင်လည်းမြင်ပါ။ ဖြည့်စရာရှိရင်လည်း ဖြည့်စွက်ပါ"

"ကောင်းလှပါတယ် ဘုရား။ မြင်စရာလည်းမရှိပါ၊ ဖြည့်စွက်စရာလည်း မရှိတော့ပါဘုရား"

ရွာလူကြီး၏အသံ။

"ဒါဆို သာဓု (၃) ကြိမ်ခေါ်ဆိုပြီး အစည်းအဝေးပွဲသိမ်းပါမယ်"

"သာဓု. . . သာဓု. . . သာဓု"

"အားလုံး ရွာသူရွာသားများ ညီညီညာညာဆိုကြပါ။ ဦးပဉ္စင်းတိုင်ပေးပါမယ်"

"ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"

(၃) ကြိမ်။

"မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး အဓွန့်ရှည်ပါစေသတည်း"

"သာဓု. . . သာဓု. . . သာဓု"

## အပိုင်း (၄)

### ၁။

ဘိုကြီးရွာသုသာန်ဇရပ်မှာ ဘိုကြီးရွာသား တောထွက်ရဟန်းကြီးဦးတေဇ ပြန်ရောက်နေကြောင်း ရွာသူရွာသားများပြောနေကြ၏။

ထိုသတင်းသည် ဘိုကြီးရွာကျောင်းထိုင်ဆရာတော် ဦးဉာဏတေဇထံသို့ရောက်ရှိလာ၏။

ယင်းကြောင့် ကျောင်းထိုင်ဆရာတော်သည် သုသာန်သို့သွား၍ ဘုန်းတော်ကြီးဦးတေဇအား ကျောင်းတွင်သီတင်းသုံးတော်မူရန် ပင့်ပါ၏။

သို့သော် ဘုန်းတော်ကြီးဦးတေဇက -

"ရွာသို့ပြန်လာသည်မှာ သီတင်းသုံးရန်မဟုတ်ပါကြောင်း၊ သူ၏ခန္ဓာဝန်ကို မိမိဇာတိမြေမှာ ပြန်ချကြောင်း"

လျှောက်ထားပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဘိုကြီးရွာထဲတွင် ရွာသူရွာသားများ ဘုန်းကြီးဦးတေဇ (ဝါ) ရွာအခေါ် (တာကော့ဘုန်းကြီး၊ဘုန်းကြီးတာကော့) ဘာရည်ရွယ်ချက်တွေနှင့် ရွာသို့ ပြန်လာရပါသလဲ။

စသည်စသည်ဖြင့် တစ်ယောက်တစ်ပေါက် မိမိထင်မြင်ကြသလို ဝေဖန်ကြပါ၏။

ဘိုကြီးရွာ အစိုးရ အလယ်တန်းကျောင်းတွင်လည်း ဆရာ၊ ဆရာမတချို့က အမျိုးမျိုးယူဆ၍ဝေဖန်ကြ၏။

ဘိုကြီးရွာဇာတိ၊ ဆရာမလေးတစ်ဦးက -

"တာကော့ဘုန်းကြီး၊ ဘုန်းကြီးတာကော့တော့ တောထွက်သွားပြီးမှ ပြန်လာတာ ငှက်ဖျားပဲမိလာလို့လား၊ ကျောင်းထိုင်ပဲလုပ်ချင်လို့လားမှမသိတာ"

ဟု ပြောလေ၏။ ဝေဖန်လေ၏။

ဘိုကြီးရွာသား ကျောင်းဆရာတစ်ဦးကတော့ -

"တောထွက်တယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ ဘုန်းကြီးကအသက်ကြီးပြီ။ အရွယ်လည်းထောင်းနေပြီ။ ငှက်ဖျားမိလို့ပဲ ပြန်လာတာဖြစ်မှာပေါ့"

ဟူ၍ တစ်မျိုး ဝေဖန်ပြန်၏။

ဘာသာရေးစာပေတွေဖတ်လေ့ရှိသော တစ်နယ်တစ်ကျေးမှ ကျောင်းဆရာ ဦးဘုန်းမင်းမြတ်က စကားအနည်းငယ်ဝင်ပြော၏။

"ဆရာ၊ဆရာမတို့ သူတော်ကောင်းရဟန်းတော်တစ်ပါးပါးကို မသိဘဲနဲ့ ဝေဖန်တာ အပြစ်ကြီးပါတယ်"

"ဆရာက ဘာသိလို့လဲ။ ဆရာက ဘိုကြီးရွာဇာတိမှမဟုတ်တာ။ တပည့်တော်တို့က ဘိုကြီးရွာဇာတိ၊ တပည့်တော်တို့ငယ်ငယ်က တာကော့ဆို သိပ်ကြောက်တာပဲ။အရက်ကလည်းသောက်တယ်၊ အဆဲကလည်းသန်တယ်ဆရာရဲ့"

ဘွဲ့ရပညာတတ်ဆရာမလေးက ဝင်ပြောပြန်၏။

"ဆရာမ၊ကျွန်တော်သိသလောက်ပြောပြမယ်နော်။ ကျွန်တော်တို့ကိုးကွယ်နေတဲ့ ဗုဒ္ဓဟာလည်း နုစဉ်က ယစ်ထုတ်ကြီးဖြစ်ခဲ့ဖူးပါတယ်။

လူတစ်ယောက်ကိုပဲကြည့်ကြည့်၊ ရဟန်းဘဝကိုပဲကြည့်ကြည့် အတိတ်ဘဝကို မကြည့်ပါနဲ့။ အခု ပစ္စုပ္ပန်တည့်တည့်ကိုသာကြည့်ပါ။ လူပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ရဟန်းပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ပုထုဇဉ်ဘဝမှာတော့ အမှားဆိုတာရှိကြမှာပါပဲ။ ဘယ်လောက်ပဲမှားခဲ့မှားခဲ့၊ ဆိုးခဲ့ဆိုးခဲ့ ယခုပစ္စုပ္ပန်ဘဝမှာကောင်းနေရင် အဲဒီပုဂ္ဂိုလ်ဟာ လူကောင်းပါပဲ။

လူတိုင်းလူတိုင်း ပါးစပ်ရှိရင် ဝေဖန်တတ်ကြပါတယ်။ ဝေဖန်တာကသဘာဝတရားပါ။ သည်းခံတတ်တာတော့ အမြိုက်တရားပါ"

"ဒါဆို ဆရာ ဒီ 'တာကော့ဘုန်းကြီး၊ တာကော့' ကို စောင့်ကြည့်ပါဦး"

ဘိုကြီးရွာသားဘွဲ့ရ ခေတ်ပညာတတ်ကျောင်းဆရာတစ်ဦးက ဝင်ပြောပါ၏။

"ဆရာ၊ ဆရာမတို့ ကျွန်တော်စကားရှည်တာတော့ မဟုတ်ပါဘူးနော်"

"ပြောစရာရှိပြောပါဆရာ"

ဆရာမလေးတစ်ဦးက ဝင်ပြော၏။

"ဆရာ၊ ဆရာမတို့ မြန်မာနိုင်ငံမှာ ပထမဆုံးတောရဆောက်တည်ပြီးရဟန္တာမထေရ်မြတ်ကြီးတစ်ပါး ဦးသီလ ဆိုတာကြားဖူးလား"

"ကြားဖူးပါတယ် ဆရာ"

"အဲဒီဘုန်းတော်ကြီး ဦးသီလရဲ့ထေရုပ္ပတ္တိစာအုပ်ကိုကော ဖတ်ဖူးကြလား"

"မဖတ်ဖူးပါဘူး"

"ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ တောရဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတဦးအရိယဆရာတော်ကရေးပါတယ်။

တစ်နေ့သ၌မှာပေါ့။ ဘုန်းတော်ကြီးဦးသီလဟာ ရွှေကျင်မြို့လေးတစ်ဖက်ကမ်း ဆိပ်ကလေးရွာ ဘုန်းကြီးကျောင်းမှာ သီတင်းသုံးတော်မူနေတယ်တဲ့။

အဲဒီဆိပ်ကလေးရွာလေးကို ညောင်လေးပင်မြို့က ရှေ့နေကြီးဦးတိုးရောက်လာပြီး ဘုန်းတော်ကြီးဦးသီလကို လာဖူးတာပေါ့။

ညဘက်ကျတော့ ရှေ့နေကြီးဦးတိုးက ဆွမ်းစားကျောင်းမှာ ဆိပ်ကလေးရွာသားတွေကို ယခုခေတ်ဘုန်းကြီးတွေရဲ့ အနေအထိုင်ကို ကဲ့ရဲ့စကားပြောတယ်တဲ့။

'ရဟန်းတွေက ဘန်ကောက်သက်န်းတွေနဲ့ ရွှေမျက်မှန်တွေကလည်း တဝင်းဝင်း၊ ပိုလိုစီးကရက်တွေကလည်း တဖွာဖွာနဲ့' လို့ ကဲ့ရဲ့စကားပြောတာပေါ့လေ။

မနက်ကျတော့ ရှေ့နေကြီးဦးတိုး၊ ညောင်လေးပင်ပြန်မှာမို့ ဘုန်းတော်ကြီးကို သွားကန်တော့တာပေါ့။

အဲဒီမှာ ဘုန်းတော်ကြီးဦးသီလက ဘာပြောသလဲသိလား"

"ပြောပါဆရာ"

"မောင်တိုး၊ မင်းညကဘာတွေဝေဖန်နေတာလဲတဲ့။ သူတစ်ပါးအပြစ်တွေကို ကိုယ့်အပြစ်မဖြစ်ပါစေနဲ့လို့ ပြောပြတယ်တဲ့။

ဘုန်းတော်ကြီးဦးသီလရဲ့ဆိုစကားကို ဆရာ၊ ဆရာမတို့ သဘောပေါက်မှာပါနော်"

"ဆရာပဲရှင်းပြပါဦး"

"လူပုဂ္ဂိုလ်ပဲဖြစ်စေ၊ ရဟန်းပုဂ္ဂိုလ်ပဲဖြစ်စေ၊ သူလုပ်တဲ့မကောင်းမှုအလုပ်ဟာ သူ့အပြစ်ပါပဲ။

အဲဒါကို ကိုယ်ကကြားကနေပြီး မဝေဖန်ပါနဲ့။ ဝေဖန်မိရင် သူ့အပြစ်တွေကို ကိုယ်ကဝယ်ယူရသလိုဖြစ်သွားရတယ်။

ခုလည်း သူတော်ကောင်းတောထွက်ရဟန်းတော်ကြီးတစ်ပါးကို ရမ်းပြီး မဝေဖန်ကြပါနဲ့"

ဆရာကပြောပြောဆိုဆိုနှင့် သူ၏ စာသင်ခန်းသို့ဝင်သွား၏။

ဘိုကြီးရွာဘုန်းတော်ကြီးဦးတေဇ တပေါင်းလပြည့်နေ့ညဥ့်သန်းခေါင်းယံအချိန်မှာ တစ်ပါးတည်း သုသာန်ဇရပ်မှာပဲ ပျံလွန်တော်မူ၏။

သူ၏ဆန္ဒအတိုင်း ထိုနေ့မှာ ဘိုကြီးရွာကျောင်းထိုင်ဆရာတော်က မီးသဂြိုဟ်ပေး၏။

၁။ ထူးခြားချက်ကား ပထမဆရာတော်ကြီးနှင့် တစ်ရက်တည်းပြန်တော်မူခြင်း။

၂။ မျက်လုံးတော်အစုံမီးမခြင်း။

၃။ ပုလဲရောင်ဓာတ်တော်များကျခြင်း။

ဘိုကြီးရွာကျောင်းထိုင်ဆရာတော်ကြီးက လူအများဖူးမြော်နိုင်ရန် သီးခြားစီ ဖန်ပေါင်းချောင်ထဲမှာ စနစ်တကျထားပေး၏။

တောရော မြို့ပါမကျန် ဓာတ်တော်ဖူးလာကြသော ပရိသတ်များတဘိုကြီးရွာတွင် စည်စည်ကားကား နေ့နေ့ညည ချိန်ခါမပြတ်။

ဘိုကြီးရွာ၏ သာသနာတော်ကားနေမင်းပမာ၊ လမင်းပမာ ထွန်းလင်းလာပါတော့သတည်း။

အောင်စကြာ-အရှင်သုမင်္ဂလ



www.burmeseclassic.com

www.burmeseclassic.com

# ကြည့်လွှင်
# စာပို့သမိုင်းဝါသနာ

'စာပို့သမိုင်းဝါသနာ' ဟူသည်မှာ 'တံဆိပ်ခေါင်းပညာရပ်'၏ ဝါသနာအခွဲတစ်ခုဖြစ်သည်။ ဤဝါသနာမှာ စာပို့သမိုင်းဖြစ်စဉ်၊ ဇာတ်ကြောင်း၊ အချက်အလက်များကို စာတိုက်များမှ ပေးပို့ပေးဝေခဲ့သည့် စာအိတ်ခွံ၊ စာအိတ်ဟောင်း စသည့်ပစ္စည်းများကို စုဆောင်း၍သက်သေထူတင်ပြရသောဝါသနာမျိုးဖြစ်သည်။ ဤဝါသနာစတင်ပေါ်ပေါက်စဉ်ကပင် 'စာပို့သမိုင်း' (Postal History) ဟု ခေါ်ဝေါ်သုံးစွဲခဲ့ရာ တက္ကသိုလ်ပညာရပ် (Acaedemic Subject) အမည်ဟု အထင်များနိုင်စရာဖြစ်သည်။ သို့သော် အနောက်တိုင်းနိုင်ငံကြီးများ၌ ဤဝါသနာကို 'စာပို့သမိုင်း' ဟူသာ ဆက်လက်သုံးစွဲခေါ်ဝေါ်ခဲ့ရာ ဤဝေါဟာရမှာ အမြစ်တွယ်နေပြီဖြစ်သည်။ အမှန်မှာ စုဆောင်းရသည့် ဝါသနာရပ်(Hobby)တစ်ခုသာဖြစ်သည်။ စာပို့သမိုင်းဝါသနာမှာ တံဆိပ်ခေါင်းဝါသနာကဲ့သို့ပင် ကမ္ဘာပေါ်၌ လူကြိုက်များ ရေပန်းစားလှသော ဝါသနာကြီးတစ်ရပ် ဖြစ်ပေသည်။

❑ **စာပို့သမိုင်းဝါသနာမိတ်ဆက်**

စာပို့သမိုင်းဝါသနာ ဟူသည်မှာ စာတိုက်မှပေးဝေခဲ့သော ချောစာနှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် ပို့စကတ်၊ လေယာဉ်စာ၊ ထုပ်ပိုးပစ္စည်း (Wrapper) . . . စသည့် ပစ္စည်းများပေါ်မှ စာပို့အမှတ်အသားများ (Postmarks)၊ နေ့စွဲအမှတ် (Date Stamp) . . . စသည့် အကြောင်းအရာများကို လေ့လာတင်ပြရသောဝါသနာဖြစ်သည်။ အင်္ဂလန်နှင့် ဥပရောပတိုက်တွင် စာပို့စနစ်ပေါ်ထွန်းခဲ့သည်မှာ နှစ်ပေါင်းများစွာကြာလှပြီဖြစ်ရာ ထိုနိုင်ငံများမှ စာပို့သမိုင်းဝါသနာရှင်များအဖို့ ရှာဖွေစုဆောင်းနိုင်ရန် စာပို့သမိုင်းပစ္စည်း (Postal History Items) များမှာ များပြားလှသည်။ ကမ္ဘာပေါ်၌ စာပို့သမိုင်းစတင်ခဲ့သည်မှာ ရီနေဆွင့်ခေတ် (Renaissance) ၁၃၅၀ - ၁၅၀၀ ပြည့်နှစ်ကပင် ဖြစ်သည်ဟုဆိုကြသည်။ စာပို့သမိုင်းပစ္စည်းများပေါ်၌ 'တံဆိပ်ခေါင်း' ဟုခေါ်သောအရာကို ၁၈၄၀ ပြည့်နှစ်မှသာ တွေ့ရှိလာရခြင်း ဖြစ်သည်။


'စာပို့သမိုင်း' ဟူ၍ ခေါ်ဆိုငြားသော်လည်း အမှန်တကယ် စုဆောင်းလေ့လာကြည့်သောအခါ ဤဝါသနာမှာ အတိတ်ဇာတ်ကြောင်းများနှင့်သာပတ်သက်သည်မဟုတ်ဘဲ ပစ္စုပ္ပန်၊ အနာဂတ်တို့နှင့်လည်း ဆက်နွယ်လျက်ရှိသည်ကို တွေ့ရှိရမည် ဖြစ်သည်။ သို့ရာတွင် ယနေ့တွေ့ရှိနေရသည်မှာ စာအိတ်ခွံ၊ စာအိတ်ဟောင်း၊ ချောပစ္စည်းဟောင်းများကို အမှိုက်ခြင်းတောင်းထဲသို့တသွင်သွင်ကြီး ပစ်ထည့်နေကြခြင်းဖြစ်သည်ကို ဝမ်းနည်းဖွယ်ရာတွေ့မြင်နေရခြင်း ဖြစ်သည်။ အမှန်မှာ ထိုကဲ့သို့ သမိုင်းပစ္စည်းများဖြစ်လာမည့်အရာများဖြစ်ကြသည်ကို လူအများက မသိကြပါပေ။ ဤသို့ ပြုမူလုပ်ကိုင်ခြင်းမှာ နောင်တစ်ခေတ်တွင် ပေါ်ထွန်းလာမည့် စာပို့သမိုင်းဝါသနာရှင်များအတွက် တိကျပြီး ခိုင်မာသော စာပို့သမိုင်းအထောက်အထားများကို ပျက်စီးအောင်ပြုလုပ်နေကြခြင်းပင် ဖြစ်သည်။

စာပို့သမိုင်းဝါသနာကို စတင်စုဆောင်း လုပ်ကိုင်လိုသူအတွက် ရှင်းလင်း လွယ်ကူစွာဖြင့် ပြဆိုရသော် စာပို့သမိုင်းဆိုင်ရာပစ္စည်းများကို ဝါသနာရှင်တစ်ယောက်အနေဖြင့် မိမိစိတ်ဝင်စားမှုရှိသည့်အတိုင်း လွတ်လပ်ပေါ့ပါးစွာ စုဆောင်း၍ စာပို့ဇာတ်ကြောင်းဖော်ယူရသည့်ဝါသနာ ဟူ၍ ဖြစ်သည်။ သို့ရာတွင် အခြားတစ်နည်းဖြင့်အဓိပ္ပာယ်ဖော်ပါက စာပို့သမိုင်းဝါသနာကို ဆည်းပူး၍ ပညာရပ်ဆိုင်ရာ ကျမ်းတစ်စောင်အဖြစ် ပြုစုနိုင်သည့်ဝါသနာမျိုးဟု ဆိုနိုင်ပြန်သည်။ သို့တည်းမဟုတ် တစိုက်မတ်မတ် စုဆောင်းလေ့လာပြီး မိမိ၏ စာပို့သမိုင်းခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာစာပို့သမိုင်းပြပွဲကြီးမှ ရွှေတံဆိပ်ဆွတ်ခူးနိုင်သည့် ဝါသနာဟူ၍လည်း ဖြစ်သည်။ မည်သို့ပင်ဆိုစေ စာပို့သမိုင်းစုဆောင်းသူတစ်ယောက်အဖို့ ဖော်ပြပါ အစွန်းနှစ်ဖက်ကြား၌ ကြိုက်နှစ်သက်သလို စုဆောင်းနိုင်ပြီး ထိုသို့ စုဆောင်းခြင်းဖြင့် ပျော်ရွှင်ကြည်နူး၊ ဝမ်းမြောက်ခြင်းများရရှိမည်ကို အာမခံနိုင်ပေသည်။ စာပို့သမိုင်းဝါသနာရှင်အဖြစ် စတင်စုဆောင်းရာ၌ တံဆိပ်ခေါင်းပညာရပ်ဆိုင်ရာဗဟုသုတများကို ကြိုတင်သိရှိထားရန်မှာ အဓိကမဟုတ်ပါပေ။ စာပို့သမိုင်းပစ္စည်းများကို စုဆောင်းရင်း လေ့လာရင်းဖြင့် စာပို့သမိုင်းနှင့် တံဆိပ်ခေါင်းပညာရပ်တို့၏ သဘောတရားများကို သိရှိလာမည်ဖြစ်သောကြောင့် ဖြစ်သည်။


❑ **စာပို့သမိုင်းဝါသနာ၏ထူးခြားချက်များ**

စာပို့သမိုင်းဆိုင်ရာပစ္စည်းများ စုဆောင်းသည့် ဝါသနာရပ်၏ ထူးခြားချက်တစ်ရပ်မှာ စာပို့သမိုင်းအထောက်အထားအတွက် ပစ္စည်းအမျိုးစုံ၊အမယ်စုံကို ကျယ်ပြန့်စွာ ရှာဖွေစုဆောင်းတင်ပြနိုင်ခြင်း ဖြစ်သည်။ တံဆိပ်ခေါင်းဝါသနာရှင်တစ်ယောက်မှာ စာအိတ်ပေါ်မှတံဆိပ်ခေါင်းကိုခွာယူလျက် ထိုတံဆိပ်ခေါင်း၏ အရောင်၊ စက္ကူ၊ ပုံနှိပ်စနစ်၊ အမှားအယွင်း စသည့် အချက်အလက်များကို လေ့လာမှတ်သားသည်။ စာပို့သမိုင်းဝါသနာရှင်ကမူ 'ဆက်သွယ်ရေး'ဟူသောအကြောင်းအရာအောက်၌ ပါဝင်သော အချက်အလက်များ၊ ပစ္စည်းများကို စုဆောင်းလေ့လာရခြင်းဖြစ်၍ စာပို့သမိုင်းဝါသနာ၏စုဆောင်းရန်နယ်ပယ်က ပိုမိုကျယ်ဝန်းပေသည်။ နယ်ပယ်ကျယ်ဝန်းသကဲ့သို့ စုဆောင်းဖွယ်ရာ ပစ္စည်းများကလည်း များပြားလှသည်။ တံဆိပ်ခေါင်းဝါသနာ၌ မျိုးတူ၊ အရောင်တူ၊ ဒီဇိုင်းတူတံဆိပ်ခေါင်းများစွာကို လေ့လာကြရလေ့ရှိသော်လည်း စာပို့သမိုင်းဝါသနာ၌ စာပို့သမိုင်းပစ္စည်းတစ်ခု (ပုံစံ-စာအိတ်)နှင့်


www.burmeseclassic.com





ဒေးဗစ် နှင့် မာတင် ပြုစုသော
"မြန်မာ့စာပို့သမိုင်း" စာအုပ်




မြန်မာ့စာပို့သမိုင်းလောကမှ "ချစ်တီး" စာအိတ်




ပုံ(က) - စစ်ကိုင်းတိုင်း၊ ရွာထောင်မှ ရန်ကုန်သို့ ပေးပို့သော စာပို့သမိုင်းဝင် စာအိတ်






www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခုမှာ လုံးဝတူညီမည် မဟုတ်ပေ။ ထိုစာအိတ်ပေါ်၌ ထုနှိပ်ထားသော စာပို့အမှတ်အသားတစ်ခုသည်ပင် နောက်စာအိတ်ပေါ်၌ တစ်နေရာတည်း ထပ်တူကျအောင် ထုနှိပ်ထားခြင်းမျိုးမှာ မရှိသလောက်ရှားပါးပေလိမ့်မည်။ ယခုခေတ်၌ ချောစာများကို စာပို့အမှတ်အသားရိုက်စက် (Franking Machine) ဖြင့် ရိုက်နှိပ်လျက်ရှိသည့်တိုင် စာအိတ်များပေါ်၌ မျိုးမတူ မျိုးကွဲအမှတ်အသားများကို တွေ့မြင်နေရသည်။ သတ်မှတ်ထားသောကာလတစ်ခုအတွင်း တစ်စုံတစ်ယောက်၏လိပ်စာတစ်ခုသို့ရောက်ရှိလာသော ချောစာ၊ ချောပစ္စည်းများပေါ်၌ မျိုးမတူသော စာပို့အမှတ်အသားမြောက်မြားစွာ တွေ့ရှိရမည် ဖြစ်သည်။ ထိုအမှတ်အသားများကို လေ့လာလျက် စာပို့သမိုင်းကြောင်းကို ပြုစုနိုင်သည်။ ဤသို့ဆိုလျှင် စာဖတ်သူအနေဖြင့် မည်သို့သော စာပို့သမိုင်းပစ္စည်းများကို ရွေးချယ်စုဆောင်းရမည်ကိုဆုံးဖြတ်ချက်ချရပါမည်။မိမိစိတ်ဝင်စားရာအကြောင်းအရာနှင့် ပစ္စည်းများကို စိတ်ကြိုက်ရွေးချယ်စုဆောင်းနိုင်ပေသည်။ ထိုသို့ ရွေးချယ်စုဆောင်းရရှိလာသောပစ္စည်းများမှာ အခြားနောက်စာပို့ဝါသနာရှင်တစ်ဦး ရွေးချယ်စုဆောင်းထားသည့် ပစ္စည်းများနှင့် မည်သည့်အခါမျှလုံးဝဥဿုံတူနိုင်မည် မဟုတ်ပေ။

**□ စာပို့သမိုင်းဝါသနာအစ**

၁၈၄၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံမှ တံဆိပ်ခေါင်းစတင်တီထွင်ခဲ့သည့်နောက်ပိုင်း တံဆိပ်ခေါင်းအမျိုးမျိုးကို ကမ္ဘာ့နိုင်ငံများက ထုတ်ဝေလာခဲ့ကြရာ ထိုတံဆိပ်ခေါင်းများကို စုဆောင်းသည့် ဝါသနာမှာလည်း ပေါ်ပေါက်လာတော့သည်။ တံဆိပ်ခေါင်းဝါသနာရှင်များမှာ တံဆိပ်ခေါင်းကပ်၍ စာတိုက်မှပေးပို့ခဲ့သည့် စာအိတ်ခွံ၊ စာအိတ်ဟောင်းများပေါ်မှ စာတိုက်အမှတ်အသားအမျိုးမျိုးကိုသတိပြုမိလာကြပြီး ထိုအမှတ်အသားများကိုကြည့်၍ စာတစ်စောင်(စာအိတ်)၏ ဖြတ်သန်းခဲ့ရသောစာတိုက်များ(မြို့များ) ကို လေ့လာနိုင်ပြီး စာပို့သမိုင်း၊ စာပို့စနစ်၊ ချောလမ်းကြောင်းတို့ကို သိရှိနိုင်ရန် စာအိတ်ခွံ၊ စာအိတ်ဟောင်းများကိုလည်းစုဆောင်းလာကြသည်။ မြန်မာနိုင်ငံ၌ ၁၈၂၄ ခုနှစ် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲနောက်ပိုင်း၌ ဥရောပတိုက်မှ ကုန်သည်များနှင့်ခရစ်ယာန်သာသနာပြုများ၏ ချောစာများမှာ မြန်မာနိုင်ငံနှင့် အသွားအပြန်ရှိခဲ့သည်။ ကမ္ဘာပေါ်၌ စာပို့သမိုင်းဝါသနာမှာ ၁၉ ရာစုနှောင်းပိုင်းမှစ၍ ဝါသနာရှင်တို့က ပိုမိုစိတ်ဝင်စားစွာ စုဆောင်းလာခဲ့ကြသည်။

ကမ္ဘာ့တံဆိပ်ခေါင်းလောက၌ပြောဆိုလေ့ရှိကြသော ဂျင်း (Jim) နှင့် ဘီးလ် (Bill) ဖြစ်ရပ်မှန်ပုံပြင်တစ်ခုမှာ တံဆိပ်ခေါင်းဝါသနာရပ်မှ စာပို့သမိုင်းဝါသနာအဖြစ်ခွဲထွက်လာခဲ့သည့်အကြောင်းရင်းကိုပြဆိုထားသည့် ပုံပြင်တစ်ခုဖြစ်သည်။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ၁၉ ရာစုနှောင်းပိုင်းခန့်က ဂျင်းနှင့် ဘီးလ်ဟုခေါ်သော တံဆိပ်ခေါင်းဝါသနာရှင်ညီအစ်ကိုနှစ်ယောက် နေထိုင်ခဲ့ကြသည်။ ဂျင်းမှာ စာအိတ်များပေါ်မှတံဆိပ်ခေါင်းများကိုခွာ၍ တံဆိပ်ခေါင်းစုစာအုပ်၌ အစီအရီကပ်ထားလေ့ရှိသည်။ ဘီးလ်မှာမူ စာအိတ်မှ တံဆိပ်ခေါင်းများခွာယူရန် အချိန်ရှိသူမဟုတ်ပေ။ သို့ရာတွင် စာတိုက်မှရောက်ရှိလာသောစာအိတ်များကို နိုင်ငံအမည်၊ နေ့စွဲ စသည့် အချက်အလက်များကို ခွဲခြားစိစစ်၍ ကတ်ထူပုံးများထဲ၌ သိမ်းဆည်းထားခဲ့သည်။

ဤသို့ဖြင့် တံဆိပ်ခေါင်းဝါသနာရှင်ညီအစ်ကိုနှစ်ယောက်တို့မှာ ကွယ်လွန်ခဲ့ကြပြီးနောက် သူတို့၏ တံဆိပ်ခေါင်းများကို လေလံတင်ရောင်းချခဲ့ရာ ထုံးစံအတိုင်း ဂျင်း၏ တံဆိပ်ခေါင်းများမှာ တံဆိပ်ခေါင်းစုစာအုပ်များ၌ အစီအရီကပ်ထားသဖြင့် လွယ်ကူစွာ လေလံတင်ရောင်းချနိုင်ခဲ့သည်။ သို့ရာတွင် ဘီးလ်၏ စာအိတ်များကို ရောင်းချရန်ပြသသောအခါ လေလံပွဲသို့လာရောက်သောဝါသနာရှင်များမှာ စာအိတ်များပေါ်မှ စာပို့အမှတ်အသားများကိုကြည့်ပြီး အံ့ဩစွာဖြင့် ရင်သပ်ရှုမောဖြစ်ကြရသည်။ 'ဟယ်-ဟိုစာပို့အမှတ်အသားကတယ်ပြီးသပ်ရပ်ပါလား'၊ 'ဟင်-ဒီစာတိုက်အမှတ်အသားကို တစ်ခါမှမတွေ့ဘူးပါလား' စသည်ဖြင့် အံ့ဩဝမ်းသာဖြစ်ကြရကာ လေလံတင်ရောင်းချရာတွင် ဘီးလ်၏ စာအိတ်များက ငွေကြေးပိုမိုရရှိခဲ့သည်ဟူ၍ဖြစ်သည်။ ထိုအချိန်မှစ၍ တံဆိပ်ခေါင်းပညာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သောစာပို့သမိုင်းဝါသနာမှာလည်း ပေါ်ထွန်းခဲ့တော့သည်ဟု ပြောစမှတ်ပြုကြလေသည်။

**□ စာပို့သမိုင်းပစ္စည်းများ**

စာပို့စနစ်ဆိုင်ရာအကြောင်းအရာ၊ ဖြတ်ကြောင်းများကို အထောက်အထားအနေဖြင့် ပြသနိုင်မည့် ပစ္စည်းများမှာ ချောလမ်းကြောင်းကို ဖြတ်သန်းခဲ့သည့်စာအိတ်ခွံများ (Covers)၊ ပေးစာပါသည့်စာအိတ်များ (Entires)၊ ပို့စကတ် (Postcards)၊ စာပို့အမှတ်အသားထုနှိပ်ထားသည့်တံဆိပ်ခေါင်းများ (Post-marked Stamps)၊ ချောစာ/ချောထုပ်တို့ကို ထုပ်ပိုးခဲ့သည့် ထုပ်ပိုးပစ္စည်းများ (Wrappers) . . . စသည်တို့ဖြစ်သည်။ စာပို့သမိုင်းကို အထောက်အကူဖြစ်စေမည့် စုဆောင်းနိုင်သောပစ္စည်းများမှာ မြေပုံ၊ သတင်းစာဖြတ်ပိုင်း၊ ပုံကြမ်း၊ ရုပ်ပုံကားချပ်၊ နို့တစ်စာ (Notices) စသည့် ခေတ်လိုက်ပေါ်ပင်ပစ္စည်းများ (Ephe-mara) ဖြစ်သည်။


တံဆိပ်ခေါင်းဝါသနာရှင်တစ်ဦးအတွက်မှာ စာအိတ်ပေါ်မှတံဆိပ်ခေါင်းမှာ သန့်ရှင်း ပြေပြစ်နေရမည်။ ခွေးသွားစိတ်များအပြည့်အစုံပါရှိရမည်။ ခွေးသွားစိတ်မပါသော တံဆိပ်ခေါင်းများမှာ အနားများညီညာနေရမည်၊ အရောင်အသွေးမှန်ရမည်။ စာပို့အမှတ်အသားမှာ တံဆိပ်ခေါင်းပေါ်၌ခပ်ဖွဖွသာထုနှိပ်ထားရမည်ဟူသည့် တံဆိပ်ခေါင်းဆိုင်ရာစည်းမျဉ်းများအရ ရွေးချယ်စုဆောင်းမည်ဖြစ်သည်။ သို့ရာတွင် စာပို့သမိုင်းဝါသနာရှင်အဖို့မှာမူ တံဆိပ်ခေါင်းဟူသည်မှာ စာပို့ခပေးဆောင်ထားသည့် အရာတစ်ခုဟုသာ သဘောထားလေ့ရှိသည်။ သို့သော် စာအိတ်မျက်နှာပြင်နှစ်ဖက်ပေါ်၌ ရှားပါးသောအမှတ်အသား၊ ထူးခြားသော အမှတ်အသားများတွေ့ရှိပါက စာပို့သမိုင်းပစ္စည်းကောင်းဟု ခံယူပါမည်။ စာပို့သမိုင်းဝါသနာရှင်အနေဖြင့် စာအိတ်ပေါ်မှ တံဆိပ်ခေါင်းမှာ အသင့်အတင့်ကောင်းမွန်ပြီး စာပို့သမိုင်းဆိုင်ရာအထောက်အထားလည်းကောင်းမွန်မည်ဆိုပါက ထိုစာအိတ်ကို စုဆောင်းရန် ရွေးချယ်မည် ဖြစ်သည်။ ဆက်လက်၍ စာအိတ်ပေါ်၌ကပ်ထားသောတံဆိပ်ခေါင်း(များ)မှာ စာပို့ခနှုန်းမှန်ကန်ပါက စာပို့ခနှုန်း မမှန်ကန်စွာ ကပ်ထားသည့် တံဆိပ်ခေါင်း(များ)ပါသော စာအိတ်ထက် မှန်ကန်သောစာအိတ်ကို ရွေးချယ်ပေလိမ့်မည်။ ယခုအခါ မြန်မာနိုင်ငံ၌ တွေ့ရှိနေရသည်မှာ စာပို့အမှတ်အသားများပေါ်မှ စာတိုက် (မြို့) အမည်၊ နေ့စွဲ၊ အချိန်တို့မှာ မထင်မရှားဖြင့် ထုနှိပ်ထားသောကြောင့် စာပို့သမိုင်းလေ့လာရန် များစွာ အခက်တွေ့နေကြရသည်။

ရွေးချယ်စုဆောင်းရန် သင်တော်



www.burmeseclassic.com


www.burmeseclassic.com




၁၈၅၆ ၁၈၇၀ ၁၈၈၁

၁၈၈၅ ၁၈၈၆ ၁၉၀၅

ပုံ (၁) ရန်ကုန်စာတိုက်ကြီး၏ ခေတ်အဆက်ဆက်ပြောင်းလဲလာသော မှတ်ပုံတင် အမှတ်အသားများ



ပခုက္ကူ စာတိုက်ကြီး (ရန်ကုန်) ထားဝယ် မကွေး

ပျဉ်းမနား ဗိုလ်တထောင် တောင်ငူ မြင်းခြံ

ပုံ(၂) တိုင်းနှင့်မြို့နယ်အလိုက် တံဆိပ်ခေါင်းပါရှိပြီး စာအိတ်များပေါ်မှ မီတာအမှတ်အသားများ




၁၈၈၈ ၁၈၉၀ ၁၈၉၄ ၁၉၀၀

၁၉၁၄ ၁၉၂၃ ၁၉၃၅ ၁၉၄၅

ပုံ (၃) ရန်ကုန်စာတိုက်ကြီး၏ ခေတ်အဆက်ဆက်ပြောင်းလဲလာသော စာတိုက်တံဆိပ်အမှတ်အသားများ



www.burmeseclassic.com

www.burmeseclassic.com

သော ခေတ်သစ်မြန်မာစာအိတ်ခွံတစ်ခု
နှင့် မြန်မာရှေးဟောင်းစာအိတ်ခွံတစ်ခု
တို့ကို နမူနာအဖြစ်ပြသလိုပါသည်။ပုံ(က)
ကိုကြည့်ပါ။ ထိုစာအိတ်မှာ စစ်ကိုင်း
တိုင်းဒေသကြီး ရွှာထောင်စာတိုက်မှ
ရန်ကုန်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး
ဘဏ်ရုံးချုပ်သို့ပေးပို့ခဲ့သောစာအိတ် ဖြစ်
သည်။ မကြာသေးမီ ၂၀၁၆ ခုနှစ်က
စာအိတ်ခွံဖြစ်သော်လည်း စာပို့အမှတ်
အသားများမှာထင်ရှားသဖြင့် ဖြတ်သန်း
ခဲ့သော စာတိုက်၊ စခန်း၊ မြို့များကို
ကောက်ယူနိုင်ပြီး ချောစာသွားရန် ကြာ
မြင့်သည့်ကာလကိုလည်း သိနိုင်ခဲ့သည်။
ရွှာထောင်စာတိုက်မှ ၂၀၁၆၊ နိုဝင်ဘာလ
၂၁ က ထည့်လိုက်သောစာအိတ်မှာ
မန္တလေး စာရွေးစာပို့စခန်းသို့ ၂၃ ရက်
တွင်ရောက်ရှိသည်။ ၂၄ ရက်နေ့တွင်
ရန်ကုန်စာရွေးစာပို့စခန်းသို့ရောက်ရှိပြီး
၂၅ ရက်နေ့တွင် လိပ်စာရှင်ထံသို့ပေးဝေ
နိုင်ခဲ့သည်။ သီပေါမင်းပါတော်မူပြီး
(၅) နှစ်အကြာ ၁၈၉၁ ခုနှစ်၌ ဝန်းသို
နယ်ဘက်မှ တော်လှန်ပုန်ကန်မှုများ
ဖြစ်ပွားခဲ့ရာ ဗြိတိသျှတပ်များက
ထိုဒေသသို့ သွားရောက် နှိမ်နင်းခဲ့သည်။
ထိုကဲ့သို့သောအခြေအနေအတွင်း ပေးပို့
ခဲ့သော စာအိတ်ခွံကို ပုံ(ခ) တွင် ပြသ
ထားသည့်အတိုင်း ထိုစာအိတ်ဖြတ်သန်း
ခဲ့သည့် စာတိုက်နှင့် မြို့များမှာ ဖို့ဘလဲ
(Port Blair)၊ ရန်ကုန်၊ မန္တလေး
ဆိပ်ကမ်း၊ ကသာ၊ ထီးချိုင့်၊ ဝန်းသို၊
ပင်လည်ဘူး . . . ဟူသော စာပို့အမှတ်
အသားများကို မြင်တွေ့နိုင်သည်။

**❑ စာပို့သမိုင်းကိုချဉ်းကပ်စုဆောင်းနည်း**

စာပို့သမိုင်းဟူသည်မှာ ကျယ်ဝန်း
လှသည်၊ များပြားလှသော စာပို့သမိုင်း
ဆိုင်ရာ အကြောင်းအရာအမျိုးမျိုးကို
မည်သို့သောပုံစံမျိုးဖြင့် ရှာဖွေစုဆောင်း
နိုင်ပါသနည်း။ ယခုဖော်ပြမည့်
စုဆောင်းနည်းပုံစံများမှာ အခြေခံ
သဘောအားဖြင့် တင်ပြထားခြင်း ဖြစ်
သည်။ ဤစုဆောင်းနည်းများနှင့် ကွဲလွဲ
၍လည်း ဆန္ဒရှိသည့်အတိုင်း ရွေးချယ်
စုဆောင်းနိုင်သည်။ ခြွင်းချက်အဖြစ်
စုဆောင်းနိုင်သည့်ပုံစံအချို့ကို တင်ပြပါ
မည်။ စာအိတ်များစွာဖြင့် စာပို့ဇာတ်
ကြောင်းဖော်ရသည်ဟု ဆိုငြားသော်
လည်း စာအိတ်တစ်အိတ်တည်းပေါ်၌
အလွန်ထူးခြားသောအခြေအနေ၊အမှတ်
အသားတစ်ခုပါရှိပါက ထိုတစ်အိတ်
တည်းကိုပင် စာပို့သမိုင်းပစ္စည်းဟု ယူဆ
၍ စုဆောင်းရမည်။ ဥပမာ လေယာဉ်
ပျက်ကျပြီးနောက် လေယာဉ်ပေါ်တွင်
ပါရှိခဲ့သောချောစာများကို ဆက်လက်
ပို့ဆောင်ပေးဝေခဲ့ရာတွင်'လေယာဉ်ပျက်
မှုရရှိသည်' ဟူ၍ စာတန်းအမှတ်အသား
ထုနှိပ်ထားပါက ထူးခြားသောအခြေ
အနေဖြစ်ပါ၍ ထိုစာအိတ်တစ်အိတ်
တည်းကပင်လျှင် တန်ဖိုးရှိ စာပို့သမိုင်း
ပစ္စည်းဖြစ်နေပေသည်။ တစ်ခါတစ်ရံ၌
စာအိတ်ပေါ်မှ စာပို့အမှတ်အသားများ
မှာ ထူးခြားမှုမရှိပါသော်လည်း ထိုစာ
အိတ်မှာ ပုဂ္ဂိုလ်ကျော်တစ်ဦးဦးထံသို့ /
မှပေးပို့သောစာအိတ်ဖြစ်နေပါကလည်း
ထိုစာအိတ်မျိုးကို စာပို့သမိုင်းပစ္စည်း
အဖြစ် သိမ်းဆည်းထားရမည် ဖြစ်သည်။
ထိုကဲ့သို့သောပုဂ္ဂိုလ်ကျော်များ၏စာအိတ်
အတွင်း၌ပေးစာပါရှိပါက ထိုစာအိတ်မျိုး
(Entire)မှာ ပိုမိုတန်ဖိုးရှိသောစာပို့သမိုင်း
ပစ္စည်းဖြစ်လေသည်။ မြန်မာ့စာပို့သမိုင်း
လောက၌ ရတနာပုံနေပြည်တော်နေ
ဖန်ချက်ဝန်မင်း၊ ဗိုလ်ချုပ်အောင်ဆန်း၊
ဆရာတော်ဦးဥတ္တမ၊ သခင်နု စသော
ပုဂ္ဂိုလ်ကျော်တို့ထံပေးပို့ခဲ့သော စာအိတ်ခွံ
များကို စုဆောင်းပိုင်ဆိုင်ထားရှိကြသည်၊

စာပို့သမိုင်းကို အောက်ဖော်ပြပါ
ခေါင်းစဉ်များအတိုင်း စနစ်တကျဖြင့်
အခြေခံ၍ စုဆောင်းနိုင်သည်။ (က)
ပထဝီဒေသဝန်းကျင်ကို အခြေခံ၍ စု
ဆောင်းခြင်း၊ (ခ) အကြောင်းအရာ
ခေါင်းစဉ်ကိုလိုက်၍ စုဆောင်းခြင်း၊ (ဂ)
အထူးဝန်ဆောင်မှုလုပ်ငန်းများအလိုက်
စုဆောင်းခြင်းနှင့် (ဃ) စာပို့သမိုင်း
အထောက်အကူပြုပစ္စည်းများ စုဆောင်း
ခြင်းဟူ၍ ဖြစ်သည်၊

**(က) ပထဝီဒေသဝန်းကျင်ကို အခြေခံ၍ စုဆောင်းခြင်း**

ပထဝီအခြေခံသောနိုင်ငံတစ်နိုင်ငံ၊
ဒေသတစ်ခု၊ မြို့တစ်မြို့ကို ရွေးချယ်၍
ထိုနေရာနယ်ပယ်အတွင်းသို့ (နှင့်) မှ
ပေးပို့၊ ရရှိသောစာအိတ်ခွံ၊ စာအိတ်
ဟောင်းနှင့် အခြားစာပို့ပစ္စည်းများကို
စုဆောင်း၍ ထိုဒေသ၊ ထိုမြို့တို့၏ စာပို့
သမိုင်းကို စုဆောင်းလေ့လာသောနည်း
ဖြစ်သည်။ ဤကဲ့သို့ ရွေးချယ်ရာ၌ မိမိ
ရွေးချယ်သောနေရာဒေသမှာ အလွန်
ကျဉ်းမြောင်းပါက နှစ်ကာလကြာသည့်
တိုင် စုဆောင်းနိုင်မည့် စာပို့ပစ္စည်းများ
မှာ အလွန်နည်းပါးပြီး စာပို့သမိုင်း
ဇာတ် ကြောင်းဖော်၍ ရမည်မဟုတ်ပေ။
ထို့ကြောင့် ပထဝီအခြေခံ၍ စုဆောင်း
မည်ဆိုပါက မြို့၊ နေရာ၊ ဒေသတို့ကို
ချင့်ချိန်ပြီးမှ ရွေးချယ်ရပါမည်။ ဥပမာ
စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့
နယ်မှ မစိန်မြို့နယ်ခွဲစာတိုက်သို့ တစ်နှစ်
အတွင်း ဝင်၊ ထွက်သည့် စာပို့ပစ္စည်း
များမှာ စုစုပေါင်း (၂၅) မျိုးပင်ရှိမည်
မဟုတ်ချေ။ ထိုကဲ့သို့သော ဒေသဝန်း
ကျင်မျိုးကို ရွေးချယ်ရမည်မဟုတ်ပေ။
အချိန်ကာလကြာမြင့်အောင်စောင့်ရပြီး
ပျင်းရိလာကာ စုဆောင်းရန်စိတ်ပါတော့
မည် မဟုတ်ချေ။ မကွေးတိုင်းဒေသကြီး
မှ အောင်လံမြို့မှာ မြန်မာဘုရင်များ
လက်ထက်က မြေထဲမြို့ဟု ခေါ်ဝေါ်ခဲ့
သည်။ ၁၈၈၀ ပြည့်နှစ်မတိုင်မီ အင်္ဂလိပ်
ဗိုလ်မှူးအာလန်ကို အစွဲပြု၍ အာလံမြို့
(Allanmyo) ဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့
သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး
သော် အာလံမြို့ကို အောင်လံမြို့ဟု
ပြောင်းလဲခဲ့သည်။ မဆလအစိုးရခေတ်၌
အောင်လံမြို့မှ မြေထဲမြို့ဟု ထပ်မံပြောင်း
လဲခဲ့သည်။ ၁၉၉၅ ခုနှစ်က ထိုမြေထဲမြို့
ကိုပင် အောင်လံမြို့ဟု ပြောင်းလဲခေါ်
ဝေါ်ပြန်သည်။ ဤသို့အမည်အမျိုးမျိုး
ပြောင်းလဲရာ၌ စာတိုက်တံဆိပ်အမှတ်
(Portmark) မှာလည်း ပြောင်းလဲခဲ့ရမည်
ဖြစ်ပေရာ ထိုမြို့အမည်အသီးသီးဖြင့်
စာအိတ်များရနိုင်ပါက စာပို့သမိုင်းဇာတ်
ကြောင်းကို ကောင်းမွန်စွာ စုဆောင်း
တင်ပြနိုင်မည် ဖြစ်သည်။ သို့ရာတွင် မြို့
အမည်ပြောင်းမှု စာပို့သမိုင်းအကြောင်း
အရာဖြစ်သည်ဟု မဆိုလိုပေ။ အခြား
လေ့လာစရာအချက်အလက်များစွာဖြင့်
ပထဝီအခြေခံသည့် စာပို့သမိုင်းဆိုင်ရာ
ဇာတ်ကြောင်းများ ဖော်ထုတ်နိုင်ပေ
သည်။

**(ခ) အကြောင်းအရာခေါင်းစဉ်ကို လိုက်၍ စုဆောင်းခြင်း**

အကြောင်းအရာခေါင်းစဉ်ဆိုရာ
၌ အထူးသဖြင့် 'ဆက်သွယ်ရေး'ပိုင်းကို
ထည့်သွင်း စဉ်းစား၍ ခွဲခြားစုဆောင်း
ခြင်း ဖြစ်သည်။ ချောအိတ်၊ ချောစာများ
ကို နိုင်ငံတွင်းမြစ်ကြောင်းများမှဖြစ်စေ
နိုင်ငံရပ်ခြားနှင့် ပင်လယ်ကူးသင်္ဘော
များဖြင့်ဖြစ်စေ သယ်ဆောင်လေ့ရှိသည်။
နောင်အခါ မီးရထားပေါ်ပေါက်လာ
သောအခါ မီးရထားဖြင့် ချောစာများကို
သယ်ဆောင်သည်။ လေယာဉ်ပျံတီထွင်
ပြီးသောအခါ လေကြောင်းဖြင့် ပိုမို
ဆန်စွာ ချောစာများကို သယ်ပို့နိုင်ခဲ့
သည်။ ထို့ကြောင့် အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းစဉ်ဖြင့် (၁) ရေကြောင်းစာပို့ပစ္စည်းများ၊ (၂) မီးရထားစာပို့ပစ္စည်းများ၊ (၃) လေကြောင်းစာပို့ပစ္စည်းများဟူ၍ ခွဲခြားစုဆောင်းနိုင်သည်။

### (၁) ရေကြောင်းစာပို့ပစ္စည်းများ

မြန်မာနိုင်ငံ၌ ပင်လယ်ရေကြောင်းသွားသင်္ဘောများနှင့် မြစ်တွင်းခုတ်မောင်းသွားလာသော မီးသင်္ဘောများ (Steamers) ဖြင့် သယ်ဆောင်သောချောစာ၊ ချောထုပ်၊ ချောပစ္စည်းများကို ရေကြောင်းစာပို့သမိုင်းနှင့် ဆက်စပ်၍ စုဆောင်းနိုင်သည်။ အထူးသဖြင့် ပထမအင်္ဂလိပ် - မြန်မာ စစ်ပွဲနောက်ပိုင်း၌ အိန္ဒိယနှင့်မြန်မာနိုင်ငံကြား ပင်လယ်ကူးသင်္ဘောများဖြင့် ချောပစ္စည်းများကို အပြန်အလှန်များပြားစွာသယ်ဆောင်ခဲ့ရာ ထိုပစ္စည်းများကို မြန်မာ့ရေကြောင်းစာပို့သမိုင်းအဖြစ် စုဆောင်းလေ့လာနိုင်သည်။ ထိုစဉ်က မြန်မာနိုင်ငံရောက်ချစ်တီးများက အိန္ဒိယသို့ ပေးပို့သောချောစာမြောက်မြားစွာကျန်ရှိသေးရာ ထိုချောစာအိတ်ပေါင်းများကို မြန်မာ့စာပို့သမိုင်းလောက၌ 'ချစ်တီးစာအိတ်များ' (Chettiar Covers) ဟု အမည်တွင်လျက်ရှိသည်။ တနင်္သာရီနှင့် ရခိုင်ကမ်းမြောင်ဒေသများရှိ မြို့များဖြစ်သောစစ်တွေ၊ သံတွဲ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များသို့ ကမ်းရိုးတန်းသွားသင်္ဘောများဖြင့် သယ်ဆောင်ခဲ့သောချောပစ္စည်းများကိုလည်း စုဆောင်းလေ့လာနိုင်သည်။ ကုန်းတွင်းရေကြောင်းဖြင့် ဧရာဝတီ၊ သံလွင်၊ ချင်းတွင်းမြစ်များရှိ ဆိပ်ကမ်းမြို့များသို့သယ်ယူခဲ့သော ချောပစ္စည်းများမှာလည်း ရေကြောင်းစာပို့သမိုင်းပစ္စည်းများအဖြစ် လေ့လာနိုင်သည်။

### (၂) မီးရထားစာပို့ပစ္စည်းများ

၁၈၇၇ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ရန်ကုန်မြို့မှ ပြည်မြို့သို့ ပထမဆုံးမီးရထားခုတ်မောင်းနိုင်ခဲ့သည်။ နောင်အခါ မီးရထားလမ်းများကို နိုင်ငံအနှံ့တိုးချဲ့နိုင်ခဲ့ရာ မီးရထားဖြင့် ချောစာများကို မြို့ဒေသများစွာသို့ သယ်ယူပို့ဆောင်နိုင်ခဲ့သည်။ မီးရထားစာပို့ဌာန (Rail - way Mail Service. RMS) ဟူ၍သီးခြားစာပို့ဌာနခွဲအနေဖြင့် ကျနစွာဖွဲ့စည်း၍ မီးရထားစာပို့ဝန်ဆောင်မှုကိုပေးနိုင်ခဲ့သည်။ မီးရထားတွဲပေါ်၌ပင် ချောအိတ်များကို သယ်ဆောင်ခြင်း၊ တင်ပို့ခြင်း၊ ချောစာရွေးခြင်း၊ စာတိုက်တံဆိပ်အမှတ်ထုနှိပ်ခြင်း၊ ချောအိတ်များလွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ ချောစာများပေးဝေခြင်းတို့ကိုလုပ်ကိုင်ရာ ထိုကဲ့သို့သော မီးရထားတွဲမျိုးကို ရွေ့လျားစာတိုက်များ (Travelling Post Offices;-TPO's) ဟု ခေါ်ဝေါ်သည်။ မီးရထားစာပို့လုပ်ငန်းမှာ အလွန်ကျယ်ပြန့်ပြီး မီးရထားစာပို့ချောပစ္စည်းများကို စာပို့သမိုင်းအဖြစ် လေ့လာရသည်မှာ စိတ်ဝင်စားဖွယ်ရာဘာသာရပ်တစ်ခု ဖြစ်သည်။

### (၃) လေကြောင်းစာပို့ပစ္စည်းများ

အရှေ့တောင်အာရှတစ်ခွင်တွင် ရန်ကုန် (မင်္ဂလာဒုံ) မှာ ယခင်က လေကြောင်းဆုံရပ်ကြီးတစ်ခုဖြစ်ခဲ့သည်။ မြန်မာနိုင်ငံမှာ လေကြောင်းနှင့်ပတ်သက်လာလျှင် အရှေ့တောင်အာရှ၌ဦးဆောင်နိုင်ငံဖြစ်ခဲ့ရာ ကမ္ဘာ့လေကြောင်းလိုင်းကြီးများမှာ ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်သို့ ယခုထက်ပိုမိုဝင်ထွက်သွားလာခဲ့သည်။ ထိုသို့ ဝင်ထွက်သွားလာခဲ့ရာ၌ ချောပစ္စည်းများလည်း သယ်ဆောင်ပါလာခဲ့ရာ မင်္ဂလာဒုံလေဆိပ်စာတိုက်ဌာနခွဲမှာ နေ့၊ ညအဆိုင်း (၃)ဆိုင်းခွဲ၍ စာရွေး၊ စာပို့၊ ချောထုပ်တင်ပို့၊ ချောထုပ်လက်ခံသည့်လုပ်ငန်းကို လုပ်ကိုင်ခဲ့ရသည်။ ထိုသို့လုပ်ကိုင်ခဲ့ရာ ကမ္ဘာ့လေကြောင်းလိုင်းစုံမှ ဝင်ရောက်လာသောချောပစ္စည်းအရေအတွက် ပမာဏမည်မျှကြီးမားမည်ကို ခန့်မှန်းတွက်ချက်နိုင်သည်။ ယခုအခါ ထိုချောပစ္စည်းများမှာ မြန်မာ့လေကြောင်းစာပို့သမိုင်းဝင်ပစ္စည်းများဖြစ်နေလေပြီ။ ထိုကဲ့သို့သော လေကြောင်းသမိုင်းဝင်ပစ္စည်းများအနက် အင်္ဂလန်-ဩစတြေးလျပထမဆုံးစမ်းသပ်လေကြောင်းခရီးစဉ်၌ သံတွဲ ကော့သောင်း စသောလေဆိပ်များတွင် ရပ်နားဆီဖြည့်စဉ်ပါရှိလာသော ချောပစ္စည်းများမှာ ယခုအခါ တန်ဖိုးရှိ မြန်မာ့လေကြောင်းသမိုင်းဆိုင်ရာပစ္စည်းများဖြစ်နေလေပြီ။ ထို့အတူ ရန်ကုန် (မင်္ဂလာဒုံ)မှ / သို့ ရောက်ရှိခဲ့သော လေကြောင်းလိုင်းတစ်လိုင်း၏ ပထမဆုံး စတင်ပျံသန်းရပ်နားခဲ့သည့်ခရီးစဉ်ဖြင့် သယ်ဆောင်ခဲ့သောစာအိတ်များ (First Flight Covers FFC's) မှာလည်း မြန်မာလေကြောင်းစာပို့သမိုင်းဆိုင်ရာတန်ဖိုးရှိပစ္စည်းများဖြစ်နေပေပြီ။

### (ဂ) အထူးဝန်ဆောင်မှုလုပ်ငန်းများကို လိုက်၍ စုဆောင်းခြင်း

စာတိုက်ဌာနမှ ဝန်ဆောင်မှုပေးလျက်ရှိသော လုပ်ငန်းအများအပြားရှိသည့်အနက် ရိုးရိုးသာမန်စာပို့လုပ်ငန်းမဟုတ်ဘဲ အထူးဝန်ဆောင်မှုပေးရသောလုပ်ငန်းအလိုက် ပေးပို့ရရှိလာသောချောပစ္စည်းများကို စာပို့သမိုင်းပစ္စည်းများအဖြစ် ခွဲခြားစုဆောင်းသည့် နည်းစနစ်တစ်ခုဖြစ်သည်။

### (၁) ပါဆယ်၊ ချောထုပ်လုပ်ငန်း

လူသုံးကုန်ပစ္စည်း၊ စားသောက်ဖွယ်ရာ စသည့်အရာများကို ထုပ်ပိုး၍ ပါဆယ် (Parcel) သို့မဟုတ် ချောထုပ်ဟုခေါ်သော ချောပစ္စည်းတစ်ခုအနေဖြင့် စာတိုက်မှပေးပို့သော လုပ်ငန်းနှင့်ဆက်စပ်သော စာပို့သမိုင်းပစ္စည်းများကိုစုဆောင်းခြင်း ဖြစ်သည်။ အတွင်းပါပစ္စည်းအနေဖြင့် ကျန်ရှိတော့မည်မဟုတ်သော်လည်း ထိုပစ္စည်းကိုထုပ်ပိုးခဲ့သောစက္ကူ၊ ကတ်ထူ၊ အဝတ်စ စသည့် ထုပ်ပိုးပစ္စည်းများပေါ်မှ အမှတ်အသားများကိုစုဆောင်း လေ့လာနိုင်သည်၊ သို့ရာတွင် စာပို့သမိုင်းဝါသနာလောကသားတို့က ဤနယ်ပယ်ဘက်တွင် အထူးပြုလေ့လာစုဆောင်းသူနည်းပါးလှသည်။ ထူးခြားမှုမှာ ချောထုပ်တစ်ခုသည် အကောက်ခွန်စခန်း(Customs)ကို ဖြတ်သန်းခဲ့ရပါက အခွန်အကောက်ဆိုင်ရာမှတ်ချက်၊အမှတ်အသားများလည်း လေ့လာနိုင်ခြင်းဖြစ်သည်။

### (၂) မှတ်ပုံတင်ချောပစ္စည်းများ

အင်္ဂလိပ်အမည် Registration ဟူသော စကားလုံးအသံကို တိုက်ရိုက်ဖလှယ်ထားသော မြန်မာစာလုံး 'ရေဂျစလီ' ဟူ၍ ရှေးယခင်က သုံးစွဲခဲ့သော်လည်း ယခုအခါ 'မှတ်ပုံတင်' ဟူ၍ပြောင်းလဲသုံးစွဲလျက်ရှိသည်။ မှတ်ပုံတင်ချောပစ္စည်းများနှင့်ပတ်သက်၍ စာတိုက်၏မှတ်ပုံတင်အမှတ်အသားများ (Re- gistration Marks)၊ မှတ်ပုံတင်အညွှန်းအမှတ်များ(Registration labels)အပြင် မှတ်ပုံတင်ခ (Registration Fee). . . စသည့်အကြောင်းအရာများကိုစုဆောင်းလေ့လာနိုင်သည်၊ ထိုအမှတ်အသားများကို စာအိတ်အလိုက် (Entire) စုဆောင်းနိုင်ပါက ပိုမိုအကျိုးရှိမည် ဖြစ်သည်၊ ပုံ(၁) ၌ ပြသထားသည်မှာ မြန်မာနိုင်ငံ၌အသုံးပြုခဲ့သော ရန်ကုန်စာတိုက်ကြီး၏ ခေတ်အလိုက်မှတ်ပုံတင်အမှတ်အသားများ ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

### (၃) အမြန်ချောပို့လုပ်ငန်း

မြန်မာနိုင်ငံ၌ အမြန်ချောပို့လုပ်ငန်း (Express Mail Service-EMS) ကို ၁၉၉၂ ခုနှစ်က စမ်းသပ်လုပ်ကိုင်ခဲ့ပြီး (၃)လအကြာ၌ တရားဝင်လုပ်ငန်းအဖြစ် စတင်နိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှစ၍ အမြန်ချောပို့လုပ်ငန်းကို နိုင်ငံခြားသို့ ဆက်သွယ်လုပ်ကိုင်နိုင်ခဲ့သည်။ပထမဆုံး စတင်ပေးပို့နိုင်ခဲ့သည့်နိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပြီး အများအားဖြင့် အာဆီယံနိုင်ငံများသို့သာ ဤလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်နိုင်ခဲ့သည်။ အမြန်ချောပို့ပစ္စည်းများဖြစ်သော စာအိတ်၊ ထုပ်ပိုးအစ္စ၊ အမှတ်အသား စသည်တို့ကို စာပို့သမိုင်းပစ္စည်းအဖြစ် စုဆောင်းနိုင်သည်။ ယခုအခါ ပြည်တွင်း၌ အသုံးပြုသော အမြန်ချောပို့စာအိတ်ငယ်၊ စာအိတ်ကြီးတို့၏ ပုံနှိပ်စာတမ်းများ၊ စာအိတ်ဒီဇိုင်းပုံ၊ ပေးပို့နိုင်သည့် မြို့များစာရင်းတို့မှာ အမျိုးမျိုးပြောင်းလဲခဲ့ပြီဖြစ်ရာ အမြန်ချောစာအိတ်များကို ခေတ်အလိုက်ရရှိအောင်စုဆောင်းနိုင်ပါက အမြန်ချောစာပို့လုပ်ငန်းသမိုင်းကို ကောင်းစွာ တင်ပြနိုင်မည် ဖြစ်သည်။ ထို့အတူ ပုဂ္ဂလိကနယ်ပယ်မှ အမြန်ချောပစ္စည်းစာအိတ်များကို ရယူစုဆောင်းနိုင်ပါက တစ်ချိန်တွင် အမြန်ချောစာပို့သမိုင်းပစ္စည်းကောင်းများ ဖြစ်လာနိုင်သည်။

### (၄) စာပို့စာရေးကိရိယာပစ္စည်းများ

စာတိုက်ဌာနမှတရားဝင်ထုတ်ဝေသော စာအိတ်၊ ပို့စကတ်၊ လေကြောင်းစာပို့လွှာ (Aerogramme) တို့မှာ စာပို့စာရေးကိရိယာများ ဖြစ်ကြသည်။ စာပို့လမ်းကြောင်းအတိုင်းဖြတ်သန်းခဲ့သော ထိုပစ္စည်းများကို စာပို့သမိုင်းပစ္စည်းများအဖြစ် စုဆောင်းနိုင်သည်။ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်များက စာပို့စာရေးကိရိယာပစ္စည်းများပြားစွာထုတ်ဝေခဲ့သည်။ တော်လှန်ရေးအစိုးရတက်ခါစက ပို့စကတ်အမျိုးမျိုး ထုတ်ဝေခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၌ (၁၅) ပြား ဟန်ချင်းမောင်နှံတံဆိပ်ခေါင်းပုံနှိပ်ပါရှိပြီး စာအိတ်များ (Pre-stamped Envelopes-PSE's) မှာ စိတ်ဝင်စားဖွယ်ရာကောင်းသည်။ စာပို့ခ (၅၀) ပြားသို့ တက်လာသဖြင့် ထိုတံဆိပ်ခေါင်းပေါ်တွင် (၃၅) ပြားဟု မီတာအမှတ်ဖြင့် ရိုက်နှိပ်ခဲ့ရာ တိုင်းပြည်နယ်၊ မြို့နယ်အချို့တို့မှ (၁၉၉၁ မှ ၁၉၉၃ အထိ) အမျိုးမျိုးသော ပုံစံဖြင့် ထုတ်ဝေခဲ့သည်။ ထိုစာအိတ်ပေါင်း၊ စာအိတ်ခွံများကို မြန်မာ့စာပို့သမိုင်းဆိုင်ရာပစ္စည်းများအဖြစ် စုစည်းတင်ပြနိုင်သည်။ ပုံ (၂) မှာ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် တံဆိပ်ခေါင်းပါရှိပြီး စာအိတ်အမျိုးမျိုးမှ မီတာအမှတ်အသားများပုံ ဖြစ်သည်။

### (၅) စာပို့အမှတ်အသားများစုဆောင်းခြင်း

ခေတ်အလိုက်၊ နှစ်အလိုက် ပြောင်းလဲအသုံးပြုလာသော စာတိုက်များမှထုနှိပ်သည့် စာပို့အမှတ်အသားများ (Postmarks) ၏ ဒီဇိုင်းပုံ၊ ထူးခြားချက်၊ စာလုံးပုံစံ၊ အတိုင်းအတာ၊ အရွယ်အစား၊ ပုံသဏ္ဍာန် စသည်တို့ကို လေ့လာနိုင်သည်။ ထိုကဲ့သို့ စာပို့အမှတ်အသားများချည်းလေ့လာသော ဝါသနာရပ်ကို 'စာပို့အမှတ်အသားလေ့လာသည့်ဝါသနာရပ်' (Marcophily) ဟု သီးခြားခေါ်ဝေါ်သည်။ စာပို့အမှတ်အသားများ၏ဒီဇိုင်းကို အသေးစိတ် လေ့လာကြည့်ပါက စိတ်ဝင်စားစရာအလွန်ကောင်းပါသည်။ ပုံ (၃) မှာ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲနောက်ပိုင်းအမျိုးမျိုးပြောင်းလဲလာသော ရန်ကုန်စာတိုက်ကြီး၏စာပို့အမှတ်အသားအမျိုးမျိုးပုံဖြစ်သည်။

### (၆) ခေတ်အလိုက်ပေါ်ပင်ပစ္စည်းများ

မိမိစုဆောင်းလေ့လာလျက်ရှိသော စာပို့သမိုင်းဝါသနာ၏ ခေတ်ကာလအပိုင်းအခြားတစ်ခုအတွင်း အထူးပြုစုဆောင်းလျက်ရှိသော စာပို့သမိုင်းပစ္စည်းများဆိုင်ရာ အကြောင်းအရာများနှင့် သက်သေထူအထောက်အကူပြုနိုင်မည့် မှတ်တမ်းများ၊ ထိုခေတ်ကာလ၏သက်ဆိုင်ရာဒေသမြေပုံ၊ ပုံကြမ်း၊ ရုပ်ပုံ၊ မှတ်စုနှင့် ထိုခေတ်ကာလ၏အခြေအနေကိုဖော်ပြသောသတင်းစာဖြတ်ပိုင်း၊ဓာတ်ပုံစသည့် ပစ္စည်းများကို ခေတ်အလိုက်ပေါ်ပင်ပစ္စည်းများ (Ephemera) ဟူ၍ ပူးတွဲစုဆောင်း တင်ပြရလေ့ရှိသည်။

### ▫ စာပို့သမိုင်းပစ္စည်းများ ရရှိနိုင်သောနည်းလမ်းများ

မိမိစုဆောင်းလေ့လာနိုင်ရန်အတွက် စာပို့သမိုင်းပစ္စည်းများကို အောက်ဖော်ပြပါနည်းလမ်းများအပြင် အခြားသော မိမိကိုယ်ပိုင်နည်းလမ်းများရှိပါက ထိုနည်းလမ်းများကို အသုံးချ၍ ရရှိအောင်လုပ်ဆောင်နိုင်သည်။ သတိပြုရမည်မှာ တစ်နေ့တခြား စာပို့သမိုင်းပစ္စည်းများ ရှာဖွေရရှိရန်ခက်ခဲလာနေခြင်းဖြစ်သည်။ မြန်မာဝါသနာရှင်များအနေဖြင့်မူ သီးခြားအထူးပြုစုဆောင်းသည်ထက် မြန်မာစာပို့သမိုင်းဆိုင်ရာပစ္စည်းများကို ရလျှင်ရသလို အထွေထွေစုဆောင်းနည်း (General Collecting) ပုံစံဖြင့် ရှာဖွေရယူလေ့လာရန် ဖြစ်သည်။

### (က) မိတ်ဆွေသူငယ်ချင်းများနှင့် အသင်းအဖွဲ့

ပထမဦးစွာ မိမိ၏ နေအိမ်မီးဖိုရှိ အံဆွဲ၊ စာအုပ်ကြိုစာအုပ်ကြား၊ စာရွက်စာတမ်းများကြားတွင် မိဘဘိုးဘွားများ လက်ထက်က စာအိတ်ခွံ၊ စာအိတ်ပေါင်း စသည့်ပစ္စည်းများ ခိုအောင်းနေခြင်း ရှိမရှိရှာဖွေကြည့်ရပါမည်။ နောက်တစ်ဆင့်အနေဖြင့် အိမ်နီးနားချင်း၊ မိတ်ဆွေရောင်းရင်းများထံမှ စာအိတ်ခွံ၊ စာအိတ်ပေါင်းများကို မေတ္တာရပ်ခံ၍တောင်းယူရပါမည်။မိမိတစ်ဦးတည်းရှာဖွေနေသည်ထက် အခြားဝါသနာရှင်တစ်ဦးဦးနှင့် ဆက်သွယ်ပြီး လဲလှယ်ဝယ်ယူနိုင်ပါက မိမိထံ၌ စာပို့သမိုင်းပစ္စည်းများရရှိလာအောင် ကြံဆောင်လုပ်ကိုင်ရသည်မှာ ပိုမို လွယ်ကူပါလိမ့်မည်။ ဤကဲ့သို့ မိမိနှင့် ဝါသနာတူသူ နောက်တစ်ဦးတွေ့ရန်မှာ အသင်းအဖွဲ့သို့ အသင်းဝင်အဖြစ်ဝင်ရောက်ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၌ စာပို့သမိုင်းဝါသနာရှင်များအသင်းဟူ၍ သီးခြားမရှိပေ။ သို့သော် ဤဝါသနာ၏ ပင်မဝါသနာရပ်ကြီးနှင့် သက်ဆိုင်သော တံဆိပ်ခေါင်းဝါသနာရှင်များအသင်းသို့ ဝင်ရောက်၍ ပစ္စည်းများကြိုးစားရှာဖွေရမည်ဖြစ်သည်။ တံဆိပ်ခေါင်းဝါသနာရှင်အားလုံးမှာ စာအိတ်ခွံ၊ စာအိတ်ပေါင်းများကိုလည်း စုဆောင်းလေ့ရှိကြသည်။ တစ်ခုသတိပြုရမည်မှာ ထိုအသင်းဝင်များမှာ မိမိထက် စာပို့သမိုင်းပစ္စည်းများဆိုင်ရာဗဟုသုတပိုမိုရှိကြသူများဖြစ်သဖြင့် လဲလှယ် ရောင်းဝယ်ရာ၌ မတန်တဆ ပေးလိုက်ရသည့်အဖြစ်မျိုး မကြုံမိစေရန် ဖြစ်သည်။

### (ခ) စာပို့သမိုင်းပစ္စည်းအရောင်းဆိုင်များ

စာပို့သမိုင်းဝါသနာကို လေ့လာလိုက်စားသော ဝါသနာရှင်ဦးရေ အလွန်နည်းပါးသည့် မြန်မာနိုင်ငံ၌ စာပို့သမိုင်းပစ္စည်းအရောင်းဆိုင်ဟူ၍ သီးခြားမရှိပေ။ သို့ရာတွင် ရန်ကုန်မြို့၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော တံဆိပ်ခေါင်းအရောင်းဆိုင်များ၌ စာပို့သမိုင်းဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းများဖြစ်သော စာအိတ်ဟောင်း၊ ပို့စကတ်ဟောင်း၊ လေကြောင်းစာပို့လွှာအဟောင်းများ ဝယ်ယူရရှိနိုင်သည်။ မိမိမှာ စာပို့သမိုင်းပစ္စည်းဝယ်ယူဖူးသူမဟုတ်ပါကလည်း ပစ္စည်းတစ်ခု၏ ရောင်းဈေးတန်၊ မတန်ဟူသည်ကို သိရှိရန် ခက်ခဲနိုင်ပါသည်။ ဤသို့ဆိုလျှင် မိမိအတွက်အလွန်အသုံးဝင်မည့်ပစ္စည်းဖြစ်နေပါကဈေးဆစ်ပြီးဝယ်ရမည်သာ ဖြစ်သည်။ တစ်ခါတစ်ရံ မိမိလိုချင်သည့်ပစ္စည်းဖြစ်နေပြီး ရှားပါးမှုန်းလည်းသိနေရာ အမှန်တကယ်ဝယ်ကြည့်သော် ထင်သလောက်ဈေးမများသည့်အဖြစ်မျိုးနှင့်လည်းကြုံရနိုင်သည်။ မြန်မာ့စာပို့သမိုင်းဝင်ပစ္စည်းများအတွက် သတ်သတ်မှတ်မှတ်ဈေးနှုန်းဟူ၍မရှိပေ။ သို့ရာတွင် အထင်ကရပစ္စည်းများဖြစ်သော 'ဂျပန်ခေတ်စာအိတ်အမျိုးမျိုး'၊ 'ချင်းတောင်တန်းစာအိတ်များ'၊ 'အိန္ဒိယနှင့် ခွဲမထွက်မီက မြန်မာစာအိတ်များ' စသည့် ပစ္စည်းများကိုမူ ကမ္ဘာ့ကက်တလောက်များ၏ဈေးနှုန်းဖြင့်ချိန်ထိုးချင့်ချိန်ဝယ်ယူရပါမည်။ ပုံစံအားဖြင့်ပြရပါက 'ချင်းတောင်တန်းစာအိတ်များ' မှာ ယခုအခါ တစ်အိတ်လျှင် အမေရိကန်ဒေါ်လာ(၁၀၀၀)ကျော်နေပြီဟု ကက်တလောက်များ၌ ပြသထားရာ ထိုပေါက်ဈေးကို အခြေခံ၍ သင့်တင့်လျော်ကန်သောဈေးနှုန်းဖြင့်ဝယ်ယူရန် ဖြစ်သည်။

**(ဂ) စာပို့သမိုင်းပစ္စည်းလေလံပွဲများ**

မြန်မာ့စာပို့သမိုင်းပစ္စည်းများကို လေလံပွဲများ (Auctions) မှလည်း ဝယ်ယူရရှိနိုင်သည်။ စင်ကာပူ၊ ဟောင်ကောင်၊ လန်ဒန်၊ နယူးယောက် စသော မြို့ကြီးများရှိ အခါအားလျော်စွာ ကျင်းပသော စာပို့သမိုင်းပစ္စည်းလေလံပွဲများ၌ မြန်မာပစ္စည်းများလည်းပါဝင်ရာ သွားရောက်၍ (ကြုံကြိုက်ပါက) လေလံဆွဲ ဝယ်ယူနိုင်ပါသည်။ သို့ရာတွင် ယခုအခါ အင်တာနက်အွန်လိုင်းမှလည်း စာပို့သမိုင်းပစ္စည်းများကို လေလံပုံစံဖြင့် ရောင်းချလျက်ရှိရာ အွန်လိုင်းမှ ဆွဲချဝယ်ယူနိုင်ပြန်သည်။ သို့သော် မည်ကဲ့သို့ လေလံဆွဲရမည်၊ မည်ကဲ့သို့ပေးချေရမည် စသည်တို့ကို ထဲထဲဝင်ဝင်သိရှိသူများနှင့် တိုင်ပင်ညှိနှိုင်းပြီးမှ လုပ်ကိုင်သင့်သည်။ အင်တာနက်အွန်လိုင်းမှ ရောင်းချသောပစ္စည်းများမှာ ဈေးနှုန်းသက်သာသည်ဟု အတွေ့အကြုံရှိသူများက ပြောကြသည်။

**▫ စာပို့သမိုင်းဝါသနာဆိုင်ရာဗဟုသုတ**

စာပို့သမိုင်းဆိုင်ရာပစ္စည်းများကို ဝါသနာတစ်ရပ်အဖြစ် စုဆောင်းရာ၌ စာပို့သမိုင်းဆိုင်ရာ အခြေခံဗဟုသုတများကိုလည်း ရှာမှီး၊ ဖတ်ရှု၊ လေ့လာရမည် ဖြစ်သည်။ မြန်မာ့စာပို့သမိုင်းဝါသနာကို လိုက်စားမည်ဆိုပါက အင်္ဂလိပ်- မြန်မာစစ်ပွဲများမှသည် ဗြိတိသျှကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးရပြီး နိုင်ငံရေးအစိုးရခေတ်၊ တော်လှန်ရေးကောင်စီခေတ် စသည်ဖြင့် ထိုခေတ်များ၏အခြေခံသမိုင်းဗဟုသုတများသိထားသင့်သည်။ မြန်မာ့စာပို့သမိုင်းနှင့်ပတ်သက်၍ စာပို့စနစ်၊ စာတိုက်များ၊ စာပို့ခန္တနွမ်းများ၊ စာပို့ဝန်ထမ်းအင်အား၊ ချောသယ်ပို့လမ်းကြောင်း၊ ချောသယ်ယာဉ်၊ ချောစာများ၊ စာတိုက်အမှတ်အသားများတို့ကို စုံစုံလင်လင် ပြုစုရေးသားကြသူများမှာ အင်္ဂလိပ်လူမျိုးဝါသနာရှင်များသာ ဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ စာပို့စနစ်ကို အင်္ဂလိပ်တို့က စတင်တည်ထောင်ခဲ့ကြသည်ဖြစ်ရာ အင်္ဂလိပ်တို့ကသာ ရေးသားပြုစုနိုင်ခြင်းမှာ အံ့ဩလောက်စရာ မဟုတ်ပေ။ မြန်မာ့စာပို့သမိုင်းဝါသနာဖြင့် စာပို့ပစ္စည်းများစတင်စုဆောင်းပြီး လေ့လာလိုပါက ပထမဆုံးအကြံပြုလိုသည့်စာအုပ်မှာ ၁၉၇၁ ခုနှစ်က ရော့ဗ်ဆန်လိုဝီ (Robson Lowe) လီမိတက်မှ ထုတ်ဝေပြီး ဒေးဗစ်နှင့် မာတင် (G. Davis & D.Martin) တို့ ရေးသားသော 'မြန်မာ့စာပို့သမိုင်း' (Burma Postal History) စာအုပ် ဖြစ်သည်။ ဤစာအုပ်ထက် ပိုမိုပြည့်စုံပြီး မြန်မာနိုင်ငံစာတိုက်များအားလုံးနီးပါးမှ စာတိုက်တံဆိပ်အမှတ်အသားများကို နမူနာပုံများဖြင့်ပြသထားသည့် စာအုပ်မှာ ပရောက် (E.B. Proud)၏ 'မြန်မာနိုင်ငံစာပို့သမိုင်း' (The Postal History of Burma) ဖြစ်သည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသော စာအုပ်များအနက် စာပို့သမိုင်းကို အသားပေးထားသည့် စာအုပ်မှာ ၁၉၇၂ ခုနှစ်က စာပေဗိမာန်မှထုတ်ဝေသော ဦးသိန်းဒန်၏ 'သင့်ထံမှ ကျွန်ုပ်ထံသို့' ဖြစ်သည်။ ဦးသိန်းဒန် ရေးသားပြုစုပြီး ဒုတိယအကြိမ် မြန်မာနိုင်ငံသုတေသနဆွေးနွေးပွဲ၌ ဖတ်ကြားခဲ့သည့် The History of Post and Telegraph Deparment ဟူသော စာတမ်းကလည်း များစွာ အထောက်အကူပြုသည်။

**▫ စာပို့သမိုင်းဝါသနာနှင့်ပတ်သက်၍**

ဤဆောင်းပါးနှင့် ပတ်သက်၍ ရှင်းလင်းရန်အချက်အနည်းငယ်ရှိသည်။ ပထမအချက်မှာ ဤဆောင်းပါးမှာ မြန်မာ့စာပို့သမိုင်းဝါသနာအကြောင်း တင်ပြထားသော ဆောင်းပါးမဟုတ်ခြင်း ဖြစ်သည်။ စာပို့သမိုင်းဝါသနာအကြောင်းကို ယေဘုယျသဘောတင်ပြထားခြင်းသာဖြစ်သည်။ (မြန်မာ့စာပို့သမိုင်းနှင့် ပတ်သက်၍ သီးခြားဆောင်းပါးဖြင့် တင်ပြပါမည်။) ဒုတိယအချက်မှာ ဤဆောင်းပါးမှာ စာပို့သမိုင်းဝါသနာကို စာဖတ်သူတို့အတွက် မိတ်ဆက်အနေဖြင့် တင်ပြထားခြင်းဖြစ်ပြီး ထိုဝါသနာနှင့်သက်ဆိုင်သောပစ္စည်းများကို ရှာဖွေစုဆောင်းနိုင်ရန် အကြမ်းအားဖြင့် ညွှန်ပြထားခြင်း ဖြစ်သည်။ ထိုသို့ လမ်းညွှန်တင်ပြရာ၌ မြန်မာ့စာပို့သမိုင်းဝါသနာဆိုင်ရာပစ္စည်းများနှင့် စုဆောင်းလေ့လာနိုင်ရန် မြန်မာ့နယ်ပယ်များကို နမူနာအဖြစ် တင်ပြထားခြင်း ဖြစ်သည်။ တတိယအချက်အနေဖြင့် ဤဆောင်းပါး၌ချန်လှပ်ခဲ့သော အစိတ်အပိုင်းများမှာ စုဆောင်းရရှိလာသော စာပို့သမိုင်းဝင်ပစ္စည်းများကို မည်ကဲ့သို့ ရွေးချယ်ခင်းကျင်း ပြသ (Mounting) ရမည်၊ မည်ကဲ့သို့ ရေးသားတင်ပြ (Writing-up) ရမည်ဟူသည့်အချက် ဖြစ်သည်။ သမိုင်းဘာသာရပ်ကို ဝါသနာပါရှိပြီး စုဆောင်းရှာဖွေတင်ပြလိုသောစိတ်လည်းရှိပါက ဤစာပို့သမိုင်းဝါသနာကို လေ့လာလိုက်စားခြင်းဖြင့် ကိုယ်စိတ်နှစ်ပါးရွှင်လန်းနှစ်သိမ့်မှုများရရှိပြီး တစ်ချိန်ချိန်၌ မိမိစုဆောင်းထားသော စာပို့သမိုင်းပစ္စည်းများကိုရောင်းချ၍ ငွေကြေးအမြတ်အစွန်းများရရှိနိုင်ပါသောကြောင့် ဝါသနာရှင်အသစ်များအား ဤဆောင်းပါးဖြင့် ဖိတ်ခေါ်အပ်ပါသည်။

ကြည်ထွင်

ကိုးကားမှုများ -


၁။ V.J.Sussex (1988) Introducing Postal History. The British Philatelic Trust & Postal History Society, London.

၂။ E.B. Proud (2002) The Postal History of Burma. Proud-Baily Co.Ltd., Heathfield.





www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်ဆယ့်ကိုး ရေရှူးနှင့်ငလျင် စိုးစိတ်မဝင်ဖို့ ပြင်ဆင်စို့

ထင်ကျော်ဇွာ(ဂမ္ဘီရရှာစု)




ယခုနှစ် ၂၀၁၇ ခုနှစ် ဧပြီ ၁၇ရက်တွင် မြန်မာနှစ်ဆန်း၍ ၁၃၇၉ ခုနှစ်သို့ ရောက်ရှိပါသည်။ လက်ရှိ မြန်မာနိုင်ငံတွင် နှစ်စဉ်ရာသီဥတုသည် မိုးနှင့်နွေရာသီတို့တွင် ရာသီပုံမှန်မရှိတော့ပါ။ ရေကြီးခြင်း၊ လေပြင်းမုန်တိုင်းကျရောက်ခြင်း၊ မိုးသီးမိုးပေါက်ကြီးခြင်း၊ နွေအပူရှိန်မြင့်တက်လွန်းခြင်း၊ သောက်သုံးရေပြတ်တောက်ခြင်း၊ ငလျင်လှုပ်ခြင်းတို့ ကြုံတွေ့ရပါသည်။ သို့ဆိုလျှင် ၁၃၇၉ ခုနှစ် ရာသီဥတုအခြေအနေ ကြိုတင်သိသင့်ပေသည်။ သင်္ကြန်စာနှင့် ဗေဒင်ဆရာတို့၏ အသိပေးချက်သက်သက်နှင့်ကြားရခြင်းထက် မိမိတို့ကိုယ်တိုင် တွက်ချက်နားလည်ရသောလောကီနည်းပညာများတတ်သိပါက ခံယူချက်နှင့် ပြင်ဆင်နိုင်ပေလိမ့်မည်။

သို့ပါ၍ မကြာသေးမီ ရက်ပိုင်းက ကျွန်ုပ်ထံ လာရောက် မေးမြန်း ဆွေးနွေးသင်ယူခဲ့ပါသော တပည့်ကျော် နိုင်ဝင်းအောင်နှင့် ဆွေးနွေးခန်းလေး ပြန်လည်တင်ပြလိုက်ရပါသည်။

"ဆရာရေ၊ မနှစ်က မိုးမကျခင်သည်လိုအချိန်ပဲလေ ဆရာ့ဆီ ရေကြီးကိန်းလာမေးသေးတယ်။ အဲသည်တုန်းက ဆရာကတွက်နည်းနဲ့တကွ ရေကြီးမယ့်အကြောင်း တွက်ချက်ပြောဆိုခဲ့တာ မှတ်မိပါသေးတယ်။ တကယ်အသေအချာပဲနော်"

"ဒါပေါ့ မောင်နိုင်ရာ၊ တွက်နည်းတွေကတော့ များပြားပါတယ်။ တကယ်ဒက်ထိမှန်တာတွေ့ဖို့လိုတာပေါ့"

"ဟုတ်ပါရဲ့ဆရာ၊ ခုထိတွက်နည်းအလွတ်မှတ်မိနေသေးတယ်။ ခဏခဏ တွက်ပြရလို့ထင်ပါတယ်။ ဘာတဲ့ တွက်ချင်တဲ့ မြန်မာသက္ကရာဇ်ကို (၈၂၂) နဲ့ ပေါင်းပြီး သုံးဖော်ထား (က) (၃)၊ (ခ) (၄)၊ (ဂ) (၅) နဲ့စားတဲ့အခါ အကြွင်းတွေမှာ (၂)နဲ့ (၄)ကြွင်းရင် ရေမကြီးဘူးလို့ဆိုတယ်။ မနှစ်က ၁၃၇၈ ခုနှစ်မှာ (၈၂၂)နဲ့ ပေါင်းလိုက်တာ (၂၂၀၀) ရတာကို ကိန်းစဉ် သုံး၊ လေး၊ ငါးနဲ့စားကာ (၂)၊ (၄) မပါဘူး။ရေကြီးတာအသေအချာပဲလေ။ ရောဝတီကနေ မြန်မာပြည်ထဲက မြစ်ရိုးတကြော မြစ်ရေတွေတက်လို့ ရေကြီးတာ ဝက်ဝက်ကွဲပါရော့လား"

"အေး - ဒါဆို ယခုနှစ် (၁၃၇၉) ကိုကော မင်းတွက်ကြည့်ပြီးပြီလား၊ အခြေအနေအားလုံးသိရအောင် ပြောပါဦးကွာ"

"ဆရာရေ၊ သည်နှစ်တော့ စိတ်သာချ၊ ရေမကြီးဘူးဗျ။ (၈၂၂) နဲ့ပေါင်းတာ (၂၂၀၁) ရတယ်။ သုံး၊ လေး၊ ငါးနဲ့စားလိုက်တော့ (၃)နဲ့စားကတည်းက (၂) ကြွင်းနေပါရောလား။ ရေမကြီးလောက်တော့တာ ကျိန်းသေသွားပြီပေါ့ဆရာ"

"သည်တော့ ၁၃၇၉ ခုနှစ် ရေမကြီးနိုင်တာ ကိုယ်တိုင်တွက်သိနားလည်ခံယူနိုင်ပြီပေါ့ဟုတ်လား"

"ဟုတ်ပ့ါ ဆရာရယ်၊ ရေမကြီးတာထက် နောက်ထပ်ဆန်းပြားတဲ့ လေရူးရေရှူးတို့ သည်နွေတစ်ကြောပြန်ထနေတဲ့ငလျင်တို့ ဆိုးဆိုးဝါးဝါးကြုံရတဲ့အခြေအနေတွက်နည်းတောမရှိဘူးလားဆရာ"

နိုင်ဝင်းအောင်မေးမယ်ဆိုမေးသင့်ပါသည်။ ရေကြီးခြင်းဟူသည် တစ်နေရာတွင် ရေသည် မူလမျက်နှာပြင်ထက်မြင့်တက်သောရေထုလွှမ်းမိုး၍ ရုတ်တရက်ပြန်မကျခြင်းကို သတ်မှတ်ပါသည်။ ရေများခြင်း၊ ရေရှူးခြင်းဆိုသည်လည်း ရှိသေးပါသည်။ ရေသည် စီးဆင်းမှု၊ တက်လာမှု အင်အားများနေခြင်းသည် ရေများသည့်လက္ခဏာဖြစ်သည်။ ရေရှူးမှာကား စီးနေကျရေစီးကြောင်းသွေဖည်၍ ပြောင်းစီးဆင်းခြင်း၊ အတည့်မှပြောင်းပြန်စီးတာမျိုး၊ မစီးတော့ဘဲ တစ်နေရာတွင် ရေအိုင်နေတာမျိုးလည်းဖြစ်တတ်သည်။ ရေကြီးတာမျိုးလည်းမဟုတ်ဘဲ ကုန်းပေါ်ရေတက်လာတာမျိုး၊ ရေဘယ်လောက်များများတက်လာပါစေ ကျချင်လည်း နာရီပိုင်းနှင့်တစ်မဟုတ်ချင်း ပြန်ကျတာမျိုးလည်း ဖြစ်တတ်သည်။ ဒါကြောင့်လည်း ရေရှူးလို့ခေါ် ကြောင်း နိုင်ဝင်းအောင်အား ရှင်းပြရသည်။ သို့ရှင်းပြမှပင် နိုင်ဝင်းအောင်က မေးခွန်းထုတ်ပါတော့သည်။

"ဆရာရေ ရေများခြင်း၊ ရေရှူးခြင်းကို ဘယ်လိုနှစ်တွေခံစားရနိုင်သလဲသိရအောင် တွက်နည်းပြောပါဦး"

နိုင်ဝင်းအောင်၏ အမေးကို အောက်ပါအတိုင်းပြောပြရသည်။

တွက်ချင်တဲ့သက္ကရာဇ် (ရောက်ဆဲသက္ကရာဇ်)နဲ့ (က) (၂၄၀,၀၀၀)၊ (ခ) (၄၈၀,၀၀၀)၊ (ဂ) (၉၆၀,၀၀၀) ဒီသုံးခုထဲက တစ်ခုခုကိုတည်ပြီးစားပါ။ တစ်ခုကိုစားကြည့်လျှင်ပင်လုံလောက်ပါသည်။ စားလို့ရတဲ့ရလဒ်ကို (က) (၈)နဲ့ မြှောက်၊








www.burmeseclassic.com

www.burmeseclassic.com

(ခ) (၄)နဲ့မြှောက်၊ (ဂ) (၆)နှင့် မြှောက်လိုက်ပါ။

(က)၊ (ခ)၊ (ဂ)တို့ မြှောက်လို့ရတဲ့ ကိန်းကို (၁၂) တစ်ခုတည်းနှင့်စားပါ။ အကြွင်းဟာပြတ်လျှင်၊ (၀) ကြွင်းလျှင် ရေများမည်၊ ရေရှားမည်။ အဲသည်အတိုင်း (၀)ကြွင်းမယ့်ခုနှစ်တွက်ကိန်းရဲ့ခုနှစ်ဟာ ရေများမည့်နှစ်၊ရေရှားမည့်နှစ်ပါပဲလို့ ရှင်းပြရပါသည်။ ရေများတယ်လို့ပြောရတာကတော့ (က) မိုးဦးကောင်း။ (ခ) မိုးလယ်ကောင်း။ (ဂ) မိုးနှောင်းကောင်းလို့ပါဖြစ်ပါသည်။

နိုင်ဝင်းအောင်အား တွက်နည်းပြောပြပြီးပါပြီ။ စာရွက်အလွတ်ပေါ်တွင် ၁၃၇၉ ခုနှစ်၊ ယခုလာမည့်နှစ်ဖြင့် (၂၄၆,၀၀၀၊ ၄၈၀,၀၀၀၊ ၉၆၀,၀၀၀) တို့ကိုချရေးပြီး ဂဏန်းပေါင်းစက်ဖြင့်စားပါသည်။ စား၍ရသောရလဒ်တို့မှာ (က) (၁၇၄)၊ (ခ) (၃၄၈)၊ (ဂ) (၆၉၆) တို့ရရှိသည်ကိုတွေ့ရပါသည်။ ထိုရလဒ်များကို (၈)၊ (၄)၊ (၆) တို့ဖြင့် ဆက်၍မြှောက်ပြန်သည်။ ရသောမြှောက်လဒ်ကိန်းကို သုံးခုစလုံး (၁၂)ဖြင့်စားရာ (၀)ကြွင်းသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် ၁၃၇၉ ခုနှစ်သည် ရေရှားမည်၊ ရေများမည်၊ မိုးဦးကောင်းမည်၊ မိုးလယ်ကောင်းမည်၊ မိုးနှောင်းကောင်းမည်ဟူသောအဖြေထွက်လာပါသည်။

နိုင်ဝင်းအောင်မှာ ကိုယ်တိုင်ကိုယ်ကျချတွက်ခြင်းဖြစ်၍ အတော်ပင်ကျေနပ်သွားပုံရပါသည်။ ထို့ကြောင့် စကားဆက်ပြန်သည်။

"ဖြစ်တတ်ကြုံတတ်တာတွေသိခွင့်ရလို့ ကျေးဇူးတင်ပါတယ်။ ကြုံနိုင်တဲ့တွက်နည်းကိုသိရလို့လည်း ပိုလို့ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ပါတယ်ဆရာ။ တစ်လက်စတည်း ဒီနေ့မှာ ပြန်လှုပ်လာတဲ့ငလျင်အတွက် လာမယ့်နှစ်ကို ငလျင်လှုပ်နိုင်မှုအားကို သိချင်ပါတယ်ဆရာ။ ငလျင်လှုပ်ကိန်းကိုရော ကြိုတင်တွက်ပြီးသိနိုင်ပါသလား"

"ရောက်ဆဲသက္ကရာဇ် မြေငလျင်ကိန်းရှိမရှိ တွက်နည်းဆိုတာရှိပြီးသားပါ။ သိလိုမှတော့ပြောပြရတာပေါ့"

မှန်ဆိုသော် ၁၃၇၉ ခုနှစ်သည် သဘာဝပတ်ဝန်းကျင်တို့ ထူးခြားပြောင်းလဲသောနှစ်တစ်နှစ်ဖြစ်နေ၍ ဤငလျင်ကိန်းတွက်နည်းဖြင့် တွက်ယူသင့်သောနှစ်ဖြစ်ပါသည်။ သို့ကြောင့်ပင် ငလျင်ကိန်းရှိမရှိတွက်နည်းကို အောက်ပါအတိုင်း ပြောပြလိုက်ရပါသည်။

□ တိုင်းပြည်ပြို့ရွာ ငလျင်ကိန်းရှိ မရှိတွက်နည်း

အဆင့် ၁။ ရောက်ဆဲသက္ကရာဇ်တည်၊ (၉၉၂) ဖြင့်ပေါင်းပါ။

၂။ (၁၀၈) ဖြင့်မြှောက်ပါ။

၃။ မြှောက်ပွားကိန်းကို (၃၁၂) ဖြင့်စားပါ။

၄။ အကြွင်းကို (၁၀၈) ဖြင့် ပြန်မြှောက်ပါ။

၅။ ထိုမြှောက်ကိန်းများကို (၄၊ ၆၊ ၈၊ ၉၊ ၁၂၊ ၁၆) ဂဏန်း (၆) လုံးဖြင့်စားပါ။

၆။ အားလုံးသည် (၀)ကြွင်းသော် မြေငလျင်လှုပ်ကိန်းရှိပါသည်။

ထို့နောက် နိုင်ဝင်းအောင်မှ ၁၃၇၉ ခုနှစ်အား ငလျင်ကိန်းရှိ၊ မရှိ တွက်နည်းဖြင့် စာရွက်လွတ်ပေါ်တွင် တွက်ချက်နေ၍ ခေတ္တမျှ စောင့်ကြည့်နေရပါသည်။ တွက်ချက်ပြီးသောအခါ အံ့အားသင့်စွာဖြင့် ပြောပါတော့သည်။

"သေချာမမှားအောင်တော့တွက်တာပဲ ဆရာ။ ၁၃၇၉ ခုနှစ် အခုလာမယ့်နှစ်က ငလျင်ကိန်းလည်းမိနေပါလား၊ ကြည့်ပါဦး"

ထိုသို့ဆို၍ ကျွန်ုပ်မှယူကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရှိရလေသည်။

၁၃၇၉ ခုနှစ် ငလျင်တွက်နည်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၆) အကြွင်းအားလုံးသည် (၆)ခုလုံး (၀)ကြွင်း၍ ငလျင်ကိန်းရှိသည့်နှစ်ဖြစ်ပါသည်။

မြန်မာနိုင်ငံ ငလျင်တော်မတီ၏ ခန့်မှန်းချက်ရှိပါသည်။



အဆိုပြုချက်မှာ ၁၉၃၀ ပြည့်နှစ်က အင်အား (၇) ဒသမ (၃) ရစ်ချ်တာစကေးအဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့သည်။ ပဲခူးနှင့် ရန်ကုန်တွင် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံ အရှေ့နှင့် အနောက်ကိုပိုင်းခြားထားသည့် စစ်ကိုင်းပြတ်ရွေ့၏လှုပ်ရှားမှုကြောင့်ဖြစ်သည်။ ထိုမှ (၈၅) နှစ်ခန့် ထပ်မံလှုပ်ခတ်မှုမရှိခဲ့ပေ။ ငလျင်ကော်မတီမှ ငလျင်အခြေအနေကားရှင့်ကို တွက်ထုတ်လို့ရကြောင်း၊ (၁၀) နှစ် (၁၅)နှစ်လည်းလွဲနိုင်ကြောင်း ချက်ချင်းလည်းဖြစ်နိုင်ကြောင်း၊ အတိအကျ ဆုံးဖြတ်၍မရကြောင်းတို့ဖြစ်သည်။

၁၉၃၀ မှာ ပဲခူးငလျင်အပြင် မြို့မှာလည်းလှုပ်သည်။ စစ်ကိုင်းပြတ်ရွေ့သည် မြေမျက်နှာသွင်ပြင်အောက်ခံကျောက်အနေအထားအရ နှစ် (၁၀၀) နှင့် (၁၁၀) ဝန်းကျင်မှာ အင်အားကြီးငလျင်လှုပ်နိုင်သည်ဟု တွက်ချက်ထားသည်။ အင်အားက ရစ်ချ်တာစကေး (၇)အကျော်မှာရှိသည်။ ထို့ကြောင့် စိုးရိမ်ရသည်။ ၁၉၃၀ မှာလှုပ်ထားတော့ နောက်အနှစ်တစ်ရာဆိုလျှင် ၂၀၃၀ပြည့်နှစ်ဖြစ်သည်။

အထက်ကဆိုခဲ့သလို (၁၀) နှစ် (၁၅)နှစ်လည်းလွဲနိုင်သည်ဆိုတော့ အခု

(၁) ၁၃၇၉ + ၉၉၂ = ၂၃၇၁

(၂) ၂၃၇၁ × ၁၀၈ = ၂၅၆၀၆၈

(၃) ၃၁၂ | ၂၅၆၀၆၈ → ၂၂၈

(၄) ၂၂၈ × ၁၀၈ = ၂၄၆၂၄

(၅)


| | | | | | |
|---|---|---|---|---|---|
| ၄ \| ၂၄၆၂၄ | ၆ \| ၂၄၆၂၄ | ၈ \| ၂၄၆၂၄ | ၉ \| ၂၄၆၂၄ | ၁၂ \| ၂၄၆၂၄ | ၁၆ \| ၂၄၆၂၄ |
| ၆၁၅၆ | ၄၁၀၄ | ၃၀၇၈ | ၂၇၃၆ | ၂၀၅၂ | ၁၅၃၉ |
| (၀)ကြွင်း | (၀)ကြွင်း | (၀)ကြွင်း | (၀)ကြွင်း | (၀)ကြွင်း | (၀)ကြွင်း |


(၆) အကြွင်းအားလုံးသည် (၆)ခုလုံး (၀)ကြွင်း၍ ငလျင်ကိန်းရှိသည့်နှစ်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## Nepal Earthquake & Tsunami effect in Myanmar







၂၀၁၅ ခုနှစ်မှစ၍ သည်ဘက်နှစ်များ အကျုံးဝင်နေသည်။ ငလျင်ကော်မတီ၏ ခန့်မှန်းချက် နောက်ဆုံးသတ်မှတ်ချက် တစ်ခုမှာ ငလျင်ဘေးအန္တရာယ်ရှိသည့် နိုင်ငံစာရင်းထဲမှာပါရှိသည်။ ဤသည့် အကြောင်းများကိုပါ နိုင်ဝင်းအောင်အား ရှင်းပြပြီးနောက် မေးခွန်းတစ်ခုမေးပါတော့သည်။

"ကြုံလာရမယ်ဆိုတော့လည်းကြို သိနိုင်တဲ့နိမိတ်တွေ လောကီပညာအရ ရှိမည်ဆိုလျှင် ပြောပြပါဦး ဆရာ"

ထိုအမေးအတွက် ကျွန်ုပ်မှ အောက်ပါအတိုင်း အချက်(၉)ချက်ကို ပြောပြရပါသည်။

◻ (ကြိုသိသောငလျင်နိမိတ်) ပြင်းထန်သောငလျင်အတွက်

(၁) နေအိမ်ရှိသောကြွက်များ နေအိမ်မှထွက်သွားကြသည်။ မြေတွင်းထဲမှ ကြွက်များ တွင်းထဲမှထွက်ကာ ယောက်ယက်ခတ်ပြေးလွှားနေသည်ကိုတွေ့မြင်ရလျှင် မကြာခင် ငလျင်လှုပ်တော့မည်။

(၂) တွင်းအောင်းသတ္တဝါများအစုလိုက်အပြုံလိုက် ဦးတည်ရာမဲ့ပြေးလွှားနေကြလျှင် ငလျင်လှုပ်မည့်နိမိတ် ဖြစ်သည်။

(၃) မြေပြင်မှ ဘဲငန်းများ ချုံပုတ်၊ သစ်ပင်ပေါ်သို့တက်နေပါက မကြာခင်ကာလ ငလျင်လှုပ်မည့်နိမိတ်ဖြစ်သည်။

(၄) ကျီးငှက်များ ဝေါခနဲလန့်ပြီး ပြိုကျလျှင် မကြာခင်ကာလအတွင်း ငလျင်လှုပ်တော့မည့်နိမိတ်ဖြစ်သည်။

(၅) အလှမွေးငါးကန်ရှိငါးများ ဂနာမငြိမ်ဘဲ ကူးလိုက်ကပ်လိုက် ပိုမိုများပြားလာပါကငလျင်နိမိတ်ဖြစ်သည်။

(၆) စင်ရော်ငှက်တို့ ကုန်းပေါ်တက်လာလျှင် မကြာမီလှုပ်မည့်ငလျင်နိမိတ်ဖြစ်သည်။

(၇) ဝက်များ တစ်ကောင်နှင့်တစ်ကောင်ကိုက်ခဲမှု ရုတ်တရက်ပေါ်ပေါက်လာပါက ငလျင်နိမိတ်ဖြစ်သည်။


(၈) မြေပြင်မှာရှိသော ပိုးပုရွက်ကောင်များ ရုတ်တရက် အသိုက်ပြောင်းသည်ကိုမြင်တွေ့ရပါက ငလျင်နိမိတ်ဖြစ်သည်။

(၉) အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်များ နေအိမ်နှင့်ဝေးရာဆီသို့ ထွက်ခွာ ရုတ်တရက်တွေ့ရက ငလျင်နိမိတ်ဖြစ်သည်။

ထိုသို့လျှင် ငလျင်နိမိတ်များသိရသောနိုင်ဝင်းအောင်မှာ ကျွန်ုပ်၏မျက်နှာကို အားတောင့်အားနာပန်ကြည့်ရင်း ပြောလိုက်ပါသည်။

"ကဲ - ဆရာရေ ပို့မယ်ပို့လည်း ကူးတို့ရောက်အောင်ပို့လို့ ပြောရတော့မလား၊ လောကီပညာနဲ့ရှတ်ဖတ်တာတို့ ဆောင်တာတို့ပါပြောပြပါလို့ တောင်းဆိုပါရစေလား"

လောကီပညာအရ ငလျင်အကာဂါထာရှိပါသည်။ ပါဠိကိုသာရွတ်ဆိုခြင်း၊ အိမ်၊ အဆောက်အအုံနံရံများတွင် ရေးကပ်ထားခြင်းပြုလုပ်နိုင်ကြောင်း ပြောပြရပါသည်။ နှုတ်ကရွတ်နိုင်သမျှရွတ်၍ ရေးကပ်ထားမှုလည်းရှိနေပါလျှင် ငလျင်လှုပ်လာပါလျှင်လည်း မပျက်မစီးကြံ့ကြံ့ခိုင်ခိုင်နေနိုင်ပါစေမည့်အကြောင်း သတိပေးလိုက်ပါသည်။ နိုင်ဝင်းအောင်အား စာရွက်အလွတ်ပေါ်တွင် အောက်ပါအတိုင်း ငလျင်အကာဂါထာကို ရေးပြလိုက်ရပါသည်။ အနက်အဓိပ္ပာယ်ကိုပါ ခေါ်ပေးလိုက်ရပါသည်။




**ငလျင်အကာဂါထာ**

◻ ယောဒေတိဒေဝဒေဝေါဂွံ မမွှမဂ္ဂ ဖလံဒဒေါ။

နမောမိတံ အရဟံ မဂ္ဂံ၊ နောသော ပါလေဟု ပါတုရဟော။

**(အနက်)**

နတ်တကာထက်မြတ်သောဝိသုဒ္ဓိနတ် အကြင်ဘုရားရှင်သည် အမြတ်ဆုံးမဂ်တရားပေးတော်မူ၏။ လောကုတ္တရာမဂ်တို့ကိုလည်း ဟောပြ၏။ အရဟံဂုဏ်ရှင် ဘုရားသခင်ကို ရှိခိုးပါ၏။ အကျွန်ုပ်တို့အား ထင်ရှားစွာစောင့်ရှောက်ပါစေ။

ငလျင်ဂါထာပို့ချအပြီး နိုင်ဝင်းအောင်မှ ရယ်အဲ့ကျဲအမူအရာဖြင့် ပြောလိုက်သည်မှာ -

"စောစောက ရေရှူ၊ ရေများတာ ပြောတုန်းက မိုးဦး၊ မိုးလယ်၊ မိုးနှောင်း ကောင်းမယ်ဆိုထားတယ်။ မိုးကြီးတော့မယ့်နိမိတ်ပါ လက်ဆင့်ကမ်းပါဦး"

အမေးရှိလျှင် အဖြေရှိရပေတော့မည်။မှတ်သားနိုင်ရန် အောက်ပါအတိုင်း ပြောပြလိုက်ရသည်။

◻ **မိုးကြီးမည့်နိမိတ်**

(၁) သင်္ကြန်အကျနေ့ အိမ်ကြက် ဦးစွာတွန် မိုးဦးကောင်း။ (၂) ကျီးသိုက် ငှက်သိုက်နိမ့်နိမ့်လုပ်လျှင် မိုးကြီး၊ (၃) သင်္ကြန်အကျနေ့ တောကြက်ဦးစွာတွန် မိုးနှောင်းကောင်း။ (၄) သင်္ကြန်အကျနေ့ အိမ်ကြက်၊ တောကြက် ပြိုင်တူတွန် မိုးလယ်ကောင်း၊ (၅) ပျားအုံကပျား မခွာဘဲငြိမ်နေက မိုးကြီး၊ (၆) ညနေခင်း ကြက်အဆက်မပြတ်တွန် မိုးကြီး၊ (၇) လင်းဆွဲပျံရာမှ အိမ်ဝင်တိုက်က မိုးကြီး၊ (၈) တောင်ကုန်းထက် မြွေတက်နေက မိုးကြီးတော့မည်ဖြစ်ကြောင်း အသိပေးလိုက်ရပါသည်။

ခုနှစ်ဆယ့်ကိုးရေရွှနဲ့ငလျင်ဆိုးစိတ် မဝင်ဖို့ ပြင်ဆင်ကြပါစို့။

ထင်ကျော်စွာ (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ၊ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ဝတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ချေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကိုခါတ်မရိုက်ပါနှင့်၊ တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို မြောက်အရပ်က အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဌာန်းနှင့် မွေစကြာရွတ်ဖတ်ပူဇော်ပါ။ မကြာ မကြာသွား၍ ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့ မကြာမကြာသွား၍ ဘုန်းကြီးကုဋီများ ကိုရေဆေးခြင်း၊ ရေများဖြည့်ပေးခြင်းကုသိုလ်ကောင်းမှုများပြုပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။ ချစ်သူ နှင့်ဆုံရန်သွားတိုင်း အနီရောင်အကျီလေးများ ဝတ်မသွားပါနှင့်။

**ကျန်းမာရေး** - နွမ်းပါးသောမသန်စွမ်းသူများကိုတွေ့တိုင်း ကူညီထောက်ပံ့လှူဒါန်းပါ။

**ထီကံကောင်းလိုသူများ** - ကားနှင့်ရောင်းသော ထီကားလေးများ အိမ်ရှေ့လာရပ်ပြီး ရောင်းပါက (၂)ဂဏန်းနှင့်စသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ၊ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ချေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်းတွင် ပဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသ နေ့စဉ်ရွတ်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ မကြာမကြာ သွား၍ ပဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် သစ်ဟောင်းများ၊ သွပ်ဟောင်း များကို ရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်၊ စောင်းတန်းတော်များ ကို တံမြက်စည်းလှည်း အမှိုက်များကောက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့် အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။ ခွေးလေးများကို အစာကျွေးပါ။

**ကျန်းမာရေး** - ငါးအရှင်လေးများကို ဈေးမဆစ်ဘဲ တစ်နိုင်ဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။

**ထီကံကောင်းလိုသူများ** -ထီးလှည်းလေးများနှင့်ဆုံပါက (၄) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်း ထားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ၊ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ဆက်ကပ်လှူဒါန်းပြီး ဒိဝါတပတိဂါထာကို နေ့စဉ်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီ တဟီ အစချီသောဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အရှေ့အရပ်ကအကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံတွဲ အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာသွား၍ ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ယခုလ ဘုရားတစ်ဆူဆူသို့ မကြာခဏသွား၍ မေတ္တာသု... ပြီးဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ဖတ်ပူဇော်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်၍ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အမည်းရောင်ပစ္စည်းများလက်ဆောင်မပေးပါနှင့်။ ချစ်သူနှင့်ဆုံရန်သွားတိုင်း အမည်းရောင်မဝတ်ပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကိုအစာကျွေးပါ။ မကြာမကြာဆောင်ရွက်ပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာထီဆိုင်များတွေ့တိုင်း နှစ်စောင်စီ ထိုးလာခဲ့ပါ။ ထီကံကောင်းတတ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** -သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွသောသံဃာတော်များကို တန်းဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါပတိဂါထာမကြာမကြာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံတွဲ အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အိတ်အဟောင်းအစုတ်များ၊ အသုံးမဝင်တော့သည့် ဘူးခွံ၊ ပုလင်းခွံများ ရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီသို့သွားတံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို ကြုံသည့်နေရာတွင် အဆင်ပြေသလို အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဒ္ဓသဂါထာရွတ်မန်းပြီးစားပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီး၊ သုံးဘီးဆိုင်ကယ်များနှင့် လှည့်ရောင်းသော ထီသည်များထံတွင် (၇၊ ၃၊ ၄၊ ၈) ဂဏန်းများပါအောင်ရွေးချယ်ပါ။

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဝတ္ထုငွေများလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုတစ်လအတွင်း တစ်နေ့တည်း ဘုရား (၃) ဆူလှည့်၍ ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသကို ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမပြုတော့သည့် အိတ်အဟောင်းအပျက်များကို ရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများသို့ ရောက်တိုင်း တံမြက်စည်းလှည်း၊ သန့်ရှင်းရေးဆောင်ရွက်ပါ။

www.burmeseclassic.com

**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်လေးများ ဝတ်ဆင်မသွားပါနှင့်။
**ကျန်းမာရေး**- ရေသတ္တဝါလေးများကို အစာကျွေးပါ။ ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီး၊ သုံးဘီးဆိုင်ကယ်စသည်တို့နှင့် လှည့်ရောင်းသော ထီသည်ထံတွင် (၃) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများကို နိုင်သလောက်ရွေးချယ်ကံစမ်းထားလိုက်ပါ။

**သောကြာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဝတ္ထုငွေများလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလအတွင်း တစ်နေ့တည်း ဘုရား (၃) ဆူလှည့်၍ ပဋ္ဌာန်း ဥဒ္ဒေသ၊ နိဒ္ဒေသကို ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမပြုတော့သည့်အိတ်အဟောင်းအပျက်များကို ရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လုပ်ငန်းရေးအတိုက်အခံများသူများ** - ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများသို့ရောက်တိုင်း တံမြက်စည်းလှည်း၊ သန့်ရှင်းရေးဆောင်ရွက်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီရောင်လေးများ ဝတ်ဆင်မသွားပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။ ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီး၊ သုံးဘီးဆိုင်ကယ်စသည်တို့နှင့် လှည့်ရောင်းသော ထီသည်ထံတွင် (၃) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများကို နိုင်သလောက် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**စနေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်းတွင် ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသနေ့စဉ်ရွတ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှည့်ညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကိုလက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာခဏရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာခဏသွား၍ ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**လုပ်ငန်းရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်း ပန်းခြောက်များ စွန့်ပစ်ပေးပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဒ္ဓသဂါထာ (၇) ခေါက်ရွတ်မန်းပြီးမှစားပါ။
**ထီကံကောင်းလိုသူများ** - ထီးလှည်းလေးများ အိမ်ရှေ့နားလာရပ်ပြီး ရောင်းပါက (၄) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများကို ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယခုလတွင်-
အင်္ဂါစ တနင်္လာနံပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။
ဥပမာ-ဆက်ချို-စံကျော့-ညိုခန့်

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲ ပြည့်ပါစေ*

**ပြည်သိန်းဇော်**



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**


အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် တနင်္လာနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့်တိုင်ပင်ဆောင်ရွက်ပါ။ (၇) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ဝင်ငွေကောင်းသောကာလ ဖြစ်ပါသည်။ မလိုအပ်ဘဲ ကုန်ကျမှုရှိတတ်သော်လည်း ကုန်သမျှငွေပြန်ဝင်နေပါလိမ့်မည်။ ယခုလအတွင်း စပ်တူရှယ်ယာကိစ္စများကို လူမျိုးကွဲနှင့်မလုပ်ပါနှင့်။ စက်ပစ္စည်း၊ အထည်၊ အဆောက်အအုံလုပ်ငန်းများလုပ်လျှင် သူတစ်ပါးအတွက်ဖြစ်နေတတ်ပါသည်။ အိမ်ဆောက်လျှင်၊ အိမ်ပြင်လျှင် စိတ်ပင်ပန်းပြီး တော်တော်နှင့်မပြီးနိုင်ဖြစ်နေတတ်ပါသည်။ အိမ်ဆောက်လျှင်၊ အိမ်ပြင်လျှင် စိတ်ပင်ပန်းပြီး တော်တော်နှင့်မပြီးနိုင်ဖြစ်နေတတ်ပါသည်။ အတိုက်အခံများရှိနေပါက အနီးဆုံးဘုရားစေတီတစ်ဆူသို့သွား၍ မကြာခဏ တံမြက်စည်းလှည်းသွားလိုက်ပါ။ နေ့စဉ် ၂၄-ပစ္စည်းကို (၂၄) ခေါက်ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ကျန်းမာရေးတွင် လေထိုး၊ လေနာ၊ ခေါင်းမူး စသည့် အသေးစားဝေဒနာလေးများသာဖြစ်တတ်ပါသည်။ ဆေးလှူပေးပါ။ ပညာရေးကံများကောင်းလာပါမည်။ မရဘူးသေးသောပညာများရတတ်ပါသည်။ ချစ်တတ်သူများအတွက် ပျော်ရွှင်ဖွယ်နေ့ရက်များ ဖြစ်ပါသည်။ မျက်နှာပွင့်လန်းနေသဖြင့် လူမှုရေးအရှုပ်အရှင်းများ ပတ်ဝန်းကျင်တွင်ဖြစ်လာတတ်ပါသည်။ ကိုယ်ကအနေအထိုင်ဆင်ခြင်ပါ။ ရွှေရင်အေးဖြင့် ဆွမ်းတော်မကြာခဏကပ်လှူပါ။ ဂုဏ်တော်ကွန်ချာကိုပုတီးစိပ်ပါ။ မမျှော်လင့်ဘဲ ခရီးထွက်ဖြစ်မည်။ ထီဝါသနာရှင်များ တနင်္လာနံ ထီဆိုင်များ၊ ကားနှင့်လှည့်ရောင်းသော ထီကားများတွင် (၂) ဂဏန်းဖြင့်စသောထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ *ထန်းရွက်တစ်ထောင့်ထွာခန့်ကို ရေစီးသွားသော မြစ်၊ ချောင်း အဆင်ပြေသည့်ရေစီးလေးတွင် ညင်သာစွာချ၍မျှောလိုက်ပါ။*

၂၀၁၇ ခုနှစ် ၊ ဇွန်လ အတွက်

## ဆရာဦးမောင်မောင်သန်း
(ရင်ကိုဧအာ မြေဝဿဝ)

# ခုနစ်ရက်သားသမီး
## ဟောစာတမ်း





www.burmeseclassic.com

www.burmeseclassic.com

**တနင်္လာသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ စနေနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ အကူအညီတောင်းပါ။ (၅) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ မြေကိစ္စများမဆောင်ရွက်ပါနှင့်။ ငွေချေးသောကိစ္စများ မထင်မှတ်သည့်ပြဿနာပေါ်တတ်ပါသည်။ ကြားက အာမခံမပေးပါနှင့်။ စက်ပစ္စည်းများ ထွက်တတ် ပျက်တတ်ပါသည်။ အိမ်တွင်းရေးအဆင်ပြေနေစေရန် အိမ်ထဲမှာရှိသောမီးလုံး၊ မီးချောင်းအကျွမ်းများကို စွန့်ပစ်ပါ။ အတိုက်အခံကိစ္စများရှိပါက ဘုရားစေတီများသို့ မကြာခဏသွား၍ နာရီဝက်၊ တစ်နာရီခန့်အနည်းဆုံးကြာအောင် တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ ကျန်းမာရေးကောင်းနေစေရန် ပန်ကာလေကြာမြင့်စွာမခံပါနှင့်။ အိပ်ရေးပျက်လွန်စွာမခံပါနှင့်။ အသက်အရွယ်ကြီးသူများ၊ အမှန်တကယ် ဆေးလိုအပ်နေသော ဝေဒနာရှင်များကိုတွေ့တိုင်း တစ်နိုင် ဆေး၊ ငွေ၊ အာဟာရ လှူပေးပါ။ နေ့စဉ်လမ်းလျှောက်ပါ။ အာနာပါနရှုမှတ်ပါ။ ပညာရေးအားနည်းအားနည်းနေတတ်ပါသည်။ စိတ်ပါလက်ပါလေ့လာကျက်မှတ်ပါ။ စိတ်လေမနေပါနှင့်။ ချစ်တတ်သူများ စန်းပွင့်နေပါသည်။ မျက်နှာမများပါနှင့်။ သစ္စာရှိပါ။ အုပ်ထိန်းသူမပါဘဲ လူငယ်တွေချည်းခရီးထွက်ကြလျှင် အုပ်ထိန်းသူတို့၏ဆန္ဒကိုနားထောင်ပါ။ အကြံဉာဏ်ယူပါ။ တိုင်ပင်ပါ၊ ထိထိုးရန်အတွက် ဗုဒ္ဓဟူးနံ့ထီဆိုင်၊ လှည်းနှင့်ရောင်းသောထီသည်လေးများထံတွင် (၄၊ ၈၊ ၂၊ ၉) ဂဏန်းများနှင့်ပြည့်နေအောင်ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ ပျဉ်းမရွက် (၅) ရွက်ကို ရေစီးသွားသော မြစ်၊ ချောင်းအဆင်ပြေသည့်ရေစီးလေးတွင် ညင်သာစွာချ၍မျှောလိုက်ပါ။**

**အင်္ဂါသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး ပညာရေးစသော ကိစ္စများအတွက် တနင်္လာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကောင်းဆုံးကူညီပံ့ပိုးပါလိမ့်မည်။ (၃) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ စက်ပစ္စည်းအရောင်းအဝယ်ကိစ္စများ၊ လူမျိုးခြားနှင့်စပ်တူရှယ်ယာလုပ်ငန်းများ အကျိုးမပေးသေး၍ရှောင်လိုက်ပါ။ ငွေကြိုထည့်ရမည့်လုပ်ငန်းများ မလုပ်ပါနှင့်။ မည်သူ့ကိုမှ မည်သည့်ကိစ္စနဲ့မှ အာမ မခံပါနှင့်။ နံနက်မိုးလင်းတိုင်း ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်ဖတ်ပူဇော်ပါ။ ကျန်းမာရေးကောင်းပါမည်။ လွန်စွာအအေးမခံပါနှင့်။ လွန်စွာအဆာမခံပါနှင့်။ အတိုက်အခံကိစ္စများရှိပါက အနီးဆုံးဘုရားစေတီတစ်ဆူသို့လမ်းလျှောက်သွားပြီး အင်္ဂါထောင့်တွင် တံမြက်စည်းလှည်းပါ။ ပညာရေးကံများကောင်းပါမည်။ နှလုံးသားရေးရာများ မျက်နှာပွင့်လွန်းနေပါသည်။ သစ္စာရှိဖို့လိုပါသည်။ ထီထိုးမည်ဆိုပါက ဗုဒ္ဓဟူးနံ့၊ တနင်္လာနံ့ထီဆိုင်များ၊ ကားနှင့်ရောင်းသော ထီကားများတွင် (၄၊ ၈၊ ၂၊ ၅) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းပါ။ နှစ်စောင်တွဲ၊ ငါးစောင်တွဲလေးများ နိုင်သလောက်ထိုးထားပါ။ ကံကောင်းတတ်ပါသည်။

**ယတြာ ။ ။ *ဘုရားတစ်ဆူဆူ၏အင်္ဂါထောင့်တွင် ခရေ (၂၇) ညွှန့်လှူလိုက်ပါ။***

**ဗုဒ္ဓဟူးသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ စနေနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ။ ကူညီပါလိမ့်မည်။ (၁) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ ယခုလတွင် အဆောက်အအုံနှင့်ဆိုင်သောကိစ္စများ၊ အနုပညာနှင့်ဆိုင်သောကိစ္စများ ထစ်ငေါ့နေတတ်ပါသည်။ လူငယ်လူရွယ်များ စိတ်လေပြီး သွားချင်လာချင်တာတွေရှောင်ပါ။ အိမ်ကိုညှိုးသည့်အဝင်အထွက်များနေတတ်သည်။ ရွှေရင်အေးဆွမ်းများ မကြာခဏကပ်လှူပါ။ အိမ်တွင်းရေးများ၊ အေးချမ်းသာယာနေစေရန် သစ်သားအဟောင်းအဆွေးများ၊ စက်ပစ္စည်းအဟောင်းများ စွန့်ထုတ်ပစ်ပါ။ ဘုရားဆောင်ကို သန့်ရှင်းစွာထားပါ။ မဆိုင်သောပစ္စည်းများတင်မထားပါနှင့်။ ကျန်းမာရေးကောင်းနေစေရန်အတွက် လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ လွန်စွာအအေးမခံပါနှင့်။ စိတ်ကျန်းမာရေးမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရများလှူပါ။ ပညာရေးကံများကောင်းပါသည်။ သူငယ်ချင်းများနှင့်အတူ စာကျက်ရင်းစာတွေပိုရနေပါမည်။ ချစ်တတ်သူများမကြာခဏ စိတ်အခန့်မသင့်ဖြစ်ဖြစ်နေတတ်ပါသည်။ ငါးလေးများ၊ ငှက်ကလေးများကို မကြာမကြာအစာကျွေးပါ။ စကားအခြေအတင်မဖြစ်အောင်နေပါ။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို ရွတ်ဖတ်ပူဇော်ပါ။ လောင်းကစားကိစ္စများ၊ အမှုအခင်းဖြစ်စေနိုင်သောကိစ္စများ ဝေးဝေးရှောင်ပါ။ ထီဝါသနာရှင်များအတွက် အင်္ဂါနံ့၊စနေနံ့ထီဆိုင်များတွင် (၃၊ ၇၊ ၄၊ ၈) ဂဏန်းများများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ *မျက်စိဝေဒနာရှင်တစ်ဦးဦးအား ဆေး၊ ငွေ (သို့) အာဟာရ (သို့) လိုသောအသုံးအဆောင်လှူလိုက်ပါ။***



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် တနင်္လာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ၊ (၆) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အလုပ်လုပ်ပါ၊ သွပ်ဟောင်း၊ သစ်ဟောင်းများမဝယ်ပါနှင့်။ မဝင်ပါစေနှင့်။ ခရီးသွားလုပ်ငန်းများ၊ အသံနှင့်ဆိုင်သောအနုပညာလုပ်ငန်းများ အကျိုးမပေးဘဲ ထစ်ငေါ့နေတတ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး၊ သောကများကင်းဝေးနေစေရန် လက္ခဏာရှားပါးသူများကို အလှူဒါနတစ်နိုင်ပြုလုပ်ပေးပါ။ အိမ်ထဲရှိ သံစ်ဟောင်းသစ်ဆွေးများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပေးပါ။ ကျန်းမာရေးအတွက်လိုအပ်ပါက အစာကို အချိန်နှင့်စားပါ။ လွန်ကဲစွာအအေးမခံပါနှင့်။ လမ်းများများလျှောက်ပေးပါ။ ရတနသုတ်၊ ပရိမိတ္တဇာလသုတ်တို့ကို ရွတ်ဖတ်ပူဇော်ပါ။ အတိုက်အခံရန်များနေပါက တစ်လတည်းမှာ ဘုရား (၇) ဆူပြည့်အောင်သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။ ၂၄-ပစ္စည်းကို နေ့စဉ် (၂၄) ခေါက်ရွတ်ပါ။ ပညာရေးကံများကောင်းပါသည်။ ကြိုးစားလေအောင်မြင်လေဖြစ်ပါသည်၊ ချစ်တတ်သူများ မျက်နှာမများပါနှင့်။ အနေအထိုင်ဆင်ခြင်၍ မဖြစ်သင့်တာမဖြစ်အောင်ထိန်းပါ။ အချစ်စကားပြောမည့်သူတွေတစ်ဦးမကဖြစ်လာတတ်ပါသည်၊ အလုပ်ပြောင်း၊ အိမ်ပြောင်း စသောကိစ္စများ မထင်မှတ်ဘဲဖြစ်လာတတ်ပါသည်။ ပို၍ကောင်းသောနေ့ရာမျိုးဖြစ်နေတတ်၍ စိတ်ပူရန်မလိုပါ။ ထီဝါသနာပါသူများ တနင်္လာနံ၊ ကြာသပတေးနံထီဆိုင်များတွင် (၂၊ ၉၊ ၅၊ ၁) ဂဏန်းများနှင့်ကံစပ်နေပါသည်။

ယတြာ ။ ။ *ဘုရားဂုဏ်တော်များကို ပွားများပြီးပုတီးစိပ်ပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် အင်္ဂါနာမည်ရှင်၊ တနင်္လာနာမည်ရှင်များနှင့်တိုင်ပင်ပါ။ (၁) ဂဏန်းအကျိုးမပေး၍ ရှောင်လိုက်ပါ။ အိမ်ကိစ္စ၊ အဆောက်အအုံကိစ္စ၊ မြေကိစ္စများထစ်ငေါ့နေမည်။ ရပ်ဝေးမှာရှိသောအလုပ်ကိစ္စများအတွက် လာတိုက်တွန်းလျှင် ရှောင်လိုက်ပါ။ ကိုယ်လည်းမကျွမ်းကျင်၊ လိုက်လည်းမကြည့်နိုင်ဖြစ်ပြီး ငွေအလဟဿဆုံးရှုံးသွားတတ်ပါသည်။ အတိုက်အခံများလွန်းပါက ၂၄-ပစ္စည်းကို နေ့စဉ် (၂၄) ခေါက်ရွတ်ဖတ်သရဇ္ဈာယ်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးကိစ္စများ သာယာနေစေရန် မီးဖိုအပျက်၊ ဓာတ်မီးအပျက်၊ မီးလုံး၊ မီးချောင်းအကျွမ်းများကို စွန့်ပစ်ပါ။ ပညာရေးကံများကောင်းလာပါတော့မည်။ ဇွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ ကျန်းမာရေးအတွက်နေမကောင်းဖြစ်နေလျှင် အနီရောင်မဝတ်ပါနှင့်။ ဆေးလှူပါ။ အသီးအနှံများများစားပါ။ အာနပါနနေ့စဉ်ရှုမှတ်ပါ။ အစာကိုကြေညက်အောင်စားပါ။ ရင်ပြည့်ရင်ကယ်ဖြစ်တတ်ပါသည်။ ပန်ကာလေရှောင်ပါ။ ချစ်ရေးချစ်ရာကိစ္စများ ချစ်သူနှင့် လမ်းခွဲစကားမျိုး ကျီစား၍ပင်မပြောမိပါစေနှင့်၊ ချစ်သူကို အခြားသူတစ်ဦးနှင့် သံသယဖြစ်သောစကားများလည်း မပြောပါနှင့်။ ခိုလေးများကို မကြာခဏအစာကျွေးပါ။ စိတ်ချမ်းသာမှုရှိလာပါလိမ့်မယ်၊ ထီဝါသနာရှင်များ ဗုဒ္ဓဟူးနံ၊ တနင်္လာနံထီဆိုင်များတွင် (၄၊ ၈၊ ၂ ၉) ဂဏန်းများဥပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။

ယတြာ ။ ။ *အုန်းညွန့်တစ်လက်ကို ရေစီးသွားသော မြစ်၊ ချောင်း အဆင်ပြေသည့် ရေစီးလေးတွင် ညင်သာစွာ ချမျှောလိုက်ပါ။*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များတောင်းပါ။ (၆) ဂဏန်းအကျိုးမပေး၍ ရှောင်လိုက်ပါ။ အဆောက်အအုံလုပ်ငန်း၊ အိမ်ကိစ္စ၊ မြေကိစ္စများ အခက်အခဲရှိသော်လည်း မမျှော်လင့်ဘဲ အောင်မြင်မှုရရှိပါမည်။ အကျိုးပေးပါလိမ့်မည်၊ လုပ်ငန်းခွင်အတွင်းရှိနေသူများ အပြိုင်အဆိုင်၊ အတိုက်အခံကိစ္စရှိသော်လည်း စိတ်ဓာတ်မကျပါနှင့်၊ ကြီးကဲသူများ၏ထောက်ခံမှု၊ ပံ့ပိုးမှုများကြောင့် အဆင်ပြေသွားပါလိမ့်မည်၊ ကျန်းမာရေးကောင်းနေစေရန် လွန်ကဲစွာအဆာမခံပါနှင့်။ ကိုယ်နှင့်မတည့်သောအစားအသောက်များသတိထား၍ ရှောင်လိုက်ပါ။ လိုအပ်ပါက ဓာရဏပရိတ်ကို နေ့စဉ်ရွတ်ဖတ်ပူဇော်ပါ။ ဒူးနာ၊ ခါးနာဖြစ်တတ်၍ အလေးအပင်များမ,လျှင် သတိထားပါ၊ ပညာရေးကံများကောင်းနေပါသည်၊ သူငယ်ချင်းများကို အားနာပြီး ကိုယ့်အချိန်များမဖြုန်းမိပါစေနှင့်။ သွားသွားလာလာကိစ္စများလျှော့ပါ။ ခက်ခက်ခဲခဲဖြင့် အောင်မြင်မှုပန်းတိုင်ရောက်သွားပါလိမ့်မည်၊ ချစ်ရေးချစ်ရာနှင့်ပတ်သက်လျှင် တည်ငြိမ်မှုရှိပါမှ ခိုင်မြဲပါလိမ့်မည်။ ချစ်သူကို သူတစ်ပါးနှင့်အထင်လွဲခြင်း၊ လုပ်ငန်းများအတူတကွ ဆောင်ရွက်နေသူများနှင့် လိုသည်ထက်ပို၍ ရင်းနှီးနေခြင်းမျိုးများမဖြစ်သင့်ပါ။ ထီထိုးမည်ဆိုပါက ဗုဒ္ဓဟူးနံထီဆိုင်၊ လှည်းနှင့်ရောင်းသောထီဆိုင်များတွင် (၄) အစ (၅) အဆုံးထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ဘုရားတစ်ဆူဆူသို့သွား၍ သောကြာထောင့်မှစပြီး ရင်ပြင်တော်တစ်ခုလုံးပတ်၍ တံမြက်စည်းတစ်နိုင်လှည်းလိုက်ပါ။*

ရ င် ကို ေ အး ၊ မြ ေ စ သ ၁ ၊

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com

# ကျားမှန်လျှင် အားသန်ရမည်

**အမျိုးသား အားနည်းရောဂါ (ပန်းသေး၊ ပန်းညှိုး) ဖြစ်တတ်သူများမှာ-**

၁။ မေထုန်မှု လွန်ကဲသူများ။
၂။ သဘာဝမဟုတ်သော ဟတ္ထ မေထုန်ပြုသူများ။
၃။ ကုန်ခန်းသွားသော သုက်၏ ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည် မဖြည့်ဆည်းသူ များ။
၄။ အပျော်အပါး လိုက်စားသူများ။
၅။ သားကြောဖြတ်ထားသူများ။
၆။ မြစ်ခြောက်နာ ရှိသူများ။
၇။ အဆုတ်ရောဂါ ရှိသူများ။
၈။ လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ။
၉။ ဆီးချို သွေးချိုရောဂါ ရှိသူများ။
၁၀။ လိပ်ခေါင်းရောဂါ ရှိသူများ။
၁၁။ အသက်အရွယ်ကြီးရင့်သူများ

ပန်းသေး၊ ပန်းညှိုး ဖြစ်တတ်ကြပါတယ်။

ပန်းသေး၊ ပန်းညှိုး ရောဂါဆိုပြီး အလွယ်တကူ ပြောဆိုနေကြပေမယ့် အမှန်တကယ်တော့ ပန်းညှိုးပြီးမှ ပန်းသေးရောဂါ ဖြစ်တတ်ကြတယ်။ ပန်းညှိုးရောဂါ ဝေဒနာခံစားရတဲ့ လက္ခဏာများ ကတော့

၁။ လိင်တံ တောင့်တင်းနိုင်မှု မရှိခြင်း။
၂။ လှုပ်ရှားရုံသာ လှုပ်ရှားပြီး ပျော့နေတတ်ခြင်း။
၃။ ခန္ဓာကိုယ် ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှု မရှိခြင်း။
၄။ မောပန်းလွယ်ခြင်း။
၅။ အစားအသောက် ပျက်ခြင်း။
၆။ ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း။
၇။ သတိမေ့လျော့တတ်ခြင်း၊

စတဲ့အချက်များဟာ ပန်းညှိုးရောဂါရှိသူများရဲ့ ခံစားရတဲ့ ဝေဒနာ လက္ခဏာများ ဖြစ်ပါတယ်။

အဲဒီ ပန်းညှိုးခြင်းဝေဒနာရဲ့ လက္ခဏာတွေရှိလာတာကို ဆေးပညာအသိမရှိဘဲ အချိန်မီ ကုသမှုမခံခဲ့ရင် ခန္ဓာကိုယ်ရဲ့ အဓိကဖြစ်တဲ့ ရသာရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက်ဆိုတဲ့ သရီရဓာတ် (၇)ပါး အဆင့်ဆင့် ကုန်ခန်းပြီး မူလပန်းညှိုးရာက ပန်းသေးခြင်း ဘဝမျိုးနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

**ပန်းသေးရောဂါ အဆင့်ရောက်ပြီဆိုရင် ....**

၁။ ဇေးတစ်လုံးတက်ခြင်း။
၂။ ကာမရာဂစိတ်ကုန်ခန်းခြင်း။
၃။ သုက်လွှတ်မြန်ခြင်း။
၄။ သလုံးသားများခြောက်ခြင်း။
၅။ သလိပ်အုပ်စုခန်းခြောက်ခြင်း။
၆။ နှုတ်ခမ်း၊ လျှာ ဖြူခြင်း။
၇။ အားအင်ကုန်ခန်းခြင်း။





၈။ စကားမပီသခြင်း။
၉။ စသံ၊ နသံ မကွဲပြားခြင်း။
၁၀။ လိင်ချောင်းသေးပြီး တိုဝင်ခြင်း။
၁၁။ ဆီး ပြတ်တောက် ပြတ်တောက် သွားခြင်းစတဲ့ လက္ခဏာများ ဖြစ်လာတတ်ပါတယ်။

ပန်းညှိုးခြင်းလက္ခဏာ (၇)ချက်နဲ့ ပန်းသေးခြင်း လက္ခဏာ(၁၁)ချက်ကို တွေ့ထိ ခံစားနေရပြီဆိုရင် မေ့လျော့ ပေါ့ဆမနေပါနဲ့။ 'ပြည်စိုး' အထူးကုတိုင်းရင်းဆေးခန်းကို အမြန် အရောက်လှမ်းခဲ့ပါ။

မြန်မာ့နန်းတွင်း အကြောပညာရှင် နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့် (တဆ-၁၂၇၄) နဲ့ ဆရာဦးစိုးမော် (တဆ-၂၆၁၁) တို့က အမျိုးသားအားနည်းရောဂါ (ပန်းသေး၊ ပန်းညှိုးရောဂါ) များအပြင် အခြားရောဂါများဖြစ်တဲ့

၁။ လေငန်း၊ လေဖြတ်၊
၂။ အကြောကပ်၊ အကြောညှပ်
၃။ လေးဖက်နာ၊
၄။ ကျီးပေါင်းရောဂါ၊
၅။ နလုံးသွေးကြောကျဉ်းရောဂါ၊
၆။ လိပ်ခေါင်းရောဂါ၊
၇။ သွေးချို၊ ဆီးချိုရောဂါ၊
၈။ ကျောက်ကပ်ရောဂါ၊
၉။ အစာအိမ်ရောဂါ၊
၁၀။ အာရုံကြောရောဂါ များကို အကြောပညာ၊ ဆေးပညာဖြင့် နာယလေးပါးနှင့်ကိုက်ညီကာ အချိန်တိုအတွင်း သက်သာပျောက်ကင်းအောင် အောင်မြင်စွာဖြင့် ကုသပေးနေပါပြီ။

တွေ့ဆုံဆက်သွယ်နိုင်သည့်လိပ်စာ


မြန်မာ့နန်းတွင်း အကြောပညာရှင်
နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့်နှင့်
သား ဦးစိုးမော်
ပြည်စိုးအထူးကုတိုင်းရင်းဆေးခန်း
အမှတ် (၁)၊ လိပ်ကန်အနီး၊ တောက်ဘက်မှန်
ကျိုက္ကဆံဘုရားဝင်း၊ သယ်န်းကြီးမြို့နယ်၊ ရန်ကုန်မြို့
Ph : 09 31054631, 09 25103 871




www.burmeseclassic.com

www.burmeseclassic.com

"ဆရာ"

"ဟေ"

"ကလေးနာမည်လေး"

"ဟင် - ဟိုတစ်နေ့ကလား လာသေးတယ်မို့လား"

"ဟုတ်ကဲ့ - သမီး ကလေးနာမည် လာပေးတာ"

"အေးလေ၊ ခုဘာဖြစ်လို့လဲ"

"သူ့အဖေက အရမ်းတစ်ယူသန်ပဲ ဆရာ။ ကလေးကို ဘုန်းထည့်မှည့်မှ ကြိုက်တယ်ပြောနေလို့"

ကလေးမလေး၏ ဘေးနားတွင် ထိုင်နေသော အမျိုးသမီးကြီးမှာ ကျွန်ုပ် အား အလွန်လေးစားသောအမူအရာ နှင့် -

"ကျွန်မသားပါ ဆရာ။ ဒီကလေး အဖေက ကျွန်မသားပါ။ သူ့နာမည်က မြတ်ဘုန်းဆိုတော့ သူ့သားကို ဘုန်းထည့် မှည့်ရမယ်ချည်းပြောနေလို့။ ဆရာက ဒီမှာရေးပေးလိုက်တယ်၊ ဘုန်းထည့်မမှည့် ရဘူးဆိုပြီး။ အဲဒါ သူ့မှည့်ချင်တာနဲ့လုံးဝ ဆန့်ကျင်ဘက်ကြီးဖြစ်သွားတော့ အဲဒါ"

ကျွန်ုပ်ရေးပေးထားသောစာရွက် ကလေးကို သူတို့ကကမ်းလိုက်သော ကြောင့် လှမ်းယူကြည့်လိုက်၏။

"ဪ - ဟုတ်တယ်၊ သူ့ရဲ့ဖွားတဲ့ ကံသဘောက ဘုန်းထည့်မှည့်လို့မရဘူး။ 'ကွဠ'တွေ၊ 'အနိဋ္ဌ'တွေ ချိန်ဆရတယ်။ ရမ်းမှည့်လို့မရဘူး။ ကျွန်တော်မပေးရဲ ဘူး"

"သူက ဘုန်းတန်ခိုး၊ ဘုန်းတက် အဲလိုပေးချင်တာတဲ့"

"ဟာ-မရဘူးလေ။ သူပေးချင်ရင် တော့ပေးပစေ၊ ကျွန်တော်မပေးရဲဘူး"

"ဘာဖြစ်လို့လဲ ဆရာ"

"ကလေးချချာမှာစိုးလို့ပါ"

"ခုဆေးရုံတက်ရပြီးပြီ။ ခုလည်း ဆေးခန်းတောက်လျှောက်ပြနေရတယ်"

ကလေး၏မိခင်သည် မျက်စိပျက် မျက်နှာပျက်ပြောရင်း သူ့ယောက္ခမ ဘက်သို့ငွေကြည့်လိုက်၏။ ပုံမှာ မနှစ်မြို့ ဟန်ရှိ၏။ ဘွားအေ၏ အမူအရာမှာ ကျွန်ုပ်ကိုလေးစားသော်လည်း သူ့သား ၏အမိန့်အား လွန်ဆန်ရဲဟန်မတူ။

"ကလေးနာမည်ကို ဘုန်းတန်ခိုး လို့ပေးထားတယ်ဆရာ။ လောလောဆယ် အဲဒီနာမည်တွင်နေတယ်။ ဆေးရုံတက် တုန်းကတော့ စုပါပဲ။ ဘုန်းတန်ခိုး ဘုန်းတန်ခိုးနဲ့ လူတိုင်းပါးစပ်ဖျားမှာ။ သူ့အဖေက အဲဒါအရမ်းသဘောကျနေ တာ"

"ခုရော ကျွန်တော်က ဘာလုပ် ပေးရမလဲမသိဘူး"

"အဲဒါ ဆရာ့လက်ရေးနဲ့ပဲ နာမည် ထပ်ရေးပေးစေချင်တဲ့သဘောပါ။ ဘုန်း ပါတဲ့နာမည်တစ်လုံး၊ နှစ်လုံးလောက်"

ကျွန်ုပ် အတော်စိတ်ညစ်သွား၏။ ရခဲလှသောလူ့ဘဝကြီးကို ရောက်ရှိလာ

# ဆရာဦးမောင်မောင်သန်း

([illegible])

# မြင်အောင်ကြည့်ကြည့်ပေးရဲ့ သူ့ရှုလက်ဆောင်

သည့်ကလေးလေးအား အဘယ်ကြောင့် ချချာစေချင်ကြပါသနည်း။ ကျွန်ုပ် စဉ်းစား၍မရပါ။ ကလေးသူ့ဟာသူ နေနေတာအကောင်း၊ သူတို့လုပ်မှ ချချာရတော့သည်။

"သူ့အဖေက ဘုန်းပါမှကြိုက် တယ်မို့လား။ သူ့သဘောပေါ့ဗျာ ဘယ် တတ်နိုင်မလဲ။ ကျွန်တော်ကတော့ ကလေးလေးကို ဒုက္ခမပေးချင်ဘူး။ မချ ချာစေချင်ဘူး။ ဒါကြောင့် ကလေးချချာ သွားနိုင်တယ်ဆိုတာကြီးသိသိနဲ့ ပညာ ပေါ်မှာ သစ္စာမဲ့ပြီး ကလေးကို ဘုန်းထည့် မမှည့်ခိုင်းရဲဘူး။ ကျွန်တော်က ပညာ ပေါ်မှာ သစ္စာရှိတယ်။ ဒီလိုမှည့်ရင် ဒီလို ချချာမယ်ဆိုတာ သိသိကြီးနဲ့မလုပ်ရက် ဘူး။ စိတ်တော့မရှိပါနဲ့"

ကလေး၏ဘွားအေသည် မည်သို့ ဆုံးဖြတ်ရမှန်းမသိဟန်ဖြင့် မျက်နှာ ဖျော့တော့တော့ဖြစ်သွား၏။ ကျွန်ုပ်က လုံးဝဆုံးဖြတ်ထားပြီဖြစ်၍ ဘုန်းထည့် မှည့်ရန် မစဉ်းစားတော့ကြောင်းပြောရင်း စကားစကိုဖြတ်လိုက်ရပါသည်။

❑

"ဘဘ"

"အေး - လာ ထိုင်ကြ"

"ဘဘ၊ ဒါသူ့အဖေလေ"

"ဘယ်သူ့အဖေလဲ"

"ဪ - ဟိုဘက်လက သမီး ကလေးနာမည်လာပေးခဲ့တာလေ ဘဘ မှတ်မိလား"

"အေးအေး"

"အဲဒါ ကလေးလေးရဲ့အဖေပါ"

"ဪ - အေးအေး၊ အခုရော ဘာလိုသေးလဲ"

ကလေး၏ဖခင်ဆိုသူသည် အလွန် ကျဉ်းသောမျက်ပေါက်ကို ခပ်စွေစွေလေး ဟိုကြည့်ဒီကြည့်ကြည့်လိုက်ပြီး -

"ကျွန်တော်နဲ့ သူ့အမေနဲ့ စကား များနေရတယ်ဆရာ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်အဖေက သူ့မြေးကို





www.burmeseclassic.com

www.burmeseclassic.com



ဆရာမှည့်ပေးထားတဲ့အတိုင်း စနေစ တနင်္လာပိတ်နာမည်တွဲမှည့်တာကိုမကြိုက် ကြဘူးဖြစ်နေတယ်။ အဲဒါ ဆရာ့ရဲ့ သဘောဘယ်လိုရှိမလဲဆိုတာ၊ ဖြစ်နိုင် ရင်တော့ နာမည်မှည့်တာရေးပေးပြီး အဲဒီ စနေနဲ့ တနင်္လာပိတ်နာမည်လေး ဆရာ့ လက်ရေးနဲ့ဆို. . ."

"ဘယ်လိုမကြိုက်ကြတာလဲ၊ ဘာ လို့မကြိုက်ကြတာလဲ"

"ဘာဘာ၊ စနေနဲ့တနင်္လာပိတ်တော့



www.burmeseclassic.com

www.burmeseclassic.com

မုန်တယ် ဘဘ။ ဒါပေမယ့် တိမ်ပန်းချီတဲ့"

"ဟေ - ငါ အဲဒါမျိုးမမှည့်ဖူးဘူး"

"သိတယ်ဘဘ၊ ကလေးကလည်း ချာချာလိုက်တာမှ တအီအီနဲ့ အမြဲတမ်း ခေါင်းချွေးတွေပြန်နေတာပဲ။ လူနဲ့ဆေးနဲ့ကိုမပြတ်ဘူး။ ခုဆို ဗိုက်ပူနံကားလေးလိုပဲ"

"ဆရာရေးပေးထားတယ်လေ။ ဒီမှာ စနေစတနင်္ဂနွေပိတ်မှည့်ရမည်ဆိုပြီး တိမ်ပန်းချီလေ"

"တိမ်ပန်းချီဆိုတာတော့ မပါပါဘူး။ အဲဒါမျိုးတော့ ငါမမှည့်ပေးဖူးပါဘူး"

"မဟုတ်ဘူးလေ၊ တိမ်ပန်းချီဆိုတာလည်း ဆရာရေးပေးထားသလို စနေစ တနင်္ဂနွေပိတ် မဟုတ်လို့လား"

"ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် ဒီလိုမျိုးကြီးက နာမည်မှမဟုတ်တာကွာ ငါဘယ်ပေးမလဲ။ စနေစ တနင်္ဂနွေတွဲတိုင်းမဟုတ်သေးဘူးလေ။ နာမည်ဆိုတာ နာမည်အတိုင်းတော့ရှိရမှာပေါ့။ ဘယ်နှယ် စနေစ တနင်္ဂနွေပိတ်တိုင်း မဟုတ်ဘူးလေ။ အဲလိုတွဲကြစတမ်းဆိုရင် ဗုဒ္ဓလည်း စနေစ တနင်္ဂနွေပိတ်ပဲ။ ကဲ-ဘယ်လိုလုပ်မလဲ။ မှည့်မလား ဗုဒ္ဓ"

❑

"သူငယ်ချင်း"

"ဩော် - လာလေ ထိုင်"

"သူငယ်ချင်း စာရေးနေတာလား"

"ဟုတ်တယ်၊စာရေးလိုက်ခဏနားလိုက်ပေါ့"

"ဆောရီးကွာ၊ သူငယ်ချင်းအားလပ်ချိန်ကို ကိုယ်အလိုက်မသိသလိုများဖြစ်သွားလားမသိဘူး"

ကျောင်းတုန်းက သူငယ်ချင်းများဖြစ်၏။ သူကထိပ်အတော်ပြောင်နေချေပြီ။ မျက်မှန်အထူကြီးတပ်ထားပြီး လူကိုကြည့်လျှင်ပင် နှာခေါင်းကြီးကရှုံ့၍ မျက်နှာကြီးကမော့ပြီး ပါးစပ်ကြီးအဟောင်းသားနှင့်။

"ပြော၊ သူငယ်ချင်းကိစ္စ"

"ဒီမှာကွာ၊ ကိုယ့်သမီးနဲ့ သမက်က သူငယ်ချင်းဆီလာပြီး သူတို့ကလေး နာမည်ပေးတယ်။ အဲဒီမှာ ကိုယ်တို့တောက်လျှောက်ထည့်လာတဲ့နာမည်လုံးရှိတယ်။ ကိုယ့်နာမည်က သက်အောင်လေ။ ဆိုတော့ကာ. . . သက်ပေါ့ကွာ။ ကိုယ့်သားကို သက်မြင့်၊ သမီးကို မဥ္စုသက်၊ အငယ်မလေးကျ ရည်မွန်သက်။ အဲ - အဲသလိုလေးတွေပေါ့ကွာတောက်လျှောက်မှည့်လာတာ. . .။ ဆိုတော့ကာ . . . ခုမင်းဆီလာသွားတဲ့ မဥ္စုသက်ရဲ့ကလေးလေးကျတော့ မင်းက သက်ထည့်လို့မရဘူးဆိုပြီးရေးပေးလိုက်တော့ နည်းနည်းဂွကျသွားတယ်။ အဲ. . . အဲဒီကိစ္စပါပဲ"

သူက ပြောပြောဆိုဆို အိတ်ကပ်ထဲမှစာရွက်လေးထုတ်ပြ၏။ ကျွန်ုပ်ရေးပေးထားသောစာရွက်လေး ဖြစ်၏။ သက်ထည့်၍မရကြောင်းရေးပေးထား၏။ ကျွန်ုပ်လည်း သေချာယူကြည့်လိုက်ပြီး -

"ဩော် - အေး ဟုတ်တယ်၊ မဥ္စုသက်ကလေး သက်ထည့်လို့မရဘူး"

"ဟာ - ဒါဆို ငါ့မျိုးဆက်က. . ."

"မင်းစဉ်းစားလေ၊ မင်းနာမည်ကို တန်ဖိုးထားတာလား၊ ကလေးအတွက် စဉ်းစားပေးပြီး ကလေးကို တန်ဖိုးထားတာလား မင်းစဉ်းစား"

"ဒီလိုတော့မဟုတ်ဘူးလေ၊ ငါ့မြေးကို ငါတန်ဖိုးမထားဘဲနေပါ့မလား"

"အေး - အဲလိုဆို မင်းကလေးသက်ထည့်လို့မရပါဘူးဆို၊ ရမှတော့ ငါထည့်ပေးလိုက်ပြီပေါ့။ ဘာခက်တာမှတ်လို့၊ စာလုံးလေးတစ်လုံးရေးရတာများ၊ ထည့်လို့ရတဲ့ကလေးတွေဆိုရင်ထည့်ပေးတာပေါ့။ ခု သူ့ရဲ့ကံက သက်ထည့်လို့မရဘူး။ သူ့ရဲ့ခုနစ်သဏ္ဍာရာဇ်ကိုတွက်လိုက်ရင် 'သက်'ဟာ သူ့အတွက် ဆင်းသက်ခြင်းဆိုတဲ့'သက်'ဖြစ်သွားလိမ့်မယ်။ ခါးသက်သက်နိုင်တဲ့သက်ဖြစ်သွားလိမ့်မယ်။ သူ့ကံနဲ့ ဒီအမိပ္ပာယ်က ပေါင်းစပ်လို့မရဘူး။ ကုဋ္ဌနဲ့ အနိဋ္ဌချိန်ရသေးတယ်ကိုယ့်လူ"

သက်အောင် နှာခေါင်းရှုံ့ရင်း မျက်နှာကြီးမော့ကာ စာရွက်ကို သေချာပြန်ကြည့်နေပြန်၏။ ပါးစပ်ကအဟောင်းသားနှင့်။

"ဟိုကွာ - အသက်လိုချစ်တာတို့၊ အသက်လောက် မြတ်နိုးတာတို့ဆိုတဲ့ အမိပ္ပာယ်ကောက်ရင်ကော"

ကျွန်ုပ်ပြုံးလိုက်၏။ သက်အောင်ကဗျာဆန်တတ်ပုံကို သဘောကျကာပြုံးခြင်း ဖြစ်၏။

"မင်းပြောတဲ့သက်က သူ့ခုနစ်သဏ္ဍာရာဇ်ကိုတွက်ကြည့်လိုက်လို့ထားလို့ထည့်လို့ရတဲ့နေရာမှာဆို ဘာပြောစရာလိုလဲသူငယ်ချင်း။ ငါ့ဒါလောက်အမုန်းခံမနေတော့ဘူး"

"မမုန်းပါဘူးကွာ မင်းကလည်း တိုင်ပင်ကြည့်တာပါ"

"အေးလေ - ရမှမရဘဲ"

"ဆိုးကျိုးကဘယ်လောက်ထိဖြစ်သွားနိုင်လဲ သူငယ်ချင်း"

"ပြောလို့တော့မရဘူး။ နာမည်ဟိတ်က လူမှန်းသိလာတဲ့အချိန်ကျအစွမ်းပြတာများတယ်။ လူပေါ်မူတည်တာပါဆိုပေမယ့် ငါက ပညာအမြင်ကပြောတာ။ မင်းလက်မခံလည်း မင်းမြေးကို မင်းဟာမင်းမှည့်လို့ရတာပဲ။ ငါကဘေးလူပါ"

"တိုင်ပင်ကြည့်တာပါ"

"အေးလေ - ငါပြောပြီးပြီပဲ။ ကလေးဘုန်းကြီးဖို့ ကျန်းမာဖို့ ချမ်းသာဖို့ ပညာတတ်ဖို့ အသက်ရှည်ဖို့ ငါကတောင် ဒါလောက်စဉ်းစားပေးနေရင် မင်းကဘိုးအေအရင်းလေ"

"ဆိုတော့ကာ. . ."

"မင်းပဲပြန်စဉ်းစားလိုက်ပါဦး၊ စဉ်းစားပြီး မင်းထည့်ချင်သပဆိုရင်လည်း မင်းမြေးပဲလေ မင်းသဘောပေါ့။ တစ်နေ့မင်းတို့စိတ်ချမ်းသာပျော်ရွှင်ကြည်နူးနေကြတာပဲ ငါမြင်ချင်လို့ပါ။ ဒီကလေးအတွက် ဂုဏ်ယူနေကြရတာပဲ ငါကြားချင်လို့ပါ။ စိတ်တော့မရှိပါနဲ့သူငယ်ချင်း"

❑

"ဘယ်သူများလဲလို့ လာ - အစ်မကြီး"

"ဟုတ်ကဲ့ ဆရာ"

"ထိုင်ပါ ခင်ဗျ"

"ဟုတ်ကဲ့ - လာရပြန်ပြီ နာမည်ကိစ္စ"

"နာမည်ဘာဖြစ်လို့လဲ အစ်မကြီး"

"ဟိုမှာလေ ဒီမှာ"

သူ့စကားကြောင့် ကျွန်ုပ်မှာလည်းတယ်တယ်ဖြစ်သွားပြီး သူ့အိတ်ထဲမှထုတ်နေသော စာရွက်ခေါက်လေးဖြန့်အပြီးကို ခေတ္တစောင့်နေလိုက်၏။

"ဆရာက စနေစ ကြာသပတေးပိတ်မှည့်ရမယ်ဆိုပြီးရေးထားပြီး နာမည်တွေမှည့်ပေးလိုက်တယ်လေ"

"ဟုတ်ကဲ့"

"သူတို့က အဲဒါကို 'နှိုင်းမမီ' လို့ ပေးချင်လို့တဲ့"

"ဗျာ - အဲဒါ ပေးလို့မရဘူး အစ်မကြီး"

"အေးနော် - ကြားရတာတစ်မျိုးကြီးပဲ။ နာမည်နဲ့လည်းမတူဘူး။ ကျွန်မလည်းပြောပါတယ်။ နင်တို့ဟာ တစ်မျိုးကြီးပဲ မဟုတ်သေးဘူးနဲ့တူတယ်လို့။ အဲဒါမရမကသွားမေးပါသွားမေးပါလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com

ကြတယ်လေ။ ဒါဆရာရေ ဒါ အဲဒီကိစ္စ"

"ကလေးရဲ့ ခုနှစ်သက္ကရာဇ်ကို တွက်ပြီးပေးရတာမို့ အရမ်းမြှင့်ပေးရင် ကလေးချူချာမှာစိုးလို့ပါ အစ်မကြီး"

"ခုလည်း သူ့အဖေက နှိုင်းမမှီ လေးရေလုပ်နေတာပဲ။ ကလေးက ပိန်လို့နေတာပဲ။ ပိန်တဲ့နေရာမှာနှိုင်းမမှီဖြစ်နေပြီ ဟား ဟား ဟား ဟား"

ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းပြောရင်း အားရပါးရရယ်နေသော အစ်မကြီးကိုကြည့်၍ ကျွန်ုပ်ပါပြုံးနေလိုက်မိ၏။

"နာမည်ကိုတော့ နာမည်အတိုင်းလေးမှည့်တာအကောင်းဆုံးပါ အစ်မကြီး"

"အေးလေ - နှိုင်းမမှီဆိုတော့ ဟော့ ဟော့ ဟော့ . . ."

❑

"ဆရာ"

"ဗျား"

"အမျိုးသမီးရဲ့အဖေက ထွန်းကြိုက်လို့တဲ့။ ထွန်းထည့်ပေးရမယ်လုပ်နေလို့"

"ဩော်-ဒါကြောင့်တစ်ခေါက်ပြန်လာတာလား"

"ဟုတ်ကဲ့"

"ကလေးရဲ့ကံမှာ ထွန်းထည့်လို့မရသလို ကလေးက အငယ်ဆုံးဖြစ်နေတယ်လေ။ သားသုံးယောက်ထဲမှာ အငယ်ဆုံးဆို။ ဟိုနေ့က ခင်ဗျားပြောတာ"

"ဟုတ်ပါတယ် ဆရာ"

"ဒါဆို ထွန်းထည့်လို့မရဘူးလေ။ ပြီးတော့ သူ့မွေးနေ့ခုနှစ်သက္ကရာဇ်ကို တွက်ရင် ထွန်းထည့်ပေးလို့မရဘူး။ ထွန်းထည့်ပေးလို့ရတဲ့ကလေးတွေဆိုရင် ကျွန်တော်ထည့်ပေးတယ် ပြောစရာတောင်မလိုဘူး ထည့်ကိုပေးတာ။ ကျွန်တော်လည်းကြိုက်တယ်။ ခုက ထည့်လို့ကိုမရဘူး"

"အဲဒါ ယောက္ခမကြီးက ကလေးကို ထွန်းထိပ်တင်ပေးရမယ်ချည်းပြောနေတယ်။ ဒီလိုမှမဟုတ်ရင် ထွန်းမြင့်မိုရ်ဆိုပြီးပေးရမယ်တဲ့"

ကျွန်ုပ်အမှန်တကယ်စိတ်မကောင်းပါ။ ဘာရယ်ညာရယ်မဟုတ်သောငေးခြင်းမျိုးဖြင့် ဟိုငေးဒီငေးငေးနေလိုက်မိ၏။

"သူ့အဘိုးက အရမ်းခေါင်းမာတာဆရာ၊ သူဖြစ်ချင်တာလုပ်ရမှ"

"ကောင်းပါတယ်၊ ခေါင်းမာတာကောင်းပါတယ်။ ဘာကိုမှအယုံအကြည်မရှိရင်ပိုတောင်ကောင်းပါတယ်။ ရမ်းသန်းပြောတာမဟုတ်ဘဲ စည်းနဲ့စနစ်နဲ့ အခိုင်အမာရှိတဲ့ပညာကိုတော့ မယုံရင်တောင် အသိအမှတ်ပြုသင့်တာပေ့ါ။ ပညာက ဒီလိုဆိုရင် မကောင်းဘူးလို့ပြထားရင် ကျွန်တော်တို့က ကွန့်ပြီးမလုပ်ရဲဘူး။ ခုလည်းဒီလိုပဲ၊ ကလေးဟာ ဂြိုဟ်နဲ့အနိဋ္ဌမညီတာကို ပေးတယ်ကွာ ဒီနာမည်ဘာဖြစ်လဲဆိုပြီး ကျွန်တော်မပေးရဲဘူးဗျ။ ကလေးကို မထိခိုက်စေချင်ဘူး။ ကလေးတွေအပေါ်မှာထားတဲ့ကျွန်တော့်မေတ္တာပါ"

"ဆရာ၊ ဒီလိုလုပ်ရင်မကောင်းဘူးလား"

"ဘယ်လိုလဲ"

"လောလောဆယ်ပေ့ါဆရာရယ်၊ အဘိုးကြီးသဘောကျသွားအောင် ဆရာရေးပေးလိုက်ပါလား။ ဆရာ့လက်ရေးနဲ့ ထွန်းမြင့်မိုရ်ဖြစ်ဖြစ်၊ ထွန်းထိပ်တင်ဖြစ်ဖြစ် နောက်မှ ကျွန်တော်တဖြည်းဖြည်းပြောယူကြည့်မယ်"

ကျွန်ုပ်သည် ကလေးအဖေ၏ မျက်နှာအား နားမလည်စွာနှင့်ကြည့်နေလိုက်မိ၏။ ဘာပြန်ပြောရမှန်းပင်မသိတော့ပါ။

လောကမှာ ကျွန်ုပ်နားမလည်နိုင်သောစိတ်ဓာတ်ပိုင်ရှင်များ များစွာရှိနေပါလားဟု စိတ်တွင်းမှရေရွတ်နေလိုက်မိပါတော့၏။

❑

"သမီး နင်လာဖူးတယ်နော်"

"ဟိုဘက်လကလေ၊ ကလေးနာမည်လာပေးတာ"

"ခုရော"

"ကလေးနာမည်ပဲ"

ကျွန်ုပ်စဉ်းစားရကျပ်သွား၏။

"ဘယ်လို"

"ဩော် - သူ့အဖေက ကလေးကို 'မာန်'ထည့်မှည့်မလို့တဲ့။ ဖွတ်တအားပြောနေတယ်"

"ဘယ်လိုမာန်လဲ"

"ဟို - အားမာန်လို မာန်မျိုးဆရာ"

"ကလေးခုနှစ်သက္ကရာဇ်က"

". . . . ."

"ဟာ - မလုပ်နဲ့လေ၊ မရဘူး။ ဦးကနာမည်ပညာအတိုင်းပေးထားတာ။ နာမည်ပညာကနေ လွန်ဆန်ပြီးမပေးရဲဘူး၊ ကလေးကံက ဒီလိုမျိုးထည့်မှည့်လို့မရဘူး မလုပ်ပါနဲ့"

"သူကပေးချင်တာက မာန်ဝင့်ခြူးတဲ့"

"ဟင် - တစ်မျိုးကြီးပဲ"

"အဲဒါ သူကြိုက်နေတာ၊ အရမ်းလှလို့တဲ့"

"လှပေမယ့် ကလေးကို အကျိုးမပေးတာ။ မရဘူး သမီး"

"ခက်တာပဲ၊ သမီးလည်းခုတော့ မယ် တကျိကျိလုပ်နေတာ"

"ဖွားဇာတာမာတာမျိုးဆိုရင်တော့ မာန်ထည့်လို့ရပါလိမ့်မယ်။ နည်းနည်းပျော့ရင်တော့ မာန်ထည့်လိုက်တာနဲ့ ကလေးချူချာသွားမှာ"

❑

ဒါတွေကတော့ -

ဒီလပေးချင်တဲ့သူ့ရဲ့လက်ဆောင်ပါပဲ။

တစ်နေ့တစ်နေ့ နာမည်နဲ့ပတ်သက်ပြီး ကြားနေရမြင်နေရတာတွေထဲက တစ်စွန်းတစ်စလေးလောက်ပဲ တင်ပြလိုက်တာပါ။

ဘုန်းမှဘုန်း ကြိုက်သူတွေရှိနေပါတယ်။

ဘုန်းဟာမှည့်လို့ရပါတယ်။ မှည့်လို့ရတဲ့ကလေးတွေကိုလည်းမှည့်ပေးခဲ့ဖူးပါတယ်။ ကောင်းပါတယ်။

ဒါပေမယ့် ဘုန်းဆိုတဲ့ နိမိတ်ထူးနိမိတ်ကောင်းကိုလိုက်မီနိုင်တဲ့အနေအထားတော့ ရှိ၊ မရှိကြည့်ရပါလိမ့်မယ်။

ခိုက်နိုင်၊ မခိုက်နိုင်ကြည့်ရပါလိမ့်မယ်။

မိဘတွေအကြိုက်လိုက်ပြီး ဒီအတိုင်းရေးပေးလိုက်ရင်တော့ အရမ်းလွယ်ပါတယ်။ ဘာမှခဲခဲယဉ်းယဉ်းမရှိပါဘူး။ ဒါပေမယ့် ဒီလိုမှည့်လို့ရ၊ မရကိုတော့ ခဲခဲယဉ်းယဉ်းရှာရပါလိမ့်မယ်။

သူ့နေရာနဲ့သူဆိုပြီး ရှေးလူကြီးတွေပြောပြောနေကြတဲ့စကားဟာ ဒီနေရာမှာလည်း အကျုံးဝင်လာပါတယ်။

ဘုန်းမှည့်လို့မရဘဲ ဘုန်းမှည့်ထားသူ သုံးဦးလောက်ကို လေ့လာကြည့်ခဲ့ပါတယ်။

တစ်ယောက်က လက်ဆစ်ခြေဆစ်တွေထိခိုက်ကျိုးပဲ့ထားတာသွားတွေ့ရပါတယ်။ ဒါ သုံးဆယ်ကျော်မှဖြစ်တာပါ။

တစ်ယောက်ကတော့ လေတိုက်ဖြတ်သွားတာပါ။ သူလည်း သုံးဆယ်ကျော်မှ ဖြစ်တာပါပဲ။

တစ်ယောက်ကတော့ အသိုင်းအဝိုင်းနေရင်း ခြေတစ်ဖက်ဆာတာဆာတာဖြစ်နေပါတယ်။ သူကတော့ သုံးဆယ်ပြည့်



www.burmeseclassic.com

www.burmeseclassic.com

သေးပါဘူး။

သူတို့ဟာ ဘုန်းမှည့်လို့မရခဲ့မှည့်ထားသူတွေပါ။ သူတို့ကိုသတိထားမိတာက ခြေဝေ့လက်တွေထိကုန်တာပါပဲ။ သူတို့ကိုယ်တိုင် ဘုန်းမရှိကံမရှိသလိုကြီးတွေဖြစ်နေကြပါတယ်။

ဘုန်းမှည့်လို့ရတဲ့ ဘုန်းနာမည်ရှင် နှစ်ဦး၊ သုံးဦးလောက်နဲ့လည်းခင်ခဲ့ဖူးပါတယ်။ သူတို့ကတော့ အောင်မြင်နေကြသူတွေပါ။ တစ်ဦးဆို အတော်လေးချမ်းသာနေပါတယ်။

သူတို့ကိုထဲထဲဝင်ဝင်လေ့လာကြည့်တော့မှ နာမည်ပညာရဲ့နက်ရှိုင်းပုံတွေပိုသိလာရပါတယ်။ မှည့်လို့ရတဲ့သူနဲ့မှည့်လို့မရတဲ့သူ လူလူချင်းပဲ ဘာကွာလို့လဲဆိုပြီး အမြဲတမ်းဆင်ခြင်ပေးခဲ့တဲ့သူဟာ ကိုယ်တိုင်ပါပဲ။ သိလာတော့မှ ကိုယ်တိုင်နှုတ်ဆိတ်ခဲ့ရပါတော့တယ်။

နာမည်ပညာစသင်ခဲ့ရစဉ်က -

လူတွေရဲ့နာမည်ကြားတာနဲ့နားစွင့်တော့တာပါပဲ။

ဆရာသခင်ကိုမပြောရဲလို့ ဘေးက သင်ဖော်သင်ဖက် ဆရာ့တပည့်တစ်ယောက်နဲ့ပြောဖူးပါတယ်။

ဦးလေး၊ နာမည်ဆိုတာ လူပေါ်မူတည်တာမဟုတ်ဘူးလား။ လူကောင်းမှ ကောင်းတာမဟုတ်ဘူးလား။ လူပြင်ရင်မရနိုင်ဘူးလား။ လူကအဓိကမဟုတ်ဘူးလားဆိုပြီးပြောခဲ့ဖူးပါတယ်။

လက်တွေ့လည်းရှာဖွေထောက်ပြခဲ့ပါတယ်။

ဦးလေး၊ မချိုဆိုတဲ့အစ်မကြီးဟာ စကားပြောရင်မချိုပါဘူး။ အပေါက်ဆိုးလိုက်တာအရမ်းပဲ။ သူစကားပြောရင် ကြမ်းကိုကြမ်းတယ်။ ပြီးတော့ မအေးဆိုတဲ့အစ်မတစ်ယောက်ဆိုရင် နာမည်က သာအေးတာ အပူသည်ဗျာ။ သူ့လောက်သားပူသမီးပူများရတာ သူပဲရှိတယ်။ ကျွန်တော်နဲ့ခင်တဲ့ မပြုံးကျတော့ ပြုံးဖို့နေနေသာသာစူသလားမမေးနဲ့။ နာမည်နဲ့လိုက်ပြီးမပြုံးဘူး။ စူမှစူဆိုပြီး လက်တွေ့တွေနဲ့ထောက်ပြခဲ့ပါတယ်။ ဒီလိုဆန့်ကျင်ဘက်တွေတွေ့ရတာအများကြီးပါပဲ။

သူကလည်း တအံ့တသြမှန်ခံတယ်။ သူ့အသိတွေထဲမှာလည်း အဲလိုလူတွေရှိတာသူပြောပြတယ်။ သူလည်း ဆရာ့ကိုမမေးရဲဘူး။

ဒါကို တစ်နေ့ ဆရာရိပ်မိသွားတော့ -

မင်းတို့ထက်သိလို့၊ မင်းတို့ထက်တတ်လို့ နာမည်နဲ့ပတ်သက်တဲ့ပညာခန်းတွေကို ရှေးရှေးက ပညာရှင်ကြီးတွေက ထားရစ်ခဲ့တာကွ။ အပျော်ရေးခဲ့တာမဟုတ်ဘူးလို့ပြောပါတယ်။

မှန်ပါတယ်။

နာမည်ပညာခန်းကိုသင်ရတော့ ခေါင်းတွေတအားနောက်လာတဲ့အထိ ကျက်ရ မှတ်ရ လေ့လာရပါတယ်။ ပူထူနေအောင် စဉ်းစားရပါတယ်။ အက္ခရာတွေရဲ့သဘောသွားတွေ၊ သင်္ချာတွေကို တော်တော်လေ့လာခဲ့ရပါတယ်။ သူငယ်တန်းကလေးတွေ စာအံသလို 'က'၊ 'ခ' ပြန်အော်ခဲ့ရပါတယ်။

နာမည်ပညာခန်းတွေကိုသင်လာရတော့မှ နာမည်ရဲ့နက်ရှိုင်းပုံတွေ၊ နိမိတ်ယူပုံ၊ ထိရောက်ပုံတွေကို သဘောပေါက်ခဲ့ရပါတယ်။ အဓိပ္ပာယ်ရှိပုံ၊ အဓိပ္ပာယ်မရှိပုံတွေကို တော်တော်လေးလေ့လာခဲ့ရပါတယ်။

ဂဏန်းသင်္ချာနဲ့တွက်ယူရတဲ့အတတ်ကိုသင်ခဲ့ရတုန်းက ခပ်အေးအေးပဲနေခဲ့မိပေမယ့် နာမည်ပညာသင်လာရတော့ လူမြင်တိုင်းသတိထားနေမိပါတော့တယ်။ ကြားသမျှ နာမည်ရှင်တွေရဲ့ နေပုံထိုင်ပုံ သွားပုံလာပုံ စရိုက်တွေကို မျက်တောင်မခတ်စတမ်း လေ့လာခဲ့ရပါတယ်။

'မင်းကြည့်လိုက်၊ ဒီလူဟာ ထင်ရာလုပ်နေပေမယ့် သူ့မိန်းမက ဘုရားတရား သံဃာ ကြည်ညိုတယ်၊ ဘာသာတရားကိုင်းရှိုင်းတယ်ကွ'လို့ ဆရာသခင်ကပြောလိုက်တာနဲ့ အဲဒီလူအကြောင်းကို သေချာလိုက်ကြည့်သေချာစုံစမ်းသေချာလေ့လာတော့တာပါပဲ။ ဆရာသခင်ပြောတဲ့တိုင်းလည်းတွေ့ရရော ပါးစပ်အဟောင်းသားဖြစ်ပြီး ဘာပြောရမှန်းတောင်မသိတော့ပါဘူး။ ဟာ - ငါ့ဆရာသိလှချည်လားလို့ပဲအံ့သြနေခဲ့ရပါတယ်။

ဆရာက မင်းတို့က နို့သက်ခံစို့တဲ့ကောင်တွေပဲ။ ငါပြောတာဘာမှခဲခဲယဉ်းယဉ်းမပါဘူး။ မင်းတို့ကို ခုသင်ပေးနေတဲ့ နာမည်ပညာနဲ့ပဲပြောတာဆိုပြီးထောက်ပြတော့လည်း အံ့သြစရာဖြစ်ရပြန်ရော။

ဒါကြောင့် -

နာမည်ပညာရဲ့နက်ရှိုင်းပုံတွေသိလာရတော့ ပညာကိုဆန့်ကျင်ပြီးနာမည်တွေမပေးရဲတော့တာပါ။

ပေးလို့ရရင် ဘုန်းတို့၊ ထွန်းတို့ပေးခဲ့တာချည်းပါပဲ။

အရေးကြီးတာက နာမည်မှည့်ပေးရမယ့်ကလေးလေးဘဝလှပဖို့ပါပဲ။ ကလေးလေးဟာ - ဘုန်းကြီးရမယ်။ ကျန်းမာရမယ်။ ချမ်းသာရမယ်။ ပညာတတ်ရမယ်။ အသက်ရှည်ရမယ်။ သူ့ကြောင့် မိဘတွေမထိခိုက်စေရဘူး။ သူ့ကိုယ်သူလည်း မထိခိုက်စေရဘူး။ ဒီလိုတွေဖြစ်ဖို့အတွက် အကောင်းဆုံးစဉ်းစားပြီး၊ ဘက်စုံထောင့်စုံက စဉ်းစားပြီး အတတ်နိုင်ဆုံး ကြိုးစားပေးရတာပေါ့။ ဒီနေရာမှာ ဖြစ်နိုင်၊ မဖြစ်နိုင်ချိန်ဆရတာဟာ ဆရာသခင်သင်ပေးလိုက်တဲ့အထဲက အရေးအကြီးဆုံးပညာခန်းပါပဲ။

ဒီပညာခန်းကြောင့် ဦးဆုံးအစက တင်ပြခဲ့သလို ဘုန်းတွေ၊ ထွန်းတွေကို အားနာပါးနာနဲ့ငြင်းခဲ့ရတာပါ။

ခုမှ လူ့ဘဝကိုစရလာတဲ့ကလေးလေးတွေအတွက် စဉ်းစားလိုက်ရတာပါ။

ဒါဟာ -

ဒီလမှာ ပေးချင်လွန်းတဲ့ သူ့ရဲ့လက်ဆောင်ပါပဲ။

နာမည်ဆိုတာ လူပေါ်မှာ မူတည်တယ်ဆိုပြီး စဉ်းစားစဉ်းစား -

လူဟာ နာမည်ပေါ်မှာ မူတည်တယ်ဆိုပြီး စဉ်းစားစဉ်းစား -

ဘယ်လိုပဲ စဉ်းစားစဉ်းစား ကောင်းတဲ့ဘက်က စဉ်းစားခြင်းဟာ အကောင်းဆုံးပါပဲ။

အထူးသဖြင့် ကလေးလေးတွေအတွက် အဖြစ်ကင်းအောင် စဉ်းစားပေးနိုင်လေပိုကောင်းလေပါပဲ။

သူတို့လေးတွေအတွက် စဉ်းစားပေးတဲ့အခါ -

သူတို့လေးတွေကောင်းအောင်၊ အောင်မြင်အောင်၊ အထွဋ်အထိပ်ရောက်အောင်၊ ပညာတတ်ကြီးတွေဖြစ်အောင်၊ ထက်မြက်တဲ့သူတွေဖြစ်အောင်၊ ချမ်းသာကြွယ်ဝအောင်၊ ကျန်းမာပြီးအသက်ရှည်ရှည်နဲ့ အန္တရာယ်ကင်းအောင် -

အဲဒါလေးတွေကိုတော့ စဉ်းစားပေးပါ။

ကိုယ်က ကောင်းစေချင်၊ မြင့်စေချင်လို့ ကိုယ့်သဘောနဲ့ကိုယ် ကိုယ်ခေါ်ချင်သလိုမှည့်ခေါ်ရင်း ဖျားတာတို့၊ နာတာတို့၊ အိပ်နေတာတို့၊ အစာမစားတော့တာတို့၊ ချွဲချွဲနေတာတို့ ဘာဖြစ်မှန်းမသိဖြစ်နေတာတို့ဖြစ်လာပြီဆိုရင် -

အဲဒီဖြစ်လာတာလေးတွေကို မြင်အောင်ကြည့်ကြည့်ပေးပါဦးလို့ ကလေးတွေရဲ့ကိုယ်စား မေတ္တာစကားပြောကြားရင်း -

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)



www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၇ ခုနှစ်၊ ဇွန်လ
# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စိုးသူ (B.Sc)

ဇွန်လ ၁ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်မြောက်။လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်မြောက်ဘက်လှည့်၍သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၂ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၄)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'အရဟံဣနော' (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၃ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၄ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၅ ရက်၊ တနင်္လာနေ့-လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၆ ရက်၊ အင်္ဂါနေ့-လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၀၊ ၅)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၇ ရက်၊ ဗုဒ္ဓဟူးနေ့-လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း(၂၊ ၀)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၈ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၉ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဣနော (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၁၀ ရက်၊ စနေနေ့-လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၁၁ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၈)၊ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၁၂ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၄)။ လာဘ်နေအရပ်က အနောက်၊ လာဘ်

www.burmeseclassic.com

အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သဗ္ဗာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၃ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၀၊ ၅)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ ဝိနော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၅ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၆ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဝိနော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၇ ရက်၊ စနေနေ့**-လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၈ ရက်၊ တနင်္ဂနွေနေ့** -လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံ ပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၉ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၀ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သား သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ(၉)ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၂ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၃ ရက်၊ သောကြာနေ့** -လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါ ဝိနော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၄ ရက်၊ စနေနေ့**-လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၁၊ ၆)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၅ ရက်၊ တနင်္ဂနွေနေ့** -လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၆ ရက်၊ တနင်္လာနေ့** -လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သားကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၇ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၉ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၆)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၃၀ ရက်၊ သောကြာနေ့** -လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံ ဝိနော (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)



www.burmeseclassic.com